
# မြန်မာပြည်မြောက်ပိုင်း

## နတ်နွယ်



typing - NTA, shougon, junepankhat, lucky82

http://www.mmcybermedia.com



မြန်မာဆိုက်ဘာ စာအုပ်စင်မန်ဘာများမှ စာရိုက်၊ စာစစ်ပြီး ပီဒီအက်ဖ် အထိ ကြိုးပမ်းလုပ်ဆောင်ထားပါသည်...

*ဆရာနတ်နွယ်ရဲ့ မြန်မာပြည်မြောက်ပိုင်းစာအုပ်ဟာ ဆရာ့ရဲ့ masterpiece အကောင်းဆုံး လက်ရာလို့ဆိုရင် မမှားနိုင်တဲ့ ပင်ကိုယ်ရေးဝတ္ထုရှည်ကြီး ဖြစ်ပါတယ်။ ဒီစာအုပ်ကြီးကို ကျွန်တော်တို့ မြန်မာဆိုက်ဘာရဲ့ မန်ဘာများ ပူးပေါင်းရိုက်တင်ပေးကြတာ ဖြစ်ပါတယ်။ အားကြိုးမာန်တက် ပိုင်းဝန်းရိုက်တင်ပေးကြတဲ့ မန်ဘာများကို ကျေးဇူးအထူးတင်ရှိပါတယ် ခင်ဗျား။*

MMCYBERMEDIA
COMMUNITY FOR ALL

| | |
|---|---|
| *အတွင်းစာသားခွင့်ပြုချက်အမှတ်* | ၁၀၅/၂၀၀၁ (၁) |
| *မျက်နှာဖုံးခွင့်ပြုချက်အမှတ်* | ၃၀၀/၂၀၀၁ (၄) |
| *ထုတ်ဝေသည့်အကြိမ်* | အတွဲ (၁)၊ ပထမအကြိမ်<br>(၁၉၆၆)၊ ဩဂုတ်လ၊ ပုဂံစာအုပ်တိုက်။<br>အတွဲ(၁)၊ ဒုတိယအကြိမ်<br>(၁၉၆၉)၊ ဇွန်လ၊ အေးဝင်းစာပေ။<br>အတွဲ (၂)၊ ပထမအကြိမ်<br>(၁၉၆၇)၊ ဒီဇင်ဘာလ၊ ပုဂံစာအုပ်တိုက်။<br>(၁+၂) ပေါင်းချုပ်၊ ဒုတိယအကြိမ်<br>(၂၀၀၂) ခုနှစ်၊ ဧပြီလ။ |
| *အုပ်ရေ* | ၁၀၀၀ |
| *အဖုံးပန်းချီ* | ဦးစံတိုး |
| *ဖလင်* | ဦးထွန်းဆိုင် |
| *ထုတ်ဝေသူ* | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေတိုက် (၀၁၆၉၂)<br>ရေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)<br>မင်္ဂလာဒုံ၊ ရန်ကုန်မြို့။ |
| *မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်* | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြဲ (၀၅၁၃၁)၊ အမှတ် ၇၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| *တန်ဖိုး* | ၆၀၀၀ ကျပ် |

# ကိုယ်စားပြုခြင်း - မင်းကျော်

ကျွန်တော်တို့သည် အကြောင်းစပ်သော အခါများ၌လည်းကောင်း၊ တစ်ခါတစ်ရံတွင်မူ အစီအစဉ်တစ်ရပ် ပြုလုပ်၍လည်းကောင်း ဝတ္ထုနှင့်ပတ်သက်၍ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ၊ အပြန်အလှန် ဝေဖန်ကြလေ့ရှိပါသည်။ စင်စစ်သော် ကျွန်တော်တို့သည် စမ်းသပ်ကြဆဲ၊ ကြိုးပမ်းကြဆဲ၊ ရှာမှီးကြဆဲ၊ လေ့လာကြဆဲ ဖြစ်သည်။ ထိုအခါ ကျွန်တော်တို့ချင်း ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ၊ အပြန်အလှန် ဝေဖန်ကြရာမှ လည်းကောင်း၊ စမ်းသပ်ကြ၊ ကြိုးပမ်းကြ၊ ရှာမှီးကြ၊ လေ့လာကြရာမှ လည်းကောင်း ပေါ်ပေါက်လာသော ကျွန်တော်တို့၏ ဝတ္ထုဆိုင်ရာ အယူအဆများကို စာဖတ်သူအား အခါအားလျော်စွာ တင်ပြခြင်းဖြင့် စာဖတ်သူတို့၏ အဆုံးအဖြတ်ကို ခံယူလိုသော စေတနာရင်းများလည်း ဖြစ်ပေါ်ရလေသည်။

ကျွန်တော်တို့ဆိုရာတွင် ရေးဖော်ရေးဖက် တစ်ဦးဖြစ်သော နတ်နွယ်လည်း ပါသည်။ ထို့ကြောင့်ပင် နတ်နွယ်သည် အကြောင်းစပ်လာသည်လည်းဖြစ်၊ လိုအပ်သည်လည်း ဖြစ်ဟူသော သဘောဖြင့် သူ့ကို ကိုယ်စားပြုကာ ကျွန်တော်တို့၏ အယူအဆ တစ်စိတ်တစ်ဒေသကို တင်ပြရန် တိုက်တွန်းလာခဲ့လေသည်။

ဤသို့ဖြင့်...

-၁-

ကျွန်တော်တို့သည် ဝတ္ထုရေးသူများ ဖြစ်ကြပါသည်။ သမိုင်းသုတေသီပုဂ္ဂိုလ်များ မဟုတ်ကြပေ။

ဝတ္ထုရေးသူသည် လူကိုလည်းကောင်း၊ လူ့လောကကို လည်းကောင်း၊ လူ့ဘဝကိုလည်းကောင်း၊ လူ့ပတ်ဝန်းကျင်ကို လည်းကောင်း အခြေခံထားပြီး လူကို ဇာတ်ဆောင်ပြုကာ၊ လူ့အဖြစ်အပျက်ကို ဇာတ်လမ်းဖွဲ့ကာ၊ လူ့ပတ်ဝန်းကျင်ကို နောက်ခံပြုကာ ဝတ္ထုရေးသည်။

သမိုင်းသုတေသီပုဂ္ဂိုလ်သည် အချက်အလက်၊ အထောက်အထား၊ အကိုးအကားတို့ကို မှီငြမ်းပြုပြီး လူ့သမိုင်းကို ရေးသည်။

သမိုင်းသုတေသီသည် ရနိုင်သမျှသော အထောက်အထား၊ အကိုးအကား၊ အချက်အလက်တို့ကို စုဆောင်းလေ့လာမှု၊ အခြေခံအားဖြင့် လူ့သမိုင်းကို ရေးသားရာတွင် သမိုင်းမတင်မီခေတ်၊ သမိုင်းတင်ခေတ်၊ ခေတ်ဟောင်း၊ ခေတ်လယ်၊ ခေတ်သစ် စသည်ဖြင့် အပိုင်းအခြားပြုကာ လူ့သမိုင်း၊ လူ့အဖြစ်အပျက်ကို ဖော်ပြ၏။

ဝတ္ထုရေးသူကမူ လူကိုအခြေခံထားလျက် ပတ်ဝန်းကျင်နှင့် ဆက်နွယ်၍ လူ့အဖြစ်အပျက်ကို ဖော်ပြသည် ဖြစ်ရာ သူ့အဖို့ လူကိုမြင်ရာတွင် ခေတ်ကိုလိုက်၍မြင်သော အမြင်ထက် လူ့အဖွဲ့အစည်းကိုလိုက်၍ မြင်သောအမြင်က ပို၍ ထက်သန်ပေသည်။ သို့ဖြစ်ရာ ဝတ္ထုရေးသူ၏ လူ့အဖြစ်အပျက်သည် မည်သည့်ခေတ် လူ့အဖြစ်အပျက်ကို ဖော်ပြသည်၊ မဖော်ပြသည်ဆိုခြင်းထက် မည်သည့် လူ့အဖွဲ့အစည်းအတွက် ဖော်ပြသည်၊ မဖော်ပြသည် ဆိုခြင်းက စေတနာသဘော ပို၍ သက်ရောက်ပေသည်ဟု ကျွန်တော်တို့ ယူဆကြလေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သမိုင်းသုတေသီသည် အထောက်အထား၊ အချက်အလက်၊ အကိုးအကားတို့ဖြင့် ခေတ်ကို ပိုင်းခြားကာ ဤခေတ်က လူတို့၏ အဖြစ်ကား ဤသို့၊ ထိုခေတ် လူတို့အကြောင်းကား ဤနှယ် စသည်ဖြင့် ဖော်ပြ၏။

ဝတ္ထုရေးသူမှာကား ဆိုခဲ့သည့်အတိုင်း လူ့အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောထားနှင့် စေတနာကို အရင်းခံ၍ ဖော်ပြသည်ဖြစ်ရာ သူ၏ဖော်ပြမှုသည် လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်သော လူတန်းစားဖြစ်ရပ်များ ဖြစ်လာရပေသည်။

-၂-

သို့သော် ကျွန်တော်တို့သည် ဝတ္ထုနောက်ခံကိုကား မေ့ချန်ထား၍ မဖြစ်နိုင်ပေ။ ဝတ္ထုသည် လူ့အဖြစ်အပျက်ကို ရေးသည်ဖြစ်ရာ ဝတ္ထု၏နောက်ခံသည် လူ၏ နောက်ခံ၊ တစ်နည်း လူ့ပတ်ဝန်းကျင်ဟုလည်း ဆိုရပါမည်။ ထိုဝတ္ထု၏ နောက်ခံ၊ လူ၏ ပတ်ဝန်းကျင်တွင် အချိန်၊ နေရာ၊ အခြေအနေ (ကာလ၊ ဒေသ၊ ပယောဂ) ဟူသော အင်္ဂါသုံးရပ် ပါဝင်လေသည်။

ဝတ္ထုရေးသူသည် လူအဓိကသမားဖြစ်သည်။ ထို့ကြောင့် ဝတ္ထု၏ နောက်ခံဖြစ်သော အချိန် (ကာလ၊ ခေတ်) သည် လူက ဖန်တီးခြင်းဟု ခံယူထားလေသည်။ ခရစ်နှစ် (၁၃၀၀) ပြည့်တစ်ဝိုက်တွင် မွန်ဂိုတို့ ကျူးကျော်တိုက်ခိုက်လာသည်ကို ပုဂံသားတို့ တွန်းလှန်ကသည်ကိုလည်းကောင်း၊ ခရစ်နှစ်(၁၉၄၂) နောက်ပိုင်း ဂျပန်တို့ နိပ်ကွပ်လာသည်ကို မြန်မာပြည်ထောင်စုသားတို့ တွန်းလှန်ကြသည်ကို လည်းကောင်း၊ ခရစ်နှစ် (၁၉၅၀) နောက်နားတစ်ဝိုက် တရုတ်ဖြူတပ်များ ကျူးကျော်လာသည်ကို ခေတ်တစ်ခေတ်စီ သီးခြားအဖြစ် မမြင်။ ဤသည်မှာ ကျူးကျော်သူနှင့် တွန်းလှန်သူ၊ တစ်နည်း နယ်ချဲ့စစ်နှင့် အမျိုးသားလွတ်မြောက်ရေးစစ် ဟူ၍သာ မြင်ပေသည်။

သို့ဖြင့် ဝတ္ထုရေးသူသည် သူ့မျက်မှောက် အရင်းရှင်စနစ်၏ အန္တရာယ်ကို မြင်နေသမျှ ကာလပတ်လုံး၊ အရင်းရှင်စနစ်မှ ပေါက်ပွားသော နယ်ချဲ့စနစ် အန္တရာယ်ပြုအံ့သည်ကို မြင်နေသမျှ ကာလပတ်လုံး သူသည် အမျိုးသားလွတ်မြောက်ရေးစစ်၊ လူတန်းစားစစ် လှုံ့ဆော်မှုအတွက် စေတနာဖြစ်ရပေမည်။

မျက်မှောက် အမြင်အတွေ့သည် ဝတ္ထုရေးသူအား ဝေဒနာဖြစ်စေ၏။ ယင်းဝေဒနာအရင်းခံဖြင့် စေတနာပေါက်ရ၏။ ထိုအခါ သူသည် ဆိုခဲ့သည့်အတိုင်း လူတန်းစားအခြေခံဖြင့် ဝတ္ထုတစ်ပုဒ်ကို ရေးပေမည်။ ယနေ့ လူတန်းစားတိုက်ပွဲ ရှိနေသေးသမျှ သူ့ဝတ္ထုသည် လူတန်းစားတိုက်ပွဲ အခြေခံဝတ္ထု ဖြစ်၍နေပေမည်။

သူ့ဝတ္ထု၏ နောက်ခံအချိန်သည် (ကာလ၊ ခေတ်) သည် ခရစ်နှစ် (၁၃၀၀) ပြည့်၊ သို့မဟုတ် (၁၇၊၁၈၊၁၉) ရာစုတစ်ဝိုက်၊ သို့မဟုတ် (၁၉၅၈) ခုနှစ်နောက်ပိုင်းတစ်ဝိုက် တစ်ချိန်ချိန်ဖြစ်မည်။ အဓိက မဟုတ်။ အဓိကမှာ နယ်ချဲ့ကျူးကျော်စစ်၊ ကျူးကျော်စစ်နှင့် တွန်းလှန်စစ်၊ အမျိုးသား လွတ်မြောက်ရေးစစ်တွင် အခြေခံထားခြင်းပင်။

MMCYBERMEDIA
COMMUNITY FOR ALL

-၃-

သို့သော် ဝတ္ထုနှင့် ပတ်သက်သူအချို့သည် ဝတ္ထု၏ နောက်ခံအချိန်(ခေတ်၊ ကာလ)ကို ကြည့်၍ ဤသည်ကား ရာဇဝင်ဝတ္ထု၊ ဤသည်ကား ခေတ်ဟောင်းကို ပြန်ပြောင်းဖော်ပြခြင်း၊ ဤသည်ကား မြေမြှုပ်သင်္ဂြိုဟ်ပြီး အလောင်းကို ပြန်လည် ဖော်ထုတ်ခြင်း စသည်ဖြင့် မြင်တတ်ကြလေသည်။

စင်စစ် အချိန်ကာလ အပိုင်းအခြားသည် သမိုင်းသုတေသီ၏ အလုပ်ဖြစ်လေသည်။ ဝတ္ထုရေးသူသည် မနေ့က အဖြစ်အပျက်ကို ရေးချင်ရေးမည်၊ ယနေ့အဖြစ်အပျက်ကို ရေးချင်ရေးမည်၊ နောက်တစ်နေ့ဖြစ်အံ့သည်ကို ရေးချင်ရေးမည်၊ မည်သည်ကိုပင် ရေးစေကာမူ စေတနာသည်မှု ဝတ္ထုရေးသူ၏ လတ်တလောစေတနာသာလျှင် ဖြစ်လေသည်။ စင်စစ် ဝတ္ထုရေးသူ၏ အမြင်အတွေ့၊ ဝေဒနာ၊ စေတနာ အလုံးစုံသည် ယနေ့ အမြင်အတွေ့၊ ဝေဒနာ၊ စေတနာသာလျှင် ဖြစ်ပေသည်။

နတ်နွယ်သည် ယနေ့ မြန်မာအမျိုးသားတို့ကို ခြိမ်းခြောက်နေဆဲဖြစ်သည့် နယ်ချဲ့အန္တရာယ်ကို မြင်သည်။ နယ်ချဲ့စစ်ကို တုံ့ပြန်ရန်သည် အမျိုးသား လွတ်မြောက်ရေးစစ်သာလျှင် ဖြစ်ရမည်။ အမျိုးသား လွတ်မြောက်ရေးစစ်သည် တိုင်းရင်းသားစည်းလုံးမှု၌ အခြေခံသည် ဟူသော လူ့အဖွဲ့အစည်းသဘောကို မြင်ရ၊ တွေ့ရ၊ ခံစားရ၊ စေတနာဖြစ်ရသည်ကြောင့် ဤဝတ္ထုကို ရေးခြင်း ဖြစ်လေသည်။ သမိုင်းဖြစ်ရပ်ကို ပြောပြလိုသည်မှာ အဓိကမဟုတ်ပေ။

တစ်နည်းမှာလည်း ခေတ်အလျဉ်ဟူသည် ရေစီး၏သဘောပင် ဖြစ်သည် ဟူသော အချက်ကို ထင်ရှားစေချင်ဟန် ရှိ၏။ ဆိုလိုသည်မှာ ဝတ္ထုရေးသူအဖို့ ခေတ်အလျဉ်ကို သမိုင်းသုတေသီကဲ့သို့ ပိုင်းခြား ကန့်သတ်၍ မမြင်၊ အစဉ်အလာ သုံးနှုန်းကြသော ဖြစ်ပြီး သမိုင်းရပ်အနေဖြင့် မမြင်၊ ဖြစ်ရပ်ဟူသမျှကို လူ့အဖွဲ့အစည်းဖြစ်ရပ် အဖြစ်သာ မြင်ပေသည်။ သို့ဖြင့် ဝတ္ထုရေးသူသည် အဆက်မပြတ် ဖြစ်ပေါ်ခဲ့ ဖြစ်ပေါ်ဆဲသော လူတန်းစားတိုက်ပွဲကို ပြသခြင်းပင်။

ယင်းသို့လျှင် လူတန်းစားတိုက်ပွဲကို ပြသရင်း လူ့သဘာဝ၊ လူ့လောက၊ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်ကို ဆက်စပ် ထင်ရှားစေသည် ဖြစ်ပေသည်။

ဆိုလိုသည်မှာ ဝတ္ထုနောက်ခံတစ်ခုဖြစ်သော အချိန် (ကာလ၊ ခေတ်)သည် ဝတ္ထုတွင် အဓိက အစိတ်အပိုင်း မဟုတ်ပေ။ အဓိကမှာ လူသာလျှင် ဖြစ်သည်။ ဝတ္ထုရေးသူ၏ အမြင်၌ လူကို လူတန်းစားအရသာ ခွဲခြား၍ မြင်သည်။ မနေ့က လူ၊ ယနေ့ လူ၊ မနက်ဖြန် လူ ဟူ၍ကား ခွဲခြား၍ မမြင်။ ထို့အတူ ဝတ္ထုရေးသူသည် လူ့အဖြစ်အပျက်ကို သုတေသီအမြင်မျိုးဖြင့် ဤကား ပုဂံခေတ်အဖြစ်၊ ဤကား ကုန်းဘောင်ခေတ် အဖြစ်ဟု ခွဲခြား၍ မမြင်။

-၄-

သို့သော် အချိန်(ကာလ၊ ခေတ်) သည် ဝတ္ထု၏ အဓိကပိုင်း မဟုတ်စေကာမူ ဝတ္ထုနောက်ခံ၏ အင်္ဂါရပ်တစ်ခုအဖြစ်ကား ပါဝင်နေ၏။

MMCYBERMEDIA
COMMUNITY FOR ALL

ပုံစံပြရလျှင် ယနေ့ ဆိုရှယ်လစ်ခေတ် တည်ဆောက်မှုတွင် အမြင်အတွေ့ ဖြစ်နိုင်သော ကြက်မောက်တောင်ဆည် တည်ဆောက်မှုသည် တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟူသော အသိ၊ အမြင်အတွေ့မှ ဖြစ်သည့် စေတနာဖြင့် တည်ဆောက်မှုဆိုင်ရာ ဝတ္ထုတစ်ပုဒ်ကို ရေးလိုသည် ဖြစ်သောကြောင့် ဝတ္ထုရေးသူသည် မြကန် (ပုဂံခေတ်)တူးခဲ့စဉ်က အဖြစ်ကို ဝတ္ထု၏ကျောရိုးပြုပြီး ရေးချင်ရေးပေမည်။ သို့အတွက် ထိုဝတ္ထုရေးသူကို မျက်မှောက်နှင့် ကင်းကွာသူ၊ မျက်မှောက်မှ တိမ်းရှောင်သူ၊ တစ်နည်း ရာဇဝင်ဝတ္ထုရေးသူဟု ဆိုရအံ့လော။

မည်သို့ဖြစ်စေ ထိုသို့ ဝတ္ထုတစ်ပုဒ်ကို ရေးပြီဆိုသည်နှင့် စာရေးသူသည် ဝတ္ထုနောက်ခံတစ်ခု ဖြစ်သော အချိန် (ကာလ၊ ခေတ်)ကိုကား ပစ်ပယ်ထား၍ မဖြစ်ပေ။ ထိုအခါ သူသည် ဝတ္ထု၏နောက်ခံ အချိန် (ကာလ၊ ခေတ်) ကိုလိုက်၍ သမိုင်းသုတေသီတို့၏ အထောက်အထားကို နောက်ခံအဖြစ် အသုံးပြုလာရလေတော့သည်။

ယင်းသို့ ဝတ္ထု၏နောက်ခံအချိန် (ကာလ၊ ခေတ်) ကို ပစ်ပယ်၍ မနေနိုင်သလိုပင် ဝတ္ထု၏ နောက်ခံဖြစ်သော နေရာ (ဒေသ) ကိုလည်း ဝတ္ထုရေးသူသည် ပစ်ပယ်၍ မရနိုင်ပေ။

သို့ဖြင့် ဝတ္ထုရေးသူသည် အချိန် (ကာလ၊ ခေတ်) ကိုလည်းကောင်း၊ နေရာ (ဒေသ) ကိုလည်းကောင်း ဖော်ပြလာရတော့သည်။

ထိုအခါ ဝတ္ထုရေးသူသည် ဝတ္ထုဖတ်သူအား ဝတ္ထု၏ အငွေ့အသက် ပိုမိုရိုက်ခတ်လာနိုင်စေရန် ဝတ္ထု၏ နောက်ခံဖြစ်သော အချိန်နှင့် နေရာကို တတ်နိုင်သမျှ ပီပြင်အောင် ကြိုးစားလာရလေတော့သည်။

ဝတ္ထု၌ အနှစ်သာရသည် ဇာတ်လမ်း (လူ့အကြောင်းနှင့် လူ့အဖြစ်အပျက်) ဖြစ်၍ အငွေ့အသက်သည် အချိန်နှင့် နေရာ သဘောဖြစ်သည်။

-၅-

နတ်နွယ်သည် အနှစ်သာရပိုင်းအဖြစ် လူတန်းစားပဋိပက္ခကို ဖော်ပြသည်။ အငွေ့အသက်ပိုင်းအဖြစ် (၁၉) ရာစုနှောင်းကာလနှင့် မြန်မာပြည်မြောက်ပိုင်းဒေသကို ဖော်ပြသည်။

ထိုအခါ ဝတ္ထုရေးသူသည် ကာလဆိုင်ရာ ဒေသဆိုင်ရာ အသုံးအနှုန်း၊ အစဉ်အလာ၊ အလေ့အထများကို ခြွင်းချန်ထား၍ မဖြစ်နိုင်ပေ။ သို့အတွက် သူသည် အတတ်နိုင်ဆုံး နီးကပ်မှန်ကန်နိုင်အောင် ကြိုးစားရလေသည်။ လေ့လာရလေတော့သည်။ အားထုတ်ရလေတော့သည်။

ထိုအခါ အငြင်းပွားလိုက ပွားနိုင်ဖွယ်၊ စောဒကတက်လိုက တက်နိုင်ဖွယ် အသုံးအနှုန်းများ၊ အပြောအဆိုများ ပါလာရလေတော့သည်။ 'ဒီစကားဟာ ဒီခေတ်က တကယ်သုံးသတဲ့လား'၊ 'ဒီ အသုံးအနှုန်းကို လူနားလည်ပါ့မလား' စသည်ဖြင့်။

MMCYBERMEDIA
COMMUNITY FOR ALL

အမှန်ဆိုရလျှင် ဤကိစ္စမှာ ဘာသာဗေဒသုတေသီများနှင့် တိုက်ရိုက်စပ်ဆိုင်သည်ဖြစ်၍။ စာရေးသူအနေနှင့်ကား အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ခြင်း ဖြစ်ပေသည်။

အချို့ကမူ 'ဒေသသုံး၊ ကာလသုံးများအစား ယေဘုယျသုံး မျက်မှောက်သုံးစကားများကို သုံးပါလား' ဟု စေတနာဖြင့် ဆိုကောင်း ဆိုကြပေမည်။ မှန်ပါသည်။ သို့သော် ကာလသုံး၊ ဒေသသုံးများအားဖြင့် ဝတ္ထု၏ အငွေ့အသက် ပို၍ ပျံ့လွင့်ရိုက်ခတ်မိစေရန် အားထုတ်ခြင်းသည် လိုအပ်သော အားထုတ်မှုတစ်ရပ်ဟု ယူဆမိပါသည်။

ကနန်းမကလေးက ကနန်းလေ၊ ကနန်းအသုံးအနှုန်း။ ကချင်မလေးက ကချင်လေ၊ ကချင်အသုံးအနှုန်း။ ရှမ်းက ရှမ်းလေ၊ ရှမ်းအသုံးအနှုန်း။ နေပြည်တော်မှလာသူကလည်း နေပြည်တော်လေ၊ နေပြည်တော်အသုံးအနှုန်း။ ကျေးလက်မှ လာသူကလည်း ကျေးလက်လေ၊ ကျေးလက်အသုံးအနှုန်းကိုသာ သုံးနှုန်းစေခြင်းဖြင့် ဝတ္ထုရေးသူသည် အငွေ့အသက်ကို ပို၍ ပျံ့လွင့် ထိတွေ့မိစေနိုင်စွမ်းမည်ဟု ယုံကြည်မိလေသည်။

သို့ဖြင့် သူ့ဝတ္ထုတွင် 'အေး၊ အေးပ၊ ကော၊ အယ်၊ နော' ဟူသော အာလုပ်နှင့် နောက်ဆက်များ၊ အနက်ဝေ့များ ပါဝင်လာရလေတော့သည်။

-၆-

မည်သို့ဆိုစေ ကျွန်တော်တို့သည် ဝတ္ထုရေးသားခြင်းနှင့် ပတ်သက်၍ လေ့လာကြ၊ ပြောဆိုကြ၊ ဆွေးနွေးကြ၊ ဝေဖန်ကြ၊ စမ်းသပ်ကြ၊ ကြိုးစားကြ၊ အားထုတ်ကြသည် ဆိုရာတွင် စာဖတ်သူတို့၌ လေးစားခြင်း စေတနာ အရင်းခံထားပါသည်။

ကျွန်တော်တို့၏ ကြိုးစားအားထုတ် စမ်းသပ်မှုများသည်လည်းကောင်း၊ လေ့လာ ဆွေးနွေး ဝေဖန်မှုများသည် လည်းကောင်း ပြီးပြည့်စုံခြင်းအဆင့်၊ လုံးဝအပြစ်မဲ့ခြင်းအဆင့်သို့ ရောက်ပြီဟူ၍ကား မယူဆကြပါ။

သို့ဖြစ်ရာ ကျွန်တော်တို့အားလုံးသည် စာဖတ်သူတို့၏ ဝေဖန်မှု၊ တိုက်တွန်းမှု၊ အကြံပေးမှုအလုံးစုံကို အလေးအမြတ် တန်ဖိုးပြုကာ အခါမလပ် ကြိုဆိုကြရလေသည်။ သို့ဖြင့် ကျွန်တော်တို့သည် အဆက်မပြတ်သော၊ တစ်ဆင့်ထက်တစ်ဆင့် ပိုမို အားစိုက်သော ကြိုးစား အားထုတ်မှုမျိုးကို ပြုကြရမည်သာတည်း။ ။

၆၆၊ ၇၊ ၂၀
မင်းကျော်

MMCYBERMEDIA
COMMUNITY FOR ALL

# စာရေးသူ၏ အမှာ

-က-

မြန်မာပြည်မြောက်ပိုင်းသည် ဝတ္ထုဖြစ်သည်။ သမိုင်းမဟုတ်။ အတ္ထုပ္ပတ္တိမဟုတ်။

ဝတ္ထုဆိုသည်မှာ စာရေးဆရာ၏ ဖန်တီးမှုပင် ဖြစ်သည်။ မြန်မာနိုင်ငံ အထက်ပိုင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုအဆောက်အအုံ ဖြစ်ပေါ်ပြောင်းလဲမှုကို ဇာတ်ဆောင်များ၏ လှုပ်ရှားရုန်းကန်မှုဖြင့် ဖန်တီးဖော်ပြထားခြင်းပင် ဖြစ်သည်။

လူမှုအဆောက်အအုံတစ်ခုကို ဖြစ်ပေါ်ပြောင်းလဲစေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ နေထိုင်စားသောက်ပုံများ၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုများ၊ ကိုးကွယ်သည့်ဘာသာနှင့် အယူဝါဒများ၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် ဆန့်ကျင်တိုက်ခိုက်မှုများ၊ ယင်း၏ အမြင့်ဆုံးအဆင့်ဖြစ်သော လက်နက်ကိုင်တိုက်ပွဲများကို ဝတ္ထုသဘောဖြင့် ပြဆိုခြင်းသည် ဇာတ်ဆောင်များကို လှုပ်ရှားရုန်းကန်စေခြင်းသာ ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စစ်ရေး စသည်တို့ကို ကျမ်းပြုပုဂ္ဂိုလ်က ဒိုင်ခံပြောဆိုသည့်အနေမျိုးဖြင့် မဖော်ပြပဲ ကာယကံရှင်များဖြစ်သော ပြည်သူလူထုက ကိုယ်တိုင်ကိုယ်ကျ တင်ပြပြောဆိုသည့် အနေမျိုးဖြစ်အောင် စာရေးဆရာက ဖန်တီးရခြင်း ဖြစ်ပါသည်။

ဤကား ဝတ္ထု၏ သဘောပင်။

ယင်းကြောင့် လူမှုအဆောက်အအုံ ဖြစ်ပေါ်ပြောင်းလဲမှုကို ပီပြင်စွာ ဖော်ပြလိုသော ဝတ္ထုတစ်ပုဒ်တွင် ဇာတ်ဆောင်များနှင့် ဇာတ်ဆောင်များ၏ လှုပ်ရှားရုန်းကန်မှုများသည် အရေးကြီးဆုံး ဖြစ်ပေသည်။ ဇာတ်ဆောင်များသည် ကာလ၊ ဒေသအလိုက် လူတန်းစား လှုပ်ရှားရုန်းကန်မှုပင် ဖြစ်ရမည်။

စာရေးဆရာသည် ဇာတ်ဆောင်တစ်ဦးကို ဖန်တီးရာတွင် အကယ်ရှိသော လူပုဂ္ဂိုလ်တစ်ဦးကို မှုတည်၍လည်းကောင်း၊ လူနှစ်ဦး သုံးဦးကို ပေါင်းစပ်၍လည်းကောင်း ဖန်တီးရာသည်။

ဇာတ်ဆောင်များ၏ လှုပ်ရှားရုန်းကန်မှုသည် လူတစ်ဦးတစ်ယောက်၏ အဖြစ်အပျက်သော်လည်းကောင်း၊ ကာလ၊ ဒေသတစ်ခု၏ အရေးအခင်းသော် လည်းကောင်း၊ သဘောသကန်ယူထားသော အကြောင်းခြင်းရာ တစ်ခုသော်လည်းကောင်း ဖြစ်နိုင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL



မြန်မာနိုင်ငံ အထက်ပိုင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုအဆောက်အအုံ ဖြစ်ပေါ်ပြောင်းလဲမှုကို ပီပြင်စွာ ဖော်ပြနိုင်ရန် ကြိုးစားသောအခါတွင် ပေါင်းစပ်ထားသော ဇာတ်ဆောင်များဖြင့် ပြည့်စုံလုံလောက်ခြင်း မရှိသောကြောင့် အကယ်ရှိသော လူပုဂ္ဂိုလ်များကို မြန်မာပြည်မြောက်ပိုင်းတွင် ဇာတ်ဆောင်များအဖြစ် ထည့်သွင်းအသုံးပြုရပါသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပဒေသရာဇ်ဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို ဖော်ပြသောအခါ သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် သမိုင်းဝင်အရေးအခင်းများကို ခြွင်းချန်မထားနိုင်ပဲ ရှိရသည်။ ခြွင်းချန်ခဲ့လျှင်လည်း ပီပြင်ခြင်း၊ ပြည့်စုံခြင်း ရှိလိမ့်မည်မဟုတ်ပေ။

ယင်းကြောင့်...

အမတ်ကြီး ဦးကုလား၊ အမတ်ကြီး ဦးဖိုးစော၊ ဗိုလ်ရွှေထီး၊ ဦးဆိုင်ကွိုင်း၊ အမတ်ကြီး ဦးရွှေကြာ၊ ဆမားဒူဝါ၊ ကန်စီဒူဝါ၊ နော်ပွဲဒူဝါ၊ ဖုံကန်ဒူဝါ၊ လွယ်ဆိုင်းဒူဝါ၊ ဝန်းသိုစော်ဘွားလေး ဦးအောင်မြတ်၊ မိုးညှင်းအမတ်ကြီး ဦးဖိုးသိန်း၊ ဘော်ဆိုင်းဦးရွှေလယ်၊ ခွန်ဆန်၊ မိုးလိုင်စော်ဘွား စောခမ်းလိုင်၊ မင်းကြီး ရွှေလုံဗိုလ်၊ ရွှေဘိုမြို့ဝန် ဗိုလ်ပြင်း၊ စစ်ကဲ မောင်ထွန်း၊ ဒီပဲယင်း ဗိုင်လုဦး၊ ရှမ်းမကားဗိုလ်ရိုင်း စသူတို့သည် မြန်မာပြည်မြောက်ပိုင်းတွင် ဇာတ်ဆိုင်များအဖြစ် ပါဝင်လာရတော့သည်။

(၁၈၈၄) ခုနှစ် ပဒေသရာဇ်ဆန့်ကျင်ရေး မိုးကောင်းတိုက်ပွဲ၊ (၁၈၈၄) ခုနှစ် နယ်ချဲ့ဆန့်ကျင်ရေး မိုးကောင်းတိုက်ပွဲ၊ မုန်နောင်တိုက်ပွဲ၊ မိုးကောင်းမြစ်ရိုးလမ်းဖြတ်တိုက်ပွဲ၊ ညောင်ပင်ကုန်းတိုက်ပွဲ၊ ဝေ့ထုံတိုက်ပွဲ၊ မြစ်ကြီးနားတိုက်ပွဲ၊ ဆဒုံးတိုက်ပွဲ၊ ရွှေဘိုတိုက်ပွဲ၊ ရှမ်းမကားတိုက်ပွဲ၊ ဗန်းမော်တိုက်ပွဲ၊ ကောလင်းတိုက်ပွဲ၊ မုန်ကင်းတောင်တိုက်ပွဲ၊ ကျိုင်းခွင်တိုက်ပွဲ စသည်တို့သည် မြန်မာပြည်မြောက်ပိုင်းတွင် ဇာတ်လမ်း ဇာတ်ကွက် အဖြစ် ပါဝင်လျက် ရှိကြရတော့သည်။

သို့သော် ယင်း ပုဂ္ဂိုလ်များ၊ ယင်း အရေးအခင်းများကို ဇာတ်လမ်း ဇာတ်ကွက်တွင် အကျုံးဝင်သလောက်သာ ထည့်သွင်းဖော်ပြထားသဖြင့် အချို့ပုဂ္ဂိုလ်များသည် ထင်ရှားလျက်ရှိသည်။ အချို့ပုဂ္ဂိုလ်များသည် မှေးမှိန်လျက်ရှိသည်။ အချို့ပုဂ္ဂိုလ်များသည် အမည်နာမမျှပင် မပါဝင်ပဲ ကြွင်းကျန်ရစ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ မည်သူ့ကို အဓိက၊ မည်သူ့ကို သာမညဟု သဘောထား၍ မဟုတ်ပါ။ တမင် ထိမ်ချန်ထားခဲ့ခြင်းများ မဟုတ်ပါ။

ယင်းအတူပင် သမိုင်းဝင်တိုက်ပွဲများအနက် အချို့ကို အသေးစိတ်ဖော်ပြ၍ အချို့ကို အကြမ်းဖျင်းမျှသာ ဖော်ပြထားပါသည်။ ယင်းသည်မှာလည်း ဇာတ်လမ်း၏ သဘောသာဖြစ်ပါသည်။ မည်သူက ဦးဆောင်သော မည်သည့်တိုက်ပွဲကို မထင်ရှားစေလို ဟူသော ဆန္ဒ မရှိပါ။

ယင်းအပြင် မိုးကောင်းအမတ်ကြီး ဦးရွှေကြာ၏ အကြောင်းကို ကျွန်တော် မဖော်ပြလိုပါ။ ဦးရွှေကြာ၏ အမျိုးအနွယ်များနှင့် ကျွန်တော်တို့ မိသားစုသည် တစ်မြို့တည်းနေခဲ့သူများ ဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်ကြသူများ ဖြစ်ကြသည်။ နိုင်ငံရေး အယူအဆချင်း မတူညီကြစေကာမူ နိုင်ငံရေး

MMCYBERMEDIA COMMUNITY FOR ALL

လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ သို့သော် အမျိုးသားသစ္စာဖောက်များအကြောင်း ပြောလျှင်၊ ရွှေဘိုမြို့ဝန် ဗိုလ်ပြင်း၊ စစ်ကဲမောင်ထွန်းနှင့် အမတ်ကြီး ဦးကုလား၊ အမတ်ကြီး ဦးဖိုးစော၊ ဗိုလ်ရွှေထီး၊ မြို့အုပ် ဦးဖိုးမြ၊ မြို့စာရေး ဦးကျေးနှင့် ဦးကြူးတို့အကြောင်း ပြောလျှင် အမတ်ကြီး ဦးရွှေကြာအကြောင်းလည်း ထည့်သွင်းပြောဆိုရမည် ဖြစ်ပါသည်။

-ဂ-

သမိုင်းဝင် ပုဂ္ဂိုလ်များ၊ သမိုင်းဝင် အရေးအခင်းများ၊ သမိုင်းဝင် နေရာဒေသများအကြောင်း ရေးမည်ဆိုလျှင် တတ်နိုင်သမျှ စုံစေ့ရမည်၊ တတ်နိုင်သမျှ တိကျ မှန်ကန်ရပေမည်။

ယင်းသို့ စုံစေ့တိကျမှန်ကန်ရေးအတွက် ထောက်သုံးထောက်ပေါ်တွင် အခြေပြုခဲ့ပါသည်။ ယင်းထောက်သုံးထောက်မှာ ကိုယ်တိုင် မြင်တွေ့ကြားသိခြင်း၊ မြန်မာတိုင်းရင်းသားများ ရေးသားပြုစုသော စာအုပ်စာတမ်းများနှင့် နိုင်ငံခြားသားများ ရေးသားပြုစုသော စာအုပ်စာတမ်းများ ဖြစ်ပါသည်။

ထောက်သုံးထောက်ရှိရာတွင် ပထမထောက်ကို အများဆုံး အားကိုးအားထားပြုပါသည်။ ကိုယ်တိုင်မြင်တွေ့ ကြားသိခြင်းသည် အရင်းတိုင်း ရရှိသော အချက်များပင်ဖြစ်သည်။ သူတစ်ပါး ရေးသားသော စာအုပ်စာတမ်းများ ဆိုသည်မှာ တစ်ဆင့်ခံ ဖြစ်သည်။ ယင်း စာအုပ်စာတမ်းများတွင် ရေးသားသူတို့၏ အာဘော်နှင့် အကောက်အယူများ ပါရှိနေတတ်သည်။

သို့ရာတွင် ကျွန်တော်သည် လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုခဲ့ပါသည်။ တိုက်ဆိုင်ညှိနှိုင်းခဲ့ပါသည်။ အထောက်အထား အကိုးအကားပြုခဲ့ပါသည်။ ထို့ကြောင့် ယင်း စာအုပ်စာတမ်းများ ရေးသားပြုစုသူတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

-ဃ-

မြန်မာပြည်မြောက်ပိုင်းအတွက် အကူအညီပေးခဲ့သော အမတ်ကြီး ဦးဖိုးစော၏သား ပြည်သူ့လွှတ်တော်အမတ်ဟောင်း ဦးဖိုးချို၊ ဗိုလ်ရွှေထီး၏မြေး ဦးကြွန်၊ မိုးကောင်းမှ ကျောက်ကုန်သည် ဦးဘကျော်၊ ကချင်ပြည်နယ် ဦးစီးအဖွဲ့ရုံးမှ အတွင်းဝန်ကလေး ဦးညွှန့်သန်း၊ ကချင်အမျိုးသား ဓလေ့ကျင့်ထုံး သမိုင်းပုံပြင်နှင့် ပြက္ခဒိန်စိစစ်ရေးကော်မရှင် အတွင်းရေးမှူး အတွင်းဝန်ကလေး ဦးကိုလုဂန်၊ ယဉ်ကျေးမှုဌာနခွဲ လက်ထောက်သုတေသနမှူး ဦးခေန်နန်း၊ ယဉ်ကျေးမှုဌာနခွဲ အထူးအရာရှိ မစွလုကွီ၊ ပြန်ကြားရေးအရာရှိ မိုက်ကယ်ရုံး၊ ပြန်ကြားရေးဌာနမှ ဦးကံညွှန့် (နိုင်သူ/ကချင်) နှင့် ပန်းချီအောင်စည်၊ မြစ်ကြီးနားနှင့် မိုးကောင်းရှိ ဆွေမျိုး မိတ်သင်္ဂဟများနှင့် မိတ်ဆွေစာရေးဆရာများကို အထူး ကျေးဇူးတင်ရှိပါသည်။

မြန်မာပြည်မြောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးတို့၏ နိုင်ငံရေး၊ လူမှုရေးနှင့် ရိုးရာဓလေ့ထုံးတမ်းများ အသင့်အလျောက် ဖော်ပြထားပါသည်။ ယင်းသို့ ဖော်ပြရေးသားရာတွင်လည်း အထက်ပါ ထောက်သုံးထောက်ကိုပင် အားပြုခဲ့ပါသည်။

သို့တစေလည်း သမိုင်းအချက်အလက်များနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးတို့၏ နိုင်ငံရေး၊ လူမှုရေးနှင့် ရိုးရာဓလေ့ထုံးတမ်းများနှင့် စပ်လျဉ်း၍သော် လည်းကောင်း အချွတ်အချော် အပေါက်အကျ ရှိသည်ကိုတွေ့လျှင် ထောက်ပြ ပြင်ဆင်ကြပါရန် တောင်းပန်ပါသည်။

ဝတ္ထုနှင့် စပ်လျဉ်း၍ ဆွေးနွေးစရာရှိသမျှ ဝေဖန်စရာရှိသမျှကို ဖြောင့်ဖြောင့်စင်းစင်း ရင်းရင်းနှီးနှီး ဆွေးနွေးဝေဖန်ကြပါရန် တောင်းခံပါသည်။

*နတ်နွယ်*

*အမှတ် (၄၈၃)၊ နွယ်နီလမ်းသွယ် (၃)၊*

*ယ - ရပ်ကွက်၊ ဥတ္တရလာပ (မြောက်ပိုင်း)၊ ရန်ကုန်မြို့။*

## အခန်း -၁-

တောကို ကြည့်သည်။ တောင်ကို ကြည့်သည်။ တောင်ပေါ်မှာလည်း တောရှိသည်။ တောနှင့် တောင်သည် ဤဒေသ၏ မျက်နှာပြင်။ တောသည် တောင်နှင့် စပ်နေပြီး လွင်ပြင်သည် တစ်တောင်နှင့် တစ်တောင်၏ အပိုင်းအခြား နယ်နိမိတ်မျှသာတည်း။

သူတို့သည် မကြာမီ တောစပ်သို့ ရောက်တော့မည်ဖြစ်သည်။ တော၏တစ်ဖက်တွင် တောင်ရှိသည်။ တောနှင့်တောင် အကြားတွင် ချောင်းတစ်ခုရှိသည်ဟု ဆိုသည်။ သို့ရာတွင် သူတို့ရှိရာ နေရာမှ မမြင်ရချေ။

သူတို့သည် တစ်တောင်ကျော် တစ်တောင်ဆင်း၊ တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် တစ်နေ့လုံးလိုလို ခရီးပြင်းနှင်ခဲ့ကြသည်။ ယနေ့ သူတို့ ဖြတ်ကျော်ခဲ့ရသော လွင်များတွင် ယခုလွင်သည် အကျယ်ပြန့်ဆုံး ဖြစ်သည်။ ဤမှလွန်လျှင် လွင်ဟူ၍ မည်မည်ရရမရှိတော့။ တောင်ပေါ်ကွက်လပ်နှင့် တောင်ကြားမြေနိမ့်များလောက်သာ ရှိသည်ဟု ပြောသည်။ ကိစ္စမရှိ။ ဤကား မနက်ဖြန်ခရီးတည်း။ ယနေ့အဖို့မူ သူတို့သည် တော်အလွန် တောင်အစတွင် စခန်းချကြမည် ဖြစ်သည်။ ဤခရီးတွင် သွားလာသူများ နားနေအိပ်စက်ရန် တောင်ခြေတွင် လင့်စင်များ ရှိသည်ဟု သိရသည်။ ယင်းကြောင့်ပင် သူတို့သည် လင့်တောသို့ နေရောင်နှင့် ရောက်ရန် သုတ်ခြေနှင်နေကြခြင်း ဖြစ်သည်။

ဤဒေသ၏ ဆောင်းနေ့သည် ပို၍ တိုတောင်းသည်။ တော်တောင် ထူထပ်၍လည်း ဖြစ်သည်။ မြူနှင့် သိပ်သည်း၍လည်း ဖြစ်သည်။ နေသည် တောင်ထိပ်မှထွက်၍၊ တောင်ထိပ်မှာပင် ဝင်သည်။ မြူနှင့် တိမ်ဖြူဖြူများသည် တောင်ခါးပန်းများတွင် ခိုအောင်းနေတတ်သည်။ နှင်းကို ကြိုနေသည်နှင့် တူသည်။ မြေမှထွက်သော မြူနှင့် မိုးမှကျသောနှင်းသည် နေအတော်မြင့်သည်အထိ မခွဲခွာချင်ပဲ ရှိနေတတ်ကြသည်။ နေစောင်းပြီဆိုလျှင်လည်း တောနိမ့်နိမ့် တောင်နိမ့်နိမ့်များပေါ်တွင် မြူက အရင်ဖြစ်သည်။ ဆည်းဆာနှင့်အပြိုင် ဖြစ်သည်။ ပြီးတော့မှ နှင်းကလာသည်။ အမှောင်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်သည်။

သူတို့သည် ယခုအခါ ကုန်းအမြင့်ကို မသိမသာ တက်စပြုနေပြီ ဖြစ်သည်။ ရှိုးပြတ်တောသည် နေရစ်ခဲ့ပြီ ဖြစ်သည်။ မြေသည် ပို၍ ညို၍လာသည်။

"လာဟေ့ နေမကျခင် လင့်တောကို ရောက်အောင်"

ရှေ့မှသွားနေသော ကနန်းအမျိုးသားကြီးက သူ့နောက်တွင် ဝါးတစ်ရိုက်ခန့် ပြတ်၍ကျန်ရစ်ခဲ့သော လူရွယ်ကို အားမလိုအားမရ ပြောလိုက်သည်။ သို့ရာတွင် ရပ်၍ မစောင့်။ ခြေလှမ်းကို မလျှော့၊ လှည့်မကြည့်။ ထမ်းပိုးပေါ်တွင် ညာလက်တင်၍ သုတ်သုတ်သွားနေသည်။ သို့ရာတွင် သူ့နားသည် မျက်စိ၏တာဝန်ကို ထမ်းဆောင်နေသည်။ နောက်မှ လိုက်ပါသူ၏ ခြေအကျကို မှတ်သားနေသည်။ ခြေကျသံ အစိတ်အကျဲကိုလည်းကောင်း၊ အတိုးအကျယ်ကို လည်းကောင်း ထောက်ချင့်၍ နောက်မှလူသည် ဖြည်းဖြည်းသွားနေသည်၊ မြန်မြန်သွားနေသည်ကို သိရှိ၏။ ခြေသံလုံသည် မလုံသည်ကို

တွက်၍ အမှတ်တမဲ့ လျှောက်လာနေသည်၊ သို့မဟုတ် သတိထား၍ လျှောက်လာနေသည်ကို သိသည်။ မြေပြင်တွင် နေသူများသည် အလှမ်းဝေးဝေးကို ကြို၍မြင်နိုင်သဖြင့် နားကို တန်ဖိုးမထားလှ။ သို့ရာတွင် တောထဲ တောင်ထဲတွင် နေသူများကား အချိန်မရွေးဆိုသလို မိမိ အနီးအနားမှကပ်၍ ရန်သူထွက်ပေါ်လာနိုင်သဖြင့် မျက်စိထက် နားနှင့် နားခေါင်းကို အားကိုးအားထား ပြုကြလေသည်။

"ဘယ်ဖနောင့်က ဘာဖြစ်နေလို့ ခြေဖျားထောက်ပြီး လျှောက်နေတာလဲ မောင်ရွှေဝါရေ့"

ကနန်းအမျိုးသားကြီးက နောက်သို့ လှည့်မကြည့်ဘဲ မေးခွန်းထုတ်လိုက်ပြန်သည်။ နောက်မှ လူသည် ပါးစပ်မှ အဖြေမပေးမီ ဘယ်ဖနောင့်ကို ချလိုက်သည်။ သို့ရာတွင် နာကျင်သည့်အလား ဘယ်ခြေတစ်ခုလုံးကို ရုတ်တရက် ကြွလိုက်မိသည်။ ပြီးမှ သူသည် အံသွားကိုကြိတ်၍ ဘယ်ခြေဖဝါးကို အပြားလိုက် ခပ်ပြင်းပြင်း ဖိနင်းလိုက်သည်။ နစ်ချက်၊ သုံးချက် နင်းမိသောအခါ အနာပျောက်သွားသည်။

"သုံးမြှောင့်ဆူး စူးလို့ပါ၊ လျှောက်လို့ရပါပြီ။ ဘကြီးမုံးသာ သွားပါ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

ဘကြီးမုံးသည် ဘာမှ မပြောတော့ဘဲ အနောက်နေကို မျက်နှာမူ၍ သွားနေသည်။ ပခုံးပေါ်မှ အလေးချိန်ကြောင့် သူ့ကိုယ်သည် လှိုင်းအိသလို ကြွချည်နိမ့်ချည် ဖြစ်နေသည်။ ခြေလှမ်းအကြွတွင် လူက မြင့်တက်သွားပြီး ခြေလှမ်းအကျတွင်မူ လူကလည်း နိမ့်ဆင်းသွားသည်။ လက်ဆီဝ၍ ပြောင်ချောနေသော ထမ်းပိုးဝါးသည် ရှေ့တောင်းနောက်တောင်း၏ အလေးချိန်ကြောင့် ညွှတ်ချည်ကြွချည် ရှိနေသည်။

ဝါးနက်ကြောများဖြင့် အတိုင်စေ့ အဖောက်စေ့ ရက်ထားသော နပန်းကွင်းတောင်းနစ်တောင်းကို သာမန်ကြည့်လျှင် ကျည်တောင်၊ ဘူးခြောက်၊ ဂွမ်းစောင်နှင့် အဝတ်အထည်များသာ အပေါ်ပိုင်း၌ မြင်ရမည်ဖြစ်ပြီး ဤမျှ လေးလံစရာ မရှိဟု ထင်မှတ်ရသော်လည်း တောင်းအောက်ပိုင်း၌ ဆားများ အပြည့်အသိပ်ရှိသည်ကိုသိလျှင် အတော်အတန် ခွန်အားဗလရှိသူပင်လျှင် ဤအထမ်းနှင့် ဤခရီးကို သွားဖို့ စိတ်ကူးရဲမည် မဟုတ်ချေ။

သို့ရာတွင် တောင်ပေါ်မှာမွေး၍ တောင်ပေါ်မှာ ကြီးပြင်းခဲ့သော ဤလူကြီးမှာမူကား ဆားအချိန်နှစ်ဆယ်လောက်ကို ထမ်း၍ လေးငါးညခရီးကိုသွားရန် အပန်းမကြီးပါချေ။ ယခုပင်အတွေ့လေ၊ ဆားနစ်တောင်းကိုထမ်း၍ တစ်နေ့ကျိုးခဲ့ပြီ ဖြစ်ချေလည်း သူသည် လူငယ်လူရွယ်တစ်ဦး၏ ရှေ့တွင် ဝါးတစ်ရိုက်ခန့် ရောက်နေသည်။

သို့သော် သူသည် အလုံးအထည် ဖြိုးခိုင်လှသူတစ်ဦးကား မဟုတ်ချေ။ အသားအရေကျစ်၍ အရိုးအဆစ်ကြီးတစ်ဦးသာဖြစ်သည်။ သူ၏အင်အားများသည် ကြွက်သားတို့မှ ဖြစ်ပေါ်ခြင်းမဟုတ်ပဲ အကြောများ၊ အရိုးများမှ ဖြစ်ပေါ်ခြင်းဟုသာ ဆိုရမည်။ သူ၏ ကိုယ်လုံးမှာ သေးငယ်သည်ဟုပင် ဆိုရမည်။ အကြောင်းမူ သူ၏အရပ်သည် ငါးပေမျှလောက်သာ ရှိသော်လည်း လူပုကွတစ်ယောက်ဟု မထင်ရ။ အရပ်နှင့်အလုံးသည် လိုက်ဖက်ညီညွတ်နေသောကြောင့်ဖြစ်သည်။ သို့ရာတွင် သူ့ကိုယ်တွင်ရှိသော အကြောများသည်ကား ကြောက်မက်ဖွယ်ရာပင်ဖြစ်သည်။ အကြောပေါင်းတစ်ထောင်သည် ကိုယ်၏ အပြင်အပတွင် ထွက်၍ နေကြသကဲ့သို့ ရှိသည်။ နားထင်ကြောသည် လည်းကောင်း၊ လည်ကြောသည် လည်းကောင်း၊ လက်ကြောသည် လည်းကောင်း၊ ခြေကြောသည် လည်းကောင်း မြွေဟောက်များကဲ့သို့

MMCYBERMEDIA
COMMUNITY FOR ALL

ကြွကြွထောင်ထောင် ရှိလှသည်။ သူ့အသက်သည် ငါးဆယ်ပြည့်လုပြီဖြစ်၍ ဦးပြည်းကတုံးသည် ဖြူနေသည်။ သို့ရာတွင် မျက်လုံးများသည် နက်မှောင်လှသည်။ သပိတ်ရောင် ထနေသည်။ ကမ္ဘာလောကတစ်ခုလုံးသည် သူ့မျက်လုံးတွင် လာ၍ အရိပ်ထင်မည်လောဟု အောက်မေ့ရသည်။ သူ့ကိုယ်တွင် မှဲ့နီမှဲ့နက်များ ပြည့်နေသည်။ အသားအရေ နည်းပါးသော်လည်း စိုသည်။ စိုပြည်သော်လည်း နနယ်ခြင်းမရှိ။ ကြမ်းတမ်းကွဲအက်သည်။ သို့ရာတွင် မျက်နှာသည် အပူအပန် အကြောင့်အကြမရှိသကဲ့သို့ ငြိမ်နေသည်။ အကောင်းအဆိုးနှင့် ထိတွေ့ရိုက်ခတ်ခြင်း မရှိဖူးဘူးသကဲ့သို့ ကြည်လင်နေသည်။

တကယ်မူ သူသည် ကြမ်းတမ်းပြင်းထန်သော ဘဝခရီးကို လျှောက်ခဲ့သူ ဖြစ်သည်။ အရပ်ဒေသပေါင်းစုံကို သွား၍ အလုပ်အကိုင်မျိုးစုံကို လုပ်ကာ အဖြစ်အပျက် အရေးအခင်းပေါင်းစုံတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ယခုပင် သူသည် အောက်ပြည်အောက်ရွာသို့ တစ်နွေတစ်မိုး သွားနေခဲ့ပြီးမှ ရွာသို့ ပြန်လာနေခြင်းဖြစ်သည်။ ဤသို့ ပြန်လာနေခြင်းသည်ပင်လျှင် ဗန်းမောက်တွင် မောင်ရွှေဝါနှင့် တွေ့၍ဖြစ်သည်။ သူ၏အကြံအစည်က ဝန်းသိုသို့ လှည့်လိုက်ဦးမည်ဟု ရှိထားသည်။ သို့ရာတွင် မောင်ရွှေဝါက ရွာသို့ လိုက်လိုသည်ဟု ဆိုသဖြင့် ခရီးစဉ်ကို ပြောင်းလိုက်ရခြင်းဖြစ်သည်။

သူသည် မောင်ရွှေဝါကို အထူးပင် ခင်မင်ခြင်း ရှိသည်။ မောင်ရွှေဝါ၏ အမိနှင့် အဖေသည် သူ၏ ညီနှင့် ညီမများသဖွယ် ဖြစ်သည်။ ဗန်းမောက်မြို့ရှိ မောင်ရွှေဝါ၏ ဦးကြီးသည် သူနှင့် ရောင်းရောင်းဘက် ဖြစ်သည်။ မောင်ရွှေဝါ၏ အဘိုးသည် ပုဂံမင်းလက်ထက် အင်္ဂလိပ်များနှင့် တိုက်စဉ်က သူ၏တပ်မှူးဖြစ်သည်။ ထိုအချိန်က သူသည် ဆယ့်ခုနစ်နှစ်ကျော်ကျော် ဆယ့်ရှစ်နှစ်အရွယ်မျှသာ ရှိသေးသည်။ ရန်သူ ကင်းစခန်းတစ်ခုကို ညအချိန်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ရင်း တပ်မှူးကျဆုံးခဲ့ရသည့် အကြောင်းကို စစ်ပြီးသည်နှင့် တစ်ပြိုင်နက် မိုးကောင်းနယ် ကြိုးကြာရွာသို့ သွားရောက် သတင်းပါးစဉ်ကဆိုလျှင် မောင်ရွှေဝါ၏ ဖခင်သည် ဆယ်နှစ်သားအရွယ် လူမမည်သာ ရှိချေသေးသည်။ သို့ရာတွင် လွန်ခဲ့သည့် ငါးနှစ်ခန့်က အာသံမှအပြန် ကြိုးကြာရွာသို့ ဝင်ခဲ့သည်တွင် တပ်မှူးကတော် မရှိတော့ပြီကို တွေ့ရသည်။ တပ်မှူး၏သားသည် ကလေး လေးယောက်ဖခင်ဖြစ်နေပြီကို တွေ့ရသည်။ တပ်မှူး၏သားနှင့် အကြောင်းပါသူသည် မိမိသူငယ်ချင်း၏ နမ ဖြစ်နေသည်ကိုလည်း အံ့သြစွာ သိရှိရသည်။ သို့ဖြင့် သူသည် ဦးနွဲ့မွန်နှင့် ဒေါ်စောရုံတို့အိမ်တွင် တစ်လနီးပါးမျှ ကြာခဲ့သည်။ သို့ရာတွင် သူက စိတ်တွင် မကျေမနပ်ရှိနေခဲ့သည်။ ဦးနွဲ့မွန်သည် သူ့တပ်မှူး၏သား ဖြစ်သော်လည်း တပ်မှူး၏သွေး မပါသောကြောင့်ဖြစ်သည်။ ဇာတိသွေး ဇာတိမာန်လည်း နည်းပါးလှသည်။ သို့သော် မောင်ရွှေဝါသည် အဖေနှင့်မတူနှင့်မတူပဲ အဘိုးနှင့် တူလေသည်။ မောင်ရွှေဝါသည် ဘကြီးမုံးထံတွင် အဘိုးအကြောင်းကို မေးမြန်းခြင်း ပြုသည်။ ဤကတည်းကပင် ဤသူငယ်ကို သူက မျက်စိကျခဲ့ခြင်းဖြစ်သည်။ ယခုမူ တပ်မှူး၏မြေးကို မိုးကောင်းနယ်သား ယောကျ်ားသားတစ်ဦးအဖြစ်ဖြင့် သူ တွေ့မြင်နေရချေပြီ။ ဤ သူငယ်သည် ရဲရင့်သည်။ ဤသူငယ်သည် ဇာတိမာန်ရှိသည်။ မောင်ရွှေဝါသည် သွက်သွက်လှမ်းသည်။ မြန်မြန်လျှောက်သည်။ သို့နှင့်တိုင် ရှေ့မှ အဘိုးကြီးကို လိုက်မမီသေးပဲ ရှိသည်။ အဘိုးကြီး လမ်းလျှောက်သည်မှာ အပန်းတကြီး မရှိ။ အေးအေးမှန်မှန်ပင်ဖြစ်သည်။ သို့ရာတွင် ခြေကျညီပြီး ခြေနတ်မြန်သဖြင့် ခရီးပေါက်ခြင်းဖြစ်သည်။ သည်အဘိုးကြီးကို သူ လေးစားသည်။ သည် အဘိုးကြီးသည် အရပ်စုံသည်။ အလုပ်စုံသည်။ အတတ်စုံသည်။ တကယ့် စစ်သားကြီး တစ်ဦးဖြစ်သည်။ သူ့အဘိုး၏ တပ်သားတစ်ဦးဖြစ်သည်။ အောက်ပြည်အောက်ရွာတွင် မျက်နှာဖြူများနှင့် တိုက်သည်။ အာသံသို့ရောက်စဉ်ကလည်း တိုင်းရင်းသားသူပုန်များဘက်မှ ပါဝင်၍ အင်္ဂလိပ်ကို တိုက်ခဲ့သည်။ တရုတ်ပြည်ထဲသို့လည်း အတော်ဝေးဝေးလံလံ ရောက်ဖူးသည်။ အံ့သြစရာ ကောင်းသည်မှာ

MMCYBERMEDIA
COMMUNITY FOR ALL

သည်အဘိုးကြီးသည် ဘုရင့်တပ်မတော်တွင် ပါဝင်၍ တိုက်ပွဲပေါင်း မြောက်မြားစွာ ဆင်နွှဲခဲ့သော်လည်း မင်းမှုထမ်းတစ်ဦးအဖြစ် လုပ်ဆောင်လိုစိတ် မရှိခြင်းပင်ဖြစ်သည်။ အရှင်သခင်ကြီးငယ်တို့ မြောက်စားချီးမြှင့်ခြင်းတွင် မသာယာခြင်း၊ မနှစ်သိမ့်ခြင်းပင် ဖြစ်သည်။ သည်မျှသာမက သည်အဘိုးကြီးသည် သူ၏ ဘဝလမ်းကြောင်းကိုလည်း ပြောင်းလဲပေးခဲ့ပြီ ဖြစ်သည်။

သူက စွန့်စားချင်သည်။ မာန်မာနရှိသည်။ မခံချင်စိတ်ရှိသည်။ သူ့အဘိုးကဲ့သို့ တပ်မှူးကြီးတစ်ဦး ဖြစ်ရန် ငယ်ငယ်ကတည်းက စိတ်သန်ခဲ့သည်။ ယင်းသို့ ရှိနေသည့်အချိန်တွင် သူ တွေ့မြင်နေရသော အရေးအခင်းများက သူ့ဘဝကို လှုံ့ဆော်ပေးနေသည်။ နယ်သူနယ်သားများသည် မိမိတို့ တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းကြီးစွာ လုပ်ကြရသည်။ သည်မျှနှင့် မပြီးသေးဘဲ အကြီးအကဲများ၊ သူဌေးသူကြွယ်များနှင့် လက်စွဲတော်များက ညှင်းပန်းနှိပ်စက်ခြင်း ပြုကြသေးသည်။ သို့ဖြင့် သူက ရွှေမြို့တော်သို့ သွားရောက်ပြီး ဘုရင့်အမှုတော်ကို ထွန်းထွန်းပေါက်ပေါက် တာဝန်ထမ်းဆောင်ရန် ထွက်ခဲ့သည်။ သို့ရာတွင် အဘိုးကြီးက သူ့ကို တားခဲ့သည်။ ရွှေမြို့တော်၏ စိတ်ပျက်ဖွယ်ရာ အရေးအခင်းများ၊ မင်းခစားတို့၏ စိတ်ပျက်ဖွယ်ရာ ဘဝများကို ပြောပြခဲ့သည်။ သူတို့ ရွာသူရွာသားများ၏ စိတ်ထားဖြူစင်မှုကို သည် အဘိုးကြီးက ပြောပြခဲ့သည်။ ရွာတွင် အခိုက်အတန့်နေပြီးနောက် ချင်းတွင်းဘက်သို့သွားရန်၊ ထိုမှတစ်ဆင့် နာဂနှင့် မဏိပူရနယ်များသို့ သွားရန် စိတ်ကူးရှိသည်ဟု အဘိုးကြီးက ဆိုသည်။ သို့ဖြင့် သူသည် ရွှေမြို့တော်သို့ သွား၍ ဘုရင့်အမှုတော်ထမ်းရွက်ရန် အကြံအစည်ကို စွန့်လွှတ်လိုက်ပြီး သည်အဘိုးကြီးနှင့်အတူ လိုက်ပါရန် ဆုံးဖြတ်လိုက်သည်။

သူ့အနေနှင့် သည်အဘိုးကြီးထံတွင် လေ့လာဆည်းပူးစရာ အများအပြား ရှိသည်။ သူသည် လက်ရည်တူ တစ်ယောက်ချင်း တိုက်ခိုက်သည့်အမှုတွင် မည်သူ့ကိုမျှ မမှုသော်လည်း လူအများ စုပေါင်း၍ စစ်ဆင်စစ်တိုက်သည့် နေရာတွင်ကား အတွေ့အကြုံမရှိသေးပဲ ဖြစ်နေသည်။ မျက်နှာဖြူတို့၏ လက်နက်ကောင်း၊ လက်နက်ဆန်းများ အကြောင်းလည်း သိုးသိုးသန့်သန့် ကြားဖူးရုံသာ ရှိသည်။ ယခုမှ သည်အဘိုးကြီး ကျေးဇူးကြောင့် အင်းဖီးရိုင်ဖယ်ကို ပခုံးပေါ် တင်ဖူးခြင်းဖြစ်သည်။ အဘိုးကြီးထံတွင် အပစ်အခတ် အတိုက်အခိုက် ပညာများ ဆည်းပူးရန် ဖြစ်သည်။

လူတစ်ယောက်ကို သည်သို့ ဆရာတင်ထားပြီး ဖြစ်သော်လည်း၊ သူ့ထက် သာလွန်တတ်ကျွမ်းသည်ဟု လက်ခံထားပြီး ဖြစ်သော်လည်း ယခုလို နှစ်ယောက်ချင်း လမ်းလျှောက်သည့်နေရာတွင် သူ့ထက် ကျောသည်ကို မကျေနပ်နိုင်ဘဲ ရှိနေသည်။ ခြေထောက်ချင်း အတူတူ လမ်းလျှောက်ကြသည့်နေရာတွင် သူက အခြားသူ တစ်ယောက်ကို မမီဟု ဆိုသည်မှာ မဟုတ်နိုင်ပေ။ သာချင်းသာလျှင် သူကသာ သာရမည်။

မောင်ရွှေဝါ၏ မျက်နှာသည် တင်းမာလာသည်။ ဒေါသငွေ့ သန်းလာသည်။ သူက မည့်သူ့ကိုမျှ စိတ်ဆိုးခြင်း မဟုတ်လျှင် သူ့ကိုယ်သူ စိတ်ဆိုးခြင်း ဖြစ်ရမည်။

ရှေ့မှ သွားနေသူသည် သူ့ထက် အသက်ထက်ဝက်မက ကြီးသည်။ အဘိုးကြီးအရွယ် ဖြစ်သည်။ သူက လူငယ် ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်တွင် သူ့ထက် ထက်ဝက်နီးပါးမျှ ငယ်သည်။ အရပ်အမောင်းတွင်လည်း သူက ခေါင်းတစ်လုံး ပို၍ မြင့်သည်။ သူ၏ ခြေတစ်လှမ်းသည် အဘိုးကြီး၏ ခြေတစ်လှမ်းခွဲမျှနှင့် ညီသည်။ ထိုမျှသာမက အဘိုးကြီးသည် အလေးချိန် နှစ်ဆယ်ကျော်ကို ထမ်း၍

MMCYBERMEDIA
COMMUNITY FOR ALL

သွားနေသည်။ သူ့ ပုခုံးပေါ်တွက်ကား ရိုင်ဖယ်တစ်လက်နှင့် အဝတ်ထုပ် တစ်ထုပ်သာ ပါရှိသည်။ စုစုပေါင်း ငါးပိဿာပျော့ပျော့သာ ရှိသည်။ သို့နှင့်တိုင် သူက အဘိုးကြီးကို မမှီပဲ ရှိနေသည်။

မောင်ရွှေဝါသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ရိုင်ဖယ်ရိုးတွင် ချိတ်ထားသော အဝတ်ထုပ်ကို ဘယ်ဘက်ပခုံးပေါ်သို့ တင်လိုက်သည်။ ရှည်လျားသော ရိုင်ဖယ်ကို ညာလက်အောက်ချ၍ ကိုင်သည်။ အားယူသည့်အနေဖြင့် သေနတ်ကိုင်ထားသော လက်ကို ရှေ့နောက်လွှဲယမ်းရင်း ပြင်းပြင်းလျှောက်သည်။

ယင်းသို့လျှောက်နေရင်း သူ၏ စိတ်အာရုံသည် လက်ထဲမှ သေနတ်ဆီသို့ ရောက်သွားသည်။ ရွှေမြို့တော်မှ ဘကြီးမုံး ရလာသော သေနတ်ဖြစ်သည်။ ဝယ်လာခြင်း မဟုတ်။ မိန်းမငယ်တစ်ဦးအား ညှင်းပန်းနှိပ်စက်ခြင်း ပြုနေသော မင်းစစ်သည် တစ်ဦးအား တိုက်ခိုက်၍ ရယူလာခြင်းဖြစ်သည်။ မိုးကောင်းတွင် သူကိုင်ကြည့်ခဲ့ဖူးသော သေနတ်သည် သည်သေနတ်ထက် လေးသည်။ အချိုးအစားလည်း မကျမနရှိသည်။ သည်သေနတ်သည် ရှည်လျားသည်မှအပ ကိုင်ရတွယ်ရ ပေါ့ပါးလွယ်ကူသည်။ ကျည်ကျပ်သည်မှာ အရေးမကြီးချေ။ သူတို့နယ်မှထွက်သော သေနတ်များသည် ကျည်ကျပ်ကျပ်ဖြင့် အသုံးပြုရသည်များပင် ဖြစ်သည်။ မိုးကောင်းတွင် သူတွေ့ခဲ့ရသော သေနတ်သည် ဘကြီးတော်လက်ထက်က သေနတ်များ ဖြစ်သည်ဟု ဘကြီးမုံးက ပြောသည်။ ယခု သေနတ်မှာ ပုဂံမင်းများလက်ထက်တွင်မှ စ၍ ပေါ်သည်ဟု ဆိုသည်။ ဤသေနတ်နှင့် ပတ်သက်၍ ကုလားမည်းများနှင့် ကုလားဖြူများ အချင်းဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ပြောင်းနှင့် ကျည်သည် ကျပ်နေသဖြင့် နှစ်တောင်နှင့် လက်တစ်ဝါးခန့်ရှည်သော ပြောင်းတွင် ကျည်ချောချောမွတ်မွတ် သွားစေရန် ကျည်တွင် ဆီသုတ်ထားရသည်။ ကျည်ကို ပြောင်းသို့ ထည့်မည့်အချိန်တွင် ကျည်ထိပ်မှ စက္ကူပါးကို ပါးစပ်ဖြင့် ကိုက်ဖြတ်ရသည်။ ဤတွင် ပြဿနာပေါ်ခြင်းဖြစ်သည်။ ကုလားမည်းများသည် ဝက်သား မစားကြ။ ကျည်တွင် သုတ်ထားသည်က ဝက်ဆီဖြစ်နေသည်။ ဤသို့သော စိတ်ဝင်စားဖွယ်ရာ အကြောင်းများကို သူက ဘကြီးမုံးထံမှ ကြားသိရခြင်းဖြစ်သည်။

ရုတ်ခနဲ သူ့ကိုယ်ပေါ်သို့ အရိပ်ကြီး ကျလာသည်။ သူ့တစ်ကိုယ်လုံး သိမ့်ခနဲ အေးသွားသည်။ ချက်ချင်းပင် သူ့မြင်ကွင်းသည် မှိန်သွားသည်။ မောင်ရွှေဝါသည် အတွေးတွင် ကျက်စားနေရာမှ ပတ်ဝန်းကျင်ကို အလန့်တကြား ကြည့်လိုက်မိသည်။ သို့ရာတွင် တစ်မှုဟုတ်ချင်းမှာပင် ဘေးအန္တရာယ် တစ်စုံတစ်ခု ကျရောက်ခြင်းမဟုတ်ဘဲ တောအုပ်အတွင်းသို့ အမှတ်မထင် ရောက်ရှိသွားခြင်းဖြစ်ကြောင်း သိရသည်။ နေရောက် ရုတ်တရက်ပျောက်သွား၏။ တောအမှောင်နှင့် တောအရိပ်၏ ကြီးစိုးခြင်းကို ရုတ်ခြည်း ခံလိုက်ရခြင်း ဖြစ်သည်။

သူ့တစ်ဝိုက်တွင် ပင်စည်နှင့် ပင်လုံးများသာ ရှိနေသည်။ ပင်လုံးများအကြားတွင် နွယ်များ ကိုင်းများ ရှိနေသည်။ အချို့အပင်ငယ်များသည် လူတစ်ရပ်သာသာ မြင့်လေသည်။ အရပ်ရှစ်မျက်နှာတွင် တောပိတ်နေသဖြင့် အပေါ်သို့ မော့ကြည့်သောအခါ မိုးကောင်းကင်ကို မမြင်ရ။ အင်ရွက်၊ ကျွန်းရွက်နှင့် ကညင်နီရွက်များသာ ရှိနေသည်။ ကျွန်းရွက်ကြီးများ၏ အလယ်အူကြောင်းသည် နီရော်စပြုနေသည်။ အချို့ အရွက်များသည် ကြွေပင် ကြွေချင်နေကြပြီ။

တောအုပ်အတွင်းသို့ ကျဉ်းမြောင်းသော လမ်းအတိုင်းလိုက်သွားရာ ခဏအကြာတွင် လမ်းနှစ်ခွကို တွေ့ရသည်။ ဘကြီးမုံးကို အစအနမျှ မမြင်ရ။ သူက မည်သည့်လမ်းသို့ လိုက်ရမှန်းမသိ ရှိသည်။ သို့ဖြင့်

လမ်းခွတွင် ရပ်၍ နားစွင့်သည်။ ဘကြီးမုံး၏ ခြေသံကို လက်ဝဲဘက်ဆီမှ ကြားရသည်။ သို့ဖြင့် သူက တောင်ဘက်လမ်းသို့ လိုက်သွားသည်။ သူက ယခုအခါ နားကို ကောင်းစွာ အသုံးပြုနေရသည်။ ဘကြီးမုံး၏ ခြေသံကိုသာမက တောတိုးသံကိုပါ ကြားနေရသည်။ ထိုစဉ်တွင် ဘကြီးမုံး၏ အသံ ရုတ်တရက် ပျောက်သွားသည်။ သူက တန့်ခနဲ ရပ်လိုက်သည်။ ဤကား တောစည်းကမ်းပင် ဖြစ်သည်။ ရှေ့မှသွားသူ၏ ခြေသံနှင့် လှုပ်ရှားသံများ တိတ်သွားသည်နှင့် တပြိုင်နက် နောက်မှ လိုက်ပါသူများသည် နေရာတွင် ရပ်တန့်၍ သတိအသင့် ရှိရသည်။ ရှေ့မှ လူ၏ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် အချက်ပြခြင်း ဖြစ်နိုင်သည်။ ဘေးအန္တရာယ် အရိပ်အငွေ့ရှိ၍ ဖြစ်နိုင်သည်။

"လာဟေ့ မောင်ရွှေဝါ"

သူ ရပ်တန့်နေသည်ကို သိသဖြင့် ဘကြီးမုံးက ခေါ်လိုက်ခြင်းဖြစ်သည်။ ဘကြီးမုံးသည် မည်သည့် ဘေးအန္တရာယ်ကိုမျှ တွေ့မြင်၍မဟုတ်ဘဲ သူ့အား တမင်ရပ်၍ စောင့်နေခြင်း ဖြစ်သည်။ သို့ဖြင့် သူသည် မြွေလိမ်မြွေကောက်လမ်းအတိုင်း လျှောက်သွားသည်။ မျောက်တစ်သိုက်၏ အသံကို ခပ်လှမ်းလှမ်းဆီမှ ကြားရသည်။

လေးငါးချိုးခန့်သွားမိလျှင် ရှေ့တွင် ကွက်လပ်ငယ်တစ်ခု ရှိနေသည်ကို တွေ့ရသည်။ အလင်းရောင်အား ပိုလာသည်။ ကွက်လပ်ငယ် အတွင်းသို့ရောက်သောအခါ အထမ်းကို နံဘေးချ၍ အေးအေးလူလူထိုင်နေသော ဘကြီးမုံးကို တွေ့ရသည်။ ဘကြီးမုံးသည် သူ့ကို စောင့်ရင်း ကွမ်းငုံရန် ပြင်နေသည်။

"ဟိုမှာ ကြည့်စမ်း"

အနီးသို့ သူရောက်သွားသောအခါတွင် ဘကြီးမုံးက အနောက်မြောက်ဘက်ထောင့်သို့ လက်ညှိုးညွှန်ပြရင်း ပြောသည်။ ကွက်လပ်အဆုံးတွင် ကျွန်းပင်ကြီး တစ်ပင်တည်း ရှေ့သို့ ထီးထီးထွက်နေသည်ကို မြင်ရသည်။ ကျွန်းပင်ကြီး၏ လုံးပတ်သည် အံ့သြဖွယ်ရာပင် ဖြစ်သည်။ ဆယ်တောင် ဆယ့်နှစ်တောင်လောက် ရှိသည်။ အမြင့်မှာလည်း အတောင်တစ်ရာ ကောင်းကောင်းကြီး ကျော်သည်။

"အတော်ကြီးတဲ့ ကျွန်းပင်ကြီးပဲ။ ရတနာပုံဘုရင်က အိမ်တိုင် လုပ်မလို့တဲ့လား"
"သေသေချာချာ ကြည့်ပါဦး"

ဘကြီးမုံးက ကွမ်းကို မဝါးသေးပဲ ပါးစပ်ထဲတွင် မြုံထားရင်း တိုက်တွန်းသည်။

"ဘာကြီးလဲ"

သူက ကျွန်းပင်လုံးကြီးကို အောက်ခြေမှစ၍ ကြည့်သွားရာ ဆင်တစ်ရပ် ရပ် ကျော်ကျော်လောက်တွင် တစ်စုံတစ်ခုကို မထင်မှတ်ပဲ တွေ့မြင်လိုက်ရသဖြင့် မေးလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကြည့်ပေါ့"

"ခန္တီးလုံကြီးပါလား။ ဒါလောက်ကြီး ဝင်နေအောင် ဘယ်သူ ပစ်ထားတာလဲ"

"ဘယ်သူဖြစ်မလဲကွယ့်။ ဗန္ဓုလပေါ့"

"ဗန္ဓုလ"

"အေးပ၊ ဒီကျွန်းပင်ကို ဗန္ဓုလကျွန်းလို့ ခေါ်တယ်။ ဒီလုံကြီးဟာ ဆင်ပေါ်ကနေပြီး ဗန္ဓုလ ပစ်ထားတာပေ့ါ"

"တကယ် ဟုတ်မယ်တဲ့လား"

"တကယ်ပ အေး။ ဒီလုံကြီးနဲ့ ဒီလောက် စူးအောင် ဘယ်သူ ပစ်နိုင်မလဲ။ မင်းကြီး မဟာဗန္ဓုလမို့ ပစ်နိုင်တာပေါ့"

"ဘကြီးမုံးကို ဘယ်သူပြောလဲ"

"တို့ အဖိုး ပြောတာပေါ့"

ဘကြီးမုံး၏ ဖခင်အကြောင်းကိုကား သူ အနည်းအပါး ပြောပြဖူးသည်။ ဤနယ်တစ်ဝိုက် ထင်ပေါ်ကျော်ကြားသော သွေးသောက်ကြီးတစ်ဦး ဖြစ်သည်။ ဗန္ဓုလနှင့်အတူ အာသံသို့လည်းကောင်း၊ ရခိုင်သို့ လည်းကောင်း၊ ရန်ကုန်သို့ လည်းကောင်း လိုက်ပါတိုက်ခိုက်ဖူးသည်ဟု အဆိုရှိသည်။

"ဗန္ဓုလက ခန္တီးလုံ ကိုင်သလား"

"ဒီလိုကွယ့်၊ အာသံကို အချီမှာ မင်းကြီးမဟာ ဗန္ဓုလနဲ့ တပ်တွေဟာ ဒီနားမှာ စခန်းချကြတယ်။ ဒီအချိန်မှာ ဆင်ဖမ်းမုဆိုး တစ်ယောက်ဟာ ခန္တီးလုံကြီးကိုင်ပြီး ဗန္ဓုလကို ကြည့်နေသတဲ့။ ဗန္ဓုလလည်း ဒါလောက်ကြီးတဲ့ လုံကြီးကို အသွားရော အရိုးရော သံနဲ့ တစ်ဆက်တည်းလုပ်ထားတာကို အံ့ဩတယ်တဲ့။ ဘယ်လို အသုံးချတာလဲလို့ မေးတယ်တဲ့။ မုဆိုးက လုံကိုမြှောက်ပြီး တစ်ကြိမ်တည်း အရှိန်ယူပြီး အနားမှာရှိတဲ့ ဆင်တစ်ကောင်ကို ထိုးလိုက်တာ ဆင်ကြီးဟာ မတ်တတ်ကနေ ဗိုင်းခနဲလဲပြီး သေသွားတယ်တဲ့။ စစ်သည်တော် ဆယ်ယောက်ဟာ လုံကို ဆင်ရဲ့ကိုယ်က မနည်း ဆွဲနုတ်ရတယ်တဲ့။ မင်းကြီးသေနာပတိဟာလည်း လုံကို တောင်းယူပြီး ဆင်ပေါ်ကဖျန အရှိန်နဲ့ လွှတ်လိုက်တာ အခုလို ကျွန်းပင်မှာ တစ်ဝက်လောက် စိုက်နေတာပဲ။ စစ်သည်တွေ ကြိုးနဲ့ဆွဲပြီး နုတ်တာတောင် မလှုပ်ဘူး"

"ကျွန်တော်လည်း မနှစ်က ဒီလို လုံမျိုး တစ်ချောင်း ရထားတယ်"

"ဆင်ထက် မြင်းထက်ကနေ လွှတ်စမ်းပြီးပြီလား"

"သံ သိပ်မကောင်းဘူး။ ပြင်းပြင်းလွှတ်မှ စူးတယ်"

"သံ မကောင်းတာ ဟုတ်မလား အေး။ အရိုးလေးတော့ နောက်ကို ဆွဲတာပေါ့"

မောင်ရွှေဝါ ဘာမှ ပြန်မပြောတော့။ ကျွန်းပင်တွင် စူးဝင်နေသော လုံကြီးကို တစ်ချက် ကြည့်လိုက်သည်။ စူးဝင်နေသည်မှာ ပန်းပဲတူနှင့် ရိုက်သွင်းထားသည်လား အောက်မေ့ရသည်။ သည်မျှ စူးဝင်အောင် သူ မပစ်နိုင်ဟု စိတ်ထဲမှ ဝန်ခံမိသည်။

"သွားကြစို့။ နေ မရှိတော့ဘူး"

ဘကြီးမုံးက ရှေ့မှသွားသည်။ သူက နောက်မှ ကပ်၍ လိုက်သည်။ အတန်ကြာလျှင် ရေစီးသံ ကြားရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီချောင်းက မူးကို သွားသလား။ ဥယုကို သွားသလား"

မောင်ရွှေဝါက မေးလိုက်သည်။

"မူး"

တောအုပ်မှ ထွက်မိသည်နှင့် တပြိုင်နက် ချောင်းကို တွေ့ရသည်။ ချောင်းပြင်သည် လက်ချောင်းများကဲ့သို့ ဟိုတစ်သွယ်၊ ဒီတစ်သွယ် စီးနေသည်။ ယင်းကြောင့် ရေစီးညင်သာသည်။ ရေစီးကြောင်းများ မြွာနေသဖြင့် အသံမြိုင်သည်။ ကောင်းကင်ကိုတွေ့ရသည်။ သူတို့အထက်တွင် နီနေသည်။ တောင်များ၏ နောက်တွင် နေရှိသေးသည်။ ချောင်းမှ အငွေ့များထွက်နေသည်။ သူတို့သည် ချောင်းကို ဖြတ်သွားသည်။ ရေသည် ခြေမျက်စိလောက်မှ ဒူးစစ်လောက် အထိသာ နက်သည်။ ကြည်၍ အေးနေသည်။ ရေအောက်မှ ကျောက်တုံး ကျောက်ခဲကလေးများကို အတိုင်းသား မြင်ရသည်။ ခြေထောက်မှ ခေါင်းအထိ ကျဉ်လာသည်။

ချောင်းကို လွန်သောအခါ တောင်ကုန်းကလေးတစ်ခုကို တက်ရသည်။ ဤတောင်ကုန်းမှ ဆင်းမိလျှင် လင့်တောပင် ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် သူတို့သည် ဤတောင်ကုန်းထိပ်သို့ မရောက်မီမှာပင် တစ်ဖက်မှ အသံများကို ကြားရသည်။ မြင်းဟီသံများဖြစ်သည်။

"မြင်းတွေ ရှိသားပဲ"

မောင်ရွှေဝါ လွှတ်ခနဲ မကျေမနပ် ဆိုလိုက်သည်။ သူတို့ သွားရမည့် လမ်းခရီးသည် တောင်စောက်တောင်မတ်များ ပေါသဖြင့် မြင်းနှင့် မသွားနိုင်ဟု ဘကြီးမုံးက ပြော၍ သူ့မြင်းကို ဗန်းမော်တွင် ထားခဲ့ရသည်။ ယခုမူ မြင်းနှင့်လာသူများကို တွေ့နေရပြီဖြစ်သည်။ သို့ရာတွင် ဘကြီးမုံးက သူ့ကို လက်ကာပြသည်။

"ဒီကနေ ဟိုဘက်ကို ဘယ်လိုမှ မြင်းစီးလို့ မရဘူး။ ဒီနယ်ကလူတွေဟာ ဒီခရီးကို ဘယ်တော့မှ မြင်းနဲ့ မသွားဘူး။ ဒီလူတွေဟာ လူစိမ်းတွေ ဖြစ်မယ်။ မင်းမှုထမ်းတွေ ဖြစ်ရင် ဖြစ်မယ်"

ဘကြီးမုံးက လေသံဖြင့် ပြောပြီးနောက် ပခုံးပေါ်မှ အထမ်းကို အသာချလိုက်သည်။ သို့ဖြင့် မောင်ရွှေဝါလည်း အထုပ်ကို ချထားလိုက်သည်။ ရိုင်ဖယ်ကို အသင့်ဆုပ်ကိုင်ထားသည်။ ဘကြီးမုံးက ခြေကို ဖော့နင်းပြီး တက်သွားသည်။ သူကလည်း ခြေသံလုံလုံကို ထိန်း၍ လိုက်သွားသည်။ တောင်ထိပ်နှင့် ခဲတစ်ပစ်လောက် ရောက်သောအခါတွင်ကား ဓားခုတ်သံများကို ကြားရတော့သည်။ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးနောက် ပြိုင်တူ ပြေးတက်သွားကြသည်။ တောင်ထိပ်သို့ ရောက်သောအခါ အကွယ်ယူ၍ တစ်ဖက်သို့ စိတ်အားထက်သန်စွာ ကြည့်လိုက်ကြသည်။ မမျှော်လင့်သော မြင်ကွင်းကြောင့် နှစ်ဦးသား အံ့အားသင့်သွားကြသည်။ တောင်ခြေကွက်လပ်တွင် ဘုရင့်တပ်မတော်သားများနှင့် ဓားချင်းခုတ်နေသူမှာ ငယ်ရွယ်သော အမျိုးသမီးကလေး နှစ်ဦး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက လက်ထဲမှ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"နေဦးလေ ကြည့်လို့ မကောင်းဘူးလား"

ဘကြီးမုံးက သေနတ်ပြောင်းပေါ်တွင် လက်တင်၍ တားလိုက်သည်။

"ဘုရင့်လူတွေနဲ့ ကောင်မလေးနစ်ယောက် တိုက်နေတာပဲ"
"မပူပါဘူးကွယ်၊ တို့ဆီက ကောင်မလေးတွေ ဒီလောက် မတုံးပါဘူး။ လာ လာ၊ ဟိုအကွယ်က သွားကြည့်ရအောင်၊ လိုတော့ ဝင်ကြတာပေါ့"

သည်ဘက် တောင်ဆင်နာမောင်းသည် အတော်ပင် မတ်စောက်သဖြင့် သူတို့နေရာနှင့် ဓားကွင်းသည် သိပ်မဝေးလှ။ ပြက်ပြက်ထင်ထင် မြင်ရသည်။ သို့ရာတွင် ဘကြီးမုံး ညွှန်ပြသောနေရာသည် ပို၍ ကောင်းသည်။ တောင်ခြေနှင့် ဝါးတစ်ရိုက်လောက်မှ ဖြစ်ပေါ်နေသော တောင်စွယ်ကလေးဖြစ်သည်။ သို့ဖြင့် သူတို့သည် ချုံနွယ်များကို ကွယ်၍ တောင်စွယ်ကလေးရှိရာသို့ ပြေးဆင်းသွားကြသည်။ ဓားသံများသည် မှန်မှန်ပေါ်ထွက်နေပြီး မြင်းဟီသံများသည် တစ်ချီတစ်ချီတွင် ပေါ်ထွက်လာသည်။

အောက်ဘက် တောင်နာမောင်းတွင် ဖြစ်ပေါ်နေသော တောင်ဆွယ်ကလေးသည် ဆင်တစ်ရပ်ခန့် မြင့်၍ ဝါးနစ်ပြန်လောက် ရှည်သည်။ ရုတ်တရက်ဆိုလျှင် ရတနာပုံမြို့ရိုးနှင့်ပင် တူသည်။ ကြက်ရင်အုပ်နှင့် ဝါးများ ပေါက်ရောက်လျက်ရှိသည်။

ဘကြီးမုံးနှင့် မောင်ရွှေဝါသည် ဝါးရုံတစ်ခုကို ကွယ်၍ ဘေးတိုက် ထိုင်လိုက်ကြသည်။ အောက်ဘက်တွင် သဲသဲမဲမဲ ခုတ်နေကြသူများကို အနီးကပ် မြင်ကြရသည်။

ဘုရင့်တပ်မတော်သားများနှင့် ဓားချင်းဆိုင်နေသော အမျိုးသမီးတစ်ဦးသည် ကိုယ်လုံး ကိုယ်ထည် သေးငယ်သော်လည်း အသက်အရွယ်မှာ မငယ်တော့ပြီကို တွေ့ရသည်။ သုံးဆယ်ကျော်ကျော် လေးဆယ်နီးပါးခန့် ဖြစ်သည်။ သို့ရာတွင် သူမသည် သန်မာငယ်ရွယ် ဖျတ်လတ်သော ဘုရင့်စစ်သည်တော်ကြီးကို ကောင်းစွာ ခုခံနိုင်ရုံမျှမက ဆိုင်ပြိုင်၍ပင် တိုက်ခိုက်နိုင်သည်ကို တွေ့မြင်ရသည်။ ဘုရင့်တပ်မတော်သားသည် ငှက်ကြီးတောင်ဓားကြီးကို ကိုင်ဆောင်ထားသဖြင့် ချွန်ထက်နေသော ဓားဦးကို အားကိုးအားထားပြု၍ တိုက်ခိုက်နေသည်။ ဝမ်းဗိုက်ကို ထိုးဖောက်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားသည်။ ရင်ကိုခွဲနိုင်ရန် အဖန်ဖန် အားထုတ်သည်။ သို့ရာတွင် အမျိုးသမီးသည် အဦးအချွန် မရှိသော အဖျားကားသော လေးကင်းဓားနှင့် ဖြစ်၍ ရန်သူ၏ဓားကို အနှောင့်နှင့် ရိုက်ထုတ်သည်။ ရန်သူသည် လည်ပင်းကို တိခနဲ ပြတ်သွားစေရန် တွက်သည်၊ ပိုင်းသည်။ နောက် အမျိုးသမီးတစ်ဦးကား ငယ်ရွယ်နုပျိုသည်။ ထိုမျှသာမက အဆင်းအအင် လှသည်၊ ဖျတ်လတ်သွက်လက်သည်။ လေးကင်းဓားနှင့်ပင် ဖြစ်သည်။ သို့သော် အတိုက်အခိုက်တွင် ပိုမို၍ ကျွမ်းကျင်လိမ္မာသည်။ သူမနှင့် ဖက်ပြိုင်မိသော စစ်ဝတ်စုံနှင့် ယောက်ျားရင့်မကြီးသည် ချွေးစီးများပင် ထွက်နေပြီဖြစ်သည်။ မကြာမီမှာပင် သူမ၏ဓားသည် ရန်သူ၏ကုပ်ပေါ်သို့ အရှိန်ပြင်းစွာ ကျသွားသည်။ ခဏမျှ လူးလွန့်ပြီး ငြိမ်သွားသည်။ သို့ရာတွင် ဓားထိသည့်နေရာမှ သွေးများ သွန်ထွက်လာသည်ကို

MMCYBERMEDIA
COMMUNITY FOR ALL

မတွေ့ရ။ လျှပ်တစ်ပြက်အတွင်းမှာပင် ဓားကိုလှည့်၍ အနောင့်ဖြင့် ရိုက်ချလိုက်ခြင်း ဖြစ်သည်။ အမျိုးသမီးသည် ထဘီအနက်ပေါ်မှ ခါးပန်းစည်းအနီကို တင်းလိုက်သည်။

ထိုစဉ်တွင် မြင်းခွာသံများ ကြားရ၍ ဘကြီးမုံးနှင့် မောင်ရွှေဝါ ကြည့်လိုက်ရာ ခါးစည်းနီနှင့် အမျိုးသမီးထံသို့ မြင်းတစ်စီး ဒုန်းစိုင်းလာသည်ကို တွေ့ရသည်။ အမျိုးသမီးသည် သွက်လက်စွာ ရှောင်တိမ်းနိုင်လိုက်သဖြင့်သာ မြင်းပေါ်မှ ကျလာသော ဓားချက်နှင့် လွတ်ကင်းသွားသည်။ မြင်းသမားကို အသေအချာ ကြည့်လိုက်မိသောအခါတွင်ကား မောင်ရွှေဝါသည် ဒေါသ ထောင်းခနဲ ထွက်မိသည်။ မြေပြင်မှ အမျိုးသမီးကို မြင်းနှင့်တိုက်သူသည် သာမန် ဘုရင့်စစ်သားတစ်ဦးမျှ မဟုတ်မူပဲ ကြွားကြွားရားရားနိုင်လှသော ဗိုလ်တစ်ဦး ဖြစ်နေသောကြောင့်ပင်။

ဗိုလ်မင်းသည် မြင်းကို ရုတ်ခြည်း တုံ့လိုက်ပြီး အမျိုးသမီးထံသို့ ဓားကို လွှင့်ယမ်း၍ စိုင်းသွားပြန်သည်။ ဤတစ်ကြိမ်တွင်လည်း အမျိုးသမီးက ပွတ်သီကပ်သီ ရှောင်ပေးလိုက်ပြန်သည်။ မလှမ်းမကမ်းတွင် ဓားချင်းခုတ်နေသော အမျိုးသမီးကြီးနှင့် စစ်သည်တော်ကြီးတို့ပင် အတိုက်အခိုက်ရပ်၍ အသည်းတုန် အူတုန်ဖွယ် အချင်းအခင်းကို ကြည့်နေကြသည်။ ဗိုလ်မင်း၏ မြင်းသွားရာကို ကြည့်မိတော့မှ တောင်ခြေရင်းတွင် အခြားယောကျာ်းကြီးနှစ်ဦး ရှိနေသေးသည်ကို တွေ့ရသည်။ တစ်ယောက်မှာ မြင်းပေါ်တွင် တင်ပါးလွှဲထိုင်နေသော မျက်နှာဖြူတစ်ဦးဖြစ်သည်။ နောက်တစ်ယောက်မှာ သေနတ်ကိုင် တပ်သားတစ်ဦးဖြစ်သည်။ မြေပြင်တွင် မတ်တတ်ရပ်နေသည်။ ဘေးတွင် မြင်းသုံးလေးကောင်သည် မြေကြီးကို ခွာဖြင့်ယက်၍ အစာတောင်းနေသည်။

မောင်ရွှေဝါတို့သည် အဝေးတွင် ရှိနေသော မြင်းများ၊ လူများကို အစေ့အစပ် ကြည့်မနေနိုင်ချေ။ ဗိုလ်မင်းသည် ကွင်းအလယ်၌ အထီးတည်းရှိနေသော အမျိုးသမီးထံသို့ အဟုန်ပြင်းစွာ လာနေပြန်ပြီ ဖြစ်သည်။ မောင်ရွှေဝါက သေနတ်ဖြင့် ချိန်လိုက်ပြန်သည်။ ဘကြီးမုံးက ဆတ်ခနဲ ဆွဲယူထားလိုက်သည်။ သူက ဓားကို နတ်၍ ထမည်ပြုပြန်သည်။ ဘကြီးမုံးက သူ့လက်ကို ဆုပ်ထားလိုက်သည်။

ထိုစဉ်မှာပင် သူတို့ အံ့သြဖွယ်ရာ အဖြစ်အပျက်တစ်ခုကို တွေ့မြင်လိုက်ကြရသည်။ မျက်စိတစ်မှိတ် အတွင်းတွင် ဒုန်းစိုင်းလာသော မြင်းပေါ်သို့ ခါးစည်းနီနှင့် အမျိုးသမီး ရောက်ရှိသွားသည်။ တစ်ဆက်တည်းမှာပင် ဗိုလ်မင်းသည် မြင်းပေါ်မှ ကျသွားသည်။ မြင်ရသူအားလုံးကပင် အာမေဋိတ်သံကို ပြုလိုက်ကြသည်။ ပို၍ အံ့သြစရာကောင်းသည်မှာ ခါးစည်းနီနှင့် အမျိုးသမီးသည် မြင်းကို မတ်တပ်ရပ်၍ စီးသွားသည်။ မြင်းဇက်ကို မသတ်ဘဲ ခေါက်ချိုးကွေ့လိုက်သည်။ ထို့နောက် မြေပြင်တွင် ပက်လက်ကြီးရှိနေသော ဗိုလ်မင်းထံသို့ ဒုန်းစိုင်း၍ လာသည်။ သူ့အလှည့် ကိုယ့်အလှည့်ပင် ဖြစ်တော့သည်။ ဗိုလ်မင်းသည် လက်နှစ်ဖက်ကို မြှောက်၍ ပါးစပ်ကြီးကိုဖြဲ၍ ကြောက်အားလန့်အား ဟစ်အော်နေသည်။

မောင်ရွှေဝါသည် ဘုရင့်သူရဲကောင်းကြီးကို ကျေးတောသူတစ်ဦးက မြင်းနှင့် တိုက်သတ်မည်ကို စိတ်အားတက်ကြွစွာ စောင့်ကြည့်နေခိုက် သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။ ဒုန်းစိုင်းလာသော မင်းကြီးသည် ဗိုလ်မင်းအနီးသို့ ရောက်လုဆဲဆဲတွင် လဲကျသွားသည်။ မတ်တတ်ရပ်၍ လိုက်ပါလာသော အမျိုးသမီးလည်း မြေပြင်ပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သေနတ်သံတစ်ချက်သည် သူ့အနီးမှကပ်၍ ထွက်ပေါ်လာခြင်းဖြစ်၍ ကြည့်လိုက်ရာ ကျေနပ်အားရနေသော ဘကြီးမုံးကို တွေ့ရသည်။ ဘကြီးမုံးသည် တစ်နေရာသို့ မေးငေါ့ပြသည်။ စောစောက မြင်းပေါ်တွင် အခန့်သား ထိုင်နေသော မျက်နှာဖြူသည် ယခုအခါ ဘယ်လက်ကို ညာလက်ဖြင့် ဆုပ်ကိုင်ထားသည်။ သွေးများ စီးကျနေသည်။ မြင်းနှင့် မလှမ်းမကမ်းတွင် သေနတ်တစ်လက် ကျနေသည်။

နောက်မှ သိရသည်မှာ ပိုလ်မင်းကို အမျိုးသမီးက မြင်းနင့်တိုက်မည်ရှိစဉ် မျက်နှာဖြူက အနီးတွင်ရှိသော တပ်သား၏လက်မှ သေနတ်ကို ဆွဲယူ၍ ပစ်ခြင်းဖြစ်သည်။ ယင်းအဖြစ်ကိုမြင်သော ဘကြီးမုံးက အလျင်ဦးအောင် ပစ်လိုက်သဖြင့် မျက်နှာဖြူ၏လက်ကို ထိမှန်သွားပြီး သေနတ်သည် အောက်သို့စိုက်ကာ ကျသွားခြင်းဖြစ်သည်။ သို့ရာတွင် မျက်နှာဖြူသည် လက်တွင်ကျည်သင့်နေချိန် အချိန်မှာပင် သေနတ်မောင်းကို ဆွဲလိုက်နိုင်သဖြင့် ကျည်ထွက်သွားသည်။ မြင်းပေါ်တွင် မတ်တတ်ရပ်နေသူ၏ ရင်ညွန့်ကို တည့်တည့်ချိန်ထားသောပြောင်း အောက်သို့စိုက်သွားချိန်မှ ကျည်ထွက်သည်ဖြစ်၍ လူကို မထိမှန်ပဲ မြင်းကို ထိမှန်ခြင်း ဖြစ်သည်။

ပိုလ်မင်းသည် အခွင့်ကောင်းယူ၍ ထပြေးမည် ပြုသည်။ သို့ရာတွင် သူ့ထက်လျင်သော အမျိုးသမီးက ဓားဖြင့် မိုးထားလိုက်သည်။

သို့ဖြင့် မြင်းပေါ်တွင် ဒဏ်ရာရနေသော မျက်နှာဖြူအနားတွင် ကြောင်၍ရပ်နေသော တပ်သား၊ အမျိုးသမီးကြီးနှင့် ဓားစုတ်ခံရသော တပ်သားတို့သည် ကြောင်စီ၍ ရပ်နေကြရတော့သည်။ သူတို့တစ်တွေ မည်သို့မျှ မလှုပ်ရှားဝံ့ဘဲ ရှိနေသည်မှာ သူတို့ပိုလ်မင်းကို ဓားမိုးထား၍တစ်ကြောင်း၊ အမည်မသိနေရာမှ မမှတ်မထင်ဘဲ ထွက်ပေါ်လာသော သေနတ်သံတစ်ချက်ကြောင့် တစ်ကြောင်း ဖြစ်သည်။ တောင်ပေါ် တစ်နေရာမှ ထွက်ပေါ်လာသော သေနတ်သံအတွက်မူ ပိုလ်မင်းတို့သာမက အမျိုးသမီးနှစ်ဦးကလည်း အံ့အားသင့်လျက် နားမလည်နိုင်ဘဲ ရှိနေကြသည်။ သူတို့အားလုံးပင် တောကြည့်တောင်ကြည့် ဖြစ်နေကြသည်။ ဤအတွင်းမှာပင် ဘကြီးမုံးသည် သေနတ်ကို ကျည်ထပ်ဖြည့်လိုက်သည်။

"တစ်ယောက်မှ မပြေးကြနဲ့။ ကျောကို ကျည်ဖောက်သွားမယ်။ မိန်းမနစ်ယောက်ရှေ့မှာ လေးယောက်စလုံး ထိုင်နေကြ"

ဘကြီးမုံးက တောင်စွယ်ထိပ်တွင် မတ်တတ်ရပ်၍ အမိန့်ပေးသည်။ ထိုအချိန်တွင် မောင်ရွှေဝါသည် တောင်အောက်သို့ ခုန်၍ လွှား၍ ဆင်းသွားပြီ ဖြစ်သည်။

မျက်နှာဖြူသည် ပေကပ်ကပ် ရှိနေသေးသည်။ ဘကြီးမုံးက သေနတ်ပြောင်းကို ဝှေ့ယမ်းပြလိုက်မှ မြင်းပေါ်မှ လေးကန်စွာ ဆင်းသည်။ ထို့နောက် ခေါင်းငိုက်စိုက်ဖြင့် ဘကြီးမုံးညွှန်ပြရာသို့ လျှောက်သွားသည်။ မျဉ်းတို မျဉ်းရှည် မောက်တို မောက်ရှည်နှင့် ယောက်ျားသုံးဦးကား မိန်းမသားနစ်ဦး ရှေ့တွင် ဆောင့်ကြောင့်ကလေးထိုင်းလျက် ရှိကြချေပြီ။ အမျိုးသမီးများအနီးသို့ မောင်ရွှေဝါနှင့် မျက်နှာဖြူသည် ပြိုင်တူလောက် ရောက်သွားသည်။ မျက်နှာဖြူက မထိုင်ဘဲ ရပ်နေသဖြင့် မောင်ရွှေဝါက ပခုံးနစ်ဖက်ကို ခပ်ကြမ်းကြမ်းကိုင်၍ အထိုင်ခိုင်းလိုက်သည်။ ဘကြီးမုံးသည် အခြေအနေကို စိတ်ချတော့မှ တောင်စွယ်ထိပ်မှ ခပ်မှန်မှန် ဆင်းလာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့လို သူရဲကောင်းတွေ ရတနာပုံမှာ ဘယ်နှစ်ယောက်ရှိသေးသလဲ။ မိန်းမနှစ်ယောက်ကို တိုက်ရဲတဲ့ ယောက်ျားကြီးငါးယောက်ပဲ။ တစ်ယောက်ကတော့ မိန်းမဓားချက်နဲ့ သေရရှာပြီ"

သူတို့အနီးသို့ ရောက်သွားသောအခါတွင် ဘကြီးမုံးက စက်ဆုပ်သောလေသံဖြင့် ပြောသည်။ တပ်သားနှစ်ဦးသည် ခေါင်းကို ငုံ့ထားကြသည်။ မော်၍ မကြည့်ရဲကြ။ တစ်ကိုယ်လုံး တုန်နေကြသည်။ မျက်နှာဖြူကမူ စူးစမ်းလေ့လာသည့်အနေဖြင့် အမျိုးသမီးနှစ်ဦးကို တစ်လှည့်၊ တောင်ပေါ်မှ ဆင်းလာသူနှစ်ယောက်ကိုတစ်လှည့် ကြည့်နေသည်။ ဗိုလ်မင်းကမူ အမျက်ဒေါသပြင်းသော မျက်လုံးများဖြင့် ဘကြီးမုံးကို စိုက်ကြည့်သည်။

"ဘုရင့်လူတွေကို အနှောင့်အယှက်ပေးတာဟာ ဘုရင်ကို ပုန်ကန်တာပဲဆိုတာ သိရဲ့လား"

သူက ခြိမ်းခြောက်လိုက်သည်။ သူ့စကားကြောင့် ဘကြီးမုံးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ မောင်ရွှေဝါက သူသည် လူများကို ဓားနှင့် အပိုင်းပိုင်း ခုတ်ပစ်နေချင်ပြီဖြစ်သည်။ အမျိုးသမီးနှစ်ဦးကမူ သူတို့နှစ်ယောက်ကို အကဲခတ်လျက် ရှိသည်။

"ဘုရင့်လူတွေက ရွာသူရွာသားတွေကို နှိပ်စက်ညှဉ်းပန်းပြီး ရွာသူရွာသားများတွေက မခံမရပ်နိုင်လို့ ကိုယ့်အသက် ကိုယ့်အရှက်ကို ကာကွယ်ကြတဲ့အခါမှာ သူပုန်တွေလို့၊ သူခိုးဓားပြတွေလို့ ဆိုကြတာပဲအေး"

"ကျုပ်တို့က စော်ကားတာ မဟုတ်ဘူး။ ဒီမိန်းမတွေကသာ ဘုရင့်အမှုတော်ကို ထမ်းရွက်နေတဲ့ ကျုပ်တို့ကို မချေမငံပြောလို့ ဆုံးမရတာ"

"နင်တို့က မဖွယ်မရာ လာလုပ်တာကိုး"

ခါးစည်းနီနှင့် အမျိုးသမီးက ပြောလိုက်သည်။ သူမ၏ အသံသည် ကြည်သည်။ ငြိမ်သည်။

"ကောင်းပါတယ်။ ဗိုလ်မင်းတို့ ကျောင်းမှန်းကန်မှန်း သိသွားတာပေါ့။ ကျုပ်တို့ဆီက မိန်းမတွေ ဘယ်လောက် ဓားထက်တယ်ဆိုတာ သိရတာပေါ့"

"ဒီအရေးကို ဝန်းသိုစော်ဘွား တိုင်ရမယ်"

ဗိုလ်မင်းက ထိုင်ရာမှ ထလိုက်သည်။ မောင်ရွှေဝါက ဓားကို ချွတ်၍ ဗိုလ်မင်း၏ ပုခုံးကို ဖိထားလိုက်သည်။

"ထပါစေ မောင်ရွှေဝါ၊ ဒီတစ်ချီတော့ လွှတ်လိုက်သေးတာပေါ့။ ခုအချိန်က ဘုရင့်လူတွေကို ဖမ်းဆီးသုတ်သင်ရမယ့် အချိန် မဟုတ်သေးဘူး"

ဘကြီးမုံးက ပြောလိုက်သဖြင့် မောင်ရွှေဝါက ဓားကို ရုပ်လိုက်သည်။ သို့ရာတွင် အမျိုးသမီးများက ဘကြီးမုံး၏ စကားကို သဘောမတူချေ။

"ဘကြီးတို့က လွှတ်ပေမယ့် ကျွန်မတို့က မလွှတ်နိုင်ဘူး။ ဒင်းတို့ကို အရူထုတ်ပြီး နေလှန်းရမယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်မင်း၏ မျက်နှာဝိုင်းဝိုင်းကြီးသည် အမျိုးသမီး၏ ကြိမ်းဝါမှုကြောင့် သွေးဆုတ်သွားသည်။ သို့ရာတွင် မျက်နှာကို ချက်ချင်း ပြင်လိုက်သည်။ နှုတ်ခမ်းမွေးတွင် သီးနေသော ချွေးပေါက်များကို လက်ဖမိုးဖြင့် သုတ်ပစ်ရင်း…

"မယ်မင်းကြီးမတွေ စကားကို သတိထားပြောနော်။ သူပုန်သူကန်ဖြစ်ပြီး တံကျင်လျှိုခံရမယ်"

အမျိုးသမီးက ဓားကို မြှောက်လိုက်ရာ ဘကြီးမုံးက သေနတ်ပြောင်းဖြင့် ခံထားလိုက်သည်။

"အေး ဒေါ်သမကြီးနဲ့။ သူတို့က ဘုရင့်အမှုတော်နဲ့ လူတွေ။ ဆိုကြပါဦး၊ ဗိုလ်မင်းတို့က ဘယ်ကလာပြီး ဘယ်ကို သွားကြမလို့တုန်း"

"ကျုပ်တို့ကို ဘယ်သူမှ အစစ်အဆေး မရှိရဘူးလို့ အမိန့်တော် ရထားတယ်"

ဗိုလ်မင်းက အမိန့်တော်နှင့် ဘုရင်နှင့်ချည်း ခြောက်နေသည်။

"ဗိုလ်မင်းတို့ကို ကျုပ်တာဝန်ထားပြီး လွှတ်လိုက်မယ်။ ဟောဟိုလူကို ဗိုလ်မင်းတို့ တာဝန်ထားမလား"

ဘကြီးမုံးက မလှမ်းမကမ်းမှ အလောင်းကို ပြ၍ မေးသည်။

"ကျုပ်တာဝန် ရှိပါစေ"

ဗိုလ်မင်းက မဆိုင်းမတွ ဖြေသည်။

"ကတိနော် ဗိုလ်မင်း"

"ကဲ သွားကြပေတော့"

ဘကြီးမုံးက ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့၏ မျက်နှာများသည် ဝင်း၍ သွားကြသည်။ တပ်သားနှစ်ဦးသည် ယခုမှပင် ခေါင်းဖော်နိုင်ကြတော့သည်။ မျက်နှာဖြူသည် ထိုနေရာမှ အရင်ဆုံးလှည့်၍ ထွက်သွားသည်။

"ဒီလူဖြူကြီးကကော ဘုရင့်အမှုတော် ထမ်းတာပဲလား"

ဘကြီးမုံးက မေးလိုက်သည်။

"ကျုပ်နဲ့ ပါတဲ့လူဟာ ကျုပ်တာဝန်ပေါ့"

ဗိုလ်မင်းက ခပ်ပြတ်ပြတ် ပြောသည်။။ ဘကြီးမုံးက ပြုံးနေသည်။ မောင်ရွှေဝါနှင့် အမျိုးသမီးများသည် ဘကြီးမုံး၏ အဆုံးအဖြတ်ကို မကျေနပ်ကြသော်လည်း ကန့်ကွက်ခြင်း

မပြုကြတော့ချေ။ ဗိုလ်မင်းနှင့် အပေါင်းအပါများသည် လူတစ်ယောက်နှင့် မြင်းတစ်ကောင်ကို ကျားစာ ထားခဲ့ကြပြီး ထိုနေရာမှ အလျင်အမြန် ခွာကြတော့သည်။

ညအမှောင် ပျိုးနေပြီဖြစ်၍ အမျိုးသမီးနှစ်ယောက်နှင့် ဘကြီးမုံးတို့သည် အထမ်းအပိုးများကို ယူ၍ လင့်တောသို့ သုတ်ခြေတင်ကြရတော့သည်။ လင့်စင်ရင်းသို့ ရောက်သောအခါတွင် မီးပုံကို အရင်ပြုသည်။ ပြီးမှ လက်ဖက်ရည်အိုး တည်ရင်း၊ ခေါ်ပုတ်ကင်ရင်း၊ ဆတ်သားခြောက်ဖုတ်ရင်း၊ ညစာ စားသောက်ကြရင်းဖြင့် စကားစမြည် ပြောကြသည်။

"ဒီည ဒီကောင်တွေ အကောက်ကြံပြီး ပြန်လာချင် ပြန်လာမယ်နော်"

မောင်ရွှေဝါက မီးခိုးကို ရှောင်ရင်း စကားစသည်။

"မလာရဲပါဘူး"

ဘကြီးမုံးက ဝါးကျည်တောက်တစ်ခုထဲမှ လက်ဖက်ခြောက်များကို လက်ဖဝါးထဲ လောင်းချနေရင်း စကားပြန်သည်။ ခါးစည်းနီနှင့် အမျိုးသမီးက မောင်ရွှေဝါကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူတို့နှစ်ယောက် မီးဖို၏ တစ်ဖက်တစ်ချက်တွင် ရှိနေသည်။

"ဒီည မဟုတ်တောင် နောက်နေ့တွေမှာ ရွာတွေကို တပ်နဲ့နင်းမှာ စိုးရတယ်"

"ဒီလိုချည်းပါပဲ မောင်ရွှေဝါ။ သူတို့က ရပ်သူရွာသားတွေကို စော်ကား၊ အနိုင်ကျင့်၊ မခံနိုင်လို့ ပြန်လုပ်ရင် တပ်နဲ့နင်း။ ဒီတော့ လူတွေက ပြန်တိုက်ကြပြန်ရော။ သူပုန်ထတယ်ဆိုတာ ဒါပဲ မဟုတ်လား အေး"

ဘကြီးမုံးက ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်တစ်ဆုပ် ခတ်လိုက်သည်။ ခါးစည်းနီနှင့် အမျိုးသမီးက ဦးပြည်းဖြူနှင့် အဘိုးကြီးကို လေးစားသော အသွင်ဖြင့် စိုက်ကြည့်နေသည်။

"မိန်းကလေးတွေက ဘယ်ကလာပြီး ဘယ်ကို သွားကြမှာလဲကွယ့်"

ဘကြီးမုံးက မေးလိုက်သည်။ သူတို့သည် ယခုအချိန်အထိ တစ်ယောက်အကြောင်း တစ်ယောက် မသိကြသေးချေ။ မေးချိန်မြန်းချိန်လည်း မရခဲ့ကြချေ။ ယခုမှ အာလာပသလ္လာပ ပြောမည်ပြုကြရသည်။

သူရဲကောင်းကြီးလေးယောက် ထွက်ခွာသွားသောအခါတွင် သူတို့သည် အေးအေးလူလူ စကားပြောမနေဘဲ အလင်းရောင်ကိုလု၍ လင့်တောသို့ အရောက်လာခဲ့ကြရသည်။ လင့်စင်အောက်သို့ ရောက်တော့လည်း ဆာသည်က တစ်ကြောင်း၊ အေးချမ်းသည်က တစ်ကြောင်းကြောင့် မီးကို ကမန်းကတန်း မွှေးရသည်။ ရေနွေးအိုးကို တည်သူကတည်၊ ဆတ်သားခြောက် ဖုတ်သူကဖုတ်၊ ခေါ်ပုတ် ကင်သူကကင် စသည်ဖြင့် တစ်ယောက်တစ်လက် ရှိကြရသည်။

"ကျွန်မတို့ မနက်က ဇန်းမောက်က ထွက်ခဲ့ကြပါတယ်"

"တို့လည်း ဇန်းမောက်က လာတာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်မတို့က စောပါတယ်"

"အေးပ။ ဒါကြောင့် တို့ရှေ့ကရောက်နေပြီး ဟိုကောင်တွေနဲ့ တွေ့နေတာပေါ့"

"ဘကြီးတို့ ရောက်လာလို့ သူတို့ အကောက်ကြံတာမှာ ကျွန်မတို့ မသေတာပါ။ ဓားကို ဓားချင်းသာဆိုရင်တော့ ဒင်းတို့ လေးကောင်စလုံးကို ကျုပ်တစ်ယောက်တည်းနဲ့ မမှုပါဘူး"

အမျိုးသမီးသည် ပြောရင်းနှင့် ဒေါသဖြစ်လာပုံ ရပြန်သည်။ အသံကျယ်လာသည်။ ပါးပြင်များ ရဲလာသည်။

"အေးပေါ့။ မိန်းကလေးတို့က ဓားရေး သိပ်ထက်တာပဲ။ မင်းဆိုရင်လည်း ကသည်းကောင်းသလား မြင်းကောင်းသလား ဆိုတဲ့ အထဲကပဲ"

"ကျွန်မ ဝေသာလီ စပ်ပါတယ်"

"အေး၊ ငါ ထင်သားပ။ မိန်းကလေးကို ကြည့်ရတာ အသားဖြူတယ်။ မျက်နှာသွယ်တယ်။ အရပ်ကောင်းတယ်။ ကသည်းစပ်မယ်လို့ ထင်သားပဲ။ အေး ဝေသာလီပေါ့ကွယ်။ ကသည်းလည်း ဝေသာလီ၊ ဝေသာလီလည်း ကသည်းပေါ့ကွယ်။ တို့ကတော့ ကနန်းမှ ကဏန်းအစစ်ဟေ့။ ပုစွန်လုံးတောင် မဟုတ်ဘူး။ သူကတော့ မိုးကောင်းအင်းကလာတဲ့ ခန္တီးကွယ့်"

အမျိုးသမီးက မောင်ရွှေဝါကို ဖျတ်ခနဲ ကြည့်ပြန်သည်။

"ကျုပ်တို့ဘက်မှာလည်း ဝေသာလီ သုံးရွာရှိတယ်။ ကျုပ်လည်း ဝေသာလီတွေဆီမှာ မြင်းစီး သင်ခဲ့ဖူးပါတယ်။ နို့ပေတဲ့ ဒီက နမလောက်တော့ မြင်းကို မနိုင်ပါဘူး"

အမျိုးသမီး၏ ပါးပြင်သည် ပို၍ ရဲသွားသည်။ မီးညွန့်နှင့်အပြိုင် ဖြစ်သွားသည်။

"နမလည်း တတ်သပတော့ မဟုတ်ပါဘူး မောင်ကြီး။ ကိုယ်ရေးကြုံလို့ပါ"

"အေး၊ တို့ နာမည်တော့ မိန်းကလေးတို့ ခေါ်တတ်ပြီထင်တယ်။ သူက မောင်ရွှေဝါ။ ငါကတော့ အေး ဘကြီးမုံးပေါ့။ အေး မိန်းကလေးတို့ကို တို့က မခေါ်တတ်သေးဘူးကွယ့်"

အမျိုးသမီးများသည် တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ သူတို့နာမည် ပြောရမည်ကို တွန့်ဆိုင်းနေကြသည်။ ဤသည်ကို သိ၍ ဘကြီးမုံးက...

"နာမည် နမြောသလားကွယ့်"

"မနမြောပါဘူး။ ဘယ်သူက ပြောမလဲလို့ပါ။ ကျွန်မနာမည်က (အတန်ကြာရပ်နေပြီးမှ) မဖျိုင်းဖြူပါ။ သူ့နာမည်ကတော့" (အတန်ကြာ ဆိုင်းနေပြန်သည်။)

"မဖျိုင်းညိုပေါ့ကွယ်"

အမျိုးသမီးနစ်ဦးသည် အားရပါးရ ရယ်လိုက်ကြသည်။ မောင်ရွှေဝါက သူတို့ကိုကြည့်၍ ပြုံးနေသည်။ တောတောင်ခရီးကို နစ်ယောက်တည်း လာခဲ့ကြသော၊ ဓားခုတ်မြင်းစီး ကျွမ်းကျင်လှသော ဤ အမျိုးသမီးနစ်ဦးသည် အမည်မှန်ကို မပြောလိုပဲ ရှိသည်ကို သူတို့က ချက်ချင်း ရိပ်စားမိလိုက်သည်။ ဘကြီးမုံးက မသိဟန်ပြု၍...

MMCYBERMEDIA
COMMUNITY FOR ALL

"မဖျိုင်းဖြူနှင့် မဖျိုင်းညို ဇန်းမောက်က လာတာတော့ ဟုတ်ပါပြီ။ ဘယ်ရောက်အောင် သွားကြမှာလဲ"

အမျိုးသမီးများသည် တစ်ဦးကိုတစ်ဦး ကြည့်ကြပြန်သည်။

"ရွာကိုလည်း နမြောနေသလားကွယ့်"

"မနမြောပါဘူး။ ယွန်းချောင်းကိုပါ"

"အဝေးကြီးပါလားကွယ့်။ အေး ကောင်းပါတယ်။ မနက်ဖြန်ကျရင် တို့ရွာမှာ အိပ်ကြပေါ့။ တို့က တောင်လေးလုံးက၊ မောင်ရွှေဝါကတော့ ညှော့သည်ပကွယ်။ မိန်းကလေးတို့လည်း ညှော့သည်ပကွယ်"

မဖျိုင်းဖြူနှင့် မောင်ရွှေဝါတို့ အကြည့်ချင်း ဆုံမိသည်။ အမျိုးသမီးက ရက်ကိုးရက်ယောင်ဖြင့် ဖောင်းအိနေသော ခေါပုတ်နီတစ်ခုကို လှမ်းပေးသည်။ နှုတ်မှလည်း...

"စားကြစို့။ ကျွန်မတော့ ဗိုက်ထဲမှာ လွင် ဖြစ်နေပြီ"

သို့ဖြင့် သူတို့ စားကြ သောက်ကြသည်။ မဖျိုင်းညိုသည် အသက်အရွယ် ကြီးသော်လည်း မဖျိုင်းဖြူကို ရိုသေလေးစားပုံ ရှိသည်။ သို့ရာတွင် မဖျိုင်းဖြူကမူ ရည်တူတန်းတူ ဆက်ဆံသည်။

မောင်ရွှေဝါက မဖျိုင်းဖြူကို အကဲခတ်ကြည့်နေသည်။ အမျိုးသမီးသည် ထဘီအနက်ရောင်နှင့် ပင်ပြာရင်ကွဲအင်္ကျီနှင့် ဖြစ်သည်။ ပင်ပြာရင်ကွဲအောက်တွင် အဝတ်အခံမရှိတော့သဖြင့် ရင်သားနှစ်ခု စေ့နေရာကို မီးရောင်တဖျတ်ဖျတ် ရိုက်ခတ်နေသည်။ ယင်းသို့ သူကြည့်နေသည်ကို သူမ တွေ့သွားသည်။ သူက အားနာသဖြင့် စကားဖာသည့် အနေဖြင့်...

"စောစောက နမကို ဒီခါးစည်းကြီးနဲ့ တွေ့တော့ ခန္တီးပဲ မှတ်တာ"

"ခုကော ခန္တီး မဟုတ်ဘူးလို့ ပြောသေးလို့လား။ ဝေသာလီစပ်တယ်ဆိုတော့ ခန္တီးဝေသာလီ ဖြစ်ချင်ဖြစ်မှာပ"

ဘကြီးမုံးက ဝင်ပြောသည်။

"ကျွန်မ အမေက သမန်းပါ"

"အေး ချင်းတွင်းသံ ဝဲတယ်လို့ ထင်မိသား။ ယွန်းချောင်းမှာ နေသလား"

"ဆွေမျိုးတွေ ရှိလို့ တစ်ဆောင်းနှစ်ဆောင်း လာနေတာပါ"

"ဒီခရီးမှာ မိန်းမသားနှစ်ယောက်တည်း သွားလို့ မကောင်းတော့ဘူးကွယ့်။ အရင်တုန်းကတော့ တစ်ယောက်တည်း သွားလည်းရတာပဲ။ ခုတော့ လူတွေမကောင်းတော့ဘူး။ ပြည်လည်း မကောင်းတော့ဘူး"

သည်နောက် စကားပြတ်သွားကြသည်။ မောင်ရွှေဝါက မကြာမကြာ ကြည့်သော်လည်း မဖျိုင်းဖြူက မကြည့်တော့။ ညစာ စားပြီးသောအခါ အမျိုးသမီးနှစ်ဦးသည် လင့်ပေါ်သို့ တက်သွားကြသည်။ လင့်ပေါ်သို့ တက်ခါနီးတွင်မှ မဖျိုင်းဖြူက မောင်ရွှေဝါကို တစ်ချက်ခိုး၍ ကြည့်သွားသည်။

ဘကြီးမုံးနှင့် မောင်ရွှေဝါတို့မူကား လင့်ပေါ်သို့ တော်တော်နှင့် မတက်သေးဘဲ မီးမပြတ်ထည့်ကာ ထွေရာလေးပါး ပြောနေကြသည်။ မောင်ရွှေဝါက ရတနာပုံတွင် ဖြစ်ပျက်နေသော နန်းတွင်းရေးနှင့်

MMCYBERMEDIA COMMUNITY FOR ALL

အင်္ဂလိပ်-မြန်မာ ဆက်ဆံရေးကို အထူးထား၍ မေးသည်။ ဘကြီးမုံးက မိုးကောင်းနယ်အကြောင်းကို အရေးထား၍ ပြောနေသည်။ "မိုးကောင်း၊ မိုးညှင်းတွင် သူပုန်ထကုန်ကြပြီ" ဟု ရွှေမြို့တော်တွင် သူ ကြားခဲ့ရကြောင်း ဘကြီးမုံးက ဆိုသည်။ ယင်းကြောင့်ပင် သူက အမြန်ပြန်ခဲ့ခြင်း ဖြစ်သည်။

ဤအရေးနှင့် ပတ်သက်၍ မောင်ရွှေဝါက တိုတိုတုတ်တုတ်ပင် ပြောသည်။

"ခုတော့ သူပုန်မထကြသေးပါဘူး။ နို့ပေမယ့် မကြာပါဘူး။ ခလောက်ဆန်နေတာကို ဘယ်သူ ကြာကြာခံနိုင်မလဲ ဘကြီးမုံး"

ညဦးနက်သည်နှင့်အမျှ နှင်းအကျ ထန်လာသည်။ တော်ရောတောင်ရော ဆူလာသည်။ မီးတောက် မီးခဲများပင်လျှင် အေးစက်၍လာသည်ဟု ထင်ရသည်။ ကြယ်ခုနစ်လုံး ကင်းမြီးကောက်ထောင်ချိန်တွင် သူတို့ လင့်စင်ပေါ် တက်သွားသည်။ မဖျိုင်းဖြူတို့ လင့်စင်မှ ဘာသံမှ မကြားရတော့။ မောမောပန်းပန်းနှင့် အိပ်ကြပြီနှင့် တူသည်။ သူတို့နှစ်ယောက်လည်း ကိုယ်ကို ဂွမ်းစောင်ဖြင့် တင်းကျပ်စွာ ရစ်ပတ်မိသည်နှင့် တစ်ပြိုင်နက်တည်းလောက်မှာပင် အိပ်ပျော်သွားကြတော့သည်။ နောက်တစ်နေ့ နံနက် မောင်ရွှေဝါ အိပ်ရာမှ နိုးသောအချိန်တွင် နှင်းကွဲစ ပြုနေပြီ ဖြစ်သည်။ နှင်းဖြူပါးပါးကို ဖောက်၍ ထွက်လာသော ညိုဝါဝါနေရောင်ကို မြင်ရသည်။ မောင်ရွှေဝါသည် အိပ်ရာမှ ချက်ချင်းထလိုက်သည်။ ဘကြီးမုံး နိုးနှင့်နေပြီ ဖြစ်သည်။ မီးဖိုဘေးတွင် လက်ဖက်ရည်သောက်နေသည်။ မဖျိုင်းဖြူတို့ကိုကား မတွေ့ရချေ။ သို့ဖြင့် သူက တစ်ဖက်လင့်စင်ကို လှမ်းကြည့်သည်။

"ကြည့်မနေနဲ့ ငါ့တူကြီး၊ ဖျိုင်းဖြူ ဖျိုင်းညိုတို့ အတောင်ခတ်ပြီး ပျံသွားကြပြီ"

"ဟုတ်ကရောလား၊ ဘယ်တုန်းကလဲနော"

"တို့ မနိုးခင် သူတို့ ပြေးကြတာပေါ့။ ငါ ထတော့ သူတို့လည်း မရှိတော့ဘူး။ သူတို့ အထမ်းတွေလည်း မရှိတော့ဘူး"

မောင်ရွှေဝါက ဘကြီးမုံးပြောသည်ကို မယုံကြည်နိုင်သည့် အနေဖြင့် ခေါင်းကို ယမ်းခါလိုက်သည်။ ထို့နောက် သစ်ပင်တွင် ရိုက်ထားသော ငုတ်များကို နင်း၍ ဆင်းလာသည်။

"ပြေးကြတာ ဟုတ်ပါ့မလား။ ကျွန်တော်တို့နဲ့ အတူသွားမယ်လို့ ညတုန်းက ပြောထားတာပဲ"

"ညောင်ရေအိုးရေသောက်ပြီး ပြောတာမှ မဟုတ်ဘဲ ငါ့တူကြီးရယ်။ သွားကို သွားကြပြီကော"

"သွားပါ။ သွားတာဆို အရေး မဟုတ်ဘူး။ ဟိုအကောင်တွေများ ညက လာပြီး ဖမ်းသွားသလားလို့ပါ"

"ငါ့တူကြီး အတွေးတိမ်လိုက်တာ၊ ဟိုကောင်တွေဆို တို့ကို ဒီအတိုင်း ထားခဲ့ကြပါ့မလား"

ဘကြီးမုံး ပြောသည်မှာ မှန်နေသဖြင့် မောင်ရွှေဝါသည် ဘာမှ ပြန်မပြောတော့ဘဲ တစ်စုံတစ်ခုကိုသာ နက်နက်နဲနဲ စဉ်းစားနေသည်။

အတန်ကြာသောအခါ သူက ခေါင်းကို တွင်တွင်ယမ်းလိုက်ပြန်သည်။ မဗျိုင်းဖြူသည် အဘယ်ကြောင့် သူတို့မသိအောင် တိတ်တဆိတ် ထွက်သွားနှင့်လေသနည်း။ ဤအမျိုးသမီးသည် မည်သူနည်း။

## အခန်း -၂-

ဘကြီးမုံးနှင့် မောင်ရွှေဝါတို့သည် ညနေ မိုးစုံးစုံးချုပ်မှပင် တောင်လေးလုံးရွာသို့ ရောက်ရှိသွားကြသည်။ သူတို့သည် လင့်တောမှ အထွက်တွင် စိတ်ဝင်စားဖွယ်ရာ အချက်တစ်ချက်ကို တွေ့ရသည်။ ယင်းကား အခြားမဟုတ်။ လူခြေရာများ ရှုပ်ယှက်ခတ်နေခြင်း ဖြစ်ပါသည်။ နှင်းများ သိပ်သည်းစွာကျသော ဆောင်းလနံနက်ခင်းဖြစ်၍ ထင်ကျန်နေသော ခြေရာများနှင့် သွားလာထားသော လမ်းကြောင်းများကို သဲသဲကွဲကွဲ တွေ့မြင်နိုင်ပါသည်။ ခြေရာခံနိုင်ပါသည်။ သူတို့သည် မီးပုံအနီးမှ ထွက်ခဲ့ကတည်းကပင် အမျိုးသမီးများ၏ ခြေရာများကို သတိထားမိခဲ့ကြသည်။ မဗျိုင်းဖြူ၏ ခြေရာသည် အနည်းငယ် ရှည်လျားသည်။ မဗျိုင်းညို၏ ခြေရာမှာ တို၍ အဖျားကားသည်။ သို့ရာတွင် လင့်စင်နှင့် ဒူးလေးတစ်ထောက်ခန့်ဝေးသော ကွက်လပ်သို့ ရောက်သောအခါတွင်ကား လူခြေရာများ ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရသည်။

"ဟ ဒီမှာ ခြေရာတွေ မနည်းပါလား"

ဘကြီးမုံးသည် ရုတ်တရက်မို့ ပါးစပ်မှ လွှတ်ခနဲ့ ထွက်သွားသည်။ ပြီးမှ သတိရသဖြင့် ဟိုဟိုသည်သည်ကို ကျီးကန်းတောင်းမှောက်ကြည့်ရင်း မောင်ရွှေဝါကို မလာစေရန် လက်နှစ်ဖက်ကို ဆန့်ကာလိုက်သည်။ သို့ရာတွင် မည်သည့် ဘေးအန္တရာယ်မျှ မတွေ့ရသဖြင့် လက်ကို ချလိုက်သည်။ မောင်ရွှေဝါက ဘကြီးမုံးနှင့် ဘေးချင်းယှဉ်မိသည်ထိ လျှောက်လာသည်။

"ဟုတ်တယ်။ လူတွေ အများကြီးပဲ။ ဒါကြောင့် ကျွန်တော်မပြောလား၊ မဗျိုင်းဖြူတို့ကို ဟိုကောင်တွေ ဖမ်းသွားပြီလို့"

"ဟိုကောင်တွေ မဟုတ်ဘူး။ ရန်သူလည်း မဟုတ်ဘူး"

"ဘကြီးမုံး ဘယ့်နှယ် သိသလဲ"

"ဝရုန်းသုန်းကားဖြစ်တဲ့ အရာတွေမှ မရှိဘဲ။ ကြည့်ပါလား၊ ခြေရာတွေ ရှုပ်ယှက်ခတ်နေပေမယ့် အားလုံး သပ်သပ်ရပ်ရပ်ပဲ"

"ဒါဖြင့် ဒီလူတွေက ဘယ်သူတွေလဲ။ ဘာလုပ်ကြတာလဲ။ သူတို့ ဘယ်သွားကြတာလဲ"

ဘကြီးမုံး ပြောသည်ကို နားမရှင်းသည့်အနေဖြင့် မောင်ရွှေဝါက ငေးစိုက်ကြည့်နေသည်။

"ဒီမှာ မောင်ရွှေဝါ ကြည့်ပါလား။ ခြေရာတစ်ခုနဲ့တစ်ခု မတူဘူး။ သေသေချာချာကြည့်ရင် သေသေချာချာ ကွဲတယ်။ ခြေရာငါးစုံရှိတယ်။ နှစ်စုံက မဗျိုင်းဖြူနဲ့ မဗျိုင်းညို၊ ကျန်တဲ့ သုံးစုံက ကောင်မကလေးတွေထက် ကြီးတယ်။ ကားတယ်။ ရှည်တယ်။ ခြေလှမ်းကျဲတယ်။ ယောကျ်ားတွေပဲ။

MMCYBERMEDIA
COMMUNITY FOR ALL

ယောက်ျားသုံးယောက်ဟာ မဖျိုင်းဖြူတို့နဲ့ စကားရပ်ပြောပြီး ရှေ့ကို ဆက်လျှောက်မလာဘဲ နောက်ကို ပြန်သွားတယ်"

"ကျွန်တော်တို့ လမ်းအတိုင်း သူတို့ သွားကြမှာပဲလား"

"ရှေ့မှာ လမ်းခွဲရှိတယ်။ နေလုံးပေါ်ရင် အဖြေသိမှာပဲ"

သို့ဖြင့် သူတို့သည် သားကောင်၏ခြေရာကို နောက်ယောင်ခံ၍ လိုက်သွားသော မုဆိုးများပမာ လူခြေရာနှင့် လမ်းကြောင်းကို အကဲခတ်ရင်း လိုက်သွားကြသည်။ မကြာမီမှာပင် အဖြေရရှိသည်။ ရှေ့မှသွားသူများသည် တောင်လေးလုံးဘက်သို့ မသွားဘဲ နမ့်ပတီးရွာဘက်သို့ ချိုးသွားသည်ကို တွေ့ရသည်။

"မင်းသူငယ်မတွေကတော့ မင်းကို ညာသွားတာပဲ။ အတူသွားမယ်ဆိုတာလည်း မသွားဘူး။ တောင်လေးလုံးကို ဖြတ်သွားမယ် ဆိုတာလည်း ဖြတ်မသွားဘူး"

"ကျွန်တော့် သူငယ်မတွေ မဟုတ်ပါဘူး"

"ဟို ခါးစည်းနီနဲ့ ကောင်မလေးက လှပါတယ်"

"ဘကြီးမုံးတို့ရွာမှာ သူ့လောက်လှတာ မရှိဘူးလား"

"ဟာ တို့ရွာမှာတော့ သူ့ထက်လှတာ အပုံကြီးပ"

"ဒါလိုဆို ပြီးရောပ ဘကြီးမုံး"

တူဝရီးနှစ်ယောက် ရယ်လိုက်ကြသည်။ သို့ရာတွင် မောင်ရွှေဝါ စိတ်မတင်မကျဖြင့် ခရီးတစ်လျှောက်လုံးကို လိုက်ပါသွားရသည်။ အမျိုးသမီးများ၏ အပြုအမူကို သူ့ဝမ်းတွင်းမှ မကျေမနပ် ရှိနေသည်။ ညတုန်းကတော့ ကောင်းပြီကောင်းရဲ့ ပြောပြီး မနက်ကျတော့ တစ်မျိုး လုပ်သွားကြခြင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် မည်သူနည်း။ မည်သည့်ကိစ္စကြောင့် မည်သည့်အရပ်သို့ သွားသနည်း။ သူတို့ကို လာ၍ ကြိုသူများသည် အသူနည်း။ သူမတို့၏ အသက်နှင့် အရှက်ကို ကာကွယ်ခဲ့သော၊ တစ်နည်းအားဖြင့် သူမတို့၏ ကျေးဇူးရှင်ဖြစ်သော သူတို့နှစ်ဦးကို အဘယ်ကြောင့် လိမ်ညာ၍ ပြောသွားကြသနည်း။

သူက ယင်းသို့ မစဉ်းစားတတ်ဘဲနှင့် စိတ်နောက်ကျိစွာဖြင့် တောင်လေးလုံးရွာသို့ ရောက်ရှိသွားရသည်။ ဘကြီးမုံးကမူ ယမန်နေ့ညက တိုက်ပွဲကိုရော၊ ဘုရင့်သူရဲကောင်းများကိုရော၊ အမျိုးအမည်မသိသော အမျိုးသမီးနှစ်ဦးကိုရော လုံးဝ မေ့လျော့သွားဟန် ရှိသည်။ စားသောက်ချိန်မှလွဲ၍ အနားအနေ မပြုဘဲ ရှေ့မှ တွင်တွင်ကြီး သွားနေခဲ့သည်။

ယင်းကြောင့်လည်း သူတို့သည် သည်အချိန်နှင့် ရောက်ရှိသွားခြင်း ဖြစ်သည်။ သို့မဟုတ်ပါက သန်းခေါင်လောက်မှ ရောက်ပေမည်။ ကနေ့ ခရီးသည် ယမန်နေ့ ခရီးထက် ပို၍ဝေးသည်။ ခရီးလမ်းလည်း ဆိုးသည်။ တောင်ဆင်းတောင်တက်များ၍ အမတ်အစောက် ပေါသည်။ မြေသားမာ၍ ကြမ်းသည်။ အချို့နေရာ၌ ကျောက်မြေဖြစ်သည်။ တောပါးသည်။ အင်၊ ကညင်နှင့် ကျွန်းပင်များထက် တောင့်က်ပျောနှင့် ဝါးရုံတောများကိုသာ အတွေ့ရများသည်။ သို့ဖြင့် မောင်ရွှေဝါသည် တောင်လေးလုံးရွာသို့ ရောက်သောအခါ ခြေမသယ်ချင် လက်မသယ်ချင် ဖြစ်နေတော့သည်။ သူ၏ စိတ်မှာလည်း မဖျိုင်းဖြူ၊ မဖျိုင်းညိုတို့ဖြင့် လေးလံလျက်ရှိသည်။ ယင်းကြောင့်ပင် သူသည် ထမင်းကို ကမန်းကတန်းစားပြီးနောက်

MMCYBERMEDIA
COMMUNITY FOR ALL

အိပ်မောကျသွားလေသည်။ ဘာဟင်းနှင့် စား၍ ဘာတွေ ပြောကြသည်ကိုပင် အမှတ်မထားမိသလောက် ဖြစ်သည်။ တစ်ချိုးတည်း အိပ်ပျော်သွားရာ နေလုံးပေါ်မှပင် နိုးလေသည်။

တော်ပါသေးသည်။ နိုးလာသောအခါ အားပြည့်၍ ကြည်ကြည်လင်လင် ရှိသည်။ တောင်လေးလုံးရှိ ဘကြီးမုံး၏ အိမ်တွင် သူ ရောက်ရှိနေကြောင်းကို မျက်လုံးဖွင့်ဖွင့်ချင်း သတိထားမိသည်။ ယမန်နေ့ညက အကြောင်းများကိုလည်း အတော်ကလေး ပြန်၍ မှတ်မိသည်။ ညက သူတွေ့ရသူများမှာ ဘကြီးမုံး၏ သားနှင့် ချွေးမ ဖြစ်သည်။ သားမှာ ဝဝတုတ်တုတ်။ ကိုဖိုးလုံး ဆိုလားပဲ။ ချွေးမမှာ မျက်နှာပေါက်ဆိုးဆိုး ကျောက်ပေါက်မာနှင့်။ အမည်မသိ ကလေးတွေလည်း ရှိသည်။ ယခု လူသံ သူသံ မကြားရ။ သူတို့ ထကြပြီလား။ သူက ထမည် ပြုပြီးမှ ကြမ်းနှင့် ကျောပြင် မခွာသေးဘဲ ဟိုဟိုသည်သည် ကြည့်သည်။

သူ့ကို အိမ်အလယ်တွင် သိပ်ထားခြင်း ဖြစ်သည်။ အိမ်ရှင်များ အိပ်သောနေရာကား မဟုတ်ချေ။ ဧည့်ခန်းဖြစ်သည်။ မှောင်နေသည်။ ပြတင်းပေါက် မရှိ။ ခေါင်မိုးမှာလည်း နိမ့်နိမ့်ပြန့်ပြန့်သာ ဖြစ်သည်။ ကျပ်ခိုးများနှင့် မည်းညစ်နေသည်။ တစ်ဖက်တွင် သဘော်ကြမ်းရှိသည်ကို မြင်ရသည်။ သဘော်ကြမ်းပေါ်တွင် တောင်းများ၊ ပလုံးများ၊ နီးစည်းများ၊ ကြိမ်လျှော်များ၊ ဆတ်သားခြောက်များ၊ ငှက်ပျောဖီးများ ရှိနေသည်ကို တွေ့ရသည်။

နောက်ဆုံးတွင် သူသည် ကိုယ်ပေါ်တွင် ဂွမ်းကပ်ကို ဖယ်၍ အိပ်ရာမှထလိုက်သည်။ သူက မည်သည့်ဘက်သို့ သွားရမှန်းမသိ ရှိနေသည်။ လက်ယာဘက်သို့ စောင်းငဲ့ကြည့်လိုက်သောအခါ သဘော်ကြမ်းအောက်မှ အခန်းသည် သူ ထင်သည့်အတိုင်း မီးဖိုခန်း ဖြစ်သည်ကို တွေ့ရသည်။ ကျည်တောက်များ၊ ဘူးတောင်းများ၊ ကြိမ်ခြင်းများနှင့် မြေအိုးများ ရှိသည်ကို တွေ့ရသည်။ လူသူကား မမြင်ရ။

ထိုစဉ်တွင် တစ်ဖက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဘကြီးမုံး ဖြစ်နေသည်ကို တွေ့ရသည်။ စိတ်ထဲမှာ ပေါ့သွားသည်။

"နိုးပလား မောင်ရွှေဝါ"

"ဟုတ်ကဲ့"

"လာလာ၊ မျက်နှာသစ်ရအောင်"

ဘကြီးမုံးက သူ့ကို မီးဖိုထဲသို့ ခေါ်သွားသည်။ မျက်နှာသစ်ပြီးသောအခါ မီးဖိုဘေးမှာ ထိုင်ကြသည်။ ဘကြီးမုံးက လက်ဖက်ရည်ငှဲ့နေရာမှ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသည့်အနေဖြင့်...

"မောင်ရွှေဝါ"

"ခင်ဗျာ"

"လန့်သွားသလား။ ထူးတာ ကျယ်လိုက်တာ။ အခင်းကြီး အခင်းလေး သွားချင်ရင်သွားဖို့ ပြောမလို့ပါ။ အခင်းကြီးဆိုရင် ဟောဒီဘက် တော်စပ်ကိုသွား၊ အခင်းလေးဆိုရင်တော့ ဟိုအိမ် ကပြင်ကိုသာ သွားကွာ။ ဘယ်သူမှ မရှိဘူး။ ညရေးညတာဆိုရင်လည်း အဲဒီပဲသွား။ ညက မောင်ရွှေဝါ အိပ်သွားလို့ ဘာမှ မမှာရဘူး။ ညဆိုရင် အောက်မဆင်းနဲ့။ ကပြင်ကိုပဲ သွား။ နေ့လည်း လူမရှိရင် ကပြင်ပေါ့ကွယ်"

"ဘယ်သွားကြသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်သူလဲ"

"ဘကြီးမုံးသား ကိုဖိုးလုံး"

"ပိတုန်းပါကွယ့်"

"မသိပါဘူး။ ညက မောမောနဲ့ ကိုဖိုးလုံးပဲ အောက်မေ့တယ်"

"ပိတုန်း ရွာထဲသွားတယ်။ လာတော့မှာပဲကွယ့်"

"ဘကြီးမုံး ချွေးမကော"

"လေးရင်လား၊ ထင်းခွေသွားတယ်။ ကဲ... လက်ဖက်ရည် သောက်လိုက်ဦး တပည့်။ ကောင်းတယ်ကွဲ့၊ မြွေကင်ကွယ့်၊ စား"

မောင်ရွှေဝါသည် ဆာလောင်နေသဖြင့် လင်းမြွေနှင့် လက်ဖက်ရည်ကို မြိန်ရှက်စွာ စားသောက်နေမိသည်။ အတော်ကလေး ဗိုက်တင်းသွားမှ...

"ရွာထဲ လျှောက်ကြည့်ဦးမယ်"

"နေပါဦးကွယ့်၊ လေးရင်တို့ ပြန်လာရင် ထမင်းစားရအောင်"

သို့ရာတွင် မောင်ရွှေဝါသည် မထဖြစ်။ ကိုပိတုန်း ပြန်ရောက်လာသောကြောင့် ဖြစ်သည်။ သားအဖနှစ်ယောက် ရွာအကြောင်း၊ လယ်အကြောင်း ပြောနေသည်ကို သူက နားထောင်နေရသည်။ ကိုပိတုန်းနှင့် မရှေးမနှောင်းမှာပင် မလေးရင် ပြန်ရောက်လာသည်။ မလေးရင်သည် ကျောတွင် ကလေးငယ်ကို ပိုး၍ ထင်းစည်းကို ပခုံးတွင် ထမ်းလာသည်။ ထင်းစည်းကို ချပြီးနောက် နီးတောင်းကလေးတစ်ခုဖြင့် ယူလာသော ဟင်းသီးဟင်းရွက်များကို သင်နေသည်။ စကားဝိုင်းတွင် တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောရင်း ဟင်းအိုးတည်သည်။

ကိုပိတုန်းမှာ စကားကို လေးလေး ပြောတတ်သည်။ လူအေးတစ်ယောက် ဖြစ်သည်။ မလေးရင်မှာလည်း မျက်နှာပေါက်ဆိုးသော်လည်း စကားပြောချိုသည်။ သူတို့တွင် သားနှစ်ယောက် ရှိသည်။ အငယ်မှာ နို့စို့သာ ရှိသေးသည်။ မလေးရင်၏ ကျောတွင် ပိုးလာသူ ဖြစ်သည်။ သားအကြီးမှာ သုံးနှစ်သာ ရှိသေးသည်။ ရွာထဲသို့ လည်စပြုနေပြီ ဖြစ်သည်။ ထမင်းစားခါနီးမှ အိမ်ပြန်ရောက်လာသည်။

မောင်ရွှေဝါသည် မဆာသေးပါဟု ဆိုသော်လည်း ထမင်းစားပြန်တော့လည်း အတော်ကုန်သည်။ မလေးရင်သည် ထမင်းပေါင်း ကောင်းသူဖြစ်သည်။ ကောက်ညှင်းကဲ့သို့ စေး၍ မွှေးနေသည်။ ဤဒေသမှ လူများသည် ထမင်းကို ချက်၍ မစားကြ။ ပေါင်း၍သာ စားကြသည်။ ဟင်းနှစ်ခွက်မှာ ဆီမပါသဖြင့် မည်းနက်နက်အရည်များသာ ဖြစ်သည်။ တစ်ခွက်က ဟင်းရွက်စုံလှော် ဖြစ်သည်။ တစ်ခွက်က ပိန်းဥနှင့် မြွေသားချက်ထားခြင်း ဖြစ်သည်။ ငရုတ်သီးစိမ်းကို အတောင့်လိုက် မီးဖုတ်ထားသည်မှာ စပ်လှသည်။

ထမင်းစားပြီးသောအခါ မျက်တောင်စင်းလာပြန်သဖြင့် မောင်ရွှေဝါသည် ဧည့်ခန်းတွင် တစ်ချီ အိပ်ပျော်သွားပြန်သည်။ သို့ရာတွင် ကြာကြာတော့ မဟုတ်ချေ။ သူ့နားတွင် ဆူဆူညံညံ စကားပြောသံများ ကြားရသဖြင့် နိုးလာသည်။

ဘကြီးမုံးနှင့် ကိုပိတုန်းအပြင် လူစိမ်းသုံးဦးကို တွေ့ရသည်။ သူက အိပ်ရာမှ လူး၍ ထလိုက်သည်။ အကြောင်းမူ လူစိမ်းနှစ်ဦးသည် အသက်အရွယ် ကြီးနေသူများ ဖြစ်၍တည်း။

"နီးပလားဟေ့၊ တို့ကတော့ မောင်ရွှေဝါ မြွေဆိပ်တက်သွားပြီထင်တာ"

သူတို့အားလုံး ရယ်ကြသဖြင့် မောင်ရွှေဝါလည်း ရောလိုက်ရသည်။ သို့ရာတွင် သူ၏ မျက်လုံးများကမူ လူစိမ်းများကို အကဲခတ်လျက်ရှိသည်။

အဘိုးကြီးတစ်ယောက်သည် သူ၏ စိတ်အာရုံကို အထူးဆွဲဆောင်လျက် ရှိသည်။ နှုတ်ခမ်းမွေးနှစ်စသည် ကြောင်မြီးကဲ့သို့ ကွေးကွေးလေး ထောင်နေသည်။ သို့ရာတွင် သူ၏ မျက်နှာသည် ရယ်စရာ မကောင်းဘဲ တည်ငြိမ်လေးနက်သော အသွင်ကို ဆောင်နေသည်။ အသားဖြူ မျက်လုံးမျက်ဖန် ကောင်းသည်။ သျှောင်ထုံးသည် ထိပ်တည့်တည့်၌ လုံးနေသည်။ မင်းသားကြီး တစ်ပါးနှင့် တူသည်။ ကျော်ရိုးရှည်၍ မတ်မတ်စန့်စန့်ကြီး ထိုင်နေသည်။ ဘယ်ခြေပေါ်တွင် ညာခြေတင်၍ တင်ပျဉ်ခွေ ထိုင်နေသည်။

နောက်အဘိုးကြီးမှာမူ သူလို ကိုယ်လို ရုပ်ရည်ထဲက ဖြစ်သည်။ အသားနီစပ်စပ် တွန့်တွဲတွဲနှင့် ဖြစ်သည်။ မျက်ပေါက်ကျဉ်း၍ နှုတ်ခမ်းမည်းသည်။ သို့ရာတွင် သူ့တွင်လည်း စိတ်ဝင်စားစရာ အချက်တစ်ခု ရှိသည်။ သူ၏ ရုပ်ဆင်းအင်္ဂါကား မဟုတ်။ သူ့ပါးစပ်တွင်တပ်ထားသော ဆေးတံသာ ဖြစ်သည်။ ရိုးရိုး မြေဆေးတံ၊ ဝါးဆစ်ဆေးတံမျိုး မဟုတ်ချေ။ ကြေးဝါဖြင့် သွန်းလုပ်ထား၏။ ဆေးအိုးသေး၍ ရိုးရှည်သည်။ လက်ဖြင့် ကိုင်ဖန်များ၍ ဝင်းဝါ ပြောင်လက်နေသည်။

တတိယလူစိမ်းကား လူရွယ်တစ်ယောက် ဖြစ်သည်။ အရုပ်ဆိုးသော်လည်း မျက်နှာထား ချိုသည်။ လက်မောင်းနှစ်ဖက်တွင် ဆေးနီဆေးနက်ဖြင့် ဂဠုန်သုတ်သည့် အရုပ်များ ထိုးထားသည်။ လက်ဝဲဘက် မျက်လုံးတွင် အပြင်တိမ် ရှိပုံရသည်။ သို့ရာတွင် ညာဘက်မျက်လုံးသည် သူများတကာထက် ပို၍ စူးရှသည်ဟု ထင်ရသည်။

"တို့နယ် အခြေအနေကလည်း မောင်ရွှေဝါတို့ ဆီမှာလိုပဲ။ ဟောဒီက ကိုပေါ်မန်းတို့၊ ကိုအိုက်စံတို့ပြောတာ နားထောင်ရတာတော့ ဝမ်းနည်းစရာလည်း ကောင်းတယ်။ ဒေါသဖြစ်စရာလည်း ကောင်းတယ်။ ဟေ့ ပေါ်မန်း၊ စောစောက မင်းပြောတာလေး တစ်ချီကျော့လိုက်ပါဦးကွာ"

ဘကြီးမုံးက နှုတ်ခမ်းမွေးနှစ်စနှင့် လူကြီးကို တိုက်တွန်းလိုက်သည်။ သို့ဖြင့် ကြေးဆေးတံနှင့် အဘိုးကြီးသည် ဦးအိုက်စံဖြစ်ကြောင်း မောင်ရွှေဝါ သိရသည်။ ဦးပေါ်မန်းသည် နှုတ်ခမ်းမွေးနှစ်စကို လက်ညှိုးနှင့်လက်မ ညှပ်၍ သပ်လိုက်သည်။ ကျွဲချိုကဲ့သို့ ကော့ထောင်နေသည်။ လူတွင်သာ ခန့်ညားသည် မဟုတ်။ အသံသြဇာလည်း ပြည့်သည်။

"သလိုကွယ့်...၊ ဟိုတစ်ကြော့က သည်ဘက်တစ်ရိုးမှာ တောကြောင်တွေ တော်တော်ကလေး ထလိုက်တယ် အေး။ သည်တောကြောင်တွေက ဘယ်သူတွေမှတ်သလဲ။ ထမုန်ရဲ့ လူတွေကွယ့်။ ထမုန် ဆိုတာက ဗန်းမောက်မြို့သူကြီး ဆိုပေမယ့် သည်နယ်မှာ ဘုရင်ပဲကွယ့်။ သည်တော့ လူတွေက ထမုန်ကိုလည်း မတိုက်ရဲဘူး။ စော်ဘွားကိုလည်း မတိုင်ရဲဘူး။ တိုင်ပြန်ရင်လည်း ထမုန်ရဲ့ လူတွေက မဟုတ်တဲ့လူတွေကို ဓားပြဆိုပြီး ဖမ်းသွားတာပဲ။ ခြေချင်းခတ်ပြီး နေလှန်းတော့တာပဲ။ သည့်တော့ လူတွေမှာ ကိုယ့်ပစ္စည်း ဆုံးရှုံးရုံတင် မကဘူး။ လူပါ အဖမ်းခံကြရတယ်။ နောက်တော့ကွယ် မခံနိုင်ကြတာနဲ့

MMCYBERMEDIA
COMMUNITY FOR ALL

နှစ်ချီလောက် မှတ်လောက် သားလောက်အောင် ပြန်တိုက်လိုက်ကြတယ်။ သာကြောင့် ခုတစ်ကြော နည်းနည်းငြိမ်သွားတာကွယ့်"

"ကျွန်တော်တို့ဆီမှာလည်း ဒီလိုပါပဲ။ လေ့ခွန်ကင်းခွန်တွေ တိုးကောက်တယ်။ ပစ္စည်းယူတယ်။ လူညှဉ်းတယ်။ တိုင်ရင် ရွာ မီးနဲ့တိုက်တယ်"

"တိုင်းပြည်ကြီးက မကောင်းတော့ပါဘူးကွယ်။ သူပုန်ထသူတွေလည်း ထကုန်ကြပြီ။ ကုလားဖြူတွေနဲ့ အရေးကလည်း သည်လိုပဲ နေတော့မှာနဲ့တူတယ်။ မနစ်ကတော့ မိုးကုန်ရင်ပဲ အောက်ပြည်အောက်ရွာကို ပြန်တိုက်ယူတော့မယ့် အတိုင်းပဲ။ ခုကျတော့လည်း မလှုပ်တော့ဘူး။ သည်မိစ္ဆာကောင်တွေကို တိုက်ထုတ်ဖို့ မစဉ်းစားကြတော့ဘူး။ ကိုယ့်အချင်းချင်းပဲ နန်းတော်ထဲမှာ တိုက်နေကြတာပဲ။ မဟုတ်ဘူးလား ကိုမုံး"

ဦးအိုက်စံက ဆေးတံကို ပါးစပ်မှ မချွတ်ဘဲ ပြောသည်။

"နန်းတော်ထဲမှာ အချင်းချင်း တိုက်နေတာကတော့ ကျော်မကောင်း ကြားမကောင်းဘဲကွယ့်။ ဘုရင်ကလည်း ဟိုလူကို သတ်လိုက်၊ ဒီလူကို ရာထူးချလိုက်နဲ့ပဲ၊ မှူးကြီးမတ်ကြီးတွေကလည်း တစ်တို့တည်း တို့နေကြတာပဲ။ မင်းသားကလေးတွေကလည်း ဘုရင်လုပ်ဖို့ပဲ ကြည့်နေကြတာပဲ မဟုတ်လားကွယ့်။ ဒီတော့ ကုလားဖြူတွေကို တိုက်ပြီး အောက်ပြည်အောက်ရွာကို ပြန်သိမ်းဖို့ဆိုတာက တိမ်နေတော့တာပ"

"သာနဲ့ မေးစမ်းရဦးမယ်။ ရွှေမြို့တော်မှာ တပ်တွေကို လက်နက်ကောင်းတွေ ဝယ်ပေးပြီး မပြတ်မလပ် လေ့ကျင့်ပေးနေကြတယ်ဆို မဟုတ်လား"

ဦးပေါ်မန်းသည် ကွမ်းစားလေ့မရှိသဖြင့် လျှာပေါ့နေပုံရသည်။ စကားကို ပီပီကျကျ ပြောသည်။

"ရတနာပုံမှာ လူကောင်း လက်နက်ကောင်းတွေ ရှိပါတယ်ကွယ့်။ ငါကိုယ်တိုင်ပဲ မြင်ခဲ့ရပါတယ်။ ငါတောင် သေနတ်တစ်လက် ရခဲ့သေးတယ်။ ဒါပေမယ့်ကွယ် လူကောင်း လက်နက်ကောင်းရုံနဲ့ မဖြစ်သေးဘူးကွယ်၊ စိတ်ကလည်း ကောင်းရဦးမယ်ကွယ့်။ ဓားရေး လှံရေးကတော့ နှစ်စဉ် သင်ကြားမြဲကွယ့်။ သေနတ်၊ အမြောက်၊ ဝင်း၊ ဒိုင်း၊ လေ့၊ အစု အမှုထမ်းတွေဟာ အမြောက်ပစ်၊ သေနတ်ပစ်၊ မြင်းကို ဒုန်းစိုင်းပြီး လျှောက်သီးခုတ်၊ လျှောက်သီးထိုးက စပြီး စက်ပစ်တဲ့အထိ ကျင့်ကြရတယ်။ ပယ်ဝန်း၊ ပယ်စိတ်၊ ပယ်ခွဲ၊ စန္ဒရယုက်၊ လေးကျွန်းမှန်ကူ စတဲ့ မြင်းစီးနည်း၊ မြင်းရေး သုံးဆယ့်ခုနှစ်ရေးကို ကျင့်ကြရတယ်ကွယ့်။ ဒါပေမယ့် တို့နယ်သားတွေက သူတို့လောက်တော့ မိန်းမကအစ ကလေးကစ စီးတတ်ပါတယ်။ သက်တင်ရောက်၊ ခြသေ့်တန်းစွဲ၊ ရွှေစလွယ်တင် စတဲ့ အဲမောင်း၊ လှံရေး သုံးတယ့်ခုနစ်ချက်ကိုလည်း သင်ကြတယ်။ သန်တောင် ဆယ့်ငါးကနေပြီး ခြောက်ဆယ်အထိမြင့်တဲ့ စက်တိုင်တွေကို မြင်းနဲ့ ဆယ်ခေါက်စီစိုင်းပြီး လှံလျှင်ဆယ်စင်း လွှတ်ရတယ်။ စက်ဆွဲတဲ့လူကို ပဝါတစ်ထည်နဲ့ သဇင်ပန်းတစ်ခက် ပေးတယ်"

"စက်သွင်းသဘင်လုပ်တော့ ဘကြီးမုံး နေပြည်တော်မှာ ရှိသေးသလား"

တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော လူရွယ်က မေးလိုက်သည်။

"ရှိတာပ မောင်စောနွဲ့ရဲ့။ စက်သွင်းသဘင်က ပြာသိုလပြည့်ကျော် သုံးရက်နေ့ကနေ ငါးရက်နေ့အထိ လုပ်တာပဲ။ ခြောက်ရက်နေ့က စစ်ကိုင်းဘက် ကူးခဲ့တာပဲကွယ့်"

"စက်တိုင်ကို ရောက်အောင် မပစ်နိုင်ရင် မြင်းပေါ်က ဆွဲချတယ်ဆို"

"ဟုတ်တာပကွယ့်၊ မြင်းခင်းစက်သွင်းသဘင် လုပ်တော့မယ်ဆိုရင် ဘုရင် မထွက်ခင်မှာ မင်းညီမင်းသားတွေ မှူးမတ်တွေဟာ ကိုယ့်နေရာမှာကိုယ် ရောက်နှင့်နေရတယ်။ ဆိုင်းဝိုင်းကြီးတွေကလည်း ပတ်စာညှိပြီး အသင့်ရှိနေရတယ်ကွယ့်။ လက်နက်တိုက်က အမှုထမ်း အရာထမ်းတွေဟာ စက်သွင်းပြီး လှံတွေကိုကောက်ယူဖို့ အသင့်စောင့်နေရတယ်။ နေရာချ သွေးသောက်ကြီးတွေကလည်း အင်္ကျီနီ၊ ပေါင်းထုပ်နီကြီးတွေနဲ့ပေါ့ကွယ်။ မြင်းပေါ်က လူတွေကို ဆွဲချဖို့ လက်ကိုင်ကောက်ကြီးတွေနဲ့ ပေါ့ကွယ်။ မြင်းပေါ်က ဆွဲချရုံတင် မကဘူး။ နေလှန်းခံရသေးတယ်ကွယ့်။ စက်တိုင်ကို ရောက်အောင် လှံမပစ်နိုင်လည်း ဆွဲချတာပဲ။ စက်သွင်းတဲ့လူရဲ့ အဝတ်အစားနဲ့ သူစီးတဲ့မြင်းရဲ့ ကကြိုးတန်ဆာတွေ ကိုးရိုးကားရားဖြစ်နေလည်း မြင်းပေါ်က ဆွဲချတာပဲ။ စက်တိုင်နားရောက်ပြီးမှ လှံကို မလွှတ်ဘဲ ယူသွားရင်လည်း မြင်းပေါ်က ဆွဲချတာပဲကွယ့်။ လွတ်သွားတဲ့မြင်းကို ဖမ်းဖို့ရာလည်း မြင်းဝန်တို့၊ မြင်းစာရေးတို့၊ မြင်းတော်မှူးတို့၊ မြင်းတော်ခံတို့ အားလုံး အသင့် ရှိနေကြရတယ်ကွယ့်"

"မလွန်ဝန်ထောက်က စက်အစွဲဆုံးဆို"

"အစွဲဆုံးတော့ မဟုတ်ပါဘူးကွယ်။ ဒါပေမယ့် စွဲပါတယ်။ မောင်ဘိုးလတ်က မြင်းစီး လှံထိုးကောင်း တစ်ယောက်ပဲကွယ့်"

"မောင်ဘိုးလတ် ဆိုတာ ဘယ်သူလဲ"

"မင်းပြောတဲ့ မလွန်ဝန်ထောက်မင်းကြီး မင်းလှမဟာမင်းခေါင်ကျော်ပေါ့ကွယ်"

"မောင်မုံးနဲ့ မလွန်ဝန်က ရောင်းရင်းဖက်တွေကွယ့်"

ဦးပေါ်မန်းက ဝင်ပြောသည်။

"ကုလားဖြူတွေကို ဘယ်တော့ တိုက်မလဲ"

မောင်စောနွဲ့က မေးသည်။

"တို့က မတိုက်ရဘဲ ကုလားဖြူတွေက အရင်တိုက်ချင်လည်း တိုက်မှာပဲကွယ့်။ အခြေအနေသင့်တဲ့ အချိန်မှာ တိုက်ကြမှာပဲပေါ့ကွယ်"

"ကျွန်တော်တို့ လမ်းမှာ တွေ့ခဲ့တဲ့ အကြောင်းတွေကို ဘကြီးဦးပေါ်မန်းတို့ကို ပြောပြီးပလား"

မောင်ရွှေဝါက ဘကြီးမုံးကို ပြောလိုက်သည်။

"ပြောပြီးပါပြီကွယ့်။ မင်းရဲ့ ဝေသာလီမကလေးကို သူတို့ မသိကြဘူးကွယ့်"

"ကျွန်တော်က ဒါ ပြောတာ မဟုတ်ပါဘူး။ ဟို သူရဲကောင်းတွေအကြောင်း ပြောတာပါ"

"ကုလားဖြူတွေက ဘုံဘိုင်ဘရမာသစ်ကုမ္ပဏီက ဖြစ်လိမ့်မယ်ကွယ့်။ စော်ဘွားကလေးရဲ့ သစ်တွေကို ကုလားဖြူတွေက ခိုးပြီး ခုတ်ကြတယ်တဲ့ကွယ်။ ရွှေဘိုက လူတွေကလည်း ဒီဘက်ကို တက်ပြီး တိုက်ကြမယ့်တဲ့ကွယ်"

"ကျွန်တော် ရွာထဲ လျှောက်ကြည့်ဦးမယ်"

မောင်ရွှေဝါက အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ပြောလိုက်သည်။ မောင်စောနွဲ့က အဖော်လိုက်ခဲ့ရမည်လားဟု မေးသည်။

မောင်ရွှေဝါက တစ်ယောက်တည်း ထွက်ခဲ့သည်။

## အခန်း -၃-

နေလုံးသည် ညိုရှိ၍ နေခြည်သည် အရှေ့ဘက်သို့ လာနေသည်။ လေထု လှုပ်ရှား၍ တောနှင့်တောင်များ အုတ်အုတ်ကျက်ကျက် ရှိနေသည်။ မောင်ရွှေဝါသည် ယခုမှ ရွာကို ကြည့်ရသည်။

မိုးကောင်းတစ်ဝိုက်၊ အင်းတော်ကြီး တစ်ဝိုက်တွင် ဂဒူးနှင့် ကနန်များ အတန်အသင့် ရှိသည်။ ဂဒူးများသည်။ သို့ရာတွင် ရွာလိုက်စုနေသည် နည်းသည်။ ရှမ်းကြီး၊ ရှမ်းကလေး၊ ရှမ်းနီ၊ ခန္တီး၊ မိုင်းသာ၊ ရှမ်းမြန်မာ၊ ရှမ်းတရုတ် စသည်တို့နှင့် ရောပြွန်း၍ နေကြသည်။ အနေအထိုင် အပြောအဆိုနှင့် အမူအကျင့်တို့ သိသိသာသာ ကွဲပြားခြားနားခြင်း မရှိလှ။ သူလို ငါလိုပင် ရောနှော၍ နေကြသည်။

သို့ရာတွင် ကနန်းနယ်သို့ သူ ယခု ရောက်ရှိသောအခါတွင်ကား တောင်ပေါ်ကနန်းများသည် မြေပြန့်ရှမ်းများနှင့် အများအပြား ခြားနားသည်ကို တွေ့ရှိလာရသည်။ အုပ်ချုပ်မှု၊ စားသောက်နေထိုင်မှုက အစ ကွဲပြားသည်။

တစ်ချိန်တစ်ခါက အရှိန်အဝါကြီးမားခဲ့သော မိုးကောင်းနိုင်ငံတော်ကြီးသည် ယခုအခါ မြို့ဝန်အုပ်ချုပ်သည့် နယ်တစ်နယ်အဖြစ်သာ တည်ရှိနေတော့သည်။ သို့ရာတွင် ဘကြီးမုံးတို့၏ ကနန်းနယ်သည်ကား နေဝင်ဘုရင်တစ်ပါး၏ လက်အောက်တွင် ရှိနေသည်။ ဝန်းသိုစော်ဘွား၏ အာဏာစက်အောက်တွင် ဖြစ်သည်။ စော်ဘွား၏ အထက်တွင် မြန်မာဘုရင် ရှိသည်။ စော်ဘွား၏ အောက်တွင် ဗန်းမောက်ထမုန် ရှိသည်။ ထမုန်၏ တန်ခိုးအာဏာသည် ဒုဝါတစ်ဦးနှင့် ညီမျှသည်။ ထိုမျှသာမက ကနန်းနယ်သူ နယ်သားများသည် ဗန်းမောက်ထမုန်၊ ဝန်းသိုစော်ဘွားနှင့် မြန်မာဘုရင်တို့ကို အရှင်သခင်အဖြစ်ဖြင့် ကိုးကွယ်နေကြရရုံဖြင့်သာ မပြီးသေးပဲ ထမုန်၏လူများ၊ စော်ဘွား၏လူများ၊ ဘုရင်၏ လူများကိုလည်း နတ်ကိုးသလို ကိုးနေကြရသည်။ ဤအခြေအနေများကို သူက အင်မတန် တိုတောင်းသော အချိန်ပိုင်းအတွင်းမှာပင် သိရှိရခြင်း ဖြစ်သည်။

မည်သို့ပင် ဖြစ်စေ သူက ကနန်းနယ်ကို စိတ်ဝင်စားသည်။ နှစ်သက်သည်။ အံ့သြခြင်း ဖြစ်ရသည်။

တောင်လေးလုံးရွာကို သူက ယမန်နေ့ ညနေကတည်းကပင် တွေ့မြင်ခဲ့ရသည်။ သည်လိုအချိန် သာသာလောက်မှာပင် ဖြစ်သည်။ သို့သော် ယခုလို တော့တော့ဆိုင်ဆိုင် နီးနီးကပ်ကပ် မဟုတ်ချေ။ အဝေးမှ တွေ့ရခြင်း ဖြစ်သည်။ အထက်မှစီး၍ မြင်ရခြင်း ဖြစ်သည်။ သည်ကတည်းက သူ နှစ်မြိုက်မိခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘကြီးမုံးတို့ ရွာကို တောင်လေးလုံးဟု ခေါ်တွင်ခြင်းမှာ ရှင်းရှင်းကလေးပင် ဖြစ်သည်။ တောင်ကြီးလေးလုံး ဝန်းရံလျက် ရှိသောကြောင့်ပင် ဖြစ်သည်။ ဘကြီးမုံးတို့ ရွာသည် တောင်ထိပ်တစ်ခုတွင် တည်ထားခြင်း ဖြစ်သည်။ သည်ရွာနှင့် သည်တောင်ကိုမှ အခြားတောင်ကြီး လေးလုံးက ပိတ်ဆို့ကာရံထားခြင်း ဖြစ်သည်။ ယင်းကြောင့်ပင် တောင်လေးလုံးတည်ရှိရာ တောင်ကို အလယ်တောင်ဟုလည်း ခေါ်ကြသည်။ တောင်ကြီးလေးလုံးနှင့် အလယ်တောင်ကြားတွင် ပြန့်ပြူးသော လွင်ပြင်တစ်ခု ရှိသည်။ အုပ်ဆိုင်းသော ခင်တန်းတစ်ခု ရှိသည်။ အင်းကြီးတစ်ခု ရှိသည်။ စပါးအင်းဟု ခေါ်သည်။

အလယ်တောင်၏ အရှေ့ဘက်တွင် ဂဠုန်တောင်၊ အနောက်ဘက်တွင် နဂါးတောင်၊ တောင်ဘက်တွင် ဆင်တောင်၊ မြောက်ဘက်တွင် ကျားတောင် ဟူ၍ ဖြစ်သည်။

သူတို့သည် ယမန်နေ့ညက ရွာသို့ လာရာတွင် ဂဠုန်တောင်ထိပ်သို့ ရောက်သည်ဆိုလျှင်ပင် အလယ်တောင်နှင့် တောင်လေးလုံးရွာကို ပြက်ပြက်ထင်ထင် မြင်ရသည်။

အလယ်တောင်သည် ယုန်ကလေးတစ်ကောင် ဝပ်နေသည်နှင့် တူသည်။ ပုံ့ပုံ့ကလေး ဖြစ်သည်။ တောင်လေးလုံးရွာသည် အရှေ့မြောက်ဘက်စွန်းကျကျတွင် ရှိသည်။ အနောက်တောင်ဘက်တွင် တောင်ချွန်းငယ်နှစ်ခု ရှိသည်။ ယုန်နားရွက် ထောင်နေသကဲ့သို့ ဖြစ်သည်။ တောင်လေးလုံးသည် ရွာကြီးတစ်ရွာ ဖြစ်သည်။ အိမ်ခြေတစ်ရာခန့် ရှိသည်။ ကနန်းအိမ်များသည် အမိုးပြန့်သဖြင့် အဝေးမှ ကြည့်ရသည်မှာ တောင်ထိပ်တွင် မဏ္ဍပ်ကန္နားများ ထိုးထားသကဲ့သို့ ဖြစ်သည်။ ဖြုန်းခနဲဆိုလျှင် တောင်ပေါ် ဘုရားပွဲဟု ထင်ရသည်။

"ဘကြီးမုံးတို့ အိမ်တွေက ခေါင်ပြန့်လှပါလား"

"အေးပ၊ ကနန်းအိမ်တွေက ဒီလိုပဲကွယ့်။ မင်းတို့ဆီက အိမ်တွေနဲ့ မတူဘူး။ ရွာရောက်ရင် မောင်ရွှေဝါ တွေ့ပါလိမ့်မယ်"

ဘကြီးမုံးက ယင်းသို့ ပြောခဲ့သော်လည်း ကနန်းအိမ်များသည် ခေါင်ပြန့်သည်က လွဲ၍ သိပ်ပြီး ထူးခြားခြင်း ရှိမည်မဟုတ်ဟု သူထင်ခဲ့သည်။ သို့ရာတွင် မျက်စိနှင့် မြင်ရသောအခါ ဟုတ်ပေသည်ဟု ဝန်ခံရသည်။ အံ့သြရသည်။

ဘကြီးမုံးတို့အိမ်သည် ရွာအစွန်ဘက်တွင် ရှိသည်ဖြစ်၍ ယမန်နေ့ညက သူတို့သည် ရွာကို ဝင်မိသည်ဆိုလျှင်ပင် နေမည့်အိမ်သို့ ရောက်လေတော့သည်။

ပထမတွင်မူ အိမ်ပေါ်သို့တက်ရန် လှေကားမရှိသည်ကို မောင်ရွှေဝါ တွေ့ရသည်။ အိမ်ပေါ်တွင် ကလေးငယ်များ ရှိနေသည်ကို မောင်ရွှေဝါ မြင်ရသည်။ သည်ကလေးများသည် ဆင်တစ်ရပ်ခန့်မြင့်သော ဤအိမ်ပေါ်သို့ မည်သို့ တက်ကြသနည်းဟု သူက စဉ်းစားမရဘဲ ရှိနေသည်။ သို့ရာတွင် မကြာမီမှာပင် အဖြေသိရသည်။ ဘကြီးမုံး၏သားသည် မြေကြီးပေါ်တွင် ရှိနေသော သစ်လုံးတစ်လုံးကို ပခုံးဖြင့်ထမ်း၍ အိမ်ပေါ်သို့ မေးတင်လိုက်သည်။

ဤတွင်မှ ဤသစ်လုံးသည် လှေကားတစ်ခု ဖြစ်ကြောင်းကို မောင်ရွှေဝါ နားလည်ရသည်။ သစ်လုံးတွင် လှေကားထစ်များ ပြုလုပ်ထားသည်။ အိမ်ပေါ်သို့ သူတို့အားလုံး တက်မိကြသောအခါ ကိုပိတုန်းသည် လှေကားကို ပြန်၍ တွန်းချလိုက်သည်။ နောက်မှ သိရသည်မှာ ဤအရပ်မှ လူများသည် ညအခါတွင် လှေကားကို ဖြုတ်ထားကြသည်။ အကြောင်းကိစ္စကြီးငယ် မရှိဘဲနှင့် ညအခါတွင် အောက်သို့ မဆင်းကြပေ။ နေ့အခါတွင်ကား လှေကားကို မဖြုတ်ဘဲ တောက်လျှောက် ထောင်ထားသည်။

အိမ်ပေါ်သို့ ရောက်သောအခါတွင် ပထမဆုံး တွေ့မြင်ရသော အခန်းမှာ မီးဖိုခန်း ဖြစ်သည်။ မြေအိုး မြေခွက်များနှင့် တောင်းများ ပလုံးများ ရှိသည်။ မီးဖိုထက်တွင် ကျပ်ခိုးစင် ရှိသည်။ ခြောက်တောင်ခန့်မြင့်သည့် ကျပ်ခိုးစင်ပေါ်တွင် တောင်းများ၊ နီးများ၊ ကြိမ်လျှော်များအပြင် တောင်ယာကိရိယာများဖြစ်သော ကောက်ဆွ၊ ဆန်ကော၊ တင်းတောင်း၊ ပက်ကော်၊ ထွန်ခြစ် စသည်များ ရှိသည်။

ဘကြီးမုံးသည် ညအချိန်ဖြစ်၍ သူ့ကို နောက်ဖေးပေါက်မှ ခေါ်လာသည် ဖြစ်မည်ဟု ထင်မှတ်လိုက်သည်။ ဧည့်ခန်းကိုလွန်လျှင် အိပ်ခန်းများ ရှိသည်။ အိပ်ခန်းများကို လွန်လျှင် အိမ်ကပြင် ထုတ်ထားသည်ကို တွေ့ရသည်။ ဧည့်ခန်းကို အိမ်အလယ်တွင် ထားသည်ဟု သာမည မှတ်ထားလိုက်သည်။ မီးဖိုရှိရာသည် အိမ်နောက်ဘက်ဟုပင် ယူဆမြဲ ယူဆထားသည်။ အိပ်ရာက နီးမှပင် စိတ်ထဲတွင် သံသယဝင်ရသည်။ အိမ်သားများ၊ ဧည့်သည်များ အားလုံးသည် မီးဖိုလှေကားမှ ဆင်းကြတက်ကြသည်။ အိမ်ကပြင်တွင် လှေကားရှိသည်ကို မတွေ့ရ။ အဆင်းအတက်လုပ်သည်ကို မတွေ့ရ။ သူ့စိတ်တွင် သို့လော သို့လော ဖြစ်ရသည်။

ရွာကိုလျှောက်ကြည့်ရန် အိမ်ပေါ်မှ ဆင်းမိသည်နှင့် တစ်ပြိုင်နက် မတင်မကျဖြစ်နေသော အချက်သည် တစ်ခါတည်း ရှင်းလင်းသွားသည်။ မီးဖိုဆောင်များ အားလုံးသည် လမ်းဘက်ကို မျက်နှာပြုနေကြသည်။ လှေကားများ အားလုံးသည် မီးဖိုအနီးတွင် ရှိကြသည်။ လူများ အားလုံးသည် မီးဖိုကိုဖြတ်၍ အိမ်တွင်းသို့ ဝင်ရသည်။ မီးဖိုသည် အိမ်နောက်ဖေး မဟုတ်ဘဲ အိမ်ရှေ့မျက်နှာစာ ဖြစ်ချေသည်။

မောင်ရွှေဝါသည် ကနန်းသူများကို စိတ်ဝင်စားရပြန်ချေပြီ။

လမ်းတစ်လျှောက်တွင် သူက ယောက်ျားများကို အမြင်ရနည်းပြီး အမျိုးသမီးများကိုသာ အတွေ့ရများသည်။ လမ်းပေါ်တွင်လည်း အမျိုးသမီးများသာ သွားလာလှုပ်ရှားလျက် ရှိသည်။ အိမ်များတွင်လည်း အမျိုးသမီးများသည်သာ လုပ်ကိုင်လျက် ရှိကြသည်။ အိမ်တွင် မြင်ရသူအချို့သည် ညစာအတွက် ထမင်းပေါင်းနေကြသည်။ အသားခြောက်ကို ကင်နေကြသည်။ မောင်းဆုံ ထောင်းနေကြသည်။ လမ်းတွင် တွေ့ရသူအချို့က ထင်းစည်းများနှင့်၊ ရေထမ်းများနှင့် ဖြစ်ကြသည်။ ပလုံးငယ်များတွင် ဟင်းသီးဟင်းရွက်များ ထည့်ယူလာကြသည်။

အချို့ အမျိုးသမီးများသည် လူလွတ်ဖြစ်သော်လည်း၊ အချို့အမျိုးသမီးများသည် ကျော၌ ကလေးငယ်များကို ချီပိုးလျက် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် ကနန်းသူများကို အကဲခတ်ရင်း လျှောက်မှန်းမသိ လျှောက်လာရာ မကြာမီတွင် ရွာဆုံးသို့ ရောက်သွားသည်။ ဤတွင် သူက ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရသည်။ ဘုန်းကြီးကျောင်းသည် တောင်စောင်းတစ်ခုတွင် မေးတင်၍ ဆောက်ထားခြင်း ဖြစ်သည်။ ရွာနှင့်မလိုက်အောင် အရွယ်ပမာဏ ကြီးမားသည်။ ကျွန်းလုံးတိုင်ကြီးများကို ရွှေအပိန်း ချထားသည်။ ဤလိုရွာငယ်ကလေးတစ်ခုတွင် ဤလို ကျောင်းကြီးတစ်ကျောင်းကို ဆောက်လုပ် လှူဒါန်းထားနိုင်ခြင်းမှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။ ဆည်းလည်းသံသည် ကောင်းကင်တွင် လှုပ်ခတ်နေသည်။ ကုက္ကားသည် မိုးတွင် ပျံနေသည်။

ကျောင်းကို လွန်၍သွားသော် လမ်းရှိသည်။ ရေခပ်၍၊ ထင်းခွေ၍၊ ဟင်းသီးဟင်းရွက်ခူး၍ လာကြသော အမျိုးသမီးများသည် ဤမှာဘက်မှ လာကြခြင်း ဖြစ်သည်။ သို့ဖြင့် မောင်ရွှေဝါသည် ဆက်၍ လျှောက်သွားသည်။

မကြာမီ ကမ်းပါးပြင်ဆုံး၍ ဘေးနှစ်ဖက်တွင် ချုံနွယ်များ၊ ပိတ်ပေါင်းများ ရှိလာသည်။ လမ်းသည် ကျဉ်း၍ ကွေ့ကောက်သည်။ အတန်ငယ် သွားမိသောအခါ ရှေ့တွင် လမ်းနှစ်မွှာ ခွဲနေသည်ကို မြင်ရသည်။ သူက ဘယ်ဘက် လိုက်ရမည်နည်းဟု စဉ်းစားနေခိုက် လက်ဝဲဘက်လမ်းမှ အမျိုးသမီးတစ်ဦး ထွက်ပေါ်လာသည်။ ကလေးငယ်ကို ကျောပိုးလျက် ရေခပ်လာခြင်း ဖြစ်သည်။ ကြိမ်ဆိုင်းနှစ်ခုသည် ရေအိုး၏ အလေးချိန်ကြောင့် တကျွီကျွီ မြည်နေသည်။ ဝါးထမ်းပိုးသည် ညွတ်နေသည်။ တောင်ပေါ်ခရီးတွင် သုံးသော ထမ်းပိုးဖြစ်သည့်အလျောက် အဆင်းအတက်များတွင် တောင်းများ၊ ဆိုင်းများ လျှောမကျစေရန် ထိပ်နှစ်ဖက်တွင် ဝါးဆစ်ပါးစပ် ခံထားသည်။ ဆိုင်းကွင်းသည် ဝါးဆစ် ပါးစပ်ထဲတွင် တွဲလောင်းခိုနေသည်။

မောင်ရွှေဝါသည် လမ်းကျဉ်းကျဉ်းတွင် ဝန်လေးနှင့် အမျိုးသမီး လွတ်လွတ်ကျွတ်ကျွတ် သွားနိုင်စေရန်အတွက် ဘေးသို့ ကပ်ပေးလိုက်သည်။ သူ့ကိုယ်တစ်ဝက်သည် ချုံတောထဲသို့ မြုပ်ဝင်သွားသည်။ ကင်ပွန်းချုံ ဖြစ်သဖြင့် သူ့ကျောတွင် ဆူးများ ဖောက်ဝင်သည်။ သို့ရာတွင် သူက တစ်ဖက်လူ သွားစေရန် ကျော်ကို ချုံနှင့် နာနာကပ်ထားရသည်။

ရေထမ်းနှင့် အမျိုးသမီးသည် အသက်သုံးဆယ်ကျော်ကျော်သာ ရှိသေးသည်။ ကျောပေါ်မှ ကလေးငယ်သည် ရင်စေ့အင်္ကျီအတွင်းမှ နို့ချိုကို လက်တစ်ဖက်ဖြင့် နိုက်ထားသည်။ အမျိုးသမီးသည် သူ့အရှေ့တည့်တည့်သို့ ရောက်သောအခါ ဆက်မသွားသေးဘဲ လမ်းခွဲဆီသို့ လက်ညှိုးထိုးရင်း တစ်စုံတစ်ခုကို ပြောသည်။ ကနန်းဘာသာဖြင့် ပြောသဖြင့် သူက နားမလည်ဘဲ ရှိသည်။ သူက ရှမ်းဘာသာဖြင့် ပြန်မေးသည်ကိုလည်း အမျိုးသမီးက နားမလည်ဘဲ ရှိသည်။ သူက မြန်မာစကားဖြင့် ပြောကြည့်ပြန်သည်။ ကလေးအမေသည် နားမလည်ပါချေ။ နောက်ဆုံးတွင် ခေါင်းကိုယမ်း၍ ထွက်သွားသည်။

မောင်ရွှေဝါလည်း သက်ပြင်းတစ်ချက်ချပြီး ရှေ့သို့ ဆက်၍ လျှောက်ခဲ့သည်။ လမ်းသည် ပို၍ ကျဉ်းလာသည်။ ဘေးနှစ်ဖက် ချုံငယ်ပိတ်ပေါင်းများအစား မြေနီများကို တွေ့လာရသည်။ တဖြည်းဖြည်း ပြေလျှော၍ ဆင်းသွားနေရာမှ မတ်စောက်ကြီး ဆင်းသွားသည်ကို တွေ့ရသည်။ လမ်းမှာ အထူးပင် မတ်စောက်လှသဖြင့် ဆင်း၍ တက်၍ရအောင် လှေကားထစ်များ ပြုလုပ်ထားသည်။ မက်စောက်သော တောင်စောင်းတွင် တူးဖောက်ထားသောလမ်း ဖြစ်သည်။ မတ်စောက်သည်နှင့်အမျှ ကျဉ်းမြောင်းလှသည်။

ခေါက်ချိုးကွေ့များ ရှိသေးသည်။ ဤမျှ ကျဉ်းမြောင်းမတ်စောက်သော လမ်းတွင် ဆင်းသူနှင့်တက်သူ မည်သို့ တိမ်းရှောင်ကြမည်နည်းဟု သူက ရုတ်တရက် စဉ်းစားမိသည်။ ဘေးသို့ ကပ်ပေးရန်လည်း မဖြစ်နိုင်။ လမ်းဘေး တောင်စောင်းပေါ်သို့ တက်ရန်လည်း မလွယ်ကူ။ တစ်ရပ်ကျော် မြင့်သည်။ မြေမာသည်။ ဆွဲကိုင်စရာ မရှိ။ ယင်းစဉ်မှာပင် သူသည် တက်လာသူတစ်ဦးနှင့် ထောင့်ချိုးကွေ့တစ်ခုတွင် ဘွားခနဲ ဆုံမိသည်။ တက်လာသူသည် အမျိုးသမီးတစ်ဦး ဖြစ်သည်။ ရေထမ်းနှင့် ဖြစ်သည်။ သူက မည်သို့ ပြုလုပ်ရမည် မသိသဖြင့် နေရာတွင် ရပ်နေမိသည်။ အမျိုးသမီးမှာလည်း ပခုံးပေါ်တွင် ရေထမ်းကြီးနှင့်။ ရှေ့မတိုးသာ နောက်မဆုတ်သာ ရှိနေသည်။ ထိုနေရာသည် အဘယ်မျှ မတ်စောက်ပါသနည်း ဆိုလျှင် အမျိုးသမီး၏ ပခုံးပေါ်မှ ရေထမ်းသည် မိုးသို့ ထောင်နေသည်။ နောက်ဘက်မှ ဆိုင်းထမ်းသည် မြေနှင့် မလွတ်တလွတ် ရှိသည်။ ရှေ့ဘက်မှ ဆိုင်းထမ်းခွင်သည် သူမ၏ ရင်ဘတ်ပေါ်တွင် ရှိနေသည်။

"ဒီလမ်းက တက်ဖို့လုပ်ထားတာ။ ဆင်းတဲ့လူတွေဖို့ ဟိုဘက်မှာ လမ်းတစ်ခုရှိတယ်"

အမျိုးသမီးက တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။ နားမလည်သူတို့အား အကြောင်းအရာတစ်ခုကို ရှင်းလင်းပြနေသည့် အနေမျိုး ဖြစ်သည်။ ဒေသထွက်သည့် အသွင်အပြင် လုံးဝမရှိ။ မြန်မာစကား ကောင်းစွာ ပြောတတ်ပုံ ရှိသည်။ စောစောက ကလေးနှင့် အမျိုးသမီး ပြောသွားသည့် စကားကို သူက ယခုမှ သဘောပေါက်မိသည်။

"ခုနတုန်းက ကလေးအမေ ပြောသားပဲ။ တို့က ကနန်းစကား နားမလည်တော့ ဘာမှန်း မသိဘူး"
"မောင်ကြီးက ဗန်းမောက်ကလား။ ပင်လယ်ဘူးကလား"
"မိုးကောင်း အင်းတော်ကြီးကပါ"

အမျိုးသမီးသည် မျက်မှောင်ကြုတ်လိုက်သည်။ တစ်စုံတစ်ခုကို စဉ်းစားဟန် ရှိသည်။ ဤတွင်မှ မောင်ရွှေဝါသည် လက်ရှိ အခြေအနေကို ပြန်၍ အမှတ်ရသည်။ အမျိုးသမီးသည် သူ့ကြောင့် ရေထမ်းကြီးနှင့် မတိုးသာ မဆုတ်သာ ဖြစ်နေသည်။

"နမ ရေထမ်းကြီးနဲ့ ဖြစ်နေပြီ။ ဘယ်လို လုပ်မလဲ"
"နေပစေ၊ အောက်ကို ပြန်ဆင်းမယ်"

အမျိုးသမီးက ဤမျှ မတ်စောက်သော လမ်းကို ရေထမ်းကြီးနှင့် နောက်ပြန်ဆင်းမည် ပြုသည်။

"နမ မဆင်းနဲ့။ မောင်ကြီး နောက်ဆုတ်ပေးမယ်။ မောင်ကြီးက လူလွတ်"

သူက လှေကားထစ်ကို စမ်းက နောက်ပြန် နောက်ဆုတ် တက်သွားသည်။ သူတို့နှစ်ယောက် သုံးလေးထစ်ခန့် ခြားသွားသောအခါတွင်မှ အမျိုးသမီးက တစ်လှမ်းချင်း တက်သည်။ အမှန်မတော့ မောင်ရွှေဝါသည် ဤသို့ နောက်ပြန်တက်နေရန် မဟုတ်ချေ။ ကိုယ်ကို အသာကလေး လှည့်လိုက်ပြီး သွက်လက်စွာ တက်သွားနိုင်သည်။ သို့ရာတွင် သူသည် တစ်ဖက်သို့လှည့်ရန် စိတ်ကူးမရမိ။ သူ့မျက်လုံးများသည် အမျိုးသမီး၏ ကိုယ်မှ မခွာနိုင်ဘဲ ရှိနေသည်။ အမျိုးသမီးကလည်း သူ့ကို အကြံပေးခြင်း မပြုပေ။ တစ်လှမ်းချင်း တက်လိုက်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မောင်ကြီး ဘယ်သူ့ ညှော့သည်လဲ"
"ဘကြီးမုံး"
"အကြာကြီး နေမှာလား"
"အေးပ"

အမျိုးသမီးက မျက်လွှာချလိုက်ပြန်သည်။ သူကမူ မမိုတ်မသုန် ကြည့်လျက်ပင် ရှိသည်။ ရှေ့ရေဆိုင်းသည် သူမ၏ ရင်ညွှန့်ပေါ်တွင် ရှိသည့်အလျောက် ကိုယ်ပေါ်သို့ ရေစက်များ ဖိတ်စဉ်ကျသည်။ ရှေ့ကွဲအင်္ကျီသည် အသားတွင် ကပ်လျက် ရှိသည်။

အမျိုးသမီးသည် ငယ်ရွယ်သည်။ ဖွံ့ဖြိုးသည်။ လတ်ဆတ်သည်။

ဤသို့ဖြင့် မောင်ရွှေဝါသည် သူ့ဘေး၌ ချုံများကို ပြန်၍ တွေ့လာသည်။ သည်တော့မှ နောက်ပြန်ကြီး တက်လာသည့် အဖြစ်ကို သတိရမိသည်။ ကိုယ်ကို ချာခနဲ လှည့်လိုက်သည်။ အတန်ငယ် သွားမိသောအခါ လမ်းခွဲသို့ ရောက်သွားသည်။ သူက တစ်ဖက်လမ်းချိုးသို့ ဝင်၍ ရှောင်တိမ်းပေးလိုက်သည်။ အမျိုးသမီးက သူ့ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ သူမ၏ မျက်နှာသည် နလာသည်။ နီလာသည်။ နှုတ်ခမ်းတွင် အပြုံးရိပ်ထင်လာသည်။ လက်ဝဲ လက်ယာပါးပြင်၌ ချိုင့်ဝှမ်းငယ်လေးများ ဖြစ်ပေါ်လာသည်။ သူက မနေတတ် မရပ်တတ် ရှိလာသည်။ ဤအခါတွင်မှ အမျိုးသမီးက...
"အဲဒီ လမ်းကနေ ဆင်းသွား။ ချောင်းရောက်တယ်။ လမ်းမှာ တက်လာတဲ့သူ ဘယ်သူနဲ့မှ မတွေ့ဘူး။ နောက်ပြန် လျှောက်စရာ မလိုဘူး"

အမျိုးသမီးသည် ထိုနေရာမှ သွက်လက်စွာ ထွက်သွားသည်။ သူမ၏ ကိုယ်နောက်ပိုင်းသည် ရေဆိုင်းအိုးနှင့်အတူ နိမ့်တုံမြင့်တုံ ရှိနေသည်။ အတော်ကလေး လှမ်းသွားသော အခါတွင် အမျိုးသမီးထံမှ ရယ်မောသံ ထွက်ပေါ်လာသည်။ တိုတိုနှင့် တိုးတိုးသာ ဖြစ်သည်။ သို့ရာတွင် သူ့အဖို့မူ မိုးကြိုးပစ်ခံရသကဲ့သို့ ရှိသည်။

သူက အမျိုးသမီးနောက်သို့ လိုက်ဦးမည်ပြုပြီးမှ ခြေလှမ်းကို ရုပ်ကာ ပြေလျှောသော လမ်းအတိုင်း တောင်ပေါ်မှ ဆင်းသွားသည်။ အတော်ကြီးကြာမှ ချောင်းသို့ ရောက်သည်။ အောက်ဘက်မှ ကြည့်သောအခါတွင် အဆင်းလမ်းသည် ပြေလျှောသော်လည်း တစ်ကွေ့တစ်မျောကြီး ဖြစ်သည်။ အတက်လမ်းသည် မတ်စောက်သော်လည်း ခရီးက တိုသည်။ ကွေ့၍ ပတ်၍ ကြာညောင်းစွာ မတက်လိုကြသဖြင့် မတ်စောက်သော ဤတောင်ကြား လှေကားထစ်လမ်းကို တူးဖောက်ထားကြခြင်း ဖြစ်ဟန် ရှိသည်။

နေကျသွားပြီဖြစ်၍ ချောင်းတစ်ရိုးသည် ညို့ညို့ရိပ်ရိပ် ရှိနေသည်။ ချောင်းသည် အပြောလည်း မကျယ်၊ အနက်လည်း မရှိုင်း၊ ရေစီးလည်း မပြင်းချေ။ မြေပြန့်ကြောတွင် တငြိမ့်ညောင်းညောင်း စီးဆင်းလျက် ရှိသည်။

မကြာမီပင် သူသည် ရေခပ်သည့်ဆိပ်သို့ ရောက်သွားသည်။ သို့ရာတွင် ခပ်သူမရှိဘဲ ရှင်းနေသည်။ သူက ရေပြင်ထဲသို့ ထိုးဝင်သွားသော ကျွန်းလုံးပေါ်တွင် ခဏမျှထိုင်၍ မြင်ကွင်းကို ကြည့်နေသည်။ လူသူ အသွားအလာကို စောင့်နေသည်။ သို့ရာတွင် စောစောက အမျိုးသမီးလည်း တစ်ခေါက် မလာတော့။ အခြား မည်သူမျှလည်း မလာတော့သဖြင့် မတ်စောက်သော တောင်ကြားလေ့ကားထစ်လမ်းမှ တစ်ယောက်တည်း ဖြည်းလေးစွာ တက်ခဲ့သည်။

သူ့လျှာသည် လေးတွဲ့လွန်းသည်။ အမျိုးသမီး၏ အမည်နာမကို မေးမြန်းခြင်း မပြုလိုက်မိချေ။

## အခန်း -၄-

ထိုညက သူ တော်တော်နှင့် အိပ်မရ။ ပျော်ပြန်တော့လည်း နှစ်နှစ်မြိုက်မြိုက် မရှိ။ ဖျတ်ခနဲ ဆတ်ခနဲ နိုးလာသည်။ ဟိုအကြောင်း သည်အကြောင်းများသည် ခေါင်းထဲတွင် ပေါ်လိုက် ပျောက်လိုက် ရှိနေကြသည်။

တောင်လေးလုံးရွာတွင် ညအခါ အသွားအလာ နည်းကြသည်။ ချမ်းခိုက်သည့်ကာလမို့ ဖြစ်တန်ရာသည်။ အိမ်ရှေ့ မီးဖိုများတွင် ဝိုင်း၍ စကားပြောနေကြသည်။ သူက မီးရောင်ဟပ်နေသော လူဝိုင်းများကို ကြည့်သည်။ သို့ရာတွင် ရေခပ်အမျိုးသမီးကို မတွေ့ရချေ။ တည်းအိမ်သို့ သူ ရောက်လာသည်။ ဘကြီးမုံးတို့ ထမင်းစားရန် သူ့ကို စောင့်နေကြသည်။

ထမင်းစားပြီးသောအခါ မီးဖိုထဲမှာပင် ဝိုင်းဖွဲ့ကြသည်။ ဦးပေါ်မန်း၊ ဦးအိုက်စံနှင့် ကိုစောနွဲ့တို့ ရှေ့နောက် ရောက်လာကြသည်။ ကိုစောနွဲ့နှင့်အတူ လူရွယ်နှစ်ဦး ပါလာသည်။ သူတို့သည် နေ့လယ်က အကြောင်းကိုပင် ဆက်၍ ပြောကြသည်။ မောင်ရွှေဝါက မိုးကောင်းတစ်ဝိုက်တွင် ယခုနှစ် သီးနှံမကောင်းကြောင်း၊ မြို့ဝန်၏လူများက နှိပ်စက်ညှင်းပန်းပုံ၊ တောင်ပေါ်တွင်လည်း ကချင်များ မငြိမ်မသက်ရှိနေကြပုံ၊ အချို့ကချင်များသည် သူတို့အချင်းချင်းလည်း မသင့်မတင့် ရှိနေပုံ၊ ရှမ်းများ၊ မြန်မာများအပေါ်တွင်လည်း မကျေမနပ်ရှိနေပုံတို့ကို သူက ပြောပြသည်။

ဘကြီးမုံးကမူ စော်ဘွဲ့ကိုင်တွင် အောက်ရှမ်းများ သူပုန်ထသည့် အကြောင်း၊ မြန်မာသံအဖွဲ့ အီတလီနိုင်ငံသို့ သွားမည့်အကြောင်း၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့က တောင်စမုတ်တွင် ကျင်းပသော ဘုရင့်ကထိန်တော်သို့ လာရောက်သူများအား ခရီးဝေးတစ်ကျပ်၊ ခရီးလတ် ငါးမူး၊ ခရီးနီး နှစ်ပဲကျ ပေးသည့်အကြောင်း၊ မိုးနည်းမိဖုရား အကျဉ်းချထားသည့်အကြောင်း၊ မိုးနည်း သူပုန်အကြောင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ခြေရှုပ်နေသည့်အကြောင်း၊ အညာမြစ်စဉ်တွင် သူပုန်ထတော့မည်ဟု ရွှေမြို့တော်တွင် သတင်းဖြစ်နေသည့် အကြောင်းများကို ပြောပြသည်။ ထို့နောက် မောင်ရွှေဝါက အမေးရှိသဖြင့် ဦးပေါ်မန်း၊ ဦးအိုက်စံနှင့် ဘကြီးမုံးတို့က ကနန်းနယ်အကြောင်း၊ ဝန်းသိုစော်ဘွားနှင့် ဗန်းမောက်ထမုန်အကြောင်း၊ မူးမြစ်ရိုးတစ်လျှောက်မှ သစ်လုပ်ငန်းအကြောင်းတို့အပြင် ညနေက သူတွေ့မြင်ခဲ့သော ဘုန်းကြီးကျောင်းနှင့် တောင်အောက်ချောင်းအကြောင်းကို ပြောပြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကနန်းနယ်သည် ရှေးပဝေဏီသီကပင် မင်းနေပြည်တစ်ခု ဖြစ်သည်ဟု ဆိုသည်။ တောင်လေးလုံးရွာ တည်ရှိရာ အလယ်တောင်သည် နန်းတော်ကုန်းဖြစ်ပြီး ဂဠုန်တောင်၊ ဆင်တောင်၊ နဂါးတောင်၊ ကျားတောင်တို့သည် မြို့ရိုးကြီးများ ဖြစ်သည်ဟု ဆိုသည်။ ရွာ၏ အနောက်မြောက်ထောင့်တွင် ရှိသော စပါးအင်းသည် ရှေးတုန်းက မင်းသမီးများ ရေကစားသည့်ကန် ဖြစ်သည်ဟု ဆိုသည်။ ညနေက သူတွေ့ခဲ့သော ချောင်းသည် စပါးအင်းမှ စီးထွက်လာခြင်း ဖြစ်သည်။ စပါးအင်းချောင်းဟု ခေါ်သည်။ ယင်းချောင်းသည် ဆင်တောင်အောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ ဘုန်းကြီးကျောင်းမှာလည်း မင်းကျောင်းပင် ဖြစ်သည်။ ရှေးခေတ်က စိုက်ထူခဲ့သော ကျောက်တိုင်ကြီးတစ်ခု ယခုအထိ ရှိသည်ဟု ဆိုသည်။

ထို့နောက် သူတို့သည် သန်ဘက်ခါ နံနက်စောစောတွင် တောလိုက်ကြရန် အချိန်းအမှတ် ပြုကြသည်။ ကိုစောနွဲ့နှင့် သူ့လူနှစ်ယောက်လည်း လိုက်မည်ဖြစ်သည်။ သူတို့သွားမည့်နေရာတွင် အင်မတန် ထူးဆန်းသော တောင်ခေါင်းကြီးများ၊ ကျောက်ဂူကြီးများ၊ ရေတွင်းကြီးများ ရှိသည်ဟု ကိုစောနွဲ့က ပြောသည်။

သို့ဖြင့် သူတို့ပြန်၍ အိပ်ရာဝင်သောအခါ၌ကား သူသည် ဇီးကွက် ဖြစ်နေတော့သည်။ မျက်လုံးကြီးများ ပြူး၍ ကျယ်နေသည်။ သူက မိမိနယ်ရှိ မင်းမှုထမ်းများကို မကျေနပ်သဖြင့် သူတို့လို အထက်တန်း အမှုထမ်းတစ်ဦးဖြစ်ရန် ရွှေမြို့တော်သို့ ထွက်ခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် သူသည် ရွှေသားပတ္တမြား နစ်ရစ်စီသော မြိတ်ဖြူဆံထုံး၊ ပတ္တမြားမျက်ခြယ် ကိုးလုံးတင်နားကပ်၊ အအင်္ကျီလက်ကျပ်၊ လက်ရင်း လက်ဖျား အနားချုပ်ရိုး၊ ရွှေဇာသတ်၊ ဘဲဖြူရွှေရေးခက် အနားပါထဘီ၊ ကတ္တီပါ အစိမ်း၊ အပြာ၊ အဝါ၊ အနီခြယ် ကိုက်စပ်ချုပ်ရိုး ရွှေဇာသတ် ကြယ်စီတဘက်နှင့် နန်းသူများရှိရာသို့ မရောက်ရဘဲ ထဲနီးမပါ ရင်ကွဲအင်္ကျီပြာ ထမီနက်နှင့် ကနန်းသူများ ရှိရာသို့သာ မမျှော်လင့်ဘဲ ရောက်ရှိလာရသည်။

သူ၏ခရီးသည် စိတ်ဝင်စားစရာတော့ ရှိသည်။ စကတည်းက အတိုက်အခိုက်နှင့် ဖြစ်သည်။ ဘုရင့်လူများနှင့် ရင်ဆိုင်ရသည်။ မျက်နှာဖြူတစ်ဦးနှင့် ကြုံကြိုက်ရသည်။ အမည်နာမနှင့် အရပ်ဒေသကို အမှန်အကန် မပြောလိုသော အမျိုးသမီးနှစ်ဦးနှင့် ပတ်သက်ရသည်။ မဖျိုင်းဖြူအကြောင်း တွေး၍မှ မပြီးသေးမီ ကနန်းသူတစ်ဦးသည် သူ၏ စိတ်အာရုံအတွင်းသို့ ဝင်လာပြန်သည်။ သူက ယခုမှ အမှတ်ရမိသည်။ ကနန်းသူ၏ နှုတ်ခမ်းတွင် လှပသော မှဲ့နက်ကလေးတစ်လုံး ရှိသည်။

ထို့နောက် သူ၏ ခေါင်းထဲသို့ ကနန်းမြို့တော်ဟောင်း ရောက်လာပြန်သည်။ ရွှေပိန်းချ ဘုန်းကြီးကျောင်းတိုက်များ၊ အေးမြကြည်လင်သော စပါးအင်းချောင်း၊ ထူးဆန်းသော တောင်ခေါင်း။

သူနှင့် မဖျိုင်းဖြူသည် လိုဏ်ဂူကြီးတစ်ခုအတွင်းဝယ် ခေါပဏီတပ်ကြီးနှင့် ဓားရေးပြိုင်နေရသည်။ ဖြန်းဆို သူနှင့် ရေခပ်အမျိုးသမီး တောင်ပေါ်မှ လိမ့်ကျသွားသည်။

သူ့ခေါင်းထဲတွင် အတွေးနှင့် အိပ်မက်သည် ရောထွေးလျက် ရှိတော့သည်။ သူက အိပ်ပျော်သည်ဟု မထင်။ မောတောတောကြီး နိုးလာမှ မှေးခနဲ ဖြစ်သွားမှန်းသိသည်။ သူက ရတနာပုံအကြောင်း၊ မိုးကောင်းအကြောင်း၊ ကချင်တောင်များအကြောင်း စဉ်းစားပြန်သည်။ အဖ၊ အမိ၊ အစ်ကို၊ နမနှင့် ရွာသူရွာသားများကို သတိရမိသည်။ "မောက်ခမ်းဝါ" ကိုလည်း အောက်မေ့မိသည်။

ဤသို့ဖြင့် သူသည် နောက်တစ်နေ့ မနက် မိုးလင်းသည်ကို တွေ့ရသည်။

အိပ်ရာမှ ဦးဆုံးထသူမှာ ဘကြီးမုံး၏ ချွေးမဖြစ်သည်။ သူ့နားထဲတွင် တစ်တုံတုံအသံကြားသဖြင့် ကလေးငယ်ကို ကျော်ပိုးလျက် မောင်းဆုံထောင်းနေသော မလေးရင်ကို တွေ့ရသည်။ အမျိုးသမီးသည် မောင်းကျည်ပွေ့ကို ဘယ်လက်ညာလက်ပြောင်း၍ စည်းချက်မှန်မှန် ထောင်းနေသည်။ မကြာမီတွင် တစ်ရွာလုံးမှ မောင်းထောင်းသံများ ကြားရသည်။

"ဒီမှာ ခြေနင်းမောင်း မရှိဘူးလား"

ယခုအထိ သူတွေ့နေရသရွေ့သည် လက်ဆုံမောင်းများ ဖြစ်သဖြင့် စုံစမ်းလိုက်မိသည်။

"ထမင်းဆိုတာ အသက်သခင် မဟုတ်လားကွယ်။ ခြေထောက်နဲ့ နင်းရင် ငရဲကြီးမှာပေါ့"

မလေးရင်သည် သူ့ကို မကြည့်ဘဲ ဖြေသည်။ သူက မီးဖိုထဲသို့ ကြည့်လိုက်ရာ ရေနွေးအိုးဆူနေသည်ကို တွေ့ရသည်။ သို့ဖြင့် ကျည်တောက်အတွင်းမှ လက်ဖက်ခြောက်အဖူး တစ်ဆုပ်ယူ၍ ခတ်လိုက်သည်။ မီးဖိုတွင်းသို့ ဘကြီးမုံး အရင်ရောက်လာသည်။ နောက် အိပ်မှုန်စုံမွှားနှင့် ကိုပိတုန်း။ သူတို့ ရေနွေးကြမ်းသောက်နေကြစဉ် မလေးရင် တက်လာပြီး ထမင်းပေါင်းသည်။ ဤတွင် ဘကြီးမုံးက အောက်ပြည်အောက်ရွာမှ မြန်မာများသည် ထမင်းကိုပေါင်း၍ မစားကြ၊ ချက်၍ စားကြသည့် အကြောင်းကို ပြောပြသည်။ မိုးကောင်းဘက်တွင်မူ ပေါင်းသူပေါင်း၊ ချက်သူချက်ကြသည်။ အချို့က ရေကို ငှဲ့ပစ်သည်။ အချို့က ရေကို ခန်းအောင် ကျိုပစ်သည်။ ထမင်းပေါင်းကျက်လျှင် မလေးရင်သည် ကျောင်းသို့ ဆွမ်းပို့ရန် ထွက်သွားသည်။ ဘကြီးမုံးက ဟင်းရှာဦးမည်ဆိုပြီး ထွက်သွားသည်။ ကိုပိတုန်းသည် မီးဖိုဘေးတွင် ကွေး၍ ဘိန်းရှူရန် ပြင်တော့သည်။ မောင်ရွှေဝါလည်း လမ်းလျှောက်ဦးမည် ဆိုပြီး အောက်သို့ ဆင်းခဲ့သည်။

သူက ဆွမ်းပို့ အမျိုးသမီးများကို ဂရုစိုက်ကြည့်သည်။ ယမန်နေ့က အမျိုးသမီးကို မတွေ့ရချေ။ ဤအကြိမ်တွင်တော့ သူက ကျောင်းဝိုင်းထဲသို့ ဝင်သွားသည်။ ရှေးပဝေသဏီက မင်းကျောင်း ဟုတ်၊ မဟုတ်တော့ မသိ။ ဟောင်းမြည့်နေပြီတော့ အမှန် ဖြစ်သည်။ ကျွန်းလုံးတိုင်ကြီးများသည် မဝေးမှ ကြည့်လျှင်ကား ရွှေအတိပြီးသော်လည်း အနီးမှကြည့်လျှင် ပိုးပေါက်များ၊ အဆွေးအမြှောင်းများ ရှိသည်ကို တွေ့ရသည်။ တောင်ဆုပ်ခန့်ရှိသော ရက်မကြီးများပင် နိမ့်ညွတ်လျက် ရှိသည်။ ကျောင်းတစ်ခုလုံးသည် အရှေ့မြောက်ဘက်သို့ ယိုင်နေသည်။

ဦးပဥ္စင်းတစ်ပါးသည် လူရွယ်အချို့ကို ကျောင်းရှေ့မြက်ခင်း၌ ဓားသိုင်းသင်ပေးနေသည်။ လူရွယ်များသည် ချမ်းစီးသော မြူနှင်းများအကြား၌ အင်္ကျီချွတ်ကြီးများနှင့် ရှိနေကြသည်။ သူတို့သည် ဓားသိုင်းကစားသည်ထက် ဆွမ်းပို့လာသော ကနန်းပျိုများကို ဟန်ရေးပြနေသည်နှင့် တူသည်။ ကျောင်းအရှေ့ဘက်တွင် စေတီပျက်များ ရှိသည်။ သူက ထိုနေရာသို့ လျှောက်သွားသည် စေတီပုံများက တစ်မျိုးဖြစ်သည်။ မိုးကောင်းဘုရား လေးဆူတွင်လည်း စေတီငယ် အမြောက်အများ ရှိသည်။ မိုးကောင်းစေတီများနှင့်အတူ သူ ယခု တွေ့မြင်နေရသော စေတီများသည် ခြားနားလှသည်။

သည်စေတီများကို ဖူးမြင်ရခြင်းမှာ ရှည်ရှည်လုံးလုံးကြီးများ ဖြစ်သည်။ ရုတ်ခြည်းဆိုလျှင် ကျွန်းပင်လုံးကြီးတွင် ထီးတင်ထားသည်နှင့် ဆင်သည်။

ဘုရားပျက်များအကြားတွင် ကျောက်ပြားကြီးတစ်ခု စိုက်ထားသည်ကို တွေ့ရသည်။ ကျောက်ပြားနှစ်ဖက်တွင် သံချွန်ဖြင့် ရေးခြစ်ထားသောစာများ ရှိသည်။ တစ်ဖက်တွင် ရေးထားသော စာများသည် ရှမ်းစာပင် ဖြစ်ဟန်ရှိသည်။ သို့ရာတွင် အချို့စာလုံးများကို သူ မဖတ်တတ်ချေ။ အခြားတစ်ဖက်မှ စာများကိုကား သူ လုံးဝ မဖတ်တတ်ချေ။ ရှမ်းစာလည်း မဟုတ်၊ မြန်မာစာလည်း မဟုတ်ချေ။

ဘုန်းကြီးကျောင်းအတွင်းမှ ထွက်လာသောအခါတွင်ကား နင်းများ ပါးသွားပြီ ဖြစ်သည်။ ကောင်းကင်သည် ပိတောက်နှစ်ကဲ့သို့ ရှိသည်။ အောက်ဘက်တွင် ရှိနေသော မြူပင်လယ်ကြီးသည် ဟိုတစ်စု၊ သည်တစ်စု ကွဲသွားပြီ ဖြစ်သည်။ ဆွမ်းပို့လာသူများ မရှိတော့။ ရေခပ်ဆင်းလာသော အမျိုးသမီးများကို တွေ့ရသည်။

သူ အားတက်သွားသည်။ ချောင်းသို့ ဆင်းရန် စောင့်သည်။ မှဲ့အနက်နှင့် အမျိုးသမီးကို မတွေ့ရ။ အချို့ အမျိုးသမီးများသည် ထင်းစည်းများနှင့် ပြန်လာသည်။ ဟင်းသီးဟင်းရွက်များနှင့် ပြန်လာသည်။ သူ ရှာဖွေနေသူကို မတွေ့ရ။ ထမင်းစားချိန်ရောက်မှ အိမ်သို့ ပြန်ခဲ့သည်။

မကျေနပ်သဖြင့် နေ့လယ်ဘက်တွင် တစ်ခေါက် ထွက်ပြန်သည်။ ချောင်းတွင် အမျိုးသမီးများ အဝတ်လျှော်နေကြသည်။ ရေချိုးနေကြသည်။ ယောကျ်ားများက အထက်ဘက်တွင် ချိုးသည်။ သို့ရာတွင် မိန်းမများ ချိုးသည်ကို လှမ်းမြင်ရသည်။ အင်္ကျီလုံချည်မပါဘဲနှင့် ပကတိအတိုင်း မြင်ရသောအခါ ဘကြီးမုံး၏ ပြောစကား မှန်ကန်ကြောင်း သူ လက်ခံရသည်။ ကနန်းသူများ ချောကြပေသည်။

သို့ရာတွင် သူ ရှာဖွေသော အမျိုးသမီးကို မတွေ့ရသဖြင့် စိတ်ကူး ရှုပ်နေရသည်။ ညနေဘက်တွင် တစ်ကြိမ် ရေခပ်ကြသူများ၊ ထင်းခွေကြသူများ၊ ဟင်းသီးဟင်းရွက် ထွက်ရှာသူများကို စိတ်ရှည်လက်ရှည် စောင့်ကြည့်ရှာဖွေသော်လည်း အချည်းနှီးပင်။ မှဲ့အနက်နှင့် အမျိုးသမီးသည် ပျောက်ကွယ်နေတော့သည်။

မိုးချုပ်မှ သူပြန်ခဲ့သည်။ ထမင်းဝိုင်းတွင် အားနာပါးနာနှင့် ထိုင်သည်။ ဘကြီးမုံး ရှာလာသော ငါးပြာအုံးသည် စားချင့်စဖွယ် မွှေးပျံ့နေသော်လည်း သူက ခံတွင်းမတွေ့ဘဲ ရှိနေသည်။ မုန်ညင်းကြော်သည် သူ့လျှာတွင် ခါးနေသည်။

သူတို့ ထမင်းစား၍ မပြီးမီတွင် ရွာလယ်က တုံးမောင်းခေါက်သံ ကြားရသည်။ လူများစီညံသည်။

"တစ်ခုခုတော့ ဖြစ်ပြီဟေ့။ လာ လာ သွားကြရအောင်"

ဘကြီးမုံးက ပြောပြောဆိုဆို ထမင်းဝိုင်းမှ ထသည်။ မောင်ရွှေဝါနှင့် ကိုပိတုန်းတို့လည်း စား၍ ပြီးလိုက်ကြသည်။ ဘကြီးမုံးက မောင်ရွှေဝါကို ဓားလွယ်နှင့် ရိုင်ဖယ် ပေးသည်။ ထို့နောက် တူမီးနှင့် လုံရှည်ကိုဆွဲ၍ အိမ်ပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။ သို့ဖြင့် မောင်ရွှေဝါလည်း လှေကားမှ

MMCYBERMEDIA
COMMUNITY FOR ALL

ဆင်းမနေတော့ဘဲ ဘကြီးမုံးအတိုင်း ခုန်ချလိုက်သည်။ သူ့နောက်မှ ကိုပိတုန်း လိုက်လာသည်။ ကိုပိတုန်း၏ လက်ထဲမှ မီးတိုင်နှင့် ဓားကတစ်ဖက်၊ ဒူးလေးက တစ်ဖက် ဖြစ်သည်။ လမ်းပေါ်တွင် သူတို့လိုပင် ကမျောသောပါး ပြေးလွှားသွားကြသော အခြားသူများကို တွေ့ရသည်။

ရွာသူကြီးအိမ်ရှေ့သို့ ရောက်သောအခါ သူတို့ထက် အရင်ရောက်နှင့်နေသူများကို တွေ့ရသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုလျက် ရှိကြသည်။ မကြာမီ လူ ငါးဆယ်ကျော် စုမိလာသည်။

ဘကြီးမုံးသည် ရှေ့ဆုံးသို့ ရောက်အောင် တိုးဝှေ့သွားသည်။ မောင်ရွှေဝါက ကပ်၍ လိုက်ပါသွားသည်။ ကိုပိတုန်းမှာမူ အလယ်လောက်တွင် နေရစ်သည်။

ရွာလူကြီးသည် လူဝကြီးတစ်ယောက် ဖြစ်သည်။ အသားမှာလည်း သူများထက် ပို၍ မည်းသည်။ လက်ပြင်ကျ၍ ခါးကိုင်းသဖြင့် လူဝံကြီးတစ်ကောင်နှင့် တူသည်။

ရွာသူကြီးအနီးတွင် ဦးပေါ်မန်း၊ ဦးအိုက်စံနှင့် အခြား လူကြီးသုံးလေးဦး ရောက်နှင့်နေသည်။ ကိုစောနွဲလည်း သူတို့နှင့် မရှေးမနှောင်း ရောက်ရှိလာသည်ကို မောင်ရွှေဝါ တွေ့ရှိရသည်။

လူစုံလောက်ပြီးကို တွေ့ရှိရသောအခါ ရွာသူကြီးသည် လှေကားတစ်ဝက်လောက်အထိ တက်၍ မတ်တတ်ရပ်ပြီး လက်ဝါးသုံးလေးချက် တီးလိုက်သည်။ ကျွက်ကျွက်ညံနေရာမှ တိခနဲ တိတ်သွားသည်။ ကညင်ဆီမီးတိုင်များ၏ အရောင်ကြောင့် ထိန်ထိန်လင်းနေသည်။ လူအားလုံး၏ မျက်နှာသည် တည်ငြိမ်လျက် ရှိသည်။ သူကြီးမင်း ပြောမည်ကို နားစွင့်နေကြသည်။

မောင်ရွှေဝါသည် ခြေဖျားထောက်၍ လည်ဆန့်ထားသည်။ စကားပြောသူ၏ မျက်နှာကို မြင်ရမှ သူ့နားက အားရသည်။ သို့သော် သူကြီးမင်း ပြောသောအခါတွင်ကား သူက မည်သို့မျှ နားမလည်ဘဲ ရှိနေတော့သည်။ အသံတိုး၍ သော်လည်းကောင်း၊ ဗလုံးဗထွေးနိုင်၍ သော်လည်းကောင်း၊ အပြောမဖြတ်မရှင်း၍ သော်လည်းကောင်း မဟုတ်ပါချေ။ ကနန်းဘာသာစကားဖြင့် ပြောကြားနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူက ဘကြီးမုံးကို ကပ်ရသည်။ ဘာသာပြန်ခိုင်းရသည်။

ယနေ့ နံနက်စောစောက ဟင်းသီးဟင်းရွက် ရှာဖွေရန် ထွက်ခွာသွားသော အမျိုးသမီးသုံးဦးသည် အချိန်တန်သော်လည်း အိမ်ပြန်မရောက်ဘဲ ရှိသဖြင့် အိမ်သူအိမ်သားများသည် စိုးရိမ်ပူပန်သဖြင့် လိုက်လံရှာဖွေကြသည်။

တော်တော်နှင့် မတွေ့ဘဲ ရှိကြသည်။ ကျားပင်ချီသွားသလော၊ လူဆိုးများပင် ဖမ်းသွားသလောဟု ပူပန်ကြရသည်။ ညနေစောင်းမှ သဲလွန်စ ရရှိကြသည်။ ရွာနှင့် အတော်လှမ်းသော အင်ကြင်းတောစပ်တွင် သဲလွန်စ တွေ့ရှိရသည်။ ဆူးကိုင်းတစ်ခုမှ ငြိကျန်ရစ်သော အင်္ကျီစတစ်စ ဖြစ်သည်။ ဟင်းရွက်ရှာ အမျိုးသမီးတစ်ဦး၏ အင်္ကျီမှ စုတ်ပြဲကျန်ရစ်ခြင်း ဖြစ်သည်။

ဆက်လက်၍ ရှာဖွေသောအခါ ယင်းအိတ်တစ်အိတ်နှင့် ဓားမြှောင်တစ်ချောင်း တွေ့ရသည်။ မြေသားပွသောနေရာတွင် စစ်ဆေးကြည့်သောအခါ လူဆယ်ဦးထက်မကသော ခြေရာကို တွေ့ရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးသုံးဦးကို လူဆိုးများ ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ ရှင်းနေသည်။ လိုက်လံရှာဖွေသူများသည် ခြေရာကောက်၍ လိုက်သွားကြသေးသည်။ သို့ရာတွင် အချိန်လည်း မရှိပြီဖြစ်၍ တစ်ကြောင်း၊ လူအင်အားလည်း မများသည်ဖြစ်၍ တစ်ကြောင်းကြောင့် ရွာသို့ အလျင်အမြန် ပြန်လာပြီး အကူအညီတောင်းခြင်း ဖြစ်သည်။

လူဆိုးများ ဖမ်းဆီး ခေါ်ဆောင်သွားသော အမျိုးသမီးသုံးဦးစလုံးသည် အပျိုကလေးများ ဖြစ်ကြသည်။ ဘုရားဒကာ ဦးခွန်ကျန်၏ သမီးလတ်စောကြိုင်နှင့် သမီးငယ်စောမြိုင် တို့ဖြစ်ပြီး၊ တတိယ အမျိုးသမီးငယ်ကား အခြားသူ မဟုတ်ဘဲ ဦးပေါ်မန်း၏ တစ်ဦးတည်းသော သမီးကလေး မနှင်းမြူပင် ဖြစ်တော့သည်။

ရွာသူကြီး သတင်းကြေညာချက် ပြီးဆုံးသောအခါ ပရိသတ်သည် ရုတ်ခြည်း စီလောင်လာသည်။ အချင်းချင်း ပြောဆိုဝေဖန်ကြသည်။ အချို့က မရှင်းသည်ကို မေးသည်။ အချို့က အကြံဉာဏ်ပေးသည်။ အချို့က ဘာမှန်းမသိ အော်နေသည်။ ဘကြီးမုံးနှင့် လူကြီးများ ခေါင်းချင်းရိုက်နေသည်။

မောင်ရွှေဝါမှာမူ သူ့အတွေးဖြင့် သူ မောနေသည်။ သူ တစ်နေ့လုံး ရှာဖွေနေသော ရေခပ်အမျိုးသမီးသည် လူဆိုးများ ဖမ်းဆီးသွားသော မိန်းမငယ်သုံးဦးတွင် တစ်ဦးအပါအဝင် ဖြစ်မည်ဟု တပ်အပ်ယူဆပြီး သွေးပူလျက် ရှိသည်။ မည်သို့ဆိုစေ သူနှင့် သိကျွမ်းနေပြီးဖြစ်သော ဦးပေါ်မန်း၏ သမီး ပါဝင်နေသည်ဖြစ်၍ သူက အေးအေး မနေသာပေ။ သို့ဖြင့် ရွာမှလူများ မည်သို့ ပြုမူမည်ကို အကဲခတ်ကြည့်သည်။

မည်းမည်းဝဝ သူကြီးမင်းသည် လှေကားပေါ်တွင် မရှိတော့ချေ။ ဘကြီးမုံးတို့အကြားတွင် ရောက်ရှိနေသည်။ ဦးအိုက်စံက လက်ဟန်ခြေဟန်ဖြင့် ပြောလျက်ရှိသည်။ ကိုစောနွံနှင့် လူရွယ်တစ်သိုက်မှာလည်း ဝိုင်းဖွဲ့လျက်ရှိသည်။

ထိုအခိုက်တွင် မည်သည့်နေရာမှ ပေါ်ထွက်လာသည် မသိသော လူတစ်ယောက်သည် စောစောက သူကြီးမင်းရပ်၍ စကားပြောသည့် လှေကားပေါ်သို့ ဝုန်းခနဲ ခုန်တက်လိုက်သည်။ ပန်းပွားနှစ်ခုနှင့် ကြိုးနီတပ်ဓားအိမ်မှ ငွေရိုးတပ်ငုက်ကြီးတောင်ဓားကို သူက အားမာန်ဖြင့် ဆွဲချွတ်လိုက်သည်။ သူ့မျက်လုံးများ ချင်းချင်းရဲနေသည်။ ထိုသူသည် အရက်မူးလျက်ရှိကြောင်းကို တစ်ချက်မြင်ရရုံနှင့် သိနိုင်သည်။ သူက ဖွေးဖွေးဖြူသော ဓားသွားကို ကညင်ဆီမီးရောင်တွင် တလက်လက်ဖြစ်စေပြီးနောက် တစ်စုံတစ်ခုကို ဒေါ်ကြီးမောကြီး အော်လျက်ရှိသည်။

ထိုသူ ဘာပြောမှန်း မသိသဖြင့် မောင်ရွှေဝါမှာ အခက်တွေ့နေရသည်။ သို့ဖြင့် ကိုပိတုန်းကို ကပ်ရသည်။ ငွေဓားနှင့်လူသည် အဖမ်းခံရသူ ညီအစ်မနှစ်ဦး၏ အစ်ကိုဖြစ်သူဟု ဆိုသည်။ အမည် နံ့ပန်း ဖြစ်သည်။ သူက ရွာသားများကို သတ္တိမရှိဟု ပြောဆိုပြီး သူ တစ်ယောက်တည်း သွားမည်ဟု ကြေညာနေသည်။

ပရိသတ်ထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်။ မောင်ရွှေဝါက ကြားရာသို့ ကြည့်လိုက်သည်။ အမျက်ခြောင်းခြောင်းဖြင့် ပြန်လည်အော်ဟစ်နေသူမှာ ကိုစောနွံ ဖြစ်သည်။ သူပြောသည့် စကားကို

နားမလည်သော်လည်း ခံပန်းကို ပြန်လည်ချေပနေကြောင်းမှာ သံသယရှိစရာ မလိုချေ။ လူနှစ်ဦးသုံးဦးက ခံပန်းကို ဆွဲခေါ်သွားသည်။ လူအုပ်ကြီးသည် ဆူညံလျက်ရှိသည်။ မီးတိုင်များ၊ ဓားလှံများ၊ သေနတ်များကို မြှောက်ယမ်းလျက် အော်ဟစ်နေကြသည်။

လေ့ကားပေါ်သို့ ဘကြီးမုံး တက်လာသည်။ အားလုံးငြိမ်သွားသည်။ ဘကြီးမုံးက စကားမပြောခင် ပရိတ်သတ်ကို ခေတ္တမျှ စူးစိုက်၍ ကြည့်သည်။ ထို့နောက်တွင်မှ အောင်မြင်လေးနက်သော လေသံဖြင့် တည်ငြိမ်ပြတ်သားစွာ ပြောသည်။ ကိုပိတုန်းက မောင်ရွှေဝါကို ဘာသာပြန်ပေးသည်။

ယခုအချိန်သည် အချင်းချင်း ရန်ဖြစ်ရမည့် အချိန်မဟုတ်ကြောင်း၊ အရေးကြီးက သွေးနီးကြရမည် ဖြစ်ကြောင်း၊ လောလောဆယ်တွင် မိန်းကလေးသုံးဦး ဒုက္ခရောက်နေသဖြင့် ရွာသားများသည် စည်းစည်းလုံးလုံး ရှိကြရမည် ဖြစ်ကြောင်း၊ ကယ်ဆယ်ရေး အစီအစဉ်များကို လူကြီးများက စီစဉ်ထားပြီး ဖြစ်ကြောင်း၊ သူတို့သည် ယခုပင် သုံးစုခွဲ၍ ထွက်ခွာကြမည် ဖြစ်ကြောင်း၊ တစ်စုသည် ညနေက ခြေရာခံမိသည့် လမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ်ကြီး လိုက်ရမည် ဖြစ်ကြောင်း၊ ကျန်နှစ်စုသည် လက်ဝဲလက်ယာ တောင်ပံအဖြစ် ရံ၍ လိုက်ကြရမည် ဖြစ်ကြောင်း၊ လိုအပ်လျှင် အစုကလေးများ ထပ်၍ ခွဲရမည်ဖြစ်ကြောင်း၊ လက်ဝဲစုကို သူ ခေါင်းဆောင်မည် ဖြစ်ကြောင်း၊ လက်ယာစုကို ဦးအိုက်စံ ခေါင်းဆောင်မည် ဖြစ်ကြောင်း၊ အလယ်စုကို သူကြီးမင်း ဦးဘိုးမိန်း ခေါင်းဆောင်မည် ဖြစ်ကြောင်းတို့ကို ဘကြီးမုံးက ရှင်းပြလိုက်သည်။

ချက်ချင်းပင် လူစုခွဲကြသည်။ ဦးပေါ်မန်းသည် ဦးအိုက်စံနှင့်အတူ လက်ယာစု၌ ပါသွားခဲ့သည်။ ကိုစောနွဲ့သည် ဘကြီးမုံးအစု၌ ဖြစ်သည်။ အလယ်စုတွင်ကား ခံပန်းနှင့် သူကြီး လူကြီးများ ပါရှိသည်။ ကိုပိတုန်းလည်း အလယ်စု၌ ပါသွားသည်။

## အခန်း -၅-

ဘကြီးမုံး၊ ကိုစောနွဲ့နှင့် မောင်ရွှေဝါတို့သည် လက်ဝဲစု၏ ရှေ့ဖျားမှ ဖိုခနောက်ဆိုင် လျှောက်သွားနေကြသည်။ ဘကြီးမုံးက ထိပ်ဆုံးမှဖြစ်သည်။ ကိုစောနွဲ့နှင့် မောင်ရွှေဝါတို့သည် ဘကြီးမုံးနောက်တွင် နှစ်လှမ်းခန့်ခွာ၍ ဘေးချင်းယှဉ်၍ လိုက်သွားကြသည်။ လမ်းကျဉ်း၍ တစ်ယောက်စီသွားရသော အခါတွင် မောင်ရွှေဝါက ဒုတိယ ဖြစ်သည်။

သူတို့အစုတွင် ပေါင်း လူဆယ်ဦးခန့်ပါသည်။ ဘကြီးမုံးကို လေးစားသည် တစ်မှုံ့၊ ကိုစောနွဲ့ကို ခင်မင်သည် တစ်မှုံ့ကြောင့် လူတော်တော်များများသည် သူတို့အစုတွင် လိုက်ပါလိုသော်လည်း ဘကြီးမုံးသည် လက်ရွေးစင် လူခုနစ်ဦးကိုသာ ခေါ်ခဲ့သည်။ အလယ်စုတွင် လူများများ ထည့်ပေးလိုက်သည်။

လူဆယ်ရောက်တွင် သေနတ်ငါးလက်၊ လှံသုံးစင်း၊ ဒူးလေးနှစ်ခု၊ ဓားဆယ်လက်ပါရှိလေသည်။ ရှေ့တွင် မီးတိုင်တစ်ခု၊ အလယ်တွင် တစ်ခု၊ နောက်ဆုံးတွင်တစ်ခု စသည်ဖြင့် ကညင်ဆီမီးတိုင် သုံးခုကို

MMCYBERMEDIA
COMMUNITY FOR ALL

ထွန်းညှိလာသည်။ မီးတိုင်အပိုများကိုလည်း လူတစ်ကိုယ်လျှင် တစ်ခုစီ ယူဆောင်ခဲ့ကြသည်။ သေနတ်ငါးလက် အနက် လေးလတ်သည် ရှမ်းတမီး ဖြစ်သော်လည်း တစ်လတ်သည် မျက်နှာဖြူလုပ် ဖြစ်သည်။

အစုသုံးစုသည် စပါးအင်းချောင်း ရေချိုးဆိပ် အလွန်မှစ၍ ခွဲကြခြင်းဖြစ်သည်။ ဘကြီးမုံးတို့အစုသည် ချောင်းရိုးအတိုင်း တောင်စူးစူးသို့ ဦးတည်၍ သွားကြသည်။

တပို့တွဲလဆန်း လေးရက်နေ့ညဖြစ်၍ လကို တောင်ထိပ်တွင် ခဏသာ မြင်လိုက်ရသည်။ ထို့နောက် ညသည် အေးသည်ထက် အေးလာသည်။ လေသည် တိုက်သည်ထက်တိုက်လာသည်။ မြေအပြင်နှင့် တောအလုံးသည် စွတ်စို၍ နေချေသည်။

သို့တစေလည်း သူတို့သည် မိန်းမပျိုသုံးဦး၏ ဘဝကို ဆယ်ယူရမည်ဖြစ်သဖြင့် မှောင်မည်းခြင်းနှင့် ချမ်းငိုက်ခြင်းကို ဂရုမပြုနိုင်ကြပေ။ သားရဲတိရစ္ဆာန်များနှင့် လူဆိုး သူခိုးများက ဘေးအန္တရာယ်ပေးနိုင်မှန်း သိသော်လည်း မတွန့်မဆုတ် ချီတက်ခဲ့သည်။

သူတို့သည် နားကိုသာ အားကိုးအားထားပြုနေရသဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောကြရချေ။ ခြေကျနှင့် အတိုးအဝှေ့ကို လုံနိုင်သမျှ လုံအောင် ထိန်းကြရသည်။ မကြာမကြာ ဆိုသလို ရပ်တန့်၍ နားစွင့်ကြရသည်။ နှာခေါင်းကို အသုံးပြုကြရသည်။ တောကောင်များ၏ ညှီစို့သော အနံ့၊ လူတို့၏ ချက်ပြုတ်စားသောက်သော အနံ့၊ ဆေးနံ့၊ အရက်နံ့၊ ချွေးနံ့ စသည်တို့ကို ခွဲခြားရှူရှိုက်ကြည့်ရသည်။

သို့ရာတွင် သူတို့သည် လေကိုစုန်၍ သွားကြရသဖြင့် များစွာမှအခက်အခဲရှိသည်။ မိမိတို့၏ အနံ့အသက်ကို ရန်သူက အရင်ရရှိသွားနိုင်သည်။ သူတို့သည် တတ်နိုင်သမျှ အကွေ့အကောက်ပြု၍ သွားကြရသည်။

ခုံးခုံးလုံးလုံးကြီးဖြစ်သော ဆင်တောင်သည် သူတို့ အထက်သို့ ရောက်သည်ထက်ရောက်လာသည်။ လေသည် တောင်းခါးပန်းကို ရိုက်၍ အနောက်ဘက်ကို ဝှေ့သွားနေသည်။ ဤကား ပို၍ ဆိုးချေသည်။ အမှန်အတိုင်းဆိုလျှင် ရန်သူသည် အနောက်အရပ်တွင် ပို၍ ရှိနိုင်သည်။

နောက်ဆုံးတွင် သူတို့သည် မည်သည့် အတားအဆီးမျှ မတွေ့ရဘဲ တောင်ခြေသို့ ရောက်သွားသည်။ လမ်းတွင် မျက်လုံးကြီးတစ်စုံကို တွေ့မြင်ခဲ့ပါသော်လည်း တောစည်းစောင့်ခဲ့ကြသည်။ ထိုပြင်ကား အမျိုးသမီးများ၏ အစအနကိုသော် လည်းကောင်း၊ လူဆိုးများ၏ အရိပ်အယောင်ကိုသော် လည်းကောင်း၊ မတွေ့ရဘဲ ရှိချေ သည်။ သို့ဖြင့် သူတို့သည် အရှေ့အနောက် သွယ်တန်းနေသော ဆင်တောင်အတိုင်း အနောက်ဘက်သို့ လိုက်ခဲ့ကြသည်။ မြောက်ဘက်သို့ အနည်းငယ်ပြန်ကွေ့သည်။

စပါးအင်းချောင်းသည် ဆင်တောင်ခြေရင်းအတိုင်း အတန်ငယ်ကွေ့၍ စီးဆင်းသွားပြီးနောက် ခဏအကြာမှာပင် တောင်ခေါင်းတစ်ခု အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။ တောင်ခေါင်းသည် စောက်ကြီးဖြစ်ဟန် ရှိသည်။ ရေကျသံကို ဆူညံစွာကြားရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီချောင်းဟာ တောင်ရဲ့ ဟိုဘက်ကနေ ပြန်မထွက်ဘူးလား"

မောင်ရွှေဝါသည် ကိုစောနွဲ့ကို လေသံဖြင့် မေးလိုက်သည်။

"မထွက်ဘူး"
"ဒါဖြင့်ဘယ်ရောက်သွားသလဲ"
"ဒီတောင်အောက်မှာပဲ ပျောက်သွားတာပဲ၊ နဂါးမင်းသမီးရဲ့ ရေကန်ထဲကို စီးဝင်သွားတယ်လို့ ပြောကြတာပဲ"
"နဂါးတောင်က ဟိုဘက်မှာ မဟုတ်လား"
"ဟုတ်တယ်။ နဂါးတောင်ကတော့ ဟိုဘက်မှာပဲ၊ ဒါပေမယ့် နဂါးပြည်က ဒီဆင်တောင်အောက်မှာလို့ ပြောကြတယ်"
"အရင်တုန်းက ဒီတောင်လေးလုံးက မြို့ရိုးကြီးတွေဆို"
"လူကြီးတွေ ပြောတာပဲ"
"ရှူး၊ စကားမပြောနဲ့၊ နားထောင်ကြ"

ဘကြီးမုံးက သတိပေးလိုက်သဖြင့် သူတို့အားလုံးနားစွင့်လိုက်ကြသည်။ ပထမ ဘာသံမှ မကြားရ။ လေလုံးရိုက်သံသာ ကြားရသည်။ ယနေ့ည တောင်အတော်ဆူသည်။ သို့ရာတွင် ဘကြီးမုံးက သူတို့ကို ဂရုစိုက်၍ နားထောင်စေလိုသည့် ဘဘောရှိသည်။ သို့ဖြင့် သူတို့သည် စိတ်ရှည်ရှည်ဖြင့် နားထောင်ကြရပြန်သည်။

သေနတ်သံတစ်ချက် ကြားရသည်။ မြောက်စူးစူးမှ ဖြစ်သည်။ လေကြောင်း သင့်သော်လည်း သဲ့သဲ့သာကြားရသဖြင့် ခရီးလှမ်းပုံရသည်။ နောက်ထပ် နှစ်ချက်ဆင့်ကြားရသည်။

"တွေ့နေပြီ၊ ဘိုးမိန်းတို့လူစုနဲ့တူတယ်။ စောစောက နှစ်ချက်ကြားတယ်။ မှောင်ကြီးထဲမှာ တစ်ဖက်နဲ့ တစ်ဖက် ချောင်းပြီး ပစ်နေကြပုံပဲ။ ဘိုးမိန်းတို့လူစုမှာ မုဆိုးကောင်းတော့ တစ်ယောက်မှ မပါဘူး"

ဘကြီးမုံးက ထင်မြင်ချက် ပေးလိုက်သည်။

"ကျွန်တော်တို့ လိုက်ကြမလား"

မောင်ရွှေဝါက မေးလိုက်သည်။ ဘကြီးမုံးက အတန်ကြာ စဉ်းစားနေသည်။

"အခုတိုင်းတော့ သေနတ်သံ ကြားရာကိုပဲ လိုက်ရမှာပ"

သို့ဖြင့် သူတို့သည် ခြေလှမ်းသွက်သွက်ဖြင့် လိုက်သွားကြသည်။ သို့ရာတွင် လမ်းဆိုး၍ တစ်ကြောင်း၊ တောဟူ၍တစ်ကြောင်း ခရီးမတွင်လှချေ။ သေနတ်သံသည် အချိန်ခြား၍ ထွက်ပေါ်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သေနတ်သံက သိပ်ကျဲနေတယ်။ လူဆိုးတွေဘက်က ကင်းလောက်ပဲဖြစ်ပုံရတယ်။ ကျွန်တော်တို့ လူတွေကတော့ ရန်သူကို မတွေ့လို့ မှောင်ထဲကို ရမ်းပစ်နေတာနဲ့ တူတယ်။ ဒီလိုမဟုတ်ရင်တော့ သေနတ်သံတွေ ဆူနေမှာပဲ"

ကိုစောနွဲ့က သူ၏ အယူအဆကို ပြောလိုက်သည်။ ဘကြီးမုံးက ဘာမှ ပြန်မပြောချေ။ သူ့ စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည့်အရာတစ်ခု ရှိပုံရသည်။ သို့ဖြင့် မောင်ရွှေဝါသည် နားနှင့်နာခေါင်းကို ကြိုးစား၍ အသုံးချနေသည်။

ဤသို့ဖြင့် သူတို့သည် ခရီးအတော်ပေါက်ခဲ့ကြသည်။ တောင်စွယ်တစ်ခုသည် မြောက်ဘက်သို့ ချွန်ထွက်နေသဖြင့် သူတို့သည် အောက်ခြေလမ်းအတိုင်း မြောက်ဘက်သို့ ပြန်၍ ထောင်နေကြရသည်။ တိုက်ပွဲသည် အဝေးတွင် ဖြစ်ပွားနေဆဲဖြစ်သည်။ သို့ရာတွင် သူတို့သည် သေနတ်သံကြားရာသို့ မသွားတော့ဘဲ နောက်ကြောင်းပြန်ခေါက်ရန်အကြောင်း ဖြစ်ပေါ်လာသည်။

ဘကြီးမုံးသည် တုံ့ခနဲရပ်လိုက်သည်။ ခေါင်းကိုဖြည်းညှင်းစွာ လှည့်၍ လေကိုရှိုက်၍ ရှိုက်၍ ရှူနေသည်။ ခေါင်းကို မော့လိုက် နိမ့်လိုက်ဖြင့် လေတွင် အနံ့ခံနေသည်။ မောင်ရွှေဝါသည် ယခုမှ အနံ့ခံမိသည်။

"ဒီအနံ့မျိုး ငါသိပါတယ်၊ ဘာနံ့လဲကွယ်"

"ဆင်နို့နံ့လေ"

မောင်ရွှေဝါက မဆိုင်းမတွ ပြောလိုက်သည်။ သူက သည်အနံ့မျိုးကို ကောင်းစွာ သိသည်။

"ဟုတ်တာပ၊ ဆင်နို့နံ့ပဲ၊ မောင်ရွှေဝါတို့က ဆင်တွေထဲမှာ ကြီးလာတော့ ဆင်နဲ့ ပတ်သက်ရင်တော့ တို့ထက် သိတာပ၊ နို့ပေမယ့် မင်းက နာစေးနေတာခက်တယ်၊ ငါဒီအနံ့ကို အစောကြီးကတည်းက ရနေတာ၊ ဘာမှန်း မသိလို့ခက်နေတာ"

"ကျွန်တော် ခုမှ အနံ့ရတယ်။ စောစောက သေနတ်သံတွေပဲ အာရုံပြုနေတယ်"

"တောထဲမှာ နားရော၊ နာခေါင်းရော အသုံးပြုရတယ်ကွယ့်၊ ခုလို ရန်သူကို ရင်ဆိုင်နေရတဲ့အခါမျိုးမှာ နားနဲ့နာခေါင်းက ပိုပြီးအရေးကြီးတာပကွယ်၊ တောထဲမှာ မျက်လုံးဟာ အလကားပဲကွယ့်"

"ဘကြီးမုံးကလည်း ဆင်က အရေးမကြီးပါဘူး။ တောပဲ ဆင်ရှိတာပ။ နောက်ပြီးဒါက ဆင်တောင်ပဲ။ အရေးကြီးတာက ဟိုမှာ တိုက်နေကြတာပဲ"

ကိုစောနွဲ့က စိတ်မရှည်ဟန်ဖြင့် ပြောသည်။

"ဒီလို ဘယ်ဟုတ်မလဲကွယ့်။ ခုနကပဲ မောင်စောနွဲ့ပြောတယ် မဟုတ်လား။ အခုကိုယ်နေတဲ့ လူဆိုးတွေဟာ ကင်းလောက်ပဲ ဖြစ်မယ်ဆို။ ဒီလိုဆို သူတို့ရဲ့ အချက်အချာရှိရမယ် မဟုတ်လား။ တို့ဟာ အခု သူတို့ဌာနချုပ်နားမှာ ရောက်နေတာ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ဒီတော့ ဆင်နို့နံ့ဟာ အရေးကြီးရမယ် မဟုတ်လားကွယ့်။ ဆင်ရိုင်းသာဆိုရင် အခုနေ တို့တွေ စေ့စေ့ညက်ညက်ကြေနေပြီ။ ဆင်ဆိုလို့ ဘယ်သူတွေရဲ့ ဆင်ပဲ ဖြစ်မလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"နေဦး ဘကြီးမုံ့၊ ကျွန်တော်စမ်းကြည့်မယ်"

မောင်ရွှေဝါက ယင်းသို့ပြောလိုက်ပြီးနောက် ဘယ်လက် လက်ဖဝါးဖြင့် နှုတ်ခမ်းကို ညှပ်ကိုင်ကာ ဆင်ကလေးအော်သံ ပြုလိုက်သည်။ မိခင်ပျောက်သွားသည့်အခါတွင်လည်းကောင်း၊ နို့ဆာသည့်အခါတွင် လည်းကောင်း အော်သည့်အသံမျိုးဖြစ်သည်။

မရှေးမနှောင်း ဆင်တစ်ကောင်၏ အော်သံသည် သူတို့နှင့် မလှမ်းမကမ်းမှ ထွက်ပေါ်လာသည်။ တစ်တောလုံး ဟိန်းသွားသည်။

"ဟုတ်တယ်ကွဲ့၊ ဒီနေရာမှာ မောင်ရွှေဝါတို့ ကျွမ်းကျင်သပကွယ်"

"ဘိုးဘိုး ဘကြီးမုံး၊ ဆင်မနဲ့ ကျွန်တော်တို့နဲ့က အတောင်တစ်ရာလောက်ပဲ ဝေးတယ်။ ဒီဘက်ကပဲ ကျွန်တော်တို့လာခဲ့တဲ့၊ လမ်းကြောင်းနဲ့ဆိုရင် ကပ်နေတာပဲ"

"အံ့ဩစရာပဲကွယ်၊ တို့က သူတို့ကို မသိဘူးထားဦး၊ သူတို့ကကော တို့ကို မသိဘူးလား"

"ဘကြီးမုံးအနံ့ခံကြည့်စမ်း၊ မီးကို ရေနဲ့ငြိမ်းထားလို့ တငွေ့ငွေ့လောင်နေတဲ့ အနံ့မျိုး ရတယ်"

ကိုစောနွဲ့က ပြောလိုက်သည်။

"ဟုတ်တာပ၊ ရန်သူတွေက တို့လာတာကို အဝေးကြီးက မြင်ရလို့ မီးတွေငြိမ်းထားပြီး ပုန်းနေခဲ့ကြတာပဲ"

"ကျွန်တော်တို့ ဘာပြုလို့ မတိုက်သလဲ"

"သူတို့ အနေနဲ့ မတိုက်သင့်လို့ပေါ့ကွယ်၊ ကဲ- လာကြ၊ သူတို့က မတိုက်ပေမယ့် တို့က ပြန်တိုက်ကြရအောင်၊ မီးတွေကို ငြိမ်းကြ ခြေသံဖျောက်ကြ"

ဘကြီးမုံးက အမိန့်ပေးလိုက်သဖြင့် မီးတိုင်သုံးခုကို ငြိမ်းလိုက်ကြသည်။ ထို့နောက် သတိကြီးစွာဖြင့် ဆင်အော်သံကြားရာသို့ သွားကြသည်။

သို့ရာတွင် ဆယ်လှမ်းမျှ မပြည့်မီတွင် သူတို့ရှေ့တည့်တည့် ဝါးတစ်ရိုက်ခန့်မှ မိန်းမသံတစ်ခု ထွက်ပေါ်လာသည်။

"ဘကြီးမုံး"

တစ်ဖက်မှ ခေါ်သံထွက်ပေါ်လာပြန်သည်။ ဘကြီးမုံးက ကိုစောနွဲ့ဘက်သို့ လှည့်၍ လေသံဖြင့်...

"ဘယ်သူ့အသံလဲကွယ့်၊ ဒီအသံမျိုး ငါကြားဖူးပါတယ်၊ နင်းမြို့အသံလည်း မဟုတ်ပါဘူး၊ စောကြင်တို့ စောမြိုင်တို့ အသံတွေကလည်း အက်တတ်တတ်တွေပါ"

"စောမြိုင်တို့ အသံလည်းမဟုတ်ဘူး၊ နင်းမြို့အသံလည်းမဟုတ်ဘူး"

ကိုစောနွဲ့က ပြန်ပြောသည်။ သို့ဖြင့် သူတို့အားလုံး ရှေ့မတိုးရဲဘဲ ရှိနေသည်။ ဘာကိုမှာ မမြင်ရဘဲ ဘကြီးမုံး၏ အမည်ကိုသာ ခေါ်သံကြားနေရသဖြင့် မကြံတတ်ရှိနေကြ သည်။

"ဘကြီးမုံး"

ယခုတစ်ကြိမ် တစ်ဖက်မှ ခပ်ကျယ်ကျယ် အော်လိုက်သည်။

"ဘယ်သူလဲကွယ့်"

ဘကြီးမုံး သစ်ပင်တစ်ပင်ကို ကွယ်ရင်း မေးလိုက်သည်။

"ကျွန်မပါ"
"ဘယ်က ကျွန်မလဲ"
"အသံ မကျက်မိဘူးလား၊ မောင်ကြီးရွှေဝါကော ကျွန်မအသံကို မသိဘူးလား"

တစ်ဖက်မှ ယင်းသို့ ပြောလိုက်သော အခါတွင်မှ ဘကြီးမုံးနှင့် မောင်ရွှေဝါသည် တစ်ဦးကို တစ်ဦး အထိတ်တလန့် ကြည့်မိကြသည်။ သို့သော် မှောင်နေ၍ သဲကွဲစွာ မမြင်ရ။

"မဖျိုင်းဖြူ"

ပြိုင်တူ ရေရွတ်လိုက်မိကြသည်။

"မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ"

ဘကြီးမုံးက မေးလိုက်သည်။

"ဘကြီးမုံးတို့ ဘာလာလုပ်တာလဲလို့ ကျွန်မတို့က မေးရမှာ၊ ကဲလေ ဒါတွေနောက်မှ ပြောတာပေါ့၊ အခု ဘကြီးမုံးတို့ ကျွန်မတို့ဆီ လာမလား၊ ဘကြီးတို့ အားလုံးပေါင်း လူဆယ်ယောက်မဟုတ်လား။ သေနတ်ငါးလက်ပါတယ်မဟုတ်လား။ ရဲရဲသာ လာခဲ့ကြပါ။ ကျွန်မလူတွေက ဘာမှ မလုပ်စေရပါဘူး။ ဘကြီးမုံးတို့ လူတွေသာ ဘာမှမလုပ်စေနဲ့"

ဘကြီးမုံးက သူ့လူများကို တိုင်ပင်သည့်အနေဖြင့် ကြည့်လိုက်ပြန်သည်။ အနီးတွင် ကပ်နေသော ကိုစောနွဲ့နှင့် မောင်ရွှေဝါတို့ကိုသာ ရေးရေးမြင်ရသည်။

"သွားကြတာပေါ့"

မောင်ရွှေဝါက ပြောလိုက်သည်။ ထိုစဉ်တွင် မဖျိုင်းဖြူတို့ရှိရာမှ မီးတိုင်တစ်ခုလင်းလာသည်။ မဖျိုင်းဖြူနှင့် မဖျိုင်းညိုကို မြင်ရသည်။

"မောင်ကြီးတို့ မီးတိုင်တွေထွန်းကြလေ"

MMCYBERMEDIA
COMMUNITY FOR ALL

မီးတိုင်သုံးခုကို ပြန်၍ ထွန်းလိုက်သောအခါ တောအုပ်သည် လင်းသွားသည်။ သူတို့ဘေးနှစ်ဖက်တွင် ဓား၊ သေနတ်ကိုင်သူများ ရှိနေသည်ကို တွေ့ရသည်။ ရန်သတ္တုရုပြမည့် အရိပ်အယောင်မတွေ့ရ၊ သို့ရာတွင် သူတို့ကသာ တစ်ချက်ကလေး ခြေလှမ်းမှားလိုက်လျှင် ရှောင်တခင် ထိုးကြ၊ ခုတ်ကြ၊ ပစ်ကြ၊ ခက်ကြပေလိမ့်မည်။

မောင်ရွှေဝါသည် ဘေးမှ လူများကို လုံးဝဂရုမစိုက်သည့်အနေဖြင့် ရှေ့ဆုံးမှ လျှောက်သွားသည်။ ဘကြီးမုံးနှင့် ကိုစောနွဲ့တို့သည်လည်း ကြောက်ရွံ့ဟန် မရှိချေ။ သို့ရာတွင် ကျန်ခုနစ်ယောက်ကား မရဲတရဲဖြင့် လိုက်ပါသွားကြသည်။ အဝေးမှ သေနတ်သံသည် နား၍ နား၍ ထွက်ပေါ်ဆဲဖြစ်သည်။

"ကိုယ့်အသက်သခင်တွေကို ဒီလိုပဲ ကျေးဇူးဆပ်ကြသလား"

မောင်ရွှေဝါက မဖျိုင်းဖြူနှင့် တစ်လှမ်းအကွာတွင် ရပ်လိုက်ပြီး ခပ်ဆတ်ဆတ် မေးလိုက်သည်။ အမျိုးသမီးက နှစ်လိုဖွယ်ရာပြုံး၍...

"ဒေါသကြီးလှချည်လား မောင်ကြီးရဲ့၊ ကျွန်မတို့က ဘာများ အမှားအယွင်းလုပ်သေးလို့တုန်း"

"အခုဟာက ဝိုင်းထားတာ မဟုတ်ဘူးလား"

"ကြိုတာပါ၊ ဘကြီးမုံးနဲ့ မောင်လေးရွှေဝါဟာ ဖျိုင်းဖြူတို့ရဲ့ ကျေးဇူးရှင်ပါ၊ ညှဲ့သည်ပါ၊ မောင်ကြီးနဲ့ မောင်ကြီးလူတွေ မှဲ့တစ်ပေါက်မှ မစွန်းစေရပါဘူး"

"ဟုတ်သားပဲ မောင်ရွှေဝါရဲ့၊ အခုလို အချိန်မျိုးမှာ မဖျိုင်းဖြူတို့နဲ့ တွေ့ရတာ တို့အဖို့ဟန်ကျတာပေါ့၊ သူတို့ဆီက အကူအညီရနိုင်တာပေါ့၊ ဟိုတစ်နေ့က မိန်းကလေးတို့ မပြောမဆိုဘဲ ထွက်သွားလို့ သူက စိတ်ဆိုးနေတာကွယ့်"

ဘကြီးမုံးက ဝင်ပြောသည်။ ကိုစောနွဲ့က မဖျိုင်းဖြူကို စူးစူးဝါးဝါးကြည့်နေသည်။ ယင်းကို အမျိုးသမီးက သတိပြုမိပုံရသည်။ ယင်းကြောင့်...

"ကဲ လာကြ၊ မဖျိုင်းဖြူတို့ စခန်း သွားကြရအောင်၊ ဟိုကျမှ စကားပြောတာပေါ့"

မဖျိုင်းဖြူက ရှေ့မှ ထွက်သွားသည်။ သူတို့လည်း အခြားနည်းလမ်း မရှိသဖြင့် လိုက်ပါသွားကြရသည်။

မလှမ်းမကမ်းမှ မီးတိုင်များ တစ်ခုပြီးတစ်ခု လင်းလာသည်။ မီးပုံကြီးတစ်ခု တက်လာသည်။ မကြာမီ သူတို့သည် မီးပုံကြီးအနီးသို့ရောက်ရှိသွားပြီး အနွေးငွေ့ရလာသည်။ မီးပုံ၏ တစ်ဖက်တွင် မက်စောက်သော တောင်စောင်းတစ်ခုရှိသည်။ ယင်းတောင်စောင်းတွင် ဥမင်လေး ငါးခုရှိသည်ကို မြင်ရသည်။ ဥမင်များအတွင်းမှလည်း မီးရောင်များလင်းလာသည်။ မီးပုံနှင့် မလှမ်းမကမ်းရှိ အင်ကြင်းပင်ကြီးအောက်၌ ဆင်းသားအမိရှိသည်။ ဆင်မကြီးသည် အစွယ်ကောက်သည်။ ဆင်ကလေးက လသားသာ ရှိသေးသည်။

"ကျွန်မတို့အထဲတော့ သစ္စာဖောက်ပေါ့"

မဖျိုင်းဖြူက ဆင်မကြီးကို ကြည့်၍ ပြောလိုက်သည်။

"ဘယ် ဒီလို ဟုတ်မလဲကွယ်၊ ကိုးလလွယ် ဆယ်လမွေးတဲ့လူတောင် ကိုယ့်ကလေး ကိုယ်ချစ်ရသေးရင် တစ်နှစ်နဲ့ ကိုးလလုံးလုံးလွယ်ရတဲ့ ဆင်မကြီးဟာ သူ့ကလေးကို ဘယ်မှာမချစ်ပဲ နေပါ့မလဲ"

ဘကြီးမုံးက ပြောလိုက်သည်။

"နေစမ်းပါဦး၊ စောစောက ဆင်ကလေးလို အော်တာ ဘယ်သူလဲ"

"မင့်မောင်ကြီးပေါ့"

"ဟုတ်သားပဲနော်၊ မောင်ကြီးက ခွန်တွေက ဆင်ကိုနိုင်လှတယ်ဆိုပဲ၊ ကဲ- ဒီမီးဖိုဘေးမှာပဲ ထိုင်ကြရအောင်၊ မဖျိုင်းညိုက လက်ဖက်ရည်နဲ့ အမြည်းလုပ်ပါနော"

သို့ဖြင့် မီးပုံကိုဝိုင်း၍ ထိုင်လိုက်ကြသည်။ မောင်ရွှေဝါက လင့်တောညကို အမှတ်ရမိသည်။ မဖျိုင်းဖြူသည် ထိုနေ့ကလိုပင် ထမီအနက်၊ အင်္ကျီရင်ကွဲအပြာ၊ ခါးစည်းအနီနှင့်ဖြစ်သည်။ အမျိုးသမီးက ပြုံးချိုသော မျက်လုံးဖြင့် သူ့ကို ရဲရင့်စွာကြည့်၍...

"ဟိုနေ့က မောင်ကြီးတို့ကို မပြောပဲ ထွက်ခဲ့မိတာတော့ နမလည်း စိတ်မကောင်းပါဘူး၊ မောင်ကြီးစိတ်ဆိုးရင် တောင်းပန်ပါတယ်၊ နမတို့မှာ အကြောင်းကိစ္စရှိနေလို့ပါ၊ နောက်တစ်ချိန်ကျရင် ဘကြီးမုံးတို့ တောင်းပန်ဖို့၊ ကျေးဇူးဆပ်ဖို့ နမတို့မှာ အကြံအစည်ရှိပါတယ်၊ နို့ပေမယ့် မောင်ကြီးတို့နဲ့ ဒါလောက်မြန်မြန်ကြီး ပြန်တွေ့ရလိမ့်မယ်လို့၊ အခုလိုမျိုး တွေ့ရလိမ့်မယ်လို့ မထင်ခဲ့ပါဘူး"

မောင်ရွှေဝါသည် အမျက်ပြေသွားဟန်ရှိသည်။ သို့ရာတွင် ဘာမှပြန်မပြောပဲ အမျိုးသမီးကို တွေ၍သာ ကြည့်နေသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ခုကို နက်နက်နဲနဲစဉ်းစားနေဟန်ရှိသည်။

မဖျိုင်းဖြူကို မျက်တောင်မခတ်ကြည့်နေသူမှာ မောင်ရွှေဝါ တစ်ယောက်တည်း မဟုတ်ချေ။ ကိုစောနွံမှာလည်း တွေကတည်းက အမျိုးသမီးကို အထပ်ထပ်အဖန်ဖန် ကြည့်နေသည်။

မဖျိုင်းညိုသည် မီးပုံကြီးအနီးမှာပင် ဖိုခနောက်သုံးခုပြု၍ မြေအိုးကြီးများနှင့် ရေနွေးကျိုသည်။ ကောက်ညှင်းကျည်တောက်များနှင့် ဆတ်သားခြောက်များ ယူလာသည်။

"ကဲကွယ် ပြီးတာတွေ ပြီးပါစေတော့၊ အခုတော့ ငါ့တူမကြီး ဘယ်သူဆိုတာ အစစ်အမှန် ပြောချိန်တန်ပြီ မဟုတ်လား"

ဘကြီးမုံးက ရယ်မော၍ ပြောလိုက်သည်။

"အခုမှတော့ မပြောလို့ ဘယ်ဖြစ်တော့မလဲ ဘကြီးမုံး၊ သူတို့ဖမ်းလာတဲ့ မိန်းကလေး သုံးယောက်ဟာ တောင်လေးလုံးရွာက ဆိုကတည်းက ဘကြီးမုံးတို့များ လိုက်လာမလားလို့ မဖျိုင်းညိုနဲ့ ကျွန်မ ပြောနေမိသေးတယ်။ မဖျိုင်းဖြူနဲ့ မဖျိုင်းညိုဆိုတာကတော့ တမင်ပြောခဲ့တဲ့ နာမည်တွေပါပဲ။

MMCYBERMEDIA
COMMUNITY FOR ALL

ကျွန်မတတို့က မင်းပြစ်မင်းဒဏ်နဲ့ မကင်းတဲ့သူတွေမို့ ဘကြီးမုံးတို့ကို ရုတ်တရက် အမှန်မပြောဖြစ်တာပါပဲ၊ ဒါပေမယ့် အကြာကြီးဖုံးကွယ်ထားဖို့ စိတ်ကူးမရှိပါဘူး၊ ကျွန်မနာမည် ထားခင်ခင်ပါ"

"မှုံးမှိုး မတ်မျိုးလားကွယ့်"

"ကျွန်မတို့အဘိုးဟာ သာယာဝတီမင်း လက်ထက်မှာ အက္ကပတ်မြင်းဝန် ဖြစ်ပါတယ်၊ မတ္တရာသူပုန်မှာ ပါဝင်ပြီး အရေးရှုံးနိမ့်တဲ့အခါမှာ လက်လွတ်ထွက်ပြေးခဲ့ရပါတယ်။ အဘိုးဟာ ချင်းတွင်းမြစ်ကြောင်းအတိုင်း ဝေသာလီကိုအပြေး လမ်းခရီးမှာ ကျွန်မတို့အဘွားနဲ့အိမ်ထောင်ကျခဲ့ပါတယ်။ အဘိုးလည်း ဝေသာလီကို မသွားတော့ပဲ လယ်ယာလုပ်ကိုင်ပြီး စားသောက်ခဲ့ပါတယ်။ ကျွန်မရဲ့အမေနဲ့အဖေလည်း မင်းစိုးရာဇာများနဲ့ မပတ်သက်ဘဲ အေးအေးချမ်းချမ်းပဲ နွားနဲ့ဖက်ပြီး နေထိုင်စားသောက်ခဲ့ပါတယ်၊ နို့ပေမယ့် ကျွန်မကျတော့ မလွဲသာမရှောင်သာဖြစ်ပြီး ဘုရင့်အာဏာစက်နဲ့ ဆန့်ကျင်ခဲ့ပါတယ်၊ အခုတော့ လူတွေက ကျွန်မကို သမန်မင်းသမီး ထားခင်ခင်လို့ ခေါ်ကြပါတယ်။ ဓားပြဗိုလ်ဆိုရင်လည်း ဟုတ်ပါတယ်၊ သူပုန်ခေါ်ရင်လည်း ဖြစ်ပါတယ်၊ မောင်ကြီးတို့ကတော့ မဖျိုင်းဖြူဆိုတဲ့ အမည်ကို နှစ်လိုရင် မဖျိုင်းဖြူလို့ပဲ ခေါ်ကြပါ"

"ကျုပ်တို့ရွာက မိန်းကလေးသုံးယောက် အခု ဒီမှာ ရှိတယ်ပ"

ကိုစောန္တဲ့က မေးလိုက်သည်။ သည်တော့မှ ဘကြီးမုံးနှင့် မောင်ရွှေဝါတို့လည်း သူတို့လာရင်းကိစ္စကို သတိရမိသည်။ ရွာသား ခုနစ်ဦးကလည်း မဖျိုင်းဖြူကို ပြိုင်တူ ခေါင်းထောင်၍ ကြည့်လိုက်ကြသည်။

မဖျိုင်းဖြူက အဖြေမပေးသေးပဲ ကိုစောန္တဲ့ကို မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

"သူက ဘကြီးမုံးရဲ့ တူတစ်ယောက်ပဲကွယ့်၊ ရွာမှာတော့ အင်မတန်သတ္တိပြည့်ပြီး ဓားရေး၊ လှံရေး ကောင်းတဲ့ လူရွယ်တစ်ယောက်ပဲ"

ဤတွင်မှ အမျိုးသမီးသည် ပြုံးလိုက်ပြီး…

"ကောင်းကောင်းမွန်မွန်ရှိကြပါတယ်၊ ဒီအကြောင်းကို နောက်မှ အေးအေးဆေးဆေးပြောကြတာပ၊ သူတို့ကကော ဘကြီးမုံးတူမတွေလား"

"ရပ်ဆွေရပ်မျိုးတွေပကွယ်၊ ကိုယ့်ရွာက မိန်းကလေးတွေကို လူဆိုးတွေဖမ်းသွားတယ်ဆိုတော့ ဘကြီးမုံးတို့ လိုက်ကြရတော့တာပ"

"အေးပ၊ ဘကြီးမုံးတို့ကတော့ လူဆိုးတွေ ဖမ်းသွားတယ်လို့ ပြောတော့မှာပ၊ ကျွန်မတို့က လူဆိုးတွေကိုး၊ ကျွန်မတို့ ဘာဖြစ်လို့ လူဆိုးဖြစ်နေကြရတယ်ဆိုတာနဲ့ သူတို့ကို ဘာဖြစ်လို့ ဖမ်းရတယ်ဆိုတာ ဘကြီးမုံးတို့ မသိဘဲကိုး"

"သူတို့ကို ဘာဖြစ်လို့ ဖမ်းတာလဲ မဖျိုင်းဖြူ၊ ဒီမိန်းကလေးသုံးယောက်က မဖျိုင်းဖြူတို့ကိုဘယ်လိုများ ရန်မူလို့လဲ"

ကိုစောန္တဲ့ မေးလိုက်သည်။

"ကျွန်မတို့က ဘယ်သူ့ကိုမှ အကြောင်းမဲ့ မလုပ်ပါဘူး၊ အခုကိစ္စမှာလည်း ကျွန်မတို့အနေနဲ့ မလုပ်မဖြစ်လို့ လုပ်ရတာပါ၊ နို့ပေမယ့် ဒီကလေးမကလေးတွေအတွက် အခုလို ဘကြီးမုံးနဲ့

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ကြီးရွှေဝါတို့ လိုက်လာကြမှာတော့ တစ်မျိုးစီစဉ်ရသေးတာပ၊ အေးအေးဆေးဆေး လက်ဖက်ရည်သောက်ကြပါဦး”

“ဖြည်းဖြည်းဆေးဆေး လုပ်လို့မရဘူး ထင်တယ်၊ ဟိုမှာတိုက်တဲ့လူတွေက တိုက်နေကြတယ်”

“ဟုတ်သားပ၊ ဗိုလ်ယက္ခတို့ တိုက်နေကြတာကို ကျွန်မမေ့နေတယ်၊ ဟုတ်ပြီလေ၊ ဗိုလ်ယက္ခတို့ကို တော်ကြ တန်ကြဖို့ ကျွန်မ လူလွှတ်ပြီး ပြောလိုက်မယ်၊ နို့ပေမယ့် မောင်ကြီးစောနွံတို့ လူတွေက ရပ်တန်းက ရပ်ကြပဲ့မလား”

“ကျုပ်တို့ဆီမှာလည်း လူထည့်လိုက်မှာပ၊ ဘကြီးမုံး ဘယ်သူ့ကို ထည့်လိုက်မလဲ”

“ငါပဲလိုက်သွားမှထင်ပါတယ်၊ သူများတွေက ကိစ္စမရှိဘူး၊ ဟိုကောင် ခံ့ပန်းက ပေကပ်ကပ်မူးတူးတူးနဲ့ တလွဲတချော်တွေ ဖြစ်ကုန်မှာစိုးရတယ်”

ဘကြီးမုံးပြောသည်နှင့်အတူ ထိုင်ရာမှ ထလိုက်သည်။

“ဘကြီးမုံး မသွားလို့မဖြစ်ဘူးလား”

မဗျိုင်းဖြူက ဘကြီးမုံးကို မသွားစေလိုသည့် အမူအရာဖြင့် မေးလိုက်သည်။

“မဖြစ်ဘူး၊ လာဟေ့ ကောက်ရ၊ ငါနဲ့လိုက်ခဲ့”

ဘကြီးမုံးက အသက်အစိတ်ခန့် လူရွယ်တစ်ဦးကို ခေါ်လိုက်သည်။

“ဘကြီးမုံး ပန်းနေမယ်နော်၊ ခရီးအတော်ထောက်တယ်”

“ငါသွားနိုင်ပါတယ်”

“နောက်ပြီးတော့ ဟိုလူတွေ မရောက်ခင် ကောင်မကလေး သုံးယောက်အကြောင်း ပြောနင့်ရအောင်ပါ”

“မောင်ရွှေဝါတို့၊ မောင်စောနွံမူတို့နဲ့ပြောပါ”

မဗျိုင်းဖြူက ဘကြီးမုံးကို ဘာမှပြန်မပြောတော့ဘဲ သူ့လူနှစ်ယောက်ကို ဘကြီးမုံးနှင့် အတူလွှတ်ရန် အသေအချာ စီစဉ်မှာကြားလျက်ရှိသည်။ ရေနွေးအိုးများဆူပြီဖြစ်၍ မဗျိုင်းညိုက ပေါ်ဦးစ လက်ဖက်ခြောက် အညွန့်အလိပ်များကို ခတ်လျက်ရှိသည်။

အမှောင်ထဲတွင် ဘကြီးမုံးတို့ ပျောက်ဝင်သွားသောအခါ...

“မောင်ကြီးရွှေဝါကတော့ ဧည့်သည်မို့ ဘာမှသိမှာမဟုတ်ဘူး၊ မောင်ကြီးစောနွံကတော့ အူကအစ သိကောင်းပါတယ်၊ ကျွန်မကပဲ မောင်းကြီးစောနွံကို အရင်မေးရမယ်၊ ကျွန်မရဲ့အမေးအမြန်းကို မောင်ကြီး မကွယ်မဝှက်ဖြေမလား”

“ကျုပ် ဘယ်တော့မှ မလိမ်မညာဘူး”

“နို့ဖြင့် စောစောက ဘကြီးမုံးပြောတဲ့ ခံ့ပန်းဆိုတဲ့လူဟာ ကျွန်မလက်ထဲမှာ ရှိတဲ့ စောကြိုင်၊ စောမြိုင် တို့ရဲ့ အစ်ကိုပဲမဟုတ်လား”

“ဒါဘာကွယ်စရာ လိုသလဲ၊ ကလေးတွေတောင်သိတာပဲ”

ကိုစောနွဲ၏အသံတွင် မကျေနပ်မှု ဝင်နေသည်။ မဖျိုင်းဖြူက ခပ်မြုံးမြုံး ပြုံး၍...

"သူဟာ အမြဲတမ်း သောက်စားမူးယစ်ပြီး သူတစ်ပါး သားပျို သမီးပျိုတွေကို ဖျက်စီးနေတဲ့ လူတစ်ယောက်မဟုတ်လား"

မဖြေတော့၊ ကိုစောနွဲသည် မဖျိုင်းဖြူကို ငေးစိုက်ကြည့်နေသည်။

"ပြောလေ၊ မောင်ကြီးစောနွဲဟာ ဘယ်တော့မှ မလိမ်တတ် မညာတတ်ဘူးဆို၊ ကောင်းပြီ၊ ကျွန်မမေးဦးမယ်၊ ခုံပန်းဟာ ဘုရင့်လူတွေနဲ့ပေါင်းပြီး ပင်းခါးအောင်ရွာက လူတွေကို ညှင်းပန်း နှိပ်စက်သွားတယ် မဟုတ်လား၊ ပစ္စည်းတွေလုယူသွားတယ် မဟုတ်လား"

မောင်ရွှေဝါသည် ကိုစောနွဲကို တစ်လှည့်၊ မဖျိုင်းဖြူကို တစ်လှည့် ကြည့်နေသည်။

"ဟုတ်ပြီပဲထားပါ၊ ကျုပ်တို့ရွာက ဒီကောင်ကို လူစာရင်းထဲ မထည့်ပါဘူး၊ ကျုပ်တို့ အခုပြောနေတာက ကောင်မလေး သုံးယောက်အကြောင်းပါ"

မဖျိုင်းဖြူက ရယ်လိုက်သည်။

"ကောင်မလေးနှစ်ယောက်က သူ့နှမလေ"

မောင်ရွှေဝါသည် သောက်လက်စ ရေနွေးပန်းကန်ကို ချထားလိုက်ပြီး...

"နို့ဖြင့် နှမတို့က ဒီကောင်မလေးတွေကို လူပြန်ပေးဆွဲကြတာပေါ့"

"ဟုတ်ပါတယ် မောင်ကြီးရွှေဝါ"

"ဟုတ်ပြီလေ၊ ဘာနဲ့ရွေးယူရမလဲ"

"ခုံပန်း"

သူမအဖြေကြောင့် တောင်လေးလုံးရွာသားများအားလုံး မျက်လုံးပြူးသွားကြသည်။

"မရွေးဘူးဆိုရင်ကော"

"ကလေးမလေးတွေ ကံဆိုးတာပေါ့"

"မဆိုင်တဲ့လူ ဒုက္ခရောက်ရကောလား"

"ကျွန်မတို့က ခုံပန်းကို အသေဖြစ်ဖြစ်၊ အရှင်ဖြစ်ဖြစ်လိုချင်ကြတယ်"

"ခုံပန်းကိုလိုချင်ရင် ခုံပန်းကို ဖမ်းပေါ့"

"သူ့ကို မမိလို့ သူ့နှမကို ဖမ်းခဲ့ရတာပေါ့၊ သူ့ကိုမိဖို့ ရွာကိုစီးရင် လူအသေအပျောက် များမယ်မဟုတ်လား၊ အခုတော့ ကောင်မလေးတွေ လွှတ်စေချင်ရင် ရွာက သူ့ကိုဖမ်းပြီးအပ်ကြပေါ့"

"ကောင်မလေးတစ်ယောက်က ခုံပန်းနဲ့ ဘာမှမဆိုင်ဘူး"

"မနင်းဖြူဆိုတဲ့ ကောင်မလေးကလား၊ ဟုတ်တာပ၊ သူက စောကြိုင်တို့ စောမြိုင်တို့ရဲ့ သူငယ်ချင်းပဲ၊ အစကတော့ သူ့ကို ပြန်လွှတ်မလို့ပဲ၊ နို့ပေမယ့် ရွာက ခုံပန်းတို့ကို မုန်းနေတော့

MMCYBERMEDIA
COMMUNITY FOR ALL

သူ့နမတွေချည်းဆိုရင် သူ့ကိုအပ်ပြီး ရွေးချင်မှ ရွေးလိမ့်မယ်၊ မနင်းမြူပါနေတော့ ရွာကလည်း မနေသာတော့ဘူးပ"

စကားဝိုင်း တိတ်ဆိတ်သွားသည်။ အဝေးမှ သေနတ်သံကြားရသည်။ မောင်ရွှေဝါက အေးနေသော ရေနွေးကို သွန်ပစ်လိုက်ရင်း...

"မဖျိုင်းဖြူ"

"ရှင်"

"မဖျိုင်းဖြူတို့ရဲ့ အသက်ကို ကျုပ်နဲ့ ဘကြီးမုံး ကယ်ခဲ့တယ်မဟုတ်လား"

အမျိုးသမီးက ခေါင်းညိတ်သည်။

"ကျုပ်တို့ကို မဖျိုင်းဖြူ ကျေးဇူးဆပ်ဖို့ ရည်ရွယ်သလား"

ဖြည်းလေးစွာ ခေါင်းညိတ်ပြန်သည်။

"ဟုတ်ပြီ၊ ဒီအတိုင်းမှန်ရင် ကောင်မလေးသုံးယောက်ကို ပြန်လွှတ်ပေးပါ"

မောင်ရွှေဝါက ခပ်တင်းတင်း တောင်းဆိုလိုက်သည်။

"မလွယ်ဘူး မောင်ကြီး၊ ခုံပန်းဟာ အတော်ဆိုးတယ်၊ တစ်လောကပဲ သူဟာ အရက်တွေမူးလာပြီး ဟိုဘက်ရွာက မိန်းကလေးတစ်ယောက်ကို အဓမ္မ စော်ကားသွားတယ်၊ မိန်းကလေးရဲ့ မောင်က ကျွန်မတို့အထဲမှာရှိတယ်၊ ကျွန်မလူတွေ သူ့ကို သိပ်မုန်းနေကြတယ်၊ ဒီကောင်မလေးတွေကို ဖမ်းဖို့စီစဉ်တာ ကျွန်မတောင် မသိဘူး၊ မောင်ကြီးတို့နဲ့ခွဲခဲ့ပြီး ဒီပြန်ရောက်မှ သိရတယ်၊ ဒီတော့ ဒီကိစ္စက လက်လွန်နေပြီ"

"ခုံပန်းရဲ့ ကိစ္စကို နမတို့ ကြိုက်သလို လုပ်ကြပါ၊ ကျုပ်တို့ဘာမှ ဝင်မစွက်ပါဘူး၊ နို့ပေမယ့် ခုတော့ ကောင်မလေးတွေကို လွှတ်ပေးပါ"

မဖျိုင်းဖြူသည် အတန်ကြာ ခပ်မဆိတ်ရှိနေပြီးမှ...

"အခု ဘကြီးမုံးတို့ ပြန်လာရင် ခုံပန်းပါလာမလား"

"ဘယ်သူပြောနိုင်မလဲ၊ အခုဟာက သူတို့ကိုထည့်မစဉ်းစားနဲ့တော့၊ မဖျိုင်းဖြူက ကျုပ်နဲ့ဘကြီးမုံးတို့ ကျေးဇူးဆပ်တဲ့အနေနဲ့ ကလေးမလေးတွေကို လွှတ်ပေးဖို့ပဲ၊ ခုံပန်းရဲ့ကိစ္စကို မဖျိုင်းဖြူတို့နောက်တစ်ခါမှ သပ်သပ်ရှင်းကြပေါ့"

"မောင်ကြီးက အတင်းအကျပ်ကို ပြောနေတာပဲနော၊ ဟုတ်ပြီလေ၊ ဘကြီးမုံးတို့ ရောက်လာတော့ ကြည့်ပြီး စီစဉ်ကြတာပေါ့၊ နမရဲ့အသက်က မောင်ကြီးတို့ပေးတဲ့ အသက်ဖြစ်နေပြီကိုး"

"ကောင်မလေးတွေ ကောင်းကောင်းမွန်မွန်ရှိကြရဲ့မဟုတ်လား"

ကိုစောနွဲ့က မေးလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"စိတ်ချပါ၊ ကျွန်မတို့ ဘယ်လိုမှမလုပ်ပါဘူး၊ ဒီက မြင်ရတဲ့ ဟိုဘက်အစွန်းက ဂူမှာ ထားပါတယ်၊ မောင်ကြီးတို့ ကိုယ်တိုင်ကြည့်ဦးမလား"

"ကောင်းသားပ"

"အကုန်လုံးတော့ပြောတာ မဟုတ်ဘူးနော်၊ မောင်ကြီးတို့နှစ်ယောက်တင်ပြောတာ"

"ဟုတ်ပါတယ်"

"ဟုတ်ရင် သွားကြမယ်"

မဖျိုင်းဖြူက မီးတိုင်တစ်ခုကို ထွန်းညှိ၍ ရှေ့မှသွားသည်။ မောင်ရွှေဝါနှင့် ကိုစောနွဲ့သည် ရွာသားများကို နေရစ်ခဲ့ရန် ပြောပြီး၊ မဖျိုင်းဖြူနောက် လိုက်သွားကြသည်။ ဓားလွယ်နှင့် သေနတ်များကို တစ်ပါတည်းယူသွားကြသည်။ လမ်းတွင် မည်သူကမျှ စကားမစချေ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ အစွန်ဆုံး ဂူအနီးသို့ ရောက်သောအခါ အစောင့်နှစ်ယောက်ကို တွေ့ရသည်။ မဖျိုင်းဖြူကို အရိုအသေပြုကြသည်။

ဂူဝသို့ရောက်အခါ မဖျိုင်းဖြူက ကိုစောနွဲ့ကို အရင်ဝင်ရန် လမ်းဖယ်ပေးသည်။ ကိုစောနွဲ့သည် မောင်ရွှေဝါကို တစ်ချက်ကြည့်သည်။

"ရဲရဲဝင်ပါ၊ အကောက်မကြံပါဘူး"

မဖျိုင်းဖြူက ပြောသည်။ ကိုစောနွဲ့က တစ်စုံတစ်ခု ပြန်ပြောမည်ပြုပြီးမှ မပြောတော့ဘဲ ဂူအတွင်းသို့ဝင်သွားသည်။ မောင်ရွှေဝါလည်း နောက်မှ ထပ်ကြပ်လိုက်ပါသွားသည်။

သဘာဝအလျောက်ဖြစ်ပေါ်နေသော ဂူကြီးသည် အဝကျဉ်းပြီး အတွင်း၌ ကျယ်လေသည်။ အပြင်မှာထက် အများကြီး နွေးသည်။ ဂူနံရံတွင်း မီးတိုင်များ စိုက်ထားသည်။ မဖျိုင်းဖြူကလည်း သူမ၏ လက်ထဲမှ မီးတိုင်ကို နံရံဝါးကျည်တောက်တစ်ခုထဲတွင် စိုက်ထားခဲ့သည်။

သူတို့သည် ဆယ်လှမ်းလောက် လျှောက်မိသောအခါ လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။ မီးဖိုတစ်ခုတွင် ဝိုင်း၍ ထိုင်နေသော အမျိုးသမီးသုံးဦးကို ရုတ်ချည်းတွေ့ရသည်။ မီးဖိုမှ အမျိုးသမီးများသည် ဂူအတွင်းသို့ ဝင်လာသော ခြေသံများကို ကြားသည့်အလျောက် အဝဘက်သို့ဂရုပြုကြည့်နေရာမှ ရှေ့ဆုံးမှ ဝင်လာသော ကိုစောနွဲ့ကို မြင်တွေ့သောအခါ ဝမ်းသာအားရအော်ဟစ်ကြသည်။

အမျိုးသမီးများသည် ကိုစောနွဲ့ကို ပြေးဖက်ကြတော့မည်ကဲ့သို့ရှိသည်။ သို့ရာတွင် နောက်ဘက်မှ ကပ်ပါလာသော မဖျိုင်းဖြူနှင့် မောင်ရွှေဝါကို မြင်သောအခါ ကိုယ်ရှိန်သတ်လိုက်ကြသည်။

အမျိုးသမီးတစ်ဦးသည် မောင်ရွှေဝါကို နှုတ်ခမ်းအပွင့်သားဖြင့် တွေ့၍ ကြည့်နေသည်။ မောင်ရွှေဝါကလည်း အသက်မရှူဘဲ ပြန်၍ ငေးမောကြည့်နေမိသည်။ သူရှာဖွေနေသော ရေခပ်အမျိုးသမီးပင် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဤအမျိုးသမီးသည် ဘကြီးဦးပေါ်မန်း၏သမီး ဖြစ်ကြောင်း သိလိုက်ရသည်။ အကြောင်းမူအမျိုးသမီးနှစ်ဦးသည် ရုပ်ချင်းဆင်ပြီး ညီအစ်မများဖြစ်ကြောင်း ထင်ရှားသောကြောင့်။

မနင်းမြူနှင့် မောင်ရွှေဝါတို့ တစ်ဦးကိုတစ်ဦး လေးနက်စွာ စိုက်ကြည့်နေကြသည်ကို မဖျိုင်းဖြူက ကောင်းစွာ သတိပြုမိသည်။

မနင်းဖြူသည် သတိရသည်နှင့်တစ်ပြိုင်နက် မောင်ရွှေဝါမှ မျက်လုံးခွာလိုက်ပြီး ကိုစောနွဲ့ကိုမေးသည်။

"အဝါတို့ကော"
"လာလိမ့်မယ်"
"ကျွန်မတို့လွတ်တော့မလား"
"ဟုတ်တယ်"

ထို့နောက် ကိုစောနွဲ့သည် ဂူထဲမှ ချာခနဲလှည့်ထွက်သွားသည်။ မောင်ရွှေဝါမှာလည်း မည်သူ့ကိုမျှ ဘာမှပြောရန် မရှိသဖြင့် မနင်းမြူကိုတစ်ချက်ကြည့်ပြီး ထွက်ခဲ့သည်။ ထိုအဖြစ်ကို ကြည့်၍ မဖျိုင်းဖြူက ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။

"မောင်ကြီး တကယ်ပဲ သူတို့ကို လွတ်စေချင်သလား"

အပြင်သို့ ရောက်သောအခါ မဖျိုင်းဖြူက မောင်ရွှေဝါကို တိုးညင်းစွာ မေးလိုက်သည်။ မောင်ရွှေဝါသည် သူမ၏ အမေးကြောင့် ထိတ်လန့်သွားပုံရှိသည်။ သို့ရာတွင် ဣန္ဒြေဆည်လိုက်ပြီး...
"ကျုပ်ပြောပြီးပြီပဲ"
"ကောင်းပြီလေ၊ မောင်ကြီးအလိုပြည့်ရပါစေ့မယ်"

## အခန်း -၆-

မဖျိုင်းဖြူသည် ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားတော့သည်။

စောကြိုင်နှင့် စောမြိုင်တို့သည် အချုပ်အနှောင်မှ လွတ်မြောက်၍ ဝမ်းသာရုံမျှသာတည်း။ သို့တစေ မနင်းမြူကား ရင်ခုန်လျက်ရှိသည်။ အသံတုန်လျက်ရှိသည်။ အသက်ရှူ လှိုက်ဖိုလျက်ရှိသည်။ လာရောက်ကယ်ဆယ်သူတစ်ဦးသည် ဟိုနေ့က လူကြီးမဟုတ်လား။ မောင်ရွှေဝါသည်လည်း အပြုအမူ အပြောအဆိုများ ချွတ်ချော်တိမ်းပါးလျက် ရှိသည်။ စကားအသွားအလာ မမှန်ဘဲရှိနေသည်။ မဖျိုင်းဖြူကိုလည်း ကောင်းကောင်းမကြည့်ရဲ၊ မနင်းမြူကိုလည်း ကောင်းကောင်းမကြည့်ရဲ။

ယင်းကြောင့်ပင် မဖျိုင်းဖြူသည် ဘကြီးမုံးတို့ ပြန်မရောက်ခင်ကတည်းကပင် မနင်းမြူတို့ကို လွှတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ခုံပန်း၏ ကိစ္စကို နောက်တစ်ကြိမ်တွင် နောက်တစ်မျိုးရှင်းမည်ဟု

ဆုံးဖြတ်ခဲ့သည်။ ယခုတစ်ကြိမ်တွင်မတော့ ခုံပန်းကို လက်လွှတ်လိုက်ရမည်ဖြစ်သည်။ သို့မှသာ ပြဿနာများအားလုံး ပြေပြေပြစ်ပြစ်ဖြစ်နိုင်မည်။

သို့ရာတွင် ဘကြီးမုံးနှင့် ဗိုလ်ယက္ခတို့လူစု ရောက်လာသောအခါတွင်ကား ခုံပန်းတစ်ယောက် ပါမလာချေ။ တိုက်ပွဲသတင်းကား အကောင်းကြီးလည်း မဟုတ်။ အဆိုးကြီးလည်း မဟုတ်ချေ။ နစ်ဖက် အကျ အဆုံးမရှိသော်လည်း အထိအခိုက်ကား အနည်းနှင့်အများ ဆိုသလိုရှိသည်။ သုံးလေးယောက်သည် ဆေးကောင်းဝါးကောင်းများဖြင့် ဆယ်ရက်တန်သည် ဆယ့်ငါးရက်တန်သည် ကုသယူရမည်ဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာသို့ ဘကြီးမုံးတို့ ရောက်သွားသည့်အချိန်တွင် တိုက်ပွဲအရှိန်သည် အတော်ပြင်းထန်နေပြီ ဖြစ်သည်။ ဗိုလ်ယက္ခလူများကို သူကြီးဦးဘိုးမိန်းအစုနှင့် ဦးအိုက်စံတို့အစုက ညှပ်ပူးညှပ်ပိတ် တိုက်လျက်ရှိသည်။ ဘကြီးမုံးတို့ တွေးထင်သည့်အတိုင်းပင် ဦးဘိုးမိန်းတို့ အလယ်ကြောင်းသည် ဗိုလ်ယက္ခတို့၏ ကင်းစခန်းကို ဝင်တိုးလာမိခြင်းဖြစ်သည်။ သို့ရာတွင် တောင်လေးလုံးရွာသားများက ညှပ်ပူးညှပ်ပိတ်တိုက်နေသည်ကို ဗိုလ်ယက္ခတို့မှာ ထွက်ပေါက်မရှိ ပိတ်မိနေသည်ကား မဟုတ်ချေ။ ဖောက်လိုက ဖောက်ထွက်နိုင်သည်။ တောင်လေးလုံးရွာသားများကို ပြန်၍ပင် ဝိုင်းပတ်ထားနိုင်သေးသည်။

တောထူထူတွင် ညဥ့်မှောင်မှောင်၌ တိုက်ခိုက်ကြရသဖြင့် နစ်ဖက်စလုံးတွင် မလွယ်မကူရှိကြသည်။ ရန်သူကို ချောင်းမြောင်းရှာဖွေ၍ အလစ်တွင် ပစ်ခတ်ထိုးခုတ်ကြရသည်။

မဖျိုင်းဖြူလွှတ်လိုက်သော လူများနှင့် ဘကြီးမုံးသည် အချိန်အတော်ကြာအောင် အော်ဟစ် ပြောဆိုလျက် တိုက်ပွဲကို ရပ်စေရသည်။ မီးတိုင်များကို ထွန်းညှိစေရသည်။ ကွက်လပ်ငယ်တစ်ခုတွင် လူစုစေရသည်။

အံ့သြစရာကောင်းသည်က ဗိုလ်ယက္ခ၏ လူများသည် ငြိမ်ဝပ်စွာ ရှိကြသည်။ တောင်လေးလုံးရွာသား များကား ပူညံပူညံဖြစ်နေကြသည်။ ကောင်မလေးသုံးယောက်၏ အသက်သည် ဗိုလ်ယက္ခတို့ လက်ထဲတွင် ရှိနေကြောင်း၊ မဖျိုင်းဖြူ၏ အသက်ကို သူနှင့် မောင်ရွှေဝါက ကယ်ခဲ့ဖူးကြောင်း၊ ကောင်မလေးသုံးယောက်လွှတ် မြောက်ရေးကို အသာတကြည် ကြိုးပမ်းရမည်ဖြစ်ကြောင်းနှင့် ဘကြီးမုံးက ပြောတော့မှ ငြိမ်သွားကြသည်။

နစ်ဖက်အထိအခိုက် စစ်ဆေးကြည့်ရှုသောအခါ ပြောင့်စူးသည်များ၊ သစ်ကိုင်းများနှင့် ခြစ်မိသည်များ၊ ဓားလုံ့ပွတ်ထိသွားသည်များ၊ ကျည်ရှပ်သွားသည်များလောက်သာ တွေ့ရသည်။ ဗိုလ်ယက္ခ၏ လူတစ်ယောက်သာလျှင် ပေါင်ရင်း မြှားမှန်သွားသဖြင့် လမ်းမလျှောက်နိုင်ဘဲရှိသည်။ တောင်လေးလုံးရွာသားတစ်ဦးသည် ပေါင်တွင် ဓားတစ်ချက်ထိသွားသဖြင့် သွေးဒလဟော ဆင်းနေသည်။ နန့်ပွန်စီးခေါ် ဓားဂမုန်းကို နာနာဝါး၍ များများသိပ်ပေးရသည်။ အင်္ကျီတစ်ထည်ဖြင့် ခေါင်းကို စည်းထားရသည်။ ဒဏ်ရာကြီးသူ နောက်တစ်ဦးမှာ ခုံပန်းပင်ဖြစ်သည်။ သူက ရွာမှထွက်ကတည်းက မူးနေသည့်အထဲတွင် လမ်းတစ်လျှောက်လုံးလည်း အရက်ကျည်တောက်ကို မပြတ်မော့လာသဖြင့် အတော်ကြီးမူးနေသည်။ တစ်ကြိမ်တွင် သူသည် အကာအကွယ်ယူ၍ အော်ဟစ်ဆဲရေးနေသဖြင့် သူ့အသံကြားရာသို့ ဗိုလ်ယက္ခ၏ လူများ ဝိုင်း၍ ပစ်ကြသည်။ လက်ဝဲဘက်ပခုံးတွင် ကျည်ဖောက်သွားသည်။ သို့ရာတွင် သူသည် သွေးတိတ်စေသော နန့်ပွန်စီးကို မအုပ်မလိပ် အရူးအမူး ဆက်၍ တိုက်ခိုက်ခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကွက်လပ်တွင် စုရုံးကြသော အချိန်မှာပင် သူက ငွေဓားကို တယမ်းယမ်းနှင့်ရှိနေခဲ့သည်။ သို့ရာတွင် ဘကြီးမုံး စကားဆုံးသောအခါတွင်ကား သူကို မတွေ့ရတော့ချေ။ သူမရှိတော့သည့်အကြောင်းကို ပထမဆုံး သတိပြုမိသူများ ဗိုလ်ယက္ခ၏ လူတစ်ယောက်ဖြစ်သည်။ ထိုသူသည် ပုတိုတို မျက်နှာလုံးလုံးနှင့်ဖြစ်သည်။ သူက ခုံပန်းမရှိသောသည့်အကြောင်းကို ဒေါကြီး မောကြီး အော်ဟစ်နေသည်။ ဘကြီးမုံးက သူ့လူကောက်ရကို ကြည့်လိုက်သည်။ ကောက်ရသည် လူအုပ်စုအစွန်တွင် မျက်နှာသေကလေးနှင့် ရှိနေသည်။ သူ့စနက်ပင်ဖြစ်ကြောင်း ဘကြီးမုံးက ချက်ချင်း သိလိုက်သည်။ မဖျိုင်းဖြူတို့ အငြိုးရှိနေသည့်အကြောင်းကို ကောက်ရက ဖောက်သည်ချသဖြင့် ခုံပန်းလစ်ထွက်သွားခြင်း ဖြစ်သည်။

လူပုပုသည် ယခုပင် ခုံပန်းကို လိုက်လံထိုးခုတ်တော့မည့်အလား တောစပ်သို့ပြေးသွားသည်။

"ဖိုးဗျော့၊ မသွားနဲ့"

ဗိုလ်ယက္ခ အမိန့်ပေးလိုက်သည်။ ဖိုးဗျော့သည် သုံးလေးလှမ်းခန့် ဆက်ပြေးပြီးမှ ခေါင်းငိုက်စိုက်ဖြင့် ပြန်လာသည်။ သူ့မျက်နှာတွင် မကျေချမ်းသည့် အသွင်များပြည့်နေသည်။ ဤသူကား မောင်ရွှေဝါတို့ကို မဖျိုင်းဖြူပြောသော သူပင်။ သူ့နှမငယ်ကို ခုံပန်းက စော်ကားသဖြင့် လက်စားချေလိုစိတ် ပြင်းပြနေသူ ဖြစ်သည်။ သို့ရာတွင် ဘကြီးမုံးကမူ ဖိုးဗျော့သည် အကြောင်းတစ်ခုကြောင့် ခုံပန်းအပေါ်တွင် အငြိုးရှိနေသည်ဟု သာမန်အားဖြင့် မှတ်ယူမိသည်။ တကယ်တော့လည်း ခုံပန်းကို လူတွေက မုန်းကြ၊ အငြိုးထားကြသည်မှာ မဆန်းပါချေ။

သူတို့အားလုံး စခန်းသို့ပြန်ရောက်၍ ခုံပန်း ထွက်ပြေးသည့်အကြောင်း မဖျိုင်းဖြူ ကြားသိသောအခါတွင် ရုတ်တရက် မျက်နှာတင်းမာသွားသည်။ နောက်မှဆင်ခြင်သည့်အနေဖြင့် ဒေါသကို နှိမ်ချလိုက်ပြီး...

"ဒီတစ်ခါတော့ ရှိပစေတော့။ သူ့နောက်ကိုလည်း ကျွန်မတို့ မလိုက်တော့ဘူး၊ မိန်းကလေးသုံးယောက်ကိုလည်း ပြန်လွှတ်ပေးပါ့မယ်၊ ဒါပေမယ့် နောက်တစ်ခါတော့ ခုံပန်းကိစ္စမှာ မောင်ကြီးရွှေဝါတို့၊ ဘကြီးမုံးတို့ ဝင်မပါကြပါနဲ့"

မဖျိုင်းဖြူက တည်ငြိမ်လေးနက်သော အသံဖြင့်ပြောလိုက်သည်။ သူမသည် တစ်ခါတစ်ခါတွင် လုပသော မိန်းမငယ်လေးတစ်ဦးနှင့်တူပြီး၊ တစ်ကြိမ်တစ်ကြိမ်တွင် ရဲရင့်သောစစ်သူကြီးတစ်ဦးနှင့် တူလေသည်။

တောင်လေးလုံးရွာသားများကလည်း ခုံပန်း မကောင်းသည့်အကြောင်း ဝန်ခံပြောဆိုကြသည်။ မဖျိုင်းဖြူကိုလည်း ချီးမွမ်းပြောဆိုကြသည်။ အထူးသဖြင့် ကိုစောနွဲ့က မဖျိုင်းဖြူကိုအမွှမ်းတင်လေသည်။

မဖျိုင်းဖြူသည် ကိုစောနွဲ့ကို အသိအမှတ်ပြုခြင်းရှိသော်လည်း သူမ၏ မျက်လုံးများသည် မောင်ရွှေဝါနှင့် မနင်းမြူတို့ထံ ရောက်ရှိနေတတ်သည်။

တောင်လေးလုံးရွာသားများ အပြန်တွင် မဖျိုင်းဖြူက စပါးအင်းချောင်း မြေလျှိုးသွားသည့် နေရာအထိ လိုက်ပို့သည်။ လူချင်းခွဲကြသည့်အချိန်တွင် မနှင်းမြူ၏ ကျောကို အသာအယာပုတ်၍ နှုတ်ဆက်လေသည်။

## အခန်း -၇-

ရွာသို့ ပြန်ရောက်သောအခါတွင် ခံပန်းအကြောင်းကို အရင်ဆုံးကြားရသည်။ ခံပန်းသည် သူတို့အရင်ရွာသို့ ရောက်လာပြီး အကြောင်းမဲ့ ရမ်းကားသွားသည်။ သတင်းမေးမြန်းမိသော အမျိုးသမီး သုံးလေးဦးအား တိုင်းထွာရိုက်နှက်သွားသည်။ တငိုငို တလူးလူးဖြစ်နေသော မိခင်ကြီးထံမှ ရွှေစ ငွေစနှင့် ဒင်္ဂါးပြားများ အတင်းအကျပ်တောင်းသွားသည်။ နေပြည်တော်သို့ သွားမည်ဟုပြောသွားသည်။ ရွာမှ အထွက်တွင် နတ်စင်ကို ရိုက်ချိုးသွားသေးသည်။

သို့ရာတွင် ရွာသူရွာသားများသည် ခံပန်းအကြောင်းကို အနည်းအကျဉ်းသာ ပြောဆိုကြသည်။ မနေ့တစ်နေ့ကမှ သူတို့ရွာသို့ ဧည့်သည်အဖြစ်ရောက်လာသော မိုးကောင်းနယ်သား မောင်ရွှေဝါနှင့် လူတစ်ရာကျော်ကို အုပ်ချုပ်နေသော ဓားပြဗိုလ် မဖျိုင်းဖြူတို့အကြောင်းကိုသာ ဖောင်လောက်အောင် ပြောနေ ကြသည်။

မိန်းကလေး သုံးယောက်ကို လိုက်လံရှာဖွေခဲ့သော တောင်လေးလုံးရွာသားများ အားလုံးလောက်သည်ပင် သမန်းမင်းသမီးကလေး ထားခင်ခင်ခေါ် မဖျိုင်းဖြူကို မြင်ဖူးခဲ့ကြသည်။ သူမအသံကို ကြားခဲ့ကြရသည်။ သူမ၏ အကြောင်းကို အကျဉ်းနှင့်အကျယ် ဆိုသလို ကြားခဲ့ရသည်။ သို့သော် ကိုစောနွဲ့လောက်ကား မည်သူမှစုံ အောင် မသိရှိပါချေ။ ကိုစောနွဲ့သည် မဖျိုင်းဖြူအကြောင်းကို ဘကြီးမုံးနှင့် မောင်ရွှေဝါတို့ထက်ပင် ပို၍ သိရှိနိုင်လေသည်။ အကြောင်းမူ တစ်ဆစ်ချိုး လိုဏ်ဂူအတွင်း၌ မိန်းကလေးသုံးယောက်ကို သွားရောက်တွေ့ဆုံပြီး ပြန်အလာတွင် မောင်ရွှေဝါသည် ဆင်သားအမိထံ သွားရောက်၍ အဆွေခင်ပွန်းဖွဲ့နေသည်။ ဆင်ဦးစီးနှင့် စကားပြောနေသည်။ ဆင်များတွင် ဖြစ်ပွားတတ်သော ရောဂါဘယများအကြောင်းကို နီးနှောဖလှယ်နေသည်။ ဤအချိန်တွင် ကိုစောနွဲ့သည် မဖျိုင်းဖြူနှင့် စကားလက်ဆုံကျနေသည်။ ယခုနစ်သီးနှံများ အထွက်နည်း၍ နယ်သူနယ်သားများ ဆင်းရဲကျပ်တည်းသည့်အကြောင်း၊ နယ်ရှင်ပယ်ရှင်များနှင့် ကပ်ပါးများက ညှင်းပန်းနှိပ်စက်သည့် အကြောင်းတို့နှင့် ပဏ္ဏာမပျိုးပြီး နောက်ပိုင်းတွင် ကိုယ်ရေးကိုယ်တာများကို ပြောဆိုကြသည်။

မဖျိုင်းဖြူက မောင်ရွှေဝါအကြောင်း စုံစမ်းသောအခါ သူက ဘာမှပြန်မပြောနိုင်ဘဲ ရှိသည်။ သို့ရာတွင် မဖျိုင်းဖြူအကြောင်းကိုကား တစ်ဆစ်ပြီးတစ်ဆစ် မေးမြန်းခဲ့သည်။ ထိုမျှတင်မကသေး၊ ဘကြီးမုံးနှင့် ဗိုလ်ယက္ခတို့ရောက်လာပြီး ခံပန်းအကြောင်း ဝိုင်းဖွဲ့ပြောဆိုနေသောအခါတွင် သူက မဖျိုင်းညိုထံကပ်၍ သမန်းမင်းသမီးကလေးအကြောင်းကို စူးစမ်းခဲ့သည်။ မဖျိုင်းညိုသည် သမန်းသူတစ်ဦးဖြစ်သည်။ မဖျိုင်းဖြူကို ငယ်ငယ်ကတည်းက ထိန်းကြည့်ခဲ့ရသူဖြစ်သည်။ သို့ဖြင့်ရွာသို့ပြန် ရောက်သောအခါတွင် ကိုစောနွဲ့သည် မဖျိုင်းဖြူအကြောင်းကို အပြောနိုင်ဆုံးနှင့် အပြောဆုံးဖြစ်

MMCYBERMEDIA
COMMUNITY FOR ALL

နေတော့သည်။ သူ့အပြောသည်များကို မောင်ရွှေဝါသည်ပင်လျှင် တအံ့တသြ ငေးမော နားထောင်ရလေသည်။ မဖျိုင်းဖြူ၏ အဘိုးသည် တစ်ကြိမ်က ရွှေမြို့တော်တွင် အက္ခပတ်မြင်းဝန်ဖြစ်ပြီး၊ တော်လှန်ပုန်ကန်မှုတစ်ခုတွင် ပါဝင်ခဲ့သဖြင့် သမန်းနယ်တွင် ခိုအောင်းနေရသူတစ်ဦး ဖြစ်ကြောင်း၊ အက္ခပတ်မြင်းဝန်သည် မင်းနေပြည်ကို လည်းကောင်း၊ ရွှေနန်းတော်ကိုလည်းကောင်း၊ မင်းခစားအဖြစ်ကို လည်းကောင်း စက်ဆုပ်ငြီးငွေ့ပြီ ဖြစ်သဖြင့် ချင်းတွင်းနှင့် ဥယုမြစ်ဝှမ်းအကြား မိုင်းခိုင်းနယ်တွင် လယ်ယာလုပ်၍ သာမန် တိုင်းသူပြည်သားတစ်ဦးအဖြစ် နေထိုင်ခဲ့သည်။ သားသမီးများသည်လား ထို့အတူပင်ဖြစ်သည်။ သူတို့ကိုယ်သူတို့ ထိုနယ်သူနယ်သားများ အဖြစ် မှတ်ယူထားသည်။ သူတို့နှင့် ရွှေမြို့တော်သည် မည်သို့မျှ မပတ်သက်သည်ဟု ယုံကြည်ထားသည်။ ဤသို့ အေးအေးလူလူ လုပ်ကိုင်စားသောက်လျက်ရှိသော်လည်း မင်းမှုမင်းခင်းနှင့်ကား ကင်းရသည်မရှိချေ။ နယ်ရှင်ပယ်ရှင်များကို ဖူးမြော်ကန်တော့ရသည်။ အခွန်ပဏ္ဏာဆက်ရသည်။ စစ်မှုထမ်းဆင့်ရာသို့ လိုက်ပါရ သည်။ မည်သို့ဆိုစေသည်အထိတော့ သူတို့သည် သည်းခံ၍ နေနိုင်ကြသေးသည်။ သူတို့ချည်း ဤသို့ ကြုံရသည် မဟုတ် တစ်နယ်လုံးတစ်ဝန်းလုံး ဖြစ်သည်။

သို့ရာတွင် မဖျိုင်းဖြူ အရွယ်ရောက်လာသောအခါတွင်မူ အေးအေးချမ်းချမ်း နေလို၍ မဖြစ်နိုင်တော့ချေ။ မင်းလိုလိုက် မင်းကြိုက် မလိုက်နိုင်တော့ချေ။ အကြောင်းမူ နယ်စား နယ်ရှင်ကြီးက သူမကို ကောက်ယူရန် ကြံစည်ခဲ့သည်။ အတင်းအကျပ်ပြုခဲ့သည်။ နောက်ဆုံးတွင် မဖျိုင်းဖြူသည် နယ်ရှင်၏ လူများကို လက်နက်ကိုင် ခြားနားခဲ့ရသည်။ ခန်းဝတ်ဝန်၏ လက်ရွေးစင်တပ်သားများနှင့် နှစ်ကြိမ်တိုင်တိုင် တိုက်ခဲ့ရသောအခါတွင်ကား သူမသည် ရွှေတိုက်စာရင်းဝင် သူပုန်တစ်ဦး ဖြစ်ခဲ့ရတော့သည်။ သူမ၏ နောက်ပါအင်အားမှာလည်း ကြီးထွားခဲ့ရတော့သည်။

"တယ်လည်းဟုတ်သပ ကိုစောနွဲ့ရယ်၊ မဖျိုင်းဖြူအကြောင်းကို အစုံသေး အသိမ်က အစ သိထားနေပြီကိုး"

မောင်ရွှေဝါက ယင်းသို့ပြောသောအခါ ကိုစောနွဲ့သည် ပြုံးဖြီးဖြီးကြီး ရှိနေပါသည်။ မဖျိုင်းဖြူ အကြောင်းကို သည်လူနှင့် သူ့ရွာသားများ သည်မျှ စိတ်ဝင်စားနေပါပကောလားဟုလည်း အံ့သြမိသည်။

အမှန်တော့ တောင်လေးလုံးရွာသားများသည် သမန်းမင်းသီးကလေးအကြောင်းကို သာမက မိုးကောင်းသား မောင်ရွှေဝါအကြောင်းကိုလည်း အထူးပင် အာရုံစိုက်ပြောဆိုနေကြသည်။ အထူးသဖြင့် ကနန်းအမျိုးသမီးကလေးများသည် ဘကြီးမုန်းကို တွေ့သည့်နေရာတွင် မောင်ရွှေဝါအကြောင်းကို ဝိုင်း၍ မေးမြန်းခဲ့ကြသည်။

ဘကြီးမုံးကလည်း မောင်ရွှေဝါသည် သူ့တပ်မှူး၏မြေး ဖြစ်ကြောင်း၊ ဤသည်သူငယ်တွင် အဘိုးတပ်မှူး၏ သွေးအပြည့်ပါဝင်ကြောင်း၊ ကသည်းခြင်း၊ အက္ခပတ်မြင်းများကို ကောင်းစွာစိုင်းနှင်နိုင်ပြီး မြင်းထက်မှနေ၍ ရှောက်သီးထိုးခြင်း၊ ငှက်ပျောပင်ခုတ်ခြင်းအမှုတို့ကို တစ်ဖက်ကမ်းခတ် ပြုနိုင်ကြောင်း၊ သေနတ်ပစ်သည့် နေရာတွင် နံ့ပြည်စုတ်တစ်ကောင်ကိုပင် မလွဲအောင် ပစ်နိုင်ကြောင်းစသည်ဖြင့် အမွှမ်းတင် လေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့ရာတွင် မောင်ရွှေဝါအနေနှင့် စိတ်ဝင်စားနေသည်မှာကား သူ့အကြောင်းကို ရွာသူရွာသားများက ဘကြီးမုံးထံတွင် မေးမြန်းနေကြသည်ကိုလည်းမဟုတ်။ ကိုစောနွဲ့အနေနှင့် စီကာပတ်ကုံးပြောနေသော မဖျိုင်းဖြူ အကြောင်းကိုလည်းမဟုတ်။ ရေခပ်လမ်း အတက်တွင် ပထမဆုံးတွေ့ခဲ့ရပြီး တစ်ဆစ်ချိုးလိုက်ဂူတွင် မျက်လုံးချင်းဆိုင်ခဲ့ရသော မနှင်းမြူသာလျှင်ဖြစ်တော့သည်။

မနှင်းမြူကိုသာ အထပ်ထပ် အကြိမ်ကြိမ်ထင်ခြင်း၊ မြင်ခြင်း ဖြစ်နေပါသဖြင့် သူ့ကိုယ်သူအံ့သြခြင်း လည်းဖြစ်သည်။ မကျေနပ်ခြင်းလည်း ဖြစ်သည်။ သူမအရင် သည့်အပြင်မိန်းကလေးကို မမြင်မတွေ့ခဲ့ဘူးရောလားဟု သူပြန်တွေးသည်။ သည်တော့ သူသိဖူးသော မိန်းကလေးများနှင့် သူမှန်းထားမိသော မိန်းကလေးများ သည် သူ့အမြင်တွင် ရစ်ဝဲ၍လာကြသည်။ သူတို့နယ်သည် မိန်းမချော ပေါများလှသည်။ သူတို့ရွာတွင်လည်း အများကြီးရှိသည်။ အနောက်မိုးကောင်းကင်ဟု ပြောစမှတ်ပြုသော ချောင်းခါးရွာကြီးတွင်ကား အမျိုးသမီးများသည် လှရုံတွင်မက ယဉ်ပေသည်။ မိုးကောင်း၌ ပြောဖွယ်ရာ မရှိတော့။ စော်ဘွားအမျိုးသမီး လေးများ၊ ဘုရင့်သမီးတော်များတွေလားဟု အောက်မေ့ရသည်။ ပြတ်ခနဲ့ အမြင်တွင် မိန်းမူးရသည်။ သို့ရာတွင် သူ့စိတ်များသည် ဤမျှလောက် ခလောက်မဆန်ခဲ့။ ယင်းကြောင့်ပင် သူ့စိတ်အာရုံတွင် ထင်လာသော ချောသူ လှသူ ယဉ်သူများသည် ကြယ်များကြွေသကဲ့သို့ ဖြုတ်ခနဲ့ ဖြုတ်ခနဲ့သာရှိသည်။ မဖျိုင်းဖြူသည် ဝေသာလီစပ်သဖြင့် ပို၍ အသားဖြူသည်။ အလုံးအရပ် ဖွံ့ဖြိုးထောင်မောင်းသည်။ သို့ရာတွင် မည်သည့်အကြောင်းကြောင့် မသိ၊ သူ့စိတ်တစ်နေရာက ဤအမျိုးသမီးကို ကြောက်ရွံ့နေသည်။ မနှင်းမြူကား အသားလတ်လတ်ဖြစ်သည်။ အလုံးအရပ်လည်း သင့်ရုံသာဖြစ်သည်။ သို့တစေ ကြည့်လိုက်လျှင် မဖျိုင်းဖြူထက် လှသည်ဟု ယူဆဖွယ်ရာဖြစ်သည်။

ယင်းအပြင် သူ့စိတ်အာရုံတွင် မဖျိုင်းဖြူက မပီဝိုးတဝါးသာဖြစ်သည်။ မနှင်းမြူကမူ ပြတ်သားကြည်လင် လှချေသည်။

သို့သော် သူသည် မနှင်းမြူအကြောင်းကို တောင်လေးလုံးရွာမှ လူများနှင့်အကြိမ်ကြိမ် အဖန်ဖန် ပြောနေမိသည်။ ပထမဆုံး ဘကြီးမုံးကိုပြောသည်။

"ကျွန်တော်လည်း ဘကြီးမုံးတို့ရွာကို လိုက်လာတယ်၊ အံ့သြစရာတွေချည်းပဲ တွေ့နေရတယ်၊ အရင်ဆုံး မဖျိုင်းဖြူတို့နဲ့ လင့်တောမှာ တွေ့ခဲ့ရတယ်။ အဲဒီတုန်းက သူတို့ကို ရိုးရိုးမိန်းကလေးတွေလို့ပဲ ထင်ခဲ့တယ်။ ဟောနောက်တော့ ရောမ သူပုန်မကြီးဖြစ်နေတယ်။ ကဲ ဘယ်လောက်အံ့သြစရာ ကောင်းသလဲ။ နောက်ပြီး ကျွန်တော်တွေ့ခဲ့ရတာ အခုလို ဘကြီးမုံး မသိသေးတာရှိသေးတယ်။ အဲဒါကတော့ ဒီကိုရောက်ပြီး နောက်တစ်နေ့မှာ ကျွန်တော် တစ်ယောက်တည်း ရွာထဲ လျှောက်ကြည့်ခဲ့တယ်။ သွားရင်း သွားရင်းနဲ့ ရေခပ်လမ်းကို ရောက်သွားတယ်။ အဆင်းလမ်း အတက်လမ်းရှိတာကို ကျွန်တော်မှ မသိတာကိုး။ ကျွန်တော်က အတက်လမ်းကနေ ဆင်းသွားခဲ့ပေါ့၊ လမ်းတစ်ဝက်လောက်ကျတော့ ရေထမ်းကြီးနဲ့ တက်လာတဲ့ မိန်းမငယ် တစ်ယောက်ကို တွေ့ရတယ်၊ ကျွန်တော်လည်း သူ့ကိုလမ်းဖယ်ပေးလို့မရလို့ အပေါ်ရောက်တဲ့အထိ နောက်ပြန်ပြီး တက်ခဲ့ရတာပေါ့။ ဒါကို သူကရယ်သွားတယ်၊ ကျွန်တော်လည်း စိတ်ဆိုးဆိုးရှိတာနဲ့ နောက်တစ်နေ့ကျတော့ သူ့ကိုလိုက်ရှာတယ်၊ နို့ပေမယ့် မတွေ့ဘူး၊ တွေ့တဲ့အခါ ဘယ်မှာမှတ်သလဲ"

"ငါဘယ်မှာ သိနိုင်ပ"

"တစ်ဆစ်ချိုးလိုက်ဂူမှာ"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘုရား၊ ဘုရား စောကြိုင် စောမြိုင်တို့များလား"

"ဘယ် ဟုတ်ရမှာလဲ၊ မနှင်းမြူ၊ ဘကြီးဦးပေါ်မန်းရဲ့သမီး မနှင်းမြူ"

မောင်ရွှေဝါသည် သည်အကြောင်းကို ကိုပိတုန်းကိုလည်း ပြောခဲ့သည်။ ကိုပိတုန်း၏ ဇနီး မလေးရင်ကို လည်း ပြောခဲ့သည်။ ထို့နောက် ကိုစောနွဲ့ကို ပြောခဲ့သည်။ ဦးအိုက်စံကို ပြောခဲ့သည်။ သည်အထိတော့ ပြဿနာမပေါ်သေးချေ။ ထူးခြားသော တိုက်ဆိုင်မှုများဟုသာ မှတ်ယူရသည်။ သို့ရာတွင် သူက သည်အကြောင်းကို လူတစ်ယောက်တည်းကို နှစ်ကြိမ် သုံးကြိမ်ထပ်၍ ပြောလာသောအခါတွင်ကား ပြဿနာဖြစ်လာတော့သည်။

မဗျိုင်းဖြူတို့ စခန်းမှ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ဖြစ်သည်။ ဘကြီးမုံးတို့အိမ်တွင် စကားဝိုင်းဖွဲ့မိ နေကြသည်။ မနှင်းမြူလက်ဆောင်ပေးလိုက်သော ကြောင်သားခြောက်နှင့် လက်ဖက်ရည် သောက်နေကြသည်။ ဘကြီးမုံး၊ ကိုပိတုန်း၊ မောင်ရွှေဝါ၊ ကိုစောနွဲ့နှင့် ဦးအိုက်စံတို့ ဖြစ်ကြသည်။ ဦးပေါ်မန်းကား ရောက်မလာသေးချေ။ ယမန်နေ့မနက်က နေအတော်မြင့်မှ ရွာသို့ ပြန်ရောက်ကြသော်လည်း သူတို့သည် မောပန်းနွမ်းနယ် သည်ကို အမှုမထားဘဲ ဘကြီးမုံးတို့အိမ်တွင် ဆုံကြသည်။ ဦးပေါ်မန်းက မောင်ရွှေဝါကို ကျေးဇူးတင်သည့်အနေဖြင့် အိမ်တွင် ထမင်းခေါ်ကျွေးရဦးမည်ဟု ပြောသွားသည်။ နေ့ရက် အတိအကျအားမပြောချေ။ ယနေ့လာလျှင် ရက်ချိန်းပေးမည်ဟု ထင်ရသည်။ သို့ရာတွင် ဦးပေါ်မန်းသည် လက်ဖက်ရည် တစ်အိုး ကျွတ်သွားသည်အထိ ရောက်မလာသေးချေ။ မောင်ရွှေဝါသည် ရွာလမ်းမသို့ တကြည့်ကြည့်ရှိနေရာမှ...

"ဘကြီးဦးပေါ်မန်းလည်း ပေါ်မလာသေးပါလား"

"ပေါ်မန်းတော့ ဖျားနေပြီနဲ့တူသပ။ မနေ့တည်းက နာခေါင်းသံ ပါနေတယ်"

ဘကြီးမုံးက ကြောင်သားခြောက်ကို အမျှင်လိုက် ကိုက်ဖဲ့ဝါးရင်း ပြောသည်။

"ဟုတ်မယ်၊ ကိုပေါ်မန်းဟာ ကိုမုံးမရှိတဲ့နောက်ပိုင်းမှာ အတော်ချူချာတယ်"

"ဘကြီး ဦးပေါ်မန်းတင် မကဘူး။ မနှင်းမြူလည်း နေမကောင်းနေဘူးနဲ့တူတယ်"

မောင်ရွှေဝါသည် နီကျင်ကျင်လက်ဖက်ရည်ခါးကို တစ်ကျိုက်မော့ချရင်းပြောသည်။

"ဘာဖြစ်လို့လဲ"

"ထင်းခွေတာ ရေခပ်တာ မမြင်ဘူး"

စကားဝိုင်းမှ လူများသည် တစ်ဦးကို တစ်ဦး ကြည့်လိုက်ကြသည်။ ကိုစောနွဲ့က မသိမသာပြုံးသည်။ မောင်ရွှေဝါကလည်း သည်မျှနှင့်မပြီးသေးပဲ စကားဆက်သည်။

"တစ်ဆစ်ချိုးလိုဏ်ဂူကတည်းက နေမကောင်းပုံပဲ၊ ကိုစောနွဲ့ကိုမေးကြည့်ပါလား၊ ကျွန်တော်တို့ ရောက်သွားတော့ မနှင်းမြူရဲ့မျက်နှာဟာ အတော်ညှိုးနေတာပဲ၊ ဘယ်ဗျာ ဟိုတစ်နေ့ညနေက ရေခပ်လမ်းမှာတွေ့တော့ သူ့မျက်နှာက ဒီလိုမှ မဟုတ်ဘဲ၊ သူ့မျက်နှာဟာ နှင်းရည်ဝနေတဲ့ မုန်ညင်းဖူးကလေးတွေလို လတ်ဆတ်နေတာပဲ၊ သူ့ခမျာ ကျွန်တော်တို့ကို မြင်တော့မှ အတော်အားရှိသွားတယ်၊ နို့ပေမယ့် ကျွန်တော်လည်းအဲဒီတုန်းက သူ့ကို ဘယ်လိုမျိုးမှ အားမပေးမိဘူး၊

ကျွန်တော်ကလည်း အတော့်ကို အံ့အားသင့်နေမိတယ် မဟုတ်လား၊ ဘယ်ဗျာ၊ ရေခပ်လမ်းမှာ တွေ့ခဲ့တဲ့ကောင်မလေးဟာ ဘကြီးဦးပေါ်မန်းရဲ့ သမီးလို့ ဘယ်ထင်မလဲ၊ အဲဒီတုန်းက"

"ဟေ့ မောင်ရွှေဝါရဲ့ မင်းမလည်း ဒီအကြောင်းတွေပဲ ထပ်ခါတလဲလဲ ပြောနေပါကလား၊ ဟုတ်မှ ဟုတ်သေးရဲ့လား၊ မနှင်းမြူကို ကြိုက်နေပလား"

"ဟာ ဘကြီးမုံးကလည်းဗျာ"

"ကြိုက်ရင်တော့ ကြိုက်တယ်ပြောနော်၊ ဘာမှ ရှက်မနေနဲ့၊ ကိုပေါ်မန်းကို ငါပြောလိုက်မယ်"

ကြေးဆေးတံကြီးကို အားရပါးရရှိုက်ဖွာနေသော ဦးအိုက်စံက ဝင်၍ပြောလိုက်သည်။ မောင်ရွှေဝါမှာ မည်သို့မျှ ပြန်လှန် မပြောဆိုတတ်တော့သည့်အလား ဟိုမျက်နှာကြည့်၊ သည်မျက်နှာကြည့်ဖြစ်နေသည်။

"ဟုတ်တယ် ကိုရွှေဝါ၊ ကျွန်တော်တို့လည်း ဦးလေးအိုက်စံကို အားကိုးနေကြရတာပဲ၊ ဘယ်အပျိုလေး နဲ့စကားပြောချင်ချင် ဦးလေးအိုက်စံကိုပဲ ကပ်ရတာပဲ၊ သူက ကျွန်တော်တို့ရွာမှာ လူပျိုခေါင်းလေ"

မောင်ရွှေဝါက ဦးအိုက်စံကို တအံ့တသြ ကြည့်လိုက်မိသည်။ ဆံဖြူစပြုနေပြီဖြစ်ပြီး ကြေးဝါဆေးတံကြီးနှင့်မို့ အဘိုးကြီးပေါက်စနှင့်ပင် တူသော ဦးအိုက်စံကဤရွာ၏ လူပျိုခေါင်းဆိုသဖြင့် သူကငေးမောမိခြင်းပင်။

"ဟုတ်တယ်... မောင်ရွှေဝါရဲ့ အိုက်စံက တို့ရွာက လူပျိုခေါင်းပဲ၊ ဒီကောင်တို့ လက်ထက်ကတည်းက လူပျိုခေါင်းလုပ်လာတာ အခုထိပဲ၊ တို့တုန်းကလည်း လူတွေက သူ့ကို အံ့သြကြတယ်၊ လူပျိုခေါင်းသာဆိုတယ်၊ အသက်ငယ်ငယ်လေးပါလားလို့ပေါ့ကွယ်၊ တို့ထက်သူက ငါးနှစ်လောက်ငယ်တယ်ကွယ့်၊ အခုမှာ အသက်လေးဆယ်ကျော်ပဲ ရှိသေးတာပဲကွယ်"

"လေးဆယ့်နှစ်ပ"

"အေး ခုတော့ သူ့ကို တစ်ခါအံ့သြနေကြရပြန်ပြီ၊ လူပျိုခေါင်းဆိုပြီး အဘိုးကြီးပါလားလို့ပေါ့ကွယ်၊ သူကမသေမချင်း လူပျိုခေါင်းပဲ ဖြစ်သွားမှာပါကွယ်၊ ဘယ်တော့မှ မိန်းမရမယ့်ကောင် မဟုတ်ပါဘူး"

"ကျုပ် မိန်းမရဖို့ မလိုပါဘူး၊ သူများတွေရကြရင် ပြီးတာပါပဲ၊ ဘယ်လိုပဲ မောင်ရွှေဝါ၊ အခုပဲ ကိုပေါ်မန်းကို ကျုပ် သွားပြောလိုက်ရမလား"

"မလုပ်ပါနဲ့ဗျာ၊ ဘကြီးပေါ်မန်းက ကျွန်တော့်ကို ရွာက နှင်ထုတ်နေပါဦးမယ်"

"ဒီကိစ္စက ကိုမန်းနဲ့ မဆိုင်တော့ဘူးကွယ်၊ တို့ရွာဓလေ့နဲ့ ဆိုင်လာပြီ၊ တို့ရွာမှာ မိန်းကလေးတွေက အသက် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ဆို အပျိုသင်းကို ဝင်ကြရတယ်ကွယ့်၊ မောင်ရွှေဝါလည်း သိမှာပကွယ်၊ မိန်းကလေးတစ်ယောက်ဟာ ဓမ္မတာပန်းပွင့်ရင် အပျိုဖြစ်တာပဲကွယ့်၊ အပျိုဖြစ်တယ်ဆိုရင် အပျိုသင်းကို မဝင်မနေရဘူးကွယ့်၊ နောက်ပြီးတော့ တို့ဆီမှာ လူပျိုလှည့်တဲ့နေရာမှာ အယုတ် အလတ် အမြတ် မရွေးရဘူးကွယ့်၊ လူပျိုလေးတစ်ယောက်က အပျိုလေးတစ်ယောက်ကို ကြိုက်စကားပြောချင်ရင် လူပျိုခေါင်းကိုပြောရတယ်ကွယ့် အေးပ၊ ငါ့ကိုပြောရတယ်ကွယ့်၊ ငါကလည်း အဲဒီအပျိုလေးကို သွားပြောရတယ်၊ ဒီတခါမှာ အပျိုလေးဟာ သူ့ဆီလာမယ့် လူပျိုကို သဘောကျကျ မကျကျလက်ခံပြီး စကားပြောရတယ်ကွယ့်၊ တတ်နိုင်လို့ပေါ့ကွယ်၊ သူလည်း သေအောင်မုန်းနေပစေ၊ လက်မခံနိုင်ဘူး မလာရဘူးလို့ မပြောရဘူးကွယ့်၊ နို့ပေမယ့် မောင်ရွှေဝါကိုတော့ မနှင်းမြူကလည်း ငြင်းမှာမဟုတ်ပါဘူးကွယ်၊ ဒီအချိန်မှာ မောင်ရွှေဝါကို ဘယ်အပျိုကမှ မငြင်းဘူးကွယ့်၊ အပျိုတွေကတောင်

MMCYBERMEDIA
COMMUNITY FOR ALL

ဘကြီးမုံးနဲ့ ငါ့ကို ကပ်နေကြတာကလားကွယ့်၊ သူတို့အိမ်ကို လွှတ်ပေးဖို့ ပြောနေကြတာကလားကွယ်၊ မနင်းမြူကတော့ တို့ရွာမှာ အချောဆုံးဆိုလည်း ဟုတ်တာပကွယ်၊ ဟုတ်ပြီးနော်၊ တော်နေကြာ ငါသွားပြောလိုက်မယ်”

“ဘကြီးဦးပေါ်မန်းကို မျက်နှာပူစရာကြီးဖြစ်နေပါ့မယ်”

“မောင်ရွှေဝါ့နှယ်ကွယ်၊ ပူစရာမရှိ ပူနေတယ်၊ ညကျရင် မောင်ရွှေဝါ သွားတဲ့အခါမှာ ကိုပေါ်မန်းကို မြင်ချင်လို့တောင် မမြင်ရပါဘူး၊ တို့ဆီမှာ ထုံးစံရှိတယ်ကွယ့်၊ ကိုယ့်သားသမီးဆီကို လူပျိုလေးတစ်ယောက်လာပြီး စကားပြောတဲ့အခါမှာ အမိအဖတွေဟာ အနားမှာ မနေရဘူး… မောင်တွေ ညီမတွေ ရှိရင်လည်း ရှောင်ပေးရတယ်ကွယ့်၊ ကုန်ကုန်ပြောမယ်ကွယ် လူပျိုလှည့်တဲ့အနားကို ဘယ်အိမ်သားတစ်ယောက်မှ မကပ်ရဘူးကွယ့်၊ လူပျိုကလေးက တစ်ညလုံးထိုင်ပြီးပြောနေရင် အပျိုကလေး ဘယ်လောက်ပဲအိပ်ချင် အိပ်ချင် မအိပ်ရဘူးကွယ့်၊ မောင်ရွှေဝါလို အာဝဇ္ဇန်းရွှင်တဲ့လူနဲ့ဆိုရင်တော့ ဘယ်မိန်းကလေးမှလဲ အိပ်ချင်မှာ မဟုတ်ပါဘူးကွယ်၊ နေထွက်မှာတောင် စောတယ်လို့ အောက်မေ့ဦးမှာကွယ့်၊ ဟုတ်ပြီလား၊ ကနေ့ညပဲ မောင်ရွှေဝါသွားမယ်မဟုတ်လား”

“မနင်းမြူနဲ့စကားတော့ ပြောချင်နေပါတယ်၊ သူနေမှ ကောင်းရဲ့လားလို့ပါ”

“ဒါဆိုရင် ပြီးတာပဲကွယ်၊ မင်းအလုပ်သာ မင်းလုပ်ပေတော့ မောင်ရွှေဝါ၊ ငါ့လူလည်း ရွှေမြို့တော် မရောက်ပဲ ကနန်းရွာမှာပဲ အိမ်ထောင်ကျနေတော့မှာပဲ၊ တစ်ခုတော့ရှိတယ် မောင်ရွှေဝါရဲ့၊ တို့ဆီမှာ အိမ်ထောင်ကြီး အိမ်ထောင်ငယ်ရယ်လို့ ရှိသကွယ့်၊ အပျိုလေးက ကြိုက်ပါပြီလို့ဆိုရင် သူ့မိဘတွေ ကျေနပ်အောင် ကွမ်းဖိုးပေးရတယ်ကွယ့်”

“ကျွန်တော်တို့ဆီမှာလည်း ကွမ်းဖိုးပေးရတာပါပဲ”

“မတူဘူးကွယ့်၊ မင်းတို့ဆီမှာနဲ့ခြားနားတာ ရှိတယ်ကွယ့်၊ မင်းတို့ဆီမှာက မိန်းကလေးမိဘက တောင်းတဲ့ကွမ်းဖိုးအပြင် တင်ပြီးရင် တစ်ခါတည်း မင်္ဂလာဆောင်တာပဲကွယ်၊ တို့ဆီမှာကတော့ ဒီလိုမဟုတ်ဘူးကွယ့်၊ ကွမ်းဖိုးအပြင် ကိုယ်ဖိုးဆိုတာရှိသေးတယ်ကွယ့်၊ ‘ကိုယ်ဖိုး’ ဆိုတာက ကချင်မတွေ ‘မရောင့်ရော့’ တာနဲ့ ခပ်ဆင်ဆင်ပဲကွယ့်၊ နို့ပေမယ့် တို့ဆီမှာက အိမ်ထောင်ကြီး အိမ်ထောင်ငယ်ရယ်လို့ ရှိတယ်ကွယ့်၊ အိမ်ထောင်ငယ်ဆိုတာကကွယ်၊ မိန်းကလေးမိဘက တောင်းတဲ့ကွမ်းဖိုးကို တင်ပြီး လူငယ်နှစ်ယောက် အစမ်းပေါင်းကြည့်ကြတာပဲကွယ့်၊ ဒီလို လက်ထိလက်ရောက်ပေါင်းကြည့်လို့ စိတ်ကြိုက်တွေ့ကြတယ်ဆိုရင် အသက်အစိတ်က ကျော်ကြတဲ့အခါမှာ မင်္ဂလာအကြီးအကျယ် ဆောင်ရတယ်ကွယ့်၊ အဲဒါမှ အိမ်ထောင်ကြီးလို့ ခေါ်တယ်ကွယ့်၊ ရာသက်ပန် ရိုးမြေကျ ပေါင်းကြမယ်လို့ အနက်အဓိပ္ပယ်ရှိတယ်ကွယ့်၊ ဒီတခါမှ မိန်းကလေး ကိုယ်ရေပျက်တဲ့အတွက် ယောကျ်ားကလေးက ‘ကိုယ်ဖိုး’ ပေးရတယ်ကွယ်၊ ကချင်တွေ ‘မရောင်ရော့’ ဆိုတာမျိုးပေါ့ကွယ်”

“အိမ်ထောင်ငယ်ပြုပြီး ကိုယ်ဖိုးပေးပြီး ကွာကြတာ များသလား”

“ရိုးရိုးသားသားဆိုရင်တော့ မများပါဘူးဗျာ။ ဒါပေမယ့် တချို့ယောကျ်ားတွေက အကောက်ကြံတယ်ဗျာ၊ စရိတ်ကျေလုပ်ကြတယ်၊ ကျုပ်တို့ ခံ့ပန်းဆိုရင် ဒီအလုပ်မျိုး အလုပ်ဆုံးပေါ့ဗျာ၊ တချို့လူတွေက ကျုပ်တည်းကြတယ် မဟုတ်လားဗျ၊ ဒီလိုအခါမျိုးမှာ ကွမ်းဖိုးကလေးကို တမ်းတတတ်ကြတယ် မဟုတ်လား၊ တချို့လူတွေကလည်း ငွေစတောင့်ကြတယ်ဗျ၊ သူတို့မှာကလည်း အကြံတစ်မျိုးရှိတယ်ဗျ၊ မိန်းကလေးတစ်ယောက်ကို ကွမ်းဖိုးနည်းနည်းတင်ပြီး အိမ်ခေါ်သွားကြတယ်ဗျ။ သားမယားအဖြစ်လည်း ပေါင်းတယ်။ အိမ်အလုပ်၊ လယ်အလုပ်လည်း လုပ်ခိုင်းတယ်ဗျ၊ စပါးပေါ်ပြီးတဲ့အခါကျတော့ ဒီမိန်းကလေးကို မလိုချင်ဘူးဆိုပြီး ကိုယ်ဖိုး မဖြစ်စလောက်ပေးပြီး ကွာပစ်လိုက်တယ်ဗျ၊ သူတို့ပေးတဲ့ ကွမ်းဖိုး ကိုယ်ဖိုးကို တွက်ကြည့်ရင် လယ်သူမတစ်ယောက်နဲ့ငှားရတဲ့

အဖိုးသားနားလောက်ပဲရှိတယ်ဗျ၊ ဒီတော့ သူတို့မှာ အဘက်ဘက်က မြတ်တာပေါ့ဗျာ၊ မိန်းကလေးမှာသာ ဒုက္ခရောက်ရတယ်”

ကိုစောနွဲ့က မကျေမနပ်လေသံဖြင့် ပြောသည်။

“ဒါကတော့ မောင်စောနွဲ့ရယ်၊ လူတွေက တရားမဲ့ကြတာကိုးကွယ့်၊ တို့ဘိုးဘွားတွေ လုပ်ထားခဲ့တဲ့ ထုံးကတော့ ရာသက်ပန် မပေါင်းခင်မှာ တစ်ယောက်နဲ့တစ်ယောက် မကျေနပ်မှုရှိမရှိ သိရအောင် အိမ်ထောင်ငယ်ပြုခွင့်ပေးထားတာပဲကွယ်၊ ကွဲလို့ရှိရင်လည်း ငယ်တုန်း ကွဲတော့ နှစ်ယောက်စလုံးမှာ နောက်ထပ်အိမ်ထောင်သစ် ရွေးနိုင်တာပေါ့ကွယ်၊ လူတွေ တရားမဲ့ကာတော့ သူတို့ထိုက်နဲ့ သူတို့ကံပေါ့ကွယ်၊ နောက်တမလွန်မှာ တုသောအကျိုးခံစားကြရမှာပကွယ်”

ဦးအိုက်စံက ကြေးဆေးတံကို ပုဆိုးစဖြင့် ပွတ်တိုက်ရင်းပြောလိုက်သည်။ ထို့နောက် သူတို့သည် ဤအကြောင်းကို ဆက်လက်ပြင်းခုံနေကြတော့သည်။ သို့ရာတွင် မောင်ရွှေဝါသည် သူတို့ပြောသည်များကို မကြားတော့၊ သူနားတွင် မနှင်းမြူ၏ အသံသာရှိနေသည်။ သူ့မျက်လုံးတွင် မနှင်းမြူသာရှိတော့သည်။

## အခန်း -၈-

ညစာ စားအပြီးတွင် မောင်ရွှေဝါသည် ကိုစောနွဲ့နှင့်အတူ မနှင်းမြူတို့အိမ်သို့ ထွက်ခဲ့သည်။ သူက အချိန်အထိ ဦးပေါ်မိန်း၏ အိမ်ကို မသိသေးသဖြင့် ကိုစောနွဲ့ကို လမ်းပြခေါ်ခဲ့ရခြင်းဖြစ်သည်။ ညသည် ရှို့မီးများဖြင့် ထိန်နေသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းကတည်းက ခုတ်လှဲထားခဲ့သော သစ်ပင်များကို ယခုအခါ တောင်ယာသမားများက မီးရှို့လျက်ရှိကြသည်။ ဦးပေါ်မန်းတို့အိမ်သည် ရွာ၏ အနောက်ဘက်ဖျားတွင်ဖြစ်သည်။ သူသည် ယခင်ကဆိုလျှင် ရွာမြောက်ဖျားမှ တောင်ဖျားသို့သာ ထုတ်ချင်းခတ်သွားရောက်ခဲ့သဖြင့် ဦးပေါ်မန်းကို သော်လည်းကောင်း၊ မနှင်းမြူကိုသော်လည်းကောင်း အိမ်ထဲတွင်ရှိ နေသည်ကို မတွေ့မမြင်ရခြင်းဖြစ်သည်။

ကိုစောနွဲ့သည် တောင်ဘက်သို့ တောက်လျှောက်သွားနေရာမှ ငါးပေါက်ပင်ကြီးအောက်သို့ ရောက်သောအခါ အနောက်ဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။ ပထမတွင်လမ်းသည် အောက်ဘက်သို့ နိမ့်ဆင်းသည်။ ပြီးမှ အထက်သို့ မော့တက်သည်။ တောင်ကုန်းငယ်တစ်ခုထက်တွင် အထီးတည်းရှိနေသော အိမ်သည် ဦးပေါ်မန်း၏အိမ်ငယ်ဖြစ်သည်။

မနှင်းမြူတို့၏အိမ်ကို အသေအချာ ညွှန်ပြပြီးသည့်နောက် ကိုစောနွဲ့သည် သူနှင့်အတူမလိုက်တော့ပဲ တောင်ကြားလမ်းကလေးအတိုင်း အနောက်ယွန်းယွန်းသို့ ဆင်းသွားသည်။ သည်တွင်မှ မောင်ရွှေဝါသည် ခြေလှမ်းပျက်ရတော့သည်။ ချိုင့်ထဲသို့ ခြေတစ်ဖက်ကျသည်။ ဝတ်တစ်ခုနှင့်ခြေကိုထိုးမိသည်။ သူ့နောက်မှ လူအုပ်ကြီးလိုက်လာသည်ထင်၍ မကြာခဏလှည့်ကြည့်မိသည်။ သူ့ကို မနှင်းမြူက ဖမ်းစားလျက်ရှိပေပြီ။ သူ့အသားများက တဆက်ဆက်တုန်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

နှင်းမြူ သိပ်သည်းသည်းတွင် တောင်ပေါ်အိမ်သည် မည်းမည်းကြီး ရှိနေသည်။ ညဥ့်လေ တဝုန်းဝုန်းတွင် အိမ်မည်းမည်းသည် လှုပ်ယမ်းနေသည်။ ကျိုးကျိုးကျီကျီ အသံများထွက်ပေါ်သည်။ အိမ်တစ်ဖက်မှ မီးရောင်သည် လူးလွန့်လျက်ရှိသည်။ ဤသို့ဖြင့် သူသည် အိမ်အောက်သို့ရောက်လာသည်။ လူသံသူသံမကြားရဘဲရှိသည်။ တောသံလေသံနှင့် အိမ်လှုပ်သံတို့သာ အဆက်မပြတ်ပေါ်နေသည်။ သူကစိတ်အားတင်းလိုက်သည်။

လှေကားသည် မဖြုတ်ဘဲရှိသည်။ ယောက်ျားတစ်ဖက်ခန့်ရှိသော ကျွန်းလုံးကြီးကို ပြုလုပ်ထားခြင်း ဖြစ်သည်။ လုံထွင်းလှေကဲ့သို့ နစ်ဖက်ဖောင်းထပြီး အကန့်များ ခုတ်ထွင်းထားသည်။ သုံးလေးချိုင့် နင်းမိသောအခါ အလယ်ခန်းကိုမြင်ရသည်။ မနင်းမြူသည် မီးဖိုဘေးတွင် ဗိုင်းငင်လျက်ရှိသည်။ အခြား မည်သူ့ကိုမျှ မမြင်ရ။

"လာတယ်နော်"

ကနန်းတို့ ထုံးစံအတိုင်း အမျိုးသမီးက ဆီးကြိုနှုတ်ဆက်သည်။ အမျိုးသမီး၏ ပါးပြင်ချိုင့်ဝှမ်းသော အပြုံးနှင့် တူရိယာ တီးမှုတ်သည်နှင့်တူသော အသံတို့ကို မြင်ရကြားရသောအခါ သူက အားတက်သွားသည်။ လှေကားထစ်များကို တဖြုတ်ဖြုတ်နင်း၍ တက်သွားသည်။ နောက်ဆုံး လှေကားထစ်မှနေ၍ ကြမ်းပြင်ပေါ်သို့ တက်မည်အပြုတွင်...

"ငုံ့၊ ငုံ့၊ ငုံ့ ပါနော"

အမျိုးသမီးက မျက်လုံးစုံ ဝန်းဝိုင်းလျက် သတိပေးလိုက်သည်။ သူကခါးတစ်ဝက်ကိုင်းအောင် ငုံ့ချလိုက်ရင်း လည်ပြန်မော့ကြည့်လိုက်သည်။ သူ့ခေါင်းပေါ်တွင် ဆန်ကောလောက်ရှိသော ပျားအုံကြီးဖြစ်သည်။ ထုပ်တွင် စွဲနေသော ပျားကြီးများဖြစ်သည်။ ခေါင်းနှင့်သာဝင်၍ တိုးမိလျှင် သူတစ်ကိုယ်လုံး အညိုအမည်း ဖြစ်ဖို့ရာသာ ရှိသည်။

"အလိုလို၊ ပျားသိုက်ကြီးပါကော"

သူက ရေရွတ်လိုက်မိသည်။ ထိုအခါ အမျိုးသမီးသည် တစ်မြန်နေ့ညနေက အတိုင်း တိုးတိုးပြတ်ပြတ်ရယ်လိုက်သည်။ သူ့စိတ်ထဲတွင် ဒေါသဖြစ်မိသည်။ ယင်းကြောင့်...

"သူများတွေ ဒုက္ခဖြစ်ဖို့ ဒီပျားအိမ်ကြီး လုပ်ထားတာလား"

"ကြံကြီးစည်ရာ မောင်ကြီးရယ်၊ နင်းမြူတို့မှာ ဒီလိုစိတ်မျိုး မရှိပါဘူး၊ အဝင်အထွက်မှာ ပျားစွဲရင် ဉေ့ကောင်း စောင်ကောင်း လာတတ်တယ်လို့ လူကြီးသူမတွေက ပြောကြတယ်မဟုတ်လား၊ အဲဒါကြောင့် ဒီပျားအုံကြီးကို နင်းမြူတို့ မနင်ဘဲထားတာပါ"

"ဧည့်ကောင်းစောင်ကောင်းဆိုတဲ့ အထဲမှာ ကျုပ်တို့ပါရဲ့လား"

"ပါပြီကော မောင်ကြီးရယ်၊ မောင်ကြီးက ဧည့်ကောင်းစောင်ကောင်းတင် ဘယ်ကမလဲ၊ နင်းမြူရဲ့ အသက်သခင် ကျေးဇူးရှင် မဟုတ်လား"

မနင်းမြူပေးသော နေရာတွင် သူက ဝင်ထိုင်သည်။ ကောက်ရိုးဖျာသည် နွေး၏။ ညက်၏။ ဖျာပေါ်တွင် လက်ဖက်ရည်အိုး အဆင်သင့်ရှိသည်။ အမြည်းအဖြစ် ဆတ်သားခြောက်နှင့် ကောက်ညှင်းကျည်တောက် ရှိသည်။

"လက်ဖက်ရည် သောက်လိုက်ပါဦး မောင်ကြီး၊ ရင်ထဲမှာ နွေးသွားမှ အပြင်မှာလည်းနွေးတယ် မောင်ကြီးရဲ့"

မောင်ရွှေဝါသည် လက်ဖက်ရည်တစ်ပန်းကန် ငှဲ့လိုက်သည်။ သို့ရာတွင် မသောက်သေးဘဲ အိမ်ကို အကဲခက်နေသည်။ ကျပ်ခိုးစင်ပေါ်တွင် ပြုတ်စဖျင်းတောင်းများ ပြည့်နေသည်။ သမင်ချို တစ်ခုလည်း ရှိသည်။ အဝိတစ်ကန့် အနက်တစ်ကန့် ကျားရေကြီးလည်း ရှိသည်။ တရုတ်ဒယ်ကြီးတစ်ခု မှောက်ထားသည်ကိုလည်း မြင်ရသည်။ ခေါင်းရင်းဘက်တွင် လုံတွေစိုက်ထားသည်။ ခြေသည်ကိုင်လုံ၊ မြင်းသည်ကိုင်လုံ၊ ဆင်သည်ကိုင်လုံနှင့် လုံလျင်များရှိသည်။ အောင်ပန်းပွားတပ် အဲမောင်းလုံသည် ထိပ်ဆုံးမှဖြစ်သည်။

"ဘကြီးဦးပေါ်မန်းကော"
"မောင်ကြီးက နင်းမြူနဲ့စကားပြောရအောင်လာတာမဟုတ်လား"
"ဟုတ်ပ"
"သူတို့ရှောင်နေကြတာပ"

သူက မျက်နှာပူသွားသည်။ စိတ်ထဲမှ အားနာသည်။ ဘာပြောရမှန်းမသိ။ ဆတ်သားခြောက်ကို ညက်ညက်ကြေအောင် ဝါးနေမိသည်။

"မဖျိုင်းဖြူက လှတယ်နော"

အမျိုးသမီးက ကောက်ခနဲမေးသည်။

"ကိုစောနွဲ့ကိုမေးရင် ပိုပြီးသိမှာပ"

သူ့ဆီကိုလာသော မြှားဦးကို လမ်းလွှဲပေးလိုက်သည်။ အမျိုးသမီးက တိုးတိုးပြတ်ပြတ် ရယ်ပြန်သည်။ သူက မနေတတ် မထိုင်တတ်။ အမျိုးသမီးသည် လက်တစ်ဖက်ဖြင့် ချားဘီးကို လှည့်၍ လက်တစ်ဖက်မှ ဂွမ်းတောင့်ကို ကိုင်ကာ တိုးလိုက် ဆုတ်လိုက်ဖြင့် ချည်မျှင် ဖြစ်စေသည်။ လက်ဆကောင်းသဖြင့် ချည်လုံးသေးသည်။ ညီညာသည်။ အမျိုးသမီး၏ ဒူးဆစ်အနီးတွင် နီကြောစိမ်း ပလိုင်းကလေးတစ်ခုရှိသည်။ ပလိုင်းထဲတွင် သစ်သီးများ မြင်ရသည်။

"ဘာသီးတွေလဲ"
"မနက်ကျရင် ဆေးဆိုးဖို့ပါ၊ ဖန်းခါးသီး၊ သစ်ဆိမ့်သီး၊ ဆီးဖြူသီး၊ တမာသီး၊ ကြဖုသီး အစုံပါ"
"ဘာရောင် ဖြစ်ကြကောလဲ"

"အနက်ပါ၊ ဒါက မည်းရိုင်းကြီးရွက်လေ သိတယ်မဟုတ်လား၊ သူ့ကို နာနာထောင်းပြီး သုံးရက်ရေစိမ်ပြီး စစ်ယူရတယ်။ ထုံးနည်းနည်းနဲ့ ဝါးပြာနည်းနည်းရောရင် နှင်းမြူတို့ဝတ်တဲ့ အင်္ကျီပြာတွေ ရတာပ"

"ကျုပ်တို့ဆီမှာတော့ ဆီးခေါက်တို့၊ အင်ကြင်းခေါက်တို့၊ သစ်ရာခေါက်တို့ သုံးပါတယ်"

"ဒါက အနီရောင်ပါ၊ မောင်ကြီးတို့ ခန္တီးသူတွေက ခါးစည်းနီ အသုံးများတယ်မဟုတ်လား၊ သမန်းမင်းသမီးကလေးလည်း ခါးစည်းနီးနဲ့ မဟုတ်လား မောင်ကြီးရဲ့"

"သူက ဝေသာလီပါ"

"ဒါကြောင့်သူက အရပ်မြင့်ပြီး အသားဖြူတာပ"

"ဒါကြောင့် ကိုစောန္တဲ့စွဲတာပ"

စကားစ ပြတ်သွားပြန်သည်။ သူက ကောက်ရိုးဖျာကို အမှတ်တမဲ့ ချိုးဖြတ်နေမိသည်။ တစ်ညိုခန့် တစ်ဆစ်ခန့် စသည်ဖြင့် ပြတ်၍ ပြတ်၍ ထွက်ကြသည်။

"မောင်ကြီးတို့ရွာက ဘာနာမည်လဲ"

"ကြိုးကြာ"

"ပျံတဲ့ကြိုးကြာ၊ ငှက်ကြိုးကြာလား"

"အေး၊ နမတို့ဆီမှာ ကြိုးကြာရှိသလား"

"မရှိပါဘူး၊ ကြားဖူးတာပါ၊ မောင်ကြီးတို့ဆီမှာတော့ ပေါမှာပေါ့"

"ကျုပ်တို့ရွာက အရင်က ကြိုးကြာငါးရာနေတဲ့ရွာပါ၊ အခုတော့ ကြိုးကြာတွေဟာ တစ်နှစ်မှာ တစ်ခါသာအလွမ်းပြေ လာကြတယ်။ ဒါပေမယ့် ရွာမှာမနားဘူး၊ ဘယ်မှာနားမှန်းလဲ ဘယ်သူမှမသိဘူး၊ ရွှေမဥ္ဇူဘုရားကို ကောင်းကင်ကနေ ဖူးပြီး ပြန်သွားကြတာပဲ"

"ဘယ်ကို ပြန်သွားကြတာလဲ မောင်ကြီးရဲ့"

"မြောက်အရပ်ကိုပေါ့"

"မောင်ကြီးကလည်း ကုန်အောင်ပြောစမ်းပါ၊ မောင်ကြီးတို့ရွာကို ကြိုးကြာတွေက ဘာပြုလို့ တစ်နှစ်တစ်ခါ အလွမ်းပြေ လာကြတာလဲ"

"အရှည်ကြီးပြောရမှာ"

"ပြောပ"

"မပျင်းဘူးနော"

"ဘယ်သူပျင်းမလဲနော"

"ဒီလိုကွယ်၊ ကျုပ်တို့ အခုတွေ့နေတဲ့ အင်းတော်ကြီးဟာ ဟိုးရှေးရှေးတုန်းက မြို့တော်ကြီးကွယ့်၊ ကောသမ္ဗီမြို့တော်လို့ခေါ်တယ်၊ ကျုံးသုံးတန်ရံပြီး မြို့ရိုးမြို့တံခါးတွေနဲ့ အင်မတန်မှ ကြီးကျယ်စည်ကားတယ် ဆိုပဲကွယ့်၊ နောက်ဆုံး မဟာ ဒီမြို့တော်ကြီးဟာ မြေလျောင်လူပ်ပြီး ရေအောက်ကို ရောက်သွားတယ်၊ ဒါဟာ ကြိုးကြာသမိုင်းအဆိုပေါ့ကွယ်၊ အင်းတော်ကြီး သမိုင်းကတော့ တစ်မျိုးကွယ့်၊ နဂါးညီနောင် တန်ခိုးပြိုင်ကြရာက အင်းကြီးဖြစ်လာတာတဲ့၊ ကြိုးကြာရွာသမိုင်းကို အရင်ပြောမယ်၊ ဒီလိုကွယ့်၊ ကောသမ္ဗီမြို့တော်ရဲ့ အနောက်စူးစူးမှာ အင်မတန်လှပတဲ့ တောင်တစ်လုံးရှိတယ်။ ဒီတောင်ဟာ အမြဲတမ်း စိမ်းလန်းသာယာနေတယ်။ ချောင်းငယ်တစ်ခုဟာ ဒီတောင်ကိုပတ်ပြီး စီးသွားတယ်ကွယ်၊ ဒီတောင်မှာ ကြိုးကြာငါးရာ ပျော်မွေ့ရာက ကြိုးကြာတောင်လို့ခေါ်တယ်၊ ချောင်းကိုလည်းကြိုးကြာချောင်းလို့ခေါ်တယ်။

MMCYBERMEDIA
COMMUNITY FOR ALL

ကြိုးကြာတောင်နဲ့ ကြိုးကြာချောင်းကို ကောသမ္ဗီကလူတွေ အရောက်အပေါက်မရှိကြဘူးကွယ့်၊ ဘာကြောင့်လဲဆိုတော့ လမ်းခရီးမှာ သားရဲတိရိစ္ဆာန်တွေ ပေါများတဲ့ တောအုပ်ကြီး တစ်ခုရှိလို့ကွယ့်၊ ဒါပေမယ့် အခါတစ်ပါးမှာတော့ ဘုရင့်သားတော်လေးဟာ တောကစားထွက်ရင်း မျက်စိလည် လမ်းမှားပြီး ကြိုးကြာတောင်ကို ရောက်သွားရောတဲ့၊ ဘုရင့်သားတော်လေးဟာ ကြိုးကြာငါးရာနဲ့အတူ အင်မတန်လှပတဲ့ ကျေးတောသူကလေး တစ်ဦးကို တွေ့သတဲ့၊ ကျေးတောသူလေး မသစ္စာဟာ မိဘနှစ်ပါးကို တောင်ယာလုပ်ကိုင်ကျွေးနေသူလေး ဖြစ်သတဲ့၊ ကြိုးကြာငါးရာဟာ မသစ္စာကို ကူဖော်လောင်ဖက် ပြုကြသတဲ့။

တိုတိုပြောရရင် ဘုရင့်သားတော်နဲ့ ကျေးတောသူမလေး မသစ္စာတို့ဟာ မေတ္တာမျှကြသတဲ့၊ ဘုရင့်သားတော်ဟာ ကောသမ္ဗီကို မပြန်တော့ပဲ မသစ္စာနဲ့အတူ ကြိုးကြာတောင်မှာ ရာသက်ပန် အတူနေသွားဖို့ သစ္စာပြုထားသတဲ့၊ ဒါပေမယ့် အခါတစ်ပါးကျတော့ ကြိုးကြာတောင်းကို ကောသမ္ဗီက မှူးကြီး မက်ကြီးတွေ ရောက်လာကြသတဲ့။ သူတတ့ဟာ ဘုရင့်သားတောင်ကို အရှာအဖွေ ထွက်ကြတဲ့လူတွေ ဖြစ်တယ်ကွယ့်။ မှူးကြီး မတ်ကြီးများက ဘုရင့်သားတော်ကို တိုင်းပြည်ပြန်ခေါ်ကြတယ်၊ ဘုရင့်သားတော်က မလိုက်ဘူးလို့ ငြင်းတယ်၊ မသစ္စာကလည်း ငိုယိုပြီးတောင်းပန်တယ်ပေါ့ကွယ်။ ဒီအခါမှာ မှူးကြီး မတ်ကြီးများက တိုင်ပင်ကြတယ်။ သူတို့ဟာ ဘုရင့်သားတော်ကို တွေ့ပါလျက်နဲ့ အပါမခေါ်ခဲ့ရင် ဘုရင်ကြီးက အမျက်ထားလိမ့်မယ်၊ တစ်ခါ မင်းသားလေးကို အတင်းအကျပ် ခေါ်ရအောင်ကလည်း မဝံ့မရဲဖြစ်နေကြတယ်၊ ဒါနဲ့ သူတို့ဟာ နောက်ဆုံးမှာ ဥပါယ်တံမျဉ် သုံးကြတယ်၊ မင်းသားလေး ကိုယ်တိုင် ဘုရင်ကြီးထံ သံတော်ဦးတင်လို့ရှိရင် သူတို့နှစ်ဦးကို လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ပေးပြီး အိမ်ရှေ့အရာကို အလွဲမသွေ နှင်းမယ့်အကြောင်းပြောတယ်။

မသစ္စာကတော့ အိမ်ရှေ့မိဖုရားလည်း မဖြစ်ချင်ဘူး၊ ရွှေမြို့တော်လည်း မလိုက်ချင်ဘူး၊ ကြိုးကြာတောင်မှာပဲ တောင်ယာလုပ်နေချင်တာပေါ့ကွယ်၊ ဒါပေမယ့် မင်းသားလေးကတော့ မှူးမက်တွေ လျှောက်တင်တာမှာ စိတ်ယိမ်းယိုင်သွားတယ်၊ မသစ္စာကို နန်းတွင်းသူအဝတ်အစားတွေ ဝတ်ပေးလိုက်ရင် ဒီထက်မက လှမှာပဲလို့ အောက်မေ့တယ်။ အိမ်ရှေ့မင်းမိဖုရားအဖြစ်နဲ့ သိပ်ကျက်သရေရှိမှာပဲလို့ အောက်မေ့တယ်။ ဒါကြောင့် ကောသမ္ဗီကို ခဏလိုက်သွားဖို့ဆုံးဖြတ်လိုက်တယ်။

မသစ္စာဟာ မင်းသားကလေးနဲ့ခွဲခွာဖို့ကို သဘောမတူဘူးကွယ့်၊ ဒါပေမယ့် တားမရတဲ့ နောက်ဆုံးမှာတော့ လိုက်လျောရရှာတာပေါ့၊ ခမည်းတော်ထံ အကြောင်းစုံ လျှောက်ထားပြီး နေ့ချင်း ညချင်းပြန်လာမှာမို့ ရက်အစိတ်လောက် သစ္စာရှိရှိ စောင့်နေဖို့ မင်းသားလေးက မသစ္စာကိုပြောတယ်၊ မသစ္စာက ရက်အစိတ်မက အနှစ်အစိတ်ကြာပါစေ သစ္စာရှိရှိနဲ့ စောင့်မယ်အကြောင်း ကတိပြုသတဲ့။ ဒါနဲ့မင်းသားလေးလည်း မှူးကြီးမတ်ကြီးများနဲ့အတူ ရွှေမြို့တော်ကို ပါသွားရောတဲ့၊ မသစ္စကတော့ မျက်ရည်စက်လက်နဲ့ ကျန်ရစ်ခဲ့တာပေါ့၊ မင်းသားလေးလည်း ရွှေမြို့တော်ရောက်တော့ သူ့အကြံအစည်အတိုင်း ခမည်းတော်ကို သံတော်ဦးတင်ဖို့ ကြိုးစားပါတယ်၊ နို့ပေမယ့် ဘုရင်ကြီးဟာ သားတော်လျှောက်တင်တာကို နားမထောင်တော့ဘဲ မင်းသားလေးကို ဘုရင့်သမီးတော်တစ်ပါးနဲ့ အတင်းလက်ထပ်ထိမ်းမြား လိုက်သတဲ့။ နောက်ပြီးတော့ မင်းသားကလေး ဘယ်မှမသွားနိုင်အောင် အစောင့်အကြပ်တွေ ချထားသတဲ့။ မင်းသားလေးလည်း အားမတန်လို့ မာန်လျှော့လိုက်ရပေမယ့် မသစ္စာဆီ ပြန်သွားဖို့တော့ အကြံအစည် မလျှော့ဘူးတဲ့။ မင်းသားကလေးဟာ ဘုရင့်သမီးတော်နဲ့ အဆောင်တော်ထဲမှာ နေရပေမယ့် အတူမအိပ်ဘူးတဲ့။ သလွန်တစ်ခုစီ အိပ်သတဲ့။ ဘုရင့်သမီးတော်ကို

စိတ်ကတောင် မပြစ်မှားဘူးတဲ့။ အခါအခွင့်သင့်တာနဲ့ တစ်ပြိုင်နက် မသစ္စာဆီသွားဖို့ စိတ်ကူးထုတ်နေသတဲ့။

နို့ပေမယ့် မသစ္စာကတော့ မင်းသားလေး လပ်ထပ်ထိမ်းမြားတဲ့ သတင်းကို ကြားတာနဲ့ တစ်ပြိုင်နက် မင်းသားလေးဟာ သူ့အပေါ်မှာ သစ္စာဖောက်သွားပြီလို့ မှတ်ယူသတဲ့။ စိတ်နာကြည်းပြီး လူကောင်းယောင်ဆောင်လာတဲ့ မုဆိုးတစ်ယောက်ကို ယူလိုက်ရောတဲ့။

ငယ်ငယ်ကတည်းက ငါးပါးသီလဆောက်တည်ပြီး ကတိသစ္စာတည်ခဲ့တဲ့ ကျေးတော်သူလေး မသစ္စာဟာ မင်းသားလေးအပေါ်မှာ အထင်အမြင်လွဲပြီး အနှစ်အစိတ်စောင့်ပါ့မယ်လို့ထားခဲ့တဲ့ ကတိကို ဖျောက်ဖျက်လိုက်တာနဲ့ တစ်ပြိုင်နက် ရှစ်ခွင် ရှစ်ရပ် မိုးကြီးလေကြီးတွေ ကျလာပြီး မြေလျှောင်ပြင်းထန်စွာ လှုပ်သတဲ့။ ကောသမ္ဗီမြို့တော်ကြီး တစ်ခုလုံးဟာ ရေအောက်ကိုရောက်သွားသတဲ့။ ခုနစ်ရက်လုံးလုံး မိုးကြီး လေကြီးကျပြီး ရှစ်ရက်မြောက်တဲ့နေ့ကျတော့ ကောသမ္ဗီမြို့နေရာမှာ အင်းကြီး ဖြစ်နေသတဲ့။ မင်းသားလေးနဲ့ ကောသမ္ဗီမြို့သူ မြို့သားတွေအားလုံးဟာ အင်းကြီးထဲမှာ ငါးတွေ ဖြစ်ကုန်သတဲ့။ ဒါကြောင့်မို့ အင်းတော်ကြီးက ငါးတွေဟာ လူသွားနဲ့တူတဲ့ အပေါ်သွားနှစ်ချောင်းပါကြတာတဲ့။ တခြားငါးတွေလို သွားတွေဟာ ဖြူဖွေးမနေဘဲ ကွမ်းစားထားတဲ့သွားတွေလို မည်းနေကြတာတဲ့။

ကြိုးကြာငါးရာလည်း တစ်ခါတည်း မြောက်အရပ် ပျံသွားကြသတဲ့။ ဒီအခါကျတော့မှ မသစ္စာဟာ မှားမှန်းသိပြီး ရင်ကွဲနာကျ သေရောတဲ့။ ဒီအချိန်ကစပြီး ကြိုးကြာတွေဟာ အင်းတော်ကြီးနယ်ကို တစ်နှစ် တစ်ခေါက်ဆိုသလို အလွမ်းပြေလာကြပေမယ့် ဘယ်တော့မှ မနားမနေဘူးတဲ့။ အခုလို တပို့တွဲ တပေါင်းဆိုရင် ကောင်းကင်မှာ ကြိုးကြာအုပ်ကြီးတွေကို မြင်ရတယ်။ သူတို့ဟာ ဘယ်တော့မှ မြေပြင်မှာ မနားဘူး။ ကြိုးကြာတောင်ကို သုံးပတ်၊ ရွှေမဥ္ဇူဘုရားကို သုံးပတ်ပတ်ပြီး မြောက်အရပ်ကို ပြန်သွားကြတယ်။

နို့ပေမယ့် လူကြီးတွေက ပြောတာ တစ်ခုတော့ရှိတယ်။ ကောသမ္ဗီအပိုင်မှာရှိတဲ့ မိန်းကလေး တစ်ယောက်ယောက်ဟာ သူ့ချစ်သူအပေါ်မှာ အနှစ်အစိတ်လုံးလုံး စောင့်ဆိုင်းနိုင်တဲ့အခါမှ ကြိုးကြာငါးရာဟာ ကြိုးကြာတောင်ကို ပြန်လာလိမ့်မယ်တဲ့။ အင်းတော်ကြီးဟာလည်း ရွှေမြို့တော်တစ်ခု ပြန်ဖြစ်လိမ့်မယ်တဲ့”

မနင်းမြူသည် သူ့ကို တွေ၍ကြည့်နေသည်။ အစပိုင်း မျက်လွှာချထားသော်လည်း ဘုရင့်သားတော်နှင့် ကျေးတောသူကလေး တွေ့ကြသည့် အခန်းမှစ၍ သူ့မျက်နှာကို ကြည့်၍ နားထောင်နေခဲ့သည်။ ဗိုင်းငင်ခြင်းကို ရပ်ထားသည်။ ယင်းတိုက်သားဖြင့် ပြုလုပ်ထားသောချားအနက်ကို ဘေးသို့ပင် တွန်းဖယ်ထားလိုက်သည်။

ထင်းဖြည့်ခြင်း၊ ထင်းထိုးခြင်း မရှိသဖြင့် မီးညွန့်သည် တဖြည်းဖြည်း ကျသွားသည်။ ပုံပြင်ပြီးဆုံးသည့်နောက် အတော်ကလေးကြာမှ မနင်းမြူသည် သတိဝင်လာသည်။ ပျံ့နှံ့နေသော စိတ်အာရုံများကို ရုတ်ချည်းစုစည်းမိသည်။ သည်အခါတွင် သူမသည် ခန္တီးလူရွယ်ကို မျက်တောင်မခတ် အငေးသားရှိနေမိသည်ကို တွေ့ရသည်။ သူမပါးပြင်တွင် မျက်ရည်များ စီးဆင်းနေသည်ကို သိရသည်။

မီးညွန့်ကျိုး၍ မီးကျီးများပင် ပြာဖြူဖြူများ ဖုံးနေသည်ကို မြင်ရသည်။ သည်တော့မှ ချမ်းလာသည်။ ချက်ချင်းပင် ကျောတောင့်၍ အရိုးများ ကွဲကုန်ပြီဟုထင်မိသည်။

ယင်းကြောင့် အမျိုးသမီးသည် ကိုယ်ကို ကိုင်းညွတ်၍ ပြာဖြူများကို မှုတ်ပစ်လိုက်သည်။ သူတို့ခေါင်းများ ဖွေးသွားသည်။ မီးခဲများရဲလာသည်။ အပြင်ရောက်နေသော ထင်းစများကို ပြန်၍ဆိုင်သည်။ ခြောက်သွေ့သော ထင်းချောင်းများ ထပ်ဖြည့်သည်။ မီးပြောင်းဖြင့် အသံထွက်အောင်မှုတ်လိုက်သောအခါ မီးညွန့်များ ဝါဝါနီနီပြာပြာတက်လာသည်။ သူတို့နှစ်ဦး၏ ပါးပြင်များရဲနေသည်။ မီးရောင်ပေလား။ သွေးရောင်ပေလား။

နှစ်ယောက်သား အပြုံးချင်း ဖလှယ်ပြီးနောက် မျက်နှာလွဲလိုက်သည်။ မနင်းမြူသည် တောင်းငယ်တစ်ခု အတွင်းမှ ပိုင်းတောင့်ကိုယူ၍ ရစ်တံတွင် လက်ညှိုးလက်မဖြင့် ဖိညှပ်ထားလိုက်သည်။ ထို့နောက် လက်တစ်ဖက်က ဘီးကိုလှည့်ရင်း ပိုင်းတောင့်ကိုင်ထားသော လက်ကို နောက်သို့ ဆုတ်ပေးလိုက်ရာ ချည်မျှင်တန်းသွားသည်။

မောင်ရွှေဝါသည် လက်ဖက်ရည်တစ်ပန်းကန် ငုံ့သောက်ပြီးနောက် မနင်းမြူကို မသိမသာကြည့်ရင်း လက်တစ်ဖက်က ကောက်ရိုးဖျာကို ချိုးဖြတ်နေမိသည်။

"မောင်ကြီး ပြောတဲ့ပုံက လွမ်းစရာပဲနော်။ နင်းမြူအရင်က မကြားဖူးဘူး။ အင်းတော်ကြီး အင်းတော်လေး သမိုင်းကိုတော့ ကြားဖူးတယ်၊ အင်းတော်လေးက နမတို့နယ်မှာရှိတာ မဟုတ်လား"

"အင်းတော်ကြီး အင်းတော်လေး သမိုင်းကလည်း တစ်နယ်တစ်မျိုးစီ ပြောကြတာပဲကွယ့်၊ ကျုပ်တို့ဆီမှာ ပြောတာနဲ့ မိုးညှင်းဘက်မှာ ပြောတာနဲ့မတူဘူး။ တစ်ခါ ဗန်းမောက်ကို ရောက်တော့ တစ်မျိုးဖြစ်နေပြန်ရော။ နမတို့ဆီမှာကော ဘယ်လိုပြောကြသလဲ၊ ဗန်းမောက်နဲ့ အတူတူပဲလား"

"အင်းတော်ကြီးက အင်းတော်လေးကို ခေါင်းမြီးခြုံပစ်လိုက်တာတော့ အတူတူပဲ၊ နို့ပေမယ့် မတူတာတစ်ခု ရှိနေတယ်၊ နင်းမြူတို့ရွာဟာ အခုအခါမှာ ဝန်းသိုလက်အောက်ခံ ရွာသိမ်းရွာငယ်လေး တစ်ခုပဲ တဲ့"

မနင်းမြူအလှည့်ဖြစ်သည်။ အမျိုးသမီးက တောင်လေးလုံးသမိုင်းနှင့် အင်းတော်လေး သမိုင်းကိုပြောပြသည်။

ထို့နောက် တစ်ဖန် မောင်ရွှေဝါက မတူကွဲပြားသော အင်းညီနောင်သမိုင်းကို တစ်လှည့်ပြောပြန်သည်။

မနင်းမြူက ရေနွေးအိုးတစ်လုံးထပ်၍ တည်ပေးသည်။ မောင်ရွှေဝါသည် ကျောက်စိမ်းတွင်းအကြောင်း၊ အင်းတော်ကြီး ငါးလုပ်ငန်းအကြောင်း တောဆင်ရိုင်းများ ဖမ်းသည့်အကြောင်း၊ မိုးကောင်းနှင့် ဗန်းမော်မြို့များအကြောင်းကို စီကာပတ်ကုံး ပြောလျက်ရှိသည်။ မနင်းမြူသည် မညည်းမညူ နားထောင်လျက်ရှိသည်။ မရှင်းမလင်းသည်များကို မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤသို့ဖြင့် ညသည် အပြင်ဘက်တွင် တိတ်တဆိတ် ကုန်လွန်သွားသည်။ ကြက်တွန်သံများကို မကြားလိုက်ရဘဲ ရှိသည်။ နောက်ဆုံးတွင် ရွှေပိန်းချဘုန်းကြီးကျောင်းမှ တုံးမောင်းခေါက်သံ တဒုံဒုံ ကြားရတော့မှ နှစ်ဦးစလုံး အထိတ်တလန့် ရှိသွားကြသည်။

"အာရုဏ်တုံး ဟုတ်ရဲ့လား"

သူက ပြူးတူး ပြဲတဲ ကြည့်နေရင်းအမျိုးသမီးကို လှမ်းမေးလိုက်သည်။ မနင်းမြူက တိုးတိုးပြတ်ပြတ် ရယ်ရင်း…

"ဟုတ်ပါသပ မောင်ကြီး၊ အာရုဏ်တုံးမှ အာရုဏ်တုံးအစစ်နော"

"ဒုက္ခပါပဲ စကားတစ်ခွန်းမှလည်း မပြောရသေးဘူး"

"အလိုလို တစ်ညလုံးလုံး မောင်ကြီးပဲ ပြောနေတာ မဟုတ်လား၊ အာရုဏ်တက်တာတောင် မသိလိုက်ဘူး မဟုတ်လား"

"ကျုပ်ပြောချင်တဲ့စကား တစ်လုံးမှ မပြောရသေးဘူး"

သူက တုန်ယင်သော အသံနှင့် ပြောလိုက်သည်။

"မောင်ကြီးက ဘာများ ပြောချင်လို့လဲ"

အမျိုးသမီးက သူ့ကို မရဲတရဲကြည့်ရင်း လမ်းခင်းပေးသည်။ သို့ရာတွင် မောင်ရွှေဝါသည် စကားစကို နင်း၍ မလျှောက်ဘဲ ထိုင်ထားသော ဖျာမှ ကောက်ရိုးစုများကို တစ်ထောက်ထောက်ဖြင့် ဖြတ်နေသည်။

"မောင်ကြီးတော့ ပြောစရာဖြစ်တော့မှာပဲ"

"ဘာလဲ၊ ဘာလဲ"

"အာရုဏ်ကျင်းတာလည်း မသိလိုက်ဘူး"

"ဟုတ်တယ်"

"တတိတိနဲ့ ဖျာတစ်ချပ်လုံးလည်း ကုန်တော့မယ်"

မောင်ရွှေဝါသည် ထိုအခါမှ ထိုင်ရာမှ ထခုန်လိုက်သည်။ ကောက်ရိုးဖျာသည် သူထိုင်ထားသည့် နေရာကွက်ကွက်ကလေးတွင်သာ ရှိတော့သည်။ ကောက်ရိုးစများသည် အပြတ်ပြတ် အတောင်းတောင်းဖြင့် မီးဖိုဘေးတွင် တရန့်ကြဲနေသည်။ ကြွက်ကိုက်ထားသကဲ့သို့ ရှိသည်။

"ဒုက္ခပါပဲ၊ ကျုပ်လည်း ဘာပြောရမှန်းမသိတာနဲ့ ဖြတ်မှန်းမသိ ဖြတ်ပစ်မိတာပဲ"

"ဘာပြောရမှန်းသိရင် ခုနစ်ည ခုနစ်လီ မိုးစင်းစင်းလင်းမှပဲနော"

"ကျုပ်လာတာ ဒီစကားတွေပြောဖို့လာတာမဟုတ်ဘူး"

"မောင်ကြီးက ဘာများ ပြောမှာမို့လဲ"

"အထူးအထွေတော့ မဟုတ်ပါဘူး၊ နမငယ်ကို ကျုပ်ကြိုက်တယ်"

MMCYBERMEDIA
COMMUNITY FOR ALL

## အခန်း -၉-

မနင်းမြူသည် ရင်ကွဲအင်္ကျီကို ချွတ်လိုက်သည်။ အောက်ခံအင်္ကျီ မပါရှိသဖြင့် ဗလာကိုယ်တီး ဖြစ်သွားသည်။ ထို့နောက် အမျိုးသမီးသည် ကန်တော့ကန်တော့ဟု တိုးတိုးရေရွတ်ပြီးနောက် ထမီအနက်ကို ကွင်းလိုက် ချွတ်ချလိုက်သည်။ အသားဖြူသည်။ ဝင်းဝါလတ်ဆတ်သည်။

ကလေးငယ်တစ်ဦးပမာ မြူးတူးစွာ ပြေးသွားသည်။ နေခြည်နနက ကျောကို နွေးစေသည်။ သို့ရာတွင် ရေထဲသို့ ခြေမိသည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံးရှိ သွေးအသွားအလာများ ရပ်တန့်သွားသည်ဟု ထင်ရသည်။ ကုန်းပေါ်သို့ ပြန်တက်ပြေးရန်ပင် စိတ်ကူးမိသည်။ နောက်တွင်မှ စိတ်အားတင်းလိုက်ပြီး ရေထဲသို့ တစ်ကိုယ်လုံး နှစ်ချလိုက်သည်။

ကျောက်စက်ရေသည် အေးသည်နှင့်အမျှ ကြည်လင်သည်။ ရေအောက်တွင်ရှိသော ကိုယ့်လက် ကိုယ့်ခြေများကို အတိုင်းသား မြင်ရသည်။ မနင်းမြူသည် အညောင်းအညာ ပြေစေရန် လှုပ်လှုပ်ရှားရှား ရေကူးလိုက်ပြီးမှ ခါးတစ်ဝက်လောက်တွင် မတ်တတ်ရပ်ကာ လက်ခုပ်တစ်ဖောင်ကျော်ကျော်မြင့်သော ကျောက်ဆောင်တန်းသို့ မျက်နှာမူလိုက်သည်။

ကျောက်ဆောင်တန်းတစ်ဖက်မှ ရေသံကြားရသည်။ ခဏအကြာတွင် တစ်ဖက်မှ ရေသံတိတ်သွား သည်။

"မောင်ကြီး တော်ပြီလား"
"တော်ချင်ပြီ၊ ခိုက်ခိုက်တုန်နေပြီ၊ နမငယ်ကော မချမ်းသေးဘူးလား"
"ချမ်းတာပ၊ ဒီတစ်ခါကူးပြီးရင် တော်ပြီ"

မနင်းမြူသည် ကျောက်ရေကန်အတွင်းဝယ် လူးလာဆန်ခတ်ကူးနေသည်။ ကျောက်ဆောင်တန်း၏ တစ်ဖက်တွင်လည်း ကျောက်ရေကန်တစ်ခုရှိသည်။ ဟိုဘက်မှာက ယောက်ျားများ ချိုးရန်ဖြစ်သည်။ သည်ဘက်မှာက မိန်းကလေးများ ချိုးရန်ဖြစ်သည်။ ကန်နှစ်ခုကို လက်ခုပ် တစ်ဖောင်ခန့်သာမြင့်သော ကျောက်ဆောင်က ကာခြားထားသည်။ သို့ရာတွင် ဟိုဘက် သည်ဘက် ကျူးကျော်ခြင်း၊ လှမ်းကြည့်ခြင်း မပြုချေ။ ယခုလည်း မောင်ရွှေဝါနှင့် မနင်းမြူတို့သည် ပြိုင်တူ ကူးခတ်လျက်ရှိကြသည်။ သို့သော် တစ်ဦးကို တစ်ဦးကား မမြင်ရချေ။ ရေသံသာကြားနေရသည်။ ဤကျောက်ရေကန် နှစ်ခုသည် နဂါးတောင်နှင့် ကျားတောင်ဆုံရာတွင်ရှိသည်။ တောင်နှစ်လုံးမှ ဆယ့်နှစ်ရာသီမလပ် စိမ့်ထွက်လာသော ရေများဖြစ်သည်။ ရေသည် ဤကျောက်ရေကန်နှစ်ခုမှနေ၍ အောက်ဘက် မြေနိမ့်သို့ ယိုကျသွားသည်။ တောင်ခြေရင်း တစ်ဝိုက်သည် နုံးပျော့မြေဖြစ်သဖြင့် အပြောကျယ်သော စိမ့်တောကြီးဖြစ်နေသည်။ အချို့နေရာသည် ရေပြင်ကြောသက်သက်ဖြစ်၏။ အချို့နေရာသည် ရေတစ်ဝက် ကိုင်းတစ်ဝက် ဖြစ်၏။ အချို့နေရာသည် ကိုင်းတောချုံကြီး သက်သက်သာဖြစ်၏။

ယခင်ကမူ ကျောက်ရေကန်နှစ်ခုသည် ဘုရင့်သားတော်၊ သမီးတော်များ ရေကစားရာဖြစ်ပြီး စိမ့်ညွန်တောသည် ခြေရံသင်းပင်းများ ရေချိုးရာဖြစ်သည်ဟု ဆိုသည်။ ယခုမူ ရေပြင်ကြောတွင် မျိုးစေ့

MMCYBERMEDIA
COMMUNITY FOR ALL

ကြဲချသည့်နည်းဖြင့် စပါးစိုက်ပျိုးသည်။ ရေတစ်ဝက် ကုန်းတစ်ဝက် မြုံးထောင် ပိုက်ချကြသည်။ ကိုင်းတောထဲတွင် ရေကြက်၊ ရေဝမ်းဘဲနှင့် အခြားရေငှက်ငယ်များ ရှာဖွေဖမ်းဆီးကြသည်။ ရေပြင်ကြောမှ စပါးပင်များသည် အထူးပင် ရှင်သန်သဖြင့် ဤနယ်တစ်ဝိုက်တွင် ထင်ရှားကျော်ကြားလှသည်။ အချို့သော စပါးအင်းမှ စီးထွက်သော ချောင်းကို စပါးအင်းချောင်းဟုခေါ်သည်။ စပါးအင်းချောင်းသည် တောင်အောက်မှ အစပြုထွက်ပေါ်နေသလို တောင်အောက်မှာပင် ငုပ်လျှိုးသွားသည်။

စပါးရိတ်သိမ်းချိန်ဖြစ်သော ဆောင်းအကုန်နွေအကူးတွင် စပါးအင်းအတွင်း၌ ကန်စွန်းပင်များ ပေါက်တတ်သည်။ စပါးအင်းကန်စွန်းသည် ရေအောက်မြေပြင်မှနေ၍ ရေပေါ်သို့ တစ်မိုက်လောက် လွန်အောင် မတ်မတ်ကြီး ထောင်တက်နေကြသည်ဖြစ်၍ အရွက်မရှိဘဲ အညွန့်အရိုးသာရှိလေသည်။ ရေအောင် တစ်တောင်လောက်မှနေ၍ ဖြတ်ယူလိုက်လျှင် နုထွားသော ကန်စွန်းညှောင့်ညိုညိုကြီးများကို ရရှိသည်။

မနင်းမြူသည် ကန်စွန်းညှောင့် ချိုးဖို့လာရင်းနှင့် ကျောက်ရေကန်တွင် ရေဆင်းကူးခြင်း ဖြစ်သည်။ မောင်ရွှေဝါက အဖော်လိုက်လာခြင်းဖြစ်သည်။

သူသည် ယခုအခါ မနင်းမြူနှင့် စကားပြောရန် ညဘက်တွင်သာ အိမ်သို့သွားရောက်သည် မဟုတ်ဘဲ နေ့အခါတွင်လည်း အမျိုးသမီးနှင့်အတူ ဆွမ်းပို့ရာသို့ လိုက်သည်။ ထင်းခွေ၊ ဟင်းသီးဟင်းရွက်ခူးရာသို့ လိုက်သည်။ သူသည် ရွာပတ်လည်မှ တောများအားလုံးသို့ သုံးရက်အတွင်း အနှံ့လောက် ရောက်ဖူး နေပြီဖြစ်သည်။ မနေ့ကဆိုလျှင် ဆင်တောင်ထိပ်မှ လွမ်းစေတီကိုပင် တက်၍ ဖူးခဲ့ပြီဖြစ်သည်။ ယနေ့တော့ စပါးအင်းသို့ ကန်စွန်းညွန့်ချိုးသွားမည်ဆိုသဖြင့် သူက ရိုင်ဖယ်ကိုပါ ယူခဲ့သည်။ သို့ရာတွင် သားကောင်တွေ့၍ ပစ်မည်ပြုတိုင်း မနင်းမြူက သနားသည်ဆို၍ လက်လျှော့ခဲ့ရသည်။

မည်သို့ပင်ရှိစေ သူကျေနပ်သည်။ ချစ်သူနှင့်အတူ သွားရခြင်း၊ အတူစကားပြောရခြင်းသည် တောပစ်ရသည်ထက် အဆပေါင်းတစ်ထောင်မက နှစ်လိုဖွယ်ရာရှိသည်။ မနင်းမြူက အပင်များ၊ အသီးများအကြောင်း ရှင်းပြသည်။ ကျေးငှက်များ၏ သဘာဝကို ပြောပြသည်။ စပါးအင်းအတွင်း သွားလာရန်အတွက် လုံးထွင်းလှေ သုံးစင်းဖြင့် ကန်စွန်းညွှန့်ချိုးရသည်မှာ ပျော်စရာကောင်းလှသည်။ မနင်းမြူသည် တေးတဆိုဆိုနှင့် ရှိသည်။ သူမ၏ အသံသည် သူ့နားတွင် ငြိမ့်ညောင်းသာယာလှသည်။

ကန်စွန်းညွှန့် အလုံအလောက် ရရှိသောအခါ ကျောက်ရေကန်တွင် ရေချိုးကြသည်။ ညနေစောင်းပြီဖြစ်၍ ချမ်းအေးစပြုလာပြီဖြစ်၍၊ ကျောက်စက်ရေမှန်းသိ၍ သူက မချိုးချင်လှသော်လည်း အမျိုးသမီးက အတင်းတိုက်တွန်းသဖြင့် အဖော်ပါရသည်။ ယခုလည်း တော်ချင်လှပြီ ဖြစ်သော်လည်း မနင်းမြူ မပြီးသေးသဖြင့် သူကလည်း ကူးခတ်နေမိသည်။ ကြာတော့ ခြေသလုံးကြွက်သားများ တက်ချင်လာသည်။

"နမငယ် မတော်သေးဘူးလား၊ သွေးတွေလေတွေ ခဲတော့မယ်"
"ဒီတစ်ခါကူးပြီးရင် တကယ်တက်ပြီမောင်ကြီး"

MMCYBERMEDIA
COMMUNITY FOR ALL

မကြာမီတွင် မနင်းမြူ ရေမှတက်သံကြားရသည်။ သူလည်း ကမန်းကတန်းတက်၍ အဝတ်များဝတ်ရသည်။ ကျောက်ဆောင်ကန်၏ တစ်ဖက်သို့ သူရောက်သွားသောအခါတွင် မနင်းဖြူလည်း အင်္ကျီနှင့် ထဘီကို ဝတ်ပြီးနေပြီဖြစ်သည်။ သို့ဖြင့် တစ်ယောက်က ကန်စွန်းစည်းကိုပိုက်၍ တစ်ယောက်က ရိုင်ဖယ်ကိုထမ်း၍ လှေရှိရာသို့ လာခဲ့သည်။ သည့်နောက် လုံးထွင်းလှေဖြင့် စိမ့်အောက်တစ်ဖက်သို့ ကူးခဲ့သည်။ လူ့တစ်ရပ်မြုပ်သော ကိုင်းတောကြီးကို တစ်ဖန်ဖြတ်ကြရပြန်သည်။

သူတို့နှစ်ဦးသည် ကွမ်းဖိုးပြောဆိုပြီး ဖြစ်သည်။ မောင်ရွှေဝါသည် မနင်းမြူထံသို့ ညလုံးပေါက်သွားရောက်ပြီး နောက်တစ်နေ့ နံနက်စောစောမှာပင် သူနှင့်မနင်းမြူ ကြိုက်နေပြီဆိုသည့်အကြောင်းကို ဘကြီးမုံးတို့အား ပြောပြလိုက်သည်။ ဘကြီးမုံးကပင် အမိအဖပြု၍ ဦးအိုက်စံနှင့် ရွာသူကြီးများရှေ့တွင် ဦးပေါ်မန်းနှင့် ကွမ်းဖိုးပြောသည်။ သင့်တင့်မျှတသောကွမ်းဖိုးကို တစ်ခဏချင်းမှာပင် သဘောတူကြရသည်။ သို့ဖြင့် မောင်ရွှေဝါသည် မကြာမီရက်အတွင်း ရွာသို့ပြန်၍ ခွင့်ပန်ရမည်ဖြစ်သည်။

ယခုရက် အတောအတွင်းမှာပင် မနင်းမြူနှင့်အတူ ပေါင်းသင်းနေထိုင်လိုလျှင် ကွမ်းဖိုးစတိတင်ပြီး အိမ်ထောင်ငယ်ပြုရန် အကြီးမုံးတို့က အကြံပေးသည်။ သို့ရာတွင် မောင်ရွှေဝါသည် ယင်းသို့ပြုရန် စိတ်အကြံ မရှိချေ။ အတည်တကျ လပ်ထပ်ပြီးမှာပင် ပေါင်းသင်းနေထိုင်မည်ဟုဆိုသည်။

ယင်းကြောင့် သူသည် မနင်းမြူနှင့်ယခုလို ရင်းရင်းနီးနီးဆက်ဆံသွားလာသည်တိုင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း မပြုချေ။ သူတို့သည် ကိုင်းတောထဲမှ ထွက်သော်ပြန့်ပြူးသော မြတ်တောကို တွေ့ရသည်။

"မောင်ကြီးတို့ဆီမှာ လှည်းရှိသလား"

မနင်းမြူက လွင်ငယ်ကို မျှော်ကြည့်ရင်း မေးသည်။

"ရှိသားပ"

"လှည်းစီးရတာ သိပ်ပျော်စရာ ကောင်းတာပဲနော၊ နင်းမြူလည်း အဝါနဲ့ ဝန်းသိုကို လိုက်သွားတော့မှ စီးဖူးတာပ၊ ဟောဒီလို လွင်ကလေးမှာ နွားတွေက အမြီးထောင်ပြီးပြေးတော့ နင်းမြူနဲ့အဝါဟာ လှည်းပေါ်မှာ မြောက်နေတာ"

"အဝါနဲ့ စော်ဘွားကြီးဟာ ရောင်းရင်းဘက်တွေဆို"

မောင်ရွှေဝါက ဦးပေါ်မန်းကို မနင်းမြူခေါ်သည့်အတိုင်း အဝါဟု ခေါ်စမ်းကြည့်လိုက်သည်။ ဤနေရာတွင် ဂဒူးနှင့် ကနန်းများသည် ကချင်များနှင့် အတူတူပင်ဖြစ်သည်။ အဖေကို အဝါ ခေါ်ကြသည်။

"နင်းမြူတို့ဆီမှာလည်း လွင်တွေပေါ်ရင် လှည်းစီးလို့ ရမှာပေါ့နော"

မနင်းမြူသည် သူ့ဖခင်နှင့် ဝန်းသိုစော်ဘွားကြီးတို့ ငယ်သူငယ်ချင်းများ ဖြစ်ကြသည့်အကြောင်းကို ပြောလိုစိတ်မရှိဘဲ လွင်ပြင်နှင့် လှည်းအကြောင်းသာ ပြောနေသည်။

"အေးပ၊ နမတို့ဆီမှာက တောင်ဆင်း တောင်တက်တွေချည်းဆိုတော့ ဘယ်မှာလှည်းသွားမလဲ"

"နင်းမြူတို့ဆီမှာလည်း လှည်းမစီးဖူးတဲ့လူတွေ အများကြီးပဲ၊ လွင်ကို ရောက်ဖူးတဲ့ လူတွေမှ လှည်းလည်းစီးဖူးတယ်၊ မြန်မာစကား ရှမ်းစကားလည်းတတ်တယ်၊ တချို့ကလေးတွေဆိုရင် လှည်းဆိုတာ နွားလို လားလို အကောင်တစ်ကောင်ပဲမှတ်နေတာ။ လှည်းတင်မဟုတ်ဘူး၊ မြင်းကိုလည်း မမြင်ဖူးကြဘူး၊ ယောကျ်ားတွေ မြင်းစီးသင်ချင်ရင် လွင်ကိုဆင်းပြီး သင်ကြရတယ်။ မိုးလေဝသမကောင်းတဲ့အခါလည်း လွင်မှာဆင်းပြီး အလုပ်လုပ်ကြရတယ်။ လွင်မှာနေတဲ့လူတွေက နင်းမြူတို့ထက် အစစအရာရာ သာပါတယ် မောင်ကြီးရယ်"

"ငါ့နမလည်း မကြာခင် မိုးကောင်းလွင်ကို ရောက်တော့မှာပ"

မနင်းမြူက စကား မပြန်တော့။ မြက်ခင်းဆုံးသောအခါ ခင်တန်းငယ်ကို တွေ့ရသည်။ တဖြည်းဖြည်းနှင့် ကြက်မောက်ပင်များ၊ တညင်းပင်များ၊ ကနစိုးပင်များတွေ့ရည်။ အသီးအကင်းများ အခွေလိုက် အပြွတ်လိုက် ရှိကြသည်။

လမ်းသည် တဖြည်းဖြည်း တွန့်လာသည်။ တချို့နေရာများတွင် တုံ့ခနဲ ချိုးရသည်။ တချို့နေရာများတွင် လခြမ်းသဏ္ဍာန် ကွေ့ရသည်။

တစ်ခုသော အကွေ့တွင် မောင်ရွှေဝါသည် တုံ့ခနဲ ရပ်လိုက်သည်။ နောက်မှကပ်၍ လိုက်လာသော မနင်းမြူသည် သူ့ကျောကို အရှိန်နှင့် ဝင်တိုးမိသည်။

"ဘာဖြစ်လို့လဲ မောင်ကြီး"

မောင်ရွှေဝါသည် စကားမပြောရန် အချက်ပြလိုက်သည်။ မနင်းမြူက သူညွှန်ပြရာသို့ ကြည့်လိုက်သော အခါ ညောင်ချဉ်ပင်အောက်တွင် အဘိုးကြီးတစ်ယောက် ထိုင်နေသည်ကို မြင်ရသည်။

"အဘိုးလုံးတုံးပါ"

မနင်းမြူ ပြောလိုက်သည်။

"ဘာလုပ်နေတာလဲ"

မနင်းမြူက လည်ဆန့်၍ ကြည့်လိုက်သည်။ သူတို့ရှိရာနှင့် အဘိုးလုံးတုံးရှိရာသည် မလှမ်းချေ။

"နတ်ကိုးမလို့နဲ့တူတယ်၊ ဟုတ်တာပ၊ သူ့မြေးကလေး အသည်းအသန် ဖြစ်နေတယ်"

"နေပါဦး၊ ကြည့်ရအောင်"

မနင်းမြူ သွားမည်ပြုသည်ကို သူက ဆွဲထားလိုက်သည်။ အဘိုးလုံးတုံးသည် ဆောင့်ကြောင့် ထိုင်လျက်ရှိသည်။ သူ့ရှေ့တွင် ကောက်ရိုးများ ခင်ထားသည်။ ကောက်ရိုးပုံပေါ်တွင် ပလုံးပြန့်တစ်ခု ရှိသည်။ ပလုံးပြန့်ထဲတွင် ဆန်တစ်ဝက် ထည့်ထားသည်။ ဆန်ပေါ်တွင် ဖြူဖြူအလုံးကလေး နှစ်လုံးရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဆန်ပေါ်က ဖြူဖြူလေးတွေက ဘာတွေလဲ၊ မှိုတွေမဟုတ်လား"

မောင်ရွှေဝါက မနင်းမြူကို လှည့်မကြည့်ဘဲ မေးသည်။

"ဟုတ်တာပ မောင်ကြီး၊ ကြက်ဥအစားထည့်ထားတာပ"
"ဟိုနီနီကြီးကကော၊ တောငှက်ပျောဖူးကို ခြမ်းထားတာ မဟုတ်လား"
"တောငှက်ပျောဖူးက ကြက်ပဲပေါ့၊ ဟောကြည့်ကြည့် မောင်ကြီး"

မနင်းမြူ ပြောနေစဉ်တွင် ခေါင်းဖြူစွယ်ကျိုး အဘိုးကြီးသည် ပေါင်နှစ်ဖက်ကို လက်ဝါးဖြင့် ရေများ တဖုတ်ဖုတ်မြည်အောင် ပုတ်ပြီး ပါးစပ်မှ ကြက်တွန်သံ ပြုလိုက်သည်။

"ကြားရဲ့လား မောင်ကြီး၊ အဲဒါ တောင်ပံခက်ပြီး တွန်တာပ"
"နေဦးပါဦးကွယ့်၊ ဒါတွေက ဘာလုပ်တာလဲ"
"မောင်ကြီးကလည်း မသိဘူးလားနော၊ လူတွေ နေမကောင်း ထိုင်မကောင်းရှိရင် တောင်ပိုင်အရှင်ကြီးကို ကြက်ဖို၊ ကြက်မ၊ ကြက်ဥနဲ့ ပူဇော် ပသရတယ်၊ နို့ပေမယ့် မတတ်နိုင်တဲ့ လူတွေကျတော့ ကြက်အယောင် ကြက်ဥအယောင်တွေနဲ့ ပသရတယ်၊ အဘိုးလုံးတုံးကလည်း ဆင်းရဲတယ်မဟုတ်လား၊ မှို့ကလေးတွေ လုံးထားတာ ကြက်ဥ၊ ငှက်ပျောဖူးကို ခြမ်းထားတာက ကြက်ကောင်ဆိုပြီး ပသရတာပ၊ ငှက်ပျောဖူးကို ကြက်အဖြစ် မှတ်ယူပါဆိုပြီး ခုနကလို တောင်ပံခက်ပြီး တွန်ပြရတယ်"
"နတ်ကိုလိမ်ပြီး ပသတာပ"
"မရှိ ဆင်းရဲသားတွေမဟုတ်လား မောင်ကြီး"

အဘိုးလုံးတုံးနှင့် နှစ်လှမ်းကွာလောက်မှ သူတို့ဖြတ်လျှောက်သွားသောအခါတွင် အသံတုန်တုန်ဖြင့် တတွက်တွက် ရွက်ဆိုနေသည်များကို ကြားရသည်။

ဤသို့ဖြင့် သူတို့သည် ရွာနှင့်နီးလာသည်။ နေညိုပြီ ဖြစ်သည်။ သူတို့လိုပင် ရွာသို့ ပြန်နေကြသည်များကို တွေ့ရသည်။ အချို့က ထင်းစည်းများနှင့် အချို့က ပိန်းဥ၊ မျောက်ဥများနှင့်၊ အချို့က ကင်းမုံရွက်၊ သပျက်ရွက်များနှင့်၊ ခပ်ဝေးဝေးတွင် ရေခပ်သူများကို မြင်ရသည်။ ဟိုနေရာ သည်နေရာတွင် မြင်တွေ့နေရသူများ အားလုံးသည် အမျိုးသမီးများသာ ဖြစ်ကြသည်။

"တစ်ရွာလုံးမှာ ယောက်ျားတွေ မရှိသလိုဘဲ၊ ဘယ်ကြည့်ကြည့် မိန်းမတွေပဲမြင်နေရပါကလား"
"ဟုတ်တာပ မောင်ကြီး၊ ယောက်ျားတွေက ဘာအလုပ်မှ မလုပ်ကြပဲ ဘိန်းပဲရှုနေကြတာပဲ"
"လယ်လုပ်တော့ကော"
"မိန်းမတွေပဲ လုပ်ရတာများတာပဲ"
"အလုပ်လုပ်တဲ့ ယောက်ျားရယ်လို့ မရှိတော့ဘူးလား"
"နည်းတာပ မောင်ကြီး၊ မောင်ကြီးတို့ ဆီမှာကော"

MMCYBERMEDIA
COMMUNITY FOR ALL

"မောင်ကြီးတို့ဆီမှာလည်း အရက်သောက်၊ ဘိန်းရှူ၊ ကြက်တိုက်နေတဲ့ ယောက်ျားတွေ ရှိပါတယ်၊ နို့ပေမယ့် လယ်လုပ်တဲ့နေရာ၊ ရေခပ်ထင်းခုတ်တဲ့နေရာမှာတော့ ယောက်ျားတွေ ရှိပါတယ်၊ နို့ပေမယ့် လယ်လုပ်တဲ့နေရာ၊ ရေခပ်ထင်းခုတ်တဲ့နေရာမှာတော့ ယောက်ျားတွေများတယ်။. ယောက်ျားတွေ စစ်ထွက်တဲ့ အခါကျမှသာ မိန်းမတွေ လုပ်ကြတယ်"

"စစ်တိုက်စရာရှိရင်တော့ နင်းမြူတို့ဆီမှာလည်း တိုက်ကြပါတယ်။ နို့မို့ဆိုရင်တော့ မိန်းမတွေပဲခိုင်းပြီး သူတို့ကတော့ အရက်သောက်လိုက် ဘိန်းရှူလိုက်ပဲ"

"ဘိန်းခင်းတွေမမြင်ပါလား"

"နဂါးတောင်တစ်ခုလုံး ဘိန်းခင်းတွေချည်း"

"ဘကြီးမုံးတို့ အဝါတို့တော့ ဘိန်းမစားပါလား"

"ငယ်ငယ်တုန်းက စားတာပဲ၊ အခုလည်း လုံးလုံးမကင်းပါဘူး"

"ကိုစောနွံကော"

"မောင်ကြီးစောနွံကတော့ နင်းမြူတို့ရွာမှာ လူတစ်မျိုးပဲ"

တစ်ဖက်လမ်းမှလာသော ကနန်းသားအမိနှင့် လမ်းခွတွင် ဆုံမိသဖြင့် စကားစပြတ်သွားကြသည်။ အသေအချာ ကြည့်သောအခါ ယင်း ကနန်းသားအမိသည် တောင်လေးလုံးရွာသို့ သူရောက်ရှိပြီး နောက်တစ်နေ့တွင် ရေခပ်လမ်း၌ ပက်ပင်းတိုးမိသော တစ်ဖက်လမ်းမှ မဆင်းရန် ကနန်းဘာသာဖြင့် သတိပေးသော သားအမိပင် ဖြစ်ချေတော့သည်။ ကနန်းအမျိုးသမီးသည် သူ့ကို မှတ်မိဟန်ရှိသည်။ ပြုံးဖြဲဖြဲကြည့်သည်။ ထို့နောက် မနင်းမြူကို တစ်စုံတစ်ခု ပြောလိုက်သည်။

"ဘာပြောတာလဲ"

"တောထဲမှာ ညားလာကြသလားတဲ့"

သူ့အမေးကို ဖြေသူမှာ မနင်းမြူမဟုတ်ချေ။ သူတို့အနီးတွင် ရုတ်တရက်ပေါ်လာသော ကိုစောနွံက ဘာသာပြန်ပေးလိုက်ခြင်းဖြစ်သည်။

"မောင်ကြီးစောနွံ"

မနင်းမြူက ပါးစပ်မှ လွှတ်ခနဲ အသံထွက်လိုက်ပြီးနောက် ခေါင်းကို ငုံ့ထားလိုက်သည်။

"ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ"

မောင်ရွှေဝါက မေးလိုက်သည်။

"ခင်ဗျားတို့မသိလို့ပါ။ ခင်ဗျားတို့နောက်က ကျွန်တော် လိုက်ခဲ့တာပဲ"

"မမြင်ပါဘူး"

"လှည့်မှ မကြည့်ကြတာကိုး"

"နေပါဦး၊ ခင်ဗျား ဘယ်က ပြန်လာတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ကိုစောနွဲ့ကို အသေအချာကြည့်၍ မေးသည်။ ကိုစောနွဲ့သည် ဒရယ်ပြောက်တစ်ကောင်ကို ကုပ်ပေါ်တွင် ခွ၍ ထမ်းထားသည်။ သူ့ကိုယ်တွင် ရှုပ်ပွလျက်ရှိသည်။ ဓါးလွယ်က တစ်မျိုး၊ သေနတ်က တစ်မျိုး၊ လွယ်အိတ်က တစ်မျိုးနှင့် ဖြစ်သည်။

"မနက်ဖြန်ကျရင် ခင်ဗျားကို ထမင်းကျွေးဖို့ ဟင်းသွားရှာတာ"

"ဒုက္ခရှာလို့ဗျာ"

"မောင်ကြီးစောနွဲ့ကို မနေ့ကလည်း မမြင်ပါဘူး"

မနင်းမြူက ရုတ်တရက် မေးလိုက်သည်။ ကနန်းသားအမိသည် သွားနှင့်ပြီ ဖြစ်သည်။ ကိုစောနွဲ့က သွားများကို ဖော်လျက်...

"အခုတောင် အနောက်က လိုက်လာတာ မမြင်ကြတာဘဲ"

"မနေ့က မောင်ကြီးစောနွဲ့ရွာမှာ မရှိပါဘူး"

မနင်းမြူက ထပ်ပြောသည်။ ကိုစောနွဲ့က ဘာမှမပြောဘဲ ရှေ့မှ လျှောက်သွားသည်။ သည်တော့မှ မောင်ရွှေဝါကလည်း ကိုစောနွဲ့ပျောက်နေသည်ကို သတိရမိသည်။ မနေ့နေ့လယ်က သူတို့ရွာမှာရှိသည်။ နေ့လယ်ဘက်တွင် ဝိုင်းဖွဲ့၍ စကားပြောကြသည်။ ကိုစောနွဲ့မလာ။ မနင်းမြူကို လွှတ်၍ အခေါ်ခိုင်းသည်။ ကိုစောနွဲ့ မနက်အစောကြီးကတည်းက အိမ်မှထွက်သွားသည်ဟု သူ့အိမ်မှပြောသည်။

ကိုစောနွဲ့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံရသည်။ မျက်တွင်းကျနေသည်။ ညက အိပ်ရေးပျက် ထားဟန်ရှိသည်။

"ဟုတ်တာပ၊ ကိုစောနွဲ့ မနေ့က ရွာမှာ မရှိဘူး၊ မနက် စောကြီးကတည်းက အိမ်က ထွက်သွားတယ်လို့ပြောတယ်၊ ညကလည်း ရွာမပြန်ဘူးနဲ့တူတယ်၊ အခုမှ ပြန်လာတာ မဟုတ်လား"

မောင်ရွှေဝါက ခပ်ဆိုင်းဆိုင်းမေးလိုက်သည်။

"ဒီကောင့်နောက်ကို တစ်ညလုံး လိုက်နေရတယ်"

"မောင်ကြီးစောနွဲ့ ညာတာပါ၊ သမန်းမင်းသမီးလေးကို သွားရှာတာ မဟုတ်လား"

မနင်းမြူက စိတ်ထဲတွင် ရှိသည့်အတိုင်း မေးချလိုက်သည်။

"မဟုတ်တာဘဲ"

"ဘာပြုလို့မဟုတ်ရမှာလဲ"

"သွားရှာလို့ တွေ့နိုင်ပါ့မလား၊ တစ်ရွာလုံး သိထားတဲ့ နေရာမှာ သူတို့ဆက်ပြီးနေကြပါ့မလား"

"ဒါက မောင်ကြီးစောနွဲ့ အခုမှ ပြောတာပါ၊ ရှာလို့မတွေ့တော့မှ ပြောတာပါ"

ကိုစောနွဲ့က မနင်းမြူကို ပြန်၍ မချေပတော့။ မောင်ရွှေဝါလည်း မည်သို့မျှ ဝင်၍ မပြောတတ်သဖြင့် နှုတ်ပိတ်နေရသည်။ ကိုစောနွဲ့သည် မဖျိုင်းဖြူကို စိတ်ဝင်စားနေပြီဖြစ်သည်။ စွဲလမ်းနေပြီဖြစ်သည်။ ယခုမူ လိုက်၍ ရှာချေပြီ။ ဤကိစ္စတွင် သူပါဝင်ကူညီသင့်သည်ဟု မောင်ရွှေဝါ သဘောရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သွားမယ်ဆို ကျွန်တော့်ကို အဖော်ခေါ်ဖို့ကောင်းတယ်၊ ကျွန်တော်လိုက်လာမှာပေါ့"

ကိုစောနွံက အဖြေမပေး။

"သူတို့ဘယ်ပြောင်းသွားကြတယ်ထင်သလဲ"

မောင်ရွှေဝါက ထပ်မေးသည်။

"ချင်းတွင်းဘက်ကို ပြန်ကူးသွားမှာပ"

ကိုစောနွံက ခပ်တိုးတိုးဖြေသည်။

"မနက်ဖြန်ကျရင် ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ဘကြီးမုံးရယ် သွားကြမယ်လေ"
"ဘယ်ကိုလဲ"
"ချင်းတွင်းဘက်ကိုပ"

ကိုစောနွံက မောင်ရွှေဝါကို ဆတ်ခနဲ့လှည့်ကြည့်လိုက်သည်။

## အခန်း -၁၀-

အင်မတန်မှ မြင့်မား မတ်စောက်သော မှန်းကင်းတောင်နှင့် ဆီးဖြူတောင်အကြား၊ မန်းနားနှင့် တမံမောက်လပ်နယ်အကြား မူးမြစ်ဖျားတွင် တည်ရှိသော ကနန်းနယ်သို့ မောင်ရွှေဝါ ရောက်ရှိနေသည်မှာ ဥပုသ်နှစ်ပတ်တိုင်ချေပြီ။

သူ့အိမ်နှင့် သူ့ရွာကတော့ ရတနာပုံနေပြည်တော်သို့ သူရောက်နေပြီဟု ထင်ကြပေမည်။ ဘုရင့်မြင်းတပ်မတော်တွင် သူသွားရောက် အမှုထမ်းမည့်အကြောင်းကို အနီးပတ်ဝန်းကျင်ရွာများမှပင် သိနေသည်။ မောင်ရွှေဝါသည် မိုးကောင်းနယ်တွင်မတော့ မြင်းစီးလျင်သူတစ်ဦးဖြစ်သည်။ ကသည်းမြင်းစီး၊ အက္ကပတ်မြင်းစီး နိုင်လှသည်။ လုံ့ပစ် လှံ့စွဲကောင်းလှသဖြင့် စက်သွင်းသဘင်ဝင်ရလျှင် မလွတ်တမ်း စွဲမည့်သူဟု ခန့်မှန်းကြသည်။ သို့ရာတွင် သူစိတ်ဝင်စားသော လက်နက်မှာ ရိုင်ဖယ်သေနတ်သာ ဖြစ်သည်။

ရွှေမြို့တော်သို့ ရောက်လျှင် သူ မခက်ခဲစေရန် မထုံးရီ၏ ဖခင် ဦးနော်ရှမ်းက အက္ကပတ်မြင်းဝန်မင်းလှ မင်းသူရိန်ထံသို့လည်းကောင်း၊ ကသည်းမြင်းဝန် မင်းလှမင်းထင်ရာဇာရှိန်ထံသို့ လည်းကောင်း၊ နောက်တော်ပါး မြင်းဝန် မင်းထင်ရာဇသင်္ခယာထံသို့ လည်းကောင်း အမှာစာများ ရေးပေးလိုက်သည်။ ဦးနော်ရှမ်းသည် သူ့ဟာသူ ကစော်သမားကြီးဖြစ်ချင်ဖြစ်မည်။ လူတကာနှင့် ရန်ဖြစ်ချင် ဖြစ်မည်။ သို့ရာတွင် သူ့ကိုတော့ ချစ်ခင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထို့နောက် သူ့ကို အားပေးအားမြှောက် ပြုသူနှစ်ဦးမှာ မိုးကောင်းမှ ကိုဖိုးစောနှင့် ဗိုလ်ရွှေထီး ဖြစ်သည်။ ကိုဖိုးစောမှာ သူနှင့် ဆွေးမျိုးနီးစပ်တော်ပြီး၊ ကိုရွှေထီးမှာ သူ့ကို မြင်းစီးသင်ပေးသူဖြစ်သည်။ သို့ဖြင့် သူသည် မိခင်ကြီးက ဖွတ်အတင်းတားသည့်ကြားမှပင်၊ နမယ်ယ်များသည် သည်းသည်းထန်ထန် ငိုကြွေးကြသည့် ကြားမှပင် သူသည် တိမ်ပုံကိုစီး၍ ရွာမှ ထွက်ခဲ့သည်။ သူ့ဖခင်နှင့် သူ့အစ်ကိုကမူ မည်သို့မျှ ဝေဖန်ပြောဆိုခြင်း မပြုကြချေ။

သို့ရာတွင် ဗန်းမောက်မြို့သို့ ရောက်ရှိသောအခါတွင်ကား ရွှေမြို့တော်ခရီး ဆုံးခန်းတိုင်ရတော့သည်။ သူသည် ခရီးဖင့်မည်စိုး၍ ဗန်းမောက်မြို့တွင် မအိပ်ချင်။ ဝန်းသိုသို့ အရောက်သွားချင်သည်။ သို့သော် ဘကြီးဦးခမ်းရုံက မနက်မှ ခရီးဆက်ရန် အတန်တန် ပြောသဖြင့် မြင်းကိုဇောင်းသွင်းလိုက်သည်။

ဘကြီးဦးခမ်းရုံမှာ သူ့မိခင်၏ အစ်ကိုရင်းပင်ဖြစ်သည်။ နီးနီးစပ်စပ်မနေရသော်လည်း အကြားနှင့်ပင် ရိုသေလေးစားခဲ့ရသည်။ သူတို့ဘကြီးသည် ဝန်းသိုနယ်တွင် ဩဇာတိက္ကမရှိသူ တစ်ဦးဖြစ်သည်။ တစ်ချိန်က ဘုရင့်တပ်မတော်တွင် အမြောက်တပ်မှူးတစ်ဦး ဖြစ်သည်။ သို့ရာတွင် ယခုအခါ ရွှေမြို့တော်တွင် အမှုထမ်းရွက်ခြင်း မပြုဘဲ ကိုယ့်ရပ်ကိုယ့်မြေတွင်သာ အေးအေးလူလူ အရောင်းအဝယ် ပြုလျက်ရှိသည်။

မောင်ရွှေဝါသည် ဘကြီးဦးခမ်းရုံ၏ နောက်ကြောင်းရာဇဝင်ကို အထင်ကြီးခြင်းရှိသည့် နည်းတူ ယခုကဲ့သို့ ကိုယ့်အလုပ်ကိုယ် အာရုံစိုက်ပြီး ဘုရင့်အမှုတော်ကို မထမ်းရွက်ဘဲ ရှိသည်ကိုလည်း စိတ်ထဲမှာ အထင်သေးလျက်ရှိ၏။ သူရဲဘောကြောင်ခြင်း၊ ဇာတိမာန်နည်းလာခြင်းပင်ဖြစ်သည်ဟု အောက်မေ့ထား၏။

သူ့အဘိုးသည် ကျော်ကြားထင်ရှားသော တပ်မှူးတစ်ဦးဖြစ်သည်။ သူကြီးလျှင် သူ့အဘိုးကဲ့သို့ပင် ဖြစ်ရမည်ဟု ငယ်ငယ်ကတည်းကပင် ကြုံဝါးလာခဲ့သူဖြစ်သည်။ သူ့ဖခင်သည် တိုက်ရေး ခိုက်ရေးတွင်လည်း မကျွမ်းကျင်၊ တိုင်းရေးပြည်ရေးတွင်လည်း စိတ်မဝင်စား။ သူ့အဖေကို သူက နည်းနည်းမှအားမရ။ သူ့အစ်ကိုကျတော့ တစ်မျိုးဖြစ်ပြန်သည်။ သန်မာဖျတ်လတ်ခြင်းလည်း ရှိသည်။ စစ်မှုရေးရာလည်း နားလည်သည်။ သို့ရာတွင် ဘာတစ်ခုကိုမှ အလေးအနက်မထား။ သူထင်ရာ မြင်ရာသာ စိုင်းနေသည်။ သို့ဖြင့် သူသည် တစ်ခုခုကို စွမ်းစွမ်းတမံ ဆောင်ရွက်လိုခြင်း၊ ရန်သူများကို ရှပ်ရှပ်ချုံချုံ တိုက်ခိုက်ချေမှုန်းလိုခြင်း၊ ရွှေမြို့တော်တွင် ဘွဲ့မည်ရသော တပ်မှူးတစ်ဦး ဖြစ်လိုခြင်း စသော စိတ်ဓာတ်များသည် ရင့်သန်အံ့ကြွခဲ့ရတော့သည်။ ယင်းကြောင့်ပင် သူသည် အပါးခိုနေဟန်ရှိသော ဘကြီးဦးခမ်းရုံကို နှစ်နှစ်ကာကာ မဆက်ဆံလိုခြင်းဖြစ်သည်။

သူထင်သည့်အတိုင်းပင် ရွှေနန်းတော်အောက်တွင် သွားရောက်ခစားခြင်း မပြုရန် ဘကြီးဦးခမ်းရုံက သူ့ကို သွယ်ဝိုက်၍ ပြောလာသည်။ သူက ခက်ခက်ထန်ထန် ပြန်ပြောမည်ရှိစဉ်တွင် ဘကြီးမုံး ရောက်လာသည်။ ဤတွင် သူစိတ်ပြောင်းရတော့သည်။ သူ့ဘဝ၏ ပြောင်းလဲခြင်းအစလည်း ဖြစ်တော့သည်။

ဘကြီးမုံးကိုကား သူအထူးလေးစားသည်။ သူ့အဘိုး၏ တပ်သားတစ်ဦး ဖြစ်သည်။ အရပ်စုံသည့်၊ အတတ်စုံသည့် ဘကြီးမုံးသည် သူရသတ္တိနည်းသူတစ်ဦးမဟုတ်။ ဇာတိမာန် နည်းသူတစ်ယောက်

MMCYBERMEDIA
COMMUNITY FOR ALL

မဟုတ်ဟု သူယုံကြည်သည်။ သို့ရာတွင် ဤအဖိုးကြီးသည်လည်း သူ့ဘကြီးကဲ့သို့ပင် ဘုရင့်တပ်မတော်တွင် အမြဲတစေ မထမ်းဆောင်ဘဲ အရေးတော်ပုံများ ရှိမှသာ ပါဝင်ခြင်းပြုသည်။ ဘကြီးဦးခမ်းရုံနှင့် ဘကြီးမုံးတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ တစ်ဦးကို တစ်ဦး အင်မတန်ချစ်သည်။ တစ်ဦး၏ အသက်ကို တစ်ဦး တွင် ပုံအပ်ထားသူများဖြစ်သည်။ ထိုညတွင် အဘိုးကြီးနှစ်ယောက်က သူ့ကိုဝိုင်း၍ ဆွယ်ကြသည်။ စိတ်ပျက်ဖွယ်ရာကောင်းသော နန်းတွင်းရေးများ၊ မင်းခစားတို့၏ ကြောက်မက်ဖွယ်ရာ ကောင်းသော ဘဝအခြေအနေများကို ရှင်းပြကြသည်။ ဘကြီးမုံးသည် ရွှေပြည်တော်မှ လောလောလတ်လတ် ပြန်လာသူ ဖြစ်၍ နောက်ဆုံးအရှုပ်အထွေးများကို ပြောပြသည်။ အဘိုးကြီးများသည် အတွေ့အကြုံမှ အယူအဆ ရင့်သန်သူများ ဖြစ်ကြသည်။

"မောင်ရွှေဝါဟာ သတ္တိဗျတ္တိလည်း ရှိတယ်၊ တိုက်ရည်ခိုက်ရည်လည်း ရှိတယ်၊ နို့ပေမယ့် အတွေ့အမြင် မကျယ်သေးဘူးကွယ့်၊ ဒီတော့ အကောက်အယူတွေ လွဲမှားနေတာပေါ့ကွယ်၊ မောင်ရွှေဝါဟာ လူငယ်တစ်ဦးမို့ မောက်တို မောက်ရှည်နဲ့၊ ချွန်းတိုချွန်းရှင်နဲ့၊ ရွှေစလွယ်ရွှေထီးနဲ့ ကြီးမြင့်ချင်မှာပ၊ ဘုရင့်အမှုတော်ကို ဦးလည်မသုန် ဆောင်ရွက်မှ သူရဲကောင်း ပီသတယ်လို့ ယူဆမှာပ၊ နို့ပေမယ့် မောင်ရွှေဝါဟာ ရွှေနန်းတော်အကြောင်း သိလာတဲ့အချိန်မှာ တို့လိုပဲ အကောက်အယူ ပြောင်းလာလိမ့်မယ်၊ အရေးတော်ပုံကြီးတွေ ပေါ်ပေါက်လာတဲ့အခါမှာ၊ ရန်သူကို တိုက်ခိုက်ရတဲ့ စစ်အခါမှာ တပ်မတော်ဟာ သိပ်ပြီး ကောင်းတယ်ကွယ့်၊ တစ်ယောက်ကိုတစ်ယောက် အသက်ပေးပြီး ချစ်ခင်ကြတယ်၊ ကာကွယ်ကြတယ်ကွယ့်၊ သူရဲကောင်းတွေဟာ ဒီအခါမှာ ပေါ်ထွက်ကြတယ်ကွယ့်၊ နို့ပေမယ့် အရေးတော်ပုံကြီးတွေ မရှိတဲ့ကာလမှာတော့ ရွှေမြို့တော်မှာရှိတဲ့ တပ်မတော်ဟာ ဘယ်လောက်ပဲ ဓားရေးလှံရေး ကောင်းကောင်း၊ ဆင်စီး၊ မြင်းစီး ကောင်းကောင်း၊ သူရသတ္တိရှိရှိ တစ်ယောက်ယောက်ရဲ့ ကုန်းအချောကို ခံရရင် ဘုရင်ကြီးက အမျက်တော်ရှပြီး၊ အရာကချပြီး ပါးကွက်အာဏာသားတွေရဲ့ အကွပ်မျက်ကို ခံရတာပဲကွယ့်၊ ဆုတော် လဘ်တော်နဲ့ဘွဲ့အမည်အရည် ရရှိဖို့ကလည်း လက်ရုံးရည် နှလုံးရည်ရှိရှိနဲ့ မပြီးဘူးကွယ့်၊ အပျိုတော်တစ်ယောက်ကို ကပ်ပြီး ရွှေနားပေါက်အောင်လုပ်နိုင်မှကွယ့်၊ ငါ့တူရယ် စိတ်ကူးမလွဲပါနဲ့၊ ရွှေနန်းတော်ဆိုတာ သူရဲကောင်းတွေရဲ့ သုသာန်တစပြင်ပဲကွယ့်"

ဘကြီးမုံးက ဤသို့ပြောသည်။

"ငါ့တူကြီးက မဟုတ်မခံချင်စိတ် ပြင်းတာတော့ ကောင်းလှသပ၊ နို့ပေမယ့် စော်ကားနိပ်စက်တဲ့ ဘုရင့်လူတွေကို လက်စားချေဖို့ ရွှေမြို့တော်သွားပြီး အမှုတော်ထမ်းမယ်၊ ရာထူးရာခံကြီးမြင့်မှ ကိုယ့်ဒေသပြန်ပြီး ဟိုလူတွေ အထက်ကနေမယ်ဆိုတာတော့ မဟုတ်သေးဘူးကွယ့်၊ ငါ့တူထင်ထားသလို ရွှေမြို့တော်မှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်ချင်မှလည်း ဖြစ်မယ်ကွယ်၊ ထွန်းထွန်းပေါက်ပေါက် ဖြစ်ပြန်ရင်လည်း ငါ့တူကိုယ်တိုင်က မင်းစိုးရာဇစိတ်ပေါက်ပြီး လူတွေကို နိပ်စက်ညှဉ်းပန်း နေချင်နေလိမ့်မယ်ကွယ်၊ အကောင်းဆုံးနဲ့ အမှန်ဆုံးကတော့ တို့ဟာမသေခင်မှာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကောင်းကောင်းမွန်မွန် နေထိုင် စားသောက်သွားကြဖို့ပဲကွယ့်၊ ဒါကိုမှ အနှောင့်အယှက် ပြုလာသူတွေရှိရင် အရင်ဆုံး အကြီးအကဲတွေကို တိုင်ရမယ်၊ သူတို့က အရေးမယူဘူး၊ ဒါမှမဟုတ် အလိုတူအလိုပါ ဖြစ်နေမယ်ဆိုရင် တို့ဟာတို့ ခုခံကာကွယ်ရမှာပဲကွယ့်"

ဘကြီးဦးခမ်းရုံက ရှင်းပြသည်။

"နေပြည်တော်ကို ရောက်ဖူးတယ်၊ မြင်ဖူးတယ်ဆိုကာကတော့ ကောင်းပါတယ်ကွယ်၊ ငါ့တူသွားချင်သွားပ၊ မင်းခစားသာမလုပ်လေနဲ့၊ ဒါမှမဟုတ် ဘယ်အရပ်ပဲဖြစ်ဖြစ် ရောက်ဖူးချင်သာပဲ ဆိုရင်တော့ ကိုနဲ့ရွာကိုလိုက်ခဲ့၊ ကနန်းရွာကို မြင်ဖူးတာပကွယ်၊ ငါ့တူ သဘောကျပါလိမ့်မယ်၊ နောက်မှ တို့နန်းတွင်းကို သွားကြတာပ၊ နာဂနယ်ကို ကူးကြတာပ၊ မဏိပူရကို ခရီးဆက်ကြတာပ"

ယင်းသို့ ဘကြီးမုံးက ဖိတ်ခေါ်သဖြင့် သူသည် တောင်လေးလုံးရွာသို့ ရောက်လာရခြင်းဖြစ်သည်။ ယခုမူ သူသည်း ဘုရင့်အာဏာကို ဖီဆန်နေသော မဖျိုင်းဖြူတို့နှင့်လည်း ပတ်သက်နေရပြီဖြစ်သည်။ ကိုစောနွဲ့နှင့်လည်း ကျွမ်းဝင်ခဲ့ရပြီဖြစ်သည်။ မနှင်းမြူနှင့်လည်း ချစ်ကြိုက်ခဲ့ရပြီဖြစ်သည်။

ကိုစောနွဲ့သည် သွေးလေးမျိုး ရောစပ်ထားသူဖြစ်သည်။ အဖေက ရှမ်းတရုတ်၊ အမေက မြန်မာကနန်း၊ မောင်ရွှေဝါနှင့် သက်တူရွယ်တူလောက်ပင် ဖြစ်သည်။ မောင်ရွှေဝါကို အထူးပင် ချစ်ခင်လေးစားပုံရသည်။ မောင်ရွှေဝါကလည်း အပြန်အလှန် လေစားခင်မင်မှုရှိသည်။

ယင်းကြောင့်ပင် မောင်ရွှေဝါသည် ကိုစောနွဲ့နှင့် မဖျိုင်းဖြူအရေးတွင်း ဆောင်ရွက်ပေးရန် ဆုံးဖြတ်ထားသည်။ ယခုအခါတွင် ကိုစောနွဲ့သည် မဖျိုင်းဖြူကို ကြိုက်နှစ်သက်နေကြောင်းကို မကွယ်မဝှက်တော့၊ မဖျိုင်းဖြူကို တွေ့မည်လောဟု သူတစ်ယောက်တည်း သွားရောက်ခဲ့သည်မှာ တစ်ခေါက်မက နှစ်ခေါက်မျှပင် ရှိပေပြီ၊ မဖျိုင်းဖြူကလည်း ကိုစောနွဲ့ကို စိတ်ဝင်စားခြင်းရှိလိမ့်မည်ဟု မောင်ရွှေဝါထင်ထားသည်။ သူနှင့်ဘကြီးမုံး လိုက်ပါသွားလျှင် အစစအရာရာ အဆင်ပြေလိမ့်မည်ဟု တွက်ဆထားသည်။ ယင်းကြောင့်ပင် သူတို့သုံးယောက်သည် ချင်းတွင်းဘက်သို့ လိုက်ရန် စီစဉ်ကြသည်။ မဖျိုင်းဖြူတို့သည် ချင်းတွင်းဘက်သို့ ရွှေ့သွားသည်ဟု အများဆုံးယူဆရသည်။ ထို့အပြင် ဘကြီးမုံးနှင့် မောင်ရွှေဝါတို့သည် ဇန်းမောက်ကတည်းက ချင်းတွင်းသို့သွားရန် စိတ်ကူးရှိခဲ့ကြသည် မဟုတ်ပါလား။

သို့ရာတွင် သူတို့သည် ရုတ်တရက် မထွက်ဖြစ်သေးချေ။ ရွာအလှူရှိသောကြောင့်ဖြစ်သသည်။ ကနန်များသည် ဘုရားတရားဘက်တွင် မြန်မာများ၊ ရှမ်းများထက် ပိုမိုကိုင်းရှိုင်းကြသည်။ ကနန်းဘုန်ကြီးများ သည် ပွဲကျောင်းအနွယ်ဖြစ်ပြီး ဓားရေး၊ လှံရေး၊ ဆေးဝါးအင်းအိုင် စသော လောကီမှုများတွင် စွက်ဖက်ခြင်း ရှိသင့်သလောက်ရှိသော်လည်း ဝိနည်းသိက္ခာကို ထိန်းသိမ့်သည့် နေရာတွင် ရွှေကျင်ဂိုဏ်းကဲ့သို့ပင် တိကျ တင်းကျပ် လှသည်။

ကနန်းများသည် မိမိတို့၏ သားငယ်များကို အသက်ခြောက်နှစ်ပြည့်သည်နှင့် တစ်ပြိုင်နက် ဘုန်းတော်ကြီးထံတွင် အပ်နှံရသည်။ စားရေးစာဖတ်၊ အတွက်အချက် သင်စေရသည်။ ဓားသိုင်း၊ တုတ်သိုင်း၊ လက်သိုင်း သင်ကြားစေရသည်။ ကျောင်းသားဘဝနှင့် သုံးနှစ်တိတိ နေရသည်။

ကျောင်းသားသက် သုံးနှစ်ပြည့်သောအခါတွင် သင်္ကန်းဝတ်ရသည်။ ဤတွင်လည်း သုံးဝါ ဝတ်ကြ ရသည်။ သုံးဝါ မပြည့်ဘဲနှင့် သင်္ကန်းချွတ်ခွင့် မရှိချေ။ သုံးဝါသတ်စေရသည့် အကြောင်းမှာ အဖေ့အတွက် တစ်ဝါ၊ အမေ့အတွက်တစ်ဝါ၊ ကိုယ့်အတွက် တစ်ဝါ ဖြစ်သည်။ သို့ဖြင့် ကနန်းတစ်ဦးသည် ဘုန်းကြီးကျောင်းတွင် စုစုပေါင်း ခြောက်နှစ်တိတိ မနေမဖြစ် နေရသည်။

ရှင်ပြုသည့် နေရာ၌လည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ တစ်ဦးတည်း ပြုလုပ်သည် မရှိဘဲ လေးငါးဆယ်ဦး စုပေါင်း၍ ပြုလုပ်ကြသည်။ ရွာအလှူ ဘုံအလှူဟု ခေါ်နိုင်သည်။ ရွာလုံးကျွတ် တာဝန်ခွဲဝေ

ထမ်းဆောင်ကြသည်။ အမျိုးသမီးရော အမျိုးသားရောဖြစ်သည်။ လူကြီးလူငယ်ရောဖြစ်သည်။ နေ့ဆိုလျှင် ယောက်ျားကလေးများက ရေခပ်ခြင်း၊ ဝါးခုတ်ခြင်း၊ မကျောပ်ဆောက်ခြင်းပြု၍ မိန်းကလေးများက လက်ဖက်ခူးခြင်း၊ ဖက်ခူးခြင်း၊ ပိန်းဥတူးခြင်း ပြုကြသည်။ အဘိုးအို အဘွားအိုများကလည်း ပရိတ်အိုးပြင်ခြင်း၊ ပဒေသာပင်များ ဆင်ယင်ခြင်းတို့ ပြုလုပ်ကြသည်။

သို့ဖြင့် မောင်ရွှေဝါနှင့် မနင်းမြူတို့သည် ယခင်ရက်များကဲ့သို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားလာနိုင်ခြင်း မရှိတော့ချေ။ အလှူအတွက် ဝိုင်းဝန်းလုပ်ဆောင်ပေးနေကြရသည်။ အလှူပြီးလျှင် ခရီးထွက်ရမည် ဖြစ်သော်လည်း အလွမ်းသည်ချိန်မရှိဘဲ မနင်းမြူက ရွာအပျိုများနှင့်အတူ၊ မောင်ရွှေဝါက ရွာလူပျိုများနှင့်အတူ လုပ်ဖွယ်ရှိသည်များကို လုပ်နေရသည်။ ညဘက်တွင်ကား တပျော်တပါးကြီး ဝိုင်းဝန်း ရယ်မောကြရသည်။

ကိုစောနွဲ့က အလှူနေ့လွန်မြောက်စေရန် ဆုတောင်းနေသည်။ မောင်ရွှေဝါနှင့် မနင်းမြူက အလှူနေ့ လွန်မြောက်မည်ကို စိုးရိမ်နေကြသည်။ ဤသို့နှင့် အလှူနေ့တိုင်ခဲ့သည်။ ထိုနေ့မှာပင် အကြောင်းထူးနှစ်ခု ပေါ်ပေါက်ခဲ့သည်။

တစ်နယ်နှင့်တစ်နယ် ကူးလူးသူများသည် တောင်လေးလုံးရွာကို ဖြတ်သန်းသွားကြသည်။ အနီးအပါးရွာများမှလည်း အလှူသို့လာကြသည်။ သို့သော် စစ်စေးသုတ်ပန်းကန်တောင်းများကို ထမ်းလျက် အနောက်အရပ်မှလာသော ရှမ်းတရုတ်နှစ်ဦးသည်ကား ရွာကို ဖြတ်သန်းသွားခြင်းလည်း မဟုတ် အလှူသို့လာခြင်းလည်း မဟုတ်။ ဘကြီးမုံးတို့ထံ မဖိုင်းဖြူက စေလွှတ်လိုက်သူများဖြစ်သည်။ အရေးကြီးသော အကြောင်းကိစ္စတစ်ခုကို တိုင်ပင်ဆွေးနွေးလိုသဖြင့် ဘကြီးမုံး၊ မောင်ရွှေဝါနှင့် ကိုစောနွဲ့တို့ကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ ရှမ်းတရုတ်နှစ်ဦးက သူတို့၏ စခန်းနေရာကို ပြောဆိုခြင်း မပြုဘဲ သူတို့နှင့်အတူ လိုက်လာရန်ကိုသာ ပြောသည်။ သို့ဖြင့် မနက်ဖြန် နံနက်စောစောတွင် နဂါးတောင်၌ ဆုံကြရန် အချိန်းအချက်ပြုကြသည်။

သို့ရာတွင် နောက်တစ်နေ့ နံနက်တွင်ကား ထိုသူနှစ်ဦးနှင့်အတူ ဘကြီးမုံးနှင့် ကိုစောနွဲ့တို့သာ လိုက်ပါသွားသည်။ မောင်ရွှေဝါကား သူတို့နှင့်အတူ မလိုက်ပါနိုင်ရုံသာမက သူ့နယ်သို့ ချက်ချင်းပြန်ရမည့် အခြေရှိသွားသည်။ အကြောင်းမူ မိုးကောင်းတွင် သူပုန်ထနေပြီဆိုသော သတင်းကို ဦးခွမ်းရုံက ထိုနေ့ညမှာပင် တောင်လေးလုံးရွာသို့ ယူဆောင်လာခြင်းကြောင့်ဖြစ်သည်။

## အခန်း -၁၁-

ဦးခမ်းရုံရရှိလာသော သတင်းများကား ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။ မိုးကောင်းသို့ သွားသော ကုန်လှည်းများ အားလုံးသည် မိုးညှင်းမှ လှည့်ပြန်ခဲ့ကြရသည်။ အင်းတော်ကြီးတစ်ဝိုက်တွင် တိုက်ပွဲများ ထုပြောလျက်ရှိသည်ဟု ပြောကြသည်။ ကြားရသော သတင်းများသည် တစ်ခုနှင့် တစ်ခု ညီညွတ်ခြင်း မရှိချေ။ အချို့ကမူ မိုးကောင်းမြို့ကိုပင် သူပုန်များ သိမ်းထားသည်ဟု ဆိုသည်။ မြို့ဝန်နှင့် နောက်လိုက်နောက်ပါများကို ကယ်ပါသောင်တွင် ကပ်ဖိထားသည်ဟု ဆိုသည်။ အချို့ကတော့လည်း

MMCYBERMEDIA
COMMUNITY FOR ALL

တောင်ပေါ်ကချင်များနှင့် မြေနိမ့်လွင်မှ ရှမ်းမြန်မာများ သတ်ဖြတ်တိုက်ခိုက်ကြခြင်းဟု ဆိုသည်။ မည်သို့ဖြစ်စေ မိုးကောင်းနှင့် မိုးညှင်းကြားတွင် မငြိမ်မသက် ဖြစ်နေသည်ကား အမှန်ပင်ဖြစ်သည်။ နယ်သူနယ်သားများ သွေးလေချောက်ချားနေသည်ကား အမှန်ပင်ဖြစ်သည်။

သို့ရာတွင် ဦးခမ်းရုံသည် မိုးကောင်းကို သူပုန်သိမ်းသည်ဆိုသော သတင်းလောက်နှင့်ကား တောင်လေးလုံးရွာသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်မလာသေးချေ။ အလွန်ဆုံး လူလွှတ်အကြောင်းကြားရုံသာ ရှိမည်။ ယခုမူ သူတို့တူဝရီးနှင့် တိုက်ရိုက်သတ်ဆိုင်သော သတင်းဆိုးတစ်ခုကိုကြားရသဖြင့် ဤခရီးကြမ်းကို သူ့ခန္ဓာကိုယ်ကြီးနှင့် အပြေးနှင်ခဲ့ခြင်းဖြစ်သည်။

မောင်ရွှေဝါ၏ မိခင်ဒေါ်စောရုံသည် ပိန်ပိန်ပါးပါးသာ ဖြစ်သောလည်း ဦးခမ်းရုံကား ဝဝဖိုင့်ဖိုင့်ကြီးဖြစ် သည်။ ပြော၍ မထားလျှင် ဒေါ်စောရုံနှင့် ဦးခမ်းရုံကို မောင်နှမဟု မည်သူကမျှ ထင်မည်မဟုတ်ချေ။ ဒေါ်စောရုံသည် ကိုယ်လုံးသွယ်၍ မျက်နှာပြည့်ဝန်းသည်။ နှာတံပေါ်၍ မျက်ခုံးထင်ရှားသည်။ အစဉ်ပြုံးချိုသော မျက်နှာရှိသည်။

ဦးခမ်းရုံးကား ဤသို့မဟုတ်ချေ။ စဥ့်အိုးနှင့်တူသော ဗိုက်လုံးကြီးရှိသည်။ ကိုယ်ခန္ဓာနှင့် မလိုက်အောင် မျက်နှာသေးငယ်သည်။ နှာခေါင်းသည် ပြားချပ်၍ ပါးနှစ်ပြင်ကြားတွင် မြှုပ်နေသည်။ မျက်ပေါက်ကျဉ်းပြီး ဦးခေါင်းချွန်သည်။ တရုတ်နှင့် တူသည်။ ယင်းကြောင့်ပင် သူသည် ခြေလျင်တပ်သား၊ မြင်းတပ်သားစသည် မဖြစ်ဘဲ အမြောက်တပ်သား ဖြစ်ရခြင်းပင်တည်း။

ဦးခမ်းရုံသည် သူ့ခန္ဓာကိုယ်ကြီးကို စိတ်ပျက်သဖြင့် အဆင်းအတက်ကြမ်းသော ခရီးများကို အသွားနည်းလှသည်။ ယခုမူ တူဖြစ်သူနှင့် အရေးတကြီး တိုင်ပင်ဆွေးနွေးရန် ရှိသဖြင့် ဤခရီးကို သုတ်ခြေတင် နှင်ခဲ့ခြင်းဖြစ်သည်။

ဦးခမ်းရုံနောက်ဆုံးကြားခဲ့ရသော သတင်းဆိုးကား မောင်ရွှေဝါတို့ရွာကို တောင်ပေါ်ကချင်များက မီးတင်ရှို့လိုက်သည် ဆိုခြင်းဖြစ်သည်။ ထိုမျှသာမက ကလေးလူကြီး နှစ်ဆယ်ကျော်တို့၏ ခေါင်းများကိုလည်း ယဇ်ပူဇော်ရန် ဖြတ်ယူသွားသည်ဟုဆိုသည်။

ဦးခမ်းရုံသည် နှမအတွက် စိတ်ပူပန်ခြင်းရှိလှသော်လည်း သူကိုယ်တိုင် အလျင်အမြန် လိုက်သွားနိုင်ခြင်း မရှိသည့်အတွက် ယခုကဲ့သို့ တူဖြစ်သူထံ အရေးတကြီး လိုက်လာခြင်းဖြစ်သည်။ ဤသတင်းကို မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ မောင်ရွှေဝါသည် ရှူးရှူးရှဲရှဲဖြစ်လာသည်။ လှုပ်လှုပ်ကွကွဖြစ်လာသည်။ ဘကြီးမုံးတို့က အကျိုးသင့် အကြောင်းသင့် ပြောမှ သူ့စိတ်များ အတန်ငယ် တည်ငြိမ်မှုရလာသည်။

သို့ဖြင့် နောက်တစ်နေ့နံနက်တွင် ခရီးထွက်သွားကြရန် အစီအစဉ်များ ပြုလုပ်ပြီးနောက် ရိုင်ဖယ်သေနတ်ကို သူ့အား ပေးလိုက်ရန် ဘကြီးမုံးထံ တောင်းခံပြီးနောက် သူသည် မနှင်းမြူကို နှုတ်ဆက်ရန် တစ်ယောက်တည်းထွက်ခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးခမ်းရုံး ဘကြီးမုံး ဦးအိုက်စံ၊ ဦးပေါ်မန်း၊ ကိုစောနွဲ့၊ ကိုပိတုန်းနှင့် မဖျိုင်းဖြူ၏ လူများသည် မီးဖိုဘေးပတ်လည်တွင် ဝိုင်းထိုင်လျက်နိုင်ငံ့အခြေအနေ နယ်အခြေအနေများကို ပြောဆိုဆွေးနွေးလျက် ကျန်ရစ်ခဲ့လေသည်။

မောင်ရွှေဝါသည် မီးတိုင်ကို ကိုင်လျက် ရွာလယ်လမ်းအတိုင်း လျှောက်သွားသည်။ တပို့တွဲလကွယ်ည ဖြစ်၍ ညက မှောင်နေသည်။ အေးနေသည်။ သို့ရာတွင် သူသည် ချမ်းရမှန်းမသိ၊ အမှောင်ကို စိုးရွံ့ရမှန်းမသိ။

ညသည် တိတ်နေသည်။ ရွာသည် ဆိတ်နေသည်။ မှောင်မည်းသောည ဖြစ်သည်ကြောင့် လည်းကောင်း၊ အေးခိုက်သောည ဖြစ်သည်ကြောင့် လည်းကောင်း၊ အလုပ်အတွက် ပင်ပန်းနွမ်းနယ်သည်ကြောင့် တစ်ကြောင်းကြောင့် အားလုံးလောက်သည် အိပ်ကုန်ကြပြီဖြစ်သည်။ အရေးတော်ပုံကြီး တစ်ခု တောက်လောင်စပြုနေပြီကို မသိရှိကြသေးပေ။

အထီးတည်း တည်ရှိနေသည့် တောင်ကုန်းအိမ်သို့ မောင်ရွှေဝါ ရောက်ရှိသွားသောအခါတွင် မနှင်းမြူ၏ မိခင် ဒေါ်အဲနော်သည်ပင် အိပ်ရင် ပြင်ဆင်နေပြီဖြစ်သည်။ လှေကားထိပ်တွင် ကုန်းကွကွကြီးရှိနေသော ဒေါ်အဲနော်ကို ရုတ်တရက် တွေ့လိုက်ရသောအခါတွင် မျောက်လွဲကျော်ကြီး တစ်ကောင်ဟု ထင်မိသည်။ ဒေါ်အဲနော်သည် လှေကားဖြုတ်တော့မည်ပြုနေရာမှ မောင်ရွှေဝါကို တွေ့မြင်သောအခါ ခါးကို ပြန်ဆန့်လိုက်သည်။ သည်တော့လည်း ခြေကားရား လက်ကားရားပင်ဖြစ်သည်။ ထို့နောက်ဒေါ်အဲနော်သည် ဘာတစ်ခွန်းမှမပြောပဲ အတွင်းဘက်သို့ဝင်သွားသည်။

လှေကားမှာ မောင်ရွှေဝါတက်သွားသောအခါတွင် ဒေါ်အဲနော်ကို မီးဖိုထဲတွင် လည်းကောင်း၊ ဧည့်ခန်းထဲတွင် လည်းကောင်း မတွေ့ရတော့ချေ။ အိပ်ခန်းတွင်းသို့ ဝင်သွားပြီ ဖြစ်ဟန်တူသည်။ ပိုင်းငင်နေသော မနှင်းမြူကို မီးဖိုဘေးတွင် တွေ့ရသည်။

"မောင်ကြီးလာသေးသကိုး"
"စကားတစ်ဝိုင်း မပြီးလို့ကြာနေတာ"

သူကအမျိုးသမီး ခင်းပေးသော ဂွမ်းကပ်ပေါ်တွင် ဝင်ထိုင်ရင်းပြောသည်။

"မနက်ကို သွားဖြစ်လား"
"ဘယ်ကိုလဲ"
"သမန်းဘုရင်မဆီကိုလေ"
"သမန်းမင်းသမီးပါ"
"သူ့နေရာမှာ အကြီးဆုံးဆိုတော့ ဘုရင်မပဲပ"
"ဘကြီးမုံးနဲ့ ကိုစောနွဲ့တို့ လိုက်သွားကြမယ်"
"မောင်ကြီးကော"
"ရွာပြန်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ဦးခမ်းရုံရောက်လာသည့်အကြောင်း၊ ကြားရသော သတင်းများအကြောင်းကို သူက အကျဉ်းချုံး၍ သူမအားပြောပြလိုက်သည်။ သူ့စကား ဆုံးသွားပြီး အတော်ကြာသည်အထိ အမျိုးသမီးက ဘာတစ်ခွန်းမှ ဝေဖန်ပြောဆိုခြင်းမပြုဘဲ တွေနေသည်။ သူမ၏ မျက်နှာသည် ကြွေတော့မည့် ပန်းကဲ့သို့ ရှိသည်။

"စိတ်ဆင်းရဲမနေပါနဲ့ မနှင်းမြူ၊ မောင်ကြီးပြန်လာမှာပ"
"မောင်ကြီးတို့ရွာအကြောင်း စိတ်မကောင်းဖြစ်လို့ပါ"
"ဘယ်တတ်နိုင်မလဲ နှင်းမြူ၊ အားလုံးဖြစ်ပြီးနေပြီပဲ"
"ကချင်တွေ ခေါင်းဖြတ်သွားတဲ့အထဲမှာ မောင်ကြီးဆွေမျိုးတွေများပါမလား"
"ပါမယ်ဆိုရင်တော့ ဆွေးမျိုးတင် ဘယ်ကမလဲ၊ အမေ၊ အဖေ၊ အစ်ကိုနဲ့ နမတွေပါ ပါနိုင်တာပ"
"ဒုက္ခနော၊ ကချင်တွေက ဒီလိုပဲလား"
"စိတ်ဆင်းရဲမနေပါနဲ့ နှင်းမြူ၊ အခုကြားရတဲ့ သတင်းကလည်း ဟုတ်ချင်မှ ဟုတ်မှပ၊ ကြားရတဲ့ စကားတွေက အမျိုးမျိုးပါ၊ ကချင်တွေမှာ ရိုင်းတဲ့လူလည်းရှိတာပဲ၊ ယဉ်တဲ့လူလည်းရှိတာပဲ၊ ကချင်ကလည်း ရှမ်းကို သတ်ခဲ့တာပဲ၊ ရှမ်းကလည်း ကချင်ကို သတ်ခဲ့တာပဲ၊ ဗမာတွေနဲ့လည်း သူတစ်ပြန် ကိုယ်တစ်ပြန်ပဲ၊ နို့ပေမယ့် ရန်ဖြစ်တာထက် တည့်တဲ့အခါက များပါတယ်ကွယ်၊ မောင်ကြီးတို့ရွာဟာ တခါမှ ကချင်တွေနဲ့လည်း ရန်မဖြစ်ခဲ့ဖူးဘူး၊ ဗမာတွေနဲ့လည်း ရန်မဖြစ်ခဲ့ဖူးဘူး၊ ဘုရင့်လူ၊ စော်ဘွားလူ၊ ဒူဝါ့လူတွေနဲ့သာ ရန်ဖြစ်ခဲ့ရတာပါ၊ မောင်ကြီးရောက်သွားရင် ဒီစကား ဟုတ်၊ မဟုတ် သိရမှာပ"
"မဟုတ်ဘူးဆိုရင် မောင်ကြီးပြန်လာမှာလား"
"မောင်ကြီးတို့အကြောင်း အဖေတို့အမေတို့ကို ပြောပြီးပြန်လာမှပ"
"ဟုတ်နေရင်ကော"
"ဟုတ်နေရင်လည်း ဘယ်တတ်နိုင်မလဲ၊ အခြေအနေကြည့်ပြီး နမဆီ ပြန်လာမှာပ၊ အကြောင်းမသင့်လို့ နည်းနည်းကြာတန် ကြာရမှာပ"

မနှင်းမြူသည် စိတ်တည်ငြိမ်မှုရအောင် ကြိုးစားနေသည်။ ပြုံးရုံပြုံးကြည့်ရှာသည်။ မလွဲသာ မရှောင်သာ ခရီးသွားရမည့်သူ နောက်ဆံမတင်းစေရန်ဖြစ်သည်။

"မောင်ကြီးတို့ရွာ ဘာမှမဖြစ်တောင် မောင်ကြီးတို့နယ်မှာ တစ်ခုခု ဖြစ်နေတာတော့ သေချာတယ်။ တစ်နိုင်ငံလုံးရဲ့ အကဲကလည်း မကောင်းဘူး၊ ဘာတွေဖြစ်နေသလဲမသိဘူး၊ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသလို နမကို မှာခဲ့ရမယ်၊ တိုင်းပြည်ကြီး ဝရုန်းသုန်းကားဖြစ်နေလို့ မောင်ကြီး ချက်ချင်းမလာနိုင်လည်း နမ ဘယ်လိုမှ စိတ်သင့်မနေပါနဲ့၊ မောင်ကြီး အသက်နှင့်ခန္ဓာမြဲနေသမျှတော့ နမဆီကို တစ်နေ့နေ့ တစ်ရက်ရက်မှာ ပြန်လာပါ့မယ်၊ နှင်းမြူကြိုလို့သာနေပါ"
"မောင်ကြီးကို နေ့တိုင်း ကြိုနေမှာပ၊ အနှစ်အစိတ်လုံးလုံး သစ္စာရှိရှိနဲ့ကြိုနေရမယ်ဆိုရင်လည်း... ကြိုနေမှာပ မောင်ကြီးရယ်"
"မသစ္စာနဲ့ ကောသမ္ဘီ မင်းလားလေးလို ဖြစ်နေဦးမှာလားနော"

မောင်ရွှေဝါက တစ်ယောက်တည်း ညည်းသလို ပြောလိုက်သည်။

## အခန်း -၁၂-

MMCYBERMEDIA
COMMUNITY FOR ALL

ကြိုးကြာရွာ မီးလောင်သည်ဆိုသော သတင်းသည် မဟုတ်မမှန်ပါချေ။ သို့ရာတွင် ဦးခမ်းရုံ ကြားရသော သတင်းသည် လုံးဝကြီး မှားယွင်းသည်ဟုလည်း မဆိုသာပေ။ အကြောင်းမူ ကြိုးကြာရွာ၏ အနောက်မြောက်ယွန်းယွန်း ခရီးနှစ်တိုင်ကွာရှိ ကညင်မြိုင်ရွာကို ကချင်များ မီးတင်ရှို့သွားသည်မှာ တကယ်ပင် ဖြစ်သည်။ ကလေးလူကြီး နှစ်ဆယ်ကျော်၏ ခေါင်းများကို ဖြတ်ယူသွားသည် ဆိုခြင်းကား မဟုတ်ချေ။ တိုက်ပွဲဖြစ်ပွားရာ၌ ကချင်သုံးယောက်ကျ၍ ကညင်မြိုင်ရွာသား နှစ်ယောက် ကျဆုံးသည်။ တစ်ယောက်မှာ ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်နေသည်။ ဤမျှသာ ဖြစ်သည်။ ဤမှ သတင်းကားသွားခြင်း ဖြစ်သည်။

ကညင်မြိုင်ရွာကို ကချင်များ ဝင်စီးရသည့်အကြောင်းကလည်း ဤသို့။ လခတ်ရဒေါ် အမည်ရှိ ကချင်ရွာလေးတစ်ရွာသည် ကညင်မြိုင်၏ အနောက်ဘက်စူးစူးတွင် ရှိသည်။ ရွာနှစ်ရွာသည် ယမန်နှစ်မှ အစပြု၍ နှစ်ကြိမ် သုံးကြိမ်မျှ ကတောက်ကဆတ် ဖြစ်ခဲ့ကြသည်။ ကျွဲပျောက်မှုနှင့် နှစ်ခါ၊ မိန်းမမှုနှင့် တစ်ခါ ဖြစ်သည်။ နောက်ပိုင်းတွင် ရွာနှစ်ရွာသည် အကူးအလူး အဆက်အဆံ ကင်းခဲ့ကြသည်။

တစ်နေ့သ၌ ကညင်မြိုင်ရွာသို့ မိုးကောင်းမှလူများ ရောက်ရှိလာကြသည်။ ရွာခံဦးရွှေကြာ၏ လက်စွဲတော်များ ဖြစ်ကြသည်။ သူတို့သည် အနောက်ရွာခေါင်းအိမ်တွင် စခန်းချကြသည်။ အနောက်ရွာခေါင်းသည် ကစော်သမား၊ ကြက်သမားဖြစ်သည်။ ရွာခေါင်းနှင့် ဦးရွှေကြာ၏လူများသည် အရက်များ သောက်စားမူးယစ်ပြီးနောက် လခတ်ရဒေါ်ရွာဘက်သို့ ထွက်သွားကြသည်။ သည်ကတည်းက ရွာမှလူများသည် စိတ်လေးလံခြင်း ဖြစ်ခဲ့ကြသည်။

ကညင်မြိုင်ရွာခေါင်းနှင့် မိုးကောင်းမှ လူသုံးယောက်သည် လခတ်ရဒေါ်ရွာမှ ကချင်မနှစ်ယောက်ကို တောင်စောင်းတစ်ခုတွင် တွေ့ရှိပြီး ဗလက္ကာယ ပြုကြသည်။ ထိုမျှမက သူတို့သည် လူမဆန်စွာဖြင့် အမျိုးသမီးများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ဓားဖြင့်မွှန်း၍ မသေမရှင် ထားခဲ့ကြသည်။

ညနေဘက်တွင် ရွာသို့ သူတို့ ပြန်လာခဲ့ကြသည်။ မောမောပန်းပန်းနှင့် တုံးနင်းကရော အိပ်နေကြသည်။ ညသန်းခေါင်လောက်တွင် ရွာကို ကချင်များ ဝင်စီးသည်။ ရွာသူရွာသားများသည် ပြေးသူပြေး ခုခံတိုက်ခိုက်သူက တိုက်ခိုက်ကြသည်။ နံနက်လင်းအားကြီးလောက်တွင် ကချင်များ ဆုတ်ခွာသွားကြသည်။

အနောက်ဘက်ရွာတစ်ခြမ်း မီးထဲ ပါသွားသည်။ ရွာခေါင်းကို ခေါင်းတစ်ခြား ကိုယ်တစ်ခြား တွေ့ကြရသည်။ မိုးကောင်းဘက်မှ လူများကား လက်လွတ်ထွက်ပြေးကြသည်။ နောက်တစ်နေ့တွင် ကညင်မြိုင်ရွာမှ လူများသည် လခတ်ရဒေါ်ရွာကို သွား၍ တိုက်ကြသည် ဆိုသည်။ သို့ရာတွင် အနီးပတ်ဝန်းကျင်ရှိ ကချင်ရွာ၊ မြန်မာရွာ၊ ရှမ်းရွာတို့မှ လူကြီးများက ကြားဝင်ဖျန်ဖြေသဖြင့် ပြေအေးသွားသည်။ သို့ရာတွင် သည်အရေး ပြီးငြိမ်းသွားသော်လည်း လုယက်တိုက်ခိုက်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ လက်စားချေတုံ့ပြန်မှုများ၊ ခုခံတိုက်ခိုက်မှုများ၊ ကောလာဟလသတင်းများကြောင့် တစ်နယ်လုံး တစ်ကြောလုံး ကျီးလန့်စာစား ရှိနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါ ပြန်ရောက်သွားသောအချိန်တွင် ကြို့ကြာရွာသည်လည်း သွေးလေချောက်ချားလျက်ရှိသည်။

ကြို့ကြာရွာသည် လှပသော တောင်တန်းတစ်ခု၏ အရှေ့ဘက်ခြေရင်းတွင် ရှိသည်။ ချောင်းငယ်တစ်ခုသည် ရွာနှင့် တောင်ကို ခရုပတ်စီးဆင်းနေသည်။ ရေမြေကောင်းသဖြင့် သီးနှံစပါး အထွက်များသည်။ ထင်ရှားသော ရွာကြီးတစ်ရွာ ဖြစ်သည်။ သူရဲကောင်းများ ထွက်သည်ဟု ကျော်ကြားလှသည်။

နယ်ပယ်အလုံး ဝရုန်းသုန်းကား ရှိနေသောအချိန်တွင် ကြို့ကြာရွာလည်း အုန်းအုန်းကျွက်ကျွက် ရှိနေရတော့သည်။ အထူးသဖြင့် ကညင်မြိုင်ရွာ အရေးအခင်းကြောင့် လှုပ်လှုပ်ရှားရှား ရှိနေကြသည်။

ရွာစည်းရိုးအသစ် ခတ်ထားသည်။ ဆီးကြီးခက်များ၊ ဆီးကလေးခက်များကို ဝါးပိုးဝါးနက်များဖြင့် အခိုင်စိုက်ထားသည်။ အရှေ့တံခါး၊ အနောက်တံခါးတွင် နေ့ရောညရော ကင်းချထားသည်။ မောင်ရွှေဝါကိုပင် အထပ်ထပ်အဖန်ဖန် စစ်ဆေးပြီးမှ ဝင်ခွင့်ပြုကြသည်။

ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယောက်ျားများ ဓားခုတ်၊ လှံထိုး ကျင့်နေကြသည်။ မိန်းမများသည် ထင်းခွေ၊ ရေခပ်၊ မောင်းထောင်း၊ ဟင်းသီးဟင်းရွက်ရှာ စသည်ဖြင့် အစာရေစာ စုဆောင်းနေကြသည်။ ရွာသူရွာသားများ၏ မျက်နှာများမှာ စိုးရွံ့တုန်လှုပ်မှုနှင့် တက်ကြွထက်သန်မှု အရိပ်အယောင်များ ရောပြွမ်းနေသည်။ ကြားနေရသော၊ မြင်နေရသော ရုန်းရင်းဆန်ခတ်မှုများအတွက် စိတ်ချောက်ချား ရှိနေကြသလို စိတ်အားထက်သန်နေကြသည်။ အပြောင်းအလဲများ ရှိလာမည်ကို ရင်တထိတ်ထိတ်ဖြင့် ငံ့လင့်နေကြသည်။

အမှန်အားဖြင့်ဆိုလျှင် ထိုအချိန်က မိုးကောင်းနယ်၊ ဝန်းသိုနယ်နှင့် ကချင်တောင်တန်းများသာမက မြန်မာတစ်နိုင်ငံလုံးပင် ကသောင်းကနင်း ဖြစ်နေသည်။ ကြီးမားသော အရေးတော်ပုံကြီးတစ်ရပ် နေ့ချင်းညချင်း ပေါ်ပေါက်လာတော့မည့် အရိပ်အခြည်များ ရှိနေသည်။

## အခန်း -၁၃-

မောင်ရွှေဝါ ပြန်ရောက်လာသည်ဆို၍ ညဘက်တွင် လူကြီးလူငယ်များ လာရောက် စကားပြောကြသည်။ ပထမတွင် တိုင်းရေးပြည်ရေး ဆွေးနွေးသည်။ ရွှေမြို့တော်သို့ မရောက်ဘဲ ကနန်းနယ်မှ ခရီးရောက်ခဲ့ရပုံ၊ သို့ရာတွင် သူဖြတ်သန်းသွားလာခဲ့ရသော နယ်ပယ် မြို့ရွာများ အခြေအနေသည် သူတို့နယ်၏ အခြေအနေနှင့် အလားတူလောက်ပင် ဖြစ်ပုံ၊ နယ်ပယ်မြို့ရွာ အကြီးအကဲတို့နှင့် ၎င်းတို့၏ နောက်လိုက်နောက်ပါများက နိပ်စက်ညှဉ်းပန်းကြပုံ၊ တိုင်းသူပြည်သားများ မကျေမနပ် ရှိနေကြပုံ၊ ကောလာဟလသတင်းများကြောင့် လူတွေ ချောက်ချားနေပုံနှင့် ဘကြီးမုံး ကြားသိလာသော ရွှေမြို့တော်နှင့် အောက်ပြည်အောက်ရွာ သတင်းများကို မောင်ရွှေဝါက အကျဉ်းပြောပြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့ရွာနှင့် အနီးအပါးရွာတွင် ဖြစ်ပျက်နေသည်များ၊ မိုးကောင်းတွင် ဖြစ်ပျက်နေသည်များ၊ တောင်ပေါ်တွင် ဖြစ်ပျက်နေသည်များကို လာရောက်ကြသူများက ပြန်၍ ပြောကြသည်။ ထို့နောက် အချေအတင် ဆွေးနွေးကြသည်။ အတော်ကြီးမိုးချုပ်မှ လူတွေ ပြန်စပြုသည်။ သန်းခေါင်ကြက်တွန်မှပင် လူရှင်းတော့သည်။ အိမ်သူအိမ်သားများနှင့် အလွန်ရင်းနှီးသူ သုံးလေးဦးသာ ကျန်တော့သည်။ ထိုအခါ သူတို့သည် ကိုယ်ရေးကိုယ်တာ အကြောင်းများကို ပြောဆိုကြသည်။

"အစ်ကို ရွှေနီကို မမြင်ပါဘူး။ ရွာမှာ မရှိဘူးလား"

မောင်ရွှေဝါက မျက်နှာအစေ့ကို ကြည့်ရင်း မေးသည်။ သူက ညနေစောင်းကတည်းက ရွာသို့ ပြန်ရောက်ခဲ့သည် ဖြစ်သည်။ သို့ရာတွင် ယခုမှပင် အစ်ကိုဖြစ်သူကို သတိရမိသည်။ မတွေ့မမြင်သည်ကို ဂရုထားမိပြီး မေးမိသည်။

"နင့်အစ်ကိုအကြောင်းတော့ မပြောတာ ကောင်းပါတယ်"

မိခင်ဖြစ်သူ ဒေါ်စောရုံက ပြောင်းဖူးဖက်ဆေးလိပ်ကို မီးရှိ မရှိ ဖွာကြည့်ရင်း ပြောသည်။

"ဘာကြောင့်လဲ အစ်မ"
"အလကား အကောင်ပဲ။ အိမ်ကပ်တဲ့ အကောင်မှ မဟုတ်တာ"

ဂုဏ်တော်ပုတီးကို လည်ပင်းဆွဲထားသော ဖခင် ဦးနွဲ့မွန်က ဝင်ပြောသည်။ မောင်ရွှေဝါက နှမများကို ကြည့်ရင်း...
"အိမ်ကို မပြန်တော့ဘူးလား။ ရွာမှာတော့ ရှိတယ် မဟုတ်လား"

နှမကြီး နန်းခင်က...
"ရွာမှ ရှိပါတယ်။ မနေ့ကပဲ အိမ်မှာ ရှိပါတယ်။ ကနေ့လည်း ပြန်ချင်ရင် ပြန်လာမှာပါ။ သူက တုံးကြီးခေါက်မှလည်း လာတာပဲ။ မိုးစင်စင် လင်းမှလည်း လာတာပဲ"
"လာမှာ မဟုတ်ပါဘူး။ မထုံးရီဆီ ရောက်နေမှာပါ"

ညီအစ်ကို မောင်နှမ လေးယောက်အနက် အငယ်ဆုံးဖြစ်သော နန်းရင်က ပြောသည်။ မထုံးရီ ဟူသော အမည်ကို ကြားလိုက်ရသောအခါ လူအားလုံးပင် တုန်လှုပ်သွားပုံရသည်။

"သူ အရင်က အဲဒီအိမ်ကို မသွားပါဘူး"

မောင်ရွှေဝါက နန်းရင်၏ စကားကို မယုံသည့်အနေဖြင့် ဆိုသည်။ မယုံစရာလည်း ဖြစ်သည်။ ကိုရွှေနီနှင့် မထုံးရီ၏ဖခင် ဦးနောင်ရှမ်းသည် တစ်ချိန်က အကြီးအကျယ် စကားများထားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အခုတော့ နေ့ရှိသရွေ့ အဲဒီအိမ်ပဲ သွားနေတာပ။ အစ်ကိုရွှေဝါ သွားကတည်းကပဲ။ တစ်နေ့ကဆိုရင် သူနဲ့ မထုံးရီဟာ ချောင်းလေးခွဆုံကို နှစ်ယောက်တည်း အတူသွားကြတယ်"

"ဘကြီးဦးနောက်ရှမ်းက ဘာမှ မပြောဘူးလား"

"အခု သူတို့နှစ်ယောက် သိပ်တည့်နေကြတာ။ ညနေဘက်ဆိုရင်"

"တိတ်စမ်း ကောင်မကလေး"

ဦးနွဲ့မွန်က ကြိမ်းဟန့်လိုက်သည်။ အားလုံး တိတ်သွားကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြသည်။ မောင်ရွှေဝါသည် မျက်ခုံးကြီးများ မို့မောက်၍ တွန့်နေအောင် မျက်မှောင်ကြုတ်ထားသည်။ သူ့အစ်ကိုနှင့် မထုံးရီ ဆက်စပ်နေ၍ စိတ်ထဲတွင် တစ်မျိုးဖြစ်မိသည်။ သို့ရာတွင် သူ့၌ မနင်းမြူ ရှိနေပြီ ဖြစ်သည်။ ကိုရွှေနီသည် အစ်ကိုအရင်းဖြစ်သော်လည်း တွယ်တာခြင်း မရှိလှ။ ယင်းကြောင့် သူက ထိုသူနှစ်ဦးကို ခေါင်းထဲမှ ဖျောက်ပစ်နေသည်။

သို့ရာတွင် မထုံးရီ၏ အပြန့်ကျယ်သော ပါးစပ်နှင့် အရည်ရွှန်းသော မျက်လုံးများကို မြင်နေမိသည်။ ကိုရွှေနီ၏ အသံခြေခြောက်ခြောက်ကြီးကို ကြားနေမိသည်။ သူနှင့် ကိုရွှေနီသည် တခြားစီ ဖြစ်သည်။

ကိုရွှေနီသည် စကားမပြောတတ်။ တိုတောင်း ငုံးတိသည်။ ရှေ့နောက် မစဉ်းစားဘဲ ပြောချင်သည်ဆိုလျှင် ပေါခနဲ ဖြစ်သည်။ အသံအက်ကွဲသည်။ မာကျောသည်။ ကျယ်လောင်သည်။ မျက်နှာပေါက် ဆိုးသည်။ မဲ့ကာရွဲ့ကာ ပြောတတ်သည်။ နွားသိုးလို ရှူးရှူးရှားရှား လုပ်တတ်သည်။ တစ်ကိုယ်လုံးတွင် မဲ့ခြောက်များ၊ အမာရွတ်များ တလင်းပြည့် ဖြစ်သည်။

အိမ်ကလည်း မောင်ရွှေဝါကိုသာ အရေးထားသည်။ ရွာကလည်း မောင်ရွှေဝါသာ ဖြစ်သည်။ ကိုရွှေနီကလည်း သူသွားချင်ရာ သွားသည်။ သူလုပ်ချင်ရာ လုပ်သည်။ အိမ်က ဘာပြောပြော ရွာက ဘာထင်ထင် ဖြစ်သည်။

မောင်ရွှေဝါသည် ရွာသို့ ဝင်ခါနီးက အစ်ကို့ကို သတိရခဲ့သည်။ သို့ရာတွင် ရွာထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ပြောင်းလဲနေသည်များကို ကြည့်ရင်း၊ လာရောက် နှုတ်ဆက်သူများကို စကားပြောရင်းနှင့် ကိုရွှေနီကို မေ့လျော့နေခဲ့သည်။ သန်းခေါင်သန်းလွဲရောက်မှ၊ လူတွေနည်းသွားတော့မှ ကိုရွှေနီကို မတွေ့မမြင်ရသေးပါကလားဟု သိမိသည်။ သည်တော့ သူ အံ့သြရသည်။ သူ့အစ်ကိုသည် သူ့ခေါင်းထဲမှ မထွက်ဘဲ ဖြစ်နေသည်။ လက်စသတ်တော့ မထုံးရီကြောင့်ပဲ။

မထုံးရီဆိုသည်မှာ အတော်အံ့သြစရာကောင်းသော အမျိုးသမီး ဖြစ်သည်။ မနင်းမြူနှင့်လည်း မတူ။ မဖျိုင်းဖြူနှင့်လည်း မတူ။ သူတွေ့ဖူးသမျှတွင်တော့ ဘယ်အမျိုးသမီးနှင့်မှ မတူ။ သေသေချာချာ စဉ်းစားကြည့်လျှင် သူ့အစ်ကိုနှင့် ပတ်သက်နေပြီ ဖြစ်သည်။

"အစ်ကိုရွှေဝါ နည်းနည်း ပိန်လာတယ်"

နန်းခင်က စကားစလိုက်သည်။ သည့်တော့မှ သူ့စိတ်သည် အဝေးမှ ပြန်ရောက်လာသည်။ ဦးနွဲ့မွန်သည် စောင်ခြုံထဲ ဝင်သွားပြီ ဖြစ်သည်။ သည်အတိုင်းဆိုလျှင် မကြာမီအတွင်း ဂွမ်းစောင်အောက်မှ ဟောက်သံ ထွက်ပေါ်လာမည် ဖြစ်သည်။ ဦးနွဲ့မွန်သည် တစ်မုဟုတ်ချင်း အိပ်ပျော်တတ်သူ ဖြစ်သည်။

"ခရီးပန်းတာကိုး"

မောင်ရွှေဝါက နမကို စကားပြန်သည်။

"ကနန်းထမင်း ကနန်းဟင်း ကောင်းရဲ့လား"

"ကောင်းပါတယ်။ ဆန်က တို့ဆီက ဆန်ထက်တောင် ပိုစီးသေးတယ်။ နောက်ပြီး သူတို့ဆီမှာ ဘယ်သူမှ ထမင်းကို ချက်မစားကြဘူး။ ပေါင်းစားကြတယ်"

"ကလေးတွေ ခွံ့ဖို့ကျတော့ ပေါင်းထားတဲ့ထမင်းကို ဝါးကျည်တောက်ထဲ ထည့်ပြီး မီးပြန်အုံးရတယ်"

ဒေါ်စောရုံက ဖြည့်စွက်သည်။ သူမက ဝန်းသိုသူ ဖြစ်သည်။ ငယ်စဉ်က ဗန်းမောက်သို့ တစ်ခေါက်ရောက်ဖူးသည်။

"ဟင်းကော ဘာဟင်းတွေ စားရသလဲ၊ ကောင်းရဲ့လား"

နန်းခင်က မေးသည်။ နန်းရင်က သမ်းနေပြီ ဖြစ်သည်။

"ဟင်းကတော့ကွယ် တို့ဆီမှာလိုပဲ၊ ဒါပေမယ့် သူတို့က ဆီလုံးလုံး မသုံးဘူးကွယ့်။ ဆီစားရင် ခေါင်းမူးတယ်တဲ့။ ဟင်းတွေအားလုံး အပြုတ်နဲ့ အလှော်ချည်းပကွယ်"

"ကနန်းသူတွေ ချောသလား"

ငိုက်မျဉ်းနေသော နန်းရင်က အမှတ်တမဲ့ မေးလိုက်သဖြင့် မောင်ရွှေဝါ လန့်သွားသည်။ ကိုယ်လုံးပင် သိမ့်ခနဲ တုန်သွားသည်။ ဘာပြန်ပြောရမှန်းမသိဘဲ နမငယ်ကို ငေးကြောင်နေမိသည်။

"ဟော အစ်ကိုရွှေဝါ မပြောနိုင်တော့ဘူး။ ကနန်းသူတွေ တကယ်ချောနေပြီ။ မမထုံးရီထက် ပိုချောသလား"

"ထုံးရီကို ထည့်မပြောစမ်းပါနဲ့။ နင့် ထုံးရီဟာ ချောတာ မဟုတ်ပါဘူး"

နန်းခင်က အငယ်ကို အနိုင့်အထက်သဘော ပြောသည်။ နန်းရင်က မခံ။ နှစ်နှစ်ကြီး နှစ်နှစ်ငယ်သာ ဖြစ်သည် မဟုတ်လား။ နန်းခင်က ဆယ့်ခုနစ်နှစ်။ စိတ်မြန်လက်မြန်ရှိပြီး ယောက်ျားလေးများနှင့် ရင်ပေါင်တန်းလိုသူ ဖြစ်သည်။ နန်းရင်က ဆယ့်ငါးနှစ်။ ဆိုးဆိုးဆတ်ဆတ်နှင့် အပြောအဆို သွက်လက်ချက်ချာသည်။

"မနာလို မရှိပါနဲ့။ မမထုံးရီက သူ့ထက် အများကြီး ချောတယ်။ ရွာအပျိုအအို အားလုံးထက်လည်း ချောတယ်။ တစ်ခုလပ် နှစ်ခုလပ် ဖြစ်နေတာတောင် ယောကျ်ားတွေ စွဲနေတုန်း မဟုတ်လား"

MMCYBERMEDIA
COMMUNITY FOR ALL

"ဟယ် ဒီကောင်မလေး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ဒေါ်စောရုံက ဝေါက်သည်။

"မမထုံးရီက ချောတာ မဟုတ်ဘူး။ ယောက်ျားတွေကို ပြုစားတတ်တာ"

နန်းခင်က ကွန့်သည်။

"ကောင်မလေးတွေ တော်ကြဆို"

ဒေါ်စောရုံက တစ်ချက်လှတ် ကြုပ်မတ်လိုက်သည်။

"နန်းရင်မေးတာ ဖြေပါဦး အစ်ကို။ ကနန်းသူတွေ ချောသလား"

မောင်ရွှေဝါ၏ ခန္ဓာကိုယ်သည် သိမ့်ခနဲ ရှိသွားပြန်သည်။ မျက်နှာပြင်တစ်ခုလုံးသည် ဖျတ်ခနဲ နီရဲသွားသည်။ သူက စိတ်မလုံသည့်အနေဖြင့် မိခင်ကို တစ်ချက်ကြည့်လိုက်သည်။ ဒေါ်စောရုံ၏ စူးစမ်းသော အကြည့်ကို တွေ့ရသောအခါ ခေါင်းကို ဆတ်ခနဲ ငုံ့ပစ်လိုက်သည်။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသည်။ လည်ချောင်းတွင် တံတွေးနင်နေသည်။

ဤကတည်းက သူ့သားသည် ကနန်းသူတစ်ယောက်နှင့် တွေ့ခဲ့ပြီ ဖြစ်သည်ကို ဒေါ်စောရုံက အတပ်သိလိုက်သည်။ သို့သော် မည်သို့မျှ စွက်ဖက်ခြင်း မပြုချေ။ နန်းရင်ကိုလည်း မဟန့်၊ မောင်ရွှေဝါကိုလည်း မအစ်၊ ခပ်မဆိတ်သာ ကြည့်နေသည်။

"ကေန္တတော့ ကေန္တပဲ။ အစ်ကိုရွှေဝါတော့ ကနန်းသူတစ်ယောက်ရဲ့ အပြုစားခံလာရပြီနဲ့ တူတယ်"

နန်းရင်က တစ်ဆင့်တက်လာသည်။ နန်းခင်နှင့်တကွ အခြားသူများလည်း မောင်ရွှေဝါကို ကြည့်နေကြသည်။ ယင်းကြောင့် သူက ပို၍ အနေရအထိုင်ရ ကျပ်လာသည်။ လွယ်လွယ်နှင့် ပြီးစေရန် စကားရောဖောရောလုပ်လျှင် ရသည်။ သို့ရာတွင် သူက ဤသည်ကို အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနေသည်။ မနင်းမြူကိစ္စကို သူက တစ်ချိန်မဟုတ် တစ်ချိန်တွင် တင်ပြရမည် ဖြစ်သည်။ သူက ရွာသို့ ရောက်ကတည်းက ပြောရမည်မှန်း မသိ။ မည်သို့ အစပြုရမည်မှန်း မသိ။ အထူးသဖြင့် သူ့အိမ်သားများသိအောင် မည်သို့ ကြံဆောင်ရပါမည်နည်းဟု စိတ်ကူးနေခဲ့သည်။

သူ့အစ်ကိုနှင့် သူသည် တိုင်ပင်ဖော်တိုင်ပင်ဖက် မဟုတ်။ ဘုမှတ်မှာလည်း ကြောက်သည်။ ပြက်လုံးထုတ်မှာလည်း ကြောက်သည်။ သူ့ဖခင်ကလည်း သူတို့ကို မျက်နှာသာပေးသည် မရှိ။ တည်တည်နေသည် များသည်။ သူ့ကိုချစ်ခင်၍ သူ့အရေးကိစ္စတွင် စိတ်ဝင်စားကြသူများမှာ မိခင်နှင့် နမငယ်နှစ်ဦးသာ ဖြစ်သည်။ ရွှေမြို့တော်သို့ သူသွားမည်ဆိုစဉ်ကလည်း သည်မိခင်နှင့် သည်နှမများကသာ ပျာယာခတ်ခဲ့သည်။ ငိုယိုခဲ့ကြသည်။ ဖခင်နှင့် အစ်ကိုကမူ မသိသလို သိသလိုနှင့်။

သို့ဖြင့် သူ့တွင် တိုင်ပင်စရာဟူ၍ မိခင်နှင့် နမများသာ ရှိသည်။ ခက်သည်က မည်သို့ စကားစရမှန်း မသိခြင်းပင် ဖြစ်သည်။ ယခုလို နမငယ်က စကားစလာသောအခါတွင် ဖွင့်ပြောရန် သင့်လျော်ခြင်း ရှိလာသည်။ သူ့အရေးကို အေးစက်စက်ပြုအံ့သော ဖခင်နှင့် အစ်ကို မရှိခိုက်ဖြစ်သည်။ မိခင်ရော နမများပါ တစ်ခါတည်း ရှိနေသည်။ တစ်ခုပဲ ရှိသည်။ လူစိမ်းများ ရှိနေသည်။ သို့ရာတွင် ဆွေရင်းများ ဖြစ်ကြသည်။

သူက ချီတုံချတုံဖြင့် အချိန်ကြာနေသည်။ ပါးစပ်မှ ထွက်မရဲဘဲ ဖြစ်နေသည်။ ဤအချင်းအရာကို သိမြင်သဖြင့် နောက်ဆုံးတွင် ဒေါ်စောရုံက...

"ငါ့သား အပြောရခက်နေပြီလား"

"ဟုတ်တယ် အစ်မ။ ဘကြီးမုံးတို့ ရွာမှာ ကျွန်တော်... ကျွန်တော်... မိန်းကလေးတစ်ယောက် တွေ့ခဲ့တယ်။ သူ့မိဘတွေနဲ့ ကွမ်းဖိုးတင်ဖို့တောင် ပြောခဲ့ပြီးပြီ"

မောင်ရွှေဝါကို အားလုံး ဝိုင်းကြည့်သည်။ အနည်းနှင့်အများ အံ့သြကြသည်။ မထူးတော့ပြီမို့ သူက ပြောစရာရှိသည်များကို အကုန်ပြောလိုက်သည်။ ထိုအခါတွင် မနင်းမြူသည် သူ့အနီးတွင် ရှိနေသကဲ့သို့။

## အခန်း -၁၄-

ရွာဦးတံခါးတွင် လူတွေ ရုန်းရုန်းညံညံ ရှိနေကြသည်။ ရွာလယ်ရွာဆုံးမှ ကြားရသည်။ "ပြန်ဟေ့" "ချဟေ့" ဟူသော အသံများသည် တစ်ခါတစ်ခါတွင် မိုးသို့ လျှံလာသည်။ တစ်ကြိမ်တစ်ကြိမ်တွင် မတော့လည်း ပုရစ်တွင်းများကို ရေနှင့်လောင်းလိုက်သဖြင့် ရုတ်တရက် တိတ်သွားသကဲ့သို့ ဆူညံနေသော အသံများ ရပ်သွားသည်။ ယင်းကဲ့သို့ ရွာတံခါးသို့ ရောက်နှင့်နေသူများက ဆူလိုက် ဆိတ်လိုက် ရှိနေစဉ်တွင် တစ်ရွာလုံးလည်း ပြောင်းဆန်နေသည်။

တစ်ဦးကိုတစ်ဦး အော်ဟစ်ပြောဆိုကြသည်။ အဝတ်အစား ကပိုကသီနှင့် မိန်းမများသည် ကလေးတွေကို အော်ခေါ်လျက် ရှိသည်။ အချို့ကို ဆဲဆိုရိုက်နှက်နေသည်။ အချို့မိန်းမများသည် ကြက်များ၊ ကျွဲနွားများကို သိမ်းနေကြသည်။ ဝှက်နေကြသည်။ မိန်းမငယ်များသည် အကြိုအကြားတွင် ပုန်းအောင်းကြသည်။

နောက်ကျနေသူများသည် ယခုမှ ရွာတံခါးဆီသို့ ပြေးသွားကြသည်။ အချို့က အင်္ကျီမပါ။ အချို့က ခါးတောင်းကျိုက်နှင့် ဖြစ်သည်။ ဓားများ၊ လှံများ၊ သေနတ်များကို စွဲကိုင်လျက် ဖြစ်သည်။

မောင်ရွှေဝါလည်း တစ်ရွာလုံး ကျွက်ကျွက်ညံနေချိန်မှပင် သေနတ်နှင့် ဓားကိုဆွဲ၍ ရွာဦးသို့ ပြေးရသည်။ သူတို့အိမ်က ရွာအဆုံးလောက်တွင် ရှိသည်။ ရွာထိပ်တွင် တစ်ခုခု ဖြစ်ပျက်သည်ဆိုလျှင် အတန်နောက်ကျပြီးမှ သိရသည်။ ရွာအလယ်မှ အော်သံဟစ်သံများ ကြားရသောအချိန်တွင် သူသည် မိခင်နှင့် စကားပြောနေသည်။ ကွမ်းဖိုးတင်ရန် ကိစ္စပင် ဖြစ်သည်။ ကိုရွှေနီသည် ယခုအထိ အိမ်သို့ ရောက်မလာသေးချေ။ ရွာမှာ မရှိဘူးဟုလည်း ပြောကြသည်။ ရှိသည်ဟုလည်း ပြောကြသည်။ မောင်ရွှေဝါ၏နောက်သို့ နန်းရင် ပြေးလိုက်မည်ရှိသဖြင့် ဒေါ်စောရုံက သမီးငယ်ကို အတင်းဆွဲထားရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် လေးငါးအိမ်ကျော် ပြေးသွားမိကာမှ နောက်ကြောင်းတို့ကာ ယောက်ျား လေးငါးယောက်ကို နောက်ကင်းတံခါးသို့ လွှတ်ရသည်။ ကင်းတဲတွင် အစောင့်နှစ်ဦးသာ ရှိသဖြင့် ရွာထိပ်တွင် ရုတ်ရုတ်သဲသဲ ရှိနေစဉ် ရွာဆုံးမှ လူဆိုးများ ဝင်သွားမည်ကို စိုး၍ ဖြစ်သည်။

ရွာဦးတံခါးသို့ မောင်ရွှေဝါ ရောက်သွားသောအခါ ကြီးမားသော လူအုပ်ကြီးကို တွေ့ရသည်။ နံနက်ခင်း နေရောင်တွင် ဓား၊ လှံများသည် လိုင်းဖွေးနေသည်။ လူအုပ်တွင် အဘိုးအိုအချို့၊ ကလေးငယ်အချို့နှင့် မိန်းမအချို့ ရောဝင်နေသည်ကို မြင်ရသည်။ မောင်ရွှေဝါကလည်း လမ်းအပြည့်ဖြစ်နေသော လူအုပ်ကြီးကို အတင်းတိုးဝှေ့၍ ဝင်သွားသည်။ အချို့က သူ့ကိုသိ၍ လမ်းဖယ်ပေးသည်။ အချို့က ရှေ့သို့သာ မဲနေသည်။

တံခါးနှင့် လေးငါးလှမ်း အလိုတွင် လူအုပ်ပါးသွားသည်။ တံခါးအနီးတွင် ကင်းသမားနှစ်ဦးနှင့် လူကြီးသုံးလေးဦးသာ ရှိသည်။

ရွာတံခါးသည် ဆင်တစ်ရပ်ခန့် မြင့်သဖြင့် တစ်ဖက်တွင် ရှိသည်များကို မမြင်သာချေ။ သို့ဖြင့် သူသည် လက်ခုပ်တစ်ဖောင်ကျော်ကျော်မြင့်သော ကင်းမျှော်စင်ပေါ်သို့ တက်လိုက်သည်။ ရွာလူကြီး ဦးရာကျော်သည် ကင်းမျှော်စင်ထက်တွင် သူ့အရင် ရောက်နှင့်နေသည်။

ရွာတံခါး အပြင်ဘက်တွင်ကား စစ်ဝတ်တန်ဆာနှင့် လူနှစ်ဆယ်ကျော်ကို တွေ့ရသည်။ မြင်းကိုယ်စီနှင့် ဖြစ်သည်။ သူတို့သည် မိုးကောင်းမှ ရွာခံဦးရွှေကြာ၏လူများ ဖြစ်ကြသည်။ ရှေ့ဆုံးမှ မြင်းဖြူကြီးနှင့်လူသည် ဦးရွှေကြာ၏ ညာလက်ရုံး ဖြစ်သည်။ ဤနယ်တွင် ဗိုလ်ဗလဆိုလျှင် မသိသူ ရှားသည်။ လှေခွန်၊ လှည်းခွန်နှင့် ကင်းခွန်များ ကောက်လျှင်လည်း သူပဲ ဖြစ်သည်။ ဓားပြတိုက်လျှင်လည်း သူပဲ ဖြစ်သည်။ သဿမေဓ စည်းကြပ်လျှင်လည်း သူ၊ ရွာကို မီးတိုက်လည်း သူ၊ အားလုံး သူချည်းပင် ဖြစ်သည်။ ယင်းကြောင့်ပင် တစ်နယ်လုံးက သူ့ကို သိကြ၊ ကြောက်ကြ၊ ရွံ့ကြခြင်း ဖြစ်သည်။

ဗိုလ်ဗလကို မြင်လိုက်ရကတည်းက မောင်ရွှေဝါ ရင်လေးသွားသည်။ ဤသူလာခြင်းသည် ကောင်းသောလာခြင်း မဟုတ်ပေ။ သူ့နောက်မှ ပါလာသူများကို ကြည့်ပါဦး။

မြင်းပေါ်တွင် ယိမ်းကနေကြသည်။ နားရွက်ကြီးများ ထောင်၍ မျက်လုံးကြီးများ နီနေကြသည်။ ဓားကို ချွတ်သူချွတ်၍၊ လှံကို မြှောက်သူက မြှောက်ထားကြသည်။ မထေမဲ့မြင် ရယ်သူက ရယ်၍၊ မအေနမ ဆဲသူက ဆဲနေသည်။ ယခုပင် ရွာသားများကို မြင်းနှင့်တိုက်၊ ဓားနှင့်ခုတ်၊ လှံနှင့် ထိုးကြတော့မည့်ပမာ။

မောင်ရွှေဝါကို မြင်သောအခါ အချို့ ရှိန်သွားသည်။ အချို့က ဆဲရေးသည်။ ဗိုလ်ဗလအနီးတွင် ရှိသူတစ်ဦးက လှံတိုဖြင့် ပစ်လိုက်သည်။ လျှပ်တစ်ပြက်အတွင်း ဝင်လာသောလှံကို သူက ရှိင်ဖယ်ပြောင်းဖြင့် ရိုက်ထုတ်လိုက်သည်။ ရွာစည်းရိုး ဟိုဘက်သည်ဘက်မှလူများ ဟယ်ခနဲ ဖြစ်သွားသည်။ ထို့နောက် ပို၍ ဆူညံလာသည်။

"တိတ်ကြစမ်း"

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်ဖလက ဓားကို မြှောက်၍ အော်လိုက်သည်။ အားလုံး တိတ်သွားသည်။ သူ့အသံသည် အောင်မြင်ခန့်ညား၍ ဩဇာပြည့်ဝသည်။ ဗိုလ်ဖလသည် လူချောလူခန့်ကြီးတစ်ယောက် ဖြစ်သည်။ မောင်ရွှေဝါသည် ယခင်က ဗိုလ်ဖလနှင့် နှစ်ကြိမ်သုံးကြိမ် တွေ့ဆုံဖူးသည်။

"ဘယ်သူများလဲ မှတ်တယ်။ လက်စသတ်တော့ မောင်ကုလားရဲ့တူ ငရွှေဝါကိုး။ နင်က ဗထက်ချိုင့်သေနတ်ကြီးနဲ့ပါလား။ ညောင်အုပ်ရဲ့ လူလား၊ ကုလားဖြူရဲ့ သူလျှိုလား"

"ကျုပ်က ဒီရွာသားတစ်ယောက်ပဲ၊ ဗိုလ်မင်းတို့ ဘာအရေးရှိလို့လဲ"

"ဒီရွာသားတွေက ဗထက်ချိုင့်သေနတ်တွေနဲ့လားကွယ့် ထို"

ဗိုလ်ဖလက ကွမ်းတံတွေးကို အသံမြည်အောင် ထွေးရင်း မေးလိုက်သည်။

"ဗိုလ်ဖလတို့လာတာ ဘာအရေးလဲဆိုတာ ပြောစမ်းပါ"

မောင်ရွှေဝါက ခပ်မာမာ ပြောလိုက်သည်။

"ငရွှေဝါရယ်၊ ဒီမှာ နင်က သူကြီးလား၊ ရာကျော်က သူကြီးလား"

"ကျုပ်ပြောပြီးပြီ မဟုတ်လား ဗိုလ်ဖလ၊ ကျုပ်ရွာမှာ သူခိုးဓားပြ မရှိဘူး။ သူခိုးဓားပြလည်း အလာမခံဘူး"

ဦးရာကျော်က တည်ငြိမ်စွာ ပြောလိုက်သည်။ ဗိုလ်ဖလက မြင်းဇက်ကို ဆွဲလိုက်သည်။ မြင်းဖြူကြီးသည် သွားကြီးဖြဲ၍ လည်မော့လိုက်သည်။ နောက်သို့ တစ်လှမ်းနှစ်လှမ်း ဆုတ်သွားသည်။ သခင်ကသာ တစ်ချက်တို့လိုက်လျှင် ရွာစည်းရိုးကို ခုန်ဝင်မည့်အလား ဖြစ်သည်။

"ဟေ့ ရာကျော်၊ ဘာပြောလိုက်တာလဲကွယ်။ တို့ကို သူခိုးဓားပြတွေလို့ ဆိုတာလား"

"ဗိုလ်မင်းက ကျုပ်စကားကို အကောက်မှားလို့ပါ။ ကျုပ်တို့ဟာ ကျုပ်တို့ ရွာကို သူခိုးဓားပြတွေ မလာအောင် ကာကွယ်နေတဲ့လူတွေဖြစ်လို့ ကျုပ်တို့ရွာမှာ သူခိုးဓားပြတွေ မရှိဘူးလို့ ပြောတာပါ။ ဗိုလ်ဖလဟာ မြို့ဝန်လောင်း ဦးရွှေကြာရဲ့လူဆိုတာ တစ်နယ်လုံး သိပါတယ်"

"ကျုပ်တို့ဟာ ဘုရင့်လူတွေပါ"

"နေပါဦး ဘဒွေးရဲ့။ သူတို့က ဘာအရေးနဲ့ လာကြတာတုန်း"

မောင်ရွှေဝါက ဦးရာကျော်ကို မေးလိုက်သည်။

"တစ်နေ့ညက ချောင်းဝမှာ ဓားပြတိုက်သွားတာ တို့ရွာက လူသုံးယောက် ပါသတဲ့ကွယ်။ တို့က အသာတကြည် အပ်ရင်အပ်၊ မအပ်ရင် သူကိုယ်တိုင် ဝင်ရှာပြီး ဖမ်းမယ်တဲ့"

"ဘာ အထောက်အထား ရှိလို့လဲ"

"ဟေ့ ငရွှေဝါ၊ မင်း ပါတယ်လို့တောင် ပြောနေကြတယ်။ ဒါပေမယ့် ငါ မယုံဘူး။ နင်ဟာ သူခိုးဓားပြတော့ မဖြစ်နိုင်ပါဘူး။ ဖြစ်ချင်းဖြစ်ရင် သူပုန်ပဲ ဖြစ်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ် မနေ့ညကမှ ဝန်းသိုနယ်က ပြန်ရောက်တယ်"

"အေး၊ ငရွှေဝါတို့ တယ်ခြေပြေးပါကလား။ ဝန်းသိုစော်ဘွားကြီးကို မိုးကောင်းဝန်ခန့်မယ် ကြားတာနဲ့ တစ်ခါတည်း အခစားရောက်သွားတာပဲနော်"

မောင်ရွှေဝါက ရိုင်ဖယ်သေနတ်ဖြင့် ပစ်မည်ရှိရာ ဦးရာကျော်က ဆွဲထားလိုက်ရသည်။ ရုတ်ရုတ်သဲသဲ ရှိသွားသည်။ ဗိုလ်ဗလသည် သေနတ်ကို ကြောက်ရွံ့ခြင်း မရှိဘဲ တဟားဟား ရယ်နေသည်။

"ငါ့ကိုသတ်ရင် နင် သူပုန်ဖြစ်သွားမှာပေါ့ ငရွှေဝါ။ ငါဟာ ဘုရင့်အမှုတော်ကို ထမ်းရွက်နေတဲ့ လူ တစ်ယောက်ကွယ့်"

ဗိုလ်ဗလက ခြိမ်းခြောက်လိုက်သည်။

"ဟုတ်တာပ ဗိုလ်မင်း။ ဗိုလ်မင်းတို့ကို သတ်ရင် သတ်တဲ့လူဟာ သူပုန်။ ဗိုလ်မင်းတို့က သတ်ရင် သေတဲ့လူဟာ သူပုန်။ ဗိုလ်မင်းတို့က မီးရှို့ရင် အလောင်ခံရတဲ့ရွာဟာ သူပုန်ရွာပဲ"

"နင်ဟာလေ ပြောလေ ကဲလေပါလား ငရွှေဝါ။ နင်သတ္တိရှိတယ် ဆိုတာ ငါ သိတယ်။ ဒါပေမယ့် ငါ့ကိုတော့ တုမယ့် မကြံနဲ့။ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားတယ်။ ငါက သေနတ် မပြောနဲ့ အမြောက်ကိုတောင် မှုတဲ့လူ မဟုတ်ဘူးကွယ့်။ ကဲ ပြောနေကြာပါတယ်။ တို့ ရွာထဲကို ဝင်ချင်တယ် ရာကျော်။ တံခါးဖွင့်ပါ။ နင့်လူတွေကို ဖယ်ပါ"

ဗိုလ်ဗလက အာဏာသံဖြင့် ပြောလိုက်သည်။

"ဒါလောက်လည်း မာန်မဝင့်စမ်းပါနဲ့ ဗလရယ်။ နင်တို့ ငါတို့ဟာ ဒိုးတူပေါင်ဖက် နေလာတဲ့ လူတွေပါ"

"ငါ အခုလာတာဟာ ဘုရင့်အမှုတော်ကို ထမ်းရအောင်လာတာ ဖြစ်တယ်"

"ဒီမယ် ဗလ၊ တို့ဟာ အေးအေးချမ်းချမ်း နေချင်တဲ့ လူတွေပါ။ တို့အလုပ် တို့လုပ်ပြီး တို့ဝမ်း တို့စားနေရရင် ကျေနပ်ကြတာပါ။ ဘယ်မင်းတက်တက်၊ ဘယ်မြို့ဝန် တက်တက် တို့အလုပ် မဟုတ်ပါဘူး။ ထိုက်သင့်တဲ့ အခွန်ဘဏ္ဍာ ဆက်သဖို့လည်း ဝန်မလေးပါဘူး။ ဒါပေမယ့် တို့ဟာတို့လည်း အေးအေးချမ်းချမ်း မနေရဘူး၊ သူခိုးဓားပြတွေ ရန်ကလည်း ကာကွယ်မပေးနိုင်ဘူး ဆိုတဲ့အခါမှာ တို့က ဘုရင်နဲ့ ဘုရင့်လူတွေကို ဘာအားကိုးရမှာလဲ။ မြို့ဝန်တွေ၊ မြို့စာရေးတွေ၊ တပ်ဗိုလ်တွေ တစ်နေ့တစ်ယောက် ပြောင်းနေတဲ့ ဒီအချိန်မျိုးမှာ တို့က ဘယ်သူ့ကို ယုံရမှာလဲ။ ဒီတော့ ငါပြောတာ နားထောင်ပါ ဗလ။ မိုက်ရူးရဲ မလုပ်ချင်ပါနဲ့။ တို့ရွာမှာ သူခိုးဓားပြ မရှိပါဘူး။ တို့ရွာထဲကို ဘယ်သူမှ အဝင်မခံနိုင်ဘူး။ ဒီအချိန်က ကိုယ့်ရွာကိုယ် ကာကွယ်ရမယ့် အချိန်ပါ"

ဦးရာကျော်က ထိုစကားများကို တစ်လုံးချင်း ပြတ်ပြတ်သားသား ပြောသည်။ သူ့အမူအရာသည် ပကတိ တည်ငြိမ်သည်။ အမျက်ခြောင်းခြောင်း ထွက်နေသော ရွာသူရွာသားများ၊ စောစောစီးစီး မူးယစ်နေသော ဘုရင့်တပ်သားများသာမက ဗိုလ်ဗလကိုယ်တိုင်ပင် ငိုင်သွားသည်။ ဦးရာကျော်နှင့် မောင်ရွှေဝါ့အကြောင်း သူ ကောင်းကောင်းသိသည်။ ကြိုးကြာရွာသည် အခြားရွာများနှင့် မတူ၊

စည်းလုံးညီညွတ်သည်။ တိုက်ရည်ခိုက်ရည် ရှိသည်။ သည်ရွာကိုနိုင်လျှင် သည်နယ်တစ်ခုလုံးကို နိုင်သည်ပင် ဖြစ်သည်။ သည်ရွာကို ရှုံးလျှင် သည်နယ်တစ်ခုလုံးကို ရှုံးခြင်းပင်။ ယခုအတိုင်းဆိုက်လျှင် သူတို့ဘက်က နိုင်စရာအကြောင်း မရှိလှ။ ယင်းကြောင့် ဗိုလ်ဗလသည် ဒေါသကို ချိုးနှိမ်လိုက်သည်။ မျက်နှာထား ပြင်လိုက်သည်။ အသံလျှော့လိုက်သည်။

"ကိုယ့်ရွာကိုယ် ကာကွယ်နိုင်တာတော့ အကောင်းဆုံးပ ရာကျော်ရယ်။ တို့များကလည်း ဝတ္တရားရှိလို့ လိုက်ပြီး ဆောင်ရွက်ကြရတာပဲ။ တို့ကတော့ ပြောတဲ့လူရှိလို့ လာတာပဲ။ ချောင်းဝအနောက်ဘက်က အင်ကြင်းတောနတ်စင်မှာ မင်းတို့ရွာက လူသုံးယောက် အရက်သောက်နေတာကို မြင်တဲ့လူက မြင်လိုက်ကြတယ်။ နို့ပေမယ့် မင်းလူတွေ မင်းနိုင်တယ်ဆိုရင်တော့ ပြီးတာပါပဲ"

"ဒါလည်း မဟုတ်သေးပါဘူး ဗလရယ်။ အင်ကြင်းတော နတ်စင်မှာ တို့ဆီက လူသုံးယောက် အရက်သောက်တယ်ပဲ ထားပါဦး။ ဒါ ဘာပြုသလဲကွယ့်"

"အဲဒီညမှာပဲ အင်းသူဌေးအိမ် ဓားပြတိုက်ခံရတာပဲ"

"မဆိုင်တာကွယ်။ နတ်စင်မှာ အရက်သောက်ရုံနဲ့ အင်းသူဌေးအိမ် ဓားပြတိုက်တဲ့လူ ဖြစ်ရကောလား"

"အေးလေ၊ တို့က ဇောန်ဇေ ပြောသေးတာ မဟုတ်ပါဘူး။ ဒီလူသုံးယောက် ခဏခေါ်သွားပြီး မေးကြည့်ချင်တယ် ပြောတာပါ"

"မင်းတို့ ခေါ်သွားပြီး မေးကြည့်ရင်တော့ ဟုတ်တယ်ပဲ ပြောရတော့မှာပ"

ဗိုလ်ဗလ မျက်နှာပျက်သွားသည်။ သူက ဒေါသနှင့် တစ်ခုခု ပြန်ပြောမည် ရှိစဉ် အဝေးမှ မြင်းခွာသံ ကြားသဖြင့် မပြောဖြစ်ဘဲ ရှိသည်။

ချောင်းလေးခွဘက်မှ မြင်းတစ်စီး ဒုန်းစိုင်း၍ လာနေသည်ကို မှုန်ရေးရေး မြင်ရသည်။ မြင်းသမားမည်သူ ဖြစ်ချေမည်နည်းဟု အားလုံးကပင် စိတ်ဝင်စားမိကြသည်။ တံခါးအတွင်းမှ လူများသည် မြင်းခွာသံသာ ကြားရပြီး မြင်းသမားကို မမြင်သာချေ။ ဗိုလ်ဗလတို့ လူစုနှင့် မောင်ရွှေဝါတို့ကမူ ကဆုန်ဆိုင်းလာသော မြင်းကို ကောင်းစွာ မြင်ရသည်။ မြင်းပေါ်မှ လူကိုမူ မသဲကွဲသေးချေ။

မောင်ရွှေဝါကမူ မြင်းကို ချက်ချင်း မှတ်မိလိုက်သည်။ အာကာ ဖြစ်သည်။ သူက တိမ်ပျံနှင့် အာကာကို ဟီသံကြားရရုံနှင့်၊ ခွာသံကြားရရုံနှင့်၊ ခြေကျမြင်ရရုံနှင့် သိသည်။ သူတို့အိမ်တွင် ကိုရွှေနီကို တွယ်တာခင်မင်သူဟူ၍ အာကာတစ်ကောင်သာ ရှိသည်။ အာကာသည် မြင်းဆိုး၊ မြင်းကြမ်း၊ မြင်းကပ်တစ်ကောင် ဖြစ်သည်။ ဘယ်သူ၏ အကိုင်မှ ကောင်းကောင်းမခံချေ။ ဦးနွဲ့မွန်က အာကာကို ရောင်းပစ်မည်ဟု ကြံသည်မှာ သုံးလေးခါ ရှိပြီ။ ဒေါ်စောရုံ တားနိုင်လွန်း၍သာ ဖြစ်သည်။ ဤမည်သော အာကာသည် ကိုရွှေနီနှင့်ကျတော့ ရှောရှောရှူရှူ ရှိသည်။

တစ်ဟုန်ထိုး စိုင်းလာသောမြင်းသည် ခဏချင်းပင် သူတို့အနီးသို့ ရောက်လာသည်။ မြင်းပေါ်မှ လူကို မြင်တွေ့ကြရသောအခါ မိုးကောင်းမှ ဘုရင့်လူများသာမက မောင်ရွှေဝါပါ အံ့သြကြီး အံ့သြကြရသည်။

အာကာကို နိုင်နင်းစွာ စီးလာသူမှာ သူ ထင်ထားသကဲ့သို့ ကိုရွှေနီ မဟုတ်ဘဲ နန်းခင် ဖြစ်နေသည်။ မိုးကောင်းလူများကမူ မြင်းထက်မှသူသည် အမျိုးသမီးတစ်ယောက် ဖြစ်နေခြင်းကြောင့် အံ့သြငေးမောမိကြခြင်း ဖြစ်သည်။

"တံခါးဖွင့်ကြဟေ့"

ရွာသူကြီးဦးရာကျော်သည် နန်းခင်ကို မှတ်မိသည်နှင့် တစ်ပြိုင်နက် အော်ဟစ်အမိန့်ပေးလိုက်သည်။ ကင်းသမားနှစ်ဦးသည် တံခါးကို လျင်မြန်စွာ ဖွင့်ကြသည်။ သို့ရာတွင် အချိန် မမီချေ။

ရွာတံခါးကို ဦးတိုက်၍ တအားစိုင်းလာသော နန်းခင်သည် ဝင်၍ မဖြစ်သေးသည်ကို တွေ့ရသောအခါ မိုးကောင်းလူအုပ်ထဲသို့ ထိုးသွင်းလိုက်သည်။ အာကာသည် ဘုရင့်မြင်းတပ်ကို မရှုံ့မကြောက် ဖောက်ထွက်သွားသည်။ နန်းခင်သည် ရေတွင်းကုန်းအနီးသို့ ရောက်သောအခါ မြင်းကို ပြန်၍ တုံ့နိုင်ပြီး မြင်းအုပ်ဆီသို့ စိုင်းလာပြန်သည်။

ရွာသားသုံးလေးဦး ဝင်၍ ကူသဖြင့် ရွာတံခါး ပွင့်သွားသည်။ နန်းခင်သည် ရှေ့မှ ကားဆီးပိတ်ဆို့လျက်ရှိသော မြင်းအုပ်ကို အတင်းဝင်တိုက်သည်။ မြင်းသည်တော်တစ်ဦး ဖုတ်ခနဲ လွင့်၍ ကျသွားသည်။ မိုးကောင်းလူများ ဖရိုဖရဲရှိချိန်တွင် နန်းခင်သည် ရွာတွင်းသို့ ရောက်သွားသည်။ ရွာသူရွာသားများကမူ အာကာ၏အကြောင်းကို သိသည့်အလျောက် ဘေးနှစ်ဖက်သို့ ကပ်၍ အလယ်အူကြောင်း ပေးလိုက်သည်။

နန်းခင် ဝင်မိသည်နှင့် တစ်ပြိုင်နက် တံခါးကို ပြန်ပိတ်ထားလိုက်ကြသည်။ နန်းခင်ကမူ နောက်သို့ပင် လှည့်မကြည့်၊ ရွာလယ်လမ်းမအတိုင်း မြင်းကို စိုင်းသွားသည်။

"မင်းတို့ရွာက မိန်းကလေးတွေက ဒီလိုပဲလားကွယ့်"

ပိုလ်ဗလက ဦးရာကျော်ကို မေးသည်။

"မြင်တဲ့အတိုင်းပဲ"

"တယ် ကြောက်စရာကောင်းပါလားကွယ့်။ တို့များ အချိန်မီ ပြေးကြမှ တူတယ်။ လူကလေးတို့"

သူ့လူများသည် သူ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာကြသည်။ သူက ပြေးကြမှဟူသည် ဆိုကတည်းက သူတို့က မြင်းလှည့်ပြီးသား ဖြစ်နေသည်။ သူတို့သည် ယခုအခါ အမှုးပြေသွားကြပြီ ဖြစ်သည်။

မိုးကောင်းမြင်းများ အဝေးတွင် သေးငယ်ပျောက်ကွယ်သွားသောအခါ ရွာတံခါးအနီးမှ လူတစ်ဝက်ကျော်ကျော်သည် ပြန်ကုန်ပြီ ဖြစ်သည်။ အချို့သာလျှင် ဟိုနားနှစ်ယောက် သည်နားနှစ်ယောက် စသည်ဖြင့် စကားပြောနေကြသည်။

ခပ်လှမ်းလှမ်းတွင် လူကြီးတစ်စုနှင့် စကားပြောနေသော သူ့ဖခင်ကို တွေ့ရသည်။ ကိုရွှေနီကား အစအနမျှ ပေါ်မလာချေ။ နန်းခင်လည်း ပြန်လှည့်မလာတော့ပေ။

ဦးရာကျော်နှင့် မောင်ရွှေဝါသည် ကင်းမျှော်စင်မှ ဆင်း၍ ဗိုလ်ဗလ ရောက်လာပုံအကြောင်း ကင်းသမားများထံတွင် အသေးစိတ် မေးမြန်းနေသည်။ ထို့နောက် လိုအပ်သည်များကို ညွှန်ကြားပြောဆိုရာမှ ဦးရာကျော်က မောင်ရွှေဝါကို ရုတ်တရက် မေးလိုက်သည်။

"စောစောက လာကြတဲ့အထဲမှာ မောင်ရွှေနီတစ်ယောက်ပါတာ မမြင်မိပါဘူး"

"ကျွန်တော် ရွာကို ပြန်ရောက်လာကတည်းက သူ့ကို တစ်ခါမှ မတွေ့သေးဘူး။ သူ ဒီရွာမှာ ရှိမှ ရှိရဲ့လား။ ဒါမှမဟုတ် ဒီလောကမှာ ရှိမှ ရှိရဲ့လား"

"ဒီလိုတော့ မပြောပါနဲ့ကွယ်။ မနက်ကပဲ ငါ သူ့ကို မြင်လိုက်သေးတယ်"

"ဟုတ်ရဲ့လား ဘဒွေး"

"ဟုတ်ပါတယ်ကွယ့်။ မနက်အစောကြီး ဝေလီဝေလင်းမှာ ပုဆိုးလေးခြုံပြီး ထုံးရီတို့အိမ်ဘက် ခပ်သုတ်သုတ်နဲ့ လျှောက်သွားတာ ငါ လှမ်းခေါ်တာတောင် မကြားဘူး"

ထုံးရီဆိုသော အမည်ကို ကြားလိုက်ရပြန်သဖြင့် မောင်ရွှေဝါ ငိုင်သွားသည်။ သည်အစ်ကိုနှင့် သည်အမျိုးသမီးသည် ဘယ်အခြေ ဘယ်ခရီးအထိ ဆိုက်နေကြပြီတည်း။ တကယ်တော့ သူ့အစ်ကိုသည် လူရိုးကြီး ဖြစ်သည်။ စိတ်ရင်းကောင်းသည်။ စကားမပြောတတ်ခြင်းသာ ဖြစ်သည်။ လူတွေနှင့် အလိုက်အထိုက် မပြောတတ်ခြင်းသာ ဖြစ်သည်။

ဦးရာကျော်သည် သူ့လူများနှင့် ရွာတံခါးအကြောင်း ပြောနေပြန်သည်။

အနီးအနားတွင် လူအတော်ပါးသွားပြီ ဖြစ်သည်။ လူကြီးတွေ နည်းသွားပြီး ကလေးတွေ များလာသည်။ ဦးနွဲ့မွန်နှင့် လူကြီးတစ်စုသည် အကျောက်အကန် ငြင်းနေကြသည်။ ဘာတွေ ငြင်းနေကြမှန်း မသိသော်လည်း တစ်ချီတစ်ချီတွင် ရွှေနီဟူသော အမည်ကို ခပ်ကျယ်ကျယ် ကြားရသည်။ သူက ထိုဝိုင်းသို့ ကူးသွားမည် စိတ်ကူးသည်။ ခြေလှမ်းပြင်လိုက်သည်။

သို့ရာတွင် သူက ခြေလှမ်းကို ချက်ချင်း ပြန်ရုပ်လိုက်သည်။ တစ်စုံတစ်ခုကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရ၍ ဖြစ်သည်။

လမ်းအချိုး သစ်ပင်အောက်တွင် မထုံးရီ ရပ်နေသည်။ အမျိုးသမီးက သူ့ကို ခပ်ဝါးဝါး ပြုံး၍ ကြည့်နေသည်။ သူက ဘယ်သူ့ကိုမှ ဘာမှ ပြောမနေတော့ဘဲ ခဲတစ်ပစ်ခန့်ဝေးသော လမ်းအချိုးသို့ သွက်သွက် လျှောက်သွားသည်။

မထုံးရီသည် ဆံပင်ကိုဖြေ၍ လေတိုက်တွင် ချထားသည်။ ဆံပင်များ စပါးပင်အနက်ကဲ့သို့ တောင်လေတွင် ယိမ်းလွန့်နေကြသည်။ အမျိုးသမီးသည် အရပ်အနည်းငယ် ပုသည်။ ထိုအထဲတွင် မသိမသာ ဝသဖြင့် လုံးနေသည်။ လက်မောင်း၊ လက်ဖျံသည် လည်းကောင်း၊ ပေါင်လုံးပေါင်တံသည် လည်းကောင်း တစ်တစ်ရစ်ရစ် ရှိလှသည်။ တင်ပါးသည် ဘေးနှစ်ဖက်သို့လည်း ဝန်းသည်။

MMCYBERMEDIA
COMMUNITY FOR ALL

နောက်ဘက်သို့လည်း ဝိုင်းသည်။ ပခုံးနှစ်ဖက်သည် ဘေးသို့ လျှောဆင်းသည်။ ရင်သားများ အထူး ပြည့်ဖြိုးသည်။ အသားအရေမှာ ဂွမ်းအစိုင်တွင် ပတ္တမြားထည့်ထားဘိသကဲ့သို့ ဖြူဝင်းသည်။ နီမြန်းသည်။ အကြောတို့သည် စိမ်းပြာပြာ ထင်နေသည်။ ရှမ်းအမျိုးသမီးတစ်ဦး ပီသသည်နှင့်အညီ နှာတံမြင့်၍၊ နှုတ်ခမ်းကျယ်ပြန့်သည်။ ပြုံးလျှင် ပါးပြင်နီရဲ၍၊ ရယ်လျှင် သွားဖြူဖွေးသည်။ မျက်ခုံးမွေးမို့သည်။ ထူသည်။ ဝိုက်သည်။ မျက်လုံးကြည်၍ မျက်ဆန်ကစားသည်။ စကားပြောလျှင် ခေါင်းကို ဘယ်ညာ ငဲ့စောင်းသည်။

"ရွာကို ပြန်ရောက်တာတောင် အိမ်ကို လာဖော်မရဘူး"

"ညကလည်း ဧည့်သည်တွေ မပြတ်ဘူး။ မနက်ကလည်း အစ်မနဲ့ စကားပြောနေလို့ နေ့ခင်းဘက်မှ လာမယ် အောက်မေ့ထားတယ်"

မောင်ရွှေဝါသည် သူမနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သည်။ ထိုအချိန်တွင် သူက မနင်းမြူကို သတိရနေသည်။ မနင်းမြူသည် သူ့ချစ်သူဟု ရင်ဝယ်ပိုက်ထားသည်။ သို့နှင့်တိုင် သူ့ရင်သည် ခုန်နေသည်။ သွေးများ ဆူနေသည်။ ဤအမျိုးသမီးတွင် ထူးဆန်းသော တန်ခိုးသတ္တိများ ရှိသည်ထင်သည်။ အကြောင်းမူ သူမသည် အမျိုးသမီးကလေးတစ်ယောက်လည်း မဟုတ်။ ဤမျှ ချောမောလှသည်လည်း မဟုတ်။ သူမကို ချစ်ကြိုက်နေသည်ဟုလည်း တစ်ခါမျှ မထင်မှတ်မိ။ သို့ရာတွင် သူမကို မြင်ချင်သည်။ မြင်လျှင် စိတ်လှုပ်ရှားသည်။ ခွဲခွာသောအခါ ရင်မှာ မောပါဘိ။

"တွေ့ရင်တော့ ဒီလိုပဲ ပြောတော့မှာပ"

"တကယ်ပါ"

"ဘယ်တော့ အိမ်ထောင်ပြုမလဲ"

သူမ၏ အမေးကြောင့် သူ လန့်သွားသည်။

"အောင်မယ်လေးနော၊ ဒါကလေး မေးတာနဲ့များ လန့်ကရောလား အေး"

အမျိုးသမီးက ခေါင်းကို ဆတ်ဆတ်ယမ်းရင်း ရယ်သည်။

"ဘယ်က ကြားသလဲ"

တို့လည်း ဒီလိုပဲ ကြားတာပ"

"ဘယ်သူ ပြောသလဲ"

"ခက်ကရောလား။ တစ်ရွာလုံး ကြားနေတာပဲ"

သူက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်မိသည်။ သူ့သတင်းကို ဖြန့်သူများမှာ သူ့မိခင်နှင့် သူ့နမသာ ဖြစ်ပေသည်။ တစ်မနက်တည်းနှင့် တစ်ရွာလုံးသိအောင် ဖြန့်နိုင်ကြပေသည်။

"ကနန်းမလေးဆို"

"အေး"

"နာမည်က မနင်းမြူဆို ဟုတ်လား"

"အကုန်သိနေရင်လည်း ဘာပြုလို့ မေးနေသလဲ"

"အေးလေ မမေးတော့ပါဘူး။ တို့များ အခု အိမ်ပြန်မလို့။ တစ်ခါတည်း လိုက်ခဲ့မလား"

မောင်ရွှေဂါက သူ့ဖခင်တို့ စကားဝိုင်းနှင့် ဦးရာကျော်တို့ စကားဝိုင်းကို လှမ်းကြည့်လိုက်သည်။ သူ့အရှိန်နှင့်သူ သွားနေဆဲ ဖြစ်သည်။ သူက ဘာမှ မပြောတော့ဘဲ ခြေလှမ်းစပြုနေပြီဖြစ်သော သူမ၏ ဘေးမှယှဉ်၍ လိုက်ပါသွားသည်။

သူတို့သည် ရွာလယ်လမ်းအတိုင်း မသွားဘဲ အနောက်ဘက်ချိုးကာ ရွာဘက်လမ်းကျဉ်းအတိုင်း လျှောက်သွားကြသည်။ သို့ဖြင့် သူတို့ လက်ဝဲဘက်တွင် ရွာစည်းရိုးများ ရှိသည်။ အချို့ခြံများသည် အနောက်ဘက်တွင် ငှက်ပျော်ခြံများ ထားသည်။ အချို့ခြံများသည် နွားတင်းကုပ်များ ထားသည်။

ခြံစည်းရိုးတစ်လျှောက်တွင် ကြောင်လျှာပင်များ အတွေ့ရများသည်။ အရွက်မရှိသော အကိုင်းတို့တွင် ကြောင်လျှာသီးပါးပါးများ တွဲလောင်း ရှိနေသည်။ ကြောင်လျှာသီးများအကြားတွင် စိမ်းပြာပြာ ငှက်ခါးများ ရှိသည်။ ငှက်ပျော်ပင်များအကြားတွင် နီလွင်လွင် ငှက်မြီးရှည်များ မြင်ရသည်။ လမ်းပေါ်တွင် စာကလေးတစ်ကောင် ဖုန်လူးနေသည်။

"အစ်ကိုရွှေနီနဲ့တောင် မတွေ့ရသေးဘူး"

"ဟုတ်လား"

"သူ အိမ်ကို မပြန်ဘူး"

"ဩော်"

"မနက်က မမထုံးရီတို့အိမ်ကို လာတယ်ဆို"

"အသံကြားလိုက်တာပဲ"

"လူချင်း မတွေ့ဘူးလား"

"တို့များက အိပ်ရာက မထသေးပါဘူး။ သူ အိမ်ရှေ့ ဘာတွေတောင် ပြောသွားသလဲ မသိဘူး။ တို့များ ထလာတော့ သူ့ကျောပဲ မြင်ရတယ်"

"သူ မမထုံးရီတို့အိမ်ကို ခဏခဏ လာသလား"

"လာသားပဲ"

အမျိုးသမီးက ခပ်ပေါ့ပေါ့ ဖြေသည်။

"ဘာ လာလုပ်တာလဲ"

သူ့အသံက နည်းနည်းကျယ်သွားသည်။ မထုံးရီက သူ့ကို ဘေးတိုက်ကြည့်ပြီး နှာခေါင်းမှ လေမှုတ်ထုတ်ရင်း ပြုံးလိုက်သည်။

"မင်းကော တို့များအိမ်ကို ဘာလာလုပ်သလဲ"

မောင်ရွှေဂါက ဘာမှ မပြောတော့။ ဖွေကလေးတစ်ကောင်သည် သူတို့နောက်မှ လိုက်၍ အော်နေသည်။ တစ်နေရာတွင် သပိတ်လွယ်ငှက်တစ်ကောင် သူတို့နှစ်ယောက်ကြားမှ ဖြတ်ပျံသွားသည်။

"ဘယ်ကို ကျော်သွားမလို့လဲ"

အမျိုးသမီးက ခြံတစ်ခုအတွင်းသို့ ကိုယ်တစ်ပိုင်းဝင်ရင်း မေးလိုက်သည်။ ခြံထဲတွင် မုန်ညင်းရွက်များ ဖြန့်၍ အခြောက်လှန်းထားသည်။

"စွန်တံ လုပ်မလို့လား"

မုန်ညင်းများ နေလှန်းထားသည်။ အချဉ်ခြောက်လုပ်ရန်သာ ဖြစ်ကြောင်းကို သိလျက်နှင့် သူက မေးလိုက်သည်။

"မဝင်တော့ဘူးလား"

အမျိုးသမီးက သူ့အမေးကို မဖြေဘဲ ထပ်၍ မေးလိုက်သည်။

"နောက်တော့မှ လာမယ်လေ။ အစ်ကိုရွှေနီကို လိုက်ရှာလိုက်ဦးမယ်"

သူက အမျိုးသမီး၏ စကားကို မကြားဟန်ပြု၍ သုတ်သုတ် ထွက်သွားသည်။ မထုံးရီသည် မောင်ရွှေဝါ၏ ကျောပြင်ကျယ်ကြီးကို အတန်ကြာ ငေးစိုက်ကြည့်နေပြီးနောက် ခြံထဲသို့ ပြေးဝင်သွားသည်။

"အစ်ကိုရွှေနီကို လိုက်ရှာဦးမယ်"

ဟု ဆိုခြင်းမှာ ပြောမိပြောရာသာ ဖြစ်သည်။ သူက ကိုရွှေနီကို လိုက်ရှာဖွေရန် လုံးဝ မရည်ရွယ်။ သူ့အစ်ကိုနှင့် တွေ့လိုစိတ် မပြင်းပြ။ ရှာလို့လည်း ဘယ်မှာမှ ရမည် မဟုတ်။ တွေ့ခဲ့လျှင်တော့ မထုံးရီအကြောင်း မေးကြည့်မည်ဟု စိတ်ကူးထားသည်။

မောင်ရွှေဝါသည် လမ်းလျှောက်သွားနေရင်းနှင့် မနင်းမြူကို သတိရလာသည်။ ယခုလောက်ဆိုလျှင် သူမ၏ လည်တိုင်သည် လင်းမြွေဖြစ်တော့မည်။ မနင်းမြူကို စဉ်းစားနေရင်းမှ မဖျိုင်းဖြူကို အမှတ်ရလာပြန်သည်။ ဟော မထုံးရီက ဝင်ရှုပ်ပြန်ချေပြီ။

သူ့ခြေလှမ်းများ တန့်ခနဲ ရပ်သွားသည်။ ပခုံးပေါ်တွင် ထမ်းလာသော သေနတ်ကို အောက်သို့ ချလိုက်သည်။ ဆူဆူညံညံ အသံများကို ရုတ်တရက် ကြားလိုက်ရ၍ ဖြစ်သည်။ သူက နားစွင့်လိုက်သည်။ လူစုလူဝေးနှင့် အော်ဟစ်နေကြခြင်း ဖြစ်သည်။ "ချပေးကွ" ဟူသော အသံများကို သဲကွဲစွာ ကြားရသည်။ ဆဲသံဆိုသံများကိုလည်း ဖောက်၍ ကြားရသည်။

သူက အောက်နှုတ်ခမ်းကို အထက်သွားဖြင့် ကိုက်၍ မျက်မှောင်ကြုတ်လိုက်သည်။ အသံများသည် တညင်းတောဆီမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။ တညင်းတောသည် ရေခပ်လမ်း ဖြစ်သည်။ မလွယ်ပေါက် ရှိသည်။ ကြိုးကြာချောင်းသို့ ရောက်သည်။ ဗိုလ်ဗလတို့ လူစုသည် မလွယ်ပေါက်မှ ဝင်ရန် ကြိုးစားကြချေပြီလော။ သို့ဖြင့် သူသည် တညင်းတောသို့ ခြေလှမ်းကျဲကျဲဖြင့် သုတ်ခြေတင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

တညင်းတောမှာ တောင်ကုန်းငယ်တစ်ခုပေါ်တွင် အပြည့်ပေါက်နေခြင်း ဖြစ်သည်။ ရေခပ်လမ်းသည် တညင်းတော၏ တောင်ဘက်ဖျားကို ဖြတ်သွားသည်။

တညင်းတောဘက်သို့ မောင်ရွှေဝါ ရောက်သွားသောအခါတွင် မလွယ်ပေါက်အနီးတွင်လည်းကောင်း၊ ရေခပ်လမ်းတစ်လျှောက်တွင် လည်းကောင်း လူများ စုရုံးနေသည်ကို မတွေ့ရ။ ဗိုလ်ဗလတို့၏ အရိပ်အယောင်မျှ မရှိ။ လူအုပ်သံသည် ကုန်းမြင့်ငယ်၏တစ်ဖက် တညင်းတော၏ မြောက်ဘက်ထဲမှ ပေါ်ထွက်လာနေခြင်း ဖြစ်သည်။

"ဟုတ်ပြီကွ။ ကြိတ်လိုက်ကွ"

ရွာသား နှစ်ယောက်သုံးယောက်သည် တညင်းတောကို ဖြတ်၍ အသံများဆီသို့ ပြေးသွားသည်။ ထိုသူများသည် ရွာအရှေ့တံခါးမှ ပြန်လာကြသူများ ဖြစ်သည်။ မောင်ရွှေဝါလည်း အချိန်ဖြုန်းမနေတော့ဘဲ တညင်းတောထဲသို့ ဝင်သွားသည်။ ကုန်းမြင့်ပေါ်သို့ တက်သွားသည်။ အကိုင်းချင်း အရွက်ချင်း ယှက်နေသဖြင့် နေပြောက် မထိုးချေ။ တညင်းသီး အပွတ်များနှင့် ခါချဉ်အုံများသည် ခေါင်းပေါ်တွင် တွဲနေကြသည်။

ကုန်းမြင်းထိပ်သို့ ရောက်သောအခါ တစ်ဖက်သို့ မြင်ရသည်။ အောက်ဘက်ပြန့်ကျယ်တွင် လူတွေ စုနေသည်။ လက်သီးလက်မောင်းတန်း၍ အော်ဟစ်နေကြသည်။ စောစောက ဗိုလ်ဗလတို့လူစုကို ရင်ဆိုင်ခဲ့သူများပင် ဖြစ်သည်။ သူတို့လက်ထဲတွင် ဓားများ၊ လှံများ ရှိဆဲပင် ဖြစ်သည်။

"ဘယ်သူတွေများ လက်သိုင်းခုတ်နေပြီလဲ မသိဘူး"

မောင်ရွှေဝါက တစ်ကိုယ်ကြား ရေရွတ်ပြီး လူအုပ်ထဲသို့ ဆင်းသွားသည်။ သူတို့တွင် ဇောကပ်နေကြပြီဖြစ်၍ မောင်ရွှေဝါ ရောက်လာသည်ကို သတိမပြုမိကြသည်က များသည်။ ဘယ်သူလာ၍ ဘယ်သူပြန်သည်ကို သူတို့ မသိ။ သူတို့က ရှေ့ကိုသာ တိုး၍ မဲ၍ ကြည့်နေကြသည်။

မောင်ရွှေဝါလည်း လူအုပ်တွင်းသို့ အတင်း တိုးဝင်သွားသည်။ မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသော ရှုခင်းကြောင်း သူသည် ရုတ်တရက်တော့ ဒေါသဖြစ်မိသည်။ နောက်မှ စိတ်ကို ထိန်းထားလိုက်ရသည်။

ရန်ဖြစ်ခြင်းမဟုတ်။ နပန်းသတ်ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ သိုင်းခုတ်ခြင်းလည်း မဟုတ်။ ကြက်တိုက်နေကြခြင်း ဖြစ်သည်။ ကြက်တိုက်သူတစ်ဦးမှာ သူ့အစ်ကို ရွှေနီ ဖြစ်နေသည်။

ကြက်ပွဲတွင် ပါဝင်သူများနှင့် တိုက်ကြက်များ၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် ကြက်ပွဲသည် ယခုမှစသည် မဟုတ်ဘဲ တော်တော်စောစောကတည်းက စနေခဲ့ခြင်း ဖြစ်သည်ကို သိသာသည်။ ဗိုလ်ဗလတို့လူစု မရောက်ခင်ကတည်းက ပွဲစခဲ့ခြင်း ဖြစ်တန်ရာသည်။ ကင်းသမားများ၏ တုံးမောင်းခေါက်သံကြားသဖြင့် ကြက်ပွဲကြည့်သူများသည် ရွာတံခါးသို့ ပြေးသွားကြခြင်း ဖြစ်ပေမည်။ သို့ရာတွင် လူကုန်သွားခြင်း မဟုတ်။ အချို့သည် ကြက်ပွဲမဖျက်ဘဲ ကျန်ရစ်ခဲ့ကြသည်။ ကျန်ရစ်သူများတွင် ကိုရွှေနီလည်း ပါသည်။ ယင်းကြောင့်ပင် မောင်ရွှေဝါသည် စောစောက လူအချို့ကို ရွာတံခါးအနီးတွင်

MMCYBERMEDIA
COMMUNITY FOR ALL

မမြင်မိခဲ့ခြင်း ဖြစ်သည်။ ရွာသားများသည် ဗိုလ်ဗလတို့ ပြန်သွားသောအခါ အိမ်သို့ပင် မပြန်ကြတော့ဘဲ ဓားလှံများ ကိုင်စွဲလျက်နှင့် ကြက်ပွဲသို့ ပြန်ခဲ့ကြခြင်း ဖြစ်သည်။

ကြက်သမားအချို့သည် ဤရွာမှ မဟုတ်ချေ။ အနီးပါးနား ရွာများမှ နာမည်ကျော် ကစော်သမား၊ ကစားသမားများ ဖြစ်ကြသည်။ မောင်ရွှေဝါသည် အချို့ကို လူချင်း သိသည်။ အချို့ကို မျက်မှန်းတန်းမိသည်။ အနည်းအပါးလောက်ကိုသာ သူ မမြင်ဖူးဘူးသည် ဖြစ်၏။

ပွဲသက် ရှည်ကြာပြီမှာ သိသာသည်။ ပထမအဆိုင်းပြီးသွား၍ ဒုတိယအဆိုင်း တိုက်နေခြင်း ဖြစ်သည်။ ပထမအဆိုင်းသည် ကြည့်ကောင်းမည့်ပွဲ မဟုတ်ချေ။ ကူကြက်နစ်ကောင် တည်ကြခြင်း ဖြစ်သည်။ ယခုအခါ နှစ်ကောင်းစလုံးပင် "စိုင်ပြင်" စပ်၍ စင်းစင်း သေနေကြပြီ ဖြစ်သည်။ သို့ရာတွင် အချိန်ကြာမည့်ပွဲမျိုး ဖြစ်သည်။ အကြောင်းမှာ တစ်ကောင်သည် ဥပန်းယောင်ယောင် ဖောင်းယောင်ယောင် ဖြစ်သည်။ အပြာလိုလို အနက်လိုလိုနှင့် မွဲတေတေအကောင် ဖြစ်သည်။ ဖောင်းပြာလည်းမမည်၊ ဥပန်းနက်လည်း မဟုတ်။ ထို့ကြောင့် အိမ်က မယားကိုပင် ပေါင်ရမည့် ကြက်မျိုးဖြစ်သည်။ တစ်ကောင်မှာ မျက်ဆန်ပြုပြုံ ခြေဝါဝါ ဖြစ်သည်။ ကြည့်လိုက်လျှင် ကြောက်စရာကောင်းသော်လည်း နည်းနည်းမျှ ခွပ်ရဲသော အကောင်မျိုး မဟုတ်ချေ။ နှစ်ကောင်စလုံးသည် "စောင့်ကြက်" များ ဖြစ်သဖြင့် ပွဲသက်ရှည်ခြင်း ဖြစ်သည်။ ဗြာသံပေးနိုင်းပါမှ လည်ချင်းလိမ်၍ ပျင်းတွဲ့တွဲ့ ခွပ်ကြပေသည်။ ယခုလို နှစ်ကောင်စလုံး သေနေခြင်းသည်ပင် ကြက်သမားများက ကိုင်ရိုက်ထား၍ ဖြစ်တန်ရာသည်။ သို့မဟုတ်ဘဲ ကြိုးစားပန်းစား ခွပ်ထားသော ကြက်များဆိုလျှင် အချွဲတွေ တောင်လိုပုံနေမည်။ ယခုတော့ အမြုပ်မျှ ကောင်းကောင်း မစီချေ။

ဒုတိယအဆိုင်းမှာပင် နှစ်ရေသုံးရေ ရှိနေပြီဖြစ်သည်။ တစ်ကောင်မှာ ခါးနှင့် လည်ဆံနီ၍ ဝမ်းပိုက်၊ နှုတ်သေး "ပင်ချိပ်" ဖြစ်သည်။ တစ်ကောင်က အနက်နှင့် အစိမ်းရောသော "သိမ်း" ဖြစ်သည်။ နှစ်ကောင်စလုံး ဒေါက်ကောင်းသည်။ ဒင်္ဂါးဆယ်ပြားလောက်စီ မြင့်ကြသည်။ ခွပ်လက်ညီသည်။ တစ်ကောင်အလာကို တစ်ကောင်က စောင့်နေခြင်း မရှိ။ ပရိယာယ်ပြုခြင်း ဆိုင်ခြင်း မရှိ။ နှစ်ကောင်စလုံး တဟုန်ထိုး ပစ်၍ ခွပ်ကြသည်။ ပရိသတ်သည် ဟယ်ခနဲ ဟာခနဲ ဖြစ်သွားသည်။ ပြီးတော့ ဝိုင်း၍ ဗြာသံပေးကြသည်။ "ပင်ချိပ်" ၏ အရှင်မှာ မထုံးရီ၏ ဖခင် ဦးနောင်ရှမ်း ဖြစ်ချေသည်။

ဦးနောင်ရှမ်းသည် ကြိုးကြာရွာသားတစ်ယောက် မဟုတ်ချေ။ သို့ရာတွင် ကြိုးကြာရွာသို့ ရောက်ခဲ့သည်မှာ အနှစ်နှစ်ဆယ် ရှိပြီဖြစ်၍ ရွာသားတစ်ဦးနှင့် မခြားတော့ပေ။ ကြိုးကြာရွာသို့ မလာခင် သူ ဘယ်အရပ်တွင်နေ၍၊ မည်သည့်အလုပ်အကိုင် လုပ်ခဲ့သည်ကို မည်သူမျှ မသိချေ။ ကြိုးကြာရွာသို့ ရောက်သောအခါတွင်ကား သူသည် ဆေးဆရာတစ်ဦး ဖြစ်သည်။ ရွာသားငါးဦးကို ဆေးကုပေးရာမှ ဤရွာတွင် အခြေစိုက်မိခြင်း ဖြစ်သည်။ အထူးသဖြင့် မြွေနိုင်သည်။ ကြိုးကြာရွာသာမက ရွာနီးချုပ်စပ်တို့မှပင် သူ့ကို အားထားကြရသည်။ သို့ရာတွင် သူသည် သီလ၊ သမာဓိနှင့် ပြည့်စုံသော ဆရာကြီးတစ်ဦးကား မဟုတ်ချေ။ တစ်နေ့တစ်နေ့ တွေ့ကရာရှစ်သောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေတတ်သူ ဖြစ်သည်။ ကလေးတွေနှင့် ရော၍ အရက်သောက်သည်။ ကြက်တိုက်သည်။ လှည်းပြိုင်သည်။ သူ့တွင် ဇနီး မရှိတော့ချေ။ သို့မဟုတ် ကြိုးကြာရွာသို့ သူ့ဇနီး ပါမလာချေ။ သူ့ဇနီးအကြောင်း သူ ဘာမှမပြော။ ဘာမှ မေးမရ။ သူနှင့်အတူ ဆယ်နှစ်အရွယ် သမီးငယ်တစ်ဦး

MMCYBERMEDIA
COMMUNITY FOR ALL

ပါလာ၍သာ သူသည် လူပျိုကြီးတစ်ဦး မဟုတ်ကြောင်း သိရသည်။ သူ့သမီးကလည်း တစ်မျိုးပင်။ ငါးနှစ်အတွင်း အိမ်ထောင် နှစ်ဆက် ပြောင်းခဲ့သည်။

ဦးနောင်ရှမ်းသည် ခြေကားရားလက်ကားရားဖြင့် သူ့ကြက်ကို အားပေးလျက် ရှိသည်။ လက်မောင်းမှ အကြောများ ထောင်နေသည်။ နီကျင်ကျင် နှုတ်ခမ်းမွေးသည် ပါးစပ်ကို ဖုံးမတတ် ရှိသည်။ ပါးစပ်မှ မနားတမ်းအော်သဖြင့် တံတွေးစက်ဖြူဖြူများ နှုတ်ခမ်းမွေးတွင် တင်လျက် ရှိသည်။

ကိုရွှေနီသည် လက်တစ်ဖက်မှ ကြက်ဖြူကြီးကို ပိုက်၍ ဦးနောင်ရှမ်းကို ကိုယ်ရောစိတ်ပါ အားပေးနေသည်။ သူတို့နှစ်ဦးသည် ယခင်က အရက်မူးပြီး ရန်ဖြစ်ခဲ့ဖူးသည်။ ယခုမူ သူတို့ချင်း တည့်ရုံသာမက ကိုရွှေနီသည် မထုံးရီနှင့်ပါ အလွမ်းသင့်နေသည်။

ကိုရွှေနီ၏ ကြက်မှာ နှုတ်သီးဖြူ ခြေဖြူ ဖြစ်သဖြင့် ပွဲတိုင်းကျော်သည့် ကြက်မျိုးဖြစ်သည်။ သူသည် ဤကြက်ကို ယခုမှ ရထားဟန် ရှိသည်။ မောင်ရွှေဝါ ရွာမှ ထွက်မလာခင်ကဆိုလျှင် ကိုရွှေနီ၏ လက်စွဲတော်သည် ဖြာဝါကြီး ဖြစ်သည်။ ယခု သူ ဤကြက်ကို ဘယ်ကရထားသည် မသိ။ သူ့ကြက်ကို သူ အတော်အားရနေပုံ ရှိသည်။ မကြာခဏဆိုသလို ကျောက်ကို ပွတ်ပေးနေသည်။ ခြေထောက်မှ အကြေးခွံများကို စမ်းကြည့်သည်။ အကြေးခွံမှာ တကယ်ပင်များ၍ အားကောင်းလှပေသည်။ ခြေကြေးသုံးဆယ် ဝိုင်းလုံးပယ်ရမည့် ကြက်မျိုး ဖြစ်သည်။ ပထမတန်းစား "ဇင်ယော်" ပင် ဖြစ်သည်။

သို့ရာတွင် သူ့ပြိုင်ဘက်က တစ်ပန်းသာနေသည်။ တစ်ခုရှိ၏။ ဇင်ယော်နှင့် ခွပ်မည့်ကြက်မှာ "ကျီး" ဖြစ်သည်။ တစ်ကိုယ်လုံး မည်းနေသည်။ ကြက်ဖြူများသည် ကြက်နက်နှင့် ယှဉ်ပြိုင်ရသော် ခွပ်ချက်ပျော့တတ်သည်။ သူတို့အဆိုင်းသည် အလွန်ကြည့်ကောင်းမည့် အဆိုင်းဖြစ်သည်။

ထိုအခိုက်တွင် တစ်ရေပြီးသွားသည်။ ဦးနောင်ရှမ်းသည် "ပင်ချိပ်" ၏ ဦးခေါင်း၊ လည်ပင်းနှင့် တောင်ပံအောက်တို့ကို ရေဖြင့် ဆုပ်ပေးနေသည်။

မောင်ရွှေဝါသည် လူလေးငါးယောက်ကို တိုးခွေ၍ ကိုရွှေနီ့ အနီးသို့ ရောက်သွားသည်။ သူ့သေနတ်ကြီးသည် လူအုပ်ထဲတွင် ကိုးရိုးကားရား ရှိနေသည်။

"အစ်ကိုရွှေနီ စောစောက ဘာလို့ မလာတာလဲ"

သူက မေးလိုက်သည်။ ကိုရွှေနီသည် သူ့ကို မြင်တွေ့ရသောအခါ အံ့သြသည့်အမူအရာ နည်းနည်းမျှ မပြဘဲ...

"ဘယ်ကိုလဲ"

"ရွာထိပ်ကိုလေ"

"ဘာလုပ်လဲ"

"ဘာလုပ်ရမလဲ။ ဟိုမှာဖြင့် တိုက်ကြခိုက်ကြတော့မလို့"

"မတိုက်ဘူး မဟုတ်လား"

"ကံကောင်းလို့ မတိုက်ဖြစ်တာပ"

MMCYBERMEDIA
COMMUNITY FOR ALL

"တိုက်ရင် လာမှာပ"

ထို့နောက် ကိုရွှေနီသည် စိုင်ပြင်ကို ခါးဆန့်၍ ကြည့်ရင်း ပြာသံပေးနေတော့သည်။ နောက်တစ်ရေအပြီး ဖြစ်သည်။ လူတွေ ဆူလာကြပြန်သည်။

"ညက ဘယ်မှ အိပ်သလဲ"

မောင်ရွှေဝါ၏ အသံသည် ပြာသံများအောက်တွင် ပျောက်ဝင်သွားသည်။ သူက အသံမြှင့်၍ ထပ်မေးသည်။ ကိုရွှေနီ မကြား။ သူက လက်မလျှော့သေးဘဲ အစ်ကိုဖြစ်သူ၏ ပခုံးကိုဆွဲ၍ အသံကုန်အော်မေးသည်။ ကိုရွှေနီက တစ်စုံတစ်ခု ပြန်ပြောသည်။ သို့ရာတွင် သူ မကြားရ။ ပရိသတ်အသံက ဆူလွန်းလှသည်။ တအားအော်နေကြသည်။ ကိုရွှေနီလည်း မတ်တတ်ရပ်လိုက်ပြီး အော်နေတော့သည်။

နောက်ဆုံးတွင် မောင်ရွှေဝါသည် မကျေမနပ်ဖြင့် လူအုပ်ကို တိုး၍ ထွက်ခဲ့သည်။ တစ်စုံတစ်ယောက်က သူ့လက်မောင်းကို ဆွဲသဖြင့် ကြည့်လိုက်ရာ နန်းခင် ဖြစ်နေသည်။

"အိမ်သွားမယ်"

သူက ဒေါသမပြေသေးသဖြင့် အော်လိုက်သည်။ နန်းခင်က နေခဲ့မည်ဟု ပြန်ပြောသည်။ သို့သော် ကိုရွှေနီကို မကျေမနပ်ဖြစ်နေသော မောင်ရွှေဝါသည် နမကို လူအုပ်ကြားမှ အတင်း ဆွဲခေါ်သွားသည်။

"စောစောက နင် ဘာလုပ်တာလဲ"

နန်းခင်က သူ့ကို ပြုံးကြောင်၍ ကြည့်သည်။

"နင် စောစောက ဘယ်က ပြန်လာတာလဲ။ ဘယ်တုန်းက ထွက်သွားတာလဲ။ ဘယ်ကို သွားတာလဲ။ ဘာလုပ်သွားတာလဲ"

သူက ဆက်တိုက်ကြီး မေးလိုက်သည်။

"အပျင်းပြေ လျှောက်စီးတာပါ"
"အာကာက သိပ်ဆိုးတယ်။ နင် ဘာလို့ စီးတာလဲ"
"အပျင်းပြေ စီးတာပါ"
"နင်လည်း အတူတူပဲ"

နန်းခင်က သူ့ကို ပြုံး၍ ကြည့်ပြန်သည်။

"နင်လည်း အတူတူပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

သူက ပါးစပ်ကို ဖြဲ၍ ဒေါကြီးမောကြီး အော်လိုက်သည်။ နန်းခင်က နားနှစ်ဖက်ကို လက်ဝါးဖြင့် ပိတ်ထားလိုက်ရသည်။

## အခန်း -၁၅-

သီပေါလက်ထက်တွင် လုပ်တော့လုပ်ကြသည်။ တိုင်းပြည်ကို ဘုရင်တစ်ဦးတည်း သက်ဦးဆံပိုင် အုပ်ချုပ်နေရာမှ မှူးမတ်များက ခွဲဝေအုပ်ချုပ်ရန် ကြိုးစားလာကြသည်။ တိုင်းရေးပြည်မှုကို တစ်ဆယ့်လေးဌာနခွဲဝေ၍ အုပ်ချုပ်သည်။ အီတလီ၊ အိန္ဒိယ၊ သီဟိုဠ်နှင့် အင်္ဂလန်နိုင်ငံများသို့ သံတမန်အဖွဲ့များ စေလွှတ်သည်။ သပြေတန်းခံမြို့ကို အမြီးအခိုင် တည်ဆောက်သည်။ လှေအမှုထမ်းများကို သေနတ်အပ်၍ ခေတ်မီရေတပ်မတော်အဖြစ် အစပျိုးသည်။ အများပြည်သူများ ချမ်းသာကြွယ်ဝစေရန် ထီရုံးများ ဖွင့်သည်။ နောင်တွင် ပိတ်သည်။ အခွန်တော် အချို့ကို ရုပ်သိမ်းသည်။ ကွမ်းဘိုးထိန်းများကို ရုပ်သိမ်း၍ သူကြီးများကို တိုးတက်အာဏာအပ်နှင်းသည်။ သတ္တုလုပ်ထည် ရောင်စုံများကို အိန္ဒိယနိုင်ငံသို့ သွားရောက်ဝယ်ယူခဲ့ပြီး စစ်သည်တော် နှစ်သောင်း လေးထောင်ကျော်အတွက် ဆင်တူ စစ်ဝတ်စုံများ ချုပ်ခြင်း၊ စစ်အတတ် လေ့ကျင့်ခြင်း၊ စစ်ရေးပြခြင်းတို့ ပြုလုပ်သည်။

မြို့ဝန်များ၊ စစ်ကဲများ၊ မြို့နယ်အရာရှိများ၊ မြို့ရွာသူကြီးများသည် ၎င်းတို့သဘောအရ တိုင်းသူပြည်သားများထံမှ ကြေးငွေကောက်ခံခြင်း၊ လူအများကို မတရားသဖြင့် ခေါ်ယူခိုင်းစေခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ သူခိုးဓားပြများနှင့် တစ်ကျိတ်တည်း ပြုခြင်း၊ တစ်နယ်က လူဆိုးကို တစ်နယ်က အားပေးခြင်းများ ရှိနေ၍ လွှတ်တော်နှင့် မြို့နယ်များကြားတွင် ခရိုင်များ ဖွဲ့စည်းပြီး ခရိုင်ဝန်များ ခန့်ထားသည်။ မြန်မာနိုင်ငံကို ဆယ်ခရိုင် ပိုင်းခြားရာတွင် မြန်မာပြည်မြောက်ပိုင်းသည် ဒသမဌာန အညာမြစ်စဉ်ခရိုင်ဟူ၍ ဖြစ်လာသည်။ ခရိုင်ဝန်မှာ မလွန်ဝန်ထောက် မင်းကြီးမင်းလှမဟာမင်းခေါင်ကျော် ဖြစ်သည်။ သေနတ်ကိုင်တပ်သား တစ်ရာတစ်ဆယ့်သုံးဦး ရရှိသည်။

သို့ရာတွင် နန်းတော်တွင်း၌ သူ့အစ ကိုယ့်အစ ဖြစ်နေခြင်း၊ တိုင်းပြည်တိုးတက်ရေးထက် ကိုယ့်အစ ကိုယ့်အသိုက် ကြီးပွားရေးကို အဓိကထားခြင်း၊ မြို့နယ်အရာရှိများ အားလုံးလောက်မှာပင် မရှိဆင်းရဲသားများအပေါ် မောက်မာဆိုးသွမ်းကြသည်ဖြစ်၍ တစ်ဦးစနှစ်ဦးစကို ရာထူးမှ ချထားရုံဖြင့် အခြေအနေ ပြောင်းလဲမလာခြင်း၊ တိုင်းသူပြည်သားများသည် နှစ်ရှည်လများ သည်းခံခဲ့ကြရသည်ဖြစ်၍ ယခုလို တိုင်းရေးပြည်ရေး ချောက်ချားနေချိန်တွင် လုပ်ငန်းကိုင်ငန်းများ မကောင်းချိန်တွင် ထကြွရုန်းကန်လာကြသည်။

တစ်တိုင်းပြည်လုံး၏ အခြေအနေသည် အလွယ်တကူနှင့် မထိန်းသိမ်းနိုင်တော့သော အဖြစ်တွင် ရှိနေသည်။ အထူးသဖြင့် မြန်မာပြည်မြောက်ပိုင်း၏ အခြေအနေသည် ဆိုးရွားလှချေသည်။

မလွန်ဝန်ထောက်သည် မိုးကောင်းမြို့တွင် ရုံးစိုက်၍ အညာမြစ်စဉ်မြို့ရွာများကို ဆင့်ဆိုစီရင်သည်။ မိုးကောင်းဝန်ဦးစီကို ရာထူးမှချ၍ အချုပ်အနှောင်ဖြင့် နေပြည်တော်သို့ ပို့သည်။ ဝန်းသိုစော်ဘွားကြီး

MMCYBERMEDIA
COMMUNITY FOR ALL

ဦးရွှေသားကို မိုးကောင်းဝန်အဖြစ် ခန့်အပ်သည်။ နယ်သူနယ်သားများသည် စော်ဘွားကြီးအပေါ်တွင် ပုဂ္ဂိုလ်ရေးအရ ကြည်ညိုလေးစားခြင်း ရှိကြသည်။ သို့ရာတွင် စော်ဘွားကြီးဦးရွှေသားသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်၍ မြို့ရွာနယ်ပယ်ကို ကိုယ်တိုင်ကိုယ်ကျ ကွပ်ကဲအုပ်ချုပ်နိုင်ခြင်း မရှိပေ။ လက်အောက်အရာရှိများနှင့်သာ လွှဲထားရသည်။ သို့ဖြင့် ဦးစီလက်ထက်က အရာရှိ အရာခံများပင် ဆက်လက်၍ တန်ခိုးကြီးထွားနေကြတော့သည်။ အမတ်ကြီး ဦးရွှေကြာနှင့် ဗိုလ်ဗလတို့သည် အထက်လူကြီးများကို တစ်မျိုး၊ နယ်သူနယ်သားများကို တစ်မျိုး ဆက်ဆံနေကြတော့သည်။ သို့ဖြင့် နယ်ပယ်အခြေအနေသည် ငြိမ်သက်သွားခြင်းမရှိဘဲ ပိုမို၍ပင် လှုပ်ရှားထကြွလာတော့သည်။

ယခင် ကာလများကဆိုလျှင် ရွှေမြို့တော်မှ အထက်အရာရှိများ ရောက်ရှိလာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် အမြောက်ပစ်ခတ် အချက်ပေးလိုက်လျှင် ဒူဝါ၊ အကြီးဝါနှင့် တောအုပ်၊ ချောင်းအုပ်၊ ရွာအုပ်တို့သည် မိုးကောင်းမြို့သို့ လာရောက်၍ လက်ဆောင်ပဏ္ဏာ ဆက်သကြရသည်။

ယခု တစ်ခေါက်တွင်မူ ပယင်းဒေသမှ မလွယ်ဘုံဒူဝါ၊ ကျောက်စိမ်းတွင်းဒေသမှ ကန်စီးဒူဝါ၊ လုံးခင်းဒူဝါ၊ နိုင်ဇားဒူဝါ၊ ကဒေါ်ဒူဝါ၊ နင်ဇာတန်ဒူဝါ၊ နမ်းကိန်မြစ်ရိုးတစ်လျှောက်မှ နွယ်ကွိလာဒူဝါ၊ မပြင်းဒူဝါ၊ ကကန်ဒူဝါ၊ စောဘောဒူဝါ၊ ကဇီးဒူဝါ၊ ဆမားဒူဝါ၊ အင်းတော်ကြီးဒေသမှ မဘူးဒူဝါ၊ ဆိုင်းနိုင်းဒူဝါ၊ နော်ပွဲဒူဝါ၊ ကားမိုင်းဒေသမှ လကျင်းနောင်၊ ဆိုင်းဂေါင်းကံ၊ ပူတူတောင် အကြီးဝါ၊ နမ်းရင်းချောင်း တစ်လျှောက်မှ ဆယ်တူစော်ဘွား၊ လရင်းဘုံဒူဝါ၊ တပိုနယ်မှ တောင်လုံးဒူဝါ၊ ဝါဝင်းဒူဝါ၊ အကဲဝါ၊ မတူဝါ၊ ဆင်ကိုနယ်မှ ဝခဒူဝါ၊ မိုင်းလုံဒူဝါ၊ စောရမဒူဝါ၊ မိုးကောင်းမြစ်တစ်လျှောက်မှ ဇော်ဒူးဒူဝါ၊ ကဇီးဒူဝါ၊ မဂါဂနီဒူဝါ စသည်ဖြင့်... ကချင်အကြီးအကဲပေါင်း သုံးဆယ်ကျော်ရှိသည့်အနက် လကျင်းနောင်နှင့် ဆိုင်းဂေါင်းကံတို့သာလျှင် ဆင်စွယ်များ၊ ပျားဖယောင်းများ၊ မောင်းများ၊ လုံများဖြင့် ပဏ္ဏာအဆက်ရောက်သည်။ မလွန်ဝန်ထောက်က ပိုးပုဆိုးတစ်ထည်၊ သက္ကလပ်စောင် တစ်ထည်စီဖြင့် လက်ဆောင်တုံ့ပြန်၍ နယ်ပယ်အရေး ဆွေးနွေးသည်။ အဖြေမှာ အခြေအနေမကောင်း ဟူ၍တည်း။

ပို၍ဆိုးသည်ကား မြေပြန့်ဒေသရှိ ရှမ်းမြန်မာရွာများမှ အလာအရောက် နည်းကြခြင်းပင် ဖြစ်သည်။ မိုးကောင်းမြို့နှင့် အင်မတန်နီးကပ်နေသော ရွာအချို့မှ သူကြီးအချို့သာလျှင် ရောက်ရှိလာသည်။ အချို့သူကြီးများသည် မြို့သို့ မလာရောက်ဘဲ တောဘက်သို့ ရှောင်တိမ်းနေကြသည်။

ဤကား ဦးရွှေကြာနှင့် ဗိုလ်ဗလတို့အတွက် အကွက်ကောင်းပင် ဖြစ်သည်။ ဤသို့ မလာရောက်ဘဲ နေကြသည်မှာ ဘဝရှင်မင်းတရားကြီးကို အတိအလင်း ပုန်ကန်ခြားနားခြင်းပင်ဟု လျှောက်တင်ကြသည်။ အခြားတစ်ဖက်၌ နှိပ်စက်ညှဉ်းပန်းမှုများကို ပိုမိုပြုလုပ်ကြသည်။

ဥပါယ်တံမျဉ်ဖြင့် မြို့သို့ခေါ်ယူပြီး သူပုန်သူကန်ဆိုကာ ခေါင်းကို ဖြတ်ယူတတ်ကြသည်မှာ အစဉ်အလာတစ်ရပ်ပင် မဟုတ်ပါလား။ ယင်းကြောင့် ကိုယ့်ရွာမှာပင် ကိုယ့်သတိနှင့် နေကြရသည်။ မြို့နှင့်နီးသော ရွာများသည် တောတောင်ရှိရာသို့လည်းကောင်း၊ ဝေးရာရွာများသို့လည်းကောင်း ရွှေ့ပြောင်းရသည်။ အချို့ရွာငယ်များ စုပေါင်းကြရသည်။ ဖိနှိပ်ညှဉ်းပန်းရန်လာသော ဘုရင့်တပ်မတော်သားများကို ခုခံကာကွယ်ကြရသည်။

သို့ဖြင့် အခြေအနေသည် ဆိုးသည်ထက် ဆိုးလာရတော့သည်။ မိုးကောင်း၊ မိုးညှင်းမှ ရှမ်း၊ ကချင် အရိုင်းအစိုင်းများ ပုန်ကန်ခြားနားနေပြီဟူသော သတင်းကို ကြားရသောအခါ ရွှေနန်းရှင်သည် တုန်လှုပ်လေတော့သည်။ သူသည် နန်းတက်ကတည်းက ရှမ်းစော်ဘွားများနှင့် စစ်ခင်းနေခဲ့ရသည်။ ညောင်ရမ်း၊ ညောင်အုပ်နှင့် ရင်ဆိုင်ခဲ့ရသည်။ မင်းညီမင်းသားနှင့် မှူးမတ်များကို အရာမှ ချခြင်း၊ အချုပ်ထားခြင်း၊ ကွပ်မျက်ခြင်းများ အဆက်မပြတ် ပြုခဲ့ရသည်။ သို့ဖြင့် မြောက်ဘက်တစ်လွှားမှ ခြားနားပြန်ပြီဟု ကြားရသောအခါ အလျင်အမြန် နှိမ်နင်းရန် အမိန့်တော်မြတ် ချမှတ်လေတော့သည်။

ထိုအခါ အင်းတော်ကြီး တောင်ဘက်တစ်လွှားတွင် လှုပ်ရှားနေသော မိုးညှင်းဗိုလ်ဝသည် မိုးကောင်းမင်းတရားကြီး အမည်ကိုခံလျက် မြတောင်မြို့ကို စီးနင်းတိုက်ခိုက်လေသည်။ မန်လည်ဝန်နှင့် မြတောင်ဝန်တို့သည် အတူပေါင်းစပ်၍ ကြံ့ကြံ့ခံနေရသည်။

ယင်းသည်နှင့် တစ်ပြိုင်တည်းလိုပင် အင်းတော်ကြီး မြောက်ဘက်တစ်လွှားကို ဗဟိုပြုနေသော ဦးရွှေလယ်သည် ဟော်ဆိုင်းအမည်ခံလျက် လူသူ၊ လက်နက်ခဲယမ်းမီးကျောက်များကို အတိအလင်း စုရုံးနေတော့သည်။ မိုးကောင်းမြို့ကို စီးနင်းတိုက်ခိုက်ရန် ပြင်ဆင်နေတော့သည်။ ဦးရွှေလယ်ကို နော်ပွဲဒူဝါက ကိုယ်ဖိရင်ဖိ ထောက်ခံကူညီလျက် ရှိသည်။

ကျန်ဒေသများမှာလည်း ဗိုလ်ဝနှင့်သော်လည်းကောင်း၊ ဦးရွှေလယ်နှင့်သော်လည်းကောင်း မပူးပေါင်းကြသေးသော်လည်း မိုးကောင်းဝန်၏ သစ္စာကို မခံကြတော့ဘဲ တသီးတခြား နေနေကြသည်။ တောကြောင်များမှာလည်း ဂိုဏ်းကြီးဂိုဏ်းကလေးဖွဲ့၍ အနှံ့အပြား ပေါ်ပေါက်နေသည်။

ဤအထဲတွင် ရှမ်းနှင့်မြန်မာ၊ မြန်မာနှင့်ကချင်၊ ကချင်နှင့် ရှမ်း စသည်ဖြင့် လူမျိုးရေးစစ်ဖြစ်မည့် အရိပ်အခြည်မျိုးကလည်း ရှိနေသည်။

ဤသို့ ဒသမဌာန အညာမြစ်စဉ်ခရိုင်ဟု သတ်မှတ်ထားသော မြန်မာပြည်မြောက်ပိုင်း ရှမ်း၊ မြန်မာ၊ ကချင် စသော လူမျိုးပေါင်းစုံ ပူးပေါင်း၍ ပုန်ကန်ခြားနားစ ပြုနေပြီဖြစ်ရာ အပြီးအပြတ် နှိမ်နင်းနိုင်ရန် သူရဲဝန်နှင့် သူရဲအမှုထမ်း လေးရာ့ငါးဆယ့်နှစ်၊ လမိုင်းဝန်နှင့် လမိုင်းမြင်း ကိုယ်ရံသုံးဆယ်၊ ရွှေ့ဝင်းမှူး၏ ရွှေးလက်ဝဲဗိုလ်နှင့် ရွှေးလက်ယာအမှုထမ်း တစ်ရာတစ်ဆယ့်သုံး၊ အစုသေနတ်စာရေး ဗိုလ်တန်နှင့် ရွှေးလက်ဝဲအမှုထမ်း တစ်ရာတစ်ဆယ့်သုံးဦး စသော ဘုရင့်တပ်မတော်၏ လက်ရွေးစင်တပ်သား ခြောက်ရာနီးပါး အလျင်အမြန် ပို့လွှတ်သည်။ အညာမြစ်စဉ်ဝန်ထောက်တွင် ရှိရင်းစွဲတပ်သား၊ မြို့နယ်အကြီးအကဲများရှိ ရှိရင်းစွဲတပ်သားများနှင့် ပေါင်းလျှင် စနစ်တကျ လေ့ကျင့်ထားသော သေနတ်ကိုင် တပ်သားပေါင်း တစ်ထောင်ကျော်သည် မြောက်ပိုင်းသူပုန်ကို နှိမ်နင်းရန် အသင့်ရှိနေသည်။ အထူးသဖြင့် ရွှေ့ဝင်းမှူး၏ တပ်များသည် ရက်စက်ကြမ်းကြုတ်လာသည်။ နဝမဌာန ရတနာသိယံခရိုင်ဝန်ဖြစ်သော ရွှေ့ဝင်းမှူးဗိုလ်ပြင် (သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာ) ကိုယ်တိုင်ကပင် တိုင်းသူပြည်သားများအပေါ်တွင် တင်းကြပ်မောက်မာလွန်းလှသည်။

ဤကဲ့သို့ နေပြည်တော်မှ ဘုရင့်တပ်သားများ မိမိတို့ဒေသသို့ အမြောက်အမြား ရောက်ရှိလာသောအခါတွင် မိုးကောင်းချောင်း (အနောက်မြစ်)နှင့် ဉယုချောင်း (ချင်းတွင်းမြစ်)

MMCYBERMEDIA
COMMUNITY FOR ALL

အကြားတွင်ရှိသော ကြိုးကြာရွာအပါအဝင် အရှေ့ချင်းတွင်းရွာများသည် မိမိတို့ရွာကို မိမိတို့ဘာသာ လုံခြုံအောင် ကာကွယ်စောင့်ရှောက်နေ၍ မရတော့သည့် အခြေအနေ ရှိလာသည်။

ပော်ဆိုင်းအမည်ခံ ဦးရွှေလယ်နှင့် နော်ပွဲဒူဝါတို့က လည်းကောင်း၊ မိုးကောင်းမင်းတရား အမည်ခံ မိုးညှင်းဗိုလ်ဝက လည်းကောင်း သူတို့အား လာရောက် စည်းရုံးလျက် ရှိကြသည်။ မိုးကောင်း အကြီးအကဲများနှင့် ဘုရင့်ကိုယ်စားလှယ်များကလည်း မြို့သို့ လာရောက်၍ သစ္စာခံရန် အတင်းအကျပ် ခေါ်ဆောင်နေသည်။ ငြင်းဆန်သော ရွာများကို မီးတိုက်သည်။ လူများကို သတ်ဖြတ်သည်။ မိန်းမများကို ဗလက္ကာရ ပြုသည်။ ဥစ္စာပစ္စည်းနှင့် ကျွဲ၊ နွား၊ ဆင်၊ မြင်း များကို လုယက်ယူငင်သည်။ ဘုရင့်တပ်မတော်သားများသည် ရွာငယ်များကို စီးနင်းတိုက်ခိုက်နေရာမှ ယခုအခါ ရွာကြီးများကို တိုက်စပြုလာကြပြီ ဖြစ်သည်။ ကချင်တောင်များသို့ပင် တက်ရောက် မွှေနှောက်နေကြသည်။ ကချင်များကလည်း လှည့်ပတ်တိမ်းရှောင်ရင်းနှင့် အခွင့်အလမ်းရလျှင် လွင်သို့ဆင်း၍ တိုက်ကြသည်။ တွေ့ကရာလူကို သတ်ဖြတ်၍ ရရာပစ္စည်းကို ယူကြသည်။ ဘုရင့်လူများ၏ အင်အားမှာလည်း ယခင်ကဲ့သို့ ရာပိုင်းမျှမဟုတ်ဘဲ ထောင်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်၍ ကိုယ့်ရွာ ကိုယ့်ခြံစည်းရိုးခတ်၍ အရပ်အခံ ပြုနေရုံနှင့် မလုံလောက်တော့ပေ။

သို့ဖြင့် အင်းတော်ကြီး အနောက်မြောက်ဘက်တွင်ရှိသော အရှေ့ချင်းတွင်းရွာများသည် အချင်းချင်း ညှိနှိုင်းတိုင်ပင်ရေးအတွက် ကြိုးကြာရွာသို့ လာရောက်စုရုံးကြရန် အစည်းအဝေး ခေါ်ရတော့သည်။

## အခန်း -၁၆-

ရွာပေါင်းစုံညီလာခံ ခေါ်ဆိုရေးအတွက် အဓိက လှုံ့ဆော်သူများမှာ ဗိုလ်ဗလနှင့် အပေါင်းအပါများသာ ဖြစ်ချေသည်။ သူတို့တစ်တွေကြောင့် ရွာများ ပေါင်းစည်းမိခြင်း ဖြစ်သည်။ ရှမ်း၊ မြန်မာ၊ ကချင်များ ညီညွတ်လာခြင်း ဖြစ်သည်။

ဗိုလ်ဗလသည် သူ့ခေတ်နှင့် သူ့အခါ ဖြစ်သည်။ အသတ်ခံရခြင်း၊ အကျင့်ခံရခြင်း၊ အလောင်ခံရခြင်း၊ အလုခံရခြင်း ဟူသမျှသည် သူ့စနက်နှင့် ကင်းလွတ်သည်ဟူ၍ မရှိချေ။ သူနှင့် သူ့လူများ၏ ဒဏ်ကို ကြိုးကြာရွာသူရွာသားများလည်း ခံလိုက်ကြရသည်။

ချောင်းဝရွာဓားပြမှုနှင့် ပတ်သက်၍ ကြိုးကြာရွာသို့ လာရောက်ရာတွင် သူကြီးဦးရာကျော်နှင့် ရွာသူရွာသားများက သူတို့လူစုကို ရွာတွင်းသို့ အဝင်မခံရုံသာမက သတ်မည် ဖြတ်မည် တကဲကဲ ရှိကြသည့်အတွက် သူက အလွန်အမင်း ဒေါသဖြစ်ခဲ့သည်။ အကြီးအကျယ် အငြိုးထားခဲ့သည်။ အကန့်မသတ်မရှိ ရမ်းကားခဲ့သည်။

အင်အားချင်းကလည်း မမျှ၊ အချိန်ကာလလည်း မကျသေးသဖြင့် ကြိုးကြာရွာမှ အချို့နှင့် တပ်ခေါက်ခဲ့သော်လည်း အပြန်လမ်းတစ်လျှောက်လုံးတွင်ကား ရမ်းချင်တိုင်း ရမ်းသွားသည်။ ကြိုးကြာရွာ အနီးအပါးတွင် တွေ့သမျှ ကျွဲ၊ နွားများကို သတ်ဖြတ်သွားသည်။ ချောင်းလေးခွမှ ပြန်လာသော

MMCYBERMEDIA
COMMUNITY FOR ALL

ကြိုးကြာရွာသူနှစ်ဦးကို မတရားကျင့်ကြံကာ ကိုယ်လက်အင်္ဂါများကို အပိုင်းပိုင်းဖြတ်၍ သတ်သွားသည်။ ထိုမျှသာမက ကောက်ရိုးပုံများကို မီးတင်ရှို့သွားသေးသည်။

ဒီနောက်တွင်ကား ဗိုလ်ဗလတို့လူစုသည် လူအင်အား၊ လက်နက်အင်အား ဖြည့်တင်းလျက် အရှေ့ချင်းတွင်းနယ်များသို့ တစ်ရက်ခြား နှစ်ရက်ခြား လာရောက်ကြသည်။ တစ်ခေါက်လာလျှင် တစ်ခါမွှေသွားကြသည်သာ ဖြစ်သည်။

ရွာနီးချုပ်စပ်နှင့် ရွာများအကြားတွင် သူတို့နှင့် တွေ့ရသမျှသော လူသူ ကျွဲနွားများ အားလုံးသည် သက်သာကင်းလွတ်သည် မရှိချေ။ ဤသို့ဖြင့် ကျွဲနွားများကို လွှတ်မထားဝံ့ကြဘဲ ရှိလာသည်။ ရွာအပြင်ဘက်သို့ တစ်ဦးချင်း နှစ်ဦးချင်း မသွားဝံ့ကြဘဲ ရှိလာကြသည်။ အရေးကိစ္စရှိ၍ သွားလိုလျှင် လက်နက်အပြည့်အစုံဖြင့် အုပ်စုဖွဲ့၍ သွားကြရသည်။

ယခုအခါ ရွာတိုင်း ရွာတိုင်းသည် ဆူးခတ်ရုံမျှမက သစ်လုံးတပ် စိုက်ထားကြပြီး ဖြစ်သည်။ ကင်းမပြတ် ချထားကြသည် ဖြစ်၏။ သို့ရာတွင် သူတို့နောက်မှ ရတနာပုံမှ တပ်များက ကျော်ထောက်နောက်ခံ ပြုနေကြပြီဖြစ်၍ ဗိုလ်ဗလတို့သည် ရွာငယ်များကို စတင် စီးနင်းစ ပြုလာကြသည်။ သို့သော်လည်း တစ်ရွာကို တိုက်ခိုက်သည်ကို မြင်သောအခါ အနီးပါးရွာများက သွားရောက်ကူညီကြသဖြင့် သူတို့သည် မရဲတရဲ ရှိနေကြသည်။ သွေးတိုးစမ်းသည့်အနေဖြင့် မထိခလုတ် ထိခလုတ် ပြုနေကြသည်။ နေပြည်တော်မှတပ်များ ပိုမို ရောက်ရှိလာသောအခါတွင် သူတို့သည် ရွာငယ်များကိုသာမက ရွာကြီးများကိုပင် ဝင်ရောက်စီးနင်းကြတော့မည်မှာ အမှန်ပင် ဖြစ်သည်။

ယင်းကြောင့်ပင် ဤနယ်တစ်ဝိုက်မှ ရွာများသည် ရှေ့အဖို့တွင် မည်သို့ ပြုမူဆောင်ရွက်ကြမည်ကို ညှိနှိုင်းတိုင်ပင်ကြရန် ရွာပေါင်းစုံညီလာခံတစ်ရပ်ကို ခေါ်ဆိုကြရခြင်း ဖြစ်သည်။ အစည်းအဝေး ပြုလုပ်ရန်အတွက် ကြိုးကြာရွာကို ရွေးချယ်ကြခြင်းမှာ ကြိုးကြာရွာသည် အိမ်ခြေနှစ်ရာကျော်ရှိပြီး ယောကျ်ားကောင်း တစ်ရာကျော်ရှိ၍ လည်းကောင်း၊ ဦးရာကျော်၏ နလုံးရည် လက်ရုံးရည်ကို ယုံကြည်ကိုးစားကြ၍ လည်းကောင်း၊ ဗိုလ်ဗလတို့လူစုက ကြိုးကြာရွာကို အငြိုးထားနေသကဲ့သို့ ကြိုးကြာရွာ တစ်ရွာလုံးကလည်း ဗိုလ်ဗလတို့လူစုကို အရှင်လတ်လတ် စားလိုနေကြ၍ လည်းကောင်း ဖြစ်သည်။

ဗိုလ်ဗလတို့၏ ရက်စက်ယုတ်မာမှုကို ပထမဆုံးအကြိမ်အဖြစ် ကျွဲနွားများ အသတ်ခံရခြင်း၊ ကောက်ရိုးပုံများ မီးရှို့ခံရခြင်း၊ အမျိုးသမီးနှစ်ဦး မတော်မတရား အပြုခံရခြင်းတို့နောက်တွင် သုံးကြိမ်မျှ ထပ်မံ ကြုံတွေ့ကြရသည်။ တစ်ကြိမ်မှာ ရွာမှ မိုးကောင်းသို့ သွားသော ကုန်လှည်းသုံးစီးကို လမ်းမှ ဖြတ်တောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ဤသည်မှာ သိလျက်နှင့် ခံလိုက်ရခြင်း ဖြစ်သည်။ လမ်းခရီးတွင် ဗိုလ်ဗလတို့ရန် ရှိနိုင်သည်ကို သိသဖြင့် လှည်းတွင်ပါသော လူများအပြင် ဦးရာကျော်က မြင်းသမားငါးယောက် ထည့်ပေးလိုက်သည်။ ပေါင်းယောကျ်ားကြီး ဆယ့်တစ်ယောက် ဖြစ်သည်။ လမ်းတွင်လည်း အခြားရွာများမှ လူများနှင့် ပူးပေါင်း၍ သွားသည်ဖြစ်သဖြင့် အန္တရာယ် မရှိနိုင်ချေ။ သို့ရာတွင် လှည်းသုံးစီးသည် အခြားလူများနှင့် ပေါင်းမိသည်အထိ မနေရတော့ဘဲ ကြိုးကြာရွာမှ တစ်တောင်ကျော်လောက်မှာပင် စောင့်ကြိုတိုက်ခိုက်ခြင်းကို ခံလိုက်ကြရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤကား သူတို့အတွက် သင်ခန်းစာပင် ဖြစ်သည်။ ဗိုလ်ဗလတို့လူစုသည် ဤနယ်တစ်ဝန်းတွင် ဆိုးသွမ်းနေကြမှန်း သိသော်လည်း၊ သူတို့ရွာအပေါ် အခဲမကျေရှိနေမှန်း သိသော်လည်း၊ အကြောင်းဆုံသည့်အခါလောက်တွင်သာ ဒုက္ခပေးလိမ့်မည်ဟု ထင်ထားသည်။ ယခုကဲ့သို့ တကူးတက အကွက်ကောင်းချောင်း၍ ရန်ပြုလိမ့်မည်ဟု မတွက်ဆထားခဲ့ကြ။

ယခုတော့ ဗိုလ်ဗလ၏ လူများသည် ကြိုးကြာရွာ၏ အခြေအနေကို စောင့်လျက် ဘယ်သူသွားသည်။ ဘယ်သူလာသည်ကို ကြည့်ပြီးမှ အန္တရာယ်ပေးခြင်း ဖြစ်သည်။ လှည်းသုံးစီးနှင့် မြင်းသမားငါးယောက် ရွာမှထွက်လာသည်ကို တွေ့ရသောအခါ တိုက်ကွင်းကောင်းကောင်းမှ စောင့်၍ တိုက်ခြင်း ဖြစ်သည်။ ကြိုးကြာရွာသားများသည် အလစ်တွင် ဖြစ်သဖြင့် အလူးအလဲ ခံလိုက်ရသည်။ မြင်းသမားသုံးဦးသာ ထွက်ပြေးလွတ်မြောက်သည်။ လှည်းသုံးစီးမှာ ထင်းဖြစ်ရတော့သည်။ ဤအကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် ရွာမှလူများ လိုက်သွားကြသော်လည်း ဗိုလ်ဗလတို့ အရိပ်အယောင်ကိုမျှ မတွေ့လိုက်ရချေ။

နောက်တစ်ကြိမ်တွင်လည်း မထင်ဘဲနှင့် ခံလိုက်ရခြင်း ဖြစ်သည်။ ကြိုးကြာရွာမှ ဘုန်းကြီးနှစ်ပါးသည် အင်းပေါင်းရွာသို့ ဆွမ်းစားကြွသည်။ ဘုန်းကြီးများကိုတော့ ဘယ်လိုမှ မလုပ်တန်ရာဟု ယူဆကြသည်။ သို့ရာတွင် ဗိုလ်ဗလတို့သည် ဘုန်းကြီးများကိုလည်း ချမ်းသာ မပေးချေ။ လှည်းသုံးစီး မီးရှို့သောနေရာမှာပင် ဘုန်းကြီးနှစ်ပါးကို မြေကြီးထဲတွင် ကိုယ်တစ်ဝက် မြှုပ်ထားခဲ့ကြသည်။ နောက်တစ်နေ့မှာပင် ရွာမှလူများ တွေ့ရှိ၍ ဖော်ယူကြရသည်။

ယခုအခါ ဗိုလ်ဗလတို့လူစုသည် ယခင်ကလို အာပတ်လွတ်ပင် လုပ်မနေကြတော့ချေ။ ညအခါတွင် ရုပ်ဖျက်၍ ဓားပြတိုက်ပြီး၊ နေ့ဘက်တွင်မှ မဆိုင်သူများကို ဖမ်းဆီးခြင်း၊ အခွန်အကောက်များကို မတရား ပိုမိုကောက်ခံခြင်းတို့ လုပ်မနေတော့ဘဲ ပြောင်ပြောင်တင်းတင်းပင် လုယက်ကြသည်။ သတ်ဖြတ်ကြသည်။ သူတို့၏ အပြုအမူကို မကျေနပ်၍ တိုင်စရာ တောစရာလည်း မရှိချေ။ နယ်သူနယ်သားများသည် မိုးကောင်းမြို့သို့ မသွားဝံ့ဘဲ ရှိကြသည်။ တိုင်းကြားရန်အတွက် ဖြစ်စေ၊ အခြားကိုယ်ရေးကိုယ်တာကိစ္စနှင့် ဖြစ်စေ မြို့သို့သွားလျှင် ဗိုလ်ဗလ၏ လူများက မြို့အဝင်မှ စောင့်ဖမ်းသည်။ သူခိုးဓားပြများ၊ သူပုန်များ ဖြစ်သည်ဟု စွပ်စွဲအပြစ်ပေးကြသည်။

နောက်ဆုံးအကြိမ်ဖြစ်သော ဗိုလ်ဗလတို့လူစုနှင့် ကြိုးကြာရွာသားနှစ်ဦး တွေ့ဆုံတိုက်ခိုက်ခြင်းကား ပူပူနွေးနွေးပင် ရှိသေးသည်။

ဤတစ်ကြိမ်တွင်မတော့ ကြိုးကြာရွာသားနှစ်ဦး လွန်သည်ဟု ဆိုရမည်။ အကြောင်းမူ သူတို့ လော်မာခြင်း ဖြစ်သည်။ သို့သော်လည်း သူတို့ မခံရဘဲ ဗိုလ်ဗလတို့လူစု မရှုမလှ ဖြစ်သွားသည်။

ထိုသူနှစ်ဦးကား အခြားသူများ မဟုတ်ကြချေ။ ဦးနောင်ရှမ်းနှင့် ကိုရွှေနီပင် ဖြစ်သည်။ သူတို့နှစ်ဦးသည် လည်ဆံနီကြက်ကြီးနှင့် နှုတ်သီးဖြူကြက်ကြီးများကို ကိုယ်စီပိုက်၍ ကညင်မြိုင်ရွာတွင် ချိန်းပွဲတစ်ခုသွား၍ နွှဲကြခြင်း ဖြစ်သည်။ သူတို့နှစ်ဦး ရွာမှ ထွက်သွားခြင်းကို မည်သူမျှ မသိရှိလိုက်ကြချေ။

MMCYBERMEDIA
COMMUNITY FOR ALL

ဘုရင့်လူများ မွှေနှောက်မှုကြောင့် တစ်နယ်လုံး ပြောင်းဆန်နေသည့် အချိန်တွင် ကိုရွှေနီတို့ လူစုသည် အရက်သောက်မြဲ သောက်နေကြသည်။ ကြက်တိုက်မြဲ တိုက်နေကြသည်။ ရွာစည်းရိုး အထပ်ထပ်ခတ်၍ ကျင်းပြောင့်များ ချထားသော်လည်း သူတို့သည် တစ်ရွာနှင့်တစ်ရွာ အကူးအလူး မပျက်ချေ။ ချိန်းပွဲများ မှန်မှန် ပြုလုပ်လျက် ရှိကြသည်။ ဦးနောင်ရှမ်းနှင့် ကိုရွှေနီသည် ချိန်းပွဲတိုင်းသို့ မပျက်မကွက် ရောက်ရှိနေကြသည်။ သူတို့၏ "ပင်းချိပ်" နှင့် "ဖင်ယော်" သည် ပွဲတိုင်းကျော်များပင် ဖြစ်သည်။

ထိုနေ့ကလည်း သူတို့ မျှော်လင့်ထားသည့်အတိုင်းပင် နှစ်ဦးစလုံး အနိုင်ရရှိကြသည်။ သို့ဖြင့် သူတို့သည် အပေါင်းအသင်းများနှင့် တပျော်တပါး သောက်စားမူးယစ်ပြီးနောက် ကညင်မြိုင်ရွာသို့ ပြန်ခဲ့ကြသည်။ နှစ်ဦးစလုံးပင် အတော် မူးနေကြသည်။ တစ်ယောက်ပုခုံးကို တစ်ယောက်ဖက်၍ ဘာမှ မဖြစ်သကဲ့သို့ သီချင်းတကြော်ကြော်ဖြင့် ပြန်လာကြသည်။

ကြိုးကြာနှင့် ကညင်သည် ငါးမိုင်ခန့် ဝေးသည်။ ကြားတစ်ဝက်လောက်တွင် ချောင်းငယ်တစ်ခု ရှိသည်။ ဗိုလ်ဗလနှင့် လူအစိတ်လောက်သည် ချောင်းငယ်အနီးတွင် စခန်းချလျက် ရှိသည်။

ချောင်းနှင့် မလှမ်းမကမ်းသို့အရောက်တွင် ကြက်သမားနှစ်ဦးသည် သစ်တုံးတစ်ခုပေါ်သို့ ထိုင်ချလိုက်သည်။

"ဟေ့ ငါတို့ ချောင်းကို မရောက်သေးဘူးလား"

ဦးနောင်ရှမ်းက မေးလိုက်သည်။

"ရောက်တော့မယ်လေ"
"ငါ ရေသောက်ချင်တယ်"

ဦးနောင်ရှမ်းက ပြောပြောဆိုဆို ထလိုက်သည်။ ထိုအချိန်တွင် ကြက်နှစ်ကောင်သည် ကြောက်လန့်သည့်အနေဖြင့် ခေါင်းထောင်၍ အော်လိုက်ကြသည်။ ဦးနောင်ရှမ်းသည် နှာခေါင်းရှုံ့ပွလိုက်ပြီး...
"မြွေပွေးဟေ့"

သူက မြေကြီးကို ငုံ့၍ ကြည့်နေသည်။

"ဘယ်က မြွေပွေးလဲ၊ မြင်းခွာရာတွေပဲ"

ကိုရွှေနီက မြင်းခွာရာများကို တံတွေးဖြင့် ထွေးလိုက်ရင်း ပြောသည်။

"ဘသားချောက ဒီမှာကိုး"

MMCYBERMEDIA
COMMUNITY FOR ALL

ဦးနောင်ရှမ်းက ကိုရွှေနီထိုင်နေသော သစ်တုံးအောက်ကို လက်ညှိုးထိုးပြရင်း ပြောသည်။ တကယ်ပင် ဖြစ်သည်။ မြွေပွေးတစ်ကောင်သည် သူ့ဖနောင့်နှစ်ခုကြားတွင် ကရွတ်လို ခွေနေသည်။ ကိုရွှေနီက အလန့်တကြား ထ၍ ခုန်လိုက်သည်။

"မြွေများ ကြောက်စရာလိုက်လို့ကွယ်။ ဟောဒီမှာ ကြည့်နော်"

ဦးနောင်ရှမ်းက မြွေပွေး၏ ခေါင်းကို အသာအယာ သုံးချက်ပုတ်လိုက်ပြီးနောက် အခွေလိုက် မ ယူလိုက်သည်။ ခါးပိုက်ထဲသို့ ထည့်လိုက်သည်။

"မြွေပွေးကို ခါးပိုက် ပိုက်တယ်ဆိုတာ ဒါပဲကွယ့်"

အဘိုးကြီးက ခါးပိုက်ကို ပုတ်လိုက်သည်။ တချွင်ချွင် မြည်သည်။ အနိုင်ရရှိလာသော ဒေါင်းဒင်္ဂါးများ ဖြစ်သည်။ ကိုရွှေနီသည် ရုတ်တရက် မြွေကို ကြောက်သော်လည်း ဦးနောင်ရှမ်း၏ အစွမ်းကို သတိရမိသောအခါ ကြောက်စိတ် ပြယ်သွားသည်။

"မြွေက ကိစ္စမရှိပေမယ့် ဟောဒီ မြင်းခွာရာကတော့ကိစ္စရှိတယ်နော"

သူက အသံသြ အသံလေးဖြင့် ပြောလိုက်သည်။
"မြင်းခွာရာက အစွယ် ပါလို့လားကွယ့်"
"မြင်းရှင်က အစွယ်ပါတယ်"
"ဘယ်သူမို့လဲကွယ့်"
"ဗလ"

ဗလ ဟူသော အသံကို ကြားလိုက်သောအခါ ဦးနောင်ရှမ်းသည် မသိမသာ တုန်သွားသည်။

"သူတို့ ဒီအနားမှာ ရှိသေးသလားကွယ့်"
"ရှိတယ်"
"အဟုတ်လားကွယ့်"
"ခွာရာတွေက လတ်လတ်ဆတ်ဆတ် ရှိသေးတယ်"
"တွေ့ရင်လည်း ကောင်းတာပ။ တို့များအကြောင်း သိသွားမှာပ"

ဦးနောင်ရှမ်းက ကြုံးဝါးလိုက်သည်။ ကိုရွှေနီက အမူးအတော် ပြေသွားသည်။ ဓားလွယ် ပါ မပါကို စစ်ဆေးကြည့်သည်။

ထိုစဉ်မှာပင် သူတို့ ဘေးပတ်လည်မှ ချုံများ လှုပ်လာသည်။ အသံမြည်လာသည်။ မကြာမီ လက်နက်နှင့် လူများ ထွက်လာသည်။

"မောင်ကုလားရဲ့ တူပါလားကွယ့်"

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့၏ ကျောဘက်မှ အောင်မြင်သော အသံကြီး ထွက်ပေါ်လာသဖြင့် နစ်ယောက်စလုံး ပြိုင်တူ လှည့်ကြည့်လိုက်သည်။ ဗိုလ်ဗလသည် မထီတရီ မျက်နှာနှင့် ရှိသည်။

"ဇာတ်သမားတွေ အောက်မေ့တယ်။ ကြက်သမားတွေ ပါလားကွယ့်။ တို့များတော့ တေးသံကြားလို့ ပွဲကြည့်ရအောင် လာကြတယ်။ ခုတော့ ကြက်သားဟင်း စားကြရဦးမှာပေါ့ကွယ်"

ဗိုလ်ဗလက မိုးထစ်ချုန်းသကဲ့သို့ ရယ်လိုက်သည်။ သူ့မျက်လုံးများသည် ရက်စက်ကြမ်းကြုတ်လှသည်။ ကိုရွှေနီက ဓားကို ဆွဲချွတ်လိုက်သည်။ လုံသွားများ သူ့ဘေးသို့ ရောက်လာသည်။ ပြောင်းတံများ သူ့မျက်လုံးအောက် ရောက်လာသည်။ ဓားများ သူ့ခေါင်းပေါ်သို့ မိုးလာသည်။

"တယ်ဟုတ်တဲ့ ညီအစ်ကို ပါလားကွယ့်။ မနေ့ကလည်း ညီက တို့များကို သေနတ်နဲ့ ချိန်တယ်။ အခုလည်း အစ်ကိုက ဓားနဲ့ ရွယ်တယ်။ နို့ပေမယ့် ဗိုလ်ဗလကို နယ်နယ်နဲ့ ဘယ်ရမလဲကွယ်"

ကိုရွှေနီကမူ နှုတ်ခမ်းနစ်ခုကို တင်းတင်းဖိ၍ အရိပ်အခြည်ကို ကြည့်နေသည်။ ဤလူစုကို မည်သို့ ဖောက်ထွက်ရမည်နည်းဟု အကွက်ကြည့်နေသည်။ လက်တစ်ဖက်က ကြက်ကိုပိုက်၍ ကျန်တစ်ဖက်က ဓားကို တင်းတင်းဆုပ်ထားသည်။ သူ့ကို ချိန်ရွယ်အုပ်မိုးထားသော ဓား၊ လုံ၊ သေနတ်များသည် ဗိုလ်ဗလ၏ အမိန့်ကို စောင့်နေသည်။

ဗိုလ်ဗလက သူ့ဓားကို ထုတ်လိုက်သည်။ ထို့နောက် ဓားဦးဖြင့် ဦးနောင်ရှမ်း၏ ခါးပိုက်ကို ခတ်လိုက်သည်။ ဒင်္ဂါးများကို ထိ၍ ချွင်ခနဲ မြည်သွားသည်။

"ကြေးကောင်းမိလာတယ်နဲ့ တူတယ်။ ဘယ်နစ်ပြားလဲ သိရအောင် ထုတ်လိုက်စမ်း အဘိုးကြီး"

ဦးနောက်ရှမ်းက ကိုရွှေနီကို အဓိပ္ပာယ်နှင့် တစ်ချက်ကြည့်လိုက်ပြီးနောက် ခါးပိုက်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ကို ပြန်ထုတ်လိုက်သောအခါ မြွေပွေးသည် လွန့်၍ ပါလာသည်။ ဗိုလ်ဗလတို့ လူသိုက်သည် မြွေတစ်ကောင်ကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ကြရသဖြင့် မင်သက်မိသွားကြသည်။ နောက်သို့ လန်သွားကြသည်။ အချို့ နစ်လှမ်းသုံးလှမ်းဆုတ်ပြီး ဖြစ်သည်။ ထိုစဉ်မှာပင် ဦးနောင်ရှမ်းက ဝမ်းပိုက်တစ်ခုလုံး အမည်းကွက်ကြီးများရှိသော မြွေကြီးကို ဗိုလ်ဗလရှိရာသို့ ဆတ်ခနဲ ပစ်လိုက်သည်။

ဘုရင့်လူများ အားလုံး အလန့်တကြား ဟစ်အော်လိုက်ကြသည်။ အချို့က ထွက်ပြေးသည်။ ဗိုလ်ဗလသည် သွက်လက်ဖျတ်လတ်လှသည်။ အချိန်မီ လွတ်အောင် ရှောင်တိမ်းလိုက်သည်။ ခေါင်းတုတ်တုတ်နှင့် မြွေသည် သူ့နောက်မှ လူတစ်ယောက်ပေါ်သို့ ရောက်သွားသည်။ ထိုသူသည် ဗိုင်းခနဲ ပစ်လဲသွားသည်။ မြွေပေါက်ခံရ၍လော၊ အကြောက်လွန်၍လော မပြောတတ်ချေ။

အခွင့်ကောင်းကို စောင့်နေသော ကိုရွှေနီသည် ရန်သူများ ရုတ်ရုတ်သဲသဲ ရှိသွားသည်နှင့် တစ်ပြိုင်နက် ဗိုလ်ဗလတို့ထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။ ဗိုလ်ဗလသည် လျင်သူတစ်ဦး

ဖြစ်သဖြင့်သာ အသက်ပျောက်မသွားခြင်း ဖြစ်သည်။ ပထမတွင် ကိုရွှေနီက ဖိ၍ တိုက်သည်။ နောက်တွင် တစ်ဖက်မှ အခုအခံ ပြင်းလာသည်၌ လက်တစ်ဖက်က ကြက်ကို မလွှတ်လိုသဖြင့် ဗိုလ်ဇလကို လွှတ်လိုက်သည်။ ဗိုလ်ဇလသည် ဓားဖျား နှစ်ချက် သုံးချက် မိထားသဖြင့် ကိုရွှေနီ အတိုက်ရပ်သည်နှင့် တစ်ပြိုင်နက် လွတ်ရာသို့ ဆုတ်သွားသည်။ ကိုရွှေနီသည် စမ်းချောင်းဘက်သို့ ဖောက်ထွက်သည်။ မြင်းဟီသံများ ကြားရာသို့ ဖြစ်သည်။ သူ့ဓားချက်ဖြင့် စိတ်ဓာတ်ချောက်ချားနေသော ရန်သူသုံးယောက် အတုံးအရုံး ဖြစ်သွားသည်။ ဦးနောင်ရှမ်းက သူ့နောက်မှ တစ်ပါတည်း ပါလာသည်။ အဘိုးကြီးလက်ချက်ဖြင့် လူနှစ်ယောက် ကိစ္စတုံးသွားသည်။ သို့ရာတွင် ခပ်ဝေးဝေးမှ လွှတ်လိုက်သော လှံတစ်ချောင်းသည် သူ့ဆီသို့ တည့်တည့်ကြီး ဝင်လာသည်။ သူ့ရင်ဘတ်ကို မထိသော်လည်း "ပင်ချိုပ်" ကြီးကို ထုတ်ချင်း ခတ်သွားသည်။ သို့ဖြင့် မြင်းနှစ်စီးဖြင့် သူတို့ လွတ်ထွက်လာသောအခါတွင် ပင်ချိုပ်ကြီးသည် လှံတန်းလန်းဖြင့် နောက်တွင် ကျန်ရစ်ခဲ့သည်။

သူတို့လက်ချက်ကြောင့် ဗိုလ်ဇလလူငါးဦး ကျဆုံးသော်လည်း ဦးနောင်ရှမ်းမှာ ဝမ်းမသာနိုင်ဘဲ ပင်းချိုပ်ကြီးအတွက် စိတ်မကြည်မသာ ရှိရတော့သည်။ သို့ကြောင့်ပင် ဗိုလ်ဇလတို့ကို နှိမ်နင်းရန် ရွာပေါင်းစုံ အစည်းအဝေး ပြုလုပ်မည်ဟူသော သတင်းကို ကြားရသောအခါ ဦးနောင်ရှမ်းသည် ထထကြွကြွ ရှိနေတော့သည်။

ကိုရွှေနီကမူ ရွာပေါင်းစုံ ညီလာခံနှင့် စပ်လျဉ်း၍ မည်သို့မျှ ဝေဖန်ပြောဆိုခြင်း မပြုပါချေ။

## အခန်း -၁၇-

အစည်းအဝေးပြုလုပ်မည့် နံနက်တွင် မောင်ရွှေဝါသည် မထုံးရီတို့အိမ်သို့ ရောက်ရှိသွားသည်။ ကိုရွှေနီကို သွားရောက်ရှာဖွေခြင်းဖြစ်သည်။

ဤအိမ်သို့ သူ မရောက်သည်မှာ အတော်ကြာသွားပြီ ဖြစ်သည်။ တောင်လေးလုံးမှ ပြန်ရောက်လာသည့် နောက်ပိုင်းတွင် တစ်ခါမျှမရောက်သေးချေ။ ယခင်က သူသည် ဤအိမ်တွင် ဥဒဟို ဝင်ထွက်ခဲ့သည်။ စားအိမ်သောက်အိမ် ဖြစ်သည်။ ယခုကဲ့သို့ အသွားအလာ ပြတ်သွားခြင်း အကြောင်းအရင်းကို မောင်ရွှေဝါက မည်သို့မျှ ရှာဖွေမရဘဲ ရှိနေသည်။ သူသိသည်မှာ တစ်ခုပဲရှိသည်။ မထုံးရီနှင့်တွေ့ရန် သူ ဝန်လေးနေသည်။ မထုံးရီအကြောင်းကို စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မနင်းမြူနှင့် ကိုရွှေနီတို့က အတင်းဝင်ရောက်လာပြန်သည်။

ယခုတော့ သူသည် ကိုရွှေနီနှင့် တွေ့မှဖြစ်မည်ဟု တစ်ယောက်တည်း ဆုံးဖြတ်ပြီး ဤအိမ်သို့ လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူ့ခြေလှမ်းများသည် အိမ်နှင့် နီးလာသည်နှင့်အမျှ နေးကွေး လာသည်။ ခြံဝသို့ ရောက်သောအခါ သူ့ခြေလှမ်းများ အလိုလိုရပ်သွားသည်။

"လှည့်ပြန်ရကောင်းမည်လား"

MMCYBERMEDIA
COMMUNITY FOR ALL

ဟု စိတ်ကူးမိသည်။ ကျော်ဖြတ်လျှောက်သွားမည်ဟုလည်း အောက်မေ့မိသည်။ တစ်ချိန်တည်းမှာပင် ရွက်လှပင်ကြီးများဖြင့် ဖြစ်ပေါ်နေသော ခြံစည်းရိုးက သူ့ကို ဆွဲငင်နေသည်။ ညိုးဝါစ ပြနေသော မြက်တောလမ်းသည် သူ့အဖို့ သဲဖြူခင်းထားသကဲ့သို့ ရှိသည်။ ခြံလမ်း၏ အရှေ့ဘက်၊ အနောက်ဘက်မှ ငွေပန်းများသည် ရာဇမတ်ကာထားသကဲ့သို့ ရှိသည်။

သူက ယင်းသို့ နှောင့်နှေးတုံ့ဆိုင်းနေစဉ် ခြံဝင်းအတွင်းမှ ပြေးထွက်လာသော ခြေသံများကို ကြားရသည်။ သူက မည်သူနည်းဟု ကြည့်လိုက်စဉ်မှာပင် ခြေသံရှင်သည် သူ့အနီးသို့ ရောက်ရှိလာသည်။ သူ့ကို ဝင်တိုက်တော့မည်ရှိ၍ လက်နှစ်ဖက်ဖြင့် ဆီး၍ ဖက်ထားလိုက်သည်။

သူ့လက်တွင်းသို့ အရှိန်လွန်၍ ရောက်လာသူမှာ ငါးနှစ်အရွယ် သူငယ်ကလေးတစ်ဦးဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲကွယ်၊ အမေရိုက်လို့ ပြေးလာတာလား"

သူငယ်ကလေးက အဖြေမပေးဘဲ သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။ သို့ရာတွင် ဆက်၍မပြေးဘဲ သူ့ကို မော်ကြည့်နေသည်။

"တို့များ မေးတာကို ဖြေပါဦး... မောင်မျိုးရဲ့"
"အမေ ရိုက်တာများ၊ ကျုပ်က ထွက်ပြေးရမှာလား"

သူငယ်က ရဲရင့်စွာ ပြန်ပြောသည်။ မောင်ရွှေဝါက ပြုံးလိုက်သည်။

"ကဲကွယ်... ဒါတွေက အရေးမကြီးပါဘူး၊ အိမ်မှာ မင့်အဘိုး ရှိသလား"
"မရှိဘူး"
"မင့်အမေကော..."
"ရှိတယ်"
"တို့အစ်ကိုများ ဒီကနေ့ လာသလား"

မောင်မျိုးကမူ သူ့ကို ဆက်ခနဲ မော့ကြည့်လိုက်သည်။ ထို့နောက် ဘာမှမပြောဘဲ ပြေးထွက်သွားသည်။ မောင်ရွှေဝါသည် ဒေါသဖြစ်၍ ကျန်ခဲ့သည်။

အမှန်တော့ သူသည် မောင်မျိုးကို စိတ်ဆိုးရန် နည်းနည်းမျှ အကြောင်းမရှိချေ။ မောင်မျိုး၏ အလေ့သည် ဤအတိုင်းပဲ ဖြစ်သည်။ ဘအိုနှင့် အမေက လူတကာနှင့် ဖော်ရွေစွာ ဆက်ဆံတတ်ကြသည်။ စကားအပြောအဆို လိမ္မာကြသည်။ ဤသူငယ်ကျတော့ လူကြီးများနှင့် ဇီလာဖြစ်သည်။ အပေါင်းအသင်း နည်းသည်။ ခေါ်ပေမယ့် ထူးချင်မှ ထူးသည်။ မေးပေမယ့် ပြောချင်မှ ပြောသည်။ တစ်ယောက်တည်း သွားလာနေထိုင်တတ်သည်။ ကောင်းကင်ကို ငေးကြည့်နေတတ်သည်။ မြေပြင်ကို စိုက်ကြည့်နေတတ်သည်။ တစ်ခါတုန်းက အချိန်နှင့် ပြန်မရောက်၍ သူ့ကို တစ်ရွာလုံး လိုက်ရှာရသည်။ မီးတုတ်များနှင့် တစ်ညလုံးရှာကြရသည်။ မနက်မိုးလင်းခါနီးမှ ကြိုးကြာတောင်၏ အနောက်

MMCYBERMEDIA
COMMUNITY FOR ALL

ကျွန်းတောကြီးထဲတွင် အိပ်မောကျနေသော သူ့ကို တွေ့ရသည်။ သူက မိုးနှင့်မြေကြီး တွေ့ရာသို့ သွားရန် ဤသို့ ထွက်လာခြင်းဟု ဆိုသည်။

မောင်မျိုးသည် တစ်ခါခါတွင် သူ့ကို ခင်မင်ဟန်ရှိသည်။ မြင်းစီးသင်ပေးရန် ပြောသည်။ ဓားတစ်ချောင်း ဝယ်ပေးရန်ပြောသည်။ နောက်တစ်ဖန် သူနှင့် တွေ့သောအခါ မထုံတက်သေး ရှိပြန်သည်။ ယင်းကြောင့် သူက မောင်မျိုးကို စိတ်ဆိုးရန်အကြောင်း နည်းနည်းမျှ မရှိချေ။ ဤသူငယ်၏ အပေါက်သည် ဤအတိုင်းပင် ဖြစ်သည်။ သူ့အမေနှင့်လည်း နည်းနည်းမျှ မတူချေ။

သူ့အဖေသည် ဤရွာသားတစ်ယောက် မဟုတ်ချေ။ ကြိုးကြာရွာနှင့် ခရီးတစ်သောင်းခန့်ဝေးသော နမ့်ပတီးမှ ဖြစ်သည်။ ယင်းကြောင့်ပင် ရွာမှလူများသည် သူ့ကို အမည်ရင်းမခေါ်ဘဲ နမ့်ပတီးဟု ခေါ်သည်။ မထုံးရီနှင့် နမ့်ပတီးတို့သည် အင်းတော်ကြီးအလယ်မှ ရွှေမဥ္ဇူဘုရားပွဲတွင် တွေ့ဆုံချစ်ကြိုက်ခဲ့ကြခြင်းဖြစ် သည်။

မထုံးရီသည် ရွှေမဥ္ဇူဘုရားပွဲကို နှစ်စဉ် မပျက်မကွက် သွားရောက်တတ်သည်။ ရွာကိုရောက်သည့် နှစ်မှစ၍ ယမန် မနှစ်ကအထိ ဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ်မျှ ဆက်တိုက်သွားရောက်ခဲ့ခြင်း ဖြစ်သည်။ သူမသည် ကြိုးကြာရွာသို့ ဆယ်နှစ်သမီးအရွယ်တွင် ဖခင်နှင့်အတူ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့ဖြင့် သူမသည် တစ်နှစ်တစ်ကြိမ် ဘုရားပွဲသွားရင်းနှင့်ပင် အသက် သုံးဆယ်အတွင်းသို့ ချဉ်းလာပြီဖြစ်သည်။ အိမ်ထောင် နှစ်ဆက်ရှိ၍ ကလေးတစ်ယောက်ရခဲ့ပြီဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် မောင်မျိုး၏မိခင်နှင့် ဖခင်သည် ကြိုးကြာရွာသူရွာသားများ မဟုတ် ကြသလို မောင်မျိုး၏ချက်ကြိုးကိုလည်း ကြိုးကြာရွာတွင် မြုပ်ခဲ့သည်မဟုတ်ချေ။ သူသည် အင်းတော်ကြီး သားစစ်စစ်ဖြစ်သည်။ မထုံးရီက သူ့ကို အင်းတော်ကြီးရေစပ်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

မထုံးရီသည် နမ့်ပတီးနှင့် အကြောင်းပါသည့်နှစ်မှာပင် ကိုယ်ဝန်ရှိလေသည်။ သို့ဖြင့် နောက်နှစ် တပေါင်းလွန်ကား သူမသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေတော့သည်။ လစေ့နေ့စေ့ဖြစ်၍ ဤတစ်နှစ်တော့ ဘုရားပွဲသို့ မသွားဘဲနေရန် နမ့်ပတီးက ပြောသည်။ မရချေ။ အပျိုဘဝကတည်းက သွားခဲ့သောပွဲကို အိမ်ထောင်ကျမှ မသွားရဆိုလျှင် ယောကျ်ားနှင့်သာကွဲမည်ဟု ဆိုသည်။ ကာမပိုင်ရှိ၍ မသွားရခြင်းမဟုတ်ဘဲ ကိုယ်ဝန်အရင်အမာကြောင့် မသွားသင့်ကြောင်းကို ဖခင်ဖြစ်သူနှင့် ရွာမှ လူကြီးများက ဖျောင်းဖျပြော ဆိုကြသည်။ မထုံးရီက ခေါင်းမာလှသည်။ သို့ဖြင့် သူမအတွက် လှည်းတစ်စီးသက်သက် လုပ်ပေးရသည်။ ဖြည်းဖြည်း ညင်ညင်မောင်းရသည်။ တကယ်တော့ ပျော်စရာကောင်းသည်က တစ်လှည်းနှင့်တစ်လှည်း အပြိုင်မောင်းပြီး တစ်ဦးနှစ်ဦး နောက်ပြောင်းကြရခြင်းသာ ဖြစ်သည်။ ပထမတော့ မထုံးရီသည် လှည်းကို တဖြည်းဖြည်းမောင်းသည်ကို မကြိုက်။ အမြန်မောင်းခိုင်းသည်။ သို့ရာတွင် အတော်ကလေးကြာတော့ အနေရအထိုင်ရ ခက်လာသည်။ ဗိုက်အောင့်လာသည်။ ရင်ထဲကမောသည်။ သို့ဖြင့် လှည်းကို ဖြည်းဖြည်း ညင်ညင်မောင်းစေပြီး တစ်တောင်ခန့်ထူသော ကောက်ရိုးများပေါ်တခါင် အလိုက်သင့် လဲလျောင်း၍ ပါသွား ရသည်။

သို့ဖြင့် မထုံးရီသည် မောင်မျိုးကို အင်းတော်ကြီးရေစပ်တွင် မွေးခဲ့သည်။ မိုးသီးကြွေ၍ လေပြင်းမုန် တိုင်းကျသောညတွင် မွေးခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်မျိုးတစ်နှစ်သားအရွယ်တွင် သူ့ဖခင်သေဆုံးခဲ့သည်။ လင်ယောကျ်ားသေဆုံး၍ တစ်လအကြာတွင် အင်းတော်ကြီးဘုရားပွဲဖြစ်သဖြင့် မထုံးရီသည် သွားမြဲတိုင်းသွားခဲ့သည်။ မထုံးရီသည် မုဆိုးမအဖြစ်နှင့် တစ်နှစ်နေခဲ့သည်။ ထို့နောက် ရွှေမဥ္ဇူဘုရားပွဲတွင် တွေ့သော ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ပြန်သည်။ ထိုယောကျ်ားနှင့်လည်း ခြောက်လသာ ပေါင်းရသည်။ ဦးနောင်ရှမ်းမွေးထားသော မြွေတစ်ကောင်ကြောင့် မထုံးရီသည် ဒုတိယအကြိမ် မုဆိုးမ ဖြစ်ရပြန်တော့သည်။

သည့်နောက်တွင်ကား မထုံးရီသည် မောင်ရွှေဝါနှင့် ရင်းရင်းနှီးနှီးခဲ့သည်။ သို့ရာတွင် မောင်ရွှေဝါက ဆင်ခြင်ခဲ့၍ ကျူးကျူးလွန်လွန်ကား မဖြစ်ခဲ့ချေ။ ယခုမူ မထုံးရီသည် ကိုရွှေနီနှင့် ပူးပူးကပ်ကပ် ရှိနေပြန်သည်။ သူတို့နှစ်ဦး ဘယ်စခန်းသို့ ဆိုက်နေပြီကိုကား သူတို့နှစ်ဦးသာ သိပေမည်။ သို့ရာတွင် ကိုရွှေနီသည် သူ့လိုမဟုတ်ကြောင်းကိုကား မောင်ရွှေဝါကောင်းကောင်း သိသည်။ သူ့အစ်ကိုသည် လူပေလူတေ တစ်ယောက်ဖြစ်သည်။ ဆယ့်ခြောက်နှစ်သားကတည်းက ရည်းစားရှိခဲ့သူဖြစ်သည်။ ထို့နောက် လင်ရှိ မယားတစ်ဦးနှင့်လည်း မလွတ်မကင်းရှိခဲ့သည်။ သူ့လို အတွေ့အကြုံရှိသူတစ်ဦးသည် မထုံးရီနှင့်တွေ့ သောအခါတွင် ဥပုသ်စောင့်၍ နေမည်မဟုတ်ချေ။

သည်အကြောင်းတွေ စဉ်းစားမိသောအခါ မောင်ရွှေဝါသည် ရင်ထဲတွင် နာကျင်သလိုရှိသည်။ တစ်ခုခု ဆို့နင့်နေသလို ရှိသည်။ ယင်းကြောင့် သူက မထုံးရီထံသို့ မသွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မထုံးရီထံ သွားမည် စိတ်ကူးတိုင်း မနင်းမြူသည် သူ့မျက်လုံးရှေ့သို့ ရောက်လာတတ်သည်။ ယနေ့တွင် သူသည် ကိုရွှေနီကို တွေ့လိုသဖြင့် ဤသို့ထွက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် သူသည် ဤအိမ်၌ ကိုရွှေနီ မရှိကြောင်း မောင်မျိုးပြော၍သိရသောအခါ ဤအိမ်ထဲ၌ အမျိုးသမီးတစ်ယောက် ရှိနေသည်ကို သူ သိထားသည်။ တစ်ခုပဲရှိသည်။ ထိုအမျိုးသမီးသည် ဘာလုပ်နေသည်ကို သူ မခန့်မှန်းတတ်။ အိပ်ပျော်နေမည်လား။ အဝတ်လဲနေမည်လား။

ပထမသော် သူသည် အိမ်ပေါ်သို့ တောက်လျှောက်တက်သွားမည်ဟု စိတ်ကူးသည်။ တကယ့်တကယ်ကျတော့မရဲချေ။ လှေကားရင်းတွင် မတ်တတ်ဖြစ်နေသည်။ အတွင်းသို့ ကြည့်သည်၊ မမြင်ရ၊ အသံနားထောင်သည်၊ မကြားရ။ ခြေဖော့၍ တက်သွားမည် စိတ်ကူးသည်၊ မဖြစ်။

"မထုံးရီ"

သူခေါ်လိုက်သည်။ သူ့အသံသည် တစ်ဝက်လောက်တွင် တိမ်သွားသည်။ တစ်စက်မျှမထူး။ မကြား၍ ထင်သည်။ သူ နောက်တစ်ခွန်း ထပ်ခေါ်သည်။ စောစောကထက်ကျယ်သည်။ သို့သော် တုန်နေသည်။

"ဘယ်သူလဲ"
"ကျွန်တော်ပါ"
"မောင်လေး ရွှေဝါလား"
"ဟုတ်ကဲ့ အစ်ကိုရွှေနီရှိသလား"

MMCYBERMEDIA
COMMUNITY FOR ALL

သူကမေးမိမေးရာမေးလိုက်သည်။

"အေ၊ ဒါ သူ့အိမ်မှမဟုတ်ဘဲ"
"အလည်လာသလားမေးတာပါ"

အမျိုးသမီးက ဘာမှ ပြန်မပြောတော့။ သူက ဘာလုပ်ရမှန်းမသိ ရှိနေသည်။

"ကျွန်တော် ပြန်တော့မယ်"
"အိမ်ပေါ်ကို တက်ပါဦးလာနော"
"မထုံးရီ ဘာလုပ်နေသလဲ"
"အဝတ်ရှာနေတယ်"
"ဘာလုပ်မလို့လဲ"
"ဝတ်မလို့"
"ကျွန်တော်လာမလို့"
"လာချင်လာပ"

သူက အိမ်ပေါ်သို့ ရုတ်တရက် မတက်သေးဘဲ ရှိသည်။ အမျိုးသမီးကို အဝတ်ဝတ်ရန် အချိန်ပေးခြင်း ဖြစ်သည်။ နောက်မှ မရဲတရဲ တက်သွားသည်။ အိမ်ပေါ်သို့ သူရောက်သောအချိန်တွင် အမျိုးသမီး သည် အိပ်ခန်းမှ ထွက်လာသည်။

အမျိုးသမီးတွင် အဝတ်အစား အပြည့်နှင့်ဖြစ်သည်။ အင်္ကျီသည် အပြာနု၊ ထမီသည် အပြာရင့်၊ ခါး စည်းသည် ပိုးအနီ၊ ဆံပင်သည် အမြင့်ထုံး။

"မမထုံးရီ ဘယ်ကို သွားမလို့လဲ"
"တခြားရွာတွေ ကနေ့ လာကြမယ်မဟုတ်လား။ တို့များ ဧည့်ဝတ်ပြုရမယ်လေ"

သည်တော့မှ သူ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

"ဆရာကြီးကော"

ရွာမှ လူများသည် ဦးနောင်ရှမ်းကို ဆရာကြီးဟု ခေါ်ကြသည်။

"ကျောင်းကို သွားပြီလေ"

ရွာပေါင်းစုံအစည်းအဝေးသည် ဘုန်းကြီးကျောင်းတွင် ပြုလုပ်မည်ဖြစ်သည်။

"မောင်မျိုးကို ခြံဝမှာ တွေ့လိုက်တယ်"
"သူလည်းကျောင်းကိုပြေးတာပဲ။ နေဦးဆိုတာ မရဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းအခိုက်တွင် ကောင်းကင်မှ သာယာသောအသံများကြားရသည်။ နှစ်ယောက်စလုံး နောက်ဖေးဘက်ကို ပြေးသွားသည်။ ရေစပ်တွင် ရပ်၍ ကောင်းကင်သို့ မော့ကြည့်သည်။ လေးကိုင်းသဏ္ဍာန် နှစ် ဆင့်ပြု၍ ပျံသန်းသွားကြသော ကြိုးကြာဖြူဖြူများ ဖြစ်ကြသည်။

"ကြိုးကြာတွေတောင် ဘုရားဖူးလာကုန်ကြပြီ"

အမျိုးသမီးက ခပ်တိုးတိုးတပြောရင်း သူ့ပခုံးပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်သည်။ သူမ၏ ရင်တစ်ခြမ်းသည် သူ၏ ကျောတစ်ပိုင်းကို ဖိကပ်လာသည်။ သူမ၏ အသားသည်နုသည်။ အိသည်။ ပူနွေးသည်။

"နို့ပေမယ့် အင်းဘုရားပွဲက ဖြစ်မှ ဖြစ်ပါ့မလားနော"

လည်ပြန်လှည့်လာသော မောင်ရွှေဝါ၏ မျက်နှာကို သူမက ပြုံးစေ့စေ့ကြည့်ရင်းမေးသည်။

"ဒီနှစ်တော့ ဘုရားပွဲဖြစ်ချင်မှ ဖြစ်မှာပဲ။ အခုအတိုင်းသာဆိုရင်တော့ ဘုရားပွဲဖြစ်လည်း ဘယ်သူ သွားမလဲ"

သူက အသက်ရှုမှန်အောင် ကြိုးစားရင်း လေမပြတ်အောင် သတိထား၍ အဖြေပေးသည်။

"ဘုရားပွဲဖြစ်ရင် တို့များတော့ သွားမှာပဲ"

သူက ကိုယ်ကို ရုတ်တရက် လှည့်လိုက်သည်။ သူမနှင့် မျက်နှာချင်းဆိုင်မိသည်။ အမျိုးသမီးက ရင်ကိုကော့၍ လည်ကိုမော့လိုက်သည်။

မောင်ရွှေဝါသည် သူမကို ရုတ်တရက် ဖက်လိုက်တော့မည် ရှိပြီးမှ စိတ်ကို ချုပ်တည်းမိကာ...
"ကျွန်တော် ပြန်မယ်"

## အခန်း -၁၈-

တစ်ရွာလျှင် နှစ်ယောက်စ သုံးယောက်စ လာကြသည်။ ကြီးသောရွာများမှ လေးငါးယောက်စလာ သည်။ အချို့က မြင်းဖြင့်လာကြသည်။ အချို့က လှည်းဖြင့်လာကြသည်။ သို့ဖြင့် ထိုနေ့နံနက်သည် မြင်းခွာသံများ၊ လှည်းသံများ၊ လူသံများဖြင့် ညံနေသည်။

ကြိုးကြာရွာမှ ကလေးသူငယ်များသည် ရွာတံခါးများတွင် စုပြုံ၍နေကြသည်။ ရွာစည်းရိုး အနီးရှိသစ်ပင် များပေါ်သို့တက်၍ အကျအနထိုင်နေကြသည်။ ခြောက်နှမ်းစ၊ မှုန်ရီစပြုနေပြီဖြစ်သော လယ်ကွင်းများကို မျှော်ကြည့်ကြသည်။ မိုးကုပ်စက်ဝိုင်းတစ်နေရာမှ ဖုန်လုံးများတက်လာသည်ကို

MMCYBERMEDIA COMMUNITY FOR ALL

မြင်ရသည်နှင့် တစ်ပြိုင်နက် လက်ခုပ်လက်ဝါးတီးကြသည်။ မကြာမီမှာပင် ဖုန်လုံးများအကြား၌ မြင်းများဒုန်းစိုင်းလာသည်ကို မြင်ရသည်။ အနီက သူ့မြင်း၊ အနက်က ငါ့မြင်းဟု သတ်မှတ်ပြီး အနိုင်အရှုံးလောင်းကစားကြသည်။ အော်ဟစ်အားပေးကြ သည်။ တစ်ခါတစ်ရံတွင် ဖုန်လုံးများအတွင်းမှ မြင်းများထွက်မလာဘဲ လှည်းတစ်စီးသာ ထွက်လာတက်သည်။ သို့ရာတွင် ခဏအကြာ၌ တခြားတစ်နေရာမှ လှည်းတစ်စီး ထွက်ပေါ်လာသည်။ ဤတွင်လှည်းနှစ်စီးသည် အပြိုင် မောင်းကြတော့သည်။ လှည်းများသည် တစ်ချီတစ်ချီတွင် ချိုင့်ဝှမ်းထဲသို့ မြုပ်ဝင်သွားပြီး တစ်ကြိမ် တစ်ကြိမ်တွင် ကုန်းမြင့်ပေါ်သို့ပျံတက်လာရာ မိုးပေါ်သို့ စူးဝင်သွားတော့မည်လား အောက်မေ့ရသည်။ ကလေး များ၏သြဘာသံသည် ဘဝင်ညံတော့၏။

"နွားညိုသံရောင်တုတ်မဆောင်ဟေ့"
"ဇော်နီကွမ်းသွေး သေအောင်ပြေးဟေ့"
"နွားဝါဖွဲ့နု သေအောင်ထုကွ"

ဤသို့ဖြင့် ရွာပေါင်းနှစ်ဆယ်ကျော်မှ ဦးစီးခေါင်းဆောင်များသည် အစည်းအဝေးတက်ရန် ရောက်ရှိလာ ကြသည်။

အချို့သည် အသိအကျွမ်းအိမ်တွင် စတည်းချသည်။ အချို့က ဘုန်းကြီးကျောင်းသို့ တစ်ခါတည်းသွားသည်။ ကြိုးကြာတစ်ရွာလုံးသည် ယောက်ယက်ခတ်လျက် ရှိသည်။ ဦးရာကျော်နှင့် ရွာသူရွာသားများသည် ပြင်ဆင်ရေးနှင့် ဧည့်ခံရေးအတွက် လက်မလည်အောင် ရှိနေကြသည်။ ဘုန်းကြီးပျံတစ်ခု၊ အလှူတစ်ခုကို ကမကထပြုကြရသည်ထက် ပိုမိုပင်ပန်းကြသည်။ လှည်းဖြင့်တစ်ဖုံ၊ မြင်းများဖြင့်တစ်နည်း ရောက်ရှိလာကြသူ များသည် ကျေးရွာကိုယ်စားလှယ်များ အမှန်တကယ်ဟုတ်၊ မဟုတ်စိစစ်ကြရသည်။ ဗိုလ်ဗလ၏ အတွင်းလူများ မဖြစ်ရန် သတိပြုလုပ်ချိန်တွင် ဘုရင့်လူများ စီးနင်းတိုက်ခိုက်ခြင်း မပြုနိုင်စေရန် ကင်းတို၊ ကင်းရှည်ထားရသည်။ ရွာတံခါးနားတွင် အစောင့်များ အလုံအလောက် ချထားရသည်။

တဖွဲဖွဲရောက်ရှိလာကြသော ကျေးရွာကိုယ်စားလှယ်များအတွက် နေရာထိုင်ချင်း စီစဉ်ရသည်။ သူတို့အတွက် ထမင်းစသည်၊ လက်ဖက်ရည်စသည်၊ ဆေးကွမ်းစသည် ဝတ်ပြုရသည်။ သူတို့၏မြင်းများ၊ နွားများကို အစာကျွေးရသည်။ ရေတိုက်ရသည်။

ဤသို့ဖြင့် တိုင်းပျက်ပြည်ပျက်ကာလတွင် လူကြီးများက ကိုယ့်ရပ်ကိုယ့်နယ် လုံခြုံရေးအတွက် စည်းလုံးတိုင်ပင်ရန် ရှိနေသည်။ ကလေးငယ်များက ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်သိမြင်ခြင်းမရှိဘဲ ပျော်ရွှင်မြူးထူးနေကြသည်။ ဤအချိန်တွင် မစားနိုင် မအိပ်နိုင် ဖြစ်နေကြသူများလည်း ရှိသည်။

သက်ကြီးရွယ်ကြီးအချို့သည် မိမိတို့၏ သားသမီးမြေးမြစ်များအတွက် ပူပန်နေကြသည်။ အမျိုးသမီး အချို့သည် မိမိတို့၏လင်သားများ၊ ရည်းစားများ၊ မိဘမောင်ဘွားများအတွက် ပူပန်သောက ရောက်နေကြသည်။ ကောလာဟလ သတင်းများသည် အမျိုးမျိုးဖြစ်နေသည်။ မိမိတို့နယ်မှ လူများသည် ယနေ့၊ မနက်ဖြန်ပင် စစ်ထွက်ကြရတော့မည်ဟု ပြောဆိုငိုယိုနေကြသည်။ ဘုရင်ကိုယ်တိုင်စစ်သည်

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်ပါအများနှင့် မိမိတို့နယ်ကို မီးလောင်တိုက်သွင်းလိမ့်မည်ဟု ယူဆပြီး ပူပန်နေကြသူများလည်းရှိသည်။ အချို့ကမူ အရှေ့ဘက်မှတရုတ် တပ်များချီတက်လာနေပြီဟု ဆိုသည်။ ဝေသာလီမှ မြင်းတပ်များသည် မြောက်အရပ်တွင် တပ်ကြီးချနေသည်ဟု ပြောပြသည်။ အနောက်ဘက်တစ်ရိုးတွင် ဘုရင့် စစ်သည်တော်များနှင့် မိန်းမသူပုန်များ တိုက်ခိုက်နေသည်ဟုလည်း သတင်းဖြစ်နေသည်။ ရွှေမြို့တော်ကို ကုလားဖြူများက သိမ်းပိုက်သွားပြီဟုလည်းဆိုကြသည်။

သို့ဖြင့် စားနပ်ရိက္ခာစုသူ စုကြသည်။ အထုပ်အပိုးပြင်သူ ပြင်ကြသည်။ ရွှေငွေများကိုမြေတွင် မြှုပ်သူမြှုပ် ကြသည်။ ယင်းသို့တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်နေသည့်အချိန်တွင် ရွာမှ ငွေကြေးရှိသူအချို့သည် မိုးကောင်းသို့ ပြောင်းသွားကြသည်။ ပထမတော့ ရွာမှထွက်သွားသူများကို ဦးရာကျော်တို့က တားမည်ဟုစိတ် ကူးသေးသည်။ နောက်မှ ဤလူများတွင် အင်းပေါင်ခံသူများ ဖြစ်ကြသည်။ အမြတ် အဆမတန်စား၍ ကုန်စည် ရောင်းဝယ်စားနေသူများ ဖြစ်သည်။ အစည်းအဝေးသည် နေမွန်းတည့်အချိန်တွင် အစပြုမည်ဖြစ်သည်။

ဤအစည်းအဝေးအလို့ငှာ ဘုန်းကြီးကျောင်းဝိုင်းအတွင်းတွင် သစ်ခက်ရုံကြီးတစ်ရုံ ထိုးထားသည်။ ဝါးကြောဖျာများ ခင်းထားသည်။ ဝါးပိုးတိုင်များတွင် တောင်ငှက်ပျောပင်များ ပူးကပ် စည်းနှောင်ထားသည်။ အချို့ သောအမိုးအခက်များတွင် ပန်းပွင့်ပန်းနွယ်များ ရှိသည်။ နေမွန်းတည့်အချိန်သို့ နီးကပ်လာသည်နှင့်အမျှ သစ်ခက်ရုံထဲတွင် လူများပြည့်လာသည်။ အချို့က ပဝါပေါင်းထားသည်။ ရှမ်းနှင့်မြန်မာများ ရောပြွမ်းနေသည်။ ကချင်လေးငါးဦးပါသည်။ စစ်ရိပ်သန်းနေသည့်ကာလ ဖြစ်သဖြင့် သူတို့သည် ကိုယ်နှင့်လက်နက်မကွာ ရှိကြသည်။

အစည်းအဝေးအစမပြုသေးသဖြင့် ကိုယ့်အစုနှင့်ကိုယ် စကားပြောနေကြသည်။ များသောအားဖြင့် လုပ်ရေးကိုင်ရေးကျပ်တည်းလာပုံ၊ အခွန်အကောက်ကြီးမြင့်လာပုံ၊ မင်း၏လူများက မတရားခေါ်ယူခိုင်းစေပုံ၊ ဗိုလ်ဗလတို့လူစုကနိုပ်စက်ညှင်းပန်းပုံ၊ ရွှေမြို့တော်မှရောက်လာသော တပ်များက ထင်တိုင်းပြုကျင့်ပုံ၊ မိမိတို့က မည်သို့ တွန်းလှန်တိုက်ခိုက်လိုက်ပုံများကို ပြောဆိုနေကြသည်။ သို့ရာတွင် အချို့လူများသည် နွားအကြောင်း ကြက်အကြောင်း၊ ခေါင်ရေအကြောင်း၊ မိန်းမအကြောင်းများကိုသာ နီးနှောဖလှယ်ခြင်း ပြုနေကြသည်။

ကြိုးကြာရွာသူများက ကွမ်းဆေးလက်ဖက်ရည်များ မပြတ်မလျော့ ရှိစေသည်။ မထုံးရီကို တွေ့မြင်သူတိုင်းက ငေးမော၍ ကြည့်သည်။ အချင်းချင်း လက်တို့သည်။ အဝေအဖန်ပြုသည်။ ဦးနောင်ရှမ်းသည် လားကူးရွာမှလူများနှင့် စကားဖောင်ဖွဲ့နေသည်။ တဝါးဝါးရှိနေကြသည်။ ဦးနောင်ရှမ်းက အရပ်တကာမှမိန်းမများ အကြောင်းကို အဖွဲ့အနွဲ့နှင့် ပြောပြနေခြင်းဖြစ်သည်။

သို့ရာတွင် တွဲဖက်ဖြစ်သူ ကိုရွှေနီကားပျောက်နေသည်။ မောင်ရွှေဝါသည်အစ်ကိုဖြစ်သူကို မနက်ကတည်းက လိုက်လံရှာဖွေခဲ့သည်။ ကိုရွှေနီကို ယနေ့မနက်တွင် တွေ့လိုက်သူတစ်ဦးမျှ မရှိဘဲ ဖြစ်နေသည်။ စဉ်းစားရန်ခက်သည်မှာ သူ့အဖော်သူ့အတွဲများ အကုန်ရှိနေပြီး သူတစ်ယောက်တည်း ပျောက်နေခြင်းဖြစ်သည်။ ယခုအတိုင်းဆိုလျှင် သူ့ကိုနောက်ဆုံးတွေ့လိုက်သူမှာ ဦးနောင်ရှမ်းသာ ဖြစ်စရာရှိသည်။ ယမန်နေ့ ညက သူတို့နှစ်ယောက်သည် ရွာအရှေ့ပိုင်း အိမ်တစ်အိမ်တွင် အရက်အတူသောက်ကြသည်။ ညသန်းခေါင် လောက်၌ ဘုန်းကြီးကျောင်းရှေ့တွင် လူချင်းခွဲကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုစဉ်က ကိုရွှေနီသည် အိမ်ပြန်မည်ဟု ဦးနောင်ရှမ်းကို ပြောပြခဲ့သည်။ သို့ရာတွင် သူသည် အိမ်သို့ပြန်မရောက်ရုံမျှမက ဘယ်သို့မှ မရောက်ဘဲ စုံးစုံးမြုပ်နေသည်။

ဤနယ်တစ်ဝိုက်တွင် ရှိနေသော အရက်သမား၊ ကြက်သမားများကို နိုင်သူမှာ ကိုရွှေနီတစ်ယောက်သာ ဖြစ်သည်။ ယင်းကြောင့် ဦးရာကျော်က ကိုရွှေနီကို တွေ့ချင်နေသည်။ ယခုလိုအချိန်မျိုးတွင် ဤသူများထံမှ အကူအညီမရလျှင်ရှိစေ၊ အနှောက်အယှက် မခံရလျှင် ကောင်းပေသည်။ ဦးရာကျော်ကခိုင်းသဖြင့် မောင်ရွှေဝါသည် အစ်ကိုအားတွေ့နိုင်မည့်နေရာ အားလုံးကို လိုက်လံရှာသည်။ ကိုရွှေနီနှင့် အဆက်အစပ် ရှိသူများအားလုံးကို မေးမြန်းသည်။ နောက်ဆုံးတွင် သူမသွားချင်သော မထုံးရီထံသို့ပင် သွားခဲ့သည်။ သို့ရာတွင် ကိုရွှေနီ၏ အရိပ်အယောင်ကိုမျှ မတွေ့ခဲ့ရချေ။

ဦးရာကျော်က မောင်ရွှေဝါကို တာဝန်နှစ်ခု ပေးထားသည်။ တစ်ခုက ကိုရွှေနီကို ရှာရန်ဖြစ်သည်။ တစ်ခုက လုံခြုံရေးတာဝန် ဖြစ်သည်။ သို့ဖြင့် မောင်ရွှေဝါသည် အစည်းအဝေးကျင်းပရာနှင့် ရွာတံခါးသုံးပေါက် ကြားတွင် လူးလာဆန်ခတ် ရှိနေသည်။ အစည်းအဝေး စတင်ခါနီးသော် သစ်ခက်ရုံတွင် သူရောက်ရှိနေသည်။ အဆင်သင့်ပင် မထုံးရီနှင့် တွေ့သဖြင့်...

"အကိုရွှေနီနဲ့ တွေ့သလား"

"ရော၊ ခက်ပါပကောလား၊ တို့များကိုတွေ့တိုင်း သူ့အစ်ကိုအကြောင်းပဲ မေးနေတော့တာပ"

"ဘယ်သူတွေတွေ့မေးတာပါပဲ"

"သူ့အကိုက ကလေးလေးမှ မဟုတ်ဘဲ၊ သူသွားချင်ရာ သူသွားမှာပေါ့"

"ဘာကိစ္စလဲ"

"ဦးရာကျော်က သူ့ကိုတွေ့ချင်လို့ပ"

ထိုစဉ်တွင် သူ့အနီးသို့ ရွာသားတစ်ဦး ရောက်လာသည်။ အပြင်သို့ခေါ်၍ တစ်စုံတစ်ခု တီးတိုးပြောသည်။ မောင်ရွှေဝါသည် ချက်ချင်းပင် မြင်းကို ဒုန်းစိုင်းထွက်သွားသည်။ မထုံးရီသည် ဘာမှ နားမလည်သည့်အနေဖြင့် ငေးမော၍ ကျန်ခဲ့သည်။

ရွာတံခါးအနီးတွင် လူတွေစုနေသည်။ မောင်ရွှေဝါသည် မြင်းကို လူအုပ်အနီးသို့ရောက်အောင် စိုင်းသွား ပြီးမှ တုံ့ခနဲရပ်လိုက်သည်။ လူတွေရှဲသွားသည်။ ဝန်စည်စလည်အပြည့်ဖြင့် လှည်းတစ်စီး တွေ့ရသည်။ နွားများသည် ယခုကတည်းက ဘေးနှစ်ဖက်သို့ ကန်နေသည်။ တစ်ကောင်က မျက်ကွင်းဖြူသည်။ တစ်ကောင်ကအမြီး တွင်အဖြူရစ်၊ အနက်ရစ်များရှိသည်။ နွားဂုန်နှင့် နွားမြီးသံကွင်း စွပ်လာသောလှည်းသည် မည်သူ့လှည်းမှန်း သူသိသည်။ သူတို့ရွာတွင် ပွဲဆစ်မျက်ကြားအဝယ်မှား အိမ်က မယားစင်းစင်းသေဆိုသည်မှာ ဤနွားမျိုးပင် ဖြစ်သည်။ ဤနွားများသည် ရှေ့သို့ တန်းတန်းမတ်မတ် မသွားလိုဘဲ ဘေးသို့ ကန်နေတက်သည်။ သို့မဟုတ် နောက်ခြေတရွက်တိုက်ဆွဲနေသည်။

ယခုမူ ဤနွားနှစ်ကောင် ကသောလှည်းသည် ပစ္စည်းအလေးအပင်များ အပြည့်တင်၍ ခရီးရှည်သွားမည် ရှိနေသည်။ လှည်းပေါ်တွင် လူသုံးဦးရှိသည်။ လှည်းမောင်းသူမှာ မောင်လူကြီးဖြစ်သည်။ သူ့အမည်မှာ လူကြီး ဖြစ်သော်လည်း သူ့အသက်က လူငယ်သာဖြစ်သည်။ အသက် အစိတ်ဝန်းကျင်တွင် ရှိသည်။ ဝန်စည်များပေါ်တွင် ခြေကားရား လက်ကားရားဖြင့် ထိုင်နေသူနှစ်ဦးမှာ မောင်လူကြီး၏ဖခင် ဦးချွန်းနှင့် မိခင် ဒေါ်ငြိမ်းရှင်တို့ ဖြစ်ကြသည်။ ဦးချွန်းက ပိုက်ကွန်တစ်ခုကို ကိုင်ထားသည်။

MMCYBERMEDIA COMMUNITY FOR ALL

လှည်းဘေးမှလူများပေါ်သို့ ဖြန့်ချလိုက်တော့မည်ကဲ့သို့ ရှိသည်။ ဒေါ်ငြိမ်းရှင်သည် လေလာလာတွင် ဆေးလိပ်ကြီးနှင့် ဖြစ်သဖြင့် မီးပွားများ လွင့်နေသည်။ ဤမိသားစု သုံးဦးအတွက် အစဉ်အဆက်ကတည်းက တံငါသည်များဖြစ်ကြသည်။ အချောင်ရသည်ဆိုပြီး ထယ်ထားကြခြင်း ဖြစ်သည်။ အမှန်တော့ သူတို့အဖို့ လှည်းသည် အဓိကမဟုတ်။ သူတို့က လှေနှင့်သာ အသွားများသူများ ဖြစ်ကြသည်။ ယခုမူ သူတို့သည် လှည်းပေါ်တွင် ရှိပစ္စည်းများကိုတင်၍ ရွာတံခါးသို့ ရောက်ရှိနေသည်။

"လူကြီး၊ နင်ဘယ်သွားမလို့လဲ"

မောင်ရွှေဝါက ရှင်လိင်ပြန်ဖက်သော မောင်လူကြီးကို မေးလိုက်သည်။ သို့ရာတွင် မောင်လူကြီးက မည်သို့ မျှအဖြေမပေးနိုင်မီတွင် ဦးချွန်းက…

"တို့များချောင်းလေးခွကို"

"နေပါဦး ဦးလေးချွန်းရဲ့။ ချောင်းလေးခွကို ဘာသွားလုပ်ကြမှာလဲ"

မောင်ရွှေဝါက မြင်းပေါ်မှမဆင်းဘဲ မေးသည်။

"မင်းတို့ရွာမှာ ရှုပ်ရှုပ်ရှက်ရှက် ဖြစ်နေကြတယ် မဟုတ်လား၊ တို့များက အေးအေးနေချင်တာမို့ ရှိတာ လေးတွေယူပြီး ပြောင်းကြမလို့ပ"

"မဟုတ်တာပဲနော်၊ ရွာမှာ ဘာတွေဖြစ်နေလို့လဲ"

"ကနေ့ပဲ မင်းတို့ ဗိုလ်ဝင်ခံကြမယ် မဟုတ်လား"

"ဘယ်က ဗိုလ်ဝင်ခံရမလဲ။ ရှေ့ရေး တိုင်ပင်ကြမလို့ပါ"

"ဘာပဲဖြစ်ဖြစ်ကွယ်၊ တို့က အေးအေးပဲ နေချင်တယ်"

"ဘယ်သူက ဆူဆူနေချင်လို့လဲ"

"တို့များက ဘုရင့်လူတွေနဲ့မပတ်သက်ချင်ဘူးကွယ့်။ ဗိုလ်ဗလတို့မှာ အာဏာလည်းရှိတယ်။ ခဲယမ်း မီးကျောက်လည်း ရှိတယ်။ ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်မှာပကွယ်"

ဦးချွန်း၏စကားကြောင့် မောင်ရွှေဝါသည် အမျက်ခြောင်းခြောင်း ထမိသည်။ ဓားနှင့် တွက်လိုက်ချင်သည်။ စိတ်ကို အတင်းအကျပ် ချုပ်တည်းထားရသည်။ ဤအဘိုးကြီး ဤမျှ လက်ပေါက်ကပ်လိမ့်မည်ဟု သူမထင်ခဲ့။

"ဘယ်သူတွေကကော ဘုရင့်လူတွေနဲ့ ပတ်သက်ချင်လို့လဲ။ ကိုယ့်ထမင်းကို ကောင်းကောင်း စားချင်နေတဲ့ လူချည်းပဲ။ နို့ပေမယ့် ဗိုလ်ဗလတို့ အသားလွှတ်ရန်စနေတော့ ဘယ့်နှယ်လုပ်မလဲ။ ရွာက မိန်းမနစ်ယောက်က သူတို့ကို ဘာလုပ်လို့လဲ။ သူတို့က မတော်မတရား လုပ်သွားတာ မဟုတ်လား။ ရွာကလူတွေက ဘာလုပ်လို့လဲ။ သူတို့က နွားတွေဖမ်းသွားတာ မဟုတ်လား။ ကောက်ရိုးပုံတွေ မီးတိုက်သွားတာ မဟုတ်လား။ ဒီတော့ ကျုပ်တို့က ငုတ်တုတ်အသေမခံနိုင်ကြလို့ ဟိုရွာ ဒီရွာက လူတွေစုပြီး တိုင်ပင်ကြရတာပ"

"အိုကွယ်၊ တို့များကတော့ ဘာသိဘာသာပဲ နေချင်ပါတယ်။ ဘယ်ထဲမှ မပါချင်ပါဘူး။ ပါဆိုလည်း တို့များက ဆည်သွားစောင့်ရမှာကွယ့်"

MMCYBERMEDIA
COMMUNITY FOR ALL

"ချောင်းလေးခွမှာ ဦးလေးချွန်းတို့ချည်း သွားနေရင် ခေါင်းပြတ်သွားမှာပ။ တိုင်းပြည်ကြီး ဆူနေတဲ့ အချိန်မှာ ဘယ်လိုလုပ်ပြီး ဆည်ခပ်နိုင်မလဲ"

"တို့များထိုက်နဲ့ တို့များကံပကွယ်"

ဒေါ်ငြိမ်းရှင်က ဆေးလိပ်ပြာပုပုများကို ချွေစားရင်း ပြောသည်။

"သေချင်လို့သွားတာ သွားစမ်းပါစေဗျာ"

တစ်ယောက်က အော်လိုက်သည်။ မောင်ရွှေဝါက မျက်မှောင်ကြုတ်လိုက်သည်။

"ဟိုလူထွက်ပြေး၊ ဒီလူရှောင်ပြေးဆိုရင် မကြာခင် ရွာပျက်သွားမှာပ။ မသွားရဘူး။ ဘယ်သူမှ မသွားရဘူး။ ကျုပ်အမိန့် မပါဘဲနဲ့ ဘယ်သူမှ ရွာပြင်မထွက်စေနဲ့"

မောင်ရွှေဝါက ယင်းကဲ့သို့ အမိန့်ပေးပြီးနောက် မြင်းကိုပြန်စိုင်းသွားသည်။ သစ်ခက်ရုံသို့ သူရောက်သွားသောအခါတွင် နယ်မြေခေါင်းဆောင်များသည် ဆရာတော်ထံ၌ ငါးပါးသီလယူနေကြသည်။ သစ်ခက်ရုံ အတွင်းဝယ်လူများ ပြည့်နေသည်က တစ်ကြောင်း၊ ကင်းလူများလာလျှင် အလွယ်တကူ တွေ့နိုင်ရန် တစ်ကြောင်းဖြင့် မောင်ရွှေဝါသည် သစ်ခက်ရုံအနီး ကြက်မောက်ပင်အောက်တွင် မတ်တတ်ရပ်နေသည်။ နန်းခင်နှင့် နန်းရင်ရောက်လာပြီးအစ်ကို ရွှေနီကို တွေ့မတွေ့မေးသည်။ ထို့နောက် သူတို့အနီးသို့ မထုံးရီ ရောက်လာသဖြင့် နန်းခင်ခြေဆောင့်၍ ထွက်သွားသည်။ နန်းရင်ကမူ မထုံးရီကို ပြုံး၍နှုတ်ဆက်သည်။ အစည်းအဝေး စပြီဖြစ်သဖြင့် သူတို့စကားမပြောကြ။

ဆရာတော်ကြွသွားသည်နှင့်တစ်ပြိုင်နက် ဦးရာကျော် ထိုင်ရာမှထသည်။

"ကျုပ်တို့ဘာအတွက်ကြောင့် စုရုံးကြတယ်ဆိုတာကို အစ်ကိုများ၊ ညီများသိပြီးကြပါပြီ။ ကျုပ်တို့ဟာတစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ ဆွေမျိုးသားချင်းတွေ ဖြစ်တယ်။ ကျုပ်တို့က အရေးကြီးရင် သွေးစည်းခဲ့ကြသူတွေ ဖြစ်တယ်။ ကျုပ်တို့ဟာ ဘိုးစဉ်ဘောက်ဆက်ကတည်းက လယ်ယာချောင်းမြောင်းမှာ အသက်မွေးဝမ်းကျောင်းခဲ့ကြတယ်။ နို့ပေမယ့် အရေးတော်ပုံ ကြုံတဲ့အခါမှာ တပ်ရှေ့က ရပ်ခဲ့ကြသူတွေချည်းဖြစ်တယ်။ ကျုပ်တို့အထဲမှာ တိုက်ပွဲအမျိုးမျိုး တိုက်ခဲ့ဖူးသူတွေ ရှိတယ်။ လက်နက်ခဲယမ်းမီးကျောက်ကောင်းတဲ့ ကုလားဖြူတွေနဲ့ တိုက်ခဲ့ဖူးသူတွေရှိတယ်။ ကျုပ်တို့ဟာ သွေးမန်းဘူး။ သွေးမကွဲဘူး။ နို့ပေမယ့် ကျုပ်တို့ဟာ လယ်ယာချောင်းမြောင်းမှာသာ ပျော်မွေ့ချင်သူတွေ ဖြစ်တယ်။ ပုန်ကန်ခြားနားချင်သူတွေ မဟုတ်ဘူး။ မင်းအဖြစ်၊ မှူးမတ်သေနာပတိအဖြစ် လိုလားသူတွေ မဟုတ်ဘူး။ နို့ပေမယ့် အခုအခါ ကျုပ်တို့ဟာ မလွဲမရှောင်သာဘဲ ဘုရင့်လူတွေနဲ့ ရင်ဆိုင်နေရတယ်။ အရင်ကဆိုရင် မိုးကောင်းလူတွေနဲ့သာ မျက်နှာချင်းဆိုင်ရတယ်။ အခုဆိုရင် နေပြည်တော်က လူတွေနဲ့ပါဆိုင်နေကြရပြီ။ ဒီအချိန်ဟာ အလွန်အရေးကြီးတဲ့အချိန် ဖြစ်တယ်။ ကျုပ်တို့ ခြေလှမ်းတစ်ချက်မှားရင် အသက်ပျောက်ကြဖို့ရှိတယ်။ ကျုပ်တို့ဟာ အခုလမ်းဆုံးလမ်းခွမှာ ရောက်နေတယ်။ တစ်ဖက်မှာ ဘုရင့်လူတွေရှိ တယ်။ တစ်ဖက်မှာ ပုန်ကန်ခြားနားနေသူတွေ ရှိတယ်။ ကျုပ်တို့ ဘယ်လမ်းလိုက်ကြမလဲဆိုတာ တွေးဖို့လို တယ်။ အညီအညွတ် တိုင်ပင်ဆုံးဖြတ်ကြဖို့လိုတယ်။ အစ်ကိုများ၊ ညီများ ဆိုရေးရှိသလောက် ဆိုကြပါ"

MMCYBERMEDIA
COMMUNITY FOR ALL

ဦးရာကျော်က ထိုင်လိုက်သည်။ အတန်ကြာငြိမ်နေသည်။ ခဏအကြာတွင် ပျားညည်းသည်နှင့်တူသော တီးတိုးသံများ ကြားရသည်။ တဖြည်းဖြည်းနှင့် အသံတွေကျယ်လာသည်။ သို့သော် ဘယ်သူက ပြောမှန်းမသိရ။

"ပြောစရာရှိတာကို တစ်ယောက်ပြီးတစ်ယောက် မတ်တတ်ရပ်ပြီး ပြောကြပါ။ အများကြားရအောင် ကျယ်ကျယ်လည်းပြောပါ"

ပထမဆုံး အထအရပ်ပြုသူမှာ ကညင်မြိုင်ရွာမှ ပန်းပဲဆရာကြီးဖြစ်သည်။ ထို့နောက် ဆင်ကန်ရွာမှ ပန်းရန်ဆရာဖြစ်သည်။ ပြီး ရွှေတွင်းရွာမှာ တံငါသည်ကြီး ပြောသည်။ လေးငါးဦးခန့် ပြောပြီးသောအခါ ဦးရာကျော်ထသည်။

"အစ်ကိုတို့ သတိပြုကြပ။ အခုကျုပ်တို့ စုရုံးကြတာ ရှေ့ခရီးတိုင်ပင်ဖို့ပ။ ဗလတို့ နိပ်စက်ညဉ်းပန်းတာကို အားလုံးသိပြီးပ။ အားလုံးကပဲ မခံမရပ်နိုင်လို့ အခုလိုစုရုံးကြတာပ။ ဘယ်လို ခရီးဆက်ကြမယ် ဆိုတာကို အချိန်ရခိုက်မှာ ပြောကြပ"

ထို့နောက် ဝတ္တရား၊ အောက်ဝဌာရွာ၊ လောခွန်ရွာ၊ လုံးလှိုင်ရွာတို့မှ ကိုယ်စားလှယ်များပြောကြသည်။ အချို့က တိုတိုတုတ်တုတ် ပြောသည်။ အချို့က အကျယ်ချဲ့နေသည်။ အချို့က ပြောရင်း စကားလည်နေသည်။ နန်းလောရွာမှ အဘိုးကြီးပြောသောအခါ တစ်ရုံလုံး ဆူညံသွားသည်။ တဝါးဝါး ရယ်ကြသည်။ အဘိုးကြီးသည် ဇာတ်ထဲလိုက်ဖူးသဖြင့် စကားပြောကောင်းလှသည်။

သူတို့ပြောသည်များကို ခြုံလိုက်သောအခါ အယူအဆသုံးမျိုး ကွဲပြားနေသည်ကို တွေ့ရသည်။ တစ်စုက ယခုအတိုင်းပင်ဆက်၍ နေလိုကြသည်။ ကိုယ့်ရွာမှကိုယ် အရပ်အခံပြုလိုကြသည်။ တစ်ရွာတွင် အရေးရှိသည့်အခါ လက်လှမ်းသင့်ရွာများက အကူအညီပေးရန် ဖြစ်သည်။ ဒုတိတယတစ်စုက မိုးကောင်းသို့ လက်ဆောင်ပဏ္ဏာဆက် အဆက်သွားလိုသည်။ ယခုသူတို့ဖြစ်နေရသည်မှာ မိုးကောင်းမှ ဘုရင့်လူအချို့နှင့်သာ ဖြစ်သည်။ နေပြည်တော်မှ ရောက်ရှိနေသော မလွန်ဝန် မင်းကြီး မင်းလှမဟာမင်းခေါင်ကျော်နှင့် တွေ့ဆုံ၍ အခြေအနေမှန်ကို တင်ပြရလျှင် ကိစ္စများ ပြီးပြတ်သွားမည်ဟု အယူရှိကြသည်။ တတိယအစုကား လူများစုဖြစ်သည်။ စိတ်အား အထက်သန်ဆုံးအစုဖြစ်သည်။ သူတို့၏ သဘောမှာ မိုးကောင်းမြို့ကို တက်ရောက်သိမ်းပိုက်ရန်ပင်ဖြစ်သည်။ ကောသမ္ဘီနိုင်ငံတော်ကို ပြန်လည်ထူထောင်ရန် ပင်ဖြစ်သည်။

တတိယအယူအဆကို ခေါင်းဆောင်တင်ပြသူမှာ ကြိုးကြာရွာမှ ဆေးဆရာကြီး ဦးနောင်ရှမ်းပင် ဖြစ်သည်။ ဦးနောင်ရှမ်းသည် အစည်းအဝေးသို့ မလာရောက်မီ ကောက်ညှင်းအရက်သောက်ခဲ့သည်ဖြစ်၍ ပို၍ နှုတ်လျှာသွက်နေသည်။ မျက်နှာပြင်တစ်ခုလုံး ရဲ၍ လည်ပင်းအကြောကြီးများ ထောင်နေသည်။ သူက လက်ဟန်ခြေဟန်ဖြင့် စိတ်ရောကိုယ်ပါ ပြောနေခြင်းဖြစ်သည်။

ကျုပ်ပြောတာကို သွေးကောင်းကောင်းနဲ့ နားထောင်ကြပါ။ သွေးနည်းတဲ့သူရှိရင် အခု ထွက်သွားပါ။ ကျုပ်တို့ဟာ ငှက်ပျောပင်ကိုခုတ်ရင် ပြတ်အောင်ခုတ်ရမယ်။ အမျှင်တန်းလန်း မကျန်စေရဘူး။

သူက စစချင်း ဓားကြိမ်းကြိမ်းသဖြင့် လူတွေ လှုပ်လှုပ်ရွရွ ရှိသွားသည်။ ဤနယ်တစ်ဝိုက် တွင် သူ့ကို မသိသူ ရှားသည်။ အရက်သမားအဖြစ်၊ ကြက်သမားဖြစ်၊ ဆေးဆရာကြီးအဖြစ်။

"အရက်သောက်ရင် မူးအောင် သောက်ရမယ်။ မသောက်ချင်ရင် မသောက်နဲ့ပ။ တစ်ကျိုက်နှစ်ကျိုက်ဟာ အလကားပဲ"

တစ်ရုံလုံးဆူသွားသည်။

"ကြက်တိုက်ပြီဆိုရင်လည်း တစ်ရေနှစ်ရေ လုပ်မနေ့။ ခွပ်လက်ကုန်အောင်တိုက်။ တုံးခနဲလဲရမယ်။ အမြုပ်တွေ ထွက်ရမယ်။ ခန့်ခနဲ သေရမယ်"

ဩဘာပေးကြသည်။

"ကျုပ် ပြောချင်တာဒါပဲ။ ရန်သူ လာနေတာကို မြင်နေပြီပဲ။ အိပ်ရာက မထဘဲ ဘာလုပ်မလဲ၊ ရန်သူကို ထပြီးတိုက်ရမယ်။ ဗလတို့ အနိုင်ကျင့်ချင်တိုင်း ကျင့်နေတာကို ကျုပ်တို့ရွာက ရွာစည်းရိုးလေး ခတ်ပြီး ခုခံနေရုံနဲ့ မရဘူး။ တဖြည်းဖြည်းနဲ့ ကျုပ်တို့နွားတွေ ပါကုန်မယ်။ ကျုပ်တို့ရွာတွေ မီးလောင်ကုန်မယ်။ ကျုပ်တို့တစ်တွေ သေကုန်မယ်။ ဒီတော့ သူတို့ လာတိုက်တာကို ခံတာဟာ ကြိုးနဲ့တုပ်ပြီး အရိုက်ခံရတာပဲ။ ကျုပ်ပြောချင်တာဒါပဲ။ ကိုယ့်ရွာက ကိုယ် ခုခံတဲ့အလုပ်တော့ ကျုပ်တို့ သဘောမကျဘူး"

သူ့ကိုထောက်ခံကြသည်။

"ကျုပ်က ရှင်းရှင်းပဲပြောချင်တယ်။ ရွှေမြို့တော်ကလာတဲ့ မင်းကြီး၊ မင်းကလေးတွေရှေ့မှာ သွားပြီး ဒူးထောက်ရမယ့်အလုပ်ကို ကျုပ်နည်းနည်းမှ မကြိုက်ဘူး။ ဥပါယ်တံမျဉ်နဲ့ မြို့ကိုခေါ်ပြီး ကိစ္စတုံးခံရတဲ့ သူ့ရဲကောင်းတွေ ဘယ်လောက်များနေပြီလဲ။ အခုနေ ကျုပ်တို့ဟာ မြို့ကိုသွားပြီးတော့လည်း ကုပ်နိမ့်မပေးနိုင်ဘူး။ ဒီကို လာသတ်မှာလည်း မခံနိုင်ဘူး။ ကျုပ်တို့သွားတိုက်ရမယ်။ ကိုယ်က တိုက်လို့ သေရတာတော့ ဆယ်ပြန်သေစမ်းပါစေ"

ဓားတွေလှံတွေ မြှောက်၍ ကြွေးသံပေးကြသည်။ မောင်ရွှေဝါက မထုံးရီကို ကြည့်မိသည်။ အမျိုးသမီးက ပြုံးနေသည်။

"ကျုပ်တို့ဟာ တောင်ကိုတက်ရင် တောင်ထိပ်ကို ရောက်ရမယ်။ မြစ်ကိုဖြတ်ရင် ကမ်းကို ရောက်ရမယ်။ အခုဆိုရင်ကျုပ်တို့ဟာ မိုးညှင်းဗိုလ်ဝ၊ ဟော်ဆိုင်းရွှေလယ်၊ နော်ပွဲဒူဝါတို့နဲ့ ပေါင်းရမယ်။ နို့ပေမယ့် သူတို့လက်အောက်ကို ဝင်ဖို့ မဟုတ်ဘူး။ သူတို့နဲ့ တန်းတူပေါင်းဖို့ပဲ၊ မိုးကောင်းကိုရရင် ရတနာပုံကို သိမ်းရမယ်။ ကောသမ္ဗီနိုင်ငံတော်ကို တစ်ဆက်ထောင်ရမယ်"

"ဝေး" ဟူသော ကြွေးသံကြီးသည် နားကွဲလုမတတ် လျှံထွက်လာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ်တို့ရဲ့ ကောသမ္ဗီနိုင်ငံတော်ဟာ နယ်နယ်ရရ မဟုတ်ဘူး။ မြတ်စွာဘုရားသခင်ရဲ့ ဗျာဒိတ်တော်ရ တိုင်းပြည်တစ်ပြည်ဖြစ်တယ်။ ကျားစိတ်ကျားမာန်ပြည့်နေတဲ့ စောတုံဖ တည်ခဲ့တဲ့ ကောသမ္ဗီနိုင်ငံတော်ဟာ အရှေ့ကိုလားရင် ဂန္ဓလရာဇ်နိုင်ငံအစပ်ကို ရောက်တယ်။ မြောက်ကိုလားရင် ဝေသာလီနိုင်ငံ ပဥ္စလရာဇ်ကို ရောက်တယ်။ အနောက်ကိုလားရင် ဧရာဝတီအစပ်ကို ရောက်တယ်။ တောင်ဘက်ကိုလားရင် အဝနိုင်ငံအစပ် ရွှေဘိုကျောက်မြောင်းကို ရောက်တယ်။ ကျုပ်တို့ရဲ့ ကောသမ္ဗီနိုင်ငံတော်ကို ထီးဆောင်းမင်းအပေါင်းက လေးစားခဲ့ရတယ်။ အခုဆိုရင် ကျုပ်တို့ရဲ့ ထီးနန်းပျောက်ခဲ့ရတာ အနှစ်တစ်ရာ ကျော်သွားပြီ။ မြန်မာဘုရင်ဘိုးတော်ဘုရားက ကောသမ္ဗီဘုရင် ဟော်ဆိုင်းကို နန်းချခဲ့တာ (၁၀၈)နှစ်ရှိ သွားပြီ။ အခု မိုးကောင်းသား ရွှေလယ်က သူ့ကိုယ်သူ ဟော်ဆိုင်း ဝင်စားတာဆိုပြီး ဗိုလ်ဝင်ခံနေတယ်။ ရွှေလယ်ဟာ သူရသတ္တိရှိတဲ့ ယောက်ျားတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ကျုပ်တို့နယ်သား ရာကျော်နဲ့ မယှဉ်သာဘူး"

"ဝေး"

"မိုးညှင်းဗိုလ်ဝဟာ နလုံးရည် လက်ရုံးရည် ပြည့်ပေတယ်။ ဒါပေမယ့် ကျုပ်တို့ရဲ့ဗိုလ်ရာကျော်နဲ့ မယှဉ်သာဘူး"

"ဝေး"

ဦးရာကျော်က စကားပြောရန် ထသည်။ လူတစ်ယောက်က သူ့ကို ဆွဲထားသည်။ အစည်းအဝေးသည် တက်ကြွလျက် ရှိသည်။ ဦးနောင်ရှမ်းကို ဆက်ပြောရန် တိုက်တွန်းကြသည်။

"အခု သမယဟာ ကောသမ္ဗီနိုင်ငံ တစ်ဆက်ထူထောင်ဖို့ အကောင်းဆုံး သမယပဲ။ ဒီနေရာမှာ ကျုပ်တို့ဟာ မုဆိုးချုံရွာသား ဦးအောင်ဇေယျရဲ့ နမူနာကို လိုက်ယူရမယ်။ ပဲခူးနဲ့ အင်းဝ စစ်ဖြစ်ပြီး တစ်နိုင်ငံလုံး ကသောင်းကမင်း ဖြစ်နေတဲ့အချိန်မှာ ဦးအောင်ဇေယျဟာ သူ့ရွာက သူအရပ်ခံပြုပြီး နန်းတစ်ဆက် ထူထောင်ခဲ့တယ်။ ဦးအောင်ဇေယျဟာ အလောင်းမင်းတရားကြီးဘွဲ့ အမည်ခံပြီး သူရဲ့နိုင်ငံတော်ကို အကျယ်အဝန်း အခိုင်အခံ့ပြုခဲ့တယ်။ အခု ကျုပ်တို့ တည်ထောင်မယ့် ကောသမ္ဗီနိုင်ငံတော်ဟာလည်း အလောင်းမင်းတရားကြီးရဲ့ နယ်ပယ် အကျယ်အဝန်းအတိုင်း ရှိရမယ်။ အခုလို မြန်မာဘုရင်နဲ့ ကုလားဖြူ တွေ အကြိမ်ကြိမ်တိုက်ပြီး တိုင်းပြည်ကြီး မငြိမ်မသက် ဖြစ်နေတဲ့အချိန်မှာ ကျုပ်တို့ဟာ ကောသမ္ဗီနိုင်ငံတော်ကို မိုးကောင်းနယ်ကို အခြေပြုပြီး ထူထောင်ရမယ်။ ရှမ်း၊ ဗမာ၊ ကချင်၊ တလိုင်း၊ ကရင်၊ ရခိုင်၊ ချင်း ဆိုတာတွေ အားလုံး ညီအစ်ကိုတွေချည်းပဲ။ အဦးအစီးပြုနိုင်တဲ့လူ မရှိတဲ့အခါမှာ သူတစ်နယ်ကိုယ်တစ်မင်း ဖြစ်နေပေမယ့် အဦးအစီးပြုနိုင်တဲ့ ယောက်ျားကောင်း ပေါ်ထွန်းတဲ့အချိန်မှာ တစ်နိုင်ငံတည်း တစ်မင်းတည်း တစ်လူမျိုးတည်းဖြစ်ရမယ်"

"ဝေး"

"ကျုပ်ပြောတာကို သေသေချာချာနားထောင်ပါ။ အစ်ကိုတို့ သွေးရဲရဲနီကြပါ။ ကျုပ်တို့နယ်သား ရာကျော်ဟာ သူရဲကောင်းတစ်ယောက် ဖြစ်တယ်။ အကြံအရည် ပြည့်တယ်။ သူ့ရဲ့အကွပ်အကဲနဲ့ ကောသမ္ဗီနိုင်ငံကို ထူထောင်ကြရမယ်။ ကျုပ်ပြောချင်တာ ဒါပဲ။ အမူးသောက်ကြပါ။ အလဲခွပ်ကြပါ"

ဦးနောင်ရှမ်းက စကားစသတ်ပြီး ထိုင်ချလိုက်သည်။ တစ်ရုံလုံး ဆူညံနေသောအသံသည် တော်တော်နှင့် မကျချေ။ ထို့နောက် အကြိတ်အနယ် ဆက်၍ ဆွေးနွေးကြသည်။ လူအတော်များများက ဦးနောင်ရှမ်းကို ထောက်ခံကြသည်။ အချို့ကဆိုလျှင် ယခုပင် ဦးရာကျော်ကို

MMCYBERMEDIA
COMMUNITY FOR ALL

မင်းပြောင်းရန် အဆိုပြုကြသည်။ ဤသဘောကို ဦးရာကျော်က လုံးဝလက်မခံချေ။ ဤသို့ဖြင့် အချေအတင် ရှိနေပြန်သောအခါ ဆင်ကန်ရွာမှ ပန်းရန်ဆရာကြီး ထသည်။ သူသည် လောကီရေးရာ၊ လောကုတ္တရာရေးရာတွင် နှံ့စပ်သူတစ်ဦးဖြစ်သည်။ သူ၏ ပြောဆိုချက်သည် အတော်ပင် မျှတသည်။

"ကျုပ်တို့ဟာ မင်းလုပ်ချင်ကြတဲ့သူတွေမဟုတ်ဘူး။ ကျုပ်တို့ဟာ မင်းလုပ်ချင်လို့ ဘုရင့်လူတွေကို တိုက်နေကြတာ မဟုတ်ဘူး။ ဘုရင့်လူတွေက စော်ကားနိုပ်စက်လို့သာ အခုအခံပြုကြရခြင်း ဖြစ်တယ်။ ဒါပေမယ့် မင်းကို နန်းချပြီးတဲ့အခါမှာတော့ မင်းအစား တင်မြှောက်ရမှာပဲ။ သို့မဟုတ်ရင် အုပ်ချုပ်သူ မရှိတဲ့ မင်းမဲ့နိုင်ငံဖြစ်နေလိမ့်မယ်။ မင်းဆိုတာ ရှိရမှာပဲ။ ကျုပ်တို့က မင်းကို မလိုချင်တာ မဟုတ်ဘူး။ မင်းဆိုးမင်းညစ်ကိုသာ မလိုချင်တာ။ ကျုပ်တို့ဟာ မင်းကိုလိုချင်လို့ မင်းကို တင်မြှောက်ခဲ့ကြတာဖြစ်တယ်။ အစ်ကိုတို့၊ ညီတို့လည်း ကြားဖူးကြပါတယ်။ ကမ္ဘာဦးတပ်အစမှာ မင်း မရှိပါဘူး။ ဒါပေမယ့် လူတွေဟာ မညီမညွတ် ဖောက်လွှဲဖောက်ပြန် ဖြစ်လာလို့ တရားသဖြင့် ကွပ်ကဲဆောင်ရွက်ဖို့ မဟာသမ္မတမင်းကို အများတိုင်ပင် ရွေးကောက်ကြခြင်းဖြစ်တယ်။ လူအများအပေါ်မှာ ကွပ်ကဲအုပ်ချုပ်ရမယ့် မင်းဟာ သူ့ဝမ်းစာ သူမရှာအားလို့ အများက သူတို့ရတဲ့အထဲက ဆယ်ဖို့ တစ်ဖို့ပေးကြရပါတယ်။ ဒါပေမယ့် နောင်အခါမှာ မင်းများဟာ အာဏာယစ်မူးလာကြတယ်။ မာနထောင်လွှားလာကြတယ်။ လူအများအပေါ်မှာ နှိပ်စက် ကလူပြုလာကြတယ်။ ဤအခါမှာ လူအများက မင်းဆိုးမင်းညစ်ကို ဖြုတ်ချပြီး မင်းအသစ်တင်ကြရတာပဲ။ ကျုပ်တို့ရဲ့ ညီအစ်ကိုများဖြစ်တဲ့ ကချင်လူမျိုးအချို့ဟာ ဤနည်းကို အစုလိုက် ကျင့်သုံးနေကြပါတယ်။ ဂွမ်ဆာအစုဟာ ဒူဝါအဖြစ်ကို သားငယ်က အရိုက်အရာခံရပေမယ့် ဂွမ်လောင်အစုကျတော့ အရိုက်အရာ ဆက်ခံရခြင်းမရှိပါဘူး။ အကြီးအကဲတစ်ယောက်ကို လူအများက သဘောကျ ရွေးကောက်ကြပါတယ်။ မဟာသမ္မတ သဘောပဲဖြစ်ပါတယ်။ ခုလည်း ကျုပ်တို့ဟာ မင်းညစ်နဲ့ မင်းမြှောင်ကပ်ပါးတွေကို အရာချပြီးတဲ့နောက်မှာ အကြီးအကဲတစ်ယောက် ရွေးကောက်ရမှာပဲ။ ဒါပေမယ့် အခုသမယက အကြီးအကဲတစ်ယောက် ရွေးကောက်ဖို့ အချိန်စောပေတယ်။ ကနဦး မိုးကောင်း၊ မိုးညှင်းလောက်ကို အရင်သိမ်းကြရမယ်။ မိုးကောင်း၊ မိုးညှင်းကိုရမှ အကြီးအကဲ တင်မြှောက်နိုင်ကြမယ်။ ဒီလို တင်မြှောက်တဲ့အခါမှာ ကျုပ်တို့ သဘောနဲ့တင်မပြီးဘူး။ အများဗိုလ်ပါရဲ့ သဘောဖြစ်ရမယ်။ ကျုပ်တို့ တင်မြှောက်မယ့်အကြီးအကဲက ကျုပ်တို့ အရှေ့ချင်းတွင်း တစ်နယ်တည်းကို အုပ်ချုပ်မှာ မဟုတ်ဘူး။ ဦးနောင်ရှမ်းမိန့်ဆိုတဲ့ ကောသမ္ဗီတစ် နိုင်ငံလုံးကို အုပ်ချုပ်မှာဖြစ်တယ်"

"ဝေး"

"ဒီတော့ ကောသမ္ဗီတစ်နိုင်ငံလုံးက သဘောကျနှစ်ခြိုက်ဖို့ လိုတယ်။ အခုနေမှာ ကျုပ်တို့က ရာကျော်ကို ရွေးမြှောက်လိုက်ရင် အနောက်မြစ်ကလူတွေ၊ မိုးကောင်း၊ မိုးညှင်းက လူတွေနဲ့ အရင်ဆုံး စကားများရမယ်။ ကိုယ့်လူနဲ့ကိုယ် အခိုင်အမာရှိနေကြတဲ့ ရွှေလယ်တို့လူစုနဲ့၊ ဗိုလ်ဝတို့လူစုနဲ့ အချင်းဖြစ်ရမယ်။ ဒီတော့ ကျုပ်တို့ဟာ ဒီသဘောကို ရွှေလယ်တို့၊ ဗိုလ်ဝတို့နဲ့ သဘောညီအောင် ဆွေးနွေးရမယ်။ သို့မဟုတ်ရင် အချင်းချင်း တိုက်နေရတာနဲ့ ဘုရင့်လူတွေကို မဖြိုဖျက်နိုင်ဘဲ ရှိမယ်။ မိုးကောင်း၊ မိုးညှင်းကိုရမှ နယ်ပယ်အကြီးအကဲများ အားလုံးရဲ့သဘောအရ မင်းအသစ် တင်မြှောက်ကြရမယ်။ ဒီအတောအတွင်းမှာ ကျုပ်တို့ဟာ ကချင်များနဲ့လည်း ညီညွတ်တိုက်ဆိုင်ဖို့ လိုတယ်။ ကျုပ်တို့အနေနဲ့က ကျုပ်တို့နယ်ကို ကြီးမှူးဖို့ကတော့ ရာကျော်ကိုပဲ ရွေးရမှာပဲ၊ ရာကျော်ဟာ ကျုပ်တို့ရဲ့ ဗိုလ်မှူးပဲ။ ကျုပ်တို့ရဲ့ အကြီးအကဲပဲ"

"ဝေး"

MMCYBERMEDIA
COMMUNITY FOR ALL

ဩဘာသံများသည် မြေငလျင်တုန်ဟည်းသည်နှင့်အမျှဖြစ်သည်။ သို့ဖြင့် ဦးရာကျော်ကို နယ်မယ်အကြီးအကဲ တင်မြှောက်ရန် အင်းတော်ကြီး၊ ရွှေလယ်၊ မိုးညှင်းဗိုလ်ဝ၊ တောင်ပေါ်ကချင်များနှင့် အညီအညွတ်ပြု၍ ဘုရင့်တပ်များကို တိုက်ခိုက်ရန်၊ မိုးကောင်း၊ မိုးညှင်းကို သိမ်းရန် သဘောတူကြပြီး အစည်းအဝေးကို ရုတ်သိမ်းလိုက်သည်။

ညီလာခံစဲသည်နှင့် တစ်ပြိုင်နက် ရွာပေါင်းစုံမှ အကြီးအကဲများသည် အလျင်အမြန်ပြန်ကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာသို့ သတင်းထူးပို့နိုင်ရန်ဖြစ်သည်။ စီမံဆောင်ရွက်ဖွယ်ရာများကို အဆောတလျင် စတင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ သို့ဖြင့် ခဏချင်းမှာပင် ဆူညံနေသောသစ်ခက်ရုံကြီးသည် တိတ်ဆိတ်သွားသည်။ ရှုပ်ရှက်ခက်နေသော ကျောင်းဝင်းသည် ရှင်းသွားသည်။ အသိမ်းအဆည်းပြုနေသော ကြိုးကြာရွာသူ ရွာသားများနှင့် ကျေးရွာအချို့မှ ကိုယ်စားလှယ်အချို့သာ ကျန်ရှိတော့သည်။

ဤအချိန်တွင် တစ်မနက်လုံး ပျောက်နေခဲ့သော ကိုရွှေနီသည် ဘုန်းကြီးကျောင်းပေါ်မှနေ၍ အမှတ်မထင် ဆင်းလာသည်။ ကိုရွှေနီကို ပထမဆုံးမြင်တွေ့သူမှာ နန်းရင် ဖြစ်သည်။

"အစ်ကိုရွှေနီ၊ အစ်ကိုရွှေနီ"

နန်းရင်က မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အလန့်တကြားအော်လိုက်သည်။ သူမ၏ အသံကြောင့် ကျောင်းဝိုင်းအတွင်းရှိလူများ အထိတ်တလန့်ဖြစ်သွားကြရသည်။ နန်းရင် လက်ညှိုးညွှန်ရာသို့ အားလုံး အတူ ကြည့်လိုက်မိကြသည်။

အောက်မှလူများ လှုပ်လှုပ်ရှားရှား ရှိသွားသဖြင့် ကိုရွှေနီသည် လှေကားအလယ်တွင် မီးလောင်ထားသော သစ်ငုပ်တိုကြီးလို ရပ်နေသည်။ ဆံပင်များ ဖရိုဖရဲရှိနေသည်။ အဝတ်အစားများ ပွရောင်းတွန့် လိမ်နေသည်။ မျက်နှာမှုန်၍ တစ်ကိုယ်လုံးထိုင်းနေသည်။ နှုတ်ခမ်းဖြူ၍ မျက်လုံး နီသည်။ ကိုရွှေနီသည် အောက်တွင်ရှိသူများကို ကြောင်တက်တက်ဖြင့် အတန်ကြာကြည့်နေပြီးနောက် လှေကားမှ တစ်ထစ်ချင်း ဆင်းလာနေသည်။ ဘယ်ဘက်ခြေထောက်သည် ရောင်ကိုင်းနေသည်။ လူအားသည် မတိုင်ပင် မညှိနှိုင်း ရဘဲနှင့်လှေကားရင်းဆီသို့ ဦးတိုက်၍ သွားနေကြသည်။ မောင်ရွှေဝါ၊ နန်းခင်၊ နန်းရင်၊ မထုံးရီ၊ ဦးနောင်ရှမ်းနှင့် ဦးရာကျော်တို့သည် ကိုရွှေနီရှိရာသို့ ပြေးသွားကြသည်။

ကိုရွှေနီ၏ကိုယ်သည် ဒယီးဒယိုင်ရှိသည်။ အရက်မူး ပြယ်စလူလိုရှိသည်။ အိပ်မက်မှ နိုးလာသည်သို့ ဖြစ်သည်။ သူ့လက်များက တဆတ်ဆတ်တုန်နေသည်။

"အစ်ကို ရွှေနီ ဘာဖြစ်လို့လဲ"

နန်းရင်က မေးလိုက်သည်။ ကိုရွှေနီသည် နမယ်ကို မမြင်ဖူးဘူးသကဲ့သို့ ကြည့်ပြီးနောက် သူ့ခြေထောက်ကို ငုံ့ကြည့်သည်။ ဘယ်ခြေထောက်သည် မည်း၍ ရောင်နေသည်။ ခြေဖမိုးတွင် ဟက်တက်ကွဲကြီးတစ်ခုရှိသည်။ ကိုရွှေနီသည် ပါးစပ်ကို ဟပြီး တစ်စုံတစ်ခု ပြောသော်လည်း မသဲကွဲဘဲ ဝူးဝူးဝေါဝေါဖြစ်နေသည်။ အခြေအနေကို ရိပ်စားမိသော ဦးနောင်ရှမ်းက သူ့လွယ်အိတ်ထဲမှ ဖော့ပိတ်ကျည်တောက်တစ်ခုကို ထုတ်ယူ၍ ကိုရွှေနီကို ပေးလိုက်သည်။ ကျည်တောက်ကို လှမ်းယူသော

MMCYBERMEDIA
COMMUNITY FOR ALL

သူ့လက်များသည် ဆတ်ဆတ်ခါနေသည်။ သူက ဖော့ဆို့ကို ကိုက်ဖွဲ့လိုက်ပြီး ကချင်အရက်များကို အာခေါင်ထဲသို့ ရောက်အောင် အဆက်မပြတ် လောင်းချနေသည်။ ကျည်တောက်ထဲတွင် ဘာမှ မရှိတော့သည့်အခါမှ သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။ သူ့ကိုယ်သည် သိသိသာသာကြီး လန်းလာသည်။ သူ့နှုတ်ခမ်းများ နီလာသည်။ သူ့လက်များ အတုန်ရပ်သွားသည်။

"ပြီးပြီလား"

သူက မောင်ရွှေဝါကို ကြည့်၍ မေးသည်။

"ဘာလဲ"
"တိုင်ပင်ကြတာ"
"ပြီးပြီ"
"စစ်တိုက်ကြမလား"
"တိုက်မယ်"
"အေး၊ ကောင်းတယ်"

သူ့အသံမှာ မိုးချုန်းသည်သို့။ သူ့မျက်လုံးများသည် လျှပ်လက်သည်သို့။

"အကိုရွှေနီ ဘယ်သွားနေတာလဲ။ ကျွန်တော် တစ်မနက်လုံး လိုက်ရှာတာ မတွေ့ဘူး။ ဘယ်သူ့မှလဲ မေးလို့မရဘူး။ ဆရာကြီးက ပြောတော့ မနေ့ညသန်းခေါင်လောက်က သူနဲ့ အစ်ကိုရွှေနီ ဒီကျောင်းနားမှာ လူချင်းခွဲကြတယ်တဲ့"
"အေးပါ။ နောက်တစ်ခါ မလာရအောင်၊ ဒီမှာပဲ အိပ်ရအောင်ဆိုပြီး ငါရုံထဲဝင်တယ်။ ငါ့ခြေထောက် မီးလောင်သွားတယ်။ ကြည့်လိုက်တော့ လားလား မြွေပွေးတစ်ကောင်။ ငါဓါးနဲ့ပိုင်းလိုက်တာ အပြတ်ပြတ်ပဲ။ ငါ့ခြေထောက်မည်းပြီး ကြီးလာတယ်။ အဆိပ်အပေါ်မတက်ဘဲ ခြေထောက်မှာ စုနေတယ်။ ငါ ဓါးနဲ့ခွဲထုတ်ပြီး မီးစနဲ့ ထိုးထားတယ်"

သူ့စကားကို ကြားရသောအခါ အားလုံးပင် ကြက်သီးထကြသည်။ ကိုရွှေနီသည် အင်မတန်ပေသူ ဖြစ်သည်။ ကိုယ်ထဲတွင် အရက်များဝင်နေသဖြင့် မြွေဆိပ်မပြန့်သည်ကို ဆောင်ထားနှင့် ဖောက်ထုတ်ပစ်သည်။ ထို့နောက် ဓါးခွဲရာကို မီးစနှင့် ထိုးထားသည်။

"မြွေကော"
"မျှပ်လိုက်ပြီ"
"အစ်ကိုရွှေနီ ဘယ်သွားနေတာလဲ"
"ကျောင်းပေါ် တက်အိပ်တယ်။ အိပ်မက်တွေ အများကြီးပဲ။ တောက်..."

သူက ဒေါသဝင်သည့်အနေဖြင့် တက်ခေါက်လိုက်သည်။ အရက်အရှိန်၊ မြွေဆိပ်အရှိန်ဖြင့် အိပ်တစ်ဝက် မေ့တစ်ဝက်ရှိရာတွင် အိပ်မက်ဆိုးများ မက်ခဲ့ဟန်ရှိသည်။ ထိတ်လန့်မောပန်းခဲ့ဟန် ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးနောင်ရှမ်းက အလိုက်သိ၍ အရက်ပေးသောအခါမှ သူ၏ သွေးလေများ ပြန်လည်တည်ငြိမ်သွားခြင်း ဖြစ်သည်။

ထို့နောက် သူသည် မည်သူ့ကိုမျှ မကြည့်ဘဲ လူအုပ်ကို တိုး၍ ထွက်သွားသည်။ အနာရှိန် မသေသေးသဖြင့် ထော့နင်း ဖြစ်နေသည်။ မထုံးရီသည် ချက်ချင်း ပြေးလိုက်သွားသည်။ ပြီးတော့ တွဲ၍ ခေါ်သွားသည်။

## အခန်း -၁၉-

ယခု တစ်လောတွင် နန်းခင်သည် အပြောရအခက်ဆုံးဖြစ်နေသည်။ အစ်ကိုရွှေနီ လစ်လျှင် သူမသည် မြင်းနက် မြင်းဆိုးကြီး အာကာကိုစီး၍ ထွက်သွားသည်။ မောင်ရွှေဝါ လစ်လျှင် သူမသည် မြင်းဖြူ မြင်းလိမ္မာကြီး တိမ်ပျံကို ဒုန်းတင်၍ ထွက်သွားသည်။

အာကာရော တိမ်ပျံပါ ဇောင်းမှာမရှိလျှင် သူမသည် မောက်ခမ်းဝါ၏ ဦးကင်းပေါ်တွင် ရောက်ရှိနေတော့သည်။ မောက်ခမ်းဝါဆိုသည်မှာ အမြင့်ခြောက်တောင်ရှိသော ဆင်ပျိုမလေးဖြစ်သည်။ တစ်နည်းအားဖြင့် မောက်ခမ်းဝါသည် သူမ၏ ညီမငယ်တစ်ဦးဖြစ်သည်။ သူမထက် အသက်နှစ်နှစ်မျှသာ ငယ်သည်။ မောက်ခမ်းဝါနှင့် နန်းရင်သည် မွေးနှစ်အတူတူ မွေးလအတူတူဖြစ်သည်။ မောက်ခမ်းဝါသည် သူတို့အိမ်မှာပင် မွေးခဲ့သည်။ သူတို့အိမ်မှာပင် ကြီးပြင်းခဲ့သည်။ သူတို့နှင့်အတူ နေခဲ့သည်မှာ ဆယ့်ငါးနှစ်ရှိပေပြီ။

မောက်ခမ်းဝါ ဆိုသည်မှာ ရှမ်းဘာသာဖြင့် ရွှေဝါရောင်သစ်ခွပန်းကို ခေါ်ဆိုခြင်းဖြစ်သည်။ မောက်ခမ်းဝါ၏ မိခင်သည် ပကတိအမည်းအနက်သာ ဖြစ်သော်လည်း မောက်ခမ်းဝါကျတော့ ရွှေဝါရောင်အဆင်း ရှိလေသည်။ ရှေးလူကြီးများကမူ ဝါဖျော့ဖျော့အဆင်းရှိသော ဆင်ကို ပဏ္ဍုရဆင်ဟု ခေါ်သည်။

နန်းခင်သည် ငယ်ငယ်ကတည်းက ယောက်ျားတစ်ပိုင်းဖြစ်သည်။ ဓါးခုတ်တတ်သည်။ လှံထိုး တတ်သည်။ မြင်းစီးလျှင်သည်။ ဆင်စီးကျွမ်းသည်။ ပြေးနေသော ဆင်ပေါ်မှ ခုန်၍ဆင်းနိုင်သည်။ ပြေးနေသော ဆင်ပေါ်သို့ လှံကို ထောက်၍ တက်နိုင်သည်။ တောင်နာမောင်းကို တက်နေသော ဆင်ပေါ်တွင် မတ်တတ်ရပ်၍ စီးနိုင်သည်။ ချောက်ကမ်းပါးတွင် ခြေစမ်းထောက်၍ ဆင်းနေသော ဆင်မြီးကုန်းပေါ်တွင် ဆောင့်ကြောင့်ထိုင်နိုင်သည်။

နန်းခင်သည် အခြားမိန်းကလေးများ မလုပ်သော အလုပ်မျိုးကို လုပ်ချင်သူဖြစ်သည်။ ခန္တီးအမျိုး သမီးများ၏ အဆင်တန်ဆာတစ်ခုဖြစ်သော ခါးစည်းကြိုးကို အလှမချည်ဘဲ အခိုင်စည်းသည် အမြိတ် အစများကို ရှေ့တည့်တည့်တွင် တင့်တယ်ခြင်းမပြုစေဘဲ ဘေးစောင်းချထားသည်။ ဓါးလွယ်မှ ပန်းဖွား ကျသည်နှင့် တူစေခြင်းဖြစ်သည်။

"ဒီလူမကလေးနော၊ မြိတ်စကို ရှေ့မှာထားတာ မဟုတ်ဘူးလား အေ"

MMCYBERMEDIA
COMMUNITY FOR ALL

သူမ၏ မိခင်က မကြာခဏ မြည်တွန်သည်။

"အစ်မကလည်းနော၊ ခါးစည်းကြိုးဆိုတာ ထဘီမကျွတ်အောင် တင်းတင်းစည်းရတာမျိုး၊ မြိတ်စ ဘယ်ကကျကျ"

ရံဖန်ရံခါတွင် နန်းခင်သည် ခါးတွင် လျှော်ကြိုး၊ နွယ်ကြိုး စည်းထားတတ်သည်။

ယခုအခါတွင် နယ်မြေတစ်ခုလုံး ဆူပူလှုပ်ရှားနေသည့်အလျောက် မောင်ရွှေဝါသည် အိမ်နှင့် ရွာတွင် မနားမနေရသလောက် ဖြစ်သည်။ တိမ်ပျံနှင့် တလှုပ်လှုပ် ရှိနေရသည်။ တစ်ရွာလုံး တစ်နယ်လုံးသည် မကြာမီ ဖြစ်ထွန်းတော့မည့် အရေးတော်ပုံကြီးအတွက် အခုအခံ အစီးအနင်းများ ဆောင်ရွက်နေချိန်တွင် ကိုရွှေနီမှာလည်း သူ့အလုပ်နှင့် သူ မအားမလပ်ရှိနေသည်။ တစ်ဖက်က ကြက်ကို ပိုက်၍ တစ်ဖက်က လှံကိုကိုင်ကာ အာကာနှင့် မနာတမ်းသွားနေသည်။

ရွာတိုင်း ရွာတိုင်း သစ်လုံးတပ်တည်၍ ရွာပေါင်းစုံမှ လူများ ဓါးရေးလှံရေး ပြနေကြသည်ကို မြင်ရသောအခါ နန်းခင် သွေးကြွလျက်ရှိသည်။ စိတ်ဟုန်ပြင်းနေသည်။ နဂိုကမှ ခါးမှ ဓါးမြောင်မချသူ ဖြစ်သည်။ တချို့က သူမကို နန်းမြစ်ဟု ခေါ်ကြသည်။ မဓါးမြောင်ဟု ဆိုလိုခြင်းဖြစ်သည်။ ယခုမူ သူမ၏ ဆင်စွယ်ရိုးတပ် ဓါးမြောင်သည် မြသည်ထက်မြနေတော့သည်။

ဇောင်းတွင် အာကာနှင့် တိမ်ပျံ မရှိသည်က များသဖြင့် နန်းခင်သည် မောက်ခမ်းဝါကို စီး၍ ဟိုရွာ သည်ရွာ ကူးတတ်သည်။ ဗိုလ်ဗလတို့ လာလျှင် မြင်းနှစ်ဆယ်ကို ဤဆင်တစ်စီးဖြင့် အပြတ် အနိုင်တိုက်မည်ဟု ကြုံးဝါးနေသည်။ မိုးကောင်းကို သိမ်းပိုက်ရန် တပ်များချီတက်လာသောအခါ သူမသည် တပ်ဦးမှနေ၍ ရန်သူအားလုံးကို ဆင်နှင့်နင်းမည်ဟု အားခဲနေသည်။ သို့ဖြင့် ဦးရာကျော်နှင့် မောင်ရွှေဝါသည် တစ်ဖက်တွင် စိတ်အားလျော့နည်းနေသူများကို စစ်စိတ်စစ်သွေးတင်ပေးနေရပြီး၊ အခြားတစ်ဖက်တွင် စိတ်ဓါတ်တက်ကြွ ပြင်းထန်လွန်းသူများကို ဖျောင်းဖျထိန်းသိမ်းနေရသည်။

နန်းခင်လိုပင် တပ်နှင့်အတူ လိုက်လိုသော အမျိုးသမီးများ၊ တစ်ပွဲတစ်လမ်း စမ်းလိုက်ချင်သေးသော အရွယ်လွန်နေသူများ၊ လက်တည့်စမ်းချင်သော အရွယ်ငယ်သူများကို ချော့မော့နှစ်သိမ့်ရသည်။ အရွယ်ကောင်းသော၊ အင်အားပြည့်သော လက်ရွေးစင်တပ်သားများ စစ်ချီနေစဉ် ဤနယ်ပယ် ရပ်ရွာ လုံခြုံမှုရှိဖို့ကလည်း အထူးလိုအပ်ပေသည်။ တောကြောင်များ လက်ခမောင်းခတ်မည် စိုးရသည်။ ဘုရင့်တပ်များ ဖောက်ဝင်လာမည် စိုးရသည်။ သို့ဖြင့် နောက်ဘက်မှ လာသော ရန်သူများ၊ ကျွံလာသော ဘုရင့်လူများကို ကာကွယ်နိုင်ရန် အရွယ်လွန်နေသူများ၊ အရွယ်ငယ်သေးသူများနှင့် စိတ်အားကောင်းသော မိန်းကလေးများကို စု၍ တပ်ဖွဲ့ပေးရသည်။ စစ်ရေးလေ့ကျင့်ပေးရသည်။ သို့ဖြင့် နန်းခင်သည် ကြိုးကြာရွာစောင့်တပ်မှူး ဖြစ်လာတော့သည်။ အရေးအကြောင်းရှိလျှင် မိုးကောင်းသို့ စစ်ကူအဖြစ် လိုက်ရမည်ဟု ဦးရာကျော်တို့က နှစ်သိမ့်ထားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့နှင့်တိုင် နန်းခင်နှင့်သက်ဆိုင်သော ကိစ္စသည် မပြီးပြတ်သေးဘဲ ရှိနေသည်။ မောင်ရွှေဝါက နောက်ဆက်လိုက်ရသေးသည်။ယင်းသည်ကား အခြားမဟုတ်။ နန်းခင်က ရန်သူကို ဆင်နှင့်တိုက်လိုသည်ဆိုနေ၍ဖြစ်သည်။

မောက်ခမ်းဝါသည် စစ်ဆင်မဟုတ်ချေ။ တောလိုက်ဆင်သာ ဖြစ်သည်။ မောက်ခမ်းဝါကို တောလိုက်ရန်သာ သင်ကြားထားသည်။ စစ်ထိုးရန် သင်ကြားထားခဲ့ခြင်း မရှိချေ။ စစ်ပွဲတွင် ဆင်များ၊ မြင်းများ ပါရှိသော်လည်း ဆင်တိုင်း မြင်းတိုင်း စစ်ပွဲတိုးနိုင်ခြင်း မရှိချေ။ သင်ကြားလေ့ကျင့်ထားမှသာ ဖြစ်သည်။

ရိုးရိုးဆင်တစ်ကောင်ကို စစ်ပွဲတွင် သည်အတိုင်း ထည့်သွင်းအသုံးပြုမိပါက လူသူလက်နက် များကို ကြောက်လန့်ပြီး ကိုယ့်တပ်ကိုယ်နင်းမည်သာ အမှန်ဖြစ်သည်။ မောက်ခမ်းဝါ၏ မိခင်သည် အိမ်သုံးဆင်ဖြစ်သည်။ သစ်ဆွဲသည်။ ကုန်သယ်သည်။ တောရှင်းသည်။ လယ်ထွန်းသည်။ ခရီးပို့သည်။ မောက်ခမ်းဝါငါးနှစ်သမီးအရွယ်တွင် ငွေကြေးကျပ် တည်းသဖြင့် ဆင်မကြီးကို ဒင်္ဂါးပြားတစ်ရာဖြင့် ရောင်းချလိုက်ရသည်။

သည့်နောက် မောက်ခမ်းဝါကို အိမ်သုံးဆင်အဖြစ်သာမက၊ တောလိုက်ဆင်အဖြစ် လေ့ကျင့်သင်ကြားခဲ့ရသည်။ အထူးသဖြင့် တောဆင်ရိုင်းများကို ဖမ်းဆီးရန် လေ့ကျင့်ခဲ့သည်။ သို့ရာတွင် မောက်ခမ်းဝါသည် ကျားလိုက်ရာတွင် များစွာကျွမ်းကျင်လေသည်။ မောက်ခမ်းဝါ၏ ဖန်းတီး (ဆင်ဦးစီး) မှာ ကိုရွှေနီဖြစ်သည်။ မအွတ် (ဆင်ပဲ့ချိတ်)မှာ မောင်ရွှေဝါဖြစ်သည်။

ကိုရွှေနီသည် လူပေလူတေတစ်ဦး ဖြစ်သည့်အလျောက် ဆယ့်လေးငါးနှစ်အရွယ်ကတည်းက ဆင်ဖမ်းခဲ့သူဖြစ်သည်။ ပထမတွင် ဆင်ကျုံးသွင်းရာသို့ တောခြောက်အဖြစ် လိုက်ခဲ့ခြင်းဖြစ်သည်။ နောက်တွင်ကား ဇတ်စိုက်၊ ကျင်းထောင်၍ ဖမ်းသည့် နေရာတွင်လည်းကောင်း၊ ခြေကွင်းစွပ်၍ ဖမ်းသည့်နေရာတွင်လည်းကောင်း ပါဝင်ခဲ့သည်။ နောက်ဆုံးတွင် ဤနယ်သူနယ်သားများ အပြုအလုပ်များသော အိမ်ဆင်ဖြင့် ကြိုးကွင်းပစ်၍ ဖမ်းသည့်ဘက်တွင် အထူးနာမည်ရလေသည်။ သူ၏အသင်ပြဖြင့် မောက်ခမ်းဝါသည် တောလိုက်ဆင်ကောင်းတစ်ကောင်ဖြစ်သည်။

ယမန်နှစ်က ဆင်ပေါက်သုံးကောင် ရခဲ့သည်။ ကျားတစ်ကောင်ရခဲ့သည်။ သို့ရာတွင် ကျားလိုက်ရသည်မှာ ဘေးအန္တရာယ် ကြီးမားသလောက် စီးပွားရေးဘက်တွင် တွက်ရေးမကိုက်လှချေ။ ဆင်ဖမ်းရသည့်အလုပ်မှာလည်း လွယ်ကူလှသည်မဟုတ်။ အသက်ဘေးနှင့် နီးကပ်လှသည်။ သို့ရာတွင် ဆင်တစ်ကောင် ဒေါင်းတစ်ရာ ဆိုသည်နှင့်အညီ ငွေဒင်္ဂါးတစ်ရာ ရနိုင်သည် မဟုတ်ပါလော။ အရပ်ခြောက်တောင်ရှိသော မောက်ခမ်းဝါ အနေနှင့်ကား တော်ရုံတန်ရုံ အားကောင်းသော ဆင်ပေါက်များကို အမီလိုက်ရန် နာမောင်းရိုက်ရန် အစွယ်ထိုးရန် အပါဆွဲရန် အခက်အခဲအပင်ပန်း မရှိလှချေ။ ယခုမူ နန်းခင်ကြောင့် မောက်ခမ်းဝါကို စစ်ဆင်အဖြစ် မောင်ရွှေဝါ လေ့ကျင့်ပေးနေရပြန်သည်။ ပထမဆုံး လူမကြောက်ရန် ကျင့်ပေးရသည်။ လူအုပ်တွင်းဝယ် နေစေရသည်။ လူအများ ညာသံပေးသည်ကို မကြောက်မလန့်ရှိစေရသည်။ အနီးတွင်ကပ်၍ သေနတ်များ ပစ်ဖောက်သော အလေ့အကျင့် ပြုပေးရသည်။ အမြောက်သံတွင် မလန့်စေရန် ဒိုးများ ပစ်ဖောက်၍ နားယဉ်စေရသည်။ မြင်းသည်များ ခြေလျင်စစ်သည်များနှင့် ပူးတွဲလေ့ကျင့်ရသည်။ အခိုင်အခံ့ စိုက်ထားသော သစ်တိုင်များကို တွန်းခြင်း၊ ဆွဲခြင်းများ ပြုရသည်။ တောလိုက်ဆင်ဖြစ်သဖြင့် ဆင်ချင်းတိုက်သည့် နေရာတွင်မူ အထူးလေ့ကျင့်

MMCYBERMEDIA
COMMUNITY FOR ALL

စရာမလိုတော့ချေ။ နောက်ဆုံးတွင် နန်းခင်နှင့် မောက်ခမ်းဝါသည် တိုက်ပွဲဝင်နိုင်သည့် အခြေအနေ တွင် ရှိလာတော့သည်။ မောက်ခမ်းဝါလည်း နားပူစိတ်ပူ အတော်လေး သက်သာသွားတော့သည်။ သို့ရာတွင် ဤရက်များအတွင်း သူ့တွင်အလုပ်တွေ များလှသည်။ စားချိန်များ ရွှေ့၍ အိပ်ချိန်များ လျော့ထားသည်။ အေးအေးလူလူ စဉ်းစားတွေးတောရချိန်ဟူ၍ မရှိသလောက်ဖြစ်သည်။ ရံဖန်ရံခါတွင်သာ မနင်းမြို့ ဟူသော အသိသည် သူ့စိတ်အာရုံအတွင်းသို့ ဖျတ်ခနဲဝင်ရောက်လာသည်။ သို့ရာတွင် ရုတ်တရက်ပျောက်သွားသည်။ ဤအရေးအခင်းများ မပြီးစီး မအေးငြိမ်းသေးသရွေ့တော့ သူသည် မနင်းမြို့ထံ ပြန်နိုင်မည် မဟုတ်ချေ။ မျှော်လျှင်လည်း မျှော်စေတော့ မတတ်နိုင်။ ပြည်အရေးက အလေးစီးနေသည်။

ရွာပေါင်းစုံညီလာခံ ပြီးကတည်းကပင် စစ်ကြီးတစ်ခု ပြင်ရသည်နှင့်အခြား တာဝန်တွေ များလှသည်။ ရွာများ အားလုံးကို ခံတိုင်များ အခိုင်အစေ့ စိုက်စေရသည်။ ရွာများ ပတ်လည်တွင် ကျင်းများ တူး၍ ငုတ်များ၊ ခြောင့်များ စိုက်စေရသည်။ ကန်သင်းများ ဖွဲ့ရသည်။ ကင်းသေ ကင်းရှင်များ ချရသည်။ ကင်းဝပ်များ ထားရသည်။ ကင်းများမှ သတင်းများ မှန်မှန်ပို့စေရသည်။ မိုးကောင်းသို့ အထောက်တော် များ လွှတ်ရသည်။ ရွာများအားလုံးမှ အရွယ်ကောင်းသူများ ကျန်းမာသန်စွမ်းသူများကို ရွေးချယ်၍ တပ်ဖွဲ့ရသည်။ စစ်ချီစစ်တက်လေ့ကျင့်ရသည်။ အထိုးအခုတ်သင်ရသည်။ စားနပ်ရိက္ခာနှင့် လက်နက် ခဲယမ်း စုရသည်။ ရွာစောင့်တပ်များဖွဲ့၍ အခုအခံသင်ပေးရသည်။

ထိုမျှသာမက ရွာပေါင်းစုံညီလာခံသို့ မတက်ရောက်သော ရွာများသို့ သွားရောက်၍ အညီအညွတ် ဖြစ်သည်ထိ ဆွေးနွေးညှိနှိုင်းရသည်။ ကပ်ဖဲ့နိုင်သူများကို ပြောဟောရသည်။ သူ့လူငါ့ဘက်သား လုပ်သူများကို ဖမ်းဆီးချုပ်နှောင်ရသည်။ မိုးကောင်းသို့ ထွက်ပြေးရန် ကြံစည်သူများကို တားဆီးရသည်။

မြေနိမ့်လွင်ပြင်၏ အနေအထား အတော် အသားကျသွားသောအခါ တောင်ပေါ်သို့ တက်ကြရပြန်သည်။ ကချင်ရွာများသို့ လှည့်လည်၍ ဒူဝါ၊ အကြီးဝါ၊ ဆလန်ဝါများနှင့် ဆွေးနွေးရသည်။ သူတို့ မျှော်လင့်ထားသည့်ထက် ခရီးရောက်လေသည်။ ဦးရာကျော်တို့နှင့် ပူးပေါင်းရန် သဘောတူညီကြသည်။ သူတို့အချင်းချင်း တစ်တောင်နှင့်တစ်တောင်၊ တစ်ရွာနှင့် တစ်ရွာ ညှိနှိုင်း၍ တပ်များဖွဲ့ရန် စီစဉ်ကြ သည်။ မိုးကောင်းကို တိုက်ခိုက်ရန် သဘောတူကြသည်။

ဤသို့ မိမိတို့ နယ်မြေအတွင်း စီစဉ်ဖွယ်ရာများ စီစဉ်ပြီးသွားသောအခါတွင် နောက်တစ်ဆင့် တက်ကြရသည်။ ဤအဆင့် ပြီးမြောက်မှသာလျှင် မိုးကောင်းကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်မည် ဖြစ်သည်။ ယင်းကား သူတို့ကဲ့သို့ပင် ဘုရင်နှင့် ဘုရင့်လူများကို ဆန့်ကျင်နေသော အင်အားကြီး နှစ်ခုနှင့် နားလည်မှုယူရန်ပင် ဖြစ်သည်။ ဟော်ဆိုင်းအမည်ခံ ဦးရွှေလယ်တို့အစုနှင့် မိုးကောင်းမင်းတရားအမည်ခံ ဗိုလ်ဝတို့အစုပင် ဖြစ်သည်။

ဦးရွှေလယ်တို့နှင့် ပထမဆုံး တွေ့သည်။ နော်ပွဲရွာတွင် ဖြစ်သည်။ ဦးရွှေလယ်နှင့်အတူ နော်ပွဲ ဒူဝါ၊ ခွန်ဆန်၊ မောင်ထွန်းနှင့် မောင်စိန်တို့ ရှိကြသည်။ ဦးရွှေလယ်သည် ယခင်က မိုးကောင်းတွင် နေသွားသူဖြစ်သည်။ နောက် မြို့ဝန်နှင့် မသင့်မတင့်ရှိသဖြင့် မိုးခါးတွင် သွားရောက်နေထိုင်ခဲ့သည်။ ယင်းသို့ ရှိရာ အင်းတော်ကြီး အနောက်ဘက်တွင် ဟော်ဆိုင်းအမည်နှင့် ရုတ်တရက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဟော်ဆိုင်းမှာ ကောသမ္ဗီနိုင်ငံ သို့မဟုတ် မိုးကောင်းနိုင်ငံ၏ နောက်ဆုံးမင်းဆက်ဖြစ်သည်။ (၁၇၇၇) ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် မြန်မာတပ်များက မိုးကောင်းကို တိုက်ခိုက်သိမ်းပိုက်ပြီး ဟော်ဆိုင်းကို သုံ့အဖြစ် ခေါ်ဆောင်သွားသည်။ ထိုအချိန်မှစ၍ မိုးကောင်းသည် မြန်မာမင်းလက်အောက်ခံ မြို့တစ်မြို့ဖြစ်လာသည်။ မြန်မာဘုရင်သည် မိုးကောင်းတွင် စော်ဘွားမထားတော့ဘဲ၊ မြို့ဝန်များ အောက်တွင် အနှစ်တစ်ရာကျော် နေခဲ့ရသည်။ သို့ရာတွင် ဤအနှစ်တစ်ရာသည် ငြိမ်သက်သော အနှစ်တစ်ရာကား မဟုတ်ခဲ့ချေ။ အခွန်ကောက်ခံသော အမှုထမ်း၊ အရာထမ်းများကို မကြာခဏ ခုခံ တိုက်ခိုက်ကြသည်။ ဤနယ်တွင်ရှိသော မြန်မာများ၊ ရှမ်းများ၊ ကချင်များသည် မကြာခဏ ခုခံတိုက်ခိုက်ကြပြီး ရံဖန်ရံခါတွင် အချင်းချင်း စုပေါင်းညီညွတ်လျက် မတရားညှင်းပမ်းအုပ်ချုပ်သူများကို ခုခံတိုက်ခိုက် ကြလေသည်။

အနှစ်တစ်ရာကျော်အတွင်း ယင်းသို့ ခုခံတိုက်ခိုက်မှုကလေးများ မကြာမကြာ ဖြစ်ပေါ်သော်လည်း အင်အားသေးငယ်သဖြင့် မိုးကောင်းတပ်များက အချိန်မီ နှိမ်နင်းနိုင်ခဲ့ကြသည်။ သို့ရာတွင် နှစ်ကြိမ်တွင်ကား အထုအထည်ကြီးမားသဖြင့် မိုးကောင်းတပ်များနှင့် မလုံလောက်သဖြင့် ရွှေမြို့တော်မှ စစ်ကူ အမြောက်အမြားပေးပို့ရလေသည်။

ပထမအကြိမ်ကား မြို့ဝန်ဦးမန်းလက်ထက်တွင် ဖြစ်သည်။ ဦးမန်းသည် နယ်သူနယ်သားများ ပေါ်တွင် အထူးပင် ရက်စက်ကြမ်းကြုတ်လှသည်။ အခွန်ဘဏ္ဍာ အမျိုးအပြားကောက်ယူရုံမျှမက အလွတ် သက်သက်ငွေခွဲ တောင်းခံခြင်းလည်း ပြုတတ်ပေသည်။ သူ့အမိန့်ကို လွန်ဆန်လျှင် ဖမ်းဆီးချုပ်နှောင်ခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်း၊ ရွာကိုဖျက်ဆီးမီးရှို့ခြင်း၊ ပစ္စည်းများလုယူခြင်းတို့ ပြုတတ်သည်။ ယင်းအပြင် နယ်သူနယ်သားများ၏ လက်ငုတ်လက်ရင်း ဖြစ်သော လယ်များကို မတရားသိမ်းယူသည်။ လူအများကို အတင်းခေါ်ဆောင်၍ သူ့လယ်များကို အခကြေးငွေ မပေးဘဲ အလုပ်လုပ်စေသည်။ ထိုမျှသာမက သူ့လယ်များကို အတွင်းသို့ ရေမဝင်စေရန် တာတမံများဖို့စေသည်။ သူ့လယ်များအတွက် ဆည်များ တူးဖော်စေသည်။

ရွှေမြို့တော် သူ့နယ်ပယ် သာယာဝပြောရေးအတွက် ဆည်မြောင်း တာတမံများ တူးဖော်ဖောက်လုပ်သည်ဟု သံတော်ဦးတင်သည်။ နောက်ဆုံးတွင် ဦးမန်းသည် သူပြုခဲ့သော အပြစ်များ ပြေပျောက်စေရန် အတွက် ယတြာချေသည့်အနေဖြင့် တောင်ပေါ်တွင် ဘုရားတစ်ဆူတည်လေသည်။

မြို့အရှေ့ဘက် ခရီးတစ်တိုင်အကွာတွင် တောင်ကတုံးတစ်ခုရှိသည်။ မြို့ဝန်ဦးမန်းသည် ယင်း တောင်ထိပ်တွင် ဘုရားတည်ရန်အတွက် နယ်သူနယ်သား အားလုံးကို ဆင့်ခေါ်၍ မိုးကောင်းချောင်း အတွင်းမှ ကျောက်တုံးများသို့ တောင်ထိတ်ပသို့အရောက် လက်ဆင့်ကမ်းသယ်စေသည်။ ဘုန်းကြီးများပါ ဝင်၍ သယ်ကြရသည်။

သို့ဖြင့် မောင်ရွှေဝါတို့ လက်ထက်အခါတွင် မိုးကောင်းတောင်ကို ရှင်ပင်ပူလောင် ဦးမန်းတောင် ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ မြစ်အတွင်းမှ ကျောက်တုံးကျောက်ခဲများကို နက်ရှိုင်းစွာ တူးဖော်၍ ယူခဲ့သဖြင့် မြို့အရှေ့မြောက်ထောင့်လောက်တွင် ဝဲကြီးတစ်ခု ဖြစ်ပေါ်ခဲ့လေသည်။ ယင်း ဝဲကြီးသည် ည အခါတွင် ကြောက်မက်ဖွယ်ရာ အော်တတ်သည်။ တစ်နှစ်လျှင် အနည်းဆုံး လူတစ်ယောက်စားသည်။

မိုးကောင်းတောင်အဖြစ်မှ ဦးမန်းတောင်မှ ပြောင်းလဲလာသော်လည်း မြို့ဝန်ဦးမန်းသည် သူ့ဘုရားကို ပြီးမြောက်အောင် ထီးတင်သွားနိုင်ခြင်း မရှိခဲ့ချေ။

ဦးမန်းဘုရား ထီးတင်သည့်နေ့တွင် နေသည် ထွက်ကတည်းက ချစ်ချစ်တောက်ပူခဲ့သည်ဟု ဆိုသည်။ နေမွန်းတည့်အချိန်တွင် တော်လဲ၍ မြေငလျင် ကြီးစွာလှုပ်သည်။ ထို့နောက် မိုးကြီးလေကြီး ကျလေသည်။ ကျောက်စိမ်းဖြင့်လုပ်ထားသော ထီးတော်ကို မိုးကြိုးပစ်လေသည်။

ထိုအခါတွင် ဘုရားထီးတင်ပွဲသို့ ရောက်ရှိနေသော နယ်သူနယ်သားများသည်။ တိုင်ပင် ညှိနှိုင်းခြင်းမပြုရဘဲနှင့် တစ်ပြိုင်တည်းလိုပင် မိုးကောင်းတပ်များကို ထိုးခုတ်သတ်ဖြတ်ကြသည်။ ထို့နောက် မြို့ဝန်ဦးမန်းကို အရှင်ဖမ်းမိပြီး လှေဖြင့် ခေါ်ဆောင်သွားသည်။ မိုးကောင်းမြို့ အနောက်ဘက် နှစ်တိုင်လောက်တွင်ရှိသော သောင်ပြင်၌ကပ်ဖိ၍ထားသည်။ ကပ်ဖိသည်ဆိုသည်မှာ လူကို ကြိုးဖြင့် တုပ်၍ လှေဝမ်းထဲတွင် မှောက်စေသည်။ ထို့နောက် အပေါ်မှ ကပ်များဖိထားခြင်း ဖြစ်ပေသည်။ တစ်ညလုံး ကပ်ဖိထားသည်ဖြစ်ရာ မြို့ဝန်ဦးမန်းသည် "ကယ်တော်မူကြပါ"၊ "ကယ်တော်မူကြပါ" ဟု တစာစာ အော်ဟစ်လျက်ရှိသည်။ သူ့အသံကို မိုးကောင်းတစ်မြို့လုံးက ကောင်းစွာကြားရသည်။ နောင်အခါတွင် ယင်းနေရာကို ကယ်ပါသောင်ဟု ခေါ်ကြသည်။ ညအခါတွင် အော်သံကြားရသည်ဟု ပြောစမှတ်ပြုကြသည်။ နယ်သူနယ်သားများသည် မြို့ဝန်ဦးမန်းကို နောက်တစ်နေ့နံနက်တွင် အဆုံးစီရင်လိုက်ကြသည်။

ယင်းပုန်ကန်ထကြွမှုကို မြန်မာတပ်များသည် အလုံးအရင်းဖြင့် တစ်လကျော် နှစ်လနီးပါး နှိမ်နင်းရသည်။

ဒုတိယအကြိမ်ကား ယခုမောင်ရွှေဝါတို့ ကြုံကြိုက်နေရသော အရေးတော်ပုံပင် ဖြစ်သည်။ ယခုအကြိမ် ထကြွခြင်းမှာလည်း ပထမအကြိမ်နည်းတူပင် ဖြစ်သည်။ အုပ်ချုပ်သူများ၏ မတရားနိုပ်စက်မှု ညှင်းပန်းမှုကို မခံမရပ်နိုင်သဖြင့် ခုခံတိုက်ခိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ပထမအကြိမ်သည် ရုတ်တရက် ပေါ်ပေါက်ခြင်းဖြစ်၍ စုစည်းမှု၊ ခေါင်းဆောင်မှုမရှိချေ။ ယခုတစ်ကြိမ်ကား ဝုန်းခနဲ ပေါက်ကွဲခြင်းမျိုး မဟုတ်ဘဲ တစ်စတစ်စ အင်အားကြီးထွားလာခြင်း ဖြစ်သည်။ ဘုရင်ဆန့်ကျင်ရေး အင်အားစုများ စုပေါင်းမိလာခြင်းဖြစ်သည်။

ဦးရွှေလယ်သည် မခံမရပ်နိုင်ရှိနေသော နယ်သူနယ်သား အများအပြားကို စုစည်းထားနိုင်လေသည်။ သူ့ကိုယ်သူ ဟော်ဆိုင်းဝင်စားသူဟု ပြောဆိုခြင်းကို ယုံကြည်သူ အများရှိသည်။ အချို့ကလည်း ဘုရင့်လူများကို မုန်းသဖြင့် သူနှင့်ပူးပေါင်းခြင်းဖြစ်သည်။

အမှန်မတော့ ဦးရွှေလယ်သည် လက်ရုံးရည်နှင့်ပြည့်ဝသော သူရဲကောင်းတစ်ယောက်ကား မဟုတ်ချေ။ ကြံရည်ဖန်ရည်ရှိသော၊ အပြောအဟောကောင်းသူ၊ ဥပမိရုပ်ကောင်းသူတစ်ဦးသာ ဖြစ်သည်။ မောင်ရွှေဝါတို့သည်ပင်လျှင် ဦးရွှေလယ်နှင့် မျက်နှာချင်းဆိုင်တွေ့ရသောအခါ တုန်လှုပ် ချောက်ချားခြင်း ဖြစ်မိသည်။ ပျဝပ်ခစားခြင်းပြုရမည်လားဟု အောက်မေ့မိသည်။ အပြောယောင်ကန်းကန်း၊ အနေ ကြောင်အမ်းအမ်း ဖြစ်မိကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးရွှေလယ်သည် အသားအရေ ဖြူနေသည် အရပ်အနေထောင်မောင်း တုတ်ခိုင်သည်။ ဆံပင်ကောင်း၍ သျှောင်ထုံးကြီးသည်။ နှုတ်ခမ်းမွေးနစ်ခုသည် ကွေးညွတ်၍ ဆင်းနေသည်။ မျက်လုံးအကြည့် စူးရှသည်။ မျက်နှာအနေ ခန့်တည်သည်။ စကားပြောလျှင် ရင်ကိုကော့၍ ခါးကို ဆန့်ထားသည်။ တစ်လုံးချင်းပီပီသသ ပြောသည်။ သူ့နေရာနှင့်သူ အသံနိမ့်မြင့်ခြင်း တိုးကျယ်ခြင်းရှိသည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ လင်္ကာကျမ်းနှင့် ရာဇဝင်အဆောင်ဆောင်တွင် နှံ့စပ်သည်။

သူ၏တဲနန်းမှာ မင်းတို့၏ အဆောင်အယောင် အပြည့်ရှိသည်။ ဤတဲနန်းအတွင်းသို့ ဝင်ရောက်သွားပြီး ဤသူနှင့် မျက်နှာချင်းဆိုင်ရသောအခါ တော်ရုံတန်ရုံလူများ မဆိုထားဘိ၊ မောင်ရွှေဝါတို့ လူစုပင် ရှိုးတိုးရှန့်တန့် ဖြစ်ရသည်။ ရုတ်တရက်တော့ စိတ်အားလျော့ငယ်မိကြသည်။

ဦးရွှေလယ် လုပ်ပုံကလည်း သည်လိုလေ။ ဦးရာကျော်တို့လာသည်ကို သိပါလျက်နှင့် ရွာအဝင် တဲအဝင် တဲအဝမှ ထွက်၍ကြိုဆိုခြင်း မပြုချေ။ စစ်သည်တော် တစ်ကျိပ်ကိုသာ အကြိုလွှတ်၍ တဲနန်း သို့ ခေါ်လာစေသည်။

တဲနန်းအတွင်း၌ကား ဦးရွှေလယ်သည် ခါးစောင်းခန့်မြင့်သော ကွပ်ပျစ်ပေးတွင် ထိုင်နေသည်။ နော်ပွဲဒူဝါနှင့် ခွန်ဆန်ကအစ အခြားလူပေါင်း နှစ်ဆယ်လောက်သည် မြေပြင်တွင် ဖျာခင်း၍ ထိုင်နေကြသည်။ ဦးရွှေလယ်၏ ရှေ့တည့်တည့်တွင် ဖျာနှစ်ချပ်သည် အလွတ်အလပ် ရှိနေသည်။ ဦးရာကျော်တို့အတွက် လျာထားသည့် သဘောရှိသည်။ ဦးရွှေလယ်သည် ဦးရာကျော်တို့ ဝင်လာသည်ကို ကွပ်ပျစ်ထက်မှနေ၍ မတည်မပြုံး ကြည့်နေသည်။ တဲအတွင်းရှိ လူများသည် ဦးရွှေလယ်ကို ပျပ်ဝပ်ခစားနေကြခြင်းမျိုး မဟုတ်သော်လည်း ဘုန်းတော်ကြီးရှေ့မှောက်တွင် ရှိသေကျိုးနွံစွာ ထိုင်နေသကဲ့သို့ ရှိကြသည်။

မောင်ရွှေဝါနှင့်တကွ အခြားလူများသည် ကယောင်ချောက်ချား ရှိကြသော်လည်း ဦးရာကျော်ကမူ ပုံပျက်ခြင်းအလျှင်းမရှိချေ။ သို့ရာတွင် စကားပြောသောအခါတွင်မူ အသံသည် မာ၍ တုန်နေသည်။ ဦးရာကျော် ဒေါသဖြစ်နေသည်ကို မောင်ရွှေဝါတို့ သိရသည်။

"ခင်ဗျားရဲ့တဲက အတော်ကောင်းပေသားပဲ။ နို့ပေမယ့် ခင်ဗျားတို့ဆီမှာ ဝါးတွေ သုဉ်းကုန်ပြီလား။ ကွပ်ပျစ်ကလေးမှ ပြည့်ပြည့်ဝဝ ခင်းမထားနိုင်ပါကလား ကိုရွှေလယ်ရဲ့"

ဦးရာကျော်ရဲ့စကားကြောင့် ဟော်ဆိုင်းအမည်ခံ ဦးရွှေလယ်သည် မျက်နှာပျက်သွားသည်။ သို့ရာတွင် ရုတ်ခြည်းပင် အမူအယာဆယ်၍...

"ကျုပ်တို့မှာ တိုင်ပင်စရာတွေ အရေးကြီးနေလို့ ကိုရာကျော်တို့ ဒီကိုရောက်လာရတာပါ။ အခုပဲ စကားပြတ်ကြပါတော့မယ်။ ကိုရာကျော်တို့အတွက် ဆောက်ထားတဲ့ တဲကန္နားကို သွားနှင့်ကြပါ။ ကျုပ်တို့ လိုက်ခဲ့ပါ့မယ်"

ထို့နောက် ဦးရွှေလယ်သည် ဦးရာကျော်တို့ကို လိုက်ပို့ပေးရန် လူတစ်ယောက်ကို တာဝန်ပေးသည်။ ထိုအခါကျမှ မောင်ရွှေဝါတို့လည်း အသက်ရှူမှန်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အချိန်အတော်ကြာသောင်းမှ ဦးရွှေလယ်နှင့် သူ့လူများသည် ဦးရာကျော်တို့ တဲကန္တားသို့ ရောက်ရှိလာသည်။ ဦးရာကျော်သည် စကားအပိုများ ပြောမနေဘဲ ရွာပေါင်းစုံညီလာခံမှ သဘောတူညီထားကြသည်များ၊ လုပ်ဆောင်စီစဉ်ပြီးသည်များကို ပြောပြသည်။

ပထမတွင် ဦးရွှေလယ်သည် မိုးကောင်းကို သိမ်းပိုက်ပြီးမှ မင်းတင်မြှောက်မည်ဟူသော အချက်ကို သဘောမတူသလိုရှိနေသည်။ သူ အောင်မြေနင်းသည့်အကြောင်း၊ ဘွဲ့အမည်ခံမည့် အကြောင်းများကို ပြောနေသည်။ မိမိတို့သည် မင်းအဖြစ်ကို လို၍ ပုန်ကန်ကြခြင်း မဟုတ်ကြောင်း၊ အရေးတော်ပုံပြီးသောအခါ ဤနယ်ပယ်အတွင်းရှိ ကျေးရွာအကြီးအကဲများ၊ တောင်ပေါ်အကြီးအကဲများ ကြိုက်နှစ်သက်သူ မင်းပြုခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်သည်ဟု ဦးရာကျော်က တင်းတင်းမာမာပြောမှ ဦးရွှေလယ် ပရိယာယ်ပြောင်းသည်။ သူ့နယ်တွင် သူရှင်ဘုရင်ဖြစ်ပြီး ဦးရာကျော်ကို အကြည်တော်အဖြစ် ဆက်ဆံမည့်အကြောင်းကို သွယ်ဝိုက်၍ ပြောဆိုသည်။ နောင်အခါတွင်မှ မင်းတို့၏ မင်းကိုပဲ တင်မြှောက်ခြင်းသည် လျော်ကန်လှပေသည်ဟု ဆိုသည်။

ဦးရာကျော်တို့သည် စကားအပေးအယူ သင့်မြတ်သည်နှင့် တစ်ပြိုင်တက် ညအိပ်ခြင်းပင် မပြုတော့ဘဲ မိုးကောင်းမင်းတရား အမည်ခံ ဗိုလ်ဝရှိရာ ခရီးပြင်းဆက်သည်။

ဗိုလ်ဝကား ဦးရွှေလယ်နှင့်ပြောင်းပြန် ဖြစ်သည်။

မိုးကောင်းမင်းတရားဟု အမည်ခံထားသော်လည်း ရှင်ဘုရင်အနံ့အသက် လုံးဝမရှိသူ ဖြစ်သည်။ သူများတွေက မှည့်ခေါ်ထားသော နာမည်ဖြစ်သည်။ သူ့ဘာသာသူကား ဗိုလ်ဝပင်။ သူ၏ အမည်ရင်းမှာ သူဝ ဖြစ်သည်။

ဗိုလ်ဝသည် ရွာတွင်နေခြင်း မပြုဘဲ တောတစ်ခုတွင် တဲကန္တားများထိုး၍ နေသည်။ ရွာကလေး တစ်ရွာပင်ဖြစ်သည်။ ဦးရာကျော်တို့ကို ကင်းဖျားအထိ လာ၍ ကြိုသည်။ ဖက်လဲတကင်းပင် ဖြစ်သည်။ စကားအပြောအဆို ပွင့်လင်းသည်။ အကွယ်အထောင့်မရှိ။ သဘောကျသည်ရှိလျှင် ဝါးလုံးကွဲ ရယ်တတ်သည်။ စိတ်မတွေ့သည်ရှိလျှင် ယခုပင် သတ်တော့ပုတ်တော့မည့်အလား ဂူးဂူးဝါးဝါး လုပ်တတ်သည်။ ဗိုလ်ဝသည် အတိုက်အခိုက် ကျွမ်းကျင်သည်။ ရဲရင့်သည်။ သို့ရာတွင် နလုံးရည်နည်းသည်။ အမြော်အမြင် မပြေးလှ။

သူ့လူများမှာလည်း သူလိုပင်ဖြစ်သည်။ တိုက်စရာရှိလျှင် တုံးပေကပ်သတ် တိုက်မည့်သူများ ဖြစ်ကြသော်လည်း စကားပြောဖွယ်၊ ဆိုဖွယ်ရှိလျှင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့်သူ မရှိချေ။ ဗိုလ်ဝသည် ဦးရာကျော်၏ အစီအစဉ်များကို အလွယ်နှင့် သဘောကိုက်ညီသည်။ သူ့အစီအစဉ်မှာ ဝန်းသိုကို တိုက်ရန်ဖြစ်သည်။ မိုးကောင်းကို ဦးရွှေလယ်နှင့် ဦးရာကျော်တို့ တိုက်ရန် သဘောတူသည်။ နောင်အခါတွင် မည်သူ မင်းပြုမည်ကို သူ စိတ်မဝင်စားလှ။ သူ့အလုပ်မှာ လောလောဆယ် တိုက်ဖို့ပင် ဖြစ်သည်။

ဗိုလ်ဝသည် ဦးရွှေလယ်ကို အထင်မကြီးပေ။ သို့ရာတွင် နော်ပွဲဒူဝါနှင့် ခွန်ဆန်တို့သည် အတိုက်အခိုက် စေ့စပ်သော ယောကျ်ားကောင်းများ ဖြစ်သည်ဟု ဝန်ခံသည်။ ဗိုလ်ဝသည် ကိုရွှေနီနှင့် သိသည်ဟုဆိုသည်။ မောင်ရွှေဝါကို ကိုရွှေနီ၏ညီမှန်း သိသောအခါ အထူး ခင်မင်လေးစားပုံပြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါ၏ သေနတ်ကို မျက်စိကျသည်။ မောင်ရွှေဝါက ဘကြီးမုံးအကြောင်းပြောသောအခါ ဗိုလ်ဝက ကနန်း အဘိုးကြီးကို သူလည်းသိ၍၊ သူလည်း လေးစားခင်မင်ပါကြောင်းဖြင့် ပြောသည်။

ဦးရာကျော်တို့ ပြန်သောအခါတွင် ဗိုလ်ဝသည် ကင်းဖျားအထိ လိုက်ပို့သည်။

## အခန်း -၂၀-

မောင်ရွှေဝါသည် ရွာသို့ပြန်ရောက်သည်တွင် စိတ်လှုပ်ရှားဖွယ်ရာ သတင်းတစ်ခုကို ခရီးရောက်မဆိုက် ကြားသိရသည်။ ကိုရွှေနီနှင့် မထုံးရီတို့ အကြောင်းပင် ဖြစ်သည်။

ဦးရာကျော်သည် ခရီးမထွက်မီက ကိုရွှေနီကို ရှာသေးသည်။ ကိုရွှေနီနှင့် ဗိုလ်ဝ ခင်မင်ရင်းနှီးမှုန်းသိ၍ ဖြစ်သည်။ သို့ရာတွင် ကိုရွှေနီနှင့် တော့လွဲကလေးများ ဖြစ်ခဲ့ရသည်။

မောင်ရွှေဝါသည် ခရီးထွက်မည့် မနက်က မထုံးရီကို တွေ့သေးသည်။ ဦးနောင်ရှမ်းကို သွားခေါ်ရင်း တွေ့ခြင်းဖြစ်သည်။ သူတို့နှင့် အတူ လိုက်ချင်သည်ဟု အမျိုးသမီးက ပြောလိုက်သေးသည်။

ဦးရာကျော်သည် ကိုရွှေနီကို ခရီးမထွက်မီကသာ မတွေ့သည်မဟုတ်၊ ခရီးထွက်ရာမှ ပြန်လာတော့လည်း မတွေ့ချေ။ ကိုရွှေနီ ရွာတွင် မရှိချေ။

မောင်ရွှေဝါသည် ဦးနောင်ရှမ်းကို အိမ်အရောက် လိုက်ပို့သည်။ မောင်မျိုးကို ခြံဝတွင် တွေ့ရသည်။ မထုံးရီကိုကား မမြင်ရချေ။ သူမလည်း ရွာတွင် မရှိချေ။ ကိုရွှေနီနှင့် လိုက်ပါသွားသည်။

အမှန်တော့မူ ကိုရွှေနီက မထုံးရီနှင့် လိုက်သွားခြင်းသာ ဖြစ်ပေသည်။ မထုံးရီသည် အင်းတော်ကြီး ရွှေမဍ္ဍုဘုရားပွဲသို့ နှစ်စဉ် သွားရောက်သူဖြစ်သည်။ ကိုယ်ဝန်အရင့်အမာကြီးနှင့်ပင် ပျက်ကွက်ခြင်း မရှိချေ။ သည်နှစ်လည်း တိုင်းပြည်ဆူ၍ လူအများမှာ ကိုယ့်အပူနှင့်ကိုယ် ရှိနေကြရသော်လည်း သူမကမူ ဘုရားပွဲကိုသာ အာရုံစိုက်နေခဲ့သည်။

သည်နှစ် ဘုရားပွဲ ဖြစ်၊ မဖြစ်ကို လူတွေ့တိုင်း မေးသည်။ နောက်ဆုံးတွင် ဘုရားပွဲ ဖြစ်ကြောင်းသိရသဖြင့် မဖြစ်မနေ သွားရောက်ခြင်း ဖြစ်သည်။ ယခင်နှစ်များကမူ ဘုရားပွဲအဖော် မရှားချေ။ ကိုယ့်ရွာကလည်း လှည်းတွေများကြသည်။ အခြား ရွာတွေကလည်း ရွာကို ဖြတ်ကြသည်။ သည်နှစ်တော့မူ ကြိုးကြာရွာကလည်း မည်သူမျှ မသွားချေ။ အနီးအပါး ရွာများကလည်း တစ်ယောက်မျှ မသွားချေ။ တိုင်းပြည်ကြီး ယနေ့ မနက်ဖြန် ပျက်တော့မည်ဟု အသိရှိနေသော နယ်သူနယ်သားများသည် အဘယ်မှာလျှင် ဘုရားပွဲကို အာရုံပြုနိုင်မည်နည်း။ အဖြစ်သာ ကျင်းပရခြင်း ဖြစ်သည်။ ဘုရားနှင့်နီးသော ရွာများလောက်သာ သုတ်သုတ်သွား၊ လျင်လျင်ပြန်ကြရသည်။ ခရီးအဝေးမှ တကူးတက သွားသူဟူ၍ မထုံးရီနှင့် ကိုရွှေနီတို့ နှစ်ယောက်လောက်သာ ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မထုံးရီသည် ဘုရားပွဲ ဖြစ်နေသမျှတော့ ကြံ၍ဖန်၍ သွားမည်သာ ဖြစ်သည်။ သူမကို လိုက်ပို့မည့်သူ ရှာကြည့်သောအခါ ကိုရွှေနီတစ်ယောက်သာ တွေ့သည်။ ဤသူသည် တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖြစ်သည်။ မည်သူပြောသည်ကိုမျှ အမှုမပြုတတ်၊ ရဲဝံ့သည့် အရည်အချင်းရှိသည်။ သူမ၏ အလိုဆန္ဒကိုလည်း လိုက်လျောလိုသူတည်း။

ကိုရွှေနီနှင့် မထုံးရီတို့ ဘုရားပွဲ သွားပုံသွားနည်းကလည်း ရုတ်ရုတ်သဲသဲပင် ဖြစ်သည်။ သူတို့သွားသည့်အချိန်က ရွာတွင် နန်းခင် မရှိချေ။ ဆယ့်လေးငါးနှစ်အရွယ် လူငယ် လေးငါးဦးနှင့်အတူ ပိန္နဲကုန်းရွာသို့ သွားနေသည်။ ဆားရမည်ဆို၍ ရွာအတွက် သွားဝယ်ခြင်းဖြစ်သည်။

ရွာတံခါးများတွင် လူငယ်များနှင့် အဘိုးကြီးများက ကင်းစောင့်လျက် ရှိသည်။ အဝင်အထွက်ကို တင်းတင်းကျပ်ကျပ် စစ်ဆေးသည်။ ရွာလူကြီးများနှင့် နန်းခင်၏ ခွင့်ပြုချက် မရရှိဘဲ မည်သူမျှ ရွာအပြင်သို့ ထွက်ခွင့်မရှိချေ။ သို့သော် ယင်း တားမြစ်မှုတွင် ကိုရွှေနီ အကျုံးမဝင်ချေ။ သူတစ်ယောက်တည်းဆိုလျှင်မူ ဝင်လိုဝင် ထွက်လိုထွက်။ လူအပိုကား ခေါ်ဆောင်ခွင့် မရှိချေ။

ယင်းကြောင့်ပင် မထုံးရီကို မြင်းပေါ်တင်၍ အရှေ့တံခါးမှ ထွက်မည် ပြုသည်တွင် ကင်းသမားများက အပြင်းအထန် တားမြစ်ကြသည်။ ကိုရွှေနီက ခြောက်ကြည့်သည်။ ကင်းသမားများသည် အသေခံမည့်သဘော ရှိသည်။ ချော့ကြည့်သည်။ ပျော့သူ တစ်ဦးမျှ မရှိ။ ဤအတိုင်းသာဆိုလျှင် ကိုရွှေနီသည် မထုံးရီကို တင်ဆောင်၍ ရွာမှ ထွက်လိုလျှင် ကင်းသမားများကို ထိုးခုတ် တိုက်ခိုက်မှပင် ဖြစ်တော့မည်။ အခြေအနေသည် အထူး ဆိုးရွားလျက် ရှိတော့သည်။ ဤအချိန်တွင် မထုံးရီသည် အကြံတစ်ခု ရရှိသဖြင့် အိမ်သို့ပြန်ပို့ရန် ကိုရွှေနီကို ပြောသည်။ ဘုရားပွဲသို့ မသွားတော့ဟု ဆိုသည်။ ကိုရွှေနီမှာ နားမလည်နိုင်ဘဲ ရှိရသည်။

လမ်းတွင်မှ မထုံးရီသည် သူမ၏ အကြံကို ပြောပြသည်။ အနောက်တံခါးမှ ထွက်ကြရန် ဖြစ်သည်။ သို့သော် ယခုအတိုင်းထွက်လျှင်မူ အနောက်တံခါးမှလည်း ခွင့်ပြုမည် မဟုတ်ချေ။ ယင်းကြောင့် သူမက အရင်သွားနှင့်ပြီး တံခါးအနီးတွင် မယောင်မလည် ပြုနေမည်။ နောက်မှ ကိုရွှေနီက မြင်းနှင့်လာရမည်။ ကင်းသမားများက ကိုရွှေနီအတွက် တံခါးဖွင့်ပေးသောအခါတွင် သူမက လျင်မြန်စွာ လိုက်ထွက်ရန် ဖြစ်သည်။

မထုံးရီသည် အနောက်တံခါး ကင်းသမားများထံသို့ သွားပြီး သူမ၏သားကို တွေ့ မတွေ့မေးသည်။ ကင်းသမားများက မတွေ့မမြင်မိဟု ဆိုသောအခါတွင် အမျိုးသမီးသည် သားကို မြည်တွန်တောက်တီးလျက် ရှိသည်။ ထိုစဉ်တွင် ကိုရွှေနီသည် ရွာလယ်လမ်းအတိုင်း အာကာကို စိုင်းလာသည်။ ကင်းသမားများက အဆောတလျင်ပင် တံခါးဖွင့်ပေးသည်။ တံခါးဖွင့်သည်နှင့် တစ်ပြိုင်နက် မထုံးရီက ပြေးထွက်သည်။ မြင်း၏အရင်ဖြစ်သည်။ ကင်းသမားများက မည်သို့မျှ မတားနိုင်ခင်မှာပင် ကိုရွှေနီက မြင်းပေါ်မှကုန်းငုံ့၍ မထုံးရီ၏ခါးကို ညာလက်ဖြင့် ရစ်ကာ ဆွဲတင်သွားသည်။ နောက်ဘက်တွင် ဆူညံ၍ ကျန်ရစ်သည်။

ယင်းသို့တိုင် ကိုရွှေနီနှင့် မထုံးရီတို့ အဘယ်အရပ်သို့ သွားသည်ကို ရွာက မသိသေးချေ။ အမျိုးမျိုးသာ ထင်ကြေးပေးနေကြသည်။ နောက်တစ်နေ့တွင် ဆင်ကန်ရွာမှ ကင်းရှင်များလာမှ

MMCYBERMEDIA
COMMUNITY FOR ALL

အကြောင်းမှန်ကို သိရသည်။ ရွှေမဥ္ဇူဘုရားပွဲသို့ သွားမည့်အကြောင်း ကိုရွှေနီတို့က ဆင်ကန်မှ ကင်းသမားများကို ပြောသွားသည်။

ဤတွင် ကြိုးကြာရွာသူရွာသားများသည် အံ့သြစရာတစ်ခုကို တစ်ဆက်တည်း တွေ့ကြုံကြရသည်။ ယင်းကား မောင်မျိုးနှင့် ပတ်သက်၍ပင် ဖြစ်သည်။ ဤကလေးသည် မည်သည့်ကလေးနှင့်မျှ မတူသည်ဖြစ်၏။ အဘိုးဖြစ်သူလည်း မရှိ။ မိခင်ဖြစ်သူလည်း မရှိ။ သူတစ်ယောက်တည်းသာ ရှိသော်လည်း ငိုယိုခြင်းမပြု။ " အဘိုး ဘယ်တော့လာမလဲ" " အမေ ဘယ်သွားသလဲ" ဟု မမေး။ သူ့ဘာသာသူ နေမြဲနေသည်။ အမှန်ကတော့ သူသည် ယခင်ကတည်းကပင် သီးခြားနေသူ ဖြစ်သည်။ အဘိုးနှင့်လည်း ရောမနေ၊ အမေနှင့်လည်း ကပ်မနေ။ ယခုအဘိုးနှင့် အမေမရှိတော့လည်း ထိခိုက်ခြင်း မဖြစ်ချေ။ အိမ်နီးချင်းများက ထမင်းခေါ်ကျွေးလျှင် စားသည်။ မကျွေးလျှင် နေသည်။ ညအခါ ခေါ်၍ သိပ်လျှင် အိပ်သည်။ မခေါ်လျှင် တစ်ယောက်တည်း ထိုင်နေသည်။

မောင်ရွှေဝါသည် ဤအကြောင်းများကို ရွာသို့ ပြန်ရောက်ရောက်ချင်းပင် နန်းရင်က ပြောပြ၍ သိသည်။ နန်းရင်သည် ဤအကြောင်းများကို သတင်းအဖြစ်သာ ပြောသည်။ သူမနှင့် သက်ဆိုင်သူများဟု မှတ်ယူပုံမရ။ ကိုရွှေနီနှင့် မည်သို့မျှ မတော်စပ်သကဲ့သို့ရှိသည်။ မထုံးရီကို မည်သို့မျှ အပြစ်မမြင်သလို ရှိသည်။ မထုံးရီနှင့် စပ်လျဉ်း၍ သူမပြောသည်မှ တစ်ခုပဲရှိသည်။

"မမထုံးရီက လှတာကိုးနော"

မောင်ရွှေဝါတို့ မိသားစုတွင် ဘုရားပွဲသွားသူများအပေါ် မကျေနပ်နေသူ နှစ်ဦးမှာ နန်းခင်နှင့် ဦးနွဲ့မွန်ဖြစ်သည်။ ဒေါ်စောရုံကမူ စိတ်မကောင်းရုံ ရှိသော်လည်း ပြင်းပြင်းထန်ထန် ပြောဆိုခြင်း မရှိချေ။ နန်းခင်နှင့် ဦးနွဲ့မွန်တို့ကား ယခုပင် မိုးပြိုတော့မည့်အလား ပွက်လောညံနေသည်။

နန်းခင်သည် မခုံးရီကို အစဉ်တစိုက် မျက်နှာကြောမတည့်သူ ဖြစ်သည်။ သူမက ကြမ်းကြမ်းတမ်းတမ်း ဖြစ်၍ နွဲ့နွဲ့နှောင်းနှောင်းတွေကို မုန်းသည်။ အထူးသဖြင့် ယောကျ်ားများနှင့် ပူလူးပလဲ နေတတ်သော မိန်းမများကို ကြည့်မရချေ။ မထုံးရီသည် ကြာအမျိုးမျိုးနှင့် ယောကျ်ားတွေကို မြူနေသူဟု သူမက ယူဆသည်။ ယခုလို သူမ၏ အစ်ကိုကို ဆွဲခေါ်သွားသောအခါတွင် ဒေါပွ၍ မဆုံးဖြစ်နေသည်။

ဦးနွဲ့မွန်ကမူ သည်လို အချိန်မျိုးတွင် မိန်းမတစ်ယောက်၏ အလိုကိုလိုက်၍ ဘုရားဖူးသွားသော သားကိုလည်း ရစရာမရှိအောင် ပြောသည်။ မထုံးရီကိုလည်း ရွာကိုဖျက်မည့် အမျိုးသမီးဟု ဆိုသည်။ မာရ်နတ်၏ သမီးဟု ကင်ပွန်းတပ်သည်။ ပချြပ်သည်မ၊ ဟတ္တနီမဟု ရင့်ရင့်သီးသီး ဆိုသည်။

ထိုမျှမက ဦးနောင်ရုမ်းတို့အိမ်သို့ သွားပြီး သမီးကို ဆိုဆုံးမထားရန် ပြောသည်။ ဦးနောင်ရုမ်းကမူ မည်သို့မျှ ပြောဆိုခြင်း မပြုဘဲ အရက်ကိုသာ ဖိ၍ သောက်နေသည်။

ဤအထဲတွင် ရင်နာရသူမှာ မောင်ရွှေဝါဖြစ်သည်။ သူ့ကို မထုံးရီက ဖိစီးခြောက်လှန့်လျက် ရှိသည်။ ဤအခါများတွင် သူက မနင်းမြူအကြောင်းကို စဉ်းစားသည်။ မနင်းမြူ၏ အသံကို ကြားယောင်၍

MMCYBERMEDIA
COMMUNITY FOR ALL

ကြည့်သည်။ မနင်းမြူကို မြင်ယောင်၍ ကြည့်သည်။ သို့ရာတွင် မထုံးရီက မနင်းမြူ၏ ရှေ့မှ ဝင်ရောက်၍ ရပ်သည်။ မထုံးရီ၏ ရယ်မောသံသည် ပို၍ ကြားလာသည်။

မည်သို့ဖြစ်စေ၊ ဤအရေးတော်ပုံ ပြီးသွားသောအခါတွင် တောင်လေးလုံးသို့ ပြန်၍ ကနန်းသူ မနင်းမြူနှင့် အိမ်ထောင်ကြီး တစ်ခါတည်း ပြုမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားသည်။ မထုံးရီနှင့် ကိုရွှေနီကို စိတ်ထဲမှာ မေ့ဖျောက်ထားသည်။

သို့ဖြင့် နောက်သုံးရက်အကြာတွင် စစ်ထွက်ရသည်။

ဘုရားဖူးများ ပြန်မရောက်ကြသေးချေ။

## အခန်း -၂၁-

တန်ခူးလဆိုလျှင် မိုးကြီး တစ်ကြိမ်နှစ်ကြိမ်တော့ ရွာမြဲဖြစ်သည်။ ယခုနှစ်တွင် ပို၍ သည်းထန်သည်။ ခုနစ်ရက်လုံးလုံး အရပ်အနားမရှိ ရွာလေသည်။ ရေပါသည်။ ရေလျှံသည်။ ရေတင်သည်။ နှစ်ရက်သုံးရက်ရှိမှ ရေစစ်သွားသည်။ သို့ရာတွင် ချိုင့်ဝှမ်းများနှင့် နိမ့်သော လယ်ကွက်များတွင် ရေများကျန်ရစ်သည်။ မြေသည် သင်းပျံ့၍ လာသည်။

ရွက်ကြွေပင်များ အညွန့်ဝေလာသည်။ တောသည် ဝါဖန့်ဖန့်ဖြစ်တော့သည်။ ဝါးရုံများတွင် အစို့များ ပြူလာသည်။ အင်ကြင်းရွက်များအာဓာက်တွင် ဥငယ်များ ပေါ်လာသည်။ မှိုရှိသော တောင်ပို့များသည် ကွဲအက်စပြုလာသည်။

ရေအိုး ရေစည်ကြီးများကို သွန်မှောက်လိုက်သကဲ့သို့ တစ်ပြိုင်နက် ဖြန့်၍ ရွာသောမိုးပြီးသည်နှင့် ဖားများ အော်မြည်ကြသည်။ ငါးများ လွန့်မြူးကြသည်။

မောင်ရွှေဝါသည် ရေမြုပ်လုနီးပါးရှသော ကန်သင်းရိုးအတိုင်း ဖြည်းလေးစွာ လျှောက်လာသည်။ နေသည်ငုံသွားလိုက်၊ ပွင့်လာလိုက် ရှိသည်။ နံနက်ခင်းသည် လွမ်းဆွတ်ဖွယ်ရာ ဖြစ်၏။

အနောက်တောင်မှ လာသော လေသည် မွှေးပျံ့အေးမြသည်။ ယင်းလေတွင် မနင်းမြူ၏ ကိုယ်သင်းနံ့ ပါလာသည်ဟု သူထင်သည်။ တအိအိ ရွေ့လာသော တိမ်တို့သည် ပုံသဏ္ဍာန်အမျိုးမျိုးကို ဖန်တီးတတ်သည်။ မကြာမကြာတွင် လေဟုန်စီးလာသော မနင်းမြူ၏ သဏ္ဍာန်ဖြစ်ပေါ်လာသည်။ တောင်ကြားကို ဖြတ်၍သွားသော လေ၏အသံသည် မနင်းမြူရယ်သည်ဟုပဲ ထင်ရသည်။

"အဝါရေ၊ အဝါ"

ကလေးငယ်တစ်ဦး၏ အသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် မောင်ရွှေဝါသည် စိတ်လွင့်မျောမှ တန့်သွားသည်။ ထိတ်လန့်စွာ ကြည့်မိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကလေးငယ်သည် သူ့ကို ခေါ်နေခြင်းဖြစ်သည်။ သို့ရာတွင် သူ့မျက်နှာကို မြင်တွေ့သွားသောအခါ မိမိ၏ ဖခင်မဟုတ်မှန်းသိသဖြင့် အခေါ်ရပ်သွားသည်။ ထို့နောက် ရှက်သွားသည့် အနေဖြင့် မျက်နှာကို လက်ချောင်းများဖြင့် အုပ်ကွယ်ထားလိုက်သည်။

သူက ပြုံးလိုက်မိသည်။

ကလေးငယ်သည် သူနှင့် ဆယ်လှမ်းကွာလောက်တွင် ဖြစ်သည်။ နှစ်ခါလည်သားလောက်ပဲ ရှိဦးမည်။ မိခင်၏ကျောပေါ်တွင် ဖြစ်သည်။ အမေဖြစ်သူမှာလည်း သားငယ်၏ ရမ်းဆခေါ်ငင်မှုကြောင့် အလားတူပင် ရှက်သွားပုံရသည်။ မျက်လုံးချင်း ဖြတ်ချည်း ဆိုင်မိသည်တွင် ပထမ ရှန့်တန့်တန့် ပြုံးသည်။ နောက် ခေါင်းကို ငုံ့လိုက်သည်။

အမျိုးသမီးသည် အရွယ် ငယ်ငယ်ပဲရှိသေးသည်။ ဝဝတုတ်တုတ် ဖြစ်သည်။ ကျောတွင် ကလေးငယ်ကို ပိုးထားသောအခါ ပို၍ လုံးဝိုင်းသည်။ ထိုမျှသာမက သူမသည် ပေါင်နှစ်ချောင်းကို ကားထားသည်။ ခါးကို ကိုင်းထားသည်။ ပေါက်တူးငယ်တစ်ခုဖြင့် ကန်သင်းရိုးကို ဖောက်ကာ လယ်ကွက်ထဲမှ ရေများကို နုတ်ပစ်နေသည်။ ထဘီသည် ဒူးဆစ်အထက်သို့ ရောက်နေသည်။ အင်္ကျီသည် ဟက်တက်ကွဲနေသည်။ အပေါက်အပြဲများလည်း ရှိသည်။ ခေါင်းတွင် ဝါးဖတ်ခမောက် ဆောင်းထားသည်။

"လူကလေးရဲ့ အဝါ ဘယ်သွားလဲ"

သူက ကလေးငယ်ကို မေးလိုက်သည်။ ကလေးက သူ့ကို ကြောင်စီ၍ ကြည့်နေသည်။

"သူ့အဖေ ဗိုလ်မင်းရဲ့တပ်သားပ"

အမျိုးသမီးက တိုးတစ်ဝက် ကျယ်တစ်ဝက်နှင့် ဖြေသည်။ သူမက သူ့ကို သိသည်။

ဆန်းသည်တော့ မဟုတ်။ ဤရွာမှာသာမက ဤတစ်နယ်လုံးကပါ သူ့ကိုသိကြသည်။ သူက ဦးရာကျော်၏ လက်ရွေးဗိုလ်တစ်ဦး ဖြစ်သည်။

"ဘယ်သူများလဲနော"
"ကိုညို့ပါ"
မောင်ရွှေဝါ မသိပါ။

"ဒီရွာသားပဲ မဟုတ်လား"
"အေးပ"
"သူ့ကိုရေနုတ်ခိုင်းပါလား၊ တပ်မထွက်ခင်မှာ ကိုယ့်နယ်နဲ့ နီးတဲ့လူတွေက ကိုယ့်လုပ်ငန်းကိုယ် လုပ်နိုင်တယ်"
"သူ ကနေ့ ကင်းကျပါတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"မနက်ဖြန် လုပ်ခိုင်းပေါ့"
"ဗိုလ်မင်းရယ် ထွန်ရ ယက်ရဦးမယ်ပ"
"ကျုပ်ကို မောင်ကြီးလို့ပဲခေါ်ပါ"

အမျိုးသမီးက ခေါင်းငုံ့သွားပြန်သည်။ သူက ဘာမှ မပြောဘဲ ဆက်၍ လျှောက်လာသည်။ ကန်သင်းများအတိုင်း မြွေလိမ် မြွေတွန့် သွားသည်။ အချို့လယ်များတွင် ရေမရှိတော့ပေ။ ယင်းကြောင့် ကျွဲတစ်ကောင်တပ် ထွန်တုံးဖြင့် ထွန်သူ ထွန်နေကြသည်။

သူတို့သည် ကောက်လျှင်သမားများ ဖြစ်ကြဟန်ရှိသည်။ ရက်ပေါင်းတစ်ရာ့လေးငါးဆယ် အတွင်းတွင် စပါးတွေ တောင်လိုပုံချင်ကြသူများတည်း။ မိုးမကုန့်တကုန်တွင် နမ်းလျှင် ကြဲကြပေဦးမည်။ မိုးသားကျူးစ၊ တန်ခူးလက၊ ထွန်ချကြလေ၊ ကဆုန်နွေတွင်၊ ကွက်ခြေဝန်းဖွဲ့၊ စိုက်ခဲ့သမျှ၊ ဝါခေါင်လနင့်၊ မာသတော်သလင်း၊ ရှင်းရှင်း ရိတ်ဖြတ်။

အဘွားကြီးတစ်ဦးဆိုလျှင် ခရုပတ်ထွန်ရေး စပ်နေပြီဖြစ်သည်။ ပျံလွှားများသည် ပိုးတုံးလုံးကောင်များကို ထိုးသုတ်လျက် ရှိသည်။ စွန်တစ်ကောင်၏ ခြေထောက်တွင် တစ်ထွာခန့်ရှိသော မြွေပါသွားသည်။ အဘွားကြီးသည် အပေါ်ပိုင်းဗလာ ဖြစ်သည်။ နို့သည် ခြောက်ကပ် ပိန်လှီနေသည်။ အသားများ ကြမ်း၍ တွန့်နေသည်။ အဘွားကြီးသည် မုဆိုးမ ဖြစ်ပေသည်။ ယခုအခါတွင် သားသော်လည်းကောင်း၊ မြေး သော်လည်းကောင်း တပ်ထဲတွင် ရောက်နေသဖြင့် ကိုယ်တိုင် ထွန်ရေးစပ်နေရခြင်း ဖြစ်သည်။ မောင်ရွှေဝါသည် အဘွားကြီးကို နှုတ်ဆက်ပြီးနောက် ဆက်၍ လျှောက်သွားသည်။

အနိမ့်ပိုင်းတွင် ရေများ ဖွေးလှုပ်နေသည်။ ကန်သင်းရိုးများပင် ပျောက်နေသည်။ ယင်းလယ်များသည် ရေအကန်ကို စောင့်၍ ကဆုန်လတွင်မှ ထွန်ချကြရပေသည်။ ရွှေမြို့တော်မှာပင် တောင့်တရသော ထင်ရှားကျော်ကြားလှသည့် မြွေစွယ်၊ မော်တိုက်၊တောင်လုံးမွှေးစသော ကောက်ကြီး စပါးများကို စိုက်ပျိုးကြပေမည်။

အမြင့်ပိုင်းလယ်ကွက်များမှာမူ ကောက်လျှင်နှင့် ကောက်လတ်များ စိုက်ပျိုးနိုင်ရန်အတွက် လယ်ကွက်များတွင် ပြတ်တင်နေသော ရေများကို နုတ်ပစ်ကြသည်။ ကန်သင်းဆည်သည်။ ကန်သင်းဖို့သည်။ ထွန်ချသည်။ သို့ဖြင့် မိုးတစ်သိုက် ကျရုံနှင့် ကောက်နှံသင်းလာသည်ဟု ထင်ရသည်။

မောင်ရွှေဝါသည် ကောက်ကွေ့ခြင်း၊ နိမ့်မြင့်ခြင်းရှိသော ကန်သင်းရိုးများအတိုင်း လျှောက်သွားရင်း လယ်တောလုပ်ငန်းတာ စနေသူများကို တွေ့ရသည်။ များသောအားဖြင့် အမျိုးသမီးများ၊ သက်ရွယ်ကြီးသူများနှင့် ကလေးငယ်များကိုသာ တွေ့ရသည်။ အချို့ကလေးများသည် တစ်ထွာ၊ တစ်တောင်သာနက်သောရေတွင် ကူးခတ်ကစားနေကြသည်။ ရွံ့လုံးများနှင့် ပတ်ခတ်၍ စစ်ကြီးခင်းနေကြသည်။ အဘိုးကြီး အဘွားကြီးများကား ထွန်ကြောင်းစပ်ရင်း၊ ရေဖောက်ရင်း ဘုရားကို အာရုံပြုနေဟန်ရှိသည်။ လည်ပင်းတွင် ကြိမ်ပုတီးများ ဆွဲထားသည်။ ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့ရာတွင် အမျိုးသမီးများကား အားမာန်အပြည့် ရှိသည်။ အချို့က ကျောပေါ်တွင် ကလေးရှိသည်။ အချို့က ကျောပေါ်တွင် လေးကင်းဓား ရှိသည်။ ကလေးအမေများသည် မလှမ်းမကမ်းတွင် လှံရှည် စိုက်ထားသည်။ အရေးအတာရှိလျှင် လယ်ကွက်ထဲမှ ဓားလှံဆွဲ၍ ထွက်လာကြပေမည်။ သို့မှလည်း ဖြစ်ပေမည်။ အရေးတော်ပုံတပ်များနှင့် လှမ်းရာတွင် လယ်လုပ်ငန်းဝင်နေသူများကို ဘုရင့်တပ်သားများက မကြာခဏ လာရောက် နှောင့်ယှက်တတ်သည်။ ဘုရင့်တပ်ဖွဲ့များနှင့် နီးရာတွင် လုပ်ငန်းတာဝန် ဝင်ရသူများမှာလည်း ကင်းတာဝန်ကို ယူကြရသည်။

သူတို့သည် ဘုရင့်တပ်များနှင့် တိုက်ခိုက်ရခြင်းကို မလွှဲမရှောင်သာ ကိုယ့်အသက် သူ့အသက် ဖြစ်နေသည်။ မည်သို့ပင် အကျဉ်းအကျပ် ရှိပစေ၊ လယ်ယာလုပ်ငန်းကို မစွန့်ပစ်နိုင်။ ဖြစ်သည့်နည်းနှင့် လုပ်ကြရပေမည်။ ဤစပါးမှ ဤဆန်ထွက်၍ ဤထမင်းစားကြရမည် ဖြစ်သည်။

လယ်ယာလုပ်ငန်းဝင်ရမည့်အချိန်တွင် သူတို့သည် ဘုရင့်တပ်များနှင့် စစ်ကြီးခင်းနေရသည်။ မည်သို့မျှ မတတ်နိုင်ချေ။ အခြားနည်းလမ်း မရှိပေ။

မောင်ရွှေဝါသည် နေထွက်တပြူ ကတည်းက တစ်ယောက်တည်း ထွက်ခဲ့ခြင်းဖြစ်သည်။ မိုးကြီးသည်းထန်စွာ ရွာသောအခါ သူ့စိတ်များသည် ပျော်နေသည်။ မိုးပြီးသွားသောအခါ သူက စစ်မပြင်ချင်တော့။ လယ်သို့ ဝင်ချင်သည်။ ဓားလှံကိုချ၍ တံပြာကို ကိုင်ချင်သည်။ သို့ရာတွင် သူသည် ကိုယ့်လယ် ကိုယ့်ရွာမှ ဝေးရာသို့ ရောက်နေသည်။ တစ်ခုတော့ ရှိသည်။ သူတို့ရွာ၏ ရှုခင်းသည်လည်း ယခုကဲ့သို့ပင် ရှိလိမ့်မည်။ ချောင်လေးခွဘက်တွင် ရေများလျှံနေမည်။ တောင်ခြေတွင် ဟိုတစ်ကွက် သည်တစ်ကွက်လောက်သာ ရေတင်၍နေသည်။ အချို့က ရေနုတ်မည်။ အချို့က ထွန်ချမည်။ နန်းခင်သည် ယခုလောက်ဆိုလျှင် ဆင်ဦးကင်းပေါ်မှ ဆင်း၍ လယ်ထဲဝင်နေရပေပြီ။ နန်းရင်သည် တပြုံပြုံတစုစု ရှိနေပေမည်။ သည်ကောင်မလေးသည် အလုပ်မလုပ်ချင်။ လှချင်သည်က များသည်။ ဖခင်ဖြစ်သူကိုလည်း အားကိုးရမည် မဟုတ်ချေ။ လက်ဖက်ရည် ဝိုင်းဖွဲ့၍ စကားပြောနေသည်က များပေသည်။ မိခင်သည် ချက်ရေးပြုတ်ရေးနှင့် မအားမလပ် ရှိနေပေမည်။ သားများအတွက် ကျိတ်၍ ပူပန်နေပေသည်။

မောင်ရွှေဝါသည် လယ်သင်းနံ့ကို မလွန်ဆန်နိုင်သဖြင့် လမ်းလျှောက်ထွက်ခဲ့ခြင်း ဖြစ်သည်။ ဆောင်းခါးတောင်ခြေကို မြှောင်၍ ခရုပတ်လျှောက်ခဲ့ခြင်း ဖြစ်သည်။ ဆောင်းခါးရွာသည် တောင်စွယ်တစ်ခုပေါ်တွင် တည်ထားသည်။ ရွာ၏ အနောက်ဘက်တွင် ပင်လယ်ရေမျက်နှာပြင်ထက်မှ ပေငါးထောင်ကျော်မြင့်သော ဆောင်းခါးတောင်ရှိသည်။ ရွာ၏ အရှေ့ဘက်တွင်ကား မြေနိမ့်ကွင်းရှိသည်။ မြောက်ဘက်တွင်လည်း ရေများဖွေးနေသည်။ မိုးကောင်းမြစ်သို့ ရောက်သည်ထိဖြစ်သည်။ တောင်ဘက်တွင်ကား တောရှိသည်။

မောင်ရွှေဝါတို့သည် ရွာဦးထိပ်နှင့် တစ်တိုင်ခန့်အကွာတွင် အခိုင်အမာ စခန်းချထားသည်။ တပ်မှ အရှေ့ စူးစူးသို့ သွားသော ကုန်းမြင့်လှည်းလမ်းရှိသည်။ ပင်လယ်အတွင်း တံတားခင်းထားသည့်အလား ဖြစ်သည်။ နှစ်တိုင်ခန့်သို့ ရောက်သောအခါ လမ်းသည် မြောက်ဘက်သို့ ကွေ့သွားသည်။ မိုးကောင်းမြစ်ကမ်းသို့ ရောက်သည်။ မြစ်၏ တစ်ဖက်ကမ်းတွင် မြစ်ကွေ့ရွာ ရှိသည်။ တောင်ဘက်ကမ်းတွင် ဗိုလ်ဗလတို့တပ် ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် ဆောင်းခါးရွာသို့ ဦးတိုက်၍ တောင်စူးစူးသို့ လေဆောက်လာနေရာမှ ထန်းငုတ်တိုကုန်းသို့ ရောက်အေသာအခါတွင် အရှေ့ဘက်သို့ ပစောက်သဏ္ဍာန် ချိုးကွေ့သည်။ ကန်သင်းရိုးသည် အရှေ့တောင်ဘက်သို့ ချိုးသွားသည်။ အထက်သို့ ပြေပြေမော့သွားသည်။ ကန်သင်းဆုံအနီးတွင် ယောက်ျားတစ်ယောက် ကန်သင်းဆည်နေသည်။ အင်္ကျီကို ခေါင်းတွင် ပေါင်းထားသည်။ လက်မောင်းသားနှင့် ရင်အုပ်သားများသည် လှုပ်ရှားလိုက်တိုင်း လုံးဖု၍လာသည်။ ခေါင်းပေါင်းရိပ်ကျနေသဖြင့် မမြင်ရ။

ဤလယ်တစ်ကြောတွင် လုပ်ငန်းခွင်၌ ဝင်နေသော ယောက်ျားဟူ၍ ဤတစ်ယောက်ပဲ တွေ့ရသေးသည်။ ယောက်ျားများသည် တပ်တွင် ပါဝင်နေကြရသဖြင့် ကလေးများ၊ အဘိုးအိုများ၊ အဘွားအိုများနှင့် မိန်းမများသာ လယ်ဆင်းနေကြရသည်။ ဆောင်းခါးရွာနှင့် အနီးရွာများမှ ယောက်ျားကို တာဝန်များ လစ်လပ်သည့်အခိုက် လယ်ယာလုပ်ငန်းလုပ်ခွင့် ပြုထားသည်။ သို့ရာတွင် ယောက်ျားများသည် စစ်တွင် စိတ်စောနေသဖြင့် လယ်အမှုကို မိန်းမများနှင့်သာ လွှဲထားသည်။ တာဝန် မရှိသည့်အချိန်တွင် အရက်သောက်ခြင်း၊ ကြက်တိုက်ခြင်း၊ လက်ဝှေ့သတ်ခြင်း၊ မြင်းပြိုင်ခြင်းများ ပြုနေတတ်ကြသည်။ အချို့က ကြွေပစ်ကြသည်။

ကန်သင်းဆုံ၏ တစ်ဖက်တွင် ကျောမှီ၍ ထိုင်နေသော မိန်းမငယ်တစ်ဦးကို မြင်ရသည်။ အရွယ်မှာ အတော်ငယ်သေးသည်။ ညားခါစ လင်မယားနှစ်ဦး ဖြစ်မည်ဟု မောင်ရွှေဝါ အောက်မေ့သည်။ ယင်းကြောင့်သာ ယောက်ျားသည် အချိန်ရခိုက်တွင် ဇနီးသည်ကို လာရောက် ကူညီနေခြင်း ဖြစ်သည်။

မိန်းမငယ်သည်ယောက်ျားဖြစ်သူကို မျက်ခြည်မပြတ် ကြည့်နေသဖြင့် မောင်ရွှေဝါလာနေသည်ကို ကြို၍ မမြင်ဘဲ ရှိသည်။ ကန်သင်းဆုံထိပ်သို့ မောင်ရွှေဝါ ရောက်သွားသောအခါမှပင် အလန့်တကြား တွေ့မြင်သွားသည်။ အမျိုးသမီးသည် ကျောမှီနေရာမှ ခုန်၍ ထလိုက်သည်။ မောင်ရွှေဝါကို တစ်ချက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။ ဤအခါတွင်မှ အလုပ်တွင် အားစိုက်နေသော ယောက်ျားသည် မော့၍ ကြည့်သည်။ မောင်ရွှေဝါကို တွေ့မြင်သောအခါ သူသည် ပါးစပ်မှ မသဲမကွဲရေရွတ်လိုက်ပြီး လက်မှ ပေါက်တူးကို လွှတ်ချလိုက်သည်။

"ဝေး၊ ပေါက်ကျိုင်းပါလားကွယ့်"

မောင်ရွှေဝါက လွှတ်ခနဲ ဆိုလိုက်သည်။ သည့်နောက် မိန်းမငယ်က တစ်ချက်ပြန်ကြည့်သည်။ ဤအမျိုးသမီးသည် အသားအရေ ပြည့်တင်းလှသဖြင့် အအိုနှင့် မတူဟု သူထင်ခဲ့သည်မှာ ယခုတော့ မှန်နေသည်။ ဤသူနှစ်ဦးမှာ လင်မယား မဟုတ်ကြပေ။ မိန်းမငယ်သည် ဆောင်းခါးရွာသူ မှန်သော်လည်း ယောက်ျားမှာ မောင်ရွှေဝါ၏ တပ်သားတစ်ဦးဖြစ်သည်။ ဆင်ကန်ရွာသားဖြစ်သည်။ တပ်နှင့်ပါလာပြီး ယခုမှ ဤရွာသို့ ရောက်ဖူးသူဖြစ်သည်။

"ကင်းတာဝန်၊ အိုးတာဝန် မရှိတဲ့နေမို့ ဒီက နမကို အလုပ်ကူတာပါ"

ပေါက်ကျိုင်းက မျက်နှာငယ်ဖြင့်ပြောသည်။ မောင်ရွှေဝါက ခေါင်းတဆတ်ဆတ်ညိတ်ရင်း...
"ဒီလိုပဲ ရိုင်းပင်းကြရတာပ။ ငါ့နမအိမ်မှာ ယောက်ျားသား မရှိဘူးလား"

MMCYBERMEDIA
COMMUNITY FOR ALL

"သူ့အဝါ စစ်ပွဲမှာ ကျပါတယ်။ ကျုပ်တို့တပ်များ မရောက်ခင် ဗိုလ်ဗလတို့ ကင်းရှည်ထိုးတုန်းက ဒီရွာက လူနှစ်ယောက် ကျပါတယ်။ တစ်ယောက်က သူ့အဝါပဲပ"

ပေါက်ကျိုင်းက ဝင်ပြောသည်။

"မောင်ဘွားမရှိဘူးလား"
"မောင်ငယ်က ခုနစ်နှစ်ပဲ"

အမျိုးသမီးက တိုးတိုးဖြေသည်။

"သူ့အမေက နေမကောင်းဘူးပ၊ ဒါကြောင့် ကျုပ်လာကူရတာပ"

ပေါက်ကျိုင်းက အမျိုးသမီးကို ကြည့်ရင်းပြောသည်။ သူမက လျော့လျော့ ပြုံးသည်။

"နမကို ဘယ်လိုခေါ်သလဲ"
"နန်းကျင်ပူ"

မောင်ရွှေဝါသည် ပေါက်ကျိုင်းနှင့် နန်းကျင်ပူကို နှုတ်ဆက်၍ ထွက်ခဲ့သည်။ သို့ရာတွင် သူ၏ စိတ်အာရုံ၌ ပေါက်ကျိုင်းပါလာသည်။

ပေါက်ကျိုင်းသည် ရှေ့တိုးလျှင် နောက်မဆုတ်သူဖြစ်သည်။ သူကပင် ချွန်းအုပ်ထားရသည်။ ဤဆောင်းခါးစခန်းတွင် တပ်မချုပ်က သူတို့သည် တပ်နှစ်တပ်ဖွဲ့၍ ဆင်စွယ်ကဲ့သို့ ရန်သူကို စုံထိုး၍ ချီတက်ခဲ့ကြခြင်း ဖြစ်သည်။ တပ်တစ်ခုကို ဦးရာကျော်ကိုယ်တိုင် ကွပ်ကဲသည်။ တပ်တစ်ခုကို သူက ကွပ်ကဲရသည်။ အင်းတော်ချောင်းကို အဖြတ်တွင် ရန်သူမြင်းတပ်နှင့် ပက်ပင်းတိုးသည်။ မိမိတို့ဘက်တွင် မြင်းနှင့် ခြေလျင် ရောနေသည်က တစ်ကြောင်း၊ မိမိတို့အတွက် အကွက်အကွင်း မကောင်းလှသည်က တစ်ကြောင်းကြောင့် သူကအဆုတ်ခိုင်းသည်။ ခြေလျင်များ ဆုတ်သည်ကို မြင်းများက အကာအကွယ် ပြုပေးရန်ဖြစ်သည်။ မိမိတို့ဘက်တွင် မြင်းနှစ်ဆယ်လောက်သာ ရှိပြီး၊ ရန်သူဘက်က မြင်းငါးဆယ်ခန့်နှင့် အဖိအနင်းပြုသဖြင့် ဖရိုဖရဲခံရသည်။ တပ်မပျက်ရန် မောင်ရွှေဝါက ရှေ့ဆုံးမှ ခိုင်ခိုင်ရပ်ရသည်။ ရန်သူမြင်းများ အထပ်ထပ်ဝိုင်းသည်ကို လှန့်ထုတ်ရသည်။ သူသည် ပေါက်ကျိုင်းကို ဤအချိန်တွင် သတိပြုမိခြင်းဖြစ်သည်။

မြင်းနီ မြင်းပိန်လေးတစ်ကောင်သည် ဘုရင့်မြင်းကောင်းမြင်းလှများ အကြားတွင် မြားအဟုန်ဖြင့် ပြေးနေသည်။ ရန်သူမြင်းများ အကြားသို့ ဖောက်ဝင်သွားသည်။ ရန်သူမြင်းအုပ်ထဲမှ ဖောက်ထွက်လာသည်။ မြင်းစီးသမားသည် ဓားကို ဘယ်ညာ သိုင်းခုတ်လျက် ရှိသည်။ ထိုသူ့လက်ချက်ဖြင့် ဘုရင့်တပ်သားနှစ်ဦး မြင်းပေါ်မှကျသွားသည်ကို မောင်ရွှေဝါ မျက်လုံးနှင့် တပ်အပ်မြင်ရသည်။ ယင်းသို့မောင်ရွှေဝါနှင့် မြင်းပိန်သမားတို့က အကြောက်အလန့်မရှိ ခုခံသည်ကိုမြင်သော် တခြား မြင်းသမားတို့ကလည်း ဘုရင့်လူများနှင့် ရှုပ်ရှုပ်ချွံချွံ ရင်ဆိုင်ကြသည်။ ခြေလျင်သမားတို့ကလည်း အကွယ်အကာ ကောင်းမနေ၍ လှံများ၊ မြားများ လွှတ်ကြသည်။ သေနတ်သံများ ထွက်ပေါ်လာသည်။ ရန်သူများသည် အခြေအနေ

MMCYBERMEDIA
COMMUNITY FOR ALL

မလှသည်ကိုသိ၍ ဆုတ်ခွာကြတော့သည်။ ယင်းသို့ ရန်သူများ ဆိုတ်သည်ကို မြင်သောအခါ အရေးတော်ပုံတပ်သားများသည် ပို၍ အားတက်လာကြပြီး လိုက်လံ ထိုးခုတ်ကြသည်။ သို့ဖြင့် မောင်ရွှေဝါသည် မြင်းကို နှင်၍ ရန်သူ့အလယ်ကိုဝင်ကာ မြင်းပိန်သမားကို အကူပေးရသည်။ ဆုတ်ခွာရန် အမိန့်ပေးရသည်။ သို့ဖြင့် သူတို့နှစ်ဦးသည် နောက်ဆုံးအနေဖြင့် ရန်သူလေးဦးကို ရှင်းလင်းကာ တပ်သို့ ပြန်ရောက်လာသည်။

မြင်းပိန်သမားကား ပေါက်ကျိုင်းပင် ဖြစ်သည်။ ထိုအချိန်မှစ၍ မောင်ရွှေဝါသည် ပေါက်ကျိုင်းကို စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။ ခိုင်းစရာရှိလျှင် ပေါက်ကျိုင်းကိုသာ ခိုင်းသည်။ ကင်းထိုးထွက်လျှင် ပေါက်ကျိုင်းကို ပါအောင်ခေါ်သွားသည်။ ပေါက်ကျိုင်းကလည်း ပေးသည့်တာဝန်ကျေသည်ချည်း ဖြစ်သည်။ သူ့ကိုလည်း ခင်မင်ပုံ၊ လေးစားပုံရှိသည်။ ပြောသည် ဆိုသည်များကို နားထောင်သည်။ ပေါက်ကျိုင်းသည် ရန်သူနှင့် ရင်ဆိုင်ရာတွင် ရက်စက်ကြမ်းကြုတ်သလောက် ရွာသူ ရွာသားများနှင့် ဆက်ဆံရာတွင် ချိုသာပျော့ပျောင်းသည်။ ပင်ကိုအားဖြင့် စိတ်ထားနူးညံ့သူတစ်ဦး ဖြစ်သည်။ ရန်သူများနှင့် ရင်ဆိုင်ရာတွင် ရွပ်ရွပ်ချွံချွံရှိခြင်းမှာ သတ္တိရှိ၍ မဟုတ်ချေ။ ရန်သူများကို နာကြည်းမုန်းတီးလွန်း၍လည်း ဖြစ်သည်။

မောင်ရွှေဝါသည် ပေါက်ကျိုင်းအကြောင်းကို ကြားမိသောအခါ ဆတ်ဆတ်ခါ နာရသည်။ ပေါက်ကျိုင်းသည် ငယ်စဉ်ကတည်းက မိခင်မုဆိုးမနှင့် နေခဲ့ရသူဖြစ်သည်။ သူ့ဖခင်သည် သစ်ခုတ်သွားရင်း ကျားသစ်နှင့် သတ်ပုတ်ရာမှ ရခဲ့သောဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သည်။ မိခင်သည် နောက်အိမ်ထောင်မပြုဘဲ သူနှင့် သူ့နှမကို ပျိုးနုတ်၊ ကောက်စိုက်၍ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ပေါက်ကျိုင်းသည် ငယ်ငယ်ကတည်းက အလုပ်မျိုးစုံခဲ့သည်။ သစ်ခုတ်သည်။ တောလိုက်သည်။ ပျားဖွပ်သည်။ လျှော်ထမ်းသည်။ ငါးလုပ်သည်။ နမ်းသိမ်းသည်။ ဤနည်းဖြင့် သူတို့မိသားစုသည် တစ်ဝမ်းတစ်ခါး ကျောင်းခဲ့ကြသည်။ သူတို့တွင် နွားမရှိ၊ လယ်မရှိချေ။ စိတ်ထဲမှာတော့ အကြံအစည် ရှိကြသည်။ နွားဝယ်ရန် ငွေစုသည်။ တောထွင်၍ လယ်ပြုရန် နေရာကြည့်ထားသည်။

ဤအချိန်တွင် သူတို့ရွာကို ဗိုလ်ဗလတို့ ဝင်၍မွှေသွားသည်။ ဗိုလ်ဗလနှင့် ခိုးသားများ လာရောက်စဉ်က ရွာတွင် ပေါက်ကျိုင်းမရှိချေ။ ထမံသီနယ်သို့ ဆားထမ်းလိုက်သွားသည်။ ပြန်ရောက်သောအခါတွင် ရွာသည် မီးလောင်ပြင် ဖြစ်နေသည်။ လေတိုက်လျှင် ပြာဖြူဖြူများ လုံးတက်လာသည်။ မီးကျွမ်းထားသော တိုင်ငုတ်တိုများသည် ခွေးနက်ကြီးများ ထိုင်နေသကဲ့သို့ ရှိသည်။ ရွာသူရွာသားများသည် ကိုယ့်အိမ်ရာများကို ရှင်းနေကြသည်။ အချို့သော ရွာသူရွာသားများသည် မရှိကြတော့ပြီ ဖြစ်သည်။ ထိုအထဲတွင် ပေါက်ကျိုင်း၏ မိခင်နှင့် နမလည်း ပါသွားသည်။ ဗိုလ်ဗလ၏ လူတစ်ယောက်သည် ပေါက်ကျိုင်း၏ နမငယ်ကို အတင်းဆွဲ၍ မိခင်၏ရှေ့မှာပင် ဗလက္ကာရပြုသည်။ မိခင်က အတင်းဝင်ရောက် ဆွဲသောအခါ လူရမ်းကားသည် မိခင်ကြီး၏ ရင်ဝကို ဓားမြှောင်ဖြင့် ထောက်လိုက်သည်။ အလိုပြည့်မြောက်သောအခါ မိခင်ရော သမီးငယ်ကိုပါ ဓားနှင့် နတ်နတ်စဉ်းသွားသည်။ အခြားမိန်းမငါးဦးနှင့် ယောက်ျားခုနစ်ဦးလည်း ဟော့သွမ်းသူတို့၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ရလေသည်။ ကလေးအမေတစ်ဦးကို အတင်းအဓမ္မပြုရာတွင် ငိုယိုလျက်ရှိသော နို့စို့ကလေးတစ်ဦးကို လုံကစားသွားကြသည်။

ပေါက်ကျိုင်းသည် သည်အလောင်းများကို မတွေ့ရတော့။ မြင်မကောင်း ရှုမကောင်းဖြစ်သဖြင့် အလောင်းများအားလုံးကို ရွာက ချက်ချင်းပင် မြှုပ်နှံသင်္ဂြိုလ်လိုက်ပြီး ဖြစ်သည်။ သို့ဖြင့် သူသည် မိခင်၏

MMCYBERMEDIA
COMMUNITY FOR ALL

မြေပုံကိုသာ ကန်တော့ရတော့သည်။ နမငယ်၏ မြေပုံဘေးတွင် ရပ်၍ ရန်သူကို လက်စားချေရန် အဓိဌာန်ပြုရသည်။

ပေါက်ကျိုင်းသည် အိမ်ဝိုင်းအတွင်း၌ မြှုပ်နှံထားသော ငွေအိုးကို ဖော်ကြည့်ရာ မည်းညစ်နေသော ယုန်ဒင်္ဂါး၊ ဒေါင်းဒင်္ဂါးများကို တွေ့ရသည်။ နွားဝယ်ရန် စုထားသော ငွေစများဖြစ်သည်။ ယခုမူ နွားမလိုပြီ။ လယ်မလိုပြီ။ ဆွေမျိုးရင်းလည်း မရှိသဖြင့် ဤလောကတွင် သူတစ်ယောက်တည်းသာ ရှိတော့သည်။ ယင်းကြောင့် ပေါက်ကျိုင်းသည် မြင်းပိန်လေးတစ်ကောင်ကိုဝယ်၍ အရေးတော်ပုံတပ်ထဲသို့ လိုက်ပါခဲ့ခြင်း ဖြစ်သည်။

"ကျုပ်မှာ တွယ်တာစရာဆိုလို့ ဘယ်သူမှ မရှိဘူး။ ဘယ်ပစ္စည်းမှ မရှိဘူး။ ကျုပ်မှာ ဘယ်သံယောဇဉ်မှ မရှိဘူး။ ကျုပ်ကိုယ်နဲ့ ကျုပ်အသက်ဟာ ကျုပ်မိခင်၊ ကျုပ်နမနဲ့ နယ်သူ နယ်သားတွေအပေါ်မှာ ဆိုးသွမ်းနှိပ်စက်တဲ့ လူတွေကို လက်စားချေ သုတ်သင်ဖို့ပဲ"

ဤသို့ ပေါက်ကျိုင်းက ပြောခဲ့သည်။ ပြောသည့်အတိုင်းလည်း သူသည် ရန်သူနှင့် ရင်ဆိုင်ရသည့်အခါတွင် သက်စွန့်ဆံဖျား တိုက်ခဲ့သည်။ ဗိုလ်ဗလတို့၏ မြစ်ကွေ့ခံတပ်နှင့် မိုးကောင်းမြို့ကို တက်ရောက် တိုက်ခိုက်ရန်လည်း အထူး စိတ်သန်လျက် ရှိသည်။

သူသည် ရန်သူကို တိုက်ခိုက်ချေမှုန်းရုံသာမက နယ်သူနယ်သားများကို အခွင့်အလမ်းသင့်သမျှ ကူညီသည်။ ယခုလည်း သူသည် အားကိုးရာမဲ့သော နမငယ်တစ်ဦးကို ကူညီလျက် ရှိသည်။ မိန်းမငယ်ကလည်း သူ့ကို ကျေးဇူးဥပကာရ တင်ရှိပုံရသည်။ ဤတွင် သံယောဇဉ် အမျှင်တန်းလာနိုင်သည်။

ဤအခါတွင် မောင်ပေါက်ကျိုင်းသည် ရန်သူကို သက်စွန့်ဆံဖျား တိုက်ပါဦးတော့မည်လားဟု မောင်ရွှေဝါ၏ ခေါင်းထဲတွင် အတွေးဝင်မိသည်။

## အခန်း -၂၂-

ဦးရာကျော်သည် မောင်ရွှေဝါကို လိုက်လံရှာဖွေလျက် ရှိသည်။ ပထမတွင် လူလွှတ်၍ အခေါ်ခိုင်းခဲ့သည်။ မတွေ့ဟု ဆိုသဖြင့် သစ်တပ်အတွင်း ကိုယ်တိုင်ထွက်၍ ရှာနေခြင်းဖြစ်သည်။ မောင်ရွှေဝါသည် မနက်ကတည်းက ပျောက်၍ နေခဲ့သည်။ သစ်တပ်အတွင်း မည်သူ့ကိုမျှ မေး၍ မရဘဲရှိနေသည်။ သို့ရာတွင် ဦးရာကျော်သည် လက်မလျှော့ဘဲ မောင်ရွှေဝါကိုလည်း ရှာဖွေရင်း၊ သစ်တပ် အခြေအနေကိုလည်း စစ်ဆေးရင်း ဟူသော သဘောဖြင့် လှည့်လည်လျက် ရှိသည်။

ဆောင်းခါးသစ်လုံးတပ်သည် အခိုင်အမာ တည်ဆောက်ထားခြင်း ဖြစ်သည်။ မိမိတို့သည် ဤအရပ်တွင် ရက်အတော်ကြာညောင်းနိုင်သည်ဟု လည်းကောင်း၊ မိမိတို့တွင် အခြေခံစခန်းတစ်ခု ရှိသင့်သည်ဟု လည်းကောင်း ယူဆသဖြင့် ဦးရာကျော်က ဆောင်းခါးခံတပ်ကို အခိုင်အလုံ ဆောက်ခြင်းဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုယ်လုံးခန့်ရှိသော ကျွန်းလုံးတိုင် ဖြောင့်ဖြောင့်များကို ရွေးချယ်၍ တစ်ပြေးညီတည်း အစေ့စိုက်မည်။ ထောင့်လေးထောင့်တွင် သံတောင်လေးဆယ်မြင့်သော ကင်းမျှော်စင်လေးခု တင်ထားသည်။ တံခါးလေးပေါက်တွင် ကင်းတဲများ တင်ထားသည်။ လမ်းလေးသွယ်မှအပ ခံတပ်အနီးသို့ မြင်းများ မချဉ်းကပ်နိုင်စေရန် ကျင်းများတူးထားသည်။ ငုတ်များ စိုက်ထားသည်။ လမ်းလေးသွယ် တစ်လျှောက်တွင် ဆယ်တာစီခြား၍ ကတုတ်ကျင်း သုံးခါတူးထားသည်။ ကတုတ်တစ်ခုတွင် လူငါးယောက်နှင့် အကြပ်တစ်ဦး စောင့်ရသည်။ ယင်းအပြင် ကင်းရှည်နှင့် ကင်းလျင်များ အလုံအလောက် ချထားသည်။ ခံစစ်အတွင်း၌ကား တဲကန္နားများထိုး၍ သူ့အစုနှင့်သူ နေစေသည်။

ကိုယ့်တာဝန်နှင့်ကိုယ် အလုည့်ရှိစေသည်။ တာဝန်အားလပ်သူများသည် လက်ဝှေ့သတ်ကြသည်။ စကားဝိုင်းဖွဲ့၍ လက်ဖက်ရည်၊ ခေါင်ရည် သောက်ကြသည်။ သို့ရာတွင် တပ်သားချင်း ခိုက်ရန် ဖြစ်ပွားလျှင် လည်းကောင်း၊ ရွာသူ ရွာသားများနှင့် အချင်းများလျှင် လည်းကောင်း ကြီးလေးသော အပြစ်ဒဏ် ခံရသည်။

မိုးညှင်းဗိုလ်ဝ၊ ပော်ဆိုင်းဦးရွှေလယ်တို့နှင့် အစီအမံပြုခဲ့သည်မှာ ဗိုလ်ဝက မိုးညှင်းနှင့် ဝန်းသိုကို သိမ်းမည်ဖြစ်သည်။ ဦးရာကျော်နှင့် ရွှေလယ်က မိုးကောင်းနှင့် ဗန်းမော်ကို သိမ်းရန် ဖြစ်သည်။ ဦးရာကျော်နှင့် ဦးရွှေလယ်တို့ ထပ်မံ၍ အညီအညွတ် ပြုကြသည်မှာ မိုးကောင်းကို စစ်နှစ်ဖက်ညှပ်၍ တစ်ပြိုင်တည်း တိုက်ရန် ဖြစ်သည်။ မိုးကောင်းကျမှ ဗန်းမော်သို့ ချီတက်ကြရန် ဖြစ်သည်။

ကြိုးကြာရွာကို ဗဟိုပြုသော တပ်မသည် ဗိုလ်ဗလတို့၏ ကင်းလျင်များကို တိုက်၍ ဆောင်းခါးရွာအထိ ချီတက်ခဲ့သည်။ ဆောင်းခါးရွာသို့ ရောက်သောအခါ စခန်းချ၍ သစ်လုံးတပ်တည်သည်။ အဝေးရွာမှ တပ်သားများ ရောက်လာသည်။ သိမ်းသွင်းသည်။ ကျောက်တွင်း ကချင်များ ရောက်လာသည်ကို စောင့်ရသည်။ အနောက်တောင် စစ်ကြောင်းမှ သတင်းများ ရောက်လာမည်ကို စောင့်ရသည်။

သို့ဖြင့် ဦးရာကျော်တို့သည် ကြိုးကြာရွာမှ ထွက်လာသည်မှာ တစ်လနီးပြီ ဖြစ်သော်လည်း မိုးကောင်းကို မသိမ်းနိုင်သေးချေ။ ဘုရင့်တပ်များနှင့် အလုံးအရင်းမတိုက်ရသေးချေ။ ဆောင်းခါးရွာတွင်သာ သောင်တင်လျက်ရှိသည်။ ဤအတိုင်းဆိုလျှင် သူတို့သည် ကဆုန်လဝက်လောက်တွင်မှ စစ်ထိုးနိုင်တော့မည် ဖြစ်သည်။

သူတို့နှင့် မရှေးမနှောင်း ရောက်လာမည်ဆိုသော ကချင်တပ်များသည် ယခုထက်ထိ မရောက်နိုင်ဘဲ ရှိနေကြသည်။ တစ်တောင်နှင့် တစ်တောင် ကူးသန်းကာ စည်းရုံးကြရမည် ဖြစ်သဖြင့် မြေနိမ့်လွင်ပြင်တွင် စုရုံးသလောက် မမြန်ဆန်နိုင်ပေ။ ယင်းအပြင် တောင်ယာမီးရှို့ပွဲနှင့်လည်း တိုက်ဆိုင်နေသည်။ သူတို့သည် စစ်ထွက်ရပြီဆိုလျှင် ကိုယ့်တောင်ကိုယ့်ယာသို့ နောက်တွင်မှ ပြန်ရောက်မည်ဖြစ်သဖြင့် မီးရှို့ပွဲ အားလပ်ရက်နှစ်ရက်တွင် သိုက်မြိုက်စွာ ဆင်ယင်လျက် ရှိကြသည်။ ညတိုင်ပြီဆိုလျှင် တောင်များ မီးဟုန်းဟုန်းတောက်နေသည်။ ဆောင်းဦးပေါက်က လှဲထားသော သစ်ပင်များကို မီးတိုက်နေခြင်းဖြစ်သည်။ တောင်ယာမီးပွဲသဘင်သည် မြန်မာ သီတင်းကျွတ်ထက် မီးစောင်းတန်းများ မြိုင်ဆိုင်လေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကြီးသည်းထန်စွာ ရွာပြီးသည့်နောက်တွင်လည်း ကချင်တပ်များ ရောက်မလာသောအခါ သူတို့သည် အနည်းငယ် ပူပန်မိကြသည်။ ကချင်များသည် ကတိပြုသည့်အတိုင်း လာချင်မှ လာတော့မည်ဟု ထင်ကြေးပေးနေကြသည်။ မြန်မာဘုရင်တပ်များက ဆားများ လာဝေသဖြင့် စိတ်ပြောင်းသွားကြပြီလောဟု ထင်မိကြသည်။ သို့ရာတွင် ဦးရာကျော်ကမူ ကချင်တပ်များ အမှန်မုချ ရောက်လာမည်ဟု အာမခံသည်။ ကချင်များသည် မိုးကျပြီးလဆင် ပျိုးကြဲရန်အတွက် ဂါးနတ်ခေါ် ဘုမ္မစိုးနတ်ကို ပူဇော်ပသသည်။ တောင်ယာနှင့် ပတ်သက်သော ပွဲသဘင်များတွင် အကြီးဆုံး ဖြစ်သည်။ ပျိုးကြဲပွဲတော်ကို လေးရက်တိုင်တိုင် ကျင်းပသည်။ သို့ဖြင့် သီတင်းတစ်ပတ်အတွင်းမှာပင် ကချင်များ ရောက်လာလိမ့်မည်ဟု ဦးရာကျော်က ဆိုသည်။

အနောက်တောင် စစ်ကြောင်းချီ ပော်ဆိုင်းဦးရွှေလယ်၏ တပ်များမှာလည်း မိုးကောင်းမြို့နှင့် ဆယ်တိုင်ကွာသို့ မရောက်လာသေးဘဲ ရှိနေသည်။ အကြောင်းမူ သူတို့တပ်များ စုရုံးချီတက်ခြင်း မပြုရမီတွင် ဘုရင့်တပ်များက ကြို၍ တိုက်လာသောကြောင့် ဖြစ်သည်။ ဦးရွှေလယ်၏ တပ်များသည် အင်းတော်ကြီး ကမ်းခြေတစ်လျှောက်တွင် ဘုရင့်တပ်များနှင့် အကြိတ်အနယ် တိုက်နေကြရသည်။ သို့ဖြင့် ပော်ဆိုင်းတပ်များသည် မိုးကောင်းအနီးသို့ တော်တော်နှင့် ရောက်လာနိုင်ကြဦးမည် မဟုတ်ချေ။

ယင်းကဲ့သို့ ကချင်တပ်များ ရောက်မလာခြင်း၊ ဦးရွှေလယ်တို့တပ်များ ရှေ့မတိုးနိုင်ခြင်းများ ရှိသော်လည်း အရှေ့ချင်းတွင်းတပ်များသည် စိတ်ပျက်အားလျော့ခြင်း အလျှင်းမရှိဘဲ မိုးကောင်းကို မိမိတို့ဘာသာ တက်ရောက် တိုက်ခိုက်သိမ်းပိုက်လိုစိတ်များ ပြင်းထန်နေကြသည်။ အကြောင်းမူ သူတို့သည် ဘုရင့်တပ်များနှင့် ပြိုင်ဆိုင်တိုင်း အရှုံးမရှိသောကြောင့် ဖြစ်သည်။ ဦးရာကျော်ကမူ သူ့လူများကို အားထားရသည်။

ယနေ့မနက်တွင်မူ သူသည် အရပ်ရပ်မှ သတင်းပေါင်းစုံကို ရရှိလေသည်။ ပထမဆုံး ကချင်ခြေမြန်တစ်ဦး ရောက်ရှိလာသည်။ ထို့နောက် ဦးရွှေလယ်နှင့် ဗိုလ်ဝထံမှ လွှတ်လိုက်သော မြင်းလျင်များ ရောက်လာသည်။ နောက်ဆုံး ရောက်ရှိလာသည်က မိုးကောင်းမြို့မှ ကုန်သည်ယောင်ဆောင်၍ ပြန်လာသော အထောက်တော်များပင် ဖြစ်သည်။ ဤသတင်းများကို အားလုံးကြားသိစေရန်အတွက် လက်ရွေးဗိုလ်များနှင့် နယ်မြေ အကြီးအကဲများကို ခေါ်ယူတိုင်ပင်ရန် ဆုံးဖြတ်သည်။ သို့ဖြင့် နေမွန်းတည့်အချိန်တွင် လူစုရန် စေခိုင်းသည်။ မောင်ရွှေဝါကို ရှာမတွေ့ဆို၍ သူကိုယ်တိုင် ထွက်၍ရှာခြင်း ဖြစ်သည်။ ခံမြို့အတွင်း ရှာမတွေ့သောအခါ ဆောင်းခါးရွာသို့ သွားရောက် ရှာဖွေရန် ဆုံးဖြတ်ပြီး အနောက်ခံတံခါးသို့ လာခဲ့သည်။

ဦးရာကျော်သည် ခံတပ်တံခါးမှ အထွက်မှာပင် မောင်ရွှေဝါနှင့် ပက်ပင်းဆုံမိသည်။

"ဝေး မောင်ရွှေဝါ၊ ဘယ်ကပြန်လာတာလဲ့ကွယ့်။ မင်းကို တို့များ လိုက်ရှာနေတာ တစ်မနက်လုံးပ"

ဦးရာကျော်က ကွမ်းဖတ်များကို ဝါးမျိုရင်းက မေးလိုက်သည်။ မောင်ရွှေဝါသည် တစ်ယောက်တည်း အတွေးလွန်ရာမှ ဦးရာကျော်၏ အသံကိုကြားလိုက်ရသောအခါ လန့်သွားသည်။ နောက်မှ ပြုံး၍...

"လယ်ပြင်ထဲ လျှောက်တာပါ"

"ဘာများ ထူးထူးခြားခြား တွေ့ခဲ့သလဲကွယ့်၊ ရန်သူ ကင်းထိုးတဲ့ အရိပ်အယောင်များ တွေ့လို့လား

"ရန်သူ အရိပ်အခြည်မြင်လို့ မဟုတ်ပါဘူး။ မိုးနဲ့ လယ်နဲ့သင်းလို့ ကန်သင်းရိုးလျှောက်မိတာပါ"

"လက်စသတ်တော့ မောင်ရွှေဝါက လယ်တောကို လွမ်းတာကိုးကွယ့်။ ဒီပျိုးအမီ မောင်ကြီးလာခဲ့မယ်လို့ ကတိကဝတ် ပြုခဲ့ရောလားနော"

"လယ်ဆင်းတဲ့ လူတော့ ဆင်းကုန်ကြပြီ။ ရေနုတ်တဲ့လူ၊ ထွန်ချတဲ့လူ၊ ကန်သင်းဆည်တဲ့လူနဲ့ပ။ တစ်နယ်လုံး လယ်ပြင်ဆင်းကြပြီပ။ နို့ပေမယ့် ပျိုးမှ ချနိုင်ကြပါ့မလား"

"ဘာပြုလို့လဲ"

"စစ်ပြုနေကြတယ် မဟုတ်လား။ စပါးခင်းတွေ ဖြစ်လာရင်လည်း ဖျက်ကြမယ် မဟုတ်လား"

"မောင်ရွှေဝါအတွေးလွန်တာကိုးကွယ့်။ စစ်ပြုလို့ လယ်မစိုက်ဘဲနေရင် ဘာကို စားကြမလဲကွယ့်။ သေကျေပျက်စီးတာကတော့ကွယ် စစ်သဘော၊ အနိစ္စပဲကွယ့်"

မောင်ရွှေဝါ နှုတ်ဆိတ်နေသည်။ ဦးရာကျော်က နောက်ကြောင်းသို့ ပြန်လှည့်၍ မောင်ရွှေဝါနှင့်အတူ ဖြည်းလေးစွာ လျှောက်သွားနေသည်။

"တို့ဟာ လယ်ကောင်းကောင်းလုပ်ချင်လို့ စစ်ခင်းကြတာ မဟုတ်လားကွယ့်။ တို့များ စစ်ထွက်တဲ့အချိန်မှာ ကျန်ရစ်တဲ့လူတွေက လယ်ပဲ လုပ်ကြရမှာပကွယ်"

ဦးရာကျော်က မောင်ရွှေဝါကို ကြည့်၍ ပြောသည်။ မောင်ရွှေဝါသည် မြေပြင်ကိုကြည့်၍ လျှောက်နေရာမှ...

"ကျုပ်တို့ ပင်ပင်ပန်းပန်း ပြုထားတာတွေကို သူတို့က အလွယ်တကူ ချေဖျက်ပစ်လိုက်တဲ့အခါမှာ ရင်နာစရာ သိပ်ကောင်းတာပ"

မောင်ရွှေဝါ၏ အသံက မာကျောလှသည်။

"ဒါကြောင့် တို့များ အခုတိုက်နေကြတာပဲကွယ်။ တို့လယ်တွေကို ကြွက်ဖျက်ရင် အဲဒီကြွက်တွေကို တို့သုတ်သင်ရမယ်။ တို့လယ်တွေကို လူဖျက်ရင် အဲဒီလူတွေကို တို့သုတ်သင်ရမယ်"

"ကျုပ်တို့ ဘယ်တော့ စစ်ထိုးကြမလဲ။ ကချင်တွေမလာလည်း ကျုပ်တို့မှာ အားရှိသားပဲ"

"ဒီအကြောင်းတွေ တိုင်ပင်ဆွေးနွေးရအောင် နေမွန်းတည့်မှာ လူတွေ စုထားတယ်"

"အကြောင်းထူးလို့လား"

"မနက်က ကချင်ခြေမြန်တစ်ယောက် လာတယ်။ မိုးကောင်းတပ်တွေ တောင်ပေါ်မှာ အတော်မွေ့သွားတာပဲကွယ့်။ ဗလက လူခေမှ မဟုတ်ဘဲကွယ်"

"ဟုတ်လား၊ တောင်ပေါ်မှာ တိုက်ကြသလား"

"တိုက်ကြတာမှ အကြီးအကျယ်ပဲကွယ့်။ ခုတော့ မိုးကောင်းတပ်တွေ ဆုတ်သွားပါပြီ။ လေးငါးရက်ကြာရင် ကချင်တပ်တွေ လွင်ကို ဆင်းလာကြတော့မယ်လေ။ ကောင်းပါတယ်။ ကချင်တပ်တွေက သူတို့အပေါ် ပိုပြီး နာကြည်းကြတာပကွယ်"

"နောက်ပြီး ကိုရွှေလယ်တို့ဆီကလည်း မြင်းလျင်ရောက်လာတယ်။ သူတို့ဆီကို ဘုရင့်လူ ငါးရာကျော်နဲ့ နင်းတာဆိုပဲကွယ့်။ ရတနာပုံက တပ်တွေဟာ တို့ဘက်ကိုတောင် ကျွံလာတယ်ဆိုပဲ။ သူတို့အကြံက မသေးဘူးကွယ့်။ တို့က စစ်နှစ်ကြောင်းခွဲပြီး မိုးကောင်းကို စွယ်စုံထိုးဖို့ စိတ်ကူးသလို သူတို့ကလည်း တို့အရှေ့ ချင်းတွင်းတပ်တွေကို ကဏန်းလက်မနဲ့ ညှပ်ဖို့ကြံစည်တာကွယ့်။ လက်မတစ်ခုက

ကချင်တောင်ကနေ ဆင်းမယ်။ တစ်ခုက အင်းဘက်ကနေ လာမယ်ကွယ့်။ သူတို့စိတ်ကူးတိုင်း ပေါက်နေရင် တို့ဟာ အခုလောက်ဆိုရင် မိနေပြီ။ နို့ပေမယ့် ကချင်တွေက လက်မတစ်ချောင်းကို ရိုက်ချိုးလိုက်တယ်။ ကိုရွှေလယ်တို့က လက်မတစ်ချောင်းကို ရိုက်ချိုးလိုက်တယ်"

"ဦးရွှေလယ်တို့က ဘုရင့်တပ်တွေကို လှန်လိုက်နိုင်တာပ"

"အေးပ။ သူတို့ဟာ နောက်သီတင်းလောက်ဆိုရင် မိုးကောင်းနဲ့ ငါးတိုင်ကွာမှာ တပ်စိုက်မယ်တဲ့။ အခု သူတို့စစ်ဦး ခဝမ်ကထောင်းကို ရောက်နေပြီ"

"အဟုတ်ပါလားနော"

"ဟုတ်တာပကွယ်၊ ကိုရွှေလယ်က နလုံးရည်ရှိသလို၊ ခွန်ဆန်နဲ့ နေပွဲဒူဝါတို့ဟာ လက်ရုံးရည် ပြည့်ကြတယ်ကွယ့်"

"ဒါဆိုရင် ကျုပ်တို့ စစ်ထိုးကြရတော့မှာပ"

မောင်ရွှေဝါက ဝမ်းသာအားရ ပြောလိုက်သည်။ ဦးရာကျော်က လက်ကာပြ၍...

"နေဦးကွယ့်၊ ဒီကနေ့ မနက်မှာပဲ မိုးကောင်းကို လွှတ်ထားတဲ့ အထောက်တော်တွေ ပြန်ရောက်လာတယ်။ လမ်းမှာ ရေစီးသန်နေလို့ လှေကို သုံးရက်လုံးလုံး ကမ်းကပ်ထားရလို့ ကြနေတာကွယ့်"

"သူတို့ ဘာတွေ မြင်ခဲ့ ကြားခဲ့ကြသလဲ"

"သူတို့ မြင်ခဲ့ ကြားခဲ့တာတွေကတော့ တို့များအတွက်ချည်းပဲကွယ့်။ မိုးကောင်းမှာ နေပြည်တော်က တပ်တွေ အများကြီးပဲကွယ့်။ ရှေ့ဝင်းမှူးရဲ့တပ်၊ ရွှေလက်ဝဲဗိုလ်ရဲ့တပ်၊ သူရဲဝန်ရဲ့တပ်တွေအပြင် လမိုင်းမြင်းတပ်နဲ့ အမြောက်ကြီး ရှိသကွယ့်။ နောက်ပြီး ဗန်းမော်တပ်တွေလည်း ရောက်နေတယ်။ ဒါ့ထက်ထားတာကတော့ တရုတ်တပ်တွေပဲကွယ့်

"တရုတ်တပ်တွေ ဟုတ်လား"

"အေးကွယ့်၊ သူတို့ကတော့ ဦးတည်ဘွားထံက စစ်ကူပို့တာလို့ ပြောတာပ။ တို့များကတော့ ဟုတ်မယ်မထင်ဘူး။ စန်းတားနဲ့ ဆင်ဘိုကြားမှာ ဆိုးသွမ်းနေတဲ့ တရုတ်ဓားပြတပ်တွေလို့ ထင်တာပ။ နောက်နှစ်ရက်လောက်ကြာရင် အထောက်တော်တွေထပ်ပြီး ရောက်လာလိမ့်ဦးမယ်။ အဲဒီအခါကျတော့ အသေအချာ သိကြရမှာပ"

"တရုတ်ဓားပြတွေကိုတော့ စစ်ကူခေါ်မထားပါဘူး။ မိုးမိန်းက ပို့တဲ့တပ်တွေ ဖြစ်ပါလိမ့်မယ်"

"မိုးမိန်းက မပို့ပါဘူးကွယ့်။ ပီကင်းက အမိန့်မရဘဲ မြန်မာဘုရင်ကို စစ်ကူမပေးပါဘူး။ စက်ကျင်နဲ့ လိဝင်ကျွေ့ရဲ့ တပ်တွေပဲ ဖြစ်မှာပ"

"စက်ကျင်တို့က သူခိုးဓားပြတွေပ"

"ဗလတို့ကကော ဘာထူးလို့လဲကွယ့်။ နယ်သူနယ်သားတွေရဲ့ ဥစ္စာပစ္စည်းတွေလုယူနေကြတာပဲ မဟုတ်လား။ ဗန်းမော်က ကုန်သည်တွေရဲ့ ပစ္စည်းတွေကျတော့ သူတို့ဘာလုပ်လို့လဲ၊ အကာအကွယ်တောင် ပေးသေးတယ်။ ကာကွယ်မှာပေါ့ကွယ့် သူဌေးတွေက သူတို့ကို ထောက်ပံ့ကြေး ပေးထားတာကိုး။ မြို့ရွာအကြီးအကဲတွေကလည်း ဝေစုရတော့ သူတို့ကို သူရဲကောင်း မြှောက်စားတာပဲ။ တို့ကသာ သူတို့ကို ဓားပြလို့ မြင်တာကိုး။ ကုန်သည်တွေနဲ့ မြို့နယ်အကြီးအကဲတွေကတော့ သူတို့ အပေါင်းပါတွေလို့ တွက်ထားတာပ။ အခုလို အရေးကြုံတော့ သူတို့က ငွေကြေးဘဏ္ဍာပေးပြီး ခေါ်ကြတာ ဖြစ်မှာပ"

"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ကြမလဲ

"အခုပဲ တိုင်ပင်ညှိနှိုင်းကြမယ်လေ။ ဒါတင်မကသေးဘူးကွယ့်။ နေပြည်တော်ကိုလည်း တပ်ကူတွေ မှာထားကြတယ်။ ရှေ့လကုန်လောက်မှာ ရောက်လာကြလိမ့်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ဗိုလ်ဝတို့ဆီကကော သတင်းရသလား"

"ရတယ်ကွယ့်။ ဗိုလ်ဝရဲ့တပ်တွေကတော့ အောင်ပွဲခံနေတယ်ကွယ့်။ ပွဲကြီးသုံးပွဲ အောင်ပြီတဲ့။ အခုဆိုရင် ဝန်းသိုနားရောက်ပြီတဲ့။ ဝန်းသိုစော်ဘွားလေး မောင်အောင်မြတ်ကိုယ်တိုင် ကွပ်ကဲပြီး ခံနေတယ်"

"ဗိုလ်ဝက တိုက်ရည်ခိုက်ရည် ရှိတဲ့ လူတစ်ယောက်ပဲ"

မောင်ရွှေဝါ ချီးကျူးလိုက်သည်။

"ဝန်းသိုစော်ဘွားလေးကလည်း သူရဲကောင်းတစ်ယောက်ပဲ"

"အင်မတန်ကြည့်ကောင်းမယ့်ပွဲပ။ ကျုပ်တောင် အဲဒီကို လိုက်သွားချင်သေးတယ်"

"ကနန်းသူကို လွမ်းပြီ ထင်တယ်နော"

ဦးရာကျော်က ရယ်သွမ်းသွေး၍ ပြောလိုက်သည်။ မောင်ရွှေဝါက စကားလွှဲသည့် အနေဖြင့်...

"နေပြည်တော်ကတပ်တွေ မရောက်ခင်မှာ မိုးကောင်းကို လက်ရတိုက်ကြရလိမ့်မယ်"

"ကောင်းတာပကွယ်။ နို့ပေမယ့် ရှေ့လောကြီးလို့ မဖြစ်ဘူးကွယ့်။ ကိုရွှေလယ်တို့တပ်တွေ ဆင်းလာနိုင်ပြီဆိုပေမယ့် အတော်ကလေး စစ်ပန်းနေပြီကွယ့်။ အလားတူပဲ ကချင်တပ်တွေလည်း စစ်ပန်းလိမ့်မယ်ကွယ့်"

"ဗန်းမော်မှာရှိတဲ့ တပ်တွေဟာ ကျုပ်တို့ဆီကို လာလိမ့်မယ်ထင်တယ်"

"ဟုတ်တာပကွယ်။ ကဇာန်းလက်မည့ုပ်လို့ မရတဲ့အခါမှာ တို့ဆီကို ဦးတိုက်ပြီး နွားရိုင်းထိုးလိမ့်မကွယ့်။ အခုရေကျသွားရင် မိုးကောင်းက နေပြည်တော်တပ်တွေဟာ မြစ်ကွေ့မှာရှိတဲ့ ဗလတို့တပ်နဲ့လာပြီး ပေါင်းကြလိမ့်မကွယ်။ နို့ပေမယ့် ကြောက်စရာ မရှိပါဘူးကွယ်။ သူတို့မှာ လူသူဆင်မြင်းအား ရှိပေမယ့် တို့မှာ သဘာဝအား ရှိတယ်ကွယ့်။ မိုးဖြိုင်ဖြိုင်ကျရင် သူတို့အမြောက်တွေ၊ မြင်းတွေဟာ အသုံးမဝင်တော့ဘူးကွယ့်။ သူတို့က မြေစမ်းခရမ်းပျိုးတဲ့ အချိန်မှာ တို့က ရေအောက်မှာရှိတဲ့ မြေကြီးမာတာ ပျော့တာတောင် သိတယ်ကွယ့်။ ဒါကြောင့်မို့ တို့များဟာ ကချင်တပ်တွေလည်း ရောက်အောင်၊ ကိုရွှေလယ်တို့တပ်တွေလည်း ရောက်အောင်၊ မိုးဖြိုင်ဖြိုင်ကျအောင် အချိန်ဆွဲနေတာပကွယ်။ မိုးရွာရွာမှာ လယ်ပြင်မဆင်းဘဲ စစ်တလင်း ဆင်းကြရတာပကွယ်။ ကဲကွယ် နေမွန်းလည်းတည့်နေပြီ။ လူလည်း စုံကြရောပေါ့။ တို့များ မြန်မြန်သွားကြရအောင်။ ဟိုကျမှ တိုင်ပင်ကြသေးတာပ"

## အခန်း -၂၃-

နယုန် လဝန်းရက်ဖြစ်သည် ။မနက်ဖြန် သန်ဘက်ဆိုလျှင် လသည် ပြည့်ဝန်းပေတော့မည်။ ညသည် အေးမြငြိမ်သက်လျက် ရှိသည်။ ဆောင်းခါးရွာသည် လည်းကောင်း၊ ဆောင်းခါးခံတပ်သည် လည်းကောင်း သာယာကြည်လင်မှုတွင် မှေးစက်လျက် ရှိသည်။

တစ်ခါတစ်ခါတွင် ခွေးအူသံ လေးတွဲ့တွဲ့ ပေါ်လာသည်။ အဝေး လယ်ကွင်းများဆီမှ ဖားသံစုံ ကြားရသည်။ တောင်စောင်းနှင့် တောတန်းမှ ပုစဉ်းရင်ကွဲအော်သံ ကြားရသည်။ သည့်အပြင်ကား ညသည်

MMCYBERMEDIA
COMMUNITY FOR ALL

တိတ်ဆိတ်နေသည်။ ရွာသူရွာသားများနှင့် အရေးတော်ပုံတပ်သားများသည် မိုးအေးအေးတွင် ကွေးနေကြသည်။

နေ့အခါတွင် မိုးအုံ့ဆိုင်းမှုန်၍ မိုးသေးမိုးဖွဲများ တစ်ဖြိုက်နှစ်ဖြိုက် ကျသဖြင့် ညသည်အေးမြနေခြင်း ဖြစ်သည်။ ညအခါတွင်လည်း တိမ်များ ပိတ်ဖုံး၍ မိုးတဖြောက်ဖြောက် ကျနေတတ်သော်လည်း ထိုနေ့ညတွင်မူ မမျှော်လင့်ဘဲနှင့် မိုးပြာပြာနှင့် လဝါဝါကို မြင်နေကြရသည်။ ကောင်းကင်ပြင်သည် ပကတိ ကြည်လင်နေသည်တော့ မဟုတ်။ တိမ်ဖြူဖြူပါးပါးများမှ ရစ်ဝဲနေသဖြင့် မှုန်နေသည်။ ငွေလရောင်သည် ပြာနှမ်းနှမ်း ဖြူရေးရေး ကောင်းကင်မှ ယိုဖိတ်ကျနေခြင်းဖြစ်သည်။

ဖျော့တော့သော ငွေလရောင်လွှမ်းထားသည့် ညသည် ပို၍ချစ်စဖွယ်ရှိသည်။ မိမိတို့မြင်နေကျ တောများ၊ တောင်များ၊ မြစ်ချောင်းများကိုပင် မြင်နေရခြင်းဖြစ်သော်လည်း နေ့အလင်းရောင်တွင် ပီပီပြင်ပြင်ကြီး မြင်ရခြင်းမျိုး မဟုတ်။ ထင်လင်းသည့်နေရာ၊ မှုန်ဝါးသည့်နေရာ၊ မည်းမှောင်သည့်နေရာ စသည်ဖြင့် အဖန်တစ်ထောင် မြင်ဖူးပြီးဖြစ်သည့် သစ်ပင်ကပင် စိတ်လှုပ်ရှားဖွယ်ရာ ဖြစ်နေသည်။ လယ်ကွင်းပြင်သည် ပျပျရေးရေးသာ ထင်၏။ အဆုံးအစမရှိသော ပင်လယ်ပြင်ဟု ထင်ရသည်။ တောနှင့်တောင်သည် စိမ်းညို့ညို့ တိမ်တောင်တိမ်တိုက်များသာ ဖြစ်ချေသည်။ သူတို့သည် လပြည့်ရက်မှန်း သိသော်လည်း လကို ဆန်းကတည်းက တစ်ကြိမ်မျှ မမြင်ခဲ့ရသေး။ ကွေးကွေးကော့ကော့လည်း မမြင်ခဲ့ရ။ ထက်ဝက်ခြမ်းကိုလည်း မတွေ့ခဲ့ရ။ ပျားလဘို့ တက်သည်ကိုလည်း မကြုံရ။ ယနေ့ညအခါကျမှ မမျှော်လင့်ဘဲနှင့် လဝန်းဝန်းကို ရုတ်ခြည်း တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

ညနေစောင်းကမူ မိုးပြိုတော့မည်ဟု ထင်ခဲ့ကြသည်။ နေသည် တောင်ထပ်သို့ မရောက်ခင်မှာပင် တိမ်များဖုံးကွယ်၍ ပျောက်သွားရသည်။ ဘယ်အချိန်တွင် တောင်မှာ ကွယ်သွားသည်ဟုပင် မသိလိုက်ကြရတော့။ အနောက်ဘက်မှလာသော မိုးသည် ကြောက်ခမန်းလိလိ ဖြစ်သည်။ တစ်မိုးလုံး မည်းလာသည်။ ဤမျှ မည်းနက်ခြင်းမျိုးကို မမြင်ဖူးဘူးဟု ဆိုကြသည်။ သို့ရာတွင် မိုးပေါက်ကြီးများ ကျိုးကျိုးကျဲကျဲ တစ်သုတ်နှစ်သုတ်ကျပြီးနောက် တိမ်မည်းမည်းများသည် မြောက်အရပ်သို့ လွင့်သွားကြသည်။ မြေပြင်တွင် လေမတိုက်ဘဲနှင့် မိုးပေါ်မှ တိမ်များ လွင့်သွားကြခြင်း ဖြစ်သည်။ တိမ်များလွင့်သွားသည်ကို ကြည့်နေကြရင်းနှင့်ပင် လဝန်းဝန်းကို အရှေ့ဘက်တောင်ထိပ်တွင် ဘွားခနဲ တွေ့လိုက်ကြရသည်။

ဆောင်းခါးခံတပ် အတွင်းမှ အရေးတော်ပုံတပ်သားများသည် မိုးမပြိုခြင်း အတွက်လည်း ဝမ်းသာကြသည်။ သူတို့သည် ဗိုလ်ဗလတို့၏ မြစ်ကွေ့ခံတပ်ကို လပြည့်နေ့တွင် တတိယအကြိမ်အဖြစ် တက်ရောက် တိုက်ခိုက်ရန် ရည်ရွယ်ထားကြသောကြောင့် ဖြစ်သည်။

လဝန်းထွက်သည်ကိုလည်း အထူးပင် ကြည်နူးဝမ်းမြောက်ကြသည်။ လသာသာ လေသာသာတွင် ထိုင်၍ ရွာအကြောင်း၊ လယ်အကြောင်း၊ အိမ်သူ အိမ်သားများ အကြောင်း ပြောကြသည်။ အသံကောင်းသည် မကောင်းသည်ကို အပထား၍၊ စည်းဝါးကျသည် မကျသည်ကို အပထား၍ တေးဆိုကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပထမတွင် မောင်ရွှေဝါသည် လှူရှင်းရာတွင် တစ်ယောက်တည်း ထိုင်၍ နေခဲ့သည်။ ရောင်ခြည်ဖြူ ဖုံးထားသည်နှင့်တူသော ရွှေလဝါဝါကို ငေးမော၍နေသည်။ မနင်းမြူသည် သူ့ကို တမ်းတနေတော့မည်။ မဖျိုင်းဖြူသည် ဗိုလ်ဝ၏တပ်များနှင့်ပေါင်း၍ ဝန်းသိုကို တိုက်ချေပြီလား။ အစ်ကိုရွှေနီနှင့် မထုံးရီတို့သည် ရွာကိုမှ ပြန်၍ ရောက်လာကြပါမည်လား။

မကြာမီတွင် သူ့အနီးသို့ ပေါက်ကျိုင်းနှင့် ကိုညိုတို့ မရဲတရဲနှင့် ရောက်ရှိလာကြသည်။ သူကထိုင်ရန်ပြောမှ သူတို့ ထိုင်ရဲကြသည်။ သူက စိတ်ပါလက်ပါ စကားပြောတော့မှ သူတို့မျက်နှာများ လန်းဆန်းသွားကြသည်။ လူရွယ်သုံးယောက်သည် သန်းခေါင်တိုင်သည်အထိ အရောက်တတ်ရာရာများကို ပြောဆိုနေခဲ့ကြသည်။

အသက်အရွယ်စစ်လျှင် မောင်ညိုက မောင်ရွှေဝါထက် နှစ်နှစ်ခန့်ကြီးသည်။ ပေါက်ကျိုင်းက လပိုင်းလောက်ငယ်သည်။ သို့ရာတွင် မောင်ညိုနှင့် မောင်ပေါက်ကျိုင်းသည် မောင်ရွှေဝါကို လေးစားခင်မင်ကြသည်။ မောင်ရွှေဝါကလည်း သူတို့နှစ်ဦးကို တွယ်တာ၍ နေသဖြင့် သူ့အနီးတွင် ခေါ်၍ထားသည်။ တပ်ထွက်လျှင် သူ၏ လက်ဝဲ လက်ယာမှာ ရှိစေသည်။ ခံတပ်မှာနေလျှင် တဲကန္နားတစ်ခုတည်း၌ အတူတူအိပ်ကြသည်။

မောင်ပေါက်ကျိုင်းသည် နန်းကျင်ပူနှင့် အထူးရင်းနှီးနေပြီ ဖြစ်သည်။ သို့ရာတွင် ကွမ်းဖိုးတင်ရန် သူမပြောသေးချေ။ စစ်မက်ဖြစ်ပွားနေသည့်ကာလ ဖြစ်၍ သူ့အသက်သည် နေ့မြင် ညပျောက်နိုင်သည်။ အရေးတော်ပုံပြီးသောအခါတွင် ကွမ်းဖိုးပြောမည်ဟု သူလျာထားသည်။ ဤသည်ကို နန်းကျင်ပူကလည်း သိပေသည်။ သူတို့နှစ်ဦးသည် ဖွင့်ဟ၍ အညီအညွတ် မပြုကြသေးသည့်တိုင် အလိုတူပြီး ရှိကြသည်။ တစ်တပ်လုံး တစ်ရွာလုံးကလည်း သူတို့နှစ်ယောက်အကြောင်းကို သိနေကြပြီ ဖြစ်သည်။

မောင်ရွှေဝါသည် ယခုအခါ မောင်ညိုတို့မိသားစုနှင့် ခင်မင်ရင်းနှီးလျက် ရှိသည်။ စားရေအိမ် သောက်ရေအိမ် ဖြစ်နေသည်။ မောင်ညို၏ ဇနီးသည် အချက်အပြုတ်ကောင်းသည်။ အထူးသဖြင့် မုန့်ညင်းချဉ် ပေါင်းတတ်သည်။ ဖက်တက်စောခေါ် မုန့်ညင်းချဉ်ရည်ဟင်းကို ကောင်းစွာ ချက်တတ်သည်။ မောင်ညို၏ သားကလေးသည် မောင်ရွှေဝါကို အထူး ချစ်ခင်သည်။

တုံးမောင်းခေါက်သံများ၊ သေနတ်သံများ ဆူညံစွာထွက်ပေါ်လာသောအခါမှ အိပ်ရာမှ ကမန်းကတန်း နိုးမိကြသည်။ လဝန်းသည် ဆောင်းခါးတောင်ထပ်တွင် ရှိသေသည်။ တပ်သားများသည် ဟိုမှသည်မှ အော်ဟစ် ပြေးလွှားနေကြသည်။ မောင်ရွှေဝါတို့သည် အနောက်တံခါးဆီသို့ ပြေးသွားကြသည်။ သူတို့အရင် ဦးရာကျော်နှင့် လူကြီးအချို့ရောက်နှင့်နေသည်။

အရှေ့ဘက်တွင် ရောင်နီစို့နေပြီ ဖြစ်သည်။ သေနတ်သံများသည် အနောက်ဘက်မှ ပေါ်ထွက်နေခြင်းဖြစ်သည်။ ဦးရာကျော်တို့သည် မည်သည့် အခြင်းအရာမှန်း မသိဘဲ ရှိနေကြသည်။ ကင်းသမားများကလည်း မည်သို့မျှ မပြောနိုင်ဘဲ ရှိသည်။ သူတို့လည်း သေနတ်သံများကို ရုတ်တရက် ကြားရခြင်းပင် ဖြစ်သည်။ ဆောင်းခါးရွာသို့ ကင်းထောက်ကြည့်သောအခါတွင်လည်း အကြောင်းမထူး ရှိသည်။ ရွာသူရွာသားများသည် အထူးထိတ်လန့်လျက် ရှိသည်။ အချို့သည် ခံတပ်ဘက်သို့ ပြေးလွှားလာကြသည်။ တိုးဝှေ့တိုက်ခိုက်၍ လဲသံများ၊ ကလေးငိုသံများ ဆူညံနေသည်။

"မောင်ရွှေဝါရေ၊ ဒီအတိုင်းကြည့်နေရင်တော့ ရန်သူ မတွေ့ရသေးဘဲနဲ့ တပ်ပျက်လိမ့်မယ်။ မိန်းမတွေနဲ့ ကလေးတွေကို ခံတပ်ထဲသွင်းပြီး တစ်နေရာမှာ စုထားမှ ဖြစ်မယ်။ ရွာအနောက်ကင်းကို လူထပ်ဖြည့်ရမယ်။ အများကြီး လွှတ်လို့လည်း မဖြစ်ဘူး။ အရေးက ဘယ်လိုမှန်းမသိဘူး။ ဥပါယ်တံမျဉ်ပြုရင် ခက်နေမယ်။ ခံတံခါးလေးခုစလုံးကို လူထပ်ဖြည့်ရမယ်။ ရွာအနောက်ကင်းကို မောင်ရွှေဝါပဲ သွားပေတော့။ လက်ရွေးစင် လူငါးဆယ်ခေါ်သွား"

မောင်ရွှေဝါသည် တပ်သားငါးဆယ်နှင့်အတူ ဆောင်းခါးရွာ အနောက်ကင်းသို့ အလျင်အမြန် ချီတက်သွားသည်။ ထမင်းအိုး တစ်လုံးချက်ခန့်ကြာသောအခါ အခြေအနေမှာ အတော်ငြိမ်သက်သွားသည်။ ရွာမှလူများ အားလုံးလောက်ပင် ခံတပ်တွင်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဦးရာကျော်သည် တပ်များကို သူ့နေရာနှင့်သူ ချထားပြီး ဖြစ်သည်။ သို့ဖြင့် ရွာအနောက်ကင်းသို့ သူကိုယ်တိုင် ရောက်ရှိလာသည်။ ရွာအနောက်ကင်းမှ တပ်သားများမှာလည်း မည်သို့မျှ မခန့်မှန်းတတ်ကြချေ။ တစ်ညလုံး မည်သည့်လှုပ်ရှားမှု မည်သည့်အသံဗလံမျှ မကြားရဘဲ လင်းအားကြီးရောက်လာမှ သေနတ်သံများကို ရုတ်ခြည်းကြားလိုက်ရခြင်း ဖြစ်သည်။ သေနတ်သံများကို ရွာအနောက်ကင်းမှ ပိုမို သဲကွဲစွာ ကြားရသော်လည်း မည်သူက မည်သည့်အကြောင်းကြောင့် ပစ်ခတ်နေမှန်း မသိကြရချေ။

အံ့ဩစရာကောင်းသည်မှာ သေနတ်သံများ ဤမျှ ဆူညံနေသော်လည်း သူတို့ဘက်သို့ ကျည်တစ်လုံးတလေမျှ မလာရောက်ခြင်းပင် ဖြစ်သည်။ သေနတ်များသည် သူတို့အား ပစ်ခတ်နေခြင်း မဟုတ်ရာသည်။ သူတို့ဘက်သို့ နီးလာခြင်းလည်း မရှိချေ။ ယင်းသို့ဆိုလျှင် မည်သူက မည်သည့်အတွက် ပစ်ခတ်နေသနည်း။ သို့မဟုတ် မည်သူနှင့် မည်သူ ပစ်ခတ်နေသနည်း။

သူတို့က မစဉ်းစားတတ်ဘဲ ရှိရသည်။ သူတို့ထံသို့ တပ်ကူလာရန် မရှိတော့ချေ။ ကချင်တပ်များသည် ယမန်တစ်နေ့ကပင် အစုံအစေ့ ရောက်လာကြပြီး ဖြစ်သည်။ သူတို့ထံ မည်သည့် တပ်မျှ ရောက်လာစရာ မရှိတော့။ ယင်းသို့ဆိုလျှင် ရန်သူတပ်များ အမှတ်မထင် ရောက်လာသည်ရှိစေဦး၊ မည်သူနှင့် တိုက်ခိုက်နေသနည်း။

လဝန်းသည် ဆောင်းခါးတောင်ထိပ်တွင် လကွယ်သွားပြီ ဖြစ်သဖြင့် အမှောင်ပျိုးလာသည်။ ညအကုန် နေ့အကူး မှောင်ဝိုးဝါးအချိန် ဖြစ်သည်။ သေနတ်သံများသည် မြောက်ဘက်သို့ ရွေ့သွားသည် ထင်ရသည်။ လူသံများ ကြားရသည်။ သို့သော် မသဲကွဲချေ။

"ဘုမသိ ဘမသိ နေရတာ အသက်ရှူလို့မဝဘူး ဘဒွေး"

မောင်ရွှေဝါက ဦးရာကျော်ကို ပြောလိုက်သည်။

"ခက်သားပဲကွယ့်။ သေနတ်သံကြားရာကို တပ်ထွက်မိတုန်း နောက်ပိုင်းက ရန်သူဝင်မှာလည်း စိုးရတယ်"

"သေနတ်ပစ်ကြတာ ဘာဆိုတာတော့ သိဖို့ကောင်းတာပ ဘဒွေး"

"မောင်ရွှေဝါက ဘယ်လိုများ စိတ်ကူး ရှိလို့လဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"တပ်တွေကို အခုအတိုင်းပဲ သတိဝီရိယနဲ့ နေပါစေ။ ကျွန်တော်နဲ့ လူနှစ်ယောက် ခြေသံလုံလုံသွားပြီး ကြည့်ကြမယ်"

"ဖြစ်ပါ့မလားကွယ့်။ မင်းတို့ သုံးဦးသား ဘေးတွေမှာ စိုးရတယ်"

"ဖြစ်ပါတယ်။ ကျွန်တော်တို့က တိတ်တိတ်သွားတာပဲ။ ဆင်အုပ်ကြီးထဲ ဝင်ရတာလောက် မခက်ပါဘူး"

သို့ဖြင့် မောင်ရွှေဝါသည် မောင်ညိုနှင့် ပေါက်ကျိုင်းကို ခေါ်၍ ထွက်ခဲ့သည်။ ဓား၊ လှံ၊ သေနတ် အပြည့်အစုံ ပါကြသော်လည်း သေနတ်ကို သူ့အမိန့်မရဘဲ မသုံးရန် မောင်ရွှေဝါက မှာထားသည်။

သူတို့သည် လှည်းလမ်းမှဖယ်၍ ဆောင်းခါးတောင်၏ အနောက်တောင်ဘက်စွန်းဆီသို့ ဦးတိုက်၍ သွားကြသည်။ မြေမြင့်ပိုင်းဖြစ်၍ ရေဝပ်ခြင်း မရှိချေ။ တောင်ခြေသို့ မရောက်မီတွင် တောငှက်ပျောတောများ၊ ပိန်းတောများ တွေ့ရသည်။ တောငှက်ပျောပင်များသည် အုပ်ဖွဲ့၍ ပေါက်တတ်ကြသည် ဆို၏။ တစ်အုပ်လျှင် အပင်နစ်ဆယ်အစိတ် ပွတ်သိပ်၍ ပေါက်နေသည်။ အမြင့်မှာ လက်ခုပ်တစ်ဖောင်ကျော်သည်။ မိုးဦးကျ ဖြစ်သဖြင့် ငှက်ပျောခိုင်များသည် ဆင်နှာမောင်းကဲ့သို့ ထောင်နေသည်။ လုံမကြီးများ စိုက်ထောင်ထားသကဲ့သို့ ရှိသည်။ ငှက်ပျော တစ်အုပ်နှင့်တစ်အုပ်သည် လေးငါးလှမ်းသာ ခြားသည်။ ပိန်းတောများမှာလည်း ယင်းအတိုင်းသာ ဖြစ်သည်။ ငှက်ပျောတောလောက်ကား အထုအထည် မကောင်းချေ။ သူတို့သည် ငှက်ပျောရုံများ၊ ပိန်းရုံများ၏ အရိပ်ကို ခို၍ သွားနေကြသည်။ တောလိုက်သမားများဖြစ်၍ သူတို့၏ ခြေသံသည် သစ်ရွက်ကျသံလောက်မျှ မကျယ်ချေ။ ငှက်ပျောသိုက် တစ်ခုတွင် ကပ်လိုက်လျှင် ငှက်ပျောတစ်ပင် ဖြစ်သွားသည်။ ပိန်းတစ်ချုံတွင် ကပ်လိုက်လျှင် ပိန်းတစ်ပင် ဖြစ်သွားသည်။

တစ်ကိုယ်လုံး အပြာအနက်များ ဝတ်ဆင်ထားကြသဖြင့် မြေပြင်တွင် ဝပ်လိုက်လျှင်လည်း တစ်ခါတည်း ပျောက်သွားသည်။

သို့ဖြင့် သူတို့သည် တောင်စွန်းသို့ ရောက်ရှိခဲ့ကြသည်။ လရောင်ကို တွေ့ရသည်။ တစ်ဖက်တောင်ခြေကို မြင်ရသည်။ သေနတ်သံများ ပို၍ ကျယ်လာသည်။ သို့ရာတွင် သူတို့စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်ရသည်။ အနောက်ကင်းမှ နားထောင်စဉ်က သေနတ်သံများသည် ဤနေရာလောက်ဆီမှ ဖြစ်၏။ အကြောင်းမူ သူတို့သည် သေနတ်သံများကို အနောက်စူးစူးမှ ကြားကြရ၍ ဖြစ်သည်။ ယခုမူ သေနတ်သံများသည် နားထောင်ရင်းနှင့် မြောက်ဘက်သို့ ပို၍ ရောက်သွားသည်။

မောင်ရွှေဝါသည် ပထမတွင် ချောင်းရိုးအတိုင်း မြောက်ဘက်သို့ လိုက်ကြည့်ရန် စိတ်ကူးသည်။ သို့ရာတွင် စောစောက သေနတ်သံများ ကြားရသည်မှာ တောင်၏ အနောက်ဘက်မှ ဖြစ်သဖြင့် ဤနေရာတစ်ဝိုက်ကို အရင် စူးစမ်းကြည့်သင့်သည်ဟု ယူဆသည်။ သဲလွန်စ တွေ့နိုင်သည်။ သို့ဖြင့် သူ့လူများကို ခြေရာကောက်ရန် ပြောလိုက်သည်။ သူတို့သည် တစ်ဦးနှင့် တစ်ဦး ဆယ်လှမ်းခန့်ခြား၍ တောင်အောက်သို့ ရင်ပေါင်တန်း ဆင်းသွားကြသည်။ တောင်၏ ဤဘက်ခြမ်းတွင်ကား အင်ကြင်းပင်ပေါက်၊ ကျွန်းပင်ပေါက်များ ရှိကြသည်။ တောနာနတ်ပင်များ ရောနှောနေသည်။ တောင်ဘက်သို့ ရောက်သောအခါ ချုံငယ်များ ပြည့်သိပ်လာသည်ကို တွေ့ရသည်။ ထို့အတူ သဲလွန်စလည်း

MMCYBERMEDIA
COMMUNITY FOR ALL

တွေ့ရသည်။ အကိုင်းအခက်များ ကျိုးနေသည်။ အရွက်များ ကြွေပြတ်နေသည်။ လူများ တိုးဝှေ့ထားခြင်း ဖြစ်သည်။

များမကြာမီ မောင်ရွှေဝါသည် ချုံတစ်ချုံရင်းတွင် တစ်စုံတစ်ခုကို ဝင်၍ တိုက်မိသည်။ အဘယ်မျှပင် သတ္တိရှိသူ ဖြစ်ပါစေ၊ အမှတ်တမဲ့တွင် ထိတ်လန့်တတ်သည်။ မောင်ရွှေဝါသည် လွှတ်ခနဲ မအော်မိစေရန် မနည်းကြီး ထိန်းချုပ်ထားရသည်။ သူတိုက်မိသည်မှာ လူတစ်ယောက်မှန်း သိသဖြင့် လှံဖြင့် ထောက်ထားလိုက်သည်။ သို့ရာတွင် အောက်မှလူသည် သူ့ကို အန္တရာယ်ပြုမည့်ပုံ မရှိချေ။ အသံပြုခြင်း၊ ညည်းညူခြင်း လုံးဝ မရှိချေ။ မောင်ရွှေဝါ၏ ခြေထောက်တစ်ဖက်သည် စေးထန်းထန်းများကို နင်းမိသည်။ သွေးများဖြစ်သည်။ ထိုလူသည် ဒဏ်ရာပြင်းစွာ ရရှိပြီးသေသော်လည်း သေနေမည်။ သတိသော်လည်း လစ်နေမည်။ သူက ခြေထောက်ဖြင့် စမ်းကြည့်လိုက်တော့ အသားများ အေးနေသည်။ သွေးအသွားအလာ မပြုတော့ပြီ ဖြစ်သည်။ သို့ဖြင့် မောင်ရွှေဝါက ဖားအော်သကဲ့သို့ အသံအုပ်အုပ် ပြုလိုက်သည်။ ချက်ချင်းပင် မောင်ညိုနှင့် ပေါက်ကျိုင်းသည် သူ့အနီးသို့ ရောက်လာသည်။

မောင်ရွှေဝါက သူတို့အထက်တွင် အုပ်မိုးနေသော အခက်အလက်များသို့ ဓားနှင့် တွက်ပစ်လိုက်သည်။ သူတို့အပေါ်သို့ လရောင်ကျလာသည်။ သူတို့ခြေရင်းတွင် လဲနေသူမှာ ဘုရင့်တပ်မတော်သား တစ်ဦးဖြစ်သည်။ ဒူးလေးသင့်ထားခြင်း ဖြစ်သည်။ သည့်နောက်တွင်ကား ဘုရင့်စစ်သည်တော် အလောင်းနှစ်လောင်း ထပ်၍ တွေ့ရသည်။

ဘုရင့်တပ်သားများ အတုံးအရုံး ကျဆုံးနေသည်ကတော့ ဟုတ်နေပြီ။ မည်သူတွေ လက်ချက်နည်း။ ဤစစ်သည်တော်များသည် ဤနေရာသို့ အဘယ်နည်းဖြင့် ရောက်လာသနည်း။ အဘယ်သူများက ဒူးလေးများဖြင့် ပစ်ထားသနည်း။ မောင်ရွှေဝါတို့သည် မစဉ်းစားတတ်ဘဲ ရှိသည်။ မည်သို့ ပြုလုပ်ရမည်ကိုလည်း မဝေခွဲတတ်ဘဲ ရှိနေကြသည်။ ဆက်လက်၍ စုံစမ်းစစ်ဆေးရမည်လား၊ ဦးရာကျော်တို့ထံ အကြောင်းပြန်ရမည်လော။ အကြောင်းပြန်ကြားရလျှင်လည်း မရေမရာသာ ဖြစ်သည်။ အလောင်းသုံးလောင်း တွေ့ရသည်ကိုသာ ပြောနိုင်မည်။ မည်သူတွေ မည်သို့ဖြစ်သည်ကို အစအနမျှ မပြောနိုင်ဘဲ ရှိသည်။ မောင်ရွှေဝါက ဆက်လက် စူးစမ်းရန် ဆုံးဖြတ်လိုက်သည်။

သေနတ်သံများသည် မြောက်ဘက်သို့ အတော်ကြီး ရောက်သွားပြီ ဖြစ်သည်။ ကျဲလည်း ကျဲသွားသည်။ တစ်ချက်ချင်း နှစ်ချက်ချင်းသာ ကြားရတော့သည်။ ထိုစဉ်မှာ ချုံငယ်များဆီမှ ဖားအော်သံများ ကြားရသည်။ သစ်ပင်ထူထပ်ရာမှ ညှက်အော်သံများ ကြားရသည်။ အချက်ပေးကြခြင်းပင် ဖြစ်သည်။ ယင်းသို့ အချက်ပြုကြသူများသည် သူတို့နယ်သားများနှင့် သူတို့ဘက်သားများ ဖြစ်ကြောင်းကို သိလိုက်သည်။ ဤတွင် မောင်ရွှေဝါက တစ်စုံတစ်ခုကို ချက်ချင်း စဉ်းစားမိလိုက်သည်။ ယင်းကြောင့် သူက ဆင်အော်သံ ပြုလိုက်သည်။ ခဏကြာသောအခါ အတော်လှမ်းလှမ်းမှ ဆင်အော်သံ ပြန်၍ ထွက်ပေါ်လာသည်။

"အစ်ကိုရွှေနီတို့ပ"

မောင်ရွှေဝါက ပြောလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်သူလဲ"

ပေါက်ကျိုင်းနှင့် မောင်ညိုက ကိုရွှေနီကို မသိသဖြင့် ပြိုင်တူ မေးလိုက်ကြသည်။

"ကျုပ်ရဲ့အစ်ကိုပ"

"ဟုတ်သားနော်။ ဗိုလ်မင်းမှာ အစ်ကိုတစ်ယောက် ရှိတယ်လို့ ပြောသားပ။ ကျုပ်က မေ့နေတယ်။ ဗိုလ်မင်း အစ်ကိုက ဘယ်လိုရောက်လာတာလဲ"

"ဒါတော့ ကျုပ်လည်း မသိဘူး။ မေးကြည့်ရမှာပဲ"

သူတို့လည်း ဖားသံများ၊ ငှက်သံများ၊ တိရိစ္ဆာန်သံများ အပြန်အလှန် အော်မြည်လျက် တောင်ခြေကွက်လပ်တွင် စုရုံးကြသည်။ ကွက်လပ်သို့ မောင်ရွှေဝါတို့ ရောက်သွားကြသောအခါ လူနှစ်ဆယ်ခန့် ရောက်နှင့်နေသည်ကို တွေ့ရသည်။ အချို့မှာ ရောက်လာကြဆဲ ဖြစ်သည်။ ဓားလုံ ဒူးလေးနှင့် သေနတ်များ ကိုင်ဆွဲထားကြသည်။

"နင် မသေသေးဘဲကိုးကွယ့်"

ကိုရွှေနီက မောင်ရွှေဝါကို မြင်သောအခါ မျက်နှာထားတည်တည်ဖြင့် ပြောသည်။

"ဘာပြုလို့လဲ"

မောင်ရွှေဝါက သူ့အစ်ကိုကို အကဲခတ်ရင်း မေးသည်။

"တို့လူတွေ စစ်ရှုံးပြီ၊ မင်းလည်း ဆုံးပြီကြားတာနဲ့ ငါလည်း ငါ့လူတွေစုပြီး လိုက်လာတာပ"

"ဘယ်ကကြားသလဲ"

"ဈေးသည်တွေ ပြောတာပ"

"မဟုတ်ပါဘူး။ ကျုပ်တို့ စစ်မရှုံးပါဘူး။ နို့ပေမယ့် စစ်တော့ မနိုင်သေးဘူးပ။ မြစ်ကွေ့ခံတပ်ကို တက်တိုက်တာ နှစ်ကြိမ်ရှိပြီ။ တပ်ပြန်ဆုတ်ခဲ့ရတယ်။ သူတို့လာတိုက်တာလည်း နှစ်ကြိမ်ရှိပြီ။ အလောင်းချင်းထပ်ပြီး ပြန်ဆုတ်ရတယ်"

"နင်တို့ တပ်ဆုတ်လာပြီး သူတို့လာတိုက်တာကိုပဲ စစ်ရှုံးတယ်လို့ ပြောကြတာထင်တယ်။ နင့်အမေလည်း နင်ဆုံးပြီကြားလို့ ငိုနေတယ်။ ငါလည်း အပြင်းလိုက်လာတာပဲ။ နို့ပေမယ့် ငါလိုက်လာတာ မများပါဘူး။ နင်တို့ကို ချောင်းနေတဲ့ ဗလတို့ကို စီးလိုက်ရတယ်"

"အစ်ကိုရွှေနီတို့နဲ့ ဘယ်လို တိုးမိကြတာလဲ။ ကျုပ်တို့လည်း သေနတ်သံသာ ကြားရတယ်။ ဘာဖြစ်မှန်းမသိကြဘူး"

"လရောင်ကောင်းတာနဲ့ တို့လည်း တစ်ညလုံး လာကြတယ်။ ဒီတောစပ်ရောက်တော့ တောင်ခါးပန်းမှာ မည်းမည်းလှုပ်လှုပ်တွေ တွေ့လို့ တောချောင်းတော့ မိုးကောင်းတပ်တွေ ဖြစ်နေတယ်။ တို့လည်း ဝမ်းသာအယ်လဲ တိုက်တာပဲ။ ဒင်းတို့တပ် တစ်ဝက်လောက်ပြုတ်မယ် ထင်တယ်"

"အစ်ကိုရွှေနီတို့ဘက်ကကော မကျဘူးလား။ လူစစ်ပြီးပလား"

MMCYBERMEDIA
COMMUNITY FOR ALL

"လူစစ်ခိုင်းထားတယ်။ ကျဖို့ကတော့ အကျဲသားပဲ။ နင့်ကောင်တွေက တို့ကိုမှ မတွေ့တာပဲ။ တို့ကသာ သူတို့ကို တစ်ယောက်ပြီးတစ်ယောက် ချေရတယ်။ တို့က သေနတ်မဖောက်ဘဲ ဒူးလေးပဲ ဖြုတ်တယ်။ တို့ကို သူတို့မမြင်ဘူး။ သူတို့ကိုသာ တို့က မြင်ရတယ်။ သေနတ်မီးပွင့်တဲ့နေရာကိုမှန်းပြီး ဒူးလေးတစ်ချက် ဖြုတ်လိုက်ရင် တစ်ယောက်ကြွေတာပဲ"

မောင်ရွှေဝါသည် အစ်ကိုရွှေနီကို စိတ်ထဲမှ ချီးကျူးလိုက်သည်။ ထို့နောက် ပေါက်ကျိုင်းနှင့် မောင်ညိုဘက်လှည့်၍...

"မင်းတို့နှစ်ယောက်ကင်းကိုပြန်ကြ။ အကြောင်းစုံပြောပြ။ ရန်သူကောက်ရအောင် မီးတိုင်ထွန်းခဲ့ကြ"

မောင်ညိုနှင့်ပေါက်ကျိုင်းသည် လေ၏အဟုန်ဖြင့် ထွက်ခွာသွားကြသည်။ ကိုရွှေနီသည် သူ့လူများကို စစ်ဆေးကြည့်သောအခါ ပြည့်သည်ကို တွေ့ရသည်။ အားလုံး နှစ်ဆယ့်ကိုးယောက်ရှိသည်။ တစ်ယောက်သာလျှင် ရန်သူ ရမ်းဆ၍ပစ်သောကျည် ရှပ်မှန်၍ ထော့နင့်ဖြစ်ရသည်။ ကျန်လူများမှာ အကိုင်းအခက်များနှင့် တိုးမိသည့်ဒဏ်ရာ၊ ဆူးစူးသည့်ဒဏ်ရာလောက်သာ ရှိကြသည်။ သူတို့အနက် အချို့ကိုသာ မောင်ရွှေဝါ မြင်ဖူးသည်။ သို့ရာတွင် အားလုံးသည် အရက်သမား၊ ကြက်သမားများဖြစ်မည်ကို သူသိသည်။ သူတို့လူစုတွင် ဦးနောင်ရှမ်းပါလာသည်ကို မောင်ရွှေဝါသည် အတော်လေးကြာမှ သိမြင်မိသည်။ အကြောင်းမူ ဦးနောင်ရှမ်းသည် ဝါးရုံပင်အောက်တွင် တစ်ယောက်တည်း ခေါင်ရည်သောက်နေခဲ့သောကြောင့် ဖြစ်သည်။ ဝမ်းထဲသို့ခေါင်ရည်အတော်ဝင်သွားမှ သူသည် အားအင်ပြည့်ဖြိုးသွားဟန် ရှိသည်။ သူတို့အနီးသို့ ရောက်လာပြီး မောင်ရွှေဝါကို နှုတ်ဆက်သည်။

မောင်ရွှေဝါတို့ တပ်ထွက်စဉ်က ကညင်မြို့မှ ပန်းပဲဆရာကြီး၊ ဆင်ကန်မှ ပန်းရန်ဆရာကြီး စသည်တို့သည် အသက်အရွယ် ကြီးရင့်ပြီဖြစ်သော်လည်း ဦးရာကျော်တို့နှင့် အတိုင်အပင်ပြုရန် အုပ်နှင့် လိုက်ပါခဲ့ကြသည်။ သို့ရာတွင် ကောသမ္ဘီနိုင်ငံ ပြန်လည်ထူထောင်ရမည်ဆိုသော ဦးနောင်ရှမ်းသည် ဟိုလိုလို သည်လိုလိုနှင့် ရွာတွင် ကျန်ရစ်ခဲ့သည်။ ယခုမှ အရက်သမား၊ ကြက်သမားများနှင့်အတူ လိုက်ပါလာတော့သည်။ သူ့တွင် ဓားနှင့် ဒူးလေးအပြင် ဆေးလွယ်အိတ်၊ အရက်ကျည်တောက်နှင့် ကြက်တစ်ကောင် ပါရှိသည်။

ကိုရွှေနီက ဦးနောင်ရှမ်းထံမှ ကျည်တောက်ကို ယူ၍ သောက်သည်။ အခြားသူများသည်လည်း ယခုအခါ ကျည်တောက်ကိုယ်စီနှင့် ဖြစ်နေကြသည်။ သူတို့သည် အောင်ပွဲရသည်က တစ်ကြောင်း၊ ခေါင်ရည် ဝင်သည်က တစ်ကြောင်းကြောင့် ပျော်ရွှင်ဆူညံလျက် ရှိကြသည်။ တိုက်ပွဲအကြောင်း စားမြုံ့ပြန်ကြသည်။ ဦးနောင်ရှမ်း၏ အသံသည် အကျယ်ဆုံးဖြစ်သည်။ သူတို့အနီးမှ ဦးနောင်ရှမ်း ထွက်သွားသောအခါတွင် မောင်ရွှေဝါက ကိုရွှေနီကို မေးလိုက်သည်။

"အစ်ကိုရွှေနီတို့ ဘုရားဖူးသွားကြတာ ဘယ်တုန်းက ပြန်ရောက်သလဲ"

"ကြာပြီကော"

"အစ်ကိုရွှေနီ ဘာလုပ်နေသလဲ"

"ဒီလိုပဲပ"

"မမထုံးရီကော ဘာလုပ်နေသလဲ"

"ဒီလိုပဲပ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါမမေးတော့။

မကြာမီတွင် ဦးရာကျော်တို့လူစု မီးတိုင်များနှင့် ရောက်ရှိလာကြသည်။ သို့ရာတွင် မီးတိုင်များသည် အသုံးမဝင်တော့ချေ။ အရှေ့ဘက် ကောင်းကင်တွင် နေရောင်စို့နေပြီ ဖြစ်သည်။ သို့ဖြင့် သူတို့သည် ရန်သူကောက်ကြသည်။ ကွက်လပ် အလယ်တွင် အလောင်းများ၊ ဓားလုံ၊ သေနတ်များကို စုပုံကြသည်။ ဟိုမှသည်မှ အလောင်းများ ဆွဲယူလာကြသည်။ လက်နက် ပစ္စည်းများ ကောက်ယူလာကြသည်။ သစ်ပင်ထိပ်ဖျားသို့ နီရဲသောနေဝန်း ရောက်ရှိလာသောအခါတွင် ရန်သူအလောင်း သုံးဆယ်ပြည့်သွားပြီ ဖြစ်သည်။ ကုန်လောက်ပြီလည်း ဖြစ်သည်။ မသေမရှင် လူငါးဦး ရမိသည်။ သူတို့ကိုလည်း လည်မျိုဓားထောက်၍ စစ်သည်။ ဗိုလ်ဗလ၏ အကြံအစည်မှာ ကြောက်စရာ ကောင်းလှသည်။ တောင်ခြေတွင် ညဝပ်နေပြီး လင်းအားကြီးအချိန်တွင် ရွာကိုဝင်စီးရန် ဖြစ်သည်။ ခံတပ်အတွင်းမှ တပ်များ ထွက်မလာနိုင်မီတွင် ရွာကို မီးတိုက်ရန် ဖြစ်သည်။ အခုမူ သူတို့ အကြံအစည်သည် ကိုရွှေနီနှင့် ကြက်သမားများ၏ လက်ချက်ကြောင့် ပျက်ရပြီ ဖြစ်သည်။ ထိုစဉ် ချုံကွယ်တစ်ခုတွင် "ဗိုလ်ဗလ၊ ဗိုလ်ဗလ" ဟု အသံကုန် အော်ဟစ်သံ ကြားရသဖြင့် မောင်ရွှေဝါတို့ ပြေးသွားကြသည်။ ဓားကို ဝှေ့ယမ်း၍ အသံပြာအောင် အော်နေသူမှာ ကြက်သမားတစ်ဦးဖြစ်သည်။ သူက လူများ ပြေးလာသည်ကို မြင်သောအခါ ချုံတစ်ဖက်သို့ ဓားဦးဖြင့် ထိုးပြနေသည်။ ချုံတစ်ဖက်တွင် သစ်ပင်ကိုဖက်၍ မတ်တတ်ကြီး သေနေသူမှာ ဗိုလ်ဗလပင်ဖြစ်သည်။ ထိုအခြင်းအရာကို မြင်တွေ့သောအခါ အားလုံးပင် ဟယ်ခနဲ အံ့သြကြရသည်။ ထို့နောက် ဝမ်းသာကြရသည်။

အမှန်အားဖြင့်တော့ ဗိုလ်ဗလသည် သစ်ပင်ကိုဖက်၍ မတ်တတ်ကြီး သေနေခြင်း မဟုတ်ပါ။ သူ၏ ခန္ဓာကိုယ်နှင့် သစ်ပင်ကို လှံတစ်ချောင်းက မှီစွဲထားသောကြောင့် ဖြစ်သည်။ သူသည် သစ်ပင်ကို ကွယ်၍ ရပ်နေစဉ်တွင် လှံတစ်ချောင်းသည် ကျောမှဖောက်၍ သစ်ပင်ကို စူးဝင်ခြင်းဖြစ်သည်။

ပေါက်ကျိုင်းနှင့် လူအများသည် ဗိုလ်ဗလ သေဆုံးခြင်းအတွက် ဝမ်းသာကြသော်လည်း သူတို့လက်ချက်ဖြင့် မကွပ်မျက်ရသည့်အတွက် မကျေမနပ် ရှိနေကြသည်။ မည်သူ့လက်ချက်နည်းဟု စူးစမ်းကြသည်။ အချို့သော ကြက်သမားများသည် သူပစ်တာ၊ ငါပစ်တာဟု ငြင်းခုံနေကြသည်။

"အစ်ကိုရွှေနီရဲ့ လက်ချက်ပ"

မောင်ရွှေဝါ ရုတ်တရက် ပြောလိုက်သည်။

"ဒီခန္တီးလှံကို တော်ရုံတန်ရုံလူ မလွှတ်နိုင်ဘူး။ ဒီလှံဝင်ရင် ဆင်တောင် ဘိုင်းခနဲလဲတယ်။ နို့ပြီးတော့ ဒီလှံဟာ ကျုပ်တို့အဘိုးရဲ့ လှံပဲ"

မောင်ရွှေဝါက ယင်းသို့ပြောရင်း ဗိုလ်ဗလ၏ ကျောပြင်ကို ခြေကန်၍ လှံကိုဆွဲနုတ်လိုက်သည်။ ဗိုလ်ဗလ၏ အလောင်းသည် မြေကြီးပေါ်သို့ ပုံလဲကျသွားသည်။ သံရိုးဖြင့် ပြုလုပ်ထားသော ဆင်ပစ်လှံကြီးသည် မောင်ရွှေဝါ၏ လက်ထဲတွင် အနင့်သား ရှိနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

လူအများသည် မောင်ရွှေဝါကို အရင်ကြည့်ကြသည်။ ထို့နောက် ကိုရွှေနီကို ဝိုင်း၍ ကြည့်ကြသည်။ စပ်ဖြဲဖြဲရှိနေသော ကိုရွှေနီသည် သူ့ကို လူတွေဝိုင်းကြည့်နေမှန်း သိသောအခါ မျက်နှာ ရတ်ခြည်း တည်လိုက်သည်။

ဗိုလ်ဗလ ကျဆုံးသည်ကို နယ်သူနယ်သားများနှင့် အရေးတော်ပုံတပ်သားများ မယုံမကြည်ရှိမည်စိုးသောကြောင့် ကျွန်းပင်တစ်ပင်ထက်တွင် ကြိုးဖြင့် ဇောက်ထိုး ဆွဲချည်ထားလိုက်ကြသည်။ ကျန်အလောင်းများကိုကား ရွာနှင့် နီးသည်ဖြစ်၍၊ အပုပ်အဟောင် ဖြစ်မည်စိုး၍ ထင်းမီးတိုက်ကြသည်။

ထို့နောက် သိမ်းဆည်းရမိသော လက်နက်ပစ္စည်းများကို ယူ၍ ဆောင်းခါးတပ်သို့ တပျော်တပါး ပြန်ကြသည်။

ထိုစဉ်မှာပင် ရတ်တရက် နေလုံးပျောက်၍ မိုးကြီးသည်းထန်စွာ ရွာလေသည်။

## အခန်း -၂၄-

မိုးသည် တစ်နေ့နှင့်လည်းမပြီး၊ တစ်ညနှင့်လည်း မပြီး ရှိနေသည်။ ဖွဲကြီးကြီးနှင့် သဲသဲမဲမဲ ရွာနေသည်။ သို့ဖြင့် လပြည့်နေ့တွင် မြစ်ကွေ့ခံတပ်ကို တက်ရောက် တိုက်ခိုက်ရန် စီစဉ်ထားသည်ကို ဖျက်ရတော့မည်ကဲ့သို့ ရှိနေသည်။ အခဲကြီး ခဲထားကြသည်မို့ မဖျက်ချင်ကြသည်လည်း ရှိသည်။

တန်ခူးလ အတွင်းက မိုးသည်းထန်စွာ ရွာပြီးနောက် တစ်ပတ်ခန့်အကြာတွင် ကချင်တပ်များ ရောက်ရှိလာသည်။ ကချင်များရောက်ရှိပြီး သုံးရက်အကြာတွင် မြစ်ကွေ့ခံတပ်ကို ချီတက်လုပ်ကြံကြသည်။ ဗိုလ်ဗလ အကွပ်အညှပ်နာသဖြင့် တပ်လန်ခဲ့ရသည်။ နောက်ငါးရက်အကြာတွင် နေပြည်တော်မှ တပ်များ စစ်ကူရောက်လာသဖြင့် ဗိုလ်ဗလတို့သည် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ဆောင်းခါးခံတပ်ကို လိုက်လာသည်။ ဦးရာကျော်တို့သည် သုံးရက်တိတိ အပြင်းခုခံပြီးမှ ရန်သူကို လှန်နိုင်သည်။ ဘုရင့်တပ်များ ဆုတ်ခွာသည်နှင့် တစ်ပြိုင်နက် ထပ်ကြပ်လိုက်၍ တိုက်သည်။ သို့ရာတွင် မြစ်ကွေ့ခံတပ်ကို မရ။ မပေါက်ချေ။ အကျအဆုံးများသဖြင့် ဒုတိယအကြိမ် တပ်ဆုတ်ခဲ့ရသည်။ နောက်သုံးလေးရက် အကြာတွင် စစ်ကူရပြန်သဖြင့် ဗိုလ်ဗလတို့က ဒုတိယအကြိမ် တိုက်လာပြန်သည်။ အကြိတ်အနယ် ခုခံရသည်။ နောက်ဆုံးတွင် ဘုရင့်တပ်များသည် အကျအဆုံး များပြားစွာဖြင့် ဆုတ်ခွာသွားကြရသည်။

သည့်နောက်တွင်ကား နှစ်ဖက်စလုံးသည် အချိန်ယူကြရတော့သည်။ တပ်များ ပင်ပန်းလှပြီ ဖြစ်သည်။ ဒဏ်ရာရသူများကို ကုသကြရသည်။ ဘုရင့်တပ်များဘက်တွင် အဖျားအနာ ရှိသည်။

တတိယအကြိမ် တိုက်လျှင်မူ မြစ်ကွေ့ခံတပ်ကို ရရမည်ဟု ဦးရာကျော်က သန္နိဋ္ဌာန် ချထားသည့်အလျောက် တပ်များကို စနစ်တကျ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ လူသူလက်နက် ထပ်၍ ဖြည့်ခဲ့သည်။ စားနပ်ရိက္ခာ အပိုအလျှံ ရှိစေသည်။ ယင်းသို့ အတိအကျ ပြင်ဆင်အားယူလျက် လပြည့်နေ့တွင် တက်ရောက် တိုက်ခိုက်ရန် စီစဉ်ထားစဉ်တွင် ဗိုလ်ဗလ၏တပ်နှင့် ကိုရွှေနီတို့တပ် တွေ့ဆုံတိုက်ပွဲဖြစ်ခြင်း ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အလစ်တွင် လာရောက်တိုက်ခိုက်ရန် ကြံစည်သည်ကို ဖြိုခွဲလိုက်နိုင်သည့်အတွက် လည်းကောင်း၊ ရန်သူသုံးဆယ်ကျော် ကျဆုံးသည့်အတွက်ကြောင့် လည်းကောင်း၊ နယ်သူနယ်သားများ အင်မတန် မုန်းတီးပြီး တစ်ဖက်အင်အားတွင် အကြံအဖန်နှင့်ပြည့်စုံသော ဗိုလ်ဗလ ကျဆုံးသွားပြီဖြစ်သည့်အတွက် လည်းကောင်း၊ ခန္တီးလုံကြီးကို ကိုင်ဆောင်သော ကိုရွှေနီနှင့် သူ့လူများ ရောက်ရှိလာသည့်အတွက် လည်းကောင်း၊ အရေးတော်ပုံတပ်သားများသည် အထူးအားတက်၍ တတိယအကြိမ် စီးနင်းရမည့် အရေးကို အားအခဲကြီး ခဲထားကြသည်။

ကိုရွှေနီသည် နာမည်ကြီးလှသော ဗိုလ်ဗလကို သစ်ပင်တွင် လုံနှင့် စွဲသတ်နိုင်သဖြင့် တပ်သားများနှင့် နယ်သူနယ်သားများ အတွင်းတွင် နေ့ချင်းညချင်းပင် သတင်းကြီးသွားသည်။ ဗိုလ်ရွှေနီနှင့် ဗိုလ်ရွှေဝါသည် သူရဲကောင်းညီအစ်ကိုများဖြစ်ကြသည်ဟု ထင်ရှားကျော်ကြားလေတော့သည်။

သို့ရာတွင် ကိုရွှေနီသည် သူ့အကြောင်း လူတွေပြောဆိုနေသည်ကို မည်သို့မျှ စိတ်ဝင်စားခြင်း မရှိဘဲ ဆောင်းခါးခံတပ်အတွင်းသို့ ရောက်ကတည်းက ခေါင်းရည်ကိုသာ မပြတ်သောက်နေတော့သည်။ ဦးနောင်ရှမ်းမှာမူ ကိုရွှေနီနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ခေါင်ရည်ကို မပြတ်သောက်ပြီး စကားကို ဆက်တိုက်ပြောနေသည်။ တပ်သားများအတွင်း လှည့်ပြီး ကောသမ္ဗီနိုင်ငံအကြောင်း ဇာတိမာန် တက်လောက်အောင် ပြောသည်။ ကိုရွှေနီ့အကြောင်းကို အထင်ကြီးသထက်ကြီးအောင် ပြောသည်။ ဦးရွှေလယ်တို့ကို တိုက်သောတပ်များ သူတို့ဘက်သို့ ကျွံ၍ ဝင်လာသဖြင့် ယခုလူစုသည် သုံးကြိမ်မျှ ရွပ်ရွပ်ချွံချွံ တိုက်ကြရသည်ဟု ဆိုသည်။ သုံးကြိမ်လုံးပင် အနိုင်ရသည်ဟု ဆိုသည်။ တစ်ကြိမ်တွင် ကိုရွှေနီသည် ရန်သူဗိုလ်တစ်ဦးကို လူရောမြင်းရော ကိုင်ပေါက်ခဲ့သည်ဟု ဆိုသည်။ သူ့စကားကို ကြားရသူများက အစစ်အဆေးမရှိ ယုံကြသည့်သဘောဖြစ်သည်။ သူတို့က ဤမျှအထင်ကြီးလျက် ရှိကြသည်။

ယင်းကဲ့သို့ သူတို့၏ ဗိုလ်များအတွက် ယုံကြည်အားတက်သည့်အလျောက်၊ သည်တစ်ကြိမ် မိမိတို့တိုက်လျှင် ရန်သူ့ခံတပ်ကို ရမည်ဟု ယုံကြည်စွဲမြဲသည့်အလျောက် လပြည့်နေ့တွင် ချီတက် တိုက်ခိုက်ရန် အပြင်ကြီး ပြင်ထားပြီးကာမှ မိုးအဆက်မပြတ် ရွာသွန်းနေသဖြင့် ခဲလေသမျှ သဲရေကျ ဖြစ်ရမည် ရှိသောအခါ တပ်သားများသည် မကျေမချမ်းရှိနေကြတော့သည်။ မိုးသည် နှစ်ရက်မျှ အသဲအမဲ ရွာခဲ့ပြီးသော်လည်း စဲမည့်သဏ္ဍာန် မရှိသေးချေ။ ဆက်ဦးမည့်ပုံ ဖြစ်သည်။

သည်တွင် ဦးရာကျော်သည် ကချင်ခေါင်းဆောင်များ၊ နယ်မြေအကြီးအကဲများ၊ တပ်မှူးများနှင့် ဗဟိုတဲကန္နားတွင် အတိုင်အပင်ပြုရတော့သည်။ သည်အခါတွင်လည်း အရေးကြီးသော စကားကိုဆိုသူမှာ ဦးနောင်ရှမ်းပင် ဖြစ်တော့သည်။

ပါးစပ်ပေါက်တစ်ပေါက်လုံးကို ဖုံးလွှမ်းလုမတတ်ရှိသော နှုတ်ခမ်းမွေး နီကျင်ကျင်များကို လက်ဖမိုးဖြင့် ပွတ်သပ်ရင်း ဆေးဆရာကြီးလည်းဖြစ်သော၊ ကြက်သမား အရက်သမားကြီးလည်းဖြစ်သော ဦးနောင်ရှမ်းက ပြောသည်မှာ...

"အစ်ကိုများ၊ ညီများ... နားစိုက်ကြပါ။ တူသားနောင်မယ်များ နားထောင်ကြပါ။ ကျုပ်တို့ဟာ ဘုရင့်တပ်များကို ချေမှုန်းပြီး မိုးကောင်းမြို့တော်ကို လက်ရသိမ်းဖို့ အခုလို ချီတက်ခဲ့ကြတာ ဖြစ်ပါတယ်။

MMCYBERMEDIA
COMMUNITY FOR ALL

ကောသမ္ဗီနိုင်ငံတော်ကို ထူထောင်ကြဖို့ဖြစ်တယ်။ နို့ပေမယ့် ကျုပ်တို့ဟာ အခု မိုးကောင်းကို မရသေးဘူး။ နို့ပေမယ့် ကျုပ်တို့ဟာ မြစ်ကွေ့ခံတပ်ကိုရရင် မိုးကောင်းကို ရတာနဲ့ အတူတူပဲ။ ဒီတစ်ချီမှာ ရန်သူတပ်ကို ပေါက်အောင် တိုက်ကြရမယ်။ အစ်ကိုများ ညီများဟာ အောင်ပွဲရဖို့ သန္နိဋ္ဌာန် ချထားပြီးဖြစ်တယ်။ နို့ပေမယ့် အခုအခါမှာ မိုးတွေရွာနေတာနဲ့ အောင်ပွဲကို ဆိုင်းချင်နေကြတယ်။ ဒါမဟုတ်ဘူး။ မိုးတွင်းပဲ မိုးရွာမှာပ။ ကျုပ်တို့အလုပ် ကျုပ်တို့လုပ်ရမှာပ။ ကျုပ်တို့ဟာ ဒီနယ်သားတွေဖြစ်တယ်။ မိုးကိုကြောက်တဲ့လူတွေ မဟုတ်ဘူး။ နေပြည်တော်က လူတွေကသာ ကုန်းခေါင်ခေါင်က လာကြလို့ မိုးကိုကြောက်ကြတယ်။ မိုးကြီးရင မသွားတတ်၊ မလာတတ်ကြဘူး။ မိုးကြီးရင် ငှက်သင့်မယ်လို့ ကြောက်နေကြတယ်။ ကျုပ်တို့က မိုးကိုကြောက်တဲ့လူတွေ မဟုတ်ဘူး။ မိုးရွာတာဟာ ကျုပ်တို့အဖို့ ကောင်းတောင် ကောင်းသေးတယ်။ မိုးဒီလောက်ကြီးနေရင် ကျုပ်တို့လာမှာ မဟုတ်ဘူးလို့ ရန်သူတွေ စိတ်ချလက်ချ ရှိနေကြလိမ့်မယ်။ ဒီအခါမှာ ကျုပ်တို့ဟာ သူတို့အပေါ်ကို မိုးစက်မိုးပေါက်တွေနဲ့အတူ လှံတွေ၊ မြားတွေ၊ ကျည်တွေ ပစ်လွှတ်ရမယ်။ ဒီအချိန်မှာ ရန်သူတွေဟာ မိုးအေးလို့ ခံတပ်ထဲမှာ ကွေးနေလိမ့်မယ်။ ကျုပ်တို့ဟာ မိုးမှောင်ထဲမှာ ခံတပ်တံခါးကို ကပ်ရမယ်။ မိုးသံကြောင့် ကျုပ်တို့အသံကို သူတို့မကြားနိုင်ဘူး။ မိုးပေါက်တွေ ပိတ်နေလို့ ကျုပ်တို့ကို သူတို့ မမြင်ရဘူး။ ကျုပ်တို့က ကင်းသမားတွေ တံခါးစောင့်တွေကို တိတ်တဆိတ် လုပ်ကြံပြီး တဲကန္နားတွေကို ရုတ်ခနဲ စီးကြရမယ်။ ဒါတင်မကဘူး၊ ရန်သူတွေဟာ ဗိုလ်ဗလ မရှိလို့ စိတ်ပျက်နေကြတာ တစ်ကြောင်း၊ ကျုပ်တို့တစ္ဆေချောက်တာ တစ်ကြောင်းကြောင့် ကစဉ့်ကလျား ပြေးကြရလိမ့်မယ်။ ဒီအခါမှာ လမ်းကနေကြိုပြီး တိုက်ကြရမယ်။ ကျုပ်တို့ဟာ မိုးမစဲခင် ရန်သူကိုတိုက်ရမယ်”

သူ့စကားကို အားလုံးကပင် သဘောတူကြသည်။ အထူးသဖြင့် ကချင်များက နှစ်သက်ကြသည်။ မိုးသည် သူတို့အတွက် အခွင့်ကောင်းဖြစ်သည်ဟု အားတက်လာကြသည်။

“ဒုက္ခပဲနော။ တို့များလည်း တိုက်ရဦးတော့မှာပ”

ကိုရွှေနီက ရုတ်တရက် ညည်းတွားလိုက်သည်။ အားလုံးက သူ့ကို တအံ့တသြ ကြည့်ကြသည်။

“အစ်ကိုရွှေနီက မတိုက်လို့ ဘာလုပ်မလို့လဲ”

မောင်ရွှေဝါက မေးလိုက်သည်။

“အစကတော့ တို့များပြန်မလို့ပ။ စစ်လည်းမရှုံးဘူး။ နင်လည်း မသေဘူးကော”

“ဒီတစ်ပွဲတော့ တိုက်ဦးမှပေါ့ မောင်ရွှေနီ၊ မောင်ရွှေနီကို ကျုပ်လူတွေကလည်း အထူးအားထားနေကြတယ်။ အခု အကြံအစည်က ကိုနောင်ရုမ်းရဲ့ အကြံအစည်လည်းဖြစ်တယ်”

ဦးရာကျော်က ပြောသည်။

“အခုတော့ တိုက်ရမှာပ”

“ဒီလိုလုပ်ပါလားနော။ ကိုရာကျော်တို့နဲ့ ဒူဝါ အကြီးဝါတို့က မြစ်ကွေ့ခံတပ်ကို စီးကြ၊ ကျုပ်တို့က လွတ်ထွက်လာတဲ့ ဘုရင့်လူတွေကို မြစ်အောက်က ကြိုပြီးတိုက်ကြမယ်”

MMCYBERMEDIA
COMMUNITY FOR ALL

ဦးနောင်ရှမ်းက တာဝန်ခွဲလိုက်သည်။ သို့ဖြင့် ကြက်သမားတပ်သည် မြစ်အောက်က ကြို့ရမည်ဖြစ်သဖြင့် စောစီးစွာ ချီနင့်သည်။ ကိုရွှေနီတို့သည် ထွက်မည်ဆိုလျှင် ချက်ချင်းပင် ထ၍ ထွက်သွားကြသဖြင့် ဦးရာကျော်တို့လည်း အလျင်အမြန် ချီတက်ရန် ပြင်ဆင်ကြရတော့သည်။ တပ်သားများသည် ပေါ့ပါးဖျတ်လတ်ကြသဖြင့် နေ့နှင့်ည မကွဲပြားသော မိုးသည်းသည်းတွင် စစ်ထွက်ခဲ့ကြသည်။

မိုးပေါက်များ ပိတ်နေသဖြင့် လေးငါးလှမ်းလောက် ကွာသွားလျှင် မမြင်ရဘဲ ရှိသည်။ အရေးတော်ပုံတပ်သားများသည် ဖားအော်သံပြု၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရသည်။ ကွင်းရေပေါ်သို့ မိုးပေါက်ကျသံသည် သူတို့တစ်တွေရေတိုးသည့် အသံနှင့်မခြား ကျယ်လောင်သည်။ မိုးရွာသည်မှာ သုံးရက်အတွင်းသို့ ဝင်လာပြီဖြစ်၍ ဆောင်းရက်ပမာ ချမ်းသည်။

အရေးတော်ပုံတပ်သားများမှ တစ်ကိုယ်လုံး ရွဲရွဲစို၊ ခိုက်ခိုက်တုန်လျက် ရွံ့ညွှန်ထဲတွင် ရုန်းငင်သွားနေကြသည်။ ခရီးမတွင်လှချေ။ မြေပျော့သည့်အခါတွင် ကျွံဝင်သွားသောခြေကို မနည်းနှုတ်ရသည်။ မြေမာသည့်အခါတွင် မိုးရေထဲ ပါသွားမည်ကို စိုးရသည်။ ကျင်း၊ ချိုင့်နှင့်ချောင်းရိုးများအတွင်းသို့ ကျသွားသောအခါ ရုန်းကန် ကူးခတ်ရသည်။ ဆူးချုံငယ်များကို တိုးမိသောအခါ တစ်ကိုယ်လုံး ပွန်းရှရသည်။ မျှော့၊ ကျွတ်နှင့် ကမျဉ်းနီကောင်များသည် သူတို့ကို ကောင်းကောင်း ဒုက္ခပေးသည်။ မြွေပွေး၊ မြွေဆိုးများနှင့်လည်း တွေ့သေးသည်။ ကြက်သမား အစုမှတစ်ဦး ပိုးထိသည်။ ဦးနောင်ရှမ်း၏ ကုသမှုဖြင့် အဆိပ်ပြယ်သည်။ ဦးရာကျော်တို့ တပ်မမှ ကချင်တစ်ဦး မြွေပွေးကို လက်နှင့်ကိုင်မိသည်။ လက်မနှင့် လက်ညှိုးကြားကို နစ်ချက်ဆင့်၍ အပေါက်ခံရသည်။ သို့ရာတွင် သူ့အိတ်ထဲ၌မြွေဆိပ်ပြယ်စေသော "မရှော့ဆီ" ရွက် တစ်ရွက် အသင့်ပါလာသဖြင့် ကိုက်ဝါးစားလိုက်သဖြင့် အသက်ဘေးမှ ချမ်းသာသည်။ ကချင်များတွင် မြွေနိုင်သော မရှော့ဆီရွက်၊ သွေးတိတ်သော နန့်ပွန်စီး၊ ဒဏ်ကျေသော ဆင်းဟိုညု၊ အားအင်ပြည့်စေသော မချစ်ဥများ ပါရှိသည်။ ရှမ်းနှင့်မြန်မာများက နန့်ပွန်းစီးကို ဓားဂမုန်းဟုလည်းကောင်း၊ ဂမုန်းပြန်ဟုလည်းကောင်း ခေါ်သည်။ မချစ်ဆိုသည်မှာ ရေခဲတောင်မှရသော ဖြူဖြူဥကလေးများ ဖြစ်သည်။ ရေခဲကြက်သွန်ဖြူဟု ခေါ်ကြသည်။ မချစ်ဆိုသည်မှာ ခန့်စကားဖြစ်၍၊ မသေဆေးဟု အဓိပ္ပာယ်ရှိသည်။ ယောယင်များကမူ ယာဖလိုနွယ် ဟု အသိများကြသည်။ ခေါင်ရည်တွင် ယာဖလိုနွယ်အမှုန့်ထည့်၍ နေ့တိုင်းမှန်မှန် သောက်လျှင် အသက်တစ်ရာကျော်သည်ဟု ဦးနောင်ရှမ်းက အမြဲပြောလေ့ရှိသည်။

သို့ဖြင့် အရေးတော်ပုံတပ်သားများသည် ပိုးထိမည်ကို မကြောက်၊ မရှော့ဆီရှိသည်။ တိုက်မိခိုက်မိ၍ ဒဏ်ကျမည်ကို မကြောက်၊ ဆင်းဟိုညု ရှိသည်။ သွေးလွန်မည်ကိုမကြောက်၊ နန့်ပွန်စီးရှိသည်။ အားအင်ကုန်ခန်း၍မောပန်းနွမ်းနယ်မည်ကို မကြောက်၊ မချစ်ခေါ်၊ ပိုမိခေါ်၊ ပေမုခေါ်၊ ယာဖလိုနွယ်ခေါ် မသေဆေး ရှိသည်။ ရန်သူနှင့် ရင်ဆိုင်ရမည်ကိုမကြောက် ဓား ဓားချင်း၊ လှံ လှံချင်း ဖြစ်သည်။

သို့ဖြင့် သူတို့သည် မိုးပေါက် မိုးရေထဲတွင် စိတ်ဓာတ်တက်ကြွစွာဖြင့် ချီတက်သွားကြသည်။ ကိုရွှေနီနှင့် ဦးနောင်ရှမ်းတို့ လူစုသည် မြစ်ကွေ့ခံတပ်တွင် မြားတစ်ထောက်လောက်အကွာမှ ဖြတ်သန်းသွားကြသည်။ ဦးရာကျော်တို့တစ်စုသည် မြစ်ကွေ့ခံတပ် အနောက်ဘက်တံခါးနှင့် လှံတစ်ထောက် အကွာထိ ချီတက်သွားကြသည်။ ရန်သူခံတပ်သည် မိုးထဲတွင် ငြိမ်သက်လျက် ရှိသည်။ မြို့တံခါးသည်ပင် အသက်မရှိသကဲ့သို့ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကင်းသမားများကို တိတ်တဆိတ် တက်ရောက်လုပ်ကြံ၍ ခံတပ်တံခါးကို ဖွင့်ပေးရန် လူနစ်ဆယ်ရွေးသည်။ ကချင်ဆယ်ဦး၊ ရှမ်းမြန်မာဆယ်ဦး ဖြစ်သည်။ လဖိုင်လ ခေါင်းဆောင်သော ကချင်များကမူ ဤအမှုကို သူတို့ချည်း ပြုလုပ်မည်ဆိုသဖြင့် ဦးရာကျော်က ကချင်ဆယ်ဦးနှင့် ရှမ်းမြန်မာဆယ်ဦး သွားစေရန် ဆုံးဖြတ်ရခြင်း ဖြစ်သည်။ မောင်ရွှေဝါနှင့် လဖိုင်လတို့ ပူးတွဲ ဦးဆောင်ရမည် ဖြစ်သည်။ လဖိုင်လသည် ထင်ရှာကျော်ကြားသော ဂွမ်လောင်ဝါတစ်ဦးဖြစ်သည်။ ဂွမ်လောင်ဝါ၏ အဓိပ္ပာယ်မှာ ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သော တော်လှန်ရေးသမား ဟုဖြစ်သည်။ သြဇာတက္ကိမ ရှိသော ဆမားဒူဝါနှင့် ကန်စီးဒူဝါတို့ကပင် သူ့ကို နယ်မြေအကြီးအကဲအဖြစ် အသိအမှတ်ပြုထားသည်။ အရေးတော်ပုံတွင် ပါဝင်သော ကချင်တပ်သား အများအပြားသည် ဂွမ်လောင်များ ဖြစ်ကြသည်။ ကချင်များတွင် နိုင်ငံရေးအရ ဂွမ်လောင်၊ ဂွမ်စာ ဟူ၍ ရှိသည်။

ဂွမ်စာ ဆိုသည်မှာ ပဒေသရာဇ် လူမှုအဖွဲ့အစည်းပင် ဖြစ်သည်။ အများပြည်သူကို အရိုက်အရာဆက်ခံသော အကြီးအကဲစနစ်ဖြင့် အုပ်ချုပ်သည်။ မြန်မာဘုရင်များ၊ ရှမ်းစော်ဘွားများ အုပ်ချုပ်သည့် စနစ်ပင် ဖြစ်သည်။ ဒူဝါအဖြစ်ကို အဖထံမှ သားက ဆက်ခံရသည်။ သို့ရာတွင် မြန်မာများ၊ ရှမ်းများနှင့် မတူသည့် တစ်ခုရှိသည်။ ကချင်ဂွမ်စာများတွင်ကား အဖအရာကို သားထွေးက ဆက်ခံရသည့် အုမားစနစ်ဖြစ်သည်။ ဂွမ်လောင်များကား အကြီးအကဲအဖြစ် အရိုက်အရာ မပြုရဘဲ လူထုက ရွေးကောက်တင်မြှောက်ရသည့် မဟာသမ္မတမူ ဖြစ်သည်။ ဂွမ်စာအစုတွင် နယ်သူနယ်သားများသည် ဒူဝါကို နှစ်စဉ် လုပ်အားဆက်ရသည်။ ဒူဝါ၏တောင်ယာကို ထွန်ယက်စိုက်ပျိုးပေးရသည်။ ရိတ်သိမ်းပေးရသည်။ ဒူဝါ၏အိမ်ကို ဆောက်လုပ် ပြင်ဆင်ပေးရသည်။ အမဲလိုက်၍တောကောင် တစ်ကောင်ရရှိတိုင်း စားဦးစားဖျားအဖြစ် ပေါင်သားပေးရသည်။ ဂွမ်လောင် အစုတွင်ကား မည်သူ့ကိုမျှ လုပ်အားပေးစရာမလို။ စားဦးစားဖျား ပေးစရာမလိုချေ။

ဂွမ်စာများတွင် အကြီးအကဲမျိုး၊ သာမန်မျိုး၊ ကျေးကျွန်မျိုးဟု အတန်းအစား ခွဲခြားခြင်း ရှိသည်။ ဂွမ်လောင်များသည် အားလုံး တစ်တန်းတစ်စားတည်း ဖြစ်သည်။ ဂွမ်စာများကို ဒူဝါ ဆလန်ဝါများက အုပ်ချုပ်၍၊ ဂွမ်လောင်များကို ရွေးချယ်တင်မြှောက်ထားသော အကြီးဝါများက အုပ်ချုပ်သည်။

လဖိုင်လသည် စွမ်းရည်သတ္တိရှိသော အကြီးဝါတစ်ဦးဖြစ်သည်။ သူ့ကို ဒူဝါ၊ ဆလန်ဝါများကပင် လေးစားရသည်။ သူသည် ကြမ်းကြုတ်ရက်စက်သော အုပ်ချုပ်မှုကို မလိုလားသဖြင့် ဒူဝါများကို ဆန့်ကျင်ခဲ့သည်။ ယခုအခါ ရှမ်းမြန်မာများနှင့် လက်တွဲ၍ မိုးကောင်းအာဏာပိုင်များနှင့် မြန်မာဘုရင်ကို ဆန့်ကျင်လျက် ရှိသည်။

ဦးရွှေလယ်တို့ စစ်ကြောင်းတွင် ကချင်ဒူဝါ အများအပြား ပါရှိသော်လည်း ဦးရာကျော်တို့ စစ်ကြောင်းတွင်ကား ဒူဝါနှစ်ဦးသာ ပါရှိသည်။ ဒူဝါအများအပြားသည် မည်သည့်ဘက်တွင်မျှ မပါရှိဘဲ "ကြား" နေကြသည်။ အချို့သော လဆန်ဝါများက ဒူဝါ၏ အလိုကို ဆန့်ကျင်လျက် အရေးတော်ပုံတွင် ပူးပေါင်းကြသည်။ အချို့ဒူဝါများသည် သူတို့လက်အောက်မှ ဆလန်ဝါများ အရေးတော်ပုံတွင် ပါသည်ကို မသိကျိုးကျွန် ပြုကြသည်။ အချို့က သဘောတူညီမှု ပေးသည်။ ယင်းကြောင့်ပင် ကန်စီးဒူဝါနှင့် ဆမားဒူဝါတို့၏ လက်အောက်မှ ကျေးရွာအကြီးအကဲ အများအပြားသည် အရေးတော်ပုံတွင် ပါဝင်ကြခြင်းဖြစ်သည်။ ဒူဝါကြီးနှစ်ဦးသည် မြန်မာဘုရင်ဘက်မှလည်း မပါ။ အရေးတော်ပုံကိုလည်း

MMCYBERMEDIA
COMMUNITY FOR ALL

အားမပေးဟု ဆိုသော်လည်း သူတို့လက်အောက်မှ ဆလန်ဝါများ သူတို့သဘောနှင့်သူတို့ ပါဝင်သည်ကိုကား မြင်ဖြင်းမပြုချေ။ မိမိတို့ ရွာများကို ကာကွယ်ရန်အတွက် ပါဝင်ရခြင်းဖြစ်၍ နောက်ပိုင်းမှ အားပေးခြင်းပင်ပြုသည်။

အချို့သောဒူဝါများကား မိုးကောင်းအကြီးအကဲများပေးသော လက်ဆောင်ပဏ္ဏာများကို လက်ခံ၍ အရေးတော်ပုံကို ဆန့်ကျင်ခြင်းပြုလေသည်။

အရေးတော်ပုံတွင် ပါဝင်သော ဒူဝါများ၊ ဆလန်ဝါများနှင့် အကြီးဝါများသည် လဖိုင်လကို ထူးကဲသော ခေါင်းဆောင်တစ်ဦးအဖြစ် အသိအမှတ်ပြုကြသည်။ သို့ရာတွင် လဖိုင်လသည် စိတ်နေစိတ်ထား မမောက်ဘဲ ရိုးရိုးမှန်မှန် နေတတ်သော အသက်သုံးလေးဆယ်အရွယ် ကချင်လူငယ်တစ်ဦးသာ ဖြစ်သည်။

လဖိုင်လသည် သူ့ထက် အသက်အရွယ်ကြီး၍ အတွေ့အကြုံရင့်သဖြင့် မောင်ရွှေဝါကလည်း လေးစားခင်မင်ခြင်း ရှိလေသည်။ သူတို့နှစ်ဦးသည် လက်ရွေးစင်တပ်သား ဆယ်ဦးစီကို စိစစ်ခေါ်ယူ၍ ရန်သူ့ခံတပ်သို့ ချဉ်းကပ်သွားကြသည်။ မောင်ရွှေဝါသည် သူ့လူ ဆယ်ယောက်တွင် မောင်ညိုနှင့် ပေါက်ကျိုင်းကို ပါဝင်စေသည့်အကြောင်းကိုကား အထူးပြောစရာ မလိုတော့ချေ။

လဖိုင်လုနှင့် ကချင်ဆယ်ဦးသည် တံခါး၏တောင်ဘက် ဆယ်လှမ်းခန့်အကွာမှလည်းကောင်း၊ မောင်ရွှေဝါနှင့် ရှမ်းမြန်မာဆယ်ဦးသည် တံခါး၏မြောက်ဘက် ဆယ်လှမ်းခန့်အကွာမှလည်းကောင်း ခံတပ်ဆီသို့ အသီးသီး ချဉ်းကပ်သွားကြသည်။

မိုးသည်ပို၍ပင် သည်းလာသည်။ ခံတပ်အနီးတစ်ဝိုက်တွင် ရေများကြီးနေသည်။ အချို့နေရာတွင် ပေါင်လယ်လောက်ထိ နက်သည်။

မြစ်ကြေခံတပ်သည် ဆောင်းခါးခံတပ်ကဲ့သို့ပင် ခိုင်မာတောင့်တင်းလေသည်။ အဖြောင့်ညီသော ကျွန်းပင်ပေါက်များကို တစ်ပြေးတစ်တန်းတည်း အစေ့စိုက်ထားခြင်းကြောင့်ဖြစ်သည်။ ဆင်နှင့်ကပ်၍ မတက်နိုင်အောင် မြင့်သည်။ ခံတပ်ထိပ်တွင် ဆူးခက်များ ချထားသည်။

ခံတပ်၏ အနီးတစ်ဝိုက်တွင်လည်း ထောင်ကျင်းများ၊ ညွတ်ကွင်းများ၊ ဝါးငုတ်ချွန်များ စိုက်ချထားသဖြင့် မောင်ရွှေဝါတို့သည် သတိနှင့် ချဉ်းကပ်ရသည်။ ခြေလှမ်းမချမီတွင် လှံရိုးဖြင့် အရင်ထောက်စမ်းကြည့်ရသည်။ ဤသို့ဖြင့် ခံတပ်တိုင်များ အနီးသို့ တရွေ့ရွေ့ ရောက်ကြရသည်။

သူတို့တွင် လှေကားထစ်များ ပြုလုပ်ထားသော ဝါးပိုးဝါးများ ပါသွားသည်။ ခံတိုင်များ အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဝါးပိုးလှေကားလုံးကို ထောင်၍ တက်ကြရသည်။ သူတို့ထင်ထားသည့်အတိုင်းပင် ကင်းလှည့်နေသော ဘုရင့်တပ်သားများကို မတွေ့ရချေ။ မောင်ရွှေဝါသည် သူ့လူများအားလုံး ခံတပ်ထိပ်သို့ ရောက်သောအခါ ရှီရှီဟု မြွေတွန်သံ နှစ်ချက်ပြု၍ အချက်ပေးလိုက်သည်။ ချက်ချင်းပင် လဖိုင်လတို့ထံမှ သူတို့လည်း အပေါ်သို့ ရောက်နေပြီဖြစ်ကြောင်းကို မြွေတွန်သံ နှစ်ချက်ဖြင့် ပြန်ဖြေသည်။

ထို့နောက် သူတို့သည် တံခါးမ လက်ဝဲလက်ယာတွင်ရှိသော ကင်းတဲနှစ်ခုဆီသို့ သတိကြီးစွာနှင့် ချဉ်းကပ်သွားကြသည်။ အအေးဒဏ်ကို မခံနိုင်သော ဘုရင့်တပ်သားများသည် မီးဖိုကြီးဘေးတွင် ပတ်ပတ်လည်ဝိုင်း၍ အချို့က လဲလျောင်း အိပ်ပျော်နေသည်။ အချို့က ထိုင်လျက်ငိုက်မျဉ်းနေသည်။ လဖိုင်လနှင့် မောင်ရွှေဝါတို့သည် ရန်သူတပ်သားများကို ကွယ်းတစ်ယာညက် အတွင်းမှာပင် သုတ်သင်ပစ်လိုက်နိုင်ကြသည်။ ခံတပ်တံခါးကို ဖွင့်၍ ဦးရာကျော်နှင့် တပ်သားများ ဝင်ရောက်လာစေသည်။

တပ်သားများအားလုံး ခံတပ်အတွင်းသို့ ရောက်သောအခါ ခံတပ်အလယ်ရှိ တဲကန္နားများကို ပစောက်သဏ္ဍာန် ဝိုင်းထားရန် ဦးရာကျော်က အမိန့်ပေးလိုက်သည်။ တဲကန္နားအတွင်း၌ မိုးအေးအေးနှင့် ကွေးနေသောရန်သူများ တိုက်ခိုက်ခြင်းမပြုမီ တောင်ဘက်တံခါးနှင့် မြောက်ဘက်တံခါးကိုလည်း တိတ်တဆိတ် စီးယူလိုက်သည်။ အရှေ့ဘက်တံခါးကိုကား ရန်သူများ၏ ပြေးပေါက်အဖြစ် ချန်ထားလိုက်သည်။

ထို့နောက် ဩသံများပေး၍ တဲကန္နားများကို လှံများ၊ မြားများ၊ ဒူးလေးများဖြင့် တစ်ပြိုင်တည်း ပစ်ခတ်ကြသည်။ မိုးကြီးသဖြင့် သေနတ်များကိုကား အသုံးမပြုနိုင်ကြချေ။ မောင်ရွှေဝါ၏ အင်ဖီးရိုင်ဖယ် တစ်လက်သည်သာ အသုံးဝင်လေသည်။ ဦးရာကျော်သည် အရေးတော်ပုံတပ်သားများ ထိုနေရာမှ စွဲမြဲစွာနေ၍ ရန်သူကို ပစ်စေသည်။ တက်ရောက်ထိုးခုတ်ခြင်း မပြုရန် တားမြစ်ထားသည်။ မိုးမှောင်မှောင်တွင် လူချင်းမှားပြီး ခုတ်ထစ်မိကြမည်စိုး၍ဖြစ်သည်။

ဤသို့ဩသံပေးပြီး တစ်ဖက်တည်းမှ တိုက်ခိုက်နေသည့်ကြားမှပင် ရန်သူများသည် ကယောင်ကတမ်းနှင့် အရေးတော်ပုံတပ်သားများရှိရာသို့ ပြေးလာကြသေးသည်။ ထိုသူများ၏ ကံကြမ္မာကား အထူးဆိုဖွယ်ရာ မရှိတော့ချေ။ ရန်သူအများအပြား ကျဆုံး၍ တစ်ဝက်မရှိတရှိ လောက်သာလျှင် အရှေ့တံခါးမှ ထွက်ပြေး လွတ်မြောက်သွားကြသည်။ သို့ရာတွင် ထိုလူများသည် များမကြာမီမှာပင် ကိုရွှေနီတို့လူစု၏ စောင့်ကြိုတိုက်ခိုက်ခြင်းကို ခံကြရပြန်တော့သည်။ မြစ်ကွေ့တိုက်ပွဲကား အရေးတော်ပုံတပ်သားများအတွက် အကြီးဆုံးအောင်ပွဲကြီးတစ်ခုပင် ဖြစ်သည်။ ရန်သူများ အထိနာလှသည်။ ဘုရင့်တပ်သား ငါးရာလောက်သည် မိုးရေထဲတွင် ပျောက်ရတော့သည်။

ဦးရာကျော်တို့သည် မြစ်ကွေ့ခံတပ်အနီးတွင် တစ်ရက်မျှသာ စခန်းထောက်ပြီးနောက် ဆက်လက်၍ တက်ကြသည်။ နောက်တစ်နေ့တွင် မိုးပြီးသည်။ ဦးရာကျော်တို့ မိုးကောင်းမြို့ အနောက်ဘက် တစ်တိုင်အကွာတွင် တပ်အခိုင်အမာ ချမိကြသည်။ သူတို့နှင့် မိုးကောင်းမြို့ အကြားတွင် လွဲလောချောင်းသည်သာ ခြားတော့သည်။ အရေးတော်ပုံတပ်သားများသည် ချောင်းကိုကူးဖြတ်၍ မိုးကောင်းမြို့ကို သိမ်းပိုက်ရန် ဝါးဖောင်များ ပြုလုပ်လျက်ရှိကြသည်။

## အခန်း -၂၅-

MMCYBERMEDIA
COMMUNITY FOR ALL

အရေးတော်ပုံတပ်သားများသည် မြစ်ကွေ့ခံတပ်ကို ဖြတ်ကာ မိုးကောင်းအနောက်ဘက် တစ်တိုင်အကွာတွင် တပ်ချထားနိုင်၍ တစ်ဖက်က ဝမ်းမြောက်ဝမ်းသာ ရှိရသလို တစ်ဖက်က ဟော်ဆိုင်းရွှေလယ်နှင့် မိုးညှင်းဗိုလ်ဝတို့ အကြောင်းကို ကြားရသဖြင့် စိတ်မကောင်းရှိကြရသည်။

မိုးညှင်းဗိုလ်ဝ၏ တပ်သားများသည် ပထမပိုင်းတွင် အောင်ပွဲဆက်တိုက် ရခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် နေပြည်တော်မှ ရောက်လာသော တပ်များနှင့်အတူ ဝန်းသိုစော်ဘွား ဦးအောင်မြတ် ကိုယ်တိုင်ကွပ်ကဲ၍ ပြန်လည်တိုက်ခိုက်သောအခါ မိုးညှင်းဗိုလ်ဝ၏ တပ်များသည် ပြင်းထန်သော စစ်ပွဲကြီးများကို ဆင်နွှဲကြရတော့သည်။ နှစ်ဖက်စလုံးမှ တပ်မှူးတပ်သားများသည် ရဲရင့်ကြသည်ဖြစ်၍ ကာလအတန်ကြာ စစ်တန့်၍နေကြသည်။

ထိုအချိန်တွင် သမန်းမယ်၏ တပ်သားများသည် ကနန်းနယ် တစ်ခုလုံးကို သိမ်းပိုက်ထားနိုင်ခဲ့သည်ဟု သိရသဖြင့် မောင်ရွှေဝါသည် ဝမ်းမြောက်ခဲ့ရသည်။ သို့ရာတွင် သမန်းမယ်၏ တပ်များသည် နောက်ပိုင်းမှ ချင်းတွင်းတပ်များ၏ အန္တရာယ်ရှိနေသဖြင့် မြေပြန့်သို့ဆင်းကား ဗိုလ်ဝ၏တပ်များနှင့် မပူးပေါင်းနိုင်ဘဲ ရှိခဲ့သည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် တိုက်ပွဲများကို ကိုယ်တိုင် ဦးဆောင်ကွပ်ကဲ၍ တိုက်ခိုက်လေ့ရှိရာ တစ်ကြိမ်တွင် ဗိုလ်ဝနှင့် တပ်ချင်းဆိုင်မိလေသည်။ ဤတွင် ဝန်းသိုစော်ဘွားနှင့် မိုးညှင်းဗိုလ်ဝတို့သည် ယောကျ်ားကောင်းများပီပီ စီးချင်းတိုက်ကြလေရာ စော်ဘွားလေး၏လှံချက်ဖြင့် ဗိုလ်ဝ မြင်းပေါ်မှကျသည်။ မိမိတို့တပ်မှူးကျသောအခါ ဝန်းသိုကြောင်းချီ အရေးတော်ပုံတပ်လည်း ကစဥ့်ကလျား ပျက်လေသည်။ လက်ထောက်တပ်မှူးအချို့က တပ်စု၍ ပြန်လည် ခုခံသော်လည်း အားချင်းမမျှသဖြင့် မောင်ပေါ်သို့ ဆုတ်ကြရသည်။

ယင်းနှင့် တစ်ချိန်တည်းလောက်မှာပင် ဘုရင့်တပ်သား တစ်ထောင်ကျော်ခန့်သည် လက်နက်အပြည့်အစုံနှင့် ဟော်ဆိုင်းဦးရွှေလယ်တို့၏ တပ်များကို အတင်းဖိ၍ တိုက်သည်။ နော်ပွဲဒူဝါနှင့် ခွန်ဆန်တို့သည် တပ်များကို ကြပ်ကြပ်မတ်မတ် ကွပ်ကွဲ၍ ပြန်လှန် တိုက်ခိုက်ကြသည်။ အတင်းဖောက်ကြသည်။ သို့ရာတွင် မိုးညှင်းဗိုလ်ဝ တိုက်ပွဲတွင်ကျပြီး ဝန်းသိုတပ်များ ချီလာပြီဟု ကြားရသောအခါ အရေးတော်ပုံတပ်သားများ စိတ်ပျက်ပြားကြသည်။ နော်ပွဲဒူဝါသည် တပ်များကို အတင်းကွပ်ကဲ၍ တိုက်ရာတွင် အမြောက်ကျည်သင့်၍ ကျဆုံးရသည်။ ဤတွင် ဦးရွှေလယ်နှင့် ခွန်ဆန်တို့သည် လက်လှမ်းမီရာ တပ်များကို စုစည်း၍ ဗန်းမော်ဘက်သို့ ဆုတ်သည်။ တရုတ်ပြည်သို့ဝင်ရန် အကြံနှင့်ဖြစ်သည်။

မိုးညှင်းဗိုလ်ဝနှင့် နော်ပွဲဒူဝါတို့ ကျဆုံး၍ တောင်ဘက်တပ်များ အရေးနိမ့်ပြီကို ကြားသိရ၍ စိတ်မကောင်း ဖြစ်မိကြသော်လည်း လွဲလောချောင်း အနောက်ဘက်၌ စခန်းချထားသော အရေးတော်ပုံတပ်သားများသည် စိတ်ပျက်အားလျှော့ခြင်း အလျှင်းမရှိကြချေ။ မိုးကောင်းမြို့ကို သူတို့ သိမ်းပိုက်နိုင်မည်ဟု ယုံကြည်စိတ်ချနေကြသည်။

ဓား၊ သေနတ်ပြီးသည်ဟု နာမည်ကြီးသော ဗိုလ်ဗလ ကျဆုံး၍၊ ဘုရင့်တပ်မတော်မှ လက်ရွေးစင်တပ်သားများ စောင့်သော မြစ်ကွေ့ခံတပ်ပျက်၍ တောင်ပေါ် ကချင်နှင့် အနောက်မြစ်မှလူများ

MMCYBERMEDIA
COMMUNITY FOR ALL

မြို့အနီးတွင် တပ်ချလာသောအခါ မိုးကောင်းမြို့သူမြို့သားများသာမက၊ မိုးကောင်းမြို့တွင်းရှိ ဘုရင့်တပ်သားများပါ စိတ်ချောက်ချားကြကုန်သည်။ မြို့ကို အစီးအနင်း အတစ်တင်၍ အခိုင်အပြည့်ရှိစေသည်။ ဟော်ဆိုင်းဦးရွှေလယ်၏ တပ်များကို လိုက်လံနှိမ်နင်းနေသော တပ်များအား မိုးကောင်းမြို့တွင်းသို့ ပြန်လည်ခေါ်ယူသည်။

ထိုမျှသာမက သူပုန်အရေး ပေါ်ပေါက်ကတည်းက သူပုန်များကို အတိအလင်း ကူညီခြင်းမပြု၊ ဘုရင့်တပ်ဖွဲ့များထံသို့လည်း လူသူလက်နက်ပို့ခြင်း မပြုဘဲ ကြားနေသော ဒူဝါများထံသို့ မိုးကောင်းမြို့တွင် ရောက်ရှိနေသော အညာဖြစ်စဉ် ခရိုင်ဝန် မလွန်မြို့ဆိုင်ရာ ဝန်ထောက်မင်းကြီး မင်းလှမဟာ မင်းခေါင်ကျော်က ရာဇသံပေးပို့သည်။ ဒူဝါ၊ ဆလန်ဝါများသည် မိမိတို့တွင်ရှိသော လူသူလက်နက်များကို ဘုရင့်တပ်မတော်သို့ ပို့အပ်ရမည်။ သူပုန်သူကန်များကို ပူးပေါင်းနှိမ်နင်းရမည်။ တပ်များပေးပို့၍ သူပုန်များကို ကိုယ်ထိလက်ရောက် နှိမ်နင်းခြင်း မပြုသော ဒူဝါ၊ ဆလန်ဝါများသည် သူပုန်များပင် ဖြစ်သည်ဟု ကြေညာလေသည်။

ဤကား အမှားတစ်ရပ်ပင်ဖြစ်သည်။ စောစောက ဘာသိဘာသာနေသော ဒူဝါများသည် ယခုအခါ သူပုန်များနှင့် ပူးပေါင်းရန် အတိအလင်း ဆုံးဖြတ်ကြသည်။ သူတို့၏ အကျိုးစီးပွား မထိခိုက်သဖြင့် အေးအေးသက်သာ နေခဲ့သော ဒူဝါများသည် ယခုအခါ တစ်ခုခု ပြုလုပ်ရတော့မည် ဖြစ်သည်။ သြဇာ တတ္တိမရှိသော ဆမားဒူဝါနှင့် ကန်စီးဒူဝါတို့၏ အဆုံးအဖြတ်ကို အခြားသော ဒူဝါတို့ကလည်း လိုက်နာကြသည်။ သူတို့သည် တိုက်ချင်းတိုက်လျှင် အဝေးမှ လာရောက်သော ဘုရင့်တပ်များကိုသာ တိုက်ရပေမည်။ မိမိတို့ နယ်သူနယ်သားများဖြစ်သော ရှမ်း မြန်မာ၊ ကချင်များကို တိုက်ရန် မသင့်လျော်ချေ။ သို့ဖြင့် ဆမားကြီးနှင့် ကန်စီးနောင်၏ တပ်များသည် သူတို့ဒေသ နယ်နိမိတ်တွင် အသင့်ရှိနေကြတော့သည်။ သူတို့ဒေသတွင်းသို့ ဘုရင့်တပ်များ ဝင်ရောက်လာလျှင် အရေးတော်ပုံ တပ်များနှင့် ပူးပေါင်း၍ မိုးကောင်းကို တိုက်ရမည်ဟု ရာဇသံ တုံ့ပြန်သည်။

ဤတွင် မင်းကြီးမင်းလှမဟာမင်းခေါင်ကျော်သည် သူပုန်တပ်များကို ထွက်၍ မတိုက်ရဲဘဲ မြို့တွင်းမှာသာ အခိုင်အခံနေရသည်။ မြို့သူမြို့သား အများအပြားမှာလည်း သူပုန်များနှင့် အဆက်အသွယ် ရှိသည်ဆို၍ ကြီးလန့်စာစား ရှိရသည်။ ထိုအချိန်တွင် မိုးကောင်းဝန် စော်ဘွားကြီး ဦးရွှေသာသည် ဝန်းသိုတွင် ရောက်ရှိနေသည်။ ယင်းကြောင့် ဝန်းသိုတပ်များနှင့်အတူ အမြန်လာရောက်ပါရန် အကြောင်းကြားရသည်။ လမ်းခရီးတွင် ရောက်ရှိနေသော နေပြည်တော်မှ တပ်များကိုလည်း အမြန်လာရောက်ပါရန် အကြောင်းကြားရသည်။ မိုးကောင်းမြို့စာရေးများ ဖြစ်ကြသော ဦးကုလားနှင့် ဦးရွှေကြာတို့မှာလည်း ကိုယ့်အကြောင်းနှင့်ကိုယ် နေပြည်တော်သို့ ရောက်ရှိနေကြသည်။ ဦးကုလား၏သား ကိုဖိုးစောနှင့် မိုးကောင်းတပ်မှ ဗိုလ်ရွှေထီးမှာလည်း နေပြည်တော်တွင် ရောက်ရှိနေကြပြီး တပ်ကူများနှင့်အတူ ပါလာကြမည် ဖြစ်သည်။

နေပြည်တော်မှ တပ်ကူများရောက်လာမည်ကို ဦးရာကျော်တို့ သိသည်။ တပ်ကူများ မရောက်မီတွင် မြို့ကို စီးရမည်ကို သိသည်။ သို့ရာတွင် မြို့ကို စီးနင်းတိုက်ခိုက်ရန် ထင်သလောက် မလွယ်ကူဘဲ ရှိသည်။

မိုးကောင်းမြို့သည် သဘာဝအနေအထား ကောင်းလှသည်။ မြစ်ငယ်နစ်ခုက ဝိုင်းပတ်ရံထားသဖြင့် ကျုံးလေးတန် တူးရန်ပင် မလိုဘဲ ရှိသည်။ အင်းတော်ကြီးမှလာသော မိုးကောင်းမြစ်သည်

အနောက်ဘက်မှလာ၍ မြို့၏မြောက်ဘက်မှ ကွေ့ပတ်ကာ အရှေ့ဘက်သို့ စီးသွားသည်။ မြောက်ဘက် ဆမားနယ်မှလာသော လွဲလောချောင်းသည် တောင်များအကြားတွင် ကွေ့ကာပတ်ကာဖြင့် မိုးကောင်းအနီးသို့ ရောက်သောအခါ မြို့၏တောင်ဘက်ဖျားကို ကပ်ကာ အရှေ့မှ အနောက်သို့ စီးသွားသည်။ မြို့ကိုလွန်မှ မြောက်ဘက်သို့ကွေ့ကာ မိုးကောင်းမြစ်ထဲသို့ စီးဝင်သည်။ မိုးကောင်းမြို့၏ အရှေ့ဘက်တွင် ဦးမန်းတောင်က ပိတ်ကာလျက်ရှိသည်။

မိုးများလွန်ကဲစွာ ရွာထားသဖြင့် လွဲလောချောင်းနှင့် မိုးကောင်းမြစ်သည် ရေအားကောင်း၍ ရေစီးသန်လှသည်။ ဝါးဖောင်သုံးလေးခုကို ကြိုးတုပ်၍ တံတားဖွဲ့ကာ တပ်များဖြတ်ကျော်ရန် မလွယ်ဘဲရှိသည်။ ရန်သူများရှေ့တွင် လည်စင်းပေးသည်နှင့်သာ တူပေမည်။ ယခုအတိုင်းသာဆိုလျှင် ဖောင်တပ်ဖွဲ့၍ ရေစီးမှ မျှောလာပြီး မိုးကောင်းဘက်ကမ်းသို့ အတင်းကပ်ရန်သာ ရှိသည်။ သို့ဖြင့် ဝါးများခုတ်ကာ ဖောင်ဖွဲ့ရသည်မှာ တစ်ပတ်ခန့် အချိန်ကြာသည်။ ဤအတွင်းတွင် အညာမြစ်စဉ် ခရိုင်ဝန်က မြို့တောင်ဘက်တွင် ရောက်နေသော တပ်များကို ပြန်၍ ခေါ်ခဲ့သည်။ မြစ်ကွေ့ ခံတပ်ပေါက်ကလည်း ဒူဝါများထံသို့ ရာဇသံပို့ထားခဲ့သဖြင့် ဦးရာကျော်တို့ ဖောင်များဖွဲ့ပြီးချိန်တွင် ဒူဝါများ၏ တုံ့ပြန်သော ရာဇသံ ထွက်လာသည်။ သို့ဖြင့် ဦးရာကျော်တို့သည် ဒူဝါများနှင့် တွေ့ဆုံ ညှိနှိုင်းကြရသည်။

ထိုစဉ်မှာပင် မြို့ဝန်ရွှေလုံဗိုလ် ကောလင်းမြို့စား မင်းကြီးမဟာ မင်းခေါင်နော်ရထာ ကွပ်ကဲအုပ်ချုပ်သော တပ်များ မိုးကောင်းမြို့သို့ ရောက်ရှိလာသည်။ ရွှေလုံဗိုလ်နှင့်အတူ မိုးကောင်းမြို့စာရေး ဦးကုလား၊ ဦးကုလား၏သား ကိုဖိုးစောနှင့် မိုးကောင်းတပ်မှ ဗိုလ်ရွှေထီးတို့ နေပြည်တော်မှ လိုက်ပါလာသည်။ မြို့စာရေး ဦးရွှေကြာကား နေပြည်တော်တွင် ကျန်ရစ်ခဲ့သည်။ မြို့စာရေး ဦးရွှေကြာသည် ဗိုလ်ဗလ၏ ဆရာဖြစ်သည်။ ယခုအခါ သူ့လူများ အရေးနိမ့်သဖြင့် ဝန်ကြီးတစ်ပါးထံတွင် ကပ်၍ နေပြည်တော်တွင် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ဦးကုလား၊ ကိုဖိုးစောနှင့် ဗိုလ်ရွှေထီးတို့မှာ ဦးရွှေကြာနှင့် ပြိုင်ဘက်များ ဖြစ်ကြသည်။ သူတို့သည် ဦးရာကျော်တို့နှင့် နားလည်မှုရှိသူများ ဖြစ်ကြသည်။ ဦးကုလားသည် ကိုရွှေနီနှင့် မောင်ရွှေဝါတို့၏ဖခင် ဦးနွဲ့မွန်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်။ ဦးကုလားတို့သည် မိုးကောင်းမြို့တွင် အနေအထိုင် ကျဉ်းကျပ်သဖြင့် နေပြည်တော်သို့ သွားရောက်နေကြရခြင်း ဖြစ်သည်။ ယခုအခါ ရွှေလုံဗိုလ်က မိုးကောင်းအရေးအခင်းကို အသာတကြည် ပြီးငြိမ်းစေရန် စီစဉ်မည်ဆို၍ လိုက်ပါလာကြခြင်း ဖြစ်သည်။

ကောလင်းမြို့စား မြို့ဝန် ရွှေလုံဗိုလ်သည် မိုးကောင်းသို့ ရောက်လျှင် ရောက်ချင်းပင် ဦးကုလားတို့ကို ဦးရာကျော်ထံသို့ စေလွှတ်၍ စကားပြေ ပြောစေသည်။ ထို့နောက် မင်းကြီး ရွှေလုံဗိုလ်ကိုယ်တိုင် ဦးရာကျော်တို့နှင့် တွေ့ဆုံပြောဆိုသည်။

မိုးကောင်းအရေးတော်ပုံ ပေါ်ပေါက်ရခြင်းသည် ဘုရင့်ရိက္ခာတော်စား အုပ်ချုပ်သူ အကြီးအကဲများ၏ မတရား ဖိနှိပ်အုပ်ချုပ်မှုကြောင့် နယ်သူနယ်သားများ မခံမရပ်နိုင်ရှိပြီး ထကြွရခြင်း ဖြစ်ကြောင်းကို မိမိသိရှိပါကြောင်း လွှတ်တော်နှင့် ညီလာခံကလည်း သိရှိပါကြောင်းဖြင့် မင်းကြီးရွှေလုံဗိုလ်က ပြောသည်။

မြို့ရွာနယ်ပယ် အကြီးအကဲများသည် သူခိုးဓားပြများနှင့် ပူးပေါင်း၍ နယ်သူနယ်သားများကို နှိပ်စက်ညှဉ်းပန်းနေကြောင်း၊ အခွန်အတုတ်များ မတရား ပိုမိုကောက်ခံနေကြောင်း၊ ငွေကြေးဥစ္စာများ

MMCYBERMEDIA
COMMUNITY FOR ALL

အလိုကျ ခွဲယူသိမ်းပိုက်နေကြောင်း၊ ဘုရင်နှင့် လွှတ်တော်က သိရှိသဖြင့် တိုင်းပြည်ကို ဆယ်ခရိုင်၊ ဆယ်ဌာနခွဲ၍ အုပ်ချုပ်ပြီဖြစ်သည်။ မကောင်းသော မြို့ဝန်၊ စစ်ကဲ၊ မြို့စာရေး၊ မြို့သူကြီးနှင့် မြို့စောင့်တပ်ပိုလ်များကို ဖမ်းဆီးကွပ်မျက်၍ လူကောင်းများကို ခန့်ထားလျက်ရှိသည်။ နယ်သူနယ်သားများ အဆင်းရဲ အပြုအငြင် မရှိစေရန်အတွက် အချို့အခွန်တော်များကို နုတ်သိမ်း၍ အချို့အခွန်တော်များကို လျှော့ပေါ့ထားသည်။ လေးမြို့ပွဲခွန်၊ မြင်းပွဲခွန်၊ ရေပွဲခွန်၊ ရေနံပွဲခွန်၊ တောင်အင်းငါးပိဂိုင်းခွန်၊ ကိုးခရိုင်စျေးကူးတို့ခွန်၊ အုန်း ငှက်ပျောပွဲခွန်၊ တောင်ပြုံးငယ်ကင်းအကောက်၊ ချင်းတွင်းကြောင်း ဆားခွန်၊ အမြင့်လေးမြို့ပွဲခွန်၊ နှစ်ဆယ့်လေးဌာန ဘုရားပွဲ အကောက်အပြင် ဘုရားပွဲခွန်၊ ကွမ်းခွန်၊ ဆွဲလွတ်ခွန်၊ မူးရိုးဝဲယာ ရေဦးပွဲခွန်၊ တောင်ငူလက်မှတ်သိမ်းခွန်၊ မိုးမိတ်မိုးလှိုင်း ပြေးပွဲခွန်၊ ဗန်းမော် ကောင်းတုံ ဆားခွန်များနှင့် ချင်းတွင်း သစ်တောအကောက်တွင် ပါဝင်သည့် ပျော်ပွဲခွန်၊ ဆေး၊ ထန်းလျက်၊ ဆီ၊ တောင်လမ်းရှမ်းပွဲ အကောက်ခွန်ပါဝင်သည့် ယောကျာအကောက်၊ လေးမြို့သစ်တောအသေး ဥပဒေပိုင်းခြားသည့်အပြင် စုစုပေါင်း အကောက်အခွန် ဦးရေနှစ်ဆယ့်သုံးခုကို (၁၂၄၆)ခု၊ နယုန်လဆန်း (၁)ရက်နေ့မှ အစပြု၍ နုတ်သိမ်းပြီးဖြစ်သည်။ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့၊ ကျေးရွာများမှာ နုတ်သိမ်းပြီးဖြစ်သည့် အကောက်အခွန်များကို အကြီးအအုပ် ပြုလုပ်သူတို့က ခွန်သေ၊ ခွန်ရှင် ချထားကောက်ခံခြင်း၊ အစိုးရတို့ အခွင့်နှင့်ဖြစ်စေ၊ အခွင့်မရှိဘဲဖြစ်စေ မည်သူမဆို ဂိုင်းဆွဲပွဲတွက်မှစ၍ တောင်းခံစားယူခြင်း မရှိစေနှင့်၊ လွတ်ငြိမ်းချမ်းသာစေဟု အမိန့်ထုတ်ပြန်ပြီးဖြစ်သည် စသည်ဖြင့် မင်းကြီးရွှေလုံပိုလ်က ရှင်းပြသည်။ လွှတ်တော်၏ အမိန့်များကို ဖတ်ပြသည်။

မိုးကောင်းမြို့နှင့် စပ်လျဉ်း၍လည်း အအုပ်အချုပ် လုပ်သူများ မကောင်းသည်ကို သိ၍ ဝန်းသိုစော်ဘွားကြီးကို မြို့ဝန်အဖြစ် လဲလှယ်ခန့်ထားပြီ ဖြစ်ကြောင်း၊ သို့ရာတွင် စော်ဘွားကြီးသည် အသက်အရွယ် ကြီးရင့်ပြီးဖြစ်၍ လက်အောက်အမှုထမ်းများ မတော်မတရား ဆက်လက် ပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ မိုးကောင်းတပ်ပိုလ် ပိုလ်ဗလ ကျဆုံးပြီးဖြစ်ကြောင်း၊ ပိုလ်ဗလနေရာတွင် ပိုလ်ရွှေထီးကို မိုးကောင်းတပ်ပိုလ်အဖြစ် ခန့်ထားမည်ဖြစ်ကြောင်း၊ ဦးကုလားကို စစ်ကဲအဖြစ် ခန့်ထားမည် ဖြစ်ကြောင်းတို့ကို မင်းကြီးရွှေလုံပိုလ်က ပြောပြသည်။

အရေးတော်ပုံတွင် ပါဝင်ခဲ့သူများကို မည်သို့မျှ အပြစ်မယူဘဲ မိမိတို့လုပ်ငန်းကို မိမိတို့ ကောင်းစွာ လုပ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း အာမခံသည်။

ယင်းသို့ သိရှိရသောအခါ ဦးရာကျော်တို့မှာ စဉ်းစားစရာ ဖြစ်တော့သည်။ သူတို့ ပုန်ကန်တော်လှန်သည်မှာ မည်သူတစ်ယောက် မင်းဖြစ်ဖို့ မဟုတ်ချေ။ မည်သူတစ်ဦး အကြီးအအုပ်ဖြစ်စေရန် အဓိကထား၍ မဟုတ်ချေ။ မိမိတို့အလုပ် မိမိတို့သာ လုပ်ရမည်။ မိမိတို့ဘာသာ မိမိတို့ မနေရ၍ ပုန်ကန်ထကြွခြင်းဖြစ်သည်။ အကယ်၍ မိမိတို့အား မည်သူကမျှ နှိပ်စက်ညှဉ်းပန်းခြင်း မပြုတော့လျှင်၊ မိမိတို့အပေါ်တွင် အခွန်ဘဏ္ဍာများ အဆမတန် မတော်မတရား မကောက်ခံတော့လျှင် မိမိတို့အနေနှင့် အလုပ်အကိုင်ပျက်ခံ၍၊ အသက်စည်းစိမ် အဆုံးခံ၍ တိုက်ခိုက်နေရန် အကြောင်း မရှိတော့ချေ။ သို့ရာတွင် ဦးရာကျော်သည် ဤမျှ အရေးကြီးသောကိစ္စကို အဆောတလျင် မဆုံးဖြတ်သင့်ဟု ယူဆပြီး နောက်သုံးရက်ပြည့်မှ အကြောင်းပြန်ပါမည်ဟု ပြောသည်။

ဤသုံးရက်အတွင်းတွင် မင်းကြီးရွှေလုံပိုလ်သည် ဒူဝါများနှင့် အနူးအညွတ် စကားပြောဆိုသည်။ လက်ဆောင်များ အပြန်အလှန် ပေးအပ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးရာကျော်သည် နယ်မြေ အကြီးအကဲများ၊ လက်ရွေးဗိုလ်များနှင့် အထပ်ထပ် ညှိနှိုင်းသည်။ သူတို့ ဘဝင်မကျနိုင်သည့် အချက်တစ်ခုရှိနေသည်။ ဗိုလ်ဗလ ကျဆုံးသွားပြီမှန်သော်လည်း ဗိုလ်ဗလ၏ သခင်ဖြစ်သော ဦးရွှေကြာသည် မြို့စားရေးအဖြစ်ဖြင့်ပင် ရှိနေပေသေးသည်။ ဦးရွှေကြာသည် ယခုလောလောဆယ် မိုးကောင်းမြို့တွင် မရှိသော်လည်း တစ်ချိန်တွင် ပြန်၍ ရောက်လာပေမည်။ သူ့လက်ထဲတွင် တန်ခိုးအာဏာများ တိုးလာနိုင်သည်။ ဤအကြောင်းကို ပြောသောအခါ မင်းကြီးရွှေလှံဗိုလ်က အခြေအနေမှန်ကို ပြောပြသည်။ ဦးရွှေကြာသည် ဝန်ကြီးတစ်ပါးထံတွင် ခစားလျက်ရှိသဖြင့် မြို့စားရေးအဖြစ်မှ ရုတ်တရက် မချထားနိုင်ဘဲ ရှိရသည်။ သို့ရာတွင် မိုးကောင်းနယ်၏ အုပ်ချုပ်မှုအာဏာသည် ဦးကုလားနှင့် ဗိုလ်ရွှေထီးလက်တွင် ရှိနေသဖြင့် ဦးရွှေကြာ မည်သို့မျှ စွက်ဖက်နိုင်မည် မဟုတ်ဟု ဆိုသည်။ အကယ်၍ ဦးရွှေကြာ တစ်စုံတစ်ရာ နှောင့်ယှက် ဟန့်တားလာလျှင် ချက်ချင်း အရေးယူစေမည်ဟု ကတိပြုသည်။ ထိုအခါတွင်မှ ဦးရွှေကြာကို အထက်အုပ်ချုပ်သူများက အကာအကွယ်ပြုနေလျှင် မိမိကိုယ်တိုင် မိုးကောင်း နယ်သူနယ်သားများနှင့်အတူ ပုန်ကန်တိုက်ခိုက်မည်ဟု ရဲရဲကြီး ဆိုလေသည်။ သို့ရာတွင် ဦးရာကျော်တို့သည် စိတ်မပြတ်ဘဲ ရှိနေကြသည်။ ဦးရွှေကြာသည် တစ်နေ့တွင် သူတို့ကို အန္တရာယ်ပေးလိမ့်မည်ဟု ယူဆနေကြသည်။ မင်းကြီးရွှေလှံဗိုလ်ကမူ ဦးရွှေကြာအတွက် ဤမျှ မှုစရာမရှိဟု ဆိုသည်။ ဦးရွှေကြာတွင် နောက်လိုက်လူသူ မရှိတော့သည်တစ်ကြောင်း၊ မိုးကောင်းတပ်သည် ဦးကုလားနှင့် ဗိုလ်ရွှေထီးလက်ထက်တွင် ရှိနေသည်က တစ်ကြောင်း၊ မိုးကောင်းနယ်တွင် မဟုတ်မခံသူများ ရှိနေသည်ကို မျက်မြင်ဖြစ်၍ တစ်ကြောင်း လုပ်ဝံ့တော့မည် မဟုတ်ဟု ဆိုသည်။

သို့ဖြင့် သုံးရက်ရှိလာသည်။ ဦးရာကျော်တို့သည် ဦးရွှေကြာအတွက် စိတ်ထင့်နေကြသည်။ စစ်ပြေအေးမှုသည် ဦးရွှေကြာအတွက် ထစ်နေသည်။

ထိုအချိန်တွင် ဗန်းမော်မှ သတင်းဆိုးတစ်ခု ရောက်လာသည်။ ယင်းကား အခြားမဟုတ်၊ ဗန်းမော်မြို့ကို စက်ကျင်ခေါင်းဆောင်သော တရုတ်နှစ်ထောင်ကျော်က သိမ်းယူလိုက်ခြင်းပင်ဖြစ်သည်။ ဗန်းမော်မြို့သူမြို့သားများကို သတ်ဖြတ်ညှဉ်းဆဲနေပြီဆိုသည့် သတင်းပင်ဖြစ်သည်။

အမှန်အားဖြင့်မူ ဗန်းမော်မြို့ကို တရုတ်များ သိမ်းပိုက်နိုင်ခြင်းမှာ နယ်မြေ အကြီးအကဲများနှင့် သူဌေးသူကြွယ် ကုန်သည်ပွဲစားများကြောင့်ပင် ဖြစ်သည်။ စက်ကျင်သည် တရုတ်ဘုရင်၏ လူမဟုတ်ချေ။ သူ့တပ်သည် တရုတ်ဘုရင်၏တပ် မဟုတ်ချေ။ တကယ်ပြောရလျှင် စက်ကျင်သည် ဓားပြဗိုလ်တစ်ဦးသာ ဖြစ်သည်။ သူသည် တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်တွင်၊ တရုတ်-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်း တစ်လျှောက်တွင် ဆိုးသွမ်းတိုက်ခိုက်နေသူ တစ်ဦးဖြစ်သည်။ သို့ရာတွင် သက်ဆိုင်ရာ နယ်မြေ အကြီးအကဲများသည် ဓားပြစက်ကျင်၏ဂိုဏ်းကို တိုက်ခိုက်နှိမ်နင်းခြင်းမပြုဘဲ စက်ကျင်ပေးသော တံစိုးလက်ဆောင်များကို လက်ခံသုံးစွဲနေကြသည်။ ဤအခါတွင် သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားများကလည်း သူတို့ကုန်ပစ္စည်းများ ဘေးကင်းရန်ကင်းရှိစေရန် စက်ကျင်ကို ငွေကြေး ပေးဆောင်ကြသည်။ သို့ဖြင့် စက်ကျင်သည် သူဌေးကုန်သည်များ ပေးသောငွေကို အအုပ်အချုပ် လုပ်သူများအား ခွဲဝေပေးပြီး နယ်သူနယ်သားများအပေါ် ဆိုးသွမ်း ညှဉ်းဆဲနေတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကောင်းအရေးတော်ပုံ ပေါ်ပေါက်လာသောအခါ ဗန်းမော်မြို့မှ သူဌေးကုန်သည်များသည် သူတို့၏ အကျိုးစီးပွားအတွက် စက်ကျင်ကိုပင် အားကိုးအားထား ပြုကြသည်။ အရေးတော်ပုံတပ်များသည် မိုးကောင်း မိုးညှင်းကို အလိုပြည့်သောအခါ ဗန်းမော်သို့ ဆင်းလာပြီး သူတို့ပစ္စည်းများကို တိုက်ခိုက်လုယူကြလိမ့်မည်ဟု အယူရှိကြသည်။ ယင်းကြောင့်ပင် သူတို့ကို အကာအကွယ်ပေးရန် စက်ကျင်ကိုပင် အကူအညီ တောင်းခံကြသည်။ စက်ကျင်ကို စားနပ်ရိက္ခာ ထောက်ပံ့ကြသည်။ လူသူလက်နက် စုဆောင်းနိုင်ရန် ရွှေငွေစု၍ ပေးကြသည်။ အကြီးအအုပ် လုပ်သူများကလည်း အလိုတူ အလိုပါရှိကြသည်။ စက်ကျင်သည် ကုန်သည်များ ပေးသော ငွေဖြင့် လက်နက်များဝယ်ယူကာ လူများ စုဆောင်းသည်။ ထို့နောက် ဘုရင့်တပ်များ မိုးကောင်းဘက်သို့ ရောက်နေသည်ကို အခွင့်အလမ်းယူ၍ ဗန်းမော်မြို့ကို သိမ်းပိုက်အုပ်ချုပ်လေတော့သည်။ မြို့သူ မြို့သားများ၏ ပစ္စည်းဥစ္စာများကို လုယက်ယူငင်၍ လက်လွတ်စပယ် သတ်ဖြတ်ခြင်း ပြုတော့သည်။

ထိုသတင်းကို ကြားရသောအခါ မင်းကြီးရွှေလုံ့ဗိုလ်သည် တပ်ကူများ ထပ်မံ၍ ပေးပို့ရန် နေပြည်တော်သို့ ကြေးနန်းဖြင့် အကြောင်းကြားရသည်။ နေပြည်တော်မှ တပ်များနှင့် သွားရောက်နှိမ်နင်းရမည် ဖြစ်သည်။ သို့မဟုတ်လျှင် ဗန်းမော်နယ်သူနယ်သားများ ဖွတ်ဖွတ်ညက်ညက် ကြေကုန်ကြတော့မည် ဖြစ်သည်။ သို့ရာတွင် မိုးကောင်း အရေးကိစ္စ မပြီးဘဲနှင့်လည်း သူ့တပ်များသည် မိုးကောင်းနယ်မှ ခွာ၍ မဖြစ်နိုင်ချေ။

ဤအခါတွင် ဦးရာကျော်တို့သည် ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်နှင့် မှန်မှန် ချရတော့မည်ဖြစ်သည်။ တရုတ်များ ဝင်ရောက်သည်ကို အခွင့်ကောင်းယူ၍ မိုးကောင်းကိုတိုက်လျှင် ရနိုင်သည်။ သို့ရာတွင် သူတို့အလုပ်မှာ မိုးကောင်းကိုရဖို့ မဟုတ်ချေ။ နယ်မြေငြိမ်းချမ်းဖို့သာ ဖြစ်သည်။ အကယ်၍သာ တရုတ်ဓားပြများအား စုမိသွားလျှင် ဗန်းမော်နယ်သာမက မိမိတို့ နယ်လည်း တရုတ်ဓားပြများ လက်အောက်တွင် အတိဒုက္ခ ရောက်ကြရပေမည်။ ဗန်းမော်မှ သူဌေးကုန်သည်များသည် ကိုယ့်အတတ်နှင့် ကိုယ်စူးခြင်း ဖြစ်သည်ဟု လျစ်လျူရှုထားနိုင်သော်လည်း နယ်သူနယ်သားများ၏ အနေကို လျစ်လျူရှုမထားနိုင်ဘဲ ရှိသည်။ တရုတ်ဓားပြများအရေးကို စောစီးစွာ နှိမ်နင်းနိုင်ရန် လိုအပ်သည်ဟု သဘောပိုက်မိကြသည်။ ယင်းကြောင့် ဦးရွှေကြာကိစ္စကို ပြောမနေတော့ဘဲ ဘုရင့်တပ်များနှင့် အပြေအလည် ပြုရန် ဆုံးဖြတ်လိုက်ကြသည်။ ဤဆုံးဖြတ်ချက်ကို ကန့်ကွက်သူ တစ်ဦးသာရှိသည်။ သူကား ကောသမနိုင်ငံ တည်ထောင်ရမည်ဟု တဖွဖွအော်နေသော ဦးနောင်ရှမ်းပင် ဖြစ်သည်။ သို့ရာတွင် ကိုရွှေနီကိုယ်တိုင် တရုတ်ဓားပြများကို အလျင်အမြန် နှိမ်နင်းသင့်သည်ဟု သဘောရသဖြင့် ဦးနောင်ရှမ်းသည် မည်သို့မျှ ဆက်လက် ကန့်ကွက်ခြင်း မပြုတော့ချေ။

ဦးရာကျော်တို့သည် မင်းကြီးရွှေလုံ့ဗိုလ်၏ တပ်များနှင့်အတူ ဗန်းမော်သို့ လိုက်ပါပြီး တရုတ်များကို တိုက်ခိုက်မည်ဟု ဆိုသည်။ သို့ရာတွင် မိုးကောင်းအခြေအနေ ငြိမ်သက်ခြင်း မရှိသည်တစ်ကြောင်း၊ တရုတ်ဓားပြများသည် မိုးကောင်းဘက်သို့ ဆင်းလာနိုင်သည် တစ်ကြောင်းကြောင့် ဦးရာကျော်တို့ မိုးကောင်းမှာပင် နေရစ်ရန် မင်းကြီးရွှေလုံ့ဗိုလ်က ဆိုသည်။

သို့ရာတွင် မင်းကြီးရွှေလုံ့ဗိုလ်သည် ဦးရာကျော်၊ ကိုရွှေနီ၊ မောင်ရွှေဝါနှင့် လဖိုင်လတို့ကို အထူးနှစ်ခြိုက် သဘောကျ၍ နေပြည်တော်တွင် လိုက်ပါအမှုထမ်းရန် ခေါ်ဆိုသည်။ ဦးရာကျော်၊ ကိုရွှေနီနှင့် လဖိုင်လတို့က မလိုက်ပါဟု ဆိုကြသည်။ မိမိတို့သည် လယ်လုပ်ခြင်း၊ တောင်ယာလုပ်ခြင်း၊

တောလိုက်ခြင်းအမှုတို့ကိုသာ ပြုလိုကြသည်။ ကမ်းနားသစ်ပင် ဘဝမျိုးဖြစ်သော မင်းခစားအလုပ်ကို စိတ်မဝင်စားဟု ဆိုကြသည်။ ယင်းသို့ ဦးရာကျော်၊ ကိုရွှေနီနှင့် လဖိုင်လတို့က ဘုရင့်တပ်မတော်တွင် အမှုထမ်းရန် ငြင်းဆိုကြသောအခါ မောင်ရွှေဝါလည်း ငြင်းဆိုရလေသည်။ သို့ရာတွင် သူ့စိတ်ထဲ၌မူ နေပြည်တော်သို့ သွားရောက်၍ ဘုရင့်တပ်မတော်၌သာ အမှုထမ်းလိုစိတ်တစ်ဝက် ရှိနေသည်။ သို့ရာတွင် ဘကြီးမုံးနှင့် ဘကြီးဦးခမ်းရုံတို့ကလည်း မင်းခစား မပြုလုပ်ရန် ကန့်ကွက်တားမြစ်ဖူးသဖြင့် မောင်ရွှေဝါသည် အသာနေလိုက်ရသည်။ မိမိသည် အဘယ့်ကြောင့် ဘုရင့်တပ်မတော်တွင် အမှုထမ်းရွက်နေလိုသည်ကို မောင်ရွှေဝါသည် ကိုယ့်ဘာသာကိုယ် မသိဘဲ ရှိနေသည်။ နောက်ဆုံးတွင် မိမိအဘိုးကို အားကျမိ၍ပဲဟုပင် အောက်မေ့ထားလိုက်သည်။

မင်းကြီးရွှေလုံဗိုလ်သည် ဦးရာကျော်နှင့် အပြေအလည် ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် တရုတ်စားပြများကို နှိမ်နင်းရန် ဗန်းမော်မြို့သို့ အလျင်အမြန် တပ်ထွက်ရတော့သည်။ ဦးရာကျော်တို့သည်လည်း တရုတ်စားပြများ၏ အခြေအနေကို စောင့်ကြည့်ရင်းဖြင့် လည်းကောင်း၊ အရေးတော်ပုံ ပြီးသွားပြီဖြစ်၍ အနားယူသည့် အနေဖြင့်လည်းကောင်း၊ မိုးကောင်းတွင် သီတင်းတစ်ပတ်ခန့် နေထိုင်ပြီးမှ ပြန်ကြရန် ယာယီအားဖြင့် ဆုံးဖြတ်ထားကြသည်။

## အခန်း -၂၆-

ယခုအခါ မိုးကောင်းမြို့အတွင်း၌ အရေးတော်ပုံတပ်သားများ သွားလာလျက်ရှိသည်။ ဘုရင့်တပ်သားများနှင့် ရောနှောလျက်ရှိသည်။ မိုးကောင်း မြို့သူမြို့သားများသည် အရေးတော်ပုံ တပ်သားများကို ကောင်းစွာ ခရီးဦးကြိုဆိုကြသည်။ မြို့သူမြို့သားများမှာလည်း အအုပ်အချုပ်လုပ်သူများ၏ ညှဉ်းပန်းနှိပ်စက်မှုကို အရေးတော်ပုံ တပ်သားများနည်းတူ ခံခဲ့ရသူများဖြစ်ကြသည်။ ယင်းကြောင့်ပင် တိုက်ပွဲများဖြစ်ပွားနေစဉ် ကာလက အချို့သည် မြို့တွင်းမှထွက်၍ သူပုန်တပ်နှင့် ပူးပေါင်းခဲ့သည်။ အချို့က မြို့တွင်းမှ ဘုရင့်တပ်များ သတင်းကို ထောက်လှမ်းပေးပို့ခဲ့သည်။

အရေးတော်ပုံ အေးချမ်းစွာ ပြီးစီးသွားသောအခါ မြို့သူမြို့သားများမှာ အထူးပင် ဝမ်းသာကြသည်။ ဆိုးညစ်သော အုပ်ချုပ်သူများ မရှိတော့သည့် အတွက်တစ်ကြောင်း၊ မြို့တွင်း တိုက်ပွဲများဖြစ်ပွားပြီး အသေအပျောက် မရှိတော့၍ တစ်ကြောင်းဖြစ်သည်။

အရေးတော်ပုံတပ်သားများသည် မြို့တွင်းသို့ လည်းကောင်း၊ မြို့အနီးဝန်းကျင်ရှိ ရွာများသို့ လည်းကောင်း သွားရောက်၍ ဆွေးမျိုး မိတ်သင်္ဂဟများနှင့် တွေ့ဆုံနှုတ်ဆက်ကြသည်။ အဝယ်အခြမ်း ပြုကြသည်။ မရောက်ဖူးဘူး၍ လှည့်လည် ကြည့်ရှုကြသည်။

မင်းကြီးရွှေလုံဗိုလ်၏တပ်များ ဗန်းမော်သို့ ချီတက်သွားပြီး နှစ်ရက်မြောက်သောနေ့ ညနေခင်းတွင် အရေးတော်ပုံ တပ်သားနှစ်ဦးသည် လွဲလောချောင်းကမ်းပါးအတိုင်း မိုးကောင်းမြို့ကိုပတ်၍ လျှောက်လာကြသည်။ မောင်ရွှေဝါနှင့် လဖိုင်လပင် ဖြစ်သည်။ သူတို့နှစ်ဦးသည် အေးအေးလူလူ လျှောက်လာနေကြခြင်း ဖြစ်သည်။ မြို့တောင်ဘက်အစွန်ရှိ ဘုရားလေးဆူသို့ ရောက်သောအခါ သူတို့သည် မြောက်ဘက်သို့ ချိုးကွေ့လိုက်ကြသည်။ ဘုရားများကိုဖြတ်၍ မြို့တွင်းသို့ ဝင်ကြရန် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘုရားလေးဆူ ဆိုသည်မှာ တန်ဆောင်းတစ်ခုအတွင်းရှိ တင်ပျဉ်ခွေရုပ်ပွားတော် လေးဆူကို ရည်ရွယ်ခြင်းဖြစ်သည်။ သို့ရာတွင် ထိုတစ်ဝိုက်၌ စေတီငယ်များ များပြားလှသည်။ အမြင့်ဆယ်တောင်မှ အတောင်နှစ်ဆယ်ထိ ဉာဏ်တော်ရှိသော စေတီပေါင်း အဆူနှစ်ဆယ်ကျော်သည် သီးခြား မဟာရံတံတိုင်းများဖြင့် ရှိကြသည်။ တံတိုင်းများသည် ခါးစောင်းခန့် မြင့်ကြသည်။

မောင်ရွှေဝါတို့သည် တံတိုင်းများအကြား ကွေ့ကောက်၍ သွားကြသည်။ စေတီများသည် တစ်ပုံစံတည်း ဖြစ်ကြသည်။ တစ်ယောက်တည်း တည်ခဲ့ဟန်ရှိသည်။ ဟောင်းနွမ်းပျက်စီးစ ပြုနေပြီဖြစ်သည်။ ရေညှိများတက်၍ အင်္ဂတေများ ကွာနေသည်။ ဘီးလူးပန်းဆွဲနှင့် စိန်တောင်ပန်းများ အကျိုးအပေါက်ရှိနေသည်။ ကြာမှောက်ကြာလန်များ အမည်းအညစ်ရှိ၍ ထီးတော်များ တိမ်းစောင်းနေသည်။ ထောင့်ခြသေ့်နှင့် မုခ်ခြသေ့်များ ကိုယ်လက်အင်္ဂါမစုံတော့ပြီဖြစ်သည်။

"ရွှေဝါရေ၊ နင်တို့ဘုရားတွေအိုနေပြီ"

လဖိုင်လက စေတီများကို မော့ကြည့်ရင်း ပြောလိုက်သည်။

"ဒီမြို့နဲ့အတူ တည်တာကိုးကွယ့်"
"ဒီမြို့တည်တာ ကြာပြီလား"
"ဒီမြို့ကို ပေါ်ဆိုင်းတည်ခဲ့တာကွယ့်။ အိမ်ဆောက် ကျောက်စိမ်း မိုးကောင်းကိန်းတဲ့။ အခုဆိုရင် မြို့သက် (၁၂၃) နှစ်ရှိပြီကွယ့်။ ဒါက မြို့သစ်ကိုကွယ့်၊ မြို့ဟောင်းဆိုရင် အနှစ်တစ်ထောင်ကျော်ပြီပ"
"မိုးကောင်းမြို့ဟောင်းကို ငါရောက်ဖူးတယ်။ ဖားဘုရားဆိုတာရှိတယ်။ ဆင်ကျုံးက အကြီးကြီးပဲ အေး"
"နင်ဘယ်တုန်းက ရောက်ဖူးတာလဲ"
"ကြာပြီ အေး၊ ဒီတောတွေ တောင်တွေ ငါအားလုံး ရောက်ဖူးတယ်"

လဖိုင်လက ယင်းသို့ပြောပြီးနောက် သက်မချလိုက်သည်။ သူတို့သည် ယခုအခါ စေတီများအကြားမှ ထွက်စပြုလာပြီ ဖြစ်သည်။

"နင့်မှာ မိန်းမရှိသလား"

မောင်ရွှေဝါက ရုတ်တရက် မေးလိုက်သည်။ လဖိုင်လက ခေါင်းယမ်းသည်။

"မိဘကော"
"မရှိဘူး"
"ညီအစ်ကို မောင်နှမကော"
"ငါ့မှာ ဘယ်သူမှ မရှိဘူး။ ငါတစ်ယောက်တည်းပဲ"

မောင်ရွှေဝါ ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း...

MMCYBERMEDIA
COMMUNITY FOR ALL

"မင်းကြီးရွှေလုံဗိုလ်နဲ့ နင်လိုက်သွားဖို့ကောင်းတယ်။ နေပြည်တော်ကျရင် နင်သူရဲကောင်းဖြစ်မယ်"

"ငါမသွားချင်ဘူး။ ငါဒီမှာပဲ နေချင်တယ်"

"နင့်မှာ ဆွေမျိုးသားချင်းမှ မရှိဘဲ"

"ငါတို့လူမျိုးတွေရှိတယ်"

"စစ်မပြီးလို့ ဆက်တိုက်ရင် အောက်ပြည်အောက်ရွာကို ငါတို့ ရောက်ရမှာပ"

"စစ်တိုက်ရင် အောက်ပြည်အောက်ရွာကို ရောက်တောင်မှ မင်းမှုတော့ မထမ်းဘူး။ ငါပြန်လာမှာပဲ။ ငါ့လူမျိုးတွေနဲ့ ငါ့တောင် ငါ့တောတွေကိုပဲ ငါချစ်တယ်"

မောင်ရွှေဝါသည် အတန်ကြာ တိတ်ဆိတ်နေပြီးနောက်...

"ငါ့မှာ ကွမ်းဖိုးတင်စရာ ကိစ္စမရှိရင် နေပြည်တော်ကို ငါလိုက်သွားတယ်"

လဖိုင်လသည် မောင်ရွှေဝါကို ထူးဆန်းစွာ ကြည့်လိုက်သည်။ သို့ရာတွင် ဘာမှမပြောချေ။ လူရွယ်နှစ်ဦးသည် မြို့တွင်းသို့ ဝင်လာနေကြပြီဖြစ်သည်။ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်သွားနေကြသည်။ မောင်ရွှေဝါသည် မနင်းမြူကို သတိရမိပြန်သည်။ အရေးတော်ပုံ ပြီးမြောက်ပြီဖြစ်၍ ကိုယ်ရေးကိုယ်တာ ကိစ္စများကို အာရုံစိုက်ရပေတော့မည်။ မနင်းမြူ၏ အပြုံးသည် လဝန်းထွက်သကဲ့သို့ အေးမြသည်။

ထိုစဉ်တွင် စီစီအာအာ အသံများကို ရုတ်တရက် ကြားမိကြသဖြင့် လူရွယ်နှစ်ယောက်စလုံးပင် ရှေ့ဘက်သို့ လည်ဆန့်၍ ကြည့်လိုက်ကြသည်။

မြို့တွင်းမှ ယောက်ယက်ခတ် ပြေးလွှားနေသည်ကို မြင်ရသည်။ တစ်ဦးကိုတစ်ဦး ဆူညံစွာ အော်ဟစ်ပြောဆိုကြသည်။ သို့ရာတွင် လေမကြုံသဖြင့် သဲကွဲစွာ မကြားရ။ ရေးကြီးသုတ်ပြာ ဖြစ်နေကြသည်လောက်ကိုသာ တွေ့ရသည်။

မြို့တွင်းမှ ပြေးလာသော မိန်းမတစ်ယောက်သည် လမ်းမအလယ်တွင်ရပ်၍ အသံကုန် အော်ဟစ်နေသည်။ ကိုယ်အထက်ပိုင်းကို ခါးအဆစ်မှနေ၍ ရှေ့သို့ ကိုင်းညွှတ်ထားသည်။ လက်နှစ်ဖက်ကို နောက်သို့ချွန်ထွက်နေသော တင်ပါးဆုံပေါ်တွင် ထောက်တင်ထားသည်။ သူမသည် အရပ်ရှစ်မျက်နှာသို့ လှည့်၍ အော်နေသည်။ သူမ၏ အော်ဟစ်မှုကြောင့် လူများ ရုတ်ရုတ်သဲသဲ ဖြစ်နေရခြင်းပင်။

ယောက်ျားသုံးလေးဦးသည် လှံတိုလှံရှည်နှင့် ဓားလွတ်များကို ကိုင်ဆွဲ၍ မြို့တွင်းဘက်သို့ ပြေးသွားကြသည်။ အမျိုးသမီး ကြီးကြီးငယ်ငယ်များသည် ခြေတံရှည် အိမ်များပေါ်မှ ပြေးဆင်းလာပြီး လမ်းမပေါ်တွင် ဆော့ကစားနေသော ကလေးများကို ချီပွေ့ကြသည်။ ဆွဲခေါ်ကြသည်။ မောင်းမဲ ရိုက်နက်ကြသည်။ ခွေးတစ်ကောင်နှစ်ကောင်သည် ရောယောင်၍ ဟောင်နေသည်။ လမ်းချိုးတစ်ခုမှ ထွက်လာသော အရေးတော်ပုံ တပ်သားသုံးဦးသည်လည်း တင်ပါးဆုံပေါ်တွင် လက်ထောက်၍ အော်နေသော အမျိုးသမီးကို တစ်ခွန်းနှစ်ခွန်း မေးပြီးနောက် ပြေးသွားကြသည်။

လဖိုင်လနှင့် မောင်ရွှေဝါလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီးနောက် အုန်းအုန်းကျွက်ကျွက် ဖြစ်ရာသို့ ခြေကုန်သုတ် ပြေးကြသည်။ တစ်မုဟုတ်ချင်းမှာပင် တင်ပါးဆုံပေါ်တွင်

MMCYBERMEDIA
COMMUNITY FOR ALL

လက်ထောက်ထားသော အမျိုးသမီးနားသို့ ရောက်ရှိသွားကြသည်။ မောင်ရွှေဝါက မည်သည့်အကြောင်းနည်းဟု စူးစမ်းလိုက်သည်။

"ခုတ်ပြီ ကုန်ပြီ အေး၊ ခုတ်ကုန်ပြီ အေး။ ရှမ်းနဲ့ကချင် ခုတ်ကုန်ပြီ အေး"
"ဘယ်မှာခုတ်တာလဲ"

မောင်ရွှေဝါက ထပ်၍မေးလိုက်သည်။ အမျိုးသမီးသည် မောင်ရွှေဝါကို ယခုမှ သိရှိသွားဟန် ဖြစ်သည်။

"နင်တို့လူတွေ ခုတ်ကုန်ကြပြီ"
"ဘာဖြစ်လို့လဲ"
"ငါမသိဘူးနော"

ထိုအမျိုးသမီးကို ဆက်လက်၍ မေးမြန်းနေ၍ အကျိုးမထူးပြီဖြစ်သဖြင့် မောင်ရွှေဝါနှင့် လဖိုင်လသည် မြို့တွင်းသို့ ပြေးသွားကြသည်။ လူအများ ယောက်ယက်ခတ်နေသည်ကို တစ်လမ်းလုံး တွေ့ရှိရသည်။

"ဒီကောင်တွေ အရက်မူးပြီး ရန်ဖြစ်ကြပြီနဲ့တူတယ်"

မောင်ရွှေဝါက ပြေးလွှားရင်းမှ လဖိုင်လကို ပြောသည်။

"ငါ့လူတွေနဲ့ ဒူဝါ့လူတွေများလားနော"

လဖိုင်လက စိုးရိမ်စိတ်ပွားသည်။

သို့ရာတွင် မြို့သူမြို့သားများသည် ရှမ်းနှင့်ကချင် တိုက်ခိုက်ကုန်ပြီဟု အထိတ်တလန့် ပြောဆိုနေကြသည်။ လဖိုင်လနှင့် မောင်ရွှေဝါတို့သည် မည်သို့မျှ မမှန်းဆတတ်တော့သဖြင့် တပ်သို့ အရောက်သာ ပြေးနေကြရသည်။

မြို့တွင်းသို့ ရောက်လာသည်နှင့်အမျှ ရုန်းရင်းဆန်ခတ်မှုကို ပို၍တွေ့လာရသည်။ အရပ်သားများသာမက ဘုရင့်တပ်မတော်သားနှင့် မြို့တွင်းသို့ ရောက်ရှိနေသော ရှမ်း-မြန်မာ-ကချင် အရေးတော်ပုံတပ်သားများသည် လွဲလောချောင်းသို့ အပြေးအလွှား ဆင်းနေကြသည်။ ကူးတို့ဖောင်များပေါ်သို့ အလုအယက် ခုန်၍တက်ကြသည်။ အချို့မှာ လုံးထွင်းလှေများဖြစ့် တစ်ဖက်ကမ်းသို့ ကူးခတ်ကြသည်။ လူများ အဆမတန်တက်သဖြင့် ဖောင်တစ်စင်းသည် တစ်ဖက်ထောင်၍ စိုက်မြုပ်သွားသည်။ လှေတစ်စင်းမှာလည်း မှောက်သွားသည်။

မောင်ရွှေဝါနှင့် လဖိုင်လသည် ကမ်းမှ ခွာစပြုနေပြီဖြစ်သော ဝါးဖောင်တစ်ခုပေါ်သို့ ခုန်၍တက်လိုက်ကြသည်။ ဖောင်ပေါ်တွင် လူမျိုးစုံ ပါရှိသည်။ အရပ်သားများနှင့် ဘုရင့်ဘက်သားများက

MMCYBERMEDIA
COMMUNITY FOR ALL

အရေးတော်ပုံတပ်တွင် ရှမ်းနှင့်ကချင်များ ထိုးခုတ်ကြပြီဟု ပြောသည်။ ဖောင်ပေါ်တွင် ပါလာသော ရှမ်း-ကချင် အရေးတော်ပုံတပ်သားများသည် သို့လော သို့လော ဖြစ်နေကြသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရခက်နေသည်။ ယခုပင် ရန်ဖြစ်နေကြရအောင်ကလည်း အကြောင်းရင်း မည်သို့မှန်းမသိ ရှိနေသည်။ ရှမ်း-ကချင် အဓိကရုဏ်း ဖြစ်မည့် အရိပ်အယောင်ကလည်း တင်ကူးဖြစ်ပေါ်ခဲ့ခြင်း မရှိချေ။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦးလည်း ယုံကြည်ကိုးစားခြင်း မရှိကြ။ မျက်လုံးအသင့် ဓားအသင့် ရှိနေကြသည်။ မောင်ရွှေဝါနှင့် လဖိုင်လတို့မှာလည်း မည်သို့မျှ ဝင်ရောက် ပြောဆိုတတ်ခြင်း မရှိချေ။

ကမ်းတစ်ဖက်တွင် လူအများ အုတ်အော်သောင်းတင်း ဖြစ်နေသည်ကား အမှန်ပင်ဖြစ်သည်။ ညနေခင်းနေရောင်တွင် ဓားရောင်၊ လှံရောင်များ လက်နေသည်။ ကချင်တဲများအနီးတွင် စုရုံးနေကြခြင်းဖြစ်သည်။ "ခုတ်ကြဟေ့၊ အခုအပ်ဟေ့၊ မကပ်နဲ့ဟေ့" ဟူသော အသံများသည် ရောထွေး လုံးထွက်လာသည်။ ထိုအခါ မောင်ရွှေဝါနှင့် လဖိုင်လတို့သည် စိုးရိမ်စိတ် ဖြစ်လာတော့သည်။

ယင်းကြောင့် တစ်ဖက်ကမ်းသို့ ဖောင်ကပ်သည်နှင့် တစ်ပြိုင်နက် အခြားသူများထက် အရင်ဦးအောင် ခုန်ဆင်း၍ လူအုပ်ဆီသို့ ပြေးသွားကြသည်။ လူအုပ်ကို ထိုးဖောက်၍ ဝင်သွားကြသည်။ သူတို့မှန်းသိ၍ လမ်းဖယ်ပေးကြသည်။ ထိုစဉ်မှာပင် ရှေ့ဘက်မှ ထိုးသံခုတ်သံများ ကြားရသည်။ လူအုပ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရှေ့ဘက်သို့ ရောက်သောအခါ ရှမ်း-မြန်မာများနှင့် ကချင်များ ရောထွေးထိုးခုတ်နေကြသည်ကို မြင်ရသည်။ ကချင်တဲကန္နားများ၏ အနီးတွင်ဖြစ်သည်။ အချင်းဖြစ်ပွားရာသို့ ကချင်များ အလုံးအရင်းနှင့် ပြေးထွက်လာသည်။ လူအုပ်တွင် ရှမ်း-မြန်မာများသည်လည်း ကချင်များနှင့် တိုက်ခိုက်ရန် အတင်းပြေးသွားကြသည်။ မောင်ရွှေဝါနှင့် လဖိုင်လသည် ဓားများကို ဓားအိမ်မှချွတ်၍ ရောထွေး တိုက်ခိုက်နေရာသို့ ပြေးဝင်သွားကြသည်။

"တော်ကြဟေ့၊ ဆုတ်ကြဟေ့၊ ဖယ်ကြဟေ့"

ဟု ဟစ်အော်ရင်း တိုက်ခိုက်ကြသော ရှမ်း၊ မြန်မာနှင့် ကချင်များကို အတင်းလူစုခွဲပစ်သည်။ သူတို့နှင့် တစ်ပြိုင်တည်းလောက်ပင် အခြားတစ်ဖက်မှ လူနှစ်ယောက် ပြေးဝင်လာသည်။ ကိုရွှေနီနှင့် ဖေ့ထုံဝါတိမ်ဖူးတို့ ဖြစ်သည်။ ကိုရွှေနီနှင့် တိမ်ဖူးတို့သည် လက်တစ်ဖက်တွင် ကြက်များ ရှိကြသည်။ တိမ်ဖူးသည် ကိုရွှေနီက ကြက်ပွဲကြည့်ရန် ခေါ်သဖြင့် လိုက်ပါသွားခဲ့ခြင်း ဖြစ်သည်။ ဆူဆူညံညံကြား၍ နှစ်ယောက်သား ကြက်ပွဲမှ အူလျားဖားလျား ပြေးလာခဲ့ကြခြင်းဖြစ်သည်။ ဦးနောင်ရှမ်းသည် ထိုအချိန်က တဲတစ်ခုအတွင်းတွင် အိပ်ပျော်နေလေသည်။

ခေါင်းဆောင်လေးဦးကို မြင်သောအခါ ယယ်သားများသည် ရှဲသွားကြသည်။ နောက်သို့ ဆုတ်ပေးကြသည်။ မဆုတ်မဖယ်ပဲ ရှိသူများကို ဓားပြားနှင့် ရိုက်၍လည်းကောင်း၊ ဓားနောင့်နှင့် ထု၍လည်းကောင်း၊ တွန်းထိုး၍လည်းကောင်း ရှဲစေသည်။ ဓားချင်းယှဉ်နေသော ရှမ်း-မြန်မာနှင့် ကချင်တစ်တွဲကို တွေ့လျှင် ကြားမှ အတင်းဖြတ်ဝင်သည်။ ဝဲပျံလာသော လှံကို ရိုက်ထုတ်ပစ်သည်။

ခေါင်းဆောင်လေးဦးက အတင်းတိုက်ခိုက်၍ အလယ်အူကြောင်း ဖောက်လိုက်သဖြင့် ရှမ်း-မြန်မာနှင့် ကချင်များသည် ဟိုဘက် သည်ဘက် လူအုပ်ကွဲသွားသည်။ သို့ရာတွင် တစ်ဖက်နှင့်တစ်ဖက်

ဆဲဆိုကြိမ်းမောင်း နေကြဆဲဖြစ်သည်။ ကချင်များက တိမ်ဖူးနှင့် လဖိုင်ကိုလည်းကောင်း၊ ရှမ်း-မြန်မာများက ကိုရွှေနီနှင့် မောင်ရွှေဝါကိုလည်းကောင်း အလုအယက် တိုင်တန်းလျက် ရှိကြသည်။ ထိုစဉ်တွင် ဦးရာကျော်၊ ဦးကုလား၊ ကိုဖိုးစောနှင့် ဗိုလ်ရွှေထီးတို့ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာသဖြင့် အခြေအနေကို ကောင်းစွာ ထိန်းသိမ်းနိုင်သွားသည်။ သို့ရာတွင် ခြေမြန်လက်မြန်ရှိ၍ ရဲရင့်ဖျတ်လတ်သူများ အနီးကပ် ပူးသတ်တိုက်ခိုက်ကြခြင်း ဖြစ်၍ ခဏလေးအတွင်းမှာပင် အထိအရှ အကျအဆုံး များပြားလေသည်။ လူအတော်များများတွင် သွေးခြင်းခြင်းရဲနေသည်။ ခေါင်းတွင်လည်းကောင်း၊ ကိုယ်တွင်လည်းကောင်း၊ ခြေလက်များတွင်လည်းကောင်း၊ မျက်နှာများတွင် လည်းကောင်း၊ ဒဏ်ရာအကြီးအသေး ရရှိကြသည်။ လေးငါးဆယ်ဦးမှာ ဒဏ်ရာ အတော်ပြင်းသဖြင့် ချက်ချင်း ကုသရသည်။

စုစုပေါင်း ကျဆုံးသူ သုံးဦးရှိသည်။ ရှမ်း-မြန်မာဘက်မှ တစ်ဦးကျဆုံး၍ ကချင်နှစ်ဦး ကျဆုံးသည်။ ကျဆုံးသွားသော ကချင်နှစ်ဦးကို မောင်ရွှေဝါ ကောင်းကောင်းသိသည်။ လဖိုင်လ၏ လူရင်းများ ဖြစ်သည်။ မြစ်ကွေ့ခံတပ်ကို တိတ်တဆိတ် တက်ရောက်စဉ်က ကချင်တပ်ဦးတွင် ပါဝင်သူများ ဖြစ်ကြသည်။ သို့အတွက် မောင်ရွှေဝါမှာ စိတ်မကောင်းဖြစ်ရသည်။ လဖိုင်လ စိတ်ထိခိုက်သည်ကို စာနာမိရသည်။ သို့ရာတွင် သူတို့ဘက်မှ ကျဆုံးသူတစ်ဦးအတွက် ပို၍ စိတ်မကောင်းဖြစ်ရသည်။ ထို ကျဆုံးသွားသူကား အခြားမဟုတ်၊ မောင်ရွှေဝါ၏ ညာလက်ရုံး ပေါက်ကျိုင်းပင် ဖြစ်သည်။

ဆိုးညစ်ယုတ်မာသော အုပ်ချုပ်သူများ၏ လက်ချက်ကြောင့် မိခင်နှင့် နမငယ် မရှုမလု ခံစားသေဆုံးခဲ့ရသည့်အတွက် အကြီးအကဲဆိုးများနှင့် မတရားမှုများကို အသက်နှင့်စတေး၍ တိုက်ခိုက်ရန် သန္နိဋ္ဌာန် ချထားသော လူရွယ်တစ်ဦးသည် ယခုအခါ သေအတူ ရှင်မကွာ တိုက်ပွဲဝင်ခဲ့သူ အချင်းချင်း၏ လက်ချက်ဖြင့် ကျဆုံးရပြီ ဖြစ်သည်။

သို့ဖြင့် ရှမ်းမြန်မာနှင့် ကချင်အကြီးအကဲများသည် အကြောင်းရင်း ဇစ်မြစ်ကို စိစစ် မေးမြန်းရတော့သည်။ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသဖြင့် အဓိကရုဏ်းတွင် ပါဝင်သူများအနက်မှ ရှမ်း-မြန်မာ တစ်ဦးနှင့် ကချင်တစ်ဦးကို ရွေးထုတ် မေးမြန်းရသည်။

ကြားရသည့်အကြောင်းရင်းမှာ ပို၍ပင် စိတ်ထိခိုက်စရာဖြစ်သည်။ လဖိုင်လတပ်မှ ကချင်ငါးဦးသည် မနက်ကတည်းက အရက်များ သောက်စားမူးယစ်နေကြသည်။ နေ့ခင်းဘက်တွင်မူ တပ်စခန်းနှင့် နှစ်မိုင်ခန့်ဝေးသော ရှမ်းရွာကလေးတစ်ရွာသို့ သွားရောက် ရမ်းကားကြသည်။ ကြက်များကို လုယူကြသည်။ ကျွဲနွားများကို ခုတ်သတ်ကြသည်။ တွေ့ရာလူများကို ရိုက်နှက်ကြသည်။ ထိုမျှတွင် မပြီးသေးဘဲ လင်ရှိအမျိုးသမီးနှင့် အပျိုအရွယ်နှစ်ဦးကို လယ်ကွင်းထဲ ဆွဲခေါ်သွားပြီး ဗလက္ကာရပြုကျင့်ကြသည်။ ခုခံတိုက်ခိုက်သော ရွာသားတစ်ဦးကို ခေါင်းဖြတ်ခဲ့ကြသည်။

ထိုအဖြစ်ကို ရွာသူရွာသားများသည် အရေးတော်ပုံတပ်ရှိ ရှမ်း-မြန်မာများထံသို့ လာရောက် တိုင်ကြားကြသည်။ ဤတွင် ရှမ်း-မြန်မာများသည် မခံမရပ်နိုင်ရှိပြီး လက်နက်များဆွဲကိုင်ကာ ကချင်တဲကန္နားကို ဝိုင်း၍ ရမ်းကားသော ကချင်ငါးဦးကို အပ်ရန် တောင်းခံကြသည်။ ကချင်များက သူတို့လူငါးဦးကို ယခု မအပ်နိုင်ကြောင်း၊ မိမိတို့အကြီးအကဲများ၏ သဘောသာဖြစ်ကြောင်း ပြောပြီး အမူးအရမ်းသမားများကို တဲတစ်ခုအတွင်း ချုပ်နှောင်ထားကြသည်။ ဤတွင် ရှမ်း-မြန်မာများသည် ပို၍ မခံမရပ်နိုင်ရှိလာသည်။

ဤအချိန်တွင် ရှမ်း-မြန်မာနှင့် ကချင်ခေါင်းဆောင်များသည် မြို့တွင်းသို့ ရောက်ရှိနေကြသဖြင့် အခြေအနေကို ကြိုတင်၍ မထိန်းနိုင်ကြချေ။ မောင်ရွှေဝါနှင့် လဖိုင်လ၊ ကိုရွှေနီနှင့် ဝေ့ထုံဝါတိမ်ဖူးတို့ အချိန်မီ ရောက်ရှိလာပြီး လူစုခွဲလိုက်နိုင်သဖြင့် ဤမျှနှင့် ပြီးဆုံးသွားခြင်း ဖြစ်သည်။ သို့မဟုတ်ပါက နယ်ပယ်အနှံ့ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပေါ်လာနိုင်ပေသည်။ သို့ဖြင့် ခေါင်းဆောင်များသည် ကချင်ငါးဦးကို မစစ်မဆေးမီတွင် အရေးတော်ပုံတပ်သားများ အားလုံးကို သက်ဆိုင်ရာ စခန်းများသို့ အသီးသီး ပြန်စေရသည်။ ရှမ်းများနှင့် ကချင်အရေးတော်ပုံတပ်သားများ အားလုံး ကိုယ့်စခန်းတွင် ကိုယ်ရှိရမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်သည်မျှ မြို့တွင်းသို့လည်းကောင်း၊ အနီးအပါးရွာများသို့ လည်းကောင်း၊ စခန်းအပြင်သို့လည်းကောင်း မထွက်ရ၊ မသွားရ မလာရဟု အမိန့်တင်းကျပ်စွာ ထုတ်ရသည်။ မြို့သူမြို့သားများကိုလည်း တစ်ဖက်ကမ်းသို့ ပြန်၍ကူးစေပြီး အလုပ်အကိုင်မပျက် နေကြရန် ပြောရသည်။ မြို့တွင်း လုံခြုံအေးချမ်းမှုကို ဘုရင့်တပ်သားများက တာဝန်ယူရန် ဦးကုလားနှင့် ဗိုလ်ရွှေထီးက အမိန့်ထုတ်ဆင့်သည်။

သည့်နောက်တွင်မှ မူးယစ်ရမ်းကားသော ကချင်ငါးဦးကို ဗဟိုတဲကန္နားသို့ ခေါ်ယူစစ်ဆေးရသည်။ လဖိုင်လသည် သူ့လူနှစ်ဦး ကျဆုံးရသည့် အတွက်လည်းကောင်း၊ သူ့လူငါးဦးကြောင့် အရေးအခင်း ပေါ်ထွက်ရသည့် အတွက်ကြောင့်လည်းကောင်း စိတ်မကောင်းဖြစ်ခြင်းနှင့် ဒေါသဖြစ်ခြင်း ရောယှက်နေသည်။ မျက်လုံးများ နီနေသည်။ သို့ရာတွင် သူ့အသံသည် တည်ငြိမ်သည်။ ရှင်းလင်းပြတ်သားသည်။ တစ်လုံးချင်း ပီပီသသ ပြောဆိုသည်။

"အေး ကျော်ကျီနော်၊ နင်ပြောစမ်း။ ဒီအမှုမှာ နင်ပဲ ခေါင်းဆောင်ဖြစ်မှာပဲ"

အမူးအရမ်းသမား ငါးဦးအနက် ရှေ့ဆုံးမှ မှုန်ကုပ်ကုပ်နှင့် ဆောင့်ကြောင့်ထိုင်နေသောသူကို လဖိုင်လက စေ့စေ့ကြည့်၍ မေးသည်။ သူ့လူများနှင့်သူဖြစ်၍ ဦးရာကျော်တို့သည် မည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုသေးဘဲ အသာနားထောင်နေကြသည်။

ကျော်ကျီနော်ကို မောင်ရွှေဝါကောင်းကောင်းသိသည်။ လဖိုင်လ၏ လက်ရွေးဗိုလ်တစ်ဦးဖြစ်သည်။ အတိုက်အခိုက်ရဲရင့်သည်။ ပြီးခဲ့သောတိုက်ပွဲများတွင် ထင်ပေါ်သူတစ်ဦးဖြစ်သည်။ သူသည် အရက်များ အလွန်အကျွံ သောက်ထားပြီး အတော်ကြီးမူးခဲ့သော်လည်း ယခုအခါတွင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်သည့် အခြေအနေရှိသည်။ သူ့အတွက်ကြောင့် ရွာတစ်ရွာကြေခဲ့ပြီး၊ အရေးတော်ပုံတပ်သား အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ခဲ့ရပြီး၊ ယခုအခါတွင် လူကြီးများက သူ့ကိုစစ်ဆေးလျက် ရှိသော်လည်း သူသည် အနည်းငယ်မျှ ထိတ်လန့်ကြောက်ရွံ့မှုကို မပြချေ။ အခြားကချင်လေးဦးကား အမူးပြေနေကြပြီ ဖြစ်သည်။ ခေါင်းမဖော်ဝံ့ဘဲ ရှိကြသည်။

ကျော်ကျီနော်သည် တံထွေးကို ပက်ခနဲထွေးကာ…

"ငါတို့ ကချင်ရွာတွေကို ရှမ်း-မြန်မာတွေက သတ်ခဲ့ကြတယ်။ ငါတို့ မိန်းမတွေကို သူတို့မိန်းမ လုပ်ခဲ့ကြတယ်။ ငါတို့ပစ္စည်းတွေကို သူတို့ပစ္စည်းလုပ်ခဲ့ကြတယ်။ ဒါကို ငါတို့ လက်စားချေတယ်။ ဘာဖြစ်သလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

လဖိုင်လသည် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။ ဓားကို ဆွဲချွတ်မည်ပြုပြီးမှ အသံမြည်အောင် ပြန်ဆောင့်သွင်းလိုက်သည်။ ထို့နောက် ကျော်ကျီနော် အနီးသို့ တိုးသွားပြီး…

"နင်ဒါလောက် မိုက်လိမ့်မယ်လို့ ငါမထင်ဘူး။ နင်သတ္တိရှိပေမယ့် အသိဉာဏ်မရှိဘူး။ နင်ဆိုးတယ်။ နင်မှားတယ်ကျော်ကျီနော်။ ငါတို့ကချင်ရွာကို မီးရှို့ပြီး ငါတို့ ကချင်တွေကို နှိပ်စက်သတ်ဖြတ်တာ ရှမ်း-မြန်မာတွေ မဟုတ်ဘူး။ ဗလတို့တစ်တွေ ဖြစ်တယ်။ ဗလတို့လူစုဟာ ငါတို့ကိုသာ နှိပ်စက်သတ်ဖြတ်တာ မဟုတ်ဘူး။ ရှမ်း-မြန်မာတွေကိုလည်း နှိပ်စက် သတ်ဖြတ်တာပဲ။ ဒါကြောင့် ငါတို့အားလုံး အတိုင်အပင်ပြုပြီး ဗလတို့နဲ့ ဘုရင့်တပ်တွေကို တိုက်ခဲ့ကြတာပဲ။ အခုငါတို့ တိုက်ခဲ့ကြတာ ရှမ်းနဲ့၊ ကချင်နဲ့ တိုက်ခဲ့ကြတာ မဟုတ်ဘူး။ လူဆိုးနဲ့ လူကောင်းနဲ့ တိုက်ခဲ့ကြတာ။ ငါတို့ဟာ ရှမ်း-မြန်မာနဲ့ ကချင်ရွာတွေကို ကာကွယ်ဖို့ဖြစ်တယ်။ ဖျက်ဆီးဖို့ မဟုတ်ဘူး။ အခု နင်ဖျက်ဆီးလို့ ငါတို့အချင်းချင်းလည်း တိုက်ရပြီ။ ငါတို့သာ အချိန်မီမရောက်ရင် ဘယ်လောက် ဒုက္ခရောက်ကုန်မလဲ။ ဒါဟာ နင်နဲ့ ဟိုကောင်လေးယောက်ကြောင့် ဖြစ်တယ်"

ကျော်ကျီနော်သည် ဘာမှ ပြန်မပြောချေ။ သူသည် လဖိုင်လကို ကြောက်ရွံ့ရင်းရှိသည်။ သို့ရာတွင် သူ့မျက်နှာသည် မထီတရီပင်။

"ငါတို့ ကချင်တွေမှာ ကြိမ်ဒဏ်ပေးတာ၊ သေဒဏ်ပေးတာ မရှိဘူး။ လျော်ကြေးပေးရတာပဲရှိတယ်။ ဒါပေမယ့် အခုဟာက ငါတို့အချင်းချင်း ဖြစ်တာမဟုတ်ဘူး။ ကချင်နယ်မှာ ဖြစ်တာမဟုတ်ဘူး။ ရှမ်း-မြန်မာနယ်မှာ ရှမ်း-မြန်မာတွေနဲ့ ကချင်တွေနဲ့ ဖြစ်တာဖြစ်တယ်။ နောက်ပြီး အခုကိစ္စက ရှမ်း-မြန်မာတွေနဲ့ ကချင်တွေရဲ့ အမြဲတမ်းကိစ္စ ဖြစ်တယ်။ ဒီကိစ္စပြေလည်မှ အားလုံး ညီညွတ်ကြမယ်။ ဒါကြောင့် နင်နဲ့ နင့်လူငါးဦးကို မိုးကောင်းဝါရဲ့ လက်ကို အပ်ရမယ်။ အခုအချိန်ကစပြီး နင်တို့ငါးဦးဟာ အမတ်ကြီး ဦးကုလားရဲ့ လက်အောက်ကို ရောက်သွားပြီ။ နင်တို့ရဲ့ ကံကြမ္မာဟာ မိုးကောင်းဝါရဲ့ သဘောအတိုင်းပဲ ဖြစ်တယ်"

ထို့နောက် လဖိုင်လသည် စစ်ကဲကြီး ဦးကုလားဘက်သို့ လှည့်၍ သူ့လူငါးယောက်ကို အပ်ကြောင်း ပြောသည်။ တရားနှင့်အညီ စီရင်ဆုံးဖြတ်ခွင့် ပြုသည်။ သူ၏ အဆုံးအဖြတ်ကို ရှမ်း-မြန်မာနှင့် ကချင်အကြီးအကဲများ အားလုံးက သဘောကြိုက်ညီကြသည်။

ပထမတွင် သူ၏ အရေးတော်ပုံတပ်များကို မိုးကောင်းတွင် ခနစ်ရက်နားနေရန် ဆုံးဖြတ်ထားခဲ့သော်လည်း လောလောဆယ် ပေါ်ပေါက်လာသော အရေးအခင်းများကြောင့် ငါးရက်စေ့မြောက်သော မနက်ဖြန်နံနက်မှာပင် တပ်နုတ်၍ ကိုယ့်ရပ် ကိုယ့်ရွာသို့ ပြန်ကြရန် ဦးရာကျော်က ပြောင်းလဲ ဆုံးဖြတ်လိုက်သည်။

## အခန်း -၂၇-

မောင်ရွှေဝါနှင့် မသေမပျောက်သော အရေးတော်ပုံ တပ်သားများသည် သီတင်းကျွတ်မှပင် ကိုယ့်ရပ်ကိုယ့်ယာသို့ ပြန်လည်ရောက်ရှိကြသည်။ ကျော်ကျီနော်အရေးကိစ္စ ပေါ်ပေါက်သဖြင့် ငြိမ်းချမ်းမှု ပြုလုပ်ပြီးနောက် ငါးရက်အကြာမှပင် နေရပ်ဒေသသို့ ပြန်ကြရန် ဦးရာကျော်က ဆုံးဖြတ်သတ်မှတ်ခဲ့သော်လည်း လက်တွေ့တွင်မူ ရက်ပေါင်း ငါးဆယ်ပြည့်မှပင် ပြန်ဖြစ်ကြတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကောင်းမြို့တွင်တပ်စွဲထားသော မြန်မာဘုရင်တပ်များ မိမိတို့ရှိရာ ဗန်းမော်မြို့သို့ ချီတက်လာပြီဖြစ်ကြောင်း သိရှိရသည့်အခါ တရုတ်ဓားပြဗိုလ် စက်ကျင်သည် သူ၏လက်ထောက် ဗိုလ်လိဝင်ကျွေလက်သို့ လူတစ်ထောင်ပေးအပ်ပြီး မိုးကောင်းမြို့ကို သိမ်းပိုက်ရန်စေလွှတ်လိုက်သည်။

သို့ဖြင့် ဦးရာကျော်၏ အရေးတော်ပုံတပ်များသည် မိုးကောင်းအမတ်ကြီး ဦးကုလား၏ တပ်များနှင့်အတူ တရုတ်ဓားပြများကို တိုက်ခိုက်နှိမ်နင်းကြရသည်။ တရုတ်ဓားပြများသည် အချိန်ကာလကြာမြင့်စွာကတည်းကပင် အရပ်တကာသို့ လှည့်လည်တိုက်ခိုက်နေကြသူများ ဖြစ်သည့်အလျောက်တောတောင် ကြမ်းတမ်းရာနှင့် မိုးကြီးရာ အရပ်များတွင် နေသားကျပြီးသူများ ဖြစ်သည့်အပြင်အကြီးအမှူးပြုလျက်ရှိသော စက်ကျင်နှင့် လိဝင်ကျွေတို့ကလည်း အကွပ်အညှပ်ကောင်းမွန်လှသဖြင့်အလွယ်နှင့်မနှိမ်နင်းနိုင် ရှိရသည်။

မင်းကြီးရွှေလုံဗိုလ်သည် ဗိုလ်ပါ (၁၇၀၀) နီးပါးဖြင့် ဗန်းမော်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန်တိုက်ခိုက်သည်။ မြို့တွင်းတိုက်ပွဲများ ပြင်းထန်လှပြီး စစ်တန့်နေသဖြင့် နေပြည်တော်သို့ စစ်ကူတောင်းရပြန်သည်။ သို့ဖြင့် ဖောင်ဝန် မဟာမင်းထင်မင်းလှသူနှင့် လေ့အမှုထမ်းသုံးရာတစ်တပ်၊ စက်ဝန်၊ ယွန်းစုဝန် မင်းရဲညွှန့်နှင့် ကိုယ်ရံအမှုထမ်း လူတစ်ရာ၊ ယွန်းစုအမှုထမ်းလူငါးဆယ်နှင့် ကျည်ဝလေးလက်မရှိစကြာတင် အမြောက်ငါးလုံးတစ်တပ်၊ ဘုန်းတော်ပြည့်ဗိုလ် မင်းထင်ရဲလှကျော်ခေါင်နှင့် ဘုန်းတော်ပြည့်အမှုထမ်း လူငါးရာတစ်တပ်၊ စုစုပေါင်း ရဲမက်လက်နက်ကိုင်လူ (၁၆၅၀)ယောက် တက်ကူရောက်ရှိလာသည်။

စက်ကျင်သည် ကျေးစန္ဒီတိုက်အတွင်းမှ ခံသည်။ ဗန်းမော်ကျေးစန္ဒီတိုက်သည် ပကတိကျောက်တုံးများဖြင့် ဆောက်လုပ်ထားသဖြင့် ခိုင်ခံ့လှသည်။ သေနတ်၊ အမြောက်မစဲအောင်ပစ်ခတ်တိုက်ခိုက်ကြသော်လည်း မပေါက်မမြောက်ဘဲ ရှိနေသည်။ သို့ဖြင့် ဘုရင့်တပ်သားသုံးထောင်ကျော်သည် ကျေးစန္ဒီတိုက်ကို အခိုင်အလုံပိတ်ဆို့ ဝန်းရံထားရသည်။ ရက်ပေါင်းသုံးဆယ်ကြာသောအခါတွင် လက်အောက်ငယ်သားများ အစားအသောက်ကျပ်တည်းလှပြီဖြစ်၍ဗိုလ်အကြီးအကဲပြုသူ ဗိုလ်စက်ကျင်ကို သတ်ဖြတ်၍ စွဲကိုင်သောလက်နက်တို့ကို ချအပ်ကာဘုရင့်တပ်တော်ရှိရာသို့ လာရောက်ခိုဝင်ကြသဖြင့် ဗန်းမော်အရေး ပြီးငြိမ်းသည်။

မိုးကောင်းစစ်မျက်နှာတွင်လည်း ရှမ်း၊ မြန်မာ၊ ကချင်တပ်များသည် လိဝင်ကျွေအမှူးပြုသောတရုတ်ဓားပြများကို ရက်ပေါင်းငါးဆယ်တိတိ နေ့၊ ည မပြတ် တိုက်ခိုက်နှိမ်နင်းကြရသည်။ တရုတ်ဓားပြများသည် နောက်ဆုတ်ခြင်းမပြုပဲ အစုငယ်များခွဲကာ နယ်မြေအတွင်း လည်ပတ်လှုပ်ရှားနေသဖြင့် ဦးရာကျော်၊ ကိုရွှေနီ၊ လဖိုင်လ၊ တိမ်ဖူးနှင့် မောင်ရွှေဝါတို့ ကွပ်ကဲသောအရေးတော်ပုံတပ်များသည် လည်းကောင်း၊ ဦးကုလား၊ ဗိုလ်စော၊ ဗိုလ်ရွှေထီးတို့ အုပ်ချုပ်သောမိုးကောင်းတပ်များသည်လည်းကောင်း အနားမရှိ လက်အံ၊ ခြေအံ သေသည်အထိ ထိုးခုတ်တိုက်ခိုက်ကြရသည်။

မိုးကောင်းတစ်ဝိုက် နေရာအနှံ့အပြား နှစ်လနီးပါးကြာမျှ တိုက်ခိုက်ကြရာတွင် နှစ်ဘက်အကျအဆုံးများပြားလှသည်။ အရေးတော်ပုံတပ်တွင်လည်း ကြီးမားသော အဆုံးအရှုံးများနှင့် ရင်ဆိုင်ရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးစွာသော အချက်မှာ အရေးတော်ပုံတပ်များ၏ တပ်မှူးကြီး ဦးရာကျော် ကျဆုံးခြင်းပင်ဖြစ်သည်။ ရန်သူငါးယောက်နှင့် ဦးရာကျော် တစ်ယောက်တည်း တိုက်ခိုက်နေသည်ကို မြင်၍ ဆောင်းခါးရွာသား မောင်ညိုက အတင်းဝင်၍ ကယ်ဆယ်သည်။ ရန်သူငါးယောက်လုံး ကျဆုံးသည်။ ထို့အတူ ဦးရာကျော်နှင့် မောင်ညိုလည်း ရရှိသောဒဏ်ရာများဖြင့် အချိန်အနည်းငယ်အကြာတွင် အသက်ကုန်ဆုံးခဲ့ကြရသည်။ မောင်ညိုသည် မောင်ရွှေဝါ၏ လက်ပေါ်တွင် အသက်ကုန်ဆုံးခဲ့ရခြင်းဖြစ်သည်။ မောင်ညိုသည် သူ၏မြားကို သားဖြစ်သူထံပို့ပေးရန် မောင်ရွှေဝါကို တောင်းပန်မှာကြားသွားခဲ့သည်။

ဦးရာကျော်နှင့် မောင်ညို ကျဆုံးခြင်းအတွက် အရေးတော်ပုံတပ်သားများသည် စိတ်မကောင်းခြင်း ဖြစ်ရသလို နာကျည်းခြင်းလည်း ကြီးစွာဖြစ်ခဲ့ကြရသည်။ မောင်ရွှေဝါသည် အံတကြိတ်ကြိတ်နှင့် ရှိနေခဲ့သည်။

သို့ဖြင့် လိဝင်ကျွေနှင့် တပ်သားသုံးရာလောက် မိုးကောင်းမြို့ အရှေ့တောင်ဘက် သဲသောင်ပြင်တစ်နေရာတွင် စခန်းချနေကြောင်း သတင်းကြားသိရသည့်အခါ အရေးတော်ပုံတပ်များနှင့် မိုးကောင်းတပ်များသည် ထိုနေရာသို့ သူ့ထက်ငါ အရင်ဦး၍ရောက်အောင် အပြင်းချီတက်ကြသည်။ ဝိုင်းရံတိုက်ခိုက်ကြသည်။ အရင်ဦးဆုံး စီးနင်းတိုက်ခိုက်သော တပ်မှာ မောင်ရွှေဝါ၏ တပ်ဖြစ်သည်။ မောင်ရွှေဝါသည် ရှေ့မှမြားကိုလွှင့်ကာ ဝင်သွားသည်။ တပ်သားများသည် သူ့နောက်ကို မှီအောင်လိုက်ကြသည်။ သို့ဖြင့် သူတို့တပ်သည် ထိုးဖောက်တိုက်ခိုက်ရင်းဖြင့် ရန်သူတို့အလယ်သို့ ရောက်သွားသည်။ တပ်လုံးပြုတ်တော့မည်ကဲ့သို့ ရှိသည်။ ယင်းအဖြစ်ကို လဖိုင်လ မြင်သိသဖြင့် သူ့တပ်ဖြင့် အတင်းထိုးဖောက်ဝင်သည်။ ကိုရွှေနီနှင့် ဗိုလ်ရွှေထီးတို့တပ်များလည်း ရန်သူတို့အလယ်သို့ ရောက်ရှိလာကြသည်။ သို့ဖြင့် သူတို့က ရန်သူကို အတွင်းမှတိုက်ပြီး အခြားတပ်များက အပြင်ဘက်မှ ဝန်းရံတိုက်ခိုက်သည်။ သဲသောင်ပြင်တိုက်ပွဲသည် လှည်းဘီးလည်နေသကဲ့သို့ရှိသည်။ ဗိုလ်ရွှေထီးသည် လိဝင်ကျွေကို ရွေး၍ ခေါင်းဖြတ်လိုက်နိုင်သည်။ ဤတွင်မှ တရုတ်စားပြများ တပ်လုံးပျောက်လေတော့သည်။

မိုးကောင်းတပ်များဘက်မှလည်း ထိခိုက်ကျဆုံးသူ မနည်းဖြစ်၏။ မောင်ရွှေဝါသည် ပေါင်၌ တရုတ်လှံဆူး၍ လူသေအလောင်းများကြားတွင် လဲနေသည်။ သူ့ကို မနည်းရှာဖွေယူရသည်။ မောင်ရွှေဝါသည် တစ်နေ့နှင့်တစ်ညလုံးလိုလို သတိလစ်နေသည်။ သတိပြန်၍ ဝင်သောအခါ အဖျားပါရောပါလာသည်။

ဦးကုလားတို့က မောင်ရွှေဝါကို မိုးကောင်းမြို့မှာပင် ဆေးဝါးကုသ၍ နေရစ်ရန်ပြောသော်လည်း သူကလက်မခံချေ။ အခြားအရေးတော်ပုံ တပ်သားများနှင့်အတူ ရွာသို့ပြန်ခဲ့သည်။ သူ့ကိုထမ်းစင်ဖြင့် သယ်ယူကြသည်။ ဦးနောင်ရှမ်းက ကြပ်မတ်ကုသသည်။ ဒဏ်ရာနည်းပါးသူများသည် လမ်းခရီးမှာပင် သက်သာပျောက်ကင်းသွားကြသည်။ ဒဏ်ရာပြင်းထန်သူများအနက် နှစ်ဦးသည် ခရီးတစ်ဝက်ကျိုးခါမှ ဆုံးပါးသွားသည်။ မောင်ရွှေဝါအတွက် လူအများက စိုးရိမ်မကင်းဖြစ်ကြသော်လည်း ကာယကံရှင် ကိုယ်နှိုက်ကမူ မပူမပန်ရှိနေသည်။ အဖျားတက်လာသည့် အချိန်တွင် အံကိုကြိတ်ထားပြီး အဖျားကျသည့်အချိန်တွင် ယဲ့ယဲ့လေး ပြုံးချေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့ရာတွင် ဆောင်းခါးရွာသို့ရောက်သည့်အခါ မောင်ရွှေဝါ မျက်ရည်ကျရတော့သည်။ ပေါက်ကျိုင်းအတွက် နန်းကျင်ပူ မျက်ရည်ကျရသည်ကို မြင်ရသည့်အခါ သူ့မှာအသံတုန်ရတော့သည်။ ကိုညို၏ ဇနီးနှင့် သားငယ်ကို မြင်ရသည့်အခါ သူ့မှာမျက်ရည်မဆည်နိုင် ရှိရတော့သည်။ ဤမိန်းမသည် မုဆိုးမ၊ ဤကလေးငယ်သည် အဖမဲ့သား၊ သူသည် ကိုညို၏ ဓားကို မချိတင်ကဲဖြင့် ပေးအပ်ရသည်။

ထိုမှတဖန် ဆောင်းခါးတောင်အလွန်တွင် လဖိုင်လ၏ တပ်များနှင့် လမ်းခွဲရသည့်အခါ မောင်ရွှေဝါသည် စိတ်ထိခိုက်ရပြန်သည်။ သူနှင့် လဖိုင်လသည် ဤရက်များအတွင်း ညီရင်းအစ်ကို ဖြစ်ခဲ့ကြပြီတည်း။

သူတို့သည် တစ်မိုးတွင်းလုံး စစ်တိုက်ခဲ့ကြရာတွင် အောင်ပွဲများတစ်ခုပြီးတစ်ခု ရရှိခဲ့ကြသည်။ သူတို့အပေါ်တွင် ညှင်းပန်းနှိပ်စက်နေသူများကို ဖယ်ရှားနိုင်ခဲ့ကြပြီ ဖြစ်သည်။ မိမိတို့ နယ်မြေအတွင်းသို့ ဝင်ရောက်တိုက်ခိုက်သော တရုတ်ဓားပြများကို ချေမှုန်းသုတ်သင်နိုင်ခဲ့ကြပြီ ဖြစ်သည်။

သို့ရာတွင် စစ်နိုင်သူများ၏ အပြန်ခရီးမှာ ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြစ်ပေါ်ခြင်းမရှိကြချေ။ ရွာတိုင်းရွာတိုင်းမှ ဝမ်းသာအယ်လဲ ကြိုဆိုကြသူများ ရှိသလို၊ မျက်ရည်စက်လက်ဖြင့် ငိုကြွေးသူများ ရှိသည်ကိုလည်း တွေ့ကြရသည်။ မိမိတို့နှင့် အသက်ချင်းထပ်ထားသူများ တိုက်ပွဲတွင် ကျဆုံးသောအခါ စိတ်မကောင်း ဖြစ်ကြရသည်။ သူတို့တစ်တွေ၏ သား၊ သမီး၊ မိဘ၊ ဆွေမျိုးများနှင့် တွေ့ဆုံရသောအခါ ပို၍ရင်နင့်ကြရသည်။

ထိုမျှသာမက လယ်ကွင်းများတွင် ရွှေရောင်ဝင်းမနေပဲ တပ်များ နင်းချေထားသဖြင့် ကြေမွ ပျက်ပြုန်းနေသည်ကို မြင်ရသောအခါ ရင်တွင်းဝယ် လှိုက်ဟာ လာကြရသည်။

"ဒီ တစ်နှစ်တော့ စပါး အထွက်နည်းတော့မှာပ"

မောင်ရွှေဝါက ထမ်းစင်ပေါ်မှ ခေါင်းကို ငဲ့စောင်းကြည့်ရင်း ဦးနောင်ရှမ်းကို ပြောလိုက်သည်။

"အေးပ။ လူတွေ အနေကျပ်တည်းကြဦးမှာပ။ ဒီအခါ လုယက်တိုက်ခိုက်ကြပြီး ကသောင်းကနင်း ဖြစ်ရပြန်ဦးမှာပကွယ်"

ဦးနောင်ရှမ်းက ခပ်ထွေထွေဖြင့် ပြန်ပြောသည်။

"ကျုပ်တို့ရွာဘက်လဲ ဒီလိုပဲ နေမယ်ထင်တယ်"

"တို့ရွာဘက်ကို ရန်သူ အခြေ အနောက်တော့ နည်းသပ။ ဒါပေမဲ့ လယ်ထဲဆင်းတဲ့လူနည်းတော့ အထွက်လျော့မှာပဲပကွယ်"

မောင်ရွှေဝါက မည်သို့မျှပြန်မပြောတော့ပဲ ငြိမ်သက်စွာ လိုက်ပါလာသည်။ သူသည် ယခုအခါ ရွာအကြောင်း၊ အိမ်အကြောင်း၊ ချစ်သူအကြောင်းတို့ကို စဉ်းစားရပေဦးတော့မည်။ သူ့တွင်ရရှိလာသော ဒဏ်ရာကို တစ်လကိုးသီတင်း ကုရပေဦးမည်။

MMCYBERMEDIA
COMMUNITY FOR ALL

သည့်နောက်မှ...

## အခန်း -၂၈-

သူမ၏အသံသည် ကြည်သာသည်။ ကြားလိုက်မိသည်နှင့် တစ်ပြိုင်နက်တည်းမှာ အသံရှင်မည်သူဆိုတာကို သိသည်။ သူက ရပ်တန့်ခြင်းလည်း မပြု၊ နောက်သို့ လှည့်ကြည့်ခြင်းလည်း မပြုဘဲ တောလမ်းအတိုင်း ဆက်၍လျှောက်သွားသည်။ သူမ၏အသံသည် ပျံ့ဝဲ၍လိုက်လာပြန်သည်။

"တို့များ ခေါ်နေတာ မကြားဘူးလား နော။ ဒါမှမဟုတ် သွေးကြီးတာလား နော"

မောင်ရွှေဝါသည် မကြားယောင်ပြုကာ ကြိုးကြာချောင်းဘက်သို့ စိုက်စိုက်မတ်မတ်ဖြင့် လျှောက်သွားနေသည်။ သို့သော်မြန်မြန်ကား မဟုတ်။ ခြေလှမ်း မှန်မှန်သာဖြစ်သည်။ ဤမျှ ခရီးဝေးဝေး လမ်းမလျှောက်ဖြစ်သည်မှာ တစ်လခွဲ ကျော်ခဲ့ပြီဖြစ်သည်။ နှစ်လပိုင်းသို့ နီးလာပြီဖြစ်သည်။ သူသည်ရွာရောက်ကထဲက အိပ်ယာထဲတွက် လဲနေခဲ့သည်။ တစ်ပတ်လောက်ရှိမှ အဖျားပျောက်သည်။

နှစ်ပတ်လောက်ရှိမှ ထနိုင်သည်။ အိမ်ပေါ်မှာပင် စမ်း၍လျှောက်ရသည်။ တစ်လပြည့်ခါမှ အိမ်အောက်သို့ဆင်းနိုင်သည်။ အသားအရေ ကောင်းလာသည်။ အားအင်ပြည့်လာသည်။ သို့ရာတွင် ခရီးဝေးဝေး မသွားရသေးဟု ဆို၍ အရှေ့ ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်လောက်သာ အလည်အပတ်သွားရသည်။

ယနေ့မှ အိမ်ကလူများကို အသိမပေးပဲ ရွာပြင်ထွက်ခဲ့သည်။ သည်လယ် သည်ယာနှင့် သည်တော သည်တောင်များကို မမြင်ရသည်မှာ တစ်မိုးတွင်းလုံးလုံးပင်ဖြစ်သည်။ နေကောင်းကောင်းပွင့်သဖြင့် ချောင်းသို့ အရောက်သွားမည် စိတ်ကူးကာ ထွက်ခဲ့ခြင်းဖြစ်သည်။

"တို့များကို စကားမပြောဘူးလား နော"

မထုံးရီသည် သူ့ကို မှီလာပြီဖြစ်သည်။ သူ့နောက်မှ ကပ်၍ပြောလိုက်ခြင်း ဖြစ်သည်။ သူမ၏ ပါးစပ်မှ ထွက်သောလေသည် သူ့ဂုတ်ပိုးပေါ်သို့ ပူနွေးစွာ ကျရောက်လာသည်။ သူမတွင် သိသာသော ကိုယ်ရန့်လည်း ရှိသည်လည်း ဖြစ်သည်။ မောင်ရွှေဝါသည် ရန်သူတစ်ထောင်တပ်နှင့် တွေ့နေသည်ဟုထင်မိသည်။

ယနေ့ပဲ အပြင်ထွက်သည်။ ယနေ့ပဲ သူမနှင့် တွေ့သည်။ အမျိုးသမီးက သူ့လက်မောင်းကို ဆတ်ကနဲ ဆောင့်ဆွဲလိုက်သည်။ အမှတ်တမဲ့မို့ ကိုယ်တစ်စောင်းလည်သွားသည်။ သူမ၏ ကိုယ်ပေါ်သို့ ငိုက်ကျသွားသည်။ ကိုယ်လုံးချင်းဆောင့်မိသည်။ ပေါင်ရင်းတွင် မျက်ကနဲဖြစ်၍ လွှတ်ကနဲ ညည်းလိုက်မိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မထုံးရီသည် သဘောကျစွာ ပြုံးရယ်နေရာမှ စိုးရိမ်ပူပန်သွားသည့် မျက်နှာဖြင့် ပျာပျာသလဲ မေးသည်။

"ဟော သူနာသွားသလား။ တို့များ မေ့သွားလို့ကွယ်"

အမျိုးသမီးက သူ့ပေါင်ကို ကိုင်ကြည့်တော့မည်၊ မကြည့်တော့မည်ကဲ့သို့ ရှိသည်။ သူက ကိုယ်ကို မတ်ဆန့်လိုက်ပြီး...

"ပျောက်သွားပါပြီ။ ကနေ့မှ ရွာပြင်ထွက်ကြည့်တာ"

"ဟုတ်တယ်ကော။ တို့များ သူ့ကိုတွေ့ချင်တာ သူမထွက်တော့ မတွေ့ရဘူးပ။ သူ့အိမ်ကို လာဖို့ကလည်း မကြိုက်ကြဘူး ဆိုတာကိုး"

မောင်ရွှေဝါက အမျိုးသမီးကို စူးစိုက်၍ကြည့်သည်။ မျက်စိပင်ပန်းသည်။ ရင်ထဲမှာ မောသည်။ သို့ရာတွင် သူသည် ရွာသို့ရောက်ကတည်းက သူမကို တွေ့ချင်၊ မြင်ချင်နေသည်။

ဘာအတွက်မှတော့မဟုတ်။ စိတ်မှာသာတွေ့မြင်သည်။ လူချင်းကား မဆုံမိကြချေ။ သူက ဘယ်သို့မှ မသွားရောက်နိုင်။ သူမကလဲ သူတို့အိမ်သို့ ဝင်ထွက်နိုင်သည် မဟုတ်။ သူတို့အိမ်က သူမကို ကြဉ်ထားသည်။ သူမနှင့် ကိုရွှေနီ ဘုရားဖူးသွားသည့်အတွက် ပို၍ အမျက်ထွက်ခဲ့ကြသည်။ အဆက်ဖြတ်ခဲ့ကြသည်။

သူရွာမှာမရှိစဉ် သူ့ဖခင်နှင့် ဤအမျိုးသမီး အကြီးအကျယ် စကားများခဲ့ သည့်အကြောင်းကို ကြက်သမားတစ်ဦးပြန်ပြောမှ သူသိခဲ့ရသည်။ ဦးနောင်ရှမ်းနှင့် ကိုရွှေနီကမူ ဤအကြောင်းကို တစ်ခွန်းမျှ မဟခဲ့။ ရွာသို့ပြန်ရောက်၍ နန်းရင်ကိုမေးသောအခါ ဟုတ်မှန်ကြောင်း အတည်ပြုသည်။

မောင်ရွှေဝါတို့ တပ်ထွက်ပြီးနောက် တစ်ပတ်လောက်အကြာတွင်မှ ကိုရွှေနီနှင့် မထုံးရီ ရွာသို့ ပြန်ရောက်သည်။ ထိုနေ့မှာပင် ဦးနွဲ့မွန်သည် မထုံးရီတို့ အိမ်ရှေ့သို့သွား၍ အမျိုးသမီးကို ရစရာ မရှိအောင်ပြောလေသည်။ မထုံးရီတို့ ထွက်သွားခါစ အချိန်ကလည်း ဤအိမ်သို့လာ၍ ဦးနောင်ရှမ်းကို ပြောဆိုခဲ့ဖူးပြီ ဖြစ်သည်။ ထိုစဉ်ကမူ ဦးနောင်ရှမ်းက ဘာမျှပြန်မပြောခဲ့။ သို့ရာတွင် ယခုအခါတွင်မူ မထုံးရီက ကက်ကက်လန် ပြန်၍ရန်တွေ့ခဲ့သည်။ တကယ်တမ်း ပြိုင်၍ ပြောဆိုကြသောအခါ ဦးနွဲ့မွန် အရှုက်ရခဲ့သည်။

ထိုအခါမှ စ၍ ဦးနွဲ့မွန်သည် မထုံးရီအပေါ်တွင် အခဲမကျေ ရှိခဲ့သည်။ မောင်ရွှေဝါ ပြန်ရောက်လာသောအခါတွင် တိုက်ပွဲတွင်ရလာသော ဒဏ်ရာကို ဦးနောင်ရှမ်းနှင့် ဆက်လက်မကုသစေပဲ ရွာဘုန်းကြီးကို ပင့်၍ ကုသစေခဲ့သည်။ ဦးနောင်ရှမ်း အဝင်အထွက်ရှိလျှင် မထုံးရီလည်းပါလာမည် စိုးသောကြောင့်ဖြစ်သည်။

"မောင်မျိုး နေကောင်းသလား"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက မျက်လုံးလှဲ့ရင်း စကားလမ်းလွှဲလိုက်သည်။ သူ့ရည်ရွယ်ချက်ကိုသိ၍ အမျိုးသမီးက ပြုံးသည်။ ပြီးတော့ ကိုယ်ကို ဘယ်ညာလှုပ်ခါရင်း…

"ကောင်းကောင်းလမ်းလျှောက်နိုင်ပြီလား"

မောင်ရွှေဝါက မဖြေဘဲ ဆက်လျှောက်သွားသည်။

"သူများမေးတာ မဖြေဘူးလား နော"

"ကျွန်တော်မေးတာကော ဖြေလို့လား"

"မသိပါဘူး။ သူကြီးမင်းရဲ့သားက တို့များကို အဖက်မတန်လို့လားလို့"

"မဆိုင်ပါဘူး"

မောင်ရွှေဝါက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ယခုအခါတွင် သူ့ဖခင်သည် ကြိုးကြာရွာ သူကြီးဖြစ်သည်။ ဦးရာကျော် တိုက်ပွဲတွင် ကျဆုံးသွားသဖြင့် လစ်လပ်သော သူကြီးနေရာတွင် ဦးနွဲ့မွန်ကို မိုးကောင်းက ခန့်ထားခြင်းဖြစ်သည်။ ဦးနွဲ့မွန်နှင့် ဦးကုလားသည် ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြသည်။ ဦးနွဲ့မွန်တွင် အားကိုးအားထားပြုရသော သားနှစ်ယောက်ရှိသည်။ သည်အချက်များကြောင့် ဦးနွဲ့မွန် သူကြီးဖြစ်ရသည်။ ဦးနွဲ့မွန်သူကြီးဖြစ်သည်ကို မကြိုက်မနှစ်သက်သူတွေ တော်တော်များများရှိသည့် အထဲတွင် မောင်ရွှေဝါလည်းပါသည်။ သူ့ဖခင်သည် သူတစ်ပါးအကျိုးကို ရှုပ်ရှုပ်ချွံချွံ သယ်ပိုးခဲ့ဖူးသည် မရှိခဲ့။

"နို့ပြီးတော့ သူတို့ညီအစ်ကိုက သူရဲကောင်းကြီးတွေ မဟုတ်လား။ ဗိုလ်ရွှေနီ၊ ဗိုလ်ရွှေဝါဆိုရင် တစ်နယ်လုံးသိကြလို့ သွေးမြင့်နေသလားလို့ ထင်မိလို့ပ"

မောင်ရွှေဝါသည် လမ်းဘေးတွင်တွေ့ရသော ကျောက်ခဲတစ်လုံးကို ကောက်ယူ၍ ပစ်လိုက်သည်။ ခဲလုံးသည် ချုံများ၏တစ်ဘက်တွင် ကျသည်။ ရေသံ မြည်သည်။ ချောင်းသို့ ရောက်တော့မည်။ ဤအမျိုးသမီးသည် ချောင်းသို့ အဘယ်ကိစ္စဖြင့်လာသနည်း။ သို့မဟုတ် သူ့ကိုမြင်၍ တမင်လိုက်လာခြင်းပေလား။

"ချောင်းကို သွားမလို့လား"

သူကမေးလိုက်သည်။

"အေးပ"

"ရေချိုးမလို့လား"

"အေးပ"

"ကျွန်တော် ပြန်မယ်"

"ဘာလို့လဲ နော"

"မမ ထုံးရီ ရေချိုးမလို့ဆို"

"ဘာပြသလဲကွယ်။ တို့များဟာ ရှက်ရမယ့် လူတွေမှ မဟုတ်ဘဲ"

MMCYBERMEDIA
COMMUNITY FOR ALL

သူက အမျိုးသမီး ကိုယ်လုံးတီးချိုးမည်ကို ရည်ရွယ်ပြောသည့်အခါ သူမက မခို့တရို့ရှိသည်။ သူက မတင်မကျ ရှိနေသည်။ နေရမလား။ ပြန်ရမလား။ အမျိုးသမီးများလဲ ကိုယ်လုံးတီးရေချိုးသည်ကို သူသိသည်။ သူမြင်ဖူးသည်။ သို့ရာတွင် ရေချိုးဆိပ်က တစ်ခုစီဖြစ်သည်။ ယောက်ျားများက အထက်တစ်ခေါ် လောက်နေရာတွင် ချိုးကြရခြင်းဖြစ်သည်။ သို့ရာတွင် သူတို့သည် ရွာအနောက်တွင်ရှိသော ရေချိုးဆိပ်သို့ သွားနေကြခြင်းမဟုတ်။ လူပြတ်လပ်ရာ မြောက်ဘက်ချောင်းသို့ သွားနေကြခြင်းဖြစ်သည်။

ချောင်းက ရွာကိုပတ်၍ စီးဆင်းသွားခြင်းဖြစ်သည်။ ရွာသည် တောင်ရိုးအတိုင်း တောင်နှင့်မြောက် တန်းနေသည်။ တောင်အရပ်မှ လာသောချောင်းသည် ရွာအရှေ့မှ ဖြတ်သွားသည်။ မြောက်ဘက်သို့ ရောက်သောအခါ မြင်းခွာပုံသဏ္ဍာန်ကွေ့၍ ရွာနှင့် တောင်အကြားမှနေကာ တောင်ဘက်သို့ ပြန်စီးဆင်းသည်။ ရွာဆုံးသောအခါ တောင်ကိုဝိုက်၍ မြောက်ဘက်သို့ စီးသွားပြန်သည်။ ချောင်းတစ်ခုတည်းကိုပင် အရှေ့ချောင်း၊ မြောက်ချောင်း၊ အနောက်ချောင်း ဟုခေါ်ကြသည်။ အရှေ့ချောင်းသည် ရဟန်း၊ သံဃာများအတွက်ဖြစ်သည်။ အနောက်ချောင်းသည် အများရေချိုးဆိပ် ဖြစ်သည်။ မြောက်ချောင်းသည် အပျော်ရေချိုးရာဖြစ်သည်။ သမီးရည်းစားများ၊ လင်မယားများ အတူတကွရေချိုးလိုလျှင် မြောက်ချောင်းသို့ လာကြသည်။ အနောက်ချောင်းတွင်ကား တစ်နေရာစီခွဲ၍ ချိုးကြရသည်။ အမှန်အားဖြင့်တော့ အရှေ့ချောင်းနှင့် အနောက်ချောင်းသည် ဆိပ်ကမ်းကောင်း၍ အများရေချိုးဆိပ် ဖြစ်နေကြခြင်းဖြစ်သည်။ မြောက်ချောင်းသည် ရွာနှင့်လည်း အလှမ်းဝေးသည်။ ချောင်းတစ်ဘက်တွင် တောကြီး၍ တောကောင်များ ရေသောက် ဆင်းတတ်သည်။ ရွာဘက်ကမ်းသည် မတ်စောက်၍ အဆင်းအတက် မကောင်းချေ။ တစ်နည်းအားဖြင့် အကွေ့ငယ်များ၊ ကျောက်ဆောင်ကြီးများရှိ၍ နှစ်ယောက်ချင်းလာသူများအတွက် လွတ်လပ်သည်။

မောင်ရွှေဝါသည် လူတွေ၊ အိမ်တွေကြားထဲတွင် နေရသည်ကို ငြီးငွေ့လှပြီဖြစ်၍ တောလမ်းခရီးသွားလာ၍သော် လည်းကောင်း၊ တစ်ယောက်ထဲ အေးအေးလူလူ ရေကူးလို၍သော် လည်းကောင်း ဤဘက်သို့ ထွက်ခဲ့ခြင်းဖြစ်သည်။ ယခုမူ မထုံးရီက သူနှင့်အတူ ရေချိုးမည်ဟု ဆိုနေသည်။ သူတို့သည် ရှက်ရမည့် လူများလည်း မဟုတ်ဟုဆိုသည်။ သို့ရာတွင် လင်မယားလည်း မဟုတ်၊ သမီးရည်းစား လည်းမဟုတ်၊ အကြောင်းအားလျော်စွာ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ဘူးသူတွေလည်း မဟုတ်ကြ။ ဒုက္ခပါပဲ။

"တို့များ ရေချိုးနေကြနေရာကို လူဦးနေပြီကော၊ ဘယ်သူတွေများလဲ နော"

ချောက်ကမ်းပါးစွန်းတွင် တင်ထားသောအဝတ်ပုံကို ကြည့်၍ မထုံးရီက ပြောလိုက်သည်။ ခေါင်းကိုငဲ့စောင်း၍ မျက်မှောင်ကိုလည်း မသိမသာကုတ်ထားသည်။

ဟုတ်ပေသည်။ သူတို့ရှေ့တည့်တည့်တွင် အမျိုးသမီးအဝတ်များ ပုံထားသည်ကိုတွေ့ကြရသည်။ ဤကား လူရှိသည်ဟူသော အမှတ်သင်္ကေတတည်း။ ဤတစ်ဝိုက်၌ ရေချိုးသူများသည် ကမ်းပါးထက်တွင် အဝတ်များ ချွတ်ထားခဲ့ပြီးမှ ချောက်ထဲသို့ ဆင်းကြသည်။ ကမ်းပါးသည် လူနှစ်ရပ်ခန့်နက်ပြီး ရေအိုင်ဖြစ်လုမတတ်ဝိုင်း၍ နေတတ်သဖြင့် လွတ်လွတ်လပ်လပ် ရေချိုးနိုင်သည်။ ရေအိုင်တစ်ခု အတွင်း တစ်ယောက်ထဲ ရေချိုးနေသည်ဖြစ်စေ၊ နှစ်ယောက်ချိုးနေသည် ဖြစ်စေ အနှောင့်အယှက်မပေးကြ။ သို့ရာတွင် မိမိနှင့် ခင်မင်ရင်းနှီးသူ ဖြစ်ပါက ကမ်းပါးထက်မှ နှုတ်ဆက်နိုင်သည်။ ရေချိုးနေသူက "ဒီမှာ

MMCYBERMEDIA
COMMUNITY FOR ALL

ချိုးလှည့်ပါလား" ဟုဖိတ်ခေါ်က သွားနိုင်သည်။ သို့မဟုတ် "တို့များ ရှက်တယ်ဟေ့" ဟုဆိုလာပါက ရှောင်ပေးရသည်။

"ဟိုဘက်ကွေ့ကို သွားရအောင်"

တော်တော်ခပ်လှမ်းလှမ်းတွင် ဖြစ်ပေါ်နေသောကွေ့တစ်ခုကို လက်ညှိုးထိုး၍ မထုံးရီကပြောသည်။ သူကဘာမှပြန်မပြောဘဲ သူမလက်ညှိုးညွှန်ရာသို့ ဦးတည်၍ လျှောက်သွားသည်။ သူတို့သည် တစ်ဦးတည်းရေချိုးနေသော အမျိုးသမီးကို အနှောင့်အယှက် မပေးလိုသော်လည်း လမ်းသည် ချောက်ကမ်းပါးစွန်းမှ ကပ်၍သွားရသဖြင့် အောက်ဘက်ရေအိုင်ကို မြင်ကြရသည်။

အောက်ဘက် ရေအိုင်တွင် ရေချိုးနေသူကား နန်းရင်ဖြစ်သည်။ မောင်ရွှေဝါက ချက်ချင်း မျက်နှာလွှဲလိုက်သည်။ ကောင်မလေး စောစောကတည်းက ပျောက်နေခြင်းမှာ ဤသို့ရောက်နေခြင်း ဖြစ်သည်။ သည်ကောင်မလေးကတော့ တွေ့သမျှလူကို မဟုတ်မဟတ်တွေ ပြောပေတော့မည်။ ကျောက်ဆောင်ထက်တွင် မတ်တပ်ရပ်၍ သူတို့ကို မော့ကြည့်နေသော နန်းရင်ကိုမြင်သောအခါ "ဟူး" ဟု မထုံးရီက ခပ်ရှည်ရှည် အသံပြုလိုက်သည်။ နန်းရင်က အလားတူ ပြု၍ အသံပြုသည်။ ပြီးမှ လက်တစ်ဘက်ကို မြှောက် ခြေဖျားထောက်ကာ...

"ခုတင်က ကျောက်ခဲနှင့်ပစ်တာ မမထုံးရီလား "

"နင့် အကိုရွှေဝါ လက်တည့်စမ်းတာပ"

နန်းရင်သည် တစ်ချက်ရယ်လိုက်ပြီးနောက် ရေထဲသို့ခုန်ချလိုက်သည်။

"သူတို့အိမ်သားတွေထဲမယ် တို့များကို ခင်တာ ညီမလေးနန်းရင် တစ်ယောက်ပဲ ရှိတယ်"

မထုံးရီက သူ့ကိုဘေးတိုက်ကြည့်ရင်းပြောသည်။

"အစ်ကိုရွှေနီ ရှိပါသေးတယ်"

မောင်ရွှေဝါက လွှတ်ကနဲ ပြောလိုက်သည်။

"သူကလူတစ်မျိုးပဲ"

"သူ့ကိုကျွန်တော်တွေ့ချင်နေတယ်"

"တို့များနှင့်ဆိုင်တာမှတ်လို့"

"တကယ်ပြောတာပါ"

"ခက်ပကော"

"ကျွန်တော်သူနှင့် စကားပြောစရာရှိတယ်။ အရေးကြီးတယ်။ မိုးကောင်းကပြန်လာကတည်းက သူနှင့်တစ်ခါမှမတွေ့ရသေးဘူး။ အိမ်ကို တစ်ခါနှစ်ခါပဲ လာတယ်ပြောတယ်။ ကျွန်တော်နှင့် မတွေ့ဘူး။ သူပြန်သွားမှ သိရတယ်။ ကျွန်တော်အခု သူနှင့်တွေ့မှဖြစ်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ကိုရွှေနီနှင့် တစ်ကယ်ကိစ္စရှိ၍ ပြောနေခြင်းဖြစ်ကြောင်း၊ သူ့ကိုထော့နေခြင်း မဟုတ်ကြောင်း သိရသောအခါ မထုံးရီက အသံကို နှိမ့်၍...

"တို့များလည်း သူမိုးကောင်းကပြန်လာကတည်းက တစ်ခါမှ ဟုတ္တိပတ္တိ မတွေ့ရသေးပါဘူး။ တစ်ခါနှစ်ခါ လမ်းမှာတွေ့လို့ နှုတ်ဆက်တာ မကြားချင်ယောင် ဆောင်သွားတယ်"

မောင်ရွှေဝါသည် ကြားရသည်ကို မယုံသည့်အနေဖြင့် မထုံးရီကို ဆတ်ကနဲကြည့်လိုက်သည်။ ဤရက်များအတွင်း ကိုရွှေနီပျောက်နေခြင်းသည် မထုံးရီထံ ရောက်နေခြင်းဖြစ်မည်ဟု သူက တပ်အပ်မှတ်ယူထားခဲ့သည်။ "ကိုရွှေနီ ဘယ်သွားနေသနည်း" ဟုအိမ်သားများကို မေးလျှင် "မသိ" ဟု ခပ်ပေါ့ပေါ့၊ ခပ်တိုတို ပြောကြသည်။ မထုံးရီအိမ်သို့ သွားသည်ကို မပြောလိုကြ၍ဘဲ ဖြစ်မည်ဟု သူထင်နေခဲ့သည်။ ယခုမူ မထုံးရီက သူမထံသို့ ကိုရွှေနီ မလာပါဟု ဆိုနေသည်။

"တစ်ကယ်လား"

"တို့များ ဘယ်တော့မှ မညာတတ်ဘူး"

မောင်ရွှေဝါက ခဏမျှ စဉ်းစားနေသည်။ သူတို့သည် အနိမ့်ထဲသို့ ဆင်းလာကြသည်။ သုံးလေးကြိမ်ခန့် ဆင်းချည်၊ တက်ချည် ပြုမှ ကွေ့သို့ ရောက်မည်ဖြစ်သည်။

"ဘာပြုလို့ မလာတာလဲ"

"ဘယ်သိမလဲ နော"

"မမထုံးရီနှင့် ဘာဖြစ်လို့လဲ"

"ဘယ်တုန်းကမှ ဘာမှ မဖြစ်ပါကလား"

"အရင်တုန်းက မထုံးရီဆီ သူလာပါတယ်"

"အင်း"

"တပေါင်းလတုန်းက ဘုရားပွဲသွားကြတယ်"

"အင်း"

"ပြန်တော့ ဘာဖြစ်ကြသလဲ"

"သူတို့အစ်ကိုက တစ်မျိုးပါကွယ်"

"ကျွန်တော်တို့အဝါက ဆူလို့လား"

"ဝေးသေးတယ်"

"အခုဘာဖြစ်လို့ မမထုံးရီဆီကို အကိုရွှေနီ မလာတာလဲ"

"သူတို့အစ်ကိုက ကြက်ကလေးလို့ ဘာမှ ဂရုစိုက်တဲ့လူ မဟုတ်ဘူးအေး"

ကိုရွှေနီ မည်သည့်နေရာကို စက်ကျနေသနည်းဟု သူ မစဉ်းစားတတ်အောင်ရှိသည်။ ကိုရွှေနီနှင့်မထုံးရီ အဘယ့်ကြောင့် အဆက်ပြတ်သွားသနည်း ဆိုသည်ကိုလည်း မတွေးတတ်အောင် ရှိသည်။ မည်သို့ပင်ဖြစ်စေ သူက ဤတစ်ရက်နှစ်ရက်အတွင်း ကိုရွှေနီကို တွေ့အောင်ရှာရမည်။

"ကျွန်တော်သူ့ကို တွေ့အောင်ရှာရမယ် "

"နင်တို့ညီအစ်ကို ဒီလောက်မချစ်ပါဘူးအေး"

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်တော်သူ့ကို ပြောစရာရှိတယ်"

"တို့များမသိရဘူးလားနော"

"ဆင်ဖမ်းထွက်မလို့ သူ့ကိုခေါ်မလို့"

"ကြက်တိုက်နေရင် ဘယ်လိုက်မလဲ"

"ကျွန်တော်က ဆင်ဖမ်းမထွက်လို့ မဖြစ်ဘူး"

"ဘာပြုလို့လဲ အေး"

"ကျွန်တော့်မှာ ကွမ်းဖိုးတင်ရမယ့် ကိစ္စရှိနေတယ်"

"ဟုတ်တယ်နော်။ သူ့အိမ်ထောင်ပြုတော့မှာပဲ"

အမျိုးသမီးက ကိုယ့်ဘာသာကိုယ်ပြောသလို တီးတိုးဆိုသည်။ မောင်ရွှေဝါက သူမအကဲကို ကြည့်နေသည်။ အမျိုးသမီးက သူ့ပခုံးကို ရုတ်တရက် ဖက်လိုက်သည်။ သူလန့်သွားသည်။

"သူ့ခြေထောက်က ကောင်းသေးတာမှ မဟုတ်ဘဲ။ ဆင်ဖမ်းထွက်လို့ ဖြစ်ပါ့မလား "

"ပျောက်ပါပြီ။ နောက်လေး၊ ငါးရက်ဆို ပြေးနိုင်လွှားနိုင် ခုန်နိုင်ပေါက်နိုင်ပြီ"

"သူလဲ သိသားပဲ။ ဆင်ဖမ်းရတာ အန္တရာယ်များတယ်။ အားရှိရမယ်။ လျင်ရမယ်ပ"

"ဖြစ်ပါတယ်"

"တစ်ခြားဟာ လုပ်ပါလား"

"ဆင်ရမှပဲ တွက်ရေးကိုက်မယ်။ နှစ်ကျော့ သုံးကျော့ ထွက်နိုင်ရင် ယာတစ်နှစ်လုပ်တာနှင့် အတူတူပဲပ"

"ကိုရွှေနီ လိုက်ပါ့မလား"

"ပြောရမှာပ"

"သူများကွမ်းဖိုးတင်ဖို့ သူလိုက်ပါ့မလား"

"ပြောရမှာပ"

"သူတို့အလုပ်က သေဘေးသိပ်များတယ်နော်"

"မတတ်နိုင်ဘူးပ"

"ကျုံးသွင်းပါလား"

"လူလိုတယ်၊ ငွေလိုတယ်"

"ဝေသာလီမှာ ကျင်းထောင်ပြီး ဖမ်းကြတယ်ဆို"

အမျိုးသမီးက ဆင်ဖမ်းသည့်အကြောင်းပြောနေသဖြင့် သူ့စိတ် အတော်ငြိမ်ရသည်။ သို့ရာတွင် အမျိုးသမီးက သူ့ပခုံးကို မလွှတ်ပဲရှိနေသဖြင့် လူလုံးခြင်းကပ်နေသည်။ သူက... ဆင်ဖမ်းသည့်အကြောင်းပဲ စကားဆက်သည်။

"ဆင်ဖမ်းတဲ့နည်းကတော့ အမျိုးမျိုးပဲပ။ ကျုံးလဲသွင်းကြတာပဲ။ ကျင်းလဲထောင်ကြတာပဲ။ ညွှတ်ကွင်းလဲဆင်ကြတာပဲ။ ဘိန်းကျွေးပြီးလဲ ဖမ်းကြတာပဲ။ သို့ပေမဲ့ ဆင်အုပ်ထဲဝင်ပြီး ကိုယ်လိုချင်တဲ့ အကောင်ရဲ့ဦးကင်းကို ကြိုးကွင်းပစ်ဖမ်းရတာကတော့ အသေချာဆုံးပဲ"

"သေဘေးနီးတယ်နော်။ အိမ်ဆင်နှင့် တောဆင် အရွယ်ချင်းမမျှရင် ခံရတာပဲ မဟုတ်လား။ မောက်ခမ်းဝါကတော့ အားကောင်းပါတယ်။ သို့ပေမဲ့ တောဆင်တွေက အုပ်နှင့်ပြန်လုတတ်တယ်

မဟုတ်လား။ နောက်ပြီးတော့ မအွတ်လုပ်မယ့်လူဟာ ဆင်ပြေးနေရင်းမှာ ခုန်ဆင်းနိုင်ရမယ်။ ခုန်တက်နိုင်ရမယ် မဟုတ်လား"

"နန်းခင်တောင် တက်နိုင်ဆင်းနိုင်ပါတယ်"

"သူက ပေါင်မှာ ဒဏ်ရာရထားတယ် မဟုတ်လား"

"ပျောက်ပါပြီ"

"အေး ကွမ်းဖိုးတင်ရမှာဆိုတော့ သေဘေးကို ဘယ်မှုတော့မလဲပ"

မောင်ရွှေဝါက ဘာမှပြန်မပြောတော့။ သူ့ပခုံးပေါ်က သူမလက်ကို အသာဖယ်ချလိုက်သည်။ သူဆင်ဖမ်းထွက်မည့် အကြောင်းကို သူ့အိမ်သို့ပင် မပြောရသေး။ ပြောလျှင် အိမ်ကလည်း စိုးရိမ်ကန့်ကွက်ချေမည်။ သို့ရာတွင် အရေးကြီးသည်က ကိုရွှေနီဖြစ်သည်။ ကိုရွှေနီက ဖမ်းတီ(ဆင်ဦးစီး) ဖြစ်သည်။ ကိုရွှေနီ မလိုက်လျှင် သူတစ်ယောက်တည်း ဖြစ်နိုင်သည့် အလုပ်မဟုတ်။ ဖမ်းတီကောင်း တစ်ယောက်ရာ၍ ရနိုင်ဖို့ကလည်း မလွယ်ချေ။ မည်သို့ပင် ဖြစ်စေ၊ ကိုရွှေနီကိုတော့ ပြော၍တော့ ကြည့်ရမည်။

မထုံးရီ ရုတ်တရက် ရပ်လိုက်သဖြင့် သူလည်းရပ်လိုက်သည်။ ကွေ့ကမ်းပါးထက်သို့ ရောက်နေကြပြီ ဖြစ်သည်။ သူက အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ ရေမှာကြည်နေသည်။ ယခုလို ချွေးလေးစို့စို့ အချိန်တွင် ဆင်း၍ ကူးလိုက်ရလျှင် အဘယ်မျှ အေးမြ လန်းဆန်းသွားမည်နည်း။

သူ့ကိုယ်ကို အမျိုးသမီး၏ လက်တစ်ဖက်က လာ၍ ထိမိသည်။ သူသည်ရေပြင်ကို ငေးကြည့်နေရာမှ သူမဘက်ကို လှည့်ကြည့်လိုက်သည်။ မထုံးရီသည် အဝတ်များချွတ်၍ ပြီးနေပြီဖြစ်သည်။

"တို့များက အအိုပါကွယ်"

မောင်ရွှေဝါသည် မျက်လုံးများကို စုံမှိတ်ထားလိုက်သည်။

သူမ၏ အသက်ရှူသံသည် ပို၍ကျယ်လောင်လာသည်။

ခက်တော့တာပဲ။

## အခန်း -၂၉-

မောင်ရွှေဝါ ထင်ထားခဲ့သည့် အတိုင်းပင် ဆင်ဖမ်းထွက်မည်ကို သူ့မိခင်က သဘောမတူပဲ ရှိသည်။ သူ့ဒဏ်ရာသည် ပျောက်ကင်းပြီ မှန်သော်လည်း တောဆင်ရိုင်း ကိုးဆယ်၊ တစ်ရာအုပ်ထဲသို့ ဝင်ရောက်စွန့်စားရန် မသင့်သေးဟု သူ့မိခင်က ယူဆသည်။ ယခုနှစ် လယ်တစ်တုံးထွန်လျော့ခဲ့၍ မောင်ရွှေဝါအတွက် ကွမ်းဖိုးတင်မပေးနိုင်သဖြင့် ဒေါ်စောရုံသည် စိတ်ကောင်းခြင်းမရှိ။ သို့ရာတွင်

MMCYBERMEDIA
COMMUNITY FOR ALL

ကွမ်းဖိုးအတွက် ဤမျှပူပန် ရှာဖွေနေစရာမလိုပဲလည်း ယူဆထားသည်။ မင်္ဂလာကြေးအတွက် မောက်ခမ်းဝါနှင့် တောလိုက်စရာ မလိုသေးချေ။

သတ်မှတ်ထားသော ကွမ်းဖိုးကို အလီလီ ခွဲစိတ်၍ ပေးနိုင်သည်။ သုံးစုလေးစုပြု၍ တစ်နှစ်တစ်စု ပေးသွားလျှင် ဖြစ်သည်။ တစ်စုပေးပြီးလျှင် အိမ်ထောင်ငယ်ပြုနိုင်ပေသည်။ သာ၍ပင် ကောင်းသေးသည်။ ရွာသို့ခေါ်လာပြီး မိန်းကလေး၏ အကဲကို ကြည့်ရသည်။ လိမ္မာရေးခြားမရှိလျှင် ကိုယ်ဖိုးလျော်၍ သူ့မိဘများထံ ပြန်အပ်မည်။ မျက်နှာလွှဲရသူဖြစ်လျှင် နောက်နှစ်များတွင် ကွမ်းဖိုးအပြည့်တင်ပြီး အိမ်ထောင်ကြီးပြုရုံပဲ ရှိသည်။ ပထမအရစ် ကွမ်းဖိုးလောက်တော့ သူမတွင် မြှုပ်နှံထားသည်များရှိသည်။ သူမ၏ မောင်ကြီး ဦးခမ်းဝါကလည်း ဤမျှလောက်တော့ အကူအညီ ပေးနိုင်ပါလိမ့်မည်။

သို့ရာတွင် မောင်ရွှေဝါသည် ကွမ်းဖိုးကို အလီလီ ခွဲမပေးလိုချေ။ အပြီးအပြတ်တင်၍ တစ်ကြိမ်တစ်ခါတည်းပင် သတ်သတ်မှတ်မှတ် အိမ်ထောင်ပြုလိုခြင်း ရှိသည်။ ထို့ပြင် သူ့ကို မစွမ်းမသန် တစ်ဦးသဖွယ် ယူဆပြီး ဆင်ဖမ်းထွက်ရန် မသင့်ဟု ပြောဆိုနေခြင်းကို နည်းနည်းမျှ မခံနိုင်ချေ။

ဦးနွဲ့မွန်ကမူ နည်းနည်းမျှဝင်ရောက်ပြောဆိုခြင်း မပြု။ ရှေ့လထဲတွင် နေပြည်တော်မှ အညာမြစ်စဉ် ခရိုင်ဝန်ရောက်လာရန်ရှိသည် ဆို၍ မိုးကောင်းသို့ သွားရန်ပြင်ဆင်နေသည်။ မကြာမီအတွင်း သူ့အား ကိုးရွာအုပ်အဖြစ် ချီးမြှင့်ခန့်ထားမည်ဟု ရွာထဲတွင် လိုက်လံပြောဆိုနေသည်။ ကိုးရွာအုပ်မှတဆင့် မိုးကောင်းမြို့စာရေး ဖြစ်လာရန်လည်း ဦးနွဲ့မွန် တစ်ယောက်တည်း ကျိတ်၍ စိတ်ကူးမျှော်လင့်နေသည်။ ဤအကြောင်းကို ရိပ်စားမိသော ဒေါ်စောရုံကမူ သဘောကျခြင်းမရှိချေ။ ခင်ပွန်းသည်အား ရွာသူကြီးအလုပ်ကိုပင် မလုပ်စေချင်သူဖြစ်သည်။ ကိုးရွာအုပ်၊ ဆယ်ရွာအုပ် စသည်ဖြင့် ဖြစ်လာမည်ကိုလည်း မလိုလားချေ။ သူမသည် မင်းခစားအဖြစ်ကို မုန်းတီးသည်။ အမှန်တော့ သူမသည် စော်ဘွားအနွယ်ဝင်တစ်ဦး ဖြစ်သည်။ သူမ၏ အဘိုးနှင့် အဖေသည် ဟော်နန်းအရေးနှင့် သေခဲ့ရသူများ ဖြစ်သည်။ သူမ၏ အမေသည် ဟော်ကို စိတ်နာသည်။ နန်းကို စိတ်နာသည်။ မင်းခစား အဖြစ်ကို ရွံမုန်းသည်။ သို့ဖြင့် သားကို ကုန်သည်ပွဲစား ဖြစ်စေခဲ့သည်။ သမီးကို ကျေးတောသား လယ်သမားတစ်ဦးနှင့် အိမ်ထောင်ချခဲ့သည်။ ယခုမူ ကျေးတောသားသည် မင်းခစားအဖြစ်ကို ရွာသူကြီးအဖြစ်မှ အစပြုနေချေပြီ။

ဒေါ်စောရုံသည် ခင်ပွန်းသည်အပေါ် အားထားစိတ်များ လျော့ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဦးနွဲ့မွန်သည် ထက်မြက်သူတစ်ဦး မဟုတ်ချေ။ ဇောက်ချတတ်သူတစ်ဦး မဟုတ်ချေ။ လယ်ယာနှင့် တောလိုက်လုပ်ငန်းတို့ကို ဖြစ်ဖြစ်မြောက်မြောက် လုပ်ခဲ့ဖူးသည်မရှိ။ ရောရော ရောရောဖြင့် အချိန်များ ကုန်လွန်ခဲ့သူ တစ်ဦးဖြစ်သည်။ သို့ရာတွင် ဒေါ်စောရုံသည် ခင်ပွန်းသည်အပေါ် သစ္စာမပျက်ခဲ့။ ဝတ္တရားမပျက်ခဲ့။ အရိုအသေ မပျက်ခဲ့။ သည်သို့ဖြစ်မှတော့ သည်သို့သာ ရှိရမည်ဟု ပိုင်းဖြတ်ထားပုံရသည်။ သို့တည်းမဟုတ် ဖြစ်လာသည်ကို ဖြစ်သည့်နည်းနှင့် ရင်ဆိုင်တော့မည်ဟူသော သဘောမျိုးဖြစ်သည်။

သို့တစေလည်း ဒီတစ်ခုတွင် နှစ်သိမ့်မှုမရှိလျှင် နောက်တစ်ခုတွင် နှစ်သိမ့်မှုရှာတတ်သော လူတို့၏ စရိုက်သဘာဝအတိုင်း ဒေါ်စောရုံသည် ခင်ပွန်းသည်ပေါ် အားမရသောအခါ သားများ၊ သမီးများပေါ် အားထား၍ ကြည့်လာသည်။ သည်တွင်လည်း သားအကြီးသည် အားကိုးရမည့်ပုံဟန် မရှိ။ မင်းခစားလုပ်မည့်သူ မဟုတ်သော်လည်း အလုပ်တစ်ခုကို တည်တည်တံ့တံ့ လုပ်ချင်သူမဟုတ်။

MMCYBERMEDIA
COMMUNITY FOR ALL

ကျမိကျရာနေတတ်သူ ဖြစ်သည်။ အရက်နှင့် ကြက်ကို မက်မောလွန်းသည်။ အငယ်နှစ်ယောက်မှာ မိန်းကလေးများဖြစ်ကြသည်။ အကြီးမက ကြမ်းကြမ်းတမ်းတမ်း ရှိသည်။ အငယ်မက လှချင်နချင်သည်။ သို့ဖြင့် မောင်ရွှေဝါ တစ်ယောက်ပဲရှိသည်။ မောင်ရွှေဝါသည် အဘိုးဖြစ်သူနှင့် တူသည်ဟု သူမယူဆသည်။ သို့ရာတွင် သားငယ်သည် တစ်လောက နေပြည်တော်သို့ သွားရောက်၍ အမှုတော်ထမ်းမည် ဆိုသောအခါ သူမ သောကရောက်ခဲ့ရသည်။ သို့သော် သားငယ်သည် ကွမ်းဖိုးတင်ရန်ကိစ္စကို သယ်ဆောင်၍ ပြန်လာသောအခါ သူမရင်ထဲက အလုံးတစ်ခုကျရသည်။ အရေးတော်ပုံတွင် တစ်မိုးတွင်း ပါဝင်ခဲ့ရသည်ကိုကား ပူပန်ရသော်လည်း တားမြစ်ရန် မဖြစ်နိုင်ခဲ့ချေ။ မြို့၊ ရွာနယ်ပယ်၏ သေရေး၊ ရှင်ရေး ဖြစ်ချေသည်။ ဤပွဲတွင် သားနှစ်ယောက်သည် ထင်ရှားခဲ့ပေပြီ။ သားငယ်၏ ဒဏ်ရာသည်လည်း ပျောက်ကင်းခဲ့ချေပြီ။ သို့ရာတွင် ဆင်ပဲ့ချိတ် လုပ်ရန်ကား မသင့်သေးဟု သူမက စွဲမြဲလျက်ရှိသည်။ သို့ရာတွင် သားငယ်သည် တစ်ခါတစ်ခါ ခေါင်းမာတတ်သည်။ မိခင်ဖြစ်သူက မသင့်လျော်ကြောင်း၊ စိုးရိမ်ပူပန်ကြောင်း၊ တားမြစ်ကြောင်း ပြောနေသည့်ကြားမှပင် မောင်ရွှေဝါက ဆင်ဖမ်းထွက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်။ ကိုရွှေနီကို လိုက်လံရှာဖွေနေသည်။ သို့ရာတွင် ကိုရွှေနီသည် လေတိုက်သည်ကဲ့သို့ ရွှေ့လျားနေဖြင့် မတွေ့နိုင်ပဲရှိနေသည်။ ရှိသည်ဟု သတင်းကြားသည့်နေရာသို့ လိုက်လျှင် ယခုပင်ထွက်သွားပြီဟူသော အဖြေကိုကြားရသည်။

ဤတွင်နန်းခင်ကလည်း တစ်မှောင့်၊ ကိုရွှေနီကို မတွေ့လျှင် သူမကိုခေါ်ရန် ပူဆာနေသည်။ မောင်ရွှေဝါက ဆင်ဦးစီးပြုလုပ်ပြီး သူမက ဆင်ပဲ့ချိတ်လုပ်မည်ဟု ဆိုနေသည်။ နန်းခင်သည် အရေးတော်ပုံကာလကလည်း မောက်ခမ်းဝါနှင့် စစ်တစ်ပြင်ပြင် ရှိခဲ့သည်။ သို့ရာတွင် တစ်ပွဲတစ်လမ်းမျှ မကြုံလိုက်ရ။ ဟော်ဆိုင်းဦးရွှေလယ်တို့ကို လိုက်လံတိုက်ခိုက်သော ဘုရင့်တပ်များ ကြိုးကြာနယ်သို့ ကျွံဝင်လာပြီဆိုသဖြင့် ခါးစည်းကြိုးကို တင်းခဲ့သည်။ သို့ရာတွင် ကိုရွှေနီတို့ ကြို၍တိုက်သည်နှင့်ပင် ကိစ္စပြတ်သွားသည်။ သို့ဖြင့် သူမ ဆန္ဒတစ်ငုံငုံ ရှိခဲ့ရာမှ ယခုမောင်ရွှေဝါက ဆင်ဖမ်းထွက်မည် ဆိုသောအခါ ကိုရွှေနီကိုရှာ၍ မတွေ့လျှင် သူမကိုခေါ်ရန်ပြောတော့သည်။

နန်းခင်ကို ခေါ်သွားလျှင် ဖြစ်နိုင်ကြောင်း မောင်ရွှေဝါ သိသည်။ နန်းခင်သည် သာမန်ယောကျာ်းတစ်ဦးထက် အားကိုးရသည်။ သို့ရာတွင် နန်းခင်တွင် အလုပ်တွေ ရှိသေးသည်။ စပါးမှည့်ပြီး ဖြစ်သည်။ ရိတ်သိမ်းကြရဦးမည်။ သည်အလုပ်ကို နန်းခင်လုပ်မှဖြစ်မည်။ သူ့ဖခင်က ကိုယ်ထိလက်ရောက် ဘာမျှဝင်လုပ်မည့်သူ မဟုတ်။ နန်းရင်ကလည်း ခိုင်းနိုင်မှရမည့်သူ ဖြစ်သည်။ သည်ရက်များအတွင်း နန်းရင် သူ့ကိုရှောင်နေသည်။ နန်းရင်နှင့်တွေ့လျှင် တစ်နေ့ကအကြောင်းကို ပိတ်ချင်သည်။ သို့ရာတွင် နန်းရင်က သူနှင့် အဆုံမပြုပဲရှိသည်။ ပထမတော့ သူစိတ်ဆိုးသည်။ နောက်တော့သူ နားလည်သွားသည်။ နန်းရင်သည် ထိုနေ့က ယောကျာ်းလေးတစ်ယောက်ကို စောင့်နေခဲ့ခြင်း ဖြစ်သည်။ ဒါကိုသူက ဆူမယ်စိုး၍ မတွေ့ရဲခြင်း ဖြစ်သည်။ ကောင်မလေးသည် ဒီနေ့ထိ မထုံးရီနှင့် သူတွေ့ခဲ့သည့်အကြောင်းကို မည်သူ့ကိုမျှပြောရသေးဟန် မတူချေ။ မည်သူကမျှ ဤအကြောင်းကို သူ့အား မမေးသေးချေ။ သို့ဖြင့် သူက နန်းရင်ကို အသာထားလိုက်သည်။ ကိုရွှေနီကိုပင် အသဲအမဲရှာသည်။ ကိုရွှေနီသည် ယခုတလော ရွာသို့ပင်ပြန်မလာဘဲ ရှိသည်။ အခြားရွာများသို့လှည့်၍ ကြက်ပွဲခင်းနေခြင်း ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

တစ်ရက်စောစော၌ ဦးနောင်ရှမ်းကို ရွာအပြင်တွင် တွေ့သည်။ ညက မူးထားသည်မှာ ယခုထိ မပြေသေးဘဲ ရှိဟန်တူသည်။ သို့မဟုတ် တစ်ညလုံး သောက်ခဲ့ခြင်းလည်း ဖြစ်မည်။ သူ့လက်ထဲတွင် ကြက်ဖြူကြီးတစ်ကောင်ရှိသည်။ ဦးနောင်ရှမ်းသည် မောင်ရွှေဝါကို မြင်သောအခါ အူလျားဖားလျား အမူအယာဖြင့် လှမ်းခေါ်သည်။

"ဟေ့ မောင်ရွှေဝါရဲ့ လာပါကွယ့်"

မောင်ရွှေဝါကလည်း ဦးနောင်ရှမ်းကို တွေ့ချင်နေသည်။ သည်အဘိုးကြီးကို တွေ့ခြင်းသည် သူ့အစ်ကို၏ ကိုယ်တစ်ပိုင်းကို တွေ့ခြင်းပင်ဖြစ်သည်။ သူသည် ကိုရွှေနီကို ရှာ၍ မတွေ့ခဲ့သလို သည်အဘိုးကြီးကိုလည်း ရှာ၍မတွေ့ခဲ့ချေ။ သို့ရာတွင် ဦးနောင်ရှမ်းကို ရှာသည်ဆိုရာ၌ ရွာထဲတွင်သာ ရှာခြင်းဖြစ်ပြီး ရွာထဲတွင် နေမနေ၊ ရှိမရှိ ကြည့်ခြင်းသာဖြစ်၍ သူ့အိမ်သို့ကား သွားမရှာခဲ့ချေ။ မထုံးရီနှင့် တွေ့နေမည် စိုးသောကြောင့်ပင်။

"ဆရာကြီး ဘယ်သွားမလို့လဲ"

မောင်ရွှေဝါက ဦးနောင်ရှမ်း ရှိရာသို့ လျှောက်သွားရင်း မေးလိုက်သည်။

"အေး တို့များ ကနေ့ ရွာပေါင်းစုံ ကြက်ပွဲကြီး ရှိသပ"

ထိုသတင်းကို ကြားသောအခါ မောင်ရွှေဝါ ဝမ်းသာသွားသည်။

"ဘယ်မှာလုပ်မှာလဲ"
"ချောင်းလေးခွ မှာ"

ချောင်းလေးခွဆိုသည်မှာ ရွာမဟုတ်ချေ။ သို့သော် တံငါတဲ လေးငါးလုံး ရှိသည်။ ချောင်းကြီးနှစ်ခု တစ်ခုကိုတစ်ခု ဖြတ်သွားသည့်နေရာ ဖြစ်သည်။ တစ်ခုသည် အရှေ့တောင်ဘက်မှ စီးလာသော ချောင်းဖြစ်သည်။ ထိုချောင်းကို နာမည်နှစ်မျိုးခေါ်ကြသည်။ ချောင်းလေးခွ၏ တောင်ဘက်ကို အထက်ကြိုးကြာချောင်း၊ မြောက်ဘက်ကို အောက်ကြိုးကြာချောင်း။ အခြားချောင်းတစ်ခုမှာ အနောက်မှအရှေ့သို့ စီးသောချောင်းဖြစ်သည်။ ထိုချောင်းသည် ချောင်းလေးခွကို လွန်သောအခါ အရှေ့တောင်ဘက်သို့ ချိုး၍ အင်းတော်ကြီးထဲသို့ ဝင်သည်။ ယင်းချောင်းကို အင်းဝင်ချောင်းဟု ခေါ်သည်။ ချောင်းလေးခွ၏ အနောက်ဘက်ကို အထက်အင်းဝင်ချောင်း၊ အရှေ့ဘက်ကို အောက်အင်းဝင်ချောင်း။ ကြိုးကြာချောင်းနှင့် အင်းဝင်ချောင်းတို့သည် ညောင်ပင်ကြီး အနီးတွင် ပေါင်းဆုံမိကြသည်။ ထို့နောက် ရေအိုင်ကြီးတစ်ခုလို ရေပြင်ကျယ်ကြီး တစ်ခုဖြစ်နေသည်။ ပြီးမှ ချောင်းနှစ်ပေါက်ဖြစ်ကာ တစ်ပေါက်က အောက်ကြိုးကြာချောင်းအဖြစ် တောင်ဘက်ကို လည်းကောင်း၊ တစ်ပေါက်က အင်းဝင်ချောင်းအဖြစ် အရှေ့ဘက်သို့ လည်းကောင်း စီးဆင်းသွားသည်။ ယင်းကြောင့် ထိုနေရာကို ချောင်းလေးခွဟု ခေါ်ခြင်းဖြစ်သည်။ ချောင်းလေးခွအိုင်ဟုလည်း ခေါ်ကြသည်။ ထို့ပြင် အခြားသော ချောင်းငယ်၊ မြောင်းငယ်များမှလည်း အရပ်ရှစ်မျက်နှာမှ စီးလာကြပြီး ချောင်းကြီးလေးခုသို့ လည်းကောင်း၊ အလယ်အိုင်ကြီး အတွင်းသို့လည်းကောင်း စီးဝင်ကြသည်။ ဤဒေသသည် တောင်ကုန်း၊

MMCYBERMEDIA
COMMUNITY FOR ALL

တောင်တန်းများထူထပ်ရာဖြစ်၍ မြောင်းငယ်ချောင်းငယ် တို့သည် အရပ်ရှစ်မျက်နှာ မြေနိမ့်ရာသို့ စီးချင်သလို စီးကြသည်။ တစ်ချို့ ချောင်းနှစ်ခုသည် တစ်ခုနှင့် တစ်ခုလှမ်း၍ မြင်နေရသော်လည်း တစ်ချောင်းက မြောက်ဘက်သို့စီး၍ တစ်ချောင်းက တောင်ဘက်သို့ စီးတတ်သည်။ အနီးအနားရွာများက လူများက ရေအိုင်ကြီးသို့လာ၍ တံငါလုပ်ကြသည်။ ကြိုးကြာရွာမှ ဦးချွန်း၏ တဲရှိသည်။ ဦးချွန်း၏ လှေျှာဆည်သည် အထက်အင်းဝင်ချောင်းကို ခတ်ထားခြင်းဖြစ်သည်။ ချောင်းလေးခွသို့ အရွာရွာမှ ငါးဝယ်လာကြသည်။ အရက်သမားများသည် ချောင်းလေးခွသို့လာကာ ငါးတောင်း၍ စားကြသောက်ကြသည်။ ရံဖန်ရံခါတွင် ကြက်ပွဲများ၊ နွားပွဲများ ဖြစ်သည်။ ယနေ့ချောင်းလေးခွတွင် ရွာပေါင်းစုံ ကြက်ပွဲကြီး ရှိသည်ဟု ဦးနောင်ရှမ်းထံမှ သတင်းရခြင်းသည် မောင်ရွှေဝါအဖို့ ရလဒ်ကြီးတစ်ခုပင်ဖြစ်သည်။ သူက လယ်တောသို့သွားရန် ထွက်အလာတွင် ယခုကဲ့သို့ရွာအပြင်စပ်၌ ဦးနောင်ရှမ်းနှင့် တွေ့ရခြင်းဖြစ်သည်။ ယခုအတိုင်းဆိုလျှင် လယ်တောသို့ သူမသွားနိုင်တော့။

"မောင်ရွှေဝါ လိုက်မလားကွယ့်"

ဦးနောင်ရှမ်းကား နူတ်ခမ်းမွှေးတွင် စည်၍ တင်နေသော ကွမ်းစက်များကို သုတ်ပစ်ရင်း မေးသည်။

"အစ်ကိုရွှေနီလည်း ရှိမှာပ"

"သူမရှိလို့ ဖြစ်ပါ့မလားကွယ်။ သူက ကြက်ဘုရင်ပဲ။ တို့များ သွားကြစို့။ လိုက်မယ် မဟုတ်လား"

ဦးနောင်ရှမ်းက လောဆော်နေသည်။ မောင်ရွှေဝါက ဆုတ်ဆိုင်းဆိုင်း အမူအယာ ရှိနေသည်။ သူ့ကိုယ်ကို ဘယ်ညာငုံ့ကြည့်နေသည်။

"ကျွန်တော် အိမ်ပြန်လိုက်ဦးမယ်"

"ဘာလုပ်မလို့လဲကွယ့်"

"မြင်းယူလိုက်ဦးမယ်"

"တို့များ ခြေလျင် သွားကြတာပ"

"ဓားလဲ မပါဘူး"

"မောင်ရွှေဝါတို့ ညီအစ်ကိုကို ဘယ်သူမှ မစော်ကားရဲပါဘူး"

သို့ဖြင့် မောင်ရွှေဝါသည် ဦးနောင်ရှမ်းနှင့် တစ်ခါတည်း ပါသွားသည်။ သူတို့သည် စပါးတောများကြားတွင် ကွေ့ကောက်၍ သွားနေကြသည်။ အချို့လယ်များ သိမ်းစပြုနေကြပြီဖြစ်သည်။ လမ်းတွင်တွေ့သူများက မောင်ရွှေဝါ၏ ကျန်းမာရေးကို မေးကြသည်။

"ငါနှင့် ကုရင် မင်းဒဏ်ရာ ဒီလောက်မကြာဘူး။ ပျောက်တယ်"

ဦးနောင်ရှမ်းက ယင်းသို့ပြောသောအခါ မောင်ရွှေဝါ စိတ်မကောင်းပါ။

"အိပ်ယာထဲက မထနိုင်တဲ့အခါဆိုတော့ အဝါရဲ့သဘောပဲပ"

"အေးလေ ငါ့သမီးကလည်း မင်းအဖေနှင့် ရန်သွားဖြစ်ကြတာကိုး"

MMCYBERMEDIA
COMMUNITY FOR ALL

ဦးနောင်ရှမ်းက ညည်းညည်းညူညူ ပြောလိုက်သည်။ ထို့နောက် တောက်တစ်ချက်ခေါက်၍...

"ဒီကောင်မလေးကိုလည်း ငါ သတ်ပစ်လိုက်ဖို့ကောင်းတယ်"

မောင်ရွှေဝါသည် အထိတ်တလန့်ဖြစ်သွားသည်။ ဦးနောင်ရှမ်းသည် မိုးကုပ်စက်ဝိုင်းထဲသို့ ငေးကြည့်နေသည်။ အနားတွင် သူရှိနေမှန်းကို မသိတော့ သကဲ့သို့ဖြစ်သည်။ သူ့စကားသည် အရိပ်နိမိတ်မလွတ်ချေ။ အခြားလူတွေကို သတ်ခဲ့ပြီး မထုံးရီကျမှ ချန်ထားခဲ့မိသည့် သဘောမျိုးဖြစ်သည်။ မောင်ရွှေဝါကမေးချင်သည်။ သို့သော် မေးရန်မသင့်ချေ။

သူတို့နှစ်ယောက်သည် လယ်လေးငါးကွက် လွန်သည်အထိ စကားမပြောဖြစ်ကြချေ။ မောင်ရွှေဝါသည် မည်သည့်စကားစပြောရမည် မသိသဖြင့် ဦးနောင်ရှမ်း စ၍ပြောမည်ကို စောင့်နေသည်။ ယခုမှ တန်ဆောင်မုန်း ကုန်ရုံရှိသေးသည်။ နတ်တော်၊ ပြာသိုကဲ့သို့ချမ်းနေသည်။ သို့ရာတွင် ယနေ့နံနက် နှင်းပါးသည်။ နေရောင်ဖြူဝါဝါကို မြင်ရသည်။ လေကလည်းငြိမ်နေသည်။ မကြာမီတွင် သူတို့သည် လှည်းလမ်းကို ရောက်ရှိသွားကြသည်။

"အစ်ကိုရွှေနီကို ကျွန်တော်လိုက်ရှာနေတာ ငါးရက်ရှိပြီ"

နောက်ဆုံးတွင် ဦးနောင်ရှမ်းက စကားမစနိုင်သဖြင့် မောင်ရွှေဝါကပင် စလိုက်သည်။ အဘိုးကြီးသည် စကားမပြန်ပေ။ သူ့ကို တစ်ချက်လှည့်ကြည့်ပြီး လမ်းကိုသာ သတိထား၍ လျှောက်နေသည်။ နှင်းချောနေသဖြင့် လဲနိုင်သည်။ သူလျှောက်ပုံကလည်း ခပ်ယိုင်ယိုင် ဖြစ်သည်။ မောင်ရွှေဝါက စကားမဆက်တော့။

နှင်းစင်စင်ပျောက်ချိန်တွင် ချောင်းလေးခွသို့ သူတို့ရောက်သွားကြသည်။ သူတို့အရင် ရောက်နေသူများလည်း ရှိသည်။ သို့သော် ကြက်ပွဲကားမစသေးချေ။ ကိုရွှေနီကို ဦးချွန်း၏တဲတွင် တွေ့ရသည်။ သူနှင့် အဖော်နှစ်ဦးသည် ခေါင်းရည်မော့နေကြသည်။ သူတို့အလယ်တွင် ငါးသိုင်းမီးအုံတစ်ကောင် ရှိသည်။ ငါးသိုင်းကို အကောင်လိုက် ဗိုက်ခွဲ၍ အင်ဖက်ဖြင့် ထုပ်ကာပြာပူတွင် မီးအုံးထားခြင်းဖြစ်သည်။

ကိုရွှေနီသည် မောင်ရွှေဝါကို မြင်သောအခါ မည်သို့သော ထူးခြားမှုကိုမျှ မပြ။ သို့ရာတွင် မောင်ရွှေဝါနှင့် ဦးနောင်ရှမ်းတို့ ဝင်ထိုင်နိုင်ရန် ကိုရွှေနီနှင့် အဖော်နှစ်ဦးက ဝိုင်းချဲ့ပေးကြသည်။ ဦးချွန်း၏သား ကိုလူကြီးသည် သူတို့နှင့် မလှမ်းမကမ်းတွင်ထိုင်၍ ဆေးတံသောက်နေသည်။

"ကိုရွှေနီကို ကျွန်တော်လိုက်ရှာတာ ငါးရက်ရှိပြီ"

မောင်ရွှေဝါက စောစောက ဦးနောင်ရှမ်းကို ပြောသည့်အတိုင်း ခရီးရောက်မဆိုက် ပြောလိုက်သည်။

ကိုရွှေနီသည် ငါးသိုင်းကိုဖဲ့နေရာမှ ညီဖြစ်သူကို မျက်လုံးလှန်ကြည့်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်တော်တို့ ဆင်ဖမ်းထွက်ရအောင်လေ"

"အင်း"

"နှစ်ကောင် သုံးကောင် ရမှဖြစ်မယ်"

"အင်း"

"ကျွန်တော်ကွမ်းဖိုး တင်ရမယ်"

ထိုအခါ ကိုရွှေနီက ခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်သည်။ ဦးနောင်ရှမ်းတို့သည် ညီအစ်ကိုနှစ်ဦး၏ အမူအယာကို အကဲခတ်နေကြသည်။

"အစ်ကို ရွှေနီ လိုက်မယ် မဟုတ်လား"

မောင်ရွှေဝါက လိုရင်းကို မေးလိုက်သည်။ သူ့အသံက အနည်းငယ်မောနေသည်။ အစ်ကိုဖြစ်သူ၏ အေးတိအေးစက် အမူအယာကို အားမရဖြစ်နေသည်။ ကိုရွှေနီ မည်သို့အဖြေပြုမည်နည်းဟု ဝိုင်းရှိလူများက အားလုံးအာရုံစိုက်နေကြသည်။ ကိုရွှေနီက မီးအုံးနာသဖြင့် အိနေသော ငါးသိုင်းသားကို ဝါးမြုံရင်း…

"လိုက်တာပ"

## အခန်း -၃၀-

ဘုံဘေဘားမားကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း သစ်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိရာ သစ်ဆွဲဆင်များ အထူးလိုအပ်လျက်ရှိတော့သည်။ ဆင်ဈေးများ တစ်နှစ်ထက်တစ်နှစ် တက်လာသည်။

ဆင်ဖမ်းသူများ ဝင်ငွေကောင်းလျက်ရှိ၏။

ကိုရွှေနီထံမှ ဆင်ဖမ်းလိုက်မည်ဟူသော စကားရသည်တွင် မောင်ရွှေဝါလည်း ချောင်းလေးခွတွင် အချိန်မဖြုန်းတော့ပဲ ပြန်လာခဲ့တော့သည်။ ဦးနောင်ရှမ်း ကျန်ရစ်သည်ဖြစ်၍ တစ်ယောက်တည်း ဖြစ်သည်။ ဆင်ကန်ရွာမှလူများ ဆင်ပေါက်တစ်ကောင် မိလာသည်ဆို၍ ဝင်ကြည့်သည်။

"ရှော့ပိုင် မောင်ရယ် ရှော့ပိုင်" ဟူသောအသံများကို ဆင်ကန် အနောက်တောအနီးသို့ ရောက်လျှင်ပင် ကြားရသည်။ ဤအသံများကို ကြားရသောအခါ မောင်ရွှေဝါသည် နေမထိထိုင်မသာ ဖြစ်မိသည်။ သူတို့က ယခုမှ ဆင်ဖမ်းထွက်ရန် စီစဉ်ဆဲဖြစ်သည်။ သူများတွေ ဆင်မိလာပြီး ညှပ်သွင်း၍ ကျင့်နေကြပြီဖြစ်သည်။ အကယ်၍သာ ဟိုနေ့က မထုံးရီနှင့် တွေ့မည့်အစား ကိုရွှေနီနှင့်သာ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့မိခဲ့လျှင် ယခုဆို သူတို့လည်း တောဝင်နေပြီဖြစ်သည်။ ဆင်ကျင့်ရန် စခန်းမကြီးသို့ ပြန်လာရပြီဖြစ်သည်။ ယခုမှသူများတွေ ဆင်ကျင့်နေသည်ကို ကြည့်၍ မရိုးမရွ ဖြစ်နေရသည်။

ဆင်ကျင့်နေသူများသည် သူနှင့် သိကျွမ်း ခင်မင်နေသူများဖြစ်သဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။ မောင်ရွှေဝါက ညှပ်သွင်းထားသော ဆင်ပေါက်အနီးသို့သွားပြီး ချစ်ခုံကို လက်ဖြင့် ပွတ်သပ်လိုက်သည်။

လူလေးငါးယောက်သည် "ရှော့ပိုင် မောင်ရယ် ရှော့ပိုင်" ဟုသံပြိုင်ဟစ်ကြွေးလျက် လေး၊ လက်၊ ပျားစွဲ၊ ပေါင်ထိပ်၊ ချစ်ခုံ၊ မြီးပတ်၊ မြီးထူး၊ ကုန်း၊ မင်းထိုင်၊ နားရွက်လိပ်၊ ကျောက်ပျဉ်၊ ချွန်းဆက်၊ ဘယက်ဆွဲ၊ စသည်ဖြင့် ဆင်တစ်ကိုယ်လုံးတွင် မထိရမကိုင်ရသော နေရာလပ်မရှိရအောင် လက်ဖြင့် ပွတ်သပ်လျက်ရှိကြသည်။

အိမ်ဆင်ကြီးသည် ဘေးမှ ကင်းစောင့်ပေးနေသည်။ တစ်ဦးက ငှက်ပျောသီးများကို တစ်လုံးချင်း ကျွေးနေသည်။ မောင်ရွှေဝါ၏ စိတ်သည် အလိုလို ပေါ့ပါးဖျတ်လတ်လာသည်။ မိမိကိုယ်တိုင် ဖမ်းမိလာသော ဆင်ရိုင်းတစ်ကောင်ဟု စိတ်တွင် ထင်မြင်မိတော့သည်။

"ဘယ်နေ့က ညှပ်သွင်းတာလဲ"

"တစ်နေ့က"

"ကြိုးလျှော့၊ ကြိုးတင်း လုပ်ဖို့ကောင်းပြီ"

"မနက်ဖြန်မှ ကြိုးလျှော့မယ်။ ကနေ့မနက်မို့ တော်တော်ခံနေတာ။ မနေ့ညကဆိုရင် နာမောင်းဟာ နွားမြီးခတ်သလိုပဲ"

မောင်ရွှေဝါက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ သူနှင့် ကိုရွှေနီဆိုလျှင် ဆင်တစ်ကောင်ကို ညှပ်ထဲတွင် အလွန်ဆုံး ငါးရက်ပဲထားသည်။ ရှေ့ထူး၊ နောက်ထူးခတ်၍ စားကျက်ချသည်။ ပြန်ကောက်သည်။ သို့ရာတွင် အန္တရာယ်တော့ ပိုများသည်။ များသောအားဖြင့် ဆင်တစ်ကောင်ကို ဖမ်းမိလျှင် နှစ်ရက်လောက် အစာငတ်၊ ရေငတ် ချည်ထားကြသည်။ အကောင်အထည်ကြီးမား၍ ရိုင်းစိုင်းသော ဆင်ရိုင်းကြီးသည် သိသိသာသာ စိတ်ဓာတ်ကျဆင်းသွားသည်။ လူကိုမြင်လျှင် လန့်ဖြန့်ခြင်း၊ ရန်မူလိုခြင်း မရှိတော့သည့် အခါမှ ငှက်ပျောဖက်တွင် ဆန်အနည်းငယ်ထည့်၍ ကျွေးရသည်။ မနီးမဝေးမှ လှမ်းပေးသော ငှက်ပျောထုပ်ကို ယူစားစပြုသောအခါတွင်မှ သစ်သားတိုင်ကြီးများဖြင့် ပြုလုပ်ထားသော ညှပ်ဖြင့် ကန့်လန့်ပိတ်ရသည်။ နံနက်ပိုင်းနှင့် ညနေပိုင်း ဆင်စိတ်ငြိမ်သောအခါတွင် ဆင်၏ ကိုယ်ကိုလက်ဖြင့် ထိတွေ့ကိုင်တွယ် ပွတ်သပ်ပေးကြရသည်။ မောင်ရွှေဝါတို့ ညီအစ်ကိုဆိုလျှင်မူ ဆင်ညှပ်သွင်း၍ နှစ်ရက်ခန့်ရှိလျှင် ဆင်၏ ကိုယ်ပေါ်တက်ကြည့်ကြသည်။ ယင်းကြောင့်လည်း ငါးရက်ဖြင့် ညှပ်မှ ထုတ်နိုင်ခြင်းဖြစ်သည်။ အခြားသူများဆိုလျှင် ကိုးရက်နှင့် ဆယ်ရက်ရှိမှ ညှပ်မှ ထုတ်နိုင်ကြသည်။ မည်သို့ဆိုစေ ဆယ့်ငါးရက်လောက်ရှိလျှင်မူ ဝပ်ခိုင်း၊ ထခိုင်း၍ ရပေပြီဖြစ်သည်။

မောင်ရွှေဝါသည် ဆင်၏ကျောပေါ်သို့ တက်ချင်နေမိသည်။ သို့ရာတွင် အနီးကကင်းစောင့်နေသော အိမ်ဆင်၏ အကြောကို မသိ၍ မတက်ရဲချေ။ မောက်ခမ်းဝါသာဆိုလျှင် စိတ်ချရသည်။ မိမိကျောပေါ်သို့ တက်ချိန်တွင် ဆင်ရိုင်းက နာမောင်းဖြင့် ရိုက်ချမည်ပြုလျှင် မောက်ခမ်းဝါသည် တောဆင်၏ နာမောင်းကို သူ၏နာမောင်းဖြင့် ချိုးနှိမ်၍ထားလိုက်သည်။ နောက်ဆုံးတွင် မောင်ရွှေဝါသည် သူတစ်ပါးညှပ်သွင်းရာတွင် သရေကျမိသည့်အဖြစ်ကို ထိန်းသိမ်း၍ ရွာသို့ပြန်ခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီသည် ထိုနေ့ညနေမှာပင် အိမ်သို့ပြန်လာသည်။ သူ့လက်ထဲတွင် ကြက်ပါမလာချေ။ အရက်တွေ အတော်မူးနေသည်။ သူ့မျက်နှာသည် မုန်ယိုသော ဆင်ကဲ့သို့ရှိသည်။ သူသည် မည်သူ့ကိုမျှစကားမပြောဘဲ အိပ်ယာဝင်သည်။ ခေါင်းမြီးခြုံထားသည်။ သူကြက်ရှုံးလာပြီဖြစ်သည်။ ဤအတိုင်းဆိုလျှင် ဆင်ဖမ်းမှထွက်ပါတော့မည်လားဟု မောင်ရွှေဝါတို့ ပူပန်ကြရသည်။ သို့ရာတွင် ကိုရွှေနီသည် မနက်အစောကြီးထ၍ ဆင်ဖမ်းထွက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေသည်။ ထိုအခါမှ မောင်ရွှေဝါမှာ သက်ပြင်းချနိုင်သည်။

သူတို့သည် ပထမဆုံး မောက်ခမ်းဝါ နေကောင်းမကောင်း စစ်ဆေးကြရသည်။ သူတို့၏ အသက်များကို မောက်ခမ်းဝါထံတွင် အပ်နှံထားကြရမည်ဖြစ်သည်။ မောက်ခမ်းဝါ ပြေးနိုင်၊ လိုက်နိုင်၊ အပင်ပန်းခံနိုင်မှသာလျှင် တောဆင်ရိုင်းကို မိမည်ဖြစ်သည်။ မအီမသာ မရှိမှသာလျှင် တောဆင်ကို အစွယ်နှင့်ထိုးနိုင်မည်။ နှာမောင်းနှင့် ရိုက်နိုင်မည်၊ သူတို့နှစ်ဦးကို အကာအကွယ်ပြုနိုင်မည်ဖြစ်သည်။

လွန်ခဲ့သောရက်များအတွင်း မောက်ခမ်းဝါ နေထိုင်စားသောက်ပုံကို နန်းခင်အား မေးရသည်။ နောက်ပိုင်းတွင် မောက်ခမ်းဝါနှင့် အကျွမ်းကျင်ဆုံး၊ အပူးကပ်ဆုံးသူမှာ နန်းခင်သာ ဖြစ်သည်။ နန်းခင်သည် မောက်ခမ်းဝါကို နန်းရင်ထက် ပိုချစ်သည်ဟုဆိုသည်။ ဤသည်ကို နန်းရင်က မဲ့သည်။ နန်းခင်သည် မောက်ခမ်းဝါ အစာမည်မျှစားသည်၊ ရေမည်မျှသောက်သည်၊ မလဲလျောင်းပဲ ဘယ်နှစ်ရက်နေသည်။ မတ်တပ်ငိုက်မြည်းခြင်း ဘယ်လောက် ကြာသည်များကို အားလုံးပြောနိုင်သည်။ ဆီးသွားသည်။ ဝမ်းသွားသည်က အစပြောသည်။

"နို့ပေမယ့် မောက်ခမ်းဝါကို ခုတလောကြည့်ရတာ တစ်မျိုးပဲနော"

နန်းခင်က ညာဘက်လက်ညိုးလေးထောင်၍ ပြောလိုက်သည်။

"ဘာဖြစ်တာလဲ"

မောင်ရွှေဝါက မေးသည်။ ကိုရွှေနီနှင့် နန်းရင်က ငြိမ်၍နားထောင်သည်။

"ဂနာ မငြိမ်ဘူး။ မျက်စိနောက်စရာပ။ နန်းရင်လိုပဲ"
"အေးနော"

နန်းရင်က မျက်လုံးလေးပြူး၍ ဟန့်တားသည်။

"မောက်ခမ်းဝါဟာ လက်နှစ်ဘက်စိပ်စိပ်ထောက်ပြီး နောက်ပိုင်း ရမ်းရမ်းနေတယ်။ ပါးစပ်ကလည်း ညည်းသေးတယ်"

ကိုရွှေနီနှင့် မောင်ရွှေဝါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ထို့နောက်ခေါင်းကို ပြိုင်တူ ညိတ်လိုက်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အဲဒါ ဘာဖြစ်လို့လဲ နော"
နန်းရင်က အစ်ကိုနှစ်ဦးကို မေးသည်။

"ဘာမှ မဖြစ်ဘူး"

မောင်ရွှေဝါက ပြန်ဖြေသည်။

"ပြောစမ်းပါ အစ်ကို"

"အပျိုဖြစ်တာပ။ နင်နှင့်ရွယ်တူပဲ"

ကိုရွှေနီက ပြောလိုက်သည်။ နန်းရင် ဇက်ပုသွားသည်။ နန်းခင်က အော်ကြီးဟစ်ကျယ် ရယ်သည်။ မောင်ရွှေဝါတို့သည် မောက်ခမ်းဝါ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးပြီးနောက် လိုအပ်သော စားနပ်ရိက္ခာများနှင့် ပစ္စည်းကိရိယာများကို ပြင်ဆင်စီစဉ်ကြရသည်။ ဓား၊ လှံ၊ သေနတ်နှင့် ယမ်းကျည်များအပြင် ချွန်းကောင်း၊ မကောင်းလည်း ကြည့်ရသည်။ ကြိုးခိုင်ခိုင် နှစ်ခွေကျစ်ရသည်။ ဆား၊ ကောက်ညှင်း၊ ဆတ်သားခြောက်အပြင် ခေါင်ရည်နှင့် ဆေးမြစ်ဝါးမြစ်များပါ မကျန်အောင် ပြုရသည်။

နောက်သုံးရက်အကြာတွင် အိမ်မှ ထွက်ရန် အသင့် ဖြစ်ကြသည်။ ကျပ်လုံးခန့်ရှိသော လွန်းတင်ကြိုးတစ်စကို မောက်ခမ်းဝါ၏ ရင်ဘတ်တွင် အခိုင်အခံ့ အသေချည်ထားသည်။ တစ်ဘက်တစ်စကို ကွင်းလျှောပြုလုပ်ထားသည်။ ထို့နောက် ကြိုးကိုခွေ၍ ဦးကင်းပေါ်တင်ထားသည်။ အိမ်မှ နံနက်စောစော ထွက်ကြသည်။ ဦးစီးဖြစ်သော ကိုရွှေနီသည် ဆင်ဦးကင်းပေါ်တွင် ခပ်တည်တည် ထိုင်နေသည်။ ဆင်ပဲ့ချိတ်ဖြစ်သော မောင်ရွှေဝါသည် လက်တစ်ဘက်တွင် သံချွန်ကိုင်၍ ဆင်မြီးကုံးပေါ်တွင် ဆောင့်ကြောင့်ထိုင်နေရာမှ မျက်ရည်စမ်းနေသော မိခင်ကို မပူပင် မကြောင့်ကြရန် ပြောသည်။

နန်းခင်နှင့် နန်းရင် သည်သူတို့ကို အနောက်ကြိုးကြာချောင်း ရေချိုးဆိပ်အထိ ရောက်အောင် လိုက်ပို့ကြသည်။ ဦးနွံမွန်သည် အိပ်ယာမှ မထသေးသဖြင့် သားနှစ်ယောက် ဆင်ဖမ်းထွက်သွားသည်ကို မတွေ့မမြင်လိုက်ချေ။ ကိုရွှေနီနှင့် မောင်ရွှေဝါသည် အဝတ်နက်များကို ခပ်ကျပ်ကျပ် ဝတ်ထားကြသည်။ ဆင်များ၏ အရောင်နှင့် ခွဲခြားမရနိုင်စေရန်ဖြစ်သည်။ အဝတ်အထည်များ ပွယောင်းနေလျှင် ဆူးခက်များ၊ သစ်ကိုင်းများနှင့် ငြိတွယ်မိမည် စိုး၍ ဖြစ်သည်။

သူတို့သည် အနောက်တောသို့ ဝင်နေကြလမ်းအတိုင်း ဝင်ကြမည်ဖြစ်သည်။ ကြိုးကြာချောင်း၏ လက်ဝဲဘက် ကမ်းပါးအတိုင်း မြှောင်၍ လိုက်သွားကြသည်။ လေးကိုင်းသဏ္ဍာန် ချောင်းကွေ့သည့် အတိုင်း လိုက်သွားကြသည်။ တောင်ဘက်သို့ သွားနေရာမှ အနောက်ဘက်သို့ တဖြည်းဖြည်း လိုက်သွားသည်။ ထို့နောက် မြောက်ဘက်သို့ ကွေ့ပတ်သွားပြန်သည်။ ကြိုးကြာတော၏ အနောက်တောင်စွန်းနှင့် တည့်တည့်လောက်ရှိမှ ချောင်းကိုခွာ၍ အနောက်စူးစူးသို့သွားကာ တောနက်ကို ဝင်ကြမည်ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

နတ်တော်လဆန်း၏ နေ့အစသည် နှင်းများသာ ဖြစ်သည်။ ကြိုးကြာတောင်သည် နှင်းတောထဲတွင် ပျောက်နေသည်။ ကြိုးကြာချောင်းသည် နှင်းအောက်တွင် ရောက်နေသည်။ ရေစီးသံသာလျှင် တိုးတိုးလေးထွက်ပေါ်နေသည်။ အကွေ့အကျများ ရှိသောအခါတွင်မှ ရေသံဆူဆူ ကြားရသည်။ သူတို့သည် ရေသံကို နားထောင်ရုံဖြင့် မည်သည့်နေရာကို ရောက်နေကြောင်းသိကြသည်။

"ဒီကွေ့က ရေကျသံ နည်းနည်း ဆိုးလာသလားပဲ။ ကျောက်လုံးကြီး အောက်ခြေပြတ်ပါသွားပြီ ထင်တယ်"

မောင်ရွှေဝါက စကားစသည်။ ဆင်ဦးကင်း ထက်က ဘာသံမျှ မကြားရ။ ဆေးလိပ်မီးသာလျှင် ရဲကနဲ၊ ရဲကနဲ ဖြစ်လာသည်။ တောသို့ဝင်လျှင် ဆေးလိပ်မသောက်ရသဖြင့် ခုကတည်းက ဝအောင် သောက်နေဟန်တူသည်။

"နှင်တို့ ရေချိုးကြတယ်ဆို"

ခဏအကြာတွင်မှ ကိုရွှေနီက အသံ ဗလုံးဗထွေးဖြင့် မေးသည်။

မောင်ရွှေဝါ လန့်သွားသည်။

ပြီးမှ အသံကိုထိန်းလျက်...
"ဘယ်သူတို့လဲ"
"နှင်နှင့် ထုံးရီ"

ဆောင်းအချမ်းကို မောင်ရွှေဝါ မေ့သွားသည်။ တစ်ကိုယ်လုံး ပူရှိန်းရှိန်း ဖြစ်လာသည်။ ချောင်းငွေများအားလုံး သူ့ကို ရိုက်ခတ်ဟန်ရှိသည်။

"ဘယ်သူပြောလဲ"
"နန်းရင်"

ကြည့်စမ်း၊ ဒီကောင်မလေး ပြောမယ့်ပြောတော့ မီးခဲကို။

မောင်ရွှေဝါသည် အတန်ကြာတိတ်ဆိတ်နေသည်။ သူပြောမည့် စကားကို ပြောသင့်မပြောသင့် ချင့်ချိန်နေခြင်း ဖြစ်သည်။ ပြောလျှင် တစ်ဘက်လူ ယုံ၊ မယုံ ချိန်ထိုးနေခြင်းဖြစ်သည်။ စောစောက တဟူဟူးတိုက်ခတ်နေသောလေသည် ယခုအခါ ကြိုးကြာတောင်နှင့် ကွယ်သွားပြီဖြစ်၍ သူ့ကိုယ်တွင် ချွေးပင် စို့၍ လာသည်။

"တစ်နေ့က ကျွန်တော်တစ်ယောက်တည်း မြောက်ဘက်ချောင်းကို သွားတယ်။ လမ်းမှာ မမထုံးရီနှင့်တွေ့တယ်။ စကားပြောသွားတယ်။ နန်းရင်ကို လွှန်သွားကြတယ်။ သို့ပေမယ့်

MMCYBERMEDIA
COMMUNITY FOR ALL

ကျွန်တော်ရေမချိုးဘူး။ ပြန်လာခဲ့တယ်။ မမထုံးရီ ကျန်ရစ်တယ်။ ကျွန်တော်တို့ စကားပြောတာပါပဲ။ တခြား ဘာမှ မဟုတ်ဘူး"

သူက လည်ချောင်းထဲက အသံကို အတင်းညှစ်ထုတ်ရင်း ပြောသည်။ သူ့အသံသည် တောများ၊ တောင်များကို ပဲ့တင်ထပ်သွားသည်ဟု ထင်ရသည်။ သို့ရာတွင် ကိုရွှေနီသည် သူပြောသည်ကို မကြားသကဲ့သို့ ဘာမှပြန်မပြောပဲ ရှိသည်။

"ကျုပ်ပြောတာ ကိုရွှေနီ မယုံဘူးလား"
"ထုံးရီအကဲကို ငါသိပါတယ်"

သူပြောပုံက တစ်မျိုးဖြစ်သည်။ မောင်ရွှေဝါသည် ထုံးရီနှင့်အတူ မြောက်ချောင်းကို လိုက်သွားပြီးမှ အတူတူ ရေမချိုးပဲ ပြန်လာသည်ကို သူယုံပုံမပေါ်။ မထုံးရီ အဝတ်များချွတ်ပြီးကာမှ သူသည် မျက်စိကိုစုံမှိတ်၍ ထိုနေရာမှ ပြေးထွက်လာသည်ဆိုခြင်းကို ကိုရွှေနီသာမက အခြားသူများလည်း ယုံဖို့ခက်သည်။ သူပြောသည်ကို ယုံမည့်သူမှာ ကာယကံရှင်ဖြစ်သော မမထုံးရီ တစ်ယောက်တည်းသာ ရှိသည်။ သို့တစေ သူမကလည်း လူရှေ့သူရှေ့တွင် သူ့စကားကို ထောက်ခံချင်မှ ထောက်ခံပေမည်။ သို့ဖြင့် မောင်ရွှေဝါလည်း ယုံသော်လည်းရှိစေ၊ မယုံသော်လည်း ရှိစေဟူသော သဘောဖြင့် အသာနေလိုက်သည်။ သို့ရာတွင် သူသည် မေးခွန်းတစ်ခုကို မမေးပဲ မျိုသိပ်၍ မနေနိုင်တော့သဖြင့် မေးလိုက်သည်။

"အစ်ကိုရွှေနီ မမထုံးရီဆီ ဘာလို့ မသွားတော့တာလဲ"
"ထုံးရီ အကဲက တစ်မျိုးပ"
"အစ်ကိုရွှေနီတို့ ယူလိုက်ကြပါလား"

ကိုရွှေနီက ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ သူတို့သည် စကားမပြောပဲ ခရီးဆက်ကြသည်။ ကြိုးကြာချောင်းအတွင်း တောင်ကျစမ်းငယ်တစ်ခု စီးဝင်သော နေရာရောက်သော အခါ အနောက်စူးစူးသို့ ဆင်ဦးလှည့်လိုက်သည်။

"ဂူး ဂူး"

မောင်ရွှေဝါက တောသံပေးလိုက်သဖြင့် ကိုရွှေနီသည် မောက်ခမ်းဝါကို ချွန်းအုပ်လိုက်သည်။ မောက်ခမ်းဝါသည် အကင်းပါးလှသည်နှင့်အညီ တုံ့ကနဲ ရပ်လိုက်သည်။ မောင်ရွှေဝါသည် ချောင်းကမ်းပါးပြန့် တစ်ခုကို သံချွန်ဖြင့် ညွှန်ပြနေသည်။ ကိုရွှေနီက ကြည့်လိုက်ရာ ကမ်းပါးပြန့်ပေါ်တွင် လှုပ်ရှားနေသော မည်းမည်းအရာတစ်ခုကို မြင်ရသည်။ မည်သည့်အရာဟု ရုတ်တရက် မသဲကွဲချေ။

နှင်းပွင့်များ အကျကျဲသွားပြီ ဖြစ်၍ အသင့်အတင့်သောအကွာအဝေးကို မှုန်ဝါးဝါး မြင်စပြုလာပေပြီ။ နှင်းဖြူဖြူတွင် တောင်နေရာသည် ညိုနေသည်။ တောင်နာမောင်းတစ်လျှောက်သည် ရေးရေးထင်နေသည်။ ထို့အတူပင် သစ်ပင်များ၊ ချုံငယ်များ၏ အနားသတ် သဏ္ဍာန်ဖမ်းယူ၍ ရလာပြီဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမည်းနှင့် အနက်သည် တောနှင့် ညတွင် တစ်သားတည်းဖြစ်၍ ပျောက်နေတတ်သော်လည်း နင်းဖြူဖြူတွင်ကား အခြားအရာများထက် ပို၍ ထင်သည်။ ချောင်းကမ်းပြန့်တွင် သူတို့တွေ့နေရသော အရာမှာ မည်းမည်းနက်နက်ဖြစ်သည်။ ခါးတစ်ဝက်လောက် အမြင့်တွင် လှုပ်ရှားနေသဖြင့် တောဝက်လည်း ဖြစ်နိုင်သည်။ နွားနောက်လည်း ဖြစ်နိုင်သည်။ လူဝံလည်း ဖြစ်နိုင်သည်။

သို့ရာတွင် ယင်းသတ္တဝါသည် တစ်ခြားနေရာသို့ ရွေ့လျားခြင်းမရှိပဲ နေရာတွင်သာ လူးလွန့်လျက်ရှိသည် ကိုတွေ့ရသည်။ တစ်စုံတစ်ခုကို ကိုက်ဖဲ့စားသောက်နေခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဒဏ်ရာရလာခြင်းလည်း ဖြစ်နိုင်သည်။

မောင်ရွှေဝါသည် ဗထက်ချိုင့်သေနတ်ကို လက်ယာပခုံးတွင် ထောက်လိုက်သည်။ ကိုရွှေနီက လက်ဝဲလက်ကို ဆန့်တန်း၍ သေနတ်ပြောင်းကို ဖိနှိမ့်ထားလိုက်သည်။ ထို့နောက် သူသည် မောက်ခမ်းဝါကို အော်စေသည်။ ဆင်ပျိုမသည် နှာမောင်းလိပ်ထောင်၍ အသံပြုလိုက်သည်။ လှုပ်ရှားနေသော သဏ္ဍာန်သည် ရုတ်တရက် ငြိမ်သွားသည်။ ခဏအကြာတွင် ပြန်၍ လူးလွန့်လာပြန်သည်။

ကိုရွှေနီသည် ဆင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ မောင်ရွှေဝါကို ဆင်းရန် အချက်ပြသည်။ ထို့နောက် ညီအစ်ကို နှစ်ယောက်သည် ခြေသံကို ထိန်း၍ ချောင်းကမ်းပြန့်ထဲသို့ ဆင်းသွားကြသည်။ လေးငါး ဆယ်လှမ်းခန့် သွားမိသည် ဆိုလျှင် ယင်းတစ်လှုပ်လှုပ်သည် တောသတ္တဝါ တစ်ကောင်မဟုတ်မှန်း သိရတော့သည်။ နှစ်လှမ်းသုံးလှမ်းခန့် ရှေ့တိုးကြည့်သောအခါ လူတစ်ယောက်မှန်း အသေအချာ သိရတော့သည်။ မြေပြန့်တွင် လူတစ်ယောက် လိုမ့်နေခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ကုန်း၍ ထသည်။ သို့ရာတွင် ထိုသူမည်သူဖြစ်သည်ကို လည်းကောင်း၊ ယောက်ျား၊ မိန်းမဖြစ်သည်ကို လည်းကောင်း မသိရသေးပဲ ရှိသည်။ ထိုသူသည် သူတို့နှစ်ယောက်ကို သိမြင်ဟန် မတူ။ သိမြင်သည် ဆိုလျှင်လည်း ဂရုပြုနိုင်ဟန် မတူချေ။

ထိုသူသည် ပြင်းပြသော ရောဂါဝေဒနာ တစ်ခုကို အပြင်းအထန် ခံစားနေရဟန်ရှိသည်။ သွားချင်း ကြိတ်သည့် အသံကြားရသည်။ ချုပ်ညည်းသည့် အသံကြားရသည်။ အဓိပ္ပါယ်မှာ သူသည် မည်မျှ ပြင်းထန်သောဝေဒနာကို ခံစားနေရစေကာမူ စိတ်ပျက်အားလျှော့ခြင်း၊ ကြောက်လန့်ခြင်း မပြုပဲ ကျိတ်မှိတ်၍ ခံမည့်သဘောမျိုး ဖြစ်သည်။ ညည်းညူသည့် အသံသည် အစ်အစ် အုပ်အုပ်သာဖြစ်သည်။ ထိုမျှသာမက အသေအချာ နားထောင်သောအခါ မောပန်းစွာနှင့် အသက်ပြင်းပြင်း ရှူသံကိုလည်း ကြားရသည်။

မလှမ်းမကမ်းတွင် လူးလိမ့်ညည်းတွားနေသူသည် သူတို့ကို အန္တရာယ် ပြုနိုင်ခြင်း မရှိပဲ ဒုက္ခရောက်နေသူ တစ်ဦးမှန်း သိသောအခါ ကြိုးကြာရွှာသားနှစ်ဦးသည် ထိုသူရှိရာသို့ ပြေးသွားကြသည်။ ထိုသူနှင့် နှစ်လှမ်းကွာလောက်တွင် တန့် ကနဲ ရပ်လိုက်ကြပြန်သည်။

သူတို့ရှေ့တွင် ကပြောင်းကပြန်ဖြစ်နေသူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်။ ကချင်မဖြစ်သည်။ ခပ်လှမ်းလှမ်းတွင် ပလိုင်းတစ်လုံး လဲနေသည်။ ပလိုင်းတွင် ထိုးထားသော လေးကင်းဓားသည် အပြင်သို့ထွက်နေသည်။ အခြား ဖြုတ်စ ဖြင်းတောင်းများလည်း ပြန့်ကျဲနေသည်။ ကချင်မသည် ရင်ဝကို လက်ဖြင့်ဖိ၍ လူးလိမ့်နေသည်။ သူမ၏ အဝတ်အစားများသည် ကြေမွတွန့်လန်လျက် ရှိသည်။

အဆင်တန်ဆာများ ကျိုးသည်၊ ပြတ်သည်၊ ပြုတ်သည်ရှိနေသည်။ ကချင်မသည် သူတို့၏ ခြေသံကို ကြားဟန်ရှိသည်။ ဇက်ကို လှည့်၍ကြည့်သည်။

"နင် နင်တို့ ငါ့ကို သတ်ဖို့ လိုက်လာကြသလား"

ကချင်မသည် ဝေဒနာပြင်းစွာ ခံစားနေရသည့် ကြားမှ အသံကို ခြစ်ကုတ်၍ ပြောသည်။ သူတို့သည် ကချင်စကားကို ကောင်းစွာ နားလည်သော်လည်း သူမဆိုလိုသည့် အဓိပ္ပါယ်ကိုကား သဘောမပေါက်နိုင်သဖြင့် တစ်ဦးကိုတစ်ဦးကြည့်မိကြသည်။ ကချင်မက မည်သို့ဆက်၍ ပြာဆိုမည်နည်း ဟုနားစွင့်နေကြသည်။ သို့ရာတွင် ကချင်မက သူတို့ကို ဂရုမပြုအားတော့ပဲ အနီးရှိ ချုံငယ်ကိုင်းတစ်ခုကို လက်တစ်ဘက်ဖြင့် လှမ်း၍ဆွဲလိုက်သည်။ ကိုင်းကို အတင်းဆွဲထားပြီး တစ်အင့်အင့်နှင့် တစ်ကိုယ်လုံးရှိ အသားစိုင်များကို ညှစ်နေတော့သည်။

ထိုအခါတွင်မှ ကချင်မ၏ ရောဂါဝေဒနာကို သူတို့ သိမိကြတော့သည်။ အမျိုးသမီးသည် ကိုယ်ဝန်အရင့် အမာရှိနေပြီး လူသူမနီးသော တောတောင်ထဲတွင် တစ်ယောက်တည်း ကလေးမွေးရန် ကြိုးစားနေခြင်းဖြစ်သည်။ အကူအညီ ပြုမည့်သူ မရှိရသည့် အထဲတွင် ကလေးမွေးဖွားခြင်းအမှုက မလွယ်ကူပဲ ဖြစ်နေသည်။

အမျိုးသမီးသည် အလွန်မတန် မောဟိုက်လျက်ရှိသည်။ ဇောချွေးများ ပြန်နေသည်။ အသက်ရှူ မမှန်မကန်ရှိသည်။ သို့ရာတွင် အမျိုးသမီးသည် စိတ်ပျက်အားလျှော့ခြင်း မရှိ။ ဝေဒနာကို အံကြိတ်၍ခံနေသည်။ အမလေး၊ အဘလေး အော်ဟစ်ညည်းတွားခြင်း မရှိ။ နာကျင်မှုကို ချုပ်တည်းထားသည်။ ကလေးမျက်နှာမြင်နိုင်ရန်သာ ကြိုးပမ်းအားထုတ်နေသည်။

အမျိုးသမီးသည် ရှိသမျှခွန်အားကို စုစည်း၍ ကလေးငယ်ကို ညှစ်ထုတ်ပြန်သည်။ သို့ရာတွင် သူမ၌ ခွန်အား အင်မတန်နည်းပါးလျက် ရှိချေပြီ။ အမျိုးသမီးတစ်ယောက် အလွယ်တကူ မီးမဖွားနိုင်ပဲ အခက်ခဲရှိနေသည်ကို မြင်တွေ့နေရသော်လည်း သူတို့က မည်သို့ပြုလုပ်ပေးရမည်မှန်း မသိသဖြင့် ငေးကြောင်၍ ကြည့်နေမိကြသည်။ ထိုစဉ်မှာပင် အမျိုးသမီး ဆုပ်ကိုင်ထားသော သစ်ကိုင်းသည် ကျပ်လုံးလောက်ရှိသော်လည်း ဆွဲယူအားပြုသည့် ဒဏ်ကို မခံနိုင်တော့သဖြင့် ထောင်းကနဲမြည်ကာ ကျိုးသွားလေသည်။ အမျိုးသမီးသည် ရုတ်ချည်းပျော့ခွေ၍ သွားသည်။ ချက်ချင်းပင် ငြိမ်သက်သွားသည်။ ညီအစ်ကို နှစ်ဦးသည် အထူးပင် စိုးရိမ်သွားကြသည်။ အမျိုးသမီးသည် မီးမဖွားနိုင်သည့် ဝေဒနာဖြင့် ကွယ်လွန်လေပြီလားဟု တွေးမိကြသည်။

သို့ရာတွင် အမျိုးသမီးသည် သေဆုံးခြင်းမဟုတ်။ အသက်ပြင်းပြင်း ရှူလျက်ရှိနေသေးသည်။ မျက်လုံးကို မှိတ်ထားသည်။ ညှစ်အားလျော့သွား၍ အနားယူနေခြင်းဖြစ်သည်။ ခေတ္တမျှ မိန်းမောသွားခြင်း ဖြစ်သည်။ ခဏအကြာမှာပင် အမျိုးသမီး၏ ကိုယ်သည် လှုပ်ရှားလာပြန်သည်။ အမျိုးသမီး၏ လက်ချောင်းများသည် မြေကြီးကို ကုတ်ခြစ်လျက်ရှိရာမှ လေထဲသို့မြှောက်၍ တစ်ခုခုကို ရှာဖွေစမ်းနေသယောင် ရှိသည်။ ထိုသည် ကိုမြင်၍ ကိုရွှေနီက သူ့လက်ကို ထိုးထည့်ပေးလိုက်သည်။ အမျိုးသမီးသည် သူ့လက်ကောက်ဝတ်ကို အမိအရ ဆုပ်ကိုင်ထားသည်။ အမျိုးသမီးက အတင်းဆွဲယူ အားပြုလျက်ရှိသဖြင့် ကိုရွှေနီက သူ့လက်ကို တောင့်ထားရသည်။ ဆင်တစ်ကောင်ကို ဆွဲနေသကဲ့

MMCYBERMEDIA
COMMUNITY FOR ALL

အားစိုက်ရသည်။ သံကဲ့သို့ မာကျောကျစ်လျစ်သော သူ့လက်ကောက်ဝတ် အသားထဲသို့ အမျိုးသမီး၏ လက်သည်းများ စူးဝင်လာသည်။ ကိုရွှေနီက နာကျင်မှုကို အောင့်ထားသည်။ အမျိုးသမီးသည် သူ့ထက်နာကျင်လျက်ရှိသည်ကို သိသောကြောင့် ဖြစ်သည်။

မောင်ရွှေဝါသည် ခြေမကိုင်မိ လက်မကိုင်မိဖြင့် ယောင်တိယောင်ကန်း ရှိနေသည်။ အလင်းရောင်သည် တစ်ဖြည်းဖြည်း အားကောင်း၍ လာနေသည်။

အမျိုးသမီးသည် ကိုရွှေနီ၏ လက်ကောက်ဝတ်ကို လက်တစ်ဘက်ဖြင့် ဆုပ်ညှစ်ထားရုံဖြင့် အားမရသေး၍ ကျန်လက်တစ်ဖက်ဖြင့် သူ့လက်မောင်းကို ဆွဲလိုက်သည်။ လက်နှစ်ဖက်ဖြင့် တစ်ကိုယ်လုံးအားပြု၍ ဆွဲယူခံရသည်ရှိရာ ကိုရွှေနီသည် အမျိုးသမီး၏ခေါင်းရင်းတွင် ဆောင့်ကြောင့် ထိုင်လျက်ရှိရာမှ ရှေ့သို့ ငိုက်ကျတော့မည် ရှိသဖြင့် ဒူးထောက်လိုက်ရသည်။ မြေကြီးကို ဒူးနှစ်ဘက်ဖြင့် တွန်းကန်ထားရသည်။ သူ့ဒူးများသည် မြေကြီးတွင် တအိအိရွေ့ပါသွားသည်။ သည်အတိုင်းဆိုလျှင် များမကြာမီတွင် သူ့တစ်ကိုယ်လုံးသည် အမျိုးသမီး၏ ကိုယ်ပေါ်သို့ ပစ်လဲ၍ ကျသွားနိုင်သည်။ သို့ဖြင့် ကိုရွှေနီသည် အမျိုးသမီးဆွဲယူရာသို့ ပါမသွားရအောင် ပြန်၍ ဆွဲယူထားသည်။

အမျိုးသမီးက သူ့လက်ကို လိမ်ညှစ်၍ ဆွဲယူလိုက်ပြန်သည်။ သူ့လက်သည် သစ်ကိုင်းကဲ့သို့ ကျိုးသွားတော့မည်လား အောက်မေ့ရသည်။

ယင်းသို့ရှိစဉ်မှာပင် ကလေးငယ်တစ်ဦး စူးစူးဝါးဝါး အော်ဟစ်ငိုယိုသံကို ဆောင်းနှင်းမြူများ အကြားတွင် ရုတ်တရက်ကြားလိုက်ရသည်။ အမျိုးသမီး၏ လက်သည် သူ့လက်ကို ဆုပ်ညှစ်ထားရာမှ ပြေလျော့၍ကျသွားသည်။

နောက်ဆုံးတွင်...

ကလေးငယ်ကို မီးရှူးသန့်စင်လိုက်နိုင်ပြီ ဖြစ်၍ ကာယကံရှင်ဖြစ်သော မိခင်မှာ အဘယ်မျှ ဝမ်းသာမည်ကို မပြောတတ်။ မောင်ရွှေဝါနှင့် ကိုရွှေနီတို့မှာကား ထခုန်မိမတတ် ဝမ်းသာသွားကြသည်။ ယခုမှ စိတ်သက်သာရာ ရသွားသည့်အနေဖြင့် သက်ပြင်းပြိုင်တူ ချမိကြသည်။

သို့ရာတွင် သူတို့၏ စိုးရိမ်ပူပန်ရမှုသည် ချက်ချင်းပင် ပြန်လည် ဖြစ်ပေါ်လာကြပြန်သည်။ ကလေးငယ်သည် မိခင်၏ခြေရင်းတွင် တဝါးဝါး ငိုလျက် ရှိသည်။ မည်းနက်ငယ်ဝေါင်းသော အရာတစ်ခု ယက်ကန်ယက်ကန် ဖြစ်နေသည်ကို သူတို့မြင်တွေ့နေကြရသည်။ မိခင်၏ ဝမ်းတွင်းမှ ယခုပင် ကျွတ်ထွက်လာသော ကလေးငယ်သည် ချမ်းအေးခြင်း၊ ဆာလောင်ခြင်း ဒဏ်ကို တစ်ပြိုင်တည်း ခံစားနေရသည်။ ကလေးငယ်သည် အမိဝမ်းတွင်းမှ ထွက်လာပြီဖြစ်သော်လည်း ချက်ကြိုးတန်းလန်းနှင့်သာ ရှိနေသေးသည်။

အမျိုးသမီးကို ကြည့်လိုက်တော့ ငြိမ်သက်လျက်ရှိသည်။ သို့ရာတွင် ရင်သည် နိမ့်ချည်၊ မြင့်ချည် ရှိနေသည်။ အသက်ရှူသံ မျှင်းမျှင်းလေး ပေါ်ထွက်နေသည်။ မျက်ခွံသည် မပွင့်တပွင့်ရှိနေသည်။ မျက်လုံးအစုံကို မှေး၍ မှိန်းနေခြင်းဖြစ်သည်။

ကိုရွှေနီနှင့် မောင်ရွှေဝါသည် ဤအမှုကိစ္စတွင် မည်သို့မျှ အသုံးမဝင်သဖြင့် သူတို့ကိုယ်သူတို့ ဒေါသထွက်လျက်ရှိသည်။ သူတို့၏ ဓား၊ လှံ၊ သေနတ်များသည် ဤကိစ္စတွင် အချည်းနှီးသောအရာများသာ ဖြစ်နေသည်။ မောင်ရွှေဝါသည် ကလေးငယ်ကို နှစ်ခါ၊ သုံးခါ ကောက်ယူမည်ဟု ကြံသည်။ မရဲချေ။ ချက်ကြိုးကို ဖြတ်နိုင်ဖို့ရန်ကား ဝေးတော့သည်။ ကိုရွှေနီမှာလည်း မိန်းမော၍နေသော မိခင်ကို သက်သာမှုရှိအောင် မည်သို့ပြုရမည်မှန်း မသိ ရှိနေသည်။ အမျိုးသမီး၏ မျက်နှာကိုသာ ငေးစိုက်၍ ကြည့်နေမိသည်။

ကိုရွှေနီ ကြည့်နေစဉ်မှာပင် အမျိုးသမီးသည် မျက်တောင်တစ်ချက်ခတ်၍ မျက်လုံးပွင့်လာသည်။ ရုတ်တရက် ကိုရွှေနီကို မြင်လိုက်ရသောအခါ လန့်သွားပုံရသည်။ သို့ရာတွင် ဤသူသည် သူ၏ရန်သူ မဟုတ်ဟု သိသွားသည့်အလား ထိတ်လန့်မှုပြယ်သွားသည်။ သူမ၏ စိတ်အာရုံသည် ကလေးငယ်၏ ငိုသံဆီသို့သာ ရောက်နေသဖြင့် ကိုရွှေနီတို့ကို အမှုမထားခြင်းလည်း ဖြစ်နိုင်ပေသည်။

အမျိုးသမီးသည် တံတောင်ကို အားပြု၍ ထထိုင်ရန်ကြိုးစားနေသည်။ ကိုရွှေနီသည် အမျိုးသမီး၏ အခက်အခဲကို ချက်ချင်းပင်သိမြင်၍ တွဲထူပေးလိုက်သည်။ အမျိုးသမီးသည် ထိုင်မိသည်နှင့် ကလေးငယ်ကို ကောက်ယူလိုက်သည်။ တဝါးဝါးငိုနေသော ကလေးငယ်ကို ပီတိဖြစ်စွာ ကြည့်၍ "မဂမ်... မဂမ်" ဟုခေါ်နေသည်။ သူမ၏ သားဦး ဖြစ်ပေသည်။

အမျိုးသမီးသည် ကလေးငယ်အား "သားကြီး၊ သားကြီး" ဟု တဖွဖွ ခေါ်ရင်း ပီတိဖြစ်နေရာမှ ချက်ကြိုးမဖြတ်ရသေးသည်ကို သတိရသဖြင့် ပလိုင်းကို လှမ်းကြည့်သည်။ မောင်ရွှေဝါသည် ချက်ချင်းပင် ပလိုင်းကို ယူပေးသည်။ အပြင်သို့ ထွက်ကျနေသည်များ အားလုံးကို ပလိုင်းထဲသို့ ကောက်ထည့်ပေးလိုက်သည်။

အမျိုးသမီးသည် ဝါးဆစ်တစ်ခုကို ခွဲလိုက်သည်။ ဝါးကြောတစ်ခုကို အမျှင်သတ်၍ ငါးဖြတ်ဖြတ်သည်။ ထို့နောက် ချက်ကြိုးကို ကလေးငယ်၏ ဒူးဆစ်နှင့် အရှည်တိုင်း၍ ကြိုးစည်းသည်။ ချက်အရင်း ဒူးဆစ်အရှည်ကြားတွင် သုံးလေးထုံး စည်းလိုက်ပြန်သည်။ ပြီးမှ ချက်ကြိုးကို ဒူးဆစ်နေရာနှင့် တိုင်း၍ စည်းထားသော နေရာနားမှ ကပ်ကာ ဝါးကြောနှင့် ဖြတ်လိုက်သည်။ ထို့နောက် ကလေးငယ်ကို အဝတ်နှင့် ပတ်၍ ဘေးတွင် ချထားလိုက်သည်။

ကိုရွှေနီနှင့် မောင်ရွှေဝါသည် သူမ၏ အပြုအမူကို တအံ့တသြ ကြည့်နေမိကြသည်။ အမျိုးသမီးသည် ထိုနေရာမှာပင် ထိုင်လျက်နှင့် လေးကင်းဓားဖြင့် ကျင်းငယ်တစ်ခု တူးသည်။ အချင်းကို ငှက်ပျောရွက်နှင့် လေးထပ်ထုပ်၍ ကြိမ်နှင့် ရှစ်ပတ်စည်းကာ ထိုကျင်းတွင် မြှုပ်သည်။ မြေဖုံးသည်။ တိုင်တစ်ခု ထိုးစိုက်သည်။ ထို့နောက် ဝါးစိတ်ငါးခုကို ဘေးပတ်လည် စွေစောင်း၍ စိုက်သည်။ ထိပ်ငါးခုသည် အလယ်တိုင်တွင် လာ၍ကပ်ကြသည်။ အလယ်တိုင်နှင့် ဝါးစိတ်ငါးခုကို ကြိုးဖြင့် ငါးပတ်စည်းသည်။

ကလေးငယ်သည် နွေးနွေးထွေးထွေး ရှိနေပြီ ဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးသည် ယခုမှပင် သူတို့ညီအစ်ကိုကို သေသေချာချာ ကြည့်နိုင်တော့သည်။ သူမကို အန္တရာယ်ပြုမည့်သူများ မဟုတ်မှန်း သေချာသွားသဖြင့် ထိတ်လန့်ကြောက်ရွံ့မှု မပြတော့ချေ။ သူမကို အကူအညီပေးသူများဖြစ်၍ ကျေးဇူးတင်သည့် မျက်ဝန်းများဖြင့် ကြည့်နေသည်။

ထိုစဉ် အမျိုးသမီးသည် ရုတ်တရက် ခေါင်းမူးလာဟန်ရှိသဖြင့် မျက်လုံးကို မှိတ်လိုက်သည်။ ထို့နောက် မျက်လုံးကို ပြန်ဖွင့်၍ ကလေးကို ဘေးနားတွင် အသာချ ထားလိုက်သည်။ သူမ၏ကိုယ်ကိုလည်း ထိန်း၍ လှဲချလိုက်သည်။ သို့ရာတွင် တစ်ဝက်လောက် အရောက်တွင် မဟန်နိုင်သဖြင့် အင့်ကနဲ ကျသွားသည်။ သူမသည် အတော်ပင် မောပန်းနွမ်းနယ်နေပြီဖြစ်သည်။ မျက်တောင်မှေးစင်းနေသည်။ တစ်ရေးတစ်မော အိပ်နားဖို့လို ချေပြီဖြစ်သည်။

"နင် ဘယ်ရွာကလဲ"

ကိုရွှေနီက ကချင်လို မေးသည်။

"ငါတောင်ပေါ်ကပ"

အမျိုးသမီးက ရှမ်းလို ဖြေသည်။ ဤဒေသတွင် ရှိသူများသည် တစ်ဦး၏ စကားကို တစ်ဦးက နားလည် ပြောဆိုတတ်သည်က များသည်။ စကားတစ်မျိုးနှင့် တစ်မျိုးမှာလည်း တူသည့်နေရာတွင် အတော်တူပြီး အချို့စကားများသည် သူ့စကား ကိုယ့်စကား မခွဲနိုင်ဘဲ လုံးထွေးလျက်ရှိသည်။ တစ်ချိန်က သူတို့သည် လူမျိုးတစ်မျိုးတည်း ဖြစ်ကြသည်ဟုလည်း အယူရှိသည်။

"ဘယ်တောင်ကလဲ"

ကိုရွှေနီက ထပ်၍ မေးသည်။

"အဝေးကြီး ပ"

အမျိုးသမီးသည် သူမ၏ အရပ်ဒေသကို တိတိကျကျ ပြောဆိုလိုဟန် မရှိချေ။ သို့ရာတွင် ကို ရွှေနီက သူမ၏ အမည်ကို မေးလိုက်ပြန်သည်။

"နာမည် ဘာလဲ ခရိစား"

ရှမ်းစကားတွင် ကချင်စကားလုံး ရော၍မေးလိုက်သည်။ ခရိစား ဆိုသော စကားလုံးကို သုံးလို၍ဖြစ်သည်။ ခရိစား ဆိုသည်မှာ ကချင်ဘာသာတွင် နမယ် ဟုအဓိပ္ပါယ်ရသည်။ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လေးလေးစားစား ဆက်ဆံသည့်နေရာတွင် ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။ အမျိုးသမီးက သူမ၏ အမည်ကို ပြောပြသည်။ သို့ရာတွင် တိုးညှင်းလွန်း၍ မသဲမကွဲ ရှိသဖြင့် ကိုရွှေနီက...

"မခေါင်ညွှယ် ဟုတ်လား "

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးက အားယူ၍ သိမ်မွေ့စွာပြုံးကာ ကြိုးစားပြီး ခေါင်းညိတ်ပြသည်။ ထို့နောက် အမျိုးသမီးသည် သူ၏ကလေးငယ်နှင့် အတူ ပင်ပန်းနွမ်းနွယ်စွာ အိပ်ပျော်သွားလေတော့သည်။

## အခန်း -၃၁-

သို့မဟုတ်ပါက သူတို့သည် ဆင်အုပ်ကို နေ့ချင်းတွေ့ရှိကြရမည် ဖြစ်သည်။ ယခုတော့ မခေါင်ညွှယ်နှင့် မဂမ်ကို ရွာသို့ ပြန်ပို့နေကြရသဖြင့် ဆင်တစ်အုပ်မွေ့သွားသော ကျစ်ကိုသာ ညနေမိုးချုပ်တွင် တွေ့ကြရတော့သည်။ ကိုရွှေနီနှင့် မောင်ရွှေဝါတို့သည် ပင်ပန်းနွမ်းနယ်စွာ အိပ်ပျော်နေသော မခေါင်ညွှယ်နှင့် ကျေနပ်နှစ်ခြိုက်စွာ အိပ်ပျော်နေသော မဂမ်တို့ကို စောင်များဖြင့် ရစ်ပတ်၍ တစ်ဦးစီ၏ရင်ခွင်တွင် ပွေ့ပိုက်ကာ မောက်ခမ်းဝါဖြင့် ရွာသို့ ပြန်ပို့ကြသည်။ ကိုရွှေနီက မခေါင်ညွှယ်ကို ပွေ့ချီသည်။ မောင်ရွှေဝါက မဂမ်ကို ပွေ့ချီသည်။ လူတစ်ဦးစီကို ရင်ခွင်တွင် ပွေ့ချီထားသော သခင်နှစ်ဦး အလွယ်တကူ တက်နိုင်ရန်အတွက် မောက်ခမ်းဝါက ပုဆစ်တုပ်ပေးသည်။ အိပ်ပျော်နေသူနှစ်ဦး နိုးလာမည်ကို စိုးရိမ်သည့်အလား မောက်ခမ်းဝါက ငြင်သာစွာလျှောက်သည်။ သို့ရာတွင် မခေါင်ညွှယ်တို့ သားအမိသည် ရွာပြန်ရောက်သည်အထိ မနိုးကြချေ။ ရွာသူရွာသားများ ဝိုင်းအုံလာပြီး တစ်ယောက်တစ်ပေါက် မေးမြန်းကြသည်ကိုလည်း မသိချေ။ သို့ဖြင့် ကိုရွှေနီတို့သည် ကချင်သားအမိကို အိမ်တွင် သိပ်ထားခဲ့ပြီးနောက် ဆင်ဖမ်းရန် ထွက်လာခဲ့ကြပြန်သည်။

နေမွန်းတည့်ချိန်တွင်မှ အနောက်တောသို့ဝင်မိသည်၊ ဤတောသည် ဤဒေသတစ်ဝိုက်တွင်ရှိသော မြေပြန့်တောများ အနက် အကြီးဆုံး ဖြစ်သည်။ သားရဲတိရစ္ဆာန် ပေါများလှသည်။ အမျိုးအမည် စုံလှသည်။ ကိုရွှေနီတို့ အဘိုးများ လက်ထက်ကဆိုလျှင် ကြံ့အုပ်ကြီးများပင် ရှိသည်ဟု ဆိုသည်။ အထူးသဖြင့် ဆင်နှင့် ဆတ်များ ပေါများလှသည်။

ညီအစ်ကို နှစ်ဦးသည် ရွာမှ ပြန်ထွက်လာကတည်းက စကားမပြောဖြစ်ဘဲ ရှိကြသည်။ ကိုယ့်အတွေးနှင့် ကိုယ်ဖြစ်သည်။ တောသို့ဝင်မိသောအခါ ကိုယ့်ဘာသာကိုယ် တောထဲကြည့်ရင်း ပါလာကြသည်။ တစ်ကုန်းနှင့်တစ်တောခန့် သွားမိကြသောအခါ ဆင်ရိုင်းအုပ်သွားရာ လမ်းကြောင်းကို တွေ့မိကြတော့သည်။ ဝါးခက်များနှင့် သစ်ကိုင်းငယ်များကို နှာမောင်းဖြင့် ချိုးယူ ဖြတ်စားသွားသည်ကို တွေ့ကြရသည်။ မြေပြင်တွင် ကျနေသော အချို့အရွက်အပြတ်များမှာ မနွမ်းသေးသဖြင့် သွားကြသည်မှာ မကြာသေးဟု သိရသည်။ မြေအနည်းငယ်ပျော့၍ မြက်ပင် ကိုင်းပင်များ ရှိရာသို့ရောက်သောအခါ ကြေနေသည်များနှင့် ခြေရာများကို တွေ့ရသည်။ ဆင်ချေးများ တွေ့ရသည်။ ဆင်လမ်းကြောင်းအတိုင်း လိုက်သွားရာ နေလုံး မပျောက် တပျောက်တွင် ခွိုင်ကျစ်သို့ ရောက်ရှိသွားကြသည်။ ကျစ်ဆိုသည်မှာ ရှမ်းဘာသာဖြင့် ဆားငန်မြေကို ခေါ်ဆိုခြင်း ဖြစ်သည်။ အမှန်အားဖြင့်တော့ ကျစ်ဆိုသည်မှာ မိုးအခါတွင် ရေများပြည့်လျှံနေပြီး နွေအခါတွင် စိမ့်မြေဖြစ်သော ချိုင့်ဝှမ်းငယ်ပင် ဖြစ်သည်။ နွေအခါတွင် ရေခန်းသည်ဖြစ်စေ၊ မခန်းသည် ဖြစ်စေ၊ ရေအိုင်သည် ရေအိုင်ပဲ ဖြစ်သည်။ ဤချိုင့်ဝှမ်းအတွင်းသို့ တစ်မိုးတွင်းလုံး တောင်ကျရေများ စီးဝင်သည်။ သစ်ရွက်ဆွေးနှင့် မြေဩဇာများ ပါလာသည်။ ဆားဓာတ်ပါလာသည်။ သို့ဖြင့် တောသတ္တဝါများသည် ရေရှိစဉ်တွင် ရေသောက်ဆင်း၍ သွေ့ခြောက်သည့် အခါတွင် ဆားငန်မြေကို လျက်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ခွိုင် ဆိုသည်မှာ ရှမ်းဘာသာဖြင့် ကျွဲကိုပြောခြင်းဖြစ်သည်။ ခွိုင်ကျစ်၏ အဓိပ္ပါယ်သည် ကျွဲလူး အိုင်ပင် ဖြစ်သည်။ သို့ရာတွင် ယခုညနေတွင်မူ ကျွဲမလူးပဲ ဆင်လူးသွားသည်။ ရေများ နောက်နေသည်။ အိုင်ထဲမှ ရေမှော်များ၊ ကြာရွက်များ ကုန်းပေါ်ရောက်နေသည်။ ရေကို နာမောင်းဖြင့် စုပ်၍မှုတ်တတ်သဖြင့် သစ်ပင်များပေါ်တွင် ရွှံ့စက်များစင်နေသည်။ ကျစ်တစ်ဝိုက်ရှိဝါးရုံများနှင့် သစ်ပင်များလည်း ထောင်းလမောင်း ကျေနေသည်။ ခါးလျားရှည်သော သစ်ပင်တစ်ပင်ကိုမူ နာမောင်းဖြင့် အညွန့်အခက်များ ချိုး၍ မမှီသဖြင့် အမြစ်မှ ကျွတ်အောင် တွန်းလှဲထားသည်။ အချို့ကျင်းများတွင် ဝပ်သွားကြသည်။

အကယ်၍သာ မခေါင်ညွှယ်မီးဖွားသည်နှင့် မကြုံကြိုက်လျှင် သူတို့သည် နေ့မွန်း အတိမ်းတွင် ဆင်အုပ်နှင့် တွေ့ပြီး ကျစ်သို့မရောက်ခင် ဆင်အုပ်ကို ခွဲ၍ ကြိုက်နှစ်သက်ရာ ဆင်တစ်ကောင်ကို ကြိုးကွင်းပစ် ဖမ်းနိုင်မည်ဖြစ်သည်။ ယခုမူ နေဝင်ခါနီးတွင်မှ ဆင်အုပ်မွှေသွားသော ကျစ်ကို တွေ့ကြရသည်။ သို့ဖြင့် မနက်ဖြန်မနက်တွင်မှ ဆင်အုပ်နောက်သို့ လိုက်ပြီး နေ့ခင်းလောက်တွင်မှ ကြိုးကွင်းပစ်ရတော့မည်။ ယနေ့ည အဖို့မူ ဤကျစ်မှာပင် အိပ်ကြရတော့မည်။

မုဆိုးများသည် ကျစ်ကို အားကိုးအားထား ပြုကြရသည်။ တောကောင်များသည် ကျစ်ရှိရာသို့ လာတတ်သဖြင့် ကျစ်အနီးမှ ချောင်းမြောင်းကြရသည်။ ဤသို့ဖြင့် ကျစ်တိုင်းလောက်တွင် လင့်များရှိကြသည်။ သူတို့သည် လင့်ကို အနည်းငယ် ပြုပြင်၍ စခန်းချကြသည်။

သို့ရာတွင် ထိုညက သူတို့သည် လင့်ပေါ်သို့ တော်တော်နှင့် မတက်ဖြစ်ကြဘဲ မီးပုံဘေးတွင် စကားပြော၍ နေခဲ့ကြသည်။ သူတို့ ညီအစ်ကိုနှစ်ဦးသည် တစ်သက်နှင့် တစ်ကိုယ် ဤမျှကြာကြာ စကားမပြောခဲ့ဘူးချေ။ ထို့ပြင် စကားပြောသည် ဆိုရာဝယ် ကိုရွှေနီကချည်းသာ အများဆုံးပြောခြင်း ဖြစ်သည်။ သူ့အစ်ကို ဤမျှ စကားပြောသည်ကို မောင်ရွှေဝါ မတွေ့ဘူးသေးချေ။ ကိုရွှေနီ ပြောသည့် အကြောင်းအရာမှာ မနက်ကတွေ့ခဲ့သည့် မခေါင်ညွှယ်အကြောင်းပင် ဖြစ်သည်။

ကိုရွှေနီသည် ခေါင်ရည်ကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်ရင်း မခေါင်ညွှယ်အကြောင်း ပြောနေသည်။ မောင်ရွှေဝါသည် အရက်သေစာကို မကြိုက်သော်လည်း လုံးဝရှောင်ကြဉ်ခြင်းလဲ မရှိချေ။ အလျင်းသင့်သည့်အခါတွင် အထိုက်အလျောက် သောက်လေသည်။ ယခုလို ခိုက်ခိုက်တုန် ချမ်းသောကာလတွင်၊ တောနက်ထဲ ရောက်နေသော အခါမျိုးတွင် အအေးဒဏ်မှ ကာကွယ်ရန် သောက်လေသည်။ သို့သော် အမြည်းများများစား၍ အရက်နည်းနည်းသာ သောက်လေသည်။

"မခေါင်ညွှယ်ဟာ တို့နားတဝိုက်ကတော့ မဟုတ်နိုင်ဘူးကွဲ့။ တော်တော့်ကို ဝေးတဲ့နေရာက ဖြစ်လိမ့်မယ်"

"အင်း"

"သူ့ရွာကို သူပြောချင်ပုံ မရဘူး"

"အင်းပ"

"သူ့ရွာက ထွက်ပြေးလာတာနှင့် တူတယ်"

"ဘာပြုလို့ ထွက်ပြေးလာသလဲ"

"ဘယ်သိမလဲကော။ သူ့မေးကြည့်ရမှာပ"

MMCYBERMEDIA
COMMUNITY FOR ALL

"ပြန်တော့ မေးကြည့်တာပ"

"အင်းပ။ သူ ရွာမှာ ဘာဖြစ်လာသလဲ မသိဘူး။ သူ့ကို လိုက်သတ်ကြမယ်လို့ ထင်နေတယ်"

"ဟုတ်တာပ။ ကျွန်တော်တို့ကိုတောင် သူ့ကို လိုက်သတ်တဲ့ လူတွေလို့ ထင်နေသေးတာပဲ"

"နောက်တော့ တို့များကို ကျေးဇူးတင်သွားပါတယ်"

"အစ်ကို ရွှေနီကို ပိုပြီးကျေးဇူးတင်မှာပ။ အစ်ကိုရွှေနီကို ကိုင်ပြီးမှ သူကလေးမွေးရတာ မဟုတ်လား"

"ဟဲဟဲ... ငါ့လက်ကို ပေါက်သွားတာပဲ"

ကိုရွှေနီက သူ့လက်ကောက်ဝတ်ကို လှန်ပြသည်။ လက်သည်းရာငါးခုသည် လခြမ်းငါးခုကဲ့သို့ ရှိသည်။

"အတော် နက်တာပဲ"

မောင်ရွှေဝါက စွန်တန်ခြောက်ကို ဝါးရင်း ပြောသည်။

"အား... အနက်ကြီးပ။ အတော်သန်တဲ့ ကချင်မပဲ။ သူလုပ်ထားတာ ငါ့အကြောတွေ ပြတ်ကုန်ရော မှတ်တယ်။ သူ့လက်နှစ်ဖက်နှင့် ဆွဲတာ။ သူ့အပေါ် ငါ ရောက်မသွားအောင် မနည်း တောင့်ထားရတယ်ကော"

"ကလေးမွေးရတာ မသက်သာဘူး နော"

"အေးပ၊ မိန်းမမီးနေ၊ ယောကျ်ားဖောင်စီးလို့ ဆိုသားပဲ၊ နောက်ပြီး သူက အမွေးလည်း ခက်တယ် မဟုတ်လား၊ အပျိုမွေးကိုးကွယ့်"

"အစ်ကို ရွှေနီက အပျိုမွေးလို့ ဘာပြုလို့သိသလဲ"

"သူ့သားကို မဂမ်လို့ ခေါ်တယ်ကော"

ဟုတ်ပေသည်။ ကချင်များသည် သားသမီးမွေးလျှင် ဝါစဉ်အရ နာမည် မည့်သည်။ ပထမသားကို မဂမ်၊ အင်ဂမ်၊ လဂမ် ဟုခေါ်သည်။ ဒုဝါ၏ သားဆိုလျှင် ဇော်ဂမ် ဖြစ်သည်။ ပထမသမီးကို မကော့၊ ဒုတိယသမီးကို မလူ၊ တတိယသမီးကို မရွယ် ဟုခေါ်သည်။ ဒုဝါ၏ သမီးဆိုလျှင် နန်အောင်၊ နန်နိမ်၊ နန်ဒွယ် ဟူ၍ ဖြစ်သည်။

"ဟုတ်သားပ၊ မဂမ်၊ မဂမ်၊ ကျွန်တော်တို့လို ဆိုရင်တော့ မောင်ကံဦး ပ၊ သူတို့ ဂမ်နှင့် ကျွန်တော်တို့ ကံက အတူတူပေပဲကိုး "

"အင်း၊ မောင်ကံဦး..."

ကိုရွှေနီက ခေါင်းတစ်ဆတ်ဆတ်နှင့် ဆိုလိုက်သည်။ ထို့နောက် အရက်ကျည်တောက် အသစ်တစ်ခုကို ယူလိုက်သည်။

"မဂမ်ဆိုလို့ သတိရတယ်၊ သူ့အမေက မခေါင်ညွယ်ဆိုတော့ တတိယသမီးပ"

MMCYBERMEDIA
COMMUNITY FOR ALL

"အင်းပ၊ သူဘာဖြစ်လို့ ရွာက ပြေးလာသလဲ မသိဘူး၊ သတ္တိကတော့ အတော်ကောင်းတဲ့ မိန်းမပဲ၊ တောတွေ တောင်တွေ ဖြတ်၊ ခရီးအဝေးကြီးက လာခဲ့ပြီး ဘယ်လောက်ပဲ ခက်ခက်ခဲခဲ ကလေးမွေးရပေမယ့် အားမလျှော့ဘူးနော၊ စိတ်မလျှော့ဘူး၊ ကြိတ်ခံတယ်၊ ဒီလို ဖွဲ့မျိုး ရှားသားနော"

မောင်ရွှေဝါသည် တစ်တိတိဖြင့် အတော်မူးလာပြီ ဖြစ်သဖြင့်...

"အစ်ကိုရွှေနီလည်း တစ်ညလုံး မခေါင်ညွှယ်အကြောင်းပဲ ပြောနေတော့တာပဲ"

"အယ်၊ နင်လည်းပြောသကော"

"အစ်ကိုရွှေနီ ပြောလို့ ပြောရတာပ"

"အယ်၊ ငါခုတ်ရင် နင်သေတာ့မှာပ"

သို့ရာတွင် ကိုရွှေနီသည် ညီဖြစ်သူကို တစ်ကယ် စိတ်ဆိုးပုံမရချေ။ မောင်ရွှေဝါက ရယ်နေသည်။ မီးရောင်သည် သူတို့မျက်နှာများပေါ်သို့ တစ်ဖျပ်ဖျပ်ကျနေသည်။ မျက်နှာများသည် အရက်ကြောင့်လည်း နီနေသည်။ မီးရောင်ကြောင့်လည်း နီနေသည်။ ကိုရွှေနီသည် မီးကို မပြတ်ထည့်နေသည်။ သူသည် မိုးလင်းသည် အထိ မခေါင်ညွှယ်အကြောင်းကို ပြောလိုဟန် ရှိသည်။ ကိုစောနွဲ့က သမန်းမယ် အကြောင်း မမောနိုင်၊ မပန်းနိုင် ပြောပုံကို သတိရမိ၍ ပြုံးမိသေးသည်။ ထိုအခါမှ မနှင်းမြူကို သတိရတော့သည်။

သူတို့နှစ်ယောက်သည် သန်းခေါင်ကျော်မှပင် လင့်စင်ပေါ် တက်ကြသည်။ သို့ရာတွင် တော်တော်နှင့် အိပ်မပျော်ကြချေ။ ကိုယ့်အတွေးနှင့်ကိုယ် လုံးထွေးနေကြသည်။ အိပ်ပျော်တော့လည်း မည်သည့်အချိန်တွင် အိပ်ပျော်သွားသည်ကို မသိကြ။ နံနက်နေတော်တော်မြင့်မှ အိပ်ယာမှ နိုးကြသည်။ သည်တော့မှ ကမန်းကတန်းနှင့် ဆင်အုပ်နောက်သို့ လိုက်ကြရသည်။ ဆင်ရိုင်းများသည် အသင်း၊ အပင်းဖွဲ့လျက် တောထဲတွင် မပြတ်ဆိုသလို လှည့်လည်သွားလာနေတတ်ကြသည်။ ဆင်ရိုင်းတစ်အုပ်တွင် နှစ်ဆယ်၊ အစိတ်မှ တစ်ရာကျော်အထိပါဝင်သည်။ ဆင်အုပ်တစ်အုပ်သည် မိသားစု တစ်စုပင်ဖြစ်သည်။ အမိ၊ အဖ၊ သား၊ သမီး၊ ဦးကြီး၊ ဒေါ်လေး၊ တူ၊ တူမ၊ ညီအစ်ကို၊ မောင်နှမ စသည်ဖြင့် ဖြစ်သည်။

ဆင်ရိုင်းအုပ်သည် တရွေ့ရွေ့တစ်တိတိသွားရင်း လမ်းတွင်တွေ့သမျှ အသီးအရွက်များကို စားသွားသည်။ ရေတွေ့လျှင် သောက်ကြ၊ ချိုးကြသည်။ ဆင်သည် ဖြောင့်ဖြောင့်တန်းတန်းနှင့် မှန်မှန် သွားလျှင် တစ်နာရီ ခြောက်မိုင် ခရီးပေါက်သော်လည်း အုပ်စုဖွဲ့၍ သွားသောအခါတွင်ကား ခရီးမတွင်ချေ။ ထို့အပြင်လှည့်ပတ်၍ သွားနေတတ်သဖြင့် တစ်ရက်နှင့် တစ်ညတိုင်သည့်တိုင် သည်အနားသည်အနားမှာပဲ ရှိတတ်သည်။

ယင်းကြောင့်ပင် ကိုရွှေနီတို့သည် ဆင်အုပ်ကို မွန်းလွဲချိန်တွင် တွေ့ရှိရလေသည်။ တောင်ကုန်းတစ်ခုထက်မှ နေ၍ မြင်ရခြင်းဖြစ်သည်။ ဆင်အုပ်သည် လွင်တွင် တစ်ရွေ့ရွေ့သွားနေသည်။ ချောင်းရှိရာသို့ ဦးတည်၍သွားနေကြသည်။ ယင်းသို့ဆိုလျှင် ချောင်းသို့မရောက်မီ ဖမ်းနိုင်လျှင် ကောင်းပေမည်။ ချောင်းသို့ ဆင်းမိလျှင် အကြာကြီး စောင့်ရပေမည်။

ဆင်အုပ်သည် ထုံးစံအတိုင်း တစ်ကောင်၏နောက်မှ တစ်ကောင်ကပ်လျက် လိုက်ပါလျက် ရှိကြသည်။ ရှေ့ဆုံးမှ သွားနေသော ခေါင်းဆောင်ဆင်မကြီးသည် အတော်အိုပြီ ဖြစ်သည်။ ယင်းကြောင့်ပင်

MMCYBERMEDIA
COMMUNITY FOR ALL

ဆင်မတစ်ကောင်သည် ဘေးကျကျမှ လိုက်၍ရန်စောင်နေသည်။ သို့ရာတွင် ရုတ်တရက်တော့ တိုက်ရဲဦးမည် မဟုတ်ချေ။ ဆင်မကြီးသည် အိုပြီ မှန်သော်လည်း သန်တုန်း မြန်တုန်း ဖြစ်သည်။ ယင်းဆင်မနစ်ကောင်၏နောက်တွင် ဆင်မဆယ်ကောင်ခန့်ပါသည်။ ဆင်ကလေး ငါးကောင်ရှိသည်။ ထို့နောက်တွင်မှ ဆင်ထီးများ လိုက်ပါကြသည်။ စုစုပေါင်း အကောင် သုံးဆယ်ခန့်ရှိသည်။

ကိုရွှေနီနှင့် မောင်ရွှေဝါသည် ဖမ်းရမည့်ဆင်ကို ရွေးချယ်လျက်ရှိသည်။ နောက်ဆုံးမှ လိုက်ပါလာသော ဆင်ပေါက်ကို ရွေးချယ်ရန် ကိုရွှေနီက ပြောသည်။

"အတော်ကြီးတဲ့ အကောင်ကြီးပဲ၊ မောက်ခမ်းဝါထက်တောင် ကြီးသေးတယ်၊ ဖြစ်ပါ့မလား"

မောင်ရွှေဝါက စိုးရိမ်သဖြင့် ပြောလိုက်မိသည်။ ဖမ်းမည့်ဆင်ရိုင်းသည် အိမ်ဆင်ထက် ငယ်မှ တော်ရုံရှိမည်။

"ဒါမှ နင်ကြေးကောင်းကောင်းရမယ် ပ"

သူ့အစ်ကိုက သူ့အတွက် စေတနာဖြင့် ပြောသဖြင့် မငြင်းသာပဲ ရှိသည်။ သူကပို၍ စွန့်စားရမည် ဖြစ်သည်။

သို့ဖြင့် သူတို့သည် မောက်ခမ်းဝါကို ချွန်းဖွင့်၍ ဆင်အုပ်ရှိရာသို့ လေညာဘက်မှ ချဉ်းကပ်သွားသည်။ သို့ရာတွင် ဆင်အုပ်အတွင်းသို့ ခါးလယ်မှ ဖြတ်ဝင်ပြီး ဆင်ပေါက်ကို နောက်ဘက် ပြန်မောင်းရမည်ဖြစ်၍ လွင်အလယ်သို့ ရောက်သောအခါ လေညာကို စွန့်လိုက်ရသည်။ လေတင်ဘက်မှပင် ရဲတင်းစွာဝင်ရတော့သည်။ ဆင်အုပ်သည် အိမ်ဆင်နံ့နှင့် လူနံ့ကို ချက်ချင်းပင် ရရှိသွားသည်။ နောက်ဆုံးမှ လိုက်လာသော ဆင်ထီးများသည် ကိုယ်လွတ်ရုန်း၍ ပြေးကြတော့သည်။ သို့ရာတွင် ဆင်မများကမူ ခြေကုန်သုတ်မပြေးပဲ ဆင်ကလေးများကို အကာအကွယ်ပြု၍ သွားနေကြသည်။

သူတို့ဖမ်းမည့် ဆင်ပေါက်သည် အားအင်ကောင်းသည့်အလျောက် ပြေးသည့်နေရာတွင် ရှေ့ဆုံးသို့ရောက်နေသည်။ ဆင်ပေါက်သည် နောက်သို့ လှည့်မပြေးပဲ ဆင်ကလေးများကို တိုးခွေနင်းချေကာ ချောင်းစပ်သို့ ပြေးလေသည်။

ချောင်းစပ်သို့ မရောက်မှီ ဆင်ပေါက်ကိုမိနိုင်စေရန် မောင်ရွှေဝါသည် မောက်ခမ်းဝါ၏ တင်ပါးကို သံချွန်ဖြင့် နာနာထိုးပေးသည်။ မောက်ခမ်းဝါသည် အပြေးမြန်သလောက် အပင်ပန်းခံနိုင်သည်။ သခင့် အလိုကို သိသည်။ ဆင်မနှင့် ဆင်ကလေးများကို ရှောင်၍သွားနေလျှင် ဆင်ပေါက်ကို မှီမည်မဟုတ်၍ ဆင်မများ အကြားသို့ ဖြတ်ဝင်သည်။

ဆင်မများသည် ကလေးငယ်များကို စိုးရိမ်သည့်အလျောက် မောက်ခမ်းဝါကို ဝိုင်းတိုက်ကြသည်။ အစွယ်ဖြင့် ထိုးကြသည်။ မောက်ခမ်းဝါက ပြန်၍ ထိုးသည်။ ဆင်ထက်မှ လူနှစ်ဦးကို နာမောင်းဖြင့် ဝိုင်း၍ ရိုက်ကြသည်။ မောက်ခမ်းဝါသည် ကိုရွှေနီကို ကောင်းစွာ အကာအကွယ်ပေးနိုင်သည်။ နာမောင်းဖြင့် ကာပေးသည်။ သို့ရာတွင် မောင်ရွှေဝါသည် အကာအကွယ်မဲ့နေသဖြင့် ဆင်မများကြားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆင်ပေါ်မှ ခုန်ချ၍ မောက်ခမ်းဝါ၏ ဝမ်းဗိုက်အောက်သို့ ဝင်နေရသည်။ မောက်ခမ်းဝါ၏

ခြေကျနှင့် အညီပြေးလိုက်ရသည်။ ဆင်ကလေးများမှာလည်း မိခင် ဆင်မများ၏ ဗိုက်အောက်တွင် ရောက်ရှိနေကြသည်။

မောက်ခမ်းဝါသည် ဆင်မများနှင့် ဖက်ပြိုင်၍ တိုက်မနေပဲ ရှေ့သို့အတင်း ဖောက်ထွက်သွားသည်။ ဆင်အုပ်ကို လွန်သောအခါတွင်မှ မောင်ရွှေဝါသည် မြီးကုန်းပေါ်သို့ လျင်မြန်စွာ ခုန်တက်ရသည်။ တော်ပေသေးသည်။ ပေါင်မှ ဒဏ်ရာသည် သူ့ကို မည်သို့မျှ ကသိကအောင့် မပြုပါချေ။

ထိုအချိန်တွင် သူတို့ဖမ်းမည့် ဆင်ပေါက်ကြီးသည် ချောင်းကို ဖြတ်ကူးနေပြီ ဖြစ်သည်။ ကိုရွှေနီက ချောင်းကိုဖြတ်၍ လိုက်မည်ပြုနေသဖြင့် မောင်ရွှေဝါက အခြားဆင်တစ်ကောင်ကိုသာ ဖမ်းရန် အချက်ပြသည်။ သို့သော်မရချေ။ ကိုရွှေနီက ဆင်ပေါက်ကိုသာ မဲနေသည်။ မောက်ခမ်းဝါကလည်း ချောင်းကိုဖြတ်၍ ဆင်ပေါက်နောက်သို့သာ လိုက်လေသည်။

ချောင်းတစ်ဘက်သို့ ရောက်သောအခါ ဆင်ပေါက်သည် တောစပ်သို့ ပြေးလေသည်။ မောက်ခမ်းဝါသည် ဆင်ပေါက်ထက်ပို၍ အပြေးမြန်သည်။ သို့ရာတွင် ဆင်ပေါက်သည် မောက်ခမ်းဝါထက် ပို၍ အရပ်မြင့်သဖြင့် မိမိရရ ကြိုးကွင်းပစ်နိုင်ရန် ကိုရွှေနီသည် မတ်တပ်ရပ်လိုက်သည်။ ဆင်ပေါက်သည် နာမောင်းကို ဦးကင်းပေါ်တွင် ခွေထားသည်။ ဆင်များသည် ပြေးသောအခါတွင် ထိုအတိုင်းချည်းသာ ဖြစ်သည်။ ကိုရွှေနီက သေသေချာချာ ချိန်ဆ၍ ကြိုးကွင်းကို ပစ်လိုက်သည်။ ကြိုးကွင်းသည် ဆင်ပေါက်၏ ဦးကင်းပေါ်သို့ တန်းတန်းမတ်မတ် ကျသွားသည်။ ဆင်ပေါက်သည် ဦးကင်းပေါ်သို့ကျလာသော ကြိုးကွင်းကို ဖယ်ရှားရန် နာမောင်းကို ဆန့်လိုက်သည်။ ထိုအခါ ကြိုးကွင်းသည် လည်ပင်းကို စွပ်မိရက်သား ရှိနေတော့သည်။ ရှန်းလေ တင်းလေ ဖြစ်သွားသည်။ မောက်ခမ်းဝါသည် ဆင်ပေါက်ထက်ပို အားကောင်းသဖြင့် ဆင်ပေါက်ရုန်းသည့်နောက် ပါမသွားခြင်း ဖြစ်သည်။ ဆင်ပေါက်သည် နှစ်ခါ၊ သုံးခါ ရုန်းကြည့်၍ မရသောအခါ ငြိမ်သွားသည်။ ဆင်အုပ်သည် ချောင်းကို ဖြတ်ကူးခြင်း မပြုတော့ပဲ ချောင်းရိုးအတိုင်း တောင်ဆီသို့ ပြေးသွားသည်။ ကိုရွှေနီလည်း ချောင်းကို ပြန်မဖြတ်တော့ပဲ ဆင်ပေါက်ကို တစ်ဘက်တောအုပ်ဆီသို့ ဆွဲခေါ်သွားသည်။ တောအုပ်သို့ ရောက်သောအခါ လက်နှစ်ဘက်ခန့်ရှိသော သစ်ပင်အနီးတွင် ဆင်ရိုင်းကို ကပ်စေပြီး မောက်ခမ်းဝါအား ထိုသစ်ပင်ကို နှစ်ပတ်ပတ်စေသည်။ ကြိုးသည် သစ်ပင်တွင် နှစ်ပတ်ရစ်ပြီးသား ဖြစ်သွားသည်။ ထိုအခါတွင်မှ မောက်ခမ်းဝါ၏ ဗိုက်မှ ကြိုးကိုဖြေ၍ အခြားသစ်ပင်တွင် အခိုင်အမာချည်ရပြန်သည်။ ဆင်ရိုင်းက ပထမ သစ်ပင်မှ ကြိုးကို လှည့်ပတ်၍ ဖြေလိုက်သော်လည်း အခြားတစ်ပင်တွင် အခိုင်ချည်ပြီး ရှိနေ၍ ရုန်းမထွက်နိုင်တော့ချေ။ ကိုရွှေနီတို့သည် ဆင်ပေါက်ကို ဤမှာတင် အပြီးကျင့်ပြီးမှ ရွာသို့ ခေါ်သွားမည်ဖြစ်သည်။

ထို့နောက် သူတို့သည် ဆင်ရိုင်းမီသော အကိုင်း၊ အခက်များကို ခုတ်ပစ်ကြသည်။ ချုံများကို ရှင်းပစ်သည်။ ဆင်ရိုင်းတွန်းလှဲနိုင်သော အပင်ငယ် တစ်စုကိုပါ ခုတ်လှဲပစ်သည်။ သူတို့သည် ဆင်ရိုင်းကို နှစ်ရက်ခန့် အစာငတ်၊ ရေငတ် ထားကြမည်ဖြစ်သည်။ ခုတ်ပြီးအကိုင်း၊ အခက်များကို ဆင်ရိုင်းမမှီနိုင်သော နေရာတွင် သွား၍ စုပုံထားသည်။ မောက်ခမ်းဝါအတွက် ရိက္ခာဖြစ်သည်။ မောက်ခမ်းဝါသည် ဆင်ရိုင်းအနီးတွင် ကင်းစောင့်နေမည် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပြီးမှ လင့်တင်ရသည်။ နေနည်းနေပြီ ဖြစ်၍ ဝါးများကို ကမန်းကတမ်း ခုတ်ရသည်။ လျှော်ကြိုး၊ နွယ်ကြိုးနှင့် ကြိမ်များကို ရှာရသည်။ နေစုံးစုံးမြုပ်မှပင် လင့်တင်၍ ပြီးသည်။ ထို့နောက် တစ်ယောက်က မီးဖိုရသည်။

တစ်ယောက်က ချောင်းသို့ပြေး၍ ရေခပ်ရသည်။ မောက်ခမ်းဝါလည်း ရေသောက်ဆင်းသည်။သည်ညတွင်လည်း ကိုရွှေနီက မခေါင်ညွှယ်အကြောင်းပြောသည်ပဲ ဖြစ်သည်။ တစ်နေ့ခင်းနှင့် တစ်ညနေလုံး ပင်ပန်းထား၍ မောင်ရွှေဝါမှာ အိပ်ချင်နေပြီ ဖြစ်သော်လည်း ကိုရွှေနီသည် မျက်ထောင့်နီကြီးနှင့် ကချင်မအကြောင်း စကားစနေသည်။

"သူတို့ ချက်ကြိုးဖြတ်တာဟာ အဟုတ်ကြီးပဲကွယ့်၊ အရှည်အတိုကို ကလေးရဲ့ ဒူးဆစ်နှင့်တိုင်းတယ်"

"အင်း"

"အချင်းမြုပ်တာလဲ အကျအနပဲကွယ့်၊ ဘေးပတ်လည် ခြံခတ်ထားတော့ ဘယ်ခွေး၊ ဘယ်ကြောင်မှ မစားနိုင်တော့ဘူး"

"အင်း"

"သူတို့မှာ နည်းရှိတယ်ကွယ့်၊ ချက်ကြိုးဖြတ်ရင် ဘယ်လို၊ အချင်းမြှုပ်ရင် ဘယ်လို ဆိုတာ၊ ငါအံ့ဩတာက သူဒါတွေ ဘယ်လို တတ်ထားသလဲ ဆိုတာပဲ"

"တွေ့ဖူး၊ မြင်ဖူးမှာပ"

"နို့ပေမယ့် သူကအပျို မဟုတ်လားကွယ့်"

"ကိုယ်ဝန်ရှိကတည်းက မေးမြန်းထားမှာပ"

"အေး၊ ဟုတ်သကော၊ နောက်ပြီးတော့ လမ်းမှာ သူကလေးမွေးမယ်ဆိုတာ သိပြီးသားကွယ့်၊ ဒါကြောင့် သူ့မှာ ငှက်ပျောဖက်ကအစ၊ ကြိုးနှင့်ဝါးပါ ပါလာတာ၊ သူကလေးမွေးနေတုန်း ဒါတွေ ဘယ်သူကမှ ရှာပေးမှာ၊ လုပ်ပေးမှာ မဟုတ်ဘဲကိုးကွယ့်၊ တောထဲမှာ တစ်ယောက်တည်းမွေးရမယ်ဆိုတာ သူသိပြီးသားကွယ့်၊ တစ်ကယ့်ကို သတ္တိကောင်းတဲ့ မိန်းမပါပဲကွယ်"

မောင်ရွှေဝါသည် အိပ်ချင်လှပြီ ဖြစ်၍ စကားစကို အတင်းဖြတ်ကာ လင့်ပေါ်သို့ တက်ခဲ့သည်။ ကိုရွှေနီသည် မီးဖိုဘေးတွင် ကျန်ရစ်ခဲ့သည်။ မောင်ရွှေဝါသည် လင့်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားတော့သည်။ ကိုရွှေနီ လင့်ပေါ်သို့ ဘယ်အချိန်တက်လာမှန်းလည်း သူမသိတော့ချေ။

အိပ်ပျော်နေရာမှ ဆတ်ကနဲ သူလန့်နိုးလာသောအခါ ညသည် မှောင်နေသည်။ ခိုက်ခိုက်တုန်အောင် အေးနေသည်။ မီးပုံသည် သေလုနေပြီ ဖြစ်သည်။ ထင်းစ တစ်စတည်းသာ မီးတောက်နေသည်။ ကျန်သည့် သုံးလေးစကား မီးခိုးအူနေသည်။ မီးခိုးနှင့်နှင်း ရော၍မွှန်နေသည်။ မောင်ရွှေဝါသည် အိပ်ချင်စိတ် မပြယ်သေးသဖြင့် ခေါင်းပြီးခြုံ၍ ပြန်အိပ်မည် စိတ်ကူးသည်။ သို့ရာတွင် သူ့နားထဲ၌ တစ်အုန်းအုန်း အသံများကြားရသည်။ တစ်ချီတစ်ချီတွင် သူတို့သစ်ပင် တုန်သွားသည်။ ထိုအခါမှ သူဆင်များကို သတိရ၍ ကြည့်လိုက်သည်။ သဲကွဲစွာ မမြင်ရ။ ရိုးတိုး ရိပ်တိပ်သာ မြင်နေရသည်။

ဆင်ပေါက်သည် နောက်ခြေဖြင့် မြေကြီးကို တအုန်းအုန်း ဆောင့်နေခြင်း ဖြစ်သည်။ မောင်ရွှေဝါ မျက်လုံးကျယ်သွားသည်။ လေထဲတွင်အနံ့ခံကြည့်သောအခါ ညှီစို့စို့ အနံ့ရသည်။ ဆင်ပေါက်သည်

MMCYBERMEDIA
COMMUNITY FOR ALL

မှန်ယိုနေပြီ ဖြစ်သည်။ မောက်ခမ်းဝါကို ကြည့်လိုက်သောအခါ မလှမ်းမကမ်းတွင် ဝပ်နေသည်။ ငြိမ်နေသည်။ မောက်ခမ်းဝါသည် လေတင်တွင် ဝပ်နေခြင်းဖြစ်၍ ဆင်ပေါက်၏ မှန်နဲ့ကို ကောင်းစွာရနေသည်။ မောင်ရွှေဝါသည် စိုးရိမ်စိတ် ဝင်လာသည်။ ကိုရွှေနီကို နှိုးသည်။

"အစ်ကိုရွှေနီ ဆင်ပေါက် မှန်ယိုနေပါပကော"
"ဆင်ဆိုတာ တစ်နှစ်နှစ်ခါ မှန်ယိုတာပ"

ကိုရွှေနီသည် အိပ်ယာမှ မထပဲ လျှာလေး၊ အာလေးဖြင့် ပြန်ပြောသည်။

"ရှူးရှူး ရှားရှား ဖြစ်နေတယ်။ အစ်ကိုရွှေနီ မကြားဘူးလား"
"အယ်... မောက်ခမ်းဝါ ရှိသားပဲ"
"အစ်ကိုရွှေနီ နိုးရဲ့လား၊ ယောင်နေတာလား"
"ငါနိုးပါတယ်"
"မောက်ခမ်းဝါ ငြိမ်နေတယ်၊ ဝပ်နေတယ်"
"အယ်၊ ငါအိမ်မက်ကောင်းနေတယ်ကွာ"

ကိုရွှေနီသည် တစ်ဘက်သို့ လှည့်၍အိပ်သွားသည်။ မောင်ရွှေဝါမှာ စိတ်လည်းပျက်ရသည်။ ဒေါသလည်း ထွက်ရသည်။ ပထမတော့ အစ်ကိုဖြစ်သူကို ဆောင့်၍ နိုးမည်ဟု စိတ်ကူးသေးသည်။ နောက်မှ ထိုစိတ်ကူးကို ပယ်ဖျက်လိုက်ကာ ဓားနှင့် သေနတ်ကို ယူ၍ လင့်ပေါ်မှ ဆင်းခဲ့သည်။

မီးထည့်လိုက်သည်။ ခဏအကြာတွင် လူတစ်ရပ်ခန့် မီးတောက်ကြီး ဖြစ်လာသည်။ တစ်တောလုံး ထိန်ထိန် လင်းသွားသည်။ ဆင်ပေါက် ငြိမ်သွားသည်။ မောင်ရွှေဝါက အသံပြုလိုက်သောအခါ မောက်ခမ်းဝါသည် နေရာမှ ထ၍ အစာစားသည်။

အခြေအနေ ငြိမ်သက်သွားသောအခါ မောင်ရွှေဝါသည် လင့်ပေါ်သို့ပြန်၍ တက်ခဲ့သည်။ ကိုရွှေနီသည် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်။ မခေါင်ညွှယ်ကို အိမ်မက်မက်နေဟန်ရှိသည်။ မောင်ရွှေဝါလည်း ကြာရှည်လေးမြင့်စွာ တွေးတောခြင်းမပြုဘဲ ပြန်၍ အိပ်ပျော်သွားသည်။ နောက်တစ်နေ့ မနက် သူ အိပ်ယာမှ နိုးသောအခါ နေလုံးကို မြင်ရပြီဖြစ်သည်။ ဘေးကို ကြည့်လိုက်တော့ ကိုရွှေနီသည် အိပ်ကောင်းဆဲ ဖြစ်သည်။ မောင်ရွှေဝါသည် လှဲနေရာမှ ကမန်းကတမ်းထ၍ ဆင်ပေါက်ကို လှမ်းကြည့်လိုက်သောအခါ သူမြင်တွေ့ရသည်မှာ မယုံကြည်နိုင်စရာပင် ဖြစ်သည်။

မောက်ခမ်းဝါနှင့် ဆင်ပေါက်သည် နာမောင်းချင်းယှက်လိမ်လျက် ရှိကြသည်။ ယမန်နေ့ကမူ တစ်ကောင်နှင့်တစ်ကောင် အသေ ထိုးသတ်ကြမည်ကဲ့သို့ ရှိသော်လည်း ယခုမူ တစ်ကောင်နှင့် တစ်ကောင် ကြင်နာယုယနေကြပြန်သည်။ ညက မှန်ယိုစပြုပြီး တောသုံးထောင်ကိုပါ နင်းခြေပစ်တော့မည်ဟန်ရှိသော ဆင်ပေါက်သည် ယခုအခါ ပကတိ နူးညံ့သိမ်မွေ့လျက်ရှိသည်။

မောင်ရွှေဝါသည် ချက်ချင်းပင် ကိုရွှေနီကို နှိုး၍ ဆင်နှစ်ကောင်၏ အဖြစ်ကို ပြသည်။ ကိုရွှေနီက မျက်စိကို ပွတ်သပ်၍ကြည့်ရင်း...

MMCYBERMEDIA
COMMUNITY FOR ALL

"ဒါကောင်းတာပ၊ မုန်ယိုတဲ့ အကောင်ဟာ ဆင်မနှင့် အပေးအယူတည့်သွားရင် တစ်ခါတည်း ငြိမ်သွားတော့တာပဲ၊ တို့များ သူ့ကို ကျင့်ရတာ လွယ်သွားတာပ"

ကိုရွှေနီက ခပ်ပေါ့ပေါ့ပင် ဆိုသည်။ ကိုရွှေနီပြောသည်မှာလည်း မှန်သလိုလို ရှိ၍ မောင်ရွှေနီသည် ဘာမှပြန်မပြောတော့ချေ။ သို့ရာတွင် ဆင်နှစ်ကောင်ကိုမူ ခွဲထားလိုက်သည်။ မောက်ခမ်းဝါသည် ညက ဝပ်သည့်နေရာတွင် သွား၍ဝပ်နေသည်။ ဆင်ပေါက်သည် မောက်ခမ်းဝါကို သနားစဖွယ်ငေးကြည့်နေသည်။ ကြမ်းတမ်း ခက်ထန်သည့် အမူအယာ လုံးဝမတွေ့ရချေ။

သို့ရာတွင် ကိုရွှေနီတို့သည် ဆင်ပေါက်ကို ထုံးစံအတိုင်း အစာရေစာ မပေးဘဲ ထားသည်။ အခြေအနေကောင်းလျှင် မနက်ဖြန်တွင် အစာစပေးကြည့်တော့မည်ဟု အောက်မေ့ထားကြသည်။ ယင်းသို့ဆိုလျှင် သန်ဘက်ခါမှစ၍ ညှပ်သွင်းနိုင်မည် ဖြစ်သည်။

ထိုနေ့တစ်နေ့လုံး ကိုရွှေနီနှင့် မောင်ရွှေဝါသည် ညှပ်သွင်းရန်အတွက် အရွယ်ညီညီ သစ်လုံးများ ခုတ်ကြရသည်။ စားသောက်ရန် သစ်သီးဝလံများ ရှာကြရသည်။ ဆင်များအတွက် ငှက်ပျောပင်နှင့် ပြောင်းချိုပင်များ ခုတ်ခဲ့ကြရသည်။ ချောင်းသို့ဆင်း၍ ငါးရှာသည်။ ငါးသိုင်းနှစ်ကောင်ရသဖြင့် အင်ဖက်ဖြင့် ထုပ်၍ ပြာပူအုံးစားကြသည်။ သူတို့သည် စခန်းမှမူ ဝေးဝေးမခွာကြ၊ မသွားကြချေ။ သတိဝီရိယနှင့် တောသံ နားထောင်၍ နေခဲ့ကြသည်။ တစ်ခါတစ်ခါတွင် ဆင်အုပ်သည် သူတို့အဖော်ကို ပြန်လုယူတတ်သည်။ သို့ရာတွင် ဆင်အုပ်သည် သူတို့ရှိရာသို့ မလာတော့ချေ။

ဆင်ပေါက်သည် တစ်နေ့လုံး ငြိမ်သက်စွာပင်ရှိခဲ့သည်။ ညနေဘက်တွင်ကား မုန်အကျများသည်။ မုန်အတွင်းမှကျဆင်းသော ညိုညစ်ညစ် အရည်များသည် ညှီလှသည်။ မုန်တွင်းအနီးရှိ နားထင်သည် ယောင်ကြွနေသည်။ မောက်ခမ်းဝါသည် ဆင်ပေါက်နှင့် မလှမ်းမကမ်းတွင် ဝပ်နေသည်။ အသီးအရွက်များကို သူ့ဘေးတွင် စုပုံထားသည်။ ညနေဘက်ရောက်သောအခါ အုတ်အုတ်အစ်အစ် အသံပြုသည်။

"ဆင်တွေ မိတ်လိုက်တာ ပြာသို၊ တပိုတွဲ မဟုတ်လား၊ ခုမှ နတ်တော်ဆန်းရုံရှိသေးတယ်"

မောင်ရွှေဝါက မျက်မှောင်ကုပ်၍ ဆိုသည်။

"တစ်ချို့လဲ ဘယ်မှန်မလဲ၊ မောက်ခမ်းဝါက အပျိုရိုင်းကိုး"
"ဟိုအကောင်ကြီးကလဲ မုန်မကျဘူးသေးဘူး၊ သူတို့ ညားများညားကြမလား"
"ညားရင်လည်း ကောင်းတာပကွယ်"
"ညကျရင်တော့ သတိထား နေမှဖြစ်မယ်၊ အစ်ကိုရွှေနီက သိပ်အိပ်တာကော"

သို့ရာတွင် ထိုည၌ တုံးနင်းသရေအိပ်သူမှာ မောင်ရွှေဝါသာလျှင် ဖြစ်သည်။ အရက်နည်းနည်း များသွားသဖြင့် ခေါင်းချသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားသည်။ တစ်ညလုံး တစ်ရေးမှ မနိုးပဲ ရှိသည်။ မနက်မိုးလင်းခါနီးတွင် ကိုရွှေနီက သူ့ကို အတင်းကိုင် လှုပ်မှ နိုးတော့သည်။

"ထကွယ့်၊ ထကွယ့်၊ ဒုက္ခတော့ များကုန်ကြပြီ"

"ဒုက္ခတော့ များကုန်ကြပြီ" ဆိုသော အသံကိုကြား၍ မောင်ရွှေဝါ ခုန်ထလိုက်သည်။ ကိုရွှေနီ၏ အပြောကို မစောင့်ပဲ ဆင်ပေါက်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ဆင်ပေါက်က အကြောင်းမဟုတ်။ မောက်ခမ်းဝါက ပြဿနာ ဖြစ်နေသည်။ မောက်ခမ်းဝါသည် သစ်ပင်တွင် ချည်ထားသောကြိုးကို အစွယ်ဖြင့် ထိုး၍ ဖြတ်နေသည်။ မည်သည့်အချိန်ကတည်းက ထိုးဖြတ်နေသည် မသိ။ ကြိုးသည် ပြတ်လုနီးပါး တည်းတည်းလေးသာ ကျန်တော့သည်။ အစများဖွာနေသည်။ နှစ်လွှန်း သုံးလွှန်းသာ ကျန်တော့သည်။ ဆင်ပေါက်သည် မောက်ခမ်းဝါအနီးတွင် လှည့်ပတ်လျက်ရှိသည်။ သူက ပြန်၍ ကင်းစောင့်နေဟန် ရှိသည်။

ကိုရွှေနီက မောက်ခမ်းဝါကို ခေါ်လိုက်သည်။ သူ့ထံသို့ လာရန် အမိန့်ပေးသည်။ မောက်ခမ်းဝါသည် ကိုရွှေနီ၏အသံကို ကြားလိုက်သောအခါ ကြိုးအဖြတ် ရပ်လိုက်သည်။ သို့ရာတွင် ခေါ်ရာသို့မလာဘဲ နေရာတွင် ရပ်နေသည်။ ဆင်ပေါက်သည် ကိုရွှေနီတို့ ရှိရာသို့ ရှူးရှူးရှားရှားဖြင့် မော့ကြည့်နေသည်။

ကိုရွှေနီသည် လင့်ပေါ်မှ အလျင်အမြန် ဆင်းသွားသည်။

"အစ်ကိုရွှေနီ မဆင်းနှင့်၊ မောက်ခမ်းဝါ တောစိတ်ဝင်သွားပြီ"

မောင်ရွှေဝါက ဟန့်တားသော်လည်း မရတော့။ ကိုရွှေနီသည် မြေကြီးပေါ်သို့ ရောက်သွားပြီ ဖြစ်သည်။ သို့ဖြင့် မောင်ရွှေဝါလည်း လင့်ပေါ်မှ ကသောမျောပါး ဆင်းရတော့သည်။ ကိုရွှေနီသည် မောက်ခမ်းဝါကို အမျိုးမျိုး အမိန့်ပေးရင်း၊ အသံ ပြုရင်း ချဉ်းကပ်သွားနေသည်။ မောက်ခမ်းဝါသည် သခင်များ၏ အသံကိုကြားရသောအခါ ပြန်၍ ယဉ်လာပုံရသည်။ မောက်ခမ်းဝါကို သူတို့ အချိန်မှီ ထိကိုင်ခြင်း၊ တက်စီးခြင်းပြုလျှင် ရနိုင်သေးသည်ဟု မောင်ရွှေဝါ သဘောပေါက်သည်။ သို့ဖြင့် ကိုရွှေနီ တစ်လှမ်းတိုးသွားချိန်တွင် သူက တစ်အားပြေးသွားပြီး မောက်ခမ်းဝါ၏ မီးကုန်းပေါ်သို့ ခုန်တက်လိုက်သည်။ မောက်ခမ်းဝါ ငြိမ်နေသည်။ မကြာမီ ကိုရွှေနီလည်း မောက်ခမ်းဝါ၏ ကျောကုန်းပေါ်သို့ ရောက်လာသည်။ သူတို့နှင့် ဆင်ပေါက်ကြီးသည် ဘေးချင်းယှဉ်လျက်ရှိသည်။ သို့ရာတွင် နာမောင်းယမ်း၍ မမှီချေ။ ဆင်ပေါက်ကြီးသည် သူတို့ကို ခဏမျှ ကြည့်နေပြီးနောက် အားနှင့်တစ်ချက်ဆောင့်၍ ရုန်းလိုက်သည်။ တဲတဲသာရှိတော့သော ကြိုးသည် ထောင်းကနဲ ပြတ်ထွက်သွားသည်။ မောက်ခမ်းဝါသည် ကိုရွှေနီ၏ အမိန့်ကို မနာခံပဲ ပေကပ်ကပ်ရှိနေသည်။ အခြေအနေမှာ အထူးဆိုးရွားနေသည်။ သူတို့၏အသက်သည် အချိန်မရွေးပျောက်သွားနိုင်သည်။ သူတို့၏ ခန္ဓာများသည် စိစိညက်ညက်ကြေသွားနိုင် သည်။

ဆင်ပေါက်ကြီးသည် ကြောက်မက်ဖွယ်ရာ အော်လိုက်ပြီးနောက် ဦးတည့်ရာသို့ပြေးသွားသည်။ နှစ်လံခန့်ရှိသော ကြိုးစသည် မြေပေါ်တွင် တရွတ်တိုက် ပါသွားသည်။ မောင်ရွှေဝါက မောက်ခမ်းဝါ၏ တင်ပါးကို သံချွန်ဖြင့် ထိုးလိုက်သည်။ မောက်ခမ်းဝါသည် ဆင်ပေါက်နောက်သို့ ပြေးလိုက်သွားသည်။ ဆင်ပေါက်သည် ရှေ့မှ ပြေးနေရင်းမှ စူးစူးဝါးဝါး အော်လိုက်ပြန်သည်။ မောက်ခမ်းဝါသည် ကျယ်လောင်စွာ ပြန်၍အော်ရင်း သူ့ကျောပေါ်မှ သခင်နှစ်ဦးကို ခါချလိုက်သည်။ မောင်ရွှေဝါက အရင်လွင့်ကျသွားသည်။ မြေကြီးပေါ်တွင် နှစ်ပတ်ခန့် လိမ့်သွားသည်။ သူက ရုတ်ရက်ထိုင်၍ ကြည့်လိုက်သောအခါ ကိုရွှေနီသည် မောက်ခမ်းဝါ၏ ဦးကင်းပေါ်တွင် ရှိနေသေးသည်ကို တွေ့ရသည်။ မောက်ခမ်းဝါသည် အပေါ်မှ လူကို ခါချ၍

MMCYBERMEDIA
COMMUNITY FOR ALL

မရသောအခါ နာမောင်းဖြင့် ယူပစ်ရန် ကြံစည်သည်။ ဦးကင်းပေါ်သို့ နာမောင်းတက်လာသည်နှင့် တစ်ပြိုင်နက် ကိုရွှေနီသည် မြီးကုန်းပေါ်သို့ လှဲချလိုက်သည်။ သို့ဖြင့် နာမောင်းဒဏ်မှ လွတ်သွားသည်။ ထို့ကြောင့် မောက်ခမ်းဝါက နောက်တစ်ကြိမ် ခပ်ဆတ်ဆတ် ခါပစ်လိုက်ပြန်သည်။ ဤအကြိမ်တွင်ကား ကိုရွှေနီ လွင့်ကျတော့သည်။ မောင်ရွှေဝါသည် ကိုရွှေနီထံသို့ ပြေးသွားပြီး ထူလိုက်သည်။

ကိုရွှေနီသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသည်။ မောင်ရွှေဝါ ဆွဲထားသည့်ကြားမှပင် အတင်းရုန်းထွက်လျက် မောက်ခမ်းဝါကို အရူးအမူး ဟစ်ခေါ်ကာ ပြေးလိုက်သွားသည်။ မောင်ရွှေဝါလည်း မတတ်သာသဖြင့် လိုက်ရပြန်တော့သည်။

ဆင်နစ်ကောင်သည် ရှေ့ကပြေးနေရာမှ ရပ်တန့်လိုက်ပြီး နောက်သို့ ပြန်လှည့်လာသည်။ သူတို့ကို အပြီးပိုင် ချေမှုန်းရန် ဆုံးဖြတ်လိုက်ကြဟန်တူသည်။ မောက်ခမ်းဝါသည် ပကတိတောဆင် ဖြစ်သွားချေပြီ။ လူ့စကားကို လုံးဝ နားမထောင်တော့ချေ။ ဆင်နစ်ကောင်သည် သူတို့ထံသို့ ဦးတည်၍ အဟုန်ပြင်းစွာ ပြေးလာနေသည်။ အခြေအနေ မလှပြီကို သိ၍ မောင်ရွှေဝါတို့သည် နီးစပ်ရာ သစ်ပင်ရာတစ်ပင်ကြီးပေါ်သို့ ပြေးတက်ကြရသည်။ ဆင်နစ်ကောင်သည် သူတို့ကို နာမောင်းဖြင့် လှမ်း၍ရိုက်သေးသည်။ ကိုရွှေနီသည် လွတ်ရုံကလေး ရှိသည်။ ဆင်များသည် နာမောင်းမမှီသဖြင့် သစ်ပင်ကို တွန်းလှဲရန်ကြိုးစားကြပြန်သည်။ သစ်ပင်သည် သိမ့်ကနဲ၊ သိမ့်ကနဲ ဖြစ်သွားသည်။ သူတို့သည် လွင့်မကျစေရန် သစ်ကိုင်းများကို အတင်း တွယ်ဖက်ထားရသည်။ သစ်ပင် အမြစ်ကောင်းသဖြင့်သာ ဖုန်းဖုန်း လဲမသွားခြင်း ဖြစ်သည်။ မောက်ခမ်းဝါနှင့် ဆင်ပေါက်ကြီးသည် သစ်ပင်ကို လှဲမရသောအခါ နီးစပ်ရာသစ်ကိုင်းများကို ရိုက်ချိုးကြသည်။ ချုံပုတ်များကို နင်းခြေပစ်သည်။ သစ်ပင်ပတ်လည်ကို စိတ်တိုင်းကျ ခြေနောက်ပြီးမှ အေးဆေးစွာ ထွက်သွားကြသည်။

ဆင်နစ်ကောင်ထွက်သွား၍ အတော်ကြီးကြာမှ သူတို့သည် သစ်ပင်ပေါ်မှ ဆင်းဝံ့ကြသည်။ သို့ရာတွင် သူတို့သည် တက်စဉ်က လွယ်လွယ်ကူကူ ရှိခဲ့ကြသော်လည်း ပြန်အဆင်းတွင်မူ အခက်အခဲ တွေ့နေကြရသည်။ အကြောင်းမှာ သူတို့သည် ဒဏ်ရာများ အသီးသီး ရရှိနေကြပြီ ဖြစ်၍တည်း။

မောင်ရွှေဝါသည် ပြေးရင်းလွှားရင်းနှင့် ပေါင်မျက်သွားသည်။ ခေါင်းတွင် ဘာနှင့် ထိမိသည် မသိ။ ဟက်တက်ကွဲနေသည်။ ကိုရွှေနီမှာ ခြောင့်စူးခြင်း ခံရသည်။ ဘယ်ဘက်ခြေဖမိုးကို ထုတ်ခြင်းခတ်သွားသဖြင့် သွေးခြင်းခြင်းရဲနေသည်။ သို့ဖြင့် သူတို့သည် တစ်ယောက်ကို တစ်ယောက် အားပြု၍ သစ်ပင်ပေါ်မှ ခက်ခဲစွာ ဆင်းကြရသည်။

သူတို့သည် ကွမ်းဖိုးရရန် ဆင်ဖမ်းထွက်ခဲ့ရာတွင် လုပ၍ အင်အား တောင့်တင်းသော ဆင်ပေါက်တစ်ကောင်ကို မရရုံမျှမက အိမ်ဆင်ပါ ဆုံးရှုံးခဲ့ပြီး ဒဏ်ရာလဲ ကြီးစွာရရှိခဲ့ကြသည်။ အသက်မပျောက်သည်ပင် တော်ပေသေးတော့ သည်။

မောင်ရွှေဝါသည် အဆစ်လွဲသွားဟန်ရှိသည်။ ကိုရွှေနီက အတင်းဆောင့်ဆွဲလိုက်သဖြင့် ဂျွတ်ကနဲ မြည်ကာ အဆစ်ပြန်ကျသွားဟန်ရှိသော်လည်း မထောက်နိုင်ဘဲ ရှိသည်။ ဒဏ်မပြေမချင်း လျှောက်နိုင်၊ သွားနိုင်ဦးမည် မဟုတ်ချေ။ ခေါင်းမှ ဒဏ်ရာကလည်း လက်လေးလုံးခန့် အပြဲကြီးဖြစ်နေသဖြင့် မူးနောက်နောက် ဖြစ်နေသည်။ ကိုရွှေနီ၏ ခြေထောက်တွင် ခြောင့်စူးသည်မှာလည်း အတော် အခြေအနေ

ဆိုးသည်။ သွေးမတိတ်နိုင်ဘဲရှိသည်။ တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ မောင်ရွှေဝါသည် လင့်ပေါ်သို့ မတက်နိုင်တက်နိုင် တက်၍ ပစ္စည်းများ ယူရသေးသည်။ မဆင်းနိုင်ဆင်းနိုင် ပြန်ဆင်းရသည်။ နန့်ပွန်စီးကို ဝါး၍ သိပ်သည့်တိုင် ကိုရွှေနီ၏ ခြေဖမိုးမှ သွေးအကျမရပ်ဘဲ ရှိသည်။

"ဒီအတိုင်းဆိုရင်တော့ တို့တွေရွာကို ရောက်အောင် တစ်လလောက် လမ်းလျှောက်ရလိမ့်မယ်"

ကိုရွှေနီက ခုန်ဆွ ခုန်ဆွ လုပ်ရင်းပြောသည်။ သို့ရာတွင် သူ၌ စိတ်ပျက်အားလျှော့သည့် အမူအယာ မရှိချေ။

"တစ်လလောက်လျှောက်လို့ကတော့ ရွာမရောက်ခင် ကျားစာဖြစ်သွားမှာ ပ"
"ဒါဖြင့် တို့များ ဒီမှာပဲ နေကြမလား"

မောင်ရွှေဝါက အတန်ကြာစဉ်းစားပြီးနောက်...
"ဟိုဘက်မှာ တောင်ယာတစ်ခုရှိတာ သစ်ပင်ပေါ်မှာတုန်းက ကျွန်တော်မြင်ခဲ့တယ်"
"ကချင်တောင်ယာ ဖြစ်မှာပ"
"ကျွန်တော်တို့ အဲဒီကို သွားကြမယ်၊ ချောင်းရိုးအတိုင်းသွားရင် ရောက်သွားမှာပဲ"
"မိုးချုပ်ရင်တော့ တောင်ခြေရောက်မှာပ"
"သွားရမှာပဲပ"

မောင်ရွှေဝါက တစ်ခြားနည်းလမ်းမရှိတော့သည့် အနေဖြင့် ပြောသည်။ ကိုရွှေနီကလည်း ထိုအတိုင်းပင် သဘောတူသဖြင့် ထိုင်ရာမှ ထလိုက်ကြသည်။ မယူမဖြစ်သော ဝန်စည်များကို ယူသည်။

"တစ်နေ့ကတော့ ဆင်ရိုင်းအုပ် အဲဒီဘက်သွားတာပဲ"

မောင်ရွှေဝါက ရယ်မော၍ပြောလိုက်သည်။

"တွေ့တော့လဲ တစ်ယောက် တစ်ကောင်စီ လက်ဖြစ်တီး ဖမ်းတာပ"

ကိုရွှေနီက အူမြူးစွာပြန်ပြော၍ နှစ်ယောက်သား ရယ်လိုက်ကြသည်။ ထို့နောက် ညီအစ်ကို နှစ်ယောက်သည် တစ်ယောက်ပခုံးကို တစ်ယောက်ကိုင်၍ ခုန်ဆွခုန်ဆွ ထွက်သွားကြသည်။ နားနားနေနေ သွားကြရသည်ဖြစ်ရာ ကိုရွှေနီပြောသည့်အတိုင်း ညနေစောင်းမှ တောင်ခြေသို့ ရောက်သည်။ စပါးနှံများဖြင့် ဝင်းနေသော တောင်ယာသည် အတော်မြင့်မြင့်တွင် ရှိသည်။ တောင်ယာတဲသည် တောင်ထိပ်တည့်တည့်လောက်တွင် ဖြစ်သည်။ ထိုနေရာသို့ ရောက်အောင် သူတို့ အတော်ကြိုးစားတက်ကြရမည် ဖြစ်သည်။

သူတို့သည် တောင်ယာတဲသို့ ညတွင်းချင်းအရောက်တက်ရန် ဆုံးဖြတ်လိုက်ကြသည်။ သို့ရာတွင် နောက်တစ်နေ့ မနက်မိုးစင်စင်လင်းကာမှပင် ကချင် တောင်ယာတဲသို့ သူတို့ရောက်ရှိသွားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

## အခန်း -၃၂-

တောင်ယာတဲ အတွင်းမှ ကချင်လူငယ်တစ်ဦး ပြေးထွက်လာသည်။ သူ့အမူအရာသည် ဝမ်းသာအယ်လဲ ရှိလှသည်။ အနည်းအပါးမှ ထိန်ချန်ထားခြင်း မရှိ။ ခုန်မယောင်၊ ပေါက်မယောင်ရှိသည်။

"ဝေး... ဗိုလ်မင်းတို့ပါလား၊ နင်တို့ ဘယ်လို ရောက်လာကြတာလဲ"

သူက ရှမ်း၊ မြန်မာ၊ ကချင် သုံးဘာသာကို ရောကြို၍ ဟစ်အော်ပြောဆိုသည်။ ကနဦးတွင် ကိုရွှေနီတို့သည် ထိုသူမည်သူမှန်း မမှတ်မိ။ ခဏရှိတော့မှ မောင်ရွှေဝါက မှတ်မိသွားသည်။

"အေး၊ နင် လဗျဂမ်ပါကော"

မောင်ရွှေဝါက ယင်းသို့ပြောဆိုရင်း လဗျဂမ်ဆိုသူ ကချင်လူရွယ်၏ ပခုံးနှစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်၍ လှုပ်ရမ်းလိုက်သည်။ ယင်းသို့ လှုပ်ရမ်းလိုက်ခြင်းအားဖြင့် သူ့ကိုယ်မှ ပင်ပန်းနွမ်းနယ်မှုများနှင့် နာကျင်မှုများ တစ်ဝက်လောက် လွင့်ပျောက်သွားသည်ဟု အောက်မေ့လိုက်မိသည်။ ဒုက္ခဆင်းရဲတွေ့နေချိန်တွင် သိဟောင်း၊ ကျွမ်းဟောင်းတစ်ဦးနှင့် မမျှော်လင့်ပဲ တွေ့လိုက်ရသည့်အခါ ဤသို့ပင် ဝမ်းသာခြင်း၊ အားတက်ခြင်း ဖြစ်ရသည်မှာ သဘာဝပင် ဖြစ်သည်။

လဗျဂမ်သည် မိုးကောင်းအရေးတော်ပုံတွင် လည်းကောင်း၊ တရုတ်ဓားပြများကို နှိမ်နင်းရာတွင် လည်းကောင်း မဆုတ်မနစ်ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။ ဂေါ့ယွန်နှူဝါ၏ တပ်မှ ဖြစ်သည်။ မိုးကောင်းအရေးတော်ပုံ အနောက်မြောက်စစ်ကြောင်းတွင် ဒူဝါနှစ်ဦး ပါဝင်ခဲ့သည့်အနက် ဂေါ့ယွန်နှူဝါသည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဂေါ့ယွန်နှူဝါသည် မိုးကောင်းအရေးတော်ပုံဖြစ်စဉ်က အသက် ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း လူငယ်များထက် အပင်ပန်းခံနိုင်သည်။ လူငယ်များ၏ ရှေ့မှ မားမားမတ်မတ် ရပ်တည်၍ တိုက်ခဲ့သူဖြစ်သည်။ သူသည် ကြိုးကြာရွာမှ ဦးရာကျော်၊ မိုးကောင်းမှ ဦးကုလားတို့နှင့် သွေးသောက်ဖော်၊ သောက်ဖက်ဖြစ်သည်။ မိုးကောင်းအရေးတော်ပုံ ဖြစ်စဉ်က ဗိုလ်ဗလ၏ တပ်များနှင့် အခြားဘုရင့်တပ်များသည် ခရီးခေါင်နေသဖြင့် ဂေါ့ယွန်နယ်သို့ လာရောက်ညှဉ်းပန်းခြင်း မရှိသော်လည်း မြေပြန့်နှင့် တောင်အစပ်ကို ညှဉ်းပန်းခြင်းသည် ဂေါ့ယွန်နယ်ကို ညှင်းပန်းခြင်းနှင့် အတူတူပဟုပင် ယူဆပြီး ဂေါ့ယွန်နှူဝါသည် ဦးရာကျော်တို့နှင့် လက်တွဲခဲ့ခြင်း ဖြစ်သည်။ ဂေါ့ယွန်တပ်သည် တရုတ်ဓားပြများကို တိုက်ခိုက်ရာတွင် ပြောင်မြောက်လှသော အောင်ပွဲသုံးခုကို ဆက်တိုက်ရရှိခဲ့သည်။ တစ်ကြိမ်တွင် ကြိုးကြာတပ်နှင့် ပူးပေါင်း၍ တိုက်ခိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က လဗျဂမ်၏ အသက်ကို မောင်ရွှေဝါက ကယ်ခဲ့သည်။

မောင်ရွှေဝါသည် လဗျဂမ်ကို မြစ်ကွေ့တိုက်ပွဲပြီးကတည်းက အသိအမှတ် ပြုခဲ့မိသည်။ လဗျဂမ်သည် မည်သည့်အခါတွင်မဆို ဂေါ့ယွန်နှူဝါ၏ အနီးတွင် ရှိနေတတ်သည်။ ဒူဝါက တစ်စုံတစ်ခုကို ခိုင်းလျှင် ပျာပျာသလဲ လုပ်ပေးတတ်သည်။ ဒူဝါက တစ်စုံတစ်ခုပြောလျှင် မြေဝယ်မကျ နားထောင်သည်။ တိုက်ပွဲတွင် ဒူဝါတက်လျှင် တက်သည်။ ဒူဝါဆုတ်လျှင် ဆုတ်သည်။ ကျွဲခေါင်းတောင်ခြေတွင် တရုတ်တပ်နှင့် ရင်ဆိုင်တွေ့စဉ်ကဆိုလျှင် လဗျဂမ်သည် ဒူဝါနှင့် လက်တစ်ကမ်းအကွာတွင်

MMCYBERMEDIA
COMMUNITY FOR ALL

အမြဲရှိနေခဲ့သည်။ တစ်ကြိမ်တွင် ဒူဝါကို ရန်သူတစ်ဦးက နောက်ဘက်မှ ဝင်၍ ခုတ်မည်ရှိစဉ် သူကဓားဖြင့် အရင်ပိုင်းလိုက်သည်။ သူ့ရာတွင် သူ့ထံသို့ တန်းတန်းမတ်မတ်ကြီး ဝင်လာသော လှံတစ်စင်းကို မောင်ရွှေဝါကသာ ရိုက်ထုတ်မပစ်နိုင်ခဲ့လျှင် သူသည် ဒူဝါအသက်ကို မကယ်နိုင်ရုံမျှမက သူ့အသက်ပါ ဆုံးရှုံးမည်ဖြစ်သည်။

ဤအဖြစ်ကို သိကြသောအခါ မောင်ရွှေဝါသည် လဗျာဂမ် အသက်ကိုသာ ကယ်တင်သည်မဟုတ် တစ်ချိန်တည်းမှာပင် ဒူဝါ၏ အသက်ကို ကယ်တင်ခဲ့ခြင်းလည်းဖြစ်သည်ဟု ဆိုကြလေသည်။

သို့ဖြင့် မောင်ရွှေဝါသည် ယခုကဲ့သို့ ခြေမသယ်နိုင်၊ လက်မသယ်နိုင် ဖြစ်နေသည့် အချိန်အခါမျိုးတွင် လဗျာဂမ်ကို တွေ့မြင်လိုက်ရရုံဖြင့် ဒုက္ခ တစ်ဝက်လောက် သက်သာသွားလေသည်။

"ဝေး၊ ဗိုလ်မင်းတို့ ဘယ်လိုဖြစ်လာကြတာလဲ၊ မြန်မာဘုရင့်တပ်တွေနှင့် နင်တို့တိုက်ကြပြန်ပလား၊ တို့ကော တိုက်ရဦးမှာလား"

လဗျာဂမ်က သူတို့နှစ်ဦး၏ ဒဏ်ရာများကို ကြည့်ရင်းမေးသည်။ "တို့ကော တိုက်ရဦးမှာလား" ဆိုသောလေသံမှာ တိုက် ဆိုလျှင် အခုပင်တိုက်မည် ဟူသော လေသံမျိုးဖြစ်သည်။ ကိုရွှေနီက သူ့အမေးကို ဖြေမည်ပြုစဉ် ခေါင်းထဲ မိုက်ကနဲဖြစ်သွား၍ လက်ဝါးဖြင့် အုပ်ထားရသည်။ သို့ဖြင့် မောင်ရွှေဝါက...

"ဘုရင့်တပ်တွေနှင့် တိုက်တာမဟုတ်ပါဘူး သူငယ်ချင်းရာ၊ နင်လည်း တိုက်စရာ မလိုသေးပါဘူး။ ပြီးတော့ ငါပြောပြတာပ၊ အခုတော့ တို့နားပါရစေဦး၊ ဒီကိုရောက်အောင် ဒီဒဏ်ရာကြီးတွေနှင့် တစ်နေ့နှင့် တစ်ညလုံးလုံး လာခဲ့ကြရတာကွယ့်၊ ဒါနှင့် တောင်ယာတဲ မဟုတ်လား"

မောင်ရွှေဝါက တောင်ယာတဲဆီသို့ ခြေတစ်ဖက်လှမ်းရင်း ပြောသည်။ သည်အခါတွင်မှ လဗျာဂမ်သည် သူ့ဧည့်သည်နှစ်ဦးကို တဲဆီသို့ တွဲခေါ်သွားသည်။ နေရာထိုင်ခင်း ပေးသည်။ စားဖွယ်၊ သောက်ဖွယ် ပေးသည်။ ကိုရွှေနီသည် ခေါင်းရည်ကို စလုပ်ကြီးထောင်လာသည်အထိ အဆက်မပြတ် မော့နေတော့သည်။ မောင်ရွှေဝါလည်း တစ်ကိုယ်လုံးပူလာသည် အထိသောက်ချလိုက်သည်။ ပြီးမှ သူတို့ ဆင်ဖမ်းထွက်ခဲ့သည့် အကြောင်း၊ အင်အားပြည့်ဖြိုးသော ဆင်ပေါက်ကြီးတစ်ကောင် မိသည့် အကြောင်း၊ သူတို့၏ ဆင်မသည် ဆင်ပေါက်ကြီးနှင့် ချစ်ကြိုက်သွားရာမှ သူတို့အပေါ် သစ္စာဖောက်သွားသည့် အကြောင်းတို့ကို အကျဉ်းချုံး ပြောပြလိုက်သည်။

"အေး၊ ဒီလိုဆိုရင် ဗိုလ်မင်းတို့ တို့ဆီမှာ နေကြတာပ"

လဗျာဂမ်က ရှမ်းဘာသာ သက်သက်ဖြင့် ပြောလိုက်သည်။ ဤကား သူ့အထုံပင်။ မောင်ရွှေဝါတို့နှင့် စကားပြောလျှင် ရှမ်းတစ်လုံး၊ ကချင်တစ်လုံး၊ မြန်မာတစ်လုံး ရော၍ပြောတတ်သည်။ သူသည် မိုးကောင်းနှင့် ဗန်းမော်မြို့များတွင် အတန်ကြာနေဖူးသဖြင့် ရှမ်းစကားနှင့် မြန်မာစကားကို ကောင်းစွာ ပြောတတ်သည်။ တရုတ်စကားလည်း မတောက်တခေါက် တတ်သည်။

"တို့ရောက်နေတာ ဂေါ့ယွန်ရွာပဲ လားကွယ့်"
"အေး၊ ဟိုဘက်တောင်ထိပ်ဟာ တို့ရွာပ"

MMCYBERMEDIA
COMMUNITY FOR ALL

လဗျဂမ်ဂမ်သည် အရှေ့ဘက်သို့ လက်ညှိုးထိုးပြသည်။ သို့ရာတွင် မြူနှင်းများ ဆိုင်းနေသဖြင့် တစ်ဘက်တောင်ထိပ်ကို မမြင်ရပါ။ ဂေါ့ယွန်ရွာကိုလည်း မမြင်ရပါချေ။

"အဝေးကြီးလားကွယ့်"

ကိုရွှေနီသည် ယခုမှ စကားပြောအားသည်။ သူ့မျက်နှာရဲနေပြီ။

"မဝေးပါဘူး၊ ဒီတောင်ထက် နည်းနည်းပဲ မြင့်တယ်၊ ငါ့ယာက ရွာနှင့် အနီးဆုံးပဲ၊ ခုသွားကြမလား"
"မသွားသေးပါဘူး၊ တို့ဒီမှာပဲ နေမယ်"
"ဒီမှာနေလို့ ဘယ်ကောင်းမလဲ၊ တို့ရွာကို သွားမှပေါ့၊ တို့အိမ်ကို သွားမှပေါ့"

မောင်ရွှေဝါက လက်ဝါးကာ၍...
"တို့ ဒီမှာပဲ နင်နှင့် အတူတူ နေမယ်၊ ရွာထဲကို မသွားချင်ဘူး၊ ဒီမှာနေရတာ အေးပါတယ်"
"ငါတို့အိမ် ကောင်းပါတယ်။ အရှည်ကြီးပဲ"
"ဒူဝါကော ရှိသလား"

ကိုရွှေနီက မေးလိုက်သည်။

"ရှိတာပ၊ နင်တို့မှန်းသိရင် ဒူဝါက နင်တို့ကို သူ့ဧည့်သည်လုပ်မှာပဲ၊ သူ့ဆီမှာ နေရင်လည်းကောင်းတာပ၊ သူ့အိမ်နှင့် ငါ့အိမ်က ကပ်နေတာပဲ၊ ဟိုတဲဟာ ဒူဝါရဲ့ တောင်ယာတဲပဲ၊ ဒူဝါ့တောင်ယာနှင့် ငါ့တောင်ယာက ဘေးချင်းစပ်နေတာပ"
"ဒီတဲမှာ ဘယ်သူရှိလဲ"
"ဘယ်သူမှ မရှိဘူး၊ ဒူဝါရဲ့တဲလဲ ငါပဲ စောင့်တာပ"

မောင်ရွှေဝါက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ဒီလိုဆိုရင် ဒူဝါရဲ့ တဲကို ငါတို့စောင့်မယ်လေ"
"ဗိုလ်မင်းတို့က ငါတို့အိမ်မှာ အိပ်မယ်လေ၊ မီးဖိုခန်းကောင်းကောင်း ရှိပါတယ်"
"နင့်မှာနမတွေ ရှိတယ် မဟုတ်လား"
"သုံးယောက် ရှိတယ်"
"ဒီလိုဆိုရင် အပျိုဆောင် ရှိတာပ"
"ရှိတာပ"
"တို့များ တောင်ယာတဲမှာပဲ အေးဆေး နေပွဲမယ်"
"ဘာပြုလို့လဲ အေး"
"တို့များဟာ နင်တို့ထုံးစံတွေ အကုန်မသိဘူး မဟုတ်လား၊ တော်ကြာ အပြောမှား၊ အနေမှားရင် ခဏခဏ ကြွေးထိုင်ခံ နေရဦးမယ်"

"ဗိုလ်မင်းတို့က စိုးရိမ်စရာ မရှိပါဘူး၊ တို့ကိုစော်ကားတဲ့လူကိုမှ တို့ကကြွေးထိုင်တာပါ။ ဗိုလ်မင်းတို့လို လူကောင်းတွေကို တို့က ဘာမှ မလုပ်ပါဘူး၊ မတော်လို့များရင်လည်း စတိလောက်ပဲ ကြွေးထိုင်မှာပါ"

"စတိလောက် ဆိုတာက ဆင်တစ်ကောင်လား"

မောင်ရွှေဝါက ပြောလိုက်၍ သူတို့ ရယ်ရသည်။ လဗျဂမ်သည် စိတ်ကောင်း၊ နလုံးကောင်း ရှိလှသည်နှင့် အမျှသူတို့ကို ရွာထဲတွင် နေရန်ပြောသည်။ နောက်ဆုံးပြောမရသောအခါ သူတို့နှစ်ယောက်ကို သူ့တောင်ယာတဲမှာပင် ကြိုက်သလို နေရန်ပြောသည်။ သူက ဒူဝါ၏ တောင်ယာတဲတွင် သွားနေမည် ဖြစ်သည်။

သို့ဖြင့် ကိုရွှေနီနှင့် မောင်ရွှေဝါတို့သည် လဗျဂမ်၏ တောင်ယာတဲတွင် ဆယ်ရက်မျှ ကြာခဲ့သည်။ သူတို့သည် ခုနစ်ရက်ခန့် အကြာတွင် ဒဏ်ရာများ သက်သာလာပြီဖြစ်၍ ပြန်ကြရန်စီစဉ် ကြသည်။ သို့ရာတွင် လဗျဂမ်နှင့် ဂေါ့ယွန်ဒူဝါတို့က ကောက်သစ်စားပွဲပြီးမှ ပြန်ကြရန် အတင်းဆွဲထား၍ နောက်သုံးရက် ထပ်နေကြရသည်။

ဤ ဆယ်ရက်အတွင်း တောင်ယာတဲမှာပင် နေခဲ့ကြသည်မှန်သော်လည်း ရွာမှ လူများနှင့်ကား များစွာ ဆက်ဆံခဲ့ကြရသည်။ သူတို့ကို တစ်ရွာလုံး လာကြည့်သည်။ တစ်ယောက်မကျန် ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ဖြစ်သည်။ ဂေါ့ယွန်ဒူဝါကြီးသည် သတင်းကြားသည်နှင့် တစ်ပြိုင်နက် တောင်ယာတဲသို့ ကိုယ်တိုင်ရောက်လာပြီး မောင်ရွှေဝါတို့ကို နှုတ်ဆက်သည်။ သူ့အိမ်တွင် တည်းရန် ဖိတ်ခေါ်သည်။ မရသောအခါ စားစရာနှင့် ခေါင်ရည်များ ပို့ပေးသည်။ ဆေးဝါးများ ပို့ပေးသည်။ နတ်ပသပေးသည်။ နေ့တိုင်းလာ၍ စကားစမြည်ပြောသည်။ ဒူဝါကြီးသည် ဦးရာကျော်ကို အထူးသတိရလျက်ရှိသည်။ သူတို့နှစ်ယောက်ကို သားအရင်းကဲ့သို့ ချစ်ခင်လျက်ရှိသည်။ သူ့ရွာတွင် တစ်သက်လုံးနေရန် ပြောသည်။ သို့ရာတွင် မောင်ရွှေဝါတို့မှာ ဆယ်ရက်တိတိ နေသည်ကပင် လဗျဂမ်နှင့် ဒူဝါကို အားနာ၍ ဖြစ်သည်။ သူတို့စိတ်ထဲတွင် ရွာကို ပြန်ချင်လှပြီ ဖြစ်သည်။

ဒူဝါကြီးအပြင် သူတို့ထံသို့ နေ့စဉ် လာရောက်သူ နှစ်ဦးလဲ ရှိသေးသည်။ တစ်ဦးမှာ လဗျဂမ်၏ မိခင်ကြီး ဖြစ်သည်။

အဘွားကြီးသည် သမီးများကို တစ်ယောက်တစ်လှည့်စီခေါ်ပြီး သူတို့ထံသို့ စားစရာများ လာပို့သည်။ တောင်ယာလုပ်ငန်းများ လုပ်ကိုင်သည်။ လဗျဂမ်သည် အရုပ်ဆိုးသော်လည်း သူ့မိခင်နှင့် သူ့နမများမှာမူ ကြည့်ပျော်ရှုပျော်ရှိသည်။ အဘွားကြီးက သမီးများထက်ပင် ပို၍ကျက်သရေရှိသည်။ လဗျဂမ်ကတော့ အရုပ်ဆိုးသည့်နေရာတွင် ရှားပါးထဲတွင်ပါဝင်သည်။ လူကောင်ကြီးသည်နှင့်အမျှ ခေါင်းသေးသည်။ အထက်နှုတ်ခမ်းလန်သည်။ မျက်လုံးမှေးသည်။ နားကားသည်။ မျက်ခုံးမွေးပါးသည်။ သွားကျဲသည်။ သို့သော် စိတ်ရင်းအတော် ကောင်းသည်။ ရိုးသားသည်။ ကြိုးစားသည်။ အ,သည်၊ အူသည်ဟုပင် ဆိုနိုင်သည်။ အဘွားကြီးသည် သားကို အတော်ချစ်ပုံရသည်။ ပူပန်စိတ်မချပုံလည်း ရှိသည်။ ကိုရွှေနီတို့ထံ အပ်သည်။ ညီအစ်ကိုရင်းလို နေသွားကြရန် မှာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီကလည်း အဘွားကြီးကို ချစ်ခင်လေးစားပုံရသည်။ အဘွားကြီးလာလျှင် တရိုတသေ ပြောဆိုဆက်ဆံသည်။ သူသည် ဂေါ့ယွန်ရွာရောက်ကတည်းက တွေ့သမျှလူကို မခေါင်ညွယ်အကြောင်း ပြောပြသည်။ မေးမြန်းသည်။ ထင်မြင်ချက်တောင်းသည်။ သို့သော် မခေါင်ညွယ်ကို မည်သူကမျှ မသိကြ။ သို့အတွက် ထင်မြင်ချက်လည်း မပေးနိုင်ကြချေ။ အဘွားကြီးက ကလေးမွေးသည့်အကြောင်း အသေးစိတ်မေးသည်။ ကိုရွှေနီကလည်း မမောနိုင်၊ မပန်းနိုင် အဖြေပေးသည်။

"သူ မီးမဖွားနိုင် ဖြစ်နေတာ ဘယ်လောက်ကြာလဲ"

"အကြာကြီးပဲ၊ ကျွန်တော်ဖြင့် သေပြီ မှတ်တာ"

"အင်ဒေါင် နတ်သမီး မဝင်ရင် မသေပါဘူး"

"အင်ဒေါင် နတ်သမီးဆိုတာ ဘာလဲ"

"အင်ဒေါင် နတ်သမီးဟာ ယောက်ျားတွေကို ကြောက်ပြီးသေခဲ့တဲ့ နတ်ပဲ၊ အဲဒီတုန်းက သူဝင်မဝင် နင်တို့ စစ်ကြည့်ဖို့ကောင်းတယ်"

"ဘယ်လို စစ်ကြည့်ရမှာလဲ"

"နဖူးကို ဓားနှင့် ခွဲကြည့်လို့ သွေးထွက်၊ မထွက်ပေါ့"

"မထွက်ရင် သေပြီပဲ"

"အေး၊ နင်တို့ မသိပါဘူး၊ သူ အချင်းဖြတ်တော့ ဘာနှင့် ဖြတ်သလဲ"

"ဝါးကြောနှင့်"

"ဟုတ်တယ်၊ ဝါးကြော ဘယ်နှစ်ခု လုပ်သလဲ"

"ငါးခု"

"အေး ဟုတ်တယ်၊ မိန်းကလေးမှ လေးခု လုပ်ရတာ၊ အချင်းကို ငှက်ပျောဖက်နှင့် ဘယ်နှစ်ထပ်ထုပ်လဲ၊ စုံလား၊ မလား"

"စုံ၊ လေးထပ်"

"အေး၊ ဟုတ်တယ်၊ မ,မလုပ်ရဘူး၊ အချင်းကို အလယ်ဆင်ဝင်တိုင်မှာ မြှုပ်တာလား၊ ညာဘက်ဆင်ဝင် တိုင်မှာလား"

"အိမ်မှာမှ မဟုတ်တာ၊ တောထဲမှာပဲ"

ထို့နောက် ကိုရွှေနီသည် သူသိချင်သည်များကို တစ်ခုပြီးတစ်ခု မေးသည်။ အဘွားကြီးက စိတ်ရှည် လက်ရှည် ရှင်းပြသည်။ မောင်ရွှေဝါကတော့ ဘေးမှ အသာပြုံး၍ နားထောင်နေသည်။ သူတို့ထံသို့ နေ့စဉ် မှန်မှန်လာသူ နောက်တစ်ဦးမှာ လဗျဂမ်နှင့် လွန်လွန်ကျူးကျူး ဖြစ်နေသူ မပရီပင်ဖြစ်သည်။

မပရီသည် လဗျဂမ်နှင့် မလိုက်ဖက်အောင်ပင် လှပသည်။ အရွယ်မှာ ငယ်သေးသည်။ အလှအပများသည် ဆက်လက် ဖွံ့ဖြိုးဦးမည့် အသွင်ရှိသည်။ ယခုပင် ငွားစွင့်လှသည်။ ဤသို့သော ရင်၊ ဤသို့သော တင်တို့သည် ရန်သူတစ်ထောင်တပ်ကို အလွယ်တစ်ကူ ချေမှုန်းပစ်နိုင်သော လက်နက်များပင် ဖြစ်သည်။ မျက်လုံးသည် ရည်ရွှန်းသည်။ နာတံပေါ်သည်။ ပါးစပ် အလျားရှိ၍ ပြုံးလိုက်လျှင် သွားများပေါ်နေသည်။ ကုပ်ပေါ်တွင် ဝဲနေသော ဆံပင်မှာ နီကြင်ကြင် ဖြစ်သည်။ အသားမှာလည်း နီစပ်စပ် ပင်ဖြစ်သည်။ ရှမ်းအလှနှင့် ကချင်အလှ ပေါင်းစပ်ထားသည်ဟုပင်ထင်ရသည်။ အပြောအဆို အနေအထိုင် ရဲတင်းသည်။ မောင်ရွှေဝါတို့ကို ပရောပရီ ပြုသည်။ ဤအမျိုးသမီးငယ်သည် မထုံးရီနှင့် မခြားလှဟု မောင်ရွှေဝါ ထင်မြင်မိသည်။ မပရီ ဆိုသည်မှာ သတ္တမ သမီးဟု အဓိပ္ပါယ်ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သူ့ အစ်မတွေ ရှိသေးလား"

မောင်ရွှေဝါက လဗျာဂမ်ကို မေးကြည့်သည်။

"မရှိတော့ဘူး၊ အားလုံးသေကုန်ပြီ"

မောင်ရွှေဝါက ခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်သည်။ သူ့အမ ခြောက်ယောက်လုံးသာ သူမကဲ့သို့ လှပပြီး ယခုထိ အသက်ရှင်နေကြဦးမည် ဆိုလျှင် ကချင်ယောကျ်ားများ၏ ရာဇဝင်သည်ပင် တစ်မျိုးတစ်မည် ပြောင်းလဲနိုင်မည်လားဟု သူ အောက်မေ့မိသည်။

မပရီသည် လဗျာဂမ်နှင့် လွန်လွန်ကျူးကျူး ဖြစ်နေသည်မှာ မှန်သော်လည်း ချစ်သူရည်းစားကား မဟုတ်ပေ။ စေ့စပ်ကြောင်းလမ်းထားသူလည်း မဟုတ်ချေ။ အပျိုဆောင်တွင် တွေ့ဆုံနေကြသူများသာ ဖြစ်သည်။

ကချင်အိမ်များတွင် အပျိုဆောင်ဟူ၍ သီးသန့်ထားရှိသည်။ အရွယ်ရောက်သူ မိန်းကလေးများသည် မိဘများနှင့် ခွဲ၍ အပျိုဆောင်တွင် သီးခြားအိပ်ကြရသည်။ အပျိုဆောင် သီးသန့်မရှိလျှင် စပါးကျီကို အပျိုဆောင်အဖြစ် အသုံးပြုကြသည်။

ကချင်ဓလေ့သည် အပျို လူပျိုများအတွက် ပျော်မွေ့ဖွယ်ရာ ဖြစ်သည်။ ကချင်လူရွယ်များသည် အပျိုဆောင်သို့ လွတ်လပ်စွာ လာနိုင်ကြသည်။ ချစ်ရေးဆိုနိုင်ကြသည်။ ကချင်အပျိုများမှာလည်း သူတို့ထံလာသော လူပျိုများနှင့် သဘောရှိနေထိုင်နိုင်သည်။ မိဘများက ပြောဆိုမည်ကို မစိုးရိမ်ရ။ ပတ်ဝန်းကျင်က မေးငေါ့မည်ကို မစိုးရိမ်ရ။ တစ်ညလုံး တေးသီချင်းများ ဆိုနိုင်သည်။ ချစ်စကား ပြောနိုင်သည်။ ကိုယ်ထိလက်ရောက် ချစ်တင်းနှီးနှောနိုင်သည်။ ကချင်များသည် အပျိုရည်ကို အလေးထားသူများ မဟုတ်၍ မိန်းမပျိုတစ်ဦးသည် အိမ်ထောင် မပြုမှီတွင် ကိုယ်နှစ်သက်ရာ အမျိုးသား တစ်ဦးနှင့်သော် လည်းကောင်း၊ နှစ်ဦး သုံးဦးနှင့်သော် လည်းကောင်း လွန်ကျူးနိုင်သည်။ တစ်စုံတစ်ယောက်သော အမျိုးသားကို သတ်သတ်မှတ်မှတ် မပြုမခြင်း ကိုယ့်စိတ်ကြိုက်နေနိုင်သည်။ တစ်စုံတစ်ယောက်ကို ရွေးချယ်သတ်မှတ်ပြီးပြီဆိုလျှင် ချစ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ထားရသည်။ ယောကျ်ားကလေးက မိန်းကလေးထံမှ ဘီး သို့မဟုတ် ကိုယ်သုံး ပစ္စည်း တစ်ခုခုကို ယူ၍ မိန်းကလေးက ယောကျ်ားလေးထံမှ ခေါင်းပေါင်း သို့မဟုတ် အခြားတစ်ခုခုကို ယူထားရသည်။

အမျိုးသမီးသည် တစ်စုံတစ်ယောက်ကိုမျှ အတိအကျ သတ်မှတ်ခြင်း မပြုသေးပဲ ကိုယ်ဝန်ရှိလာပါမူ ဖအေ ဖော်ရလေသည်။ ဤအခါတွင် ကချင်အမျိုးသမီးများသည် နောက်ဆုံး ဆက်ဆံသူကို ရွေးတတ်လေသည်။ ဤအခါတွင် ဖခင်အဖြစ် သတ်မှတ်ခြင်း ခံရသော ယောကျ်ားပျိုက လူကြီးများမှ တစ်ဆင့် မိန်းကလေး၏ မိဘများထံသို့ မောင်းတစ်လုံးသော်လည်းကောင်း၊ စောင် တစ်ထည်သော် လည်းကောင်း ပေးပို့ရသည်။ ဤကား ဖခင်အဖြစ်လက်ခံခြင်း ပင်ဖြစ်သည်။

လူကြီးမိဘများကလည်း သူတို့ သဘောအရသော်လည်းကောင်း၊ လူငယ်များ၏ သဘောတူညီမှု အရသော်လည်းကောင်း၊ စေ့စပ်ကြောင်းလမ်းပေးတတ်သည်။ လဗျာဂမ်နှင့် မပရီကား မင်္ဂလာ အခမ်းအနားအတွက် မည်သည့် အဆင့်သို့မျှ မရောက်ရှိသေးချေ။ ချစ်သက်လက်ဆောင် လဲလှယ်ကြခြင်းလည်း မရှိသေး။ လူကြီး မိဘများနှင့်လည်း စေ့စပ်ခြင်း မပြုကြရသေး။

အင်လာဒပ်ခေါ် အပျိုဆောင်တွင် တွေ့ဆုံနေကြခြင်းသာ ဖြစ်သည်။ မပရီသည် လှပသည့် အလျောက် သူမထံသို့ လာရောက်ကြသည့် လူငယ်၊ လူရွယ်များ များပြားလှသည်။ မပရီသည် ယခုထိတော့ မည်သူ့ကိုမျှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခြင်း မပြုသေးပဲ အားလုံးလောက်နှင့်ပင် လွတ်လပ်စွာ ဆက်ဆံနေထိုင်သည်။ ထိုအထဲတွင် အများတစ်ကာထက်တော့ အခွင့်ရေးပိုရသူ နှစ်ဦးရှိသည်။ တစ်ဦးမှာ လဗျာဂမ်ဖြစ်၍ နောက်တစ်ဦးမှာ ဂေါ့ယွန်ဒူဝါ၏ သား ဇော်တူး ဖြစ်သည်။

ဒူဝါကြီးတွင် သားလေးယောက်ရှိရာ ဇော်တူးသည် အထွေးဆုံးသား ဖြစ်သည်။ ယင်းကြောင့် ဇော်တူးသည် ကချင်ထုံးတမ်းဓလေ့အရ ဒူဝါအရာကို ဆက်ခံရမည့်သူ ဖြစ်သည်။ ဇော်တူးသည် ဒူဝါဖြစ်သည့်အခါတွင် မည်သို့ ရှိမည်မသိ။ ယခု လူငယ်ဘဝတွင်မူ အင်မတန် ဆိုးသွမ်းသူ ဖြစ်သည်။ အပြောအဆို မောက်မာ၍ လူတစ်ဘက်သားပေါ်တွင် ရက်စက် ကြမ်းကြုတ်ခြင်း ရှိသည်။ အရက်လည်း အလွန်ကြိုက်သည်။ ဘိန်း အလွန်ရှုသည်။ မိန်းကလေးလည်း အရမ်းများသည်။

မပရီသည် ဇော်တူး၏ မိန်းကလေးများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ဇော်တူးသည် မပရီကို ပို၍ စွဲလမ်းနှစ်သက်ပုံရှိသည်။ သို့ရာတွင် ဇော်တူး၏ အသိုင်းအဝိုင်းသည် မပရီနှင့် ပေးစားလိုခြင်း မရှိလှ။ ဒူဝါတစ်ဦး၏ သမီးကို မျက်စိထဲ မြင်ထားကြ၍ ဖြစ်သည်။ သို့သော်လည်း ယခုထိမူ မည်သို့မျှ စီစဉ်ခြင်း မရှိကြသေးချေ။

လဗျာဂမ်ကမူ မပရီသည် သူနှင့်သာ ချစ်သက်လက်ဆောင် လဲလှယ်လိမ့်မည်ဟု ယူဆနေသည်။ ဖအေဖော်ရမည့် အရေးဆိုလျှင်လည်း သူ့ကိုသာ လက်ညှိုးထိုးလိမ့်မည်ဟု ထင်နေသည်။ သူ၏အဆို ပို၍ ခိုင်မာလေသယောင် ရှိသည်မှာ မပရီသည် ယခုရက်ပိုင်းအတွင်း သူနှင့်သာ အဆက်အသွယ် ပြုနေခြင်းကြောင့် ဖြစ်သည်။

မောင်ရွှေဝါကမူ ထိုသို့ မထင်ချေ။ မပရီတွင် အကြံအစည် တစ်ခုခုရှိလိမ့်မည်ဟု ထင်နေသည်။ မထုံးရီနှင့် မပရီတို့ မျက်ဝန်းများသည် ရည်ရွှန်းခြင်းရှိသလို ညှို့မှောင်ခြင်းလည်းရှိသည်။ သူတို့သည် တစ်စုံတစ်ခုကို အမြဲလျှို့ဝှက်ထားသကဲ့သို့ ရှိသည်။ သို့ရာတွင် မောင်ရွှေဝါသည် ပါးစပ်မှမူ ထုတ်ဖော် ပြောခြင်းမပြုချေ။

လဗျာဂမ်သည် ညနေစောင်းပြီဆိုလျှင် အပျိုဆောင်သို့သွားရန် ဖင်တကြွကြွ ဖြစ်နေသည်။

"တို့များကော အပျိုဆောင် မသွားရဘူးလားကွယ့်"
"ဗိုလ်မင်းတို့ကို ဒူဝါကြီးက ဒီရွာသားလုပ်ဖို့ ပြောထားသားပဲ"
"တို့ကို နင်တို့ ကချင်မတွေက လက်ခံဦးမှကိုးကွယ့်"
"ဗိုလ်မင်းတို့ကို သူတို့ ယုံပါတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီမှာကလည်း မင်္ဂလာကြေးတင်စရာ ဘာမှ မရှိဘူး"

"ဗိုလ်မင်းတို့ လိုချင်ရင် ကောင်မလေး တစ်ယောက်ရှိတယ်။ ကိုယ်ကမပေးရတဲ့အပြင် ပြန်တောင် ရဦးမယ်၊ သူ့မိဘတွေက သူတို့သမီးကို ယူရင် ငွေမောင်းတစ်လုံး၊ ဓားတစ်လက်၊ ကျွဲတစ်ကောင်၊ ပုဆိုးတစ်ထည်၊ ဒယ်အိုးတစ်လုံး ပေးမယ်တဲ့"

"အေး၊ တယ်ဟုတ်ပါလားကွယ့်၊ ဘာပြုလို့လဲ"

"အဲဒီ မိန်းကလေးဆီကို ဘယ်ယောကျ်ားလေးမှ မသွားလို့ပါ"

"ဘာဖြစ်လို့လဲ၊ မိန်းကလေးက ရုပ်ဆိုးလို့လား"

"မဆိုးဘူး၊ လှတယ်၊ မပရိလိုပဲ"

"အေး၊ ဒါဖြင့် ဘာပြုလို့ ယူမယ့်သူ မရှိတာလဲ"

"သူ့ အစ်မ သုံးယောက်လုံး မီးမဖွားနိုင်လို့ သေသွားကြတယ်၊ သူ့ကိုလဲ မီးဖွားနိုင်မယ့် မိန်းကလေး မဟုတ်ဘူးလို့ အားလုံးက ထင်နေကြတယ်"

ညီအစ်ကို နှစ်ဦးသည် သက်ပြင်းပြိုင်တူ ချလိုက်မိသည်။ ကချင်များသည် မီးမဖွားနိုင်သဖြင့် သေဆုံးသည့် အမှုကို အထူးအလေးထားကြသည်။

"ကျွန်တော့်မှာ မနင်းမြူသာ ရှိပြီး မဟုတ်ရင် အဲဒီ ကချင်မကို ကျွန်တော်ယူတယ်"

မောင်ရွှေဝါက အစ်ကို ဖြစ်သူကို စကားတောက်ကြည့်သည်။ ကိုရွှေနီသည် ဘာမှ ပြန်မပြောပဲ ရှိသည်။ တွေတွေကြီး ငေးနေသည်။ သူတို့ ဒုက္ခရောက်သည့် အချိန်တွင် ကူညီထားသော ရွာဖြစ်၍ အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်း နေမည်ဟု ပိုင်းဖြတ်ထားကြသည်။ မိန်းမကိစ္စ များပြားသော ကိုရွှေနီပင် ယခု ငြိမ်နေသဖြင့် မောင်ရွှေဝါက ပို၍ ကြွေ့ထားရသည်။ ကချင်လူမျိုးများသည် ဓလေ့ထုံးတမ်း များပြားလှသည်နှင့်အမျှ သူတို့ဓလေ့ထုံးတမ်းများကိုလည်း အမြတ်တနိုးရှိလှ၍ မောင်ရွှေဝါတို့သည် အမှားအယွင်း မရှိရအောင် သတိထားနေကြရသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် အရောတဝင် မပြုကြ။

## အခန်း -၃၃-

မြင်ရသည်ကိုလည်း မယုံ။ ကြားရသည်ကိုလည်း မယုံ ရှိနေသည်။ မျက်လုံးနှင့် နားသည် သူတို့ကို လှည့်ဖြားနေပြီဟု ထင်မိသည်။ သူတို့က လက်တွေ့ကြုံခဲ့ရသည်များကိုပင် အိပ်မက်မက်သလားဟု ထင်နေမိသည့်အထဲတွင် ယခုထပ်မံ၍ တွေ့နေရသည်ကို အဟုတ်တကယ်ဟု လက်ခံနိုင်ရန် ခဲယဉ်းနေသည်။

ယင်းကြောင့် ကိုရွှေနီသည် ဆင်ဝင်တိုင်ကို ကိုင်ကြည့်သည်။ ဝါးပိုးမှ ဝါးပိုး။ လှေကားကို နင်းကြည့်သည်။ တကျွိကျွိတောင် မြည်သေးသည်။ ကြမ်းကို စမ်းကြည့်သည်။ လက်ကိုဝါးမျှင်တစ်ခု ရှသွားသည်။ အမိုးကိုကိုင်ကြည့်သည်။ မနေ့တစ်နေ့ကမှ ရိတ်ဖြတ်ထားသော သက်ငယ်ပင်များ ဖြစ်သည်။ သို့နှင့်တိုင် သူက ကျေနပ်ခြင်း မရှိသေးသဖြင့် ကြမ်းပြင်ပေါ်တွင်ထိုင်၍ အားရပါးရ ရယ်မောနေသော မခေါင်ညွယ်၏ လက်မောင်းကို မရဲတရဲ စမ်းကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဗေုး နင် ငါ့ကိုများ ကိုက်ကြည့်ဦးမှာလား"

ပါးစပ်အပေါင်းသားနှင့် ရှိနေသော ကိုရွှေနီကို မခေါင်ညွှယ်က ပြောလိုက်သည်။ မောင်ရွှေဝါက သူတို့နှစ်ဦးကိုကြည့်၍ ရယ်နေသည်။ အမှန်တော့ သူကိုယ်တိုင်လည်း အံ့သြနေသည်။ ဤလိုမျိုးတွေ မြင်ရလိမ့်မည်ဟု မထင်မှတ်ခဲ့။

သူတို့ညီအကိုသည် ဂေါ့ယွန်ရွာတွင် ဆယ်ရက်ကြာနေထိုင်ခဲ့ပြီးနောက် ကြိုးကြာရွာသို့ ပြန်ခဲ့ကြသည်။ လမ်းခရီးတွင် နှစ်ရက်ကြာသည်။ သို့ဖြင့် သူတို့သည် ရွာမှထွက်ခဲ့သည်မှာ စုစုပေါင်း ဆယ့်ငါးရက် ရှိသွားပြီ ဖြစ်သည်။

ရွာမှထွက်ခဲ့သည့် နံနက်တွင် သူတို့သည် ဤနေရာ၌ ထူးဆန်းအံ့သြဖွယ်ရာ အခြင်းအရာတစ်ခုကို တွေ့မြင်ခဲ့ကြရသည်။ အသည်းတုန်ရင်တုန် ကြုံတွေ့ခဲ့ကြရသည်။ ကချင်မ တစ်ယောက်သည် ဝေးလံသောဒေသမှ လာရောက်၍ ဤနေရာတွင် ကလေးမွေးလိမ့်မည်ဟု လုံးဝ စိတ်မကူးမိကြ။ သူတို့သည် မခေါင်ညွှယ် မီးမဖွားနိုင်ဘဲ ရှိသည့်အတွက် ပူပန်ခဲ့ကြရသည်။ အမိဝမ်းမှ ကလေးကျွတ်လာသောအခါ ဝမ်းသာကြရသည်။ ချက်ကြိုးကို မိခင်ကိုယ်တိုင်ဖြတ်၍ အချင်းကို မိခင်ကိုယ်တိုင်မြှုပ်သည်ကို မြင်ရသောအခါ ရင်သပ်ရှုမောရသည်။

မခေါင်ညွှယ်ကို ရွာသို့ပို့၍ တောသို့ပြန်လာသောအခါတွင် သည်နေရာကို ကြည့်မိသည်။ အချင်းမြှုပ်သောနေရာကို မြင်ရသည်။ ခွေးများ၊ ကြောင်များ တူးဖော်တူးဖော်စားသောက်ခြင်း မပြုနိုင်စေရန် ခြံခတ်ထားသည်ကို မြင်ရသည်။

ယခု ဆယ့်ငါးရက်အကြာတွင် ပြန်လာသောအခါ၌ကား ဤနေရာ၌ အိမ်တစ်လုံးဖြစ်နေသည်ကို တအံ့တသြ တွေ့ရှိရသည်။ ကချင်အိမ်ဖြစ်သည်။ မြားဦးသဏ္ဍာန်ဆင်ဝင် ရှိသည်။ ခါးလျားရှည်သည်။ အိမ်ရှင်မှာ မခေါင်ညွှယ်ဖြစ်သည်။ အိမ်သူအိမ်သား နှစ်ယောက်ပဲရှိသည်။ မခေါင်ညွှယ်နှင့် မဂမ်တည်း။

ကိုရွှေနီနှင့် မောင်ရွှေဝါသည် တောလမ်းအကွေ့သို့ရောက်သည်နှင့် တစ်ပြိုင်နက် ဤနေရာသို့ လှမ်းမျှော်၍ လှည့်ကြသည်။ အချင်းခြံရှိ၊ မရှိကို ကြည့်ခြင်းဖြစ်သည်။ သူတို့သည် အချင်းခြံကိုသာမက ကချင်အိမ်တစ်အိမ်ကိုပါ တွေ့ရသောအခါ ကြက်သေသေသွားကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အိမ်ထဲသို့ ပြိုင်တူ ပြေးသွားမိကြသည်။

သူတို့ခြေသံများကို ကြားသဖြင့် မခေါင်ညွှယ် အိမ်ထဲမှ ထွက်လာသည်။ သူတို့ကိုမြင်သောအခါ ဝမ်းသာအယ်လဲ နှုတ်ဆက်ကြိုဆိုသည်။ သူမ၏အဖြစ်ကို သူတို့ ညီအစ်ကိုက မယုံမကြည် ရှိနေသည်ကို မြင်ရသောအခါ အမျိုးသမီးသည် တံခါးဝတွင် ခြေချထိုင်၍ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ကိုရွှေနီသည် အိမ်ကို အသေအချာ ကြည့်သည်။ သစ်မပါဘဲ ဝါးဖြင့်သာ ဆောက်ထားသော်လည်း သေသပ်သည်။ အမိုးမိုးပုံ စည်းစနစ်ကျသည်။ အနည်းဆုံး သုံးမိုးခံမည်။ ဆင်ဝင် အလယ်တိုင်ကို အချင်းခြံအနီးတွင် စိုက်ထားသည်။ အမှန်ကတော့ သားယောက်ျားလေး၏ အချင်းကို

MMCYBERMEDIA
COMMUNITY FOR ALL

အလယ်ဆင်ဝင်တိုင်အနီးတွင် မြှုပ်ရခြင်းဖြစ်သည်။ ယခုမူ လူကအရင်မွေး၍ အိမ်က နောက်မှ ဆောက်ရခြင်းဖြစ်သည်။

ကိုရွှေနီသည် အိမ်ကို ကိုင်တွယ်၍ ကြည့်သည်။ နောက်ဆုံးတွင် မခေါင်ညွှယ်၏အသားကို ထိကြည့်သည်။ အမျိုးသမီးက အားရပါးရ ရယ်နေသည်။

"မခေါင်ညွှယ် ဒီအိမ်ကို ဘယ်တုန်းက ဆောက်တာလဲ"

မောင်ရွှေဝါက မေးသည်။

"နင်တို့ သွားကတည်းက ငါဆောက်တာပဲ။ ဒီနေ့မှ ပြီးတယ်"
"တို့အိမ်မှာ ဘာလို့မနေတာလဲ၊ တို့အိမ်သားတွေ မကောင်းလို့လား"

ကိုရွှေနီက အရေးတကြီးမေးလိုက်သည်။

"နင်တို့လူတွေ ကောင်းပါတယ်။ သူတို့နေဖို့ပြောတယ်။ ငါ့ကို ဘာမှ မလုပ်ဖို့ပြောတယ်။ နို့ပေမယ့် ငါက အရေးမကြီးဘူး။ ငါ့သားရှိသေးတယ်။ သူ့မှာ အိမ်ရှိရမယ်။ သူ့အတွက် ငါတောင်ယာလုပ်ရမယ်"
"နင် တောင်ယာလုပ်ဦးမယ် ဟုတ်လား"
"ငါ ဘာနဲ့စားမလဲ"
"တို့အိမ်မှာ စားပ"
"ငါ တစ်သက်လုံး တောင်ယာလုပ်လာတာပ"
"တို့နဲ့အတူ လုပ်ပ"
"ငါက နင်တို့အိမ်သားမှ မဟုတ်ဘဲ။ ငါ့အိမ်နဲ့ငါပ။ ငါ့ယာနဲ့ ငါပ"

ကိုရွှေနီသည် မခေါင်ညွှယ်ကို စူးစိုက်၍ ကြည့်နေသည်။ သူက ဤအမျိုးသမီးကို မည်သို့မျှ နားမလည်နိုင်ဘဲ ရှိသည်။ သို့သော် ဤအမျိုးသမီးကို သူလေးစားသည်။ ဤအမျိုးသမီးသည် မည်သည့်အရပ်မှ မည့်သည့်အကြောင်းကြောင့် ထွက်ပြေးလာမှန်း သူမသိသော်လည်း ဤအမျိုးသမီးသည် သတ္တိကောင်းသူတစ်ဦး။ ကိုယ့်ကိုယ်ကိုယ် အားကိုးသူတစ်ဦးမှန်း သူ သိနေရသည်။

ထို့နောက် မခေါင်ညွှယ်က သူတို့အကြောင်းကိုမေးသဖြင့် မောင်ရွှေဝါက ပြောပြရသည်။ သူတို့အကြောင်းကို ကြားရသောအခါ မခေါင်ညွှယ်သည် စိတ်မကောင်းဖြစ်သွားပုံရှိသည်။ အမျိုးသမီးသည် သူတို့အကြောင်းနှင့် သူတို့ရွာအကြောင်းကို အတော်သိရှိနေပုံရသည်။

"ဒါဖြင့်ရင် နင်ကွမ်းဖိုးတင်ဖို့ ဘယ့်နှယ် လုပ်မလဲ"

သူမက မောင်ရွှေဝါကို မေးသည်။

"ငါ့အကြောင်း နင်ဘယ်လို သိသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"မထုံးရီက ပြောတယ်"

မထုံးရီ ဟူသော အမည်ကို ကြားရသောအခါ ကိုရွှေနီသည် နေရာမှ မြောက်တက်သွားသည်။ မခေါင်ညွှယ်ကို ပြူးကြောင်၍ ကြည့်နေသည်။ သူ့မျက်လုံးများသည် ကျွတ်ထွက်လုမတတ် ရှိနေသည်။ သူ့အမူအရာကြောင့် အမျိုးသမီးသည် ရုတ်တရက် လန့်သွားဟန်ရှိသည်။ မဂမ်မှာမူ ငိုလေသည်။ မခေါင်ညွှယ်က သားကို နို့တိုက်ရန် ပြင်ဆင်ရသည်။

"မထုံးရီနဲ့ နင် ဘယ်လိုသိသလဲ"

မောင်ရွှေဝါက မေးလိုက်သည်။

"ငါ့ကို သူ အိမ်ကူဆောက်ပေးတယ်"
"အားနော် နော"

ကိုရွှေနီက အာမေဋိတ်သံ ပြုလိုက်သည်။ မောင်ရွှေဝါက ဆက်၍...
"သူက ဘာပြုလို့ နင့်ကို အိမ်ကူဆောက်တာလဲ"
"ငါဘယ်သိမလဲ"
"သူနေ့တိုင်း လာသလား"
"အေး"
"ဒီကနေ့ကော"
"အေး"
"မနက်ဖြန်ကော"
"ငါဘယ်ဘယ်သိမလဲ အေး"

မောင်ရွှေဝါသည် ကိုရွှေနီကို ကြည့်လိုက်မိသည်။ ကိုရွှေနီကလည်း သူ့ကို ကြည့်သည်။ မထုံးရီသည် အဘယ်အကြောင်းဖြင့် မခေါင်ညွှယ်နှင့် အပေါင်းအသင်းပြုသည်ကို သူတို့နားမလည်နိုင် ရှိရပြန်သည်။ သူတို့သည် ယခုပင် မထုံးရီကို သွား၍မေးလိုက်ချင်သည်။ မခေါင်ညွှယ်က ညနေစာ စားပြီးမှပင် ရွာသို့ဝင်ကြရန် အတင်းပြောသဖြင့် သူတို့နေကြရသည်။

"တို့များ ဓားတွေ၊ သေနတ်တွေ ဘယ်မှာ ဘယ်လို ထားရမလဲ"

ကိုရွှေနီက ယင်းသို့ပြောသောအခါ မခေါင်ညွှယ်က ပြုံးသည်။

"နင်တို့နဲ့ ငါတို့နဲ့ ဒါလောက်စိမ်းသလား။ နင်တို့ ကချင်အိမ်ကို မရောက်ဖူးဘူးလား။ အခုပဲ နင်တို့ ကချင်ရွာက ပြန်လာကြတယ် မဟုတ်လား"
"ရောက်ဖူးပါတယ်။ နင်တို့ထုံးစံတွေကို တို့သိလည်း သိပါတယ်။ နို့ပေမယ့် နင်က ကချင်တစ်မျိုး မဟုတ်လား"
"ငါက ဘယ်လို ကချင်မျိုးလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"အံ့သြစရာ ကချင်မျိုးပ"

ကိုရွှေနီ၏အဖြေကို ကြားရသောအခါ မခေါင်ညွယ်သည် ကိုယ်ကိုလှုပ်၍ ရယ်နေသည်။ သူမသည် ရယ်စရာရှိလျှင် ချုပ်တည်းတတ်ဟန် မရှိချေ။ သူ့အစ်ကိုသည် ဤကချင်အမျိုးသမီးနှင့်တွေ့မှပင် စကားပြောတတ်တော့သည်။ စကားများများ ပြောတတ်သည်ဟု မောင်ရွှေဝါ အောက်မေ့သည်။

ကိုရွှေနီသည် မဆိုင်းမတွပင် မခေါင်ညွယ်ကို ကူညီလုပ်ကိုင်သည်။ မခေါင်ညွယ်၏ ပလိုင်းထဲတွင် ဖွပ်ပြီးဆန်နှင့် ဆားအနည်းငယ်ပါသည်ကို ဟိုနေ့က သူတို့ တွေ့မြင်ခဲ့သော်လည်း ယနေ့အထိ ခံလောက်အောင်ကား မများချေ။ သူမ၏ အိမ်တွင်ရှိသော အချို့ အိုးခွက်များမှာလည်း အသစ်များ ဖြစ်ကြသည်။

"နင်ဒါတွေ ဘယ်ကရသလဲ"
"ငါ့မှာပါတဲ့ရွှေနဲ့ လဲတာပ"
"နင်တို့ရွာမှာ ရွှေကျင်သလား"
"ငါတို့ရွာက ချောင်းမှာ ရွှေတွေ အများကြီးရှိတယ်"

ထို့နောက် သူတို့သည် ထမင်းစားကြသည်။ ဥဖားခေါ် ကြက်သားနှင့်ထမင်းရောချ၍ ချက်ထားသော ကချင်ဟင်းသည် ကောင်းလှသည်။

"နင်ယာလုပ်ရင် ဘယ်မှာလုပ်မှာလဲ"

မခေါင်ညွယ်က ကြိုးကြာတောင်ကို လက်ညှိုးထိုးပြသည်။

"မြေပြန့်မှာ လုပ်ပါလား၊ မြေတွေအများကြီးပဲ"
"တောင်ပေါ်မှာပဲ လုပ်ချင်တယ်"
"ချောင်းကို နင် ဖြတ်ရမယ်"
"မနက်ဖြန်ကျရင် ငါဖောင်လုပ်မယ်"
"ဘယ်တော့တောင်ယာ ခုတ်မလဲ"
"ဖောင်ပြီးရင်"
"တောင်ယာကို တဲထိုးဦးမလား"
"မလိုပါဘူး နီးနီးကလေးပဲ၊ ဒီဘက် တောင်အကွေ့စွန်းမှာ လုပ်မယ်"
"နင် ဒီမှာတစ်သက်လုံးနေမလား"
"ငါ့သားကြီးအောင်ပေါ့"
"နင့်သားကြီးရင် တောင်ပေါ်ပြန်မလား"

အမျိုးသမီးက ခေါင်းအသာညိတ် သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီတို့သည် လရောင်ဖြင့် ရွာသို့ ဝင်ခဲ့ကြရသည်။ သူတို့သည် ဂေါ့ယွန်တောင်ယာတဲတွင် ဆယ်ရက်နှင့် ဆယ်ည နေခဲ့စဉ်က ရွာသို့သာပြန်ချင်ကြသည်။ မခေါင်ညွှယ်၏အိမ်တွင် ရှိနေကြစဉ်ကလည်း ရွာသို့သာ ချက်ချင်းအရောက်သွားလိုကြသည်။ သို့သော် ရွာအနီးသို့ ရောက်သောအခါတွင်ကား ရွာထဲသို့ ဝင်ရမည်ကို ဝန်လေးနေကြသည်။ လိပ်ပြာမကောင်းရှိနေကြသည်။ ရွာတံခါးဝမှ လှည့်ပြန်သွားချင်ကြသည်။ သူတို့သည် နာမည်တစ်လုံးနှင့် နေခဲ့ကြသူများဖြစ်သည်။ သူတို့၏ အမည်ကို ရွာတိုင်းတွင် ကမ္ဘည်းထိုးထားသည် ဖြစ်သည်။ သူတို့သည် မိုးကောင်းအရေးတော်ပုံတွင် ထင်ရှားသော တပ်မှူးများ ဖြစ်ခဲ့သည်။ ယင်းအချက်ကို အပထားဦး။ သူတို့ညီအကိုသည် ဤနယ်၊ ဤတောတွင် အကောင်းဆုံးသော ဆင်ဖမ်းသမားများ ဖြစ်ခဲ့သည်။ ယခုမူ သူတို့၏ နာမည်ကို သူတို့ပင် ဖျက်ခဲ့ကြပြီ။ အကောင်းဆုံး ဆင်ဖမ်းသမားအဖြစ်မှ အညံ့ဆုံးသော ဆင်ဖမ်းသမားများ ဖြစ်ခဲ့ရပြီ။ တောဆင်ရိုင်းကို မရရှိရုံသာမက အိမ်ဆင်ကိုပါ ဆုံးခဲ့ရပြီ ဖြစ်သည်။ ယခုတစ်ကြိမ်တွင် ပို၍ဆိုးသည်က မောင်ရွှေဝါသည် ဆင်ပေါက်သုံးလေးကောင်ကို ကွမ်းဖိုးအတွက် ဖမ်းရမည်ဟု ကျိန်းသေပေါက် ပြောခဲ့၍ ဖြစ်သည်။

တောထဲတွင် ဆယ့်လေးငါးရက်နေခဲ့ပြီး အိမ်ဆင်ပင် ပါမလာဘဲ ပြန်လာသော သူတို့ကို ဟိုလူကမေး၊ သည်လူကမေး ရှိကြမည်။ သူတို့က အဘယ်ပုံ အန္တရာယ်တွေ့ရသည်။ အဘယ်ပုံ ဒုက္ခရောက်ရသည်ဟု ပြောလျှင် သူတို့က သနားဟန်ဖြင့် စုတ်သပ်ကြပေမည်။

သို့ရာတွင် သူတို့သည် ရွာသို့ရောက်မှတော့ နောက်ကြောင်းပြန်၍ မရနိုင်တော့။ သူတို့ကို မြင်သူက မြင်သွားကြပြီ။ သူတို့ပြန်လာသည့်အကြောင်းကို တစ်ယောက်မှတစ်ယောက် တစ်အိမ်မှ တစ်အိမ် အော်ဟစ်၍ အကြောင်းကြားလိုက်ကြပြီ ဖြစ်သည်။ ထို့နောက် သူတို့ကို လူဝိုင်း၍ လာတော့သည်။ ကိုရွှေနီက ဘာစကားတစ်ခွန်းမှ မပြောဘဲ မျက်နှာကြီး မှုန်ထားသည်။ မောင်ရွှေဝါက မပြော မကောင်းသဖြင့် တိုတိုတုတ်တုတ် ပြောပြီး အိမ်သို့ရောက်အောင် အမြန်လျှောက်သည်။

အိမ်သို့ ရောက်သောအခါ လူတွေ ပို၍ပင်များလာသည်။ အိမ်သူအိမ်သားများအပြင်၊ အိမ်နီးချင်းအပြင် သတင်းကြား၍ လာရောက်သော မိတ်သင်္ဂဟများဖြင့် ပြည့်နေသည်။ သူတို့မျက်နှာများသည် စိတ်မကောင်းသည့်အသွင် ဆောင်နေသော်လည်း ဝမ်းထဲမှ သူတို့ညီအစ်ကိုကို အထင်အမြင်သေးနေသည်။ ကဲ့ရဲ့နေသည်ဟု မောင်ရွှေဝါက မှတ်ထင်သည်။

ကိုရွှေနီကမူ မည်သူ့ကိုမျှ ဘာမှမပြောဘဲ သူ့အခန်းထဲသို့ ဝင်သွားသည်။ မောင်ရွှေဝါလည်း မတတ်နိုင်တော့သဖြင့် နေမကောင်းဟု အကြောင်းပြပြီး အခန်းတွင်းသို့ ဝင်ခဲ့သည်။ နောက်ရက်များတွင်လည်း မောင်ရွှေဝါသည် အိမ်ထဲမှ အိမ်ပြင် မထွက်တော့။ အိမ်ပေါ်မှ အိမ်အောက်မဆင်းတော့။ ဧည့်သည်များလာလျှင်လည်း အကြောင်းအမျိုးမျိုးပြ၍ ထွက်မတွေ့တော့။ ကုန်ကုန်ပြောရလျှင် အိမ်သူအိမ်သားများနှင့် မျက်နှာချင်း မဆိုင်မိအောင် ကြိုးစားသည်။ အထူးသဖြင့် ဖခင်နှင့် မတွေ့ဘဲနေသည်။ ဦးနွဲ့မွန်ကလည်း သူတို့အရေးတွင် စိတ်ဝင်စားခြင်းမပြလှပေ။ သို့ရာတွင် ဒေါ်စောရုံသည် အနေမဖြောင့်ရှိသည်။ အထူးသဖြင့် သားအငယ် စိတ်လက် မကြည်မသာ ရှိနေသည့်အတွက် စိတ်ထိခိုက်နေပုံ ရသည်။ မောင်ရွှေဝါက ရှောင်နေသည့်ကြားမှပင် ကွမ်းဖိုးကိစ္စကို ပြောသည်။ အထူးအဆန်းတော့ မဟုတ်။ ကွမ်းဖိုးအနည်းငယ်ပေးနှင့်ပြီး မနှင်းမြူနှင့် အိမ်ထောင်ငယ် ပြုရန်ပင် ဖြစ်သည်။ နောင်နှစ် စပါးပေါ်ချိန်တွင် အိမ်ထောင်ကြီးပြုရန် အကြံပေးသည်။ မောင်ရွှေဝါသည် ယခုအခါ မိခင်၏ အကြံဉာဏ်ကိုခါးခါးသီးသီး ငြင်းဆန်ခြင်း မရှိသော်လည်း ကြိုက်နစ်သက်သည်ဟုလည်း

MMCYBERMEDIA
COMMUNITY FOR ALL

မပြောချေ။ နန်းခင်နှင့် နန်းရင်သည်သာ အစ်ကိုနှစ်ဦးနှင့် စကားရှည်ကြာစွာ ပြောခွင့်ရကြသည်။ ယင်းသည်မှာလည်း သူတို့ညီအစ်မထံမှ သိချင်သည်များရှိ၍ ဖြစ်သည်။ သူတို့ မရှိစဉ် ရွာတွင် ဖြစ်ပျက်သည်များကို မေးစမ်းကြသည်။

မခေါင်ညွှယ်သည် ကလေးမျက်နှာမြင်ပြီး နောက်နေ့မှာပင် သူမ၏ အိမ်ကို စတင်ဆောက်လုပ်ခြင်း ဖြစ်သည်။ ကိုရွှေနီတို့ ပို့၍ ရွာသို့ရောက်သည့်အချိန်က သူမတို့သားအမိ အိပ်ပျော်နေခဲ့ကြသည်။ နေဝင်ရီတရောတွင် အိပ်ရာမှ နိုးကြသည်။ ကြားအချိန်တွင် ကလေးငယ် အင့်သဖြင့် ဒေါ်စောရုံတို့ အနီးလဲပေးရသည်။ ပါးစပ်ထဲသို့ ရေစက်ချပေးရသည်။ မခေါင်ညွှယ်သည် အိပ်ရာမှ နိုးစတွင် ကြောင်စီစီ ဖြစ်နေသည်။ သို့ရာတွင် အနည်းငယ် ပြောပြလိုက်လျှင်ပင် အခြေအနေကို သိသွားသည်။ ရှမ်းညီအစ်ကို နှစ်ဦးက သူမကို ဆင်ဖြင့်တင်၍ ရွာသို့ ပို့ခဲ့ခြင်းကို နားလည်လေသည်။ သည်အတိုင်းဆိုလျှင် ဤကချင်မသည် အိပ်ရာမှ တော်တော်နှင့် ထနိုင်ဦးမည် မဟုတ်ဟု ထင်ခဲ့ကြသည်။

သို့ရာတွင် နောက်တစ်နေ့နံနက် သူတို့ အိပ်ရာမှနိုးသောအခါတွင် မခေါင်ညွှယ်ကို မတွေ့ကြရတော့ပေ။ သူတို့သည် အထိတ်တလန့်ဖြင့် လူဖြန့်၍ ရှာသောအခါ အမျိုးသမီးကို တောင်ယာ အနောက်ချောင်းဘေးတွင် တွေ့ရသည်။ အမျိုးသမီးသည် လေးတိုင်စင်ထိုးပြီးနေပြီ ဖြစ်သည်။ တဲဆောက်ရန် စတင်ပြင်ဆင်နေပြီ ဖြစ်သည်။ ဒေါ်စောရုံတို့နှင့် ရွာသူရွာသားများက ရွာသို့ ပြန်ခေါ်သည်ကို သူမက မလိုက်ဘဲ ရှိသည်။ ဤမှာပင် သူမဘာသာ အိမ်ဆောက်၍ နေမည်ဟု ဆိုသည်။ ဤမှာပင် သူမဘာသာ တောင်ယာလုပ်၍ စားမည်ဟုဆိုသည်။ နောက်ဆုံးတွင် ဒေါ်စောရုံတို့ လက်လျှော့ခဲ့ကြရသည်။

နောက်တစ်နေ့၌ မခေါင်ညွှယ် အိမ်ဆောက်ရာတွင် မထုံးရီ သွားရောက်ကူညီသည့် သတင်း တစ်ရွာလုံးသို့ ပြန့်သွားသည်။ ရွာသူရွာသားများသည် အမျိုးမျိုး ဝေဖန်ပြောဆိုကြသည်။ အချို့မိဘများသည် စိုးရိမ်သဖြင့် မိမိတို့၏ကလေးများနှင့် သားလူပျိုများကို မခေါင်ညွှယ်နှင့် မထုံးရီရှိရာသို့ မသွားရန် တားမြစ်ကြသည်။ အချို့က မခေါင်ညွှယ်သည် စုန်းဖြစ်သည်ဟုပင် ပြောဆိုကြသည်။ တောင်ပေါ်မှ နှင်ထုတ်လိုက်၍ ဤသို့ ပြေးဆင်းလာသည်ဟု ပြောကြသည်။ သို့ရာတွင် မထုံးရီ၏ အပြုအမူကို မည်သူကမျှ အကဲမခတ်တတ်ဘဲ ရှိကြသည်။ အဘယ်ကြောင့် ကချင်မထံ သွားရောက်ကူညီသည်ကို မစဉ်းစားတတ် ရှိကြသည်။

မခေါင်ညွှယ်နှင့် မထုံးရီ၏ ဆက်ဆံရေးအကြောင်းကို အခြားသူများနည်းတူ နန်းခင်နှင့် နန်းရင်တို့ကလည်း ဘာမှ မသိဘဲ ရှိနေသည်။ ဘာမှမပြောနိုင် ဖြစ်သည်။ ဤအချက်ကို သူတို့ဘာသာ စုံစမ်း၍ယူရန် ညီအစ်ကိုနှစ်ယောက်သည် ဆုံးဖြတ်ထားလိုက်ကြသည်။

ကိုရွှေနီသည် အစတွင် မောင်ရွှေဝါကဲ့သို့ပင် အိမ်တွင်းအောင်းနေခဲ့သည်။ သို့ရာတွင် သုံးရက်မျှသာ ဖြစ်သည်။ စတုတ္ထနေ့တွင်ကား မနက်အစောကြီး ပျောက်သွားသည်။ သူကိုရွာထဲတွင် မည်သူမျှ မတွေ့ရှိရ။ မိုးကြီးချုပ်မှ သူပြန်ရောက်လာသည်။ ရောက်သည်နှင့် အိပ်သည်ပင် ဖြစ်သည်။ စိတ်ညစ်ညစ်နှင့် ကြက်ဝိုင်းသို့ သွားပြီဟု ထင်ကြသည်။ ကိုရွှေနီသည် ပထမနေ့တွင်လည်း အလားတူပင် ဖြစ်သည်။ ညအပြန်တွင် မောင်ရွှေဝါက အမိဖမ်း၍ မေးသောအခါ ဟိုလိုလို၊ သည်လိုလို လုပ်နေသည်။ ရေရေရာရာ အဖြေကို မပေးချေ။ ဤသို့ဖြင့် ငါးရက်မြောက်သောနေ့ကျမှပင် သူ့အကြောင်းကို အမှန်သိရတော့သည်။ မခေါင်ညွှယ်ထံ သွား၍ တောင်ယာခုတ်ကူနေခြင်း ဖြစ်သည်။ ထို့ထက်ပို၍ ထူးဆန်းသည်က မထုံးရီသည်

MMCYBERMEDIA
COMMUNITY FOR ALL

မခေါင်ညွှယ်ထံသို့ အဝင်အထွက် ရှိနေဆဲပင် ဖြစ်သည်။ အနောက်ဘက် တောင်စွန်းတွင် ကိုရွှေနီ၊ မထုံးရီနှင့် မခေါင်ညွှယ်တို့ သုံးယောက် ရယ်ရယ်မောမောနှင့် တောင်ယာခုတ်နေသည်ကို ရွာမှ လူသုံးယောက်က တွေ့မြင်ခဲ့သည်။ ထိုသတင်းသည် တောမီးကဲ့သို့ ပြန့်သွားသည်။ ကောလာဟလ သတင်းများ ပလူပျံလာသည်။ ကောလာဟလသတင်းမျိုးစုံကို နန်းခင်နှင့် နန်းရင်က မောင်ရွှေဝါထံ ယူလာကြသည်။ မောင်ရွှေဝါ ကိုယ်တိုင်ကလည်း ဤသုံးဦး တွဲဖက်နေသည့်အကြောင်း မည်သို့မျှ မတွေးတတ်ဘဲ ရှိရသည်။

နောက်ဆုံးတွင် မောင်ရွှေဝါသည် အိမ်ထဲတွင် ဆယ်ရက်တိတိ ပိတ်၍ နေခဲ့ရာမှ အပြင်သို့ ထွက်လေတော့သည်။ ည လူခြေတိတ်ချိန်တွင် မည်သူမျှ မသိအောင် တစ်ယောက်တည်း မှောင်ရိပ်ခို၍ ထွက်ခဲ့ခြင်း ဖြစ်သည်။ အပြင်ထွက်မည့် ထွက်တော့လည်း မထုံးရီတို့ အိမ်သို့ ဖြစ်သည်။

မထုံးရီသည် သူ့ကို ရုတ်တရက် တွေ့မြင်လိုက်ရသောအခါ အတော်ကြီးပင် အံ့သြသွားဟန် ရှိသည်။ သူလာလိမ့်မည်ဟု နည်းနည်းမျှ မျှော်လင့်ထားပုံ မရချေ။

"အလိုလေးနော၊ တစ္ဆေခြောက်တာများလားပ"

မထုံးရီသည် မောင်မျိုးအတွက် အင်္ကျီချုပ်နေရာမှ ချုပ်လက်စကို ဘေးတွင် ချထား၍ ပြောလိုက်သည်။

"မောင်မျိုးကော"

မောင်ရွှေဝါက သူမနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

"အိပ်ပြီ"
"ဆရာကြီးကော"
"မရှိကော"
"ဘယ်မှာလဲ"
"မသိကော"
"ကျွန်တော်လေ ပြန်ရောက်တာ ဆယ်ရက်ရှိပြီ"
"သိတယ်လေ"
"အစ်ကိုရွှေနီနဲ့ကော တွေ့ပြီးပြီ မဟုတ်လား"
"အင်း"

အမျိုးသမီးက မတည်မပြုံး မျက်နှာထားနှင့် ဖြစ်သည်။

"မခေါင်ညွှယ်ဆီမှာ မဟုတ်လား"
"အင်းပ"
"မခေါင်ညွှယ်ဆီကို မထုံးရီ နေ့တိုင်း သွားတယ်ဆို"

အမျိုးသမီးက ခေါင်းညိတ်ယောင်ပြုသည်။

"သူ့အိမ်ကို ကူဆောက်ပေးတယ်ဆို"
"အေးပ"
"ဘာပြုလို့လဲ"
"ဝေ"
"မမထုံးရီက ဘာပြုလို့ မခေါင်ညွှယ်နဲ့ ပေါင်းတာလဲ"
"မခေါင်ညွှယ်ဟာ အင်မတန်ရိုးကျိုးစရာကောင်းတဲ့ မိန်းမတစ်ယောက်နော။ သူ့လိုသတ္တိမျိုး ရှားတယ်။ သူ့လိုစိတ်မျိုး ရှားတယ်။ သူက နို့သက်မကြိုက်ဘူး။ တို့မျှား သူ့ကို လေးစားတယ်။ ဒါကြောင့် သူနဲ့ပေါင်းပြီး သူ့ကို ကူညီပြီး လုပ်ပေးတာပဲ"
"အစ်ကိုရွှေနီကရော"
"ဘာပြုတာလဲ"
"အစ်ကိုရွှေနီကရော ဘာပြုလို့ မခေါင်ညွှယ်ကို ကူလုပ်ပေးတာလဲ"

မောင်ရွှေဝါက မထုံးရီ၏ မျက်နှာကဲကို ခတ်ရင်း ဒိုင်းခနဲ မေးချလိုက်သည်။

"သူတို့ အစ်ကိုက မခေါင်ညွှယ်ကို ကြိုက်နေလို့ပ"
"မခေါင်ညွှယ်ကရော"
"ငါသိမလားကော"
"မမထုံးရီကို သူ ဘာမှ မပြောဘူးလား"
"ဘယ်သူကလဲ"
"အစ်ကိုရွှေနီက"
"တစ်ခုတော့ မေးတယ်"
"ဘာလဲ"
"နင်နဲ့ ရေကူးတဲ့အကြောင်း"
"ရေမှ မကူးဘဲ"
"သူက ကူးသလားလို့ မေးတယ်"
"ဘာပြောလိုက်သလဲ"
"ဘာပြောရမလဲကော၊ အင်းလို့ ပြောလိုက်တာပ"

မောင်ရွှေဝါသည် ဒေါသဖြစ်သွားဟန် ရှိသည်။ အသံမာမာကျယ်ကျယ်ဖြင့်...
"ဘာပြုလို့ ညာပြောတာလဲ"

မထုံးရီက ပြုံးနေသည်။

"ကျုပ် မကူးဘဲ ပြန်သွားတယ်ဆိုတာကို မမထုံးရီ သိတယ် မဟုတ်လား"
"တို့မျှား တစ်ယောက်တည်း သိတာပ။ နို့ပေမယ့် ပြောကော ဘယ်သူ ယုံမလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ယုံယုံ မယုံယုံ ဟုတ်တာကိုပြောရမယ်"

သူက တအားအော်လိုက်သည်။

"တိုးတိုးကွယ့် တို့များအိမ်ကို အချိန်မတော်လူလာတာ ဘေးအိမ်တွေ သိသွားမယ်"

မောင်ရွှေဝါက အောက်နှုတ်ခမ်းကို အထက်သွားဖြင့် နာနာကိုက်လိုက်သည်။ ထို့နောက် အမျိုးသမီးကို နှုတ်မဆက်ဘဲ ရှုးရှုးရှားရှားနှင့် ထပြန်သွားသည်။

မထုံးရီ ပြုံး၍ ကျန်ရစ်ခဲ့သည်။

## အခန်း -၃၄-

နောက်တစ်နေ့နံနက် အရက်တက်တွင် မောင်ရွှေဝါသည် တောင်လေးလုံးသို့ ရုတ်တရက်ထွက်ခွာသွားတော့သည်။ ဖြန်းစားကြီး ဖြစ်သဖြင့် တစ်အိမ်လုံး အံ့အားသင့်နေသည်။ ညကအိပ်ရာဝင်ချိန်အထိ အကြောင်းတစ်စုံတစ်ရာ မပြောသေးဘဲ နံနက်ဝေလီဝေလင်းတွင်မှ ယခုပင် တောင်လေးလုံးသို့ သွားတော့မည်ဟု ကြေငြာလိုက်သဖြင့် မယုံကြည်နိုင် ရှိတော့သည်။

"လူကလေးရယ် နင့်ဟာက ဘယ်လိုဖြစ်တာလဲ"

ဒေါ်စောရုံသည် အရက်ဆွမ်းချင်နေရာမှ ထမင်းအိုးကို နန်းရင်လက်သို့ အပ်ထားခဲ့ပြီး သားအနီးသို့ ကပ်ကာ ပြောသည်။

"အမတို့ကပဲ သွားဆို"
"အင်းလေ၊ ဟုတ်ပါတယ်။ နို့ပေမယ့် လူကလေးဟာ ဘာမပြော၊ ညာမပြောနဲ့ ချက်ချင်းကြီးပဲ"
"အခုပြောတာပဲ"
"တစ်ရက် နှစ်ရက် ကြိုပြောရောပေါ့ကွယ်"
"ညကမှ သွားမယ်လို့ ပိုင်းဖြတ်တာကိုး"
"ဒါဖြင့်လည်း နက်ဖြန်သဘက်မှ သွားပါလား။ လက်ဆောင်ကလေး ဘာလေးပေးရအောင်၊ အစ်မတို့ လိုက်လာဖို့ အစီအစဉ်လုပ်ရအောင်"
"လက်ဆောင်မလိုပါဘူး။ ယူချင်လည်း အစ်မတို့လာမှပဲ ယူခဲ့တာပ"
"တို့များနဲ့ပဲ အတူတူ သွားပါလားကွယ့်။ လဆန်း ခုနစ်ရက်လောက်ဆိုရင် တလင်းသိမ်းပြီးတော့မှာပဲ"
"ကျွန်တော် သွားနှင့်မယ်။ အစ်မတို့ တလင်းသိမ်းပြီးမှ လိုက်ခဲ့ကြတာပ။ ကျွန်တော်တို့ ဇန်းမောက်ကနေ လာကြိုနေမယ်"

MMCYBERMEDIA
COMMUNITY FOR ALL

မည်သို့မျှ ပြောမရသောအခါ ဒေါ်စောရုံနှင့် နန်းရင်သည် သူလမ်းတွင် စားသောက်သွားရန် အသားခြောက်နှင့် ကောက်ညှင်းကျည်တောက်များကို ကမန်းကတန်း ပြုလုပ်ပေးကြသည်။ နန်းခင်က တိမ်ပျံကို ရေတိုက်သည်။ အစာကျွေးသည်။ ကုန်းတင်သည်။

မောင်ရွှေဝါ လက်ချည်းသက်သက် ထွက်ခွာသွားသည့်အတွက်မူ ကိုရွှေနီသည် စိတ်ကောင်းပုံ မရချေ။ အာကာကို ကုန်းမတင်ဘဲ စီး၍ ချောင်းလေးခွအထိ လိုက်ပို့သည်။ နှင်းမြူထဲတွင် မြင်းကြီးနှစ်ကောင်သည် ဘေးချင်းယှဉ်၍ ခြေကျမှန်မှန် သွားနေသည်။

"နောက်နှစ်ကျတော့ တို့များ ဖမ်းကြသေးတာပ၊ ကျင်းနဲ့ဖြစ်ဖြစ်၊ ညွတ်ကွင်းနဲ့ဖြစ်ဖြစ် ဖမ်းကြတာပ"

ကိုရွှေနီက ပြောသည်။

"ဖြစ်ပါတယ်"
"ငါနေကောင်းရင်လည်း ရှေ့လထဲမှာ တစ်ကောင် ဖမ်းထားလိုက်ပါ့မယ်"
"မလုပ်ပါနဲ့ဦး။ အစ်ကိုရွှေနီရဲ့ ခေါင်းက အကင်းသေသေးတာ မဟုတ်ပါဘူး"
"ရပါတယ်။ အခုလည်း ငါဘာတွေ၊ ညာတွေ လုပ်နေပြီပဲ"
"မခေါင်ညွှယ်အတွက် လှေတစ်စင်း ထွင်းပေးနေတယ်ဆို"

ကိုရွှေနီထံမှ ရုတ်တရက် အဖြေထွက်မလာ။ ခဏကြာမှ...
"ဖောင်နဲ့ ကူးရတော့ ခရီးကြာတာပကွယ်။ ရေစီးသန်တဲ့အခါကျရင် လှေမရှိလို့ ဘယ်ဖြစ်တော့မလဲ"
"အကိုရွှေနီ မခေါင်ညွှယ်ကို ကြိုက်နေသလား"

အဖြေလုံးဝထွက်မလာတော့ပါ။ မောင်ရွှေဝါကလည်း မမေးတော့ပါ။ ဖြူဝါးဝါးနံနက်တွင် မြင်းခွာသံများသည် တစ်ချက်ချင်း ပေါ်ထွက်နေကြသည်။ ချောင်းလေးခွသို့ရောက်သောအခါတွင်မှ ကိုရွှေနီသည် ဦးချွန်း၏တဲဘက်ကြည့်လျက် မေးလိုက်သည်။

"ဝင်ဦးမလား"
"မဝင်တော့ဘူး"
"အစ်မတို့လာရင် ငါလည်းလိုက်ခဲ့မယ်"
"ကျွန်တော် ဗန်းမောက်က လာကြိုမယ်"

ထို့နောက် မောင်ရွှေဝါသည် တိမ်ပျံ၏ တင်ပါးစောင်းကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်သည်။ နံနက်ခင်းတွင် မြင်းခွာသံများ ဆူညံသွားသည်။ ကိုရွှေနီလည်း ဦးချွန်းတဲတွင် တစ်ကျိုက်၊ နှစ်ကျိုက်သောက်ပြီး မခေါင်ညွှယ်တဲဘက်သို့ အပြေးစိုင်းသွားသည်။

"အစ်မတို့လာရင် ငါလည်းလိုက်ခဲ့မယ်" ဟု ကတိပြုလိုက်သော်လည်း လက်တွေ့တွင်မူ တစ်နှစ်တာ လယ်ယာအမှုများ ပြီးဆုံးပြီး တောင်လေးလုံးသို့ ဒေါ်စောရုံတို့ လိုက်သွားကြသောအခါတွင် ကိုရွှေနီ ပါမသွားချေ။

MMCYBERMEDIA
COMMUNITY FOR ALL

သူ ရွာတွင်မရှိချေ။

ဒေါ်စောရုံတို့ ရွာမှ မထွက်မီ လေးရက်အလိုတွင် ရုတ်တရက် ပျောက်သွားခြင်း ဖြစ်၏။ ဒေါ်စောရုံတို့သည် ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝ မထင်ခဲ့ကြ။ ကိုရွှေနီသည် အရင်က ကိုရွှေနီ မဟုတ်တော့ဟု သူတို့ ယုံကြည်နေကြသည်။ ဆင်ဖမ်းထွက်ရာမှ ပြန်ရောက်ကတည်းက အနေအထိုင် ပြောင်းလဲခဲ့သည်။ သည့်အရင်က သူ အိမ်မကပ်သည်မှာ မှန်သည်။ သူလာလျှင် လာပါလားဟု သိသည်။ သူ မလာလျှင် မလာပါကလားဟု ဘာသိဘာသာ နေကြသည်။ သူ့ကို ပေယျာလကန် ပြုထားကြသည်။

သို့သော် ဆင်ဖမ်းမှ အပြန်တွင်ကား တစ်မျိုးတစ်နည်း ဖြစ်သွားသည်။ အိမ်တွင် သုံးရက်အပြည့် နေခဲ့သည်။ သည့်နောက်တွင်ကား မခေါင်ညွှယ်ထံသို့ နံနက် အရုဏ်တက်မှ ညမိုးချုပ်သည်ထိ သွားနေခဲ့သည်။ သို့သော်လည်း ညစဉ်မှန်မှန် ပြန်၍ အိပ်သည်။ အရက်သောက်သော်လည်း အလွန်အကြူးမဟုတ်။ ကြက်ဝိုင်းများသို့ အလျင်းမသွား။ မခေါင်ညွှယ်၏ တောင်ယာတွင် အချိန်ကုန်သည်။

ကိုရွှေနီ၏ ဘဝကို မခေါင်ညွှယ်က ပြောင်းလဲပစ်လိုက်ပြီဟု ဒေါ်စောရုံ နားလည်နေသည်။ တစ်ရွာလုံးကလည်း ဤအတိုင်းပင် ယူဆသည်။ အချို့က မခေါင်ညွှယ်နှင့် ကိုရွှေနီ ညားနေပြီဟုပင် ပြောကြသည်။ မထုံးရီ ကြားမှ အစအစဲ ပြုနေသဖြင့်သာ လက်မထပ်ကြသေးခြင်းဟု ဆိုသည်။

ကိုရွှေနီသည် မခေါင်ညွှယ်ထံသို့ အချိန်ပြည့် သွားရောက်နေသော်လည်း အိမ်မှ အကူအညီတောင်းခံလျှင် မငြင်းမဆန် လုပ်ပေးလေ့ရှိသည်။ တောင်လေးလုံးသို့ လိုက်လာရန်လည်း မောင်ရွှေဝါကိုသာ ပြောသည်မဟုတ်။ မိခင်နှင့် နမများကိုလည်း ကတိပြုထားသည်။ လုပ်ဖွယ်ရှိသည်များတွင် ကူညီသည်။ လှည်းအိမ်ပျက်နေသည်ကို ပြင်ထားသည်။

ရုတ်တရက် ရွာမှ ပျောက်မသွားမီ တစ်ရက်ကပင် လခတ်ရဒေါ်သို့သွား၍ ကချင်လွယ်အိတ် ဝယ်ပေးသေးသည်။ ထိုနေ့ကလည်း ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် အိမ်မှ ထွက်သွားသည်။ သို့ရာတွင် ညမိုးချုပ်တွင်ကား အိမ်သို့ပြန်မရောက်ခဲ့ချေ။ နောက်တစ်နေ့တွင်လည်း မရောက်လာချေ။ မခေါင်ညွှယ်ထံသို့ နန်းခင်သွားရောက် စုံစမ်းသောအခါ ထူးခြားသော အဖြေကို မရရှိချေ။ ကိုရွှေနီသည် ထုံးစံအတိုင်း ပြန်နေကျအချိန်တွင် ပြန်သွားကြောင်းသာ မခေါင်ညွှယ်က ပြောနိုင်သည်။ သို့ရာတွင် ကိုရွှေနီ ပျောက်နေသည်ဆိုသော သတင်းအတွက် မခေါင်ညွှယ် စိတ်မကောင်းဖြစ်သည်ကိုကား နန်းခင်တွေ့ရသည်။ ဒုက္ခဆင်းရဲခြင်းကို ခါးစည်းကြိုးတင်း၍ ခံလေ့ရှိသော ကချင်အမျိုးသမီးသည် ကိုရွှေနီ မရှိတော့ဟု ဆိုသောအခါတွင် မျက်နှာသိသိသာသာ ညှိုးရော်သွားသည်။ မျက်ရည်များပင် ဝိုင်းလာသည်။ အသံတုန်နေသည်။ သို့ရာတွင် ကိုရွှေနီ မည်သည့်အရပ်သို့ သွားကြောင်းကိုကား ပြောပြနိုင်ခြင်း မရှိချေ။

သို့ဖြင့် ဒေါ်စောရုံသည် သားကြီး မည်သည့်အရပ်သို့ မည်သည့်အကြောင်းဖြင့် ရောက်နေသည်ကို မသိရှိဘဲနှင့် သတ်မှတ်သည့်နေ့တွင် သမီးငယ်နှစ်ဦးကို အဖော်ပြု၍ တောင်လေးလုံးသို့ သွားရလေတော့သည်။ သတ်မှတ်သည့်ရက်ကို မရွှေ့ပြောင်းနိုင်ခြင်းမှာ ဇန်းမောက်တွင် မျှော်နေကြမည်ကလည်း တစ်ကြောင်း၊ သူမတို့တွင် ယောကျ်ားဖော်မပါဘဲ မိန်းမသားသုံးဦးတည်းသာ ဖြစ်သဖြင့် တစ်ဖက်ရွာမှ လှည်းကြုံများရှိခိုက်မို့ တစ်ကြောင်းကြောင့် ဖြစ်လေသည်။ ဦးနွဲ့မွန်သည်

MMCYBERMEDIA
COMMUNITY FOR ALL

ဤရက်များအတွင်း မိုးကောင်းသွားရန် ကိစ္စရှိသည်ဆိုကာ ဖနီးသားသမီးများနှင့် မလိုက်ပါပဲ ကျန်ရစ်ခဲ့သည်။

ဒေါ်စောရုံသည် သားငယ်၏ကိစ္စမို့သာ ရွာမှ ထွက်ခွာသွားရသော်လည်း စိတ်မဖြောင့်ချေ။ ခင်ပွန်းသည်အတွက် သည်မျှ မပူတတ်ချေ။ တစ်လကိုးသီတင်း ခြေပြိမ်၍ နေလာသော သားကြီးအတွက် ဖြစ်သည်။ မိမိ၏ သားကြီးသည် အတော်ကြီး လိမ္မာနေပြီဖြစ်ရာမှ အဘယ်အကြောင်းကြောင့်များ ရုတ်တရက် လွင့်ပျောက်သွားရချေသနည်း။ အသက်ဘေးအန္တရာယ်များ ရှိချေ၍လား။ ကိုရွှေနီ၏ အကြောင်းကို သိသည် ဆိုလျှင် သိနိုင်သူမှာ နှစ်ဦးပဲ ရှိသည်။ မခေါင်ညွှယ်နှင့် မထုံးရီပင် ဖြစ်သည်။ ရွာမှ မထွက်ခွာမီက ဤအမျိုးသမီးနှစ်ဦးထံသို့ သူမကိုယ်တိုင်သွား၍ စုံစမ်းသင့်ခဲ့ပေသည်။ မတတ်နိုင်ပြီ။ ရွာသို့ ပြန်ရောက်မှပင် မေးမြန်းရတော့မည်။

ဒေါ်စောရုံတွေးသည်မှာ မှန်ပေသည်။ သူမကို ဖွင့်၍ပြောကြမည်၊ မပြောကြမည်သာ မသိသည်။ ကိုရွှေနီ ရုတ်တရက် ရွာမှ ပျောက်ကွယ်သွားရခြင်း၏ အကြောင်းရင်းကို မခေါင်ညွှယ်နှင့် မထုံးရီတို့ နှစ်ယောက်စလုံး ကောင်းကောင်းကြီး သိကြသည်။ မခေါင်ညွှယ်က ပို၍ အသိဆုံး။ ထိုနေ့က မထုံးရီ မလာ။ တစ်နေ့လုံး သူမနှင့် ကိုရွှေနီ နှစ်ယောက်တည်းသာ ရှိသည်။ ကိုရွှေနီသည် နှင်းများ ပိတ်ပိတ်ပိန်းနေသည့် အချိန်မှာပင် ရောက်လာသည်။

"ဝေး၊ ကချင်မ မထသေးဘူးလား"

နှင်းထုအတွင်းမှ သူ့အသံသြကြီး ထွက်ပေါ်လာသည်။ တစ်ခွန်း၊ နှစ်ခွန်း ခပ်တိုးတိုး ခေါ်သော်လည်း မထူးသည်တွင် မခေါင်ညွှယ် မနိုးသေးဟု ထင်သဖြင့် သူက အိမ်ရှေ့မှ ခပ်ကျယ်ကျယ် အော်လိုက်ခြင်း ဖြစ်သည်။ သူ့အသံသည် ကြိုးကြာတောင်ခြေအထိ ဟိန်းသွားသည်။

"ငါ အခု လာမယ် ဝေး"

မခေါင်ညွှယ်၏အသံသည် ချောင်းဆီမှ ထွက်ပေါ်လာသည်။ အမျိုးသမီးက အိပ်ရာမှ နိုးရုံမျှမက ချောင်းသို့ ဆင်း၍ ရေခပ်နေပြီပင် ဖြစ်သည်။ ဤအတိုင်းဆိုလျှင် သူက နောက်ကျနေခြင်း ဖြစ်သည်။ ခါတိုင်းဆိုလျှင် သူရောက်မှ အမျိုးသမီးထသည်။ မခေါင်ညွှယ်သည် မဂမ်နှင့် အလုပ်ရှုပ်နေသဖြင့် သူက ရေခပ်ပေးရသည်။ ယနေ့မူ မခေါင်ညွှယ်သည် သူ့ကိုစောင့်မနေတော့ဘဲ ရေခပ်နှင့်နေသည်။ မဂမ် အိပ်နေလျှင်တော့ တော်သေးသည်။ ခေါ်သွားရင်တော့ ကလေး အအေးမိလိမ့်မည်။ မဂမ်သည် မနေ့ကတည်းက မအီမသာ ဖြစ်သည်။

"ဒီမိန်းမနယ် ငါ့ကို စောင့်ရောပေါ့။ ဘာကြောင့် ဒါလောက် လောရတယ် မသိဘူး"

ကိုရွှေနီသည် ချက်ချင်းပင် ချောင်းသို့လိုက်သွားသည်။ နှင်းပိတ်၍ မမြင်မကန်း ရှိသော်လည်း သွားနေကျလမ်း ဖြစ်သဖြင့် သူက ခြေလှမ်းကျဲကျဲဖြင့် သုတ်သုတ်လျှောက်သွားသည်။ ချုံငယ်များကို အတင်းတိုးသွားသဖြင့် သူ့ကိုတွင် နှင်းရွှဲနေသည်။

"ဝေး၊ ရွှေနီ နင်လာသလား"

MMCYBERMEDIA
COMMUNITY FOR ALL

"အေး"
"မလာခဲ့နဲ့။ အိမ်မှာနေ ငါ အခုပြန်ခဲ့မယ်"
"နင် ငါ့ကို စိတ်ဆိုးလို့လား။ ငါခပ်ပေးမှာပ"
"ငါ ရေခပ်တာ မဟုတ်ဘူး။ ရေချိုးနေတာ"

သည်တော့မှ ချောင်းက ရေသံကို သူကြားမိသည်။ သူ အံ့သြသည်။ ကချင်မ ဘယ်လိုဖြစ်တာလဲ။ မနက်စောစောစီးစီး ရေမချိုးစဖူး။

"အစောကြီး နင် မချမ်းဘူးလား"

ကိုရွှေနီက ပို၍ မြန်မြန်လျှောက်သွားရင်း မေးလိုက်သည်။

"ငါချမ်းတယ်။ ငါပြီးပြီ၊ နင်မလာနဲ့"

မခေါင်ညွှယ်က ရေထဲမှ တက်လာရင်း အော်ပြောသည်။ သို့ရာတွင် ကိုရွှေနီသည် သူမနှင့် လက်တစ်ကမ်းကွာသို့ ရောက်ရှိသွားပြီ ဖြစ်သည်။ မခေါင်ညွှယ်သည် ခိုက်ခိုက်တုန်နေသည်။
"မလာနဲ့ပြောတာ နင် မကြားဘူးလား"

အမျိုးသမီးက မေးရိုက်သံဖြင့် ပြောသည်။ အသံနည်းနည်း မာသည်။

"ကြားသားပ။ နို့ပေမယ့် နင်ရေချိုးနေမှန်းမှ ငါမသိဘဲ"
"ငါပြောသားပဲ အေး"
"နင်ပြောတော့ ငါဒီရောက်နေပြီ"
"ဒါဖြင့် နင် အခုပြန်"
"အတူတူပြန်ကြတာပ"
"ငါ့မှာ အဝတ် မရှိဘူး"
"ဘာထူးသလဲ။ အခုလည်း နင့်ကို ငါ မြင်နေပြီပဲ"
"ငါ့အဝတ်တွေ စိုနေတယ်။ ငါ အိမ်ကို ဒီအတိုင်း ပြန်ရမှာ"
"ဘာထူးသလဲ"
"နင်ပြန်နှင့် ရွှေနီ"
"ဘာထူးသလဲ"
"နင်မကောင်းဘူးနော"

မခေါင်ညွှယ်က ကျောက်တုံးပေါ်တွင် ရေညှစ်ပြီး တင်ထားသော အဝတ်များကို ကောက်ယူလိုက်သည်။ မခေါင်ညွှယ်သည် မထုံးရီလောက် မဖွံ့ဖြိုးသော်လည်း တပ်မက်ဖွယ်ရာ ရှိလှသည်။ အပျိုဟု ထင်ရသည်။

"နင်ရှေ့ကသွား"

ကိုရွှေနီသည် မတတ်သာတော့သဖြင့် ရေ့မှ လျှောက်သွားရသည်။ သို့သော် သူ့မျက်စိတွင် မခေါင်ညွှယ်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများသည် မပျောက်မကွယ်ဘဲ ရှိနေသည်။ သူက မခေါင်ညွှယ်ကို ကိုယ်တီးသက်သက် တစ်ခါမျှ မမြင်ဖူးဘူးခဲ့။ နေ့ခင်းဘက်တွင် ရေချိုးကြလျှင် မခေါင်ညွှယ်က ကိုရွှေနီကို သတ်သတ်နေစေသည်။ သူ့စိတ်ထဲတွင် မကျေမနပ် ရှိနေသည်။ တစ်ခုခုကို ယတိပြတ် လုပ်ပစ်လိုက်ချင်သည်။ နောက်ပိတ်ဆုံး ကိုယ့်လက်မောင်း ကိုယ် ကိုက်ပစ်လိုက်ချင်သည်။

"နင်ဘာလို့ အစောကြီး ရေချိုးတာလဲ၊ နင် မချမ်းဘူးလား"

သူက ဆို့နင့်သော အသံနှင့် မေးလိုက်သည်။

"ချမ်းတာပေ။ ငါ ချိုးချင်လို့ မဟုတ်ဘဲ အေး"
"ဘာလို့လဲ"
"ညက မဂမ် အီးအီးပါတယ်။ ငါ့တစ်ကိုယ်လုံး ပေနေလို့ အဝတ်တွေ လျှော်ပြီး ရေချိုးရတာ"
"မဂမ် အခု အိပ်နေသလား"
"အေး"
"ငါက နင် မဂမ်ကို ခေါ်ပြီး ရေခပ်သွားသလားဆိုပြီး လိုက်လာတာ"
"နင်မကောင်းဘူးကော"
"ငါ မသိလို့ပါကွယ်"

ကိုရွှေနီက တစ်ဖက်လူ စိတ်အနှောင့်အယှက် ဖြစ်နေသည်ကို စိတ်မကောင်းသည့် အနေဖြင့် ခပ်လေးလေး ပြောလိုက်သည်။ မခေါင်ညွှယ်က ဘာမှ ပြန်မပြောတော့။ သွားချင်းရိုက်နေသည့် အသံသာကြားရသည်။ ဆောင်းမနက်လည်း ဖြစ်သည်တစ်ကြောင်း၊ ရေချိုးလာသည်လည်းတစ်ကြောင်း၊ လေတိုးသည်လည်း တစ်ကြောင်း၊ အဝတ်အထည် တစ်ခုမျှ မပါသည်လည်း တစ်ကြောင်းကြောင့် ချမ်းရှာပေမည်။ သားအတွက်မို့သာ ဤဒုက္ခဆင်းရဲကို မညည်းမညူခံခြင်း ဖြစ်ပေသည်။

သည်အထဲ သူမကို လူစိမ်းတစ်ဦး မြင်တွေ့သွား၍ ရှက်ရသေးသည်။ သို့သော် စိတ်ဆိုးလှသည်တော့ မဟုတ်။

မကြာမီပင် သူတို့သည် အိမ်နောက်ဖေးသို့ ရောက်လာကြသည်။ မခေါင်ညွှယ်သည် အဝတ်ရေစိုများကို လှန်းနေသည်။ ကိုရွှေနီက ကိုယ်တစ်ခြမ်း လှည့်လိုက်သည်။

"နင်မကောင်းဘူးနော်၊ ဘာလို့ ကြည့်တာလဲ"
"ဒီမှာ ငါးနှစ်ကောင် ယူလာတယ်"

ကိုရွှေနီက လျှော်ကြိုးဖြင့် သီလာသော ငါးခူ နှစ်ကောင်ကို မြှောက်ပြသည်။ သူသည် ချောင်းလေးခွ ဦးချွန်းတဲသို့ ဝင်၍ မခေါင်ညွှယ်အတွက် ငါးယူလာတတ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မီးဖိုခန်းထဲမှာ ထားလိုက်၊ ပြီးတော့ အိမ်ရှေ့မှာနေ ငါ အဝတ်ဝတ်ပြီး လာခဲ့မယ်"

ကိုရွှေနီက ခေါင်းကို နောက်တစ်ကြိမ် ယမ်းခါလိုက်သည်။ သို့ရာတွင် ဘာမှ မပြောဘဲ အိမ်ကို လက်ဝဲဘက်မှပတ်၍ အိမ်ရှေ့သို့ လျှောက်သွားသည်။ ကချင်ထုံးစံတွေက များလှသည်။ သူစိမ်းတစ်ရံဆံများသည် အင်ပန်းခေါ် အိမ်ရှေ့လှေကားမှသာ တက်ကြ၊ ဆင်းကြရသည်။ အင်ဖန်းခေါ် နောက်ဖေးပေါက်မှ အိမ်သူအိမ်သားများသာ တက်ခွင့် ဆင်းခွင့် ရှိသည်။ ကိုရွှေနီသည် ခဏခဏပင် နောက်ဖေးလှေကားမှ တက်မိဆင်းမိမည်ရှိ၍ မခေါင်ညွှယ်၏ သတိပေးခြင်းကို ခံရသည်။

ကိုရွှေနီသည် အိမ်ရှေ့လှေကားမှ တက်ခဲ့သည်။ သို့သော် မခေါင်ညွှယ် ပြောသလို အိမ်ရှေ့မှာသာ မနေချေ။ နောက်ဖေးအရောက် လျှောက်ခဲ့သည်။ အကြောင်းမူ ဧည့်သည်များအတွက် နေရာသည် နောက်ဖေးမှာသာ ရှိသောကြောင့် ဖြစ်သည်။ ဧည့်ခန်းနှင့် အိမ်ရှင်ခန်းသည် မျက်နှာချင်းဆိုင်ပင်ဖြစ်သည်။ နောက်ဖေးလှေကားမှ တက်လျှင် တစ်ခါတည်း ရောက်နိုင်ပါလျက် ယခုတော့ အိမ်ရှေ့မှ လှည့်၍ ဝင်ရသည်။ မခေါင်ညွှယ်၏ ဆင်ဝင်တွင် ကြက်တစ်အုပ်နှင့် ဝက်တစ်ကောင် ရှိနေပြီဖြစ်သည်။ ကိုရွှေနီသည် ကြက်အုပ်ကို ခြံမှ လွှတ်လိုက်ပြီး အိမ်ပေါ်သို့ တက်ခဲ့သည်။ လက်ယာဘက်အခန်းသည် သည်အတိုင်း အားနေသည်။ ဒူဝါ၏ အိမ်မဟုတ်သဖြင့် အာကာသစိုးနတ်စင် (မဒိုင်ဒပ်) လည်းမရှိချေ။ အိမ်သူအိမ်သားဟူ၍ မခေါင်ညွှယ်တို့ သားအမိသာ ရှိသဖြင့် နောက်ဆုံးခန်း တစ်ခုသာ အသုံးပြုသည်။ မဂမ်ကြီးလျှင်မူ ဤရှေ့ခန်းတွင် နေပေလိမ့်မည်။ သည်တော့လည်း အိမ်အသစ် ဖြစ်ချင်ဖြစ်နေမည်။ သို့မဟုတ် သူတို့ သည်မှာ ရှိချင်မှ ရှိကြတော့မည် ဖြစ်သည်။ ကိုရွှေနီသည် ငါးခူနှစ်ကောင်ကို လက်ဝဲဘက် ချက်ပြုတ်ခန်း (ရှက်ရူဒပ်) တွင်ထားခဲ့ပြီး ဧည့်ခန်း (မနမ်းဒပ်) သို့လာခဲ့သည်။

မခေါင်ညွှယ်သည် နောက်ဖေးစင်္ကြံ (အင်တောက်) မှ ကသုတ်ကသော့ တက်လာသည်။ ဧည့်ခန်းတွင် ကိုရွှေနီ ရှိနေသည်ကို မြင်ရသောအခါ ရုတ်တရက် ခြေလှမ်းတန့်သွားသည်။

"အိမ်ရှေ့မှာ နင်မနေဘူးလားနော၊ ဆင်ဝင်မှာနေရင် ဘာပြုသလဲ"
"တို့များဟာ ဧည့်သည် မဟုတ်ဘူးလား၊ ဧည့်ခန်းမှာ မနေရဘူးလား"

မခေါင်ညွှယ်သည် ဘာမှ မပြောတော့ဘဲ အိပ်ခန်းတွင်းသို့ ဝင်သွားသည်။ ကိုရွှေနီက ပြုံး၍ ကျန်ရစ်သည်။ မခေါင်ညွှယ် စိတ်မဆိုးဟု ဆိုလျှင် သူ့အဖို့ အများကြီး ကောင်းချေသည်။ သူသည် မခေါင်ညွှယ်နှင့်အတူ ရင်းရင်းနှီးနှီး နေလာခဲ့သည်မှာ တစ်လခွဲရှိခဲ့ပြီ ဖြစ်သည်။ အတူသွားသည်။ အတူစားသည်။ အတူလုပ်သည်။ သည့်ထက်ကားမပိုခဲ့ချေ။ အမျိုးသမီးက စည်းရှိလှသည်။ သူ့ကို မောင်ကြီးတစ်ဦး အနေဖြင့်သာ ဆက်ဆံခဲ့သည်။ မှားယွင်းနိုင်သည့် အခြေအနေမျိုးကို လမ်းခင်းပေးခြင်း မရှိခဲ့ချေ။ တစ်ဖက်က အနည်းငယ်မျှ ဖွင့်မပေးဘဲနှင့် သူက မည်သို့မျှ တစ်ဆင့်မတက်ရဲချေ။ သည်အထဲတွင် မထုံးရီက ကန့်လန့် ရှိနေခဲ့သေးသည်။ မထုံးရီသည် သူနှင့် မခေါင်ညွှယ်ကြားတွင် အနှောင့်အယှက်ပေးမည့် ပုံသဏ္ဌာန်မရှိသော်လည်း အကူအညီပေးမည့် သဘောလည်း မရှိခဲ့ချေ။ ယနေ့တော့ အများကြီး ဟန်ကျသည်။ မခေါင်ညွှယ်ရေချိုးသည်ကို မမျှော်လင့်ဘဲ ကြုံရသည်။ မထုံးရီကလည်း ယခုအထိ ရောက်မလာသေးချေ။ ကိုရွှေနီက မခေါင်ညွှယ် ပြန်ထွက်လာသည်ကို စောင့်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးတော်တော်နှင့် ထွက်မလာဘဲ ရှိသည်။

"အေး၊ နင်က ဘာတွေ ဝတ်နေသလဲ၊ မပြီးသေးဘူးလား"

ကိုရွှေနီက အရဲစွန့်၍ အော်လိုက်သည်။

"ဝေး ဘယ်လိုလဲနော၊ မဂမ် နီးသွားမယ်"

သို့ဖြင့် ကိုရွှေနီသည် ငြိမ်၍ နေလိုက်ရပြန်သည်။ အမှောင်သည် တဖြည်းဖြည်းချင်း လွင့်နေသည်။ မီးဖိုမှ မီးတောက်အရောင်သည် အမိုးကို ဟပ်နေသည်။ အိမ်ထဲတွင် မီးခိုးလည်း မွှန်နေသည်။ ကိုရွှေနီက ထင်းများများ ထည့်ပေးသည်။ ဆည်းဆာလို လင်းလာသည်။ အတော်ကလေးကြာမှ အမျိုးသမီးသည် အခန်းထဲမှ ထွက်လာသည်။ အမျိုးသမီးကြာနေသည့် အကြောင်းကို သူသိသွားသည်။ သူမတွင် အဝတ်အစားနှင့် အဆင်တန်ဆာ အပြည့်ရှိသည်။ မခေါင်ညွှယ်သည် ပြုံး၍ရပ်နေသည်။

ခေါင်းမှ တဘက်အနက်သည် အခါတိုင်းထက် ရှည်သဖြင့် အရပ်ထွက်သည်။ အင်္ကျီအနက်ပေါ်တွင် ငွေပန်းဖွား၊ ငွေပုတီး၊ ငွေပြား၊ ငွေကြယ်များ ရှိသည်။ လက္ကယ်ညတွင် နဂါးငွေတန်းသည် ကိုယ့်အနီးသို့ ကပ်လာသည့်ပမာ ဖြစ်သည်။ လက်ဝဲဘက် ခါးစောင်းမှ ကျသော ထမီစသည် အဝါ၊ အနီ၊ အစိမ်း၊ အနက်တို့ဖြင့် တင့်တယ်စွာရှိသည်။ ခါးပတ်၊ ခါးပန်း၊ ကြိမ်ခွေနှင့် ဆွဲကြိုးတို့သည် တောင်ပေါ်အလှကို ဖြည့်စွက်နေကြသည်။

"နင်ဘယ်သွားမလို့လဲ"

ကိုရွှေနီက ငေးမော၍ ကြည့်နေရာမှ လွှတ်ခနဲ မေးလိုက်သည်။

"ငါတို့ ကနေ့ တောင်ယာမီးရှို့ပွဲလေ၊ နင် ငါးရလာတာ အတော်ပဲ"
"ငါ လမ်းမှာ မြွေတစ်ကောင်ရတယ်။ နင်တို့မစားလို့ ထားခဲ့ရတယ်"

အမျိုးသမီးက မြွေဆို၍ ကြက်သီးထသွားသည်။

"နင်တို့ဟာက မဟုတ်သေးပါဘူး၊ ငါးရှဉ့်တော့ စားတယ်၊ မြွေတော့ မစားဘူး"

အမျိုးသမီးက တစ်ကိုယ်လုံး ဆတ်ဆတ်တွန့်တွန့် ခါလိုက်ပြန်သည်။ ငွေထည်များက မြည်ကြသည်။ တောင်ယာမီးရှို့ပွဲ လုပ်သည့်တိုင် သူမ ဤမျှ ဝတ်စားစရာ မလိုဟု ကိုရွှေနီထင်မိသည်။ သူတွေ့ဖူးသမျှတော့ ကချင်အမျိုးသမီးများသည် ပွဲတော်ကြီးများ ရှိမှပင် အဝတ်အစား အပြည့်အစုံ ဝတ်ကြသည်။ ဤတွင်လည်း ရှိသည့်သူသာ ဖြစ်သည်။ မခေါင်ညွှယ်သည် စောစောက အဖြစ်ကို ဖုံးလွှမ်းရန် ဤသို့ ဝတ်ဆင်သည်ဟု သူ မြင်လာသည်။ နောက်ပြီး တောင်ယာမီးရှို့ရန် ရက်လိုသေးသည်။ သစ်ပင်များ လိုသလောက် မခြောက်သေးချေ။ လတစ်ခါပျောက်မှ မီးရှို့ကြမည်ဟု တစ်နေ့က သဘောတူထားသည်။ ယခုမူ လပြည့်အဝင်မှာပင် တောမီး တောင်မီး ထိန်စေတော့မည်ဟု ဆိုနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် ဘာတွေ ညာတွေ မလုပ်ဘူးလား။ ငါးတို့၊ ကြက်တို့ လုပ်ရဦးမယ် မဟုတ်လား"
"လုပ်မှာပ"
"နင့်အဝတ်တွေ ပေကုန်မှာပ"
"ချွတ်ထားရမလား"
"တခြားဟာ ဝတ်ထားပါဦးလား"
"ငါ့မှာ ဝတ်စရာ နှစ်မျိုးပဲ ရှိတယ်။ ရေလျှော်ထားတာရယ်၊ ဒါရယ်ပဲ"

သည်တော့မှ ကိုရွှေနီသည် ခေါင်းကို ညိတ်လိုက်မိသည်။

"နင် ဘာမှ မလုပ်နဲ့လေ၊ ငါလုပ်မယ်။ နင်လုပ်ချင်တာပြောပ"

မခေါင်ညွှယ်သည် အတန်ငယ် စဉ်းစားပြီးနောက် ကိုရွှေနီရှိရာသို့ လျှောက်လာသည်။ မျက်နှာချင်းဆိုင် ရပ်သည်။

"နင် ငါ့ကို ကူလုပ်တာ ဝမ်းသာပါတယ်။ နို့ပေမယ့် နင် မလာပါနဲ့တော့"

ကိုရွှေနီ လန့်သွားသည်။

"နင်ဘာပြောတာလဲ"
"နင် လာရင်လည်း တစ်ခါတလေ ခဏတဖြုတ်လာပေါ့အေး၊ အခုလို အစောကြီးလာပြီး မိုးချုပ်မှ ပြန်တာမျိုး မဟုတ်ဘူးပေါ့။ ငါ့ကိုလည်း ဘာမှ ကူမလုပ်ပေးနဲ့တော့"
"နင် ငါ့ကို စိတ်ဆိုးလို့လား ခရီစား၊ နင်ရေချိုးတာ ငါ ကြည့်လို့လား"
"ငါ နင့်ကို စိတ်မဆိုးပါဘူး"
"ဒါဖြင့် ဘာပြုလို့လဲ"
"ငါ တစ်နေ့က ရွာထဲ သွားတယ်"

အမျိုးသမီးက ဆက်၍ မပြောသေးဘဲ သူ့ကို ကြည့်နေသည်။ သူမ၏ မျက်လုံးထောင့်များတွင် မျက်ရည်ကြည် ဝပ်နေသည်။

"ရွာထဲသွားတာ ဘာဖြစ်သလဲ"
"ကလေးတွေက ငါ့ကို စကြတယ်"
"ဘယ်လို စသလဲ"
"ရွှေနီ့ မိန်းမ ကချင်မတဲ့"

ကိုရွှေနီသည် ဘာပြန်ပြောရမှန်း မသိဖြင့် ပါးစပ်ကို ဟင်းလင်း ဖွင့်ထားမိသည်။

"လူကြီးတွေကလည်း မေးတယ်။ နင်နဲ့ ငါ ညားနေကြပလားတဲ့"

သူက နဖူးကိုလက်ဖမိုးဖြင့်ဖိ၍ ထိုင်ချလိုက်သည်။ သူမကလည်း လိုက်၍ ထိုင်သည်။

"ငါပြောမယ် ရွှေနီ၊ နင်တို့ ညီအစ်ကိုဟာ ငါ့ကျေးဇူးရှင်တွေပဲ။ နင့်ကို ငါအများကြီး ခင်ပါတယ်။ နို့ပေမယ့် ငါ ဒီရွာမှာနေပြီး ဒီတောင်ယာကို လုပ်ချင်တယ်။ ဒီရွာက ငါ့ကိုနင်ထုတ်မှာ မကြိုက်ဘူး။ ဒီရွာက ယောကျ်ားတွေနဲ့ ငါ အပြောမခံချင်ဘူး။ ငါ ဘယ်ယောကျ်ားနဲ့မှ အပြောမခံချင်ဘူး။ နင်မလာနဲ့တော့။ နောက်တစ်ခါဆိုရင် ကလေးတွေက ငါ့ကို ခဲနဲ့ ပေါက်ကြလိမ့်မယ်"

ကိုရွှေနီက တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်...

"နင် ငါ့ကို ယူပါလား"

အမျိုးသမီးသည် ဒေါသဖြစ်သွားပုံမရ။ အံ့အားသင့်သွားခြင်း မရှိ။ သူ့ကိုသာ ဖြည်းလေးစွာ မျက်ခွံလှန်၍ ကြည့်သည်။ ဘာမှကား မပြောချေ။

"ရှမ်းလိုရော၊ ကချင်လိုရော နင်ကြိုက်သလို လက်ထပ်မယ်။ ငါ နင်နဲ့အတူနေမယ်"

ကိုရွှေနီက အားတက်သရော ပြောသည်။ အမျိုးသမီး ခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်သည်။

"ဘာပြုလို့လဲ၊ ငါ့ကို နင် မယုံဘူးလား"

"မဟုတ်ကော"

"ငါ ယောကျ်ားမယူတော့ဘူး ရွှေနီ။ မဂမ်မှာ ပထွေးမရှိစေချင်ဘူး။ ငါ သူ့ကို ဂရုစိုက်ရမယ်"

"မဂမ်ကို ငါလည်း ဂရုစိုက်မှာပ"

"မဂမ် မကြီးမချင်း ငါယောကျ်ားမယူဘူး"

"နို့ဖြင့် မဂမ်ကြီးတော့ကော"

"အဝေးကြီး လိုသေးတယ်"

"ဘယ်လောက်ပဲ လိုလိုပ။ မဂမ်ကြီးရင် နင် ငါ့ကို ယူမလား။ ငါစောင့်နေမယ်"

"ငါမပြောတတ်ဘူး ရွှေနီ။ နင့်ကို ငါစိတ်မဆိုးဘူး။ နင့်ကို မယူချင်သေးဘူး။ နင်နဲ့ ငါ့ကို လူတွေ မပြောစေချင်ဘူး။ နင် တစ်ခါတစ်ခါမှ ခဏတစ်ဖြုတ်လာပါ"

"ငါ နင့်ကို တကယ် ကြိုက်တာပါ"

"ငါ သိပါတယ် ရွှေနီ။ နို့ပေမယ့် ငါ ယောကျ်ားမယူဘူး။ နင်ဟာ ငါ့မောင်ကြီးပဲပ"

"နင်တို့ ထုံးစံကြောင့်လား။ နင့်အကြောင်း ငါမသိရဘူးလား။ နင့်မှာ ယောကျ်ား ရှိသေးသလား"

"ငါတို့ ထုံးစံကြောင့် ငါ ဒီကိုရောက်လာတာပ။ ငါတို့ ထုံးစံကို ကြောက်လို့ ငါ ထွက်ပြေးလာတာပ။ နို့ပေမယ့် ငါဟာ ကချင်ပဲ ရွှေနီ၊ ငါ့မှာ မိဘ ရှိသေးတယ်။ ငါသိပ်ချစ်တဲ့ သားရှိတယ်။ ငါ့သားဟာ ကချင်ပဲ ဖြစ်ရမယ်။ ငါ့မှာ ကချင်ထုံးစံအရ လုပ်ရမယ့် အလုပ်တွေ အများကြီး ရှိသေးတယ်"

"နင် အခု လွင်မှာ ရောက်နေပြီပဲ။ နင်တို့ထုံးစံတွေကို နင်လုပ်ချင်မှ လုပ်ပေါ့"

"လွင်မှာရောက်နေပေမယ့် ကချင်ပဲ။ ငါ့သားဟာ ကချင်ပဲ။ တို့က ထုံးစံကို မလိုက်ပေမယ့် သူတို့က ထုံးစံကို လိုက်ကြမှာပဲနော"

"သူတို့ဆိုတာ နင့်မိဘ တွေလား"

MMCYBERMEDIA
COMMUNITY FOR ALL

"အတူတူပ။ ငါ့ယောက်ျားအမျိုးတွေလည်း ပါတာပ"

"နင့် အကြောင်း ငါ့ကိုပြောပြပါလား။ ငါဘာလုပ်ရမလဲ"

"မဂမ်ကြီးတော့ ငါ့ အကြောင်း နင့်ကို ပြောပြမယ်။ နို့ပေမယ့် နင် ဘာမှမလုပ်နိုင်ပါဘူး။ တို့ ကချင်ထုံးစံကို ကချင်တွေပဲ ရှင်းရမှာပဲ"

"အခုရှင်းလို့ မရဘူးလား"

"အခု ငါတစ်ယောက်တည်းပဲ ရှိတယ်။ ဒါကြောင့် နင်တို့ လွင်မှာ လာနေတာပ။ နို့ပေမယ့် နောက်ကျရင် ငါ့ဘက်မှာ မဂမ်ရှိလာမယ်။ တခြား ကချင်တွေလည်း ရှိလာမယ်"

"အဲဒီအခါကျရင် ငါ့ကို နင်ယူမလား"

"ငါ အဖွားကြီး ဖြစ်နေပြီနော"

"ငါကတော့ ယူမှာပဲ"

"နင် အပြောကြီးတယ် ရွှေနီ"

"စောင့်ကြည့်တာပ"

မခေါင်ညွယ်သည် ခေါင်းကိုငုံ့ထားလိုက်သည်။ အတန်ကြာသောအခါ ကိုရွှေနီသည် အိမ်ပေါ်မှ ဆင်းသွားသည်။ ထိုကတည်းက သူ ပျောက်သွားခြင်း ဖြစ်သည်။ သူမကို နှစ်ပေါင်းများစွာ ကြာသည်အထိ စောင့်မည်ဆိုသော ကိုရွှေနီသည် ယခုအခါ မည်သည့် အရပ်သို့ ရောက်နေပြီမသိ။

မခေါင်ညွယ်သည် ဤအကြောင်းကို နောက်တစ်နေ့တွင် မထုံးရီအား ပြောပြသည်။

"ရွှေနီ နင့်ကိုကြိုက်တာ တကယ်ပဲပ မခေါင်ညွယ်၊ သူ့အကြောင်း ငါ ကောင်းကောင်း သိပါတယ်။ နင် ယူနိုင်တဲ့အခါကျရင် သူ့ကို ယူလိုက်ပါ"

ယင်းသို့ပြောပြီး မထုံးရီသည် အဝေးသို့ ငေးနေသည်။

မခေါင်ညွယ်သည် အလိုလို နေရင်း မောနေသည်။

နင် မကောင်းဘူး ရွှေနီ။

## အခန်း -၃၅-

သားငယ်၏ မင်္ဂလာကိစ္စသည် မလွှဲမရှောင် မချိန်းမချက်သာရကား ရုတ်တရက် ပျောက်ကွယ်သွားသော သားကြီးကိုရွှေနီအတွက် စိတ်မဖြောင့် လက်မဖြောင့်ဖြင့်ပင် ဒေါ်စောရုံသည် တောင်လေးလုံးသို့ ထွက်ခွာခဲ့ရာ၌ ဗန်းမောက်မြို့ရှိ အစ်ကိုကြီးဦးခမ်းရုံထံသို့ ရောက်သောအခါ ဆီအိုးကင်းကို ခေါင်းတွင် ရွက်ရတော့သည်။ တစ်ကိုယ်လုံး မီးဟုန်းဟုန်း တောက်ရတော့သည်။

လွန်ခဲ့သည့် တစ်လခွဲလောက်ကတည်းက ချစ်သူထံ သွားမည်ဆိုပြီး ထွက်သွားသော မောင်ရွှေဝါသည် ယခုအထိ ဗန်းမောက်မြို့သို့လည်း ရောက်လာခြင်း မရှိချေ။ တောင်လေးလုံးသို့လည်း ရောက်လာခြင်း မရှိချေ။ ဟိုက လူများသည် တမျှော်မျှော်နှင့် ရှိနေကြသည်။ မနင်းမြူက ပူဆာသဖြင့်

ဘကြီးမုံးသည် ဖန်းမောက်သို့လာ၍ မောင်ရွှေဝါ၏ သတင်းကိုမေးမြန်းသေးသည်။ ဦးခမ်းရုံမှာလည်း ကြိုးကြာရွာမှ ဘာသတင်းမှ မရသဖြင့် ရှေ့လလောက်ဆိုလျှင် သူကိုယ်တိုင် လိုက်လာရန်ပင် စိတ်ကူးလျက်ရှိသည်ဟု ဆိုသည်။

ဒေါ်စောရုံတို့ ရောက်သွားသောအခါတွင်မှ မောင်ရွှေဝါ ရွာတွင် မရှိတော့သည်ကို သူတို့ သိကြသည်။ ဤအခါတွင်မှ သူတို့သည် အမျိုးမျိုး ပူပန်သောက ဖြစ်ကြရသည်။ ညီအစ်ကိုနှစ်ယောက်ရှိသည့်အနက် အကြီးက ရွာမှ ရုတ်တရက် ပျောက်သွားသည်။ အငယ်က လမ်းခရီးတွင် ပျောက်နေသည်။ ကိုရွှေနီ ပျောက်သည်ကို ချက်ချင်း သိကြရသော်လည်း မောင်ရွှေဝါ ပျောက်သည်ကိုကား တစ်လခွဲလောက်ရှိမှ သိကြရသည်။ မည်သူ့ကိုမျှ မေးမြန်း၍မရ။ မည်သည့်နေရာတွင်မျှ ထောက်လှမ်း၍မရ ရှိကြရသည်။ မည်သို့မျှလည်း မစဉ်းစားတတ်ကြချေ။

ညီအကိုနှစ်ယောက် ပျောက်ဆုံးနေခြင်းသည် တစ်ခုနှင့်တစ်ခု ဆက်သွယ်နေသလော။ သီခြားစီဖြစ်ပျက်ကာ တိုက်ဆိုင်ခြင်းလော။ မည်သူပြောနိုင်မည်နည်း။ အံ့သြစရာ ကောင်းသည်မှာ မောင်ရွှေဝါ ဖြစ်သည်။ သူ ဘယ်ကိုရောက်နေသနည်း။ သူက ကိုရွှေနီလို နေချင်ရာတွင် နေတတ်သူ မဟုတ်ချေ။ ညီအစ်ကိုနှစ်ယောက်သည် လူဆိုးများနှင့်တွေ့ရှိပြီး ဤလောကမှ အပြီးအပိုင် ထွက်ခွာသွားကြပြီလား။ မိုးကောင်းနှင့် မိုးညှင်းနယ်စပ်တွင် လူဆိုးများ ထကြွနေသည်။ ဗိုလ်ဗလ၏ နောက်လိုက်ငယ်သား အကြွင်းအကျန်များ ဖြစ်သည်။ အချို့နေရာတွင် ရှမ်းတရုတ်များ ပူးပေါင်းပါဝင်သည်။ စက်ကျင်၏ လူများဖြစ်သည်။ သို့သော် ကိုရွှေနီနှင့် မောင်ရွှေဝါကို တော်ရုံလူများက မနှောင့်ယှက်ရဲကြ။ ဤညီအစ်ကိုသည် တစ်ယောက်နှင့် အများပင် ဖြစ်စေကာမူ ကိုယ့်အသက်ကိုရအောင် လုယူနိုင်သူများ ဖြစ်သည်။ ပြောတော့ မပြောနိုင်။ အလစ်တွင် အကောက်ဉာဏ်နှင့်ကြုံလျှင် မည်သူမျှ မည်သို့မျှ မတတ်နိုင်။

ဦးခမ်းရုံက ပူဆွေးဒုက္ခရောက်နေသော နမနှင့် တူမနှစ်ဦးကို ဖန်းမောက်မြို့တွင် ကာလအတန်ကြာမျှ နားနေအပန်းဖြေပြီးမှ ကြိုးကြာရွာသို့ ပြန်ကြရန်ပြောသည်။ သို့သော် မရချေ။ ဒေါ်စောရုံသည် တောင်လေးလုံးသို့ ရောက်အောင် သွားမည်ဟု ဆိုသည်။ ညီအစ်မနှစ်ယောက်ကလည်း ယောင်းမလေးကို တွေ့လို မြင်လိုကြသည်။ မည်သို့မျှ ပြော၍မရသည့်အဆုံးတွင် ဦးခမ်းရုံသည် ဒေါ်စောရုံတို့ကို တောင်လေးလုံးသို့ လိုက်၍ ပို့ရသည်။

တောင်လေးလုံးသို့ ရောက်သောအခါ ပို၍ စိတ်ထိခိုက်ကြရသည်။ တောင်လေးလုံး တစ်ရွာလုံးသည် မောင်ရွှေဝါကို ခင်မင်ကြသောကြောင့် ဖြစ်သည်။ သူတို့အားလုံးက မောင်ရွှေဝါအတွက် စိတ်မကောင်း ရှိကြသောအခါ ကာယကံရှင်များမှာ မျက်ရည်မဆည်နိုင် ရှိကြရတော့သည်။

"ဒီသူငယ်ဟာ ရတနာပုံများ သွားသလားနော"

ဘကြီးမုံးက ကတုံးဖြူဖြူကို လက်ဝါးနှင့် ပွတ်သပ်ရင်း ထင်ကြေးပေးလိုက်သည်။

"သွားမယ်မထင်ဘူးကော ကိုကြီးမုံး၊ မောင်ရွှေဝါဟာ မနင်းမြူကို အင်မတန်ချစ်တာကွယ့်။ သူဟာ ဒီကိုပဲ လာမှာပဲ။ ရတနာပုံသွားရင်လည်း ဒီကိုဝင်ပြီးမှ သွားမှာပဲ။ တို့ရွာက လမ်းမှာ ရှိနေတာပဲကော"

ဦးအိုက်စံက လေးလေးနက်နက်ပြောသည်။ ထို့နောက် ကြေးဆေးတံကို ကြမ်းပြင်တွင် တဒေါက်ဒေါက်ခေါက်နေသည်။

"တို့ကတော့ကွယ် သူ တစ်ခုခုဖြစ်မှာပဲ စိုးရိမ်ပါတယ်။ ရတနာပုံပဲဖြစ်ဖြစ်၊ ဘယ်ပဲဖြစ်ဖြစ် သွားနေရင်တော့ အရေးမဟုတ်ဘူးပ။ တစ်နေ့ကျရင် ဒီကိုလာမှာပဲ။ အခုဟာက သူ ဘာဖြစ်နေမှန်း မသိတာဘဲ စိတ်ပူရတယ်"

မောင်ရွှေဝါကို တူအရင်းကဲ့သို့လည်း ချစ်ခင်သော၊ ယောက္ခမလောင်းလည်း တော်သော ဦးပေါ်မန်းက ဒေါ်စောရုံကို မသိမသာကြည့်ရင်း ဆိုလိုက်သည်။

ရွာမှ လူကြီးလူငယ်များ တစ်ဦးပြီးတစ်ဦး လာရောက်၍ သတင်းမေးမြန်းကြသည်။ ထင်ကြေးအမျိုးမျိုး ပေးကြသည်။ ခရီးလွန်နေသော ကိုစောနွဲ့သည် သူငယ်ချင်းတမျှ၊ ညီအစ်ကိုတမျှ ချစ်ခင်သော မောင်ရွှေဝါအတွက် တက်တခေါက်ခေါက် ရှိနေသည်။ ထို့နောက် အနီးပတ်ဝန်းကျင် အရပ်ဒေသများတွင် သတင်းထောက်ရန် သမန်းမယ်ထားခင်ခင်ကို သွား၍ အကြောင်းကြားမည်ဟု ရွာမှ ထွက်သွားသည်။

မဖျိုင်းဖြူတို့သည် ယခုထက်တိုင် သူပုန်အဖြစ်ဖြင့် ရှိနေကြသည်။ မိုးကောင်းအရေးတော်ပုံ ပေါ်ပေါက်စဉ်က ကနန်းနယ်တစ်ခုလုံးကို မဖျိုင်းဖြူတို့တပ်က ဘကြီးမုံးတို့နှင့် ပူးပေါင်း၍ အုပ်ချုပ်ထားသည်။ မိုးကောင်းအရေး ပြီးသွားသောအခါတွင် ဝန်းသိုတပ်များသည် ကနန်းနယ်သို့ ချီတက်တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။ ဤတွင် ဘကြီးမုံးတို့ ကြားဝင်မှုဖြင့် တိုက်ပွဲများ မဖြစ်ခဲ့ချေ။ မဖျိုင်းဖြူတို့တပ်များ ချင်းတွင်းဘက်သို့ ဆုတ်ပေးရန်နှင့် ဝန်းသိုတပ်များ ကနန်းနယ်သို့ ဝင်ရောက်မလာရန် ဘကြီးမုံးတို့က စေ့စပ်ပြောဆိုနိုင်ခဲ့သည်။ တစ်နေ့တွင် ကုလားဖြူတပ်များ ဤအရပ်ဒေသသို့ ချီတက်လာလျှင် ဝန်းသိုတပ်များနှင့် မဖျိုင်းဖြူတို့တပ်များ ပူးပေါင်းနိုင်လိမ့်မည်ဟု ဘကြီးမုံး ကြိုတင်မျှော်မှန်းထားသောကြောင့် ဖြစ်သည်။

ကိုစောနွဲ့နှင့် မဖျိုင်းဖြူသည် ယခုအခါ အတော်ကြီး ရင်နှီးနေကြပြီ ဖြစ်သည်။ ကိုစောနွဲ့က မဖျိုင်းဖြူကို ဖွင့်ဟ၍ ချစ်ရေးဆိုခဲ့ပြီပင် ဖြစ်သည်။ မဖျိုင်းဖြူက ငြင်းဆန်ခြင်းလည်းမပြု၊ လက်ခံခြင်းလည်းမပြုဘဲ ရှေ့ရေးအခြေအနေများ မရေမရာ ရှိသေးသဖြင့် အချိန်ယူ စဉ်းစားခွင့်ပြုရန် တောင်းပန်ထားသည်။

"မောင်စောနွဲ့ရောက်သွားရင် မဖျိုင်းဖြူတို့ တပ်ဖြန့်ပြီး သတင်းထောက်ကြပါလိမ့်မယ်။ နို့ပေမယ့် မောင်ရွှေဝါဟာ ရတနာပုံသွားရင် ချင်းတွင်းကြောင်းက သွားမှာတော့ မဟုတ်ဘူး။ ရောဝတီကြောင်းကပဲ သွားလိမ့်မယ်။ မူးကြောင်းကသွားရင်တော့ အိုက်စံပြောသလို တို့ဆီကို ဝင်မှာပကွယ်"

ဘကြီးမုံးက အတိအကျ သိသလောက် ပြောသည်။ သို့ရာတွင် မည်သူကမျှ မောင်ရွှေဝါ ရတနာပုံသွားသည် ဆိုသောအချက်ကို အခိုင်အမာ ယူဆပြီး စိတ်အေးချမ်းစွာ မနေနိုင်ချေ။ သို့လော သို့လောဖြင့် ကိုယ်စိတ်နှလုံး ကြိမ်မီးအုံးသို့ ရှိနေကြရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘကြီးမုံး၏သား ကိုပိတုန်းသည် ငူတူတူကြီး ရှိနေသော်လည်း မလေးရင်သည် အော်ကြီးဟစ်ကျယ် ငိုလေသည်။ မျက်နှာပေါက်ဆိုးသူတစ်ဦးက မချိတင်ကဲ ငိုနေသည်ကို မြင်ရသောအခါ အားလုံးမသက်သာ။

ဦးခွန်ကျန်၏ သမီးနှစ်ယောက်ဖြစ်ကြသော စောကြိုင်နှင့် စောမြိုင်တို့သည်လည်း မနှင်းမြူထံ လာရောက်၍ မျက်ရည်ကျကြသည်။ ထိုအခါ ဒေါ်စောရုံသည် အသက်ကို အောင့်ထားရသည်။ အံကိုကြိတ်ထားရသည်။ နန်းခင်မှာလည်း မျက်နှာကို နာနာတင်းထားသည်။ ဤကား ငိုခြင်း၏ အစားတည်း။ နန်းရင်မူကား စိတ်အားငယ်တတ်သူတစ်ဦးပီပီ မနှင်းမြူကို ဖက်၍သာ ငိုနေသည်။ မနှင်းမြူ၏မိခင် ဒေါ်အဲနော်မှာလည်း ဒေါ်စောရုံနှင့် စကားတစ်ခွန်း ပြောလိုက်၊ မျက်ရည် တစ်ခါသုတ်လိုက် ရှိသည်။

"နှင်းမြူကတော့ အခုမှ ငိုတာ မဟုတ်ဘူး မစောရုံရဲ့။ မောင်ရွှေဝါ ပြန်သွားကတည်းက ငိုတာပဲပ။ တစ်နှစ်လုံး ငိုနေတာပ။ လေ့ကားထိပ်က ပျားအုံကြီးကို ကြည့်ပြီးတော့လည်း သူက အမှတ်ရနေတာပဲ။ မောင်ရွှေဝါက ဒီပျားအုံကြီးကို ခဏခဏ ခေါင်းနဲ့တိုက်မိမယ် လုပ်တာပ။ ကန်စွန်းပင်ကလေး တစ်ပင်ကို မြင်ရလည်း သူက မောင်ရွှေဝါကို သတိရတာပဲ။ သူတို့နှစ်ယောက် စပါးအင်းကိုသွားပြီး ကန်စွန်းရိုး ချိုးခဲ့ကြလို့တဲ့။ ဒီတော့ မခက်လား မစောရုံရယ်။ သူ့ဟာက မအောက်မေ့တဲ့ အချိန်၊ မလွမ်းတဲ့အချိန်ရယ်လို့ မရှိတော့ဘူး။ နေ့ရှိသရွေ့ မျှော်နေတာပဲပ"

ဒေါ်စောရုံသည် မနှင်းမြူကို မြင်မြင်ချင်း ချစ်ခင်လေသည်။ မိမိ၏သားနှင့် လိုက်ဖက်သူဟု ယူဆသည်။ မိမိ၏ သားအပေါ်တွင် သစ္စာရှိမည့်သူ၊ အဖော်သဟဲဖြစ်မည့်သူဟု နားလည်သည်။ မနှင်းမြူကလည်း ဒေါ်စောရုံကို ချစ်သည်။ နန်းခင်နှင့် နန်းရင်တို့ ခေါ်သကဲ့သို့ပင် အစ်မဟု ခေါ်သည်။ ညီအစ်မနှစ်ဦးနှင့်ကား မပြောနှင့်တော့ မခွဲမခွာရှိကြသည်။

မနှင်းမြူသည် နန်းခင်နှင့်နန်းရင်ကို နေရာအနှံ့ လိုက်ပြသည်။ သူမနှင့် မောင်ရွှေဝါစတင်၍ တွေ့သော ရေခပ်လမ်းကိုပြသည်။ စပါးအင်းသို့ခေါ်သွားသည်။ ရေချိုးသည့်အကြောင်းကိုပြောသည်။ စောကြိုင်တို့ ညီအစ်မနှင့် သူ့ကို မဖျိုင်းဖြူတို့က ဖမ်းဆီးသွားပြီးသည့်နောက် သူနှင့် မောင်ရွှေဝါ အမှတ်မထင် ပြန်၍ တွေ့ကြရသော တစ်ဆစ်ချိုးလိုဏ်ဂူအထိ လူကြီးတွေတားသည့် ကြားမှ အတင်းလိုက်ပို့သည်။ တောင်လေးလုံးမှ ဒေါ်စောရုံတို့ ပြန်သည့်အချိန်အထိ နန်းခင်၊ နန်းရင်နှင့် မနှင်းမြူတို့သည် ညီအစ်မသုံးယောက်အဖြစ် မခွဲမခွာ ရှိကြသည်။

ကိုစောနွဲ့သည် ငါးရက်အကြာတွင် ပြန်လာသည်။ သူနှင့်အတူ မဖျိုင်းဖြူနှင့် မဖျိုင်းညိုတို့ ပါလာသည်။ မဖျိုင်းဖြူတို့နယ်သို့ မောင်ရွှေဝါ ရောက်လာခြင်း မရှိချေ။ သို့ရာတွင် မဖျိုင်းဖြူက ဒေါ်စောရုံနှင့် မနှင်းမြူကို အားပေးစကား ပြောသည်။ ပူပန်သောက မရှိရန် ဖျောင်းဖျသည်။

"မောင်ကြီးရွှေဝါဟာ လွယ်လွယ်နဲ့ ဘေးအန္တရာယ် မရှိနိုင်ပါဘူး။ သူဟာ တကယ့် ယောကျ်ားကောင်း တစ်ယောက်ပါ။ သူ့မှာ အကြံအစည်ရှိလို့ တစ်နေရာကိုသွားနေတာ ကျိန်းသေပါတယ်။ သူဟာ မကြာခင် ညီမဆီကို ပြန်လာမှာပါ။ ဒေါ်ဒေါ်တို့ဆီကို ပြန်လာမှာပါ။ ဘာမှ မပူကြပါနဲ့။ ဘကြီးမုံးတို့ကကော မပြောကြဘူးလားနော။ မောင်ကြီးရွှေဝါဟာ ကိုးသချိုင်းသံဓားလို မာကျောတဲ့ ယောကျ်ားကောင်း တစ်ယောက်ပါ"

MMCYBERMEDIA
COMMUNITY FOR ALL

မိန်းမသားတစ်ယောက်က ဤသို့ ရဲရဲဝံ့ဝံ့ အားပေးစကားပြောသောအခါ ဒေါ်စောရုံတို့ တကယ်ပင် အားရှိကြသည်။ နန်းခင်လည်း သမန်းမယ်ကို အထူးပင် စိတ်ဝင်စားလျက် ရှိသည်။ အားကျလျက်ရှိသည်။

"အစ်မငယ်နဲ့အတူ နန်းခင်လိုက်ပြီး နေချင်ပါတယ်ကော"
"ငါ့ညီမဟာ မောင်ကြီးရွှေဝါရဲ့ နမ ပီပေတယ်"

မထုံးရီကို အထင်ကြီးလျက်ရှိသော ကန္တကလျ နန်းရင်သည်ပင် မဖျိုင်းဖြူကို ရင်သပ်ရှုမောနေသည်။ မဖျိုင်းဖြူ၏ လက်မောင်းကို လက်ညှိုးနှင့် စမ်းကြည့်သည်။

"အစ်မငယ်က သူပုန်ဗိုလ်ကြီးဆိုပေမယ့် အသားတွေကတော့ နနေတာပါပဲကော"

မဖျိုင်းဖြူတို့သည် နေ့တွင်းချင်းပင် ပြန်သွားကြသည်။ ဒေါ်စောရုံတို့သည် မနက်ဖြန် မနက်တွင် ပြန်ရန် စီစဉ်ကြသည်။ မပြန်မီ ညဘက်တွင် လူကြီးများကို အကြောင်းကြား၍ ကွမ်းဖိုးတစ်ရစ်တင်သည်။

နောင်နှစ် စပါးပေါ်ချိန်တွင် မင်္ဂလာဆောင်ပါမည်ဟု ဒေါ်စောရုံက မဝံ့မရဲ ပြောဆိုသည်။

"အစ်မ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ မောင်ကြီးရွှေဝါကို နှင်းမြူ သစ္စာရှိရှိနဲ့ စောင့်ပါမယ်။ နောက်တစ်နှစ်တင် မဟုတ်ပါဘူး။ နောင်နှစ်ပေါင်း အစိတ်ကြာတဲ့အထိ နှင်းမြူစောင့်ပါ့မယ်။ နှင်းမြူရဲ့ကိုယ်မှာ အသက်ရှိနေသမျှ နှင်းမြူ စောင့်ပါ့မယ်"

ဒေါ်စောရုံက မနှင်းမြူကို ရွာသို့အလည်လိုက်ရန် ခေါ်သေးသည်။ ဦးပေါ်မန်းမှာ ယခုနှစ်ထဲတွင် မအီမသာ မကြာမကြာ ဖြစ်တတ်သဖြင့် မလိုက်နိုင်ဘဲ ရှိသည်။

"တစ်နေ့ကျရင် အစ်မနဲ့အတူ နှင်းမြူလာနေပါ့မယ်"

မနှင်းမြူကတိပြုလိုက်သည်။ ဤကလေးမသည် ကတိသစ္စာ တည်ပေသည်ဟုလည်း ဒေါ်စောရုံက အခိုင်အမာ ယုံကြည်စိတ်ချထားသည်။ ဤမိန်းမငယ်သည် နန်းခင်ကဲသို့ ကြမ်းကြမ်းတမ်းတမ်း မရှိစေကာမူ စိတ်ထားကြံ့ခိုင်မည်ဟုကား ဒေါ်စောရုံ သိသည်။

ဒေါ်စောရုံနှင့် သမီးပျိုနှစ်ဦးသည် ဇန်းမောက်မြို့တွင် ကြာမြင့်စွာ ရပ်တန့်နားနေခြင်း မပြုတော့။ ခရီးဖော်များ ရရှိသဖြင့် တစ်ညသာ အိပ်ပြီး ခရီးဆက်ကြသည်။ နို့မဟုတ်လျှင် ဦးခမ်းရုံ လိုက်ပို့ရမည် ဖြစ်သည်။ ယခုလို စပါးပေါ်ချိန်တွင် ဦးခမ်းရုံ မအားချေ။ သကြင်္န်ပြီးမှ အားပေမည်။ ထိုအထိ ဒေါ်စောရုံတို့ မစောင့်နိုင်ချေ။ မောင်ရွှေဝါပျောက်နေသည့် အကြောင်းကို ရွာမှ လူများမသိကြသေးချေ။ ကိုရွှေနီလည်း ရှိသေးသည်။ ယခုလောက်ဆိုလျှင် သားတစ်ယောက်သည် ရွာသို့ပြန်ရောက်ချင် ရောက်နေပေမည်။ သို့ဖြင့် ဒေါ်စောရုံတို့သည် ခရီးပန်းသည်ကို အမှုမထားနိုင်ဘဲ ခရီးဖော်များ ရှိခိုက် လိုက်ကြရသည်။ သူတို့က မိန်းမသား သုံးဦးတည်းသာဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ခရီးဖော်များသည် ဆင်ကန်ရွာမှ ဖြစ်ကြသည်။ ဆင်ကန်သို့ရောက်သည်ဆိုလျှင် အရေးမကြီးတော့။ ကြိုးကြာနှင့် ဆင်ကန်သည် အိမ်ဦးနှင့် ကြမ်းပြင်သာ ဖြစ်သည်။ ဤနှစ်ရွာသည် ချောင်းလေးခွကို ဗဟိုပြု၍ မပြတ် ကူးသန်းသွားလာနေကြသည်။

လူဆိုး ဓားပြများ ထကြွသောင်းကျန်းလျက်ရှိသည်ဆို၍ လမ်းခရီးတွင် သတိနှင့်လာကြရသည်။ စိတ်တထင့်ထင့် ရှိကြရသည်။ သို့ရာတွင် ဆင်ကန်ရွာသည်အထိ မည်သည့်ဘေးအန္တရာယ်မျှ မကြုံခဲ့ကြရချေ။ မည်သည့် လူဆိုးဓားပြနှင့်မျှ မတွေ့ကြုံရချေ။ ခလုတ်မထိ ဆူးမငြိဘဲ ချောချောမောမော ရောက်ရှိခဲ့ကြသည်။

သို့ရာတွင် သူတို့သည် ဆင်ကန်ရွာသို့ နေဝင်ရိုးရီတွင်မှ ရောက်ရှိခဲ့ကြသည်။ လမ်းတွင် လှည်းတစ်စီး ဝင်ရိုးကျိုးနေသဖြင့် ဖြစ်သည်။ ဆင်ကန်ရွာမှ လူများက ဒေါ်စောရုံတို့ကို ရွာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ နံနက် စောစောတွင်မှ ခရီးဆက်ကြရန်ပြောသည်။ သို့သော် ဒေါ်စောရုံတို့သည် တစ်ညအိပ်ဖို့ မဆိုထားဘဲ၊ ညစာထမင်းကိုပင် စားမနေတော့ဘဲ ခရီးဆက်ခဲ့ကြသည်။ ဤခရီးသည် သူတို့သွားနေကျ ဖြစ်သည်။ ဤအရပ်သည် သူတို့အရပ် ဖြစ်သည်။ နေ့ည ရွေးနေစရာအကြောင်း မရှိချေ။ ခရီးဖော် မလိုချေ။
နန်းခင်သည် ဆင်ကန်ရွာတွင် နွားပင်မဖြုတ်ချေ။ ချောင်းလေးခွသို့ရောက်မှ နွားရေတိုက်ရင်း၊ နွားစာကျွေးရင်း ရွာအကြောင်း စုံစမ်းမေးမြန်းမည်ဟု အားခဲပြီး တံပြာကို နာနာဝင့်ခဲ့သည်။

တပေါင်းလဖြစ်၍ တောတောင်သာယာသည်။ လဝန်းရက်ဖြစ်သဖြင့် ညသည် စိမ်းစို၍နေသည်။ တောင်လေသည် သူတို့ကို နောက်ဘက်မှ အသာအယာ တွန်းပေးလျက်ရှိသည်။ ရိုးပြတ်လယ်ကွင်းများ အကြားတွင် လှည်းသည် ဖုန်တထောင်းထောင်း၊ ချူသံတညံညံ၊ ဝင်ရိုးသံ တကျွိကျွိ၊ ဘီးသံတဂျောင်းဂျောင်းဖြင့် ပြေးနေသည်။

လှည်းသည် ကြိုးကြာချောင်းရိုးအတိုင်း နိမ့်လျှောဆင်းနေသည်။ မကြာမီ ချောင်းလေးခွသို့ ရောက်တော့မည် ဖြစ်သည်။ ကြိုးကြာရွာနှင့် ကြိုးကြာတောင်ကို မြင်နေကြရသည်။

"နန်းရင်တို့ရွာဟာ ဒီတောင်ကြီးနဲ့ ဒီချောင်း မရှိရင် ဒါလောက်လှမှာ မဟုတ်ဘူး"

နန်းရင်က လှည်းပေါ်တွင် ဒူးထောက်၍ ရွာကိုလှမ်းမျှော်ကြည့်ရင်း ပြောသည်။ ကြိုးကြာရွာသည် ခွေဝန်း၍နေသော ချောင်း၏ အလယ်တွင် ရှိသည်။ လအရောင်တွင် ညို့ညို့ဆိုင်းနေသော တောင်အစွန်းတွင် ပုံ့ပုံ့ကလေး ရှိသည်။

သို့ရာတွင် နန်းခင်သည် နန်းရင်ပြောသည်ကို စိတ်မဝင်စားနိုင်ဘဲ ချောင်းလေးခွသို့ စူးစိုက်၍ ကြည့်ရင်းပြောသည်။

"ချောင်းလေးခွမှာ ဘယ်ကလူတွေ ရောက်နေသလဲ မသိဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

ဒေါ်စောရုံက ကြည့်လိုက်ရာ အမှောင်ထဲတွင် လှုပ်ရှားမည်းမည်းများ လှုပ်ရှားနေသည်ကို မြင်ရသည်။

"ကြက်ဝိုင်းနေမှာပ"
"အစ်ကိုရွှေနီများ ရှိနေမလား"

မိခင်၏စကားအဆုံးတွင် နန်းရင်က တစ်ဆက်တည်း ဝင်ပြောသည်။

"မြင်းတွေလည်း ရှိတယ်။ မြင်းဟီးသံကြားတယ် မဟုတ်လား။ လူစိမ်းတွေနဲ့ တူတယ်"

နန်းခင်က နဖားကြိုးကို ဆွဲလိုက်ရင်း ပြောသည်။ သူ၏ စိတ်ထဲတွင် သင်္ကာမကင်း ရှိသဖြင့် လှည်းကို ရပ်ရန် ကြံစည်သည်။ သို့ရာတွင် ဒေါ်စောရုံက...
"သွားပါကွယ့်၊ မိုးကောင်းကလူတွေ ဖြစ်မှာပ"
"ဟော လူတွေ ပျောက်ကုန်ပြီ"

စောစောက ကွက်လပ်တွင် လှုပ်ရှားနေသူများသည် ယခုအခါ သစ်ရိပ်အောက်၊ အိမ်စွန်းအောက်သို့ ဝင်ကုန်ကြပြီ ဖြစ်သည်။ ဤကားနန်းခင်တို့ မမြင်မတွေ့အောင် ပုန်းနေကြခြင်း ဖြစ်သည်။ လူကောင်းများ၊ ဘုရင့်လူများ ဖြစ်ခဲ့လျှင် မှောင်ရိပ်ခိုစရာအကြောင်း မရှိချေ။

"ဟုတ်တယ် အစ်မ၊ အားလုံး ပျောက်သွားပြီ"

နန်းရင်က စိုးရိမ်တကြီး ပြောလိုက်သည်။ နန်းခင်က လှည်းကို ပြန်လှည့်ရန် ကြိုးစားသည်။ သို့ရာတွင် နောက်ကျချေပြီ။ မှောင်ရိပ်မှ မြင်းလေးငါးစီး ပြေးထွက်လာသည်။ ချက်ချင်းဆိုသလိုပင် လှည်းကို ဝိုင်းမိသွားကြသည်။

"လက်စသတ်တော့ ရွှေနီ၊ ရွှေဝါရဲ့ နှမတွေပါလား။ လှည်းမောင်းတဲ့ဟာက ဆင်စီး၊ မြင်းစီးတော်တဲ့ မိန်းမဗိုလ် မဟုတ်လား။ ဟားဟား တို့လူများတော့ မြိုးမြိုးမြက်မြက် စားကြရဦးမှာပ"

လှည်းရှေ့မှ ပိတ်ကာ၍ ရပ်ထားသော မြင်းညိုကြီးပေါ်မှ လူဝကြီးက ကြောက်မက်ဖွယ်ရာ အသံဖြင့် ပြောလိုက်သည်။ သူ့ပါးစပ်မှ အရက်နံ့သည် မခံမရပ်နိုင်လောက်အောင် ရှိသည်။ သူ့လက်မှ ဓားသည် လရောင်တွင်ဖွေးနေသည်။ သူကား ဗိုလ်ဗလ၏ လူတစ်ဦးတည်း။ နန်းခင်က လှည်းဦးတွင် စိုက်ထားသော လှံကိုတိုက်ကို ဆွဲနုတ်၍ လျှပ်တစ်ပြက် ပစ်လိုက်သည်။ အဖြစ်အပျက်သည် မြန်လှသည်။ လူဝကြီးသည် မြင်းပေါ်မှ လန်ကျသွားသည်။ မြင်းများလန့်သွားသည်။ မြင်းစီးလူဆိုးများ ယောင်ယမ်းကြသည်။ နန်းရင်က ငယ်သံပါအောင် အော်ဟစ်လိုက်သည်။ ဒေါ်စောရုံက မျက်လုံးမှတ်ထားလိုက်သည်။

သည့်နောက် ခြေမြန်လက်မြန်ရှိသော နန်းခင်သည် လေးကင်းဓားကို ဆွဲနုတ်ရင်း လက်ယာဘက်ရံတိုင်အနီးမှ လူဆိုးကို ပင့်၍ တွက်လိုက်သည်။ လူဆိုး၏ ရင်ဘတ်ကို ရှေ့ဦးချွန်းခတ်သွားသဖြင့် ကန့်လန့်ဖြတ် သွေးနီစင်း ထင်သွားသည်။ ထိုသူက မည်သို့မျှ

MMCYBERMEDIA
COMMUNITY FOR ALL

ခုခံတိုက်ခိုက်နိုင်ခြင်း မရှိမီ အထက်မှ စလွယ်ပိုင်းချလိုက်သည်။ သို့သော် လွတ်သွားသည်။ နန်းခင် အချိန်အဆလွဲ၍ မဟုတ်။ ထိုသူ ရှောင်တိမ်းနိုင်၍လည်း မဟုတ်၊ အခြားသူတစ်ဦးကြောင့်သာ ဖြစ်သည်။ နောက်ဘက်တွင်ရှိသော လူဆိုးတစ်ဦးသည် မြင်းပေါ်မှ လှည်းပေါ်သို့ ခုန်ချလိုက်သည်။ တစ်ပြိုင်တည်းမှာပင် နန်းခင်ကို နောက်ဘက်မှ ချုပ်ကိုင်၍ ဆွဲယူလိုက်သည်။ နန်းခင်က ဆောင့်ရုန်းလိုက်သည်။ နှစ်ယောက်စလုံး နွားဖြူကြီးပေါ်သို့ ကန့်လန့်လဲကျပြီး တစ်ပတ်လည်ကာ မြေကြီးပေါ်သို့ လုံးထွေးလျက်သား ရောက်သွားသည်။ နန်းခင်သည် ထိုလူ၏ ချုပ်ထားမှုမှ ဖြေ၍ ထရပ်လိုက်နိုင်သည်။ သို့ရာတွင် အခြားလူဆိုးနှစ်ဦး၏ ချုပ်နှောင်မှုကို ခံရပြန်သည်။ မကြာမီတွင် နန်းခင်သည် ယောကျ်ားကြီးသုံးဦး၏ လက်ထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေတော့သည်။

ဦးချွန်း၏တဲဆီမှ လူဆိုးများ ပြေးလာကြပြန်သည်။ ထို့နောက် မိန်းမသားသုံးဦးကို ဆံပင်ဆွဲကာ မြေတွင် တရွတ်တိုက်၍ ခေါ်သွားကြသည်။ အော်သံ၊ ငိုသံ၊ ဆဲသံများ ကမ္ဘာပျက်သကဲ့သို့ ရှိသွားသည်။

ဦးချွန်း၏တဲတွင် ကြိုးတုပ်ခံနေရသူ ခုနစ်ဦး ရှိသည်။ ဦးချွန်း၏သား ကိုလူကြီးသည် ဝါးပိုးတိုင်တွင် လက်ပြန် အတုပ်ခံထားရသည်။ ခေါင်းတွင် သွေးများ ရဲနေပြီး ပုဆိုးမှာ ရေတွေ စိုနေသည်။ နောက်မှ သိရသည်မှာ ကြောက်သေးပန်းထားခြင်း ဖြစ်သည်။ ကိုလူကြီးနှင့် မလှမ်း မကမ်းတွင် ဦးချွန်း၏ဇနီး ဒေါ်ငြိမ်းရှင် ရှိသည်။ ဒေါ်ငြိမ်းရှင်ကို ဝက်တုပ်တုပ်ထားသည်။ ဦးချွန်းကို မတွေ့ရချေ။ တခြားသူ ငါးဦးမှာ ဆင်ကန်ရွာမှလူများ ဖြစ်သည်။ ယောကျ်ားသုံးဦးနှင့် ကလေးအမေနှစ်ဦး ဖြစ်သည်။ ကလေးငယ်များသည် မြေကြီးပေါ်တွင် ခြေကားရားလက်ကားရားဖြင့် ငိုနေကြသည်။

စုစုပေါင်း လူဆိုးကိုးဦးဖြစ်သည်။ တစ်ဦး ကျဆုံးသွား၍ ရှစ်ဦးကျန်သည်။ ရင်ဘတ်တွင် ဓားဦးချက်မိထားသော လူဆိုးသည် ရှူးရှူးရှဲရှဲ ဖြစ်နေသည်။

"အစ်ကိုတွေ အားကိုးနဲ့ မာနထောင်တဲ့ ဟာမတွေ၊ အခု ဘာတတ်နိုင်သေးလဲ၊ တို့အကြောင်း နင်တို့ သိရမှာပ။ ဟေ့ကလေးအမေတွေ မကြောက်ကြနဲ့တော့၊ တို့များ အပျို ကြွပ်ကြွပ်ကလေးတွေရပြီ"

ထို့နောက် လူဆိုးများသည် ဒေါ်စောရုံကို သုံးလေးချက်ရိုက်၍ ပိုက်နှင့် အုပ်ထားလိုက်သည်။ ပြီးမှ ကြက်တိုက်ရာ စိုင်ပြင်တွင် ငုတ်လေးငုတ်ရိုက်သည်။ နန်းခင်ကို ပက်လက်လှဲစေ၍ ငုတ်များတွင် ခြေလက်များကို တင်းတင်းချည်ထားလိုက်သည်။ နန်းရင်ကိုလည်း နန်းခင်နှင့် ယှဉ်၍ အလားတူ ဖြစ်စေသည်။

"ကဲ... သွေးသောက်ကြီးတို့၊ အောင်သေအောင်သား စားကြစို့။ တစ်ယောက်ပြီး တစ်ယောက်ပကွယ်"

ရင်ဘတ်တွင် နန်းခင်၏ ဓားချက်မိထားသူက အာလုပ်သံကြီးနှင့် ပြောလိုက်သည်။ ကြားရသူများနားတွင် မိုးကြိုးပစ်သည်သို့ ရှိသည်။

"ဟိုအကောင် ဘာလို့ မျက်လုံးမှတ်ထားတာလဲ၊ ကြည့်လေကွာ၊ သွားရည်ကျရရင် နည်းသလား"

MMCYBERMEDIA
COMMUNITY FOR ALL

ကိုလူကြီး မျက်လုံးမှိတ်ထားသည်ကို တွေ့၍ အနီးတွင်ရှိသော လူဆိုးတစ်ဦးက ကြိမ်းလိုက်သည်။ စကားနှင့်အတူ လက်ကလည်း ပါသွားသည်။ ကုပ်ပေါ်သို့ လက်ဝါးစောင်း ဒုတ်ခနဲ ကျသည်။

"အောင်မလေးဗျ၊ သေပါပြီ။ မကြည့်ပါရစေနဲ့ဗျ။ စုံဆယ်ဖြာ ကန်တော့ပါရဲ့"

ကိုလူကြီး၏အသံနှင့် အမူအရာကို ကြားရမြင်ရပုံများသည် ရယ်ဖွယ်ရာ ကောင်းလှသည်။ သို့သော် လူဆိုးများကသာ ရယ်နိုင်သည်။ ကြိုးတုပ်ခံရသူများက နှုတ်ခမ်းစေ့ထားကြသည်။ ဓားဒဏ်ရာနှင့် လူဆိုးသည် နန်းခင်အနီးသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်သွားသည်။ ငှက်ကြီးတောင် ဓားကို မြေတွင် စိုက်လိုက်သည်။ ထို့နောက် ခါးစည်းကြိုးကို ငုံ့၍ဆွဲသည်။

ထိုသူ အငုံ့လိုက်တွင် သေနတ်သံတစ်ချက် ကျယ်လောင်စွာ မြည်ဟီးပေါ်ထွက်လာသည်။ မြေကြီး သိမ့်သိမ့်တုန်သွားသည်။ လူဆိုးသည် နန်းခင်အနီးတွင် အလျားထိုးကျသွားသည်။ လူများအားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ ဤတစ်ချီတွင်တော့ ကြိုးတုပ်ခံရသူများက ဝမ်းသာနေကြသည်။ သူတို့ကို ကယ်မည့်သူလာပြီ ဖြစ်သည်။ လူဆိုးများကား ရန်သူ အဝိုင်းခံရပြီဟု မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားကြသည်။

ထိုစဉ်မှာပင် ဒုတိယသေနတ်သံ ထွက်ပေါ်လာပြီး ကိုလူကြီးအနီးမှ လူဆိုး လဲကျသွားသည်။ စောစောက ကိုလူကြီးကိုလက်ဝါးစောင်းဖြင့် နှစ်ချက်ရိုက်ခဲ့သော လူဆိုးသည် သေနတ်သံတစ်ချက် ရုတ်တရက် ကြားရပြီး မိမိတို့ လူတစ်ယောက် ကျဆုံးသွားသည်ကို မြင်ရသောအခါ ကယောင်ကတမ်းဖြင့် ဓားကိုချွတ်၍ ကိုလူကြီး၏ ဝမ်းဗိုက်ကို ထိုးဖောက်ရန် ချိန်ရွယ်လိုက်သည်။ ထိုစဉ်တွင် ဒုတိယသေနတ်သံပေါ်ထွက်လာပြီး ထိုသူ လဲကျသွားရခြင်း ဖြစ်သည်။

လူဆိုးများသည် ခုခံရန် မကြံရွယ်ဘဲ မြင်းများပေါ်သို့ အပြေးအလွှား ခုန်တက်ကာ ဒုန်းစိုင်း၍ ထွက်သွားကြသည်။ တတိယသေနတ်သံ ကြားရသည်။ မြင်းပေါ်မှ လူဆိုးတစ်ဦးကျသည်။ စတုတ္ထသေနတ်သံ ဟိန်းသွားသည်။ လူဆိုးတစ်ဦးမျှ မကျတော့။ သို့ရာတွင် လူဆိုးများသည် ပို၍ မြန်မြန်ဒုန်းစိုင်း၍ ပြေးသွားကြသည်။ လူဆိုးကိုးဦးအနက် တစ်ဦးသည် နန်းခင်၏ လှံချက်ဖြင့် ကျဆုံးပြီး၊ သုံးယောက်သည် သေနတ်ကျည်သင့်၍ ကျဆုံးသွားသဖြင့် လူဆိုးငါးဦးသာလျှင် သေပြေး ရှင်ပြေး လွတ်ထွက်သွားသည်။

လူဆိုးငါးဦး အဝေးတွင် ကွယ်ပျောက်သွားသောအခါတွင်မှ သေနတ်သမားသည် နန်းခင်တို့ လှည်းအနီးမှ ပေါ်ထွက်လာသည်။ သေနတ်သမားသည် နန်းခင်တို့ မသိသော လူစိမ်းတစ်ဦး ဖြစ်သည်။ ထိုသူသည် မြင်းပေါ်မှနေ၍ လူဆိုးများကို ရိုင်ဖယ်ဖြင့် ပစ်ခဲ့ခြင်း ဖြစ်သည်။

သေနတ်သမားသည် မြင်းပေါ်မှ ဆင်းလိုက်သည်။ သို့သော် သေနတ်ကို လက်တွင် အသင့်ကိုင်ထားသည်။ မောင်းရှေ့ဝါကိုင်သော ဗထက်ခြိုက်သေနတ်မျိုး ဖြစ်သည်။ သူသည် ကြိုးတုပ်ခံနေရသူများကို ဖြေမပေးသေးဘဲ သူ့လက်ချက်ဖြင့် ကျကျန်ရစ်သော လူဆိုးသုံးဦး တကယ်သေမသေ စစ်ဆေးကြည့်ရှုနေသည်။ ပြီးတော့မှ ယောက်ျားများကို အရင် ကြိုးဖြေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟိုကောင်တွေ မသေသေးရင် ခင်ဗျားတို့ကို ကြိုးဖြေပေးနေတုန်း ကျုပ်သေသွားနိုင်တယ်"

သူက ယင်းသို့ပြော၍ တစ်ချက်ရယ်လိုက်သည်။ သူ၏လေသံကို ထောက်ချင့်ခြင်းအားဖြင့် သူသည် ဤအရပ်သား မဟုတ်ကြောင်း သိသာသည်။ သူသည် အောက်အရပ်မှ မြန်မာစစ်သားတစ်ဦးတည်း။

ကြိုးပြေသော ယောက်ျားများသည် အခြားသူများကို ဖြေပေးကြသည်။ ကလေးများကို ကောက်ချီကြသည်။ နန်းခင်ကို လူစိမ်းကိုယ်တိုင် ကြိုးဖြေပေးသည်။ နန်းခင်သည် ကြိုးပြေသည်နှင့် တစ်ပြိုင်နက် ထရပ်သည်။

"နန်းခင်မှာ မောင်ကြီးရဲ့ အသက်ပဲ ရှိပါတယ်။ မောင်ကြီးရဲ့ကျေးဇူးကို တစ်သက်လုံး ဆပ်လို့ မကုန်နိုင်ပါဘူး"

နန်းခင်က လှိုက်လှဲစွာ ပြောလိုက်သည်။

"ကျေးဇူးဆပ်ဖို့ မလိုပါဘူး။ ကျုပ်က ခရီးသွားဟန်လွှဲ ကူညီတာပဲ၊ သဟာပေမယ့် ဒီတစ်ညတော့ နမတို့ရွာမှာပဲ အိပ်ရတော့မယ်"

"နန်းခင်တို့အိမ်မှာ မောင်ကြီးအိပ်နိုင်ပါတယ်။ တစ်ညမဟုတ်ပါဘူး။ မောင်ကြီး ကြိုက်သလောက် နေနိုင်ပါတယ်"

"ကိစ္စမရှိပါဘူး။ မနက်ကျရင် ကျုပ် ခရီးဆက်မှာပဲ"

"မောင်ကြီးက ဘယ်ကို သွားမှာလဲ"

နန်းခင်သည် အနီးသို့ ရောက်လာကြပြီဖြစ်သော ညီမနှင့် မိခင်တို့၏ လက်များကို ဆုပ်ကိုင်ရင်း လူစိမ်းယောက်ျားအား မေးလိုက်သည်။ ကိုလူကြီးမှာလည်း သူ့အသက်သခင်၏ မျက်နှာကို မော့ကြည့်နေသည်။

"ဟုတ်ပါတယ်လေ၊ ကျုပ်အလုပ်က လေးငါးည အိပ်ရင်လည်း မမှားပါဘူး"

"မောင်ကြီးအလုပ်က ဘာလဲ"

"နမတို့ရွာမှာ ကျုပ်နဲ့တူတဲ့လူများ မရှိဘူးလား"

နန်းခင်က ရုတ်တရက် အဖြေမပေးတတ်ဘဲ ရှိသွားသည်။ မျက်ခုံးနှစ်ဖက်ကို ပင့်တင်၍ စဉ်းစားနေသည်။ နန်းရင်က ကောက်ကာငင်ကာ...

"ရှိတယ်"

"ဘယ်သူနဲ့လဲ"

နန်းခင်က မေးသည်။

"မမထုံးရီ"

နန်းခင်က မျက်မှောင်ကြုတ်လိုက်သည်။ သို့သော် နန်းရင်ပြောသည်မှာ ဟုတ်နေသည်။ မျက်လုံး မျက်ခုံးနှင့် နှာတံကျပုံတွင် ဤလူစိမ်းနှင့် မထုံးရီသည် ချွတ်စွပ်ပင် ဖြစ်သည်။

"ဘယ်သူကွယ့်။ မမထုံးရီ ဟုတ်လား"

လူစိမ်းယောက်ျားက နန်းရင်ကို ကလေးငယ်တစ်ဦးပမာ မေးသည်။

"ဟုတ်တာပ၊ မောင်ကြီးနဲ့ မထုံးရီ မျက်နှာချင်း ဆင်တယ်"
"အဲဒီ မထုံးရီနဲ့ ကျုပ် တွေ့နိုင်မလား"
"ဘာကိစ္စရှိလို့လဲ မောင်ကြီး"
"ကျုပ်တွေ့ချင်လို့ပါ"

ဤတွင် ကိုလူကြီးက တစ်ခုခု ဝင်ပြောမည်ရှိသည်ကို ဒေါ်ငြိမ်းရှင်က လက်ကုတ်၍ ဟန့်တားလိုက်သည်။ ထိုအခြင်းအရာကို လူစိမ်းက သိမြင်သည်။ သို့သော် မသိမြင်ဟန်ပြု၍ နန်းခင်ကို ကြည့်ကာ…
"ဟုတ်ပြီကွယ်။ သဟာဆိုရင်တော့ နမတို့အိမ်မှာ လေးငါးည တည်းရတော့မယ်"
"ကျုပ်တို့အိမ်မှာလည်း တည်းနိုင်ပါတယ်"

ဒေါ်ငြိမ်းရှင်က ဝင်ပြောသည်။ လူစိမ်းက ဒေါ်ငြိမ်းရှင်ကို ယခုမှမြင်တွေ့သွားသကဲ့သို့ ကြည့်သည်။

"ကျုပ်က သူ့အမေပါ"

ဒေါ်ငြိမ်းရှင်က ကိုလူကြီးကို လက်ညှိုးထိုးပြသည်။ ဆက်၍…
"ကျုပ်တူကြောင့် ကျုပ်သား အသက်ရှင်နေတာပါ။ ဒါ ကျုပ်တို့ တံငါတဲပဲ။ ရွာထဲမှာလည်း ကျုပ်တို့အိမ် ရှိတယ်"
"မထုံးရီနဲ့ ကျုပ်နဲ့ မျက်နှာချင်း ဆင်တယ်ဆိုတာ ဟုတ်သလား ဒေါ်ဒေါ်"
"တူပါတယ်"
"မထုံးရီက ဘယ်အရွယ်ရှိပလဲ"
"သုံးဆယ်ထဲမှာပ"
"ဒေါ်ဒေါ်တို့အိမ်မှာ သမီးပျိုရှိသလား"
"မရှိပါဘူး။ သားတစ်ယောက်ပဲ ရှိတာပ"
"ဟုတ်ပြီ၊ ဒေါ်ဒေါ်တို့အိမ်မှာ ကျွန်တော်နေမယ်။ ကျုပ်အလုပ်က မိန်းကလေးတွေနဲ့ နီးနီးစပ်စပ် မနေတာကောင်းတယ်။ ကျုပ်အလုပ်က ဒီရွာမှာဆုံးချင်မှ ဆုံးဦးမှာ"

သူ့စကားကြောင့် နန်းခင် မျက်နှာ ရဲသွားသည်။

"မောင်ရင့်နာမည်က ဘယ်သူလဲကွယ့်"

MMCYBERMEDIA
COMMUNITY FOR ALL

တချိန်လုံး ငြိမ်၍ နားထောင်နေခဲ့သော ဒေါ်စောရုံက မေးလိုက်သည်။

လူစိမ်းယောက်ျားသည် နန်းခင်၊ နန်းရင်နှင့် ဒေါ်စောရုံကို တစ်လှည့်စီ ကြည့်ပြီးနောက် သူ့အမည်ကို ပြောလိုက်သည်။

## အခန်း -၃၆-

ဤသို့ဖြင့် ကိုသူရသည် ဦးချွန်းတို့နှင့်အတူ ကြိုးကြာရွာသို့ လိုက်ပါသွားသည်။ နေဝင်ရီတရော လူဆိုးများ ရောက်လာသည့်အချိန်တွင် ဦးချွန်းသည် လျှောဆည်တွင် ရှိနေခဲ့သည်။ မြင်းကိုယ်စီနှင့် ရောက်လာသူများသည် လူဆိုးများဖြစ်မှန်း သိသည်နှင့် တစ်ပြိုင်နက် ဦးချွန်းသည် ရွာသို့ပြေးသွားသည်။ ရွာမှ လူစု၍ လိုက်လာကြသောအခါတွင် လူဆိုးများ မရှိတော့ပြီ။ ကြိုးကြာနှင့် ဆင်ကန်မှ လူအချို့နှင့် လူစိမ်းတစ်ယောက်ကိုသာ တွေ့ရသည်။

သူ ဘယ်အရပ်က လာသည်ကိုလည်းကောင်း၊ ဘယ်အရပ်သို့ သွားမည်ကို လည်းကောင်း၊ ဘာအလုပ်ကိစ္စ ရှိသည်ကိုလည်းကောင်း သူနှင့် ရပ်ချင်းဆင်သူကို အဘယ်ကြောင့် တွေ့ချင်သည်ကို လည်းကောင်း သူ၏ အမည်မှလွဲ၍ သူ မည်သူ၊ မည်ဝါ ဖြစ်သည်ကို လည်းကောင်း ကိုသူရက မပြောပြချေ။ သူနှင့် မျက်နှာပေါက်ချင်းတူသည်ဆိုသော မထုံးရီကိုသာ တွေ့လိုသည်ဟု ပြောနေသည်။

ယင်းသို့ရှိစေကာလည်း ကိုသူရသည် မထုံးရီနှင့် မတွေ့ရချေ။ ရွာတွင် မထုံးရီ မရှိသောကြောင့် ဖြစ်သည်။ သူနှင့် သီသီကလေး လွဲသွားသည်။ မထုံးရီသည် ယမန်နေ့ကမှ အင်းတော်ကြီး ဘုရားပွဲသို့ ထွက်သွားခဲ့သည်။

ယခုအကြိမ်တွင် အမျိုးသမီးကို ဘုရားပွဲသို့ လိုက်၍ပို့သူမှာ အသက်လေးဆယ်ကျော်ပြီ ဖြစ်သော သားသမီးလေးယောက်ရှိသော၊ မထုံးရီကို မုန်းလှသည်ဟုဆိုသော ကြိုးကြာရွာသူကြီး ဦးနွဲ့မွန်ပင် ဖြစ်ချေသည်။

အသက်ဝိညာဉ် ဆုံးရှုံးရမည့်အဖြစ်မှ လည်းကောင်း၊ အရှက်တကွဲ အကျိုးနည်း ရှိတော့မည့်အဖြစ်မှ လည်းကောင်း လက်မတင်လေး လွတ်ကင်းခဲ့ပြီးနောက် နလုံးခုန်ရ၊ ရင်လှပ်လှပ်မှ မပြယ်သေးမီတွင် ဒေါ်စောရုံနှင့် နန်းခင်၊ နန်းရင်တို့သည် ဤသတင်းဆိုးကို ကြားကြရသည်။ သူတို့က တော်တော်နှင့် မယုံချင်ဘဲ ရှိကြသည်။ သို့သော် လူအားလုံးကပင် တညီတညွတ်တည်း အခိုင်အမာ ပြောဆိုကြသည်။

ဦးနွဲ့မွန်သည် ဒေါ်စောရုံတို့ တောင်လေးလုံးသွားသည်နှင့် မရှေးမနှောင်းမှာပင် မိုးကောင်းသို့ သွားရန် ဖြစ်သည်။ သို့သော် အာကာ နောက်ခြေတစ်ဖက် နာနေသဖြင့် ဆိုင်းငံ့ထားရသည်။ ကိုရွှေနီသည် လူချည်းသက်သက် ပျောက်သွားခြင်း ဖြစ်သည်။ အာကာသည် ဇောင်းထဲတွင် ကျန်ရစ်ခဲ့သည်။ ဦးနွဲ့မွန်တွင် မြင်းပိန်မ တစ်ကောင်ရှိသည်။ သို့သော် ပိန်ပိန်ချည့်ချည့်ဖြစ်၍ ခရီးလည်း မတွင်။ ခန့်ထည်ခြင်းလဲ မရှိ။ သူက ကြိုးကြာသူကြီးမင်း ဖြစ်သည်။ မြို့သို့သွားရောက်လျှင် ခန့်ခန့်ညားညားရှိမှ ကောင်းမည်။ သူက

MMCYBERMEDIA
COMMUNITY FOR ALL

မကြာမီကာလတွင် ကိုးရွာအုပ်ဖြစ်ပေဦးမည်။ သည်မှတစ်ဆင့်တက်၍ မြို့စာရေး ဖြစ်ပေဦးမည်။ မြို့စာရေးဖြစ်လျှင် နယ်သူ နယ်သားများက သူ့ကို အမတ်ကြီးဦးနွဲ့မွန်ဟု ခေါ်ကြပေလိမ့်မည်။ သည်တော့ သူက မြင်းပိန်ကလေးနှင့် မြို့သို့သွားရမည်မှာ အခြေနတ်လှသည်။ အာကာနှင့်ဆိုလျှင်၊ ပင်ဝါခေါင်းပေါင်းနှင့် ဆိုလျှင်၊ ငွေစားလွယ်နှင့်ဆိုလျှင် သူသည် နေပြည်တော်မှ စုရေးစုကိုင်ကြီးတစ်ဦးနှင့် မခြားဖြစ်သည်။ အကြောင်း မသိသူများကဆိုလျှင် စော်ဘွားနှင့် ယိုးမှားနိုင်သည်။ မင်းညီမင်းသားလောဟု အမှတ်မှားနိုင်သည်။

သို့ကြောင့် သူသည် အာကာ ခြေနာပျောက်သည်ထိ စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ တစ်နေ့ တစ်နေ့နှင့် ဒေါ်စောရုံတို့ ပြန်ရောက်ရက်ပင် နီးလာချေပြီ။ တပေါင်းလပြည့်ကျော် (၈) ရက်ပင် ရှိလာပြီ။ သူက မသွားရသေး။ မဖြစ်ချေတော့။ ဥပုသ်ထွက် မနက်အစောကြီးသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဤတွင်...

ဥပုသ်နေ့အကုန် လပြည့်ကျော်(၉)ရက်နေ့အကူး ညသန်းခေါင်ကျော်အချိန်တွင် သူ့အိမ်သို့ မထုံးရီ ရုတ်တရက် ပေါက်လာသည်။

ဦးနွဲ့မွန်သည် မထုံးရီကို မပြတ် အပြစ်ပြောခဲ့သူ ဖြစ်သည်။ ယမန်နှစ် တပေါင်းလက သူ့သားကြီးနှင့်အတူ ဘုရားပွဲသို့ သွားပြီးကတည်းက ဤအမျိုးသမီးကို ရန်သူသဖွယ် သဘောထားခဲ့သည်။ ခွန်းကြီးခွန်းငယ် ပြောခဲ့ကြသည်။ နောက်ပိုင်းတွင် မျက်နှာချင်းပင် မဆိုင်တော့။ အခြားသူများနှင့် စကားစပ်မိ၍ ပြောလျှင်လည်း မထုံးရီအကြောင်း အကောင်းတစ်ခွန်းမျှ မပြောချေ။ ဤမိန်းမသည် သူတို့မိသားစု၏ ပျော်ရွှင်မှုကို ဖျက်ဆီးမည့်သူ၊ သူတို့ရွာ၏ သာယာမှုကို ဖျက်ဆီးမည့်သူဟုသာ ပြောခဲ့သည်။

ထိုနေ့ညက အိုက်စပ်စပ် ရှိသဖြင့် လူတွေ တော်တော်နှင့် မအိပ်ကြ။ သန်းခေါင်တိုင်မှပင် အိပ်ရာဝင်နိုင်ကြသည်။ မထုံးရီ ရောက်လာသည့်အချိန်တွင် ဦးနွဲ့မွန် မအိပ်သေးချေ။ အာကာ၏ အခြေအနေကိုကြည့်၍ မြင်းဇောင်းမှ ထွက်လာချိန် ဖြစ်သည်။ အိမ်ရှေ့အမှောင်စွန်းတွင် လူရိပ်တစ်ခုကို တွေ့မြင်သဖြင့် ဦးနွဲ့မွန်က မေးလိုက်သည်။

"ဟေ့ ဘယ်သူလဲ"
"ထုံးရီပါ"

တစ်ဖက်မှ မတိုးမကျယ်ဖြင့် ဖြေသည်။ ထို့နောက် ဦးနွဲ့မွန် ဒေါသတကြီး အော်ဟစ်နေသည်ကို ဘေးအိမ်များက ကြားရသည်။ မထုံးရီကလည်း အညံ့မခံ ပြန်၍ အော်နေသည်။ သူတို့နှစ်ဦးသည် အတော်ကြာ ခွန်းကြီးခွန်းငယ် ပြောနေပြီးနောက် ရုတ်တရက် တိတ်သွားသည်။ မောသွားကြပုံ ရှိသည်။ ဦးနွဲ့မွန်သည် အိမ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မထုံးရီက လှေကားရင်းတွင် ထိုင်နေသည်။

ဘေးလူများသည် မည်သို့ ကြားဝင်ရမှန်း မသိသဖြင့် ကြည့်၍သာ နေကြသည်။ မမျှော်လင့်သော အဖြစ်အပျက်ကို တွေ့မြင်နေကြရသဖြင့် ရှေ့တွင် ဘာဖြစ်မည်နည်းဟု စိတ်စောနေကြသည်။

ခဏအကြာတွင် မထုံးရီ အိမ်ပေါ်သို့ တက်သွားသည်။ လှေကားတစ်ထစ်ချင်း နင်း၍ ခပ်မှန်မှန် တက်သွားနေခြင်း ဖြစ်သည်။ ဦးနွဲ့မွန်က မည်သို့မျှ တားမြစ်ခြင်း မပြုဘဲ ရပ်ငေး၍ ကြည့်နေသည်။ မထုံးရီ အိမ်ပေါ်သို့ ရောက်သွားသောအချိန်တွင်မှ နောက်မှပြေး၍ လိုက်သွားသည်။ လှေကားကို တဒုန်းဒုန်း ပြေးတက်သွားသည်။ တစ်ခုခုတော့ မြင်မကောင်း၊ ရှုမကောင်းဖြစ်ကုန်တော့မည်ဟု ဘေးလူများ စိုးရိမ်သွားကြသည်။ တစ်ဦး၊ နှစ်ဦးသည် အရေးရှိက အိမ်ပေါ်သို့ ပြေးတက်ရန် လှေကားရင်းသို့ပင် ရောက်နေသည်။ သို့ရာတွင် သူတို့ မျှော်လင့်ထားသလို အိမ်ပေါ်မှ ဝုန်းဒိုင်းကြဲသံများ ပေါ်ထွက်မလာချေ။ အတန်ကြာသော် ပကတိ တိတ်ဆိတ်နေသည်။ နောက်မှ ခြေဖွဖွနင်း၍ ထွက်ပေါ်လာသော ကြမ်းပြည်သံနှင့် အုပ်၍ပြောသော တိုးတိုးစကားသံများကို ကြားကြရသည်။

အိမ်အောက်တွင် ရောက်နေသူများသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။ ယခုအခါတွင် အိမ်ပေါ်သို့ တက်လိုက်သွားရန် မသင့်လျော်ဟု ယူဆပြီး ကိုယ့်အိမ်ကိုယ်ပြန်သွားကြသည်။ အမှောင်ရိပ်များမှနေ၍ မထုံးရီ အိမ်ပေါ်မှ ဆင်းလာသော ခြေသံကို မကြားရ။

အရက်တက်ချိန်တွင်မှ အိမ်ပေါ်မှ လူနှစ်ဦး ဆင်းလာသည်။ ဦးနွဲ့မွန်က ရှေ့က ဖြစ်သည်။ မထုံးရီက နောက်မှ ကျနွံမပျက် ဆင်းလာပြီး လှေကားရင်းတွင် ရပ်နေသည်။ ဦးနွဲ့မွန်က မြင်းဇောင်းမှ အာကာကို ထုတ်လာသည်။ မထုံးရီသည် မြင်းပေါ်သို့ စွေ့ခနဲ ပါသွားသည်။ မြင်းခွာသံများသည် အရက်တုံးခေါက်သံတွင် ပျောက်ဝင်သွားသည်။

ဤအခြင်းအရာတို့သည် အမှန်အကန်ပင် ဖြစ်ပြီး မယုံကြည်လိုသော်လည်း မျက်စိမှိတ်၍ ယုံကြည်ရသောအခါတွင် နန်းရင်သည် ထုံးစံအတိုင်း ငိုနေသည်။ နန်းခင်က ဓားကြိမ်းကြိမ်းနေသည်။ ချောင်းလေးခွ အဖြစ်အပျက်ကြောင့် ဒေါသမပြယ်သေးဘဲ ရှိစဉ်တွင် ဖခင်နှင့် နာမည်ကြီး မုဆိုးမလေးအကြောင်း ကြားရသောအခါ ဒေါသအရှိန်သည် ဟုန်းခနဲ ပြန်၍ တောက်လာခြင်း ဖြစ်သည်။

ဒေါ်စောရုံသည် အကောင်းအဆိုး မည်သို့မျှ ဝေဖန်ခြင်း မပြုဘဲ ဆိတ်ဆိတ်သာနေသည်။ မျက်ရည်များ တွေတွေမကျသော်လည်း ညှိုးရော်လျက် ရှိသည်။ ဤအသက်အရွယ်ကျမှ ဤအဖြစ်မျိုး ကြုံရသည့်အတွက် ယူကျုံးမရဟန် ရှိတော့သည်။ သမီးငယ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ မျက်နှာကို မကြည့်ဝံ့အောင် ရှက်နေဟန် ရှိသည်။ ပြောင်းဖူးဖက်ဆေးလိပ်ကိုသာ တစ်လိပ်ပြီးတစ်လိပ် သောက်၍ နေသည်။ သို့သော် လုပ်ဆောင်ဖွယ်ရာရှိသော အိမ်မှုအိမ်တာများကို မလစ်မလျော့ လုပ်ကိုင်သည်။ သမီးငယ်များနှင့် လယ်ယာလုပ်ငန်းအကြောင်း ပြောသည်။ သားနှစ်ယောက်အကြောင်း ပြောသည်။ အခြား အကြောင်းကိစ္စများ ပြောသည်။ ခင်ပွန်းသည်အကြောင်းကို လုံးဝ မပြောချေ။ အခြားလူများက စကားစလာလျှင်လည်း နေရာမှ ထသွားတတ်သည်။

မထုံးရီနှင့်တွေ့ရန် ရွာသို့လိုက်လာသော ကိုသူရမှာလည်း ကသိကအောက် ဖြစ်နေရသည်။ သူတွေ့ချင်သူသည် လူတကာပြောဖတ် ဖြစ်နေသည်။ တော်ပေသေးသည်။ နန်းခင်တို့အိမ်တွင်

MMCYBERMEDIA
COMMUNITY FOR ALL

သူတည်းမိလျှင် မျက်နှာအထားရ ပို၍ ခက်မည်။ ဦးချွန်းတို့အိမ်တွင် ဆိုတော့ မထုံးရီတို့အကြောင်းသာမက နန်းခင်တို့အကြောင်းပါ သူက သိရှိနိုင်သည်။ မေးမြန်းနိုင်သည်။

ကိုသူရသည် ဤမိသားစုနှစ်စုစလုံးကိုပင် စိတ်ဝင်စားခြင်း ရှိနေသည်။ သူသည် ဗိုလ်ရွှေနီနှင့် ဗိုလ်ရွှေဝါဆိုသော အမည်များကို ဥယျာဉ်မြစ်ဝှမ်းသို့ ရောက်ကတည်းက တစ်ကြိမ်ထက်မက ကြားခဲ့ရသည်ဟု ဆိုသည်။ ယခုအခါတွင် ဤသူနှစ်ယောက်စလုံး ပျောက်ဆုံးနေပြီး သူတို့၏ ဖခင်သည် မုဆိုးမတစ်ဦးနှင့် ဘုရားပွဲသို့ သွားနေသည်။ ဤမုဆိုးမသည် အဖေနှင့်မဖြစ်ခင်က သားနှစ်ယောက်နှင့်လည်း ပြိုင်ခွန်းခဲ့သည်ဟု ဆိုသည်။ ဤမုဆိုးမသည် သူနှင့်မောင်နှမဟု ပြောလျှင် ဖြစ်နိုင်လောက်အောင် ရုပ်ဆင်းဆင်သည်ဟုလည်း ဆိုနေကြသည်။

မထုံးရီအကြောင်းကို စိတ်ဝင်စားသည်ထက် ဦးနောင်ရှမ်း အကြောင်းကို သူက ပို၍ စိတ်ဝင်စားနေခဲ့သည်။ ဦးနောင်ရှမ်းသည် သည်ရွာသားတစ်ဦး မဟုတ်ဘဲ ဤရွာသို့ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ဆယ်နှစ်သမီး တစ်ဦးနှင့်အတူ ရောက်ရှိလာသည်ဆိုသဖြင့် ပို၍ စိတ်ဝင်စားနေသည်။ ဦးနောင်ရှမ်း မည်သည့်အရပ်သားနည်း ဆိုသည်ကို သူက သိချင်နေသည်။ မည်သည့် အကြောင်းကြောင့် ဦးနောင်ရှမ်းသည် သမီးငယ်ကိုခေါ်၍ ဤရွာတွင် လာ၍ ဇာတ်မြှုပ်နေသည်ကို သူက သိချင်သည်။ သို့သော် ဤအချက်များကို ဦးချွန်းတို့က ပြောပြနိုင်ခြင်း မရှိကြချေ။ ဦးနောင်ရှမ်း၏ နောက်ခံသမိုင်းကို ဤမျှ မည်သူမျှ မသိကြချေ။

ကိုသူရသည် ဦးနောင်ရှမ်းကို ကြည့်ခဲ့သည်။ မထုံးရီ၏သား မောင်မျိုးကို ကြည့်ခဲ့သည်။ ဤသူနှစ်ဦးသည်လည်း သူနှင့် ရုပ်ချင်းဆင်သည် ဆိုကြသည်။ သို့သော် ရေးရေးသာ ဖြစ်သည်။ ဦးနောင်ရှမ်းနှင့်ဆိုလျှင် မဆိုစလောက်သာ ဖြစ်ချေသည်။ မောင်မျိုးနှင့်မှ အတော်ကလေးတူပေသေးသည်။ သို့သော် လူတွေက သူနှင့်မထုံးရီသည် အတော်ကြီးတူသည်ဆို၍ သူက မထုံးရီ ပြန်အလာကို စောင့်ရမည်ကဲ့သို့ ဖြစ်သည်။

ကြိုးကြာရွာတွင် သူရောက်ရှိသည်မှာ လေးရက်ရှိသွားပြီ ဖြစ်သည်။ မထုံးရီကိုတွေ့လိုလျှင် အနည်းဆုံး နောက်ထပ် လေးငါးရက် နေရဦးမည်။ ဤသည်ပင်လျှင် ဦးနွဲ့မွန်နှင့် မထုံးရီတို့သည် ဘုရားပွဲအပြီးတွင် ရွာသို့ တိုက်ရိုက်ပြန်ခဲ့မှ ဖြစ်မည်။ မိုးကောင်းသို့ လည်းကောင်း၊ အခြားရွာတစ်ရွာသို့ လည်းကောင်း ဝင်နေခဲ့လျှင် တော်တော်နှင့် ပြန်ရောက်လာမည် မဟုတ်ချေ။ အချို့ကမူ ဤသူနှစ်ဦးသည် ရွာသို့ ပြန်လာကြတော့မည် မဟုတ်ဟုပင် ဆိုနေကြသည်။

သို့သော် ကိုသူရသည် ဦးနောင်ရှမ်းကို ပို၍ စိတ်ဝင်စားမှု ရှိနေသဖြင့် ကြိုးကြာရွာတွင် နေဦးမည် ဖြစ်သည်။ မထုံးရီ ရောက်လာလျှင်လည်း ကောင်းသည်။ မရောက်လာလျှင်လည်း ရှိစေတော့ဟု သူက သဘောထားသည်။ လောလောဆယ်တွင် သူသည် ဦးနောင်ရှမ်း၏ နောက်ကြောင်းကို သိလိုစိတ် ပြင်းပြနေသည်။

ကိုသူရသည် ဦးနောင်ရှမ်းနှင့် စကားပြောခွင့်ရရန် ကြိုးစားသည်။ အသိဖွဲ့သည်။ ရင်းနှီးအောင်လုပ်သည်။ ကိုလူကြီးကိုခေါ်၍ ကြက်ဝိုင်းသို့ လိုက်သည်။ ကိုလူကြီးတို့တဲတွင် ဦးနောင်ရှမ်းတို့

MMCYBERMEDIA
COMMUNITY FOR ALL

အရက်လာ၍ သောက်လျှင် သူပါ ဝင်၍သောက်သည်။ သို့သော် ဦးနောင်ရှမ်းသည် သူ့ကို ရင်းနှီးစွာ ဆက်ဆံသော်လည်း ကိုယ်ရေးကိုယ်တာ အကြောင်းများကိုကား ပြောလိုဟန်မရှိချေ။

တစ်နေ့တွင် ကိုသူရသည် ဦးချွန်းတဲ၌ ဦးနောင်ရှမ်းတို့နှင့်အတူ အရက်ဝိုင်းဖွဲ့၍ ထွေရာလေးပါး ပြောနေစဉ် ရွာဆီမှ ဖုန်းလုံးများထနေသည်ကို မြင်ရသည်။ ဖုန်လုံးများသည် သူတို့ဆီသို့ ရွေ့လာသည်။

"ဟိုမှာ မြင်းအုပ်ကြီး လာနေတယ်၊ လူဆိုးတွေနဲ့ တူတယ်"

ကိုသူရက မျှစ်ချဉ်တစ်ဖတ်ကို ညက်ညက်ဝါးနေရာမှ ပြောလိုက်သည်။ ဦးနောင်ရှမ်းမှ တစ်ပါး အားလုံးထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ ထိုင်သူထိုင်၊ ထသူထ၍ ရွာဆီသို့ ကြည့်ကြသည်။ ကိုလူကြီးသည် ကွပ်ပျစ်ပေါ်မှ ခုန်ချပြီး ကြက်ခြံထဲ ဝင်ပုန်းတော့မည် ရှိသဖြင့် ကိုသူရက ဆွဲထားရသည်။

"လူဆိုးတွေ မဟုတ်ဘူး၊ မိုးကောင်းတပ်တွေကွယ့်"

တစ်ယောက်က အော်လိုက်သည်။ သည်တော့မှ ထိတ်လန့်ကုန်သူများ ငြိမ်သွားသည်။ သူတို့ မူးထားသည်များ ပျောက်ကုန်ပြီ ဖြစ်သည်။

"နင်တို့တွေဟာ အရက်သမားဖြစ်ပြီး တယ်သွေးနည်းကြတာကိုးကွယ့်။ လူဆိုးတွေဆိုရင် ရွာက အခုလို ငြိမ်နေပါ့မလား။ အဝီစိပွက်နေမှာပ"

ဦးနောင်ရှမ်းက သူ့လူများကို အပြစ်တင်လိုက်သည်။

"ပြန်းခနဲဆိုတော့ လန့်သွားတာပ။ ကျုပ်တို့အားလုံး သေရဲ သတ်ရဲတာ ဆရာကြီးအသိပ"
အရက်သမားတစ်ဦးက မခံချင်သည့် အမူအရာဖြင့် ပြန်ပြောသည်။

"အေး၊ အဲဒါ နင်တို့ အသုံးမကျသေးတာပ။ သူရဲကောင်းဆိုတာ နည်းနည်းကလေးမှ မတုန်လှုပ်ရဘူးကွယ့်။ နင်တို့နားထောင်။ ငါလည်း တစ်ခါ အရှက်ရခဲ့ဖူးတယ်။ ပုဂံမင်းလက်ထက်က တို့များ မျက်နာဖြူတွေနဲ့ တိုက်ရတုန်းကပ။ တို့တပ်က ပဲခူးက ခံတယ်။ မျက်နာဖြူတပ်တွေက အကြိမ်ကြိမ် တိုက်ခိုက်ပေမယ့် အကြံမအောင်ဘူးကွယ်။ တစ်နေ့တော့ ငါနဲ့ သွေးသောက်နှစ်ဦးဟာ မြို့ရိုးပေါ်တက်ပြီး ထမင်းလက်ဆုံ စားနေကြတယ်။ တို့သုံးဦးဟာ အင်မတန် ရဲရင့်တယ်လို့ အပြောရှိကြတယ်။ တို့များဟာလည်း ရန်သူ့ကျည်တွေကို မမှုဘူးဆိုပြီး မြို့ရိုးပေါ်မှာ ထမင်းလက်ဆုံ စားနေကြတာပ။ ထမင်းဝိုင်းပြီးခါနီးမှာ တို့သုံးယောက်ရဲ့ အလယ်မှာ လုံးတစ်စင်း လာစိုက်တယ်။ မွန်တစ်ယောက် ပစ်လိုက်တဲ့လုံးကွယ့်။ အဲဒီတုန်းက မွန်တချို့ဟာ မျက်နာဖြူတွေပြောတာ နားထောင်ပြီး တို့ကို တိုက်နေကြတယ်ကွယ့်။ ကုလားဖြူတွေက အင်မတန် အကောက်ဉာဏ်ကြီးတာကွယ့်၊ ဒါထားဦး၊ ရုတ်ခနဲ လုံးစိုက်လာတော့ ငါလည်း ရန်သူတပ်လာပဟဲ့ ဆိုပြီး မတ်တပ်ရပ်လိုက်တယ်။ သွေးသောက် တစ်ယောက်ကတော့ ထမင်းပုံကို နှိုက်နေတဲ့လက် ရပ်သွားတယ်။ တစ်ယောက်ကတော့ ဘာမှ မဖြစ်ဘူးကွယ့် နည်းနည်းကလေးမှ ဣန္ဒြေမပျက်ဘူးကွယ့်။ စားမြဲ စားရက်ပဲ။ အဲဒါပဲပကွယ်၊

MMCYBERMEDIA
COMMUNITY FOR ALL

သူရဲကောင်းဆိုတာ မဖြစ်ခင်သာ ကြိုတင်သတိမူရတယ်။ ဖြစ်လာမှတော့ ဘာမှ ထိတ်စရာ၊ တုန်စရာ မလိုဘူးကွယ့်။ နောက်တစ်ခါလည်း...”

“ဘာတွေများ စကားကောင်းနေတာလဲ ဆရာကြီး”

ထိုစဉ်တွင် မြင်းအုပ်သည် သူတို့အနီးသို့ ရောက်ရှိလာလေသည်။ ရှေ့ဆုံးမှ ဘေးချင်းယှဉ်၍ လာသော မြင်းသမားနှစ်ဦးအနက် တစ်ဦးက မေးလိုက်သည်။

“တွေ့ကရာ ရှစ်သောင်းပကွယ်။ မောင်ဖိုးစောတို့ တပ်ရေးပြကြတယ် မှတ်တယ်။ မောင်ရင့် ဖခင်ကြီးကော နေကောင်းရဲ့လား။ မောင်ရွှေထီးကတော့ အိပ်ကောင်းစားကောင်း မှတ်တယ်။ လူ့ဘီလူးကြီး ကျနေတာပဲကော”

ဦးနောင်ရှမ်းက သူ့အားမေးမြန်းသူကို အရင်ပြောဆိုပြီးနောက် ထိုသူ့ဘေးမှ မြင်းစီးသမားကို စလိုက်သည်။

“ရွှေထီးက လူတစ်ယောက်တည်းဆိုရင် ပေါ့လို့ မကိုင်တတ်ဘူး။ နှစ်ယောက်ပူး၊ သုံးယောက်ပူးမှ ကိုင်ပေါက်တတ်တယ်”

သူတို့ ရယ်ကြသည်။ ကိုသူရသည် မိုးကောင်းတပ်ကို အကဲခတ်နေသည်။ လူကောင်း မြင်းကောင်းများ ဖြစ်သည်။ ယင်းကြောင့်ပင် မိုးကောင်းတပ်နှင့် မိုးကောင်းအရေးတော်ပုံသည် နေပြည်တော်တွင် သတင်းကြီးနေခြင်း ဖြစ်သည်။ အထူးသဖြင့် သူသည် ဦးနောင်ရှမ်းနှင့် စကားကောင်း ဆိုနေကြသူနှစ်ဦးကို စိတ်ဝင်စားလျက် ရှိသည်။ ဤသူနှစ်ဦးသည် မိုးကောင်းတပ်၏ တပ်မှူးများ ဖြစ်ကြသည်။ ဤနယ်၏ အကြီးအကဲများ ဖြစ်ကြသည်။ နှစ်ယောက်စလုံးအသားဖြူ၍ ကိုယ်လုံးကိုယ်ဟန် ကောင်းသည်။ တစ်ယောက်က ရှမ်းဖြစ်သည်။ တစ်ယောက်က ဝေသာလီ ဖြစ်သည်။ မိမိနှင့် အသက်အရွယ် မတိမ်းမယိမ်းသူများ ဖြစ်သော်လည်း မိမိလေးစားသင့်သူများ ဖြစ်သည်ဟု ကိုသူရ နားလည်ထားသည်။ ဗိုလ်ဖိုးစောနှင့် ဗိုလ်ရွှေထီးဆိုသော အမည်များကို သူက နေပြည်တော်ကတည်းက ကြားခဲ့ရသည်။ အညာဖြစ်စဉ်ခရိုင်သို့ မိမိသွားမည်ဟု ပြောသောအခါတွင် ဗိုလ်ဖိုးစောနှင့် ဗိုလ်ရွှေထီးတို့ကို တွေ့ရလိမ့်မည်ဟု မိတ်ဆွေများက အမှာအကြား ပြုလိုက်သည်။

“ကျွန်တော်တို့ နေ့ခင်းကတည်းက ရွာကိုရောက်ကြတယ်။ တစ်နေ့က နန်းခင်တို့ ဒီမှာ ဖြစ်ရတဲ့အကြောင်း ကြားရတော့ ကျုပ်တို့ စိတ်မကောင်းပါဘူး”

ဗိုလ်ဖိုးစောက ပြောသည်။

“ဒီကောင်တွေကို မင်းတို့ အမြစ်ကနေ နုတ်ပစ်လိုက်ကြစမ်းပါ”

“နုတ်ပစ်လိုက်ပါပြီ။ ဒီမှာဖြစ်တုန်းကလည်း ကျွန်တော်တို့ ချောင်းဝမှာရှိတယ်။ ဟိုက တိုက်ထုတ်လိုက်လို့ ကစဉ့်ကလျား ပြေးရတဲ့အကောင်တွေ ဒီလာပြီး ရမ်းသွားကြတယ်။ မနေ့က ဝါးဖိုတောင်ခြေမှာ တွေ့လို့ တစ်ယောက်မကျန် သုတ်သင်ပစ်လိုက်ပြီ။ ဦးကြီးရာကျော်သာ ရှိရင် ဒီခွေးသူခိုးတွေ အနားတောင်သီရဲမှာ မဟုတ်ဘူး”

MMCYBERMEDIA
COMMUNITY FOR ALL

"မင်းတို့ ဦးလေး ဦးနွံမွန် ရှိသားပဲကွယ့်"

"ဦးလေးက လူပျော့ပါ။ ဒီအထဲ ဟိုမိန်းမနဲ့ ရှုပ်ရှုပ်ယှက်ယှက် လုပ်နေသတဲ့။ ကျွန်တော်တို့လည်း ဒေါ်လေးစောရုံအတွက် စိတ်မကောင်းပါဘူး။ အရေးထဲမှာ ရွှေနီနဲ့ ရွှေဝါကလည်း ဘယ်ရောက်နေသလဲ မသိဘူး။ ဒီကောင်တွေ လေလွင့်နေတော့ ဒီခွေးသူခိုးတွေ ဝင်လာတာပ။ တော်ပါသေးရဲ့ ဆရာကြီးရယ်။ နန်းခင် အရုက်တကွဲ အကျိုးနည်း မဖြစ်ပေသေးလို့"

"ဒါဆိုရင်တော့ သူ့ကျေးဇူးပဲကွယ့်"

ဦးနောင်ရှမ်းက ကိုသူရကို လက်ညှိုးထိုး၍ ပြောသည်။

"မိတ်ဆွေက နေပြည်တော်ကလား"

"ဆိုကြပါစို့၊ ရွှေပြည်ရန်နောင် အရှေ့ဘက်မြင်းတပ်မှာ အမှုထမ်းခဲ့ပါတယ်"

"မင်းထင်သူရကျော်ခေါင်ရဲ့ လူကိုး"

ပိုလ်ရွှေထီးကဝင်ပြောသည်။

"မှန်ပါတယ်"

"အခုမိတ်ဆွေက ဘယ်ခရီးကို သွားမလို့လဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး။ ဗဟုသုတ အဖြစ်ပါပဲ"

ပိုလ်ဖိုးစောက အတန်ကြာ စဉ်းစားပြီးနောက်...

"ကောင်းပါတယ်။ မိုးကောင်းရောက်ရင် ကျုပ်တို့ဆီ ဝင်ပါ။ အရေးတစ်စုံတစ်ရာရှိရင် ပြောပါ။ ကဲ ကျုပ်တို့ နေမဝင်ခင် ဆင်ကန်ရောက်အောင် သွားလိုက်ကြဦးမယ်"

"ဩော်... တို့များခေါ် ဖို့မေ့နေတယ်။ နည်းနည်းလောက်ငုံသွားပါလား မောင်ရွှေထီး"

ဦးနောင်ရှမ်းက ခေါင်ရည်ကျည်တောက်ကိုမ၍ ပိုလ်ရွှေထီးကို ပြောလိုက်သည်။

"အချိန်မရှိတော့ဘူး။ နောက်များ ကြုံတော့မှ ဝိုင်းကြသေးတာပ။ ကျွန်တော်မှာပါတယ်။ တစ်လမ်းလုံး ဒါပဲ အဖော်ပြုရတာ"

ထို့နောက် မိုးကောင်းတပ်များသည် ဆင်ကန်ဘက်သို့ ထွက်ခွာသွားကြသည်။

"ပိုလ်ရွှေထီးဆိုတာ ကျွန်တော်က ရှမ်းမြန်မာပဲ မှတ်နေတာ။ လက်စသတ်တော့ ဝေသာလီကိုး။ မိုးကောင်းမှာ ဝေသာလီတွေ အများကြီး ရှိသလား"

ကိုသူရက ဝေး၍သွားသော ဖုန်လုံးများကိုကြည့်ရင်း ဦးနောင်ရှမ်းကို မေးလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"တို့ဆီက ကသည်း ပေါတာပကွယ်။ ဝေသာလီနဲ့ ကပ်နေတာပဲ။ ကသည်းရွာချည်း သုံးရွာရှိတယ်။ မပောင်းရယ်၊ ရွာသစ်ရယ်၊ အင်း နောက်တစ်ရွာက ဘာပါလိမ့်၊ အေးရွာသစ်ရယ်။ မောင်ရွှေထီးက မပောင်းရွာသားပကွယ်။ မပောင်းရွာက လူတွေက ကွာဆာရီ စကားပြောတယ်"

"ကွာဆာရီ ဆိုတာ ဘာလဲ"

"အာသံ စကားတစ်မျိုးပကွယ်"

"အင်းလေ ကျွန်တော်လည်း တစ်နေ့ကျရင် မဏိပူရ၊ အာသံဘက်ရောက်ချင်ရောက်မှာပဲ။ ဒါမှမဟုတ် တရုတ်ပြည်ဘက် ရောက်မှာပဲ"

ကိုသူရက သူ့ကိုယ်သူ ပြောသကဲ့သို့ ပြောသည်။ ဦးနောင်ရှမ်းက ကိုသူရ၏ စကားနောက်ကို မလိုက်ဘဲ ဗိုလ်ရွှေထီးအကြောင်း ဆက်ပြောသည်။

"ပြောလို့ပြောတာ မဟုတ်ဘူးနော်၊ မောင်ရွှေထီး အတော်သတ္တိကောင်းတယ်။ တဖွတ်ထိုးလည်း လုပ်တယ်။ သောက်တာကလည်း အလွန်ပဲကွယ့်။ တို့များ သောက်တယ်ဆိုတာ၊ မောင်ရွှေနီတို့ သောက်တယ်ဆိုတာ သူ့ကို ဘယ်မီမလဲ။ ဟန်တော့ ကျတယ်။ မောင်ဖိုးစောက ကြံ့ရည်ဖန်ရည် ရှိတယ်။ ချင့်ချင့်ချိန်ချိန် လုပ်တတ်တယ်။ သူ့အဖေ ကိုကုလားရဲ့ ခြေရာကို ကောင်းကောင်းနင်းမဲ့ သားပဲကွယ့်။ ဟန်ကျပါတယ်။ သူတို့နှစ်ယောက် တွဲမိတာ တစ်နေ့ကျရင် ကောသမ္ဗီနိုင်ငံ ကြီးမြင့်လာဖို့ပဲကွယ့်"

"ကောသမ္ဗီနိုင်ငံဆိုတာ ဘာလဲ"

ဤအခါတွင် ဦးနောင်ရှမ်းသည် ကိုသူရကို ကောသမ္ဗီနိုင်ငံတော်အကြောင်း မမောနိုင် မပန်းနိုင် ပြောကြားလေတော့သည်။ ကိုသူရသည် ဦးနောင်ရှမ်း၏ ကောသမ္ဗီနိုင်ငံတော်ကို စိတ်မဝင်စားပါ။ အဘိုးကြီးပြောသမျှကိုလည်း အကုန်အစင် မကြားပါ။ သူက ဆေးဆရာကြီး၏ မျက်နှာကို စူးစိုက်၍ ကြည့်ရင်း စိတ်သည် တခြားသို့ လွင့်ပါးလျက် ရှိသည်။

ဝိုင်းကွဲသောအခါ နေရောင်ပျောက်ပြီ။ ဦးနောင်ရှမ်းနှင့် အဖော်နှစ်ဦးသည် သီချင်းတကြော်ကြော် အော်၍ ကြိုးကြာရွာဘက်သို့ ပြန်သွားကြသည်။ ကိုလူကြီးသည် ထမင်းစူးနေရာမှ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသွားသဖြင့်...

"ကိုသူရ၊ ကိုသူရ"

"ဘာများလဲဗျ၊ မထိတ်သာ မလန့်သာ"

"ခင်ဗျားကို နန်းခင်က ထမင်းစား ခေါ်ထားတယ်လေ"

"ဒါများဗျာ၊ အလန့်တကြား။ ကျုပ်က လူဆိုးတွေများ လာပြန်ပြီလားလို့"

"နန်းခင် စောင့်နေလိမ့်မယ်"

"အခုလောက်ဆို သူတို့ စားပြီးကြရောပေါ့။ မိုးချုပ်ပြီပဲ"

"ကိုသူရ သွားဖို့ ကောင်းတယ်နော်၊ နန်းခင်က ဘယ်ယောက်ျားကိုမှ အရေးတဝင် လုပ်တာ မဟုတ်ဘူး"

"သူက ဘာမို့တဲ့။ ဘုရင့်သမီးမို့လား"

"မဟုတ်ဘူးလေ၊ သူကမိန်းမကြမ်းဗျ၊ သူ မထင်ရင် မထင်သလိုဘဲ"

"ကျုပ်ကို နန်းခင်အကြောင်း ဒီလောက်ပြောနေပုံ ထောက်တော့ သူ့ကို ခင်ဗျား ကြိုက်နေပြီနဲ့ တူတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"အံ့နော်နော၊ မလုပ်ပါနဲ့ကော။ သူကြားရင် စားနဲ့လာခုတ်နေပါ့မယ်။ နန်းခင်က ငယ်ငယ်လေးကတည်းက ကျုပ်ကို နိုင်လာတာ။ ကျုပ် သူ့ကို မမှန်းရဲပါဘူးနော်"

"ကျုပ်ပြောပေးမယ်လေ"

"ခင်ဗျားစကားကိုတော့ သူနားထောင်မှာပါ။ နို့ပေမယ့် မပြောလိုက်ပါနဲ့နော်၊ ကျုပ် ကြောက်လွန်းလို့ပါ"

ကိုလူကြီးက ရှိုးဦးတင်မတတ် တောင်းပန်နေသဖြင့် ကိုသူရမှာ သဘောကျစွာ ရယ်မောနေမိသည်။ ထို့နောက် ကိုသူရသည် ခြင်းတောင်းထဲတွင် တဖျပ်ဖျပ်ခုန်နေသော ငါးများကို ကြည့်ရင်း…

"ကနေ့ ဘာငါးတွေ ရသလဲ"

"ငါးသိုင်းပဲပ"

"အေးဗျာ၊ ကျုပ်ကလည်း ရော်ပါတယ်။ ငါးဆို ဘာငါးမှ မသိဘူး။ မှတ်ထားလည်း မေ့သွားတာပဲ။ ကိုင်လည်း မကိုင်ရဲဘူး။ အဲ ပြောပါဦး ဘယ်လောက်သား အုပ်လဲ"

"သုံးဆယ်သားအုပ်"

"ခင်ဗျားတို့ဆီက အဆန်းသား ငါးကို ချိန်မရောင်းဘူး။ အကောင် ဘယ်လောက်ဆိုပြီး ရောင်းတာပဲ။ တစ်နေ့မိတဲ့ ငါးတွေကလည်း တစ်ကောင်နဲ့ တစ်ကောင် ရွယ်တူတွေချည်းပဲကိုး"

"သူတို့က တစ်ခါတည်း ပေါက်လာကြတာကိုး။ လျှောဆည်မှာ အုပ်လိုက်တိုးတော့ ငါးသိုင်းဆို ငါးသိုင်း၊ သုံးဆယ်သားဆို သုံးဆယ်သားချည်းပ"

"ဆန်းပေတယ်ဗျာ"

"ကိုသူရဆို့ဆီက ငါးတွေမှာ အပေါ်သွား မရှိဘူးဆို"

"ကျုပ်ဖြင့် သတိမထားမိပေါင်၊ ခင်ဗျားတို့ဆီက ငါးတွေကော ရှိရဲ့လား"

"ရှိတာပ၊ သေသေချာချာ ကြည့်ပါလား၊ အပေါ်မှာ သွားနှစ်ချောင်းဟာ လူသွားနဲ့ ဘယ်လောက် တူသလဲ၊ ပြီးတော့ ကွမ်းစားထားလို့ မည်းနေတာလေ"

"ဘုရားရေ၊ ခင်ဗျားတို့ငါးတွေက ကွမ်းစားသလား"

"အခုတော့ မစားတော့ဘူးပ"

"ဘယ်တုန်းကစားသလဲ"

"ဟိုတုန်းကပ။ ကိုသူရက အင်းတော်ကြီးသမိုင်း မကြားဖူးဘူး မှတ်တယ်"

"ဘယ်ကြားဖူးမလဲ"

"ကျုပ်လည်း ပြောမပြတတ်ဘူး။ ဆရာကြီးကို မေးကြည့်။ နားထောင်လို့တော့ သိပ်ကောင်းတာပဲ။ ကောသမ္ဗီနိုင်ငံတော်ကြီး ရေအောက်မြုပ်သွားတော့ တိုင်းသူပြည်သားတွေ အားလုံးသေကုန်ကြီး ငါးဖြစ်နေကြတာလေ။ ကြိုးကြာငါးရာလည်း တစ်ခါတည်း ပြန်ပြေးရော။ အေး နောက်ပြီး မသစ္စာက"

"ခင်ဗျားဟာက ဘာတွေမှန်းလဲ မသိဘူး။ မပြောတတ်ရင်လည်း မပြောပါနဲ့ဗျာ"

"ကျုပ် မပြောတတ်ဘူးလို့ ပြောသားပဲကော။ ဆရာကြီးကို မမေးချင်ရင် နန်းခင်ကို မေးကြည့်"

"ခင်ဗျားဆရာကြီးက ကျုပ်ကို စောစောကပြောတော့ အပြောသားပဲ။ ကောသမ္ဗီနိုင်ငံ ဘာဖြစ်ဆိုလားပဲ။ ကျုပ်လည်း စဉ်းစားနေတာနဲ့ မကြားလိုက်ဘူး"

"ကိုသူရ ဘာတွေ စဉ်းစားနေသလဲ"

"ဒီလိုပါပဲ"

"နန်းခင် အကြောင်းလား"

MMCYBERMEDIA
COMMUNITY FOR ALL

"မဟုတ်ပါဘူး"

"နန်းခင်ဆီ မသွားတော့ဘူးလား"

"ကနေ့တော့ မိုးချုပ်ပါပြီ"

"မနက်ဖြန်ကျရင်ကော"

"အဆင်ကြည့်လို့ပေါ့ဗျာ။ ကျုပ်က နန်းခင်ထက် မထုံးရီကို တွေ့ချင်နေတာ။ အေးလေ၊ နန်းခင်နဲ့တွေ့ရင်လည်း မထုံးရီအကြောင်း နည်းနည်းပါးပါး ကြားရကောင်းပါရဲ့။ သွားတော့ သွားသေးတာပေါ့"

## အခန်း -၃၇-

"မောင်ကြီး သူရ ရေကူးမလား"

"အောင်မလေး။ ချမ်းက ချမ်းပါဘိသနဲ့"

"နွေခေါင်ခေါင်ကြီးတောင် ချမ်းနေရင် မိုးတွင်းဆောင်းတွင်းဆိုရင် ဘယ့်နှယ်လုပ်ပ"

"ဆောင်းတွင်း မိုးတွင်းဆိုရင်တော့ ချမ်းလို့ အေးလို့ သေမှာပဲ။ အမိတို့ရေက နွေခေါင်ခေါင်မှာတောင် ခြေဖျားလက်ဖျားကလေးနဲ့ ထိတာတောင် တစ်ကိုယ်လုံး ကျဉ်သွားတယ်။ သွေးတွေခဲသွားသလား အောက်မေ့ရတယ်ဗျ"

"နို့ဖြင့် မောင်ကြီး ဒီရောက်ကတည်းက ရေမချိုးသေးဘူးလား"

"ကိုလူကြီးက အတင်းခေါ်လို့ တစ်ခါတည်း ချိုးသေးတယ်။ တစ်ခါတည်း လန့်သွားတယ်"

"ချောင်းလေးခွမှာလား"

"အင်း"

"ဘယ်နေ့ကလဲ"

"ဟို ညနေပြီး နောက်တစ်နေ့ပေါ့"

"နို့ဖြင့် မောင်ကြီး ရေမချိုးတာ သုံးရက်ရှိပြီပ။ လာဒီနေ့ ကူးကြရအောင်"

"ချမ်းတယ်"

"မချမ်းပါဘူး။ ချိုးလိုက်ရင် နွေးသွားမှာပဲ"

"နေပါစေကွယ်။ နို့ပြီးတော့ ကျုပ်မှာ ရေသနပ်မှ မပါဘဲ"

"နန်းခင်တို့ဆီမှာ ဒီအတိုင်း ချွတ်ချိုးကြတာပဲ"

"ယောက်ျားရော၊ မိန်းမရောလား"

"အေးပေါ့ကော"

"ကျုပ်တို့တော့ မချိုးရဲပေါင်ဗျာ"

"မောင်ကြီးမှာက ဘာရောဂါတွေ ရှိလို့လဲ။ ပေါင်မှာ ပွေးတွေရှိလို့လား"

"မရှိပေါင်ဗျာ"

"နန်းခင်တို့ဆီမှာ အတွင်းနာရှိတဲ့လူတွေသာ အဝတ်နဲ့ရေချိုးတာ"

"ဒုက္ခပါပဲ"

"မောင်ကြီး ရေကူးမယ် မဟုတ်လား"

"ယောက်ျားတွေနဲ့ မိန်းမတွေ အတူတူ ရေချိုးကြသလား"

"တခြားစီပ၊ ဟိုဥစ္စာက ယောက်ျားတွေ။ ဟိုဘက်က မိန်းမတွေ"

MMCYBERMEDIA
COMMUNITY FOR ALL

"တော်ပါသေးရဲ့"

"သမီးရည်းစားတို့ လင်မယားတို့ဆိုရင်တော့ ဟောဒီကွေ့တွေမှာ လာပြီးကူးကြတယ်။ ဟောဟိုမှာကြည့် နန်းခင်တို့ရှေ့မှာ အတွဲတစ်တွဲ ရေကူးနေကြတယ်"

ကိုသူရက လှမ်းမျှော်ကြည့်လိုက်သည်။ ရေကိုမမြင်ရ။ ပစောက်သဏ္ဍာန် ကမ်းပါးကွေ့တွေကိုသာ မြင်ရသည်။ ကမ်းပါးထက်တွင် အဝတ်ပုံနှစ်ပုံ ရှိသည်။

"ရေကူးတဲ့လူတွေဟာ အဝတ်ကို အခုလို အပေါ်မှာ ချွတ်ထားခဲ့ကြတယ်။ ဒါမှ တခြားလူတွေက ရှောင်သွားနိုင်ကြမှာ မဟုတ်လား"

"ဒုက္ခပါပဲ"

"ဟိုရှေ့က အကွေ့မှာ ဘယ်သူမှ မရှိဘူး။ ကူးကြမလား"

"နေ့လယ်နေ့ခင်းဆို တော်သေးတယ်။ အခုတော့ ချမ်းလှပါတယ်"

"နို့ဖြင့် နေ့လယ်ကျမှ ကူးကြမယ်လေ။ အတော်ပဲပ။ မောင်ကြီးသူရက တောင်ပေါ် သွားချင်တယ်ဆို။ အခုသွားကြတာပ။ အပြန်ကျရင် မောတာ ဒိုက်တာနဲ့ အတော်ပဲ။ ရေဆင်းကူးလိုက်ရင် သိပ်အရသာရှိမှာပ"

"ဟုတ်တယ် တောင်ပေါ်သွားကြရအောင်"

ကိုသူရက နေကို မော့ကြည့်ရင်း ပြောလိုက်သည်။ သူ့စကားကြောင့် နန်းခင်ပျော်သွားပုံရသည်။ မျက်နှာလန်းသွားသည်။

"ချောင်းကို ဘာနဲ့ကူးကြမလဲ။ လှေရှိသလား"

"ရှိတာပ။ အနောက်အိမ်မှာ ရှိတယ်။ ဒါပေမယ့် မောင်ကြီးနမတို့ ဒီအတိုင်း ကူးရအောင်"

"အဝတ်တွေ ချွတ်ပြီးတော့လား"

ကိုသူရက မျက်လုံးပြူး၊ မျက်ဆန်ပြူး မေးလိုက်သည်။ နန်းခင်က တခစ်ခစ်ရယ်မော၍...

"အံ့နော်နော ဖြစ်နေလိုက်တာ။ မောင်ကြီးတို့ ဗမာတွေက အဝတ်ချွတ်ရမှာ တယ်ကြောက်တာကော။ အဝတ်မချွတ်ရပါဘူး မောင်ကြီးရဲ့။ ဟိုရှေ့ သုံးလေးကွေ့လောက်မှာ ရေတံခွန် ရှိတယ်။ မောင်ကြီးနားထောင်ပါလား။ ရေကျသံကြားရတယ် မဟုတ်လား။ အဲဒီမှာ ကျောက်ဆောင်တွေပေါ်ကနေပြီး ချောင်းဟိုဘက် သည်ဘက် ဒီအတိုင်း ဖြတ်သွားလို့ရတယ်"

"ရေတံခွန် ရှိတယ်၊ ဟုတ်လား နန်းခင်၊ ဒါဖြင့် သွားကြရအောင်။ တို့က ကုန်းခေါင်ခေါင်က လာတဲ့လူတွေဆိုတော့ ရေတံခွန်ဆိုရင် နွားတင်ရေကျပဲ"

သို့ဖြင့် ကိုသူရနှင့် နန်းခင်သည် ရေတံခွန်ဆီသို့ လျှောက်သွားကြသည်။

ညက ထမင်းစား ဖိတ်ထားသည်ကို မသွားဖြစ်ခဲ့သဖြင့် ကိုသူရသည် နောက်တစ်နေ့ နံနက်စောစောတွင် နန်းခင်တို့အိမ်သို့ သွားခဲ့သည်။ အားလုံးကပင် လှိုက်လှိုက်လှဲလှဲ ဆီးကြိုကြသည်။ ဒေါ်စောရုံက အရေးတယူပြောဆိုသည်။ နန်းခင်က အနီးတွင် ပွတ်သီနေသည်။ နန်းရင်ကမူ ရှက်ရွံ့သလို ရှိသည်။ ကိုသူရကို ငေးစိုက်၍သာ ကြည့်နေတတ်သည်။ ကိုသူရက တစ်ခုခုမေးလိုက်လျှင် လန့်သွားသည်။

မျက်နှာရဲသွားသည်။ ယင်းကြောင့် ကိုသူရပင်လျှင် နန်းရင်ကို ကြောက်သလိုရှိမိသည်။ ကိုသူရသည် နန်းခင်တို့အိမ်သို့ ယခုမှပင် ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ အခင်းဖြစ်ပွားသည့် ညနေကမူ သူသည် နန်းခင်တို့အိမ်တွင် လိုက်၍ တည်းဦးမည်ပင် ရှိခဲ့သည်။ သို့သော် ဒေါ်ပြုံးရှင်က သူမတို့ အိမ်တွင် မိန်းမရွယ်မရှိဟု ဆိုသဖြင့် ထိုအိမ်သို့ ပါသွားသည်။ သည့်နောက်တွင်လည်း အခြေအနေတွေက တစ်မျိုးဖြစ်ခဲ့သဖြင့် နန်းခင်တို့အိမ်သို့ အလည်အပတ်ပင် သူက မရောက်ရှိခဲ့ဘဲ ဖြစ်ရသည်။ သူနှင့်တူသည်ဆိုသော အမျိုးသမီးသည် နန်းခင်တို့ ဖခင်နှင့် တစ်ရပ်တစ်ပါးသို့ ထွက်သွားကြသည်။ သည့်အတွက် သူက စိတ်မကောင်းခြင်း၊ အားနာခြင်းရှိသည်။ သူတို့နှင့်တွေ့လျှင် ဘာတွေ ပြောရမှန်းမသိ ရှိသည်။ နောက်ပြီး သူသည် ဦးနောင်ရှမ်းကို စိတ်ဝင်စားလျက် ရှိသဖြင့် ဤရက်များအတွင်း ဦးနောင်ရှမ်းနောက်သို့ လိုက်နေသည်။ ကြက်ဝိုင်းများ၊ အရက်ဝိုင်းများ၊ ကြွေဝိုင်းများတွင် အချိန်ကုန်ခဲ့ရသည်။ နောက်တစ်ကြောင်းကတော့ သူ့တွင် သွားစရာ၊ လာစရာများ ရှိသေးသဖြင့် မိန်းမရွယ်များနှင့် အပေါင်းအကူး မပြုလုပ်လိုပေ။ အမျှင်တန်းမည်ကို သူစိုးရိမ်သည်။ သို့ဖြင့် သူသည် ဦးနောင်ရှမ်းနောက်သို့ မလိုက်သည့်အချိန်တွင် ချောင်းလေးခွတွင်သာ အနေများခဲ့သည်။ သို့သော် ကိုလူကြီး၏ တံငါလုပ်ငန်းတွင် မည်သို့မျှ အကူအညီမပေးတတ်သော်လည်း စိတ်ဝင်စားစွာ လိုက်ပါကြည့်ရှုခဲ့သည်။

သို့သော် နန်းခင်ကမူ သူ့ဆီသို့ မပြတ်လာရောက်သည်။ တောင်စကား၊ မြောက်စကား ပြောဆိုသည်။ အရေတဝင်လုပ်သည်။ သူမတို့အိမ်သို့ လာရောက်ရန် ဖိတ်ခေါ်သည်။ သူက အကြောင်းပြ၍ မသွားရောက်ဘဲ နေခဲ့သည်။ နောက်ဆုံးတွင် ဒေါ်စောရုံက ထမင်းစားဖိတ်သည်ဟု ပြောသောအခါ သူ့မှာ မငြင်းသာတော့ချေ။ သို့တိုင် ထိုညက မသွားဖြစ်ဘဲ ရှိခဲ့ရသည်။ ကနေ့မနက်မှ လက်ဖက်ရည်သောက်အပြီး လာခဲ့ရသည်။

နန်းခင်တို့အိမ်သို့ရောက်သောအခါ သူထင်သလို အနေမကျို့ချေ။ ဒေါ်စောရုံသည် တစ်ရှုံ့ရှုံ့ ငိုနေသည် မဟုတ်။ ပြုံးရွှင်စွာ ဆီးကြိုသည်။ ဤအမျိုးသမီးကြီး၏ မျက်နှာသည် ကျက်သရေရှိလှသည် ဟု သူ့စိတ်ထဲတွင် အောက်မေ့မိသည်။ ဤအမျိုးသမီးကြီးသည် သူ့အမေဖြစ်လျှင် မည်မျှကောင်းမည်နည်း ဟုလည်း သူ့စိတ်ထဲတွင် တွေးထင်မိသည်။ ဒေါ်စောရုံသည် သူ့ယောက်ျားအကြောင်းကို တစ်ခွန်းတစ်ပါဒမျှ မပြော မဆိုချေ။ အာလာပ သလ္လာပသာ ပြောဆိုသည်။

"မောင်သူရက ဘယ်အရပ်ကလဲကွယ့်"

"အလုံကပဲ ဆိုပါတော့ ဒေါ်ဒေါ်"

"မောင်သူရပြောတာ တို့များနားမလည်ပါကော"

"ကျွန်တော်ငယ်ငယ်က အလုံမှာနေပါတယ်၊ ကြီးတော့ ရတနာပုံမှာနေပါတယ်"

"သြ သြ၊ မောင်သူရမိဘတွေကော ဘာလုပ်သလဲ"

"မိဘများက မရှိတော့ပါဘူး၊ ငယ်ငယ်ကတည်းက မွေးစားမိဘများဆီမှာ နေပါတယ်"

"သြ သြ"

ထို့နောက် ကိုသူရကို နံနက်စာအဖြစ် တည်ခင်းကျွေးမွေးကြသည်။ ဤတွင် သူသည် ပြောင်သားကို ပထမဆုံး စားဖူးခြင်း ဖြစ်သည်။ ဆီတို့ဟူး ဆိုသည်ကို မြည်းဖူးခြင်း ဖြစ်သည်။ မုန်ညင်းနှင့် ငါးမီးအုံးကိုကား ဦးချွန်းတို့ထံတွင် စားဖူးပြီး ဖြစ်သည်။ ထမင်းစားပြီးသော် ကြက်မောက်သီးများ ပေးသည်။ တရုပ်ပြည်ကလာသော တယ်သီးခြောက်များ စားရသည်။ ထန်းလျက်စားရသည်နှင့် တစ်မျိုးစီ ဖြစ်သည်။

ဒေါ်စောရုံက ဦးနွဲ့မွန်နှင့် မထုံးရီ အကြောင်းကို မပြောသော်လည်း သားနှစ်ယောက်အကြောင်း ပြောလေသည်။ နေပုံထိုင်ပုံတွင် မောင်သူရနှင့် မောင်ရွှေဝါ တူသည်ဟုပြောသည်။ နိဂုံးတွင် မောင်သူရကို သူမ၏ သားအရင်းပမာ ခင်မင်ကြောင်းပြောဆို၍ ခေါင်းရင်းခန်းသို့ ထသွားသည်။

မောင်သူရလည်း ရွာ၏ အနောက်ဘက်နှင့် မြောက်ဘက်ကို မရောက်ဘူးကြောင်း ပြောဆို၍ လျှောက်ကြည့်ဦးမည် ဆိုသည်။ ဤတွင် နန်းခင်က သူမ လိုက်ပို့မည်ဟု ဆိုသည်။ ကိုသူရ သွားချင်လျှင် ကြိုးကြာတောင် အထိသွားကြမည်ဟု ပြောသည်။ နန်းရင်လည်း လိုက်ချင်ပုံရသည်။ သို့ရာတွင် ဘာမျှမပြောပဲ ကျန်ရစ်ခဲ့သည်။ ခါတိုင်း အင်မတန်သွက်သော နန်းရင်သည် ယခု မထုံတက်သေး ရှိနေသည်။ သို့သော် နန်းခင်သည် ကိုယ့်ညီမ အမူအယာပြောင်းနေသည်ကို သတိမထားမိ။ ကိုယ့်ဇောနှင့် ကိုယ်ဖြစ်သည်။

"မောင်ကြီးတို့ဆီမှာ တောင်တွေ မရှိဘူးလား"

ရေတံခွန်ကို ကူးဖြတ်ရင်း နန်းခင်ကမေးသည်။

"ရှိပါတယ်"

ကိုသူရက စကားသိပ်မပြောနိုင်။ သူက သတိထား၍ ကူးဖြတ်နေရသည်။ အချို့ ကျောက်တုံးများသည် ရေညှိများစိမ်းနေသဖြင့် ချော်ကျမှာ စိုးရသည်။ ကျလိုက်လျှင် အသေပင် ဖြစ်သည်။ အချို့ကျောက်တုံးများက ပွယောင်း ကွဲအက်နေသည်။ အစွန်အဖျားနင်းမိလျှင် ပဲ့ကျ၍ လူပါ အောက် ရောက်သွားမည်ဖြစ်သည်။ အချို့နေရာများတွင် လှမ်းခုန်ရသည်။ နန်းခင်သည် အလှမ်းကွာသော ကျောက်တုံးတစ်ခုမှ တစ်ခုသို့ ပေါ့ပါးစွာ လှမ်းခုန်သွားသည်။ ကိုသူရ တစ်ယောက်တည်းဆိုလျှင် ခုန်မိချင်မှ ခုန်မိပေမည်။ ယခုတော့ သူ့ရှေ့မှ အမျိုးသမီးတစ်ယောက်က ခုန်သွားတော့ သူပါ လိုက်ခုန်ရသည်။ အချို့နေရာတွင် ခြေသလုံးတစ်ဝက်လောက် ရှိသော ရေအနက်ကို ဖြတ်သွားရသည်။ ခြေဖဝါးကို ရေထိရုံနှင့် တစ်ကိုယ်လုံး အေးစိမ့်သွားသည်။ တစ်ထွာတစ်တောင်လောက်သာ နက်သော်လည်း ရေစီးကျတော့ အလွန်သန်သည်။ သို့ရာတွင် သူက ယောချောင်းကို ဖြတ်ဖူးသဖြင့် ရေစီးကိုတော့ မကြောက်ချေ။

တစ်ဖက်ကမ်းသို့ရောက်မှပင် ကိုသူရသည် သက်ပြင်းချနိုင်တော့သည်။ တစ်ဖက်ကမ်းသို့ ပြန်၍ ကြည့်သည်။ သူဖြတ်ခဲ့သော ရေတံခွန်သည် အကြည့် အမြင်တွင် အင်မတန် လှပသည်။ သာယာသည်။ လက်တွေ့ တစ်ကယ်ဖြတ်ခဲ့ချိန်ကတော့မှ လှပသလောက် ကြောက်စရာ ကောင်းလှသည့်ခရီး ဖြစ်သည်။ ထို့နောက် ကိုသူရသည် ပစောက်ကွေ့များကို ကြည့်သည်။ ကွေ့သုံးလေးခုတွင် လွတ်လွတ်လပ်လပ် ရေကူးနေသူများကို မြင်ရသည်။ သူက ရုတ်ချည်း မျက်နှာလွှဲလိုက်သည်။ နန်းခင်ကို မကြည့်ရဲပဲ ရှိသည်။ နန်းခင်က မည်သို့မျှ အမူအယာ ပျက်ယွင်းခြင်း မရှိ။ သူ့အဖို့မူ ဤအမူသည် ကွေ့ကောက်သော ဒုစရိုက်မှု မဟုတ်ချေ။ ပွင့်လင်းသော လူမှုရေးတစ်ရပ်သာ ဖြစ်သည်။ ရှက်ခြင်း၊ ကြောက်ခြင်းဆိုသည်မှာ ရိုးသားပွင့်လင်းမှုကို အခြေခံပေသည်။ ကိုသူရသည် ရင်များတုန်နေသည်။ ခြေလှမ်းများ မမှန်ပဲ ရှိသည်။ ယင်းကြောင့် ဤတစ်ကြိမ်တွင်တော့ သူက စကားစမှပဲ ဟုကြံ၍...

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီဘက်က ကြည့်မှ နန်းခင်တို့တောင်က ငှက်တစ်ကောင် နားနေတာနှင့်တူတာကိုး၊ အဲဒါကြောင့် ကြိုးကြာတောင်လို့ ခေါ်တာလား"

"ဘယ်ဟုတ်မလဲကော၊ အရင်တုန်းက ဒီတောင်မှာ ကြိုးကြာ ငါးရာရှိတယ်၊ မသစ္စာ သစ္စာဖောက်ကတည်းက ကြိုးကြာတွေ ထပျံသွားတာ၊ တစ်နှစ်မှ တစ်ခါ အင်းဘုရားဖူးပဲ လာကြတော့တယ်"

"လာပြန်ပြီ တစ်ယောက်၊ မနေ့ကလည်း ဦးနောင်ရှမ်းက ကောသမ္ဘီ နိုင်ငံအကြောင်း ပြောသွားတယ်၊ အခုလည်း အမိက မသစ္စာအကြောင်း ပြောပြန်ပြီ၊ ဘယ်က မသစ္စာလဲ"

"မောင်ကြီးက ကြိုးကြာတောင် အကြောင်း မေးတာကိုး၊ ဆရာကြီး ပြောတဲ့အထဲမှာ မသစ္စာအကြောင်းကော မပါဘူးလား၊ ကောသမ္ဘီနိုင်ငံအကြောင်း ပြောရင် မသစ္စာအကြောင်း မပြောလို့ ဘယ်ဖြစ်မလဲ၊ ဒီနှစ်ခုက ဆက်နေတာကော"

"ဟုတ်လား၊ ဒါဖြင့်ပြောစမ်းပါဦး၊ မနေ့က ဆရာကြီး ပြောတုန်းက ကောင်းကောင်း သတိမထားလိုက်မိဘူး၊ မသစ္စာနှင့် ကောသမ္ဘီနိုင်ငံ အကြောင်း ပြောစမ်းပါဦး "

နန်းခင်က သူမ ကြားဘူးသမျှ ပြောသည်။ အပြောမကျင်လည်သဖြင့် တောင်တစ်စ မြောက်တစ်စ ဖြစ်နေသည်။ ဟိုကျော် ဒီကျော်နှင့် ဖြစ်သည်။ ကိုသူရက နားမရှင်းသည်များကို ခဏခဏ ဖြတ်၍ မေးရသည်။ တဖြည်းဖြည်းနှင့် ဇာတ်ရည်လည်ရသည်။

"ဒါဖြင့် နန်းခင်တို့ဆီမှာ အနှစ် အစိတ်လုံးလုံး သစ္စာရှိရှိနှင့် စောင့်နေတဲ့ မိန်းမ မရှိဘူးပေါ့"

"ဘာဖြစ်လို့လဲ"

"အခုထက်ထိ ဒီတောင်မှာ ကြိုးကြာတွေ မနားဘူးဆိုတာကိုး"

"ဟုတ်မှာပ၊ နန်းခင်ဆိုရင်တော့ အနှစ် အစိတ် မဟုတ်ဘူး၊ နှစ် နှစ်ရာ့ငါးဆယ်ဆိုလည်း စောင့်မှာပဲ"

"အနှစ် နှစ်ရာ့ငါးဆယ် နေရမှာမှ မဟုတ်ဘဲ"

"အနှစ် နှစ်ရာ့ငါးဆယ် မနေရလဲ နေရသလောက် မသေမချင်း စောင့်မှာပ"

နန်းခင်က ယင်းသို့ပြောရင်း မနင်းမြူ၏ မျက်နှာကို မြင်မိသည်။

"ဒါဖြင့် နန်းခင်မှာ စောင့်ရမယ့် လူ ရှိနေပြီပေါ့"

"အံ့နော်နော၊ မရှိပါဘူး"

အမျိုးသမီးက ပျာပျာသလဲ ဖြေ၍ သူတစ်ဖက်လှည့် ပြုံးမိသည်။

သူတို့သည် တောကောင်များ တိုးရာ လမ်းအတိုင်း တောင်ပေါ်သို့ တက်ခဲ့ရာ တောင်စွယ်တစ်ခုသို့ ရောက်ရှိလာကြသည်။ သူတို့ရောက်ရှိနေသော နေရာထက် အဆင့်ဆင့် မြင့်သော တောင်ထိပ်များလည်း ရှိနေပေသေးသည်။ ယင်းတောင်ထိပ်များ မဆိုထားနှင့် ယခုတောင်ထိပ် မှာပင် လှပသော ရှုခင်းကို တမျှော်တခေါ်ကြီး မြင်တွေ့နေရသည်။ လယ်ကွင်းပြင်များသည် အပြန့်အပြော ကျယ်သော လွင်ပြင်ကြီးအဖြစ် ရှိနေသည်။ လယ်ကွင်းများဆုံးလျှင် တောများရှိနေသည်။

တောသည် မြင့်ချည်နိမ့်ချည် ဖြစ်သည်။ နိမ့်သောနေရာတွင် အနည်းငယ် ပို၍ မှိုင်းနေသည်။ တောင်ခါးပန်းများသည် နေရောင်ဖြင့် တောက်ပနေသည်။ ချောင်းငယ်၊ မြောင်းငယ်များသည် တောင်ကိုပတ်၍ တောကိုဖြတ်၍ အကွေ့ကွေ့ အကောက်ကောက် စီးဆင်းနေကြသည်။

"ဟိုမှာ ကွက်လပ်ကြီး တစ်ခုပါလား၊ ရွာကလူတွေ အဲဒီမှာထင်းခုတ်ကြတယ် ထင်တယ်"

ကိုသူရက အနောက်ဘက်တောင်စောင်းတစ်ခုကို လက်ညှိုးထိုး၍ ပြောသည်။

"ထင်းခုတ်တာ မဟုတ်ဘူး မောင်ကြီးရဲ့။ တောင်ယာလုပ်ဖို့ တောရှင်းထားတာ၊ ထင်းအတွက်တော့ ဘယ်သူက ဒီလောက် အပင်ပန်းခံပြီး တောင်ပေါ် တက်ခုတ်ပါ့မလဲ၊ လွင်တောမှာပဲ ခုတ်မှာပ"

"ကချင်တောင်ယာ ဆိုတာလား"

"အေးပ"

"အဲဒီမှာ ကချင်တွေ ရွာရှိသလား"

"ကချင်မတစ်ယောက် ရှိတယ်၊ ဟောဒီ သစ်ပင်နှစ်ပင်ကြားက ကြည့်ရင် မြင်ရတယ်၊ ချောင်းဟိုဘက်မှာ သူ့အိမ်တွေ့လား"

"သူတစ်ယောက်တည်း နေတာလား"

ကိုသူရက တအံ့တသြမေးသည်။

"သူ့သားရှိတယ်"

"ဘယ်အရွယ်လဲ"

"သုံးလသား"

"ပေါက်စလေးပေါ့"

"အင်းပ၊ ပေါက်စလေးဆိုပေမယ့် သူ့ဟာသူ မှောက်တတ်လှန်တတ်နေပြီ"

"အို၊ ဒါဘာဆိုင်လဲ၊ ဘာလုပ်တတ်သေးတာမှတ်လို့၊ နို့စို့ကလေးပဲ၊ ကချင်မက ဘာပြုလို့ အဲဒီအိမ်မှာ တစ်ယောက်တည်း နေတာလဲ၊ သူ့ယောက်ျားက ဘယ်မှာလဲ"

ကိုသူရက သိချင်ဇောဖြင့် မေးခွန်းများ တရစပ် ထုတ်သည်။ ဤတွင် နန်းခင်က ကိုရွှေနီတို့ ညီအစ်ကို ဆင်ဖမ်းထွက်သည့် အကြောင်း၊ မခေါင်ညွှယ် ချောင်းစပ်တွင် မျက်နှာမြင်သည့် အကြောင်း၊ ကိုရွှေနီတို့ ပြန်မလာမီ ကလေးမျက်နှာမြင်သည့် ချောင်းစပ်တွင် အိမ်ဆောက်သည့် အကြောင်း၊ ညီအစ်ကိုနှစ်ယောက် ပြန်လာသည့်အခါ ညီက တောင်လေးလုံးသို့ ထွက်သွားရာမှ ပျောက်ဆုံးနေသည့် အကြောင်း၊ အစ်ကိုက မခေါင်ညွှယ်၏ တောင်ယာကို မထုံးရီနှင့် အတူတူ ကူလုပ်ပေးနေရာမှ ပျောက်သွားသည့် အကြောင်းတို့ကို ပြောပြရသည်။

"မထုံးရီက မခေါင်ညွှယ်ရဲ့ တောင်ယာကို ဘာလို့ သွားကူပေးရတာလဲ"

"ဘယ်သိမလဲ ကော၊ သူနှင့် ကိုရွှေနီနှင့်က..."

နန်းခင်က စကားကို ဆက်မပြောပဲ ဖြတ်ထားလိုက်သည်။ သို့ဖြင့် ကိုသူရက...

MMCYBERMEDIA
COMMUNITY FOR ALL

"သူတို့ တချိန်တုန်းက မရှင်းမရှင်းဖြစ်ခဲ့ကြတယ် မဟုတ်လား၊ မနစ်က ဘုရားပွဲကို အတူတူ သွားခဲ့ကြတယ် မဟုတ်လား"
"မောင်ကြီး ဒါတွေ ဘယ်လိုသိသလဲနော"
"ကိုလူကြီး ပြောပြတာ"

ကိုသူရသည် မထုံးရီအကြောင်း စုံစမ်းရာတွင် လင်ယောက်ျား နစ်ဆက် ရှိခဲ့ဘူးသည့် အကြောင်း၊ ကလေးတစ်ယောက်အမေ ဖြစ်သည့် အကြောင်း၊ မုဆိုးမ ဖြစ်သည့် အကြောင်း၊ ကိုရွှေနီနှင့် ဖြစ်ခဲ့ဖူးသည့် အကြောင်းများ စုံစမ်းသိရှိခဲ့ရသည်။ သို့ရာတွင် မခေါင်ညွှယ်နှင့် ပတ်သက်သည့် အကြောင်းကိုကား မသိခဲ့ရချေ။ မခေါင်ညွှယ် အကြောင်း ကိုလည်း မကြားဘူးခဲ့ချေ။

"ဒီကောင်မ ရွာကို ပြန်လာမှ ဓားနှင့် နှုတ်နှုတ်စင်းပြီး သတ်ဦးမယ်"

နန်းခင်က ရုတ်တရက် ကြိမ်းဝါးလိုက်သည်။

"ဒီလိုလည်း မလုပ်ပါနှင့်"
"ဘာပြုလို့ မလုပ်ရမှာလဲ"
"မဟုတ်ဘူးလေ၊ မောင်ကြီးက သူ့ကို တွေ့ချင်သေးတယ် မဟုတ်လား"
"မောင်ကြီးက သူ့ကို ဘာပြုလို့ တွေ့ချင်ရတာလဲ နော"
"မောင်ကြီးနှင့် ရုပ်ချင်းဆင်တယ်ဆိုတော့ မောင်နှမများ ဖြစ်နေမလား လို့ပါ"
"မောင်နှမတော့ မဖြစ်နိုင်ပါဘူး"
"ဘာပြုလို့လဲ"
"မောင်ကြီးက ရှမ်းမှ မဟုတ်ဘဲ"
"မောင်ကြီးရဲ့ရုပ်က ရှမ်းနှင့် နည်းနည်းမှ မတူဘူးလား"
"မဆိုစလောက်တော့ တူပါတယ်"
"မထုံးရီ ကိုကော ရှမ်းလို့ တစ်ထစ်ချ ပြောနိုင်လို့လား"

နန်းခင်က နှုတ်ပိတ်နေသည်။

"ဦးနောင်ရှမ်းကို ကြည့်ရတာ ရှမ်းနှင့် မတူလှဘူး"
"ဟုတ်တယ်နော်၊ မထုံးရီဟာ ဗမာနှင့်တော်တော် တူတယ်။ နို့ပေမယ့် မောင်ကြီးနှင့် မောင်နှမ မဖြစ်နိုင်ပါဘူး"
"ဘာပြုလို့လဲ"
"မောင်ကြီးက နေပြည်တော်ကပဲ၊ အလုံကပဲ"
"မထုံးရီကကော၊ သူဘယ်အရပ်ကလဲ၊ ဘယ်သူ့အတိအကျ ပြောနိုင်လို့လဲ"

နန်းခင် အာစေး မိသွားပြန်သည်။ အတန်ကြာမှ...
"အို... မောင်ကြီးနှင့် သူနှင့်ဟာ ဘယ်နည်းနှင့်မှ မောင်နှမ မဖြစ်နိုင်ပါဘူး"
"ဘာပြုလို့လဲ"

"သူက အကျင့်ယုတ်မပဲ"
"ဒီလိုလည်း မပြောနှင့်လေ"
"ဟုတ်လို့ ပြောတာပ"
"သူ့ အကြောင်းနှင့် သူရှိမှာပ"
"နေပါဦး၊ မောင်ကြီးက ဘာပြုလို့ သူနှင့် မောင်နမတော်ချင်နေရတာလဲ"
"တော်ချင်နေတာ မဟုတ်ပါဘူး၊ မတော်တဆ မောင်နမများ ဖြစ်နေမလားလို့ပါ"

နန်းခင်က ခါးစည်းကြိုးပန်းဖွားကို လက်အဖျားနှင့် ခတ်ရင်း...
"နေပါဦး၊ မောင်ကြီးအစ်မက ပျောက်နေလို့လား"

ဤတစ်ကြိမ်တွင်တော့ ခပ်မဆိတ်ရှိသူမှာ ကိုသူရ ဖြစ်သည်။ သူက နန်းခင်ကို တစ်စုံတစ်ခု ပြောသင့်၊ မပြောသင့် ချိန်ဆနေသည်။ နန်းခင်က ထပ်၍ မမေးတော့သော်လည်း အပြောကို ငံ့လင့်သည့်အနေဖြင့် ကိုသူရကို မော့ကြည့်နေသည်။

"အစ်မပျောက်တာတော့ မဟုတ်ဘူး နန်းခင်၊ မောင်ကြီးမှာ အစ်မရှိသလား၊ ဒါမှ မဟုတ် နှမရှိသလား၊ ညီတွေ၊ အစ်ကိုတွေ ရှိသလားဆိုတာ မောင်ကြီး မသိဘူး၊ နို့ပေမယ့် ပျောက်နေတာကတော့ မောင်ကြီးရဲ့အမိနှင့် အဘပဲ"

သူက ခဏကြာမှ ခပ်လေးလေး ပြောသည်။

"မောင်ကြီးရဲ့ မိဘတွေ မရှိကြတော့ဘူးဆို"
"ဒီလို ပြောရတာပဲ နန်းခင်၊ မောင်ကြီး ငယ်ငယ်ကတည်းက အဖေနှင့် အမေကို တွေ့မှ မတွေ့ဖူးပဲကိုး။ မောင်ကြီးရဲ့ မွေးစားမိဘတွေကတော့ မောင်ကြီး မိဘရင်းတွေ သေပြီလို့ ပြောတယ်။ ငယ်ငယ်တုန်းကတော့ ယုံခဲ့တယ်၊ ကြီးလာတော့ မောင်ကြီးစဉ်းစားမိတာက တစ်ကယ်ပဲ မိရင်း၊ ဘရင်း မရှိတော့ဘူးထားဦး၊ ဘယ်သူဘယ်ဝါဆိုတာတော့ သိသင့်တယ်၊ အခုတော့ ဘာမှ ရေရေရာရာ မပြောပြကြဘူး၊ နောက်ဆုံး ကုန်ကုန်ပြောရရင် မောင်ကြီး မိဘတွေရဲ့ ဆွေမျိုးသားချင်းတွေ ဘယ်သူဆိုတာတောင် မေးလို့မရဘူး၊ ဘယ်အရပ်မှာ ဆိုတာ မေးလို့ မရဘူး၊ ဒီတော့ မောင်ကြီးဟာ ဘယ်အရပ်သားလဲ ဆိုတာတောင် မသေချာတော့ဘူး၊ မောင်ကြီးကိုမွေးတာ အလုံ ဟုတ်ချင်မှ ဟုတ်တော့မယ်၊ အလုံမှာ မောင်ကြီးရဲ့ ဆွေမျိုးတစ်ယောက်မှ မရှိပဲကိုး၊ တစ်ချို့လူတွေကို မေးကြည့်တော့ မောင်ကြီးရဲ့ မွေးစားမိဘတွေဟာ မောင်ကြီးကို တစ်နေရာကနေ အလုံကို ယူလာကြတာတဲ့၊ နို့ပေမယ့် ဘယ်ကဘယ်လို ယူလာတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ မွေးစားမိဘတွေကိုလည်း မေးလို့ မရဘူး၊ သူတို့ မပြောချင်တာကိုလဲ မောင်ကြီး အရမ်းမမေးချင်ဘူး။ သူတို့ စိတ်မဆင်းရဲစေချင်ဘူး၊ သူတို့ဟာ မိဘအရင်းတွေ မဟုတ်ပေမယ့် ငယ်ငယ်ကတည်းက ကျွေးမွေးပြုစုလာတာ မဟုတ်လား၊ ခက်တာက ခု မောင်ကြီးရဲ့ မွေးစားမိဘတွေလည်း မရှိကြတော့ဘူး၊ သူတို့က မောင်ကြီးရဲ့ အဖြစ်မှန်ကို ဘာမှ မပြောပြကြပဲနှင့် ဘဝတစ်ပါးကို ပြောင်းသွားကြပြီ၊ ခုတော့ မောင်ကြီးဟာ ဘယ်သူ့သားလဲ၊ ဘယ်မှာမွေးတာလဲ မသိရုံတင်မကဘူး၊ ဘာလူမျိုးလဲ ဆိုတာတောင် ကိုယ့်ဟာကိုယ်မသိဘူး။ ဒီတော့ မောင်ကြီးဟာ ဘယ်လိုလူတစ်ယောက်ဖြစ်နေပြီလဲ။ ဒီအချိန်မှာ မောင်ကြီးဟာ ကိုယ့်အကြောင်းကိုယ်

MMCYBERMEDIA
COMMUNITY FOR ALL

စုံစမ်းဖို့ထက် ဘာမှ အရေးမကြီးတော့ဘူး။ ဒါကြောင့်လဲ မောင်ကြီး အခုလို ထွက်လာတာပဲ။ ငယ်ငယ်တုန်းက မောင်ကြီးကို လူကြီးတွေ စဖူးတာ ရှိတယ်။

"နင်ဟာ ကချင်မသား" တဲ့။ "နင့်ကို ဆားတစ်ပိဿာ နှင့် လဲသွားတာ" တဲ့။ တစ်ချို့ကလည်း "နင်ဟာ ဗမာ မဟုတ်ဘူး၊ ရှမ်း ဂဒူး" တဲ့။ ဒီတော့ မောင်ကြီး စဉ်းစားမိတာက မောင်ကြီးမိဘတွေဟာ ရှမ်း၊ ကချင်တွေများ ဖြစ်နေမလား။ ဒါမှ မဟုတ် ကချင်တောင်နှင့် မိုးကောင်း၊ မိုးညှင်း အဆက်အသွယ်များ ရှိမလား ဆိုပြီး ထွက်ခဲ့တာပဲ။ ဒါကြောင့် မောင်ကြီးနှင့် ရုပ်တူတဲ့လူကို ရှာနေတာပေါ့။ ဦးနောင်ရှမ်းတို့ဟာ ဒီကို ဘယ်လိုပြောင်းလာမှန်း မသိဘူးဆိုလို့ မောင်ကြီး စိတ်ဝင်စားနေတာပေါ့"

"သူတို့ကတော့ မောင်ကြီးနှင့် ဘာမှ မတော်နိုင်ပါဘူး"

"ဘယ်ပြောနိုင်မလဲ၊ နန်းခင်၊ မောင်ကြီး အလုပ်က မိဘဆွေမျိုးတွေကို ရှာဖို့ပဲ။ သူတို့ လူကောင်းပဲဖြစ်ဖြစ်၊ လူဆိုးပဲဖြစ်ဖြစ်၊ ကိုယ့်မိဘဟာ မိဘပဲ။ ကိုယ့်ဆွေမျိုးဟာ ဆွေမျိုးပဲ။ ဦးနောင်ရှမ်းနှင့် မထုံးရီဟာ မောင်ကြီးနှင့် ဘာမှမတော်ဘူး ဆိုရင်လဲ မောင်ကြီးဟာ ဆက်ပြီး ရှာပုံတော်ဖွင့်ရမှာပဲ"

"မောင်ကြီး အလုပ်က မလွယ်ဘူးနော"

နန်းခင်က ဒါပဲ ပြောသည်။ အမျိုးသမီးသည် သူ့အတွက် စိတ်မကောင်း ဖြစ်နေဟန်ရှိသည်။ ဤအချက်ကို သိမြင်၍ ကိုသူရက...

"ကဲပါ နန်းခင်၊ ဒါတွေ ထားလိုက်ပါတော့၊ ခု မောင်ကြီးတို့ နေမမြင့်ခင် သွားလိုက်ကြဦးစို့။ နန်းခင်တို့ရဲ့ ကြိုးကြာတောင်ကို ကြည့်ကြရအောင်၊ မသစ္စာရဲ့ ကျောက်ယက်ကန်းစင်ကို မွန်းမတည့်ခင် အရောက်သွားကြရအောင်"

သို့ဖြင့် သူတို့သည် ထိုနေရာမှ ထွက်ခဲ့ကြသည်။ အတန်ကြာ ခပ်မဆိတ်နေပြီးနောက် လှပသော သဘာဝ၏ ထိတွေ့မှုကြောင့် မှုးဝေနောက်ကျိမှုများ ပျောက်သွားသည့် အလား သစ်ပင်ပန်းမန်များ အကြောင်း၊ တောတိရိစ္ဆာန်များအကြောင်း၊ လူမျိုးနှင့် ဓလေ့ထုံးတမ်းများ အကြောင်း၊ ရောက်တတ်ရာရာ ပြောဆိုသွားကြသည်။ စကားတပြောပြောနှင့် တစ်တောင်ကျော် တစ်တောင်ဆင်း တောင်ငါးလုံးခန့် တက်မိပြီးနောက် မသစ္စာတောင်ခြေသို့ ရောက်သွားကြသည်။

နေလည်း မြင့်လာသည်က တစ်ကြောင်း၊ ခရီးအတန်ငယ် သွားလိုက်ရသည်က တစ်ကြောင်းတို့ကြောင့် ကိုသူရသည် ချွေးများစို့၍ အိုက်စပ်စပ် ဖြစ်လာသည်။ သည်အတိုင်းဆိုလျှင် တောင်ပေါ်မှ ပြန်အဆင်းတွင် ရေချိုးရလိမ့်မည် ဖြစ်သည်။ သို့ရာတွင် သူက နန်းခင်နှင့် နှစ်ယောက်တည်း ရေချိုးရမည်ကို မဝံ့မရဲ ဖြစ်နေသည်။ သူ့ကိုယ်သူလည်း မကျေမနပ် ရှိနေသည်။ ငါသည် ရိုးသားသည့် ယောကျ်ားတစ်ယောက် မဟုတ်တုံ့သလော၊ ငါသည် သစ္စာရှိသည့် ယောကျ်ားတစ်ယောက် မဟုတ်တုံ့လော။

"မသစ္စာ တောင်ထိပ်ကို ရောက်အောင် တက်မလား"

နန်းခင်က မေးသည်။

"တောင်ပေါ်မှာ ကျောက်ယက်ကန်းစင်တွေအပြင် ဘာတွေ ရှိသေးလဲ"

"အများကြီး ရှိတာပ၊ ထူးဆန်းအံ့ဩစရာတွေ အများကြီးပဲတဲ့"

MMCYBERMEDIA
COMMUNITY FOR ALL

"ထူးဆန်းအံ့ဩဖွယ်ရာ ဆိုတာဘာတွေလဲ"

"ဘယ်သိမလဲနော၊ နန်းခင်လဲ ရောက်ဖူးတာမှ မဟုတ်တာ"

"နန်းခင် မရောက်ဖူးဘူး၊ ဟုတ်လား၊ ဒီလောက်ကပ်နေတာတောင် မရောက်ဖူးဘူးလား"

"နန်းခင်တို့ဆီက လူတွေက မသစ္စာတောင်ထိပ်ကို သိပ်မတက်ကြဘူး"

"ဘာပြုလို့လဲ"

"မသစ္စာက သစ္စာဖောက်ပြီးသေသွားတာ မဟုတ်လား"

"အဲဒါ ဘာပြုလဲ"

"ဒီတောင်ပေါ်တက်တဲ့ လူဟာလည်း သစ္စာဖောက်ရင် သွေးအန်ပြီး သေရောတဲ့"

"ဒါများ အဆန်းလား နန်းခင်ရယ်၊ ဘယ်သူမဆို သစ္စာဖောက်ရင် အသေဆိုးနှင့် သေကြရတာချည်းပဲ"

## အခန်း -၃၈-

"တောကြီးအုံကြားကဟာများ ဘကြီးက ဘာပြုလို့ ဒါလောက် အရေးလုပ်နေသလဲ မသိပါဘူး၊ ခင်ခင်လေးတော့"

မောင်ရွှေဝါကို မြင်သဖြင့် ခြေဟန်လက်ဟန်ဖြင့် မဲ့ကာရွဲ့ကာ ပြောနေသော ခင်ခင်လေးသည် စကားပြတ်သွားသည်၊ မျက်စောင်းချိန်၍ မေးထိုးသည်။ တစ်ဖက်သို့ လှည့်သွားသည်။ အထိန်းတော်တိမ်ပြာမှာမူ မောင်ရွှေဝါနှင့် မျက်လုံးချင်း ဆုံမိလျက်သား ရှိနေသဖြင့် အားတုံ့အားနာ ကယောင်ကတမ်းရှိနေသည်။ ပါးစပ်သည် ဖွင့်လိုက်ပိတ်လိုက် ရှိနေသော်လည်းအသံ ထွက်မလာချေ။

သူတို့အဖြစ်ကိုကြည့်၍ မောင်ရွှေဝါပြုံးမိသည်။ ထို့နောက် မခံချင်စိတ် ချက်ချင်း ဖြစ်မိ၍ မျက်နှာတင်းမာသွားသည်။ အသက် ပြင်းပြင်းရှည်ရှည် ရှူလိုက်သည်။

တစ်ခါမဟုတ်၊ နှစ်ခါသုံးခါရှိပြီ။ ခင်ခင်လေးသည် သူ့ကို မထီတရီ ကြည့်သည်။ စောင်းပါးရိပ်ခြည် လုပ်သည်။ မကြားတကြား ပြောသည်။ မခံချိမခံသာ ဆိုသည်၊ ခြုံလိုက်လျှင် သူ့ကို အထင်အမြင်သေးသည့် သဘောပင် ဖြစ်သည်။ မိမိကို မတူမတန်ထင်၍ မခေါ်မပြောချင်လျှင်လည်း သူ့ဘာသာသူ နေပေါ့။ ယခုတော့ မထိခလုတ်ထိခလုတ်ရှိသည်။

"မောင်ကြီးရွှေဝါ မချမ်းဘူးလား"

သူတို့အနီးမှ သူဖြတ်သွားစဉ်တွင် တိမ်ပြာက မေးလိုက်သည်။ မောင်ရွှေဝါက ဘာမှ ပြန်မပြော။ သို့သော် တုံ့ခနဲ ရပ်လိုက်သည်။ ခင်ခင်လေး၏ မျက်လုံးများသည် သူ့ကိုယ်ပေါ်သို့ ရောက်နေပြီ။

သီတင်းကျွတ်လပြည့်ကျော်ပြီဖြစ်၍ မနက်မနက်တွင် ချမ်းစပြုပြီဖြစ်သည်။ ရွှေဘိုသည် မန္တလေးထက် ပို၍ချမ်းသည်။ ရွှေဘိုမှ လူများသည် ညဘက်တွင်စောင်ခြုံ၍ အိပ်ကြသည်။ မောင်ရွှေဝါကတော့ သည်အတိုင်းပင် အိပ်ခဲ့သည်။ သူသည် ဆီးနှင်းထုထပ်ရာတွင် နေသားကျခဲ့သော

MMCYBERMEDIA
COMMUNITY FOR ALL

မြောက်ပိုင်းသားတစ်ဦး ဖြစ်သည်။ ခင်ခင်လေးတို့သည် မနက်အိပ်ရာမှထလျှင် ဧည့်ခန်းမီးဖိုတွင် ဝိုင်းနေကြသည်။ သူက တိမ်ပျံနှင့် မြို့ကိုတစ်ပတ်ပတ်ပြီး ရေချိုးသည်။ သူ့အဖို့မူ ရေချိုး၍ ကောင်းသောအချိန် ဖြစ်သည်။ နတ်တော်၊ ပြာသို မွန်းတည့်ချိန်များတွင် ကြိုးကြာချောင်းအတွင်း၌ ရေစိမ်ရသကဲ့သို့ စိတ်ကို ကြည်လင်စေသည်။ သို့သော် ရေတွင်းတွင်ချိုးရသဖြင့် ခြေညောင်းလက်ဆန့် ကူးခတ်ခြင်းကား မပြုရချေ။ သူကမူ ချောင်းသို့သွား၍ ချိုးချင်သည်။ သို့သော် ဤမှ ခရီးငါးတိုင်ခန့် လှမ်းသည်ဆို၍ မသွားရောက်ခဲ့ရချေ။ နောက်မှ လိုက်ပို့မည်ဟုဆိုကြသည်။

သို့ဖြင့်သူသည် ဝင်းအတွင်းရှိ ရေတွင်းမှာပင် ချိုးရသည်။ ပျားလပို့ကလေးလောက်သာ ရှိသော နီးရေပုံးဖြင့် ချိုးရသည်မှာ အားမရစရာ ကောင်းလှသည်။ အပုံး နစ်ဆယ် အစိတ်ချိုးမှ ကိုယ်တွင်းစိမ့်ရုံပင် ရှိသည်။

သို့သော် ယခုအခါ အမျိုးသမီးနစ်ဦးသည် သူ့ကိုကြည့်၍ ကြက်သီးထနေကြသည်။ သူတို့တစ်တွေက အနွေးထည် တဘက်များကို ခြုံထားကြသည့် အချိန်တွက် သူက အင်္ကျီ မပါဘဲ ခါးမှာ ပုဆိုးတိုတို ဝတ်ထားသည်။

ခင်ခင်လေးက ရွှေပုစွန်ဆီ အစိမ်း၊ အပြာ၊ အဝါ၊ အနီခြယ် ကိုက်စပ် ကြယ်စီချုပ်ရိုးရွှေလျက် ကြားသက် တဘက်နှင့် ဖြစ်သည်။ တိမ်ပြာက မာတရာဘက်သုတ်တဘက်နှင့် ဖြစ်သည်။ သူက သူတို့၏ အဆန်းအပြားသော တဘက်တို့ကို ကြည့်နေစဉ်ပင် သူ၏ အဝတ်မပါသော အပေါ်ပိုင်းကို ငေးစိုက်၍ ကြည့်နေကြသည်။ ခင်ခင်လေး၏ မျက်လုံးများသည် သူ၏ မောက်ပြည့်သော ရင်အုံနှင့် ဖုလုံးသောလက်မောင်းတို့ကို ငေးကြည့်နေသည်။ သူ့ကိုယ်တွင် ရေစက်များ ရှိနေသည်။ သူ့ကိုယ်မှ အငွေ့များ တထောင်းထောင်း ထွက်နေသည်။

မိမိငေးစိုက်၍ နေမိသည်ကို တစ်ဖက်လူ သိရှိမှန်း သတိပြုမိသည်နှင့် တစ်ပြိုင်နက် ခင်ခင်လေးသည် မျက်နှာကို ဆတ်ခနဲ တစ်ဖက်သို့ လှည့်လိုက်သည်။

"ဟိုမှာ ကြည့်စမ်း တိမ်ပြာရဲ့၊ လူတွေ ခိုက်ခိုက်တုန်နေတဲ့အခါမှာ နွားတွေက ဘာအဝတ်မှ မဝတ်ဘူး၊ ဒါကြောင့်မို့လို့လည်း တိရစ္ဆာန်ဖြစ်နေတာပဲကွယ့်"

မောင်ရွှေဝါသည် လက်ကြောများ တောင့်သွားသည်။ ခင်ခင်လေး၏ လည်တိုင်ကို အသေညှစ်သတ်ချင်သည်။ ဖြူဝင်း၍ ကြော့မော့သော လည်တိုင်ဖြစ်၍ မညှစ်ရက်မိခြင်းမဟုတ်။ မကောင်းတတ်၍သာ ဖြစ်သည်။ အခိုက်အတန့်အားဖြင့် သူက ဧည့်သည်ဖြစ်နေပြီး ခင်ခင်လေးက အိမ်ရှင့်တူမ ဖြစ်နေသည်။ မည်သို့မဆို သူသည် မြို့ဝန်၏မျက်နှာကို ထောက်ရပေမည်။ သို့ဖြင့် သူသည် နောက်တစ်ကြိမ် ဒေါသများ ကြွမလာမီ ထိုနေရာမှ အလျင်အမြန် ထွက်ခဲ့သည်။ သို့နှင့်တိုင် လှောင်ပြောင်သော ရယ်မောသံကို သူက မကြားချင်ဘဲ ကြားရသေးသည်။

ခင်ခင်လေးသည် မြို့ဝန်မင်း၏ တူမတော်ဖြစ်သည်နှင့်အမျှ မာန်မာန ထောင်လွှားလှသည်။ အမှန်တော့ သူမသည် မြို့ဝန်မင်း၏ တူမမျှသာမက အတွင်းဝန်၏ သမီးလည်း ဖြစ်ချေသည်။ ဖခင် ကွယ်လွန်သွားပြီ ဖြစ်၍သာ ဘကြီးတော် ရတနာသိင်္ဃမြို့ဝန်ထံတွင် နေရခြင်းဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

နဝမဌာန ရတနာသိယ်ခရိုင်ဝန် ရေ့ဝင်းတော်မှူး ရဲဘက်မြင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာ ဗိုလ်ပြင်းသည် မောင်ရွှေဝါ၏ အဘိုးနှင့် ရောင်းရင်းဖက် ဖြစ်သည်။ ရွှေဘိုမြို့ဝန်နှင့် မောင်ရွှေဝါသည် မင်းကြီးရွှေလုံဗိုလ်အိမ်တွင် တွေ့ဆုံ စကားစပ်မိပြီး ခင်မင်ရင်းနှီးသွားကြခြင်း ဖြစ်သည်။

ဤတွင် မင်းကြီးရွှေလုံဗိုလ်ထံသို့ မောင်ရွှေဝါ ရောက်ရှိပုံကို အနည်းငယ် ပြန်ကြောင်းရမည်။ မောင်ရွှေဝါသည် တောင်လေးလုံးသို့သွားမည်ဆိုပြီး နတ်တော်လပြည့်ကျော် (၁၂)ရက်နေ့တွင် ရွာမှထွက်ခဲ့သည်။ သို့ရာတွင် သူသည် တောင်လေးလုံးသို့ မရောက်ဘဲ ရတနာပုံသို့ ရောက်သွားရခြင်းမှာလည်း လမ်းခရီးတွင် လဖိုင်လနှင့် တွေ့ဆုံသောကြောင့် ဖြစ်သည်။

လဖိုင်လသည် ဘုရင့်တပ်မတော်တွင် အမှုထမ်းရွက်လိုစိတ် မရှိသော်လည်း စစ်ပညာ ဆည်းပူး လေ့လာလိုစိတ်ကား ရှိလေသည်။ အထူးအဖြင့် အမြောက်သွန်းလုပ်ခြင်းနှင့် ပစ်ခတ်ခြင်းအတတ်တွင် ကျွမ်းကျင်လိုသည်။ တောင်တစ်တောင်တွင် အမြောက်တစ်လုံး ထားရှိနိုင်လျှင် မိမိတို့ နယ်ပယ်အတွင်းသို့ ရန်သူများ အလွယ်တကူ ချည်းကပ်နိုင်မည် မဟုတ်ဟု သူကယုံကြည်ထားသည်။

မောင်ရွှေဝါသည် လဖိုင်လနှင့် တွေ့သောအခါ နေပြည်တော်သို့ လိုက်ပါ၍ ဘုရင့်တပ်မတော်တွင် မိမိအဘိုးကဲ့သို့ တပ်မှူးတစ်ဦးဖြစ်လိုစိတ် ပြင်းပြလာတော့သည်။ သူသည် ယမန်နှစ်ကလည်း နယ်မြေ အကြီးအကဲများ၏ မောက်မာမှုကို မခံချင်၍ နေပြည်တော်တွင် အမှုထမ်းရန် ထွက်ခဲ့ဖူးပြီဖြစ်သည်။ လမ်းခရီးတွင် ဘကြီးမုံးနှင့်တွေ့၍ နေပြည်တော်သို့ မရောက်ဘဲ တောင်လေးလုံးတွင် ချစ်သူ မနင်းမြူနှင့်တွေ့ခဲ့ရသည်။ ယခုမူ သူသည် တောင်လေးလုံးသို့ သွားရာတွင် အဖော်ကောင်း၍ နေပြည်တော်သို့ လိုက်ပါရတော့သည်။ သူသည် မနင်းမြူထံသို့ လက်ချည်းသက်သက်သွားမည့်အစား ဘုရင့်တပ်မှူးတစ်ဦးအနေနှင့် သွားရလျှင် ပိုကောင်းမည်ဟု တွက်ဆလေသည်။

သို့ဖြင့် လဖိုင်လနှင့် မောင်ရွှေဝါတို့သည် ရတနာပုံသို့ ရောက်ရှိသွားကြသည်။ မင်းကြီး ရွှေလုံဗိုလ်က လဖိုင်လကို အမြောက်ဝန် မင်းထင် မင်းလှကျော်ခေါင်ထံတွင် အပ်နှံသည်။ အမြောက်ဝန်က တစ်ဖန် စကြာအမြောက်ဗိုလ်ထံတွင် ထားပေးသည်။ လဖိုင်လသည် အမြောက်တပ်သို့ ရောက်သည့်နေ့မှာပင် တပ်သားတစ်ဦး၏ တင်ပါးကို ဓားဖြင့် ခုတ်ခဲ့ရသည်။ အကြောင်းမူ အဆိုပါ တပ်သားသည် သူ့အားကချင်ပုပ်ဟု နှိမ့်ချခေါ်ဆိုရုံမက မျက်နှာအနီးတွင် လေလည်သဖြင့် တင်ပါးကို လေးကင်းဓားဖြင့် ခုတ်ခြင်းဖြစ်သည်။ သည့်နောက်တွင်ကား မည်သူကမျှ လဖိုင်လကို မစော်ကားရဲတော့ချေ။

သို့သော် မောင်ရွှေဝါမှာမူ ယခုထက်ထိ သူတစ်ဦး၏ စော်ကားနှိမ့်ချခြင်းကို ခံနေရသည်။ ဓားနှင့်ခုတ်ရအောင်ကလည်း သူ့ကို မထီမဲ့မြင်ပြုသူမှာ မိန်းကလေးတစ်ဦး ဖြစ်နေသည်။ သူ့အပေါ်တွင် ခင်မင်ရင်းနှီးခြင်းရှိသော မြို့ဝန်မင်း၏တူမ ဖြစ်နေသည်။

မောင်ရွှေဝါသည် ရွှေပြည်ရန်အောင် မြင်းတပ်တွင် ခေတ္တမျှနေပြီးနောက် အောက်မြန်မာနိုင်သို့ သုံးလမျှ လှည့်လည်ခဲ့သည်။ သူသည် မရောက်ဖူးဘူးသော အရပ်ဒေသများသို့ သွားရောက်လိုသည့် အလျောက် မျက်နှာဖြူများ၏ အကြံအစည်နှင့် မြို့ရွာအနေအထားများကို သိရှိရန် မင်းကြီးရွှေလုံဗိုလ်က

MMCYBERMEDIA
COMMUNITY FOR ALL

သူ့ကို အခြားသူနှစ်ဦးနှင့်အတူ အထောက်အလုပ်မှ စေလွှတ်သောအခါ သူသည် ဝမ်းမြောက်ဝမ်းသာ သွားခဲ့သည်။ မောင်ရွှေဝါနှင့် မင်းကြီးရွှေလုံပိုလ်၏ လက်ရင်းဗိုလ်နှစ်ဦးသည် ကုန်သည်များဟန်ဆောင်၍ မော်လမြိုင်မြို့အထိ သွားရောက်ခဲ့ကြသည်။ ပဲခူး၊ ရန်ကုန်၊ ပြည်စသော မြို့ကြီးများတွင် အချိန်ယူနေထိုင်ကြသည်။ မျက်နှာဖြူတပ်များနှင့် မြို့ရွာ အခြေအနေကို စနည်းနာခဲ့ကြသည်။ မျက်နှာဖြူတပ်များကို ဆန့်ကျင်တိုက်ခိုက်နေသူများနှင့် အဆက်အသွယ် ပြုကြသည်။ တိုင်းသူပြည်သားများသည် မြန်မာတပ်များ ချီတက်လာမည်ကို မျှော်လင့်စောင့်စားလျက် ရှိကြသည်။

မန္တလေးသို့ မောင်ရွှေဝါ ပြန်ရောက်လာသောအခါ လဖိုင်လသည် နေရင်းဒေသသို့ ပြန်သွားနှင့်ပြီ ဖြစ်သည်။ လဖိုင်လ ပြန်သွားရသည့် အကြောင်းကို သိရသောအခါ မောင်ရွှေဝါသည် အထူးပင် စိတ်မကောင်း ဖြစ်ရသည်။ လဖိုင်လသည် ဘွဲ့မည်ရ မြန်မာတပ်မှူးတစ်ဦးနှင့် တရုတ်အရက်ဆိုင် တစ်ဆိုင်တွင် ခိုက်ရန်ဖြစ်ပွားသည်ဟု ဆိုသည်။ အရက်များ အလွန်အကျွံ မူးနေသော မြန်မာတပ်မှူးက သူ့အား ရှိသေကျိုးနွံခစားခြင်း မပြုရ ကောင်းလားဆိုပြီး လဖိုင်လကို မောင်းမဲရိုက်ပုတ်လေသည်။ လဖိုင်လက တောင်းပန်၍ မရသည့်အဆုံးတွင် ခုခံသည်။ ဤတွင် မြန်မာတပ်မှူး၏လူများကို လဖိုင်လကို ဝင်ရောက်ထိုးခုတ်ကြသည်။ လဖိုင်လသည် တစ်ယောက်နှင့်အများ ဖြစ်၍ အတန်ကြာ ခုခံတုက်ခိုက်ပြီးနောက် ထိုမှ တိမ်းရှောင်၍တပ်သို့ ပြန်ခဲ့သည်။ သူ့လက်ချက်ကြောင့် မြန်မာတပ်မှူး ဒဏ်ရာအကြီးအကျယ်ရရှိပြီး တပ်သားတစ်ဦး ခါးရိုးကျိုးခဲ့သည်။

နောက်တစ်နေ့တွင် ယင်းတပ်မှူး၏ ပယောဂဖြင့် လဖိုင်လကို လာရောက်ဖမ်းဆီးကြသည်။ ဓားပြမှု ဖမ်းဆီးခြင်းဖြစ်၍ စကြာအမြောက်ဗိုလ်မှာလည်း မည်သို့မျှ ဝင်မပြောသာဘဲ ရှိသည်။ ထိုစဉ်က မင်းကြီးရွှေလုံပိုလ်နှင့် ရတနာသိင်္ခ မြို့ဝန်မှာလည်း မန္တလေးတွင် မရှိခိုက်ဖြစ်၍ လဖိုင်လမှာ ဒုက္ခရောက်တော့မည်ကဲ့သို့ ရှိသည်။ မတရားဖမ်းဆီးခြင်း ခံခဲ့လျှင် မတရားကွပ်မျက်ခြင်းကို ခံရမည်ဖြစ်ကြောင်း သိရှိသော လဖိုင်လသည် အဖမ်းမခံဘဲ ခုခံတိုက်ခိုက်၍ နေပြည်တော်မှ ထွက်ပြေးသွားတော့သည်။

ဤအကြောင်းကိုသိရှိရသောအခါ မောင်ရွှေဝါသည် ချက်ချင်းပင် လဖိုင်လနောက်သို့ လိုက်သွားရန် စိတ်ကူးသည်။ သို့သော် မင်းကြီးရွှေလုံပိုလ်က မသွားရန်ပြောသည်။ အင်္ဂလိပ်တို့နှင့် အချိန်မရွေး စစ်ဖြစ်ပွားနိုင်သည့် အခြေအနေမျိုးရှိသဖြင့် မင်းကြီးရွှေလုံပိုလ်က မောင်ရွှေဝါကို မသွားစေလိုသေးခြင်း ဖြစ်သည်။ မင်းကြီးရွှေလုံပိုလ်မှာလည်း လဖိုင်လအတွက် စိတ်မကောင်းခြင်း ရှိသဖြင့် တိုင်းပြည်အခြေအနေ ငြိမ်သက်သည့်အခါတွင် သူလည်း ကချင်တောင်သို့ လိုက်မည်ဟု ဆိုသည်။ သို့ဖြင့် မောင်ရွှေဝါသည် လဖိုင်လည်း ပြန်သွားပြီဖြစ်၍ နေပြည်တော်တွင် တစ်ယောက်တည်း ကျန်ရှိလေသည်။

တစ်နေ့တွင် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇက မောင်ရွှေဝါကို ရွှေဘိုမြို့သို့ခေါ်သည်။ မောင်ရွှေဝါသည် ရွှေဘိုမြို့ဝန်နှင့် မလိုက်ပါလိုသည့် အကြောင်းနှစ်ကြောင်း ရှိသည်။ တစ်ကြောင်းမှာ မြို့ဝန်မင်း၏သား ဗိုလ်ထွန်းကြောင့် ဖြစ်သည်။ ဗိုလ်ထွန်းမှာ အခြားသူမဟုတ်ဘဲ ယမန်နှစ်က တောင်လေးလုံး အနီးတွင် မဖျိုင်းဖြူတို့နှင့် ဓားချင်းခုတ်ခဲ့သော ဘုရင့်တပ်မှူးပင် ဖြစ်သည်။ ဗိုလ်ထွန်းသည် မောင်ရွှေဝါကို မြင်မြင်ချင်း မှတ်မိခဲ့သည်။ အကယ်၍သာ မောင်ရွှေဝါသည် သူ့ဖခင်၏ ဧည့်သည်တစ်ဦး မဟုတ်ခဲ့လျှင် သူသည် ချက်ချင်းပင်ထ၍ ရန်မူတန်ရာသည်။ ဖခင်ဖြစ်သူက သူတို့နှစ်ဦးကို မိတ်ဆက်ပေးရာတွင် မောင်ရွှေဝါက ခေါင်းညိတ်၍ အသိအမှတ်ပြုသော်လည်း ဗိုလ်ထွန်းက ရှုသိုးသိုး

MMCYBERMEDIA
COMMUNITY FOR ALL

မှုန်တေတေဖြင့် ရှိခဲ့သည်။ သည့်နောက်တွင်လည်း မောင်ရွှေဝါနှင့် မျက်နှာချင်းဆိုင်မိတိုင်း ဗိုလ်ထွန်းသည် ရန်လိုသော မျက်နှာနှင့် ရှိခဲ့သည်။ သို့သော် ကိုယ်ထိလက်ရောက် ရန်စခြင်းကား မရှိချေ။ မောင်ရွှေဝါ၏ အစွမ်းကို မြည်းစမ်းဖူး၍လည်း ဖြစ်နိုင်သည်။ ဖခင်က မျက်နှာသာ ပေးထားသူဖြစ်၍ မနှောင့်ယှက်လိုခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် သူတို့နှစ်ဦး တောင်လေးလုံး အနီးတွင် ဖြစ်ခဲ့သည့် ကိစ္စကိုကား မြို့ဝန်မင်းကို မည်သူကမျှ ပြန်ပြောပြခြင်း မပြုခဲ့။ မောင်ရွှေဝါသည် ဗိုလ်ထွန်းပါမည်ဆို၍ ရွှေဘိုသို့ မလိုက်ချင်ခြင်းထက် ခင်ခင်လေးပါမည်ဆို၍ ပို၍ မလိုက်ချင်ခြင်း ရှိလေသည်။

သူက ဗိုလ်ထွန်းနှင့် ရင်ဆိုင်ချင်သေးသည်။ ဗိုလ်ထွန်းနှင့်က အကြောင်းမသင့်လျှင် ဓားချင်း ယှဉ်ခုတ်ရရုံပင် ရှိသည်။ ခင်ခင်လေးနှင့်ကား စောင်းပါးရိပ်ခြည်ပြောသည်ကို ငုံ့ခံရသည်ကလည်း ခက်သည်။ ဓားချင်း ယှဉ်ခုတ်ရမည်ကလည်း မိန်းမသားတစ်ဦး ဖြစ်နေ၍ ခက်သည်။ ခင်ခင်လေးသည် သူ့ကို တွေ့စကတည်းကပင် နှိမ့်ချစော်ကားခြင်း ပြုခဲ့သည်။ သူနှင့် ပထမဆုံးတွေ့သည့်အကြိမ်က ခင်ခင်လေးသည် နန်းတော်မှ ပြန်လာသည်ဖြစ်၍ အဝတ်ကောင်း အဝတ်လှများနှင့် ဖြစ်သည်။ အမျိုးသမီးသည် လှတော့ အတော်လှသည်။ ဝါဝင်းသော အသားအရေ ရှိသည်။ သမင်မနှင့် တူသောမျက်စိ ရှိသည်။ သိမ်သောခါးရှိသည်။ ဆင်နှာမောင်းကဲ့သို့ သွယ်သောပေါင်တံ ရှိသည်။ အစဉ်ညီညွတ်သောသွား ရှိသည်။ နက်မှောင်၍ အုပ်လုံးကြီးသောဆံပင် ရှိသည်။

ထိုနေ့ကမူ ဆံပင်ကို နန်းတွင်းမဥ္စူ ထုံးထားသည်။ လက်ရင်း လက်ဖျား အနားချုပ်ရိုး ရွှေဇာသတ် အင်္ကျီလက်ကျပ်နှင့် တကျွန်းရွှေရေးစက် အနားပါ ထဘီဝတ်ထားသည်။ ပတ္တမြားမျက်ခြယ် ကိုးလုံးတင်နားကပ်သည် နည်ကသော ပါးပြင်ကို တဖိတ်ဖိတ်တောက်စေသည်။

သို့သော် မောင်ရွှေဝါသည် ခင်ခင်လေးကို အကြာကြီး ငေးစိုက်၍ ကြည့်မနေပေ။ ခေတ္တမျှ ကြည့်ပြီး အဝေးသို့ သေးစိုက်နေသည်။ ခင်ခင်လေး လှသလို မနင်းမြူလည်း လှသည်ဟု ယုံကြည်သည်။ မနင်းမြူအား ယခုကဲ့သို့ ဆင်ယင်ပေးလျှင် ခင်ခင်လေးထက်ပင် လှမည်ဟု သူယုံကြည်သည်။ သူ့မျက်စိတွင် မနင်းမြူကို မြင်လာသည်။ မနင်းမြူသည် ကျေးတောသူ အဝတ်အစားနှင့် တစ်ချီ၊ နန်းတွင်းသူ အဝတ်အစားနှင့်တစ်လှည့် ဆိုသလို ပေါ်လိုက်၊ ပျောက်လိုက် ရှိနေသည်။ သူ့အဖို့မူ မနင်းမြူသည် မနင်းမြူသာ ဖြစ်သည်။ မနင်းမြူသည် မည်သည့် အဆင်တန်ဆာနှင့်ဖြစ်ဖြစ် လှပကျော့ရှင်းခြင်း ရှိလေသည်။

သူက မနင်းမြူကို အမှတ်ရနေမိသဖြင့် ခင်ခင်လေးကို နောက်ထပ် မကြည့်မိဘဲ ရှိသည်။ စကားဝိုင်းတွင် ဘာတွေ ပြောနေကြသည်ကိုလည်း သူက မကြားရှိသည်။ သူ့အား မြို့ဝန်က အချို့ အဆိမ့်စားရန် ပြောသောအခါတွင် သူက အင်းအဲသာ လုပ်မိသည်၊ ထို့နောက် အဝေးသို့ ငေးနေသည်။ မနင်းမြူကို အမှတ်ရနေသည်။

မည်သည့်အချိန်က မြို့ဝန်မင်းနှင့် အခြားသူများ နေရာမှ ထသွားကြသည် မသိ။ ခြေဆောင့်သံကြား၍ ကြည့်လိုက်သောအခါ အိမ်ရှေ့ခန်းတွင် သူနှင့် ခင်ခင်လေး နှစ်ဦးတည်းသာ ရှိနေသည်ကို သူက အံ့သြစွာ တွေ့ရှိရသည်။ ခင်ခင်လေးသည် သူ့ကိုကျောပေး၍ ရပ်နေသည်။ သူက အိပ်မက်မှ လန့်နိုး လာသူပမာ ငေးကြောင်၍ ကြည့်နေစဉ် ဟင်း၊ တောကြိုအုံကြားက အရိုင်းအစိုင်းတွေ ဟုပြောကာ ထွက်သွားသည်။ မောင်ရွှေဝါမှာ အောင့်သက်သက်နှင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

မောင်ရွှေဝါသည် ဗိုလ်ထွန်းနှင့် ခင်ခင်လေးကို မျက်နှာချင်းဆိုင်ရန် ဝန်လေးနေသော် ငြားလည်း မြို့ဝန်မင်းခေါ်ရာ ရွှေဘိုမြို့သို့လည်း လိုက်ပါလိုစိတ် ရှိနေသည်။ တစ်ကြောင်းက နှံ့နှံ့စပ်စပ် မရောက်ဖူးဘူးသောကြောင့် ဖြစ်သည်။ နေပြည်တော်သို့လာစဉ် သူနှင့် လဖိုင်လသည် ရွှေဘိုမြို့ကို ဖြတ်ခဲ့သော်လည်း ဘာမှ မှတ်မှတ်ရရ မရှိခဲ့ချေ။ ထို့အပြင် သူသည် မူးမြစ်ရေကို တွေ့ချင်သည်။ ဤမူးချောင်းသည် တောင်လေးလုံးတစ်ပိုက်မှ ချောင်းငယ် မြောင်းငယ်များစုပေါင်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ စပါးအင်းချောင်းသည်ပင်လျှင် မြေအောက်မှ လျှိုး၍ မူးမြစ်ထဲသို့ စီးဝင်သည်ဟု အဆိုရှိကြသည်။ မူးမြစ်ရေတွင် မနင်းမြူ၏ အငွေ့အသက်များ ပါလာသည်ဟု သူ အောက်မေ့မိသည်။ သို့ဖြင့် သူသည် တိမ်ပျံကိုစီး၍ ရွှေဘိုသို့ လိုက်ပါခဲ့ခြင်း ဖြစ်သည်။

သူထင်သည့်အတိုင်းပင် လမ်းတွင် ဗိုလ်ထွန်းနှင့် ခင်ခင်လေးတို့က သူ့ကို စော်ကား မော်ကားပြုကြသည်။ ဤတစ်ကြိမ်တွင် နှစ်ယောက်ပေါင်း၍ ဖြစ်သည်။ ဗိုလ်ထွန်းနှင့် ခင်ခင်လေးသည် အခါအခွင့်သင့်တိုင်း ရှမ်းများ ကချင်များသည် အရိုင်းအစိုင်းများ ဖြစ်သည်ဟု ပြောကြသည်။ ပဲပုပ်နှင့် မုန်ညင်းကိုသာ စားသောက်ကြသူများဟု ဆိုသည်။ မောင်ရွှေဝါသည် သူတို့နှင့် တတ်နိုင်သမျှ ဝေးဝေးနေသည်။ မြို့ဝန်မင်းက သူ့လှည်းအနီးသို့ ခေါ်သောအခါတွင်ကား မတိမ်းသာ၍ သွားရသည်။ ခင်ခင်လေး၏လှည်းသည် မြို့ဝန်လှည်းနောက်မှ ကပ်၍လိုက်ပါသည်။ ဤအခါတွင် ဗိုလ်ထွန်းသည် သူ့မြင်းကို ခင်ခင်လေးလှည်းဘေးတွင် ယှဉ်၍ မောင်ရွှေဝါ ကြားသာအောင် နိမ့်ချသောစကားများ ပြောဆိုတော့သည်။

တစ်ကြိမ်တွင်မူ သူတို့သည် တောအုပ်တစ်ခုကို ဖြတ်ကြရသည်ဖြစ်ရာ တောအုပ်ကို ကျော်လွန်သောအခါ ဗိုလ်ထွန်း၏ အင်္ကျီလက်ပေါ်တွင် တစ်ညိုလောက်ရှိသော ခူကောင်ကြီး ကပ်၍ ပါလာသည်။ ယင်းကိုမြင်၍ ခင်ခင်လေးက အလန့်တကြား အော်လိုက်သည်။ ဗိုလ်ထွန်းမှာလည်း လက်နှင့်ကော်မပစ်ရဲသဖြင့် ဓားကို အိမ်မှ ချွတ်နေသည်။ ဓားသွားနှင့်သပ်ချရန် ဖြစ်သည်။ ထိုစဉ်တွင် မောင်ရွှေဝါက လုံတိုကို ပစ်လွှတ်လိုက်သည်။ ခူကောင်နှင့် ထောင်နေသော အင်္ကျီသားလွင့်ပါသွားသည်။ လုံသွားသည် လက်ပေါ်မှ ရှပ်၍သွားသဖြင့် နီသောအစင်းထင်လေသည်။ ထိုအဖြစ်ကို မြင်သော မြို့ဝန်က လက်ခုပ်လက်ဝါးတီး၍ ရယ်လေသည်။ ခင်ခင်လေးက ပါးစပ်အဟောင်းသားရှိသည်။ ဗိုလ်ထွန်းက မောင်ရွှေဝါကို စူးစူးဝါးဝါးကြည့်၍ မြင်းကို စိုင်းထွက်သွားသည်။ ဤအတိုင်းဆိုလျှင် သူနှင့် ဗိုလ်ထွန်းသည် ဤခရီးမပြီးမီမှာပင် ဓားချင်းယှဉ်ကြရလိမ့်မည်ဟု မောင်ရွှေဝါက တွက်ဆထားလိုက်သည်။
သူတို့သည် ရွှေဘိုသို့ ညဘက်တွင် ရောက်ရှိသွားကြသည်။ အချိန်မရှိပြီဖြစ်၍ တစ်ကြောင်း၊ ခရီးပန်းကြသည်ကြောင့် တစ်ကြောင်း ညစာထမင်းကို အသင့်အတင့် စားသောက်ပြီးနောက် စောစီးစွာ အိပ်ရာဝင်ကြသည်။

နံနက်မိုးလင်းသောအခါ မောင်ရွှေဝါသည် ဗိုလ်ထွန်းနှင့် ခင်ခင်လေးကို မျက်နှာချင်း မဆိုင်ချင်လှသည်က တစ်ကြောင်း၊ မြို့ပတ်ဝန်းကျင်ကို ကြည့်ချင်သည်က တစ်ကြောင်းကြောင့် တိမ်ပျံနှင့်ထွက်ခဲ့သည်။ မြို့မြောက်ဘက်တွင်ရှိသော မဟာနန္ဒာကန်ကို တစ်ပတ်ပတ်၍ ကြည့်ခဲ့သည်။ အင်းတော်ကြီးကို အမှတ်ရ၍ဖြစ်သည်။ နေ ထန်းတစ်များကျော်မှ မြို့တွင်းသို့ ဝင်ခဲ့သည်။ သူများတွေ ချမ်းနေသည့် အချိန်တွင် သူ ရေချိုးခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရေချိုးမှအပြန်တွင် ခင်ခင်လေးနှင့် အထိန်းတော်တိမ်ပြာတို့ စကားပြောနေသည်ကို တွေ့ရသည်။ အမူအရာကို ကြည့်ခြင်းအားဖြင့်ပင် သူ့အကြောင်း ပြောနေကြခြင်းဟု သိသည်။ သူက နောက်သို့ ဆုတ်၍ တစ်ဖက်မှ လှည့်သွားမည်အပြုတွင် ခင်ခင်လေးက သူ့ကိုတွေ့သွားသည်။ ပြောလက်စ တစ်ပိုင်းတစ်စနှင့် စကားပြတ်သွားကြသည်။ ယင်းကြောင့် သူက အမျိုးသမီးနှစ်ဦးကို ဖြတ်ကျော်သွားရပြီး စောစောစီးစီး အစော်ကားခံလိုက်ရပြန်ခြင်း ဖြစ်သည်။

"တောကြိုအုံကြားကဟာများ ဘကြီးက ဘာပြုလို့ ဒါလောက် အရေးလုပ်နေသလဲ မသိဘူး" ဟု ခင်ခင်လေးက မကျေမနပ် ပြေသည်မှာ တကယ်တော့ ပြောလောက်ပေသည်။ ရတနာသိယံခရိုင်ဝန် ဝင်းတော်မှူးကြီး ဗိုလ်ပြင်းသည် မောင်ရွှေဝါကို အရေးတယူ ပြုလှသည်။ ယမန်နေ့ညက ရုတ်ခြည်း စီစဉ်ကြရသည်ဖြစ်၍ ထမင်းပွဲတွင် ဟင်းလျာ မစုံလင်လှချေ။ ယနေ့ နံနက်တွင်မူ အထူးတလည် ချက်ပြုတ်ရန် ဗိုလ်ပြင်းက အမိန့်ပေးထားသည်။ သို့ဖြင့် အိမ်ရှိလူကုန်ပင် စားရေးသောက်ရေးအတွက် လုံးပမ်းလျက်ရှိကြသည်။ ဟင်းရံအရှာထွက်ကြသည်။ ကြော်ကြ၊ လော်ကြ၊ ကင်ကြ၊ ဖုတ်ကြသည်။ ပြုတ်ကြ၊ သုတ်ကြသည်။ ယင်းကြောင့်ပင် ခင်ခင်လေးက မကျေမနပ် ပြောဆိုနေခြင်း ဖြစ်သည်။

ထမင်းဝိုင်းတွင် ထိုင်မိသောအခါ မောင်ရွှေဝါသည် စောစောက ခင်ခင်လေးပြောဆိုသည့် အဓိပ္ပာယ်ကို နားလည်မိရုံသာမက ယင်းသို့ သူမ ပြောဆိုသည်ကိုပင် ခွင့်လွှတ်နိုင်သကဲ့သို့ ဖြစ်သည်။ ထမင်းဝိုင်းသည် ကြီးကျယ်ခမ်းနားလှသည်။ ဤမျှ များပြားသော ဟင်းလျာများကို သူတစ်ခါမျှ မမြင်ဖူးဘူးချေ၊ စားရမည်ထက် စိတ်ထဲတွင် အားနာနေသည်။ ဒုက္ခရှာလွန်းလှသည်ဟု သဘောရနေသည်။ သူ့အတွက် မြို့ဝန်မင်းက ဂရုစိုက်လွန်းလှသည်ဟု နားလည် ကျေးဇူးတင်မိသည်။

"စားကွယ့် မောင်ရွှေဝါ၊ တူမောင့်အတွက် တပံ့တပိုး ချက်ထားကြတာ။ ဟောဒါက ပုတတ်ကင်ကွယ့်။ ဒီဥစ္စာကတော့ ယုန်သားဟင်းချို၊ ဒီမည်းမည်းကလေးတွေက ပိုးကော်ကြော်လို့ ခေါ်တယ်။ မုံရွာက ရတာကွယ့်။ တစ်နှစ်မှ တစ်ခါပဲ စားရတယ်။ ဒီအကောင်တွေကတော့ ပုရစ်ကြော်တွေပေါ့ကွယ်။ ဟိုဘက်က ရှဉ့်သားဟင်း၊ ဒါတွေကတော့ အသီးအရွက်တွေကွယ့်။ နည်းနည်းမြည်းကြည့်စမ်း။ စပ်စပ်ကြိုက်တဲ့ သူတွေက အသည်းစွဲပဲ။ ကင်းပုံသီးရယ်၊ ပင်စိမ်းရယ်၊ ချဉ်ပေါင်ရွက်ရယ် ရောပြီး ငါးပိချက်ချဉ်ရည် ချက်ထားတာကွယ့်။ ဒါကတော့ စွန်တာနီ ပဲရေပွကွယ့်။ ရှောက်ရွက်အုပ်ထားတာ မွှေးနေတာပဲ။ ဆိမ့်ဆိမ့်အိမ့်အိမ့် စားချင်ရင်တော့ ဒီမယ်မောင် နွားနို့ဟင်းကွယ့်။ ဒါက နွားနို့ခဲကြော်။ ဟိုဟာကတော့ မြူရွက်သုပ်ထင်တယ်။ ဟုတ်ကြလားကွယ့်။ မြေပဲပင်ပေါက်နဲ့ တစ်ခါတည်း ရောသုပ်ထားကြတယ် မှတ်တယ်။ တစ်ခွက်စီ လုပ်ကြရောပေါ့။ ဒီမှာက တို့စရာတွေကွယ်။ ဟိုအလုံးကလေးတွေက ခံသီးပြုတ်။ ဒါက တမာချဉ်နဲ့ ငရုတ်သီး ရောထောင်းထားတာ။ ဒါကပန်ထွေဖျော်ကွယ့်။ အဲ အစိမ်းတွေကို ဓားနဲ့အကွင်းလိုက်လှီးပြီး ငါးပိစိမ်းစားနဲ့ ကြက်သွန်နဲ့ သုပ်ထားတာ။ နောက်ပြီးတော့…"

ရတနာသိယံမြို့ဝန်က ဟင်းလျာအဘိဓာန် ဖွင့်နေသဖြင့် သူတို့သည် တော်တော်နှင့် မစားကြရ။ လက်ရေများ ခြောက်ကုန်သဖြင့် နှစ်ကြိမ်သုံးကြိမ် ပြန်၍ ဆေးကြရသည်။ ဆာသူက ဆာနေပြီ ဖြစ်သည်။ မဲ့သူက မဲ့နေသည်။ မောင်ရွှေဝါသည် မည့်သည့်ဟင်းခွက်ကို ပထမဆုံးနှိုက်ရမည်နည်းဟု ရွေးချယ်၍မရဘဲ ရှိနေသည်။ ဤမျှ များပြားသော ဟင်းခွက်များကို စုံစေ့အောင်နှိုက်လျှင် ထမင်းပင် လွေးရတော့မည်

MMCYBERMEDIA
COMMUNITY FOR ALL

မဟုတ်ချေ။ ဤဟင်းများကို တစ်ကြိမ်တည်း ချက်ပြုတ်ကျွေးခြင်း မပြုဘဲ တစ်နပ်လျှင် လေးငါးခွက်မျှလောက်သာ ချက်လျှင် မည်မျှကောင်းချေမည်နည်းဟု သူက အောက်မေ့နေသည်။

တကယ့်တကယ် စားကြသောအခါတွင် မောင်ရွှေဝါသည် ယုန်သားဟင်းချိုနှင့် မြူရွက်သုပ်ကိုသာ မဲ၍ စားလေသည်။

"ထမင်းကတော့ မင်းတို့ဆီက ထမင်းလောက် မကောင်းဘူးကွယ့်။ တို့ဆီက ဆန်တွေက ကြမ်းလည်း ကြမ်းတယ်။ မာလည်း မာတယ်။ မင်းတို့ဆီက မော်တိုက်ဆန်ကတော့ ကောက်ညှင်းကျ နေတာပဲကွယ့်"

"ပျော့စိပျော့နဲကြီး မကြိုက်ပါဘူး"

ခင်ခင်လေးက ကြားဝင်၍ပြောသည်။

"ပျော့စိပျော့နဲ မဟုတ်ဘူးကွယ့်။ အိအိစေးစေးကလေးကွယ့်"

"သာပေမယ့် ဟင်းရံကျတော့ ဘာမှ မရှိဘူး၊ မုန်ညင်းပဲ ရှိတယ်"

"စိုင်သား၊ ဆတ်သား၊ ဒရယ်သားတွေ ရှိတာပေါ့ကွယ်"

မောင်ရွှေဝါက ခေါင်းကိုငုံ့၍သာ စားနေသည်။ မြူရွက်သုပ်နှိုက်သည်။ ယုန်သားဟင်းချိုကို တစ်ဖွန်းပြီးတစ်ဖွန်း သောက်သည်။

"မောင်ရွှေဝါက အသုပ်နဲ့ ဟင်းချိုပဲ စားတာကိုးကွယ့်။ အကြော်တွေ ဆီပြန်တွေလည်း စားပါဦးကွယ့်"

"ရှမ်းတွေ ကချင်တွေက ဆီမှမစားဘဲ၊ သူတို့က ရေလုံပြုတ်ပဲစားတာ။ သူတို့ဆီမှာ ဆားတောင် ဝတ်တစ်လှည့် ပြတ်တစ်လှည့် မဟုတ်လား"

"ဒီလိုလည်း မဆိုနဲ့ကွယ်။ တို့ဆီမှာ မရှိတာ သူတို့ဆီမှာ ရှိတာပေါ့။ ရွှေငွေကျောက်သံ မတ္တမြား ပယင်း ဒုတ္တာစတဲ့ ရတနာတွေကျတော့ သူတို့ဆီကမှ ထွက်တာ မဟုတ်လား"

သည်အချိန်တွင် မောင်ရွှေဝါသည် စား၍ပြီးသွားလေပြီ ဖြစ်သည်။ လက်ဆေး၍ပင်နေပြီ ဖြစ်သည်။

"ပြီးပြီလားကွယ့်။ ဘာမှလဲ မစားပါလား မောင်ရွှေဝါရဲ့"

"ကျွန်တော် အားကြီးစားပါတယ်"

"စားလို့ မကောင်းဘူးလား"

"ကောင်းပါတယ်ကော"

"ခံတွင်းတွေ့ရဲ့လား"

"မြူရွက်သုပ်က အားကြီးဆိမ့်တယ်။ ယုန်သားဟင်းချိုကလည်း သိပ်ချိုတာပဲ။ တရုတ်ဟင်းချိုတွေထက် အပြတ်အသတ် သာတယ်ကော"

"ယုန်သားဟင်းကတော့ စားတဲ့သူတိုင်းစွဲတာပဲကွယ့်။ ညကျရင်လည်း ယုန်ချက်ကြပါဦးကွယ့်"

"ယုန်ကို ဘယ်လိုဖမ်းရသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက လက်သုတ်ရင်းမေးသည်။ မြို့ဝန်မင်းက ချက်ချင်း ပြန်မဖြေသေးဘဲ ထမင်းကို လက်စသတ်လိုက်သည်။ ယင်းနောက် လက်ကို ကမန်းကတန်းဆေး၍ လက်သုတ်ပုဝါကို ကောက်ယူရင်း…

"လာကွယ့် မောင်ရွှေဝါ။ အချိုပွဲစားရင်း၊ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့။ တို့ဆီက ထန်းလျက်ခဲက မြင်းခြံ ထန်းလျက်ခဲထက် ပိုကောင်းတယ်ကွယ့်။ ဟောဒီ မန်ကျည်းတောင့်ကလေးကို စားကြည့်စမ်း။ လျှာပေါ်ရောက်တာနဲ့ အရည်ပျော်သွားတာပဲ။ ယုန်ဖမ်းတာကတော့ အမျိုးမျိုးပဲကွယ့်။ နေ့ခင်းဘက် ဆိုရင်တော့ တံပိုးကျင်နဲ့ ပစ်တယ်၊ ခွေးနဲ့ လိုက်တယ်၊ ညဘက်ဆိုရင်တော့ ပိုက်ထောင်တယ်ကွယ့်"

ခင်ခင်လေးနှင့် ဗိုလ်ထွန်းလည်း လက်ဖက်ရည်ဝိုင်းသို့ ရောက်လာပြီ ဖြစ်သည်။ ခင်ခင်လေး ဆနွင်းမကင်း စားသည်။ ဗိုလ်ထွန်းက နံ့သာပုဂ္ဂက်ပျောသီး တစ်လုံးပြီးတစ်လုံး စားသည်။

"ပိုက်ထောင်တာကတော့ ပျော်စရာကြီးပဲကွယ့်။ ဆောက်ချုံတစ်ခုနဲ့ တစ်ခုကို ပိုက်တန်းပြီး ယုန်ကို လူအုပ်နဲ့ ပိုက်ဆီကိုရောက်အောင် ခြောက်ကြ မောင်းကြတာပဲကွယ့်။ လူဆယ့်လေးငါးယောက် မီးတုတ်မီးအုပ်တွေနဲ့ ချုံကို ရိုက်ကြတာ ပျော်စရာကြီးကွယ့်။ တချို့လူငယ်လူရွယ်တွေဆိုရင် ချုံရိုက်ရင်း သမီးရည်းစား ဖြစ်သွားကြတာပဲကွယ့်။ တစ်ညဆိုရင် ဆယ့်လေးငါးကောင် ရတယ်ကွယ့်"

"ဆင်ကျုံးသွင်းသလိုပဲရော"

မောင်ရွှေဝါက လက်ဖက်ခွက်ကို နှိုက်ရင်းပြောသည်။

"ဟုတ်တယ်ကွယ့်။ မောင်ရွှေဝါက ဆင်ဖမ်းသမားပဲ။ ဆင်ဖမ်းရတာလို ဘေးအန္တရာယ် မများဘူးပေါ့ကွယ်"

"တုတ်နဲ့ပစ်တာကရော"

"ဒါကတော့ ချုံနည်းတဲ့ကွင်းမှာ ပစ်ကြတယ်ကွယ့်။ နေ့ခင်းဘက်မှာ ပစ်ရတယ်။ ဒါလည်း ပျော်စရာကောင်းတာပဲ။ ယုန်ရှာရတာလည်း မလွယ်ဘူး။ သူတို့က ကျင်းထဲမှာ ဝပ်နေရင် မြေကြီးနဲ့ ခွဲမရဘူး။ မသိတဲ့သူဆိုရင် မျက်စိအောက်တင် ပျောက်သွားတာပဲ။ ချုံထဲမှာ ဝပ်နေရင်လည်း ရှာလို့မရဘူး။ လူအနားမှာ ကပ်ပြီးတော့ကို ပုန်းနေတတ်တယ်။ ခွေးနဲ့လိုက်တဲ့ နေရမှာလည်း ခွေးတိုင်း မလိုက်နိုင်ဘူး။ ယုန်က အင်မတန် အပြေးမြန်ပြီး အတုံ့ကောင်းတယ်ကွယ့်။ ဉာဏ်ပါးတယ်ကွယ့်။ သာကြောင့်မို့ ဇာတ်နိပါတ်တွေထဲမှာ ရွှေယုန်ဟာ အမြဲတမ်း ပညာရှိဖြစ်တာပေါ့ကွယ်။ တော်ရုံတန်ရုံခွေးဆိုရင် အမောဆိုပြီး သေတာပဲကွယ်။ ယုန်က တုံ့ခနဲကွေ့လိုက်ရင် ခွေးက ရှေ့အနည်းဆုံး ဆယ်တောင်လောက် လွန်သွားတာပဲ။ လောကြီးတဲ့ခွေးဆိုရင် ဟပ်ထိုးကျသွားတာပဲ။ တံပိုးကျင်နဲ့ ပစ်တာကလည်း မလွယ်ဘူး မောင်ရွှေဝါရယ့်။ ပစ်တတ်မှ။ မပစ်တတ်ရင် လက်ပန်းကျရုံပဲ ရှိမယ်။ ယုန်ရဲ့အကဲကို သိရမယ်။ ပြောကြောကို သိရမယ်။ အရေးကြီးဆုံးက ခါးနွဲ့တာပဲ။ ခါးနွဲ့တတ်မှ တံပိုးကျင်ဟာ ယုန်ကို သိမ်းမိတယ်"

"ကျွန်တော်တောင် ယုန်လိုက်ချင်နေပြီကော"

"ကောင်းသားပဲကွယ့်။ ဒါဆိုရင် သည်နေ့ခင်း ထွက်ကြတာပေါ့။ ခင်ခင်လေးလည်း ယုန်ပစ်ကောင်းပဲကွယ့်။ တစ်ချက်ပစ်ရင် တစ်ကောင်ပဲကွယ့်"

မောင်ရွှေဝါက ခင်ခင်လေးကို ကြည့်လိုက်ရာ အမျိုးသမီးက မခိုးမခန့်ပြုံးနေသည်။

"လွင်မှာဆိုရင်တော့ မြင်းနဲ့လိုက်ပြီး လှံနဲ့ထိုးရရင် ကောင်းမယ်။ တောထဲဝင်သွားရင်တော့ လွတ်သွားမှာပ"

"မထင်နဲ့ မောင်ရွှေဝါ။ မြင်းနဲ့လိုက်လို့ကတော့ ယုန်က အပျော့ပေါ့။ တံပိုးကျင်နဲ့ မြေကြီးကပ်ပြီး သိမ်းပစ်တာတောင် အခန့်သင့်မှ။ လှံနဲ့ထိုးလို့ကတော့ မထိနိုင်ဘူး"

ဤတစ်ကြိမ်တွင်တော့ မောင်ရွှေဝါက မပွင့်တစ်ပွင့် ပြုံးလိုက်သည်။ သူ့ကို သူတို့ အထင်သေးကြည့်။ သိကြသေးတာပဟု စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

"ဆင်ကိုဖမ်းလို့မိတိုင်း ယုန်ကို မိနိုင်ပါ့မလား။ ဆင်က အိမ်လောက်ရှိတဲ့ အကောင်ကြီးတွေပဲ။ ပစ်မလွဲဘဲ။ ဆင်က ခုန်နိုင်၊ ပျံနိုင်၊ ပုန်းနိုင်၊ လှုပ်ရှားနိုင်တာလည်း မဟုတ်ဘူး။ ယုန်က အကောင်သေးသေး ကလေးတွေပဲ။ ရမ်းသန်းပြီး ပစ်လို့ရမတဲ့လား"

ခင်ခင်လေးက ပြောလိုက်သည်။ မောင်ရွှေဝါကို ရည်ရွယ်၍ ပြောခြင်းဖြစ်သော်လည်း မောင်ရွှေဝါကို မကြည့်ချေ။ ဗိုလ်ထွန်းကို ကြည့်၍ပြောခြင်း ဖြစ်သည်။

"ခင်ခင်လေးပြောတာ မှန်တာပေါ့"

ဗိုလ်ထွန်းက ထောက်ခံလိုက်သည်။

"ကဲဟေ့၊ ခဏနေရင် ယုန်ပစ်ထွက်ကြမယ်။ အားလုံး အသင့်လုပ်ထားကြ။ ခွေးတွေကို ထမင်းမကျွေးနဲ့။ တံပိုးကျင် ကောင်းကောင်းလေးတွေ ရွေးကြ။ မောင်ရွှေဝါကို ယုန်ပစ်သင်ကြရအောင်"

ထို့နောက် လက်ဖက်ရည်ဝိုင်းကို သိမ်းလိုက်သည်။

## အခန်း -၃၉-

နောက်တစ်နာရီခန့်အကြာတွင် ယုန်ပစ်ထွက်မည့် အဖွဲ့သည် မြို့ဝန်မင်းအိမ်ရှေ့တွင် အသင့် ဖြစ်နေကြသည်။ ယုန်လိုက်ခွေးများသည် မာန်ဖီလျက်ရှိသည်။ ရတနာသိင်္ဃ မြို့ဝန်သည် အကွက်စေ့အောင် အော်ဟစ် အမိန့်ပေးနေသည်။

ယုန်လိုက်အဖွဲ့တွင် မြို့ဝန်ဗိုလ်ပြင်း၊ စစ်ကဲမောင်ထွန်း၊ ခင်ခင်လေး၊ မောင်ရွှေဝါတို့ အပြင် မြို့ဝန်မင်း၏ ကိုယ်ရံတပ်သားများ၊ ဗိုလ်ထွန်း၏ နောက်လိုက်များ၊ ယုန်လိုက်သမားများနှင့် အခိုင်းအစေများ ပါဝင်သည်။ စုစုပေါင်း လူအစိတ်ခန့်ရှိသည်။ ခွေးငါးကောင်နှင့်ဆိုလျှင် စစ်တပ်ကြီးတစ်တပ်ဖြစ်သွားတော့ သည်။ အချို့မှာ မြင်းနှင့် အချို့မှာ ခြေကျင် ဖြစ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

လူတစ်ယောက်သည် ထန်းခေါက်တောင်းထဲတွင် တံပိုးကျင် (ထမ်းပိုးကျည်း)များ ထောင်ထည့်လျက် ယုန်လိုက်မည့်သူများကို တစ်ယောက်လျှင် ငါးချောင်းကျစီ လိုက်ပေးနေသည်။ မောင်ရွှေဝါသည် ထိုသူပေးသော တံပိုးကျင်ငါးချောင်းကို ရုတ်တရက် လှမ်းမယူသေးဘဲ ဆိုင်းနေသည်။

"ယူလကွယ့် မောင်ရွှေဝါရဲ့။ ငါးချောင်းပဲ ပေးထားတာကတော့ မောင်ရွှေဝါလေးမှာ စိုးလို့ကွယ့်။ ဒါပေမယ့် တို့စီမှာတော့ ထုံးစံတစ်ခုတော့ ရှိတယ်ကွယ့်။ တံပိုးကျင် ငါးချောင်းကုန်ရင် ယုန်တစ်ကောင် ရရတယ်ကွယ့်"

ဗိုလ်ပြင်းသည် မောင်ရွှေဝါအနီးသို့ မြင်းဖြူကြီးဖြင့် ကပ်လာရင်း ပြောလိုက်သည်။

"တို့ကိုတော့ သုံးချောင်းပဲပေးဟေ့။ သုံးကောင်ပဲ၊ တော်ပြီ။"

ဗိုလ်ပြင်းနောက်မှ ကပ်၍ပါလာသော ခင်ခင်လေးက ပြောသည်။ ခင်ခင်လေးသည် မြင်းကို တင်ပါးလွှဲ၍ စီးလာသည်။ သူ့ကို ပြုံးကြည့်သည်။ သို့သော် သူ့ကို လှောင်ပြောင်သရော်သော အပြုံးထက် မိမိကိုယ်ကိုမိမိ ကျေနပ်အားရနေသည့် အပြုံးမျိုးဖြစ်သည်။

မောင်ရွှေဝါက တံပိုးကျင်များကို ယူလိုက်သည်။ ရုတ်တရက် မယူသည်မှာ သူ့တွင် အကြံတစ်ခုရှိ၍ ဖြစ်သည်။ သို့သော် ယူထားလျှင်လည်း မမှားဟု အောက်မေ့ပြီး ယူထားလိုက်သည်။ တံပိုးကျင်ဟု ခေါ်သော်လည်း လှည်းထမ်းပိုးကျည်းများ မဟုတ်ဘဲ ယုန်ပစ်ရန်အတွက် သီးသန့်ပြုလုပ်ထားသော ရှားသားတုတ်များ ဖြစ်သည်။ တစ်တောင်ခန့်အရှည်ရှိ၍ ဂုံညင်းဝိုင်းခန့် အလုံးရှိသည်။ လှည်းထမ်းပိုးကျည်းပုံစံ ခုတ်ထားသဖြင့် အစတစ်ဖက်သည်ပေါ့၍ အစတစ်ဖက်သည် လေးသည်။ ဤအရပ်ဒေသမှ လူများသည် လှည်းဖြင့် ခရီးသွားရင်း လမ်းတွင် ယုန်တွေ့လျှင် ထမ်းပိုးကျည်းနှင့် ဖြုတ်၍ ပစ်လေ့ရှိသည်။ ယင်းကြောင့်ပင် ယုန်ပစ်တုတ်ကို တံပိုးကျင်ဟု ခေါ်ကြဟန်ရှိသည်။ မောင်ရွှေဝါက တံပိုးကျင် တစ်ချောင်းကို လက်တွင်ဆကြည့်ရာ အတော်လေးသည်ကို တွေ့ရသည်။ ယုန်တစ်ကောင်သည် ဤတုတ်အရှိန် ဟပ်ရုံဖြင့်ပင် မူးမေ့လဲသွားနိုင်သည်ဟု သူက မှတ်ထင်လိုက်သည်။

"မောင်ရွှေဝါ၊ ကနေ့တော့ ခင်ခင်လေးကို ဆရာတင်ပေတော့။ သူက ယုန်ပစ်ကောင်းတယ်ကွယ့်။ တို့ကတော့ အသက်ကြီးလို့ ယုန်ကိုလည်း မတွေ့ဘူး၊ တွေ့လည်း မလိုက်နိုင် မပစ်နိုင်တော့ဘူးကွယ့်"

မောင်ရွှေဝါသည် ခင်ခင်လေးကို ဆရာတင်ရမည် ဆို၍ စိတ်ထဲတွင် မခံချင် ဖြစ်မိသည်။

"မောင်ကြီး ခန့်ီးက စိတ်အတော်တိုပုံရတယ်။ ဆင်ဖမ်းတာတော့ မပြောတတ်ဘူး။ ယုန်လိုက်တာတော့ စိတ်ရှည်ရတယ် ရှင့်"

မောင်ရွှေဝါက ဘာမှ ပြန်မပြောချေ။ သို့သော် စိတ်ထဲမှာမူ အေးပ စိတ်ရှည်ရှည်ထားကြသေးတာပ ဗမာမရယ်။ ခဏနေရင် ငါ့အကြောင်း နင်သိမှာပ ဟု ကြုံးဝါးနေမိသည်။ မိမိအား အထင်သေးသူ၏ စိတ်ကို တစ်ခါတည်း ပြောင်းပစ်လိုက်မည်ဟု မောင်ရွှေဝါက ဆုံးဖြတ်ထားသည်။

ယခုအကြိမ်တွင် ခင်ခင်လေးကို ကြည့်ရသည်မှာ တစ်မျိုး ဖြစ်နေသည်။ ယခင်အခါများကလို သုန်သုန်မှုန်မှုန် မရှိချေ။ ဒေါသများ ကင်းစင်နေ၍ သူမ၏မျက်နှာသည် စမ်းရေကဲ့သို့ ကြည်နေသည်။ ယုန်လိုက်သည့်လုပ်ငန်းသည် သူမ၏လုပ်ငန်း ဖြစ်သည်။ သူမ၏ အစွမ်းကို ပြက်ပြက်ထင်ထင် ပြရတော့မည်ဖြစ်၍ ဝမ်းသာကြည်နူးပုံ ရှိသည်။ မောင်ရွှေဝါကို ကြည့်နေသည့် နေရာတွင် သူမ၏ မျက်လုံးသည် မြူးနေသည်။ အနိုင်ရသည့် မျက်လုံးမျိုး ဖြစ်သည်။ သို့သော် အမျိုးသမီးက သူ့ကို ကောင်းကောင်းမွန်မွန် စကားပြောလျက်ရှိနေသဖြင့် မိမိကလည်း သူမကို ပြန်၍အချိုသတ်ရမည်ဟု မောင်ရွှေဝါက ပိုင်းဖြတ်လိုက်သည်။

ဗိုလ်ထွန်းသည် သူတို့ အနီးသို့ မကပ်ဘဲ သူ့လူများနှင့်သူ ရှိနေသည်။ သူက ယုန်လိုက်ကောင်းသူ တစ်ဦးလည်း မဟုတ်။ ယုန်လိုက်ရန်လည်း စိတ်ဝင်စားသူတစ်ဦးလည်း မဟုတ်ချေ။ သူ့ဖခင် ခေါ်၍သာ လိုက်ပါလာဖြင်း ဖြစ်သည်။

"ကဲ အားလုံးပြီးရင် သွားကြမယ်ဟေ့"

ဗိုလ်ပြင်းက အမိန့်ပေးလိုက်သည်။

မောင်ရွှေဝါနှင့် ခင်ခင်လေးသည် ရှေ့ဆုံးမှ မြင်းချင်းယှဉ်၍ ထွက်သွားကြသည်။ အလယ်တွင် မြို့ဝန်မင်းတို့ လူစုရှိပြီး ဗိုလ်ထွန်းနှင့် အမှုးသမားများက နောက်လှမ်းလှမ်းမှ လိုက်လာကြသည်။

ခင်ခင်လေး၏ကိုယ်မှ သနပ်ခါးနံ့သည် တောကိုပင် ထုံသင်းစေနိုင်သည်။

မြို့မှ ထွက်မိသည်ဆိုလျှင် ဆောက်ချုံများ၊ သန်း၊ ဒဟတ်ချုံများကို တွေ့ရသည်။ ဤဘက်ပိုင်းသည် ကုန်းပိုင်း ဖြစ်သည်။ သို့သော် အဝေးတွင် ကောင်ပင်များကို မြင်ရသည်။ မူးရေဝင်၍ ရှင်သန်လျက် ရှိသည်။ ဖျိုင်းတစ်ကောင်သည် လယ်တောဘက်သို့ ထိုးဆင်းသွားသည်။ မောင်ရွှေဝါသည် မြင်းကုန်းနီးတွင် စိုက်ထားသော ဓားမြှောင်တစ်ချောင်းကိုနုတ်၍ ပစ်လိုက်သည်။ ဓားသည် ဖျိုင်း၏ရင်ဝကို ထိုးဖောက်သွားသည်။ ဖျိုင်းသည် အတောင်ကားယားဖြင့် နှစ်ပတ်သုံးပတ်လည်၍ မြေကြီးပေါ်သို့ ဖုတ်ခနဲကျသွားသည်။ မြို့ဝန်မင်း၏ ကိုယ်ရံတစ်ဦး ပြေးသွားကောက်ယူလိုက်သည်။

"မောင်ရွှေဝါက ဓားပစ်၊ လှံပစ်တော့ တကယ်ကောင်းတာပဲကွယ့်"

မြို့ဝန်သည် သူတို့နှစ်ဦးရှိရာသို့ ရောက်လာပြီး ပြောသည်။ မောင်ရွှေဝါက ဘာမှ မပြောဘဲ သူ့ပေါင်ရင်းဆီသို့ ငုံ့ကြည့်လိုက်သည်။ ဓားမြှောင်လေးချောင်းစီ၍ စိုက်ထားသည်။ သူ့အကြံက ယုန်ကို မြင်းနှင့်လိုက်ပြီး ဓားနှင့်ပေါက်ရန်ဖြစ်သည်။ ယင်းကို သတိပြုမိသွားသော ခင်ခင်လေးက...

"မောင်ကြီး ခဏ္တိးက ယုန်ကို ဓားမြှောင်နဲ့ ပစ်မလို့နဲ့ တူတယ်ရှင့်"

"စမ်းကြည့်ရင် ကောင်းမလားပ"

"စမ်းကြည့်လေ။ ပြေးနေတဲ့ယုန်ဟာ လက်ပေါ်မှ ကျနေတဲ့ ခူလိုမျိုး မဟုတ်တာတော့ အမှန်ပဲ။ မိုးပေါ်မှာ ပျံသွားတဲ့ ဖျိုင်းလိုလည်း မဟုတ်ဖူးရှင့်။ ဖျိုင်းက ရေထဲမှာ ငြိမ်ငြိမ်ကလေး ငါးပေါက်နေကျတော့ ပျံတဲ့နေရာမှာလည်း စင်းစင်းကြီးပေါ့"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက တစ်ခုခု ပြန်ပြောမည်ရှိစဉ် မြို့ဝန်က သူ့စကားရှေ့မှဖြတ်၍...
"ဟော့ ဟိုမှာကြည့်ကြစမ်း၊ ဟုတ်တယ် မဟုတ်လားကွယ့်"

ဗိုလ်ပြင်း လက်ညှိုးထိုးပြရာ မြက်ခင်းပြင်ပေါ်သို့ သူတို့ကြည့်လိုက်သည်။ မောင်ရွှေဝါက ဘာမှ ထူးထူးခြားခြား မတွေ့ရ။ သို့သော် ခင်ခင်လေးက ခေါင်းကို ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘကြီးက ခင်ခင်လေးတို့ထက် မျက်လုံးကောင်းသေးတာပဲ"
"ကျွန်တော်တော့ ဘာမှ မတွေ့ပါလားကော"

မောင်ရွှေဝါက မြက်ခင်းကို ကြည့်ရင်းပြောသည်။

"ဆင်ချေးလိုတော့ တစ်ပွေ့တစ်ပိုက်ကြီး မဟုတ်ဘူးပေ့ါရှင်"

သည်တော့မှ သူတို့သည် ယုန်ချေးကို ပြောနေကြခြင်းဖြစ်မည်ဟု သူသဘောပေါက်မိသည်။ သူက မကျေနပ်သဖြင့် မြင်းပေါ်မှ ခုန်ဆင်း၍ မြက်ခင်းကို ငုံ့ကြည့်လိုက်သည်။ မြက်ခင်းစိမ်းဝါဝါနှင့် ယုန်ချေးစိမ်းဝါဝါသည် ရောနေသည်။ ကိုက်ဖြတ်ထားသော မြက်ညွန့်များကိုလည်း တွေ့ရသည်။

"ယုန်ချေးက သနပ်ခါးနဲ့ တူတယ်ကော"

မောင်ရွှေဝါက ခင်ခင်လေး၏ပါးပြင်ကို ကြည့်ရင်းပြောလိုက်သည်။

"ဟုတ်တာပေ့ါရှင်။ ဆင်ချေးကလည်း ရှမ်းပဲပုပ်နဲ့ တူတာကိုး"

ဤအမျိုးသမီးသည် တစ်ချက်ကလေးမျှ အတင်အစီးမခံလိုသူ ဖြစ်သည်။ ရုပ်လှသလောက် မာန်မာနကြီးသည်။ သည်မာန်စွယ်ကို သူက ရိုက်ချိုးချင်လှသည်။

ဤသို့ဖြင့် သူတို့သည် ခရီးဆက်ခဲ့ကြရာ သနပ်ခါးချုံများကို တွေ့ရှိကြရသည်။ မြို့အနီးတွင်မှ လူနိုင်သဖြင့် သန်းဒဟတ်တောသည် ခပ်ပါးပါးသာ ရှိသည်။

ခွေးငါးကောင်ကို ကြိုးမှ ဖြုတ်လွှတ်လိုက်ပြီဖြစ်ရာ ခွေးများသည် ချုံငယ်များရှိရာသို့ ပြေးသွားကြသည်။ အနံ့ခံကြသည်။

မကြာမီပင် ခွေးတစ်ကောင်သည် သနပ်ခါးချုံရင်းသို့ ထိုး၍ဟောင်လိုက်ရာ ယုန်တစ်ကောင် ခုန်ထွက်၍ ပြေးသွားသည်။ ယုန်သည် ဒဟတ်တောကြီးဆီသို့ ခုန်လွှားပြေးသွားသည်။ ခွေးများသည် နောက်မှ အတင်းပြေး၍ လိုက်ကြသည်။ မီတော့မည် အပြုတွင် ယုန်သည် နောက်သို့ လှည့်ပြန်၍ ပြေးလာသည်။ ခွေးများသည် ရှေ့သို့ဝါးတစ်ရိုက်ခန့် လွန်သွားကြသည်။ ခင်ခင်လေးသည် တံပိုးကျင် တစ်ခုကို ဆွဲ၍ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအချိန်တွင် မောင်ရွှေဝါသည် ယုန်ဆီသို့ မြင်းကို တအားစိုင်းသွားသည်။ ယုန်သည် အရှေ့အနောက်ပြေးနေရာမှ နောက်ဘက်တွင် ခွေးငါးကောင်ရှိပြီး ရှေ့ဘက်တွင် မြင်းတစ်ကောင် ရှိသဖြင့် တောင်ဘက် ကုန်းမြင့်ထက်သို့ လှည့်ပြေးသည်။

မြင်းနှင့်ခွေးများသည် ယုန်ငယ်၏နောက်သို့ ဆူညံစွာ ပြေးလိုက်ကြလေသည်။ ယုန်ငယ်သည် လူတစ်ထိုင်လောက်ရှိသော ချုံငယ်များကို ပေါ့ပါးစွာ ခုန်သွားသည်။ ခွေးများကလည်း ကိုက်ရန် ပြင်သည်။ ယုန်နှင့် အတော်နီးပြီဖြစ်၍ မောင်ရွှေဝါက မြင်းထက်မှနေ၍ ဓားဖြင့်ပစ်မည် ရှိသောအခါ မလွယ်ဘဲ ဖြစ်နေသည်ကို တွေ့ရသည်။ ယုန်ကို ခွေးငါးကောင်က ကွယ်လျက်ရှိသည်။ ကြားမှ ကာဆီးနေသည်။ သူက မည်သို့မျှ မပစ်သာဘဲ ရှိသည်။

ယုန်သည် ရှေ့သို့ပြေး၍ မလွတ်မှန်းသိသောအခါ နောက်သို့ တုန့်ခနဲ့ ပြန်လှည့်သည်။ ယုန်သည် အပြေးနှုန်းကို လျှော့ခြင်း၊ ဟန်ပြင်ခြင်း မရှိဘဲ နောက်သို့ တစ်ဆစ်ချိုး လှည့်သွားသဖြင့် မြင်းနှင့် ခွေးများသည် ရှေ့သို့ လွန်သွားသည်။ ယုန်သည် သူတို့ပါးစပ်နားတွင် ရှိနေရာမှ လျှပ်တစ်ပြက်အတွင်း အမြီးဖျားသို့ ရောက်သွားသည်။ သူတို့ ပြန်လှည့်နိုင်သည့် အချိန်တွင် ယုန်သည် ဝါးသုံးလေးရိုက်ခန့် ဝေးသွားပြီ ဖြစ်သည်။ သို့သော် အလေ့အကျင့်ရှိသော ယုန်လိုက်ခွေးများဖြစ်သဖြင့် ပြေးလိုက်ကြပြန်သည်။ သူတို့သည် ဤသို့ လေးငါးခေါက် အပြန်အလှန်လိုက်လျှင် ယုန်ကိုမိသည်သာဖြစ်သည်။ သို့သော် သူတို့သည် ထုံးစံအတိုင်းဆိုလျှင် လေးငါးခေါက် လိုက်ရန် မလိုချေ။ သူတို့ကို လှည့်စား၍ ထွက်သွားသော ယုန်သည် တံပိုးကျင်မိ၍ ကားခနဲဖြစ်ရသည်သာ ဖြစ်သည်။

ယခုမူ တံပိုးကျင်ပစ်မည့်သူများသည် အဝေးတွင် ရှိနေကြသည်။ တံပိုးကျင်အစား မြင်းတစ်ကောင်သည် သူတို့နှင့် အပြိုင်ပြေးနေသည်။ တိမ်ပျံသည် တစ်ဖြောင့်တည်းသာလိုက်ရလျှင် မည်မျှ အပြေးသန်သော သတ္တဝါကိုမျှ မမှုချေ။ ယခုတော့ ယုန်ညိုကျားသည် အတိုခရီးကို တုံ့ကာ တင်ကာ ပြေးနေသဖြင့် အရှိန်အဟုန်ပျက်ရသည်။ ခြေကုန်လွှတ်မည် ရှိစဉ်တွင် သခင်က ဇက်သတ်၍ နောက်ဘက်သို့ သမင်လည်ပြန်လှည့်ခိုင်းသည်။ ယင်းအပြင် ခွေးများကလည်း ရှုပ်ယှက်ခတ်နေသည်။

မောင်ရွှေဝါသည် ယုန်နှင့်ခွေးများ မပူးမီ ဓားတစ်ချောင်းပစ်လိုက်သည်။ သို့သော် အချိန်အဆမမှန်သဖြင့် လွဲသွားသည်။ နောက်တစ်ကြိမ် မပစ်နိုင်မီတွင် ယုန်နှင့်ခွေးများ ပူးသွားသည်။ ထို့နောက် ကိုရွှေယုန်သည် သူ့နောက်ကျောဘက်သို့ ရောက်သွားသည်။ မြို့ဝန်မင်းတို့လူစုသည် ခပ်လှမ်းလှမ်းမှ ရပ်၍ကြည့်နေကြသည်။ ခွေးများ ရှုပ်နေသည်ကို မြင်၍ ဗိုလ်ပြင်းက ခွေးများကိုခေါ်ရန် အမိန့်ပေးလိုက်သည်။

သို့ဖြင့် မောင်ရွှေဝါသည် ယုန်နှင့် ရှင်းရှင်းလင်းလင်း ရင်ဆိုင်ရတော့သည်။ ယုန်သည် တစ်ဖြောင့်တည်း မပြေးဘဲ ထောင့်တန်းခုန်ကန်ပြေးသည်။ မောင်ရွှေဝါသည် ယုန်နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် ဓားကို ပစ်လွှတ်လိုက်သည်။ ရှေ့ကိုကြို၍ ပစ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ယုန်သည် ရုတ်တရက် နောက်သို့ တုံ့လှည့်လိုက်သဖြင့် ဓားသည် ရှေ့တစ်တောင်ကွာလောက်တွင် သွား၍စိုက်သည်။ ထို့နောက် ယုန်သည် သူ့မျက်စိ အောက်မှပင် ဖြတ်ထွက်သွားသည်။ ရပ်ကြည့်နေသူများထဲမှ ဝေါခနဲ ရယ်သံကြားလိုက်ရသည်။ မောင်ရွှေဝါသည် တစ်ကိုယ်လုံး ပူထူသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူက တောက်တစ်ချက်ခေါက်လိုက်ပြီး ယုန်ငယ်နောက်သို့ တအားလိုက်သည်။ ယုန်သည် သုံးလေးခေါက် တုံ့မိပြီဖြစ်၍ မောနေပေပြီ။ စောစောကလောက် မပြေးနိုင်တော့ချေ။ သို့သော် သူ့တွင်လည်း ဓားနှစ်ချောင်းသာ ကျန်တော့သဖြင့် အရမ်းမပစ်ရဲချေ။ ဤနှစ်ချောင်းကုန်၍မှ ယုန်ကို မမိလျှင် အရှက်ကွဲရပေမည်။

ဓားကိုမြှောက်၍ ပစ်မည်အပြုတွင် ယုန်သည် ပုတ်ငယ်ခန့်ရှိသော သန်းချုံ အတွင်းသို့ တိုးဝင်သွားသည်။ သို့ဖြင့် မောင်ရွှေဝါသည် သန်းချုံ အနီးသို့ ရောက်သည်အထိ မြင်းကိုစိုင်းသွားသည်။ ယုန်သည်ချုံတစ်ဖက်မှ ထွက်သွားခြင်းမရှိ။ ချုံထဲမှာပင် ဝပ်နေသည်။ အမောဖြေနေဟန် ရှိသည်။ သူက ညာသံပေးလိုက်သည်။ ယုန်ငယ်သည် တုတ်တုတ်မျှ မလှုပ်ချေ။ ခက်ချေပြီ။ ခွေးရှိလျှင်တော့ ချုံထဲသို့ အတိုးအခြောက် ခိုင်းရမည်။ ယခုတော့ ကိုယ်တိုင်ပင် ခြောက်ရပေတော့မည်။ သူက လက်မခန့်ရှိသော ခွေးတောက်နွယ်ကိုဆွဲ၍ ချုံထဲသို့ တိုးကြည့်သည်။ ထိုအခါတွင်မှ ကိုရွှေယုန်သည် ချိုင့်တစ်ခုအတွင်း ဝပ်နေရာမှ ထွက်ပြေးသွားသည်။ သူက မြင်းပေါ်သို့ ကမန်းကတန်း ခုန်တက်၍လိုက်ရသည်။ လူအုပ်ဆီမှ ရယ်မောသံ ထွက်လာပြန်သည်။

သည်တစ်ကြိမ်တွင်တော့ မောင်ရွှေဝါသည် ဓားကိုယုန်ရှိရာသို့ ကြို၍မပစ်ဘဲ အပြန်အတုံ့ကိုမှန်း၍ နောက်ဘက် တစ်လံလောက်တွင် စိုက်သည်။ မြေကြီးတွင် ဓားစိုက်မှ ယုန်က ပြန်တုံ့သည်။

ခင်ခင်လေး ပြောသည်မှာ မှန်ပေသည်။ မိုးပေါ်တွင် ပျံနေသော ငှက်ကိုပစ်ရသည်မှာ လွယ်ပေသည်။ ရှေ့ကိုကြို၍ ပစ်လိုက်လျှင် ဖြစ်သည်။ ဓားအရှိန်နှင့် ငှက်အရှိန်ကိုသာ မှန်းဆရသည်။ ယုန်က ဆတ်ခနဲပြန်၍ တုံ့တတ်သည်။ နောက်မှ လိုက်လာသော ရန်သူနီးလျှင် တုံ့သည်။ သို့သော် တုံ့မည့်အချိန် အတိအကျကို မသိနိုင်သည်က ခက်သည်။ ရှေ့ကိုကြို၍ ပစ်ရမည်လား။ နောက်မှ ကြို၍ပစ်ရမည်လား မဆုံးဖြတ်နိုင်ဘဲရှိသည်။

သူ့လက်ထဲတွင် ဓားတစ်ချောင်းသာ ရှိတော့သည်။ ဤတစ်ကြိမ် ပစ်၍မှ ယုန်ကိုမရလျှင် သူကောင်ကောင်း အရှက်ကွဲလေပြီ။ သို့သော် မတတ်နိုင်ပေ။ ကြိုးစားပစ်ရလေသည်။ ကြည့်လိုက်သောအခါ ယုန်သည် သူနှင့်အတော်ပြတ်သွားပြီ ဖြစ်သည်။ သူက တိမ်ပျံကို အတင်းစိုင်းသည်။ ဓားတစ်ပစ် မမီမီမှာပင် ယုန်သည် ခင်တန်းငယ် အတွင်းသို့ ပျောက်ဝင်သွားလေတော့သည်။ ဤမျှ ထူထပ်သော ချုံတွေထဲသို့မြင်းနှင့်ဝင်၍ကား ယုန်မြီးကိုပင် မြင်တွေ့ရမည် မဟုတ်ချေ။

မောင်ရွှေဝါသည် စိတ်ပေါက်ပေါက်နှင့်ဓားကို ခင်တန်းထဲတို့ အရမ်းမဲ့ ပစ်လိုက်မည် ရှိပြီးမှ ဒေါသကို ထိန်းချုပ်လိုက်ရသည်။ သူသည် စိတ်ပျက်ပျက်နှင့် မြင်းပေါ်တွင် အတန်ကြာထိုင်နေမိဟန် ရှိသည်။ ဆူဆူညံညံ အသံများကြား၍ လှည့်ကြည့်လိုက်သောအခါ မြို့ဝန်မင်းတို့ လူစုသည် သူရှိရာသို့ လိုက်လာကြသည်ကို တွေ့ရသည်ကို တွေ့ရသည်။ သူတို့အားလုံးအကြည့်သည် သူ့ကိုသရော်သည့်ဟန် ရှိသည်။ သူက ခင်ခင်လေးကို မကြည့်ရဲဘဲ ရှိသည်။

“ဒီထဲဝင်သွားရင်တော့ မရတော့ဘူးကွယ့်၊ ပိုက်ထောင်ပြီး ဖမ်းဖို့ပဲ ရှိတော့တယ်”

ဗိုလ်ပြင်းက ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီကောင်တွေက ရှေ့ကိုပြေးရင်းနဲ့ နောက်ကို ဘယ်လိုပြန်ပြီး ကွေ့လိုက်တယ် မသိဘူး"

မောင်ရွှေဝါက သူ့ကိုယ်သူပြောသကဲ့သို့ တိုးတိုး ပြောလိုက်သည်။

"လက်ထဲက ဓားကို မပစ်ရခင် ဒီယုန်က တောထဲဝင်သွားလို့ပါ။ ဓားငါးချောင်းစလုံးသာ ပစ်ရရင်တော့ ဒီယုန် ဘယ်လွတ်ပါ့မလဲရှင်"

ခင်ခင်လေးက သူနှင့် ယှဉ်ရပ်ရင်း သူ့လက်ထဲမှ ဓားကိုကြည့်ကာ ပြောလိုက်သည်။

"တစ်ချောင်းက ဖျိုင်းကို ပစ်တယ်ကော"
"ဟုတ်ပါတယ်ရှင်၊ ကျွန်မမေ့သွားလို့ပါ။ ဓားလေးချောင်းစလုံး ပစ်ရရင် ဒီယုန်ကို ရတာပေါ့နော်"

ဗိုလ်ထွန်း၏ အာပြဲပါးပြဲ ရယ်သံထွက်လာသည်။

"ကဲ ကဲ လာကြ၊ ဟိုညောင်ခြေထောက်ကွင်းကို သွားကြမယ်၊ အဲဒီမှာမှ ယုန်ပေါတာ၊ ဒီတောကိုတော့ ညကျမှ ပိုက်ထောင်ကြမယ်"

ဗိုလ်ပြင်းက ပြောသည်။

ညောင်ခြေထောက်ကွင်းသည် ခင်တန်းနှင့် အနောက်ဘက်တောင်ကုန်း အကြားတွင် ရှိသည်။ အနိမ့်ပိုင်းဖြစ်၍ ရေတင်သည်။ မြက်ကောင်းသည်။ ရေဝပ်ရာများတွင် ကန်စွန်းတောများ ရှိသည်။ ကွင်းအလယ်ကို ဖြတ်၍ ချောင်းငယ်တစ်ခု စီးဆင်းသည်။ မူးသို့ ဝင်သောရေစီးကြောင်းဖြစ်သည်။ သည်တစ်ဝိုက်တွင် ယုန်များပေါသည်မှာ မဆန်းချေ။ မောင်ရွှေဝါသည် ယုန်ဝပ်ကျင်းများကို ကြည့်မြင်တတ်ပြီ ဖြစ်သည်။ ယုန် စားကျက်ကြောင်းကိုလည်း ထင်းထင်းမြင်တတ်ပြီ ဖြစ်သည်။ အမြစ်များ ထောက်နေသော ညောင်အိုပင်ကြီးနှင့်မလှမ်းမကမ်းတွင် ခွေးများက ယုန်တစ်ကောင်ကို လိုက်ကြသည်။

ခင်ခင်လေးသည် တံပိုးကျင်ကိုကိုင်၍ မြင်းပေါ်မှ ခုန်ဆင်းသည်။ ဤတစ်ကြိမ်တော့ မောင်ရွှေဝါသည် မြင်းကိုစိုင်း၍ မထွက်တော့ချေ။ မြင်းပေါ်မှာပင် ထိုင်၍ ခင်ခင်လေး၏ အရိပ်အကဲကို ကြည့်နေသည်။ ခင်ခင်လေးသည် ရှေ့သို့ လေးငါးဆယ်လှမ်းမျှ ပြေးသွားသည်။ ယုန်နှင့်ခွေးများသည် အနောက်ဘက်သို့ ပြေးသွားကြသော်လည်း ခင်ခင်လေးက မြောက်တည့်တည်လျှောက်သွားသည်။ ခဏအကြာ၌ ယုန်သည် အရှေ့သို့ ပြန်၍ တုံ့လာသည်။ ခင်ခင်လေးကိုမြင်သောအခါ မြောက်ဘက်သို့ ထောင့်တန်း ချိုးသွားသည်။

ခင်ခင်လေးသည် ကုန်းမြင့်အတိုင်း ယုန်ငယ်ပြေးတက်သွားသည်ကို ခဏမျှ ကြည့်နေသည်။ ပြီးမှ ခါးကိုန့်၍ တုတ်ကို ပခုံးနှင့်အညီလောက်မှ နေ၍ ပစ်လွှတ်လိုက်သည်။

ရှားသားတုတ်သည် မသိမသာလည်း၍ မသိမသာ နိမ့်ဆင်းသွားသည်။ ယုန်၏နောက်ဘက် တစ်လံလောက်အကွာတွင် နစ်ပတ်မျှ လည်မိသွားသည်။ ခပ်စောင်းဟောင်းလည်း၍ သွားသဖြင့် အောက်ဖျားသည် မြေမှ တစ်ထွာခန့်ကွာ၍ အထက်ဖျားသည် တောင်ဆုပ်ခန့်ကွာသည်။ ရှားသားတုတ်သည် ယုန်၏နောက်မှ ပြေးလိုက်သည်။ တုတ်သွားပုံမှာ ယုန်လွတ်နိုင်စရာ အကြောင်းမရှိချေ။ မြေတွင်ဝပ်၍ ပြေးလျှင်လည်း အောက်ဖျားနှင့်ရိုက်မိမည် ဖြစ်သည်။ ခုန်၍ ပြေးလျှင်လည်း အထက်ဖျားနှင့် ခတ်မိမည် ဖြစ်သည်။ ယုန်သည် မောင်ရွှေဝါတို့ ကြည့်နေစဉ်တွင် မြေတွင် ပြားခနဲကပ်သွားသည်။ သို့သော် တံပိုးကျင် အရင်းပိုင်းသည် ခေါင်းကိုရိုက်မိပြီး ထင်သည်။ ယုန်သည် နစ်ပတ်သုံးပတ် လိမ့်သွားသည်။

မောင်ရွှေဝါသည် တံပိုးကျင်ပစ်သည့်သဘောကို နားလည်သွားသည့်အလား ခေါင်းကို တဆတ်ဆတ်ညိတ်နေမိသည်။ တုတ်သည် ယုန်၏ နောက်တစ်လံလောက်မှနေ၍ မြေတွင်ရှပ်ကာ လိုက်သွားသဖြင့် ရှေ့သို့ ပြေးလျှင်လည်း တိုက်မိမည် ဖြစ်သည်။ နောက်သို့ တုံ့လျှင်လည်းမလွတ်ချေ။ သို့သော် ယုန်နှင့် တစ်လံကွာလောက်တွင် မြေကြီးကို တုတ်ရှပ်သွားအောင် ပစ်တတ်ဖို့ကား အလေ့အကျင့် လိုမည်ဟု သူနားလည်သည်။ ယင်းကြောင့်ပင် ခင်ခင်လေးသည် ခါးကိုနွဲ့ပစ်ခြင်းဖြစ်သည်။

ခွေးတစ်ကောင်သည် ယုန်ကို မပေါက်မပြဲအောင် ကိုက်၍ ချီလာသည်။ အခြားခွေးတစ်ကောင် တုတ်ကို ချီလာသည်။

"ဘယ့်နယ်လဲ တွေ့တယ် မဟုတ်လား"
ဟူသော အနေဖြင့် ခင်ခင်လေးက သူ့ကို ကြည့်သည်။

"ဘယ့်နယ်လဲ မောင်ရွှေဝါ၊ ပစ်တတ်ပါ့မလား၊ ခင်ခင်လေး ပစ်လိုက်တာ မြင်တယ်မဟုတ်လား"

ဗိုလ်ပြင်းက မြင်းပေါ်မှ ဆင်း၍ ပေးသည်။ မောင်ရွှေဝါလည်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"စမ်းကြည့်တာပ"

"တစ်ခါ၊ နှစ်ခါ ပစ်ကြည့်ရင်း လက်မှန်းရသွားမှာပါ။ ကဲဟေ့ တို့ဒီမှာ စခန်းချကြရအောင်။ လက်ဖက်ရည်နဲ့ အချိုတည်းပြီးရင် လူစုခွဲပြီး လိုက်ကြရအောင်"

ညောင်ပင်ရင်းတွင် စခန်းချကြသည်။ ရေနွေးအိုးတည်ကြသည်။ ထန်းလျက်၊ ကရေကရာ၊ ဆနွင်းမကင်း စသော အချိုပွဲများပြင်ကြသည်။

ထိုစဉ်တွင် မနီးမဝေးတွင် လှည့်လည်နေသော ခွေးတစ်ကောင်က မြက်တောထဲတွင် ပု၍ ဝပ်နေသော ယုန်တစ်ကောင်ကို တွေ့သွားသည်။

"မောင်ရွှေဝါရေ၊ မင်းတုတ်စမ်းဖို့ပဲကွယ့်"

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်ပြင်းက ပြောလိုက်သည်။ မောင်ရွှေဝါသည် တံပိုးကျင်တစ်ချောင်းကိုဆွဲ၍ ပြေးထွက်သွားသည်။ သူသည် စေ့စေ့စပ်စပ် ကြည့်မြင်ထားတတ်သူတစ်ဦး ဖြစ်သည့်အလျောက် ယုန်နှင့်ခွေးများပြေးရာသို့ မလိုက်ဘဲ ယုန်တုံ့မည့်ဘက်မှ စောင့်ကြို၍နေသည်။ ယုန်သည် မကြာမီပင် ခွေးများကို လှည့်စား၍ နောက်သို့ တုံ့လာသည်။ မောင်ရွှေဝါကို မြင်သောအခါ တစ်ဖက်သို့ တိုးသွားသည်။ သို့သော် ခင်ခင်လေး၏ ယုန်ကဲ့သို့ အမြင့်သို့တက်ခြင်း မဟုတ်ဘဲ အနိမ့်သို့ဆင်းသွားခြင်း ဖြစ်သည်။ သို့ဖြင့် သူက ခပ်စိုက်စိုက်ပစ်ရမည်ဟု တွက်သည်။

မောင်ရွှေဝါသည် ခင်ခင်လေး လုပ်သည့်အတိုင်း ဘယ်ခြေကိုကြွ၍ ခါးကို ဘယ်ဘက်သို့ နွဲ့လိုက်သည်။ အောက်သူနှင့်တူတော့သည်။ တုတ်ကို ခေါင်းပေါ်တွင် မိုးထားရာမှ တစ်ပတ်ယမ်းပြီး ပခုံးအမြင့်မှ ပစ်လွှတ်လိုက်သည်။ တုတ်သည် ဗွီခနဲ မြည်၍ ထွက်သွားသည်။ အားကုန်လွှဲပစ်ခြင်း ဖြစ်၍ လက်မှလွှတ်ကတည်းက ဒယတ်ကဲ့သို့ လည်သွားသည်။ အောက်သို့ စိုက်လွန်းသဖြင့် ယုန်ဆီသို့ မရောက်ဘဲ မလှမ်းမကမ်းရှိ မြေကမူကိုထောက်၍ နောက်သို့ ပြန်ထွက်လာသည်။ မြေမာကို ထောက်မိသည်ဖြစ်၍ တုတ်သည် နောက်သို့ တအားပြန်လာသည်။ မတ်တတ်ရပ်ကြည့်နေသူများ အတွင်းသို့ ဦးတည်၍ ဝင်လာသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လျှပ်တစ်ပြက်အတွင်း ပြေးသူ၊ တမ်းသူ၊ ငုံ့သူ၊ ရှော်သူဖြင့် ရှုပ်ယှက်ခတ်သွားသည်။ ရှားသားတုတ်သည် မြို့ဝန်မင်း၏ခေါင်းကို ပွတ်၍ထွက်သွားသည်။

"အလိုလေးလေး ကံကောင်းလို့ ကျုပ် ခေါင်းမပြုတ်တယ်"

ဗိုလ်ပြင်းက ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ပြောလိုက်သည်။ အားလုံးပင် အလန့်မပြယ်သေးဘဲ ရှိသည်။ မောင်ရွှေဝါသည် ထိုင်ရမလို ထရမလို ဖြစ်နေသည်။ ခင်ခင်လေးက အားရပါးရ ရယ်လိုက်သည်။ သည်တော့မှ မြို့ဝန်မင်းနှင့် အခြားသူများ လိုက်၍ ရယ်ကြသည်။

"မဖြစ်ဘူးဟေ့၊ သာဆိုရင်တော့ မောင်ရွှေဝါကို တုတ်ပစ် အရင်သင်ပေးဦးမှပဲ"
"ခင်ခင်လေး သင်ပေးလိုက်ပါ့မယ်"

အမျိုးသမီးက မျက်နှာတစ်ခုလုံး နီရဲနေသော မောင်ရွှေဝါကို ကြည့်ရင်းပြောသည်။

"ကျုပ် ယုန်မပစ်ချင်တော့ပါဘူး"

မောင်ရွှေဝါက ခေါင်းကို ခါယမ်း၍ ပြောသည်။

"အားမနာပါနဲ့၊ ကျွန်မ သင်ပေးပါ့မယ်"
"တော်ပြီကော"

မောင်ရွှေဝါက ခပ်ကျယ်ကျယ် အော်လိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မပစ်ချင်ရင်လည်း နေပါစေကွယ်၊ ညကျမှ ပိုက်ထောင်ကြတာပေါ့၊ ဒါကတော့ မောင်ရွှေဝါ ဘာမှ မလုပ်တတ်စရာ မရှိပါဘူး"

မောင်ရွှေဝါသည် ဘာမှ မလုပ်ချင်တော့။ သို့သော် ဘာမှ မပြောချေ။ အကယ်၍ ညတွင် ယုန်ဖမ်းထွက်ရလျှင် ခင်ခင်လေးကို ချုံတစ်ခုထဲ ခေါ်ပြီး မှတ်လောက်သားလောက်အောင် ဆုံးမလိုက်မည်ဟုတော့ အားခဲထားလိုက်သည်။

သို့ရာတွင် သူတို့သည် ည ပိုက်မထောင်ကြရတော့။

နေပြည်တော်မှ အထောက်တော်များ ရောက်ရှိလာပြီး အဆောတလျင် ပြန်လာကြရန် အခေါ်အမိန့် ရှိသောကြောင့် ဖြစ်သည်။

## အခန်း -၄၀-

အရင်းရှင်စနစ်တွင် ဆိုရှယ်လစ်သန္ဓေ ပါလာသကဲ့သို့ ကိုလိုနီနယ်ချဲ့စနစ်တွင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသည် အမြွှာအဖြစ် တစ်ပါတည်း ပါလာလေသည်။

(၁၅)ရာစုအကုန် (၁၆) ရာစုအကူးမှစ၍ ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ်နယ်ချဲ့များသည် မြန်မာနိုင်ငံသို့ ခရီးသွားအဖြစ်၊ သာသနာပြုအဖြစ်၊ ကုန်သည်အဖြစ်၊ ပင်လယ်ဓားပြအဖြစ်ဖြင့် ဝင်ရောက်လာကြသည်။ ခြေကုပ် ယူလာကြသည်။

ပထမတွင် ပေါ်တူဂီနှင့် ဒတ်ချ်များက မြန်မာနိုင်ငံ၏ စီးပွားရေးကို ခြယ်လှယ်ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ဝင်ရောက်ခလောက်ဆန်ကြသည်။ အင်္ဂလိပ်များသည် အရှေ့အိန္ဒိယ ကုမ္ပဏီကို ညောင်ရမ်းမင်းတရား လက်ထက်(၁၆၀၀)ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော်လည်း မြန်မာပြည်ဘက်သို့ ခြေဦး မလှည့်နိုင်သေးချေ။

ပေါ်တူဂီတို့သည် ဗမာ၊ ရခိုင်နှင့် မွန်များအကြားတွင် အမျိုးမျိုး သွေးထိုး ခြေရှုပ်လျက်ရှိသည်။ ဇဗက်ာသည် (၁၇)ရာစုနှစ်ဦးတွင် သံလျင်မြို့ကို သိမ်းပိုက်ကာ တစ်ထီးတစ်နန်း တည်ထောင်နိုင်ခဲ့သည်။ မြန်မာ့မြေပေါ်တွင် ပထမဆုံးသော နယ်ချဲ့စခန်းကို တည်ထောင်ခဲ့ခြင်းပင် ဖြစ်သည်။ သို့ရာတွင် မြန်မာများသည် ပေါ်တူဂီနယ်ချဲ့သမား ပင်လယ်ဓားပြ ဇဗက်ာကို အချိန်မီ တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့သည်။ သံလျင်တိုက်ပွဲသည် ပထမဆုံးသော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲပင် ဖြစ်သည်။ ထိုအချိန်မှစ၍ ပေါ်တူဂီများသည် မြန်မာပြည် နိုင်ငံရေးတိုက်ပွဲမှ တဖြည်းဖြည်း ကျဆုံးကွယ်ပျောက်သွားလေသည်။

သို့သော် ပေါ်တူဂီများ ကွယ်ပျောက်သွားသည်နှင့်အမျှ အင်္ဂလိပ်များသည် နေရာစား ဝင်လာကြသည်။ (၁၇)ရာစု နှစ်ဦးတွင် ယိုးဒယားနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ အဆင်မပြေ

MMCYBERMEDIA
COMMUNITY FOR ALL

အကျိုးမပြုသဖြင့် မြန်မာနိုင်ငံဘက်သို့ လှည့်ရန် အာရုံသွင်းခဲ့ကြသည်။ ကူးသန်းရောင်းဝယ်ရေးအဖွဲ့ တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ သို့သော်လည်း (၁၈) ရာစုနှစ်ကျမှပင် ကိုလိုနီ စခန်းတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပေသည်။

ပေါ်တူဂီများ မရှိတော့သော်လည်း ဒတ်ချ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးကို (၁၇) ရာစုနှစ် တစ်ခုလုံးလောက်ပင် စိုးမိုးခြယ်လှယ်ခဲ့လေသည်။

ထိုစဉ်က ဒတ်ချ်များသည် အင်္ဂလိပ်များထက် ရေကြောင်းအင်အား ပိုမိုကောင်းမွန်သဖြင့် အိန္ဒိယ သမုဒ္ဒရာကို စိုးမိုးထားသည်။ ရခိုင်ပြည်တွင် ကူးသန်းရောင်းဝယ်ရေးစခန်းများ ဖွင့်ထားပြီး ကျွန်းနှင့်ဆန်ကို ရောင်းဝယ် ဖောက်ကားခဲ့သည်။ သို့ရာတွင် ရခိုင်များသည် ဒတ်ချ်နယ်ချဲ့၏ ခြေလှမ်းကိုသိ၍ ကူးသန်းရောင်းဝယ်ရေးစခန်းများကို ပိတ်ပစ်ခဲ့သည်။

ဒတ်ချ်များသည် မြန်မာပြည်မြောက်ပိုင်းမှ ယမ်းစိမ်းများကို ချုပ်ကိုင်ရောင်းဝယ်ရန် ကြိုးစားခဲ့သေးသည်။ မြန်မာတို့က ခွင့်မပြုခဲ့ချေ။ (၁၇)ရာစုအလယ်ပိုင်း ပင်းတလည်းမင်းလက်ထက်တွင် ဒတ်ချ်များသည် ဗန်းမော်မြို့၌ ကုန်တိုက်များဖွင့်ကာ တရုတ်ပြည်နှင့် ရောင်းဝယ်ဖောက်ကားခဲ့သည်။ တရုတ်ကုန်သည်များနှင့်ပေါင်း၍ မြန်မာနိုင်ငံမှ ကုန်များကို နိုင်ငံခြားသို့ ခိုးထုတ်ခဲ့သည်။ ထိုမျှသာမက ဒတ်ချ်များသည် တရုတ်ကြေးစားတပ်များ၏ အကူအညီဖြင့် ဗန်းမော်ကို သိမ်းပိုက်ရန် ကြံရွယ်ရာ မြန်မာတို့က လက်ဦးအောင် နှိမ်နင်းလိုက်ရသည်။ ဒတ်ချ်များကို နိုင်ငံတွင်းမှ အပြီးအပိုင် နှင်ထုတ်လိုက်ကြသည်။

(၁၈) ရာစုနှစ်တွင်ကား အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် ဆန်စပါးကို ချုပ်ကိုင်ရန် အပြိုင်အဆိုင် ပြုလုပ်လာကြသည်။ မွန်၊ မြန်မာ စစ်ပွဲများတွင် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ခဲ့ကြသည်။ သန်လျင်နှင့် ဟိုင်းကြီးကျွန်းတွင် သင်္ဘောကျင်းများ တည်ထောင်ရန် အလုအယက် ကြိုးပမ်းနေကြသည်။ ထိုအချိန်တွင် မွန်ဘုရင် ဗညားဒလသည် အင်းဝကို တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်လျက် ရှိသည်။

ယင်းသို့ ရှိစဉ် (၁၇၅၄) ခု၊ ဧပြီ (၂၆) ရက်နေ့တွင် အရှေ့အိန္ဒိယကုမ္ပဏီသည် အင်္ဂလန်နိုင်ငံမှ ခွင့်ပြုသဘောတူညီချက်အရ ပုသိမ်မြစ်ဝရှိ ဟိုင်းကြီးကျွန်းကို သိမ်းပိုက်လိုက်ကြသည်။ မြန်မာ့မြေပေါ်တွင် နယ်ချဲ့သမားတို့က ဒုတိယအကြိမ်အဖြစ် ကိုလိုနီစခန်းဖွင့်လိုက်ခြင်းပင် ဖြစ်လေသည်။

သို့သော်လည်း တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းဘုရားသည် မြန်မာ့မြေပေါ်တွင် နယ်ချဲ့သမားများ အခြေစိုက် နေထိုင်သည်ကို ခွင့်ပြုရန် မဖြစ်နိုင်ကြောင်း သိရှိသည့်အတွက် ဟိုက်ကြီးကျွန်းကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့အခြေစခန်းကို ဖြိုခွဲပစ်လိုက်သည်။

သည့်နောက်တွင်ကား အင်္ဂလိပ်တို့သည် နယ်ချဲ့စနစ်ကြောင့် ဖြစ်ပေါ်လာသော (၇)နှစ်စစ်ပွဲကို ဥရောပတွင် ဆင်နွှဲနေရသည်က တစ်ကြောင်း၊ (၇)နှစ်စစ်ပွဲအပြီးတွင် အမေရိကန် တော်လှန်ရေး ပေါ်ပေါက်လာ၍ တစ်ကြောင်း မြန်မာနိုင်ငံဘက်သို့ အာရုံ မစိုက်နိုင်ဘဲ ကာလအတန်ကြာ ရှိခဲ့ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

(၁၇၈၃)ခုနှစ်တွင် အမေရိကန် တော်လှန်ရေးကြီး ပြီးဆုံးသည်။ အမေရိကန်နိုင်ငံကို လွတ်လပ်ရေး ပေးလိုက်ရသည်။

(၁၇၈၄)ခုနှစ်တွင် ဘိုးတော်ဘုရားသည် ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်လိုက်သဖြင့် အင်္ဂလိပ်ပိုင် စစ်တကောင်းနှင့် နယ်ချင်း စပ်သွားသည်။

(၁၇၈၉)ခုနှစ်တွင် ဥရောပတိုက်နိုင်ငံရေးကို ခလောက်ဆန်သည့် ပြင်သစ်တော်လှန်ရေးကြီး ပေါ်ပေါက်လာသည်။ အင်္ဂလိပ်တို့သည် ထိုအရေးတွင် ပါဝင်ပက်သက်နေကြရပြန်တော့သည်။ အိန္ဒိယပြည်တွင်လည်း မိုက်ဆိုနှင့် အာဖဂန်နယ်များတွင် တိုက်ပွဲများ ဆင်နွှဲနေရသည်။ မာရာထာ နိုင်ငံရေးသမားများကို လွယ်လွယ်နှင့် မနိုမ်နင်းနိုင်ဘဲ ရှိသည်။ နပိုလီယံစစ်ပွဲများမှာလည်း မျှော်လင့်သည်ထက် ကြီးကျယ်လျက်ရှိတော့သည်။

သို့သော်လည်း စက်မှုလက်မှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာသည်နှင့်အမျှ ကုန်ကြမ်းပစ္စည်းများ လိုလာသည့်အလျောက်၊ ကုန်ချော ပစ္စည်းများကို ရောင်းချရန် ဈေးကွက်များ လိုလာသည့်အလျောက်၊ နယ်ချဲ့နိုင်ငံအချင်းချင်း ဖက်ပြိုင်နေရသည့်အလျောက်၊ အင်္ဂလိပ်တို့သည် နပိုလီယံစစ်ပွဲ ပြီးသည်နှင့် တစ်ပြိုင်နက် အိန္ဒိယပြည်တွင် ဖြစ်ပေါ်နေသော ဂေါ်ရခါး၊ ပင်ဒါရီ၊ မာရထာစသော တော်လှန်ရေးများကို အတော်အတန် ဖိနိုပ်လာနိုင်သည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံကို အပြီးအပိုင် တိုက်ခိုက်သိမ်းယူနိုင်ရန် အစီအစဉ်များ ပြုလုပ်လေတော့သည်။

ကမ္ဘာ့ပစ္စည်းမဲ့ ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ကားလ်မတ်နှင့် အိန်ဂျယ်တို့က အာရှတိုက်တွင် နယ်ချဲ့သမားတို့ ကျူးလွန်နေသော ကိုလိုနီစစ်ပွဲများကို ဝေဖန်တိုက်ခိုက်နေသည့် ကြားကပင် အင်္ဂလိပ်တို့သည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းအရေးကို အကြောင်းပြု၍ မြန်မာနိုင်ငံကို စစ်အင်အားဖြင့် ချီတက်တိုက်ခိုက်လေတော့သည်။ စစ်သူကြီးမဟာဗန္ဓုလနှင့် မြန်မာပြည်သူ ပြည်သားများက ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ကြသော်လည်း၊ ကျူးကျော်ရေး တပ်သားပေါင်း လေးသောင်းကျော်အနက်၊ တစ်သောင်းငါးထောင်ကျော်ကို ချေမှုန်းသုတ်သင်နိုင်သော်လည်း နောက်ဆုံးတွင်ကား လက်နက် အင်းအားချင်း မမျှ၊ စစ်ပရိယာယ် ကြွယ်ဝမှုခြင်း မညီမျှသဖြင့် ရန္တပိုစာချုပ်အရ အာသံ၊ ရခိုင်နှင့်တနင်္သာရီကို အင်္ဂလိပ်တို့ ရရှိသွားသည်။ သို့သော် ထိုနယ်သားများက အင်္ဂလိပ်တို့၏အုပ်ချုပ်မှုကို အလွယ်တကူနှင့် လက်မခံကြဘဲ၊ အားအင်ရှိသမျှ ခုခံတိုက်ခိုက်ခဲ့ကြသည်။ မုတ္တမနှင့် မော်လမြိုင်တို့အကြား သံလွင်မြစ်ရိုးတစ်လျှောက်တွင် ပြည်သူလူထုသည် အပြင်းအထန် ရုန်းကန်တော်လှန်ခဲ့သည်။ မြန်မာပြည်အနှံ့အပြားရှိ တိုင်းသူပြည်သား များကလည်း တိုင်းတစ်ပါးအောက် မတရားရောက်သွားသော မိမိနယ်ပယ်များကို ပြန်လည် တိုက်ခိုက်ရယူလိုကြသည်။ ကြိုးပမ်းအားထုတ်ကြသည်။ အင်္ဂလိပ်များ သိမ်းပိုက်ထားသောနယ်တွင် လက်နက်ကိုင် တိုက်ခိုက်နေသူများအား ငွေအား၊ လက်နက်အားဖြင့် အကူအညီပေးခဲ့ကြသည်။

ထိုမျှသာမက ဇာတိမာန်ရှိသော သာယာဝတီမင်းသည် နိုင်ငံခြားမှ စစ်လက်နက်ပစ္စည်းများ တင်သွင်း၍ မြန်မာတပ်မတော်ကို ခေတ်မီအောင် လေ့ကျင့်ခဲ့သည်။ ရန္တပိုစာချုပ်ကိုလည်း အသိအမှတ်မပြုချေ။ သို့သော် သာယာဝတီမင်းသည် နောက်ပိုင်းတွင် ကျန်းမာရေးကလည်း မကောင်း၊ နန်းတွင်းအရှုပ်အထွေးများ ရှိသဖြင့် နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ခြင်း မရှိချေ။

MMCYBERMEDIA
COMMUNITY FOR ALL

သာယာဝတီမင်းကို ဆက်ခံသော ပုဂံမင်းကား အရည်အချင်း ညံ့လှသည်။ နယ်ချဲ့ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ သားကြီး၊ ငါးကြီးမပေါ်ရေးကိုသာ အဓိကထားခဲ့သည်။ ပြည်သူပြည်သားများမှာလည်း နယ်ချဲ့ဆန့်ကျင်ရေးထက် ပဒေသရာဇ်ဆန့်ကျင်ရေးဘက်သို့ ဦးလှည့်နေကြရသည်။ ကုလားဘိုင်ဆတ်၊ မြို့စာရေးမောင်ပိန်နှင့် အခြားမှူးမတ်များသည် တိုင်းသူပြည်သားများကို နှိပ်စက်ညှင်းပန်းကြသဖြင့် ပြည်သူတို့ ကျပ်တည်းဒုက္ခရောက်ကြရသည်။

ယင်းသို့ မြန်မာပြည်သူ ပြည်သားများသည် ဒုက္ခဆင်းရဲရောက်၍ မင်းဆိုးမင်းညံ့တို့ဒဏ်ကို ရုန်းကန်နေရသည့် အချိန်တွင် နယ်ချဲ့သည် မြန်မာပြည်ကို ဆက်လက်သိမ်းပိုက်ရန် စီစဉ်တော့သည်။ အကြောင်းမူ နယ်ချဲ့သည် တနင်္သာရီနှင့် ရခိုင်ကို ရရှိသော်လည်း ထင်သလောက် အကျိုးမများဘဲ ဖြစ်နေသည်။ ၎င်းတို့ အလိုရှိသော ကျွန်းသစ်များသည် ပဲခူးရိုးမ၊ ပျဉ်းမနား၊ တောင်ငူနှင့် မူးမြစ်ဝှမ်းဒေသများတွင်သာ ရှိသောကြောင့် ဖြစ်သည်။ ရေနံနှင့် အခြားဓာတ်သတ္တု အများအပြားသည်လည်း အထက်မြန်မာပြည်တွင်သာ ရှိနေပေသည်။ ယင်းကြောင့် အင်္ဂလိပ်တို့သည် (၁၈၅၂)ခု၊ ပုဂံမင်းလက်ထက်တွင် မြန်မာနိုင်ငံကို ဒုတိယအကြိမ် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ယင်းသို့ နယ်ချဲ့က မြန်မာနိုင်ငံကို တတိတိ တိုက်ယူနေသည့် အချိန်တွင် မြန်မာဘုရင် မင်းညီမင်းသားနှင့် မှူးမတ်စစ်ဗိုလ်များသည် မိမိတို့ အာဏာရရှိရေးအတွက် နန်းတွင်း အရေးတော်ပုံများတွင်သာ အချိန်ကုန်နေခဲ့သည်။ မိမိတို့၏ပြစ်မှုများကို အာပတ်ဖြေရန်အတွက် ဘာသာရေးကို ရှေ့တန်းတင်လျက်ရှိကြ သည်။

မင်းတုန်းမင်းသည် မြန်မာ့တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းများ မပြုဘဲ၊ လက်နက်အသစ်အဆန်းများ ပြုလုပ်သည်ကိုပင် ဘာသာရေး ရှုထောင့်ဖြင့် ဟန့်ထားခဲ့သည်။ ယင်းကြောင့် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး မရှိသောအခါ တိုင်းပြည်သည် အားအင်ချည့်နဲ့၍ ဖရိုမရဲဖြစ်ကာ ကျန်ရစ်ခဲ့တော့သည်။

တိုင်းသူပြည်သားများက နယ်ချဲ့ဆန့်ကျင်ရေးနှင့် ပဒေသရာဇ် ဆန့်ကျင်ရေးကို တစ်ပြည်လုံးအတိုင်းအတာဖြင့် တိုင်ရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ရန် ကြိုးပမ်းနေချိန်တွင် နန်းတော်တွင်း၌ အာဏာသိမ်းပွဲများ၊ သတ်ဖြတ်မှုများ၊ သစ္စာဖောက်မှုများ ဖြစ်ပေါ်နေသည်။

ဘုံဘေဘားမားကုမ္ပဏီသည် တောင်ငူ၊ ရမည်းသင်း နှစ်မြို့ဝန် သေနတ်ဗိုလ်ကို ငွေဒင်္ဂါးနှစ်သောင်းနှင့် ရွှေချိန်ငါးပိဿာ လာဘ်ထိုးကာ သစ်လုံးများကို ခိုးထုတ်ခဲ့သည်။ မြန်မာတို့က သစ္စာဖောက်မြို့ဝန်ကို အရေးယူခဲ့သည်။ သို့သော် နန်းတော်တွင်း၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့ထံ တိုင်းပြည်ရောင်းစားနေသည့် မှူးမတ်များ ဒုနှင့်ဒေး ဖြစ်နေသည်။

နောက်ဆုံးတွင် အင်္ဂလိပ်တို့သည် တောင်ငူသစ်မှုကို အကြောင်းပြု၍ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလေတော့သည်။ မြန်မာနိုင်ငံ၏ ဗဟိုမြို့တော်တွင် စစ်စခန်းချထားရေးနှင့် နိုင်ငံခြားဆက်ဆံရေးကို ချုပ်ကိုင်ရန် ကြိုးစားလေတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အင်္ဂလိပ်တို့၏ နောက်ဆုံးရာဇသံ ရောက်ရှိလာသောအခါတွင် တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ခုနစ်ရက်အတွင်း ယင်းရာဇသံကို ပြန်ကြားရမည်ဖြစ်၍ နန်းတော်တွင်း၌ မင်းညီမင်းသား၊ မင်းမိဖုရားနှင့် မှူးမတ်များသည် အရှုံးပေးလိုသူက တစ်ဖက်၊ အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ခိုက်လိုသူကတစ်ဖက် ရှိနေကြစဉ်တွင် အချို့မြို့များ၊ နယ်များတွင် အင်္ဂလိပ်ကို တုက်ခိုက်ရန် ပြင်ဆင်မှုများနှင့် ညှိနှိုင်းမှုများ ပြုလုပ်နေတော့သည်။

အင်္ဂလိပ်တို့၏ နောက်ဆုံးရာဇသံ ရောက်ရှိလာသဖြင့် ရွှေဘိုမြို့တွင် ယုန်လိုက်နေကြသူများသည် နေပြည်တော်သို့ အလျင်အမြန် ပြန်ကြရတော့သည်။ ရတနာသိင်္ယမြို့ဝန်သည် နန်းတော်တွင်းသို့ ဝင်၍ မောင်ရွှေဝါသည် မင်းကြီး ရွှေလုံပိုလ်ထံသို့ သွားရောက်သည်။

အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော နယ်ဒေသတွင် နယ်ခြံ့တပ်များ စုစည်းလှုပ်ရှားလျက် ရှိသည်ဟူသော သတင်းများသည် နေပြည်တော်တွင်းသို့ အဆက်မပြတ် ရောက်ရှိလျက်ရှိသည်။ ပြည်သူလူထုနှင့် တပ်မတော်မှ တပ်မှူး၊ တပ်သားများသည် အမျက်ဒေါသခြောင်းခြောင်းထလျက် ရှိကြသည်။

တန်ဆောင်မုန်းလဆန်းတစ်ရက် (နိုဝင်ဘာလ ၇ ရက်) နေ့တွင်မှ ရန်စကျူးကျော်သူများကို ခုခံတိုက်ခိုက်ရန် တိုင်းသူပြည်သားများ အသင့်ရှိစေကြောင်း တပ်လှန်နိုးဆော်သော ကြေညာချက်ကို နန်းတွင်းညီလာခံမှ ချမှတ်၍ ထိုနေ့မှာပင် လွှတ်တော်မှ ထုတ်ပြန်လိုက်သည်။

*နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ဒိုင်းခေါင်း၊ အဝန်း၊ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြေတိုင်း၊ တောကဲတို့နှင့် မြို့ရွာနေ ပြည်သူ ကျွန်တော်မျိုး အပေါင်းတို့။*

*မိစ္ဆာအယူရှိသော အင်္ဂလိပ် ကုလားလူမျိုးတို့သည် သာသနာတော်မြတ် အစီးအပွားများ ပျက်ပြားဆုတ်ယုတ်ရန် အကြောင်း၊ နိုင်ငံတော် အစဉ်အလာ ဓလေ့ထုံးစံများကို လွန်ကျူးရန် အကြောင်း၊ မြန်မာအမျိုးသားတို့ ဂုဏ်သရေ ယုတ်ညံ့ရန် အကြောင်းများနှင့် စပ်သည့် စကားများကို တင်းမာစွာ ပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည့်ကဲ့သို့ ဟိတ်ဟန်ပြသာ အကြံအစည် ပြုလုပ်လျက်ရှိသည်ကို တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့်အညီ တရားသဖြင့် လမ်းဖြောင့်လမ်းမှန်ကျသည့် စကားရပ်များနှင့် ပြန်ကြားပြောဆိုရှိသည်။*

*သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည် ဖြစ်လျက် မိစ္ဆာကုလားတို့ နိုင်ငံတော်ကို တစ်စုံတစ်ရာ စတင်ထိပါး လှုပ်ခြောက်လာလျှင် သာသနာတော်အကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုး မဆုတ်ယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်တို့နှင့်တကွ များစွာသော ခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ်၊ ရေတပ် ရဲမက်စစ်သည်တော် အပေါင်းတို့ဖြင့် စစ်အင်အား ကျင်းပတော်မူလျက် ကိုယ်တော်တိုင် ရွှေစက်တော်ဖြန့်ချီတော်မူ၍ မိစ္ဆာအင်္ဂလိပ် ကုလားလူမျိုးအပေါင်းတို့ကို သုတ်သင်ရှင်းလင်း နှိမ်နင်း သိမ်းယူတော်မူမည် ဖြစ်သည်။*

*ပြည်သူ၊ ကျွန်တော်မျိုး အပေါင်းတို့မှာ မိစ္ဆာကုလားတို့ရန်ကို စွဲ၍ စိုးရိမ်၊ ကြောက်ရွံ့ ထိတ်လန့်၊ တုန်လှုပ်မရှိ။ နိုင်ငံတော်မှအပ ထွက်သွားရှောင်ရှားခြင်းကို မပြုမလုပ်၊ ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ်*

*စားသော်နေထိုင်မြဲ နေထိုင်ကြရမည်။ မြို့ရွာရှင်အကြီး အအုပ်တို့ကလည်း ကိုယ့်မြို့ကိုယ်ရွာတွင် သူခိုး ဓားပြ၊ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးသီး အုပ်ထိန်းစည်းကြပ် စောင့်ရှောက်ကြရမည်။*

*တပ်တော်အများ ချီတက်မည်မှာလည်း ရှေးအခါကာလ စည်းကြပ်ချီတက်သကဲ့သို့ ရရာရမိ လူတို့ကို လက်နိုင်သိမ်းခေါ် စုရုံးစည်းကြပ် ချီတက်မည် မဟုတ်၊ နေပြည်တော်တွင် အသင့်ဖွဲ့စည်း ရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက် သိမ်းယူတော်မူမည် ဖြစ်၍ မြို့ရွာနယ်ရှင် အကြီးအအုပ် ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကျပ်အတည်း ဆင့်ဆို သိမ်းခေါ် မရှိစေနှင့်။*

*သာသနာတော်မြတ်ကို စောင့်ရှောက်ရခြင်း၊ အမျိုးသားတို့၏ ဂုဏ်သရေကို စောင့်ရှောက်ရခြင်း၊ ပြည်သူတို့ အလုပ်အဆောင် အစီးအပွားကို စောင့်ရှောက်ရခြင်းများသည် သာသနာတော်အကျိုး၊ အရှင်ကျိုး ကိုယ်ကျိုး သုံးပါးစုံပြီးစီး၍ နတ်ရွာနိဗ္ဗာန်လမ်းကြောင်း၊ ကောင်းမြတ်သော အကျိုးထူးသို့ ရသည်နှင့်အညီ မည်သူမဆို အမှုတော်ကို ညီညာကြိုးပမ်း ထမ်းရွက်လိုသူဖြစ်လျှင် ဆုတော်ငွေတော် အထိုက်အလျောက် သနားချီးမြှင့်တော်မူ၍ ထမ်းသင့်ရာရာ လိုက်ပါထမ်းရွက်စေမည် ဖြစ်သည်။ မြို့ရွာသူကြီး နယ်ရှင်အကြီးအကဲ ပြုလုပ်သူတို့က ပျော်ထမ်း၊ သူကောင်းထမ်း၊ လိုက်ပါထမ်းရွက်လိုသူတို့ကို မေမြန်းစိစစ်၍ ဆိုင်ရာမြို့ရုံး၊ ခရိုင်ရုံးများမှာ အသီးသီး စာရင်းတင်ပေးကြရမည်။*

*သက္ကရာဇ် (၁၂၄၇) ခု၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့၊ နံနက် ညီလာခံတွင် ဝန်ရှင်တော် သေနတ်ဝန်လက်ကိုင်မြို့စားမင်းကြီး၊ ဝန်ရှင်တော် တောင်ခွင်မြို့စား မင်းကြီး၊ ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီး၊ အတွင်းဝန် လေှသင်းဝန်စလေမြို့စား၊ အတွင်းဝန် သမီးတော်ဝန် ဝင်မြို့စား၊ အတွင်းဝန် ကျောက်မြောင်းမြို့စား၊ အတွင်းဝန် အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဖုရားဝန် မိုင်းခိုင်းမြို့စားတို့ အစုံအညီ ဖုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ၎င်းနေ့ လွှတ်တော်တွင် ဝန်ရှင်တော် မင်းကြီးသုံးပါး မိန့်ချက်အရ ဝန်ထောက် ဝက်မစွပ်မြို့စားမင်း စာရေးမှတ်၍၊ စာရေးကြီးမဟာမင်းလှ မင်းထင်စည်သူ ဆင့်သည့်စာ*
ဟူ၍ ဖြစ်သည်။

ထို့နောက် အင်္ဂလိပ်တပ်များ ချီတက်ထိပါးလာလျှင် ခုခံတိုက်ခိုက်ရန် စစ်ကြောင်းသုံးကြောင်း ခွဲဝေသတ်မှတ်သည်။

အောက်မြစ်စဉ် ရေကြောင်း တစ်ဌာန၊ တောင်တွင်းကြီးကြောင်း တစ်ဌာန၊ တောင်ငူကြောင်း တစ်ဌာန၊ ဤသုံးဌာနအနက် အောက်မြစ်စဉ်ရေကြောင်း ဌာနမှာ လက်ဝဲဝင်းတော်မှူးမင်းကြီး သီရိမဟာဇေယျကျော်ထင်ကို ဗိုလ်ချုပ်၊ တောင်တွင်းကြီးကြောင်း ဌာနမှာ မြို့ဝန်အက္ကပတ်မြင်းဝန် ပင်လယ်မြို့စား မင်းကြီး မဟာမင်းထင်ရာဇာ၊ မိုးနဲတပ်စစ်ကဲ မြေဒူးမြို့စား သတိုးမင်းကြီး မင်းကျော်မင်းခေါင်တို့ကို ဗိုလ်ချုပ်၊ လက်ဝဲစစ်ကဲ လက်ယာစစ်ကဲ၊ အတွင်းဝန် သမီးတော်ဝန် ပင်းမြို့စားကြီး မင်းခေါင်မဟာမင်းကျော်သူရိန်ကို ဗိုလ်မှူး၊ တောင်ငူကြောင်းဌာနမှာ မြို့ဝန်ရွှေလှံဗိုလ် ကောခင်းမြို့စား မင်းကြီးမဟာ မင်းခေါင်နော်ရထာ၊ ရှေ့ဝင်းမှူး ရတနာသိင်္ခမြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာတို့ကို ဗိုလ်ချုပ်၊ လက်ဝဲစစ်ကဲ လက်ယာစစ်ကဲ အတွင်းဝန်မြို့သစ် မြို့စားမင်းကြီး မင်းလှမဟာဇေယျသင်္ကြန်တို့ကို ဗိုလ်မှူးအရာနှင့် စစ်ကြောင်း တစ်ကြောင်းလျှင် စစ်ဗိုလ်၊ အရာရှိ၊ ရဲမက် လက်နက်ကိုင် အမှုထမ်း လူငါးထောင်စီ ချီတက်ရန် ရုံထားစေ့စပ်ကြလေသည်။

ယင်းစစ်ကြောင်းများသည် (၁၂၄၇) ခု၊ တန်ဆောင်မုန်းလဆန်း (၅)ရက် (၁၈၈၅-ခု နိုဝင်ဘာလ ၁၁-ရက်)နေ့တွင် ရှေ့ရုံးတော်တွင် ပြန်တမ်းခံစေပြီးလျှင် တပ်စဉ်လိုက် ချီတက်ကြရမည်။

MMCYBERMEDIA
COMMUNITY FOR ALL

မင်းကြီးရွှေလှံဗိုလ် ကြီးမှူးသော တောင်သူစစ်ကြောင်းတွင် အောင်စည်၊ အောင်မောင်း အောင်လံအပြည့်အစုံနှင့် ပါဝင်ချီတက်သော တပ်စဉ်မှာ ရွှေပြည်ရန်အောင် အရှေ့လယ် မြင်းတပ် ဗိုလ်မင်းထင်သီရိကျော်ခေါင် ကွပ်ကဲသော ရွှေပြည်ရန်အောင် အရှေ့လယ် မြင်းမမှုထမ်း လူငါးရာ အမြောက်လုံးရေ နှစ်နှင့် စိန်လက်ရေ ငါး ပါဝင်သော တပ်တစ်တပ်၊ ခရိုင်အမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်နှင့် စိန်လက်ရေ ငါး ပါဝင်သော တပ်တစ်တပ်၊ ရွှေလှံအမှုထမ်း လူငါးရာ၊ အမြောက်လုံးရေ နှစ်နှင့် စိန်လက်ရေ ငါး ပါဝင်သော တပ်တစ်တပ်၊ ရွှေပြည်မှန်ကင်းဗိုလ် မင်းလှဇေယျသူရိန် ကွပ်ကဲသော ရွှေပြည်မှန်ကင်း လူခြောက်ရာ၊ အမြောက်လုံးရေ နှစ်နှင့် စိန်လက်ရေ ငါး ပါဝင်သော တပ်တစ်တပ်၊ နတ်စု လက်ယာဗိုလ် မဟာမင်းလှရာဇကျော်ထင် ကွပ်ကဲသော နတ်စုလက်ယာအမှုထမ်း လူနှစ်ရာရှစ်ဆယ်၊ အမြောက်လုံးရေ နှစ်နှင့် စိန်လက်ရေ သုံး ပါဝင်သော တပ်တစ်တပ်၊ မင်္ဂလာရဲညွှန့်မြင်းဝန် ဗိုလ်စိုးရ ကွပ်ကဲသော မင်္ဂလာရဲညွှန့်အမှုထမ်း လူလေးရာ၊ အမြောက်လုံးရေ တစ်နှင့် စိန်လက်ရေ သုံး ပါဝင်သော တပ်တစ်တပ်၊ နန်းဦးမင်္ဂလာမြင်းသန် မဟာမင်းကျော်သူရရဲခေါင် ကွပ်ကဲသော နန်းဦးမင်္ဂလာ မြင်းအမှုထမ်း ငါးရာငါးဆယ်၊ အမောက်လုံးရေ နှစ်နှင့် စိန်လက်ရေ ငါး ပါဝင်သော တပ်တစ်တပ် စသည်ဖြင့် တပ်ပေါင်း ခုနစ်တပ်တွင် ရဲမက်လက်နက်ကိုင် လူသုံးထောင်သုံးရာခုနစ်ဆယ် ရှိသည်။ ကျန်တပ်များကို ရတနာသိင်္ခမြို့ဝန်က ကွပ်ကဲ၍ နောက်မှ ချီတက်လိုက်ပါမည် ဖြစ်သည်။ မောင်ရွှေဝါသည် တောင်ငူစစ်ကြောင်းတွင် လိုက်ပါချီတက်သွားသည်။

## အခန်း -၄၁-

သို့သော် မောင်ရွှေဝါတို့သည် နယ်ချဲ့တပ်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရခြင်း မရှိဘဲနှင့် တပ်ပျက်ကြသည်။ တပ်ခေါက် တပ်ဆုတ်ကြရသည်။ ကိုယ့်အချင်းချင်း မယုံသင်္ကာဖြစ်၍ သစ္စာဖောက်များနှင့် တိုက်ခိုက်ကြရသည်။

မောင်ရွှေဝါတို့သည် အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန် အောင်စည် အောင်မောင်း အောင်လံလွှင့်၍ တပ်စဉ်အလိုက် ချီတက်ခဲ့ကြရာ ခြောက်ရက်မြောက်သောနေ့တွင် ရှေ့သို့ ဆက်လက်ချီတက်ခြင်း မပြုဘဲ ရောက်ရာအရပ်၌ တပ်စွဲ၍နေကြရန် နေပြည်တော်မှ ပေးပို့သော အမိန့်ကို ရရှိကြသည်။

သို့ဖြင့် မောင်ရွှေဝါတို့တပ်သည် ဝမ်းတွင်းမြို့တွင် စွဲရပ်၍ နေကြသည်။ ကောလာဟာလသတင်း အမျိုးမျိုးကို ကြားကြရသည်။

မြန်မာတပ်များက စစ်ကြောင်းသုံးကြောင်းခွဲ၍ ခုခံရန် ပြင်ဆင် ထားသည်တွင် အင်္ဂလိပ်တို့ စစ်ကြောင်းတစ်ကြောင်းတည်းမှ အလုံးအရင်းနှင့် ဖောက်ဝင်လာသဖြင့် မြန်မာတို့သည် စစ်ဆင်မှုများကို ချက်ချင်း ပြောင်းလဲခဲ့ရသည်။

အင်္ဂလိပ်တို့သည် တန်ဆောင်မုန်းလဆန်း(၈) ရက်နေ့တွင် စစ်သင်္ဘောများနှင့် ဧရာဝတီမြစ်ကြောင်း နယ်ခြားကျောက်တိုင်ကိုကျော်လွန်၍ ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်းခံတပ်ကို တိုက်ခိုက်ကြသည်။ လဆန်းဆယ်ရက်နေ့တွင် ဆင်ပေါင်ဝဲခံတပ်ကို တိုက်ခိုက်သိမ်းပိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသည်နောက် ထူးပေါက်ကတုတ်၊ ပန်းတော်ပြင်ကတုတ်၊ မင်းလှခံမြို့နှင့် ငွေးချောင်းခံမြို့တို့ကို ဆက်လက် ချီတက်သိမ်းပိုက်ကြသည်။ မြန်မာတို့က အပြင်းအထန် ခုခံသော်လည်း လက်နက်အင်အားချင်း မမျှသဖြင့် နောက်ဆုံးတွင် လက်လွှတ်လိုက်ကြရသည်။

ယင်းကဲ့သို့ နယ်ခြားကျောက်တိုင်အတွင်းက အစောင့်အရှောက်ထားသော တပ်တော်အားလုံး ပျက်ပြားဆုတ်ခွာရသည်ကို မင်းလှကြေးနန်းရုံးတော်က ကြေးနန်းရိုက်ကြား လျှောက်ထားလိုက်သည်တွင် တောင်တွင်းကြီးကြောင်း၊ တောင်ငူကြောင်းချီတက်ရန် ရန်ထားသောတပ်များကို မချီတက်စေဘဲ အင်းဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့ သုံးဌာနာက အရပ်အနေပြုကြရန်နှင့် ရှေ့လွန်ချီတက်နှင့်သော ရွှေလုံဗိုလ်လောလင်းမြို့စားတပ်ကိုလည်း ရောက်ရာအရပ်တွင် စွဲရပ်၍ အခိုင်အမာနေရန် နေပြည်တော်က အမိန့်ထုတ်ပြန်လိုက်ရခြင်း ဖြစ်သည်။

အက္ကပတ်မြို့ဝန် ပင်လယ်မြို့စားနှင့် မိုးနဲ့စစ်ကဲ မြေဒူးမြို့စားတို့၏ တပ်များကိုမူ ရောက်ရာအရပ်မှနေ၍ ရောဝတီမြစ်ကြောင်းကို ချီတက်ရန် ညွှန်ကြားသည်။

သို့ဖြင့် တောင်ငူစစ်ကြောင်း၏ ဗိုလ်ချုပ်တစ်ဦးဖြစ်သော ရှေ့ဝင်းတော်မှူး ရတနာသိဃ်မြို့ဝန် ရဲဘက်မြင်းဝန် သတိုးမင်းကြီးမဟာရာဇာသည် စစ်သည်ရဲမက် လက်နက်ကိုင် လူတစ်ထောင်ကျော်နှင့် သပြေတန်းခံမြို့ကို စည်းကြပ်နေရကြောင်း မောင်ရွှေဝါကြားသိရသည်။ မောင်ရွှေဝါသည် ဤရက်များအတွင်း တနုံ့နုံ့ရှိခဲ့ရသည်။ မျှော်လင့်ထားသလို အင်္ဂလိပ်များနှင့် တိုက်ခိုက်ရခြင်း မရှိဘဲ၊ ပူပြင်းခြောက်သွေ့သော အရပ်တွင် ရှည်လျားသော နေ့ရက်များကို ပျင်းရိဖွယ်ရာ ကုန်လွန်စေရသည်။ မိုးကောင်းမှ သူနှင့်အတူလာသော လဖိုင်လမှာလည်း မြန်မာတပ်မှူးတစ်ဦး၏ ညစ်ပတ်မှုကြောင် စစ်ပညာကို မဆည်းပူးရဘဲ။ နယ်ချဲ့ကို မတိုက်ရဘဲ နေပြည်တော်မှ ကိုယ်လွတ်ထွက်ပြေးသွားရပြီ ဖြစ်သည်။

ထိုမျှသာမက သူ့အပေါ်တွင် ခင်မင်တွယ်တာမှုရှိကြသော မင်းကြီး ရွှေလုံဗိုလ်၊ ရတနာသိဃ်မြို့ဝန် စသူတို့နှင့်လည်း တခြားစီ ဖြစ်နေရသည်။ ဤအတွင်းတွင် မင်းကြီးရွှေလုံဗိုလ်သည် လွှတ်တော်နှင့် တိုင်ပင်ဆွေးနွေးရန် နေပြည်တော်သို့ ရုတ်ခြည်း ပြန်သွားပြီဟုလည်း သတင်းကြားနေသည်။ အချို့ကမူ မင်းကြီးရွှေလုံဗိုလ်သည် နေပြည်တော်မှ အမိန့်ကို လွန်ဆန်၍ အင်္ဂလိပ်တပ်များကို နောက်ပိုင်းမှ ဝင်ရောက်တိုက်ခိုက်ရန် အစီအစဉ်များ ပြုနေသည် ဟုလည်းဆိုသည်။

ရောဝတီမြစ်ကြောင်းတွင် တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ ကောလာဟလ သတင်းများသည် နားမဆံ့အောင် ရှိလာတော့သည်။

ဘုရင်နှင့်မှူးမတ်အချို့သည် အညာမြစ်စဉ်ဒေသသို့ တိမ်းရှောင်သွားပြီ ဟုလည်းပြောကြသည်။ အင်္ဂလိပ်များနှင့် စစ်ပြေငြိမ်းရေး ပြုလုပ်နေပြီဟုလည်း ဆိုကြသည်။ အင်္ဂလိပ်များသည် သီပေါမင်းကိုနန်းချ၍ ညောင်အုပ်မင်းသားကို နန်းတင်လိမ့်မည်ဟုလည်း ထင်ကြေးပေးကြသည်။ အင်္ဂလိပ်များနှင့်အတူ ညောင်အုပ်မင်းသား ပါလာသည်ဟု သတင်းပေးသူက ပေးကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် ဤကောလာဟလသတင်းများတွင် စိတ်မဝင်စားချေ။ သူက အင်္ဂလိပ်များနှင့် တိုက်ခိုက်နေသည်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လိုစိတ်သာ ပြင်းပြနေသည်။ သူများတွေတိုက်သည့် သတင်းကို နားမထောင်ချင်ပေ။ မြန်မာမြင်းတပ်သားလေးဦးက အင်္ဂလိပ်တပ်အတွင်းသို့ ညသန်းခေါင်ယံ အချိန်တွင် အမှုမဲ့ဝင်၍ တပ်လုံးပြုတ်တိုက်သည်ဟူသော သတင်းများကို ကြားရသောအခါ သူသည် နေမထိ ထိုင်မသာ ဖြစ်နေသည်။

သို့ရာတွင် သူသည် မြန်မာ့တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရောက်ရှိနေသဖြင့် သူ့သဘောနှင့်သူ လုပ်နိုင်ခွင့် ဘာမှမရှိဘဲ ဖြစ်နေသည်။ မိမိအထက်မှ တပ်မှူးများ ညွှန်ကြားသည့်အတိုင်းသာ နေထိုင်ရသည်။ မင်းကြီးရွှေလှံဗိုလ်နှင့် ရတနာသိဃ်မြို့ဝန်တို့ထံ သွားရောက်တွေ့ဆုံလိုသည်ကိုပင် အထက်တပ်မှူးက ခွင့်မပြုသဖြင့် မသွားရောက်ရဘဲ ရှိသည်။

သို့ဖြင့် မောင်ရွှေဝါသည် အချိန်ရရှိသရွေ့ တပ်အနောက်ဘက် သဲချောင်းသို့သာ သွား၍နေခဲ့သည်။ သဲချောင်းသည် အပြန့်ကျယ်၍ ဟိုနားသည်နားတွင် ရေများဝပ်နေသည်။ နံနက်ခင်းနှင့် ညနေခင်းဆိုလျှင် အနီးပတ်ဝန်းကျင်မှ အမျိုးသမီးများသည် ရေအိုးကိုယ်စီဖြင့် ရောက်ရှိလာကြပြီး သဲအိုင်တွင်းမှ ရေကို ရေမှုတ်ဖြင့် သဲ့ခပ်ကြသည်။ နောက်ရက်များတွင် ရေခန်း၍လိုက်လာသောအခါ ရေတွင်းငယ်များ တူးကြသည်။

မောင်ရွှေဝါသည် ရေခပ်လာသော အမျိုးသမီးကို ကြည့်ရင်း မနင်းမြူကို သတိရမိသည်။ ယခုလောက်ဆိုလျှင် မိမိအကြောင်းကို တောင်လေးလုံးနှင့် ကြိုးကြာရွာမှ လူများ သိကြပေမည်လား မပြောတတ်၊ နမငယ်များသည် ဤအချိန်ဆိုလျှင် လယ်ယာအလုပ်များနှင့် မနိုင်မနင်း ရှိနေကြပေမည်။ ကိုရွှေနီသည် အိမ်တွင် အကူအညီပေးပါမည်လား၊ မခေါင်ညွှယ်ထံမှာပင် အချိန်ကုန်နေမည်လား၊ သူက ကိုရွှေနီနှင့် မခေါင်ညွှယ်ကို စဉ်းစားမိသောအခါ မထုံးရီကိုပါ မြင်လာသည်။ မထုံးရီ၏ နောက်တွင် ခင်ခင်လေးက ကပ်၍ ပါလာသည်။

တစ်နေ့တစ်နေ့ သူသည် ဤနည်းဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ သဲချောင်းမှ တပ်သို့ ပြန်ရောက်လာသောအခါတွင်ကား ကောလာဟလ သတင်းများသည် သူ့ကို တန်းစီ၍ စောင့်နေကြသည်။

တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်၊ ကိုးရက်မှ ကျော်လာသော အခါတွင်ကား သူတို့ကြားရသော ကောလာဟလ သတင်းအချို့သည် မှန်ကန်ကြောင်းကို တွေ့ရှိကြရတော့သည်။ အင်္ဂလိပ်တပ်များသည် နေပြည်တော်သို့ ရောက်ရှိရုံသာမက ဘုရင်နှင့် မိဖုရားကို သင်္ဘောဖြင့် ခေါ်ဆောင်သွားပြီ ဖြစ်ကြောင်းကို တပ်ပျက်၍ ပြေးလာကြသူများထံမှ ကြားသိကြရတော့သည်။

ဘုရင်နှင့် မှူးကြီး မတ်ကြီးများက အင်္ဂလိပ်တို့ထံ အညံ့ခံလိုက်ပြီဟု ကြားသိသည်နှင့် တစ်ပြိုင်နက် တပ်မတော်သားများနှင့် ပြည်သူပြည်သားများသည် ဝရုန်းသုန်းကား ဖြစ်ကုန်ကြတော့သည်။ တပ်များသည် ဝါးအစည်းပြေတော့သည်။ အချို့ တပ်မတော်သားများသည် အင်္ဂလိပ်တို့ထံတွင် လက်နက်ချအပ်ကြသည်။ အချို့ တပ်မှူးတပ်သားများသည် ကိုယ်ယောင်ဖျောက်၍ ကိုယ့်အရပ် ကိုယ့်ဒေသသို့ အလျင်အမြန် ပြန်ကြသည်။ အချို့ တပ်မှူးတပ်သားများသည် လက်လှမ်းမီရာ လူသူလက်နက်ကို စုစည်းသိမ်းရုံး၍

နယ်ချဲ့ကို ခုခံတိုက်ခိုက်ရန် ပြင်ဆင်ကြသည်။ အချို့မှာ မည်သို့ပြုလုပ်ရမှန်းမသိဘဲ တွေဝေနေကြသည်။ အခြားသူများ၏ အရိပ်အကဲကို ကြည့်နေကြသည်။

နေပြည်တော်တစ်ဝိုက်နှင့် အနီးပတ်ဝန်းကျင် ဒေသများတွင် သူ့လူ၊ ငါ့လူ မခွဲခြားနိုင်ဘဲ အရှုပ်ရှုပ်အထွေးထွေး ရှိနေသည်။

နေပြည်တော်မှ လက်လွတ်ထွက်ပြေးလာသော မင်းဆွေမင်းမျိုးများ၊ အမှုထမ်းအရာထမ်းများ၊ တပ်မှူး၊ တပ်သားများသည် ကျေးလက်ဒေသများတွင် ခိုနေကြ၏၊ ကျေးလက်ဒေသ၌ ရောက်ရှိနေသော တပ်မှူး၊ တပ်သားများကလည်း နေပြည်တော်သို့ သတင်းစုံစမ်းရန်လည်းကောင်း၊ အကြံအစည်ပြုရန် လည်းကောင်း၊ လက်နက်ချအပ်ရန် လည်းကောင်း အပြေးအလွှား သွားရောက်လျက် ရှိကြသည်။ တစ်တပ်နှင့် တစ်တပ်၊ တစ်နယ်နှင့်တစ်နယ် အထောက်တော်များ စေလွှတ်၍ အဆက်အသွယ် ယူနေကြသည်။

မောင်ရွှေဝါသည်လည်း ယခုအခါ သူ့သဘောနှင့်သူ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ပြုလုပ်ရတော့မည် ဖြစ်သည်။ ရင်နီးခင်မင်သူမှားနှင့် တိုင်ပင်ညှိနှိုင်းရသည်။ အခြားတပ်များနှင့် အခြားနယ်မြေ အခြေအနေများကို တတ်နိုင်သမျှ စုံစမ်းထောက်လှမ်းရသည်။

မိတ္ထီလာမှ တပ်များသည် တစ်စည်းတစ်ရုံးတည်း ရှိနေပေသေးသည်။ မိတ္ထီလာမြို့ အနောက်ဘက်တွင်ရှိသော ပင်းမြို့၌ကား ဗိုလ်တုတ်ကျော်ခေါင် ခေါင်းဆောင်သော တပ်များသည် အင်္ဂလိပ်ကို တိုက်ခိုက်ရန် အသင့်ရှိနေကြသည်။

ယင်းတောင်နှင့် ရနောင်တွင် ဗိုလ်ခန့်၏ တပ်သည်လည်းကောင်း၊ မလှိုင်နှင့် ပင်းတလဲတွင် ဗိုလ်ခင်ဘနှင့် ဗိုလ်ချစ်စရာတို့၏ တပ်များသည်လည်းကောင်း၊ သုံးထောင့်အိုင်တွင် ရွှေဓားဗိုလ်ကလည်းကောင်း၊ ပုပ္ပား၊ ကျောက်ပန်းတောင်းနှင့် နွားထိုးကြီးနယ်တွင် မြင်းခေါင်းဗိုလ်ရာညွန့် ဦးစီးသော တပ်များကလည်းကောင်း၊ ဗိုလ်မြတ်မှုံ၏ တပ်သည် ကူမဲမြို့မှ လည်းကောင်း၊ ဗိုလ်ခိုင်၏တပ်သည် မင်းစုံစုနှင့် ကျောက်ဆည်မှလည်းကောင်း၊ ပလိပ်တွင် ဗိုလ်ပလိပ်၏ တပ်များကလည်းကောင်း အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်ရန် အသီးသီး ပြင်ဆင်လျက်ရှိကြောင်းကို ကြားသိရသောအခါ မောင်ရွှေဝါနှင့် ရဲဘော်များသည် များစွာ အားတက်မိကြရသည်။

ပျော်ဘွယ်၊ ညောင်ရမ်း၊ တောင်တွင်းကြီး၊ ရမည်းသင်း ပျဉ်းမနားဒေသများတွင်လည်း တပ်မတော်သားများနှင့် ပြည်သူလူထုသည် တစ်သားတည်းပူးပေါင်းကာ အင်္ဂလိပ်ကို တိုက်ခိုက်ရန် အစီအစဉ် ပြုလုပ်နေကြောင်း မောင်ရွှေဝါတို့ ကြားသိရသည်။

ဤအတိုင်းဆိုလျှင် အင်္ဂလိပ်တို့သည် နေပြည်တော်နှင့် ဘုရင်ကိုသာ ရသည်။ မြန်မာနိုင်ငံလုံးနှင့် တိုင်းသူပြည်သားများကိုကား မည်သည့်နည်းနှင့်မျှ မရနိုင်ဟု မောင်ရွှေဝါ ယုံကြည်မိသည်။ သူတို့သည် မကြာမတင်မှာပင် အင်္ဂလိပ်တပ်များကို မြန်မာမြေပေါ်မှ တိုက်ထုတ်ပစ်နိုင်မည်ဟု တထစ်ချ တွက်ထားသည်။ ယင်းသို့ နယ်ချဲ့တပ်များကို အဘက်ဘက်မှ တိုက်ထုတ်ပစ်ရန်

ပြင်ဆင်စည်းရုံးနေသည်ကို ကြားမြင်ရ၍ ဝမ်းသာ အားတက်နေသော မောင်ရွှေဝါတို့သည် မမျှော်လင့်ဘဲနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ အချင်းအရာတစ်ရပ်ကို ကြုံတွေ့ကြရသည်။

ယင်းကား အခြားမဟုတ်။ သူတို့၏ မြင်းတပ်မှူးသည် အများနှင့် ဆန့်ကျင်ဘက်ပြုကာ နေပြည်တော်သို့ သွားရောက်၍ အင်္ဂလိပ်များထံ လက်နက်ချအပ်ရန် စီစဉ်နေခြင်းပင်ဖြစ်သည်။ မောင်ရွှေဝါတို့သည် ထိုသတင်းကို အချိန်နှောက်ကျပြီးမှ သိရသည်။ သူတို့၏တပ်မှူးသည် မင်းကြီးရွှေလုံဗိုလ်၏ လက်ရုံးတစ်ဦးဖြစ်၍ ဤသို့ အညံ့ခံလိမ့်မည်ဟု မထင်မှတ်ခဲ့ကြ။ အဖြစ်မှန်ကို သူတို့ သိရှိရသောအခါတွင်ကား တားဆီးနိုင်ရန် အချိန်မရှိတော့ချေ၊ ရွှေပြည်ရန်အောင် အရှေ့ဘက် မြင်းတပ်မှူးသည် သူ့ညီများ၊ သူ့လူယုံများနှင့် စည်းဝါးရိုက်ပြီး ဖြစ်နေသည်။ တပ်သားအများသည် တပ်မှူးနောက်သို့ လိုက်ပါရန် သဘောတူပြီး ဖြစ်နေကြသည်။ အချို့မလိုက်ပါလိုသူများမှာလည်း လက်လွတ်ထွက်ပြေးကြပြီ ဖြစ်သည်။

မောင်ရွှေဝါတို့သည် အင်္ဂလိပ်ကို တိုက်ခိုက်ရန် ဆန္ဒပြင်းထန်နေမှန်း သိသဖြင့် မြင်းတော်မှူးနှင့် သူ့လူများသည် လက်နက်ချရန် အစီအစဉ်များ ပြုလုပ်ရာတွင် မသိရှိစေရန် အထူးသိုဝှက်စွာ စီစဉ်ခဲ့သည်။ သူတို့၏ အကြံအစည်ကို မောင်ရွှေဝါတို့က ကန့်ကွက်တားဆီးမည့် အရေးရှိလျှင်လည်း လက်ဦးအောင် သတ်ဖြတ်သုတ်သင်ပစ်ရန် အစီအစဉ်များ ပြုလုပ်ပြီးဖြစ်သည်။ သို့သော် မောင်ရွှေဝါတို့ကို သတ်ဖြတ်ပစ်ရန် လာသော တပ်မှူး၏ တပ်ရင်းဗိုလ်တစ်ဦးက သတင်းပေးသဖြင့် မောင်ရွှေဝါတို့သည် အသက်ဘေးမှ လွတ်ကင်းအောင် ကိုယ်ဖျောက်တိမ်းရှောင်ကြရသည်။

မောင်ရွှေဝါတို့ မရှိတော့သည်နှင့် တစ်ပြိုင်နက် မြင်းတပ်မှူးနှင့် နောက်ပါများသည် နေပြည်တော်သို့ ချီတက်သွားကြသည်။

မြင်စိုင်းမင်းသား၏ နောက်လိုက်များဖြစ်ကြသော ဗိုလ်အောင်ကြီးတို့တပ်က လက်နက်ချရန် သွားသူများကို လမ်းမှ ဆီးကြိုတိုက်ခိုက်သေးသည်။ သို့သော် ရွှေပြည်ရန်အောင်တပ်သည် ဗိုလ်အောင်ကြီးတို့ကို ဖောက်ထွက်၍ နေပြည်တော်သို့ ဆက်လက် ချီတက်သွားကြသည်။ မောင်ရွှေဝါတို့ လူစုလည်း နေပြည်တော်သို့ ဦးတည်၍သွားကြသည်။

သူတို့လူစုတွင် မောင်ရွှေဝါအပါအဝင် စုစုပေါင်း ရဲမက်ခုနစ်ဦး ရှိသည်။ သူတို့အားလုံးသည် အညာမြစ်စဉ်ဒေသမှ လူများ ဖြစ်ကြသည်။ မောင်ရွှေဝါနှင့် သွေးသောက် မောင်ကံလှသည် မိုးကောင်းနယ်သားများ ဖြစ်ကြသည်။ မောင်ကံလှသည် တစ်ချိန်က မိုးကောင်းတပ်တွင် အမှုထမ်းခဲ့သူ ဖြစ်သည်။ အခြားနှစ်ယောက်မှာ ဗန်းမော်ဘက်မှဖြစ်၍ ကျန်သုံးယောက်မှာ ဝန်းသိုနယ်သားများ ဖြစ်သည်။ ဤအစုကို မောင်ရွှေဝါကပင် ခေါင်းဆောင်ရသည်။

မောင်ရွှေဝါသည် လောလောဆယ်ဆယ် အကြံအစည်မှာ နေပြည်တော်သို့သွားရောက်၍ မင်းကြီး ရွှေလုံဗိုလ်ကိုလည်းကောင်း၊ ရတနာသိင်္ခမြို့ဝန်ကိုလည်းကောင်း ရှာဖွေ၍ ရှေ့ရေးအစီအစဉ်ကို သူတို့ထံတွင် နာခံလုပ်ဆောင်ရန် ဖြစ်သည်။ သူ၏အကြံအစည်ကို မောင်ကံလှနှင့် ဗန်းမော်မှ လူနှစ်ဦးက သဘောတူသော်လည်း ဝန်းသိုသားသုံးဦးကား နေပြည်တော်သို့ ဝင်မနေတော့ဘဲ သူတို့နယ်သို့

MMCYBERMEDIA
COMMUNITY FOR ALL

အမြန်ပြန်လိုစိတ်သာ ပြင်းထန်နေကြသည်။ သို့သော် သူတို့သည် မည်သည့်နည်းနှင့်မဆို နေပြည်တော်အနီးမှ ဖြတ်သွားရမည်ဖြစ်၍ အတူထွက်ခဲ့ကြသည်။

နေပြည်တော်အနီးသို့ ရောက်သောအခါတွင်ကား သူတို့သည် မြို့တွင်းသို့ ဝင်ရန် မလွယ်ကူကြောင်းကို တွေ့ရှိရသည်။ အင်္ဂလိပ်တပ်များနှင့်အတူ သစ္စာဖောက်များသည် မြို့အဝင်အထွက်များတွင် စောင့်ကြပ်လျက်ရှိသည်။ ယခုအချိန်တွင် မည်သူသည် သစ္စာဖောက်၊ မည်သူသည် နိုင်ငံကို သစ္စာစောင့်သိသူဟု ခွဲခြားနိုင်ရန် ခဲယဉ်းနေသည်။ ယင်းအပြင် သူတို့ တွေ့ချင်နေသော မင်းကြီးနှစ်ဦးကိုလည်း တွေ့နိုင်ရန် အကြောင်း မရှိတော့ချေ။ အင်္ဂလိပ်များသည် သူတို့နှင့် သစ္စာခံသူများကို ရာထူးပေး၍ သူတို့နှင့် မပူးပေါင်းသူများကို ဖမ်းဆီး ချုပ်နှောင်လျက်ရှိသည်။ အချို့ကို အောက်မြန်မာနိုင်ငံသို့ ခေါ်ယူသွားသည်။ ရတနာသိင်္ခ မြို့ဝန် ဗိုလ်ပြင်းသည် အင်္ဂလိပ်ထံသို့ ဝင်ရောက်ခိုလှုံသွားပြီ ဖြစ်သည်။ ဗိုလ်ပြင်း၏သား စစ်ကဲမောင်ထွန်းသည် အင်္ဂလိပ်များနှင့်အတူ လိုက်ပါ၍ လက်နက်မချသူများကို တိုက်ခိုက်လျက်ရှိသည်။ သို့ဖြင့် မောင်ရွှေဝါသည် မြို့ဝန်ဗိုလ်ပြင်းနှင့်တွေ့ဆုံရန်မှာ မဖြစ်နိုင်တော့ချေ။ မင်းကြီးရွှေလုံဗိုလ်ကိုကား နယ်ချဲ့များက ဖမ်းဆီးချုပ်နှောင်ထားပြီး ဖြစ်ကြောင်းကို မောင်ရွှေဝါက ဝမ်းနည်းစွာ ကြားသိရသည်။

နောက်ဆုံးတွင် ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်ခဲ့၍ နယ်ချဲ့တပ်များကို ခုခံတိုက်ခိုက်ရန် သဘောတူ ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြင့် မြင်းတပ်သား ခုနစ်ဦးသည် တန်ဆောင်မုန်းလကွယ်နေ့ညတွင် ရောဝတီမြစ်ကို ခက်ခဲစွာ ဖြတ်ကူး၍ စစ်ကိုင်းဘက်ကမ်းသို့ တက်ခဲ့ကြသည်။

## အခန်း -၄၂-

"ဗိုလ်မင်း ထထ။ ကုလားတွေ တက်လာနေပြီ။ အဖြူတွေရော၊ အမည်းတွေရော အစိတ်လောက်ရှိတယ်၊ မြန်မာလမ်းပြ နှစ်ယောက်ပါတယ်"

မောင်ရွှေဝါသည် သူ့နားထဲတွင် တရှဲရှဲအသံများ ကြားသဖြင့် မျက်လုံးကိုဖွင့်၍ ကြည့်သည်။ သွေးသောက် မောင်ကံလှက သူ့ကို လှုပ်နှိုးနေသည်။

"ကျုပ်အိပ်ပျော်သွားသလား၊ နေတောင် ထွက်နေပါပြီကောလား"

သူက နှင်းပါးပါးကို ဖောက်ဆင်းလာသော နေဝါရောက်ကိုကြည့်ရင်း ပြောလိုက်သည်။ သူ့အဖော်များ အားလုံးနိုးလျက်ရှိသည်ကို တွေ့ရသောအခါ သူက ကပျာကယာ ထထိုင်လိုက်သည်။

"ဗိုလ်မင်းအိပ်နေတာ မနိုးဘူးလို့ဘဲ။ ဟိုကောင်တွေ လာနေလို့ နှိုးတာ"
"ဘယ်ကောင်တွေလဲ"

သွေးသောက် မောင်ကံလှက ပါးစပ်မှမဖြေဘဲ အဝေးသို့ လက်ညှိုးထိုးပြလိုက်သည်။ ရန်သူတပ်စုတစ်စုကို မောင်ရွှေဝါ တွေ့မြင်ရသည်။

သူတို့သည် တောင်ကမူထက်မှဖြစ်၍ ရန်သူများကို အပေါ်စီးမှ မြင်ရသည်။ ချုံများကွယ်နေသဖြင့် ရန်သူများက သူတို့ကို မြင်တွေ့နိုင်ရန် ခဲယဉ်းသည်။ ရန်သူများသည် လမ်းအတိုင်း တောင်မှမြောက်သို့ သွားနေခြင်း ဖြစ်သည်။ လမ်းသည် မြွေလိမ်မြွေတွန့်ဖြစ်၍ သူတို့ရှိရာ တောင်ကမူရင်းမှ ကပ်သွားသည်။ သို့ဖြင့် ရန်သူများသည် မကြာမီမှာပင် သူတို့အနီးသို့ ရောက်လာမည် ဖြစ်သည်။

မောင်ရွှေဝါတို့သည် ညက မြစ်ကို ဖြတ်ကူးပြီးနောက် ကုန်းအတွင်းပိုင်းသို့ အတော် ပေါက်ရောက်လာခဲ့ကြသည်။ မြစ်ကမ်းတစ်လျှောက်တွင် ကင်းချထားသော ရန်သူတပ်များနှင့်ဝေးစေရန် ဖြစ်သည်။ သူတို့သည် ကြယ်ရောင်မှိန်မှိန်ဖြင့် လာခဲ့ကြရာ သန်းခေါင်လောက်တွင် မြူနှင်းများ သိပ်သည်းလာသဖြင့် ရှေ့သို့ဆက်၍ မသွားနိုင်ကြတော့ပေ။ ဤတောင်ကမူထက်တွင် စခန်းချခဲ့ကြသည်။ မနက်စောစောတွင်မှ ခရီးဆက်ကြရန် ဖြစ်သည်။

သို့သော် ရဲဘော်များက သူအိပ်ပျော်နေသည်ကို မနှိုးခဲ့သဖြင့် နေလုံးမြင့်နေပြီဖြစ်ရာ ရန်သူများနှင့်ပါ တိုးနေရတော့သည်။

မောင်ရွှေဝါသည် တစ်ညလုံး မအိပ်ဘဲနေခဲ့သည်။ မိုးလင်းခါနီးတွင်မှ မှေးခနဲ အိပ်ပျော်သွားခြင်း ဖြစ်သည်။ သူအိပ်ပျော်သွားသည်မှ ခဏမျှသာ ဖြစ်သော်လည်း အခြေအနေများသည် အများကြီး ပြောင်းလဲခဲ့ပေပြီ။ နေလုံးသည် ထန်းတစ်ဖျားခန့်ရှိနေပြီး ရန်သူများသည် သူတို့အောက်တွင် ရောက်နေသည်။

ရန်သူများသည် ခြေလျင်စစ်သည်များ ဖြစ်ကြသည်။ ဗိုလ်လုပ်သူသာလျှင် မြင်းနှင့်ဖြစ်သည်။ ရန်သူဗိုလ်သည် ကုလားဖြူ ဖြစ်သည်။ လည်ပင်းကော်လာမှ ရွှေရောင်တံဆိပ်နှင့် ပခုံးထက်မှ ရွှေရည်သည် နေရောင်တွင် လက်ခနဲ လက်ခနဲ ရှိနေသည်။ မြန်မာလမ်းပြနှစ်ယောက်သည် မြင်းတစ်ဖက်တစ်ချက်စီမှ ပြေး၍ လိုက်ပါနေကြသည်။

ခြေလျင်စစ်သားများသည် ကုလားမည်းများ ဖြစ်ကြသည်။ သူတို့သည် ရိုင်ဖယ်တွင် လှံစွပ်သေးသေး ချွန်ချွန်များ အသင့်တပ်လာကြသဖြင့် နေရောင်တွင် ပြိုးပြိုးပြက်ပြက် ရှိနေသည်။

သူတို့ကြည့်နေစဉ်မှာပင် ရန်သူများသည် တောင်ကမူခြေရင်းနှင့် နီးသည်ထက်နီးလာနေသည်။ မောင်ရွှေဝါက သူ့လူများကို ကြည့်လိုက်သည်။ သူတို့က သူ၏အဆုံးအဖြတ်ကို စောင့်မျှော်နေသည့် အနေဖြင့် သူ့ကို တစ်ပြိုင်တည်း ပြိုင်၍ ကြည့်နေကြသည်။

"ကဲ ငါ့လူတို့၊ ဒါဟာ တို့အတွက် အခွင့်ကောင်းပဲ။ ဒီရန်သူတွေကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက တို့ဆီကို ပို့လိုက်တာပဲ။ တို့ဟာ ကုလားဖြူ ကုလားမည်းတွေကို တိုက်ချင်လို့ လက်တယားယား ဖြစ်နေခဲ့တာ အခုမှပဲ တိုက်ခွင့်ကြုံတော့တယ်။ တို့များထက် သူတို့က အားသာတာတော့ အမှန်ပ။ ဒါပေမဲ့ တို့က အပေါ်စီးနော။ သူတို့မှာက ကတုတ်ကကျင်းဘာမှ မရှိဘူး။ ငါတို့ဆီကို ခုန်တမင် တက်လာဖို့လည်း မလွယ်ဘူး။ အရေးအကြောင်းဆိုရင် တို့က မြင်းနဲ့ ထွက်သွားနိုင်တယ်။ သူတို့က ခြေလျင်တပ်သားတွေမို့ မလိုက်နိုင်ဘူးကော"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ခပ်အုပ်အုပ် ပြောလိုက်သည်။ ရဲမက်များသည် သူ၏ အဆုံးအဖြတ်ကို သဘောတူညီကြဟန်ရှိသည်။

"တိုက်ကြမယ်နော"

မောင်ရွှေဝါက ထပ်ပြောလိုက်သည်။

"တိုက်ကြမယ်"

သူတို့က တစ်သံတည်း ထွက်သည်။

"အေး၊ ကောင်းပြီ၊ ငါပစ်ဆိုမှ ပစ်ကြ၊ သေသေချာချာ ချိန်ပြီး ပစ်ကြ။ ဗိုလ်လုပ်သူကို ငါပစ်မယ်။ နင်တို့က ကြိုက်ရာ လူတစ်ယောက်စီ ရွေးပစ်ကြ။ ရွှေနောင်းက မြင်းတွေကို မြက်ထုံးချပေး၊ ဒါမှ ဒီကောင်တွေ ဆူဆူညံညံ မလုပ်မှာ"

ရွှေနောင်းဆိုသူသည် ချက်ချင်းပင် နောက်ဘက်သို့ ဆုတ်သွားသည်။ သူက ပုကွကွဖြစ်သော်လည်း ကိုယ်ခန္ဓာနှင့် မလိုက်အောင် သွက်လက်သည်။ ရွှေနောင်းသည် ဝန်းသိုတပ်သားတို့ ခေါင်းဆောင်ဖြစ်သည်။ ခဏအကြာတွင် ရွှေနောင်း ပြန်ရောက်လာသည်။ သူတို့သည် သေနတ်ယမ်းထိုး၍ အသင့် စောင့်နေကြသည်။ ရန်သူများသည် သုံးယောက်တစ်တွဲ ချီတက်လာကြသည်။ သုံးယောက်တန်း၏ အပြင်ဘက်တွင် လိုက်ပါလာသူ နှစ်ယောက်၏ လက်မောင်းထက်တွင် အဖြူချွန်း သုံးထပ်စီရှိသည်။

မောင်ရွှေဝါက ရန်သူများ၏ အင်အားကို အတိအကျ ရေတွက်ကြည့်သည်။ တပ်သား (၂၄)ယောက် အကြပ် (၂)ယောက်၊ ဗိုလ်တစ်ယောက်၊ လမ်းပြ (၂)ယောက်၊ ပေါင်း(၂၉) ယောက်။

"ပစ်ကြဟေ့"

မောင်ရွှေဝါက အမိန့်ပေးလိုက်သည်။ ထို့နောက် ဗိုလ်လုပ်သူကို အသေအချာ ချိန်ရွယ်၍ သေနတ်မောင်းကို ဆွဲလိုက်သည်။ တစ်တောလုံးဟိန်းသွားသည်။ မျက်နှာဖြူဗိုလ်သည် မြင်းပေါ်မှ ထိုးကျသွားသည်။ ရန်သူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ထိုစဉ်မှာပင် တောင်ကမူထက်မှ သေနတ်သံများ တစ်ချက်ပြီးတစ်ချက် ပေါ်ထွက်လာသည်။ ရန်သူများသည် တစ်ဖက်လယ်ကွင်းထဲသို့ ဆင်းပြေးကြသည်။ သို့သော် လမ်းပေါ်တွင် အလောင်းလေးလောင်း ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။ အခြားနှစ်ယောက်သည် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ တွဲခေါ်သွားကြသည်။ လမ်းပေါ်တွင် ကျကျန်ရစ်သူများတွင် မြန်မာလမ်းပြတစ်ဦးပါသည်။

ထို့နောက် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် ပစ်ခတ်ကြသည်။ ကုလားစစ်သားများသည် အချက်များများ ပို၍ ပစ်နိုင်သော်လည်း တောင်ကမူထက်သို့ ရမ်းဆ၍ ပစ်နေရခြင်းဖြစ်၍ အချည်းအနှီးသာ ဖြစ်သည်။ ကျည်ဖြုန်းသည့်သဘောသာ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် ပိုလ်လုပ်သူကို ပစ်ပြီးနောက် အကြပ်နှစ်ယောက်ကို ပစ်ချနိုင်ရန် ကြိုးပမ်းနေသည်။ များမကြာမီမှာပင် သူ့လက်ချက်ကြောင့် အကြပ်တစ်ယောက် ကျသွားသည်။ သူက အကြီးအကဲလုပ်သူများကို ရွေး၍ ပစ်နေချိန်တွင် သွေးသောက်မောင်ကံလှက ကျန်ရှိနေသော လမ်းပြတစ်ဦးကို မဲ၍ ပစ်နေသည်။

"ကုလားတွေကို မဖြုတ်ခင် သစ္စာဖောက်တွေရဲ့ ဇီဝိန်ကို အရင်ဆုံး ဖြုတ်ရမယ်ပ"

သူက ပါးစပ်မှလည်း အားရပါးရ ပြောနေသည်။ သည်တော့မှ လမ်းပေါ်တွင် စင်းစင်းသေနေသော လမ်းပြတစ်ဦးသည် သူ့လက်ချက်မှန်း မောင်ရွှေဝါ သိရသည်။ ယင်းသို့ အတော်ကြာ အပြန်အလှန် ပစ်မိသောအခါ နောက်ထပ် ရန်သူသုံးဦးကျဆုံး၍ ငါးယောက်ထက်မနည်း ဒဏ်ရာရရှိသွားသည်ကို တွေ့ကြရသည်။ သို့ဖြင့် ရန်သူများဘက်တွင် တိုက်ခိုက်နိုင်သူ (၁၅)ဦးသာ ကျန်ရှိတော့သည်။ ယင်း(၁၅)ဦးမှာလည်း စိတ်ဓာတ် ပျက်ပြားလျက် ရှိသည်။ သူတို့၏ အကြီးအကဲနှစ်ဦး ကျဆုံးရပြီး သူတို့ကို တိုက်ခိုက်သားများအား ယခုထိ အစအနမျှ မမြင်မတွေ့ရသောကြောင့် ကြောက်လန့်ချောက်ချားနေကြခြင်း ဖြစ်သည်။

သူတို့သည် အကြပ်တစ်ယောက် ထပ်မံကျဆုံးသောအခါတွင် ကြာကြာမခံတော့ဘဲ လယ်ကန်သင်းရိုးအတိုင်း အုန်းတောဘက်သို့ ဆုတ်ခွာသွားကြသည်။

မောင်ရွှေဝါက ကျန်သူများကို လိုက်၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ သူ့လူများကို အမိန့်ပေးလိုက်သည်။ သို့ဖြင့် ခဏအကြာတွင် မြင်းခုနစ်စီးသည် တောင်ကမူထက်မှ လေ၏အဟုန်ဖြင့် ပြေးဆင်းသွားကြသည်။

နှင်းမြူကွဲ၍ နေရောင်လင်းလင်း ပွင့်ချေပြီ။

ရန်သူများသည် ယခုမှ သူတို့ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ကြရသဖြင့် ခုခံပစ်ကြသည်။ သို့သော် မောင်ရွှေဝါတို့သည် ရန်သူကျည်ဆန်များကို ဂရုမထားဘဲ၊ မမျှော်လင့်ဘဲ တွေ့မြင်ရသော အခြင်းအရာကို မျက်လုံးပြူး၍ ကြည့်မိကြသည်။ ယင်းကား မြောက်ဘက်ကမူစွယ်မှ မြင်းတပ်တစ်တပ် ဒုန်းစိုင်း၍ ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။ ပထမတွင် ရန်သူလား မိတ်ဆွေလားဟု စဉ်းစားမိကြသည်။ သို့ရာတွင် မိတ်ဆွေများ ဖြစ်ကြောင်းကို ခဏချင်းမှာပင် သိကြရသည်။ ကမူစွယ်မှ ထွက်လာကြသော မြင်းအုပ်သည် ဓားလွတ်များကို ဝင့်၍ အင်္ဂလိပ်တပ်ဆီသို့ အပြင်းစိုင်းသွားကြသည်။ မောင်ရွှေဝါကို ဟာစ်အော်နူတ်ဆက်ကြသည် စစ်ကူများသည် မည်သူမည်ဝါများ ဖြစ်ကြမှန် မသိကြသော်လည်း အရေအတွက်အားဖြင့် နှစ်ဆယ်အစိတ်ခန့် ရှိသည်ကို တွေ့ရသည်။

ရန်သူများကမူ အကြောင်းအရာမှန်ကို မသိရှိချေ။ စောစောက သူတို့ကို လူခုနစ်ဦးတည်းကသာ တိုက်ခိုက်နေကြောင်း မသိချေ၊ ဤမြင်းတပ်စုနစ်စုစလုံးက သူတို့ကို အကွက်ဆင်၍ တိုက်ခြင်းပင်ဟု ယူဆပြီး သွေးပျက်ထိတ်လန့်ကြသည်။ အချို့က ခုခံပစ်ခတ်၍ အချို့က လက်လွတ်ထွက်ပြေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မြင်းအုပ်နှစ်အုပ်သည် လမ်းပေါ်တွင် ကြက်ခြေခတ် ဆုံမိကြသည်။ သူတို့သည် တစ်ဦးကို တစ်ဦး အော်ဟစ်အားပေးကြပြီးနောက် ရန်သူများရှိရာသို့ အတင်းတိုးဝင်သွားကြသည်။ ရန်သူများသည် ပြေး၍ မလွတ်နိုင်တော့မှန်း သိသဖြင့် အတန်းနှစ်တန်းဖွဲ့၍ ပစ်ခတ်ကြသည်။ ရန်သူ့ကျည်သင့်၍ သူတို့လူများ ကျဆုံးကုန်သည်ကို သိသော်လည်း နောက်မတွန့်ဘဲ ရန်သူ့ သေနတ်တန်းကို ဖောက်ထွင်း၍ ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် ဓားဖြင့် လိုက်လံထိုးခုတ်ကြသည်။ အချို့သည် မြင်းပေါ်မှကျ၍ ရန်သူနှင့် လက်တစ်ကမ်း တိုက်ခိုက်ကြသည်။ ရန်သူက လှံစွပ်နှင့် ခုခံသည်ကို တိမ်းရှောင်၍ ဓားဖြင့် အတင်းဝင်ခုတ်သွားသည်။

ခဏအကြာတွင် ဗလုံးဗထွေးဖြစ်သော ရှုခင်းသည် တစ်စစနှင့် ရှင်းသွားသည်။ မောင်ရွှေဝါတို့ အပြတ်အသတ် အောင်ပွဲရလိုက်သည်။ သူတို့လက်ချက်ဖြင့် ရန်သူအစုတစ်ခုလုံး ပြုတ်သွားသည်။ သစ္စာဖောက် နှစ်ယောက် အဆစ်ပါသေးသည်။ သူတို့ဘက်မှ သုံးယောက်သာကျသည်။ သုံးယောက်ကျသည့်အထဲတွင် မောင်ရွှေဝါတို့အစုမှ တစ်ယောက်ပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး တပ်သားများသည် ရန်သူများကို တစ်ယောက်မကျန် ထိုးခုတ် သတ်ဖြတ်ပြီးခါမှပင် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဦးနှင့်တစ်ဦး မည်သူမည်ဝါဖြစ်ကြကြောင်း မေးမြန်းပြောဆိုနိုင်ကြသည်။ မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော စစ်ကူများမှာ ဗိုလ်လှဦး၏နောက်လိုက်များ ဖြစ်ကြသည်။ သူတို့သည် သေနတ်သံများကြား၍ လာခဲ့ရာတွင် မောင်ရွှေဝါတို့နှင့် ပေါင်းဆုံမိခြင်း ဖြစ်သည်။ သူတို့၏ အကြီးအကဲမှာ အရပ်လေးတောင်ကျော် မြင့်သော ဗိုလ်ထန်းပင် ဖြစ်သည်။ ဗိုလ်ထန်းပင်သည် ဗိုလ်လှဦး၏ လက်ရွေးဗိုလ်တစ်ဦး ဖြစ်သည်။ ဗိုလ်လှဦးကား မြန်မာဘုရင်နှင့် နယ်ချဲ့ အင်္ဂလိပ်တို့ အယူအဆအရ ဓားပြဗိုလ်တစ်ဦးသာ ဖြစ်သော်လည်း တိုင်းသူပြည်သားတို့ အမြင်တွင်ကား စွမ်းရည်ထက်မြက်သော ပဒေသရာဇ် နယ်ချဲ့ဆန့်ကျင်ရေးသမားကြီး တစ်ဦးဖြစ်သည်။

အုပ်ချုပ်သူအကြီးအကဲများ၏ မတရားညှင်းပန်းနှိပ်စက်မှုကြောင့် တစ်ကြောင်း၊ စားရေးသောက်ရေး ဆင်းရဲကျပ်တည်းသည်ကြောင့် တစ်ကြောင်း (၁၈၈၃)ခုနှစ်မှ အစပြု၍ တစ်တိုင်းပြည်လုံးတွင် ဆူပူအုံကြွမှုများ ဖြစ်ပေါ်ခဲ့သည်။ (၁၈၈၄)ခုနှစ်တွင်ကား ယင်းဆူပူမှုများသည် အထွတ်တထိပ်သို့ ရောက်ခဲ့သည်။ ယခင်ကာလများကဲ့သို့ မင်းဖြစ်လိုသူ တစ်ဦး၏လှုံ့ဆော်ပုန်ကန်မှုမျိုး မဟုတ်ဘဲ အတိဒုက္ခရောက်သူများက မခံမရပ်နိုင်ရှိပြီး၊ ချမ်းသာကြွယ်ဝသူများနှင့် ဘုရင့်အမှုထမ်း၊ အရာထမ်းများကို ဆန့်ကျင်တိုက်ခိုက်ကြခြင်း ဖြစ်သည်။ တစ်နည်းပြောရလျှင် ပထမဆုံးသော တစ်နိုင်ငံလုံး အတိုင်းအတာရှိသော ပဒေသရာဇ်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီး (ဝါ) လယ်သမားသူပုန်ကြီး ဖြစ်ပေသည်။ သို့သော်လည်း စနစ်ကျသော ဗဟိုချုပ်ကိုင်မှု မရှိဘဲ ကိုယ့်နယ်နှင့်ကိုယ် တော်လှန်ထကြွခြင်း ဖြစ်သည်။ ယင်းသို့ နယ်မြေအလိုက် တော်လှန် ပုန်ကန်မှုများတွင် မိုးကောင်း အရေးတော်ပုံနှင့် နွယ်ခွေ အရေးတော်ပုံသည် အကြီးမားဆုံး ဖြစ်သည်။ နေပြည်တော်မှ တပ်သားပေါင်း မြောက်မြားစွာ စေလွှတ်၍ နှိမ်နင်းရသည်။ စစ်ရေးဖြင့် ဖြေရှင်း၍ မရသောအခါ နိုင်ငံရေးဖြင့် စေ့စပ်ဖြေရှင်းရသည်။

နွယ်ခွေအရေးတော်ပုံသည် မိုးကောင်းအရေးတော်ပုံနှင့် တစ်ထေရာတည်းလောက်ပင် ဖြစ်သည်။ မိုးကောင်းအရေးတော်ပုံကို တိုက်ခိုက်နှိမ်နင်း၍ ပြီးမြောက်ရန် မလွယ်ကူသောအခါ မင်းကြီးရွှေလှံဗိုလ်သည် နိုင်ငံရေးအရ စေ့စပ်ခဲ့ရသည်။ နွယ်ခွေအရေးတော်ပုံတွင်လည်း အတွင်းဝန် လေ့သင်းဝန် စလေမြို့စားသည်

MMCYBERMEDIA
COMMUNITY FOR ALL

နိုင်ငံရေးနည်းဖြင့် အရေးတော်ပုံကို ပြီးမြောက်စေခဲ့သည်။ သို့သော် အုပ်ချုပ်သူတို့ဘက်မှ ညစ်ပတ်မှုရှိ၍ နွယ်ခွေအရေးတော်ပုံ တပ်သားများသည် နစ်နာခြင်းများ ရှိခဲ့ရသည်။

နွယ်ခွေအရေးတော်ပုံကို ခေါင်းဆောင်သူမှ ဗိုလ်လှဦးပင် ဖြစ်သည်။

"ကျုပ်တို့ လုပ်ငန်းကိုင်ငန်း မကောင်းလို့ ကြွေးဥ၊ မြောက်ဥ ပြုတ်စားနေရတဲ့ အချိန်မှာ အကြီးအကဲလုပ်သူတွေနဲ့ ဘုရင့်တပ်သားတွေက နှိပ်စက်လွန်း အားကြီးတော့ မတတ်နိုင်တဲ့အဆုံး တိုက်ခိုက်လုယက်ပြီး စားကြရတော့တာပဲ။ ဒါပေမဲ့ ကျုပ်တို့ဟာ မရှိဆင်းရဲသူ အချင်းချင်းကို ဘယ်တော့မှ ဒုက္ခမပေးဘူး။ ငွေကြေးချမ်းသာပြီး စိတ်ကောင်းစာနာမှု မရှိတဲ့လူတွေနဲ့ မင်းလူ မင်းဘဏ္ဍာကိုသာ တိုက်ခိုက်ပြီး ခွဲဝေစားကြတယ်၊ ဒါကြောင့်မို့လည်း ကျုပ်တို့ဟာ တစ်နေ့တခြား အင်အား ကြီးထွားလာခဲ့တာပဲ"

ဗိုလ်ထန်းပင်က မောင်ရွှေဝါကို ယင်းသို့ ပြန်ပြောင်းပြောဆိုခဲ့သည်။ မိုးကောင်းအရေးတော်ပုံသည် ယင်းသို့ပင် အစပြုခဲ့ခြင်း ဖြစ်သည်။ မောင်ရွှေဝါသည် နွယ်ခွေအရေးတော်ပုံအကြောင်းကို ဗိုလ်ထန်းပင်ထံမှ အစုံအစေ့ သိရှိရလေသည်။ ဗိုလ်ထန်းပင်သည် နွယ်ခွေအရေးတော်ပုံတွင် အစကနဦး ကတည်းကပင် ပါဝင်ခဲ့သူ ဖြစ်သည်။

ပထမတွင် သူတို့သည် လူအင်အား နှစ်ဆယ်ကျော်မျှသာရှိသည်။ ဦးစီးခေါင်းဆောင်သူများမှာ ဗိုလ်လှဦးနှင့် ဗိုလ်လှဦး၏ညီများ ဖြစ်ကြသော ဗိုလ်ရွှေလုံး၊ ဗိုလ်ရွှေပွင့်နှင့် ဗိုလ်ကြာလှိုင်တို့ ဖြစ်ကြသည်။ အုပ်ချုပ်သူတို့၏ ညှင်းပန်းနှိပ်စက်မှုကို မခံမရပ်နိုင်ကြသော တိုင်းသူပြည်သားများသည် ချက်ချင်းပင် ဗိုလ်လှဦးတို့ကို အားပေးကူညီကြသည်။ တပ်တွင် ပါဝင်ကြသည်။ သို့ဖြင့် နေ့ချင်းညချင်း ဆိုသလိုပင် သူတို့အင်အားသည် ရာပိုင်းသို့ ကြီးထွားလာသည်။ အောင်ပွဲများ ဆက်တိုက်ရရှိလာသည်။

နိုင်ငံတော်မြို့ရွာများကို ဆယ်ဌာနခွဲစေ၍ ခရိုင်ဝန်များ ခန့်ထားသောအခါ အဌမဌာန် စစ်ကိုင်းခရိုင်ဝန် နန်းမတော်ဝန် မိုင်းခိုင်းမြို့စား မင်းကြီး မဟာသီရိဇေယျသူသည် လုရင်က ပေးအပ်ထားသည့် သေနတ်ကိုင်တပ်သား (၁၃၀)နှင့် ပုန်ကန်ထကြွနေသူများကို ထောက်လှမ်းရှာဖွေ ဖမ်းဆီးစေသော်လည်း အလုံမြို့နယ်မြေသည် အရှေ့အနောက်တောင်မြောက် ခရီးနှစ်သောင်းခန့်စီနှင်နှင် ကျယ်ဝန်းသည်က တစ်ကြောင်း၊ နွယ်ခွေတောတန်းကြီးသည် တောင်မြောက် နယ်ကုန် ဖြတ်သန်းလှက် နွေပိုးမပြတ် စိမ့်စမ်းရေထွက် ကိုးဆယ့်ကိုးရပ်ဌာန တော်တောင်များတွင် ပုန်ကန်တိုက်ခိုက်သူများသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည် တစ်ကြောင်းကြောင့်များကြောင့် ဖမ်းဆီးမရရှိသည့်အပြင် ဘုရင်ကို ဆန့်ကျင်သူများသည် တစ်နေ့တခြား အစည်းအရုံးများပြား အင်အားတိုးတက်လျက် ရှိသဖြင့် အလုံမြို့နယ်တွင်မျှမက နီးစပ်ရာ အမြင့်ငါးမြို့ဝန်စုပါ မြို့ကျေးရွာများသို့ လည်းကောင်း၊ ဒီပဲယင်းမြို့ဝန်စုပါ မြို့ကျေးရွာများသို့ လည်းကောင်း တောလမ်းခရီးဖြင့် လှည့်လည်သွားရောက် တိုက်ခိုက် တိုးပွားရှိသောကြောင့် ပုန်ကန်ထကြွသူတို့ကို တောတောင် အနှံ့အပြား သွားရောက်တိုက်ခိုက်စေရန် နတ်ရှင်ရွှေး သေနတ်ဗိုလ်နှင့် တပ်သား(၃၀၀)တို့ကို အလုံမြို့၊ အမြင့်မြို့ နယ်မြေများတွင် လည်းကောင်း၊ လင်းဖင်းသေနတ်ဗိုလ်နှင့် တပ်သား(၃၀၀)တို့ကို ဒီပဲယင်းမြို့ နယ်မြေများတွင် လည်းကောင်း၊ အသီးသီး ရပ်နေစေပြီးလျှင် တစ်တပ်နှင့်တစ်တပ် အဆက်အသွယ် ပြုလုပ်၍ ထောက်လှမ်း ဖမ်းဆီးစေရန် စေလွှတ်ချီတက် ထမ်းရွက်စေရာ မြောက်မာရဘာင်သေနတ်ဗိုလ်နှင့်

MMCYBERMEDIA
COMMUNITY FOR ALL

တပ်သား(၃၀၀)သည် အလုံမြို့မြောက်ဘက် မောင်းထောင်ကျေးရွာတွင် စခန်းချ နေထိုင်စဉ်အတွင်း ဗိုလ်လှဦးသည် နောက်ပါတပ်သား တစ်ရာကျော်နှင့် ညအချိန်တွင် မောင်းထောင်ကျေးရွာကို ဝင်ရောက်၍ တိုက်ခိုက်သည်ဖြစ်ရာ မြောက်မာရဘင်တပ်မှ သေနတ်စာရေးတစ်ယောက်၊ တပ်မှူးတစ်ယောက်နှင့် တပ်သားသုံးဦး ကျဆုံးရုံသာမက စိန်၊ သေနတ် လက်နက် အများအပြားကို ဗိုလ်လှဦးတို့ ရရှိသွားသည်။ ယင်းသို့တပ်အင်အား တစ်ထောင်နီးပါးဖြင့် တိုက်ခိုက်နိမ်နင်းသည်ပင် အရာမထင်ရှိသောအခါ နေပြည်တော်တွင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရတော့သည်။ ပုန်ကန်ထကြွသူများသည် ဘုရင့်တပ်၏ တိုက်ခိုက်ခြင်းကိုပင် စောင့်မနေဘဲ သူတို့က အရင်ဦးအောင် စီးနင်းတိုက်ခိုက်နေကြပြီ ဖြစ်သဖြင့် ဤအတိုင်းသာဆိုလျှင် များမကြာမီတွင် ဤမြို့ငယ်များကို တိုက်ခိုက်သိမ်းပိုက်ကြတော့မည် ဖြစ်သည်။

ယင်းကြောင့် နွယ်ခွေအရေးတော်ပုံကို ဘုရင့်ညီလာခံတွင် အလေးအနက်စဉ်းစားကြရသည်။ သီပေါမင်းကိုယ်တိုင် မှူးမတ်အစုံအညီကို မိန့်ကြားသည်မှာ *ယခုအရေးအခင်းကို အနည်းငယ်မျှသာ ဖြစ်သည်ဟု လေးစားမှုပြု၍ လျစ်လျူပြု နေထိုက်နေသင့်သည်မဟုတ်။ တစ်စတစ်စ အင်အားကြီးသည် ဖြစ်က တိုင်းကျိုးပြည်ကျိုးကိုသော်လည်း ထိပါးတတ်ခြင်း အကြောင်းဖြစ်၍ ယင်းသည် ဓားပြတို့ကို လက်ရုံးနှလုံး သင့်ရာနှင့် နေ့ရက်မကြာ ပြေပျောက်ငြိမ်းချမ်းအောင် အရာရှိကြီးတစ်ဦးကို လူသူလက်နက်ပေးအပ်၍ ထပ်မံစေလွှတ် သိမ်းပိုက်စေမှသင့်မည် ဖြစ်သည်။ မည်သူ့ကို စေလွှတ်သိမ်းပိုက်စေရန် သင့်ကြောင်းနှင့် ညှိနှိုင်းတင်လျှောက်ကြရမည်* ဟု မိန့်ကြားလေသည်။

ဤတွင် မှူးမတ်တို့ ညှိနှိုင်းတိုင်ပင် သဘောညီညွတ်သည့်အတိုင်း မည်သူက ရေးသားကြောင်း ထုတ်ဖော်ခြင်း မရှိစေဘဲ စေလွှတ်ရန် သင့်သူ၏ အမည်ကိုသာ မဲလက်မှတ်တွင် ရေးသားစေသော လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရာတွင် အတွင်းဝန် လှေသင်းဝန် စလေမြို့စားကို စေလွှတ်ရန်သင့်ကြောင်း မဲလိပ်အများ ရရှိသည်ဖြစ်၍ အမိန့်တော်မြတ်ခံပြီးလျှင် အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီး သီရိမဟာဇေယျကျော်ထင်သို့ လက်နက်ကိုင် လှေအစု အမှုထမ်း လူငါးရာပေးအပ်၍ သွားရောက်တိုက်ခိုက်စေရာတွင် ဘုရင့်ရေတပ်ဗိုလ်ချုပ်လည်း ရေတပ်မတော်သားငါးရာနှင့် အတူ ဆူပူလှုပ်ရှားနေသော အမြင့်ငါးမြို့ အလုံမြို့နှင့် ဒီပဲယင်းမြို့များသို့ သွားရောက်၍ ဘုရင့်အား ဆန့်ကျင်ဘက်ပြုသူများအကြောင်းကို အစုံအစေ့ မေးမြန်းထောက်လှမ်းပြီးနောက် အကြံဖြစ်သည်မှာ ဤသူခိုးဓားပြ ဆိုသူတို့ကို လူလက်နက်အင်အားဖြင့် သွားရောက်တိုက်ခိုက်ရမည့်အရေးမှာ လွယ်ကူသည် မဟုတ်။ သူတို့သည် မည်သည့် နေရာဌာနတွင်မျှ အစုအရုံးနှင့် အထင်အရှား နေထိုင်ကြသည် မဟုတ်၊ တောတောင်ကြီးရာမှာသာ အသီးသီး နေထိုင်ကြပြီးလျှင် တိုက်ခိုက်လိုသည့်အခါတွင်မှ အစိုးရအရာရှိ၊ အမှုထမ်းတို့ နေထိုင်ချုပ်ရှိသည့်နေရာနှင့် လှမ်းကမ်းဝေးကွာသည့် နေရာများကိုသာ ချက်တစ်ဖြုတ် တိုက်ခိုက်ကြသည်သာ ဖြစ်သည်ကြောင့်၊ လက်နက်ဖြင့် လိုက်လံနှိမ်နင်း၍ကား ရနိုင်မည်မဟုတ်။ နှလုံးရည်ဖြင့် ကြံဆောင်ပြုလုပ်ရမည်ဟု သဘောပိုက်ပြီးလျှင် မြို့ကျေးရွာများကို ဝင်ရောက်တိုက်ခိုက်ခဲ့သူ မည်သူမဆို အကြီးအကဲ ဗိုလ်သော်လည်း ဖြစ်စေ၊ အပေါင်းအသင်း ပြုလုပ်ပါဝင်သူဖြစ်စေ၊ မြို့ရွာသူကြီးတို့ထံမှာသော် လည်းကောင်း၊ မြို့ရုံးအရာရှိတို့ထံမှာသော် လည်းကောင်း လာရောက်၍ မိမိတို့သည် ရှေ့တွင် ရာဇဝတ်ကြောင်းနှင့် စပ်၍ တစ်စုံတစ်ရာ ကျူးလွန်ပြုလုပ်တော့မည် မဟုတ်ကြောင်း ဝန်ခံပြောဆိုလျှင် နောက်နောင်သော ကာလတို့က မည်မျှလောက်သော အပြစ်ကို ပြုကျင့်ဖူးသော်လည်း တစ်စုံတစ်ရာ ဖြစ်ဒဏ်မထား။ ကင်းလွတ်ချမ်းသာခွင့်ပေးပြီးလျှင် အလိုရှိရာ မြို့ရွာများတွင် ချမ်းသာစွာ နေထိုင်ခွင့်ပေးမည် ဖြစ်ကြောင်းနှင့် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို မြို့ရွာ အနှံ့အပြားသို့ ဆင့်ဆို ထုတ်ဝေခြင်း ပြုလုပ်လေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုမျှသာမက ပုန်ကန်ထကြွသူများကို ကိုယ်တိုင်ကိုယ်ကျသော် လည်းကောင်း၊ လက်အောက်အရာရှိများမှ တစ်ဆင့်သော် လည်းကောင်း၊ ကြားလူများ၏ အကူအညီဖြင့်သော် လည်းကောင်း တွေ့ဆုံစေ့စပ်ခြင်း ပြုလေသည်။ တိုင်းပြည်၏အရေးအခင်းသည် အဘက်ဘက်မှ ရှုပ်ထွေးလျက်ရှိပြီး မိမိတို့နိုင်ငံသို့ ကျူးကျော်လျက် တစ်တိုင်းပြည်လုံးကို စော်ကားလျက်ရှိသော နယ်ချဲ့အင်္ဂလိပ်များနှင့် တစ်နေ့မဟုတ် တစ်နေ့တွင် တိုက်ခိုက်ကြရဦးမည်ဖြစ်၍ မိမိတို့ အချင်းချင်း တိုက်ခိုက်ခြင်း မပြုကြတော့ရန် ဆုံးဖြတ်ပြီး ဗိုလ်လှဦးနှင့် ပုန်ကန်ထကြွသူများသည် လက်နက်ချအပ်ကြသည်။ စုစုပေါင်း လက်နက်ချအပ်သူပေါင်း နှစ်ထောင်ကျော် ရှိလေသည်။ လူနှစ်ဆယ်ဖြင့် အစပြုခဲ့ရမှ လူနှစ်ထောင်အထိ အင်အားကြီးထွားခဲ့ခြင်းပင် ဖြစ်သည်။

သို့သော် ဘုရင့်အစိုးရသည် လက်နက်ချအပ်သူများကို ကောင်းမွန်စွာ နေထိုင်ခွင့်ပြုမည်ဟူသော ကတိကို ချိုးဖောက်လျက် ဝင်ရောက်လာသူများ အားလုံးကို နာမည်ဆိုး ခပ်နှိပ်လေသည်။ လက်ဝဲဘက် လက်မောင်းတွင် "မည်သူ မဆိုးနှင့်" ဟူသော စာတန်းကိုလည်းကောင်း၊ လက်ယာဘက်လက်မောင်းတွင် "သတိထား" ဟူသော စာတန်းကိုလည်းကောင်း၊ မင်ဖြင့် စာလုံးအက္ခရာ ပီပြင်စွာ ရေးထိုးပေးထားသည်။ နယ်ပယ်အတွင်း အကြောင်းတစ်စုံတစ်ရာရှိတိုင်း ယင်းစာတန်းရှိသူများကို ခေါ်ယူစစ်ဆေးသည်။ စွပ်စွဲညှဉ်းပန်းသည်။ ထိုမျှသာမက ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူများကို တစ်တိတစ်တိနှင့် တစ်ယောက်ပြီးတစ်ယောက် ဖမ်းဆီးချုပ်နှောင်ခဲ့လေသည်။

ဤသို့ဖြင့် ဗိုလ်လှဦးသည် လည်းကောင်၊ ဗိုလ်ထန်းပင်သည် လည်းကောင်း၊ အခြားဗိုလ်များသည် လည်းကောင်း၊ အခြားတပ်သား အများအပြားသည် လည်းကောင်း ထောင်သွင်းအကျဉ်းချ ခံကြရတော့သည်။

မောင်ရွှေဝါတို့သည် ယင်းအဖြစ်ဆိုးမျိုးနှင့် မကြုံတွေ့ရသဖြင့် တော်သေးသည်ဟု ဆိုရပေမည်။

ဘုရင့်အစိုးရသည် ဗိုလ်လှဦးနှင့် နွယ်ခွေအရေးတော်ပုံတပ်သား အများအပြားကို ရက်ရှည်လများ ထောင်သွင်း အကျဉ်းချထားရာ အင်္ဂလိပ်နှင့် စစ်ဖြစ်သောအခါတွင်မှ ကျူးကျော်တိုက်ခိုက်လာသူများကို မိမိတို့ကလည်း ဘုရင့်တပ်နှင့်အတူ ပူးပေါင်းတွန်းလှန်ပါမည်ဟု ဗိုလ်လှဦးနှင့် နွယ်ခွေအရေးတော်ပုံ တပ်သားများက ပြောဆို၍ ၎င်းတို့ကို ထောင်မှ လွှတ်ပေးလေသည်။

ဗိုလ်လှဦးသည် ထောင်မှလွတ်သည်နှင့် တစ်ပြိုင်နက် လက်ရွေးစင် တပ်သား(၂၅၀)ကို တပ်ဖွဲ့လေသည်။ ထို့နောက် တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် နတ်စုလက်ဝဲဗိုလ် မဟာမင်းလှမင်းထင်၏တပ်၊ လက်ဝဲကြောင်းဗိုလ် လက်သုံးတော်ကြီးကိုင် နေမျိုးမင်းလှမင်းထင်၏တပ်၊ လက်သုံးတော်ကြီးကိုင် ရေနံ့သာမြို့စားဟောင်း မင်းလှရာဇာ၏တပ်၊ တရုတ်မြို့ဝန် မဟာမင်းထင် မင်းခေါင်သူရိန်၏တပ်၊ ဒီပဲယင်းဗိုလ်၏တပ်၊ ပခန်းကြီးမြို့ ဗိုလ်သာမှုံ၏တပ်၊ တရုတ်တပ်၊ အမြောက်တပ်တို့နှင့်အတူ အင်္ဂလိပ်တို့ကို တိုက်ခိုက်ရန် မြင်းခြံသို့အရောက် ချီတက်၍ ဧရာဝတီဖြစ် အရှေ့ဘက်ကမ်းထိပ်တွင် တပ်စွဲ၍ နေခဲ့သည်။ ဗိုလ်လှဦး၏တပ် အပါအဝင် ယင်းတပ်ပေါင်းကိုးတပ်ကို အုပ်ချုပ်သူမှာ အတွင်းဝန် လေ့သင်းဝန် စလေမြို့စား မင်းကြီးသီရိမဟာဇေယျကျော်ထင်ပင် ဖြစ်ချေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်လှဦး၏တပ်သည် မြင်းခြံတိုက်ပွဲတွင် ဘုရင့်တပ်များနှင့်အတူ အင်္ဂလိပ်များကို အသေအကျေ ခုခံတိုက်ခိုက်ခဲ့သည်။ မြင်းခြံတိုက်ပွဲတွင် အရေးနိမ့်သည်နှင့် တစ်ပြိုင်နက် ဘုရင့်အစိုးရသည် အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် ကြိုးပမ်းခဲ့သည်။ ထိုအခါတွင် ဗိုလ်လှဦး၏တပ်သည် သူ၏အခြေခံဒေသဖြစ်သော နွယ်ခွေတောတန်းဘက်သို့ ဦးတည်၍ ဆုတ်ခဲ့သည်။ တပ်အင်အား ဖြည့်ခဲ့သည်။

နေပြည်တော်ကို အင်္ဂလိပ်တပ်များက သိမ်းပိုက်၍ ဘုရင်နှင့်မိဖုရား ခေါ်ဆောင်သွားသည်နှင့် တစ်ပြိုင်နက် ဗိုလ်လှဦးသည် သူ၏တပ်များကို မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘိုနယ်များတွင် ချထားလျက် အင်္ဂလိပ်ကို ဆက်လက် တိုက်ခိုက်လေတော့သည်။

သူခိုးဓားပြအဖြစ်ဖြင့် ပဒေသရာဇ်တို့၏ ဖမ်းဆီးထောင်ချထားခြင်းခံခဲ့ရသူသည် ယခုအခါ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်လျက် ရှိပေပြီ။

## အခန်း -၄၃-

"ကျေးတောသူ အယောင်ဆောင်ပြီး နေပြည်တော်က ထွက်ပြေးလာတဲ့ မင်းသမီး တစ်ယောက်ကို ရဲမက်များက ဖမ်းလာတယ်၊ ဟောဒီအထုပ်က မင်းသမီးရဲ့ခေါင်းမှ ဝှက်ပြီးယူလာတဲ့ ရတနာထုပ်ပဲ၊ မင်းသမီးကို ဗိုလ်မင်းဆီ ခေါ်ခဲ့ရမလား"

သွေးသောက်မောင်ကံလှသည် အဝတ်ညစ်ညစ်ဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကို မောင်ရွှေဝါ၏ရှေ့တွင် ချထားရင်းပြောသည်။

မောင်ရွှေဝါသည် ယခုမှပင် သူ၏တဲတွင် လှရှင်းသွားသဖြင့် ပိန်ချပ်နေသောဗိုက်ကို ဖြည့်တင်းရန် ကန်စွန်းဥပြုတ်နှင့် ပြောင်းဖူးဖုတ်များကို အားရပါးရစားမည်ရှိစဉ် မောင်ကံလှ ရောက်လာခြင်း ဖြစ်သည်။

နေရောင်ပျောက်သွားပြီ ဖြစ်၍ တဲအတွင်း၌ မှောင်စပြုံးနေသည်။ မောင်ကံလှသည် အဝတ်ထုပ်ကိုဖြေလိုက်သည်။ အလင်းရောင် လျော့လျော့မှာပင် ကျောက်သံပတ္တမြားများသည် တဖိတ်ဖိတ် တောက်နေသည်။ မောင်ရွှေဝါက ရတနာများကို တစ်ချက်မျှသာ ကြည့်ပြီး ကန်စွန်းဥပြုတ်ကို အခွံမန္တာဘဲ ပါးလုပ်ပလောင်း ဝါးစားရင်း...

"မင်းသမီးက အခု ဘယ်မှာလဲ"

"အရှေ့ကင်းမှာ"

"အဖော်မပါဘူးလား"

"တစ်ယောက်တည်းကော။ သြော် သူ့မှာ ဓားမြှောင်တစ်လက်ပါတယ်။ ဟောဒီမှာ"

မောင်ကံလှက ခါးကြားမှ ဓားမြှောင်တစ်လက်ကို ဆွဲထုတ်၍ ရတနာထုပ်ဘေးတွင် ချထားလိုက်သည်။ ဓားမြှောင်သည် အလုံးသေးသေး အစူးချွန်ချွန် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဗိုလ်မင်း သိပ်ဆာနေပြီလား"

မောင်ကံလှက မောင်ရွှေဝါ ကသုတ်ကရက်စားနေသည်ကို ကြည့်ရင်း မေးလိုက်သည်။

"ဆာတာတော့ မပြောနဲ့၊ ဗိုက်ထဲမှာ အော်နေပြီ။ ထမင်းမကျက်ကြသေးဘူးလားကော"
"ကျက်ပါတော့မယ်၊ ဝက်တစ်ကောင်ဖျက်တာ ကျုပ်တို့လူစု လောက်လောက်ငငစားရပ့ါမလား"
"ကျုပ်ကတော့ ခေါင်းတစ်လုံးကုန်အောင် စားမှာပဲ၊ ဩော် ဒါနဲ့ ဝက်ဖိုးပေးကြတယ်နော"
"ပေးပါတယ်၊ တန်ရာတန်ဖိုး မကပါဘူး။ ဗိုလ်ထန်းပင်က လက်စွပ်တစ်ကွင်းလုံး ပေးလိုက်တာပဲ"
"ကျုပ်စဉ်းစားမိတာ ရှိတယ်။ ဗိုလ်ထန်းပင်တို့ဟာ မရှိဆင်းရဲသားတွေဆီက ဥစ္စာပစ္စည်း မယူဘူးဆိုတာ မှန်တယ်။ နို့ပေမယ့် ချမ်းသာကြွယ်ဝသူတွေနဲ့ မှူးမတ်အကြီးအကဲတွေဆီက ဥစ္စာပစ္စည်းတွေ ယူတာလည်း အခုစဉ်းစားစရာ ဖြစ်လာပြီ။ အရင်က အပန်းမကြီးဘူး၊ အခုတော့ သူတို့ဟာ တိုင်းပြည်ပျက်လို့ ဒုက္ခဆင်းရဲနဲ့ ပြေးလာကြတာ၊ ဒီပစ္စည်းတွေပဲ ထုခွဲပြီး စားကြရမှာဖြစ်တယ်။ ကျုပ်တို့က အကုန်ယူလို့ မဖြစ်ဘူး၊ သူတို့ စားဖို့သောက်ဖို့ ပြန်ပေးဦးမှ ဖြစ်မယ်"

မောင်ရွှေဝါက ရတနာထုပ်ကိုကြည့်ရင်း ပြောသည်။ မောင်ကံလှက တဲအတွင်း၌ မီးဖိုတစ်ခု ပြုလုပ်နေသည်။ မီးခိုးများ အူလာသည်။ ပြီးမှ မီးတောက်ရောပါလာသည်။ ခဏအကြာတဲအတွင်း၌ အလင်းရောင်နှင့် အပူရှိန်ရလာသည်။

"ကျုပ်ပြောတာ ဘယ့်နယ်လဲ"
"ဗိုလ်ထန်းပင်ကို ပြောပေ့ါ"
"သူအခု ဘယ်မှာလဲ"
"ကင်းတွေကို လိုက်စစ်နေတယ်"
"စစ်စည်းကမ်းတော့ ကြီးကြသားပဲ"
"ဒါကြောင့် လူနှစ်ဆယ်ကျော်က လူနှစ်ထောင်ကျော် ဖြစ်လာတာပ"

မောင်ကံလှက မီးဖိုကို တဖူးဖူးမှုတ်ရင်း ပြန်ပြောသည်။ မီးခိုးဝင်သဖြင့် သူ့မျက်လုံးတွင် မျက်ရည်များရှိသည်။

"ဗိုလ်ထန်းပင် ပြန်ရောက်ရင် ကျုပ်ဆီကို လွှတ်စမ်းပါ၊ နေပစေလေ၊ ကျုပ်လည်း ကင်းတွေ လှော့ကြည့်လိုက်ဦးမယ်"
"မင်းသမီးကို မစစ်မေးတော့ဘူးလား"

မောင်ရွှေဝါက ခဏမျှ စဉ်းစားနေပြီးနောက်...
"အင်းလေ မင်းသမီးဆီက ဘာသတင်းများ ရမလဲမသိဘူး။ ဒီကိုပဲ ခေါ်ခဲ့ပါလားကော"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ကံလု တဲအတွင်းမှ ပေါ့ပါးစွာ ထွက်သွားသည်။ မောင်ရွှေဝါသည် ညောင်းညာသဖြင့် တဲအတွင်းမှာပင် လူးလာခေါက်ပြန် လျှောက်နေသည်။ မီးဖိုသည် အရှိန်ရလာပြီ ဖြစ်၍။ သူ့ကိုယ်တွင် မီးရောင်ဟပ်နေသည်။ တဲသည် အမှောင်တစ်ဝက် အလင်းတစ်ဝက်ရှိနေသည်။

သူသည် နံနက်တိုက်ပွဲပြီးကတည်းက ယခုအထိ မအားရသေးပေ။

တိုက်ပွဲပြီးသည်ဆိုလျှင်ပင် သူတို့သည် တစ်ဦးအကြောင်း တစ်ဦး အနည်းငယ်စီ မေးမြန်း ပြောဆိုပြီးနောက် လက်နက်ခဲယမ်းမီးကျောက်များကို သိမ်းရသည်။ ဗိုလ်ထန်းပင်တို့ထံတွင် ဘေးဖွင့်ရိုင်ဖယ်များ အတော်ပါလာသည်။ မြင်းခြံတိုက်ပွဲမှ ရလာခြင်းဖြစ်သည်။ ထို့နောက် သူတို့သည် အင်္ဂလိပ်တပ်သားများ၏ ပစ္စည်းများကို ရှာဖွေ စိစစ်သိမ်းဆည်းကြသည်။

ထိုအချိန်မှာပင် တိုက်ပွဲသံကြားသဖြင့် အနီးပတ်ဝန်းကျင်ရှိ နေသူများသည် သူတို့ထံသို့ ရောက်လာကြသည်။ အချို့က ကျေးရွာသားများ ဖြစ်သည်။ အချို့က တပ်ပျက်၍ လာသူများဖြစ်သည်။ ရောက်ရှိလာသူအားလုံးကပင် ရန်သူတစ်တပ်လုံးကို ပြုတ်ပြုတ်ပြန်းအောင် တိုက်နိုင်သော မောင်ရွှေဝါတို့ကို ချီးကျူးထောမနာ ပြုကြသည်။ ထို့နောက် မောင်ရွှေဝါ၏ လက်အောက်တွင် ပါဝင်တိုက်ခိုက်ခွင့်ပြုရန် တောင်းပန်ကြသည်။

မောင်ရွှေဝါက မိမိတို့သည် ရပ်ရင်း နယ်ရင်းသို့ ပြန်ကြမည့်သူများ ဖြစ်ကြောင်းကို ပြောဆိုသော်လည်း မရချေ။ သူတို့က မောင်ရွှေဝါ မည်သည့်အရပ်သို့သွားသွား၊ မောင်ရွှေဝါနောက်မှ လိုက်ပါကြမည်ဟု ဆိုသည်။ ဤအခါတွင် မောင်ရွှေဝါသည် စဉ်းစားစရာ ဖြစ်တော့သည်။ ကျူးကျော်လာသူများကို ခုခံတိုက်ခိုက်လိုသူများအား သည်အတိုင်း ပစ်မထားသင့်ဟု သဘောရသည်။ မိမိတို့ကို အားကိုးတကြီး စိတ်မပျက်စေသင့်ဟု ထင်မြင်သည်။ တပ်ပျက်၍ ကစဥ့်ကလျား ဖြစ်လာသော ရဲမက်များ သူ့ထံတွင် လာရောက်စုစည်းကြသည်ကို ဖြိုခွဲမပစ်သင့်ကြောင်း နားလည်သည်။ ဝန်းသိုသို့ မရောက်အရောက် ပြန်လိုနေကြသော ရွှေနောင်းတို့ လူစုမှာလည်း အောင်ပွဲတစ်ပွဲ ရရှိလိုက်သဖြင့် သွေးကြွလျက်ရှိသည်။ အင်္ဂလိပ်တပ်များနှင့် နောက်တစ်ချီ တစ်မောင်းလောက် စမ်းလိုလျက်ရှိကြသည်။

ဗိုလ်ထန်းပင်တို့ လူစုကလည်း မောင်ရွှေဝါတို့ကို ချက်ချင်း မပြန်ရန်ပြောသည်။ သူတို့နှင့်အတူ ပူးတွဲ၍ အင်္ဂလိပ်များကို တိုက်ရန်ပြောသည်။ မင်းကြီးနှင့်လည်း တွေ့စေချင်ကြသည်။ မင်းကြီးဆိုသည်မှာ ဗိုလ်လှဦးကို ပြောခြင်းဖြစ်သည်။ လောလောဆယ် အခြေအနေတွင် တစ်နယ်လုံး ယောက်ယက်ခတ်နေသဖြင့် အကြောင်းခြင်းရာမှန်ကို မသိနိုင်ဘဲ ရှိသည်။ သူ့လူ၊ ကိုယ့်လူ သူ့အား ကိုယ့်အား မမှန်းနိုင်ဘဲ ရှိသည်။ အဖြူအမည်း ကွဲပြားလောက်သည့်အချိန်အထိ မောင်ရွှေဝါတို့ ဤနယ်မှာနေကြပါရန် ဗိုလ်ထန်းပင်က ပြောသည်။

"ကျုပ်တို့က မိစ္ဆာကောင်တွေ အထက်အညာ မရောက်အောင် မုံရွာ၊ ရွှေဘို၊ ကျောက်မြောင်းနဲ့ မိုးကုတ်တစ်လျှောက်ကနေ တားနိုင်ရင် မကောင်းဘူးလား၊ တိုက်ပွဲဖြစ်ရင် မြို့ရွာ နာမယ်၊ ဒီနယ်တွေကတော့ စစ်တလင်း ဖြစ်ရတော့မှာပဲ၊ အထက်အညာအထိ စစ်တလင်း ကျယ်မသွားရင် မကောင်းဘူးလား၊ ကျုပ်တို့ ဒီနယ်တွေတစ်လျှောက်ကနေ လက်တွဲပြီး တားကြတာပေါ့။ တကယ်လို့

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်မင်းတို့နယ်ကို ဒီခွေးကောင်တွေ ရောက်ကုန်ပြီ ဆိုတော့လည်း ဗိုလ်မင်းတို့ ပြန်ကြတာပေါ့။ ဒီတော့လည်း ကျုပ်တို့နဲ့ ဗိုလ်မင်းတို့ အဆက်အသွယ်ပြုကြရဦးမှာပဲ မဟုတ်လား”

ဗိုလ်ထန်းပင်က အကြောင်းနှင့် အကျိုးကိုပြောသည်။ သို့ဖြင့် မောင်ရွှေဝါတို့သည် ချက်ချင်းလက်ငင်း မပြန်ကြသေးဘဲ အခြေအနေ စုံစေ့အောင် သုံးသပ်ပြီးမှ ပြန်သင့်သည့်အချိန်တွင် ပြန်ကြရန် သဘောတူကြသည်။ ယခုလောလောဆယ်တွင် ဗိုလ်ထန်းပင်တို့ လူစုနှင့်ပေါင်း၍နေကြရန် ဆုံးဖြတ်သည်။ ဗိုလ်ထန်းပင်နှင့်တကွ နောက်ထပ်ဝင်ရောက်လာသူများ အားလုံးက မောင်ရွှေဝါကို အကြီးအမှူးပြုလုပ်ရန် တစ်သံတည်း ဆန္ဒပေးကြသည်။

သို့ဖြင့်သူတို့သည် တိုက်ပွဲတွင် ရရှိသော ပစ္စည်းများကို စာရင်းပြုလုပ် သိမ်းဆည်းပြီးနောက် စခန်းချထား၍ အရပ်အနေပြုရန်အတွက် တောနက်ရာသို့ ပြောင်းရွှေ့ရသည်။ နေရာ အကွက်အကွင်း ကောင်းကောင်းကို ရရှိသောအခါ ယာယီတဲများ ထိုးကြရသည်။ ကင်းသေ ကင်းရှင်များ ချထားကြရသည်။ အစားအသောက်ကို တာဝန်ယူသူများက တာဝန်ယူကြရသည်။ ဗိုလ်ထန်းပင်က မင်းကြီးဗိုလ်လှဦးထံသို့ လူမြန်တစ်ယောက် စေလွှတ်သည်။

မောင်ရွှေဝါသည် စခန်းအရပ်အတည်နှင့် ကင်းသေကင်းရှင်များ ချထားသည်ကို ကြပ်မတ်ကြည့်ရှုပြီးနောက် တပ်သို့ ဝင်ရောက်ပူးပေါင်းသူများကို စိစစ်လက်ခံရသည်။ နေပြည်တော်မှ ကိုယ်လွတ်ရုန်းလာကြသော စစ်ပြေးဒုက္ခသည်များကို တွေ့ဆုံမေးမြန်းရသည်။ ဗိုလ်ထန်းပင်တို့ အကြောင်းကို ထပ်မံစုံစမ်းရသည်။ နယ်မြေအနေအထားကို လေ့လာရသည်။ သတင်းထောက်လှမ်းသူများ၏ ပြောပြချက်ကို ဂရုစိုက်မှတ်သားရသည်။ ဗိုလ်ထန်းပင်၊ မောင်ကံလှ စသော အကြပ်သွေးသောက်ဗိုလ်များနှင့် ရှေ့ရေးကို ဆွေးနွေးညှိနှိုင်းရသည်။ တစ်နေ့လုံးပင် ဖြစ်သည်။ နေရောင် ပျောက်ကွယ်ခါနီးတွင်မှ ဗိုလ်ထန်းပင်တို့လူစု သူ့တဲအတွင်းမှ ထွက်ခွာသွားကြသဖြင့် အာဟာရဖြည့်တင်းမည် ရှိစဉ်တွင် မောင်ကံလှ ရောက်လာခြင်း ဖြစ်သည်။ တယ်ရှုပ်တဲ့ မင်းသမီးပဲ။

သို့သော် မောင်ရွှေဝါသည် မင်းသမီးဆို၍ အနည်းနှင့်အများ စိတ်ဝင်စားခြင်းလည်း ရှိလေသည်။ နန်းတော်အတွင်းကလူမို့ အတွင်းရေးသတင်းများ ကို သိတန်ကောင်းသည်။

ကနောင်မင်း၏သားတော်များ ဖြစ်ကြသော ထိပ်တင်သိမ့်နှင့် ထိပ်တင်မြတ်တို့သည် မြို့နန်းပျက်သည်နှင့် စုမိရာ ဗိုလ်ပါရဲမက်များကို စည်းရုံးခေါ်ဆောင်၍ ရွှေဘိုသို့ ဆင်းလာကြသည်။ မက္ခရာမင်းသား၏ သားတော်များ ဖြစ်ကြသော စောရန်ပိုင်နှင့် စောရန်နိုင်တို့မှာလည်း လူသူ အများအပြားနှင့် ဤဘက်ကမ်းတွင် ရောက်ရှိနေကြသည်ဟု ဗိုလ်ထန်းပင်တို့ထံမှ မောင်ရွှေဝါ ကြားသိထားရသည်။ ဤမင်းသမီးသည် အင်္ဂလိပ်ကို တွန်းလှန် တိုက်ခိုက်ရန်အတွက် လူသူစုရုံးနေသော မင်းသားများနှင့် အဆက်အသွယ် ရှိချေမည်လား။

ထိုစဉ်တွင် တဲအပြင်မှ ခြေသံများ ကြားရသည်။ မောင်ရွှေဝါက မီးဖိုအနီးတွင် ရပ်၍ တဲဝသို့ မျက်နှာမူလိုက်သည်။ မောင်ကံလှက အရင်ဝင်လာသည်။

သူ့နောက်မှ လိုက်ပါလာသူကား ရတနာသိဃ်မြို့ဝန်၏ တူမတော် ခင်ခင်လေးတည်း။

MMCYBERMEDIA
COMMUNITY FOR ALL

ခင်ခင်လေးသည် မောင်ရွှေဝါကိုမြင်သည်နှင့် ခြေလှမ်းတန့်သွားသည်။ မျက်နှာတွင် ဒေါမာန်အရိပ်များ ဝင်လာပြီး မျက်လုံးဝင်းပြောင်သည်။ တစ်ချက်မှဲ့၍ မျက်နှာလွှဲလိုက်သည်။ မောင်ကံလှက မင်းသမီးတစ်ပါးဟု ပြောဆိုနေသူသည် မိမိ၏ မိတ်ဆွေဟောင်းကြီး ခင်ခင်လေး ဖြစ်သည်ကို တွေ့ရသောအခါ မောင်ရွှေဝါသည် အရင်ဦး အံ့ဩမိသည်။ သည်နောက် စိတ်ထဲမှအလိုလို ဝမ်းသာသွားမိသည်။ ယခုလို ဝရုန်းသုန်းကား ဖြစ်နေသည့်ကာလတွင် အသိအကျွမ်းတစ်ဦးကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသဖြင့် ဝမ်းသာခြင်းပင် ဖြစ်သည်။

သို့သော် ခင်ခင်လေး၏ မျက်နှာအမူအရာ ရုတ်ခြည်း ပြောင်းလဲသွားသည်ကို မြင်ရသောအခါ အံ့ဩရပြန်သည်။ သူ့စိတ်ထဲတွင် မယုံကြည်နိုင် ရှိရသည်။ ခင်ခင်လေးသည် တစ်ချိန်က သူ့အပေါ်တွင် အထင်အမြင်သေးခဲ့ပြီး စော်ကားမော်ကား လုပ်ခဲ့သည်မှာ မှန်သည်။ သို့သော် ယခုလို အချိန်မျိုးတွင် ဤစိတ်ထားမျိုး မရှိတော့တန်ရာဟု သူက ထင်သည်။ အကယ်၍ အမျိုးသမီးက ပြေပြေပြစ်ပြစ်နှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့လျှင် သူသည် အရင်က အဖြစ်များကို မေ့ပျောက်၍ မောင်နှမ အရင်းသဖွယ် ဆက်ဆံရန် ဝန်မလေးချေ။ တစ်ဖက်သား အမျိုးသမီးတစ်ယောက် ဒုက္ခရောက်လာသည့်အချိန်တွင်မှ သူက တာဝန်ရှိသမျှ တတ်နိုင်သမျှ ကူညီ စောင့်ရှောက်ရမည် ဖြစ်သည်။

ယခုတော့ အမျိုးသမီးက သူ့ကို ရန်သူသဖွယ် ဆက်ဆံနေသည်။

ယခင်ကမူ မထေ့တထေ့ မထီတရီ ရှိသော်လည်း သူ့ကို ခေါ်ပြောသေးသည်။ ယခုမူ မျက်နှာထားတင်းတင်းနှင့် မတူမတန်သည့် သဘောမျိုးကို အပြည့်အဝ ပြနေသည်။ ယင်းသို့ အတုံးလိုက် အတစ်လိုက် အစော်ကားခံရသောအခါ မောင်ရွှေဝါမှာလဲ ချက်ချင်းပင် ဒေါသထန်သွားသည်။ တစ်ကိုယ်လုံး ပူသွားသည် အသားများ တုန်လာသည်။

ချက်ချင်းပင် ဓားနှင့် ပိုင်းလိုက်မည်ဟု ရှိသည်။ သို့သော်လည်း ထိုခဏမှာပင် စိတ်ကူးတစ်ခု ရလိုက်သည်။ အမျိုးသမီးသည် သူ့လက်ထဲတွင် ရောက်နေသည်။ သူသဘောရှိသည့် အချိန်တွင် သဘောရှိသလို ပြုနိုင်သည်။ ဤလို မာန်မာနကြီးမားပြီး တစ်ဖက်လူကို စော်ကားနှိမ်ချတတ်သော အမျိုးသမီး တစ်ယောက်အား အပြီးအပိုင် သတ်ပစ်လိုက်သည်ထက် သူမ၏မာန်မာနကို ချိုးပစ်နိုင်ပါက ပိုကောင်းမွန် သင့်တော်မည်ဟု သူက သဘောရလေသည်။ ယင်းကြောင့် မောင်ရွှေဝါသည် ခင်ခင်လေးကို ဘာမှ မပြောဘဲ မောင်ကံလှဘက်သို့ လှည့်၍...

"ဗိုလ်ထန်းပင်တို့ ပြန်လာကြပလား"

"မလာသေးဘူး"

"လာလို့ရှိရင်လည်း ကျုပ်ဆီကို မလွှတ်ပါနဲ့တော့၊ ညကျမှပဲ သူ့တဲကို ကျုပ်လာခဲ့မယ်လို့ ပြောလိုက်၊ ခင်ဗျားလည်း သူ့တဲကိုပဲ လာပ" မောင်ကံလှက ငေးကြောင်၍ ကြည့်နေမိသည်။

"သူ့အတွက် နေရာထိုင်ခင်း လုပ်ပြီးပလား"

မောင်ရွှေဝါက ခင်ခင်လေးကို မေးထိုးပြရင်းမေးသည်။

"မလုပ်ရသေးဘူး၊ ဗိုလ်မင်းစီစဉ်မလားလို့"

MMCYBERMEDIA
COMMUNITY FOR ALL

"အေး ကောင်းတယ်၊ သူ့ကို ကျုပ်တဲမှာပဲ ထားမယ်"

"ဒါက ဘာသဘောလဲ"

အမျိုးသမီးက ဒေါသဖြင့် အော်လိုက်သည်။ မောင်ရွှေဝါက ခင်ခင်လေးကို ဂရုမပြုဘဲ မောင်ကံလှကိုသာ ဆက်၍ ပြောနေသည်။

"ကဲ၊ အခု နင်ပြန်တော့၊ ရွှေနှောင်းနဲ့ ကြာလှကို ကျုပ်တဲရှေ့မှာ အစောင့်ထားပါ၊ ကျုပ်အမိန့်မရဘဲ ဒီကို ဘယ်သူမှ မလာစေနဲ့"

မောင်ကံလှသည် သူ့စကားကို နားမလည်သည့် အနေမျိုးဖြင့် ငေးကြည့်နေသည်။

"ငါပြောတာ နင်မကြားဘူးလား"

မောင်ရွှေဝါက အော်လိုက်သည်။ မောင်ကံလှသည် ခင်ခင်လေးကို တစ်ချက်ကြည့်ပြီးနောက် တဲအတွင်းမှ ထွက်သွားသည်။ မောင်ကံလှ စိတ်ထဲတွင် ဆန်းနေသည်။ မောင်ရွှေဝါ ဤမျှ ခက်ထန်သည်ကို သူတစ်ခါမှ မကြုံဖူးချေ၊ ထို့ပြင် မောင်ရွှေဝါသည် အမျိုးသမီးများနှင့် ရှုပ်ယှက်မှု ကင်းလှသည်။ ဝမ်းတွင်းတွင် တပ်ချထားစဉ်က သူနှင့် အမျိုးသမီးတစ်ဦး အဆက်အသွယ်ရှိနေသည်ကို မောင်ရွှေဝါက သူ့အား အပြစ်ပြောခဲ့သည်။ ယခုမောင်ရွှေဝါသည် မင်းသမီးတစ်ပါးကို သူ့တဲတွင် ညအိပ်မည်ဟု ဆိုနေသည်။ သူ့တဲကို အစောင့်ချထားပေးရန် ပြောနေသည်။ သို့သော် မောင်ရွှေဝါတွင် အကြောင်းတစ်ခု ရှိတန်ရာသည်ဟု ယူဆပြီး ရွှေနှောင်းနှင့်ကြာလှကို အသေအချာ မှာထားပြီးနောက် တဲနှင့် မလှမ်းမကမ်းတွင် ချထားလိုက်သည်။

တဲအတွင်းမှ မောင်ကံလှ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခင်ခင်လေးသည် မောင်ရွှေဝါဘက်သို့ လှည့်၍ စားတော့ ဝါးတော့မလို ကြည့်နေသည်။ နှုတ်ခမ်းနှစ်ခုသည် တဆတ်ဆတ် ရိုက်နေသည်။

မောင်ရွှေဝါကမူ အမျိုးသမီးအား ခပ်ပြုံးပြုံးပင် ကြည့်နေသည်။ သူ့အလှည့်၊ ကိုယ့်အလှည့် ရှိသည်ဟူသော သဘောမျိုးဖြင့် ဖြစ်သည်။

ခင်ခင်လေးသည် အဖာအထေးရှိသော ပင်နီအင်္ကျီကြမ်းကို ဝတ်ထားသည်။ အစုတ်အပြဲရှိသော ချည်ကျော်ချည်ကျဲ ထဘီတိုတိုကို ဝတ်ထားသည်။ ခေါင်းတွင် တဘက်ညစ်ညစ် တစ်ထည် ပေါင်းထားသည်။ သို့သော်လည်း သူမ၏ ဝင်းဝါနုညက်သော အသားနှင့် ညီညာဖြူဖွေးသော သွားတို့ကို စုတ်ပြတ်ပေရေနေသော အဝတ်တို့က ဖုံးကွယ်မထားနိုင်ဘဲ ရှိသည်။ လယ်ယာကိုင်းကျွန်းသို့ ဝင်နေရသော ကျေးတောသူတစ်ဦးနှင့် အကြော့အမော့နေရသော နန်းရိပ်သူတစ်ဦး၏ အသွင်သည် ကွာခြားလှပေသည်။

"နင့်အကြံက ဘာလဲ၊ နင်ဘာလုပ်တာလဲ"

အမျိုးသမီးက အော်လိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါ ဘာလုပ်လို့လဲ"

"ငါ့ကို ဒီမှာ ဘာလုပ်ဖို့ ထားတာလဲ"

"မေးစရာရှိတာ မေးရအောင်ပ"

"မလိုဘူး"

"နင်ဘယ်သွားမလို့လဲ"

"မသိဘူး"

"ငထွန်းဆီ သွားမလို့ မဟုတ်လား"

"မသိဘူး"

"ရွှေဘိုသွားမလို့ မဟုတ်လား" အမျိုးသမီးက မဖြေ။

"ရွှေဘိုမှာ ကုလားဖြူတွေရဲ့သစ္စာတော်ခံ အမိရဲ့ အကြီးတော်မြို့ဝန်မင်း ရှိတယ်လေ"

"ငါက သစ္စာဖောက်လည်း မဟုတ်ဘူး။ ဓားပြလည်း မဟုတ်ဘူး"

အမျိုးသမီးက အော်လိုက်သည်။ ခင်ခင်လေး၏ စကားကြောင့် မောင်ရွှေဝါ ဒေါသဖြစ်ရပြန်သည်။ အင်္ဂလိပ်များလက်အောက်သို့ အညွှံခံ ဝင်ရောက်သွားသော ရတနာသိယ်မြို့ဝန်သည် ယခုအခါ ရွှေဘိုမြို့တွင် ရှိနေကြောင်း သူသိပြီး ဖြစ်သည်။ မြို့ဝန်မင်း၏ သားဖြစ်သူ စစ်ကဲမောင်ထွန်းသည် သစ္စာဖောက်များကို စုရုံးတပ်ဖွဲ့ကာ လက်နက်မချသူများကို အင်္ဂလိပ်တပ်နှင့် အတူတွဲ၍ တိုက်ခိုက်နေကြောင်း သူသိပြီး ဖြစ်သည်။ ယင်းကြောင့်လည်း သူက ခင်ခင်လေးကို ရွှေဘိုသို့သွားမည်လော။ ငထွန်းထံသို့ သွားမည်လောဟု မေးခဲ့ခြင်း ဖြစ်သည်။ ဤတွင် အမျိုးသမီးက သူမသည် သစ္စာဖောက်လည်း မဟုတ်၊ ဓားပြလည်း မဟုတ်ဟု ဆိုခဲ့သည်။ ယင်း၏ အဓိပ္ပာယ်မှာ မောင်ရွှေဝါတို့ကို သူခိုးဓားပြတွေဟု ဆိုခြင်းပင် ဖြစ်သည်။

"အမိက ကျုပ်တို့ကို သူခိုးဓားပြတွေလို့ ပြောတာလား"

မောင်ရွှေဝါက အံကိုကြိတ်၍ မေးလိုက်သည်။ သူမ၏ စကားကြောင့် တစ်ဖက်သူ အခံခက်သွားသည်ကို တွေ့ရသောအခါ အမျိုးသမီးသည် ကျေနပ်အားရသွားပုံရှိသည်။ မျက်နှာ အနည်းငယ် လန်းသွားသည်။

"မပြောဝံ့ပါဘူးရှင်၊ သူရဲကောင်းကြီးတွေပါ"

"ဒီမယ်အမိ၊ စကားကို တည့်တည့်ပြောပါ"

"ရေသောက်ချင်တယ်"

အမျိုးသမီးက တုံးတိတိ ပြောလိုက်သည်။ သူက ရေတကောင်းကို ဆွဲယူလိုက်သည်။ ရေထည့်ရန် ခွက်မရှိ၍ ကြည့်နေသည်။ ထို့နောက် နေ့ခင်းက ဗိုလ်ထန်းပင်တို့ သိမ်းယူလာသော ရွှေဖလားထဲသို့ ငှဲ့၍ အမျိုးသမီးကို ပေးလိုက်သည်။

ခင်ခင်လေးသည် ရေကို ရုတ်တရက် မသောက်သေးဘဲ ရွှေဖလားကို လက်တွင်ကိုင်၍ အသေအချာလှည့်ကာ၊ မြှောက်ကာ ကြည့်နေသည်။ ထို့နောက် သဲ့သဲ့ပြုံးလျက်...

"ဟင်း၊ ရွှေလင်ပန်းနဲ့ အချင်းမဆေးခဲ့ကြရပေမယ့် ရွှေဖလားနဲ့တော့ ရေသောက်နေကြရပြီနော်"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ခင်ခင်လေး၏ လက်ထဲမှ ရွှေဖလားကို အရှိန်ပြင်းပြင်း ပုတ်ချလိုက်သည်။ မီးဖိုပေါ်သို့ ရေစက်များ ကျသွားသဖြင့် အသံဖြောက်ဖြောက် မြည်သည်။ ခင်ခင်လေးသည် အနည်းငယ်မျှပင် ကြောက်ရွံ့သွားဟန် မရှိချေ။

"တကယ်ကို အားကိုးလောက်တဲ့ သူရဲကောင်းကြီးတွေပါပဲရှင်၊ ကုလားဖြူတပ်တွေကို နိမ်နင်း တိုက်ခိုက်မလားလို့ တိုင်းသူပြည်သားတွေကတော့ မျှော်လင့်အားထားနေကြသည်။ သူတို့ကတော့ ကိုယ့်အကျိုး ကိုယ့်စီးပွားပဲ ကြည့်ကြတယ်။ ကုလားဖြူဆီ ဒူးထောက်ပြီး ရာထူးယူတဲ့သူက ယူကြတယ်။ တိုင်းသူပြည်သားတွေရဲ့ ပစ္စည်းတွေကို လုယက်တိုက်ခိုက်ပြီး စားတဲ့လူတွေက စားနေကြတယ်"

မောင်ရွှေဝါသည် ခင်ခင်လေးပြောနေသည်ကို ငြိမ်၍ နားထောင်နေသည်။ ဤအမျိုးသမီးသည် သူနှင့် သူ့လူများကို နိမ်ချစော်ကားနေသော်လည်း သစ္စာဖောက်တစ်ယောက် မဟုတ်ကြောင်းကို သိနေရသည်။ သူမသည် ရတနာသိင်္ခမြို့ဝန်နှင့် လမ်းခွဲခဲ့သူ ဖြစ်သည်။ စစ်ကဲမောင်ထွန်းနှင့် မည်သို့မျှ မပတ်သက်တော့သူ ဖြစ်သည်။ သူတို့ အကြောင်းကိုမူ သူမသည် တစ်ချိန်ချိန်တွင် သဘောပေါက်နားလည်လိမ့်မည်ဟု ယူဆကာ ဒေါသပြေသွားသည်။

"ခင်ခင်လေး နေပြည်တော်က ထွက်လာတာ တစ်ယောက်တည်းလား"

အမျိုးသမီးက သူ့ကို မျက်မှောင်ကုတ်၍ ကြည့်ပြီး...
"မဟုတ်ဘူး"
"ဘယ်သူ ပါသလဲကော"
"တိမ်ပြာ"
"သူဘယ်မှာလဲ အေး"
"လူချင်းကွဲသွားတယ်"
"ခင်ခင်လေး အခု ဘယ်သွားမလို့လဲ"
"ကျွန်မကို ထိပ်တင်မှတ်တို့ဆီ ပို့ပေးပါ၊ ဒါမှမဟုတ် မင်းသားလေး စောရန်နိုင်ဆီကို သွားပါရစေ"

မောင်ရွှေဝါသည် ရုတ်ခြည်း အမျက်ဒေါသ ဖြစ်သွားသည်။ ဤအမျိုးသမီးသည် အင်္ဂလိပ်များ လက်အောက်သို့ မဝင်ရောက်သည် မှန်သော်လည်း ဤအမျိုးသမီးသည် သစ္စာဖောက်များနှင့် လမ်းခွဲခဲ့သည်မှန်သော်လည်း မိမိတို့ကို ဆင်းရဲသားများနှင့် ကြမ်းတစ်ပြေးတည်းနေရန် မဟုတ်ချေ။ မင်းညီမင်းသားတို့၏ အရိပ်အာဝါသကို ခိုလှုံရန်သာ ဖြစ်သည်။ ယင်းကြောင့်ပင် သူမက သူတို့ကို သူခိုးဓားပြများဟု နိမ်ချစော်ကားခဲ့ခြင်း ဖြစ်လေသည်။

"ဩ လက်စသတ်တော့ နင်က မိဖုရားခေါင်ကြီး ဖြစ်ချင်လို့ ခုလိုစွန့်စွန့်စားစား ထွက်ပြေးခဲ့တာကိုး၊ ထိပ်တင်မှတ်တို့ စောရန်နိုင်တို့ ရင်ခွင်ကို သူများတွေထက် အရင်ဦးအောင် ဝင်မလို့ကိုး ဟား ဟား"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက အသံနက်ကြီးဖြင့် ပြော၍ ကြောက်မက်ဖွယ်ရာ ရယ်မောလိုက်သည်။ အင်မတန်မှ သတ္တိကောင်း၍ ရဲရင့်ပုံရှိသော ခင်ခင်လေးပင် ရုတ်တရက်တော့ ထိတ်လန့်သွားပုံရသည်။ ပြီးမှ ဒေါသဖြင့် ပြန်ပြောသည်။

"နင် ငါ့ကို မဟုတ်မတရား မစော်ကားနဲ့၊ နင် နင် ရှမ်းပုပ် သူခိုး ဓားပြ"

မောင်ရွှေဝါက ရယ်မြဲရယ်နေသည်။ သူ့အရိပ်ကြီးသည် ထန်းလက်များ ကားထားသော တဲနံရံပေါ်တွင် ယိမ်းထိုးနေသည်။ မီးစွယ်ကျသွားသည်။ ထန်းလက်တဲအတွင် အမှောင်များနေသည်။

ခင်ခင်လေးသည် တံခါးပေါက်ဆီသို့ ခုတမင် ပြေးထွက်သွားသည်။ သို့သော်လည်း မောင်ရွှေဝါက လက်တံရှည်ကြီးဖြင့် လှမ်းဆွဲထားလိုက်သည်။ သူ၏ ကြမ်းတမ်းသော လက်ချောင်းများသည် ခင်ခင်လေး၏ နူးညံ့သောလက်မောင်းကို အတင်းအကျပ် ဆုပ်ထားလျက်ရှိသည်။ အမျိုးသမီးက တအားကုန် ရုန်းကန်ရင်း...

"နင် နင် ငါ့ကို မကိုင်နဲ့။ ဖယ် ဖယ် ငါ့အသားကို မထိနဲ့"

"နင့်အသားကို ဘာမို့ မထိရ မကိုင်ရမှာလဲ။ ငါလည်း အသွေးအသားပဲ၊ နင်လည်း အသွေးအသားပဲ၊ ထိတယ် ကိုင်တယ် ဘာပြုသလဲ၊ နင်ဘာတတ်နိုင်သေးသလဲ"

မောင်ရွှေဝါက ဒေါသဖြင့် ခင်ခင်လေးကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူလိုက်သည်။ အကြမ်းပတမ်း ဖက်ထားလိုက်သည်။ ခင်ခင်လေးသည် အားအင် ကုန်ခန်းသွားသည့်အလား သူ့ရင်ခွင်တွင်းဝယ် ခေတ္တမျှ ငြိမ်သွားသည်။ မီးဖိုတွင် မီးညွှန့်မီးတောက် လုံးဝ မရှိတော့ချေ။

သူတို့နှစ်ဦးသည် မှောင်ထဲတွင် ရှိနေသည်။ ခဏအကြာတွင် အမျိုးသမီးက တစ်ချက်လွန့်၍ ရုန်းလိုက်သည်။ ထိုအခါ မောင်ရွှေဝါက ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်သည်။ တစ်ချက်လွန့်တိုင်း တစ်ရစ်တင်းသည်။ နောက်ဆုံးတွင် အမှောင်တွင်းမှ သူတို့နှစ်ဦးသည် တစ်ကိုယ်တည်း တစ်သားတည်းမျှ ပူးကပ်သွားလေတော့သည်။

❀❀❀❀❀

## အခန်း -၄၄-

ပိုလ်ထန်းပင်၏တဲမှ မောင်ရွှေဝါနှင့် မောင်ကံလှထွက်လာသော အချိန်တွင် ညသည် အိပ်ပျော်နေပြီ ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသဖြင့် ပို၍ အေးချမ်းသည်ဟု မှတ်ယူစရာ ဖြစ်သည်။ သူတို့သည် ရိုးတစ်ခုအတွင်း၌ စခန်းချထားသည်ဖြစ်၍ ခိုက်ခိုက်တုန်အောင် ချမ်းသည်။ ဤဒေသမှ ရိုးသည် မိမိတို့ဒေသမှ တောင်ကုန်းမြင့်များလောက်ပင် ချမ်းအေးသည်ဟု မောင်ကံလှက အောက်မေ့မိသည်။ သို့ဖြင့် သူက ငါးထပ်စောင်ကို မြင်၍ ခြုံလိုက်သည်။

သို့သော်မောင်ရွှေဝါသည် ချမ်းအေးမှုကို သတိပြုမိဟန် မရှိချေ။ အရှေ့ဘက်တောင်ကုန်းပေါ် တက်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်သွားမလို့လဲ။ မအိပ်သေးဘူးလား"

မောင်ကံလှမေးလိုက်သည်။

"ကင်းတွေကို တစ်ပတ်စစ်လိုက်ကြတာပ"

သို့သော် မောင်ရွှေဝါသည် အရှေ့ကင်းမှ လူနစ်ယောက်ကို နှုတ်ဆက်ပြီးနောက် ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် သွားထိုင်သည်။ မောင်ကံလှသည် ဘာမှ မပြောတော့။ မောင်ရွှေဝါ၏ အကဲကိုသာ ကြည့်နေသည်။ နှင်းအကျမျှားသဖြင့် ညသည် ဖြူနေသည်။ ကြယ်ရောင်သည် ဝေဝေဝါးဝါးသာ ရှိသည်။ အဝေးရွာတစ်ရွာမှ ကြက်တွန်သံများ ကြားရသည်။ မောင်ကံလှက ကောင်းကင်ကို မော့ကြည့်သည်။ သန်းခေါင်ကြက် ဖြစ်သည်။ မောင်ရွှေဝါက မကြာခဏ သက်ပြင်းချနေသည်။

"ငါ့နောင်ကြီး ဘာဖြစ်သလဲ၊ ငါ့ကို ပြောပါလားကော"

မောင်ကံလှ နောက်ဆုံးတွင် မေးလိုက်သည်။ သူက မောင်ရွှေဝါကို အလုပ်တာဝန်နှင့် စပ်ဆိုင်သောအခါတွင်သာ ဗိုလ်မင်းဟုခေါ်ပြီး အခြားအခါတွင် နောက်ကြီးသာ ခေါ်သည်။မောင်ရွှေဝါသည် သူ့ထက် တစ်နှစ်ကြီးသည်။

"ငါ မှားပြီးကော ကံလှ၊ ငါမှားပြီကော"

မောင်ရွှေဝါ ညည်းလိုက်သည်။

"ဘာမှားတာလဲ နောင်ကြီး"
"ငါတစ်ခါ ပြောပြီးပကော"

မောင်ရွှေဝါ စိတ်မရှည်စွာ အော်လိုက်သည်။ မောင်ကံလှက မျက်မှောင်ကြုတ်၍ စဉ်းစားပြီး...
"ခင်ခင်လေးနဲ့ ညားတာလား"
"အေးပ"

မောင်ရွှေဝါ၏ အသံသည် ချက်ချင်းပင် တိုးသွားပြန်သည်။ သူ့စိတ်သည် ဆောက်တည်ရာမရ ရှိနေသည်။ သူသည် အရူးတစ်ယောက်လို လျှောက်၍သာ ပြေးနေချင်သည်။ အရူးတစ်ယောက်လို တွေ့ကရာတွေကို အော်ဟစ်၍ ပြောနေချင်သည်။ သူသည် အငြိမ်နေ၍ မရချေ။ ယင်းကြောင့်ပင် သူသည် ခင်ခင်လေးနှင့် မှားယွင်းမိပြီကို သိသည်နှင့် တစ်ပြိုင်နက် တဲအတွင်းမှ ပြေးထွက်လာမိသည်။ ရွှေနောင်းနှင့် ကြာလှတို့ပင် အထိတ်တလန့်ရှိသွားပြီး ဘာဖြစ်သနည်း မေးကြသည်။ သူက တဲဆီသို့ လက်ညှိုးထိုးပြသည်။ သို့သော် တဲအတွင်းမှ မည်သည့်ရန်သူမျှ ထွက်မလာချေ။ တဲသည် တိတ်ဆိတ်နေသည်။ တဲသည် မှောင်နေသည်။ ရွှေနောင်းနှင့် ကြာလှက တဲဆီသို့ သွားမည်ပြုသည်။ သူက ဆွဲထားသည်။ မသွားရဟု ပြောသည်။ ထို့နောက် မောင်ရွှေဝါသည် မြောက်ဘက်သွားလိုက် ပြန်လာလိုက်၊ တောင်ဘက်သွားလိုက် ပြန်လာလိုက်နှင့် ရှိနေသည်။ ရွှေနောင်းနှင့် ကြာလှမှာ မည်သို့မျှ

MMCYBERMEDIA
COMMUNITY FOR ALL

မစဉ်းစားတတ်အောင် ရှိနေသည်။ တဲအတွင်း၌ အမျိုးသမီးတစ်ယောက်ရှိမှန်းကိုကား သူတို့သိသည်။ သို့သော် မောင်ရွှေဝါနှင့် ယင်းအမျိုးသမီး မည်သို့ ဖြစ်လာသည်ကို မခန့်မှန်းတတ် ရှိနေသည်။ သူတို့အထင် မှန်ပါ့မှန်ပါမည်လားဟု ဒွိဟရှိနေကြသည်။

ခဏအကြာတွင် တဲအတွင်းမှ မီးရောင်လင်းလာသည်။ မီးဖိုမှ မီးများ တောက်လာခြင်း ဖြစ်သည်။ ထိုအခါ မောင်ရွှေဝါက တဲဆီသို့ သွားမည်ပြုပြန်သည်။ သုံးလေးလှမ်း သွားပြီးနောက် ပြန်၍လှည့်လာသည်။ သူဂနာမငြိမ် ဖြစ်နေသည်ကို ရွှေနောင်းတို့က မည်သို့မျှ မတတ်နိုင်ဘဲ ရှိနေသည်။ ခဏအကြာတွင် မောင်ကံလှ ရောက်လာပြီး ပိုလ်ထန်းပင်တို့ စောင့်နေကြောင်း ပြောသည်။ ထိုအခါ မောင်ရွှေဝါသည် ပိုလ်ထန်းပင်တို့ ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ရွှေနောင်းတို့ ငေး၍ ကျန်ရစ်သည်။

ပိုလ်ထန်းပင်က အထောက်တော်များထံမှ ရရှိသော သတင်းများကို ပြောပြသည်။ စောရန်နိုင်သည် ချောင်းခွတွင် စခန်းချရပ်၍ လူသူစုရုံးနေသည်။ ထိပ်တင်မှတ်သည် ရှိမ်းမကားနယ်တွင် ရှိနေသည်။ ရှိမ်းမကားသည် ပိုလ်ရှိုင်း၏နယ် ဖြစ်သည်။ ပိုလ်ရှိုင်းသည် ပိုလ်လှဦးကဲ့သို့ပင် ထင်ရှားသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ပိုလ်လှဦးသည် ယခုအခါ နွယ်ခွေတပ်များကို အပူတပြင်း စုစည်းလျက်ရှိသည်။ မူးမြစ်ရိုးတစ်လျှောက်တွင် အခြေခံစခန်းများ ချထားသည်။ ဒီပဲယင်း၊ ဧရနဲ၊ ခေါသန္တီ၊ မြေဒူး၊ စည်ပုတ္တရာ၊ ခင်ဦးမှ လူအများအားလုံးသည် အင်္ဂလိပ်များကို တိုက်ခိုက်ရန် အသင့်ရှိနေရသည်။ မိုးကုတ်မြို့သူကြီးနှင့် စဉ့်ကူမြို့ဝန် မဟာမင်းခေါင်ကျော်ထင်တွင် လက်နက်လူသူ များပြားလှသည်ဟု သတင်းကြီးနေသည်။

မောင်ရွှေဝါသည် ပိုလ်ထန်းပင်ပြော၍ ပြီးသွားသည်နှင့် တစ်ပြိုင်နက် သူနှင့် ခင်ခင်လေး အကြောင်းကို ပြောပြလိုက်သည်။ ခင်ခင်လေးသည် သူတို့ ထင်နေသကဲ့သို့ မင်းသမီးတစ်ပါး မဟုတ်ဘဲ ရတာနာသိယံခရိုင်ဝန် ရှေ့တော်ဝင်းမှူး ပိုလ်ပြင်း၏တူမဖြစ်ကြောင်း၊ သူနှင့် ယခင်ကတည်းက သိကျွမ်းကြောင်း၊ စောစောကမူ သူစိတ်မထိန်းနိုင်သဖြင့် ယင်းအမျိုးသမီးနှင့် လွန်လွန်ကျူးကျူး ဖြစ်ရကြောင်း၊ မိမိသည် သူမကို အတည်တကျ လက်ထပ်ရမည် ဖြစ်ကြောင်းတို့ကို ပြောပြလိုက်သည်။

သို့ရာတွင် အမျိုးသမီးက သူ့အပေါ်တွင် မောက်မာစော်ကားသဖြင့် သူက မခံချင်စိတ်ဖြင့် အနိုင်အထက် ကျူးလွန်မိကြောင်း အထိကား မပြောပြချေ။ ပိုလ်ထန်းပင်တို့ကလည်း သူတို့ လွန်လွန်ကျူးကျူး ဖြစ်သည့်ကိစ္စတွင် စိတ်ဝင်စားခြင်း မရှိလှ။ ယခင်ကတည်းက အငြိအစွန်း ရှိခဲ့ကြသူများဟုပင် မှတ်ထင်နေကြပုံရသည်။ သို့သော် ခင်ခင်လေးသည် မြို့ဝန်ပိုလ်ပြင်း၏ တူမဆို၍ စိုးရိမ်ကြသည်။ ပိုလ်ပြင်းနှင့် စစ်ကဲမောင်ထွန်းသည် သူတို့ကို အနှောင့်အယှက်ပြုမည့်သူများ ဖြစ်ကြသည်။

ဤအချက်တွင်မူ သူက ရဲရဲ အာမခံသည်။ ခင်ခင်လေးသည် ပိုလ်ပြင်းတို့၊ စစ်ကဲမောင်ထွန်း တို့နှင့် ဆွေမျိုးတော်စပ်သည် မှန်သော်လည်း စိတ်ထားချင်း တခြားစီဖြစ်ကြောင်း၊ ခင်ခင်လေးသည် တိုင်းပြည်နှင့်အမျိုးကိုချစ်သည့်စိတ် ရှိကြောင်း ဇာတိမာန်ထက်မြက်လှကြောင်း၊ အင်္ဂလိပ်လက်အောက်သို့ မည်သည့်အခါတွင်မျှ ဝင်မည့်သူမဟုတ်ကြောင်း တာဝန်ယူသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါ ဗိုလ်ထန်းပင် တစ်ချပဲ ပြောသည်။ မိမိတို့သည် တိုက်ပွဲ ကြမ်းကြမ်းများနှင့် တိုးရမည်ဖြစ်၍ ခင်ခင်လေးကို တစ်ရွာရွာတွင် အပ်နံ့ထားသင့်သည်ဟု ဆိုသည်။ မောင်ရွှေဝါက ဤကိစ္စကို နောက်မှကြည့်၍ စီစဉ်မည်ဟုပြောကာ စကားစဖြတ်လိုက်သည်။

အမှန်တော့ သူနှင့် ခင်ခင်လေးသည် ရှေ့တွင် မည်သို့မည်ပုံ ဆက်၍ စခန်းသွားကြဦးမည်ကို သူ မသိရိုးအမှန် ဖြစ်သည်။ သူက အမျိုးသမီးကို အနိုင့်အထက် ပြုမူပြီးသည်နှင့်တစ်ပြိုင်နက် တဲအတွင်းမှ သူရဲဘောကြောင်စွာ ပြေးထွက်ခဲ့သည် ဖြစ်၏။ အမျိုးသမီး၏သဘော မည်သို့ ရှိဦးမည်ကို သူ မသိ။ အမျိုးသမီးက မည်သို့ ပြုမူမည်ကို သူမသိ။ သူက ခင်ခင်လေးနှင့် ရင်ဆိုင်ရမည်ကိုလည်း ကြောက်နေသည်။

ယခုအခါတွင် သူက တရားခံတစ်ယောက် ဖြစ်နေသည်။ အမျိုးသမီးက သူ့ဘဝကို စီရင်မည့် တရားသူကြီး ဖြစ်သည်။

ယင်းကြောင့်လည်း မောင်ရွှေဝါသည် ဗိုလ်ထန်းပင်တို့ထဲမှ ထွက်လာပြီးနောက် သူ့တဲသို့ တန်းတန်းမတ်မတ် မပြန်ဘဲ ဤနေရာသို့လာခဲ့ခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ သူသည် အမှားအယွင်းကြီးတစ်ခုကို ကျူးလွန်ခဲ့ပြီ ဖြစ်သည်။ အမျိုးသမီးတစ်ဦး၏ နှိမ်ချပြောဆိုမှုကို မခံချင်မှုဖြင့်၊ အမျိုးသမီးတစ်ဦး၏ မာန်မာနကို နှိမ်ချလိုမှုဖြင့် ရုတ်တရက် ဖြစ်ပေါ်လာသော စိတ်ရိုင်းစိတ်မိုက်ကို မချိုးနှိမ် မတားဆီးနိုင်သဖြင့် အမျိုးသမီးတစ်ဦးသည် ရေတိမ်နစ်ရပြီ ဖြစ်သည်။ အပျိုရည်ပျက်ရပြီ ဖြစ်သည်။

ဤအမှုသည် သူ့အဖို့လည်း မကောင်းပါချေ၊ သူ့ဘဝတွင် အစွန်းအမည်းထင်ရပြီး ဖြစ်သည်။ အမျိုးသမီးများနှင့် တစ်သက်လုံး ကင်းရှင်းခဲ့သမျှ ဤတစ်ကြိမ်ကျမှ ပြောစရာဖြစ်ရပေပြီ။ သူသည် ချစ်သူနှင့်လည်း မလွန်ကျူးခဲ့၊ စည်းစောင့်နိုင်ခဲ့သည်။ မထုံးရီနှင့်လည်း မဖောက်ပြားခဲ့။ ကိုယ့်စိတ်ကို ထိန်းနိုင်ခဲ့သည်။ ခင်ခင်လေးနှင့်ကျမှ မပြင်နိုင်သော အမှားကိုကျူးလွန်မိရတော့သည်။ တစ်ခုတော့ ရှိသည်။ ဤအမျိုးသမီးက သူ့ကို မြူဆွယ်ခြင်း မဟုတ်။ မခံချင်အောင် ပြုမူခဲ့ခြင်းသာ ဖြစ်သည်။

ယခုအတိုင်းဆိုလျှင် ဤအမှားအယွင်းကြောင့် ခင်ခင်လေးနှင့်သူသာ ထိခိုက်နစ်နာမည် မဟုတ်။ ကြားမှ အပြစ်ကင်းမဲ့သူ တစ်ဦးသည်လည်း အတိဒုက္ခ ရောက်ရပေဦးတော့မည်။ ယင်းသို့ မဆီမဆိုင် ဒုက္ခရောက်ရမည့်သူမှာ မနင်းမြူပင် ဖြစ်သည်။

သူသည် မနင်းမြူအပေါ်တွင် သစ္စာဖောက်ဖျက်ခဲ့ပြီ ဖြစ်သည်။ ဤအကြောင်းကို သိလျှင် မနင်းမြူက သူ့အပေါ်တွင် မေတ္တာကြီးမားသဖြင့် ခွင့်လွှတ်မည်မှာ မုချဧကန်ဖြစ်သော်လည်း သူက သူမ၏ ခွင့်လွှတ်ခြင်းကိုပင် ခံထိုက်တော့မည် မဟုတ်။ မနင်းမြူသည် သူ့အတွက် စိတ်ဆင်းရဲ ပင်ပန်းရချေတော့မည်။

မှားသည်။ မည့်သည့်ဘက်က ကြည့်ကြည့် မှားသည်။ ခက်သည်က ဤအမှားသည် ပြင်ဆင်၍ မရနိုင်သော အမှားဖြစ်နေသည်။ အမျိုးသမီးတစ်ဦးသည် နစ်မွန်းခဲ့ရပြီ ဖြစ်သည်။ သူ့တွင် လုပ်စရာ

MMCYBERMEDIA
COMMUNITY FOR ALL

တစ်ခုပဲရှိတော့သည်။ အမျိုးသမီး၏ တာဝန်ကို ယူရန်ပင် ဖြစ်သည်။ သို့သော် အမျိုးသမီးက မည်သို့ သဘောရှိမည် မပြောတတ်သေး။

"မှားတာပဲ။ ဘာပြောပြော မှားတာပဲ"

မောင်ရွှေဝါက ထပ်တလဲလဲ ရေရွတ်နေသည်။

"ဘာပြုလို့ မှားရမှာလဲ နောင်ကြီး။ ယောက်ျားနဲ့ မိန်းမ ညားကြတာပဲ"
"နင်မသိဘူး ကံလှ။ တို့က မေတ္တာရှိလို့ ညားကြတာ မဟုတ်ဘူး"
"နောက်တော့ မေတ္တာရှိသွားကြမှာပဲ"
"မဟုတ်ဘူး ကံလှ။ ငါက အနိုင်အထက်လုပ်တာ"
"ပြီးပြီးသားအမှုပဲ။ ဘာမှ စိတ်စနောင့် မနေနဲ့။ ကိုယ်က အတည်ယူရင် ယောက်ျား ပီသတာပဲ"

မောင်ရွှေဝါက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခေါင်းကိုတွင်တွင် ယမ်းခါလိုက်သည်။

"ခက်သကော မောင်ကံလှ။ ငါ့မှာ ရည်းစားရှိတယ်"
"ယောက်ျားကောင်း မောင်းမတစ်ထောင်တဲ့"
"မဟုတ်ဘူးကော၊ ငါကြိုက်တာ ငါ့ရည်းစား"
"ဒါဆို ရည်းစားကိုပဲ ယူပ"
"ဒီမှာ တစ်ယောက်က ဘဝဆုံးနေပြီ"
"နောင်ကြီးဟာက ခက်သားပဲကော"
"ဒါကြောင့်မို့ မှားတယ်လို့ ပြောတာပ သူငယ်ချင်း၊ မှားတယ် ကံလှ ငါမှားတယ်"

မောင်ကံလှသည် မည်သို့မျှ မပြောတတ်သဖြင့် ကြယ်ကြွေသည်ကို ငေးနေသည်။ အဝေးမှ တောခွေးအူသံများ သဲ့သဲ့ကြားရသည်။

မောင်ရွှေဝါက ဘာမှ မပြောဘဲ နေရာမှ ထသွားသည်။ မောင်ကံလှသည် နောက်မှ အသာလိုက်ပါသွားသည်။ ရွှေနှောင်းတို့ အနီးသို့ ရောက်သောအခါမှ...
"ရွှေနှောင်းနဲ့ ကြာလှကို ကင်းချထားရဦးမလား"
"နေပလေတော့"
"ထော်အိုင်နဲ့ စိမ်ငုံကို ချထားမယ်လေ"
"နေပလေတော့"
"ဒါဖြင့် ကျွန်တော်တို့ သွားမယ်"
"အေး။ သြော်၊ နေဦး။ ဘာထူးသေးလဲ ရွှေနှောင်း"

မောင်ရွှေဝါက ကံလှကို ပြောနေရာမှ ရွှေနှောင်းကို မေးလိုက်သည်။ ရွှေနှောင်းက သူ့ကို မျက်လုံးပြူး၍ ကြည့်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ခင်ခင်လေး အပြင်ထွက်သေးလား"

မောင်ရွှေဝါက တဲဆီသို့ကြည့်၍ မေးသည်။ သည်တော့မှ တဲ့အတွင်းက အမျိုးသမီး အကြောင်းမေးမှန်း ရွှေနောင်း သိသွားသည်။

"မထွက်ဘူး၊ ကျွန်တော် ထမင်းသွားပို့တယ်"
"စားသလား"
"မစားဘူးတဲ့"

မောင်ရွှေဝါက ခေါင်းကို အသာညိတ်နေသည်။ ဤမေးခွန်းကို သူမေးဖွယ်လိုမည် မဟုတ်။ အဘယ်သို့လျှင် သူမသည် ထမင်းစားနိုင်ပါမည်နည်း။

"ထမင်းသွားပို့တော့ သူဘာလုပ်နေလဲ"
"မီးဖိုဘေးမှာ ထိုင်နေတယ်"

မောင်ရွှေဝါက အတန်ကြာ ငိုင်နေပြီးနောက်...
"အေးပ။ သွားကြတော့"

မောင်ကံလုတို့ ထွက်သွားကြသောအခါတွင် သူသည် တဲဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ တဲသို့ နီးသည်နှင့်အမျှ ခြေလေးလာသည်။ သူက လှည့်ထွက်သွားရန်ပင် နှစ်ခါသုံးခါ စိတ်ကူးသည်။ စိတ်ကို မနည်းတင်း၍ ထားရသည်။ အားယူ၍ လျှောက်လှမ်းရသည်။ သို့တစေလည်း တဲပေါက်ဝသို့ ရောက်သောအခါ ရပ်ငိုင်နေမိသည်။

သူက ခင်ခင်လေးနှင့် မျက်နှာချင်းမဆိုင်ဝံ့ဘဲ ရှိနေသည်။ သူ့တစ်သက်တွင် ဤမျှ ကြောက်လန့်ခဲ့ဖူးသည်ဟူ၍ တစ်ကြိမ်တစ်ခါမျှ မရှိ။

သို့သော် သူသည် ဤအမျိုးသမီးနှင့် လွဲရှောင်နိုင်ခြင်းလည်း မရှိတော့။ မည်သို့ရှိစေ၊ မျက်နှာချင်းဆိုင်ရပေမည်။ သို့ဖြင့် သူက ယတိပြတ် ဆုံးဖြတ်လိုက်ပြီး ထန်းလက်တံခါးအရှင်ကို ဘေးသို့ မ,ဖယ်၍အတွင်းသို့ ဝင်လိုက်သည်။

ခင်ခင်လေးသည် မီးဖိုအနီးတွင် ထိုင်နေဆဲပင် ရှိသည်။ သူ့ကိုကျောပေးထားသည်။ ခေါင်းတွင် တဘက်မရှိတော့။ အမျိုးသမီးသည် တဲအတွင်းသို့ လူတစ်ယောက် ဝင်လာသည်ကို သိသော်လည်း လှည့်မကြည့်ချေ။ ထိုအခါမှ သူ့မှာ ပို၍ တုန်လှုပ်ရသည်။ သူက ကျောက်ရုပ်လို ရပ်နေမိပြန်သည်။

"တံခါးကို ပြန်ပိတ်ထားပါ။ လေတိုးတယ်"

အမျိုးသမီးက သူ့ကို လှည့်မကြည့်ဘဲ လေသံငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။ တဲအတွင်းသို့ ဝင်လာသူမှာ မောင်ရွှေဝါပင်ဖြစ်ကြောင်းကို အမျိုးသမီးက အတပ်သိထားပုံရသည်။ သူက တံခါးကို

ချက်ချင်း ပြန်ပိတ်လိုက်သည်။ ထို့နောက် သူဝင်လာသည်ကို အမျိုးသမီး သိသွားပြီဖြစ်သဖြင့် သူက အနည်းငယ် တည်ငြိမ်မှုရသွားပြီး မီးဖိုသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

အမျိုးသမီးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။ အမျိုးသမီးက သူ့ကိုမကြည့်ချေ။သူက ဤအတိုင်း မနေတတ်သဖြင့် ထင်းတစ်စကို ကောက်ယူ၍ မီးပုံထဲသို့ ထည့်လိုက်သည်။

"အဲဒီအသားက မီးခိုးတယ်"

အမျိုးသမီးက ပီပြင်ပြတ်သားစွာ ပြောသည်။ သူက ထင်းစကို ချက်ချင်းပြန်၍ နုတ်လိုက်သည်။ အသားဝါသည်။ အဆီရှိသည်။ အပွေးထူသည်။ သနပ်ခါးနှင့် အမြင်တူသော်လည်း မဟုတ်ချေ။ ဘာသားမှန်း မသိချေ။

အမျိုးသမီးက မီးကျီးခဲများကို ယက်ထုတ်နေသည်။ ထင်းချောင်းများ ဆိုင်ထားသည့် အတွင်းသို့ လေဝင်နိုင်ပြီ ဖြစ်သဖြင့် မီးသည် အလိုလိုတောက်လာသည်။

မီးညွန့်ရောင်ကြောင့် သူမ၏မျက်နှာကို ပို၍ ထင်ထင်လင်းလင်း တွေ့ရသည်။ သူမ၏ မျက်နှာသည် ပကတိတည်ငြိမ်လျက် ရှိသည်။ သို့သော် မျက်ခွံများမို့၍ မျက်လုံးများ နီနေသခြင့် စောစောက ငိုထားမှန်းကိုတော့ သိနိုင်သည်။ ယခုမူ သူမ၏မျက်နှာတွင် ဒေါသဖြစ်ခြင်း၊ မာန်မာနထောင်ခြင်း၊ ဝမ်းနည်းခြင်း၊ ညှိုးငယ်ခြင်း စသည့် အမူအရာများ လုံးဝမရှိဘဲ ရှိသည်။ သူမသည် တုန်လှုပ်မှုကင်းသကဲ့သို့ ရှိသည်။ နောက်ဆုံးတွင် မောင်ရွှေဝါသည် ခပ်မဆိတ် နေရခြင်းသည် ပင်ပန်းဆင်းရဲလှသည့်အလား တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

"ကျုပ်မှားတယ် ခင်ခင်လေး။ ကျုပ်မှားတာကို ကျုပ်ဝန်ခံပါတယ်"

သူက တစ်လုံးချင်းပြောသည်။ အမျိုးသမီးက သူ့ကို ဖျက်ခနဲ မော့ကြည့်ပြီး ချက်ချင်းပင် ခေါင်းကို ပြန်ငုံ့သည်။ သို့သော် ဘာမှမပြောချေ။

"ခင်ခင်လေးသဘောကို ပြောပါ ဘာမဆို ကျုပ်လုပ်ပေးပါ့မယ်"

သူ့အသံသည် ဆို့နေသည်။

"ခင်ခင်လေးအတွက် မငဲ့ပါနဲ့။ ခင်ခင်လေးက ဖြစ်မိပြီဆိုရင်တော့ ဘာမဆို ရင်ဆိုင်ရဲပါတယ်"

"ကျုပ်မှားတယ် ခင်ခင်လေး၊ ကျုပ်အပြစ်ပါ"

"ခင်ခင်လေးရဲ့ အပြစ်လည်း ပါပါတယ်။ ခင်ခင်လေးက လူတစ်ဖက်သား မခံချင်အောင် လုပ်ခဲ့တာကိုး"

"ဘာပဲဖြစ်ဖြစ် ကျုပ်ဟာ မိန်းမသားတစ်ယောက်ကို ဒီလိုအနိုင်မကျင့်သင့်ဘူးကော"

"အခုတော့ ပြီးခဲ့ပြီ မောင်ကြီး"

"ခင်ခင်လေးကို ကျုပ် အတည်ယူပါရစေ"

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးသည် နှုတ်ဆိတ်နေသည်။

"ခင်ခင်လေးက ကျုပ်နဲ့ မတူမတန်..."
"ခင်ခင်လေး ဒီလို မမှတ်ယူပါဘူး"
"နို့ပေမယ့် ခင်ခင်လေးဟာ ကျုပ်ကို အမြဲတမ်း နှိမ့်ချခဲ့တယ် မဟုတ်လား"
"အဲဒါ ခင်ခင်လေး အပြစ်ပါ။ တကယ်တော့ မောင်ကြီးက ခင်ခင်လေးကို ဂရုမစိုက်လို့ ခင်ခင်လေး မခံချင်စိတ်နဲ့ တမင် နှိမ်ချခဲ့တာပါ"

သူက မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် အံ့သြသွားသည်။

"ဘာပြောတယ်ကော"
"ခင်ခင်လေးနဲ့မောင်ကြီး ပထမဆုံး တွေ့ကြတုန်းက ခင်ခင်လေးကို မောင်ကြီး နည်းနည်းမှ ဂရုမစိုက်ခဲ့ဘူး"

သည်လိုကိုး။ သည်တုန်းက သူသည် မနှင်းမြူကို အမှတ်ရနေခဲ့သည်။ ခင်ခင်လေးကို သတိမပြုသာသည်မှာ အမှန်ပင် ဖြစ်သည်။

"အဲဒီတုန်းက ကျုပ်စဉ်းစားနေလို့ပါ"
"ထားပါတော့ရှင်။ ခင်ခင်လေးက မောင်ကြီးကို တမင် နှိမ်ချနေပေမယ့် မတူမတန်ဘူးလို့ မမှတ်ယူပါဘူး"
"သူခိုး ဓားပြတွေလို့ ခင်ခင်လေး ပြောတယ် မဟုတ်လား"

သူက ဆတ်ခနဲ မေးလိုက်သည်။ အနာဟောင်းမှာ စစ်စစ် ကိုက်လာသကဲ့သို့ ရှိသည်။ အမျိုးသမီးသည် အတန်ကြာငြိမ်နေပြီးနောက်...
"ခင်ခင်လေး အမှန်အတိုင်းပြောရမလား"
"အင်းပ"
"ခင်ခင်လေး မောင်ကြီးကို အထင်ကြီးပါတယ်"

သူက မမျှော်လင့်သောစကားကို ကြားရပြန်ချေပြီ။

"နို့ပေမယ့် ဒီလူတွေနဲ့ မောင်ကြီး ပေါင်းနေတာကိုတော့ ခင်ခင်လေး မကြိုက်ဘူး"
"ဘယ်သူတွေနဲ့လဲ"
"အခု မောင်ကြီးနဲ့ အတူနေတဲ့လူတွေပေါ့"
"ဘာပြုလို့လဲ"
"သူတို့က ဓားပြတွေပဲ"
"ဒီလိုမပြောနဲ့"
"ဟုတ်တာပြောတာပဲ၊ သူတို့ လက်မောင်းမှာ စာတန်းတွေထိုးထားတာ မောင်ကြီး မမြင်ဘူးလား"

"ဒီလူတွေက ကုလားဖြူတွေကို တကယ်တိုက်မယ့် လူတွေနော"

"ဓားပြလည်း တိုက်တာပဲ"

"ဆင်းရဲသူချင်း မတိုက်ဘူး"

"သူများပစ္စည်းယူတာ ကောင်းသလား"

"စားစရာမှ မရှိဘဲ"

"ဒီလူတွေအကြောင်း မောင်ကြီး မသိဘူးလား။ သူတို့ဟာ ဟိုတုန်းကတည်းက ဓားပြတွေ"

"ဒါဆိုရင်တော့ ခင်ခင်လေးကို ကျုပ်အရှည်ကြီး ပြောရလိမ့်မယ်။ ဒီလူတွေဟာ ဓားပြလို့ အခေါ်ခံရတာ၊ လက်မောင်းနှစ်ဖက်လုံးမှာ စာထိုးခံရတာ အင်မတန် နာကြည်းစရာကောင်းသပ။ နွယ်ခွေ အရေးတော်ပုံဟာ မောင်ကြီးတို့ မိုးကောင်း အရေးတော်ပုံလိုပဲ။ တိုင်းသူပြည်သားတွေဟာ အလုပ်အကိုင် မကောင်းရတဲ့အထဲ အကြီးအကဲတွေက ညှင်းပန်းနှိပ်စက်တော့ တိုက်ကြ၊ ခိုက်ကြရတာပဲ။ အကြီးအကဲတွေ မကောင်းလို့ ဖြစ်ကြရတာ။ မှန်နန်းတော်က သိလို့ ဆယ်ခရိုင် ခွဲခဲ့တာနော။ အခွန်တွေ လွတ်ခဲ့တာနော။ ပြစ်ဒဏ် ကင်းငြိမ်းခွင့်ပေးခဲ့တာနော။ စားစရာမရှိလို့၊ အကြီးအကဲတွေဆိုးလို့ ပုန်ကန်ရတဲ့ လူတွေကို ဓားပြတွေလို့ စာ ထိုးခံရတာ၊ အပြောခံရတာ သိပ်ရင်နာတယ်။ အရေးဆိုတော့ ဒီလူတွေကိုပဲ အားကိုးကြရတာ မဟုတ်လား။ ဓားပြတွေကိုပဲ အားကိုးကြရတာ မဟုတ်လား။ မောင်ကြီးတို့ထက် နွယ်ခွေတောင်တန်းက လူတွေက ပိုပြီး ရင်နာစရာ ကောင်းတယ်။

နေ့လယ်က ဒီတဲကိုထိုးတဲ့ အဘိုးကြီးတစ်ယောက်ဟာ ဘယ်သူမှတ်သလဲ။ မင်းတုန်းကို ဘုရင်ဖြစ်အောင် တိုက်ပေးတဲ့ လယ်သမားကြီးပဲ။ မင်းတုန်းနဲ့ကနောင်ဟာ ပုဂံမင်းကိုပုန်ကန်ချင်တော့ ဒီနယ်ကိုပဲ လာရတယ် မဟုတ်လား။ ဒီရွှေဘိုတစ်လွှားက လူတွေကပဲ မင်းတုန်းကို နန်းတင်ပေးလိုက်တယ် မဟုတ်လား။ မင်းတုန်း ဘုရင်ဖြစ်တယ်။ သီပေါ ဘုရင်ဖြစ်တယ်။ ဒီလူတွေက ဓားပြပဲ ဖြစ်တယ်။ ဒါပေမယ့် အရေးကျတော့ ဒီလူတွေဆီပဲ လာကြရတယ် မဟုတ်လား။ ပန်းတိမ်းမင်းသားလည်း ဒီလူတွေကို အားကိုးခဲ့တာပဲ မဟုတ်လား။ အခု ထိပ်တင်မှတ်တို့၊ ထိပ်တင်သိမ့်တို့တောင် ဒီလူတွေပဲ အားကိုးနေရတယ် မဟုတ်လား။ တကယ့်တကယ်ကျတော့ ဘွဲ့အမည်ရ မှူးမတ်ကြီးတွေ၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်တွေဟာ ရန်သူဆီမှာ ဒူးထောက်ကြတယ် မဟုတ်လား။ ဓားပြတွေကပဲ ကုလားဖြူကို တိုက်နေရတယ် မဟုတ်လား။ ဒီလူတွေက စားစရာ မရှိလို့ သူပုန်ထတယ်။ မင်းညီမင်းသားတွေက ဘုရင်ဖြစ်ချင်လို့ ပုန်ကန်ကြတယ်။

ရင်နာစရာ ကောင်းတယ်နော။ မြို့ကျေးရွာ အကြီးအကဲတွေကတော့ ဟိုတုန်းကလည်း အနေချောင်တာပဲ။ ဘုရင့်လစာတော် စားနေကြတာကိုး၊ အခုလည်း အနေချောင်တာပဲ။ ကုလားဖြူရဲ့ လစာကို စားနေတာကိုး၊ ကျုပ်တို့ ဆင်းရဲသားတွေကတော့ ဟိုတုန်းကလည်း သူခိုး၊ ဓားပြ၊ သူပုန်ပဲ။ အခုလည်း သူခိုး၊ ဓားပြ သူပုန်ပဲ"

## အခန်း -၄၅-

ရောဝတီမြစ်ကြောင်း လုံခြုံရေးအတွက် ဒီဇင်ဘာလ (၆) ရက်နေ့ နံနက်က ကုန်းတွင်းပိုင်းသို့ တိုက်ကင်းလှည့်လည်သော မိမိတို့ တပ်စုတစ်စုကို မြန်မာတို့က တပ်လုံးပျောက် တိုက်ခိုက်ဝါးမျို ပစ်လိုက်သဖြင့် အင်္ဂလိပ်တို့သည် ခေါင်းနားပန်းကြီးသွားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကြောင့် ဒုပိုလ်ချုပ်နော်မံသည် တပ်အင်အား မြောက်မြားစွာနှင့် ကုန်းတွင်းပိုင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွားသည်။ သူတို့သည် ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် ရွှေဘိုမြို့သို့ ရောက်ရှိသွားကြသည်။ လမ်းခရီးမှ လည်းကောင်း၊ ရွှေဘိုမြို့မှ လည်းကောင်း သူတို့အား နှောင့်ယှက်တိုက်ခိုက်သူများဟူ၍ အလျှင်းမရှိချေ။ မြန်မာတပ်များကိုသော် လည်းကောင်း၊ သူခိုးဓားပြများကိုသော် လည်းကောင်း မတွေ့ရှိရဘဲ နယ်မြေတစ်ခုလုံး ငြိမ်သက်လျက် ရှိသည်ကို ဒုပိုလ်ချုပ်နော်မံက တွေ့မြင်ရလေသည်။ သို့ဖြင့် သူသည် မန္တလေးသို့ ပြန်ခဲ့သည်။

ထို့နောက် ရွှေဘိုမြို့သို့ သိမ်းပိုက်အုပ်ချုပ်ထားရန် ဘုရင့်ဝေလ သေနတ်ကိုင် တပ်မှ တပ်ခွဲ နှစ်ခွဲကို စေလွှတ်လိုက်သည်။

လူအင်အား နှစ်ရာပတ်ဝန်းကျင်တွင်သာရှိသော မျက်နှာဖြူတပ်များသည် ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ရွှေဘိုမြို့သို့ ဆိုက်ရောက်သွားသောအခါ အံ့ဩဖွယ်ရာ အခြေအနေ များပြားစွာနှင့် သူတို့ လာရောက်ခဲ့စဉ်က ရန်သူတစ်စုံတစ်ယောက်မျှ မတွေ့ရသော်လည်း ယခုအခါ သူတို့သည် မည်သည့်နေရာ ကြည့်ကြည့် ရန်သူများကိုသာ တွေ့နေရသည်။

ဒုပိုလ်ချုပ် နော်မံ လာရောက်စဉ်က မြန်မာတို့သည် ရန်သူအင်အား ကြီးမားသည်ကို သိ၍ တပ်ဖျောက်၍ နေခဲ့ကြခြင်း ဖြစ်သည်။ အင်္ဂလိပ်တပ်များ ဖြတ်သန်းသွားသည်ကို တိုက်ခိုက်ခြင်း မပြုဘဲ အရိပ်အခြည်သာ ကြည့်နေခဲ့သည်။

ဒုပိုလ်ချုပ် နော်မံ၏ တပ်များ ပြန်သွားသည်နှင့် တစ်ပြိုင်နက် မြန်မာတပ်များသည် စစ်ပွဲအတွက် ပြင်ဆင်မှုများကို တက်သုတ်ရိုက် လုပ်ဆောင်ခဲ့ကြသည်။ ရွှေဘိုမြို့ကို သိမ်းပိုက်ထားလိုက်ကြသည်။ စစ်ကဲ မောင်ထွန်း၏ တပ်နှင့် မစ္စတာကာလိုဂရီဒီ၏ ဘုံဘေဘားမားတပ်တို့သည် ပတ်ဝန်းကျင် ကျေးရွာများသို့ ကင်းလှည့်ထွက်နေစဉ် ဖြစ်၍ မြို့ဝန်ဗိုလ်ပြင်းသည် အမျိုးသား လွတ်မြောက်ရေးတပ်များကို ခုခံတိုက်ခိုက်နိုင်ခြင်းမရှိဘဲ မြို့မှ တိမ်းရှောင်သွားရသည်။

သို့သော် မြို့ဝန်ဗိုလ်ပြင်းသည် ဩဇာတိက္ကမ ရှိသူတစ်ဦးဖြစ်၍ သစ္စာဖောက်တပ်များကို အများအပြား ဖွဲ့စည်းနိုင်ခဲ့သည်။ သူ၏ သားဖြစ်သည့် စစ်ကဲမောင်ထွန်းသည် တိုက်ရည်ခိုက်ရည်ရှိပြီး တပ်များကို နိုင်နင်းစွာ အုပ်ချုပ်နိုင်သူတစ်ဦး ဖြစ်သည်။

ရွှေဘိုနယ်တွင် ဆယ့်ငါးနှစ်နီးပါးမျှ နေထိုင်ခဲ့သော ဘုံဘေဘားမားသစ် ကုမ္ပဏီမှ မစ္စတာကာလိုဂရီဒီသည် မြေဒူးကုလားနှင့် ချမ်းသာဗရင်ဂျီများကို စုရုံး၍ တပ်ဖွဲ့နိုင်ခဲ့သည်။ မန္တလေးမှ ရောက်ရှိလာသော မျက်နှာဖြူတပ်ခွဲနှစ်ခွဲသည် မစ္စတာကာလိုဂရီဒီ၏ ဘုံဘေဘားမားတပ်၊ စစ်ကဲမောင်ထွန်း၏ မြင်းတပ်တို့နှင့် ပူးပေါင်း၍ ရွှေဘိုမြို့ကို အပြင်းအထန် တိုက်ရသည်။ နောက်ဆုံးတွင် ထိပ်တင်မှတ်၏တပ်များ ဆုတ်ခွာသွားသဖြင့် မြို့ကိုရရှိသော်လည်း သူတို့ဘက်မှ အကျအဆုံး များပြားလှသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ရှိကြရသည်။

သည့်နောက်တွင်ကား အင်္ဂလိပ်တပ်နှင့် သစ္စာဖောက်တပ်များ၏ အင်အားသည် တစ်လ၊ နှစ်လအတွင်းမှာပင် နှစ်ထောင်ကျော်လာသည်။ အမြောက်တပ်၊ မြင်းတပ်၊ သေနတ်ကိုင်တပ်၊ ခြေလျင်တပ်၊

MMCYBERMEDIA
COMMUNITY FOR ALL

ခြေမြန်တပ်၊ အင်ဂျင်နီယာတပ် စသည်ဖြင့် ဖြစ်သည်။ စစ်တပ်၊ စစ်ရဲတပ်၊ ရဲတပ်၊ ဘုံဘေဘားများတပ်၊ သစ္စာဖောက်တပ် ဟူ၍ အမျိုးမျိုးရှိသည်။

အင်္ဂလိပ်တပ်များသည် ဘုရင့်အမြောက်တပ်မှ တပ်ခွဲ (၉)၊ ဘုရင့်ဝေလသေနတ်ကိုင်တပ်မှ တပ်ရင်း (၁)၊ အမှတ် (၂) မဒရပ်မြင်းတပ်၊ ဘုံဘေခြေမြန်တပ်ရင်း (၅)၊ မဒရပ်ဝန်ထမ်းတပ်၊ အမှတ် (၂၁) မဒရပ်ခြေလျင်တပ်မဟာ၊ အမှတ် (၁၂) ခြေလျင်တပ်မဟာတို့ ပါဝင်ကြသည်။

မစ္စတာကာလိုဂရီဒီသည် စစ်မဖြစ်မီကပင် ကြိုတင်၍ တိုင်းရင်းသားများ စည်းရုံးထားခဲ့သည်။ စစ်အတတ် လေ့ကျင့်ပေးခဲ့သည်။ လက်နက် တပ်ဆင်ပေးခဲ့သည်။ ယင်းကြောင့် ဘုံဘေဘားမား စစ်တပ်သည် အမြဲတမ်း တပ်တစ်တပ်ကဲ့သို့ လက်နက်အင်အား ကောင်းမွန်၍ တိုက်ခိုက်မှု ကျွမ်းကျင်သည်။

အမျိုးသားသစ္စာဖောက်တပ်တွင် စစ်ကဲမောင်ထွန်း၏တပ်၊ မလည်ဝန်၏ တပ်နှင့် မင်းတိုင်ပင် သွေးသောက်ကြီးများ၏ တပ်များ ပါဝင်သည်။ အင်္ဂလိပ်တို့က သစ္စာဖောက်တပ်များကို လက်နက်အပြည့်အစုံ တပ်ဆင်၍ ရိက္ခာအလုံအလောက် ထောက်ပံ့သည်။

မလည်ဝန်သည် ယမန်နှစ်နွေက မိုးညှင်းဗိုလ်ဝ၏ တပ်များကို မခံနိုင်သဖြင့် မြို့မှ ကိုယ်လွတ်ရုန်း ပြေးခဲ့ရသူ ဖြစ်သည်။ ထိုစဉ်ကသာ မိုးညှင်းဗိုလ်ဝက မလည်ဝန်ကို ရမိခဲ့လျှင် ယခုအခါတွင် မိမိတို့အား နောက်ယှက်မည့် အမျိုးသားသစ္စာဖောက်တစ်ယောက် လျော့နေမည်မှာ အမှန်ပင်ဟု မောင်ရွှေဝါက တွေးမိသည်။

ရွှေဘိုတစ်ဝိုက်တွင်ရှိသော အမျိုးသား လွတ်မြောက်ရေးတပ်များ၏ အင်အားမှာလည်း မနည်းလှပါချေ။ အရှေ့ဘက်တွင် စဥ့်ကူဝန်၏ တပ်များ ရှိသည်။ မြောက်ဘက်တွင် ထိပ်တင်မှတ်တပ်များ ရှိသည်။ အနောက်ဘက်တွင် မင်းကြီး ဗိုလ်လှဦး၏ တပ်များ ရှိသည်။ တောင်ဘက်တွင် ဗိုလ်ရိုင်း၏ တပ်များ ရှိသည်။

နယ်ချဲ့ဆန့်ကျင်ရေးတပ်များ၏ အမြဲတမ်းအင်အားသည် တစ်ထောင်ကျော်မျှသာ ရှိသော်လည်း အရေးအကြောင်းရှိ၍ စုစည်းလျှင် လေးငါးထောင်ခန့်အထိ ရရှိလေသည်။ နယ်ချဲ့တပ်များနှင့် သစ္စာဖောက်တပ်များက မိမိတို့ နယ်မြေများအတွင်းသို့ ထိုးစစ်ဆင် ဝင်ရောက်လာလျှင် ရွာတိုင်း ရွာတိုင်းမှ ဓားဆွဲ၍ ထွက်ကြသည်။ အမျိုးသားလွတ်မြောက်ရေး အင်အားစုဘက်မှ ထိုးစစ်များ ဆင်နွဲရန် ရှိသည့်အခါတွင်လည်း လူတစ်ကိုယ် ဓားတစ်လက်ဖြင့် လိုက်ပါကြသည်။ ယင်းကြောင့် လှည့်လည် လှုပ်ရှားလျက်ရှိသော နယ်ချဲ့ဆန့်ကျင်ရေး တပ်အင်အားသည် တစ်ထောင်ပတ်ဝန်းကျင်သာ ဖြစ်သော်လည်း တိုက်ပွဲကြီးများ ဖြစ်သည့်အခါတွင် လူထုလေးငါးဆမျှ တိုးလာလေသည်။

သို့သော် ဤတပ်များသည် တစ်နေရာတည်းတွင် ရှိနေသည်မဟုတ်၊ လေးမျက်နှာ ပြန့်နေသည်။ ခေါင်းဆောင်မှု ကွဲနေသည်။ အချို့တပ်များမှာ အချင်းချင်း ညှိနှိုင်းပူးပေါင်း၍ ရသည်။ အချို့တပ်များမှာ ညှိနှိုင်းပူးပေါင်း၍ မရရုံသာမက အချင်းချင်း မသင့်မတင့် ရှိနေသည်။။ ထိုမျှသာမက မြန်မာတပ်များတွင် လက်နက်အင်အား နည်းပါးလှသည်။ စစ်ပညာ ချို့တဲ့လှသည်။ သို့သော် ဇာတိမာန် ပြင်းထန်လှသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကြောင့် နယ်ချဲ့နှင့် နယ်ချဲ့ဆန့်ကျင်ရေးတပ်များသည် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်နေကြရသည်။ နှစ်ဖက်စလုံး အကျအဆုံး များလှသည်။

မောင်ရွှေဝါနှင့် ဗိုလ်ထန်းပင်တို့၏ တပ်သည် တိုက်ပွဲပေါင်း မြောက်မြားစွာတွင် ပါဝင်တိုက်ခိုက်နေကြရသည်။ မိမိတို့က ရန်သူကို ချုံခိုတိုက်ခိုက်သည်လည်း ရှိသည်။ ရန်သူက မိမိတို့ စခန်းကို ဝင်ရောက်စီးနင်းသည်လည်း ရှိသည်။ နှစ်ဖက် အင်အားပြိုင်၍ တိုက်ခိုက်သည်လည်း ရှိသည်။

သူတို့ တိုက်ရသော တိုက်ပွဲများတွင် ဂဒူးခုနစ်ရွာတိုက်ပွဲ၊ ဥယျာဉ်တိုက်ပွဲနှင့် ရွှေဘိုတိုက်ပွဲတို့သည် ပြောစမှတ် ပြုလောက်သည်။ ဂဒူးခုနစ်ရွာတိုက်ပွဲတွင် မောင်ရွှေဝါတို့က ခံစစ်ဖြစ်သည်။ အင်္ဂလိပ်များက ထိုးစစ်ဖြစ်သည်။ မောင်ရွှေဝါတို့ တပ်များကို ထိပ်တင်မှတ်နှင့် ဗိုလ်သောင်းတို့က ကွပ်ကဲအုပ်ချုပ်သည်။ ဗိုလ်သောင်းမှာ မင်းတုန်းမင်းလက်ထက်ကတည်းက ထင်ရှားသူ ဖြစ်သည်။ ယင်းတိုက်ပွဲတွင် အင်္ဂလိပ်တပ်သား အများအပြား ကျဆုံး၍ တပ်မှူးသုံးဦး ဒဏ်ရာရရှိသွားသည်။ ဗိုလ်မှူးကြီး ဆင်ပဆန်၊ ဗိုလ်ကာနယ်ဂျီနှင့် ဗိုလ်ဂွမ်နီတို့ ဖြစ်ကြသည်။ မူးမြစ် အနောက်ဘက်ကမ်း ဥယျာဉ်ရွာတိုက်ပွဲတွင်မူ ဗိုလ်ထန်းပင်ကို အင်္ဂလိပ်တို့ ဖမ်းဆီးရမိသွားသည်။ စစ်ကဲမောင်ထွန်း၏တပ်မှ တောင်လက်ဗိုလ်ကို မောင်ကံလှ ဓားနှင့် အတင်းဝင်ခုတ်သည်။ နှစ်ဦးစလုံး ဒဏ်ရာပြင်းစွာ ရရှိသည်။ ဤတိုက်ပွဲနှစ်ခုသည် ပြာသိုနှင့် တပို့တွဲလများအတွင်း ဖြစ်ပွားခြင်း ဖြစ်သည်။

ရွှေဘိုတိုက်ပွဲကား မောင်ရွှေဝါတို့၏ အောင်ပွဲ ဖြစ်သည်။ အင်္ဂလိပ်တပ်စု တစ်စုလုံးကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သော စံချိန်ကို ချိုးနိုင်သော တိုက်ပွဲ ဖြစ်သည်။ အကြောင်းမူ အခြားတပ်များနှင့် ပူးပေါင်းခြင်းမရှိဘဲ မောင်ရွှေဝါတို့တပ် တစ်တပ်တည်းနှင့် ရွှေဘိုမြို့ကို အလစ်တွင် ဝင်၍ စီးခဲ့ကြသောကြောင့် ဖြစ်သည်။ လူအနည်းငယ်ဖြင့် အင်္ဂလိပ်တို့၏ အကျဉ်းထောင်ကို ဖွင့်ကာ ရဲဘော်များကို လွှတ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

အင်္ဂလိပ်များ ဖမ်းဆီးသွားပြီး ရွှေဘိုတွင် အကျဉ်းချထားခြင်း ခံနေရသော ဗိုလ်ထန်းပင်ကို ကယ်တင်နိုင်ရန် မောင်ရွှေဝါတို့သည် အမြဲတမ်းပင် ကြံဆအားထုတ်၍ နေခဲ့ကြသည်။ မြို့အနီးတွင် တပ်ဖျောက်ချထားပြီး မြို့တွင်းသို့ တစ်ဦးစ နှစ်ဦးစမျိုးလို အမြဲဝင်၍ သတင်းထောက်လှမ်းခဲ့သည်။

စဉ့်ကူဝန်နှင့် နောက်လိုက်နောက်ပါအများသည် ရွှေဘိုမြို့ကို တိုက်ရန်အတွက် စစ်ဦးတွင် စုရုံးလျက်ရှိသည်ဟု သတင်းရသဖြင့် ဗိုလ်မှူးကင်းဘတ်သည် ဘုရင့်ဝေလတပ်သား (၆၀)၊ အမှတ် (၁၂) မဒရပ်တပ်မဟာမှ တပ်သား (၆၀)၊ မြင်းတပ်သား (၃၀) နှင့် အမြောက်နှစ်လက်ကို ယူဆောင်၍ (၁၈၈၆)ခု၊ ဧပြီလ (၁၇) ရက်နေ့တွင် ရွှေဘိုမြို့မှ မြောက်ဘက်သို့ ချီတက်သွားသည်။ ယင်းသို့ အင်္ဂလိပ်တပ် အများအပြား မြို့မှ ထွက်သွားသည်ကို သိသည်နှင့် တစ်ပြိုင်နက် မောင်ရွှေဝါတို့သည် အခွင့်ကောင်းကို လက်လွှတ်မခံဘဲ မြို့ကို ဝင်ရောက်စီးနင်းကြတော့သည်။ ပထမတွင် သူတို့သည် မြို့အစွန် လူသူစွန့်ပစ်ထားသော တဲအိမ်များကို မီးတင်ရှို့ကြသည်။ သေနတ်များ တရစပ် ပစ်ဖောက်ကြသည်။ ကျန်ရှိနေသော မြို့စောင့်တပ်နှင့် တစ်မြို့လုံး ယောက်ယက်ခတ်သွားသော အချိန်တွင်မှ သုံးစုခွဲ၍ မြို့တွင်းသို့ မြင်းများဖြင့် အတင်းစိုင်းဝင်ကြသည်။ မြို့လယ်တွင်ရှိသော အကျဉ်းထောင်ကို

အပြင်းတိုက်ခိုက်၍ ဗိုလ်ထန်းပင်နှင့် အခြား အကျဉ်းသားများကို လွှတ်ပစ်လိုက်ကြသည်။ ထောင်ကိုရသည်နှင့် တစ်ပြိုင်နက် မြို့သို့ ဝင်စဉ်ကလိုပင် မြို့မှ ခုန်တမင် ထွက်ခဲ့ကြသည်။

ဤသို့ နတ်တော်လဆန်းမှ အစပြု၍ ကဆုန်လကုန်သည်အထိ ရွှေဘိုမြို့၏ ကျေးလက်ဒေသများတွင် သေအတူရှင်မကွာ တိုက်ပွဲဝင်ခဲ့ကြသော မောင်ရွှေဝါနှင့် ဗိုလ်ထန်းပင်တို့၏ တပ်သည် နယုန်မိုးသေး မြက်သားမွေးသည့်ကာလတွင် တောင်တစ်စု မြောက်တစ်စု ခွဲကြရတော့သည်။

မောင်ရွှေဝါတို့တပ်တွင် ဗိုလ်ထန်းပင်တို့လူများ အပါအဝင် စုစုပေါင်း လူငါးဆယ်ကျော် ရှိသည်။ မောင်ရွှေဝါတို့သည် ဝမ်းတွင်းမှ ထွက်လာစဉ်တွင် ခုနစ်ယောက် ဖြစ်သည်။ ယခုအခါ ငါးယောက်သာ ကျန်ရှိတော့သည်။ တစ်ယောက်မှာ တိုက်ပွဲတွင် ကျခဲ့သည်။ တစ်ယောက်မှာ ဖျားနာ၍ ဆုံးရခြင်း ဖြစ်သည်။ စိမ်ငုံသည် ရွှေဘိုတိုက်ပွဲ အပြီးတွင် ဖရဲသီးများ အစားလွန်သဖြင့် တစ်နေ့နှင့် တစ်ည ဝမ်းသွားကာ သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ဗိုလ်ထန်းပင်၏ လူများအနက်မှလည်း နှစ်ဆယ်သာ ကျန်တော့သည်။ ကျန်သူများမှာ နောက်ပိုင်းတွင်မှ မောင်ရွှေဝါတို့တပ်သို့ ဝင်လာကြသူများ ဖြစ်သည်။ အချို့ မြန်မာတပ်မတော်မှ အမှုထမ်းဟောင်းများ ဖြစ်သည်။ အချို့က ရွာသားများ ဖြစ်သည်။

တပ်ဖျက်၍ လူစုခွဲရသည့်အကြောင်းမှာ စစ်ညောင်းပြီဖြစ်၍ တစ်ကြောင်း၊ မိုးကျတော့မည်ဖြစ်၍ တစ်ကြောင်း ဖြစ်သည်။

သူတို့သည် နယ်ချဲ့နှင့် သစ္စာဖောက်တပ်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့ကြသည်မှာ ခြောက်လကျော်ပြီ ဖြစ်သည်။ သူတို့ကို အကူအညီပေးနေသော ရွာများ၊ နယ်များလည်း ရန်သူညှဉ်းမှုကြောင့် နာလှပြီ ဖြစ်သည်။ အစားအသောက် ကျပ်တည်းစ ပြုလာပြီ ဖြစ်သည်။ ရှေ့တွင် အခြေအနေသည် သည့်ထက် ဆိုးရွားလာစရာ အကြောင်းများ ရှိနေပေသည်။ သူတို့သည် အခြေအနေကို ကြိုတင်ထိန်းသိမ်းနိုင်မှ ဖြစ်ပေမည်။

ရန်သူသည် သူတို့ထက် လက်နက်နှင့် စစ်ပညာ သာလွန်သည်သာမက စစ်ကူတပ်များလည်း တစ်စထက်တစ်စ များပြားလျက် ရှိသည်။ မိမိတို့ဘက်မှာမူ စစ်ကူများ ရနိုင်ခြင်း မရှိချေ။ တပ်သားသစ်တိုးသည်နှင့် တပ်သားဟောင်း ဆုံးရှုံးသည်က မမျှဘဲ ရှိနေသည်။ အချို့သည် တိုက်ပွဲတွင် ကျ၏။ ဒဏ်ရာရ၏။ အချို့သည် နေရင်းဒေသသို့ ပြန်ကုန်ကြ၏။ အချို့သည် ဆင်းရဲမှုကို မခံနိုင်၍ တစ်ကြောင်း၊ ရန်သူက ရာထူးကြေးငွေဖြင့် ဖြားယောင်းသည်ကြောင့် တစ်ကြောင်း အညံ့ခံကြကုန်၏။

သို့သော် သူတို့သည် ရန်သူကို တစ်ပွဲတည်းတိုက်၍ သော်လည်းကောင်း၊ အချိန်ကိုလိုက်၍သော် လည်းကောင်း၊ အောင်နိုင်စရာအကြောင်း မရှိချေ။ တောကောင်းကောင်းတွင် ခိုအောင်း၍ လက်နက်လူသူ ဖြည့်တင်းရမည်။ ရိက္ခာစုဆောင်းရမည်။ မိမိတို့က အသာစီးရှိသည့်အခါတွင်မှသာ ရန်သူကို ချေမှုန်းတိုက်ခိုက်ရမည်။ အင်အားချင်းမမျှသည့်အခါတွင် မိမိတို့သည် ရန်သူနှင့် လွတ်ရာသို့ လူစုခွဲရှောင်ရှားကြရမည် ဖြစ်သည်။ ဤကား နွယ်ခွေအရေးတော်ပုံတွင်က ကျင့်သုံးခဲ့သော စစ်ပရိယာယ်ပင် ဖြစ်သည်။ ယခုအခါ ဤပရိယာယ်ကို ပြန်လည်ကျင့်သုံးရန် လိုအပ်လာပြီဟု ခေါင်းဆောင်ကြီးများက ယူဆသဖြင့် တပ်များကို ကိုယ့်နယ်မြေနှင့်ကိုယ် ခွဲ၍ နေကြရန် သတ်မှတ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခုအခါ မိုးဦးကျလာပြီဖြစ်သဖြင့် လယ်ယာလုပ်ငန်း ဝင်ကြတော့မည် ဖြစ်သည်။ သို့ဖြင့် အချို့တပ်သားများသည်သာလျှင် တပ်တွင်နေကြပြီး ကျေးရွာများတွင် နေ၍ ရကြသူများသည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြရမည် ဖြစ်သည်။ တပ်များကို ထွန်ရေးအမီ ရွှေ့ပြောင်းကြရန် အစုငယ်များ ခွဲကြရန် အထက်ခေါင်းဆောင်များက ညွှန်ကြားထားသည်။ ယင်းဖြင့် ဗိုလ်ထန်းပင်တို့လူစုသည် နွယ်ခွေတောတန်းသို့ ဝင်ကြမည် ဖြစ်သည်။ မောင်ကံလှ၊ ရွှေနောင်း၊ ထော်အိုင်နှင့် ကြာလှတို့သည် ကိုယ့်ရပ်ကိုယ့်ဒေသသို့ ပြန်ကြမည် ဖြစ်သည်။ သူတို့ အရပ်များတွင်လည်း နယ်ချဲ့တပ်များ ရောက်ရှိပြီး တိုက်ပွဲများ ပြင်းထန်နေပြီ ဖြစ်သည်။ သူတို့သည် ကိုယ့်အရပ်မှနေ၍ နယ်ချဲ့တပ်များကို ဆက်လက် တွန်းလှန် တိုက်ထုတ်ကြမည် ဖြစ်သည်။

မောင်ရွှေဝါမှာမူ တစ်ဖက်က ခင်ခင်လေး၏ တာဝန်ရှိနေသဖြင့် ဗိုလ်ထန်းပင်တို့နှင့်အတူလည်း နွယ်ခွေတောင်တန်းသို့ မလိုက်ပါနိုင်။ မောင်ကံလှတို့နှင့် အတူလည်း ကိုယ့်အရပ်သို့ မပြန်နိုင်ဘဲ ရှိသည်။ သူက ခင်ခင်လေး၏ အနီးပတ်ဝန်းကျင်တွင်သာ နေရမည် ဖြစ်သည်။

မောင်ရွှေဝါသည် ဗိုလ်ထန်းပင်၏ အကြံပေးချက်အရ ခင်ခင်လေးကို ရှိမ်းမကားသို့ ပို့ထားခဲ့သည်။ ပထမတော့ ခင်ခင်လေးသည် ရှိမ်းမကားသို့ သွား၍ မနေချင်ပေ။ မောင်ရွှေဝါနှင့်အတူ လိုက်ပါ၍ အင်္ဂလိပ်တို့ကို တိုက်လိုသည်ဟု ဆိုနေသည်။ သို့ရာတွင် သူ့အတွက် အားဖြစ်သည်ထက် အနှောက်အယှက် ဖြစ်နေသည်က များသဖြင့် မင်းကြီးဗိုလ်လှဦးနှင့် ဗိုလ်ရိုင်းတို့ ကိုယ်တိုင်ကလည်း ရှိမ်းမကားသို့ သွားရောက်နေထိုင်ရန် ပြောသဖြင့် ခင်ခင်လေးသည် မငြင်းသာတော့ဘဲ ဘဒွေးထံ သွားရောက် နေထိုင်ခဲ့သည်။

မောင်ရွှေဝါနှင့် ဗိုလ်ထန်းပင်တို့သည် မိုးတစ်ဖြိုက်နှစ်ဖြိုက် ရွာအပြီးတွင် မူးမြစ်ကမ်းခြေ၌ တပ်ချင်းခွဲကြသည်။ တပ်သို့ နောက်မှ ပေါင်းဝင်လာကြသူများ အားလုံးသည် မောင်ရွှေဝါနောက်သို့ လိုက်ပါကြမည် ဖြစ်သည်။ အရပ်အမောင်း လေးတောင်ကျော်၍ လက်တွင် သွေးများ စေးခန်းခြောက်ကပ်နေသည်အထိ ရန်သူကို တိုက်ခိုက်လေ့ရှိသော ဗိုလ်ထန်းပင်သည် ခွဲခွာခါနီးတွင် မောင်ရွှေဝါကို ဖက်၍ ငိုခဲ့သည်။ သူတို့သည် ဤတစ်သက်တွင် ပြန်၍ တွေ့ကြဦးမည်၊ သို့မဟုတ် မတွေ့ကြရတော့မည်ကို မည်သူကမျှ ကြိုတင်၍ မပြောနိုင်ပါချေ။ သူတို့ ရှေ့တွင် ပြင်းထန်သော တိုက်ပွဲများက စောင့်ဆိုင်းလျက် ရှိသည်။ မောင်ကံလှသည် မောင်ရွှေဝါတို့ တပ်နှင့်အတူ ရှိမ်းမကားအထိ လိုက်ခဲ့ကြသည်။ သူတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း အညာသို့ ပြန်ကြမည် ဖြစ်သည်။

မောင်ကံလှတို့လူစု အဝေးတွင် ပျောက်ကွယ်သွားသောအခါ မောင်ရွှေဝါသည် သူ့တပ်ကို ဗိုလ်ရိုင်း၏ စခန်းရှိရာသို့ သွားနှင့်ရန် လွှတ်လိုက်ပြီး ရှိမ်းမကားမြို့စွန်ရှိ နှစ်ဆောင်ပြိုင် အိမ်ကြီးဆီသို့ တစ်ယောက်တည်း မြင်းကို ဒုန်းစိုင်း၍ သွားတော့သည်။

## အခန်း -၄၆-

ခင်ခင်လေးသည် မောင်ရွှေဝါကို ချက်တစ်ဖြုတ် တွေ့မြင်ရသောအခါ ဣန္ဒြေမဆည်နိုင်အောင် ဝမ်းသာရွှင်လန်းသွားသည်။ နှစ်လိုဖွယ်ရာသော အပြုံးသည် သူမ၏ မျက်နှာတွင် ဝှားဝှားပွင့်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မောင်ကြီး မသေမပျောက်ဘူးနော်"

ယင်းသို့ ခင်ခင်လေးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်သည်ကို တွေ့ရသောအခါ မောင်ရွှေဝါမှာလည်း ဝမ်းမသာဘဲ မရှိနိုင်ပါချေ။

"မောင်ကြီး ဘာမှ မဖြစ်ပါဘူး။ ခင်ခင်လေးကော နေကောင်းတယ်နော"

"ခင်ခင်လေး နေကောင်းပါတယ်။ မောင်ကြီး အသားတွေ မည်းသွားတယ်"

"မည်းတော့မှာပ သူငယ်မရယ်။ ခင်ခင်လေးတို့ဆီက ဆောင်းနေသာဆိုရ ပူလိုက်တာကွယ်။ နေကလည်း အသားက မီးထတောက်မလား အောက်မေ့ရတယ်။ အဲ နွေကျတော့ မပြောနဲ့တော့၊ မီးဖုတ်ထားသလား အောက်မေ့ရတယ်။ အသားတွေ ကွဲပြီး ဖျစ်ဖျစ် ဖျစ်ဖျစ်နဲ့တောင် မြည်နေတယ်ကော"

"ဒါလောက်တောင်ပဲလား မောင်ကြီးရယ်"

အမျိုးသမီးက အသံနှင့် ရယ်ရင်း မေးသည်။

"ဒီလောက်တောင်ပဲပ။ တို့များကိုသာ ပြောနေတယ်။ ခင်ခင်လေးလည်း အတော်ပိန်သွားတယ်။ နားထင်တွေ ကျပြီး ပါးရိုးတောင် ပေါ်နေတယ်ကော။ စားလို့အိပ်လို့ မကောင်းဘူးလား"

"ကောင်းပါတယ်။ ပူရပန်ရလို့ပါ"

"ဘာတွေများ ပူနေသလဲ။ မောင်ကြီးက ကတိမတည် ရှိနေမယ် ထင်လို့လား"

"မောင်ကြီးကို ယုံပါတယ်။ ဒါပေမယ့် မောင်ကြီးက စစ်ထွက်ယောကျ်ား မဟုတ်လား။ မောင်ကြီးအတွက် ဘုရားမှာ နေ့စဉ် ဆုတောင်းပါတယ်။ မောင်ကြီးက ခင်ခင်လေးရဲ့ ခင်ပွန်းလင် ဖြစ်နေပြီမို့လား"

အမျိုးသမီးက နောက်ဆုံးစကားကို ခပ်တိုးတိုး ဆိုသည်။ "ခင်ပွန်းလင်" ဆိုသော စကားလုံးကို နှုတ်မှ မထွက်ရဲဘဲ ရှိုဟန်တူသည်။ သို့သော် အမှန်ပင် ဖြစ်သည်။ သူတို့သည် အကြင်လင်မယား ဖြစ်ကြသည်။ ခင်ခင်လေးကို ဤသို့ လိုက်မပို့မီ တစ်ညတွင် မင်းကြီး ဗိုလ်လှဦး၊ ဗိုလ်ရိုင်း၊ ဗိုလ်ထန်းပင်နှင့် မောင်ကံလှတို့ကို သက်သေထား၍ သူတို့နှစ်ဦး ထိမ်းမြားလက်ထပ်ခဲ့ကြပြီ ဖြစ်သည်။

"ခင်ခင်လေး၊ ဟို ဟို"

မောင်ရွှေဝါသည် စောစောက ခင်ခင်လေး၏ မျက်နှာကိုသာ ကြည့်မိသည်။ ယခုမှ ကိုယ်လုံးကို ကြည့်မိသည်။ ခင်ခင်လေး၏ ဝမ်းဗိုက်သည် စန့်စန့်ပုံ့ပုံ့ ရှိနေသည် ထင်သဖြင့် သူက မမေးရဲ မေးရဲ ရှိနေသည်။ ခင်ခင်လေး၏ ဗိုက်ကို ကြည့်၍ "တဟိုဟို..." ဖြစ်နေသည်။

ခင်ခင်လေး၏ မျက်နှာသည် ရှက်ခြည်းပင် ရှက်သွေးဖျန်းသွားသည်။ အမျိုးသမီးက မျက်လွှာကိုချ ခေါင်းကို ငုံ့၍ မပွင့်တပွင့် ဖြေသည်။

"ဟုတ်ပါတယ် မောင်ကြီး"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်တော့၊ ဘယ်တော့ မွေးမလဲ"

"တော်သလင်း၊ သီတင်းကျွတ်ပေါ့"

"ဘာကလေး မွေးမလဲ"

"အို ဘယ်သိပ့်ါမလဲ"

အမျိုးသမီး၏ မျက်နှာတစ်ပြင်လုံး ရဲနေသည်။ အမျိုးသမီး၏ အသံသည် စာနေသည်။ မောင်ရွှေဝါက ဘာကို သဘောကျသွားသည် မသိ။ အားရပါးရ ရယ်နေသည်။

"ဒီအကြောင်းကို ဘာလို့ လူကြုံနဲ့ မပြောသလဲကော"

"ပြောလို့ ကောင်းပါ့မလား"

"ခုနစ်ရွာတိုက်ပွဲ ပြီးတုန်းက ဒီကို လာဦးမလို့ပဲ။ နို့ပေမယ့် ဒီဘက်မှာ အင်္ဂလိပ်တပ်တွေ များနေတာနဲ့ မလာရဘူး"

"အခုကော မောင်ကြီးရယ်၊ ဘေးကင်းရဲ့လား။ အသက်အန္တရာယ်ဖြစ်မယ် ဆိုရင် ပြန်ပါ"

ခင်ခင်လေးက တကယ်ပင် စိုးရိမ်သည့်အနေဖြင့် ပြောသည်။

"ကိစ္စမရှိပါဘူး"

"ဒါဖြင့် မောင်ကြီး ဒီည ဒီမှာ အိပ်မလား"

အမျိုးသမီးက လွှတ်ခနဲ မေးလိုက်ပြီးမှ အဓိပ္ပာယ်တစ်မျိုး ထွက်နိုင်မှန်း ရိပ်စားမိ၍ ရှက်သွားပုံရပြန်သည်။

"ဒီညတော့ အိပ်လို့ မဖြစ်သေးဘူး။ မင်းကြီးနဲ့ အရေးတကြီး တွေ့စရာ ရှိသေးတယ်"

"မင်းကြီး ဗိုလ်ရိုင်းနဲ့လား"

"အင်း"

"မင်းကြီးက ရေကြည်စခန်းမှာ မဟုတ်လား"

ခင်ခင်လေးက ဘေးဘီကို လျင်မြန်စွာ ကြည့်ရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"အင်းပ"

"ရေကြည်စခန်းက မောင်ကြီး ဘယ်တော့ ပြန်မလဲ"

"ဘယ်ကိုလဲ"

"မူးဘက်ကိုလေ"

"မူးကို မောင်ကြီး မပြန်တော့ဘူး"

"ဟင် ဘာပြုလို့လဲ"

"မောင်ကြီးတို့တပ်တွေ ဒီဘက်ကို ရွှေ့လာပြီ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက သူတို့တပ်များ ပြောင်းသည့် အစီအစဉ်ကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။ ခင်ခင်လေး၏ မျက်နှာသည် သိသိသာသာ လန်းလာသည်။

"ဒါဖြင့် ရေကြည်စခန်းကို ခင်ခင်လေး လိုက်ခဲ့မယ်"

"နောက်တော့ လာတာပ။ မောင်ကြီးတို့ ဒီတစ်ဝိုက်မှာပဲ လှည့်ပြီး စခန်းချနေမှာပဲ။ အခွင့်သာတဲ့အခါ မောင်ကြီးလည်း လာမှာပ။ ခင်ခင်လေးလည်း လာတဲ့အခါ လာပ"

အမျိုးသမီးသည် တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေဟန် ရှိရာမှ...

"မောင်ကြီးတို့ရွာကို မောင်ကြီး မပြန်ဘူးလား"

သူမ၏ အမေးကို သူက ရုတ်တရက် မဖြေနိုင်ဘဲ ရှိသည်။ သူက ရွာမှထွက်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီမို့ ရွာကို လွမ်းနေသည်။ မိခင်နှင့် နှမငယ်များကို လွမ်းနေသည်။ ဖခင်နှင့် ရွာသူရွာသားများကို သတိရနေသည်။

"မပြန်ပါဘူး"

ခဏကြာမှ သူက ဖြေလိုက်သည်။

"ဘာပြုလို့လဲ"

"ခင်ခင်လေး ရှိနေတာပဲ။ ဘယ်ပြန်လို့ ဖြစ်မလဲကော"

"မောင်ကြီးပြန်ရင် ခင်ခင်လေးလည်း လိုက်ခဲ့မှာပေါ့"

"တကယ်လား"

သူက ဝမ်းသာအားရ မေးလိုက်သည်။

"တကယ်ပေါ့"

"မောင်ကြီးတို့ရွာက ရှမ်းပုပ်တွေနေတဲ့ တောကြိုအုံကြားနော။ ထမင်းပျော့စိပျော့နဲ့။ မုန်ညင်းရေလုံပြုတ်ပဲ စားရမှာနော"

"ဒါတွေ ပြောမနေပါနဲ့တော့ မောင်ကြီးရယ်"

အမျိုးသမီးက ညှိုးငယ်စွာဖြင့် ပြောလိုက်သဖြင့် သူက စိတ်မကောင်း ဖြစ်သွားရသည်။

"ခင်ခင်လေး လိုက်မယ်ဆိုရင် မောင်ကြီးတို့ရွာကို တစ်နေ့တော့ သွားကြတာပ"

"ဘယ်တော့ သွားမှာလဲ မောင်ကြီး။ အခုပဲ သွားပါလား။ ဗိုလ်ကံလှတို့ အဖော်ရှိတုန်းလေ။ အခုနေလိုက်ရင် သူတို့ကို မီဦးမှာပေါ့"

"အခုတော့ ခင်ခင်လေးက မပေါ့မပါးနဲ့ ဘယ်ဖြစ်ဦးမလဲကော။ မျက်နှာမြင်ပြီးမှပဲ သွားလို့ ဖြစ်ကြတော့မယ်ပ"

MMCYBERMEDIA
COMMUNITY FOR ALL

စကားအစ ပြတ်သွားသည်။ အတန်ကြာ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။

ယခုလို အမျိုးသမီးက သူ့အပေါ် အားကိုးတကြီး ရှိသောအခါတွင် မောင်ရွှေဝါ မည်သို့မျှ စိမ်းကားခက်ထန်ခြင်း မရှိနိုင်ပါချေ။ သူက ဤရက်များအတွင်းတွင် ခင်ခင်လေးကို နာကြည်းစိတ်ဆိုးသည်လည်း ရှိ၏။ သနား စိတ်မကောင်းသည်လည်း ရှိ၏။ ဤအမျိုးသမီးကြောင့် ချစ်သူနှင့် ကွဲရသည်။ အပြစ်မရှိသော မနင်းမြူသည် စိတ်ဆင်းရဲ ဒုက္ခ ရောက်ရတော့သည်။ နောက်တစ်မျိုးကျတော့လည်း သူ မထိန်းမသိမ်း လုပ်ခဲ့သဖြင့်သာ ဤအမျိုးသမီးသည် ယခုကဲ့သို့ နစ်မွန်းရခြင်း ဖြစ်ပေသည်။

မောင်ရွှေဝါသည် မနင်းမြူကို သတိရခဲ့သည်။ ခင်ခင်လေးကို သတိရခဲ့သည်။ သူသည် ချစ်သူနှင့် ဝေးရပြီ ဖြစ်သည်။ အမျိုးသမီးတစ်ယောက်ကို လွန်ကျူးမိသဖြင့် မချစ်ဘဲနှင့် ယူခဲ့ရပေပြီ။ အမျိုးသမီးကလည်း သူ့ကို ချစ်ပေမည် မဟုတ်။ သူတို့သည် တစ်ဦးကိုတစ်ဦး မချစ်ဘဲနှင့် မလွဲမရှောင်သာ ယူကြရခြင်း ဖြစ်သည်။ ယင်းသို့ဆိုလျှင် သူတို့၏ အိမ်ထောင်ရေးသည် သာယာပါမည်လား။

"မောင်ကြီး ဘာတွေ စဉ်းစားနေသလဲ"
"ဒီလိုပဲပ"
"ပြောစမ်းပါ"
"မောင်ကြီး မှားတယ်"
"ပြောပြန်ပြီ"
"နို့မို့ရင် ခင်ခင်လေးက မောင်ကြီးကို ဘယ်မှာ ယူမလဲ"
"မောင်ကြီးက ဘာပြုလို့ သာကို ပြောနိုင်တာလဲ"
"ခင်ခင်လေးက မောင်ကြီးကို တကယ်မှ မေတ္တာမရှိဘဲ"
"တကယ်တော့ လူတစ်ဖက်သားကို အထင်သေးတတ်တာက မောင်ကြီးပဲ"

မောင်ရွှေဝါက ခင်ခင်လေးကို မျက်လုံးပြူး၍ ကြည့်သည်။

"ခင်ခင်လေးကို မောင်ကြီး အထင်သေးတာပဲ"

အမျိုးသမီးက ထပ်ပြောသည်။

"ဘာပြုလို့လဲ"
"ယောက်ျားတစ်ယောက်က အနိုင်အထက်ကျင့်တာနဲ့ ဒီယောက်ျားကို ခင်ခင်လေးက မေတ္တာမရှိဘဲ ယူမတဲ့လား"

သူက မည်သို့မျှ ပြန်မပြောတတ်ဘဲ ရှိသည်။

"ဝေးသေးတယ်။ ကိုယ့်ကိုကိုယ်သာ သတ်သေမယ်။ ကိုယ်မေတ္တာမရှိတဲ့ လူကို ဘယ်တော့မှ မယူဘူး။ မိန်းမတွေကို ဘယ်တော့မှ ဒီလို အထင်မသေးနဲ့"

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးက ဒေါနင့် ပြောသည်။ မောင်ရွှေဝါက သူမ၏ စကားများကို နားမလည်သည့်အနေဖြင့် ငေးနေသည်။ အတန်ကြာမှ ထစ်ထစ်ငေါ့ငေါ့ဖြင့်…

"ဒါဖြင့် ခင်ခင်လေးက မောင်ကြီးကို ယူတာ ဟို ဟို"

"ဟုတ်တယ်။ မောင်ကြီးကို ခင်ခင်လေး မေတ္တာရှိလို့ ယူတာပဲ"

"တကယ်လား"

"တကယ်ပ"

အမျိုးသမီးက "ပေါ့" ဟု မသုံးဘဲ "ပ" ဟု သုံးလိုက်သည်။ ပြီးတော့ သူ့ကို ရက်ပြုံးနှင့် ကြည့်နေသည်။ သို့နှင့်တိုင် သူက သူမပြောသည်ကို မယုံနိုင်ဘဲ ရှိသည်။

"မယုံဘူးလား"

အမျိုးသမီးက မေးသည်။ သူက ခေါင်းညိတ်သည်။ သည်တော့ အမျိုးသမီးက ရယ်နေသည်။ ထိုအခါ သူက ဒေါသ ဖြစ်ရသည်။

"ကျုပ်ကို အရူးလုပ်တာလား"

"အို၊ မောင်ကြီးကလည်း ဒေါသကြီးလိုက်တာ"

"ကျုပ်ကို ဖြူဖြူဖြောင့်ဖြောင့် ပြောမှ ကြိုက်တယ်"

"ဩော် ခက်ပါကရောလား မောင်ကြီးရယ်"

"ကျုပ်ကို မဟုတ်တာ ပြောနေတာကိုး"

"ဒုက္ခပဲနော်"

"ကျုပ်ကို ဘယ်တုန်းက မေတ္တာရှိနေသလဲ"

"သေချာပ်ပါတယ်နော်"

"ပြောလေ"

"တွေ့တွေ့ချင်း"

"နို့ဖြင့် ကျုပ်ကို ဘာပြုလို့ မခံချင်အောင် ပြောသလဲ"

"မောင်ကြီးက ခင်ခင်လေးကို ဂရုမှ မစိုက်ဘဲကိုး"

သူက ငိုင်ကျသွားသည်။ အမျိုးသမီးက သူ့ကို မေတ္တာရှိ၍ ယူသည်ဆိုလျှင် သူ့မှာ ပို၍ တာဝန်ကြီးတော့သည်။ ခင်ခင်လေးသည် မဟုတ်သည်ကို ပြောတတ်သည့် အမျိုးသမီးတစ်ယောက် မဟုတ်ကြောင်း သူသိသည်။ သူ ထင်တော့ ထင်မိသား။ ခင်ခင်လေးလို ခက်ထန်သော အမျိုးသမီးတစ်ယောက်သည် သူ၏ စော်ကားမှုကို ဤသို့ ငုံ့ခံခဲ့သည်မှာ ဆန်းသည်ဟုတော့ သူထင်ခဲ့သည်။ တကယ်ဆိုလျှင် ခင်ခင်လေးသည် ထိုညကပင် သူ့ကိုသော် လည်းကောင်း၊ သူမကိုယ်ကိုသော် လည်းကောင်း ဓားဖြင့် ထိုးခဲ့ရမည် ဖြစ်သည်။ ယခုတော့ အဖြေမှန်ကို သိရပြီ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးသည် သူ့ကို တကယ် မေတ္တာရှိနေသည်။ သူက အမျိုးသမီးကို ကျူးလွန်ခဲ့ပြီ။ လူအများရှေ့တွင် ထိမ်းမြားလက်ထပ်ခဲ့ပြီ။ အမျိုးသမီးတွင် ကိုယ်လေးလက်ဝန် ရှိနေပြီ။ သူ့ရင်သွေး ဖြစ်သည်။ အမျိုးသမီးသည် သူ့ရွာသို့ လိုက်မည်ဟု ဆိုနေသည်။

သူ့မျက်လုံးများ ဝါးလာသည်။ သူ့နားတွေ ဆူနေသည်။ သို့သော် မနင်းမြို့၏ အသံကို ကြားနေရသည်။

သူက အဘယ်မျှ ငေးငိုင်နေမိသည် မသိ။ ခင်ခင်လေးက သူ့ကို လှုပ်၍ ခေါ်နေမှ အိပ်ရာမှ လန့်နိုးသူကဲ့သို့ ရှိသည်။

"မောင်ကြီး ဘာဖြစ်သွားတာလဲ"
"ခေါင်းနည်းနည်း မူးနေလို့ပါ"
"ဟင် ဟုတ်လား၊ ခေါင်းမူးရင် လှဲနေပါလား"
"ပျောက်သွားပါပြီ"

သူက အမျိုးသမီးကို အတန်ကြာ ငေးနေသည်။ ပြီးနောက်…
"ခင်ခင်လေး မောင်ကြီးကို မေတ္တာရှိတာ တကယ်လား"
"တကယ်ပဲပေ၊ ဘယ်နှစ်ခါ ပြောရမလဲနော"

အမျိုးသမီးက လေသံတိုး၍ ပြောလိုက်သည်။ ထို့နောက် ဆက်၍…
"မောင်ကြီးကကော ခင်ခင်လေးကို မေတ္တာမရှိဘူးလား"

သူက အဖြေမပေး။ သူ ငေးငိုင်နေသည်ကို မြင်သောအခါ အမျိုးသမီးသည် ချက်ချင်းပင် မျက်နှာ ညှိုးငယ်သွားသည်။ ထိုအခါ သူက လျင်မြန်စွာ ပြောလိုက်သည်။

"ခင်ခင်လေးကို မေတ္တာမရှိတာ မဟုတ်ပါဘူး"
"ဒါဖြင့် ရှိတယ်ပေါ့"

အမျိုးသမီးက မျှော်လင့်တကြီး မေးလိုက်သည်။

"မောင်ကြီးမှာ ခင်ခင်လေးအရင် ချစ်သူ ရှိခဲ့ပြီ"

သူက ခပ်လေးလေး ပြောလိုက်သည်။ သူက ဤစကားကို ပြောထားမှ သင့်မည်ဟု ယူဆပြီး အားတင်း၍ ပြောလိုက်ခြင်း ဖြစ်သည်။

"သူ အခု ဘယ်မှာလဲ"
"ရှိတယ်"
"ဘယ်မှာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"တောင်လေးလုံးမှာ။ ဇန်းမောက်နယ်ပ"

ခင်ခင်လေးက ငေးနေသည်။

"လက်ထပ်ပြီးပလား"
"စေ့စပ်ထားတယ်"
"သူက မောင်ကြီးကို စောင့်နေမလား"

မောင်ရွှေဝါက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် မောင်ကြီး ဘယ့်နယ်လုပ်မလဲ"
"မောင်ကြီး သူ့ကို လက်ဖျားနဲ့မှ မတို့ခဲ့ဘူး"

ခင်ခင်လေးက သူ့ကို ငေးနေသည်။

"ခင်ခင်လေးကို မောင်ကြီး မှားယွင်းခဲ့ပြီ"

အမျိုးသမီးသည် မောင်ရွှေဝါအတွက် စိတ်မကောင်း ဖြစ်နေဟန် ရှိသည်။

"ခင်ခင်လေးကို မောင်ကြီး လက်ထပ်ယူခဲ့ပြီ"
"ဒီတော့ မောင်ကြီး ဘယ့်နယ် လုပ်မလဲ"
"ပြီးနေပြီပဲ။ မောင်ကြီးဟာ ခင်ခင်လေးနဲ့ တစ်သက်လုံး နေမှာပ။ ဘဝအကြောင်းက ဒီလိုပဲ ဖြစ်လာတယ်ကော"
"သူ့အတွက် ခင်ခင်လေး စိတ်မကောင်းပါဘူး"
"ဘယ်တတ်နိုင်မလဲကော"
"ခင်ခင်လေးရဲ့ အပြစ်ပါ"
"မဟုတ်ဘူးကော။ ကျုပ်မှားတာ။ ကျုပ်အပြစ်"
"ခင်ခင်လေးက မောင်ကြီးကို မေတ္တာရှိတာ အမှန်ပါပဲ"

သူက ခေါင်းကို ဖြည်းညင်းစွာ ညိတ်နေသည်။

သည်အမျိုးသမီးကို သူက သံယောဇဉ် ငြိတွယ်ရချေပြီ။

မနှင်းမြူကိုလည်း သူ မမေ့နိုင်။

## အခန်း -၄၇-

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဘိုမှဆင်းလာသော အင်္ဂလိပ်တပ်များ ဟန်လင်းကြီးတစ်ဝိုက်တွင် မွှေနှောက်နေသဖြင့် တစ်ပတ်ကြာ သွားရောက်တိုက်ခိုက်ပြီးနောက် မင်းဝံတောင်ရိုးရှိ ဌာနချုပ်စခန်းသို့ ပြန်ရောက်လာသောအခါတွင် မောင်ရွှေဝါသည် သူ့အား စောင့်ကြိုနေသော ခင်ခင်လေးကို တွေ့ရှိရသည်။

သူတို့တပ်များ ပြန်လည်ရောက်ရှိလာကြောင်း ပေတောကုန်းကင်းမှ တစ်ဆင့် ကြိုတင်အကြောင်းကြားပြီးမှ လာကြခြင်းဖြစ်၍ ဗိုလ်ရိုင်းနှင့်တကွ ရဲဘော်ရဲဘက်များအားလုံးသည် စခန်းဝမှ ထွက်၍ ကြိုနေကြသည်။

မိုးတဖြောက်ဖြောက် ရွာနေသည်။ ခုနစ်ရက်လုံးလုံး မိုးကြီးထားသဖြင့် ရာသီဥတုသည် ကြောက်မက်ဖွယ်ရာ အေးမြနေသည်။ မြေပြင်သည် စွတ်စိုလျက် ရှိသည်။ ရွှေဘိုနယ်တွင် ဤတစ်ကြိမ်လောက် မိုးကြီးပြီး၊ ဤမျှလောက် အအေးဓာတ်လွန်ကဲခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးဘူးပါဟု သက်ကြီးရွယ်ကြီးများက ပြောကြသည်။ မိုးရေရွှဲ့ညွှန်ထဲတွင် အိပ်စက်နားနေရခြင်း မရှိ။ အချိန်ပြည့် ပုန်းအောင်းတိုက်ခိုက်ခဲ့ရသော တပ်သားများသည် ခြေဖျားလက်ဖျားများ ပဲကြီးရေစိမ် ဖြစ်နေသည်။ မိုးတစိမ့်စိမ့်တွင် ချီတက်လာကြရသဖြင့် ခိုက်ခိုက်တုန်နေသည်။

သို့သော် စခန်းမှ မင်းကြီး ဗိုလ်ရိုင်းနှင့်တကွ ရဲဘော်ရဲဘက်များက တစ်ခဲနက် ကြိုဆိုသည်ကို တွေ့ကြရသောအခါ သူတို့ကိုယ်များသည် ချက်ချင်းပင် ပူနွေးသွားကြသည်။ သူတို့သည် စခန်းပြန်လည်း မျက်နှာပန်းလှပေသည်။ မိုးကြီးသဖြင့် တောင်ကျချောင်းများ၊ ရွှံ့ညွှန်များအတွင်း အင်္ဂလိပ်တပ်များ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ရှိနေချိန်တွင် သူတို့က စီးနင်းတိုက်ခိုက်သဖြင့် လက်နက်ခဲယမ်း အများအပြား ရရှိလာကြသည်။ အမြောက်တစ်လက်ကိုပင် ဆွဲယူလာကြသည်။

ဗိုလ်ရိုင်းသည် မောင်ရွှေဝါကို ပွေ့ဖက်နှုတ်ဆက်ပြီးနောက် သူ့နောက်တွင် ရှိနေသော ခင်ခင်လေးကို ရှေ့တက်စေသည်။ မောင်ရွှေဝါသည် ခင်ခင်လေးကို ရုတ်တရက် မြင်လိုက်ရသောအခါ အံ့အားသင့်မိသည်နှင့်အမျှ အားတက်ခြင်းလည်း ဖြစ်မိလေသည်။ တစ်ပြိုင်တည်းမှာပင် အမျိုးသမီးသည် မိုးရေထဲ၌ တသိမ့်သိမ့်၊ တဆတ်ဆတ် တုန်နေသည်ကို မြင်ရသောအခါ မောင်ရွှေဝါသည် စိတ်မကောင်းရှိသွားသည်။ ခင်ခင်လေးသည် ယခုအခါ ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်သည်။ ဤမျှ ဆိုးဝါးသော ရာသီဥတုတွင် ဤမျှကြမ်းတမ်းသော ခရီးကို လာသင့်သည် မဟုတ်ချေ။

"ခင်ခင်လေး ဘာပြုလို့ လာရတာလဲ။ ခရီးကလည်း ကြမ်း၊ ဥတုကလည်း ဆိုးသကော"

"ကိစ္စရှိလို့ လာရတာပ မောင်ကြီးရယ်။ ဒါလောက်တော့ ခင်ခင်လေး ခံနိုင်ရည် ရှိပါတယ်"

"ကဲ ကဲ လာကြ၊ ကျုပ်တဲကို ရောက်မှ စကားပြောကြရအောင်၊ ဒီမှာ မိုးကျတယ်"

ဗိုလ်ရိုင်းက ပြောလိုက်သည်။ မောင်ရွှေဝါက သူ့လက်ထောက်ဗိုလ်ကို အနည်းငယ် မှာကြားပြီးနောက် ခင်ခင်လေးကို လက်ဆွဲကာ ဗိုလ်ရိုင်းနောက်မှ လိုက်ပါသွားသည်။

မောင်ရွှေဝါသည် တိုက်ပွဲအကြောင်း၊ ရမိသော လက်နက်အကြောင်း၊ ရန်သူနှင့် မိမိတို့ဘက်မှ အကျအဆုံးနှင့် နယ်မြေအခြေအနေများကို အသေးစိတ် အစီရင်ခံလေသည်။ ဗိုလ်ရိုင်းက လက်ဝါးနှစ်ဖက်ကို ကြိတ်ပွတ်ရင်း နားထောင်နေသည်။ မရှင်းလင်းသည်များကို မေးသည်။

စိတ်မကောင်းသည့်အခါ စုတ်သပ်၍၊ ဒေါသအမျက်ထွက်သည့်အခါတွင် တက်ခေါက်သည်။ သို့သော် သူသည် မောင်ရွှေဝါ၏ အောင်မြင်မှုကို ကျေနပ်အားရပုံ ရှိသည်။

"အိမ်း၊ ဒီတစ်ပွဲတော့ တို့ဘက်က အောင်ပန်းလှလှ ရတာပဲကွယ့်။ ဗိုလ်ရွှေဝါနဲ့ ကျုပ်တို့လူများလည်း သူရဲကောင်း ပီသကြပါတယ်။ သာပေမယ့် အောင်ပွဲမှာ မေ့မူးနေကြလို့ မဖြစ်သေးဘူး။ ဒင်းတို့ဟာ နောက်တစ်ဆတိုးပြီး နောက်တစ်ကြိမ် ရမ်းကြလိမ့်ဦးမယ်။ ဒီဘက်မှာလည်း တစ်မျိုး အကောက်ကြံလာပြန်ပြီကွယ့်။ အေးလေ ဒီအကြောင်းတွေကို နောက်မှ ဆွေးနွေးတိုင်ပင် ကြသေးတာပေါ့။ အခုတော့ ဗိုလ်ရွှေဝါ အနားယူပါဦး။ ခင်ခင်လေးကလည်း ပြောစရာတွေ အများကြီး ရှိလေရဲ့တဲ့"

ခင်ခင်လေးနှင့် မောင်ရွှေဝါသည် မင်းကြီး ဗိုလ်ရိုင်းကို နှုတ်ဆက်ပြီးနောက် အလံတိုင်တဲမှ ထွက်ခဲ့ကြသည်။ မောင်ရွှေဝါ၏ တဲသည် စခန်း၏ အရှေ့ဘက်အစွန်တွင် ဖြစ်သည်။ တောင်ခြေကို ကပ်လျက် ရှိသည်။

တဲသို့ ရောက်သည်နှင့် မောင်ရွှေဝါသည် ခင်ခင်လေးကို ကြမ်းခင်းပေါ်တွင် ထိုင်စေပြီး…

"ကဲ ပြောစမ်းပါဦးကော။ ဘာတွေများ အရေးထူးလို့လဲ"

"ဖြည်းဖြည်းပေါ့ မောင်ကြီးရယ်၊ အေးအေးဆေးဆေး နားပါဦး။ ခင်ခင်လေးက အခုချက်ချင်း ပြန်မပြေးပါဘူး"

မောင်ရွှေဝါက တဲအတွင်းသို့ ဟိုသည် ကြည့်သည်။ မီးဖိုတွင် မီးရှိန်ရှိသည်ကို တွေ့ရသည်။ ခင်ခင်လေး၏ ပစ္စည်းများကို မြင်ရသည်။

"ညက ခင်ခင်လေး ဒီမှာ အိပ်သလား"

အမျိုးသမီးက ခေါင်းညိတ်သည်။

"ဘယ်တုန်းက ရောက်သလဲ"

"မနေ့ နေ့လည်က"

"ဘာကိစ္စများ အရေးကြီးလို့လဲ"

"အရေးကြီးလှတယ်လည်း မဟုတ်ပါဘူး။ ဒါပေမယ့် မောင်ကြီးကို ပြောရမယ့် ကိစ္စမို့ လာခဲ့တာပါ"

"ကောင်းသလား၊ ဆိုးသလားကော"

"ကောင်းတယ် ဆိုးတယ်လည်း မဟုတ်ပါဘူး မောင်ကြီးရယ်။ တစ်နေ့က ခင်ခင်လေးဆီကို တိမ်ပြာ ရောက်လာတယ်"

"ဟုတ်လား၊ သူက ဘယ်က ရောက်လာသလဲ။ ခင်ခင်လေးနေရာကို သူ ဘယ်လို သိသလဲ"

မောင်ရွှေဝါက သိချင်ဇောအားကြီးနှင့် မေးသည်။

"ဒီလိုလုပ် မောင်ကြီး၊ မောင်ကြီးလည်း ဆာရော့မယ်။ ခင်ခင်လေးလည်း မစားရသေးဘူး။ ဒီတော့ ထမင်းစားရင်း ပြောကြတာပေါ့။ ထမင်းမစားခင် အဝတ်တွေ လဲလိုက်ကြဦးစို့။ မောင်ကြီးလည်း အဝတ်တွေ စိုနေတာပဲ"

ခင်ခင်လေးက အဝတ်စိုများကို ဝါးလုံးတန်းတွင် လွှားထားပြီးနောက် မီးဖိုတွင် ထင်းထည့်နေသည်။ မိုးရိပ်မှောင်နေသော တဲသည် လင်းလာသည်။

မောင်ရွှေဝါသည် လွန်ခဲ့သည့် ခုနစ်လကျော်က ညကို အမှတ်ရနေသည်။ ခင်ခင်လေးသည် ယခုအခါ ကျေးတောသူနှင့် အတော်တူလာပြီ ဖြစ်သည်။ သူမ၏ အသားများ ညိုနေသည်။ အလုပ်လုပ်ရသဖြင့် လက်ဖဝါးများ ကြမ်းစပြုနေသည်။ ဖိနပ်မပါဘဲ သွားလာသည့်အကျင့်ရှိနေ၍ ခြေတွင် အသားမာများ ရှိနေသည်။ ခင်ခင်လေးသည် မီးတက်လာသည်နှင့် ဖိုခနောက်တွင် မြေအိုးတစ်အိုးကို တင်သည်။

"ထမင်းတွေ ဟင်းတွေ ခင်ခင်လေး ချက်ထားတယ် ထင်တယ်ကော"

မောင်ရွှေဝါက မီးဖိုအနီးတွင် ထိုင်ရင်း မေးသည်။

"မောင်ကြီးတို့ ရောက်လာတော့မယ်ဆိုတာ သိသိချင်း ကမန်းကတန်း ချက်ရတာပဲ"

မကြာမီ ထမင်းပွဲ အသင့် ဖြစ်သည်။

"ဟင်းအမည် မများပေမယ့် မောင်ကြီးအကြိုက်တွေ ချက်ထားတာပဲ။ မောင်ကြီးက ဟင်းရည်သောက်နဲ့ ဟင်းသီးဟင်းရွက်သုပ် ကြိုက်တတ်တယ် မဟုတ်လား။ မျှစ်ကို ဟင်းချို ချက်ထားတယ်။ ပူပူလေး သောက်လိုက်။ ဒါမှ နွေးသွားမယ်။ ဒါကတော့ မှိုချက်တာ မဟုတ်ဘူး။ မှိုအုံးနက်တွေ။ ကောင်းလိုက်တာ မောင်ကြီးရယ်၊ ရွှေထီး၊ ငွေထီး ကျနေတာပဲ။ ခင်ခင်လေးလည်း အပွင့်ကောင်းကောင်းတွေရွေးပြီး ငှက်ပျော်ဖက်နဲ့ မီးအုံးပြီး အစပ်တည့်တည့် သုပ်ထားတယ်။ ဒါကတော့ ကျွန်းကလေးငရုတ်ကို မီးကင်ပြီး ဓားပြားရိုက်ထားတာ မောင်ကြီးရဲ့"
"ရွှေဘိုမှ ထမင်းစားရတာ သတိမရဘူးလားကော"
"ရတာပ"

နှစ်ယောက်သား ရယ်ရယ်မောမော စားကြသည်။ ခင်ခင်လေးသည် တို့ကာပင့်ကာသာ စားပြီး မောင်ရွှေဝါ ပလုတ်ပလောင်းစားသည်ကို ပီတိဖြစ်စွာ ကြည့်နေသည်။ မောင်ရွှေဝါစားသည်မှာ တစ်စလယ်ချက် ပြောင်သွားသည်။ ထမင်းပွဲသိမ်းပြီးမှ ခင်ခင်လေးက တိမ်ပြာအကြောင်းကို ဆက်သည်။

"ဝေး ဟုတ်လား၊ သူ အခု ဘယ်မှာလဲ"
"ထမင်းရုံမှာ၊ မင်းကြီးက ရွာသစ်ကလေးက မိန်းမတွေနဲ့ အတူထားတယ်"
"သူနဲ့ ခင်ခင်လေး ဘယ်လို ကွဲသွားကြတာလဲ။ ခင်ခင်လေးက သူ့ကို မီးသွေးတိုက် ကူးတို့မှာ လိုက်ရှာတာ မတွေ့တော့ဘူးဆို"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်တွေတော့မလဲ မောင်ကြီးရဲ့။ သူက ဘကြီးရဲ့ အိမ်တော်အမှုထမ်းတွေနဲ့ တွေ့ပြီး ပထမကူးတို့မှာ ပါသွားတာကိုး"

"တော်သေးတာပ။ မြို့ဝန်ရဲ့ လူတွေနဲ့ ခင်ခင်လေး တွေ့ရင်လည်း ပါသွားမှာပဲ"

"ခင်ခင်လေးက သူတို့ကို မြင်လို့ လက်ခုပ်ပင်ကြီးမှာ ကွယ်နေရတာ"

"ဒါဖြင့် အခု တိမ်ပြာ ဘယ်ကလာသလဲ။ ရွှေဘိုက လာတာလား။ မြို့ဝန်မင်းတို့ကော သိသွားပလား"

မောင်ရွှေဝါ လဲလျောင်းနေရာမှ ထထိုင်ရင်း မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေးလိုက်သည်။ ခင်ခင်လေးက သူ့အဖြစ်ကို ကြည့်၍ ပြုံးနေသည်။ ထို့နောက် လေအေးဖြင့် ပြောသည်။

"ရွှေဘိုကလာတာ မဟုတ်ပါဘူး။ မန္တလေးက လာတာပါ။ ဘကြီးက မန္တလေးမှာ နေတာပဲ။ ခင်ခင်လေးက ရှိမ်းမကားမှာ ရှိတယ်ဆိုတာလည်း တိမ်ပြာသိတာ မဟုတ်ပါဘူး။ ဘကြီးက သိတာ"

"ခင်ခင်လေးက ရှိမ်းမကားမှာ ရှိတာကို မြို့ဝန်မင်း သိတယ် ဟုတ်လား"

"သိတာပေါ့ မောင်ရယ်။ ရှိမ်းမကားက ဇနပုဒ်မှ မဟုတ်ဘဲ။ မန္တလေးနဲ့ အကူးအသန်း ပြုနေကြတာပဲ"

"မြို့ဝန်မင်းက တိမ်ပြာကို ခင်ခင်လေးဆီ သွားခွင့်ပေးသတဲ့လား"

"သွားခွင့်ပေးတာ မဟုတ်ပါဘူး။ တမင် လွှတ်လိုက်တာ"

"ဘာပြောတယ်"

"ခင်ခင်လေးဆီကို"

"သေသေချာချာပြောရရင် မောင်ကြီးဆီကို တမင်လွှတ်လိုက်တာ"

"ဘာပြောတယ်"

မောင်ရွှေဝါက ခင်ခင်လေး၏ ပခုံးနှစ်ဖက်ကို ဆွဲလှုပ်ရင်း မေးသည်။

"သေပါတော့မယ် မောင်ကြီးရဲ့"

သည်တော့မှ မောင်ရွှေဝါက ခင်ခင်လေးကို လွှတ်လိုက်သည်။

"ကျုပ်ဆီကို ဘာလုပ်ဖို့ လွှတ်လိုက်တာလဲ"

"မောင်ကြီးက သိပ်ပြီး ဒေါသကြီးတာပဲ။ ခေါင်းအေးအေး ထားမှပေါ့။ နောက်တော့ မောင်ကြီး လုပ်ချင်တာ လုပ်ပေါ့"

"ပြောစမ်းပါ"

"ဒီလို မောင်ကြီးရဲ့။ ဘကြီးက ခင်ခင်လေးကို သိပ်ချစ်တယ်။ သမီးအရင်းလို ချစ်တယ်တဲ့။ အခုလို ဒုက္ခရောက်နေတာကို မကြည့်ရက်ဘူးတဲ့။ နောက်ပြီးတော့ မောင်ကြီးကိုလည်း သူ့သားအရင်းလိုပဲ အောက်မေ့တယ်တဲ့။ မောင်ကြီးဟာ အင်မတန် သူရသတ္တိနဲ့ ပြည့်စုံတယ်တဲ့။ အဘိုးရဲ့သွေး ပါတယ်တဲ့။ မောင်ကြီးဟာ ဘုရင့်အမှုတော်ကို ထမ်းရွက်ရရင် အထွတ်အထိပ်ကို ရောက်နိုင်တယ်တဲ့။ အင်္ဂလိပ် အစိုးရမင်းများကလည်း မောင်ကြီးတို့လို သူရဲကောင်းတွေကို အလိုရှိနေတယ်တဲ့"

"တော် တော် ကျုပ်ကို အညှော်ခံခိုင်းနေတာ မဟုတ်လား။ ကျုပ် ဘယ်တော့မှ အညှော်မခံဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ကျုပ်ကို မန္တလေးခေါ်ရအောင် အမိက မိုးထဲလေထဲမှာ ကြိုးစားပမ်းစား လာခဲ့ရတာပေါ့"

"အို၊ မောင်ကြီး ခင်ခင်လေးကို ဒီလိုတော့ မပြောပါနဲ့။ ခင်ခင်လေးဟာ ဘယ်တော့မှ ရန်သူရှေ့မှာ ဒူးမထောက်ဘူးဆိုတာ မောင်ကြီး အသိပဲ"

"ဒါဖြင့် ဘာပြုလို့ ဒီကို လိုက်လာသလဲ။ တိမ်ပြာကို ခေါ်လာသလဲ။ ကျုပ်တို့ဟာ သစ္စာဖောက်တွေနဲ့ ဘယ်တော့မှ မဆက်စပ်ဘူးဆိုတာ သိတယ် မဟုတ်လား"

"သိတယ်လေ မောင်ကြီး။ ဒါပေမယ့် သစ္စာဖောက်တွေနဲ့ ရန်သူတွေက ဘယ်လို ကြံစည်နေတယ်ဆိုတာကို ခင်ခင်လေးတို့ သိထားတော့ မကောင်းဘူးလား။ မောင်ကြီး သိထားရအောင် ခင်ခင်လေးက လာပြောတာ"

မောင်ရွှေဝါသည် ဒေါသအနည်းငယ် ပြေသွားပုံရသည်။

"ဒါဖြင့်လည်း ခင်ခင်လေး တစ်ယောက်တည်း လာပေါ့။ တိမ်ပြာကို ဘာပြုလို့ ခေါ်လာသလဲ။ မောင်ကြီးတို့ စခန်းက လျှို့ဝှက်ထားရမယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမယ့် ရန်သူ့အကြောင်း၊ သစ္စာဖောက်တွေ အကြောင်း၊ မန္တလေး အကြောင်းတွေကို မေးချင်မေးရအောင် သူ့ကို ခေါ်လာတာပါ။ တိမ်ပြာက ခင်ခင်လေးတို့အပေါ် သစ္စာဖောက်မယ့်လူ မဟုတ်ပါဘူး။ အစုတောင် ခင်ခင်လေးနဲ့ပဲ အတူနေတော့မယ်လို့ ပြောနေတယ်"

"ဒီအကြောင်းတွေ မင်းကြီး သိပလား"

"ဟုတ်ကဲ့"

"ဘာပြောသလဲ"

"သစ္စာဖောက်တွေကို မျိုးဖြုတ်ပစ်မယ်တဲ့"

"ဟုတ်တယ်၊ မင်းကြီးက သစ္စာဖောက်တွေကို သိပ်မုန်းတယ်"

"တိမ်ပြာကိုကော တွေ့ပြီးပလား"

"ဟုတ်ကဲ့"

"သူ မေးပြီးရင် ပြီးတာပဲ"

"မောင်ကြီးကော မတွေ့တော့ဘူးလား"

"နောက်တော့ တွေ့တာပေါ့။ ခင်ခင်လေးရဲ့ ဘကြီးကို ပြောလိုက်။ သစ္စာဖောက်တွေနဲ့ ဘယ်တော့မှ အဆက်အဆံ မလုပ်ချင်ဘူးလို့"

"တိမ်ပြာကို ပြောမှပေါ့"

မောင်ရွှေဝါသည် ပြန်၍ လဲလျောင်းသွားပြီး နဖူးပေါ် လက်တင်ကာ အတန်ကြာ စဉ်းစားနေသည်။

"ခင်ခင်လေး လိုက်ချင် လိုက်သွားလေ"

"ဘယ်ကိုလဲ"

"မန္တလေးကိုပေါ့"

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီလို မပြောပါနဲ့ မောင်ကြီးရယ်။ ဒီလို အပြောခံရတာ ခင်ခင်လေး သိပ်နာတယ်။ ခင်ခင်လေးကို ပါးရိုက်တာ ခံနိုင်သေးတယ်။ နောက်ကို ခင်ခင်လေးကို သနားရင် ဒီလို မပြောပါနဲ့။ မောင်ကြီး မှတ်ထားပါ။ ခင်ခင်လေးဟာ ဘယ်တော့မှ ဒီအင်္ဂလိပ်တွေဆီမှာ ဒူးမထောက်ဘူး။ သစ္စာဖောက်တွေနဲ့ ဘယ်တော့မှ မပေါင်းဘူး။ မောင်ကြီးနဲ့ ဘယ်တော့မှ ခွဲမသွားဘူး။ အခု ရှိမ်းမကားမှာတောင် မနေချင်ဘူး။ မောင်ကြီးနဲ့အတူ တောထဲမှာ သေအတူ ရှင်မကွာ နေချင်တယ် သိလား"

မောင်ရွှေဝါက ငြိမ်၍ နားထောင်နေသည်။ ခင်ခင်လေးပြောသည်ကို နားဝင်ပုံရှိသည်။ အတန်ကြာလတ်သောအခါ သူက ခင်ခင်လေးဘက်သို့ ဖြည်းညင်းစွာ လှည့်၍...

"ဟုတ်တယ်၊ ရှိမ်းမကားမှာ ခင်ခင်လေး နေလို့ ဖြစ်ပါတော့မလား"

"မောင်ကြီးတို့နဲ့ လာနေမယ်လေ၊ အို ကြာပါတယ်၊ အခု တစ်ခါတည်း မပြန်တော့ဘူး"

"မဖြစ်သေးဘူး ခင်ခင်လေး၊ မောင်ကြီးတို့က စခန်းတစ်ခုတည်း အမြဲနေရတာ မဟုတ်ဘူး။ ပြီးတော့ တိုက်ပွဲကလည်း ဆက်နေတယ်။ ခင်ခင်လေးက မပေ့ါမပါးနဲ့ မဟုတ်လား။ ဒါမှမဟုတ် မူဆယ်က ရွာတစ်ရွာကို ပြောင်းနေရင် ဘယ့်နှယ်နေမလဲ"

"ခင်ခင်လေးအတွက် ကိစ္စမရှိဘူး။ မောင်ကြီးတို့နဲ့ အတူမနေရရင် ရှိမ်းမကားမှာပဲ နေပ့ါမယ်"

"ခင်ခင်လေးအတွက် စိုးရိမ်လို့ပါ"

"ခင်ခင်လေးအတွက် ဘာမှ စိုးရိမ်စရာမရှိဘူး။ ခင်ခင်လေးကို သူတို့ ဘာလုပ်နိုင်မှာမို့လဲ။ တစ်ခုပဲ ရှိတယ်။ အသွားအလာတော့ ဆင်ခြင်ကြရမယ်။ မောင်ကြီးလည်း အရင်ကလို ခဏခဏလာလို့ မဖြစ်တော့ဘူး။ မြို့ထဲမှာလည်း သူတို့သူလျှိုတွေ အများကြီး ဖြစ်နေပြီ။ ပွဲစား ကုန်သည်တွေက အင်္ဂလိပ်တပ်တွေနဲ့ သိပ်ပြီးတော့မှ ပလူးနေတယ်"

"ဟုတ်တယ် မောင်ကြီးတို့ သိပါတယ်။ ဒါပေမယ့် ဘာမှ မကြောက်ပါနဲ့။ ဒီသစ္စာဖောက်တွေကို မောင်ကြီးတို့ ဆုံးမပ့ါမယ်။ ကိုယ့်အမျိုးကို သစ္စာဖောက်ပြီး ရန်သူကို သူခိုး ဓားရိုးကမ်းလုပ်နေတဲ့ လူတွေကို ပြတ်ပြတ်သားသားလုပ်ဖို့ မောင်ကြီးတို့ ပိုင်းဖြတ်ထားတယ်။ မောင်ကြီးတို့ဟာ သစ္စာဖောက်တွေကို မနှိမ်နင်းနိုင်ဘဲနဲ့ ရန်သူကို ဘယ်တော့မှ မနိုင်နိုင်ဘူး။ သစ္စာဖောက်တွေ မရှိရင်၊ ရန်သူဟာ လက်နက် ဘယ်လောက်ကောင်းကောင်း၊ တပ်အင်အား ဘယ်လောက်များများ၊ မောင်ကြီးတို့ကို နိုင်အောင် မတိုက်နိုင်ဘူး။ သူတို့က လမ်းမသိဘူး။ တောမကျွမ်းဘူး။ ရိက္ခာမရှိဘူး။ အေး သစ္စာဖောက်တွေက ရန်သူကို လမ်းပြနေရင်၊ သတင်းပေးနေရင်၊ ရိက္ခာထောက်ပံ့နေရင်၊ အကူအညီပေးနေရင်တော့ ကျုပ်တို့ဟာ တိုက်ရင်း ရှုံးမှာပဲ။ ဒါကြောင့် ကျုပ်တို့ဟာ သစ္စာဖောက်တွေကို အရင်ရှင်းရမယ်"

## အခန်း -၄၈-

တကယ်လည်း တကယ်ပင် ဖြစ်သည်။ မောင်ရွှေဝါတို့သည် ယခုရက်များအတွင်း အမျိုးသား သစ္စာဖောက်များနှင့် အပြတ်အသတ် စာရင်းရှင်းနေရသည်။ ရှိမ်းမကားမြို့သည် ကုန်သွယ်ရေးမြို့တစ်မြို့ ဖြစ်သည်။ ရွှေဘိုခရိုင်၏ ဆိပ်ကမ်းမြို့ ဖြစ်သည်။ ဤနယ်တစ်ကြောမှ ထွက်သော ဆန်နှင့် ဆားကို ဤမြို့မှတစ်ဆင့် တင်ပို့သည်။ အိမ်ခြေ တစ်ထောင်ကျော်ရှိရာတွင် အများစုသည် ကုန်သည်ပွဲစားနှင့် ကုန်သွယ်မှု အလုပ်သမားများ ဖြစ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရှိမ်းမကားမြို့ရှိ ကုန်သည်ပွဲစားများသည် စောစောပိုင်းကဆိုလျှင် ဗိုလ်ရိုင်းတို့အား ငွေကြေးနှင့် ရိက္ခာများ ရှောရှောရှူရှူ ထောက်ပံ့ခဲ့ကြသည်။ မြို့တွင်းမှ သတင်းများကို ပေးပို့ခဲ့ကြသည်။ သို့ရာတွင် နောက်ပိုင်း၌ အချိုးတစ်မျိုး ဖြစ်လာကြသည်။ အင်္ဂလိပ်တပ်များ တစ်စထက်တစ်စ များပြားလာသည်ကို မြင်ရသောအခါ အင်္ဂလိပ်ကို အထင်ကြီးလာကြသည်။ အင်္ဂလိပ်တပ်များကို အားကိုး၍ ဗိုလ်ရိုင်းတို့ကို အာခံလာသည်။ ငွေကြေးနှင့် ရိက္ခာထောက်ပံ့မှုကို မှန်မှန်မပြုဘဲ ရှိလာသည်။ ထိုမျှသာမက ဗိုလ်ရိုင်းတို့တပ်များ၊ လူများသတင်းကို အင်္ဂလိပ်ထံ ပေးပို့သည်။ အင်္ဂလိပ်တပ်များကို ရိက္ခာပေးသွင်း၍ အကျိုးရှိလာသည်နှင့်အမျှ ဗိုလ်ရိုင်းတို့ကို အနှောက်အယှက် ပြုလာကြသည်။ ဗိုလ်ရိုင်းတို့ထံတွင် ရှိနေသော သူတို့နှင့် မကင်းရာမကင်းကြောင်း လူများကို ချော့၍တစ်မျိုး ခြောက်၍တစ်မျိုး ခေါ်ယူကြသည်။

သို့ဖြင့် ဗိုလ်ရိုင်းသည် သစ္စာဖောက်များနှင့် ပတ်သက်၍ အမိန့် တင်းတင်းကြပ်ကြပ် ထုတ်ပြန်ရတော့သည်။ ပြတ်ပြတ်သားသား လုပ်ဆောင်ရတော့သည်။

မည်သူမျှ အင်္ဂလိပ်တပ်များတွင် အမှုမထမ်းရ။ စကားပြန်မလုပ်ရ။ လမ်းမပြရ။ ရိက္ခာ မပေးသွင်းရ။ အခြား မည်သည့်နည်းနှင့်မျှလည်း အကူအညီ မပေးရဟု ဖြစ်သည်။ ယင်းအမိန့်ကို ဆန့်ကျင်လျှင် သေဒဏ်ပင် ဖြစ်သည်။

ဗိုလ်ရိုင်းသည် ပြောလျှင် ပြောသလို လုပ်တတ်မှန်းသိ၍ အချို့ နောက်တွန့်သွားသည်။ တချို့က အင်္ဂလိပ်တပ်များကို အထင်ကြီးသဖြင့် ဗိုလ်ရိုင်း၏ သတိပေးချက်ကို မလိုက်နာဘဲ ရှိသည်။

သို့ဖြင့် ဗိုလ်ရိုင်းသည် ရန်သူ့ထံ ပြေးဝင်သော မိမိလူနှစ်ယောက်ကို ခေါင်းဖြတ်ခဲ့သည်။ မြို့တွင်းသို့ ဝင်ရောက်သော မိမိလူတစ်ယောက်ကို အင်္ဂလိပ်တပ်များ ဖမ်းမိစေရန် သတင်းပေးသော ပွဲစားတစ်ဦးအား နေ့ခင်းကြောင်တောင် အိမ်ပေါ်တက်၍ ဓားနှင့် ခုတ်သတ်စေခဲ့သည်။ အင်္ဂလိပ်တပ်များကို မိမိတို့စခန်းရှိရာ လမ်းပြသော ရွာသူကြီးတစ်ယောက်ကို ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်စေခဲ့သည်။ စကားပြန်တစ်ဦးကို အရှင်လတ်လတ် လျှာဖြတ်ခဲ့သည်။

ဗိုလ်ရိုင်းက ပြောသည့်အတိုင်း ကြမ်းလာသောအခါ တစ်နယ်လုံး ဖိန့်ဖိန့်တုန်နေသည်။ အင်္ဂလိပ်နှင့် မပူးပေါင်းရဲဘဲ ရှိသည်။ ကျေးရွာအများသည် အင်္ဂလိပ်တပ်များ တက်လာသည်ဆိုလျှင် တစ်ယောက်မကျန် တောသို့ဝင်၍ ပုန်းအောင်းနေသည်။ အင်္ဂလိပ်တပ်များ မေးစမ်းရမည့်သူ မရှိဘဲ တဝဲလည်လည် ရှိနေစဉ်တွင် ဗိုလ်ရိုင်းတို့ ရုတ်တရက်တိုက်ခိုက်ခြင်းကို ခံကြရသည်။ ဤအခါ နယ်ချဲ့တပ်များကလည်း ကြမ်းလာသည်။ လူသူမဲ့သော ရွာများကို မီးနှင့်တိုက်သည်။ ကျွဲနွားများကို သတ်ဖြတ်ယူငင်သည်။ ရွာသူရွာသားတစ်ယောက်ကို မိလျှင် ဓားပြဆိုပြီး သတ်ပစ်သည်။

နယ်ချဲ့နှင့် နယ်ချဲ့ဆန့်ကျင်ရေးသမားတို့၏ တိုက်ပွဲသည် အပြင်းထန်ဆုံးသော အပိုင်းသို့ ဝင်ရောက်လာတော့သည်။ နယ်သူနယ်သားများသည် တစ်ရွာပျက်လျှင် တစ်ရွာတည်၍ နယ်ချဲ့ကို ခုခံကြသည်။ မည်သူမျှ သစ္စာမဖောက်ရဲဘဲ ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် မြို့တွင်ရှိသော ကုန်သည်ပွဲစားများမှာ အင်္ဂလိပ်စစ်တပ်၏ အကာအကွယ်ကို ရရှိနေသဖြင့် အင်္ဂလိပ်တို့နှင့် ပူးပေါင်းသူက ပူးပေါင်းမြဲပင် ရှိနေသည်။ ထိုမျှသာမက အင်္ဂလိပ်တပ်များနှင့်အတူ လိုက်ပါ၍ နယ်သူနယ်သားများကို မတရားညှင်းပန်းစပင် ပြုလာကြသည်။ မြို့တွင်းသို့ ဝင်ရောက်သူများကို အင်္ဂလိပ်စစ်သားများနှင့် သစ္စာဖောက်များက မြို့တံခါး သုံးပေါက်မှနေ၍ တင်းတင်းကျပ်ကျပ် စစ်ဆေးသည်။ မသင်္ကာသူများကို ဖမ်းဆီးညှဉ်းပန်းသည်။ ဤအခါတွင် ဗိုလ်ရိုင်းက မြို့တွင်းသို့ မည်သူမျှ အဝင်အထွက် မပြုရဟု ပြန်လည် အမိန့်ထုတ်သည်။ မြို့နှင့် နယ်သည် လုံးဝ အဆက်ပြတ်လေတော့သည်။

ဤအတောအတွင်း စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်နှစ်ခုကို ဗိုလ်ရိုင်းတို့က ဆက်တိုက် ကြုံတွေ့ကြရသည်။ သူတို့သည် အမျက်ဒေါသ ပြင်းစွာ ဖြစ်ကြရတော့သည်။ ယင်း အဖြစ်အပျက်များကြောင့်ပင် မောင်ရွှေဝါ၏ ဘဝသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲရတော့သည်။

ယနေ့တွင် မောင်ရွှေဝါသည် ရွာတစ်ရွာသို့ သွားရောက်နေစဉ် ဗိုလ်ရိုင်းက အခေါ်လွှတ်သဖြင့် စခန်းသို့ အမြန် ပြန်ခဲ့သည်။

"လာဟေ့ ဗိုလ်ရွှေဝါ။ တို့တော့ ပွဲကြီးပွဲကောင်း နွှဲရတော့မယ်။ ဒါလောက် စော်ကားမှတော့ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းမှ ဖြစ်တော့မယ်"

ဗိုလ်ရိုင်း၏ တဲအတွင်းဝယ် လက်ထောက်ဗိုလ်များ အစုံအညီ ရှိနေသည်။ ဗိုလ်ရိုင်းသည် အလွန်အမင်း ဒေါသဖြစ်နေပုံ ရှိသည်။

"ဘယ်လိုဖြစ်တာလဲ မင်းကြီး"

"ဖြစ်တာတော့ မပြောနဲ့။ အင်မတန် ခံပြင်းစရာ ကောင်းတယ်။ ကနေ့ မနက်ကပဲ မြို့က ကုန်သည်တွေ ထန်းသုံးပင်ရွာကို လာပြီး ပစ္စည်းတွေ သိမ်းသွားတယ်တဲ့"

"ဘယ်လို သိမ်းတာလဲ"

"သူတို့ ငွေကြေးရှိလို့တဲ့"

"ရွာသားတွေက ဘာမှ မလုပ်ဘူးလား"

"သူတို့မှာ ကုလားတပ် ပါလာတယ်။ ရွာထဲကို သူတို့က အရင်ဝင်ပြီး စစ်တပ်က နောက်က လိုက်လာတာ။ လှည်းတွေ၊ နွားတွေ၊ ဝမ်းစာစပါးတွေ အားလုံးကို ငွေကြေးနဲ့ သိမ်းသွားကြတယ်။ တောက်... ရိုင်းလိုက်တာ။ ငါတို့ရွာတွေကို ကုလားတပ်တွေက ဖျက်ဆီးသွားတယ်။ မီးရှို့သွားတယ်ဆိုရင် ခံနိုင်သေးတယ်။ ရန်သူမို့ လုပ်တာပဲလို့ ပြောနိုင်သေးတယ်။ အခုတော့ ဒင်းတို့က အငွေကြေးနဲ့ သိမ်းတာတဲ့။ ရိုင်းစိုင်းလိုက်ကြတာနော်။ ဒင်းတို့တော့ အနည်ကလေး အကပ်ကလေးတောင်မှ မကျန်အောင် နှိမ်ပစ်မှ ဖြစ်တော့မယ်"

ဗိုလ်ရိုင်းသည် တဲအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်၍ ပြောနေရာမှ ရပ်၍ စဉ်းစားနေသည်။ တစ်စုံတစ်ခုကို အဆုံးအဖြတ်ပေးတော့မည်ဟု အားလုံးကပင် သိကြသည်။ ဗိုလ်ရိုင်းပေးမည့် အမိန့်ကို အားလုံးကပင် စောင့်စားနေကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အားလုံး နားထောင်ကြ။ ဒင်းတို့မြို့မှာ ကုလားတပ်တွေ ချထားတယ်။ ဒင်းတို့မြို့ကို ငါတို့ မတိုက်နိုင်ဘူးဆိုပြီး အခုလို စော်ကားတာပဲ။ ဒါကို ငုံ့ခံနေရင် ဒါထက် ကဲလာလိမ့်မယ်။ ဒါထက် အတင့်ရဲလာလိမ့်မယ်။ ဒင်းတို့ ဒါလောက်တောင် လောဘဇောတိုက်ပြီး ကိုယ့်အမျိုးနဲ့ ကိုယ့်ဘာသာချင်းကို စော်ကားတာ ဒင်းတို့အားလုံး မျိုးပြုတ်အောင် ဒဏ်ခတ်ရမယ်။ ဒင်းတို့မြို့ကို စိစိညက်ညက် ခြေပစ်ရမယ်။ မဆိုင်တဲ့လူတွေ မနာရအောင် သုံးရက်အချိန်ပေး။ အပြစ်မရှိတဲ့သူတွေ မြို့က ထွက်ပေးစေ။ သူတို့ ဆွေမျိုးမိတ်သင်္ဂဟရှိတဲ့ ရွာတွေကို ပို့ပေးကြ။ သုံးရက်စေ့ရင် မြို့ကို စပြီး မီးနဲ့တိုက်ရမယ်။ အားလုံး ကြားကြလား။ ဒီအကြောင်းကို တစ်မြို့လုံး တစ်နယ်လုံး သိအောင် ကြေညာကြ။ ကဲ သွားကြတော့"

ဗိုလ်ရိုင်း၏ ရာဇသံထွက်လာသောအခါ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။ အင်္ဂလိပ်များနှင့် ဆက်စပ်ခြင်းမရှိသော မြို့သူမြို့သား တစ်ဝက်ကျော်သည် မြို့မှ အပြင်း ခွာကြသည်။ ကုန်သည်ပွဲစားများနှင့် သစ္စာဖောက်များကား မြို့မှ မခွာရဲသဖြင့် အင်္ဂလိပ်တပ်သို့ သွားရောက် တိုင်ကြားသည်။ သူတို့ကို အကာအကွယ်ပေးရန် ခယတောင်းပန်ကြသည်။

အင်္ဂလိပ်တပ်ကလည်း သူတို့ကို အနည်းငယ်မျှ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိရန် ပြောသည်။ မြို့တွင် အင်္ဂလိပ်တပ်သား (၃၀၀) ကျော်ရှိသဖြင့် ဗိုလ်ရိုင်းတို့လူစုသည် မြို့ကို စီးနင်းတိုက်ခိုက်ရန် မဆိုထားဘိ၊ မြို့နားသို့ပင် သီရဲမည်မဟုတ်ဟု အင်္ဂလိပ်စစ်ဗိုလ်က ဆိုသည်။ သစ္စာဖောက်များလည်း အင်္ဂလိပ်တပ်၏ အင်အားကို ယုံကြည်သဖြင့် မြို့တွင်းမှာပင် နေကြလေသည်။ နှစ်ဦးသုံးဦးသာလျှင် မန္တလေးသို့ ရှောင်တိမ်းသွားသည်။

မရှိဆင်းရဲသားများကား သယ်ပိုးယူဆောင်ရန် ဥစ္စာပစ္စည်း အထူးအထွေ မရှိရကား အထုပ်အပိုး အနည်းငယ်မျှတို့နှင့်ပင် ဆွေမျိုးမိတ်သင်္ဂဟများရှိရာ ကျေးရွာများသို့ ရှောင်တိမ်းသွားသဖြင့် တစ်မြို့လုံးသည် ခြောက်ကပ်လျက် ရှိသည်။

မြို့တွင် ကျန်ရစ်ခဲ့သော ကုန်သည်ပွဲစားများ၊ သစ္စာဖောက်များနှင့် သူတို့နှင့် မကင်းရာ မကင်းကြောင်းများ၊ ဗိုလ်ရိုင်းတို့ကို အထင်အမြင်သေးသူများ၊ အင်္ဂလိပ်တပ်ကို အားကိုးသူများသည် ခြံတံခါး၊ ဝင်းတံခါးများကို အလုံပိတ်၍ နေကြသည်။

မောင်ရွှေဝါတို့သည် မြို့မှထွက်လာသူများကို ဆီးကြို၍ နေရာချထား ပေးကြသည်။ လိုအပ်သော အကူအညီများကို ပေးကြသည်။ မြို့တွင်းမှ သတင်းများကို မေးမြန်းကြသည်။ အင်္ဂလိပ်တပ်များ၏ အခြေအနေကို စစ်မေးကြသည်။

မြို့မှ ထွက်ခွာလာသူများတွင် ခင်ခင်လေးတို့သည် ရှေ့ဆုံးမှ ဖြစ်ရမည်ဟု မောင်ရွှေဝါ တွက်ဆခဲ့သော်လည်း ပထမနေ့ ကုန်ဆုံးသွားသည်အထိ ခင်ခင်လေးကို မတွေ့ရဘဲ ရှိသည်။ ခင်ခင်လေး၏ ဘထွေးနှင့် ဒေါ်လေးကို မမြင်ရဘဲ ရှိသည်။ ယင်းကြောင့် သူက မြို့မှထွက်လာသူများထံတွင် စုံးရိမ်တကြီး မေးမြန်းရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤတွင် ပို၍ စိုးရိမ်စရာ ဖြစ်ရသည်မှာ ခင်ခင်လေးတို့သည် မောင်ရွှေဝါတို့ ထင်ထားသကဲ့သို့ မြို့မှ အစောဆုံး ထွက်သွားကြသည်ဟု မျက်မြင်များက ဆိုကြသည်။ သို့သော် ခင်ခင်လေးတို့သည် မောင်ရွှေဝါတို့ထံ ရောက်မလာဘဲ လမ်းတွင် ပျောက်နေသည်။

မောင်ရွှေဝါမှာ အထူးပင် စိတ်သောက ရောက်ရသည်။ ခင်ခင်လေးသည် လစ့်နေ့စ့် ဖြစ်သည်။ နေ့မွေးမလား ညမွေးမလား ဖြစ်သည်။

နောက်တစ်နေ့ ဆက်၍ စောင့်သည်။ လူလည်း ရောက်မလာ၊ သတင်းလည်း မရ ဖြစ်နေသည်။ မောင်ရွှေဝါက မြို့တွင်းသို့ အတင်းဝင်ရန် ကြံသည်။ မည်သို့မျှ မဖြစ်နိုင်သဖြင့် ဗိုလ်ရိုင်းတို့က တားထားသည်။ ခင်ခင်လေးတို့သည် တောလမ်းခရီးမှ သွားသဖြင့် သူတို့နှင့် မတွေ့လိုက်ရခြင်း ဖြစ်သည်ဟု ဗိုလ်ရိုင်းက ဆိုသည်။ ခင်ခင်လေးသည် လမ်းခရီးတွင် မျက်နှာမြင်နေသဖြင့် ယခုထက်ထိ သူတို့ စခန်းသို့ ရောက်မလာခြင်း ဖြစ်သည်ဟု ဗိုလ်ရိုင်းက ဖြည့်စွက်ခန့်မှန်းသည်။ သို့ဖြင့် မောင်ရွှေဝါတို့သည် မြို့နှင့် အနီးဝန်းကျင်ရှိသော တောများကို လူအုပ်နှင့် နင်း၍ ရှာကြသည်။ မတွေ့ရ။ တတိယမြောက်နေ့တွင်ကား သူတို့သည် အမင်္ဂလာသတင်းကို ကြားရသည်။ အနိဋ္ဌာရုံ ရှုခင်းကို မြင်တွေ့ကြရသည်။

မြို့တွင်းမှ နောက်ဆုံးထွက်လာသူ တစ်သုတ်သည် တောရကျောင်း မြောက်ဘက် တောထဲတွင် ခင်ခင်လေးတို့ တူဝရီးသုံးယောက် ဒဏ်ရာများနှင့် လဲနေသည်ကို တွေ့ကြရသည်။ ထိုသတင်းကို ကြာသိရသည်နှင့် တစ်ပြိုင်နက် မောင်ရွှေဝါတို့ လိုက်သွားကြသည်။

တောရကျောင်းသည် မြို့အနောက်ဘက် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ ယခုအခါ လူနေအိမ်ခြေများ ကုန်းအတွင်းပိုင်းသို့ ဝင်လာသဖြင့် မြို့နှင့် ကိုက်နစ်ရာလောက်သာ ကွာလှမ်းတော့သည်။ အင်္ဂလိပ်တို့သည် မြို့ကို သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ရဟန်းသံဃာများကို ကျောင်းမှ နှင်ချပြီး စစ်တပ်ချထားလိုက်သည်။ အမှန်တော့ ကုန်သည်ပွဲစားများနှင့် သစ္စာဖောက်များသည် ဘုန်းကြီးကျောင်းဝင်းအတွင်း ဖိနပ်များစီး၍ ဆင်းတုတော်များကို ကျောက်တုံးထိုင်ခုံအဖြစ် ပြုလုပ်နေကြသော ဤအင်္ဂလိပ်တပ်ကို အားကိုး၍ မိမိတို့ အမျိုးများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြခြင်း ဖြစ်သည်။

ခင်ခင်လေးတို့ ရှိသည်ဆိုသော တောသည် တောင်ကုန်းနှင့် သေနတ်တစ်ကမ်းလောက်သာ ဝေးကွာပေသည်။ ယင်းကြောင့် မောင်ရွှေဝါတို့သည် အထူးသတိထား၍ သွားကြရသည်။ လူများများသွားလျှင် ကုန်းမြင့်ထက်မှ အင်္ဂလိပ်က သိသွားမည် စိုးသဖြင့် မောင်ရွှေဝါသည် အဖော်သုံးဦးကိုသာ ခေါ်ဆောင်သွားသည်။ ချုံများကို အကာအကွယ်ယူ၍ ဝပ်တွားကာ သွားကြသည်။

ခင်ခင်လေးတို့ တူဝရီးသုံးယောက် ကျင်းချိုင့်တစ်ခုထဲတွင် တွေ့ရသည်။ မြင်ရက်စရာ မရှိချေ။ အဝတ်များ စုတ်ပြတ်နေသည်။ သုံးယောက်စလုံးတွင် အညိုအမည်းများ ဖြစ်နေသည်။ သွေးများ ပေကျံနေသည်။

မောင်ရွှေဝါသည် သူ့လူသုံးယောက်ကို ချုံများအတွင်းမှာပင် သတိနှင့် နေစေပြီး သူကမူ ကျင်းချိုင့်ထဲသို့ ခုန်ချလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပထမဆုံး ခင်ခင်လေးကို ကြည့်သည်။ အသက်မရှိတော့။ တစ်ကိုယ်လုံး အေးစက်လျက် ရှိသည်။ သွေးမတိုးတော့။ ခင်ခင်လေး၏ ဘဒွေးကို ကြည့်သည်။ အသက်မရှိတော့။ ရင်ဝတွင် လုံ့စွပ်ထိုးခံထားရသည်။ ခင်ခင်လေး၏ အဒေါ်က အသက်ရှူရှိုက်လျက် ရှိပေသေးသည်။ ခေါင်းတွင် ဒဏ်ရာအနည်းငယ်သာ ရှိသည်။ မောင်ရွှေဝါ ကြည့်နေစဉ်မှာပင် အမျိုးသမီးကြီးသည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ပြီး မျက်လုံးဖွင့်ကြည့်သည်။ မောင်ရွှေဝါကို တွေ့မြင်သောအခါ ရုတ်တရက် ထိတ်လန့်သွားသော အမူအရာဖြင့် မျက်လုံး ပြန်မှိတ်သွားသည်။ ပြီးမှ မျက်လုံးကို ချက်ချင်း ပြန်ဖွင့်သည်။ မျက်တောင် တဖျပ်ဖျပ်ခတ်၍ မောင်ရွှေဝါကို ကြည့်သည်။ မှတ်မိပုံရသည်။

"ဒေါ်ဒေါ်၊ ဒေါ်ဒေါ်"

မောင်ရွှေဝါက ခေါ်လိုက်သည်။

"တို့ကို ဖမ်းသွားတယ်"

အမျိုးသမီးကြီးသည် တောင်ကုန်းဆီသို့ လက်ညှိုးထိုးပြီး လေးလေးထစ်ထစ် ပြောသည်။ ထို့နောက် ဇက်ကျိုးကျသွားသည်။ မောင်ရွှေဝါက သူမ၏ ခေါင်းကို ထူပေးသည်။ မရတော့ သတိလစ်သွားပြန်ပြီ ဖြစ်သည်။ အင်မတန် အားနည်းလျက် ရှိသည်။

မောင်ရွှေဝါသည် အမျိုးသမီးကြီးကို ချထားပြီး ခင်ခင်လေးကို ပွေ့ထူလိုက်သည်။ သည်တော့မှ သူသည် အဖြစ်မှန်ကို သိရှိသည်။ မြင်တွေ့ရသည်။ သူက မျက်လုံးကို မှိတ်ထားလိုက်သည်။ သတိလစ်ပြီး မူးမေ့မသွားစေရန် စိတ်ကို မနည်း တင်းထားရသည်။

အဖြစ်က ဆိုးလှသည်။ နယ်ချဲ့တပ်များသည် နေ့စေ့လစေ့ အမျိုးသမီးတစ်ဦးကို လူမဆန်စွာ ပြုကျင့်လိုက်ကြသည် ဖြစ်၏။ အမျိုးသမီးသည် အပြင်းအထန် ရုန်းကန်ခုခံခဲ့ပုံရသည်။ တစ်ကိုယ်လုံးတွင် ဒဏ်ရာများ ပြည့်နှက်နေသည်။ နောက်ဆုံးတွင် အသေဆိုးနှင့် ကြုံရတော့သည်။

ထိုစဉ်တွင် သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။ သူတို့ အပေါ်မှ ကျည်ဖြတ်သွားသည်။ ရန်သူကင်းသမားသည် သူ့ကို မြင်တွေ့သွားဟန် ရှိသည်။

"ဗိုလ်မင်း လာတော့၊ လာတော့၊ အဒေါ်ကြီးကို ခေါ်ခဲ့"

ချုံထဲမှ စောင့်နေသူ သုံးဦးသည်လည်း အဖြစ်မှန်ကို သိရှိကြဟန် တူသည်။ အသက်ရှင်လျက်ရှိသော အမျိုးသမီးကြီးတစ်ဦးကိုသာ ခေါ်ခဲ့ရန် ပြောသည်။ ထိုစဉ်တွင် နောက်ထပ် သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။ ဤတစ်ကြိမ်တွင်မူ ကျည်ဆန်သည် ကျင်းထိပ်ကို ရုပ်မှန်သည်။

မောင်ရွှေဝါသည် အခြေအနေကို နားလည်သွားသည်။ အမျိုးသမီးကြီးကို ပခုံးပေါ်ထမ်း၍ ကျင်းပေါ်သို့ တက်ခဲ့သည်။ ထို့နောက် ကျည်နှင့်လွတ်ရာသို့ ပြေးရသည်။ ဤအခါတွင် တပ်သားသုံးဦးက ခုခံပစ်ခတ်သည်။ တောင်ကုန်းဆီမှ သေနတ်သံများ ဆူညံစွာ ပေါ်ထွက်လာသည်။ သို့သော် ဆင်း၍ကား

MMCYBERMEDIA
COMMUNITY FOR ALL

မတိုက်ချေ။ ဗိုလ်ရိုင်းတို့ စခန်းချရာနေရာသို့ ရောက်သောအခါ မောင်ရွှေဝါသည် အမျိုးသမီးကြီးကို ပခုံးပေါ်မှချ၍ စကားမပြောဘဲ ငူငိုင်နေသည်။ အဖြစ်အပျက်ကို တပ်သားသုံးဦးက ဗိုလ်ရိုင်းတို့ကို ပြန်ပြောရသည်။

ဗိုလ်ရိုင်းတို့၏ ပြုစုကုသမှုဖြင့် နာရီဝက်ခန့်အကြာတွင် အမျိုးသမီးကြီးသည် အတော်အတန် စကားပြောနိုင်သည့် အခြေအနေ ရှိလာသည်။ သူမထံမှ ကြားသိရသော အကြောင်းအချင်းတို့သည် သူတို့ကို စိတ်ထိခိုက်စေသည်။ နာကြည်းစေသည်။ အမျက်ဒေါသ ဖြစ်စေသည်။ သစ္စာဖောက် တစ်ယောက်၏ ပြောကြားချက်ကြောင့် သူတို့ တူဝရီးသုံးယောက်ကို ရွာမှအထွက်တွင် အင်္ဂလိပ်တပ်က ဖမ်းဆီးခဲ့သည်။ ခင်ခင်လေးကို မောင်ရွှေဝါ၏ ဇနီးမှန်း သိသောအခါ မောင်ရွှေဝါရှိသည့်နေရာ မေးသည်။ ဗိုလ်ရိုင်းရှိသည့်နေရာ မေးသည်။ ခင်ခင်လေးက မပြောချေ။ ရိုက်နှက်ကြသည်။ ခင်ခင်လေး၏ ဘဒွေးနှင့် ဒေါ်လေးကိုလည်း စစ်မေးသည်။ ရိုက်နှက်သည်။

နောက်ဆုံး မည်သို့မျှ မေးမြန်းစစ်ဆေး၍ မရသောအခါ နယ်ချဲ့တပ်သားများသည် ကိုယ်ဝန်အရင့်အမာနှင့် ခင်ခင်လေးကို မတရား ကျင့်ကြံကြသည်။ ခင်ခင်လေးက အင်အားရှိသမျှ ရုန်းကန်သော်လည်း နောက်ဆုံးတွင် အားအင်ပြတ်လပ်၍ မေ့မြောသွားလေတော့သည်။ ယင်းအဖြစ်ကို တွေ့မြင်ရသောအခါ ဘဒွေးဖြစ်သူသည် ခုခံတိုက်ခိုက်ရန် ကြိုးစားသဖြင့် လှံစွပ် အထိုးခံခဲ့ရသည်။ အမျိုးသမီးကြီးကိုလည်း မူးမေ့လဲကျသွားသည်အထိ ရိုက်နှက်ကြသည်။ ထို့နောက် သူတို့သုံးယောက်ကို ယင်းချိုင့်ထဲတွင် လာရောက် စွန့်ပစ်ထားကြခြင်း ဖြစ်သည်။

ထိုနေ့တွင် ရာဇသံရက် ကုန်ဆုံးသည်မှန်သော်လည်း ဗိုလ်ရိုင်းတို့လူစုသည် မည်သည့်နည်းနှင့်မျှ မိမိတို့ကို တိုက်ခိုက်လာလိမ့်မည်မဟုတ်ဟု အင်္ဂလိပ်တို့က ယူဆထားလေသည်။ အကြောင်းမူ သူတို့တွင် တပ်အင်အား များပြားလှသောကြောင့် ဖြစ်သည်။ ဗိုလ်ရိုင်းကဲ့သို့ စစ်ရေးကျွမ်းကျင်သူတစ်ဦးသည် မည်သည့်နည်းနှင့်မျှ ဆင်ကန်းတောတိုး ပြုမူလိမ့်မည် မဟုတ်ဟု တွက်ဆထားကြသည်။

အင်္ဂလိပ်များဘက်တွင် တပ်အင်အား များပြားသည်မှာလည်း အမှန်ပင် ဖြစ်သည်။ တောရကျောင်းတွင် အမှတ် (၅) ဘုံဘေခြေမြန်တပ်မဟာနှင့် မဒရပ်ဝန်ထမ်းတပ်မှ တပ်ဖွဲ့များ ချထားသည်။ စုစုပေါင်း လူအင်အား (၃၀၀)ခန့် ရှိသည်။ အတိုက်အခိုက် ရဲရင့်သော ဂေါ်ရခါးတပ်သားများ ဖြစ်ကြသည်။ မြို့တွင်း၌ စစ်ရဲတပ်သားများ ရှိသည်။ ရောဝတီမြစ်အတွင်း၌ စစ်သင်္ဘောနှစ်စင်း ကျောက်ချထားသည်။ ဤသည်တို့ကို ဗိုလ်ရိုင်းတို့ မသိမဟုတ် သိသည်။ ယင်းသို့ သိသဖြင့်လည်း မြေပုံတိုက်ပွဲ ဆင်နွှဲပြီး ဖြစ်သည်။ မည်သည့်တပ်က မည်သည့်နေရာကို တိုက်ခိုက်၍ မည်သည့်တပ်က မည်သည့်နေရာမှ မြို့ကို ဖောက်ဝင်ရမည်။ ရည်မှန်းချက် ပြည့်ဝသည့်အခါ မည်သည့်လမ်းကြောင်းက ဆုတ်ခွာသွားရမည်ကိုလည်း ကြိုတင်သတ်မှတ် ပေးထားသည်။

ယင်းသို့ ဗိုလ်ရိုင်းက စနစ်တကျ အကွက်ချထားပေးသည့်အတိုင်း ညသန်းခေါင်ကျော်အချိန်တွင် တောရကျောင်း တောင်ကုန်းထက်မှ စစ်တပ်ကို ဝိုင်းဝန်း ပစ်ခတ်ကြသည်။ အနောက်ဘက် တောများမှ ချုံခိုပစ်ခတ်ကြခြင်း ဖြစ်သည်။ ဂေါ်ရခါးတပ်သားများက အကာအကွယ်ယူ၍ အနောက်ဘက်သို့ စစ်မျက်နှာဖွင့်သည့်အချိန်တွင် မြို့မြောက်ဘက်မှ သေနတ်သံများ ထွက်ပေါ်လာပြန်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဗိုလ်ရိုင်း၏ တပ်တစ်တပ်သည် မြောက်တံခါးကို စီးနင်းမိပြီး ဖြစ်သည်။ မြို့တွင်းသို့ ဝင်ရောက်နိုင်ပြီ ဖြစ်သည်။ တောင်ကုန်းထက်မှ စစ်တပ်သည် မြို့တွင်းသို့ စစ်ကူမဆင်းရဲချေ။ တောစပ်မှ ပစ်ခတ်တိုက်ခိုက်နေသူများ ရှိသည်။ စစ်သဘော်များမှလည်း မည်သို့မျှ အကူအညီ မပေးနိုင်ဘဲ ရှိသည်။ မြို့တွင်း၌ တပ်များရောနေသဖြင့် အရမ်းမပစ်ခတ်ရဲချေ။ ညအချိန်ဖြစ်၍ လေ့ဖြင့် ကူးလာရန်လည်း မဝံ့ချေ။ မြို့တွင်း ကမ်းခြေတစ်လျှောက်ကို မြန်မာတို့ စီးမိထားလျှင် မိမိတို့လှေများ အားလုံး နစ်မြုပ်ကုန်ကြရမည် ဖြစ်သည်။

ယင်းသို့ အင်္ဂလိပ်တပ်များ အကျပ်အတည်း ဖြစ်နေစဉ်တွင် အမျိုးသားလွတ်မြောက်ရေး တပ်သားများသည် သတ်မှတ်ပေးထားသော အိမ်များပေါ်သို့ တက်ရောက်၍ သစ္စာဖောက်များကို သုတ်သင်လျက် ရှိသည်။ ထို့နောက် မီးတုတ်များဖြင့် မြို့ကို မီးတင်ရှို့လိုက်သည်။ တစ်မြို့လုံး မီးဟုန်းဟုန်းတောက်လောင်သော အချိန်တွင်မှ ဗိုလ်ရိုင်း၏တပ်များသည် တောင်ဘက်တံခါးမှ ထွက်ခွာသွားကြသည်။

မောင်ရွှေဝါ တစ်ယောက်သာလျှင် မြောက်ဘက်တံခါးမှနေ၍ မြို့ပြင်သို့ ထွက်ခဲ့သည်။ သူသည် မြောက်ပိုင်းဒေသသို့ ပြန်တော့မည် ဖြစ်သည်။ ယခင်ကမူ သူသည် ခင်ခင်လေးအတွက် ဤဒေသတွင် နေခဲ့သည်။ ယခုမူ ခင်ခင်လေး မရှိတော့ပြီ။ နယ်ချဲ့တို့၏ လူမဆန်သော ရက်စက်ယုတ်မာမှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။ သူ၏ နေရပ်ဒေသသို့ ပြန်ရန်သာ ရှိတော့သည်။ သို့သော် သူသည် ရောက်ရာအရပ်မှနေ၍ နယ်ချဲ့ကျူးကျော်ရေးသမားများကို ခုခံတွန်းလှန်ရပေဦးမည်။

## အခန်း -၄၉-

ပတ်ပတ်လည်မှ လှောင်ပြောင်ရယ်မောသံများ နားကွဲမတတ် ပေါ်ထွက်လာသဖြင့် မောင်ရွှေဝါသည် မြေကြီးပေါ်တွင် ခေါက်တိခေါက်ကွေးရှိရာမှ ခေါင်းမော့ကြည့်လိုက်သည်။ အကျီချွတ်များ၊ ခေါင်းပေါင်းများ၊ ခါးတောင်းကျိုက်များ၊ ဓားလုံများနှင့် လူနှစ်ဆယ်၊ အစိတ်ကို တွေ့ရသည်။ အချို့လူများ၏ လက်တွင် သေနတ်များ ရှိသည်။

သူတို့သည် သူ့ကိုကြည့်၍ ခွက်ထိုးခွက်လန် ရယ်မောနေကြသည်။ ဤသို့ လူတစ်စု၏ ဝိုင်းဝန်းလှောင်ပြောင်ခြင်းကို ခံနေရမှန်း သိသည်နှင့်တစ်ပြိုင်နက် မောင်ရွှေဝါသည် မြေပြင်မှ ရုတ်တရက်ထရန် ကြိုးစားလိုက်သည်။ သို့သော် လူတစ်ယောက်၏ ပယောဂကြောင့် သူသည် မြေပြင်တွင် ဗုန်းခနဲလဲ၍ သွားသည်။ လည်ပင်းမှ ကြိုးကွင်း တင်းမလာစေရန် လက်နှစ်ဖက်ဖြင့် လျှို၍ တွန်းထားရသည်။

သူ့လည်ပင်းတွင် ကြိုးကွင်းတန်းလန်း ရှိနေပြီ။ လူတစ်ယောက်က ခပ်လှမ်းလှမ်းမှနေ၍ ကြိုးကို ဆောင့်ဆွဲလိုက်သဖြင့် သူက လဲသွားရပြန်ခြင်း ဖြစ်သည်။ သည်တော့မှ သူသည် စောစောကအဖြစ်ကို ပြန်၍ အမှတ်ရသည်။

သူသည် မြင်းကို ခပ်မှန်မှန်စီး၍ လာစဉ်တွင် တောအုပ်တစ်ခုသို့ အရောက်၌ သူ့ကိုယ်ပေါ်သို့ ကြိုးကွင်းတစ်ခု ရုတ်တရက် ကျရောက်လာသည်။ ခဏချင်းမှာပင် မြင်းပေါ်မှ ကျွမ်းပြန်၍ ကျရစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူက သတိကောင်း၍ လက်လျင်သူတစ်ဦး ဖြစ်သည့်အလျောက် ကြိုးကွင်းကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားလိုက်နိုင်၍သာ သူ့လည်ပင်းကို ကြိုးတင်တင်း မပတ်မိခြင်း ဖြစ်သည်။ လျှာထွက်၍ မသေရခြင်း ဖြစ်သည်။

သို့သော် မြင်းပေါ်မှ အရှိန်ပြင်းစွာနှင့် ကျသဖြင့် မိုက်ခနဲ ဖြစ်သွားသည်။ မျက်စိထဲတွင် ဝင်းခနဲ ဖြစ်သွားသည်။ ပတ်ပတ်လည်မှ ရယ်မောသံများကြား၍ ကြည့်လိုက်သောအခါ သူ့ကို ကြိုးကွင်းပစ်၍ ဖမ်းသူများသည် သူ့ကို ဝိုင်းဝန်းထားကြပြီ ဖြစ်သည်။

သူက မည်သို့မျှ ရုန်းထွက်နိုင်ခြင်း မရှိတော့။ တစ်ဖက်မှ ကြိုးစကို ကိုင်ထားသူသည် ခွန်အားဗလ ကောင်းမွန်သည်။ ရက်စက်ကြမ်းကြုတ်သည့် မျက်နှာ ရှိသည်။ ပါးကွက်အာဏာသားနှင့် တူသည်။ သူ တစ်ချက် လွန့်သည်နှင့် တစ်ပြိုင်နက် ကြိုးကို တအားဆောင့်ဆွဲရန် အဆင်သင့် ဖြစ်သည်။ သူက ကြိုးကွင်းကို မတင်းအောင် လက်ဖြင့် တွန်းထားနိုင်သော်လည်း ကုပ်ပေါ်မှ ကြိုးစသည် အသားထဲသို့ မြုပ်ဝင်မတတ် ရှိသည်။

တိမ်ပျံသည် အကျီချွတ်နှင့် လူနစ်ယောက်လက်ထဲတွင် ရောက်နေသည်။ သူတို့အထဲတွင် အကြီးအကဲဖြစ်ဟန်ရှိသော နှုတ်ခမ်းမွေးကားကားနှင့် လူသည် သူ့သေနတ်ကို အမြီးပြန်ခေါင်းပြန် ကြည့်လျက်ရှိရာမှ…

"လူကလေးတို့ရေ အရက်ကို လူသားနဲ့ မြည်းဖို့သာ ပြင်ကြပေတော့၊ သစ္စာဖောက် တစ်ယောက်ပဲ"

"ဝေးဟေးဟေး"

သူတို့ခေါင်းဆောင်၏ စကားကို ကြားရသော လူနစ်ဆယ်၊ အစိတ်သည် တစ်ပြိုင်နက် အော်လိုက်ကြသည်။ သူတို့အားလုံးသည် အရက်များ အလွန်အမင်း မူးနေကြဟန် ရှိသည်။

"ဟေ့ မှန်မှန်ပြောစမ်း၊ မင်း သစ္စာဖောက် မဟုတ်လား"

လူဝကြီးက ကြိုးကို ဆောင့်ဆွဲရင်း မေးလိုက်သည်။

"ကျွန်တော် သစ္စာဖောက် မဟုတ်ပါဘူး"

မောင်ရွှေဝါက ကမန်းကတန်း အဖြေပေးလိုက်၏။ ကြိုးကွင်းကိုလည်း အားဖြင့် ဆုပ်ကိုင်ထားရသည်။

"ဟေ့ကောင်၊ တို့ကို မညာနဲ့နော်၊ သစ္စာဖောက်ဆိုရင် မသက်သာဘူး။ အရှင်လတ်လတ် ရင်ခွဲပြီး ဆားပက်ရုံပဲ"

နှုတ်ခမ်းမွေးနှင့်လူက မောင်ရွှေဝါထံ လျှောက်လာရင်း ပြောသည်။ မောင်ရွှေဝါက ထိုသူများကို အကဲခတ်နေသည်။ မည်သူတွေနည်း။ မည်သည့် အစုကနည်း။ မိမိကို သစ္စာဖောက်လောဟု

MMCYBERMEDIA
COMMUNITY FOR ALL

မေးနေကြသည်။ သူတို့သည် မိမိတို့ ဘက်တော်သားများလော၊ နှုတ်ခမ်းမွေးနှင့်လူသည် မောင်ရွှေဝါ၏ ဓားကို နှတ်ယူလိုက်သည်။

"သေနတ်တွေ၊ ဓားတွေ၊ မြင်းတွေကတော့ တကယ်ကောင်းတာပဲကွယ့်၊ လူကလည်း ဖျတ်လတ်ပုံရတယ်။ အခြားလူဆိုရင် အခုလောက်ဆို လျှာတစ်တောင်လောက် ထွက်နေပြီ၊ ကေန္တ သစ္စာဖောက်ပဲ၊ ကုလားဖြူကျွန်ပဲ"

"ကျွန်တော်က သစ္စာဖောက် မဟုတ်ပါဘူး"

မောင်ရွှေဝါက ဒါပဲပြောသည်။ သူက နှုတ်လွန်၍ မဖြစ်။ ဤနေရာသည် နယ်ခြားဖြစ်သည်။ မလည်၊ မြေဒူးနှင့် ဝန်းသို သုံးနယ်စပ်ရာ ဖြစ်သည်။ ဤလူစုသည် ဝန်းသို၏ လူများလည်း ဖြစ်နိုင်သည်။ ထိပ်တင်မှတ်၏ လူများလည်း ဖြစ်နိုင်သည်။ အင်္ဂလိပ်များနှင့် ပေါင်းနေသော မလည်ဝန်၏ တပ်များလည်း ဖြစ်နိုင်သည်။ သို့မဟုတ် တောကြောင်များလည်း ဖြစ်တန်ရာသည်။ ဝန်းသိုနှင့် ထိပ်တင်မှတ်၏ လူများဆိုလျှင် ဤမျှ ဟောဟောရမ်းရမ်း မရှိတန်ရာ။ သို့သော် ဤအချိန်က ဘာတစ်ခုကိုမှ ဧကန်ဧက မပြောနိုင်။ အုတ်အရောရော၊ ကျောက်အရောရော ဖြစ်နေသည့် ကာလ ဖြစ်သည်။

"သစ္စာဖောက်မဟုတ်ရင် ဝန်းသိုလူလားဟေ့"

"ဝန်းသိုလူ မဟုတ်ပါဘူး"

"တို့ကို မညာနဲ့ဟေ့၊ တို့က မြေဒူးဝန် ဗိုလ်မြရဲ့ တပ်တွေကွယ့်"

မောင်ရွှေဝါသည် ခဏမျှ ငိုင်သွားသည်။ ဗိုလ်မြမှာ အင်ကုက္ကားသူကြီး ဖြစ်သည်။ ထိပ်တင်မှတ်က မြေဒူးဝန်ခန့်ထားခြင်း ဖြစ်သည်။ သူသည် ဗိုလ်မြနှင့် တစ်ချိန်က တွေ့ဖူးသည်။ သို့သော် သူသည် ချက်ချင်းပင် သတိထားလိုက်ပြီး...

"ကျွန်တော် မညာပါဘူး။ ကျွန်တော် ဝန်းသိုလူ မဟုတ်ပါဘူး"

"ဒါဖြင့် မင်း သစ္စာဖောက်ပဲပေါ့၊ မလည်တပ်ကလားဟေ့"

"မလည်တပ်ကဆိုရင်တော့ အသည်းကို မီးကင်စားရမယ်"

"ကျွန်တော် သစ္စာဖောက် မဟုတ်ပါဘူး။ ကျွန်တော် မလည်တပ်က မဟုတ်ပါဘူး"

ထိပ်တင်မှတ်၏ လူများသည် မလည်ဝန်၏ တပ်ကဆိုလျှင် တွေ့ရာသင်္ချိုင်း ဓားမဆိုင်း ဖြစ်သည်။ ထိပ်တင်သိမ့်သည် မလည်တပ်၏ အကောက်ဆင် တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။

"ဒါဖြင့် နင် ဘယ်သူလဲ မှန်မှန်ပြောစမ်း"

နှုတ်ခမ်းမွေးဗိုလ်က မောင်ရွှေဝါကို ဓားမိုး၍ မေးသည်။

"ကျွန်တော် ကုန်သည်ပါ"

"နင် မညာနဲ့။ ကုန်သည်ဆိုရင် ဒါလောက် သတ္တိမကောင်းဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

သည်တော့မှ မောင်ရွှေဝါသည် သူ့အမှားကို သိမြင်မိသည်။ သူက ရိုးရိုးကုန်သည်တစ်ယောက် ဟန်ဆောင်ခဲ့လျှင် သဏ္ဍာန်လုပ် သရုပ်တူရပေမည်။ ဤအချိန်မျိုးတွင် သေမည့်ဘေးကို ကြောက်ရွံ့၍ ကြောက်ဒူးတဆတ်ဆတ် တုန်နေရမည်။ ရှိခိုးဦးတင် ရှိနေရမည်။ ယခုတော့ သူက တပ်သားတစ်ဦး မဟုတ်ပါဟု ဆိုနေသော်လည်း အသွင်အပြင်ကမူ သေခြင်းကို နည်းနည်းမျှ မမှုသော သူရဲကောင်း တစ်ယောက်ကဲ့သို့ ရှိနေသည်။

"ကုန်သည်ဆိုရင် ဘာလို မြင်းကောင်း သေနတ်ကောင်း မရှိဘူး"

"ကျွန်တော် ကုန်သည်ပါ။ အခါပျက်တော့ အင်းဝမှာ သောင်တင်နေပါတယ်။ ခုမှ မြင်းတစ်စီးနဲ့ သေနတ်တစ်လက်ဝယ်ပြီး နေရပ်ကို ပြန်တာပါ"

"နင် ဘယ်အရပ်ကလဲ"

"မိုးကောင်းကပါ"

"ဒီလူ ညာနေတာပါ"

ကြိုးကွင်းကို ကိုင်ထားသူက ဝင်ပြောသည်။

"ငါတို့ကို မညာနဲ့။ ငါတို့ ထိပ်တင်မှတ်ရဲ့ လူတွေ။ ခေါသန္တိဗိုလ်ရဲ့ လူတွေ"

"ကျွန်တော် မညာပါဘူး"

"ဒါလောက်တောင် သွေးကောင်းလှတယ်။ သယ် ငါ ဓားနဲ့ ပိုင်းလိုက်ရ"

နှုတ်ခမ်းမွေးဗိုလ်က ဓားကို ခုတ်မည်ကဲ့သို့ မြှောက်လိုက်သည်။ မောင်ရွှေဝါသည် မျက်လုံးကို မှိတ်လိုက်သည်။ သူ့လည်ပင်းတွင် ကြိုးကွင်းရှိနေ၍ သူက ရုန်း၍လည်း မလွတ်နိုင်သည် ဖြစ်၏။

"ကဲဟေ့ ကြာတယ်။ သူ့ကို သခင်ကြီးဆီ ခေါ်သွားမယ်"

နှုတ်ခမ်းမွေးဗိုလ်က ဓားဖြင့် မခုတ်ဘဲ ပြောလိုက်သည်။ သို့ဖြင့် ကြိုးစကို ကိုင်ထားသူက သူ့ကို မတ်တတ်ရပ်စေသည်။ ထို့နောက် သူ့ကို လူအချို့က အနောက်ဘက်သို့ ခေါ်ဆောင်သွားကြသည်။ လူအချို့သည် ထိုနေရာမှာပင် ကျန်ရစ်ခဲ့သည်။ နှုတ်ခမ်းမွေးဗိုလ်ကား သူ့နောက်မှ ထပ်ကြပ်လိုက်ပါလာသည်။ ကြိုးစကို ကိုင်ဆွဲထားသူက ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားနေသည်။ သူက ခြေလှမ်းကျဲကြီးကို မီအောင် လိုက်ရသည်။ ခလုတ်တိုက်၍ မလဲအောင် ဂရုပြုရသည်။ သို့မဟုတ်လျှင် လျှာတန်းလန်း ထွက်ပေမည်။

ဤသူများသည် အင်္ဂလိပ်က တန့်ဆည်မြို့အုပ်အဖြစ် ခန့်ထားသော မင်းတိုင်ပင် သွေးသောက်ကြီး၏ လူများလည်း ဖြစ်နိုင်သည်ဟု သူက တွေးမိသည်။ မင်းတိုင်ပင် သွေးသောက်ကြီး၏ လူများသည် ရက်စက်ကြမ်းကြုတ်သည်ဟု နာမည်ကြီးလှသည်။ လူသားကို အရှင်လတ်လတ် လှီးယူ၍ အရက်နှင့် မြည်းကြသည်ဟု ပြောစမှတ် ရှိသည်။

ယခုမှတော့ မတတ်နိုင်တော့။ မောင်ရွှေဝါသည် သူတို့ခေါ်ရာနောက်သို့ လိုက်ရပေတော့မည်။ သူတို့က လက်ဦးနှင့်ပြီ ဖြစ်သည်။ သူသည် ရှိမ်းမကားက ထွက်လာကတည်းက သတိထား၍ လာခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူ့လူ၊ ကိုယ့်လူ မခွဲခြားနိုင်သဖြင့် တွေ့ဆုံရသူများကို ကုန်သည်ဟု ပြောသည်။ သို့သော် လူများနှင့် တတ်နိုင်သမျှ မတွေ့အောင် ရှောင်သည်။ ရွာများ၊ မြို့များကို ကွင်းသည်။ သူ့အရပ်သို့ ရောက်ရန် အရေးကြီး၍ ရှေ့တွင် တိုက်ခိုက်နေသံများကြားရလျှင် ဝေးရာမှ တိမ်းသွားသည်။ တောအုပ်များကို ဖြတ်သန်းလျှင် အထူး သတိထားသည်။ ဝန်းသိုနယ်ခြားသို့ ရောက်သောအခါ ပို၍ သတိထားသည်။

ယင်းသို့ သတိထားနေသည့်ကြားမှ သူသည် ကြိုးကွင်းစွပ်၍ အဖမ်းခံလိုက်ရခြင်း ဖြစ်သည်။ သူသည် ခင်ခင်လေး၏ ဆိုးရွားသော အဖြစ်ကို စဉ်းစားမိသဖြင့် ခဏမျှ သတိလစ်သွားသော အခိုက်အတန့်တွင် ယခုကဲ့သို့ ခံလိုက်ရခြင်း ဖြစ်သည်။ လူနှစ်ဆယ်၊ အစိတ်က သူ့ကို ဝိုင်းဝန်းတိုက်ခိုက်လျှင် သူ မကြောက်ပါချေ။ ခုခံတိုက်ခိုက်မည်သာ ဖြစ်သည်။ ထိုးဖောက်၍ ထွက်မည်သာ ဖြစ်သည်။ သေခါမှ သေရော။

ယခုတော့ သူတို့က သူ့ကို ကြိုးကွင်းပစ်၍ ဖမ်းခဲ့သဖြင့် မလှုပ်သာ မရှက်သာ ရှိနေရပေပြီ။ သူတို့ ခေါ်ရာနောက်သို့ မရုန်းမကန် လိုက်ပါနေရပြီ။ သို့သော် ဤလူများသည် ရန်သူလား၊ မိတ်ဆွေလားဟုတော့ ယတိပြတ် မကွဲပြားသေးပေ။ ရန်သူဖြစ်ဖို့တော့ များသည်။

သူတို့၏ သခင်ကြီးဆိုသူသည် မည်သူနည်း။ သူတို့ပြောသလို ထိပ်တင်မုတ်သော်လည်းကောင်း၊ ခေါသန္တီဝိုလ်သော်လည်းကောင်း၊ မြေဒူးဝန် ဗိုလ်မြသော်လည်းကောင်း ဖြစ်ခဲ့လျှင်ကား အရေးမကြီးချေ။ သို့မဟုတ်ဘဲ မလည်ဝန်သော်လည်းကောင်း၊ မင်းတိုင်ပင် သွေးသောက်ကြီးသော်လည်းကောင်း ဖြစ်နေခဲ့လျှင်ကား အသက်နှင့်ကိုယ် အိုးစားကွဲဖို့သာ ရှိလေသည်။

ကောင်းတော့ ကောင်းပေသည်။ သူတို့၏ သခင်ကြီးသည် မည်သူပဲ ဖြစ်ဖြစ် ထိုသခင်ကြီးဆိုသူနှင့် တွေ့လိုက်ရလျှင် သူနှင့် ဆက်ဆံနေရသူများသည် ရန်သူ မိတ်ဆွေ ကွဲပြားသွားပေမည်။

သူ့မှာ မျှော်လင့်စရာ တစ်ခုပဲ ရှိသည်။ သူ့ကို မောင်ရွှေဝါမှန်း သိသူမရှိခဲ့လျှင် သူသည် ကုန်သည်တစ်ယောက်ဖြစ်ကြောင်း အကျောက်အကန် ငြင်းနိုင်ပေသည်။ နောက်ဆုံး မတတ်သာလျှင် အင်းဝမြို့တွင် ပုန်းအောင်းနေပြီး ယခုမှ နေရပ်သို့ပြန်သော တပ်မတော်သားဟောင်း တစ်ယောက်ဟု ပြောမည်။ သူသည် မည့်သည့်ဘက်မှမပါဘဲ အေးအေးဆေးဆေး လယ်လုပ်ရန် စိတ်ကူးသည်ဟု ပြောမည်။

ယင်းသို့ စဉ်းစားလိုက်ပါသွားရင်းနှင့်ပင် သူတို့သည် ရွာတစ်ရွာသို့ ရောက်ရှိသွားကြသည်။ ရွာသည် တစ်စပြင်သို့ ရှိသည်။ ကြက်ခြံများ ရှင်းသည်။ ဝက်စာကျင်းများ ခြောက်နေသည်။ လမ်းတစ်လျှောက်တွင် ဆော့လွှားပြေးကစားနေသော ကလေးများ မရှိ။ တစ်ရွာလုံး တိတ်နေသည်။ အချို့အိမ်များတွင်မူ လူ လုံးဝ မရှိချေ။ အချို့အိမ်များတွင် တစ်ဦးစ နှစ်ဦးစသာ ရှိသည်။ အဘိုးကြီး အဘွားကြီးနှင့် မစွမ်းမသန်သူတို့သာ များသည်။ သူတို့သည် အကွယ်များမှနေ၍ မောင်ရွှေဝါတို့ကို မရဲတရဲ ကြည့်ကြသည်။ သူတို့၏ မျက်နှာများတွင် စိုးရိမ်ထိတ်လန့်မှုများ ပေါ်လွင်နေသည်။ သို့သော် မောင်ရွှေဝါအားကြည့်သော သူတို့၏ မျက်လုံးများတွင်မူ ကြင်နာမှုအရိပ်အငွေ့များ ရှိနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သည်ကတည်းက အခြေအနေမလှတော့ဟု သူ ရိပ်မိသည်။ မိမိတို့ မြန်မာတပ်များရှိသည့် ရွာသည် ပွဲလေးတမျှ ဖြစ်သည်။ မိမိတို့တပ်သားများ ဝင်လာလျှင် လိုက်လိုက်လှဲလှဲ ကြိုကြသည်။ အင်္ဂလိပ်နှင့် သစ္စာဖောက်တပ်များရှိသော ရွာသည် သုသာန်တစပြင်ကဲ့သို့ ဖြစ်သည်။ နယ်ချဲ့တပ်များ ဝင်လာပြီဆိုကတည်းက ရွာသူရွာသားများသည် ပြေးလွှားပုန်းအောင်း နေကြသည်။ ရွာစောင့်အဖြစ် အဘိုးအို အဘွားအိုများသာ ချန်ထားခဲ့ကြသည်။

မောင်ရွှေဝါသည် အခြေအနေမှန်ကို ကွဲကွဲပြားပြား သိလာပြီဖြစ်၍ လွတ်မြောက်ရေးလမ်းစကို ရှာကြံသည်။ လည်ပင်းတွင် ကွင်းလျှော့ရှိနေသမျှတော့ အားနှင့်ခွန်နှင့် ရုန်းမထွက်နိုင်ချေ။ ဥပါယ်တံမျဉ်နှင့် အချိန်သတ်မှသာ ဖြစ်ပေမည်။ မည်သို့ဆိုစေ သူတို့၏ သခင်ကြီးနှင့် တွေ့ကြည့်ဦးမည်။ ထိုအခါမှပဲ မိုးရိပ်ကို ကြည့်၍ လုပ်ရပေမည်။

သူတို့သည် မကြာမီ ခြံဝိုင်းတစ်ခုထဲသို့ ဝင်သွားကြသည်။ ရွာလယ်လောက်တွင် ဖြစ်သည်။ ခြံဝင်းထဲတွင် နှစ်ဆောင်ပြိုင်အိမ်ကြီး ရှိသည်။ သူကြီးအိမ် ဖြစ်ဟန်ရှိသည်။ အိမ်ရှေ့စမြင်တွင် လူတွေ စုရုံးလျက် ရှိသည်။ သူ့ကို မြင်သောအခါ ရှေ့တွင် ပိတ်ဆို့နေသော လူများက လမ်းရှဲပေးကြသည်။ ဤတွင် သူတို့ သခင်ကြီးကို မောင်ရွှေဝါ တွေ့ရသည်။

မောင်ရွှေဝါသည် လှမ်းနေသော ခြေလှမ်းကို မြေကြီးပေါ် မချဘဲ လေထဲတွင် သည်အတိုင်း မြှောက်ထားလိုက်မိသည်။ သူတို့၏ သခင်ကြီးဆိုသူမှာ လွန်ခဲ့သည့် သုံးနှစ်လောက်က တောင်လေးလုံးတွင် စစ်ကဲမောင်ထွန်းနှင့်အတူ သူ တွေ့ခဲ့ရသော မျက်နှာဖြူကြီး ဖြစ်နေပေသည်။ သူက မြင်ရသည်ကို မယုံနိုင်သဖြင့် ပါးစပ်ကို အဟောင်းသား ဖွင့်ထားမိသည်။

ရှေ့မှ ကြိုးဆွဲသူသည် ယင်း မျက်နှာဖြူ၏ အနီးတွင် ရပ်နေပြီဖြစ်၍ မောင်ရွှေဝါသည် ကြောင်အမ်းအမ်းအနေအထားမှ ပျက်မသွားဘဲ ရှိနေသည်။ နှုတ်ခမ်းမွေးဗိုလ်သည် သူ့ကို ကျော်တက်သွားပြီး မျက်နှာဖြူဗိုလ်ကို အင်္ဂလိပ်လို အရိုသေပြုပြီးနောက်…

"ဒီလူကို သစ်စိမ့်တောမှာ ဖမ်းမိခဲ့ပါတယ် သခင်ကြီး။ ဝန်းသိုဘက်ကို ကူးမယ့် လူတစ်ယောက် ဖြစ်ပါတယ်။ ကေ့ဆ္တ သူပုန်ပါပဲဘုရား"

မျက်နှာဖြူသည် နှုတ်ခမ်းမွေးပြောနေသည်ကို နားမထောင်။ မောင်ရွှေဝါကိုသာ စူးစိုက်၍ ကြည့်နေသည်။ သူသည်လည်း မှတ်မိပုံရသည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်။

"အိုး ကျုပ်က ဘယ်သူများလဲ အောက်မေ့တယ်။ လက်စသတ်တော့ မိတ်ဆွေကြီးကိုး"

မျက်နှာဖြူက မြန်မာသံ ပီပီသသဖြင့် ပြောလိုက်သည်။

"ကျုပ်နာမည် ဖိုးထယ်ပါ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ရုတ်တရက် ပြောလိုက်သည်။ မောင်ရွှေဝါဟုပြောလျှင် သူ့အမည်ကို သူတို့ ကြားဖူးနိုင်သည်။ ရွှေဘိုမြို့၏ တောင်ဘက်တစ်လွှားတွင် ဗိုလ်ရွှေဝါဟု ဆိုလျှင် မသိသူ မရှိဖြစ်သည်။ ဤသူများကလည်း သူ့ကို မမြင်ဖူးစေကာမူ သူ့နာမည်ကိုတော့ ကြားဖူးကြတန်ရာသည်။

"နေကောင်းရဲ့လား မောင်ဖိုးထယ်"
"ကောင်းပါတယ်"

သူတို့ သခင်ကြီးက သူတို့ ဖမ်းလာသူကို မိတ်ဟောင်းကျွမ်းဟောင်းအဖြစ်နှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်နေသဖြင့် နှုတ်ခမ်းမွေးဗိုလ်နှင့် အပေါင်းအပါများသည် အနေရ ခက်နေကြသည်။ တစ်ဦးကိုတစ်ဦး ဇဝေဇဝါ ကြည့်နေကြသည်။

"ကျုပ်နာမည်ကတော့ မစ္စတာ ကာလိုဂရီဒီ ဖြစ်ပါတယ်"

မစ္စတာ ကာလိုဂရီဒီ ဆိုသော အမည်ကို ကြားလိုက်ရသဖြင့် မောင်ရွှေဝါသည် မျက်လုံးပြူးသွားသည်။ သူသည် ဤနာမည်ကို ကိုးလလုံးလုံး ကြားခဲ့ရသည်။ မစ္စတာ ကာလိုဂရီဒီသည် ဘုံဘေဘားမား ကုမ္ပဏီမှ အရာရှိတစ်ဦး ဖြစ်သည်။ ဤဒေသတွင် (၁၅) နှစ်မျှ နေထိုင်ခဲ့သည်။ မန္တလေးကို အင်္ဂလိပ်တပ်များ သိမ်းပိုက်သည်နှင့် တစ်ပြိုင်နက် မစ္စတာကာလိုဂရီဒီသည် သစ်အမှုထမ်းများကို လက်နက်တပ်ဆင်ကာ ဘုံဘေဘားမားတပ်ဟူ၍ ဖွဲ့ခဲ့သည်။ စစ်ကဲမောင်ထွန်း၏တပ်နှင့် ပူးပေါင်း၍ ရွှေဘိုကို သိမ်းပိုက်ခဲ့သည်။ ရွှေဘိုသို့ ဒုဗိုလ်ချုပ်နော်မံ လာရောက်စဉ်က ဤမြို့ကို သူတို့ သိမ်းပိုက်ထားပြီးဖြစ်ကြောင်း ဘုရင့်တပ်မတော်မှ မြို့စောင့်တပ် အနည်းငယ်သာ လွှတ်ပေးရန် လိုကြောင်းဖြင့် ပြောခဲ့သည်။ သို့သော် အမျိုးသားလွတ်မြောက်ရေး တပ်များက ရွှေဘိုကို တိုက်ခိုက်သိမ်းပိုက်သောအခါ သူတို့သည် မူးမြစ်ရိုးသို့ ကစဉ့်ကလျား ဆုတ်ခဲ့ရသည်။ မန္တလေးမှ ဘုရင့်ဝေလလက်နက်ကိုင်တပ်များ ရောက်ရှိလာသောအခါတွင်မှ ရွှေဘိုမြို့ကို ပြန်လည် သိမ်းပိုက်ခဲ့ကြပြန်သည်။

သည့်နောက်တွင်ကား ကိုးလလုံးလုံး ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့ရာတွင် စစ်ကဲမောင်ထွန်း၏ သစ္စာဖောက်မြင်းတပ်နှင့် မစ္စတာကာလိုဂရီဒီ၏ ဘုံဘေဘားမား သစ်တောစောင့်တပ်သည် ဝေလတပ်၊ မဒရပ်တပ်များထက် ထင်ရှားခဲ့သည်။ အကြောင်းမူ သူတို့တပ်တွင် ပါဝင်သူများသည် တိုင်းရင်းသားများ ဖြစ်ပြီး တိုင်းရင်းသားအချင်းချင်းအပေါ်တွင် ရက်စက်ကြမ်းကြုတ်စွာ ပြုခဲ့ကြသော ကြောင့်သာတည်း။

မောင်ရွှေဝါသည် စစ်ကဲမောင်ထွန်း၏တပ်နှင့် နှစ်ချီသုံးချီမျှ ရင်ဆိုင်ခဲ့ရသော်လည်း မစ္စတာကာလိုဂရီဒီ၏ တပ်နှင့်မူ တစ်ကြိမ်တစ်ခါမျှ အကြောင်းမဆုံခဲ့ကြချေ။ ထို့ပြင် မစ္စတာကာလိုဂရီဒီ ဆိုသူသည် လွန်ခဲ့သည့် နှစ်နှစ်ကျော် သုံးနှစ်လောက်က တောင်လေးလုံးတွင် တွေ့ခဲ့သော မျက်နာဖြူပင် ဖြစ်လိမ့်မည်ဟု လုံးဝ မထင်ခဲ့။ စစ်ကဲမောင်ထွန်းနှင့် သူနှင့်ကလည်း စကားအေးအေးဆေးဆေး ပြောခဲ့ရသည် မရှိ။ တောင်လေးလုံး အဖြစ်အပျက်များကို ပြန်ပြောင်း မပြောဆိုခဲ့ကြရချေ။ စစ်ကဲမောင်ထွန်းသည် မောင်ရွှေဝါကို မန္တလေးတွင် ပြန်၍ တွေ့ခဲ့ကတည်းက ရန်သူလို ဆက်ဆံခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခုမူ သူသည် တစ်ကြိမ်က အမှတ်မထင် တွေ့ခဲ့ရသော မျက်နှာဖြူတစ်ဦးကို ပြန်၍ တွေ့နေရပြီ ဖြစ်သည်။ သို့သော် ဤသူသည် မိမိတို့အား ရက်ရက်စက်စက် လိုက်လံသုတ်သင်နေသူတစ်ဦး ဖြစ်မှန်းသိရ၍ သူက မျက်လုံး ပြူးသွားသည်။ စကားမပြောနိုင်အောင် ငေးငိုင်သွားသည်။ မောင်ရွှေဝါ မျက်နှာပျက်သွားသည်ကို မစ္စတာကာလိုဂရီက ကောင်းစွာ ရိပ်မိသွားသည်။ သို့သော် မသိဟန်ပြု၍ မျက်နှာထား ပြုံးပြုံးဖြင့်ပင် ရှိသည်။ လေသံအေးအေးဖြင့်ပင် မေးသည်။

"ယခု မောင်ဖိုးထယ် ဘယ်က လာသလဲ"

"အင်းဝ ကပါ"

"မောင်ဖိုးထယ်က အင်းဝကလား"

"မဟုတ်ပါဘူး။ မိုးကောင်းကပါ"

"အင်းဝကို ဘာသွားလုပ်သလဲ"

"ကုန်ရောင်းကုန်ဝယ် ဖြစ်ပါတယ်။ အခါပျက်တော့ အင်းဝမှာပဲ ရှိပါတယ်။ တိုင်းပြည် မငြိမ်မသက်ရှိနေလို့ အင်းဝမှာပဲ သောင်တင်နေပါတယ်"

"အိုး အိုး"

"အခုမှ မိုးကောင်း ပြန်ပါတယ်"

မောင်ရွှေဝါက စကားကို သတိထား၍ ပြောရင်း မစ္စတာကာလိုဂရီ၏ မျက်နှာကို အကဲခတ်နေသည်။ သို့သော် မစ္စတာကာလိုဂရီသည် သူပြောသည်များကို ယုံကြည်ကြောင်းလည်း အမူအရာမပြ။ မယုံကြည်သည့် အမူအရာလည်း မပြချေ။ မျက်နှာထား ချိုချိုဖြင့်သာ မောင်ရွှေဝါ ပြောသည်ကို နားစိုက်၍ ထောင်သည်။

"ကျုပ်ကို သူတို့ မတရား ဖမ်းလာပါတယ်"

မောင်ရွှေဝါက သစ္စာဖောက် တပ်သားများကို ကြည့်ရင်း ပြောလိုက်သည်။ နှုတ်ခမ်းမွေးဗိုလ်နှင့် သူ့လူများသည် ထိတ်လန့်နေကြသည်။ သူတို့ကို မစ္စတာကာလိုဂရီက အပြစ်တင်မည်ကို အထူး ကြောက်လန့်နေပုံ ရှိသည်။

"အို ဒီလို မဖြစ်စေရပါဘူး။ မောင်ဖိုးထယ်ဟာ လူကောင်းတစ်ယောက်ဖြစ်တယ်ဆိုရင် ကျုပ်တို့ ဘယ်လိုမှ မနှောက်ယှက်ပါဘူး"

"ကျုပ် လူကောင်းတစ်ယောက်ပါ"

"ကျုပ်တို့ အေးအေးလူလူ စကားပြောကြသေးတာပေါ့ မောင်ဖိုးထယ်။ ဟေ့ မောင်မင်းတို့ သူ့လည်ပင်းကကြိုးကို ဖြုတ်ပေးလိုက်။ ပြီးတော့ မင်းတို့ သွားကြတော့"

မစ္စတာကာလိုဂရီက ယင်းသို့ အမိန့်ပေးလိုက်သောအခါ နှုတ်ခမ်းမွေးဗိုလ်သည် မောင်ရွှေဝါ၏ လည်ပင်းမှ ကွင်းလျှောကို ချဲ့၍ ခေါင်းမှ ချွတ်လိုက်သည်။ ထို့နောက် သူ့လူများကို ခေါ်၍ အိမ်ဝင်းထဲမှ ထွက်သွားသည်။ ထို့နောက် မစ္စတာကာလိုဂရီသည် မောင်ရွှေဝါကို အိမ်ထဲသို့ ခေါ်သွားသည်။ သူ့လူများကို စားကောင်းသောက်ဖွယ်များ ယူခဲ့ရန် အမိန့်ပေးလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ထိုင်ဦး မောင်ဖိုးထယ်၊ မကြာခင်ပဲ မောင်ဖိုးထယ်ရဲ့ မိတ်ဆွေတစ်ယောက် လာလိမ့်မယ်"

"ဘယ်သူလဲ"

"စစ်ကဲမောင်ထွန်းလေ"

မောင်ရွှေဝါ မျက်နှာပျက်သွားပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင်မူ သူက ချက်ချင်းပင် ဣန္ဒြေဆည်ပြီး...

"ဘယ်က စစ်ကဲမောင်ထွန်းလဲ၊ ကျုပ် မသိပါလားကော"

"ခါးပန်းကြိုးအနီနဲ့ မိန်းမလှလှကလေးကို မြင်းနဲ့တိုက်တဲ့ မြန်မာစစ်ပိုလ်လေ။ မောင်ဖိုးထယ်တောင် သူ့ပခုံးပေါ်ကို ဓားနဲ့ ဖိထားခဲ့သေးတယ်"

"ဩော်... ဩော် သူ့နာမည်က စစ်ကဲမောင်ထွန်းလား"

"ဟုတ်တယ်။ ဒီနာမည်ကို မောင်ဖိုးထယ် တစ်ခါမှ မကြားဖူးဘူးလား"

"မကြားဖူးပါဘူး"

"ဒီနယ်ပယ်မှာတော့ သူ့နာမည်ကို မကြားဖူးသူ မရှိပါဘူး"

"ကျုပ် အင်းဝမှာ နေပါတယ်"

မစ္စတာ ကာလိုဂရီဒီက ပြုံးသည်။

"မောင်ဖိုးထယ်ဟာ သတ္တိရှိတဲ့ ယောက်ျားတစ်ယောက်ပါ။ ကျုပ်ကို မညာပါနဲ့"

"ကျုပ် ဘာညာသလဲ"

"ခင်ဗျားရဲ့နာမည်က မောင်ဖိုးထယ် မဟုတ်ပါဘူးလို့ ကျုပ်ထင်တယ်။ အဲဒီတုန်းက ဟိုရှမ်းအဘိုးကြီးက ခင်ဗျားကို ခေါ်တဲ့ နာမည်က တစ်မျိုးပဲ။ ကျုပ် မှတ်တော့ မမှတ်မိဘူး။ မောင်ဖိုးထယ်တော့ မဟုတ်ဘူး။ ကျုပ် ပါးစပ်ဖျားတင် မေ့နေတယ်။ မောင်ထွန်းတော့ မှတ်မိမလား မသိဘူး"

သူ့အပေါ်တွင် မယုံသင်္ကာ ရှိနေကြောင်းကို ဤလူဖြူကြီးက ပထမဦးဆုံးအကြိမ် ထုတ်ပြောလိုက်သဖြင့် သူ့ရင်ထဲတွင် ထိတ်ခနဲ ရှိသွားသည်။ စစ်ကဲမောင်ထွန်းရောက်လာလျှင်မူ သူ့အမည်ကို ပြောနိုင်ရုံသာမက သူသည် ဗိုလ်ရိုင်းနှင့် ဗိုလ်လှဦးတို့၏ လက်ရုံးတစ်ဦးဖြစ်ကြောင်းကိုပါ ပြောပေလိမ့်မည်။ ထိုမျှသာမက စစ်ကဲမောင်ထွန်းသည် သူ့ကို မညှာမတာ ညှဉ်းပန်းနှိပ်စက်ပြီး အဆုံးစွန်တွင် သူပုန်တစ်ဦးအဖြစ် ကွပ်မျက်ပေလိမ့်မည်။ သူက စစ်ကဲမောင်ထွန်း မရောက်လာခင်တွင် လွတ်မြောက်ရေးလမ်းစကို ရှာကြံနိုင်မှ ဖြစ်ပေမည်။

"ကျုပ်နာမည် ဖိုးထယ်ပါပဲ။ စစ်ကဲကြီး ဘယ်တော့ ရောက်လာမလဲ"

"နက်ဖြန် မနက်မှ ရောက်မယ်။ ဒဖယ်ကို ကနေ့ပဲ သွားတယ်"

ထိုစကားကို ကြားလိုက်ရသဖြင့် မောင်ရွှေဝါ ရင်ထဲတွင် အနည်းငယ် သက်သာရာ ရသွားသည်။ သူ့တွင် တစ်နေ့လယ်နှင့် တစ်ည အချိန်ရှိသေးသည်။ ဤအတွင်းတွင် သူက နည်းလမ်း ကြံဆရမည်။ သူက မစ္စတာကာလိုဂရီဒီ၏ အကဲကို စမ်းသည့်အနေဖြင့်...

"ဒီလိုဆိုရင် ကျုပ် သူ့ကို စောင့်နေလို့ မဖြစ်ဘူး ထင်တယ်၊ ခရီးဖင့်နေလိမ့်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ဒါလောက်လည်း မလောပါနဲ့ မောင်ဖိုးထယ်။ အင်းဝမှ ကိုးလ ဆယ်လ နေခဲ့ပြီးမှ ဒီမှာ တစ်ညအိပ်ရတာ အပန်းမကြီးပါဘူး။ နောက်ပြီးတော့ စစ်ကဲကြီးကလည်း မောင်ဖိုးထယ်ကို တွေ့ချင်မှာပေါ့"

မောင်ရွှေဝါသည် စိတ်အိုက်သွားရပြန်သည်။ သည်အခါတော့ မစ္စတာကာလိုဂရီဒီက သူ့မျက်နှာပျက်သွားသည်ကို အခွင့်ကောင်းယူ၍...

"မောင်ဖိုးထယ် မျက်နှာမကောင်းပါလား"

ဤတွင် မောင်ရွှေဝါသည် စိတ်ကူးတစ်ခုရ၍...

"ဟုတ်တယ် ကျုပ်စစ်ကဲကြီးနဲ့ မတွေ့ချင်ဘူး။ သူက ကျုပ်အပေါ်မှာ ရန်ငြိုးထားပြီး လက်စားချေချင်ချေနေမှာ မဟုတ်လား"

မစ္စတာကာလိုဂရီဒီ ကျယ်လောင်စွာ ရယ်လိုက်ပြီး...

"မောင်ဖိုးထယ်နဲ့ ကျုပ်တို့နဲ့ ဘာမှ ဖြစ်တာမဟုတ်ဘဲ။ မောင်ဖိုးထယ်တို့က ရန်ပွဲဖျင်တဲ့ လူတွေပဲ"

"စစ်ကဲကြီးကို ကျုပ်က ဓားနဲ့ မိုးခဲ့တယ်"

မစ္စတာကိုလိုဂရီဒီက သူ၏ ဘယ်ဘက်လက်ဖျံကို မြှောက်ပြရင်း ပြောသည်။ အနာရွတ် ရှိသည်။ မစ္စတာကာလိုဂရီဒီက သူနှင့် ဘကြီးမုံးကို ရန်ပွဲဖျင်သူများဟု ပြောခဲ့ခြင်းမှာ စကားအလှသာ ဖြစ်တန်ရာသည်။ တကယ်မူ သူတို့သည် မဗျိုင်းဖြူတို့ဘက်မှ ပါဝင်၍ တိုက်ခိုက်ခဲ့ခြင်းပင် ဖြစ်သည်။ ရှင်းနေသည့် ကိစ္စဖြစ်သည်။ ထိုအခါ မောင်ရွှေဝါသည် စိတ်ထဲတွင် လေးသွားသည်။ မျက်နှာဖြူသည် မျက်နှာချို၍ စကားသာသော်လည်း အတွင်းမှာမူ မိမိအပေါ်တွင် အကျိတ်အခဲ ရှိနေပေမည်။ စစ်ကဲမောင်ထွန်း ရောက်လာချိန်တွင် မိမိကို တတိတိ ညှဉ်းပန်း၍ သတ်ဖြတ်ကြပေမည်။

"ရှမ်းအဖိုးကြီးကတော့ ကုန်သည်လား"

"ဟုတ် ဟုတ်ပါတယ်"

မစ္စတာကာလိုဂရီဒီက ရုတ်တရက် မေးလိုက်သဖြင့် သူက အထစ်ထစ်အငေါ့ငေါ့ ဖြေမိသည်။

"သူကော အခုပါသလား"

"မပါ ပါဘူး"

"ဓားခုတ်တဲ့ မိန်းမနှစ်ယောက်ကကော ကုန်သည်တွေလား"

"ဟုတ်ပါတယ်"

ဤလူဖြူကြီးသည် သူ့ကို ထေ့ငေါ့သော မေးခွန်းများ တမင်ထုတ်နေမှန်း သိသဖြင့် သူက ခပ်ဆတ်ဆတ် ဖြေလိုက်သည်။ သို့သော် ယခုကိစ္စတွင် သူ့အနေနှင့် မာန်မာနရှိ၍ မဖြစ်နိုင်မှန်း သဘောပေါက်မိပြီး စိတ်ကို စိတ်ကိုလျှော့လိုက်သည်။ လေသံကို တိုး၍...

"သူတို့နဲ့ ကျုပ်နဲ့က ခရီးသွားဖော်တွေပါ။ သူတို့နဲ့ အဲဒီနောက်မှာ တစ်ခါမှ မတွေ့တော့ပါဘူး"

"အင်းဝကို ဘာတွေ လာရောင်းသလဲ"

"ကျောက်စိမ်းထည်တွေ လာရောင်းပါတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"မောင်ဖိုးထယ်ဟာ သတ္တိကောင်းတဲ့ လူငယ်တစ်ယောက်ပဲ။ မဟုတ်မခံချင်တဲ့ စိတ်လည်းရှိတယ်။ မတရားမှုကိုတွေ့ရင် ကြည့်မနေတတ်ဘူးဆိုတာ ကျုပ်ကိုယ်တွေ့ပဲ။ ဒီတော့ ဒီကိုးလအတွင်းမှာ မောင်ဖိုးထယ် တစ်ခါမှ တိုက်ပွဲတွေမှာ မပါခဲ့ဘူးလား။ ကျုပ်တို့ဘက်က ဖြစ်ဖြစ်၊ သူပုန်ဘက်က ဖြစ်ဖြစ်ပေါ့"

"မပါဘူး"

သူက ငုံးတိတိဖြေသည်။ မစ္စတာကာလိုဂရီဒီက ပြုံးနေသည်။ ဤတစ်ကြိမ်တွင်တော့ မျက်လုံးစိမ်းစိမ်းများထဲတွင် မယုံသင်္ကာမှုများ ပေါ်လွင်နေသည်။ ဟုတ်သည်။ မိမိလို လူတစ်ယောက်သည် ဤလိုအချိန်မျိုးတွင် အေးအေးလူလူ နေထိုင်လိမ့်မည်ဟု မစ္စတာကာလိုဂရီဒီက ယူဆလိမ့်မည် မဟုတ်ချေ။

"မောင်ဖိုးထယ်တို့ လူမျိုးတွေဟာ သတ္တိရှိသလောက် ရိုင်းစိုင်းကြမ်းကြုတ်ကြတယ်။ အစိုးရအပေါ်မှာ သစ္စာစောင့်သိတတ်ခြင်းလည်း သိပ်မရှိဘူး။ ကျုပ်ပြောတာ မှန်သလား မောင်ဖိုးထယ်"

သူက ရုတ်တရက် ဒေါသထွက်သွားသည်။ နောက်မှ ဆင်ခြင်မိသည်။ ဤသူသည် သူ့ကို စကားအရာဖြင့် စစ်ဆင်လျက်ရှိပြီ ဖြစ်သည်။ သူ့ကို ချော့မည်။ ချီးမွမ်းမည်။ ခြောက်မည်။ စိတ်ကို ဆွပေးမည်။ သူ့စကားအမှားကို စောင့်မည်။

ဤသူသည် နယ်နယ်ရရ မဟုတ်ချေ။ မန္တလေးကို အင်္ဂလိပ်စစ်တပ်များ မသိမ်းခင်ကတည်းက မိမိတို့ အမျိုးသားများကို စည်းရုံးထားနိုင်ခဲ့သူ ဖြစ်သည်။ သူ့လက်အောက်တွင် အမှုထမ်းရွက်အောင် သိမ်းသွင်းနိုင်ခဲ့သူ ဖြစ်သည်။ ယခုမှ သူ စဉ်းစားမိသည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်က စစ်ကဲမောင်ထွန်းနှင့် မစ္စတာကာလိုဂရီဒီတို့ အထက်မူးမြစ်ရိုးသို့ လာရောက်ခြင်းသည် ဘုံဘေဘားမားကုမ္ပဏီ၏ လုပ်ငန်းများ ချဲ့ထွင်နိုင်ရန်အတွက် လာရောက်ကြည့်ရှုကြခြင်း ဖြစ်သည်။ စစ်ကဲမောင်ထွန်းသည် အစောကြီးကတည်းက အင်္ဂလိပ်များနှင့် နားလည်မှု ရှိခဲ့သူ ဖြစ်သည်။ မစ္စတာကာလိုဂရီဒီသည် မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်ရန် အင်္ဂလိပ်တို့ ကြံစည်ခဲ့ရာတွင် လက်ဦးကတည်းက လက်ရင်းကျကျ ပါဝင်ခဲ့သူ ဖြစ်သည်။ သူက ဤသူနှင့်မှ ရန်စပျိုးခဲ့သည်။ ဤလိုအချိန်မျိုးတွင်မှ ဤလူနှင့် ပြန်၍ တွေ့နေရသည်။ ဤအတိုင်းဆိုလျှင် သူ လွတ်မြောက်ရေးသည် မလွယ်ကူလှချေ။

"သုံးဆောင်ပါရှင်"

အမျိုးသမီးတစ်ဦး၏ ချိုသာသောအသံကို ကြားလိုက်ရသဖြင့် သူက ခေါင်းမော့၍ ကြည့်လိုက်သည်။ ဤအသံကို ကြားဖူးသည်ဟုလည်း သူ ထင်လိုက်မိသည်။ သူထင်သည့်အတိုင်းပင် သူတို့အနီးတွင် ပြုံးရွှင်စွာ ရပ်နေသော အမျိုးသမီးမှာ တစ်ကြိမ်က ခင်ခင်လေး၏ အထိန်းတော်ဖြစ်ခဲ့သော လွန်ခဲ့သည့်တစ်လကျော်က မြို့ဝန်ဗိုလ်ပြင်း၏ ကိုယ်စားလှယ်အဖြစ် သူ့ထံသို့ လာရောက်ခဲ့သော တိမ်ပြာပင် ဖြစ်နေချေတော့သည်။

တိမ်ပြာသည် သူ့ဘက်သို့ မသိမသာလှည့်၍ မျက်လုံးစုံကို ဖျတ်ခနဲ ကျုံ့ပြလိုက်သည်။ ထို့နောက် သူတို့အပါးမှ နောက်ပြန်ဆုတ်၍ ထွက်သွားသည်။ အတန်ဝေးသော နေရာရောက်မှ သူတို့ကို ကျော်ပေးကာ

အတွင်းခန်းသို့ ဝင်သွားသည်။ မောင်ရွှေဝါသည် တိမ်ပြာပျောက်ကွယ်သွားသည်အထိ တံခါးပေါက်ကို ငေး၍ ကြည့်နေသည်။

"မောင်ဖိုးထယ် သူ့ကို မြင်ဖူးသလား"

မစ္စတာကာလိုဂရီဒီက ရုတ်တရက် မေးလိုက်သဖြင့် သူ လန့်သွားသည်။

"မမြင်ဖူးပါဘူး ဘာဖြစ်လို့လဲ"
"မောင်ဖိုးထယ်က သူ့ကို ကြည့်တာ မျက်လုံးတွေ ကျွတ်ထွက်ကျတော့မယ်"
"လှလွန်းလို့ ကြည့်မိပါတယ်၊ မစ္စတာကာလိုဂရီဒီနဲ့ ဘာတော်သလဲ"
"ကျုပ် အဖော်မရှိလို့ စစ်ကဲကြီးက ခေါ်လာပေးထားတာပဲ"

မောင်ရွှေဝါ၏ မျက်နှာသည် ဒေါသဖြင့် တင်းမာသွားသည်။ သူ့မျက်နှာကို မစ္စတာကာလိုဂရီဒီ မတွေ့မြင်စေရန် မောင်ရွှေဝါသည် တစ်ဖက်သို့ ချက်ချင်း လှဲလိုက်သည်။ သူက နာကြည်းခြင်းလည်း ဖြစ်ရသည်။ အမျက်ဒေါသလည်း ထွက်ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေး၍ တိုက်သူများက တိုက်နေစဉ်တွင် သစ္စာဖောက်များကလည်း အဘက်ဘက်မှ အမျိုးမျိုး သစ္စာဖောက်နေကြသည်။ စစ်ကဲမောင်ထွန်းသည် မိမိတို့ အမျိုးသမီးတစ်ယောက်ကို မျက်နှာဖြူတစ်ဦးထံတွင် သဘောရှိ ခြေတော်တင်ရန် ပေးထားသည်။

တိမ်ပြာကလည်း တိမ်ပြာပင် ဖြစ်သည်။ တော်ပုံတော်ပန်းနှင့် တကယ့်တကယ်ကျတော့ အလကားပင် ဖြစ်သည်။ မြို့ဝန်မင်း၏ လောင်းရိပ်က ရုန်းမထွက်နိုင်ဘဲ ရှိသည်။။ ရှိမ်းမကားသို့ ပြန်လာမည်ဟု ပြောသွားသော်လည်း ယခုတော့ မျက်နှာဖြူတစ်ဦး၏ ရင်ခွင်တွင် ရောက်နေသည်။ သို့သော် သူ့ကို ရန်သူထံ လက်ညှိုးထိုး၍ မအပ်သေးသည်ကို ကျေးဇူးတင်ရဦးမည် ဖြစ်သည်။

အမျိုးသမီးသည် သူ့ကို မသိဟန် ပြုထားသည်။ ထိုမျှသာမက သူ့အမူအရာ မပျက်စေရန်လည်း မျက်နှာရိပ် ပြသွားသည်။ ဤအတိုင်းဆိုလျှင် သူက လွတ်မြောက်ရေးအတွက် တိမ်ပြာထံမှ အကူအညီ ရနိုင်မည်လော။ ဤအမျိုးသမီးသည် ဤမျှလည်း သတ္တိရှိချင်မှ ရှိပေမည်။

ထို့နောက် မောင်ရွှေဝါသည် မစ္စတာကာလိုဂရီဒီ၏ လှည့်ပတ်မေးမြန်းခြင်း၊ အစ်အောက်ခြင်း၊ မိမိတို့အမျိုးသားများအပေါ် စော်ကားပြောဆို၍ စိတ်ဆွခြင်းများကို တစ်ညနေလုံး ခံနေရသည်။ မစ္စတာကာလိုဂရီဒီ ဘကြီးမုံးအကြောင်း မေးသည်။ မဖျိုင်းဖြူတို့အကြောင်းကို မေးသည်။ သူက စကားမမှားအောင် သတိထား၍ ပြောရသည်။ ဒေါသမဖြစ်အောင် စိတ်ကို အထူး ထိန်းရသည်။

ဤအတွင်းတွင် တိမ်ပြာကို သူ မမြင်ရတော့။

ညစာ စားပြီးသောအခါတွင် မစ္စတာကာလိုဂရီဒီသည် လူတစ်ယောက်ကို ခေါ်၍ မောင်ရွှေဝါကို အိမ်အပေါ်ထပ်ရှိ အခန်းတစ်ခုသို့ ပို့စေသည်။ ထိုသူသည် မောင်ရွှေဝါကို ကောင်းကောင်းမွန်မွန်ပင်

MMCYBERMEDIA
COMMUNITY FOR ALL

ခေါ်သွားလေသည်။ အိမ်အထက်ထပ် အနောက်ဘက်ထောင့်ရှိ အခန်းကျဉ်းကလေးတစ်ခုအတွင်းသို့ ရောက်သောအခါတွင်ကား သူ့ကို ခက်ထန်စွာ ပြောသည်။

"ဒီမှာ ငါ့လူ၊ ကောင်းကောင်းထားရင် ကောင်းကောင်းနေ။ ထွက်ပြေးမယ်တော့ မကြံနဲ့။ အိမ်ပတ်ပတ်လည်မှာရော၊ ရွာပတ်ပတ်လည်မှာရော ကင်းအထပ်ထပ် ရှိတယ် ငါ့လူ"

"နင် စကားပြောတာ တယ်ရိုင်းပါကလား။ ငါက ဘာပြုလို့ ထွက်ပြေးရမှာလဲ။ ငါက နင်တို့ သခင်ကြီးရဲ့ ဧည့်သည်ပဲ"

ထိုသူက ကြောက်မက်ဖွယ်ရာ ရယ်မောလိုက်ပြီးနောက်...

"သခင်ကြီးက သူ့ဧည့်သည်ဆိုရင် ဘယ်တော့မှ ဒီအခန်းကို မပို့ခိုင်းဘူး။ ခေါင်းရင်းခန်းမှာ ထားတယ်။ ဒီအခန်းရောက်တဲ့လူဟာ အသေဆိုးနဲ့ သေရတာချည်းပဲ ငါ့လူ"

မောင်ရွှေဝါက မည်သို့မျှ ပြန်မပြောခင်မှာပင် ထိုသူသည် အခန်းထဲမှ ထွက်သွားသည်။ ထိုသူ ပြောသည့်အတိုင်းသာဆိုလျှင် သူ့အခြေအနေသည် ဆိုးလှပေသည်။ မစ္စတာကာလိုဂရီဒီသည် အပြင်ပန်းက ချိုလှသော်လည်း သူ့ကို ရာဇဝတ်ကောင်တစ်ဦးအဖြစ်နှင့် သဘောထားသည်မှာ ရှင်းနေပေသည်။

သူက အခန်း၏ အခြေအနေကို ကြည့်သည်။ အခန်းတွင်း၌ ဘာမှ မရှိချေ။ နီးချောဖျာတစ်ချပ်သာ ရှိသည်။ သူ့ပစ္စည်းများ အားလုံးကို နွတ်ခမ်းမွေးဗိုလ်က သိမ်းယူပြီး မစ္စတာကာလိုဂရီဒီအား အပ်ခဲ့သည်။ သူ အိမ်ထဲသို့ ဝင်သောအခါတွင် ထိုပစ္စည်းများသည် အိမ်ရှေ့စမြင်တွင် ကျန်ရစ်ခဲ့သည်။ သူက ထိုပစ္စည်းများအကြောင်းကို ပြောသောအခါ သူ့အခန်းသို့ အပို့ခိုင်းလိုက်သည်ဟု မစ္စတာကာလိုဂရီဒီက ပြောသည်။ သို့သော် သူက အတော်ကြာအောင် စောင့်သည်အထိ ထို ပစ္စည်းများသည် သူ့အခန်းသို့ ရောက်မလာချေ။

သူ့ကို လိုက်၍ပို့သူသည် အခန်းတွင်းမှ ခြေသံပြင်းပြင်းနှင့် ထွက်သွားသည်။ လှေကားမှ တဝုန်းဝုန်း ဆင်းသွားသည်။ သည်ကတည်းက သည်လူ၏ အချိုးသည် တစ်မျိုးဖြစ်သည်ဟု သူ နားလည်သည်။ သူသည် လမ်းမှန်ကမ်းမှန်ဆိုလျှင် ဤမျှ ခြေသံ မပြင်းတန်ရာပေ။ အောက်ထပ်တွင် မစ္စတာကာလိုဂရီဒီ ရှိသည်။ သူသည် အလာတုန်းက ခြေကို ဖွဖွသာ နင်းသည်။ အပြန်ကျမှ တမင် ခြေသံပြင်းသွားခြင်း ဖြစ်သည်။ ဤသည်၏ နောက်ကွယ်တွင် အကြောင်းရှိမည်ဟု ယူဆသည့်အတိုင်း မောင်ရွှေဝါက ဂရုစိုက်နေခဲ့ရာ ထိုသူအောက်သို့ ရောက်သွားပြီး မကြာမီမှာပင် လှေကားမှ လူတစ်ယောက် ခြေဖော့၍ တက်လာသံကို သူ ကြားရသည်။ သူ့နားသည် တောထဲတွင် အလေ့အကျင့်ရှိခဲ့သဖြင့် ဤခြေသံသည် စောစောကလူ၏ ခြေသံပင်ဖြစ်ကြောင်း ကောင်းကောင်းသိသည်။ ထိုသူသည် အပေါ်ထပ်သို့ ရောက်သောအခါ အရှေ့ဘက်သို့ အနည်းငယ်လျှောက်သွားသည်။ ထို့နောက် ခြေသံရပ်သွားသည်။ ထိုသူသည် အကွယ်တစ်ခုမှနေ၍ သူ၏ အရိပ်အကဲကို စောင့်ကြည့်နေခြင်းပင် ဖြစ်သည်။ ယင်းကြောင့် မောင်ရွှေဝါသည် အခန်းထဲမှ မထွက်ခဲ့ချေ။ သူ့ပစ္စည်းများ လာပို့မည်ကိုသာ စောင့်စားရင်း အကြံထုတ်နေခဲ့သည်။

သို့သော် သူ့ပစ္စည်းများ ရောက်မလာချေ။ အကြံအဖန်လည်း မရနိုင်ဘဲ ရှိသည်။ အခန်းထဲတွင် ဖျာတစ်ချပ်မှလွဲ၍ မည်သည့်ပစ္စည်းမျှ မရှိချေ။ အခန်းတွင် ပြတင်းတစ်ခုရှိသော်လည်း ယခုအခါ

MMCYBERMEDIA
COMMUNITY FOR ALL

အသေပိတ်ထားသည်။ အခန်းနံရံသည် ပျဉ်ချပ်များဖြင့် ကာရံထားသဖြင့် ခိုင်ခံ့လုံခြုံလှသည်။ သူ့ကိုယ်တွင်လည်း ဓားမြှောင်တစ်လက်မျှပင် မကျန်တော့သဖြင့် ဤအခန်းတွင်းမှ ဖောက်ထွက်နိုင်ရန်မှာ မလွယ်ကူဘဲ ရှိသည်။

သူသည် လုပ်မည်ဆိုလျှင် သူ့အား အစောင့်ချထားသူကို တိုက်ခိုက်၍ အောက်သို့ ဆင်းနိုင်သည်။ သို့သော် အောက်ထပ်တွင် မစ္စတာကာလိုဂရီဒီ၏ လူများ ပြည့်နှက်နေသဖြင့် လှေကားမှ မဆင်းမီမှာပင် ပြန်၍ မိသော်လည်း မိရမည်။ သို့မဟုတ် လူနှစ်ယောက် သုံးယောက်ကို ထိုးနှက်သတ်ဖြတ်ပြီးနောက် မိမိလည်း သေရမည် ဖြစ်သည်။ လွတ်မြောက်ရန်ကား အကြောင်းမရှိချေ။ ဤသို့ တစ်ဖွတ်ထိုး လုပ်၍ မဖြစ်ချေ။ နောက်ဆုံး မတတ်သာလျှင် လူအများ အိပ်မောကျ၍ ကင်းသမားများ ငိုက်မျဉ်းလောက်သော အချိန်လောက်တွင်မှ စွန့်စား၍ ဆင်းသင့်ပေသည်။

သို့ဖြင့် သူသည် ဖျာစုတ်ပေါ်တွင် အေးအေးဆေးဆေးပင် လဲလျောင်း၍ နေလိုက်တော့သည်။ မီးမရှိသဖြင့် အခန်းသည် တစ်စထက်တစ်စ မှောင်လာသည်။ မှောင်လာသည်နှင့်အမျှ ခြင်များက ဆိုးသွမ်းလာကြသည်။ သူ့တစ်ကိုယ်လုံးကို ဝိုင်းအုံ၍ ကိုက်ကြသည်။ ခပ်လှမ်းလှမ်းဆီမှ လှုပ်ရှားသံ ကြားရသည်။ တစ်ချီတစ်ချီတွင် တဖတ်ဖတ် အသံထွက်လာသည်။ သူ့ကို စောင့်ကြပ်နေသူက အသံမပြည်အောင် ခြင်များကို ပွတ်သပ်ချနေခြင်း ဖြစ်သည်။ တစ်ချီတစ်ချီတွင် လက်ဝါးဖြင့် ခပ်အုပ်အုပ်ကလေး ရိုက်လိုက်ခြင်း ဖြစ်သည်။

သူက အပျင်းပြေသဘောဖြင့် ထိုသူ၏ အကဲကို စမ်းချင်သဖြင့် လဲလျောင်းနေရာမှ ထလိုက်သည်။ ထို့နောက် ခြေသံမှန်မှန် နင်း၍ အခန်းထဲမှ ထွက်လာသည်။ သုံးလေးလှမ်းမျှ လျှောက်မိသည်ဆိုလျှင်ပင် ထိုသူသည် အကွယ်တစ်ခုမှ ခုန်ထွက်လာပြီး…

"ဟေ့လူ၊ ဒါ ဘာလုပ်တာလဲ"

မောင်ရွှေဝါ ထိတ်လန့်သွားဟန်ဖြင့်…

"ဟာ လန့်လိုက်တာကော။ ကျုပ်က ခင်ဗျား အောက်ဆင်းသွားတယ် မှတ်တယ်"

"ငါ မေးတာ ပြောစမ်း၊ ဘာလုပ်မလို့ အခန်းထဲက ထွက်လာတာလဲ။ ထွက်ပြေးမလို့လား"

"မဟုတ်တာကော။ ကျုပ်က ဘာပြုလို့ ထွက်ပြေးရမှာလဲ။ ကျုပ်ပစ္စည်းတွေ လာမပို့သေးလို့ ခင်ဗျားတို့ကို မေးမလို့"

"သွား သွား တို့ ပေးချင်တော့ ပေးမယ်"

မောင်ရွှေဝါက မှောင်ထဲတွင် တစ်ယောက်တည်း ပြုံးလျက် သူ့အခန်းထဲသို့ ပြန်၍ ဝင်ခဲ့သည်။ ဤတစ်ကြိမ်တွင်တော့ အစောင့်သည် လှေကားမှ ဆင်းသွားဟန်မဆောင်တော့။ ထိုနေရာမှာပင် ရှိနေတော့သည်။ စောစောကလို ခြင်ကို အုပ်၍မရိုက်ဘဲ တအားလွှဲ၍ တဖြန်းဖြန်း ရိုက်နေတော့သည်။

ကြက်ဦးတွန်ချိန်လောက်တွင်မှ အိမ်ပေါ်သို့ တက်လာသော ခြေသံများကို ကြားရသည်။ လူနှစ်ယောက်၏ ခြေသံ ဖြစ်သည်။ ထိုသူနှစ်ဦးသည် အစောင့်နှင့် ခဏကြာမျှ တီးတိုး စကားပြောနေကြသည်။ ခဏကြာသောအခါ အစောင့်လုပ်သူသည် လှေကားမှ ဆင်းသွားသည်။ ဤတစ်ကြိမ်တွင်ကား သူသည် ခြေဖော့နင်း၍ မတက်လာတော့။ လှေကားရင်းမှပင် စောင့်နေဟန်ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အပေါ်သို့ တက်လာသူနှစ်ဦးသည် သူ့အခန်းထဲသို့ မလာဘဲ ခေါင်းရင်းဘက်သို့ လျှောက်သွားကြသည်။ အခန်းတစ်ခုတွင်းသို့ ဝင်သွားသည်။ ခဏအကြာတွင် တိုးတိုးပြောသံများ၊ လှုပ်ရှားသံများနှင့် ရယ်မောသံများ ကြားသည်။ မစ္စတာကာလိုဂရီဒီနှင့် တိမ်ပြာ ဖြစ်သည်။ မောင်ရွှေဝါသည် မခံမရပ်နိုင်အောင်ပင် ဒေါသထွက်နေသည်။ ယခုပင် ပြေးထွက်သွားပြီး ထိုသူနှစ်ဦးကို လည်ညှစ်၍ သတ်ပစ်ချင်သည်။ စိတ်ကို မနည်းချုပ်ထားရသည်။ အထူးသဖြင့် တိမ်ပြာကို သတ်ချင်သည်။ သစ္စာဖောက် အမျိုးယုတ်မ၊ နေနှင့်ဦး နင်တို့ အိပ်မှ သိမယ်။

မောင်ရွှေဝါက ညည်းသံ၊ တာသံများကို မကြားလိုသဖြင့် နားနှစ်ဖက်ကို ပိတ်ထားသည်။ အံကို ကြိတ်ထားသည်။ အတော်ကြာသောအခါ တစ်အိမ်လုံး တိတ်သွားသည်။ ခေါင်းရင်းခန်းမှ ဘာသံမှ မကြားရတော့။ အိပ်ပျော်သွားကြပြီနှင့် တူသည်။

သို့သော် သူ့အဖို့ အချိန်မကျသေးချေ။ ခပ်လှမ်းလှမ်းမှ ဆူသံညံသံများ ကြားနေရဆဲပင် ရှိသည်။ အသံများသည် တစ်ခါတစ်ခါတွင် ကျယ်လာသည်။ အာလေးကြီးနှင့် သီချင်းဆိုသံ ကြားရသည်။ ပါးစပ်ဆိုင်းတီးသံ ထွက်ပေါ်လာသည်။ သောက်စားမူးယစ်နေကြခြင်း ဖြစ်သည်။ ငြင်းသံ၊ ခုံသံများ ထွက်ပေါ်လာသည်။ စကားများကြသည်။

မောင်ရွှေဝါက စိတ်မရှည်စွာ စောင့်ဆိုင်းနေရသည်။ သို့သော် အသံဗလံများသည် တစစနှင့် ချုပ်ငြိမ်းသွားသည်။ သန်းခေါင်ကြက် တွန်ပြီးသောအခါတွင်ကား တစ်ရွာလုံး တိတ်ဆိတ်လျက် ရှိတော့သည်။

မောင်ရွှေဝါသည် အခန်းတွင်းမှ သတိနှင့် ထွက်တော့မည် ရှိစဉ်တွင် လှေကားရင်းဆီမှ ချောင်းဟန့်သံ ကြားရသည်။ သုံးကြိမ်သာ ဖြစ်သည်။ ထို့နောက် မကြားရတော့။ ချောင်းဆိုးပုံမှာလည်း သဘာဝအတိုင်း မဟုတ်ဘဲ လုပ်၍ ဆိုးပုံရသည်။ အချက်ပေးခြင်း ဖြစ်မည်လောဟု မောင်ရွှေဝါ စဉ်းစားနေစဉ်မှာပင် ခေါင်းရင်းခန်းမှ လှုပ်ရှားသံ ကြားရသည်။ ထို့နောက် အခန်းတွင်းမှ ထွက်လာသော ခြေသံကြားရသည်။ ခြေသံသည် လှေကားထိပ်သို့ ရွေ့လျားနေသည်။ လှေကားထိပ်တွင် ရပ်သွားသည်။ ချောင်းသုံးချက် ဟန့်သည်။ အောက်ဘက်မှ ချောင်းသံတစ်ချက် ပေးသည်။ ခြေသံသည် ခေါင်းရင်းခန်းသို့ ပြန်သွားသည်။ မောင်ရွှေဝါသည် အသက်မျှ မှန်မှန်မရှူနိုင်ဘဲ ရှိသည်။

များမကြာမီတွင် ခြေသံသည် ခေါင်းရင်းခန်းမှ ပြန်၍ ထွက်လာသည်။ ဤတစ်ကြိမ်တွင်မူ သူ့ထံသို့ ဦးတည်၍ လာနေသည်။ သူက တံခါးအနီးတွင် ကပ်၍ ထိုသူ ရောက်လာမည်ကို စောင့်ဆိုင်းနေသည်။

ခြေသံသည် တံခါးအနီးသို့ ရောက်သောအခါ ရပ်သွားသည်။ အပြင်ဘက်မှ လူ၏ အသက်ရှူသံကိုပင် ကြားရသည်။ အကယ်၍ တစ်ဖက်မှလူသည် နားလျင်ပါက မိမိ၏ အသက်ရှူသံကိုလည်း ကြားရလိမ့်မည် ဖြစ်သည်။ ယခုမှပင် သူ၏ အသက်ရှူသံသည် ကျယ်လောင်လွန်းနေသည်ဟု မောင်ရွှေဝါ ထင်မိသည်။ ဒေါ်ပွနေမိသည်။

"ဗိုလ်မင်း၊ ဗိုလ်မင်း"

ထိုစဉ်မှာပင် အပြင်ဘက်မှ အသံတိုးတိုး ထွက်ပေါ်လာသည်။ တိမ်ပြာ၏ အသံဖြစ်သည်။ မောင်ရွှေဝါသည် အတိုင်းမသိ ဝမ်းသာသွားသည်။

"တိမ်ပြာလား"

"ဟုတ်ပါတယ် ဗိုလ်မင်း၊ တိမ်ပြာပါ။ ရော့ ရော့ ဗိုလ်မင်း ဒီအဝတ်တွေ အမြန်ဆုံးလဲပြီး အောက်ကို ဆင်းခဲ့ပါ။ တိမ်ပြာတို့ စောင့်နေပါ့မယ်။ တိုးတိုးနဲ့ မြန်မြန် ဗိုလ်မင်း။ အထုပ်ထဲမှာ ဟိုဟာ နှစ်ခုပါတယ်"

တိမ်ပြာသည် တံခါးကို အသာတွန်းဖွင့်ကာ သူ့ကို အထုပ်တစ်ထုပ် ပေးသည်။ ထို့နောက် သူက မည်သို့မျှ မမေးရမီမှာပင် တိမ်ပြာသည် လှေကားဆီသို့ ဖွဖွသွက်သွက် ထွက်သွားသည်။ မောင်ရွှေဝါသည် တိမ်ပြာပေးသွားသော အထုပ်ကို ကိုင်၍ ကျန်ရစ်သည်။ တိမ်ပြာ၏ အပြုအမူကို နားမလည်သဖြင့် အတန်ကြာ ငေးငိုင်နေမိသည်။ နောက်မှ သတိရ၍ တိမ်ပြာပေးသွားသော အထုပ်ကို လက်ဖြင့် စမ်း၍ ကြည့်မိသည်။ အမှောင်ထဲတွင် ဘာမှ မမြင်ရပါ။ အထုပ်ထဲတွင် မာမာတောင့်တောင့် အရာဝတ္ထုများ ပါသည်ကို တွေ့ရသဖြင့် အထုပ်ကို ကြမ်းပြင်ပေါ်ချ၍ သတိဖြင့် ဖြေသည်။ အဝတ်နှစ်စ၊ သုံးစ ကျွတ်ထွက်ပြီးနောက် အထဲမှ အရာဝတ္ထုနှစ်ခုကို တွေ့ရသည်။ တစ်ခုက သေးသေးရှည်ရှည် ဖြစ်သည်။ တစ်ခုက ကောက်ကောက်ကွေးကွေး ဖြစ်သည်။ သေးသေးရှည်ရှည်မှာ ဓားမြှောင် ဖြစ်သည်။ လုံးပတ်နှင့် အရှည်ကို ခန့်မှန်းရခြင်းဖြင့် သူ၏ ဓားမြှောင်ပင်ဖြစ်ဟန် ရှိသည်။ သူက သေချာအောင် ဓားမြှောင်ကို အိမ်မှချွတ်၍ အသွားနှင့် အချွန်ကို စမ်းကြည့်သည်။ အလေးချိန်ကို ဆကြည့်သည်။ သူ၏ ဓားမြှောင်ပင် ဖြစ်သည်။ ကွေးကွေးကောက်ကောက်အရာမှာ သံထည် ဖြစ်သည်။ လက်ထဲတွင် အတော်လေးသည်။ သူက လက်နှစ်ဖက်ဖြင့် စမ်းကြည့်သောအခါ ပစ္စတိုသေနတ်ဖြစ်သည်ကို တွေ့ရသည်။ မစ္စတာကာလိုဂရီဒီ၏ သေနတ် ဖြစ်သည်။

သူက ဓားမြှောင်နှင့် သေနတ်ကို ယူ၍ အခန်းထဲမှ ထွက်သွားမည် ရှိသည်။ ပြီးမှ "ဒီအဝတ်တွေကို အမြန်ဆုံးလဲပြီး" ဟူသော တိမ်ပြာ၏ စကားကို အမှတ်ရမိသဖြင့် စောစောက ကြမ်းပြင်ပေါ်သို့ ပစ်ချထားသောအရာကို ကောက်ကိုင်ကြည့်မိသည်။ အဝတ်နှစ်ထည် ဖြစ်သည်။ သူက အဝတ်နှစ်ခုကို စမ်းကြည့်သောအခါ အင်္ကျီလက်တို တစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည် ဖြစ်သည်ကို တွေ့ရသည်။ အသားထူသဖြင့် မစ္စတာကာလိုဂရီဒီ၏ ကာကီဝတ်စုံဖြစ်မှန်း သိသည်။ တိမ်ပြာက အဘယ်ကြောင့် ဤအဝတ်များကို ဝတ်ခိုင်းသနည်းဟု စဉ်းစားမရဘဲ ရှိသည်။ သို့သော်လည်း သူ့လက်ထဲတွင် လက်နက်နှစ်ခု ရှိနေပြီ ဖြစ်သဖြင့် တိမ်ပြာခိုင်းသည်ကို တွန့်ဆုတ်နေစရာ အကြောင်းမရှိချေ။ သူက ပုဆိုးကို ခါးတောင်းကျိုက်၍ ဘောင်းဘီကို အပေါ်မှ ထပ်ဝတ်သည်။ အင်္ကျီကိုလည်း အလားတူပင် အပေါ်မှ ထပ်၍ ဝတ်လိုက်သည်။ ထို့နောက် အခန်းထဲမှ ခြေဖွ၍ ထွက်ခဲ့သည်။

လှေကားထိပ်သို့ ရောက်သောအခါ သူသည် ရုတ်တရက် မဆင်းသေးဘဲ ရပ်နေမိသည်။ ကျုံးသွင်းခြင်းခံရသလောဟု သံသယ ဖြစ်မိသည်။ သူက နားစွင့်လိုက်သည်။ ခေါင်းရင်းခန်းသည် ပကတိ တိတ်ဆိတ်နေသည်။ မစ္စတာကာလိုဂရီဒီသည် ထိုအခန်းထဲတွင် မည်သို့ ရှိနေသနည်း။ အိပ်ပျော်နေသလော။ တိမ်ပြာက ကိစ္စတုံးခဲ့ပြီလော။ သို့မဟုတ် သူ့ကို ချောင်းမြောင်းနေသလော။ သို့သော် မစ္စတာကာလိုဂရီဒီသည် ယခုကဲ့သို့ သူ့ကို ထောင်ချောက်ဆင်နေရန် မည်သို့မျှ အကြောင်းမရှိပေ။ ထို့ကြောင့် မောင်ရွှေဝါသည် လှေကားမှ ခြေဖွနင်း၍ ဆင်းခဲ့သည်။ အောက်ဘက်တွင် လရောင်ဝါးဝါး

MMCYBERMEDIA
COMMUNITY FOR ALL

ရှိသည်။ လူရိပ်နှစ်ခုကို မြင်ရသည်။ လေ့ကားတစ်ဝက်တွင် ရပ်လိုက်ပြန်သည်။ တစ်ယောက်က တိမ်ပြာ ဖြစ်သည်။ တစ်ယောက်က အစောင့် ဖြစ်သည်။

"ဗိုလ်မင်း မြန်မြန်"

တိမ်ပြာ၏ အသံ ထွက်လာသည်။ အစောင့်ကို တိမ်ပြာက လာဘ်ထိုးထားဟန် ရှိသည်။ မောင်ရွှေဝါသည် တုံ့ဆိုင်း၍ မနေတော့ဘဲ လေ့ကားမှ ဆင်းသွားသည်။ အစောင့်သည် စောစောကလို ခက်ထန်တင်းမာမှု မရှိ။ သူ့ကို ရိုသေလေးစားဟန်ဖြင့် ကျို့ကျို့ယို့ယို့ ရှိနေသည်။ မောင်ရွှေဝါသည် အစောင့်ကို မသင်္ကာသည့် မျက်လုံးဖြင့် ကြည့်နေသည်ကို မြင်သောအခါ တိမ်ပြာက...

"ကိုပြားကြီးက တိမ်ပြာတို့ လူပါ"

သည်တော့မှ မောင်ရွှေဝါသည် စိတ်အနည်းငယ် အေးသွားသည်။ သို့သော် သူသည် ရန်သူများလက်ထဲမှ လွတ်သေးသည် မဟုတ်။ ကိုပြားကြီး၏ လက်ထဲတွင် သူ၏ ရိုင်ဖယ် ရှိသည်ကို တွေ့ရသည်။ သူက ရိုင်ဖယ်ကို လှမ်းယူမည်အပြုတွင် တိမ်ပြာက...

"ဗိုလ်မင်း ဒါကို အရင်စီးဦး"

တိမ်ပြာက မစ္စတာကာလိုဂရီဒီ၏ ဘွတ်ဖိနပ်ကို သူ့အား ထိုးပေးနေသည်။ သူက မည်သို့မျှ အဓိပ္ပာယ် မပေါက်သဖြင့်...

"နင် လုပ်နေတာတွေ ငါ နားမလည်ဘူးကော တိမ်ပြာ"

"ရန်သူကင်းတွေ အထပ်ထပ်ချထားတယ် ဗိုလ်မင်း"

"ဘာဆိုင်သလဲကော"

"မစ္စတာကာလိုဂရီဒီက ကင်းတွေကို လိုက်စစ်ဆေးတဲ့အနေနဲ့ ကျွန်မတို့ ဒီက ထွက်ရပ့်မယ်။ ကျွန်မနဲ့ ကိုပြားကြီးက မစ္စတာကာလိုဂရီဒီရဲ့ ကိုယ်ရံတော်တွေအဖြစ် လိုက်ရမယ်။ ဗိုလ်မင်း ဘာမှ လုပ်စရာ မလိုဘူး။ ဘွတ်သံပြင်းပြင်းနဲ့ လျှောက်ဖို့ပဲ။ ပြောစရာရှိရင် ကိုပြားကြီးက ပြောလိမ့်မယ်"

အမျိုးသမီးက ယင်းသို့ ရှင်းပြသောအခါတွင်မှ သူက အကြံအစည်ကို ပိရိပြည့်ဝပုံကို စိတ်ထဲမှ ချီးကျူးမိသည်။ တိမ်ပြာကိုလည်း ယခုမှ သတိထားကြည့်မိသည်။ တိမ်ပြာသည် ယောက်ျား တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသည်။

သို့ဖြင့် မောင်ရွှေဝါသည် တိမ်ပြာ၏ လက်မှ ဘွတ်ဖိနပ်ကို ယူ၍ စီးလိုက်သည်။ မစ္စတာကာလိုဂရီဒီ၏ အဝတ်အစားနှင့် ဖိနပ်တို့သည် သူနှင့် အတော်လောက်ပင် ဖြစ်ကြသည်။ အနည်းငယ်သာ ဖားလျားသည်။ မသိမသာ ပွချောင်သည်။ သို့သော် သူ့အရပ်နှင့် သူ့ကိုယ်လုံးသည် အနောက်တိုင်းသား တစ်ယောက်ကို မီလုမီခင် ဖြစ်သည်။ ဖိနပ်စီး၍ ပြီးသောအခါ တိမ်ပြာက သူ့ခေါင်းတွင် ဖော့ဦးထုပ်တစ်ခုကို ဆောင်းပေးလိုက်သည်။

မောင်ရွှေဝါက ကိုပြားကြီးထံမှ ရိုင်ဖယ်ကို လှမ်းယူမည် ပြုပြန်သည်တွင် တိမ်ပြာက လက်တား၍...

"သေနတ်ကို ဗိုလ်မင်းကိုင်လို့ မဖြစ်ဘူး။ မစ္စတာကာလိုဂရီဒီက ကင်းလှည့်ထွက်ရင် ဘယ်တော့မှ သေနတ်မကိုင်ဘူး။ ဟောဒီ ကြိမ်လုံးပဲ ကိုင်တယ်။ အိပ်နေတဲ့လူတွေ့ရင် ဒီကြိမ်လုံးနဲ့ ခပ်စပ်စပ် ရိုက်တာပဲ"

မောင်ရွှေဝါက ကြိမ်လုံးကို လေထဲတွင် တစ်ချက်ဝင့်ကြည့်လိုက်သည်။ ရွှီခနဲ မြည်သွားသည်။

"ကျုပ်ကကော အိပ်နေတဲ့ ကင်းသမားတွေတွေ့ရင် ခပ်စပ်စပ်ကလေး ရိုက်ပေးရဦးမလား"

"အို ဗိုလ်မင်းကလည်း သူတို့ အိပ်နေပါစေလို့တောင် ဆုတောင်းရဦးမယ်။ သွားမလုပ်လိုက်ပါနဲ့။ ဒါပေမယ့် ခုနင်ကလို ကြိမ်လုံးကို ဝင့်ပေးရမယ်။ နိုးနေတဲ့ ကင်းသမားတွေကို တွေ့ရင် မလှုမ်းမကမ်းကနေ ဖြတ်သွားပြီး ကြိမ်လုံးကို တစ်ချက်နှစ်ချက် ဝင့်ပေးရမယ်။ မြည်နိုင်သမျှ မြည်ပစေ"

မောင်ရွှေဝါက ခေါင်းညိတ်နေသည်။ တိမ်ပြာ၏ လက်ထဲတွင်လည်း ယခုအခါ ရိုင်ဖယ်တစ်လက် ရှိနေသည်။

"ကဲ သွားကြစို့ သခင်ကြီး"

တိမ်ပြာက ပြောလိုက်သဖြင့် သုံးယောက်သား အုပ်၍ ရယ်မိကြသည်။ ချက်ချင်းပြန်၍ အသံကို ထိန်းရသည်။ ကိုပြားကြီးက ရှေ့ကသွားသည်။ မောင်ရွှေဝါက အလယ်မှ လိုက်သည်။ တိမ်ပြာက နောက်ဆုံးမှ ဖြစ်သည်။ အိမ်ဝိုင်းထဲရှိ သစ္စာဖောက်တပ်သားများ အားလုံး အိပ်မောကျနေကြသည်။

"အရက်ထဲမှာ ကျွန်မ ဆေးခတ်ထားတယ်။ သူတို့အားလုံး မနိုးတော့ဘူး"

တိမ်ပြာက လေသံဖြင့် ပြောသည်။

"မစ္စတာကာလိုဂရီဒီကော"

"အတူတူပဲ"

ထို့နောက် သူတို့သည် ရွာလည်လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ မနက်က လာလမ်းပင် ဖြစ်သည်။ ရွာတံခါးအနီးသို့ ရောက်သောအခါ ကင်းသမားတစ်ယောက်သည် သူတို့ကို ကျောပေး၍ မီးလှုံနေသည်ကို တွေ့ရသည်။ ကိုပြားကြီးသည် မောင်ရွှေဝါတို့ ရပ်နေရန် အချက်ပြသည်။ ထို့နောက် သေနတ်ကို မောင်ရွှေဝါ၏ လက်ထဲသို့ အပ်ကာ တစ်ယောက်တည်း မှောင်ရိပ်ခို၍ လျှောက်သွားသည်။ ကင်းသမားအနီးသို့ ကျားတစ်ကောင်ကဲ့သို့ ချောင်းမြောင်း၍ သွားပြီး အနီးသို့ ရောက်သောအခါ လွှားခနဲ ခုန်အုပ်လိုက်သည်။

ထို့နောက် ကိုပြားကြီးသည် သူတို့ကို လာရန် အချက်ပြသည်။ သူက ကင်းသမားကို ဓားမြှောင်ဖြင့် ကျောကို စိုက်ခြင်း ဖြစ်သည်။ ဓားမှသွေးများကို သေသူ၏စောင်ဖြင့် သုတ်ပြီးနောက် ခါးတွင် ပြန်၍ စိုက်ထားလိုက်သည်။ မောင်ရွှေဝါ၏ လက်မှ သေနတ်ကို ပြန်၍ ယူရင်း...

"ရွာတံခါးပေါက်က ကျဉ်းတော့ ကင်းသမားအနားက ဖြတ်သွားလို့ မဖြစ်ဘူး။ လရောင်က များနေတော့ သခင်ကြီးမဟုတ်ဘူးဆိုတာ သိမယ်။ ဒါကြောင့် ကိစ္စတုံးလိုက်ရတာ။ ဒါပေမယ့် ညောင်ပင်ကင်းကျရင်တော့ လူများတယ်။ ဒီကင်းက လူတွေက စစ်ကဲကြီးရဲ့ လက်ရုံးတွေဖြစ်တယ်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘယ်တော့မှ မအိပ်ဘူး။ သူတို့နဲ့ မလှမ်းမကမ်းက ခပ်တည်တည် ဖြတ်သွားရမယ်။ ဒီကင်းလွန်ရင် လွတ်ပြီပဲ။ ပုစွန်ရိုးထဲမှာ မြင်းတွေရှိတယ်"

ထို့နောက် ကိုပြားကြီးသည် ရှေ့မှထွက်သွားသဖြင့် မောင်ရွှေဝါတို့သည် လိုက်ပါသွားကြရပြန်သည်။ တိမ်လွှာပါးပါးများကို ဖြတ်၍ လရောင်သည် ဝိုးတဝါး ကျနေသည်။

ညောင်ပင်ကင်းသည် တောင်ကမူလေးပေါ်တွင် တည်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ညောင်ပင်အောက်တွင် (၃၇)မင်း နတ်စင် ရှိခဲ့သည်။ ယခုမူ စစ်ကဲမောင်ထွန်း၏ လက်ရွေးစင်တပ်သားများသည် ဤနတ်စင်ကို ဇဟိုကင်းတဲအဖြစ် အသုံးပြုလျက် ရှိကြသည်။ ကိုပြားကြီးပြောသကဲ့သို့ပင် ကင်းသမားတို့သည် နိုးနိုးကြားကြား ရှိနေကြသည်။ မီးဖိုတစ်ခုဘေးတွင် ဝိုင်း၍ ထိုင်နေကြသည်။

"ကြိမ် ကြိမ်"

တိမ်ပြာက လက်တို့၍ နောက်ဘက်မှ တိုးတိုးပြောသဖြင့် သူက ကြိမ်ကို နစ်ချက် ဝင့်လိုက်သည်။ လေထဲတွင် မြွေပွေးထောက်၍ ပျံသွားသကဲ့သို့ ရှီခနဲ ရှီခနဲ နစ်ချက်မြည်သွားသည်။ ကင်းသမားများသည် မီးလှုံနေရာမှ ကမန်းကတန်းထ၍ မောင်ရွှေဝါတို့ကို အလေးပြုကြသည်။ တိမ်ပြာက သူ့နောက်ကျောကို တို့လာပြန်သဖြင့် မောင်ရွှေဝါက ကြိမ်နစ်ချက် ဝင့်လိုက်ပြန်သည်။ ကင်းသမားများသည် စောစောကအတိုင်း မီးဖိုဘေးတွင် ပြန်၍ ထိုင်ကြသည်။ သူ့ဟာနဲ့သူတော့ အဟုတ်ကြီးပဲကော။

သူတို့သည် ကင်းသမားများနှင့် ထန်းတစ်ရိပ်ခန့် အကွာမှ ဖြတ်သန်းခဲ့သည်။ မောင်ရွှေဝါသည် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် မည်သည့်အခါကမျှ ဒူးတုန်ခဲ့ခြင်း မရှိသော်လည်း ယခုကဲ့သို့ ဟန်ဆောင်ရသောအခါ ဒူးများသည် ကွေးညွတ်ကျသွားမည်လားဟု အောက်မေ့ရသည်။ တစ်ကြိမ် ခလုတ်တိုက်ခဲ့သည်။

ဤသို့ဖြင့် သူတို့သည် ပုစွန်ရိုးသို့ ရောက်ခဲ့ကြသည်။ ညောင်ပင်ကင်းမှာ တစ်ခေါ်ခန့်ဝေးသည့် အနိမ့်ဘက်တွင် ရှိ၍ ကင်းစခန်းမှ လှမ်း၍ မမြင်နိုင်ချေ။ ရိုးထဲတွင် မြင်းနစ်ကောင် ရှိသည်။ တစ်ကောင်မှာ တိမ်ပျံဖြစ်သည်။ တိမ်ပျံသည် မောင်ရွှေဝါကို မှတ်မိသည့်အလား လည်ဆံခါ၍ နှုတ်ဆက်သည်။

မြင်းနစ်ကောင်သာ တွေ့သဖြင့် မောင်ရွှေဝါက စိုးရိမ်သည့် လေသံဖြင့်...
"တို့များနဲ့အတူ တိမ်ပြာ မလိုက်ဘူးလား"
"လိုက်မှာပေ့ါ ဗိုလ်မင်း။ အခုအချိန်ကျမှ တိမ်ပြာနေရစ်ရင် သေဖို့ပဲ ရှိတယ်"
"ကိုပြားကြီးကော"
"လိုက်မှာပေ့ါ။ မြင်းနစ်ကောင်တည်း တွေ့လို့ မေးနေတာလား"
"တိမ်ပြာက မြင်းမှ မစီးတတ်တာ။ ဗိုလ်မင်းနောက်က လိုက်မှ ဖြစ်တော့မပေ့ါ"

MMCYBERMEDIA
COMMUNITY FOR ALL

ထိုစဉ်တွင် ညောင်ပင်ကင်းဆီမှ ဆူဆူညံညံ အသံများ ကြားရသည်။ သေနတ်ကျည်များ ကြားရသည်။ တစ်ပြိုင်နက်တည်းမှာပင် သူတို့အနီးမှ ကျည်များ ဖြစ်သွားကြပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သော ကိုပြားကြီးသည် မြေပြင်ပေါ်သို့ ဗုန်းခနဲ ပြန်၍ ကျလာသည်။

"မမလေးတို့ သွားကြတော့။ သူတို့ လိုက်လာပြီ။ ကျွန်တော် မနေရတော့ဘူး"

ကိုပြားကြီးက အော်ပြောသည်။ မောင်ရွှေဝါသည် မြင်းပေါ်သို့ ရောက်နေပြီ ဖြစ်သည်။ သေနတ်သံများ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကုန်းငုံ့၍ ရပ်နေသော တိမ်ပြာကို လက်တစ်ဖက်နှင့် ရစ်ပတ်၍ ယူလိုက်ပြီး သူ့နောက်တွင် တင်ပလ္လဲတင်လိုက်သည်။ တိမ်ပြာက သူ့ခါးကို ဖက်မိသည်နှင့် တစ်ပြိုင်နက် တိမ်ပျံ၏ဝမ်းဗိုက်ကို ခြေဖနောင့်နှစ်ဖက်ဖြင့် ရိုက်လိုက်သည်။ တိမ်ပျံသည် ပစ်လွှတ်လိုက်သော မြားကဲ့သို့ ပြေးသွားသည်။

နောက်ဘက်မှ အော်ဟစ်သံများ ကြားရသည်။ စစ်ကဲမောင်ထွန်း၏ အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တိမ်ပြာတွက်ထားသည့်အတိုင်းဆိုလျှင် သူတို့သည် ခလုတ်မထိ ဆူးမငြိဘဲ ဝန်းသိုနယ်ထဲသို့ ရောက်သွားရန် ဖြစ်သည်။ သို့သော် စစ်ကဲမောင်ထွန်းသည် ညအလယ်ကောင်ကြီးတွင် ပြန်ရောက်လာပြီး သူ့လူများ အကဲမလှဖြစ်နေသည်ကို တွေ့ဟန်ရှိသည်။ မစ္စတာကာလိုဂရီဒီကို နှိုး၍ မေးရာတွင်မှ သူတို့ ထွက်ပြေးသွားသည်ကို သိသွားဟန်တူသည်။

ဆူဆူညံညံ အော်ဟစ်နေကြသည့်အထဲတွင် မစ္စတာကာလိုဂရီဒီနှင့် နှုတ်ခမ်းမွေးဗိုလ်၏ အသံလည်း ကြားရသည်။ ယခုအခါတွင် စစ်ကဲမောင်ထွန်းတို့ လူစုသည် သူတို့နောက်မှ မြင်းများဖြင့် လိုက်လာကြပြီ ဖြစ်သည်။

"ဟိုရှေ့က တောအုပ်ကို ကွင်းရမယ် ဗိုလ်မင်း။ သူတို့ရဲ့ နောက်ဆုံးကင်းပဲ။ ဒီကင်းကို လွန်ရင် ဝန်းသိုနယ်ကို ရောက်တာပဲ"

တိမ်ပြာက သူ့ခါးကို တင်းတင်းဖက်ထားရင်း ပြောသည်။ နောက်မှလူများသည် မြင်းများနှင့် အပြင်းလိုက်လာကြသည်။ သို့သော် သူတို့သည် တိမ်ပျံ၏ ခြေကို မီနိုင်ရန် ခဲယဉ်းသည်။ တစ်စစနှင့် ပြတ်၍ ကျန်ရစ်သည်။

သို့သော် ရှေ့ကင်းမှ ရန်သူသည် သေနတ်သံကြားကတည်းက အသင့်ရှိနေကြသည်။ လရောင်အောက်တွင် ရှေ့မှ မြင်းတစ်စီးတည်းပြေး၍ နောက်မှ မြင်းတစ်အုပ် လိုက်နေခြင်း၏ အဓိပ္ပာယ်ကို ကောင်းကောင်းသိကြဟန် တူသည်။ သူတို့ကို ကွင်း၍ သွားနေသော မောင်ရွှေဝါ၏ မြင်းကို မြင်တွေ့သောအခါ သူတို့သည် တောအစပ်ကို အရင်ရောက်အောင် ပြေးနင့်ကြသည်။ တစ်ဖက်တွင်လည်း တောတန်းတစ်ခု ရှိနေပြန်သဖြင့် မောင်ရွှေဝါသည် ထိုလူများနှင့် ဝေးဝေးမရှောင်နိုင်ဘဲ လက်ဝဲဘက်တောတန်းကို မြှောင်၍ မြင်းကို စိုင်းရသည်။ သေနတ်တစ်ထောက် မလွတ်ချေ။ သူတို့နှင့်

တည့်တည့်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကင်းသမားများသည် သေနတ်ကို တစ်ပြိုင်တည်း ပစ်ခတ်ကြသည်။

မောင်ရွှေဝါ၏ ပခုံးစွန်းတစ်ဖက် ပူခနဲ ဖြစ်သွားသည်။ သို့သော် ဒဏ်ရာရသည်ကို ဂရုမစိုက်နိုင်ဘဲ မြင်းကို တရကြမ်း စိုင်းရသည်။ နောက်တစ်ကြိမ် သေနတ်သံများ ထွက်ပေါ်လာပြန်သည်။ သူတို့ထံသို့ ကျည်မရောက်တော့ချေ။ သူက အရှိန်ကို မလျှော့ဘဲ စိတ်ချရသည့်ထက် စိတ်ချအောင် တိမ်ပျံကို တွန်းနေသည်။ စစ်ကဲမောင်ထွန်းတို့ လူစုသည် နောက်မှ လိုက်ပါလာကြသေးသည်။ သို့သော် အတော်ကြီးဝေး၍ ကျန်ရစ်သည် ဖြစ်သည်။ ရှေ့တွင် သူ့ကို မီလာနိုင်စရာ အကြောင်းမရှိ ပြတ်ကျန်ရစ်ဖို့ ဖြစ်သည်။

သူ့ကို ဖက်ထားသော တိမ်ပြာ လက်သည် တဖြည်းထက်တဖြည်း လျော့၍ သွားနေသည်ကို သတိပြုမိသဖြင့်...

"တိမ်ပြာ လက်ကို မလျှော့နဲ့။ နာနာဖက်ထား။ ကျ ကျန်ရစ်မယ်"

သူက ပြောသည်။ သို့သော် တိမ်ပြာ၏ လက်သည် တင်းမလာချေ။ ပို၍ လျော့သွားသည်။ သို့ဖြင့် သူက လက်တစ်ဖက်ကို နောက်ပြန်ပြုလျက် တိမ်ပြာကို ထိန်းထားလိုက်ရသည်။ သို့သော် သူထိန်းထားသည့်ကြားမှပင် တိမ်ပြာ၏ ကိုယ်သည် နောက်သို့ လန်နေသည်။ သူမ၏ လက်နှစ်ဖက်စလုံးမှာလည်း သူ့ခါးတွင် မရှိတော့။

သူက မသင်္ကာသဖြင့် ကိုယ်ကို အရှေ့ဘက်သို့ တိမ်းလိုက်သည်။ တိမ်ပြာ၏ ကိုယ်ကို ဘယ်လက်ဖြင့် ရစ်၍ ရှေ့သို့ ဆွဲယူလိုက်သည်။ တိမ်ပြာသည် သူ့ရှေ့သို့ ပျော့စိပျော့နဲ့ ရောက်လာသည်။ သူမ၏ ကိုယ်ကို စမ်းကြည့်လိုက်သောအခါ သွေးတွေ နစ်နေသည်။

"တိမ်ပြာ တိမ်ပြာ"

သူက စိုးရိမ်တကြီး ခေါ်သည်။ အမျိုးသမီးက မထူးတော့။ သို့သော် သူက ရပ်တန့်ရန် မဖြစ်နိုင်သေးသဖြင့် အမျိုးသမီးကို မြင်းပေါ်မှ မကျစေရန် ထိန်းထားပြီး အရှိန်မပျက် စိုင်းနှင်နေရသည်။ စစ်ကဲမောင်ထွန်း၏ မြင်းအုပ်သည် နောက်မှ လိုက်ပါလာခြင်း မရှိတော့ချေ။ အဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

မောင်ရွှေဝါသည် အပြန့်ကျယ်သော လယ်ကွင်းပြင်တစ်ခု၏ အလယ်သို့ ရောက်သွားပြီးမှ မြင်းကို ရပ်လိုက်သည်။ သို့မှသာ ရန်သူများ တက်လာလျှင် သိနိုင်မည် ဖြစ်သည်။ ရန်သူက သူ့ကို ရုတ်တရက် မတိုက်ခိုက်နိုင်မည် ဖြစ်သည်။

သူက မြင်းပေါ်မှ ကမန်းကတန်း ဆင်းလိုက်ပြီး တိမ်ပြာကို အောက်သို့ ချရသည်။ သူ့ရင်ခွင်ထဲတွင် ခပ်ထောင်ထောင်ကလေး ပွေ့ထားပြီး...

"တိမ်ပြာ တိမ်ပြာ"

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးသည် အနည်းငယ် လွန့်လာသည်။ အသံကို ညှစ်၍ ညည်းသည်။ ထို့နောက် ငြိမ်သွားပြန်သည်။ သို့သော် ခဏအကြာတွင် မျက်လုံးဖွင့်ကြည့်သည်။

“ဗိုလ်မင်း”

“တိမ်ပြာ တိမ်ပြာ။ နင် သတိရမလား”

“အမလေး မောလိုက်တာ၊ ရေငတ်တယ် ရေ ရေ”

မောင်ရွှေဝါက ရေမတိုက်ချေ။ ခေါင်းကို မလည်အောင် ထိန်းသည်။ တိမ်ပြာသည် ရှည်လျားစွာ ညည်းလိုက်ပြီးနောက်...

“ကျွန်မ ကျွန်မ ထိပ်တင်မှတ်ရဲ့လူ။ သူလျှိုလုပ်”

အမျိုးသမီးသည် စကားကို ဆုံးအောင် မပြောနိုင်တော့ချေ။ သူ ထိန်းထားသည့်ကြားမှပင် ဇက်ကျိုး၍ ကျသွားသည်။ သည်တော့မှ တိမ်ပြာသည် သူတို့ထံသို့ မလာဘဲ စစ်ကဲမောင်ထွန်းတို့ထံတွင် ဘဝအဆုံးခံ၍ နေနေသည့် အကြောင်းရင်းကို မောင်ရွှေဝါ သိရတော့သည်။ ဤအမျိုးသမီးကလေးသည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် သူမ၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။ သို့သော် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲသည် ယခုမှ အစသာ ဖြစ်သည်။ နောက်ထပ် အသက်ပေါင်းများစွာဖြင့် စတေးကြရပေဦးမည်။

❀❀❀❀❀

## အခန်း -၅၀-

မသက်ရော်ကို ကြိုးကြာတစ်ရွာလုံးက သိကြသည်။ သနားကြသည်။ ကူညီကြသည်။ အကြောင်းမှာ မသက်ရော်သည် ဒုက္ခိတတစ်ဦးဖြစ်သောကြောင့် ဖြစ်သည်။

သူမသည် စကားမပြောတတ်။ သူမသည် နားမကြား၊ အထိုင်း အ,အကလေးတစ်ဦးဖြစ်သည်။ ဤအထဲတွင် သူမ၏မိဘများက ဆင်းရဲသည်။ သူမ၏အစ်ကိုက ဆိုးလေသည်။ ကြက်သမား၊ အရက်သမားဖြစ်သည်။ မသက်ရော်၏ မိဘများသည် ဆင်းရဲသည်သာမက အင်မတန်လည်း ရိုးသည်။ ရိုးသားလွန်းသဖြင့်လည်း ဤမျှ ဆင်းရဲခြင်း ဖြစ်သည်။ သူတို့တွင် လယ်အပိုင် မရှိ။ မြေကြီးရှားသောကြောင့် မဟုတ်။ ထွင်စရာ ခုတ်စရာ နေရာ အများအပြားရှိသည်။ ခုတ်ထွင်ရှင်းလင်းခွင့်၊ လုပ်ဆောင်ခွင့်လည်း ရှိသည်။ သို့သော် သူတို့တွင် လယ်ယာပစ္စည်း မရှိသဖြင့် မလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

မသက်ရော်၏ မိဘများတွင် လှည်း၊ နွား၊ ထွန်၊ ထယ် ရှိဖို့ မဆိုထားဘိ၊ တူးရွင်းတစ်ချောင်း၊ ဓားမတစ်လက်မျှ ကောင်းကောင်းရှိသည် မဟုတ်သဖြင့် သူတို့သည် သူများ၏လယ်ယာတွင်သာ အလုပ်လုပ်ရသည်။ သူများပေးသရွေ့ကိုသာ ပေးသည့်အချိန်တွင် ရယူ၍ စားသောက်ရသည်။ ကိုယ့်အတွက် ရသင့်သည်ကို တင်းတင်းတောင်းရဲသည် မဟုတ်။ သူများသူရင်ငှားတွေက အထွန် အထယ်၊ ကန်သင်းဆည်၊ ပျိုးသယ်ရုံလောက်ဖြင့် စပါးလေးဆယ်တင်းတင်းရသည်။ မသက်ရော်၏ ဖခင်သည် လယ်ယာအမှုများကို လုပ်ရုံသာမက၊ အလုပ်ရှင်အိမ် ရေခပ်ထင်းခွဲပေးရရုံတင်မက၊ အနင်းအနှိပ်ကောင်းသည်ဆိုပြီး ကျောကလေး အောင့်လို့ လုပ်ပါဦး၊ ဇက်ကလေးထိုးလို့ လုပ်ပါဦးဖြင့်

MMCYBERMEDIA
COMMUNITY FOR ALL

ခိုင်းသမျှ လုပ်ပေးနေရသော်လည်း တစ်ရာသီကုန်၍ နောက်တစ်ရာသီကူးလောက်မှ စပါး သုံးဆယ်ကျော် လေးဆယ်ပျော့ပျော့ကို ဖျစ်ဖျစ်မြည်အောင် ရယူရသည်။ သူများတွေ ကောက်စိုက်လျှင် ခြောက်မူးရသည်။ မသက်ရော်တို့ မိခင်သည်ငါးမူးသာရသည်။ ဤအထဲတွင် အဆစ်အတွက်အဖြစ်နှင့် ကလေးထိန်းပေးရသေးသည်။ ထမင်းအိုး ဟင်းအိုး တည်ပေးရသေးသည်။

ယင်းကြောင့်ပင် သူတို့နှစ်ဦး ကွယ်လွန်သွားသောအခါတွင် မသက်ရော်တို့ မောင်နှမသည် စားရာမဲ့ သောက်ရာမဲ့ဖြစ်နေသည်။ ထိုစဉ်က မသက်ရော်သည် ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သာ ဖြစ်သည်။ မသက်ရော်၏အစ်ကို ဆယ့်လေးငါးနှစ်၊ ဖိုးတေသည် ထိုအရွယ်ကတည်းက အရက်ကောင်းကောင်း သောက်တတ်နေပြီ ဖြစ်သည်။ ဘိန်းလည်း ရှူတတ်နေပြီ ဖြစ်သည်။ ကြက်လည်း တိုက်တတ်၏။ သို့ဖြင့် ဖိုးတေသည် လွှင့်ချင်ရာလွှင့်၍ စားချင်ရာ စားနေသော်လည်း မသက်ရော်မှာမူ မိန်းကလေးဖြစ်၍ အိမ်မှာပင် ဒုက္ခရောက်နေသည်။ ဆန်ကွဲကို ဟင်းနနယ်နှင့် ရောကျို၍ သောက်နေသည့်အခါ ရှိသည်။ ပိန်းဥ၊ မြောက်ဥသာစားရသည့်ရက် ရှိသည်။ ဘာမှမစားရဘဲနှင့်လည်း တစ်ရက် နှစ်ရက် ကုန်ရသည်။

ယင်းအဖြစ်ကို မကြည့် မမြင်ရက်သဖြင့် အိမ်နီးနားချင်းများသည် ဒုက္ခိတမလေးကို အစားအစာပေးသည်။ အဝတ်အထည်ပေးသည်။ သည်လိုတော့လည်း မသက်ရော်က မာနကြီးသည်။ စကားမပြော၊ နားမကြားနှင့် စားရာမဲ့ သောက်ရာမဲ့ ဖြစ်နေသော်လည်း သူတစ်ထူးပေးကမ်းသည်ကို မယူ။ အလုပ်ခိုင်းလျှင် လုပ်သည်။ ထင်းခွေရေခပ် အိမ်မှုအိမ်တာ အလုပ်မှ လယ်ယာလုပ်ငန်းအထိ လုပ်သည်။ အလုပ်အတွက် သင့်တင့်သလောက် ယူသည်။ အပိုအမိုပေးလျှင် လက်မခံ။ ယင်းအပြင် အချို့က သူတို့အိမ်သို့ ခေါ်ထားချင်သည်။ သူမက မနေ။ ကိုယ့်အိမ်မှာသာ ကိုယ်နေသည်။

သူမတို့အိမ်မှာ အိမ်ဟု ခေါ်ရရုံလောက်သာ ရှိသည်။ တဲဟု မည်ကာမတ္တသာ ရှိသည်။ ဤမျှ ဝါးတွေပေါနေသော်လည်း ကြမ်းအကျိုးအပေါက်နှင့်။ ဤမျှ သက်ငယ်တွေ ပေါနေသော်လည်း မိုးမလုံတလုံ၊ သူမ၏ မိဘများသည် သူများအိမ်တွင် အလုပ်လုပ်နေရသည်ကများသည်။ ကိုယ့်အိမ်တွင်တော့ လုပ်အားသည် မရှိ။ ဖိုးတေကျပြန်တော့လည်း နာမည်နှင့်လိုက်အောင် တေပေနေသည်သာဖြစ်၏။ အိမ်ကိုမပြင်။ အိမ်ကို အသစ်ဆောက်ရန် မကြိုးစား။ မသက်ရော်ကသာ မတတ်တတတ်နှင့် ကိုယ့်ဟာကိုယ် သက်ငယ်ပစ်၍ မိုးခဲ့သည်။ ကိုယ့်ဘာသာကိုယ် ဝါးကိုစိတ်၍ ထရံယက်ခဲ့သည်။ ကိုယ့်ဘာသာကိုယ် ကြိမ်ကိုသပ်၍ ကြမ်းခင်းခဲ့သည်။ ပထမတော့ အမိုးမညီမညာ။ ထရံအကျဲ အပေါက်။ ကြမ်းလျော့ရဲရဲ။ နောက်တော့လည်း မသက်ရော် တတ်သွားသည်။ အိမ်ကလေး သပ်သပ်ရပ်ရပ် ရှိလာသည်။

မသက်ရော်သည် အလုပ်ဆိုလျှင် ဘာပဲလုပ်ရ လုပ်ရ၊ ပေါ့ပေါ့ပါးပါးရှိသည်။ မလုပ်တတ်လျှင် တစ်ခါပဲဖြစ်သည်။ နောက်တွင် တတ်သွားသည်။ သူများထက်ပင် မြန်ဆန်သည်။ သေသပ်သည်။ တွင်ကျယ်သည်။ ယင်းကြောင့်ပင် အလုပ်ရှိလျှင် သူမကို အရင်ဆုံးခေါ်ကြသည်။ သနား၍လည်း ဖြစ်သည်။ လက်ကောင်း၍လည်း ဖြစ်သည်။

ကောက်စိုက်သည့်နေရာတွင် အများအားဖြင့် တစ်ဧကကို တစ်နေ့နှင့်ပြီးအောင် မိန်းမခြောက်ယောက်လောက် လုပ်ရသည်။ မသက်ရော်ပါလျှင် ငါးယောက်နှင့် အလုပ်ပြီးသည်။ သူမက နှစ်ယောက်စာ လုပ်နိုင်သည်။ သူမသည် အခိုအတွက် မရှိ။ ပြီးနိုင်သမျှ ပြီးအောင်လုပ်သည်။ ကြိုးကြာရွာတွင် မသက်ရော်ရက်သော နားပန်းတွင်းတောင်းသည် အကောင်းဆုံးဖြစ်သည်။ မိုးကောင်းမှ

MMCYBERMEDIA
COMMUNITY FOR ALL

တကူးတကမှာ၍ ဝယ်ကြသည်။ ယင်းသို့ဖြင့် မသက်ရော်သည် သူမ၏တစ်ဝမ်းတစ်ခါးကို သူမဘာသာ ကျောင်းခဲ့သည်။ ကျောင်းနိုင်သည်။

သို့သော် သူ၏ ဒုက္ခသည် ဤတွင် မကသေး။ ဖိုးတေသည် နမငယ်ကို ကျွေးမွေးစောင့်ရှောက်ခြင်း မပြု။ ညှဉ်းပန်းနှိပ်စက်ခြင်းသာ ပြုသည်။ သူမက မရ ရရာ ရှာ၍ ချက်ပြုတ်ကျွေးမွေးရသည်။ ဖိုးတေသည် အိမ်သို့ သူပြန်ချင်သည့်အချိန်မှ ပြန်လာတတ်သည်။ သို့သော် ထိုအချိန်တွင် သူ့အတွက် စားစရာ သောက်စရာ ရှိမနေလျှင် နမငယ်ကို မညှာမတာ ရိုက်သည်။ နမငယ်ထံမှ အရက်ဖိုး၊ ဘိန်းဖိုး တောင်းသည်။ မရလျှင် ကန်ကျောက်သည်။ အရက်မူးလာလျှင် အကြောင်းမဲ့လည်း ရိုက်နက်သည်။

သို့တစေလည်း မသက်ရော်သည် သည်အစ်ကိုနှင့်သာ နေသည်။ သည်အိမ်မှာသာ နေသည်။ သည်သို့ဖြင့် ခုနစ်နှစ် ရှစ်နှစ်ကျော်သော အချိန်များသည် ကုန်လွန်ခဲ့ရသည်။

မသက်ရော်သည် အပျိုအရွယ် ဖြစ်လာသည်။ အထိုင်း အ,အကလေး ဖြစ်သော်လည်း အကျည်းတန်ကား မဟုတ်ချေ။ ရွက်ကြမ်းရေချိုကလေး ဖြစ်သည်။ သန်စွမ်းသည်။ ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးသည်။ သို့တစေလည်း မည်သည့်ယောကျ်ားကလေးကမျှ သူမကို စိတ်မကူးခဲ့ချေ။ ဒုက္ခိတမို့လည်း ဖြစ်သည်။ ဆင်းရဲ၍လည်း ဖြစ်သည်။ သူမ၏ အစ်ကိုကို မနှစ်မြို့၍လည်း ဖြစ်သည်။

မသက်ရော်ကို မည်သည့် ယောကျ်ားတစ်ဦး တစ်ယောက်ကမျှ အတည်ယူရန် စိတ်မကူးသလို အပျော်သဘောနှင့်လည်း စိတ်ကူးကြခြင်း မရှိချေ။ ဤအမှုမျိုးသည် ဤဒေသ၏ဓလေ့ထုံးတမ်း မဟုတ်။ ထို့ပြင် သူမသည် ဒုက္ခိတဖြစ်သည်။ သနားကြသည်။ သူမ၏အစ်ကိုသည် လူတေ၊ လူမိုက်ဖြစ်၍ ရွံ့ကြ ကြောက်ကြသည်။

သည်လိုနှင့် နေလာကြရာတွင် တစ်နေ့တော့ မသက်ရော်တွင် ကိုယ်ဝန်ပေါ်လာသည်။ သူမကတော့ မည်သူ့ကိုမျှ မပြော။ သို့သော် သူမ၏ဝမ်းဗိုက်သည် တစ်နေ့တခြား ထွားလာသဖြင့် မသက်ာသော မိန်းမကြီးများက စစ်ဆေးကြသည်။ သူမက ကိုယ်ဝန်ရှိနေကြောင်း ဝန်ခံသည်။ သို့သော် မည်သူနှင့် ဖြစ်သည်ကိုကား မေး၍ မရချေ။ သူမသည် စကားမပြောတတ်သော်လည်း ရွာထဲမှ လူများကို မည်သူမည်ဝါဟု ကွဲပြားအောင် လက်ဟန်ခြေဟန်ဖြင့်လည်းကောင်း၊ မျက်နှာအမူအယာဖြင့်လည်းကောင်း ပြောတတ်သူ ဖြစ်သည်။ သို့တစေလည်း ကလေး၏ ဖခင်ကို မဖော်ဘဲ ရှိသည်။ မည်သူ့ကိုမျှ လက်ညှိုးမထိုးဘဲ ရှိသည်။

ဒုက္ခိတမကလေး မသက်ရော်တွင် ကိုယ်လေးလက်ဝန်ရှိသည့် သတင်းသည် ချက်ချင်းပင် ပြန့်သွားသည်။ ကြားရသူအပေါင်းသည် စိတ်မကောင်းဖြစ်ကြသည်။ ဤသို့ ဒုက္ခိတတစ်ဦးကို မတော်မတရား ပြုမူသွားသူသည် မည်သူဖြစ်မည်နည်းဟု စဉ်းစားကြသည်။ သို့သော် မည်သူ့ကိုမျှ မမှန်းတတ်ဘဲ ရှိသည်။ ဤရွာမှ ယောကျ်ားများသည် မသက်ရော်အိမ်သို့ အဝင်အထွက်မပြုကြချေ။ မသက်ရော်တို့အိမ်သို့ ရံဖန်ရံခါတွင် ရောက်လာတတ်သော ယောကျ်ားများမှာလည်း ဖိုးတေ၏ အပေါင်းအသင်း ကြက်သမား၊ အရက်သမားများသာ ဖြစ်သည်။ သို့သော်လည်း သူတို့သည် အိမ်တွင် ညအိပ် ညနေ မပြုကြ။ ခဏတစ်ဖြုတ်သာ သောက်စားမူးယစ်ပြီး ပြန်သွားကြသည် ဖြစ်၏။ ထို့ပြင် ဤသုံးလေးလအတွင်းတွင် လူအဝင်အထွက် မရှိသလောက် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

`

ဖိုးတေသည် ထိုသတင်းဆိုးကို ကြားရသောအခါ ဒေါကြီး၊ မောကြီးဖြင့် ပြန်လာပြီး နမကို ကျွဲရိုက်၊ နွားရိုက် ရိုက်တော့သည်။ ရပ်ရွာက ဝိုင်း၍ဆွဲရသည်။ လူကြီးများက ဖိုးတေကို ကြိမ်းမောင်းသည်။ ကိုယ်ဝန်သုံးလေးလနှင့် သူကို ဤမျှ ရိုက်လျှင် ကလေးပျက်ကျနိုင်သည်ဟု ဆိုသည်။ ထိုအခါ ဖိုးတေသည် ချုံးပွဲချ ငိုတော့သည်။

ဤတွင် လူတွေက တစ်မျိုးပြောကြပြန်သည်။ မသက်ရော်၏ ကိုယ်ဝန်မှာ အခြားသူနှင့် ရခြင်းမဟုတ်။ ဖိုးတေနှင့်ပင် ဖြစ်မည်ဟု ဆိုကြသည်။ ဖိုးတေသည် မူးမူရူးရူးဖြင့် နမအရင်းကို မတော်တရော် လုပ်ခြင်းပင် ဖြစ်မည်ဟု ပြောကြသည်။ ထိုစကားကိုကြားရသောအခါ ဖိုးတေသည် ကြိုးဆွဲချ၍ သတ်သေလိုက်တော့သည်။

မသက်ရော်သည် အစ်ကိုသေသွားသည့်အတွက် မည်သို့မျှ ထူးထူးခြားခြား စိတ်ထိခိုက်ပုံမပြ။ လူတွေက သူမကိုကြည့်၍ အမျိုးမျိုး ပြောဆိုနေသည့် အတွက်လည်း အနေအထိုင်ပျက်ခြင်း မရှိ။ သည်အတိုင်းပင် နေသွားသည်။ ဖိုးတေ၏အရိုက်ကို အလူးအလိမ့်ခံလိုက်ရသော်လည်း ကိုယ်ဝန်ပျက်ခြင်း မရှိ။

မသက်ရော်သည် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့တွင် သားယောက်ျားလေး မျက်နှာမြင်သည်။ နောက်မှ ထူးထူးခြားခြား တိုက်ဆိုင်မှု တစ်ခုကို သိကြရသည်မှာ သူမမျက်နှာမြင်သည့်နေ့နှင့် မြန်မာဘုရင်ကို အင်္ဂလိပ်တို့ ဖမ်းသွားသောနေ့သည် တိုက်ဆိုင်ညီညွတ်လျက် ရှိသည်။ သည်ကလေးကို သီပေါမင်းပါတော်မူသည့်နေ့မှာ မွေးသည်ဟု အမှတ်အသားပြုကြသည်။

ကလေးသည် ဝဝတုတ်တုတ်နှင့် ချစ်စရာကောင်းသည်။ ကလေး၏ မျက်နှာကိုကြည့်၍ ကလေး၏ဖခင်ကို ရှာကြသည်။ မတွေ့။ မသက်ရော်ကမူ အခြားမိခင်များနည်းတူ သူမ၏ကလေးကို ချစ်သည်။ ဂရုစိုက်သည်။ ပြုစုယုယသည်။ သို့သော် ကလေးအဖေကိုကား မဖော်ချေ။ ထိုကလေးကို လူတွေက ဦးဦးဟု ခေါ်ကြသည်။ အကြောင်းမှာ မသက်ရော်က သူမ၏ကလေးကို အူးအူးဟု ခေါ်သောကြောင့် ဖြစ်သည်။ မသက်ရော်သည် မီးထွက်သည်နှင့် တစ်ပြိုင်နက် အခါတိုင်းလိုပင် လုပ်စရာရှိသည်များကို လုပ်သည်။ မိုးရေထဲတွင် လယ်ဆင်းသည်။ အံ့သြစရာကောင်းသည်မှာ လူကြီးရော၊ ကလေးရော ဘာမှမဖြစ်။ ကျန်းမာကြသည်။ ဒေါင်ဒေါင်မြည်သည့်အိုးများ ဖြစ်ကြသည်။

ဤသို့ဖြင့် ကြိုးကြာရွာတွင် ကလေးတစ်ယောက်ကို ကျောပိုး၍ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းနေ၍ ကလေး၏အဖေကို မဖော်ဘဲနေသော အမျိုးသမီးနှစ်ဦး ဖြစ်သွားသည်။ တစ်ဦးက မခေါင်ညွှယ်၊ တစ်ဦးက မသက်ရော်ပင် ဖြစ်သည်။

သို့သော် တစ်နှစ်ခန့်အကြာတွင် ဦးဦး၏ဖခင်သည် ရုတ်တရုတ် ပေါ်ပေါက်လာသည်။ သည်တော့လည်း မမျှော်လင့်သော အကြောင်းဖြစ်၍ တစ်ရွာလုံးက အံ့သြကြရပြန်သည်။ မယုံကြည်နိုင်အောင် ရှိကြရသည်။

အဖြစ်က သည်လို။

MMCYBERMEDIA
COMMUNITY FOR ALL

တော်သလင်း နံနက်တစ်ခုတွင် မိန်းမကြီးသုံးလေးယောက်သည် အသံကုန် အော်လိုက်ကြသည်။ မသက်ရော်၏ အိမ်ရှေ့တွင် ကုန်းကုန်းကွကွ ယောကျ်ားတစ်ယောက်ကို မြင်မိသောကြောင့် ဖြစ်သည်။ ဧကန္တ ကြိုးဆွဲချ ဖိုးတေပဲဟု အောက်မေ့ကြသည်။ လူတွေက ဓားတွေ လှံတွေနှင့် ပြေးလာသည်။

ဦးဦးကို ချော့ချီနေသော ကိုရွှေနီ ဖြစ်နေသည်။

ကိုရွှေနီက သူတို့ကို ပြူးကြောင်၍ ကြည့်နေသည်။ လူတွေများလာသဖြင့် ကလေးငိုသည်။ အိမ်ထဲမှ မသက်ရော် ထွက်လာပြီး ကလေးကို ခေါ်သည်။ နို့တိုက်သည်။ ကိုရွှေနီက လူတွေကို မည်သို့မျှ အမှုအမှတ်ပြုခြင်း မရှိဘဲ နို့စို့နေသော ဦးဦးကို ငုံ့၍ ကြည့်နေသည်။ နို့ဝသောအခါ ကလေးသည် မိခင်၏ရင်ကို တွန်းသည်။ မသက်ရော်က ကလေးကို ကိုရွှေနီအားပေး၍ ထမင်းအိုး သွားကြည့်သည်။ ကိုရွှေနီက သီချင်းဆို၍ ကလေးကို ချော့နေသည်။ လူတွေ ပြန်သွားသည်။ သူတို့အချင်းချင်း ထင်မြင်ချက်ပေးကြသည်။ ငြင်းခုံကြသည်။ အမှန်တော့ သူတို့သည် ကိုရွှေနီ၏ အပြုအမူနှင့် အဖြစ်အပျက်ကို မည်သို့မျှ နားလည်ခြင်း မရှိချေ။

ကိုရွှေနီသည် ရွာမှ ရုတ်တရက် ပျောက်သွားသည်မှာ တစ်နှစ်ခွဲကျော်ပြီ။ သူ့ညီနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်သည်။ သူတို့ညီအစ်ကို ဘယ်ကိုသွား၍ ဘာတွေ ဖြစ်နေသည်ကို ဘယ်သူမှ မသိ။ မေ့သလောက်ပင် ရှိနေကြပြီ ဖြစ်သည်။ သူတို့မိသားစုနှင့် တွေ့မှသာ သတိရကြသည်။

ယခုတော့ ကိုရွှေနီသည် ရွာမှ ရုတ်တရက် ပျောက်ကွယ်သွားသည့်နည်းတူ ဖြုတ်ခနဲပြန်ရောက်လာသည်။ ပတ်ကြားအက်ထဲတွင် ပျောက်ဝင်သွားပြီး မိုးပေါ်က ဖုတ်ခနဲ ကျလာသကဲ့သို့ရှိသည်။ ပဉ္စလက်နှင့်တူသည်။

ကိုရွှေနီ မည်သည့်အချိန်က ရွာသို့ ပြန်ရောက်လာသည်ကို မည်သူမျှ မသိ။ မည်သည့်အရပ်က ပြန်လာသည်ကိုလည်း မသိ။ မည်သူမျှ မတွေ့လိုက်ရ။ ယခုမှ ဦးဦးကို ချော့ချီနေသည်ကို ပြုန်းစားကြီး တွေ့မြင်ကြရခြင်း ဖြစ်သည်။

သူတို့တွေကသာ ဤမျှ ပြဿနာ ဖြစ်နေသည်။ ကိုရွှေနီကတော့ အိပ်မက်ရင်း လမ်းလျှောက်နေသူအလား သူတို့ကို ခပ်ဝါးဝါး ကြည့်သည်။ ဘာမှကား မပြော။ ကလေးကိုသာ တီတာနေသည်။ မသက်ရော်ကလည်း မည်သို့မျှ အမူအရာ ထူးခြားခြင်း မရှိ။ ကိုရွှေနီနှင့် ဆက်ဆံသည်မှာ နှစ်အတန်ကြာကတည်းက အတူတကွ ပေါင်းသင်းလာခဲ့သော ခင်ပွန်းသည်ကဲ့သို့ ရှိသည်။

"ဒုက္ခပါပဲ။ ဘာတွေမှန်းလဲ မသိဘူး"

ဤသတင်းသည် ဒေါ်စောရုံ၏နားသို့ ချက်ချင်းရောက်သွားသည်။ အဘွားကြီး အူယားဖားယား ပြေးလာသည်။ သူမနှင့်အတူ နန်းရင်ပါလာသည်။ ကပိုကသီနှင့် ဖြစ်သည်။ ယခုမှ ကြားကြသူများလည်း မသက်ရော်၏ အိမ်သို့ ပြေးလာသည်။ သူကြီးအိမ်မှ မောင်းထု၍ ခေါ်သကဲ့သို့ စုရုံးနေကြသည်။ စောစောက

MMCYBERMEDIA
COMMUNITY FOR ALL

မကျေမချမ်းနှင့် ပြန်သွားသူများလည်း လူအုပ်ထဲတွင် ရောလာနေကြပြန်သည်။ တစ်ရွာလုံးပဲ ဆိုပါတော့။ ဒေါ်စောရုံသည် လူအုပ်ကို တိုးခတ်၍ ဝင်သွားသည်။

သူတို့ ထမင်းစားနေသည်။ မသက်ရော်က ကလေးကို နို့တိုက်ရင်း စားနေသည်။ ကိုရွှေနီက ခေါင်းကို ထောင်ထားသော ဒူးနှစ်လုံးကြားသို့ ရောက်အောင် ငုံ့၍ တစ်လုတ်ပြီး တစ်လုတ် အဆက်မပြတ် သွင်းနေသည်။

"အမလေးနော်၊ ဘယ်လိုဖြစ်နေတာလဲ ကော၊ ငါ့ကိုပြောစမ်းပါဦး ရွှေနီရဲ့"

ဒေါ်စောရုံက မောပန်းတဟိုက် မေးသည်။

မသက်ရော်သည် ဒေါ်စောရုံကို လက်ဟန်ဖြင့် ထမင်းစားခေါ်သည်။ ထို့နောက် ထိုင်ရန် နေရာပေးသည်။ ယောက္ခမကို ချွေးမက ဝတ်ပြုသည့်အသွင်ပင် ဖြစ်သည်။ နန်းရင်က ကိုရွှေနီအနီးသို့ ရောက်အောင်သွားပြီး ကိုရွှေနီ၏ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။ တကယ်မဟုတ်ဘူးလားလို့ ထင်နေပုံရသည်။

ကိုရွှေနီသည် မိခင်နှင့် ညီမငယ်ကို မြင်တွေ့သောအခါ ပါးစပ်ထဲမှ ထမင်းများကို အတင်းမျိုချနေသည်။

"ကျွန်တော် အိမ်ကိုလာမလို့ဘဲ အစ်မ။ အစ်မဖို့ လိပ်ခွံဘီးတစ်ချောင်းပါတယ်။ နန်းရင်တို့ဖို့ ပယင်းပုတီးတွေ ပါတယ်"

သည်တော့မှ သူတို့ သတိပြုမိသည်။ မသက်ရော် လည်ပင်းတွင် ပယင်းပုတီး ဝါဝါတစ်ကုံး ဆွဲထားသည်။

"နင့်ဟာက ဘယ်လိုကော ရွှေနီရဲ့ ။ ငါနားမလည်ဘူးနော"
"ကျုပ် သန်းခေါင်ကျော်ကမှ ပြန်ရောက်တယ်"
"အံ့နော်နော"
"မခေါင်ညွှယ်ကို ကျုပ်ကြိုက်တယ်"
"အဲ"
"သူက ယောကျ်ားမယူသေးဘူးတဲ့"
"အဲ"
"ကျုပ် စိတ်ညစ်ညစ်နဲ့ အရက်တွေ သောက်တယ်"
"အာရော်"
"ဘယ်လို လုပ်ပြီး ဒီကိုရောက်လာတယ် မသိဘူး။ ဘယ်လိုလုပ်ပြီး သူနဲ့ညားသွားတယ် မသိဘူး"
"ဘုရား ဘုရား"

MMCYBERMEDIA
COMMUNITY FOR ALL

ဒေါ်စောရုံက နားထင်ကို လက်မနှင့်၊ နဖူးကို လက်လေးချောင်းဖြင့် ထောက်၍ ရေရွက်လိုက်သည်။ လက်တစ်ဖက်က ရင်ကို ဖိထားသည်။ အခြားသူများမှာ ပါးစပ်အဟောင်းသား ရှိနေသည်။ မသက်ရော်သည် ကိုရွှေနီပြောသည်များကို နားလည်သည့်အလား ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ကျုပ်လည်း ရှက်တာနဲ့ ရွာက ထွက်သွားတာပဲ"
"နင် ဘယ်သွားနေတာလဲ"
"နံ့နေတာပဲ"
"နင် ဘာလုပ်နေသလဲ"
"စုံနေတာပဲ"
"နင် အခု ဘယ်လိုလုပ်ပြီး ပြန်လာတာလဲ"
"သူ ကလေးမွေးတယ်ကြားလို့ ပြန်လာတာပ။ ဒါ ကျုပ်ကလေး မဟုတ်လားကော"
"တယ်ခက်ပါသကော"
"လွယ်ပါတယ် အစ်မ၊ သူနဲ့ကျုပ်နဲ့ အခု လင်မယားဖြစ်နေပြီ"

ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဟု ဆိုသည်။ သူ့အကြောင်းကို ခုနစ်ရက်မက ပြောနေကြသည်။ လူစုမိတိုင်း ပြောနေကြသည်။ သို့သော် ချီးမွမ်းရ အခက်။ ကဲ့ရဲ့ရ အခက် ဖြစ်နေသည်။ သူဖြစ်ပုံနှင့် သူလုပ်ပုံက သမားရိုးကျ မဟုတ်ချေ။ သို့သော် အမှန်အတိုင်း ဖြစ်နေသည်။

ကိုရွှေနီသည် မခေါင်ညွှယ်ထံမှ ပြန်လာပြီးနောက် မြေတွင် မြှုပ်ထားသော အရက်ကိုဖောက်၍ တောထဲတွင် တစ်ယောက်တည်း သောက်သည်။ ဒါပဲ သူမှတ်မိသည်။ မည်သည့်အချိန်က ရွာသို့ပြန်ရောက်လာပြီး မည်သည့်အချိန်က မသက်ရော်၏ အိပ်ရာထဲသို့ ရောက်နေသည်ကို သူမသိချေ။ သူအိပ်ရာမှ နိုးလာသောအခါ မသက်ရော်သည် သူ့ဘေးတွင် အိပ်နေသည်။ သည်တော့မှ သည်အမျိုးသမီးကလေးနှင့် မှားယွင်းခဲ့မိပြီကို သူက အလန့်တကြား သိမိသည်။ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ရှိရသည်။ သူများတွေ သိလျှင်လည်း သူ့ကိုခွင့်လွှတ်မည် မဟုတ်ချေ။ ယင်းကြောင့် ဝေလီဝေလင်း အချိန်တွင် ရွာမှ ထွက်ပြေးခဲ့သည်။

သည့်နောက် သူသည် လေတွင် လွင့်ခဲ့သည်။ ရေတွင် မျောခဲ့သည်။ မြေတွင် လိမ့်ခဲ့သည်။ အဖော်ကောင်းရာ သွားသည်။ ခြေဦးတည့်ရာ လျှောက်သည်။ သူ့ကို တားဆီးချုပ်နှောင်သည့်အရာ တစ်ခုမျှ မရှိ။ အနောက်ဆမားသို့ ရောက်ခဲ့သည်။ ထိုမှ တနိုင်ခမြစ်အတိုင်း လိုက်သွားသည်။ မိုင်းခွမ်းသို့ရောက်သည်။ ထို့နောက် သူသည် နာဂများ၊ ချင်းများကြားတွင် ရောနေခဲ့သည်။ ဆင်ကလိန်ခန္တီးသို့ ဆင်းလာသည်။ ထမံသီသို့ ရောက်လာသည်။ ထို့နောက် ဥရုမြစ်အတိုင်း လိုက်လာပြီး ကန်စီးနယ်သို့ ဝင်သည်။ ဆမားသို့ ပြန်ရောက်သည်။ အရှေ့ဘက်သို့ ကူးပြန်သည်။ ဧရာဝတီမြစ်အတိုင်းဆင်းသည်။ နောက်ဆုံး ဗန်းမော်တွင် သောင်တင်နေသည်။ သည်ခရီးတစ်လျှောက်တွင် သူသည် အရက်သောက်သည်။ ဘိန်းကို အဖော်ပြုသည်။ ယင်းသို့ရှိနေခဲ့ရာမှ သူ့ဘဝသည် တစ်မျိုးတစ်ဖုံ ပြောင်းရပြန်သည်။ သူရှိနေစဉ် အတွင်းမှာပင် ဗန်းမော်မြို့ကို အင်္ဂလိပ်များက သိမ်းပိုက်လိုက်သည်။ ဘိန်းငိုက်နေရာမှ သူနိုးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဒုဗိုလ်ချုပ်နော်မန် ဦးစီးသော တပ်မ (၂)သည် (၁၈၈၅)ခု၊ ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် ဗန်းမော်မြို့ကို သိမ်းပိုက်လိုက်ပြီးနောက် (၁၈၈၆)ခု၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ပတ်ဝန်းကျင်သို့ တိုက်ကင်းထွက်သည်။ တပ်ခွဲတစ်ခွဲသည် မြို့အပြင်သို့ ရောက်သည်ဆိုလျှင် ရှမ်း၊ ကချင်များ၏ ချုံခိုတိုက်ခိုက်ခြင်းကို ခံရသည်။ တိုက်ပွဲသည် အနီးကပ်ဖြစ်၏။ ပြင်းထန်၏။ ရှမ်း၊ ကချင်များက လေးဖက်လေးတန်မှ ဝိုင်း၍ အတွန့်အဆုတ်မရှိ တိုက်ခိုက်သဖြင့် နှစ်ဖက်အထိနာသည်။ ဗန်းမော်မြို့တွင်းမှ အင်္ဂလိပ်တပ်ကူများ တစ်သုတ်ပြီး တစ်သုတ် ရောက်လာသည်။ ရှမ်း၊ ကချင်များဘက်မှလည်း တိုက်အား တိုးတက်လျက် ရှိသည်။ တိုက်ပွဲဖြစ်နေပြီကို သိသည်နှင့် တစ်ပြိုင်နက် အနီးဝန်းကျင်မှ ရှမ်းများ၊ ကချင်များ၊ မြန်မာများ အားလုံးလာကြသည်။

ကိုရွှေနီသည် ထိုအချိန်က တိုက်ပွဲဖြစ်ပွားရာနှင့် မလှမ်းမကမ်းတွင်ရှိသော ရွာတစ်ရွာတွင် ကြက်တိုက်နေသည်။ တိုက်ပွဲသံကြားသည်နှင့် သူတို့အားလုံး ပြေးသွားကြသည်။ ပါဝင်တိုက်ခိုက်ကြသည်။ ကိုရွှေနီသည် မူးလည်း အတော်မူးနေသဖြင့် ဂေါ်ရခါးတပ်သားများကို အတင်းဝင်၍ ခုတ်သည်။ ညနေစောင်းသောအခါ အင်္ဂလိပ်တပ်များ မြို့တွင်းသို့ ဆုတ်ခွာသွားသည်။ သူတို့သည် နယ်မြေမကျွမ်းသဖြင့် ညအမှောင်တွင် တိုက်လိုဟန် မရှိချေ။

တိုက်ပွဲပြီးသောအခါ ကချင်ကြီးတစ်ယောက်က ကိုရွှေနီကို ခေါ်၍တွေ့သည်။ ကိုရွှေနီ၏ အကြောင်းကို မေးသည်။ မိုးကောင်းမှဆို၍ စိတ်ဝင်စားဟန်ရှိသည်။ ကချင်ကြီးသည် အမတ်ကြီး ဦးကုလားကို သိသည်။ ဦးရာကျော်ကိုလည်း သိသည်။

ကိုရွှေနီကလည်း ဤကချင်ကြီးသည် အမတ်ကြီး ဦးကုလားကဲ့သို့ လည်းကောင်း၊ ဦးရာကျော်ကဲ့သို့ လည်းကောင်း၊ ကံစီးနောင်ကဲ့သို့ လည်းကောင်း၊ ဆမားကြီးကဲ့သို့ လည်းကောင်း ကြည်ညိုလေးစားဖွယ်ရာ ကောင်းသည်ဟု ချက်ချင်းပင် မှတ်ယူလိုက်သည်။

နောက်တွင်မှ သိရသည်မှာ ထိုကချင်ကြီးသည် ဗန်းမော်နယ်တစ်ဝိုက်တွင် ထင်ရှားကျော်ကြားလှသော ဖုန်ကန်ဒူဝါပင် ဖြစ်နေတော့သည်။ သူသည် ဤဒူဝါအကြောင်းကို ဗန်းမော်ရောက်ကတည်းက ကြားခဲ့သည်။ ယခုမူ သူသည် ဤဒူဝါနှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်းရပြီဖြစ်သည်။

သို့ဖြင့် သူသည် ဖုန်ကန်ဒူဝါ၏တပ်တွင် ပါဝင်လျက် အင်္ဂလိပ်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ နာမည်ကျော် စာဝတီးတိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ဗန်းမော်မြို့၏ အရှေ့ဘက်၊ တောင်ဘက် ဒေသများတွင် အင်္ဂလိပ်တပ်များနှင့် အကြိမ်ပေါင်းများစွာ ရင်ဆိုင်တိုက်ခဲ့သည်။ ယင်းသို့ ရှိနေရာမှ တစ်နေ့တွင် မိုးကောင်းမှ လူတစ်ယောက်ကို တွေ့ရသည်။ ထိုသူသည် ကြိုးကြာရွာအကြောင်းကို ကောင်းကောင်း ပြောနိုင်သည်။ မောင်ရွှေဝါပျောက်နေသည့်အကြောင်း၊ မောင်သူရ ဆိုသူရောက်နေသည့်အကြောင်း၊ သူ့ဖခင်နှင့် မထုံးရီအကြောင်းတို့ကို ထိုသူ့ထံမှ ကြားရသည်။ ထိုသူသည် လူချင်းခွဲခါနီးတွင် စကားတစ်ခွန်းကို အမှတ်မထင် ပြောသည်။

"ဖိုးတေလည်း မရှိတော့ဘူး"
"ဘာပြုလို့လဲ"

MMCYBERMEDIA COMMUNITY FOR ALL

"သူ့နမ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးလို့ ကြိုးဆွဲချသေတယ်ကော"

ကိုရွှေနီသည် ကြိုးကြာရွာသို့ အားချင်းပြန်ခဲ့သည်။ ဖုန်ကန်ဒူဝါကိုပင် တွေ့၍ နှုတ်ဆက်နိုင်ခြင်း မရှိတော့။ သူသည် နေ့ရောညပါ လာခဲ့လေရာ ရွာသို့ သန်းခေါင်ကျော် လင်းအားကြီးအချိန်တွင် ရောက်သည်။ မသက်ရော်ထံသို့ တန်းတန်းမတ်မတ် သွားသည်။ အမျိုးသမီးကို အိပ်ရာမှ နှိုးသည်။ သူမနှင့် အတူနေမည့်အကြောင်း ပြောသည်။ အမျိုးသမီးက ဝမ်းသာသည့်အမူအယာ မပြ။ ထို့အတူ ငြင်းဆန်ခြင်းလည်း မပြ။ ကလေးကို ထိုးပေးသည်။

ဒါပဲဖြစ်သည်။

နောက်ရက်များတွင် သူတို့အတူ နေထိုင်ကြသည်။ ကိုရွှေနီသည် အိမ်ထောင်ဦးစီးတာဝန်ကို ထမ်းဆောင်သည်။ မိခင်နှင့် နမငယ်ကို ကူညီသည်။ ပို၍ အံ့ဩစရာကောင်းသည်မှာ ကိုရွှေနီသည် ထိုနေ့ ထိုရက်မှစ၍ အရက်မသောက်တော့ခြင်း ဖြစ်သည်။ ကြက်မတိုက်တော့ခြင်း ဖြစ်သည်။

သည်တော့ ကဲ့ရဲ့ရ အခက်၊ ချီးမွမ်းရ အခက်။

## အခန်း -၅၁-

ပျောက်တော့လည်း ရှေ့ဆင့် နောက်ဆင့်။ ရောက်တော့လည်း ရှေ့ဆင့်နောက်ဆင့်ပင် ဖြစ်သည်။ ရွာသို့ ကိုရွှေနီပြန်ရောက်ပြီး သီတင်းတစ်ပတ်အကြာတွင် မောင်ရွှေဝါ ရောက်လာသည်။ သေသည် ရှင်သည် မသိရဘဲ တစ်နှစ်ခွဲကျော်ကျော် စုံးစုံးမြုပ်နေခဲ့သော သားနှစ်ယောက် ရုတ်တရက်ပြန်ပေါ်လာသဖြင့် ဒေါ်စောရုံ၏ဘဝသည် အညွန့်အဖူးများ ဝေလာရပြန်တော့သည်။

သို့မဟုတ်ပါက သူမသည် ငုံးတိသော သစ်ခြောက်ပင်သာ ဖြစ်တော့သည်။ အနှစ်အစိတ်ခန့် ပေါင်းသင်းလာသောလင်သည် ဤအသက်အရွယ်ရောက်ခါမှ နောက်မိန်းမယူသွားသည်။ မျက်စိအောက်မှ တစ်ခါတည်း ပျောက်သွားသည်။

တောင်လေးလုံးမှ ပြန်အရောက်တွင် ခင်ပွန်းသည်ကို မတွေ့ရသောအခါ အနည်းနှင့် အများတော့ ရင်ထဲမှာ ဟာရသည်။ အနှစ်အစိတ်နီးပါးမျှ အတူတကွ နေခဲ့ကြသူများ ဖြစ်သည်။ ထို့အပြင် တခြားမိန်းမတစ်ယောက်နှင့် ထွက်သွားသည် ဖြစ်၍ စိတ်လှုပ်ရှားရသည်။ ဤမိန်းမသည် မိမိ၏သားများနှင့်လည်း ပတ်သက်ခဲ့သူဖြစ်သည်။ ယခုမူ မိမိ၏လင်ယောကျ်ားကို ခေါ်ဆောင်သွားချေပြီ။

သို့သော် ဒေါ်စောရုံသည် ဤကိစ္စနှင့်ပတ်သက်၍ အကောင်းအဆိုး ထုတ်ဖော်ပြောဆို မပြုတော့ချေ။ ဝေဒနာအရပ်ရပ်ကို ရင်ထဲမှာသာ မျိုသိပ်ထားဟန်ရှိသည်။ ဦးနွဲ့မွန်တို့သည် ဘုရားပွဲပြီးသောအခါ ရွာသို့ ပြန်မလာတော့ချေ။ မိုးကောင်းတွင် နေထိုင်ကြောင်း သတင်းစကားကြားရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဒေါ်စောရုံသည် မိုးကောင်းသို့ လိုက်သွားရန် မကြိုးစားခဲ့ချေ။ လူအများ ကြားမြင်အောင် ဒေါသဖြစ်ခြင်းလည်း မရှိခဲ့။ ငိုကြွေးခြင်းလည်း မပြု။

တစ်ခုပဲရှိသည်။ သားနှစ်ယောက် အကြောင်းကိုသာ တဖွဖွ ပြောနေသည်။ သားငယ်သည် သူမ၏အသည်း ဖြစ်သည်။ သားကြီးကိုမူ ကာလအတန်ကြာ ကတည်းက ဥပေက္ခာထားခဲ့သည်။ သို့သော် နောက်ရက်ပိုင်းများတွင် သားကြီးအပေါ်တွင်လည်း သံယောဇဉ် ကြီးလာသည်။

"ကျုပ်သားကြီးက သဘောတော့ အလွန်ဖြောင့်သည်။ နည်းနည်းမှ မကောက်ကွေ့ဘူး။ သူ့ဘာသူ အရက်သောက်ချင်သောက်မယ်။ ကြက်တိုက်ချင် တိုက်မယ်။ နို့ပေမယ့် သူတစ်ထူးနစ်နာအောင် ဘယ်တော့မှ မလုပ်ဘူး"

ဒေါ်စောရုံသည် သားကြီးကို သတိရမိတိုင်း မခေါင်ညွှယ်ထံ သွားသည်။ သူမ၏သားသည် သည်ရွာမှ မပျောက်မီတွင် ဤကချင်မအား ခင်မင်တွယ်တာ၍ နေခဲ့သည်ကို သိ၍ ဖြစ်သည်။ မခေါင်ညွှယ်ကလည်း ဒေါ်စောရုံတို့ကို ခင်မင်လေးစားခြင်း ရှိလေသည်။ နန်းရင်တို့ ခေါ်သကဲ့သို့ပင် အစ်မဟုခေါ်သည်။

"အစ်မက တို့အနန့် သိပ်တူတာပဲ"
"ညည်းတို့အနက တို့များလိုပဲ လှရဲ့လား"

ဒေါ်စောရုံက ရယ်မော၍ ပြောသည်။

"လှမှာပေါ့ အစ်မရဲ့။ မမခေါင်ညွှယ်ကော ဘယ်လောက်လှသလဲ။ မမခေါင်ညွှယ်ရဲ့ အမေကလည်း လှမှာပေါ့"

မဂမ်နှင့် ကစားနေသော နန်းရင်က စကားဝိုင်းတွင် ပါလာသည်။ မခေါင်ညွှယ်က နန်းရင်ကို ပြုံး၍ ကြည့်သည်။ ထို့နောက် သူမ၏ မျက်နှာသည် မသိမသာ ညှိုးသွားသည်။

"မမခေါင်ညွှယ် ဘာဖြစ်လို့လဲ"
"အနကို သတိရလို့ပါကွယ်"
"ညည်းတို့ အနက အခုရှိသေးသလား။ တို့များထက် ကြီးသလား ငယ်သလား"
"အစ်မလောက်ပဲ ရှိပါတယ်။ ဒါပေမယ့် အစ်မထက် အိုတယ်။ အနက အစ်မလောက် သတ္တိမကောင်းဘူး။ ဒါကြောင့် သူငယ်ငယ်နဲ့ အိုရတာပဲအေ"
"ပြောစမ်းပါဦးကွယ်၊ တို့များက ဘယ်လို သတ္တိကောင်းတာလဲကော"
"ဦးကြီး နောက်မိန်းမယူတာကို အစ်မ ဘယ်လိုမှ ဂရုမစိုက်ဘူး မဟုတ်အေး။ အစ်မဘာသာ တစ်ယောက်တည်း နေရဲတာပဲကော"

MMCYBERMEDIA
COMMUNITY FOR ALL

ဒေါ်စောရုံသည် မခေါင်ညွှယ်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူမက ဤအကြောင်းကို မပြောချင်ပေ။ မည်သူကပင် စကားစလာသည် ဖြစ်စေ၊ လှီးလွှဲခဲ့သည်။ ယခုမူ ဤကချင်အမျိုးသမီးသည် မိမိအကြောင်းထက် သူ့အကြောင်းကို ပြောလို၍ ဆိုနေမှန်း ရိပ်စားမိသဖြင့်…

"ဘယ်တတ်နိုင်မလဲ မခေါင်ညွှယ်၊ သူသွားမှတော့ ငါတစ်ယောက်တည်း မနေလို့ကော ဘာဖြစ်ဦးမလဲကွယ်"

"အနကတော့ သူတစ်ယောက်တည်း မနေဘူး။ အဝ့ါဆီကို လိုက်သွားတယ်။ အဝါက သိပ်ဆိုးတယ်။ မိန်းမတွေ အများကြီး ယူထားတယ်။ အားလုံးကို ရိုက်တယ်။ အနဟာ ငါ့ကိုဖက်ပြီး ငိုနေတာပဲ"

"ညည်းတို့ အဝါကော အခုရှိသေးလား"

"မရှိတော့ဘူး"

"ဒါဖြင့် နင်တို့ အဝ့ါအရိုက် မခံရတော့ဘူးပ"

"ဘယ်ဟုတ်မလဲ အစ်မ၊ ငါတို့အဝါသေတော့ ငါတို့ဦးလေးတွေ ရှိတာပ။ ဦးလေးတစ်ယောက် သေရင်လည်း အနဟာ နောက်ဦးလေးတစ်ယောက်ရဲ့မိန်းမ ဖြစ်ရတာပ"

မခေါင်ညွှယ် သက်မချလိုက်သည်။

"ဒါကတော့ ညည်းတို့ လူမျိုးရဲ့ ထုံးစံကိုးကွယ့်"

"ဟုတ်တယ် အစ်မ၊ အဲဒီထုံးစံက တို့ကို နိုပ်စက်နေတာပဲ။ အနကို နိုပ်စက်ခဲ့တာပဲ။ အဝါရဲ့အမျိုးက အားလုံးလူဆိုးတွေချည်းပဲ။ အနကို နိုပ်စက်ကြတာချည်းပဲ။ အနဟာ မတ်တစ်ယောက်ပြီး တစ်ယောက်ကို လင်လုပ်ရပြီး ကလေးတစ်ယောက်ပြီး တစ်ယောက် မွေးခဲ့ရတာပဲ"

မခေါင်ညွှယ်သည် အနောက်ဘက် တောင်တန်းစိမ်းများကို ငေးနေသည်။ ဒေါ်စောရုံနှင့် နန်းရင်မှာလည်း အတန်ကြာမျှ စကားမပြောနိုင်ဘဲ ရှိနေသည်။

"ဒါနဲ့ ပြောစမ်းပါဦးကွယ်။ ညည်း ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ။ ညည်းအကြောင်း တို့များ ဘာမှ မသိရသေးပါကလား။ ကိုယ်လေးလက်ဝန်ကြီးနဲ့ တစ်ယောက်တည်း ထွက်လာခဲ့ရတဲ့ အဖြစ်ဟာ ဘယ်လိုအဖြစ်မျိုးလဲကွယ်"

နောက်ဆုံးတွင် ဒေါ်စောရုံက မေးလိုက်သည်။ မခေါင်ညွှယ်၏အကြောင်းကို သွယ်ဝိုက်၍ စုံးစမ်းမေးမြန်းခဲ့ကြဖူးသည်။ သို့သော် ကာယကံရှင်က ပြောချင်ပုံမရ၍ နောက်ဆုတ်ခဲ့ကြရသည်။ ယခုမူ အခွင့်အလမ်းသင့်သဖြင့် ဒေါ်စောရုံက မေးလိုက်ခြင်း ဖြစ်သည်။

မေးပြီးခါမှ ဖြေမှဖြေပါ့မလားဟု သံသယဖြစ်မိသည်။ မိမိကို စိတ်များ ဆိုးလေမည်လားဟု စိုးရိမ်မိသည်။ တစ်ဖက်သား စိတ်အနှောင့်အယှက် ဖြစ်ချေမလားဟု စိတ်မကောင်းရှိမိသည်။

မခေါင်ညွှယ်သည် မိုးသားနှင့် တစ်ထပ်တည်းလို ဖြစ်နေသော တောင်များကို ငေးမြဲ ငေးကြည့်နေသည်။ ဒေါ်စောရုံ၏ အမေးကို မကြားသကဲ့သို့ ရှိသည်။ လှုပ်ရှားခြင်း မရှိချေ။ အိမ်ရှေ့ကြက်ခြံမှ ကြက်မိုးတိုတစ်ကောင် အိမ်ပေါ်သို့ ခုန်တက်လာသည်။ မဂမ်က လက်ချောင်းကလေးများကို ဖြန့်ချည်ဆုပ်ချည်ဖြင့် ကြက်ကိုခေါ်နေသည်။ နန်းရင်က ကြက်ကို

MMCYBERMEDIA
COMMUNITY FOR ALL

လှမ်းဖမ်းသည်။ လွတ်သွားသည်။ ကြက်သည် ကြမ်းပြင်ကို ခြေဖြင့် ယက်ကန်ပြီး ခုန်ဆင်းသွားသည်။ မခေါင်ညွှယ်က မဂမ်ကို ရင်ခွင်တွင်းသို့ ယူထားလိုက်ပြီး…

"မဂမ်ရဲ့အဝါဟာ အင်မတန် သတ္တိကောင်းတယ်။ မဟုတ်မတရားတာကို မခံတတ်ဘူး။ သူများပြောတိုင်း မလုပ်ဘူး။ ငါတို့စကားနဲ့ ပြောရရင်တော့ သူက ဂွမ်လောင်ဝါတစ်ယောက်ပေါ့ အစ်မရယ်၊ မတရားအုပ်ချုပ်တာကို မလိုလားတဲ့ သူပုန်ပေါ့။ အစ်မလည်း သိမှာပေါ့။ ငါတို့မှာထုံးစံရှိတယ်။ တောကောင်တစ်ကောင်ရတိုင်း ဒူဝါကို စားဦးစားဖျားအဖြစ်နဲ့ ပေါင်သားပေးရတယ်။ မဂမ်ရဲ့အဝါကတော့ ဘယ်တော့မှ မပေးဘူး။ နောက်ပြီးတော့ ငါတို့ ရွာသူရွာသားတွေဟာ ဒူဝါရဲ့တောင်ယာကို လုပ်ပေးကြရတယ်။ ဒူဝါရဲ့အိမ်ကို ဆောက်ပေးကြရတယ်။ မဂမ်ရဲ့အဝါကတော့ အဲဒါတွေကို ဘယ်တော့မှ လိုက်မလုပ်ဘူး။ သူတို့မှာလည်း လက်နဲ့ခြေနဲ့ပဲတဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့တဲ့"

"ဒါက ဒီလို ရှိတယ်ကွယ့်။ တို့များ ကြားဖူးတာကတော့ ရှေးတုန်းက မင်းဆိုတာ မရှိဘူးတဲ့ကွယ်။ နို့ပေမယ့် လူတွေဟာ အချင်းချင်း ခိုက်ရန်ဖြစ်ကြ၊ လုယက်ကြနဲ့ မညီမညွတ်ရှိတော့ သိက္ခာ သမာဓိရှိတဲ့ လူကြီးတစ်ယောက်ကို ခံ့အဖြစ် ရွေးကောက်တင်မြှောက်ကြတယ်တဲ့ကွယ်။ မဟာသမ္မတမင်းပေါ့ကွယ်။ မဟာသမ္မတမင်းဟာ အမှုကိစ္စတွေကို တရားသဖြင့်ရှိအောင် စီရင်ဆုံးဖြတ်ရတာနဲ့ သူ့လယ်ကို သူမလုပ်အားဘူးကွယ့်။ သူ့အိမ်ကို မဆောက်အားဘူးတဲ့ကွယ်။ ဒါကြောင့် လူတွေက သူ့လယ်ကို ဝိုင်းပြီး လုပ်ပေးရတယ်။ သူ့အိမ်ကို ဝိုင်းပြီး ဆောက်ပေးရတယ်"

"ငါတို့က ဒူဝါကို မင်းလုပ်ပါလို့ ပြောထားတာမှ မဟုတ်ဘဲ။ အဖေသေရင် သားငယ်က ဒူဝါဖြစ်ပြီး ပေါင်သားစားတော့တာပဲ မဟုတ်လား"

"နို့ပေမယ့် မခေါင်ညွှယ်ရယ်၊ ငါတို့ကို တရားသဖြင့် အုပ်ချုပ်မယ့်လူကတော့ ရှိရမယ် မဟုတ်လား၊ ခံ့လုပ်မယ့်သူ မရှိရင် လူတွေ အချင်းပွားလို့ ဘယ်ပြီးတော့မလဲ"

"ခံ့လုပ်ဖို့ အကြီးဝါကို ရွေးထားကြတယ်လေ"

"အဲဒါပေါ့ကွယ်၊ အကြီးဝါဟာ မင်းပဲပေါ့ကွယ်။ ဒူဝါလည်း မင်းပဲပေါ့"

"အကြီးဝါကို ပေါင်သား မပေးရဘူး။ အကြီးဝါသေရင် ငါတို့ကြိုက်တဲ့လူ ထပ်ပြီးရွေးနိုင်တယ်။ ဒူဝါသေရင် သူ့သားထွေးက အလိုလို ပေါင်သားစားတာပဲ"

"အို အစ်မကလည်း ကိုယ်နဲ့မဆိုင်တာတွေ လျှောက်ပြောနေတယ်။ ဒါနဲ့ပဲ မမခေါင်ညွှယ်က သူ့အကြောင်း မပြောဘဲနဲ့ နေတော့မယ်"

နန်းရင်က ဒေါ်စောရုံကို မျက်စောင်းထိုး၍ ပြောသည်။

"ကိုယ်နဲ့မဆိုင်ဘူး ဆိုင်တယ် ဘယ်ဟုတ်မလဲ နန်းရင်ရဲ့။ သူတို့နဲ့ဆိုင်ရင် တို့နဲ့လည်း ဆိုင်တာပ။ သူတို့နဲ့ တို့က ရပ်ဆွေရပ်မျိုးတွေပဲ။ နောက်ပြီးတော့ နင့်အစ်ကိုတွေကလည်း သူပုန်တွေပဲ။ တို့လည်း မင်းဆိုးမင်းညစ်တော့ မကြိုက်ပါဘူး။ နို့ပေမယ့် မင်း မရှိလို့လည်း မဖြစ်ဘူးကွယ့်"

"အစ်မလည်း တော်ပါတော့။ မမခေါင်ညွှယ်ပြောပါ"

MMCYBERMEDIA
COMMUNITY FOR ALL

မခေါင်ညွှယ်က နန်းရင်၏ ဖွတ်တရွက်ဆန်မှုကို သဘောကျသည့်အနေဖြင့် ပြုံးပြီး ကြည့်နေသည်။ ဒေါ်စောရုံက ဘာမှမပြောတော့သဖြင့် သူမ၏စကားကို ဆက်သည်။

"တိုတိုပြောရရင်တော့ အစ်မရယ်။ သူနဲ့ ဒူဝါရဲ့လူတွေ မတည့်ကြဘူး ဆိုပါတော့။ ဒူဝါနဲ့တော့ မဆိုင်တော့ဘူးပေါ့။ ဒါပေမဲ့ ဒူဝါရဲ့ လူတွေက စစ်ဖြစ်လာကြတယ်။ သူဟာ မြှားမှန်ပြီး သေရတယ်။ သူ့လူတွေလည်း လူစုကွဲပြီး တခြားရွာကို ပြောင်းသွားကြတယ်"

"ဒါနဲ့ မမခေါင်ညွှယ်လည်း ဒီကို ပြေးလာရောလား"

"ပထမတော့ ဒီကို ပြေးလာဖို့ မဟုတ်သေးဘူးကွယ်။ အနတို့နဲ့ အတူနေတယ်။ ဒါပေမဲ့ သူ့အမျိုးတွေက ငါ့ကိုပြန်ခေါ်တယ်။ ငါမလာရင် ယူထားတဲ့ ကွမ်းဖိုးတွေ ပြန်လျော်ရမယ်တဲ့။ မလျော်နိုင်ရင် ငါ့ညီမတစ်ယောက်ကို ပေးရမယ်တဲ့။ အနကတော့ ငါ့ကို သူတို့ဆီ ပြန်သွားဖို့ပြောတယ်။ မဂမ်ရဲ့အဝါမှာ ညီအစ်ကိုတွေ မရှိဘူး။ ဒီတော့ ငါ့ကို မဂမ်ရဲ့အဘိုးက ယူမယ်တဲ့။ ငါ့ယောက္ခမက အသက်ခြောက်ဆယ်ကျော်နေပြီ။ ငါက ဒီအဘိုးကြီးကို ငါသဘောမကျဘဲ ယူရမတဲ့လား။ ငါက သူတို့တင်ထားတဲ့ ကွမ်းဖိုးတွေကို ပြန်လျော်မယ်လို့ ပြောတယ်။ ဒီတော့ သူတို့က ငါမွေးမယ့် ကလေးကို သူတို့ပိုင်တယ်တဲ့။ ဒီကလေးကို မွေးပြီးမှ သူတို့အိမ်က ငါသွားရမယ်တဲ့။ ငါက သူတို့အိမ်မှာ မနေချင်ဘူးဆိုရင် လုံးဝ မနေချင်တော့ဘူး။ ငါမနေချင်တာက အရေးမကြီးဘူး။ ငါ့ကလေး သူတို့ကို မပေးနိုင်ဘူး။ ငါကမွေးပြီး သူတို့ကို ပေးထားနိုင်ပါ့မလား"

"မပေးနိုင်ဘူးလို့ ပြတ်ပြတ် ပြောလိုက်ပေါ့ မမခေါင်ညွှယ်ရဲ့"

"ဘယ်ဖြစ်မလဲ နန်းရင်ရဲ့။ သူတို့ရဲ့ ထုံးစံက ရှိသမျှ ပစ္စည်းနဲ့ သားသမီးတွေကို ယောကျ်ားလေးတွေဘက်ကသာ ပိုင်တယ်"

ဒေါ်စောရုံက ဝင်ပြောသည်။

"ဟုတ်တယ်ကွယ့်၊ တို့ကချင်မတစ်ယောက်ဟာ ယောကျ်ားယူတာနဲ့ တစ်ပြိုင်နက် တို့တစ်ကိုယ်လုံးကို ယောကျ်ားလေးဘက်က ပိုင်တော့တာပဲ။ ကိုယ့်ကိုကမှ ကိုယ်မပိုင်တော့တဲ့နောက် ကိုယ်ကမွေးတဲ့ ကလေးလည်း ဘယ်ပိုင်တော့မလဲ။ တို့မိန်းမတွေကို သူတို့က ကြက်တွေ ဝက်တွေနဲ့ တစ်တန်းတည်း ထားတာပဲ"

"ဒါနဲ့ မမခေါင်ညွှယ်တစ်ယောက်တည်း ထွက်ပြေးလာတာလား"

"အနကိုခေါ်တယ်၊ မလိုက်ဘူး။ ထုံးစံကို မပယ်ကောင်းဘူးတဲ့။ ငါကတော့ မကြိုက်တဲ့လူကို မယူချင်ဘူး။ ငါ့ကလေးကိုလည်း မပေးနိုင်ဘူး။ ဒါကြောင့်လည်း ဘာပဲဖြစ်ဖြစ်ဆိုပြီး ပြေးလာတာပဲ"

"ဒါဖြင့် မမခေါင်ညွှယ် သူတို့ကို ဘာမှမလျော်ရတော့ဘူးပ"

"အနတို့ လျော်ရမှာပ။ ငါ့ညီမကို ငါ့အစား ပေးရမှာပ"

မခေါင်ညွှယ်က မပွင့်တပွင့်ပြောပြီး အဝေးသို့ ငေးမောနေပြန်သည်။ ဤတွင် ပြောစရာကုန်ပြီဟု သတ်မှတ်ဟန် တူသည်။ သို့သော် နန်းရင်က သိချင်တာကို မေးသည်။

"မမခေါင်ညွှယ် တောင်ပေါ်ကို မပြန်တော့ဘူးလား"

"ပြန်မှာပေါ့အေး။ တောင်ပေါ်မှာ တို့ဆွေမျိုးတွေနဲ့ တို့လူမျိုးတွေ ရှိတာပဲ"

"ဘယ်တော့ ပြန်မလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"မဂမ်ကြီးတော့ ပြန်မှာပေါ့။ ဆပ်စရာရှိတဲ့အကြွေးတွေကို မဂမ်က ဓားနဲ့ဆပ်မှာပေါ့ မဂမ်ဟာ သူ့အဝါလို မတရားမှုတွေကို တွန်းလှန်တဲ့ ဂွမ်လောင်ဝါတစ်ယောက် ဖြစ်မှာပ။ မဟုတ်ဘူးလား မဂမ်ရယ်"

မခေါင်ညွယ်က သားကို ကြည်နူးစွာ ကြည့်နေသည်။

ဒေါ်စောရုံက မခေါင်ညွယ်ကို သဘောကျ နှစ်သက်သည်။ ဤမိန်းကလေးနှင့်ဆိုလျှင် သူမ၏သားကြီးသည် အတည်တကျ ရှိပေမည်ဟု ယူဆထားသည်။ မခေါင်ညွယ်သည် ကိုရွှေနီနှင့် ပတ်သက်၍ကား တိုတိုရှင်းရှင်းပဲ ပြောသည်။

"ငါ သူ့ကို အများကြီး သတိရတယ်"

သို့သော် ကိုရွှေနီသည် ရွာသို့ ပြန်ရောက်လာခြင်း မဟုတ်ဘဲ မသက်ရော်ထံ ပြန်ရောက်လာခြင်းဖြစ်၍ မခေါင်ညွယ်နှင့် မည်သို့မျှ အကြောင်းဆက်စရာ မရှိတော့ချေ။

ဒေါ်စောရုံသည် သားကြီးကိစ္စကို အလေးအနက် စဉ်းစားသည်။ သူမ၏ သားသည် ဒုက္ခိတမလေးကို မှားယွင်းလွန်ကျူးခဲ့သည်ကား မှန်၏။ သူရဲဘောနည်းစွာ ရွာမှ ထွက်ပြေးခဲ့သည်လည်း မှန်၏။ သို့တစေ မသက်ရော် ကလေးရသည်ကို သိသည်နှင့်တပြိုင်နက် ပြန်လာသည်။ သူ့ကလေးဖြစ်ကြောင်း လူအများရှေ့တွင် ဝန်ခံသည်။ မသက်ရော်ကိုလည်း အတည်တကျ ပေါင်းသင်းသည်။ မကောင်းမှု ဒုစရိုက်များကို စွန့်လွှတ်သည်။ သူ့သားသည် မှားတုန်းက မှားခဲ့သော်လည်း ယခုအခါ အမှန်ကို သိမြင်ပြီ ဖြစ်သည်။ တော်ရုံ၊ တန်ရုံ ယောကျ်ားတစ်ယောက်သည် သူ့သားပြုသကဲ့သို့ ပြုလုပ်ရဲမည် မဟုတ်ချေ။ သို့ဖြင့် ဒေါ်စောရုံသည် သုံးရက်အကြာတွင် သားနှင့်ချွေးမကို အိမ်သို့ခေါ်သည်။ မသက်ရော်က ငြင်းဆန်နေသေးသည်။ ဒေါ်စောရုံက မြေးကို ပွေ့ယူ၍ အတင်းအကျပ် ခေါ်သောအခါတွင်မှ လိုက်လာသည်။

သည်တော့မှ သူမ၏အိမ်သည် စိုစိုပြည်ပြည် ရှိလာရသည်။ သို့မဟုတ်ပါက အိမ်တွင် သူမနှင့် သမီးငယ်နန်းရင် နှစ်ယောက်သာ ရှိသည်။

## အခန်း -၅၂-

ဤတွင် နန်းခင်အကြောင်း အနည်းငယ်ပြောရန် လိုအပ်လာပေသည်။ အိမ်သူအိမ်သား ခြောက်ယောက်ရှိသည့်အနက် ခေါင်သူကြီးလုပ်သူ ဦးနွံမွန်သည် နောက်မိန်းမယူ၍ တစ်ရပ်တစ်ပါးသို့ ပြောင်းသွားသည်။ သားနှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် ပျောက်သွားသည်။ ဤအထဲတွင် နန်းခင်က အိမ်ခွဲ၍ သွားချေသည်။ ဒေါ်စောရုံနှင့် နန်းရင်နှစ်ယောက်တည်းသာ ကျန်ရစ်သည်။

ယောကျ်ားတစ်ယောက်ကဲ့သို့ ကြမ်းတမ်း၍ ထိုးချင်၊ ခုတ်ချင်ရှိလှသော နန်းခင်သည် ဤတစ်သက်တွင် အိမ်ထောင်ရက်သားမှ ပြုပါတော့မည်လား။ အပျိုကြီးများ ဖြစ်နေချေတော့မည်လားဟု ဒေါ်စောရုံက ထင်ခဲ့သည်။ နန်းရင်ကမူ အင်မတန် လှချင်၊ ပချင်သဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့်

အိမ်ထောင်ကျသွားမှာပဲဟု တွက်ထားသည်။ သူတို့လောကသို့ မောင်သူရဝင်လာသောအခါ သည်သူငယ်နှင့် နန်းရင်နှင့်တော့ ငြိစွန်းတော့မှာပဲဟု ထင်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် ကိုသူရကို နန်းခင်ကသာ တမ်းတမ်းစွဲ ဖြစ်နေသည်ကို တွေ့လာရသည်။ သဘောမတူစရာ အကြောင်းမရှိသဖြင့် ဒေါ်စောရုံသည် မည်သို့မျှ မစွက်ဖက်ဘဲ နေခဲ့သည်။ ကိုသူရ၏ အမျိုးအနွယ်နှင့် အရပ်ဒေသကို ကောင်းမွန်စွာ မသိရသော်လည်း လူကောင်းသူကောင်းတစ်ယောက် ဖြစ်မှာပဲဟုပင် ဒေါ်စောရုံတွက်သည်။

ကိုသူရသည် အစတွင်တော့ နန်းခင်နှင့် ခပ်ဖယ်ဖယ် နေသည်။ နန်းခင်ကို မစွဲလမ်း မနှစ်ခြိုက်၍ကား မဟုတ်ချေ။ သူက နန်းခင်လို ပွင့်ပွင့်လင်းလင်းရှိသော အမျိုးသမီးတစ်ယောက်ကို များစွာမှ သဘောကျသည်။ သို့ရာတွင် သူ သည်အရပ်သို့ လာခဲ့သည်မှာ ကြင်ယာရှာရန် မဟုတ်ချေ။ သူ၏ အမိအဘနှင့် အမျိုးအနွယ်ကို စူးစမ်းရှာဖွေရန်သာ ဖြစ်သည်။ သူသည် နန်းခင်နှင့် အိမ်ထောင်ပြု၍ ကြိုးကြာရွာမှာ အခြေစိုက်ခဲ့လျှင် သူ့ကိုယ်သူ မည်သူမည်ဝါမှန်းမသိ ရှိရပေတော့မည်။ သူ၏ အမိအဘနှင့် သူ၏မွေးဇာတိကို မသိရှိ ဖြစ်ပေတော့မည်။

သည်ရွာမှာ သူ ဒါလောက်ကြာနေသည်ကပင် ဦးနောင်ရှမ်းနှင့် သူမတွေ့မမြင်ဖူးသေးသော မထုံးရီကြောင့် ဖြစ်သည်။ ဦးနောင်ရှမ်း၏ နောက်ကြောင်းကို သူစိတ်ဝင်စားသည်။ မထုံးရီ၏သား မောင်မျိုးသည် သူနှင့် အတော်အတန် ရုပ်ချင်းဆင်သည်။ မထုံးရီသည် သူနှင့် မောင်နမ အရင်းတမျှ တူသည်ဟု လူအများက ပြောကြသည်။ သူက မထုံးရီကို စောင့်နေသည်။ မထုံးရီက ရွာသို့ ပြန်မလာဘဲ မိုးကောင်းတွင် အပြီးအပိုင် နေနေတော့သည်။

သူ့မှာသာ နန်းခင်နှင့် သံယောဇဉ် ငြိတွယ်ရတော့သည်။

သို့ဖြင့် ကိုသူရသည် မထုံးရီကို ဤရွာမှ စောင့်နေ၍တော့ တွေ့ရချိမ့်မည် မဟုတ်ဟု သိပြီး တစ်နေ့တွင် နန်းခင်ကို အသိမပေးဘဲ ကိုလူကြီးကို အဖော်ခေါ်ကာ မိုးကောင်းသို့ ထွက်သွားသည်။ မထုံးရီကို သွား၍ တွေ့ခြင်းပင် ဖြစ်သည်။

ကိုသူရသည် မထုံးရီကို အဝေးမှပင် ကြည့်ရုံကြည့်၍ ပြန်လာလိမ့်မည်ဟု ကိုလူကြီးက ထင်ခဲ့သည်။ ယင်းကြောင့်ပင် သူသည် ဦးနွဲ့မွန်နှင့် မထုံးရီတို့ နေအိမ်ကို စုံစမ်းမေးမြန်းပြီးနောက် မလှမ်းမကမ်းမှ စောင့်ကြည့်နေခဲ့သည်။ မထုံးရီတို့ အိမ်ရှေ့သို့ ရောက်သောအခါတွင် "သည်အမျိုးသမီးပဲ" ဟု ပြသည်။ ကိုသူရသည် မထုံးရီကို အတန်ကြာ စူးစိုက်၍ ကြည့်နေသည်။ သူနှင့် တူသည်ဆိုခြင်းမှာ အမှန်ပင် ဖြစ်သည်။

ယင်းကြောင့် ကိုသူရသည် ကိုလူကြီး တားမြစ်နေသည့်ကြားမှပင် မထုံးရီကို သွားရောက် တွေ့ဆုံလေသည်။ ကိုလူကြီးသည် မထုံးရီနှင့် မတွေ့လိုဟုဆိုကာ နေရစ်သည်။

ကိုသူရ ရောက်သွားသောအချိန်တွင် အိမ်၌ မထုံးရီတစ်ယောက်တည်းသာ ရှိသည်။ ဦးနွဲ့မွန် အပြင်သို့ သွားနေသည်ဟု ဆိုသည်။

"ရှင်နဲ့ ကျွန်မ ရုပ်ချင်းဆင်တာတော့ အမှန်ပဲ။ ဒါပေမယ့် နာမည်တူ မရှား၊ လူတူမရှားလို့ ဆိုတယ် မဟုတ်လား။ ရှင်နဲ့ကျွန်မဟာ ဘယ်နည်းနဲ့မှ မောင်နှမ မဖြစ်နိုင်ပါဘူး။ ရှင်က ကျွန်မထက်အကြီး ဆိုရင်တော့လည်း ကျွန်မကို မမွေးခင် ရှင့်ကို မွေးတာမို့ ကျွန်မမသိဘဲ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ရှင်က ကျွန်မထက်အငယ်ဆိုတော့ ကျွန်မမှာ မောင်မရှိဘူးဆိုတာ ကျွန်မကောင်းကောင်း သိတာပေါ့။ နေဦး ရှင် ဘယ်နှစ်နှစ် ရှိပြီလဲ"

"နှစ်ဆယ်"

"အင်း ကျွန်မထက် ဆယ်နှစ်ငယ်တယ်။ ကျွန်မအမေနဲ့ ကျွန်မခွဲရတဲ့အချိန်က ကျွန်မ ဆယ်နှစ်သမီး ရှိနေပြီ။ ဒီတော့ ကျွန်မ သိတတ်တဲ့အရွယ်၊ မှတ်မိတဲ့အရွယ် မဟုတ်လား။ ကျွန်မအမေမှာ နို့စို့ကလေးငယ် မရှိဘူးဆိုတာ ကျွန်မ ကောင်းကောင်းသိတာပေါ့။ ရှင်က ကျွန်မထက် ဆယ်နှစ်ငယ်တော့ အဲ့ဒီအချိန်က ရှင်ဟာ နို့စို့အရွယ်ပဲ ဖြစ်ရမယ် မဟုတ်လား။ တစ်ခုတော့ ရှိတယ်။ ရှင်က ကျွန်မထက် နှစ်နှစ် သုံးနှစ်ပဲ ငယ်တယ်ဆိုရင်တော့ စဉ်းစားစရာပဲ။ ရှင်မွေးတဲ့အချိန်က ကျွန်မဟာ နှစ်နှစ် သုံးနှစ်သမီးပဲ ဖြစ်မှာမို့ ဘာမှမသိတတ်၊ ဘာမှမမှတ်မိသေးဘူး မဟုတ်လား။ တစ်ခုတော့ ရှင်းပါတယ်ရှင်။ ရှင်ဟာ ဘယ်နည်းနဲ့မှ ကျွန်မရဲ့မောင် မဖြစ်နိုင်သေးပါဘူး။ ရှင့်ကို ကျွန်မအမေက မွေးတာ မဖြစ်နိုင်ပါဘူး"

"မထုံးရီ မရှိတဲ့နောက်မှာမှ ကျွန်တော့်ကိုမွေးတာ မဖြစ်နိုင်ဘူးလား"

ကိုသူရက စောဒကတက်သည်။ အမျိုးသမီးက ခေါင်းကို ယမ်းခါ၍...

"ကျွန်မတို့ မရှိတဲ့နောက်မှာ ကျွန်မအမေဟာ ကလေး မမွေးနိုင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

အမျိုးသမီးသည် ရုတ်တရက် ဒေါသဖြစ်သွားဟန်နှင့်...

"ကိုယ်နဲ့မဆိုင်တာ မမေးပါနဲ့"

"စိတ်မရှိပါနဲ့ဗျာ"

ကိုသူရက ပျာပျာသလဲ တောင်းပန်လိုက်သည်။ ဤတွင် မထုံးရီက အသံကိုနှိမ့်၍...

"ကဲ ရှင်ပြန်တော့ ရှင်နဲ့ကျွန်မ မောင်နှမ မဟုတ်ဘူးဆိုရင် ပြီးတာပဲ မဟုတ်လား။ ကျွန်မတို့အကြောင်းကို ရှင်သိစရာ မလိုတော့ဘူး"

အမျိုးသမီးပြောသည်မှာ မှန်ပေသည်။ သူ့အလုပ်ပြီးပြီ ဖြစ်သည်။ အဘယ်အကြောင်းကြောင့် မထုံးရီ၏မိခင် နောက်ထပ် ကလေးမမွေးနိုင်တော့သည်မှာ သူနှင့်မဆိုင်။ ဦးနောင်ရှမ်းနှင့် မထုံးရီတို့ မည်သည့်အရပ်က မည်သည့်အကြောင်းကြောင့် ထွက်လာကြသည်ကို သူသိဖို့ မလို။ သူနှင့် ဆိုင်သည်က ဤအမျိုးသမီးနှင့် မောင်နှမ တော်၊ မတော်ပင် ဖြစ်သည်။

ဤအမျိုးသမီးနှင့် မောင်နှမ မတော်ဟုဆိုလျှင် သူ အချိန်ဖြုန်းနေစရာ မရှိတော့။ အခြားအရပ်များသို့ လှည့်လည်၍ အခြားသူများနှင့် ဆွေမျိုးစပ်ရပေဦးမည်။

ကိုသူရသည် မထုံးရီထံမှ ထွက်လာပြီးနောက် ကြိုးကြာရွာသို့ပင် ပြန်မလိုက်ခဲ့တော့ဟု စိတ်ကူးသည်။ ကိုလူကြီးက ရွာသို့ခဏတော့ ပြန်လိုက်ခဲ့စေလိုကြောင်း ပြောသည်။ သူတို့ကို

MMCYBERMEDIA
COMMUNITY FOR ALL

နှုတ်မဆက်ဘဲ ထွက်သွားကြောင်း သိလျှင် သူ့ဖခင်နှင့် မိခင်တို့ စိတ်မကောင်းရှိနေကြမည်ဟု ဆိုသည်။ အမှန်တော့ ကိုသူရစိတ်တစ်ပိုင်းသည် ကြိုးကြာရွာသို့ ခဏတစ်ဖြုတ် ပြန်လိုက်လျက်ရှိသည်။ နန်းခင်၏ မျက်နှာကို သူမြင်ချင်ပေသေးသည်။ မည်သို့မဆို နန်းခင်သည် သူ့ကို ဖမ်းစားလျက် ရှိချေပြီး ဖြစ်သည်။ "ရှမ်းမကလေးများ ပြုစားတတ်သည်ဆိုခြင်းမှာ မှန်ပဲ မှန်နေရော့လား" ဟု သူက စဉ်းစားမိသေးသည်။ ကြိုးကြာရွာသို့ ပြန်ရောက်သောအခါ အခြေအနေများသည် တစ်မျိုး ပြောင်းလဲသွားပြန်သည်။ နန်းခင်နှင့် မိတ်သင်္ဂဟများ ကို နှုတ်ဆက်ပြီး ခရီးထွက်ရန် ဆိုသည်မှာ ပျက်ပြားသွားတော့သည်။ အကြောင်းမှာ သူသည် ရွာသို့ ပြန်၍ရောက်သောညမှာပင် ဦးနောင်ရှမ်းနှင့် နစ်ယောက်တည်း တွေ့ဆုံရလေသည်။ ထိုသို့ တွေ့ဆုံပြီးသည့်နောက်တွင် ကိုသူရသည် ဤရွာမှာပင် နေသွားရန် ဆုံးဖြတ်လိုက်သည်။ ဦးနောင်ရှမ်းနှင့် လူချင်းခွဲသည်နှင့် တစ်ပြိုင်နက် ကိုသူရသည် နန်းခင်ထံသို့ အပြေးအလွှား သွားရောက်သည်။

လူကြီးစုံရာနှင့် တောင်းရမ်းလက်ထပ်ခွင့်ပြုရန် သူက နန်းခင်ထံတွင် ခရီးရောက်မဆို ခွင့်ပန်လိုက်သည်။

သူသည် ထိုညက နန်းခင်ထံသို့ နှုတ်ဆက်ရန် အသွားမှာပင် ဦးနောင်ရှမ်းနှင့် တွေ့ဆုံရခြင်း ဖြစ်သည်။ ဦးနောင်ရှမ်းနှင့် တွေ့လိုက်ရသဖြင့် သူသည် နန်းခင်ကို နှုတ်မဆက်တော့ဘဲ ချစ်ခွင့်ပန်လေတော့သည်။

ဦးနောင်ရှမ်းနှင့် ဆုံစည်းရသည်ကလည်း အမှတ်မထင်ပင် ဖြစ်သည်။ သူက ဦးနောင်ရှမ်းနှင့် တွေ့လိမ့်မည်ဟု လုံးဝ မထင်ခဲ့။ တွေ့ရန်လည်း အကြောင်း မရှိတော့ချေ။ ညစာထမင်းစားချိန်တွင် သူသည် ချောင်းလေးခွမှ ကြိုးကြာရွာမသို့ တစ်ယောက်တည်း ထွက်ခဲ့သည်။ မိုးပေါ်မှာ လတစ်ခြမ်း ရှိသည်။ ခရီးတစ်ဝက်လောက်တွင် ဆီးချုံများရှိသည်။ လမ်းနံဘေးတွင်တော့ မဟုတ်ချေ။ တကူးတက သွားရသည်။ တစ်ခေါ်လောက်ဝေးသည်။ ဤဆီးချုံများသို့ ကလေးများ မလာဝံ့။ တစ္ဆေခြောက်သည်ဟု လူကြီးတွေက ပြောထားသည်။ ညအချိန်ဆိုလျှင်တော့ အချို့လူကြီးတွေပင် ဤလမ်းကို တစ်ယောက်တည်း မသွားဝံ့ကြ။ ဆီးချုံများ၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်တွင် ဘုရားဖြူဖြူလေး တစ်ဆူစီရှိသည်။ ညဏ်တော် ငါးတောင်သာရှိသည်။ ဥစ္စာစောင့် ညီအစ်မတည်ထားသော ဘုရားများဟု ဆိုကြသည်။

ကိုသူရသည် ဖြည်းဖြည်းအေးဆေးပင် လျှောက်လာသည်။ လရောင်ရှိသော ညသည် သာယာပါဘိ။ ဘုရားဖြူ နှစ်ဆူမှ ဆည်းလည်းသံ ညင်းညင်း ထွက်ပေါ်နေသည်။

ရုတ်တရက် ခွေးနက်တစ်ကောင် ဆီးချုံများအတွင်းမှ ထွက်လာသည်။ ကြောက်တတ်သူများ ဆိုလျှင်တော့ "ခွေးနက်ကြီးလာပြီ"ဟု ငယ်သံပါအောင်အော်ပြီး ထွက်ပြေးမှာပဲဟု တွေးမိပြီး သူက ပြုံးရသည်။ သို့သော် ထိုစဉ်မှာပင် ဆီးချုံများအတွင်းမှ ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီး ထွက်ပေါ်လာသည်။ အမှတ်မထင်မို့ သူလန့်သွားသည်။

"ဟား ဟား ဟား ဟား"

မရယ်ချင်ဘဲနှင့် ခြစ်ခြုတ်၍ ရယ်မောလိုက်သော အသံမျိုး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟား ဟား ဟား ဟား။ ဟေ့ မောင်သူရ လာပါဦးကွယ့်"

ရယ်မောသံနှင့် တစ်ဆက်တည်းတွင် သူ့အမည်ကို ခေါ်လိုက်သံကြားရသည်။ သူ့ခြေလှမ်းများ ရပ်သွားသည်။ အသံကြားရာသို့ ကြည့်သည်။ ဘာမှ မမြင်မတွေ့ရ။ ညို့ညို့မည်းမည်းသာ ဖြစ်သည်။ တောခြောက်သည် ဆိုခြင်းလားဟု ထင်မိသည်။

"ဟေ့ မောင်သူရ၊ လာပါဦးကွယ့်။ မင်းနဲ့ငါ စကားပြောစရာ ရှိတယ်"

တောခြောက်ခြင်း မဟုတ်ပါ။ လူတစ်ယောက်က သူ့ကိုခေါ်နေခြင်း ဖြစ်သည်။ တကယ်ဖြစ်သည်။ အသံကိုပင် သူက ကြားဖူးသည် ထင်သည်။ သို့သော် သူကျက်မိသောအသံတွင် အသံပျက် တစ်ဝက်ရောနေသည်။ သြသြနက်နက်ကြီး ဖြစ်သည်။

သူ မည်သည့်အရာကိုမျှ ရှောင်လွှဲ ကွေ့ကွင်းတတ်သည် မရှိ။ လူတစ်ယောက်က ခေါ်နေမှတော့ အကျိုးအကြောင်းသိရအောင် သွားရပေမည်။ ဘယ်သူက ဘာကိစ္စနှင့် ခေါ်နေသနည်း။ ဆီးချုံဆီသို့ သွားနေစဉ်တွင် တစ်ဖက်မှအသံ မကြားရတော့။ တိတ်နေသည်။ သူ့ခေါင်းထဲသို့ မသင်္ကာစိတ် ဝင်နေသည်။ သူက သတိကြပ်ကြပ် ထားသည်။ ငှက်ကြီးတောင်ဓားကို အိမ်မှ နတ်ထားသည်။ သေနတ်ကိုမူ သူက ယူမလာမိခဲ့ချေ။

"အမယ်လေး ဓားလွတ်ကြီး ကိုင်လို့ပါလား။ မကြောက်ပါနဲ့ကွယ့်။ ကျုပ်ပါ"

သည်တော့မှ အသံကို သူမှတ်မိသည်။ ဦးနောင်ရှမ်းဖြစ်သည်။ သူက ဓားကို ပြန်သွင်းပြီး ဆီးချုံအောက်သို့ ငုံ့ဝင်သွားသည်။ အလင်းရောင်မှာ မှုန်မှုန်မွှားမွှားသာ ရှိသည်။ ရုတ်တရက် မျက်စိအကျင့်မရ၍ ဘာမှမမြင်ရ။ အတန်ကြာမှ တစ်နေရာတွင် ထိုင်နေသော ဦးနောင်ရှမ်းကို ခပ်ရေးရေး တွေ့ရသည်။ တစ်ယောက်တည်းသာ ဖြစ်သည်။ ဤအချိန်တွင် ဤလူကြီး သည်မှာ ဘာလုပ်နေသနည်းဟု သူ တွေး၍ မရ။ ထို့ကြောင့် မေးလိုက်သည်။

"ဆရာကြီး ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

ဦးနောင်ရှမ်းက သူ့အမေးကို မဖြေဘဲ ရယ်လိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင်မူ သူ၏ရယ်သော အသံကို မလန့်တော့။ ကြောက်စရာ ကောင်းသည်ဟု မထင်တော့။ သူက ဦးနောင်ရှမ်းနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။ သူတို့ နှစ်ယောက်ကြားတွင် မြေစာတုံးများ ရှိသည်။ ကျင်းတစ်ခု တူးထားခြင်း ဖြစ်သည်။ ရှည်ရှည်မျောမျော အရာတစ်ခုကို မြင်၍ လက်ဖြင့် မသိမသာ ကိုင်ကြည့်ရာ တူးရွင်းနေ်းပြား တစ်ချောင်း ဖြစ်သည်ကို တွေ့ရသည်။ ဤလူကြီး ဘာတွေများ တူးသနည်း။ သိုက်တူး၍ သိုက်ရှူးချေပြီလား။ သူ့မျက်စိသည် အတော်မြင်လာပြီဖြစ်သည်။ ဦးနောင်ရှမ်း၏ရှေ့တွင် စဉ့်အိုးငယ်တစ်လုံးရှိသည်။ မြေမှ တူးဖော်ထားခြင်း ဖြစ်သည်။

"ဘာအိုးကြီးလဲ ဆရာကြီး"
"ဘာအိုးရမလဲ။ မောင်ကြီး ကိုယမကာပ"

MMCYBERMEDIA
COMMUNITY FOR ALL

အဖြစ်မှန်ကို ယခုမှ သူသိသည်။ ဦးနောင်ရှမ်းသည် မြေမြှုပ်အရက်ကိုဖော်၍ တစ်ယောက်တည်း သောက်နေခြင်း ဖြစ်သည်။ သူက ဆီးချုံထဲသို့ ဝင်လိုက်ကတည်းက ခေါင်ရည်နံ့ကို ရခဲ့သော်လည်း ဤအိုးမှဟု မထင်ခဲ့။ ဦးနောင်ရှမ်း၏ ကိုယ်နှင့်ပါးစပ်မှ အမြဲတမ်းအရက်နံ့ ထွက်နေသောကြောင့် အထူးအဆန်းဟု မမှတ်ယူခဲ့။ အဘိုးကြီးသည် အရှိန်အဟုန် အတော်ရနေပြီ ဖြစ်သည်။

"ရော့ ဟော့။ တစ်မော့ နှစ်မော့လောက် မော့လိုက်ဦး၊ ပြီးတော့မှ စကားပြောကြတာပ။ စုပ်ချင်ရင်တော့ ပြွန်ရိုး အဲဒီနားမှာစမ်းကြည့်။ ရှိလိမ့်မယ်။ မော့သာ မော့ပါကွယ်"

ဦးနောင်ရှမ်းက စဥ့်အိုးငယ်ကို မနိုင့်တနိုင် မ၍ သူ့ကိုပေးနေသည်။ ကိုသူရသည် ယခင်ကဆိုလျှင် ဦးနောင်ရှမ်းနှင့် ရောလို၍ စကားနိုက်လို၍ ခေါင်ရေအိုးကို ဝမ်းပန်းတသာ လှမ်းယူမည် ဖြစ်သည်။ ယခုမူ စကားအစ်အောက်ရန် အကြောင်း မရှိတော့ပြီ။

"ကျွန်တော် မမော့တော့ပါဘူး"

"လုပ်ပါကွယ့်။ နယ်နယ်ရရ မှတ်သလား။ ကိုးနှစ်ခေါင်ရည်ကွယ့်။ ဒီနေရာမှာ ငါမြှုပ်ထားတာ ကိုးနှစ်ရှိပြီ။ သောက်ကြည့်စမ်း။ ဘယ်လောက်ဆိမ့်သလဲဆိုတာ တွေ့လိမ့်မယ်။ မောင်သူရတို့ရဲ့ ထန်းရေနဲ့တော့ တခြားစီပကွယ်"

ဦးနောင်ရှမ်းက ကျယ်လောင်စွာ ရယ်မောနေပြန်သည်။ ကိုသူရ ဖွတ်ငြင်းနေရန် မသင့်သဖြင့် စဥ့်အိုးကို ယူ၍ သံပြွန်ရိုးဖြင့် တစ်ကျိုက် အပြည့်စုပ်ယူ၍ ကျိုက်ချလိုက်သည်။ သံပြွန်ရိုးသည် ခေါင်ရည်စုပ်ရန် အထူးပြုလုပ်ထားခြင်း ဖြစ်သည်။ အပျော်တမ်း သောက်သူများသည် သဘော်ရိုး၊ ကျူရိုးဖြင့်သာ စုပ်လေ့ရှိသော်လည်း အရက်သမားများကမူ သံပြွန်ရိုးကို အသုံးပြုသည်။ အရေးအကြောင်းဆိုလျှင် လက်နက်ဖြစ်သည်။

"နေပါဦးကွယ် မောင်သူရရဲ့။ မင်းက မိုးကောင်းကို သွားပြီး ငါ့သမီးနဲ့ တွေ့ခဲ့တယ်ဆို"

အမေးမှာ ရုတ်တရက်ဖြစ်သဖြင့် သူက တွန့်ခနဲ ဖြစ်သွားသည်။ သူ မိုးကောင်းသွားသည့်အကြောင်း တစ်ရွာလုံး သိနှင့်နေသည်။ ဒေါ်ငြိမ်းရှင်၏ကောင်းမှု ဖြစ်သည်။ သို့သော် မထုံးရီ၏ ဖခင်ကိုယ်တိုင်က မေးလာသောအခါ စိတ်ထဲတွင် အနည်းငယ်ထင့်သွားသည်။ အဘိုးကြီးက အတော်မူးနေသည်။ ဘာတွေများ ပြောနေဦးမည်နည်း။

"ဟုတ်ကဲ့"

သူက ခပ်လေးလေးဖြေလိုက်သည်။ ခေါင်ရည်အိုးကို ပြန်ပေးလိုက်သည်။ ကောက်ညှင်းခေါင်ရည် ဖြစ်သည်။ ကိုးနှစ်စိမ် ကိုးနှစ်မြှုပ်ဖြစ်၍ သောက်ရသည်မှာ ထိထိမိမိရှိသည်။

"ဒီလို မိန်းမယုတ်နဲ့များ မင်းက မောင်နမတော်ချင်နေသလား"

ဦးနောင်ရှမ်းက ခက်ထန်စွာ ပြောလိုက်သဖြင့် ကိုသူရသည် မျက်လုံးကျယ်သွားသည်။ ဦးနောင်ရှမ်းသည် ဒေါ်စောရုံက သူ့ယောကျ်ားကို ဥပေက္ခာပြုထားသကဲ့သို့ သူကလည်း သူ့သမီးကို လျစ်လျူရှုထားသူ ဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ သူ့သမီးအကြောင်းကို အကောင်းအဆိုး မပြောခဲ့။ ယခုမှ သူ့သမီးကို ရှုတ်ချ၍ ပြောနေသည်။

"မိန်းမကောင်း ဖြစ်ဖြစ်၊ မိန်းမယုတ်ဖြစ်ဖြစ် မောင်နှမပဲပေါ့၊ ဒါပေမဲ့ ဆရာကြီးသမီးဟာ ကျွန်တော်နဲ့ မောင်နှမလည်း မဟုတ်ပါဘူး။ မိန်းမယုတ်လည်း မဟုတ်ပါဘူး"

"ဘာ မဟုတ်ရမှာလဲ။ သားနဲ့ ပလူးလိုက်။ အဖေနဲ့ ပလူးလိုက်။ အစ်ကိုနဲ့ ကမြင်းလိုက်။ ညီနဲ့ ကမြင်းလိုက်။ အမေနဲ့ တစ်ချိုးတည်း တစ်ဖြတ်တည်းပဲ"

ဦးနောင်ရှမ်း အော်လိုက်သည်။ ကိုသူရသည် နားနစ်ဖက်ပင် လွင့်ထွက်သွားမလားဟု အောက်မေ့မိသည်။ သို့သော် သူက စိတ်ဝင်စားမှု ရှိလာသဖြင့် အကျယ်ကြီး အော်ပြောနေသည်ကိုပင် မကြားလိုက်မည်စိုး၍ ရှေ့သို့ ကိုင်းညွှတ်၍ နားထောင်မိသည်။ မထုံးရီ၏အကြောင်းသာမက သူမ၏ မိခင်အကြောင်းပါ ပါလာပြီ ဖြစ်သည်။ ကိုသူရက မည်သို့မျှ ကြားဖြတ်၍ မပြောတတ်သဖြင့် ဦးနောင်ရှမ်း ဆက်၍ ပြောမည်ကိုသာ ငံ့နေသည်။

"မိထုံးရီက မင်းကို ဘာတွေ ပြောလိုက်သလဲ"

"ဘာမှတော့ အထူးအထွေ မပြောပါဘူး။ သူနဲ့ကျွန်တော်နဲ့ ဘယ်နည်းနဲ့မှ မောင်နှမ မဟုတ်နိုင်ဘူးတဲ့။ ကျွန်တော်က သူ့ထက် ဆယ်နှစ်ငယ်လို့ သူ ဆယ်နှစ်သမီးအရွယ်က သူ့အမေမှာ နို့စို့ကလေး မရှိဘူးဆိုတာ သူ ကောင်းကောင်းသိတယ်တဲ့။ သူနဲ့ဆရာကြီးတို့ ဒီကိုထွက်လာတဲ့ နောက်ပိုင်းမှာလည်း သူ့အမေဟာ နောက်ထပ် ကလေးမမွေးနိုင်တော့ဘူးတဲ့"

ဦးနောင်ရှမ်းသည် အရူးလို အော်ဟစ်ရယ်မောလိုက်ပြီးနောက်...

"ဟုတ်လိုက်လေကွယ်၊ သူ့အမေဟာ ဘာပြုလို့ နောက်ထပ် ကလေးမမွေးနိုင်တော့တာလဲ ဆိုတာကော ပြောမပြလိုက်ဘူးလား"

"မပြောဘူးခင်ဗျ၊ ဘာပြုလို့လဲ"

"ဟား ဟား ဘယ်မှာ နောက်ထပ် ကလေးမွေးနိုင်တော့မလဲကွယ့်။ သေပြီပဲ။ ခေါင်းတခြား ကိုယ်တခြား ဖြစ်ပြီးမှတော့ ဘယ်မှာ ကလေးမွေးနိုင်တော့မလဲ၊ လင်ငယ်နဲ့ ကမြင်းနိုင်ဦးတော့မလဲ။ သေတာမှ သူတစ်ယောက်တည်း သေတာ မဟုတ်ဘူး။ လင်ငယ်ပါ တစ်ခါတည်း သေတာ။ နှစ်ယောက်စလုံးကို ကျုပ်ဓားနဲ့ နတ်နတ်စဉ်းခဲ့တာ။ တောက် အဲဒီကတည်းက ဒီကမြင်းမလေးကို တစ်ခါတည်း သတ်ခဲ့မိရင် အကောင်းသား။ ဒင်းလည်း ဒင်း အမေခြေရာ နင်းတာပဲ။ အခုတော့ ငါ့သမီးဆိုပြီး ငါ့သိက္ခာကို ဖျက်နေတာပဲ"

ဦးနောင်ရှမ်းသည် ခေတ္တမျှ တွေဝေနေပြီးနောက်...

"ဟေ့ မောင်သူရ၊ ငါအခုမှ စဉ်းစားမိတယ်။ မိထုံးရီဟာ ငါ့သမီး၊ ငါ့သမီး မဟုတ်နိုင်ဘူး။ မိမြိုင်နဲ့ ငမောင်ဟာ ငယ်ရည်းစားတွေ။ နောက်မှ မိမြိုင်က လူကြီးပေးစားလို့ ငါ့ကိုယူရတာ။ ဟုတ်ပြီး မထုံးရီဟာ ငမောင်ရဲ့ သမီးပဲ ဖြစ်မှာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

ကိုသူရက ဦးနောင်ရှမ်း၏ အကဲကိုကြည့်၍ အရဲစွန့်ကာ မေးလိုက်သည်။

"မယ်ညွန့်ဆိုတာ အခုရှိဦးမလား"

"ဘယ်ရှိတော့မလဲ။ အဲဒီအချိန်က မယ်ညွန့်က မျက်နှာမြင်နေတာ။ သူ့ယောက်ျားသတင်းကို ကြားရတော့၊ သွေးတက်ပြီး တစ်ခါတည်း သေသွားတာပဲ"

"အဲဒီကလေးကော"

"ဘာပြုလို့လဲ"

"အဲဒီကလေးဟာ ကျွန်တော် မဖြစ်နိုင်ဘူးလား"

ဦးနောင်ရှမ်းက သူ့ကို မျက်လုံးပြူး၊ မျက်ဆန်ပြူး ကြည့်လိုက်သည်။ ထို့နောက် ခေါင်းကို တဆတ်ဆတ် ညိတ်လျက်...

"ဟုတ်တယ် မင်းနဲ့ မိထုံးရီဟာ အဖေတူ အမေကွဲ ဖြစ်နိုင်တယ်။ ဒါပေမဲ့ မင်းကတော့ လူကောင်းတစ်ယောက်ပဲ။ မယ်ညွန့်ရဲ့သား မှန်ရင်တော့ လူကောင်းတစ်ယောက် ဖြစ်မှာပဲ။ မယ်ညွန့်က အင်မတန်စိတ်နလုံးကောင်းရှိတဲ့ မိန်းမတစ်ယောက်ပဲ။ စစ်ကိုင်းတစ်မြို့လုံးမှာတော့ သူ့လောက်တော်တဲ့ မိန်းမ မရှိပါဘူး။"

ကိုသူရသည် ဦးနောင်ရှမ်းကို ကမန်းကတန်း နှုတ်ဆက်ပြီးနောက် နန်းခင်ဆီသို့ ခြေကုန်သုတ်သွားသည်။ သူ့တွင် တွယ်တာစရာဟူ၍ နန်းခင်တစ်ယောက်ပဲ ရှိသည်။ သူ့အဖေနှင့် သူ့အမေသည် ဤလောကတွင် မရှိတော့ပြီ ဖြစ်သည်။ မိမိ၏ ဇာတိချက်ကြွေသည် စစ်ကိုင်းဖြစ်သည်ကိုလည်း သိရပြီ ဖြစ်သည်။ သူသည် ခရီးသည် လုပ်စရာမလိုတော့။ နန်းခင်၏ အပါးမှာ နေဖို့ပင် ရှိတော့သည်။

## အခန်း -၅၃-

နောက်တစ်နေ့ နံနက်ခင်းတွင် ဘုရားနစ်ဆူ ဆီးချုံများ အတွင်း၌ ဦးနောင်ရှမ်း သေဆုံးလျက် ရှိသည်ကို တွေ့ရှိကြရသည်။ အမူးလွန်၍ အန်ဖတ်ဆို့ကာ သေဆုံးနေသည်ကို မြင်ကြရသည့်တိုင် အမျိုးမျိုး ပြောဆိုနေကြသည်။ မြေဖုတ်ဘီလူးပင် ဖမ်းစားသကဲ့သို့ သရဲတစ္ဆေပင် ကုပ်ချိုးသလို ပြောကြသည်။ ဦးနောင်ရှမ်းသည် ရိုးရိုးမူးရုံဖြင့်တော့ မသေနိုင်ဟု ဆိုကြသည်။ ထိုအချက်မှု မှန်ပေသည်။ ဦးနောင်ရှမ်းသည် ရိုးရိုးမူးရုံဖြင့် သေဆုံးခဲ့ခြင်း မဟုတ်။ စိတ်အလွန် ထိခိုက်၍ သေဆုံးခဲ့ရကြောင်း ကိုသူရ ကောင်းကောင်းသိသည်။ သို့သော် သူသည် ဤအချက်ကို မည်သူ့အားမျှ မပြောလိုပေ။ သိုဝှက်၍ ထားလိုက်သည်။ ဦးနောင်ရှမ်း အနိစ္စရောက်သည်ကို အကြောင်းကြားသော်လည်း မထုံးရီ မလာရောက်ချေ။ ရွာမှပင် ဝိုင်းဝန်း၍ သင်္ဂြိုလ်ကြသည်။

ဦးနောင်ရှမ်း မရှိသည့်နောက်တွင် ပြဿနာတစ်ခုတက်လာသည်။ မောင်မျိုး၏ပြဿနာပင် ဖြစ်သည်။ ရွာ၌ မထုံးရီ မရှိသည့်နောက်တွင် မောင်မျိုးသည် အဘိုးနှင့် အတူနေသည်။ မိခင်က လူလွှတ်၍ ခေါ်သော်လည်း မလိုက်ပါချေ။ ဆေးဖိုးဝါးခအဖြစ် ဦးနောင်ရှမ်းကို ကန်တော့ကြသော ဆန်စပါး၊ ငါးခြောက်၊ ငါးခြမ်းတို့ဖြင့် သူ့ဘာသာသူ ချက်ပြုတ်စားသောက်သည်။ ဦးနောင်ရှမ်း ကွယ်လွန်သောအခါတွင်ကား

MMCYBERMEDIA
COMMUNITY FOR ALL

သူမည်သည့်နည်းနှင့်မျှ တစ်ယောက်တည်းနေ၍ မဖြစ်တော့ချေ။ ထိုအချက်တွင်မူ မောင်မျိုးက နားလည်သဘောပေါက်ပေသည်။ သို့သော် သူ၏ မိခင်ထံသွားရန် ငြင်းဆန်သည်။ ဤရွာတွင်ပင် နေမည်ဟု ဆိုသည်။ ဟိုအိမ်သည်အိမ်က သူ့ကို အလုအယက် ခေါ်ကြသည်။ သူက မခေါင်ညွှယ်၏အိမ်ကို ရွေးသည်။

မောင်မျိုးသည် ကာလအတန်ကြာကတည်းက မခေါင်ညွှယ်၏တဲသို့ လည်းကောင်း၊ တောင်ယာသို့ လည်းကောင်း အချိန်ရှိသရွေ့ သွားနေခဲ့သည်။ မခေါင်ညွှယ်ကလည်း မောင်မျိုးကို အထူးပင် ချစ်ခင်လေသည်။ ဤကလေးသည် တစ်နေ့တွင် ထူးချွန်မည်ဟု သူမက မကြာမကြာ ပြောဆိုတတ်သည်။

မခေါင်ညွှယ်အိမ်သို့ မောင်မျိုး အပြီးအပိုင် ပြောင်းရွှေ့သွားပြီးနောက် သုံးရက်အကြာတွင် ကိုသူရနှင့်နန်းခင် လက်ထပ်သည်။

မိန်းမသားသုံးဦးသာ ကျန်ရှိသောအိမ်တွင် အားကိုးအားထားပြုလောက်သော ယောကျ်ားတစ်ဦး တိုးလာသည်။ သို့သော် တစ်လမျှ မပြည့်တတ်မီမှာပင် ယင်းယောကျ်ားသည် အိမ်နေလူဦးရေစာရင်းမှ ပြန်ထွက်သွားသည်။ အမျိုးသမီးတစ်ယောက်ပင် အဆစ်ပါသွားသည်။ နန်းခင်က အိမ်ထောင်ခွဲသွားခြင်း ဖြစ်သည်။

နန်းခင် အပျိုဘဝက ကြမ်းကြမ်းတမ်းတမ်း ရှိခဲ့သလောက် အိမ်ထောင်ကျသည်နှင့် တစ်ပြိုင်နက် ကန့်ကလျ ဖြစ်လာသည်။ အဝတ်အစား ဂရုစိုက်လာသည်။ ဆင်ယင်ထုံးဖွဲ့မှုကို အလေးပေးလာသည်။ ယောကျ်ားအနီးတွင် ကပ်၍ တီတီတာတာ ညုသည်။ အလှအပနှင့် ချစ်တတ်သည့်စိတ်များ လွှန်ကဲလာသည်နှင့်အမျှ မနာလိုဝန်တိုစိတ်များလာသည်။ လူတစ်ဖက်သားကို မသင်္ကာ ရှိလာသည်။ စောင်းမြောင်းပြောဆိုတတ်သည်။

အထူးသဖြင့် လင်ယောကျ်ားနှင့် ပတ်သက်၍ ဆတ်ဆတ်ထိမခံ ဖြစ်သည်။ သူမ၏ယောကျ်ားကို သူများတကာက အကောင်းပြောသည်လည်း မကြိုက်။ အဆိုးပြောသည်လည်း မကြိုက်။ နောက်ဆုံးတွင် စေ့စေ့ကြည့်သည်ကိုမျှ သဘောမကျ။

နန်းခင်သည် ဘာတစ်ခုကိုမှ မည်မည်ရရ မလုပ်တော့။ ကိုသူရနှင့် တခြားသူများ၏ ဆက်ဆံရေးကိုသာ စောင့်ကြပ် ကြည့်ရှုနေသည်။ ဤတွင် နန်းရင်နှင့် ပြဿနာ ဖြစ်ရတော့သည်။ ဒေါ်စောရုံ မနေသာ၍ ပါလာရတော့သည်။ နန်းရင်ကို သူမ၏ ယောကျ်ားနှင့် စကားပြောလျှင် ပြောပြန်ပြီ။ ကြည့်လျှင် ကြည့်ပြန်ပြီ။ ပြုံးလျှင်ပြုံးပြန်ပြီဟု အပြစ်လောက်ပဲ နန်းခင် ပြစ်စုစောင်းမြောင်းလျက် ရှိတော့သည်။ ဤတွင် မနေသာ၍ ဒေါ်စောရုံက ဝင်ပြောသည်။ ထိုအခါ မိန်းမသုံးယောက် ရန်ဖြစ်ကြတော့သည်။ ညီအစ်မနှစ်ယောက်က အကျယ်အကျယ် ဖြစ်နေသည်။ နန်းခင်သည် တဆောင့်ဆောင့် တအောင့်အောင့် ဖြစ်နေသည်။ ဒေါ်စောရုံက တဖွဖွ ပြောနေရသည်။

နောက်ဆုံးတွင် နန်းခင် အိမ်ထောင်ခွဲရန် စီစဉ်သည်။ ကိုသူရသည် အကြောင်းရင်းများကို မသိ။ ညီအစ်မနှစ်ယောက် မသင့်သည်လောက်သာ သိသည်။ အတူတူနေမဖြစ်လျှင် ခွဲခြား၍နေသည်က ကောင်းသည်ဟု ယူဆပြီး ဇနီး၏ အလိုကို လိုက်ပါသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးချွန်းတို့ သားအဖ၏ အကူအညီဖြင့် ချောင်းလေးခွတွင် ခြံတစ်ပိုင်းခတ်သည်။ အိမ်တစ်လုံးဆောက်သည်။ မိုးအမီ လယ်မြေခုတ်ထွင် ရှင်းလင်းသည်။

ဤသို့ဖြင့် အိမ်သားခြောက်ယောက်ဖြင့် သိုက်မြိုက်စည်ကားခဲ့သော အိမ်တွင် ဒေါ်စောရုံနှင့် နန်းရင်တို့ နှစ်ယောက်သာ ကျန်တော့သည်။

ဒေါ်စောရုံသည် ရောဂါဝေဒနာတစ်ခုကို ရင်တွင်း၌ ကျိတ်၍ ခံချင်ခံနေရမည် ဖြစ်သော်လည်း အပြင်ပန်းတွင်မူ တည်ငြိမ်ကြံ့ခိုင်မှု ရှိသည်။ မည်သို့သော ဒုက္ခဆင်းရဲများ အကျပ်အတည်းများနှင့် ရင်ဆိုင်ရစေကာမူ အားမလျှော့ဘဲ ရင်ဆိုင်သွားမည့်သဏ္ဍာန် ရှိသည်။ မည်သူမရှိရှိ သမီးငယ်တစ်ယောက်နှင့် ဘဝကို ရုန်းကန်သွားမည်ဟု ပိုင်းဖြတ်ထားဟန်ရှိသည်။ ယင်းကြောင့်ပင် ယခင်က နန်းခင်နှင့်လွှဲအပ်ထားသော လယ်ယာလုပ်ငန်းများကို ယခုအခါ ကိုယ်တိုင်ကြွပ်ကဲ လုပ်ဆောင်သည်။

ဒေါ်စောရုံသည် အသက်လေးဆယ်ကျော်ရုံမျှသာ ရှိသေးသော်လည်း ကျန်းမာရေးမှာမူ ကောင်းမွန်လှသည် မရှိ။ အမောမခံနိုင်။ ပင်ပင်ပန်းပန်း မလုပ်နိုင်။ နန်းရင်သည် လှချင်ပချင်စိတ် အားကြီးပြီး အိမ်တွင် အငယ်ဆုံးဖြစ်၍ အနွဲ့အဆိုးများနေခဲ့သဖြင့် အဖော်မှ ရပါမည်လားဟု ဒေါ်စောရုံက ထင်ခဲ့သော်လည်း အရေးအကြောင်း ကြုံလာသောအခါတွင် မျှော်လင့်သည်ထက် ပို၍ အားကိုးအားထားရသည်။ နန်းရင်သည် အစ်မဖြစ်သူကို မခံချင်၍လား မသိ။ လုပ်စရာရှိသည်များကို မလေးမဖင့် လုပ်ကိုင်သည်။ မညည်းမညူ ရှိသည်။ အများကပင် အံ့အားသင့်ရသည်။ မိခင်မှာလည်း ဝမ်းလည်းသာရသည်။ သူမတွင် ဤတစ်ယောက်ပဲ ကျန်ရှိတော့သည်။

သို့သော် နန်းရင်သည် လုပ်ငန်းအလေ့အကျင့် မရှိသဖြင့် ခရီးမတွင်လှချေ။ ဒေါ်စောရုံမှာလည်း အားခဲသလောက် မလုပ်နိုင်ဘဲ ရှိသည်။ မခေါင်ညွှယ်နှင့် မောင်မျိုးတို့က လာရောက်ကူညီကြပါသည်။ သို့ရာတွင် သူတို့မှာလည်း ကိုယ့်အလုပ်နှင့်ကိုယ် ဖြစ်သည်။ သို့ဖြင့် ဒေါ်စောရုံသည် သူရင်းငှားတစ်ယောက် ငှားရမည် ဖြစ်သည်။ မသက်ရော်ကို ခေါ်သည်။ ရသည်။ မသက်ရော်သည် သာမန် ယောကျ်ားတစ်ယောက်ထက်ပင် လုပ်နိုင်၊ ကိုင်နိုင်သည်။ လုပ်တတ်ကိုင်တတ် သည်။

ယင်းကဲ့သို့ ဒေါ်စောရုံနှင့် နန်းရင်တို့ဘဝ၏ လှုပ်ရှားမှုကို ကြံ့ကြံ့ခံ ကျော်လွှား၍ လာခဲ့ကြရာ ကောက်ပင်များ စိမ်းစိမ်းစိုသောကာလတွင် ကိုရွှေနီ ပြန်ရောက်လာသည်။ မည်သို့ဆိုစေ အိမ်တွင် အိမ်သူအိမ်သားငါးဦး ဖြစ်လာသည်။ တက်ညီလက်ညီ ဖြစ်လာသည်။ စီစီညံညံရှိလာသည်။ ငိုသံ ရယ်သံများဖြင့် မြိုင်ဆိုင်နေသည်။

ဤသို့ဖြင့် ခြောက်သယောင်းနေသော ဒေါ်စောရုံ၏ဘဝသည် ပြန်လည် လန်းဆန်းစ ပြုလာသည်။ မောင်ရွှေဝါ ပြန်ရောက်လာသောအခါတွင်ကား သူမသည် အပူအပန် အကြောင့်အကြ အတော်ပင် နည်းသွားရတော့သည်။ အကြောင်းဘယ်သို့ မသိရသော သားနှစ်ယောက်သည် အချိန်ကာလ မတိမ်းမယိမ်းတွင် ပြန်လည်ရောက်ရှိလာကြသည်။ သားကြီးသည် အိမ်ထောင်အတည်တကျ၊ ဘဝအတည်တကျဖြင့် သူမနှင့်အတူ နေထိုင်လျက် ရှိသည်။ သို့သော် သားငယ်၏ ရှေ့ရေးသည် မရေမရာ ရှိနေပေသေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဂါသည် မသေပျောက် ပြန်လည် ရောက်ရှိလာသော်လည်း သူ့ဘဝသည် ခလောက်ဆန်လျက် ရှိသည်။ အမြဲတမ်းလိုပင် အားမာန်အပြည့်နှင့် လှုပ်ရှားတက်ကြွလျက်ရှိသော မောင်ရွှေဂါသည် ယခုအခါတွင် အေးအေးဆေးဆေး တည်ငြိမ်လျက်ရှိသည်။ မောင်ရွှေဂါ ယခင်ကထက် စဉ်းစားလာသည်။ နိုင်းချိန်လာသည်။ တစ်ခါတစ်ခါတွင် တွေဝေထိုင်းမှိုင်းသည့် အမူအရာများပင် ရှိသည်။

ယင်းသည်တို့၏ အကြောင်းရင်းမှာ မနင်းမြူပင် ဖြစ်သည်ဟု ဒေါ်စောရုံနားလည်သည်။ ခက်သည်က မောင်ရွှေဂါသည် မနင်းမြူထံ သွားရောက်ရန်၊ တွေ့ဆုံရန်၊ လက်ထပ်ရန်တို့ကို အကျောက်အကန် ငြင်းဆန်လျက် ရှိသည်။ ဒေါ်စောရုံက အမျိုးမျိုး လှည့်ပတ်၍ ပြောသော်လည်း နားမပေါက်ဘဲ ရှိနေသည်။

"မဟုတ်သေးဘူးကော လူကလေး၊ အစေ့အစပ် စဉ်းစားပါဦး။ မနင်းမြူဟာ လူကလေးကို အင်မတန် မေတ္တာရှိတယ်နော"

"ဟုတ်ပါတယ် အစ်မ။ ဒါကြောင့်လည်း ကျွန်တော် သူ့ကို မယူတော့ဘူးလို့ ဆုံးဖြတ်တာပ"

ဒေါ်စောရုံပါးစပ်မှ လေပူများ ရှည်ရှည်ကြာကြာ မှုတ်ထုတ်ပြီးနောက်...

"တောင်လေးလုံးကို တို့များ ရောက်တကည်းက သိတယ်။ မိန်းကလေးဟာ လူကလေးအပေါ်မှာ အင်မတန် သစ္စာရှိတယ်"

"ကျွန်တော်က သူ့အပေါ်မှာ သစ္စာမရှိဘူး။ ဒါတွင် မဟုတ်ဘူး တခြားမိန်းမတစ်ယောက်ကိုလည်း ဒုက္ခရောက်စေခဲ့တယ်"

"ဒီလို ဖြစ်ခဲ့ရတာက လူကလေးအပြစ်ချည်းမှ မဟုတ်ဘဲ။ အဲဒီ မိန်းကလေးက လူကလေးကို မေတ္တာရှိပြီး လူကလေးရဲ့စိတ်ကို ကလိခဲ့တာကိုး။ ဟုတ်တော့ ဟုတ်တာပကွယ်။ လူကလေးဟာ ယောကျ်ားရင့်မကြီးတစ်ယောက် မဟုတ်လား။ မိန်းမတစ်ယောက်က ကလိတာနဲ့ မှားရသတဲ့လား။ အေးလေ လူကလေးကလည်း မခံချင်လို့ ဖြစ်ရတာလို့ ပြောခဲ့ပြီပဲ။ နို့ပေမယ့် ကိုယ့်မှာ သစ္စာစောင့်သိရမယ့် မိန်းကလေး ရှိနေပြီ မဟုတ်လား။ တကယ်ဆိုရင်တော့ မနင်းမြူရဲ့မျက်နှာကို အမြဲ မြင်နေသင့်တာပ"

"အင်းပ ကျွန်တော်က မနင်းမြူကို သစ္စာဖောက်ခဲ့ပြီး မဟုတ်လား။ သူ့ကို ယူလို့ဖြစ်ပါဦးမလား"

"ဒါကတော့ကွယ် ပြီးခဲ့တာကို ဘာတတ်နိုင်တော့မလဲ။ ဟို မိန်းကလေးကိုလည်း လူကလေး အတည်တကျ ယူခဲ့တာပဲ မဟုတ်လား။ လူကလေးဟာ ဆိုးသွမ်းတဲ့ ယောကျ်ားတစ်ယောက် မဖြစ်နိုင်ပါဘူး။ နောက်ပြီး အခု ဟိုမိန်းကလေး မရှိတော့ဘူး မဟုတ်လား။ မနင်းမြူကိုပဲ ယူဖို့ရှိတော့တာပ"

"ကျွန်တော် မနင်းမြူကို ယူချင်ပါတယ် အစ်မ။ ကျွန်တော် သူ့ကို မမေ့ပါဘူး။ နို့ပေမယ့် ကျွန်တော် သူ့ကို ယူဖို့မပြောထားနဲ့၊ ကြည့်မှ မကြည့်ရဲတော့ဘူး။ သူက သစ္စာရှိတယ်။ ကျွန်တော်က သစ္စာ မရှိဘူး။ တန်းမတူတော့ဘူး။ ကျွန်တော် သူ့ကို ရင်မဆိုင်ရဲဘူး။ ကျွန်တော် အခုအပြန်မှာ တောင်လေးလုံးဝင်ဖို့ ကြံစည်ပါတယ်။ ဂဠုန်တောင်ခြေအထိ ရောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို မကြည့်ရဲပါဘူး"

မောင်ရွှေဂါသည် ဤကိစ္စတွင် ခေါင်းမာလှသည်။

"လူကလေးအကြောင်းကို ပြောပြရင် မိန်းကလေးက လူကလေးကို အပြစ်ယူမှာ မဟုတ်ပါဘူး။ စိတ်ဆိုးမှာ မဟုတ်ပါဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက စကား မပြန်ချေ။ သည်အကြောင်းကို သူ့အမေနှင့် ပြောရသည်မှာ နှစ်ခါ၊ သုံးခါရှိပြီ ဖြစ်သည်။ အဖြစ်မှန်ကို ပြောပြလျှင် မနှင်းမြူက ခွင့်လွှတ်မည်မှာ အမှန်ဟု ဒေါ်စောရုံ ပြောခဲ့သည်မှာလည်း နှစ်ကြိမ်၊ သုံးကြိမ်မျှရှိပြီ ဖြစ်သည်။ ဤအခါတွင် သူက မည်သို့မျှ စကား မပြန်ဘဲ ငြိမ်နေခဲ့သည်။ အခြား စကားသို့ ပြောင်းသည်။ အခြားတစ်နေရာသို့ ထသွားသည်။ သို့သော် သူက ယင်းသို့ ပြတ်ပြတ်သားသား မရှိသည်နှင့်အမျှ ဒေါ်စောရုံသည် သည်စကားကိုသာ ထပ်တလဲလဲ ပြောနေသည်။ နောင်တွင်လည်း ပြောပေဦးမည်။ ယင်းကြောင့် မောင်ရွှေဝါသည် ခြောက်သွေ့နေသော နှုတ်ခမ်းစုံကို စိုစွတ်စေရန် နှုတ်ခမ်းများ ပွတ်လိုက်ပြီးနောက် တိတိပြတ်ပြတ် ပြောသည်။

"ကျွန်တော်က မိန်းကလေးတစ်ယောက်ရဲ့ သနားတာကို မခံချင်ဘူး။ အပြစ်လွှတ်တာကို မခံချင်ဘူး။ ကျွန်တော့်အပြစ်နဲ့ ကျွန်တော် ရှိပစေ"

ဒေါ်စောရုံသည် သားဖြစ်သူကို မျက်လုံးအဝိုင်းသားနှင့် ကြည့်၍...

"ဘယ်လို ပြောတာလဲ လူကလေးရဲ့။ လူတွေဟာ တစ်ယောက်ကို တစ်ယောက် သည်းခံကြ ခွင့်လွှတ်ကြရတာပဲ။ မေတ္တာထားတဲ့ သူနဲ့ဆိုရင် ပိုပြီးတော့ သည်းခံကြ ခွင့်လွှတ်ကြရတော့မပ"

မောင်ရွှေဝါသည် အဓိပ္ပါယ်မရှိ ပြုံးလိုက်သည်။ ပြီး...

"သူတစ်ပါးရဲ့ သည်းခံခွင့်လွှတ်တာကို ခံရရင် ကိုယ်က အောက်ကျေးဖြစ်နေပြီ မဟုတ်လား။ ကိုယ့်မှာ အစွန်းအထင်းကြီးနဲ့ဆိုကတည်းက သူများနဲ့ တန်းမတူတော့ဘူး မဟုတ်လား။ ကျွန်တော်က ဘယ်သူနဲ့ပဲဖြစ်ဖြစ် အောက်ကျေးက မနေချင်ဘူး။ ဒါပဲကော အစ်မရယ်။ ကျွန်တော်က ဘယ်နည်းနဲ့မှ မနှင်းမြူကို မယူဘူး။ သူသနားတဲ့အောက်ကို ကျွန်တော် မဝင်နိုင်ဘူး"

"လူကလေးက မာနကြီးသကော"

"အစ်မလည်း သိသားပဲ"

"နို့ပေမယ့်၊ တစ်ဖက် မိန်းကလေး နစ်နာတယ်။ ဒုက္ခရောက်ရတယ်"

"ကျွန်တော်လည်း ဒုက္ခရောက်တာပဲ"

"မနှင်းမြူဟာလည်း ဘာအပြစ်မှ မရှိဘဲနဲ့ လူကလေးအပေါ်မှာ သစ္စာရှိရက်နဲ့ စိတ်ဒုက္ခ ရောက်ရမယ်"

"ကျွန်တော်က သည့်နှစ်ဆ စိတ်ဒုက္ခ အရောက်ခံမယ်"

"မနှစ်က သီတင်းကျွတ်လက မိန်းကလေး ဒီကို လိုက်လာတာ လူကလေးကို မေတ္တာကြီးလွန်းလို့နော်၊ တိုင်းပြည်ကြီး လှုပ်လှုပ်ယမ်းယမ်း ဖြစ်နေတဲ့ အထဲမှာ သူစွန့်ပြီး လာရှာတာ"

"တော်ပါတော့ အစ်မရယ်။ ကျွန်တော့်အပြစ်နဲ့ ကျွန်တော်ခံပါ့မယ်။ တစ်သက်လုံး စိတ်ဆင်းရဲခံပါ့မယ်"

"မိန်းကလေးက ဘယ့်နှယ့်လုပ်မလဲ"

"မတတ်နိုင်ဘူးလေ။ အေး သူတစ်နေ့မှာ ကျွန်တော့်ကို စိတ်ဆိုးမှာပ။ စိတ်ပျက်မှာပ။ မေ့မှာပ"

"တို့များတော့ မထင်ဘူး"

"မတတ်နိုင်ဘူးကော။ မဖြစ်နိုင်တဲ့ကိစ္စဟာ ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်မလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် ဤအရေးကိစ္စနှင့် ပတ်သက်၍ မည်သည့်အခါတွင်မျှ လျှော့ပေးမည့် အခြေအနေမရှိချေ။ ဒေါ်စောရုံသည် မည်သို့မျှ ပြော၍ မရသည့်အဆုံးတွင် ယာယီအားဖြင့် လျှော့ထားလိုက်ရသည်။

မနင်းမြျ၏ သဘောကလည်း ရှိသေးသည်။

အကြောင်းစုံကို သိလျှင် သူမ၏ မေတ္တာနှင့် သစ္စာကို ပြန်လည် နုတ်သိမ်းချင် နုတ်သိမ်းသွားမည် ဖြစ်သည်။ အကယ်၍ မနုတ်မရုပ် ဆိုပါက မေတ္တာနှင့် သစ္စာ ကြီးမားသူကသာလျှင်၊ စွဲမြဲခိုင်မာသူကသာလျှင် အနိုင်ရမည် ဖြစ်ပေသည်။

❀❀❀❀❀

## အပိုင်း -၅၄-

"ဘယ်တုန်းက ရောက်သလဲ မောင်ရွှေဝါ"

အိမ်ထဲသို့ လူရွယ်သုံးဦး ဝင်လာသည်တွင် အမတ်ကြီးဦးကုလားက မေးလိုက်သည်။ လူရွယ်သုံးဦးမှာ ဦးကုလား၏သား ဗိုလ်စော၊ မိုးကောင်းတပ်မှူး ဗိုလ်ရွှေထီးနှင့် မောင်ရွှေဝါတို့ ဖြစ်ကြသည်။

"အခုတင်ပဲ ရောက်ပါတယ် ဦးကြီး"

မောင်ရွှေဝါသည် ဦးကုလားနှင့် မလှမ်းမကမ်းတွင် ထိုင်ချရင်း အဖြေပြုသည်။ ဗိုလ်ရွှေထီးသည် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ကွမ်းအစ်ကို ဆွဲယူလိုက်သည်။

"ရွှေထီးတို့မှား ဘယ်အချိန်က ထပြီးသောက်သလဲ မသိဘူး။ အစောကြီး ရှိသေးတယ် မွေးနေပြီ"

ဦးကုလားက နှာခေါင်းကို ရှုံ့ပွရင်း ပြောလိုက်သည်။ ဗိုလ်ရွှေထီးက ခေါင်းကို ငုံ့ထားသည်။ ကွမ်းကို ယာနေသည်။ သူက ဦးကုလားကို ကြောက်ရွံ့လေးစားလှသည်။

"ဘယ်အချိန်ကမှ ထပြီးသောက်တာ မဟုတ်ဘူး။ ညကတည်းက မအိပ်ဘဲ သောက်နေတာ"

ဗိုလ်စောက ဝင်၍ပြောသည်။ သူနှင့် ဗိုလ်ရွှေထီးသည် ညီအစ်ကို အရင်းတမျှ ဖြစ်သည်။ ဗိုလ်ရွှေထီး အသောက်အစားများသည်ကို သူက သဘောမကျ။ သူတို့လည်း သောက်သည်။ ဒါလောက်တော့ မဟုတ်။ အထူးသဖြင့် ဗိုလ်ရွှေထီးကို သူတို့က အသောက်လျှော့စေချင်သည်။ ဗိုလ်ရွှေထီးသည် မိုးကောင်းနယ်တွင် အတိုက်အခိုက် အကျွမ်းကျင်ဆုံးနှင့် အရဲရင့်ဆုံးသူတစ်ဦး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သောက်တာလည်း သောက်ပကွယ်။ တို့လည်း သောက်တာပဲ။ ယောကျ်ားမှန်ရင် သောက်ကြတာပဲ။ နို့ပေမယ့် အတိုင်းအဆ လွန်လွန်းရင် သတိလစ်တတ်တယ်ကွယ့်။ သတိလစ်တာနဲ့ တစ်ပြိုင်နက် အန္တရာယ်က ပါလာတာပဲ။ နင်တို့ကြားဖူးသားပဲ မဟုတ်လား။ တပင်ရွှေထီးဟာ သေရည်သေရက်ကြောင့် ပျက်စီးတာပဲ မဟုတ်လား။ နင်တို့အစ်ကို ရွှေနီကော အရက်ချိုးကပ်လို့ မတူးသေးဘူးလား"

ဦးကုလားသည် ဗိုလ်ရွှေထီးကို ပြောနေရာမှ မောင်ရွှေဝါကို မေးလိုက်သည်။

"သူ အခု မသောက်တော့ဘူးကော"

သူ့စကားကို ကြားရသူ သုံးဦးစလုံးက မယုံကြည်သည့် အမူအရာ ပြကြသည်။

"ဟုတ်ပါ့မလားကွယ့်"

ဦးကုလားက မေးသည်။

"တစ်နေ့ကပဲ ဗန်းမော်က လူတစ်ယောက်လာလို့ သူ့အကြောင်း ပြောပြသေးတယ်။ ရွှေနီ ဗန်းမော်တစ်ဝိုက်မှာ ရောက်နေတယ်တဲ့။ အသောက်ကော၊ အရှုကော။ အစားကော စုံလို့ပဲတဲ့"

ဗိုလ်စောက ဗိုလ်ရွှေထီးကို တစ်ချက်ကြည့်ရင်း မောင်ရွှေဝါ့ဘက် လှည့်၍ ပြောသည်။

"စောစောပိုင်းက ဟုတ်တယ်။ နောက်ပိုင်းမှာ မဟုတ်ဘူး။ ဖုန်ကန်ဒူဝါနဲ့တွေ့ပြီး အင်္ဂလိပ်ကို သူအများကြီး တိုက်ခဲ့တာပဲ။ မသက်ရော် ကလေးရတဲ့အကြောင်း ကြားတော့မှ သူရွာပြန်လာတယ်။ အဲဒီကတည်းက သူ အရက်မသောက်၊ ကြက်မတိုက်တော့တာဘဲ"

မောင်ရွှေဝါက သူ့အစ်ကိုအကြောင်း မကျဉ်းမကျယ် ပြောပြလိုက်သည်။ စောစောက မယုံမကြည် ရှိနေသော မျက်နှာများပေါ်တွင် ယခုအခါ စိတ်မကောင်းသည့် အမူအရာများ ပေါ်လာသည်။

"အေးလကွယ် ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ ကိုယ်လုပ်တာ ကိုယ်တာဝန်ယူရမှာပ။ မင်းတို့အမေကော နေကောင်းရဲ့လား။ လူနေကောင်းတောင် စိတ်ဘယ်ကောင်းမလဲ။ သားတွေအတွက် ပူရ၊ ယောကျ်ားအတွက် စိတ်ဒုက္ခရောက်ရနဲ့။ မင်းကော မင်းအဖေနဲ့ တွေ့ပြီးပလား။ အခုမင်းအဖေကို တွေ့ရအောင် လာတာလား"

"မဟုတ်ပါဘူး။ ဦးကြီးတို့နဲ့ တွေ့ရအောင် လာတာပါ"

မောင်ရွှေဝါသည် ခပ်ပြတ်ပြတ် ပြောသည်။ သူသည် မိုးကောင်းသို့ စောစောပိုင်း ရက်များကတည်းက လာချင်ခဲ့သော်လည်း သူ့ဖခင်နှင့် မထုံးရီတို့ ရှိနေသဖြင့် မလာဖြစ်ခဲ့ခြင်း ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီကောင် ငါ့ဆီကို မလာရဲဘူး။ ငါ့ကိုမြင်ရင် အဝေးက ရှောင်ပြေးတာပဲ။ ငါတို့အမျိုးထဲမှာတော့ မင်းတို့အဖေဟာ စုန်းပြူးပဲ။ တော်ပါသေးတယ် မင်းတို့ညီအစ်ကိုက အဘိုးကို တူကြလို့"

ဦးကုလားက သူ့ညီဝမ်းကွဲတော်စပ်သူ ဦးနှံ့မွန်ကို အပြစ်တင်လိုက်ပြီး သူ့တူနှစ်ယောက်ကို အမွှမ်းတင်လိုက်သည်။

"ကျွန်တော်တို့ဆီကိုသာ မလာတာ။ ဦးရွှေကြာအိမ်ကိုတော့ ရေထွက်မတတ်ဘဲ"

ဗိုလ်စောက မနှစ်မြို့ဟန်ဖြင့် ဆိုသည်။

"သူတော်ချင်း သီတင်းလွှေလွှေပကွယ်၊ ဆိုစမ်းပါဦး၊ မောင်ရွှေဝါလာတဲ့ ကိစ္စ"

မောင်ရွှေဝါက အဖြေ မပေးသေး။ လက်ဖက်ရည်ပွဲ ရောက်လာသဖြင့် ဆိုင်းနေသည်။ သူငယ်လေး ပြန်သွားမှ...

"တိုင်းရေးပြည်ရေး အခြေအနေ သိရအောင်ပ။ ဦးကြီးတို့ ငြိမ်လှချည်လား။ ဘယ်လိုများ အပေးအယူရှိကြသလဲ"

"ဘယ်လိုများ အပေးအယူရှိကြသလဲ" ဆိုသည့်နေရာတွင် စကားသံသည် အလိုလို မာသွားသည်။ သူ့အမေးကြောင့် ဗိုလ်ရွှေထီး ဆတ်ခနဲ ခေါင်းထောင်လာသည်။ ဦးကုလားက ဗိုလ်ရွှေထီးကို လက်ဝါးကာပြ၏။

"မောင်ရွှေဝါက တို့များကို အထင်အမြင်လွဲနေတယ်နဲ့ တူတယ်။ ဒါမှမဟုတ် အထင်အမြင် သေးနေတယ်နဲ့ တူတယ်။ အင်းပလေ အင်္ဂလိပ်တပ်တွေကို တစ်နှစ်လောက် ပြင်းပြင်းထန်ထန် တိုက်ခဲ့ရတဲ့လူဆိုတော့ သူများတွေ ထိုင်နေတာ ဘယ်သဘောကျမလဲ၊ တို့နယ်ရဲ့အခြေအနေက အပေါ်ယံကြည့်တော့ အေးသယောင်ပဲ။ ဒါပေမဲ့ အတွင်းမှာတော့ ပြာပူအုံးထားတဲ့မီးလို ပူနေတာကွယ့်။ လေတစ်ချက်ပင့်လိုက်ရင် ဝုန်းခနဲ မီးထလောင်မှာပဲကွယ့်။ မောင်ရွှေဝါက ကိုယ့်နယ်ကို ပြန်ရောက်တာ မကြာသေးတော့ အခြေအနေမှန်တွေကို ဘယ်သိဦးမလဲ။ ပြောရသေးတာပလေ။ နို့ပေမယ့် တို့များက မပြောခင် မောင်ရွှေဝါရဲ့အကြောင်းကို တို့များ ဘာမှ မည်မည်ရရ မသိရသေးဘူး။ မိုးကောင်းအရေးတော်ပုံ ပြီးကတည်းက အဆက်အသွယ် ပြတ်သွားကြတာ မဟုတ်လား။ မင်းတို့ညီအစ်ကိုနှစ်ယောက် ရွာမှာ မရှိတော့ဘူးဆိုတဲ့ သတင်းပဲ ကြားရတယ်။ ဖိုးစောနဲ့ ရွှေထီးတို့တော့ မင်းတို့ဘက်ကို နှစ်ခေါက် သုံးခေါက်ရောက်ကြပါတယ်"

"ပြောတယ်။ အိမ်ကို တစ်ခေါက် ဝင်လာတယ်တဲ့"

မောင်ရွှေဝါက လက်ဖက်ရည်ပူပူတစ်ခွက်ကို သောက်ရာမှ သူသိပြီးကြောင်း ပြောသည်။ သို့သော် ဗိုလ်စောက သည်အကြောင်းကိုပင် ဖြည့်စွက်၍ ပြောသည်။

"တို့လည်း မင်းတို့တပ်တွေ ပြန်သွားတဲ့နောက်ပိုင်းမှာ ဟိုတစ်စု ဒီတစ်စု ကျန်နေသေးတဲ့ လူဆိုးတွေကို လိုက်ပြီး ရှင်းနေရတယ်။ တရုတ်ဓားပြအရေးက တော်တော်နဲ့ အငွေ့မသေဘူး။ ဒီအထဲမှာ မင်းတို့ဘက်က ဆူလာပြန်တယ်။ တို့ကတော့ မင်းတို့ညီအစ်ကိုရှိတယ် ဆိုပြီး စိတ်အေးနေတာပ။ နို့ပေမယ့်

MMCYBERMEDIA
COMMUNITY FOR ALL

မင်းတို့ညီအစ်ကိုက ဘယ်ပျောက်နေမှန်း မသိဘူး။ ဗလရဲ့လူတွေ တစ်စခန်း ထလာပြန်တာပေါ့။ ဘယ်လောက်ထိအောင် ကဲလာသလဲဆိုရင် မင်းအမေနဲ့ မင်းညီမတွေတောင် ကံကောင်းလို့"

ပိုလ်စော၏ စကားမဆုံးမီ ဦးကုလားက ဖြတ်၍...

"ဖိုးစောတို့ ပြန်လာတော့မှ တို့များလည်း မင်းတို့အကြောင်းကို သိရတယ်။ ရွှေနီ ပျောက်နေတာတော့ သိတယ်။ နို့ပေမယ့် သူကတော့ မဆန်းဘူး မဟုတ်လား။ မင်းကိုတော့ တောင်လေးလုံးသွားတယ်လို့ သိထားတယ်။ ဖိုးစောတို့ပြန်လာမှ မင်း တောင်လေးလုံးကို မရောက်ဘဲ ပျောက်နေတယ်ဆိုတာ တို့သိရတယ်။ နောက် မင်းအဖေအကြောင်း သိရတယ်။ တို့များလည်း မင်းအမေဆီသွားပြီး အကျိုးအကြောင်း မေးမလို့ပဲ။ အသက်ကြီးလာတော့ စိတ်ထင်တိုင်း မပေါက်ပါဘူးကွယ်။ သုံးလေးလကြာလို့မှ မင်းတို့အကြောင်း ဘာမှမကြားရတော့ သေကုန်ပြီလို့တောင် အောက်မေ့နေကြတယ်။ တစ်နေ့ကျမှ လဖိုင်လ ရောက်လာလို့ မင်း နေပြည်တော်မှာ ဆိုတာ သိရတယ်"

"လဖိုင်လ ဒီကို ရောက်လာတယ် ဟုတ်လား"

မောင်ရွှေဝါ ဝမ်းသာအားရ မေးလိုက်သည်။ သူက ကွဲကွာနေသော သူငယ်ချင်းနှင့် အင်မတန်တွေ့ချင်သည်။ မိုးကောင်းကပြန်မှ တောင်ပေါ်ဘက်သို့ ခြေဦးလှည့်မည်ဟု စိတ်ကူးထားသည်။ လဗျာဂမ်တို့ထံလည်း သူသွားချင်သည်။ ယခုလောက်ဆိုလျှင် လဗျာဂမ်နှင့် မပရီတို့ ညားနေကြပြီလား မပြောတတ်။

"မနှစ် ဆောင်းတွင်းက ရောက်လာတယ်။ အင်္ဂလိပ်တွေ ဗန်းမော်ရောက်လာပြီကြားလို့ သူလည်း တောင်ပေါ်က ဆင်းလာတာပဲ"

"သူ အခု ဘယ်မှာလဲ"

"တောင်ပေါ်မှာပ"

"ဘာလုပ်နေသလဲ"

"သူဘာလုပ်နေတယ်။ တို့ဘာလုပ်နေတယ်ဆိုတာ ပြီးတော့ ပြောတာပ၊ မောင်ရွှေဝါ့အကြောင်း အရင်ပြောပါဦး။ စစ်မဖြစ်ခင်ကတည်းက မောင်ရွှေဝါတို့ အင်္ဂလိပ်နယ်ကို အထောက်အလှမ်း ထွက်ကြတယ်ဆို"

ဤကား လဖိုင်လ သိသမျှ ဖြစ်သည်။ အောက်မြန်မာပြည်မှ သူပြန်မရောက်မီတွင် လဖိုင်လသည် နေပြည်တော်မှ ပြန်သွားရခြင်း ဖြစ်၏။ သို့ဖြင့် လဖိုင်လသည် သူ့အကြောင်းကို ဦးကုလားတို့အား ဤမျှထက် ပိုမပြောထားနိုင်ခဲ့။

သို့ဖြင့် မောင်ရွှေဝါက အောက်မြန်မာပြည်မှ နေပြည်တော်သို့ ပြန်ရောက်သည့်အကြောင်း၊ စစ်ဖြစ်မည့်အခြေအနေ နီးကပ်နေသဖြင့် မင်းကြီး ရွှေလုံဗိုလ်က သူ့ကိုခေါ်ထားသည့်အကြောင်း၊ ရွှေဘိုတွင် ယုန်လိုက်နေခိုက် နေပြည်တော်သို့ အရေးတကြီး ပြန်ရသည့်အကြောင်း၊ တောင်ငူစစ်ကြောင်းတွင် လိုက်ပါရသည့်အကြောင်း၊ ဝမ်းတွင်းတွင် တပ်စွဲရသည့်အကြောင်း၊ မန္တလေးကို အင်္ဂလိပ်တို့ သိမ်း၍ သူနှင့်အဖော်တစ်စု ပြန်လာသည့်အကြောင်း၊ ရွှေဘိုတိုက်ပွဲများ အကြောင်း၊ သူနှင့် ခင်ခင်လေးအကြောင်း၊ ရှမ်းမြန်မာ တိုက်ပွဲအကြောင်း၊ သစ္စာဖောက်များအကြောင်းတို့ကို ပြောပြလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ်ကတော့ ဗိုလ်ရိုင်းပဲ သဘောကျတယ်။ သစ္စာဖောက်တွေဆိုရင် နည်းနည်းမှ အညှာမပေးဘဲ သတ်ပစ်ရမယ်။ ကျုပ်တို့ဆီက သစ္စာဖောက်တွေကိုလည်း ပြုတ်ပြုတ်ပြုန်းအောင် သတ်ပစ်ရမယ်"

တစ်ချိန်လုံး ငြိမ်နေခဲ့သော ဗိုလ်ရွှေထီးသည် ယခုမှ ပထမဆုံးသော စကားကို ပြောလိုက်သည်။ သူ၏ အမူအရာသည် စစ်မြေပြင်မှ စစ်သူကြီးတစ်ဦးကဲ့သို့ ခက်ထန်လှသည်။

"ဗိုလ်ရိုင်းတို့ အခြေအနေနဲ့ တို့များ အခြေအနေက မတူဘူးကွယ့်။ သူက ရန်သူနဲ့ နဖူးတွေ့ ဒူးတွေ့ တိုက်နေရပြီ။ အဲဒီတော့ ပြတ်ပြတ်သားသား တိုက်ရမှာပဲ။ သစ္စာဖောက်တွေကို ရှင်းပစ်ရမှာပဲ။ နို့ပေမယ့် တို့အခြေအနေက တစ်မျိုးကွယ့်။ ရန်သူနဲ့ တွေ့တွေ့ဆိုင်ဆိုင် တိုက်ရသေးတာ မဟုတ်ဘူး။ နှစ်ဖက်စလုံး အကဲစမ်းနေတုန်းပဲ ရှိသေးတယ်။ တို့ဘက်က မပိုင်သေးဘဲနဲ့ စိတ်ရှိတိုင်းလုပ်လို့ မဖြစ်သေးဘူး"

ဗိုလ်ရွှေထီးသည် ဦးကုလား၏စကားကို ကျေနပ်ပုံ မရလှ။ သူက တုံးဆိုတိုက် ကျားဆိုကိုက်ဆိုသည့် လူစားမျိုး ဖြစ်သည်။

"တို့တပ်တွေ ရှိတယ်ဆိုတဲ့ သတင်းတောင် မကြားဘူးလား"

"မကြားဘူး။ စောစောတုန်းကသိရင် ကိုဖိုးစောတို့တပ်ကို လာပေါင်းတာပေ့ါ။ ကျွန်တော်တို့က လက်ဆောင်ယူကနေပြီး နွားချေးကျွန်းကို ဖြတ်တာ။ ကိုဖိုးစောတို့တပ်က ငါးရာဖျားမှာ မဟုတ်လား။ မိုးကောင်းတပ်တွေ ငါးရာဖျားမှာ နေသွားတဲ့အကြောင်း နောက်နှစ်လအကြာမှ သိရတယ်"

"ငါးရာဖျားမှ မဟုတ်ပါဘူး။ တို့တပ်က မီးသွေးတိုက်မှာ။ ငါးရာဖျားက ဝန်းသိုတပ်တွေ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်လာတာပေ့ါ။ အဲဒီအချိန်ကဆိုရင် ဝန်းသိုတပ် တွေ့တွေ့ မိုးကောင်းတပ် တွေ့တွေ့ ကျွန်တော်တို့ ပေါင်းမှာပဲ။ ကျွန်တော်တို့အထဲမှာ ဝန်းသိုက လူသုံးယောက်ပါတယ်။ လက်ဆောင်ယူနဲ့ ပုဏ္ဏားကြားမှာ အမြောက်တပ်တစ်တပ် ရှိတယ်။ မြစ်အကွေ့ချောင်းရိုးထဲမှာ အမြောက်နှစ်လက်ရှိတယ်။ ပစ်လိုက်ရရင်တော့ အမြောက်ဆန်ဟာ ရေပြင်ကို ရုပ်သွားမှာပဲ။ သင်္ဘောဟာ ဘယ်ကိုမှ ပြေးမလွတ်ဘဲ။ နို့ပေမယ့် အမိန့်မရလို့ သူတို့ တစ်ချက်မှ မပစ်လိုက်ရဘူး။ အဲဒီ အမြောက်တပ်ကို မေးကြည့်တော့ သပြေတန်းမှာ အဝေးရောက်တပ်တွေ ရှိတယ်လို့ အပြောသား။ အဝေးရောက်တပ်ဆိုတာ ကျွန်တော်တို့ မိုးကောင်းတပ်တွေကို ပြောမှန်း အဲဒီတုန်းက ကျွန်တော်တို့ ဘယ်သိမလဲ"

"တို့များကိုတောင် အဝေးရောက်ဗိုလ်စောလို့ ခေါ်ကြတာပဲ၊ တို့များလည်း အဝေးရောက်ဆိုသလို အဝေးပြန်ပဲ၊ အစကတော့ မြစ်မြောက်ဘက်က ဗမာတပ်တွေနဲ့ ပေါင်းမလို့ပဲ။ နောက်တော့ အင်္ဂလိပ်တပ်သင်္ဘောတွေ အညာတတ်သွားပြီးဆိုတာ ကြားတာနဲ့ ဝန်းသိုတပ်တွေနဲ့အတူ ပြန်ခဲ့ကြတာပဲ"

ဗိုလ်ဖိုးစောက အဝေးရောက်၊ အဝေးပြန် ဖြစ်ခဲ့ရသည်ကို ယခုပြောရေးပင် အတော်မကျေမနပ် ရှိနေသည်။ အင်္ဂလိပ်နှင့် တိုက်ရမည် ဆို၍ သူတို့က အမြန်ချီတက်သွားကြသည်။ စစ်မြေပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် "မတိုက်ကြနှင့်" ဟူသော အမိန့်ကိုရပြီး ရန်သူများ မိမိတို့ နယ်ဘက်သို့ ဝင်ရောက်သွားသဖြင့် အပြင်း ပြန်ခဲ့ရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဦးကုလားက ရွှေဘိုတိုက်ပွဲများအကြောင်း အသေးစိတ်မေးသည်။ အင်္ဂလိပ်တို့၏ တပ်အင်အား၊ လက်နက်အင်အား သုံးပုံ၊ ဖြန့်ပုံ စစ်ပရိယာယ်နှင့် အုပ်ချုပ်ရေးပရိယာယ်များကို မေးသည်။ မိမိတို့ဘက်မှ လူသူအင်အား၊ လက်နက်အင်အား၊ တိုက်ပုံတိုက်နည်းကို မေးသည်။

"အိမ်း၊ ကျုပ်တို့လူများဘက်က ပြောစရာ မရှိပါဘူး။ ရှိသမျှအားနဲ့ တတ်သမျှ မှတ်သမျှတော့ တိုက်ကြတာပဲ။ နို့ပေမယ့် လက်နက်ချင်းကို ကွာတယ် မဟုတ်လား။ တပ်သားချင်းကလည်း မတူဘူး။ တို့များဘက်က စိတ်ပဲရှိတယ်။ သူတို့ဘက်က စနစ်တကျ လေ့ကျင့်ထားတာ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် နှစ်ဖက်စလုံးက အကြိတ်အနယ် တိုက်ကြတာပဲ။ မောင်ရွှေဝါပြောသလိုဆိုရင် အင်္ဂလိပ်တွေရဲ့ တပ်အင်အားက ဘယ်နည်းမလဲ။ ဒါလောက်များတဲ့ ရန်သူတွေကို ဒါလောက်ခံတိုက်နိုင်တယ်ဆိုတာ ချီးကျူးစရာပဲ။ ဒါကြောင့်မို့လည်း ရွှေဘိုနယ်သားတွေရဲ့ သတင်းဟာ ကြီးပေတာပဲ။ တကယ်ပဲ တိုက်ကြပါတယ်"

"တကယ် တိုက်နေတာကတော့ ရွှေဘိုနယ်တင် မဟုတ်ပါဘူး။ နယ်တိုင်းပါပဲ။ တောင်တွင်းကြီးဘက်မှာ ဆိုရင်လည်း သေနတ်သံမစဲ တိုက်နေကြတာပဲ။ တောင်ငူဘက်မှာလည်း ဒီအတိုင်းပဲ။ မိုးကုတ်ဘက်မှာလည်း တိုက်တာပဲ။ ကျွန်တော် ဒီပြန်ရောက်လာတော့လည်း ဗန်းမော်နယ်က သတင်းတွေကို ကြားရတယ်။ ဗန်းမော်မှာလည်း တိုက်နေတာပဲ။ အထက်ချင်းတွင်းနဲ့ ချင်းတောင်တန်းမှာလည်း တိုက်နေတာပဲ။ အင်္ဂလိပ်တွေကို မတိုက်တာကတော့ ကျွန်တော်တို့နယ်ပဲ။ မိုးကောင်း၊ မိုးညှင်းနဲ့ ဝန်းသိုနယ်ဟာ ရာဇဝင်မှာ ထင်ရှားခဲ့သလောက် ဒီတစ်ပွဲမှာတော့ သူများနောက်မှာ ကျန်ရစ်ခဲ့တာပဲ"

ဤအကြိမ်တွင်တော့ မောင်ရွှေဝါက သူ၏ မကျေနပ်မှုကို အတိအလင်းပင် ပြောလိုက်သည်။ သူ့စကားကြောင့် ဦးကုလားက ပြုံးသည်။

"မောင်ရွှေဝါတို့က လူငယ်စိတ်ပဲ ရှိတာကိုးကွယ့်။ စစ်တိုက်တယ်ဆိုတာ မိုက်ရူးရဲလုပ်လို့ မရဘူး။ စစ်ပရိယာယ်ဆိုတာ ရှိရမယ်။ အခြေအနေနဲ့ အချိန်ကာလကို တွက်ချင့်ရတယ်။ ရွှေဘိုနယ်မှာ၊ မိုးကုတ်နယ်မှာ၊ ဗန်းမော်တစ်ဝိုက်မှာ၊ ချင်းတွင်းတစ်လျှောက်မှာ၊ အောက်ပြည်အောက်ရွာမှာ တိုက်ပွဲတွေ ဖြစ်နေတယ် ဆိုတာ အဲဒီက လူတွေက အင်္ဂလိပ်တွေကို သွားပြီး တိုက်တာမဟုတ်ဘူး။ အင်္ဂလိပ်တပ်တွေ သူတို့နယ်ထဲကို ဝင်လာလို့ လူသူလက်နက်စုရုံးပြီး တွန်းလှန်တိုက်ထုတ်ရတာ။ တို့နယ်မှာ တိုက်ပွဲတွေ မဖြစ်သေးတာ၊ အင်္ဂလိပ်တပ်တွေကို တို့က မတိုက်သေးတာတွေကတော့ အင်္ဂလိပ်တပ်တွေက တို့နယ်ထဲမှာလာပြီး အခြေမစိုက်သေးလို့ပဲ။ တို့အားကို သေသေချာချာကြည့်ရင် တို့က သူများဆီကို သွားတိုက်ဖို့ မပြောနဲ့။ တို့နယ်ထဲကို ဝင်လာတဲ့ရန်သူကို တိုက်နိုင်တဲ့အားတောင် ပြည့်ပြည့်ဝဝ မရှိဘူး"

ဦးကုလားက အငွေ့သေနေပြီ ဖြစ်သော လက်ဖက်ရည်တစ်ပန်းကန်ကို တစ်ကျိုက်တည်း သောက်ချလိုက်ပြီး ဆက်ပြောသည်။

"နို့ပေမယ့် တို့နယ်ထဲကို ရန်သူတွေ ဝင်လာရင်တော့ ဘာပဲဖြစ်ဖြစ် တိုက်ရမှာပဲ။ ရှုံးရှုံးနိုင်နိုင် တိုက်ရမှာပဲ။ သေတာကမှ မြတ်သေးတယ်လို့ ယူဆပြီး တိုက်ရမှာပဲ။ ဒီလိုတိုက်တာတောင်မှ အချိန်ကာလကို ကြည့်ရဦးမယ်။ တို့ကိုယ်တိုင် အင်္ဂလိပ်ကို မတိုက်ရသေးပေမယ့် သူများနယ်တွေမှာ တိုက်နေတာကို မြင်နေရတယ်။ မောင်ရွှေဝါတို့ဆိုရင် ကိုယ်တွေ့ကြုံခဲ့ရပြီ။ တော်ရုံနဲ့ တိုက်လို့ မရဘူး။

MMCYBERMEDIA
COMMUNITY FOR ALL

လက်နက်လူသူ အများကြီး စုစည်းပြီး စစ်ပရိယာယ်ချင်း ယှဉ်ပြိုင်ရမယ်။ တစ်ပွဲထိုးလုပ်လို့ မရဘူး။ ဒါကြောင့်မို့လည်း မနစ် ဆောင်းတွင်းက အင်္ဂလိပ်တပ်တွေ တို့နယ်ထဲ ဝင်လာတုန်းက တို့မတိုက်ခဲ့တာဘဲ။ သူတို့လာတာက တို့နယ်ထဲမှာ အခြေစိုက်ဖို့ မဟုတ်သေးဘူး။ ခဏတစ်ဖြုတ်လာပြီး ကြည့်တာပဲ။ ပြီးတော့ ပြန်သွားတာပဲ။ တို့က တိုက်ချင်ရင်တော့ တိုက်လို့ရတာပ။ နို့ပေမယ့် တို့မတိုက်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီအချိန်က စပါးပေါ်ချိန်ကွယ့်၊ တိုက်ပွဲဖြစ်ရင် စပါးတွေ အကုန်ပျက်ကုန်မယ်။ စပါးမရှိရင် တို့တစ်နယ်လုံး ငတ်မယ်။ တစ်နယ်လုံး ငတ်နေမှတော့ တို့ဟာ ရန်သူကို ဘယ်နည်းနဲ့မှ ကောင်းကောင်းတိုက်နိုင်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ အဲဒီအချိန်က တို့မှာ စုစုစည်းစည်းလည်း မရှိဘူး၊ ဖိုးစောတို့တပ်တွေကလည်း နေပြည်တော်က ပြန်ရောက်စပဲ ရှိသေးတယ်။ ခရီးပန်းနေတယ်။ စိတ်ဓာတ်ပျက်နေကြတယ်။ မိုးကောင်းအရေးတော်ပုံတုန်းက တပ်တွေကိုလည်း မစုစည်းရသေးဘူး။ မောင်ရွှေဝါတို့ မိုးကောင်းကို တိုက်တုန်းက တပ်အင်အား ဘယ်လောက်များသလဲ။ ဒါပေမဲ့ အဲဒီတပ်ကို မောင်ရွှေဝါတို့ နေ့ချင်းညချင်း ရသလား။ မရဘူး။ ဗလတို့ လူစုကို ခံတိုက်ရင်းနဲ့ တစ်နှစ်၊ နှစ်နှစ်လောက်စုမှ ဒီအင်အားကို ရလာတယ် မဟုတ်လား"

"တို့အခု တိုက်ရမှာက ဗလတို့ထက် ဆယ်ဆလောက်သာတဲ့ လူမျိုးခြားတပ်တွေကွယ့်။ တို့ဟာ မိုးကောင်းအရေးတော်ပုံတုန်းက တပ်တွေကို စနစ်တကျ ပြန်ပြီး စုစည်းရမယ်။ လက်နက်ခဲယမ်းမီးကျောက် ဖြည့်တင်းရမယ်။ စစ်ပညာသင်ပေးရမယ်။ တောင်ပေါ်က ကချင်တွေနဲ့ စည်းလုံးယူရမယ်။ သတိမပါဘဲနဲ့ တို့တိုက်လို့ မရဘူး။ နောက်ပြီးတော့ နယ်သူနယ်သားတွေရဲ့ ကျီတွေပြည့်နေဖို့ကလည်း အများကြီး အရေးကြီးတယ်ကွယ့်။ ဒါကြောင့် တို့အလိမ္မာဖက်ပြီး အင်္ဂလိပ်ကို မတိုက်ဘဲနေတာပ။ သူတို့ကလည်း လောလောဆယ် တို့နယ်ထဲမှာ လာပြီး တပ်မချသေးဘူး။ နို့ပေမယ့် တစ်နေ့ကျရင်တော့ လာမှာပဲ။ အဲဒီအခါကျတော့ တို့ကလည်း သူတို့ကို တိုက်ရမှာပဲ။ ဒီကြားထဲမှာ တို့က အားမွေးထားရမယ်။ ဝန်းသိုကလည်း ဒီအတိုင်းပဲကွယ့်"

ဦးကုလားက စကားကို အဆုံးသတ်လိုက်ပြီး မောင်ရွှေဝါ၏အကဲကို ကြည့်နေသည်။ မောင်ရွှေဝါက ထင်မြင်ချက်မပေးဘဲ ဦးကုလား ပြောသည်များကို စဉ်းစား သုံးသပ်လျက်ရှိသည်။ သူသည် ရွှေဘိုမှ ပြန်ရောက်သည်တွင် မိမိတို့ မိုးကောင်းနယ် ငြိမ်သက်လျက်ရှိသည်ကို တွေ့ရသောအခါ များစွာမှ မကျေမနပ်ရှိခဲ့သည်။ ချင်းတွင်းဘက်တွင်လည်း အင်္ဂလိပ်ကို တိုက်နေကြသည်။ ရွှေဂျိုးဖြူမင်းသား၏ အမည်ကို သူကြားရသည်။ ချင်းတွင်းဗိုလ်လယ်၏ စွမ်းရည်ကို ကြားရသည်။ မင်းကင်းအနီးတွင် ချင်းတွင်းအမည်ရှိ သင်္ဘောကို နယ်သူနယ်သားများက စီးနင်းတိုက်ခိုက်ရာတွင် အင်္ဂလိပ်အများအပြား ကျဆုံးကြောင်း သိရသည်။ တာရွန်းချင်း၊ စိယင်ချင်း၊ ဟားခါးချင်းနှင့် အခြားသော ချင်းလူမျိုးတို့သည် နယ်ချဲ့ကို ဆန့်ကျင်လျက်ရှိသည်။ ချင်းအမျိုးသားခေါင်းဆောင် ဆွန်ပက်၏အမည်ကို တန်ဖိုးထား၍ ပြောဆိုနေကြသည်။ ဗန်းမော်ဘက်တွင်လည်း တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။ ဖုံကန်ဒူဝါ၊ လွယ်ဆိုင်းဒူဝါနှင့် မိုးလှိုင်စော်ဘွားစောနော်ခမ်းတို့ ခေါင်းဆောင်သော တိုင်းရင်းသားပေါင်းစုံတပ်သည် ဒုဗိုလ်ချုပ်နော်မံ၏ တပ်မ(၂)ကို သွေးရူးသွေးတန်း ဖြစ်စေခဲ့သည်။ တပ်မ(၂)တွင် ဝေလသေနတ်ကိုင် တပ်ခွဲများ၊ အမှတ်(၂၆)ပန်ချာပီ တပ်မဟာ၊ အမှတ် (၂၅)မဒရပ် တပ်မဟာနှင့် တောင်ပေါ်ပစ် အမြောက်တပ်ခွဲများ ပါရှိသည်။ တပ်အင်အား တစ်ထောင်ကျော်ရှိသည်။ ဤနယ်ချဲ့တပ်များ ရှိသည့်ကြားမှပင် အမျိုးသား လွတ်မြောက်ရေးတပ်များသည် ဗန်းမော်မြို့ကို တိုက်ခိုက်နိုင်ခဲ့ကြသည်။ နယ်ချဲ့ တပ်စခန်းများကို မီးတင်ရှို့နိုင်ခဲ့ကြသည်။ လက်နက်ခဲယမ်းအများ ရရှိခဲ့ကြသည်။ ယင်းသို့ အခြားနယ်များတွင် နယ်ချဲ့တပ်များနှင့် အပြင်းအထန် တိုက်ခိုက်လျက် ရှိကြသော်လည်း မိမိတို့နယ်တွင်ကား ငြိမ်သက်လျက်ရှိသည်။ ငြိမ်သက်၍ နေရသည့် အကြောင်းကိုလည်း သူက

MMCYBERMEDIA
COMMUNITY FOR ALL

ကြားသိခဲ့ရသည်။ ယမန်နှစ်ဆောင်းအလယ်က မိုးကောင်းမြို့သို့ အင်္ဂလိပ်တပ်များ ရောက်ရှိခဲ့သည်။ တိုက်ပွဲကြီးကြီးကျယ်ကျယ် မဖြစ်ပွားခဲ့ချေ။ ဦးကုလားတို့နှင့် အင်္ဂလိပ်တပ်များ စေ့စပ်ခဲ့ကြသည်။ အပေးအယူပြုလုပ်ခဲ့ကြသည်။ အင်္ဂလိပ်တို့က ဦးကုလားကို မိုးကောင်းမြို့အုပ်အဖြစ် ခန့်ခဲ့သည်။ ဗိုလ်စော၊ ဗိုလ်ရွှေထီး၊ ဦးရွှေကြာ၊ ဦးကျေးနှင့် ဦးကျူး တို့ကိုလည်း ရာထူးများ ခန့်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်များ ပြန်သွားသည်။ အမတ်ကြီး ဦးကုလားသည် အင်္ဂလိပ်တို့ထံမှ တစ်လလျှင် လစာငွေတစ်ရာ မှန်မှန် ရရှိနေသည်ဟု ဆိုသည်။

ယင်းကြောင့် မောင်ရွှေဝါသည် ရွာသို့ ရောက်ရောက်ချင်းပင် မိုးကောင်းသို့ သွားလိုစိတ်ရှိခဲ့သည်။ သို့သော် သူနှင့် မတွေ့ချင်သူများနှင့် တွေ့နေမည်စိုး၍ ဆုတ်ဆိုင်းနေခဲ့သည်။ တစ်လမျှ ကြန့်ကြာနေခဲ့သည်။ သို့သော် နယ်မြေ အခြေအနေ ဆူပူလှုပ်ရှားစပြုလာသည်ကို တွေ့ရသောအခါ မိုးကောင်းသို့ သွားလိုစိတ် ပိုမို ပြင်းထန်ခဲ့သည်။ နောက်ဆုံး ဗန်းမော်မြို့ကို နယ်ချဲ့ဆန့်ကျင်ရေးတပ်များက ဝင်ရောက်တိုက်ခိုက်သည့် သတင်းကို ကြားရသောအခါ သူသည် မနေနိုင်တော့ချေ။ ရှိမ်းမကားတိုက်ပွဲကို အမှတ်ရလာသည်။ သို့ဖြင့် မိုးကောင်းသို့ ယခုကဲ့သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ မမျိုသိပ်နိုင်သဖြင့် ရင်ထဲတွင် ရှိသည်တို့ကို ဖွင့်ခဲ့သည်။ ရင်ထဲတွင်ပေါ့သွားသည်။ သို့သော် ဦးကုလား၏ ရှင်းပြချက်များသည် သူ့မှာ စဉ်းစားစရာ ဖြစ်ပြန်တော့သည်။

"မောင်ရွှေဝါသိအောင် ပြောထားရမယ်၊ အခုဆိုရင် အခြေအနေက အတော်ဆိုးလာပြီ။ ရွှေဘို၊ ဗန်းမော်နဲ့ ချင်းတွင်းဘက်မှာ တိုက်ပွဲအရှိန် မလျော့ဘဲ ဖြစ်နေတာဟာ မိုးကောင်း၊ မိုးညှင်းနဲ့ ဝန်းသိုနယ်က အထောက်အကူပေးနေလို့ဆိုတာ ဒင်းတို့ ကောင်းကောင်းသိသွားပြီ၊ ဒီတော့ တို့များတွေကို သူတို့ တိုက်ကြတော့မယ်။ တို့နယ်မှာ သူတို့တပ်တွေချပြီး တခြားနယ်က လူတွေဝင်မလာအောင် တားဆီးလိမ့်မယ်။ တို့များက လက်နက်လူသူစုပြီး သူတို့ကို တိုက်ဖို့ကြံနေတာနဲ့ အခြားတိုက်နေတဲ့ လူတွေကို တို့က အကူအညီပေးနေတာကို သစ္စာဖောက်တွေဟာ တို့နယ်ထဲမှာ အင်္ဂလိပ်တပ်တွေ ချထားဖို့ ကိုယ်တိုင်ကိုယ်ကျ သွားခေါ်နေကြတယ်။ မောင်ရွှေဝါလည်း သိပြီပဲ။ တို့ရဲ့ ကမ္ဘာ့ရန်သူကြီး ရွှေကြာဟာ အခုအင်္ဂလိပ်နဲ့ပေါင်းပြီး တို့ကို နှိမ်နင်းဖို့ ကြိုးစားနေတယ်။ အင်္ဂလိပ်ကလည်း သူ့ကို အသုံးချနေတယ်။ သူ့လူတွေကို လက်နက်တွေ ပေးနေတယ်။ အခု သူ့လူတွေ ခေါင်းထောင်လာကြပြီ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းကလိုပဲ ရွာတွေ လူတွေကို နှိပ်စက်စပြုလာပြီ"

"ကျွန်တော်လည်း ဦးကြီးတို့ကို ဒါတွေ ပြောမလို့ လာတာပဲ။ ကျွန်တော်တို့ဘက်မှာ သူခိုးဓားပြတွေ အတော်ထနေတယ်"

"တို့များ သိတာပ မောင်ရွှေဝါရယ်။ မကြာခင်မှာ အင်္ဂလိပ်တပ်တွေ လာတော့မယ်ဆိုတာ တို့သတင်းရထားပြီ။ ဒါကြောင့် နက်ဖြန် သန်ဘက်ဆိုရင်လည်း ဗိုလ်စောတို့၊ ရွှေထီးတို့ နယ်ဆင်းကြလိမ့်မယ်။ အခုအတိုင်း ဆိုရင်တော့ မင်းတို့ဘက်ကို သူတို့လာဖို့ မလိုတော့ဘူး။ မင်းတို့ညီအစ်ကိုကပဲ ကမကထပြုပြီး လူသူလက်နက် စုဆောင်းကြပေတော့။ ကောင်းတာကတော့ ရွာတွေကို လုံခြုံအောင် လုပ်ထားရုံတင် မကဘူး။ အရေးအကြောင်းရှိလို့ ရွာပျက်လို့ရှိရင် ဗုန်းဗုန်းကျ မဖြစ်ရအောင် တောနက်ထဲမှာ စားနပ်ရိက္ခာနဲ့ လက်နက်တွေ ဝှက်ထားနိုင်ရင် ကောင်းမယ်ကွယ့်။ တောကောင်းကောင်း၊ တောင်ကောင်းကောင်းမှာ စခန်းတွေ ရွေးထားကွယ့်။ အချိန်ကျရင် တောင်ပေါ်တက်ပြီး ကချင်တွေနဲ့ စည်းဝါးရိုက်ထားကွယ့်။ ဖိုးစောတို့လည်း တောင်အနှံ့၊ နယ်အနှံ့ သွားကြမှာပဲ။ ဆမားကြီးနဲ့ ကန်စီးနောင်တို့ကလည်း တို့နဲ့တစ်စိတ်တစ်ဝမ်းတည်းပဲကွယ့်။ လဖိုင်လ

MMCYBERMEDIA
COMMUNITY FOR ALL

တို့ကိုတော့ ပြောစရာမလိုတော့ဘူးကွယ်။ သူတို့က ခံတပ်တွေ ဆောက်ပြီး ကင်းဘွေတောင် အထပ်ထပ်ချထားပြီးနေပြီ”

မောင်ရွှေဝါသည် ဦးကုလားတို့နှင့် ဆွေးနွေးပြီးနောက် သူသည် မိုးကောင်း အရေးတော်ပုံတပ်များကို ပြန်လည် စုစည်းရပေသည်။ နယ်ချဲ့တပ်များနှင့် တစ်ချီတစ်မောင်း တိုက်ရပေဦးတော့မည်။ သူတို့သည် ရှေ့အစီအစဉ်များကို အသေးစိတ် သတ်မှတ်ခဲ့ကြပြီး ဖြစ်သည်။

## အခန်း -၅၅-

ခရီးအပြန်တွင်မှ ဝင်မည်ဟု စိတ်ကူးရှိသည့်အတိုင်း မောင်ရွှေဝါသည် ဆောင်းခါးရွာသို့ ထိုနေ့ညနေစောင်းတွင် ရောက်ရှိသွားသည်။ ထိုမှတဆင့် လဖိုင်လထံ ခရီးဆက်ရန် ဖြစ်သည်။ ဆောင်းခါးရွာမှ သူ့ကို ဝမ်းသာလှိုက်လှဲ ကြိုဆိုကြသည်။ ဟိုအိမ်က ထမင်းစားခေါ်သည်။ ဒီအိမ်က လက်ဖက်ရည်သောက် ခေါ်သည်။ သို့ဖြင့် မောင်ရွှေဝါသည် ဆောင်းခါးရွာတွင် နှစ်ညအိပ်ရသည်။ ကိုညို၏ ဇနီးနှင့် တွေ့ရသည်။ သူမသည် နောက်အိမ်ထောင် မပြုဘဲ ရှိသည်။ ကိုညို၏သားသည် ရွာဦးကျောင်းတွင် စာပေသင်ကြားလျက်ရှိပြီ ဖြစ်သည်။ တစ်နေ့တွင် ဖခင်ထံမှ အမွေရသော ဓားကို ကိုင်လိမ့်မည် ဖြစ်သည်။ ပေါက်ကျိုင်းရည်းစား နန်းကျင်ပူမှာလည်း ယခုထက်တိုင် အိမ်ထောင်မပြုသေးဘဲ ရှိသည်။

ဆောင်းခါးရွာတွင် နှစ်ညအိပ်ပြီးနောက် လဖိုင်လထံ ခရီးဆက်ရန် ဖြစ်သော်လည်း မိုးကောင်းမှ ရောက်ရှိလာသော သတင်းဆိုးတစ်ခုကြောင့် မောင်ရွှေဝါသည် ခရီးစဉ်ကို ဖျက်လိုက်ရသည်။ မိုးကောင်းသို့ တက်သုတ်ရိုက်ရသည်။

မိုးကောင်းမှ ရောက်လာသော သတင်းဆိုးကား အမတ်ကြီးဦးကုလား လုပ်ကြံခံရခြင်းပင် ဖြစ်သည်။ မသမာသူတစ်စုက ညအချိန်တွင် တိတ်တဆိတ် လုပ်ကြံခြင်းပင် ဖြစ်သည်။ ထိုအချိန်က မိုးကောင်းတွင် ဗိုလ်စောနှင့် ဗိုလ်ရွှေထီးတို့ မရှိကြချေ။

မောင်ရွှေဝါ မိုးကောင်းမှ ထွက်ခဲ့ပြီး နောက်တစ်နေ့တွင် ဗိုလ်စောနှင့် ဗိုလ်ရွှေထီးတို့လည်း နယ်သို့ ခရီးထွက်ကြသည်။ သူတို့ အစီအစဉ်ရှိသည့်အတိုင်းပင် ဖြစ်သည်။ ထိုညမှာပင် ဦးကုလား လုပ်ကြံခံရခြင်း ဖြစ်သည်။

မောင်ရွှေဝါသည် ဗိုလ်စော၊ ဗိုလ်ရွှေထီးတို့နှင့် မရှေးမနှောင်းပင် မိုးကောင်းသို့ ရောက်ရှိသွားသည်။ မိုးကောင်းတစ်မြို့လုံး အုန်းအုန်းကျွတ်ကျွတ် ဖြစ်နေသည်။ လူသတ်သမားများကို မသိ၊ မမိလိုက်ဘဲ ရှိသည်။ ဗိုလ်စောတို့သည် မသမာသူများကို ဖမ်းနိုင်ရန် အပူတပြင်း စုံစမ်းရှာဖွေလျက် ရှိသည်။ အခင်းဖြစ်ပွားသည့် အချိန်က မြို့တွင် ဦးရွှေကြာ မရှိချေ။

ဦးကုလား ကွယ်လွန်သည့် သတင်းကို ကြားသဖြင့် နယ်မှ အကြီးအကဲအတော်များများ မိုးကောင်းသို့ ရောက်ရှိလာသည်။ ရွာသူကြီးများ၊ ရွာခေါင်းဆောင်များ၊ အကြီးဝါ၊ ဆလန်ဝါနှင့် ဒူဝါများ

MMCYBERMEDIA
COMMUNITY FOR ALL

ရောက်ရှိလာသည်။ အချို့မှာ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းဖြစ်ပြီး အချို့တွင် လူသူလက်နက် ပါလာသည်။

ပိုလ်စော၊ ပိုလ်ရွှေထီးနှင့် နယ်မြေအကြီးအကဲများ စည်းဝေးကြသည်။ ဆမားဒူဝါနှင့် ကန်စီးဒူဝါတို့လည်း အစည်းအဝေးအမီ ရောက်ရှိလာသည်။ မောင်ရွှေဝါသည် လဖိုင်လနှင့် ဇော့ထုံဝါကို ဤအစည်းအဝေးမှပင် တွေ့ရသည်။ ကိုရွှေနီလည်း ရောက်လာသည်။ သူနှင့်အတူ ကိုသူရ ပါလာသည်။ အခြားမိတ်ဆွေ အများအပြားကိုလည်း တွေ့ရသည်။ မိုးကောင်းအရေးတော်ပုံတုန်းက လူများ ယခုမှ သိုက်သိုက်မြိုက်မြိုက် ဆုံမိခြင်း ဖြစ်သည်။ သို့သော် ဂေါ့ယွန်ဒူဝါကြီး လာရောက်သည်ကို မတွေ့ရချေ။ မောင်ရွှေဝါ စုံစမ်းကြည့်သောအခါ ဒူဝါကြီးမှာ ယမန်နှစ်ကပင် ကွယ်လွန်ကြောင်း။ ယခုအခါ ဒူဝါကြီး၏သားထွေးဖြစ်သူ ဇော်တူးက ဒူဝါအရိုက်အရာကို ဆက်ခံကြောင်း သိရသည်။ ဇော်တူးသည် ပိုလ်စောတို့နှင့် တစ်ကြိမ်တစ်ခါမျှ အဆက်အသွယ် မလုပ်ခဲ့ဟု ဆိုသည်။ ဂေါ့ယွန်ဒူဝါကြီး မလာနိုင်တော့သဖြင့် မောင်ရွှေဝါသည် လဖျဂမ်ကိုလည်း မတွေ့ရတော့ချေ။ မောင်ရွှေဝါသည် လဖျဂမ်ကို အထူး သတိရမိသည်။

အစည်းအဝေးတွင် အခြေအနေအရပ်ရပ်ကို အထပ်ထပ်အဖန်ဖန် သုံးသပ်ကြသည်။ အများကပင် လေးစားခြင်းရှိသော ဆမားကြီး၏ စကားကို အလေးအနက်ထား၍ စဉ်းစားကြသည်။ ဆမားကြီးသည် ဦးကုလားကို အထူးပင် ခင်မင်လေးစားခြင်းရှိသူ ဖြစ်သည်။ ဦးကုလား လုပ်ကြံခံရခြင်းအတွက် အထူးပင် စိတ်ထိခိုက်လျက် ရှိသည်။ သို့သော် သွေးပူ စိတ်ပူမရှိဘဲ ချင့်ချင့်ချိန်ချိန် ပြောဆိုသည်။

"ငါတို့အားလုံး အမတ်ကြီး ဦးကုလားကို လေးစားခင်မင်ကြတယ်။ အခုလို ငါတို့ရဲ့ အမတ်ကြီး ခိုးကြောင်ခိုးဝှက် အသတ်ခံရတဲ့အတွက် ငါတို့အားလုံး စိတ်မကောင်းကြဘူး။ အမတ်ကြီးအတွက် ရန်သူကို လက်စားချေဖို့ အားလုံးပဲ အသင့်ရှိနေကြတယ်။ ဒါပေမယ့် ငါတို့ ခေါင်းအေးအေး ထားရမယ်။ အခု အမတ်ကြီး ကွယ်လွန်ရတာ အင်္ဂလိပ်တပ်တွေက ပစ်ခတ်လို့ မဟုတ်ဘူး။ ရန်သူတွေနဲ့ တွေ့တွေ့ဆိုင်ဆိုင် တိုက်ရင်း ကျရတာ မဟုတ်ဘူး။ ခိုးကြောင်ခိုးဝှက် အသတ်ခံရတာ ဖြစ်တယ်။ ဒါပေမဲ့ ဦးကုလားဟာ အင်္ဂလိပ်ကိုတိုက်ဖို့ အားထုတ်နေတဲ့လူဖြစ်လို့ သူ့ကိုသတ်တဲ့ လူတွေဟာ အင်္ဂလိပ်ရဲ့ လူတွေပဲ ဖြစ်ရမယ်။ သစ္စာဖောက်တွေပဲ ဖြစ်ရမယ်။ ငါတို့ဟာ ဒီသစ္စာဖောက်တွေကို မတွေ့တွေ့အောင် ရှာပြီး သုတ်သင်ပစ်ရမယ်။ နောင်ဆို ငါတို့အထဲက အလုပ်အကြံမခံရအောင် သတိထားရမယ်။ ငါတို့ရဲ့ လူသူလက်နက်ကို အသင့်ပြင်ထားရမယ်။ ဒါပေမဲ့ ငါတို့က အင်္ဂလိပ်တပ်တွေကို သွားတိုက်ဖို့ မဟုတ်သေးဘူး"

ဆမားကြီးသည် ခေါင်းပေါင်းကို လက်ဖြင့်စမ်း၍ ပရိသတ်၏ အကဲကို ကြည့်သည်။ အားလုံးကပင် သူ့စကားကို ငြိမ်သက်၍ နားထောင်နေသည်ကို တွေ့ရသဖြင့် ဆက်၍ ပြောသည်။

"ဒါပေမယ့် အမတ်ကြီး ကွယ်လွန်ခဲ့တဲ့ သတင်းကိုကြားရင် ဗန်းမော်က အင်္ဂလိပ်တပ်တွေလာမှာပဲ၊ သူတို့ဘာလုပ်မလဲဆိုတာ ငါတို့ စောင့်ကြည့်ရမယ်။ သူတို့ဟာ အမတ်ကြီးကို တိတ်တဆိတ်လုပ်ကြံပြီးမှ ကျုပ်တို့နယ်ကို သိမ်းပိုက်အခြေချဖို့ ကြံစည်တယ်ဆိုရင်တော့ ကျုပ်တို့က အသက်ကို ဖက်ရွက်လို သဘောထားပြီး ရန်သူကို တိုက်ထုတ်ရမယ်။ ဦးကုလား မရှိတော့ပေမယ့် ဦးကုလားရဲ့လူတွေ ရှိတယ်ဆိုတာကို ပြရမယ်။ ကျုပ်တို့အားလုံးဟာ ဦးကုလားလိုပဲ ကျူးကျော်ဝင်ရောက်လာတဲ့ လူတွေကို

မလိုလားဘူး ဆိုတာ ပြရမယ်။ ဒါအတွက် ကျုပ်တို့ဟာ ဒီကအပြန်မှာ တပ်တွေဖွဲ့ရမယ်။ ခံတပ်တွေ ဆောက်ရမယ်။ ကျင်းတွေ၊ ဩဘင့်တွေ ထောင်ရမယ်။ လက်ရွေးစင်တပ်တွေကို မိုးကောင်းနားမှာ ချထားရမယ်။ တစ်တပ်နဲ့ တစ်တပ် အဆက်အသွယ် မပြတ်လပ်စေရဘူး။ အသက်အရွယ်ကြီးတဲ့လူတွေနဲ့ ကလေးတွေကို လုံခြုံရာမှာ ထားရမယ်။ စားနပ်ရိက္ခာတွေ သိမ်းဆည်းသိုလှောင်ထားရမယ်။"

ဆမားကြီးက စကားဆက် ဖြတ်ထားလိုက်ပြန်သည်။ သူ့စကား မဆုံးသေးမှန်း သိ၍ မည်သူကမျှ ကြားဖြတ်၍ မပြောချေ။ လဖိုင်လသည် ဆမားကြီး၏ မျက်နှာကို စူးစိုက်၍ ကြည့်နေသည်။ ပါးစပ်မှ ထွက်လာသော စကားနှင့် မျက်နှာတွင် ပြသော အမူအရာကို နှိုင်းယှဉ်၍ ကြည့်နေခြင်း ဖြစ်သည်။ ဆမားကြီးသည် စိတ်ထဲတွင် အမှန်ရှိနေသည်များကို ပြောနေခြင်းဟု သူယုံကြည်သည်။ သူက ဒူဝါများကို မုန်းတီးနေသူဖြစ်သည်။ သို့သော် ဆမားကြီးကိုမူ လေးစားရသည်။ ဆမားကြီးဒူဝါသည် ဗိုလ်စောကို တစ်ချက်ကြည့်ပြီးနောက် သူ့စကားကို ဆက်၍ ပြောသည်။

"ဒါပေမယ့် အင်္ဂလိပ်တွေဟာ ကျုပ်တို့ဒေသကို အပြီးအပိုင် သိမ်းပိုက်ဖို့ မရည်ရွယ်ဘူး။ ခဏတစ်ဖြုတ်သာလာပြီး ပြန်သွားမယ့် အရိပ်အခြည် ရှိရင်တော့ ကျုပ်တို့က တိုက်ဖို့ မလိုသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်က စပါးမှည့်တဲ့အချိန်မို့ပဲ။ ကျုပ်တို့ဟာ မကြာခင်မှာ ကောက်ရိတ်သိမ်းပွဲတွေ လုပ်ရတော့မှာ ဖြစ်တယ်။ အခုအချိန်မှာ တိုက်ပွဲဖြစ်ရင် ကောက်ပင်တွေ အားလုံးဟာ မရိတ်မသိမ်းရဘဲ ကြေပြုန်းသွားမယ်။ ကျုပ်တို့ တစ်နှစ်လုံး အလုပ်လုပ်ခဲ့ရတာ အလကားဖြစ်သွားမယ်။ လာမယ့် တစ်နှစ်လုံး စားစရာမရှိ ဖြစ်သွားမယ်။ ဒါကြောင့်မို့ အင်္ဂလိပ်တပ်တွေ မိုးကောင်းမှာ အခြေစိုက်နေပြီ ဆိုရင်တောင် အခုချက်ချင်းတိုက်ဖို့ မလိုသေးဘူး။ သူတို့ကို အလိမ္မာနဲ့ စကားပြောထားရမယ်။ စပါးတွေ အားလုံးရိတ်သိမ်းသိုဝှက်ပြီးမှ သူတို့ကို အလစ်မှာ ဝင်တိုက်ရမယ်။ ရှောင်တခင် တိုက်ရမယ်။ ကျုပ်တို့က သူတို့ကို ရန်မမူတော့ဘူး ထင်ပြီး၊ သူတို့ အေးအေးဆေးဆေး ဖြစ်နေတဲ့ အချိန်မှာ ကျုပ်တို့က ဝိုင်းပြီး တိုက်ရမယ်။ ဒါမှ ကျုပ်တို့ နိုင်မယ်"

သူ့စကားကို အားလုံးကပင် သဘောတူကြသည်။ အနည်းငယ်သာ ဖြည့်စွက်ပြင်ဆင်ကြသည်။

"အခု အမတ်ကြီးဦးကုလား မရှိတော့ဘူး။ မိုးကောင်းကို အုပ်ချုပ်မယ့်သူ မရှိတော့ဘူး။ အဲဒါ ဘယ့်နယ်လုပ်မလဲ။ ရှေးတုန်းကလို နေပြည်တော်က ခန့်တော့မှာလည်း မဟုတ်တော့ဘူး။ အကြီးအကဲတစ်ယောက်ကို ကျုပ်တို့ဘာသာ ရွေးကောက်တင်မြှောက်ကြမယ်"

မောင်ရွှေဝါက ထပြောသည်။ ဤတွင် ဆမားကြီးက...

"ဒါက အထူးပြောစရာ မလိုပါဘူး မောင်ရွှေဝါ၊ အမတ်ကြီး ဦးကုလား မရှိတော့တဲ့နောက်မှာ သူရဲ့အရိုက်အရာကို ဆက်ခံရမယ့်သူဟာ အမတ်ကြီး မောင်ဖိုးစောပဲပေါ့"

"အမတ်ကြီးကိုဖိုးစောကို မိုးကောင်းဝါအဖြစ် ကျုပ်တို့လည်း သဘောတူပါတယ်။ ဒီလိုသဘောတူတာဟာ ကိုဖိုးစောက အမတ်ကြီးဦးကုလားရဲ့ သားဖြစ်လို့တော့ မဟုတ်ပါဘူး။ ကိုဖိုးစောဟာ အမတ်ကြီးဦးကုလားလိုပဲ တိုက်ရည်ခိုက်ရည်၊ ကြံရည်ဖန်ရည်နဲ့ ပြည့်ဝလို့ပါပဲ။ ကျုပ်တို့ဟာ ဗိုလ်စောကို မိုးကောင်းဝါ အဖြစ်နဲ့တင် မဟုတ်ပါဘူး။ အင်္ဂလိပ်နဲ့ တိုက်ရရင် ကျုပ်တို့အားလုံးရဲ့ အကြီးအကဲအဖြစ်နဲ့လည်း သဘောတူပါတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသို့ ပြောသူကား လဖိုင်လပင် ဖြစ်သည်။

"ကုလားဖြူနဲ့ တိုက်တဲ့အခါ အကြီးအကဲများ အားလုံးညှိနှိုင်းတိုင်ပင်ပြီး လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်သဘောနဲ့ မလုပ်ပါဘူး။ ဒီအထဲမှာ ကျွန်တော်တို့ထက် အသက်အရွယ်ကြီးသူတွေ၊ အတွေ့အကြုံများသူတွေ ရှိပါတယ်"

ဗိုလ်စောက ချက်ချင်းထ၍ ပြောသည်။

"ကျုပ်တို့က ဗိုလ်စောကို မိုးကောင်းဝါအဖြစ် တင်မြှောက်ထားတာကို အင်္ဂလိပ်က ဘာပြောမလဲ၊ သူတို့က ဘာလုပ်ဦးမလဲ မသိဘူး။ အမတ်ကြီးဦးကုလားကိုတော့ သူတို့က မိုးကောင်းမြို့အုပ်အဖြစ် အသိအမှတ်ပြုထားတယ်။ အခု ကိုဖိုးစေးကို သူတို့ အသိအမှတ် ပြုပါ့မလား၊ ဒါမှမဟုတ် သူတို့ကို အခြားသူတစ်ယောက်ကို မိုးကောင်းအုပ်ချုပ်ရေးမှူးအဖြစ် ခန့်နေရင် ဘယ့်နယ်လုပ်မလဲ ကျုပ်ရှင်းရှင်းပဲ ပြောမယ်။ ဦးရွှေကြာကို မိုးကောင်းမြို့အုပ်ဆိုပြီး ခန့်ရင် ဘယ်နယ်လုပ်မလဲ"

ဗိုလ်ရွှေထီးက ထ၍ မေးသည်။

"အင်္ဂလိပ်တွေ အသိအမှတ်ပြုတာ မပြုတာ အရေးမကြီးပါဘူး။ သူတို့ကလည်း ပရိယာယ်ပဲ၊ ကျုပ်တို့ကလည်း ပရိယာယ်ပဲ။ အခြားလူတွေကို မိုးကောင်းဝါခန့်လည်း ခန့်ပစေပေ့၊ ခဏပေ့၊ ကျုပ်တို့က သူတို့ကို တိုက်မှာပဲ၊ အမတ်ကြီးကိုဖိုးစောကို သူတို့က အသိအမှတ်ပြုထားလည်း ကျုပ်တို့ အချိန်ကျရင် ထတိုက်မှာပဲ။ မပြုလည်း ကျုပ်တို့က တိုက်ချိန်တန်ရင် တိုက်မှာပဲ။ အရေးကြီးတာက ကျုပ်တို့က အသိအမှတ်ပြုဖို့ပဲ"

မာမာပြတ်ပြတ် ပြောနေသူမှာ ဤနယ် ဤဒေသတွင် အချမ်းသာ အကြွယ်ဝဆုံးဖြစ်သော ကန်စီးဒူဝါပင် ဖြစ်သည်။ သူက ကျောက်စိမ်းတွင်းအရှင် ဖြစ်သည်။ ရတနာနယ်မြေ အကြီးအကဲ ဖြစ်သည်။ အမတ်ကြီးဦးကုလား၏ စျာပနပြီးသည်နှင့် တစ်ပြိုင်နက် နယ်မြေအကြီးအကဲများ အားလုံးပင် ကိုယ့်ဒေသသို့ ပြန်ကြသည်။ သူတို့သည် အပူတပြင်း စစ်ပြင်ကြတော့မည် ဖြစ်သည်။

"ကျုပ်က ကိုသူရ ပါလာမယ် မထင်ဘူး"

အပြန်ခရီးတွင် မောင်ရွှေဝါက ရုတ်တရက်ပြောလိုက်သည်။

"ကိုရွှေနီ သွားမယ် ကြားကြားချင်း ကျုပ် လိုက်ခဲ့တာပဲ"

ကိုသူရက မြင်းဇက်ကို အနည်းငယ်သတ်ရင်း ပြန်ပြောသည်။ ဤတွင် နောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက်ပါလာသော ကိုရွှေနီသည် အာကာကို ရှေ့မြင်းနှစ်ကောင်ကြားသို့ မောင်းသွင်းလိုက်ပြီး...
"သူ လိုက်လို့သာ လိုက်ခဲ့တယ်၊ သူလိုက်မှာကို သဘောမတူတဲ့သူ ရှိတယ်ကော"

ကိုရွှေနီ၏ စကားကြောင့် ကိုသူရ မျက်နှာပျက်သွားသည်။ မောင်ရွှေဝါ မျက်မှောင်ကြုတ်၍...

"ဘယ်သူက သဘောမတူတာလဲ"
"မင်းနမပေါ့"
"နန်းရင်ကလား"
"ဘာဆိုင်လို့လဲ"
"နန်းခင်ကလား"
"အင်းပ"
"ဘာပြုလို့လဲ"
"လယ်သိမ်းစရာ အလုပ်တွေ ရှိလို့တဲ့"
"အောင်မယ် လူပါးဝလို့ တခြားလူတွေကတော့ အလုပ်မရှိဘူးလား"

မောင်ရွှေဝါက အသံကျယ်ကျယ်ဖြင့် အော်လိုက်သည်။ ကိုရွှေနီက ပြုံးနေသည်။ ကိုသူရ ဘာမှ မပြော၊ ညီအစ်ကိုနှစ်ယောက် ပြောနေသည်ကို အသာနားထောင်နေသည်။ သူတို့ပြောနေသူသည် သူ့ဇနီးဖြစ်သော်လည်း သူတို့နှစ်ယောက်၏ နမလည်း ဖြစ်ချေသည်။ မောင်ရွှေဝါသည် ယခုမှပင် ကိုသူရနှင့် စကားပြောခြင်း ဖြစ်သည်။ ယခင်က စကားမပြောခဲ့။ ကိုသူရကို မုန်း၍တော့ မဟုတ်။ သူ့နမကို သဘောမကျ၍ ဖြစ်သည်။ မိခင်ကြီး ဒုက္ခရောက်နေသည့်အချိန်တွင် အိမ်ထောင်ခွဲသွားသည်ဆိုသော အကြောင်းကို ကြားရသောအခါ မောင်ရွှေဝါသည် ဒေါသကြီးစွာ ဖြစ်ခဲ့သည်။ သွားရောက် ရိုက်နက်မည်ပင်ရှိ၍ ဆွဲထားရသည်။ နန်းခင်မှာလည်း အစ်ကိုကို ကြောက်ရွံ့သဖြင့် လာမတွေ့ရဲဘဲ ရှိသည်။ သို့သော် သူရောက်၍ သုံးရက်အကြာတွင် ကိုသူရက သူ့ကို အိမ်တွင်လာရောက်၍ တွေ့ဆုံသည်။ နမကို စိတ်ဆိုးနေသော မောင်ရွှေဝါသည် နမ၏ ယောကျာ်းကိုလည်း စကားမပြောခဲ့၊ ရှောင်ထွက်သွားသည်။ ထို့နောက်တွင် မောင်ရွှေဝါသည် နမကိုလည်း မျက်နှာချင်း မဆိုင်ခဲ့။ ယောက်ဖကိုလည်း မျက်နှာချင်းမဆိုင်ခဲ့။

သို့သော် ယခုလို ကိစ္စမျိုးတွင် ကိုရွှေနီနှင့်အတူ ကိုသူရပါ လိုက်လာသည်ကို တွေ့ရသောအခါ သူ စိတ်ပြောင်းရသည်။ စိတ်ပြောင်းလဲသဖြင့်လည်း သူက စ၍ စကားပြောခြင်း ဖြစ်သည်။ ဤတွင် သူ့နမ အသုံးမကျသည်ကို ကြားရပြန်သဖြင့် ဒေါသဖြစ်ရပြန်သည်။

"ဒီခွေးယုတ်မကလေး ဒီလောက်အသုံးမကျ ဖြစ်လိမ့်မယ်လို့ ကျုပ်တစ်ခါမှ မထင်ခဲ့ဘူး၊ ဒီမယ် ကိုသူရ ခင်ဗျားတော့ သူနဲ့ရတာ ကံဆိုးတာပဲ"

ကိုသူရသည် မောင်ရွှေဝါကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။ သူက မည်သို့ စကားပြန်ရမှန်း မသိသဖြင့် နှုတ်ဆိတ်နေခြင်း ဖြစ်သည်။

"ကျုပ်တို့ အင်္ဂလိပ်တွေကို တိုက်ရင် ခင်ဗျားလိုက်မလား"

မောင်ရွှေဝါက မေးပြန်သည်။ ဤတစ်ကြိမ်တွင်မူ ကိုသူရ မဆိုင်းမတွပင် ဖြေသည်။

"ရှေ့ဆုံးက မှတ်ပါ"
"ခင်ဗျားမိန်းမက သဘောမတူရင်ကော"

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ်ကို ဒါလောက် အထင်မသေးပါနဲ့"

ကိုသူရ ခပ်ဆတ်ဆတ် ပြန်ဖြေသည်။ သူ့တွင်လည်း သိက္ခာနှင့် မာနနှင့် ဖြစ်သည်။ မောင်ရွှေဝါက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ထို့နောက် နန်းခင်အကြောင်း မပြောတော့ဘဲ တပ်များဖွဲ့ရန်ကိစ္စကိုရွှေနီနှင့် တိုင်ပင်ပြောဆိုနေတော့သည်။ သူတို့သည် ရွာသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် လုပ်ငန်းစကြသည်။ ပထမဦးဆုံး ရွာသူရွာသားများကို အခြေအနေ ရှင်းပြသည်။ လယ်များကို အမြန်ဆုံးရိတ်သိမ်းရန် ညွှန်ကြားသည်။ ညီညီညွတ်ညွတ်နှင့် ဝိုင်းဝန်းလုပ်ဆောင်ကြရန် ဖြစ်သည်။ ထို့နောက် တပ်တိုင်များ အသစ်စိုက်သည်။ တပ်ဖွဲ့သည်။ စစ်အတတ်လေ့ကျင့်သည်။ ကြိုးကြားတောင်တွင် စခန်းသုံးလေးခု တည်ဆောက်သည်။ လက်ရှိကြိုးကြားရွာသူကြီးမှာ ဦးချွန်းဖြစ်သည်။ ဦးနွဲ့မွန် မရှိသည့်နောက်တွင် သူ့ကိုခန့်ထားခြင်း ဖြစ်သည်။ အခြားခန့်ထားရန် လူမရှိ၍ ဖြစ်သည်။ ကိုရွှေနီနှင့် မောင်ရွှေဝါ ပြန်လာသောအခါတွင် ဦးချွန်းသည် လူပိုသက်သက် ဖြစ်နေတော့သည်။ ကိုရွှေနီ၊ မောင်ရွှေဝါတို့သည် ကြိုးကြားတစ်ရွာတည်းကိုသာမက တစ်နယ်လုံးကို ခေါင်းဆောင်နိုင်ကြသူများ ဖြစ်သည်။ ယခုအခါ သူတို့နှင့် ရင်ဘောင်တန်းနိုင်သူတစ်ဦး တိုးလာပြန်ပြီ ဖြစ်သည်။ ကိုသူရသည် စစ်မှုထမ်းရာတွင် သူတို့ထက်ပင် အမြင်ရှိချင်သည်။ သူတို့သည် ကြိုးကြာရွာကို အသားကျအောင် ပြုလုပ်ပြီးနောက် ပတ်ဝန်းကျင်ရွာများကို လိုက်လံစည်းရုံးကြသည်။ ထိုမှတဆင့်တက်၍ တောင်ပေါ်ကချင်များနှင့် အဆက်အသွယ် ပြုကြသည်။ တစ်လအတွင်းမှာပင် လွန်ခဲ့သည့် သုံးနှစ်ခန့်က အင်အားကို ပြန်လည်ရရှိလေသည်။ အချို့လူဟောင်းများ ကျန်ရစ်သည်။ တစ်ဖက်က လူသစ်များ တိုးပွားသည်။

နောက်ဆုံးတွင် ဗန်းမော်မှ အင်္ဂလိပ်တပ်များ ချီတက်လာသည့် သတင်းကို ကြားသိရသည်။ အချို့လယ်များ ရိတ်သိမ်းစပြုနေပြီ ဖြစ်သည်။ အလုပ်မအားဆုံးသော အချိန်ဖြစ်သည်။ အရေးအကြီးဆုံးသော အချိန် ဖြစ်သည်။ သို့ဖြင့် နယ်မြေအကြီးအကဲများသည် ခေါင်းလေးရတော့သည်။ လယ်များက မရိတ်သိမ်း၍ မဖြစ်။ အင်္ဂလိပ်တပ်များကလည်း လာနေကြပြီဖြစ်သည်။ မတတ်သာသည့် အဆုံးတွင် မိမိတို့တွင် ရှိသည့်အင်အားကို ထက်ဝက် ဝက်ရသည်။ အတိုက်အခိုက် ကျွမ်းကျင်သူများကို လက်ရွေးစင်တပ်ဖွဲ့၍ မိုးကောင်းအနီးတွင် ချထားသည်။ ကျန်သူများကို နေ့ရောညပါ လယ်ယာအလုပ်ခွင် ဝင်စေသည်။

အင်္ဂလိပ်တပ်အင်အားသည် သုံးရာခန့် ရှိသည်။ ဗိုလ်မှူးမိန်းဝါရင်း ဆိုသူ ခေါင်းဆောင်သည်။ အင်္ဂလိပ်တပ်နှင့်အတူ ဗန်းမော်မှ ဦးထွန်းကြွယ်ဆိုသူ ပါလာသည်။ ဗိုလ်မှူးမိန်းဝါရင်းက ဦးကုလား အသတ်ခံရသည့်အကြောင်း အနည်းအပါး မေးမြန်းပြီးနောက် ဦးထွန်းကြွယ်ကို မိုးကောင်းမြို့အုပ်အဖြစ် ခန့်ထားသည်။ ထို့နောက် အင်္ဂလိပ်တပ်များ ပြန်သွားသည်။

အင်္ဂလိပ်တပ်များ မရှိသည်နှင့် တစ်ပြိုင်နက် ဦးထွန်းကြွယ်သည် နယ်ချဲ့ဆန့်ကျင်ရေးတပ်များ၏ အင်အားကို တွေ့မြင်ရလေသည်။ သူသည် ရက်ပိုင်းအတွင်းမှာပင် ရာထူးကို စွန့်၍ ဗန်းမော်သို့ ပြန်ပြေးလေတော့သည်။

ဤတစ်ကြိမ် အင်္ဂလိပ်တပ်များ ပြန်လာလျှင် သူတို့အသေအချာ တိုက်ကြရတော့မည်ဟု မောင်ရွှေဝါ တွက်ထားသည်။ လယ်များအားလုံး ရိတ်သိမ်းပြီးသလောက်ရှိ၍ သူတို့က တိုက်မည်ဆိုလျှင်

တိုက်နိုင်သည့် အခြေအနေတွင် ရှိသည်။ သို့သော် အင်္ဂလိပ်တပ်များ နောက်တစ်ခေါက် ရောက်လာခြင်း မရှိချေ။ အမတ်ကြီးဦးဖိုးစောကို မိုးကောင်းမြို့အုပ်အဖြစ် အသိအမှတ်ပြုပါကြောင်း၊ အခြားနယ်မြေအကြီးအကဲများကိုလည်း သူတို့၏ ရှိရင်းစွဲ ရာထူးအတိုင်း အသိအမှတ်ပြုပါကြောင်း၊ နယ်မြေ ငြိမ်းချမ်းသာယာအောင်သာ ဆောင်ရွက်စေလိုကြောင်း သဘောပါသည့် အကြောင်းကြားစာတစ်စောင် ရောက်ရှိလာသည်။

ဤတွင် နယ်မြေ အကြီးအကဲများသည် တစ်ကြိမ် စဉ်းစားကြရပြန်တော့သည်။ အင်္ဂလိပ်တပ်များသည် မိမိတို့နယ်ကို အနှောင့်အယှက်မပြုဘဲ မိမိတို့ဘာသာ လွတ်လွတ်လပ်လပ် အုပ်ချုပ်ခွင့်ပြုထားသည်။ သူတို့ ထင်ထားသကဲ့သို့ ဦးရွှေကြာကို မိုးကောင်းမြို့အုပ် မခန့်ဘဲ ဦးဖိုးစောကိုသာ အသိအမှတ်ပြုလေသည်။

မိမိတို့နယ် မိမိတို့သဘောအတိုင်း အုပ်ချုပ်ခွင့်ရနေလျှင် သည်အတိုင်းပဲ နေကြသေးရန် ဆုံးဖြတ်ကြသည်။ မိမိတို့လက်ထဲတွင် လူသူလက်နက်နှင့် အခွင့်အာဏာများ ရရှိနေကြသဖြင့် မိမိတို့ဒေသ၏ ငြိမ်းချမ်းသာယာရေးကို တတ်နိုင်သမျှ ဆောင်ရွက်ကြရန်၊ လူသူလက်နက် ထပ်မံဖြည့်စွက်ထားရန် သဘောတူကြသည်။

သို့ဖြင့် အမျိုးသား လွတ်မြောက်ရေးတပ်များသည် အင်္ဂလိပ်နှင့် ရင်မဆိုင်ရသေးဘဲ ရှိရပြန်တော့သည်။ အလုပ်ခွင်သို့ ဝင်ရပြန်သည်။ စစ်အတတ်ကို လေ့ကျင့်ကြရပြန်တော့သည်။ ရပ်ရွာငြိမ်းချမ်းအောင် ဆောင်ရွက်ကြရပြန်တော့သည်။ အမတ်ကြီးဦးဖိုးစောနှင့် နယ်မြေအကြီးအကဲများ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သဖြင့် ဆူပူလုပ်ရှားနေသော သူခိုးဓားပြများ၏ ဘေးရန် ကင်းသွားသည်။ တစ်နယ်လုံး ငြိမ်းချမ်းသာယာလျက် ရှိသည်။ ဘုရားပွဲများ၊ အလှူပွဲများ၊ မင်္ဂလာဆောင်များဖြင့် ခြိမ့်ခြိမ့်သဲလျက် ရှိသည်။

အမတ်ကြီးဦးကုလားအား လုပ်ကြံသတ်ဖြတ်ခဲ့သူများကိုလည်း ဖမ်းဆီးရမိသဖြင့် လူပုံအလယ်တွင် ကွက်မျက်သုတ်သင်လိုက်သည်။ သည်ကတည်းက အမျိုးသားသစ္စာဖောက်များ နောက်တွန့်သွားကြသည်။ အင်္ဂလိပ်အလိုတော်ရိ အများအပြားသည် ဗန်းမော်သို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ဦးရွှေကြာသည် တော်တော် စောစောကတည်းကပင် မြို့စာရေးအဖြစ်မှ နုတ်ထွက်၍ ဗန်းမော်မြို့တွင် သွားရောက်နေထိုင်လျက် ရှိသည်။

သို့ဖြင့် အင်္ဂလိပ်များသည် မိုးကောင်း၌ မိမိတို့လူ တစ်စုံတစ်ယောက်မျှ မရှိတော့သည်ကို ထိတ်လန့်စွာ တွေ့ရှိရတော့သည်။ ဦးဖိုးစောတို့၏ လှုပ်ရှားမှု သတင်းများကိုပင် မသိရဘဲ ရှိတော့သည်။ ဦးဖိုးစောတို့သည် မိမိတို့အား တိုက်ခိုက်ရန် စစ်တပ်များ ဖွဲ့လျက်ရှိသည် ဆိုသောသတင်းကိုသာ ကြောက်ခမန်းလိလိ ထပ်တလဲလဲ ကြားနေရသည်။

နောက်ဆုံးတွင် မိုးကောင်းကို လွှတ်ထား၍ မဖြစ်နိုင်တော့ကြောင်း သိရှိသဖြင့် တိုက်ထုတ်ချေမှုန်းရန် ဦးကုလားကွယ်လွန်ပြီး နောက်နှစ် ဆောင်းအလယ်တွင် တပ်များ စေလွှတ်ရတော့သည်။ ဗန်းမော်အရေးပိုင် ဗိုလ်ကြီးအဒမ်ဆင်နှင့် ဗိုလ်ကြီးထရစ်စကော့တို့

MMCYBERMEDIA
COMMUNITY FOR ALL

အုပ်ချုပ်ကွပ်ကဲသော နယ်ချဲ့တပ်များသည် မိုးကောင်းမြို့သို့ (၁၈၈၈)ခု၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင် ရောက်ရှိလာကြသည်။

မိမိတို့အား အပြီးအပိုင် ချေမှုန်းရန် အင်္ဂလိပ်တပ်များ ချီတက်လာသည့်အခါမှပင် ဦးဖိုးစောတို့သည် ပေါ့ပေါ့ဆဆ ရှိခဲ့မိကြသည်။ တစ်နည်းအားဖြင့် အငိုက်တွင် ခံလိုက်ရခြင်း ဖြစ်သည်။ သို့သော် လုံ့လဝီရိယနည်း၍တော့မဟုတ်၊ အတွက်အချက်မှား၍ ဖြစ်သည်။ ဗန်းမော်မှ အင်္ဂလိပ်များ ဆင်ဘိုမြို့တွင် ရောက်ရှိနေပြီဆိုသော သတင်းကိုကြားရသဖြင့် အခြေအနေကို သိရှိနိုင်ရန် အမတ်ကြီးဦးဖိုးစောသည် ဆင်ဘိုသို့ ခတ်လှေဖြင့် ချက်ချင်း လိုက်သွားသည်။ ဗန်းမော်ခရိုင်ဝန် ပိုလ်ကြီးအဒမ်ဆင်နှင့် တွေ့ဆုံ၍ အလာပသလ္လာပ ပြောသည်။ စကားနိုက်သည်။ အင်္ဂလိပ်ခရိုင်ဝန်က မိုးကောင်းအခြေအနေကို မေးသည်။ ဦးဖိုးစောက အေးချမ်းသာယာကြောင်း ပြောသည်။ အမှန်ပင် ဖြစ်သည်။ အင်္ဂလိပ်ခရိုင်ဝန်က နယ်မြေအေးချမ်းသည်ဆိုလျှင် မိမိတို့လာရောက်ရန် မလိုအပ်တော့ကြောင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ကို လှည့်လှည်ရမယ်ဖြစ်ကြောင်းကို ပြောဆိုသည်။ ဆင်ဘိုမြို့၌ ဦးဖိုးစောရှိနေစဉ်မှာ အင်္ဂလိပ်တပ်များသည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်သွားကြသည်။ တပ်အင်အားမှာလည်း အခါတိုင်းထက် များပြားခြင်း မရှိသဖြင့် မည်သို့မျှ စိုးရိမ်စရာမရှိဟု မှတ်ယူလေသည်။ အင်္ဂလိပ်တပ်များသည် ဧရာဝတီမြစ်ရိုးတစ်လျှောက် လှည့်လည်ပြီးနောက် ဗန်းမော်သို့ တပ်ခေါက်ကြလိမ့်မည်ဟု ယူဆပြီး ဦးဖိုးစောသည် မိုးကောင်းသို့ ပြန်ခဲ့သည်။

မြို့သို့ ဦးဖိုးစော ပြန်ရောက်ပြီး သုံးလေးရက်အကြာတွင် အင်္ဂလိပ်တပ်များ မိုးကောင်းသို့ ရုတ်တရက် ရောက်ရှိလာခြင်း ဖြစ်သည်။ အင်္ဂလိပ်တပ်များ ရောက်လာချိန်တွင် ဦးဖိုးစောသည် မြို့မှာပင် မရှိချေ။ ရွာတစ်ရွာသို့ ရောက်ရှိနေသဖြင့် ဗိုလ်ရွှေထီးက လိုက်၍ ခေါ်ရသည်။ အင်္ဂလိပ်အရေးပိုင်သည် ဦးဖိုးစောကို ချက်ချင်း မတွေ့သဖြင့် ဒေါပွလျက်ရှိသည်ဟု ဆိုသည်။

ဦးဖိုးစောသည် အင်္ဂလိပ်အရေးပိုင်နှင့် တွေ့ရန် မတွေ့ရန်ပင် စဉ်းစားသည်။ နောက်မှ ဘာပဲဖြစ်ဖြစ် တွေ့ကြည့်မည်ဟု ပိုင်းဖြတ်ပြီး ညနေဘက်တွင် မြို့တွင်းသို့ ဝင်သည်။ အင်္ဂလိပ်များသည် မြို့အရှေ့မြောက်ထောင့်တွင် သစ်တပ်ပြုလုပ်ရန် စတင် စိုင်းပြင်းလျက်ရှိသည်။ အင်္ဂလိပ်တပ်များတွင် ဦးရွှေကြာပါလာသည်ကို ယခုမှ သိရသည်။ ဆင်ဘိုတုန်းက မတွေ့ခဲ့ရချေ။ အရေးပိုင်သည် ဦးဖိုးစောကို တွေ့သည့်အခါ မသင်္ကာသည့် မေးခွန်းများ ထုတ်သည်။ မောက်မာငြိမ်းခြောက်သည့်စကားများ ပြောသည်။ မိမိတို့လက်အောက်တွင် ကျိုးနွံစွာ အမှုထမ်းရန် သတိပေးသည်။

အခြေအနေမလှတော့သည်ကို သိသဖြင့် အမတ်ကြီးဦးဖိုးစောနှင့် ဗိုလ်ရွှေထီးတို့သည် ထိုညမှာပင် မြို့မှခွာရသည်။ အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်တော့သည်။

အမှန်ကိုပြောရလျှင် လယ်သူလယ်သားများသည် ထိုအချိန်က သွေးအေးလျက်ရှိသည်။ အင်္ဂလိပ်တပ်များ နှစ်ကြိမ်သုံးကြိမ် လာရောက်ခဲ့သော်လည်း တိုက်ပွဲမဖြစ်သဖြင့် လည်းကောင်း၊ တစ်နှစ်ပတ်လုံး ငြိမ်းချမ်းသာယာစွာ နေခဲ့ရသဖြင့် လည်းကောင်း အင်္ဂလိပ်များနှင့် တိုက်ရမည်ဟူသော အသိသည် ငုပ်နေခဲ့သည်။ အနည်းနှင့်အများ ဆိုသလို ပေါ့ဆနေခဲ့ကြသည်။ သွေးအေးလျက် ရှိကြသည်။ ထို့အပြင် ဒီရက်ပိုင်းသည် လယ်လုပ်ငန်းများကို အပြီးသတ် နေရသည့်ကာလ ဖြစ်သည်။ သို့ဖြင့်

အမတ်ကြီးဦးဖိုးစောတို့သည် နယ်သူနယ်သားများကို အပြင်းအထန် တပ်လှန့်ရသည်။ အဝေးတွင်ရှိသော နယ်မြေအကြီးအကဲများသည် နယ်လွှန်လျက် ရှိကြသည်။

ကိုရွှေနီနှင့် မောင်ရွှေဝါသည်ပင်လျှင် ထိုအချိန်က ရွာတွင်မရှိဘဲ ကချင်တောင်များသို့ ရောက်ရှိနေကြသည်။

ဤတွင် ကိုသူရ စီမံခန့်ခွဲနှင့်သည်။

## အခန်း -၅၆-

နောက်ဘက်မှ ခြေသံရှပ်ရှပ် ကြားသဖြင့် ပစ္စတိုသေနတ်ကို အသင့်ကိုင်လျက် နောက်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။ အမတ်ကြီးဦးဖိုးစော ဖြစ်နေသည်။ သို့ဖြင့် မောင်ရွှေဝါသည် သေနတ်ကို ပြန်သိမ်းမည် ပြုသည်။ သို့သော် ဦးဖိုးစောက သေနတ်ကိုဆွဲယူ၍ ကြည့်သည်။

"တယ်လှတဲ့ သေနတ်ကလေးပါလားကွယ့်၊ အရင်က မမြင်ပါဘူး"
"ရွှေဘိုက ရလာတာ"
"အရင်က မင်းမှာ ဗထက်ခြိုက်သေနတ်တစ်လက် ရှိပါတယ်"
"အဲဒီ ဗထက်ခြိုက်သေနတ်အစား ဒါကလေးကို ရတာပါ"

မစ္စတာကာလိုဂရီဒီနှင့် စစ်ကဲမောင်ထွန်းတို့လက်မှ ထွက်ပြေးလွတ်မြောက်ရပုံကို အနည်းငယ် ပြောပြလိုက်ရသည်။ သူ၏ ရိုင်ဖယ်သည် ကိုပြားကြီးနှင့်အတူ ကျန်ရစ်ခဲ့ရသည်။

"ဒါကလေးက ခဲတစ်ပစ်လောက် လှမ်းသွားရင် အသုံးမကျတော့ပါဘူး"
"ဗထက်ခြိုက်တစ်လက် ယူထားပါဦးလား"
"မယူပါဘူး။ တိုက်ပွဲတစ်ပွဲလောက် ဝင်လိုက်ရင် တစ်လက် မဟုတ်ဘူး။ နှစ်လက် သုံးလက်လည်း ရမှာပါ"

မောင်ရွှေဝါက သူ့ကိုယ်သူ စိတ်ချစွာ ပြောလိုက်သည်။

"ဟုတ်တယ် တို့များဟာ လက်နက်ကောင်းတွေကို ရန်သူတွေဆီကပဲ ရယူရမှာပါ။ နို့ပေမယ့် မောင်ရွှေဝါရေ ကိုယ့်ကိုယ်ကိုယ် သိပ်လည်း အထင်မကြီးနဲ့ ရန်သူကို အထင်သေးလို့တစ်ယောက်တော့ အင်္ဂလိပ်လက်ပါသွားပြီ"
"ဘယ်သူလဲ"

မောင်ရွှေဝါက အထိတ်တလန့် မေးလိုက်သည်။

"ဘယ်သူရမလဲ၊ ရွှေထီးပ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် နေရာမှ ထခုန်မိမတတ် ရှိသွားသည်။ သူတို့နှင့် ဗိုလ်ရွှေထီးသည် နေ့လယ်ခင်းကမှ မုံ့နောင်ရွာတွင် လူချင်း ခွဲခဲ့ကြခြင်း ဖြစ်သည်။ ယခု အင်္ဂလိပ်လက်သို့ ပါသွားပြီဆိုခြင်းမှာ မယုံကြည်နိုင်စရာ ဖြစ်သည်။

"ဗိုလ်ရွှေထီး အင်္ဂလိပ်လက်ပါသွားပြီ ဟုတ်လား။ မဟုတ်နိုင်တာဘဲကော။ ကျွန်တော်တို့နဲ့ နေ့လယ်ကမှ လူချင်း ခွဲသွားကြတာပဲ။ ဘယ်သူပြောလို့လဲ"

"ဟုတ်ပါတယ်ကွယ်၊ တကယ်ပါပဲ။ ခုနက မုံ့နောင်က ခြေမြန်ရောက်လာတယ်။ ငါလည်း အဲဒီသတင်းကို ဘယ်သူ့ကိုမှ မပြောသေးဘူး။ မင်းနဲ့အရင် ဆွေးနွေးရအောင် ဆိုပြီး လာခဲ့တာ။ ဒီဘက်ကို မင်းသွားတယ်ဆိုလို့ လိုက်ခဲ့တာ"

မိုးကောင်းအမတ်ကြီးသည် မောင်ရွှေဝါ၏ဘေးတွင် ဝင်၍ ထိုင်လိုက်သည်။ မောင်ရွှေဝါက ဘေးသို့ အနည်းငယ်ကျုံ့၍ နေရာပေးသည်။ သူတို့နှစ်ယောက်သည် ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြသည်။ ဗိုလ်စောသည် မောင်ရွှေဝါထက် နှစ်နှစ် သုံးနှစ်သာ ကြီးသည်။ ကိုရွှေနီနှင့် ရွယ်တူဖြစ်သည်။ သို့သော် ဗိုလ်စောသည် အများတကာက လေးစားသော မိုးကောင်းအမတ်ကြီး ဖြစ်သဖြင့် သူက အလိုက်သိစွာဖြင့် အလေးပေး ဆက်ဆံခြင်း ဖြစ်သည်။ သူကိုယ်တိုင်ကလည်း ဗိုလ်စောကို လေးစားကြည်ညိုသည်။

"ဟုတ်တယ်၊ ကျွန်တော် မအိပ်ချင်သေးတာနဲ့ ဒီဘက်ကို ထွက်လာတာ"

"ဒါပေမယ့် မချမ်းဘူးလားကွယ့်။ တော်ကြာနေ အင်္ဂလိပ်ကို မတိုက်ရဘဲ အအေးမိပြီး သေနေဦးမယ်"

ဗိုလ်စောက ရယ်သွမ်းသွေး၍ ပြောသည်။

"ကျွန်တော့ရင်ထဲက ပူနေရင်ကော"

"ရည်းစားကို လွမ်းနေပလားအေး"

"မဟုတ်ပါဘူး။ ကိုရွှေထီးအကြောင်း ပြောပါဦး"

ဗိုလ်စော၏ မျက်နှာသည် ရုတ်တရက် တည်သွားသည်။ ထို့နောက် တင်းမာလာသည်။ သူသည် အဘယ်မျှပင် အကျဉ်းအကျပ် အခက်အခဲနှင့် ရင်ဆိုင်နေရစေကာမူ ခေါင်းအေးအေးနှင့် ပြောနိုင်သူ ဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း ဗိုလ်ရွှေထီး ရန်သူ့လက်သို့ ပါသွားသည့်သတင်းကို မျက်လုံးပြူး မျက်ဆန်ပြူး မပြောဘဲ ဟိုအကြောင်း သည်အကြောင်းနှင့် ပဏာမ ခံနေသည်။ သို့သော် ဗိုလ်ရွှေထီးအကြောင်းပြောရန် မောင်ရွှေဝါက သတိပေးတောင်းခံလိုက်သည့်အခါ သူ့မျက်နှာ မသိမသာ လှုပ်ရှားသွားသည်။ ဗိုလ်ရွှေထီးသည် ဤနယ်တွင် သူရသတ္တိအရှိဆုံး၊ တိုက်ရည်ခိုက်ရည် အပြည့်ဝဆုံးဟု ကျော်ကြားသော တပ်မှူးတစ်ဦး ဖြစ်သည်။ သို့ပါလျက်ကနှင့် အသေအချာမှ မတိုက်ကြရမီတွင် ရန်သူ့လက်သို့ သူကျရောက်သွားသည်ဆိုသော အချက်သည် တစ်နယ်လုံး တုန်လှုပ်စေနိုင်သည်။ တပ်သားများ စိတ်ချောက်ချားခြင်း ဖြစ်စေနိုင်သည်။ ဗိုလ်စောသည် စိတ်ကိုငြိမ်အောင် အဘယ်မျှပင် ကြိုးစား၍ ထားစေကာမူ မသိမသာ တုန်လှုပ်လျက် ရှိသည်။ ဗိုလ်ရွှေထီးသည် သူ၏ ညာလက်ရုံး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အင်း၊ ရွှေထီးအကြောင်းကတော့ တို့ သင်ခန်းစာ ယူစရာပ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ရန်သူ့ကို အထင်သေးတာက တစ်ကြောင်း၊ အရက်သေစာကို အလွန်အမင်း သောက်တာကတစ်ကြောင်း၊ အဲဒီအကြောင်း နှစ်ကြောင်းကြောင့် ရန်သူလက်ထဲကို ငှက်ပျောတုံး တစ်တုံးလို ရောက်သွားရတယ်။ ဖြစ်ပုံက ဒီလိုကွယ့်၊ မုံ့နောင်ရွာက တို့များထွက်လာတော့ နေလုံးဟာ အနောက်ဘက်ကို အတော်တိမ်းနေပြီ မဟုတ်လား။ တို့လည်း ရွာကသွားလည်း သွားရော။ ရွှေထီးဟာ တရုတ်အရက်ကောင်းကောင်း ရတယ်ဆိုပြီး အားရပါးရ မော့တော့တာပဲ။ ညနေလည်း အတော်စောင်းတော့ ဘသားချော အိပ်ပျော်သွားတာပဲ။ သူတွက်ကိန်းနဲ့ သူနဲ့ကတော့ ဟုတ်နေတာပေါ့။ သူ့အလုပ်က ညမှာမှ ရှိတာ မဟုတ်လား။ အိပ်ရာက နိုးရင် အချိန်အတော်ပဲ။ လူသုံးယောက်ခေါ်ပြီး မိုးကောင်းမြို့ထဲ ကိုယ်ယောင်ဖျောက်ဝင်မယ်လို့ သူက တွက်ထားတာကိုး။ သူ့တွက်ကိန်းက မှန်တော့ မှန်သား။ သူအိပ်ရာက နိုးတော့ မိုးကောင်းမြို့ထဲ ရောက်နေတာပဲ။ သူက အပင်ပန်းခံပြီးတော့တောင် မသွားလိုက်ရဘူး။ အင်္ဂလိပ်တွေက သူ့ကို ငှက်ပျောတုံးတစ်တုံးလို မ,ပြီး ခေါ်သွားကြတာကိုး"

"အင်္ဂလိပ်တပ်တွေက မုံ့နောင်ကို လာပြီး သူ့ဖမ်းသွားတာလား"

မောင်ရွှေဝါက ဦးဖိုးစောပြောသည်ကို သိပ်မရှင်းသဖြင့် မေးလိုက်သည်။

"အင်းပ"

"သူတို့က ခံမတိုက်ဘူးလား"

"ဩော် မောင်ရွှေဝါနယ် ခက်ကရောလား၊ အရက်တွေမူးပြီး အိပ်ပျော်နေတယ် ဆိုမှကော"

"အခြားလူတွေကော"

"အကုန်လုံး မူးနေတာပ။ ဗိုလ်လုပ်တဲ့လူက မူးနေမှတော့ ငယ်သားတွေက ဘယ်နေမလဲ။ ဒါကြောင့် ခေါင်က မိုးလုံဖို့ အရေးကြီးတယ်လို့ ပြောကြတာပ"

"ကင်းတွေချထားတယ် မဟုတ်လား"

"ခက်ကရော။ ရွှေထီးက ကင်းတဲပေါ်မှာ အိပ်ပျော်နေတာ။ ကင်းသမားတွေလည်း သစ်တုံးတွေပဲ။"

"ရွာသားတွေကကော"

"ရွာသားတွေက ဘာတတ်နိုင်မလဲကော။ အင်္ဂလိပ်တွေ ပြန်းခနဲ ဝိုင်းလာတော့ ငြိမ်နေကြတာပေါ့။ ကင်းက အစောကြီးသိပြီး တို့တပ်တွေက ရွာဖျားက တိုက်ရင်တော့ ရွာသားတွေလည်း ဓားဆွဲပြီး ထွက်ကြမှာပ"

မောင်ရွှေဝါက ခေါင်းခါလိုက်သည်။ ထို့နောက် သူက မကျေနပ်သဖြင့် မေးပြန်သည်။

"အင်္ဂလိပ်တပ်တွေ ဘယ်လိုလုပ်ပြီး ရွာကို ရောက်လာတာလဲ"

"တို့များ ရွာမှာ စည်းဝေးတဲ့သတင်းကို သစ္စာဖောက်တစ်ယောက်က အင်္ဂလိပ်ကို သွားပြီး သတင်းပေးတာကိုး။ ငါတို့တောင် ကံသီလို့ လွတ်တာ"

"ကျွန်တော်တို့ ရှိရင်တော့ ဒီလို အလွယ်တကူ အဖမ်းမခံရပါဘူး။ ကိုဖိုးစောရှိနေရင် ကိုရွှေထီးလည်း ဒီလိုသောက်မှာ မဟုတ်ဘူး"

"အင်းလေ၊ အခုတော့ တစ်ပွဲတစ်လမ်းမှ မစမ်းရခင် ဗိုလ်တစ်ယောက် ရန်သူ့လက်ပါသွားပြီ"

ဗိုလ်စောက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဗိုလ်ရွှေထီး မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ နေ့လယ်က စီစဉ်ထားတာတွေ ဘယ်နယ့်လုပ်မလဲ"

မောင်ရွှေဝါက အရေးတကြီး အမူအရာဖြင့် မေးလိုက်သည်။

"အင်းလေ၊ အဲဒါတွေကို မောင်ရွှေဝါနဲ့ တိုင်ပင်ရအောင်ပ"

ထို့နောက် ဗိုလ်စောသည် ရှေ့တည့်တည့်ကို မျက်မှောင်ကြုတ်၍ ကြည့်ကာ လေးလေးနက်နက် စဉ်းစားနေတော့သည်။ မောင်ရွှေဝါက မသိမသာ ခေါင်းကို ခါယမ်းမိသည်။

ယခုအတိုင်းဆိုလျှင် သူတို့အစီအစဉ်များ ပျက်ရတော့မည်ကဲ့သို့ ရှိသည်။ ခဲလေသမျှ သဲရေကျ ဖြစ်ရတော့မည်။ သူတို့သည် တစ်မနက်လုံး၊ တစ်နေ့လယ်လုံး တိုင်ပင်ညှိနှိုင်း၍ အစီအစဉ်များ ချခဲ့ကြသည်။ ဗိုလ်စောနှင့် ဗိုလ်ရွှေထီးသည် မိုးကောင်းမြို့မှ ထွက်ခွာခဲ့ပြီးနောက် မုံ့နောင်ရွာတွင် စခန်းချခဲ့ကြသည်။ ဤရွာမှာပင် နယ်မြေအကြီးအကဲများထံသို့ ညွှန်ကြားချက်များ၊ အကြောင်းကြားချက်များ၊ မေတ္တာရပ်ခံချက်များ ပေးပို့သည်။ အလျင်အမြန် ရောက်ရှိလာကြသော နယ်မြေအကြီးအကဲများနှင့် ဤရွာတွင်ပင် တိုင်ပင်ညှိနှိုင်းကြသည်။

ယနေ့ နံနက်တွင်မူ နယ်မြေအကြီးအကဲနှင့် လက်ရွေးစင် တပ်ဗိုလ်အများအပြား ပါဝင်လျက် တိုက်ပွဲအစီအစဉ်များ ချမှတ်ကြသည်။ အစီအစဉ်များ သေသပ်ကျနစေရန်အတွက် တစ်မနက်လုံး၊ တစ်နေ့ခင်းလုံး ညှိနှိုင်းကြရသည်။ အင်္ဂလိပ်စစ်တပ်တွင် စကားပြန်အဖြစ် ဆောင်ရွက်နေသော ဆဖာအလီနှင့် ဦးရွှေကြာတို့သည် ကျောက်စိမ်းတွင်း နယ်မြေနှင့် ဆမားနယ်မြေကျွမ်းသော လမ်းပြများကို ရှာဖွေငှားရမ်းလျက်ရှိသည်။ ထို့အပြင် စားနပ်ရိက္ခာ အမြောက်အမြားဝယ်ယူ၍ ပခုံးထမ်းများ၊ လားများ၊ လှေများနှင့် စုဆောင်းလျက် ရှိကြသည်။ ယင်းသည်ကို ထောက်၍ အင်္ဂလိပ်တပ်များသည် ကန်စီးနယ်နှင့် ဆမားနယ်သို့ ရေကြောင်း၊ ကုန်းကြောင်းမှ ချီတက်သွားကြမည့်အသွင် ရှိသည်။

ယင်းကြောင့် ဗိုလ်စောတို့ အစီအစဉ် ချမှတ်သည်မှာ ကျောက်စိမ်းနယ်တွင်းနှင့် ဆမားနယ်သို့ ချီတက်သော အင်္ဂလိပ်တပ်များကို မိမိတို့တပ်အချို့က လမ်းခရီးမှ ဆီးကြိုတိုက်ရမည် ဖြစ်သည်။ မိုးကောင်းတွင် အင်္ဂလိပ်တပ်များ အားနည်းနေစဉ်တွင် မိမိတို့တပ်များက မြို့ကို တိုက်ခိုက်သိမ်းပိုက်ရမည် ဖြစ်သည်။

တာဝန်ခွဲဝေရာတွင် လမ်းဖြတ်တိုက်ပွဲကို ဗိုလ်စောက ခေါင်းဆောင်ရမည် ဖြစ်သည်။ မြို့သိမ်းတိုက်ပွဲကို ဗိုလ်ရွှေထီးက ခေါင်းဆောင်ရမည် ဖြစ်သည်။

ဤအစီအစဉ် တာဝန်ခွဲဝေမှုတို့ကို နေ့မွန်းတိမ်းအချိန်တွင် သဘောတူညီမှု ရရှိသည်နှင့် တစ်ပြိုင်နက် ကိုယ့်တာဝန်ကိုယ် စတင်ထမ်းဆောင်ကြသည်။

အမတ်ကြီးဦးဖိုးစောနှင့် ဗိုလ်ရွှေထီးတို့တပ်သည် မိုးကောင်းမြစ်အနီးရှိ တိမ်ရာကထောင်းရွာတွင် စခန်းချ၍ ကမ်းဖြတ်တိုက်ပွဲ ပြင်ဆင်မှုများ ပြုလုပ်ကြသည်။ စစ်ကြောင်းတွင် ရှိသောရွာများမှ လူတို့ကို

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေ့ပြောင်းနှင့်စေသည်။ မြစ်ကြောင်းကင်းများ အဆင်သင့်ချထားသည်။ အချက်ပြ အမှတ်အသားများ ပြုလုပ်သည်။ တပ်အသီးသီး၏ တာဝန်နှင့် စွဲရပ်ရန် နေရာကို သတ်မှတ်ပေးသည်။

ည (၁၀) နာရီလောက်တွင် အစီအစဉ်များ ပြုလုပ်ပြီးစီးသလောက်ရှိသဖြင့် မောင်ရွှေဝါနှင့် အခြားတပ်မှူးများသည် အမတ်ကြီးဦးဖိုးစော၏ တဲစခန်းမှ ပြန်ခဲ့သည်။ ကိုရွှေနီနှင့် ကိုသူရသည် မြစ်တစ်ဖက်ကမ်းတွင် တာဝန်ကျသဖြင့် လုံးထွင်းလှေငယ်တစ်စင်းဖြင့် ကူးဖြတ်သွားကြသည်။ မောင်ရွှေဝါသည် ဗိုလ်စော၏ ဗဟိုတပ်မတွင် တာဝန်ယူရသဖြင့် တိန်ရာကထောင်းရွာမှာပင် နေရသည်။ တပ်များကို ရွာပတ်လည်တွင် ချထားပြီး ရွာမှ အုပ်ချုပ်တာဝန်ရှိသူများနှင့် တပ်စာရေးများ နေသည်။ ဗိုလ်စောက သူ၏ တဲစခန်းမှာပင် အိပ်ရန် ပြောသော်လည်း မောင်ရွှေဝါသည် မိုးကောင်း အရေးတော်ပုံအတွင်းက သိကျွမ်းခင်မင်ခဲ့သော ဒိန်းခန်ဒီး၏အိမ်တွင် အိပ်မည်ဟုဆိုကာ ထွက်ခဲ့သည်။ ဒိန်ခန်ဒီးက သူ့အတွက် အိပ်ရာနေခင်း ကောင်းမွန်စွာ ပြုလုပ်ပေးသည်။ သို့သော် မောင်ရွှေဝါသည် အိပ်၍ မပျော်နိုင်သဖြင့် ရွာ၏မြောက်ဘက်တောင်စွန်းသို့ တစ်ယောက်တည်း ထွက်ခဲ့သည်။ ညသည် ငွေနှင်းများအောက်တွင် မှိုင်းပျပျ ရှိနေသည်။

မောင်ရွှေဝါသည် ယနေ့ ညနေစောင်းတွင် ဤတောင်ပေါ်ရွာကလေးသို့ ရောက်ရှိသည့်အချိန်မှအစပြု၍ တောင်လေးလုံးသို့ အမှတ်ရနေမိသည်။ မနင်းမြူကို မျက်စိထဲတွင် မြင်နေသည်။

တိန်ရာကတောင်း၏ အနေအထားသည် တောင်လေးလုံးရွာ၏ အနေအထားနှင့် အတော်တူသောကြောင့်လည်း ဖြစ်တန်ရာသည်။ ဤနေရာတစ်ဝိုက်ကို ဖြတ်သန်းစီးဆင်းသွားသော မိုးကောင်းမြစ်သည် စပါးအင်းချောင်းကဲ့သို့ ရှိသည်။ ကမ်းအနိမ့်အမြင့်နှင့် ရေကြောင်းသွားပုံ အတော်တူသည်။ သူ့စိတ်ထဲတွင် တောင်လေးလုံးရွာသို့ ရောက်နေသည်ဟု ထင်သည်။ ဤအထဲတွင် ရေခပ်ဆင်းသော ကချင်အမျိုးသမီးတစ်ဦးကို နောက်ဘက်မှ မြင်ရသည်မှာ ဖြတ်ချည်းဆိုလျှင် မနင်းမြူဘဲ ဖြစ်သည်။

ယင်းကြောင့် မောင်ရွှေဝါသည် တိုက်ပွဲနှင့် စပ်လျဉ်း၍ စီစဉ်စရာ ရှိသည်များကို စီစဉ်ပြီးသောအခါ ဗိုလ်စောနှင့် အတူမအိပ်ဘဲ ဒိန်ခန်ဒီးအိမ်သို့ လာခဲ့သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် စဉ်းစားနိုင်ရန် ဖြစ်သည်။ တစ်ယောက်တည်းရှိသည်နှင့် တစ်ပြိုင်နက် မနင်းမြူကိုသာ မြင်နေသည်။ မနင်းမြူ၏ အသံကိုသာ ကြားနေသည်။ ထိုအခါသူ့စိတ်များ ပင်ပန်းဆင်းရဲခြင်း ရှိလာသည်။ တကယ်တော့ သူက မနင်းမြူကို မမေ့နိုင်ဘဲ ရှိသည်။ မနင်းမြူကို သူ နှစ်နှစ်ကာကာ မေတ္တာရှိနေသည်မှာ အမှန်ပင် ဖြစ်သည်။

အမျိုးသမီးကလည်း သူ့အပေါ်တွင် မေတ္တာကြီးမားလှသည်။ သံယောဇဉ် ကြီးမားလှသည်။ ယင်းကြောင့်ပင် ပြီးခဲ့သည် သီတင်းကျွတ်က သူထံသို့ ဘကြီးမုံး ရောက်လာခြင်း ဖြစ်သည်။ မနင်းမြူက အတင်းအကျပ် တိုက်တွန်းသဖြင့် ဘကြီးမုံးသည် သူ့သတင်း စနည်းနာရန် ကြိုးကြာရွာသို့ ရောက်လာခြင်း ဖြစ်သည်။ ဘကြီးမုံး ရောက်လာသည့်အချိန်က မောင်ရွှေဝါသည် ရွာတွင် မရှိ။ ဘကြီးမုံးနှင့် မတွေ့အောင် ရှောင်နေသေးသည်။ သို့သော် ဘကြီးမုံးက သူရှိသည်ဆိုသော နေရာများကို လိုက်ဖန်များသောအခါ အတွေ့ခံရသည်။ ဤအဘိုးကြီးကို ဒုက္ခမပေးလို၍ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤတွင် ဘကြီးမုံးက ဒေါ်စောရုံ ပြောသော စကားကို ထပ်၍ ပြောသည်။ မနင်းမြူက သူ့ကို ဘယ်လောက် မေတ္တာရှိသည်။ မနင်းမြူက သူ့ကို ခွင့်လွှတ်သည်။

နောက်ဆုံးတွင် သူက စကားပြတ်ပြတ် ဆိုခဲ့ရသည်။ သည်တစ်သက်တွင် သူနှင့် မနင်းမြူ၏အခန်းပြီးဆုံးပြီဟု ယတိပြတ်ဆိုခဲ့သည်။ ဘကြီးမုံးသည် တဖျစ်တောက်တောက်နှင့် ပြန်သွားသည်။ ဘကြီးမုံး ပြန်ရောက်သည်ဆိုလျှင် မနင်းမြူ၏နလုံးသည် ဆွေ့ဆွေ့ခုန်နေလေတော့မည်။ မနင်းမြူ၏ မျက်ရည်စက်တို့သည် စပါးအင်းချောင်းသို့ ပေါင်းစပ်ပေတော့မည်။ မောင်ရွှေဝါက စိတ်ကိုတင်းသည် မိမိသည် မနင်းမြူကို သစ္စာဖောက်၍ အခြားမိန်းမ တစ်ယောက်နှင့် ပေါင်းဖက်ခဲ့ပြီ ဖြစ်သည်။ မိမိအပြစ်နှင့်မိမိ ရှိစေတော့။ အမျိုးသမီးတစ်ဦး၏ ခွင့်လွှတ်မှုကိုခံ၍ အောက်ကြေးမှ မနေလိုတော့။

မနင်းမြူကို မေ့ရမည်။ မောင်ရွှေဝါသည် သူ၏ စိတ်အစဉ်မှ မနင်းမြူနှင့် တောင်လေးလုံးကို မောင်းထုတ်သည်။ မရ။ အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်သာ ဖြစ်နေရသည်။ နောက်ဆုံးတွင် အိပ်ရာမှထ၍ ဒီနေရာကို ထွက်ခဲ့သည်။

မိုင်းပျပျညတွင် နစ်မျော၍ နေခဲ့သည်။ ဤစဉ်တွင် ဗိုလ်စောရောက်လာသည်။ ဗိုလ်ရွှေထီးအကြောင်း ကြားရသည်။ အင်္ဂလိပ်နှင့် တိုက်ရမည်ဟူသော အသိသည် ခေါင်းထဲသို့ ဝင်လာသည်။

သူ့မျက်စိထဲတွင် လည်းကောင်း၊ သူ့အာရုံတွင် လည်းကောင်း၊ မနင်းမြူ မရှိတော့။ ဗိုလ်ရွှေထီးနှင့် အမျိုးသားလွတ်မြောက်ရေး တပ်သားများက နေရာယူထားပြီ ဖြစ်သည်။ ရန်သူလက်သို့ ဗိုလ်ရွှေထီး ပါသွားပြီဆိုသော သတင်းကိုကြားလျှင် တပ်သားများ စိတ်အားလျော့ကြမည် ဖြစ်သည်။ စိတ်အားလျော့ကြမည်ကို မိမိတို့က အားပေးနိုင်သည် ထားဦး။ မိုးကောင်းကို တိုက်ရန် အစီအစဉ်ကား ပျက်ယွင်းရမည် ဖြစ်သည်။ ဗိုလ်ရွှေထီးက ဤတာဝန်ကို ယူထားသည် မဟုတ်လား။ အစီအစဉ်များကို သူက ပြုလုပ်သည် မဟုတ်ပါလား။ ယခု သူ မရှိတော့လျှင် မိမိတို့က အစီအစဉ်ထပ်ပြုကြမည်။ ဤသို့ဆိုလျှင် မိုးကောင်းကို စနစ်တကျ အချိန်မီ တိုက်နိုင်ပါဦးမည်လေ။ လမ်းဖြတ်တိုက်ပွဲ အစီအစဉ်ကိုကော ဖျက်ရမည်လော။

"ဒီမယ် ငါ့ညီ"

ဗိုလ်စောက ရုတ်တရက်ခေါ်လိုက်သဖြင့် မောင်ရွှေဝါသည် အတွေးတွင် နစ်မြုပ်နေရာမှ လန့်သွားသည်။ ဗိုလ်စောကို ကြည့်မိသည်။ ဗိုလ်စောကမူ သူ၏ လှုပ်ရှားမှုကို ဂရုမစိုက်လှဘဲ သူစဉ်းစား ဆုံးဖြတ်ထားသည်ကို တည်ငြိမ်သော လေသံဖြင့် ပြောနေသည်။ မောင်ရွှေဝါကို ပြောလိုသည်ထက် သူ၏စိတ်ကူးကို ပြန်၍ နွေးလိုသည့်သဘော ရှိသည်။ သူ့ကိုယ်သူ ပြောနေသကဲ့သို့ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါတို့ဟာ ရန်သူကို တိုက်ရမယ်။ နို့ပေမယ့် အစီအစဉ်ကို ပြောင်းရမယ်။ မိုးကောင်းကို တိုက်လို့တော့ မဖြစ်နိုင်တော့ဘူး။ ငါတို့အစီအစဉ်ကို ရန်သူ သိသွားပြီ။ နို့ပေမယ့် ဒီဘက်ကို တက်လာတဲ့ အင်္ဂလိပ်တပ်တွေကိုတော့ တိုက်ရမယ်"

"ဒီလို တိုက်မယ်ဆိုတာလည်း သူတို့ သိချင်သိနေမှာပဲ"

"သိရင် ကောင်းတာပ။ တို့က သူတို့ကို နဂိုအစီအစဉ်အတိုင်း တက်လာတာကို ဆီးပြီး တိုက်ရမှာပဲ မဟုတ်လား။ ပရိယာယ် ပြောင်းရမယ်။ သူတို့ တက်လာတာကို ကြည့်နေရမယ်။ အနောက်ဘက်ကို ဝင်ချင်သလောက် ဝင်သွားပလေ့စေ။ ကြည့်နေရမယ်။ ဒါမှ သူတို့က ထင်မယ်။ မုံ့နောင်ရွာကို ဝိုင်းလိုက်လို့ တို့ကစဉ့်ကလျား ဖြစ်သွားပြီး သူတို့ကို မတိုက်နိုင်တော့ဘူးလို့ ထင်မယ်။ သူတို့ဟာ ဘာရန်သူမှ မတွေ့တဲ့အခါကျရင် စိတ်အေးလက်အေးနဲ့ ပြန်လာလိမ့်မယ်။ ဒီတော့မှ တို့က အပြန်မှာ လမ်းကကြိုပြီး လျှပ်တစ်ပြက် တိုက်ရမယ်"

မောင်ရွှေဝါက ခေါင်းဆတ်ဆတ် ညိတ်လေသည်။

"အေး တို့များ မရှိတော့ဘူး။ တို့များ ထွက်သွားပြီလို့ သူတို့ယုံအောင် တို့ဆောက်ထားတဲ့ တဲကနားတွေကို ဒီအတိုင်းပစ်ထားပြီး ဒီက ခွာကြရမယ်။ ကန်စီးနယ်ထဲကို တို့ဆုတ်ပြေးတဲ့အနေနဲ့ တပ်အချို့ ဆုတ်သွားရမယ်။ လမ်းမှာ ခြေရာချခဲ့မယ်။ တို့တပ်မကြီးကို မြစ်ရိုးတစ်လျှောက်က ရွာတွေမှာ ကိုယ်ယောင်ဖျောက်ထားရမယ်။ မိုးကောင်းကိုတော့ သူတို့မထင်မှတ်တဲ့အချိန်မှာ အလစ်ဝင်ပြီး တိုက်ရမယ်"

"ကောင်းပါတယ်။ နို့ပေမယ့် ကျွန်တော်လုပ်ချင်တာ တစ်ခုရှိတယ်"

"ဘာများလဲကော"

"မိုးကောင်းကို တိတ်တဆိတ်ဝင်ပြီး ဗိုလ်ရွှေထီးကို လုချင်တယ်။ ရွှေဘိုမှာတုန်းက ကျွန်တော်တို့ ဒါမျိုး တစ်ခါ လုပ်ဖူးတယ်"

ဦးဖိုးစောသည် အတန်ကြာ စဉ်းစားနေပြီးနောက်...

"ကောင်းတယ်၊ ဒီတာဝန်ကို မောင်ရွှေဝါ ယူပေါ့"

"ကျုပ်တို့အလုပ်တွေ အခုပဲ စကြမှနဲ့တူတယ်။ မောင်ရွှေဝါနဲ့အတူ လူဘယ်နှစ်ယောက် ခေါ်သွားမလဲ"

"တစ်ကျိပ်လောက်ဆိုရင် တော်ပါပြီ"

"ကိုသူရကို ခေါ်သွားမလား"

မောင်ရွှေဝါက ခေါင်းညိတ်သည်။

"ရွှေနီကိုတော့ တပ်တစ်တပ်နှင့် ကန်စီးနယ်ထဲ အဆုတ်ခိုင်းရမယ်။ သူက နယ်ကောင်းကောင်း ကျွမ်းတယ် မဟုတ်လား။ အင်္ဂလိပ်နဲ့ တိုက်ရရင်လည်း ကောင်းကောင်း တိုက်နိုင်တယ်။ နို့ပေမယ့် အဲဒီဘက်မှာ တိုက်ပွဲမဖြစ်ရင်တော့ ကောင်းတယ်။ မောင်ရွှေဝါက ဒီ ပြန်ရင် ဒိန်ခန်ဒီးကို ကန်စီးနောင်ဆီ လွှတ်လိုက်။ အင်္ဂလိပ်တပ်တွေလာရင် အလိမ္မာနဲ့ ဆက်ဆံပါလို့ နောက်ပြီးတော့၊ နေပါစေတော့လေ။ ကျန်တာတွေ ကျုပ်ပဲ လုပ်မယ်။ မောင်ရွှေဝါ မိုးကောင်းသွားမယ်ဆိုရင် သွားတော့။ သတိဝီရိယတော့ ရှိစေ၊ လူတစ်ယောက်လွှတ်ဖို့ လူနှစ်ယောက်တော့ မသေစေနဲ့။ ဒိန်ခန်ဒီးကို အခုချက်ချင်း သွားပါစေ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါသည် အချိန် မဖြုန်းပါချေ။ ဒိန်ခန်ဒီးကို ကန်စီးဒူဝါထံ လွှတ်သည်။ မြစ်တဖက်သို့ ဦးဖိုးစောနှင့် အတူကူးသည်။ ဦးဖိုးစောနှင့် ကိုရွှေနီတို့ တိုင်ပင်ဆွေးနွေးစဉ်တွင် သူက ကိုသူရကို အကျိုးကြောင်း အကျဉ်းမျှ ပြောပြပြီးနောက် သူ့စိတ်ကြိုက် လူရှစ်ယောက်ရွေးသည်။ နောက်တစ်နာရီခန့်အကြာတွင် မောင်ရွှေဝါ ကိုသူရနှင့် လက်ရွေးစင်တပ်သား ရှစ်ဦးသည် လှုံးထွင်းလှေတစ်စင်းဖြင့် မြစ်ကို စုန်ဆင်းခဲ့ကြသည်။ မြစ်ရိုးတစ်လျှောက်တွင်ရှိသော ကင်းစခန်းများသို့ ဝင်၍ ညွှန်ကြားချက်ပေးသည်။

နှင်းများ သိပ်သည်းသဖြင့် လရောင်မှာ ဖြူနေသည်။ မြစ်ပြင်တွင် လေတဟူးဟူး တိုးသဖြင့် စောင်များ ခြုံထားသည့်ကြားမှပင် တခိုက်ခိုက် တုန်နေကြရသည်။ ဤအရပ် ဤဒေသတွင် ရာသီဥတု အသားမကျသေးသော ကိုသူရသည် အေးလွန်းချမ်းလွန်းသဖြင့် ခြေလက်များ ထုံနေသည်။ မကွေးနိုင်၊ မဆန့်နိုင် ရှိနေသည်။ သူ၏အသားများသည် မဲနယ်တုံးကဲ့သို့ ပြာနေသည်။ ယင်းကြောင့်ပင် သူတို့ဒေသမှ သူများသည် မဲဇကို ကြောက်ကြခြင်း ဖြစ်သည်။

"မဲဇနဲ့ ဒီနဲ့ ဘယ်က အေးသလဲ"

သူက ဘေးမှ လူကို လေသံဖြင့် မေးလိုက်သည်။

"အတူတူပဲကော"
"ဒီလောက်တောင် အေးနေရင်တော့ ငှက်သင့်တော့မှာပဲ"
"ရော့ ရော့ ဒါလေး လုပ်လိုက်"

ထိုသူက ဝါးကျည်တောက်တစ်ခု သူ့ကို ထိုးပေးသည်။ ဟုတ်မည်။ ဒါပဲ လုပ်ရသည်။ သူက ဒီလိုနှင့်ပဲ အတော်သောက်မိနေသည်။ ချမ်းရင် သောက်လိုက်၊ အေးရင် သောက်လိုက်နှင့်။ ချမ်းသည် အေးသည်ကလည်း အချိန်ပြည့်။ နန်းခင်ကတော့ သူအရက်သောက်သည်ကို မကြိုက်။ သူစစ်ထွက်သည်ကို သဘောမတူ။ နန်းခင်က သူ့ကို ချုပ်ချယ်လွန်းသည်။ ယောက်ဖတွေနှင့် မပေါင်းနှင့်ဟု ပြောသည်။ ခယ်မနှင့် မခေါ်နှင့်ဟု ဆိုသည်။ သူက ပြုံးမိသည်။ သူက မည်သူ၏ အချုပ်အချယ်ကိုမျှ ခံလိုသူ မဟုတ်။

"ဖြည်းဖြည်းဆင်းကြ"

မောင်ရွှေဝါ၏အသံကြားသဖြင့် သူက ကြည့်လိုက်သည်။ ကင်းစခန်းတစ်ခုတွင် ဆိုက်မိပြန်ပြီ ဖြစ်သည်။ ကမ်းပေါ်တွင် တဲနှစ်လုံး သုံးလုံး ရှိသည်။ တံငါတဲများ ဖြစ်သည်။ လသည် အနောက်ဘက်တွင် ပျောက်ကွယ်သွားပြီ ဖြစ်သည်။ အရှေ့ဘက်တွင် ရောင်နီစို့လာသည်။ မြစ်ရေပြင်တွင် ကြက်ဥနှစ်ရောင်၊ နွားနို့ရောင် နှင့် ချိပ်သွေးရောင် ရောဝင်လာသည်။

"ကိုသူရ တက်လေ။ ဒါနောက်ဆုံးစခန်းပဲ၊ မြို့နားရောက်နေပြီ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ယင်းသို့ပြောမှ သူ ကမ်းပေါ်သို့ တက်သည်။ ယခင်စခန်းများတွင်ဆိုလျှင် မောင်ရွှေဝါတစ်ယောက်သာလျှင် ကမ်းပေါ်သို့တက်၍ ကင်းသမားများနှင့် တွေ့သည်။

မောင်ရွှေဝါတို့သည် တံငါတဲတွင် လက်ဖက်ရည် ပူပူနွေးနွေး ကောက်ညှင်းပေါင်းစားပြီးနောက် မြို့တွင်းသို့ အစုသုံးစု ခွဲကာ ဝင်ခဲ့ကြသည်။ မောင်ရွှေဝါနှင့် ကိုသူရသည် လယ်တော်ကုန်းရှိ အသိအိမ်တစ်အိမ်တွင် စခန်းချကြသည်။ ဗိုလ်ရွှေထီးအကြောင်း စနည်းနာကြသည်။ ဗိုလ်ရွှေထီးကို စစ်တပ်အတွင်း၌ ထားကြောင်း သိရသည်။ စစ်တပ်အနီးတွင် ဝဲကြီးရှိသည်။ ညက ဝဲသုံးခါအော်သည်။ မြို့သူမြို့သားများသည် အတိတ်နမိတ်မကောင်းဟု ယူဆနေကြသည်။ အင်္ဂလိပ်တပ်များသည် နောက်အပတ်လောက်တွင်မှ ကျောက်စိမ်းတွင်းသို့ ချီတက်မည်ကို သိရသည်။ ယင်းသို့ ကြန့်ကြာနေခြင်းမှာ ဗန်းမော်မှ စစ်တပ်များ နောက်ထပ်ရောက်လာမည်ကို စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ကျောက်စိမ်းတွင်းနယ်သို့ တက်ရောက်မွှေနှောက်မည့် အချိန်တွင် မိုးကောင်း၌ မြို့စောင့်တပ် အလုံအလောက်ချထားရန် အင်္ဂလိပ်တို့က စီစဉ်ပြီး ဖြစ်သည်။ မိမိတို့ အစီအစဉ် ပေါက်ကြားခြင်းကြောင့် ဤသို့ ရန်သူက ပြင်ဆင်ခြင်းဖြစ်ကြောင်း မောင်ရွှေဝါ နားလည်သည်။

ဤအတိုင်းဆိုလျှင် ဗိုလ်ရွှေထီးကို လုရန်မှာ မလွယ်ဘဲ ရှိနေသည်။ မောင်ရွှေဝါသည် အကြံအိုက်နေသည်။ တစ်နေ့ခင်းလုံး နည်းလမ်းရှာနေသည်။ ညနေဘက်တွင်ကား မျှော်လင့်ချက် ကုန်ဆုံးစေသော သတင်းတစ်ခုကို ကြားရသည်။ ယင်းကား အင်္ဂလိပ်တို့သည် ယနေ့နံနက်မှာပင် ဗိုလ်ရွှေထီးကို ရေကြောင်းခရီးဖြင့် ဗန်းမော်သို့ ပို့လိုက်သည် ဆိုခြင်းပင် ဖြစ်သည်။ ယခုအချိန်မှ လိုက်၍လည်း မီနိုင်စရာ မရှိတော့ပေ။

သို့ဖြင့် မောင်ရွှေဝါသည် ထိုညမှာပင် မြို့တွင်းမှ ထွက်ခဲ့သည်။ မြို့တွင်းနှင့် မြို့ပြင်ကင်းများ အဆက်အသွယ် ပိုမိုကောင်းမွန်အောင် စီစဉ်ပြီးနောက် တိန်ရာကထောင်းသို့ ပြန်ခဲ့သည်။ အမတ်ကြီးဦးဖိုးစောသည် မြို့မှ အင်္ဂလိပ်တပ်များ ထွက်မလာမချင်း တိန်ရာကထောင်းတွင် နေသွားရန် ဖြစ်သည်။

တိန်ရာကထောင်းသို့ မောင်ရွှေဝါတို့ ပြန်ရောက်သွားချိန်တွင် ကိုရွှေနီတို့တပ်သည် မြစ်စဉ်အတိုင်း ဆုတ်ခွာသွားပြီ ဖြစ်သည်။ သို့သော်လည်း မြစ်တစ်ဖက်တစ်ချက်တွင် လယ်ယာသမားများအနေနှင့်၊ တံငါသည်များအနေနှင့်၊ သစ်ခုတ်သမားများအနေနှင့် တပ်သားများ အများအပြား ရှိနေသည်။ အရေးဆိုလျှင် သူတို့သည် ရန်သူကိုတိုက်ရန် တပ်ဖွဲ့ပြီး အသင့်ဖြစ်နေမည် ဖြစ်သည်။

တိန်ရာကထောင်းသို့ မောင်ရွှေဝါတို့ ပြန်ရောက်ပြီး နှစ်ရက်အကြာ၌ မယုံကြည်နိုင်ဖွယ်ရာသော အချင်းအရာတစ်ခုကို သူတို့ တွေ့ကြုံရသည်။ ဝမ်းသာစရာ ဖြစ်သည်။ တစ်ညနေတွင် အမတ်ကြီးဦးဖိုးစော၊ မောင်ရွှေဝါနှင့် ကိုသူရတို့ ဝိုင်းဖွဲ့၍ ထမင်းစားနေစဉ်တွင် အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလပြည့်ပြည့်ဖြိုးဖြိုး၊ အသားဖြူဖြူလတ်လတ်၊ နားရွက်နီနီကားကားနှင့် ကုလားကြီးတစ်ယောက် ရောက်လာသည်။ ဝေသာလီကုလားကြီး ဖြစ်သည်။ သူကား အခြားမဟုတ်။ အင်္ဂလိပ်တပ်များ လက်ထဲပါသွားသော ဗိုလ်ရွှေထီးပင် ဖြစ်သည်။ သူတို့သည် ဗိုလ်ရွှေထီးကို ငေး၍ ကြည့်နေကြသည်။ ဗိုလ်ရွှေထီးကမူ ဘာမှ မပြောဘဲ လက်ရေဆေးပြီး ထမင်းဝိုင်းတွင် ဝင်ထိုင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟေ့ ရွှေထီး နင် ဘယ်လို ဖြစ်လာတာလဲကော"

ဗိုလ်စောက ပလုံးပထွေး မေးလိုက်သည်။

"ငါဆာလှပြီကွ"
"ဒါကို ပြောတာ မဟုတ်ပါဘူး။ နင့်ကို အင်္ဂလိပ်တွေ ဖမ်းသွားတယ် မဟုတ်လား"
"အေးလေ မင်းတို့ သိပြီးသားပဲ"
"မင်းကို ဗန်းမော်ကို ပို့လိုက်တယ် မဟုတ်လား"
"အေးလေ ဘယ်သူက မဟုတ်ဘူး ပြောလို့လဲ"
"မင်း အခု သူတို့လက်က လွတ်လာတယ်လား"
"အေးလေ အထူးအထွေလား။ ဖမ်းတာရှိရင် လွတ်တာ ရှိတာပေါ့"
"မင်း ဘယ်လိုလုပ်ပြီး ထွက်လာတာလဲ"
"ဒီလိုပဲပ၊ လမ်းကျတော့ ငါ အိပ်ရာကနိုးတော့ ပြန်လာခဲ့တာပ"
"သူတို့က ဘယ့်နှယ်မှ မလုပ်ဘူးလား"
"နည်းနည်းပါးပါးတော့ သတ်ရပုတ်ရတာပ။ ဒီမှာ မတွေ့ဘူးလား"

ဗိုလ်ရွှေထီးက ထမင်းလုတ်ကြီး တစ်လုတ်ကို ပါးစပ်ထဲသွင်းရင်း လက်မောင်းမှ ပွန်းရာပဲ့ရာများကို ပြသည်။ တစ်နေရာတွင် ကျည်ဆန်ရှပ်သွားဟန် ရှိသည်။

"မင်းနဲ့ကွာ"

ဦးဖိုးစောသည် ဒါပဲ ပြောနိုင်တော့သည်။ ဗိုလ်ရွှေထီးသည် ရန်သူများလက်သို့ အလွယ်တကူ ကျရောက်သွားရသကဲ့သို့ ရန်သူများလက်မှ အလွယ်တကူ လွတ်လာသည်။ ပရိသတ်က အံ့ဩလျက် ရှိသော်လည်း သူကမူ ဘာမှ မဖြစ်သကဲ့သို့ ထမင်းကိုသာ မဲ၍ စားနေသည်။

## အခန်း -၅၇-

သူက လက်ဝှေ့ယမ်းကာ ဝမ်းသာအားရ...
"ဝေး တပ်သစ်ရောက်တယ်ဆိုလို့ ဘယ်သူတွေလဲ မှတ်တယ်။ နင်တို့ပါလား လဗျဂမ်ရယ်။ နင့်ကို ငါရှာလိုက်ရတာ အခုမှပဲ တွေ့တော့တယ်ကော"

လဗျဂမ်မှာလည်း ရက်ရှည်လများ ကွဲကွာနေသော မိတ်ဆွေတစ်ဦးကို တွေ့သဖြင့် ကလေးငယ်တစ်ဦးကဲ့သို့ ခုန်ပေါက်နေသည်။ မောင်ရွှေဝါက အတင်းဖက်သည်။ နှစ်ယောက် အပြိုင်မွှေ့ယမ်းကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့နှစ်ဦးကွဲကွာ၍ နေခဲ့သည်မှာ ဘာလိုလိုနှင့် သုံးနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ ဤအတွင်းတွင် မောင်ရွှေဝါသည် လဗျာဂမ်ကို ရံခါပေါင်းများစွာ သတိရသည်။ ဂေါ့ယွန်ဒူဝါကြီးနှင့် လဗျာဂမ်ကို ပူးတွဲ၍ ပေါ်လာသည်။ မပရီနှင့် လဗျာဂမ် ယှဉ်၍ ပေါ်လာသည်။ ဇော်တူးကိုလည်း မြင်မိသည်။

မောင်ရွှေဝါသည် ရွှေဘိုမှ ပြန်ရောက်လာသောအခါ လဗျာဂမ်ထံသို့ သွားလိုခဲ့သည်။ လဗျာဂမ်နှင့်အတူ အေးအေးဆေးဆေး သွား၍နေမည်ဟုပင် စိတ်ကူးခဲ့သည်။ သို့သော် ရုတ်တရက်မူ မသွားဖြစ်ခဲ့။ နယ်ချဲ့ဆန့်ကျင်ရေးအတွက် တပ်များစုစည်းသောအခါတွင်မှ ဂေါ့ယွန်နယ်သို့ ရောက်ခဲ့သည်။ ဂေါ့ယွန်ဒူဝါကြီးကို မတွေ့ရ။ သူတို့ဘက်မှ တစ်အားလျော့ရခြင်း ဖြစ်သည်။ ဇော်တူးမှာ ဂေါ့ယွန်ဒူဝါ ဖြစ်နေသည်။ ကချင်ဂွမ်စားများ ထုံးစံအတိုင်း ဖခင်၏အရာကို သားအထွေးဆုံးက ဆက်ခံခြင်း ဖြစ်သည်။

ဇော်တူးသည် ခက်ထန်ကြမ်းတမ်းသည်။ ရက်စက်ကြမ်းကြုတ်သည်။ နှိပ်စက်ညှဉ်းပန်းတတ်သည်။ ဂေါ့ယွန်ဒူဝါကြီး မရှိလေသော် လဗျာဂမ်လည်း မရှိတော့။

ကချင်များသည် ဒူဝါတစ်ယောက်၏ အုပ်ချုပ်မှုကို သဘောမကျလျှင် အခြားဒူဝါတစ်ယောက်၏ နယ်သို့သော်လည်းကောင်း ပြောင်းရွှေ့သွားတတ်သည်။ တောသစ်၊ တောင်သစ်တွင် စိတ်ဝမ်းတူညီသူများ စု၍ နယ်သစ်သော်လည်း တည်ကြသည်။ နယ်သစ်တည်သူတို့သည် ဒူဝါစနစ်ကို လက်မခံဘဲ သိက္ခာသမာဓိရှိသူ တစ်ဦးကို အကြီးဝါအဖြစ် ရွေးကောက်၍ ပြည်သူ့အာဏာကို ထူထောင်ကြသည်။ သူတို့ကို ဂွမ်လောင်အစု၊ သူပုန်အစုဟု ဆိုစမှတ်ပြုကြသည်။

ဇော်တူး၏ အုပ်ချုပ်မှုကို မနှစ်သက်သဖြင့် ဂေါ့ယွန်ရွာမှ လူတစ်ဝက်လောက်သည် ခွဲထွက်သွားကြသည်။ အချို့က နယ်သစ်တည်၍ အချို့က အခြားဒူဝါနယ်များသို့ ခိုဝင်ကြသည်။ လဗျာဂမ်တို့ မိသားစုလည်း ရွာမှ ပြောင်းရွှေ့သူများတွင် ပါသွားသည်။

လဗျာဂမ်တို့ မိသားစုသည် ဂေါ့ယွန်ရွာတွင် သူများတကာထက် ပို၍ နေမဖြစ်ရှိသည်။ အကြောင်းနှစ်ချက်ရှိသည်။ တစ်ချက်က လဗျာဂမ်သည် ဂေါ့ယွန်ဒူဝါကြီးကို လေးစား ချစ်ခင်လှသည့်အလျောက် ဒူဝါ၏လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ပေးခဲ့သည်။ လုပ်ငန်းရှိသမျှကို သူတစ်ယောက်တည်းကျုံး၍ လုပ်ခဲ့သည်။ အခြားရွာသားများ စုပေါင်းလုပ်ပေးရန် မလိုတော့သလောက်ပင် ဖြစ်သည်။ ယင်းအစဉ်အလာကို ဇော်တူးက လိုချင်သည်။ လဗျာဂမ်ကို သူ့ဖခင်ထံမှ အမွေရလိုက်သော ကျေးကျွန်တစ်ယောက်ကဲ့သို့ မှတ်ယူသည်။ သို့သော် လဗျာဂမ်က ဒူဝါ၏အလုပ်ကို အရင်ကလောက် လုပ်မပေးနိုင်တော့။ အကြောင်းက ဇော်တူးကို မလေးစား မချစ်ခင်၍။ နောက်တစ်ကြောင်းက သူ့တွင် အိမ်ထောင်နှင့် ဖြစ်လာ၍။

ယင်းသို့ အိမ်ထောင်နှင့်ဖြစ်ခြင်းအကြောင်းသည် သူ ရွာတွင် နေမဖြစ်သော ဒုတိယအချက်ဖြစ်သည်။ အိမ်ထောင့်တာဝန် ကြီးလေးလာသည်က သည်မျှလောက်မဟုတ်။ သူ၏အိမ်ထောင်ရှင်မနှင့် ဇော်တူး ဆက်သွယ်နေခြင်းက အဓိက ဖြစ်သည်။

ကိုရွှေနီနှင့် မောင်ရွှေဝါတို့ ဂေါ့ယွန်ရွာမှ ပြန်သွားပြီးနောက် များမကြာမီတွင် လဗျာဂမ်နှင့် မပရီတို့ စုံဖက်ပေါင်းသင်းကြသည်။ မပရီက လဗျာဂမ်ကို ချစ်သူအဖြစ် ကတိသစ္စာထားသည့်အနေဖြင့် သူမ၏

MMCYBERMEDIA
COMMUNITY FOR ALL

လည်ဝတ်တန်ဆာတစ်ခုကို လက်ဆောင်အဖြစ် ပေးလိုက်ပြီကို သိသောအခါ ဇော်တူးသည် အမျက်သိုတော့သည်။ ဒေါသဝှန်တော့သည်။ အနှောင့်အယှက် ပြုတော့သည်။ မပရီကို ချော့သည်။ လဗျင်္ဂမ်ကို ခြောက်သည်။ ထိုစဉ်တွင် ဒူဝါကြီး ကွယ်လွန်ပြီး သကောင့်သား ဇော်တူးသည် နယ်ပယ်အရှင် ဖြစ်လာတော့သည်။

ဇော်တူး၏ အန္တရာယ်ကို သိမြင်သဖြင့် လဗျင်္ဂမ်နှင့် မပရီတို့သည် အလျင်အမြန် မင်္ဂလာဆောင်ခဲ့ကြသည်။ ဇော်တူးသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် နှောင့်ယှက်မြဲဖြစ်သည်။ မည်သို့ပင် ခြိမ်းခြောက်သည် ရှိသော်လည်း မပရီသည် လဗျင်္ဂမ်နှင့် အတူမကွာ ရှိသည်။ ဇော်တူးက မည်သို့ပင် သွေးဆောင်သော်လည်း မပရီသည် မည္ဓတ်မပါ၊ မဖောက်မပြား။ မပရီသည် အပျိုအရွယ်က အဘယ်မျှ အလှအပကို မက်မောပြီး ရည်းစားသနာများခဲ့သော်လည်း အိမ်ထောင်ကျ၍ ခေါင်းတွင် အဝတ်ပေါင်းမိသည်နှင့် တစ်ပြိုင်နက် လင်သားအပေါ်တွင် သစ္စာရှိခဲ့သည်။ အနေအထိုင် ကျစ်လျစ်၍ အကျင့်အမူ ဖြောင့်ခဲ့သည်။

သို့သော် ဇော်တူးသည် ကချင်ဓလေ့ထုံးစံကို လည်းကောင်း၊ လူမှုရေးကျင့်ဝတ်ကို လည်းကောင်း၊ အဘက်ဘက်မှ အတန်တန် ချိုးဖောက်လျက်ရှိသဖြင့် နောက်ဆုံးတွင် လဗျင်္ဂမ်တို့သည် ရွာမှ ရွှေ့ပြောင်းသွားကြတော့သည်။

မောင်ရွှေဝါတို့က ဂေါ့ယွန်ရွာသို့ ရောက်သောအခါတွင် လဗျင်္ဂမ်တို့ မရှိတော့။ ခက်သည်က မည်သည့်တောင်သို့ ပြောင်းသွားသည်ကိုလည်း စုံစမ်း၍ မရခြင်း ဖြစ်သည်။ ဟိုနယ်တွင် ရှိသလိုလို၊ သည်နယ်တွင် ရောက်နေသလိုလိုနှင့် မရေမရာ ဖြစ်သည်။ မောင်ရွှေဝါတို့မှာလည်း အမျိုးသားစည်းလုံးရေးကို အပူတပြင်း ဆောင်ရွက်နေရခိုက်ဖြစ်၍ လဗျင်္ဂမ်တို့ကို အနှံ့အစပ် လိုက်မရှာနိုင်ဘဲ ရှိသည်။

မောင်ရွှေဝါတို့သည် လဗျင်္ဂမ်နှင့် တခြားမိတ်ဆွေဟောင်းများကို မတွေ့ရသည် သာမက ဇော်တူး၏ ရန်လိုသော အပြုအမူများကိုပါ စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ကြုံခဲ့ရသည်။ ဇော်တူးသည် အင်္ဂလိပ်ကို တိုက်ခိုက်ရန် သူတို့နှင့်ပေါင်းခြင်း မပြုနိုင်ဟု တင်းတင်းမာမာ ပြောလိုက်သည်။ ထိုမျှသာမက သူသည် ဗန်းမော်မှ အင်္ဂလိပ်တပ်များနှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ မောင်ရွှေဝါတို့ ရောက်သွားချိန်တွင် ဂေါ့ယွန်ရွာ၌ သာသနာပြုတစ်ဦး ရောက်ရှိနေသည်။ ယင်းသာသနာပြုနှင့်အတူ လက်နက်များ ပါလာသည်ဟု ဆိုသည်။

သည့်နောက်တွင်ကား မောင်ရွှေဝါတို့သည် ဇော်တူး၏အကြောင်းကိုသော် လည်းကောင်း၊ လဗျင်္ဂမ်၏အကြောင်းကိုသော် လည်းကောင်း မကြားမသိ ရှိရတော့သည်။

ယခုမှပင် မမျှော်လင့်ဘဲနှင့် မောင်ရွှေဝါသည် လဗျင်္ဂမ်ကို ပြန်၍ တွေ့ရသည်။ ကချင်တပ်အသစ် ရောက်လာသည်။ မိမိ၏တပ်နှင့် ပေါင်းရမည်ဟု ဦးဖိုးစောက ပြောသဖြင့် လာခဲ့ရာတွင် မောင်ရွှေဝါသည် လဗျင်္ဂမ်ကို တွေ့ရခြင်း ဖြစ်သည်။ အခြားမိတ်ဆွေ သုံးလေးဦးကိုလည်း တွေ့ရသည်။

"နင်တို့ရောက်လာတာ အတော်ပဲ၊ မနက်ဖြန်ဆိုရင် ငါတို့ ရန်သူတွေကို တိုက်ရတော့မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ကောင်းတာပေါ့အေး"

"မပရီကော နေကောင်းသလား"

"အေး"

"နင်တို့ အနကော"

"မရှိတော့ဘူး"

မောင်ရွှေဝါသည် ဘာမှ မပြောဘဲ တိတ်နေသည်။ လဗျဂမ်၏ မိခင်သည် သူ့ကို သားတစ်ယောက်ကဲ့သို့ပင် ချစ်ခင်သည်။ ယခုမူ မရှိပြီ။ သူက ဤလိုအခါမျိုးတွင် စိတ်မကောင်းစရာအကြောင်းများကို မတွေးလို မပြောလိုသဖြင့်...

"နင်တို့ ကလေးရပလား"

"အေး၊ ရပြီ"

လဗျဂမ်က ဝမ်းသာအားရ ဖြေသည်။

"ဘယ်နှစ်ယောက်လဲ"

လဗျဂမ်က လက်သုံးချောင်း ထောင်ပြသည်။ မောင်ရွှေဝါသည် လက်ချောင်းများ စုပွတ်ရင်း စဉ်းစားနေသည်။ ပြီးမှ...

"သုံးနှစ် ရှိသေးတယ်၊ သုံးယောက်လား"

"တစ်ခါက ဒီလိုလာတယ်လေ"

လဗျဂမ်က လက်နှစ်ချောင်းပူး၍ ထောင်ပြသည်။

"အမြွှာပူးကိုး၊ ကောင်းတယ်အေး။ ဘာလေးတွေလဲ"

"ယောကျ်ားလေးတွေ"

ထို့နောက် မောင်ရွှေဝါက လဗျဂမ်၏ တပ်သားများကို ကြည့်ရင်း...

"ဝေး၊ တို့ နောက်မှ စကားပြောရအောင်။ အခု အချိန် မရှိဘူး။ နင်တို့လည်း နားလို့မရတော့ဘူး။ ကနေ့ည တို့တပ်တွေ ဖြန့်ရမယ်"

"ငါတို့ နားဖို့လာတာ မဟုတ်ပါဘူး။ စစ်တိုက်ဖို့ လာတာပါ"

လဗျဂမ်က ပြောသည်။ မောင်ရွှေဝါသည် လဗျဂမ်၏ကိုယ်ကို တအားဖက်ညှစ်လိုက်သည်။ ထို့နောက် သူတို့သည် တပ်ထွက်ရန် အစီအစဉ်များ ပြုလုပ်ကြသည်။ ဗိုလ်ရွှေထီး ပြန်လွတ်လာပြီးနောက် သုံးရက်လောက်အကြာတွင် အင်္ဂလိပ်တပ်များ တက်လာသည်။ မောင်ရွှေဝါတို့က တပ်ဖျောက်၍ အင်္ဂလိပ်တပ်များ ချီတက်သွားသည်ကို ပီတိဖြစ်စွာ ကြည့်နေခဲ့ကြသည်။ အင်္ဂလိပ်တပ်များသည် ရန်သူနှင့် အကြီးအကျယ် တိုက်ရလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း လက်တွေ့တွင်မူ သေနတ်တစ်ချက်မျှ မဖောက်ရဘဲ ရှိသည်။ မိမိတို့အား ခုခံမည့်သူ တစ်ဦးတစ်လေမျှ မတွေ့ရချေ။ ကြောက်ရွံ့ထိတ်လန့်နေသော ရွာသူရွာသားများနှင့် မိမိတို့အား ခရီးဦးကြိုဆိုသော အကြီးအကဲများကိုသာ တွေ့ရသည်။

အချို့ရန်သူများသည် သူတို့တပ်များ ရောက်မလာမီမှာပင် သေပြေးရှင်ပြေး ထွက်ပြေးကုန်ကြသည်။ သူတို့၏ ပစ္စည်းများကိုပင် မယူနိုင်ဘဲ ရှိကြသည်။ အင်္ဂလိပ်တပ်များသည် ကြိုတင်၍ သတင်းရထားသဖြင့် တိန်ရာကထောင်းရွာအနီးသို့ ရောက်သောအခါ သတိထား၍ ချီတက်ခဲ့သည်။ သို့သော် ရန်သူကို မတွေ့ရဘဲ စွန့်ပစ်သွားသော စစ်စခန်းများကိုသာ တွေ့ရသည်။ ရန်သူ၏တဲများ၊ ရိက္ခာများ၊ ကတုတ်ကျင်းများကို ဖျက်ဆီးပစ်လိုက်သည်။ ထို့နောက် ဆက်လက် ချီတက်သွားသည်။ သေပြေးရှင်ပြေး ထွက်ပြေးသော ရန်သူတို့၏ခြေရာလက်ရာ ကြွင်းကျန်နေသည်များကို တွေ့ရသည်။

အင်္ဂလိပ်တပ်များသည် ကျောက်စိမ်းတွင်းနယ်အတွင်းသို့ ဘေးအန္တရာယ်မရှိ ရောက်သွားသည်။ ကန်စီးနောင်နှင့် အပြေအလည် ပြောဆိုသည်။ ထို့နောက် အင်္ဂလိပ်တပ်များ၏ တပ်မှူးဗိုလ်ကြီးအဒမ်ဆင်က နယ်မြေငြိမ်းချမ်းသာယာလျက်ရှိကြောင်း၊ မိမိတို့အား ခုခံမည့်အခြေအနေ မရှိကြောင်းကို အထက်သို့ အစီရင်ခံလိုက်သည်။ ထို့နောက် ဥရောပတိုက်တွင် အလှပဆုံးဆိုသည့် ဂျီနီဗာကန်နှင့်ပင် နှိုင်းယှဉ်ခြင်းပြုနိုင်သော အင်းတော်ကြီးကန်သို့ သွားရောက်ကြည့်ရှုလိုက်ကြသေးသည်။ ပြီးမှ ရေကြောင်း၊ ကုန်းကြောင်း နှစ်စုခွဲ၍ မိုးကောင်းမြို့သို့ စိတ်အေးလက်အေး တပ်ခေါက်လာကြသည်။

ဤတွင်မှ အမတ်ကြီးဦးဖိုးစော၏ အစီအစဉ်အတိုင်း အမျိုးသား လွတ်မြောက်ရေး တပ်များသည် မိုးကောင်းမြစ်ဝဲယာတွင် နေရာယူလျက် အင်္ဂလိပ်တပ်များကို လျှပ်တပြတ် တိုက်ခိုက်ကြသည်။

အနောက်မြစ်တပ်များနှင့် ကချင်တပ်များ ပါဝင်သော မောင်ရွှေဝါ၏ တပ်ပေါင်းသည် တိန်ရာကထောင်းအနီးမှာပင် အင်္ဂလိပ်တို့၏ တပ်လှေများကို တိုက်ခိုက်ကြသည်။ တိန်ရာကထောင်းအနီးတွင် ရေမှော်တစ်ခုရှိသည်။ ရေကြောင်းဆိုးသဖြင့် လှေများ အသွားအလာခက်သည်။ အလွယ်တကူ မသွားနိုင်ဘဲ ရေမှော်ကို ခက်ခဲစွာ ဖြတ်ကျော်ရသည်။ မိုးကောင်းရေမှော်များသည် ဧရာဝတီမြစ်ကျဉ်းများကဲ့သို့ လည်းကောင်း၊ ဥယုရေလျှဉ်များကဲ့သို့ လည်းကောင်း ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

မောင်ရွှေဝါတို့သည် တိန်ရာကထောင်း ရေမှော်အတွင်း မလှုပ်သာ မယှက်သာ ရှိနေသော အင်္ဂလိပ်တပ်လှေများကို ကမ်းနှစ်ဖက်မှ ညှပ်၍ ချက်တစ်ဖြုတ် တိုက်ခိုက်သည်ဖြစ်၍ အင်္ဂလိပ်တို့ အကျအဆုံးများလှသည်။ ထိုမှ လွတ်သွားသော လှေများကိုလည်း မိုးကောင်းမြို့သို့ မရောက်မချင်း မြစ်ဝဲယာတစ်လျှောက်မှ ပစ်ခတ်တိုက်ခိုက်ကြသည်။

ကုန်းလမ်းမှ ဆုတ်ခွာသော အင်္ဂလိပ်တပ်များကိုလည်း ဆမားတပ်နှင့် လဖိုင်လ၏ တပ်များက အပိုင်တိုက်ကြသည်။ ဤလမ်းဖြတ်တိုက်ပွဲတွင် မြန်မာတို့ဘက်မှ အောင်ပွဲကောင်းစွာ ရလိုက်သည်။ မိမိတို့ဘက်မှ တစ်ဦးတစ်ယောက်မျှ မကျဆုံးဘဲ ရန်သူဘက်မှ ဗိုလ်တစ်ဦးနှင့် တပ်သားနှစ်ဆယ်ကျော် ကျဆုံးသည်ကို တွေ့ရသည်။ အများအပြား ဒဏ်ရာရရှိသွားသည်။ လက်နက်ခဲယမ်းမီးကျောက် အများအပြားသည် မိုးကောင်းမြစ်အောက်သို့ ရောက်သွားသည်။

ရေကြောင်းပြန်တပ်များနှင့်အတူ ပါလာသော ဗိုလ်ကြီးအဒမ်ဆင်သည် သေဘေးမှ သီသီကလေးလွတ်၍ မိုးကောင်းသို့ သွေးရူးသွေးတန်းဖြင့် ပြန်လည်ရောက်ရှိသွားသည်။ မိုးကောင်းသို့ ရောက်သောအခါတွင် သူသည် ပို၍ ချောက်ချားရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကောင်း၏ အခြေအနေသည် အထူးပင် ဆိုးရွားလျက်ရှိသည်။ မြို့သည် မြန်မာများ၏ လက်ထဲမှာပင် ရှိနေသကဲ့သို့ ဖြစ်သည်။ ဗိုလ်စော၏ တပ်သားများသည် နေ့အခါမှာပင် မြို့အတွင်းသို့ ပြောင်ပြောင်တင်းတင်း ထွက်ဝင်လျက်ရှိသည်။ မြို့စောင့်တပ်သည် သစ်တပ်အတွင်းမှာသာ နေရသည်။ မြို့အတွင်းသို့ လည်းကောင်း၊ အနီးပါးနားရွာများသို့ လည်းကောင်း၊ ထွက်လိုလျှင် အနည်းဆုံး တပ်စုအင်အားနှင့် ထွက်ရသည်။ နှစ်ယောက်စ သုံးယောက်စ ထွက်မိလျှင် ခြေရာပျောက်သွားတော့သည်။

မြို့သူမြို့သားများသည် မိမိတို့ အင်္ဂလိပ်တပ်များနှင့် အပေါ်ယံကြောသာ ပေါင်းသင်းပြီး လက်တွေ့တွင်မူ ဦးဖိုးစော၏လူများ ဖြစ်နေသည်။ ဦးဖိုးစော မရှိသည့်နောက်တွင် မိုးကောင်းမြို့အုပ်အဖြစ် ခန့်ထားခြင်းခံရသည့် ဦးဖိုးမြနှင့် မြို့စာရေး ဦးကျေး၊ ဦးကြူးတို့သည်လည်း ဦးဖိုးစောနှင့် တိတ်တဆိတ် အဆက်အသွယ်ပြုလျက် ရှိသည်ဟု ဆိုသည်။ သို့သော် ခိုင်လုံသော အထောက်အထားကိုကား မိမိတို့ဘက်က မပြနိုင်ချေ။ ဦးရွှေကြာတို့၏ အပြောသာ ဖြစ်သည်။ ဦးရွှေကြာ တစ်ယောက်သာလျှင် မိမိတို့ အင်္ဂလိပ်တပ်များ အပေါ်တွင် သစ္စာရှိသည်ကို တွေ့ရသည်။ မိမိတို့အား အစွမ်းကုန် ကူညီလျက်ရှိသည်။ သို့သော် ဦးရွှေကြာမှာလည်း ညအခါတွင် မြို့တွင်း၌ မအိပ်ရဲဘဲ သစ်တပ်တွင်းသို့ လာ၍ အိပ်လေသည်။

မြို့၏ အခြေအနေသည် ဤမျှပင် ဆိုးရွားလျက်ရှိသည်။ ဆက်သွယ်ရေးလမ်းကြောင်း မှန်သမျှကိုလည်း ဗိုလ်စော၏တပ်များက ဖြတ်တောက်ထားသည်။ အနှောင့်အယှက် ပြုနေသည်။ မိုးကောင်း၊ မိုးညှင်းလမ်းကို ဇီးကချင်များက သိမ်းပိုက်ထားသည်။ မိုးကောင်းမြစ်တစ်လျှောက် အထက်သို့ လည်းကောင်း၊ အောက်သို့ လည်းကောင်း လုံခြုံစိတ်ချစွာ မသွားနိုင်ဘဲ ရှိသည်။ မြန်မာတို့သည် မိမိတို့ အင်္ဂလိပ်တပ်များ ရိက္ခာအခက်အခဲ ရှိစေရန် အပြင်းအထန်ဆောင်ရွက်နေသည်။

ဗိုလ်စော၏ တပ်များသည် မိုးကောင်းကို အချိန်မရွေး သိမ်းပိုက်၍ မိမိတို့၏ သစ်တပ်ကို နေ့ညမရွေး စီးနင်းတိုက်ခိုက်မည့် အခြေအနေရှိသည်။ သို့ဖြင့် အင်္ဂလိပ်တို့သည် မြို့အနီးနှင့် သစ်တပ်အနီးသို့ ဗိုလ်စော၏တပ်များ မထွက်နိုင်ရန် တိုက်ကင်းများ နေ့စဉ်ထွက်နေသည်။ မိုးကောင်းမြို့အနီးတွင် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားနေသည်။ မိမိတို့၏ အပြင်ကင်းများကို မကြာခဏ စီးနင်းတိုက်ခိုက်ကြသည်။

နောက်ဆုံးတွင် မြန်မာတို့သည် မိုးကောင်းမြို့နှင့် မိုးကောင်းသစ်တပ်ကို တိုက်ခိုက်ကြတော့သည်။ (၁၈၈၈)ခု၊ မေလ (၂၀)ရက်နေ့တွင် ဖြစ်သည်။

## အခန်း -၅၈-

ကိုသူရသည် ကံကောင်းသဖြင့်သာ မိုးကောင်းတိုက်ပွဲတွင် ပါဝင်ခွင့်ရသည်။ တိန်ရာကထောင်း လမ်းဖြတ် တိုက်ပွဲအပြီးတွင် သူသည် ဗိုလ်ရွှေထီးတပ်မတွင် တာဝန်ကျခဲ့သည်။ သို့ဖြင့် သူသည် သေတွင်းထဲသို့ အကြိမ်ပေါင်းများစွာ ခြေတစ်ဖက်ချော်၍ ကျခဲ့သည်။ ဗိုလ်ရွှေထီး၏တပ်သည် အတိုက်ဆုံး ဖြစ်သည်။ အရမ်းဆုံး ဖြစ်သည်။ "ရွှေထီး" ဆိုသော အသံကြားလျှင် အင်္ဂလိပ်တပ်သားများ ဖိန့်ဖိန့်တုန်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

တပ်ချင်းဆိုင်မိလျှင် ဗိုလ်ရွှေထီးသည် အနီးကပ်တိုက်ပွဲ အဖြစ်သို့သာ ဖန်တီးသည်။ သူ၏ အယူအဆမှာ သေနတ်ချင်းယှဉ်လျှင် မိမိတို့ဘက်က ရှုံးသည်။ လှံစွပ်နှင့်လှံ၊ လှံစွပ်နှင့်ဓား ယှဉ်ရလျှင် မိမိတို့ဘက်က တစ်ပန်းသာသည်။ ယင်းကြောင့် သူသည် တပ်ချင်းပူးပြီး အတင်းဝင်၍ ထိုးခုတ်လေ့ရှိသည်။ သူ၏ တပ်သားများမှာလည်း ဓားရိုးနှင့် ဆုပ်ထားသောလက် ခွာမရအောင် တိုက်ခိုက်ကြသည်။

တပ်ချင်းယှဉ်၍ တိုက်ခိုက်သည်မှာ တော်သေးသည်။ ရံဖန်ရံခါတွင် ဗိုလ်ရွှေထီးသည် တစ်ယောက်တည်းသော် လည်းကောင်း၊ လူအနည်းငယ်နှင့်သော် လည်းကောင်း ရန်သူတပ်ကို အတင်းနင်း၍ အတင်းဖောက်တတ်သည်။ ယင်းသို့သော စီးနင်းတိုက်ခိုက်မှုမျိုးတွင် ကိုသူရသည် အကြောင်းအားလျော်စွာ နှစ်ကြိမ်မျှ ပါဝင်ခဲ့သည်။

တစ်ကြိမ်မှာ...

ညောင်ပင်ကုန်းတွင် ဖြစ်သည်။ ဗိုလ်ရွှေထီး၊ ဦးဆိုင်ကျွိုင်း၊ ကိုရွှေနီနှင့် ကိုသူရတို့သည် ဗိုလ်စော၏ စခန်းမှ မိမိတို့စခန်းသို့ လေးယောက်တည်း ရုပ်ဖျက်၍ ပြန်လာကြသည်။ မြင်းများ၊ သေနတ်များ မပါရှိဘဲ ဓားကိုယ်စီသာ ပါရှိသည်။ သူတို့သည် ပုဆိုးတိုတိုဝတ်၍ ဝါးခမောက်ကြီးများကို မျက်နှာအုပ်အောင် ဆောင်းထားကြသည်။

ညောင်ပင်ကုန်းရွာတွင် အင်္ဂလိပ်တပ်ရှိသည်ကို အမတ်ကြီးဦးဖိုးစော၏ ဌာနချုပ်စခန်းမှ ထွက်လာစဉ်က သူတို့ မသိရှိကြချေ။ ညောင်ပင်ကုန်းရွာအနီးသို့ ရောက်သောအခါတွင်မှ ရွာသားတစ်ဦး၏ သတင်းပေးချက်အရ သိရှိရသည်။ မြင်းတပ် ဖြစ်သည်။

ကိုရွှေနီက ညောင်ပင်ကုန်းရွာ အနောက်ဘက်မှ ကွင်းသွားရန်ပြောသည်။ ကိုသူရကမူ တပ်ခေါ်လာပြီးမှ တိုက်ရန် ပြောသည်။ သို့သော် မရချေ။ ဗိုလ်ရွှေထီးနှင့် ဦးဆိုင်ကျွိုင်းတို့က ယခုပင် တိုက်မည်ဟု ဆိုနေသည်။ သူတို့လေးယောက်သည် ကျန်စစ်သားတို့ ကဲ့သို့ပင် စစ်သည်တော်လေးသိန်း ဖြစ်သည်ဟု ဆိုသည်။

သူတို့နှစ်ယောက်စလုံးသည် မူးနေကြသည်။ ယခုအထိလည်း သောက်တုန်းဖြစ်သည်။ ဗိုလ်ရွှေထီးသည် ပြောလျှင်ပြောသည့်အတိုင်း လုပ်သည်။ စိတ်ပြောင်းတတ်သည် မရှိ။ ဦးဆိုင်ကျွိုင်းဆိုသော လူကြီးမှာလည်း အင်မတန် ကြောက်စရာကောင်းသည်။ လူကြမ်း လူရမ်းကြီးတစ်ဦး ဖြစ်သည်။ လူပေ လူတေကြီးတစ်ဦး ဖြစ်သည်။ သူသည် မကြာခဏ ဆိုသလိုပင် မီးကျီးများ ရဲနေသော မီးဖိုပေါ်တွင် တင်ပျဉ်ခွေထိုင်ပြတတ်သည်။ သူ့လက်မောင်းကို ဓားမြှောင်ဖြင့် ထိုး၍ပြတတ်သည်။ သူ၏ အရည်အချင်း တစ်ခုမှာ အမြင့်ခုန်နိုင်ခြင်းပင် ဖြစ်သည်။ တော်ရုံတန်ရုံ ခြံစည်းရိုးကို လွှားခနဲ ခုန်ကျော်၍ ဝင်ရောက်လေ့ရှိသည်။

ဗိုလ်ရွှေထီးနှင့် ဦးဆိုင်ကျွိုင်းကို မည်သို့မျှ ပြောမရသောအခါ ကိုရွှေနီနှင့် ကိုသူရတို့မှာလည်း လိုက်ပါသွားကြရတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အင်္ဂလိပ်မြင်းတပ်သည် ရွာထိပ်တွင် စခန်းချလျက်ရှိသည်။ ဂေါ်ရာစစ်သားများနှင့် မဒရပ်မြင်းများဖြစ်သည်။ ရန်သူများသည် အေးအေးလူလူပင် ရေတွင်း၌ မျက်နှာသစ်သူသစ်၊ မြက်ခင်းပေါ်တွင် လဲလျောင်းသူ လဲလျောင်း၊ ဇရပ်ထဲတွင် စကားပြောသူပြောနှင့် ရှိနေကြသည်။ မြင်းများကို ဇရပ်ပတ်ပတ်လည်တွင် ချည်ထားသည်။ အချို့မြင်းများကို ရေတွင်းဆီသို့ ဆွဲခေါ်သွားပြီး ရေတိုက်သည်။ အချို့မြင်းများကို အစာကျွေးထားသည်။ အချို့မြင်းများကို နှိပ်ပေးနေသည်။ ဘီးဖြင့် ဖြီးပေးနေသည်။ စစ်မြင်းများသည် ကြွားကြွားရွားရွားနိုင်လှသည်။ အမွေးအရောင် ချောမွေ့တောက်ပြောင်လှသည်။ ဒေါက်ကောင်းလှသည်။ ဆင်နှင့်ပင် ယှဉ်နိုင်သည်။

"ဟေ့ ငါပြောမယ်၊ နားထောင်စမ်း။ တို့မြင်းတစ်ကောင်စီ ဆွဲခဲ့ရအောင်။ အဿတိုရ်မြင်းဆိုတာ ဒီလိုမြင်းမျိုးတွေကို ပြောတာနဲ့တူတယ်။ အခုကတည်းက ကြိုက်တဲ့အကောင်ကို ရွေးထားကြ"

ကိုင်းတောအတွင်းမှနေ၍ ဗိုလ်ရွှေထီးသည် စစ်မြင်းများကို အားမလိုအားမရ ကြည့်ရင်း ပြောလိုက်သည်။ သူသည် စစ်မြင်းများကို လိုချင်တပ်မက်နေခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ နှစ်ကြိမ်သုံးကြိမ်ပင် ဤစစ်မြင်းမျိုးတစ်ကောင် လက်ရဖမ်းမိရန် ကြိုးပမ်းခဲ့သည်။ တစ်ကြိမ်တွင် သူက မြင်းပေါ်မှလူကို ပစ်ချလိုက်သည်။ မြင်းကို ရပြီဟု ဝမ်းသာအားရရှိစဉ် တပ်သားတစ်ဦး လွှတ်လိုက်သော လုံတစ်စင်းသည် မြင်း၏လည်ကို စူးဝင်သည်။ သူက ထိုတပ်သားကို ရိုက်မောင်းပုတ်မောင်း ပြုလုပ်၍ ဆွဲထားကြရသည်။ ယခုတစ်ကြိမ်တွင်မူ သူက စစ်မြင်းတစ်ကောင်ကို အရအမိယူရန် ဆုံးဖြတ်ထားဟန်ရှိသည်။

သူတို့ရှိရာ ကိုင်းတောအစပ်နှင့် မြင်းတပ်စခန်းချရာသည် ခဲတစ်ပစ်သာသာ သာလှမ်းကွာသည်။

"ကဲဟေ့ တစ်ပြိုင်တည်းနော်၊ မြင်းကို မယူခင် တစ်ခေါင်း နှစ်ခေါင်းလောက် ဖြတ်လိုက်ကြဦး"

ယင်းသို့ အမိန့်ပေးပြီးနောက် ဗိုလ်ရွှေထီးသည် ဓားလွတ်ကိုကိုင်ကာ အတင်းပြေးသွားသည်။ ကိုသူရတို့လည်း မည်သို့မျှ စဉ်းစားမနေနိုင်တော့ဘဲ လိုက်ပါသွားကြရသည်။

ရန်သူများသည် သူတို့ကို အတော်ကလေးနီးမှ တွေ့မြင်ကြသည်။ မမျှော်လင့်သည်မို့ သူတို့က သည်အတိုင်းကြောင်၍ ကြည့်နေသည်။ ဓားလွတ်များကိုကိုင်၍ သူတို့ထံသို့ ပြေးလာသူများသည် သူတို့နှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့ ကြည့်နေသည်။

ရှေ့ဆုံးမှ ခြေလှမ်းကျဲကျဲ ခြေနတ်မြန်မြန်ဖြင့် ပြေးသွားသော ဗိုလ်ရွှေထီးသည် မြက်ထုံးကိုကိုင်၍ သူ့ကို ငိုင်ကြည့်နေသော ဂေါ်ရာစစ်သား၏ လည်ပင်းကို ဓားဖြင့်ပိုင်းချလိုက်သည်။ ငှက်ပျောတစ်ပင်ကို ခုတ်လိုက်သကဲ့သို့ တိခနဲ ပြတ်ကျသွားသည်။

သည်တော့မှ ရန်သူများ အသက်ဝင်တော့သည်။ ဝရုန်းသုန်းကား ဖြစ်သွားသည်။ သူတို့ကို ပြန်လှန်တိုက်ခိုက်ကြသည်။ သို့ရာတွင် သူတို့လက်တွင် လက်နက် အသင့် မရှိချေ။ ရုတ်တရက် ရောက်လာသူလေးဦးက အဆက်မပြတ် ထိုးခုတ်လျက်ရှိသည်။ သူတို့က ယခုမှ သေနတ်ကို ယူကြရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် သေနတ်ကို အသုံးမပြုနိုင်ပါချေ။ သူ့လူ၊ ကိုယ့်လူမခွဲနိုင်ဘဲ ရောထွေးလျက် ရှိသည်။ ယခုမှ လှံစွပ်တပ်ကြရသည်။ အချို့က သေနတ်ဖြင့်ရိုက်ရန် ကြိုးစားကြသည်။

ဗိုလ်ရွှေထီးတို့က လက်ဦးနေပြီဖြစ်သည်။ သူတို့က လျှပ်တစ်ပြက်အတွင်း ရန်သူလေးငါးဦးကို သုတ်သင်ပြီး ရှိသွားသည်။ ထို့နောက် ရန်သူများ အဆင်သင့် မရှိမီတွင် သူတို့က စစ်မြင်းကြီးများပေါ်သို့ ခုန်တက်လိုက်ကြသည်။ မြင်းလေးကောင်သည် ခွာသံ ဆူညံစွာဖြင့် ပြေးထွက်သွားသည်။

သူတို့နောက်မှ ကျည်ဆန်များနှင့် မြင်းအုပ်ကြီး လိုက်လာမည်ကို ဗိုလ်ရွှေထီးတို့က မျှော်လင့်ထားသည်။ သို့သော် သေနတ်သံ တစ်ချက်သာ ကြားရသည်။ တစ်စုံတစ်ယောက်၏ အော်ဟစ်အမိန့်ပေးသံကြောင့် နောက်ထပ် သေနတ်သံ မကြားရတော့။ မြင်းအုပ်နှင့် လိုက်လာကြမည် ထင်သည်။ သို့သော် နောက်မှ ခွာသံများလည်း ထွက်ပေါ်မလာချေ။ သူတို့ စိတ်ထဲတွင် ထူးဆန်းနေသော်လည်း ကောင်းကောင်း လှည့်မကြည့်နိုင်ချေ။ မြင်းကိုသာ အတင်းနှင်ရသည်။ ဆတ်ခနဲ လှည့်အကြည့်တွင် ရန်သူများ ဇရပ်အရှေ့တွင် ရပ်နေကြသည်ကို ကိုသူရ တွေ့ရသည်။ ရန်သူများသည် သူတို့ကို လက်လွှတ်လိုက်ပြီဟု ကိုသူရ မှတ်ယူလိုက်သည်။

ထိုစဉ်တွင် အင်္ဂလိပ်တပ်မှ ခရာမှုတ်သံ ထွက်ပေါ်လာသည်။ သူတို့စီးလာသောမြင်းများ ချက်ချင်းရပ်တန့်သွားသည်။ သူတို့က မြင်းများကို တအားရိုက်နှက်၍ ပြေးစေသော်လည်း မရချေ။ မြင်းများသည် သူတို့၏ အမိန့်ကို ဆန့်ကျင်လျက်ရှိသည်။ ကိုယ်ကို လှုပ်ရှားနေသည်။ ပတပ်ရပ်ကြသည်။ အင်္ဂလိပ်တပ်သားများ၏ ဝေါခနဲရယ်သံကြီးကို ကြားရသည်။ ဗိုလ်ရွှေထီးတို့သည် တစ်ဦးကိုတစ်ဦး ကြည့်မိသည်။ ယင်းအခိုက်တွင် နောက်ထပ် ခရာတွတ်သံ ထွက်ပေါ်လာပြန်သည်။ စစ်မြင်းကြီးများသည် နောက်သို့လှည့်၍ အင်္ဂလိပ်တပ်ရှိရာသို့ ပြန်ပြေးကြသည်။

သည်တော့မှ ကိုသူရတို့ အခြေအနေကို သဘောပေါက်သည်။ ရန်သူသည် သူတို့၏ မြင်းများကို ခရာတွတ်၍ ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။ မြင်းတို့သည် လိမ္မာလှသည်။ သခင်၏အမိန့်ကို တစ်သဝေမတိမ်း နာခံသည်။ ယခုအတိုင်းဆိုလျှင် သူတို့သည် ရန်သူ၏ လက်တွင်းသို့ ကျဆင်းရန်သာ ရှိတော့သည်။

"ဆင်းဟေ့၊ မြန်မြန်ဆင်းကြ"

ဗိုလ်ရွှေထီးက အော်လိုက်သည်။ သူတို့လေးယောက် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ ထို့နောက် မလှမ်းမကမ်းရှိ တောအုပ်ဆီသို့ ခြေကုန်သုတ်၍ ပြေးကြရသည်။ သေနတ်သံများထွက်ပေါ်လာသည်။ ကျည်များ ပျံဝဲလာသည်။ တော်ပါသေး၏။ အထိအခိုက် မရှိဘဲ လေးယောက်စလုံး တောအုပ်ထဲသို့ ရောက်သွားကြသည်။

ရန်သူလိုက်လာချေဦးမည်လားဟု တောအုပ်အတွင်းမှ ပြန်ကြည့်သည်။ မလိုက်လာချေ။ နေနည်းနေပြီး ဖြစ်၍တစ်ကြောင်း၊ တောအုပ်ထဲသို့ မဝင်ရဲ၍ တစ်ကြောင်းကြောင့် ရန်သူတို့ လိုက်မလာခြင်း ဖြစ်တန်ရာသည်။ သည်တော့မှ ဟင်းချနိုင်သည်။ ရယ်မောကြရသည်။

နောက်တစ်ကြိမ်မှာ...

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကောင်းမြို့အစွန်တွင် ဖြစ်သည်။ ဗိုလ်ရွှေထီးသည် တပ်နှင့်အတူ မိုးကောင်းမြို့အနီးသို့ ရဲတင်းစွာ ချဉ်းကပ်သွားသည်။ မြို့တောင်ဘက် လွဲလောချောင်းဘက်မှ ကပ်သွားခြင်း ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်ဆီက မောင်ရွှေဝါတို့ တပ်ချခဲ့သောနေရာတွင် စခန်းချရသည်။ ချောင်းတစ်ဖက်တွင် အင်္ဂလိပ်ကင်းတပ် ရှိသည်။

ယခုအခါ လွဲလောချောင်း ထိုနေရာတွင် တံတားတစ်ခု ထိုးထားသည်။ သစ်လုံးတံတားကြီး ဖြစ်သည်။ လွဲလောချောင်းရေသည် တံတားအောက်တွင် တဟဲဟဲမြည်ကာ စီးဆင်းနေသည်။ မြို့တစ်ဖက်သို့ ရေကြောင်းတိုးမလာစေရန် ရေလွှဲတိုင်များ စိုက်ထားသည်။

ဤဘက်တွင် နွှန်းများသဖြင့် ချောင်းရေသည် အတန်ငယ်ညစ်သည်။ ရေပြင်သည် အတောင် လေးဆယ်ခန့် ကျယ်ပြောသည်။

ချောင်း၏ ဟိုဘက်ကမ်း သည်ဘက်ကမ်းတွင်ရှိနေသော တပ်နှစ်တပ်သည် တစ်တပ်ကို တစ်တပ် မြင်တွေ့နေရသည်။ အပြန်အလှန် ဟစ်အော်ဆဲရေးကြသည်။ သေနတ်ဖြင့် တစ်ချက်စ နှစ်ချက်စ လှမ်းပစ်ကြသည်။ သို့သော် မထိရောက်သဖြင့် သူ့အကဲ ကိုယ့်အကဲ ကြည့်နေကြသည်။

ဗိုလ်ရွှေထီးသည် တံတားထိပ်တွင် ရပ်နေရာမှ ဘာမပြော ညာမပြောနှင့် တစ်ဖက်ကမ်းသို့ ဖြတ်ပြေးသွားသည်။ ရန်သူက ဆီးကြိုပစ်ခတ်သည်။ သေနတ်သံများ ဆူသွားသည်။ သို့သော် ဗိုလ်ရွှေထီးကို မထိမှန်ချေ။ ဗိုလ်ရွှေထီးသည် ရန်သူများကို အတင်းဝင်ရောက် ထိုးခုတ်တော့သည်။

ရန်သူများ ဖရိုဖရဲ ဖြစ်သွားသည်။ ကျည်မိုးရွာနေသည့်ကြားမှ တံတားကို ရဲရင့်စွာဖြတ်၍ လာသောသူသည် ဗိုလ်ရွှေထီးမှန်း သိသည်နှင့်တစ်ပြိုင်နက် ရန်သူများ သွေးပျက်ကုန်ကြသည်။ အချို့ဆိုလျှင် သေနတ်ကို ပစ်ချ၍ အရူးလို အော်ဟစ်ပြေးလွှားသည်။ တစ်ဦးနှစ်ဦးဆိုလျှင် ကတုတ်ကျင်း ထဲသို့ ပြေးဝင်ပုန်းသည်။ လေးငါးခြောက်ယောက်သာလျှင် သေနတ်တွင် လှံစွပ်တပ်၍ ဗိုလ်ရွှေထီးကို ခံကြသည်။

ဤဘက်ကမ်းတွင် ကျန်ရစ်နေသော အမျိုးသားလွတ်မြောက်ရေး တပ်သားများမှာလည်း ရုတ်တရက်မို့ ငေးကြောင်နေမိကြသည်။ တစ်ဖက်တွင် ဗိုလ်ရွှေထီးနှင့်ရန်သူများ တိုက်ခိုက်နေသည်ကို ပွဲကောင်းတစ်ခုအနေဖြင့် ကြည့်နေမိကြသည်။

မြို့တွင်းမှ ရန်သူစစ်ကူများ ချက်ချင်းဆိုသလိုပင် ရောက်လာသည်။ ဗိုလ်ရွှေထီး၏ ပတ်ပတ်လည်တွင် ရန်သူများ ဝိုင်းနေသည်။ တစ်ခါတစ်ခါတွင်မှ ဗိုလ်ရွှေထီးကို မြင်ရသည်။ ထိုအခါတွင်မှ ကိုသူရတို့သည် တံတားကို ဖြတ်ကူးရန် ကြိုးစားကြသည်။ ရန်သူတို့က သေနတ်ဖြင့် ပစ်ခတ်တားဆီးသည်။ သို့သော် တစ်ဖက်ကမ်းတွင် မိမိတို့ လူတစ်ယောက်တည်း ဖြစ်နေသဖြင့် တပ်သားများလည်း တံတားကို အတင်းဖြတ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီနှင့် ကိုသူရသည် ရှေ့ဆုံးမှ ဖြစ်သည်။ ဗိုလ်ရွှေထီးကို ဝိုင်းဝန်းတိုက်ခိုက်နေသော ရန်သူအုပ်စုထဲသို့ အတင်းထိုးဝင်ရသည်။ လူသုံးယောက်ဖြစ်သဖြင့် ရန်သူ အုပ်ကွဲသွားသည်။ ကိုသူရနှင့် ကိုရွှေနီက ဆုတ်ရန်ပြောသည်။ ဗိုလ်ရွှေထီးက သူတို့စကားကို အမှတ်မပြု။ သူသည် အလွန်အမင်း မူးနေသည်။ ရန်သူများကို အတင်းလိုက်လံ ထိုးခုတ်လျက်ရှိသည်။

ယခုအခါတွင် တပ်သားအများ မိုးကောင်းဘက် ကမ်းသို့ ကူးမိကြပြီ ဖြစ်သည်။ လက်တစ်ကမ်းတိုက်ပွဲသည် ပြင်းထန်လှသည်။ သို့သော် အင်အားချင်း မမျှချေ။ ဗိုလ်ရွှေထီးတို့ဘက်မှ လူသုံးလေးဆယ်သာရှိသည်။ ရန်သူ၏ အရေအတွက်သည် တရိပ်ရိပ်တိုးနေသည်။ မြို့မြောက်ဘက် သစ်တပ်တွင် လူလေးရာခန့် ရှိသည်။ မကြာမီတွင် သူတို့ကို ရန်သူလေးရာကျော်က ဝါးမျိုပစ်လိုက်မည် ဖြစ်သည်။ သို့သော် ဗိုလ်ရွှေထီးက ဆုတ်ခွာရန် ငြင်းဆန်လျက်ရှိသည်။

ရိုးရိုးတန်းတန်းဆိုလျှင်တော့ သူတို့သည် ဗိုလ်ရွှေထီး၏အမိန့်ကို လွန်ဆန်ရန် အကြောင်းမရှိချေ။ ဗိုလ်ရွှေထီးက သေဆိုလျှင် သေကြမည့်သူချည်း ဖြစ်သည်။ သို့သော် သူတို့၏တပ်မှူးသည် စဉ်းစားဆင်ခြင်နိုင်ခြင်း မရှိလောက်အောင်ပင် မူးလျက်ရှိသည်။ ရန်သူကိုပင် ပိုင်ပိုင်နိုင်နိုင် မတိုက်ခိုက်နိုင်တော့။ သူ၏ ဓားသည် လေထဲတွင် ဝဲနေတော့သည်။ တစ်ခါတစ်ခါတွင် သူသည် အလိုလိုယိုင်သွားသည်။ ယင်းအဖြစ်ကို သိသဖြင့် ရန်သူများက သူ့ကိုဖိ၍ တိုက်နေသည်။

အခြေအနေ မဟန်တော့ပြီကိုသိသော ကိုသူရနှင့် ကိုရွှေနီတို့သည် ရန်သူများကို သဲကြီးမဲကြီး တိုက်နေသော ဗိုလ်ရွှေထီးကို အတင်းချုပ်ပွေ့ယူ၍ တစ်ဖက်ကမ်းသို့ ဆုတ်ရသည်။ ကိုသူရနှင့် ကိုရွှေနီ၏ အကြံအစည်ကိုသိသော တပ်သားများက ဆုတ်ခွာသွားသူများ အနီးသို့ ရန်သူများ မကပ်နိုင်စေရန် အကာအကွယ်ပေးကြသည်။ ဝိုင်းအုံ၍ လိုက်လာသော ရန်သူကို လှန်ထုတ်ကြသည်။ ကိုသူရတို့ တစ်ဖက်ကမ်းသို့ ရောက်သောအခါမှ တပ်သားများအားလုံး ဆုတ်ကြရသည်။ ရန်သူများသည် တံတားကို လွန်၍ မလိုက်ကြချေ။ မလိုက်ရဲကြချေ။ ဤအကြောင်းကို ကြားသိသော အမတ်ကြီးဦးဖိုးစောက...

"ရွှေထီးနဲ့အတူ တွဲနေတဲ့လူတွေကတော့ အလောင်းဖြစ်ရင်ဖြစ်၊ အလောင်းမဖြစ်ရင် သူရဲကောင်း ဖြစ်မှာပဲ"

"ဒါဖြင့် ကျုပ်တို့က သူရဲကောင်းတွေပ"

ကိုရွှေနီက ပြောလိုက်သဖြင့် သူတို့ရယ်ကြသည်။

"ဒီအတိုင်းဆိုရင်တော့ တစ်ချီချီမှာ ကျုပ်တို့ အလောင်းဖြစ်မှာ ကျိန်းသေပါတယ်"

ကိုသူရက ရယ်သွမ်းသွေးရင်း ပြောသည်။ သည့်နောက်တွင် သူသည် ဗိုလ်ရွှေထီးနှင့်အတူ တိုက်ပွဲ လေးငါးပွဲမျှ ဝင်ရပြန်သည်။ သေဘေးမှ သီသီလေး လွတ်ခဲ့ရသည်ချည်း ဖြစ်သည်။ တိုက်ပွဲပြီးသွားမှပင် "ငါမသေသေးပါကလား" ဟု စိတ်ချရသည်။ သက်ပြင်းချနိုင်သည်။

တကယ်ပင်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုသူရသည် ကံကောင်းလွန်းသဖြင့် နာမည်ကျော် မိုးကောင်းတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခွင့်ရခြင်း ဖြစ်တော့သည်။ မိုးကောင်းတိုက်ပွဲကား စာတင်လောက်ပေသည်။

## အခန်း -၅၉-

တိမ်သားကင်း၍ မိုးအပြင် နက်ရှိုင်းနေသည်။ ညသည် လရောင်ဖြင့် လင်းနေသည်။ နယုန်လဆန်း (၁၁)ရက်၊ (၁၂၅၀)ပြည့်နှစ်။

"ဒီအချိန်မျိုးမှာ အမြောက်တစ်လက်သာရှိရင် ဒင်းတို့ခံတပ် စိစိညက်ညက် ကြေသွားမယ်"

မိုးကောင်းမြစ် ညောင်ပင်ကြီးဆိပ်ကမ်းနဖူးတွင်သာ ထီးတည်းငုတ်တုတ်ရှိနေသော အင်္ဂလိပ်သစ်တပ်ကို မချင့်မရဲ ကြည့်နေရင်းမှ လဖိုင်လက လွှတ်ခနဲ ပြောလိုက်သည်။ မောင်ရွှေဝါသည် ပထမတွင် အသာပြုံး၍ နားထောင်နေသည်။ နောက်မှ သူ့ သူငယ်ချင်းကို စလိုသဖြင့်...

"အေးလေ၊ ဒါကြောင့်ပဲ နင့်ကို ရတနာပုံမှာ အမြောက်ပညာ သင်ခိုင်းတယ်။ နင်က အရက်ဆိုင်မှာ ဟိုလူဒီလူနဲ့ ရန်ဖြစ်ပြီး ပြန်လာခဲ့တယ် မဟုတ်လား"

"တော်စမ်းပါ ရွှေဝါရယ်၊ ဒီအကြောင်း မပြောစမ်းပါနဲ့ ငါဒေါသထွက်လွန်းလို့။ ဟိုခွေးတိရစ္ဆာန် ဗမာပိုလ်ကြောင့်ပေါ့"

"ဒါလောက်လည်း ဒေါသမကြီးနေပါနဲ့ သူငယ်ချင်း၊ အမြောက်မရှိလို့ စစ်မတိုက်ရဘူး မဟုတ်ပါဘူး။ နို့ပြီးတော့ အခု ငါတို့အလုပ်က သစ်တပ်ကို ခြေပစ်ဖို့ မဟုတ်သေးပါဘူး။ သူတို့ အပြင်ထွက်လာအောင် စစ်ဆွယ်ဖို့ပါ"

လဖိုင်လက တစ်ခုခုပြန်ပြောမည် ရှိစဉ်တွင် သစ်တပ်မှ သံချောင်းခေါက်သံ ထွက်ပေါ်လာသည်။ သို့ဖြင့် သူတို့ ငြိမ်၍ နားထောင်နေကြသည်။ သံချောင်းမြည်သံ ကိုးချက်တိတိ ထွက်ပေါ်လာသည်။ ထို့နောက် ဂေါ်ရခါးတပ်သားများ တစ်ဦးနှင့်တစ်ဦး အော်ဟစ်ပြောဆိုသံ ကြားရသည်။ ခဏအကြာတွင် ညသည် ပြန်လည် တိတ်ဆိတ်သွားသည်။

သူတို့ ရောက်ရှိနေရာနှင့် အင်္ဂလိပ်သစ်တပ်သည် ကိုက်ငါးဆယ်ခန့်သာ ဝေးကွာသည်။ လဖိုင်လ၏ တပ်သည် ညမိုးချုပ်စကတည်းက ဤနေရာတွင်လာ၍ ကင်းဝပ်နေခြင်းဖြစ်သည်။ အမတ်ကြီးဦးဖိုးစော၏ တပ်များသည် နေဝင်သည်နှင့် တစ်ပြိုင်နက် မိုးကောင်းမြို့ကို သိမ်းပိုက်ပြီး ဖြစ်နေသည်။ အချို့တပ် များသည် လွန်ခဲ့သည့် နှစ်ရက် သုံးရက်ကတည်းက အစပြု၍ မြို့တွင်းသို့ ရုပ်ဖျက်၍ ဝင်နှင့်ခဲ့ကြခြင်း ဖြစ်သည်။

ယခုတစ်လောတွင် တိုက်ပွဲများ အထူးပြင်းထန်လျက် ရှိသဖြင့် အင်္ဂလိပ်တပ်များသည် ကင်းသေများ ချထားခြင်း မပြုဘဲ သစ်တပ်ကိုသာ အခိုင်အမာပြု၍ နေသည်။ သစ်တပ်တွင်းမှ ထွက်၍ တိုက်ကင်းလှည့်လည်ခြင်းသာ ပြုလုပ်တတ်သည်။ နေ့အခါတွင် မိုးကောင်းမြို့တွင်း၌ တပ်သားများ သွားလာလျက်ရှိသော်လည်း နေဝင်သည်နှင့်တစ်ပြိုင်နက် အင်္ဂလိပ်တပ်သားများအားလုံး ခံတပ်တွင်းသို့ ဝင်ကြသည်။ သစ္စာဖောက်အချို့လည်း မြို့တွင်း၌ မနေရဲသဖြင့် အင်္ဂလိပ်တပ်တွင်း၌ ညအိပ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအထဲတွင် ဦးရွှေကြာနှင့် ဦးနွံမွန်တို့ ရှေ့ဆုံးမှ ပါဝင်သည်။ ဦးနွံမွန်သည် ယခုအခါ အင်္ဂလိပ်စစ်တပ်၏ အဝယ်တော် ဖြစ်နေသည်။ မကြာမီတွင် မြို့စာရေးအဖြစ်ခန့်ထားခြင်း ခံရလိမ့်မည်ဟု သတင်းပြေးနေသည်။

သံချောင်းချောက်ချက် ခေါက်ချိန်တွင် အင်္ဂလိပ်စစ်သားများ သစ်တပ်တွင်းသို့ ဝင်ရောက်သွားကြသည်နှင့် တစ်ပြိုင်နက် အမျိုးသားလွတ်မြောက်ရေးတပ်များက မြို့ကို သိမ်းပိုက်ထားလိုက်သည်။ ဟိုအိမ်တွင်တစ်ယောက် သည်အိမ်တွင်နှစ်ယောက် စသည်ဖြင့် ရှိနေကြသော တပ်သားများသည် လက်နက်များကို သိုဝှက်ထားရာမှ ထုတ်ယူ၍ သတ်မှတ်သည့် စုရပ်တွင် တပ်ဖွဲ့ကြသည်။ မြို့အနီးတဝိုက်ရှိ ရွာများတွင် တပ်ဖျောက်၍ နေနေကြသော တပ်များသည်လည်း မြို့တွင်းမှ အချက်ရသည်နှင့်တစ်ပြိုင်နက် လွှဲလောချောင်းနှင့် မိုးကောင်းမြစ်ကို ကူးဖြတ်ခဲ့ကြသည်။

အမှန်အားဖြင့်တော့ မိုးကောင်းမြို့ကို သူတို့ သိမ်းပိုက်ထားခဲ့သည်မှာ ကြာပေပြီ။ အင်္ဂလိပ်များက မြို့ကို နေ့ဘက်တွင် အုပ်ချုပ်၍ သူတို့က ညဘက်တွင် အုပ်ချုပ်သည်။ အင်္ဂလိပ်များ ခန့်ထားသော အကြီးအကဲရှစ်ဦးအနက် ဦးရွှေကြာတစ်ယောက်မှလွဲ၍ ကျန်ခုနစ်ယောက်သည် သူတို့ဘက်တွင် ဖြစ်သည်။ မြို့အုပ်ဦးဖိုးမြသည် ဦးဖိုးစောနှင့် ညီအစ်ကိုတစ်ဝမ်းကွဲ ဖြစ်သည်။ ဦးကျူးနှင့် ဦးကျေးတို့သည် လူအေးများဖြစ်ကြပြီး ဦးကုလားနှင့် ဦးဖိုးစောအပေါ်တွင် သံယောဇဉ်ရှိကြသည်။ သူတို့သည် မတတ်သာ၍ အင်္ဂလိပ်ထံတွင် အမှုထမ်းနေကြသော်လည်း အမျိုးသားလွတ်မြောက်ရေးတပ်များကို တတ်နိုင်သည့်ဘက်မှ အကူအညီပေးနေကြသည်။

တကယ်တော့ အမတ်ကြီးဦးဖိုးစောကို တစ်မြို့လုံးက ထောက်ခံလျက်ရှိကြသည်။ အမျိုးသားလွတ်မြောက်ရေးတပ်များကို တစ်မြို့လုံးက ကူညီကြသည်။ သတင်းပေးသည်။ ရိက္ခာထောက်ပံ့သည်။ ရန်သူမတွေ့အောင် ဝှက်ထားသည်။

ညအခါတွင် မြန်မာတပ်များသည် မြို့တွင်းသို့ ဝင်ထွက်သွားလာလျက် ရှိခဲ့ကြသည်။ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

နောက်ဆုံးတွင် သူတို့သည် မြို့ကို အပြီးအပိုင် ပြန်လည်သိမ်းပိုက်၍ အင်္ဂလိပ်တပ်ကို မောင်းထုတ်ရန် ဆုံးဖြတ်ကြသည်။ ယင်းကြောင့် ထိုနေ့ညတွင် တပ်များအားလုံး မြို့တွင်းသို့ ဝင်ရောက်၍ နေရာယူထားကြခြင်း ဖြစ်သည်။ တပ်မကြီးကို ဘုရားလေးဆူတွင် ချထားသည်။ လဖိုင်လ၏တပ်သည် အင်္ဂလိပ်များ ခံတပ်အပြင်သို့ ထွက်လာစေရန် သွေးဆောင်ရမည် ဖြစ်သည်။

မောင်ရွှေဝါသည် တပ်မှူးတစ်ဦး ဖြစ်သည်နှင့်အညီ တပ်များကို လှည့်လည်စစ်ဆေးရင်း လဖိုင်လ၏ တပ်တွင် ရောက်ရှိနေခြင်း ဖြစ်သည်။ သို့သော် သူသည် လဖိုင်လကို အထူးညွှန်ကြားဖွယ်ရာ မလိုချေ။ လဖိုင်လသည် သူ့ထက်ပင် စစ်ရေးကြွယ်ဝသူ ဖြစ်သည်။ သူတို့သည် သူငယ်ချင်းများ ဖြစ်သည့်အလျောက် ညှိနှိုင်းကြရုံသာ ရှိသည်။

"အလုပ်စဖို့ အချိန်တော်ပြီ"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ပြောလိုက်သည်။ လဖိုင်လက ခေါင်းညိတ်သည်။ သူ့လူများကို အသင့်ရှိရန် အချက်ပြလိုက်သည်။ လက်ရွေးစင် ကချင်တပ်သား ငါးဆယ်သည် သေနတ်ကိုယ်စီနှင့် ဖြစ်သည်။ သူတို့သည် နာမည်ကျော် မုဆိုးများ ဖြစ်ကြသည်။ စစ်ပွဲပေါင်းများစွာတွင် ပါဝင်ခဲ့ကြသည်။ တစ်ချက်ပစ်လျှင် တစ်ချက်မှန်သော လက်ဖြောင့်သူများ ဖြစ်ကြသည်။

"တို့ ဘယ်လောက်ပဲပစ်ပစ် ဟိုကောင်နှစ်ကောင်ပဲ ရမှာပဲ"

လဖိုင်လက သစ်မြို့ရိုးပေါ်တွင် ကင်းလှည့်နေသော အစောင့်စစ်သားနှစ်ဦးကို ညွှန်ပြရင်း ညည်းညူလိုက်သည်။

လရောင်သည် နေ့နှင့်မခြားအောင် လင်းပနေသည်။ သူတို့သည် မြို့၏အရှေ့မြောက်ဘက်အဖျား မိုးကောင်းမြစ်ကမ်းပါးတွင် ရှိနေကြသဖြင့် ရန်သူ့သစ်တပ်သည် အရှေ့တည့်တည့်တွင် ဖြစ်နေသည်။ ဦးမန်းတောင်ထိပ် တည့်တည့်လောက်မှနေ၍ ထိုးကျလာသော လရောင်သည် တပ်ကို သူတို့မြင်သာအောင် မီးပြပေးနေသကဲ့သို့ ရှိသည်။

သူတို့၏ မြောက်ဘက်တွင် မြစ်သည် တငြိမ့်ငြိမ့် စီးဆင်းနေသည်။ ဝဲအော်သံကိုမူ မှန်မှန်ကြီး ကြားနေကြရသည်။ တစ်ချီတစ်ချီတွင် တောင်လေသင့်၍ ဘုရားလေးဆူမှ ဆည်းလည်းသံများကို ကြားရသည်။ လရောင်တွင် သွေးကွက်များ ထင်ပေတော့မည်။

"မင်းနဲ့ငါနဲ့ တစ်ယောက်တစ်ကောင်စီပေါ့ကွယ်"

မောင်ရွှေဝါက လက်ထဲမှ ရိုင်ဖယ်ကို ချိန်သည်။ ခပ်တိုးတိုးပြောသည်။ သူသည် ရိုင်ဖယ် တစ်လက်မက ရခဲ့ပြီဖြစ်သော်လည်း ရွှေဘိုနယ်တွင် ကျန်ရစ်သော သေနတ်လောက် စိတ်ကြိုက်မတွေ့ချေ။

"မြောက်ဘက်က အကောင်ကို နင်ယူ"

လဖိုင်လက ခွဲဝေသည်။

"ကောင်းတာပ။ တဲထဲရောက်အောင် ပစ်ချလိုက်မယ်"
"ကဲ"

ထို့နောက် သေနတ်သံနှစ်ချက် ပြိုင်တူပေါ်ထွက်လာသည်။ ရန်သူ အစောင့်တပ်သား နှစ်ယောက် စလုံး ကားခနဲကျသွားသည်။ တစ်ယောက်က အတွင်းဘက်သို့ကျ၍ တစ်ယောက်က အပြင်ဘက်သို့ ကျသည်။ လဖိုင်လ ကြိုတင်ညွှန်ကြားထားသည့်အတိုင်း ကချင်တပ်သားများက ဆယ့်လေးငါးချက် ဆက်၍ ပစ်လိုက်သည်။ သစ်တပ်အတွင်း ပွက်လောရိုက်သွားသည်။ ခရာတွတ်သံ၊ သံချောင်းခေါက်သံ၊ အော်ဟစ်သံ၊ ပြေးလွှားသံများကို အတိုင်းသား ကြားရသည်။ သစ်ကိုင်းများအထက်တွင် ခေါင်းပြူလာသူနှစ်ဦးကို ပစ်ချလိုက်ကြပြန်သည်။ သည့်နောက်တွင်ကား သစ်တပ်အတွင်း ရန်သူ၏အသံကို ကြားရသော်လည်း ဦးထုပ်ကိုသော်မျှ မမြင်ကြရတော့ချေ။

MMCYBERMEDIA
COMMUNITY FOR ALL

ပြန်လည် ပစ်ခတ်ခြင်းလည်း မပြုချေ။ ရန်သူတို့သည် မိမိတို့၏ အရိပ်အကဲကို စောင့်ကြည့်နေဟန် တူသည်။ လဖိုင်လသည် သူ့လူဆယ်ယောက်ခန့်ကို အသေအချာမှာကြား၍ ထိုနေရာမှာပင်ထားခဲ့ပြီးနောက် သူနှင့်အခြားလူ လေးဆယ်ခန့်သည် ခံတပ်၏တောင်ဘက်သို့ ပြေးသွားကြသည်။ မောင်ရွှေဝါသည် လဖိုင်လ၏လူ ဆယ်ယောက်နှင့်အတူ ထိုနေရာမှာပင် နေခဲ့သည်။ လဖိုင်လတို့၏ လှုပ်ရှားမှုနှင့် သစ်တပ်၏ အရိပ်အခြည်ကို အာရုံမပြတ် ကြည့်နေသည်။

ရန်သူခံတပ်သည် ငြိမ်ချက်သားကောင်းနေသည်။ လရောင်တွင် လဖိုင်လတို့လူစု နေရာရွှေ့ပြောင်း လျက်ရှိသည်ကို ရိပ်ခနဲ ရိပ်ခနဲ မြင်နေရသည်။ သို့သော် လှမ်း၍ ပစ်ခတ်ခြင်း မပြုချေ။ လဖိုင်လတို့သည် ခံတပ်၏ တောင်ဘက်တည့်တည့်သို့ ရောက်ရှိသွားကြသည်။ ထိုမှနေ၍ ခံတပ်ကို ပစ်ခတ်ကြပြန်သည်။ ထို့နောက် သေနတ်သံများသည် တဖြည်းဖြည်းလျော့ပါး၍ သွားသည်။ အတန်ကြာသော် လုံးဝ လျော့သွားသည်။ လဖိုင်လတို့ ဆုတ်ခွာသွားကြပြီ ဖြစ်သည်။

သေနတ်သံများ ပျောက်သွားပြီး တစ်နာရီခန့်အကြာမှ သစ်တပ်အတွင်းမှ ရန်သူများ ထွက်လာသည်။ တောင်ဘက်အပေါက်မှထွက်ခြင်း ဖြစ်သည်။ မောင်ရွှေဝါက ရန်သူ့အင်အားကို ရေတွက်ကြည့်နေသည်။ နှစ်ရာထက်နည်းမည် မဟုတ်ချေ။ လရောင်အောက်တွင် ရန်သူစစ်သားများကို အထင်းသား မြင်တွေ့နေသောအခါ ကချင်တပ်သားများလည်း လက်ယားလျက်ရှိကြသည်။ သို့ရာတွင် သူတို့၏တာဝန်သည် စောင့်ကြည့်နေရန်သာဖြစ်ကြောင်း ဘုရားလေးဆူစခန်းသို့ သတင်းပို့ရန်သာ ဖြစ်ကြောင်းကို မောင်ရွှေဝါက ထပ်၍ သတိပေးရသည်။ အင်္ဂလိပ်တပ်များသည် လဖိုင်လတို့ဆုတ်ရာ လမ်းကြောင်းအတိုင်း တောင်စူးစူးသို့ ချီတပ်သွားကြသည်။ ချက်ချင်းပင် ကချင်ခြေမြန်တစ်ဦးသည် သတင်းပို့ရန် ထွက်သွားသည်။

မောင်ရွှေဝါလည်း မြို့အနောက်ဘက်မှပတ်၍ ဘုရားလေးဆူသို့ ပြန်ခဲ့သည်။ မြို့အနောက်ဘက်တွင် မိမိတို့၏ အရံတပ်များ ရှိသည်။ အရေးအကြောင်းရှိ၍ မြို့မှဆုတ်ခွာရလျှင် အနောက်ဘက်မှပင် ဆုတ်ရမည်ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားလေးဆူသို့ မသွားမီတွင် ယင်းတပ်များနှင့် ယင်းလမ်းကြောင်းကို စစ်ဆေးဦးမည်ဟု အကြံရှိခြင်း ဖြစ်သည်။ ဘုရားလေးဆူသို့ မရောက်မီတွင် တိုက်ပွဲများ ဖြစ်ပွားလျှင်လည်း မြို့အနောက်ပိုင်းတွင် တပ်များ စည်းကမ်းတကျ ထိန်းသိမ်းပေးရန် လိုအပ်သည်ဟု ယူဆသည်။ အရန်တပ်များကို ကွပ်ကဲရန် တာဝန်ရှိသူမှာ ကိုရွှေနီ ဖြစ်သည်။ သို့သော် ကိုရွှေနီသည် သည်အချိန်တွင် ဌာနချုပ်စခန်း၌ ရောက်ရှိနေနိုင်သည်။

မြို့သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ အသံ မကြားရ။ မီးရောင် မမြင်ရ။ သို့ရာတွင် လရောင်သည် အားကောင်းလှသဖြင့် ညီအစ်ကို ကွဲပြားခြားနား သိနိုင်သည်။ ကင်းသမားများလည်း တာဝန်မလစ်ရှိသည်ကို မောင်ရွှေဝါ တွေ့ရသည်။ မြို့သူမြို့သားများသည် တပ်များတွင် သွားရောက် ကူညီလုပ်ဆောင်ပေးလျက် ရှိကြသည်။

မောင်ရွှေဝါသည် မြင်တွေ့ရသော မြို့အခြေအနေကို ကျေနပ်နှစ်သက်စွာဖြင့် လျှောက်လာနေစဉ် သူ့ရှေ့၌ သုတ်သုတ်သွားနေသော လူတစ်ယောက်ကို မြင်ရသဖြင့် စိတ်စနိုးစနောင့် ဖြစ်သွားသည်။ ထိုသူသည် လရောင်အောက်တွင် ပြောင်ပြောင်တင်းတင်း မသွားဘဲ မှောင်ရိပ်ခိုသွားနေသည်။ မကြာခဏ

MMCYBERMEDIA
COMMUNITY FOR ALL

ဆိုသလိုပင် ဘေးနှစ်ဖက်ကို ဖျတ်ခနဲ ဆတ်ခနဲ လှည့်ကြည့်သည်။ မောင်ရွှေဝါက သတိရှိသည့်အနေဖြင့် မှောင်ရိပ်တွင်းသို့ ဝင်လိုက်သည်။ သူထင်သည့်အတိုင်းပင် ရှေ့မှလူသည် နောက်တည့်တည့်သို့ ကျီးကန်းတောင်းမှောက် လှည့်ကြည့်သည်။ ထို့နောက် ခပ်သုတ်သုတ် သွားနေပြန်သည်။ မောင်ရွှေဝါသည် မှောင်ရိပ်အတိုင်းခြေကျမြန်မြန် ခြေသံလုံလုံဖြင့် လိုက်သွားသည်။

ကျွန်တော်မရသွားနေသူသည် စောင်ပါးတစ်ထည်ကို ခေါင်းမြီးခြုံထားသည်။ သို့သော် သွားပုံလာပုံကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သူသိသည်။ နောက်ဘက်သို့ မကြာခဏ လှည့်ကြည့်သော်လည်း စောင်ရိပ်ကျသဖြင့် မျက်နှာကို သဲကွဲစွာ မမြင်တွေ့ရချေ။ တပ်စခန်းတွင် စားသောက်ဖွယ်ရာများ လာရောက်ပြုလုပ်ပေးသော အမျိုးသမီးများ ရှိသော်လည်း ဤအမျိုးသမီးကဲ့သို့ကား မြို့တွင်း၌ တစ်ယောက်တည်း ခိုးကြောင်ခိုးဝှက် သွားလာခြင်း မရှိချေ။ ယောကျ်ားအဖော်များနှင့်သာ သွားလာကြသည်။ ဤအမျိုးသမီး၏ အသွားအလာမှာ သူ မသင်္ကာစရာ ရှိလှသည်။

ရှေ့မှသွားနေသော အမျိုးသမီးသည် သစ်ရိပ်တစ်ခုတွင် ရုတ်တရက် ရပ်လိုက်သည်။ ရှေ့တွင် လမ်းဆုံရှိ၍ ဖြစ်သည်။ အမျိုးသမီးသည် မည်သည့်ဘက်သို့များ သွားရမည်နည်းဟု ချိန်ဆနေဟန် ရှိသည်။ တောင်ဘက်သို့သွားလျှင် ဘုရားလေးဆူသို့ ရောက်မည်၊ အနောက်ဘက်သို့ချိုးလျှင် အရန်တပ်သို့ ရောက်မည်။ နောက်ဆုံးတွင် အမျိုးသမီးသည် တောင်ဘက်သို့ သွားမည့်ဟန်ဖြင့် ခြေလှမ်းပြင်လိုက်သည်။ သို့ရာတွင် မောင်ရွှေဝါသည် အမျိုးသမီး၏ နောက်ဘက်တွင် ရောက်ရှိနေပြီဖြစ်သဖြင့် သူမ၏လက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲ၍ လှည့်လိုက်သည်။

"အမေ့"

အမျိုးသမီးသည် အထူးပင် ထိတ်လန့်သွားဟန်ဖြင့် လွှတ်ခနဲ အော်လိုက်သည်။ ထို့နောက် မောင်ရွှေဝါကို ကြောက်ကြောက်ရွံ့ရွံ့မော့ကြည့်သည်။ သူမ၏ မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာမှ အံ့အားသင့်သည့် အသွင်သို့ ပြောင်းသွားသည်။ နောက်ခဏချင်းမှာပင် အံ့သြသည့်အသွင်မှ ဝမ်းမြောက်သည့်မျက်နှာထား ဖြစ်လာသည်။ သူမ၏ မျက်နှာသည် လအရောင်တွင် ဝင်းစိုနူးညံ့၍လာသည်။ ပတ္တမြားကဲ့သို့ နီမြန်းသွေးဝင်လာသည်။ နှုတ်ခမ်းသည် တစ်ဖြည်းဖြည်းချင်း တွန့်၍ ပြုံးလိုက်သည်။

အမျိုးသမီးသည် လက်နှစ်ဖက်ဖြင့် သူ့လက်မောင်းကို ပြန်၍ ဆုပ်ကိုင်ထားလိုက်သည်။ မောင်ရွှေဝါမှာမူ ယခုထက်ထိ အံ့သြမှု မပြယ်သေးဘဲ ရှိနေသည်။ အမျိုးသမီးကို သူစိုက်၍ ကြည့်နေသည်။ အမျိုးသမီးသည် သူ့ရှေ့တွင် တကယ်ရှိနေခြင်း မဟုတ်ဘဲ ကိုယ်ထင်ပြနေခြင်းဟု ထင်မိသည်။

ဤအမျိုးသမီးနှင့်သူ မတွေ့သည်မှာ ကြာပြီဖြစ်သည်။ သူက မေ့လျော့၍ပင် နေခဲ့ပြီ ဖြစ်သည်။ ဤသို့ ရှိရာမှ ယခုလို အချိန်မျိုးတွင် ပြန်းဆို တွေ့လိုက်ရတော့ သူက စကားမပြောနိုင်ဘဲ ရှိရတော့သည်။

"သိပ်ပြီး အံ့သြနေသလား"

မထုံးရီက လှုပ်ရှားသောလေသံဖြင့် မေးလေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟုတ်တယ်"

"တို့များ သူ့ကို ဒါလောက် လွယ်လွယ်နဲ့ ရှာတွေ့လိမ့်မယ်လို့ မထင်ခဲ့ဘူး"

သည်တွင် မောင်ရွှေဝါသည် အံ့အားသင့် ငေးငိုင်နေရာမှ အသိဝင်လာသည်။ မျက်နှာ ခက်ထန်သွားသည်။ လေသံပြတ်ပြတ်ဖြင့်...

"ဩ၊ ဒါက ကျုပ်ကို လိုက်ရှာနေတာလား"

"သူ မယုံဘူးလား"

"ယုံစရာကြီးပဲနော"

"မောင်ငယ်က သိပ်ပြီး စိမ်းကားတာပဲ"

"ဘဝချင်း မတူတော့ဘူး"

အမျိုးသမီးက သူ့ကို နားမလည်သည့်အနေဖြင့် ကြည့်သည်။

"ကျုပ်တို့က အင်္ဂလိပ်တွေရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးမယ့်လူတွေ။ အင်္ဂလိပ်တွေဆီမှာ ကျေးကျွန်ခံတဲ့ လူတွေ မဟုတ်ဘူး"

"တို့များ ဒါတွေ နားမလည်ပါဘူး"

ဆွဲငင်သည့်လေဖြင့် မထုံးရီက စကားပြန်သည်။

"ကိုယ်ထမင်းစားနေတဲ့အလုပ် ကိုယ်နားမလည်ဘူးဆိုတာ ဟုတ်မတဲ့လား။ အခုပဲ ကျုပ်တို့ တပ်အခြေအနေတွေကို ခိုးကြောင်ခိုးဝှက် ထောက်လှမ်းနေတယ် မဟုတ်လား။ နို့မှ မဟုတ်ရင် အင်္ဂလိပ်တပ်ကို သတင်းသွားပေးမလို့ မဟုတ်လား"

"မောင်ငယ် အထင်မှားနေပြီ။ ဒီကိစ္စတွေမှာ တို့မှာ ဘာမှ မပတ်သက်ဘူး။ တို့ အခုထွက်လာတာ တကယ်ပဲ မောင်ငယ်နဲ့ တွေ့ရအောင်"

"ဘယ်သူ ယုံမလဲကော"

"တို့များ တကယ်ပြောတာပါ။ မြို့ထဲမှာ အမတ်ကြီးဦးဖိုးစောရဲ့တပ်တွေ ရောက်နေတယ်။ မောင်ငယ်နဲ့ မောင်ငယ်ရဲ့အစ်ကို ပါတယ်ကြားလို့ တွေ့ရအောင် ထွက်လာခဲ့တာ"

"ကျုပ်တို့ကို တွေ့ရအောင်လာတာ ဒီလိုပဲ ခိုးကြောင်ခိုးဝှက်လား"

"အချိန်လင့်နေပြီ မဟုတ်လားမောင်ငယ်။ တခြားသူတွေရဲ့ စိတ်သဘောကိုလည်း မသိနိုင်ဘူး မဟုတ်လား။ မောင်ငယ်တို့နဲ့ တစ်ခါတည်းတွေ့ဖို့ မမျှော်လင့်ပါဘူး။ ရွာက လူတစ်ယောက်ကို အရင် ကြည့်ခိုင်းခဲ့တယ်။ မောင်ငယ်တို့ရှိရာကို ပို့ခိုင်းမယ်လို့ အောက်မေ့ခဲ့တယ်။ ခုတော့ ကံကောင်းထောက်မလို့ မောင်ငယ်နဲ့ တစ်ခါတည်း တွေ့ရတယ်"

အမျိုးသမီးက ရှင်းပြလျက်ရှိသည်။ သူ့စိတ်တွင် ဇဝေဇဝါ ရှိလာရသည်။ ဤအမျိုးသမီးသည် သစ္စာဖောက်အမှုများတွင် ကိုယ်တိုင်ကိုယ်ကျ ရှိချင်မှ ရှိပေမည်။ သူတို့ ညီအစ်ကိုကို ရှာဖွေသည်ဆိုခြင်းမှာ ဖြစ်နိုင်သည်။ ဤအမျိုးသမီးသည် စိတ်ထဲတွင် ရှိသည်ကို ဖြစ်အောင် လုပ်တတ်သူတည်း။ ထားတော့။ သူတို့ကို တကယ်ပဲ တွေ့ချင်၍ အပန်းတကြီး လိုက်ရှာနေသည်ပဲ ရှိစေတော့။ ကဲ သူတို့ကို သူမက ဘာကိစ္စနဲ့များ ရှာပါလိမ့်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်လို အရေးအကြောင်းများရှိလို့ ကျုပ်တို့ကို ရှာရတာလဲ"
"တို့များ ရွာကို ပြန်ချင်တယ်"

အမျိုးသမီးထံမှ မမျှော်လင့်သောအဖြေကို ကြားလိုက်ရသဖြင့် သူက မျက်မှောင်ကြုတ်လိုက်မိသည်။

"ဘယ်သူက မပြန်ရဘူး ပြောသလဲ"
"တို့များရဲ့လူက ရွာကို မပြန်ရဲဘူး"

အမျိုးသမီးက မောင်ရွှေဝါ၏မျက်နှာကို အကဲခတ်ရင်း "တို့များရဲ့လူ" ဟူသော စကားကို သုံးလိုက်သည်။ ဦးနွဲ့မွန်ကို ဆိုလိုခြင်း ဖြစ်သည်။

"သူက သစ္စာဖောက်ပဲ၊ ဘယ်ပြန်ရဲမလဲ"

နာကြည်းခြင်း ပြင်းစွာဖြင့် သူကဆိုသည်။

"နို့ပေမယ့် တို့များကတော့ ရွာကိုလွမ်းလှပြီ"
"ဘာတတ်နိုင်မလဲကော"
"မောင်ငယ်နဲ့ ရွာကို လိုက်ပါရစေ"

သူမ၏စကားကြောင့် သူလန့်သွားသည်။ သူ့ကိုယ်ပေါ်မှ သူမ၏လက်ကို ဖယ်ချလိုက်သည်။ ထို့နောက်မှ သူ့စိတ်ကို ထိန်းရင်း...
"ကျုပ်မှ ရွာမပြန်ဘဲ"
"ပြန်တဲ့ အခါပ"
"စစ်တလင်းမှာ သေချင်သေမှာပဲ"

အမျိုးသမီးသည် ခေတ္တမျှ မျက်နှာညှိုးသွားပြီး...
"ရွာကို လိုက်ပို့ပါလား"
"ဟိုကျတော့ ဘယ်သူနဲ့နေမှာလဲ"
"မောင်ငယ် စီစဉ်ပေးပ"

မထုံးရီသည် သူ့ကို ရွှန်းရွှန်းစားစား ကြည့်နေသည်။ သူက ယခုအခါ အမျိုးသမီးကို မျက်လုံးချင်းဆိုင်၍ မကြည့်ရဲဘဲ ရှိတော့သည်။

"ကျုပ်သွားမယ်"

သူက ခပ်ကျယ်ကျယ်ပြောလိုက်သည်။

"တို့များကို ပစ်ထားခဲ့တော့မလား"

မထုံးရီက သူမ၏ လက်နှစ်ဖက်ကို သူ့ပခုံးပေါ်သို့ တင်လိုက်သည်။ သူ့ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ ပြီးတော့မှ ပူရှိန်းရှိန်း ဖြစ်လာသည်။

သူ့ကိုယ်ပေါ်မှ ဖယ်ရှားပစ်ရန် အမျိုးသမီး၏လက်များကို ဆုပ်ကိုင်လိုက်သည်။ သို့သော် စိတ်ကူးသည့်အတိုင်း ချက်ချင်း မလုပ်ဖြစ်သေးဘဲ အမျိုးသမီးကို မျက်တောင်မခတ် စိုက်ကြည့်မိသည်။

ဤအမျိုးသမီးသည် သူဖခင်၏ ဇနီးတည်း။ ဤအမျိုးသမီးသည် တစ်ချိန်က သူ့အစ်ကိုနှင့်အတူ ပေါင်းသင်းခဲ့သူတည်း။ ဤအမျိုးသမီးသည် ထို့အရင်အချိန်က သူ၏ အရင်နီးဆုံးသော အမျိုးသမီးမိတ်ဆွေ တစ်ဦးတည်း။ ဤအမျိုးသမီးသည်...။

သူက မထုံးရီ၏လက်များကို ဆတ်ခနဲ တွန်းဖယ်ပစ်လိုက်သည်။

ထို့နောက်သူက ဘာမှ မပြောဘဲ ထိုနေရာမှ လျင်မြန်စွာ ထွက်ခဲ့သည်။

သူ့ကိုယ်တွင် ချွေးသီးချွေးပေါက်များနှင့်။

## အခန်း -၆၀-

"ဘယ်လိုများ အရေးထူးလာလို့လဲ မောင်ရွှေဝါရဲ့။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲလို့ပါကလား"

သူတို့ရှိရာသို့ ရေးကြီးသုတ်ပြာနှင့် ရောက်လာသော မောင်ရွှေဝါကို ဆင်ကန်ရွာမှ ပန်းရန်ဆရာကြီးက ဆီးကြို၍ မေးသည်။ သူ့အဖြစ်နှင့်သူမို့ အစမယ်တော့ မောင်ရွှေဝါ လန့်သွားသည်။ နောက်မှ ကက္ကန္ဓြေဆည်၍...

"လဖိုင်လတို့တပ်က သတင်းပို့တာရပြီ မဟုတ်လား။ ကျွန်တော်လည်း တိုက်ပွဲမီအောင် အပြေးအလွှား လာခဲ့ရတယ်။ ချွေးထွက်တာတော့ အရမ်းပဲ။ ကနေ့ည အိုက်လည်း နည်းနည်း အိုက်တယ်"

သူက နဖူးမှ ချွေးများကို သုတ်ပစ်ရင်း အဖြေပေးသည်။

"လေအငြိမ်များတယ်။ နို့ပေမယ့် ဒါလောက်ကြီးလည်း မအိုက်လှပါဘူးကွယ့်။ စိတ်ကလည်း စောနေကြလို့ပါ"

အဘိုးကြီးက ယင်းသို့ပြောပြီး နေရာမှထသွားသည်။ အခင်းကြီး၊ အခင်းငယ် သွားလိုဟန်ဖြင့် ဝင်သွားသည်။ စကားဝိုင်းတွင် အမတ်ကြီးဦးဖိုးစော၊ ကိုရွှေနီ၊ ငွေ့ထုံဝါတို့ ရှိကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဗိုလ်ရွှေထီးကော"

မောင်ရွှေဝါက မေးလိုက်သည်။ ဦးဖိုးစောက...

"တပ်ဦးမှာ ရောက်နေပြီ"

"တပ်ဦးက ဘယ်မှာလဲ"

ဦးဖိုးစောက အရှေ့တောင်ယွန်းယွန်းကို လက်ညှိုးထိုးပြသည်။

"လဖိုင်လရဲ့ တပ်ကော"

"တပ်ဦးကင်းပ"

"ရန်သူက ဘယ်ရောက်နေပလဲ"

"မြို့တောင်ဘက် လယ်ကွင်းထဲမှာ"

"ဘာလုပ်နေသလဲ"

"တပ်ချထားတယ်"

"မတိုက်သေးဘူးလား"

"ဖြည်းဖြည်းပေါ့ မောင်ရွှေဝါ။ ရန်သူကို အယုံသွင်းတဲ့အခါမှာ စိတ်ရှည်ရမယ်။ တို့တပ်တွေဟာ မြို့ပြင်မှာရှိရမယ်လို့ သူတို့ ထင်နေတယ်။ မြို့ထဲမှာရှိတယ်လို့ သူတို့ မထင်ဘူး။ ဒီတစ်ခါ သူတို့သစ်တပ်ကို ပစ်ရအောင်လာရင် ဆီးတိုက်မယ်ဆိုပြီး မြို့ပြင်မှာ စခန်းချထားတာ။ သူတို့ဟာ ဘယ်နည်းနဲ့မှ ဒီနေရာမှာ မိုးလင်းအောင် မနေဘူး။ အလွန်ဆုံးနေရင် သန်းခေါင်ကျော်အထိပဲ။ သန်းခေါင်ကျော်လောက်ကျရင် တို့မရှိတော့ဘူး။ တို့မလာတော့ဘူးလို့ စိတ်အေးပြီး တပ်ပြန်ခေါက်လိမ့်မယ်။ ဒီတော့မှ တို့က အလစ်မှာ တိုက်ရမယ်ကွယ့်။ တိန်ရာကထောင်းမှာ တိုက်တုန်းကလိုပကွယ်"

အမတ်ကြီးဦးဖိုးစောက စိတ်ရှည်လက်ရှည် ရှင်းပြသည်။ သူက အတန်ကြာ တိတ်ဆိတ်နေပြီးမှ...

"ရန်သူတွေ တပ်ပြန်ခေါက်ရင် လာလမ်းအတိုင်း ဆုတ်မလား"

"ဒါတော့ အတပ်မပြောနိုင်ဘူး မောင်ရွှေဝါ၊ မြို့အပြင်ကပဲ ပြန်ချင်ပြန်မယ်။ မြို့ထဲဖြတ်ပြီး ပြန်ချင်ပြန်မယ်"

"မြို့ထဲကို ဖြတ်ပြီးပြန်ရင်တော့ ကျွန်တော်တို့နဲ့ အံကျတိုးမှာပဲ"

"ကောင်းတာပကွယ်"

"ကျွန်တော်က ဘယ်တပ်က တာဝန်ယူရမှာလဲ"

"တို့များနဲ့အတူ အလယ်တပ်မကပဲပ"

"အစ်ကိုရွှေနီနဲ့ ငွေ့ထုံဝါကော"

"တို့နဲ့အတူပ"

"အရန်တပ်တွေ ဘယ်သူကြည့်မလဲ"

"ဆရာကြီးတို့ ကြည့်လိုက်မယ်"

သူက တပိုးတပါးသွားရာမှ ပြန်လာသော ပန်းရန်ဆရာကြီးကိုကြည့်ရင်း ပြောသည်။

"အနောက်ပိုင်းကို ဝင်ခဲ့သေးလား"

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီက မေးသည်။ မောင်ရွှေဝါက ခေါင်းညိတ်သည်။

"ဘာတွေ ထူးသေးသလဲ"

မောင်ရွှေဝါသည် စိတ်မလုံသဖြင့် လန့်သွားသည်။ ဆုတ်ဆိုင်းဆိုင်း ရှိနေပြီးမှ…
"ဘာမှ မထူးပါဘူး"

ထို့နောက် သူတို့သည် ရန်သူအင်အားနှင့် သူတို့အင်အားကို နှိုင်းယှဉ်ကြည့်လိုက်ကြသည်။ မည်သို့မည်ပုံ တိုက်ရမည်ကို အသေးစိတ်ဆွေးနွေးကြသည်။

"အဲဒါကြီးတွေက ဘာလုပ်မလို့လဲ"

လူသုံးလေးယောက်က ရာဝင်အိုးကြီးတစ်လုံးကို တွန်းလှိမ့်၍ ယူလာသည်။ ထိုနေရာ တစ်ဝိုက်မှာပင် စဉ့်အိုးကြီးကို ထောင်နေကြပြန်သည်။ သည်တော့မှ ခပ်လှမ်းလှမ်းတွင်လည်း စဉ့်အိုးများရှိနေသည်ကို သူ သတိပြုမိသည်။

"ရွှေထီးရဲ့ အစီအမံပကွယ်"
"ဘယ်လို အစီအမံမျိုးလဲ"

ဦးဖိုးစောက သူ့စကားကို ပြန်မပြော။ စဉ့်အိုးများသို့ ငေးစိုက်၍ ကြည့်နေသည်။ မျက်နှာမူရာသည် အတန်ငယ်တင်းလျက်ရှိသည်။ မောင်ရွှေဝါက သို့လောသို့လော ဖြစ်ရသည်။ သူကြည့်နေစဉ်မှာပင် အမျိုးသမီးလေးငါးဦးသည် ရေအိုးကိုယ်စီဖြင့် စဉ့်အိုးများအနီးသို့ ရောက်ရှိလာကြသည်။ ရေအိုးကို သွန်ချလိုက်သည်။ စဉ့်အိုးထဲတွင် အခံရှိသည့်အသံ ကြားရသည်။ ချဉ်စော်နံသောအနံ့ကြီး စူးစူးဝါးဝါး ထွက်ပေါ်လာသည်။

"အရက်တွေပါလား"

မောင်ရွှေဝါက တအံ့တသြ ရေရွတ်လိုက်သည်။ ဟုတ်ကြောင်းပြောသည့်အနေဖြင့် ကိုရွှေနီက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"များလှချည်လား။ မလွန်လွန်းဘူးလား"

မောင်ရွှေဝါက ဦးဖိုးစောကို မျက်လုံးချင်းဆိုင်၍ မေးသည်။

"တို့ဆီက ယောကျ်ားတွေက အရက်သောက်တာ မဆန်းပါဘူး။ မောင်ရွှေဝါလည်း အနည်းအကျဉ်းတော့ သောက်တာပဲ မဟုတ်လား"

MMCYBERMEDIA
COMMUNITY FOR ALL

"အရက်သောက်တာကို ပြောတာ မဟုတ်ပါဘူး။ များတာကို ပြောတာပါ။ ဒီလိုပဲ သောက်နေကြတာ ကျွန်တော်သိတာပဲ။ နို့ပေမယ့် အခုဟာက မလွန်လွန်းဘူးလား။ ရာဝင်အိုးကြီးနဲ့ ထည့်ပြီး သောက်ကြမယ်ဆိုတာ ကြားပဲကြားဖူးပါဘူး"

"လူတွေကလည်း အများကြီးပဲကို"

"ဘယ်လောက်ပဲ လူများများ ဒီစဥ့်အိုးတွေ ကုန်အောင်သာသောက်ရင်တော့ ရန်သူနဲ့ မတိုက်ရခင် အားလုံးမူးပြီး လဲကုန်ကြမှာပဲ"

"ခက်တာက ဒီလိုကွယ့်။ ဒီဥစ္စာက ရွှေနီ့ရဲ့ အစီအမံချည်းလည်း မဟုတ်ဘူး။ သူကတော့ ကြိုက်တဲ့သူဆိုတော့ ရာဝင်အိုးနဲ့တိုက်လည်း မူးအောင်သောက်မှာပဲ။ ကျည်တောက်နဲ့ တိုက်လည်း မူးအောင်သောက်မှာပဲ။ အခြားသူတွေလည်း သူတို့ဘာသာသူတို့ ရှာပြီးသောက်ကြမှာပဲ။ ဒီတော့ အားလုံး အလွယ်တကူ သောက်ကြရအောင် စီစဥ်ပေးရရင် မကောင်းဘူးလားလို့ သူက တို့များကို တိုင်ပင်တယ်။ လူကြီးတွေလည်း ရှိပါတယ်။ တို့များကလည်း အနည်းအကျဥ်း သောက်တာကိုတော့ သဘောကျတယ်ကွယ့်။ ဒါမှ လူသစ်တွေဟာ ကြောက်စိတ်ပြယ်သွားမယ်။ ပွဲမတိုးဘူးတဲ့လူတွေ နလုံးငြိမ်မယ်"

"အရက်သောက်မှ စစ်တိုက်ရဲတာ ဆိုတာတော့ မကောင်းဘူး။ အင်္ဂလိပ်ကို ကျွန်တော်တို့တိုက်တာ အရက်မူးလို့မှ မဟုတ်ဘဲ"

"ဒီလိုမျိုး တစ်ချက်လွှတ်မပြောနဲ့ မောင်ရွှေဝါ။ ဒီမှာ တိုက်ဖို့လိုက်လာတဲ့ လူတွေဟာ သတ္တိပြောင်တဲ့ သူရဲကောင်းတွေချည်း မဟုတ်ဘူးကွယ်။ စစ်အတတ်မှာ တစ်ဖက်ကမ်းခပ်တဲ့ လူတွေ မဟုတ်ဘူးကွယ့်။ ဒီအထဲမှာ သေရမှာ ကြောက်တဲ့လူတွေ အများကြီးပါတယ်။ စစ်မတိုက်ချင်တဲ့လူတွေ အများကြီးပါတယ်။ ဒါဖြင့်ရင် မေးစရာရှိတယ်။ စစ်မတိုက်ချင်ဘဲနဲ့၊ စစ်မတိုက်တတ်ဘဲနဲ့၊ သေရမှာ ကြောက်ရက်သားနဲ့ ဘာပြုလို့ တပ်ထဲလိုက်လာသလဲလို့ မေးစရာရှိတယ်။ အဲဒီ့မှာ မောင်ရွှေဝါပြောတဲ့ စကားကို ပြန်ကောက်ရမယ်။ တို့များဟာ အရက်မူးလို့ ဘုရင့်လူတွေကို တိုက်ခဲ့တာ မဟုတ်ဘူး။ တို့များဟာ အရက်မူးလို့ အင်္ဂလိပ်ကို တိုက်တာ မဟုတ်ဘူး။ တို့ဟာ သူရဲကောင်းကြီးတွေ ဖြစ်ချင်လို့၊ စစ်တိုက်ချင်လို့၊ သွေးဆာလို့ ဘုရင့်လူတွေကို၊ အင်္ဂလိပ်တပ်တွေကို တိုက်တာ မဟုတ်ဘူး။ မလွှဲသာလို့ တိုက်ကြရတာကွယ့်။ မတိုက်မဖြစ်လို့ တိုက်ကြရတာ။ သူတို့က တို့ကို နှိပ်စက်လို့၊ သူတို့က တို့ကို တမင်သက်သက် လာတိုက်လို့ တို့က ပြန်တိုက်ရတာ။ ဘုရင့်လူတွေက ဘာမှမလုပ်ရင် တို့က ဘာမှလုပ်စရာ မလိုဘူး။ အင်္ဂလိပ်တို့က သူတို့ပြည်မှာ သူတို့နေရင် တို့က သူတို့ကို တိုက်နေစရာ မလိုဘူး။ အခုဟာက သူတို့က ရန်စလို့ ငါတို့က ရှိတဲ့အား၊ ရှိတဲ့လက်နက်၊ ရှိတဲ့ကိုယ်ခံနဲ့ တွန်းလှန်ကြရတာ။ တို့များရဲ့ လူတွေဟာ လစာတော်ရတဲ့ စစ်သားတွေ မဟုတ်ဘူး။ အရေးကြုံလို့ လယ်ထဲက တက်လာရတဲ့ လူတွေ။ သူတို့မှာ စိတ်ရှိပေမယ့် လက်တွေ့ကျတော့ ပွဲမတိုးဘူးသေးလို့ တိုက်ပွဲသံ ကြားတာနဲ့တစ်ပြိုင်နက် ဘာလုပ်ကြရမှန်း မသိတော့ဘူး။ သွေးလေ အသွားအလာက ကပြောင်းကပြန် ဖြစ်ကုန်ကြတယ်။ ဒါကို တို့က ပါးစပ်ကလည်း အားပေးစကားပြောရမယ်။ စစ်အတတ်၊ စစ်သဘောကိုလည်း သင်ပေးရမယ်။ အေး၊ အရက်နည်းနည်းပါးပါး သောက်တာလည်း မမှားဘူးပေါ့ကွယ်။ သွေးပူလာတာပ။ ဖျတ်ဖျတ်လတ်လတ် ရှိလာတာပ။ မောင်ရွှေဝါ တစ်ချက်လွှတ် ပြောသလို အရက်မူးလို့ အင်္ဂလိပ်ကိုတိုက်တာ မဟုတ်ဘူး။ စစ်တိုက်လို့ကောင်းအောင် အရက်နည်းနည်း သောက်တာကွယ့်"

"အရက်သောက်တာကို ကျွန်တော်က မပြောပါဘူး၊ သောက်ပါ၊ သောက်ကြတာပဲ၊ နို့ပေမယ့် ရာဝင်အိုးကြီးတွေ တည်ပေးတာကို ပြောတာပါ၊ များလွန်းလို့ပါ၊ လွန်မှာစိုးလို့ပါ"

မောင်ရွှေဝါက သူ့စကားကို မလျှော့ဘဲ ရှိနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒါက ဒီလို မောင်ရွှေဝါရဲ့။ အရက်သောက်တာကို တားမြစ်လို့ မရနိုင်မယ့် အတူတူ၊ သူတို့ဘာသူတို့ သောက်ကြမည့် အတူတူတော့ တို့က စီစဉ်ပေးမယ်ဆိုပြီး စီစဉ်ပေးကြတာပဲ။ နဂိုသဘောကတော့ ဒါလောက်များဖို့ မဟုတ်ပါဘူး။ အနည်းအကျဉ်း အာဆွတ်ရုံလောက်ပါပဲ။ နို့ပေမယ့် တို့အစီအစဉ်ကို မြို့ကလူတွေကို ပြောပြလိုက်တော့ သူတို့က စေတနာသန်ပြီး အခုလို ရာဝင်အိုးကြီးတွေ ဖြစ်လာတာပဲ"

မောင်ရွှေဝါက သက်ပြင်းတစ်ချက်ချလိုက်သည်။ မြို့သူမြို့သားများက စေတနာပိုခြင်းဆိုသည်မှာ ဖြစ်နိုင်သည်။ သူတို့ကသာ လိုချင်သည်ဆိုလျှင် ဘာမဆို အသင့်ဖြစ်အောင်၊ အလျှံပယ်ဖြစ်အောင် ပြုလုပ်ပေးကြမည် ဖြစ်သည်။

ညနေကဆိုလျှင် ထမင်းထုတ်တွေ ပိုနေသည်။ အရေးပေါ် သစ်ကတုတ်များ ပြုလုပ်သည်ဆို၍ အိမ်ဝင်းတိုင်များကို နုတ်ယူလာကြသည်။ စပါးကျီများကိုဖျက်၍ ခွဲစိတ်ပြီး သစ်များပေးကြသည်။ သို့ဖြင့် ဘုရားလေးဆူတစ်ဝိုက်တွင် သစ်ကတုတ် အမြောက်အမြားသည် မိုးဦးကာလ၌ မှိုပွင့်များပေါ်သကဲ့သို့ ညတွင်းချင်း ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မြို့သူမြို့သားများသည်း အမျိုးသားလွတ်မြောက်ရေးတပ်များနှင့် တစ်သားတည်းရှိနေသည်။ ရေအပြင်ကို ခွဲခြား၍ မရသကဲ့သို့ ရှိသည်။

အချို့နေရာတွင် စေတနာလွန်သည်ဟုပင် ပြောရမည်။ သူတို့သည် တပ်သားများအတွက် အရက်အိုးကြီးများ ချထားပေးရုံမက အင်္ဂလိပ်တပ်များနှင့် ရင်ဆိုင်တိုက်သောအခါ မိုးကောင်းအပျို အများအပြားသည် တပ်သားများသောက်ရန် အရက်ကို ကိုယ်တိုင်ကိုယ်ကျ ခပ်၍ ပေးကြသည်။ တိုက်ပွဲသည် ဦးဖိုးစော ခန့်မှန်းသကဲ့သို့ သန်းခေါင်သာသာတွင် မဖြစ်ဘဲ နံနက်အရုဏ်ကျင်းမှပင် ဖြစ်သည်။

မြန်မာတပ်များက မိုးကောင်းမြို့နှင့် မိမိတို့သစ်တပ်ကို စီးနင်းတိုက်ခိုက်လိမ့်မည်ဆိုသော သတင်းသည် ဆောင်းမကုန်မီကတည်းက ပျံ့နှံ့ထွက်ပေါ်နေခြင်း ဖြစ်သည်။ အင်္ဂလိပ်တပ်မှူးများသည် ဤသတင်းကို နားမဆံ့အောင် ကြားခဲ့ရပြီ ဖြစ်သည်။ ဦးရွှေကြာတို့သည် ဤသတင်းကို နေ့တိုင်းပြောခဲ့သည်။ သို့သော်လည်း မြန်မာများသည်း မိုးဦးကျအထိ မိမိတို့သစ်တပ်ကို အလုံးအရင်းနှင့် မတိုက်လာဘဲ ရှိသည်။ မတိုက်နိုင်၍လည်း ဖြစ်သည်။ မိုးကောင်းမြို့ အနီးတဝိုက်တွင် မိမိတို့တပ်များ မွှေနှောက်ထားသည်။ အမတ်ကြီးဦးဖိုးစော၏ လူများကို ရာနှင့်ချီ၍ မတွေ့ကြရတော့ချေ။ အလွန်ဆုံး တွေ့ရလျှင် နှစ်ဆယ်မျိုး သုံးဆယ်မျိုးသာ ဖြစ်သည်။ သို့နှင့်တိုင် ဦးဖိုးစောတို့က မိမိတို့အား တိုက်လိမ့်မည်ဟူသော အပြောကို ဦးရွှေကြာက မလျှော့ဘဲရှိသည်။ ထပ်တလဲလဲ သတိပေးခဲ့သည်။ ဤရှမ်းအဘိုးကြီးသည် မိမိတို့အပေါ် သစ္စာရှိသော်လည်း ဦးဖိုးစောတို့ကို ကြောက်လွန်းလှသည်ဟု အင်္ဂလိပ်တပ်မှူးများက မှတ်ယူခဲ့ကြသည်။

ယနေ့ညတွင်လည်း ဦးရွှေကြာသည် သစ်တပ်အတွင်းသို့ နေမဝင်မီမှာပင် ရေးကြီးသုတ်ပြာနှင့် ရောက်လာသည်။ မြို့ထဲတွင် ဦးဖိုးစော၏လူများ ရောက်နေပြီဟု ဆိုသည်။ မိမိတို့ကို ယနေ့ညမှာပင် အလုံးအရင်းနှင့် တိုက်ကြလိမ့်မည်ဟု ဆိုသည်။ သူပြောသည်ကို ယုံရခက် မယုံရခက် ဖြစ်သည်။ သူပြောသလောက် မှန်ချင်မှမှန်မည်ဖြစ်သော်လည်း ဟုတ်သလောက်တော့ ဟုတ်သည်။ မြို့တွင်းသို့ ဦးဖိုးစော၏လူများ ဝင်ထွက်နေသည်ကို မိမိတို့သိသည်။ သို့သော် လက်ပူးလက်ကြပ် ဖမ်းမိနိုင်ရန်

MMCYBERMEDIA
COMMUNITY FOR ALL

ခက်သည်။ အိမ်တစ်အိမ်ကို မိမိတို့က တပ်နှင့်ဝိုင်း၍ ရှာလျှင် မြန်မာတပ်သား မတွေ့ရ။ ထိုအိမ်သူအိမ်သားများနှင့် ထိုသူတို့၏ ဆွေမျိုးများသာ တွေ့ရသည်။ သူတို့ကို မြန်မာတပ်သားဟု ပြောနိုင်ရန် အထောက်အထား မရှိချေ။ တစ်ခုပဲရှိသည် မြို့များရွာများအားလုံးကို မီးတိုက်၍ လူများအားလုံးကို သတ်ပစ်နိုင်ခဲ့လျှင်ကား မပြောတတ်။

မြန်မာတပ်များကို အလွယ်တကူနှင့် လည်းကောင်း၊ အလျင်အမြန် နှိမ်နင်း၍ လည်းကောင်း မရနိုင်မှန်းသိသော်လည်း မိမိတို့ကို အလုံးအရင်းနှင့် လာတိုက်နိုင်သည့် အခြေအနေမျိုးမရှိဟုလည်း အင်္ဂလိပ်တပ်မှူးများ မှတ်ယူထားကြသည်။ မိမိတို့သည် မြန်မာတစ်ပြည်လုံးရှိ ခုခံတိုက်ခိုက်နိုင်သော တိုင်းရင်းသားများကို လူပေါင်းလေးသောင်းကျော်၊ ငါးသောင်းခန့်ဖြင့် အပြင်းအထန် ချေမှုန်းနှိမ်နင်းနေကြသည် မဟုတ်ပါလား။

ညကိုးနာရီကျော်လောက်တွင်မူ ဦးဖိုးစော၏လူများသည် သစ်တပ်အနောက်ဘက်မှနေ၍ ရုတ်တရက် ပစ်ခတ်ကြသည်။ မိမိတို့ဘက်မှ အစောင့်စစ်သားလေးဦး ကျဆုံးခဲ့ရသည်။ ရန်သူအင်အားသည် များပြားလှပုံ မရှိချေ။ လရောင်တွင် မြင်တွေ့ရသည်မှာ ရှမ်းလူမျိုးများထက် ကချင်လူမျိုး ဖြစ်ဟန် ရှိသည်။ မြန်မာများသည် စစ်ပရိယာယ်ပြုလုပ်၍ အခြားနေရာမှ ရုတ်တရက် တိုက်ခိုက်မည်စိုးသဖြင့် သစ်တပ်အနောက်ဘက်မှ လာရောက်ပစ်ခတ်ကြသူများကို ထွက်၍ မတိုက်ခိုက်ကြချေ။ သူတို့အား ပစ်ခတ်ကြသူများ တောင်စူးစူးသို့ ဆုတ်ခွာသွားကြသည်ကို ကြည့်နေခဲ့သည်။ သို့ရာတွင် အင်အားကြီးမားသော ရန်သူတပ်သည် မည်သည့်နေရာမှ ထွက်ပေါ်လာခြင်း မရှိချေ။

သို့ဖြင့် တပ်မှူးများဖြစ်ကြသည့် ဗိုလ်အိုဒေါ်နယ်နှင့် ဗိုလ်အိလိယော့တို့သည် သစ်တပ်မှ ထွက်ကြရန် ဆုံးဖြတ်သည်။ သူတို့သည် တိုက်ကင်းသက်သက် မဟုတ်ဘဲ စိတ်ဓာတ်ချောက်ချားနေသော မြို့သူမြို့သားများ မိမိတို့အပေါ်တွင် အထင်ကြီးစေရန် တပ်အင်အား ခင်းကျင်းပြလိုသည့်သဘောရှိသဖြင့် တပ်ခွဲနှစ်ခွဲအပြည့် ခေါ်ဆောင်သွားကြရန် စီစဉ်သည်။ ဤတွင် ပြဿနာတစ်ခုပေါ်သည်။ ဦးရွှေကြာသည် လည်းကောင်း၊ ဦးနွံမွန်သည် လည်းကောင်း မိမိတို့တပ်နှင့်အတူ မလိုက်ပါရဲဘဲ ရှိနေကြသည်။ မိမိတို့သည် ဦးဖိုးစော၏တပ်များက ချုံခိုတိုက်ခိုက်ခြင်းကို အမှန်တကယ်ပင် ခံကြရမည်ဟု သူတို့က ဆိုသည်။ နောက်ဆုံးတွင် အင်္ဂလိပ်တပ်မှူးနှစ်ဦးသည် ဦးရွှေကြာတို့ မပါဘဲနှင့် သစ်တပ်မှ ထွက်ခဲ့ကြသည်။ သစ်တပ်တွင် ညအိပ်သော အခြားတိုင်းရင်းသား သုံးလေးဦးကလည်း လမ်းပြအဖြစ် မလိုက်ရဲကြချေ။

ရန်သူများသည် မြို့တောင်ဘက်ဘုရားများတွင် ခိုအောင်းလျက်ရှိသည်ဟု ဦးရွှေကြာတို့က ပြောလိုက်သဖြင့် သူတို့သည် လယ်ကွင်းများကို ဖြတ်၍ မြို့တောင်ဘက်သို့ ချီတတ်ခဲ့ကြသည်။ ရန်သူတပ်၏ တောင်ပံကို ရိုက်ချိုးရန် ဖြစ်သည်။ မြို့တောင်ဘက် လယ်ကွင်းများသို့ ရောက်သောအခါ သူတို့ တပ်ချသည်။ မည်သည့်ရန်သူတောင်ပံကိုမျှ မတွေ့ရ။ မြို့တွင်း၌လည်း ရန်သူရှိသည့်အသံ မကြားရ၊ အရိပ်အခြည်မတွေ့ရ။ သူတို့သည် နံနက်အရုဏ်တတ်ချိန်ထိ ရန်သူကို စိတ်ရှည်လက်ရှည် စောင့်ခဲ့သည်။ သို့သော် ရန်သူများသည် မြို့အနီးအနားမှာပင် ရှိကြတော့ဟန်မတူ။ ညဉ်းပိုင်းက နာရီဝက်ခန့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် တစ်ခါတည်း ဆုတ်သွားကြဟန်ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အရုဏ်ကျင်းချိန်တွင် အင်္ဂလိပ်တပ်များသည် သစ်တပ်သို့ပြန်ရန် စီစဉ်သည်။ ရန်သူများသည် မြို့တွင်း၌ တပ်အခိုင်အမာချထားကြောင်း၊ မိမိတို့သစ်တပ်နှင့် ကိုက်တစ်ရာခန့်သာဝေးကြောင်းဖြင့် ဦးရွှေကြာနှင့် ဦးနွဲ့မွန်က ပြောလိုက်သည်။ သူတို့နှစ်ဦး၏ ပြောစကားသည် မဖြစ်နိုင်ချေ။ မည်သို့ဆိုစေ မိမိတို့သည် မြို့သူမြို့သားများကို တပ်အင်အား ပြရမည်ဖြစ်သဖြင့် မြို့တွင်းသို့ ဝင်ရမည် ဖြစ်သည်။ သို့ကြောင့် အင်္ဂလိပ်တပ်သည် လာလမ်းအတိုင်း မြို့ပြင်မှ မပြန်ဘဲ မြို့တွင်းမှဖြတ်၍ သစ်တပ်ကို ပြန်လေသည်။ ဦးရွှေကြာ ပြောသောနေရာကို ကြည့်ရှုရန် စီစဉ်သည်။

အင်္ဂလိပ်တပ်သည် မြို့အစွန်တွင်ရပ်၍ မြို့၏အရိပ်အကဲကို ကြည့်သည်။ တစ်မြို့လုံး အိပ်မောကျလျက်ရှိသည်။ တပ်မှူးများသည် အသေအချာ နားစွင့်ခြင်းရှိသော်လည်း မည်သည့် အသံဗလံမျှ မကြားရချေ။ နောက်ဆုံးတွင် သူတို့သည် မြို့တွင်း၌ မြန်မာတပ်များ မရှိနိုင်ဟု အခိုင်အမာ ယုံကြည် ယူဆပြီးနောက် မြို့တွင်းသို့ ဝင်ခဲ့ကြသည်။

ဘုရားစေတီများအနီးသို့ ရောက်သောအခါ ရှမ်းဘာသာ၊ ကချင်ဘာသာများဖြင့် ဟစ်အော်ကြွေးကြော်သံများကို သူတို့ ရုတ်တရက်ကြားရသည်။ ထို့နောက် သူတို့၏ ရှေ့တည့်တည့်နှင့် လက်ယာဘက်မှ သေနတ်သံများ ထွက်ပေါ်လာသည်။ ရန်သူ၏ ပစ်ခတ်မှုသည် ခပ်မှန်မှန် ထွက်ပေါ်လာနေသည်။ အရမ်းကာရောပစ်နေခြင်းမဟုတ်။ လက်မှန်းလက်ဆလည်း ကောင်းလှသည်။

ဗိုလ်အိုဒေါ်နယ်နှင့် ဗိုလ်အီလီယော့သည် တပ်ကိုနေရာယူစေရသည်။ ရှောင်တခင် တိုက်ခိုက်ခြင်းကို ခံလိုက်ရသဖြင့် ပထမအချီတွင် မိမိတို့ဘက်မှ အကျအဆုံး များပြားလှသည်ကို ထိတ်လန့်ခမန်း တွေ့ရသည်။ များမကြာမီမှာပင် မြန်မာတပ်က သူတို့ကို လေးဖက်လေးတန်မှ ဝိုင်း၍ အပြင်းအထန် တိုက်ခိုက်နေသည်ကို တွေ့ရတော့သည်။ အပြင်းအထန် ခုခံကြသည်။ သေနတ်သံများ ကြားသဖြင့် သစ်တပ်တွင်းမှ စစ်ကူများ ချက်ချင်းရောက်လာသည်။ သို့ရာတွင် ရန်သူအင်အားသည် တပ်ရင်းတစ်ရင်းသာ ရှိပြီး နေရာကောင်း စွဲယူမိထားသဖြင့် မိမိတို့ကို အတင်းဖိ၍ တိုက်နေသည်။ ရန်သူ ပစ်လွှတ်လိုက်သော ကျည်တစ်တောင့်သည် ဗိုလ်အီလီယော့၏ခြားကို ထိမှန်သည်။

ဝေါ်ရခါးတပ်သားများသည် ရန်သူ၏ဝိုင်းရံတိုက်ခိုက်မှုကို တွန်းလှန်နိုင်ရန်အတွက် လက်တစ်ကမ်း တိုက်ပွဲများကို အသည်းထိတ်ဖွယ်ကောင်းလောက်အောင် ဆင်နွှဲလျက်ရှိသည်။ နှစ်ဖက်စလုံးမှ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်လျက်ရှိသဖြင့် တိုက်ပွဲသည် ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ နှစ်ဖက်အကျအဆုံးသည် ကြောက်မက်ဖွယ်ရာ ဖြစ်သည်။ ဘုရားစေတီများ အကြားတွင် အလောင်းချင်းထပ်နေသည်။ လက်တစ်ကမ်းတိုက်ပွဲသည် ပြင်းထန်သည်နှင့်အမျှ အချိန်ကာလည်း ရှည်ကြာလှသည်။ နှစ်ဖက်စလုံးသည် ဤနေရာမှာပင် အသေခံကြတော့မည်ကဲ့သို့ ရှိသည်။ အရုဏ်တတ်တွင် စခဲ့သောတိုက်ပွဲသည် နေလုံးပေါ်ချိန်တွင် ပို၍အားကောင်းလာသည်။ အကြိတ်အနယ် ဖြစ်လာသည်။

မြန်မာတပ်သားများသည် အကြောက်အလန့် အတွန့်အဆုတ်မရှိ တိုက်ခိုက်နေကြသည်။ တပ်သားသစ်များမှာလည်း ကိုယ့်လက်ချက်ကြောင့် ရန်သူတစ်စုံတစ်ယောက် ကျမကျကို အသေအချာ မသိရသော်လည်း မိမိတို့ဘက်မှ တစ်ပြိုင်နက်ပစ်ခတ်မှုကြောင့် ရန်သူ အတုံးအရုံးကျသည်ကို မြင်ရသောအခါ သွေးပူလာကြသည်။ စိတ်ကြွလာကြသည်။ အားတက်သရော ဖြစ်နေကြသည်။ တပ်သားဟောင်းများမှကား လွန်ခဲ့သည့်သုံးလေးနှစ်ကတည်းက ရန်သူအမျိုးမျိုးနှင့် တိုက်ပွဲအဖုံဖုံ

MMCYBERMEDIA
COMMUNITY FOR ALL

ဆင်နွှဲခဲ့ကြရသဖြင့် စစ်ရည်ဝနေသည်။ အင်္ဂလိပ်တပ်များနှင့် အကြိမ်ပေါင်းများစွာပင် ရင်ဆိုင်ခဲ့ဖူးပြီ ဖြစ်၍။ ရန်သူ၏အလေ့အထကို ကောင်းကောင်းကြီး သိနေကြပြီဖြစ်သည်။ သို့ဖြင့် မြန်မာတပ်သားများသည် ဇာတိမာန် တက်ကြွနေသည်က တစ်ကြောင်း၊ မိမိတို့ဘက်မှ အသာစီးရနေသည်က တစ်ကြောင်း၊ အတော်ကလေးလည်း မူးနေကြပြီဖြစ်သည်က တစ်ကြောင်းကြောင့် အထိန်းအချုပ်မရှိ တိုက်ခိုက်နေကြသည်။

တပ်ဦးမကျိုးစေရန်၊ ရန်သူ၏ကျော့ကွင်းသို့ မသက်ဆင်းမိစေရန်၊ မလိုအပ်ဘဲနှင့် မိမိတို့ဘက်မှ အကျအဆုံးမရှိစေရန် မြန်မာတပ်မှူးများက ကွပ်ကဲထိန်းသိမ်းနေရသည်။ သို့ရာတွင် နှစ်ဖက်တပ်သားများ ရောထွေးလျက် လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်နေသည့်အတွက် ညွှန်ကြားကြပ်မတ်ရသည်ကလည်း မလွယ်ကူလှချေ။

ဖေ့ထုံဝါတိမ်ဖူးသည် ဒဏ်ရာရသော ကချင်ရဲဘော်တစ်ဦးကို ပခုံးပေါ်တွင် ထမ်း၍ တပ်နောက်ပိုင်းသို့ လာခဲ့သည်။ နေရောင်ဝင်းဝင်းတောက်နေပြီ ဖြစ်သဖြင့် ရန်သူများသည် သေနတ်ကို ကောင်းစွာ အသုံးချလျက်ရှိသည်။ ပစ်ကွင်းရလျှင် မလွတ်တမ်းပစ်သည်။ ရှုပ်ယှက်ခတ်နေသော ရှေ့တန်းနှင့် နောက်တန်း အဆက်အသွယ်မပြုနိုင်ရန် အထူးကြိုးပမ်း ဖြတ်တောက်လျက် ရှိသည်။

အဓိက စစ်တလင်းသည် စေတီများ အကြားတွင် ဖြစ်သည်။ အင်္ဂလိပ်တို့က တောင်ဘက်တောငယ်ကို ဌာနချုပ်ပြုလုပ်ထားသည်။ မြန်မာတို့က မြောက်ဘက် မြို့စွန်အိမ်များကို ဌာနချုပ်ပြုလုပ်သည်။ စေတီများနှင့် မြို့စွန်အိမ်များအကြားတွင် တောပြတ်၍ ကွက်လပ်ဖြစ်နေသည်။ ယင်းကွက်လပ်ကိုဖြတ်၍ ဆုတ်ခွာသွားသူများ၊ ယင်းကွက်လပ်ကိုဖြတ်၍ အထောက်အကူပြုလာသူများကို အင်္ဂလိပ်လက်ဖြောင့်တပ်သားများက သစ်ပင်ထက်မှနေ၍ နှောင့်ယှက်ပစ်ခတ်ကြသည်။ အကာအကွယ်မရှိ၍ အစောပိုင်းတွင် အတော်ကလေး ထိပါးရသည်။

အမတ်ကြီးဦးဖိုးစောသည် ယင်းအဖြစ်ကို သိမြင်သည်နှင့် တစ်ပြိုင်နက် မြို့တွင်းမှ လှည်းအိမ်များကို ဆွဲယူစေပြီး ယင်းကွက်လပ်တွင် ချထားလိုက်သည်။ ဘုရားပွဲတွင် ခိုက်ရန်ဖြစ်ပွား၍ ထိုးကြ၊ ခုတ်ကြ၊ ပစ်ကြသောအခါတွင် လှည်းများအကြားတွင် ပုန်းအောင်းကြရသည်ကို လည်းကောင်း၊ လှည်းတစ်စီး အောက်မှ လှည်းတစ်စီးအောက်သို့ ကူးဝင်ရှောင်တိမ်းရသည်ကို လည်းကောင်း အမှတ်သတိရ၍ ယင်းသို့ စီစဉ်ပြုခြင်း ဖြစ်သည်။

တိမ်ဖူးသည် ကွက်လပ်ကိုဖြတ်ရန်ရှိသောအခါ ဒဏ်ရာရသူကို ပခုံးပေါ်တွင် ထမ်းယူသွား၍ မဖြစ်နိုင်တော့သဖြင့် ရှေ့တွင် ပွေ့ယူသွားရသည်။ လှည်းများအကြားတွင် ကုန်းငုံ့၍ ပြေးကြရသည်။ သူ့ကို တွေ့မြင်သည်နှင့်တစ်ပြိုင်နက် ရန်သူတို့က အလွတ်မပေးပစ်ခတ်ကြသည်။ အပေါ်စီး၍ ပစ်သဖြင့် ကျည်တို့သည် မြေသို့စိုက်၍ဆင်းသည်။ လှည်းအိမ်များသာ အခုအခံ ပြုမနေခဲ့ပါလျှင် တိမ်ဖူးတို့ နှစ်ယောက်သည် ကျည်ဖောက်ခံရမည် မလွဲချေ။ နောက်ဆုံး လှည်းဘေးသို့အရောက်တွင် တိမ်ဖူးသည် ဒဏ်ရာရသူကို ရင်ဝယ်ပိုက်ထားရင်းနှင့် မြေကြီးပေါ်သို့ ဟပ်ထိုးလဲကျသွားသည်။ အဆိုပါ နောက်ဆုံးလှည်းသည် ခြောက်စထောင်လှည်းယဉ်ကလေးသာ ဖြစ်သည်။ အထုထည်ပါးသဖြင့် ရန်သူ့ကျည်သည် လှည်းကို ပွတ်ရှပ်၍ တိမ်ဖူး၏ပေါင်ကို ထိမှန်လေသည်။ တိမ်ဖူးနှင့်ဒဏ်ရာရသူတို့၏

MMCYBERMEDIA
COMMUNITY FOR ALL

ရှေ့ပိုင်းများသည် လှည်းအကွယ်၏ရှေ့တွင် ရောက်နေကြသည်။ ရန်သူပစ်ကွင်းဖြစ်နေသည်။ သစ်ပင်ထက်မှ ကျည်များ အဆက်မပြတ် စိုက်ဆင်းလာနေတော့သည်။

တိမ်ဖူးသည် မိမိတွင်ရသောဒဏ်ရာကို အမှုမထားဘဲ မြင်းတစ်လျားခုန်လောက်သာလှမ်းကွာသော အိမ်အကွယ်သို့ လိမ့်သွားရန် ကြိုးစားသည်။ သူနှင့်အတူ ဒဏ်ရာရသူ ရဲဘော်ကို အပါလိမ့်ယူသွားရန် စိတ်ကူးရှိသည်။ သို့ရာတွင် ဒဏ်ရာရနေသော ရဲဘော်သည် တစ်ကိုယ်လုံးသွေးခြင်းခြင်းရဲ၍ ကယောင်ကတမ်း ညည်းညူလျက်ရှိသည်။ သူ၏ ပေါင်တစ်ဖက်မှာလည်း တန်းနေသည်။

ရန်သူ့ကျည်များသည် သူတို့အနီး မြေကြီးပေါ်သို့ကျလာသည်။ ထိုစဉ်တွင် အိမ်အကွယ်မှ ရှမ်းအမျိုးသမီးကလေးနှစ်ဦးသည် ပြေးထွက်လာသည်။ ရန်သူက အငြိုးတကြီး ပစ်ခတ်နေသည့်ကြားမှပင် သူတို့သည် ဒဏ်ရာနှင့် လဲနေသူနှစ်ဦးကို အတင်းဆွဲယူသွားကြသည်။ မကြာမီမှာပင် သူတို့သည် ရန်သူကျည်လမ်းမှ လွတ်မြောက်သွားကြသည်။ တိမ်ဖူးက အမျိုးသမီးငယ်များကို ချီးမွမ်းသည့်အနေဖြင့် ကြည့်သည်။

မကြာမီမှာပင် မြောက်ဘက်မှ အမျိုးသမီးသုံးလေးဦးပြေးလာပြီး သူတို့ကို အိမ်တစ်အိမ်ထဲသို့ သယ်ယူသွားကြသည်။ ထိုတွင် အခြား ဒဏ်ရာရသူများကို တွေ့ရသည်။ အမျိုးသမီးများနှင့် လူကြီးအချို့သည် ဒဏ်ရာရသူများကို ကိုယ်ဖိရင်ဖိ ပြုစုကုသလျက်ရှိသည်။ ဒဏ်ရာမပြင်းထန်သူများသည် ချက်ချင်းပင် စစ်တလင်းသို့ ပြန်ကြသည်။

တိမ်ဖူးတို့ ရောက်လာသည့်အချိန်တွင် မောင်ရွှေဝါသည် ရှေ့တန်းသို့ ပြန်သွားရန် ခြေလှမ်းပြင်နေစဉ် ဖြစ်သည်။ သူ့တစ်ကိုယ်လုံးတွင် သွေးခြင်းခြင်းရဲလျက် ရှိသည်။ မောင်ရွှေဝါသည် သူ့ကိုဆွဲထားသော အမျိုးသမီးများလက်မှ အတင်းရုန်းကန်၍ ထွက်လာခြင်းဖြစ်သည်။ သူသည် တိမ်ဖူးကို တွေ့မြင်သောအခါ စိုးရိမ်တကြီးဖြင့်...

"ဝေ့ထုံဝါ နင် ဘာဖြစ်တာလဲ"

"ငါ ဘာမှ မဖြစ်ပါဘူး။ လနော်တို့ကို လာပို့တာပါ။ ငါ ပေါင်မှာ နည်းနည်းပွန်းတာပါ။ နင်သွားနှင့်၊ ငါအခုပဲ လာခဲ့မယ်"

ဝေ့ထုံဝါက ယင်းသို့ပြောသောအခါ စစ်တလင်းမှ ပစ်သံခတ်သံများကို ကြားနေရသောအခါ မောင်ရွှေဝါသည် အိမ်ထဲမှ ပြေးထွက်သွားသည်။

သူ့တစ်ကိုယ်လုံးတွင် သွေးများခြင်းခြင်းနီနေသည်မှာ မှန်သော်လည်း သူ့သွေးများ မဟုတ်ချေ။ အခြားသူတို့၏ သွေးများသာ ဖြစ်သည်။ ခေါင်းတွင် တစ်စုံခုနှင့် ဆောင့်မိ၍သာ သူသည် လူသေများကြားတွင် သတိလစ်နေခဲ့ခြင်းဖြစ်သည်။ သူ့ကို နောက်တန်းသို့ သယ်ယူလာသူမှာ လဖိုင်လ ဖြစ်သည်။ လဖိုင်လသည် သူတို့ကို ထားခဲ့ပြီး ချက်ချင်းပင် ရှေ့တန်းသို့ ပြန်သွားသည်။ မောင်ရွှေဝါလည်း သတိရသည်နှင့် တစ်ပြိုင်နက် ရှေ့တန်းသို့ပြန်ရန် ပြင်သည်။ အမျိုးသမီးများက ခေတ္တမျှ နားနေရန် ဆွဲထားသည်။ ယခုအချိန်သည် မျက်စိတစ်မှိတ်ခန့်မျှ နားနေရန် မဟုတ်ချေ။

MMCYBERMEDIA
COMMUNITY FOR ALL

နေရောင်သည် ရင့်သည်ထက် ရင့်လာသည်။ တိုက်ပွဲသည် ပြင်းသည်ထက် ပြင်းလာသည်။ မကြာမီတွင် အဆုံးအဖြတ်ပေးသည့်ကာလသို့ ရောက်ပေတော့မည်။ ဗိုလ်စောကိုယ်တိုင် တပ်ဦးတွင် ကွပ်ကဲတိုက်ခိုက်လျက်ရှိသည်။

ကိုရွှေနီသည် အရန်တပ်ကိုအနောက်ဘက်မှကွေ့၍ ခေါ်သွားပြီး ရန်သူဗျူဟာနချုပ်ကို နစ်ကြိမ် သုံးကြိမ်မျှ ထိုးဖောက်၍ တိုက်ခဲ့ပြီး ဖြစ်သည်။ ရန်သူအင်အားကောင်းသဖြင့် မပေါက်မမြောက်ချေ။

သည်အချိန်တွင် ရန်သူတပ်အချို့သည် အရှေ့စူးစူးဖောက်ဝင်၍ မိမိတို့နောက်ပိုင်းကို ချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည်။ ဗိုလ်ရွှေထီးနှင့် ကိုသူရတို့က အကြိတ်အနယ်တိုက်၍ နေရသည်။ သည်လိုအချိန်မျိုးတွင် မည်သူက အနားယူ၍ နေနိုင်မည်နည်း။

မောင်ရွှေဝါသည် ကွက်လပ်ကိုဖြတ်ကူးရန် လှည်းများဆီသို့ ပြေးမည်အပြုတွင် ကျည်တစ်တောင့်သည် သူ့ရှေ့မြေကြီးကို လာ၍ထိမှန်သည်။ မြေစာများ ဖွာခနဲ ဖြစ်သွားသည်။ သူက ကိုယ်ကို နောက်သို့ပြန်၍ ကြုံ့လိုက်သည်။

"မောင်ကြီး နည်းနည်းလောက် သောက်ပါဦး"

သူ့နောက်ဘက်မှ အမျိုးသမီးတစ်ဦး၏အသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် မောင်ရွှေဝါ လန့်သွားသည်။ သူက ရှေ့မှရန်သူအကြောင်း စဉ်းစားနေခိုက် ဖြစ်သည်။ နောက်သို့လှည့်ကြည့်သောအခါ သူ့ကို ပြုံး၍ ကြည့်နေသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ အရွယ်ငယ်ငယ်ပဲ ရှိသေးသည်။ အပျိုဖြစ်ဟန် ရှိသည်။ အထိုက်အလျောက်လှပသည်။ အမျိုးသမီးက သူ့ကို နီးခွက်တစ်ခွက် ကမ်းပေးနေသည်။ သူမ၏ အင်္ကျီလက်တွင် သွေးများစွန်းထင်နေသည်။ မောင်ရွှေဝါက နီးခွက်ကို လှမ်းယူ၍ တစ်ကျိုက်မော့လိုက်သည်။ သူ့ကိုယ်သည် ပူနွေး၍သွားသည်။ အလေးချိန်တစ်ဝက်လောက် ပေါ့သွားသည်ဟု ထင်သည်။ ထို့ကြောင့် ကျန်ရှိသော အရက်ကို ကုန်အောင်သောက်၍ နီးခွက်ကို ပြန်၍ ပေးလိုက်သည်။

"သိပ်အရဲ မကိုးနဲ့ နမ။ ရန်သူ့ကျည်တွေက ပျားတွေပျံနေသလိုပဲ"
"ကျုပ်မကြောက်ပါဘူး မောင်ကြီး"

အမျိုးသမီးငယ်က ယင်းသို့ပြောပြီးနောက် ရှေ့သို့ထွက်သွားသည်။ ဒဏ်ရာရသူတစ်ဦး သူတို့နှင့် မလှမ်းမကမ်းသို့ ဒယိမ်းဒယိုင်နှင့် ရောက်လာသည်ကို တွေ့မြင်၍ ဖြစ်သည်။ အမျိုးသမီးသည် ထိုသူကို ချက်ချင်းပင် တွဲခေါ်သွားသည်။

မောင်ရွှေဝါက လှည်းများအနီးသို့ ပြေးသွားရန် အိမ်အကွယ်မှ ခေါင်းပြူထွက်၍ အရိပ်အခြည် ကြည့်လိုက်သည်။ ကျည်တစ်တောင့်သည် သူ့ခေါင်းအထက် အိမ်နံရံကို ဖောက်သွားသည်။ ခွေးမသားအကောင်သည် သူ့ကိုစောင့်၍ပစ်နေသလား မသိ။ ချက်ချင်းပင် စိတ်ကူးတစ်ခုရ၍ မောင်ရွှေဝါသည် အိမ်ထဲသို့ ပြေးဝင်သွားသည်။ ထို့နောက် ခေါင်တိုင်ကိုဖက်၍ တက်သွားသည်။ ခေါင်သို့ရောက်သောအခါ သက်ငယ်ကိုဖောက်၍ တောအုပ်ဆီသို့ ကြည့်သည်။ သစ်ပင်ပေါ်မှ ရန်သူများကို

MMCYBERMEDIA
COMMUNITY FOR ALL

မြင်ရသည်။ သို့ဖြင့် သူသည် ထုပ်ပေါ်တွင်မတ်တတ်ရပ်၍ သေနတ်ပြောင်းကို ခေါင်မိုးပေါက်မှထုတ်ကာ ရန်သူကို အသေအချာချိန်တွယ်၍ ပစ်လိုက်သည်။ ညောင်ပင်ထက်မှ ရန်သူသည် ကားခနဲ ကျသွားသည်။ မကြာမီ သူရှိရာ အိမ်ခေါင်မိုးသို့ ကျည်များရောက်လာသည်။ သူက တစ်ချက်နှစ်ချက် ပစ်ပြီးနောက် ထုပ်ပေါ်မှ ဆင်းခဲ့သည်။ အိမ်ထဲမှ ထွက်မိသောအခါ လမ်းပေါ်တွင် မလိုလားအပ်သော အခြင်းအရာတစ်ခုကို တွေ့ရသည်။ စောစောက အမျိုးသမီးကလေးသည် ကြောက်လန့်တကြားနှင့် ပြေးနေသည်။ တပ်သားတစ်ဦးက နောက်မှ လိုက်ဆွဲ၍ ဖြစ်သည်။ ယင်းတပ်သားသည် အတော်ကြီး မူးနေဟန်ရှိသည်။ သူ့ဓားသည် ချိပ်ရောင်ထနေသည်။ သူသည် ရန်သူပေါင်းများစွာကို သုတ်သင်ခဲ့ပြီး ဖြစ်ဟန်ရှိသည်။ သို့သော် ယခုအခါ ကိုယ့်အမျိုးသမီးတစ်ဦးကို မဟားတရားပြုရန် ရှိနေသဖြင့် မောင်ရွှေဝါသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ရုတ်တရက် ဖြစ်ပေါ်လာသော ဒေါသအလျောက် လက်ထဲမှ သေနတ်ဖြင့် ပစ်လိုက်ရတော့သည်။ ထိုသူသည် အမျိုးသမီးငယ်နှင့် လက်တစ်လှမ်း ကွာလောက်တွင် ပုံလဲကျသွားသည်။

မောင်ရွှေဝါ ပြေးသွား၍ ကြည့်လိုက်သောအခါ ထိုသူသည် ပွဲချင်းပြီးသေဆုံးလျက်ရှိသည်ကို တွေ့ရသည်။ သူက အချင်းချင်း သတ်ဖြတ်လိုက်ရသည့်အတွက် စိတ်မကောင်း ရှိသွားသည်။ ထိုသူက အမူးလွန်၍ မသင့်မတင့်သည်ကို ကြံစည်ခြင်းမှန်သည်။ သို့သော် အမျိုးသမီးက မည်သို့မျှ နစ်နာခြင်း မရှိသေးချေ။ ယခုလို သေနတ်နှင့်မပစ်ဘဲ တခြားနည်းနှင့် မှတ်လောက်သားလောက်အောင် ဆုံးမလျှင် ဖြစ်နိုင်သည်။ သို့သော် မတတ်နိုင်တော့။

မောင်ရွှေဝါသည် အထက်နှုတ်ခမ်းများကို အောက်သွားများဖြင့်သာ တင်းတင်းကိုက်လိုက်ပြီး နောက်လှည်းများဆီသို့ တစ်ဟုန်ထိုးပြေးသွားသည်။ ကျည်ဆန်များ တဝီဝီပျံလာသည်။ သူက ရန်သူ ပစ်ခတ်သည်ကို အမှုမပြုဘဲ လှည်းများကြားတွင် မြန်နိုင်သမျှ မြန်မြန်ပြေးသွားသည်။ ဘုရားတံတိုင်းတစ်ခု အတွင်းသို့ ခုန်ကျော်၍ ဝင်လိုက်သည်။

အုတ်တံတိုင်းဘေးမှကပ်၍ ပြေးသွားလျက်ရှိစဉ် စေတီငယ်၏တစ်ဖက်တွင် တပ်သား တစ်ယောက်သည် တစ်ယောက်တည်း ဓားရေးပြလျက်ရှိသည်။ သူက ရန်သူကို ရှာဖွေသည်။ ထိုသူ၏ အနီးတွင် မည်သည့်ရန်သူမျှ မရှိချေ။ ထိုသူ၏ ဓားမှာလည်း သွေးစီးများဖြင့် နီညိုလျက် ရှိသည်။ တိုက်ပွဲပြင်းထန်လွန်းသဖြင့် သွေးများပျက်ချေပြီလားဟု မောင်ရွှေဝါက စဉ်းစားနေသည်။ ထိုစဉ်တွင် တစ်ယောက်တည်း ဓားရေးပြနေသူသည် ဓားကို လေထဲတွင် နှစ်ချက်သုံးချက်မျှ စလွယ်ခုတ်ပိုင်းရင်း မြေကြီးပေါ်သို့ လဲကျသွားသည်။ သူ့ဓားနှင့်သူ ထိပြီလားဟု စိုးရိမ်မိကာ မောင်ရွှေဝါ ပြေးသွားသည်။ မြေကြီးပေါ်တွင် မှောက်ခုံကြီးလဲနေသူကို မောင်ရွှေဝါက ဆွဲ၍ကြည့်လိုက်သည်။ ထိုသူသည် သူ့ဓားနှင့်သူ ထိ၍လဲခြင်း မဟုတ်။ သူ့ကိုယ်တွင် မည်သည့်ဒဏ်ရာမျှ မရှိ။ ယင်းအပြင် သူသည် သွေးပျက်သွားခြင်းလည်း မဟုတ်ချေ။ အရက်များ အလွန်အကျွံသောက်၍ လူမှန်းသူမှန်းမသိရှိကာ တစ်ယောက်တည်း စစ်တိုက်နေခြင်း ဖြစ်သည်။ ထိုသူသည် မောင်ရွှေဝါ၏လက်တွင် အတန်ကြာ ငြိမ်သက်နေရာမှ ရုတ်တရက် လူးလွန့်လာပြီး ပါးစပ်မှလည်း "ခုတ်ဟေ့၊ မိစ္ဆာတွေကို ခုတ်ဟေ့"ဟု အာလုပ်သံကြီးဖြင့်အော်နေတော့သည်။ မောင်ရွှေဝါသည် ထိုသူကို ထိုနေရာမှာ ပစ်ထားခဲ့သည်။

သူက တောင်ဘက်အုတ်တံတိုင်းဆီသို့ ပြေးသွားသည်။ ထို့နောက် အုတ်တံတိုင်းကို ကျော်၍ အခြားစေတီတစ်ဆူ၏ ပရဝုဏ်အတွင်းသို့ ကူးဝင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤနေရာတစ်ဝိုက်တွင် စေတီငယ်များ များပြားလှသည်။ မိုးကောင်းအရေးတော်ပုံတွင်းက သူနှင့် လဖိုင်လသည် ဤစေတီများအကြားတွင် အေးအေးလူလူ လမ်းလျှောက်ခဲ့ကြသည်။ ဤနေရာတွင် ထင်ရှားသောတိုက်ပွဲကြီးတစ်ခု ဖြစ်ပွားလိမ့်မည်ဟု ထိုအချိန်က မည်သူကမျှ မတွေးဆမိခဲ့။

မောင်ရွှေဝါသည် စေတီတစ်ခုမှတစ်ခုသို့ ကူးသွားနေသည်။ တိုက်ပွဲသည် တောင်ဘက်ဖျား စေတီများတွင် ဖြစ်ပွားခြင်း ဖြစ်သည်။ တတိယစေတီဝင်းအတွင်းသို့ ကူးဝင်မိခဲ့သောအခါ တိုက်ပွဲတွင်းကို လှမ်းမြင်ရပြီဖြစ်သည်။ အုတ်တံတိုင်းတစ်ခုဘေးတွင်ထိုင်၍ အရေးတကြီး တိုင်ပင်ဆွေးနွေးနေသော ဦးဖိုးစောတို့ကို တွေ့ရသည်။ သူတို့သည် တိုက်ပွဲအခြေအနေကို သုံးသပ်နေကြခြင်း ဖြစ်သည်။ သေနတ်သံများ ကြိုကြား ကြားနေရသည်။ ထိုးသံ ခုတ်သံနှင့် ညာသံများ မကြားရ။ နှစ်ဖက်တပ်သည် နောက်သို့ အနည်းငယ်စီဆုတ်၍ အကြံအစည်ထုတ်နေကြပုံ ဖြစ်သည်။ မိမိတို့ဘက်မှ အုတ်တံတိုင်းများကို အကာအကွယ် ယူထားသည်။ ရန်သူက တောအုပ်ကို အကာအကွယ်ပြုနေသည်။ တစ်ဖက်နှင့်တစ်ဖက် သေနတ်ဖြင့်သာ လှမ်း၍ ပစ်နေကြသည်။

မောင်ရွှေဝါသည် ဦးဖိုးစောတို့ရှိရာသို့ သွားမည်ပြုစဉ်တွင် လက်ယာဘက် စေတီဝင်းအတွင်း၌ ကညင်မြိုင်မှ ပန်းပဲဆရာကြီးကို ရိပ်ခနဲ မြင်တွေ့လိုက်သည်။ အဘိုးကြီးသည် တနင်္ဂနွေထောင့်တွင် တစ်ယောက်တည်း ကုန်းကုန်းကွကွရှိနေသည်။ ပခုံးတစ်ဖက်တွင် ကချင်လွယ်အိတ်အဟောင်းကြီးကို လွယ်ထားသည်။ အခြားတစ်ဖက်တွင် တောင်ဝှေးဓားကို ကြိုးသိုင်း၍ လွယ်ထားသည်။ ကြည့်ရသည်မှာ နည်းနည်းမျှ အချိုးအစား မကျချေ။

"အဘိုးကြီးလည်း မူးနေပကော၊ တယ်ခက်ပါလား"

မောင်ရွှေဝါသည် တစ်ယောက်တည်း ညည်းညူလိုက်ပြီးနောက် အဘိုးကြီးထံ ပြေးသွားသည်။

"ဘကြီး ဘာဖြစ်နေတာလဲ"

သူ့အသံကြားသဖြင့် အဘိုးကြီးသည် မြောက်ခနဲရှိအောင် ခုန်လိုက်သည်။ ပြီးမှ မောင်ရွှေဝါမှန်း သိရှိလာသဖြင့်…

"နင့်အမေလွှား၊ လန့်လိုက်တာ"

အဘိုးကြီးသည် အရက်မူးနေခြင်း မဟုတ်ချေ၊ သွေးပျက်နေခြင်းလည်း မဟုတ်ချေ၊ တစ်စုံတစ်ခုကို ရှာဖွေနေခြင်း ဖြစ်သည်။

"ဘကြီး ဘာရှာနေတာလဲ"

"ဟို ဟို"

"ကျွန်တော် ရှာပေးမယ်။ ဘာပျောက်လို့လဲ ပြောပါ"

"ဓာတ်လုံး ဓာတ်လုံး"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက သက်ပြင်းတစ်ချက်ချလိုက်သည်။ ထို့နောက် မြက်ခင်းပေါ်မှ သံလုံးတစ်လုံးကို ကောက်၍ ပေးလိုက်သည်။ အဘိုးကြီးသည် သူ့လက်ထဲမှ ဓာတ်လုံးကို ဆတ်ခနဲ ဆွဲယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည်။

"ဘကြီးဓာတ်လုံးက တကယ်ပဲ ဓား၊ သေနတ် ပြီးသလား"

"ဝူးအူးအူး ဝါးအားအွတ်"

အဘိုးကြီးသည် ကွမ်းသီးလုံးခန့်ရှိသော ဓာတ်လုံးကို ပါးစပ်ထဲတွင် ငုံထားရင်းနှင့်စကားပြောသည် ဖြစ်ရာ ဝူးဝါးသံများသာ ထွက်နေသည်။ သည်အထဲတွင် ဓာတ်လုံးက အာခေါင်ထဲသို့ ရောက်သွားဟန် ရှိသည်။ "အွတ်"ခနဲ ဖြစ်သွားသည်။ မျက်လုံးပြူး၍ လည်ပင်းကို လက်ဖြင့် ဖိထားသည်။

"ဟုတ်မှလည်းလုပ်ပါ ဘကြီးရယ်။ ဓားသေနတ်နဲ့မသေဘဲ ဓာတ်လုံးနင်ပြီးသေနေပါဦးမယ်"

"အားအား ဝါးဝူးဝတ်ဝေ့"

မောင်ရွှေဝါသည် အဘိုးကြီးကို လှည့်မကြည့်တော့ဘဲ ဦးဖိုးစောတို့ရှိရာသို့ ပြေးသွားသည်။

"မောင်ရွှေဝါ ဘာမှ မဖြစ်ဘူးနော်"

အမတ်ကြီးဦးဖိုးစောက သူ့ကိုမြင်လျှင် ဝမ်းသာအားရမေးသည်။

"မဖြစ်ပါဘူး"

"သွေးအိုင်ထဲမှာ လဲနေတယ်ဆို"

"သူများသွေးတွေပါ၊ ခေါင်းကို ဘာနဲ့ခိုက်မိလို့လဲ မသိဘူး။ ခဏလေး သတိလစ်သွားတာပါ"

"ကဲ ဒါဖြင့် ထိုင်ပါဦး မောင်ရွှေဝါ၊ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်နေလို့တော့ ပြီးမှာမဟုတ်ဘူး။ မောင်ရွှေဝါ မရှိတုန်းမှာ တို့တစ်ခါသွားတယ်။ သူတို့က တစ်ခါလာတယ်"

"အကျအဆုံးကော"

"သူတို့လည်းကျ၊ တို့လည်းကျ"

"အခု ကျွန်တော်တို့ တက်မလား"

"သူတို့ တက်လာတာကို စောင့်တိုက်ဖို့ စိတ်ကူးရှိကြတယ်။ စစ်ထိုးတဲ့ဘက်က ပိုပြီး အကျအဆုံး များတယ် မဟုတ်လား။ ခဏခဏတက်ရင် လုံးပါးပါးလိမ့်မယ် တစ်ကြိမ်တည်းနဲ့ပေါက်အောင် စီးနိုင်ရင်တော့ ကိစ္စမရှိဘူး"

"ကျွန်တော်တို့ကို လူနှစ်ဆယ်ပေးပါ။ အရှေ့ဘက်က လှည့်ပြီး သူတို့တောကိုဝင်မယ်"

မောင်ရွှေဝါက ပြောလိုက်သည်။ ဦးဖိုးစောသည် ခဏမျှ စဉ်းစားနေပြီးနောက်...

"သူတို့တပ်တွေကလည်း အရှေ့ဘက်ကနေလှည့်ပြီး တို့နောက်ပိုင်းကို ဝင်နေတယ်နော"

"ကျွန်တော်က ချောင်းရိုးကလှည့်ပြီး ဝင်မှာပါ"

MMCYBERMEDIA
COMMUNITY FOR ALL

"ကဲ ဒါဖြင့် မောင်ရွှေဝါ သွားပေတော့။ စစ်တလင်းကတော့ ကျယ်သထက်ကျယ်လာပြီ။ သူတို့ကလည်း စစ်ကြောင်းအမျိုးအမျိုးဖောက်နေတယ်။ ရှေ့မြားဦးက ဟန်ပြလောက်သာ ရှိကြတော့တယ်။ ချောင်းဝတပ်ကို ခေါ်သွား"

ထိုစဉ်မှာပင် သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ရန်သူတပ်မသည် မိမိတို့ မြားဦးကို ဖြိုခွင်းရန် အလုံးအရင်းနှင့်တက်လာကြပြန်ပြီ ဖြစ်သည်။ ဗိုလ်စောသည် စစ်ဦးရှိရာသို့ ပြေးသွားသည်။ မောင်ရွှေဝါက ဗိုလ်စောနောက်သို့ မလိုက်တော့။ သူ့တွင် သီးခြားတာဝန်ရှိသည်။

ဤသို့ဖြင့် မြန်မာတပ်များနှင့် နယ်ချဲ့တပ်များသည် မီးကုန်ယမ်းကုန် တိုက်ခိုက်လျက် ရှိကြသည်။ သည်ဘက်က ထိုးစစ်ဆင်လျှင် ဟိုဘက်မှ ကြံ့ကြံ့ခံမည်။ ဟိုဘက်မှ ထိုးစစ်ဆင်လျှင် သည်ဘက်မှ တောင့်တောင့် ခံသည်။ လက်တစ်ကမ်းတိုက်ပွဲဖြစ်လျှင် ဟိုဘက်က လှံစွပ်နှင့်ထိုးသည်။ သည်ဘက်က ဓားနှင့်ခုတ်သည်။ နှစ်ဖက်စလုံးမှ စစ်ပရိယာယ်သုံးသည်။ စစ်မြှူသည်။ စစ်လှန့်သည်။ မထင်မှတ်သော နေရာမှ ထိုးဖောက်သည်။ ခုန်တမင် တိုက်သည်။ မောင်းထု၍ တိုက်သည်။

ယင်းသို့ဖြင့် နံနက် လေးနာရီထိုး အချိန်တွင် အစပြုခဲ့သော တိုက်ပွဲသည် နေ့ခင်း ဆယ့်နှစ်နာရီထိုးမှပင် ပြီးတော့သည်။

မြန်မာတပ်များသည် နေမွန်းတည့်အချိန်တွင် ဆုတ်ခွာကြရသည်။ ရန်သူနှင့် အင်အားချင်း မမျှ၍ မဟုတ်။ စစ်ပရိယာယ်ချင်း မတူညီ၍ မဟုတ်။ သတ္တိနည်းပါးကာ အလျှော့ပေးလို၍ မဟုတ်။ ဆက်လက်၍ မတိုက်နိုင်တော့သဖြင့် ဆုတ်ခွာရခြင်း ဖြစ်သည်။

ဆက်လက်၍ မတိုက်နိုင်တော့သည့် အကြောင်းရင်းကား အခြားမဟုတ်။ မသေမပျောက်မထိမရှဘဲ ကျန်ရစ်နေသော မြန်မာတပ်သားများအနက် တစ်ဝက်ကျော်ကျော်သည် မိမိကိုယ်ကို မိမိ မထိန်းနိုင် တော့အောင် အလွန်အမင်း မူးယစ်နေကြသောကြောင့် ဖြစ်သည်။ သူတို့သည် အရက်ကို ညဦးကတည်းက သောက်ခဲ့ကြသည်။ တစ်ညလုံးသောက်ကြသည်။ တိုက်ပွဲဖြစ်ပွားသောအခါ အရက်တစ်ငုံမော့လိုက် ဓားတစ်ချက်ခုတ်လိုက်၊ အရက်တစ်ကျိုက်သောက်လိုက် သေနတ်တစ်ချက်ပစ်လိုက်နှင့် ရှိခဲ့ကြရာ တိုက်ပွဲအချိန် ရှည်ညောင်း၍ လာသောအခါတွင်ကား ရန်သူကို မှန်မှန်ကန်ကန် တိုက်ခိုက်နိုင်တော့သည့် အခြေအနေ မရှိတော့ချေ။ သူတို့ပစ်သောကျည်သည် ရန်သူနှင့်တလွဲစီ ဖြစ်သည်။ သူတို့ခုတ်သောဓားသည် လေထဲတွင် ဝဲနေသည်။ အချို့သည် အုတ်တံတိုင်းများကိုမှီ၍ ဖက်ကျိုးနေသည်။ အချို့သည် မြေကြီးပေါ်တွင် ခြေကားရားလက်ကားရား ရှိနေသည်။ တပ်သားများ၏အခြေအနေ မဟန်တော့ပြီကို သိသည်နှင့် တပြိုင်နက် အမတ်ကြီးဦးဖိုးစောနှင့် တပ်မှူးများသည် တပ်ဆုတ်ရန် ဆုံးဖြတ်ကြရတော့သည်။

ဤသို့ဖြင့် မိုးကောင်းတိုက်ပွဲ အဆုံးသတ်ရတော့သည်။

နှစ်ဖက်အကျအဆုံး မတိမ်းမယိမ်း ရှိသည်။ မြန်မာဘက်ကလည်း ငါးဆယ်ကျော်ကျသည်။ အင်္ဂလိပ်ဘက်ကလည်း ငါးဆယ်ကျော်ကျသည်။ တိုက်ပွဲအစတွင် အင်္ဂလိပ်တပ်ဘက်က အကျအဆုံး များခဲ့သည်။ တိုက်ပွဲနောက်ပိုင်းတွင် မြန်မာဘက်က အကျများသည်။ အင်္ဂလိပ်ဘက်မှ ဒဏ်ရာရသူများကို သစ်တပ်တွင်းသို့ ချက်ချင်းပို့ဆောင်ကြသည်။ မြန်မာဘက်မှ ဒဏ်ရာရသူများကို

MMCYBERMEDIA
COMMUNITY FOR ALL

ဆွမ်းစားချိန်တွင်လောက်မှစ၍ လှေဖြင့် သယ်ယူသည်။ ဒဏ်ရာ ပြင်းထန်သူများကို မြို့တွင်းအိမ်များမှာပင် မျှ၍ ဝှက်ထားသည်။

သို့ရာတွင် အင်္ဂလိပ်တို့သည် သူတို့ဘက်မှ ကျဆုံးသူများအနက် အလောင်းရှစ်လောင်းကိုသာ စနစ်တကျ သင်္ဂြိုလ်၍ လက်ဝါးကပ်တိုင် စိုက်ခဲ့သည်။ ကျန်အလောင်းများကိုကား မြန်မာဘက်မှကျသော အလောင်းများနှင့်အတူ ချိုင့်ဝှမ်းကြီးတစ်ခုအတွင်းသို့ ရောထည့်ကာ အပေါ်မှ မြေဖုံးခဲ့သည်။ သမိုင်းကို ဖုံးကွယ်ခဲ့သည်။

## အခန်း -၆၁-

"သူ့နာမည်က ကုန်ဇက်လို့ ခေါ်တယ်ကွယ့်။ ကုန်ဇက်မှာ မိဘမရှိဘူးကွယ့်၊ အဘွားနဲ့နေရတယ်။ ကုန်ဇက်ဟာ ငယ်ငယ်ထဲက သူမှန်တယ်ထင်တာကို ပြောတတ်၊ လုပ်တတ်တယ်ကွယ့်။ ဒါကြောင့်မို့လို့ သူ့ကို ဒူဝါ၊ ဆလန်ဝါတွေက ငြိုငြင်သတဲ့"

နန်းရင်ရောက်သွားသည့်အချိန်တွင် မခေါင်ညွှယ်သည် မဂမ်နှင့် မောင်မျိုးကို ပုံပြောလျက်ရှိသည်။ နန်းရင်သည် အိမ်ပေါ်သို့ ရုတ်တရက် မတက်သေးဘဲ ဆင်ဝင်အောက်တွင် ရပ်နေသည်။ သို့သော် ဦးဦးသည် လှေကားကို တွယ်ဖက်၍ တက်နေသည်။ မခေါင်ညွှယ်သည် ဦးဦးကို မြင်တွေ့သွားသည်။

"ဝေး ဦးဦး၊ နင် အခုပဲ ရောက်သလား။ နင့် ဒေါ်လေးကော"

ဦးဦးက လှေကားထစ်ပေါ်တွင် မတ်တတ်ရပ်နေရာမှ နောက်သို့လှည့်၍ နန်းရင်ရှိရာသို့ လက်ညှိုးထိုးပြသည်။

"မမခေါင်ညွှယ် ပုံပြောတာကောင်းလို့ ရပ်ပြီး နားထောင်နေတာ"

နန်းရင်က အသံသာသာဖြင့်ပြောရင်း လှေကားသို့ လျှောက်လာသည်။ ဦးဦးကို အိမ်ပေါ်သို့ တင်ပေးသည်။ ဦးဦးသည် ယခုအခါ သုံးနှစ်နှင့်ငါးလထဲတွင် ဖြစ်သည်။ ဒေါင်ဒေါင်ပြေးနေပြီ ဖြစ်သည်။ ဦးဦးသည် နန်းရင်နှင့်ပင် နေသည်။ နန်းရင်ကလည်း သူမ၏တူကို အထူးပင် ချစ်ခင်သည်။ မသက်ရော်သည် သားငယ်နှင့်ပတ်သက်၍ ဘာမှ ပြန်မကြည့်ရ။ အဒေါ်နှင့်အဘွားက သူမထက်ပင် ဂရုစိုက်သည်။

မဂမ်က ထိုင်ရာမှ ချက်ချင်း ထလာပြီး ဦးဦးကို တွဲခေါ်သည်။ သူတို့နှစ်ယောက်သည် တစ်နှစ်ကြီး တစ်နှစ်ငယ် ဖြစ်သည်။ ကစားဖက် ဖြစ်သည်။ နှစ်ယောက်စလုံး စိတ်ကြီးသည်။ တည့်နေသည့်အခါတွင် သူတို့ပြင် မရှိ။ ရန်ဖြစ်သည့်အခါကျတော့လည်း မည်သူကမျှ လျှော့မပေး။ အတင်းပင် သတ်ပုတ်ကြသည်။

"မမနန်းရင် ကျွန်တော်မှာတာ ပါသလား"

မောင်မျိုးက နန်းရင်ကို မျက်တောင်မခတ်ကြည့်ရင်း မေးသည်။ နန်းရင်က ဘယ်ဘက်လက်ဝါးဖြင့် ရင်ညွန့်ကိုဖိရင်း…

"မေ့လာတယ်ကွယ်။ နောက်တစ်ခေါက်လာရင် ယူခဲ့မယ်။ ဒါမှမဟုတ် တို့များ အပြန်မှာ မောင်မျိုးလိုက်ခဲ့ပ"

"အင်း လိုက်ခဲ့မယ်။ မမနန်းရင်တို့ကို ကျွန်တော် လိုက်ပို့မယ်"

"နင်က ဘာမှာထားလို့လဲ"

မခေါင်ညွှယ်က မောင်မျိုးကို မေးသည်။

"ပလွေပါ"

"အားနော်၊ နင် ပလွေမှုတ်ရင်တော့ မြွေလာတော့မှာပဲ"

မခေါင်ညွှယ်က မောင်မျိုး၏ပါးနှစ်ဖက်ကို လက်ဖြင့် အသာအယာလိမ်ဆွဲရင်း ပြောသည်။

"မှုတ်ပဲ မှုတ်တတ်ပါစေဦး"

နန်းရင်က ပြောသည်။

"မမနန်းရင်က လူတစ်ဖက်သားကို အထင်အမြင်သေးတာကိုး"

မောင်မျိုးက မှုန်ကုပ်ကုပ်မျက်နှာဖြင့် ပြောသည်။

"အံနော်လေး၊ လူက လှလွန်းလို့ မျက်နှာကြီး ပုပ်မထားပါနဲ့"

နန်းရင်က စသည်။ မောင်မျိုးက ဝုန်းဆို နေရာမှထ၍ ထွက်သွားသည်။

"လူကြီးက ချစ်လို့ စတာပဲကွယ်၊ ကလေးဆိုတာ စိတ်မဆိုးရဘူး"

"ကျုပ် ကလေး မဟုတ်ဘူး"

မောင်မျိုးက ခပ်ကျယ်ကျယ်အော်၍ အိမ်ပေါ်မှ ခုန်ဆင်းသွားသည်။ မခေါင်ညွှယ်နှင့် နန်းရင်တို့မှာ ရယ်မော၍ ကျန်ရစ်ခဲ့သည်။ မဂမ်နှင့် ဦးဦးသည် သူတို့အနီးတွင် မရှိတော့ လစ်သွားကြပြီတည်း။

"အစ်မ နေကောင်းသလား"

"ကောင်းပါတယ်"

"မသက်ရော်ရော"

"အိမ်မှာ ဓားသွေးနေတယ်။ မနက်ဖြန်ကျ ထင်းခုတ်မလို့တဲ့"

"အလုပ်တော့ တကယ်လုပ်တယ်နော်"

MMCYBERMEDIA
COMMUNITY FOR ALL

"မမခေါင်ညွှယ်လည်း လုပ်တာပဲ"

"အေးလေ လုပ်မယ့်လူ မရှိတော့ တို့များလည်း လုပ်ရတာပ။ ကိုရွှေနီတို့လည်း မလာတာ ကြာပြီနော်"

"သုံးလလောက် ရှိပြီ၊ မလာတာ"

"မိုးကောင်းကို တိုက်ပြီးတဲ့နောက်မှာ တစ်ခေါက်ပဲ လာတယ်။ အစ်ကိုရွှေဝါလည်း တစ်ခေါက်ပဲ။ ကိုသူရလည်း တစ်ခေါက်ပဲ။ အားလုံး တစ်ခေါက်စီပဲ"

"သူတို့လည်း မအားလို့ မလာတာပကွယ်၊ ရန်သူကလည်း တို့ဘက်ကို သိပ်မွှေနေတယ်၊ တစ်နေ့ကပဲ ကညင်မြိုင်ကို ဝင်သွားသေးတယ် မဟုတ်လား။ တော်သေးတာပေ့ါအေ။ တို့ဘက်ကိုမလာဘဲ မြောက်ဘက်ကို လှည့်သွားလို့"

"ကျွန်မတို့ရွာလည်း သူတို့ လာချင်တဲ့နေ့ လာမှာပ"

"လာလည်း ဘယ်တတ်နိုင်မလဲကွယ်။ အရေးအကြောင်းဆိုရင်တော့ တောင်ပေါ်ကို ရောက်အောင် ပြေးခဲ့ကြနော်"

နန်းရင်က ခေါင်းညိတ်သည်။ သူတို့သည် ကြိုးကြာတောင်ပေါ်တွင် စခန်းတစ်ခုဆောက်ထားသည်။ အရေးအကြောင်းရှိလျှင် ပုန်းအောင်းရန် ဖြစ်သည်။ စားနပ်ရိက္ခာများကိုလည်း ဂူတစ်ခုထဲတွင် သိုလှောင် ထားကြသည်။

ယခုအခါရွာတွင် ယောက်ျားကြီးများ မရှိတော့သလောက် ဖြစ်သည်။ ရွာမှ ယောက်ျားများ အားလုံးသည် တပ်ထဲတွင် ရောက်နေကြသည်။ တပ်တွင် မပါဘဲ ကျန်ရစ်သူများမှာလည်း လူပျော့ လူညံ့များသာ ဖြစ်သည်။ ဥပမာ ကိုလူကြီးလို လူမျိုး။

သူတို့ရွာကို သူပုန်ရွာဟု အင်္ဂလိပ်တို့က သတ်မှတ်ထားသည်။ အကြောင်းမှုကား သူတို့ရွာမှာ တပ်မှူးတပ်သား အများအပြားထွက်သောကြောင့် ဖြစ်သည်။ အင်္ဂလိပ်တပ်များ ယခုတစ်ကျောတွင် သူပုန်ရွာဟု သတ်မှတ်ထားသောရွာများကို ထုံးလိုခြေ ရေလိုနှောက်လျက် ရှိသည်။ သူပုန်များကို အပ်ရမည်ဟု တောင်းသည်။ တပ်သားတို့၏ မိသားစုများကို နှိပ်စက်ညှဉ်းပန်းသည်။ စပါးများကို ဖျက်ဆီးသည်။ ကျွဲနွားများကို သတ်ဖြတ်သည်။ ရွာမှ အနည်းငယ်မျှ ခုခံမည့် အရိပ်အယောင်ပြလျှင် တစ်ရွာလုံးကို မီးနှင့်တိုက်သည်။ သေနတ်နှင့်ပစ်သည်။ ရွာသူရွာသားများကို မြင်းနှင့်တိုက်သည်။ တုတ်နှင့် ရိုက်သည်။

အမျိုးသားလွတ်မြောက်ရေးတပ်များသည် လုံခြုံမှုအတွက် တောင်ပေါ်စခန်းများတွင် နေရသည်။ တောနက်စခန်းများတွင် နေရသည်။ သို့ရာတွင် မကြာခဏဆိုသလို အင်္ဂလိပ်ကင်းစခန်းများကို စီးနင်း တိုက်ခိုက်သည်။ လမ်းတွင် တွေ့ဆုံတိုက်ခိုက်သည်။

ရွာတစ်ရွာသို့ တပ်သားတစ်ဦး အလည်အပတ်ရောက်ခဲ့လျှင် ထိုတပ်သား ပြန်သွားပြီး မကြာခင်မှာ ယင်းရွာကို အင်္ဂလိပ်တို့က ဒုက္ခပေးတတ်သည်။ ယင်းကြောင့် တပ်သားများသည် အိမ်သို့ မပြန်ဘဲ ရှိကြသည်။ ကိုရွှေနီတို့ ရွာသို့မပြန်ဘဲ နေကြခြင်း ဖြစ်သည်။ ၎င်းပြင် သူတို့ တပ်များသည် ယခုအခါ ဆမားဘက်တွင် ရောက်ရှိနေသည်ဟု သိရသည်။

ယနေ့အထိတော့ ကြိုးကြာရွာသို့ အင်္ဂလိပ်တပ်များ မရောက်လာသေးချေ။ မမွေနောက်သေးပေ။ ယင်းသို့ လွတ်နေသည်မှာ ဦးနွဲ့မွန်ကြောင့် ဖြစ်သည်ဟု အချို့က ပြောဆိုနေသည်။ ယခုအခါ ဦးနွဲ့မွန်သည် မိုးကောင်းမြို့စာရေး ဖြစ်နေပေပြီ။ မိုးကောင်းတိုက်ပွဲအပြီးတွင် အင်္ဂလိပ်တို့သည် မြို့အုပ်ဦးဖိုးမြကို ရာထူးမှချ၍ မိုးကုတ်မြို့သို့ နယ်နှင်သည်။ နာခံဦးကျေး၊ မြို့စာရေးဦးကြူးနှင့် အခြားအကြီးအကဲ လေးဦးကိုလည်း ရာထူးမှ ချထားလိုက်သည်။ သူပုန်များနှင့် ဆက်သွယ်ပူးပေါင်းသည်ဟု ယူဆသောကြောင့် ဖြစ်သည်။ ထို့နောက် သူတို့၏ လူရင်းခေါက်ခေါက်ဖြစ်သော ဦးရွှေကြာကို မြို့အုပ်ခန့်သည်။ သူတို့အား ကျို့ယို့ ခစားသူများကို ရာထူးပေးသည်။ ယင်းသို့ဖြင့် အင်္ဂလိပ်တပ်တွင် ရိက္ခာမပြတ်မလပ်ရအောင် လုံ့လဝီရိယဖြင့် ဆောင်ရွက်နေသော ဦးနွဲ့မွန်သည် မြို့စာရေး ဖြစ်လာတော့သည်။

ရွာမှ လူအများကမူ ယင်းသို့ မယူဆ။ အထူးသဖြင့် လူငယ်များက ဖြစ်သည်။ ဦးနွဲ့မွန်သည် သူတို့ရွာပေါ်တွင် သံယောဇဉ်ရှိသူ မဟုတ်ဟု နားလည်ထားကြသည်။ ဦးနွဲ့မွန်သည် ရွာမှ ထွက်သွားကတည်းက ရွာသို့ တစ်ခေါက်မျှ ပြန်မလာခဲ့ချေ။ ရွာမှ လူများနှင့် မိုးကောင်းတွင် တွေ့လျှင်လည်း သူတို့ရွာ မကောင်းသည့်အကြောင်းသာ ပြောသည်။ အင်္ဂလိပ်မင်းများက သူတို့ရွာကို အလွန် ငြိုးနေကြောင်း ပြောသည်။ သူက တောင်းပန်ထားရသည်ဟု ဆိုသည်။

တစ်နေ့တွင် မိမိတို့ရွာကို ရန်သူများက ဒုက္ခပေးလိမ့်မည်ဟု ယူဆထားသော လူကြီးအချို့နှင့် လူငယ်များသည် ပြင်ဆင်မှုများ ပြုလုပ်ထားသည်။ ကလေးငယ်နှင့် သက်ကြီးရွယ်ကြီးများ ခိုအောင်းနိုင်ရန် ကြိုးကြာတောင်မှ ဥမင်များကို ပြုပြင်ထားသည်။ ရွာတွင်လည်း မောင်ရွှေဝါတို့ ရှိစဉ်ကအတိုင်း နေ့ကင်း၊ ညကင်း ချထားသည်။ ရွာပတ်လည်တွင် တပ်တိုင်အသစ်များ စိုက်ထားသည်။ သို့ရာတွင် ယခင်ကလို လူကောင်း၊ လက်နက်ကောင်းများကား မရှိတော့။

စိတ်အားထက်သန်သော လူငယ်ကလေးများသာ ရှိသည်။ ထိုအထဲတွင် နန်းရင်လည်း ပါသည်။ နန်းရင်သည် ဤတစ်နှစ် နှစ်နှစ် အတွင်းတွင် သိသိသာသာကြီး ပြောင်းလဲခဲ့သည်။ ဆယ့်ကိုးနှစ်ပြည့်၍ နှစ်ဆယ်တွင်းသို့ ဝင်ခဲ့ပြီဖြစ်သည့်အလျောက် သူမသည် ပြည့်ပြည့်ဖြိုးဖြိုး ဖွံ့ဖွံ့ထွားထွား ရှိနေသည်။ သို့တစေ သူမသည် ဆယ့်လေးငါးခြောက်နှစ်တုန်းကလို ကန့်ကလျ မဟုတ်တော့။ အလုတပြင်ပြင် မဟုတ်တော့။ ထို့အတူ နန်းခင်လို ကြမ်းကြမ်းတမ်းတမ်းလည်း မဟုတ်ချေ။ တည်ငြိမ်သော အမျိုးသမီး တစ်ဦးသာ ဖြစ်သည်။ စကားပြောလျှင် ဆိုးခနဲဆတ်ခနဲ မဟုတ်တော့။ စဉ်းစား၍ ပြောသည်။ တစ်စုံတစ်ခု မပြုလုပ်မီတွင် စဉ်းစားသည်။ တစ်စုံတစ်ခုပြုလုပ်ရန် ဆုံးဖြတ်ပြီးလျှင် မဖြစ်မနေလုပ်သည်။ သည်တော့လည်း ဒေါ်စောရုံသည် သမီးငယ်အတွက် ဝမ်းသာရသည်။ သမီးငယ်ကို အားကိုးအားထား ပြုရသည်။

နန်းရင်သည် မိန်းမသားပီသသည်။ ချက်ရေးပြုတ်ရေးတွင် အားထုတ်သည်။ ဒေါ်စောရုံ၏ နည်းနိသယများကို အကုန်ယူသည်။ လယ်ယာလုပ်ငန်းတွင် အားစိုက်သည်။ မသက်ရော်၏ အတုကို ယူသည်။ ရက္ကန်းပညာတွင် စိတ်ဝင်စားသည်။ မခေါင်ညွှယ်ထံတွင် ဆည်းပူးလေ့လာသည်။

နေ့လယ်နေ့ခင်းတွင် အချိန်ရသည်နှင့် တစ်ပြိုင်နက် နန်းရင်သည် မခေါင်ညွှယ်ထံသို့ သွားသည်။ အထည်ရက်လုပ်မှု သင်ကြားရန်လည်း ဖြစ်သည်။ မခေါင်ညွှယ်ကို လေးစားခင်တွယ်၍လည်း ဖြစ်သည်။ ထို့ပြင် ဦးဦးကလည်း မဂမ်ထံသို့ ပို့ပေးရန် ပူဆာသည်။ မောင်မျိုးကလည်း သူမကို တောင့်တသည်။

"မမခေါင်ညွှယ် စောစောကပုံကို ဆက်ပြောပါလားနော"

ယမန်နေ့က လက်စဖြစ်သော လွယ်အိတ်ထည်ကို ဆက်၍ရက်ရန် နန်းရင်သည် မြေကြီးပေါ်တွင် ခြေဆင်း၍ထိုင်ရင်း မခေါင်ညွှယ်ကို ပြုံးပြုံးပြောသည်။

"နန်းရင်ကလည်းကွယ် ကလေးမှ မဟုတ်ဘဲ"

မခေါင်ညွှယ်က ထိပ်ဆွဲဝါးလုံးကို တစ်တောင်ခန့်မြင့်သော မြေစိုက်တိုင်နှစ်ခုတွင် တပ်ရင်း ပြန်ပြောသည်။

"မမခေါင်ညွှယ် ပုံပြောတာက နားထောင်လို့ကောင်းတယ်"

"ဟုတ်ရဲ့လားနော။ ကောင်လေးတွေ သီချင်းဆိုတာက နားထောင်လို့ ကောင်းတာ မဟုတ်လားအေး"

နန်းရင်သည် မြေတွင် ခြေဆင်း၍ထိုင်နေရာမှ အလန့်တကြားထလိုက်သည်။ မခေါင်ညွှယ်လည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။ မဂမ်နှင့် ဦးဦးကို ဟစ်ခေါ်သည်။ ကြိုးကြာရွာမှ မောင်းထုသံများ ကြားရ၍ ဖြစ်သည်။

"မောင်မျိုးကော"

နန်းရင်က မေးသည်။

"အေး၊ မောင်မျိုးကိုခေါ်ဦး"

မခေါင်ညွှယ်က မဂမ်နှင့် ဦးဦးကို ဆွဲယူထားရင်း ပြောသည်။

"ဟိုမှာ ပြေးပြီ။ မောင်မျိုးရေ နေဦးဟေ့။ တို့ကို စောင့်ဦး"

နန်းရင်က ချောင်းကမ်းဆီသို့ ပြေးသွားနေသော မောင်မျိုးကို လက်ညှိုးထိုးရင်း တစ်ဆက်တည်း အော်၍ ပြောလိုက်သည်။ မခေါင်ညွှယ်သည် အိမ်ပေါ်သို့ ပြေးတတ်သွားပြီး ပလိုင်းနှင့် လေးကင်းဓားကို ယူလာသည်။ ထို့နောက် အမျိုးသမီးနှစ်ယောက်သည် ကလေးနှစ်ယောက်ကို ခေါ်၍ ချောင်းရေစပ်သို့ ပြေးသွားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မောင်မျိုးသည် လှော်တက်ကိုကိုင်၍ သူတို့ကို စိတ်ရှည်စွာဖြင့် စောင့်နေသည်။ မခေါင်ညွှယ်တို့ လှေပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် သူက လှေကို အပြင်းလှော်ခတ်လေတော့သည်။ မောင်းထုသံသည် အဆက်မပြတ် ထွက်ပေါ်လျက်ရှိသည်။

မခေါင်ညွှယ်၏အိမ်နှင့် ကြိုးကြာရွာအကြား ကူးသန်းရန် လမ်းနှစ်လမ်းရှိသည်။ တစ်လမ်းက ကြိုးကြာချောင်း၏ လက်ဝဲဘက်ကမ်းပါးအတိုင်း ကပ်၍ လျှောက်သွားရန်ဖြစ်သည်။ ကိုရွှေနီတို့ ဆင်ဖမ်းထွက်သည့်လမ်း ဖြစ်သည်။ တစ်မိုင်ပျော့ပျော့ဝေးသည်။ အခြားတစ်လမ်းမှာ ချောင်းကိုဖြတ်၍ တောင်စွန်းကို ကျော်ရသည်။ ထို့နောက် ချောင်းကို ပြန်၍ ဖြတ်လျှင် ရွာသို့ရောက်သည်။ တောင်တက်ရသည်။ ချောင်းနှစ်တန်ဖြတ်ရသည်။ သို့သော် နီးသည်။ ခရီးတစ်ဝက်လောက် အရောက်တွင် တောင်ကမူဘက်မှနေ၍ ရွာကိုလည်းကောင်း မခေါင်ညွှယ်၏အိမ်ကို လည်းကောင်း မြင်တွေ့နိုင်သည်။

သူတို့သည် ရွာကို မရောက်မီတွင် ရွာကို အသေအချာတွေ့မြင်လို၍ လည်းကောင်း၊ ကလေးများကို တောင်ပေါ်စခန်းတွင်ထားခဲ့လို၍ လည်းကောင်း ချောင်းကို ဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ တောင်ပေါ်စခန်းတွင် အစောင့်နှစ်ဦးရှိသဖြင့် ကလေးများကို ထားခဲ့ပြီး ရွာသို့ ပြေးသွားနိုင်ကြသည်။ သို့မဟုတ် ရွာမှ ပြေးလာသူများကို ဆီးကြို၍ အကူပေးနိုင်သည်။

"ဟော... ပစ်ကုန်ပြီ"

ချောင်းတစ်ဖက်သို့ ရောက်လျှင် သေနတ်သံများ ကြားရသည်။ မောင်မျိုးသည် သူတို့ကို မစောင့်ဘဲ ရှေ့မှ စွတ်ပြေးသည်။ အော်၍ မရ။

"မမခေါင်ညွှယ် ကလေးတွေကို ဂူထဲမှာထားပြီး လိုက်ခဲ့။ ကျွန်မ သွားနှင့်မယ်"

နန်းရင်ကလည်း ထိုသို့ပြော၍ ခြေကုန်သုတ်လေသည်။ မခေါင်ညွှယ်သည် ကလေးနှစ်ယောက်ကို တစ်ဖက်တစ်ချက်စီတွင် ခါးထစ်ခွင်၍ တောင်စခန်းဆီသို့ ပြေးတက်သွားသည်။ ကြိုးကြာတောင်၏ တောင်ဘက် တောင်အစွန်းထိပ်သို့ ရောက်သောအခါ နန်းရင်သည် သေနတ်သံများကို ပို၍ ကျယ်လောင်စွာ ကြားရသည်။ ထိုမျှသာမက ပွက်လောရိုက်နေသော အော်သံ၊ ဟစ်သံများကိုပါ ကြားရသည်။ ရွာတွင်းမှ လူများ ပြေးထွက်လာကြသည်ကို မြင်ရသည်။ တောင်ပေါ်မှစီး၍ ကြည့်မြင်ရသဖြင့် လူများသည် သေးသေးငယ်ငယ်များ ဖြစ်ကြသည်။ လှုပ်လှုပ်ရွရွများ ဖြစ်ကြသည်။ ပုရွက်ဆိတ်အုံကို တုတ်နှင့် ထိုးလိုက်သည့်အခါတွင် ပုရွက်ဆိတ်များ ပြန့်ကြဲသွားသကဲ့သို့ ဖြစ်သည်။

လူများသည်တောင်ရှိရာ ချောင်းရှိရာသို့ ပြေးလာကြသည် မှန်သော်လည်း ဖြေင့်ဖြောင့်တန်းတန်း မဟုတ်ကြချေ။ အချို့က တောင်ဘက်မှနေ၍ မြောက်ဘက်ထိပ်သို့ ပြေးသည်။ အချို့က ချောင်းစပ်သို့ ရောက်သည့်အခါမှ ရွာဘက်သို့ ပြန်ပြေးသည်။ အချို့က ကျွဲများ၊ နွားများကို ဆွဲလာသည်။ အချို့က ကလေးငယ်များကို ချီပိုး၍ ဖြစ်သည်။

ရန်သူများသည် ရွာထိပ်မှနေ၍ ပစ်နေကြခြင်း ဖြစ်ဟန်ရှိသည်။ တောင်ဘက်မှနေ၍ နန်းရင် မမြင်ရ။ နန်းရင်သည် အချိန်အတန်ကြာအောင် ငေး၍ကြည့်နေမိသည်။ တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ဘူးသော

MMCYBERMEDIA
COMMUNITY FOR ALL

ရွာပျက်သည့်ရှုခင်းတွင် နစ်မွန်းနေမိခြင်း ဖြစ်သည်။ ယင်းသို့ ကြည့်နေစဉ်မှာပင် ရွာထိပ်မှ မီးခိုးလုံးများ၊ မီးတောက်မီးလျှံများ ပေါ်ထွက်လာသည်ကို မြင်ရသည်။

နန်းရင်သည် ယခုမှ မိခင်ကိုသတိရပြီး တောင်ပေါ်မှ အတင်းပြေးဆင်းသွားသည်။ မောင်မျိုး၏ အစအနကိုကား မမြင်ရတော့ချေ။ နန်းရင်သည် ချောင်းကမ်းစပ်သို့ မည်သို့ ရောက်ရှိသွားမှန်း မသိလိုပ်။ ဤဘက်ကမ်းတွင်ရှိသော လှေတစ်စင်းဖြင့် ချောင်းကို ကူးဖြတ်သွားသည်။ ဟိုဘက်ကမ်းသို့ ရောက်သောအခါ ကမ်းပေါ်သို့ သူမ မတက်ရမီမှာပင် လှေပေါ်သို့ လူများဝိုင်းအုံ၍ တက်ကြသည်။ လှေထဲသို့ ရေများဝင်သွားသည်။ ဆဲဆိုရန်ဖြစ်ကြသည်။

ထိုလူသိုက်ထဲတွင် မိခင်ကို မတွေ့မမြင်ရသောအခါ နန်းရင်သည် ကမ်းပေါ်သို့ ပြေးတက်သွားသည်။ ချောင်းနှင့်ရွာအကြားတွင် လူတွေ ပြည့်နေသည်။ ရှုပ်ယှက်ခတ်နေသည်။ ကျွက်ကျွက်ညံနေသည်။ နန်းရင်သည် ရွာသို့ တည့်တည့်တန်းမသွားဘဲ လူအုပ်ထဲတွင် တုံ့ကာ ပြန်ကာ ပြေးလွှား၍ မိခင်ကို ရှာဖွေနေသည်။

မည်သူ့ကိုမျှ မေးမရရှိသည်။ ခြေဦးတည့်ရာ ပြေးကြသဖြင့် လူစုကွဲကုန်ကြသည်။ အချို့မိခင်များသည် သားသမီးများကို တကြော်ကြော်ခေါ်၍ ရှာနေသည်။ အချို့အဘိုးကြီး၊ အမယ်ကြီးများသည် မပြေးနိုင်ဘဲ ရှိသည်။ လူအများပြေးလွှားနေသည့် အကြားတွင် ငုတ်တုတ်ထိုင်နေကြသည်။ အချို့လူများက ချီးပိုး၍ ခေါ်သွားသည်။

ဤသို့နှင့် နန်းရင်သည် ရွာစပ်သို့ရောက်သွားသည်။ မိခင်ကို မတွေ့ရ။ အဟုန်ပြင်းစွာ လောင်ကျွမ်းနေသောမီးသည် ရွာလယ်သို့ရောက်နေပြီ ဖြစ်သည်။ ကောင်းကင်တွင် မီးခိုးများ၊ ပြာမှုန်များ၊ မီးတောက်လုံးကြီးများ ရှိသည်။ ဝါးဆစ်ပေါက်ကွဲသံများ၊ အိမ်ပြိုကျသံများ၊ မီးတောက်သံများကို သဲကွဲစွာ ကြားရသည်။

ရွာတွင်းမှ လူများ ပြေးထွက်လာဆဲ ရှိသည်။ နောက်ကျန်၍ ထွက်လာသူများသည် ကလေးများ အဘိုးအဘွားကြီးများ၊ မသန်မစွမ်းသူများ၊ ဒဏ်ရာရနေသူများ ဖြစ်သည်။ ဒဏ်ရာရနေသူများသည် သွေးအလိမ်းလိမ်းနှင့် ရှိသည်။ အင်္ဂလိပ်စစ်သားများ အရမ်းကာရော ပစ်ခတ်နေသည့် ဒဏ်ကို ခံရခြင်း ဖြစ်သည်။

သို့ရာတွင် ရန်သူများသည် ရွာထိပ်မှနေ၍ ပစ်ခတ်နေကြခြင်းသာ ဖြစ်သည်။ ရွာတွင်းသို့ လည်းကောင်း၊ ရွာနောက်သို့လည်းကောင်း လိုက်လာသည့်သဏ္ဍာန် မရှိချေ။ ရွာထဲသို့ ပြေးဝင်မည်ရှိစဉ် မိမိအမည်ကို နောက်မှ ခေါ်သံကြားရ၍ လှည့်ကြည့်ရာ မောင်မျိုးနှင့် မိခင်ဖြစ်သူ ဒေါ်စောရုံကို တွေ့ရသည်။ သို့ဖြင့် သူတို့သုံးယောက်သည် ချောင်းတစ်ဖက်သို့ ပြန်၍ ပြေးလာကြသည်။

လူတွေ ရှုပ်ယှက်ခတ်နေသည့် အထဲတွင် ကျွဲများ၊ နွားများ၊ ခွေးများ၊ ဝက်များကလည်း ဟိုတိုး၊ သည်ဝှေ့ ပြေးလွှားလျက် ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

နွားတစ်ကောင်တိုးသဖြင့် အဘွားကြီးတစ်ဦး လဲကျသွားသည်။ နန်းရင်က ယင်းအဘွားကြီးကို ကျောပိုး၍ ခေါ်ခဲ့သည်။ ဒေါ်စောရုံက လမ်းတွင် ငိုကြွေးနေသော ကလေးငယ်တစ်ဦးကို ချီခဲ့သည်။ မောင်မျိုးက လမ်းတွင်ကောက်ရသော ဓားတစ်လက်ကို တင်းတင်း ဆုပ်ကိုင်ထားသည်။

"မသက်ရော်ကော"

ချောင်းတစ်ဖက်သို့ရောက်မှ နန်းရင်က မေးသည်။ သူမသည် စောစောကမိခင်အတွက် စိုးရိမ်စိတ် ပြင်းထန်သေသဖြင့် ယောင်းမကို မေ့နေခဲ့သည်။ ယခုမှ သတိရ၍မေးလိုက်သည်။ ထိုအခါတွင် ဒေါ်စောရုံသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုလေတော့သည်။ သူမ၏မိခင်သည် မည်သည့်အခါကမျှ ဤကဲ့သို့ ကျန်ပြေပျက်လောက်အောင် ငိုကြွေးခဲ့ဖူးခြင်း မရှိခဲ့။ ယခုကဲ့သို့ မိခင် သည်းထန်စွာ ငိုကြွေးသည်ကို မြင်ရသောအခါ မသက်ရော်တွင် ကြီးမားသော ဘေးအန္တရာယ်တစ်ခု ဆိုက်ရောက်ပြီဟု နန်းရင် သိလိုက်သည်။

"ဒေါ်လေး၊ မမသက်ရော် ဘာဖြစ်လို့လဲ"

မောင်မျိုးက မေးလိုက်သည်။

"မရှိတော့ဘူးကွယ့်"

ဒေါ်စောရုံ၏အသံသည် တိမ်ဝင်၍ ဆို့နင့်လျက်ရှိသည်။

"သေပြီလား"
"အင်း"
"ဘယ်လို ဖြစ်တာလဲ"
"ရွာထိပ်က မောင်းသံလည်း ကြားရော ကောင်မလေးဟာ ဓားသွေးရာကထပြီး ပြေးသွားတော့တာပါပဲ။ ငါလည်း နောက်က အတင်းပြေးလိုက်သွားရတာပ။ ရွာတံခါးရောက်တော့ ကောင်လေးတွေနဲ့ ကုလားဖြူတွေ ထိုးကြ၊ ခုတ်ကြ ဖြစ်နေပြီ။ သက်ရော်လည်း အတင်းဝင်ပြီး ကုလားဖြူတွေကို ခုတ်တော့တာပဲ။ နို့ပေမယ့် မကြာပါဘူးကွယ်။ ကောင်လေးတွေရော သက်ရော်ရော မိစ္ဆာတွေရဲ့ လက်ချက်နဲ့ သေကြရတော့တာပဲ။ အားချင်းမျှ မမျှဘဲကွယ်။ အဲ ဒင်းတို့ဘက်ကလည်း လေးငါးယောက်ထက် မနည်းတော့ ကျသပ။ ငါ့ကိုလည်း ဘယ်သူကလဲမသိဘူး အတင်းဆွဲလာလို့ အခုလို အသက်ရှင်နေသေးတာပ။ နို့မို့ရင် ငါလည်း သေပြီပကွယ်။ ရွာထိပ်မှာတော့ မြင်မကောင်းရှုမကောင်းဘဲ"

## အခန်း -၆၂-

"ရွာအကြောင်း ကြားပလား"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ခရီးရောက်မဆိုက် မေးသည်။ ကိုရွှေနီက နှုတ်မှ မဖြေ။ နှုတ်ခမ်းစုံကိုတင်းတင်းစေ့၍ ခေါင်းညိတ်သည်။ ရွာမီးလောင်သည့်သတင်းကို ကိုရွှေနီသည် ယနေ့မနက်မှပင် ကြားသိရသည်။ သူ့ရင်ထဲတွင် စိတ်မကောင်းခြင်း၊ နာကြည်းခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ ရောထွေး ပေါ်ပေါက်လာသည်။ သူက ယခုချက်ချင်းပင် ရွာကို သွားမည်ဟုလည်း ဆုံးဖြတ်သည်။ ရမိသမျှ တပ်များကို စုရုံး၍ မိုးကောင်းကို တိုက်ခိုက်မည်ဟုလည်း ပိုင်းဖြတ်သည်။ အင်္ဂလိပ်များနှင့် နားလည်မှုယူကာ ရွာမှာပင် အေးအေးဆေးဆေး လယ်လုပ်၍ မနေဆိုးမခံ၊ အမိမဲ့သား ဦးဦးနှင့် နမယ်တို့ကို လုပ်ကိုင်ကျွေးမွေးရလျှင် ကောင်းလေမလားဟု စိတ်ကူးမိသည်။ "အင်ခရိုတူ" စခန်းတွင်ရှိနေသော မောင်ရွှေဝါထံသွား၍ အတိုင်အပင်ပြုရလျှင် ကောင်းလေမလားဟုလည်း စဉ်းစားသည်။

ကိုရွှေနီသည် တစ်မနက်ခင်းလုံး ဘာလုပ်ရမှန်းမသိအောင် မှိုန်၍ထူ၍ ခေါင်းအုံ့နေခဲ့သည်။ နေ့ခင်းဘက်တွင်မှ စိတ်တည်ငြိမ်မှု ရလာသည်။ အင်္ဂလိပ်များနှင့် နားလည်မှုယူကာ အေးအေးဆေးဆေး လုပ်စားတော့မည်ဟူသော စိတ်ကူးမှာ အတော်ပင် မဖြစ်နိုင်သော စိတ်ကူး ဖြစ်သည်။ သူတို့သည် ကိုယ့်လယ် ကိုယ့်ယာကို အေးအေးလူလူလုပ်ကိုင်စားသောက်ခြင်း မပြုနိုင်သဖြင့် မြန်မာဘုရင်ကို လည်းကောင်း၊ ကျူးကျော်ဝင်ရောက်လာသော အင်္ဂလိပ်ကို လည်းကောင်း ဆန့်ကျင်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ ယင်းအပြင် အင်္ဂလိပ်သည် မိမိတို့နယ်မြေမှ မိမိတို့တိုင်းရင်းသားတစ်ဦး မဟုတ်ချေ။ မိမိတို့နှင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် မဟုတ်ချေ။ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့ကြသော တစ်မျိုးတစ်နွယ်တည်းများ မဟုတ်ချေ။ ဝေးလံသောအရပ်မှ လာရောက်၍ မတော်လောဘဖြင့် မိမိတို့ အပေါ်တွင် စိုးမိုးအုပ်ချုပ်လိုခြင်း ဖြစ်သည်။ မိမိတို့၏ ပေါများကြွယ်ဝသော ပစ္စည်းဥစ္စာများကို ရယူလိုခြင်း ဖြစ်သည်။ မိမိတို့ကို သတ်ဖြတ်ခြိမ်းခြောက်၍ လည်းကောင်း၊ ချော့မော့ချိုးနှိပ်၍ လည်းကောင်း ကျေးကျွန် ပြုလိုသူများ ဖြစ်သည်။ ဤသူများနှင့် အပြေအလည်ပြောဆိုရန် ဆိုသည်မှာ မဖြစ်နိုင်ချေ။ ရန်စကျူးကျော်၍ မတရားသဖြင့် ရောက်ရှိလာသူများကို မိမိတို့သခင်အဖြစ်လည်း မမှတ်ယူနိုင်။ မိတ်ဆွေအဖြစ်လည်း မမှတ်ယူနိုင်။ ရန်သူအဖြစ်သာ ပြတ်ပြတ်သားသား မှတ်ယူရမည်။ ရန်သူကို ရန်သူလိုသာ ဆက်ဆံရမည်။ ရန်သူလိုသာ တိုက်ထုတ်ရမည်။ မိမိတို့နယ်မြေမှ တွန်းလှန်မောင်းထုတ်ပစ်ရမည်။ အားမတန်သည် အားတန်သည်က အကြောင်းမဟုတ်။ မိမိတို့အလုပ်က တိုက်ရမည်။ သေခါမှ သေရော။

သည်စိတ်ကူး သူ့ခေါင်းထဲသို့ဝင်လာရသည်မှာ သူ့သားနှင့်အတူနေလို၍ ဖြစ်သည်။ သူ့အိမ်သားများနှင့် မကွဲကွာလို၍ ဖြစ်သည်။ မည်သူကော ကိုယ့်သား ကိုယ့်မယားနှင့် ကိုယ့်အိမ်ထောင်စု နှင့်အတူ မနေချင်ဘဲ ရှိမည်နည်း။ မည်သူကော ကိုယ့်ရပ် ကိုယ့်ဒေသကို မလွမ်းမဆွတ်ဘဲ ရှိမည်နည်း။ မတရားမှုကို ခေါင်းငုံ့မခံနိုင်ကြသဖြင့် ကိုယ်အကျိုး၊ ကိုယ့်စီးပွားကို အသာထားကာ ရန်သူကို တိုက်ခိုက်နေရခြင်း မဟုတ်ပါလား။

ကိုရွှေနီသည် အရှုံးပေး ဒူးထောက်သည့်မှုကို စွန့်လိုက်သည်။ မိုးကောင်းကိုတိုက်ရန် ဆိုသည်မှာလည်း သူတစ်ယောက်တည်းသဘောနှင့် ဖြစ်နိုင်မည် မဟုတ်။ တပ်မှူးများအားလုံး သဘောတူမှ ဖြစ်နိုင်ပေသည်။ တပ်မှူးများကလည်း အခြေအနေကောင်းမှသာ မိုးကောင်းကို တိုက်ရန် သဘောတူကြပေသည်။ နေ့စဉ်နှင့်အမျှ ရွာများကို ရန်သူက မီးရှို့နေသည်။ သူများရွာမီးရှို့ခံရသည့် အချိန်တွင် မိုးကောင်းတိုက်ရန်မပြောဘဲ ကိုယ့်ရွာမီးရှို့ခံရသည့်အချိန်မှ ဤစကား ပြောဖြစ်နိုင်ပါမည်လား။ သည်စိတ်ကူးလည်း မဖြစ်နိုင်ချေ။

MMCYBERMEDIA
COMMUNITY FOR ALL

ရွာကိုသွားမည့် အကြံကတော့ မဆိုးချေ။ သင့်လျော်သည်။ ယခုလို အချိန်မျိုးတွင် ရွာကို သွားသင့်သည်။ ရွာ၏ အခြေအနေနှင့် အိမ်သူအိမ်သားများ၏ အခြေအနေကို အမှန်အကန် သိသင့်သည်။ သူ့ကိုမြင်လျှင် မိခင်နှင့်နှမငယ်တို့ အားတက်ချိမ့်မည်။ ရွာကိုသွားသည့် ကိစ္စတွင်တစ်ခုပဲ ပြဿနာ ရှိသည်။ သူ့အတွက် အန္တရာယ်ရှိသည်။ ဒါလောက်တော့ သူက စွန့်စားရမည်။ မောင်ရွှေဝါထံသို့လည်း သွားသင့်သည်။ ဤသတင်းကို သူကြားချင်မှ ကြားဦးမည်။ ရွာသို့ လိုက်မည်ဆိုလျှင်လည်း သူ့ကိုပါ တစ်ပါတည်း ခေါ်သွားရမည်။

ထို့နောက် ကိုရွှေနီသည် ရှေ့အစီအစဉ်များကို တသီကြီး စဉ်းစားနေပြန်တော့သည်။ သူက ယခုအခါ အင်မတန် စဉ်းစားတတ်နေသည်။ ကိုရွှေနီသည် သူ့ထက်ပင် စဉ်းစားချင့်ချိန်ခြင်း ပြုသည်ဟု ဦးဖိုးစောကပင် ပြောလာသည်။ ကိုရွှေနီသည် အရင်ကနှင့် လုံးလုံး မတူတော့ဟု အားလုံးကပင် ပြောကြသည်။

ညီဖြစ်သူထံ ဝင်ရောက်အကြောင်းကြားပြီး ရွာသို့ သွားမည်ဟု စိတ်ပိုင်းဖြတ်ပြီး ဖြစ်သော်လည်း ကိုရွှေနီသည် ခရီးမစရသေးချေ။ ဆမားကြီးထံသို့ တိုင်ပင်ဆွေးနွေးရန် သွားရောက်နေသော လဗျဂမ်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ လဗျဂမ် ပြန်ရောက်မှ သူ့ကို တပ်အပ်ခဲ့ရမည်။ လဗျဂမ်သည် မနေ့ညနေကတည်းက ရောက်ဖို့ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ယနေ့တော့ ကျိန်းသေပေါက် ရောက်မည်။

ယင်းကြောင့် ကိုရွှေနီသည် တောင်စောင်းတစ်ခုတွင် တစ်ယောက်တည်းထိုင်၍ လဗျဂမ် ရောက်အလာကို စောင့်ဆိုင်းနေသည်။ လူမှုရေးနှင့် နိုင်ငံရေးပြဿနာများကို နက်နက်နဲနဲ စဉ်းစားလျက် ရှိသည်။

သည်အချိန်တွင် မောင်ရွှေဝါ ရောက်လာခြင်း ဖြစ်သည်။ မောင်ရွှေဝါက ခရီးရောက် မဆိုက်ပင် ရွာအကြောင်း ပြောသည်။ ဤသို့ဆိုလျှင် သူလည်း ရွာသတင်းကို ကြားပြီး ဖြစ်သည်။ သူ့တွင် မည်သို့ စိတ်ကူးရှိချေမည်နည်း။

"ဒါနဲ့များ ဒီမှာလာပြီး အေးအေးဆေးဆေး ထိုင်နေသေးသကော"

မောင်ရွှေဝါက အပြစ်တင်လိုက်သဖြင့် ကိုရွှေနီ ရုတ်တရက် ဒေါသဖြစ်သွားသည်။ ပြီးမှ စိတ်ကို ထိန်းကာ...

"အေးအေးဆေးဆေး ထိုင်နေတာ မဟုတ်ပါဘူး။ လဗျဂမ်ကို စောင့်နေတာ။ သူပြန်လာမှ သူ့ကို တပ်အပ်ခဲ့ရမယ်ကော"

"သူက ဘယ်သွားတာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ"

"ဆမားကြီးဆီသွားတယ်၊ ကနေ့တော့ ဆက်ဆက်ရောက်မှာပါ၊ မနေ့က ပြန်ရောက်ဖို့ပဲ"

မောင်ရွှေဝါက အစ်ကိုဖြစ်သူနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ကာ...

"သူ့ကို တပ်အပ်ပြီး ဘာလုပ်မလဲ"

"အစကတော့ နင့်ဆီ လာမလို့ပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"အခု ကျုပ် ရောက်လာပြီကော"
"ရွာကိုသွားမယ်ပ။ အစ်မတို့ နန်းရင်တို့ဟာ တို့ကို မျှော်နေရောပ"

ထိုင်နေရာမှ ဝုန်းခနဲထရင်း မောင်ရွှေဝါက...
"ရွာကိုသွားလို့ ဘာလုပ်မလဲ၊ အမေတို့နဲ့တွေ့လို့ ဘာဖြစ်မှာလဲ အလကား ပိုနေတာကော"

ကိုရွှေနီက ညီကို စူးစိုက်၍ကြည့်သည်။ သူ့ညီသည် ရောက်လာကတည်းက စကားကောင်း တစ်ခွန်းမှ မပြောသေးချေ။ မကျေမနပ် အမူအရာဖြင့် သူ့ကို ဘောက်တိဘောက်ဆတ်များသာ ပြောနေသည်။ အရင်ကဆိုလျှင် သူ့ညီသည် စကားကို ပြေပြေပြစ်ပြစ်နှင့် လိပ်ပတ်လည်အောင် ပြောတတ်သည်။ အကျိုးနှင့်အကြောင်းနှင့် ပြောတတ်သည်။

မောင်ရွှေဝါသည် ကျောက်တုံးပေါ်တွင် ပြန်ထိုင်သည်။ စောစောကလို တင်ပါးနှင့်ထိုင်ခြင်း မဟုတ်ဘဲ တစ်ကိုယ်လုံးတက်၍ ဆောင့်ကြောင့်ထိုင်နေခြင်း ဖြစ်သည်။ မောင်ရွှေဝါသည် သူ့ကို မကြည့်ဘဲ အရှေ့ဘက်တောင်စောင်းကို ကြည့်နေသည်။ နေရောင်သည် တောင်ပေါ်ယာခင်းများပေါ်တွင် ကျရောက်လျက်ရှိသည်။ တောင်ယာတဲသည် ငြိမ်သက်လျက်ရှိသည်။ တောင်ယာလုပ်ငန်းဝင်နေသော ကချင်မလေးများသည် မနားမနေ လှုပ်ရှားလျက် ရှိသည်။

"တစ်ရွာလုံး မီးလောင်သွားတာ တိုင်ငုတ်တောင် မကျန်ဘူးဆိုတာ သိတယ် မဟုတ်လား"

မောင်ရွှေဝါက သူ့ကိုမကြည့်ဘဲ မေးသည်။ ကိုရွှေနီက ခေါင်းညိတ်သည်။ သူခေါင်းညိတ်သည်ကို တစ်ဖက်လူ မမြင်တွေ့နိုင်မှန်းသိ၍ ပါးစပ်မှ "အင်း" ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ယောက်ျား၊ မိန်းမ၊ ကလေး အားလုံး စုစုပေါင်း လူနှစ်ဆယ်တိတိ သေတယ်"
"ဆယ်ယောက်က ခံတိုက်ရင်း သေရတာ"

ကိုရွှေနီက ဖြည့်ပြောသည်။

"အဲဒီအထဲမှာ မသက်ချော် ပါသွားတယ်"

ကိုရွှေနီ နှုတ်ပိတ်သွားသည်။

"ဒီကောင်မလေး ဒါလောက် သတ္တိကောင်းလိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး"
"သတ္တိကောင်းရုံတင် မဟုတ်ဘူး။ အလုပ်လုပ်တဲ့နေရာရော စိတ်နေစိတ်ထားရော အားလုံး တော်ပါတယ်"

ကိုရွှေနီက တစ်ယောက်တည်း ညည်းသလိုပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အင်းလေ မသက်ရော်သေသွားပြီ။ တစ်ရွာလုံးပြာကျသွားပြီ။ အဲဒါဘာလုပ်မလဲ။ ဒီလိုပဲ ငုတ်တုတ်ကြီး ထိုင်နေတော့မလား"

မောင်ရွှေဝါက အော်လိုက်ပြန်သည်။ သူသည် မတ်တတ်ထရပ်သည်။ ကျောက်တုံးပေါ်မှ ဆင်း၍ မဟုတ်၊ ကျောက်တုံးပေါ်တွင် ရပ်၍ ဖြစ်သည်။

ကိုရွှေနီက သူ့ကို စူးစိုက်၍ ကြည့်နေသည်။ မောင်ရွှေဝါ၏ မျက်လုံးများသည် မီးဟုန်ဟုန်း တောက်တော့မလား အောက်မေ့ရသည်။ သူက အမျက်ဒေါသ အလွန်အကျွံ ဖြစ်နေဟန်ရှိသည်။ သူ့ရွာကို ရန်သူများက ချေမှုန်းသွားသည်ဆို၍၊ သူ့မိသားစု အတိဒုက္ခရောက်ရ၍၊ သူ့အိမ်သားတစ်ဦး တိုက်ပွဲတွင် ကျဆုံး၍ သူက ကိုယ့်ကိုယ်ကို မထိန်းသိမ်း မချုပ်တည်းနိုင်လောက်အောင် စိတ်ထိခိုက်နေဟန် ရှိသည်။ ဒေါသဖြစ်နေဟန် ရှိသည်။ သို့ဖြင့် ကိုရွှေနီသည် သူ့ညီ၏ အပြုအမူ အပြောအဆိုများကို ခွင့်လွှတ်နိုင်သည့် အနေဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"အစ်ကိုရွှေနီကို ကြည့်ရတာ အေးတိအေးစက်ပဲ။ ကိုယ့်နဲ့ ဘာမှ မဆိုင်သလိုပဲ"

"ဖြစ်ခဲ့တာ ဖြစ်ခဲ့ပြီပဲ ရွှေဝါ။ ဒါလောက်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်မနေပါနဲ့၊ ခေါင်းအေးအေး ထားစမ်းပါ"

"ကျုပ်ကတော့ ခေါင်းအေးအေး မထားနိုင်ဘူး။ ခေါင်းထဲမှာ တောမီးလောင်နေတယ်။ တစ်ခုခုတော့ လုပ်ရမှာပဲ"

"ကဲကွယ် ပြောစမ်းပါဦး။ မင်း ဘာလုပ်ဖို့ စိတ်ကူးထားသလဲ"

ကိုရွှေနီက မေးလိုက်သည်။

"ဘာလုပ်ရမလဲ။ ရန်သူကို လက်စားချေရမှာပေါ့"

"အေးလေ၊ ရန်သူကို လက်စားချေရမှာတော့ ဟုတ်ပါတယ်။ အခု လောလောလတ်လတ် ဘာလုပ်မလဲ ဆိုတာကို မေးတာပါ"

"အစ်ကိုရွှေနီဟာ အရင်တုန်းကနဲ့ မတူတော့ဘူး။ အရင်တုန်းက စကားမပြောဘူး၊ အလုပ်လုပ်တယ်။ အခု စကားပဲ ပြောတယ်။ စကားပြောတာမှ တော်တော်ကို လျှာရှည်ရှည် ပြောတယ်။ နို့ပေမယ့် အလုပ် မလုပ်ဘူး"

"နင် ဘာလုပ်ချင်တယ် ဆိုတာ ပြောစမ်းပါဦး"

"ကျုပ်တို့ အခုပဲ ရန်သူကိုလက်စားချေရမှာပ။ မိုးကောင်းကို တိုက်ရမယ်။ အသေခံပြီး တိုက်ရမယ်"

"အေးလေ၊ ဒါကို ဗိုလ်စောတို့နဲ့ ပြောရမှာပဲ"

"ကျုပ် ဗိုလ်စောနဲ့ တွေ့ခဲ့ပြီ။ သူတို့ကတော့ ပြောတာပေါ့။ ဘယ် အခုတိုက်ဦးမလဲ။ မိုးကောင်းကို တိုက်ဖို့ အားပြန်စုနေတာပဲတဲ့။ မိုးကုန်လောက်မှ တိုက်မယ်တဲ့။ ကျုပ်တို့ကတော့ မိုးကုန်အောင် မစောင့်နိုင်ဘဲ အခုပဲ တိုက်ရမယ်။ ဘယ်တပ်မှ မလိုက်ရင် ကျွန်တော့်တပ်နဲ့ အစ်ကိုရွှေနီတပ် နှစ်တပ်တည်း ပေါင်းပြီး တိုက်တမယ်။ ရန်သူကို ပြတ်ပြတ်သားသား ရက်ရက်စက်စက် လက်စားချေရမယ်"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ရွှေဝါ။ စစ်တိုက်တယ် ဆိုတာ မိုက်ရူးရဲအလုပ်မှ မဟုတ်ဘဲ။ အများနဲ့ အညီအညွတ်လုပ်တဲ့ ကိစ္စမှာ ကိုယ်ထင်ရာ ကိုယ်စိုင်းရင် အားလုံး ဒုက္ခရောက်ရမှာပဲ။ နွားကွဲရင် ကျားဆွဲ ခံရမှာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ဩော်၊ ရန်သူကို တိုက်ရမှာ ကြောက်နေကြပြီလား။ ဘယ်သူမှ မတိုက်ချင်ရင်နေ။ ကျုပ်တစ်ယောက်တည်း တိုက်မယ်"

ကိုရွှေနီ သက်ပြင်းတစ်ချက် ချလိုက်သည်။ မောင်ရွှေဝါသည် ကျောက်တုံးပေါ်မှ ခုန်ဆင်း၍ ကျောက်တုံးကို လှည့်ပတ်နေသည်။

"ရွာကို မီးရှို့တာ ဘယ်သူ့စနက်လဲ သိသလား"

သူက ကိုရွှေနီနှင့် မျက်နှာချင်းထိလုမတတ် တေ့ဆိုင်၍ မေးလိုက်သည်။ ကိုရွှေနီကမဖြေ။ မောင်ရွှေဝါသည် ကျောက်တုံးကို လှည့်ပတ်နေပြန်သည်။ အတန်ကြာမှ...

"ဘယ်သူ့ရဲ့ လက်ချက်မှ မဟုတ်ဘူး။ အဝါရဲ့ လက်ချက်။ အဝါသစ္စာဖောက်လို့ ရွာမီးရှို့ခံရတာ။ သစ္စာဖောက်တွေကို သတ်ပစ်ရမယ်။ ဗိုလ်ရိုင်းလုပ်တာ သိပ်မှန်တယ်။ သစ္စာဖောက်ဆိုရင် တစ်ယောက်မှ မထားရဘူး။ ကျုပ်တို့က ရွှေကြာကိုလည်း အခုထက်ထိ ကြည့်နေတာပဲ မဟုတ်လား။ ဒီတော့ သစ္စာဖောက်တွေက အတင့်ရဲလာတာပ။ သတ်ရမယ်။ သစ္စာဖောက်တွေကို သတ်ရမယ်။ အဝါကို အရင်ဆုံး သတ်ရမယ်။ အဝါဟာ အဘိုးရဲ့ဂုဏ်ကို ဖျက်ခဲ့တယ်။ အမျိုးဂုဏ်ကို ဖျက်ခဲ့တယ်။ ရွာရဲ့ ဂုဏ်ကို ဖျက်ခဲ့တယ်။ လူမျိုးဂုဏ်၊ နိုင်ငံဂုဏ်ကို ဖျက်တယ်။ သူ့ကို အရင်ဆုံးသတ်ရမယ်။ အခုချက်ချင်း သတ်ရမယ်။ ကျုပ်ကိုယ်တိုင် သတ်ရမယ်"

မောင်ရွှေဝါသည် အရူးလို အော်ဟစ်လျက် ရှိသည်။

"နင်ပြောတာတွေ မဟုတ်တော့ဘူး ရွှေဝါ၊ နင့်ပါးစပ်ကို ချုန်းအုပ်ဦး၊ အဝါဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း သိလား။ သူ့ဟာသူ ဘာလုပ်လုပ် နင်မပြစ်မှားရဘူး"

"အဝါက သစ္စာဖောက်ပဲ။ အင်္ဂလိပ်နဲ့ပေါင်းပြီး ကျုပ်တို့ကို တိုက်နေတာပဲ"

"ငါပြောမယ် ရွှေဝါ၊ တို့ဟာ ရန်သူကိုလည်း တိုက်မှာပဲ။ သစ္စာဖောက်ကိုလည်း တိုက်မှာပဲ။ နို့ပေမယ့် ကိုယ့်အဝါကိုယ်သတ်ဖို့တော့ မဟုတ်ဘူး။ မတော်တဆ တိုက်ပွဲမှာ ရင်ဆိုင်မိလို့ ကျသွားရင်တော့ မတတ်နိုင်ဘူးပ"

"ကျုပ်ကတော့ သတ်မှာပဲ။ အစ်မတို့ ဒုက္ခရောက်တာ ကျုပ်မကြည့်နိုင်ဘူး။ တစ်ရွာလုံး ဒုက္ခရောက်တာ ကျုပ်မကြည့်နိုင်ဘူး။ (မောင်ရွှေဝါသည် ကိုရွှေနီကို လက်ညှိုးငေါက်ငေါက်ထိုး၍) အစ်ကိုရွှေနီကတော့ အေးနေတာပ။ ဝမ်းသာနေတာကိုး"

"နင် ဘာပြောတာလဲ။ ငါက ဘာဝမ်းသာနေတာလဲ"

ကိုရွှေနီသည် သူ့ညီ၏စကားကို နားမလည်သည့် အနေဖြင့် မေးလိုက်သည်။

"မသက်ရော်သေသွားတာ အစ်ကို ဝမ်းသာနေတာပ"

"နင် နင် နင် ဘာပြောတယ်"

ကိုရွှေနီသည် ထိုင်ရာမှ အဟုန်အမာန်နှင့် ထလိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ်က ဟုတ်တာပြောတာပ၊ မသက်ရော်က အကန်းအအ သူသေသွားတော့ အစ်ကိုရွှေနီ ဝင့်ကျွတ်တာပ"

"တော်စမ်း နင်သေချင်သလား"

ကိုရွှေနီသည် မိုးခြိမ်းသကဲ့သို့ ကြုံးဝါးလိုက်သည်။ ဓားကို ဆွဲချွတ်လိုက်သည်။ မောင်ရွှေဝါကလည်း လက်ထဲတွင် ဓားအဆင်သင့် ရှိနေသည်။

အကယ်၍ လဗျဂမ်သာ အချိန်မီ ရောက်မလာခဲ့လျှင် ညီအစ်ကိုနှစ်ယောက် ဤနေရာတွင် ဓားချင်းယှဉ်၍ ခုတ်ကြတော့မှာ အမှန်ပင် ဖြစ်သည်။

လဗျဂမ်သည် လမ်းကတည်းက ကြိုးကြာရွာအကြောင်းကို ကြားခဲ့သည်။ စခန်းသို့ ပြန်ရောက်သောအခါတွင် ကိုရွှေနီတို့ ညီအစ်ကိုနှစ်ယောက် ဤဘက်တောင်စောင်းတွင် ရှိနေသည်ဆို၍ ချက်ချင်း လိုက်ခဲ့သည်။ ညီအစ်ကိုနှစ်ယောက် ဓားတစ်ပြက်၊ ဓားတဝင့်ရှိနေသည်ကို မြင်သောအခါ အတင်း အော်ဟစ်၍ သူတို့နှစ်ယောက်ကြားသို့ အတင်းပြေးဝင်သည်။ လဗျဂမ်၏ အထိတ်တလန့် အော်သံကြောင့် တပ်သားများလည်း အချင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။ သို့ဖြင့် ညီအစ်ကိုနှစ်ဦးသည် ဆောင်ဓားများကို ဓားအိမ်တွင်းသို့ ပြန်၍ သွင်းလိုက်ကြသည်။

"ကျုပ်တို့က ဘယ်တော့မှ နောက်မတွန့်ဘူး။ တိုက်မှာပဲ၊ သတ်မှာပဲ၊ သစ္စာဖောက်တွေကို ရှင်းပစ်မှာပဲ၊ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မပဲ၊ အဖေရယ် အစ်ကိုရယ် မညှာနိုင်ဘူး။ ကိုယ့်သွေးတောင် ပုပ်နေရင် ဖောက်ထုတ်ပစ်မယ်"

မောင်ရွှေဝါသည် ယင်းသို့ ပြောဆိုပြီးမှ ထိုနေရာမှ ထွက်သွားသည်။ ကိုရွှေနီတို့ စခန်းမှ ပြန်သွားသည်။

ကိုရွှေနီသည် ညီဖြစ်သူ၏ စွပ်စွဲပြောဆိုချက်များကြောင့် များစွာမှပင် စိတ်အနှောင့်အယှက် ဖြစ်ရသော်လည်း မူလသတ်မှတ်သည့်အတိုင်းပင် လဗျဂမ်ကို တပ်အပ်၍ ကြိုးကြာရွာသို့ ထွက်ခဲ့သည်။ ကြိုးကြာရွာသို့ ပြန်ခဲ့သည်။ သို့သော်လည်း ယခုအခါတွင် ကြိုးကြာရွာသည် မရှိတော့ပါ။ ကိုရွှေနီသည် မီးလောင်ပြင်ကိုသာ တွေ့ရှိရတော့သည်။ တစ်ချိန်က အုပ်အုပ်ဆိုင်းဆိုင်းရှိခဲ့သော ရွာသည် ယခုအခါ လွင်တီးခေါင်ဖြစ်၍ နေချေပြီ။ ကိုရွှေနီသည် ကိုယ့်အိမ်နေရာပင် မနည်းရှာဖွေရသည်။

အိုးမဲ့၊ အိမ်မဲ့ ဖြစ်ရကုန်သော သူတို့သည် ရွာသစ်တည်ကြသည်။ သို့သော် တစ်စုတစ်ပေါင်း တည်းကား မဟုတ်တော့ချေ။ တချို့က ချောင်းလေးခွတွင် အိမ်ဆောက်သည်။ တချို့က ကြိုးကြာတောင်၏ တောင်ဘက်စွန်းနှင့် ချောင်းအကြားတွင် ရွာတည်သည်။ ယင်းသို့ဖြင့် ချောင်းလေးခွရွာ နှင့် ကြိုးကြာရွာသစ် ဟူ၍ နှစ်ရွာဖြစ်လာတော့သည်။

ချောင်းလေးခွက အိမ်ခြေနည်းသည်။ ကြိုးကြာရွာ၏ လေးပုံတစ်ပုံခန့်သာရှိသည်။ ဦးချွန်းနှင့် ဆွေမျိုးမကင်းသူများ ဖြစ်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ကင်းကင်းနေလိုသူများ ဖြစ်ကြသည်။ ကြိုးကြာရွာသစ်ကား နယ်ချဲ့နှင့် သစ္စာဖောက်တို့ကို မုန်းတီးသူများ စု၍ တည်ထောင်သောရွာ ဖြစ်သည်။

ရွာတည်ပုံ ခံတပ်တစ်ခုသဖွယ် ဖြစ်သည်။ ရွာ၏အရှေ့၊ အနောက်နှင့် တောင်ဘက်တွင် ချောင်းရှိပြီး မြောက်ဘက်တွင် တောင်ရှိသည်။ ရန်သူ အလွယ်တကူ မချဉ်းကပ်နိုင်စေရန် ဖြစ်သည်။ ချောင်းကူးတံတား မဆောက်ဘဲ လှေနှင့်သာ ကူးသန်းကြသည်။ လှည်းနှင့်ကျွဲ၊ နွားများ ကူးသန်းရန်အတွက် ဖောင်များကို ဆက်၍ တံတားရှင်ပြုလုပ်ထားသည်။ အရေးအကြောင်းရှိလျှင် တံတားရှင်ကိုဖျက်ပစ်နိုင်သည်။ ညအခါတွင် ဖောင်များကို တစ်ဖက်တွင်သာ ထားသည်။ သို့ဖြင့် ကြိုးကြာရွာသစ်သည် တည်ကတည်းက နယ်ချဲ့ဆန့်ကျင်ရေး ခံတပ် ဖြစ်တော့သည်။ သို့သော် အင်္ဂလိပ်တို့က ကြိုးကြာရွာသစ်ကို သီးခြား အသိအမှတ် မပြုချေ။ ရွာသစ်နှင့် ချောင်းလေးခွကိုပေါင်း၍ ကြိုးကြာချောင်းလေးခွ ဟုခေါ်သည်။ သူကြီး တစ်ယောက်တည်းသာ ဖြစ်သည်။ ကြိုးကြာချောင်းလေးခွ၏ သူကြီးအသစ်မှာ ကိုလူကြီး ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည်မှာ ကြိုးကြာရွာဟောင်း မီးရှို့ခံရသည့် ညမှာပင် ဦးချွန်းသည် အမည်မသိ လူတစ်စု၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ဦးချွန်းသည် ထိုနေ့ညဦးပိုင်းတွင် ချောင်းအတွင်း၌ တစ်ယောက်တည်း လှေျာဆည်ကြည့်နေစဉ် အသတ်ခံရခြင်း ဖြစ်သည်။ သူ့ကို မည်သူမည်ဝါတွေက သတ်ဖြတ်မှန်း အသေအချာ မပြောနိုင်သော်လည်း နယ်ချဲ့ဆန့်ကျင်ရေးသမားများက သတ်ဖြတ်ကြောင်းကား ရှင်းနေသည်။ ရွာကို မီးရှို့သည့်အချိန်က ဦးချွန်းသည် ရွာထိပ်တွင် အင်္ဂလိပ်တပ်နှင့်အတူ ရှိနေခဲ့သည်။ ရှင်းသည့် အချက်တစ်ခုမှာ ဦးချွန်း၏ အသုဘသို့ ကြိုးကြာရွာသစ်မှ တစ်ဦးတစ်ယောက်မျှ မလာခြင်း ဖြစ်သည်။

ကြိုးကြာရွာသစ်ကို ခုနစ်ရက်အတွင်း အပြီးတည်ဆောက်ခဲ့ကြသည်။ အိမ်များ၊ စပါးကျီများ၊ နွားတင်းကုပ်များသည် အားလုံး တစ်ရွယ်တည်း၊ တစ်ပုံစံတည်း ဖြစ်သည်။ အကြောင်းမူ ရွာသူရွာသားများသည် လက်စားလိုက်စနစ်ဖြင့် ရွာကို တည်ဆောက်ခဲ့သောကြောင့် ဖြစ်သည်။ သစ်ခုတ်သူ၊ ဝါးခုတ်သူ၊ လျှော်ဆုတ်သူ၊ ကြိမ်ထိုးသူ၊ သက်ငယ်ပစ်သူ၊ ထရံရက်သူ၊ အိမ်တိုင်ထူသူ၊ ဝင်းခတ်သူ စသည်ဖြင့် သူ့တာဝန်သူ ခွဲခြား၍ လုပ်ခဲ့ကြသောကြောင့် ဖြစ်သည်။

ကိုရွှေနီသည် လမ်းတွင် စိတ်ကူးပြုခဲ့သည့်အတိုင်း မခေါင်ညွှယ်အိမ်တွင် စခန်းချသည်။ အကြောင်းမူ သူသည် ထင်ရှားသော ရဲဘော်တစ်ဦး ဖြစ်သဖြင့် ရန်သူများက သူ၏ အသွားအလာကို ကြည့်နေသည်။ သူရှိသည်ဟုထင်သော ရွာများကို မကြာခဏ ဝင်၍ စီးခဲ့ကြသည်။ ကြိုးကြာရွာသစ်တွင် သူရောက်နေမှန်းသိလျှင် ခုနစ်ရက်နှင့် တစ်ပိုင်းသာ ရှိသော ရွာကလေးသည် အင်္ဂလိပ်များ၊ သစ္စာဖောက်များ လက်ချက်ဖြင့် ပြာကျရပေဦးမည်။ သူ့အတွက်ကြောင့် တစ်ပါးသူများ ဒုက္ခမရောက်စေရန် သူက အသွားအလာ ဆင်ခြင်ရသည်။ မခေါင်ညွှယ်အိမ်သို့ပင် ညအချိန်မှ ဝင်ရသည်။ တစ်ပါးသူများ မတွေ့မမြင်အောင် အထူး ဂရုထားပြီးမှဝင်သည်။

သူ့ကို တွေ့ရသောအခါ မခေါင်ညွှယ် ဝမ်းသာသည်။ လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။ မောင်နှမ အရင်းအချာကဲ့သို့ပင် ဖြစ်သည်။ သူကမူ မျက်နှာပူသည်။ ရဲရဲမကြည့်ဝံ့။ ရဲရဲမပြောဝံ့။ မဂမ်သည် သူ့ကို ခင်မင်သည်။ သူ့လည်ပင်းကို သိုင်းဖက်ခိုစီးသည်။ မောင်မျိုးသည် ယခင်က ကိုရွှေနီကို ခပ်တန်းတန်းသာ နေသော်လည်း ယခုအခါ ကိုရွှေနီကို ကပ်နေသည်။ သူ့ကို တပ်သို့ခေါ်ရန် ပူဆာသည်။ ကိုရွှေနီက ဆယ့်ခြောက်နှစ်ပြည့်လျှင် ခေါ်မည်ဟု နှစ်သိမ့်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီ ရောက်လာသည့်သတင်းကို မောင်မျိုးကပင် ဒေါ်စောရုံတို့ထံ အကြောင်းကြားသည်။ ဒေါ်စောရုံ၊ နန်းရင်နှင့် ဦးဦးတို့သည် ချက်ချင်းပင် ချောင်းကို ကူးခဲ့ကြသည်။ ဒေါ်စောရုံတို့အိမ်သည် ရွာ၏အနောက်တောင်ဘက်အစွန်းတွင် ဖြစ်၍ နေ့အခါဆိုလျှင် မခေါင်ညွှယ်တို့အိမ်မှပင် ကြည့်၍ မြင်နိုင်သည်။

ဒေါ်စောရုံနှင့် နန်းရင်တို့သည် ကိုရွှေနီကို တွေ့သောအခါ ဝမ်းသာကြသည်။ အားတက်ကြသည်။ စိတ်မကောင်းသည့်စကား၊ အားငယ်သည့်စကား လုံးဝ မပြောကြချေ။ မောင်ရွှေဝါအကြောင်း မေးသည်။ ကိုရွှေနီက မောင်ရွှေဝါနေကောင်းကြောင်း၊ တာဝန်များရှိနေ၍ မလိုက်ပါနိုင်ကြောင်း ပြောသည်။ သူ့ထံသို့ ရောက်လာ၍ ဖခင်အပေါ် နာကြည်းစကားပြောသည်များကို မိခင်နှင့်နှမတို့ မသိသင့်ဟု ယူဆသည်။

ဦးဦးသည် ကိုရွှေနီကို ကြောက်ရွံ့ပုံရှိသည်။ အနားမကပ်ချေ။ တွတ်တီးတွတ်တာ ပြောတတ်နေပြီ ဖြစ်သော်လည်း ဖခင်နှင့်မူ စကားမပြောချေ။ ခေါ်၍မရ။ သို့သော် ကိုရွှေနီသည် သူ့သားကို အတော်ချစ်ပုံ ရသည်။ အထူးသဖြင့် မိခင်မရှိတော့သဖြင့် ပို၍ ချစ်လာဟန်၊ သနားလာဟန်၊ တွယ်တာလာဟန် ရှိသည်။

ကိုရွှေနီက မေးသဖြင့်သာ နန်းခင်အကြောင်းကို ဒေါ်စောရုံနှင့် နန်းရင်တို့က ပြောကြသည်။ တိုတိုတုတ်တုတ်သာ ဖြစ်သည်။ သူတို့သည် နန်းခင်အကြောင်းကို သိသ၍ ပြောလိုဟန်မရှိချေ။ ဦးနွဲ့မွန် ကဲ့သို့ပင် သူတို့အိမ်သားစာရင်းမှ ဖျက်ထားလိုဟန်ရှိသည်။ နန်းခင်ကလည်း နန်းခင်ပင်ဖြစ်သည်။ နန်းခင်သည် အိမ်ထောင်ခွဲသွားကတည်းက မိခင်အိမ်သို့ အဝင်အထွက် မပြုတော့ချေ။ ကိုသူရ မရှိသည့် နောက်ပိုင်းမှာလည်း ချောင်းလေးခွအိမ်တွင်ပင် တစ်ယောက်တည်း နေလေသည်။ မိခင်နှင့် ညီမများထံသို့ မလာချေ။ ချောင်းလေးခွအိမ်တွင် တစ်ယောက်တည်းဟုသာ ဆိုသော်လည်း အဖော်အလှော် မမဲ့ချေ။ ဦးချွန်းတို့နှင့် အိမ်ချင်းကပ် ဖြစ်သည်။ ဒေါ်ငြိမ်းရှင်နှင့် တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်သည်။ ခိုင်းစရာလိုလျှင် ကိုလူကြီးရှိသည်။ ကိုလူကြီးသည် နန်းခင်ခိုင်းလျှင် မညည်းမညူ လုပ်ပေးသည်။ သို့ဖြင့် နန်းခင်သည် လင်ယောကျ်ားမရှိသောကာလတွင် အမိနှင့် ညီမနှင့် မနေဘဲ သူစိမ်းနှင့်သာနေသည်။ ဤကိစ္စကို ကိုသူရ တစ်ခါပြောသည်။ သို့သော် မရချေ။ လင်မယားရန်ဖြစ်ရသည်သာ ရှိသည်။ ထို့နောက်တွင် ကိုသူရ မလာတော့။

ကြိုးကြာတစ်ရွာလုံး ပြာကျ၍ အမိနှင့် ညီမငယ်တို့ ဒုက္ခရောက်နေမှန်း သိသော်လည်း နန်းခင်သည် တစ်ခါတစ်ခေါက်မျှပင်၊ ဝတ်ကျေတန်းကျေမျှပင် အမေးအစမ်း ရောက်မလာချေ။ ကူညီဖေးမဖို့ ဝေးချေသည်။

ထိုအကြောင်းများကို သိရသောအခါ ကိုရွှေနီသည် နန်းခင်အပေါ်တွင် စိတ်နာသည်။ ယင်းကြောင့် နန်းခင်ကို မတွေ့ဘဲ ရွာမှ ပြန်သွားသည်။ ကိုသူရနှင့်တွေ့လျှင် နန်းခင်ကို ကွာရှင်းပစ်ရန် တိုက်တွန်းမည်ဟု စိတ်ကူးသည်။ ကိုသူရသည် လူရိုးလူကောင်းတစ်ယောက် ဖြစ်သည်။ ကိုရွှေနီသည် စခန်းသို့ ပြန်ရောက်သောအခါ ကိုသူရနှင့် နန်းခင်အကြောင်းကို ခေါင်းထဲမှ ခေတ္တဖယ်ထားရသည်။ မောင်ရွှေဝါ၏ အကြောင်းက အရေးတကြီး ဖြစ်နေသည်။

မောင်ရွှေဝါသည် သူ့ထံမှ ပြန်သွားကတည်းက သစ္စာဖောက်တွေကို သတ်မည်။ သူ့ဖခင်ကို သတ်မည်ဟု လူတွေ့တိုင်း ပြောနေသည်။ အရက်ကိုလည်း အရင်ကထက်ပို၍ သောက်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခင်ကဆိုလျှင် ကြံ့မှ သောက်သည်။ အနည်းအပါးသာ ဖြစ်သည်။ ယခုမူ တကူးတကန့် သောက်သည်။ အလွန်အကျွံ သောက်သည်။

တမြန်နေ့ကတော့ မောင်ရွှေဝါသည် အပေါင်းအသင်းများနှင့် အရက်သောက်ပြီးနောက် သစ္စာဖောက်များကို ယခုပင် သွားရောက်သုတ်သင်မည်ဆိုကာ ထွက်သွားသည်။ သူ့ကို မည်သူကမျှ မတားဝံ့၊ မဆီးဝံ့သဖြင့် သည်အတိုင်း ကြည့်နေကြရသည်။ နောက်မှလိုက်၍ ကြည့်ကြရသည်။ မိုးကောင်းမြို့အတွင်းသို့ မောင်ရွှေဝါ ဝင်ရောက်သွားသည်ကို တွေ့လိုက်ကြရသည်။

မနေ့ကတော့ မိုးကောင်းမြို့တွင်းရှိ အထောက်တော်များထံမှ မောင်ရွှေဝါ့အကြောင်း သတင်းရရှိသည်။ မောင်ရွှေဝါသည် နေ့ခင်းကြောင်တောင်ကြီးမှာပင် ဦးနွဲ့မွန်၏ အိမ်အတွင်းသို့ ဝင်သွားခဲ့သည်။ ထိုအချိန်က ဦးနွဲ့မွန်သည် အိမ်တွင် ရှိနေသည်။ အထောက်တော်များသည် မည်သို့သော အရေးအခင်းများကို ကြုံတွေ့ရမည်နည်းဟု ဦးနွဲ့မွန်အိမ်ကို စောင့်ကြည့်ခဲ့ကြသည်။ သို့ရာတွင် အိမ်အတွင်းမှ ဆူဆူညံညံ အသံများလည်း မကြားရဟု ဆိုသည်။ မည်သည့် လှုပ်ရှားမှုကိုမျှလည်း ထူးထူးထွေထွေ မတွေ့ကြရဟု ဆိုသည်။ သူတို့သည် လူလဲနှင့် တစ်ညလုံး စောင့်ကြည့်ခဲ့ကြသည်။ ဦးနွဲ့မွန်၏အိမ်သည် ယခင်ညများက အတိုင်းပင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိသည်။ အိမ်တွင်းမှ မောင်ရွှေဝါ ထွက်လာသည်လည်း မတွေ့ရ။ အိမ်တွင်းမှ တစ်စုံတစ်ယောက်က တစ်စုံတစ်ခုကို သယ်သွားသည်လည်း မတွေ့ရဟု ဆိုသည်။ သူတို့သည် အဓိပ္ပာယ် အတိအကျကို မသိနိုင်ဘဲ ရှိကြသည်။ အမျိုးမျိုး တွေးတောနေမိကြသည်။ နောက်တစ်နေ့နံနက်တွင် ဦးနွဲ့မွန် အိမ်မှထွက်သွားသည်ကို မြင်ကြရသည်။ ဦးနွဲ့မွန်၏ အမူအရာကို သူတို့အကဲခတ်၍ မရ။ အခါတိုင်းကဲ့သို့ပင်ဖြစ်သည်။ သို့သော် သူတို့သည် မောင်ရွှေဝါအတွက် စိုးရိမ်ပူပန်မိကြသည်။ ဦးနွဲ့မွန်သည် အရက်မူးလွန်နေသော မောင်ရွှေဝါကို ဖမ်းဆီးချုပ်နှောင်ထားဟန် ရှိသည်။ သို့မဟုတ် မောင်ရွှေဝါက ရန်မူသည်ကို တားဆီးရင်း လက်လွန်သွားသဖြင့် အိမ်ထဲမှာပင် ဖျောက်ဖျက်ပစ်လိုက်သည်လည်း ဖြစ်နိုင်သည်။ သို့သော်လည်း တစ်ခုခက်နေသည်က သူတို့ နားများတွင် ရုန်းရင်းဆန်ခတ် ဖြစ်သံဟူ၍ သဲ့သဲ့မျှ မကြားခဲ့ကြရခြင်း ဖြစ်သည်။

သူတို့သည် ဦးနွဲ့မွန် မရှိသည့်နောက်တွင် အိမ်ကိုဆက်၍ ကြည့်နေခဲ့ကြသည်။ မောင်ရွှေဝါ ထွက်လာသည်ကို မတွေ့ရ။ အရိပ်အယောင်မျှ မမြင်ရ။ မထုံးရီ၏ လှုပ်ရှားမှုကို နစ်ကြိမ်သုံးကြိမ်မျှ ရိပ်ခနဲ တွေ့ရသည်။ လှစ်ခနဲ အမြင်သာဖြစ်၍ သူမ၏ အမူအကဲကိုလည်း မဖမ်းနိုင်ဘဲ ရှိကြသည်။

ထိုအကြောင်းများကို ကိုရွှေနီ ကြားရသောအခါအမျိုးမျိုး ပူပန်မိသည်။ သူ့ဖခင်နှင့် မထုံးရီသည် အကြောင်းအမျိုးမျိုးကြောင့် မောင်ရွှေဝါကို အန္တရာယ်ပြုနိုင်ကြသည်။ ဥပါယ်တံမျဉ်ဖြင့် ပြုလုပ်လျှင် မောင်ရွှေဝါ ခံရမည်သာ ဖြစ်သည်။

သို့သော် သူက မည်သို့မျှ မလုပ်တတ်ဘဲ ရှိသည်။ တစ်ရက်နစ်ရက်တော့ သည်အတိုင်းပဲ စောင့်ကြည့်ရပေဦးမည်။ အမတ်ကြီးဦးဖိုးစောနှင့်တကွ ရဲဘော်များ အားလုံးကလည်း မောင်ရွှေဝါအတွက် စိုးရိမ်ပူပန်လျက်ရှိကြသည်။ သို့လော... သို့လော ရှိနေကြသည်။

နောက်နစ်ရက်အကြာတွင်ကား မောင်ရွှေဝါ မသေမပျောက်ဘဲရှိသည်ကို သူတို့တွေ့ရသည်။ ဦးနွဲ့မွန် မရှိသည့် အချိန်တစ်ချိန်တွင် မောင်ရွှေဝါသည် ဦးနွဲ့မွန်၏အိမ်မှ ဣန္ဒြေမပျက် ထွက်လာသည်ကို

MMCYBERMEDIA
COMMUNITY FOR ALL

အထောက်တော်များသာမက မြို့သူမြို့သား အချို့ပင် တွေ့မြင်လိုက်ရသည်။ မောင်ရွှေဝါသည် မျက်နှာကြောများ အနည်းငယ် တင်းထားသည်မှအပ မည်သို့မျှ အမူအရာ ထူးခြားခြင်း မရှိချေ။ ဖခင်အိမ်သို့ အလည်အပတ် သွားရောက်ရာမှ ပြန်လာသူတစ်ဦး၏ အသွင်ပင် ဖြစ်သည်။

မောင်ရွှေဝါသည် မိုးကောင်းမြို့တွင်းမှ ဘေးမရှိ၊ ရန်မရှိ ထွက်လာနိုင်သည်။ သူ့စခန်းသို့ ပြန်ရောက်သောအခါတွင် မည်သူနှင့်မျှ ကောင်းကောင်း စကားမပြောဘဲ ရှိသည်။ ပြောလျှင်လည်း ဟိုအကြောင်း သည်အကြောင်းသာ ဖြစ်သည်။ မိုးကောင်းသို့ သူသွားသည့်အကြောင်း လုံးဝ စကားမစပ်ချေ။ မည်သူကမျှလည်း မမေးဝံ့ချေ။

ထိုသို့ သူကလည်း မပြော၊ အခြားသူများကလည်း မမေးဝံ့သောအခါ ကောလဟာလများ အမျိုးမျိုး ဖြစ်ပေါ်လာတော့သည်။ အချို့က မောင်ရွှေဝါ သစ္စာဖောက်သွားပြီဟု ပြောကြသည်။ မောင်ရွှေဝါသည် သူ့ဖခင်မှတစ်ဆင့် အင်္ဂလိပ်တို့နှင့် နားလည်မှုယူခဲ့သည်ဟု ဆိုသည်။ မကြာမီတွင် အမျိုးသား လွတ်မြောက်ရေးတပ်များနှင့် ခေါင်းဆောင်များကို ရန်သူလက်သို့ အပ်လိမ့်မည်ဟု ပြောကြသည်။ ကိုရွှေနီကမူ ထိုသို့ပြောကြားကြခြင်းသည် အခြေအမြစ်မရှိ၊ ယုတ္တိမတန်ဟု ယူဆသည်။ မောင်ရွှေဝါသည် မည်သည့်အခါတွင်မျှ ရဲဘော်များအပေါ်တွင် သစ္စာဖောက်လိမ့်မည် မဟုတ်ဟု စိတ်ချသည်။ ထို့ပြင် မောင်ရွှေဝါသည် ရန်သူနှင့် နားလည်မှုယူလျှင် ယခုကဲ့သို့ ပြောင်ပြောင်တင်းတင်း ပြုလုပ်လိမ့်မည် မဟုတ်ဟု တွက်ရသည်။

အချို့ကတော့ မောင်ရွှေဝါသည် သွားတုန်းကတော့ စိတ်လိုက်မာန်ပါနှင့် ဖခင်ကို သတ်ရန် ဖြစ်သည်။ သို့သော် တွေ့တွေ့ဆိုင်ဆိုင် အချိန်တွင်ကား ဖခင်အား ဝန်ချတောင်းပန်ခြင်းပြုသည်။ ဦးနွဲ့မွန်ကလည်း ခွင့်လွှတ်သည်။ သူသည် ဖခင်၏အိမ်တွင် တစ်ရက်နှစ်ရက် နေပြီးနောက် တပ်သို့ ပြန်လာခြင်းသာ ဖြစ်တန်ရာသည်ဟု ပြောကြသည်။

ဤကောက်ချက်သည် အတော်ကလေး ဖြစ်နိုင်သည်။ သို့သော် အဘယ်မျှ မှန်ကန်လိမ့်မည်ဟုလည်း မည်သူကမျှ အာမ မခံနိုင်ချေ။ အထူးသဖြင့် မောင်ရွှေဝါသည် စိတ်နေစိတ်ထားနှင့် အပြုအမူများ ပြောင်းလဲနေသည့်ကာလ ဖြစ်သည်။ သူ့စိတ်ထဲတွင် မည်သည့် စိတ်ကူးများ ရှိနေသည်ကို မည်သူမျှ အတပ် မပြောနိုင်ချေ။

ယင်းသို့ မတင်မကျရှိနေစဉ်မှာပင် မောင်ရွှေဝါသည် မိုးကောင်းမြို့တွင်းသို့ တစ်ကြိမ် ပြန်သွားပြန်သည်။ ယခုတစ်ကြိမ်တွင်မူ မည်သူ့အားမျှ ကြိုတင်ပြောဆိုခြင်းမပြုဘဲ အမှတ်တမဲ့ သွားရောက်ခြင်း ဖြစ်သည်။ ဦးနွဲ့မွန်အိမ်သို့ ဝင်ရာတွင်လည်း နေ့ခင်းအချိန် မဟုတ်တော့။ ညလူခြေတိတ်ချိန်တွင်မှ ခိုးကြောင်ခိုးဝှက် ဝင်ရောက်ခြင်း ဖြစ်သည်။ ထို့ပြင် အရင်တစ်ခေါက်လို ကြာကြာမနေဘဲ နံနက်မိုးမသောက်မီမှာပင် ထိုအိမ်မှ ပြန်ခဲ့သည်။ မိုးကောင်းမြို့မှ ထွက်ခဲ့သည်။ ထို့နောက် စခန်းတွင် ဣန္ဒြေမပျက် နေထိုင်သည်။ ဣန္ဒြေမပျက်ဆိုသော်လည်း အရက်ကိုတော့ ပို၍ သောက်လာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါတွင် သူ့အပေါ်တွင် မသင်္ကာစိတ်များ ပို၍ ရှိလာကြသည်။ သူ့အပေါ်တွင် သံယောဇဉ် ရှိသဖြင့် လူတိုင်းကပင် သူ့အတွက် ပူပန်နေကြသည်။ မကောင်းသည့် အဖြစ်ဆိုးနှင့် သူမတိုးမိစေရန် ဖြစ်သည်။

ယင်းသို့ မောင်ရွှေဝါ၏ သတင်းသည် တပ်များအားလုံးသို့ ပျံ့နှံ့လျက် ရှိသောအခါတွင် တေ့တေ့ဆိုင်ဆိုင် ပွင့်ပွင့်လင်းလင်း မေးသင့်ပြီဟု လူကြီးများက ယူဆသည်။ ကိုရွှေနီသည် သူကိုယ်တိုင် မေး၍ မဖြစ်သည်ကို သိသဖြင့် အမတ်ကြီးဦးဖိုးစောတို့ထံ လာခဲ့သည်။ သူနှင့် မောင်ရွှေဝါသည် အချင်းများပြီးသည့်နောက်တွင် တစ်ကြိမ်မျှ မတွေ့သေးချေ။ ဤလိုအချိန်တွင် သူက ညီဖြစ်သူ၏ အတွင်းရေးကို ကျေကျေလည်လည် မေးမြန်းနိုင်မည် မဟုတ်ချေ။ ဦးဖိုးစောနှင့် ဗိုလ်ရွှေထီးတို့ကား လူကြီးများလည်း ဖြစ်ကြသည်။ တာဝန်လည်း ရှိသည်။ သူတို့ မေးလျှင် အသင့်တော်ဆုံးဖြစ်မည်ဟု သူ ယူဆသည်။

ဦးဖိုးစောတို့ကလည်း မောင်ရွှေဝါ၏သတင်းကို ကြားရကတည်းက စိတ်မကောင်း ရှိနေကြသည်။ သို့သော် ရုတ်တရက် မည်သို့ အရေးယူရမည်မှန်းမသိ၍ လွှတ်ထားခဲ့သည်။ ကိုရွှေနီ ရောက်လာသော အခါတွင်ကား မောင်ရွှေဝါကိုခေါ်၍ စစ်ဆေးမှ ဖြစ်တော့မည်ဟု ပိုင်းဖြတ်ထားကြသည်။ မောင်ရွှေဝါကို ဌာနချုပ်သို့ လာရန် အကြောင်းကြားလိုက်သည်။

သို့သော် ထိုအချိန်တွင် မောင်ရွှေဝါ ဤစခန်းတွင် မရှိချေ။ မိုးကောင်းမြို့တွင်းသို့ တတိယအကြိမ်အဖြစ် ဝင်ရောက်လျက်ရှိသည်။ သို့ဖြင့် ဦးဖိုးစောတို့သည် မောင်ရွှေဝါ ပြန်လာလျှင်လာချင်း စစ်ဆေးနိုင်ရန်အတွက် မောင်ရွှေဝါ၏ တပ်စခန်းမှ လာရောက် စောင့်ဆိုင်းနေကြသည်။

ယင်းသို့တစေလည်း သူတို့သည် မောင်ရွှေဝါကို အထူးတလည် စစ်မေးမနေကြပါတော့ချေ။ မိုးကောင်းမြို့သို့ မောင်ရွှေဝါ ရောက်နေသည့် အကြောင်းရင်းကို နောက်တစ်နေ့ မနက်မှာပင် သိရှိကြရသည်။

ယခုတစ်ကြိမ် မောင်ရွှေဝါသည် မိုးကောင်းမြို့တွင် ရှောရှောရှူရှူ ပြန်ထွက်လာနိုင်ခြင်း မရှိပါချေ။ အသက်ကိုလှ၍ ထွက်ခဲ့ရသည်။

သူတစ်ယောက်တည်းကြောင့် မိုးကောင်းတစ်မြို့လုံး လန့်ခဲ့ရသည်။ တစ်မြို့လုံး သေနတ်သံများဖြင့် ဆူညံ၍ နေခဲ့သည်။ သည်ကြားထဲတွင် သူမသေသည်မှာ အံ့ဩစရာတော့ ကောင်းသည်။

သူသည် ယခင်တစ်ခေါက်နည်းတူ ညမှောင်မိုက်ကိုခို၍ ဦးနွံမွန်အိမ်သို့ ချဉ်းကပ်ခဲ့သည်။ အိမ်ဝင်းထံရံကို ကျော်တတ်ချိန်တွင် အိမ်ပေါ်မှ သူ့ကို သေနတ်များဖြင့် ဝိုင်းပစ်ခြင်း ဖြစ်သည်။ သူလာသည်ကို သိ၍ သူ့ကို ချောင်းနေကြခြင်း ဖြစ်သည်။ ဝင်းထရံပေါ်သို့ သူအရောက်တွင် ဂေါ်ရခါးတပ်သားများက တစ်ပြိုင်တည်း ပစ်ခတ်ခဲ့ကြခြင်း ဖြစ်သည်။ သို့သော် သူတို့ မောင်းဖြုတ်ချိန်တွင် မောင်ရွှေဝါခြံဝင်းအတွင်းသို့ ခုန်ချလိုက်ပြီးဖြစ်၍ သေဘေးမှ လွတ်သွားသည်။ မောင်ရွှေဝါသည် ဘေးအန္တရာယ်ကျရောက်ပြီကို သိ၍ အမှောင်ရိပ်အကာအကွယ်တွင်းသို့ ပြေးဝင်သွားသည်။

သူ့ကို အမိအရဖမ်းရန် တပ်အထပ်ထပ်ချထားသည်။ အိမ်ထဲတွင် လည်းကောင်း၊ အိမ်ဝင်းတွင် လည်းကောင်း၊ အိမ်အပြင်တွင် လည်းကောင်း အင်္ဂလိပ်များရှိသည်။ သူတို့ အသေအချာ ချိန်ရွယ်၍ ပစ်ခတ်သည့် ကြားမှ မောင်ရွှေဝါလွတ်ထွက်သွားသည်ကို တွေ့ရသောအခါ အင်္ဂလိပ်တပ်သည် ခရာများမှုတ်၍ ခြံဝင်းအနှံ့ ပိုက်စိတ်တိုက်၍ ရှာကြသည်။

အံ့ဩမဆုံးရှိကြရသည်။ သည်မျှ အထပ်ထပ် ဝန်းရံထားသည့်ကြားမှ မောင်ရွှေဝါ ပျောက်သွားသည်။ ချက်ချင်းပင် အင်္ဂလိပ်တပ်များသည် မြို့ကို မွှေနှောက်၍ ရှာကြသည်။ မြို့အဝင်အထွက် လမ်းများကို ပိတ်ဆို့၍ ရှာကြရသည်။ မောင်ရွှေဝါကို မတွေ့ရ။

သူတို့ လက်တွင်းမှ မောင်ရွှေဝါ မည်သို့ လွတ်မြောက်သွားသည်ကို သူတို့ မစဉ်းစားတတ်ရှိသည်။ နောက်ဆုံးတွင် သူတို့ လက်လျှော့လိုက်ကြသည်။ ထို့အခါတွင်မှ မောင်ရွှေဝါ လွတ်သွားပုံကို သူတို့ သိရတော့သည်။ သူတို့သည် မောင်ရွှေဝါကို ရှာဖွေ၍ ရနိုင်တော့မည် မဟုတ်ဟု ခံယူပြီး တပ်များ ရုပ်သိမ်းရန် တန်းစီသည်။ ဤတွင် သူတို့ လူတစ်ယောက် ပျောက်နေသည်ကို တွေ့ရသည်။ အဆိုပါ ပျောက်နေသော တပ်သားသည် ဦးနွံမွန်၏ အိမ်နောက်ဖေးတွင် ကင်းတာဝန်ကျသူ ဖြစ်သည်။

သို့ဖြင့် သူတို့သည် ဦးနွံမွန်၏ အိမ်နောက်ပိုင်းကို မြေလှန်၍ ရှာကြသည်။ အရက်များ ထည့်ထားသော ရာဝင်အိုးကြီးတစ်ခုအတွင်းမှ ထိုတပ်သားအလောင်းကို တွေ့ရှိရသည်။ ထိုတပ်သားတွင် အဝတ်အစား မရှိတော့ချေ။ သို့ရာတွင် စဥ့်အိုးတွင်း၌ မောင်ရွှေဝါ၏ အဝတ်အစားများ ရှိနေသည်ကို တွေ့ရသည်။

မောင်ရွှေဝါသည် ယင်းတပ်သားကို လည်ညှစ်၍ သတ်သွားခြင်း ဖြစ်သည်။ အရက်များ အပြည့်ရှိနေသော အိုးထဲသို့ အလောင်းနှင့် သူ့အဝတ်အထည်များ ထည့်ထားခဲ့သဖြင့် သူတို့က သဲလွန်စ ရှာမရခဲ့ခြင်း ဖြစ်သည်။

မောင်ရွှေဝါသည် ဤလိုနည်းမျိုးဖြင့် စစ်ကဲမောင်ထွန်းတို့လက်မှ တစ်ကြိမ် လွတ်မြောက်ခဲ့ဖူးပြီ ဖြစ်သည်။ ယင်းကြောင့် သူက အကျဉ်းအကျပ်ကာလတွင် ဤနည်းကိုသုံးရန် ချက်ချင်း အကြံရရှိခြင်း ဖြစ်သည်။ အင်္ဂလိပ်တပ်မှူးသည် မောင်ရွှေဝါကို လူအများကြားမှာပင် ထုတ်ဖော် ချီးကျူးခြင်း ပြုလေသည်။

အင်္ဂလိပ်များ ပြန်သွားသောအခါတွင် ဦးနွံမွန်နှင့် မထုံးရီတို့ အကြီးအကျယ် စကားများကြသည်။ အော်ကြီးဟစ်ကျယ် ပြောကြသည်။ သည်အခါတွင်မှ အဖြစ်မှန်ကို မြို့သူမြို့သားများသိရသည်။ မောင်ရွှေဝါသည် သစ္စာဖောက်တစ်ဦးကို သုတ်သင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဦးနွံမွန်အိမ်သို့ ဝင်ရောက်ခဲ့သည်။ ထိုအချိန်က ဦးနွံမွန် အိပ်ပျော်နေသည်။ သူက တကယ်ပင် လုပ်ကြံသတ်ဖြတ်ရန် ဓားဖြင့် ရွယ်ခဲ့သည်။ ယင်းအဖြစ်ကို တွေ့မြင်သော မထုံးရီက တားခဲ့သည်။ မသင့်လျော်ကြောင်း ပြောခဲ့သည်။ ပြောဆို ဆုံးမခဲ့သည်။ ထိုအခါတွင် မောင်ရွှေဝါသည် မိမိမှားပြီဟု ယူကျုံးမရပြောကာ မထုံးရီကိုဖက်၍ ငိုခဲ့သည်။ မထုံးရီက ချော့မော့ရသည်။ ဤတွင် မောင်ရွှေဝါသည် မမျှော်လင့်သော အမှားကို ကျူးလွန်ခဲ့သည်။ သူ့ဖခင်ကို သတ်ဖြတ်မည့်အမှားမှ လွတ်ကင်းခဲ့သော်လည်း အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးဖြစ်သူ သူ့ဖခင်၏ ဇနီးနှင့် မှားယွင်းခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူသည် ယခင်ကမူ မထုံးရီ၏လက်တွင်းမှ ကောင်းစွာ ရုန်းထွက်နိုင်ခဲ့သည်။ ယခုမူ သူသည် စိတ်အား ချွတ်ယွင်းနည်းပါးနေသဖြင့် မမှားသင့်သော အမှားညွှန်တွင်းသို့ သက်ဆင်းခဲ့ရခြင်း ဖြစ်သည်။ သူသည် ဖခင် မသိအောင် အိမ်တွင် နှစ်ရက်မျှ ပုန်းအောင်း၍ နေခဲ့သည်။ မှားယွင်းမှုကို ကြီးမားရင့်သန်စေခဲ့သည်။ ထို့နောက် သူပြန်ခဲ့သည်။ နောက်တစ်ခေါက် သွားသည်။ ပြန်ခဲ့သည်။ နောက်တစ်ခေါက်တွင်ကား အင်္ဂလိပ်တပ်သားများ၏ ချောင်းမြောင်းပစ်ခတ်ခြင်း ခံရတော့သည်။

ဦးနွဲ့မွန်သည် ဒုတိယအခါက် သူလာရောက်သည်ကို သိရှိသွားသည်။ သူ့ဇနီးနှင့် ဖြစ်ပျက်သည်များအားလုံးကို သိရှိသွားသည်။ သို့သော် သူသည် ဇနီးကို မည်သို့မျှ မပြောမဆိုဘဲ မသိဟန် ပြုခဲ့လေသည်။ အင်္ဂလိပ်တပ်သို့သာ အကြောင်းကြား၍ သူ့သားလာလျှင် ဖမ်းမိနိုင်ရန် စီစဉ်ခဲ့သည်။ သို့သော် စီစဉ်သည့်အတိုင်း သားကို မမိဘဲ လွတ်မြောက်သွားသောအခါတွင်မှ ဦးနွဲ့မွန်သည် မထုံးရီကို ဆူပူကြိမ်းမောင်းလေတော့သည်။ ဤတွင် မထုံးရီက သူ့အသက်ကို ကယ်ဆယ်ရင်း မှားယွင်းခဲ့ကြောင်း ပြန်ပြောသည်။ ယင်းအပြင် သူမသည် ဦးနွဲ့မွန်နှင့် မရခင်ကတည်းက၊ ကိုရွှေနီနှင့် မညားခင်ကတည်းက မောင်ရွှေဝါကို စွဲလမ်းနှစ်သက်ခဲ့သည်ဟုဆိုသည်။ ယခု သူမကို ကွာလိုက ကွာနိုင်သည်။ သတ်လိုက သတ်နိုင်သည်ဟုပြောသည်။ သည်တော့လည်း ဦးနွဲ့မွန်က လျှော့သည်။ ချော့သည်။

ဤအကြောင်းများကို ဦးဖိုးစောတို့သည် နောက်တစ်နေ့ နေ့ခင်းမှာပင် ကြားသိရသည်။ သို့သော် မောင်ရွှေဝါသည် စခန်းသို့ ရောက်မလာချေ။ သူတို့ ရှိသည်ဆို၍ မလာခြင်း ဖြစ်သည်။ အခြားတပ်စခန်းတွင် လှည့်လည်နေထိုင်လျက် ရှိသည်။ သူတို့ကို ရှောင်နေသည်။

သို့သော် မောင်ရွှေဝါ၏ နောက်ဆက်တွဲသတင်းကို ကြားရသည်မှာ တစ်နည်းအားဖြင့် သူတို့အဖို့ နှစ်သက်စရာ ဖြစ်သည်။ မောင်ရွှေဝါသည် နောင်တတရား ရရှိနေသည်ဟုဆိုသည်။ သူ့အမှားများ ဖြစ်ကြောင်းကို လူတိုင်းအား ဝန်ခံသည်။ ဤအမှားမျိုးကို နောင်အခါတွင် မကျူးလွန်မိစေရန် အသက်နှင့်လဲ၍ ထိန်းသိမ်းမည်ဟု လူတိုင်းကို ကတိပေးသည်။ ဦးဖိုးစောတို့ကို မျက်နှာချင်း မဆိုင်ရဲဟု ပြောသည်။ သို့သော် ပေးသည့်အပြစ်ကို ခံယူမည်ဟုဆိုသည်။

သို့ဖြင့် ဦးဖိုးစောတို့သည် မောင်ရွှေဝါကို တွေ့ရန် မကြိုးစားကြတော့ချေ။ အတင်းအကျပ် မပြုလုပ်တော့ချေ။ မောင်ရွှေဝါ နောင်တရသည်ဆိုလျှင် သူတို့ ဝမ်းသာပြီ။ မောင်ရွှေဝါ သူ့အမှားသူ ပြင်မည်ဆိုလျှင် သူတို့ ကျေနပ်ပြီ။ သူတို့ထံသို့ မောင်ရွှေဝါ လာလိုသည့်အချိန်တွင်မှ လာစေတော့ဟု ခွင့်လွှတ်ထားလိုက်သည်။ ထိုအကြောင်းကို ကြားရသောအခါ မောင်ရွှေဝါသည် သူ့တပ်သို့ ပြန်လာ၍ အရင်ကလို အရက်မသောက်တော့။ တိုက်ရေးခိုက်ရေးများကို ဖိဖိစီးစီး ပြုလုပ်သည်။

တစ်ခါတစ်ခါတော့ ငိုင်နေတတ်သည်။

ကိုရွှေနီလည်း ညီဖြစ်သူက တွေ့လိုတော့မှပင် တွေ့တော့မည်ဟု နေခဲ့သည်။ ညီ၏ သတင်းကိုသာ နားစွင့်၍ နေခဲ့သည်။

ယင်းသို့ရှိ၍ တစ်လခန့်ကြာသောအခါတွင်ကား သူသည် ညီဖြစ်သူကို လိုက်လံရှာဖွေရမည့် အကြောင်းအရာ ဖြစ်ပေါ်လာသည်။ ယင်းကား မနင်းဖြူ။

MMCYBERMEDIA
COMMUNITY FOR ALL

မနင်းဖြူ၏ မေတ္တာနှင့်သစ္စာသည် အံ့ဖွယ်သရဲပင် ဖြစ်သည်။ နေ့၊ ည၊ လတို့ လည်ပတ်ခဲ့သည်မှာ ခြောက်နှစ်ရှိပြီ ဖြစ်သော်လည်း ချစ်သူကို မမေ့ဘဲ ရှိသည်။ မနာကြည်းဘဲ ရှိသည်။ မမုန်းဘဲ ရှိသည်။ သူမက အရာရာကို ခွင့်လွှတ်သည်။

မည်သည့်နည်းနှင့်မဆို သူမ၏မောင်ကြီး ပြန်လာလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့်၊ ခိုင်မာသော ယုံကြည်ချက်ဖြင့် မောင်ရွှေဝါကို စောင့်မျှော်နေခဲ့သည်။ ခြောက်နှစ်မျှ ကြာခဲ့ပြီဖြစ်သည်။ ဤအတွင်းတွင် မောင်ကြီး၏ မိခင်နှင့် မောင်ကြီး၏နှမငယ်များ သူမထံသို့ ရောက်ခဲ့သည်။ သူ၏မောင်ကြီး ပျောက်နေမှန်း သိရသည်။ သို့သော် မေတ္တာကို မရုပ်သိမ်းခဲ့။ အသက်နှင့်ကိုယ် ပူးတွဲနေသမျှ သစ္စာမပျက်ရှိမည်ဟု ကတိပြုခဲ့သည်။

တစ်ခုသော မိုးအကုန် ဆောင်းအကူးတွင် မောင်ကြီး၏ရွာသို့ လိုက်ခဲ့သည်။ မောင်ကြီးသည် ပျောက်နေဆဲပင် ဖြစ်သည်။ သို့သော် သူမသည် သစ္စာပန်းကို ဆင်မြန်းလျက်ပင် ရှိသည်။ သည့်နောက်တွင်တော့ တိုင်းပြည်ကြီး ပျက်ခဲ့သည်။ တစ်ရပ်တစ်ကျေးမှ လက်နက်အားကိုးနှင့်လူများ ရောက်လာကြသည်။ တစ်ပြည်လုံးက ဆန့်ကျင်တွန်းလှန်ကြသည်။ ယင်းအချိန်မျိုးတွင် သူမက ဘကြီးမုံးကို ကြိုးကြာရွာသို့သွားရန် အပူကပ်ခဲ့သည်။ ဘကြီးမုံး ပြန်လာသောအခါ သူမ၏မောင်ကြီး ပါမလာ။ သို့သော် မောင်ကြီး၏အကြောင်းကို ကြားရသည်။ မောင်ကြီးသည် ရွှေဘိုဒေသတွင် ဗမာတစ်ဦးနှင့် အကြောင်း အားလျော်စွာ အိမ်ထောင်ကျခဲ့သည်ဆိုသည်။ ထိုအမျိုးသမီး ကွယ်လွန်ခဲ့ပြီဟု သိရသည်။ မောင်ကြီးသည် ရပ်ရင်းဒေသသို့ မသေမပျောက် ပြန်ရောက်နေပြီဖြစ်သည်။ သို့သော် သူ့အပြစ်နှင့်သူ ဒဏ်ခတ်ကာ သူမနှင့် ရှောင်ရှားနေကြောင်း သိရသည်။ ဤတစ်ကြိမ်တွင်တော့ မနင်းမြူသည် မောင်ကြီးရှိရာသို့ သူမကိုယ်တိုင် သွားမည်။ သူမ၏ မေတ္တာနှင့်သစ္စာကို ပြမည်ဟု ပိုင်းဖြတ်ခဲ့သည်။ သို့သော် အခြေအနေ အရပ်ရပ်အရ ရုတ်တရက် မရောက်နိုင်ဘဲ ရှိသည်။

ယခုမှပင် မနင်းမြူသည် ဝေးလံသောခရီး၊ ကြမ်းတမ်းသောခရီး၊ အတိုက်အခိုက်ပွမ်းသောခရီးကို ဖြတ်သန်း၍ မောင်ကြီးထံသို့ လာရောက်ခဲ့သည်။ သို့သော် မောင်ကြီးကို အလွယ်တကူနှင့် မတွေ့နိုင်ဘဲ ရှိသည်။

ကြိုးကြာရွာသို့ ရောက်သောအခါ ယခင်ကြိုးကြာရွာ မဟုတ်တော့။ ကြိုးကြာရွာသစ် ဖြစ်နေသည်။ သူမတွေ့ရသော နန်းခင်သည် ယခင် နန်းခင် မဟုတ်တော့။ နန်းခင်သစ် ဖြစ်နေသည်။ ဒေါ်စောရုံနှင့် နန်းရင်တို့ကမူ တော်ကြသည်။ သူမအပေါ်တွင် ချစ်ခင်ကြသည်။ ကြင်နာကြသည်။ ရိုင်းပင်းကြသည်။

မနင်းမြူသည် ဘကြီးမုံးနှင့်အတူ ရွာသို့ ရောက်လာခြင်းဖြစ်သည်။ ကြိုးကြာရွာသို့ ရောက်သောအခါ သူမ၏မောင်ကြီးကို အလွယ်တကူနှင့် မတွေ့နိုင်မှန်း သိရသည်။ သူမ၏မောင်ကြီးသည် မြောက်ဘက်ကချင်တောင်များပေါ်သို့ ရောက်ရှိနေကြောင်း သိရသည်။ ဒေါ်စောရုံတို့က အကြောင်းကြားပေးမည် ပြောသည်။ သူမက ကိုယ်တိုင်ကိုယ်ကျပင် လိုက်သွားချင်သည်။ နောက်ဆုံးတွင် နန်းရင် လိုက်ပို့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့သည် တစ်ရွာမှတစ်ရွာသို့ ကူးခဲ့ကြသည်။ တစ်တောင်မှတစ်တောင်သို့ ကူးခဲ့ကြသည်။ တစ်စခန်းမှတစ်စခန်းသို့ ကူးခဲ့ကြသည်။ သို့သော် မောင်ရွှေဝါကို မတွေ့ဘဲ ရှိသည်။ မောင်ရွှေဝါက သူတို့ကို တမင်ရှောင်နေခြင်း ဖြစ်သည်။

သူ့တွင် အမည်းစက်နှစ်စက် စွန်းနေပြီ ဖြစ်သည်။ တစ်စက်က ခင်ခင်လေး။ တစ်စက်က မထုံးရီ။ မနင်းမြူကမူ ယင်းအမည်းစက်များကို သူမ၏မေတ္တာဖြင့် ဆေးကြောဖွပ်လျှော်ပစ်မည်ဟု ဆိုသည်။ မနင်းမြူသည် ခင်ခင်လေးနှင့်အဖြစ်ကို ခွင့်လွှတ်ခဲ့သလို၊ မထုံးရီနှင့် အဖြစ်ကိုလည်း ခွင့်လွှတ်လေသည်။

ယင်းသို့ ခွင့်လွှတ်ကြောင်းကို ကြားသည်နှင့်အမျှ မောင်ရွှေဝါက သူတို့ကို တိမ်းရှောင်လေ ဖြစ်သည်။ သူက လုပ်မိလျှင် ခံရဲသူ ဖြစ်သည်။ သူပြုသော အမှားများအတွက် သူ့ကိုယ်သူ ဒဏ်ပြုထားသူ ဖြစ်သည်။ မိမိတွင် ချွတ်ယွင်းချက်များရှိခဲ့လျက်နှင့် အခြားသူက သက်ညှာလိုက်လျောသည်ကို သူက မခံချင်။ အထူးသဖြင့် ချစ်သူက ခွင့်လွှတ်သည်ကို သူမလိုလား။ ချစ်သူက ညှာတာသည်ကို သူ မနှစ်မြို့။ မိမိက အမည်းစက်များ စွန်းထင်းနေသည့်အချိန်တွင် သူမက ပကတိ ဖြူစင်လျက်ရှိသည်။ သည်တော့ သူတို့နှစ်ဦးသည် ဘဝခြားပြီ ဖြစ်သည်။ သည်တစ်သက်တွင် ဆုံစည်းရန် အကြောင်း မရှိတော့။

မောင်ရွှေဝါသည် မနင်းမြူနှင့်မတွေ့ရန် အထူးဂရုပြု၍ ရှောင်ရှားနေခဲ့သည်။ ဘကြီးမုံး၊ နန်းရင်နှင့် မနင်းမြူတို့သည် ကိုရွှေနီထံသို့ ရောက်လာကြသည်။ ကိုရွှေနီက မောင်ရွှေဝါကို လိုက်လံရှာဖွေသည်။ သို့သော် တမင်ရှောင်တိမ်းနေသူကို တွေ့နိုင်ရန် ခဲယဉ်းလှသည်။

မောင်ရွှေဝါက သူမကို တမင်ရှောင်နေမှန်း သိသော်လည်း မနင်းမြူက စိတ်မဆိုး၊ စိတ်မလျှော့။ ဤသို့ တိမ်းရှောင်နေခြင်းမှာ သူမကို မချစ်၍ မဟုတ်။ ချစ်လွန်း၍သာ ဖြစ်ကြောင်း သူမ ကောင်းကောင်း သိသည်။

မောင်ကြီးကို မတွေ့တွေ့အောင်ရှာမည်ဟု မနင်းမြူက သဘောပိုက်ခဲ့သည်။ သို့သော် ထိုအချိန်တွင် ဝန်းသိုဘက်၌ တိုက်ပွဲများ ဖြစ်ကုန်ပြီ၊ ဝန်းသိုမြို့ပင် အင်္ဂလိပ်လက်သို့ ကျသွားပြီ၊ ဝန်းသိုပော်ကို အင်္ဂလိပ်တို့ မီးရှို့လိုက်ပြီ၊ ကနန်းဒေသတွင် တိုက်ပွဲဖြစ်နေပြီဟူသော သတင်းများ တစ်ခုပြီးတစ်ခု အဆက်မပြတ် ထွက်ပေါ်လာသဖြင့် မနင်းမြူတို့သည် တောင်လေးလုံးဒေသသို့ အလျင်အမြန် ပြန်ကြရတော့သည်။

မနင်းမြူသည် မောင်ရွှေဝါနှင့် မတွေ့ဘဲ ပြန်သွားရသော်လည်း သူတို့နှစ်ဦးသည် တစ်နေ့တွင် ပေါင်းဆုံရလိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်လျက်ရှိချေသည်။

မနင်းမြူ၏ မေတ္တာနှင့်သစ္စာသည် မောင်ရွှေဝါအပေါ်တွင် အဘယ်မျှ ထိရောက်ပါမည်နည်း။

## အခန်း -၆၃-

MMCYBERMEDIA
COMMUNITY FOR ALL

ကိုသူရသည် နန်းခင်အပေါ်တွင် မကျေမနပ် ဖြစ်နေခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ စိတ်ဝင်စားမှုပင် လျော့နည်းနေပြီဟု ထင်ရသည်။ သူသည် နန်းခင်ထံသို့ မပြန်သည်မှာ ကြာပြီ။ တော်တော်ကို ကြာပြီ။ ကြိုးကြာရွာ မီးလောင်သည့်သတင်း ကြားရသောအခါမှာပင် မပြန်ဘဲ ရှိသည်။

နန်းခင်အပေါ်တွင် သူပထမဆုံး မကျေနပ်သည်မှာ သူမ၏ တစ်ကိုယ်ကောင်းဆန်မှုပင် ဖြစ်သည်။ နန်းခင်သည် ကိုယ့်အိမ်ထောင်နှင့်ကိုယ် ရှိကတည်းက ကိုယ့်အဖို့ကိုယ်သိတတ်လွန်းသည်။ သူတစ်ပါး အပေါ်တွင် တင်စီးလွန်းသည်။ အမေနှင့်ပင် မတည့်၊ ညီမနှင့်ပင် မတည့်ရှိသည်။ တစ်ရွာလုံးနှင့် သူမ မတည့်ရှိသည်။ သို့ဖြင့် လူစိမ်းဖြစ်သော သူ့မှာ အနေရအထိုင်ရ ကျပ်လှသည်။

သူမ၏ ကန့်ကွက်လျှံသူမှာ ဦးချွန်းတို့ မိသားစုပဲ ဖြစ်သည်။ ကိုလူကြီးကိုတော့ သူမက ကျွဲနိုင်၊ နွားနိုင် ဖြစ်သည်။ နောက်ပြီး နန်းခင်သည် မနာလို ဝန်တိုစိတ် အားကြီးသည်။ သူနှင့် ရွာထဲမှ အမျိုးသမီးများ၏ ဆက်ဆံရေးကို အမြဲတမ်း ချုပ်ချယ်လျက်ရှိသည်။ သူ့မှာ မည်သည့်မိန်းကလေးနှင့်မျှ စကားမပြောရဲအောင်၊ မခေါ်မပြောရဲအောင် ရှိသည်။ သူမနှင့် နေရသည်မှာ သူ့ဘဝ ကျဉ်းကျပ်လှသည်။

သူတို့နှစ်ဦး အကြီးမားဆုံးသော စိတ်သဘောကွဲရသည်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းပင် ဖြစ်သည်။ နန်းခင်သည် တစ်ချိန်က တိုက်မည်ခိုက်မည် တကဲကဲ ရှိခဲ့သော်လည်း အိမ်ထောင်ကျသောအခါ လုံးဝ စိတ်ပြောင်းသွားခဲ့သည်။ ရွာအရေး၊ မြို့အရေး၊ နယ်အရေး၊ နိုင်ငံအရေးကို စိတ်မဝင်စားဘဲ ရှိသည်။ ကိုယ့်အိမ်ထောင်ရေးကိုသာ စူးစိုက်ခဲ့သည်။ အင်္ဂလိပ်များကို ခုခံတိုက်ခိုက်ရသောအခါ သူမ၏ခင်ပွန်းကို စစ်ထဲတွင် မပါဝင်စေချင်။ ကိုယ့်လယ်၊ ကိုယ့်ယာကိုသာ လုပ်စေချင်သည်။

ကိုသူရက နန်းခင်၏အလိုကို ဆန့်ကျင်ကာ တပ်တွင်လိုက်ပါခဲ့ခြင်း ဖြစ်သည်။ ကိုသူရတို့တပ် ထွက်သောအခါတွင် နန်းခင်သည် ရွာမှ လူများနှင့်အတူ လိုက်၍ မပို့ခဲ့ချေ။

နောက်ထပ် ကိုသူရ သဘောမကျသည့် တစ်ခုမှာ နန်းခင်တစ်ယောက်တည်း နေခြင်းပင် ဖြစ်သည်။ လင်ရှိမယားတစ်ဦးအနေနှင့် ယောက်ျားမရှိခိုက် အိမ်တွင် တစ်ယောက်တည်း မနေသင့်ဟု ယူဆသည်။ ယောက်ျားကလည်း တစ်ရက်စ နှစ်ရက်စ ဆိုသလို ခရီးကန်သင်းသွားခြင်း မဟုတ်။ ရက်အကန့်အသတ်မရှိ စစ်ထွက်ခြင်း ဖြစ်သည်။ မိခင်၏အိမ်တွင် ပြန်၍ နေစေချင်သည်။ နန်းခင်က မနေ။ အိမ်နီးချင်းဦးချွန်းတို့ ရှိသားပဲဟု အကြောင်းပြသည်။ ဦးချွန်းတို့သည် ကိုသူရ၏မိဘများသဖွယ် ဖြစ်သဖြင့် ကိုသူရသည် မပြောသာဘဲ ရှိသည်။ စိတ်ထဲမှာတော့ သဘောမကျ။

ကိုသူရသည် နန်းခင်အပေါ်တွင် မကျေနပ်ခြင်း၊ သဘောမကျခြင်းများထက် အားမရခြင်းတစ်ခုက လွန်ကဲနေသည်။ သူ့စိတ်တွင် အားမလိုအားမရ ဖြစ်နေသည့် အချက်မှာ အခြားမဟုတ်၊ နန်းခင်တွင် ကလေးမရှိခြင်းပင် ဖြစ်သည်။ သည်အကြောင်းကို သူက နန်းခင်ကို ပြောပြသောအခါ အမျိုးသမီးက ပြတ်တောင်းစွာ ဖြေခဲ့သည်။

"ကျုပ် ဘာတတ်နိုင်မလဲတော်"

MMCYBERMEDIA
COMMUNITY FOR ALL

သူက သူမ တတ်နိုင်ရမည်ဟုတော့ မဆိုလိုပါ။ ဤကိစ္စသည် သဘာဝတရားတစ်ခု ဖြစ်သည်။ ဤသို့ပင် သားသမီး မထွန်းကားသော မိန်းမများ ရှိသည်။ သူက နန်းခင်ကို အမြဲမ ဟူ၍ အထင်အမြင်သေးခြင်း မရှိပါ။ သို့သော် သူ၏ အမျိုးအနွယ်ပြတ်မည်စိုး၍သာ အားမရခြင်း ဖြစ်သည်။

သူ့တွင် အမိအဘဟူ၍ ရေရေရာရာ မရှိပါ။ ဝင့်ဝင့်ဝါဝါ မပြနိုင်ပါ။ ဦးနောင်ရှမ်းပြောသော အကြောင်းများကို သူက လူသိရှင်ကြား မကြေညာခဲ့ပါ။ ကြေညာသည့်တိုင်လည်း သူပြောသည်ကို လူတွေက လက်ခံချင်မှ လက်ခံမည်။ သူ၏ အမိအဘ ဆိုသူများမှာလည်း ဤလောကတွင် မရှိတော့။ အမေ၏ အမျိုး၊ အဖေ၏ အမျိုးများကလည်း သူ့ကို လက်ခံကောင်းသည် မထင်။ မိမိသည် အမေလင်ငယ်နေ၍ ရသောသား၊ အဖေကြာခို၍ ရသောသား ဖြစ်စေချင်သည် မဟုတ်လား။

မထုံးရီကပင် သူ့ကို စိတ်ဝင်စားခြင်း မရှိခဲ့။ သူနှင့် မောင်နမတော်ရန် လိုက်လိုက်လဲလဲ မရှိခဲ့။ ယင်းကြောင့် သူက မိဘအဆက်အနွယ်ကို မေ့ထားခဲ့သည်။ သူက ပွားမည့် အဆက်အနွယ်ကိုသာ မျှော်မှန်းသည်။ သို့သော် သူ့ဇနီးသည် သားသမီးမရဘဲ ရှိသည်။

ဤသို့ဆိုလျှင် သူသည် ဤလောကကြီးတွင် တစ်ကောင်ကြွက်အဖြစ်ဖြင့် ရောက်ရှိခဲ့ရပေတော့သည်။ သူ့အား မွေးဖွားခဲ့သူများကိုလည်း လူတွေမသိ။ သူက မွေးဖွားခဲ့သူများ ဟူ၍လည်း ပြစရာမရှိ။ သူသေလျှင် သူ၏ အဆက်အနွယ် မရှိပြီ ဖြစ်သည်။

ကိုသူရသည် သည်အကြောင်းများကို မည်သူ့ကိုမျှ အကျယ်တဝင့် မပြော။ သို့သော် အခါအခွင့်သင့်လျှင် နန်းခင်တွင် သားသမီးမရသည်ကို ညည်းညူသည်။ နန်းခင်၏ အပြစ်များကို အနည်းအများ ဆိုသလို ပြောတတ်သည်။ နန်းခင်အပေါ်တွင် ကိုသူရ စိတ်ပျက်နေကြောင်းကို ရင်းနှီးသူများက ရိပ်စားမိကြသည်။ ကိုရွှေနီနှင့် မောင်ရွှေဝါကလည်း သိသည်။ ဒေါ်စောရုံနှင့် နန်းရင်ကလည်း သိသည်။ သို့သော် သူတို့က မည်သူမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုချေ။ ကိုသူရသည် နောက်ပိုင်းတွင် နန်းခင်ထံသို့လည်း မသွားချေ။ လူကြုံနှင့်လည်း စကားမပါးချေ။ နန်းခင်အကြောင်းလည်း အပြောအဆို မပြုချေ။ သူနှင့် နန်းခင်သည် မည်သို့မျှ မပတ်သက်သကဲ့သို့ နေလေသည်။ နန်းခင်ကို သူ မည်သို့မျှ စိတ်မဝင်စားသကဲ့သို့ ရှိသည်။ နန်းခင်ကို သူမေ့လျော့ထားသည့် အသွင်မျိုး ဖြစ်သည်။

သို့သော်...

တစ်နေ့တွင် ကိုသူရသည် နန်းခင်အတွက် ဖြောင်းဆန်လျက် ရှိတော့သည်။ နန်းခင် အကြောင်း ကြားရသည်များမှာ သူ့တစ်ကိုယ်လုံးကို မီးပုံတိုက်သည်နှင့် တူတော့သည်။ ကိုရွှေနီလည်း နန်းခင်အကြောင်း ကြားသိသည်နှင့်တစ်ပြိုင်နက် ကိုသူရထံပြေးလာသည်။ သူတို့လူစုနှင့် ခပ်ခွာခွာနေသော မောင်ရွှေဝါသည်ပင်လျှင် နန်းခင်ကိစ္စပေါ်လာသောအခါ ကိုသူရထံ အချိန်မဆိုင်းဘဲ ရောက်လာသည်။

နန်းခင်လုပ်ပုံကလည်း လွန်လွန်းသည်။ သူတို့အပေါ်တွင် ရက်စက်လွန်းသည်။ သူတို့ လုံးဝ မမျှော်လင့်သည်ကို နန်းခင်ပြုလုပ်ခဲ့သည်။ သို့မဟုတ် ကျူးလွန်ခဲ့သည်။ ဦးချွန်းသေဆုံးသောအခါတွင် ကိုလူကြီးသည် ကြီးကြာရွာသစ်နှင့်ချောင်းလေးခွ နစ်ရွာပေါင်းစပ်သူကြီး ဖြစ်ခဲ့သည်။ သို့သော် နစ်ကျေးရွာ သူကြီးမင်းသည် ကိုယ်အုပ်ချုပ်ရာ အရပ်တွင် မနေရဲချေ။ ထိုစဉ်က အင်္ဂလိပ်က ခန့်ထားသော

MMCYBERMEDIA
COMMUNITY FOR ALL

သူကြီးများသည် များသောအားဖြင့် မိုးကောင်းမှာပင် နေကြသည်။ ကိုလူကြီးသည် နဂိုကမှ ကြောက်ရွံ့တတ်သူ ဖြစ်သည့်အထဲတွင် နစ်ကျေးရွာသူကြီး ဖြစ်လာသောအခါ ပို၍ အသက်အန္တရာယ်များလာသဖြင့် ချောင်းလေးခွတွင် မနေရဲတော့ချေ။ မိခင်နှင့် တိုင်ပင်၍ မိုးကောင်းပြောင်းရန် စီစဉ်တော့သည်။

ကိုလူကြီးအား မိုးကောင်းသို့ပြောင်းဖြစ်အောင် တိုက်တွန်းသူတစ်ဦးမှာ နန်းခင် ဖြစ်သည်။ ကိုလူကြီးတို့ သားအမိ မိုးကောင်းသို့ ပြောင်းသောအခါတွင် သူမလည်း လိုက်ပါသွားသည်။ ကိုလူကြီးတို့ သားအမိနှင့်အတူ မိုးကောင်းသို့ လိုက်ပါသွားကြောင်း ကြားသောအခါ ကိုသူရသည် တစ်ခွန်းပဲ ပြောခဲ့သည်။

"အင်းလေ၊ သူ့အမေ သူ့ညီမနဲ့ အတူမနေချင်မှတော့ သူစိမ်းတွေသွားရာ လိုက်ရတော့မှာပေါ့"

သူက ဒါပဲ ပြောခဲ့သည်။ ထို့နောက် နန်းခင်အကြောင်း မေ့ထားခဲ့သည်။ ချောင်းလေးခွတွင် နေစဉ်က နန်းခင်နှင့် ကိုလူကြီးတို့သည် တစ်အိမ်စီ ဖြစ်သည်။ မိုးကောင်းသို့ ရောက်သောအခါတွင်ကား တစ်အိမ်တည်းနေကြသည်။

မကြာမီ သတင်းများ ထွက်လာသည်။ နန်းခင်နှင့် ကိုလူကြီး ညားနေကြပြီဆိုသော သတင်းပင် ဖြစ်သည်။ ပထမတော့ ကိုသူရ မယုံ။ မလိုသူတွေ၏ ပြောစကားဟုသာ ထင်သည်။ နန်းခင်သည် ကိုလူကြီးလို အစွမ်းအစ မရှိသူတစ်ဦးကို ဘယ်နည်းနှင့်မှ စိတ်ကူးမည်မဟုတ်ဟု သူတွက်သည်။ သို့ရာတွင် ကြားရသော သတင်းများသည် တစ်စထက်တစ်စ ခိုင်လုံလာသည်။ ကိုလူကြီးသည် လူရော်လူညံ့တစ်ဦး ဖြစ်သော်လည်း အမည်နာမအားဖြင့် နစ်ကျေးရွာသူကြီးမင်း ဖြစ်သည်။ အင်္ဂလိပ်များ၏ လူယုံတစ်ဦး ဖြစ်သည်။ နန်းခင်သည် သူကြီးကတော် အဖြစ်ကို ခံယူချေပြီ။

ထိုမျှသာမက ယခုအခါ နန်းခင်သည် ဖခင်ဦးနွဲ့မွန်နှင့် အဆက်အသွယ်ပြုလျက် ရှိသည်။ မထုံးရီနှင့် ဖက်လဲတကင်း ဖြစ်နေသည်။ သူတို့သည် ယခုအခါ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားများ ဖြစ်နေကြပေပြီ။

နန်းခင်နှင့် မထုံးရီသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ မိုးကောင်းမြို့တွင်း၌ လမ်းသလား လျက်ရှိသည်။ ကုလားဖြူ ကုလားမည်းဗိုလ်များဖြင့် တွဲလျက်ရှိကြသည်။ သူတို့၏ လင်ယောက်ျားများသည် သူတို့ ကြိုးဆွဲရာကို ကသူများ ဖြစ်ကြသည်။

သို့ဖြင့် ကိုသူရသည် သူ့ဇနီး၏အဖြစ်ကို ထိတ်လန့်တုန်လှုပ်စွာနှင့် လက်ခံသိရှိရတော့သည်။ သူ့ဇနီးသည် ယခုအခါ သူ့ကို ကျောခိုင်းခဲ့ပြီ။ အခြားသူတစ်ဦးနှင့် ပေါင်းဖက်ခဲ့ပြီ။ ထိုသူသည် သူကယ်တင်ခဲ့သဖြင့် ယခုအထိ အသက်ရှင်နေသူ ဖြစ်သည်။ သူ့ဇနီးသည် အင်္ဂလိပ်များခန့်ထားသော သူကြီးမင်း၏ ကတော်တစ်ဦး ဖြစ်သည်သာမက သူမကိုယ်တိုင်ကလည်း အင်္ဂလိပ်စစ်ဗိုလ်များနှင့် ရောနှောပေါင်းသင်းလျက်ရှိသည်။ မိုးကောင်းတစ်မြို့လုံး၏ တံတွေးထွေးရာ ဖြစ်နေတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကိုရွှေနီနှင့် မောင်ရွှေဝါသည် ကိုသူရကို စိတ်လိုက်မာန်ပါ မပြုရန် ပြောပြသည်။ အထူးသဖြင့် မောင်ရွှေဝါက သတိပေးသည်။ မိန်းမတစ်ယောက်အတွက် စိတ်နောက်ကိုယ်ပါ မလုပ်ရန် ပြောသည်။ နန်းခင်သည် သူတို့နမ ဖြစ်သည်။ သို့သော် သူတို့ စွန့်လွှတ်ထားပြီး ဖြစ်သည်။ ဖခင်ကို စွန့်လွှတ်သည့်နည်းတူ နမကိုလည်း စွန့်လွှတ်ထားသည်ဟု ဆိုသည်။ ထို့အတူပင် ကိုသူရကလည်း နန်းခင်အတွက် မည်သည့်အမှုကိုမျှ လက်ထိလက်ရောက် မပြုလုပ်ရန် အထပ်ထပ်အတန်တန် သတိပေးကြသည်။ ကိုသူရသည် သူတို့ပြောသည်ကို ငြိမ်၍ နားထောင်နေသည်။ မဟုတ်ဘူး၊ ဟုတ်သည် မပြောချေ။ သို့သော် ကိုရွှေနီနှင့် မောင်ရွှေဝါတို့ ပြန်သွားသောအခါတွင် သူသည် မည်သူ့ကိုမျှ အသိမပေးဘဲ မိုးကောင်းမြို့တွင်းသို့ ဝင်သွားသည်။

သူက နန်းခင် နောက်ယောက်ျား ယူသွားသည်အထိ ခွင့်လွှတ်နိုင်သည်။ သို့သော် အင်္ဂလိပ်စစ်ဗိုလ်များနှင့် ပလူးပလဲ ပြုနေသည်ကိုကား ကြည့်မနေနိုင်ဟု သူ့ကိုယ်သူ အကြောင်းပြသည်။ နန်းခင်သည် အမျိုး၏ ဂုဏ်ကို ဖျက်သူ ဖြစ်သည်။ တိုင်းပြည်ကို သစ္စာဖောက်သူ ဖြစ်သည်။ သူ့ကို စော်ကားသူ ဖြစ်သည်။

ကိုသူရသည် ခေါင်းအေးအေးနှင့် ပြုလုပ်တတ်သူတစ်ဦး ဖြစ်သဖြင့် မိုးကောင်းမြို့တွင်းသို့ သူဝင်ရောက်သွားသည်ကို မည်သူမျှ မသိလိုက်ချေ။ သူတို့ဘက်မှ အထောက်တော်များကလည်း မသိချေ။ ရန်သူကလည်း မသိချေ။ မြို့သူမြို့သားများကလည်း မမြင်မတွေ့လိုက်ချေ။ ထိုမျှသာမက ကိုလူကြီးတို့ အိမ်တွင်းသို့ သူဝင်ရောက်သွားသည်ကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ ဂရုမပြုမိလိုက်ချေ။

အိမ်ရှေ့ခန်းတွင် စကားဝိုင်းဖွဲ့၍ နေကြသော ဒေါ်ငြိမ်းရှင်၊ ကိုလူကြီးနှင့် နန်းခင်တို့သည် ကိုသူရကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ ကြက်သေသေသလျက်ရှိကြသည်။

သူတို့က ကိုသူရ၏ အန္တရာယ်ကို သိမြင်ထားသော်လည်း ယခုကဲ့သို့ မိုးကောင်းမြို့လယ်တွင်မူ တစ်စုံတစ်ခု ဖြစ်နိုင်လိမ့်မည်မဟုတ်ဟု ထင်ထားခဲ့ကြသည်။ မောင်ရွှေဝါ၏ အဖြစ်ကြောင့် ကိုသူရသည် မြို့တွင်းသို့ အတင့်ရဲစွာ ဝင်လာမည်မဟုတ်ဟု ခန့်မှန်းထားကြသည်။ မိုးကောင်းမြို့တွင် စစ်တပ်၊ စစ်ရဲတပ်များ အမြောက်အမြားရှိသဖြင့် သူပုန်များသည် မြို့တွင်းဝင်ဖို့ မဆိုထားနှင့်၊ မြို့အနီးသို့ပင် သီဝင့်မည်မဟုတ်ဟု ထင်ထားကြသည်။ သူပုန်၊ သူကန်များသည် မြို့အနီး၊ ရွာအနီးတွင် မနေနိုင်ဘဲ ဝေးခေါင်သော တောင်ကြိုတောင်ကြားတွင် ရောက်နေကြပြီမဟုတ်လား။ ကျေးရွာများတွင် စိတ်မချရသေးသော်လည်း မြို့တွင်ကား လုံခြုံစိတ်ချရသည်ဟု အထင်ရှိထားကြသည်။ ယခုမူ ကိုသူရသည် သူ့ရှေ့တွင် ဘွားခနဲ ရောက်ရှိလာပြီ။ ကိုသူရကို မြင်သည်နှင့် တစ်ပြိုင်နက် ကိုလူကြီးသည် အိမ်ထဲသို့ ဝင်ပြေးမည် ပြုသည်။

"ဟေ့ ဒါ ဘာလုပ်တာလဲ"

ကိုသူရက အော်ငေါက်လိုက်သဖြင့် ကိုလူကြီးသည် ပြန်၍ ထိုင်ရသည်။ သို့သော် သူ့တစ်ကိုယ်လုံးသည် သွေးမရှိဘဲ ဖြူနေသည်။ တစ်ကိုယ်လုံး တုန်နေသည်။ မျက်နှာသေကလေးနှင့် ယခုပင် အသက်ထွက်တော့မည်သကဲ့သို့ ဖုတ်လှိုက်ဖုတ်လှိုက် ရှိနေသည်။

"တို့သားအမိကို အသက်ချမ်းသာရာပေးပါ မောင်သူရ။ ဒီအထဲမှာ တို့ မပါပါဘူး။ မင်းညီကလည်း ဘာမှ သူ့သဘောနဲ့သူ လုပ်ခဲ့တာ မဟုတ်ပါဘူး။ နန်းခင်က လုပ်ဆိုတာ လုပ်ရတာပါ။"

"ဟုတ်ပါတယ်၊ ကျွန်တော် မပါပါဘူး"

ကိုလူကြီးက ငိုသံပါနှင့် ပြောသည်။ သူတို့ပြောသည်မှာ ဟုတ်နိုင်သည်။ နန်းခင် အလိုမတူဘဲနှင့်၊ နန်းခင်က အစမပြုဘဲနှင့် သည်သားအမိ ဘာမှ လုပ်ဝံ့မည် မဟုတ်ချေ။ ကိုသူရက ကြောက်ဒူးတုန်နေသော သားအမိကို ဘာမှမပြောတော့ဘဲ နန်းခင်ဘက်သို့ လှည့်လိုက်သည်။ နန်းခင်ကတော့ ခပ်တင်းတင်းပင် ဖြစ်သည်။ အနည်းငယ်မျှ ကြောက်ရွံ့သည့်အမူအရာ မပြချေ။ ကိုသူရကို မျက်လုံးချင်းဆိုင်၍ ကြည့်နေသည်။

"နင် ဘာပြောချင်သေးလဲ"

ကိုသူရက ခါးထောက်၍ မေးသည်။

"ဘာပြောစရာလိုလို့လဲ။ အမြင်ပဲ အသိပဲ မဟုတ်လား"

"နင်ဟာ မိန်းမယုတ်၊ နင်ဟာ သစ္စာဖောက်"

"ရှင် အစုထွက်သွားပါ။ ကျုပ်ဟာကျုပ် ဘာပဲဖြစ်ဖြစ်၊ ကျုပ် ရှင့်ကို ပြတ်ပြီ"

"ငါကလည်း နင့်ကို ပေါင်းရအောင်လာတာ မဟုတ်ပါဘူး၊ နင့်ကို သတ်ရအောင် လာတာ"

"သတ်ရအောင်" ဟူသော စကားကိုကြားရသောအခါ ဒေါ်ငြိမ်းရှင်တို့ သားအမိသည် နောက်သို့ ဆုတ်သွားကြသည်။ ကိုလူကြီးသည် တဖြည်းဖြည်းနှင့် ဆုတ်သွားသည်မှာ အိပ်ခန်းတံခါးဝသို့ ရောက်နေပြီ ဖြစ်သည်။ ကိုသူရက ကိုလူကြီးတို့သားအမိကို ဂရုမပြုတော့။ နန်းခင်ကိုသာ အာရုံစိုက်နေသည်။

"သတ်ဖို့လာရင်လည်း သတ်ပေါ့။ ဘာပြုလို့ အချိန်ဆိုင်းနေသလဲ။ ရှင်သတ်ရင် တစ်သက်မဟုတ်ဘူး နှစ်သက် သေဖို့ပဲ"

"နင် ဘာပြောတာလဲ"

"ကျုပ်မှာ ကိုယ်ဝန်ရှိနေပြီ"

"ဘယ်သူ့ကိုယ်ဝန်လဲ"

"ဘယ်သူ့ ကိုယ်ဝန်ရမှာလဲ။ လူကြီးကိုယ်ဝန်ပ။ ကျုပ်အမြုံမဟုတ်ဘူး။ ရှင်က အမြုံ"

ကိုသူရ ငိုင်သွားသည်။

"ဘာငိုင်နေတာလဲ၊ သတ်လေ"

နန်းခင်သည် သူ့ကို ခုခံမည့် ပုံသဏ္ဍာန် မရှိ။ သတ်လျှင် မကြောက်မရွံ့ ခံမည့်ဟန် ဖြစ်သည်။

"သတ်လိုက်ပါ။ အမြုံတစ်ယောက်ရဲ့ မိန်းမဖြစ်ရတာထက်တော့ လင်ငယ်နေရတာက မြတ်သေးတယ်။ သေရတာက မြတ်သေးတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ကိုသူရသည် အောက်နှုတ်ခမ်းကို အပေါ်သွားများဖြင့် ပြတ်မတတ် ကိုက်ထားသည်။ နောက်တစ်ခဏတွင် ဓားကို ဓားအိမ်အတွင်းသို့ အရှိန်နှင့် သွင်းလိုက်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားသည်။ နန်းခင်က ကိုသူရကို ငေးကြည့်နေသည်။

ဝင်းတံခါးဝသို့ ကိုသူရ ရောက်ချိန်တွင် သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်။ မြေကြီးပေါ်သို့ ကိုသူရ ပုံလဲကျသွားသည်။ ကိုလူကြီးသည် သေနတ်ကို ကိုင်ထားရင်းနှင့် အိမ်ထဲမှ ထွက်လာသည်။ သူ့လက်များသည် တဆတ်ဆတ် တုန်နေသည်။ သူ့မျက်နှာတွင် သွေးမရှိချေ။

နန်းခင်က ကိုသူရ၏အလောင်းကို တွေ၍ ကြည့်နေသည်။

## အခန်း -၆၄-

လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ ဟူသော မူဝါဒစွဲကိုင်လျက် မိခင်နှင့်နမယ်အတွက် စိတ်နာကြည်း၍ လည်းကောင်း၊ အမျိုးသားသစ္စာဖောက်အဖြစ် သတ်မှတ်၍ လည်းကောင်း ဦးနွံမွန်ကို သတ်ဖြတ်ရန် မြို့တွင်းသို့ ဝင်ရောက်ခဲ့သော မောင်ရွှေဝါသည် ကံကောင်းသဖြင့်သာ ကံကြီး မထိုက်သည်။ အဇာတသတ်မဖြစ်သည်။ အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရသည်။ သို့သော် မပြုနိုင်သော အမှားအယွင်းတစ်ခုကို ကျူးလွန်ခဲ့သည်။ သူ့ဘဝအတွက် အမည်းစက်နစ်စက် စွန်းထင်းရသည်။ သူ၏ အယူအဆအရ မနင်းမြနှင့် တစ်ထစ်ပို၍ ဝေးခဲ့ရသည်။ ယခုမူ နောင်တတရား၏ အကျဉ်းသားတစ်ဦး ဖြစ်နေရသည်။

လင်ငယ်နေသည်ကို ခွင့်လွှတ်နိုင်သော်လည်း ကုလားဖြူ ကုလားမည်းဗိုလ်များနှင့် အရောတဝင် နေသည်ကိုကား ခွင့်မပြုနိုင် ဟူသော ခံယူချက်ဖြင့် သစ္စာဖောက်ဇနီးသည်ကို သုတ်သင်ရန် မိုးကောင်းမြို့တွင်းသို့ ဝင်ရောက်လာခဲ့သော ကိုသူရကား သရဲဘောကြောင်သော လူပျော့လူညံ့တစ်ဦး၏၊ အမျိုးသား သစ္စာဖောက်တစ်ဦး၏၊ အမေမွေးသောအသက် မရှိတော့ဘဲ သူပေးသောအသက်သာ ရှိသူတစ်ဦး၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။ မသေဆုံးမီတွင် ကြီးကျယ်စွာ စိတ်ထိခိုက်ခဲ့ရသည်။ သူ၏ အမျိုးအနွယ် မထွန်းကားသည်မှာ သူ၏ ချွတ်ယွင်းချက်ဟု သိသွားရသည်။ သူသေသည်နှင့် တစ်ပြိုင်နက် သူ၏အမျိုးအနွယ် သုဉ်းချေပြီ။ ယင်းကဲ့သို့ ကိုယ့်အကြောင်းနှင့်ကိုယ် အမျိုးသားသစ္စာဖောက်များကို သုတ်သင်ရန် ကြိုးစားအားထုတ်ခဲ့မှု နစ်ခုသည် မအောင်မြင်ခဲ့သော်လည်း အထိကရ အမျိုးသား သစ္စာဖောက်ကြီး တစ်ဦးကို ရှင်းလင်းဖယ်ရှားရန် ဆမားကြီး၏ အစီအမံ အဆောင်အရွက်သည်ကား ချောချောမောမော အောင်မြင်ခဲ့ပေသည်။

မိုးကောင်းမြို့အုပ် ဦးရွှေကြာသည် ခေတ်အဆက်ဆက်ကပင် ပြည်သူလူထု၏ ရန်သူ ဖြစ်ခဲ့သည်။ ယင်းကြောင့် ဦးရွှေကြာကို ဖယ်ရှားသုတ်သင်ပစ်မှ ဖြစ်မည်ဟု ယူဆပြီး ဆမားကြီးသည် သူ့လူငါးယောက်ကို မိုးကောင်းသို့ စေလွှတ်ခဲ့သည်။ ဆမားကြီး၏လူများသည် အင်္ဂလိပ်သစ္စာတော်ခံ

MMCYBERMEDIA
COMMUNITY FOR ALL

ဒူဝါတစ်ဦး၏ ကျေးကျွန်များဟန်ဆောင်၍ ဦးရွှေကြာအိမ်သို့ ဝင်ရောက်ခဲ့ကြသည်။ ဦးရွှေကြာကို ပိပိရိရိ သုတ်သင်ခဲ့သည်။ ထို့နောက် ငါးယောက်စလုံးပင် မြို့မှ အထိအခိုက်မရှိ ထွက်ခဲ့ကြသည်။

လဖိုင်လရောက်သွားသော အချိန်တွင် ကိုရွှေနီ၏တပ်သားများသည် အောင်ပွဲခံနေကြသည်။ သူတို့သည် အကြီးအကျယ် ဝမ်းမြောက်လျက်ရှိသည်။ ကိုရွှေနီကိုယ်တိုင်လည်း ဝမ်းသာမဆုံး ဖြစ်နေသည်။ အကြောင်းမူ ဤအောင်ပွဲသည် သူ၏ စစ်ရေးပရိယာယ် ကောင်းမွန်ကြွယ်ဝမှုကြောင့် ရရှိခြင်းပင် ဖြစ်သည်။

ကိုရွှေနီတို့ တပ်စခန်းသို့ အင်္ဂလိပ်များ ချီတတ်လာနိုင်သော လမ်းနှစ်လမ်းရှိသည်။ တစ်လမ်းက ရေကြောင်း ဖြစ်သည်။ အသွားအလာ လွယ်ကူသည်။ လူသုံးများသည်။ ကုန်းလမ်းမှာ တစ်ကွေ့ကြီး တစ်ပတ်ကြီး ဖြစ်သည်။ အသွားအလာ ခက်ခဲသည်။ လားများပင် အလွယ်တကူ မတတ်နိုင်ချေ။

အင်္ဂလိပ်တို့သည် လူအင်အား တစ်ထောင်ကျော်ကို စစ်ကြောင်း ရှစ်ကြောင်းခွဲ၍ မိုးကောင်းတစ်ဝိုက်ကို တစ်ပြိုင်တည်း တိုက်ခိုက်သည်။ မိမိတို့ ဒေသတွင်းသို့ ရန်သူများ ဝင်ရောက်လာကတည်းက မိမိတို့ စခန်းကို ရန်သူများ တိုက်ခိုက်မည်ဟု ကိုရွှေနီ သိထားသည်။ ရန်သူတပ်သည် သူတို့စခန်းနှင့် နီးလာသည်။ နောက်ဆုံးတွင် ရန်သူသည် သူတို့ကို တိုက်ခိုက်ရန်သာ ရှိတော့သည်။ ရန်သူတပ်ချထားသော နေရာနှင့် သူတို့စခန်းသည် ရေလမ်းခရီးဖြင့်ဆိုလျှင် ခုနစ်မိုင်သာ ရှိသည်။ ကုန်းလမ်းခရီးဆိုလျှင် ဆယ့်ငါးမိုင်ရှိသည်။ ဤတွင် ကိုရွှေနီသည် အကြံတစ်ခု ရရှိသည်။ ဇော့ထုံတိုက်ပွဲတွင် အင်္ဂလိပ်တို့သည် မိမိတို့ကို လှည့်စားခဲ့ဖူးသည်။ ထိုစဉ်က မိမိတို့က ဇော့ထုံတွင် အခိုင်အမာရှိပြီး၊ အင်္ဂလိပ်တပ်များကား ကားမိုင်းတွင် ရှိသည်။ ဇော့ထုံနှင့် ကားမိုင်းသည် ကုန်းလမ်းခရီးဖြင့်ဆိုလျှင် လေးမိုင်သာ ဝေးသည်။ ရေလမ်းခရီးဖြင့် သွားလျှင် မန်တင်သို့ ခုနစ်မိုင်ရှိသည်။ မန်တင်မှ ရေကြောင်းခရီး ဆယ့်တစ်မိုင်ရှိသည်။ သူတို့က အင်္ဂလိပ်တပ်များသည် ခရီးနီးသော ကုန်းလမ်းမှပင် လာမည်ဟု ယူဆပြီး ကုန်းလမ်းတစ်လျှောက်တွင် တပ်များ အသေအချာ ချထားသည်။ ကတုတ်များ ပြုလုပ်ထားသည်။ ပြောင့်များ ထောင်ထားသည်။ သို့ရာတွင် အင်္ဂလိပ်များသည် မန်တင်ဘက်မှ တိတ်တဆိတ် လှည့်လာပြီး တိုက်ခိုက်သဖြင့် သူတို့မှာ အငိုက်မိခဲ့ကြရသည်။ အထိနာခဲ့ကြရသည်။

ယခုအကြိမ်တွင်လည်း မိမိတို့က လူသွားအလာများသော ရေလမ်းခရီးတစ်လျှောက်တွင် အခုအခံများ အကြီးအကျယ် ပြုလုပ်ထားလျှင် အင်္ဂလိပ်တို့သည် ကြမ်းတမ်းခက်ခဲသော ကုန်းလမ်းမှ လှည့်မလာဟု မည်သူပြောနိုင်မည်နည်း။ သို့ဖြင့် ကိုရွှေနီသည် နည်းပရိယာယ် ပြုရသည်။

သူတို့စခန်းသို့ ပေါက်ရောက်သော ရေလမ်းခရီးတစ်လျှောက်တွင် လူအများမြင်သာအောင် ခံတပ်များ၊ ကတုတ်ကျင်းများ ဆောက်လုပ်စေသည်။ ယင်းခံတပ်များ၊ ကတုတ်ကျင်းများ အတွင်းသို့ တပ်သားများ တစ်သုတ်ပြီးတစ်သုတ် သွင်းသည်။ သို့ရာတွင် ညအချိန်၌ ယင်းတပ်များကိုနုတ်၍ ကုန်းလမ်းခရီးကြောင်းတွင် ပုန်းကွယ်ချထားသည်။ ကုန်းလမ်းတစ်လျှောက်တွင် မိမိတို့တပ်များ လုံးဝ မရှိဟန် သတင်းလွှင့်ထားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူထင်သည့်အတိုင်းပင် ထိုသတင်းကို ရန်သူများ ရရှိသွားသည်။ အင်္ဂလိပ်တပ်များသည် ရေကြောင်းခရီးမှ မတတ်လာဘဲ အကာအကွယ်ကင်းမဲ့သည်ဟု ယူဆသော ကုန်းလမ်းခရီးမှ ခက်ခဲပင်ပန်းစွာ လှည့်၍ တက်လာကြသည်။ ကိုရွှေနီ၏လူများသည် တောင်စောင်းများ၊ တောင်စောက်များ အတွင်း၌ လူသူမတွေ့အောင် ပုန်းအောင်းနေကြသည်။ လူများမရိပ်မိအောင် ခြေရာဖျောက်ထားသည်။ မိမိတို့စိတ်ကြိုက်နေရာသို့ ရောက်ရှိသောအခါတွင်မှ ရန်သူကို ရုတ်တရက် တိုက်ခိုက်ကြသည်။

အင်္ဂလိပ်တပ်သည် မမျှော်လင့်ဘဲ အတိုက်ခံရသည်ကတစ်ကြောင်း၊ တိုက်ပုံတိုက်နည်း စနစ်ကျသည်က တစ်ကြောင်းကြောင့် အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားကြရသည်။ တစ်ဝက်လောက်သာ ပြေးနိုင်၍လွတ်သည်။

ယင်းကြောင့် ကိုရွှေနီ၏လူများသည် လည်းကောင်း၊ ကိုရွှေနီကိုယ်တိုင်သည် လည်းကောင်း၊ ဝမ်းအမြောက်ကြီး မြောက်နေခြင်း ဖြစ်သည်။ အောင်ပွဲခံနေကြသည်။ သို့ရာတွင် သူတို့သည် ရန်သူ၏ လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို မခံရလေအောင် ကင်းများ အလုံအလောက် ချထားသည်။ သူတို့က ဤတိုက်ပွဲ အောင်မြင်မှုအတွက်သာ စိတ်အားတက်ကြွနေသည် မဟုတ်။ နယ်မြေအနှံ့တွင် တိုက်ပွဲများပြင်းထန်နေသည့်အတွက် စိတ်အားတက်ကြွနေခြင်း ဖြစ်သည်။ သူတို့က ရှုံးသည်၊ နိုင်သည် အပထား စစ်မြေပြင်တွင် စစ်တိုက်နေရလျှင် ကျေနပ်သည်။ စစ်မတိုက်ဘဲ နေရခြင်းသည် ပျင်းစရာ အကောင်းဆုံးပင် ဖြစ်သည်။

သူတို့သည် ပြီးခဲ့သည့်နှစ်က တိုက်ပွဲများ ကြီးကြီးကျယ်ကျယ် မတိုက်ခဲ့ရ။ တပ်အင်အား ပြန်၍ စုစည်းနေခဲ့ရ၍ဖြစ်သည်။ တပ်သားဟောင်းများအနက် အချို့မှာ တိုက်ပွဲတွင် ကျဆုံးကုန်ကြပြီ ဖြစ်သည်။ အချို့က ဒဏ်ရာပြင်းထန်စွာရ၍ တိုက်ပွဲတွင် မပါဝင်နိုင်တော့ပေ။ အချို့က အကြောင်းအမျိုးမျိုးပြကာ တပ်မှ နုတ်ထွက်သွားကြသည်။ အချို့က အင်္ဂလိပ်လက်အောက်သို့ ဝင်ကြသည်။ ရန်သူတို့က ဖွဲ့စည်းပေးထားသော ပုလိပ်သားများ ဖြစ်ကုန်ကြသည်။ ဤသို့ တစ်ဖက်က တပ်သားဟောင်းများ လျော့နည်းရာ ထိုတစ်ဖက်က တပ်သားသစ်များ တိုးပွားခြင်း ရှိသည်။ အချို့တပ်သားသစ်များသည် ချင်းတွင်းဘက်မှလည်းကောင်း၊ ရွှေဘိုနယ်မှလည်းကောင်း ပေါင်းစပ်လာကြသူများ ဖြစ်သည်။ အချို့ကား ယခင်က အေးအေးလူလူနေကြား နောင်တွင်မူ နယ်ချဲ့တပ်များ၏ ရက်စက်ယုတ်မာမှုကို မခံမရပ်နိုင်ဖြစ်ပြီး တပ်သို့ ဝင်လာကြခြင်း ဖြစ်သည်။ အချို့ကား အရွယ်ရောက်လာသောလူငယ်များ ဖြစ်ကြသည်။ အချို့မှာ မိုးကောင်းအရေးတော်ပုံဖြစ်ပွားစဉ်က တစ်ဆယ့်နှစ်နှစ်၊ တစ်ဆယ့်သုံးနှစ်သာ ရှိသေးသည်။ သူတို့သည် ယခုအခါ တစ်ဆယ့်ကိုးနှစ်၊ နှစ်ဆယ်အရွယ် လူငယ်များ ဖြစ်နေကြပြီ။ သူတို့သည် အခြားနယ်မှ ဝင်ရောက်လာသော တပ်သားများကို နယ်မြေကျွမ်းကျင်အောင် ပြုလုပ်ပေးရသည်။ တပ်သားသစ် လူငယ်များကို စစ်ပညာသင်ကြားပေးရသည်။ ထို့အပြင် သူတို့သည် မလွှဲမရှောင်သာမှသာ ရန်သူနှင့် ရင်ဆိုင်ခဲ့ကြသည်။

ယခုနှစ်တွင်မူ တိုက်ပွဲများ အထူးပြင်းထန်လှသည်။ ရန်သူက အလုံးအရင်းနှင့် တိုက်ခိုက်သလို မိမိတို့ကလည်း အလုံးအရင်းနှင့် ခုခံသည်။ ဗန်းမော်၊ မိုးမိတ်၊ မိုးကုတ်၊ မိုးကောင်း၊ မိုးညှင်းနှင့် အထက်ချင်းတွင်း ဒေသများတွင်သာမက ဝန်းသိုနယ်တွင်လည်း တိုက်ပွဲ အထူးပြင်းထန်လျက် ရှိသည်။ ကောလင်းတိုက်ပွဲ၊ တာသုံးတာတိုက်ပွဲ၊ ကျိုင်းခွင်တိုက်ပွဲများသည် ထင်ရှားလှသည်။ ဝန်းသိုတွင်

MMCYBERMEDIA
COMMUNITY FOR ALL

တိုက်ပွဲများ ဖြစ်ပွားခြင်းသည် သူတို့ကို တအားတက်စေသည်။ မိုးညှင်းအမတ်ကြီးဦးဖိုးသိမ်းသည် မိုးကောင်းနှင့် ဝန်းသိုတိုက်ပွဲများကို အလယ်မှစပ်ပေးလျက် ရှိသည်။

ယင်းသို့ နေရာအနှံ့တွင် တိုက်ပွဲများ ပြင်းထန်နေချိန်၌ မိမိတို့က ပွဲဦးထွက် အောင်ပွဲရလိုက်သဖြင့် ကိုရွှေနီတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြခြင်း ဖြစ်သည်။ စိတ်ဓာတ်တက်ကြွနေခြင်း ဖြစ်သည်။

ကိုရွှေနီသည် ဤလိုအချိန်မျိုးတွင် လဖိုင်လကို တွေ့မြင်ရသောအခါ ပို၍ ဝမ်းမြောက်ဝမ်းသာ ရှိသွားသည်။ သူက တိုက်ပွဲအကြောင်း အသေးစိတ် ပြောပြသည်။ ထို့နောက် သူတို့နှစ်ဦးသည် ကလေးနယ်မြေနှင့် အခြားတိုက်ပွဲများအကြောင်း ဆက်လက်ပြောဆိုနေကြသည်။ တိုက်ပွဲအကြောင်းနှင့် စစ်ပွဲအခြေအနေများ အတော်စုံစေ့သွားသောအခါတွင်မှ လဖိုင်လက ကြိုးကြာရွာနှင့် မခေါင်ညွှယ်အကြောင်း ပြောဆိုသည်။

"နင်တို့ ကြိုးကြာရွာသစ် တည်ထားတာက ငါတို့ ဆောင်းခါး ခံတပ်ထက်တောင် တောင့်တင်းပါသေးသကော"

"အေးပ၊ ငါတို့က လူမျိုးခြားနဲ့ စစ်ဖြစ်နေတာ မဟုတ်လား၊ ငါတို့ ဘာလုပ်လုပ် စစ်သဘောပဲ ဖြစ်ရမှာပ။ နေစမ်းပါဦး လဖိုင်လ၊ နင်က ငါတို့ ရွာသစ်ကို ဘယ်တုန်းက မြင်ဖူးလို့လဲ"

"ငါ အခုပဲ နင်တို့ရွာက ပြန်ခဲ့တယ်လေ"

ကိုရွှေနီက လဖိုင်လကို အံ့ဩသည့် မျက်နှာထားဖြင့်ကြည့်ရင်း...

"နင် တကယ်ပြောတာလား၊ နင် ဘာသွားလုပ်တာလဲ"

"ငါသွားတုန်းကတော့ ရှီကျန်ကထောင်း တင်သွားတာပဲ။ ဒါပေမဲ့ နင်တို့ရွာမှာ ငါတွေ့ချင်တဲ့ လူတစ်ယောက်များ ရှိမလားဆိုပြီး နင်တို့ရွာအထိ ဆက်သွားတယ်"

"နင်တွေ့ချင်တဲ့လူကို တို့ရွာမှာ တွေ့သလား"

"တွေ့တယ်"

"ဘယ်သူများလဲ"

"ကချင်တစ်ယောက်က တွေ့ချင်တဲ့လူဟာ ကချင်မတစ်ယောက်ပဲ ဖြစ်မှာပေ့ါ"

"မခေါင်ညွှယ်ကို ပြောနေတာလား"

ကိုရွှေနီက အလောတကြီး မေးလိုက်သည်။ လဖိုင်လက သူ့ကို ပြုံး၍ ကြည့်နေသည်။

"မခေါင်ညွှယ်ကို နင်သိတယ်၊ ဟုတ်လား လဖိုင်လ"

ကိုရွှေနီက အလွန်အမင်း အံ့အားသင့်သည့် အမူအရာဖြင့် မေးလိုက်သည်။

"သိတာပေ့ါ။ အားကြီး သိတာပေ့ါ။ ငါတို့ ငယ်ငယ်တုန်းက တစ်ရွာတည်း နေခဲ့တာပဲ"

"နင်နဲ့ မခေါင်ညွှယ် သူငယ်ချင်းဆိုတာ ငါမသိပါလား"

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့ကမှ မပြောဘဲကိုး ကိုရွှေနီ၊ နင်တို့ရွာမှာ ကချင်မတစ်ယောက် ရှိတယ်လို့ ပြောရင် မခေါင်ညွယ်ပဲ ဖြစ်ရမယ်ဆိုတာ ငါသိမှာပေါ့။ ရှမ်း-ဗမာ ရွာတစ်ရွာမှာ ကချင်မတစ်ယောက် ရှိနေတယ်ဆိုရင် သူပဲဖြစ်ရမှာပေါ့။ သူက တို့ကချင်တွေကို ရှောင်နေတဲ့သူကိုး"

"မခေါင်ညွယ်အကြောင်းကို နင် ကောင်းကောင်းသိသလား လဖိုင်လ၊ အေးဟုတ်ပြီ။ သူ့ယောကျ်ားဟာ ဂွမ်လောင်ဝါတစ်ယောက်ပဲ။ နင်နဲ့ သူငယ်ချင်း ဖြစ်မှာပ"

ကိုရွှေနီက မခေါင်ညွယ်၏အကြောင်းကို နန်းရင်ထံမှတစ်ဆင့် ကြားထားပြီး ဖြစ်သည်။

"မခေါင်ညွယ်ရယ်၊ ထော်ရော်ဖုန်းရယ်၊ ငါရယ်ဟာ အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေပ။ နောက်ကျတော့ ထော်ရော်ဖုန်းနဲ့ မခေါင်ညွယ် ရသွားကြတယ်။ ငါလည်း အဲဒီကတည်းက ရွာက ထွက်လာခဲ့တယ်။ နောက်မှ ထော်ရော်ဖုန်း သေတဲ့အကြောင်း၊ မခေါင်ညွယ် ထွက်ပြေးတဲ့အကြောင်း ငါကြားရတယ်။ မခေါင်ညွယ်ကို ငါလိုက်ရှာခဲ့တာ အခုမှ တွေ့တယ်။ ရှီကျန်ကထောင်းက လူတစ်ယောက်က သူ့ကို ကြိုးကြာရွာမှာ တွေ့ခဲ့တယ်။ ဒါကြောင့် ငါတို့ နင့်ရွာကို လိုက်သွားတာပေါ့"

"နင်က မခေါင်ညွယ်ကို ကြိုက်နေလို့လား"

ကိုရွှေနီက ဟောဟောဒိုင်းဒိုင်း မေးချလိုက်သည်။ လဖိုင်လက ကိုရွှေနီကို မျက်လုံးပြူး၍ အတန်ကြာ ကြည့်နေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ချပြီး...

"မခေါင်ညွယ်က နင့်အကြောင်း အများကြီး ပြောလိုက်ပါတယ်။ နင့်ကိုလည်း အတော် သူခင်ပါတယ်"

"ငါမေးတာ ပြောစမ်းပါ လဖိုင်လ။ နင်နဲ့ ထော်ရော်ဖုန်းဟာ မခေါင်ညွယ်ကို အတူတူပိုးခဲ့ကြတာ မဟုတ်လား။ မခေါင်ညွယ်က ထော်ရော်ဖုန်းကို ယူလိုက်တော့ နင် အခြားကို ထွက်သွားခဲ့တာ မဟုတ်လား။ အခု မခေါင်ညွယ်မှာ ယောကျ်ားမရှိတော့ဘူး ကြားလို့ နင်လိုက်ရှာနေတာ မဟုတ်လား။ အခု နင့်ကို မခေါင်ညွယ် ဘာပြောလိုက်လဲ"

ကိုရွှေနီက အလောတကြီး မေးသည်။ လဖိုင်လက ခေါင်းကို ယမ်းခါရင်း...

"မခေါင်ညွယ်ဟာ မဂမ် မကြီးမချင်း အိမ်ထောင်ပြုဦးမှာ မဟုတ်ပါဘူး။ အဲဒီအချိန်ကျတော့ နင်ကော၊ ငါကော ရှိချင်မှ ရှိတော့မှာပါ။ ဒါမှမဟုတ် တစ်ယောက်တည်း ရှိတော့မှာပါ။ ဘာပဲဖြစ်ဖြစ် မခေါင်ညွယ် သဘောပါ သူငယ်ချင်း"

နှစ်ယောက်စလုံး စကားမပြောကြတော့။ ကိုယ့်အတွေးနှင့်ကိုယ် တိတ်နေကြသည်။ အတန်ကြာမှ သူတို့ ပြောကြသည်။ မခေါင်ညွယ်အကြောင်း မဟုတ်တော့ပါ။ စစ်ပွဲအကြောင်းသာ ဖြစ်သည်။ ညမိုးချုပ်သည်အထိ သူတို့ ပြောကြသည်။ နောက်တစ်နေ့ နံနက်စောစောတွင် လဖိုင်လ ပြန်သွားသည်။ ကိုရွှေနီက စခန်းနှင့် အတော်လှမ်းသည်အထိ လိုက်ပို့သည်။

နောက်သုံးလခန့်အကြာတွင် သူတို့နှစ်ဦးပြန်၍ ဆုံကြသည်။ တပ်အကြီးအကဲများ အစည်းအဝေးတွင် ဖြစ်သည်။ ယင်းအစည်းအဝေးမှ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့သည်။ ယင်းကား အခြားမဟုတ်။ တရုတ်ပြည်နယ်စပ်သို့ တပ်ရွှေ့ကြရန်ပင် ဖြစ်သည်။ သူတို့သည် တိုင်းတစ်ပါးကျူးကျော်မှုကို မိမိတို့နယ်မြေအတွင်းမှာပင် ခြောက်နှစ်ကျော် ခုနစ်နှစ် နီးပါးမျှ

MMCYBERMEDIA
COMMUNITY FOR ALL

ခုခံတိုက်ခိုက်ခဲ့ကြသည်။ အစွမ်းကုန် တိုက်ခဲ့ကြသည်။ သို့ရာတွင် လက်နက်အင်အား၊ လူအင်အားချင်း မမျှသဖြင့် တဖြည်းဖြည်း အရေးနိမ့်ခဲ့ရသည်။ ရန်သူဘက်တွင် လူအင်အား၊ လက်နက်အင်အား တိုးပွားနေသည်နှင့်အမျှ မိမိတို့ဘက်တွင် လုံးပါးပါး၍ လိုက်လာသည်။ ကြာလျှင် ပြုတ်ပြုတ်ပြုန်းတော့မည့် သဘောရှိသည်။ ဤတွင် သူတို့သည် ပြဿနာကို အလေးအနက် စဉ်းစားကြရသည်။

မိမိတို့ တစ်နယ်တည်းတွင် သာမက အခြားနယ်ပယ်များ၌လည်း ခုခံတိုက်ခိုက်နိုင်သည့် အင်အားများ လျော့ပါးနေပြီကို တွေ့ရသည်။ အချို့နယ်များတွင် လက်နက်ဖြင့် ခုခံတိုက်ခိုက်နိုင်ခြင်း မပြုနိုင်တော့ သလောက်ပင် ဖြစ်သည်။ ချောင်းခွမင်းသား စောရန်နိုင်၊ ဝန်းသိုစော်ဘွားကြီး ဦးရွှေသာ၊ ဝန်းသိုစော်ဘွားကလေး ဦးအောင်မြတ်နှင့် အခြားခေါင်းဆောင် အများအပြားသည် တရုတ်ဘက်သို့ တပ်ရွှေ့သွားကြပြီဖြစ်သည်။

သူတို့ ရည်ရွယ်ချက်မှာ နယ်စပ်ဒေသကို အခြေပြု၍ တရုတ်ဘက်မှ လူသူလက်နက် အကူအညီ ရယူ၍ မြန်မာပြည်ကို အင်္ဂလိပ်တို့လက်မှ ပြန်လည် တိုက်ခိုက်ယူရန်ပင် ဖြစ်သည်။ တရုတ်ပြည်နယ်စပ်သို့ တပ်ရွှေ့ရာတွင် ဆမားစော်ဘွားကြီး၊ အမတ်ကြီးဦးဖိုးစော၊ ဗိုလ်ရွှေထီး၊ ကိုရွှေနီ၊ မောင်ရွှေဝါနှင့် အခြားခေါင်းဆောင်များ လိုက်ပါကြမည် ဖြစ်သော်လည်း လဖိုင်လ၊ လဗျာဂမ်နှင့် နောက်ပါအချို့သည် မလိုက်ပါဘဲ ဤဒေသမှာပင် နေရစ်ခဲ့ကြမည် ဖြစ်သည်။ လဖိုင်လနှင့်လဗျာဂမ်တို့သည် နယ်မြေစွန့်လွှတ်ရေးကို သဘောမတူချေ။ သူတို့က ကိုယ့်ရပ်ကိုယ့်ဒေသမှာပင် ခိုအောင်း၍ ရန်သူကို သေသည်အထိ တိုက်ခိုက်သွားကြမည်ဟု ဆိုသည်။

သို့ဖြင့် ကိုရွှေနီနှင့် လဖိုင်လတို့သည် ခွဲခွာကြရပြန်သည်။ ဤတစ်ကြိမ် ခွဲခွာကြရခြင်းသည် ယခင်အကြိမ်များနှင့် မတူချေ။ သူတို့နှစ်ယောက်သည် ပြန်လည်တွေ့ဆုံချင်မှ တွေ့ဆုံကြရတော့မည် ဖြစ်သည်။

မဂမ် လူလားမြောက်၍ မခေါင်ညွှယ် အိမ်ထောင်ပြုချိန်အထိ သူတို့ ရှိချင်မှ ရှိပေတော့မည်။

မည်သို့ပင်ဖြစ်စေ... သူတို့သည် သေသည်အထိ နယ်ချဲ့ကို ခုခံတိုက်ခိုက်သွားကြမည် ဟူ၍ကား သန္နိဋ္ဌာန် ချမှတ်ထားကြသည်။

## အခန်း -၆၅-

ဤတွင် ဤနေ့တစ်နေ့ ကုန်ဆုံးပြန်ပြီ။ ဤတွင် ဤညတစ်ည အစပျိုးပြန်ချေပြီ။ သို့သော် ရေအလျဉ်ကား အတန့်အရပ် မရှိ၊ စီးဆင်းမြဲပင် ဖြစ်သည်။ ချောင်းအထက်မှ တံတားအနက်သည် ငြိမ်သက်လျက်ရှိသည်။ ယင်းအတူပင် တံတားထက်မှ လူရွယ်သုံးဦးသည်လည်း ငြိမ်သက်လျက် ရှိသည်။ လူရွယ်သုံးဦးဟု ဆိုသော်လည်း သက်ရွယ်တူများကား မဟုတ်ကြချေ။ တစ်ယောက်က အသက်နှစ်ဆယ် ပတ်ဝန်းကျင် ဖြစ်သည်။ အရပ်ပု၍ ကိုယ်လုံး တုတ်ခိုင်သည်။ ကျန်နှစ်ယောက်က ဆယ့်လေးငါးခြောက်နှစ် အရွယ်များ ဖြစ်ကြသည်။ သို့သော် တစ်ယောက်သော သူငယ်သည် အရပ်အမောင်းမြင့်၍ အလုံးအထည်ရှိသောကြောင့် အသက်နှစ်ဆယ်အရွယ် လူငယ်နှင့် လူလုံးချင်း မတိမ်းမယိမ်း ဖြစ်ကြသည်။

တစ်ယောက်သော သူငယ်ကား သူတို့သုံးဦးထဲတွင် အသက်အငယ်ဆုံး ဖြစ်ဟန်ရှိရုံတင်မက ကိုယ်လုံးကိုယ်ဖန်လည်း သေးငယ်လှသည်။ ပါးပါးလျားလျားသာ ဖြစ်သည်။ တစ်ယောက်က တံတားလက်တန်းပေါ်တွင် ထိုင်ကာ တဖြည်းဖြည်းနှင့် လင်း၍ ပေါ်နေကြသော ကြယ်စု၊ ကြယ်ပွင့်များကို ကြည့်နေသည်။ ယနေ့ညတွင် လရှိသည် မဟုတ်။ တန်ဆောင်မုန်းလကွယ် ဖြစ်သည်။ တစ်ယောက်က တံတားလက်တန်းကို ဝမ်းဗိုက်နှင့် ကပ်မှီ၍ တရိပ်ရိပ် စီးဆင်းနေသော ရေအလျဉ်ကို ငုံ့ကြည့်နေသည်။ ဤချောင်းသည် သူ ငယ်စဉ်ကတည်းက ဤသို့ပင် စီးဆင်းနေခဲ့သည်။ သူသည် ဤချောင်းအနီးတွင် မွေး၍ ဤချောင်းအနီးမှာပင် ကြီးပြင်းခဲ့ရသည်။ ယခုမူ သူသည် ဤချောင်းကို ခွဲခွာရလေတော့မည်။ တစ်ယောက်က တံတားအလယ်တွင်ရပ်၍ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်နေသည်။ အပြောကျယ်သော လယ်ကွင်းများ ရှိသည်။ မှိုင်းညို့သော တောအုပ်များ ရှိသည်။ နင်းမြူထဲတွင် မြုပ်ဝင်စပြုနေပြီဖြစ်သော တောင်တန်းများ ရှိသည်။ သည်လယ်၊ သည်တောနှင့် သည်တောင်များသည် သူတို့၏ဘဝပင် ဖြစ်သည်။

ညသည် အေးလာသည်။ ညသည် မှောင်လာသည်။ လူရွယ်သုံးဦးသည် သည်အတိုင်းပင် ရှိနေကြသည်။

"သူငယ်လေးတို့ရေ၊ ဒီဥစ္စာ ကြိုးကြာရွာသစ်ပဲ မဟုတ်လားကွယ့်"

အမှောင်တွင်းမှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် သူတို့သုံးဦးစလုံး လှုပ်ရှားသွားကြသည်။ အသံကြားရာသို့ ပြိုင်တူကြည့်လိုက်ကြသည်။ တံတားထိပ်တွင် အဘိုးကြီးအိုတစ်ဦး ရပ်နေသည်ကို တွေ့မြင်ကြရသည်။ အဘိုးကြီးသည် အတော်ပင် အိုမင်းပြီ ဖြစ်သည်။ ခါးအနည်းငယ် ကိုင်းနေသည်။ အသားဟူ၍ မည်မည်ရရမရှိဘဲ အရိုးနှင့် အရေသာ ရှိတော့ပုံရသည်။ ဦးပြည်းကတုံးသည် ထုံးများ သုတ်ထားဘိသကဲ့သို့ ဖွေးဖွေးဖြူနေသည်။ အဘိုးကြီး၏ လက်ဝဲဘက်ပခုံးထက်တွင် လွယ်အိတ်ငယ်တစ်ခု ရှိသည်။ လက်ယာဘက် ပခုံးထက်တွင် ဓားလွယ်ရှိသည်။ လွယ်အိတ်နှင့် ဓားလွယ်ကို ကြက်ခြေခတ် သိုင်းလွယ်ထားသည်။ ညာဘက်လက်တွင် ထီးရိုးဝါးတစ်ချောင်းကို တောင်ဝှေးအဖြစ် ကိုင်ထားသည်။ အဘိုးကြီးသည် ချောင်း၊ ရွာ၊ တောင်နှင့် လူရွယ်သုံးဦးကို အပြန်အလှန် ကြည့်နေသည်။ သို့သော် အားရသဲကွဲစွာ တွေ့မြင်ပုံကား မရှိချေ။

"ဟုတ်ပါတယ်။ ကြိုးကြာရွာသစ်ပါပဲ။ အဘိုးက ဘယ်ကလာလို့ ဘယ်ကို သွားမလို့လဲ။ မိုးချုပ်လှပြီကော"

အသက်နှစ်ဆယ်အရွယ် လူငယ်က ကြင်နာရိုသေသော လေသံဖြင့် ပြန်၍ ဖြေသည်။

"အဘိုးက ခရီးသည်ပါကွယ်။ သူငယ်လေးတို့ရွာမှာ တစ်ညလောက် အိပ်လို့ ဖြစ်နိုင်မလားကွယ့်"

အဘိုးကြီးသည် သူတို့အနီးသို့ တိုးလျှောက်လာရင်း ပြောသည်။

"ဖြစ်ပါတယ် အဘိုး။ ကျွန်တော်တို့အိမ်မှာ အိပ်နိုင်ပါတယ်"
"ကျွန်တော်တို့အိမ်မှာလည်း အိပ်နိုင်ပါတယ်"

အသက်နှစ်ဆယ်အရွယ် လူငယ်၏စကားအဆုံးတွင် အငယ်ဆုံးလူရွယ်က ဝင်၍ပြောသည်။

"သာဓုကွယ်၊ သာဓု။ သူငယ်လေးတို့က သူတော်ကောင်းကလေးတွေပ။ ဒါနဲ့ မေးစမ်းပါရစေဦးကွယ့်။ သူငယ်တို့ရွာမှာ မစောရုံဆိုတာ ရှိသလား"

အဘိုးကြီး၏ အမေးကြောင့် လူငယ်သုံးဦးသည် တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ အဘိုးကြီးသည် ယခုအခါ သူတို့အနီးတွင် ရောက်ရှိနေပြီ ဖြစ်သည်။ သူတို့က အဘိုးကြီးကို အသေအချာ ကြည့်ရှု၍ အရိပ်အကဲခတ်နေကြသည်။

"အခုတော့ ဒေါ်စောရုံပေါ့ကွယ်။ သူ့သမီးက နန်းရင်တဲ့"

ယင်းသို့ပြောပြီးနောက် အဘိုးကြီးသည် နောက်တစ်လှမ်း ဆုတ်သည်။ လူငယ်များ၏ အရိပ်အကဲကို ပြန်၍ စူးစမ်းနေသည်။

"အဘိုး၊ အဘိုး။ အဘိုးဟာ တောင်လေးလုံးက ဘကြီးမုံး မဟုတ်လား"

အကြီးဆုံးလူရွယ်က ရုတ်တရက် ပြောလိုက်သည်။ သူက အစောကြီးကတည်းက သည်အဘိုးကြီးကို မြင်ဖူးသည်ဟု ထင်နေသည်။ သည်အသံမျိုးကို ကြားဖူးသည်ဟု ထင်နေသည်။ သူ့အမေးကြောင့် အဘိုးကြီးသည် နောက်သို့ နှစ်လှမ်းဆုတ်သွားပြန်သည်။ လက်မှ တောင်ဝှေးကို နေရာပြင်၍ ကိုင်သည်။ သိုင်းရိုက်တုတ်ကို ကိုယ်တွယ်သည့်သဖွယ် ရှိသည်။ အဘိုးကြီးသည် သေးငယ်စူးရှသော မျက်လုံးစုံဖြင့် လူရွယ်များကို ရန်သူလော၊ မိတ်ဆွေလောဟု ခွဲခြား၍ ကြည့်နေသည်။ ထိုအဖြစ်ကို သိမြင်၍ အသက်နှစ်ဆယ်ရွယ် လူငယ်ကပင်...

"အဘိုး၊ ဘာမှ မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ဟာ အဘိုးရဲ့ လူတွေပါ။ သူက အမေကြီး ဒေါ်စောရုံရဲ့မြေး ကိုရွှေနီရဲ့ သားပါ။ နာမည်က ကိုဦးတဲ့။ ကျွန်တော်တို့ရွာကို အဘိုး နောက်ဆုံးလာတုန်းက ကိုဦးက သုံးနှစ်ခွဲ လေးနှစ်လောက်ပဲ ရှိဦးမယ်"

သူက အငယ်ဆုံးလူရွယ်၏ ပခုံးကိုကိုင်၍ အဘိုးကြီးနှင့် မိတ်ဆက်ပေးသည်။ အဘိုးကြီးက လူရွယ်ကို အသေအချာ ကြည့်ရှုပြီးနောက်...

"အင်း၊ သူ့အဖေနဲ့ တူပေသားပဲ။ ဘယ်သူကွယ့်၊ မောင်ကိုဦး ဟုတ်လား"

"ဟုတ်ပါတယ်"

ဦးဦးက ဖြေသည်။

"အေး အေး မင်းတို့ကကော ဘယ်သူ့ သားသမီးတွေလဲကွယ့်"

"သူက မဂမ်ပါ"

"အေး အေး၊ မင်းတို့ရွာမှာ ကချင်မတစ်ယောက် ရှိတာပဲ။ မခေါင်ညွယ်ဆို မဟုတ်လား"

"ဟုတ်ပါတယ်။ မခေါင်ညွယ်ရဲ့သား မဂမ်ပါ"

"နို့ဖြင့် သူငယ်ကကောကွယ့်"

"ကျွန်တော်က မဂမ်နဲ့ အတူနေပါတယ်။ ဒီရွာသားပါပဲ။ ကျွန်တော့်နာမည်က မောင်မျိုးပါ"

MMCYBERMEDIA
COMMUNITY FOR ALL

"အေး အေး၊ ငါမှတ်မိပြီ။ တို့များ နောက်ဆုံးအခေါက်လာတုန်းက မောင်မျိုးရှိတာပဲကွယ့်။ တို့နဲ့အတူ လိုက်မယ်တောင် ပြောသေးတာပဲ"

"ဟုတ်ပါတယ်"

"အေးကွယ်။ မင်းတို့နဲ့ အဆင်သင့်တွေ့ရတာ ဟန်ကျတာပဲ။ မစောရှံတို့၊ နှင်းမြူတို့ နေကောင်းကြတယ် မဟုတ်လား။ မင်းတို့ ဘယ်သူမှန်းမသိတော့ ချက်ချင်း မမေးဝံ့ဘူးကွယ်။ နို့ပြီးတော့ အရင်တုန်းက ဒီတံတားလည်း မရှိဘူး မဟုတ်လား"

"ဒီတံတားဆောက်တာ မကြာသေးပါဘူး"

"အဘိုး အခု ဘယ်ကလာသလဲ။ ကျွန်တော့ အဝါကော"

ဦးဦးက မေးသည်။

"ဖြည်းဖြည်းပြောတာပေါ့ကွယ်။ အခု တို့ရွာထဲဝင်လို့ ဖြစ်မလား။ ဘေးအန္တရာယ်များ ရှိမလား"

"မရှိပါဘူး။ ကိုဦးတို့အိမ်ကို သွားကြတာပေါ့။ သူတို့အိမ်က ရွာစွန်မှာပဲ။ အဘိုးကိုလည်း ဘယ်သူမှ မှတ်မိမှာ မဟုတ်ပါဘူး"

မောင်မျိုးက ဘကြီးမုံးကို ဆွဲခေါ်ရင်း ပြောသည်။

"နေပါစေကွယ်။ တို့များ လျှောက်နိုင်ပါတယ်။ နို့ပေမယ့် ဘကြီးမုံးဆိုတဲ့ နာမည်ကိုတော့ မပြောကြနဲ့ကွယ့်။ ဝန်းသိုကလာတဲ့ မစောရှံရဲ့ ဦးကြီးလို့ ပြောကြကွယ့်"

ထို့နောက် လူရွယ်သုံးဦးနှင့် အဘိုးကြီးသည် အမှောင်ထဲတွင် ပျောက်ဝင်သွားကြသည်။ ဘကြီးမုံးကို မမျှော်လင့်ဘဲ တွေ့မြင်ရသောအခါ မနှင်းမြူ၊ ဒေါ်စောရှံနှင့် နန်းရင်တို့သည် အတိုင်းမသိ ဝမ်းမြောက်သွားကြသည်။ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်း ရောပြွန်းဖြစ်ပေါ်မှုကြောင့် သူတို့၏ မျက်လုံးအိမ်များတွင် မျက်ရည်ကြည်များ ပြည့်နေသည်။ မနှင်းမြူသည် စိတ်ကို ချုပ်တည်းနိုင်ခြင်း မရှိတော့သဖြင့် ဘကြီးမုံးကိုဖက်၍ သည်းထန်စွာ ငိုလေသည်။ အမိနှင့်အဘကို သတိရသောကြောင့် ဖြစ်သည်။ ရွာကို အမှတ်ရသောကြောင့် ဖြစ်သည်။ မနှင်းမြူ၏ မိခင်နှင့် ဖခင်များဖြစ်ကြသော ဒေါ်အဲနော်နှင့် ဦးပေါ်မန်းတို့ ကွယ်လွန်ခဲ့သည်မှာ ရှစ်နှစ်မျှ ရှိပေပြီ။ ကြိုးကြာရွာသို့ မနှင်းမြူ ရောက်နေခဲ့သည်မှာလည်း ရှစ်နှစ်မျှပင် ဖြစ်ပေသည်။ ဦးပေါ်မန်းသည် ကျိုင်းခွင်တိုက်ပွဲတွင် ကျဆုံးခဲ့သည်။ ဒေါ်အဲနော်သည် တစ်နှစ်နီးပါးမျှ နာမကျန်းရှိနေခဲ့ရာတွင် ခင်ပွန်းသည် ကျဆုံးသည့် သတင်းကို ကြားရသောအခါ စိတ်ထိခိုက်၍ ကွယ်လွန်လေတော့သည်။ အမိနှင့်အဖ မရှိတော့သောအခါ မနှင်းမြူသည် ဆွေမျိုးများထံ ခွင့်ပန်၍ ကြိုးကြာရွာသို့ လာခဲ့သည်။ ဒေါ်စောရှံနှင့်အတူ နေခဲ့သည်။ သူမ၏ မောင်ကြီးကို ကြိုးကြာရွာမှပင် စောင့်မျှော်နေတော့သည်။ နန်းရင်နှင့် ဒေါ်စောရှံတို့သည် မနှင်းမြူကို လိုလိုလားလားပင် လက်ခံကြသည်။ အိမ်သားတစ်ယောက်အဖြစ် စာရင်းသွင်းထားကြသည်။ မိမိချွေးမပင် ဖြစ်ဘိသကဲ့သို့၊ မိမိယောက်မပင် ဖြစ်ဘိသကဲ့သို့ မှတ်ယူထားကြသည်။

ဒေါ်စောရှံသည် မသက်ရော် မရှိသောအခါတွင် အထူးပင် စိတ်ထိခိုက်ခဲ့ရသည်။ သူမသည် ခင်ပွန်းသည်က သစ္စာဖောက်သွားသည်ကို မမှု၊ ငါ့မှာ သားတွေသမီးတွေ ရှိသည်ဟု မာနထားခဲ့သည်။ သို့သော် သားနှစ်ယောက်သည် အိမ်မှာနေကြသည် မရှိချေ။ အကြောင်းအမျိုးမျိုးဖြင့် အိမ်မှ ဝေးကွာလျက်

MMCYBERMEDIA
COMMUNITY FOR ALL

ရှိကြသည်။ သည်အထဲတွင် အားကိုးရမလား အောက်မေ့သော သမီးကြီးက အိမ်ထောင်ခွဲသွားသည်။ အဆက်အသွယ် ဖြတ်တောက်သွားသည်။ တော်ပါသေးသည်။ မထင်ထားသော သမီးငယ်ကို လက်ကတုံးတောင်ဝေးပြုရသည်။ သည်လိုအချိန်မျိုးတွင် သူမတို့ မိသားစုသို့ မသက်ရော် ဝင်လာသောအခါ များစွာမှ အားတက်ခဲ့သည်။ မသက်ရော်သည် စကားမပြောတတ်၊ နားမကြားနိုင် ရှိသော်လည်း လုပ်တတ် ကိုင်တတ်သည်။ လုပ်ချင် ကိုင်ချင်သည်။ လုပ်ခြင်း ကိုင်ခြင်း ရှိသည်။ ယင်းအပြင် ဤသူငယ်မက သူမကို မြေးတစ်ယောက် ပေးသည်။ ဒေါ်စောရုံတို့ ချစ်ကြရသည်။ ဤလိုရှိရာမှ မသက်ရော် သေသွားသည်။ စိတ်ထိခိုက်ရသည်။ ယင်းကြောင့် မသက်ရော်အစား မနှင်းမြူရောက်လာသောအခါ ဖြေသာရသည်။

နန်းရင်သည် အစောကြီးကတည်းက မနှင်းမြူကို ချစ်ခင်ခဲ့သူ ဖြစ်သည်။ ယခုလို သူမတို့နှင့် အတူလာနေပြီး သူမတို့နှင့် အတူလုပ်၊ အတူအိပ်၊ အတူစားသောအခါ များစွာမှ နှစ်ထောင်းအားရ ဖြစ်ရသည်။ နန်းရင်သည် ငယ်ငယ်က အလှအပ မက်မောလွန်းသဖြင့် စောစောအိမ်ထောင်ကျမှာပဲဟု ထင်ခဲ့ရသော်လည်း ယခုထက်ထိ အိမ်ထောင်မပြုသေးဘဲ ရှိသည်။ မိခင်နှင့် အတူနေသည်။ အိမ်ထောင်ရေးကို စိတ်မကူးသကဲ့သို့ ရှိသည်။ ယခုအခါ သူမ၏ အသက်သည် သုံးဆယ်အတွင်းသို့ ဝင်ခဲ့ပြီဖြစ်သည်။ သို့သော် လှပဖွံ့ဖြိုးဆဲပင် ရှိသည်။ အသက်နှစ်ဆယ်ကျော်အရွယ်ဟုသာ ထင်ရသည်။ သည်မိန်းကလေး လှသည်။ သည်မိန်းကလေး ဣန္ဒြေရှိသည်။ သည်မိန်းကလေး လိမ္မာသည်။

ကိုရွှေနီနှင့် မောင်ရွှေဝါတို့ တရုတ်မြန်မာနယ်စပ်သို့ တပ်ရွှေ့သွားသည့် နောက်ပိုင်းတွင် ဒေါ်စောရုံသည် မိန်းမပျိုကလေးနှစ်ဦးကိုသာ အဖော်ပြု၍ နေခဲ့သည်။ ရှစ်နှစ်ကျော် ကိုးနှစ်နီးပါး ဖြစ်သည်။ သူတို့မိသားစုတွင် ယောကျ်ားဟူ၍ ဦးဦးသာ ရှိသည်။ သို့သော် ဦးဦးသည် ယခုမှ ဆယ့်လေးနှစ်သာ ရှိသေးသည်။ ဖြစ်ဖြစ်မြောက်မြောက် အားကိုးရသေးသည် မဟုတ်။ သို့သော် ဦးဦးသည် သူ တတ်စွမ်းသရွေ့တော့ လှုပ်ရှားသည်။

ဤရှစ်နှစ်ကျော် ကိုးနှစ်အတွင်းတွင် သူတို့သည် သူတို့ဘာသာ ရပ်တည်ခဲ့ကြသည်။ မည်သူ့ထံကမျှ အကူအညီ ဖြစ်ဖြစ်မြောက်မြောက် မယူခဲ့ကြ။ မခေါင်ညွှန့်နှင့်မူ နှစ်အိမ့်တစ်အိမ် ဖြစ်သည်။ မခေါင်ရွယ်နှင့် နန်းရင်သည် ညီအစ်မ ဖြစ်သည်။ မဂမ်နှင့် ဦးဦးသည် ညီအစ်ကို ဖြစ်သည်။ မောင်မျိုးသည် ဒေါ်စောရုံကို ရိုသေလေးစားခြင်း ရှိသည်။ နန်းရင်ကို ခင်မင်တွယ်တာခြင်း ရှိသည်။ သည့်အပြင်ကား ဒေါ်စောရုံတို့သည် မည်သူနှင့်မျှ ပြောပလောက်အောင် ကျေးဇူးခံ ကျေးဇူးစား မပြုချေ။ တစ်ရပ်တစ်ရွာလုံးနှင့် စပ်ဆိုင်သော ကိစ္စများတွင်သာ ပါဝင်သည်။ တစ်ဦးချင်းအနေနှင့်ကား သူတစ်ပါးအရိပ်ကို မခိုချေ။

ဦးနွဲ့မွန်သည် အိမ်မှ ထွက်သွားကတည်းက အိမ်အကြောင်းကို မေ့ထားခဲ့သည်။ ဒေါ်စောရုံနှင့် မည်သို့မျှ အဆက်အသွယ် မပြုခဲ့။ ရွာသို့လည်း မပြန်ခဲ့။ မိုးကောင်းတွင် မောင်ရွှေဝါနှင့် မထုံးရီကိစ္စ ဖြစ်ပေါ်ပြီးနောက် ပို၍ အဆက်အသွယ် ပြတ်ခဲ့သည်။ ဦးနွဲ့မွန်သည် ကြိုးကြာရွာအကြောင်း၊ ကြိုးကြာရွာမှ မိသားစုအကြောင်း စကားစပ်၍မျှ မပြောတော့ချေ။

သို့သော် လွန်ခဲ့သော သုံးနှစ်ကမူ မည်သို့ စိတ်ကူးပေါက်သည် မသိ၊ ဒေါ်စောရုံနှင့် နန်းရင်ကို မိုးကောင်းတွင် သူတို့နှင့်အတူ လာ၍ လိုက်နေရန် လူလွှတ်၍ အကြောင်းကြားသည်။ မထုံးရီက သဘောတူညီပြီးဖြစ်ကြောင်းလည်း ထည့်သွင်းမှာကြားလိုက်သည်။ ဒေါ်စောရုံသည် ဦးနွဲ့မွန်၏

ကမ်းလှမ်းချက်အတွက် မည်သို့မျှ တုန်လှုပ်ခြင်းမရှိဘဲ ခေါင်းကိုသာ ယမ်းခါခဲ့သည်။ ထို့ပြင်ကား မယားကြီး၊ မယားငယ် မနေလိုကြောင်းဟုလည်း ဒေါ်နှင့် မပြောချေ။ မယားငယ်သဘောတူမှ နေရမလားဟုလည်း ရန်မတွေ့ချေ။ မည်သို့မျှ ဝေဖန်ပြောဆိုခြင်း မပြုချေ။ ခေါင်းကိုသာ ယမ်းခါခဲ့သည်။

လွန်ခဲ့သည့်နှစ်က တစ်ကြိမ်ထပ်၍ ကမ်းလှမ်းကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ဒေါ်စောရုံက ခေါင်းခါလိုက်သည်။ ဒေါ်စောရုံမလာလိုလျှင်လည်း ရှိစေတော့၊ နန်းရင်လာပါစေဟု ပြောသည်။ ဒေါ်စောရုံက နန်းရင်သဘောနှင့် နန်းရင်ဟု ဆိုသည်။ နန်းရင်သည် အစကတည်းက မထုံးရီအပေါ်တွင် မလိုမုန်းထား မရှိခဲ့ချေ။ မထုံးရီကို သဘောကျ ကြိုက်ညီခြင်းပင် ရှိသည်။ သို့သော် မိခင်ကို စွန့်ပစ်၍ ဖခင်ထံသို့ မသွားရောက်ချေ။

နန်းခင်ကမူ ဤကိုးနှစ်အတွင်းတွင် ဒေါ်စောရုံတို့နှင့် တစ်ကြိမ်မျှ အဆက်မသွယ် မပြုခဲ့။ ရွာသို့လည်း မပြန်ခဲ့။ ဒေါ်ငြိမ်းရှင် မရှိတော့ပြီဖြစ်၍ သူမက ကိုလူကြီးကို အရင်ကထက်ပင် ပို၍ ခြယ်လှယ်ခြင်း ပြုနေသည်။ ကိုလူကြီးသည် နန်းခင်လက်ထဲမှ အရုပ်တစ်ရုပ်သာ ဖြစ်သည်။ သို့သော် သူသည် ယခုအခါ မြို့မှာ စာရေးကြီး။ နန်းခင်က စာရေးကြီးကတော်၊ မော်လိုက် ကြွားလိုက်သည့် ဖြစ်ခြင်း၊ မောက်မာခက်ထန်လိုက်သည့် ဖြစ်ခြင်း။

ဒေါ်စောရုံသည် ခင်ပွန်းသည်ကို မေ့လျော့ထားပြီ ဖြစ်သည်။ သမီးကြီးကို လျစ်လျူရှုထားပြီ ဖြစ်သည်။ သမီးငယ်နှင့် ချွေးမလောင်းနှင့် မြေးနှင့်သာ အတူနေသည်။

"မစောရုံကတော့ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ။ လောကဓံကို ကြံ့ကြံ့ခံနိုင်ပေတယ်"

သူ့အကြောင်းကို ကြားသိရပြီးသောအခါ ဘကြီးမုံးက ဒေါ်စောရုံကို ချီးကျူးလိုက်သည်။

"ဒီလိုပါပဲ ဘကြီးမုံးရယ်"

ဒေါ်စောရုံက ပြောင်းဖူးဖက်ဆေးလိပ်ကို ရှိုက်ဖွာရင်း တည်ငြိမ်သောလေသံဖြင့် ပြောသည်။ သူမသည် နဂိုကမှ ပိန်ပိန်ပါးပါးသာ ဖြစ်သည့်အလျောက်၊ ကျန်းမာရေးမကောင်းလှသည့်အလျောက် ဆယ့်ငါးနှစ်ကာလမျှ အခက်အခဲ အကျဉ်းအကျပ်များကို ကျော်ဖြတ်ခဲ့ရသောအခါ၊ အသက်ငါးဆယ်ကျော်၍ ခြောက်ဆယ်နားနီးလာသောအခါ သူမသည် အဘယ်မျှပင် စိတ်ဓာတ်ကြံ့ခိုင်စေကာမူ ရုပ်၏ပြောင်းလဲမှုကတော့ ရှိချေသည်။ ဒေါ်စောရုံသည် အဘွားကြီးတစ်ယောက်ပင် ဖြစ်နေပေပြီ။ သို့သော် မျက်နှာတည်ကြည်သည်။ အသံငြိမ်သက်သည်။ ထို့နောက် သူတို့က ဘကြီးမုံးတို့အကြောင်း မေးသည်။ ဘကြီးမုံးသည် လက်ဖက်ရည်ပူပူကို တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း စကားကို အလျဉ်မပြတ် ပြောသည်။

"ငါတို့လည်း ကျိုင်းခွင်တိုက်ပွဲပြီးတဲ့နောက်မှာ ရန်သူကို အလုံးအရင်းနဲ့ ရင်မဆိုင်နိုင်တော့ဘူး။ ဝန်းသိုစော်ဘွားလေးရဲ့ တပ်တွေဟာ မန်စီကနေ တောင်သုံးလုံးအထိ ဆုတ်သွားကြတယ်။ မိုးညှင်းတပ်တွေနဲ့ ပေါင်းတယ်။ တို့ကတော့ တောင်လေးလုံးတစ်ဝိုက်မှာ လှည့်ပတ်ပြီး ရန်သူကို ခံတယ်။ နင်းမြူသွားပြီး သုံးလလောက်အထိ တို့ တောင်လေးလုံးတစ်ဝိုက်မှာ ရှိနေတယ်။ မဖျိုင်းဖြူရဲ့

MMCYBERMEDIA
COMMUNITY FOR ALL

တပ်သားတွေဟာ အင်မတန် ရဲရင့်တယ်။ တပ်မှူးတွေကလည်း တော်ကြပါပေတယ်။ နို့ပေမယ့် သုံးလအတွင်းမှာပဲ တို့ဘက်က တပ်မှူးကောင်းနှစ်ယောက် ဆုံးခဲ့ရတယ်။ စောနွံနဲ့ ဗိုလ်ယက္ခပဲ။ မဗျိုင်းဖြူဟာ စောနွံနဲ့ ဗိုလ်ယက္ခကျဆုံးတဲ့အတွက် အတော်ကို စိတ်ထိခိုက်တယ်။။ ဗိုလ်ယက္ခဟာ သူ မျက်နှာလွှဲရတဲ့ လက်ထောက်တပ်မှူးတစ်ယောက် ဖြစ်သလို စောနွံက သူ့ချစ်သူ မဟုတ်လား။ တို့တပ်တွေကို တကယ်တမ်း အုပ်ချုပ်မယ့်လူဆိုလို့ ငါနဲ့ မဗျိုင်းညိုပဲ ရှိတော့တယ်။ မဗျိုင်းဖြူမှာ တိုင်ပင်စရာဆိုလို့ ငါနဲ့ မဗျိုင်းညိုပဲ ရှိတော့တယ်။

ဝန်းသိုတပ်တွေ တရုတ်ပြည်ထဲ ဝင်သွားတဲ့နောက်မှာ တို့လည်း တောင်လေးလုံးနယ်မှာ မနေနိုင်တော့ဘူး။ နယ်စပ်ကို လိုက်ကြရတော့တာပဲ။ ပထမတော့ တို့ဟာ အရှေ့ဆမားမှာ နေတယ်။ နောက်တော့ ဆဒုံးဘက်မှာ မိုးကောင်းတပ်တွေ ရောက်နေတယ်ကြားလို့ တို့လိုက်သွားတယ်။ အဲဒီမှာ တို့ ရွှေနီ၊ ရွှေဝါတို့နဲ့ တွေ့ရတာပဲ။ တို့ရောက်သွားတဲ့အချိန်မှာ၊ ဆဒုံးဆမားနဲ့ မြစ်ဖျားမှာ တိုက်ပွဲတွေ ပြင်းထန်နေတယ်။ ဆဒုံးတပ်တွေနဲ့ မြစ်ဖျားကချင်တပ်တွေဟာ အင်္ဂလိပ်ကို အပြင်းအထန် တိုက်ထုတ်နေကြတယ်။ တို့ရောက်ပြီး မကြာခင်မှာပဲ တိုက်ရတဲ့ ဆဒုံးတိုက်ပွဲနဲ့ မြစ်ကြီးနားတိုက်ပွဲဟာ ရာဇဝင်မှာ စာတင်လောက်တယ်ကွဲ့။ ဆဒုံးတိုက်ပွဲမှာ အင်္ဂလိပ်ဘက်က လူတစ်ရာကျော် ကျတယ်ကွယ့်။ မြစ်ကြီးနားတိုက်ပွဲကတော့ ဆင်ရိုင်ဝါခေါင်းဆောင်တဲ့ ဆမားကချင်တွေရဲ့ အောင်ပွဲပဲကွယ့်။ တစ်မြို့လုံးကို စီးမိပြီး ရန်သူ့တရားရုံး၊ ရန်သူ့မြို့ဝန်ရုံး၊ ရန်သူ့ကြေးနန်းရုံးနဲ့ အခြားရန်သူ့အဆောက်အအုံတွေ အားလုံးကို မီးရှို့ပစ်လိုက်နိုင်တယ်။ ရန်သူ အကျအဆုံးလည်း အတုံးအရုံးပေါ့ကွယ်။

တို့ဟာ နယ်စပ်ရောက်ပြီး ငါးနှစ်လောက်တော့ ရန်သူကို ကောင်းကောင်းတိုက်နိုင်သေးတယ်ကွယ့်။ နို့ပေမယ့် တို့ဟာ တဖြည်းဖြည်းနဲ့ အင်အားနည်းပါးခဲ့ရတယ်။ ရန်သူဘက်က လူသူလက်နက် လိုသလောက်ရနေပြီး တို့ဘက်ကတော့ တတိတိလျော့ခဲ့ရတယ်။ တချို့ကလည်း တိုက်ပွဲမှာ ကျတယ်။ တချို့လည်း ဖျားနာငတ်ပြတ်ပြီး သေရတယ်။ တောတောင်က အင်မတန် ကြမ်းတမ်းတာကွယ့်။ တချို့လည်း စိတ်ပျက်ပြီး မြေပြန့်ကို ပြန်ပြေးကြတယ်ကွယ့်။ ရန်သူကလည်း ပရိယာယ်ဝေဝုစ် များတယ်ကွယ့်။ တစ်ဖက်က လူအား၊ လက်နက်အားနဲ့ တိုက်သလို တစ်ဖက်က မြှူတယ်။ ချော့တယ်။ ဆွယ်တယ်ကွယ့်။ သူတို့ဘက်ကိုဝင်ရင် ဆုငွေပေးတယ်။ ရာထူးပေးတယ်။ နောက်ပြီးတော့ နယ်ခြားကို တို့အသုံးမပြုနိုင်အောင် တရုတ်အစိုးရနဲ့ နယ်ခြားကိစ္စ စေ့စပ်ဆွေးနွေးတယ်ကွယ့်။ တရုတ်ကလည်း သူတို့ပြည်တွင်းရေးနဲ့သူတို့ ရှုပ်နေလို့ အင်္ဂလိပ်နဲ့ အချင်းများချင်ပုံ မရဘူးကွယ့်။ တို့ကို ကောင်းကောင်းမွန်မွန် လက်ခံပေမယ့် ထိထိရောက်ရောက်တော့ အကူအညီ မပေးနိုင်ဘူးကွယ့်။ နောက်ဆုံးတော့ တို့ဟာ အင်္ဂလိပ်တပ်ကို မလွှဲသာမှ တိုက်တယ်။ တတ်နိုင်သမျှ ရှောင်ရတယ်ကွယ့်။ မြန်မာပြည်ဘက်မှာ အနေနည်းပြီး တရုတ်ပြည်ဘက်မှာ ခိုအောင်းနေရတာက များလာတယ်။

အဲဒီတော့ အခြေအနေက ပိုပြီး ဆိုးလာတာပေါ့ကွယ်။ အင်္ဂလိပ်ဘက်ကို မဝင်ဘဲ၊ မြေပြန့်ကို ပြန်မပြေးဘဲ နယ်စပ်မှာကျန်နေတဲ့ လူတွေဟာလည်း တဖြည်းဖြည်းနဲ့ အင်္ဂလိပ်ကို မတိုက်ချင်တော့ဘူး။ တရုတ်ပြည်ဘက်မှာပဲ ခိုအောင်းပြီး နေချင်ကြတော့တယ်။ တချို့ကတော့ အဲဒီနယ်က မိန်းမတွေနဲ့ အိမ်ထောင်ကျပြီး တောင်ယာ လုပ်ကိုင်စားကြတယ်။ တချို့ကတော့ အရက်သောက်၊ ဘိန်းစား၊ မိန်းမပွေနဲ့ စိတ်ပျက်စရာပေါ့ကွယ်။ တချို့ဆိုရင် နယ်သူနယ်သားတွေကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကြတယ်ကွယ့်။ လုကြ ယက်ကြတယ်ကွယ့်။ မိန်းမတွေကို ဗလက္ကာယပြုကြတယ်ကွယ့်။ ခဏခဏ အတိုင်အတော ခံရတယ်။ လျော်ရတယ်။ အရေးယူရတယ်ကွယ့်။ တစ်ချိန်က သူရဲကောင်းတွေဟာ ဖြစ်ချင်တိုင်း

MMCYBERMEDIA
COMMUNITY FOR ALL

ဖြစ်နေတော့တာပဲကွယ်။ ဒီလို ဗရမ်းဗတာဖြစ်လေ ရန်သူကို နိုင်အောင်တိုက်ဖို့ ခဲယဉ်းလေပ။ ကြာရင် တို့ဟာ လေ့ကွဲကြီးလို နစ်ရတော့မယ့် အခြေပဲကွယ့်။ နောက်ဆုံးတော့ တို့ဟာ ကိုယ့်ရပ် ကိုယ့်ဒေသပြန်ဖို့ ဆုံးဖြတ်ကြတယ်။

တို့ဟာ သူများနယ်မှာ ကလေကဝ ဖြစ်နေမယ့်အစားတော့ ကိုယ့်နယ်မှာ ဘာဖြစ်နေနေ ကောင်းသေးတာပဲကွယ်။ ဒီနေရာမှာ မစောရုံရဲ့သားကြီး မောင်ရွှေနီဟာ အင်မတန် ချီးကျူးစရာ ကောင်းတယ်ကွယ့်။ အရင်တုန်းက ကျုပ်ကြားဖူးတာက ဒီသူငယ်ဟာ အရက်သမား၊ ကြက်သမားလို့ကိုး။ နို့ပေမယ့် သူက နည်းနည်းမှ စိတ်အားမလျော့ဘူး။ နည်းနည်းမှ ကိုယ်ကျင့်တရား မပျက်ဘူး။ သူကပဲ အားလုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်ရတယ်ကွယ့်။ ကြပ်ကြပ်မတ်မတ် လုပ်ရတယ်ကွယ့်။ အေး သူက လဖိုင်လနဲ့ လဗျာဂမ်အကြောင်း ပြောတယ်ကွယ်။ အဲဒီ ကချင်ကလေးနှစ်ယောက်ကို တို့များ လာတုန်းက တစ်ခါနှစ်ခါ တွေ့ဖူးတယ်ကွယ့်။ သူတို့အားလုံး နယ်စပ်ကို တပ်ရွှေ့ဖို့ ဆုံးဖြတ်ခဲ့ကြတုန်းက လဖိုင်လနဲ့ လဗျာဂမ်တို့က သဘောမတူဘူး ဆိုဘဲကွယ့်။ သူတို့က ကိုယ့်နယ်မှာပဲ ကိုယ့်လူတွေနဲ့ သေအတူ ရှင်မကွာ နေမယ်ဆိုပဲကွယ်။ ဒါဟာ မှန်တယ်ကွယ့်။ တို့ဟာ သူများနယ်၊ သူများနိုင်ငံကို အားမကိုးသင့်ဘူး။ မောင်ရွှေနီက လဖိုင်လတို့စိတ်ကူး မှန်ကြောင်းပြောတယ်ကွယ့်။ တို့နယ်မှာ ပြန်ပြီး အင်္ဂလိပ်ကို သေတဲ့အထိ တိုက်ဖို့ ပြောတယ်ကွယ့်။ တို့အားလုံး သဘောတူကြတယ်။ တို့အားလုံးဆိုလို့ အများကြီး မထင်နဲ့ကွယ့်။ လူဆယ်ယောက်ပဲကွယ့်။

ပြောရဦးမယ့်ပ။ အဲဒီ ဆယ်ယောက်ထဲမှာ မောင်ရွှေဝါ မပါဘူးကွယ့်။ မဗျိုင်းဖြူရဲ့ လူတွေမပါဘူး။ မဗျိုင်းဖြူမှာ လူနှစ်ဆယ်လောက် ရှိသေးတယ်။ သူတို့အားလုံး ပါရင်တော့ တို့အစုဟာ လူသုံးဆယ်ကျော်မှာပ။ နို့ပေမယ့် မောင်ရွှေဝါက မလိုက်ဘူးဆိုတော့ မဗျိုင်းဖြူကလည်း ကျန်ရစ်ခဲ့တာပကွယ်။ မဗျိုင်းဖြူဟာ မောင်ရွှေဝါအပေါ်မှာ အင်မတန် သံယောဇဉ်ကြီးတယ်ကွယ့်။ မောင်အရင်းတစ်ယောက်လိုပဲ ခင်ရှာတယ်။ တို့ အသက်သခင် ဖြစ်ခဲ့ဖူးတယ် မဟုတ်လားကွယ့်။ နို့ပေမယ့်ကွယ် မောင်ရွှေဝါဟာ နည်းနည်းမှ မကောင်းဘူးကွယ့်။ တစ်ခါတစ်ခါမှာ တို့များဟာ ဒီသူငယ့်အကြောင်းကို စဉ်းတောင် မစဉ်းစားတတ်တော့ဘူးကွယ့်။

ဒီသူငယ်အကြောင်းကို တို့များ မပြောတော့ဘူးလို့ အောက်မေ့ခဲ့တယ်။ မစောရုံ စိတ်ဆင်းရတာလည်း မမြင်ချင်ဘူး။ နင်းမြူစိတ်ဆင်းရဲတာလည်း မမြင်ချင်ဘူး။ နို့ပေမယ့် မပြောလို့လည်း ပြီးမှာ မဟုတ်ဘူးကွယ့်။ တစ်ခါမပြော တစ်ခါတော့ ပြောရမှာပဲ။ တရားနဲ့သာ ဖြေကြပေါ့ကွယ်။

မောင်ရွှေဝါကို တို့များ အင်မတန် ထင်ခဲ့တယ်ကွယ့်။ ဒီသူငယ်ဟာ သတ္တိရှိတယ်။ တည်တံ့တယ်။ သူ့အဘိုးလိုပဲ လာလိမ့်မယ်လို့ ထင်ခဲ့တယ်။ နို့ပေမယ့် ဘယ်လိုဖြစ်သွားတယ် မသိပါဘူးကွယ်။ နယ်စပ်မှာ သူ့ကိုတွေ့ရတော့ တို့များ အတော်စိတ်ပျက်မိတယ်။ မိန်းမတွေနဲ့ ခဏခဏ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်တယ်။ တို့များလည်း ပြောတာပဲ၊ မရဘူး။ သူ့အစ်ကိုကလည်း ပြောတာပဲ မရဘူး။ ညီအစ်ကိုချင်း နှစ်ခါသုံးခါ သတ်မယ်ဖြတ်မယ် ဖြစ်ကြတယ်။ မဗျိုင်းဖြူကလည်း ပြောတာပဲ မရဘူး။ မဗျိုင်းဖြူဟာ မောင်ရွှေဝါ့အပေါ်မှာ အင်မတန် စိတ်ရှည်လက်ရှည် သည်းခံတယ်ကွယ့်။

မဗျိုင်းဖြူဟာ အင်မတန် စိတ်ထားမြင့်မြတ်တဲ့ မိန်းကလေးကွယ့်။ သူက မောင်ရွှေဝါကိုသာ မဟုတ်ဘူး။ နင်းမြူကိုလည်း ညီမအရင်းလို ချစ်ရှာတယ်။ မောင်ရွှေဝါအတွက် နင်းမြူ

MMCYBERMEDIA
COMMUNITY FOR ALL

စိတ်ဒုက္ခရောက်နေတာကို သူ နည်းနည်းမှ မကြည့်ရက်ဘူး။ ဒီအကြောင်း ခဏခဏပြောတယ်။ နယ်စပ်ကိုရောက်လို့ မောင်ရွှေဝါနဲ့ တွေ့တုန်းပဲ မဖျိုင်းဖြူက မနင်းမြူအကြောင်း ပြောပြတယ်။ ပေါ်မန်းတို့ မရှိတော့ဘူး။ မနင်းမြူ အခု ကြိုးကြာရောက်နေပြီလို့ ပြောခဲ့တယ်။ နို့ပေမယ့် မောင်ရွှေဝါက ဘာမှ ပြန်မပြောခဲ့ဘူး။ သူထင်ရာ သူစိုင်းနေတာပဲ။ နောက်ဆုံးတော့ မဖျိုင်းဖြူက သူ့ကို ကြိုးကြာရွာပြန်ဖို့ ပြောခဲ့တယ်။ သူက လက်မခံဘူး။ တို့ပြန်ခါနီးမှာလည်း တို့အားလုံး ဝိုင်းပြီး မောင်ရွှေဝါကို လိုက်ခဲ့ဖို့ ပြောတယ်။ သူက ခါးခါးသီးသီး ငြင်းတယ်။ တို့က ကြိုးကြာမှာ နင်းမြူ စောင့်နေတဲ့အကြောင်း ပြောတယ်။ သူက ကြိုးကြာမှာ နင်းမြူရှိနေသမျှ ကြိုးကြာကို မပြန်ဘူးလို့ ပြောတယ်။ ဘယ်လောက် ခက်သလဲကွယ်။

မဖျိုင်းဖြူဟာ အစကတော့ တို့နဲ့အတူ လိုက်ဖို့ပဲ။ နောက်တော့ မောင်ရွှေဝါ တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်ဘူး။ မောင်ရွှေဝါစိတ်ပြောင်းတဲ့အထိ သူ စောင့်ခေါ်မယ်ဆိုပြီး နေရစ်ခဲ့တယ်။ ဒီနေရာမှာ မောင်ရွှေဝါနဲ့ မဖျိုင်းဖြူအကြောင်းကို နင်းမြူ သိထားအောင် နည်းနည်းတော့ ပြောပြရဦးမယ်ကွယ့်။ မောင်ရွှေဝါဟာ နယ်စပ်တစ်လျှောက်မှာ မိန်းမတစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီး ပွေနေတာပဲကွယ့်။ အချို့ကလည်း လွတ်လွတ်လပ်လပ်ကွယ့်။ အချို့က လင်ရှိမယားကွယ့်။ သူကတော့ ဘယ်သူ့ကိုမှ အတည်ရယ် မဟုတ်ဘူးကွယ်။ ပထမကတော့ မိန်းမတွေကလည်း သူ့ကို ယုံကြည်ကြတာပေါ့ကွယ်။ သူ ရုပ်ချောလူချော မဟုတ်လား။ လူငယ်လူရွယ် မဟုတ်လား။ သူက နောက်ဆုံး ဘယ်အထိ ကဲလာသလဲဆိုရင် မဖျိုင်းဖြူကိုတောင် တလွဲတချော် ကြံတယ်ကွယ့်။ ပထမတော့ အသာတကြည် ပြောတာပေါ့ကွယ်။ ဒီတော့ မဖျိုင်းဖြူက ရှင်းရှင်းပဲ ပြောတယ်ကွယ့်။ သူ့အနေနဲ့ မောင်ရွှေဝါကို ငြင်းစရာ မရှိဘူး။ နို့ပေမယ့် သူဟာ စောနွဲ့ရဲ့ မျက်နှာကို ကြည့်ရမယ်တဲ့။ စောနွဲ့ဟာ သူ့ကို အင်မတန် ချစ်တယ်တဲ့။ နောက်တစ်ကြောင်းကတော့ သူဟာ နင်းမြူကို ညီမအရင်းလို ချစ်တယ်တဲ့။ နင်းမြူ စိတ်ဆင်းရဲတာကို သူ မမြင်ချင်ဘူးတဲ့။ နင်းမြူဟာ မောင်ရွှေဝါကို သစ္စာရှိရှိ မေတ္တာကြီးကြီးနဲ့ ချစ်တဲ့ မိန်းမတစ်ယောက်တဲ့။ ဒီလို မိန်းမမျိုးကို စိတ်ဆင်းရဲအောင် သူ မလုပ်ဘူးတဲ့။ သူက ကူညီဖို့သာ ရှိတယ်တဲ့။ သူ့စေတနာက မောင်ရွှေဝါနဲ့ နင်းမြူ ပေါင်းစေချင်တယ်တဲ့။ ဒီလို ပေါင်းကြရအောင် သူ အတတ်နိုင်ဆုံး ကြိုးစားမယ်တဲ့။

ပြောရဦးမယ်ကွယ့်။ မောင်ရွှေဝါဟာ အသာတကြည် ပြောမရတဲ့နောက်မှာ တစ်ခါတော့ အရက်တွေမူးပြီး မဖျိုင်းဖြူကို အနိုင့်အထက်ပြုဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဘာနေမလဲကွယ်။ ဟိုမိန်းကလေးက သစ္စာလည်းရှိတယ်။ သတ္တိလည်းရှိတယ်။ ရိုးရိုးအချိန်ဆိုရင်တော့ သူဟာ မောင်ရွှေဝါကို နိုင်အောင် တိုက်ချင်မှ တိုက်နိုင်မယ်။ နို့ပေမယ့် မောင်ရွှေဝါက မူးနေတော့ သူက မောင်ရွှေဝါကို အလွယ်တကူပဲ ခုခံနိုင်ခဲ့တယ်။ သူ့ကိုယ်သူ ကာကွယ်နိုင်ခဲ့တယ်။ မဖျိုင်းဖြူဟာ အဲဒီလောက်တော်တဲ့ မိန်းကလေးပါကွယ်။ သူ့အပေါ်မှာတော့ နင်းမြူ ဘယ်လိုမှ အပြစ်မမြင်နဲ့။ သူက နင့်ကောင်းကျိုးကို လိုလားတဲ့ မိန်းကလေးတစ်ယောက်ပဲ။ အင်း မောင်ရွှေဝါလည်း အမူးပြေတော့ သူမှားပါပြီဆိုပြီး မဖျိုင်းဖြူကို တောင်းပန်တယ်။ မဖျိုင်းဖြူက ဘယ်လိုမှ ဖွေမယူပါဘူး။ မောင်လိုနှမလိုပဲ ဆက်ဆံသွားဖို့ ပြောတယ်။ ဒီနောက်တော့ သူဟာ မဖျိုင်းဖြူကို မကောင်းတဲ့စိတ်နဲ့ မကြံတော့ဘူး။ သိပ်လည်း မတွေ့မခံတော့ဘူး။ တတ်နိုင်သမျှ ရှောင်တယ်။ နို့ပေမယ့် မဖျိုင်းဖြူကတော့ စေတနာမပျက်၊ အခင်မပျက်ဘဲ အရင်ကလိုပဲ ခေါ်တယ်၊ ပြောတယ်၊ လိုက်လံစောင့်ရှောက်တယ်။ ဘယ်အထိ တော်လဲဆိုတော့ တို့များ ပြန်ကြတဲ့အချိန်မှာ မဖျိုင်းဖြူဟာ လိုက်ချင်တယ်။ မြေပြန့်မှာ ပြန်ပြီး အားသစ်စုပြီး အင်္ဂလိပ်ကို တိုက်ချင်တယ်။ နို့ပေမယ့် မောင်ရွှေဝါကို တစ်ယောက်တည်းဆိုပြီး နေရစ်ခဲ့တယ်။

MMCYBERMEDIA
COMMUNITY FOR ALL

ဒါနဲ့ တမြန်နှစ်က ဆောင်းဦးပေါက်အချိန်မှာ ငါရယ်၊ မောင်ရွှေနီရယ်၊ အခြားလူရှစ်ယောက်ပဲ လွင်ပြန့်ကို ဆင်းကြတယ်။ နို့ပေမယ့် ငါတစ်ယောက်တည်း လွင်ကို ရောက်လာတယ်ကွယ့်။ ဘာပြုလို့လဲဆိုတော့ တို့က အင်္ဂလိပ်နဲ့ နားလည်မှုယူပြီး ပြန်လာတဲ့သူတွေမှ မဟုတ်ဘဲကိုး။ သူတို့ကို တိုက်ဖို့ ပြန်လာတဲ့ လူတွေကိုး။ တို့လူစုပြန်လာတာကို အင်္ဂလိပ်တွေက အစောကြီးကတည်းက သိနေကြတယ်ကွယ့်။ သူတို့သူလျှိုတွေက နေရာတကာမှာ ရှိနေတာကိုးကွယ့်။ အင်္ဂလိပ်တပ်တွေက တို့လာမယ့် နယ်စပ်ကနေ စောင့်ပြီး တိုက်တယ်။ တို့လည်း သူတို့ကို အတင်းတိုက်ပြီး မြန်မာပြည်ထဲ ဝင်ခဲ့တယ်။

ဒီနောက်မှာ အင်္ဂလိပ်တပ်တွေဟာ တို့နောက်က ထက်ကြပ်လိုက်တိုက်တယ်။ တို့က သူတို့ကို မလွှဲသာမှ ပြန်တိုက်တယ်။ ဘာပြုလို့လဲဆိုတော့ တို့ရည်ရွယ်ချက်က မိုးကောင်းနယ် ရောက်ဖို့ကိုး။ သူတို့နဲ့ လမ်းမှာတိုက်ပြီး တပ်ပျောက်သွားဖို့မှ မဟုတ်ဘဲ။ တို့ဟာ တောနက်နက် တောင်ကြမ်းကြမ်းက သွားကြတယ်။ အဲဒီလို ရှောင်သွားတာကိုပဲ သူတို့နဲ့ ခဏခဏ ဆုံရတယ်။ တစ်ခါတိုက်ပွဲဖြစ်တယ်ဆိုရင်လည်း တို့ဘက်က တစ်ယောက်နှစ်ယောက် ကျန်ရစ်ကြတာပဲ။ မကျန်တောင် ဒဏ်ရာတော့ ရတာပဲ။ အဲဒီ ဒဏ်ရတဲ့လူဟာ ချက်ချင်းမသေပေမယ့် လမ်းခရီးမှာ ဆေးဝါးမကောင်းတာက တစ်ကြောင်း၊ ပင်ပန်းတာက တစ်ကြောင်းကြောင့် သေတာပဲ။ ဒီလိုနဲ့ နောက်ဆုံးမှာ ငါတစ်ယောက်ပဲ ကျန်တော့တာပဲ။ မောင်ရွှေနီဟာ ခရီးတစ်ဝက်လောက်မှာကတည်းက ရန်သူ့လက်ချက်နဲ့ ကျခဲ့ရတယ်။ တစ်ခုတော့ ရှိတယ်ပေါ့ကွယ်။ သူသေရတာဟာ မြတ်သောသေခြင်းပါ။ ကောင်းသော သေခြင်းပါ။ သူရဲကောင်းတစ်ယောက်ရဲ့ သေခြင်းပဲကွယ့်။

တို့များလည်း ကံကောင်းလို့ မသေဘဲကွယ့်။ ကျောမှာ ဒဏ်ရာရပြီး တောထဲမှာ သုံးရက်လောက် လဲနေတာပဲ။ တောလိုက်ထွက်တဲ့ ကချင်တွေနဲ့ တွေ့လို့သာ အသက်မသေတာပ။ ကချင်မုဆိုးတွေဟာ ကောင်းကြပါတယ်ကွယ်။ ငါ့ကို သူတို့ရွာခေါ်သွားပြီး ဆေးဝါးကောင်းကောင်းနဲ့ ပြုစုကြတယ်။ ငါ့ဒဏ်ရာပျောက်အောင် တစ်နှစ်လောက် ကုသရတယ်။ ငါ့အကြောင်းကို သူတို့ သိသွားတော့ သူတို့ဆီမှာပဲ နေဖို့ပြောကြတယ်။ သူတို့နဲ့ အတူတူလက်တွဲပြီး အင်္ဂလိပ်ကို တိုက်ဖို့ ပြောကြတယ်။ သူတို့ဟာ အခုထက်ထိ အင်္ဂလိပ်ကို တိုက်နေကြတဲ့ လူတွေပဲကွယ့်။ နို့ပေမယ့် ငါက မိုးကောင်း မြေပြန့်ကို အခြေပြုချင်တဲ့စိတ်ရှိလို့ ဒီကို ရောက်အောင်လာခဲ့တယ်။ မစောရုံတို့၊ နှင်းမြူတို့နဲ့ တွေ့ပြီး မောင်ရွှေနီတို့ မောင်ရွှေဝါတို့ သတင်းလည်း ပြောရအောင်ပကွယ်။

ဒါပါပဲကွယ်။ တို့များဟာ သူများနယ် သူများနိုင်ငံမှာ ခိုနေလို့တော့ အိုပြီး သေရုံပဲ ရှိမယ်။ ကိုယ့်နယ် ကိုယ့်လူမျိုးရဲ့ ကောင်းကျိုး ဘာမှ ဖြစ်မှာမဟုတ်ဘူး။ တို့များအပေါ်မှာ မတရားအုပ်ချုပ် မင်းလုပ်နေတဲ့ အင်္ဂလိပ်တွေကို တိုက်ချင်ရင် တို့နယ် တို့မြေကနေပြီး တို့လူတွေ စုစုစည်းစည်းနဲ့ တိုက်မှပဲ ရမယ်။ မတရားမင်းလုပ်နေတဲ့ အောက်မှာတော့ မနေနိုင်ဘူးကွယ့်။ သေတဲ့အထိ တိုက်ရမှာပဲ။ နို့ပေမယ့်ကွယ် တို့များက သေခါနီးနေပြီ။ နောက်ဖြစ်လာတဲ့ လူငယ်လူရွယ်တွေကို အားကိုးရမှာပဲ။ မောင်မျိုးတို့ကို အားကိုးရမှာပဲကွယ့်”

## အခန်း -၆၆-

MMCYBERMEDIA
COMMUNITY FOR ALL

မောင်မျိုးက ရုတ်တရက် မေးလိုက်သည်။

"မမနန်းရင် ဘာပြုလို့ အခုထက်ထိ အိမ်ထောင်မပြုသေးတာလဲ"

နန်းရင် လန့်သွားသည်။ ခြေလှမ်းပျက်သွားသည်။ ပြီးမှ ညင်သာစွာပြုံး၍...
"မောင်မျိုးက ဘာများ စိတ်ကူးပေါက်လို့လဲကွယ်"
"ကျွန်တော် သိချင်လို့ပါ"
"အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ်ပြုချင်တိုင်း ပြုလို့ရတာမှ မဟုတ်ဘဲကွယ်။ ကိုယ့်ကို ကြိုက်မယ့်လူလည်း ရှိရဦးမယ်။ ကိုယ်ကလည်း သူ့ကို ကြိုက်ရဦးမယ်"
"မမနန်းရင်ကို ကြိုက်တဲ့လူတွေက အများကြီးပါ။ မမနန်းရင်ကသာ ဘာပြုလို့ သူတို့ကို ပြန်မကြိုက်သလဲ ကျွန်တော် မပြောတတ်တယ်"

နန်းရင်က မောင်မျိုးကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။ ဒီကောင်လေးရဲ့ စိတ်တွေ အဆန်းတကြယ် ဖြစ်နေပလား။ အင်းပလေ သူက ကောင်ကလေးမှ မဟုတ်တော့ဘဲ။ အသက် နှစ်ဆယ်ပြည့်ခဲ့ပြီကော။

"မပြောတတ်တဲ့ အကြောင်းကို ဘာပြုလို့ ပြောနေသလဲ မောင်မျိုးရယ်"

မောင်မျိုးက အတန်ကြာ တိတ်နေသည်။ သက်ပြင်းချသည်။

"အင်းပါ၊ မပြောတတ်တာကို မပြောတာဘဲ ကောင်းတယ်ကော။ နို့ပြီးတော့ ကျွန်တော်တို့မှာ လုပ်စရာတွေ ရှိသေးတယ် မဟုတ်လား"

နန်းရင် ပြုံးနေသည်။

"တိန်ရာကတောင်းကို ရောက်တော့မယ်။ ဒိန်ခန်ဒီးနဲ့ စကားပြောလို့ အဆင်ပြေရင်တော့ ကျွန်တော်တို့မှာ အား အတော်တောင့်သွားပြီ။ ဒိန်ခန်ဒီးမှာ လူတော်တော်များများ ရှိတယ်"
"အဆင်ပြေပါလိမ့်မယ်။ သူက ကိုရွှေဝါနဲ့ အတော်ခင်တာပဲ"

နန်းရင်က တိုးတိုးပြောသည်။ ထို့နောက် သူတို့နှစ်ယောက် စကားမပြောတော့။

နန်းရင်နှင့် မောင်မျိုးသည် ငွေထည်ပစ္စည်းများ လိုက်လံရောင်းချသည့်အနေဖြင့် ရွာစဉ် လှည့်နေခဲ့သည်မှာ တစ်လနီးပါး ရှိပေပြီ။ တကယ်တော့ သူတို့သည် လူသူလက်နက် စုနေကြခြင်း ဖြစ်သည်။ အကယ်၍ တန်ဆောင်မုန်းလကွယ်နေ့ညက ကြိုးကြာရွာသစ်သို့ ဘကြီးမုံးသာ ရောက်ရှိမလာက ယခုလောက်ဆိုလျှင် မောင်မျိုးသည် ခခုခရောက်တွင် ရောက်ရှိနေပေပြီ။ ခခုခရောက်မှာ မခေါင်ညွှယ်၏ ရွာဖြစ်သည်။ မခေါင်ညွှယ်သည် မင်းလူလားမြောက်ပြီဖြစ်၍ ရွာသို့ပြန်ရန် ဆုံးဖြတ်သည်။ ယခုအခါတွင် ခခုခရောက်သည် ကချင်တော်လှန်ရေးသမားများ၏ ဗဟိုချက်မ ဖြစ်သည်။ လဖိုင်လသည် ခခုခရောက်ကို

MMCYBERMEDIA
COMMUNITY FOR ALL

အခြေပြု၍ နယ်ချဲ့စနစ်ကို ဆန့်ကျင်နေသည်။ အင်္ဂလိပ်တို့၏ အာဏာစက်သည် ခစခရောက်နယ်သို့ ယခုထက်တိုင် မရောက်နိုင်ဘဲ ရှိသည်။

သည်လို အချိန်မျိုးတွင် သူမ၏သားသည် သူမတို့နယ်တွင် ရှိနေသင့်သည်ဟု မခေါင်ညွှယ်က ယူဆသည်။ မဂမ်ကို ကချင်တစ်မျိုးလုံးက ပိုင်ဆိုင်ကြောင်း ပြသရမည့်အချိန် ဖြစ်သည်။ မဂမ်ကလည်း ကြိုးကြာရွာ၊ ကြိုးကြာချောင်းနှင့် ကြိုးကြာတောင်ကို ခင်မင်တွယ်တာလျက် ရှိနေပြီ မှန်သော်လည်း မိမိ၏ အမျိုးအဆွေများရှိရာသို့ သွားရောက်ရန်ကို စိတ်အားထက်သန်လျက် ရှိသည်။

ဤတွင် မောင်မျိုး၏ ပြဿနာပေါ်ပြန်သည်။ ဒေါ်စောရုံက သူတို့နှင့် နေစေရန် ပြောသည်။ မခေါင်ညွှယ်က အတူလိုက်ပါရန် ပြောသည်။ မောင်မျိုးသည် အထပ်ထပ်အဖန်ဖန် စဉ်းစားပြီးနောက် မခေါင်ညွှယ်နှင့် လိုက်ရန် ဆုံးဖြတ်သည်။ အကြောင်းမူ ခစခရောက်သည် ယခုထက်တိုင် အင်္ဂလိပ်များ မရောက်မပေါက်သေးသော ဒေသဖြစ်သည်။ သူသည် လဖိုင်လကို တစ်ကြိမ်တစ်ခါသာ မြင်တွေ့ဖူးရုံဖြင့် လေးစားကြည်ညိုခြင်း ရှိခဲ့သည်။ သူသည် လဖိုင်လ၏ တပ်တွင် ပါဝင်လျက် အင်္ဂလိပ်ကို တိုက်မည်ဟု စိတ်ကူးရှိထားသည်။

သည်အရင်ကတည်းကပင် သူသည် လဖိုင်လနှင့် လဇျဂမ်တို့ တပ်များရှိရာသို့ လိုက်သွားရန် စိတ်ကူးရှိခဲ့သည်။ ကိုရွှေနီနှင့် မောင်ရွှေဝါတို့ရှိရာ တရုတ်ပြည်နယ်စပ်သို့ လိုက်သွားရန် ကြံစည်ခဲ့သည်။ အထမမြောက်သေး၍သာ ဖြစ်သည်။ ယခုကဲ့သို့ မခေါင်ညွှယ် သွားမည်ဆိုသောအခါ သူက ကချင်တောင်ပေါ်သို့ တက်ရန် ဆုံးဖြတ်လိုက်သည်။ တရုတ်ပြည်နယ်စပ်ကို စွန့်လွှတ်လိုက်သည်။

သို့ဖြင့် ထိုနေ့ညက လူရွယ်သုံးဦးသည် ကြိုးကြာရွာ အရှေ့တံတားတွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့ကြခြင်း ဖြစ်သည်။ သူတို့သည် နောက်တစ်နေ့တွင် ခွဲခွာကြရတော့မည် ဖြစ်သည်။ ဦးဦးတစ်ယောက်တည်း ကျန်ရစ်ခဲ့မည် ဖြစ်သည်။

သို့သော် ဘကြီးမုံးရောက်လာသဖြင့် အခြေအနေများ ပြောင်းလဲသွားသည်။ မိုးကောင်းဒေသကို အခြေခံ၍ အင်္ဂလိပ်ကိုတိုက်ရန် ဘကြီးမုံးတွင် အကြံအစည်ရှိသဖြင့် မောင်မျိုးသည် ဒေါ်စောရုံအိမ်တွင် နေရစ်သည်။

နောက်တစ်နေ့တွင် မခေါင်ညွှယ်နှင့် မဂမ်သာလျှင် အရှေ့မြောက်ဘက် တောင်တန်းများဆီသို့ ဦးတည်၍ ထွက်သွားကြသည်။ ဘကြီးမုံးက လဖိုင်လနှင့် လဇျမ်တို့ထံ မှာကြားစရာ ရှိသည်များကို မခေါင်ညွှယ်နှင့် မှာကြားလိုက်သည်။ အင်္ဂလိပ်ကို ပူးပေါင်းတိုက်ခိုက်ရေးနှင့် စပ်လျဉ်း၍ပင် ဖြစ်သည်။

သည့်နောက်တွင် ဘကြီးမုံး၊ မောင်မျိုးနှင့် နန်းရင်တို့သည် လက်နက်လူသူ စုဆောင်းရေးနှင့် တိုက်ရေး၊ ခိုက်ရေးတို့ကို အပူတပြင်း ဆွေးနွေးကြသည်။ ချက်ချင်းလက်ငင်း လုပ်ဆောင်ကြသည်။ ဘကြီးမုံး၏ အစီအစဉ်မှာ လူသူလက်နက်များကို တိတ်တဆိတ် စုဆောင်းရန် ဖြစ်သည်။ မိုးကောင်းမြို့ကို ရုတ်တရက် သိမ်းပိုက်ရန် ဖြစ်သည်။ မိုးကောင်းမြို့ကိုရမှ တပ်များ အတိအလင်း ထူထောင်ဖွဲ့စည်းမည်။ သို့ဖြင့် သူတို့သည် အစပိုင်းတွင် လျှို့ဝှက်သိပ်သည်းစွာ လုပ်ဆောင်ကြရမည် ဖြစ်သည်။ သူတို့၏

MMCYBERMEDIA
COMMUNITY FOR ALL

အကြံအစည် မပေါက်ကြားအောင် အထူး ဂရုပြုရမည်။ သို့မှသာလျှင် မိုးကောင်းကို ရန်သူ၏ အလစ်တွင် သိမ်းယူနိုင်မည် ဖြစ်သည်။

မောင်မျိုးနှင့် နန်းရင်သည် ငွေထည်ပစ္စည်းများကို လိုက်လံရောင်းချသည့် အနေဖြင့် ရွာစဉ်လှည့်သည်။ မိုးကောင်းမြို့တွင်းသို့ အကြိမ်ကြိမ် ဝင်ရသည်။ ပဒေသရာဇ်ဆန့်ကျင်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲနှစ်ရပ်တွင် ပါဝင်ခဲ့သော တပ်သားဟောင်းများကို ချဉ်းကပ်ရသည်။ မချဉ်းကပ်မီတွင် သူတို့အကြောင်းကို စုံစမ်းရသည်။ ထို့နောက် တွေ့ဆုံ၍ အာလာပသလ္လာပ ပြောရသည်။ အင်္ဂလိပ်ဆန့်ကျင်ရေးစကား တစ်လုံးစ နှစ်လုံးစ ပြောကြည့်ရသည်။

တပ်သားဟောင်းများတွင် သုံးမျိုးသုံးစား ကွဲပြားနေသည်ကို တွေ့ရသည်။ ပထမအစားက ကိုယ့်အမျိုးကို သစ္စာဖောက်၍ အင်္ဂလိပ်ဘက် ရောက်နေသည်။ ဒုတိယအမျိုးက မည်သည့်ဘက်တွင်မှ မပါဝင်တော့ဘဲ အေးအေးဆေးဆေး နေလိုသူများ ဖြစ်သည်။ တတိယအမျိုးက ယခုထက်တိုင် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ရှိနေသူများ ဖြစ်သည်။

မောင်မျိုးတို့သည် တတိယအမျိုးအစားကို ရွေးချယ်၍ ချဉ်းကပ်ရသည်။ စည်းရုံးရသည်။ စီစဉ်ညွှန်ကြားရသည်။ မိုးကောင်းမြို့တွင်းသို့ ဝင်ရောက်၍ အင်္ဂလိပ်တပ် အခြေအနေကို မပြတ် ထောက်လှမ်းရသည်။ မိမိတို့ စခန်းချရမည့် အိမ်များကို ရှာဖွေစည်းရုံးရသည်။ တိုက်ကွင်း၊ တိုက်ကွက်ကို ကြည့်ရသည်။ မြို့တွင်းသို့ လူသူလက်နက်သွင်းနှင့်ရသည်။ မြို့တွင်းမြို့ပြင် အဆက်အသွယ်များ ကောင်းမွန်ခိုင်မာစွာ ပြုလုပ်ထားသည်။ ယခုအထိတော့ သူတို့ အစီအစဉ်သည် ချောချောမွေ့မွေ့ ဖြစ်သည်။ အားရစရာပင် ဖြစ်သည်။

"ဝေး၊ နင်တို့ ဘယ်သွားကြမလို့လဲ။ နင်က ရွှေဝါရဲ့နမ မဟုတ်လား"

သူတို့ကို ရုတ်တရက် ဆီးကြို၍ နှုတ်ဆက်လိုက်သူမှာ သူတို့ တွေ့ချင်နေသော ဒိန်ခန်ဒီးပင် ဖြစ်နေတော့သည်။

## အခန်း -၆၇-

မိုးကောင်းမြို့သည် (၁၉၀၀) ပြည့် ရာစုနှစ်ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲ ကျင်းပလျက် ရှိသည်။ မိုးကောင်းနယ်ပိုင်ဝန်ထောက် မစ္စတာအေအီး အင်္ဂလိပ်အိုင်စီအက်စ်သည် ရာစုနှစ်ကူးပွဲသဘင်ကို တခမ်းတနား ဆင်ယင်ကျင်းပနိုင်ရန်အတွက် ဒီဇင်ဘာလဆန်းကတည်းက ကြိုတင် စီစဉ်မှုများ ပြုလုပ်ခဲ့သည်။ ပွဲသဘင်ကွင်းကြီးတစ်ခု ပြုလုပ်ခဲ့သည်။ ကွင်းပတ်ပတ်လည်တွင် လှပသော ပန်းပင်များ စိုက်ပျိုးခဲ့သည်။ ဇာတ်ရုံများ၊ ဈေးတန်းများ ဆောက်ခဲ့သည်။

ထို့ပြင် ရာစုနှစ်ကူးပွဲသဘင်သည် စည်ကားသိုက်မြိုက်လှတော့သည်။ မန္တလေးမြို့မှ စိန်ဒင်္ဂါးဇာတ်အဖွဲ့၊ နန့်ဆန်လောမှ ဆိုင်းအဖွဲ့၊ စစ်တပ်ဘင်ခရာအဖွဲ့၊ မျက်လှည့်ပွဲ၊ ချောတိုင်တက်ပွဲ၊

MMCYBERMEDIA
COMMUNITY FOR ALL

လက်ဝှေ့ပွဲ၊ သိုင်းပညာပြိုင်ပွဲ စသည်ဖြင့် မြိုင်လှသည်။ နေ့ခင်းကလည်း လှေပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ နွားပြိုင်ပွဲ၊ လွန်ဆွဲပွဲ စသည်တို့ ရှိခဲ့သည်။

မိုးကောင်းမြို့သူမြို့သားများ၊ အနီးဝန်းကျင်မှ ရွာသူရွာသားများဖြင့် ကြက်ပျံမကျ ရှိသည်။ ပွဲဈေးတန်းသည် တိုးမပေါက်။ ပွဲခင်းသည် ကြိတ်ကြိတ်တိုး။ သည်ကား အများပြည်သူအတွက် ဖြစ်သည်။ အရာရှိ အရာခံ၊ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားနှင့် မြို့မျက်နှာဖုံး လူကြီးများအတွက် သီးသန့်ညစာစားပွဲကြီး ပြုလုပ်ပေးခဲ့သည်။ ယင်းညစာစားပွဲတွင် သိုးဆောင်းအရက်နှင့် တိုင်းရင်းသား အရက်မျိုးစုံကို ဖောဖောသီသီ တည်ခင်းခဲ့သည်။ ထိုမျှသာမက စစ်တပ်၊ စစ်ရဲတပ်နှင့် ရဲတပ်များအတွက် သီးသန့်ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခဲ့သည်။ နှစ်သစ်ကူး မီးပုံပွဲများ ကျင်းပသည်။ နှစ်သစ်ကူးအနမ်းများဖြင့် ဝေဆာခဲ့သည်။

ယင်းသို့ မြို့အုပ်ချုပ်ရေး အရာရှိ အရာခံများ၊ စစ်တပ်၊ စစ်ရဲတပ်နှင့် ရဲတပ်မှ တပ်မှူးတပ်သားများ၊ မြို့သူမြို့သားများ အားလုံး စိတ်လွတ်လက်လွတ် ပျော်ရွှင်နေကြမည့်အချိန်တွင် ဘကြီးမုံးတို့ လူအုပ်စုသည် လက်နက်ကိုယ်စီဖြင့် မြို့တွင်း၌သာ သွားလာလှုပ်ရှားလျက် ရှိကြသည်။

ချမ်းအေးသည့်အခါကာဖြစ်၍ သူတို့သည် စောင်များကို ခြုံ၍ သွားလာကြသည်။ ဘကြီးမုံးတို့အုပ်စုသည် စောင်များအောက်တွင် လက်နက်များ ဝှက်ယူကြသည်။ ပွဲသွား၊ ပွဲလာများနှင့် ရောနှော၍ ကိုယ်လိုရာအရပ်သို့ သွားလာလျက်ရှိသည်။ သို့ဖြင့် ညသန်းခေါင်အချိန်တွင် ဘကြီးမုံးတို့လူစုသည် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေတော့သည်။ ကိုယ်တာဝန်ကျရာ အရပ်တွင် ရောက်ရှိနေကြသည်။ အချိန်ရောက်သည်နှင့် တစ်ပြိုင်နက် ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ ထမ်းဆောင်ရန် ရှိနေကြသည်။ စစ်တပ်အနီး၊ ဂတ်အနီး၊ ရုံးအနီး၊ ဆေးရုံအနီး၊ ကြေးနန်းရုံးအနီး၊ ဘူတာရုံအနီး၊ အစိုးရအရာထမ်းတို့၏ အိမ်များအနီး၊ သစ္စာဖောက်အိမ်များအနီး စသည်တို့တွင် ကိုယ့်တာဝန်နှင့်ကိုယ် ရှိနေကြသည်။ မြို့သူမြို့သားများ မထိတ်လန့်စေရန် ပွဲခင်းကို ထိန်းသိမ်းရန် လူများ အသင့်ချထားသည်။

အချိန်ကျသည်နှင့်တစ်ပြိုင်နက် အားလုံး အကွက်စေ့ ဖြစ်စေရမည်။ တစ်ညလုံး အသောက်အစား အပျော်အပါးကျူးလွန်၍ ကိုယ်လက်နွမ်းခွေကာ တုံးနင်းသရော အိပ်မောကျချိန်ဖြစ်သော အရဏ်တက် သံချောင်းလေးချက်ခေါက်ချိန်တွင် တစ်မြို့လုံး စီးနင်းသိမ်းပိုက်ကြရန် ဖြစ်သည်။ ယင်းကြောင့်ပင် ကိုယ့်အကြံအစည်နှင့်ကိုယ် ရှိနေကြသူများသည် ရယ်မောသံများ၊ ပျော်ပါးကခုန်သံများ၊ ဖွန်းသံ၊ ခက်ရင်းသံများနှင့် ပုလင်းသံ ဖန်ခွက်သံများ ကြားရလေ သဘောကျလေ ရှိနေကြသည်။ မသေခင် ပျော်ပါးထားကြဦးပေါ့ ဟူသော သဘောရှိနေကြသည်။ ဘကြီးမုံး၊ မောင်မျိုး၊ ဦးဦးနှင့် နန်းရင်တို့သည် အိမ်ကလေးတစ်အိမ်အတွင်း မီးဖိုတစ်ဖိုဘေးတွင် ဝိုင်းထိုင်၍ ပီတိသောမနဿ ဖြစ်နေကြသည်။ ဦးဦးသည် လူကြီးများ တားသည့်ကြားက အတင်းလိုက်ပါနေခြင်း ဖြစ်သည်။

"တစ်ရေးလောက် အိပ်လိုက်ပါဦးလား နန်းရင်"

"ဘယ်လိုအိပ်လို့ ရပါမလဲကော ဘကြီးမုံးရယ်"

"အိပ်လိုက်ပါလား မမနန်းရင်။ အချိန်ကျလာတော့ ကျွန်တော်တို့ နှိုးမှာပ"

"မအိပ်တော့ပါဘူး မောင်မျိုးရယ်။ အခုပဲ အရဏ်တက်တော့မှာပဲ။ သံချောင်းနှစ်ချက် ခေါက်ပြီးပြီပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

သန်းခေါင်ကျော်၍ မိုးလင်းစပြုလာသည်နှင့်အမျှ ညသည် တိတ်ဆိတ်စပြုလာသည်။ မြို့သည် ခြောက်ကပ်စ ပြုလာသည်။ ပွဲခင်းတွင်သာ လူရှိတော့သည်။ ပွဲခင်းတွင်သာ ဆူညံနေတော့သည်။ စစ်တပ်နှင့် မြို့သည် အိပ်မောကျစပြုပြီ ဖြစ်သည်။ မကြာမီ အရုဏ်တက်တော့မည်။ ယင်းသို့ ဘကြီးမုံးတို့ လူအုပ်စု ပီတိဖြစ်စဉ်တွင် နယ်ပိုင်ဝန်ထောက်မင်း မစ္စတာအေအီး အင်္ဂလိပ်မှာလည်း ဘရန်ဒီကို တမြိန့်မြိန့်သောက်ရင်း အရုဏ်တက်ချိန်ကို စောင့်စားလျက် ရှိသည်။ အကြောင်းမူ သူတို့သည် နံနက်အရုဏ်တက်ချိန်တွင် ကတုံးပေါ်ထိပ်ကွက်ကြရမည် ဖြစ်သည်။ ဘကြီးမုံးအုပ်စုသည် မိမိတို့အကြံအစည် ပိရိသေသပ်လှချေသည်ဟု ဝမ်းသာအားရ ဖြစ်နေကြသည်။ အမှန်တော့ကား သူတို့ထင်နေသကဲ့သို့ မဟုတ်ချေ။ သူတို့၏ လျှို့ဝှက်မှုကို တစ်ဖက်က လျှို့ဝှက်မှုဖြင့် တန်ပြန်နေခြင်းသာ ဖြစ်သည်။ အင်္ဂလိပ်တို့သည် သူတို့၏ အကြံအစည်ကို လွန်ခဲ့သည့် သုံးရက်ကတည်းက ကြိုတင်သိရှိထားပြီး ဖြစ်သည်။ သို့သော် အပြတ်အသတ် နှိမ်နင်းလိုသဖြင့် မသိဟန်ဆောင်နေခဲ့သည်။ ဘကြီးမုံးတို့ စိတ်တိုင်းကျဖြစ်စေရန် ရာစုနှစ်ကူးပွဲသဘင်ကို စည်ကားသည်ထက် စည်ကားအောင် ဆောင်ရွက်ခဲ့သည်။ တပ်သားများအားလုံး သောက်စားမူးယစ်ဟန် ဆောင်ခဲ့သည်။ အိပ်မောကျဟန်ဆောင်ခဲ့သည်။ တကယ်တွင်ကား အင်္ဂလိပ်တပ်သားများသည် ဘကြီးမုံးတို့ ထင်နေသကဲ့သို့ အလွန်အကျွံ မူးယစ်ခြင်းလည်း မရှိ။ ဆင်အော်၍မှ မနိုးအောင် အိပ်ပျော်နေခြင်းလည်း မရှိကြချေ။ ဘကြီးမုံးတို့ လူစု ချဉ်းကပ်လာလျှင် ဆီးကြိုပစ်ခတ်ရန် သစ်တပ်များ၊ ကတုတ်ကျင်းများ၊ အကွယ်အကာများ၊ မှောင်ရိပ်များမှနေ၍ စက်သေနတ်များ၊ ဗထက်ခြိုက်သေနတ်များ၊ လှံစွပ်များဖြင့် စောင့်ဆိုင်းလျက် ရှိကြသည်။ မကြာမီ အရုဏ်တက်တော့မည်။ သံချောင်းသုံးချက် ခေါက်ပြီ။

နေရာသစ်လည်း ဖြစ်သည်။ အိမ်သစ်လည်း ဖြစ်သည်။ ခြံဝင်းကျယ်၍ အိမ်ကောင်းသည်။ မကြာမီကမှ ဤအိမ်သို့ ပြောင်းလာခဲ့ကြသည်။ သို့သော် မထုံးရီသည် ဤအိမ်သို့ ရောက်ကတည်းက စိတ်မကောင်းခဲ့။ နေ၍ထိုင်၍ မကောင်းခဲ့။ ဘာကြောင်းမှန်းတော့ မသိ။

နေရာသစ် အိမ်သစ်သည် စက်ရှင်ဘုရားအနီးတွင် ဖြစ်သည်။ ညအခါတွင် ဆည်းလည်းသံ ကြားရသည်။ သည်အခါတွင် သူမ စိတ်အနှောက်အယှက် ဖြစ်ရသည်။ အားငယ်ရသည်။ ကြောက်လန့်ရသည်။ မျက်စိကို ပိတ်သည်။ နားကို ပိတ်သည်။

စက်ရှင်ဘုရားကို အဘယ်ကြောင့် သူမ ထိတ်လန့်ကြောက်ရွံ့နေမိကြောင်းကို ယနေ့ညတွင်မှ မထုံးရီ သိရတော့သည်။ စက်ရှင်ဘုရားသည် သေဒဏ်မူးမူးသူများ အာရုံပြုရာ ဖြစ်သည်။ ကြိုးပေးခံရသူများ၏ ဝတ်ပြုရာ ဖြစ်သည်။ ဤဘုရားတွင် ဝတ်ပြုပြီးနောက် ကြိုးစင်တက်ခဲ့ရသူများ မရေတွက်နိုင်တော့ပြီ။ မြန်မာတပ်သားများကို ကြိုးပေးသတ်ဖြတ်ရန်အတွက် ဤဘုရားကို အင်္ဂလိပ်တို့က တည်ခဲ့ခြင်းဖြစ်သည်။ စက်ရှင်တရားရုံးနှင့် ကြိုးစင်ကို တွဲ၍ထားခဲ့သည်။ မြန်မာတပ်သားတစ်ယောက်မိလျှင် စက်ရှင်တရားသူကြီးက သူပုန်အဖြစ်နှင့် သေဒဏ်ပေးသည်။ ထို့နောက် ဤဘုရားတွင် အာရုံပြုရသည်။ ဤစက်တိုင်တွင် လည်ပင်းကြိုးကွင်းစွပ်ခံရသည်။

ယခုမူ သူမ၏သားသည် ဤဘုရားကို ဝတ်ပြု၍ ဤစက်တိုင်တွင် သေရချေတော့မည်။ အင်္ဂလိပ်တို့သည် ဤမျှများပြားသော မြန်မာတပ်သားများကို ဖမ်းမိလျှင် လွန်ခဲ့သည့် ကာလကအတိုင်း ဤမှာပင် စစ်ဆေး၍ ဤမှာပင် သတ်ပစ်ကြဦးမည်မှာ မလွဲချေ။

MMCYBERMEDIA
COMMUNITY FOR ALL

မထုံးရီသည် လေသာပြတင်းမှနေ၍ စက်ရှင်ဘုရားကို ဖူးမြော်နေသည်။ သူမ၏ ကိုယ်သည် တသိမ့်သိမ့်တုန်၍ ကြက်သီးမွေးညှင်းထလာသည်။ ဆည်းလည်းသံသည် အော်သံ၊ ဟစ်သံ၊ ငိုသံ၊ ညည်းညူသံများ ဖြစ်နေသည်။ သူမ၏ကိုယ်တွင် ချွေးစေးများ ပြန်နေသည်။ ဘုရားစေတီကို ဖူးမြော်ရပါလျက်နှင့် ထိတ်လန့်ကြောက်ရွံ့နေရခြင်းသည် အပြစ်ကြီးမားလှသည်။ ဆည်းလည်းသံကို ကြားရပါလျက်နှင့် အသည်းတုန်အူတုန် ရှိနေရခြင်းသည် အဖြစ်ဆိုးရွားလှသည်။

မထိတ်လန့် မကြောက်ရွံ့ဘဲလည်း အဘယ်မှာ နေနိုင်ပါမည်နည်း။ ဤဘုရားကို အာရုံပြုပြီးနောက် ဒေါက်ဖြုတ်ခံရသူပေါင်း များလှပြီ။ ထိုအထဲတွင် သူမ၏ အသိများ ပါခဲ့သည်။ သူမ၏ ရွာသားများ ပါခဲ့သည်။ သူမ၏ နယ်သားများ ပါခဲ့သည်။ သူတို့သည် အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ကြသူများတည်း။ ယခုမူ သူမ၏သားသည် သူပုန်ကြီးတစ်ဦး အဖြစ်ဖြင့် မကြာမတင်မီတွင် အင်္ဂလိပ်တို့ အဖမ်းခံရတော့မည်။ ယင်းသို့ အဖမ်းအသတ်ခံရမည်မှာ တစ်ပါးသူ၏ ပယောဂကြောင့် မဟုတ်ဘဲ သူမ၏ ပယောဂကြောင့်သာ ဖြစ်ပေသည်။

မထုံးရီက မျက်စိကို မှိတ်ထားလိုက်သည်။ ဘုရားစေတီသည် ပျောက်ကွယ်၍ မသွားပါ။ နားကို ပိတ်ထားလိုက်သည်။ ဆည်းလည်းသံသည် တိတ်မသွားပါ။ သူမသည် သားဖြစ်သူကို ကြိုးစင်သို့ ပို့ခဲ့မိပေပြီ။ လွန်ခဲ့သည့် တစ်ပတ်ခန့်က သူမသည် မောင်မျိုးနှင့် နန်းရင်ကို မြင်လိုက်သည်။ မသင်္ကာသဖြင့် လိုက်လံစုံစမ်းသောအခါ အင်္ဂလိပ်ကို တိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း၊ မိုးကောင်းမြို့ကို သိမ်းပိုက်ရန် စီစဉ်နေကြောင်း၊ ဒိန်ခန်ဒီးထံမှ သိရသည်။ သူမသည် မဆိုင်းမတွပင် နယ်ပိုင်ဝန်ထောက်မင်းကို သတင်းပေးခဲ့သည်။ နယ်ပိုင်ဝန်ထောက်မင်းက ကျေးဇူးတင်သောအားဖြင့် သူမကို...

မထုံးရီသည် မူးမေ့၍ လဲမသွားစေရန် ပြတင်းဘောင်ကို ကိုင်ထားရသည်။ သူမ၏ သားနှင့်တကွ များစွာသော လူတို့သည် သူမ၏ ပယောဂဖြင့် မကြာမီ သေကြရတော့မည်။ အကြောင်းမူ သူတို့သည် အင်္ဂလိပ်ကို တိုက်ခိုက်ရန် ကြံစည်အားထုတ်ကြ၍ ဖြစ်သည်။ သူတို့ အဘယ်ကြောင့် အင်္ဂလိပ်ကို တိုက်ကြသနည်း။ သည်အင်္ဂလိပ်တွေ ဘယ်က ရောက်လာကြသနည်း။ ဘာကြောင့် ရောက်လာကြသနည်း။

မထုံးရီ၏ နားတွင် အော်သံ၊ ဟစ်သံ၊ ငိုသံ၊ ညည်းညူသံများ ကြားရသည်။ သူမ၏ မျက်စိတွင် ပြေးကြ၊ လွှားကြ၊ သေကြ၊ ရွာတွေ မီးလောင်ကြသည်ကို မြင်ရသည်။ အင်္ဂလိပ်များသည် သည်နယ်က မဟုတ်။ သည်နိုင်ငံက မဟုတ်၊ အဝေးအလံက ဖြစ်သည်။ အဘယ်ကြောင့် သူတို့ သည်ကို လာကြသနည်း။ သည်က လူတွေကို သတ်ကြဖြတ်ကြသနည်း။ သည်အိမ်တွေ သည်ရွာတွေ မီးရှို့ကြသနည်း။ သည်က လယ်တွေ စပါးတွေကို ဖျက်ဆီးကြသနည်း။ ယူငင်ကြသနည်း။ သေကြ၊ ကြေကြ၊ ပစ္စည်း ဆုံးပါးကြရသူများသည် သူမတို့ နိုင်ငံသား ဖြစ်ကြသည်။ သူမတို့ နယ်သားများ ဖြစ်ကြသည်။ သူမတို့ ရွာသားများ ဖြစ်ကြသည်။ သူမ၏ အသိမိတ်ဆွေများ ဖြစ်ကြသည်။

ယခုမူ သူမ၏ သားပင် ပါဝင်ရတော့မည်။ နန်းရင်လည်း ပါသည်။ အခြားသူတွေကလည်း အများကြီးပါသည်။ သူတို့ သေကြရတော့မည်။ သူမကြောင့် ဖြစ်သည်။ သူမက အင်္ဂလိပ်ကို သတင်းပေးခဲ့၍ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အဘယ်ကြောင့် သူမက အင်္ဂလိပ်တွေဘက်က ပါရမည်နည်း။ ပါချင်းပါလျှင် တစ်မြေတည်းနေ တစ်ရေတည်းသောက်များဘက်မှ ဖြစ်ရမည်။ ခုတော့ သူမကြောင့် သူမ၏ နိုင်ငံသားများ သေကြေရတော့မည်။ သူမ၏ သားအရင်းခေါက်ခေါက်လည်း သေရပေတော့မည်။ မည်သို့ဖြစ်စေ မောင်မျိုးသည် သူမ၏ သားဖြစ်သည်။ သူမ၏ဝမ်းတွင် ကိုးလလွယ်၍ မွေးခဲ့ရခြင်း ဖြစ်သည်။ သူမ၏ အသွေးအသား ဖြစ်သည်။ သူမ၏ အမျိုးအနွယ် ဖြစ်သည်။ သို့သော် သည်သားနှင့် ပတ်သက်၍ သူမသည် တာဝန်ပျက်သည်။ သည်သား၏ ကောင်းကျိုးအတွက် ဘာတစ်ခုမှ သူမ သယ်ပိုးရွက်ဆောင်ခဲ့သည် မရှိ။ ပစ်၍ ထားခဲ့သည်။ မေ့၍ ထားခဲ့သည်။ သူစိမ်းများက ကျွေးမွေးစောင့်ရှောက်ထားရသည်။ ယခုမူ သည်သားသည် သူမ၏ ပယောဂကြောင့် အင်္ဂလိပ်တို့၏ အဖမ်းအသတ်ကို ခံရပေတော့မည်။ အရဂ်တက်ချိန်တွင် ဖြစ်သည်။ မထုံးရီသည် ဝုန်းခနဲ နေရာမှ ထလိုက်သည်။ ယခု အရဂ်မတက်သေးချေ။ အကယ်၍သာ သူမ အချိန်မီ အကြောင်းကြား သတိပေးနိုင်လျှင် သူမ၏သားသည် ရန်သူ၏ လက်မှ လွတ်မြောက်နိုင်ပေမည်။

သူမ၏ မျက်စိအာရုံတွင် ဘုရားစေတီသည် တင့်တယ်သပ္ပာယ်ခြင်း ရှိလာသည်။ ဆည်းလည်းသံသည် ငြိမ့်ညောင်းသာယာခြင်း ဖြစ်လာသည်။ မထုံးရီသည် တဘက်ကို ကောက်ယူခြုံလွှမ်း၍ အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ မောင်မျိုးတို့ ရှိနေသောအိမ်ကို သူမ သိသည်။ ထိုအိမ်သို့ သူမ အလျင်အမြန်ရောက်မှ ဖြစ်မည်။ မကြာမီ ရောင်နီလာတော့မည်။ မထုံးရီ၏ ခြေနစ်ဖက်သည် မြေတွင် မထိတော့သလောက်။ မထုံးရီ၏ ကိုယ်ထက်မှ တဘက်သည် လေတွင် ဝဲပျံလျက်။

မကြာမီ ရောင်နီလာတော့မည်ကော။

## အခန်း -၆၈-

လဂျာကောင်တစ်ကြောမှ လူများပြောမည်ဆိုလည်း ပြောလောက်သည်။ ဤအပိုင်းအကန့်ရှိ အင်ရှောင်ခသည် အမျက်ဟုန်းဟုန်း နိုင်လှသည်။ အပြေးအဆင်း ကြမ်းတမ်းရိုင်းစိုင်း လှသည်။ ကျယ်လောင်ဆူညံစွာ ဟစ်အော်ခြင်းလည်း ပြုတတ်သည်။ ရေသည် မည်သည့်အခါတွင်မျှ အခင်းပြန့်ခြင်း မရှိချေ။ အမြှုပ်ဖြူဖြူများ ပွက်ပွက်ထနေသည်။ ပတ်ပတ်လည့်၍ စုပ်ယူခြင်းပြုတတ်သော တွင်းချိုင့်များ ပြည့်နှက်နေသည်။ အန်တုပြိုင်ပြုသော ကျောက်ဆောင် ကျောက်စွန်းများနှင့် အမြဲတမ်း အားပြိုင်တိုက်ခိုက်နေရသဖြင့် တုံ့ချည်ပြန်ချည် တိုးဖြတ်ချည် ရှိသည်။

တကယ်တော့ အင်ရှောင်ခသည် သမိုင်းစဉ်တစ်လျှောက်တွင် ထင်ထင်ဟိုးဟိုး ရှိလှသော အင်မိုင်ခကို တစ်ကန့်တစ်နေရာတွင် လုံးထွေးသတ်ပုတ်နိုင်စွမ်းရှိသော ရေကျလမ်းငယ် တစ်ခု ဖြစ်ချေသည် မဟုတ်လား။ မလိခနှင့်အင်မိုင်ခကို ညီအစ်မနှစ်ဦးဖြစ်သည်ဟု နှိုင်းပြလျှင် မလိခသည် သံသာတိုးညှင်းသော၊ ပျော့ပြောင်းနူးညံ့သော၊ ယဉ်ကျေးဖွယ်ရာသော အစ်မပျိုဖြစ်၍ အင်မိုင်ခသည် ကက်ကက်လန်သော၊ ခတ်တရော်သော၊ မာန်ဇီသော ညီမပျိုဖြစ်ချေမည်တည်း။ ထိုမျှသာမက အင်မိုင်ခ၏ အနက်သကန်သည် မကောင်းသောမြစ်ဟု ကောက်ယူရရှိသည် မဟုတ်လား။ ရေကျလမ်းတစ်ခုလုံးတွင်

MMCYBERMEDIA
COMMUNITY FOR ALL

နက်ရှိုင်းသော ချိုင့်ဝှမ်း၊ ထိုးထောင်သော ကျောက်စွန်း၊ မတ်စောက်ခွက်ဝင်သော ကျောက်ကမ်း၊ တွန့်ကောက်မြန်ဆန်သော ရေသွားကြောင်း၊ လေပွေရိုင်းနှင့်တူသော ဝဲကတော့များဖြင့် ပြည့်ပြွမ်းသည်။ အလျားလိုက်သွားလာ၍လည်း မဖြစ်၊ ကန့်လန့်ဖြတ် ကူးသန်း၍လည်း မလွယ်။ လူသူ တိရစ္ဆာန်တို့၏ အသွေးအသားများကို အာသာငမ်းငမ်းတက်သော ကျားပျိုမသာ ဖြစ်ချေသည်။

အင်ရှောင်ခသည် ဤမျှတင်စားပြောဆိုရသော အင်မိုင်ခကို ကြံ့ခိုင်ပြိုင်စွမ်းနိုင်သော ရေဆင်းကြောင်းတစ်ခု ဖြစ်ပေသည်။ လဂျာကောင်တစ်ဝန်းမှ သက်ရင့်ရွယ်မားတို့၏ ဆိုရိုးအရပြောရလျှင် အင်ရှောင်ခသည် တစ်ခုသောအခါကမူ ညင်သာငြိမ်းချမ်းသော ချောင်းငယ် ကျငယ်တစ်ခုသာဖြစ်ပေသည်။ ကမ်းနိမ့်သည်၊ ရေတိမ်သည်၊ အပြန့်ကျဉ်းသည်၊ အစီးညင်သည်။ ယင်းကြောင့်ပင် အင်ရှောင်ခသည် အင်မိုင်ခ၏ ခြိမ်းမောင်းပုတ်ထုတ်ခြင်းကို အမြဲခံခဲ့ရသည်။ အင်ရှောင်ခသည် ပြန့်အင်းတစ်ခုမှ ညင်သာစွာ ခရီးထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံး ငြိမ်းချမ်းစွာ ရွေ့လျားသည်။ ထိုနည်းတူစွာပင် အင်မိုင်ခနှင့် တွေ့သောအခါ ကြုန္ဓေကြီးစွာဖြင့် တငြိမ့်ငြိမ့် ပေါင်းဝင်သည်။ သို့သော် အင်မိုင်ခက တငြိမ့်ငြိမ့်ပေါင်းဝင်လာသူကို လက်မခံ။ ထိတ်လန့်ဖွယ်ရာ ညာသံပေးလျက် အလုံးအရင်းကြီးစွာ အရှိန်အဟုန်ပြင်းစွာဖြင့် တိုက်ထုတ်သည်။ အင်ရှောင်ခ ရေအလျဉ်တန့်ရသည်။ နောက်ကြောင်းပြန်ရသည်။ အင်မိုင်ခရေအလျဉ်များ ဆန်တက်လိုက်ဝင်သည်။ သို့သော် အရှိန်အဟုန်ကုန်သောအခါ ဝေါခနဲ ပြန်ဆင်းရသည်။ ထိုအခါတွင်မှ အင်ရှောင်ခရေလျဉ်တို့ လိုက်ပါမျောဝင်ရသည်။ အင်မိုင်ခက အားသစ်မာန်သစ်ဖြင့် တစ်ကြိမ် တိုက်ခိုက်ပြန်သည်။ စွမ်းအားကုန်သောအခါ တစ်ကြိမ် လျှောဆင်းပြန်သည်။ ထိုအခါ ညင်သာသော ရေအလျဉ်တို့လည်း တွဲခိုပါသွားမြဲ ယင်းသို့ဖြင့် အင်ရှောင်ခသည် အခြိမ်းအမောင်း အပုတ်အထုတ်ခံရင်း ပေါင်းရော စီးဝင်ရသည်။

အင်မိုင်ခ၏ လိုက်လံတိုက်ခိုက်မှုသည် များသောအားဖြင့် ဝါးတစ်ရိုက် တစ်ပြန် မျှသာဖြစ်သော်လည်း ရံဖန်ရံခါ ဒေါမာန်ပွားလွန်းသည့်အခါများတွင်မူ ခရီးအတန်ပေါက်အောင် ဆန်တက်လာတတ်သည်။ အချိန်အတန်ကြာအောင် အဆက်မပြတ်ပြုတတ်သည်။ ထိုအခါ အင်ရှောင်ခသည် ဆက်လက်ရွေ့လျှောနိုင်ခြင်း မရှိတော့ဘဲ တန့်ရပ်နေရသည်။ ရေထုနက်ရှိုင်း၍ ရေပြန့်ကျယ်သွားရသည်။ နိမ့်သောကမ်းနစ်ဖက်သို့ ပြေးတတ်ကြရသည်။ ဘေးသို့မပြန့်နိုင်သောအခါတွင် နောက်ကြောင်းသို့ ဆုတ်ရသည်။ ထိုအခါ ရေထုသည် နက်ရှိုင်း၍ ရေပြင်သည် ကြမ်းတမ်းလာတော့သည်။

တစ်ကြိမ်တွင်မူ... အင်မိုင်ခသည် အထက်အညာတွင် မည်သည့်အမှုတွေ ဖြစ်ပျက်လာသည် မသိ ဝဲယာတစ်လျှောက်ရှိ တောများ တောင်များ သိမ့်သိမ့်တုန်အောင် အလုံးအရင်းနှင့် အပြေးခုန်ဆင်းလာသည်။ အင်ရှောင်ခကို ဆန်တက်သည်။ ထိုအခါ ပြောစမှတ်ပြုရသည်။ အင်ရှောင်ခ ပြောင်းပြန်စီးသည်။ အင်ရှောင်ခ ကြမ်းတမ်းလာသည်။ အင်ရှောင်ခ ဆူညံလာသည်။ ဤတွင် ပြဿနာတစ်ခု ပေါ်တော့သည်။ အင်ရှောင်ခ တစ်နေရာတွင် အေးချမ်းစွာ ခွေဝန်း၍ အိပ်နေသော နဂါးကြီးတစ်ကောင်သည် ကြမ်းတမ်းသောရေစီးနှင့် ဆူညံသောရေသံတို့ကြောင့် အမျက်ဒေါမာန်ပွားကာ ကျူးကျော်ဆန်တက်လာသော အင်မိုင်ခမြစ်ရေထုကို အမြီးဖြင့် အကြိမ်များစွာ ရိုက်ပုတ်ပစ်လိုက်သည်။ အမြီးဖြင့် ရိုက်ခတ်သောခဏ် မည်မျှပြင်းထန်သနည်းဆိုလျှင် မိုးတစ်ပေါက်မျှ မရွာဘဲနှင့် မိုးသက်မုန်တိုင်းကြီးကျသော အသံမျိုးကြားရသည်။ လေတစ်ချက်မျှမတိုက်ဘဲနှင့် သစ်ပင်များ၊ အဆောက်အအုံများ လှုပ်ခါသည်။ တောများ တောင်များ လှုပ်ခါသည်။ အချို့သောတောင်များ နိမ့်ဆင်းသွားသည်။ အချို့သော တောများ ထက်ခြမ်းကွဲသွားသည်။

အင်ရှောင်ခလည်း နှစ်ပိုင်းကွဲသွားသည်။ တစ်ပိုင်းက အရင်အတိုင်းဖြစ်သည်။ တစ်ပိုင်းကမူ တီခနဲ နိမ့်ကျသွားသည်။ ဓားနှင့်ခုတ်ဖြတ်ပြီး ခြေထောက်နှင့်နင်းချလိုက်သည့်အလား ဖြစ်သည်။ သို့ဖြင့် အင်ရှောင်အပေါ်တစ်ပိုင်းသည် မူလအတိုင်း ညင်သာစွာ စီးဆင်းလာရာမှ နှစ်ပိုင်းပြတ်သောနေရာသို့ ရောက်သောအခါ ဝါးနှစ်ပြန် သုံးပြန်မျှသော အနက်ကို ခုန်ချရတော့သည်။ ယင်းသို့ခုန်ချပြီးသည့် နောက်ပိုင်းတွင်ကား ဒေါသတကြီးဖြင့် လမ်းတွင်တွေ့ရှိသမျှ အရာဝတ္ထုအားလုံးကို အတင်း တိုးဝှေ့တိုက်ခတ်ပြီး တရကြမ်း စီးလေတော့သည်။ မိမိအား အမြဲတစေ အနိုင်ကျင့်ခဲ့သော အင်မိုင်ခနှင့်တွေ့သောအခါ အလုံးအရင်းနှင့် ဝင်ဆောင့်သည်။ ထိုအခါ အင်မိုင်ခသည် ချိုင့်ဝင်သွားရသည်။ တစ်ဖက်သို့ ပူးထွက်သည်။ တစ်ဖက်ကမ်း အဝိုင်ထဲတွင် ခေတ္တမျှ ခိုအောင်းနေပြီးမှ အင်ရှောင်ခနောက်မှ မရဲတရဲ လိုက်ပါစီးဆင်းရသည်။ ဤကား ကျူးကျော်ခြင်းနှင့် တွန်းလှန်ခြင်းအကြောင်း ဆိုရိုးတစ်ခုတည်း။

မည်သို့ဆိုစေ ယခုကာလတွင် အင်ရှောင်ခ ရေစီးသန်သည်ကား အမှန်ပင်ဖြစ်သည်။ ဆင်များပင် ဖြတ်ကူးနိုင်ခြင်းမရှိ။ ရေစီးတွင် မျောပါဘိရသည်။ ရေစီးကြမ်းသည်ကလည်း အလွန်။ လဂျာကောင်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ကမ်းဆိုလျှင် အင်ရှောင်ခတိုက်စား ထားသဖြင့် အောက်ပိုင်းတစ်ခုလုံး နက်ရှိုင်းစွာ ချိုင့်ဝင်နေသည်။ ယင်းကြောင့် ကမ်းအထက်ပိုင်းသည် ရေလယ်တွင် မိုးနေသည်။ ကမ်းထက်မှကြည့်လျှင် ချောင်းသည် မိမိအောက်တည့်တည့်မှ စီးဆင်းသွားနေသည်ကို တွေ့ရမည် ဖြစ်သည်။ လဂျာကောင်ဘက်တွင်ရှိသော ကမ်းကျတော့ ချိုင့်ဝှမ်းခွက်ဝင်ခြင်းတော့မရှိ။ သို့သော် ကိုယ်ဝန်ဆောင်သော အမျိုးသမီး၏ ဝမ်းဗိုက်ကဲ့သို့ ခုံးခုံးလျှောလျှောကြီး ရှိနေသည်။ အတက်အဆင်းပြု၍ မရနိုင်အောင် ပကတိ ပြောင်ချောဝင်းမွတ်လျက်ရှိသည်။ အင်ရှောင်ခတွင် ဂဃက်များ၊ ဝဲများ အနှံ့လိုရှိနေသော်လည်း လဂျာကောင်အနီးမှ ဝဲကတော့မှာ အကြီးဆုံးဖြစ်သည်။ ထိုဝဲထဲသို့ အရာဝတ္ထုတစ်ခုထည့်လိုက်လျှင် နေတစ်ပတ်လည်မှ ပြန်ထွက်သည်။ ရံခါတွင် ထိုဝဲသည် စုပ်ယူသည်။ ရံခါတွင် ထိုဝဲသည် မှုတ်ထုတ်သည်။

သို့သော် လဂျာကောင်မှ လူများသည် ဤအရပ်ကို စွန့်ခွာရန်စိတ်မကူး။ ရွှာရွှေ့ရန် မကြံစည်။ သူတို့သည် အင်ရှောင်ခ၏ ရေစီးသန်သော အပိုင်းကို မြတ်နိုးသည်။ ချောင်းကို မိုးအုပ်ထားသော ကမ်းပါးမြင့်ကြီးကို မြင်နေရမှ သူတို့စားဝင်သည်ဟု ယူဆသည်။ ဝဲစုပ်သံ၊ ဝဲမှုတ်သံတွေကိုကြားနေရမှ သူတို့ အိပ်ပျော်သည်ဟု ယူဆသည်။

ထိုမျှမက လဂျာကောင်မှလူများသည် သူတို့ကိုယ်သူတို့ အင်ရှောင်ခနှင့် နှိုင်းယှဉ်ခြင်းပြုသည်။ သူတို့သည် အင်ရှောင်ခကဲ့သို့ပင် အားမာန်ရှိသည်။ ကြမ်းတမ်းသည်။ ရဲရင့်ခက်ထန်သည်။ သို့သော်သူတို့သည် တစ်ပါးသူတို့ပေါ်တွင် အင်ရှောင်ခအထက်ပိုင်းကဲ့သို့ ညင်သာစွာဆက်ဆံသည်။ သူတို့သည် ရန်သူများအပေါ်တွင်ကား အင်ရှောင်အောက်ပိုင်းကဲ့သို့ ကြမ်းတမ်းစွာ ဆက်ဆံသည်။

လဂျာကောင်မှ လူများ ဤအရပ်ဒေသမှ မရှောင်ရှားလိုခြင်းမှာ အခြားအကြောင်း တစ်ခု ရှိသေး၍လည်းဖြစ်သည်။ လဂျာတောင်ရွာ၏ အနောက်ဘက်တွင် ကျောက်တောင် ကျောက်ကမ်းပါးများနှင့် ကြမ်းကြုပ်သော အင်ရှောင်ခရှိသလို ရွာ၏အရှေ့ဘက်တွင် ကျောက်သားကျောက်မှုန့်နှင့် ခြောက်သွေ့ခြင်း အလျှင်းမရှိသော အပင်အရွက်နှင့် သီးနှံများ ကောင်းစွာဖြစ်ထွန်းသော မြေနီတောင်များရှိနေပေသည်။ သူတို့သည် အင်ရှောင်ခမှ စွမ်းရည်သတ္တိရရှိသလို မြေနီတောင်များမှ ပေါ်ကြွယ်မှု ရရှိသည်။

သို့ဖြင့် လဂျာကောင်သည် ဤတောင်စဉ် တစ်တွန့်တွင် ပေါ်လွင်ကျော်ကြားခြင်းဖြစ်သည်။ တောင်ယာပွဲ၊ သီးနှံပွဲ၊ အိမ်သစ်ပွဲ၊ မင်္ဂလာပွဲ၊ ကွယ်လွန်ပွဲများတွင် ကျွဲ၊ နွား၊ ခေါင်ရည် အလျှံပယ်။ ကကြ၊ ခုန်ကြ၊ သီဆိုကြစို့ ဆိုလျှင်လည်း ပြိုင်ဘက်ကင်း။ တောင်ယာခုတ်မလား၊ အမဲလိုက်မလား မည်သူမျှ ဗိုလ်မထား။ ကုန်ကုန်ပြောရလျှင် ချစ်တင်းနှောသည့် နေရာတွင်ပင် အထက်ကြေးက။

ယင်းကြောင့်ပင် ဝန်းကျင်ရွာများသည် တော်ရုံတန်ရုံ အစွမ်းဖြင့် လဂျာကောင်နှင့် မပြိုင်ရဲ။ လဂျာကောင်မှ လူရွယ်များကိုမြင်လျှင် လုံမငယ်များ ရင်ဖိုသည်။ လဂျာကောင်မှ အပျိုကလေးများနှင့် တွေ့လျှင် လူရွယ်များ တွန့်ဆုတ်သည်။

လဂျာကောင်နှင် ယှဉ်ပွဲ့သူများမှာ ခုနစ်တောင်ကျော်မှ နောင်ယောသူ၊ နောင်ယောသားများသာ ဖြစ်သည်။ နောင်ယောကလည်း သူ့အားနှင့်သူ့မာန်နှင့် ဖြစ်သည်။ အမဲလိုက်တော်သည်။ ရက်ကန်းတော်သည်။ အဆိုအက ကျွမ်းကျင်သည်။

သို့သော် တစ်ရွာနှင့်တစ်ရွာ အကူးအလူးပြုရသည်မှာ မလွယ်ကူလှချေ။ အတက်အဆင်းခက်သော တောင်ကြီးခုနစ်တောင်၊ အကူးအဖြတ်ခက်သော ရေကျလမ်းများ၊ သားရဲတိရစ္ဆာန်များပေါ်များသော တောနက်ကြီးများ ကြားခံနေသည်။ တစ်နေ့ခရီးမျှ ဖြစ်သည်။ မိုးကြီးသောအခါနှင့် နှင်းပိသောအခါများတွင်မူ တစ်နေ့နှင့် မပေါက်။ အရှေ့မရောက် အနောက်မရောက်နှင့် မျက်စိလည်နေတတ်သည်။ တစ်နေရာတွင် တစ်လစ် ဖြစ်နေတတ်လေသည်။ ရံဖန်တွင် အသက်အန္တရာယ်ပင် ရှိသည်။

ယင်းသည့်ကြားမှ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံကြရသည်။ သင့်မြတ်သည့်အခါများလည်း ရှိသည်။ စားလိုက်သောက်လိုက်၊ ကလိုက် ဆိုလိုက် ကြည်နူးလိုက်ကြ။ အချင်းများသည့် အခါများလည်း ရှိသည်။ ငြင်းကြ လုကြ၊ ထေ့ကြ ခတ်ကြ၊ ဒေါသလွန်ကဲကြ။

ယနေ့မူ...

လဂျာကောင်နှင့် နောင်ယော ရွှေလမ်းငွေလမ်းဖောက်သည့်နေ့ ဖြစ်သည်။ နောင်ယောသူ သတို့သမီးကို လဂျာကောင်သို့ ခေါ်ဆောင်လာသည့်နေ့ဖြစ်သည်။ ကဆာနစ်ဦးခေါင်းဆောင်သော သတို့သမီးကြိုအဖွဲ့သည် မြောက်မြားစွာသော မင်္ဂလာကြေးများကို သယ်ဆောင်လျက် ယမန်နေ့ နံနက်ကပင် ရွာမှထွက်သွားခဲ့ကြသည်။ ကြိုဆိုရေးအဖွဲ့သည် သတို့သမီးဘက်မှ တုံ့ပြန်သော မင်္ဂလာလက်ဖွဲ့များနှင့်အတူ သတို့သမီးကို ခေါ်ဆောင်လျက် ယနေ့မနက်အစောကြီးတွင် နောင်ယောမှ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။ သူတို့နှင့်အတူ နောင်ယော ရွာလုံးကျွတ်မျှ လိုက်ပါလာမည် ဖြစ်သည်။

ယင်းကြောင့်လဂျာကောင် ရွာသူရွာသားများသည် နေရာချထားရေးနှင့် ဧည့်ခံရေးအစီအစဉ်များကို တက်တက်ကြွကြွ ညီညီညာညာ ပြင်ဆင် လုပ်ဆောင်ခဲ့ကြသည်။ နှစ်ဖက်မိဘများသည် ကြွယ်ဝချမ်းသာသော ဒူဝါများဖြစ်ကြသဖြင့် မင်္ဂလာအခမ်းအနား အစီအစဉ်များသည် ကြီးကျယ်ခမ်းနားလှသည်။ သတို့သားဘက်မှတင်သော အင်္ကျီ၊ ပုဆိုး၊ ဓား၊ သေနတ်၊ မောင်း၊ ကျွဲ၊ နွား၊

MMCYBERMEDIA
COMMUNITY FOR ALL

ကြက်၊ ဝက်၊ သန္တာပုတီးတို့ကို ထားတော့။ ရွှေသားချည်း သုံးဆယ်သားမျှဖြစ်သည်။ သတ်မှတ်သည့် အခြေခံထက် သုံးဆမျှ သာလွန်သည်။ သတို့သမီးဘက်ကလည်း ဖိနောက်၊ ဒယ်အိုး၊ ပလိုင်း၊ ဓား၊ လုံ၊ ပုဆိုး၊ လက်ကောက်၊ နားကပ် စသော တုံ့ပြန်လက်ဖွဲ့များကိုထားတော့။ သတို့သမီးကိုယ်ရံအဖြစ် ထည့်ပေးသော ကျွန်မပျိုနှစ်ဦးသည် လဂျာကောင်မှ အမျိုးသမီးကလေးများထက် အဖက်ဖက်မှ သာလွန်သည်ဟု ကြွားဝါပြောဆိုကြသည်။

ဧည့်ခံပွဲများနှင့်ပတ်သက်၍လည်း သတို့သားဘက်မှ အောင်သွယ်များ လာရောက်သည်တွင် နောင်ယောမှ မနောပွဲကြီးတမျှ ဧည့်ခံခြင်းပြုခဲ့သည်။ ထိုအတွက် လဂျာကောင်က နောက်ယောထက် အစစသာလွန်အောင် စီစဉ်ပြင်ဆင်ထားသည်။

သတို့သမီးနှင့် ကြိုဆိုရေးအဖွဲ့ ပြန်ရောက်လောက်မည့်အချိန်တွင် လဂျာကောင်မှ ဧည့်ခံရေးအဖွဲ့ဝင်များသည် အင်ရှောင်ခ ကမ်းပါးထက်မှနေ၍ ကြိုလင့်နေကြသည်။ ထုံးစံအတိုင်းဆိုလျှင် ကြိုဆိုရေးအဖွဲ့သည် အလင်းရောင်မသုဉ်းမှီ ရောက်ရှိလာရမည်ဖြစ်သည်။ သို့သော် ယခုမူ အချိန်များစွာနောက်ကျလျက် ရှိချေသည်။

သူတို့လူစု ခရီးမတွင်ရှိမည်ကို သည်ကလူများ ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။ အကြောင်းမူ မနက်ပိုင်းနှင်းကွဲသွားပြီး ခဏအကြာမှာပင် နှင်းများ ပြန်လည်သိပ်သည်းလာသောကြောင့် ဖြစ်သည်။ ပထမတွင် နှင်းပွင့်နှင်းစက်များ လွင့်ဝဲကျလာသည်ကို မြင်ရသည်။ ငွေမောင်းငယ်များ ကခုန်နေကြသည်သို့ ပြိုးပြက်ဝင်းလက်သည်။ အတန်ကြာသော် ငွေမောင်းငယ်များသည် ကြားလတ်မရှိ တစ်ခုနှင့်တစ်ခု ထိခတ်သွားသည်။ ထိုအခါတွင် ဖြူသောအဆင်းသည် ခဲသားရောင်သို့ ပြောင်းလာသည်။ နေ၏ ထွန်းလင်းမှုအင်အား ဆုတ်ယုတ်သွားသည်။ ဝန်းကျင်အပြည့် ဖြူညို့ညို့ဖြစ်လာသည်။ အမြင်အား ဆုတ်ယုတ်လာသည်။ ညကဲ့သို့မည်းမည်းမှောင်ခြင်း မရှိပါဘဲလျက်နှင့် ဟိုနားဒီနား လှမ်းမြင်၍ မရတော့။ ကြာသော် ပို၍ဆိုးလာသည်။ တစ်လံကွာ နှစ်လံကွာကိုပင် မမြင်ရချင်တော့။ အဖြူပိန်းပိန်းတွင် မည်းမည်းသဏ္ဍာန်ကြီး ရုတ်တရက် ပေါ်လာတော့မှပင် ကိုယ့်အနီးသို့ လူတစ်ယောက် ချဉ်းကပ်လာပါကလား၊ နွားတစ်ကောင် ရောက်လာပါကလားဟု သိရသည်။ ထိုအခါ လန့်ရသည်၊ ရယ်မောရသည်။

အတော်ကြီးကြာမှ လေပြင်းပေါက်လာသည်။ သို့သော် နှင်းပွင့်များစုစည်းသိပ်သည်း နေသည်ကို ဖြိုခွင်းနိုင်ခြင်းမရှိ။ အေးမြခြင်းအဖြစ်သာ ထပ်ဆင့်လွန်ကဲလာသည်။ ဤသို့ ဤမျှ နှင်းထန်နေသောအခါတွင် ကြိုဆိုရေးအဖွဲ့သည် မည်သည့်နည်းနှင့်မျှ ခရီးတွင်တော့မည် မဟုတ်။ တောင်စမ်းစမ်း မြောက်စမ်းစမ်းဖြင့် ဖင့်နွှဲခြင်း၊ ဆိုင်းတွခြင်း အမျိုးမျိုးဖြစ်ရမည်။ ကြိမ်ဖန်များစွာ တန့်ရပ်ခြင်းပြုကြရမည်။ သို့သော် သူတို့သည် နယ်မြေကျွမ်းကျင်သူများ ဖြစ်သည့်အလျောက်၊ ဤရာသီဥတု အတွေ့အကြုံရှိသူများ ဖြစ်သည့်အလျောက် မဖြစ်မနေကား လာကြပေလိမ့်မည်။ မြန်သည်နှင့် နှေးသည်သာ ကွာပေမည်။

ယင်းကြောင့်ပင် လဂျာကောင် ရွာသူရွာသားများသည် ချောမွတ်ခုံးလျှောသော ကျောက်ကမ်းတွင် စုရုံးနေကြသည်။ မျက်နှာချင်းဆိုတွင်ရှိသော အုပ်မိုးချွန်ထွက်နေသည့် ကမ်းကို လှမ်းမျှော် ကြည့်ရှုနေကြသည်။ စောစောပိုင်းကမူ သူတို့သည် တစ်ဖက်ကမ်းကို မမြင်ရ။ အဖြူမှိုင်းမှိုင်းနှင့်သာ

MMCYBERMEDIA
COMMUNITY FOR ALL

ပြီးနေရသည်။ အတော်ကြီးကြာမှ ချောင်းရိုးအတိုင်း ပြေးဝင်လာနေသောလေသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။ နင်းအကျအလွင့် နည်းနည်းလျော့သွားသည်။ အမှိုင်းအညို့ပြေ၍ အဖြူများလာသည်။ ထိုအခါတွင်မှ ချောင်းရေပြင်ကို အုပ်မိုးလျက်ရှိသော ကျောက်ကမ်းပါးစွန်းကြီးကို လည်မော့ထားသော နွားတစ်ကောင်၏ နှုတ်သီးချွန်ပမာ အနက်သဏ္ဍာန်ရေးရေး မြင်တွေ့ကြရသည်။

သတို့သမီးနှင့် ကြိုဆိုရေးအဖွဲ့ဝင်များ ရောက်ချိန်သင့်သည်ထက် အချိန်များစွာ နောက်ကျလျက်ရှိသောအခါ စောင့်မျှော်နေသူများ စိုးရိမ်ပူပန်ခြင်း ရှိလာကြသည်။ အချို့ဆိတ်ငြိမ်၍ နေသည်။ အချို့ ထင်မြင်ချက်ပေးသည်။ အချို့ ဂနာမငြိမ်ရှိသည်။ တစ်ဖွဲ့လုံးအတွက်လည်း သူတို့အားလုံးပူပန်သည်။ တစ်ဦးစီအတွက်လည်း တစ်ယောက်ချင်းကြောင့်ကြသည်။ ဤလို ရာသီဥတုမျိုးတွင် ဤလိုလမ်းခရီးကို သွားလာရခြင်းသည် ဘေးအန္တရာယ် ပွမ်းတီးလှသည်။ ခြေတစ်ချက်ချော်လျှင် ချောက်ထဲတွင် အရိုးအသား ညက်ညက်ကြေသွားမည်။

ဤလိုရာသီဆိုး ရာသီကြမ်းတွင် တောအထပ်ထပ် တောင်အဆင့်ဆင့် ချောင်းအသွယ်သွယ်ကို ဖြတ်ရကျော်ရ ကူးရသည့်အတွက် သတို့သမီးကို ပဏ္ဏာများစွာ ပေးရလိမ့်မည်ဟုဆိုသူက ဆိုသည်။ ယခုလောက်ဆိုလျှင် သတို့သမီးနှင့်အပေါင်းအပါများ ထွက်ပြေးသွားလောက်ပြီဟု ထင်မြင်သူက ထင်မြင်သည်။ သတို့သမီးသည် သတို့သားကို ကိုယ်တိုင်ကိုယ်ကျ မြတ်နိုးသူဖြစ်၍ လက်ဆောင်ပဏ္ဏာများကိုလည်း ဂရုပြုမည်မဟုတ်၊ အခက်အခဲများကိုလည်း တွန့်ဆုတ်ရှောင်ရှားမည် မဟုတ်၊ အားသတ္တိအပြည့်နှင့် လိုက်ပါလာလိမ့်မည်ဟု ခန့်မှန်းသူက ခန့်မှန်းသည်။

သူတို့ပြောသည်များ အားလုံး မှန်ကန်နိုင်သည်။ သို့သော် သတို့သမီးနှင့်ပတ်သက်သော အချက်သည် အတိအကျမှန်ကန်သည်။ သတို့သမီးနှင့် သတို့သားသည် ပြီးခဲ့သည့် ကောက်သစ်စားပွဲတွင် တွေ့ကြုံချစ်ကြိုက်ခဲ့ကြခြင်း ဖြစ်သည်။ သူတို့နှစ်ဦး၏ တေးသံသည် ယခုအထိ တောင်ကြားတောင်ဝှမ်းများတွင် ပဲ့တင်ထပ်နေဆဲ ဖြစ်သည်။

"အေး အေး၊ လာပအေး "

တစ်စုံတစ်ယောက်၏ အော်သံ ထွက်ပေါ်လာသည်။ အားလုံး ဝုန်းဝုန်းရုန်းရုန်း ဖြစ်သွားသည်။ ပြိုင်တူကြည့်ကြသည်။ ပထမတွင် ငွေသားပြင်သာတွေ့ရသည်။ ပြီးမှ ရှည်ချွန်းချွန်း ကမ်းပါးစွန်း။ ထို့နောက် ကမ်းပါးစွန်းပေါ်မှ မည်းမည်းရေးရေး မှုန်မှုန်မွှားမွှားသဏ္ဍာန်များကို မြင်ကြရသည်။

သူတို့အားလုံး ဝမ်းသာအားရ ဟစ်ကြွေးသည်။ တစ်ဖက်မှ တုံ့ပြန်ဟစ်ကြွေးသည်။

ထိုခဏမှာပင် ကြိုးတန်းတွင်လူတစ်ယောက် လျှောဆင်းလာသည်ကို မြင်ရသည်။ မည်သူမှန်း မသဲကွဲ။ သို့သော် မည်းမည်းသဏ္ဍာန်သည် အထစ်အငေါ့မရှိ လျင်မြန်စွာ ဆင်းလာနေသည်။

ချောင်း ဟိုဘက် သည်ဘက် ကူးရန် တပ်ဆင်ထားသော အသွားကြိုး အပြန်ကြိုး နှစ်ချောင်းသည် အလွန်အမင်း ပေါင်းမြင်းဆွေးမြည့်ခြင်း မရှိသေးသော်လည်း အနည်းငယ် ဖွာလန်ကြဲနေပြီ ဖြစ်သဖြင့် မင်္ဂလာကိစ္စအတွက် အကူးအလူးပြုသူများ အသက်အန္တရာယ် စိတ်ချစေရန်၊ အလျှောအဆင်း ဖြောင့်ဖြူး

MMCYBERMEDIA
COMMUNITY FOR ALL

လွယ်ကူစေရန်ဆိုပြီး လွှန်ခဲ့သည့် သုံးရက်ကမှ ခိုင်မာတောင့်တင်းသော ကျစ်ကြိုးသစ်ကြီးနှစ်ပင် အသစ်လဲထားခြင်းဖြစ်သည်။ ယင်းကြောင့်ပင် တစ်ဖက်မှ လျှောဆင်းလာသူသည် ခဏချင်းမှာပင် အရှေ့ဘက်ကမ်းသို့ ရောက်ရှိလာလေသည်။

ကြိုဆိုရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူမှာ ဆွန်ထွိုင်းလ ဖြစ်သည်။

ဆွန်ထွိုင်းလသည် ကျောက်ကမ်းပေါ်သို့ ခြေတင်မိသည်နှင့်တစ်ပြိုက်နက် ကြိုးတန်းပေါ်ရှိ 'ဂ' သဏ္ဍာန် သစ်သားခြမ်းတွင် ချည်နှောင်ထားသော ခါပန်းကြိုးစကို ဖြေလိုက်သည်။ ပြီးမှ ကိုယ်တွင် သိုင်းချည်ထားသည်။ ပြေစေသည်။

ထိုစဉ်မှာပင် ကြိုးတံတားမှ တစ်ယောက် လျှောဆင်းလာပြန်သည်။ ထို့နောက် တစ်ယောက်၊ နောက်ထပ်၍ တစ်ယောက်၊ ယင်းသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ချောင်းကို ဖြတ်လာကြသည်။ ကြိုဆိုရေးအဖွဲ့ဝင်များ၊ သတို့သမီးနှင့် သတို့သားဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများ။

လဂျာကောင်ဘက်ကမ်းတွင် ပိုမိုစီညံသည်ထက် ပိုမိုစီညံလာသည်။ ချောင်းကို ဖြတ်ကူးလာသူများအား ဆီးကြိုနှုတ်ဆက်ကြသည်။ တုံ့ပြန်နှုတ်ဆက်ကြသည်။ လမ်းခရီးအကြောင်း၊ စောင့်မျှော်နေကြရသည့် အကြောင်းနှင့် အသောင်းသောင်းသော အကြောင်းတို့ကို အားပါးတရ ပြောဆိုကြသည်။ တစ်ဖက်ကမ်းတွင်လည်း လူကုန်ပြီနှင့် တူသည်။ အတန်ကြာသည့်တိုင် နောက်ထပ်လျှောဆင်းလာသူမရှိ ဖြစ်သည်။ သေချာစေရန် သူတို့ လူစစ်သည်။

လူတစ်ယောက် ကျန်သေးသည်။ အမှန်တော့ တစ်ယောက်မဟုတ်၊ နှစ်ယောက်ဖြစ်သည်။ သားသည်အမေ ရှိုင်ဂျီးကို သည်ဘက်ကမ်းတွင်သူတို့ မတွေ့ရ။ ရှိုင်ဂျီးသည် လူကြီးများက တားမြစ်သည့်ကြားမှ ရက်သားမျှသာရှိသော ကလေးငယ်ကို ရင်ခွင်တွင် သိုင်းလွယ်လျက် လိုက်ပါလာခြင်းဖြစ်သည်။ ကလေးငယ်အပြင် ကျောပေါ်တွင် လေးလံသော ပလိုင်းတစ်ခု ပါရှိနေပြန်သဖြင့် သူများတကာထက်ပို၍ ခရီးမတွင်ဘဲ ရှိနေသည်။ မကြာခဏ နောက်တွင် ပြတ်ကျန်ရစ်ခဲ့သဖြင့် စောင့်ခေါ်ကြရသည်။ သို့သော် ရှိုင်ဂျီး လမ်းခရီးတွင် မကျန်ရစ်သည်ကား သေချာသည်။ ကျောက်ကမ်းပါးစွန်းကြီးပေါ် ရောက်သည်ထိ ရှိုင်ဂျီးတို့သားအမိပါရှိလာကြောင်း သတိထားမိသူများ ရှိသည်။ ချောင်းကိုဖြတ်ကူးကြသည့် အချိန်တွင်မှ သူတို့သားအမိ ပျောက်သွားခြင်း ဖြစ်သည်။ နောက်ပိုင်းမှ ကျားဝင်ဆွဲသွားချေပြီလား၊ သူတို့စိုးရိမ်မိကြသည်။

"အေးအေး၊ လာပေအေး။ ရှိုင်ဂျီး လာပေအေး"

အမျိုးသမီးတစ်ဦးက ဟစ်အော်ပြောဆိုလိုက်သဖြင့် သူတို့အားလုံး ကြိုးတန်းတံတားကို ကြည့်လိုက်ကြသည်။ ဟုတ်ပေကြောင်း။ ကျစ်ကြိုးကြီး၏ တစ်ဖက်ထိပ်တွင် မည်းမည်းသဏ္ဍာန်တစ်ခု တိုးလို့တွဲလောင်း ရှိနေသည်ကို မြင်ရသည်။ သစ်သားကွင်းနှင့် သူမ၏ကိုယ်ကို ခါးစည်းကြိုးဖြင့် ချည်နေဟန်ရှိသည်။ သုံးလေးခဏအကြာတွင် မည်းမည်းသဏ္ဍာန်သည် ကြိုးတန်းအတိုင်း လျှင်မြန်စွာ လျှောဆင်းလာသည်။ မျက်လုံးအားကောင်းသော လူငယ်များက ရှိုင်ဂျီးဟုတ်ကြောင်း တညီတညွတ်တည်း

MMCYBERMEDIA
COMMUNITY FOR ALL

ဆိုကြသည်။ နောက်ဘက်တွင် ပလိုင်းသဏ္ဍာန်ရှိသည်။ ရှေ့ဘက်တွင် ကလေးငယ်ကို သိုင်းလွယ်ထားဟန်။

လူအားလုံးသည် ရှိုင်ဂျီးသည်ဘက်ကမ်းသို့ ရောက်လာမည်ကို စိတ်အားထက်သန်စွာနှင့် စောင့်လင့်နေကြသည်။ ထုံးစံအတိုင်းဆိုလျှင် ဝဲတစ်လှည့်အတွင်းမှာပင် သူတို့သားအမိသည်ဘက်ကမ်းသို့ ရောက်လာရမည်ဖြစ်သည်။ သို့သော် မရောက်ပါချေ။ အရှိန်ပြင်းစွာနှင့် ရွေ့လျောလာသော သဏ္ဍာန်သည် ကြိုးတန်းအလယ်တွင် ရုတ်တရက် တန့်ရပ်သွားသည်။ မည်းမည်းသဏ္ဍာန်သည် ယက်ကန် လှုပ်ကန် ဖြစ်နေသည်။

"အေး၊ ရှိုင်ဂျီးကိုယ်က ဘယ်လောက်လေးလို့ ကြိုးအိုင့်သွားရတာလဲ"

အဘိုးကြီးတစ်ယောက်က မှတ်ချက်ချသည်။

"သူ့ပလိုင်းထဲမှာ ရွှေတုံး ရွှေခဲတွေများ ပါလာသလားမှ မသိဘဲ"

မိန်းမရွယ်တစ်ဦးက အတည်လို အနောက်လို ပြောသည်။

ရုတ်တရက် သူတို့ ငေးငိုင်မိကြသည်။ အစဉ်းစားရကျပ်သည်။ ဤကြိုးသည် လွန်ခဲ့သည့် သုံးရက်ကမှ တင်းတင်းရင်းရင်း ဆွဲချည်ထားခဲ့ကြခြင်းဖြစ်သည်။ လျော့ရခြင်း၊ အိုင့်အည်းခြင်း အလျှင်းမရှိ။ ဖြတ်ကူးသူ၏အလေးချိန် အဆမတန် ဖြစ်ခဲ့လျှင်မူ ဖြတ်ကူးသူ ကြိုးလယ်သို့ ရောက်ရှိချိန်တွင် ကြိုးအမြင့်ပိုင်းမတ်စောက်သွားပြီး ကြိုးအနိမ့်ပိုင်းက တစ်ပြေးညီတည်း ဖြစ်သွားတတ်သည်။ ထိုအခါ ဖြတ်ကူးသူသည် ရှေ့သို့ဆက်၍ လျှောကျသွားခြင်း မရှိတော့ဘဲ အလယ်တွင် တွဲလောင်းကြီး ဖြစ်နေတတ်သည်။ သို့သော် တော်ရုံတန်ရုံအလေးချိန်မျှဖြင့် ထိုသို့ဖြစ်ရန် ခဲယဉ်းသည်။ လူနှစ်ကိုယ်စာမျှ လေးရုံဖြင့် အိုင့်တွဲခြင်း မဖြစ်နိုင်။ ရှိုင်ဂျီး၏ပလိုင်းသည် လူတစ်ကိုယ်စာမျှ လေးနိုင်အံ့လော။

ထိုစဉ်တွင် သူတို့ ရှိုင်ဂျီး၏အသံကို ကြားရသည်။ ကြားစတွင် ဘာအော်သည်ဟု မသဲကွဲ။ နှစ်ကြော့လောက် ပြန်အော်မှ သူတို့ နားရှင်းသွားသည်။

"ဝက်ဝံအေး၊ ဝက်ဝံအေး"

သူတို့ မျက်လုံးပြူးသွားသည်။ ရှိုင်ဂျီး အန္တရာယ်ဖြစ်နေမှန်း သိကြရသည်။ ကြိုးတန်းတံတား အလယ်တွင် သူတို့သားအမိကို ဝက်ဝံတစ်ကောင်က တိုက်ခိုက်နေကြောင်း သဘောပေါက်ရသည်။ ဝက်ဝံသည် ကြိုးတန်းထိပ်ကတည်းက သူတို့သားအမိကို တွဲခို၍ လိုက်ပါလာခြင်း ဖြစ်မည်။ ယင်းကြောင့် လျှောကျသည့်အရှိန် မြန်ခြင်းဖြစ်သည်။ ဝက်ဝံ၏အလေးချိန်ကြောင့် ကြိုးလယ်တွင် အရှိန်တန့်သွားခြင်း ဖြစ်သည်။ ဝက်ဝံကို ရှိုင်ဂျီး ခုခံ တိုက်ခိုက်နေကြောင်း သူတို့ မှန်းဆ၍ ရသည်။

အမျိုးသမီးသုံးလေးယောက် ကြောက်လန့်စွာ ဟစ်အော်သည်။ ယောက်ျားကြီးအချို့ ယောင်ကန်းကန်း ဖြစ်နေသည်။ ထိုစဉ်တွင် လူရွယ်တစ်ယောက် တစ်ပြေးညီရှိနေသော ကြိုးတန်းပေါ်သို့

MMCYBERMEDIA
COMMUNITY FOR ALL

အလျှင်အမြန် ပြေးလျှောက်သွားသည်။ ဟိုဘက်ယိုင် သည်ဘက်ယိုင်ဖြင့် လေးငါးလှမ်းမျှ လျှောက်မိသောအခါတွင် မဟန်နိုင်တော့ဘဲ ကြိုးပေါ်မှ ချော်ကျသွားသည်။ ကြည့်နေသူအားလုံး အာမေဍိတ်သံ ပြုလိုက်ကြသည်။ သို့သော် လူရွှယ်သည် သူတို့ထင်သလို ချောင်းထဲသို့ ကျမသွားချေ။ ကြိုးတန်းကို လက်နှစ်ဖက်ဖြင့် ဆုပ်မိရက်သားရှိသည်။ တစ်ချိန်တည်းမှာပင် လူရွှယ်သည် လက်နှစ်ဖက်ကို လျင်မြန်စွာ အပြောင်းအဆုပ်ပြု၍ ရှိုင်ဂျီးတို့ရှိရာသို့ ရွေ့လျားသွားနေသည်။ မည်ရွေ့မျှ မကြာမီမှာပင် မည်းမည်းသဏ္ဌာန်များ ပူကပ်သွားသည်။ လှုပ်ရှားတိုက်ခိုက်မှုများကို ပုံဖမ်း ရိပ်ဖမ်း မြင်ရသည်။ ရှိုင်ဂျီးအသံ၊ ကလေးငိုသံ၊ ယောကျာ်းအသံနှင့် ဝက်ဝံကြီး၏အသံတို့ကို ရောပေါင်း၍ ဗလုံးဗထွေး ကြားရသည်။

ကြည့်နေသူများ အသက်မရှူနိုင်ဘဲ ရှိကြသည်။

အတန်ကြာသောအခါ မည်းမည်းသဏ္ဌာန်တစ်ခု ကြိုးတန်းမှ အောက်သို့ ပြုတ်ကျသွားသည်။ လူလား ဝက်ဝံလား မခွဲခြားနိုင်။ သူတို့ အားလုံး ရင်တမမ။

သူတို့တစ်တွေ မျက်တောင်မခတ် စူးစိုက်ကြည့်နေစဉ်မှာပင် မည်းမည်းသဏ္ဌာန်တစ်ခု မနှေးမမြန် လျှောဆင်းလာသည်။ ရှိုင်ဂျီးတို့သားအမိပင် ဖြစ်သည်။ ရှိုင်ဂျီးသည် စောစောပိုင်းက ဝက်ဝံနှင့် ဆိုင်ပြိုင်တိုက်ခိုက်ထားရသည့်အတွက် အတော်ကြီးပင်ပန်း နွမ်းနယ်နေဟန် ရှိသည်။ ပျော့ခွေလျက်ရှိသည်။ ဆီးကြို၍ ဖြေဖြုတ်ပေးကြရသည်။ သူမ၏ ရင်သွေးငယ်မှာမူ ပြန်လည် အိပ်မောကျလျက် ရှိတော့သည်။

ရှိုင်ဂျီးကိုသွားရောက်ကယ်တင်သူလူရွှယ် ပါလာသည်ကို မတွေ့ရသဖြင့် ကြိုးတန်းအလယ်သို့ သူတို့ အထိတ်တလန့် ကြည့်ကြသည်။ လုံးထွေးသတ်ပုတ်ကြရင်းနဲ့ ဝက်ဝံရော လူရွှယ်ပါ ချောင်းထဲသို့ ကျသွားချေပြီလော။ ရှိုင်ဂျီးကို မေးကြသည်။ အမျိုးသမီးက သူတို့မေးခွန်းကို မဖြေနိုင်တော့။ တစ်ကိုယ်လုံး သွေးဆုတ်၍ မေ့မျောနေတော့သည်။

ကြိုးတန်းတစ်လျှောက်သို့ ကြည့်ကြပြန်သည်။ မည်းမည်းသဏ္ဌာန်တစ်ခု ကြိုးတန်းကိုတွဲ၍ တဖြည်းဖြည်းတက်သွားနေသည်ကို မှုန်ရေးရေးတွေ့ကြရသည်။ လူလော၊ ဝက်ဝံလော မခွဲနိုင်။ တစ်ခုပဲ သူတို့တွက်ဆမိသည်။ ရှိုင်ဂျီးကိုကယ်သော လူရွှယ်ဆိုလျှင် တစ်ဖက်ကမ်းသို့ တက်သွားရန် အကြောင်းမရှိ။ ရှိုင်ဂျီးနှင့်အတူ လျှောဆင်းလာရန်သာ ဖြစ်သည်။ ဝက်ဝံမို့သာ တစ်ဖက်ကမ်းသို့ ပြန်တက်သွားခြင်း ဖြစ်ပေမည်။

ထိုအခါ သူတို့စိုးရိမ်ပူပန်သည်။ ယခုမှပင် ထိုလူရွှယ် မည်သူဖြစ်သနည်းဟု စောကြောမိကြသည်။ လူငယ်တစ်ဦး ကြိုးတန်းပေါ်သို့ ပြေးတက်သွားသည်ကို လူအတော်များများကပင် ရိပ်ခနဲ တွေ့လိုက်ကြသော်လည်း ထိုသူ မည်သူ မည်ဝါဖြစ်သနည်းဟုကား တစ်ဦးတစ်ယောက်ကမျှ အတိအကျ ပြောနိုင်ခြင်း မရှိပေ။ မည်သူ ထင်ရဲ့၊ မည်ဝါ ထင်ရဲ့ဟုသာ ခန့်မှန်းခြေပြုကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကြိုးတန်းကိုဆွဲ၍ တက်သွားနေသော သဏ္ဍာန်သည် ယခုအခါ တစ်ဖက်ကမ်းပါးထက်သို့ ရောက်သွားပြီဖြစ်သည်။ သူတို့ကြည့်နေစဉ်မှာပင် ထိုသဏ္ဍာန်သည် ငွေရည်ထုအတွင်း ပျောက်ဝင်သွားသည်။

သူတို့ လှုပ်စက်ကြပြန်သည်။ တစ်ပြိုင်တည်းမှာပင် တစ်ချို့က ရှိုင်ဂျီးကို သတိရအောင် ပြုစုသည်။ အချို့က တစ်ဖက်ကမ်းသို့ ကူးလိုက်သွားရန် ပြင်သည်။ အချို့က ချောင်းထဲဆင်းကြည့်ရန် ကြံစည်သည်။ ထိုအခိုက်မှာပင် ပျောက်ကွယ်သွားသော မည်းမည်းသဏ္ဍာန်သည် ချောက်ကမ်းစွန်းထက်တွင် ပြန်လည်ပေါ်ရှိလာသည်။ သူတို့တစ်တွေ အံ့အားသင့်နေကြစဉ်၊ ထင်မြင်ချက် အမျိုးမျိုးပေးနေကြစဉ်မှာပင် ယင်းသဏ္ဍာန်သည် ကြိုးတန်းမှ လျှောဆင်းလာလေသည်။ ကြိုးတန်းတစ်ဝက်ကိုလွန်လာသောအခါ ယင်းအရာသည် လူသတ္တဝါဖြစ်ကြောင်း သူတို့ကွဲပြား သွားသည်။ အမည်နာမနှင့်မူ မပြောနိုင်သေး။ သို့သော် ထိုသူသည် အရာဝတ္ထုတစ်ခုကို ရင်ခွင်တွင် မနိုင်မနင်း ပွေ့ပိုက်လာကြောင်းကိုကား သူတို့ ပြောနိုင်သည်။ ထိုအရာဝတ္ထုသည် လှုပ်ရှားရုန်းကန်နေဟန်ရှိသည်။ ထိုသူ မည်သူ မည်ဝါဟုသူတို့ ထုတ်ဖော်ပြောနိုင်သည့်အချိန်တွင် ထိုသူ၏ ရင်တွင်ပိုက်ယူလာသော အရာဝတ္ထုသည် မည်သည့်ပစ္စည်းဖြစ်ကြောင်း သူတို့ ထင်လင်းသိသာသည့်အချိန်တွင် ထိုသူနှင့် ထိုသူပိုက်ယူလာသော ပစ္စည်းတို့သည် သူတို့ရှိရာ ကမ်းထက်သို့ ချောမောစွာ ဆိုက်ရောက်လာပြီ ဖြစ်တော့၏။

ထိုသူကား နောင်ယာရွာသား ဘောင်ယိန်း။ ဘောင်ယိန်း၏ ရင်ခွင်တွင် လှုပ်ရှားရုန်းကန်လျက် ပါလာသည်ကား ဝက်ဝံကလေး နှစ်ကောင်။

ဘောင်ယိန်းနှင့် ဝက်ဝံကလေးနှစ်ကောင်ကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် လူအများ စုပြုံဝန်းဝိုင်းလာသည်။ အထူးသဖြင့် မိန်းမငယ်ကလေးများ အလုအယက် ပြေးလွှားတိုးဝှေ့ကြသည်။ ဘောင်းယိန်းအနီးသို့ သူ့ထက်ငါ အရင်ရောက်အောင် အားနှင့်မာန်နှင့် ကြိုးပမ်းကြသည်။ ဘောင်ယိန်း၏ ပုခုံးကိုသူတို့ တွဲခိုသည်။ ဘောင်ယိန်း၏ လက်မောင်းကို သူတို့ ဆွဲယူသည်။ ဘောင်ယိန်း၏ ခါးကို သူတို့ဝိုင်းဖက်သည်။ ဘောင်ယိန်း၏ ရင်ခွင်တွင် ကြောက်လန့်ရုန်းကန်လျက်ရှိသော ဗီဇအရမာန်ထလျက်ရှိသော ဝက်ဝံငယ်နှစ်ကောင်ကို လက်ဖြင့် ပွတ်သပ်ကြသည်။

ထို့နောက် ဘောင်ယိန်းကို သူတို့ တစ်ယောက်တစ်ခွန်း မေးမြန်းကြသည်။ တစ်ယောက် တစ်ပေါက်ပြောဆိုကြသည်။ တစ်ယောက်တစ်ပုံစံ ချီးကျူးကြသည်။ ဘောင်ယိန်းသည် ပြုံးခြင်း၊ ရယ်မောခြင်းသာ ပြုနိုင်သည်။ တစ်ယောက်နှင့်အများ ဖြစ်သဖြင့် သူတို့၏ စကားများကို အကွက်စေ့အောင် ပြန်လည် ပြောဆိုခြင်းကား မပြုနိုင်ချေ။

သို့သော် သူမပြောသည့်တိုင် သူ၏ ဖြစ်ရပ်အစဉ်ကိုသာ အားလုံးပင် ဆက်စပ်တွေးတောနိုင်ကြပြီ ဖြစ်သည်။ ရှိုင်ဂျီးရှိရာသို့ သူအသုတ်အနင် ရောက်ရှိသွားသည်။ ဝက်ဝံ၏လက်ကို ဓားဖြင့်ခုတ်ချသည်။ ဝက်ဝံကျသွားသောအခါတွင် ရှိုင်ဂျီးကို တွန်းလွှတ်လိုက်သည်။ ရှိုင်ဂျီး၏ ပလိုင်းထဲတွင် ပျားရည်ကျည်တောက်များပါသဖြင့် ဝက်ဝံလိုက်ပါလာကြောင်း၊ ထိုဝက်ဝံသည် အမဖြစ်ကြောင်း၊ ကမ်းထက်တွင် ဝက်ဝံငယ်များရှိနေနိုင်ကြောင်း တွက်ဆမိသဖြင့် ထိုမျှမက ဝက်ဝံငယ်ကလေးများ၏ အုတ်အုတ်အစ်အစ် အသံကို ကြိုးတန်းတံတားအလယ်မှ နေ၍ သဲ့သဲ့ယဲ့ယဲ့ကြားရသဖြင့် သူသည် ရှိုင်ဂျီးကို တွန်းလွှတ်လိုက်ပြီး တစ်ဖက်ကမ်းသို့ ကူးသွားကာ ဝက်ဝံငယ်ကလေးများကို ယခုကဲ့သို့

MMCYBERMEDIA
COMMUNITY FOR ALL

ခေါ်ဆောင်လာခြင်းဖြစ်ပေသည်။

ဝက်ဝံငယ်ကလေးနှစ်ကောင်သည် ချစ်စဖွယ် ကောင်းလှသည်။ အမွေးများနရှောသည်။ နက်ပြောင်သည်။ လက်သည်းများထုတ်၍ သွားဖြီးသည်မှာ ဒေါမာန်ပါလှသည်။ ထိုအခါတွင် အမွေးများထိုးထောင်၍ အနည်းငယ် ကြမ်းလာသည်ဟု ထင်ရသည်။ မိန်းမငယ်အချို့သည် ဘောင်ယိန်းကို တွဲခေါ်သွားရန် ကြိုးစားသလို ဝက်ဝံငယ်နှစ်ကောင်ကို ပွေ့ယူရန်လည်း အားထုတ်ကြသည်။

သို့ရာတွင် ဘောင်ယိန်းသည် မည်သည့်အမျိုးသမီးနောက်ကိုမှ လိုက်ပါသွားခြင်း မရှိ။ ထို့အတူ ဝက်ဝံကလေးများကိုလည်း မည်သူ့လက်ကိုမျှ မအပ်။ ရင်ဝယ် တင်းကျပ်စွာ အပ်ထားပြီး ဝန်းဝိုင်းထားသူများကို အစေ့အစပ် လိုက်ကြည့်သည်။ နောင်ယောသူများကိုလည်း တွေ့ရသည်။ လဂျာကောင်သူများကိုလည်း တွေ့ရသည်။ သို့သော် သူတွေ့လိုသူကိုကား မတွေ့ဖြစ်ဟန်ရှိသည်။ သို့ဖြင့် သူက အနီးပတ်လည်ကိုလွန်၍ အဝေးသို့ လည်မြှင့်ကြည့်သည်။

လက်ဝဲဘက်မလှမ်းမကမ်းရှိ ကျောက်တုံးတစ်ခုပေါ်တွင် အမျိုးသမီးတစ်ဦး ရပ်နေသည်။ ခေါင်းစီးအမြိတ်မှ လှပစွာကျနေသော ပန်းပွားကလေးများသည် လေတွင် ဝဲပျံတော့မည့်ဟန်ရှိသည်။ ခါးထက်မှ ခြူလုံးငယ်များသည် အနည်းငယ်မျှ တိမ်းလှုပ်ရုံဖြင့် ချိုသာသော ဂီတသံပေးမည်သို့ ရှိနေကြသည်။ သူမသည် ပြုံးချိုရယ်မောသည့်အခါတွင်ကား မည်မျှ လှပမည်မပြောနိုင်။ ယခုလို စိတ်အလိုမကျ သုန်သုန်မှုန်မှုန် ငြူငြူစူစူရှိနေသည့် အခါကာလမှာပင် တစ်မျိုးသော ချစ်စဖွယ်ကို ဆောင်နေသည်။

သူမသည်ကား အမည်အားဖြင့် ဇုန်းမြော်နန်။ ဇာတိအားဖြင့် နောင်ယော။ မျိုးရိုးအနွယ်အားဖြင့် ဒူဝေါ၏ သမီးငယ်။

ဘောင်ယိန်းသည် ဇုန်းမြော်နန်ကို မြင်တွေ့သည်နှင့် တစ်ပြိုင်နက် ဗိုက်ဆို့နေသော မိန်းမပျိုကလေးများကို တရကြမ်းထိုးဖောက်ကာ သူမရှိရာ ကျောက်တုံးဆီသို့ အလောတကြီး သွားလေသည်။

သူမရှိရာသို့ ဘောင်ယိန်း လာနေသည်ကို တွေ့မြင်ရသောအခါ ဇုန်းမြော်နန်သည် သုန်မှုန်ခြင်းပြုထားသော မျက်နှာကို ပြုံးချိုခြင်းအဖြစ်သို့ ရုတ်ချည်းပြောင်းလိုက်သည်။ နီးမြန်းသော ပါးပြင်များတွင် ချိုင့်ဝှမ်းငယ်ကလေးများ ဖြစ်ပေါ်လာသည်။

အမှန်ပြောရလျှင် ရွှိုင်ဂျီးကို သက်စွန့်ဆံဖျား သွားရောက် ကယ်ဆယ်သူသည် ဘောင်ယိန်းပင် ဖြစ်ရမည်ဟု အစောကတည်းက သူမ တပ်အပ်သိခဲ့သည်။ အကြောင်းမူ ဤမျှဖျတ်လတ်ပြီး ဤမျှရဲရင့်သော လူရွယ်ဟူ၍ ဤနယ်မြေတစ်ကြောတွင် ဤတစ်ယောက်သာရှိသည်ဟု သူမက စွဲယူထားသောကြောင့် ဖြစ်သည်။ သို့သော် ဇုန်းမြော်နန်သည် သူမ၏ ထင်မြင်ချက်ကို မည်သူ့ကိုမျှ ထုတ်ဖော်မပြောဘဲ ပို၍ သဲသဲကွဲကွဲ မြင်နိုင်ရန် အရေးအခင်းတစ်လျှောက်လုံးတွင် ဤကျောက်တုံးထက်မှနေ၍ ထက်သန်ကြောင့်ကြစွာ စောင့်ကြည့်နေခဲ့သည်။ သို့သော် ဘောင်ယိန်းသည်ဘက်ကမ်းသို့ ချောမောစွာ ရောက်ရှိလာသောအခါတွင်ကား သူမသည် အလှမ်းကွာရာသို့ ရောက်ရှိနေသဖြင့် လူအုပ်ကို

MMCYBERMEDIA
COMMUNITY FOR ALL

မထွင်းဖောက်နိုင်တော့ချေ။ ကျောက်တုံးထက်မှာပင် မတ်တတ်ရပ်လျက် ကဲချင်တိုင်းကဲ၊ သဲချင်တိုင်းသဲနေကြသော အပျိုကြီးအပျိုငယ်များကို မကျေမနပ်ကြည့်လျက် သုန်မှုန်ပြုံးစူနေရတော့သည်။

ယခု သူမထံသို့ ဘောင်ယိန်းလာနေသည်ကို တွေ့ရတော့မှပင် ပြုံးချိုလန်းဆတ်နိုင်တော့သည်။

ဘောင်ယိန်းသည် ဖုန်းမြော်နန်ရှိရာ ကျောက်တုံးထက်သို့ လှားခနဲခုန်တက်လိုက်သည်။ အရှိန်လွန်၍ ကျသွားမည်ရှိသောအခါ ဖုန်းမြော်နန်၏ပခုံးကို ဖက်ထားလိုက်ရသည်။ ဖုန်းမြော်နန်ကလည်း သူ၏ခါးကို ဝိုက်ဖက်ထားလိုက်သည်။ သို့သော် နှစ်ယောက်စလုံး မဟန်နိုင်ဘဲ အောက်သို့ ကျသွားသည်။ ထိုအဖြစ်ကို ကာယကံရှင်နှစ်ဦး သဘောကျ နှစ်မြို့က်သည်။ အူလှိုက်သည်းလှိုက် ရယ်မောကြသည်။

ဘောင်ယိန်းက ဝက်ဝံငယ်နှစ်ကောင်ကို ဖုန်းမြော်နန်လက်သို့ ပေးလိုက်သည်။ ထိုအခါတွင် စောစောက မြူးကြွနေခဲ့သော မိန်းမအုပ် တစ်အုပ်လုံးသည် မိုးကြိုးအုံ့သည်သို့ မျက်နှာများ ညှိုးအိုသွားကြသည်။

## အခန်း -၆၉-

အုံ့သြစရာကောင်းသည်မှာ ညဦးပိုင်းတွင် နှင်းအား လျော့သွားသည်။ အပွင့်အဖတ်များအဖြစ် သိပ်သိပ်စိပ်စိပ် မကျဘဲ အမှုန်အမွှားများအဖြစ် ပါးပါးကျဲကျဲသာ ကျနေသည်။ ရွှေရောင်လဝန်းကို ဖျော့ဖျော့ရေးရေး မြင်ရသည်။ ညသည် မှုန်ရီရီဖြစ်၍ ကြည်နူးဖွယ်ရာ ဖြစ်လာသည်။

နှင်းအားလျော့နည်းနေသော်လည်း အေးမြင်ခြင်းကား အတိုင်းအဆမရှိပင် ဖြစ်သည်။ ကျောက်တုံးကျောက်သားများပင် ပို၍ သိပ်ကျစ်သွားသည် ထင်ရသည်။ တောများ တောင်များသည် အအေးဒဏ်ကို ငုပ်တုတ်ခံနေကြရသည်။

သို့သော် လက်ထက်ပွဲတွင် ကခုန်နေကြသူများမှုကား အေးသည်၊ ချမ်းသည်၊ အလျှင်းမရှိ။ အလျှံညီးညီးတောက်လောင်နေသော မီးပုံကြီးလည်းရှိသည်။ အင်မတန် ထက်မြက်သောခေါင်ရည်များကလည်း ဝမ်းထဲတွင် အလုံအလောက် ရောက်ရှိနေပြီ ဖြစ်သည်။ အဝိုင်းအဖက် အနွေးအယိမ်း ကထားကြသဖြင့်လည်း ချွေးများပင် စို့စို့နေကြသည်။

ရေထဲတွင် ငါးများ အမြီးခတ်သည်သို့ ခါးကို ဘယ်ယမ်းညာဝှေ့ ကသည့်နေရာတွင် လည်းကောင်း၊ လိပ်ပြာများဝဲပျံသည်သို့ ပဝါဖြူများ ဝှေ့ယမ်းသည့်နေရာတွင်လည်းကောင်း ဘောင်ယိန်းသည် အမြူးကြွဆုံး အတက်ကြွဆုံး ဖြစ်သည်။ သူ၏ မျက်နှာပြင်တစ်ခုလုံးသည် မီးရောင်ကြောင့် လည်းကောင်း၊ ခေါင်ရည်ကြောင့် လည်းကောင်း ရဲရဲနီနေသည်။ တစ်ခါတစ်ခါတွင် "အွတ်အွတ်အိုးရား..." ဟု အော်လိုက်ကြသော အသံများတွင် သူ၏ အသံသည် အအောင်မြင်ဆုံး အလေးနက်ဆုံး ဖြစ်နေသည်။

"ထို ထို ထို..." ဟု စည်းချက်မှန်မှန် ထွက်ပေါ်နေသော အိုးစည်သံသည် သူတို့တစ်တွေ၏ တဒိန်းဒိန်းသော ရင်ခုန်သံများနှင့်အပြိုင် ဖြစ်ပေါ်နေသည်။ ငွေမောင်းသံများ၊ ခြူသံများ၊ ကြိမ်ခွေသံများသည်လည်း သူ့အတိုင်းအတာနှင့်သူ ပျံ့လွင့်လျက်ရှိသည်။

အုပ်လိုက်ကကြသည်။ အတွဲလိုက် ကကြသည်။ သည်လိုနှင့်ညသည် နက်ရှိုင်းခြင်း ရှိလာသည်။ လူကြီးများနှင့် အိမ်ထောင်သည်များ ကပွဲမှ တစ်စစ ထွက်ကုန်ကြပြီသော်လည်း လူငယ် လူရွယ်များ၊ အပျို လူပျိုများမှာမူ ယခုမှ အရှိန်တက်ကြွစဖြစ်သည်။ မောင်းသံ၊ လင်းကွင်းသံများသည် သူတို့တစ်တွေ၏ ကြည်နူးမှုအရှိန်ကို မြင့်မားသည်ထက် မြင့်မားစေတော့သည်။

မေတ္တာတေးများ အပြန်အလှန် ဖွဲ့ဆိုကြသည်။ အုပ်စုလိုက်လည်း စကားစစ်ထိုးကြသည်။ နှစ်ဦးချင်း ကျိတ်၍လည်း ချစ်ရည်လူးကြသည်။ ထို့နောက် ခေါင်ရည်သောက်သည်။ ထို့နောက် ကခုန်သည်။ ထို့နောက် အဖော်အဖက်ရှာသည်။

ညသည် လင်းပျပျ။

ဘောင်ယိန်းသည် ကကြိုးလေး၊ ငါးကွက်မျှကို အကြိတ်အနယ် ကြဲလိုက်ပြီးသောအခါတွင်ကား အနည်းငယ်မောသလို ရှိလာသည်။ အာခေါင်ခြောက်ကပ်၍ ဝမ်းပူနေသည်။ ရင်ဟာနေသည်။ သို့ဖြင့် သူသည် အကဝိုင်းမှ ထွက်ခဲ့သည်။ ခေါင်ရည်အိုးများရှိရာသို့ လျှောက်သွားသည်။ ရောဝတီမြစ်ရေသည်သာ ခန်းခြောက်ကောင်း ခန်းခြောက်မည်။ ဤအိုးများတွင် ခေါင်ရည်ပြတ်ရန်ကား ခဲယဉ်းသည်။ ဧည့်ခံသူများက ခေါင်ရည်များ မပြတ် ဖြည့်ထည့်ပေးနေသည်။ ပထမတန်းစား ခေါင်ရည်များဖြစ်သည်။ တရုတ်ပြည်ဘက်မှဆိုလျှင် လဂျာကောင်ခေါင်ရည်သည် ဆေးဖက်ဝင်သည်ဟု ချီးကျူးထောမနာ ပြုကြသည်။ အသက်ရှည်စေသည်၊ အင်အားပြည့်ဖြိုးသည်ဟုဆိုကာ မှာယူမှီဝဲကြသည်။

တရုတ်ပြည်ဖြစ် ကြွေအိုးကြီးတစ်လုံးအတွင်းမှ ကျည်တောက်ငယ်အပြည့် ခေါင်ရည်ခပ်ယူလိုက်ပြီး အားရပါးရ တစ်ကျိုက်တည်း မော့ချလိုက်မည်ဟု ရှိစဉ်တွင် ဘောင်ယိန်း၏လက်ကို တစ်စုံတစ်ယောက်က ဆွဲထားလိုက်သည်။

"တစ်ညလုံးပဲ သောက်ပြီး တစ်ညလုံးပဲ ကနေတော့မှာလားအေး"

ဘောင်ယိန်း ဆတ်ခနဲ ခေါင်းမော်ကြည့်သည်။ တည်ငြိမ်သော ဇုန်းမြောနန်ကို တွေ့ရသည်။ သူမကို တွေ့မြင်တော့မှပင် အတော်ကြာကြာကတည်းက သူမ ပျောက်နေခဲ့သည်ကို ဘောင်းယိန်း သိရှိမိသည်။ ညဦးပိုင်းက ဇုန်းမြော်နန် တက်ကြွစွာ ကခဲ့သည်ကို သူအမှတ်ရသည်။ သို့သော် အတွဲအဝိုင်းမှ သူမ ပျောက်သွားခဲ့သည်ကိုမူ စောစောက သူသတိမထားမိခဲ့။ သူ့အရှိန်နှင့်သူ ကနေခဲ့မိ၍ ဖြစ်သည်။ ယခု ဇုန်းမြော်နန်ကို မြင်တွေ့ရမှပင် သူမပျောက်နေသည်ကို သတိရတော့သည်။

ထိုအတွက် သူ့ကိုယ်သူ အပြစ်တင်မိသည်။ တကယ်ဆိုလျှင် သူသည် ဇုန်းမြော်နန်မရှိသည်နှင့် တစ်ပြိုင်နက် သိရမည်။ သူမ၏ မျက်နှာကိုသာ သူ တစေ့စေ့ ကြည့်နေရမည်။ သူမ၏ တေးသံတွင်သာ သူ

MMCYBERMEDIA
COMMUNITY FOR ALL

နစ်မျောနေရသည်။ သူမ၏ ကကွက်တွင်သာ သူ ပီတိဖြစ်နေရမည်။ ယခုတော့ သူသည် ဇုန်းမြော်နန်ပျောက်နေသည်ကို မသိခဲ့။ တစ်ယောက်တည်း အပျော်ကျူးနေခဲ့သည်။

သည်အဖြစ်ကို အမျိုးသမီးကလည်း ကျေနပ်ပုံမပေါ်။ အမျိုးသမီး၏ ကိုယ်တွင် ဒေါသအမျက် ပြင်းထန်မှုများ မတွေ့ရသလို ရွှင်လန်းတက်ကြွမှုလည်း မတွေ့ရပါချေ။ အမျိုးသမီး၏ ဟန်ပန်သည် အေးဆေးငြိမ်သက်လှသည်။

ထိုအခါတွင် ဘောင်ယိန်းအနေရကျပ်ပြီး စိတ်ထဲတွင်ရှိသည်ကို အလိုလိုမေးမိသည်။

"နင် မရှိပါလား၊ နင် ဘယ်သွားနေတာလဲ"
"ငါ စဉ်းစားနေတယ်"

ဇုန်းမြော်နန်က ခမ်းဆိုင်းဆိုင်းပြန်ပြောသည်။

"ငါမေးတာက စောစောက နင်ဘယ်သွားနေသလဲလို့"
"အဲဒါကို ငါမသိဘူး။ ငါသိတာက ငါစဉ်းစားနေတာပဲ"
"အေး၊ နင် စဉ်းစားနေတာက ဘယ်လိုလုပ် စဉ်းစားသလဲ။ ဘယ်သွားပြီး စဉ်းစားသလဲ။ ထိုင်ပြီး စဉ်းစားသလား။ လမ်းလျှောက်ပြီး စဉ်းစားသလား။ နင်ပျောက်သွားတာတော့ အမှန်ပဲ"
"အေး၊ နင်ပြောမှ ငါသတိရတယ်။ ငါဘယ်သွားသလဲဆိုတာ ငါမသိဘူး။ ငါဘာလုပ်သလဲ ဆိုတာ ငါမသိဘူး။ ငါသိတာက ငါစဉ်းစားနေတာပဲ။ ငါစဉ်းစားနေရင်း နင့်ကို ဖြုန်းခနဲတွေ့ရတာပဲ။ ဒါကြောင့်မို့လို့ နင့်ဆီကို ငါလာခဲ့တာပဲ"
"အေး၊ ဒါဖြင့် ပြောပါဦး။ နင် ဘာတွေ စဉ်းစားသလဲ"

ဇုန်းမြော်နန် ရုတ်ခြည်းမဖြေ။ အတန်ကြာမှ သူ့လက်မောင်းကို ဆုပ်ကိုင်ထားသော လက်ကို ပြန်ရုပ်ရင်း...
"ငါစဉ်းစားတာတွေ အများကြီးပဲ။ ရှုပ်နေတာပဲ။ ဘာတွေမှန်းတောင် မသိတော့ဘူး"

ဘောင်ယိန်းသည် ခေါင်းကို ဖြည်းလေးစွာ ယိမ်းခါမိသည်။ သူ့တွင် ရှိနေသော တက်ကြွမှုများ ကုန်လွင့်သွားသည်။ သို့ဖြင့် သူသည် လက်ထဲမှ ခေါင်းရည်ကျည်တောက်ကို မြှောက်၍ အာခေါင်ထဲသို့ရောက်အောင် တရကြမ်း လောင်းချလိုက်သည်။ တက်တက်စင်ပြောင်မှပင် ကျည်တောက်ကို လွှင့်ပစ်လိုက်ပြီး အပြစ်ကျူးလွန်မိသူပမာ ဇုန်းမြော်နန်ဘက်သို့ လှည့်ကြည့်သည်။

သို့သော် အမျိုးသမီးသည် သူ့အပါးတွင်မရှိတော့။

ဘောင်ယိန်း မျက်ကလဲဆန်ပျာကြည့်သည်။ ငွေသားပြင်ထဲသို့ မြုပ်ဝင်သွားနေသော ဇုန်းမြော်နန်၏ ကောက်ကြောင်းသဏ္ဍာန်ကို မြင်ရသည်။ သူကြည့်နေရင်းမှာပင် ဝိုးတဝါးအရိပ်သည် ပို၍ သေးငယ်သွားသည်။ ပို၍ ဝေးလံသွားသည်။ ပို၍ မှိုင်းဖျော့သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူက ဖုန်းမြော်နန်၏ အမည်ကို နှစ်ကြိမ်သုံးကြိမ်မျှ ဟစ်အော်လိုက်သည်။ သို့သော် သူ၏ဟစ်အော်ခြင်းသည် အရာမထင်။ အမျိုးသမီးသည် တန့်ရပ်သွားခြင်းလည်း မရှိ။ ငဲ့စောင်းကြည့်ခြင်းလည်း မရှိ။ မြည်ဟိန်းလွင့်ပျံသော အိုးစည်သံကြောင့် သူ့အသံကို သူမ မကြားသည်လည်း ဖြစ်နိုင်သည်။ အာရုံပြည့် အစဉ်းအစားပြုနေပြီ ဖြစ်သောကြောင့်လည်း မကြားသည်လည်းဖြစ်နိုင်သည်။ သို့မဟုတ် တမင်တကာ မကြားဟန်ပြုသည်လည်း ရှိတန်သည်။

ဖုန်းမြော်နန် နောက်သို့ ဘောင်ယိန်း ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားသည်။ အမျိုးသမီးနှစ်ယောက်က သူ့ကို နောက်ဘက်မှ ဟစ်ခေါ်သည်။ သူ မကြား။ သူ တကယ်မကြား။ သူ့အာရုံသည် ဖုန်းမြော်နန်သို့ အပြည့်အဝရောက်နေသည်။

အဘယ်အရပ်သို့ ဦးတည်၍ လျှောက်နေမိသည် သူမသိ။ အဘယ်မျှကြာအောင် သုတ်ခြေတင်နေမိသည် သူမသိ။ အဘယ်အရာများကို ဖြတ်သန်းကျော်လာမိသည်လည်း သူအလျှင်းမသိပါ။ ဖုန်းမြော်နန်နှင့် ပခုံးချင်းယှဉ်မိသောအခါတွင်မှ သူတို့နှစ်ဦးသည် အင်ရှောင်ခ ကမ်းနဖူးတွင် ရောက်ရှိနေကြောင်း ရုတ်ချည်းသတိထားလိုက်မိသည်။

ပြန့်ပြူးသောကမ်းနဖူးတွင် ဖုန်းမြော်နန် ရပ်လိုက်သည်။ ဘောင်ယိန်းလည်း တန့်ရပ်သည်။

"အေး အေး၊ ငါ သတိရတယ်။ ခုနကလည်း ငါ ဒီမှာ နေခဲ့တာပဲ"

အမျိုးသမီးက သူ့ကိုမကြည့်ဘဲ ပြောသည်။ သူမကိုယ်သူမ ပြောနေသည်လည်း ထင်ရသည်။ သူမအနီးတွင် ဘောင်ယိန်းရှိနေသည်ကို မသိသည်သို့ ဖြစ်သည်။

"အေး၊ နင်ဒီမှာမရပ်ဘဲ နှစ်လှမ်းလောက် ဆက်လျှောက်သွားရင် အောက်ကို ကျသွားမယ်။ ငါတို့အခု အင်ရှောင်ခထိပ်မှာ ရောက်နေတယ်"

ဘောင်ယိန်းက စိုးရိမ်လေဖြင့် ပြောသည်။ သူ့အသံကို ကြားရသည့်အတွက် အမျိုးသမီးသည် ထိပ်လန့်တုန်လှုပ်သွားဟန် မရှိ။ ယခုလိုတော့လည်း သူမနောက်သို့ ဘောင်ယိန်း လိုက်လာသည်ကို မဆွခင်ကတည်းက သိပြီးဖြစ်ဟန်။

"အင်ရှောင်ခ ရေသံကိုတော့ ငါသိပါတယ်"

ဖုန်းမြော်နန် တိုးတိုး ဆိုသည်။ တစ်ပြိုင်တည်းပင် ကျောက်ပြန့်ပေါ်တွင် ထိုင်သည်။ ဘောင်ယိန်း သက်မချပြီး လိုက်ထိုင်သည်။ ရှေ့သို့ အနည်းငယ်ကုန်းညွတ်၍ လက်ကိုဆန့်တန်းလိုက်သောအခါ ကမ်းစွန်းကို စမ်းမိသည်။

အင်ရှောင်ခကို သူတို့ မမြင်ရ။ ခက်ထန်သောအသံကို ကြားရသည်။ သည်အချိန်မျိုးတွင်တော့ မြင့်မားသောတောင်များလည်း အဖြူပိန်းပိန်း၊ နက်ရှိုင်းသော ရေစီးလမ်းများလည်း အဖြူပိန်းပိန်း။

MMCYBERMEDIA
COMMUNITY FOR ALL

ဇုန်းမြော်နန်လုပ်ပုံသည် မကျေနပ်စရာ၊ အသည်းထိပ်စရာ ကောင်းလှသည်။ ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမသိအောင် အတွေးလွန်နေသည်။ အင်ရှောင်ခ ချောက်ထဲတွင် အသက်ပျောက်သွားနိုင်သည်။ အင်ရှောင်ရေသံကိုတော့ သိပါတယ် ဆိုခြင်းမှာ ကျေနပ်ဖွယ်ရာအဖြေ မဟုတ်။ အနည်းငယ် ချွတ်ချော်တိမ်းစောင်းသွားလျှင် ပြီးပြီတည်း။

"ငါ့ကိုပြောစမ်း ဇုန်းမြော်နန်၊ နင် ဘာပြုလို့ ဒီလို လျှောက်သွားနေတာလဲ"

"ငါ လျှောက်သွားနေတာ မဟုတ်ဘူး။ ငါ စဉ်းစားနေတာ။ အခုလည်း ငါထိုင်နေတာ မဟုတ်ဘူး။ ငါစဉ်းစားနေတာ"

"နင် ဘာစဉ်းစားနေတာလဲ"

သူမ မဖြေ။

အင်ရှောင်ခ ရေသံသည်မူ တော်လဲသည့်ပမာ ပေါ်ထွက်နေသည်။ ကျောက်ကမ်း ကျောက်တောင်များကို ဖြိုဖျက်ပစ်မည့်ပမာ မာန်ဖီနေသည်။ ဝဲကတော့ထိုးသည့် အသံညြညြ ရှည်ရှည်ကြီးလည်း မှန်မှန်ပေါ်ထွက်နေသည်။

"ငါ့ကို ပြောစမ်းပါ ဇုန်းမြော်နန်၊ နင် ဘာတွေများ ဒါလောက် စဉ်းစားနေတာလဲ"

သူမ မဖြေ။ "အွတ်အွတ်အိုးရား" ဟူသော ပြာသံနှင့် "ထုံထုံထုံ" ဟူသော အိုးစည်သံသည်သာ ရံခါတွင် သဲ့သဲ့မျှ လွင့်ပျံလာသည်။ ထိုထိုသော အင်ရှောင်ခရေသံနှင့် မင်္ဂလာမနောသံမှ အပကား ညသည် တိတ်ဆိတ်နေသည်။ သူ့ရှေ့တွင် ဇုန်းမြော်နန်တကယ်မှ ရှိပါရဲ့လားဟု ဘောင်ယိန်း သံသယဝင်လာသည်။ ထို့ကြောင့် မပီပိုးဝါးသော ရိုးရိပ်သဏ္ဍာန်ကို သူလက်ဖြင့်ဆန့်တန်း ကိုင်စမ်းလိုက်သည်။ အမျိုးသမီး၏ လက်ကောက်ဝတ်ကို ဆုတ်မိသည်။ အင်ရှောင်၏ ညဥ့်နက်ရေပမာ အေးစက်နေသည်။ သိုးသွက်သောရေမှ အတုံးအခဲကလေးများ ဖြစ်သွားသည့်ပမာ သူမ၏ အသားတို့မှာလည်း တောင့်တင်းမာကျောသော အစိုင်အခဲ ဖြစ်နေသည်။

"နင့်အသားတွေ အေးလှပါလား အေး"

ထိုအခါ ဇုန်းမြောနန်သက်ပြင်းချသည်။ သူမ အနီးသို့ ဘောင်ယိန်းလျင်မြန်စွာ တိုးကပ်သွားသည်။ သူမ၏ကိုယ်ကို နေရာများ ပြောင်းရွှေ့စမ်းကြည့်သည်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။ သို့ဖြင့် အမျိုးသမီးကို သူတင်းတင်းဖက်၍ နာနာဆုပ်နယ်သည်။

သည်တော့မှ ဇုန်းမြော်နန် အသက်ရှူမြန်လာသည်။ အသက်ရှူပြင်းလွန်းသည်။ လှုပ်ရှားခြင်း၊ လွန့်လူးခြင်းများ ပြုလာသည်။ သူမ၏ အသားများ ပူနွေးလာသည်။ အသက်ရှူသံနှင့်ရော၍ တိုးညှင်းသော ညည်းညူသံ ပြတ်တောင်းပြုသည်။

ဘောင်ယိန်းက ပို၍ တင်းကျပ်စွာ ပိုက်ဖက်သည်။ ပို၍ နာနာဆုပ်နယ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါ စဉ်းစားနေတယ် ဘောင်ယိန်း။ ငါ စဉ်းစားနေတယ်"

အမျိုးသမီးက ပန်းလျှစွာ ပြောသည်။

"အေး အေး"

သူက သည်းမျှသာ တုံ့ပြန်သည်။ အမျိုးသမီးစဉ်းစားသည်တွင် စိတ်မဝင်စားတော့သကဲ့သို့ ဖြစ်သည်။ သို့သော် အမျိုးသမီးက အနည်းငယ် လွန့်လူးရုန်းကန်ရင်း စဉ်းစားသည့်အကြောင်းကို ဆက်ပြောသည်။

"ငါပြောတာကို နားထောင်စမ်းပါဦး ဘောင်ယိန်း။ ငါ ဘာတွေ စဉ်းစားနေတယ်ဆိုတာကို နင် နားထောင်စမ်းပါ"

"အေး အေး"

"နင် နင်နင်ပဲ ဘောင်ယိန်း၊ နင့်ကို မိန်းမတွေကြိုက်ကြတယ်။ နင့်ဘေးမှာ မိန်းမတွေ ဝိုင်းနေတယ်။ အပျိုတွေကော၊ အအိုတွေကော ဝိုင်းနေတယ်"

"ကနေ့ညလား"

"ဘယ်တော့ပဲဖြစ်ဖြစ်"

"နောက်ကျတော့ ငါ့ဘေးမှာ နင်တစ်ယောက်တည်း ရှိမှာပဲ"

ဘောင်ယိန်းက ခပ်ပေါ့ပေါ့ ပြောသည်။ ခပ်တင်းတင်း ဆုပ်သည်။ ထိုအခါ ဇုန်းမြော်နန်သည် ဘောင်ယန်း၏လက်မှ လုံးဝလွတ်ထွက်အောင် ခပ်ဆတ်ဆတ် ရုန်းထွက်လိုက်သည်။ ဘောင်ယိန်း အံ့သြသွားသည်။

"နင်ပြောသလို မလွယ်ဘူး ဘောင်ယိန်း"

"ငါပြောတာ နင်မယုံဘူးလား"

"နင်ပြောတာ ငါယုံပါတယ်။ ဒါပေမဲ့ နင်ပြောသလို မလွယ်ဘူး ဘောင်ယိန်း"

ဘောင်ယိန်း ငိုင်သွားသည်။ မည်သို့မျှ မတုံ့ပြန်။ ယခု သူ့အလှည့်။ သူ စဉ်းစားသည်။ ဇုန်းမြော်နန်၏ စကားမှန်သည်။ သူပြောသလို မလွယ်။

"အခု သူတို့ ငါ့အစ်မကို လင်ပေးစားလိုက်ပြီ။ နောက်တစ်ခါဆိုရင် ငါ့အလှည့်ပဲ ရှိတော့တယ်"

"နင်နဲ့ ငါနဲ့ တွဲနေတယ်ဆိုတာကို နင့်မိဘတွေ သိသားပဲ"

"နင်ဟာ မုဆိုးကောင်းတစ်ယောက်၊ သတ္တိရှိတဲ့ လူတစ်ယောက်ဆိုတာလည်း သူတို့သိပါတယ်"

ဘောင်ယိန်း ငြိမ်နေသည်။ ဇုန်းမြော်နန် ဆက်ပြောသည်။

"နင်ဟာ မဟုတ်မခံတတ်တဲ့ လူတစ်ယောက်၊ နင်လုပ်ချင်ရာကို လုပ်တတ်တဲ့ လူတစ်ယောက် ဆိုတာလည်း သူတို့ သိကြတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"သူပုန်ပဲ ပြောပါ"

"ငါတို့ဆီမှာ သူပုန်မှ မရှိသေးဘဲ။ ဂွမ်လောင် ဂွမ်ဆာ တိုက်ပွဲတွေမှ မရှိဘဲ"

"ငါ့ကြောင့် ဂွမ်လောင် ဂွမ်ဆာတိုက်ပွဲတွေ ဖြစ်လာတယ် ပြောပါ"

ဖုန်းမြော်နန် အတန်ကြာ တိတ်ဆိတ်နေသည်။ ပြီးမှ...

"နင့်ကို ငါ့မိဘတွေ ငါ့ဆွေမျိုးတွေက အားကိုးကြပါတယ်။ နင့်ကို တစ်ရွာလုံးက အားကိုးကြပါတယ်။ ဒါပေမဲ့ မလွယ်တာတွေရှိတယ် ဘောင်းယိန်း။ နင်ကလည်း မိန်းမတွေနဲ့ ကနေရရင် ကျေနပ်နေတာပဲ။ ဘာမှ မစဉ်းစားဘူး"

အမျိုးသမီးသည် မင်္ဂလာမနောမှ မြူးပျံသံများကို နားစွင့်နေသည်။

"ငါမစဉ်းစားချင်ဘူး ဖုန်းမြော်နန်။ ငါစဉ်းစားရင် ငါ သူပုန်ဖြစ်မှာပဲ။ နင်စဉ်းစားတာ ငါသိပါတယ်။ နင်နဲ့ ငါနဲ့ လက်ထက်ရင် ဒီလို နွမ်ရှုလိုင်မနော မလုပ်နိုင်ဘူး။ ဒီလို ကြီးကြီးကျယ်ကျယ် မကျွေးနိုင်ဘူး။ မတိုက်နိုင်ဘူး။ ဒါလောက်များတဲ့ကွမ်းဖိုးတွေ မပေးနိုင်ဘူး"

"ဒါတွေ ငါမလိုချင်ပါဘူး။ ငါ မကြိုက်ပါဘူး။ ဒါပေမဲ့ ငါ့အဖေက ဒူဝါမဟုတ်လား"

"ငါ့မှာ ကဆာလွှတ်စရာတောင် ဘာပစ္စည်းမှ မရှိဘူး။ ငါ့မှာ ပိုးပုဆိုးတို့၊ ကော်ဇောတို့ ရှိဖို့ မပြောနဲ့။ မောင်းတစ်လုံးတောင် မရှိဘူး"

"ဘာပဲဖြစ်ဖြစ် နင်တို့ဘက်က ကဆာလွှတ်ကြည့်ဖို့ကောင်းတယ်။ ကဆာတွေ အပြောကောင်းရင် ငါ့မိဘတွေက နင့်ကို ငါနဲ့ သဘောတူမှာပါပဲ"

ဘောင်းယိန်း ငြိမ်နေသည်။ သူ့အနေနှင့် အောင်သွယ်လွှတ်ချင်သည်မှာ ကြာပြီ။ သို့သော် အောင်သွယ်များသည် လက်ချည်းသွား၍ ရသည်မဟုတ်။ လက်ဆောင်ပစ္စည်းများ ပါရသည်။ ဖုန်းမြော်နန်သည် ဒူဝါသမီးဖြစ်၍ လက်ဆောင်ကောင်းကောင်း ပါရမည်။ ဖုန်းမြော်နန်၏ မိဘများက စေ့စပ်ရေးကို လက်မခံချင်လျှင် တစ်ခါတည်းလမ်းစ ပိတ်သွားမည်ဖြစ်သည်။ ထို့ကြောင့် သူက ကဆာများ မလွှတ်ရဲရှိနေသည်။

"အေး ဟုတ်တယ်၊ ဖုန်းမြော်နန်။ နင်ပြောသလိုပဲ၊ မလွယ်ဘူး။ လဆိုင်းဒူဝါကလည်း နင့်ကို လိုချင်နေတယ်"

"သူက အသက်ကြီးလှပြီ"

"ဒါပေမဲ့ သူ့မှာ ကျွန်တွေ၊ ရွှေတွေ၊ ကျွဲတွေ အများကြီးရှိတယ်"

"နင့်ကိုပဲ ငါကြိုက်တယ်"

"ငါ့မှာ သူပုန်ထချင်တဲ့စိတ်ပဲရှိတယ်"

ညသည် တိတ်ဆိတ်သွားပြန်သည်။ အင်ရှောင်ခရေသံနှင့် နွမ်ရှုလိုင်မနောသံတို့က သူတို့နှစ်ဦး၏အာရုံကို တစ်နေရာတည်းတွင် ထိန်းထားသည်။

ရွှေရောင်လဝန်းသည် သူတို့နှစ်ဦးကို ငေးနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်ဒီလိုပဲ နေတော့မှာလား၊ ငါ ဒီလိုပဲ နေရတော့မှာလား"

နောက်ဆုံးတွင် သူမ၏အသံသည် ကြေကွဲထိခိုက်ဖွယ်ရာ ထွက်ပေါ်လာပြန်သည်။ ဘောင်ယိန်း ရုတ်ခနဲ ထလိုက်သည်။

"ငါ ဒီကပြန်ရင် ဖရောဘွန်းတက်မယ်"

သူ့အသံသည် ရေတံခွန်ကျသည်သို့ ပြည်ဟိန်းသည်။ ဖုန်းမြော်နန်ပင် အလန့်တကြား ထမိသည်။

"နင် ဘာသွားလုပ်မှာလဲ"

အမျိုးသမီးက အထိတ်တလန့် မေးလိုက်သည်။ ဖရောဘွန်း၏ တစ်ဖက်တွင် ဂွမ်လောင်ရွာများ ရှိသည်။ သူပုန်များ ရှိသည်။ ဒူဝါစနစ်ကို ချေမှုန်းတိုက်ခိုက်နေကြသူများရှိသည်။ မိမိတို့နယ်တွင် ဂွမ်လောင် ဂွမ်ဆာတိုက်ပွဲများ တောက်လောင်လာတော့မည်လား။

"ဖရောဘွန်းဟာ ငါ့စားကျက်ပဲ မဟုတ်လား။ အခု ကတိုးဈေး သိပ်ကောင်းနေတယ်။ လောပန်းတွေက ကတိုးဉပဲရရ၊ ကတိုးမွေးပဲရရ အလုအယက်ပဲ"

သူကခပ်တိုးတိုး ပြန်ပြောသည်။ သည်တော့မှ အမျိုးသမီး စိတ်သက်သာရာ ရသွားသည်။ ဘောင်ယိန်း ဆက်ပြောသည်။

"သူတို့က ကတိုးဉကို ရေမွှေးလုပ်ကြတယ်။ ကတိုးမွေးကိုတော့ မွေ့ရာတို့ ခေါင်းအုံးတို့ ချုပ်ကြတယ်။ အကျီထဲလည်း ထည့်ချုပ်ကြတယ်။ ငါ့ကို လောပန်းတစ်ယောက်ပြောတယ်၊ ကတိုးမွေးအိပ်ရာပေါ် မှာ မိန်းမအိပ်ရင် အဲဒီမိန်းမ ကလေး မရတော့ဘူးတဲ့"
"အေ၊ ဒါဆို ဘယ်ကောင်းမလဲ"

ဖုန်းမြော်နန် လွှတ်ခနဲ ညည်းလိုက်သည်။

"ဒါတော့ ငါမသိဘူးလေ။ ကတိုးကိုတော့ လောပန်းတွေ သိပ်လိုချင်နေကြတာပဲ။ ကတိုးသာ ရမယ်ဆိုရင် ငွေလိုချင် ငွေပေးတယ်။ ကော်ဖောလိုချင်ရင် ကော်ဖောပေးတယ်။ ပိုးပုဆိုးလိုချင်ရင် ပိုးပုဆိုးပေးတယ်။ လိုချင်တာ အကုန်ရတယ်။ အကောင်းစားတွေ ရတယ်။ နောက်ပြီးတော့ ဖရောဘွန်းထိပ်က လိုဏ်ဂူတစ်ခုထဲမှာ ရွှေတုံးတွေရှိတယ်လို့ ငါ့အဖေပြောဖူးတယ်။ အဲဒီ ရွှေတုံးတွေသာ ရှာတွေ့ရင်တော့ ငါကွမ်းဖိုး ကောင်းကောင်းတင်နိုင်ပြီပဲ"

အားပါးတရပြောနေသော ဘောင်ယိန်းကိုကြည့်၍ ဖုန်းမြော်နန်ခေါင်းခါသည်။

"ဖရောဘွန်းတောင်ထိပ်ကို ရောက်အောင် ဘယ်သူမှ မတက်နိုင်ပါဘူး။ တက်တဲ့လူဟာ လမ်းတစ်ဝက်မှာတင် ရေခဲတုံးဖြစ်သွားမှာပဲ"

"ငါ ရောက်အောင် တက်မယ်"

"ရွှေတုံးတွေ မရချင်နေပါစေ။ တောင်ထိပ်ကိုတော့ ရောက်အောင် မတက်ပါနဲ့။ အသက်အန္တရာယ်များလှတယ်။ တောင်ထိပ်မှာ ငွေနဂါးကြီးတွေ၊ နှင်းဘီလူးကြီးတွေ ရှိတယ်ပြောတယ်။ တောင်ခြေတစ်ဝိုက်မှာ ကတိုးရှာတာပဲ လွန်လှပြီ။ ဒါတောင် ကနေ့လို နှင်းကျနေတာမျိုးဆိုရင် သွားဖို့မကောင်းဘူး။ အခုတစ်လော လူဝံတွေ၊ မျောက်ဝံတွေကလည်း သိပ်ဆိုးနေကြတယ်။ စောစောကပဲ သူ ဝက်ဝံတစ်ကောင်နဲ့ သတ်ခဲ့ရပြီ မဟုတ်လား"

"ငါ ရောက်အောင် တက်မယ်"

ဘောင်ယိန်း ထပ်ပြောသည်။ ဘောင်ယိန်း၏ ဖွဲ့သတ္တိကို ဇုန်းမြော်နန် ယုံကြည်သည်။ သို့သော် ဖရောဘွန်းသည် မြင့်မားလှသည်။ တစ်တောင်လုံး ရေခဲများဖြင့်သာ ဖြူဖွေးနေသည်။ တောင်ထိပ်ကို တက်နိုင်ဖို့ မဆိုထားဘိ၊ အခါခပ်သိမ်းပင် မြင်တွေ့နိုင်ကြသည် မဟုတ်။ မိုးကောင်းကင်ထဲတွင် အမြဲတမ်းလိုပင် မြုပ်ဝင်နေသည်။ တစ်နှစ်တွင် တစ်ခါ နှစ်ခါ ဆိုသလိုသာ ဖရောဘွန်းတောင်ထိပ်ကို ငွေတုံးငွေခဲကြီးပမာ တွေ့မြင်ကြရသည်။ ထို့ပြင် ဖရောဘွန်းသည် သားရဲတိရစ္ဆာန်တို့ ပေါ်များလှသည်။

သို့သော် ဘောင်ယိန်းသည် ပြောသည့်အတိုင်း လုပ်မည့်သူ။ အသက်အန္တရာယ်ကို ပမာမပြုသူ။

အဘယ်ကြောင့်မှန်းမသိ။ ဇုန်းမြော်နန်သည် ရုတ်တရက် မျက်ရည်များ စီးကျလာပြီး ဘောင်ယိန်း၏ ရင်ခွင်တွင်းသို့ အတင်း တိုးဝင်လိုက်တော့သည်။

## အခန်း -၇၈-

နောက်တစ်နေ့ညတွင်မူ ဘောင်ယိန်းနှင့် ဇုန်းမြော်နန်တို့သည် လူအများက ဩချရလောက်အောင်ပင် စိတ်လွတ်ကိုယ်လွတ် ကခုန်ခဲ့ကြသည်။ သူတို့၏ဘဝတွင် ဤတစ်ကြိမ်လောက် ပျော်ရွှင်မြူးကြွဖူးသည် မရှိဟု အောက်မေ့ကြသည်။ သတို့သားနှင့် သတို့သမီးပင် သူတို့နှစ်ဦးလောက် ပျော်ရွှင်ချမ်းမြေ့ကြလိမ့်မည် မထင်။

ဇုန်းမြော်နန်၏ တေးသံသည် အင်ရှောင်ခရေစီးသံကို လွှမ်းသွားသည်။ တောအထပ်ထပ် တောအဆင့်ဆင့်သို့ ပျံ့လွင့်သွားသည်။ ကုဋေကုဋာသော ငွေမောင်းကလေးများကို အဆက်မပြတ် ရိုက်ခတ်သည့်ပမာ ဖြစ်သည်။

ချစ်သူနှစ်ဦး တစ်ညလုံး ကြည်နူးနေကြသည်။ တစ်မှေးတစ်ရေးမျှ အိပ်ဖြစ်လိုက်ခြင်းမရှိ။ သို့နှင့်တိုင်သူတို့သည် ငိုက်မျဉ်းခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပန်းလျခြင်း မရှိကြ။ အကြည်ဓာတ်ဖြင့် လန်းဆန်းနေကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သည်လိုဖြင့်ပင် သူတို့သည် အသစ်တစ်ခုဖြစ်သော နံနက်ခင်းကို တွေ့ကြရသည်။

သည်နံနက်တွင် မင်္ဂလာအခမ်းအနား အစီအစဉ် ပြီးဆုံးသည်။ နံနက်စာဖြင့် နိဂုံးချုပ်ကြသည်။ သတို့သားနှင့် သတို့သမီး အပြန်အလှန် ထမင်းခွံ့ကြသည်။ သတို့သားဘက်မှ လက်ဆောင်များ တုံ့ပြန်သည်။ စားသောက်ဖွယ်များ ထည့်ပေးသည်။ ထို့နောက် ရွာဦးနတ်စင်အထိ လိုက်ပို့ကြသည်။

အင်ရှောင်ခကို ဖြတ်ကူးကြသည့်တွင် ရှိုင်ဂျီးကို အထူးဂရုစိုက်ကြသည်။ အရင်အဦးပိုင်းတွင် ကူးဖြတ်စေသည်။ ဟိုဘက်ကမ်း သည်ဘက်ကမ်းမှ အကူအညီပြုကြသည်။ ထိုအခါ ချောချောမောမော ဖြစ်သည်။ ထိုအခါ အားလုံး စိတ်ချမ်းမြေ့ကြရသည်။

အလာတုန်းကလိုပင် အပြန်ခရီးတွင်လည်း နှင်းများ သိပ်သည်းလျက်ရှိသည်။ သို့သော သူတို့လူစုသည် မြူးကြွသောအရှိန် ရှိနေကြသဖြင့် သဘာဝအခက်အခဲ အတားအဆီးများကို ပျော်ရွှင်စွာ တိုးဖြတ်ကျော်လွှားလျက်ရှိကြသည်။ လူစုကွဲမသွားစေရန် တောသံပေးကြသည်။ ပြာသံလှိုင်းကြသည်။ ထိုအခါ တောများ တောင်များ သိမ့်သိမ့် တုန်သွားသည်။ တောကောင်များလည်း ဝေးရာသို့ ရှဲကြတော့သည်။

ဘောင်ယိန်းနှင့် ဖုန်းမော်နန်တို့သည် ခရီးတစ်လျှောက်လုံး အတူမကွာရှိကြသည်။ နှင်းပွင့်များ ပိတ်ဖုံးလေ၊ သူတို့နှစ်ဦး ပူနွေးလေဖြစ်သည်။ ပတ်လည်ဝန်းကျင် ဖွေးဖွေးဖြူလေ သူတို့မျက်နှာများ မြန်းမြန်းနီလေဖြစ်သည်။ သူတို့ကိုယ်သူတို့ နှင်းထုထဲတွင်လွင့်မျောနေသည်ဟု ထင်မှတ်နေကြသည်။ သူတို့၏စိတ်များ ပေါ့ပါးလွတ်လပ် နေကြသည်။ သူတို့သည် တငြိမ့်ငြိမ့်လွင့်မျောနေခြင်းမှအပ အခြားဘာကိုမှ အမှုမထားကြတော့။ ဘာကိုမှ အမှတ်မရကြတော့။ သူတို့လူစုရွာသို့ ပြန်နေကြခြင်း ဆိုသည်ကိုပင် မေ့လျော့နေကြသည်။

ယင်းကြောင့်ပင် ရွာသို့ပြန်ရောက်ပြီဟု သိရသောအခါ သူတို့နှစ်ဦးထိတ်လန့်သွားသည်။ နှင်းပွင့်များအကြားတွင် တငြိမ့်ငြိမ့်လွင့်မျောနေရာမှ ကြမ်းတမ်းမာကျောသော ကျောက်ဆောင်တစ်ခုပေါ်သို့ ပြုန်းကနဲ လိမ့်ကျသွားသည်ဟု ထင်မိကြသည်။

အိပ်မက်များ လွင့်ပြယ်ပြီး အစစ်အမှန်များ ရောက်လာသည်။ တောင်ထိပ်တစ်ခုတွင် ပြန့်ကြဲနေသော ရွာကို မြင်ရသည်။ ဆီးကြိုသူများကို တွေ့ရသည်။ ဟိုမှာက ဘယ်သူ၊ ဟိုဟာက ဘယ်သူ့အိမ်၊ ဟိုနားမှာက ဘယ်သူ့ကျွဲ စသည်ဖြင့် မြင်ရသည်။ သိရသည်။ ထို့နောက် ဘယ်သူဘာဖြစ်တယ်၊ ဘယ်ဟာ ဘာပြုသည် ဆိုခြင်းများကို ကြားရသည်။

ထိုသို့ကြားရသော တောင်စကားမြောက်စကားများတွင် ဘောင်ယိန်းနှင့်စပ်လျဉ်းသော သတင်းတစ်ခု ပါလာသည်။ ထိုအခါ ဘောင်ယိန်း တုန်လှုပ်ရသည်။ ချောက်ချားရသည်။ သို့သော် ယူကျုံးမရ ဖြစ်ရမည်လား၊ သို့မဟုတ် အမျက်ဒေါသ သိုရမည်လားဟု မကွဲပြား။ သူ့စိတ်များ ထွေပြားသည်။

လူအုပ်ကြားထဲတွင် သူ့အဘိုးကို ယိုင်တီးယိုင်တိုင်နှင့် မြင်လိုက်ရကတည်းက သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်ခဲ့ရသည်။ သူ့အဘိုးသည် အကြောင်းကိစ္စမရှိဘဲနှင့် အပြင်သို့ မထွက်ပဲ နေခဲ့သည်မှာ

MMCYBERMEDIA
COMMUNITY FOR ALL

တောင်ယာသုံးသက်မျှ ရှိပေပြီ။ သူ့အဘိုးသည် ယခင်ကဆိုလျှင် ဟိုသွားသွား သည်လာလာနှင့် ရှိခဲ့သည်။ ရွာထဲက မိန်းမများနှင့် မကြာခဏ ပြဿနာပေါ်သည်။ လျော်ကြေးပေးရသည်။ သို့သော် သူ့သားသုံးယောက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ပြီးခဲ့သည့် နောက်ပိုင်းတွင်ကား အပြင်သို့ အထွက်နည်းခဲ့သည်။ အိမ်မှာသာ အနေများခဲ့သည်။ အထွေအထူးရှိမှသာ အပြင်ထွက်သည်။

သူ၏ အထွေအထူးဆိုသည်ကိုလည်း တစ်ရွာလုံးက သိနေပြီ ဖြစ်သည်။ သူအပြင် ထွက်လာပြီဆိုလျှင် သူ့အိမ်တွင် ပြဿနာတစ်ခုတက်နေပြီဟု နားလည်ကြသည်။ ထိုပြဿနာသည် ချွေးမတစ်ယောက်ယောက်နှင့် သက်ဆိုင်မည်ဟု ခန့်မှန်းတွက်ချက်နိုင်ကြသည်။

သူ့အဘိုးသည်လူသာ ချည့်နဲ့ယိမ်းယိုင်နေသော်လည်း အသံမှာမူ ယခင်ကအတိုင်းပင် ကျယ်လောင် မာကျောလျက် ရှိသည်။ သူက ရွာလူကြီးများကို အော်ကြီးဟစ်ကျယ် ပြောနေသည်။ အလွန်အမင်း ဒေါသဖြစ်နေဟန်ရှိသည်။

ထို့အထိမူ ဘောင်ယိန်းအဖို့ ပြဿနာ မဟုတ်သေး။ သူ့အဘိုး၏ အပြုအမူများကို သူ မနှစ်မြို့သည်မှာ ကြာပြီဖြစ်သော်လည်း တက်နိုင်သမျှ ကြားချောင်၍ နေသည်။ တစ်အိမ်ထဲတွင် ဖြစ်ပေါ်နေသော ပြဿနာများကို မသိဟန်ပြုသည်။ သိမြင်နေငြားလည်း စိတ်မဝင်စား ဟန်ဆောင်သည်။

သို့သော် ယခုမူ ကြားချောင်၍ မနေနိုင်တော့။ ပြဿနာသည် သူနှင့်ကျောခိုင်းနံစပ် ဖြစ်နေသည်။ ဘောင်ယိန်းသည် အိမ်မက်မှလန့်ပြယ်ပြီး အစစ်အမှန်များကို မြင်တွေ့သည်နှင့်တစ်ပြိုင်နက် သူ့မေကို လူအုပ်ထဲတွင်ဖွေရှာသည်။ သူ့အမေသည် သူ့ကိုလွန်ချစ်သည်။ ကျောတွင်ပိုးလွယ်ထားသော ကလေးငယ် တစ်ယောက်လိုပင် ဖြစ်သည်။ မျက်စိအောက်မှ အပျောက်မခံဖြစ်သည်။ အရပ်တစ်ပါးသို့ သူသွားသောအခါများ၌ အမေသည် သူပြန်လာမည့်ရက်တွင် သူပြန်မည့်လမ်းမှ စောင့်မျှော်နေတတ်သည်။ သို့သော် ယခုမူ သူ့အမေကို လူအုပ်ထဲတွင် ဖွေရှာ၍ မရ။ သူ့စိတ်များ ကပြောင်းကပြန် ဖြစ်စပြုလာသည်။

သူနှင့်ညီဝမ်းကွဲတော်စပ်သော ကလေးငယ်ကို အရင်ဆုံး မေးကြည့်သည်။ သူ့အမေအိမ်တွင် ငိုနေသည်ဟု ကလေးငယ်က ပြောသည်။ သူခေါင်း မူးမိုက်သည်။ သူ့ရင် ဟာလာဟင်းသည်။

ထို့နောက်တွင်မူ သူ့ဦးလေး၏ မိန်းမနှင့်တွေ့၍ ဖြစ်ပျက်ပုံ ကုန်စင်အောင် သိရသည်။

သူတို့လူစု လဂျာကောင်သို့ သွားနေကြစဉ်တွင် သူ့မိခင်သည် ယောကျ်ားတစ်ဦးနှင့် မှားယွင်းဖောက်ပြားသည်။ ထိုအတွက် ထိုယောကျ်ားထံမှ လျော်ကြေးတောင်းခံရန် သူ့အဘိုးစီစဉ် စိုင်းပြင်းနေခြင်း ဖြစ်သည်။

ဘောင်ယိန်းသည် နင်းပွင့်များအတွင်း ပြန်လည်လွင့်ပျော်သွားသည်ဟု ထင်မိသည်။ သို့သော် ဖုန်းမြော်နန်နှင့်တုန်းကလို တဖြိမ့်ဖြိမ့် လွင့်မျောသွားရခြင်းမျိုး မဟုတ်ဘဲ ကြမ်းတမ်းရက်စက်သော အင်မိုင်ခရေစီးတွင် ခြေကားရား လက်ကားရား လိမ့်ပါသွားရခြင်းမျိုး ဖြစ်သည်။ သူ့ကိုယ်အနှံ့ နာကျင်သည်။ အတွင်းပြင် ကိုက်ခဲသည်။ အာရုံကြောများ ထုံထိုင်းသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူ မယုံချင်။ သူ့အမေကို သူချစ်သည်။ သူ့အမေအကြောင်း သူသိသည်။ သူ့အမေသည် သူ့ကိုလည်း တနင့်တပိုး ချစ်၏။ ကွယ်လွန်ပြီဖြစ်သော သူ့အဖေကိုလည်း တနင့်တပိုးချစ်၏။ သူ့အဖေ ကွယ်လွန်ကတည်းက သူ့အမေ ညှိုးကျခဲ့သည်။ အနေအထိုင် တည်ငြိမ်ခဲ့၏။ သူမယုံချင်။

သို့သော် မယုံချင်၍ မဖြစ်။ အမှန်က အမှန်ပင် ဖြစ်သည်။ အမေသည် ယခုအခါ ပိုကြွေးလျက်ရှိသည်။ အဘိုးသည် ယခုအခါ လျော်ကြေးတောင်းရန် စီစဉ်နေသည်။

လျော်ကြေးတောင်းရန်မှာ အဘိုး၏အလုပ် ဖြစ်သည်။ အကြောင်းမူ အဘိုးသည် သူ့မိခင်၏ ကာမပိုင် ဖြစ်သည်။ လျော်ကြေးတောင်းခံခြင်းသည် ဓလေ့ထုံးတမ်းအရ ဖြစ်သည်။ ထို့အတူပင် သူ့အဘိုးက သူ့မိခင်၏ ကာမပိုင်ဖြစ်နေခြင်းမှာလည်း ဓလေ့ထုံးတမ်းအရဖြစ်သည်။

သို့သော် သူ့အဘိုး၏ အပြုအမူများကို သူမနှစ်မြို့။ သူ့အဘိုးကို သူမုန်းသည်။ သူ့အဘိုးသည် သူ့အမေ၏ ကာမပိုင်သာ မဟုတ်၊ တစ်ပြိုင်တည်းမှာပင် အခြားသော ချွေးမနှစ်ဦး၏ ကာမပိုင်လည်းဖြစ်ပေသည်။

ဘောင်ယိန်းသည် အဘိုးကို မုန်းမိသော်လည်း မိခင်ကိုကား မမုန်းနိုင်။ သို့သော် စိတ်ထဲမှ မကျေနပ်။ တစ်ခုခု ပြောချင်သည်။ ဘာပြောရမှန်းမသိ။ တစ်ချိန်တည်းမှာပင် သူသည် မိခင်ကို ဘာမှမပြောချင်။ တွေ့လည်းမတွေ့ချင်။ ထိုမျှသာမက ဘယ်သူနှင့်မှလည်း မပြောချင်။ ဘယ်သူနှင့်မှလည်း မတွေ့ချင်။

သို့ဖြင့် သူသည် ထိုအရပ်မှ ဖယ်ကြဉ်ခဲ့သည်။ သို့သော် ထိုနေရာတွင် လူများများ မရှိတော့။ ကိုယ့်အိမ်ကိုယ် ပြန်ကုန်ကြပြီဖြစ်သည်။ ဝိုင်းဖွဲ့၍စကားပြောနေကြသော လူကြီးသုံးလေးယောက်နှင့် ကလေးများသာ ကျန်တော့သည်။ ဘယ်သူတွေ ဘယ်အချိန်က ပြန်ကုန်ကြသည်ကို သူအမှုမထားလိုက်မိ။ ဘယ်သူတွေက သူ့ကို ဘာတွေပြောသွားမှန်းလဲ သူမမှတ်မိ။ အထူးသဖြင့် ဇုန်းမြော်နန် ဘယ်အချိန်က ပျောက်သွားသည်ကို သူမသိလိုက်။ မိခင်နှင့်စပ်လျဉ်းသည်ကို ကြားရသည့်အချိန်မှစ၍ ဇုန်းမြော်နန်ကို သူမေ့နေခဲ့သည်။ ယခုသတိရသောအခါ သူ့အပါးမှာ ဇုန်းမြော်နန် မရှိတော့။ သို့သော် သူသည် ဇုန်းမြော်နန်နှင့်လည်း တွေ့လို ပြောလိုခြင်း မရှိသဖြင့် ချက်ချင်းပင် သူမကို ခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် သူ့အဘိုးနှင့် သူ့ဒေါ်လေးကို မြင်ရသည်။ အဘိုးကို ဒေါ်လေးက အိမ်သို့ တွဲခေါ်သွင်းနေခြင်းဖြစ်သည်။ ဤတွင်မှ သူသတိရသည်။ အိမ်ဘက်သို့ သူဦးတည်နေသည်။ သူ့ခြေလှမ်းများ တုံ့နေးသွားသည်။ အိမ်သို့ သူမသွားချင်။ မိခင်နှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးနေသည်။ မျက်နှာ ဘယ်လိုထားရမည်မသိ။ စကားဘယ်သို့ပြောရမည်မသိ။

သို့ဖြင့် သူလမ်းကြောင်းပြောင်းသည်။ ချောင်းဘက်သို့ သွားသည်။ ချောင်းကမ်းမတ်စောက်ရာသို့ ဦးတည်သည်။ ထိုနေရာသည် သူသွားနေကျ။ လူရှင်းသည်။ အေးဆေးသည်။ အဆင်းအတက်ခက်၍ ဤသို့အလာနည်းကြသည်။ ပြေလျှောသော လမ်းကြောင်းကိုသာ လူသုံးများသည်။ ထိုတွင် ရေခပ်ကြသည်။ ထိုတွင် ကူးဖြတ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မြင့်မားသော ကမ်းထက်တွင် သစ်ဝါပင်ကြီးတစ်ပင် ရှိသည်။ ကမ်းအစပ်တွင် တဲတဲကလေး ရှိနေသည့် အမြစ်များပင် ပေါ်နေပြီဖြစ်သည်။ ရက်ပိုင်းအတွင်းမှာပင် ချောင်းထဲသို့ ပြိုလဲကျသွားမည်ကဲ့သို့ ရှိသည်။ သို့ရာတွင် ယင်းအနေအထားအတိုင်း ယင်းသစ်ပင်ကြီး တည်ရှိနေခဲ့သည်မှာ ဘောင်ယိန်းတို့ ငယ်စဉ်ကတည်းကပင် ဖြစ်သည်။

ဘောင်ယိန်းသည် တောလိုက်၍နေချင်နေ၊ မနေလျှင် အုပ်ဖွဲ့၍ ကခုန်သီဆိုနေတတ်သည်။ ထိုသို့ မဟုတ်သော အခါများတွင်ကား ဤသစ်ပင်ကြီးအောက်တွင် တစ်ယောက်တည်း ရှိတတ်သည်။ သစ်ဝါပင်ကြီးသည် သီးခြင်း၊ ပွင့်ခြင်း မရှိသော်လည်း ကြံ့ခိုင်ခြင်းကားရှိသည်။ ဘောင်ယိန်းသည် ဤသစ်ပင်ကြီးကို သူ၏ မိတ်ကောင်းတစ်ဦးဟု မှတ်ယူထားသည်။

သို့ဖြင့် ယခုကဲ့သို့စိတ်မတည်ငြိမ် ရှိသောအခါတွင် သူသည် ဤသစ်ပင်ကြီးကိုပင် အမှတ်ရခဲ့သည်။ သစ်ပင်ကြီးကို နင်းပွင့်များအလယ်တွင် မှိုင်းညို့ညို့ မြင်တွေ့ရသောအခါ သူ့ခြေလှမ်းများအလိုလို သွက်လာသည်။ သစ်ဝါပင်ကြီးသည် အကိုင်းအခက်များ ဝေဆာခြင်းမရှိဘဲ လုံးထီးထီး ရပ်နေသည်။ အနီးသို့ ရောက်သွားသောအခါ ဝါကျင်သော ပင်စည်ကို တွေ့ရသည်။ အပွေးအခေါက်များမရှိဘဲ ပြောင်ချောလျက်ရှိသည်။ ပင်စည်ရင်းတစ်နေရာသည် ပိုမိုချောမွတ်နေသည်။ ဘောင်ယိန်းသည် ကြိမ်ခါပေါင်းများစွာ ကျောမှီထားသောကြောင့် ဖြစ်သည်။ ကြီးမားသော အမြစ်ဆုံကြီးသည်လည်း သူထိုင်ဖန်များ၍ အနည်းငယ်မျှ ချိုင့်ဝင်နေဟန်ရှိသည်။

ဘောင်ယိန်းသည် ရုတ်တရက် မထိုင်သေးဘဲ ရွာဘက်သို့ပြန်စောင်းကြည့်နေသည်။ ရွာကိုရေးရေးမြင်ရသည်။ အားလုံး ငြိမ်နေသည်။ အားလုံး တိတ်နေသည်။ ရွာသည် လွန်လေပြီးသော နေ့ရက်များနှင့် မည်သို့မျှ မခြားနားသကဲ့သို့ ရှိသည်။

ခေါင်းကို ခပ်လေးလေး ယမ်းခါလိုက်ပြီး အမြစ်ဆုံပေါ်တွင် ဘောင်ယိန်းထိုင်ချလိုက်သည်။ အောက်ဘက်သို့ ငုံ့ကြည့်သည်။ ချောင်းကိုမမြင်ရ။ ငွေသားပြင်ကြီးက ပိတ်ဆို့ဖုံးကာထားသည်။ ချောက်ကမ်းနှင့် တပြေးညီတည်းဖြစ်သည်။ အောက်ဘက်တွင် ချောင်းတစ်ခုရှိသည်ဆိုခြင်းကို သံသယဝင်နိုင်သည်။ ရေစီးသံမကြားရ။ နောင်ယောခသည် အင်ရှောင်ခနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အရွေ့အလျော ညင်သာလှသည်။ တစ်ခါတစ်ခါတွင်မူ စီးဆင်းနေသောချောင်းဟုပင် မထင်ရဘဲ အလျားရှည်သော အင်းမြှောင်တစ်ခုဟု အောက်မေ့ရသည်။

ဘောင်ယိန်းသည် ဤချောင်းအနီးတွင် မွေးဖွားခြင်းခံခဲ့ရသောလည်း သူ့ဘဝမှာမူ ဤချောင်းနှင့် ခြားနားလှသည်။ သူ့ဘဝတွင် ညီညာပြန့်ပြူးသည့်အခါကာလ ဟူ၍ မရှိသလောက်ဖြစ်သည်။ အမှန်တော့ သူ့ဘဝကို အင်ရှောင်ခနှင့် ပမာပြုရမည်။ ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်း၊ တိုက်ခိုက်ခြင်းတို့သာလျှင် သူ့ဘဝဖြစ်သည်။

သူ့အဖေသေစဉ်က သူငယ်လှပေသေးသည်။ ပြေးလွှားခါစ အရွယ်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး အပွန်းအပဲ့နှင့်ချည်း ဖြစ်သည်။ သို့သော် သူသိတတ်နေပြီဖြစ်သည်။ သူ့အဖေမရှိတော့သည်ကို သူသိသည်။ ဓလေ့ထုံးအရသူ့အမေကို သူ့ဦးကြီးက လက်ဝယ်ရယူသည်ကိုလည်း သူသိသည်။ သည့်နောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားမည်များကို သူပို၍ ထင်ထင်လင်းလင်းသိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူ့အမေ နောက်ထပ်ကလေး မွေးသည်။ ထိုကလေးသည် သူ့အမေ၏နို့ကို စို့သည်။ သို့သော် ထိုကလေးသည် သူ့အဖေ၏ကလေး မဟုတ်။ သူ့ဦးကြီး၏ ကလေးသာ ဖြစ်သည်။ သူ့ဦးကြီးတွင် သည့်အရင်က မိန်းမရှိသည်။ သည့်အရင်က ကလေးတွေရှိသည်။ နောက် သူ့ဦးကြီး သေသည်။ ထိုအခါ သူ့ဦးလေးက မရီးနှစ်ယောက်ကို လက်ဝယ်ရယူသည်။ သူ့တွင် အရင်မိန်းမနှင့် ကလေးတွေရှိပြီး ဖြစ်သည်။ ထို့နောက် ကလေးတွေ မွေးကြပြန်သည်။ တစ်ဖန် သူ့ဦးလေး သေပြန်သည်။ သည်အခါတွင် သူ့အဘိုးက ချွေးမသုံးယောက်စလုံးကို ရယူသည်။

ယခင်က အပြင်တွင် ကျက်စားနေထိုင်လေ့ရှိသော အဘိုးသည် သားအငယ်ဆုံးသောအခါ အိမ်တွင်းတွင်သာ လှည့်လည်နေထိုင်တော့သည်။ မိန်းမငယ်သုံးဦးနှင့် အလွန်အမင်းလုံးထွေးနေထိုင်သည်။ သည်တော့ အဘွားမျက်နှာမသာ။ မိန်းမငယ်သုံးယောက် ကျုံ့ယုံ့သည်။ ကလေးတစ်ယောက်စီ ထပ်မံမွေးဖွားကြသည်။ သူ့တို့အိမ်တွင် လူတွေ ပြွတ်သိပ်နေတော့သည်။ ဘုစုခရုတွေများပြီး အလုပ်လုပ်နိုင်သူနည်းသဖြင့် စားသောက်နေထိုင်မှု ကျဉ်းကျပ်လာသည်။ ဦးကြီး၏ သမီးနှစ်ယောက်အရွယ် ရောက်သည်နှင့် အိမ်ထောင်ပြုသွားကြသည်။ မိန်းမငယ်သုံးယောက် ပင်ပန်းကြသည်။ တောင်ယာအလုပ်၊ အိမ်အလုပ်ဖြင့် လက်မလည်နိုင် ရှိကြသည်။ အဘွားလည်း အိုကြီးရွယ်မားနှင့် မနားမနေ လုပ်ရသည်။ ဘောင်ယိန်း၏ အစ်မလည်း အိမ်ထောင်ကျပြီး အိမ်မှ ပြောင်းရွှေ့သွားသည်။

ယင်းသို့ မိန်းကလေးသုံးယောက် အိမ်ထောင်ကျပြီး အိမ်မှ ထွက်သွားကြသည့်တိုင် သူတို့အိမ်တွင်လူတွေ များလှပေသေးသည်။ ပျားအုံကြီးနှင့် တူသည်။ ဘောင်ယိန်းအပါအဝင် ကလေးလူကြီး (၁၇)ယောက် ရှိသည်။ ဤသည်ပင်လျှင် မိန်းမငယ်များ နောက်ထပ်ကလေး မရကြတော့၍ ဖြစ်သည်။ သူ့အဘိုးသည် နောက်ပိုင်းတွင် ယုပစ်သလို အားအင်ချည့်နဲ့သွားသည်။ မိန်းမငယ်များနှင့် မရောယှက်တော့။ ခေါင်းရည်သောက်သည်။ ဘိန်းနှင့် ပေါင်းဖက်သည်။

သည်တော့လည်း မိန်းမငယ်တို့တွင် ပြဿနာများပေါ်လာသည်။ သူတို့၏ နောက်ဆုံးကလေးငယ်များ လမ်းလျှောက်တတ်သည့်အရွယ်၊ စကားပြောတတ်သည့် အရွယ်များသို့ ရောက်လာသောအခါ သူတို့၏ကိုယ်ခန္ဓာများ အတန်ငယ်ပြန်လည်ဖွံ့ဖြိုးလာကြသည်။ ယောက္ခမကြီးသည် သူ့ဘာသာသူ နေချေပြီဖြစ်၍ သူတို့၏အသားအရည်များ စိုပြည်လာကြသည်။ ပထမဆုံးပြဿနာပေါ်သူမှာ ဦးလေး၏မိန်းမ ဖြစ်သည်။ သူမက သူတို့သုံးယောက်တွင် အငယ်ဆုံးနှင့် အလှဆုံးဖြစ်သည်။ တောင်ယာပွဲတစ်ခုတွင် ယောကျ်ားတစ်ဦးနှင့် မှားယွင်းသည်။

ထိုအခါအဘိုးက ထိုယောကျ်ားထံမှ လျော်ကြေးတောင်းခဲ့သည်။ ထို့နောက် ဦးကြီး၏မိန်းမက ပြဿနာ ပေါ်ပြန်သည်။ လျော်ကြေး တောင်းပြန်သည်။ ထို့နောက် ဦးလေး၏မိန်းမက တစ်ကြော့ပြန်သည်။

ထိုအထိ ဘောင်ယိန်း၏ မိခင်သည် တည်ငြိမ်အေးဆေးစွာ နေပါသည်။ သူမ၏ဘဝကို ကျေနပ်ဟန် မရှိသော်လည်း ထိန်းချုပ်ခြင်းရှိခဲ့သည်။ ယင်းကြောင့်မူ မည်သူတွေမည်သို့ရှိစေ သူ့မိခင် လုပ်ရပ်အနေနှင့်မူ ပြဿနာပေါ်ချေမည် မဟုတ်ဟု ဘောင်ယိန်းမှတ်ယူခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခုမူ မမျှော်လင့်ဘဲနှင့် ရုတ်တရက် ကြားရချေပြီ။ သူ့အမေ၊ သူ့အဘိုးနှင့် ကြားလူတစ်ယောက်၊ ပြီးတော့ လျော်ကြေး။

သည်ပြဿနာတွင် သူမည်သို့ ကြားဝင်ရမည်နည်း။ သို့မဟုတ် မည်သို့ ရှောင်ရှားရမည်နည်း။

အရင်အခါများကမူ သူကြားရှောင်ခဲ့သည်။ မသိဟန်ပြုသည်။ မဝင်စားဟန်ပြုသည်။ ပွတ်သိပ်ယောက်ယက်နေသော အိမ်တွင် နေထိုင်ခြင်းကို တတ်နိုင်သမျှ ရှောင်သည်။ မုဆိုးကြီး ဂလောင်ချန်းခေါ်နှင့် လိုက်ပါပြီး တောလည်သည်။ တောင်ကူးသည်။ ငယ်ရွယ်သူချင်းဝိုင်းဖွဲ့၍ တေးဆိုသည်။ ကခုန်သည်။ ထိုသည်တို့မှ အပတွင်မူ ဤနေရာ၌သာ။

ခုမူ ခက်သည်။ မသိဟန်ပြုသော်လည်း ရင်နာသည်။ မဝင်စားဟန်ပြုသော်လည်း အတွေးနောက်သည်။

"အေး ငါထင်သားပဲ၊ နင် ဒီမှာပဲလို့"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် သူလန့်သွားသည်။ ပြီးမှ ဖုန်းမြော်နန်မှန်းသိ၍ သက်ပြင်းချသည်။ သူ့အနီးတွင်ကပ်၍ အမျိုးသမီးထိုင်သည်။ တစ်ဖက်သို့ သူတိုးပေးသည်။ နှစ်ယောက် ကျဉ်းကျဉ်းကျပ်ကျပ် ထိုင်ရသည်။ ထိုင်နေကျ။

"ငါအခုပဲ ပြန်လာမယ်ပြောတာ နင်မစောင့်ပါလား"

အမျိုးသမီးက စကားစသည်။

"ဘယ်တုန်းကလဲ"
"စောစောကလေ"
"ငါမသိဘူး"
"ငါပြန်လာတော့ နင်မရှိဘူး"

သူက ဘာမှ ပြန်မပြော။

"နင်တို့အိမ် ငါသွားတယ်"

သူ လှုပ်ရှားသွားသည်။

"နင့်အမေ ငိုနေတယ်"
"ငါ ဘာလုပ်ရမလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

ပြန်းကနဲ သူမေးသည်။ သည်တော့ အမျိုးသမီးက မဖြေနိုင်။ ခပ်မဆိတ်ရှိနေကြသည်။ အလင်းရောင်အား လျော့ပါးသည်ထက် လျော့ပါးလာသည်။ အဖြူများ မှိုင်းလာသည်။ လရောင် မထွန်းသေး။

"ခါတိုင်းလိုပဲနေပေါ့။ နင် ဘာတတ်နိုင်မလဲ"
"ငါစိတ်မကောင်းဘူး"
"ဒီလိုပဲ ဖြစ်ကြတာပဲ"

ဇုန်းမြော်နန်က တိုးတိုးဆိုသည်။

"ငါ့အဖေသေတုန်းက ငါငယ်သေးလို့ပဲ။ နို့မဟုတ်ရင် ငါ့အစ်မလိုပဲ ငါ့အမေကိုလည်း ငါရွေးပါတယ်"
"ဒါပေမဲ့ နတ်မကြိုက်လို့ နင့်အစ်မ သေသွားရတယ် မဟုတ်လား"
"ဘာဆိုင်သလဲ။ ငါ့အစ်မသေရတာက နတ်မကြိုက်လို့မဟုတ်ဘူး။ သူတို့ကြောင့်ပဲ။ သူတို့ဆီမှာ ငါ့အစ်မ ဘယ်လောက် အလုပ်လုပ်ရသလဲ။ ကျွန်ဆယ်ယောက်လောက် လုပ်ရတဲ့အလုပ်မျိုးကို ငါ့အစ်မ တစ်ယောက်တည်း လုပ်ရတယ်။ ငါ့အစ်မက သဘောကောင်းတယ်။ ဘယ်တော့မှ မခိုမကပ်ဘူး။ ဒါကြောင့် ငါ့အစ်မ သေရတာ"

သူအသံ မာကျောသည်။ သူပြောပုံ နာကြည်းသည်။ သူ့အစ်မ၏ ဆင်းရဲဒုက္ခမှုများကို ယခုပင် မြင်ယောင်လာဟန် ရှိသည်။ ဟုတ်သည်။ သူ့အစ်မသည် ယောက္ခမအိမ်တွင် ပင်ပန်းဆင်းရဲစွာ လုပ်ရသည်။ လုပ်သူနည်း၍ စားသူများသောကြောင့်ဖြစ်သည်။ ယောကျ်ား သေဆုံးသောအခါတွင်လည်း သူ့အစ်မသည် ထိုတာဝန်များကိုပင် ဆက်လက်ထမ်းဆောင်ရမည် ရှိသည်။ ယောက္ခမကို လင်ပြုရမည် ရှိသည်။ ထိုအခါတွင် ဘောင်ယိန်း သည်းမခံနိုင်တော့။ သူ့အစ်မ၏ဒုက္ခကို သူမြင်ပြီးဖြစ်သည်။ သူ့အစ်ကိုတော့ ထိုသို့ မဖြစ်စေချင်။ ထို့ကြောင့် လက်ထပ်စဉ်က ရယူထားသော မင်္ဂလာလက်ဆောင်များကို ပြန်လျော်၍ သူ့အစ်မကို ပြန်ခေါ်သည်။

သို့သော် အားလုံးအံ့သည်။ အထူးအဆန်းပြုသည်ဟု ဆိုကြသည်။ ကျဲတွေ နွားတွေမောင်းတွေကို အလကား ဖြုန်းတီးပစ်သည်ဟု ဝေဖန်ကြသည်။ သို့သော် ဘောင်ယိန်း ဖွတ်ပြုသည်။ သူတောလိုက်ပြီး စုထားသော ပစ္စည်းများကို လျော်ကြေးပြု၍ အစ်မကို ရွေးယူသည်။ ထိုရက်က သူ့အစ်မ ဝမ်းသာသည်မျိုး သူတစ်ခါမျှ မမြင်ဖူးဘူး။ ယင်းတစေ သူ့အစ်မသည် ကံမကောင်းရှာ။ အိမ်ပြန်ရောက်၍ သုံးလေးလအကြာတွင် တရှောင်တရှောင်နှင့် သေဆုံးသွားရသည်။ သည်တော့ နတ်မကြိုက်၍ဟု ပြောကြသည်။ ဘောင်ယိန်း ဘာမှ မပြော။ သူ့အဖို့မူ ကြေကွဲရခြင်း၊ မကျေမချမ်း ဖြစ်ရခြင်း၊ သူ့တွင် ရှိသောပစ္စည်းများ ကုန်ဆုံးသွားရခြင်းအတွက် သူ အလျှင်းမနမြော။ ထို့ကြောင့်ပင် သူသည် သူ့အမေကိုလည်း ပြန်လည် ရွေးယူမည်ဟု ပြောသေးသည်။ ဤတွင် အမေက သူမအနေနှင့် အရွယ်လွန်ပြီဖြစ်ကြောင်း၊ သည်အချိန်ကျမှ မထူးတော့ကြောင်း ဆိုသည်။

"ဒါပေမဲ့ ငါ့အမေကို ငါရွေးဖို့ ပြောပါသေးတယ်။ သူက သဘောမတူဘူး။ သူကြီးပြီတဲ့"

"ငါနားမလည်ဘူး ဘောင်ယိန်း။ နင်ဘာတွေ စဉ်းစားနေတာလဲ။ ဒါတွေဟာ ငါတို့ရဲ့ ဓလေ့ထုံးတမ်းတွေပဲ။ ငါတို့ရဲ့ ဘေးတွေ ဘိုးတွေဟာ ဒီအတိုင်းပဲ လုပ်ခဲ့ကြတယ်။ ငါတို့ ကျတော့လည်း ဒီလိုပဲ လုပ်ရမှာပဲ"

ထိုအခါ ဘောင်ယိန်း ဆတ်ခနဲ လှုပ်ရှားလိုက်ပြီး...

"နင်သေသေချာချာ စဉ်းစားစမ်း ဇုန်းမြော်နန်။ နင် ငါ့ကို ယူပြီထား။ ငါသေပြီထား။ ငါ့ညီတွေလည်း တစ်ယောက်မှ အရွယ်မရောက်သေးတော့ နင်ငါ့အဘိုးကိုပဲ ယူရမှာပဲ။ နင်ယူချင်မလား။ အေး နင်ယူပြီထား။ နင်ပျော်မလား"

ဇုန်းမြော်နန် မဖြေ။ နောင်ယောချောင်းကဲ့သို့ ငြိမ်သက်နေသည်။

နေအရောင် လုံးဝပျောက်ကွယ်ပြီ ဖြစ်၏။ ညအရောင်မရှိ၊ ကြယ်မပေါ် လမသာနှင့်။ နှင်းများသည်။ မှောင်မိုက်ခြင်းနှင့် အေးခိုက်ခြင်း လွှမ်းကဲလာသည်။ တစ်ယောက်ကိုပင် တစ်ယောက်မမြင်ရ။ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်နေသည်ဟုလည်း မထင်ရ။ နှစ်ယောက်စလုံး၏ အသားများ အေးစက်နေသည်။

ထိုအခါ ဇုန်းမြော်နန် အားငယ်ခြင်း ရှိလာသည်။ ဘောင်ယိန်းကို ဆွဲလှုပ်လျက်...

"ဒါဖြင့် နင် ငါ့ကို မယူတော့ဘူးလား"

## အခန်း -၇၁-

ရွာကလူများ ပြောကြသည်မှာ မှန်ပေသည်။ နောက်ရက်များတွင် နှင်းအကျ ပိုကြမ်းလာသည်။ နှင်းကျရုံဆို အရေးမကြီး။ လေပါသည်က ပြဿနာ။ နှင်းမုန်တိုင်းသည် လူသူတိရစ္ဆာန်များကို ချေမှုန်းဝါးစားတတ်သည်။ နှင်းမုန်တိုင်းတွင် အစအမှုန့် ရှာမရခဲ့သူများ များလှပြီ။ နောက်ဆုံးတွင် ဘောင်ယိန်းနှင့် ဂလောင်းချန်းခေါတို့သည် သဘာဝကို အရှုံးပေးလိုက်ကြရသည်။

ဘောင်ယိန်းသည် လူငယ်ဖြစ်၍ မထောင်းတာလှသော်လည်း အသက်အရွယ်ကြီးရင့်၍ အသားအရေများ ပါးလုပ်ကြုံလှီစပြုနေပြီဖြစ်သော ဂလောင်းချန်းခေါအဖို့ အတော်ကြီး ခိုက်နေပြီဖြစ်သည်။

"ငါ့အရိုးတွေ ကွဲကုန်ပြီ အေး"

ပထမတွင် အဘိုးကြီး ဘာပြောသည်ကို ဘောင်ယိန်း နားမလည်လိုက်။ လေထန်နေ၍ ဖြစ်၏။ နှင့်ပွင့်ချင်းချင်း ထိခိုက်သံညံနေ၍ ဖြစ်သည်။ သူ့နားများလည်း အူနေသည်။ နောက်ပြီး ဂလောင်းချန်းခေါ ပြောသည်ကလည်း ပီသခြင်းမရှိ။ ကျယ်လောင်ခြင်းမရှိ။ ဗလုံးဗထွေးအာလုပ်သံနှင့် ဖြစ်သည်။ သူတို့သည် ပါးစပ်ကို ပွင့်ပွင့်မဟရဲကြ။ ပါးစပ်ထဲတွင် နှင်းများ ပြည့်ခဲသွားမည် စိုးရသည်။ ထို့ကြောင့် နှုတ်မပွင့်တပွင့်နှင့် ပြောရသည်။ ဘောင်ယိန်းသည် အဘိုးကြီး ဘာဆိုလိုသည်ကို အတော်ကြာ စဉ်းစားယူရသည်။

ဆိုလိုရင်းကို နားလည်သောအခါတွင် စိတ်တွင် ထိခိုက်သွားသည်။ သည်အဘိုးကြီးပါးစပ်မှ သည်စကားမျိုး ပထမဆုံးကြားရ၍ ဖြစ်သည်။ ထိခိုက်ခြင်းနှင့်အတူ အံ့သြခြင်းနှင့်အတူ ဖြစ်ရသည်။

ဂလောင်းချန်းခေါ် အကြောင်းကို သူ့သာမဟုတ်၊ အားလုံးသိကြသည်။ သည်အဘိုးကြီး အင်မတန်ပေသည်။ ငယ်စဉ်ကတည်းက ဖြစ်သည်။ လူတကာ အံ့ရသည်။ သောက်နိုင်သည်။ သွားနိုင်သည်။ ဘယ်တောမှ မကြောက်။ ဘယ်တောင်မှ မကြောက်။ မိုးကိုလည်း မဖြို။ နှင်းကိုလည်း မဖြို။ တစ်ကြိမ်တစ်ခါမျှ ညည်းတွားဖူးသည်မရှိ။

ယခုမှ အဘိုးကြီးက အရိုးတွေ ကွဲကုန်ပြီဟု ဆိုနေသည်။ သည်အတွက် သူစိတ်မကောင်း။ သူ့တာဝန်လုံးဝ ဖြစ်နေသည်။ သည်အဘိုးကြီးကို သူ ဖွတ်ခေါ်လာခြင်းဖြစ်သည်။ သည်လို ရာသီဥတုမျိုးတွင် ဖရောဘွန်းကို မတက်သင့်ဟု အားလုံးက ဆိုကြသည်။ သုံးလေးရက်မျှ စောင့်သင့်သည်ဟု အကြံပေးကြသည်။ တစ်ရွာလုံးလောက်ကပင် သူတို့ကို တားကြသည်မရ။

အမှန်တော့ ဂလောင်းချန်းခေါ် ကိုယ်နိုက်ကပင် မသွားသင့်ဟု ယူဆသည်။ ဘောင်ယိန်းကို ဖျောင်းဖျသည်။ သို့သော်ဘောင်ယိန်း မနာယူ။ သူ့ကို မကူညီချင်၍လော၊ ကြောက်တတ်လာ၍လောဟု စွပ်စွဲသည်။ သည်တွင် မတတ်သာ၍ အဘိုးကြီး လိုက်ပါလာရသည်။ အဘိုးကြီးသည် သူ့အပေါ်တွင် သံယောဇဉ် ကြီးမားလှသည်။ သည်သူငယ်သည် သူနှင့် အများကြီးတူသည်၊ သူ့ထက် သာလွန်သည်ဟု ကြွားဝါပြောဆိုလေ့ ရှိသည်။ သည်သူငယ်နှင့် ပတ်သက်လျှင် ဘာမဆို သူလုပ်ရန် အသင့်ရှိသည်။ နောက်ပြီး သူ့ကို ကြောက်တတ်လာပြီ ဆိုခြင်းကိုလည်း သူ နည်းနည်းမှ မခံနိုင်။

သို့ဖြင့် သူတို့နှစ်ဦး နှင်းမုန်တိုင်းကြားတွင် ဖရောဘွန်းကို တက်ခဲ့ကြခြင်းဖြစ်သည်။

ရွာမှ အထွက်တွင် သူတို့ သတင်းကိုကြား၍ ဖုန်းမြော်နန် ပြေးလာသည်။ ခရီးမဆက်ရန် ငိုယိုတောင်းပန်သည်။ သို့သော် ဘောင်ယိန်းသည် ယိမ်းယိုင်ခြင်း မရှိ။ သူမကို ရယူရန်အတွက် မင်္ဂလာကြေးအတွက် သက်သက်သွားခြင်းဆိုလျှင်တော့ ဖုန်မြော်နန်မရမက တားသည်။ မလွှတ်တမ်း ဖက်ထားမည်။ တရွတ်တိုက် လိုက်မည်။ သို့သော် ယခုမူ ဘောင်ယိန်းသည် သာမာန်တောလိုက်ခြင်း ပြဿနာ၊ မင်္ဂလာကြေးပြဿနာတို့အပြင် မချိတင်ကဲဖြစ်နေသော သူ၏ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုက ရှိနေပေသည်။ သူသည် ဤအခိုက်အတန့်အတွင်း ရွာတွင် နေလိုဟန်မရှိချေ။ သူ့မိခင်နှင့်သော် လည်းကောင်း၊ အခြားသူများနှင့်သော် လည်းကောင်း ရင်ဆိုင်ရန် ဝန်လေးနေသည်။ ယင်းကြောင့်ပင် ယမန်နေ့ညက သူမ အတန်တန် တောင်းပန်ပြောဆိုသည့်ကြားမှပင် သူသည် အိမ်သို့မပြန်ဘဲရှိသည်။ အများစုနှင့် ခပ်လှမ်းလှမ်းတွင် အထီးတည်းရှိနေသော ဂလောင်းချန်းခေါ်၏အိမ်သို့ သွားသည်။

ဂလောင်းချန်းခေါ်၏ အိမ်သည် သူများလို တောင်ယံမြင့်မြင့် ကုန်းမြေကောင်းကောင်းတွင် မတည်ရှိဘဲ တစ်ဖက်ချောက်ထဲတွင်ဆင်း၍ ဆောက်ထားသည်။ သူ့အိမ်ဘက်သို့ လူအသွားအလာ နည်းသည်။ ချောင်းသို့ ဆင်းလျှင်လည်းလမ်းမသင့်။ တောင်ယာသို့ သွားလျှင်လည်း လမ်းမသင့်။ အခြားရွာများသို့ ကူးရန်လည်း လမ်းမသင့်။ တမင်တကာသွားမှပင် ရောက်ကြရသည်။ သူ့ထံသို့ တကူးတကသွားကြသူများမှာလည်း လူငယ်အချို့နှင့် တရုတ်ကုန်သည်များသာဖြစ်ကြသည်။ ရွာရှိ

MMCYBERMEDIA
COMMUNITY FOR ALL

လူကြီးများသည် သူနှင့် အစေးမကပ်လှ။ တစ်ဘာသာစီဖြစ်သည်။ လူငယ်များအဖို့မူ ဤအဘိုးကြီးသည် စိတ်လန်းဆတ်ဖွယ် စိတ်တက်ကြွဖွယ်ရာ တောင်ယာခင်းကြီး တစ်ခုဖြစ်သည်။

အဖြစ်မှန်တွင်မူ ဂလောင်းချန်းခေါ်၏ တဲပတ်လည်တွင် လူသားတို့ကို အားသစ်စေသော ကောင်းပင်များ ယိမ်းနွဲ့နေခြင်းမရှိ။ လူသားတို့ကိုအားပျော့စေသော ဘိန်းခင်းကြီးသာရှိတတ်သည်။

ထိုဘိန်းခင်းကြီးများရှိ၍လည်း တရုတ်ကုန်သည်များ လာရောက်ကြခြင်းဖြစ်သည်။ သို့သော် အံ့သြစရာကောင်းသည်မှာ ဤအဘိုးကြီးသည် ဘိန်းကို ရောင်းချသည်မှအပ ကိုယ်တိုင်အသုံးပြုသည် မရှိ။ ဤအချက်ကပင် သူနှင့်အခြားလူကြီးများ သဘောစရိုက် မတူညီခြင်း ဖြစ်သည်။ သူ့ထံသို့ လာရောက်ကြသော လူငယ်များသည်လည်း ဘိန်းကို ရှောင်ကြဉ်ကြသည်။ ထိုအထဲတွင် ဘောင်ယိန်းပါဝင်သည်။

ဘောင်ယိန်းသည် ဂလောင်ချန်းခေါ်ထံမှ တောလိုက်ခြင်းအတတ်နှင့် တိုက်ခိုက်ခြင်း အတတ်ပညာကို ဆည်းပူးရရှိသည်။ယင်းမျှမက ထူးဆန်းသောအကြောင်းအရာများ ကြားသိရသည်။ အံ့ရသည်။ အတွေးလှုပ်ရသည်။ ဤဘိုးကြီးသည် ဝေးလံသောအရပ်များသို့ ရောက်ဖူးသည်။ ထူးဆန်းသော အကြောင်းအရာများကို တွေ့ကြုံဖူးသည်။ ထိုသည်တို့ကို ကြားရသောအခါ ဘောင်ယိန်း၏အတွေးအမြင်များ တစ်နည်းတစ်ဖုံပြောင်းရသည်။ ရံခါတွင် သူတို့နှစ်ဦး အယူအဖြတ်ချင်း မညီညွှတ်သဖြင့် ငြင်းခုံကြရသည်။ သို့သော် သူတို့နှစ်ဦးသည် လမ်းခွဲခြင်းမပြုဘဲ ပို၍ပင် ကျောကပ်ရင်ကပ် ဖြစ်လာသည်။ ဘောင်ယိန်းကလည်း မသွားဘဲ မနေနိုင်။ ဂလောင်းချန်းခေါ်ကလည်း ဘောင်ယိန်းမလာသည်ကြာလျှင် လိုက်ခေါ်တတ်သည်။ အထူးသဖြင့် သူသည် အတွေးပလုံစီသော ကာလများတွင် ဤအဘိုးကြီးထံသို့ အရင်အဦး ရောက်ရှိသွားတတ်သည်သာ ဖြစ်သည်။

ယင်းကြောင့်လည်း ဘောင်ယိန်းသည် ယခုကဲ့သို့ ဂယောက်ဂယက် ဖြစ်ရသည်တွင် အောက်ချိုင့်သို့သွားကြောင်း ဖုန်းမြော်နန် နားလည်မိသည်။ နောက်ဆုံးတွင် မတားမဆီး ရှိသည်။ ဤအဘိုးကြီးနှင့် အတူရှိနေသမျှ ကာလပတ်လုံး ဘောင်ယိန်းတွင် အန္တရယ်ကင်းရှင်းသည်ဟု သူမယုံကြည်သည်။ သို့သော် သူ၏ မိခင်ထံသို့ကား သူမ၏သား အဘယ်အရပ်တွင် ရှိကြောင်း ညတွင်းချင်းပင် အကြောင်းကြားခဲ့သည်။

ဘောင်ယိန်း၏မိခင်မှာလည်း အခက်ဖြစ်နေသည်။ သားကို တွေ့လည်းတွေ့ချင်သည်။ တွေ့လည်း မတွေ့ရဲရှိသည်။ ယင်းကြောင့်ပင် ဖုန်းမြော်နန်ကိုသာ အားကိုးရသည်။ နောက်တစ်နေ့မနက်တွင် သူ့သား၏အကဲကို သွားကြည့်ရန်နှင့် ထပ်မံဖျောင်းဖျရန် မှာကြားရသည်။

ဤမနက်တွင် ဖုန်းမြော်နန်သည် အစောအစီးထ၍ ပြုဖွယ်ရာ အိမ်မှုအိမ်တာများကို အလျင်အမြန် ပြုပြီးနောက် အောက်ချိုင့်သို့ ဆင်းခဲ့သည်။ ဤမျှ ဆိုးရွားသော ရာသီဥတုမျိုးတွင် မည်သူမျှ မည်သည့်အရပ်သို့မျှ ထွက်ခွာသွားလိမ့်မည် မဟုတ်ဟု သူမ မှတ်ယူထားသည်။ သို့သော် လမ်းခရီးမှာပင် သူတို့သတင်းကို ကြားရသည်။ ယခုကလေးမှာပင် သူတို့နှစ်ယောက် ဖရောဘွန်းကိုတတ်ရန် ထွက်ခွာသွားကြပြီဖြစ်ကြောင်း သိရသည်။ သို့ဖြင့် သူမ အပြေးအလွှား လိုက်သည်။ နောင်ယောခ

သည်ဘက်အစပ်တွင် မီသည်။ သို့သော် တောင်းပန်တားမြစ်၍ မရ။ ထိုအခါ ဇုန်းမြော်နန်သည် သူ့မိခင်ကို အကြောင်းကြားရန် သတိရသည်။ နောက်ကြောင်း တုံ့၍ ခြေကုန်ပြေးသည်။

လမ်းတစ်ဝက်မှာပင် ထိုအမျိုးသမီးနှစ်ဦး တိုးမိကြသည်။ ဘောင်ယိန်း၏ မိခင်မှာလည်း သားသတင်းကိုကြား၍ ပြေးလာခြင်းဖြစ်သည်။ အမျိုးသမီးနှစ်ယောက် လိုက်ကြပြန်သည်။ ချောင်းကို ကူးဖြတ်ရသည်။ ချောင်းရေသည် အေးစက်လွန်းသဖြင့် ရွေ့လျားနိုင်ခြင်း မရှိ။ လှုပ်ရှားနိုင်ခြင်း မရှိ။ ရေပြင်သည် ပျော့ပြောင်းခြင်းမရှိဘဲ တင်းမာလျက်ရှိသည်ဟု အောက်မေ့ရသည်။ သူတို့ခြေထောက်များ ရေထဲတွင် ပြတ်ကျန်ရစ်သည်ဟု အောက်မေ့ရသည်။ သို့သော် မမှုနိုင်။ အတင်းပြေးလိုက်ရသည်။ လှမ်းမျှော်၍ မြင်နိုင်ခြင်းမရှိသော်လည်း လမ်းကြောင်းအတိုင်းမှန်းဆ၍ ပြေးသည်။ တိုက်မိသည်။ ပွန်းပဲ့သည်။ လဲကွဲသည်။

နောက်ဆုံး လိုက်မီသည်။ သားအမိနှစ်ယောက် လက်တစ်လှမ်းတကွာတွင် ရင်ဆိုင်မိကြသည်။ သူတို့နှစ်ဦးအကြားတွင် နင်းပွင့်များဖြတ်သန်းသည်။ တစ်ယောက်ကို တစ်ယောက်သဲကွဲစွာ မြင်ရသည်လား၊ မမြင်ရသည်လား မပြောတတ်။ စူးစိုက်၍ကား ကြည့်နေကြသည်။ မျက်တောင်မခတ် ရှိကြသည်။ နှုတ်မှမူ မည်သည့်စကားမျှ မပြောကြ။ မည်သို့မျှ ဟန်ပန်လှုပ်ရှားခြင်းလည်း မရှိကြ။ သူတို့ကိုယ်ပေါ်တွင် နင်းပွင့်များ ကျနေသည်။ သူတို့ တစ်ကိုယ်လုံးပင် နင်းစိုင်နင်းခဲ ဖြစ်သွားတော့မည်လားဟု ထင်ရသည်။ ဘေးမှ ရပ်ကြည့်နေကြသော ဂလောင်ချန်းခေါ်နှင့် ဇုန်းမြော်နန်တို့သည်လည်း အလားတူ တိတ်ဆိတ်ငြိမ်သက် နေကြသည်။

အတန်ငယ်ရှိမှ ဘောင်ယိန်း ဆတ်ခနဲ လှည့်၍ ခပ်သုတ်သုတ် ထွက်သွားသည်။ ဂလောင်ချန်းခေါ်လည်း အမျိုးသမီးနှစ်ဦးကို စိတ်မကောင်းဟန်ဖြင့် ကြည့်ပြီး လိုက်ပါသွားသည်။ ထိုတွင်မှ ဘောင်ယိန်း၏မိခင် လှုပ်ရှားလာသည်။ သူမ၏ကိုယ်သည် တသိမ့်သိမ့် လှုပ်လာသည်။ တမြည့်မြည့် ရှိုက်ငိုနေမှန်း ဇုန်းမြော်နန် သိသည်။ သို့သော် ဘောင်ယိန်းမိခင်သည် ဖျက်ခနဲ လန့်သွားသည်။ ဇုန်းမြော်နန်ကိုပင် မသိမမြင်ဖူးဘူးသူသို့ ကြည့်နေသည်။ ဇုန်းမြော်နန်လည်း စိုးရိမ်တကြီး လိုက်ရသည်။

အတော်ကလေး လျှောက်မိသောအခါ ဘောင်ယိန်းသည် တန့်ရပ်၍ ကြည့်သေးသည်။ သို့သော် အမျိုးသမီးနှစ်ဦး ပြေးလွှားကြသည်ကိုမူ သိနိုင်ခြင်း မရှိပေ။ နင်းများ ပိတ်ဖုံးနေသည်။ အဖြူပိန်းပိန်းကိုသာ မြင်ရသည်။ သည့်နောက်တွင်ကား ဘောင်ယိန်းသည် တုံ့ဆိုင်းခြင်းမရှိတော့ဘဲ ခရီးပြင်းနှင်သည်။ သို့သော် ရာသီဥတုဆိုးရွားမှုကြောင့် မျှော်လင့်သလောက် ခရီးမတွင်ချေ။

ထုံးစံအတိုင်းဆိုလျှင် ဖရောဘွန်းတောင်ခြေနှင့် သူတို့ရွာသည် နေ့ဝက်ခရီးသာဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ သူတို့တစ်နေ့လုံး အချိန်ဖြုန်းရသည်။ ဤသည်ပင်လျှင် သူတို့ ဖွဲ့ကောင်းလွန်း၍ ဖြစ်သည်။ အမှန်တော့ နောက်ကြောင်း ပြန်လျှင်ပြန် မပြန်လျှင် စခန်းချနေဖို့ ကောင်းသည်။ ဖရောဘွန်း အောက်ပိုင်းသို့ ရောက်သောအခါ မီးဖိုပြုသည်။ စားသောက်သည်။ ထို့နောက် နှစ်ယောက်စလုံး အိပ်မောကျသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

နောက်တစ်နေ့မနက် အစောကြီးမှာပင် ဖရောဘွန်းကို သူတို့တက်ကြသည်။ ဤလို လမျိုးတွင် ဖရောဘွန်း၏ အထက်ပိုင်း တစ်ဝက်လောက်သည်သာ ရေခဲတတ်သော်လည်း ယခုမူ တောင်ခြေမှာပင် ကွက်တိကွက်ကြား ရေခဲလျက်ရှိသည်။

ဖရောဘွန်းသည် အတက်ရခက်ခဲသော တောင်တစ်လုံးဖြစ်သည်။ မက်စောက်သောနံရံများ ရှိသည်။ ကြောက်မက်ဖွယ်ရာကောင်းသော ချောက်များရှိသည်။ ဘောင်ယိန်းတို့လို တက်နေကျသူများ အဖို့ပင် အန္တရာယ်များလှသည်။ သို့သော် တောင်ပေါ်တွင် ပြန့်ငယ်များရှိသည်။ တောင်ဆိတ်များ၊ သားမင်းများရှိသည်။ ကတိုးတို့ပေါလှသည်။ မချစ်ဥများရှိသည်။ ယင်းကြောင့် စွန့်စားတက်ရောက်ကြသည်။ သို့သော် ဤလိုရာသီဥတုမျိုးကိုတော့ ရှောင်ရှားကြသည်။

သူတို့နှစ်ယောက်သာလျှင် တောင်ဆိတ်များပမာ အနားအရပ်မရှိ တက်နေကြသည်။ ဘောင်ယိန်း၏ ရည်ရွယ်ချက်သည် တောင်ခါးလယ်လောက်တွင်ရှိသော ဆဂူးယန်သို့ အရောက်သွားရန် ဖြစ်သည်။ သို့မှသာ နောက်တစ်နေ့တွင် တောင်အထက်ပိုင်းသို့ ဆက်၍ တက်ရောက်ရန်လွယ်ကူမည်ဖြစ်သည်။

သို့သော် ဆဂူးယန်သို့ ရောက်ဖို့ မလွယ်ကူဖြစ်ရသည်။ မည်သည့်အခါကမျှ လူငယ်များနောက်တွင် ကျန်ရစ်ဖူးသည် မရှိသော ဂလောင်းချန်းခေါ်သည် ဤအကြိမ်တွင်မူ ဘောင်ယိန်းကို မီအောင်မလိုက်နိုင်ဘဲ ရှိနေသည်။ ဘောင်ယိန်းသည် စိတ်မရှည်စွာဖြင့် စောင့်ခေါ်နေရသည်။

နောက်ဆုံးတွင်မူ အဘိုးကြီးသည် "ငါ့အရိုးတွေ ကွဲကုန်ပြီ" ဟု မသက်မသာ ညည်းလာတော့သည်။ သည်တော့ ဘောင်ယိန်း စိတ်ထိခိုက်ရသည်။ သူ့ပယောဂဖြစ်၍ စိတ်မကောင်းဖြစ်ရသည်။ သူသည် သူ့အကျိုးသူကြည့်ရာ ရောက်နေသည်။ ကိုယ့်သက်သာရာ ကိုယ်ရှာသလိုသာ ဖြစ်နေသည်။ သူတစ်ပါးကို လုံးဝထည့်မတွက်ရာ ရောက်နေသည်။

ယခုလည်း ဆဂူးယန်ရောက်ဖို့ စိတ်အားသန်နေမိသဖြင့် သူတစ်ပါး အခြေအနေကို သတိမပြုမိဘဲ ရှိရသည်။ တစ်ဖက်လူက ထုတ်ဖော်ညည်းညူမှပင် သိရတော့သည်။ ထိတ်လန့်ရတော့သည်။ စိတ်မချမ်းသာ ဖြစ်ရတော့သည်။

ဂလောင်းချန်းခေါ်ကို မြင်ရသည်မှာ စိတ်မသက်သာစရာပင် ဖြစ်သည်။ တစ်ကိုယ်လုံး တုန်နေသည်။ ရေခဲများထုတက်နေသော ကျောက်တုံးကြီးတစ်တုံးကို တွက်ကပ်၍တက်နေသည်မှာ ကျားဆယ်ကောင်နှင့် သတ်ပုတ်နေသည့်ပမာ ဖြစ်သည်။ သူ့လက်ဖမိုးနှစ်ဖက်မှ အကြောများသည် တောင်တန်းကြီးများပမာ ယှဉ်ပြိုင်ခုံးထနေကြသည်။ သူ့ခြေထောက်တစ်ဖက်သည် မကွေးမညွှတ်နိုင်ဘဲ တောင့်တောင့်တန်းတန်းကြီး ဖြစ်နေသည်။ သူ့မျက်နှာတွင် အရိုးနှင့်မျက်လုံးသာရှိသည်။

ဘောင်ယိန်းသည် အဘိုးကြီးကို ခက်ခဲပင်ပန်းစွာ ဆွဲတင်ရသည်။ အဘိုးကြီး စကားမပြောနိုင်။ အသက်ကိုသာ ပြင်းပြင်းရှိုက်ချည်မှုတ်ချည် ပြုနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒါဖြင့်လည်း ကျုပ်တို့ဒီမှာပဲ နားကြတာပေါ့။ မနက်ဖြန်မှ ခရီးဆက်ကြတာပေါ့။ ဟောဒီနားမှာ ဂူတစ်ခုရှိတယ် မဟုတ်လား"

ဘောင်ယိန်းက လက်ယာဘက်သို့ လက်ညှိုးထိုးပြရင်း ပြောသည်။ အဘိုးကြီးက ခေါင်းခါပြီး လက်ဝဲဘက်သို့ ညွှန်ပြသည်။ ဘောင်ယိန်း မျက်စိလည်နေပြီဖြစ်သည်။ ထိုနေရာတွင် ကြာရှည်စွာ နားနေရန် မသင့်သဖြင့် ဘောင်ယိန်းသည် အဘိုးကြီးကို တွဲခေါ်သွားသည်။ ဤလို နှင်းမုန်တိုင်းအတွင်းဝယ် ခေတ္တမျှ ငြိမ်သက်နေမိလျှင် တစ်ကိုယ်လုံးတောင့်တင်းပြီး ကျောက်တုံးကြီးဖြစ်သွားနိုင်သည်။ အဘိုးကြီး ညွှန်ပြသည့်ဘက်မှာပင် ဂူကိုတွေ့ရသည်။

ဂူသည် ကြီးမားကျယ်ဝန်းလှခြင်း မရှိသော်လည်း နှင်းမုန်တိုင်းဒဏ်ကို ကာကွယ်နိုင်သည်။ သူတို့နှစ်ဦး နေသာသည်။ ခဏအကြာတွင် ဂူတွင်း၌ မီးရောင်လင်းလက်လာသည်။သူတို့သည် ပူနွေးခြင်း၏သဘောကို ပြန်လည်သိရှိကြရသည်။ ခေါင်းရေနှင့်အသားကင် အနည်းငယ်ကို ပေါင်းဖက်လိုက်ရပြီဖြစ်၍လည်း သူတို့ရင်များ ငြိမ်စပြုသွားသည်။

ယခုမှပင် ဂလောင်းချန်းခေါ် ခြေလက်များ လှုပ်ရှားနိုင်သည်။ မှုန်ဝါးဝါးပြုံးနိုင်သည်။ စကားပြောနိုင်သည်။

"အေး၊ စောစောကများ ငါ သေသွားသေးသလား"

"မသေပါဘူး"

"အေး သေတယ်ဆိုတာ အဲဒါမျိုးပဲထင်တယ်။ ငါ ခြေတွေလက်တွေ လှုပ်လို့မရတော့ဘူး၊ ငါ့အရိုးတွေ ကွဲကုန်တယ်၊ အသက်ရှူလို့ကို မရဘူး။ ဝလည်း မဝဘူး။ ငါတော့ သေကိုသေပြီထင်တာပဲ"

"မသေပါဘူး"

"ငါသေခါနီးပြီ"

"ရာသီဥတုက သိပ်ဆိုးတယ်။ ကျုပ်တစ်ကိုယ်လုံးလည်းယားလာတယ်။ ကျဉ်လာတယ်။ ထုံလာတယ်၊ ကျုပ်နားတွေ မကြားတော့ဘူး။ ကျုပ်မျက်လုံးတွေ မမြင်တော့ဘူး။ ဒါပေမဲ့ ကျုပ်က ကန္ဒေညဆဂူးယန်ကိုရောက်ချင်လို့ အတင်းစွတ်ပြီး သွားနေတာ။ အဘိုး ဒုက္ခရောက်နေတာကို သတိမထားမိဘူး"

"နှင်းကြမ်းလို့ချည်း မဟုတ်ပါဘူး။ အရင်တုန်းက ငါ ဒီ့ထက်ကြမ်းတဲ့ နှင်းထဲသွားခဲ့ဖူးပါတယ်။ ဒီ့ထက်ဆိုးတဲ့လမ်းကို သွားခဲ့ဖူးပါတယ်။ အခုတော့ ငါသေခါနီးပြီ။ အရင်ကလို မဟုတ်တော့ဘူး။ ဒါပေမဲ့ ငါသေမှာ မကြောက်ပါဘူး။ မနက်ဖြန်ကျရင် နင်ကြည့်နေ၊ ငါရှေ့က တက်ပြမယ်၊ နင်သာ နောက်က မီအောင်လိုက်"

ဂလောင်းချန်းခေါ် ကြုံးဝါးသည်။

သို့သော် နောက်တစ်နေ့တွင် သူတို့ ခရီးဆက်ဖြစ်ဖို့ မဆိုထားဘိ။ ဂူအပြင်ဘက်ပင် မထွက်နိုင်ကြပါ။ နှင်းမုန်တိုင်းသည် ပို၍ပြင်းထန်လာသည်။ မိုးကာလတွင် တောင်ရေကျသည့်နှယ် ဖြစ်သည်။

ဂူတွင်းမှာပင် သူတို့နေရသည်။ တစ်နေ့နှင့် တစ်ညလုံးလုံးဖြစ်သည်။ နောက်တစ်နေ့တွင် နှင်းအဆင်း လျော့နည်းသွားသော်လည်း ခရီးဆက်၍ကား မဖြစ်နိုင်သေးပေ။ အရပ်ဆယ်မျက်နှာစလုံး မှုန်ရီလျက်ပင် ရှိသေးသည်။ အရိုးများအက်ကွဲမတတ်အေးမြဲဆဲ ဖြစ်သည်။ ဖရောဘွန်းကို သည်လို ရာသီဥတုမျိုးတွင် ဖွတ်တိုး၍ တက်သွားလျှင် သေခြင်းမှအပ အခြားမရှိနိုင်။ သို့ဖြင့် သူတို့သည် ရာသီဥတု အတော်ကောင်းမွန်သည်အထိ ဤမှာပင် စခန်းချနေထိုင်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

ဘောင်ယိန်းအနေနှင့်လည်း စိတ်အတော် တည်ငြိမ်သွားပြီဖြစ်သည်။ လိုရင်းကို သူ စဉ်းစားနိုင်ပြီဖြစ်သည်။ ဤလိုရာသီဆိုးမျိုးတွင် သူတို့နှစ်ဦးဖွတ်တိုးခဲ့ခြင်းမှာ ကတိုးရဖို့ကအဓိက မဟုတ်။ အခု မရလျှင် နောက်ရနိုင်သည်။ ရွာကလူများနှင့် မျက်နှာချင်းမဆိုင်ချင်၍ ရွာတွင် မနေချင်၍ ဖွတ်ထွက်ခဲ့ခြင်းသာ ဖြစ်သည်။ ယခုရွာနှင့်ဝေးနေပြီ ဖြစ်သည်။ မည်သူနှင့်မျှ ရင်ဆိုင်စရာမရှိ။ သူတို့နှစ်ဦးသာ ရှိသည်။ ပြီးနောက် ဘယ်လောက်ကြာကြာသည်မှာပဲ နေမည်။ အခြေအနေကောင်းမှ တောင်ပေါ်ဆက်တက်မည်။ ရွှေတုံးတွေ ရှာမည်။ ယခုလို ရာသီဥတုမျိုးတွင် မည်သည့်သားကောင်ကိုမျှ အလွယ်တကူ ရှာဖွေတွေ့ရှိမည် မဟုတ်။ လုံခြုံရာတွင် ခိုအောင်းနေကြမည် ဖြစ်သည်။ သင်းတို့ ခိုအောင်းရာကိုနှင်းများ ပိတ်ဖုံးထားမည်။

ထို့ပြင် ဂလောင်ချန်းခေါ်၏ကျန်းမာရေး အခြေအနေမှာလည်း ကျေနပ်ဖွယ်ရာ မကောင်းလှ။ သုံးလေးရက်မျှ အနားယူလိုက်ဖို့ ကောင်းပေသည်။ ယင်းကြောင့်ပင် ဘောင်ယိန်းသည် ဤဂူငယ်မှာပင် စခန်းချနေရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

သို့သော် ဘောင်ယိန်းမှာမူ ဂူအပြင်ထွက်ရမည့်ကိန်း ရှိနေသည်။ အစားရေစာပြဿနာ ဖြစ်သည်။ သူတို့တွင် ခေါင်ရည်ကျည်တောက်များနှင့် ပြောင်းအတန်အတင့် ပါရှိသော်လည်း ဟင်းလျာမှု အနည်းငယ်မျှသာ ပါရှိသည်။ တောလိုက်သူများသည် အမဲသားငါး မြောက်မြားစွာ သယ်ဆောင်လာစရာ မလို။ လမ်းတွင် ရှာဖွေစားသောက်ရမည်မှာ ဓမ္မတာဖြစ်သည်။ ထင်းအလို့ငှာမူ စုပုံထားသော သစ်ခြောက်များ ဂူတွင်းမှာပင်ရှိသည်။ ရာသီဥတုကောင်းမွန်သော ကာလများတွင် သူတို့ ကြိုတင်စုဆောင်းထားခြင်း ဖြစ်သည်။ သစ်ခြောက်ပုံ သုံးပုံရှိသည်။ တစ်ပုံက သူတို့ပစ္စည်းဖြစ်သည်။ ကျန်နှစ်ပုံက အခြားသူများ၏ ပစ္စည်းများဖြစ်ကြသည်။ သူတို့တွင် စည်းရှိသည်။ ကိုယ့်ပစ္စည်းကိုသာ ကိုယ်သုံးစွဲသည်။ အခြားသူ၏ပစ္စည်းကို မျက်ကွယ်ရာမှာပင် ဖြစ်လင့်ကစား မထိ မတို့။ ဤကား သူတို့နှစ်ရှည်လများ ထိန်းသိမ်းခဲ့သော ဓလေ့ထုံးတမ်းတစ်ခု။

သို့ဖြင့် ဘောင်ယိန်း ရိက္ခာရှာဖွေရန် ထွက်ခဲ့သည်။ တစ်ယောက်တည်း ဖြစ်သည်။ ဓားတစ်စင်း၊ ဒူးလေးတစ်လက်နှင့် ဖြစ်သည်။

အခြေအနေကောင်းများ ပွင့်လင်းလာသည် ဆိုရမည်။ သူ ထွက်ခဲ့၍ ခဏအကြာမှာပင် ရုတ်တရက် လေငြိမ်သွားသည်။ မယုံကြည်နိုင်စရာ ဖြစ်သည်။ နှင်းပါးသွားသည် နေရောင်ထွင်းဖောက်လာသည်။ ရာသီဥတု ကောင်းသွားပြီဟု ယူဆရသည်။ သို့သော် စိတ်မချရ။ သည်လိုမျိုး ဖြစ်တတ်သည်။ ရုတ်တရက် ငြိမ်သွားပြီး ချက်ချင်းပြန်လည် ဆိုးရွားလာတတ်သည်။ နှင်းတွေ လေတွေလည်း မောပန်းတတ်ကြမည် မဟုတ်လား။ ခေတ္တမျှ အနားယူတတ်သည် မဟုတ်လား။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကြောင့် ဘောင်ယိန်း ရရှိသည့်အခွင့်အရေးကို အမိအရ ဆုပ်ယူရန် ပိုင်းဖြတ်လိုက်သည်။ အောက်ဘက်တွင် ပြန့်ငယ်တစ်ခုရှိသည်။ ယင်းပြန့်ငယ်တွင် သားမင်းများ ကျက်စားတတ်သည်။ ယခုလို ရာသီဥတုငြိမ်သွားသည့် အခါမျိုးတွင် သူတို့ ဝမ်းသာရွှင်လန်းစွာ ထွက်လာတတ်ကြသည်။

သားမင်းဆိုသည့်သတ္တဝါသည် လူနှင့် ထပ်တူ ပါးလုပ်ခြင်း၊ လေနှင့်ထပ်မျှ လျင်မြန်ခြင်းတို့ရှိ၍ ဖမ်းရ၊ ပစ်ရခက်ခဲသလောက် ယင်းသတ္တဝါသေဆုံးသည့်နေရာ ဝန်းကျင်တွင် အချိန်မီ ကင်ခြင်း ဖုတ်ခြင်း မပြုလုပ်လျှင် လျင်မြန်စွာ ပုပ်သိုးသွားတတ်သည့် အကျင့်ရှိသော်လည်း သည်သတ္တဝါ၏အသားမှာမူကား အံ့သြဖွယ်ကောင်းလောက်အောင်ပင် စား၍ ကောင်းလှသည်။ စားသူ၏ လျှာသည်ပင် သြဇာဓာတ်တစ်မျိုးနှင့် ပြည့်စုံသွားလေသည်လားဟု အောက်မေ့ရသည်။

ထို့အပြင် သားမင်းသည် ခက်ခဲခြင်းရှိသည်မှန်သော်လည်း အသက်အန္တရာယ်ကား ကင်းလှသည်။ ဝံများနှင့် ကွာခြားလှသည်။ ဝံက ခုခံတိုက်ခိုက်သည်။ လိုက်လံသတ်ပုတ်သည်။ အင်မတန်ဆိုးသည့် အကောင်များ ဖြစ်သည်။ သူတို့နှင့် တွေ့ရသည်ထက် ကျားနှင့် ဆင်နှင့် တွေ့ရသည်က ကောင်းသေးသည်။ ပြီးတော့ ဝံသားဆိုလျှင် ဘယ်ဝံသားမှ မကောင်း။ ဝက်ဝံသားဆိုလျှင် အဆီများလှသည်။ ကြမ်းလှသည်။ သူက အဆီမကြိုက်။ အသားကြမ်းကြမ်းဆိုလျှင် သူက ကျွဲသားကိုပင် မကြိုက်ချင်။

သို့ဖြင့် ဘောင်ယိန်းသည် သားမင်းများရှိတတ်သော ပြန့်ငယ်သို့ ဆင်းခဲ့သည်။

နေခြည်နှင့် ထိတွေ့သောအပိုင်းများသည် တောက်ပလျက် ရှိကြသည်။ ကြမ်းတမ်းသောနှင်းမုန်တိုင်း ငြိမ်းသွားသည်နှင့် တစ်ပြိုင်နက် တစ်တောင်လုံးသည် ကတိုးနံ့ဖြင့် ကြိုင်လှောင်နေတော့သည်။ သို့သော် ဘောင်ယိန်းသည် ကတိုးကို ယခု မလိုသေး။ အာဟာရအလို့ငှာ သားမင်းကိုသာ လိုသည်။ မြန်မြန်ရယူရမည်။ နှင်း၏ အခြေအနေ၊ မုန်တိုင်း၏ အခြေအနေသည် စိတ်ချဖွယ်ရာ မဟုတ်သေး။ အဆိုးကြီးမဟုတ်တောင် အတော်ကြီးတော့ ပြန်လည် ဆိုးရွားလာနိုင်သည်။ သည်အချိန်က အေးချမ်းသည့်ကာလ၊ နှင်းကျသည့်ကာလပင် မဟုတ်လား။ သည်လိုသာယာသည့် အဖြစ်မျိုး တစ်သက်မှာ တစ်ကြိမ်တွေ့ရတတ်ခဲသည်။

ဘောင်ယိန်းစိုးရိမ်သည့် အတိုင်းပင် ပြန့်ငယ်သို့ သူမရောက်မီမှာပင် နေရောင်ခြည် ရုတ်တရက် ပျောက်သွားသည်။ သူ့မျက်နှာကို တစ်ယောက်ယောက်က လက်ဝါးနှင့် ပိတ်ဖုံးလိုက်သည်ဟု ထင်ရသည်။ တကယ်တော့ လက်ဝါးတစ်ခုက ပိတ်ဖုံးခြင်း မဟုတ်။ နှင်းပွင့်များက ပိတ်ဖုံးခြင်းဖြစ်သည်။ နှင်းပွင့်များသည် အပေါ်ပိုင်းတွင် ပြန်လည်သိပ်သည်းလာပြီ ဖြစ်သည်။ မကြာမီ အောက်ဘက်သို့ ဆင်းလာကြတော့မည် ဖြစ်သည်။ ယခု ဆင်းစပြုလာပြီတည်း။

ပို၍ ချမ်းလာသည်။ သူ၏လက်ဖမိုးများ နီလာသည်။ ယားလာသည်။ အဖုအပိမ့်များ ဖြစ်လာသည်။ လှမ်းမြင်နိုင်သော အကွာအဝေးသည် တစ်စထက်တစ်စ ကျုံ့လာသည်။ စောစောက မြင်တွေ့ခဲ့ရသည်များ ယခုမရှိပြီ။

ဘောင်ယိန်းသည် ကမူငယ်တစ်ခုပေါ်သို့ ပြေးတက်သွားသည်။ ချယ်ရီပင်များအကြားတွင် ဝပ်လျှောင်းလိုက်သည်။ အောက်ဘက်တွင် ပြန့်ရှိသည်။ သားမင်းများ ရှိသည်။ ကွဲကွဲပြားပြား မြင်ရခြင်း

MMCYBERMEDIA
COMMUNITY FOR ALL

မဟုတ်။ ရိုးတိုးရိပ်တိတ် တွေ့ရှိနေရခြင်းဖြစ်သည်။ ဒူးလေးကို လက်တစ်ဖက်တွင် အသင့်ကိုင်ကာ အောက်ဘက်သို့ လှွားခနဲ သူခုန်ချလိုက်သည်။ ဆင်တစ်ရပ်မှ ကျရသည်ဖြစ်၍ သက်သာခြင်းမရှိလှ။ သူ့ဘောင်းဘီသည် ဒူးဆစ်လောက်တွင် စုတ်ပြဲသွားဟန်ရှိသည်။ အသားလည်း ပွန်းပဲ့သွားပုံရသည်။ ပူနွေးနွေးစပ်ဖျင်းဖျင်းရှိသည်။ သို့သော် ယင်းကို အာရုံမပြုအား။ သူအကျတွင် ပြန့်တစ်ခုလုံး ဆူညံလှုပ်ရှားသွားသည်။

သားမင်းများ ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားကြသည်။ ဘောင်းယိန်းသည် မြှားတစ်စင်းသာ လွှတ်လိုက်ချိန်ရသည်။ အားလုံး ပျောက်ကွယ်သွားသည်။ အားလုံး တိတ်ဆိတ်သွားသည်။ သို့သော် ထိုမြှားသည် တာဝန်ကျေပွန်ခြင်း ရှိသည်။

ရှုပ်ယှက်ခတ်နေသော အသံများအကြားတွင် ပြုန်းခနဲလဲကျသွားသံ၊ တရွတ်ဆွဲသံတို့ကို ကွဲပြားစွာ ကြားလိုက်သည်။ မည်သည့်နေရာတွင် ဖြစ်ကြောင်းကို ကောင်းစွာခန့်မှန်းမိသည်။ မိမိ၏သားကောင် မည့်သည့်နေရာလောက်တွင် ငြိမ်နေမည်ကိုလည်း သူသိသည်။ ဘောင်ယိန်းသည် ဒူးလေးကိုအသင့်ပြင်၍ လက်ဝဲဘက်မှ ပန်းတက်သွားသည်။ သားကောင်သည် ဒဏ်ရာပြင်းစွာရသော်လည်း ပြေးလွှားနိုင်သည့် အခြေတွင် ရှိသေးကြောင်း သူသိသည်။ မကြာမီမှာပင် သားကောင်သည် ဝပ်လျောင်းနေရာမှ တစ်ရှိန်ထိုး ထပြေးသည်။ ဘောင်ယိန်း ပစ်လိုက်သည့် သားကောင်သည် လဲကျခြင်း မရှိဘဲ ဆက်၍ပြေးသွားသည်။

သို့သော် ဘောင်ယိန်းသည်သူ့လက်ကို သံသယမဝင်။ မြှားတစ်စင်း အသင့်ထပ်ပြင်ပြီး နားစွင့်နေသည်။ ခဏအကြာမှာပင် ထိုသတ္တဝါလဲကျသံ ကြားရသည်။ တောင်နံရံတစ်ခုနှင့် တိုက်မိဟန်ရှိသည်။ နင်းပြင်ပေါ်တွင် လိမ့်သွားသည်။ ဘောင်ယိန်း ပြေးသွားသည်။ ကပြောင်းကပြန် လှုပ်ရှားနေသော မည်းမည်းသဏ္ဍာန်ကို တွေ့ရသည်။ အနီးသို့ ချဉ်းကပ်ပြီး နောက်ထပ်တစ်စင်း လွှတ်လိုက်သည်။ ခဏအကြာမှာပင် လှုပ်ရှားမှုများ ငြိမ်သက်သွားသည်။ သဏ္ဍာန်ပီသမှုလည်း မှုန်ဝါးသွားသည်။ နင်းကျ များလာပြီဖြစ်သည်။ သို့ဖြင့် သားကောင်၏အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားရသည်။ လေ့လာစူးစမ်းမှု ပြုသည်။ ဖြူဖွေးသောနင်းပြင်နှင့် နီညိုသောသားကောင်တို့တွင် ခြင်းခြင်းရဲသောသွေးများ ပျံ့နှံ့လျက်ရှိသည်။

ထိုစဉ်မှာပင် ဂလောင်ချန်းခေါ်၏အသံကို မလှမ်းမကမ်းဆီမှ ကြားရသည်။ ဘောင်ယိန်းက ပြန်၍ အသံပြုသည်။ ခဏအကြာတွင် ထိုနေရာသို့ ဂလောင်ချန်းခေါ် မောကြီးပန်းကြီး ရောက်လာသည်။

"ကောင်းကောင်း နေရောပေါ့။ ဘာပြုလို့ လိုက်လာရတာလဲ"

"နင်းတွေကျလာပြီ။ တော်ကြာလေလာလိမ့်မယ်။ နင် မျက်စိလည်နေမှာစိုးလို့ ငါလိုက်လာတာ။ နင် ဒီကိုသွားမယ်ဆိုတာ ငါသိတယ်။ ဘယ့်နယ်လဲ။ အကောင်တော်တော် ကြီးသလား"

"သိပ်မကြီးဘူး။ စားလောက်သောက်လောက်ရှိပဲ"

"မကြီးတာကောင်းတယ်။ နို့မို့ရင် ငါတို့သယ်နိုင်မှာ မဟုတ်ဘူး။ ကဲ လုပ်မြန်မြန်။ သွားကြစို့"

သူတို့သည် ရရှိသောသားကောင်ကို ခိုအောင်းရာဂူသို့ ရောက်အောင် ခက်ခဲပင်ပန်းစွာ သယ်ယူကြရသည်။ အချိန်လင့်သွားလျှင် ပုပ်သိုးသွားမည်ကို စိတ်တထင့်ထင့် ရှိကြရသည်။ ဂူနှင့်

MMCYBERMEDIA
COMMUNITY FOR ALL

မလှမ်းမကမ်းသို့ ရောက်သောအခါတွင် နင်းများ ပိန်းပိန်းပိတ်စပြုလာပြီ ဖြစ်သည်။ လေလည်း တော်တော်ထန်လာသည်။ သို့ဖြစ်၍ သူတို့သည် သားကောင်ကို လျင်မြန်စွာ ဖျက်ကြရသည်။

ထို့နောက် ဂူတွင်း၌ အလုပ်ရှုပ်ကြရပြန်သည်။ ကိုယ်ကိုလည်း နွေးအောင် ပြုရသည်။ လက်မလည်အောင်လည်း မြှိုက်ကြ၊ ကင်ကြရသည်။ တစ်ချိန်တည်းမှာပင် ဝမ်းကိုပူနွေးအောင်လည်း အရည်အဖတ် ဖြည့်တင်းကြရသည်။

မည်သို့ဆိုစေ၊ အခိုက်အတန့်အားဖြင့် ပြဿနာတစ်ရပ် ပြေလည်သွားချေပြီ ဖြစ်သည်။ အဘယ်မျှ စားကောင်းသည်ဖြစ်စေ၊ အဘယ်မျှ စားနိုင်သည်ဖြစ်စေ သုံးလေးရက်ကတော့ လုံလောက်သည်။ ထုံးစံအားဖြင့် ဆိုလျှင် ခရီးတစ်ခေါက်လောက် ဤလိုသားကောင်မျိုး နှစ်ကောင်လောက်ရလျှင် အားလုံးကိစ္စဝိစ္စ ပြီးသည်။

ဘောင်ယိန်းနှင့် ဂလောင်းချန်းခေါ်တို့သည် ဘယ်မှလဲသွားမရ ဘာမှလဲလုပ်၍ မဖြစ်သဖြင့် ဂူထဲမှာပင် စားပြီးအိပ်၊ အိပ်ပြီးစားဖြင့် အချိန်များ ကုန်လွန်စေရတော့သည်။ ရာသီဥတု အခြေအနေသည် သူတို့ မျှော်လင့်တောင့်တသလို ကောင်းမွန်လာခြင်း မရှိဘဲ ပိုမိုဆိုးရွားခြင်း ရှိလာသည်။ သူတို့အဖို့ မကြုံစဖူးဖြစ်ရသည်။ သည်လိုနှင့် သုံးရက်မျှကြာသော အခါတွင်ကား ဟင်းလျာပြတ်ပြန်လေတော့သည်။ ပါလာသောပြောင်းလည်း ကုန်ချေပြီဖြစ်သည်။ ခေါင်ရည်လည်း တစ်ကျည်တောက်သာ ကျန်တော့သည်။

ဘောင်ယိန်းသည် ဂနာမငြိမ်ရှိနေသည်။ ထိုင်လိုက် ထလိုက်ဖြစ်သည်။ ဂူဝသို့ သွားကြည့်သည်။ နင်းပွင့်များက အထုအထည်နှင့် ကားဆီးထားသည်။ သူ့မျက်နှာ ညိုနေသည်။ သုန်နေသည်။ သူ့ကို ကြည့်ပြီး ဂလောင်းချန်းခေါ် စိတ်မသက်မသာရှိသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်သည်။ ပြီး ဖွင့်ထုတ်သည်။

"မနက်ဖြန်ကျရင်တော့ ဘာပဲဖြစ်ဖြစ် တို့ဒီက ထွက်မယ်။ ဒီထဲမှာ နေကို မနေတော့ဘူး။ တစ်ကိုယ်လုံးညောင်းပြီး ခြေတွေလက်တွေ ကိုက်နေပြီ။ ဒီမှာ နေလို့မဖြစ်တော့ဘူး"

"ရွာပြန်မှာလား။ ပြန်ချင်ပြန်လေ"

ဘောင်ယိန်းက ခပ်လေးလေး ပြန်ပြောသည်။ အဘိုးကြီးသည် မကြာခဏဆိုသလို ဟိုကကိုက် သည်ကနာ ဖြစ်နေသည်။ စားလိုက်သောက်လိုက်မှ အတန်ငယ် သက်သာသွားသည်။ အိပ်လိုက်မှ အနာအကျင် ပျောက်သွားသည်။ ပြီး တစ်ဖန် နာလာပြန်သည်။ မီးအားလျော့သွားလျှင်လည်း ကျဉ်လာသည်။ ထုံလာသည်။ ကိုက်လာသည်။ ထင်းထပ်ထည့်လိုက်မှ နေသာထိုင်သာ ရှိသွားပြန်သည်။ ဤအတိုင်းဆိုလျှင် အဘိုးကြီး ဒုက္ခရောက်နိုင်သည်ဟု သူသိမြင်သည်။ ယင်းကြောင့်ပင် ရွာသို့ပြန်ချင်ပြန်ကြစို့ဟု သူပြောခြင်းဖြစ်သည်။ သူ့ပြဿနာကို ဖြစ်သလို ကြည့်ရှင်းတော့မည်။

သို့သော် အဘိုးကြီး၏ ပြန်ကြားချက်ကု ကြားရသောအခါ သူအံ့သြရသည်။

"ဘယ်က ရွာပြန်မှာလဲ။ အပေါ်ကို တက်မှာ။ အပေါ်ကို"

MMCYBERMEDIA
COMMUNITY FOR ALL

အဘိုးကြီး၏အသံသည် ဒေါသဖြင့် တုန်နေသည်။ ထိုအခါ ဘောင်ယိန်း အနည်းငယ် အားသစ်ရသည်။ ဟုတ်သည် မဟုတ်သည် အပထား၊ သည်လိုစိတ်ထားမျိုးကိုမှ သူကြိုက်သည်။ သို့သော် လက်တွေ့တွင်မူ အဘိုးကြီး၏ စကားသည် ဖြစ်နိုင်စရာ မရှိချေ။ မည့်သည့်နည်းနှင့်မျှ သူတို့အပေါ်သို့မတက်နိုင်။

"ဒီလို နှင်းတွေ လေတွေနဲ့တော့ ကျုပ်တို့အပေါ်ကို မတက်နိုင်ပါဘူး"

သူကခပ်အေးအေး ခပ်ပြုံးပြုံးဖြင့် ပြောသည်။

"အေး၊ နှင်ဒီမှာ ထိုင်စမ်းပါအုံး။ နှင်က လူငယ်လား၊ ငါက လူငယ်လား။ ဘာပြုလို့ မဖြစ်ရမှာလဲ။ ဘယ်လောက်ပဲ နှင်းဆိုးဆိုး လေကြမ်းကြမ်း ငါတို့တောင်ထိပ် မရောက်နိုင်တောင် ဆဂူးယန်ကို ရောက်ရမယ်။ အဲဒီကနေ တစ်ဆင့်ကြိုးစားပြီး တက်ရမယ်။ တောင်ထိပ်ကို လူတိုင်းလွယ်လွယ်နဲ့ တက်နိုင်ရင်တော့ အားလုံးတက်ကြမှာပေ့ါ။ တောင်ထိပ်က ရွှေတုံးတွေကို အားလုံးယူကြမှာပေ့ါ။ မတက်နိုင်ကြလို့သာ နေကြတာပေ့ါ။ ငါတို့လည်း မတက်နိုင်ဘူး ဆိုရင်တော့ ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး။ မရောက်ရောက်အောင် တက်ရမယ်။ မနက်ဖြန် ဒီက ထွက်ရမယ်။ ဆဂူးယန်ကို အရောက်သွားရမယ်"

အဘိုးကြီးက တကယ်ပင် စိတ်အားထက်သန်စွာ ပြောနေသည်။ ထိုအခါ ဘောင်ယိန်းသည် စိတ်အားတက်ကြွ လာရတော့သည်။ သူလည်း ဤနေရာတွင် မနေချင်တော့။ ကျဉ်းကျပ်လှပြီ။ ဆဂူးယန်သို့ရောက်လျှင် တော်သေးသည်။ ဆဂူးယန်စခန်းသည် ကျယ်ပြန့်သည်။ နေ၍ထိုင်၍ ကောင်းသည်။ အိမ်လိုပဲ ဖြစ်သည်။ တစ်လလည်း နေနိုင်သည်။ နှစ်လလည်း နေနိုင်သည်။

"ဆဂူးယန်ကို ရောက်နိုင်ရင်တော့ ကောင်းမယ်"

"ရောက်ရမှာပေ့ါ။ မရောက်ရင် တို့သေမှာပေ့ါ။ မနက်ဖြန်ဆိုရင် ထင်းလည်း ကုန်တော့မယ်။ စားစရာလည်း ဘာမှ မရှိတော့ဘူး"

"စားစရာက အခုကို ဘာမှမရှိတော့ဘူး။ ကျုပ်က အခုကို ဆာနေပြီ။ ဒါပဲ စားရတော့မှာပဲ"

ဘောင်ယိန်းသည် မီးဖိုထက်တွင် ချိတ်ဆွဲထားသော သားမင်းပေါင်ကင်ကြီးကို ကြည့်ရင်း ပြောလိုက်သည်။ ထိုအခါတွင်မူ ဂလောင်ချန်းခေါ် မျက်ကလဲဆန်ပျာ ဖြစ်သွားသည်။ ကမန်းကတန်း ပြန်ပြောသည်။

"ဒါတော့မလုပ်နဲ့ အေး။ နှင်ရော ငါရော ဒုက္ခရောက်လိမ့်မယ်"

"ဘာလို့ ရောက်ရမှာလဲ"

"ဘာလို့ရောက်ရမယ်ဆိုတာ နှင်လည်းသိသားပဲ။ နှင်တို့ငါတို့ သူ့နယ်မှာ နေကြရတာပဲ။ သူနဲ့ ကင်းနိုင်ကြတာမှ မဟုတ်ဘဲ"

အတန်ငယ် တိတ်ဆိတ်နေပြီးနောက် ဘောင်ယိန်းပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သူ့နယ်မှာ နေရတယ်ဆိုတာကို ကျုပ်မကြိုက်ဘူး။ ဒီတောတွေ၊ ဒီတောင်တွေ၊ ဒီမြေတွေက ဘယ့်နယ်လုပ်ပြီး သူ့နယ်ဖြစ်လာရတာလဲ။ ဘယ့်နယ်လုပ်ပြီး သူပိုင်ရတာလဲ။ သူလည်း ဒီမှာပဲ ဒီလိုပဲ မွေးလာတာပဲ။ ကျုပ်တို့လည်း ဒီမှာပဲ ဒီလိုပဲ မွေးလာကြတာပဲ။ အတူတူချင်း မွေးလာကြရက်သားနဲ့ ကျုပ်တို့က သူ့အိမ်ကို ဆောက်ပေးရတယ်။ သူ့တောင်ယာကို လုပ်ပေးရတယ်။ အကောင်တစ်ကောင်ရတိုင်း ပေါင်တစ်ပေါင်ပေးရတယ်။ ဘာဖြစ်လို့ ပေးရမှာလဲ။ မပေးဘူး။ အဘိုး မစားချင်နေ။ ကျုပ်ဟာကျုပ် စားပစ်မယ်။ အငတ်တော့ အခံနိုင်ဘူး။ ကျုပ်တို့က ဒီမှာ၊ နင်းတောထဲမှာ ဒုက္ခခံနေရတာ။ သူက ရွာမှာ ဖိမ်နဲ့ ဘိန်းရှူလို့။ စားမယ်။ အခုကိုစားမယ်"

ဘောင်ယိန်းသည် ပြောပြောဆိုဆိုပင် ချိတ်ဆွဲထားသော ပေါင်ကို ဖြုတ်ယူလိုက်သည်။ ဂလောင်းချန်းခေါ်သည် ကိုယ်ထိလက်ရောက တားမြစ်ခြင်းမှု မပြု။ သို့သော် ကျေနပ်ဟန်မရှိ။ ပလောင်းပလောင်းစားနေသော ဘောင်ယိန်းကို ကြည့်ရင်း ခေါင်းတယမ်းယမ်း ရှိနေသည်။

"နင် သေသေချာချာ စဉ်းစားဦး။ ငါတို့ကြိုက်တာ မကြိုက်တာ အပထား။ တရားတာ မတရားတာမပထား။ ငါတို့ လူမျိုးအစဉ်အဆက် ဒီမှာပဲ နေခဲ့ကြတယ်။ ဒီလိုပဲ နေခဲ့ကြတယ်။ ဒူဝါရဲ့ လုပ်ငန်းတွေကို ငါတို့လုပ်ပေးရတာ အခုမှ အထူးအဆန်း မဟုတ်ပါဘူး။ ဒူဝါကို ပေါင်သားပေးရတာ အခုမှ အထူးအဆန်း မဟုတ်ဘူး။ ဒါဟာ ငါတို့ လူမျိုးရဲ့ ဓလေ့ထုံးတမ်းပဲဆိုတာ နင်မေ့နေပြီလား"

"ဒါပေမဲ့ အဘိုးပဲ ကျုပ်တို့ကို ပြောတယ်မဟုတ်လား။ ခင်ဒူယန်နဲ့ အွမ်ဒိန်ဆာနယ်တွေမှာ ဒီစနစ်တွေကို တိုက်ဖျက်လိုက်ပြီဆို။ အခြားနယ်တွေမှာလည်း ဒူဝါတွေ မရှိတော့ဘူး၊ လူအများက ရွေးကောက်တဲ့ 'အကီဝါ' တွေက အုပ်ချုပ်နေပြီဆို။ ဘယ်သူ့တောင်ယာကိုမှ လုပ်ပေးစရာ မလိုတော့ဘူး၊ ဘယ်သူ့ကိုမှ ပေါင်သားပေးစရာ မလိုတော့ဘူးဆို"

ဘောင်ယိန်းက အမျှင်မပြတ် မေးသည်။

"အေး နင်ပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတို့ဆီမှာက ဘာမှ မပြောင်းလဲသေးဘူး မဟုတ်လား။ ဒူဝါရဲ့လက်အောက်မှာပဲ နေနေကြရတယ် မဟုတ်လား"

"ဒါကို ကျုပ်တို့က ပြောင်းလဲပစ်ရမှာပဲ"

"နင်တစ်ယောက်ထဲက ပြောင်းလို့မရဘူး။ အားလုံးပြောင်းမှ ရမယ်"

"ကျုပ်တို့ရွာက လူတွေဟာ အလကားပဲ"

"ဒီလိုတော့လဲ ဘယ်ဟုတ်မလဲ ဘောင်ယိန်း။ တစ်နေ့ကျရင်တော့ သူတို့လည်း နားလည်လာကြမှာပေါ့။ ဒီအတောအတွင်းမှာတော့ ငါတို့ဟာ ဒီလိုပဲ နေကြရဦးမှာပေါ့"

"ကျုပ်ကတော့ ဒီရွာမှာ မနေချင်တော့ဘူး။ ဘယ်သူ့ကိုမှ ဘာမှလုပ်မပေးရတဲ့ ရွာတွေမှာပဲ သွားနေချင်တယ်။ အဘိုးကော အဲဒီရွာတွေကို ပြောင်းမနေချင်ဘူးလား။ ကျုပ်နဲ့အတူတူ သွားကြရအောင်လား။ ဘာပြုလဲ၊ အဘိုးက တစ်ယောက်တည်းပဲ"

ဂလောင်းချန်းခေါ် ခေါင်းခါသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါကတော့ ဘာပဲဖြစ်ဖြစ် ဒီမှာပဲ နေသွားမယ်။ ငါက ငါနေတဲ့ ချိုင့်ဝှမ်းကိုလည်း တွယ်တာတယ်။ ဟောဒီ ဖရောဘွန်းကိုလည်း တွယ်တာတယ်။ ဒါကြောင့် ငါက ငါတို့ရဲ့ ဓလေ့ထုံးတမ်းတွေကို မဖောက်ဖျက်တာပဲ"

"အဘိုးလည်း အလကားပါပဲ၊ ဘယ်မှာ ဘာဖြစ်ကြတယ်၊ ဘယ်မှာ ဘယ်လို တိုက်ကြတယ် ပြောပေမယ့် အဘိုးကတော့ အလကားပဲ။ အခုလည်း ကြည့်ပါလား။ ဒီပေါင်သားကို မစားရဲဘူး မဟုတ်လား။ ဒူဝါက ဒဏ်ခတ်မှာကို ကြောက်တယ် မဟုတ်လား။ ကိစ္စမရှိဘူး။ ဒီအကောင်ကို ကျုပ်ပစ်တယ်။ ဒီပေါင်သားကို ကျုပ်စားမယ်"

ယင်းသို့ပြောပြီး ဘောင်ယိန်းသည် ခေါင်ရည်ကျည်တောက်ကို ကောက်ယူသည်။ အာခေါင်ထဲသို့ အဆက်မပြတ် လောင်းချနေသည်။ ဘောင်ယိန်း၏ အပြုအမူကို ဂလောင်းချန်းခေါ် တွေ၍ ကြည့်နေသည်။

တမင်အရွဲ့တိုက်သည်လား မသိ။ ဘောင်ယိန်းသည် ပေါင်တစ်ခုလုံးကို တစ်ယောက်တည်း အကုန်စားပစ်လိုက်သည်။ ခေါင်ရည်ကို တစ်ခါပြီးတစ်ခါ မော့နေသည်။ သည့်အပြင်ကား သူသည် ဂလောင်းချန်းခေါ်ကို မကြည့်၊ ဘာမှ မပြော။ သို့သော် အဘိုးကြီးပါးစပ်မှ တတွတ်တွတ် ပြောနေသည်များကိုကား မကြားမဖြစ် ကြားနေရသည်။

အဘိုးကြီး၏ အသံသည်တိုး၏။ သို့သော် ကောင်းစွာ ကြားနိုင်သည်။ အဘိုးကြီးသည် သူ့ကို ရည်ရွယ်၍ ပြောနေခြင်းဖြစ်သော်လည်း သူ့ကို မကြည့်၊ မီးပုံကိုသာကြည့်၍ တတွတ်တွတ် ပြောနေသည်။

"လူငယ်တွေဟာ သတ္တိရှိပါတယ်။ ငါလည်း ငယ်ငယ်ကတော့ သတ္တိရှိပါတယ်။ သူများ မပြောရဲတာကို ပြောရဲတယ်။ သူများ မလုပ်ရဲတာကို လုပ်ရဲတယ်။ ဒါကြောင့်လည်းပဲ ငါဟာ ငါလိုချင်တဲ့မိန်းကလေးကို မရခဲ့တာပဲ။ မိန်းကလေးရဲ့ မိဘကလည်း ငါနဲ့မပေးစားပဲ သူတို့ သမီးကို တခြားလူတစ်ယောက်နဲ့ ပေးစားခဲ့တယ်။ ငါကလည်း သူတို့တောင်းတဲ့ ကွမ်းဖိုးကို မပေးနိုင်ဘူး မဟုတ်လား။ ငါလည်း စိတ်ပေါက်ပေါက်နဲ့ ရောက်ချင်ရာရောက်ဆိုပြီး လျှောက်သွားခဲ့တယ်။ ကချင်ရွာတွေရောက်တယ်။ ရှမ်းရွာတွေ ရောက်တယ်။ ဗမာရွာတွေ ရောက်တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ငါဟာ နောင်ယောကို ပြန်ရောက်ခဲ့ရတာပဲ။ ဘာလို့လဲဆိုတော့ ငါက ငါ့ရွာကို လွမ်းတာကိုး။ ငါကျက်စားခဲ့တဲ့ ဖရောဘွန်းကို လွမ်းတာကိုး။ ငါသေရင် ဒီမှာပဲ သေချင်တယ်။ နောင်ယောမှာပဲ ဖြစ်ဖြစ်၊ ဖရောဘွန်းမှာပဲ ဖြစ်ဖြစ်ပေါ့။ ငါဒီကနေ ဘယ်ကိုမှ မသွားချင်တော့ဘူး။ ဒီကလူတွေနဲ့ ငါစကားမများချင်တော့ဘူး။ ဒီနယ်ကို ပိုင်တဲ့လူနဲ့ ငါ စကားများချင်တော့ဘူး။ ငါ့ဟာ ငါပဲ အေးအေးဆေးဆေး နေချင်တယ်။ ဒါကြောင့်လဲ ငါတစ်ယောက်တည်း အောက်ချိုင့်ထဲမှာ သွားနေတာပဲ။ အေး ငါဟာ အလကားပဲ၊ လူကြောက်ပဲ။ ငါ့မှာ ငယ်ငယ်တုန်းက သတ္တိတွေမရှိတော့ဘူး။ ငါဟာ ဂွမ်လောင်ဝါတစ်ယောက်၊ သူပုန်တစ်ယောက်ဆိုတာ ဟုတ်သေးရဲ့လား၊ ငါဟာ တစ်ကြိမ်တုန်းက..."

အဘိုးကြီး ဆက်၍ပြောနေသည်များကို ဘောင်ယိန်း မကြားတော့။ မီးဖိုဘေးတွင် ထိုင်ရက်သား အိပ်ပျော်သွားချေပြီတည်း။ ထိုအခါ ဂလောင်းချန်းခေါ် သက်မချသည်။ နစ်နစ်ခြိုက်ခြိုက် အိပ်ပျော်နေသော လူရွယ်ကလေးကို ကရုဏာသက်စွာ ကြည့်နေသည်။ အပြင်တွင်နှင်းပွင့်များ ဆုညံလှုပ်ရှားနေသည်။ သည်သို့ဖြင့် တစ်ညကုန်ကြရပြန်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

## အခန်း -၇၂-

အိပ်ရာမှဆခနဲနိုး၍ ကြည့်လိုက်သောအခါ မိမိဘာသာနိုးသည် မဟုတ်ဘဲ ဂလောင်းချန်းခေါက နှိုးသဖြင့် နိုးလာရကြောင်း ဘောင်ယိန်း သိရသည်။ ညက မိမိအိပ်ပျော်သွားသည့် အဖြစ်ကိုလည်း ချက်ချင်းမှတ်မိသည်။ သို့ဖြင့် ရုတ်ခနဲ သူထသည်။

ဂူတွင်း၌ အတော်ကြီး လင်းလင်းထင်းထင်း ရှိနေသည်။ နံနက် မိုးသောက်ရုံမျှမက နေရောင် ထိုးဖောက်လျက်ရှိကြောင်း ခန့်မှန်းသိရှိရသည်။ နှင်းသံ လေသံ တိတ်နေသည်။ သူက မယုံကြည်သည့်အနေဖြင့် ဂလောင်းချန်းခေါ၏မျက်နှာကို ကြည့်လိုက်သည်။ အဘိုးကြီး ခပ်မှုင်းမှုင်း ပြုံးနေသည်။ ပြီး လက်ခါပြသည်။ ခပ်မြူးမြူးပြောသည်။

"လေလည်း မရှိတော့ဘူး။ နှင်းလည်း မရှိတော့ဘူး"

"ဘယ်ရောက်သွားပလဲ"

"ဘယ်သိမလဲအေး။ နင်အိပ်နေတုန်း တောင်ဆိတ်တွေလို ပျောက်သွားကြတာပဲ"

"ကျုပ်ကို စိတ်ဆိုးလို့နဲ့ တူတယ်"

"ဟုတ်မှာပေါ့။ နင်က ဒူဝါရဲ့ ပေါင်သားကို စားလိုက်တာကိုး"

သူတို့နှစ်ယောက် ရယ်လိုက်ကြသည်။ ထို့နောက် ဘောင်ယိန်းသည် အပြင်ထွက်ကြည့်မည် ပြုသည်။ ဂလောင်းချန်းခေါက သူ့ကို ဟန့်တားလိုက်ပြီး...

"ကြည့်မနေနဲ့တော့။ မောလို့နားတာကို မဟုတ်ဘူး။ တစ်ခါတည်း ပျောက်သွားတာ။ လာ သွားကြစို့။ ကနေ့ည ငါတို့ ဆဂူးယန်မှာ အိပ်ကြမယ်။ တောင်ဆိတ်သားနဲ့ ခေါင်ရေသောက်ကြမယ်။ ဆဂူးယန်မှာ ငါသိမ်းထားတဲ့ ခေါင်ရည်ကျည်တောက်သုံးခု ရှိတယ်။ ကဲ မြန်မြန်လုပ်။ သွားကြစို့"

ထိုအချိန်တွင် ဘောင်ယိန်း သူ့အနီးတွင် မရှိတော့။ သူ လောဆော်၍ မပြီးခင်ပင် ဘောင်ယိန်းက ဂူအပြင်သို့ရောက်သွားပြီ ဖြစ်၏။ ဂလောင်းချန်းခေါသည် ကျေနပ်နှစ်သိမ့်စွာ ခေါင်းတဆတ်ဆတ် ပြုပြီးနောက် ဘောင်ယိန်းနောက်သို့ လိုက်သွားသည်။ ဂူဝသည် အနည်းငယ်နိမ့်သည်ဖြစ်၍ ကုန်းငုံ့ကာ ထွက်လာသည်။ ဂလောင်းချန်းခေါသည် ဂူအပြင်သို့ရောက်၍ ကိုင်းညွတ်ထားသောခါးကို ပြန်၍ မတ်ဆန့်လိုက်သောအခါ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ တစ်ယောက်ယောက် မိမိ၏ ဦးခေါင်းအတွင်းသို့ မီးစနှင့် ထိုးလိုက်သည့်အလား ထင်ရသည်။ မျက်လုံးများပြာသွားသည်။ ဘာမှ မမြင်ရတော့။ ရင်ထဲတွင်လည်း လေတိုက်သလို တလှပ်လှပ်ဖြစ်လာသည်။ ဒူးများ တဆတ်ဆတ်တုန်၍ ညွတ်ကွေးလာသည်။ သို့ဖြင့် ဂလောင်းချန်းခေါသည် လဲကျမသွားစေရန် အနီးရှိ တောင်နံရံစွန်းတစ်ခုကို ဘယ်လက်ဖြင့် လှမ်းထောက်လိုက်သည်။ သို့သော် မမိချေ။ အမှန်းအဆ လွဲသွားပြီး နှင်းထုပြင်ပေါ်သို့ လဲကျသွားသည်။

ဘောင်ယိန်းသည် စိတ်ကြည်နူးစွာဖြင့် ဝင်းဝါသော အထက်ပိုင်းနှင်းမှုန်များကို လှမ်းမျှော်ကြည့်နေစဉ်တွင် မျက်စိထောင့်စွန်းတွင် မည်းမည်းသဏ္ဍာန်တစ်ခု ရိပ်ခနဲ လှုပ်ရှားသွားသည်ကို

MMCYBERMEDIA
COMMUNITY FOR ALL

မြင်လိုက်ရ၍ ချာခနဲ လှည့်ကြည့်လိုက်သောအခါ ဂလောင်းချန်းခေါလဲကျသွားသည်ကို တွေ့ရသည်။ ဘောင်ယိန်းသည် တောင်ကျရေ၏အဟုန်မျိုးဖြင့် ပြေးသွားပြီး အဘိုးကြီးကို ပွေ့ယူလိုက်သည်။

"အဘိုး၊ အဘိုး။ ဘာဖြစ်တာလဲ"

"ငါ့ရင်ထဲမှာပူပြီး ဟာနေတယ်။ ငါ့ခေါင်းကို ပျားတွေ ဝိုင်းတုပ်ထားသလိုပဲ ထုံနေတယ်"

အဘိုးကြီးက မျက်လုံးမဖွင့်ဘဲ တစ်လုံးချင်း မောပန်းစွာပြောသည်။ ထို့နောက် သူ့လက်ပေါ်တွင် မှိန်းနေသည်။

"အဘိုးက ညက ဘာမှမှ မစားဘဲ"

"အေး"

"ဆာလို့ ဖြစ်တာပါ"

"အေး"

"အဘိုးက ညက စားလိုက်ရင် ဘာမှ မဖြစ်ဘူး"

"ငါ အသက်ကြီးပြီ"

အတန်ကြာသောအခါတွင်မှ တဆတ်ဆတ် တုန်နေသော အဘိုးကြီး အသားများ ငြိမ်သွားသည်။ အသက်ရှူ မှန်သွားသည်။ မျက်လုံးများ ပွင့်လာသည်။ ခပ်ယဲ့ယဲ့ ပြုံးသည်။ ဘောင်ယိန်းက အဘိုးကြီးပါးစပ်ထဲသို့ ခေါင်ရည် အနည်းငယ် လောင်းချလိုက်သည် ဂလောင်းချန်းခေါသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် ဘောင်ယိန်း၏ ရင်ခွင်ထဲမှ ထွက်လိုက်သည်။

"အခုမှ နေသာသွားတယ်။ စောစောကတော့ ငါသေပြီထင်တာ"

"မသေပါဘူး။ အစာမရှိလို့ပါ"

"ငါ အသက်ကြီးပြီ"

"အထဲကို ပြန်ဝင်မလား"

ဂူပေါက်ကို လက်ညှိုးထိုးပြီး ဘောင်ယိန်းမေးသည်။ အဘိုးကြီးခေါင်းခါသည်။

"သွားမယ်။ ဆဂူးယန်ကို သွားမယ်"

အဘိုးကြီး အားစိုက်၍ ထသည်။ ဘောင်ယိန်းတွဲထူသည်။ ဘောင်ယိန်း လက်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် အဘိုးကြီးသည် ရှေ့သို့ ထိုးကျသွားမည် ရှိသည်။ ဘောင်ယိန်းက လျင်မြန်စွာ ဆွဲထားလိုက်သည်။ သို့ဖြင့် ဂလောင်းချန်းခေါသည် ရေခဲပြင်ပေါ်သို့မကျတော့ဘဲ ဘောင်ယိန်းရင်ခွင်ထဲတွင် ပျော့ခွေသွားလေတော့သည်။

ဘောင်ယိန်းသည် ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ရွာသို့ အမြန်ဆုံးပြန်ရန်ဖြစ်သည်။ သူပေါ့ဆဆ လုပ်နေလျှင် အဘိုးကြီး သေသွားနိုင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကြောင့် သူသည် အနည်းငယ်မျှ ဆိုင်းတွမနေတော့ဘဲ အဘိုးကြီးကိုထမ်းကာ ဖရောဘွန်း တောင်ခြေစခန်းသို့ အမြန်ဆုံးရောက်အောင် ခရီးပြင်းနှင်လေသည်။ တောင်ခြေစခန်းတွင် အပြန်ခရီးအတွက် သူတို့ထားရှိခဲ့သော ထင်းနှင့်ရိက္ခာ အနည်းငယ်ရှိသည်။

ရာသီဥတု ကောင်းမွန်သဖြင့် တောင်ခြေစခန်းသို့ နေ့ဝက်ခရီးဖြင့် ရောက်ရှိသွားသည်။ အဘိုးကြီးသည် တစ်လမ်းလုံးသူ့ပေါ်တွင် အိပ်၍ လိုက်ပါလာသည်။ တောင်ခြေစခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘောင်ယိန်း မီးဖိုသည်။ စားသောက်ဖွယ် စီစဉ်သည်။ အဘိုးကြီးကို နှိုး၍ကျွေးသည်။ သည်တော့မှ အဘိုးကြီး၏ အခြေအနေ အတန်ငယ် ပြန်လည်ကောင်းမွန်လာသည်။ သို့သော် ဒဏ်ကြမ်းကြမ်း ခံနိုင်ခြင်းကား လုံးဝ မရှိသေးပေ။ အဘိုးကြီးက တောင်ခြေစခန်းတွင် နှစ်ရက်သုံးရက်မျှ နားနေပြီးနောက် တောင်ပေါ်ပြန်တက်ရန် ပြောသည်။ ဘောင်ယိန်းက ထိုအကြံကိုလက်မခံ။ သည်တွင် တစ်ညအိပ်ပြီး ရွာသို့ ပြန်မည်ဟုဆိုသည်။ အဘိုးကြီးလုံးဝနေကောင်းမှပင် တောင်ပေါ်ပြန်တက်ကြမည်ဟု ဆိုသည်။ ဤကား အဘိုးကြီး စိတ်ကောင်းအောင်ပြောခြင်း ဖြစ်သည်။ သူ့ဝမ်းထဲတွင် ရှိနေသည်မှာ တစ်မျိုးဖြစ်သည်။ ဤအဘိုးကြီးကို ဖရောဘွန်းတက်ရန် နောက်တစ်ကြိမ် မခေါ်တော့။ လူငယ်တစ်ဦးဦးနှင့် အဖော်စပ်မည်ဟု ပိုင်းဖြတ်ထားသည်။

နောက်တစ်နေ့တွင် သူတို့နှစ်ယောက် နားနားနေနေဖြင့် ရွာသို့ပြန်ခဲ့ကြသည်။ နေလုံး မပျောက်တပျောက်တွင် ရွာသို့ပြန်ရောက်ကြသည်။ ဘောင်ယိန်းသည် အိမ်သို့မပြန်ဘဲ ဂလောင်းချန်းခေါ်၏ တဲမှာပင် နေသည်။ သူတို့သည် ရွာသူရွာသားများနှင့် မတွေ့အောင် တတ်နိုင်သမျှ ရှောင်ကွင်း၍ အောက်ချိုင့်ထဲသို့ ဆင်းခဲ့ကြသော်လည်း သူတို့ပြန်ရောက်သည့်သတင်းသည် ချက်ချင်းပင် တစ်ရွာလုံးသို့ ပြန့်သွားသည်။ ဂလောင်ချန်းခေါ်၏တဲသို့ သတင်းမေးသူများ ချက်ချင်းလိုပင် ရောက်ရှိလာသည်။ ထိုအထဲတွင် ဇုန်းမြော်နန်သည် ရှေ့ဆုံးမှ ဖြစ်သည်။

ဇုန်းမြော်နန်ကို တွေ့ရသောအခါ ဘောင်ယိန်း အားသစ်ရပြန်သည်။ ဖရောဘွန်းတွင် ကြုံတွေ့ခဲ့ရသော ပင်ပန်းဆင်းရဲခြင်းများ၊ ကျဉ်းကျုံ့စိတ်အိုက်ခြင်းများ အားလုံးပျောက်လွင့် သွားရသည်။ သူသည် နောင်ယောကို စွန့်ခွာနိုင်ကောင်းစွန့်ခွာ နိုင်မည်။ ဤအမျိုးသမီးငယ်ကိုကား မည်သည့်အခါတွင်မျှ စွန့်ခွာနိုင်လိမ့်မည် မဟုတ်ဟု စိတ်တွင် စွဲမှတ်မိသည်။

သူရရှိသော သားမင်းဂျိုကို ချစ်သူသို့ လက်ဆောင်ပေးသည်။ ထို့နောက် ချစ်သူနှစ်ဦးသည် လွတ်လွတ်လပ်လပ် ကြည်နူးနိုင်ကြရန် နောင်ယောခ ကမ်းခြေတစ်နေရာရှိ သစ်ဝါပင်ကြီးအောက်သို့ ရောက်သွားကြသည်။ ထိုတွင် သူတို့ ငေးမောသည်။ စကားပြောသည်။ ရယ်မောသည်။ ပွေးထိသည်။ ရင်ခုန်ကြသည်။

သူတို့နှစ်ဦး လူချင်းခွဲတော့ မိုးလင်းပြီလား မပြောတတ်။

ညက တစ်ညလုံး ကြည်နူးနှစ်သိမ့်ခြင်းရရှိခဲ့သော ဘောင်ယိန်းသည် နောက်တစ်နေ့တွင်မူ ဆန်ကျင်ဘက် အခြေအနေသို့ ရောက်ရသည်။ ပြဿနာတစ်ခုနှင့်ရင်ဆိုင်ရသည်။ သို့သော် ထိုသို့ ရင်ဆိုင်ရလိမ့်မည်ဟုကား သူ မျှော်လင့်ပြီးဖြစ်သည်။ ယင်းသို့ ရင်ဆိုင်ရသည့်အတွက်လည်း သူက

MMCYBERMEDIA
COMMUNITY FOR ALL

စိတ်ညစ်ညူးခြင်းမရှိ။ ကြည်နူးနှစ်သိမ့်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း ဝမ်းနည်းကြေကွဲခြင်းကား မဟုတ်။ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ နာကြည်းရခြင်းတို့သာ ဖြစ်သည်။

ယင်းပြဿနာကား ပေါင်သားပြဿနာပင် ဖြစ်သည်။

ဇုန်းမြော်နန်သည် ဘောင်ယိန်း လက်ဆောင်ပေးသော သားမင်းချိုကို အိမ်သို့ ဝမ်းသာအားရ ယူသွားသည်။ သည်တွင် ပြဿနာပေါ်တော့သည်။ ဦးချိုကိုရရှိခြင်းသည် ဦးချိုရရှိသောသတ္တဝါကို ပစ်ခတ်သတ်ဖြတ်၍ ဖြစ်သည်။ ချေ(ဂျီ)နှင့် ချေအထက်ဖြစ်သော ခြေလေးချောင်းသတ္တဝါတစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်တိုင်း နယ်ပယ်အရှင်ကို စားဦးစားဖျားအဖြစ်၊ အခွန်ဘဏ္ဍာအဖြစ် ပေါင်တစ်ပေါင်ဆက်သရခြင်းမှာ အမြဲလုပ်ဆောင်ရသော အစဉ်အလာတစ်ရပ်လည်း ဖြစ်၏။ မချိုးဖောက်ရသော ဥပဒေတစ်ရပ်လည်း ဖြစ်၏။ ဇုန်းမြော်နန်၏ ဖခင်သည် ဤနယ်၏ အရှင်သခင်ဖြစ်၏။ နောင်ယောဒူဝါ ဖြစ်၏။

ယခုတော့ ကြည့်စမ်းပါ။ သူ၏ နယ်သားတစ်ဦးသည် သူပိုင်ဆိုင်သော နယ်မြေအတွင်း သားကောင်တစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်၏။ ထို့နောက် ထုံးစံရှိသည်နှင့်အညီ သူ့ကို ပေါင်တစ်ပေါင် ဆက်သခြင်း မပြု။ သို့သော် သူ့သမီးအားမူ ဦးချိုကို လက်ဆောင်အဖြစ် ပေးအပ်ခြင်း ပြုလေသည်။ သည်အခါတွင် မည်သည့် အရှင်သခင်တစ်ဦးသည် ရာဇဒေါသမဖြစ်ဘဲ နေနိုင်အံ့နည်း။

နောင်ယောဒူဝါသည် ချက်ချင်းပင် ကျေးရွာလူကြီးများကို ဖိတ်ခေါ်၍ ခုံဖွဲ့သည်။ ဘောင်ယိန်းကို ဆင့်ခေါ်၍ စစ်ဆေးသည်။

သည်သတင်းကိုကြားသောအခါ လူအများ လာရောက်နားထောင်သည်။ ဘောင်ယိန်း၏ မိခင်လည်း နီသောမျက်လုံး၊ ချိုင့်သောနားထင်၊ ဖြူသောနှုတ်ခမ်းဖြင့် ရောက်လာသည်။ ချောင်တစ်ခုတွင် ငြိမ်သက်စွာ ထိုင်နေသည်။ မကြာမကြာ သားကို လှမ်းမျှော်ကြည့်သည်။ ဂလောင်းချုန်းခေါ်လည်း တုန်တုန်ယင်ယင်ဖြင့် ရောက်လာသည်။ အားနည်း၍ တုန်ခြင်းလည်းဖြစ်သည်။ ဒေါသဖြင့် တုန်ခြင်းလည်း ဖြစ်မည်။ သို့သော် ဘာမှ မပြော။ နောက်ပိုင်းကျကျတွင် ဆောင့်ကြောင့်ထိုင်၍ ဆေးတံကို မရပ်မနား ဖွာနေသည်။

ပထမဆုံး ဇုန်းမြော်နန်ကို စစ်သည်။ သူမ၏ မျက်နှာသည် ငိုထားဟန်ရှိသည်။ မျက်ခုံးများ မို့နေသည်။ ဝေါက်ငမ်းသော ဖခင်ကို မရဲတရဲကြည့်သည်။ သုန်မှုန်သောချစ်သူကို မသက်မသာ ကြည့်သသည်။ ပြီးမှ တိမ်ဝင်သောအသံဖြင့် ဖြေသည်။ ဤမည်သော ဦးချိုကိုဘောင်ယိန်းထံမှ ရရှိကြောင်းအမှန်။

ထို့နောက် ဘောင်ယိန်းကို မေးမြန်းကြသည်။

ဘောင်ယိန်းကလည်း ကွယ်ထောင့်ခြင်းမပြု။ သူတို့တွင် လိမ်ညာခြင်းဟူသည် မရှိ။ ဟုတ်ရင် ဟုတ်တယ်။ မဟုတ်ရင် မဟုတ်ဘူး။ ရှင်းရှင်းနှင့် ဘွင်းဘွင်းပင်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘောင်ယိန်း၏အသံသည် ကျယ်ခြင်း၊ မာခြင်း၊ ပြတ်ခြင်း အပြည့်ရှိသည်။ သူ၏ ပြောဟန်၊ ပြုဟန်တို့သည် ရဲရင့်ခြင်း၊ ခိုင်မာခြင်း အသိပြွမ်း၏။

သူပြောသည်မှာ တိုသည်။ တိသည်။ သူတို့ တောင်ပေါ်သွားသည်။ မုန်းတိုင်းမိသည်။ သားမင်းတစ်ကောင်ကို ပစ်ခတ်စားသောက်သည်။ ဒူဝါအတွက် ပေါင်တစ်ပေါင် ချန်ထားသည်။ သို့သော် သေရေးရှင်ရေးဖြစ်၍ စားသုံးပစ်လိုက်ရသည်။ ကြိုက်သလို လုပ်ကြ။ စားသူမှာ သူတစ်ယောက်တည်း။ ဂလောင်းချန်းခေါ် မပါ။ ထိုသို့ မပါသည့်အတွက်လည်း အဘိုးကြီးမှာ သေမလိုဖြစ်ရသည်။

လူကြီးများ၏ အဆုံးအဖြတ်မှာလည်း တိုတောင်းသည်။ ရှင်းလင်းပြတ်သားသည်။ သူတို့က သေရေးရှင်ရေးဟူသော အခြေအနေကို ထည့်မတွက်။ အဘိုးကြီး အားပြတ်ရခြင်းကို မစဉ်းစား။ ဥပဒေထောင့် တစ်ခုတည်းမှသာ ရပ်တည်၍ ဆုံးဖြတ်ကြသည်။

ရိုးရာကို ကဏ္ဍကောစပြုသည့်အတွက် ဘောင်ယိန်းကို ဒဏ်တပ်သည်။ ကျွဲနှစ်ကောင်၊ နွားသုံးကောင်၊ မောင်းတစ်လုံး၊ လှံတစ်စင်း၊ ဓားတစ်လက်၊ ပိုးပုဆိုးတစ်ထည်၊ ကော်ဇောတစ်ချပ် ပေးစေ။

ဘောင်ယိန်းသည် ဒေါသဖြင့် တစ်စုံတစ်ခု ပြောမည်ပြုသည်။ သို့သော် မပြောဖြစ်။ ရပ်ဝေးမှ ဧည့်သည်များ ရုတ်တရက် ရောက်ရှိလာသောကြောင့်ဖြစ်သည်။

လှုပ်လှုပ်ရွရွ စီစီညံညံ ဖြစ်သွားကြသည်။

ရုတ်တရက် ရောက်ရှိလာသော ဧည့်သည်များကို ဝိုင်းဝန်း၍ ကြည့်ကြသည်။ အချင်းချင်း မေးမြန်းစူးစမ်းကြသည်။ တရားစီရင်ခြင်း အမှုကိစ္စသည် အလိုအလျောက် ပြီးပြတ်သွားတော့သည်။

လူအားလုံးသည် ဘောင်ယိန်း၏အမှုကို မေ့လျော့ပြီး ရပ်ဝေးမှ ဧည့်သည်များကိုသာ အာရုံပြုနေကြသည်။ ဘောင်ယိန်းကိုယ်တိုင်လည်း မမျှော်လင့်ဘဲ ရောက်ရှိလာသူများတွင် အများနည်းတူ စိတ်ဝင်စားလျက် ရှိသည်။

သူတို့အားလုံး ငါးယောက်ဖြစ်သည်။ သူတို့၏ ရုပ်ပိုင်းသဏ္ဌာန်နှင့် အဝတ်အဆင်ကို ကြည့်ခြင်းအားဖြင့် အနောက်ဘက်မှ ဂိုန်းဖောများဖြစ်ကြောင်း သိသာသည်။ လုံးကျစ်ခြင်း၊ ပုတိုခြင်း၊ ညိုမှောင်ခြင်းတို့ ရှိကြသည်။ ထိုငါးယောက်အနက်မှ နှစ်ယောက်ကို ဘောင်ယိန်းက စိတ်ဝင်စားသည်။ သူတို့ကိုင်ဆောင်ထားသော သေနတ်များကြောင့် ဖြစ်သည်။ ထိုသေနတ်မျိုးကို သူ မမြင်ဖူးဘူး။ သူတို့ ကိုင်ဆောင်မြဲဖြစ်သော တူမီးသေနတ်နှင့် ခြားနားသည်။ တောင့်တင်းခိုင်မာဟန် ရှိသည်။ အမြင်သေသပ်သည်။ ထိပ်ဖျားတွင် လှံသွားတပ်ထားသည်။

သေသေချာချာ ကြည့်သောအခါ သေနတ်များသည် သာမက သေနတ်ကိုင်ဆောင်ထားသူ နှစ်ဦးမှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ တစ်ယောက်မှာ လူငယ်ဖြစ်၍ ကျန်တစ်ယောက်မှာ လူကြီးဖြစ်သည်။ ထိုလူကြီးကို မြင်မြင်ချင်း သူ ခင်မင်လေးစားမိသည်။ ထိုသူ၏မျက်နှာသည် တည်ငြိမ်ရင့်ကျက်သည်။ အမူအရာ ရဲရင့်ပြတ်သားသည်။ အသံအောင်မြင်ခံ့ညားသည်။ လူငယ်မှာမူ သူနှင့်

MMCYBERMEDIA
COMMUNITY FOR ALL

သက်တူရွယ်တူလောက်ပင် ရှိသည်။ လူငယ်၏ အကြည့်အရှုမှာလည်း ရဲရင့်တည်ကြည်ခြင်း ရှိသည်။ လူစိမ်းများကြားတွင် ရောက်ရှိနေ၍ အားငယ်ခြင်းစိုးစဉ်းမျှ ဖြစ်ဟန်မရှိ။ အထူးသဖြင့် သူ၏မျက်လုံးစုံသည် တောက်ပြောင်စူးရှလွန်းသည်ဟု ဘောင်ယိန်းထင်သည်။ ထိုလူငယ်ကလည်း သူ့ကိုအတန်ကြာ စူးစိုက်ကြည့်ပြီးမှ မျက်နှာလွှဲသွားသည်။

အပြန်အလှန် မေးမြန်းပြောဆိုကြသည်များကို ထောက်ချင့်ခြင်းအားဖြင့် ဘောင်ယိန်းစိတ်ဝင်စားသူ လူကြီးသည် ထိုလူစု၏ အကြီးအကဲဖြစ်ဟန် ရှိ၏။ ထိုလူကြီးသည် နောင်ယောဒူဝါ၊ ဂလောင်းချန်းခေါ်တို့နှင့် သိကျွမ်းဟောင်းဖြစ်၏။ အထူးသဖြင့် ဂလောင်းချန်းခေါ်နှင့် ပိုမိုရင်းနှီးပုံရသည်။ ဖက်လဲတကင်းရှိသည်။

အိမ်ရှင်တို့က ဧည့်သည်များကို နေရာထိုင်ခင်း ပေးကြသည်။ ဧည့်ဝတ်ပြုကြသည်။ ထိုအခါတွင် လူကြီးဖြစ်သူ၏အမည်သည် လဖိုင်လဖြစ်ကြောင်း၊ လူရွယ်၏အမည်မှာ မဂမ်ဖြစ်ကြောင်း ဘောင်ယိန်းတို့ သိရှိကြရလေသည်။

လဖိုင်လက သူလာရင်းအကြောင်းကို မပြောမီ သူသိလိုသည့်အချက်များကို အရင်မေးသည်။

"ဒီဘက်မှာ အသားဖြူတွေ မလာဘူးလား"
"သူတို့က ငါတို့ထက်ဖြူသေးသလား။ ငါတို့က နင်တို့ထက်ဖြူတယ်နော်"

သူ့အမေးကို ဘယ်သူကမှ အဘွားကြီးတစ်ယောက် သူ့ကိုမေးသည်။

"ဖြူတာပေါ့။ သူတို့ဖြူတာက ဖရောဘွန်းလိုပဲ။ ဒါဖြင့် ဒီဘက်ကို အသားဖြူတွေမလာသေးဘူးပေါ့"

အသားဖြူများကို သူတို့မမြင်ဖူးသေးဟူသော အချက်တွင် ကောက်ချက်ချရင်းလဖိုင်လ မေးသည်။

"အေး၊ တို့ရွာကိုတော့ မလာသေးဘူး။ တစ်လောကတော့ နော်ချောင်းကို လာသွားတယ်လို့ ကြားတာပဲ"

ထိုအကြောင်းကို ဘောင်ယိန်းမသိ။ သူအံ့သြသည်။ သူ ဘာကြောင့် မသိလိုက်သနည်း။ ထို့ကြောင့် သူမေးသည်။

"ဘယ်တုန်းကလဲ"
"ကြာပြီအေး။ ဒါပေမဲ့ တို့ကြားတာကတော့ နင်တို့ ဖရောဘွန်း တက်တဲ့နေ့ကပဲ"
"ဘယ်သူပြောတာလဲ"
"လောပန်းကြီး ပြောတယ်။ အသားဖြူတွေက ငါတို့ပစ္စည်းတွေကို လုလိမ့်မယ်တဲ့။ နင်တို့ကို သတ်ပစ်လိမ့်မယ်တဲ့"

အဘွားကြီးက ခြေဟန်လက်ဟန်ဖြင့် ပြောသည်။ ဤတွင် နောင်ယောဒူဝါ ကြားဝင်သည်။

"အလကားပြောတာပါ။ ဒီတရုတ်တွေ ဘာမှ သိတာမဟုတ်ဘူး။ ကျုပ်လည်း ကြားပြီးပါပြီ။ အသားဖြူတွေက ဘာမှမလုပ်တဲ့အပြင် လက်ဆောင်တွေတောင် ပေးသွားတယ်တဲ့။ သူတို့ပေးတဲ့ ပုတီးတွေ လက်ကောက်တွေ သိပ်လှတာပဲတဲ့"

"သူတို့ သေနတ်တွေကလည်း သိပ်ကောင်းတာပဲတဲ့"

လူရွယ်တစ်ဦးက ပြောသည်။

"ဒါမျိုးတွေလား"

လဖိုင်လက သူ့သေနတ်ကို ပြပြီးမေးသည်။

"မသိဘူး။ တစ်ခါပစ်ရင် ကျည်ဆန်တွေ အများကြီး ထွက်တယ်တဲ့။ သစ်ကိုင်းတွေ ပြတ်ကျတယ်တဲ့"

"ဒါနဲ့ အဲဒီအသားဖြူတွေ အခု ဘယ်ရောက်သွားပလဲ"

"ဖရဲဘက်ကို သွားတယ်လို့ ပြောတာပဲ"

"သူတို့က ဘာလို့လာတယ်ပြောသလဲ"

"တရုတ်တွေက ငါတို့ ပစ္စည်းတွေကို လုလိမ့်မယ်တဲ့။ ဒါကြောင့် သူတို့က ငါတို့ကိုကာကွယ်ဖို့ လာတာတဲ့"

"ဘာဆိုင်သလဲ။ ကျုပ်တို့ဘာ ကျုပ်တို့နေတာပဲ။ ကျုပ်တို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက ကျုပ်တို့ဒီလို နေလာကြတာပဲ။ အလကား သူတို့ညာတာ။ အခုသူတို့ လာတာက ကျုပ်တို့ကို ကာကွယ်ဖို့ မဟုတ်ဘူး။ ကျုပ်တို့ပစ္စည်းတွေ လုဖို့"

လဖိုင်လက အသံခပ်ကျယ်ကျယ် ဒေါမာန်ပါပါဖြင့် ပြောလိုက်သည်။ ထို့နောက် လူအုပ်ကိုကြည့်သည်။ ငေးကြောင်နေကြသည်။ လူရွယ်တစ်ဦးကသာ သူ့စကားကို စိတ်ဝင်စားဟန် ရှိသည်။ ထိုလူရွယ်ကား ဘောင်ယိန်း။

"အေး၊ နင်တို့လာတာ ပြောပါဦး။ အသားဖြူတွေအကြောင်း ထားပါဦး"

နောင်ယောဒူဝါက လဖိုင်လကို မေးသည်။ သူတို့နှစ်ဦးသည် သက်တူရွယ်တူလောက်ပင် ဖြစ်ဟန်ရှိသည်။

"အသားဖြူတွေအကြောင်း ထားလို့မဖြစ်ဘူး။ ငါတို့လာတာက သူတို့နဲ့ ဆက်စပ်နေတယ်"

ဒူဝါ၏မျက်နှာ အနည်းငယ် တင်းမာသွားသည်။

"ဘယ်လို ဆက်စပ်တာလဲ။ နင်တို့က ဘာလုပ်မလို့လဲ"

"ငါတို့က သူတို့ကို တိုက်မှာပေါ့။ ငါတို့ဆီမှာတော့ သူတို့လာရင် တိုက်တာပဲ။ နင်တို့ကိုလည်း ငါတို့လိုပဲ တိုက်ဖို့ ပြောမလို့ပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

လဖိုင်လက ဒူဝါ၏မျက်နှာကို စေ့စေ့ကြည့်၍ ပြောသည်။

"ငါတို့က ဘာလို့တိုက်ရမှာလဲ။ သူတို့က ငါတို့ကို ဘာမှ မလုပ်ဘဲ"
"နင်တို့နယ်ထဲကို အခု သူတို့ ဝင်လာပြီပဲ"
"သူတို့ဘာ သူတို့ လာတာပဲ"

လဖိုင်လက ခေါင်းခါသည်။ ပြီး...

"သူတို့ဘာ သူတို့လာတာ မဟုတ်ဘူး။ နင်တို့နယ်ကို သူတို့ပိုင်တယ်ဆိုတာ တရုတ်တွေနဲ့ ပြောရအောင် သူတို့လာတာ"

"ငါတို့နယ်ကို သူတို့ဘယ့်နယ်လုပ်ပြီး ပိုင်သလဲ။ ငါတို့ဘာ ငါတို့နေတာပဲ။ ငါတို့နယ်ထဲကို တရုတ်တွေ လာနေတာပဲ။ ငါတို့ကို တရုတ်တွေ ပိုင်သလား။ သူတို့လည်း လာပေ့ါ။ ဘာပြုသလဲ။ ငါတို့ကို ဘာမှ မလုပ်ရင် ပြီးတာပဲ"

"နင်တို့ကို အခု ဘာမှမလုပ်သေးပေမယ့် ငါတို့ဆီမှာတော့ လုပ်ကုန်ပြီ။ တခြားနေရာတွေမှာလည်း လုပ်ကုန်ပြီ။ ငါတို့ရဲ့စပါးကျီတွေကို မီးရှို့ပစ်တယ်။ ငါတို့ရဲ့တောင်ယာတွေကို ဖျက်ဆီးပစ်တယ်။ ငါတို့ရဲ့ ကြက်၊ ဝက်၊ ကျွဲ၊ နွားတွေကို ယူတယ်။ ငါတို့မိန်းမတွေကို သူတို့မိန်းမ လုပ်တယ်။ ငါတို့ရွာကို မီးတိုက်တယ်။ ငါတို့လူတွေကို သူတို့ရိုက်တယ်။ ဖမ်းတယ်။ သတ်တယ်"

"နင်တို့က သူတို့ကို ဘာသွားလုပ်မှန်းမှ မသိဘဲ"

"ငါတို့က ဘာသွားလုပ်ရမလဲ။ ငါတို့ဘာ ငါတို့နေတာပဲ။ ငါတို့က သူတို့ဆီ သွားတာမှမဟုတ်ဘဲ။ သူတို့က ငါတို့ဆီလာတာပဲ။ ငါတို့နယ်မြေကို သိမ်းတာပဲ။ ငါတို့ကို ကျွန်ပြုတာပဲ။ ငါတို့ဆီက အခွန်ဘဏ္ဍာတောင်းတာပဲ"

"ငါတို့ဆီမှာတော့ ဘာမှ မလုပ်ဘူး၊ ဘာမှ မဖြစ်ဘူး"

ဒူဝါက ပြတ်ပြတ်ပြောသည်။ သူက လဖိုင်လနှင့် စကားမဆက်ချင်တော့ဟန် ရှိသည်။ သို့သော် လဖိုင်လသည် အလျော့မပေး။ သူလိုချင်သည်ကို ဆက်၍ ပြောသည်။ အသားဖြူတို့၏ ကျူးကျော်စော်ကားမှု အဖုံဖုံနှင့် မြန်မာဘုရင်ကို သူတို့ဖမ်းဆီးသွားပုံအကြောင်း၊ ထိုအခါ တိုင်းပြည်အဝန်းအနံ့တွင် တိုင်းရင်းသားပေါင်းစုံနှင့် အတန်းအလွှာပေါင်းစုံ တိုက်ခိုက်ကြပုံတို့ကို ပြောပြသည်။ မိမိတို့လူမျိုးများက ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပုံကို အထူးပြု၍ ပြောဆိုသည်။ ဗန်းမော်တိုက်ပွဲအကြောင်း၊ မိုးကောင်းတိုက်ပွဲအကြောင်း၊ မြစ်ကြီးနားတိုက်ပွဲ အကြောင်း၊ ဆဒုံးဆမားတိုက်ပွဲ အကြောင်း။

ထို့နောက် နောင်ယောဒူဝါ စိတ်ဝင်စားမှု ရှိစေရန် ယခုတိုက်ပွဲတွင် ဂွမ်ဆာအစုနှင့် ဂွမ်လောင်အစုဝင်များ လက်တွဲပါဝင်ကြကြောင်း၊ ဆမားဒူဝါ၊ ကန်စီးဒူဝါ၊ ဖုန်ကန်ဒူဝါ၊ ဆဒုံးဒူဝါစသော ဒူဝါကြီးများ ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပါဝင်ကြကြောင်း ရှင်းပြသည်။

လဖိုင်လသည် နောင်ယောဒူဝါကိုသာမက အခြားသော ကျေးရွာလူကြီးများကိုလည်း ဦးတည်ပြောဆိုသည်။ သူနှင့်ရင်းနှီးသော ဂလောင်းချန်းခေါ်ကိုလည်း ပြောသည်။

ကျေးရွာလူကြီးများမှာလည်း ဒူဝါနှင့်တစ်သဘောတည်းလိုပင် ဖြစ်သည်။ ဂလောင်းချန်းခေါကမူ သူ့အသက်ကြီးပြီဖြစ်ကြောင်း ညည်းတွားပြောဆိုသည်။ ထိုအခါ လဖိုင်လသည် ဒေါသဖြင့်...

"ဘာအသက်ကြီးတာလဲ။ ဘယ်လောက်ကြီးလို့လဲ။ ဆမားကြီးက ဘယ်လောက်အသက်ကြီးပြီလဲ။ ဒါပေမဲ့ ခုထက်ထိ ဖွဲမလျှော့ဘူး။ သတ္တိမကြောင်ဘူး။ လူငယ်တွေရဲ့ရှေ့က မားမားရပ်တယ်"

"ဆမားဒူဝါကိုတော့ မပြောနဲ့လေ။ သူက ရှာမှ ရှားတယ်။ အေး ငါကတော့ အလကားပဲ။ သတ္တိကြောင်တယ်လို့ နင်ပြောချင်လည်း ပြောတော့"

ဂလောင်းချန်းခေါက အားလျော့စကား ပြောသည်။ လဖိုင်လသည် ဂလောင်းချန်းခေါကို နားမလည်နိုင်သည့် အနေဖြင့် ငေးစိုက်ကြည့်နေသည်။ ဤလူကြီးသည် တစ်ချိန်က သူ့အဖေနှင့်လက်တွဲ၍ မြေယာဖိနှိပ်မှုများကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော သူရဲကောင်းကြီး ဟုတ်မှဟုတ်လေစဟု သံသယဖြစ်နေသည်။ အားလုံး ငြိမ်ဆိတ်နေသည်။ အတန်ကြာသောအခါ ဂလောင်းချန်းခေါ လှုပ်ရှားသည်။

"အေး၊ ငါ အသုံးမကျတော့ပေမယ့် နင့်ဘက်က လိုက်မယ့်လူတစ်ယောက်တော့ ငါတို့ရွာမှာ ရှိတယ်။ ငါလည်း သူ့ကို နင့်လက်အပ်ဖို့ စဉ်းစားနေတာ နှစ်ခါ သုံးခါရှိပြီ။ နင်တို့ဆီကို ငါမလာနိုင်လို့၊ ခုနင်လာတာ အတော်ပဲ။ သူကတော့ ဟောဟိုမှာ မတ်တတ်ရပ်နေတဲ့ သူငယ်လေးပဲ"

ဂလောင်းချန်းခေါက ဘောင်ယိန်းကို လက်ညှိုးထိုးပြလိုက်သည်။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဘောင်ယိန်းက လူအုပ်ကို ရဲရဲရင့်ရင့် ပြန်ကြည့်သည်။ အဘိုးကြီး၏ပြောစကားကို လက်ခံသည့်သဘော ဖြစ်သည်။

"အေး၊ နင်တို့ ငါ့အိမ်ကို လိုက်ခဲ့ကြပါလား။ စကားကောင်းကောင်း ပြောကြရတာပေါ့။ ငါ့အိမ်မှာ ခေါင်ရည်ကောင်းကောင်းရှိပါတယ်"

ဂလောင်းချန်းခေါက ညွှသည်များကို ဖိတ်ခေါ်လိုက်သည်။

## အခန်း -၇၃-

အောက်ချိုင့်ဟူသည်မှာ အမှန်တော့ တောင်ကြားလွင်ငယ်တစ်ခု ဖြစ်သည်။ အပြန့်ညီလှသည်တော့ မဟုတ်။ လှိုင်းတွန့်သည်သို့ နိမ့်မြင့်ခြင်း ရှိသည်။ ယင်းကြောင့်ပင် ပို၍ အမြင်လှခြင်း ဖြစ်နိုင်သည်။

ယခုလို အေးမြသော ဇန်နဝါရီလအလယ်တွင် ဆိုလျှင် အဆန်းအကြယ် ရက်ဖောက်ထားသော သားမွေးကော်ဇောကြီးတစ်ခုကို ပြန့်အပြည့် ဖြန့်ခင်းထားသည့်နှယ် ဘိန်းပွင့်များ အလှကြွယ်နေသည်။ အဖြူ၊ အဝါ၊ အပြာ၊ လိမ္မော်၊ ခရမ်း ရောင်စုံသန်းသည်။ အရောင်စုံပုံဆန်းသည်။ အနု၊ အရင့်၊ အမှိုင်း၊ အတောက် ရောနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သည့်အတွက်လည်း ဂလောင်းချန်းခေါသည် ဤချိုင့်မှ မခွာလိုခြင်း ဖြစ်ပေမည်။ သူ့အိမ်မှကြည့်လျှင် ဘိန်းခင်းပြင်သည် လေးဖက်လေးတန် တောင်ဆင်ခြေလျှောများပေါ်သို့ မြင့်တက်သွားသည်။

လဖိုင်လသည် မယိမ်းသည်သို့ယိမ်းသည်သို့ရှိနေသော ဘိန်းပွင့်များကို ငေးစိုက်ကြည့်နေသည်။ သူ့မျက်နှာတွင် ခက်ထန်ခြင်းလည်း မရှိ။ ကြည်နူးခြင်းလည်း မရှိ။ သူ့စိတ်သည် အဝေးသို့ လွင့်ပျံနေဟန်ရှိသည်။

"နင် မိန်းမ မရသေးဘူးလား"

ဂလောင်းချန်းခေါက ရုတ်တရက်မေးလိုက်သဖြင့် လဖိုင်လ သိမ့်ခနဲရှိသွားသည်။ နောက်မှ ပြုံး၍...

"မရပါဘူး"

"ငါလာတုန်းက နင်ဟိုကောင်မလေးနဲ့ ယူမလို့ မဟုတ်လား၊ ဟို အဘိုးကြီးရဲ့သမီးလေ။ အေး ဘယ်သူဆိုလား၊ မခေါင်ညွယ် ဆိုလား"

လဖိုင်လသည် ထိုနေရာမှ မြောက်ခနဲ ဖြစ်သွားသည်။ မဂမ်ကို လှမ်းကြည့်သည်။ ခေါင်းငုံ့ထားသည်ကို တွေ့ရ၍ အနည်းငယ် သက်သာသွားဟန်ရှိသည်။ သို့သော် ကမန်းကတန်း အဖြေပေးသည်။ အသံမြန်တုန်သည်။

"ကျုပ်နဲ့မဟုတ်ပါဘူး။ ကျုပ်သူငယ်ချင်းနဲ့ပါ။ သူ့အဖေပေါ့၊ သူ့အမေပေါ့"

မဂမ်ကို လက်ညှိုးထိုးပြသည်။ လူရွယ်သည် ခေါင်းငုံ့ထားဆဲ ဖြစ်သည်။ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

တစ်ယောက်ယောက်က စကားဆက်ဦးမည်လားဟု ဘောင်ယိန်း စောင့်မျှော်နေသည်။ သို့သော် မည်သူကမျှ နှုတ်မဟတော့သဖြင့် သူလည်း အဝေးသို့ ငေးစိုက်သည်။

လှပသော ဘိန်းပွင့်များသည် တဖြည်းဖြည်း သူ့ကိုခြောက်လှန့်လာကြသည်။ ဒင်းတို့သည် အသွင်သဏ္ဍာန်အဆင်းအရောင် လှပမြူးကြွသော်လည်း အသီးငယ်များဖြစ်၍ ထိုမှတစ်ဆင့် အစေးဖြူဖြူများ စီးကျလာသော ကာလတွင်ကား လူတို့ကို ထုံထိုင်း လေးလံစေတော့သည်။ ပျင်းရိတွန့်ဆုတ်စေတော့သည်။

ဤဘိန်းပွင့်များကြောင့် သူ့အဘိုးသည် ရွှံမုန်းဖွယ်ရာဖြစ်နေရသည်ဟု သူ ထင်သည်။ ဤရောင်စုံခင်းကြီးကြောင့်ပင် သူ့မိခင်နှင့် မြောက်မြားစွာသော မိန်းမသားတို့ ဒူးနှင့်မျက်ရည် သုတ်နေရသည်ဟု သူစွဲမြဲသည်။

သို့သော် သည်ဘိန်းခင်းမြေကို သူစွန့်ခွာ၍ သွားရမည် ဆိုသောအခါကျတော့လည်း သူ့ရင်တစ်ခုလုံး ဟင်းလင်းဟာလာဖြစ်ရသည်။ သူ့ခေါင်းတစ်ခုလုံး အုံ့မှိုင်းခြောက်ကပ်ခြင်း ရှိရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

တကယ်တော့သူသည် သည်ပန်းခင်းကို နောက်ချန်ခဲ့ရမည်ဆို၍ သည်သို့ သည်မျှ ဖြစ်ရသည်မထင်။ သူ သွားရမည့်အရပ်တွင်လည်း သည်လို ရောင်စုံပန်းများ ရှိနိုင်သည်။ သူတို့ဘဝနှင့် သည်ရောင်စုံပန်းများသည် ထွေးရောယှက်တင် ဖြစ်နေပြီ မဟုတ်လား။

သူ့မိခင်နှင့် သူ့ချစ်သူကို ခွဲခွာခဲ့ရမည်ကြောင့်သာ ယခုကဲ့သို့ ရင်လှပ်လှပ် ခေါင်းမိုက်မိုက် ဖြစ်နေရခြင်းတည်း။

သူ့မိခင်ကို သူ တွယ်တာလှသည်။ သို့သော် မလွှဲသာ ခွဲခွာရမည်။

သူ့ချစ်သူကို သူ မြတ်နိုးလှသည်။ သို့သော် မတတ်နိုင်။ ဟုတ်သည်၊ မတတ်နိုင်။

လဖိုင်လတို့နှင့် လိုက်ပါရန် သူပြောပြီးပြီဖြစ်သည်။ ပြင်ဆင်ပြီး ဖြစ်သည်။ မနက်ဖြန် မနက်တွင် သူတို့ ခရီးထွက်ကြမည်။

လဖိုင်လတို့သည် ဤရွာမှာကြာရှည်စွာ အချိန်မဖြုန်းနိုင်။ ဤနယ်အတွင်း အသားဖြူတို့၏ သွားလာလှုပ်ရှားမှုကို လေ့လာပြီးသည်နှင့် တစ်ပြိုင်နက် ဤနယ်အတွင်းရှိ ကျေးရွာများကို လှည့်လည်၍ ကျူးကျော်မှုဆန့်ကျင်ရေး လှုံ့ဆော်စည်းရုံးပြီးသည်နှင့် တစ်ပြိုင်နက် သူတို့နယ်သို့ အလျင်အမြန် ပြန်ကြရမည်ဖြစ်သည်။

သူတို့နယ်သည် တိုက်ပွဲနယ်ဖြစ်သည်။ သူတို့နယ်သို့ ဝင်လာသော အသားဖြူများ မည်မျှ အင်အားကြီးမားသည်ဖြစ်စေ၊ မည်မျှ လက်နက်အင်အား ကောင်းမွန်သည် ဖြစ်စေ သူတို့က ခုခံတိုက်ခိုက်မြဲ ဖြစ်သည်။ ယခုလို မိုးမရှိသောကာလများတွင် အသားဖြူများသည် တောင်ပေါ်သို့ တက်လာတတ်ကြသည်။ ဤမှာဘက်သို့လာလျှင် သူတို့ဘက်သို့လည်း လာတန်သည်။ ဤဘက်က ဝေးခေါင်သည်။ သူတို့ဘက်က ပေါက်ရောက်လွယ်သည်။

ဘောင်ယိန်းသည် မိခင်၏ကိစ္စအတွက် ဆောက်တည်ရာ မရရှိစဉ်တွင် ပေါင်တစ်ပေါင် အတွက်ကြောင့် ဒဏ်တပ်ခြင်းခံရသောအခါ ရွာတွင် နေချင်စိတ်မရှိတော့။ နဂိုကတည်းကလည်း ဟိုဟိုသည်သည် သွားလိုသည်။ လူငယ်တို့ ဘာဝစွန့်စားလို၍လည်း ဖြစ်သည်။ အသစ်အဆန်းများ မြင်တွေ့လိုဟန်လည်း ဖြစ်သည်။ ဂလောင်းချန်းခေါ်ထံမှလည်း အခြားသော ဒေသများအကြောင်း၊ အမျိုးမျိုးသော တိုက်ပွဲများအကြောင်း ကြားထားရသည် မဟုတ်လား။

သည်လိုအခြေခံမျိုးတွင် လဖိုင်လတို့လူစုနှင့်တွေ့လိုက်ရသောအခါ ငုံနေသောပန်းဖူးသည် ရုတ်ချည်း ပွင့်လန်းခြင်း ရှိသွားသည်။ လဖိုင်လတို့၏ ပဒေသရာဇ်တော်လှန်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ အကြောင်း ကြားသိရသောအခါ သူ့မှာ များစွာ အားသစ်ရသည်။ နိုးကြားတက်ကြွရသည်။ သို့ဖြင့် သူသည် လဖိုင်လတို့နှင့် လိုက်ပါရန် ယတိပြတ် ပိုင်းဖြတ်သည်။ ဖွင့်ဟသည်။ စီစဉ်သည်။

မနက်ဖြန်တွင် ခရီးထွက်ကြရန်ဖြစ်သည်။ သို့သော် မိခင်နှင့် ချစ်သူအတွက် သူ့မှာ တအုံနွေးနွေး ရှိနေရသည်။ မိမိကိုယ်ကို မိမိသတ်ပုတ်လုံးထွေးနေရသည်။

နောက်ဆုံးတွင် သူသွားမည့်အကြောင်းကို မိခင်နှင့် ချစ်သူအား အသိမပေးရန်ဆုံးဖြတ်လိုက်သည်။ တိတ်တဆိတ် ထွက်ခွာသွားသည်က အားလုံးအတွက် အကောင်းဆုံးဖြစ်မည်ဟု ကောက်ချက်ချလိုက်သည်။

သို့သော် သူ၏ ကြံစည်မှုသည် အောင်မြင်ခြင်း မရှိချေ။ မမျှော်လင့်ဘဲနှင့် ဖုန်းမြော်နန် ရောက်လာသည်။ မထင်ဘဲနှင့် ပြဿနာတစ်ခု ပေါ်လာသည်။

ဖုန်းမြော်နန်က အရေးတကြီး စကားပြောလိုသည်ဆို၍ သူတို့ နောင်ယောခချောင်းကမ်းပါးသို့ သွားကြသည်။ သစ်ဝါမြစ်ပေါ်တွင် ထိုင်ကြသည်။

မကြာမီ နေကွယ်တော့မည်ဖြစ်သည်။ အနောက်ဘက်တောင်ထိပ်စွန်းနှင့် နိမ့်ဆင်းနေသော နေလုံး၏ အကွာအလှမ်းသည် မများလှတော့။

နေကွယ်တော့မည်ဆိုသည်နှင့် တစ်ပြိုင်နက် အေးချမ်းခြင်း စခန်းထလာသည်။ နှင်းပွင့်များ ခုန်မြူးလာသည်။ သို့သော် ဖုန်းမြော်နန်၏လက်ဖဝါးတွင် ချွေးစီးများ ပြန်နေသည်။

"နင် ဘာဖြစ်နေသလဲ"

ဘောင်ယိန်းက အလန့်တကြား မေးလိုက်သည်။ ထိုအခါမှ အမျိုးသမီးသည် ခေါင်းကိုမော့၍ ညှိုးငယ်သောမျက်နှာ၊ တိမ်ဝင်သော အသံဖြင့်...

"ငါတို့ ဘယ့်နှယ်လုပ်မလဲ"

"ဘာကိုလဲ"

"ငါတို့ ကွဲကြရတော့မယ်"

"ဘာပြုလို့လဲ"

ဘောင်ယိန်း ရင်ထိတ်သွားသည်။ သူလိုက်ပါသွားမည့်အကြောင်း သူမ သိချေပြီလော။

"နင်တို့ပြန်သွားတော့ အောင်သွယ်တွေလာတယ်"

"ကနေ့လား"

"အေး"

"ဘယ်ကလဲ"

"လဆိုင်းဒူဝါဆီကပေါ့"

"ကွမ်းဖိုးတွေ အများကြီးပေါ့"

"နင် ဒီလို မပြောပါနဲ့"

"နင့်မိဘတွေက လက်ခံလိုက်ပြီ မဟုတ်လား"

အမျိုးသမီးငြိမ်နေသည်။ အမှောင်ပျိုးလာပြီ။

"အားလုံး ကိစ္စပြီးနေပြီပဲ။ ငါ့ကို ဘာပြုလို့ လာပြောနေသေးသလဲ"
"နင် ဒီလို မပြောပါနဲ့"

သူတို့အနီးတွင် ဆိတ်တစ်ကောင် ရစ်ဝဲနေသည်။ ဘောင်ယိန်း လှန့်လိုက်မှ ထွက်ပြေးသည်။ ကျောက်သားပွပွများ ပဲ့ကြွေကြသည်။ ဘောင်ယိန်း သက်ပြင်းချသည်။ ပြီးမှ ဖျစ်ညှစ်၍ ပြောသောလေသံဖြင့်...
"ကောင်းပါတယ်။ ငါလည်း တခြားသွားတော့မှာပဲ"

ဖုန်းမြော်နန် ရုတ်ခနဲ ကိုယ်လှည့်သည်။

"နင် ဘယ်သွားမှာလဲ"
"ငါ ဒြေ့သည်တွေနဲ့ လိုက်သွားမယ်"
"ဘာလုပ်လဲ"
"အသားဖြူတွေကို တိုက်မလို့"
"နင်နဲ့ ဘာဆိုင်လို့လဲ"
"နင်လည်း နင့်အဖေလို ပြောတာပါပဲလား"
"နင် ဒီလို မပြောပါနဲ့"
"ငါ ဟုတ်တာ ပြောတာပဲ"

အမျိုးသမီးက လည်ဆွဲများ ကျိုးကျိုးကျည်ကျည် မြည်အောင် ခေါင်းယမ်းခါရင်း...

"နင် မသွားပါနဲ့"
"ငါမသွားလို့ ဘာလုပ်ရမလဲ"
"နင် ငါ့ကို မယူတော့ဘူးလား"
"ဘယ်လိုလုပ်ပြီး ယူမလဲ။ ငါက လဆိုင်းဒူဝါလောက် ကွမ်းဖိုးတင်နိုင်တာမှ မဟုတ်ဘဲ။ နောက်ပြီး ငါက နင့်အဖေကိုလည်း ဒဏ်ဆောင်ရဦးမှာ မဟုတ်လား"
"ဒါဖြင့် ငါတို့ တကယ်ကွဲကြပြီပေါ့"

အမျိုးသမီးက အားလျော့စကား ဆိုသည်။ သူက အမျိုးသမီး၏စကားကို မကြားဟန်ပြု၍ အဝေးသို့ ငေးမျှော်နေသည်။ သူ့မျက်နှာ တင်းမာလာသည်။ သူ့မျက်လုံးများ ဝင်းတောက်လာသည်။ မာကျောသော သစ်မြစ်တစ်ခုကို လက်သီးဆုပ်ဖြင့် ထုနေသည်။ နောက်ဆုံးတစ်ချက်ပြင်းပြင်း ထုလိုက်ပြီး...
"နင် ငါနဲ့ လိုက်ခဲ့ပါလား"

ဖုန်းမြော်နန် ကြီးကြည့်ကြောင်ကြည့် ဖြစ်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်ကိုလဲ"
"ဧည့်သည်တွေနဲ့အတူ"

သူမ ခေါင်းငုံ့သွားသည်။

"ဒါဆိုရင် ငါတို့ မကွဲတော့ဘူး။ လဖိုင်လတို့ရွာမှာ ဒူဝါ မရှိဘူး။ ဘယ်သူ့တောင်ယာကိုမှ လုပ်မပေးရဘူး။ ဘယ်သူ့ကိုမှ ပေါင်သားမပေးရဘူး။ အဲဒီမှာ ငါတို့ ပျော်ပျော်နေကြမယ်"

အမျိုးသမီး ခေါင်းမဖော်။

"နင် လိုက်မယ် မဟုတ်လား"

သူက အားတက်သရော မေးသည်။ ထိုင်ရာမှ ထသည်။ ဇုန်းမြော်နန် လိုက်ထသည်။ သို့သော် ဘာမှ မဖြေ။ တစ်ဖက်လူ ခပ်မဆိတ် ရှိနေသည်ကို မြင်သောအခါ သူဒေါပွသည်။

"နင်မလိုက်ဘူး မဟုတ်လား။ မလိုက်ရဲဘူး မဟုတ်လား။ ဘယ်လိုက်မလဲ။ နင်က ဒူဝါရဲ့မိန်းမ ဒူဂျန်ဖြစ်ချင်တာပဲ။ ကျွဲတွေ၊ နွားတွေ၊ ကျွန်တွေ၊ ရွှေတွေ အများကြီး လိုချင်တာပဲ။ နင်တို့က ကွမ်းဖိုးများများ တတ်နိုင်တဲ့လူဆိုရင် သဘောကျတာပဲ မဟုတ်လား။ ကောင်းပြီ၊ နေရစ်ခဲ့ပေါ့။ ငါသွားပြီ။ ငါ ဘယ်တော့မှ မလာဘူး"

ဘောင်ယိန်းသည် ယင်းသို့ အော်ဟစ်ပြောဆိုပြီးနောက် ထိုနေရာမှ ဝုန်းဝုန်းဒိုင်းဒိုင်း ထွက်ခွာသွားသည်။ ဇုန်းမြော်နန် ကျန်ရစ်သည်။ ရေခဲတောင်ကြီးပမာ မလှုပ်မယှက် ဖြစ်သည်။ သို့သော် မျှင်းမျှင်းလေး ရှိုက်ငိုနေသည်။

ဘောင်ယိန်းကမူ သူမ၏ ငိုရှိုက်သံကို မကြားတော့။ ဂရုမပြုတော့။

## အခန်း -၇၄-

သူတို့သည် ဘုန်းတန်ခိုးကြီးသော၊ အာဏာပြင်းပြသော၊ ဥစ္စာရတနာကြွယ်ဝသော မင်းတရားကြီး၊ မင်းမိဖုရား၊ မင်းညီမင်းသား၊ ဝန်ကြီးဝန်ငယ်၊ တပ်မှူးကြီး တပ်မှူးငယ်တို့ဖြင့် ဆက်ဆံရသည်က ဤမျှ အပန်းကြီးခြင်း၊ လက်ဝင်ခြင်း မရှိ။ ထိုသူများသည် အလွယ်နှင့် အလျှော့ပေးသည်။ အလွယ်နှင့် သစ္စာတော်ခံသည်။

သို့သော် မြန်မာဘုရင်နှင့် အုပ်ချုပ်သူများက ကျေးတော်မျိုး၊ ကျွန်တော်မျိုးများဟု သတ်မှတ်ထားသော၊ သူတို့အနေနှင့် လုံးဝ လူရာမသွင်း စာရင်းမတင်သော၊ လက်နက်ဟူ၍

MMCYBERMEDIA
COMMUNITY FOR ALL

မောင်းကျိုးမီးပျက်များသာရှိသော တိုင်းရင်းသားပြည်သူများနှင့် ရင်ဆိုင်ရသောအခါတွင်မှ သူတို့သည် မှန်းချက်နှင့် နမ်းထွက်မကိုက် ရှိရသည်။ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ရသည်။

လူသူအင်အား၊ လက်နက်အင်းအား၊ ငွေကြေးအင်အား၊ အမြောက်အမြားသုံး၍ ပရိယာယ်ဝေဝစ်များပြားစွာဖြင့် ဆယ့်ငါးနှစ်ကာလမျှ အပြင်းအထန်အားသွန်ခွန်စိုက် တိုက်ခိုက်ချေမှုန်းသည့်တိုင် မြန်မာတစ်ပြည်လုံးကို ကောင်းစွာ မစိုးပိုင်နိုင်သေးဘဲ ရှိနေသည်။ ဟိုနားသည်နားမှ ခုခံတိုက်ခိုက်မှုများ မပြတ်လို တွေ့နေရသည်။ အများပြည်သူတို့၏ အမျိုးချစ်သည့်စိတ်၊ နိုင်ငံချစ်သည့်စိတ်တို့ကို မချိုးနှိမ်နိုင်သေးဘဲ ရှိနေသည်။

အထူးသဖြင့် တောင်တန်းဒေသများ၊ နယ်ခြားဒေသများနှင့် ပတ်သက်၍ သူတို့ ဦးနှောက်ခြောက်ရသည်။ ယင်းဒေသများသည် တောတောင်ထူထပ်၍ ရာသီဥတုဆိုးရွားလှသဖြင့် အရောက်ပေါက်ခက်သည်။ သို့သော် ထိုဒေသများကိုလွှတ်ထား၍ မဖြစ်နိုင်။ ထိုဒေသများကို မရရှိသေးဘဲနှင့် မြန်မာပြည်ကို စိုးပိုင်နိုင်မည်ဟု မပြောနိုင်။ သူတို့၏ အုပ်ချုပ်မှုအာဏာသည်လည်း စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။

ယင်းဒေသများရှိ တိုင်းရင်းသားလူမျိုးအပေါင်းလောက်ကပင် သူတို့ကို ခုခံတိုက်ခိုက်ကြသည်။ မြေပြန့်ဒေသတွင် သူတို့အား နှစ်ပေါင်းများစွာ ခုခံတိုက်ခိုက်ခဲ့သူများလည်း ယခုအခါ ထိုဒေသများတွင် သွားရောက်ခိုလှုံနေကြသည်။ ဒေသခံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ သွေးစည်းညီညွတ်မှု ရယူပြီး အခြေစိုက်စခန်း တည်ဆောက်ကြသည်။ သူတို့ကို ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။ တိုက်ခိုက်ကြသည်။

နယ်စပ်အရေးကို ပြီးပြတ်အောင် ဖြေရှင်းနိုင်ခြင်းမရှိသမျှ တိုင်းပြည်တစ်ပြည်၏အချုပ်အခြာ အာဏာပိုင်ဆိုင်မှုသည် တည်တံ့ခိုင်မြဲခြင်း မရှိနိုင်ပါပေ။ ထိုအချက်ကို ကောင်းစွာသဘောပေါက်သည့် အလျောက် သူတို့သည် မြန်မာ-တရုတ် နယ်စပ်အရေးနှင့် ပတ်သက်ပြီး တရုတ်အစိုးရနှင့် စေ့စပ်ဆွေးနွေးခဲ့သည်။ (၁၈၉၇)ခုနှစ်၊ တရုတ်-အင်္ဂလိပ် သဘောတူညီမှုစာချုပ်ကို ချုပ်ဆိုခဲ့သည်။ နယ်စပ်ဒေသ သတ်မှတ်မှုများကို ပြုလုပ်ခဲ့သည်။ သို့သော် ယင်းစာချုပ်ကို လန်ဒန်နှင့် ပီကင်းက ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။ နယ်စပ်ဒေသ ဟိုဘက်ဒီဘက်မှ ပြည်သူလူထု၏ ဆန္ဒမပါရှိချေ။ ယင်းကြောင့်လွယ်ကူစွာ ထိရောက်အောင်မြင်ခြင်း မရှိချေ။

အမှန်တော့ ထိုဒေသတွင်ရှိ လူများသည် နယ်စပ်ဆိုသည်ကိုလည်း နားမလည်၊ နယ်ခြားဆိုသည်ကိုလည်း နားမလည်။ သူတို့နားလည်သည်မှာ သူတို့လူစုသည် ဤနယ်မြေတစ်ဝိုက်တွင် ဘိုးစဉ်ဘောင်ဆက် အတူတကွ နေထိုင်ခဲ့ကြသည်ဆိုခြင်း၊ တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံခြင်း၊ အချင်းများခဲ့ကြသည့် ကာလများ ရှိသလို အပြန်အလှန် ကူညီခဲ့သည့် အစဉ်အလာများရှိခြင်းတို့ကိုသာ နားလည်ကြသည်။ တကယ်တော့ သူတို့သည် ဆွေမျိုးမိတ်ဆွေများသာ ဖြစ်ကြသည်။

ယခုအခါတွင်လည်း သူတို့သည် တစ်နယ်နှင့်တစ်နယ် ကူးသန်းမြဲ၊ တစ်ဦးကိုတစ်ဦး ကူညီမြဲ။

(၁၈၉၇)ခုနှစ် သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီးသည့်တိုင် တောင်တန်းဒေသနှင့် နယ်စပ်ဒေသ အရေးအခင်းများသည် ပြီးပြတ်သွားခြင်း မရှိသေးပေ။ မြေပြန့်ဒေသမှ ခေါင်းဆောင်အများအပြားသည် တရုတ်ပြည်ဘက်တွင် အခြေစိုက်လျက် ရှိသည်။ တရုတ်တို့ကလည်း ပွင့်ပွင့်တစ်မျိုး၊ တိတ်တိတ်တစ်ဖုံ အားပေးကူညီလျက်ရှိကြသည်။ အချို့သော ခုခံတိုက်ခိုက်ရေးတပ်များသည် ဗန်းမော်၊ မြစ်ကြီးနား၊ ကသာ၊ မိုးကုတ်၊ မိုးကောင်း စသော မြို့ကြီးများနှင့် မဝေးကွာလှသော ကချင်တောင်တန်းများ၊ ရှမ်းတောင်တန်းများပေါ်တွင် အခိုင်အမာ အခြေစိုက်လျက် ရှိကြသည်။ လှည့်လည်လှုပ်ရှားလျက် ရှိသည်။

သို့ဖြင့် သူတို့သည် သွားခင်းလာခင်းကောင်းသည့် ဆောင်းကာလများတွင် တောင်ပေါ်တက်သည်။ နယ်စပ်သွားသည်။ ဥပါယ်အမျိုးမျိုးသုံး၍ တိုင်းရင်းသားများကို သိမ်းသွင်းသည်။

ယင်းအစီအစဉ်များအရပင် အစ္စတာဟတ်နှင့် တပ်ရင်းမှူးဗိုလ်ကြီးတေလာတို့ ခေါင်းဆောင်သော စစ်ကြောင်းတစ်ကြောင်းသည် (၁၉)ရာစုအကုန် (၂၀)ရာစုအဆန်းပိုင်းတွင် အင်မိုင်ခမြစ်ရိုးဒေသသို့ ရောက်ရှိလာကြသည်။ ယင်းစစ်ကြောင်းတွင် ဂေါ်ရခါးတပ်သား တစ်ရာခန့်ပါဝင်သည်။ မြေတိုင်းဌာန တာဝန်ခံတစ်ဦးနှင့် ထောက်လှမ်းရေးဌာန တာဝန်ခံတစ်ဦးလည်း ပါရှိသည်။

သူတို့၏ အဓိကတာဝန်မှာ (၁၈၉၇)ခုနှစ် သဘောတူညီမှု စာချုပ်အရ နယ်နိမိတ်အဖြစ် သတ်မှတ်ထားသော အင်မိုင်ခရေဝေကြောကို လေ့လာရန်ဖြစ်သည်။ နယ်မြေကို တိုက်ခိုက် သိမ်းပိုက်ထားရန် မဟုတ်ချေ။ ထို့ပြင် သူတို့သည် သူရဲကောင်းပီသလှသော ဤတောင်ပေါ်သားများကို အကြမ်းပတမ်းတိုက်ခိုက်၍ လွယ်ကူခြင်းမရှိသောအခါ ချော့မော့ခြင်း၊ နှစ်သိမ့်ခြင်း၊ ဖြားယောင်းခြင်း၊ မြှူဆွယ်ခြင်းများပြုရန် နည်းပရိယာယ် ပြောင်းလိုက်သည်။

သို့ဖြင့်သူတို့သည် စစ်ကြောင်းတစ်လျှောက်ရှိရွာများနှင့် ပဋိပက္ခမဖြစ်အောင် ကြိုးပမ်းသည်။ နားလည်မှု၊ ရင်းနှီးမှု၊ ကူညီမှုများရရှိရန် သူတို့ကြိုက်နှစ်သက်တတ်သော ပစ္စည်းများ လက်ဆောင်ပေးသည်။ ချိုသာသောစကားကို ဆိုသည်။ ယဉ်ကျေးသော အမူအရာကိုပြုသည်။ ဘုရာသခင်၏ အလိုတော်အရ၊ ဘုန်းတန်ခိုးကြီးမြတ်လှသော ဇာရီဘုရင်မကြီး အလိုတော်အရ တောင်ပေါ်ဒေသရှိ ညီရင်းအစ်ကိုများ၊ မောင်ရင်းနှမများကို ကူညီရန်အတွက် စောင့်ရှောက်ရန်လာသည်ဟု ပြောဆိုသည်။ ထို့အတူ သူတို့အပေါ် ကြောက်ရွံ့လေးစားမှု ရှိစေရန် သူတို့၏ လက်နက်ဆန်းများကို ပစ်ခတ်ပြသသည်။

မျက်နှာဖြူလေးဦး ခေါင်းဆောင်သော ကုလားတပ်ကြီးသည် ဘောင်ယိန်းတို့လူစု လဂျာကောင်သို့ မသွားမီ တစ်နေ့ကပင် နောင်ချောင်းကို ဖြတ်သွားကြသည်။ ထိုသတင်းသည် ဘောင်ယိန်းတို့ တက်နေစဉ်တွင် နောင်ယောသို့ ရောက်ရှိလာသည်။ သို့ဖြင့် ဘောင်ယိန်းသည် သူတို့နယ်သို့မျက်နှာဖြူများ ရောက်ရှိနေသည့် သတင်းကို ဖရောဘွန်းက ပြန်လာမှပင် ကြားသိရတော့သည်။ သို့သော် ဖရဲဘက်သို့ ခရီးဆက်သွားကြကြောင်း ဆိုသည်မှအပ ဘာမှ တိတိကျကျမသိရရှိသည်။

လဖိုင်လက အင်္ဂလိပ်စစ်တပ် ချီတက်သွားရာ လမ်းကြောင်းအတိုင်း နောက်ယောင်ခံလိုက်သွားအံ့ ဆိုသောအခါ သူအင်မတန် ဝမ်းသာသည်။ မျက်နှာဖြူများကို သူမြင်ဖူးချင်သည်။ သူတို့၏ လက်နက်ဆန်းများအကြောင်းကို သိချင်သည်။ သူတို့နှင့် စစ်ပွဲကြီးတစ်ပွဲ တိုက်လိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့ဖြင့် သူသည် သူတို့ခရီးထွက်ခွာရန် အချိန်ဖြစ်သည့် နောက်တစ်နေ့ မနက်သို့ မြန်မြန်ရောက်ရှိရန် ဆုတောင်းနေသည်။ မျက်နှာဖြူများနှင့် ရင်ဆိုင်လိုသည့် အကြောင်းအပြင် ဤရွာမှ အမြန်ထွက်ခွာလိုစိတ်ကြောင့်လည်း ဖြစ်သည်။ သူက မထွက်မီအတွင်း မိခင်နှင့်လည်း မတွေ့ချင်၊ ချစ်သူနှင့်လည်း မတွေ့ချင်။

သို့သော် သူ့ဆန္ဒမပြည့်ခဲ့။ ဖုန်းမြော်နန် ရုတ်ခြည်းရောက်လာသည်။ သစ်ဝါပင်အောက်သို့ သွားကြသည်။ အမျိုးသမီးထံမှ စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းစကား ကြားရသည်။ ဒေါသစကား ဆိုရသည်။ အောက်ချိုင့်သို့ အမျက်ဒေါသဖြင့် ပြန်ခဲ့သည်။

ဂလောင်းချန်းခေါ်အိမ်သို့ ရောက်သောအခါ သူ့မှာ အားတက်ရပြန်သည်။ သူမရှိစဉ်အတွင်းတွင် သူတို့ သတင်းကောင်းတစ်ခု ရရှိထားသည်။ ယင်းကား အခြားမဟုတ်။ ဖရဲတွင် အင်္ဂလိပ်တပ်များကို ဒေသခံများက တရုတ်တပ်နှင့် ပူးပေါင်း၍ တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ပထမတွင် အင်္ဂလိပ်တို့သည် တိုက်ပွဲကို ရှောင်ရှားသေးသည်။ သို့သော် သူတို့ အခြေအနေ ဘေးကျပ်နံကျပ် ဖြစ်သည်။ သူတို့ရှေ့မှ တရုတ်တပ်သား သုံးရာခန့်နှင့် တိုင်းရင်းသားအချို့က ကာဆီးထားသည်။ သူတို့နောက်ဘက်တွင် တိုင်းရင်းသားများက လူအင်အားစု၍ တရုတ်လက်နက်ကိုင်အချို့နှင့် အတူ ပြန်လမ်းကို ပိတ်ဆို့ထားသည်။ သူတို့ ခြေလှမ်းတစ်ချက်မှားလျှင် ထိုနေတွင် တပ်လုံးပျောက်သွားမည်။ တရုတ်တပ်များကို ဖယ်ရှားပေးရန် သူတို့ သွေးဆောင်သည် မရ။ နောက်ဆုံးတွင် တိုက်ရသည်။ နစ်ဖက် အကျအဆုံးများသည်။ သို့သော် သူတို့သည် နောက်ဘက်မှ တိုင်းရင်းသားများနှင့် မတိုက်မိအောင် ရှောင်ရှားပြီး အလျှင်အမြန် ဆုတ်ခွာသွားသည်။

အလျှင်အမြန်ဆိုသည်မှာ စကားအရသာ ဖြစ်သည်။ တကယ်တော့မူသူတို့သည် နယ်မြေမကျွမ်းကျင်မှု၊ ရေမြေကြမ်းတမ်းမှု၊ ရာသီဥတု ဆိုးရွားမှုကြောင့် ခရီးမတွင်ချေ။ အချို့နေရာများတွင် တစ်နေ့လျှင် ခရီး နှစ်မိုင်သုံးမိုင်မျှသာ အနိုင်နိုင် ပေါက်ရောက်သည်။

သူတို့သည် အပြန်ခရီးတွင် ရွာများကို မတွေ့အောင် ရှောင်ရှားသည်။ တွေ့လျှင်လည်း မိတ်ဖွဲ့သည်။ ခုခံတိုက်ခိုက်မည့်အသွင်ရှိလျှင် အလျော့ပေး ကွင်းရှောင်သွားသည်။

အင်္ဂလိပ်တပ် ပြန်လည်ဆုတ်ခွာလာပြီဆိုသော သတင်းကို ကြားရသောအခါ လဖိုင်လသည် နယ်မြေလူထုကို စည်းရုံး၍ လမ်းဖြတ်တိုက်ပွဲများ ဆင်နွှဲရန် စိတ်အားထက်သန်လျက် ရှိတော့သည်။ သို့ဖြင့် သူသည် နောင်ယာဒူဝါနှင့် ထပ်မံဆွေးနွေးသည် မရချေ။ သို့သော် လဖိုင်လ အားမလျော့။ အခြားရွာများကို ဆွေးနွေးမည်။ မရလျှင် သူတို့လူစုနှင့် သူတို့ပင် တစ်ပွဲနှစ်ပွဲ စမ်းမည်ဟု ပိုင်းဖြတ်ထားသည်။

ယင်းအတွက် ဘောင်ယိန်းများစွာ အားတက်နေသည်။ သူသည် အသားဖြူများနှင့် ရင်ဆိုင်ရတော့မည်။ သူတို့လက်နက်ဆန်းများအကြောင်း သိရတော့မည်။ လဖိုင်လ၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် တိုက်ပွဲတစ်ပွဲ ပါဝင်ဆင်နွှဲရတော့မည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိခင်ကို သူ မေ့သည်။ ချစ်သူကို သူ မေ့သည်။ သစ်ဝါပင်အောက်တွင် ချစ်သူနှင့် အချင်းများခဲ့ရသည်များ၊ စိတ်နောက်ကျိခဲ့ရသည်များ ပျောက်လွင့်ကုန်ချေပြီ။

နောက်တစ်နေ့မနက်တွင် စီစဉ်သည့်အတိုင်း သူတို့ ခရီးထွက်ကြသည်။ လဖိုင်လတို့ လာစဉ်က ငါးယောက်ဖြစ်သည်။ အပြန်တွင် ဘောင်ယိန်းတစ်ယောက် တိုး၍ ခြောက်ယောက်ဖြစ်သည်။

လဖိုင်လတို့နှင့်အတူ ဘောင်ယိန်းလိုက်ပါမည်ကို တစ်ရွာလုံးသိပြီး ဖြစ်သည်။ နောင်ယောဒူဝါလည်း သိသည်။ သို့သော် ဒူဝါကြီးသည် သူ၏ နယ်သူနယ်သားတစ်ယောက် လျော့သွားသည့်အတွက် တစ်စုံတစ်ရာ ဟန့်တားခြင်း မပြုချေ။ သူ့အား ပေးရန်ရှိသော ဒဏ်ပစ္စည်းများ ပေးဆောင်မသွားခြင်းအတွက်လည်း ကန့်ကွက်ပြောဆိုခြင်းမရှိချေ။ အမှန်တော့ လဖိုင်လတို့နှင့်အတူ ဘောင်ယိန်း လိုက်ပါသွားသည့်အတွက် ဒူဝါကြီး ဝမ်းသာကျေနပ်လျက်ရှိချေသည်။

အကြောင်းမှာ ရှင်းသည်။ ဘောင်ယိန်းသည် သူ့အတွက် အန္တရာယ်တစ်ကောင် ဖြစ်သည်။ သည်ကောင်ကလေးသည် ငယ်ငယ်ကတည်းက ကိုးလိုးကန့်လန့်ဖြစ်သည်။ တဇောက်တိ၊ တဇောက်ကန်း ဖြစ်သည်။ သူ့ကို ဂလောင်းချန်းခေါ်က မြှောက်ပေးနေသည်။ ကြာလျှင် သည်ကောင်ကလေး သူပုန်ဖြစ်လာမည်။ သူ့အလုပ်များကို နှောင့်ယှက်မည်။ သူ့အကျိုးကို ဆန့်ကျင်မည်။ နောက်ဆုံးတွင် အတိအလင်း ပုန်ကန်ပေလိမ့်မည်။ ထိုအခါ နောင်ယောခသည် သွေးခြင်းခြင်း နီပေလိမ့်မည်။ သည်ကောင်ကလေး မရှိမှ ကောင်းချေမည်။

သည်ကောင်ကလေးသည် သူ့ကို အမျိုးမျိုးဒုက္ခပေးမည့် ကောင်ကလေး ဖြစ်သည်။ အထူးသဖြင့် သူ့သမီးအငယ်နှင့် ပတ်သက်၍ ဖြစ်သည်။ ကောင်မကလေးကလည်း ခက်သည်။ သည်ကောင်ကလေးကိုမှ တန်းတန်းစွဲဖြစ်နေသည်။ ကွမ်းဖိုးဟူ၍ ဓားတစ်စင်း၊ မောင်းတစ်လုံးမှ ကောင်းကောင်းတင်နိုင်မည့်သူ မဟုတ်။ သူ့ဓားသည် အသွားခွေလိပ်၍ မောင်းသည် အသံကွဲအက်ခြင်း ရှိပေလိမ့်မည်။ သည်ကောင်ကလေး မရှိမှသာ သူ့သမီးကို အိမ်ထောင်ကောင်းစွာ ချထားနိုင်မည် ဖြစ်သည်။ သမီးအကြီးသည် လဂျာကောင်ဒူဂျန်ဖြစ်ပြီး၊ သမီးငယ်က လဆိုင်းဒူဂျန်ဖြစ်လေသောအခါ ဤကမ္ဘာတွင် သူ့ကို မည်သူ ယှဉ်ပြိုင်နိုင်ချေဦးမည်နည်း။ သည်တော့ သွားပစေ။ သည်ကောင်ကလေး မြန်မြန်သွားပစေ။ ဩြောင်း နမောနှင့် ပရမည်။

ယင်းကြောင့်ပင် နောင်ယောဒူဝါသည် လဖိုင်လတို့လူစု သူ့အိမ်နှင့် မလှမ်းမကမ်းမှ ဖြတ်သွားသည်ကို မြင်ပါလျက်နှင့် မမြင်ဟန်ပြုသည်။

ဘောင်ယိန်းကလည်း ဒူဝါ၏အိမ်ဘက်သို့ မကြည့်ဟု ပိုင်းဖြတ်ထားဟန် ရှိသည်။ ခေါင်းမော့၍ ခပ်သုတ်သုတ် လျှောက်သွားသည်။ သို့သော် အတန်ငယ်လွန်သောအခါ သူ ခေါင်းငဲ့စောင်းသည်။ ဇုန်းမြော်နန်၏ အရိပ်အယောင်ကို မမြင်ရသောအခါ သူ့မျက်နှာအိုသွားသည်။

ကိုယ်က မတွေ့ချင်ဟု ပိုင်းဖြတ်ထားသော်လည်း တစ်ကယ်မတွေ့သောအခါတွင်ကား စိတ်ထဲတွင် တစ်မျိုး။ ကြေကွဲသလို။ မျက်မာန်ပွားသလို။ မိမိက အဘယ်မျှ လျို့ဝှက်ခြင်း၊ ဖုံးကွယ်ခြင်း ရှိစေကာမူ သူတို့ကတော့ မိမိကို ရှာဖွေခြင်း၊ တောင်းပန်ခြင်း ပြုသင့်သည်ဟု ထင်မိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခုတော့ မည်သူ့ကိုမျှ မတွေ့ရ။ ရွာအလယ်မှ သူတို့လျှောက်ခဲ့သည်။ မိခင်ကိုလည်း မမြင်ရ။ ချစ်သူကိုလည်း မမြင်ရ။ မိခင်ကို မတွေ့မြင်ရခြင်းအတွက် ဖြေသာသည်။ မိခင်သည် မိမိကို ပြောမရမည်ကို သိ၍ ချောင်တစ်ချောင်တွင် ကျိတ်၍ ငိုကြွေးနေပေလိမ့်မည်။ ချစ်သူကျတော့ ထိုသို့မဟုတ်တန်ရာ။ မိမိအပေါ်တွင် အပြီးအပိုင် ပြတ်တောင်း၍သာ ဖြစ်ရမည်။ မြောက်မြားစွာသော ကွမ်းဖိုးကို မက်မော၍သာ ဖြစ်ရမည်။

ကောင်းပြီ။ သည်သို့ဆိုလျှင် သူကလည်း ပို၍ ပြတ်ရမည်။ ဘယ်တော့မှ မတွေ့။ ဘယ်တော့မှ ရွာမပြန်။ ဘယ်တော့မှ ဘာမှ မပြု။

ယင်းသို့စိတ်နိုင်နိုင် ပိုင်းဖြတ်လိုက်စဉ်မှာပင် နောက်ဘက်မှ ဆူဆူညံညံအသံများ ကြားရသည်။ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ လူအများပြေးလွှားနေကြသည်။ နောင်ယောခသို့ ဦးတည်သည်။ သူတို့ပါးစပ်မှ အထိတ်တလန့်ဟစ်အော်ကြသည်။ သဲကွဲစွာ မကြားရ။ သို့သော် ဖုန်းမြော်နန်နှင့် ပတ်သက်သည်ဟု ထင်သည်။ နားထဲတွင် ဖုန်းမြော်နန်ဟူသော အသံများ မသဲမကွဲကြားသည်။

ဘောင်ယိန်း တစ်ရှိန်ထိုးပြေးသည်။ ရှေ့မှ ပြေးနှင့်သူများကို အမီလိုက်သည်။ တိုးဖြတ်သည်။ ကျော်လွန်သည်။ သည်လိုနှင့် တောင်အောက်သို့ ရောက်သွားသည်။ ချောင်းရေစပ်သို့ ရောက်သွားသည်။ ထိုတွင် လူသုံးလေးယောက်ရှိသည်။ တစ်စုံတစ်ခုကို ဝိုင်းငုံ့ကြည့်နေကြသည်။

ဘောင်ယိန်း ပြေးဝင်ကြည့်သည်။ ရင်တွင် အလုံးဆို့ရသည်။

ဖုန်းမြော်နန်သည် မညီညာသော ကျောက်တုံးကျောက်ခဲများပေါ်တွင် ခွေစောင်းစောင်းကလေး ဖြစ်နေသည်။ ပါးစပ်မှ သွေးများ ယိုစီးကျနေသည်။ မျက်လုံးနှစ်ခုသည် ကျွတ်ထွက်လုပမာ ပြူးကြောင်နေသည်။ တစ်ချိန်က လှပခဲ့သော ဖုန်းမြော်နန်သည် ယခုအခါ ရုပ်ပျက်ဆင်းပျက်နှင့် အသက်မရှိချေပြီ။

ချောက်ကမ်းပါးကို ဘောင်ယိန်း မော့ကြည့်သည်။ မတ်စောက်သည်။ ဝါး နှစ်ပြန်ခန့် မြင့်သည်။ ကမ်းပါးစွန်းတွင် ယခုပင် ပြိုလဲတော့မည့်အသွင်ရှိသော သစ်ဝါပင်ကြီး ရှိသည်။ သူ၏ ဘူမိနက်သန်။ သူတို့နှစ်ဦး၏ မေတ္တာဗိမာန်။ ဖုန်းမြော်နန်သည် ထိုမည်သော သစ်ဝါပင်ကြီးပေါ်တွင် ခြေစုံရပ်၍ မျက်လုံးကိုမှိတ်ကာ ခုန်ချလိုက်ကြောင်း ထင်ရှားသိသာသည်။

တဖြည်းဖြည်း လူတွေများလာသည်။ တိုးဝေ့ကြသည်။ တစ်ယောက်တစ်ပေါက် ပြောကြသည်။ ဘောင်ယိန်းသည် အတန်ကြာ ငေးငိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။ နောင်ယောဒူဝါကို မြင်၍ ဖြစ်သည်။ ဓားကို အိမ်မှ ချွတ်လိုက်သည်။ လူအများ ရှဲသွားသည်။

ထိုစဉ်တွင် သူ့ကို လူတစ်ယောက် သိုင်းဖက်သည်။ သူ ရုန်းဆောင့်သည်။ မလွတ်မပြေ။ ထိုသူ၏ သိုင်းဖက်မှုသည် အသာအယာမျှသာ ဖြစ်သော်လည်း မြဲမြဲလှသည်။ ထိုသူကို မျက်လုံးထောင့်မှ ကြည့်သည်။ မဂမ်ဖြစ်သည်။ မဂမ်က သူ့ကို စာနာသော မျက်လုံးစုံဖြင့် ကြည့်နေသည်။ သူ့အကြည့်တွင်

MMCYBERMEDIA
COMMUNITY FOR ALL

တည်ငြိမ်လေးနက်မှုနှင့် ပြတ်သားရဲရင့်မှုများ ပါဝင်သည်။ သို့ဖြင့် ဘောင်ယိန်းသည် မဂမ်ဆွဲခေါ်သို့ ငြိမ်သက်စွာ လိုက်ပါသွားတော့သည်။

## အခန်း -၇၅-

ဤနေရာမှ သူတို့ စောင့်ခဲ့ကြသည်မှာ တစ်နေ့နှင့် တစ်ည ရှိချေပြီ။ သို့သော် သူတို့၏ စိတ်များတွင်မူ နှစ်ပေါင်းများစွာ ကြာမြင့်သည်ဟု အောက်မေ့သည်။ သူတို့ စောင့်မျှော်နေသော သားကောင်မှာ ရောက်လာခဲလေ အချိန်ကြာမြင့်လေဟု အောက်မေ့သည်။

လဖိုင်လတို့သည် နောင်ယောမှ ထွက်ခဲ့ပြီးနောက် အနီးအနား ရွာသုံးလေးရွာသို့ လှည့်လည်သည်။ ကိုယ့်ကိုယ်ကိုယ် အသက်ကြီးပြီဟု ပြောဆိုနေသောအဘိုးကြီး ဂလောင်းချန်းခေါလည်း လိုက်ပါလာသည်။ ဂလောင်းချန်းခေါသည် ဘောင်ယိန်းအပေါ်တွင် သံယောဇဉ် မပြတ်နိုင်သလို လဖိုင်လအပေါ်တွင်လည်း သံယောဇဉ်ရှိနေသည်။

သူလည်း ဘောင်ယိန်းတို့ အရွယ်သာသာက ဤရွာမှ ထွက်ခွာခဲ့ဖူးသည်။ နယ်ပေါင်းစုံ၍ လူပေါင်းစုံနှင့် တွေ့ကြုံသိကျွမ်းခဲ့ရသည်။ အဆုံးတစ်ချိန်တွင် သူ့ထက် အသက်အနည်းငယ်ကြီးသော လူရွယ်တစ်ဦးနှင့် ညီရင်းအစ်ကိုတမျှ ခင်မင်ရင်းနှီးခဲ့ရသည်။ ထိုသူကား လဖိုင်လ၏ ဖခင်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ပဒေသရာဇ်စနစ်ကို တိုက်ခိုက်တွန်းလှန်သော ဂွမ်လောင် ဂွမ်ဆာ အရေးတော်ပုံတွင် ပါဝင်ခဲ့သည်။ မြန်မာမင်းမြို့တော်သို့ ရောက်ဖူးသည်။ မြန်မာ-အင်္ဂလိပ် ဒုတိယစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ဖူးသည်။ နောက်ဆုံးတွင် မြန်မာဘုရင်ကို ခုခံတိုက်ခိုက်သော ပုန်ကန်မှုတစ်ခုတွင် ပါဝင်ပြီး အရေးနိမ့်သောအခါတွင် တောင်တန်းဒေသသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ သူတို့နှစ်ဦး ကျောက်စိမ်း တူးသည်။ ရွှေကျင်သည်။ တောလိုက်သည်။ တောင်ယာစိုက်သည်။

သည်အတွင်းတွင် သူ၏ ရောင်းရင်းသည် အိမ်ထောင်ကျခဲ့သည်။ လဖိုင်လကို ရသည်။ လဖိုင်လသည် သူ့မျက်စိအောက်မှာပင် ကြီးပြင်းလာသည်။ ထိုသူငယ် အရွယ်ရောက်မှ ဂလောင်းချန်းခေါ နောင်ယောသို့ ပြန်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြင့် သူသည် လဖိုင်လနှင့် မခေါင်ညွယ် ဆိုသော ကလေးမကလေးတစ်ယောက် တတွဲတွဲ လုပ်နေသည်ကို သတိရ၍ တွေ့စနေ့က အိမ်ထောင်မကျသေးဘူးလားဟု မေးခဲ့ခြင်း ဖြစ်သည်။

ယင်းသို့သော အကြောင်းများကြောင့်ပင် ဘိန်းခင်းများ အကြားတွင် ခေါင်းအေးအေးချလိုပြီ ဆိုသော ဂလောင်းချန်းခေါသည် မိမိ၏ စိတ်ဆန္ဒ မည်သို့ပင်ရှိစေ၊ သားပမာဖြစ်သူနှင့် မြေးပမာဖြစ်သူ နှစ်ဦးကို မျက်နှာလွှဲခဲပစ် မပြုသင့်ဟု ယူဆပြီး အတူလိုက်ပါလာခြင်း ဖြစ်သည်။ ဤတောတောင်တစ်ဝိုက်သည် သူ၏ အခြေခံနယ် ဖြစ်သည် မဟုတ်လား။

MMCYBERMEDIA
COMMUNITY FOR ALL

သို့တစေလည်း သူတို့သည် မည်သည့် ရွာတွင်မျှ ထိရောက်သောအကျိုးကို မရရှိချေ။ သူတို့လူမျိုးသည် မြွေပွေးနှင့် တူသည်။ ကိုယ့်ကို မထိလာသ၍တော့ အေးအေးနေမည် ဖြစ်သည်။ ထိပါးလာလျှင်တော့ ပါးပျဉ်းထောင်ထောင် အစွယ်ဖွေးဖွေး။

သူတို့ ရောက်ရှိသွားသောရွာများ အားလုံးကပင် တစ်သံတည်းပြုကြသည်။ အသားဖြူများသည် ရပ်ဝေးက ရောက်လာသောဧည့်သည်များ ဖြစ်ကြသည်။ ဧည့်သည်ကို ဧည့်ဝတ်ပြုရသည်မှာ သူတို့၏ ယဉ်ကျေးမှု အစဉ်အလာ။ ထိုဧည့်သည်သည် စော်ကားခြင်း မပြုသမျှ သူတို့၏ ဝလေ့ထုံးတမ်းများကို ချိုးဖောက်ခြင်း မပြုသမျှ သူတို့၏ ရန်သူ မဟုတ်ချေ။

ယခုအထိတော့ အင်္ဂလိပ်တပ်သည် သူတို့ကို စော်ကားခြင်း ရန်စခြင်း မပြုချေ။ လက်ဆောင် ပဏ္ဏာများသာ ပေးကမ်းသည်။ သို့ဖြင့် သူတို့ကလည်း လက်ဆောင်တုံ့ပြန်ရမည်။ ဧည့်ဝတ်ကျေရမည်။ တတ်နိုင်သမျှ ကူညီရမည်။ နောင့်ယှက်တိုက်ခိုက်ဖို့ လုံးဝ မဟုတ်။

နောက်ဆုံးတွင် သူတို့သည် မကျေနပ်ခြင်း၊ ကရုဏာဒေါသ ဖြစ်ရခြင်းတို့ဖြင့် နယ်မြေလုထုကို စည်းရုံးရေးဟူသော လုပ်ငန်းစဉ်ကို လက်လွှတ်လိုက်ရသည်။ အင်္ဂလိပ်တပ်များကို နေရာကောင်းမှ စောင့်ကြို၍ သူတို့ကသာ ချုံခိုတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ဖြင့် သူတို့သည် မလိခ ကြိမ်တံတားထိပ်မှနေ၍ ရန်သူရောက်အလာကို စောင့်ဆိုင်းနေခဲ့ကြခြင်း ဖြစ်သည်။ မည်သည့်နည်းနှင့်မဆို ရန်သူများသည် ဤတံတားကို ဖြတ်ကူးရမည် ဖြစ်သည်။

ဤနေရာသည် ရန်သူကို တိုက်ခိုက်ရန် အကွက်အကွင်း အကောင်းဆုံး ဖြစ်သည်။ ကြိမ်တံတားက ရှည်လျားသည်။ ယိမ်းထိုးသည်။ သွားနေကျသူများပင် အလွယ်တကူ မကူးဖြတ်နိုင်။ ဟန်ချက်ပျက်လျှင် အသက်ထွက်ပြီပဲ။

အင်္ဂလိပ်တပ်များ ဤတံတားကို ကူးဖြတ်နေစဉ် သူတို့က ရှောင်တခင် တိုက်ခိုက်ပြီး လျှပ်တစ်ပြက် ဆုတ်ခွာသွားရန် ဖြစ်သည်။ အတွေ့အကြုံ ရင့်ကျက်လှပြီဖြစ်သော လဖိုင်လသည် တိုက်ပွဲအစီအစဉ် အသေးစိတ် ချမှတ်သည်။ သူတို့သည် ဒူဝါများနှင့် ရွာသားအများကို စည်းရုံး၍ မရရှိသော်လည်း စိတ်အားထက်သန်သော လူငယ်ခြောက်ဦးကိုကား သိမ်းသွင်းနိုင်ခဲ့သည်။ သို့ဖြင့် သူတို့၏ လူအင်အားသည် ဆယ့်သုံးယောက် ဖြစ်သည်။ လက်နက်အင်အားမှာ ဗထက်မြိုက်နှစ်လက်၊ တူမီးခြောက်လက်နှင့် ဓားလှံဒူးလေး ကိုယ်စီ။ လဖိုင်လ၏ အစီအစဉ်မှာ ချောင်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်တို့တွင် လူခွဲ၍နေရန် ဖြစ်သည်။ ရန်သူတစ်ဝက် ချောင်းကို ဖြတ်ကူးမိချိန်တွင်မှ ချောင်းနှစ်ဖက်နှင့် ချောင်းအလယ်ရှိ ရန်သူများကို အနီးကပ် ဝိုင်းဝန်းပစ်ခတ်ကြရန် ဖြစ်သည်။ ရန်သူလာမည့် တံတားထိပ်တွင် သူနှင့် လူလေးငါးယောက် ရှိနေမည်။ လက်နက်အင်အားမျှစေရန် ဗထက်မြိုက်သေနတ်ရှိသော မဂမ်က တစ်ဖက်ထိပ်တွင် ရှိရမည်။ အတွေ့အကြုံနှင့် ညွှန်ကြားမှုအတွက် ဂလောင်းချန်းခေါ်သည် မဂမ်နှင့်အတူ ရှိရမည်။ ဘောင်ယိန်းသည် ဆန္ဒအလျောက် မဂမ်နှင့် အတူနေသည်။ လဖိုင်လက စတင် ပစ်ခတ်မှ အားလုံး ပစ်ခတ်ရန် ဖြစ်သည်။ လဖိုင်လက အချက်ပေးပစ်ခတ်ခြင်း မပြုသမျှ မည်သူကမျှ ရန်သူကို စတင် တိုက်ခိုက်ခြင်းမပြုရန် တင်းကျပ်စွာ အမိန့်ထုတ်ထားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘောင်ယိန်းသည် မုဆိုးကောင်းတစ်ယောက် ဖြစ်၍ သားကောင်ကို စိတ်ရှည်စွာ စောင့်ဆိုင်းတတ်ခြင်း၊ လျှို့ဝှက်တိတ်ဆိတ်စွာ ချောင်းမြောင်းတတ်ခြင်း အလေ့အကျင့်ကား ရှိပါသည်။ သို့သော် တိုက်ပွဲအတွေ့အကြုံ မရှိဖူးဘူးသဖြင့် တိရစ္ဆာန်များအစား လူများကို ချောင်းမြောင်းပစ်ခတ်ရသောအခါတွင် မည်သို့ ရှိလေမည်နည်း။ အသားဖြူတို့၏သွေးသည် တကယ်ပင် နီချေသည်လော။ သို့မဟုတ် သူတို့၏ အသားအရေကဲ့သို့ပင် ဖွေးဖွေးဖြူချေသည်လော စသည့်သိလိုစိတ်များဖြင့် စိတ်လှုပ်ရှားနေသည်။ ဂနာမငြိမ် ဖြစ်နေသည်။ စိတ်တည်ငြိမ်စွာထားရန် ဂလောင်းချန်းခေါ်နှင့် မဂမ်က သူ့ကို မကြာခဏ သတိပေးကြရသည်။

တစ်မျိုးတော့ ကောင်းသည်။ တိုက်ပွဲတွင် အာရုံကပ်နေသဖြင့် မိခင်နှင့် ချစ်သူတို့၏ အဖြစ်ကို မြေသိမ့်နိုင်ခြင်း ရှိသည်။ မိခင်အတွက်လည်း သူ့စိတ်ထဲတွင် နာကြည်းသည်။ ချစ်သူနှင့် စပ်လျဉ်း၍လည်း သူ့ရင်ထဲတွင် ဆို့နင့်သည်။ သို့သော် သူသည် ငေးမှိုင်တွေဝေခြင်း မဖြစ်ဘဲ အသားဖြူများနှင့် ကုလားများကို စေ့စေ့ညက်ညက် ချေမှုန်းပစ်ရန်သာ ထက်သန်နေသည်။

လဖိုင်လ၏ အစီအစဉ်မှာ တံတား၏ သည်ဘက်ထိပ်တွင်ရှိသူ ခုနစ်ဦးအနက် အသက်အရွယ်ကြီးသော ဂလောင်းချန်းခေါ်ကို ဖယ်လိုက်ပြီး ကျန်ခြောက်ယောက်က နှစ်ယောက်တစ်တွဲပြုကာ တစ်လှည့်စီ ကင်းတာဝန်ယူဖို့ ဖြစ်သည်။ ကင်းလှည့်မကျသူများသည် နားနိုင်သည်။ စားနိုင်သည်။ အိပ်နိုင်သည်။

သို့သော် ဘောင်ယိန်းသည် နားခြင်း၊ စားခြင်း၊ အိပ်ခြင်း မရှိသလောက် ဖြစ်သည်။ ကိုယ့်တာဝန်ကျသည်တွင်ရော မကျသည်တွင်ရော နားစိုက်စိုက် စွင့်သည်။ တောန့်ခံသည်။ ကြိမ်တံတားတစ်လျှောက်နှင့် တစ်ဖက်ကမ်းထိပ်ကို မမှိတ်မသုန်ကြည့်သည်။

တစ်နေ့နှင့် တစ်ညသာ အချိန်ကြာမြင့်ခဲ့သည်။ ဆိုးသွမ်းသော အင်မိုင်ခရေသံမှတစ်ပါး အခြား မကြားရ။ ထုံမွှေးသော သင်းရနံ့များမှတစ်ပါး အခြား မရှိက်ရှူရ။ ကြိမ်တံတားသည် ငြိမ်နေသည်။ မည်သို့သော သက်ရှိအရာသည်မျှ ဖြတ်လျှောက်လာခြင်း မရှိ။ နေ့၏ အလယ်ပိုင်းကာလမှတစ်ပါး တံတားကို အစအဆုံး မမြင်ရ။ နှင်းပွင့်များအကြားတွင် ရေးရေးမြုပ်ဝင်နေသည်သာ ဖြစ်သည်။ နံနက်စောစောပိုင်းနှင့် ညနေချုပ်ချုပ်ပိုင်းများတွင်မူ တံတားသည် ပျောက်ကွယ်လုမတတ် ဖြစ်သည်။ ညအခါမူ ပြောဖွယ် မရှိတော့။

သို့သော် သူတို့လာလျှင် ညအခါတွင် လာချေမည်လည်း မဟုတ်။ မိုးချုပ်ချုပ်နှင့် နံနက်စောစောတွင်လည်း ကူးဖြတ်ကြအံ့ မထင်။ နှင်းကွဲစလောက်တွင်မှ ရောက်ကြအံ့ ထင်သည်။ သူတို့ တွက်ကိန်းအရဆိုလျှင် ယနေ့နံနက် အလင်းရောင်ကောင်းချိန်လောက်တွင် သူတို့ ပေါက်လာရမည် ဖြစ်သည်။

ယခုတော့ မြင်ကွင်းပြန့်ဝေးခြင်း ရှိရုံမျှမက နေရောင်ပင် နွေးနွေးတောက်လျှက်ရှိသည်။ တံတား၏ ဟိုဘက်ထိပ်ကို မြင်ရရုံမျှမက တံတားသို့ လာရာလမ်းဖြစ်သော တောင်ကြားကွေ့သည်ပင်

MMCYBERMEDIA
COMMUNITY FOR ALL

ရေးရေးထင်နေသည်။ သူတို့၏ နောက်ဘက်ကိုကြည့်လျှင် ဖရောဘွန်းတောင်ထိပ်ကို နေရောင်တွင် ငွေရောင်လက်လက်တွေ့ရသည်။

သည်လိုနှင့် သူတို့ စောင့်ဆိုင်းခဲ့ကြပြန်သည်။ တောင်ခိုးများ တက်လာပြီး ဖရောဘွန်း တောင်ထိပ်သာ ပြန်လည် ပျောက်ကွယ်သွားတော့သည်။ တံတားသို့ လာရာလမ်းဖြစ်သော တောင်ကြားကွေ့သည်သာ ဖြူမှိုင်း၍ သွားချေတော့သည်။ လက်နက်ဆန်းများ ကိုင်ဆောင်အပ်သော ကုလားတပ်ကား ရောက်လာခြင်းမရှိချေ။

"သူတို့ ဒီဘက်ကို မဖြတ်ဘဲ ချီပွေခဘက် ဆင်းသွားရင်ကော ကျုပ်တို့ ဘယ်လိုလုပ်မလဲအေး"

ဒွိဟစိတ်ဖြင့် ဘောင်ယိန်းမေးသည်။

"ချီပွေခဘက်ကို ဆင်းမှာဆိုရင် ချီနောင်ကို သူတို့ရောက်လာပါ့မလား။ မြတ်ဖျော်ကို တစ်ခါတည်း သွားမှာပေ့ါ"

ဂလောင်းချန်းခေါက စိတ်တိုသည့်ဟန်ဖြင့် မာမာပြတ်ပြတ် ပြန်ပြောသည်။

"သူတို့ ချီနောင်ကို ရောက်တယ်ဆိုတာ တကယ်ပဲလား"

ဘောင်ယိန်းက မကျေနပ်ဟန်ဖြင့် ထပ်ဆင့်သည်။

"တစ်နေ့က တို့ဆီကို လာပြောတာ ချီနောင်က လူပဲ"
"သူ့ကို ကျုပ် မတွေ့လိုက်ဘူး"
"သူ့ကို ငါ တွေ့လိုက်တယ်"

ဤတွင် မဂမ် ကြားဝင်သည်။

"သူတို့ ဒီဘက်ကို မလာဘဲ ချီပွေခဘက်ကို ပြန်ပြီး ဆင်းသွားရင်လည်း ကျုပ်တို့ လိုက်ကြတာပေ့ါ။ သူတို့ တစ်လှမ်းသွားရင် ကျုပ်တို့က သုံးလေးလှမ်းသွားတာပဲ"

သည်တော့မှ ဘောင်ယိန်း နည်းနည်းနေသာထိုင်သာ ရှိသွားသည်။ ခေါင်ရည်ကျည်တောက်ကို ဆတ်ခနဲ ဆွဲယူမော့သောက်သည်။ ထို့နောက် မဂမ်ကို လှမ်းပေးသည်။ မဂမ်က ပြုံး၍ ခေါင်းခါသည်။ မူးနေပြီဟူသော သဘောနှင့် ခေါင်းထက်တွင် လက်ညှိုးဖြင့် ရစ်ဝဲပြသည်။ ထို့နောက် သေနတ်ကို ချိန်ဆ၍ ပြသည်။ ရန်သူကို ထိမှန်အောင် ပစ်ခတ်ရဦးမည်ဟူသော သဘော ဖြစ်သည်။

သဘောပေါက်သည့်အနေဖြင့် ဘောင်ယိန်း ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီး တံတားကို စူးစိုက်ကြည့်သည်။ နားကို စွင့်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုစဉ်တွင် 'ဖိန်ဘိုင်း ဖိန်ဘိုင်း' ဟူ၍ ငှက်မြည်သံ ကြားရသည်။ တောင်ယာလုပ်ငန်း စတင်ရန်အတွက် အင်ဖိန်ဘိုင်း အော်မြည်သည်မဟုတ်။ ရန်သူများ ရောက်လာပြီဖြစ်ကြောင်း တံတား၏ တစ်ဖက်ထိပ်မှ အချက်ပေးခြင်း ဖြစ်သည်။ မသိသူများအဖို့မူ ငှက်အစစ်ဟု ထင်ရသည်။

သူတို့အားလုံး တုတ်တုတ်မျှ မလှုပ်။ အသက်မျှ ပြင်းပြင်းမရှူ ရှိသွားသည်။ တစ်ဖက်ကမ်းသို့ မျက်တောင်မခတ် ကြည့်နေကြသည်။ ပထမတွင် ဘာမှ မမြင်ရ။ အတော်ကြီးကြာမှ တံတားထိပ်နှင့် ဝေးဝေးလှမ်းလှမ်းတွင် မည်းမည်းရေးရေးများ စတင်တွေ့ရသည်။ တရွေ့ရွေ့ ကွေ့ကောက်၍ ဆင်းလာကြသည်။ တွင်းဝမှ ထွက်လာသော မြွေတစ်ကောင်ပမာ ဖြစ်သည်။

တဖြည်းဖြည်းနှင့် အရိပ်သဏ္ဍာန်များ ပီသထင်ရှားလာသည်။ သူတို့ကိုယ်တွင် ဝတ်ဆင်ထားပုံများကို မြင်ရသည်။ ကိုင်ဆောင်ထားသော လက်နက်များကို သိသာရသည်။

နောက်ဆုံးတွင် သူတို့အားလုံး တံတားထိပ်သို့ ရောက်လာကြသည်။ ဘောင်ယိန်းရေတွက်သည်။ အတိအကျ မရ။ တစ်ရာဝန်းကျင် ဖြစ်သည်။ တစ်ခုပဲ ထင်ရှားသည်။ သူတို့ထဲတွင် ဦးထုပ်ဖြူနှင့် လူလေးဦး ပါရှိသည်။ အသားဖြူများပင် ဖြစ်ကြသည်။ ကျန်သူများမှာ တုတ်တိုလုံးကျစ်သော ကုလားများ။

အသားဖြူများသည် အရပ်အမောင်း ကောင်းလှသည်။ ကုလားများထက် ခေါင်းတစ်လုံး ပိုမြင့်သည်။ သူတို့သည် တံတားထိပ်တွင် အတန်ကြာ ရပ်နားနေကြသည်။ တံတားကို တော်တော်နှင့် မကူးဖြတ်သေးဘဲ ရှိသည်။ အသားဖြူလေးဦးသည် နယ်မြေအခြေအနေကို လေ့လာလျက် ရှိသည်။ သူတို့နှင့်အတူ မိမိတို့ အမျိုးသားတစ်ဦး ပါရှိလာသည်ကိုလည်း တွေ့ရသည်။ စကားပြန်နှင့် လမ်းပြ ဖြစ်ပေမည်။

ထိုတွင် သူတို့သည် စိတ်အေးလက်အေးဖြင့် ရေကို ကျိုချက်၍ သောက်ကြသည်။ သူတို့နှင့်အတူ ပါလာသော အစားအသောက်များကို ဝေငှ၍ စားသောက်ကြသည်။ စိမ်ပြေနပြေ ဖြစ်သည်။ သူတို့အနီးတွင် သူတို့အား သတ်ဖြတ်မည့်သူများ ချောင်းမြောင်း စောင့်ဆိုင်းနေသည်ကို လုံးဝ မသိ၍ ဖြစ်သည်။

သူတို့က အကြောင်းမသိ၍ သက်သာစိတ်ချရှိနေသော်လည်း စောင့်ဆိုင်းနေရသူများမှာမူ မောလှပြီ ဖြစ်သည်။ မလှုပ်မယှက်မို့ အကြောအခြင်များ ထုံကျဉ်နေသည်။ ခြေများ လက်များ အံသေနေသည်။ ကြာတော့ ဘောင်ယိန်း စိတ်မရှည်တော့။ အတင်းသာ ဝင်ရောက်ပစ်ခတ်ချင်တော့သည်။

တမေ့တမြောကြာမှပင် သူတို့လူစု တံတားကို ဖြတ်ကူးသည်။ အရင်ဦးဆုံး စကားပြန်နှင့် ကုလားသုံးယောက် ကူးလာသည်။ ကုလားများသည် မရဲတရဲ လျှောက်ကြသည်။ တစ်လှမ်းချင်း ရွေ့ကြသည်။ ကြိမ်တံတားကြီးသည် အင်မိုင်ခမြစ်ရေပြင်၏ အထက်ဘက် ဝါးတစ်ပြန်လောက်တွင် ယိမ်းထိုးနေသည်။

တံတားက လှုပ်လေ သူတို့က ကြောက်လေ။ သူတို့က ကြောက်လေ တံတားက လှုပ်လေနှင့်ပင် စကားပြန်နှင့် ကုလားသုံးယောက် ဘောင်ယိန်းတို့ဘက်ကမ်းသို့ ရောက်လာသည်။ စကားပြန်သည် သူတို့နယ်သား မဟုတ်ကြောင်း ဘောင်ယိန်းတို့ သိရသည်။ သူတို့လူမျိုးတစ်ဦးပင် ဖြစ်သော်လည်း မြေပြန့်တွင် အနေကြာသဖြင့် သော်လည်းကောင်း၊ ပင်ကို သတ္တိနည်းပါးသဖြင့် သော်လည်းကောင်း

MMCYBERMEDIA
COMMUNITY FOR ALL

တံတားကို ရဲရဲမကူးဖြတ်ဟန် ရှိသည်။ ထိုသူသည် မိမိတို့လူမျိုးထဲတွင်တော့ အတော်ညံ့ဖျင်းသူ တစ်ယောက်၊ မိမိတို့ အမျိုးဂုဏ်ကို သိမ်ဖျင်းစေသူတစ်ယောက်ဖြစ်ကြောင်း ဘောင်ယိန်း မှတ်ချက်ချလိုက်သည်။ ထိုသူကို အရင်ဦးဆုံး သတ်ပစ်ရမည်ဟု စိတ်ထဲတွင် ပိုင်းဖြတ် ကြုံးဝါးလိုက်သည်။

သို့သော် သူတို့သည် လဖိုင်လထံမှ ပစ်ခတ်အချက်ပေးမှု မရသမျှ သေနတ်တစ်ချက် ဖောက်နိုင်သည် မဟုတ်။ မြားတစ်စင်း လွှတ်နိုင်သည် မဟုတ်။ ဓားတစ်ချက် ဝင့်နိုင်သည် မဟုတ်။

ယင်းကြောင့် သူတို့သည် ဤဘက်ကမ်းသို့ ရောက်လာသူတို့၏ လှုပ်ရှားမှုများနှင့်၊ တံတားကို မရဲတရဲဖြင့် ထပ်မံ ကူးဖြတ်လာနေကြသူများကို မျက်ခြည်မပြတ်ကြည့်ရင်း လဖိုင်လ၏ သေနတ်သံကို စောင့်မျှော်နားစိုက်နေကြသည်။

အရင်ရောက်လာသူလေးဦးသည် တံတားဝန်းကျင်ကို ကြည့်ရှုအကဲခတ်သည်။ ကုလားတစ်ဦးသည် ဘောင်ယိန်းတို့ ပုန်းခိုနေရာ အနီးသို့ပင် ရောက်လာသည်။ သို့သော် မည်သို့မျှ သံသယဖြစ်ပုံ မရှိချေ။

ကုလားနှစ်ယောက်သည် ကုန်းမြင့်နှစ်ခုပေါ်တွင် ရပ်နေသည်။ သေနတ်ကို အသင့်ကိုင်၍ ဟိုဟိုသည်သည် ကြည့်ရှုနေကြသည်။ ကုလားတစ်ယောက်နှင့် စကားပြန်သည် တံတားထိပ်တွင်ရပ်၍ တစ်ဖက်မှလူများ မြင်သာရန် အဝတ်ဖြူတစ်ထည် ဝှေ့ယမ်းပြသည်။ ထိုအခါတစ်ဖက်တွင် ကျန်ရှိသူများက သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ ကူးလာကြသည်။

ဘောင်ယိန်းသည် မည်သူ့ကို ပစ်ခတ်ရမည်နည်းဟု ရွေးချယ်နေသည်။ စကားပြန်လုပ်သူ မိမိတို့အမျိုးသားကို အရင်ဆုံးပစ်ချင်သည်။ ထို့နောက် အသားဖြူများကို ပစ်ချင်သည်။ သို့သော် အသားဖြူများ ယခုထိ မကူးလာကြသေး။ တစ်ဖက်ကမ်းတွင်ပင် ရှိနေသည်။ ယင်းသို့ဆိုလျှင် ထိုသူများကို ဘောင်ယိန်းပစ်ခတ်၍ ရတော့မည် မဟုတ်။ လဖိုင်လတို့ကသာ ပစ်တော့မည်။

သည်ဘက်သို့ ရောက်လာသော ကုလားများသည် တံတားနှင့် မလှမ်းမကမ်းရှိ ပြန့်ငယ်တစ်ခုတွင် စုရုံးလျက် ရှိကြသည်။ ထိုင်သူထိုင်၊ ထသူ ထလျက်ရှိသော်လည်း ထိုလူအုပ်ထဲသို့ မြားတစ်စင်း ပစ်သွင်းလျှင်ကား လွတ်နိုင်ဖွယ် မရှိချေ။ အကယ်၍များ ထုတ်ချင်းခတ်အောင်ပစ်နိုင်အား ရှိမည်ဆိုလျှင် တစ်ယောက်မက၊ နှစ်ယောက်ပင် ကျနိုင်သည်။

လဖိုင်လ၏ တွက်ကိန်းမှာ သူတို့တစ်ယောက်လျှင် ရန်သူနှစ်ယောက်ကျအောင် ပစ်နိုင်လျှင် ရန်သူယောက်တော့ အသာကလေးကျမည်(၂၆) ဖြစ်သည်။ ဤမျှ အနီးကပ် ပစ်ခတ်ရ၍မှ ရန်သူနှစ်ယောက် မကျလျှင်လည်း ထိုသူ ညံ့လွန်း၍ပင် ဖြစ်သည်။ ထိုသို့ လျှပ်တစ်ပြက်အတွင်း ရန်သူနှစ်ယောက်စီ ပစ်ခတ်ပြီးနောက် သူတို့အားလုံးထိုနေရာမှ ခြေရာဖျောက်သွားရန် ဖြစ်သည်။ တောင်ဆိတ်နှင့် သားမင်းများသဖွယ် လေထဲ၊ နှင်းထဲတွင် ပျောက်ဝင်သွားရန်ဖြစ်သည်။

ဤအစီအစဉ်ကို ဘောင်ယိန်း အနေနှင့် သဘောကျသည်လည်း ရှိသည်။ မကျသည်လည်း ရှိသည်။ သဘောကျသည်က ကိုယ့်ဘက်က အထိအခိုက်မရှိဘဲ ရန်သူများ အတုံးအရုံး ကျဆုံးမည့်အတွက် ဖြစ်သည်။ သဘောမကျသည်ကတော့ ရန်သူများ အတုံးအရုံး ကျဆုံးမည် မှန်သော်လည်း မိမိတို့က

MMCYBERMEDIA
COMMUNITY FOR ALL

ကျန်သောရန်သူများကို ဝင်ရောက်စီးနင်းရမည် မဟုတ်ဘဲ တိတ်တဆိတ် ဆုတ်ခွာသွားရမည် ဖြစ်သဖြင့် ရန်သူ၏ပစ္စည်းများကို ရနိုင်တော့မည် မဟုတ်။ သူ အင်မတန် လိုချင်နေသော သေနတ်တစ်လက်ကို ရယူနိုင်တော့မည် မဟုတ်။ မသေမပျောက် ကျန်ရစ်သူများက ကျဆုံးသူများ၏ ပစ္စည်းများကို သယ်ဆောင်သွားကြလိမ့်မည် ဖြစ်သည်။

သူ့သဘောကမူ ဘာပဲဖြစ်ဖြစ် ယခုလိုအချိန်မျိုးတွင် အတင်းဝင်ရောက် စီးနင်းချင်သည်။ သေလည်း သေစေ၊ မသေလည်း သေနတ်တစ်လက် ရစေ။

ဤကား စိတ်ဆန္ဒသာ ဖြစ်သည်။ လက်တွေ့တွင်မူ သူ့သဘောနှင့်သူ ဘာမှ မလုပ်နိုင်။ လဖိုင်လ၏ ကွပ်ကဲမှုကိုသာခံရမည် ဖြစ်သည်။ သူ့အမိန့်ကို တိတိကျကျလိုက်နာရန် လဖိုင်လကျပ်တည်းစွာ အမိန့်ထုတ်ထားသည်။ ဤတွင် ဘောင်ယိန်း သဘောတစ်ခုပေါက်သည်။ အမိန့်တစ်ခုကို တိကျစွာ လိုက်နာရခြင်းသည် ကျားသစ်တစ်ကောင်၊ ဝက်ဝံတစ်ကောင်နှင့် လုံးထွေးသတ်ပုတ်ရခြင်းထက် ပင်ပန်းလှသည်။

မဂမ်က သူ့ကို လက်ကုတ်၍ တံတားတစ်ဖက်ထိပ်သို့ ညွှန်ပြသည်။ ကြည့်သော် အသားဖြူလေးယောက် တံတားကို ဖြတ်ကူးစပြုနေသည်ကို တွေ့ရသည်။ ဂေါ်ရခါးတပ်သားများ တစ်ဝက်လောက် ကူးဖြတ်ပြီးချိန်တွင်မှ သူတို့ ကြားဝင်ခြင်း ဖြစ်သည်။ ကုလားတပ်သားများမှာ ကမ်းနှစ်ဖက်တွင် တစ်ဝက်စီ လူစုကွဲနေသည်။ သူတို့ကို ခေါင်းဆောင်သော အသားဖြူလေးဦးမှာ ကြိမ်တံတားပေါ်တွင် ခြေစမ်းစမ်း လက်စမ်းစမ်း ဖြစ်နေကြသည်။

သည်အချိန်သည် တိုက်ခိုက်ဖို့ အကောင်းဆုံးအချိန် ဖြစ်သည်။ အသားဖြူလေးယောက်တို့သည် သူတို့လက်မှ လွတ်ထွက်နိုင်ရန်အကြောင်း မရှိချေ။ ရှောင်ခြင်း၊ ပြေးခြင်း၊ ခုခံခြင်း လုံးဝ မပြုနိုင်။ အင်္ဂလိပ်လေးဦးသည် မရွံ့မရဲဖြင့် တံတားအလယ်သို့ ရောက်လာနေပြီ ဖြစ်သည်။ ဘောင်ယိန်းတို့ အားလုံး လက်ယားနေကြပြီ ဖြစ်သည်။ ကိုယ်ပစ်ရမည့်သူများကို ရွေးချယ်သတ်မှတ်ထားကြပြီ ဖြစ်သည်။ သို့သော် လဖိုင်လ၏ အချက်ပေးသေနတ်သံ ပေါ်ထွက်မလာသေးပေ။ သူတို့အားလုံး စိတ်မရှည်စွာဖြင့် လဖိုင်လတို့ ရှိမည့်နေရာကို မကြာခဏ လှမ်းမျှော် ကြည့်ကြသည်။ ပကတိ ငြိမ်သက်တိတ်ဆိတ်နေသည်။ မည်သည့် အသံမျှ မကြားရ။ မည်သည့် လှုပ်ရှားမှုမျှ မတွေ့ရ။

သည်လိုနှင့်ပင် မျက်နှာဖြူလေးဦး တံတားကို ဖြတ်ကူးမိသွားသည်။ ဘောင်ယိန်းတို့နှင့် မလှမ်းမကမ်းတွင် အပန်းဖြေနေကြသည်။ ကျန်ရှိသော ကုလားများ ဆက်လက်ကူးဖြတ်နေသည်။ နောက်ဆုံးတွင် ကုလားများအားလုံး ကူးဖြတ်ပြီးစီးသွားသည်။ နောက်ဆုံးအသုတ်၌ ကုလားတစ်ဦး ခြေချော်ပြီး ကျသွားသော်လည်း သူ့အဖော်များက ဆွဲထားလိုက်နိုင်သည်။ ကြည့်နေသူများ အသည်းတယားယား၊ ရင်တထိတ်ထိတ် ရှိနေသည့်ကြားမှပင် နောက်ဆုံးအသုတ် သည်ဘက်ကမ်းသို့ ချောမောစွာ ရောက်ရှိလာသည်။

အင်မိုင်ခ၏ တစ်ဖက်ကမ်းသည် ပကတိ ငြိမ်သက်တိတ်ဆိတ်လျက် ရှိသည်။ လဖိုင်လတို့ လူစု ရှိမှရှိသေးရဲ့လားဟုပင် ဘောင်ယိန်းတို့ သံသယဝင်မိသည်။ အခြေအနေကို မည်သို့မျှ နားမလည်နိုင်ရှိရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အသားဖြူများ၏ ပုံပန်းသဏ္ဍာန်ကို ဘောင်ယိန်း သဲကွဲစွာ မြင်ရသည်။ သူတို့၏ စကားကိုသဲကွဲစွာ ကြားရသည်။ ထိုသူများသည် မိမိတို့ထက် အသားဖြူသည် ဆိုခြင်းမှာလည်း မှန်ပေ၏။ မိမိတို့ထက် အရပ်အမောင်းကောင်းသည် ဆိုခြင်းမှာလည်း မှန်ပေ၏။ သူတို့၏ ကိုယ်တွင် ကြီးမားရှည်လျားသော သေနတ်ကြီးများ မရှိပြားလည်း သေးငယ်တိုနံ့သော လက်နက်ကလေးများ ကိုယ်စီပါရှိသည်ကိုလည်း မျက်မြင်ဖြစ်ရ၏။ သို့သော် အိတ်ဖြူဖြူများ အတွင်းဝယ် မြုပ်ဝင်နေသဖြင့် ထင်ရှားစွာ သူ မတွေ့ရ။ ယင်းလက်နက်ဆန်းကလေးများသည် ဂလောင်းချန်းခေါ်နှင့် လဖိုင်လတို့ပြောသော ပြောင်းတိုသေနတ်များပင် ဖြစ်ချေသည်။ ထိုလက်နက်ဆန်းကလေးများ၏ အစွမ်းသတ္တိကိုလည်း သိချင်စမ်းပါဘိ။

ရှေ့ဆုံးမှ လမ်းပြ သွားသည်။ သူ့နောက်မှ ကုလားတပ်သားများ တစ်ယောက်ချင်းတန်းစီ၍ လိုက်ပါသည်။ ကုလားများ တစ်ဝက်ကျိုးသောအခါ အသားဖြူလေးဦး ဝင်ရောက်လိုက်ပါသည်။ ထို့နောက် ကုလားများ။

သည်လိုနှင့်ပင် အင်္ဂလိပ်တပ် တစ်တပ်သည် သူတို့မျက်စိအောက်မှ ပျောက်ကွယ်သွားတော့မည့်အသွင် ရှိသည်။ သူတို့လက်ထဲမှ လွတ်ထွက်သွားတော့မည့်သဘော ရှိသည်။ လဖိုင်လတို့ ငြိမ်သက် တိတ်ဆိတ်နေဆဲ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် မိမိကပင် စတင်ပစ်ခတ်တော့အံ့ ဟူသော သဘောဖြင့် ဘောင်ယိန်းသည် ဒူးလေးကြိုးကို ရိုက်ခတ်သံ မြည်စေမည်ပြုသည်။ မဂမ်က အချိန်မီ ထိန်းသိမ်းဟန့်တားရသည်။ ဂလောင်းချန်းခေါ်ကလည်း မဂမ်၏ ပြုလုပ်ချက်ကို ထောက်ခံသည်။ သို့သော် သူတို့အားလုံး၏ မျက်နှာများတွင် မကျေနပ်မှုများ ပြည့်လျှမ်းနေသည်။ မျက်လုံးများ ဝင်းဝင်းတောက်နေသည်။ အသားများ တဆတ်ဆတ်တုန်နေသည်။

များမကြာမီတွင် အင်္ဂလိပ်တပ်တစ်တပ်လုံး သူတို့မြင်ကွင်းမှ ပျောက်သွားသည်။ ဘောင်ယိန်းတို့ ပုန်းအောင်းနေရာမှ ထွက်သည်။ တစ်ဖက်ကမ်းသို့ အသံပေးသည်။ တစ်ဖက်မှ အသံပြန်သည်။ နောက် လဖိုင်လတို့ ကူးလာကြသည်။ လဖိုင်လ နောက်တွင် ပါလာသူများမှာလည်း ဘောင်ယိန်းကဲ့သို့ပင် မကျေနပ်သော မျက်နှာများနှင့် ဖြစ်သည်။

လူစုချင်းပေါင်းမိသောအခါ အားလုံးက ဝိုင်း၍ လဖိုင်လကို အပြစ်ဆိုကြသည်။ ပလိုင်းထဲ ခုန်ဝင်လာသောငါးကို ပြန်လွှင့်ပစ်သည်ဟု ပြောကြသည်။ သည်မျှကောင်းသော အခွင့်အရေးမျိုး နောက်တစ်ကြိမ် မရနိုင်ဟု ဆိုသည်။ အခု သူတို့ လိုက်၍တိုက်လျှင် မီနိုင်သေးသည်ဟု မဂမ်က ဆိုသည်။

အားလုံး ပြောပြီးသောအခါတွင်မှ လဖိုင်လ ပြောသည်။ သူ့မျက်နှာတွင် စိုးရိမ်တုန်လှုပ်မှုမျိုးလည်း မရှိ။ ခက်ထန်တင်းမာမှုမျိုးလည်း မရှိ။ အေးအေးတည်တည်သာ ဖြစ်သည်။ မျက်ခုံးနှစ်ဖက်ကို တွန့်ထားခြင်းက တိကျပိုင်းပြတ်ခြင်းကို ပြနေသည်။ သူ့အသံမှာမူ တောတောင်များတုန်အောင် မြည်ဟည်းသည်။

"အေး၊ ငါလည်း နင်တို့လိုပဲ တိုက်ချင်တာပေါ့။ ငါတို့တိုက်ရင် ရန်သူတစ်ဝက်လောက် ပြုတ်သွားနိုင်တာကို ငါသိတာပေါ့။ ငါ့ရှေ့မှာ ခြေကားရားလက်ကားရားလုပ်နေတာကို ငါလည်း

MMCYBERMEDIA
COMMUNITY FOR ALL

ပစ်ချင်တာပေါ့။ ဒီအခွင့်အရေးမျိုး ငါစောင့်နေတာ ငါးနှစ် ရှိသွားပြီ။ ငါတို့ ဒီဘက်ကိုလာတာဟာ သူတို့ကို တိုက်ဖို့ပဲ။ ငါတို့ ဒီတံတားထိပ်က စောင့်နေတာလည်း သူတို့ကို တိုက်ဖို့ပဲ။ မနက်က အထိလည်း သူတို့ကို တိုက်မလို့ ငါစောင့်နေတာပဲ။ ငါသေနတ်ကို အသင့်ပြင်ထားတာပဲ။ ဒါပေမဲ့ သူတို့ရောက်လာတဲ့အချိန်မှာ ငါ တစ်မျိုးစဉ်းစားမိတယ်။ သူတို့အားလုံးကို ငါ အမြစ်ဖြုတ်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ တစ်ဝက်ပဲ ရမယ်။ တစ်ဝက် လွတ်ထွက်သွားမယ်။ အဲဒီလွတ်သွားတဲ့ တစ်ဝက်က ငါတို့ကိုတော့ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ နင်တို့ရွာတွေကို ချေပစ်လိမ့်မယ်။ နင်တို့ ပစ္စည်းတွေ မီးရှို့လိမ့်မယ်။ နင်တို့ လူတွေ အားလုံးကို သတ်လိမ့်မယ်။ ဒီတော့ ဘာဖြစ်မလဲ၊ နင်တို့ စဉ်းစားစမ်း"

အားလုံးငြိမ်နေသည်။

"အသားဖြူတွေကို တိုက်ဖို့ နင်တို့ရွာတွေကို ငါလိုက်ပြီး ပြောတော့ ဘာပြောကြသလဲဆိုတာ နင်တို့ မသိဘူးလား။ အသားဖြူတွေဟာ သူတို့ ရန်သူ မဟုတ်ဘူးတဲ့။ သူတို့ကို ဘယ်လိုမှ ဒုက္ခမပေးဘူးတဲ့။ သူတို့ဆီကို ကောင်းကောင်းမွန်မွန် ရောက်လာမယ့် ဧည့်သည်တွေဖြစ်တယ်၊ ဧည့်ဝတ်တောင် ပြုကြရဦးမယ်တဲ့။ ဒီတော့ နင်တို့ရွာတွေဟာ အသားဖြူတွေ မကောင်းတာကို ကိုယ်တိုင် မသိသေးသမျှတော့ ဘာမှ လုပ်ကြဦးမှာ မဟုတ်ဘူး။ ဒီတော့ ဒီသတ္တဝါတွေ မကောင်းတာကို သူတို့ကိုယ်တိုင် သိလာဖို့ လိုတယ်။ ဒါဟာ မကြာပါဘူး။ ဒီသတ္တဝါတွေဟာ ကြာကြာ ဟန်မဆောင်နိုင်ပါဘူး။ ဒီအချိန်မှာ ငါတို့က ကောင်းကောင်းနေတတ်ဖို့ လိုတယ်။ ဒီသတ္တဝါတွေကို ငါတို့ အခု တိုက်ပြီ။ ဒီသတ္တဝါတွေက အခု နင်တို့ရွာတွေကို မီးရှို့ရင် ဘာဖြစ်မလဲ။ အသားဖြူတွေ မကောင်းတာကို မမြင်ဘဲ ငါတို့လုပ်လို့သာ သူတို့ရွာတွေ ပျက်ရတယ်လို့ ပြောကြလိမ့်မယ်။ ဧည့်သည်တွေက ကောင်းပါတယ်၊ အိမ်ရှင်က စော်ကားတာလို့ ပြောလိမ့်မယ်။ ဒါကြောင့် ဒီသတ္တဝါတွေကို ငါ မတိုက်ဘဲ လွှတ်လိုက်တာပဲ။ ဒီသတ္တဝါတွေဟာ အခု ပြန်သွားပေမယ့် နောက်ကျ တစ်ခါလာဦးမှာပဲ။ ခဏခဏ လာဦးမှာပဲ။ အဲဒီအခါကျတော့မှ ဒီသတ္တဝါတွေဟာ ဧည့်ကောင်းစောင်ကောင်းတွေလား၊ ဒါမှမဟုတ် သူခိုး ဓားပြတွေလားဆိုတာ နင်တို့လူတွေ သိကြလိမ့်မယ်။ ဒီအတွင်းမှာ ငါတို့က စိတ်ရှည်ရမယ်။ ဖွဲ့ကောင်းရမယ်။ အားမွေးထားရမယ်။"

## အခန်း -၇၆-

မဂမ်တို့၏ ခုခုရောက်ရွာသည် တောင်ကမ်းပါးယံ အပြည့်မျှသော ရွာကြီး ဖြစ်သည်။ အိမ်ခြေတစ်ရာမက ရှိပေမည်။

"အေး၊ နင်တို့ရွာက အကြီးကြီးပါလား"

ဘောင်ယိန်း အံ့သြရေရွတ်သည်။ မဂမ် နှစ်သိမ့်စွာ ပြုံးသည်။ ရွာအတွက် ဂုဏ်တက်ဟန်ရှိသည်။

"အရင်တုန်းက အိမ်ခြေနှစ်ဆယ်လောက်ပဲ ရှိတယ်တဲ့။ ဒူဝါကြီးကို မောင်းထုတ်ပြီးတဲ့နောက်မှာ ရွာကြီးလာတာ။ ဟိုတောင်က ပြောင်းလာ၊ ဒီတောင်က ပြောင်းလာနဲ့ ရွာတောင် မဆံ့တော့ဘူး။ တောင်ပေါ်ကရွာဟာ တောင်အောက်ကို ရောက်နေပြီ။"

MMCYBERMEDIA
COMMUNITY FOR ALL

တကယ်ပင် အချို့သော အိမ်များသည် တောင်ခြေချောင်းစပ်သို့ ရောက်နေပြီ ဖြစ်သည်။ ဤမှာဘက် တောင်ကမ်းပါးယံတွင်ကား နောက်ထပ် အိမ်သစ်ဆောက်ရန် မြေ မရှိတော့။

"ဟိုဘက်တောင်စောင်းမှာကော အိမ်တွေ ရှိသေးသလား"

"တောင်ယာခင်းတွေ"

"ဘာခင်းတွေလဲ"

"အခုတော့ ဘိန်းခင်းတွေပေါ့"

"နင်တို့ဆီမှာလဲ ဘိန်းရှုကြတာပဲလား"

"မရှုတဲ့လူတွေလည်း ရှိပါတယ်"

"ဘိန်းရှုတဲ့လူတွေဟာ သတ္တိ မရှိတော့ဘူး"

"မြေပြန့်မှာတော့ ရှုတဲ့လူနည်းတယ်"

"နင်မြေပြန့်မှာ ဘယ်လောက်ကြာသလဲ"

"ငါ မြေပြန့်မှာ မွေးတာပဲ"

"အေး ဟုတ်သားပဲ"

မဂမ်၏ အကြောင်းကို ဘောင်ယိန်း သိသင့်သလောက် သိပြီး ဖြစ်သည်။ မဂမ်၏ ဖခင် ကွယ်လွန်သည်တွင် မဂမ်၏မိခင်သည် ယောက္ခမအိုကြီးကို မယူလိုသည်က တစ်ကြောင်း၊ သူမ၏ ဝမ်းထဲမှသန္ဓေသားကို ယောက္ခမများလက်သို့ မပေးလိုသည်က တစ်ကြောင်း ထို့ကြောင့် ကိုယ်ဝန်အရင့်အမာကြီးနှင့် မြေပြန့်သို့ ထွက်ပြေးသည့် အကြောင်း၊ ရှမ်းရွာတစ်ရွာ အနီးတွင် တစ်ယောက်တည်း ခက်ခက်ခဲခဲ မျက်နှာမြင်ရသည့်အကြောင်း၊ ရှမ်းလူမျိုး ညီအစ်ကိုနှစ်ဦးက သူမကို ရွာသို့ ခေါ်သွားသည့် အကြောင်း၊ နောင်တွင် ထိုရွာနှင့် မနီးမဝေးတွင် အိမ်တစ်လုံးဆောက်၍ တောင်ယာလုပ်စားသည့် အကြောင်း၊ လွန်ခဲ့သည့် နှစ်လလောက်ကမှ သူတို့သားအမိ ခုခုရောက်သို့ ပြန်ရောက်ကြောင်း၊ ရွာသို့ရောက်ပြီး တစ်လအကြာတွင် ဤခရီးတွင် မဂမ်လိုက်ပါလာသည့် အကြောင်း။

"အေး၊ မြေပြန့်ကို ငါသွားချင်တယ်။ ဗမာမင်းနေတဲ့နယ်ကို သွားချင်တယ်"

"အခု ဗမာမင်း မရှိတော့ဘူး"

"အေး၊ ဗမာတွေ အများကြီးရှိတဲ့နေရာပေါ့"

"မိုးကောင်းတို့၊ ဗန်းမော်တို့၊ မြစ်ကြီးနားတို့ ရောက်ရင် ရှမ်းတွေ၊ ဗမာတွေ အားကြီးပဲ။ ဂဒူးတွေ၊ ကနန်းတွေလည်း ရှိတယ်"

"အေး၊ ငါ သွားချင်တယ်"

"အေး၊ ငါတို့ ရွာမှာ ခဏနေပြီးရင် ဗန်းမော်ကို သွားမယ်လို့ ဦးကြီးက ပြောတာပဲ"

"ဦးကြီးက ငါ့ကို ခေါ်ပါ့မလား"

"ခေါ်မှာပေါ့။ ခေါ်မယ်ပြောထားရင် ခေါ်မှာပေါ့"

သူတို့နှစ်ယောက်က လဖိုင်လကို ဦးကြီးဟု ခေါ်ကြသည်။ ထိုစဉ်မှာပင် လဖိုင်လက သွားကြရန် ပြောသည်။ ခရီးတစ်ထောက်နားနေကြသူများ ထိုင်ရာမှ ထကြသည်။ မကြာမီ သူတို့ရွာသို့ ရောက်တော့မည် ဖြစ်သည်။ ရွာကို မြင်နေရပြီ ဖြစ်သည်။ ကြားတွင် တောင်ငယ်တစ်လုံးသာ ရှိတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ထိုတောင်ကို သူတို့ကျော်ရန် မလိုတော့။ ထိုတောင်ငယ်ကိုပတ်၍ စီးဆင်းသောချောင်းရိုးအတိုင်း လိုက်သွားလျှင် ခရခရောက်သို့ ဆိုက်ဆိုက်ကြီး ရောက်မည် ဖြစ်သည်။

သို့ဖြင့် သူတို့သည် ချောင်းသို့ သူ့ထက်ငါ အရင်ရောက်အောင် အပြေးအလွှားဆင်းကြသည်။ တောင်အောက်ပိုင်းသို့ ရောက်သွားလေ ရွာနှင့်နီးလေ ဖြစ်သည်။ သို့သော် ရွာကိုမူ မမြင်မတွေ့ရတော့။ တောင်ငယ်ဖြင့် ကွယ်သွားပြီ ဖြစ်သည်။

ဘောင်ယိန်းသည် ရေခဲတောင်များမှ လာသူဖြစ်၍ စိမ်းသော၊ ပြာသော၊ ညို့မှိုင်းသော တောင်တန်းများကို နှစ်သက်စွာ ငေးမောသည်။ သူတို့အရပ်တွင် မရှိသော အပင်ကြီးအပင်ငယ်များကို တွေ့ရသည်။ ကြည်လင်သော ကောင်းကင်ပြင်ကိုကြည့်၍ အံ့သြရသည်။ သည်အရပ်တွင် နှင်းကျသော်လည်း သူတို့ဆီမှာလောက် မသိပ်သည်း။ အမှုန်အမွှားများသာ ဖြစ်သည်။ သည်အရပ်သည် အေးချမ်းသော်လည်း သူတို့ဆီမှာလို မခံမရပ်နိုင် မဟုတ်။ နေသာထိုင်သာသည်။

များမကြာမီ သူတို့ တောင်အောက်သို့ ရောက်ရှိသည်။ ချောင်းကို တွေ့သည်။ ခရောက်ခဖြစ်သည်။ ထိုချောင်းသည် တောင်စောင်းတစ်ခုကို ဖောက်ထွက်လာခြင်း ဖြစ်သည်။ ကြမ်းတမ်းစွာ ဖောက်ထွက်လာခြင်း မဟုတ်။ ငြိမ့်ညောင်းညင်သာစွာ ဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှ ရေစီးသံသည် ချိုငယ်ကလေးပေါင်း မြောက်များစွာ လှုပ်မြည်သည့် ပမာ။

ချောင်းရိုးအတိုင်း သူတို့ လျှောက်ခဲ့ကြသည်။ ခရောက်ခသို့ ရောက်အောင် ဆယ်ရက်ကြာမျှ သူတို့ ခရီးပြင်းနှင်ခဲ့ကြရသည်။

သူတို့သည် အင်မိုင်ခ ကြိမ်တံတားတွင် ရန်သူများကို လက်ကြားထဲမှ လွှတ်လိုက်ရပြီးနောက် စိတ်မကျေနပ်ကြသဖြင့် ရန်သူများနောက်သို့ လိုက်သွားကြသေးသည်။ ထိုဒေသတွင် သူတို့ ငါးရက်ကြာမျှ လှည့်လည်ပြီး နယ်သူနယ်သားများကို စည်းရုံးသည်။ အချည်းနှီးသာ ဖြစ်သည်။ နောက်ဆုံးတွင် လက်လျှော့ကြရသည်။

ထိုအခါ လဖိုင်လသည် ခရခရောက်သို့ အမြန်ဆုံးပြန်ရန် ဆုံးဖြတ်သည်။ အင်္ဂလိပ်တပ်များသည် ဤမျှဝေးလံသောဒေသသို့ လာလျှင် သူတို့ဒေသသို့လည်း လာရောက်နိုင်ပေသည်။ အင်္ဂလိပ်များသည် ဤလို မိုးမရှိသော ကာလများတွင် တောင်ပေါ်သို့ တက်လာတတ်ကြသည်။ သူတို့ဒေသသည် ရန်သူများ အထူး မျက်စိစပါးမွေးစူးရာဒေသ ဖြစ်သည်။ အင်္ဂလိပ်တို့သည် သူတို့ဒေသကို တစ်နေ့မဟုတ် တစ်နေ့တွင် လာရောက်တိုက်ခိုက်မည်မှာ သေချာသည်။

လဖိုင်လတို့ ရွာမှ ထွက်ခဲ့သည်မှာ အရက်နှစ်ဆယ်မျှ ရှိသွားပြီ ဖြစ်သည်။ အပြန်ခရီးသည် ဆယ်ရက်ကြာမည် ဖြစ်သည်။ သူတို့သည် အခြေခံဒေသမှ တစ်လထက်ပို၍ ခွဲခွာမနေသင့်ဟု ယူဆသည်။ ထို့ပြင် အင်မိုင်ခမြစ်ရိုးတစ်လျှောက်တွင် ဆက်နေ၍လည်း ဘာမှ အကြောင်းထူးစရာ မရှိချေ။

ဂလောင်းချန်းခေါ်နှင့် ထိုနယ်သား လူငယ်ခြောက်ဦးတို့သည် လဖိုင်လတို့ကို ဆဒန်ကောင်းအထိ လိုက်ပို့ကြသည်။ ထိုလူငယ်များသည်လည်း ဘောင်ယိန်းနည်းတူ လဖိုင်လနှင့်အတူ လိုက်ပါလိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် လဖိုင်လက မခေါ်။ ဤလူငယ်များသည် ဤဒေသမှာပင် ဆက်လက်နေထိုင်သင့်သည်ဟု ဆိုသည်။ သို့မှသာ သူတို့သည် အသားဖြူများ နောက်တစ်ကြိမ် တက်လာသောအခါ အသားဖြူများက ရန်စ ကျူးကျော်သောအခါတွင် နယ်သူနယ်သားများကို ရှေ့ဆောင်၍ တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ခွဲခွာခါနီးတွင် ဂလောင်းချန်းခေါ်သည် ဘောင်ယိန်းကို လဖိုင်လလက်သို့ ထပ်မံ၍ အပ်သည်။ တူလိုသားလို သဘောထားပြီး သင်ကြားညွှန်ကြားပေးရန် ဖြစ်သည်။ ဘောင်ယိန်းကိုလည်း သူ့မိခင်နှင့် စပ်လျဉ်းပြီး စိတ်ပူပန်မှု မရှိရန် ဂလောင်းချန်းခေါ်က ပြောသည်။ တတ်နိုင်သမျှ သူ ကြည့်ရှုစောင့်ရှောက်သွားမည်ဟု ကတိပြုသည်။

ဘောင်ယိန်းက ဘာမှ ပြန်မပြော။ ကျေးဇူးတင်သည့်အနေဖြင့် အဘိုးကြီးကို ခဏမျှတွေကြည့်ပြီးနောက် လဖိုင်လတို့နောက် လိုက်ပါခဲ့သည်။ ပထမ တစ်ရက်နှစ်ရက်တွင်တော့ သူ့စိတ်များ ယောင်ချာချာရှိနေသည်။ နောက်မှ ပထဝီဝင် အနေအထား၊ ရာသီဥတုအနေအထားများ ပြောင်းလဲမှုကြောင့် သူ၏ စိတ်အာရုံလည်း ပြောင်းလဲခဲ့သည်။ အဟောင်းကို မေ့လျော့ပြီး အသစ်တွင် စိတ်ဝင်စားမှု ရှိခဲ့ရသည်။

လမ်းတွင် လဖိုင်လနှင့် သော်လည်းကောင်း၊ မဂမ်နှင့် သော်လည်းကောင်း၊ အခြား ခရီးဖော်သုံးဦးနှင့် သော်လည်းကောင်း စကားလက်ဆုံကျပြီး အကြောင်းအရာသစ်များ ကြားသိရသည်။ ဤဆယ်ရက်အတွင်းတွင် သူသည် ခခုရောက်ရွာအကြောင်း၊ ထိုရွာမှ လူအချို့အကြောင်း၊ အင်းတော်ကြီးဒေသအကြောင်း၊ ကြိုးကြာရွာအကြောင်း၊ မိုးကောင်းမြို့အကြောင်းတို့ကို ကြားသိရသည်။ သူကလည်း သူ့အကြောင်း၊ သူတို့နယ်အကြောင်းတို့ကို သူတို့အား ပြောပြသည်။ သူတို့သည် နေရောင်မပျောက်မီ ရွာသို့ရောက်ရန် ခပ်ပြင်းပြင်း လျှောက်ကြသည်။ခရောက်ခချောင်း ရေစီးပုံသည် နှောင်ယောခလောက် ညင်သာခြင်း မရှိသော်လည်း အနေအထားတွင်မူ အတော်ကလေး တူညီသည်။ သူတို့သည် တောင်ခြေကို ပစောက်သဏ္ဍာန်ပတ်မိသောအခါ ခခုရောက်ကို ဘွားခနဲ တွေ့ရပြန်သည်။ ထိုအခါ ရွာသည် သူတို့အထက်တွင် ရောက်နေသည်။ သူတို့မျက်နှာနားတွင် ကပ်နေသည်။ ရွာအတွင်း သွားလာလှုပ်ရှားနေသော လူသူတိရစ္ဆာန်များကို မြင်ရသည်။

"နင်တို့အိမ်က ဘယ်နားမှာလဲ"

မဂမ်ကို ဘောင်ယိန်း မေးသည်။

"တို့အိမ်က အောက်ဆုံးမှာပဲ။ ဟောဒီနားက ကြည့်ရင် မြင်ရတယ်"
"အိမ်သစ်ကလေးလား"
"အေး၊ အခု ငါတို့ရောက်မှ ဆောက်တာ"
"ဟိုဥစ္စာက ဘယ်သူ့အိမ်လဲ"

အိမ်ရှည်ကြီးတစ်ခုကို လက်ညှိုးထိုးပြပြီး မေးသည်။

"အရင် ဒူဝါကြီးအိမ်ပေါ့"

MMCYBERMEDIA
COMMUNITY FOR ALL

"အခု ဘယ်သူနေသလဲ"

"ဒူဂျန်နဲ့ သူ့သားနေတယ်"

"သူတို့ကိုတော့ မောင်းမထုတ်ဘူးလား"

"မောင်းထုတ်တာပေါ့။ ဒူဝါကြီးသေတော့မှ သူတို့ ရွာကို ပြန်လာကြတာ။ သူတို့ပြန်လာတာဟာ မကြာသေးဘူး။ သူတို့ မလာခင်ကတော့ ဒူဝါရဲ့ ဆွေမျိုးတစ်ယောက်နေတယ်"

"ဒူဂျန်နဲ့ သူ့သား ပြန်လာတော့ ရွာက လက်ခံတာပဲလား"

"လက်ခံတာပေါ့။ အရင်ကလိုတော့ ဘာမှ မလုပ်ဘဲနဲ့တော့ မစားရတော့ဘူးပေါ့။ သူတို့ တောင်ယာကို သူတို့ဘာသာ လုပ်ကြရတာပေါ့"

"သူတို့အိမ်ကြီးက ဟောင်းလှပြီ"

"ဒူဂျန်က ဒီအိမ်မှာပဲ သေချင်တယ်တဲ့"

ချောင်းကလေး တွန့်လိမ်သည့်အတိုင်း သူတို့၏လမ်းကြောင်း တွန့်လိုက်သည်။ ရွာနှင့် နီးသည်ထက် နီးလာနေပြီ ဖြစ်သည်။ နေရောင်ခြည်သည် တစ်ရွာလုံးကို ဝင်းပစေလျက် ရှိသည်။

"ဒူဝါကြီး မရှိတော့ နင်တို့ အဖေက အကြီးဝါပေါ့"

"အေး"

မဂမ် ခပ်တိုးတိုး ဖြေသည်။

"နင်တို့ အဖေမရှိတော့ လဖိုင်လက အကြီးဝါပေါ့"

မဂမ် ရုတ်တရက် ပြန်မဖြေ။ အတန်ကြာမှ ခပ်တိုးတိုးဖြေသည်။

"အဖေဆုံးတော့ ဦးကြီး ရွာမှာ မရှိဘူးတဲ့"

"ဘယ်သွားနေသလဲ"

"အနံ့ပဲတဲ့။ မိုးကောင်း၊ မိုးညှင်း၊ ဗမာဘုရင်မြို့။ ငါတို့ဆီက တောင်တွေလည်း သူသွားတာ ကုန်ရောတဲ့"

"သူက ဘယ်တော့မှ ရွာကို ပြန်လာတာတဲ့လဲ"

"မိုးကောင်းတစ်ဝိုက်မှာ အသားဖြူတွေနဲ့ တိုက်ပြီး အခြေအနေမကောင်းတဲ့နောက်ပိုင်းမှာ တချို့က အရှေ့ဆမားနဲ့ တရုတ်ပြည်စန်းတာဘက်ကို သွားကြတယ်။ ဦးကြီးတို့က ခခရောက်ကို တက်ခဲ့ကြတယ်။ သူမရောက်ခင်က အကြီးဝါတစ်ယောက်ရှိတယ်။ သူ ရောက်လာတော့ သူ့ကို အကြီးဝါ မြှောက်ကြတယ်"

"ဦးကြီးမှာ တစ်ခါမှ မိန်းမ မရှိဘူးလား"

ဘောင်ယိန်းကို မဂမ် ဆတ်ခနဲ ကြည့်သည်။ ပြီးမှ...

"ငါမသိဘူး။ မရှိဘူးထင်တာဘဲ။ ငါလည်း ဦးကြီးကို ငယ်ငယ်တုန်းက ကြိုးကြာရွာမှာ တစ်ခါတွေ့ဖူးတယ်။ အခုရွာကို ရောက်မှ တစ်ခါတွေ့တာပဲ။ ငါ ရွာကိုရောက်တာ ဘာကြာသေးလို့လဲ"

ထိုစဉ်တွင် သူတို့နောက်မှ လူတစ်ယောက်က အော်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟောဟိုမှာ ငါတို့ကို တွေ့ရအောင် ရွာကလူတွေ ပြေးလာကြပြီ"

သူတို့ ကြည့်သည်။ ချောင်းစပ်တွင် လူတွေ စုရုံးနေသည်ကို တွေ့ရသည်။ အချို့လူများ ချောင်းဆီသို့ ပြေးလာနေကြသည်။ တောင်ပေါ်မှ ကမန်းကတန်း ဆင်းလာနေကြသည်။ သူတို့၏ ခြေလှမ်းများ အလိုလို ပို၍ သွက်သွားကြသည်။ ရှေ့ဆုံးမှ သွားသော လဖိုင်လသည် သူတို့ စကားကောင်းနေစဉ်တွင် သူတို့နှင့် အတော်ပြတ်သွားသည်။

"ဟိုတောင်ထိပ်မှာ တစ်လုံးတည်း သတ်သတ်ဖြစ်နေတဲ့အိမ် တွေ့လား"

မဂမ်က လက်ညှိုးထိုးပြပြီး မေးသည်။ ဘောင်ယိန်း ခေါင်းညိတ်သည်။

"အဲဒါ ဦးကြီးအိမ်ပေါ့"
"သူတစ်ယောက်တည်း နေသလား"
"အေး"

ဂလောင်းချန်းခေါနှင့် တူသည်ဟု ဘောင်ယိန်း စိတ်ထဲတွင် အောက်မေ့လိုက်သည်။

"ငါရောက်သွားရင်တော့ နှစ်ယောက်ပေါ့"
"အေး"

မဂမ် ရုတ်တရက် ရပ်လိုက်သည်။ ဘောင်ယိန်း နောက်မှ ဝင်တိုက်သည်။

"ဘာဖြစ်တာလဲ"

မဂမ် ဘာမှ ပြန်မပြော။ တစ်နေရာသို့ စူးစိုက်ကြည့်နေသည်။ သူကြည့်နေရာသို့ ဘောင်ယိန်းကြည့်သည်။ ကုန်းမြင့်တစ်ခုပေါ်တွင် လူတစ်စု ရပ်နေသည်ကို တွေ့ရသည်။

"အဲဒီလူတွေက ဘယ်သူတွေလဲ"

ဘောင်ယိန်းကို မဂမ် မဖြေတော့။ တစ်ဟုန်ထိုးပြေးသွားသည်။ ဘောင်ယိန်းလည်း ဘုမသိ ဘမသိနှင့် ပြေးလိုက်သွားသည်။ သူတို့နှစ်ယောက် ချောင်းကို တရကြမ်း ဖြတ်ကြသည်။ အဝတ်တွေ စိုရွှဲကုန်သည်။ လမ်းတွေ့သောသူများကို အတင်းတိုက်ပြီး ကုန်းမြင့်ပေါ်မှ လူစုထံ ပြေးသွားသည်။

ကုန်းမြင့်ပေါ်မှ လူရွယ်တစ်ယောက် ပြေးဆင်းလာသည်။ လမ်းတစ်ဝက်တွင် မဂမ်နှင့် တွေ့ပြီး တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားသည်။ ဘောင်ယိန်း ငေးကြောင်၍ ရပ်နေသည်။ ကုန်းမြင့်ပေါ်မှ လူများလည်း ပြေးဆင်းလာသည်။ သူတို့အနီးသို့ လဖိုင်လရောက်လာသည်။ အခြားရွာသားများ ဝိုင်းလာသည်။ အလုအယက် နှုတ်ဆက်မေးမြန်းကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မဂမ်နှင့်လူရွယ် ဖက်တွဲမွေ့ယမ်းနေရာသို့ အမျိုးသမီးတစ်ဦး ချဉ်းကပ်သွားသည်။ မဂမ်၏မိခင်ဖြစ်မည်ဟု ဘောင်ယိန်း ခန့်မှန်းမိသည်။ မဂမ်၏မိခင်သည် သူ ထင်ထားသည်ထက် ငယ်ရွယ်တောင့်တင်းသည်။ သူ့မိခင်သည် အသားအရေများ တွန့်လျော့စပြုပြီဖြစ်သော်လည်း မဂမ်၏ မိခင်သည် ပြည့်ဖြိုးဆဲ ဖြစ်သည်။

မဂမ်သည် မိခင်ကို မြင်သောအခါ...

"အစ်ကိုမျိုးတို့ ဘယ်တုန်းက ရောက်နေတာလဲ အမေ"

"သုံးရက်ရှိပြီ။ နင်တို့ အဘိုးမုံးလည်းပါတယ်"

မခေါင်ညွယ်က ပထမတွင် လက်သုံးချောင်းထောင်ပြသည်။ ထို့နောက် သူ၏ နောက်ဘက်တွင် ကပ်၍ ရပ်နေသော ကနန်းအဘိုးကြီးကို ပြသည်။ ဤတွင်မှ မဂမ်သည် မောင်မျိုးကို လွှတ်လိုက်ပြီး အဘိုးမုံးကို ရိုသေစွာ နှုတ်ဆက်သည်။

ဘောင်ယိန်း ဘေးမှ အသာရပ်ကြည့်နေသည်။ မောင်မျိုးနှင့် ဘကြီးမုံးတို့ အကြောင်းကို မဂမ်ထံမှ သူ အတန်အသင့် ကြားဖူးထားပြီး ဖြစ်သည်။ လဖိုင်လကလည်း 'ဘကြီးမုံး၊ ဘကြီးမုံး' ဟု မကြာခဏ ထည့်သွင်းသုံးနှုန်းတတ်သည်။

ဘကြီးမုံးသည် မဂမ်ကို နှုတ်ဆက်စကား အနည်းငယ်ပြောပြီးနောက် လဖိုင်လဘက်သို့ လှည့်ကာ ဂျိန်းဖောဘာသာစကားဖြင့် ပြောသည်။

"မောင်ရွှေနီကတော့ မင်းနဲ့ လဗျဂမ်ကို သေခါနီးအထိ ချီးကျူးသွားတာပဲ။ မင်းတို့ နှစ်ယောက်ဟာ သေခါမှ သေရော၊ ရှုံးခါမှ ရှုံးရော ကိုယ့်ရပ်ကိုယ့်ဒေသမှာပဲ နေသွားကြမယ်ဆိုတာ သိပ်မှန်တာပဲ"

"ရွှေနီနဲ့ ရွှေဝါတို့ သတင်းကြားရတာ ကျွန်တော် နည်းနည်းမှ စိတ်မကောင်းပါဘူး။ ဘကြီးမုံး။ သူတို့နှစ်ယောက်ဟာ ကျွန်တော်နဲ့ ညီအစ်ကိုတွေဆိုရင် ဟုတ်ပါတယ်"

"ရွှေနီကတော့ သူရဲကောင်း ပီပီသသနဲ့ သေသွားလို့ တို့များ စိတ်ဖြေသာပါသေးတယ်ကွယ်။ ရွှေဝါကတော့ မသေဘဲနဲ့ သုံးမရတဲ့ အလကားလူဖြစ်နေလို့ တို့များ ယူကျုံးမရ ဖြစ်ရလှတယ်ကွယ်"

"ကျွန်တော်လည်း သူနဲ့ တွေ့ချင်ပါသေးတယ်။ အရှေ့ဆမားဘက်ကို ကျွန်တော် တစ်နေ့နေ့မှာ ရောက်အောင် သွားပါဦးမယ်"

"သူ့ကိုတော့ ဘယ်သူပြောလို့မှ မရတော့ပါဘူးကွယ်။ အချိန်ကုန်ခံမနေပါနဲ့တော့။ သူတို့နဲ့ လေကုန်ခံနေမယ့်အစား ဒီသူငယ်လေးတွေကို မြေတောင်မြှောက်ပေးတာကမှ တကယ် အကျိုးများပါတယ်ကွယ်။ တို့မရှိတဲ့နောက်မှာ သူတို့ဘဲ ရှေ့ဆောင်ရှေ့ရွက် လုပ်ကြရမယ် မဟုတ်လား"

ဘကြီးမုံးက မောင်မျိုး၊ မဂမ်နှင့် အခြားလူရွယ်များကို ညွှန်ပြရင်း ပြောသည်။ ထိုစကားကို ကြားရသောအခါ ဘောင်ယိန်းသည် အဘိုးမုံးကို အလွန့်အလွန်မှ လေးစားချစ်ခင်မိသွားသည်။

"ငါတို့ ဒီမှာပဲ ရပ်နေကြတော့မလားအေး။ ငါတို့ အိမ်ကို သွားကြရအောင်"

MMCYBERMEDIA
COMMUNITY FOR ALL

မခေါင်ညွှယ် ပြောသည်။ လဖိုင်လသည် မခေါင်ညွှယ်ကို တစ်ချက် စိုးကြည့်ပြီးနောက် ဘကြီးမုံးဘက်သို့ လှည့်ကာ...

"အေး၊ ဒါဖြင့် ဘကြီးမုံးတို့ သွားကြတော့။ ကျွန်တော် ညကျရင် လာခဲ့မယ်"

"အေး၊ နင်ကော ငါ့အိမ် မလိုက်ဘူးလား"

"နင်က ခေါ်ရင်တော့ လိုက်မှာပေါ့။ ငါ့မှာ ဧည့်သည်တစ်ယောက်ပါသေးတယ်"

လဖိုင်လက ဘောင်ယိန်းကိုပြရင်း ပြောသည်။ ဤတွင်မှ မဂမ်က ဘောင်ယိန်းကို သတိရသည်။ ဘောင်ယိန်းကို ဆွဲခေါ်လာပြီး သူ့မိခင်၊ ဘကြီးမုံး၊ မောင်မျိုးတို့နှင့် တွေ့ပေးသည်။ မခေါင်ညွှယ်က ဘောင်ယိန်းကိုလည်း လိုလိုလားလား ဖိတ်ခေါ်လေသည်။

"ဘကြီးမုံးတို့ ရောက်နေတာ သုံးရက်ရှိပြီ။ ကနေ့တောင် သွားကြတော့မလို့တဲ့။ နင်တို့ လာခါနီးပါပြီဆိုပြီး မနည်းတားထားရတယ်။ လဗျဂမ်လည်း မရှိဘူးကို။ အေး၊ နင်တို့သွားပြီး သူလည်း မြစ်ကြီးနား သွားတာပဲအေး"

လမ်းတွင် မခေါင်ညွှယ်က လဖိုင်လကို ပြောသည်။

"သူ မပြန်လာသေးဘူးလား။ သူသွားမယ်ဆိုတာ ငါ့ကို ပြောတယ်။ မြစ်ကြီးနား အခြေအနေ သူသွားကြည့်မယ်တဲ့"

"မလာသေးဘူးအေး။ သူ ရောက်ရင် တို့ကို ပြောလှည့်လို့ ငါပြောထားတယ်"

"အေး၊ ငါတို့လည်း ဟိုမှာ အသားဖြူတွေနဲ့ မတိုက်ဖြစ်လို့ ကနေ့ ပြန်ရောက်ကြတာပေါ့။ အသားဖြူတွေနဲ့သာ တစ်ပွဲတစ်လမ်း စမ်းဖြစ်ရင်တော့ တော်တော်နဲ့ ပြန်ရောက်ဦးမှာ မဟုတ်ဘူး။ ပြန်ရောက်ချင်မှလည်း ပြန်ရောက်တော့မှာပေါ့အေး"

လဖိုင်လက ယင်းသို့ ပြောပြီး မခေါင်ညွှယ်ကို မျက်လုံးထောင့်ကပ် ကြည့်သည်။ အမျိုးသမီး ခေါင်းငုံ့ထားသည်။ ထိုအခါတွင် ဘကြီးမုံးကို လဖိုင်လ မေးသည်။

"ဘကြီးမုံးတို့က ဘယ်ကို သွားမှာတုန်း"

"တို့များ ခမ္ဘတီးလုံကို သွားကြမလို့။ မင်းတို့နဲ့ တွေ့ပြီး ဟိုအရေး ဒီအရေးကလေး တိုင်ပင်ချင်တာနဲ့ ဝင်လာကြတာ။ မောင်မျိုးကလည်း ဟိုသူငယ်မနဲ့ မဂမ်ကို သိပ်တွေ့ချင်နေတယ်"

"မောင်မျိုးကတော့ လူကြီးဖြစ်နေပြီပဲ အေး"

လဖိုင်လက ယခုမှ မောင်မျိုးကို နှုတ်ဆက်စကားဆိုမိသည်။ မောင်မျိုးက ဘာပြန်ပြောရမှန်း မသိသဖြင့် ပြုံးနေသည်။

"ခမ္ဘတီးလုံကို ဘာကိစ္စ သွားကြမှာလဲ။ မိုးကောင်းဘက်မှာ အခြေအနေတွေ ဘယ်လိုရှိသလဲ"

ဘကြီးမုံး ဖြေမည်ပြုစဉ်မှာပင် မဂမ်က မေးပြန်သည်။

"ကျွန်တော်လည်း ကြိုးကြာက ထွက်လာကတည်းက အစ်ကိုမျိုးတို့ကို သိပ်လွမ်းတာပဲ။ မမနန်းရင်နဲ့ ကိုဦးကို သိပ်သတိရတာပဲ။ အဲဒါထက် ကျွန်တော်တို့ ထွက်မလာခင် ညက အစ်ကိုမျိုးတို့ တိုင်ပင်ကြတဲ့အကြောင်း သိပ်သိချင်တာပဲ။ အစ်ကိုမျိုးတို့ မျက်နှာဖြူတွေကို တိုက်ဖို့ အတော်ပြင်ဆင်ပြီးကြပလား။ လက်နက်တွေကော တော်တော်ရပလား။ လူတွေကိုကော နိုးနှောလို့ ရရဲ့လား"

သည်တစ်ကြိမ်တွင်လည်း ဘကြီးမုံးရော မောင်မျိုးပါ အဖြေ မပေးဖြစ်ပါ။ မဂမ်တို့ အိမ်သို့ ရောက်ရှိပြီ ဖြစ်သောကြောင့်။

ရွာအောက်ပိုင်းတွင် နေရောင်မရှိတော့။ ရွာအထက်ပိုင်း တောင်ထိပ်ဖျားတွင်သာ နေရောင်ဖျော့ဖျော့ ကျန်ရှိတော့သည်။ ချောင်းဘက်တွင် အမှောင်ပျိုးနေပြီ ဖြစ်သည်။

အေးချမ်းခြင်းလည်း စလာပြီ ဖြစ်သည်။

## အခန်း -၇၇-

မခေါင်ညွှယ်ဖောက်သော ခေါင်ရည်၊ မခေါင်ညွှယ်စီမံသော စားသောက်ဖွယ်၊ မခေါင်ညွှယ်၏ ဖော်ရွေလိုက်လှဲမှုတို့တွင် သူတို့ အတန်ကြာ နစ်မျောနေသည်။ ပြီးမှ တိုင်းရေးပြည်ရာများကို ထက်သန်စွာ ပြောဆိုကြသည်။ ဘကြီးမုံးနှင့် လဖိုင်လတို့က အဓိက ပြောဆိုသည်။ မဂမ်နှင့် မောင်မျိုးက ဖြည့်စွက်သည်။ ဘောင်ယိန်းက လေ့လာသူသက်သက်။

ဘကြီးမုံးနှင့် လဖိုင်လသည် တစ်ကြိမ်နှစ်ကြိမ်မျှသာ တွေ့ဖူးသည်။ သို့သော် မောင်ရွှေနီနှင့် မောင်ရွှေဝါတို့၏ ပြောဆိုချက်များအရ တစ်ဦး၏အကြောင်းကို တစ်ဦးက ကောင်းကောင်းကြီး သိထားသည်။

ထိုမျှသာမက၊ လဖိုင်လသည် မြန်မာ-တရုတ်နယ်စပ်တွင် ရောက်ရှိနေသော နယ်ချဲ့ ဆန့်ကျင်ရေး တပ်ဖွဲ့များအကြောင်း၊ ဝန်းသိုစော်ဘွား၊ အမတ်ကြီးဦးဘိုးစော၊ မဖျိုင်းဖြူ၊ မဖျိုင်းညိုနှင့် ရွှေနီ၊ ရွှေဝါတို့ ညီအစ်ကိုအကြောင်း၊ ဘကြီးမုံးတို့ တရုတ်နယ်စပ်မှ ပြန်လာသည့်အကြောင်း၊ မောင်ရွှေဝါ ကျန်ရစ်သည့်အကြောင်း၊ ကြိုးကြာရွာသို့ ဘကြီးမုံး ရောက်ရှိလာပုံအကြောင်းတို့ကို မခေါင်ညွှယ်နှင့် မဂမ်တို့ထံမှ တစ်ဆင့် ကြားသိပြီး ဖြစ်သည်။

သူ မသိသည်မှာ မဂမ်တို့ ထွက်လာပြီးနောက် ဘာဖြစ်ကြသည်ပင်။

ယင်းကဏ္ဍ၏ ပထမပိုင်းကို မောင်မျိုးက ပြောပြသည်။ ဘကြီးမုံးက အစီအစဉ်များ ချမှတ်ပေးပုံ၊ သူနှင့်နန်းရင် အရေးတော်ပုံတပ်သားဟောင်းများကို လိုက်လံစည်းရုံးပုံ၊ အင်အားသစ်ဖြစ်သော လူငယ်များကို စုစည်းပုံ၊ မိုးကောင်းမြို့တွင်းသို့ ဝင်ရောက်ပြီး ရန်သူတပ် အနေအထားကို စုံစမ်းထောက်လှမ်းပုံ၊ ထိုသို့နှင့် တစ်လမျှ ကြာသောအခါ မိုးကောင်းမြို့ကို စီးနင်းတိုက်ခိုက်နိုင်သည့်

MMCYBERMEDIA
COMMUNITY FOR ALL

အခြေရှိလာပုံ၊ (၁၉၉၀)ပြည့် ရာစုနှစ်ပွဲသဘင် ကျင်းပစဉ်တွင် သူတို့ လူစု မြို့တွင်းသို့ ဝင်ရောက်နေရာယူကြပုံ၊ မူးရူးပျော်ပါးနေကြသော ရန်သူတပ်သားများ အိပ်မောကျသည့် အရက်တက်ချိန်တွင် စစ်တပ်၊ ဂတ်၊ ရုံး၊ ဆေးရုံ၊ ကြေးနန်းရုံ၊ ဘူတာရုံ စသည်တို့ကို တစ်ပြိုင်တည်း စီးနင်းတိုက်ခိုက်ရန် အသင့်ဖြစ်နေပုံတို့ကို အသေးစိတ် စီကာပတ်ကုံး ပြောပြသည်။

"အစ်ကိုမျိုးတို့က တကယ့်ပွဲကြီးပွဲကောင်းတစ်ခု တိုးလိုက်ရတာကိုး။ အဲဒီတိုက်ပွဲမှာ ရန်သူ ဘယ်လောက်ကျပြီး နောက်တော့ အစ်ကိုမျိုးတို့ ဘယ်လို ဖြစ်သွားသလဲ။ ဒါလောက် ကြီးကျယ်တဲ့ တိုက်ပွဲကြီးတစ်ခု ဖြစ်တာတောင် ကျွန်တော်တို့ဆီက ဘာမှ မသိရပါကလား။ ကျွန်တော်တို့ကလည်း မြေပြန့်ကို မဆင်းကြဘဲကိုး။ မြေပြန့်ကလည်း ကျွန်တော်တို့ဘက်ကို မလာကြဘဲကိုး။ ဒါကြောင့်မို့ အစ်ကိုမျိုးတို့ သတင်းကို မကြားရတာပေါ့"

မဂမ်က အားရပါးရ ပြောဆိုသည်။ မောင်မျိုး ခေါင်းခါသည်။

"ဘာမှ မကြားရတာ ဘာမှ မဖြစ်လို့ပါ"
"အေး၊ နင့်ဟာက ဘယ်လိုလဲ အေး။ ခုနက ပြောတော့ နင်တို့ မိုးကောင်းကို တိုက်တယ်ဆို"

မခေါင်ညွှယ် ဝင်မေးသည်။

"တိုက်တာ မဟုတ်ပါဘူး။ တိုက်ဖို့ လုပ်တာပါ"
"တိုက်ဖို့ အားလုံး အဆင်သင့် ဖြစ်နေပြီဆို"
"အေး၊ နောက်ဆုံးကျတော့ မတိုက်ဖြစ်ကြဘူးအေး"
"ဘာဖြစ်လို့လဲ"

မောင်မျိုး မဖြေ။ မီးဖိုကို ငေးနေသည်။ သူ့မျက်နှာ ချက်ချင်း ညှိုးသွားသည်။ ထိုအခါ ဘကြီးမုံး ဆက်၍ ပြောသည်။

"ဒီလိုကွယ့်။ မောင်မျိုး ပြောတဲ့အတိုင်းပဲ တို့များဟာ အစီအစဉ်တွေ အားလုံး လုပ်ပြီးပြီကွယ့်။ တို့များလူတွေ မြို့ထဲရောက်နေကြပြီး ကိုယ့်နေရာနဲ့ကိုယ် နေရာယူပြီးကြပြီ။ ရန်သူတွေ တုံးနင်းသရေဖြစ်နေမယ့် အရက်တက် သံချောင်းလေးချက် ခေါက်ချိန်မှာ တို့များ အားလုံး တစ်ပြိုင်တည်း တိုက်ကြဖို့ပဲ။ ဒါပေမဲ့ တို့များ မတိုက်ဖြစ်ကြဘူး။ အရက်တက်သံချောင်းလေးချက် ခေါက်ခါနီးကလေးမှာပဲ တို့များရယ်၊ မောင်မျိုးရယ်၊ ရွှေနီ၊ ရွှေဝါတို့ရဲ့ ညီမအငယ် နန်းရင်ရယ်၊ ရွှေနီရဲ့သား ကိုဦးရယ် ရှိနေတဲ့အိမ်ကို မိန်းမတစ်ယောက် ပြုန်းခနဲရောက်လာတယ်။ တို့လည်း အတော်ကလေး လန့်သွားကြတယ်။ ဘာပြုလို့လဲ ဆိုတော့ တို့ရှိတဲ့ နေရာကို ဘယ်သူမှ မသိဘူး အောက်မေ့ထားတာကိုး။ အဲ၊ အဲ၊ အဲဒီမိန်းမက တခြားလူတော့ မဟုတ်ဘူး။ မောင်မျိုးရဲ့ အမေ မထုံးရီပဲအေး"
"မထုံးရီက ဘာလုပ်ရောက်လာတာလဲ"

မခေါင်ညွှယ် အလန့်တကြား မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သူ ရောက်တာကတော့ အကောင်းရောက်တာပါပဲ။ သူ့သားနဲ့ တို့အားလုံးရဲ့ အသက်ကို ကယ်ရအောင် ရောက်လာတာပဲ။ ဒီလိုကွယ့် တို့ကတော့ ကိုယ့်ဟာကိုယ် ဟုတ်လှပြီ ထင်နေတာပေါ့။ အင်္ဂလိပ်တပ်သားတွေ မူးနေကြပြီ ရူးနေကြပြီ။ အရက်တက်လောက်ဆိုရင် အားလုံး တုံးနင်းသရော ဖြစ်ကုန်ပြီ။ ကြက်ကလေး ငှက်ကလေးတွေ ဖမ်းယူနိုင်သလို ဖမ်းယူနိုင်တော့မယ်လို့ အတွေးယဉ်နေတာပကွယ်။ ဒါပေမဲ့နော... တကယ်ကျတော့ သူတို့က တို့ထင်သလို မဟုတ်ဘူး။ တကယ် မမူးကြဘူး။ တကယ် မရူးကြဘူး။ တို့ကိုပြန်ပြီး ထောင်ချောက်ဆင်တဲ့အနေနဲ့ မူးဟန် ရူးဟန် တမင်ဆောင်နေကြတာ။ ဘာပြုလဲဆိုတော့ သူတို့က တို့အကြံအစည်ကို သိထားတာကိုး ဒါကြောင့် သူတို့က မူးဟန်ဆောင်နေပြီး၊ တို့က ဟုတ်လှပြီဆိုပြီး သွားတိုက်တဲ့အခါမှာ တို့များကို အပြတ်အပြီး တိုက်ပစ်ဖို့ပဲ"

"သူတို့က ဘယ်လိုလုပ်ပြီး သိတာလဲ။ သူတို့ကို ဘယ်သူ ပြောတာလဲ"

ဘကြီးမုံးသည် အဖြေမပေးမီ မောင်မျိုးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သေးသည်။

"တို့များ သတင်းကို အင်္ဂလိပ်ကို ပေးတဲ့လူကတော့ မထုံးရီပဲ"

"သူက ဘယ်လိုလုပ်ပြီး သိသလဲ"

မခေါင်ညွှယ် မေးသည်။

"ဒီလိုကွယ့် တစ်နေ့မှာ သူက နန်းရင်နဲ့ မောင်မျိုးကို မြင်လိုက်တယ်တဲ့။ မသင်္ကာတာနဲ့ သူ လိုက်စုံစမ်းတော့ တို့များ အကြံအစည်အကုန်လုံးကို သိသွားတယ်"

"ဘယ်သူ့ဆီက သိတာလဲ"

"ဒိန်ခန်ဒီးဆိုတဲ့ ကချင်တစ်ယောက်ဆီကပဲ"

"တိန်ရာကထောင်းက ဒိန်ခန်ဒီးလား"

ဘကြီးမုံး ခေါင်းညိတ်သည်။ လဖိုင်လ ရေရွတ်သည်။

"ခွေးမသား ဒိန်ခန်ဒီး။ တော်တော်မိုက်တဲ့ အကောင်ပဲ။ သစ္စာဖောက်ပဲ။ ဒီကောင် ဒါမျိုးလုပ်လိမ့်လို့ ငါ လုံးလုံး မထင်ဘူး"

လဖိုင်လ ဒေါသဖြင့် မြည်တွန်သည်။

"ဟုတ်တယ်။ ကျွန်တော်တို့လည်း နည်းနည်းမှ မထင်ဘူး။ ဒိန်ခန်ဒီးကို သွားပြီး တိုင်ပင်တုန်းက ကျွန်တော်နဲ့ မမနန်းရင် သွားတာပဲ။ အဲဒီတုန်းက သူက လိုလိုလားလား စိတ်ပါလက်ပါပဲ။ သူကပဲ ဘယ်လိုလုပ် ဘယ်လိုကိုင်နဲ့ အကြံဉာဏ်ပေးသေးတယ်။ သူက အစ်ကိုရွှေဝါနဲ့ တစ်လျှောက်လုံး လက်တွဲလာတဲ့လူ မဟုတ်လား ကျွန်တော်တို့လည်း ယုံတာပေါ့"

မောင်မျိုးက စကားထောက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့သတင်းကို မထုံးရီကလည်း ကုလားဖြူတွေကို သွားပြောတယ်။ နောက်တစ်ခါ မထုံးရီကပဲ အင်္ဂလိပ်တွေ မူးဟန်ဆောင်နေတဲ့အကြောင်း နင်တို့ကို လာပြောပြန်တယ် မဟုတ်လား"

စိတ်ထဲတွင် မရှင်းမလင်း ဖြစ်နေသည်ကို မခေါင်ညွှယ် မေးသည်။ မောင်မျိုး မဖြေမီတွင် ဘကြီးမုံး ဖြေသည်။

"ဒီလိုကွယ့်။ မထုံးရီတို့က အင်္ဂလိပ်လူဖြစ်နေပြီ မဟုတ်လား။ သူ့ဆန်စားရင် ရဲရတော့မယ် မဟုတ်လား။ သူတို့အနေနဲ့က ဒီလို သတင်းမျိုးတွေပေးနိုင်မှ မျက်နှာပန်းပွင့်မှာ မဟုတ်လား။ သခင်အားရမှာ မဟုတ်လား။ ဒါကြောင့်လည်း မထုံးရီဟာ ဒီသတင်းကို သိသိချင်း မျက်နှာဖြူမင်းကြီးကို ပြောလိုက်တယ်။ ဆုတော်လဘ်တော်တွေလည်း အတော်ရတယ်နဲ့ တူပါတယ်။ နောက်တော့တစ်ခါ သူ စဉ်းစားမိပြန်တယ်။ သူ ပြောတဲ့အတိုင်း ပြန်ပြောတာနော။ သူလုပ်ပုံက သူ့သားနဲ့ သူ့ရဲ့ ရပ်ဆွေရပ်မျိုးတွေကို ကြိုးစင်ပို့ရာ ရောက်နေကြောင်း သူစဉ်းစားမိသွားတယ်။ နောက်ပြီးတော့ အင်္ဂလိပ်တွေက ရပ်ဝေးက လူတွေ၊ တိုင်းတစ်ပါးက လူတွေ။ သူတို့ကို တိုက်နေတဲ့လူတွေက သူနဲ့ တစ်မြေတည်းနေ တစ်ရေတည်းသောက်တွေ။ သူက မပါချင်ရင် ဘယ်ဘက်မှ မပါနဲ့။ ပါချင်းပါရင်တော့ သူ့နယ်သူ့နယ်သားတွေဘက်ကပဲ ပါရမယ်လို့ သူ စဉ်းစားမိသွားတယ်။ ဒါနဲ့ သူလည်း တို့ရှိရာကို ကဆုန်စိုင်းပြီး ပြေးလာတော့တာပဲ။ အရက်ကလည်း တက်ခါနီးနေလို့ တို့ကိုအုပ်မိအောင် သူ ဒုန်းစိုင်းခဲ့ရတယ်တဲ့။ ဟုတ်ပါတယ်၊ တို့ဆီရောက်တော့ သူ တော်တော်နဲ့မှ စကား မပြောနိုင်ဘဲ။ ရင်ဘတ်ကို လက်ဝါးနဲ့အုပ်ပြီး မျက်လုံးကြီးသာ ပြူးနေတယ်။ ဒီတော့ တို့လည်း မျက်လုံးပြူးကြရတာပေ့ါ"

"ဒါနဲ့ တပ်ပြန်ဆုတ်ရရောလား"

မဂမ် မေးသည်။

"ဟုတ်တာပ အေး၊ ကျားပါးစပ်ထဲဝင်တဲ့ အလုပ်မျိုးတော့ ဘယ်သူလုပ်ပါ့မလဲ။ တို့များလည်း ချက်ချင်းပဲ လူခွဲပြီး တို့လူတွေရှိရာကို သွားကြရတယ်။ တချို့ကို ချက်ချင်း ဆုတ်ခိုင်းပြီး တချို့ကို ပွဲခင်းထဲ လွှတ်ရတယ်။ မိုးလင်းတော့မှ ပွဲကြည့်တွေနဲ့ ရောပြန်ဖို့ပဲ။ တချို့ကိုတော့ မြို့ထဲမှာပဲ ကိုယ်ရောင်ဖျောက်ခိုင်းရတယ်"

"ဘကြီးမုံးတို့ တိုက်ဖို့ အစီအစဉ်တွေ လုပ်ထားပြီးမှ မတိုက်လာတော့ အင်္ဂလိပ်တွေက ဘာမှ မလုပ်ဘူးလား"

လဖိုင်လ မေးသည်။

"လုပ်တာပေ့ါ။ မနက်မိုးလင်းတာနဲ့ တစ်ပြိုင်နက် အင်္ဂလိပ်တပ်တွေ မြို့ထဲထွက်ပြီး တစ်အိမ်တက်ဆင်း ရှာတာပဲ။ အနီးအနားရွာတွေကို နင်းတာပဲ။ ဒါပေမဲ့ ပွဲအကြောင်းပြရှိနေတော့ သူတို့ ဘယ်လိုမှ ပိုင်ပိုင်နိုင်နိုင် မလုပ်သာဘူး။ ဒါတောင် ဟုတ်တဲ့လူရော၊ မဟုတ်တဲ့လူရော တော်တော်များများ အရိုက်အနက် အကန်အကျောက် ခံလိုက်ရသေးတယ်"

"ဘကြီးမုံးတို့ ဘာမှ မဖြစ်ဘူး မဟုတ်လား"

"တို့များလည်း သီသီကလေး လွတ်တာပဲ"

"မထုံးရီကော ဘာဖြစ်သလဲ အေး"

MMCYBERMEDIA
COMMUNITY FOR ALL

"မထုံးရိ မြို့က ပျောက်သွားတယ်။ ဘယ်သွားတယ်၊ ဘယ်ရောက်တယ် ဆိုတာ ဘယ်သူမှ မသိဘူး"

"နင်က တစ်ခါတည်း မခေါ်လာဘူးလား အေး"

မောင်မျိုးကို မခေါင်ညွှယ် ပြောသည်။

"ခေါ်ပါတယ်။ အဲဒီညကပဲ ခေါ်ပါတယ်။ မမခေါင်ညွှယ်တို့ဆီ လိုက်ပို့ပေးမယ်တောင် ပြောပါသေးတယ်"

မခေါင်ညွှယ်သည် သူ့မိခင်အရွယ် ဖြစ်သော်လည်း မောင်မျိုးသည် နန်းရင်ခေါ်သည့် အတိုင်း မမခေါင်ညွှယ်ဟု ခေါ်သည်။ မောင်ရွှေနီနှင့် မောင်ရွှေဝါတို့ကိုလည်း ငယ်စဉ်က ဦးကြီး ဦးလေး စသည်ဖြင့် တစ်ခွန်းစ နှစ်ခွန်းစ ခေါ်ဖူးသော်လည်း နောက်ပိုင်းတွင်မူ နန်းရင်အတိုင်းပင် အစ်ကိုရွှေနီ၊ အစ်ကိုရွှေဝါ စသည်ဖြင့်ပင် ခေါ်သည်။

"နင့်အမေက ငါ့ဆီ မလာချင်ဘူးတဲ့လား"

"လာချင်ပုံပါပဲ။ ကျွန်တော်ပြောတော့ သူ အကြာကြီး တွေနေတယ်။ သူ ဘာတွေ စဉ်းစားသလဲ မသိဘူး။ အကြာကြီး စဉ်းစားနေတယ်။ ပြီးတော့မှ နောက်မှလိုက်လာခဲ့မယ်ဆိုပြီး မြို့ထဲမှာ နေရစ်ခဲ့တာပဲ။ နောက်တော့မှ မြို့မှာ သူမရှိတော့ဘူးဆိုတာ ကျွန်တော်တို့ သိကြရတာပဲ"

"အင်္ဂလိပ်တွေကတော့ သူ့ကို ဖမ်းမထားပါဘူးနော"

"မဖမ်းပါဘူး။ သူတို့က လိုက်ရှာနေလို့သာ သူ မရှိတော့ဘူးဆိုတာ ကျွန်တော်တို့ သိရတာပဲ"

သူတို့အားလုံး ခေတ္တမျှ နှုတ်ဆိတ်နေကြသည်။ ဘကြီးမုံးသည် မြေအိုးမှ ရေနွေးခါးခါးကို ဝါးကျည်တောက်ငယ်သို့ ငှဲ့ထည့်ပြီး တဖူးဖူး မှုတ်သောက်သည်။ လဖိုင်လတို့က ခေါင်ရေသောက်ကြသည်။ မောင်မျိုး ဘာမှ မသောက်။

"ဘကြီးမုံးတို့ နောက်တစ်ကြိမ် တပ်ပြန်မစုကြတော့ဘူးလား"

အတော်ကြီးကြာမှ လဖိုင်လ မေးသည်။

"ဘယ်နေမလဲကွယ်၊ စုတာပေါ့။ မောင်မျိုးတို့ နန်းရင်တို့ကလည်း အင်မတန် စိတ်အားထက်သန်နေကြတာ မဟုတ်လား။ ဒါပေမဲ့ မလွယ်ဘူးဟေ့။ အခြေအနေက ဒီလိုကွယ့် လူတွေကလည်း ခြေကုန်လက်ပန်းကျနေကြပြီ။ နယ်တစ်နယ်လုံးလည်း ဖွတ်ဖွတ်ညက်ညက်ကြေနေပြီ။ လူတွေလည်း စားဖို့သောက်ဖို့က အရေးကြီးနေကြပြီ မဟုတ်လား"

"နယ်သူနယ်သားတွေ စားရေးသောက်ရေး ကျပ်တည်းတာကိုက သူတို့ကြောင့် မဟုတ်လား"

"ငါ့တူပြောတာ ဟုတ်တာပကွယ်။ ဒါပေမဲ့ ခက်တာက လူအင်အား၊ လက်နက်အင်အားကလည်း မမျှဘူး မဟုတ်လား။ မိုးကောင်းနယ်ဟာ သီပေါလက်ထက်ကတည်းက စစ်တိုက်လာတာ မဟုတ်လား။ အခွန်အတုပ်တွေကြီးပြီး မတရားနိုပ်စက်ညှဉ်းပန်းလို့ ဗလတို့ လူစုကိုလည်း တိုက်ခဲ့ပြီ မဟုတ်လား။ နေပြည်တော်က ဘုရင့်တပ်တွေကိုလည်း တိုက်ခဲ့ပြီ မဟုတ်လား။ စက်ကျင်တို့ လိဝင်ကျွေတို့

ခေါင်းဆောင်တဲ့ တရုတ်ဓားပြတွေကိုလည်း တိုက်ခဲ့ပြီ မဟုတ်လား။ တစ်ခါ အင်္ဂလိပ်တွေ ရောက်လာတော့လည်း ဆယ်နှစ်ကျော်ကျော် မီးကုန်ယမ်းကုန်တိုက်ခဲ့ကြပြီ မဟုတ်လား။ လူသူလက်နက်လည်း မရှိတော့ဘူး။ ထက်မြက်တဲ့ ခေါင်းဆောင်တွေလည်း မရှိတော့ဘူး။ သေသေချာချာ စဉ်းစားကြည့်တော့လည်း သူတို့ရဲ့အဖြစ်က အသည်းနာစရာ ကောင်းလှတယ် မဟုတ်လား။ သူတို့ဆီက သသသမေခွန်တွေ တံစိုးပဏ္ဏာတွေ ယူထားတဲ့ မြန်မာမင်းနဲ့ သူ့ရဲ့မှူးကြီးမတ်ကြီးတွေ အများအပြားဟာ အစောကြီးကတည်းက ဓားချသွားကြပြီ မဟုတ်လား။ သူ့ကျွန်ခံသွားကြပြီ မဟုတ်လား။ ဟိုတုန်းက မင်းတရားကြီးရဲ့ လူတွေဟာ အခု ဝိတိုရိယ ဘုရင်မကြီးရဲ့ လူတွေ ဖြစ်ကုန်ပြီ မဟုတ်လား”

ဘကြီးမုံးသည် စကားရပ်လိုက်ပြီး ရေနွေးခါးခါး သောက်နေသည်။ မည်သူကမျှ ကြားဝင်၍ မပြောသဖြင့် သူ ဆက်ပြောသည်။

“နောက်ပြီးတော့ တစ်ခါ သူတို့ ရှေ့က မားမားရပ်ခဲ့ကြတဲ့ ခေါင်းဆောင်တွေ၊ သူတို့ အင်မတန် အားကိုးအားထားပြုတဲ့ ခေါင်းဆောင်တွေကလည်း အခု ဒီမှာ မရှိကြတော့ဘူး မဟုတ်လား။ တရုတ်နယ်ခြားမှာ ရောက်ကုန်ကြပြီ မဟုတ်လား။ ဒီတော့လည်း အရေးတော်ပုံ တပ်သားဟောင်းတွေ အနေနဲ့ နောက်တွန့်ကြတော့မပေါ့။ ကိုယ့်ဟာကိုယ့်တဲ့မှာပဲ ဇောက်ချချင်ကြတော့မပေါ့။ နောက်ပြီးတော့ တစ်ခုရှိသေးတယ်။ ဒီကုလားဖြူတွေဟာ တော်တော်ကို ဉာဏ်များတယ်။ ဥပါယ်အမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးပဲ။ ဟိုလိုချော့ ဒီလိုချော့၊ ဟိုလိုချော့ ဒီလိုချော့ပဲ။ ခက်တာတစ်ခုကတော့ တို့လူမျိုးကလည်း တို့လူမျိုးပဲကွယ်။ ရှမ်းပဲဖြစ်ဖြစ်၊ ကချင်ပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် အားလုံး အတူတူပဲ။ ခြောက်ရင် ကြောက်ချင်မှ ကြောက်ပေမယ့်၊ ချော့ရင်တော့ ပျော့တတ်ကြတယ်ကွယ့်။ တို့များ လူတွေက သဘောကောင်းကြတယ် မဟုတ်လား။ အားနာတတ်ကြတယ် မဟုတ်လား။ သည်းခံတတ်ကြတယ် မဟုတ်လား။ ချော့ရင်ပျော့ပြီး နည်းနည်းပါးပါး တောင်းပန်လိုက်ရင် ဘာကြီးပဲ ဘယ်လောက်ပဲ စိတ်ဆိုးနေနေ ပြေသွားတတ်ကြတာပဲ”

“အေး အေး ဟုတ်တယ်”

လဖိုင်လ၊ မဂမ်နှင့် ဘောင်ယိန်းတို့ ပြိုင်တူ ထောက်ခံလိုက်ကြသည်။

“ဒီလိုကွယ်။ တို့များ မိုးကောင်းဘက်မှာ ဒီမိစ္ဆာကောင်တွေ အခု နောက်ဆုံးလုပ်နေပုံတွေကို ပြောရဦးမယ်။ ဒီကောင်တွေက အရင်ကလို ပတ်ကြမ်းသိပ်မတိုက်တော့ဘူး။ လေပြေထိုး ကလေးတွေ၊ လေချိုသွေးကလေးတွေချည်းပဲကွယ့်။ တို့များ ဂဒူးတွေ၊ ကနန်းတွေ၊ ခမ္ဘတီးတွေ၊ ဗမာတွေကျတော့ ဗုဒ္ဓဘာသာတွေ မဟုတ်လားကွယ်။ ဘုရား တရား သံဃာကို သိပ်ကြည်ညိုတယ် မဟုတ်လားကွယ့်။ စောစောပိုင်းကဆိုရင် ဒင်းတို့ဟာ ဘုရားတွေကို ဖျက်ဆီးကြတယ်။ ကျောင်းတွေကို မီးရှို့ကြတယ်။ ဘုန်းကြီးတွေကို သတ်ကြတယ်။ နောက်ပိုင်းကျတော့ အာပတ်ဖြေလာကြတယ်ကွယ့်။ ဘုရားပွဲတွေ လုပ်ခွင့်ပေးတယ်။ ကျောင်းဆောက်ဖို့ သစ်ခုတ်ခွင့်တွေ ပေးတယ်။ သြဇာတိက္ကမရှိတဲ့ ဆရာတော်ကြီးတွေကို လျှူဖွယ်ဝတ္ထုကပ်တယ်။ ဘွဲ့တံဆိပ်တော်ကပ်တယ်။ ဒီတော့လည်း တို့လူမျိုးတွေက အတော်ခက်သားကလားကွယ့်။ နေ့ချင်းညချင်း သဘောပြောင်းသွားကြတယ်။ ဝိတိုရိယ ဘုရင်မကြီးဟာ သာသနာတော်ရဲ့အကျိုးကို သယ်ပိုးထမ်းရွက်တယ်တဲ့။ ဆရာတော်ကြီးများကလည်း သာသနာ့ ဒါယိကာမကြီး အစိုးရကို ပုန်ကန်ထကြွခြင်း မပြုရဘူးလို့ ဟောကြားကြတယ်။ ထကြွတိုက်ခိုက်နေတဲ့ လူတွေကိုလည်း လက်နက်ချအပ်ခိုင်းတယ်။ တစ်နယ်တစ်ရပ်ကို ရှောင်နေတဲ့လူတွေကိုလည်း ပြန်လာပြီး

MMCYBERMEDIA
COMMUNITY FOR ALL

ကောင်းကောင်းမွန်မွန် နေစေတယ်။ သူပုန်သူကန်ရန် မရှိမှ တိုင်းပြည်ငြိမ်းချမ်း သာယာဝပြောမယ်လို့ နယ်လှည့်ပြီး ဟောကြားကြတယ်"

"ကျွန်တော်တို့ကို သူပုန်လို့ အပြောခံရတာကိုက ကျွန်တော်တို့ အများကြီးနစ်နာတယ်။ ကျွန်တော်တို့က သူပုန် မဟုတ်ဘူး။ ကျွန်တော်တို့ပြည်မှာ ကျွန်တော်တို့ နေတာပဲ။ သူတို့က ဘာမဆိုင် ညာမဆိုင်နဲ့ ကျွန်တော်တို့နယ်ကို လာပြီးလည်း စော်ကားသေးတယ်၊ ကျွန်တော်တို့မင်းကိုဖမ်းပြီး ကျွန်တော်တို့ အားလုံးကိုလည်း နှိပ်စက်ညှဉ်းပန်းသေးတယ်၊ ဒီကြားထဲက ကျွန်တော်တို့ကို သူပုန်လို့ ပြောတာ တရားသလား"

မောင်မျိုး ဒေါသဖြင့် ဆိုသည်။

"မတရားလို့ ငါတို့ တိုက်နေကြတာပေါ့"

"ဒါကို ဘာပြုလို့ ဘုန်းကြီးတွေက ကျွန်တော်တို့ကို ပြောရသလဲ။ သူပုန်သူကန်ရန်အေးမှ တိုင်းပြည်အေးချမ်းမှာလို့ ပြောရသလဲ။ ကျွန်တော်တို့ ဘာလို့ တိုက်နေတယ်ဆိုတာ သူတို့ မသိဘူးလား"

"ဒီလိုလည်း မပြောနဲ့ မောင်မျိုးရယ်။ ဘာသာတရား ဆိုတာက ခက်တယ်ကွယ့်။ ဗုဒ္ဓဘာသာ ဆိုတာက မေတ္တာ၊ ဂရုဏာ၊ မုဒိတာ မဟုတ်လားကွယ့်။ လူတွေ အချင်းချင်းသတ်ကြတာ၊ လုကြယက်ကြတာကို မကြည့်ချင်ဘူး မဟုတ်လားကွယ့်။ တစ်ခုလည်း ရှိပါတယ်ကွယ်။ ဒင်းတို့ သာသနာကို စော်ကားခဲ့တုန်းက ဘုန်းကြီးတွေကိုယ်တိုင် ဓားကိုင်ပြီး တပ်ဦးက ရပ်ခဲ့ကြတယ် မဟုတ်လားကွယ့်။ အေးပကွယ်။ ဒါကြောင့်မို့လည်း မိစ္ဆာကောင်တွေက အညှာကိုကိုင်တာပေါ့။ ဒါကြောင့်မို့လည်း သူတို့ကို ဉာဏ်နီဉာဏ်နက်များတယ်လို့ ပြောရတာပေါ့"

"အေး၊ ဘကြီးမုံးပြောတာ ဟုတ်တယ်။ ဒီတောကောင်တွေက အညှာကို သိတယ်။ ကျုပ်တို့ဆီမှာလည်း ဒင်းတို့က အညှာကို ဆုပ်တာပဲ။ သူတို့က ဒူဝါတွေကို ဘာပြောသလဲ။ ခင်ဗျားတို့ကို ကျုပ်တို့ ဘာမှ မလုပ်ဘူး။ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ နေပါ။ အရင်ကလိုပဲနေပါ။ ပေါင်သားစားပါ။ ခင်ဗျားတို့ လူတွေကို ခင်ဗျားတို့ ခိုင်းပါ။ အရင်တုန်းကလည်း ခင်ဗျားတို့ မြန်မာဘုရင်နဲ့ မြန်မာဝန်ကြီးတွေကို လက်ဆောင်ပေးတာပဲ မဟုတ်လား။ အခုလည်း ကျုပ်တို့ ဘုရင်မကြီးနဲ့ ကျုပ်တို့ကို လက်ဆောင်ပေးပါ။ ကျုပ်တို့ကလည်း လက်ဆောင်ပေးပါ့မယ်လို့ ပြောတယ်။ ဒီတော့ ဒူဝါတွေက ဘယ်တိုက်တော့မလဲ။ သူတို့က အရင်ကလိုပဲ နေနိုင်တာကိုး။ အသားဖြူတွေပေးတဲ့ လက်ဆောင်တွေက မြန်မာတွေပေးတဲ့ လက်ဆောင်တွေထက်တောင် ကောင်းသေးတာကိုး"

"အေး ဟုတ်တယ်ကွယ့်။ တို့များဆီမှာလည်း လူတွေက ကုလားဖြူပစ္စည်းတွေကို သိပ်ပြီး တပ်မက်နေကြတယ်။ ကုလားဖြူတွေလာလို့သာ ဒီပစ္စည်းမျိုးတွေ သုံးရတယ်။ အရင်ကဆိုရင် ဒီပစ္စည်းတွေကို ဘုရင်နဲ့ မင်းညီမင်းသားတွေသာ သုံးရတာလို့ ပြောနေကြတယ်။ ကုလားဖြူကို ကျေးဇူးတောင်တင်နေကြတယ်။ မိုးကောင်းက မိန်းမတွေ တချို့ဆိုရင် ကုလားဖြူပစ္စည်း လိုချင်တာနဲ့ ကုလားနက်တွေနဲ့ ကိုးရိုးကားရားတွေ ဖြစ်ကုန်ကြတယ်။ သူကြီးတွေဆိုရင်လည်း ပစ္စည်းအဆန်းကလေး တစ်ခုရရင် ကုလားဖြူတွေကို သခင်ခေါ်တော့တာပဲ"

"ကျုပ်တို့ဆီမှာလည်း ဒီလိုပဲ။ ဒူဝါ၊ ဆလန်ဝါတွေက သူတို့ လက်ဆောင်ရရင် ပြီးနေတာပဲ။ အသားဖြူတွေဟာ သူတို့ရန်သူ မဟုတ်ဘူး။ ညွှဲ့သည်တဲ့"

ဘောင်ယိန်း ဝင်ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့နယ်ကတော့ ထားပါဦးကွယ်။ နဂိုကတည်းက မိုးကောင်း၊ မိုးညှင်းနဲ့ အဆက်အသွယ် ဝေးတယ်။ မြန်မာဘုရင်နေတဲ့ ရတနာပုံဆိုရင် ကြားဖူးတဲ့လူ နည်းတယ်။ တို့များနယ်က လူတွေက ဒါလောက်နားဝေးဖို့ မကောင်းဘူး။ ဒင်းတို့ နိုင်ငံကို လာတာက တို့ကို လက်ဆောင်ပေးရအောင် မဟုတ်ဘူး။ တို့ဆီက ကျောက်မျက်ရတနာတွေ၊ တို့ဆီက ကျွန်းသစ်တွေ၊ တို့ဆီက အဖိုးတန်ပစ္စည်းတွေကို လိုချင်လို့လာတာ။ ဒါကြောင့်လည်း ဒင်းတို့ဟာ ရတနာပုံကိုရတယ်ဆိုရင် နန်းတော်ထဲက အဖိုးတန်ကျောက်မျက်ရတနာတွေ၊ ရွှေငွေဥစ္စာတွေကို သင်္ဘောတွေနဲ့ တင်ပြီး သူတို့နိုင်ငံ ယူသွားကြတယ်။ ဒင်းတို့နဲ့ ငါတို့ စစ်ဖြစ်ရတာကိုက ငါတို့ရဲ့ ကျွန်းသစ်တွေကို ဒင်းတို့ မတရားခိုးယူလို့ စစ်ဖြစ်ရတယ်ဆိုတာ ငါတို့ မမေ့ရဘူး။ ဒါကို ငါတို့ မေ့သွားရင် ငါတို့ သူ့ကျွန် ဖြစ်ပြီပဲ။ ကျွန်သက်ရှည်ပြီပဲ"

ဘကြီးမုံးသည် မောသွားဟန်ဖြင့် စကားရပ်သည်။ ရေနွေးခါး သောက်ပြန်သည်။

"ကျွန်တော်တို့က မမေ့ပေမယ့် တိုင်းသူပြည်သား လူအများက မေ့ကုန်တော့ ဘယ့်နယ်လုပ်မလဲ။ သူတို့က ဘုန်းကြီးခေါင်းခေါက်တာကို မကြည့်ဘူး။ ကန်တော့တာကိုပဲ ကြည့်တယ်။ ကျွန်တော်တို့ ဒီလိုပဲ နေရတော့မလား။ သူ့ကျွန် တကယ်ပဲ ဖြစ်ရတော့မလား"

မောင်မျိုး မေးသည်။

"ဒီလိုတော့လည်း အားလျှော့စရာ မဟုတ်ဘူးပကွယ်။ တို့များဟာ ဖွဲ့ရိုကြရမှာပေ့ါ။ တိမ်သလ္လာဖုံးနေတဲ့ လူတွေကို အလင်းရအောင် လုပ်ရမှာပဲ။ တို့များရဲ့အားကို နည်းရာကနေများအောင် လုပ်ရမှာပ။ အင်းဝမြို့ကြီးတစ်မြို့လုံး ကျသွားပြီးတဲ့နောက်ပိုင်းမှာ အလောင်းမင်းတရားကြီးဟာ မုဆိုးချုံရွာကလေးကနေ ပြန်ပြီး အနိုင်တိုက်ခဲ့တယ်ကော။ တို့များလည်း ဒီထုံးကို နှလုံးမူရမှာပ။ နောက်ဆုံးတစ်နေ့မှာ တို့များ အသက်ကြီးလို့ မရှိတော့လည်း လဖိုင်လ မရှိတော့လည်း၊ မောင်မျိုးတို့၊ မဂမ်တို့၊ ဘောင်ယိန်းတို့ လူငယ်တွေက မတရားအုပ်ချုပ်မင်းလုပ်တဲ့လူတွေကို တိုက်ထုတ်ပစ်ရမှာပဲ"

သည်တွင် လဖိုင်လက မျက်မာန်တင်းပြီး...

"အေး ဟုတ်တယ်။ ကနေ့ မတိုက်ရင် နက်ဖြန် တိုက်ရမှာပဲ။ ငါတို့ မတိုက်ရင် နင်တို့ တိုက်ရမှာပဲ။ နင်တို့ မတိုက်ရင် နင်တို့သားတွေ တိုက်ရမှာပဲ"

## အခန်း -၇၈-

"နင် မကဘူးလား။ ဘာငေးနေတာလဲ အေး"

သူ၏ ဦးခေါင်းထက်မှ ရုတ်တရက်ပေါ်ထွက်လာသောအသံကြောင့် သူတုန်သွားသည်။ အသံကိုချင့်၍ မည်သူပဲဟု အတပ် မယူနိုင်၊ သည်အသံမျိုးဆင်ဆင် သုံးလေးဦး ရှိသည်။ ချိုလွင်အေးမြခြင်းရှိသည်။ ကြားရသူ၏ စိတ်အာရုံကို ယူကျုံးနိုင်စွမ်းရှိသည်။ 'အေး' ဟူသော အသံရှည်ကို ဆွဲငင်ပိုင်းတွန့်မှုသည် အလုံးစုံသော အာရုံကြောတို့ကို စိမ့်စေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဆတ်ခနဲ သူမော့ကြည့်သည်။ ပြုံးညို့သော မျက်နှာတစ်ခု သူ့အပေါ်တွင် ဝဲမိုးနေသည်ကို တွေ့ရသည် သူ့မျက်နှာ၏ အထက်ဘက် တစ်ထွာလောက်တွင် ဘယ်ရစ် ညာရစ်ပြောင်း၍ ဝိုင်းဝဲနေခြင်း ဖြစ်သည်။ နှုတ်ခမ်းစုံသည် ခွက်နီ၍ အပြုံးသည် တဖိတ်ဖိတ်တောက်နေသည်။ မျက်လုံးစုံက သူ့ကို ဖိတ်ခေါ်နေသည်။

သူမ၏ အင်္ကျီထက်မှ ငွေမောင်းငယ်ကလေးများသည် သူ့ပခုံးကို ထိပွတ်ခြင်းပြုသည်။ အင်္ကျီမှာ ရင်စေ့ လက်တို အနက် ဖြစ်သည်။ ညဝက်လုံးလုံး ကခုန်ထားသည်မို့ တစ်ကြောင်း၊ အတွင်းမှ အုံကြွတွန်းကန်ခြင်း ရှိသည့်မို့ တစ်ကြောင်း၊ ရင်ဖုံးစနစ်ခုသည် ကောင်းစွာ စေ့ခြင်း မရှိချေ။ သူမ၏ကိုယ်မှ ပျံ့လာသော ရနံ့များသည် သူ့ကို ထုံရီယစ်မူးစေခြင်း ရှိသည်။

အမျိုးသမီးက သူ့လက်နစ်ဖက်ကိုပူး၍ ဆုပ်ကိုင်လိုက်သည်။ သူ့တစ်ကိုယ်လုံး တဖျင်းဖျင်း ဖြစ်လာသည်။ သူ့ကိုယ်အနှံ့တွင် သွေးများ ပြည့်ဖောင်းလာသည်။ လှုံတက်လာသည်။ တစ်စုံတစ်ခုကို ပြင်းစွာ တောင့်တသော တပ်မက်ခြင်း ရှိလာသည်။

"ကမယ် အေး။ ကနေ့ည နင် ကတာ ငါမမြင်သေးပါဘူး"

သူမ၏ ဆွဲခေါ်မှုတွင် အလိုက်သင့်မပါဘဲ ဆုတ်ဆိုင်း၍ နေသဖြင့် သူမ၏ကိုယ်သည် သူ့အပေါ်သို့ အိကျလာသည်။ သူမ၏ကိုယ်သည် ခါးလယ်ကို ဗဟိုပြု၍ စောင်းညွတ်လည်လည်ချေသည်။ ထိုတွင် သူမ၏ ပြည့်ဝန်းသောတင်သည် သူ့ကိုယ်ထက်တွင် ပိလာပြန်သည်။

သည်တော့မှ သူက ထိတ်တလန့်ဖြင့် သူ့ကိုယ်ကို တိမ်းပေးလိုက်သည်။ အမျိုးသမီး၏ ကိုယ်လုံးသည် သူ့ကိုယ်ကို တင်းကပ်စွာ ပွတ်တိုက်၍ အရှိန်ဖြင့် ကျသွားသည်။ သူ့ဘေးတွင် ထိုင်ပြီး ဖြစ်သွားသည်။

"ဟို ဟို ဟို မဂမ် မဂမ်"

သူက အမောအပန်း ရွတ်ဆိုသည်။

သည်တော့လည်း အမျိုးသမီးပါ မျက်လုံးပြူးဝိုင်းရသည်။

"အေး၊ မဂမ် ဘာပြုလဲ အေး"

သူက ရုတ်ခြည်း မဖြေ။ အချိန်ယူသည်။ ပြည့်လျှမ်းနေသောသွေးများကို လျော့ကျစေသည်။ စိတ်တွင် မဂမ်ကို အောက်မေ့သည်။ ဘောင်ယိန်းကို အမှတ်ပြုသည်။ နန်းရင်ကို မြင်ယောင်သည်။ သည်တော့မှ သူ့ရင် အခုန်နှေးလာသည်။ သူ့ကိုယ်ကို အမျိုးသမီးမှ အနည်းငယ် ခွာလိုက်သည်။ ပူနွေးခြင်း ပျောက်သွားသည်။ အေးမြသော လေအလျဉ်က ကြားဖြတ်သည်။

"မဂမ် မမြင်ဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

"ရှိပါတယ် အေး။ ခုနကပဲ အဂျီဝါနဲ့ စကားပြောနေတယ်"

အကြီးဝါ (အဂျီဝါ) ဟူသည်မှာ လဖိုင်လကို ဆိုလိုခြင်း။

"အခု မမြင်ဘူး။ ဘောင်ယိန်းလည်း မမြင်ဘူး"
"ရှိမှာပေါ့အေး။ လာ၊ ငါတို့ ကရအောင်။ ကနေ့ည နင် မကသေးဘူး"

အမျိုးသမီးက ဆွဲခေါ်ရန် ကြိုးစားပြန်သည်။ သူက မလိုက်မူသေးဘဲ အမျိုးသမီး၏ လက်ကို ပြန်၍ ဆုပ်ဆွဲထားရင်း...
"နင် မမြင်လို့ပါ။ ငါ ကပါတယ်။ အခုပဲ ငါ မောလို့ နားနေတယ်"
"ငါ မမြင်ဘူးအေး"
"နင် မမြင်ပေမယ့် ငါမြင်တယ်ကော။ နင်နဲ့ မဂမ်ကို ငါ ကောင်းကောင်းမြင်တာပ"

အမျိုးသမီး၏မျက်နှာ ဖျတ်ခနဲ ရဲသည်။ ပြီး ညိုမှုန်သည်။

"လာ ငါတို့ အခု ကမယ်"

ယခုတစ်ကြိမ်တွင် သူမက ဆတ်ခနဲ အားနှင့် ဆွဲသည်။ သူက ထမည်ပြုသည်နှင့် တစ်ထပ်တည်းကြုံ၍ နှစ်ယောက်သား လဲတော့မည် ရှိသည်။ တစ်ယောက်ကို တစ်ယောက် ဖက်ထားရသည်။ နှစ်ဦးစလုံး ရယ်ရသည်။ နောက် ပွဲခင်းသို့ ပြေးကြသည်။

သည်လိုနှင့် သူ တစ်ကြိမ် ကရပြန်ချေပြီ။ ညဉ့်ဦးပိုင်းကလည်း ကခဲ့ပြီး ဖြစ်သည်။ ယမန်နေ့နှင့် ယမန့်ပြင် တစ်နေ့များကလည်း ညလုံးပေါက်နီးပါး ကခဲ့ပြီး ဖြစ်သည်။

သည်လို ကရတော့လည်း အပျော်သား။ ကတတ်မည် မထင်ဘဲနှင့် က၍အဖြစ်သား၊ သူ့စိတ်များ ကစားသည်။ သူ့အတွေးများ ဝရုန်းဆန်သည်။

သည်အဖြစ်ကို မမနန်းရင်မြင်လျှင် အဘယ်မျှ အံ့သြချေမည်နည်း။ အမှန်တော့ သူ့ကိုယ်သူပင် အံ့သြသည်။ သူ့ဘဝသည် သွေ့ခြောက်ခြင်းအတိ ဖြစ်သည်။ သူက အထီးအကျန်သာ နေတတ်သည်။ တွေးဖို့သာ နားလည်သည်။ အလွန်ဆုံး နားထောင်ခြင်းသာ ဖြစ်သည်၊ ကိုယ်ကပြောသည် နည်း၏။ ပေါးလားဝါးလား နေဖို့တော့ အကျဲသား။ ကဖို့ ခုန်ဖို့တော့ စိတ်ကူးမျှ မပြု။

ရံခါတွင် ပလွေမှုတ်သည်သာ။

ယခုမှ လူစုလူဝေးနှင့် ကမိသည်။ မိန်းကလေးများနှင့် တွဲလားဆွဲလား ပြုမိသည်။ သူတို့ ခမ္ပတီးနယ်များတွင် ယောက်ျားကလေးနှင့် မိန်းကလေး တွဲဖက်၍ ကရရိုး မရှိ။ အကသဘင် ဇာတ်သဘင်များတွင် အမျိုးသမီးများပါရထုံး မရှိ။

အခုတော့ သူက ကချင်များအကြားတွင် ရောက်ရှိနေရသည် မဟုတ်လား။ သူတို့၏ ထုံးနည်းအတိုင်း လေ့လာကျင့်သုံးနေရသည် မဟုတ်လား။

အမှန်တော့ သူ့စိတ်နှင့် ကြိုက်ညီသည်တို့ကလည်း များပြားလှသည်။

ယခင်ကမူ သူသည် ဤလူမျိုးများအကြောင်း သည်မျှ မသိ။ အလားတူပင် ဤလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း ဤမျှ နက်ရှိုင်းစွာ မသိမြင် မထိတွေ့မိ။

သူ ကြီးပြင်းခဲ့ရသော မိုးကောင်း အင်းတော်ကြီး တစ်ဝိုက်သည် ကချင်တောင်၊ ကချင်ရွာများနှင့် ဝေးကွာလှသည် မဟုတ်။ ကချင်တောင်များအကြားမှာပင် တည်ရှိနေခြင်း ဖြစ်သည်။ ကချင်ရွာများနှင့်လည်း နိမ့်မြင့်စပ်နေသည်။ သူတို့ရွာ၏ အနောက်စူးစူးတွင် ဂျိန်းဖော့တို့၏ လခတ်ရဒေါ်ရွာ ရှိသည်။

ကြိုးကြာနှင့် လခတ်ရဒေါ်တို့သည် အချင်းပွားခဲ့သည်လည်း ရှိ၏။ မိန်းမမှု၊ ကျွဲမှု၊ နွားမှုတို့နှင့် ပတ်သက်၍ ချစ်ကြည်ရင်းနှီးခဲ့သည်များလည်း ရှိသည်။ ပဒေသရာဇ်ကို ဆန့်ကျင်သည့်နေရာတွင် အတူတူ။ နယ်ချဲ့ကို တွန်းလှန်သည့်နေရာတွင် အတူတူ။ ကြိုးကြာတွင် ရှင်ပြုပွဲ၊ ဘုန်းကြီးပျံပွဲများ ရှိသောအခါ လခတ်ရဒေါ်မှ ကချင်များ ဆင်းလာသည်။ လခတ်ရဒေါ်တွင် ကောက်သစ်စားပွဲ မနောပွဲများ ရှိလျှင် ကြိုးကြာမှ လူများ တက်သွားကြသည်။ ကြိုးကြာနှင့် အခြားသော ကချင်ရွာများ၏ ဆက်ဆံမှုများမှာလည်း ထိုနည်းတူပင်။

သူ့အနေနှင့် ပြောရလျှင်လည်း ငယ်စဉ်ကတည်းကပင် ကချင်များကို တွေ့ဖူးသည်။ ကချင်ရွာများသို့ ရောက်ဖူးသည်။ အများနှင့်လည်း ရောက်ဖူးသည်။ တစ်ယောက်တည်းလည်း ရောက်ဖူးသည်။ ထို့ထက်မက ကချင်အိမ် တစ်အိမ်မှာပင် သူ နေခဲ့ဖူးသည်။ ကချင်မတစ်ဦးသည် သူ၏ မွေးစားမိခင် ဖြစ်ခဲ့သည်။ ကချင်စကားကို သူ ကောင်းစွာ ပြောတတ်သည်။ကချင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို သူ အတော်နားလည်သည်။

ကချင်တစ်ယောက်ဟုပင် သူ့ကို ပြောနိုင်သည်။

သို့သော် သူသည် ယခင့်ယခင်များက ကချင်များနှင့် ရောနှော၍ ကခုန်ခဲ့ဖူးခြင်း မရှိ။ ကြားချောင်ခဲ့သည်။ ရှောင်ကွင်းခဲ့သည်။ ပဝါဖြူများ တလူလူလွင့်၍ ဘယ်ညာ ယိမ်းနွဲ့ကြသည်ကိုသာ ရင်လှုပ်ကြည့်နူးရှိခဲ့သည်။ ထို့ပြင် သူသည် ကချင်လူငယ်တို့ ခိုလှုံရာဖြစ်သော အင်လာဒပ်ခေါ် အပျိုခန်းများသို့လည်း ရောက်ဖူးခြင်း မရှိခဲ့။ နားလျှံအောင်သာ ကြားခဲ့သည်။ ရံခါတွင် အပြန်အလှန် ညိုးညှသော ချစ်တေးသံများကို နားဆတ်ဆတ်ကြားခဲ့ဖူးသည်။ သို့တစေ၊ ရောက်ကြုံဖူးခြင်း မရှိ။

မဂမ်တို့ရွာကို ယခု ရောက်မှပင် သူ မကြုံဖူးဘူးသည်များကို ကြုံရသည်။ မခေါင်ညွှယ်နှင့် လဖိုင်လတို့က တိုက်တွန်းသည်လည်းမရှိ၊ မဂမ်နှင့် ဘောင်ယိန်းတို့က ဖွတ်ခေါ်သည်လည်း ဖြစ်၍ အပျိုငယ်တို့ စုဝေးရာဖြစ်သော အင်လာဒပ်များသို့ သူ ရောက်ရသည်။ ထိုအခါ သူထင်ရှားသည်။ သူက ကချင်ပလွေကိုကောင်းစွာ မှုတ်တတ်သည်။ သူ၏ ပလွေသံသည် ခခုရောက်ကို လွှမ်းသွားသည်။

ယင်းမျှမက၊ အသုဘအခမ်းအနားတစ်ခုနှင့်လည်း သူ ကြုံကြိုက်ရသည်။ အသုဘ မောင်းသံကို သူ ကြားရသည်။ သေနတ်ပစ်ဖောက်သံများကို သူ ကြားရသည်။ ထို့နောက် အသုဘအခမ်းအနားတွင် အစမှ အဆုံးတိုင်ထိ သူ ပါဝင်နေတော့သည်။

ကွယ်လွန်သူမှာ တစ်ရွာလုံးက လေးစားကြည်ညိုသူ ဖြစ်သည်။ ဤအဘိုးအကြောင်းကို မခေါင်ညွှယ် တဖွဖွပြော၍ ကြိုးကြာရွာကတည်းက သူ ကြားဖူးခဲ့သည်။ မမြင်မတွေ့ဖူးဘူးဘဲနှင့် လေးစားကြည်ညိုခဲ့သည်။ ဤအဘိုးကြီးသည် မဂမ်တို့အဖေနှင့် လဖိုင်လတို့ဆရာ ဖြစ်သည်။ တစ်နည်းဆိုရလျှင် ပဒေသရာဇ်ဆန့်ကျင်ရေးသမားများ၏ ဦးစီးခေါင်းဆောင်ကြီး တစ်ဦး ဖြစ်သည်။

သို့ဖြင့် ဤအဘိုးကြီး၏ ဈာပနသည် ရွာ၏ဈာပနပင် ဖြစ်တော့သည်။ အနီးအဝေးတောင်များမှလည်း လာကြသည်။ သူတို့လူစုကိုလည်း အသုဘအခမ်းအနားပြီးမှပင် ခမ္ဘတီးလုံသို့ ခရီးဆက်ကြရန် အားလုံးက ဝိုင်းဝန်းပြောဆိုကြသည်။

ဈာပနအခမ်းအနားကို ကြီးကျယ်သိုက်မြိုက်စွာ ပြုရန် စီစဉ်ကြသော်လည်း ချိန်ညောင်းရက်ရှည်စွာ ပြုရန်ကား မရည်ရွယ်ကြချေ။ တောင်ယာလုပ်ငန်းများစရန် အချိန်နီးနေပြီ ဖြစ်သောကြောင့်ပင်တည်း။

ဈာပနသဘင် စည်ပင်ရန်အတွက် ရပ်ရွာမှ ဝိုင်းဝန်းကူညီကြသည်။ မခေါင်ညွှယ် ကျွဲတစ်ကောင်၊ နွားတစ်ကောင် ကူညီသည်။ သူနှင့် မဂမ် ဆွဲပို့သည်။

ထို့နောက် သူနှင့် မဂမ်သည် ကရွှယ်ခေါ် ဝါးခက်ရုံဆောက်ရာတွင် ပါဝင်ကူညီရသည်။ ထိုဝါးခက်ရုံကို ဝိုင်းပတ်၍ ကရာတွင်လည်း ပါခဲ့သည်။ သေဆုံးပြီး လေးရက်မြောက်နေ့တွင် အသုဘချသည်။ ထိုညမှ စ၍ သူတို့ ဂဗုံဒွန် ကကြရပြန်သည်။

အစောပိုင်းတွင် သူ မကချင်။ မကတတ်။ သို့သော် အတင်းအကျပ်ပြုကြသောအခါ ပါရသည်။ သည်တော့လည်း သူ့အလျောက် ဖြစ်သွားသည်။ သူ့အရှိန်နှင့် သူ တက်ကြွလာသည်။ ဤနည်းဖြင့် သူသည် နစ်ညမျှ ကခဲ့ပြီး ဖြစ်သည်။

ယနေ့ညတွင်မူ သူသည် ညဦးပိုင်းကလည်း အားသွန်၍ ကခဲ့သည်။ အကြား၊ အသိအမြင်၊ အတွေ့တို့ကြောင့် သူ့ရင် တဒုန်းဒုန်း ခုန်ခဲ့ရသည်။ သူ့ကိုယ်အနှံ့တွင် သွေးများ တဖျင်းဖျင်း ပြည့်လျှံလာသည်။ ရုတ်တရက် မမနန်းရင်ကို သူ အမှတ်ရသည်။ သို့ဖြင့် ကပွဲမှ သူထွက်ခဲ့သည်။ ဝေးမိဝေးရာ ဝေးခဲ့သည်။ လွင့်မိလွင့်ရာ လွင့်ခဲ့သည်။

ဤစဉ်တွင် ကချင်အမျိုးသမီးကလေး တစ်ဦး အမှတ်မထင် ရောက်ရှိလာပြီး သူ့ကို ဖွတ်ခေါ်ပြန်သည်။ နောက်ဆုံးတွင် သူ လိုက်ပါရသည်။ ကပွဲခေါင်းဆောင်ကိုကြည့်၊ ညာနစ်လမ်းတက်၊ ဘယ်အတွင်းဆုတ်၊ ခါးကို နွဲ့ကာယမ်း၊ သံစဉ်သုံးမျိုးမောင်းသံမြည်။ ရှေ့နစ်လမ်းတက်၊ လက်နစ်ဖက်ကို ငြိမ့်ငြိမ့်လွှဲ။

MMCYBERMEDIA
COMMUNITY FOR ALL

ဟော... သူ့ကိုကြည့်၍ သူပြုံးပြီ။ သူ့မျက်လုံးများ မှိုင်းမှိုင်းရီရီ။

သူတို့နှစ်ယောက် မောချ၍ ဝိုင်းမှ ပြေးထွက်သည်။ ခေါင်ရည်ကျည်တောက်ကို အရအမိဦးသည်။ အလုအယက် သောက်သည်။ တသိမ့်သိမ့်လှုပ်၊ တသောသောရယ်၍။

ထိုစဉ်တွင် သူတို့အနီးတွင် လူနှစ်ဦး ရောက်လာသည်။ မဂမ်နှင့် ဘောင်ယိန်းတို့ ဖြစ်ကြောင်း ချက်ချင်း သူသိသည်။ ယင်း သိသည်နှင့် တစ်ပြိုင်နက် အမျိုးသမီး၏အနီးမှ သူ ခွာလိုက်သည်။

ဤအမျိုးသမီးသည် မဂမ်၏အမျိုးသမီး ဖြစ်သည်။ မဂမ်နှင့် အတူ သူမတို့အိမ်သို့ လိုက်ပါရင်း သိကျွမ်းရခြင်း ဖြစ်သည်။ သူမ၏အထက်တွင် အစ်မတစ်ယောက်၊ အောက်တွင် ညီမတစ်ယောက်ရှိသည်။ အခြားသော အဖေတူ အမေကွဲ ရွယ်တူများလည်း ရှိသည်။ သို့သော် သူမက အချောအလှဆုံး ဖြစ်သည်။ နှစ်သက်ဖွယ်အကောင်းဆုံး ဖြစ်သည်။ အမှန်တော့ ဤတစ်ရွာ ဤတစ်နယ်လုံးမှာပင် တနိုင်လုသည် ချစ်ခင်နှစ်သက်ဖွယ်ရာ အကောင်းဆုံး ဖြစ်တန်သည်။

ယင်းကြောင့်လည်း မဂမ်က စွဲလမ်းခြင်း ဖြစ်သည်။ အမျိုးသမီးကလည်း အတုံ့အတင်ပြုသည်။ ညဦးပိုင်းကပင် သူတို့နှစ်ဦး ကယုကယင် ရှိနေသည်ကို သူ တွေ့မြင်လိုက်သေးသည်။ သူတို့နှစ်ယောက် အတူပျောက်သွားသည်။ နောက်မှ ဘယ်လိုက ဘယ်လို သူ့ထံသို့ တနိုင်လု ရောက်လာရသည် မသိ။ မဂမ် ဘယ်တွင် ကြွင်းကျန်ရစ်သည် မသိ။ ဘောင်ယိန်း ဘယ်ကို သဝေထိုးသည် မသိ။

ယခုမှ သူတို့နှစ်ဦး အတူ ရောက်လာသည်။ သူက မဂမ်ကို မလုံမလဲ ကြည့်သည်။ မဂမ်၏ မျက်နှာသည် အနည်းငယ် တည်နေသည်မှအပ မည်သို့မျှ ထူးခြားခြင်း မရှိ။ သူက ဘာမှ မပြောသေးဘဲ တနိုင်လုထံမှ ခေါင်ရည်ကျည်တောက်ကို ယူ၍ သောက်သည်။ အမျိုးသမီးက မခို့တရို့ပြုံးနေသည်။ ဘောင်ယိန်းက သူရောက်ကတည်းကပင် တနိုင်လုကို စူးစိုက်၍ကြည့်နေသည်။ သူ့ကိုပင် မြင်ဟန် မရှိ။

"နင်တို့နှစ်ယောက်ကို ငါကြည့်နေတာ မတွေ့ဘူး။ အခုနက အဂျီဝါနဲ့ စကားပြောနေတယ်ဆို။ အဂျီဝါကိုလည်း မတွေ့ဘူး"

သူက အစ်ကိုကြီးတစ်ယောက်၏ဟန်ဖြင့် တည်တည်မှန်မှန်ပြောသည်။ သို့သော် သူ့အသံသည် မသိမသာ တုန်နေသည်။ သူ၏ စကားလုံးများက အနည်းငယ် ရောထွေးနေသည်။ ပြောရင်း တံထွေးနင်လာဟန် ဖြစ်သည်။

"ဟိုမှာ အဂျီဝါ"

အမျိုးသမီးက လက်ညှိုးထိုးပြသည် သူတို့ ကြည့်သည့်မှောင်စွန်းတစ်ခုတွင် လဖိုင်လနှင့် မခေါင်ညွယ်။ မဂမ် ချက်ချင်း မျက်လုံးပြန်ရုတ်သည်။

သူတို့ကို မြင်သော် လူကြီးနှစ်ယောက် လာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ပြန်ခဲ့ကြပြီလား အေး။ သူတို့ ပြောတာ ဟုတ်သလား"

လဖိုင်လက မဂမ်နှင့် ဘောင်ယိန်းကို တစ်လှည့်စီ ကြည့်ပြီး မေးသည်။ မဂမ်က ခေါင်းခါသည်။ ဘောင်ယိန်းက ဖြေသည်။

"မဟုတ်ပါဘူး"
"ဘာလဲ အေး"

မခေါင်ညွယ်က လဖိုင်လကို မကြည့်ဘဲ မေးသည်။

"တလုံဘက်မှာ ကုလားဖြူတပ်တွေ ရောက်နေတယ်လို့ အင်ဂေါ့လမိုင်က ပြောတယ်"
"မရှော့ဝေးက အင်ဂေါ့လမိုင်လား"

မခေါင်ညွယ်က ထပ်မေးသည်။

"အေး"
"သူက တလုံက ပြန်လာတာလား။ သူကိုယ်တိုင် မြင်ခဲ့တာလား"
"သူ့အကြောင်း နင်လည်း အသိသားပဲ အေး။ သူက ဘာမှ သေသေချာချာ ပြောတတ်တာ မဟုတ်ဘူး။ သူကိုယ်တိုင် သိတာလည်း မဟုတ်ဘူး။ သူ့ကို သူ့ဘကြီးက ပြောတာတဲ့"
"သူ့ဘကြီးက ဒီကို ပါမလာဘူးလား အေး"
"မပါဘူး။ မပါလို့ သူတို့နှစ်ယောက်ကို စောစောက မရှော့ဝေးကို ငါလွှတ်လိုက်တာ"

မရှော့ဝေးမှာ သူတို့ သည်ကို လာစဉ်က ဖြတ်ခဲ့သော ရွာတစ်ရွာ ဖြစ်သည်။ ခရီး အတန်လှမ်းသည်။ သူ့စိတ်တွင် သူတို့နှစ်ယောက် ပျောက်နေသည်မှာ ခဏမျှသာဟု အောက်မေ့သည်။ ယခုတော့ မရှော့ဝေးကို သွားခဲ့၊ ပြန်ခဲ့ကြချေပြီ။ သည်အတိုင်းဆိုလျှင် ကပွဲနှင့် ခေါင်ရည်တွင် သူ အတော်ယစ်မူးခဲ့၍ ဖြစ်မည်။

"နင်တို့ သွားတာ မြန်သားပဲ အေး"

တနိုင်လုက ဆိုသည်။

"ငါတို့ကတော့ အကြာကြီးပဲ"

မဂမ် တုံ့ပြန်သည်။ တနိုင်လု ခေါင်းငုံ့သွားသည်။ သူလည်း မျက်နှာအထားရခက်သည်။ သူ့ကို တလွဲထင်ချေပြီလား။ မနက်ဖြန်ပင် ခရီးဆက်ကြရန် ဘကြီးမုံးကို ပြောမည်ဟု သူပိုင်းဖြတ်သည်။

"နင်တို့ အင်ဂေါ့လမိုင်ရဲ့ ဘကြီးကို တွေ့သလား"

MMCYBERMEDIA
COMMUNITY FOR ALL

လဖိုင်လ မေးသည်။ ဤအကြိမ်တွင်မူ မဂမ် ဖြေသည်။ သူက စဉ်းစားရင်း ပြောရင်း သဘောမျိုးဖြင့် ခပ်လေးလေးပြောသည်။

"တွေ့တယ်အေး။ သူလည်း ဘာမှ မသိပါဘူး။ သူ့ကို ဝေါရီက လူတစ်ယောက်က ပြောတာ"

"နင်တို့ ဝေါရီကို မသွားဘူးလား"

"ဝေါရီက လူလည်း မရှော့ဝေးမှာ ရှိနေတယ်။ သူကလည်း အင်ဂေါ်လမိုင်တို့နဲ့ အတူတူပါပဲ။ သူ ဘာမှ သိတာ မဟုတ်ဘူး။ သူတို့ရွာက လူတစ်ယောက် တလုံက ပြန်လာတယ်တဲ့။ အဲဒီ လူကိုလည်း သူကိုယ်တိုင်တွေ့တာ မဟုတ်ဘူး။ သူ့မိန်းမက တခြားလူတစ်ယောက်ဆီက တစ်ဆင့်ကြားတာ အေး"

"အင်ဂေါ်လမိုင် လုပ်လိုက်ရင် ဒီလိုချည်းပဲ အေး။ လဗျဂမ်ကလည်း အခုထိ ပြန်မလာသေးဘူး အေး။ သူလာရင်လည်း ငါတို့ သိရမှာ"

လဖိုင်လ မြည်တွန် ညည်းတွားသည်။

"မဟုတ်ရင်လည်း ပြီးရောပေါ့ အေး။ နင်တို့ မကကြတော့ဘူးလား"

မခေါင်ညွှယ်က လဖိုင်လကို ပြောရာမှ လူငယ်များဘက် လှည့်မေးသည်။ လူရွယ် သုံးဦးက တနိုင်လုကို ပြိုင်တူကြည့်သည်။

မဂမ်နှင့် တနိုင်လု ပွဲခင်းသို့ သွားသည်။ နောက်မှ လဖိုင်လနှင့် မခေါင်ညွှယ် လိုက်ပါသည်။ ထိုအခါ သူနှင့် ဘောင်ယိန်း တစ်ယောက်ကို တစ်ယောက် စိုက်ငေးသည်။

## အခန်း -၇၉-

နောင်ယောနှင့် စာလျှင် ခရေရောက်သည် ပူနွေးသည်ဟု ဆိုရမည်။ ရာသီဥတုလည်း ကောင်းမွန်ကြည်လင်သည်။ နင်းကျခြင်း ရှိသော်လည်း ပိန်းပိန်းပိတ် မဟုတ်။ အုံ့ဆိုင်းဆိုင်းသာ။

သည်ည လရှိသည်။ တောတောင်များကို မှုန်ရေးရေးမြင်ရသည်။ အထင်အလင်းကြီး မဟုတ်သော်လည်း အခန့်အမှန်းပြုနိုင်သည်။ အလေ့အကျင့်ရှိသော သူ့မျက်စိ ကောင်းစွာ ဖောက်ထွင်းသည်။

သူက ဒေသမကျွမ်းသော်လည်း အမှန်းအဆနှင့် လျှောက်နေသည်။ သည်အရပ်သို့ သူရောက်ခဲ့သည်မှာ ဆယ်ရက်ကျော်ပြီ ဖြစ်သော်လည်း သည်ဘက်ပိုင်းသို့ သူတစ်ခါမျှ မရောက်စဖူး။

သည်ရက်များအတွင်း သူ ရွာတွင်သာ အနေများသည်။ ခရောက်ခ အနီးတွင်သာ ကျက်စားခြင်းပြုသည်။ အသုဘအတွက် ခေါင်းလုပ်ရန် တောင်တမာသား ခုတ်ကြတုန်းက ချောင်းအရှေ့ဘက်တောကိုသာ ဝင်ခဲ့ကြသည်။

ယမန်နေ့ နံနက်က ဘကြီးမုံးနှင့် မောင်မျိုးတို့ ခမ္ဘတီးလုံသို့ ခရီးဆက်ကြသောအခါ သူနှင့် မဂမ် အတော်ဝေးဝေးထိ လိုက်ပို့သည်။ သို့သော် သည်ဘက်သို့ကား မဟုတ်ချေ။ အရှေ့မြောက် ယွန်းယွန်းသို့သာ ဖြစ်သည်။

ယနေ့ညတွင်မူ သူက စွတ်စွတ်ရွတ်ရွတ် ဤဘက်သို့ ဆင်းခဲ့သည်။ ဤသည်ပင် ပထမဦး အရှေ့ဘက်သို့ ဆင်းဦးမည်ဟု သူကြံသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက် တနိုင်လု၏ မျက်နှာကို မြင်မိ၍ ဖြစ်သည်။ ဒူဝါကြီး၏ အိမ်ပေဟာင်းနားသို့ပင် ရောက်သွားသည်။ ရှေ့ကို အနည်းငယ် ဆက်လိုက်လျှင် တနိုင်လုတို့အိမ်သို့ ရောက်ဖို့ပင် ဖြစ်တော့သည်။

မည်သည့်ကြောင့်မှန်း မသိ။ သူ့စိတ် ရုတ်တရက်ပြောင်းသွားသည်။ ဒူဝါကြီး၏ အိမ်ပေဟာင်းကြီးကို မြင်မိ၍လည်း ဖြစ်နိုင်သည်။ သူ့စိတ်တွင် မကျေနပ်မှုများ ဒေါသများ အလိုလိုဖြစ်လာသည်။ ဝါဖျော့သောလကို မြင်မိ၍လည်း ဖြစ်နိုင်သည်။ ဇုန်းမြော်နန်က လကို မြတ်နိုးနှစ်သက်သည်။

ထိုအခါ သူက တနိုင်လုအိမ်သို့ မသွားတော့ဟု ဆုံးဖြတ်သည်။ တနိုင်လု နှစ်သက်ဖွယ်ကောင်းသမျှ သူက ဇုန်းမြော်နန်ကို အမှတ်ရသည်။ မဂမ်၏မျက်နှာကို မြင်ယောင်သည်။ တနိုင်လုသည် မဂမ်၏ မြတ်နိုးရာ ဖြစ်သည်။ သည်ကြားတွင် သူ မဝင်သင့်။

သည်တော့လည်း သူ့စိတ်များ နောက်ကျူရပြန်သည်။ တနိုင်လု လှသည်။ တနိုင်လုသည် တပ်မက်ဖွယ်ရာ ဖြစ်သည်။ အမျိုးသမီးသည် သူ့ကိုလည်း မဂမ်နှင့် ထပ်တူမျှ လိုလားနှစ်သက်ဟန်ပြသည်။ သို့သော် သူက မဂမ်၏ မျက်နှာကိုသာမက၊ လဖိုင်လ၏ မျက်နှာကိုလည်း ကြည့်ရသည်။ လဖိုင်လသည် သူ၏ ဖခင်ပင် ဖြစ်သည်။ လဖိုင်လကို မြင်လျှင် မခေါင်ညွယ်ကိုလည်း မြင်ရသည်။ သူတို့နှစ်ဦးကလည်း တစ်မျိုး။

သူ့အတွေးများ ပို၍ ရှုပ်ထွေးသည်။ မောင်မျိုးနှင့် ဘကြီးမုံးတို့ ဝင်လာသည်။ နယ်မြေကျူးလာသူ မျက်နှာဖြူများကို တိုက်ထုတ်ရေး၊ အခွင့်အလမ်းကောင်းများ ဟူသမျှကို စားဦးစားဖျားပြနေသော ဒူဝါတို့ကို အမြစ်ဖြုတ်ရေး။

အောက်နတ်ခမ်းကို အထက်သွားနှင့် သူတင်းတင်း ကိုက်သည်။ သူသည်ကို လိုက်လာသည်မှာ အင်လာဒပ်များတွင် ပျော်ကျူးရန် မဟုတ်။ ကပွဲများတွင် တရစ်ဝဲဝဲဖြစ်ရန် မဟုတ်။ တိုက်ရန် သေရန်သာ ဖြစ်သည်။

သို့ဖြင့် သူသည် ဒူဝါကြီး၏အိမ်အနီးသို့ ရောက်သောအခါ ဖြောင့်ဖြူးသော လမ်းအတိုင်း တောင်ဘက်သို့ ဆက်၍ မဆင်းတော့ဘဲ အနောက်ဘက်စွန် တောင်စောင်းကို ဆင်းခဲ့သည်။ အောက်ဘက်သို့ ရောက်လေ၊ ပင်စည်ပြွတ်သိပ်လေ ဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းလည်း ထူပျစ်သည်။

တစ်စစနှင့် ရွာသည် အထက်ဘက်တွင် ကျန်ရစ်သည်။ သူ့ခေါင်း ကြည်လင်လန်းဆတ်လာသည်။ ကြိမ်ဖန်များစွာပင် လမ်းကြောင်းပျောက်သည်။ ချုံနွယ်များကို ခုတ်ထွင်ရသည်။ ညဘက်တွင် သူ

MMCYBERMEDIA
COMMUNITY FOR ALL

တောလမ်းထွင်သည်။ တောကောင်များ ပစ်ခတ်ရန် ဖြစ်သည်။ ဤအကြိမ်တွင်မူ သူသည် တောလိုက်ရန် မဟုတ်။ ဒူးလေးလည်း မပါ။ သေနတ်လည်း မပါ။

ဓားတစ်လက်ဖြင့်သာ ဦးတည်ရာ မရှိ၊ ရည်ရွယ်ရာမရှိ သွားနေသည်။ သူ့အတွေးနှင့်သူ့စိတ်တို့သည် သူ့ကိုယ်တွင် ရှိလိုက်၊ သူ့ကိုယ်မှ ခွာသွားလိုက်နှင့် ဖြစ်သည်။

ဤဘက်ပိုင်းသည် ပြန့်တော ဖြစ်သည်။ ရေအိုင်ငယ်ကလေးများ ဟိုသည်အနှံ့ရှိ၍ ညဘက်တွင် တောကောင်ကျသည်ဟု သိရသည်။ လမ်းတစ်ဝက်လောက်ရောက်မှ သူ့တွင် သေနတ်ပါလာလျှင် ကောင်းစွဟု အောက်မေ့သည်။ သို့သော် ထိုအတွေးသည် ခဏမျှသာ ဖြစ်သည်။ သူ့အသိစိတ်တွင်းသို့ သူ့မိခင် ဝင်လာသည်။ သူ့မိခင်သည် မခေါင်ညွှယ်နှင့် ရွယ်တူလောက်ပင် ဖြစ်သည်။ ငယ်ကောင်းပင် ငယ်နိုင်သည်။ သို့သော် သူ့မိခင်သည် မခေါင်ညွှယ်လောက် ရွှင်ပျခြင်း မရှိတော့။ အားမာန်များလည်း လျော့နေပြီ။ အသားအရေများလည်း လျော့နေပြီ ဖြစ်သည်။ သူ့မိခင်သည် ထောင်ကျင်းတွင် မိနေသော ကျားအိုမတစ်ကောင်နှင့် တူသည်။ မခေါင်ညွှယ်က အနံ့အလျားပြည့်သော ကျားသစ်မတစ်ကောင်ပမာ ဖြစ်သည်။ သူ့မိခင်သည်လည်း ချစ်မြတ်နိုးသောယောကျာ်း မရှိသည်မှာ ကြာပြီ။ မခေါင်ညွှယ်သည်လည်း ရည်တူပြုံးရာသော ခင်ပွန်းသည် မရှိသည်မှာ ကြာချေပြီ။ သို့နှင့်တိုင် တစ်ယောက်က တောင့်တင်းလုံးကျစ်၍ တစ်ယောက်က ပျော့ပြဲရှုံ့တွန့်ခြင်း ရှိနေရသည်မှာ အဘယ်ကြောင့်နည်း။

သူ့ရှေ့တွင် ဝင်းခနဲ ရှိသည်ကို ဖြတ်ခြည်း မြင်လိုက်ရသည်။ လျှပ်လက်သည်လည်း ထင်ရသည်။ အမှန်တော့ ကျားတစ်ကောင်၏ မျက်လုံးစုံ ဖြစ်သည်။ ကျားသည် သူ့ကို အတန်ကြာ ကြည့်နေသည်။ ထို့နောက် ပျောက်သွားသည်။ ထိုနေရာတွင် လုံးဝ မှောင်သွားသည်။

သူ ပြုံးသည်။ လူက ကျားကို ကြောက်သလို ကျားကလည်း လူကို ကြောက်သည်။ ထိုမှဆက်၍ မျက်လုံးနှစ်လုံးကြားကိုမှန်းကာ လေးကြိုးကို ဖြုတ်ရလျှင် ထောင်ခနဲ ဖုံးခနဲနေမှာပဲဟု တွေးမိပြန်သည်။ သို့သော် စောစောကကဲ့သို့ပင် ကျားသည် သူ့အာရုံတွင် ကြာရှည်စွာ ခိုအောင်းနေနိုင်ခြင်း မရှိပေ။

သူ့မိခင်သည် ညှိုးလျသော အသွင်ဖြင့် သူ့အာရုံတွင်းသို့ ပြန်လည်ရောက်ရှိလာသည်။ တစ်ခုတော့ ရှိသည်။ သူက သူ့မိခင်ကို မခေါင်ညွှယ်နှင့် နှိုင်းယှဉ်၍သာ အားမရစရာ၊ မကြည်မြေ့စရာ ဖြစ်ရသည်။ တခြားသော အများသော အမျိုးသမီးများနှင့် ချိန်ထိုးလျှင်မူ စိတ်ဖြေစရာ များစွာ ရှိသည်။ သူ့မိခင်၏ဘဝသည် ကချင်အမျိုးသမီးများ၏ ဘဝပင် ဖြစ်သည်။

သူ့ မိခင်ကြုံတွေ့ရသော အဖြစ်မျိုးကို အားလုံးလောက်သော ကချင်အမျိုးသမီးများ ကြုံတွေ့ရသည်ချည်း ဖြစ်သည်။ ကချင်အမျိုးသမီးများ ဘဝတွင် အိမ်ထောင်မကျမီ အင်လာဒပ်ကာလများတွင်သာ ကြည်နူးရွှင်ပြုံးဖွယ်ရာ ရှိသည်။ ညအခါ မီးဖိုဘေးတွင် ဝိုင်းဖွဲ့၍ ခနီးခနဲ့ အညှို့အညု ပြုကြရသည်။ မေတ္တာတေးများ အပြန်အလှန် ဖွဲ့ရသည်။ စိတ်ရည်တူသော လူရွယ်တို့နှင့် နှစ်ခြိုက်ကြည်ဖြူရသည်။ ထိုအခါ ပင်ပန်းဆင်းရဲမှုများ အားလုံးကို မေ့ရသည်။ သည်တစ်ညပြီး နောက်တစ်ည။ နောက်တစ်ညပြီး နောက်တစ်ည။

သည်ညများကို ရတနာညများဟု ဆိုနိုင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ရတနာညများသည် ကာလရှည်ကြာလှသည်တော့ မဟုတ်။ တောင်ယာ သက်တမ်း တစ်နှစ် နှစ်နှစ်မျှသာ ဖြစ်သည်။ တစ်ညပြီးတစ်ည ကြည်နူးနှစ်သိမ့်ရင်းနှင့်ပင် မိခင်လောင်းတစ်ဦး ဖြစ်လာရသည်။ ထိုအခါ အင်လာဒပ်ကို စွန့်ခွာရတော့သည်။ ကိုင်းပင်ကို ဖြတ်၍ ခင်ပွန်းသည်၏အိမ်ကို ဝင်ရသည်။ ဦးစွာသော လုပ်ငန်းအဖြစ် ခေါင်ရည်တစ်ကျည် ဖောက်ရသည်။ သည့်နောက်တွင်ကား တစ်စစနှင့် လှပသောအိပ်မက် ပြယ်ချေပြီတည်း။

ကချင်အမျိုးသမီးတို့၏ ဘဝတွင် အင်လာဒပ် နေ့ရက်များမှ အပကား ကြည်နူးချမ်းမြေ့ရခြင်း မရှိသလောက် ဖြစ်သည်။ ကြီးထွားသော ပင်ပန်းဆင်းရဲခြင်းသာ ရှိသည်။ ကိုယ်လည်း ဆင်းရဲရသည်။ စိတ်လည်း ဆင်းရဲရသည်။ အရွယ်မတိုင်မီကတည်းကပင် တောင်ယာလုပ်ငန်းဝင်ရသည်။ အိမ်မှုလုပ်ငန်းပြုရသည်။ သစ်ခုတ်ရသည်။ မြေဖွရသည်။ ကောက်သိမ်းရသည်။ စပါးထောင်းရသည်။ ခေါင်ရည်ဖောက်ရသည်။ ရက်ကန်းခတ်ရသည်။ အရွယ်တိုင်သောအခါ၌ ယင်းအလုပ်များ အားလုံးတွင် နှံ့စပ်ကျွမ်းကျင်နေပြီ ဖြစ်သည်။ ထို့နောက်တွင်ကား အင်လာဒပ်ညများတွင် ခေတ္တမျှ အိပ်မက်ရသည်။

ယင်းအိပ်မက် နိုးပြယ်သည်နှင့် တစ်ပြိုင်နက် မိဘအိမ်တွင် လုပ်ဆောင်ခဲ့ရသော အလုပ်များကို ယောက္ခမအိမ်တွင် ဆက်လက်လုပ်ဆောင်ရသည်။ ထိုတွင် ကလေးမွေးရခြင်းအလုပ် ဆင့်ပိုလာသည်။ ကိုယ်ဝန်အရင့်အမာနှင့်လည်း တောင်ယာဝင်ရသည်။ ကလေးကို ပိုးလွယ်၍လည်း တောင်ယာ ဝင်ရသည်။ သည်မျှဆိုလျှင် ထားဦးတော့။ ပင်ပင်ပန်းပန်းလုပ်မှ ဝလင်လင် စားရချေမည်မို့ ဖြေသာသည်။ ထို့အပြင် သူတို့က ပင်ပင်ပန်းပန်း လုပ်ဆောင်နေရသည့် အချိန်တွင် ယောကျ်ားများက ဘိန်းခိုး ဘိန်းငွေ့များနှင့် ကြည်မွေ့နေသည်ကိုလည်း ချစ်ခြင်းမေတ္တာနှင့် ဖြေသိမ့်နိုင်ကြသည်။ သူတို့ကိုယ်တိုင်လည်း ဘိန်းခိုးဘိန်းငွေ့များ အကြားတွင် ယစ်မူးနိုင်သည်။ တဒင်္ဂမျှသော သာယာမှုကို ရနိုင်သည်။ နှစ်ဦးရည်တူ ကြည်ဖြူခြင်းလည်း အခိုက်အတန့်မျှ ပြုနိုင်သည်။

သို့သော် ယောကျ်ားလုပ်သူမှာ မကောင်းဆိုးရွားဖြစ်ဘိမူ ထိုမိန်းမအဖို့ သေလွန်သည်ကမှ ကောင်းဦးမည်။ ယောကျ်ားကို မပေါင်းလိုတော့ဟုလည်း မဆိုနိုင်ချေ။ မိဘအိမ်သို့ ပြန်ရန်လည်း မင်္ဂလာဆောင်စဉ်က ရယူထားသော လက်ထပ်ကြေးများကို ပြန်လည်လျော်စွမ်းနိုင်ခြင်း မရှိချေ။ ကျိတ်မှိတ်၍သာ တပိန်ပိန် တလိန်လိန် ရှိရတော့သည်။

ထိုခင်ပွန်းသည် ကွယ်လွန်ပြန်တော့ကော ကျွတ်ကရောလား။ မဟုတ်ချေ။ ပို၍ပင် ပင်ပန်းဆင်းရဲခြင်း ရှိရသည်။ လက်ထပ်ကြေး၏ လောင်းရိပ်မှာပင် နစ်မွန်းရပြန်သည်။ သူမ၏ ကိုယ်ကို သူမကိုယ်တိုင်လည်း မပိုင်တော့။ သူမ၏ မိဘများကလည်း မပိုင်တော့။ လက်ထပ်ကြေး ပေးထားသူတို့ကသာ ပိုင်ဆိုင်ခြင်း ရှိလေသည်။ လက်ထပ်ကြေးကြီးလေ အနှောင်အဖွဲ့တင်းလေ ဖြစ်သည်။ သူမ၏ဝမ်းတွင် တနင့်တပိုးလွယ်၍ အနာတကျင် မွေးခဲ့ရသော ရင်သွေးများကိုလည်း သူမ မပိုင်ချေ။ ခေါ်ဆောင်သွားခြင်း မရှိပေ။

နောက်ဆုံးတွင် သူမသည် ဓလေ့ထုံးတမ်းအရ ကွယ်လွန်သူယောကျ်ား၏ အစ်ကိုနှင့်သော် လည်းကောင်း၊ ညီနှင့်သော် လည်းကောင်း၊ သို့မဟုတ် ယောက္ခမနှင့်သော် လည်းကောင်း

MMCYBERMEDIA
COMMUNITY FOR ALL

အိမ်ထောင်ဖက်ရပြန်တော့သည်။ ကြီးလေးသော အိမ်ထောင်တာဝန်များကို ဆက်လက်ထမ်းဆောင်ရပြန်တော့သည်။ အသစ်သော ရင်သွေးငယ်များကို မွေးဖွားရပြန်တော့သည်။

သူ့မိခင်၏ ဘဝသည် ဤအတိုင်းပင် ဖြစ်သည်။ အခြားသော ကချင်အမျိုးသမီးတို့၏ ဘဝသည်လည်း ဤနည်းနှင်နှင်ပင် ဖြစ်သည်။

သို့သော် မခေါင်ညွယ်၏ ဘဝသည်ကား ထိုသို့ မဟုတ်ချေ။ မတူ ခြားနားခြင်း ရှိသည်။ အံ့သြချီးမွမ်းဖွယ်ရာ ဖြစ်သည်။

မိခင်အတွက် အားလျော့ရသော်လည်း မခေါင်ညွယ်အတွက်မူ အားတက်ရသည်။ မခေါင်ညွယ်ကို သူလေးစားသည်။ မခေါင်ညွယ်သည် ကချင်အမျိုးသမီးများ အတုယူဖွယ်ရာဖြစ်သည်ဟု သူ အောက်မေ့သည်။

သူ့အတွေးမှ မခေါင်ညွယ် ရုတ်တရက် ပျောက်သွားသည်။ သူ့ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ သူ့ရှေ့တွင် လျှပ်ပြက်သည်သို့ ဝင်းခနဲ လင်းလက်လာပြန်၍ ဖြစ်သည်။

စောစောက ကျားပင် ဖြစ်သည်။

သို့သော် သည်တစ်ကြိမ်တွင်မူ ရင်ဆိုင်တိုးမိကြခြင်း ဖြစ်သည်။ အကွေ့တစ်ခုတွင် ဘွားခနဲ တွေ့ကြသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး နီးကပ်လှသည်။ နောက်တစ်လှမ်းဆိုလျှင် တိုက်မိဖို့ပဲ ဖြစ်သည်။ သူက မည်သို့မျှ မလှုပ်သာ မလှည့်သာ၍ သည်အတိုင်းပင် ရပ်နေရသည်။ လက်မှဓားကို ကျစ်ကျစ်ဆုပ်ထားသည်။ တင်းကျစ်လွန်းသဖြင့် လက်ထဲတွင် ဓားမရှိတော့ဟု ထင်ရသည်။ သို့သော် သူက သည်အတိုင်းပင် နေရသည်။ ဓားကို အနည်းငယ် မြှောက်လိုက်လျှင်သော် လည်းကောင်း၊ ခြေလက်အနည်းငယ် လွန့်လူးလိုက်လျှင် လည်းကောင်း ကျားသည် လန့်ဖျပ်ကာ သူ့ကို အတင်းဝင်၍ လုံးသတ်ပေလိမ့်မည်။ ထို့ကြောင့် သူက လွန့်လူးခြင်း မပြုရဲ။ လက်မှဓားကိုလည်း ခေါင်းငုံ့၍ မကြည့်ရဲ။ အခြားသို့လည်း မျက်လုံးမလွှဲရဲ။ ကျား၏ မျက်လုံးစုံကို ပြန်လှန် စူးစိုက်နေရသည်။

ကျားကပင် အရပ်အမောင်း မြင့်လွန်း၍လား။ ကျားရပ်နေသည့် မြေကပင် အနည်းငယ်မြင့်၍လား မပြောတတ်။ ကျား၏ မျက်လုံးအစုံသည် သူ၏ ရင်ညွှန့်နှင့် ညီနေသည်။ မျက်လုံးကြီးတစ်လုံးတစ်လုံးမှာလည်း လက်သီးဆုပ်လောက် ရှိလိမ့်မည်ဟု သူထင်သည်။ သူ့မျက်လုံးများကျိန်းစပ်လာသည်။ မျက်လုံးအိမ်မှ မျက်ရည်ပူများ ကျချေတော့မည်ဟု သူထင်သည်။ သို့သော် မျက်လုံးချင်း မလွှဲရဲ။ မျက်တောင်မခတ် ပြန်ကြည့်သည်။ သူ့မျက်ခုံးများကို တွန့်မှောင်ထားသည်။ သူ့မျက်လုံးမှလည်း ပူလောင်သော အခိုးအလျှံများ ထွက်နေသည်ဟု သူထင်သည်။ ရံခါတွင် ကျားမျက်လုံးများသည် ပျောက်ကွယ်လုမတတ် သေးငယ်သွားသည်ဟု သူထင်သည်။

ကျားကလည်း အတော်ကြာအောင် သူ့ကို မလှုပ်မယှက် ကြည့်နေသည်။ အနက်စင်းများသည် နင်းအဖြူတွင် မြွေဆိုးများသဖွယ် ရှိနေသည်။ သူ့အမြီးသည် မြေတွင် မထိတထိလေတွင် မလွင့်တလွင့် ရှိနေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အတန်ကြာသော် ကျားသည် ညောင်းညာသည့်အလား ဆောင့်ကြောင့်ထိုင်လိုက်သည်။ သို့သော် သူကမူ မလှုပ်ရဲ။ မှက်ခြင်များ ကိုက်လာသည်ကိုပင် မပုတ်မဖယ်ဘဲ အောင့်အည်းထားသည်။ အခါတိုင်းဆိုလျှင် မှက်ဒဏ် ခြင်ဒဏ်ကို ခံချင်မှ ခံနိုင်မည်ဖြစ်သော်လည်း ယခုမူ သူ၏အသားများသည် ကျွဲရေကဲ့သို့ ထူနေသည်။ မီးဖိုကဲ့သို့ ပူနေသည်။

သူက မည်သို့မျှ မလှုပ်မရှား ရှိသောအခါ ကျားသည် နောက်သို့ နောက်ပြန် နစ်လှမ်းဆုတ်၍ ထိုင်သည်။ ထိုအခါမှ သူကလည်း ရှေ့သို့ နစ်လှမ်းတိုးသည်။ သူတို့နှစ်ဦး၏ အကွာအဝေးကို စောစောက အတိုင်းပင် ရှိစေသည်။

ကျား၏သဘောကို သူ သိသည်။ ကျားနှင့်လူ ရင်ဆိုင်တိုးရာတွင် ကျားက လန့်ပြေးလျှင် အရေးမကြီး။ လူက လန့်ပြေးလျှင်မူ ကျားက လိုက်လံခုန်အုပ်လိမ့်မည်။ လူက မတုန်မလှုပ်ရှိသောအခါ ကျားမှာ အကြံရ ခက်နေတတ်သည်။ လူကို မည်သို့ ခုန်အုပ်တိုက်ခိုက်ရမည်နည်းဟု ချင့်တွက်ပေလိမ့်မည်။ သူတို့တွင် အတိုင်းအဆရှိသည်။ ရန်သူကို ခုန်အုပ်နိုင်သော အကွာအလှမ်း ဖြစ်သည်။ ယင်းအကွာအလှမ်းမှန်မှသာ ကျားတို့သည် တိုက်ခိုက်ခြင်း ပြုတတ်သည်။

သူတို့နှစ်ဦး၏ အကြားတွင် ရှိနေသော ယခု အကွာအလှမ်းသည် နည်းလှသည်။ ကျားတို့၏ တိုက်ခိုက်မှု သဘောသည် အားနှင့် ခုန်လိုက်ပြီး ပြန်အကျတွင် သားကောင်ပေါ်သို့ ရောက်ရမည် ဖြစ်သည်။ ယခုမူ အကွာအလှမ်း နီးကပ်နေလွန်းသဖြင့် ကျားသည် မခုန်တတ်ဖြစ်နေသည်။ ခုန်လိုက်လျှင် သားကောင်ကို လွန်သွားမည်ဖြစ်ကြောင်း ၎င်းက သိပေသည်။ ခပ်ဖွဖွ ခုန်ပြန်လျှင်လည်း တိုက်အားရှိမည် မဟုတ်ကြောင်း ၎င်းက တွက်ဆမိသည်။ ထို့ကြောင့် အကွာအလှမ်းမှန်စေရန် ၎င်းက နောက်သို့ နစ်လှမ်းဆုတ်၍ ထိုင်ခြင်း ဖြစ်သည်။ ထိုအခါတွင် လူက နဂိုနေရာတွင် ကျန်နေခဲ့လျှင် ၎င်းက မြေတွင်ဝပ်၍ အားယူပြီး လွှားခနဲ ခုန်ဝင်လာမည် ဖြစ်သည်။

သို့သော် ယခုမူ သူက နဂိုအကွာအလှမ်း မပျက်စေရန် ရှေ့သို့ တိုးလိုက်သွားသဖြင့် ကျားမှာ ငြိမ်၍သာ နေရသည်။ မခုန်မအုပ်ဘဲ ရှိသည်။

သူက အဘယ်မျှပင် သတ္တိရှိစေကာမူ၊ အဘယ်မျှပင် ကျားသဘောကို နားလည်သည်ဆိုစေကာမူ တုန်လှုပ်ခြင်း ကင်းသည်တော့ မဆိုသာ။ သတိပြု လွန်လွန်း၍လား မသိ။ သူ့ကိုယ်သည် ထိုနေရာမှ လွင့်စဉ်သွားသည်ဟု ထင်ရသည်။ သူက စိတ်ကို ထိန်းရသည်။ တတ်နိုင်သမျှ ခေါင်းအေးစေရသည်။ သတိလစ်လျှင် ခံရတတ်သလို သတိလွန်လွန်းလျှင်လည်း သတိလျော့သည်နှင့် မခြားချေ။ ကျားသည် ကြောက်စရာ မဟုတ်။ ကျားသည် သူ့ကို မည်သို့မျှ မလုပ်ရဲဟု သူ့ကိုယ်သူ သတိပေးနေရသည်။ အားပေးနေရသည်။

ကျားသည် နောက်သို့ နစ်လမ်းဆုတ်ပြန်သည်။ သူက ထပ်ကြပ်မကွာ နစ်လှမ်းလိုက်တက်သည်။ ကျားသည် သုံးကြိမ်ပြည့်အောင် နောက်ဆုတ်သည်။ သူက သုံးကြိမ်ပြည့်အောင် ရှေ့တိုးသည်။

ထိုအခါ ကျားသည် သူ့ကို ကြောက်ရွံ့သွားဟန်ရှိသည်။ နောက်ကျွမ်းတစ်ပတ် ပစ်ပြီး ကမူးရှူးထိုး ထွက်ပြေးလေတော့သည်။

တစ်တောလုံး တဝုန်းဝုန်း ဆူသည်။

သည်တော့မှ တောင့်တင်းနေသော သူ၏ ကိုယ်လက်အင်္ဂါများ ပြန်လည် ပျော့ပျောင်းသွားသည်။ မြန်လိုက် နှေးလိုက် ဖြစ်နေသောသွေးတိုး နဂိုနေသို့ ပြန်ရောက်သွားသည်။ သို့သော် ဓားကို ဆုပ်ထားသော လက်ကိုမူ မနည်းဖြေရသည်။ ချွေးဖြင့် စေးကပ်နေသည်။ မြေကြီးပေါ်သို့ ဓားလွတ်ကျသည်။ ခြေထောက်များ ကျဉ်နေသည်။

သူက အညောင်းအညာဆန့်ပြီးမှ ဓားကို ပြန်ကောက်ယူရသည်။ ထို့နောက် ထိုနေရာမှ သူ လျင်မြန်စွာ ခွာသည်။ အခန့်မသင့်လျှင် ကျားသည် ပြန်လာ၍ တိုက်တတ်သည်။ သို့သော် ယင်းသို့ ဖြစ်ခဲလှသည်။ ဖြစ်လာလျှင်လည်း အရေးမကြီး။ သူက တစ်ကြိမ် အောင်ပွဲရပြီး ဖြစ်သည်။

မည်သို့ဆိုစေ လူတို့သည် မိမိ၏ အောင်မြင်မှုအတွက် အနည်းနှင့် အများတော့ နှစ်သိမ့်ကြည်နူးတတ်သည်။ ထိုနည်းအရပင် သူလည်း စိတ်ကြည်နူးပေ့ါပါးခြင်း ရှိနေသည်။ သူ့သတ္တိကို သူ သဘောကျနေသည်။ သူ့သတ္တိကို သူ ချီးကျူးနေသည်။

အရေးကြီးသည်မှာ သတ္တိပင်။ တကယ်အရေးကြုံလျှင် တကယ်သတ္တိရှိဖို့ လိုသည်။ သတ္တိကပင် အရာရာကို ဆုံးဖြတ်သည်။ ဟုတ်သည်။ မခေါင်ညွှယ်တွင်လည်း ထူးခြားသော သတ္တိရှိသည်။

သို့ဖြင့် မခေါင်ညွှယ်သည် သူ၏ စိတ်အာရုံတွင်းသို့ ပြန်လည်ရောက်ရှိလာပြန်တော့သည်။

မခေါင်ညွှယ်၏ သတ္တိသည် လူတစ်ရာ၏ သတ္တိမျိုး ဖြစ်သည်။ မခေါင်ညွှယ်၏ ဘဝ ပထမပိုင်းမှာမူ သူ၏မိခင်နှင့် ခြားနားခြင်း ရှိလှမည် မထင်။ အိမ်မှုဆောင်တာလုပ်၊ တောင်ယာလုပ်ငန်းဝင်၊ အပျိုဆောင်တွင် နှစ်သိမ့်ကြည်နူးကြ။ သည့်နောက် အိမ်ထောင်ပြု၊ ခင်ပွန်းသည်ဆုံးသောအခါတွင်မှ သူမ၏သတ္တိက တောက်ပြောင်ပေါ်လွင်လာတော့သည်။

ခင်ပွန်းသည်ဘက်မှ ယောက်ျားတစ်ဦးဦးနှင့် လက်မဆက်လိုတော့၍ မိမိ၏ရင်မှ ဖြစ်သောသားကို မိမိကသာ ထိန်းသိမ်းစောင့်ရှောက်လို၍ ကိုယ်ဝန်အရင့်အမာနှင့် ရွာမှ တိတ်တဆိတ်ထွက်သည်။ နေ့စေ့ လစေ့နှင့် ဆယ့်ငါးညခရီးကို တစ်ယောက်တည်း အပြင်းနှင်သည်။ လမ်းတွင် တွေ့သောရွာများကို ကွင်းရှောင်၍ တောနက်နက် တောင်စောက်စောက်များမှသာ သွားသည်။ တစ်နေရာတွင် လက်ခုပ်တစ်ဖောင်ခန့် အမြင့်မှ ခြေချော်ကျပြီး နေ့ဝက်မျှ သတိလစ်နေခဲ့သည်။ လမ်းတွင် ဆင်ရိုင်းတစ်အုပ်နှင့်တွေ့၍ မတ်စောက်သော တောင်စောင်းတစ်ခုကို ခက်ခက်ခဲခဲတက်၍ ပုန်းရှောင်နေခဲ့ရသည်။

နောက်ဆုံးတွင် ခမ္ဘတီး ရွာတစ်ရွာအနီး၊ ချောင်းငယ်တစ်ခု၏ ဘေးတွင် တစ်ယောက်တည်း ကလေးမျက်နှာမြင်ခဲ့သည်။ မီးဖွားမှု လွယ်ကူစေရန်အတွက် မည်သူကမျှ နတ်ပူဇော်ပသပေးခဲ့ခြင်း မရှိ။

MMCYBERMEDIA
COMMUNITY FOR ALL

သူမ၏ ကလေးကို သူမဘာသာ အမည်ပေးသည်။ အထူးအထွေတော့ မဟုတ်။

မဂမ် ပင်တည်း။

ထိုမျှသာမက ကိုယ်တိုင် အချင်းဖြတ်သည်။ ကိုယ်တိုင် အချင်းမြှုပ်သည်။ သည့်နောက်တွင်ကား သူမသည် ရှမ်းညီအစ်ကိုနှစ်ဦး၏ အကူအညီဖြင့် ရွာတစ်ရွာ အိမ်တစ်အိမ်သို့ ဆင်ဖြင့် ရောက်သွားသည်။ မခေါင်ညွှယ်အကြောင်းကို သူမကိုယ်တိုင် ပြောပြချက်များအရ လည်းကောင်း၊ အခြားသူတို့၏ ပြောပြချက်များအရ လည်းကောင်း သူ သိရသည်များမှာ အံ့ဖွယ်များ၊ မယုံဖွယ်ရာများ ဖြစ်သည်။ သူ့ မျက်လုံးများ အဝိုင်းကြီးဝိုင်းရသည်။ သူ့ပါးစပ် အပွင့်ကြီးပွင့်ရသည်။

များသောအားဖြင့် သူတို့ ကချင်အမျိုးသမီးများသည် မိန်းကလေးမွေးလျှင် သုံးရက်၊ ယောကျ်ားကလေးမွေးလျှင် လေးရက်မြောက်သောနေ့တွင်မှ မီးထွက်သည်။ ညစ်ကြေးသော အဝတ်များကို ချောင်းရေတွင် ဖွပ်လျှော်သည်။ ကလေးကို အိမ်အပြင်ထုတ်သည်။ နေကို ပြသည်။ မခေါင်ညွှယ်ကျတော့ ထိုသို့ မဟုတ်။ မျက်နှာမြင်ပြီး နောက်တစ်နေ့မှာပင် မီးထွက်သည်။ ကလေးကို နေပြသည်။ ထိုမျှမက၊ မျက်နှာမြင်သောနေ့ရာတွင် အိမ်တစ်လုံးကို ကိုယ်တိုင်စတင်ဆောက်လုပ်သည်။ နေမှုကိစ္စ ပြီးသောအခါ စားမှုအတွက် တောင်ယာလုပ်ငန်းစသည်။

မခေါင်ညွှယ်သည် ထိုအရပ်တွင် မဂမ်ကြီးပြင်းသည်အထိ ကိုယ့်အားကိုယ်ကိုး နေခဲ့သည်။ အနေအထိုင် ပိရိလိမ္မာမှုကြောင့် လူအများက သူမကို ချစ်ခင်ကြသည်။ လေးစားကြသည်။ ကူညီကြသည်။ သူမကလည်း ရွာအကျိုး၊ အများအကျိုး တတ်အားသမျှ သယ်ပိုးသည်။ နယ်ကျူးလာသော မျက်နှာဖြူများကို ခုခံတိုက်ခိုက်ကြသည့်နေရာတွင် သူမ တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီခဲ့သည်။

သူ့အနေနှင့် အံ့သြခြင်းမက အံ့သြသည်ကတော့ မခေါင်ညွှယ် နောက်ထပ် အိမ်ထောင်မပြုခြင်းပင် ဖြစ်သည်။ ခုခုရောက် တစ်ရွာလုံးကလည်း အံ့သြသည်။ သူမကို တန်းတန်းစွဲသူ တစ်ဦးအကြောင်း မောင်မျိုးက သူ့ကို ပြောပြသည်။ ထိုသူမှာ ကိုရွှေနီ။ သူမကို ဆင်ဖြင့် တင်ခေါ်ကြသူ ရှမ်းညီအစ်ကိုနှစ်ဦးအနက် အကြီးက လဖိုင်လနှင့် အထူး ခင်မင်ရင်းနှီးသူ။ မျက်နှာဖြူများကို တွန်းလှန်တိုက်ခိုက်ရာတွင် အထူးထင်ရှားသူ။ သူရဲကောင်းတို့၏ ဂုဏ်အင်္ဂါအပြည့်ဖြင့် တိုက်ပွဲတွင် ကျဆုံးသူ။ ထိုမည်သော သူသည် မခေါင်ညွှယ်ကို လေးစားကြည်ညိုခြင်းဖြင့် ချစ်ခင်သူ။ နမငယ်သို့ ပြုစုစောင့်ရှောက်ရင်း မေတ္တာသက်ဝင်သည်။ သို့သော် မခေါင်ညွှယ်က သူ၏ အဆိုပြုချက်ကို ဝမ်းနည်းစွာ ငြင်းပယ်ခဲ့သည်။ အကြောင်းပြချက်မှာ မဂမ်အတွက် သားဖြစ်သူကို လူလားမြောက်သည်ထိ အနှောင်အတဲကင်းစွာ ပြုစုစောင့်ရှောက်သွားလိုသည့်အတွက်။

ထို့ပြင် မခေါင်ညွှယ်သည် သူတို့လူမျိုး၏ အချို့သော ဓလေ့ထုံးတမ်းများကို ဖယ်ရှားဆန့်ကျင်ခဲ့သော်လည်း၊ ရှမ်းရွာတစ်ရွာအနီးတွင် နှစ်ပေါင်းများစွာ နေခဲ့သော်လည်း သူတို့လူမျိုး၏ အချို့သော ဓလေ့ထုံးတမ်းများကိုကား ခံမင်စွာ စောင့်ရှောက်ထိန်းသိမ်းခဲ့သည်။ မှန်ကန်တိကျစွာ စောင့်ရှောက်လိုက်နာခဲ့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤနေရာတွင်တော့ သူက မခေါင်ညွှယ်၏ ဆိုစကားကိုပင် ကြားယောင်သည်။

"အေး၊ ငါက ဂျိန်းဖော့တစ်ယောက်ပဲ။ ငါ့သားလည်း ဂျိန်းဖော့တစ်ယောက်ပဲ ဖြစ်ရမှာပေါ့ အေး။ ငါတို့ဟာ ဒူဝါတွေကို မကြိုက်ခဲ့သလို မကောင်းတဲ့ ဓလေ့ထုံးတမ်းတွေကိုလည်း မကြိုက်နိုင်ဘူး။ ဒါပေမဲ့ ငါတို့ဟာ ဂျိန်းဖော့တွေပဲ ဖြစ်ကြရမှာပဲ အေး။ ငါတို့ဟာ ဂျိန်းဖော့လိုပဲစား၊ ဂျိန်းဖော့လိုပဲ ဝတ်ပြီး၊ ဂျိန်းဖော့လိုပဲ နေကြရမှာပဲ အေး"

သူ ခေါင်းဆတ်ဆတ်ညိတ်သည်။ မခေါင်ညွှယ်၏ သတ္တိနှင့် မခေါင်ညွှယ်၏ အတွေးအယူတို့သည် စံပြုဖွယ်ရာ ဖြစ်သည်။ တစ်ခုတော့ ရှိသည်။ မခေါင်ညွှယ်၏ ပတ်ဝန်းကျင်သည် သူ့မိခင်၏ ပတ်ဝန်းကျင်နှင့် မတူချေ။ မခေါင်ညွှယ်တို့ ဒေသသည် ဂွမ်ဆာစနစ် သို့မဟုတ် မြေရှင်ပဒေသရာဇ်စနစ် သို့မဟုတ် ဒူဝါတို့၏ ဖိနှိပ်ချုပ်ချယ်မှုကို တော်လှန်အောင်မြင်ခဲ့သော ဂွမ်လောင်ဒေသ ဖြစ်သည်။ သူ့မိခင်၏ ဝန်းကျင်တွင်ကား ဒူဝါ၏ တန်ခိုးအာဏာသည် တောမီးကဲ့သို့ တောက်လောင် အားကောင်းနေဆဲ ဖြစ်၏။ ဒူဝါ၏တောင်ယာ၊ ဒူဝါ၏အိုးအိမ်တွင် ကျေးကျွန်သဖွယ်လုပ်ဆောင်ရခြင်း၊ စားဦးသောက်ဦးနှင့် အခြားသော အခွန်အတုပ်များ ပေးဆောင်ရခြင်း၊ ကြီးမြင့်သော လက်ထပ်ကြေးက သူတို့ကို လွှမ်းမိုးထားခြင်းတို့ဖြင့် ပြီးသော လူမှုအဖွဲ့အစည်း ဖြစ်ပေသည်။

ဤဒေသတွင်ကား မည်သူ၏ တောင်ယာကိုမျှ အခမဲ့ လုပ်ဆောင်မပေးရတော့။ မည်သူ၏ အိုးအိမ်ကိုမျှ အခမဲ့ အကြောင်းမဲ့ ဆောက်လုပ် မပေးရတော့။ မည်သူ့ကိုမျှ စားဦးစားဖျား မပေးရတော့။ ကိုယ့်အလုပ် ကိုယ်လုပ်ကြရသည်။ လက်စားလိုက်စနစ်ဖြင့် တန်းတူဝိုင်းဝန်း လုပ်ဆောင်ကြသည်။ တစ်ဦးတွင် ရှိသည်ကို တစ်ဦးအား အပြန်အလှန် ပေးကမ်းကျွေးမွေးသည်။ ထိုမျှသာမက မြင့်မားသော လက်ထပ်ကြေးလည်း မရှိတော့။ ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များလည်း ပျောက်ကွယ်စပြုချေပြီ။

မခေါင်ညွှယ်၏ ခင်ပွန်းနှင့် မခေါင်ညွှယ်၏ မိတ်ဆွေများသည် ပြတ်သားရဲရင့်သော သူပုန်များ ဖြစ်ကြသည်။ ထိုအခါ မခေါင်ညွှယ်တွင်လည်း ပုန်ကန်ခြားနားသော အတွေးအယူများ ရှိလာတော့သည်။

သူ့မိခင်သည် မခေါင်ညွှယ်ကဲ့သို့ ဖြစ်လျှင် မည်မျှ ကောင်းချေမည်နည်း။ သို့မဟုတ် သူ့မိခင်ကို ဤအရပ် ဤဒေသသို့ အရအအပါ ခေါ်နိုင်လျှင် အဘယ်မျှ ကောင်းချေမည်နည်း။ သို့မဟုတ် သူတို့ဒေသကို ဤအရပ်ဒေသလိုပင် ဂွမ်လောင်နယ်တစ်ခုအဖြစ် တည်ထောင်ဖန်တီးနိုင်လျှင် အဘယ့်အဘယ်မျှ ကောင်းချေမည်နည်း။

ထိုအခိုက် သူ့နားတွင် တစ်စုံတစ်ရာသော အသံများ ကြားမိ၍ ခြေလှမ်းတန့်သွားသည်။ ဆူညံရှုပ်ထွေးသော အသံများ ဖြစ်သည်။ သူ နားစွင့်သည်။ လုံးထွေးသတ်ပုတ်နေသော အသံမျိုး ဖြစ်သည်။ တောသတ္တဝါချင်း သတ်ပုတ်သည်လား။ တောသတ္တဝါနှင့် လူ သတ်ပုတ်သည်လား ရုတ်တရက် မသဲကွဲ။ ကျားတစ်ကောင်၏ မာန်ဖီသံမျိုးကြားရသည်။ လူသံလိုလို၊ ဓားခုတ်သံလိုလို ထင်ရသည်။ သို့သော် အတပ် မယူပိုင်။

MMCYBERMEDIA
COMMUNITY FOR ALL

မည်သို့ဆိုစေ အခြေအနေကို သိမြင်ထားသင့်သည် ဖြစ်၍ သူပြေးသွားသည်။ အသံဖြစ်ပေါ်ရာသည် သူနှင့် အလှမ်း မကွာလှ။ လေးငါးလှမ်းမျှ ပြေးမိသည်ဆိုလျှင် အရင်းခံကို သိမြင်ရသည်။ လုံးထွေးမှုသည် သူ့အောက်ဘက် လှုံတစ်ထောက်လောက်တွင် ဖြစ်သည်။ အပင်ရိပ်ကွယ်၍ လရောင်ပြက်သည်။ ပထမဆုံး သူမြင်ရသည်မှာ မီးကျီးခဲနှင့်တူသော မျက်လုံးအစုံပင် ဖြစ်သည်။ ချက်ချင်း သူ မှတ်မိသည်။ စောစောက သူ ရင်ဆိုင်လိုက်ရသော ကျားပင်ဖြစ်သည်။ ကျားနှင့် လုံးထွေးနေသူမှာ လူ ဖြစ်သည်။

လူနှင့်ကျား တိုက်ခိုက်နေမှန်း သိသည်နှင့် တစ်ပြိုင်နက် သူက အနည်းငယ်မျှ ဖင့်နွဲ့မနေတော့ဘဲ လွှားခနဲ ခုန်ချလိုက်သည်။ သတ္တိရှိနေရုံနှင့် မပြီး၊ လျင်မြန်ဖျတ်လတ်မှု ရှိဖို့ကလည်း လိုသေးသည်။

ကျားသည် လူကို အုပ်မိုး၍ ကိုက်ခဲရန် ကြိုးစားနေသည်။ အောက်မှ လူက ဓားဖြင့် လျင်မြန်စွာ တွတ်နေသဖြင့် ကျားသည် ချက်ကောင်းကို မကိုက်မခဲနိုင်ဘဲ ရှိနေသည်။ လက်တစ်ဖက်ဖြင့် လူ၏လက်မှဓားကို ပုတ်ပစ်ရန် ကြိုးစားနေသည်။

သူတို့အနီးသို့ မတ်တတ်ရပ်ရက် သူ ကျသွားသည်။ ကျားက သူ့ကို မော့ကြည့်သည်။ ထိုစဉ်တွင် အောက်မှလူက ဓားကို အရှိန်ယူ၍ ကျား၏ နာရောင်ကြောင်းကို တအား ခုတ်လိုက်သည်။ ကျား ကျွမ်းပြန်သွားသည်။ မြေတွင် လဲနေသူ ချက်ချင်းထ၍ ကျားကို ထပ်မံတိုက်ခိုက်ရန် ပြင်သည်။ သို့သော် ကျားသည် ရန်မမူနိုင်တော့။ နာန ဟက်တက်ကွဲသွားသဖြင့် ကျွမ်းသုံးလေးပတ် ပြန်ပြီးနောက် ဗိုင်းခနဲ ကျလဲသည်။

ထိုအခါမှ သူက ကျားဖြင့် တိုက်ခိုက်သူကို ကြည့်လိုက်သည်။ မယုံအောင် အံ့ရသည်။ ယောကျ်ားကြီးတစ်ယောက် မဟုတ်။ မိန်းမငယ်ကလေးတစ်ဦးသာ ဖြစ်သည်။

"အစ်ကို လာလို့ ငါမသေတာအေး"

ကလေးမက အသက်ရှူမြန်နေသည်ကို ထိန်း၍ ပြောသည်။

"ငါ မပါပါဘူး။ နင့်ဟာနင် တစ်ယောက်တည်း ခုတ်တာပဲ အေး"

"အစ်ကိုရောက်လာလို့ ကျား သတိလစ်သွားတာ။ စောစောက သူ့ကို ခုတ်လို့ မရဘူး။ သူ့ပါးစပ်နဲ့ သူ့လက်ကို ရှောင်နေရတယ်အေး"

"နင် သိပ်မြန်တယ်။ နင်သိပ်တော်တယ်။ ငါ ရောက်လာတာကို ကျားက ငိုင်ပေမယ့် နင်က မငိုင်ဘူး။ ဖြုန်းခနဲဆိုတော့ ဘယ်လိုဖြစ်သွားမှန်း ငါမသိလိုက်ဘူး။ နင် ခုတ်လိုက်တာကို ရိပ်ခနဲပဲ မြင်ရတယ်အေး။ ဒီကောင်ကြီး ကျွမ်းပြန်သွားတာကိုပဲ မြင်လိုက်ရတယ်။ ဒီကောင်ကြီးက ကျွမ်းပစ် သိပ်ကောင်းတာအေး"

သူက ပြောရင်း ရယ်သည်။ ပြောရင်း ရယ်ရင်းနှင့် မလှုပ်မယှက်လဲနေသော ကျားကြီးဆီသို့ လျှောက်သွားသည်။ ကျား သေ၊ မသေ အသေအချာကြည့်သည်။ ခုတ်ချက် တည့်သည်။ ခုတ်ချက်

MMCYBERMEDIA
COMMUNITY FOR ALL

ပြင်းသည်။ နာရေခင်ကြောင်း ဟက်တက်ကွဲသည်။ ဓားဖြင့် ထောက်တိုင်းသည်။ ကျားမှာ အလယ်အလတ်စားသာ ဖြစ်သည်။ ဓားငါးပြန်ရှိသည်။

"အခုနက ဒီကောင်နဲ့ငါ နှစ်ခါ တွေ့တယ်အေး"

သူ့အနီးသို့ ရောက်လာသော အမျိုးသမီးငယ်ကို သူက ပြောလိုက်သည်။ အမျိုးသမီးသည် ပလိုင်းကို နဖူးတွင် သိုင်းလွယ်လျက် ဓားကို လက်တစ်ဖက်မှ ကိုင်ထားသည်။ ကျားနှင့် သတ်ပုတ်စဉ်က ပလိုင်းသည် လွင့်စဉ်သွားဟန်ရှိသည်။ ပလိုင်းထဲမှ ပစ္စည်းများ ဖရိုဖရဲဖြစ်နေသည်။ ကျားသေပြီမှန်း သေချာသောအခါ အမျိုးသမီးငယ်သည် ဓားကို ပလိုင်းထဲ ထည့်လိုက်သည်။

"အခုနက ဒီကောင်နဲ့ငါ နှစ်ခါတွေ့တယ် အေး"

သူ့စကားကို တစ်ဖက်လူ မကြားဟုထင်၍ သူ ထပ်ပြောသည်။ သူ့အထင် ဟုတ်ရာသည်။ အမျိုးသမီးငယ်က ခုမှ သူ့ကို ကမန်းကတန်းကြည့်ပြီး...

"အစ်ကို့ကို သူ ကိုက်ဖူးလားအေး"

"ငါ့ကို သူ မကိုက်ရဲအေး"

သူက ရယ်ပြောသည်။ မိန်းကလေးက သူ့ကို ကြောင်ငေးသည် ထိုအခါ သူက သူနှင့် ကျားတွေ့ပုံများကို အတိုအတောင်း ပြန်ပြောသည်။

"အေး၊ ငါ့ကိုတော့ သူတွေ့တာနဲ့ အတင်းကိုက်တာပဲ"

"ငါ့ကို လန့်သွားလို့ နင့်ကို မဲတာ ဖြစ်မှာပေါ့အေး"

"အေး၊ ငါလည်း သူခုန်တာကို မမိအောင် ရှောင်တာပဲအေး။ ဒီနားမှာတော့ ချော်လဲပြီး ငါ့အပေါ် သူရောက်လာတယ်။ ငါကလည်း ခုတ်တာပဲ သူလည်း ကိုက်တာပဲ။ မရဘူးအေး။ အစ်ကို လာမှပဲ သူ့ကို ငါခုတ်ရတယ်"

သည်တစ်ကြိမ်တွင်မူ သူမ၏မျက်လုံးတွင် ကျေးဇူးတင်သည့် အငွေ့အသက်များ ရှိသည်။ ထိုအခါ သူကလည်း အမျိုးသမီးကို အစေ့အစပ်ကြည့်သည်။ သူမ၏ မျက်နှာသည် ဖုန်းမြော်နန်ကဲ့သို့ လည်းကောင်း၊ တနိုင်လုကဲ့သို့ လည်းကောင်း နှစ်သက်ဖွယ်ရာရှိသည်။ သူမ၏ အရပ်အမောင်းနှင့် အလုံးအထည်မှာလည်း ထိုအမျိုးသမီး နှစ်ယောက်လောက်ပင် ဖြစ်သည်။ သို့သော် သေသေချာချာကြည့်သောအခါ သူမသည် ထိုအမျိုးသမီး နှစ်ယောက်ကဲ့သို့ အရွယ်ပြည့်ခြင်း မရှိသေးပေ။ ကျား၏ ကုတ်ဖွဲ့မှုကြောင့် သူမ၏အင်္ကျီစုတ်ပြဲနေသည်။ အတွင်းမှ အသားများ ပေါ်လွင်နေသည်။ ဖုန်းမြော်နန်နှင့် တနိုင်လုတို့ကဲ့သို့ ပြည့်မို့ခြင်း မရှိလှပေ။ စို့ပြူစသာ ဖြစ်သည်။

ယင်းသို့ သူ စိန်းစိန်းကြည့်သောအခါ သူမ၏ အသားများ တဆတ်ဆတ် တုန်လာသည်။ သည်တော့ သူမျက်နှာလွှဲသည်။ သူ ပြောသည်။

"ဒီလို ညကြီးမှာ ငါ့နှမ တစ်ယောက်တည်းလား။ နင် ဘယ်ကို သွားမှာလဲအေး"

MMCYBERMEDIA
COMMUNITY FOR ALL

သူ့စကားကို ကြားရသောအခါ အမျိုးသမီးငယ်သည် အိမ်မက်မှ လန့်နိုးသူပမာ လှုပ်လှုပ်ရှားရှားရှိသွားသည်။ ချာခနဲ နောက်သို့လှည့်၍ တစ်ဟုန်ထိုးပြေးရန် ပြုသည်။ သူက အမျိုးသမီးငယ်၏လက်ကို လျင်မြန်စွာ လှမ်းဆွဲထားလိုက်သည်။

"ငါ သွားမယ်။ ငါ သွားမယ်"

အမျိုးသမီးက ရုန်းရင်းပြောသည်။ သူက တင်းကျပ်စွာ ဆုပ်ကိုင်၍...
"နင် ဘယ်သွားမှာလဲ။ ဘာကိစ္စ သွားမှာလဲ"

သူမက သူ့ကို သမင်လည်ပြန်ကြည့်ရင်း...
"ငါ သွားမယ်။ ငါ့မှာ ကိစ္စကြီးတယ်အေး"
"နင် ဘယ်သွားမှာလဲ"

သူက မလွှတ်ဘဲ ထပ်မေးသည်။ သူမက ဆောင့်ရုန်းသည်။ မလွတ်။ ထိုအခါတွင် ရုန်းရန် အားလျှော့ပြီး သူ့အနီးသို့ ပြန်တိုးလာသည်။ သူနှင့် မျက်နှာချင်းဆိုင်သည်။သူ့ကို စေ့စေ့ကြည့်သည်။

"အစ်ကို့ကို ငါ မမြင်ဖူးပါဘူး။ အစ်ကို ဘယ်သူလဲအေး"
"ငါ့ နာမည် ဘောင်ယိန်း"
"အစ်ကို လရှိ အေး"
"လာချစ်"

သူက ပြတ်ပြတ်ပြောသည်။ အမျိုးသာဟန် ဖြစ်သည်။ ရဝမ်က သူ့ကို ခန့်ဟု ခေါ်လျှင် မကြိုက်။ လီဆူးက သူ့ကို ယောယင်ဟု ခေါ်လျှင် မနှစ်သက်။ မရုက သူ့ကို လောင်ဝေါဟု ခေါ်မှ၊ အဇီးက သူ့ကို ဖိုင်ဝါးဟု ခေါ်မှ နှစ်သက်ကြသည် မဟုတ်လား။

"အေး၊ အေး၊ လာချစ်အေး"

အမျိုးသမီး၏မျက်နှာတွင် ပြုံးငွေ့သန်းသည်။ သို့သော် ခေတ္တမျှသာ ဖြစ်သည်။ သူမ မျက်နှာ ချက်ချင်း တည်သွားသည်။ အရေးကြီးသည့် အမူအရာဟန်ပန်များ ရုက်သန်းလာသည်။

"ငါ သွားမယ်အေး"
"နင် ဘယ်သွားမှာလဲ"
"ငါ ကိစ္စကြီးတယ် အေး"
"နင် ဘယ်သွားမှာလဲ"

သူက မလွှတ်ဘဲ ထပ်၍ ထပ်၍သာ မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အစ်ကို့ကို ငါ မမြင်ဖူးပါဘူး။ အစ်ကို ဘယ်ရွာကလဲအေး"

အမျိုးသမီးငယ်က သူ့ကို ပြန်မေးသည်။

"ငါ အခု ခုခုရောက်မှာ နေတယ်အေး"
"ဟုတ်လား အေး။ ငါ အခု ခုခုရောက်ကို သွားမလို့။ အစ်ကို ဘယ်အိမ်မှာနေလဲ အေး"
"အဂျီဝါ"
"အေး ဟုတ်လား အေး။ ငါ အခု အဂျီဝါဆီ သွားမလို့"
"ဘာကိစ္စလဲ အေး"

သူက မေးပြန်သည်။

"ကိစ္စကြီးတယ်အေး"

အမျိုးသမီးက ဖြေလိုဟန် မရှိ။ သို့ဖြင့် သူက…
"အေး ဒါဖြင့် သွားမယ်အေး"

သူက အမျိုးသမီးကို မတားတော့ဘဲ ရှေ့ဆောင်၍ ခေါ်သွားသည်။ သည်တော့ အမျိုးသမီးကလည်း မငြင်းဆန်ဘဲ လိုက်သည်။

"ငါတို့ အခု ရွာနဲ့ တော်တော်ဝေးလား အေး"

သူ့အမေးကြောင့် အမျိုးသမီး ရပ်သွားသည်။ သူ့ကို နားမလည်သည့်အနေ မယုံမရဲသည့် အနေမျိုးဖြင့် ကြည့်သည်။ သူက ရှင်းရသည်။

"ငါရွာကို ရောက်တာ မကြာသေးဘူး။ ငါ ဒီဘက်ကို တစ်ခါမှ မရောက်သေးဘူး။ အခုလည်း ငါလျှောက်လာတာ ဘယ်လောက်ကြာပလဲ မသိဘူး။ ဘယ်ရောက်နေမှန်းလဲ မသိဘူး"
"အစ်ကို ဘာလို့ လျှောက်တာလဲ အေး"
"ငါ စဉ်းစားတာ"

သူက ဖုန်းမြော်နန်၏ စကားအတိုင်း ပြောသည်။ အမျိုးသမီးငယ်က သူ့စကား၏ အဓိပ္ပာယ်ကို နားလည်ဟန် မတူ။ သို့သော် ထိုအကြောင်းကို မမေး။ တခြားတစ်ခုကို စူးစမ်းသည်။

"အစ်ကို ဒီရွာမှာ ဘယ်လောက်ကြာမှာလဲ အေး"
"ငါ အဂျီဝါနဲ့ နေမှာ"

အမျိုးသမီးက တစ်ခုခု ထပ်မေးမည်ရှိစဉ် သူရပ်တန့်သည်ကို တွေ့၍ မမေးတော့။ ရှေ့တွင် လမ်းကြောင်းနှစ်မြွာ ကွဲနေ၍ ဖြစ်သည်။ သူက ဘယ်လမ်းကို လိုက်ရမည် မသိ။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် ရှေ့က သွားပါအေး"

အမျိုးသမီးက သူ့ကို ပွတ်ကျော်သည်။ လက်ဝဲလမ်းကို လိုက်သည်။ သူက အတန်ကြာ ခပ်မဆိတ်လိုက်သည်။ သည်မိန်းကလေးအကြောင်းတွေးသည်။ ဤနယ်မှ အမျိုးသမီးများသည် အံ့ဩစရာတွေချည်းလား မပြောတတ်။ သည်လို ညမျိုးတွင် အဘယ်သို့သော ကိစ္စရှိ၍ တစ်ယောက်တည်း လာချေသနည်း။ သူမ၏ အရေးကိစ္စကို အဘယ်ကြောင့် မပြောလိုသနည်း။ ဤမိန်းမငယ်သည် မည်သူနည်း။ မည်သည့်ရွာကနည်း။ သူ့တွင် သိလိုစိတ်များ ဖိစီးလာသည်။ သူက မေးပြန်သည်။

"ငါ့ညီမ နာမည် ဘာလဲ အေး"
"ခရန်ကော့"
"ရွာကော အေး"
"ဂင်ရော်ဂါး"
"အေး ငါကြားတယ်။ အဂျီဝါ သွားမယ် ပြောတယ်"
"ဘယ်တော့လဲ"
"အေး ငါမသိ။ ငါ့ကို ခေါ်သွားမယ် ပြောတယ်အေး"

သူတို့ အမြင့်လမ်းတစ်ခုကို ခက်ခဲစွာ တက်ရသည်။ အပေါ်သို့ရောက်သော် ခုခုရောက်ကို မြင်ရသည်။ သူတို့ အနိမ့်လျှောအတိုင်း ပြေးဆင်းကြသည်။ ချောင်းကို ရောက်သည်။ ချောင်းကို ဖြတ်ရင်း ခရန်ကော့ မေးသည်။

"အစ်ကိုတို့ရွာက ဘယ်မှာလဲ"

သူက အရှေ့ကို လက်ညှိုးထိုးပြသည်။

"ဝေးလား အေး"

သူက ခေါင်းညိတ်သည်။ လက်ဆယ်ချောင်း ထောင်ပြသည်။

"ဆယ်ညအိပ် သွားရတယ်အေး"
"မြစ်ကြီးနားလည်း ဆယ်ညသွားရတယ် ပြောတာပဲအေး"
"နင်ရောက်ဖူးလား အေး"
"ဘယ်လဲ"
"မြစ်ကြီးနား"

အမျိုးသမီး ခေါင်းခါသည်။

"ငါ့အဖေက ငါ့ကို ခေါ်သွားမယ် ပြောတယ်အေး"

MMCYBERMEDIA
COMMUNITY FOR ALL

"ငါ့ကိုလည်း အဂျီဝါက ခေါ်သွားမယ် အေး"
"မြစ်ကြီးနားကို အဂျီဝါ မသွားနိုင်ပါဘူး"
"ဘာလို့လဲ အေး"
"ဟိုမှာ အသားဖြူတွေ ရှိတယ်"
"တိတ်တိတ်သွားမှာပေါ့ အေး"

ချောင်းကိုလွန်၍ ရွာကို ဝင်စပြုသည်။ ခရန်ကော့သည် အမြင့်ပိုင်းသို့ တက်သွားမည်ပြုသည်။ သူက ဆွဲထားသည်။

"ဘယ်ကိုလဲ အေး"
"အဂျီဝါဆီသွားမယ်အေး။ အဂျီဝါအိမ်မှာ အစ်ကိုနေတယ် ပြောပြီး အခု အဂျီဝါအိမ် ဘယ်မှာဆိုတာ မသိဘူးလား"
"အဂျီဝါအိမ်ကို ငါသိပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ အဂျီဝါ သူ့အိမ်မှာရှိမယ်လို့ နင်ပြောမလား"
"အဂျီဝါ ဘယ်မှာလဲ"

မိန်းမငယ်က မရွံ့မရဲ မေးသည်။

"အေး၊ ငါနဲ့ လိုက်ခဲ့"

သူ ရှေ့မှ လျှောက်သည်။ အမြင့်ပိုင်းကို မတက်ဘဲ တောင်ခြေကို တက်သည်။ နောက်မှ အမျိုးသမီး ရုတ်တရက် လိုက်မလား။ ဆုတ်ဆိုင်းနေသည်။ အတန်ကြာမှ ပြေးလိုက်လာသည်။

"အခု ဘယ်သွားမှာလဲ အေး"
"အေး"
"ဘယ်ကိုလဲ အေး"
"မခေါင်ညွယ်ကို နင်သိလား"

## အခန်း -၈၀-

ဘောင်ယိန်း ထင်ထားသည့်အတိုင်း လဖိုင်လကို မခေါင်ညွယ်အိမ်တွင် တွေ့ရသည်။ မဂမ်ကို မတွေ့ရ။ တနိုင်လုထံ ရောက်နေမည်မှာ သေချာသည်။ ဘောင်ယိန်း၏စိတ်တွင် နာကျင်သလို ရှိသည်။ သို့သော် ယင်း နာကျင်စိတ် ချက်ချင်း ပျောက်သည်။ ခရန်ကော့၏ ပြဿနာက ရှေ့တန်းတက်လာသောကြောင့် ဖြစ်သည်။

အချိန်မဟုတ်တွင် ကသုတ်ကရုတ်ရောက်လာသူ နှစ်ဦးကို တွေ့ရသောအခါ လဖိုင်လနှင့် မခေါင်ညွယ်တို့ မျက်ပြူးဆန်လည် ဖြစ်နေကြသည်။ ဘောင်ယိန်းနှင့် ခရန်ကော့ တွဲမိလာသည်ကိုလည်း သူတို့ နားမလည်။ ခရန်ကော့ကိုယ်တွင် ပေရေစုတ်ပြဲနေသည်များကိုလည်း သူတို့ မစဉ်းစားတတ်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် ဘယ်လို ဖြစ်လာတာလဲ ခရန်ကော့"

မခေါင်ညွှယ် မေးသည်။

"ကျုပ် ရွာက ပြေးလာတယ်"
"အေး"

လဖိုင်လနှင့် မခေါင်ညွှယ် ပြိုင်တူ အသံပြုသည်။

"ကျုပ်နဲ့ လမ်းမှာ တွေ့တယ်။ သူ ကျားနဲ့ သတ်နေတယ်အေး"

ဘောင်ယိန်း ဝင်ပြောသည်။

"နင်တို့ ဘာဖြစ်သလဲ အေး"
"မဖြစ်ဘူး အေး။ ကျားသေတယ်"
"အစ်ကို ရောက်လာတယ်"
"သူ ခုတ်တယ်။ သူ မြန်တယ်။ သူ အားကောင်းတယ်"

ဘောင်ယိန်းနှင့် ခရန်ကော့ တစ်ယောက်တစ်ခွန်း ပြောသည်။

"နင် ဘာလို့ တောထဲ ရောက်နေတာလဲ"

ဘောင်ယိန်းကို လဖိုင်လ မေးသည်။

"အေး ကျုပ်စဉ်းစားရင်း ရောက်သွားတာ"

လဖိုင်လ ခေါင်းခါသည်။

"နင် ပြေးတာကော ရွာက ဘာဖြစ်လို့လဲ"

ခရန်ကော့ကို မခေါင်ညွှယ်က မေးသည်။

"ရွာမှာ အသားဖြူတွေ ရောက်နေတယ်"

လဖိုင်လကိုကြည့်၍ ခရန်ကော့ ဖြေသည်။ ခရန်ကော့ကို ဘောင်ယိန်း ဝုန်းခနဲ ဆွဲကိုင် လှုပ်သည်။

"နင် ဘာလို့ ငါ့ကို မပြောသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

ခရန်ကော့သည် နာကျင်သည့်အနေဖြင့် မျက်နှာတွန့်ရှုံ့သွားသည်။ အသံအစ်အစ်ပြုသည်။ သူတို့နှစ်ယောက်ကို လူကြီးများက ဆွဲခွာသည်။ ဘောင်ယိန်းကို ငြိမ်ငြိမ်ထိုင်နေဖို့ မခေါင်ညွှယ်ပြောသည်။ ခရန်ကော့ကို လဖိုင်လ မေးသည်။

"အသားဖြူတွေ ဘယ်တုန်းက ရောက်တာလဲအေး"
"ညနေက အေး"
"နင်တို့ ရွာကို ရောက်တာလားအေး"
"အေး"
"သူတို့ ဘယ်မှာနေသတုန်း"
"ကျုပ်တို့အိမ်မှာ"

ဘောင်ယိန်းကို လွှတ်၍ ခရန်ကော့အနီးသို့ မခေါင်ညွှယ် ရောက်သွားသည်။

"နင့်အဖေ ပြန်မရောက်သေးဘူးလား အေး"
"အသားဖြူတွေက အဖေနဲ့ အတူလာတာ အေး"

ထိုအခါတွင် ခရန်ကော့အနီးတွင် သုံးယောက်စလုံး ဝိုင်းပြီးသား ဖြစ်သွားသည်။

"နင့်အဖေကို သူတို့ ဖမ်းလာတာလား"
"မဟုတ်ဘူးအေး။ သူတို့က အဖေ့ဧည့်သည်တွေ"

သည်တစ်ကြိမ် ခရန်ကော့၏ ပခုံးကို ကိုင်လှုပ်သူမှာ လဖိုင်လ။

"နင်ပြောတာ တကယ်လား"
"တကယ်ပါ အေး"

သို့နှင့်တိုင် လဖိုင်လနှင့် မခေါင်ညွှယ်တို့မှာ မယုံနိုင်ကြသေးဟန်ရှိသည်။ ဘောင်ယိန်းကသာ...
"သူ ဟုတ်လို့ ပြောတာပေါ့။ သူ ဟုတ်လို့ ပြေးလာတာပေါ့"
"နင် မသိဘူး ဘောင်ယိန်း။ သူ့အဖေက ငါ့လိုပဲ သူပုန်တစ်ယောက်။ ငါတို့ အတူတူ တိုက်ခဲ့ကြတယ်။ မြန်မာမင်းကိုလည်း တိုက်ခဲ့တယ်။ ဒူဝါတွေကိုလည်း တိုက်ခဲ့တယ်။ အင်္ဂလိပ်တွေကိုလည်း တိုက်ခဲ့တယ်။ သူ့အဖေက ဂင်ရှောင်ဂါး အဂျီဝါ။ နင့်ကို ငါပြောတဲ့ လဇျာဂမ်ပေါ့ အေး"

သည်တော့မှ ဘောင်ယိန်း ဇာတ်ရည်လည်သည်။ ခရန်ကော့သည် လဇျာဂမ်၏ သမီးမှန်း သိရတော့သည်။ သည်တော့ ဘာမှ ဝင်မပြောတတ်တော့။ လဖိုင်လသည် မည်သူ့ကိုမျှ မပြော၊ မကြည့်တော့ဘဲ တစ်ယောက်တည်း သုန်မှုန်နေသည်။ အနက်အရှိုင်း စဉ်းစားနေဟန် ရှိသည်။

"နင့်အဖေ ဘယ်လို ဖြစ်သွားတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"မသိဘူး အေး"
"နင့်အဖေ ရှုးနေပြီလား"
"မသိဘူး အေး"

မခေါင်ညွှယ်သည် ယခုမှ သတိရသဖြင့် ခရန်ကော့ကို ရေကျည်တောက်ပေးသည်။ ဘောင်ယိန်းကို ခေါင်ရည်ကျည်တောက်ပေးသည်။ လဖိုင်လ ဓားကို ယူသည်။

"နင်လာတာ သူတို့ သိလား"

ခရန်ကော့ ခေါင်းခါသည်။

"အသားဖြူ ဘယ်နှစ်ယောက်လဲ"

ခရန်ကော့ လက်နှစ်ချောင်းထောင်ပြသည်။

"ဒါများ နင်တို့ ဘာလို့ သတ်မပစ်သလဲ"

ဘောင်ယိန်းပြောသည်။

"ငါ သတ်မလို့ဘဲ အေး။ အဖေရှိနေတယ် အေး"
"သူတို့မှာ ဘာသေနတ်တွေပါသလဲ။ တစ်ခါပစ်ရင် အများကြီးမြည်သလား"

ခရန်ကော့ ခေါင်းခါသည်။

"အင်္ဂလိပ်လို သေနတ်မျိုးပါသလား"

အမျိုးသမီး ခေါင်းခါသည်။

"ဘယ်လို သေနတ်မျိုးလဲ အေး"

သူမက ခေါင်းကို သွက်သွက်ခါပြန်သည်။ ဘောင်ယိန်း စိတ်တိုလာသည်။

"သူတို့မှာ သေနတ် မပါဘူးလား"

ခေါင်းညိတ်သည်။

"ဓား မပါဘူးလား"

MMCYBERMEDIA
COMMUNITY FOR ALL

ခေါင်းညိတ်သည်။

"ဘာမှ မပါဘူးလား"

ဘောင်ယိန်း တအားအော်သည်။

"သူတို့လည်ပင်းမှာ ငွေပုတီးတစ်ကုံးစီပဲ ပါတယ်။ သူတို့ပုတီးမှာ ဒါမျိုးကလေးတွေ ပါတယ်"

ခရန်ကော့က လက်ညှိုးနှစ်ချောင်းကို ကြက်ခြေခတ်ပြသည်။

"သူတို့ ဘယ်လို ဝတ်သလဲ"

လဖိုင်လမေးသည်။

"အင်္ကျီရှည် အဖြူကြီးတွေ ဝတ်တယ်။ ဟောဒီထိတယ်"

ခရန်ကော့က ခြေမျက်စိကို ပြသည်။

"အေး၊ အဲဒါ စစ်သား မဟုတ်ဖူးအေး။ သူတို့ နတ်ဆရာအေး"

လဖိုင်လက ပြောသည်။ သူက အင်္ဂလိပ်ဘုန်းကြီးများကို ဗန်းမော်နှင့် မန္တလေးမြို့များတွင် မြင်တွေ့ခဲ့ဖူးသူ ဖြစ်သည်။

"သူတို့နတ်ဆရာက ဘာလုပ်တာလဲ"

ဘောင်ယိန်း မေးသည်။

"လာကြအေး။ ငါတို့ အခု လိုက်သွားမယ်။ သူတို့ နတ်ဆရာလာရင် သူတို့ စစ်သားတွေလာတာပဲ၊ ငါတို့ အခုချက်ချင်း လူစုပြီး လိုက်သွားကြမယ်"

လဖိုင်လက သူ၏ ဆုံးဖြတ်ချက်ကို ယတိပြတ် ပြောလိုက်သည်။

သည့်နောက်တွင်ကား ခခရောက်တစ်ရွာလုံး အုံးကျွတ်သည်။ ငြိုးငြိမ့်သော အင်လာဒပ်များ မှန်တိုင်းမိသည်။ လူအများ ပြေးကြသည်။ ဟစ်အော်သည်။ တောင်ကမ်းပါးယံကြီးပြိုကျမည်လား အောက်မေ့ရသည်။

လူစုံစေ့သလောက် စုမိသောအခါ လဖိုင်လ အစီအစဉ်များ စတင်ချမှတ်သည်။ စားနပ်ရိက္ခာများ သိုဝှက်ရန် ပြောသည်။ ကလေးငယ်များနှင့် သက်ရွယ်ရင့်များ ပုန်းအောင်းရှောင်တိမ်းကြရန် ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သန်မာသော အမျိုးသမီးများက ရွှေ့ပြောင်းမှု၊ ထိန်းသိမ်းမှုနှင့် စောင့်ရှောက်မှုများ ပြုကြရန်။ သူတို့ကို ကြီးကြပ်မည့်သူမှာ မခေါင်ညွှယ်။

သန်မာသော လူရွယ် လူလတ်များကို နှစ်စုပြုသည်။ တစ်စုက ဂင်ရော်ဂါးကို ချီတက်ရန်။ တစ်စုက ရွာတွင် အစောင့်အဖြစ်နေရန်။ ရန်သူက စစ်မြူစစ်ဆွယ်ခြင်း ပြုပြီး မိမိတို့ရွာကို အလစ်တွင် ဝင်ရောက်ချေမှုန်းသွားခြင်း မပြုရန်။ ရွာတွင် ကျန်ရစ်သော အစုသည် သူတို့ဘာသာသူတို့ ကင်းတိုကင်းရှည်များ ပြုရမည်။ ပြောင့်များ၊ ကျင်းများ၊ အပိတ်အဆို့များ ပြုကြရမည်။

ဂင်ရော်ဂါးသို့ ချီတက်သည့် အစုကို လဖိုင်လ ခေါင်းဆောင်သည်။ ထိုအစုတွင် ဘောင်ယိန်း ပါဝင်သည်။ မဂမ်ကို ရွာတွင် ထားရစ်သည်။ သို့သော် မဂမ်က လဖိုင်လကို အတင်းအကျပ်ပြော၍ လိုက်ပါသည်။ ခရန်ကော့လည်း သူတို့နှင့် တစ်ပါတည်း ပြန်လည်လိုက်ပါသည်။

သူတို့လူစု အပြင်း ချီတက်သည်။ ဂင်ရော်ဂါးနှင့် နီးသော် သူတို့ ခေတ္တနားတန့်သည်။ အသေးစိတ်အစီအစဉ်များ ပြုလုပ်သည်။ အစုငယ်ငါးစု ခွဲသည်။ လေးစုက ရွာ၏ ရှေ့၊ နောက်၊ တောင်မြောက်တွင် အရပ်အနေပြုရမည်။ တစ်စုသာလျှင် ရွာတွင်းသို့ ဝင်ရမည်။

အရှေ့တွင် နင်းတို့ နီစပြုချေပြီ။

သို့သော် လဖိုင်လ စီစဉ်သည့်အတိုင်း မဖြစ်ချေ။ အစုငါးစု ခွဲမည်အပြုမှာပင် ချဉ်းကပ်လာသော လူသံများကို ကြားရသည်။ သူတို့ အပုန်းအကွယ်ယူ၍ စောင့်သည်။ ထိုသူတို့ ရောက်လာသော် လဗျဂမ်တို့ဖြစ်မှန်း သိရသည်။

လဗျဂမ်တို့မှန်း သိသည့်တိုင် သူတို့တွင် ဝိုင်းဝန်းပစ်ခတ်လိုစိတ်များ ဖြစ်နေသည်။ အကြောင်းမှာ လဗျဂမ်တို့လူစုတွင် အင်္ဂလိပ်ဘုန်းကြီးနှစ်ပါး ထိုးထိုးထောင်ထောင်ပါရှိနေသောကြောင့် ဖြစ်သည်။

လဖိုင်လက သူ့လူများကို မပစ်ရန် တားသည်။ သို့သော် ပုန်းကွယ်ရာမှ မထွက်။ ဝိုင်းဝန်းမိထားခြင်းကို မဖျက်။ အထက်စီးရထားသည်ကို ဆုပ်ကိုင်လျက်။ လုပ်စရာရှိသည်ကို လုပ်သည် ပြောစရာရှိသည်ကို ပြောသည်။

ထို့နောက်ကား မိမိ၏ လူများကို တောသံပြုလိုက်သည်။ ဟိုမှ သည်မှ တောသံများ ပြန်လာသည်။ မြွေတွန်သံ၊ ချေဟောက်သံ၊ ဖားအော်သံ၊ ကျားဟိန်းသံ၊ ငှက်မြည်သံ စသည်ဖြင့်။

လဗျဂမ်တို့လူစု နေရာတွင် ရပ်သွားကြသည်။ ကျီးကြောင်သို့ ကြည့်သည်။ အင်္ဂလိပ်ဘုန်းကြီးနှစ်ပါး ထိတ်လန့်သွားဟန်ရှိသည်။

"အေး လဖိုင်လ။ နင် မဟုတ်လားအေး"

MMCYBERMEDIA
COMMUNITY FOR ALL

လဗျဂမ် လှမ်းအော်သည်။ လဖိုင်လ၏ လက်ချက်မှန်း သူအတပ်သိသည်။ သို့သော် လဖိုင်လ မည်သည့်နေရာတွင် ပုန်းကွယ်နေသည်ကိုမူ သူ မသိ။

"အေး လဗျဂမ်။ ငါပဲ နင် ဘယ်ကို သွားမလို့လဲ"

လဗျဂမ်သည် လဖိုင်လ၏အသံ ထွက်ပေါ်လာရာဘက်သို့ လှည့်၍...

"ငါ့သမီးပျောက်လို့ လိုက်ရှာတာအေး"
"အဲဒီ ရန်သူနှစ်ယောက်ကို နင်တို့ ဘယ်တုန်းက မိလာတာလဲ"
"သူတို့ ရန်သူ မဟုတ်ဘူး။ ငါတို့ရဲ့ ဧည့်သည်"

လဖိုင်လထံမှ စကားသံ ပြန်မလာ။ နေရောင်ထိုးဖောက်လာပြီ ဖြစ်သော်လည်း ဝိုင်းဝန်းထားသူများကို အစအနမျှ လဗျဂမ်တို့ မတွေ့ရ။

လဖိုင်လ၏ အနီးတွင် ရှိနေကြသော ခရန်ကော့၊ မဂမ်နှင့် ဘောင်ယိန်းတို့သည် အသက်မျှ မှန်မှန်မရှူကြဘဲ လဖိုင်လနှင့် လဗျဂမ်တို့၏ အရိပ်အကဲကို ကြည့်နေကြသည်။

အသားဖြူနတ်ဆရာနှစ်ဦးက လဗျဂမ်ကို တစ်စုံတစ်ရာ တီးတိုးပြောသည်။ လဗျဂမ်ခေါင်းခါသည်။ လဖိုင်လနှင့် အတူပါလာသော ဂင်ရှော်ဂါးရွာသားများ ထိတ်လန့်ကြောက်ရွံ့နေကြဟန်ရှိကြသည်။ သူတို့က လဖိုင်လ၏ စွမ်းရည်ကိုလည်း သိသည်။ လဖိုင်လကိုလည်း ချစ်ကြောက်ရိုသေခြင်း ရှိကြသည်။

"နင်တို့ ဘာလုပ်လာကြတာလဲအေး။ ငါတို့ အခု နင်တို့ဆီလာမလို့။ နင်တို့ဆီကို ခရန်ကော့ မလာဘူးလားအေး"

အသံ တုန်တုန်အက်အက်ဖြင့် လဗျဂမ် အော်နေသည်။

လဗျဂမ်ကိုကြည့်၍ ဘောင်ယိန်း အံ့သြနေသည်။ ခရန်ကော့ လှပသလောက် သူမ၏ ဖခင်က အရုပ်ဆိုးလှသည်။ နင်းပျောက်၍ နေတောက်လာသည်နှင့် အမျှ ကျဉ်းမြောင်းသော တောင်ကြားလမ်းထဲတွင် ရှိသော လဗျဂမ်ကို မြင်ရသည်။ အရုပ်ဆိုးသည့် နေရာတွင်တော့ လူဝံက သြချရသည်။ လူကောင်ကြီး၍ ခေါင်းသေးသည်။ အပေါ်နှုတ်ခမ်း တွန့်လန်သည်။ နားနှစ်ဖက်သည် ယပ်တောင်များ ကပ်ထားသည်နှင့် တူသည်။ မျက်လုံးသေး၍ မှေးသည်။ မျက်ခုံးမွေး မရှိသလောက် ဖြစ်သည်။ သွား ကျိုးကျဲသည်။

ခရန်ကော့သည် သူမ၏ ဖခင်ကို မမိုတ်မသုန် ကြည့်နေသည်။ သို့သော် မည်သည့် အသံမျှ မပြု။ မည်သို့မျှ လှုပ်ရှားခြင်း မရှိ။

"နင်တို့ဆီမှာ အသားဖြူတွေ ရောက်နေတယ်ကြားလို့ ငါတို့ လာတာ"
"နင်တို့ကို ဘယ်သူပြောသလဲ။ ခရန်ကော့ ပြောသလား"

MMCYBERMEDIA
COMMUNITY FOR ALL

လဖိုင်လနှင့် လဗျဂမ် အပြန်အလှန်အော်သည်။

"အသားဖြူနစ်ယောက်ကို တို့လိုချင်တယ်။ သူတို့ဟာ တို့ရန်သူပဲ"

"သူတို့က စစ်သားတွေ မဟုတ်ဘူး။ သူတို့မှာ ဘာလက်နက်မှ မပါဘူး"

"အင်္ဂလိပ်ဘုန်းကြီးတွေ လာပြီးရင် အင်္ဂလိပ်စစ်သားတွေ လာတယ်ဆိုတာ နင်မသိဘူးလား။ ဗန်းမော်ကို ဘုန်းကြီးတွေ အရင်လာပြီးမှ စစ်တပ်တွေလာတယ် မဟုတ်လား"

လဖိုင်လ၏ အသံသည် မိုးချုန်းသည်နှင့် တူ၏။

"ငါတို့ရဲ့ လာခြင်းဟာ သင်တို့ကို သတ်ဖြတ်ညှဉ်းဆဲဖို့ မဟုတ်ဘူး။ သင်တို့ကို စောင့်ရှောက်ကယ်ဆယ်ဖို့သာ ဖြစ်တယ်"

အသက်အရွယ်ကြီးဟန်တူသော အင်္ဂလိပ်ဘုန်းကြီးက ဂျိန်းဖော့ဘာသာဖြင့် ပီသစွာ ပြောသည်။

"ငါတို့ မယုံဘူး။ နင်တို့ဟာ လူသတ်သမားတွေ ဓားပြတွေရဲ့ လမ်းပြပဲ"

"ဘုရားသခင်ရဲ့ တရားဒေသနာတော်တစ်ခုကို သင်တို့ အာရုံပြုပါ။ သင်တို့ အသက်ရှင်နေရန် ငါလာရသည်။ သင်တို့ ပိုမို၍ ချမ်းသာကြွယ်ဝစေရန် ဖြစ်သည်"

ငယ်ရွယ်သော ဘုန်းကြီးက အသံနေ အသံထားဖြင့် ရွတ်ဆိုသည်။ မဂမ်က သေနတ်မောင်းကို ဖြုတ်မည်ပြုသည်။ လဖိုင်လ တားသည်။

"အေး လဗျဂမ်။ ငါပြောမယ်။ သူတို့ဟာ ငါတို့ ရန်သူပဲ။ သူတို့ကို ငါတို့လိုချင်တယ်"

"သူတို့ဟာ နင်တို့ ရန်သူ မဟုတ်ဘူး။ နင်တို့ကို သူတို့ ဘာမှ မလုပ်ဘူး"

"ငါတစ်ခွန်းပဲ ပြောမယ်အေး။ သူတို့ကို ငါတို့ လိုချင်တယ်"

လဖိုင်လက အပြတ်ပြောသည်။

"သူတို့ဟာ ငါ့ဧည့်သည်တွေ ဖြစ်တယ်။ ငါတို့ရွာရဲ့ ဧည့်သည်တွေ ဖြစ်တယ်။ သူတို့ကို ရန်မူတဲ့လူဟာ ငါတို့ရဲ့ ရန်သူပဲ"

လဗျဂမ်ကလည်း ပြတ်သည်။

အခြေအနေမှာ ပေါက်ကွဲလု ဖြစ်သွားသည်။ တစ်ဖက်နှင့် တစ်ဖက် တိုက်ကျရုံပဲရှိသည်။ လောလောဆယ်တိုက်လျှင်မူ လဖိုင်လတို့ နိုင်မည်မှာ သေချာသည်။ အဘက်ဘက်မှ ဝိုင်းမိထားဟန် ဖြစ်သည်။ သို့သော် ဤတစ်ကြိမ် အနိုင်ရရုံဖြင့် ကိစ္စအားလုံး ပြီးချေမည် မဟုတ်။ ရှေ့တွင် ဆိုးရွားသော အခြေအနေများ ပိုမို တိုးတက်ပြင်းထန်လာမည်။ မိမိတို့ ညီညွတ်မှု ပျက်ပြားမည်။ ရန်သူအဖို့ အခွင့်ကောင်းဖြစ်စေမည်။

ထိုအဖြစ်မျိုးကိုမှ လဖိုင်လ မလိုလား။ အထူးသဖြင့် လဇ္ဇဂမ်နှင့် မသင့်မတင့်ဖြစ်ရမည်ကို မနှစ်မြို့။ ဤနယ်တစ်ဝိုက်တွင် သူတို့နှစ်ယောက်က မားမားမတ်မတ် ပြနေကြရသည် မဟုတ်လား။

လဇ္ဇဂမ် မည်သို့ ဖြစ်သွားသည်ကို သူ နားမလည်။ လဇ္ဇဂမ်ကို ရန်သူတစ်ယောက်အဖြစ် သူ ရုတ်တရက် မသတ်မှတ်နိုင်။ နောင်မှ အေးအေးဆေးဆေး တွေ့ဆုံဖြေရှင်းမည်။ ယခုမူ မတတ်နိုင်တော့ သူ့ဘက်က ချိုရမည်။

"အေး လဇ္ဇဂမ်၊ ငါပြောမယ်။ နင့် လူတွေက ငါတို့လူတွေကို မသတ်ဘူး၊ မလုဘူးလို့ နင် တာဝန်ခံသလား"

"အေး ငါ တာဝန်ခံတယ်"

"အေး၊ နင်ပြောတဲ့အတိုင်း မဟုတ်ရင်တော့ နင့်လူတွေရော နင်ရော ငါ့ဓားနဲ့ သေရမယ်"

"အေး၊ အခု ငါတို့ပြန်မယ်။ နင့်သမီးကို ငါတို့ ထားခဲ့မယ်"

ဘောင်ယိန်းကို ရီဝေသော မျက်လုံးစုံဖြင့် ခရန်ကော့ ကြည့်သည်။

## အခန်း -၈၁-

ယနေ့ည ထူးဆန်းသည်။ ဖြစ်လေ့ဖြစ်ထ မရှိသည်များ အားလုံး ဖြစ်ပျက်သည်။ သည်အခါ သူမ၏ စိတ်အာရုံများ ဘောင်ဘင်ခတ်ရသည်။ နှစ်ရှည်လများ သိုဝှက်၍ ထားသည်များ စိမ့်ယိုသည်။

အခါတိုင်းညများ ဆိုလျှင် သည်အချိန်တွင် မဂမ် မရှိတော့။ ပလွေတစ်ချောင်းနှင့် ထွက်သွားချေပြီ ဖြစ်၏။ မဂမ်သည် ပလွေမှုတ်သည့် နေရာတွင် မောင်မျိုးလောက် မတော်သော်လည်း ခုခုရောက်တွင်တော့ အပြိုင်ပြုနိုင်သူ ရှားသည်။

ရုတ်တရက် သူမ၏စိတ်သည် အဝေးသို့ ပျံ့သွားပြန်သည်။ အခုလောက်ဆိုလျှင် မောင်မျိုးနှင့် ဘကြီးမုံးတို့ ခမ္ဘတီးလုံပြန့်သို့ ရောက်ကြကောင်းပေပြီ။ ထိုတွင် သူတို့ ဘာလုပ်ကြမည်နည်း။ ဘကြီးမုံးမှာ အိုမင်းလှပြီ။ ထိုအရပ်မှာပင် ခေါင်းချပေမည်လော။ သူ့အပြောကတော့ သူမသေမီ မြေပြန့်ကိုပြန်ပြီး အင်္ဂလိပ်များနှင့် တစ်ချီတမောင်း စမ်းဦးမည်ဟု ဆိုသည်။ ဟုတ်ချင်လည်း ဟုတ်မည်။ သည်အဘိုးကြီးက ပြောတဲ့အတိုင်းလုပ်မည့် အဘိုးကြီး ဖြစ်သည်။ သို့သော် လွယ်ပါမည်လော။

ဘကြီးမုံးကတော့ ထားတော့၊ အသက်ကြီးပြီမို့။

မောင်မျိုးကတော့ ဝေးလံသော မြောက်အရပ်တွင် ဘယ်နည်းနဲ့မှ ကြာကြာနေမည်မဟုတ်။ အခုပင် သူက သည်မှ သွားချင်သည် မဟုတ်။ သည်မှာက မဂမ်နှင့် ဘောင်ယိန်းတို့ရှိကြသည် မဟုတ်လား။ နောက်ပြီးတော့ လဖိုင်လလည်း ရှိသည် မဟုတ်လား။ သူတို့က ရသမျှလက်နက်နှင့် ဖြစ်သလို တိုက်ခိုက်ကြသည် မဟုတ်လား။

MMCYBERMEDIA
COMMUNITY FOR ALL

ဟုတ်တော့လည်း ဟုတ်သည်။ သူတို့က လူငယ်တွေ ဖြစ်သည်။ လူကြီးတွေလို ကေတိကာတိ မဟုတ်။ သူတို့က တုံးဆိုလည်း တိုက်ပစေ၊ ကျားဆိုလည်း ကိုက်ပစေ။

ဘကြီးမုံးနှင့် လဖိုင်လက အခြေအနေနှင့် အချိန်ကာလကို ပြောလွန်း၍သာ သူတို့ကိုယ်ရှိန်သတ်ကြသည်။ သူက အစီအစဉ်ရှိသည့်အတိုင်း ခမ္ပတီးလုံမြေပြန့်သို့ မောင်မျိုးထွက်သွားခြင်း ဖြစ်သည်။

သည်တော့လည်း ပြဿနာက တစ်မျိုး။ မဂမ်က သူတို့နှင့် အတူ လိုက်ပါသွားချင်သည်။ သူမ စိတ်မကောင်း။ သည်ကို ပြောင်းလာတုန်းကလည်း သူတို့ကို တစ်ခါခွဲခဲ့ရပြီ။ အခြေအနေကလည်း ခုတစ်မျိုး၊ တော်ကြာ တစ်မျိုးကိုး။ အစကတော့ သူမတို့ သားအမိနှင့်အတူ မောင်မျိုးလိုက်ပါရန် ဖြစ်သည်။ သို့သော် ဘကြီးမုံး တရုတ်နယ်စပ်မှ ပြန်ရောက်လာသဖြင့် မောင်မျိုး ကျန်ရစ်သည်။ ထိုအရပ်မှာပင် အင်အားစုစည်း၍ အင်္ဂလိပ်ကို တိုက်ကြရန် အစီအစဉ်ရှိသောကြောင့် ဖြစ်သည်။ ဤတွင် မဂမ်က နေရစ်ချင်ပြန်သည်။

သူမက အကြောင်းအကျိုး အမျိုးမျိုးကိုပြ၍ သားဖြစ်သူကို ချော့မော့ခေါ်ယူခဲ့ရခြင်း ဖြစ်သည်။ ယင်းသို့ ပြုမူရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မဂမ်ကို ကချင်တစ်ဦး ပီသစေလိုသောကြောင့် ဖြစ်သည်။

မိမိတို့ လူမျိုး၏ ဓလေ့ထုံးတမ်းတစ်ခုကို မနှစ်မြို့သဖြင့် မလိုက်နာ မကျင့်သုံးနိုင်သဖြင့် ရှောင်တိမ်းထွက်ပြေးခဲ့သော်လည်း မိမိတို့ လူမျိုး၏ ကောင်းမွန်သော ဓလေ့ထုံးတမ်းများကို မိမိ၏သား မသိမည်ကိုမူ အထူး စိုးရိမ်သည်။

မဂမ်သည် ခမ္ပတီးရွာ တစ်ရွာအနီးတွင် မွေးဖွားခဲ့ပြီး ထိုရွာအနီးတွင် ဆယ့်ငါးနှစ်နီးပါးမျှ နေခဲ့သောအခါ ကချင်ဓလေ့ထုံးတမ်းများကို နားမလည်ဘဲ၊ ရှမ်းဓလေ့၊ မြန်မာဓလေ့များတွင်သာ ပျော်မွေ့နှစ်ခြိုက်နေတော့သည်။

မည်သို့ဆိုစေ သူမသည် ဂျိန်းဖော့အမျိုးသမီးတစ်ယောက်ဖြစ်ပြီး သူမ၏သားသည်လည်း ဂျိန်းဖော့အမျိုးသားတစ်ယောက်သာ ဖြစ်ရပေမည်။

ဤသို့ဖြင့် သူတို့နှစ်ဦး ရွာသို့ ပြန်ရောက်ခဲ့ကြသည်။ ရွာသို့ ရောက်ကတည်းက သား၏အရိပ်အကဲကို သူမ ကြည့်နေခဲ့သည်။ ကျေနပ်စရာများ ဖြစ်သည်။ သူမ၏သားသည် ကချင်ဓလေ့ထုံးတမ်းများအကြားတွင် ပျော်မွေ့ပုံရှိသည်။ အင်လာဒပ်များသို့ သွားသည်။ အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲနှင့် အသုဘအခမ်းအနားများတွင် တက်ကြွစွာ ပါဝင်သည်။ လဖိုင်လနှင့် အတူ အရှေ့ဘက်ဒေသများသို့ လိုက်ပါသွားသည်။

သူမ၏သားသည် တနိုင်လု ဟူသော အမျိုးသမီးကလေးကို အတော်ကြီး စွဲလမ်းနှစ်သက်ဟန် ရှိသည်။ ကလေးမကလည်း နှစ်လိုဟန်ရှိသည်။ သူမ၏စိတ်ထဲတွင် ပီတိဖြစ်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် မောင်မျိုးတို့ မြောက်အရပ်သွားမည်ဆိုတော့ သူလိုက်လိုသည်။ လဗျာဂမ်အိမ်တွင် အသားဖြူနုတ်ဆရာနှစ်ယောက် ရောက်နေသည် ဆိုတော့ သူ တိုက်လိုခိုက်လိုသည်။ တောင်ယာလုပ်ငန်း စကြတော့ ကြိုးကြာရွာသစ်ကို လွမ်းသည်ဟု ဆိုသည်။ ကိုဦးအကြောင်း၊ နန်းရင်အကြောင်း၊ ဒေါ်စာရုံအကြောင်း ပြောသည်။

သည်အကြောင်းတွေကို လဖိုင်လနှင့် သူပြောချင်သည်။ သို့သော် သူမထံသို့ လဖိုင်လမလာသည်လည်း သုံးညရှိပြီ။ သည်လူကြီးကလည်း တစ်မျိုး။ သူမ၏ အာရုံသည် လဖိုင်လထံသို့ ပျံ့သွားပြန်သည်။ ထိုအခါ အမျိုးသမီးက သူမ၏စိတ်ကို ချက်ချင်း ထိန်းသည်။ လဖိုင်လထံသို့ သူမ၏အတွေး မရောက်လို။

သူမ၏စိတ်ကို မဂမ်ဆီတွင်သာ ရှိချင်သည်။

သို့သော် တစ်ခုနှင့် တစ်ခု ဆက်နေသည်။ သည်တွေးလျှင် ဟိုရောက်သည်။ ဟိုတွေးလျှင် သည်ရောက်သည်။ သူမ၏အတွေးများ ကဘောက်တိကဘောက်ချာ ဖြစ်ရတော့သည်။

မဂမ်အကြောင်းကိုသာ ပြန်၍ တွေးသည်။ အခုတစ်လော သူ့သား တစ်မျိုး ဖြစ်နေသည်။ ငေးငိုင်သည်။ နှုတ်ဆိတ်သည်။ မေးလျှင် ပြောချင်မှ ပြောသည်။ စားပါ ဆိုလျှင်လည်း စားချင်မှ စားသည်။ အထူးခြားဆုံးကတော့ အင်လာဒပ်သို့ မသွားသည်မှာ နှစ်ညရှိပြီ။ အခါတိုင်းဆိုလျှင် နေဝင်လျှင် ပလွေတပြင်ပြင်နှင့် ရှိနေသည်။ အခုတော့ မသွား။ နေ့ခင်းက တနိုင်လု လာတော့လည်း ကောင်းကောင်း စကားမပြော။

မဂမ် ဘယ်မှ မသွားသည့် အချိန်တွင် လဖိုင်လနှင့် ဘောင်ယိန်းတို့လည်း ရောက်လာခြင်း မရှိ။ သူတို့အကြားတွင် သူမ မသိသော ကိစ္စတစ်ခု ရှိနေပြီလော။

ယခုလည်း သူမ၏သားသည် ချောင်းစပ်တွင် တစ်ယောက်တည်း ထိုင်နေသည်။ အိမ်နှင့် ချောင်းသည် မဝေးလှ။ အိမ်မှ ချောင်းကို မြင်ရသည်။ အိမ်မှ မဂမ်ထိုင်နေသည်ကို မြင်ရသည်။ ယမန်နေ့ညကလည်း သူ ထိုနေရာမှာပင် ထိုင်နေသည်။ သွားခေါ်၍ မရ။ မိုးလင်းခါနီးမှ ပြန်လာသည်။

နေ့ခင်းဘက်တွင်လည်း သူ့သေနတ်ကို တိုက်ချွတ်နေသည်။ အဝေးသို့ ငေးနေသည်။ ရံခါတွင် ငြိမ်သက်နေရာမှ ရုတ်တရက် ဝုန်းဝုန်းဒိုင်းဒိုင်း ပြုသည်။ ထိတ်လန့်၍ ပြေးလွှားကုန်သောကြက်ငှက်များကို ပစ်မည်ပြုသည်။ သို့သော် တကယ် မပစ်။ ခေါင်းကို ယမ်းခါသည်။

မခေါင်ညွှယ် ခေါင်းကို ယမ်းခါသည်။ ထို့နောက် တစ်စုံတစ်ခုကို အပိုင်ဆုံးဖြတ်သည်။ မဂမ်ရှိရာသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

မဂမ်၏ လက်တွင် သေနတ်ရှိသည်။

"နင် ဒီမှာ ဘာလုပ်နေတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ထိုင်တာပဲ အေး"
"နင်ထိုင်တာ နှစ်ညရှိပြီ"
"အေး"
"နင် ဘယ်မှ မသွားဘူးလား"
"အေး"
"နင်နဲ့ သူနဲ့ ဘာဖြစ်သလဲ။ စိတ်ဆိုးသလား အေး"

သူ ခေါင်းခါသည်။

"စိတ်မဆိုးရင် နင် ဘာလို့ မသွားလဲ အေး"

သူ မဖြေ။ သေနတ်ကို လက်ဖြင့် ပွတ်နေသည်။

"ငါ ပြောတာ နင် မကြားလား အေး"
"သွားပြီး ဘာလုပ်မှာလဲ အေး"
"ဩော်၊ အေး"

သူ့စကားကြောင့် မခေါင်ညွှယ် မျက်လုံးပြူးသွားသည်။ မည်သို့ ပြန်ပြောရမည် မသိရှိသည်။ ယောကျ်ားလေးတစ်ယောက်သည် အပျိုဆောင်သို့ ဘာကိစ္စသွားရချေမည်နည်း။ သူမ၏ သားသည် ယခင်ညများက အင်လာဒပ်သို့ သွားပြီး ဘာလုပ်မည်နည်း။

"နင့်ကို ငါ နားမလည်ဘူးအေး"

မခေါင်ညွှယ် ညည်းတွားသည်။ မဂမ် ပြန်ပြောမည်ရှိစဉ် သူတို့ထံသို့ လူတစ်ယောက် လာနေသည်ကို မြင်ရသည်။ လဖိုင်လ ဖြစ်သည်။ တစ်ဖက်သို့ မဂမ် ထွက်သွားသည်။ မခေါင်ညွှယ် ကြောင်ငေးနေသည်။ သူမ အနီးတွင် လဖိုင်လ ထိုင်တော့မှ သတိပြန်ဝင်သည်။

"မဂမ်၊ မဂမ်"

မဂမ် ထွက်သွားရာဘက်သို့ ဟစ်အော်သည်။ မဂမ် မရှိတော့။

"နင်တို့ သားအမိ ဘာဖြစ်နေတာလဲ အေး"

လဖိုင်လ မေးသည်။ သည်တော့မှ မခေါင်ညွှယ် လဖိုင်လကို အားကိုးတကြီးနှင့် ပြောသည်။

"သူ့ကို နင် ပြောပါဦး အေး"
"ဘာပြောရမှာလဲ"
"သူ တစ်မျိုး ဖြစ်နေတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ငါလည်း တစ်မျိုး ဖြစ်နေတာပဲ"
"ဪ၊ အေး"

မခေါင်ညွှယ် အာမေဍိတ်ပြုပြန်သည်။

"နင်မလာတာ သုံးည ရှိသွားပြီ။ မဂမ်အကြောင်း ပြောချင်လို့ နင့်ကို စောင့်နေတာ အေး"

လဖိုင်လ ခပ်မဆိတ်။

"နင် ဘယ်သွားနေသလဲ"
"ငါ စဉ်းစားနေတယ်"
"အေး နင် ဘာစဉ်းစားနေတာလဲ"
"နင့်သားကို ဘယ်လိုလုပ်ရမလဲလို့ ငါ စဉ်းစားနေတယ်"
"ငါ့သား ဘာဖြစ်နေသလဲ"
"နင့်သား မကျေနပ်ဘူး"
"ဘာကိုလဲ"
"ဒီလိုပဲ။ အင်လာဒပ် သွား၊ မိန်းမ ရ၊ ကလေး မွေး၊ တောလိုက်၊ တောင်ယာလိုက်၊ ဒါနဲ့ သေရော ဆိုတာကို သူ မကျေနပ်ဘူး"
"အေး၊ ဒါဖြင့် သူက ဘာလုပ်ချင်တာလဲ"
"သူက ငါတို့ ဆင်းရဲတယ်တဲ့"
"ဪ၊ ဪ"
"မိုးကောင်းက လူတွေ တို့လို မဆင်းရဲဘူးတဲ့"
"ဪ၊ အေး"
"နင့်သားက အသားဖြူတွေကို မတိုက်ရတာကိုလည်း မကျေနပ်ဘူး"
"ဒါဖြင့် နင် သူ့ကို ဘယ်လိုလုပ်မလဲ"
"ငါ ဘာမှ မလုပ်ဘူး"
"ဒါဖြင့် ဘယ်သူ လုပ်မလဲ အေး"
"သူ့ဘာသူ လုပ်လိမ့်မယ်"
"သူက ဘာလုပ်မှာလဲ"
"ငါ မသိဘူး၊ နင်လည်း မသိဘူး။ သူပဲ သိတယ် အေး"
"ဪ အေး"

လဖိုင်လ ငေးနေသည်။ မခေါင်ညွှယ် ခေါင်းခါသည်။ သည်လိုနှင့် အတော်ကြာ တိတ်နေသည်။

"ဘောင်ယိန်းကော"

မခေါင်ညွှယ် မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဂင်ရော့ဂ်ါးကို ငါလွှတ်ထားတယ်"
"ဘာလုပ်လဲ"
"အင်္ဂလိပ်ဘုန်းကြီးတွေ အကြောင်း သိရအောင်"
"ဘုန်းကြီးတွေက ဂင်ရော့ဂ်ါးက လူတွေကို ဆားပေးတယ်တဲ့"

လဖိုင်လ မှုန်နေသည်။

"လဗျဂမ်ရဲ့ ဘကြီးတစ်ယောက် သေသွားတာကို အင်္ဂလိပ်ဘုန်းကြီးက လိပ်ပြာ ပြန်ခေါ်ပေးတယ်တဲ့"

လဖိုင်လ ဝုန်းခနဲထသည်။

"ထိုင်ပါဦးကွယ်။ နင်ဟာ ကလေးလေး မဟုတ်တော့ပါဘူး"
"သူတို့ဟာ တစ်နေ့ကျရင် ငါတို့ကို ဒုက္ခပေးလိမ့်မယ်။ သူတို့ကို ငါတို့ တိုက်ရမယ်။ အခုအတိုင်းဆိုရင် လဗျဂမ်တို့ကိုပါ ငါတို့ တိုက်ရမယ်"

လဖိုင်လ၏ ဒေါသ မိုးသို့ ဝုန်ကနဲသည်။

"လာကွယ်၊ ငါတို့အိမ်ကို သွားရအောင်။ နင့်ကို ငါ ခေါင်းရည်တိုက်ပွဲမယ်"

မခေါင်ညွှယ် ဖိတ်ခေါ်သည်။ သည်တော့လည်း လဖိုင်လ မငြင်းဆန်ဘဲ လိုက်ပါသည်။ မီးဖိုဘေးတွင် သူတို့ ထိုင်သည်။ စားသည်။ သောက်သည်။ လဖိုင်လ၏ခေါင်း အနည်းငယ်အေးသွားသည်။ သို့သော် လုံးဝ ပြေပျောက်သွားခြင်းကား မရှိ။

"မဂမ် စဉ်းစားတာ မှန်တယ်။ ငါတို့ဟာ ဒီလိုပဲ စားပြီး၊ ဒီလိုပဲ နေပြီး သေသွားကြမှာလား။ ငါတို့ အဘိုးတွေ၊ ငါတို့ အဖေတွေလည်း ဒီလိုပဲ သေခဲ့ကြရတာပဲ"
"ငါတို့ဟာ ဝွမ်ဆာစနစ်ကို တိုက်ဖျက်ခဲ့ကြပြီ မဟုတ်လား"
"နယ်တိုင်းမှာ မဟုတ်သေးဘူး ငါ့ညီမ"
"ငါတို့ဟာ အသားဖြူတွေကို တိုက်ခဲ့ကြပြီ မဟုတ်လား"
"ငါတို့ မနိုင်သေးဘူး ငါ့ညီမ"
"ငါတို့ ဆက်ပြီး တိုက်ကြရမှာပေါ့ အစ်ကိုရယ်"
"ဒါပေမဲ့ အခု ငါတို့ စားလိုက်၊ သောက်လိုက်၊ ကလိုက်၊ ညားလိုက်ကြပဲ မဟုတ်လား"
"ဒါတွေကကော ငါတို့ မလုပ်လို့မှ မဖြစ်ဘဲ"

လဖိုင်လ တိတ်နေပြန်သည်။ သူ အနက်အနဲ စဉ်းစားသည်။ နောက်မှ ပြောသည်။

"ဒါပေမဲ့ ငါကတော့ မလုပ်လို့ ဖြစ်ပါတယ်"
"နင် ဘာပြောတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

မခေါင်ညွှယ် သူ့ကို ကြောင်ငေး၍ မေးသည်။

"ငါက စားပေ သောက်ပေမယ့်၊ ကတဲ့အခါ ကပေမယ့် ညားတယ် ဆိုတာတော့ မရှိပါဘူး"
"နင် ဘာကို ပြောတာလဲ အေး"
"ငါပြောတာ နင်သိပါတယ်"
"နင် ဘာလို့ ပြောတာလဲ အေး"
"ငါပြောတာ နင့်အတွက်လည်း ဖြစ်ပါတယ် ညီမရယ်"

မခေါင်ညွှယ် ငြိမ်နေသည်။ လဖိုင်လ ဆက်ပြောသည်။

"နင်ရယ်၊ ငါရယ်၊ ထော်ရော်ဖုန်းရယ်က သူငယ်ချင်းတွေ မဟုတ်လား။ ငါတို့ သိပ်ချစ်ကြတယ် မဟုတ်လား။ နောက်ဆုံးမှာ နင်က ထော်ရော်ဖုန်းကို ယူတယ်။ ငါက ထွက်သွားတယ်။ နောက် ထော်ရော်ဖုန်း သေတယ်။ နင် ရွာက ထွက်ပြေးတယ်။ နင့်ကို ငါ ကြိုးကြာရွာမှာ တွေ့တယ်။ နင်က မဂမ် မကြီးသေးဘူးလို့ ပြောတယ်။ ရွှေနီအကြောင်း ပြောတယ်။ အခု မဂမ် ကြီးပြီ။ ရွှေနီလည်း သေပြီ။ နင်လည်း ရွာပြန်ရောက်နေပြီ"
"နင် ဘာလို့ ပြောတာလဲ အေး"

မခေါင်ညွှယ်၏ အသံ ခြောက်ကပ်သည်။ တုန်အက်သည်။

"နင်နဲ့ ငါနဲ့ အကြောင်း တစ်ရွာလုံး သိပါတယ်။ မဂမ်လည်း သိပါတယ်။ နောက်မှ ရောက်လာတဲ့ ဘောင်ယိန်းတောင် သိပါတယ်။ ဒါပေမဲ့ ငါတို့ ညားကြဦးမှာလား။ ဒါကို နင် မစဉ်းစားဘူးလား"

တောင်ကျရေသို့ လဖိုင်လ ပြောသည်။ မခေါင်ညွှယ် သက်ပြင်းမှုတ်သည်။

"အေး၊ ငါ ပြောမယ်။ နင်လည်း ဇမာမတွေ ရှမ်းမတွေ မြင်ဖူးတယ်။ သူတို့ဟာ တို့လို မဟုတ်ဘူး။ လင်သေသွားရင် လင်ရဲ့ အမျိုးကို ဆက်ပြီး ယူစရာ မလိုဘူး။ ကိုယ့်ကလေးကို လင်ရဲ့ အမျိုးကို ပေးစရာ မလိုဘူး။ အေး ငါ ပြောမယ် အစ်ကို။ ငါတို့ ကချင်မိန်းမတွေဟာ ယောကျ်ားရှိမှ နေလို့ဖြစ်တယ် ဆိုတာ ငါမကြိုက်ဘူး။ လင်သေသွားရင် တစ်ယောက်တည်း နေလို့မရဘူး ဆိုတာ ငါ မကြိုက်ဘူး။ ငါဟာ ငါ့အဘွား ငါ့အမေတွေလို ဒီလိုပဲနေ ဒီလိုပဲလုပ်ပြီး မသေနိုင်ဘူး"
"နင်ပြောတာ ဒီတစ်သက်မှာ နင် နောက်ထပ် ယောကျ်ား မယူတော့ဘူးပေါ့"
"ငါ နေကြည့်ချင်တယ် အေး။ နင် ရွှေနီ၊ ရွှေဝါတို့ရဲ့ အမေကို တွေ့ဖူးတယ် မဟုတ်လား။ ကြားဖူးတယ် မဟုတ်လား။ သူဟာ ဘယ်လောက် အံ့ဩစရာကောင်းသလဲ။ သူဟာ ငါ့အမေနဲ့ ရွယ်တူပဲ၊ ဒါပေမဲ့ ငါ့အမေဟာ ယောကျ်ားကြီးကြီးကို ယူလိုက်ရ၊ ငယ်ငယ်ကို ယူလိုက်ရနဲ့ နောက်ဆုံးတော့ သေသွားရတယ်။ ငါပြောမယ်အေး၊ ဂွမ်ဆာစနစ်ကို ဖျက်ပြီး ဂွမ်လောင်စနစ်ကို ငါတို့ ထူထောင်တဲ့နေရာမှာ ငါပြောတာတွေ မပါဘူးလား အေး။ ငါတို့ ကချင်မိန်းမတွေဟာ ဒီလိုပဲနေပြီး၊ ဒီလိုပဲ သေကြရတော့မှာလား အေး"

## အခန်း -၈၂-

အင်တူးဂမ်သည် ယုခင်ကို မျက်တောင်မခတ် ငေးမောနေသည်။ ယုခင်သည် တံခါးဝတွင်ရပ်၍ သူမကိုယ်သူမ ငုံ့စောင်းလှည့်ပတ် ကြည့်နေသည်။ ယုခင်၏ကိုယ်တွင် ဝတ်ဆင်ထားသည်မှာ အဖိုးထိုက်တန်လှသော ပိုးဝတ်ရုံရှည်ကြီး ဖြစ်သည်။ စိမ်းပြာနု အောက်ခံတွင် ရွှေချည် ငွေချည်ဖြင့် နဂါးရုပ်များ၊ ရေဇလာပင်များ ရက်ဖောက်ထားသည်။ ဝတ်ရုံတွင် ကြယ်သီး ကြယ်တံများ မရှိ။ အနားဘက်နှစ်ခုကို ရှေ့တွင် ထပ်ထားသည်။ သို့သော် သူမ၏ ကိုယ်ထည် ဖွံ့ဖြိုးခြင်း ရှိလှသဖြင့် အချို့နေရာတွင် မထပ်မိဘဲ ရှိသည်။ ဝတ်ရုံကို လျော့ရဲရဲ ချည်ထားသော ခါးစည်းကြိုးမှာ အနီရဲရဲ ရှိသည်။ နှစ်ဖက်အစတွင် လှပသော ပန်းမြိတ်ပန်းဖွားများ ရှိသည်။ ခြေထောက်တွင်ကား ကတိုးမွေးဖြင့် ပြုလုပ်သော ဦးကော့ဖိနပ်ကို စီးသည်။ သည့်အပြင်ကား သူမ၏ကိုယ်တွင် မည်သည့် အဝတ်အထည်၊ မည်သည့် အဆင်တန်ဆာမျှ မရှိချေ။ ပကတိ လူချည်းသာ ဖြစ်သည်။

သို့တစေလည်း ယုခင်သည် အလွန်တရာ ချောမောလှပချေဘိသည်။

အင်တူးဂမ်သည် ယုခင်ကို မြင်ဖူးဖန် များချေပြီ။ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ အိပ်ရာထတွင်လည်း မြင်ဖူးသည်။ အိပ်ရာဝင်ခါနီးတွင်လည်း မြင်ဖူးသည်။ အိပ်နေသည်ကိုလည်း တွေ့သည်။ ရေချိုးနေသည်ကိုလည်း တွေ့သည်။ ရံခါတွင် သူမသည် အဖိုးတန် အဝတ်အထည်များနှင့်၊ ရံခါတွင် သာမန်အဝတ်အထည်များနှင့်၊ တစ်ခါတစ်ခါများတွင်တော့ အဝတ်အထည်မရှိဘဲ။

မည်သို့ဖြစ်စေ သူမ လှချေသည်ကား အမှန်။ ယင်းကြောင့်ပင် သူမကို သူ၏ဆရာ ဟုတ်ကျင်က ဤမျှ စွဲလမ်းနေခြင်း ဖြစ်တန်ရာသည်။ တကယ်တော့ သူမကို ယောက်ျားတိုင်းက တပ်ငြိကြလေသည်။

သူမကိုယ်သူမ ကြည့်နေရာမှ မိမိဘက်သို့ မျက်နှာလှည့်လာသည်နှင့် တစ်ပြိုင်နက် အင်တူးဂမ် မျက်နှာလွှဲသည်။ သို့သော် သူကြည့်နေသည်ကို သူမ တွေ့သွားသည်။ တော်သေးသည်။ စိတ်ဆိုးဟန်မပြ။ ဖြူဖွေးစီရီသော သွားတို့ကို ဖော်ပြုံးလျက် သူ့ထံသို့ သူမ လျှောက်သည်။

အင်တူးဂမ် ခေါင်းငုံ့ထားသည်။ သို့သော် သူမ၏ ဖြူလွသော ခြေသလုံးသားကို မြင်နေရသည်။

"နင် ဝေါ်ချုံးကို သွားမလို့ဆို"

"အေး"

"သွားရင် သွားတော့လေ။ ဝေါ်ချုံးမရောက်ခင် နေဝင်သွားလိမ့်မယ်"

"အေး၊ မြစ်တုံးလွယ် ပြန်မလာသေးဘူး။ နင်တစ်ယောက်တည်း ဖြစ်နေမယ်"

"နင် သွားမှာ သွားပါအေး။ ငါတစ်ယောက်တည်း ဖြစ်ရော ဘာဖြစ်သလဲအေး။ မြစ်တုံးလွယ် ဘယ်အချိန်လာမယ် နင်လည်း မသိဘူး။ ငါလည်း မသိဘူး။ လာချင်လည်း လာမှာပေ့ါအေး"

ထို့နောက်တွင်ကား အင်တူးဂမ်သည် ဘာတစ်ခွန်းမှ ထပ်၍ ပြောမနေတော့ဘဲ နေရာမှ ထသွားသည်။ စည်ပိုင်းပြတ်ကြီး လိမ့်သကဲ့သို့ တောင်စောင်းအတိုင်း ပြေးဆင်းသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကိုကြည့်၍ ယုခင် ပြုံးသည်။ အင်တူးဂမ်သည် အရုပ်ဆိုးသည်။ ငယ်စဉ်က ဝက်ဝံတစ်အုပ်နှင့် သတ်ဖြတ်ဖူးသဖြင့် တစ်ကိုယ်လုံးတွင် အမာရွတ်ချည်း ဖြစ်သည်။ သစ်ပင်ပေါ်မှ ကျဖူးသဖြင့် လက်တစ်ဖက် စောင်းနေသည်။ သို့သော် သူသည် အခြားသော ယောကျ်ားများကဲ့သို့ပင် မိန်းမ လိုချင်သည်။ မိန်းမဆိုလျှင် တောင်ပေါ်က စည်ပိုင်းပြတ် လိုမ့်ချလိုက်သကဲ့သို့ ဖြစ်သည်။ ဝေါ်ချုံးတွင် သူနှင့် စေ့စပ်ထားသော မိန်းမရှိသည်။ ကလေးတစ်ယောက်ပင် ရတော့မည်။ မင်္ဂလာကြေးအပြည့် မပေးနိုင်သေးသဖြင့် လက်မထပ်ရသေးခြင်း ဖြစ်သည်။

ယခုတစ်ခေါက် မိုးကောင်းမှ ပြန်လာလျှင် အင်တူးဂမ်အတွက် လက်ထပ်စရိတ် အလုံအလောက် ထုတ်ပေးမည်ဟု သူ့ဆရာ ဟုတ်ကျင်က ပြောထားသည်။ အကြောင်းမူ သူတို့သည် ယခုတစ်ချီတွင် အပွကြီး ပွရမည် ဖြစ်သည်။ သူတို့နှင့်အတူ အရည်အသွေးကောင်းလှသော ကျောက်စိမ်းတုံးကြီး သုံးတုံး ပါလာမည်ဖြစ်သည်။ ယင်းကျောက်စိမ်းသုံးတုံးကို "ကွမ်" မကြည့်မီကပင် တစ်သိန်းအထက် တန်ကြေးရှိသည်ဟု သူတို့ သိထားကြသည်။

သို့သော် လွန်ခဲ့သည့် တစ်ပတ်က သူတို့ ပြန်ရောက်လာကြသောအခါ ဟုတ်ကျင်သည် အင်တူးဂမ်ကိုလည်း မင်္ဂလာစရိတ် မပေးနိုင်။ သူမကိုလည်း အဖိုးတန်လက်ဆောင်များ မပေးနိုင်ချေ။ အကြောင်းမူ သူတို့ကို လမ်းခရီးမှ ဆီးကြို၍ လူတစ်စုက လုယက်တိုက်ခိုက်လိုက်သောကြောင့် ဖြစ်သည်။

ဤအတွက် သူတို့အားလုံး အမျက်ဖြစ်ရသည်။ သို့သော် ထူးဆန်းသည့် အမှုကား မဟုတ်ချေ။ တန်ယွေးနှင့် မိုးကောင်းအကြား သွားလာနေသူများသည် ကုန်သည်ဆိုလည်း ဟုတ်၏။ ဓားပြဆိုလည်း ဟုတ်၏။ သူတို့သည် ဘိန်းကို ပို့၍ ကျောက်စိမ်းကို ယူသည်။ ဘိန်းအတွက်လည်း အဆမတန် မြတ်သည်။ သည်ကြားထဲကပင် သူတို့သည် အခွင့်အလမ်းသင့်လျှင် တစ်ပါးသူ၏ ဥစ္စာပစ္စည်းများကို လုယက်ကြသည်။ ကိုယ်က ရလိုက်သည့်အခါလည်း ရှိသည်။ ကိုယ်က ပေးလိုက်ရသည့်အခါလည်း ရှိသည်။

အခြေခံသဘောတရားအရ မထူးဆန်းဟု ဆိုသော်လည်း သူတို့အားလုံး၏ စိတ်တွင် စနိုးစနောင့် ဖြစ်နေကြရသည်။ ပထမအကြောင်းက သူတို့ ဆုံးရှုံးရသော ပစ္စည်းတန်ဖိုး ကြီးမားလှ၍ ဖြစ်သည်။ ဒုတိယက သူတို့ကို လုယက်သွားသူများ မည်သူဖြစ်မှန်း မသိလိုက်ရ၍ ဖြစ်သည်။

ထိုအဖြစ်ကို ဟုတ်ကျင် နည်းနည်းမျှ မခံချင်ပေ။ သည်လမ်းနှင့် သည်လုပ်ငန်းတွင် သူ့ကို ယှဉ်နိုင်သူမှာ တန်ချိုကူးတို့ ဂိုဏ်းသာ ဖြစ်သည်။ အခြားဂိုဏ်းကလေးများမှာ မပြောပလောက်ပေ။ သို့သော် ယခုတစ်ကြိမ်တွင်မူ တန်ချိုကူးတို့ ဖြစ်သည်ဟု မစွပ်စွဲသာ။ အခြားဂိုဏ်းကလေးများ မဟုတ်ဟုလည်း မဆိုနိုင်ပေ။ အကြောင်းမှာ သူတို့ပစ္စည်းများသာ ပါသွားသည်။ သူတို့ပစ္စည်းများကို ယူသွားသူများကိုလည်း မတွေ့မမြင်လိုက်ရ။ မည့်သည့်အချိန်တွင် မည်သို့ ယူသွားမှန်းလည်း မသိလိုက်။ ဖြစ်ပုံက သည်သို့။ ဆဒုံးသို့မရောက်မီ တစ်စခန်းအလိုတွင် ဖြစ်သည်။ မနက်ဖြန်တွင် သူတို့ ဆဒုံးသို့ ရောက်တော့မည်ဖြစ်၍ ထိုညက ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားကြသည်။ ကောင်းကောင်းသောက်ကြသည်။ ထို့နောက် အိပ်ကြသည်။ ဒါပဲဖြစ်သည်။ မနက်ကျတော့ သူတို့ပစ္စည်းများ မရှိတော့။ ရန်သူများက အတွင်းလူ တစ်ယောက်ထား၍ သူတို့စားသည့်၊ သူတို့သောက်သည့်အထဲတွင် ဆေးခတ်ခြင်း ဖြစ်သည်။ သို့သော် ထိုအတွင်း လူကိုလည်း သူတို့ မသိနိုင်။ သူတို့ထဲမှ လူတစ်ယောက်မျှ မပျောက်၊ လူတစ်ယောက်မျှ

အမူအဟန်မပျက်။ ထိုအတွင်းလူသည်လည်း သူစတ်သောဆေးကို သူ့ဘာသာသူ စားသောက်၍ သူတို့နှင့်အတူ နှစ်ခြိုက်စွာ အိပ်နေသောကြောင့် ဖြစ်သည်။

သည်အတွက် ဟုတ်ကျင် တဗျစ်တောက်တောက် ရှိသည်။ ဆဒုံးတွင် သူ တစ်ညသာ အိပ်သည်။ သည့်နောက်တွင်ကား သူသည် နယ်စပ်သို့ သွားသည်။ ကန်တိုက်တီတွင် စုံစမ်းသည်။ သူ့လူများကို ဖြန့်ကြက်၍ စနည်းနာစေသည်။ အင်တူးဂမ် တစ်ယောက်ကိုသာ ယုခင်ထံတွင် ထားခဲ့ထားသည်။

အင်တူးဂမ်သည် ဆဒုံးသို့ ပြန်ရောက်သည့် နေ့ကတည်းကပင် ဝေါချုံးသို့ သွားချင်နေသည်။ သူ့ဆရာကို ကြောက်၍သာ မသွားရဲရှိသည်။ သို့သော် သူ့ဆရာမရှိသောအခါတွင်မူ သူ့ကို ယုခင်က ပိုင်သည်။ သူ့ဆရာက သူ့ကို ယုခင်ထံ ပေးထားသည်။ သို့ဖြင့် သူက ယုခင်ထံတွင် မရဲတရဲ ခွင့်ပန်သည်။

ယုခင်က သည်လိုကိစ္စမျိုးတွင် ဘယ်တော့မှ ဟန့်တားခြင်း မပြု။ သွားစေ။ အင်တူးဂမ်က မြစ်တုံးလွယ်ကို စောင့်နေမည်ကိုပင် မစောင့်နှင့်ဟု ဆိုသည်။

မြစ်တုံးလွယ်ကိုလည်း ယုခင်က လိုလိုလားလား လွှတ်လိုက်ခြင်း ဖြစ်သည်။ မြစ်တုံးလွယ်တို့ရွာတွင် အိမ်သစ်တက်ပွဲ ရှိသည်။ ထိုတွင် မြစ်တုံးလွယ် လာလိုသည်။ မြစ်တုံးလွယ်သည် ယောက်ျားမရှိသူ ဖြစ်သည်။ ကလေးနှစ်ကြိမ်မျှ မွေးဖူးသည်။ သို့သော် အဖတ်မတင်။ ယင်းကြောင့် ယောက်ျားများက သူမကို ယူရန် နောက်တွန့်နေကြသည်။ မည်သို့ပင်ဖြစ်စေ၊ မြစ်တုံးလွယ်မှာလည်း ခံစားတတ်သော အသိ၊ ကြည်နူးတတ်သောစိတ်နှင့် ဖြစ်သည်။ ထို့ကြောင့် အိမ်သစ်တက်ပွဲသို့ သွားရန် သူမကို ယုခင် လွှတ်လိုက်ခြင်း ဖြစ်သည်။ မြစ်တုံးလွယ်သည် မည်သည့်နည်းနှင့်မျှ ယနေ့ည ပြန်လာဦးမည် မဟုတ်သည်ကို သူမ သိသည်။

အင်တူးဂမ်နှင့် မြစ်တုံးလွယ်တို့ မရှိသောအခါတွင်မူ အိမ်တွင် သူမတစ်ယောက်တည်း ရှိပေတော့မည်။ ယခုအခါတွင် ယုခင်သည် ဆဒုံးတွင် ဆွေမရှိ၊ မျိုးမရှိ၊ အိမ်ထောင်မရှိနှင့် တစ်ယောက်တည်း နေထိုင်နေသူ ဖြစ်သည်။

သို့သော် သူမသည် အပျိုစင်တစ်ဦးကား မဟုတ်ချေ။ လွန်ခဲ့သည့် သုံးနှစ်ကျော်က ယောက်ျားဆုံး၍ မုဆိုးမ ဖြစ်နေသူတည်း။

ယုခင်၏ ယောက်ျားသည် လားကုန်သည်တစ်ဦး ဖြစ်သည်။ တရုတ်ပြည် ဂျန်စီနယ်က ဖြစ်သည်။ သူသည် လားများကို ရောင်းဝယ်သည်။ အခကြေးငွေဖြင့် ငှားရမ်းသည်။ ပထမတွင် သူသည် တန်ယွေးတွင် နေထိုင်သည်။ တန်ယွေးနှင့် ဗန်းမော်၊ တန်ယွေးနှင့် မိုးကောင်း ကူးလူးသည်။ နောက်အခါတွင် လုပ်ငန်း အချက်အချာသင့်အောင်ဆိုပြီး ဆဒုံးသို့ ပြောင်းလာသည်။ သူနှင့်အတူ လှပသောဇနီးသည်ကို ခေါ်ဆောင်လာသည်။ ဇနီးသည်တွင် အဖော်အကူဖြစ်စေရန်အတွက် မြစ်တုံးလွယ်ကို သူမ၏ ဖခင်ထံမှ ဘိန်းတစ်ပိဿာနှင့် ဝယ်ခဲ့သည်။

သို့သော် ယုခင်သည် မြစ်တုံးလွယ်ကို မဖော်မပြုဘဲ အခြားသော ယောက်ျားများနှင့်သာ အဖော်ပြုခဲ့သည်။ ဤတွင် လင်မယား မကြာခဏ အချင်းများသည်။ တစ်နေ့တွင် ယုခင်၏ ယောက်ျား

MMCYBERMEDIA
COMMUNITY FOR ALL

ရွာအပြင်ဘက်တွင် အသတ်ခံရသည်။ မည်သူသတ်သည်ဟု အတပ်မသိ။ အချို့ကတော့ ယုခင်နှင့် ငြိစွန်းသူ ယောက်ျားတစ်ဦးဦးက သတ်သည်ဟု ဆိုသည်။ အချို့ကတော့ သူမ၏ ယောက်ျားသည် အင်္ဂလိပ်စစ်တပ်များကို အကူအညီပေးသဖြင့် နယ်ချဲ့ဆန့်ကျင်ရေးသမားများက သုတ်သင် ရှင်းလင်းပစ်သည်ဟု ဆိုကြသည်။

မည်သို့ဆိုစေ ထိုအခါမှ အစပြု၍ ယုခင် မုဆိုးမ ဖြစ်ခဲ့ရသည်။ ဆဒ့်းမြို့တွင် တစ်ယောက်တည်း နေထိုင်ခဲ့သည်။ ယောက်ျားများနှင့် ပိုမို ရှုပ်ထွေးခဲ့သည်။

ယုခင်၏အိမ်သည် တည်းခိုခန်းဟုလည်း ပြောနိုင်သည်။ ဘိန်းခန်းဟုလည်း ပြောနိုင်သည်။ အရက်ဆိုင်ဟုလည်း ဆိုနိုင်သည်။ ထမင်းဆိုင်ဟုလည်း ဆိုနိုင်သည်။ ကိစ္စပေါင်းစုံနှင့် လူပေါင်းစုံ စုဝေးရာ ဌာနဟုဆိုလျှင်လည်း မှားမည် မဟုတ်ချေ။

သူ့အိမ်တွင် ပြဿနာပေါင်းစုံ ဖြစ်သည်။ အချင်းများကြသည်။ ရိုက်ပုတ်သတ်ဖြတ်ကြသည်။ ဤသို့ဖြင့် ဟုတ်ကျင်က သူ့ထံသို့ အင်တူးဂမ်ကို ပို့ထားခြင်း ဖြစ်သည်။ အစောင့်အရှောက် ဖြစ်စေရန်တည်း။

အင်တူးဂမ်သည် ဟုတ်ကျင်၏ ညာလက်ရုံးပင် ဖြစ်သည်။ ရဲစွမ်းသည်။ တိုက်ခိုက်မှု ကျွမ်းသည်။ သို့သော် ဟုတ်ကျင်ထံတွင် ယောက်ျားများ ပါးသွားခြင်းကား မရှိ။ အကြောင်းမူ ယုခင်ကိုယ်တိုင်က လက်ခံနေသောကြောင့် ဖြစ်သည်။ ယုခင်၏ အလိုကိုမူ အင်တူးဂမ်မပြောနှင့် ဟုတ်ကျင်ပင်လျှင် ဆန့်ကျင်ရဲခြင်း မရှိ။ ယုခင်လက်ခံထားသူကို သူတို့ မည်သို့မျှ မပြောရဲ။ တစ်ခုပဲ ရှိသည်။ ယုခင်က မနှစ်မြို့ဆိုလျှင်မူ အင်တူးဂမ် နည်းနည်းမှ လက်မနေး။

ယုခင်သည် သူမဘာသာ သူမ မည်သို့ပင် နေထိုင်သည် ဖြစ်စေကာမူ မြစ်တုံးလွယ်နှင့် အင်တူးဂမ်တို့ အပေါ်တွင်မူ ချစ်ခင်တွယ်တာခြင်း ရှိသည်။ လိုက်လျောစာနာခြင်း ရှိသည်။ အထူးသဖြင့် သူတို့၏ ချစ်ရေးကိစ္စများတွင် တတ်နိုင်သမျှ အကူအညီပေးသည်။ ဖြစ်နိုင်လျှင် သူတို့နှစ်ဦးကို နေရာချထားပေးပြီး သူမနှင့် တစ်သက်လုံး နေသွားစေချင်သည်။ သို့သော် ထိုအကြံအစည်မှာ မဖြစ်နိုင်။

အင်တူးဂမ်နှင့် မြစ်တုံးလွယ်တို့သည် ကချင်ရိုးရာဓလေ့ထုံးတမ်းအရ လက်ထပ်နိုင်သည့် အမျိုးများ မဟုတ်ကြချေ။ အင်တူးဂမ်က ယောက္ခမမျိုး (မယူ) ဖြစ်သည်။ မြစ်တုံးလွယ်က သမက်မျိုး ဖြစ်သည်။ (ဓာမ) အင်တူးဂမ်တွင် အစ်မသော် လည်းကောင်း၊ နှမသော် လည်းကောင်းရှိလျှင် ထိုအမျိုးသမီးက မြစ်တုံးလွယ်အမျိုးထဲမှ ယောက်ျားတစ်ယောက်ယောက်နှင့် လက်ထပ်နိုင်ပေသည်။ သူကမူ သူမတို့ အမျိုးထဲမှ မည်သည့်မိန်းကလေးနှင့်မျှ လက်ထပ်ပိုင်ခွင့် မရှိ။ သူတို့ကသာ ပေးရမည်။ သူတို့က ယူပိုင်ခွင့် မရှိ။

ယင်းကြောင့်ပင် အင်တူးဂမ်နှင့် မြစ်တုံးလွယ်တို့သည် ယုခင်အိမ်တွင် အတူတကွ နေကြသော်လည်း ငြိစွန်းခြင်း မရှိကြ။ သည်အတွက်မူ ယုခင်က မည်သို့မျှ မတတ်နိုင်ချေ။ သူတို့နှစ်ဦး ကိုယ့်ပြဿနာနှင့်ကိုယ် အပြင်အပမှာ လိုသည့်အခါများတွင်သာ ခွင့်ပြုနိုင်ပေမည်။

အမှန်တော့ အင်တူးဂမ်နှင့် မြစ်တုံးလွယ်တို့အဖို့သာ အိမ်ထောင်မှုကိစ္စ မလွယ်သည်မဟုတ်။ သူမ အဖို့လည်း များစွာမှ ခက်ခဲခြင်း ရှိလေသည်။

ခင်ပွန်းသည် သေဆုံးသည့်နောက်ပိုင်းတွင် သူမကို လက်ထပ်လိုသူတို့ များလှသည်။ အမျိုးမျိုး ချော့မော့ ချဉ်းကပ်ကြသည်။ သို့သော် သူတို့သည် မရခင်တွင်သာ သူမကို ဧကရီအလှဘုရင်မလို ဆက်ဆံကြခြင်း ဖြစ်သည်။ ရပြီးသည့် နောက်ပိုင်းတွင် ကချင်ကျွန်လို ဆက်ဆံကြမည်ကို သူမ သိသည်။ ယင်းကြောင့်လည်း သူမက ယခုအထိ မည်သူနှင့်မျှ အတည်တကျ အိမ်ထောင်မပြုသေးခြင်း ဖြစ်သည်။

သို့သော် သူမ၏အသက်သည် တဖြည်းဖြည်းချင်း ကြီးလာသည်။ သူမ၏ အလှသည် တဖြည်းဖြည်းချင်း လျော့ဆင်းစ ပြုလာသည်။ ကြာလျှင် သူမသည် အစေးထုတ်ပြီးသော ဘိန်းသီးခြောက်သာ ဖြစ်ရပေမည်။ ထိုအခါ သူမကို မည်သူကမျှ အသုံးပြုတော့မည် မဟုတ်ချေ။ သူမတွင် ဖြုန်းဖွေးသော အစေးကုန်ချေပြီး မဟုတ်ပါလား။

ထို့ကြောင့် သူမသည် မညှိုးခြောက်မီ အတွင်းတွင် သင့်တင့်သူနှင့် အတည်တကျ ပြုမှုသင့်မည်ဟု ယူဆမိသည်။ ထိုအခါ သူမတွင် ကြည့်စရာ လူနှစ်ယောက်ပဲ ရှိသည်။ ဟုတ်ကျင်နှင့် တန်ချိုကူး။

သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကို ရွေးရမည်။ သို့သော် ထိုနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် များစွာ ခြားနားခြင်း မရှိလှ။ နှစ်ယောက်စလုံး စီးပွားရေးသမားများ ဖြစ်ကြသည်။ ငွေကြေးအဆင့်အတန်း၊ ကြံရည်ဖန်ရည် အဆင့်အတန်းချင်း အညီအမျှလောက် ဖြစ်သည်။ သူတို့ ရဖို့အတွက်ဆိုလျှင် ဘာမဆို လုပ်မည့်သူများ ဖြစ်သည်။ သူတို့ လိုသည်ကို ရမည်ဆိုလျှင်လည်း ဘာမဆို ပေးမည့်သူများ ဖြစ်သည်။ သူတို့ မလိုချင်တော့ဘူးဆိုလျှင်လည်း ဘာမဆိုကို စွန့်ပစ်ရန် ဝန်လေးတတ်ကြသူများ မဟုတ်ချေ။

သူတို့နှစ်ယောက်စလုံးသည် သူမကိုသာ ရမည်ဆိုလျှင် သူမ ကျေနပ်သလို လုပ်ဆောင် ကြမည် ဖြစ်သည်။ သို့သော် သူမကို မလိုချင်သောအခါတွင်ကား အလွယ်တကူပင် စွန့်ခွာသွားကြမည် ဖြစ်သည်။ သူတို့၏ အကျင့်ပင် ဖြစ်သည်။ သူတို့က အလှအပကိုသာ ကြည့်ကြခြင်း ဖြစ်သည်။ သို့သော် တစ်နေ့တွင် စွန့်ပစ်ခံရမည်ကို ကြောက်နေ၍ မဖြစ်။ သေပင် သေရဦးမည် မဟုတ်လား။

ယင်းကြောင့် သူက ဤနှစ်ယောက်အနက် တစ်ယောက်ယောက်ကို ရွေးရမည် ဖြစ်သည်။ ယနေ့အထိတော့ မည်သူ့ကိုမျှ အပြတ်မရွေးသေးပေ။ နှစ်ယောက်လုံးကိုပင် လက်ခံလျက် ရှိသည်။ စျေးဆစ်လျက် ရှိသည်။ ယင်းတို့ကို သူတို့ကလည်း မသိမဟုတ်။ သိကြသည်။ သို့သော် သူတို့သည် စီးပွားရေးသမားများဖြစ်၍ တန်ရာတန်ဖိုးပေးဖို့ နားလည်သည်။ ပေးသင့်သလောက်လည်း အပြတ်ပေးကြသည်။

သူတို့နှစ်ဦးသည် စီးပွားရေးတွင် အပြိုင်ပြုသလို ယုခင်ကို ပိုင်ဆိုင်ရေးတွင်လည်း အပြိုင်ပြုကြသည်။ လင်ငင်းပေးသည်လည်း ရှိသည်။ ပေးမည်ဟု ကတိပြုသည်လည်း ရှိသည်။ ထို့ပြင် ဟုတ်ကျင်က သူ့အဖို့ ပိုင်ကွက်ဖြစ်စေရန် ယုခင်ထံသို့ သူ၏ လက်ရင်းတပည့် အင်တူးဂမ်ကို ပို့ထားသည်။ တန်ချိုကူးက မြစ်တုံးလွယ်ကို စည်းရုံးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ယခုတစ်လောတွင်တော့ သူမထံသို့ နှစ်ဦးစလုံး အလည်မလာသည်မှာ ကြာသွားပြီ ဖြစ်သည်။ တန်ချိုကူးသည် ဟုတ်ကျင် ဆဒုံးတွင် မရှိချိန်၌ ရက်မပြတ်သလောက် လာသည်။ ဟုတ်ကျင်တို့ ပြန်လာပြီဆိုသော သတင်းကြားကတည်းက ပျောက်သွားသည်။ ယနေ့အထိ တစ်ခေါက်မျှ ပေါ်မလာတော့။ အဘယ်ကြောင့် မလာသည်ကိုမူကား ယုခင် သိသည်။ တန်ချိုကူးတွင် အကြံအစည်တစ်ခု ရှိ၍ ဖြစ်သည်။ အကယ်၍ အကြောင်းထူးရှိလျှင်မူ အဘယ်သူမှတစ်ဆင့် မှာလိုက်နိုင်သည်ဟု ပြောထားသည်။ သူ ဘယ်မှာ ရှိသည်ကိုတော့ အသေအချာ မပြော။ မည်သို့ဆိုစေ ယုခင်သည် တန်ချိုကူးနှင့် မတွေ့ရသည့်အတွက် မကျေမနပ် ရှိသည်။ ရံခါတွင် သူမက တန်ချိုကူးနှင့် တွေ့ချင်သည်။ တန်ချိုကူးသည် ဟုတ်ကျင်ထက် ရုပ်ဆင်းအင်္ဂါ အနည်းငယ်သာသည်ကိုတော့ အားလုံးက ဝန်ခံရမည် ဖြစ်သည်။

ဟုတ်ကျင်ကလည်း တစ်မျိုးဖြစ်သည်။ သူ၏ လုပ်ငန်းအခြေအနေများ အဆင်ပြေနေသည့် အခါမျိုး၌ သူမကို အစွမ်းကုန် လိုက်လျောသည်။ သို့သော် သူ့တွင် ပြဿနာတစ်ခု ရှိနေပြီဆိုလျှင်တော့ သူမကို လှည့်မကြည့်တော့။ ထိုပြဿနာနောက်သို့သာ တကောက်ကောက် လိုက်နေတတ်သည်။ ယခုလည်း ဤနည်းပင်။ သူ၏ကျောက်စိမ်းများကို လက်တစ်လုံးခြား လုယက်ယူငင်သွားခြင်း ခံရသောအခါ သူသည် ယမ်းပုံမီးကျ ဖြစ်နေသည်။ သူ့ပစ္စည်းကို ယူသွားသူ မည်သူဖြစ်မည်နည်းဟု ထောက်လှမ်းလျက် ရှိသည်။ တန်ချိုကူးပင် ဖြစ်မည်ဟု သူထင်နေသည်။ သို့သော် အထောက်အထား မပိုင်။ တန်ချိုကူး ဘယ်မှာ ရောက်နေသည်ဟုပင် အပိုင်မသိ။ တန်ချိုကူး ဘာလုပ်နေကြောင်း သူ မဆုပ်ကိုင်နိုင်။ သို့ဖြင့် သူသည် မရပ်မနား ခြေရာကောက်နေသည်။ ယောက်ယက်ခတ်နေသည်။ ဆဒုံးသို့ ပြန်ရောက်ပြီးသည့် နောက်ပိုင်းတွင် သူမထံသို့ တစ်ခေါက်လာသည်။ ယင်းတစ်ခေါက်တွင်လည်း သူမကို မည်သို့မျှ အယုအယ မပြု။ သူမ၏ အလှတွင် စိတ်ပါလက်ပါ ယစ်မူးခြင်း မပြု။ သူ့ပစ္စည်း ဆုံးသည့်အတွက် ညည်းသည်။ လက်တစ်လုံးခြား လုပ်သွားသည့်အတွက် ဒေါသ ဖြစ်သည်။ ဒါပဲ ညည်းသည်၊ ဒေါသ ဖြစ်သည်။ တစ်ခုပဲ ပြောသည်။ သူမအတွက် အသွေးအရည်ကောင်းလှသော ကျောက်စိမ်းဆွဲကြိုးတစ်ကုံး ယူလာကြောင်း၊ ထိုဆွဲကြိုးလည်း တစ်ပါးသူလက်သို့ ပါသွားကြောင်း ပြောသည်။ ထိုအတွက်တော့ သူမက နမြောသား။

ယင်းသို့ဖြင့် သူမထံသို့ မည်သူမျှ မရောက်လာသည်မှာ သုံးရက်မျှ ရှိသွားပြီ။ သည်တော့လည်း သူမက ပျင်းနေသည်။ သူမထံသို့ သူတို့နှစ်ဦးအပြင် အခြားသူများ လာခဲ့သည်။ သူတို့နှစ်ဦး၏ရန်ကို ကြောက်၍ မလာရဲခြင်းလည်း ဖြစ်သည်။ သူမကိုယ်နှိုက်ကလည်း အခြားသူများနှင့် ရောနှောခြင်း မပြုလှတော့၍ ဖြစ်သည်။ ပြု၍လည်း အကြောင်းမထူးလှ။ အစေးအဆီ ခမ်းခြောက်သည်လောက်သာ အဖတ်တင်သည်။

သို့သော် ယနေ့တော့ တစ်ယောက်ယောက် လာစေချင်သည်။ မည်သူပဲ ဖြစ်ဖြစ်၊ အယုတ်အလတ် အမြတ်မရွေး၊ သူမ၏စိတ်တွင် မတည်မငြိမ်ခြင်းများ ဖြစ်နေသည်။ ယင်းကို ထိန်းရန် စကားပြောချင်သည်။ တစ်နည်းတစ်ဖုံ ပတ်သက်ထိတွေ့ခြင်း ပြုလိုသည်။

အင်တူဂမ် ထွက်သွား၍ အချိန်အတန်ကြီး ကြာသည့်တိုင် ယုခင်သည် ထိုနေရာတွင် ရပ်နေသည်။ ဟိုသည် ငေးသည်။ စိတ်လွင့်မျော လှုပ်ရှားသည်။ နောက်ဆုံးတွင် နေပျောက်ပြီဖြစ်၍ အေးမြခြင်း ရှိလာ၍ အိမ်တွင်းသို့ ဝင်ရန် ထိုနေရာမှ ခွာသည်။ လေးလေးကွေးကွေး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အိမ်တွင်းသို့ ကိုယ်တစ်ခြမ်း ရောက်ပြီးသည့်တိုင် သူမ၏မျက်စိတွင် ကျေနပ်ငြိမ်သက်ခြင်း မရှိဟန်ဖြင့် ဝဲယာစောင်းလှည့်ကြည့်သည်။ သေးငယ်သော အရိပ်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။ ရိပ်ခနဲသာ ဖြစ်သည်။ အကွေ့တစ်ခုတွင် ပြန်လည်ပျောက်ကွယ်သွားသည်။ လူလား၊ တိရစ္ဆာန်လား မကွဲပြား။ သူမထံသို့ လာသည်လား၊ အခြားတစ်ဖက်သို့ သွားသည်လား မသေချာ။ သူမထံသို့ လာမည့်သူဆိုလျှင်တော့ များမကြာမီတွင် လူဦးခေါင်းနှင့် တူသော ကျောက်တုံးကြီးအနီးမှ ပေါ်ထွက်လာရမည် ဖြစ်သည်။

စိတ်မရှည် လက်မရှည်ဖြင့် ယုခင် စောင့်ဆိုင်းသည်။ ကြာလှသည်ဟု ထင်သည်။ သို့မဟုတ် ဤမှာဘက်သို့ မလာတော့ဟု ယူဆမိသည်။ ပုံမှန်သဘောအရဆိုလျှင် ယခုအချိန်တွင် မြင်ရဖို့ ကောင်းပြီ။ လက်လျှော့တော့မည်ရှိစဉ် ကျောက်ဦးခေါင်းကြီးအနီးတွင် မည်းမည်းလှုပ်လှုပ် ရှိလာသည်။ မျက်စိနှစ်လုံးကို ကျုံ့၍ ကြည့်သည်။ တိရစ္ဆာန်မဟုတ်၊ လူတစ်ယောက် ဖြစ်သည်။ သို့သော် ထိုသူသည် တိရစ္ဆာန်တစ်ကောင်ကဲ့သို့ လေးဖက်ထောက်၍များ လာနေသလားဟု အောက်မေ့ရသည်။ နဖူးနှင့် မြေကြီး ထိမတတ် ခါးကို ကိုင်းထားသည်။ နေးကွေးယိမ်းယိုင်စွာ တက်လာနေသည်။

မည်သူနည်းဟု မသဲကွဲ။ အဝတ်အဆင်ကို ကြည့်ရခြင်းအားဖြင့် ယောကျ်ားတစ်ယောက် မှန်းတော့ သိသည်။ ကြီးသည် ငယ်သည်ကို မပြောနိုင်။ ပိန်လှီရှည်မျောသည်ကိုတော့ ပြောနိုင်သည်။ ထိုသူ၏ မျက်နှာကို မမြင်ရသဖြင့် မည်သူနည်းဟု ခန့်မှန်း၍ မရ။

တဖြည်းဖြည်းနှင့် ထိုသူ နီးကပ်လာသည်။ ထိုသူ၏ မျက်နှာကို တစ်စထက်တစ် ထင်ရှား မြင်ရသည်။ ထိုအခါ သူမ အံ့သြရသည်။ မယုံနိုင်ဖြစ်ရသည်။ ကြောင်အမ်း၍ ကြည့်နေမိသည်။

ဤသူကို သူမ ကောင်းကောင်း သိသည်။ ဤသို့ ဤသူ မလာသည်မှာ ကာလကြာပြီ။ မလာသည်မှာလည်း သူမက မျက်နှာသာ မပြု၍ ဖြစ်သည်။ သုံးလေးလမျှ ရှိပြီထင်သည်။ သို့သော် ဤအတောအတွင်းတွင် ဤမျှ ရုပ်ကျသွားနိုင်လိမ့်မည်ဟု သူမ မထင်။ နောက်ဆုံးအခေါက် လာစဉ်ကတည်းက အတော်ကလေးတော့ ပိန်ချုံးအိုစာ ဖြစ်နေပါသည်။ သို့သော် ယခုမျှလောက်တော့ မဟုတ်။ ယခုအဖြစ်ကတော့ လွန်လွန်းသည်။ လွန်ခဲ့သည့် သုံးလေးနှစ်နှင့် စာလျှင်တော့ ရွက်ညွန့်ဝေသော အပင်ပျိုနှင့် ရွက်ဟောင်းကြွေသော အပင်အိုပမာ ခြားနားလှသည်။ ဟိုစဉ်ကမူ သူသည် အသက်အရွယ် ငယ်လှသူတစ်ဦး မဟုတ်သော်လည်း သန်မာထွားကျိုင်းလှသူတစ်ဦး ဖြစ်သည်။ သူ့ကိုယ်တွင်ရှိသော အားပမာဏနှင့် မာန်အဟုန်သည် ဆင်ရိုင်းတစ်ရာ၊ ကျားဆိုးတစ်ရာ၊ ကျွဲကြမ်းတစ်ရာတို့နှင့် နှိုင်းလောက်သည်။ ထိုစဉ်အခါကမူ ဤသူသည် သူမ၏ ရင်းနီးကျွမ်းဝင်သော အပေါင်းအစပ်တစ်ဦး ဖြစ်ခဲ့သည်။ ထိုစဉ်ကတည်းကပင် သူသည် အသောက်ကြမ်းခြင်း ရှိလှသော်လည်း ဘိန်းအသုံးအစွဲ နည်းပါးလှသေးသဖြင့် ယောကျ်ားတစ်ယောက်အဖြစ် ရာနှုန်းပြည့် ဖြစ်သည်။ နောက်ပိုင်းတွင်ကား သူသည် ဘိန်းကို အလွန်အမင်း ပေါင်းဖက်ခြင်း ပြုလာသဖြင့် အားမာန်များ ပျောက်လွင့်ကုန်တော့သည်။ အစားအသောက်လည်း မမှန်၊ အနေအထိုင်လည်း မကောင်းသဖြင့် ပိန်လှီကျုံ့ကျခြင်းများ ရှိလာသည်။ အိုမင်းရင့်ရော်သူတစ်ဦးအနေနှင့် သော်လည်းကောင်း၊ နေ့ချင်းညချင်း သေတော့မည့် လူမမာတစ်ဦးလို ရှိလာသည်။ ထိုအခါမှ အစပြု၍ သူ့ကို သူမက အလေးဂရု မပြုတော့။

MMCYBERMEDIA
COMMUNITY FOR ALL

ယနေ့တွင်မှ မမျှော်လင့်ဘဲ သူ ရောက်လာသည်။ မမျှော်လင့်ဘဲ ရောက်လာသလို မထင်မှတ်သည့် ရုပ်အခြေအနေမျိုးတွင် ရှိသည်။ သူ့ကိုယ်တွင် အသားအစိုင်မရှိဘဲ အရေနှင့် အရိုးသာရှိသည်ဟု ထင်ရသည်။

ယုခင်သည် အံ့ဩခြင်း ဖြစ်မိသလို အခိုက်အတန့်အားဖြင့် စိတ်မကောင်းခြင်းလည်း ဖြစ်မိသည်။ သို့သော် သူမ၏ စိတ်မကောင်းမှုသည် ခဏမျှသာ ဖြစ်သည်။ ချက်ချင်း ပျောက်ကွယ်သွားသည်။ သူမ၏ မျက်လုံးအစုံတွင် မနှစ်မြို့သည့် အရောင်အသွေးများ ပေါ်လာသည်။ သူ၏ ကြုံလှီမှုကို မသတီ၍ပင် ဖြစ်တန်ရာသည်။

သို့ဖြင့် သူမက မာဆတ်ဆတ် မေးသည်။

"နင် ဘာလုပ်တာလဲ"

ထိုသူသည် မောပန်းနေဟန်လည်း ရှိသည်။ သူမနှင့် မပြောရဲ မဆိုရဲဟန်လည်း ရှိသည်။ အတန်မျှ နှုတ်ခမ်းလှုပ်လှုပ်ရွရွ ဖြစ်နေပြီးမှ အသံထွက်လာသည်။

"ငါ ငါ နင်နဲ့ တွေ့ချင်လို့"
"ဘာလုပ်လဲ"

အသံပြတ် ဖြစ်သည်။

"ငါ ငါ နင့်ကို ပေးစရာရှိလို့"

သူက ထိုသို့ ပြောရင်း တုန်ခါလာသောလက်ကို အိတ်အတွင်းသို့ နှိုက်သည်။ အိတ်အတွင်း၌ရှိသော ပစ္စည်းသည် အပြင်သို့ တော်တော်နှင့် ထွက်မလာဘဲ ဖြစ်သည်။ ထိုပစ္စည်းကပင် ငြိကပ်နေ၍လား။ သူ့လက်ကပင် လှုပ်ရှားဖို့ အင်အားမရှိ၍လား မပြောတတ်။

ယုခင်က စိတ်မရှည်တော့သည့် အနေဖြင့် အော်ငေါက်၍ လွှတ်တော့မည် ပြုသည်။ ထိုစဉ်မှာပင် သူ့အိတ်တွင်းမှ ပစ္စည်းသည် အပြင်သို့ တစ်ပိုင်းတစ်စ ထွက်လာသည်။ ထိုအခါ ယုခင် မျက်လုံးဝိုင်းရသည်။ အံ့ဩခြင်း တစ်ကြိမ် ဖြစ်ရသည်။

ယင်းပစ္စည်း အပြင်သို့ ဖြည်းဖြည်းချင်း ထွက်လာနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေသည်။ အသက်မရှုက်မိဘဲ ရှိသည်။ သူငယ်အိမ် မတွေ့မိဘဲ ရှိသည်။ ထို့ထက်ပြောရလျှင် ပစ္စည်းထုတ်နေသူကိုလည်း မေ့နေသည်။ ပစ္စည်းကို ကြည့်နေသော သူမကိုယ်ကိုလည်း မေ့နေသည်။ ပစ္စည်းတွင်သာ အာရုံဝင်စားနေသည်။ ယင်းပစ္စည်းကား အခြားမဟုတ်။ ရေညှိကဲ့သို့စိမ်းသော ကျောက်စိမ်းဆွဲကြိုးတစ်ကုံး ဖြစ်သည်။ သည်ကျောက်စိမ်းမျိုးကို သူမ သိသည်။ အဖိုးထိုက်တန်လှသည်။ မြရည် သို့မဟုတ် ရည်ကျောက်ဟု ခေါ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် နင် ဒါ ဘယ်က ရသလဲ"

သူမက နောက်တစ်ကြိမ် ထပ်မေးသည်။

"ငါ ဘယ်ကရရ၊ ငါ့လက်ထဲမှာရှိတာ ငါ့ပစ္စည်းပေါ့"

သည်လိုတော့လည်း သူက ပြတ်သည်။ ယခင်က ပြောဟန်မျိုးပင် ဖြစ်သည်။ ယခင်ကလောက် အသံမာခြင်း၊ ကြည်ခြင်း မရှိ။

"နင် ဒါကို ဘာလုပ်မလို့လဲ။ ငါ့ကို ရောင်းမလို့လား"

သူမက လိုချင်တပ်မက်မှုကို မဖုံးကွယ်နိုင်သည့်အနေဖြင့် မေးသည်။

"နင့်ကို ငါက ဘာပြုလို့ ရောင်းရမှာလဲ"

သူ့အသံ တိုးသော်လည်း ပီသသည်။ သူက တရုတ်စကား ကောင်းစွာ ပြောတတ်သည်။ သို့သော် သူတို့သည် တရုတ်တစ်ဝက် ကချင်တစ်ဝက် ပြောကြသည်။ ရှမ်းလည်း ညှပ်သည်။

အမျိုးသမီးက သူ့စကားကို ကြားသောအခါ မျက်နှာတစ်မျိုး ဖြစ်သွားသည်။ သူ၏ ပြတ်သားတိကျမှုကြောင့် လေးစားသည့်ဟန် အနည်းငယ် ဝင်လာသည်။

"ငါ့ကို ရောင်းပါအေး"

သူမက တောင်းပန်သည်။

"နင့်ကို ငါက ဘာပြုလို့ ရောင်းရမှာလဲ။ ဘယ်တုန်းက ရောင်းဖူးလို့လဲ။ ငါမှာရှိတာဆိုရင်၊ နင်လိုချင်တာဆိုရင် ငါ ပေးခဲ့တာပဲ မဟုတ်လား"

ထိုအခါ ယုခင်၏မျက်လုံး တောက်လက်သွားသည်။ ဝမ်းသာသည့် လေသံဟန်ပန်ဖြင့်...
"နင် တကယ်ပြောတာလား။ နင် တကယ် ငါ့ကို ပေးမှာလား"
"တကယ်ပ"
"အေး အေး၊ နင့်ကို ငါ သိပ်ကျေးဇူးတင်တယ်။ လာ လာ နင် အိမ်ထဲ မဝင်ဘူးလား။ အပြင်မှာ အေးလာပြီ"

သူမက ပြောပြောဆိုဆို ကိုယ်တစောင်း ဖယ်ပေးသည်။ သူမကို ပွတ်တိုက်၍ သူ ဝင်သည်။

"ငါ ဘာမှ မလုပ်ရသေးဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

သူက သူမ၏ အကဲကို စမ်းသည်။

"နင် ဘာအရင် လုပ်ချင်သလဲ"
"တစ်ပြောင်းလောက် အရင် တဲ လိုက်ချင်တယ်"

သူက လိုအင်ကို မဆိုင်းမတွ ပြောသည်။

ထိုအခါ အမျိုးသမီးက သူ့ကို အတွင်းသို့ တွဲခေါ်သွားသည်။ နေရာချထားသည်။ သွက်လက် လျင်မြန်ခြင်းဖြင်း သူ၏ တောင်းဆိုချက်ကို ဖြည့်သည်။

"နင် ဒါက ဘယ်ကရသလဲ"

အမျိုးသမီးက မေးပြန်သည်။ သူက စောစောကအတိုင်းပင် ဖြေသည်။

"ငါ့လက်ထဲမှာရှိတာ ငါ့ပစ္စည်းပေါ့"
"ကျောက် သိပ်ကောင်းတယ်"
"နင့်ကို နောက်ကျရင် ဒါထက် ကောင်းတာတွေ ငါ ပေးဦးမယ်"
"နင် ဘယ်ကရသလဲ"

သူ မဖြေ။

"ဟုတ်ကျင်ရဲ့ ကျောက်စိမ်းတွေ ယူသွားတာ နင် များလား"

သူ မဖြေ။

"အေး၊ နင် မဖြစ်နိုင်ပါဘူး။ ဘယ်သူမှလဲ မဖြစ်နိုင်ဘူး။ တန်ချိုကူးပဲ ဖြစ်နိုင်တယ်။ ဟုတ်ကျင်ရဲ့ ဂိုဏ်းကို ပြိုင်နိုင်တာ၊ ဟုတ်ကျင်ရဲ့ ပစ္စည်းကို ယူရဲတာ သူပဲ ရှိတယ်။ အားလုံးကလည်း သူပဲလို့ ထင်နေကြတယ်"
"နင့် တန်ချိုကူး အလကားပါ"
"နင် သိလို့လား"
"နင့် ဟုတ်ကျင်လည်း အလကားပါ"
"အေး၊ နင်ကကော"

အမျိုးသမီးက အနည်းငယ် အသံကျယ်ကျယ်ဖြင့် ပြောသည်။

"ငါက ဘာပြောရဦးမှာလဲကော။ နင့်ကို ငါ ဆွဲကြိုးတစ်ကုံး အခုပေးပြီး နောက်ကိုလည်း ပေးဦးမယ်"
"ဟုတ်ကျင်ရဲ့ ပစ္စည်းကို နင်တို့ လူစု ယူတာပေါ့"

အမျိုးသမီးက ကောက်ကာငင်ကာ မေးသည်။ သူ မဖြေ။

"ပြောစမ်းပါအေး။ နင်တို့လူစုလား။ နင် သိသလား။ နင် ပါသလား။ နင်နဲ့ ဘယ်သူလဲ။ နင်တို့ ဟိုရှမ်းမရဲ့ လူတွေလား"

သူက အမျိုးသမီးကို ငေးကြောင်၍ ကြည့်နေသည်။ အမျိုးသမီးက သူ့အနီးသို့ တိုးသွားသည်။ သူ့အပေါ်သို့ ငုံ့ကပ်သည်။ သူမ၏ နှုတ်ခမ်းကို သူ့နားအနီးတွင် ကပ်၍ တိုးညှင်းစွာ ထပ်မေးသည်။

"ဟုတ်ကျင်ရဲ့ ကျောက်စိမ်းတွေ နင်တို့ဆီမှာလား၊ ငါ့ကို ပြောစမ်းပါ ရွှေဝါ"

## အခန်း -၈၃-

ယင်းနောက် ညိုးညှသော အသံများ၊ တိုးညှင်းသော ရယ်သံများ၊ ပူနွေးသော ဖိသိပ်မှုများကြောင့် သူ အိပ်မပျော်တစ်ဝက်၊ အိပ်ပျော်တစ်ဝက် ဖြစ်သွားသည်။ ဤ စကြဝဠာတွင် အမြင့်တုံးသော၊ အထူးကဲဆုံးသော ဘုံတစ်ခုကို ရောက်ရှိသွားသည်။ ထိုတွင် အဘယ်မျှကြာသည်မသိ။ ဝုန်းခနဲ အသူရာကာယ်ချောက်ထဲသို့ လိမ့်ကျတော့မှပင် သူ လန့်နိုးသည်။

ထိုအခါ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ထိခိုက်နာကျင်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်းတို့ အစုံ ဖြစ်သည်။ မွန်းနစ်သော အာရုံတို့ လွင့်ပျက်သည်နှင့်အမျှ ကြမ်းတမ်းခက်တရော်သော စစ်မှန်ရုပ်ကို တွေ့ရသည်။

လေးလံသော မျက်ခုံးစုံကို သူ ဖွင့်ကြည့်သည်။ မှုန်ဝါးခြင်းကို တွေ့ရသည်။ မပီသမှုကို အရိပ်များ ကွဲပြားလာသည်။ သူတို့သည် သူ့ကို ဝိုင်းဝန်း ထိုးကြိတ်နေကြသည်။ ကန်ကျောက်နေကြသည်။ အရေအတွက် မည်မျှမှန်း သူ မသိသလောက်ထက် များသည်ကို သိသည်။ နှစ်ယောက် မကသည်ကို သိသည်။

သုံးယောက်ထက်လည်း ကျော်လွန်သည်။ အို အများကြီး။

ဟိုဘက်နံစောင်းကိုလည်း ကန်သည်။ သည်ဘက် ခြေသလုံးကိုလည်း တုတ်နှင့် ဆတ်သည်။ ဆံပင်ကို ဆွဲဆောင့်သည်လည်း ရှိသည်။ တစ်ယောက်က ပါးကို တဖျပ်ဖျပ် ရိုက်သည်။ ထိုမျှမက ဆူညံသောအသံများလည်း ကြားရသည်။ ဘာတွေမှန်းတော့ မသိ။

နာကျင်ဖန်များလာသောအခါတွင်ကား ငိုက်မြည်းခြင်း၊ ထုံထိုင်းခြင်းတို့ လျှိုးနက်ဘိတော့သည်။ အချို့သော မျက်နှာများကို သူ မြင်ဖူးသည်ဟု မှတ်မိလာသည်။ အနည်းငယ် စဉ်းစားလိုက်လျှင် မည်သူတွေမှန်း သိတော့သည်။ သူတို့အသံများကိုလည်း ကျက်မှတ်မိသလို ရှိလာသည်။ စကားလုံးများ ကွဲပြားလာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပထမဆုံး သူ သိရှိနားလည်သော စကားလုံးမှာ ယုခင် ဖြစ်သည်။

သည်တော့မှ သူ သတိပြုမိသည်။ သူ့အပါးတွင် ယုခင် မရှိ။ ယုခင်၏ အဝတ်အထည်နှင့် အသုံးအဆောင်များ ပြန့်ကြဲနေသည်။

"ဟော့ကောင်၊ ယုခင် ဘယ်သွားလဲ"

သူ့ခေါင်းရင်းမှ လူတစ်ယောက်က မေးသည်။ သူ ခေါင်းခါသည်။ ထိုအခါ ထိုသူက သူ၏ခေါင်းကို နာနာမွှေ့ပြီး ထပ်မေးသည်။

"နင် သိရမယ်။ နင် ပြောရမယ်။ ယုခင် ဘယ်သွားသလဲ"
"ငါ မသိဘူး"

သူ ကျယ်ကျယ်ပြောသည်။ သို့သော် သူ့အသံသည် သူ ထင်သလောက် မကျယ်။ သူ့လည်ချောင်းများ ခြောက်ကပ်ကွဲအက်နေသည်။

"နင် နင် ရွှေဝါ မဟုတ်လား"

သူက မေးသူကို ပြူးကြောင် မော့ကြည့်သည်။ ထိုသူကို သူ သိသည်။ ဟုတ်ကျင်၏ လက်ရုံးတစ်ယောက် ဖြစ်သည်။ အမည်တော့ စဉ်းစားမရ။

"နင် နင် အင်္ဂလိပ်တွေကို ကြောက်လို့ မိုးကောင်းက ထွက်ပြေးလာတဲ့ ရှမ်းပုပ် မဟုတ်လား"

ဒေါသဖြင့် သူ ဝုန်းခနဲ ထသည်။ သူ သေသည် မဟုတ်သေး။ သူ့တွင် သိက္ခာနှင့် မာန ရှိသေးသည်။ အထူးသဖြင့် သည်လို လားဆွဲသမား၊ သူခိုးဓားပြများကို စော်ကားမော်ကားသည်ကို သူ မခံနိုင်။ ဟိုတုန်းကဆိုလျှင် သည်ကောင်တွေ သူ့ကို လည်ညောင်း၍မျှ မော်ကြည့်ရဲသူများ မဟုတ်ကြ။

သူ၏ ရုတ်တရက် လှုပ်ရှားမှုကြောင့် ခြေရင်းဘက်မှ လူတစ်ယောက်၏ မေးကို ခြေဖြင့် ခတ်မိသွားသည်။ သူ့လက်တစ်ဖက်ဖြင့် ဆောင့်ဆွဲမှုကြောင့် ဟုတ်ကျင်၏ လက်ရုံးလူ ကိုယ်ဟန်ပျက်၍ လဲကျလာသည်။ တစ်ပြိုင်တည်းမှာပင် တစ်ဖက်ဘေးမှ လည်ပင်းတစ်ခုကို လက်ဝါးစောင်း ခုတ်လိုက်သည်။ "အရို့" ဟူသော ညည်းသံ ထွက်ပေါ်လာသည်။

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သို့သော် ခဏမျှသာ ဖြစ်သည်။ တစ်ယောက်နှင့် အများ ဖြစ်သည်။ သူတို့က သူ့ကို ဝိုင်းချုပ်လိုက်ကြသည်။ တစ်ယောက်က သူ့ဗိုက်ပေါ် ခွထိုင်သည်။ သူ ရုန်းသည်။ မရတော့။ သူ့တွင် ယခင်ကလို ဗိုလ်ခြေတစ်ထောင်၏ အင်အားမျိုး မရှိတော့။ လှုပ်လီယဲ့ယဲ့သာ ဖြစ်တော့သည်။

"ဝက်မသား ရှမ်းပုပ်။ နင်က တို့ကို အံ့တုလို့ ရမလား။ နင့်အူကို ထုတ်ပြီး ဝက်အူချောင်း လုပ်စားမယ်"

ဗိုက်ပေါ်မှလူက ကြိမ်းသည်။

"ပြောစမ်း ရှမ်းပုပ်။ ယုခင် ဘယ်မလဲ။ ယုခင် ဘယ်သွားလဲ"

သူက တုဏှိဘာဝေ။

"စောစောက နင်နဲ့ ယုခင် နစ်ယောက်တည်း မဟုတ်လား။ နင်တို့ ဘာပြောသလဲ။ နင်တို့ ဘာလုပ်သလဲ"

သူက ခေါင်းပင် မခါတော့။ ဗိုက်ပေါ်မှ လူကိုသာ ပုစွန်မျက်လုံးဖြင့် ကြည့်နေသည်။ ထိုအခါ သူတို့က သူ့ကို ရိုက်ကြ နက်ကြပြန်သည်။ သူ အံ့သြသည်။ ယုခင် ဘယ်သွားသနည်း။ ဟုတ်ကျင်တို့ လူစုက ယုခင်ကို အဘယ်ကြောင့် အခုလို သဲကြီးမဲကြီး မေးရှာနေကြသနည်း။ ထိုအဖြေကို မကြာမီ သူ သိရသည်။ သူတို့သည် အကန်အကျောက်ရပ်၍ အမေးအစမ်း ပြုပြန်သည်။

"ငါတို့ ကျောက်စိမ်းတွေ ဘယ်မှာ ထားသလဲ"

သည်တော့မှ သူ မျက်လုံးပြူးသည်။ စောစောက သူက ကျောက်စိမ်းကိစ္စကို မေ့နေသည်။ ယုခင်ကိုသာ စဉ်းစားနေသည်။ ယခုမှ ဟုတ်ကျင်တို့လူစု ပျောက်သွားသော ကျောက်စိမ်းများနောက်ကို လိုက်နေကြောင်း သူ သတိရသည်။ သူ့ကိုယ်သူ အပြစ်တင်သည်။ သူ ဤမျှ မေ့တတ်ရသလား။ သည်လောက်ကလေးမှ ဆက်စပ်စဉ်းစားတတ်ခြင်း သူ့တွင် မရှိတော့ပြီလား။

သူ အမူအရာပျက်သွားသည်ကို သူတို့ ရိပ်မိသည်။ ထို့ကြောင့် သူတို့ ဖိ၍ မေးသည်။

"ဝက်ပုပ်မရဲ့ လည်ပင်းမှာ ကျောက်စိမ်းဆွဲကြိုးတစ်ကုံး နင် မြင်သလား"

သူ့ပါးစပ်တွင် စေးထန်းခြင်း ဖြစ်နေသည်။ ထိုအခါ ဗိုက်ပေါ်မှ လူက သူ့ခေါင်းကို ဆွဲထောင်၍ တစ်နေရာသို့ ပြသည်။ လူတစ်ယောက် လဲနေသည်။ သွေးအိုင်ထွန်းနေသည်။ ထိုသူ၏ ဗိုက်တွင် ဓားမြှောင်တစ်ချောင်း စိုက်နေသည်။ ယုခင်၏ ဓားမြှောင်မှန်း သူ သိသည်။ ဆင်ဆွယ်ရိုးတပ်၍ ငွေနားကွပ်ထားသည်။ သို့သော် အမိပ္ပာယ်ကိုမူ သူ နားမလည်။ ထိုလူကို ဘယ်သူ သတ်သနည်း။ ယုခင်ပင် သတ်သလား။ မည်သည့်အချိန်တွင် သတ်သနည်း။

"တွေ့လား။ တို့လူတစ်ယောက်ကို ဝက်ပုပ်မက သတ်သွားတယ်။ ကောင်မကတော့ သေပြီဆိုပြီး ထားသွားတာပဲ။ ဒါပေမဲ့ တို့ရောက်လာတော့ သူ စကားပြောနိုင်သေးတယ်။ ကောင်မရဲ့ လည်ပင်းမှာ ကျောက်စိမ်းကြိုး ရှိတယ်တဲ့။ အဲဒီကြိုးဟာ တို့ဆီက ဝက်မသားတွေ လုသွားတဲ့ ကြိုးပဲ။ အဲဒါ နင် ဘာသိသလဲ။ နင် ဒီကို ဘယ်အချိန်က ရောက်သလဲ။ နင့်ကို သူ ဘယ်သွားမယ် ပြောသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

သူက ပါးစပ် မဖွင့်။

"နင် သိရမယ်။ သူ့ကို တွေ့လိုက်တဲ့လူဟာ နင် နောက်ဆုံးပဲ။ ငါတို့လူ ရောက်လာတဲ့ အချိန်မှာ နင်နဲ့ ဝက်ပုပ်မ ကမြင်းနေကြတယ်။ အဲဒါ ဘာသဘောလဲ။ ဝက်ပုပ်မက နင့်လို ရှမ်းပုပ်ကို ဘာလို့ ပလူးရတာလဲ"

သူ အားသွန်၍ ရှန်းသည်။ မရ။

"ဝက်ပုပ်မက တန်ချိုကူးဆီ သွားတာ မဟုတ်လား။ နင့်ကို လိုက်ပို့ခိုင်းတာ မဟုတ်လား။ နင်က လူဆီ၊ ဘိန်းဆီယစ်ပြီး ကျန်ရစ်ခဲ့တာ မဟုတ်လား။ တို့လူ ချောင်းနေတာကို ဝက်ပုပ်မက သိသွားပြီး၊ ဓားနဲ့ ထိုးသတ်ပြီး တစ်ယောက်တည်း လစ်ပြေးတာပဲ။ ငါပြောတာ ဟုတ်လား။ ဝက်ပုပ်မ တန်ချိုကူးဆီ သွားတာ မဟုတ်လား။ ငါတို့ ကျောက်စိမ်းတွေကို တန်ချိုကူးယူတာ မဟုတ်လား။ အဲဒီထဲမှာ နင်တို့ လူစု ဘယ်လိုပါသလဲ။ တန်ချိုကူးဆီက ဘိန်းဈေးရအောင် ကူလီ လုပ်ကြသလား"

သူ ရှန်းပြန်သည်။ သူ့ကို ထိုးကြိတ် ကန်ကျောက်ကြပြန်သည်။ သည်တစ်ချီတွင်တော့ သူတို့ အပြင်းအထန် ပြုကြသည်။ သူ သတိမလစ်တစ်ချက် လစ်တစ်ချက် ဖြစ်ရသည်။ စောစောကလို အမြင့်ဘုံတွင် နစ်မွန်းရခြင်း မဟုတ်။ အနိမ့်ဘုံတွင် မူးမိုက်ရခြင်း ဖြစ်သည်။

သူတို့ချင်းချင်း ပြောသံများ ကြားရသည်။ သူတို့က ယုခင်နှင့် တန်ချိုကူး တစ်ကျိတ်တစ်ဉာဏ်တည်းဟု ဆိုကြသည်။ မိမိတို့လူစု ပါတန်ရာသည်ဟု ခန့်မှန်းရသည်။ လောလောဆယ် တန်ချိုကူးတို့စခန်းကို ဝိုင်းရမည်။ ထို့နောက် မိမိတို့စခန်းကို ဝိုင်းရမည်ဟု ဆိုသည်။ ထို့နောက် သူတို့ ထွက်သွားကြသည်။

ဤတွင် မောင်ရွှေဝါ အားတင်းသည်။ မူးခနဲ၊ မိုက်ခနဲ ဖြစ်သွားသည်များကို စိတ်ဓာတ်အင်အားဖြင့် ခံပြီး လူးလွန့်ရွေ့လျားသည်။ တစ်ပတ်ချင်း လှိမ့်သွားသည်။ သူ့စိတ်ထဲတွင် မှတ်မိတာ တစ်ခုရှိသည်။ အခန်းထောင့်တွင် အရက်အိုးရှိသည်။ ထိုသို့ရောက်ရန် အရေးကြီးသည်။

နောက်ဆုံးတွင် အရက်အိုးသို့ သူ ရောက်သွားသည်။ အရက်အိုးကို လက်နှစ်ဖက်ဖြင့် ဆွဲလှဲသည်။ ဖိတ်စဉ်ကျသည်။ သူ့ပါးစပ်တွင်းသို့ ရောက်သည်။ သည်တော့မှ သူ့သွေးများ လှည့်ပတ်လှုပ်ရှားစ ပြုလာသည်။ အရက်အိုးကို ဘေးစောင်းလဲသည်အထိ ဆွဲလှဲသည်။ လက်ခုပ်ဖြင့် နှိုက်ယူခပ်သောက်သည်။ တစ်လက်ခုပ်ပြီး တစ်လက်ခုပ်။ သူ့မျက်နှာပေါ်သို့ လက်ကြားမှ အရက်များ ယိုကျသည်။ သွေးများကို ဆေးကြောပြီး ဖြစ်သည်။ ပွန်းပဲ့ရာများ စပ်သည်။ ထိုအခါတွင် သူ့တွင် လှုပ်ရှားအား ပိုကောင်းလာသည်။ အဆက်အစပ်ပြု၍ စဉ်းစားနိုင်လာသည်။ သူတို့ ယုခင်ကို ရှာကြမည်။ တွေ့လျှင် သတ်ကြမည်။ သူတို့ တန်ချိုကူးစခန်းကို ဝိုင်းမည်။ တိုက်ပွဲဖြစ်ကြမည်ဆိုက အရေးမကြီး။ သို့သော် ယုခင်သည် တန်ချိုကူး၏လူ စစ်မှန်ပြီး တန်ချိုကူး၏ စခန်းကို ရောက်သွားပါမူ ဟုတ်ကျင်တို့လူစုသည် တန်ချိုကူးတို့ကို တွေ့ရတော့မည် မဟုတ်ပေ။

MMCYBERMEDIA
COMMUNITY FOR ALL

တန်ချိုကူးတို့ လူစုသည် မိမိတို့စခန်းကို ရောက်နေပေလိမ့်မည်။ ဟုတ်ကျင်တို့၏ ကျောက်စိမ်းများကို လုယူသူများသည် မိမိတို့လူစု ဖြစ်ကြောင့် ယုခင် သိသွားလေပြီ။ ယခုလောက်ဆိုလျှင်ပင် မိမိတို့လူစုသည် ဗိုင်းဝန်းတိုက်ခိုက်ခြင်းကို သော်လည်းကောင်း၊ ချောင်းမြောင်းသတ်ဖြတ်ခြင်းကို သော်လည်းကောင်း ခံနေရလောက်ပြီး ဟုတ်ကျင်တို့ လူစုကလည်း တန်ချိုကူးတို့ကို သူတို့စခန်းတွင် မတွေ့သောအခါ မိမတို့ စခန်းသို့ သွားကြပေလိမ့်မည်။

မောင်ရွှေဝါသည် စိုးရိမ်ပူပန်စိတ်ကြောင့် ပို၍ အားပြည့်လာသည်။ နေရာမှ ထသည်။ ခေါင်းမူးသေးသည်။ ကိုယ်လက်များ နာကျင်တောင့်တင်းနေသည်။ သို့သော် သူ့ကြောင့် သူ့လူများ ဒုက္ခရောက်ရတော့မည်ဟူသော အသိကြောင့် ထိုနေရာမှ တစ်ဟုန်ထိုး ပြေးသည်။ အတန်ငယ်ပြေးမိပြီးမှ သူ့လက်တွင်းတွင် ဘာလက်နက်မှ မရှိကြောင်း သိ၍ ယုခင်အိမ်သို့ ပြန်ပြီး သေဆုံးနေသူ၏ ခုနစ်လက်မဓားမြှောင်ကို နုတ်သည်။ လက်နက်လည်း ဖြစ်စေ၊ ယုခင်၏ ပစ္စည်းဖြစ်၍ အမှတ်တရလည်း ရှိစေ။

ညသည် မှောင်မဲခြင်း၊ အေးမြခြင်း အပြည့်ရှိသည်။ နင်းပွင့်များ အနံ့အစပ် ပိတ်နေသည်။ သို့သော် သူသည် ဥတုရာသီဆိုးကို ဖောက်ထွင်းဖူးပေါင်း များလေပြီ။ သည်လမ်း သည်တောင်များအကြောင်းလည်း အလွတ်ရထားပြီး ဖြစ်သည်။

တစ်တောင်ကျော်ပြီး တစ်တောင်ဆင်းသည်။ တစ်တောင်ဆင်းပြီး တစ်တောင်တက်သည်။ တစ်ချောင်းကူးပြီး တစ်ချောင်းဖြတ်သည်။ သူ့တွင် အားအင်များ အဘယ်သို့ ရှိလာသည်ကို အံ့သြသည်။ ဒေါနှင့် မာန်ကြောင့်ပင် ဖြစ်မည်ဟု သူ အကြမ်းဖျဉ်း စဉ်းစားမိသည်။

သူတို့စခန်းနှင့် တစ်တောင်လောက် အလိုမှာပင် သေနတ်သံများ ကြားရသည်။ တိုက်ပွဲ ဖြစ်နေကြလေပြီ။ သေနတ်သံ ထွက်ပေါ်မှု အကွာအဝေးကို ချင့်တွက်ခြင်းအားဖြင့် အနီးကပ် ပစ်ခတ်နေကြကြောင်း သူ သိသည်။ မကြာမီ လူတွေ ရောထွေးကုန်တော့မည်။ ထိုအခါ တိုက်ပွဲသည် အဆုံးအဖြတ်ကာလသို့ ရောက်ချေမည်။ တစ်ဖက်က ရှုံး၍ တစ်ဖက်က နိုင်ပေတော့မည်။ မိမိတို့လူစု ရှုံး၍ ပြုတ်ပြုတ်ပြုန်းသွားခဲ့လျှင်။

စောစောကထက် အားနစ်ဆသွန်၍ သူ ပြေးသည်။

သူ့လက်မှ ဓားမြှောင်သည် ညာသံ ပေးနေသည်။

## အခန်း -၈၄-

သူတို့လူစုတွင် အားလုံးပေါင်း လူ ဆယ့်တစ်ယောက်သာ ကျန်တော့သည်။ တစ်ယောက်လည်း အရေအတွက်သာ ပါသည်။ ကိန်းပြည့်၊ အချိန်ပြည့်၊ အရည်အချင်းပြည့် စာရင်းသွင်းနိုင်သည် မဟုတ်။ ယခုလည်း သူ မရှိ။ ညနေစောင်းကတည်းက ပျောက်သွားသည်။ ထိုသူကား အခြားမဟုတ်။ မောင်ရွှေဝါပင်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့ဖြင့် သူတို့သည် အရေးကြီးသော ပြဿနာတစ်ရပ်ကို ဆုံးဖြတ်ရမည့်အခါတွင် လူ ဆယ်ယောက်သာ ရှိနေသည်။ ဤတွင် တစ်ယောက်က ပြဿနာ၏ ကာယကံရှင် ဖြစ်နေသည်။ သို့ဖြင့် တကယ် အဆုံးအဖြတ် ပြုကြရမည့် ဦးရေမှာ ကိုးယောက်သာ။

ဆုံးဖြတ်ရမည့် အကြောင်းအရာကလည်း အခြား မဟုတ်။ လူတစ်ယောက် လျော့သွားရဦးမည့် ပြဿနာ ဖြစ်သည်။ သည်တစ်ယောက် လျော့သွားပြန်လျှင် သူတို့တွင် ကိန်းမပြည့်။ သူနှင့်မှ ဆယ်ယောက်သာ ရှိတော့သည်။ သည်လိုနှင့်ပင် တတိတိ ပြုန်းတီးတော့မည့် အန္တရာယ်သည် သူတို့ကို ခြောက်လှန့်လျက် ရှိသည်။

ဤသို့ အကြောင်းအမျိုးမျိုးကြောင့် တစ်ယောက်ပြီးတစ်ယောက် လျော့ထွက်သဖြင့် သူတို့လူစုသည် ဆယ်နစ်အတွင်းတွင် လူဆယ်ယောက်မျှ ဆုံးရှုံးသွားရပြီး ဖြစ်သည်။ သုံးယောက်က ဖျားနာ၍ သေသည်။ တစ်ယောက်က မိန်းမမှုနှင့် ပတ်သက်ပြီး ခိုက်ရန်ကြောင့် သေရသည်။ သုံးယောက်က အိမ်ထောင်ကျပြီး ပြောင်းရွှေ့သွားသည်။ တစ်ယောက် တစ်ရွာစီ။ နှစ်ယောက်က ထွက်ပြေးသည်။ ထို ထွက်ပြေးသူ နှစ်ယောက်တွင် တစ်ယောက်က အဆင်းရဲ အပင်ပန်း မခံနိုင်တော့သဖြင့်။

သူ့အကြောင်းနှင့်သူဖြစ်၍ မည်သို့မျှ မပြောသာ။ သေသည် ဆိုမှတော့လည်း ဘာမှ မတတ်နိုင်။ ထွက်ပြေးသည့်ကိစ္စကိုလည်း မတားနိုင်။ လက်ထပ်ရေးကိစ္စ ဆိုပြန်တော့လည်း လူမှုရေးကိစ္စ ဖြစ်နေ၍လည်းကောင်း၊ တစ်ဖက်မိန်းကလေးကို ထောက်ညှာရ၍ လည်းကောင်း မတားနိုင်ကြ။ လက်ထပ်ဖို့ အသိပေးသည့်အချိန်တွင် မိန်းကလေးမှာ ကိုယ်လေးလက်ဝန် ရှိနေပြီ ဖြစ်သည်။

ယခု ကိစ္စမှာလည်း လက်ထပ်ရေးကိစ္စ ဖြစ်သည်။

ညပိုင်း သူတို့လူစု မီးဖိုဘေးတွင် ဝိုင်းမိကြသည့် အချိန်တွင် ကောက်ရက သူ့ပြဿနာကို ဆိုင်းမဆင့် ဗုံမဆင့် တင်သည်။ သူနှင့်ယူမည့် မိန်းကလေးသည် ကိုယ်ဝန် လေးငါးခြောက်လ ရှိနေပြီ ဖြစ်သည်။ ထိုမိန်းကလေးကို သူတို့အားလုံး သိသည်။ ခင်မင်သည်။ မိန်းကလေးက ရိုးသား၍ သနားဖွယ်ရာ ဖြစ်သည်။ မိဘဆွေမျိုး မရှိ။

သို့သော် ဤတစ်ကြိမ်တွင်တော့ သူတို့လူစုသည် ဤလက်ထပ်ရေးကိစ္စကို အလွယ်တကူ ခွင့်မပြုကြ။ ကောက်ရနှင့် ထိုမိန်းကလေးကို သဘောမတူ၍ မဟုတ်။ မသက်ညှာ၍ မဟုတ်။ သူတို့လူစု တတိတိနှင့် လုံးပါးပါးရမည့် အခြေအနေကို အလေးအနက် ဆင်ခြင်စဉ်းစားမိကြ၍ ဖြစ်သည်။

"အခုကိစ္စကို ကျွန်မ မပြောချင်ဘူး။ ဒါပေမဲ့ အခုကိစ္စနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ ပြဿနာတစ်ခုကို ကျွန်မ ပြောမယ်။ အားလုံး စဉ်းစားကြပါ။ ကျွန်မတို့ဟာ တစ်ခက်ကျိုး တစ်ကိုင်းပဲ့ တစ်ရွက်လွင့်နဲ့ သစ်ဝတ်တိုကြီးဘဝကို ရောက်ကြရတော့မယ်။ နောက်ဆိုရင် အငုတ်တိုတောင် ကျန်တော့မှာ မဟုတ်ဘူး။ အမြစ်ပါ ပြတ်သွားလိမ့်မယ်။ ကျွန်မတို့ဟာ အခု အခု ကလေးတွေကို မကြည့်ဘဲ နောက်ကို တမျှော် ရှေ့ကို တမျှော် ကြည့်ကြစမ်းပါ"

MMCYBERMEDIA
COMMUNITY FOR ALL

မဖျိုင်းဖြူ၏ အသံသည် အိုမင်းသွားခြင်း မရှိ။ အရင်လိုပင် ကြည်လင်ပြတ်သား နေသည်။ အားလုံးက ဲစိုက်လျက်ရှိသည်။ ကာယကံရှင်ဖြစ်သူ ကောက်ရသည် မီးတောက်ကိုဖြတ်၍ မဖျိုင်းဖြူကို ကြည့်နေသည်။

"ကျွန်မတို့ဟာ ဟိုလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် တစ်ဝိုက်ကဆိုရင် အင်ကြီးအားကြီးပဲ။ နယ်ရှင်ပယ်ရှင်တွေကိုလည်း တိုက်ခဲ့တယ်။ ဘုရင်ကိုလည်း တိုက်ခဲ့တယ်။ အင်္ဂလိပ်တပ်တွေကိုလည်း တိုက်ခဲ့တယ်။ တိုက်တာမှ တစ်နေ့တစ်ရက် မဟုတ်ဘူး။ နှစ် လ နဲ့ချီပြီး တိုက်ခဲ့ကြတယ်။ ကျွန်မတို့ဆိုရင် ချင်းတွင်းကတည်းက တိုက်ခဲ့တာနဲ့ဆိုရင် နှစ်အစိတ်လောက် ရှိပြီ။ ဒီလိုကနေ ကျွန်မတို့ဟာ တိုက်ရင်းတိုက်ရင်းနဲ့ အင်အားကြီးတဲ့ ရန်သူကို မဖြိုနိုင်ဘဲ ကာလကြာလာတော့ တတိတိ ပွန်းတီးလာခဲ့ကြတယ်။ နောက်ဆုံးမှာ ကျွန်မတို့ဟာ ဒီနယ်စပ်ကို ဆုတ်လာကြရတယ်။ ရှောင်လာကြရတယ်"

အမျိုးသမီးက စကားကို ရပ်၍ လူတွေကို အကဲခတ်သည်။ စိတ်ဝင်စားစွာ နားထောင်နေကြကြောင်း သိမှ ဆက်ပြောသည်။

"ကျွန်မတို့ ဒီကိုလာတုန်းကတော့ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေနဲ့ပဲ။ ဒီမှာ အားပြန်ဖြည့်ပြီး ရန်သူကို တိုက်ကြဖို့ပဲ။ တရုတ်ပြည်က အကူအညီရရင်လည်း ယူဖို့ပဲ။ ဒါပေမဲ့ ကျွန်မတို့ မျှော်လင့်လာတာ တစ်ခုမှ မဖြစ်ဘူး။ တရုတ်ပြည်ကလည်း ဘာအကူအညီမှ ထိထိရောက်ရောက် မရဘူး။ ဒါလည်း သူတို့ကို အပြစ် မတင်ပါဘူး။ သူတို့မှာကလည်း သူတို့ပြဿနာနဲ့ သူတို့ကိုး။ ကျွန်မတို့ကို သူတို့ရဲ့နယ်မှာ ခိုခွင့်ပေးတာပဲ ကျေးဇူးတင်ပါပြီ။ ကျွန်မတို့ အားဖြည့်ဖို့ဆိုတာလည်း အားမပြည့်တဲ့အပြင် အားလျော့သွားတယ်။ ဒါကလည်း ဘယ်သူကမှ လုပ်တာ မဟုတ်ဘူး။ ကျွန်မတို့ဘာသာ ကျွန်မတို့ လုပ်တာပဲ။ ကျွန်မတို့ လူတွေက ဒီကျတော့ ဘာလုပ်ကြသလဲ။ အရက်သောက်တယ်။ ဘိန်းစားတယ်။ မိန်းမကိစ္စ လိုက်ကြတယ်။ တချို့ကတော့ ပုထုဇဉ်တို့သဘာဝ ချစ်လို့ ကြိုက်လို့ ညားကြတာပါပဲ။ တချို့ကတော့ သက်သက်မှောက်မှားတာပဲ။ ပျက်စီးတာပဲ။ လူတွေမှာ စည်းလုံးမှု မရှိတော့ဘူး။ ရဲစွမ်းသတ္တိ မရှိတော့ဘူး။ ဇာတိမာန် မရှိတော့ဘူး။ တချို့က ကိုယ့်ဒေသ ပြန်ပြောင်းကြတယ်။ ရန်သူဆီမှာ ဒူးထောက်ကြတယ်။ တချို့ကလည်း ဒီမှာပဲ အိမ်ထောင်ပြုပြီး အခြေစိုက်ကြတယ်။ တချို့ကတော့ ဒီလိုပဲ ဖျားရင်း ခိုက်ရန်ဖြစ်ပွားရင်းနဲ့ သေရောပဲ။ ဘကြီးမုံးတို့၊ မောင်ကြီးရွှေနီတို့ ပြန်တုန်းက ကျွန်မတို့ တစ်ခါတည်း ပြန်သွားကြရင် သိပ်ကောင်းမယ်။ သေလည်း ကိုယ့်မြေပေါ်မှာ ကိုယ်သေရမယ်။ အခုတော့ ဘာမှန်း မသိဘူး။ ဆယ်နှစ်အတွင်း လူဆယ်ယောက် လျော့သွားပြီ။ ဘယ်ရန်သူနဲ့မှလည်း မတိုက်ရဘူး။ ဒီလိုသာနေသွားရင် ဘယ်တော့ကော ဘယ်ရန်သူနဲ့ တိုက်နိုင်မှာလဲ"

အမျိုးသမီးက မေးခွန်းထုတ်ရင်း စကားကို အဆုံးသတ်သည်။ တစ်ဦးစီ၏ မျက်နှာကို လိုက်ကြည့်သည်။ မည်သူကမျှ ဘာမှ မပြော၍ အမျိုးသမီးက ဆက်ပြောသည်။

"တစ်လောကပဲ လူတစ်ယောက် လျော့သွားတယ်။ အဲဒါကတော့ ဖိုးဗျော့ပဲ။ ဒါပေမဲ့ ဖိုးဗျော့ ထွက်ပြေးတာဟာ သတ္တိနည်းလို့ မဟုတ်ဘူး။ သတ္တိရှိလို့။ သူက ရန်သူကို အရှုံးပေးရအောင် ပြန်သွားတာ မဟုတ်ဘူး။ ရန်သူကို သူ့နည်းနဲ့သူ တိုက်ဖို့ ပြန်သွားတယ်ဆိုတာ ကျွန်မ သိတယ်။ ဟော အခု ကိုကောက်ရ ပြဿနာ ပေါ်လာပြန်ပြီ။ အရင်တုန်းကဆိုရင်တော့ ဒီကိစ္စ လွယ်လွယ်ကလေး ပြီးသွားမှာပဲ။ သူတို့ချင်း

MMCYBERMEDIA
COMMUNITY FOR ALL

သဘောတူလို့ ယူတာ ယူကြတာပေါ့။ ကျွန်မတို့ ဘာပြောစရာ ရှိသလဲ။ ဒါပေမဲ့ အခု ပြောနေရတာက ဒီနည်းနဲ့ဆိုရင် ကြာရင် သစ်ငုတ်တိုတောင် ကျန်တော့မှာ မဟုတ်ဘူး။ အခုက သစ်ငုတ်တိုအဖြစ်တော့ ရှိသေးတယ်။ ရေသောက်မြစ် ရှိသေးတယ်။ ရေသောက်မြစ် ရှိနေတယ်ဆိုရင် သစ်ငုတ်တိုကနေ အညွှန့်အခက် ပြန်ပြီး ဝေလာနိုင်တယ်။ အဲဒါ အားလုံး စဉ်းစားကြပါ။ အခု ကျွန်မတို့ ဘာလုပ်ကြမလဲ"

တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ မည်သူ ပြောမည်နည်းဟု ဖြစ်သည်။ နောက်ဆုံးတွင် ကောက်ရက ထသည်။ မရဲတရဲ မေးသည်။

"ကျုပ် ဘာလုပ်ရမလဲ"

"ကျုပ် ဘာလုပ်ရမလဲဆိုတာ အားလုံး ဘာလုပ်ရမယ်ဆိုတာပေါ်မှာ တည်တယ်"

ယင်းသို့ မဖျိုင်းဖြူ ပြောသောအခါ ကောက်ရ တုန်သွားသည်။ ကပျာကရာ ထိုင်သည်။ သို့သော် ချက်ချင်း ပြန်ထပြီး ကတုန်ကယင် မေးပြန်သည်။

"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ကြမှာလဲ"

"ဒါကို ပြောကြပေါ့။ အားလုံး ပြောကြပေါ့။ ဘယ်သူမှ မပြောကြဘူးလား။ ကျွန်မ ပြောရမလား"

သည်တွင်မှ အားလုံးကပင် သူမကို ပြောရန် အဆိုပြုကြသည်။ တစ်ယောက်ကသာ အနည်းငယ် ကွန့်သည်။

"ကျုပ်တို့အားလုံးက သခင်မကလေးရဲ့ လူတွေပဲ။ သခင်မကလေးက သေဆိုသေ ရှင်ဆိုရှင်မယ့် လူတွေပဲ။ ကျုပ်တို့ ဒီမှာ အခုထိ နေနေကြတာကိုက သခင်မကလေးကြောင့်ပဲ။ ကျုပ်တို့ဟာ ဗိုလ်မှူးရွှေနီတို့ ပြန်ကတည်းက ပြန်ချင်ကြတာပဲ။ သခင်မကလေးက ဗိုလ်မှူးရွှေဝါ မပြန်သေးဘူးလို့ ပြောလို့ပါ"

ထိုသူကို မဖျိုင်းဖြူ စိန်းစိန်း ကြည့်သည်။ ထိုသူ မျက်လုံးချင်း မဆိုင်ရဲ၍ ခေါင်းငုံ့သည်။ ဤအခါ မဖျိုင်းဖြူ ပြောသည်။

"ဟုတ်ပါတယ်။ ကိုကျွဲခင်ပြောတာ ဟုတ်ပါတယ်။ ဒီမှာ ရှိကြတဲ့ လူတွေအားလုံးဟာ ကျွန်မကို ခင်ကြလို့ လေးစားကြလို့ ဆိုတာ ကျွန်မ သိပါတယ်။ မောင်ကြီးရွှေနီတို့နဲ့ မလိုက်ဖြစ်တာလဲ ကျွန်မကြောင့် ဆိုတာ ဟုတ်ပါတယ်။ မောင်ကြီးရွှေဝါကြောင့် ဆိုတာလည်း ဟုတ်သလောက် ဟုတ်ပါတယ်။ အားလုံးလည်း သိကြပါတယ်။ မောင်ကြီးရွှေဝါဟာ ကျွန်မရဲ့ ကျေးဇူးရှင်အသက်သခင်ပါ။ နောက်ပြီးတော့ မောင်ကြီးရွှေဝါဟာ တစ်ချိန်က အင်မတန်တော်တဲ့ တပ်မှူးကောင်း တစ်ယောက်ပါ။ ကျွန်မအနေနဲ့ သူ့ပေါ်မှာ သံယောဇဉ်ရှိခဲ့ပါတယ်။ သူပျက်စီးနေတာကို ပစ်မထားခဲ့ချင်ပါဘူး။ တတ်နိုင်သမျှ ပြုပြင် ထိန်းသိမ်းချင်စိတ် ရှိပါတယ်။ သူ့ကို မိန်းမတစ်ယောက်က စောင့်မျှော်နေတယ်ဆိုတာလည်း တစ်ဆင့်စကား တစ်ဆင့်နား သိထားကြပါလိမ့်မယ်။ အဲဒီ မိန်းမဟာလည်း ကျွန်မရဲ့ ညီမဆိုရင် ဟုတ်ပါတယ်။ အဲဒီမိန်းမရဲ့ မေတ္တာကို ကျွန်မ လေးစားပါတယ်။ အဲဒီမိန်းမ စိတ်ဆင်းရဲတာကိုလည်း ကျွန်မ မကြည့်ချင်ပါဘူး။ ဒါပေမဲ့ ဒါတွေက အခုတော့ ပြီးပါပြီ။ ကျွန်မရဲ့ စေတနာတွေဟာ တစ်ခုမှ

MMCYBERMEDIA
COMMUNITY FOR ALL

အကျိုးမထင်နိုင်ပါဘူး။ အဆိုးသာ ဖြစ်ချင် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခုတော့ ကျွန်မ သံယောဇဉ် ဖြတ်လိုက်ပါပြီ။ မောင်ကြီးရွှေဝါ သူ့ထိုက်နဲ့သူပဲ ရှိပါစေတော့။"

အားလုံး ငြိမ်နေသည်။

"ကျွန်မ ပြတ်ပြတ်နဲ့ ရှင်းရှင်းပဲ ပြောပါ့မယ်။ ကျွန်မတို့ အခု တစ်ရက်နှစ်ရက်အတွင်း ဒီကျောက်စိမ်းတွေကို နယ်စပ် ဟိုဘက်ကို ပို့ပြီးရင် မြေပြန့်ကို ပြန်ကြမယ်။ ကျွန်မပြောတာ ဟုတ်ရဲ့လား"
"ဟုတ်ပါတယ်"

ပြိုင်တူ အော်ကြသည်။ ကောက်ရ ထသည်။

"ကျုပ် ဘာလုပ်ရမလဲ"
"ဘာလုပ်ချင်သလဲ"

မဖျိုင်းဖြူက တုံ့ပြန် မေးသည်။

"ကျုပ် သူ့ကို ခေါ်ခဲ့ချင်တယ်"
"ဘယ်သူ့ကိုလဲ"
"ကျုပ်ယူမယ့် မိန်းမကိုပေါ့"
"သူက လိုက်မှာတဲ့လား"
"ကျုပ် ပြောရမှာပ။ သူဟာ မိဘဆွေမျိုး မရှိတော့ လိုက်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ တကယ်လို့ မလိုက်လည်း မတတ်နိုင်ဘူးပ"

ထိုသို့ပြောသော် အားလုံး စိတ်မကောင်း။ မဖျိုင်းဖြူလည်း စိတ်မကောင်း။ ယင်းကြောင့် မဖျိုင်းဖြူ ပြောသည်။ သူမ၏အသံတွင် သက်ညှာစာနာမှု အပြည့်ပါသည်။ ဝေဒနာတစ်ရပ်ကို သူမကိုယ်တိုင် ခံစားနေရသည့်ပမာ ပြောသည်။

"ကောင်းပြီ၊ ကျွန်မပြောမယ်။ သူ လိုက်မယ်ဆိုရင် ခေါ်ခဲ့ပါ။ ဒါမှမဟုတ်လို့ သူ မလိုက်ဘူး၊ ဒါကြောင့် ကိုကောက်ရ ဒီမှာ နေရစ်ချင်တယ် ဆိုရင်လည်း နေရစ်ခဲ့ပါ။ ကျွန်မတို့ မတားကောင်းပါဘူး။ အားလုံးကို ခွင့်ပြုခဲ့ပြီးမှာ ကိုကောက်ရ ကျမှ တားရတယ်ဆိုရင် မတရားပါဘူး။ နောက်ပြီးတော့ ဒါဟာ နောက်ဆုံး အကြိမ်လည်း ဖြစ်ပါတယ်။ နောင်ကို ဘယ်သူမှ ဒါမျိုးဖြစ်စရာ မလိုတော့ပါဘူး။ ကျွန်မတို့အားလုံး ပြန်ကြတော့မှာကိုး။ ဒီနေရာမှာ ကျွန်မ ထပ်ပြောပါဦးမယ်။ ကျွန်မတို့ အခု ပြန်ကြမှာက ရန်သူဆီမှာ အောက်ကျို့ဖို့ မဟုတ်ဘူး။ ကိုယ့်ရပ်ကိုယ့်ဒေသမှာ အခြေစိုက်ပြီး၊ အင်သစ်အားသစ်စုပြီး ရန်သူကို သေတဲ့အထိ ပြန်တိုက်သွားကြဖို့ပဲ။ ဟုတ်ရဲ့လား။ အားလုံး ဟုတ်ရဲ့လား"
"ဟုတ်ပါတယ်"

ကိုကျွဲခင် မေးပြန်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဗိုလ်မှူးရွှေဝါ ကိစ္စကော"

"ကျွန်မ ပြောပြီးပါပြီ၊ သူ့သဘောနဲ့သူပါ။ သူ့ထိုက်နဲ့ သူ့ကံပါ။ သူလိုက်နိုင်လည်း လိုက်ပါစေ။ သူ နေရစ်ချင်လည်း နေရစ်ပါစေ။ ကျွန်မတို့က ပြန်ကြဖို့ပါပဲ။ ဟုတ်ရဲ့လား"

အားလုံးက ဟုတ်ကြောင်း ပြောသည်။ သူတို့၏ ရှေ့တွင် အနာဂတ် ရှိလာသည်။

ကောက်ရသည် အရက်တစ်ကျိုက် သောက်ပြီးနောက် ဂူပြင်သို့ ထွက်သွားမည် ပြုသည်။ မဖျိုးဖြူ လှမ်းမေးသည်။

"ဘယ်ကိုလဲ"

"သူ့ကို သွားပြောမလို့"

မဖျိုးဖြူ ဘာမှ မပြောတော့။ သူကလည်း မဖျိုးဖြူ၏ အပြောကို စောင့်မနေတော့။ လျင်မြန်သော ခြေလှမ်းတို့ဖြင့် ဂူထဲမှ ထွက်သွားသည်။ မဖျိုးဖြူလည်း ဆာလောင်ခြင်း ရှိသဖြင့် မဖျိုးညိုကို စားစရာတစ်ခုခု လုပ်ပေးရန် ပြောသည်။ ကောက်ညှင်းပေါင်းနှင့် ကြောင်သားခြောက်အကင်ကို ဆိုလိုခြင်း ဖြစ်သည်။

မဖျိုးညို သွက်လက်စွာ ထသည်။ ရေနွေးကြမ်း တစ်ပန်းကန်ကို ငှဲ့ပေးသည်။ ထို့နောက် ကောက်ညှင်းပေါင်းနှင့် အသားကင်ယူရန် အတွင်းဘက်သို့ ဝင်သည်။

ထိုစဉ်တွင်...

အပြင်ဘက်မှ ဆူညံသံများ ကြားရသည်။ လုံးထွေးသတ်ပုတ်သံ ဖြစ်သည်။ ဓားနှင့် နှစ်ချက်ခုတ်သံကို ပီပီပြင်ပြင် ကြားရသည်။ သူတို့စိတ်ထဲတွင် ကောက်ရတော့ ကျားသစ်တစ်ကောင်နှင့် တွေ့နေပြီဟု ထင်သည်။ အကူအညီပေးရန် ပြင်ကြသည်။ ဓားဆွဲသူက ဆွဲ။ လှံယူသူက ယူ။ သေနတ်ကိုင်သူက ကိုင်။ ထိုသို့ ပြင်ဆင်နေကြချိန်မှာပင် အပြင်ဘက်မှ ပြေးလာသံ ကြားရသည်။ သူတို့ ပြေးထွက်သည်။ သေနတ်သံနှစ်ချက် ကြားရသည်။ သူတို့ မျက်လုံးပြူးသွားသည်။ ဂူဝတွင် ကောက်ရနှင့် တွေ့သည်။ ကောက်ရ၏ဓား သွေးစွန်းနေသည်။ ကောက်ရ အမောတကော ပြောသည်။

"ရန်သူတွေ၊ ရန်သူတွေ"

"ဘယ်က ရန်သူတွေလဲ"

မဖျိုးဖြူ မေးသည်။ ကျန်လူများအားလုံး ဂူဝတွင် နေရာယူပြီး ရှိကြသည်။ နောက်ထပ် သေနတ်သံ မကြားရ။ မည်သည့်ရန်သူမျှလည်း မတွေ့ရ။ သူတို့ဂူသည် ကျောက်တစ်ဝက် မြေတစ်ဝက် တောင်ငယ်တစ်ခု၏ ခါးလယ်လောက်တွင် ရှိသည်။ သူတို့ရှိသော တောင်ကမ်းပါးယံသည်သာ အတက်အဆင်း ကောင်းသည်။ အခြားဘက်များသည် အတက်အဆင်း ခက်သည်။ ယင်းကြောင့် သူတို့ ဤနေရာကို ရွေးချယ်ခြင်း ဖြစ်သည်။ ထို့နောက် ဂူကလည်း ကျယ်သည်။ အထဲတွင် အခန်းငယ်များ ဖွဲ့ထားသကဲ့သို့ ဥမင်ငယ်များ အသွယ်သွယ်ရှိသည်။ ပစ္စည်းထားရန် နေရာရှိသည်။ နှစ်ဦးတစ်တွဲ၊

MMCYBERMEDIA
COMMUNITY FOR ALL

သုံးဦးတစ်တွဲ အိပ်ရန် ရှိသည်။ အားလုံး စုဝေးနိုင်ရန် နေရာကျယ်ကြီးတစ်ခု ရှိသည်။ ထိုထက်ပို၍ ကောင်းသည်က ဂူဝ ဖြစ်သည်။ မိုးလေလုံသည်။ ဂူဝတွင် ကမူငယ်များ၊ ကျောက်တုံးကြီးများရှိ၍ ကတုတ်များ၊ ရင်တားများသဖွယ် အကာအကွယ် ရှိသည်။ လွယ်လွယ်နှင့် ရန်သူ မရောက်လာနိုင်။ ဂူဝတွင် ကင်းတစ်ယောက် အမြဲချထားသည်။ ဤကြားထဲမှ အဘယ်ရန်သူက သူတို့ ဂူဝသို့ ရောက်လာရသနည်း။

"ဘယ်က ရန်သူတွေလဲ"

ကောက်ရ ရုတ်တရက် မဖြေသဖြင့် မဂျိုင်းဖြူ ထပ်မေးသည်။

"မသိဘူး။ ကျုပ် အပြင်ထွက်သွားတော့ ကျုပ်ကို လူနှစ်ယောက်က ဘေးနှစ်ဖက်ကနေ ဖြန်းခနဲ ခုန်အုပ်တယ်။ ကျုပ် နားဆတ်ပေလို့သာပ။ ကျုပ် နားထဲမှာ ချွတ်ခနဲ ကြားလိုက်လို့ ကြည့်လိုက်တော့ မျက်စိထောင့်နှစ်ဖက်စလုံးမှာ ရိပ်ခနဲ မြင်ရတယ်။ မြင်တာနဲ့ တစ်ပြိုင်နက် သူတို့ ကျုပ်အပေါ် ရောက်လာတာပဲ။ ကျုပ် လျင်ပေလို့သာပ။ နို့မို့ရင် ကျုပ်သေပြီ"

"အခု သူတို့ ဘယ်မှာလဲ။ လွတ်သွားသလား"

"ဘယ်လွတ်မလဲ။ ကျုပ် အသေခုတ်ပြီး ဒီကို ပြန်ဆုတ်ခဲ့တာ"

"သေနတ်က ဘယ်သူပစ်တာလဲ။ သူတို့က ပစ်တာလား။ သူတို့တော့ ဟုတ်မယ်မထင်ဘူး။ အသံဝေးတယ်"

"ကျုပ်တို့ လုံးထွေးနေတုန်း အောက်ဘက်က လှမ်းပစ်တာ။ ဒီကောင်တွေက ကင်းနဲ့ တူပါတယ်။ ရန်သူတပ်မက အောက်မှာ ရှိရမယ်"

"နေပါဦး။ ရန်သူတွေ ရန်သူတွေနဲ့ ပြောနေတယ်။ ဘယ်က ရန်သူတွေလဲ။ ကိုယ်နဲ့တိုက်ရတဲ့ လူကို နည်းနည်းမှ အမှတ်မထားမိဘူးလား"

ကောက်ရ နည်းနည်းစဉ်းစားသည်။ ပြီးမှ...

"တရုတ်တွေနဲ့ တူတယ်"

"ဟုတ်ကျင်တို့ လူတွေလား"

"မပြောတတ်ဘူး"

ယင်းအခိုက် သေနတ်သံတစ်ချက် ပေါ်လာသည်။ သည်ဘက်မှ ပစ်ခြင်း ဖြစ်သည်။

"ဘယ်သူ ပစ်တာလဲ"

"ကျုပ်"

"ဘာပစ်တာလဲ"

"အောက်ဘက်က အသံကြားလို့"

"မသေချာဘဲ မပစ်နဲ့။ ဘယ်နည်းနဲ့မှ ရန်သူတွေ အရမ်းတက်မလာရဲဘူး။ အနားရောက်လာမှ သေချာမှ ပစ်"

သူမက အမိန့်ပေးသည်။ ထို့နောက် သူမအနီးတွင်ရှိသော ကောက်ရနှင့် မဂျိုင်းညိုကို ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကိုကောက်ရ ခုတ်ခဲ့တဲ့ ရန်သူနှစ်ယောက်ကို သွားကောက်ချည်ကြပါ။ ကျုပ်တို့ရန်သူ ဘယ်သူဆိုတာ သိမှ ကျုပ်တို့ ဘယ်လိုတိုက်ရမယ်ဆိုတာ သိမယ်"

ကောက်ရနှင့် မဖျိုင်းညို ထွက်သွားသည်။ မဖျိုင်းညိုသည် ယခုအခါ အသက်လေးဆယ်ကျော်ပြီ ဖြစ်သော်လည်း သန်မာဆဲ ဖြစ်သည်။ မဖျိုင်းဖြူက သူမ လူများကို အနည်းငယ် နေရာပြင်ဆင်ချထားသည်။

မကြာမီ ကောက်ရ ဓားဖြင့် ခုတ်ခဲ့သူနှစ်ဦးကို ကောက်ရနှင့် မဖျိုင်းညိုတို့ ဆွဲယူလာကြသည်။ ဂူတွင်းသို့ ယူသွားပြီး မီးရောင်တွင် စစ်ဆေးကြည့်သည်။ တစ်ယောက်မှာ ပွဲချင်းပြီး သေဟန်ရှိသည်။ လည်ပင်းပြတ်လုတဲတဲ ရှိသည်။ တစ်ယောက်မှာ မသေသေး။ ခေါင်းကို ခုတ်မိခြင်း ဖြစ်သည်။ ထိုသူက ရေတောင်းသည်။ မဖျိုင်းဖြူက ရေခပ်ခဲ့ရန် ပြောသည်။ သို့သော် ရေကျည်တောက်ကို လူနာအား ပြရုံသာ ပြသည်။ မပေးချေ။ မေးရန် ရှိသေး၍ ဖြစ်သည်။

"နင် ဘယ်သူ့လူလဲ။ မှန်မှန်ပြော။ ဟုတ်ကျင်လူလား"

ထိုသူ ခေါင်းခါသည်။

"နင် ဘာညာတာလဲ"

ကောက်ရ ရိုက်မည်ပြုသည်။ မဖျိုင်းဖြူ တားရသည်။

"ဒါဖြင့် နင် ဘယ်သူ့လူလဲ"

မဖျိုင်းဖြူက ရေကျည်တောက်ကို သူ့ပါးစပ်နားတွင် ရစ်ဝဲ၍ ထားရင်း မေးသည်။

"တန်ချိုကူး"
"နင် ဘာညာတာလဲ။ သေသွားမယ်"

ကောက်ရ ကြိမ်းပြန်သည်။

"နေစမ်းပါ ကိုကောက်ရ။ ကျွန်မ မေးပါ့မယ်"

မဖျိုင်းဖြူက အမိန့်သံနှင့် ပြောပြီး ဒဏ်ရာရသူကို ဆက်လက် စစ်ဆေးသည်။

"တန်ချိုကူးက တို့ကို ဘာလုပ် တိုက်တာလဲ"

သူက မဖြေသေးဘဲ ရေတောင်းသည်။ မဖျိုင်းဖြူက သူ့ပါးစပ်ထဲသို့ ရေအနည်းငယ် လောင်းချလိုက်သည်။ ရေလျှံကျသည်။ ထိုသူ ခေါင်းယမ်းခါသည်။ ရေကို အလောတကြီး မျိုချသည်။ အနည်းငယ် နားပြီးမှ အဖြေပေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့ဆီမှာ ဟုတ်ကျင်ရဲ့ ကျောက်စိမ်းတွေ ရှိတယ်"

သူတို့ သုံးယောက်စလုံး မျက်လုံးပြူးသွားသည်။

"နင်တို့ ဘယ်လိုသိသလဲ"
"ယုခင် ပြောတယ်"
"ယုခင် ဘယ်လိုသိလဲ"
"နင်တို့ လူတစ်ယောက် ပြောတယ်"
"ဘယ်သူလဲ"
"ရွှေဝါ"

ကောက်ရ ထိုင်ရာမှ ထသည်။ သူ့မျက်လုံးတွင် ဒေါသအခိုးများ လျှံနေသည်။ မဖျိုင်းဖြူလည်း ဒေါသကို မထိန်းနိုင်ဟန် ရှိသည်။ အသံတုန်တုန်ဖြင့် မေးသည်။

"အခု အဲဒီလူ ဘယ်မလဲ"
"ဘယ်သူလဲ"
"မောင်ကြီး ရွှေဝါ"

ထိုသူ ခေါင်းခါသည်။

"နင်တို့ သတ်ပစ်လိုက်ပလား"
"ငါ မသိဘူး"
"အေး၊ သတ်ပစ်လိုက်လည်း ကောင်းပါတယ်။ အဲဒီ ယုခင်ဆိုတဲ့ ကောင်မကော"
"တန်ချိုကူး စခန်းမှာ"
"အေး၊ သူ့ကိုလည်း သတ်ရမယ်။ မောင်ကြီးရွှေဝါကို ဖျက်ဆီးတဲ့အထဲမှာ သူလည်း ပါတယ်"

ယင်းအခိုက်တွင် အပြင်ဘက်မှ လှုပ်လှုပ်ရွရွ ဖြစ်သံများ ကြားရသည်။ သူတို့ သုံးယောက်စလုံး ပြေးထွက်သွားသည်။

"ဘာဖြစ်တာလဲ"

မဖျိုင်းဖြူမေးသည်။ သူ့ကို မည်သူကမျှ ဖြေနေရန် မလိုတော့။ မည်သို့ဖြစ်သည်ကို သူမကိုယ်တိုင် မြင်ရသည်။ တောင်ခြေတွင် မီးတုတ် သုံးလေးခု မြင်ရသည်။ မီးတုတ်များ အထက်သို့ တရွေ့ရွေ့ တက်လာသည်။

"မပစ်ကြနဲ့ဦး"

MMCYBERMEDIA
COMMUNITY FOR ALL

သူမက အမိန့်ပေးသည်။ သေနတ်တစ်ကမ်း မထောက်မီသေး၍ ဖြစ်သည်။ မီးတုန်များ တက်လာသည်ကို သူတို့ သတိကြီးစွာဖြင့် ကြည့်နေကြသည်။

ထိုအခိုက် သူတို့နောက်ဘက်တွင် လှုပ်ရှားသံ ကြားရသည်။ ကောက်ရနှင့် စောစောက ဒဏ်ရာရသောသူ ဖြစ်သည်။ ကောက်ရသည် မီးတုတ်များကို ကြည့်နေရာမှ ဂူတွင်းသို့ ပြန်စောင်းကြည့်လိုက်သော် ဒဏ်ရာနှင့် လဲနေသူ လှုပ်ရှားသည်ကို ရိပ်ခနဲ မြင်ရသည်။ ထိုသူနှင့် မလှမ်းမကမ်းနံရံတွင် လှံတစ်ချောင်း ရှိသည်။ ထိုသူ လှံကို ဆွဲသည်အထင်ဖြင့် ကောက်ရသည် သူ့လက်ထဲမှ ဓားကို အသွားအလယ်မှ ကိုင်၍ လှံလျှင်သဖွယ် ပစ်လွှတ်လိုက်သည်။ ထိုသူ ဤတွင်မှ ပွဲချင်းပြီးသည်။ မဖျိုင်းဖြူ သွား၍ စစ်ဆေးကြည့်ရှုသောအခါ ထိုသူမှာ လှံကို ဆွဲယူသည် မဟုတ်။ သူမ ပစ်ချထားခဲ့သော ရေကျည်တောက်ကို ဆွဲယူခြင်းသာ ဖြစ်သည်။ သူ၏ လက်တစ်ဖက်သည် ရေကျည်တောက်ပေါ်တွင် ရှိနေသည်။ သို့သော် ကောက်ရကိုလည်း အပြစ်မတင်သာ။ ဤကိစ္စမျိုးတွင် လက်နေးက လက်နေးသူသာ ခံရမည် ဖြစ်သည်။

သူတို့သည် သေဆုံးသူနှစ်ဦးကို တောင်ပေါ်မှ လှိမ့်ချလိုက်သည်။ ထိုအချိန်တွင် မီးတုတ်နှင့် တက်လာသော ရန်သူများသည် သေနတ်တစ်ထောက်အတွင်းသို့ ရောက်လာပြီ ဖြစ်သည်။ သူတို့က ပစ်မည်ပြုစဉ်တွင် သူတို့ထံသို့ မီးတောက်မြားများ ရောက်လာသည်။ ထိုသည်နှင့် တစ်ပြိုင်နက်တည်း သူတို့ကို ဘေးနှစ်ဖက်မှ သေနတ်များဖြင့် ဝိုင်းပစ်သည်။

သူတို့က မီးတုတ်များကို ဂရုပြုနေစဉ် ရန်သူအချို့သည် ဘေးနှစ်ဖက်မှ ပန်း၍ တိတ်တိတ်ဆိတ်ဆိတ် ခက်ခက်ခဲခဲ တက်လာကြခြင်း ဖြစ်သည်။ တစ်ယောက် နှစ်ယောက်သည် သူတို့ အထက်ဘက်တွင် ရောက်နေသည်။

သို့ဖြင့် သူတို့သည် လေးဖက်လေးတန်စလုံးသို့ ပြန်လည် ပစ်ခတ် တိုက်ခိုက်ကြရသည်။ ရန်သူများ ရှေ့မတိုးနိုင်ရှိသော်လည်း နောက်သို့လည်း မဆုတ်ကြချေ။ ရောက်ရာနေရာတွင် အကွယ်အကာယူ၍ ရပ်စွဲထားကြသည်။ ထိုမှ တရစပ် ပစ်ခတ်ကြသည်။ သူတို့ကလည်း ရန်သူများ ရှေ့တိုးမလာအောင်သာ ပစ်နေရသည်။ ဂူနှင့် ဝေးဝေးသို့ ထွက်၍ မတိုက်နိုင်ဘဲ ရှိသည်။

ဤနည်းဖြင့် တိုက်ပွဲအခြေအနေ တန့်နေသည်။ သို့သော် ရန်သူများသည် သူတို့ထက် လူအင်အားသာသည်ဖြစ်၍ တစ်ကြောင်း၊ သူတို့ကို ဝိုင်းဝန်းထားမိသည်ကြောင့် တစ်ကြောင်း၊ သူတို့ထံမှ ကျောက်စိမ်းများကို မဖြစ်မနေ ရယူလို၍တစ်ကြောင်း တိုက်ပွဲအခြေအနေသည် ကြာရှည်စွာ တန့်မနေဘဲ မကြာမီအတွင်း အခြေအနေပို၍ ဆိုးရွားလာနိုင်သည်ကို မဖျိုင်းဖြူ ကောင်းကောင်း တွက်မိသည်။

## အခန်း -၈၅-

တောင်ခြေသို့ သူ ရောက်သွားသောအခါတွင် သေနတ်သံများ အနည်းငယ် ပြတ်တောင်း သွားသည်။ နှစ်ဖက်စလုံးမှ တိုက်ပွဲနည်းပရိယာယ်ပြောင်းရန် ကြံစည်နေကြဟန် ရှိသည်။ သို့သော်

MMCYBERMEDIA
COMMUNITY FOR ALL

လှုပ်ရှားမည်ထင်ရာ အသံသဲ့သဲ့ကြားရာသို့ကား တစ်ချက်ချင်း လက်ဖြောင့်ပစ်ခတ်လျက် ရှိကြသည်။ ခြောက်လုန့်ပစ်ခတ်လျက် ရှိကြသည်။

သူက တောင်ခြေတွင် ခေတ္တမျှ ရပ်တန့်၍ တိုက်ပွဲအခြေအနေနှင့် တိုက်ပွဲပုံသဏ္ဍာန်ကို အကဲခတ်သည်။ သူရောက်ရှိနေရာသည် ရန်သူနောက်ပိုင်း စက်ဝန်းအတွင်း၌ ဖြစ်သည်။ သူသည် ဇောမာန်တက်လွန်းနေသောကြောင့် ဤနေရာသို့ ရောက်သည်အထိ ရပ်နားစူးစမ်းဖြင်းမရှိ တိုးဝင်ခဲ့သည်။ စောစောက ကြားရသော သေနတ်သံများအရ ရန်သူနောက်တန်းနှင့် အတန်ဝေးသေးသည်ဟု ထင်၍ ဖြစ်သည်။ သို့သော် ထိုနေရာသို့ သူရောက်ပြီး မကြာမီတွင် သူ၏ လက်ယာဘက် လေးငါးလှမ်းမျှသော အကွာမှ သေနတ်သံ ပေါ်ထွက်လာသည်။ သူက မျက်လုံးပြူးသွားသည်။ သို့သော် ရန်သူသည် သူ့ကို သတိထားမိဟန် မရှိချေ။ သူ၏ လှုပ်ရှားသံများကို ကြားသည့်တိုင် သူတို့ထဲမှ လူတစ်ဦးဟုသာ အမှတ်မထင် တွက်ဆထားဟန် ရှိသည်။

တိုက်ပွဲပုံသဏ္ဍာန်မှာလည်း သူထင်ထားသလို မဟုတ်ချေ။ သူတွက်ဆသည်က အောက်ခြေမှ ပေါ်ထွက်သော သေနတ်သံသည် ရန်သူ။ အထက်ဘက်မှ ဆင်းလာသော သေနတ်သံသည် သူတို့။ သို့သော် လက်တွေ့ကား ယင်းသို့ မဟုတ်ချေ။ အောက်ခြေက ရန်သူမှန်သော်လည်း အထက်ကမူ သူတို့ချည်း မဟုတ်။ သူတို့က အလယ်တွင် ရှိနေသည်။ အထက်မှ ဆင်းလာသော ကျည်ဆန်တချို့ အောက်သို့ ဆင်းမလာဘဲ တောင်ခါးလယ်သို့ စိုက်ဝင်သွားသည်။

ထိုအခါ သူ့မှာ စိုးရိမ်ခြင်းကြီးစွာ ဖြစ်ရသည်။ သူတို့ကို ရန်သူများက လေးဖက်လေးတန်မှ ဝိုင်းထားကြသည်။ သို့သော် ဂူဝသို့ရောက်သော် ရုတ်တရက်ကြီး မတိုးနိုင်ကြ။ သူတို့လူစုကလည်း ထွက်တိုက်နိုင်သည့် အင်အားမရှိ။ ယင်းကြောင့် သေနတ်သံများ ပြတ်တောင်းသွားကြခြင်း ဖြစ်သည်။ သို့သော် ထိုသို့ ပြတ်တောင်းရခြင်းမှာ နောက်ထပ် တိုက်ပွဲပုံစံသစ်တစ်ခု စရန်ဖြစ်ကြောင်း သူ တွက်မိသည်။ မည်သည့်ဘက်က မည်သို့ ကြံစည်နေကြကြောင်း သူ မသိနိုင်။ ရန်သူများသည် ကုန်သည် တစ်စိတ်တစ်ဒေသ၊ လမ်းခါးပြ တစ်စိတ်တစ်ဒေသနှင့် ကြေးစားစစ်စား တစ်စိတ်တစ်ဒေသများ ဖြစ်ကြ၍ တိုက်ပွဲအတွေ့အကြုံ ရင့်သည်။ သူတို့ဘက်တွင်လည်း သမ္ဘာရင့်သူများ ဖြစ်ကြသည်။ ကွပ်ကဲသူသည် အမျိုးသမီးတစ်ဦး ဖြစ်သော်လည်း တိုက်ပွဲပရိယာယ် ကြွယ်လှသည်။ ဥပါယ်များသည်။

မည်သို့ရှိစေ၊ လောလောဆယ် သူလုပ်အပ်သည်က ရန်သူကို ထွင်းဖောက်၍ သူတို့နှင့် ပေါင်းမိရန် ဖြစ်သည်။

ယခုအတိုင်းဆိုလျှင် သူ့အနေနှင့် ရန်သူများကို ထွင်းဖောက်သွားရေးမှာ ခက်ခဲလှသည် မဟုတ်ပေ။ သူက တောချောင်းသလို ခြေသံလုံလုံ ထိန်းရန်ပင် လိုမည် မထင်ချေ။ သူ၏ လှုပ်ရှားမှုကို ရန်သူများက သူတို့၏ လှုပ်ရှားမှုဟုပင် တွက်ပေမည်။ သို့သော် ပက်ပင်းတိုးသော ရန်သူများကိုမူ သူက လက်ဦးရမည် ဖြစ်ပေသည်။ ယင်းအပြင် တိုက်ရင်း ထိုးဖောက်သည်က အကောင်းဆုံး မဟုတ်လား။ တစ်ခုပဲ ရှိသည်။ တိတ်တိတ်ဆိတ်ဆိတ်နှင့် ကိစ္စပြီးမြောက်ရမည် ဖြစ်သည်။

သို့ဖြင့် ပထမဆုံး သူ လုပ်ရမည်က သူ၏ လက်ယာဘက် လေးငါးလှမ်းကွာမှ ရန်သူကို သုတ်သင်ရန် ဖြစ်သည်။ သူ သွားရမည့် လမ်းကြောင်းသည် ထိုသူ၏ အနီးမှ ဖြတ်သွားရမည် ဖြစ်သည်။

MMCYBERMEDIA COMMUNITY FOR ALL

ဤလမ်းကြောင်းသည် အနည်းငယ် ခက်ခဲလေသည်။ ဂူသို့ရောက်ရန် အနီးဆုံးလမ်း ဖြစ်သည်။ ထိုသူထံမှ နောက်ထပ် သေနတ်သံ ထွက်ပေါ်လာခြင်း မရှိ။ သို့သော် လှုပ်ရှားသံလည်း မကြားရသဖြင့် ထိုနေရာမှာပင် ထိုသူ ရှိနေသေးကြောင်း သေချာသည်။

လေးဖက်တွား၍ သူ တက်သွားသည်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်း။ အကွာဝေးကိုမှ ချင့်တွက်သည်။ ရန်သူနှင့် လက်တစ်ဆစ်ခန့် အကွာသို့ ရောက်နေပြီ ဖြစ်သည်။ သို့သော် ရန်သူကို မတွေ့ရ။ သူက နင်းထုကို ထွင်းဖောက်၍ ကြည့်သည်။ သည်အနားတွင် ကျောက်နံရံ ရှိသည်။ ရန်သူရှိလျှင် ထိုကျောက်တုံးအနီးမှာပင် ရှိရမည်။ သူ့အချင့်အတွက် မမှန်၍လား။ နောက်တစ်လှမ်း တိုးရဦးမည်လား။ မတော်တဆ ရန်သူ့အပေါ် ကားယားခွမိက မလိုအပ်သည့် အသံတွေ ပေါ်ထွက်ကုန်မည်။ သူက မကျေနပ်၍ ရှေ့တည့်တည့်နှင့် ဘေးနှစ်ဖက်ကို သေသေချာချာ ကြည့်သည်။ မည်းမည်းရေးရေး မတွေ့ရ။

သူက ရှေ့တစ်လှမ်းတိုးရန် ဆုံးဖြတ်လိုက်သည်။ အားထုတ်သည်။ ထိုတွင် မြေအနိမ့်အမြင့်ကြောင့် ကိုယ်ဟန်အနည်းငယ် ပျက်သွားပြီး နောက်သို့ ယိုင်သွားသည်။ သူ့လက်တစ်ဖက်က နောက်ဘက်တွင်ရှိ အမာအကျောတစ်ခုနှင့် ထိခတ်မိသည်။ သူက အလန့်တကြား လှည့်ကြည့်သည်။ သူဖွေရှာသော ကျောက်တုံးသည် သူ၏နောက်ဘက်တွင် ကပ်လျက် ရှိနေသည်။ သူ့ကိုယ်သူ အသံထွက်၍ မကျိန်ဆဲမိစေရန် မနည်းကြီး သတိထားထိန်းချုပ်ရသည်။ ယခုမှတော့ မတတ်နိုင်တော့။ သူက နောက်သို့လှည့်၍ ကျောက်တုံးကို ကြည့်သည်။ ကျောက်တုံးသည် သူမြင်နေကျထက် နှစ်ဆ ဖြစ်နေသည်။

ယင်းက ရှင်းသည်။ ကျောက်တုံးတွင် ရန်သူ ပုန်းကပ်နေခြင်း ဖြစ်သည်။ ခဏချင်းမှာပင် လူနှင့် ကျောက်တုံးကို သူ ခွဲခြားနိုင်သည်။ ဤမျှ နီးကပ်နေလျက်နှင့် ရန်သူက သူ့ကို မည်သို့မျှ မပြောခြင်း မပြုခြင်းမှာ သူ့ကို သူတို့လူဟု တွက်နေဟန်တော့ မဟုတ်တန်ရာ။ မမြင်မသိဆိုရအောင်လည်း မျက်စိရော နားရော ကွယ်ထိုင်းနေမှ။ သို့မဟုတ် သူတို့ဘက်က ပစ်လွှတ်လိုက်သော ဒူးလေးမြားတံ ထိမှ။ သို့မဟုတ် အိပ်ပျော်နေမှ။

ဟုတ်သည်။ အိပ်ပျော်နေခြင်း ဖြစ်နိုင်သည်။ ရိုးရိုးအိပ်ပျော်နေခြင်းမျိုးတော့ မဟုတ်။ ဘိန်းငိုင်နေခြင်း ဖြစ်ရမည်။ ဒင်းက တိုက်ပွဲအကြားတွင် ဘိန်းမျိုပေလိမ့်မည်။

မည်သည့်အကြောင်းပင်ဖြစ်စေ သူက ရရှိသည့် အခွင့်အရေးကို အလွတ်မပေးသည့် အနေနှင့် မဆိုးထိုင်ပုံစံမျိုး ရှိနေသော ရန်သူ၏ ကျောကို အပေါ်မှ အုပ်မိုး၍ တစ်ချက်တည်း အပြီး ခုတ်ချလိုက်သည်။ အသံကြီးစွာမဖြစ်ဘဲ ရန်သူ လဲကျသွားသည်။

ရန်သူ၏သေနတ်ကို ကောက်ယူပြီး တန်းတန်းမတ်မတ် သွားသည်။ လမ်းတွင် ရန်သူနှင့် ပက်ပင်းတိုးခြင်း မရှိတော့။ ရန်သူတို့၏ ပစ်ခတ်ခြင်းလည်း မခံရ။ ယင်းသို့ဖြင့် ဂူနှင့် ဝါးတစ်ရိုက်ကွာသို့ ရောက်သွားသည်။

ထိုအခါမှ ပြဿနာ ပေါ်တော့သည်။ သေနတ်သံတစ်ချက် မြည်ဟိန်းလာပြီး သူ့အနီးမှ ပျားတစ်ကောင် ဖြတ်သွားသည်သို့။ သူ့လက်မောင်း ပူသွားသည်။ မဖြစ်စလောက် ရှပ်သွားသည်။ သူ အကာအကွယ်ယူရင်း လှမ်းအော်သည်။

"ကျုပ်ပါ။ ရွှေဝါပါ"

"အေး၊ ရွှေဝါဆိုရင် သေပေတော့"

နောက်ထပ် မြည်ဟိန်းသည်။ ပျားပုံဖြတ်သည်။ တစ်ဖက်မှ အသံသည် ကောက်ရအသံ ဖြစ်ကြောင်း သူ ကျက်မိသည်။

"ကောက်ရရေ၊ ငါပါကွ"

"အေး၊ ငါမို့ ပစ်တာ။ အဲဒီငါကြောင့် ကျုပ်တို့ကို ရန်သူတွေ အဝိုင်းခံရတာ"

"အေး၊ နင်ပြောချင် နောက်မှပြော။ ငါ အခု လာခဲ့မယ်"

"လာရင် ပစ်မှာပဲ"

ရွှေဝါက ဘာမှ မပြောတော့။ တစ်ဖွတ်ထိုး ပြေးတက်သွားသည်။ သို့သော် တစ်ဖြောင့်တည်း မဟုတ်။ နှစ်တွန့်မျှလောက် ပြောင်းပြန်၍ ပြေးသည်။ ကောက်ရက ပြောသည့်အတိုင်း နောက်တစ်ချက် ပစ်သည်။ မထိ။ ကောက်ရ နောက်ထပ် မည်သို့မျှ မလုပ်နိုင်မီတွင် ကောက်ရကို ရွှေဝါ စီးမိသွားသည်။ ကောက်ရ၏ လည်ပင်းကို လက်ဝါးစောင်းတစ်ချက် ခတ်လိုက်သည်။ ခပ်ဖွဖွ ဖြစ်သည်။ ကောက်ရ လဲကျသွားသည်။

အခြားသူများ ဝိုင်းအော်သည်။ သို့သော် မည်သို့မျှ မပါဝင်ရဲကြ။ သူတို့က ရွှေဝါ၏ ပြောင်းလဲမှုကို အံ့သြနေကြသည်။ ယင်းအပြင် ရွှေဝါကို ကြောက်ရင်းစွဲလည်း ဖြစ်သည်။

အတန်ငယ် နောက်ကျပြီးမှ ရွှေဝါ့အနီးသို့ မဖျိုင်းဖြူ ရောက်လာသည်။ စောစောက သူမ ဂူထဲသို့ ရောက်နေ၍ ဖြစ်သည်။ မဖျိုင်းညို ဒဏ်ရာအနည်းငယ် ရသွား၍ ဖြစ်သည်။

"မောင်ကြီးရွှေဝါ ဘယ်လိုဖြစ်တာလဲ"

"ကျုပ် ဘယ်လိုမှ မဖြစ်ပါဘူး"

ထို့နောက် သူသည် ကောက်ရကို ဂူတွင်းသို့ ဆွဲယူသွားသည်။ မဖျိုင်းဖြူက အံ့သြစွာဖြင့် နောက်မှ လိုက်ပါသွားသည်။ ရွှေဝါသည် ကောက်ရကို မီးဖိုဘေးတွင် နေရာချထားလိုက်သည်။

"ကျုပ် ဖြည်းဖြည်းလေး ဆတ်လိုက်တာပါ။ တော်ကြာနေ သူ သတိရသွားမှာပါ"

သူက မည်သူ့ကိုမျှ မကြည့်ဘဲ ပြောသည်။ ဘာမှ မဖြစ်သလိုပင်။ အပြင်ဘက်တွင် ရန်သူတွေနှင့် တိုက်နေကြသည်ကို မရေးမထားသလိုပင်။

မဖျိုင်းဖြူက ရွှေဝါ၏ အပြုအမူကို မည်သို့မျှ ကြံဆနားလည်နိုင်ခြင်း မရှိသဖြင့်…

"မောင်ကြီးရွှေဝါ ဘယ်လိုဖြစ်လာတာလဲ"

"ဒီမှာ တိုက်ပွဲဖြစ်နေတော့မယ် ဆိုတာကို သိသိချင်း ကျုပ်ပြေးလာတာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်က ပြေးလာတာလဲ"

"ယုခင်အိမ်က"

"အဲဒီမှာ ဘာသွားလုပ်တာလဲ"

"ထားပါတော့"

"ကျောက်စိမ်းတွေအကြောင်း ယုခင်ကို ပြောလိုက်တယ်ဆိုတာ တကယ်လား"

သူ ခေါင်းညိတ်သည်။

"ဆိုးလှချည်လား"

"ကျုပ်ဆိုးတာ ကြာပြီပဲ"

"ဒါဖြင့် အခု ဘာဖြစ်လို့ ပြေးလာသလဲ"

"ကျုပ်ကြောင့် ကျုပ်တို့လူတွေ သေကုန်မှာ စိုးလို့ပေါ့"

"အောက်မှာ ရန်သူတွေနဲ့ မတွေ့ဘူးလား"

"တွေ့တယ်လေ။ ဒီမှာ မမြင်ဘူးလား။ ရန်သူရဲ့ သေနတ်။ ဟောဒီမှာ သွေးစွန်းနေတဲ့ ဓားမြှောင်။ ဒီ ဓားမြှောင်ကြောင့် ဒီည လူနှစ်ယောက် သေပြီ။ တစ်ယောက်ကတော့ ကျုပ်သတ်တာ မဟုတ်ဘူး။ ယုခင် သတ်တာ"

"ဘယ်သူ့ သတ်တာလဲ"

"ဟုတ်ကျင်ရဲ့ လူတစ်ယောက်ပ"

"ယုခင်က တန်ချိုကူးလူ ဟုတ်လား"

"ဟုတ်တယ်။ ကျုပ်လည်း အခုမှ သေသေချာချာ သိတယ်"

"အစကတော့ မောင်ကြီးရဲ့လူလို့ ထင်နေသလား"

သူက မကျေနပ်သည့်အနေဖြင့် မဗျိုင်းဖြူကို ကြည့်သည်။ သို့သော် သည်အကြောင်းနှင့် စပ်လျဉ်း၍ မပြောတော့ဘဲ တိုက်ပွဲအကြောင်း ပြောသည်။

"တိုက်ပွဲအခြေအနေ ဘယ့်နယ်လဲ"

သူက တပ်မှူးကြီးတစ်ဦး၏ လေသံဖြင့် မေးသည်။ မဗျိုင်းဖြူမှ မယုံရအခက် ယုံရအခက်နှင့် ရှိနေသည်။ ဟုတ်ရိုးမှန်လျှင်တော့ ရွှေဝါအတွက် သူမ ကောင်းစွာ ဝမ်းသာသည်။

"နှစ်ဖက်စလုံး တန့်နေတယ်။ သူတို့ကလည်း မတိုးရဲဘူး။ ကျွန်မတို့ကလည်း မထွက်နိုင်ဘူး"

"ဒါပေမဲ့ တစ်ညလုံး ဒီအတိုင်း နေသွားမှာ မဟုတ်ဘူး။ တန်ချိုကူးက တစ်မျိုးမျိုးတော့ လုပ်မှာပဲ"

"ကျွန်မလည်း စဉ်းစားမိပါတယ်"

"ဒီတော့ ကျုပ်တို့က တစ်ခုခု အရင် ပိုင်းဖြတ်ရမယ်"

"ထွက်တိုက်ရင်တော့ နာမယ်။ ခံစစ်က အကောင်းဆုံးပဲ။ ဂူတွင်းက ခံနေရင် သူတို့ တစ်ညမဟုတ်ဘူး၊ တစ်လ ဝိုင်းထားဦး။ ကြောက်စရာ မဟုတ်ဘူး။ ရိက္ခာလည်း အပြည့်ရှိတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

မောင်ရွှေဝါက ခေတ္တမျှ ငြိမ်နေသည်။ သေနတ်သံနှစ်ချက် ကြားရသည်။ တစ်ချက်က အောက်မှ။ တစ်ချက်က ဂူရှေ့မှ။

"ကျုပ်တို့ ထွက်တိုက်ရမယ်"

"မဖြစ်ဘူး ထင်သပ"

"ကျုပ်ပြောတာကို နားထောင်ပါဦး။ အားလုံး ထွက်တိုက်ဖို့ မဟုတ်ပါဘူး။ မောင်းထုပြီး တိုက်ဖို့ မဟုတ်ဘူး။ တစ်ယောက်ချင်း နှစ်ယောက်ချင်း၊ တစ်ဆိုင်းချင်း နှစ်ဆိုင်းချင်း တိတ်တိတ်ထွက်ပြီး တောလိုက်သလို တိုက်ကြရမယ်"

ရွှေဝါ၏ အကြံအစည်ကို မဖျိုင်းဖြူ သဘောပေါက်သွားသည်။ သဘောတူညီခြင်း ရှိလေသည်။ ထိုအစီအစဉ်ကို ရွှေဝါကပင် ကွပ်ကဲစီစဉ်သည်။

နှစ်ယောက်တွဲ အဆိုင်းနှစ်ဆိုင်းကို အောက်ဘက်သို့ လွှတ်လိုက်ပြီး သူက အထက်ဘက်သို့ တစ်ယောက်တည်း တက်သွားသည်။

ရွှေဝါတစ်ယောက် ဖုတ်များ ဝင်လာသလား၊ ဘီလူးများ စီးလာသလားဟု သူတို့ အောက်မေ့နေကြသည်။ မဖျိုင်းဖြူက အကြောင်းသိလို၍ ရွှေဝါနှင့်အတူ လိုက်ပါမည်ဟု ဆိုသည်။ ရွှေဝါ လက်မခံ။ ဂူတွင် ကွပ်ကဲသူအဖြစ် မဖျိုင်းဖြူ ရှိနေရမည်ဟု ဆိုသည်။

အတော်ကြာသောအခါ အထက်အမြင့်မှ လူတစ်ယောက် ဂူအနီးသို့ ကျလာသည်။ သူတို့ အပြေးအလွှား ကြည့်သည်။ ရန်သူ ဖြစ်သည်။ ရွှေဝါ၏ လက်ချက် ဖြစ်သည် နောက်တစ်ယောက် ကျလာသည်။ ရွှေဝါမဟုတ်။ ရန်သူပင် ဖြစ်သည်။ သေနတ်နှစ်လက်လည်း ကျလာကာ ကျိုးပဲ့သွားသည်။

မရေးမနှောင်းမှာပင် အောက်ဘက်သို့ ဆင်းသွားသော အဆိုင်းနှစ်ဆိုင်း ပြန်ရောက်လာသည်။ တစ်ဆိုင်းလျှင် ရန်သူတစ်ယောက်စီ သုတ်သင်နိုင်ခဲ့သည်။ မဖျိုင်းဖြူက အဆိုင်းသစ်နှစ်ဆိုင်း ထပ်လွှတ်သည်။ ကောက်ရလည်း သတိရလာပြီ ဖြစ်သည်။ ရွှေဝါ၏ အကြောင်းလည်း မဖျိုင်းဖြူ ပြော၍ သိရချေသည်။ သို့သော် သူက ကျေနပ်ဟန် မရှိလှ။ သို့သော် ဘာမှမပြော။ အဆိုင်းတစ်ဆိုင်းတွင် လိုက်ပါသွားသည်။

အောက်မှ ပြန်လာသူ လေးဦးကို ဂူဝတွင် အစောင့်တာဝန်ယူစေရင်း ခေတ္တမျှ အပန်းဖြေစေသည်။ ထို့နောက် တားသည့်ကြားမှ ဖွတ်ထွက်လာသော မဖျိုင်းညိုကို လူတစ်ယောက်နေရာတွင် ကင်းတာဝန်ထားပြီး ထိုလူကို ရွှေဝါနှင့် လဲလှယ်ရန် အထက်သို့ လွှတ်လိုက်သည်။

အတော်ကြီးကြာသည်အထိ ရွှေဝါလည်း ပြန်မလာ။ ထိုသူလည်း ပြန်မလာ။ ရန်သူအလောင်း တစ်လောင်းသာ ကျလာသည်။ အောက်ဘက်သို့ ဆင်းသော အဆိုင်းနှစ်ဆိုင်းကလည်း တော်တော်နှင့် ပြန်မလာလေချေ။ မဖျိုင်းဖြူတို့ စိတ်ပူနေရသည်။ အတော့်အတော်ကြာမှပင် အဆိုင်းတစ်ဆိုင်း ရောက်လာသည်။ တစ်ယောက် နာလာသည်။ ရန်သူနှစ်ယောက် သုတ်သင်ခဲ့သည်ဟု သတင်းပို့သည်။ နောက်တစ်ဆိုင်းကမူ အပြည့် ပြန်မလာတော့။ တစ်ယောက်ကျ ကျန်ရစ်ခဲ့သည်။ ထိုသူကား ကောက်ရ။

MMCYBERMEDIA
COMMUNITY FOR ALL

မဖျိုင်းဖြူတို့ များစွာမှ စိတ်ထိခိုက်ရသည်။ ကောက်ရသည့် ရန်သူနှစ်ဦး ရှိနေသည်ကို တစ်ဦးသာ ရှိသည်ဟု ထင်ပြီး အတိုက်တွင် ကျန်တစ်ယောက်က သူ့ကို ခွေလိုက်ခြင်း ဖြစ်သည်။

အပေါ်ဘက်တွင် ရန်သူကုန်သွားပြီ ဖြစ်သည်။ ရွှေဝါနှင့် နောက်ထပ် လိုက်သွားသူတို့ ရှေ့ဆင့်နောက်ဆင့် ပြန်ဆင်းလာကြသည်။ ကောက်ရသတင်းကို ကြားရသောအခါ ရွှေဝါ အထူးပင် တုန်လှုပ်သွားဟန် ရှိသည်။

အရက်ကျည်တောက်ကြီးကို တစ်ဝက်လောက် ကုန်သည်အထိ မနားတမ်း သောက်ချပြီးနောက် ပါးစပ်မှ ဩသံပေးကာ အောက်ဘက်သို့ တရကြမ်း ပြေးဆင်းသွားသည်။ ယခုအခါ သူ့လက်ထဲတွင် ငှက်ကြီးတောင်ဓား ပါသွားသည်။

ထိုအခါ မဖျိုင်းညိုသည် ဒဏ်ရာရသူ သုံးဦးကိုသာ ဂူတွင် ထားခဲ့ပြီး ကျန်လူများနှင့်အတူ ရွှေဝါ့နောက်သို့ ပြေးလိုက်သွားသည်။ အမှောင်ထဲတွင် ရန်သူများကို ရှာဖွေထိုးနှက်သည်။ မကြာမီတွင် ရန်သူများ ဆုတ်ခွာကြသည်။ တစ်ဦးကိုတစ်ဦး အော်ဟစ်အကြောင်းကြားကြသည်။ သူတို့၏ ခေါင်းဆောင် တန်ချိုကူး ကျဆုံးသွားပြီ ဖြစ်သည်။

သူတို့က တောင်ခြေအထိ ဆင်း၍ တိုက်သည်။ ရန်သူများ ချောင်းကို ဖြတ်ကူးပြေးကြသည်။ ထိုအခါ သူတို့ကို မဖျိုင်းဖြူတို့ တိုက်စရာ မလိုတော့။ သူတို့ကို ချောင်းတစ်ဖက်မှ ဆီးကြိုပစ်ခတ်ကြသည်။ ဟုတ်ကျင်တို့ လူစု ဖြစ်သည်။ သည်တော့ မဖျိုင်းဖြူတို့ ပြုံးရသည်။ သဘောခွေကြရသည်။ သူတို့ကို ရန်ပြုရန်လာသူနှစ်ဦး အချင်းချင်း တိုက်ခိုက်လျက် ရှိကြချေပြီ။ သူတို့က အသာ လက်ပိုက်ကြည့်နေရုံပဲ ရှိတော့သည်။

သို့သော် ရွှေဝါသည် ထိုသို့ မဟုတ်ချေ။ မဖျိုင်းဖြူ အော်ဟစ်နေသည့်ကြားမှ ချောင်းကို အတင်း ဖြတ်ကူးသွားသည်။ အပြင်းအထန် တိုက်ခိုက်နေသူများအကြားတွင် အတင်းဝင်ရောက် ထိုးခုတ်လျက် ရှိသည်။ မဖျိုင်းဖြူတို့လည်း ပါရပြန်တော့သည်။

သုံးပွင့်ဆိုင် တိုက်ပွဲသည် မကြာလှချေ။ ရန်သူနှစ်စုစလုံး ဆုတ်ခွာသွားကြသည်။ အထိနာကြ၍လည်း ဖြစ်သည်။ အရက်ကျင်းလာ၍လည်း ဖြစ်သည်။

ရွှေဝါ၏ အခြေအနေသည် ယခုမှ ပိုဆိုးလာသည်။ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း သူတို့ တွေ့မြင်ရသည်။

ရန်သူနှစ်စုစလုံး ထွက်ခွာသွားပြီ ဖြစ်သော်လည်း ရွှေဝါသည် ဆက်လက်တိုက်ခိုက်နေဆဲ ဖြစ်သည်။ သူက မြင်မြင်ရာကို လိုက်လံထိုးခုတ်နေသည်။ သစ်ပင်တွေ့ သစ်ပင်ခုတ်သည်။ ကျောက်တုံးတွေ့ ကျောက်တုံးခုတ်သည်။ ကျောက်တုံးကို တစ်အားလွှဲ၍ ခုတ်လိုက်သောအခါများတွင် ချွင်ခနဲ မြည်ပြီး လက်ခနဲ မီးပွင့်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သတိပေးထိန်းချုပ်ရန် အနီးသို့ ကပ်သွားသူနှစ်ဦးကိုလည်း ခုတ်လှတ်သည်။ အဝေးမှ ဟစ်အော် သတိပေးသည်ကိုလည်း မနာယူရုံမျှမက အသံကြားရာသို့ လိုက်လံတိုက်ခိုက်သည်။ သူတို့သည် ခွေးရူးတစ်ကောင် ကျားနာတစ်ကောင်ကို ရှောင်တိမ်းရသည်သို့ ရှောင်တိမ်းနေကြရသည်။ သူသည် တွေ့ရာကို ခုတ်ပိုင်းနေရုံမျှမက၊ ပါးစပ်မှလည်း အကျောက်အကန် ညာသံပေးနေသည်။

"ရွှေဝါဟေ့ ရွှေဝါ။ သောက်ခေါင်ကြူးတဲ့ ရွှေဝါ"

မဖျိုင်းဖြူသည် သည်အတိုင်း ကြည့်နေ၍ မဖြစ်တော့ဟု ပိုင်းဖြတ်ပြီးဟန်ဖြင့် ရွှေဝါကို အတင်း ဝင်ပူးသည်။ ရွှေဝါက စလွယ်ပိုင်းချသည်။ အမျိုးသမီးက ငုံ့လှဲချလိုက်သည်။ တစ်ချိန်တည်းတွင် သူ့ခြေထောက်ကို ခေါင်းဖြင့် ကျွဲခတ်သလို ခတ်လိုက်သည်။ သူ ယိုင်လဲသွားသည်။ ထိုအခါတွင်မှ ဓားကိုင်ထားသော လက်ကောက်ဝတ်ကို သူမ၏ ဓားနောင့်ဖြင့် ရိုက်ချသည်။ ဓားကျသွားသည်။ ဓားကို ခြေဖြင့် ခတ်ပစ်သည်။ သူမ၏ ဓားကိုလည်း အဝေးသို့ လွှင့်ပစ်လိုက်သည်။ ဓားမရှိလျှင် အရေးမကြီး။ ရွှေဝါသည် သူမ၏ ခါးကို ဘယ်လက်ဖြင့် ရစ်ယူ၍ နစ်ပတ်မျှ မွှေ့ယမ်းပစ်လိုက်သည်။ နစ်ယောက်စလုံး မြေတွင် သုံးလေးပတ် လိမ့်သွားသည်။ ထိုအခါတွင်မှ လူအများ ပြေးလာပြီး သူ့ကို ဝိုင်းချုပ်ရသည်။

ရွှေဝါက မနားတမ်း ရုန်းကန်လျက် ရှိနေသဖြင့် ကြိုးဖြင့် တုပ်ရသည်။ လက်ရော ခြေရောတုပ်၍ သစ်ပင်တွင် ပူးကပ်ကာ ချည်ထားရသည်။ ထိုအခါ ရွှေဝါသည် ရယ်လိုက်၊ ငိုလိုက်၊ ဆဲရေးလိုက် ရှိနေသည်။ သူကား ရူးချေပြီ။

လက်ငင်းဖြစ်ပေါ် ပြောင်းလဲလာသော အခြေအနေများကြောင့် မဖျိုင်းဖြူတို့လူစု ထိုနေရာမှာပင် အတိုင်အပင် ပြုကြရသည်။ အဆုံးအဖြတ် ပြုကြရသည်။

ယခုအတိုင်းဆိုလျှင် သူတို့သည် ဤတွင် နေ၍ မဖြစ်နိုင်တော့ချေ။ မြေပြန့်သို့ ဆင်းမည်ဆိုသည်ကို ချက်ချင်း ဆင်းတော့မှာ ဖြစ်မည်။ သူတို့တွင် ရန်သူနှစ်စု တိုးလာပြီ ဖြစ်သည်။ ထိုနှစ်စုသည် နယ်စပ်တွင်ရှိသော သူတို့၏ လူများဖြင့် အားဖြည့်ပြီး သူတို့ကို ထပ်မံတိုက်ခိုက်လာဦးမည်မှာ သေချာသည်။ ထို့ပြင် အင်္ဂလိပ်တပ်များကလည်း သူတို့သတင်းကို ကြားလျှင် တောနင်းပေလိမ့်မည်။

ထို့ပြင် သူတို့သည် ကျောက်စိမ်းများကို ရောင်းချရန်လည်း စိတ်ကူးနေ၍ မဖြစ်တော့ချေ။ မည်သို့ အခွင့်အလမ်းမျှ မရှိတော့ပေ။ အချိန်အပိုင်းအခြား မရတော့ပေ။

သူတို့က ယနေ့မနက်မှာပင် မြေပြန့်ဆင်းခရီးကို စတင်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ သို့သော် သူတို့တွင် တညီတညွတ် မဖြစ်သည့်တစ်ခု ကျန်နေသည်။ ယင်းကား ရွှေဝါ့ကိစ္စ။

အချို့က ရွှေဝါကို ထားခဲ့မည်။ အချို့က ရွှေဝါကို ခေါ်သွားမည်။ ကိုကျွဲခင်ကတော့ ရွှေဝါကို ထားခဲ့၍လည်း မဖြစ်နိုင်၊ သူ့ကို သတ်ပစ်ခဲ့သင့်သည်ဟု ဆိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါသည် စောစောပိုင်းက ဆူညံနေသော်လည်း သူ့အကြောင်းကို စတင်ဆွေးနွေးကြသည်နှင့် တစ်ပြိုင်နက် တိတ်ဆိတ်သွားသည်။ သူတို့ကို မျက်လုံးကြီးပြူး၍ ကြည့်နေသည်။ သူ့ကိစ္စ ပြောနေကြကြောင်း သိသလို မသိသလိုမျိုးပင်။

မဗျိုင်းဖြူလည်း မည်သို့မျှ အဆုံးအဖြတ် မပေးတတ်ရှိသည်။ ခေါ်ခဲ့၍ မဖြစ်နိုင်သည်လည်း အမှန်ပင်။ သူတို့တွင် တိတ်တဆိတ်ပြုရမည့် ကာလများ၊ နေရာများ ရှိသည်။ ထိုအခါမျိုးတွင် ရွှေဝါက ဆူလား ညံလား လုပ်လျှင် သူတို့အားလုံး ပြုတ်ပြုတ်ပြန်းသွားမည် ဖြစ်သည်။ ထားခဲ့ပြန်လျှင်လည်း သည်လိုအခြေအနေမျိုးနှင့် သည်နယ်တွင်ဆိုလျှင် နေ့တွင်းချင်းမှာပင် အသက်ပျောက်သွားနိုင်ပေမည်။

ထိုစဉ်တွင် သူတို့အားလုံး စိတ်ပမ်းတုန်လှုပ်ခြင်းတစ်ခု ဖြစ်ရသည်။ ရွှေဝါတော့ ရွှေဝါပင် ဖြစ်သည်။ သူက သူတို့စကားပြောသည်ကို မျက်တောင်မခတ် သူငယ်အိမ်မရွေ့နှင့် ကြည့်နေရာမှ ပြန်းခနဲ ဇက်ကျိုးကျသွားသည်။

အမှန်တော့ သူသည် ကိုယ်ခန္ဓာက ခံနိုင်ရည်ရှိသည်ထက် အဆမတန်ပို၍ လှုပ်ရှားထားသဖြင့် နောက်ဆုံးအချိန်တွင် အရုပ်ကြိုးပြတ် ဖြစ်သွားခြင်းပင်တည်း။

သူတို့ ချက်ချင်း ကြိုးဖြေသည်။ သူသည် ကြိုးပြေသည်နှင့် တစ်ပြိုင်နက် ပျော့ခွေကျသွားသည်။ သတိမေ့လျော့သွားသည်။ အသက်ရှူခြင်း ရုတ်တရက် ငြိမ်သွားသည်။ သေများ သေတော့မည်လားဟု မဗျိုင်းဖြူ အောက်မေ့မိသည်။ ခြေကိုင်ရမှန်းမသိ၊ လက်ကိုင်ရမှန်းမသိ ဖြစ်နေသည်။ သူ၏ ခြေများ လက်များ ပြာနှမ်း၍ လာသည်။ ရင်ဘတ်ကို စမ်းကြည့်သောအခါ အသက်ငွေ့ငွေ့သာ ရှူရှိုက်သည်ကို တွေ့ရသည်။

မဗျိုင်းဖြူသည် လူတစ်ယောက်ကို စခန်းသို့ လွှတ်၍ သစ်မြစ်စုံဆေးအရက်ကို ယူခိုင်းသည်။ သူမနှင့်အတူ လူတစ်ယောက်သာ ထိုနေရာတွင် နေရစ်စေခဲ့ပြီး ကျန်လူများကို စခန်းသို့ ပြန်စေသည်။ မရှိမဖြစ်၊ မပါမဖြစ်သည့် ပစ္စည်းများကို ယူ၍ အပြီးအပိုင် ဆင်းခဲ့ကြရန် မှာသည်။ မဗျိုင်းညိုနှင့် ဒဏ်ရာရသူနှစ်ဦးကို ဂရုတစိုက် ဖေးမခေါ်ဆောင်ခဲ့ကြရန် မှာသည်။

သစ်မြစ်စုံဆေးအရက်ကို သွားယူသူ အပြေးအလွှား ပြန်ရောက်လာသည်။ ရွှေဝါ၏ ပါးစပ်ထဲသို့ လက်ညှိုးဖြင့် တစ်စက်ချသည်။ ရွှေဝါ လှုပ်လွန့်သည်။ အနည်းငယ် လောင်းထည့်သည်။ ကွမ်းတစ်ယာညက်လောက်တွင် ရွှေဝါ မျက်လုံး ပွင့်လာသည်။ သူ့မျက်လုံး မကောင်း။ သူငယ်အိမ် လည်နေသည်။

ရွှေဝါသည် သူတို့ကို တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်သည်။ မဗျိုင်းဖြူကို မြင်သောအခါ အတန်ကြာ စူးစိုက်၍ ကြည့်နေသည်။ လက်ညှိုးထိုးနေသည်။ ထိုလက်ညှိုးကို ဆုံလည်ကဲ့သို့ ရစ်ဝိုင်းသည်။ ထို့နောက် ခြောက်ကပ်စွာ ရယ်မောလိုက်သည်။ သူတို့ လန့်သွားသည်။ သူက ရုတ်တရက် အရယ်ရပ်၍...

"မနင်းမြူ မနင်းမြူ"

အသံကုန် အော်သည်။

မြေတွင် လဲနေရာမှ ထိုင်သည်။ ထိုင်ရာမှ ထသည်။ ထို့နောက် သူ့ကို မည်သို့မျှ မပြုလုပ်နိုင်မီတွင် ထိုနေရာမှ ထွက်ပြေးသည်။

"မနှင်းမြူ၊ မနှင်းမြူ"

သူက အော်ရင်း ပြေးသည်။ ပြေးရင်း အော်သည်။

သူတို့ ကြောင်အမ်းနေကြသည်။ သူတို့မြင်ကွင်းအောက်မှာ သူပျောက်ကွယ်သွားတော့မှ သတိဝင် လှုပ်ရှားကြသည်။ သူပြေးရာနောက်သို့ တစ်စုတစ်ပြုံတည်း ပြေးလိုက်ကြသည်။ သို့သော် ရွှေဝါ၏ အစအနကိုမျှ မတွေ့မမြင်ရတော့။ တောအုပ်ထဲတွင် ပျောက်ဝင်သွားပြီ ဖြစ်သည်။

သူတို့ လူစုခွဲ၍ အချိန်အတော်ကြာမျှ ရှာကြသေးသည်။ မတွေ့။ နောက်ဆုံးတွင် ရှာဖွေရေးလုပ်ငန်းကို စွန့်လွှတ်လိုက်ကြရသည်။ အချိန်မရှိတော့။ လူတစ်ယောက်၏ အသက်ထက် အားလုံး၏ အသက်အန္တရာယ်လုံခြုံရေးကို ဦးစားပေးရမည် ဖြစ်သည်။

သို့ဖြင့် မဈိုင်းဖြူတို့သည် ရွှေဝါ မပါရှိဘဲနှင့်၊ ရွှေဝါ၏ ကံကြမ္မာ မည်သို့ဖြစ်မည်ကို ခန့်မှန်းပြောဆိုနိုင်ခြင်း မရှိဘဲနှင့် သူတို့တစ်တွေ ဆယ်ငါးနှစ်နီးပါးမျှ အခြေစိုက်နေထိုင်ခဲ့ကြသော ဒေသကို စွန့်ခွာခဲ့ကြရတော့သည်။

သူတို့၏ ရှန်းကန်တိုက်ခိုက်မှု အခြေအနေသည်လည်း လွင်ပြန့်ကျလျှင် မည်သို့ရှိချေဦးမည် မသိ။

သေချာသည့် တစ်ခုတော့ ရှိသည်။

ကြမ်းတမ်းခက်တရော်သည်။

## အခန်း -၈၆-

သည်ညီအစ်မ စကားမပြောသည်မှာ ဆယ့်ငါးနှစ်မျှ ရှိပြီ ဖြစ်သည်။ အစ်မဖြစ်သူ မိုးကောင်းသို့ ပြောင်း၍ နောက်ယောက်ျား ယူသွားကတည်းက စ,သည်။ ယခင်က ပေါ့ပေါ့နေ ပေါ့ပေါ့တွေးခဲ့သော ညီမသည် ထိုအခါ၌ ရုပ်ပိုင်းဖြစ်စဉ်များနှင့် လောကသဘောကို ဝုန်းခနဲ သိလိုက်သည်။ သူတစ်ပါး၏ အဖြစ်ကို သုံးသပ် အကဲဖြတ်ရင်းနှင့် မိမိကိုယ်ကိုလည်း စဉ်းစားဆင်ခြင်မိသွားသည်။

အမှန်တော့ ဝုန်းခနဲ ဖြစ်သည်ဟုသာ ပြောရသည်။ သည့်အရင်ကတည်းက သူမ၏ရင်တွင် အနည်းငယ် လှုပ်ခတ်ခဲ့ခြင်း အခံတစ်ခု ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုသည်က သူတို့ညီအစ်မ အကြားသို့ အောက်ပြည်အောက်ရွာမှ လူစိမ်းတစ်ယောက် ကောက်ခနဲ ရောက်လာခြင်း။ ပဉ္စလက်အတတ်ဖြင့် ဖန်ဆင်းလိုက်သည့်နယ် ထိုသူစိမ်းနှင့် အစ်မဖြစ်သူ အိမ်ထောင်ပြုသွားခြင်း။ အိမ်ထောင်ခွဲသွားခြင်း။ အစ်မဖြစ်သူ၏ အပြောအဆို အနေအထိုင်များ ပြောင်းပြန်ဖြစ်သွားခြင်း။

အစ်မဖြစ်သူ မိုးကောင်းသို့ ပြောင်းသွားပြီး များမကြာမီတွင် မနှစ်မြို့ဖွယ်ရာ သတင်းများ ဆင့်ကဲဆင့်ကဲ ကြားရသည်။ ကွာဟချက်ကို ကျယ်သည်ထက် ကျယ်စေသည်။ သူတို့အပေါ် စိမ်းကားရက်စက်ခြင်း ရှိလှသော ဖခင်နှင့် ရင်းချာသော ဆက်သွယ်မှု ပြုသည်။ မိထွေးနှင့် ရောနှောသည်။ ယင်းကိုတော့ သူမအနေနှင့် ဤမျှ မဟုတ်။ သူမက ထိုအမျိုးသမီးကို သူများတွေ မေးငေါ့နေသည့် အချိန်ကတည်းက နှစ်လိုရင်းစွဲ ရှိခဲ့သည်။ အသည်း ဆတ်ဆတ်နာစေသည့် သတင်းကတော့ ကုလားဖြူ ကုလားမည်းဗိုလ်များနှင့် အစ်မဖြစ်သူ တွဲခြင်း။

အဆုံးအဖြတ်ပေးသော အဆိုးဆုံးသော သတင်းကတော့ အစ်မဖြစ်သူ၏ အရင်လင်ကို အသစ်လင်က သူရဲဘောကြောင်စွာ ပစ်သတ်ခြင်း။

သည်တွင် သူတို့၏ အဆက်အသွယ် လုံး၀ ပြတ်သည်။ ညီအစ်မ တော်စပ်သည်ဟုပင် မပြောကြတော့။ မတော်တဆ တွေ့ဖွယ်ရာရှိလျှင်ပင် ကွေ့သွားကြသည်။

သို့သော် ယခုမူ သူမသည် မျက်နှာချင်း မဆိုင်ချင်သော အစ်မထံသို့ ရောက်ခဲ့ရချေပြီ။ သူမ၏ စိတ်ဆန္ဒအရကား မဟုတ်ချေ။ အခြားသော အမျိုးသမီးတစ်ယောက်အတွက် ဖြစ်သည်။

ထိုအမျိုးသမီးကို ချစ်ခင်ရင်းနှီးလွန်းသောကြောင့် ဖြစ်သည်။ ထိုအမျိုးသမီး၏ မေတ္တာသဘော၊ သစ္စာသဘောတို့ကို အံ့သြလေးစားလွန်းသောကြောင့် ဖြစ်သည်။

ထိုအမျိုးသမီးနှင့် ပတ်သက်၍ အပြတ်အသတ်ပြောဖို့ ခဲယဉ်းသည်။ ပျော့ညံ့သည်လည်း မဆိုသာ။ တည်ကြည်ခိုင်မာသည်လည်း မဆိုသာ။ နှစ်ခုစလုံး ဖြစ်နိုင်သည်။ အံ့သြစရာကောင်းသည်ကား အမှန်ပင်။

အကြောင်းမှာ ထိုအမျိုးသမီးသည် မေတ္တာချင်း တုံ့ပြန်ဖလှယ်ထားသော ယောကျ်ားတစ်ယောက် အပေါ်တွင် စွဲလမ်းတသလွန်းလှသည်။ အနှစ် နှစ်ဆယ်မျှ ကြာသည်အထိ မေ့ပျောက်ခြင်း မရှိ။ နာကြည်းမုန်းတီးသွားခြင်း မရှိ။ အတိုင်းမရှိသော သစ္စာတရားဖြင့် စောင့်ထိန်းလျက် ရှိသည်။

သူမ၏ မောင်ကြီးကို အနှစ်အစိတ်မျှမက စောင့်ကြိုရလည်း စောင့်ကြိုမည့်သူ ဖြစ်သည်။ ထိုအတိုင်းသာ ဆိုလျှင်တော့ ကောသမ္ဘီသမိုင်းလာအတိုင်း ကြိုးကြာငါးရာသည် ကြိုးကြာတောင်သို့ ပြန်လည်ရောက်ရှိလာနိုင် ကောင်းပေသည်။ ကျေးတောသူမကလေး မသစ္စာ အမှတ်မထင် ဖောက်ဖျက်ခဲ့မိသော ကတိကို သူမက ပေးဆပ်ခြင်းပြုရာ ရောက်ပေလိမ့်မည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် အမျိုးသမီးသည် အနှစ်အစိတ်ပြည့်သည်အထိ သူမ၏ မောင်ကြီးကို စိတ်ရှည်စွာ စောင့်စားခြင်း ရှိချေမည်ဟု အကယ်ပိုင်ပိုင် မပြောသင့်ဆိုလျှင်လည်း ထိုအမျိုးသမီးသည် အနှစ်နှစ်ဆယ်ကာလပတ်လုံးတော့ မယိမ်းမယိုင် ရှိခဲ့ပြီကား သမိုင်းသက်သေနှင့် ဖြစ်သည်။

ထိုမည်သော သမိုင်းအထောက်အထားကို အားလုံးက ဩချရသည်။ အချို့ကမူ သူမကို သစ္စာတရား ခိုင်မြဲလှသည်ဟု ထောပနာပြုကြသည်။ အချို့ကတော့ မိုက်မဲခြင်း သက်သက်သာ ဖြစ်သည်ဟု ပြောကြသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ယင်းအမျိုးသမီးပြသော အဖြေသည် စိတ်ဝင်စားဖွယ်ရာ ကောင်းသည်။ စဉ်းစားဆင်ခြင်ဖွယ်ရာ ဖြစ်သည်။

"ငါ့ညီမကို အစ်မငယ် ပြောမယ်။ တစ်ခါတစ်လေမှာ မဟုတ်ဘူးလို့ ပြောတာဟာ ဟုတ်တယ်လို့ အဓိပ္ပာယ်ထွက်နေတယ်။ မဟုတ်ဘူးလို့ ပြောရတာမှာလည်း အကြောင်း ရှိလိမ့်မယ်။ ဒီအကြောင်းကို ကိုယ်က လက်ခံချင်မှ လက်ခံနိုင်လိမ့်မယ်။ ဒါပေမဲ့ မဟုတ်ဘူးဆိုတာကို ဟုတ်လာအောင် လုပ်ဖို့က ကိုယ့်တာဝန်။ ငါ့ညီမလည်း သိပါတယ်။ ချေးငွေ့ဆိုတာ မဆေးကြောဘဲနဲ့ ဘယ်တော့မှ စင်ကြယ်ရိုးထုံးစံ မရှိပါဘူး။ မောင်ကြီးမှာ ရှိနေတဲ့ သဘောထား အညစ်အကြေးတွေကို အစ်မငယ်ကမှ သည်းခံပြီး စောင့်ဆိုင်းပြီး တိုက်ချွတ်မပေးရင် ဘယ်သူကလာပြီး တိုက်ချွတ်ပေးဦးမလဲ ညီမငယ်"

သို့သော် အနှစ်နှစ်ဆယ် ဟူသော ကာလကိုတော့ များလွန်းသည်ဟု သူမက မှတ်ယူမိသည်။ ထို့ပြင် ချေးငွေ့များသည် အထပ်ထပ်အဖန်ဖန် တင်ကျန်လာလေသောအခါတွင် တိုက်ချွတ်၍ မရနိုင်တော့သော ကျောက်သားပကတိမျိုး ဖြစ်လာနိုင်သည်ဟုလည်း သူမက အောက်မေ့မိသည်။

ထိုအမျိုးသမီး၏ မောင်ကြီးသည် အခြားသူ မဟုတ်။ သူမတို့ ညီအစ်မ၏ အစ်ကိုငယ်ပင် ဖြစ်သည်။ သူမ၏ အစ်ကိုငယ်အကြောင်းကို သူမက ကောင်းကောင်းသိပြီး ဖြစ်သည်။

သူမ၏ အစ်ကိုငယ်တွင် အညစ်အကြေးများ ဒုတက်နေပြီ ဖြစ်သည်။ ကျောက်သားသို့ ရှိနေပြီ ဖြစ်သည်။ အောက်ပြည်အောက်ရွာတွင်လည်း ဇမာမတစ်ယောက်နှင့် ရခဲ့သည်။ ပြဿနာကြီးလှသော အမျိုးသမီး တစ်ယောက်နှင့်လည်း မှားယွင်းဖောက်ပြန်ခဲ့သည်။ မိခင်နှင့်တူသော ရောင်းရင်း အမျိုးသမီးတစ်ဦးကိုလည်း စော်ကားရန် ကြံခဲ့သည်။ တိုက်ဖော်တိုက်ဖက်များနှင့်လည်း ဖီလာခဲ့သည်။ နိမ့်ကျယုတ်ညံ့သော အမှုကိစ္စပေါင်းများစွာကိုလည်း ကျူးလွန်ခဲ့သည်။ သို့ဖြင့် သူ၏ တိုက်ဖော်တိုက်ဖက်များ အားလုံးကလည်း သူ့ကို စွန့်ထားပြီ ဖြစ်သည်။ သူ့အပေါ်တွင် သားငယ်မြေးငယ်တစ်ဦးပမာ ချစ်ခင်ကြင်နာစွာ ရှိခဲ့သော ကနန်းအဘိုးကြီးကလည်း လက်လျှော့သွားပြီ ဖြစ်သည်။ သူမကိုယ်တိုင်ကလည်း ထိုအစ်ကိုအပေါ်တွင် မျှော်လင့်ချက် မထားတော့ပြီ ဖြစ်သည်။

သို့သော် ထိုအမျိုးသမီးကမူ သူ့ကို တွယ်တာနေဆဲ၊ စောင့်စားနေဆဲ၊ မေတ္တာကြီးမားနေဆဲ ဖြစ်သည်။ တစ်ခုသော အချိန်ကာလတွင် သူမထံသို့ ရောက်ရှိလာလိမ့်မည်ဟု ထင်မှတ်နေဆဲ ဖြစ်သည်။ ယင်းကြောင့်ပင် သူမသည် အမိနှင့် အဖတို့ မရှိတော့သောအခါတွင် သူမတို့နှင့်အတူ လာရောက်

MMCYBERMEDIA
COMMUNITY FOR ALL

နေထိုင်ခြင်း ဖြစ်သည်။ အမှန်တော့ သူမနှင့်လည်း သမီးယောက်မ တကယ်တော်ချေသေးသည် မဟုတ်။ သူမ၏ မိခင်နှင့်လည်း သမီးယောက္ခမအစစ် ဖြစ်ချေသေးသည် မဟုတ်။

အကြောင်းကတော့ ထိုအမျိုးသမီးနှင့် သူမ၏ အစ်ကိုယ်တို့သည် အပြီးအပိုင် လက်ထပ်ကြရသေးသည် မဟုတ်။ စတီမျှသာ စေ့စပ်ကြောင်းလမ်းထားကြခြင်း ဖြစ်သည်။ ယင်းသည်ပင်လျှင် သားဖြစ်သူ၏ မျက်ကွယ်တွင် မိခင်က စီမံဆောင်ရွက်ခြင်း ဖြစ်သည်။ အတိအကျပြောရလျှင် သူမ၏ အစ်ကိုယ်သည် ထိုအမျိုးသမီးကို လွန်ခဲ့သော အနှစ်နှစ်ဆယ်က တစ်ခုသော နွေလတွင် ရက်ပေါင်းသုံးဆယ်မျှလောက်သာ တွေ့ဆုံသိကျွမ်းပြီး မေတ္တာချင်း ဖလှယ်ခဲ့ခြင်း ဖြစ်သည်။ သည့်နောက်တွင်ကား သူတို့နှစ်ဦးသည် တစ်ကြိမ်တစ်ခါမျှ ပြန်လည်တွေ့ဆုံခြင်း မရှိတော့ချေ။ သူမ၏အစ်ကိုယ်က အမျိုးမျိုးအသွယ်သွယ် ရှောင်ဖယ်ခဲ့၍ ဖြစ်သည်။

မည်သို့ဖြစ်စေ ထိုအမျိုးသမီးသည် စိတ်ပျက်ခြင်း၊ အားလျော့ခြင်း မရှိဘဲ သူမ၏ မောင်ကြီးကို စောင့်စားခဲ့သည်။ မောင်ကြီး၏ မိသားစုနှင့် နေခဲ့သည်။ မောင်ကြီး၏ မိခင်ကို ရိုသေတုပ်ပျခဲ့သည်။ မောင်ကြီး၏ ညီမထွေးဖြစ်သော သူမကို ရင်ဝယ် ပိုက်ထွေးခဲ့သည်။

သူတို့ကလည်း သူတို့နှင့်အတူ ထိုအမျိုးသမီး လာရောက်နေထိုင်းခြင်းကို များစွာ နှစ်ထောင်းအားရခြင်း ရှိသည်။ ခံမင်လိုလားခြင်း ရှိသည်။ သူမ၏မိခင်ကဆိုလျှင် ထိုအမျိုးသမီးကို "သမီးကြီး၊ သမီးကြီး" နှင့် ဖြစ်သည်။ သူမက "အစ်မငယ်၊ အစ်မငယ်" နှင့် ဖြစ်သည်။

တိုးတက်ဖြစ်ပေါ်လာသော သူတို့ချင်း ခင်မင်တွယ်တာမှုများအရ ထိုအမျိုးသမီးသည် သူတို့နှင့်အတူ သေတစ်ပန်သက်ဆုံး ရှိသွားတော့မည်မှာ သေချာလျက်ရှိသည်။ သူမ၏အစ်ကိုယ် ပြန်လာသည် မလာသည်နှင့် မဆိုင်တော့ချေ။ သူမကတော့ အစ်ကိုယ် ပြန်လာတော့မည်လည်း မထင်တော့ချေ။

သို့သော်...

တစ်နေ့တွင် သူမ မမျှော်လင့်သော သတင်းကို ကြားရသည်။ မယုံကြည်နိုင်သော စကားကို နားနှင့်ဆတ်ဆတ် ဖြစ်ရသည်။ ယင်းကား သူမ၏ အစ်ကိုယ်အကြောင်းပင်။

တရုတ်ပြည်နယ်စပ်တွင် ဆယ့်ငါးနှစ်နီးပါးမျှ ရောက်ရှိပျက်စီးနေသော သူမ၏ အစ်ကိုယ်သည် ထိုအမျိုးသမီး မျှော်လင့်နေသကဲ့သို့ သူမတို့ရှိရာ ကြိုးကြာရွာသို့ ပြန်လည်ဆိုက်ရောက်လာခြင်း မရှိသော်လည်း အင်္ဂလိပ်တို့ အုပ်စိုးမှုအာဏာ အတော်ပင် ခိုင်မြဲနေပြီဖြစ်သော မိုးကောင်းမြို့သို့ ရန်သူ့လက်ရောက် သူပုန်တစ်ဦးအဖြစ်နှင့် ရုတ်ခြည်းကြီး ပေါ်ပေါက်လာကြောင်း သတင်းကြားရသည်။

ထိုသတင်းကို ချောင်းလေးခွမှ လူများ ပြောလာသောအခါတွင် သူမတို့က မယုံမရဲ ရှိခဲ့သည်။ အတိအကျ မေးမြန်း၍လည်း မရသဖြင့် ကောလာဟလ တစ်ခုအဖြစ်သာ မှတ်ယူခဲ့သည်။ သို့သော် ထိုသတင်း မှန်ကန်ကြောင်းကို အချိန်ပိုင်းအတွင်းမှာပင် သူမတို့ သိရှိကြရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

တိကျခိုင်မာသော သတင်းကို ယူလာသူကား သူမ၏ တူတော်သူ ကိုဦးပင် ဖြစ်သည်။ ကိုဦးသည် သူမ၏အစ်ကို အကြီးဆုံးမှ ပေါက်ဖွားသူ ဖြစ်သည်။ ကိုဦးသည် အမိရော အဖပါ မရှိတော့သဖြင့် သူမကိုပင် မိခင်ပမာ ဖခင်ပမာ အစ်မကြီးပမာ ခင်မင်တွယ်တာနေသူ ဖြစ်သည်။ သို့သော် ကိုဦးသည် အရွယ်ရောက်လာသောအခါ သူမ၏ စကားကို ကောင်းစွာ နားမထောင်ချင်တော့။ အဘွားဖြစ်သူ၏ ဆိုဆုံးမမှုများကို ကောင်းစွာ လိုက်နာခြင်း မပြုတော့။ မစားနှင့်ဆိုသည်ကို စားသည်။ မလုပ်နှင့် ဆိုသည်ကို လုပ်သည်။ မသွားနှင့် ဆိုသည်ကို သွားသည်။ အမှန်တော့လည်း ဤသည်မှာ လူငယ်တို့ဘာဝပင် ဖြစ်သည်။ သူမတို့ကသာ သူ့ကို ကလေးတစ်ယောက်ဟု နားလည်နေသော်လည်း သူကိုယ်တိုင်ကမူ လူကြီးတစ်ယောက်ပမာ မှတ်ယူစ ပြုနေပြီ ဖြစ်သည်။ တကယ်တော့ သူ့အသက်ကလည်း ဆယ့်ရှစ်နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။

သူပိုင်စိတ်ဖြင့် တွေးဆသည်။ သူပိုင်စိတ်ဖြင့် သွားလာလုပ်ဆောင်သည်။ တမြန်တစ်လောကလည်း သူမတို့ တားမြစ်သည့်ကြားမှပင် အဖော်တစ်ယောက်နှင့်အတူ မိုးကောင်းသို့ ထွက်သွားခဲ့သည်။ ယင်းသို့ ထွက်သွားခဲ့သဖြင့်လည်း အရေးကြီးသော သတင်းတစ်ခုကို ဒိဋ္ဌမျက်မြင် ရရှိခဲ့ခြင်း ဖြစ်သည်။ တစ်နည်းတော့လည်း သူ့ကို ကျေးဇူးတင်ရမည် ဖြစ်သည်။

ကိုဦး၏ ပြောကြားချက်အရဆိုလျှင် မိုးကောင်းပုလိပ်များသည် နယ်လှည့်ထွက်ရင်းနှင့် သူမ၏ အစ်ကိုငယ်ကို မြို့နှင့် မလှမ်းမဝေးလှသော တောပိုင်းတစ်နေရာ၌ တွေ့ရှိဖမ်းမိလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုသတင်း မှန်နိုင်ပေသည်။ ကိုဦးနှင့်အတူ ပါသွားသော လူရွယ်၏ ဦးကြီးဖြစ်သူ တစ်ဦးသည် မိုးကောင်းပုလိပ်အဖွဲ့တွင် စာသင်ကြီး ဖြစ်ပေသည်။

မိုးကောင်းပုလိပ်များသည် သူမ၏ အစ်ကိုငယ်ကို လည်ပင်းတွင် နွယ်ကြိုးတပ်လျက် မြို့တွင်းသို့ ဆွဲခေါ်ခဲ့ကြသည်။ ယင်းကတော့ အသေအချာပင် ဖြစ်သည်။ ကိုဦးကိုယ်တိုင် မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရခြင်း ဖြစ်သည်။

သူမ၏ အစ်ကိုငယ်ကို ဖမ်းမိလာပြီဟူသော သတင်းကို ကြားရသောအခါ မိုးကောင်းတစ်မြို့လုံး ထွက်၍ ကြည့်ကြသည်။

"ကျွန်တော်လည်း ဦးငယ်ရွှေဝါကို ပုလိပ်တွေ ဖမ်းလာပြီဆိုတဲ့ သတင်းကို ကြားကြားချင်း မြင်းကဆုန်စိုင်းတာပဲ။ ကြားတာကလည်း နောက်ကျ၊ ပြေးရတာကလည်း မြို့စွန်ကမို့ ကျွန်တော်ရောက်သွားတော့ ဦးငယ်ရွှေဝါဟာ အချုပ်တောင် ရောက်ခါနီးနေပြီ။ အား၊ လူတွေကလည်း နည်းတာ မဟုတ်ဘူးပ။ အင်း ဘုရားပွဲလား အောက်မေ့ရတယ်။ ဦးငယ်ရွှေဝါကို မြင်ရအောင် မနည်း တိုးရတယ်"

"နင်ကိုယ်တိုင် သေသေချာချာ မြင်ရရဲ့လား ကိုဦးရယ်"

"အား မြင်ရတယ် ဆိုထားပ အဒေါ်နန်းရင်ရယ်"

"နင့် ဦးငယ်မှန်း ဘယ်လိုသိသလဲ။ နင် မြင်ဖူးတာ မဟုတ်ကော"

ဒေါ်စောရုံက သွားကျဲလေဖြင့် မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သူများ အားလုံးက ပြောကြတာပဲပ"
"ဒါတော့ ဟုတ်မှာပ အစ်မရယ်။ မောင်ကြီးကို မိုးကောင်းက မသိကြတာမှ မဟုတ်ဘဲ"

မနင်းမြူက ကြားဝင် ပြောသည်။

"နင် မြင်တာကို ပြောစမ်းပါဦး"

နန်းရင် မေးသည်။

"ကျွန်တော်လည်း သိပါတယ်။ ဦးငယ်ရွှေဝါရဲ့ ဟောဒီ မျက်လုံးနဲ့ ဟောဒီပါးရိုးက အမေကြီးဟာ အတိုင်းပဲ။ မျက်နှာချည်း မြင်ရရင် အမေကြီးလို့တောင် ပြောနိုင်တယ်။ အမေကြီးလိုပဲ ရှုံ့ရှုံ့တွတွ တွန့်တွန့်လျော့လျော့ပဲ။ သွားမကျိုးတာဘဲ ရှိသပ။ သူ့ကိုယ်ကလည်း အရပ်ရှည်တာကလွဲလို့ အမေကြီး အတိုင်းပဲ။ အသား မရှိဘူး။ အရိုးချည်းပဲ။ အရေတွေလည်း တွဲနေတယ်။ အဝတ်တွေကလည်း ညစ်ပီး စုတ်ပြတ်နေတာပဲ။ အား၊ သူ့ကိုယ်မှာလည်း သွေးတွေ မနည်းပါဘူး။ ရဲနေတာပဲ"
"ဘုရား ဘုရား"

မနင်းမြူ ညည်းတွားသည်။

"ငါ့သားကို သူတို့ သူတို့ ဘယ်လိုလုပ်ကြမလဲ။ တကယ်လို့ အောက်ပြည်ကို ပို့ပြီး ကြိုးကွင်းနဲ့ သတ်ကြမလား။ ငါ လိုက်သွားချင်ပါတယ်"

ဒေါ်စောရုံ မသက်မသာ ပြောသည်။ အဘွားကြီးသည် အတော်ပင် စိတ်ထိခိုက်ဟန် ရှိသည်။ သူမက သားသမီး လေးယောက်ရှိသည့်အနက် သားငယ်ကို အချစ်ဆုံး၊ အားအထားဆုံး ဖြစ်သည်။ သားငယ် အဘယ်မျှ ဆိုးရွားဖောက်ပြန်နေသည်ဖြစ်စေ သံယောဇဉ် မပြတ်နိုင်ဘဲ ရှိသည်။ အထူးသဖြင့် ဤဘက်နောက်ပိုင်း သုံးလေးနစ်အတွင်း သားကို တတမ်းတတ ရှိသည်။ ယခုလည်း သူမသည် အရင်ကလိုသာ သွားနိုင်လာနိုင် ရှိသေးလျှင် ကောက်ကာငင်ကာ မိုးကောင်းသို့ လိုက်သွားတန်ရာသည်။ ပြီးခဲ့သည့် တပေါင်းလကမှ ခြောက်ဆယ်ပြည့်ခဲ့သည် ဖြစ်သော်လည်း သားစိတ်လင်စိတ်တို့ကြောင့် အတော်ကြီး ချုံးကျသွားပြီ ဖြစ်သည်။ သူမသည် လင်ဖြစ်သူ နောက်မိန်းမ ယူသွားသည့်အတွက် ယမ်းပုံမီးကျခြင်း၊ မျက်ရည်ချောင်းစီးခြင်း မရှိသော်လည်း အတွင်းဘက် အနက်အရှိုင်းတွင် တမြည့်မြည့် လှိုက်စားခြင်း ခံရဟန် တူသည်။ သားအကြီးဖြစ်သူလည်း တိုက်ပွဲတွင် ကျသည်။ ချွေးမအကြီးလည်း မျက်နှာဖြူတို့၏ လက်ချက်ဖြင့် အသက်ထွက်ခဲ့ရသည်။ သမီးအကြီးမှာလည်း ဖောက်လွဲဖောက်ပြန် ဖြစ်သွားသည်။ သားအငယ်နှင့် အသေအချာ တော်စပ်ခြင်းမရှိသေးသည့် ချွေးမငယ်သည်သာ သူမ၏ အနီးတွင် ရှိနေခဲ့သည်။ သို့သော် ထိုချွေးမပျို၏ အဖြစ်ကလည်း ပို၍ စိတ်မသက်မသာစရာ ဖြစ်သည်။ အပင်ထက်မှာပင် တဖြည်းဖြည်း နွမ်းကြွေရမည့် ပန်းပွင့်ပမာ ဖြစ်သည်။

"ဦးငယ်ရွှေဝါကို သူတို့ အောက်ပြည်ကို ပို့ပြီး သတ်မယ်တော့ မထင်ဘူး"

ကိုဦးက ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘာပြုလို့လဲ။ သူတို့ သူ့ကို ဘာလုပ်ကြမလဲ"

မနင်းမြူက စိုးရိမ်တကြီး မေးသည်။ ရင်ဘတ်ကို လက်ဖြင့် ဖိထားသည်။

"မသိ"

ကိုဦး ခေါင်းယမ်းလျက် ပြောသည်။

"နင့်ဟာက မဟုတ်သေးပါဘူးဟယ်။ ပြောစမ်းပါဦး"

အဘွားကြီးက မြည်တွန်သည့်နယ် ပြော၏။

"ကျွန်တော်တို့လည်း စာသင်ကြီးကို မေးတာပဲ။ သူကလည်း ခေါင်းပဲ ခါတာပဲ။ သူတို့ ဘာလုပ်ရမှန်း မသိဘူးတဲ့"
"ဘာလို့လဲကွယ်"
"ဒါမျိုး သူတို့ တစ်ခါမှ မကြုံဖူးသေးဘူးတဲ့"
"ဘယ်လိုဟာမျိုးလဲ"
"အခု ဦးငယ်ရွှေဝါ ဖြစ်တာမျိုးကိုပ"
"ဘုရား၊ ဘုရား။ ပြောစမ်းပါဦး ကိုဦးရယ်။ နင့် ဦးငယ်က ဘယ်လိုဖြစ်နေလို့တုန်း"

မနင်းမြူ အသံခါခါဖြင့် မေးသည်။

"သူ၊ သူက ရူးနေပြီ"
"အန်းယယ်"

အမျိုးသမီးသုံးဦး အာမေဋိတ်သံ ပြုကြသည်။ ပြီး အားလုံး ငိုင်သွားသည်။ နန်းရင်သည် အောက်နှုတ်ခမ်းကို ရှေ့ထုတ်၍ စဉ်းစားသည်။ ထို့နောက် မေးခွန်းပြုသည်။

"နင့်ဟာ သေချာရဲ့လား"
"ကျွန်တော်ကိုယ်တိုင် မြင်တာပဲ။ အားလုံးလဲ မြင်ကြတာပဲ။ အားလုံးလဲ ပြောကြတာပဲ"

သူက စကားကိုရပ်၍ လူကြီးသုံးဦးကို ကြည့်သည်။ သူတို့က သူ့ကို မျက်လုံးပြူး၍ ကြည့်နေကြသည်။ သူ့စကားကို ငံ့လင့်နေကြမှန်း သိသာသည်။ သူ ဆက်ပြောသည်။

"ကျွန်တော် သူ့ကို မမြင်ရခင်မှာ သူရယ်တဲ့ အသံကြီးကို ကြားရတယ်။ တောင်ပေါ်မှာ တောခြောက်တဲ့အတိုင်းပဲ။ ကြောက်စရာ ကောင်းလိုက်တာ။ ကျွန်တော် အတင်းတိုးဝင်သွားတယ်။ ဟိုကောင်လည်း ပါတယ်။ ကျွန်တော်တို့ ရှေ့ကို ရောက်သွားတော့ သူ မရယ်တော့ဘူး။ ခပ်တည်တည်ကြီး

လုပ်နေတာကို ကျွန်တော်တို့ မြင်ရတယ်။ ကျွန်တော်တို့က သူတို့အနား ရောက်သွားတာကိုး။ ပုလိပ်တွေက ကျွန်တော်တို့နှစ်ယောက်ကို အော်ပြီး တွန်းပစ်တယ်။ သူက လမ်းလျှောက်ရပ်ပြီး ကျွန်တော့်ကို စိုက်ကြည့်တယ်။ မှုန်ကုပ်ကုပ်ကြီးပဲ။ သူကြည့်တာ တစ်မျိုးပဲ။ နှုတ်ပဲ ဆက်မလို၊ ရန်ပဲ ပြုမလို။ ကျွန်တော်ကလည်း ပြန်ကြည့်တယ်။ သူက ကျွန်တော့်ကို သိသလိုမျိုး မသိသလိုမျိုးပဲ။ ဒါပေမဲ့ တကယ်တော့ ဘယ်သိမလဲ။ သူက ကျွန်တော် သူ့အစ်ကိုရဲ့ သားဆိုတာ ပြောလိုက်ဦးမလို့ပဲ။ ပါးစပ်က မထွက်ဘူး။ ပုလိပ်တွေကလည်း သူ့လည်ပင်းက နွယ်ကြိုးကို ဆောင့်ဆွဲပြီး ခေါ်သွားကြတယ်"

"အို အို"

မနင်းမြူ မျက်နှာကို လက်ကြားအုပ်သည်။

"အဲဒီလို ပုလိပ်တွေက သူ့ကို ကြမ်းကြမ်းတမ်းတမ်း လုပ်တော့ သူက ဆဲတယ်၊ ကြိမ်းတယ်။ ကြည့်နေတဲ့ လူတွေကိုလည်း ဆဲတယ်။ မိစ္ဆာကောင်တွေတဲ့။ သူရဲဘောကြောင်တွေတဲ့။ ဒီတော့ ပုလိပ်က သူ့ကို ရိုက်တယ်။ အချုပ်ထဲပဲ အတင်း ဆွဲခေါ်သွားတယ်။ အားလုံး ထွေးသွားတာပဲ။ ခွေးတွေ ကြောင်တွေ ကိုက်ကြ အော်ကြသလိုပဲ၊ သူနဲ့ ပုလိပ်တွေ ရှုပ်ထွေး ဆူညံပြီး အချုပ်ထဲထိ ရောက်သွားတာပဲ"

"အို အို ဒုက္ခပါပဲ အစ်မရယ်။ ကျွန်မ ဘာလုပ်ရမလဲ"

မနင်းမြူက ညည်းတွားရင်း ဒေါ်စောရုံထံ အကူအညီ တောင်းခံသည်။

"သမီးတို့ လိုက်သွားကြရင် ကောင်းမယ်ကော"

"ဘယ်ကိုလဲ"

နန်းရင် မေးသည်။

"မိုးကောင်းပ"

"ဘာလုပ်မလဲ"

"ဟုတ်တယ် ငဲ့ညီမ။ အစ်မငယ်တို့ လိုက်သွားကြရင် ကောင်းမယ်"

"လိုက်သွားကြပြီး ဘာလုပ်မလဲ။ တွေ့ရမှာလည်း မဟုတ်။ ဘာမှလည်း တတ်နိုင်မှာလဲ မဟုတ်။ အဲ၊ ဝင်ပြီး လုရဲရင်တော့လည်း အဟုတ်သား"

နန်းရင် ပြတ်ပြတ်ဆိုသည်။ သူမ၏ အသံသည် ခက်ထန်မာကျောခြင်း မရှိဘဲနှင့် အဆုံးအဖြတ်ကို ပြုနိုင်သည်။ ပုံစံတူသည်မှာ မဈိုင်းဖြူနှင့်။

မနင်းမြူသည် ရီဝေသော မျက်လုံးအစုံဖြင့် နန်းရင်ကို ကြည့်သည်။ နန်းရင်သည် အသက်သုံးဆယ် ဝန်းကျင်တွင် ရှိနေပြီဖြစ်သော်လည်း ကြာရိယာပုတ်လေးပါး ညီမျှသဖြင့် ပြည့်ဖြိုးလျက်ပင် ရှိသည်။ လန်းဆန်းစိုပြည်လျက်ပင် ရှိသည်။ ငယ်ရွယ်လှပသော မိန်းမပျိုငယ်ကလေးတစ်ဦးဟု ဆိုနိုင်သည်။ သို့သော် တောင်လေးလုံးသို့ လာစဉ်ကလို ကန့်ကလျလေး မဟုတ်တော့။ အလုတပြင်ပြင်မျိုး မဟုတ်တော့။ သို့သော် နန်းခင်လို ကြမ်းကြမ်းတမ်းတမ်းမျိုးလည်း မဟုတ်။ တည်ငြိမ်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရုံခါတွင် မနင်းမြူက ဤမိန်းမပျိုကို လေးစားရသည်။ သူမက စကားပြောလျှင် ဆိုးခနဲ ဆတ်ခနဲ မပြောတော့။ စဉ်းစားချင့်ချိန်ပြီးမှ ပြောသည်။ ပြောလျှင် ပြောသည့်အတိုင်း။

"ငါ့ညီမ စဉ်းစားပါဦး။ အစ်မငယ် သေရတော့မယ်။ ကြံစရာ မရှိတော့ဘူးလားကော"

နန်းရင် သက်ပြင်းချသည်။ မနင်းမြူကို သနားသည်။ ကူညီလိုသည်။ သို့သော် မတတ်နိုင်သည့် အဆင့်မျိုးတွင် ရှိနေသည်။ ကိုဦးလည်း အဝေးသို့ ငေးနေသည်။

"သမီးတို့ သွားကြမှ ဖြစ်မယ်"

အဘွားကြီးက အလေးအနက် ပြောသည်။ မည်သူကမျှ ဘာမှ ပြန်မပြော။

"တစ်ယောက်ယောက်ကိုလည်း ပြောမှ ဖြစ်မယ်"

ထိုအခါ လူငယ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သူမ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို မရှင်းတရှင်း ရှိကြသည်။

"ဘယ်သူ့ကို ပြောရမှာလဲ"

ကိုဦး မေးသည်။ အနည်းငယ် ဆိုင်းပြီးမှ အဘွားကြီးက ပြောသည်။

"ဟိုလူကြီးကိုတော့ မပြောချင် မပြောပါနဲ့။ သူက တန်ခိုးလည်း မရှိတော့ပါဘူး။ လူကလည်း ကြောင်စီစီနဲ့။ အရက်သောက်လိုက် ဘုရားသွားလိုက်နဲ့ အရူးကြီး ဖြစ်နေပါပြီ။ ဒါပေမဲ့ သမီးတို့ ဟိုဟာမလေးဆီတော့ သွားကြရလိမ့်မယ်"

သူတို့အားလုံး အဘွားကြီးကို အံ့သြစွာ ကြည့်ကြသည်။ ဤအဘွားကြီးပါးစပ်မှ ဤစကားမျိုး ထွက်လာလိမ့်မည်ဟု သူတို့ လုံးဝ မမျှော်လင့်။ အဘွားကြီးသည် အတွင်း၌ မည်သို့သော ခံစားမှုမျိုး ရှိစေ၊ အပတွင်မူ တည်ငြိမ်မှုကို ဆောင်သည်။ သူမ၏ ခင်ပွန်းသည် အိုကြီးအိုမကျမှ ပြဿနာကြီးလုသော မိန်းမနှင့် ပေါင်းသင်းနေထိုင်သွားလာသည်ကို နကမ္ဘတိ ပြုခဲ့သည်။ သမီးအကြီး ပရမ်းပတာ ဖြစ်သွားသည်ကိုလည်း ဥပေက္ခာ ပြုခဲ့သည်။ ခင်ပွန်းသည်နှင့် သမီးအကြီးထံမှ အကူအညီ ရယူဖို့မပြောနှင့်၊ စကားထဲ ထည့်ပြောရန်ပင် အားထုတ်ခြင်းမပြုခဲ့။

"အဘိုးနဲ့ အဒေါ် နန်းခင်ကို ကျွန်တော်တို့ သေခန်းပြတ်ကြရမယ်ဆို"

ကိုဦး မကျေမနပ် မေးသည်။

MMCYBERMEDIA COMMUNITY FOR ALL

"ဒါတွေကို ငါ့မြေး နားမလည်သေးပါဘူး။ အဘွား အခု ပြောနေတာက အဘွားအတွက် မဟုတ်ပါဘူး။ ငါ့မြေးအတွက်လည်း မဟုတ်ပါဘူး"

အဘွားကြီးက မြေးကို ဖျောင်းဖျပြောဆိုသည်။ ကိုဦးက ကျေနပ်ဟန် မရှိ။ ထိုမှ ခွာသွားသည်။ နန်းရင်က မထိန်းချုပ်နိုင်သည့် အသံဖြင့်...

"အကျိုးမထူးဘူး ထင်တယ် အစ်မ။ သမီးတို့က သူ့ကို ပြတ်သလို သူကလည်း သမီးတို့ကို ပြတ်တယ်"

"တို့ကို ပြတ်ပေမယ့် သူ့ကိုတော့ မပြတ်ပါဘူး။ တစ်ခါ မိုးကောင်းမှာ တွေ့ကြတုန်းကတောင် သူ့ကို ထမင်းစားဖိတ်သေးတယ် မဟုတ်လား"

ဒေါ်စောရုံက မနင်းမြူကို ရည်ညွှန်း၍ ပြောသည်။ ထိုအချက် မှန်သည်။ နန်းခင်သည် မနင်းမြူကိုတော့ ချစ်ခင်ရင်းနှီးသေးဟန် ရှိသည်။ လူချင်းတွေ့စဉ်ကလည်း ဖိတ်မန္တက ပြုသည်။ လူကြုံကောင်းသည့် တစ်ကြိမ်နှစ်ကြိမ်တွင်လည်း မနင်းမြူအတွက် လက်ဆောင်များ ပါးလိုက်သည်။

"အင်းပ၊ ဒါဖြင့်လည်း အစ်မငယ် သွားပ"

"မောင်ကြီးအတွက်ဆိုရင်တော့ အစ်မငယ်ကတော့ ဘယ်သူ့ဆီဖြစ်ဖြစ် သွားရမှာပဲ ညီမ။ မနောတွေ့တာ မတွေ့တာ ရှိပါစေတော့။ အစ်မငယ်လည်း ဘယ်မှာ သူတစ်ပါးအောက်ကို ကျို့ဝင်ချင်ပါ့မလဲ။ အစ်မငယ်ရဲ့အကြောင်းကိုလည်း ငါ့ညီမ သိပါတယ်ကွယ်"

အမျိုးသမီးက အကျိုးအကြောင်းလည်း ပြသည်။ ချော့မော့ခြင်းလည်း ပြုသည်။ နန်းရင် ဆိတ်နေသည်။

"သွားရင်တော့ သမီးတို့ ကနေ့ပဲ သွားကြရင် ကောင်းမယ်။ အချိန်ညောင်းရင် မကောင်းတာတွေ ဖြစ်ကုန်မယ်"

ဒေါ်စောရုံက တိုက်တွန်းသည်။ နန်းရင် ဆတ်ခနဲ ခေါင်းထောင်လျက်...

"သမီးကိုပါ အသွားခိုင်းနေတာလား အစ်မ"

"သမီးမပါလို့ ဖြစ်မလားကွယ်။ ငါ့သမီးတစ်ယောက်တည်း ဘယ်သွားတတ်မလဲလေ"

"အစ်မငယ်ကိုတော့ လိုက်ပို့ဦးမှပေါ့ ငါ့ညီမ"

အဘွားကြီး၏ စကားအဆုံးတွင် မနင်းမြူက တစ်ဆက်တည်းဝင်၍ သူမကို တောင်းပန်သည်။ ပထမတော့ သူမက ပြတ်ပြတ်ငြင်းမည်ဟု စိတ်ကူးသည်။ မကောင်းတတ်။ ကိုဦးကို ခေါ်သွားဖို့ ပြောရန် စိတ်ကူးသည်။ ယင်းလည်း မသင့်လျော်။ တစ်ဖက်လူက အားကိုးတကြီးနှင့် အကူအညီ တောင်းခံနေခြင်း ဖြစ်သည်။

သို့ဖြင့် သူမသည် ဆယ့်ငါးနှစ်တာမျှ အခေါ်အပြော အဆက်အဆံ မလုပ်ခဲ့သော အစ်မထံသို့ မရောက်ချင်ဘဲနှင့် ရောက်ခဲ့ရတော့သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူမက ဝင်းဝတွင် နေခဲ့မည်ဟု စိတ်ကူးသေးသည်။ သို့သော် မနင်းမြူက ဖွတ်ဆွဲခေါ်သွားသည်။ မပြောနိုင်သော အကြောင်းတစ်ရပ်ကြောင့် မနင်းမြူ တစ်ခုခုဖြစ်သွားလျှင် သူမတွင် တာဝန်ရှိသည်ဟုလည်း ယူဆမိသဖြင့် လိုက်ပါသွားတော့သည်။ ပို့မှတော့ ကူးတို့အထိ ပို့ရတော့မည်။

"ဩော် အစ်မငယ်ပါလား။ ကြွပါရှင် ကြွပါ။ အိမ်ထဲကို ကြွပါ။ ဟောဒီ အုံးမှီမှာ ထိုင်ပါ အစ်မငယ်"

နန်းခင်က အိမ်ဝမှ ဆီးကြိုသည်။ လောကွတ်ပျူငှာပြော၍ မနင်းမြူကို တွဲခေါ်သွားသည်။ ကတ္တီပါ အုံးမှီတစ်ခုတွင် ထိုင်စေသည်။

နန်းရင်သည် တင်းတည်သော မျက်နှာဖြင့် အိမ်ဝင်ဝတွင် ကျန်ရစ်သည်။ နန်းခင်က သူမကို မမြင်ဟန် ပြုသည်။ သူမက ချက်ချင်းပင် လှည့်ထွက်သွားချင်သည်။ အစော်ကားခံရပြီကို သိသည်။ ဖန်ခါးသော စကားများကို ကြားရသည်။ ထိုအတွက် ရွံရှာစက်ဆုပ်ခြင်း ဖြစ်လှသည်။ စိတ်နှလုံး မချမ်းသာခြင်း ကြီးစွာ ဖြစ်ရသည်။

"ညီမငယ် ဒီမှာ လာထိုင်လေ"

မနင်းမြူက ခေါ်သည်။ နန်းရင် ခေါင်းခါသည်။ ထိုနေရာတွင် ရပ်မြဲရပ်နေသည်။ နန်းခင်က မသိကျိုးကျွင်ပြု၍ မနင်းမြူကို ချိုသောစကား ဆိုသည်။

"အစ်မငယ် နေကောင်းချမ်းသာရှိပါစေလို့ ညီမ အမြဲ ဆုတောင်းနေပါတယ်။ အစ်မငယ်သာ လာနေမယ်ဆိုရင် ညီမက အိမ်ဦးခန်းမှာ ဧည့်ဝတ်ပြုချင်လှပါတယ်ရှင်"

အစ်မဖြစ်သူ၏ စကားများသည် သူမ၏ နားတွင် ပူစပ်ပူလောင် နိုင်လှသည်။ အစ်မဖြစ်သူသည် ထိုစကားများကို တမင်လုပ်၍ ပြောနေကြောင်း အတွင်းသိ၍ အစင်းသိ၍ ဖြစ်သည်။ ယင်းအပြင် သူမ၏ အစ်မသည် ယဉ်ကျေးသိမ်မွေ့သော အမူအရာများ၊ ပျားရည်ဆမ်းသော အသုံးအနှုန်းများကို လေ့ကျင့်ပြောဆိုနေကြောင်း၊ ကြားရသူအပေါင်း မြင်ပြင်းကပ်၍ နားခါးကြရကြောင်း တစ်ဆင့်စကား ကြားပြီး ဖြစ်သည်။

နန်းခင်သည် ကျေးတောသူ မဟုတ်ပြီ။ ဖခင်က ကိုးမြို့အုပ်ဖြစ်ရန် မျှော်မှန်းသကဲ့သို့ သူမကလည်း မြို့အုပ်ကတော်ဖြစ်ရန် မှန်းဆနေပြီ ဖြစ်သည်။ သူမ၏ ယောကျ်ားသည် ယခုအခါ မြို့စာရေးကြီးဖြစ်၍ မကြာမတင်မီတွင် မြို့အုပ်ဖြစ်ရန် အကြောင်းရှိနေသည်။ ထိုသို့ဖြစ်စေရန်လည်း နန်းခင်က အစွမ်းကုန် အားထုတ်ကြိုးစားလျက် ရှိသည်။ အထက်သခင်များထံ အမျိုးမျိုး ချဉ်းကပ်ခြင်း ပြုနေသည်။ ထို့ပြင်မက မြို့အုပ်ကတော်ဖြစ်ခဲ့လျှင် မြို့အုပ်ကတော်၏ အသွင်အပြင်နှင့် ညီစေရန်လည်း အဘက်ဘက်မှ ပြင်ဆင်လျက် ရှိသည်။ အိမ်ကို မွမ်းမံသည်။ အဝတ်အထည် ဆင်ယင်သည်။ သုံးနှုန်းပြောဆိုမှုများ ပြင်သည်။

မျက်နှာဖြူသခင်များထံ ပေါက်ရောက်နိုင်ရန်လည်း ဒွတ်ရွတ်ပြောသည်။ အင်္ဂလိပ်များထံတွင် အညှံ့ခံနေကြပြီဖြစ်သော ဝန်ကြီးဝန်ငယ်များနှင့် ရောနှောနိုင်ရန်လည်း ထီးသုံးနန်းသုံးနှင့်

MMCYBERMEDIA
COMMUNITY FOR ALL

မန်းဟန်မန်းကျင့်များကို အလျှံပယ် ပြနေသည်။ အထူးသဖြင့် ပြီးခဲ့သည့်နှစ်က မန္တလေးမြို့သို့ မီးရထားဖြင့် သွားရောက်ခဲ့ပြီးကတည်းက ရှင်ချင်း ထပ်နေသည်။

ညီအစ်မနှစ်ယောက်၏ ဆက်ဆံရေးအခြေအနေ ဆိုးရွားတင်းမာနေသည်ကို မြင်သောအခါ၊ ယင်းကို ပြေလည်မှုရရှိအောင် မိမိအနေနှင့် မည်သို့မျှ ကြားဝင်ဆောင်ရွက်နိုင်စွမ်း မရှိသည်ကို သိမြင်လေသောအခါ မနှင်းမြူသည် လာရင်းအကြောင်းကို မသွယ်မဝိုက်ပင် ထုတ်ဖော်ပြောဆိုလိုက်သည်။

"အစ်မငယ်လာတာ ငါ့ညီမဆီက အကူအပံ့ရချင်လို့ပဲ။ မောင်ကြီးရွှေဝါရဲ့ ကိစ္စပဲ"

နန်းခင် မျက်နှာပျက်သွားသည်။ ညီမကို ဖျတ်ခနဲ ကြည့်သည်။ ညီမ၏ မျက်နှာ တင်းမာသည်ကို တွေ့ရသောအခါ ချက်ချင်း မျက်နှာလွှဲလိုက်သည်။ ချက်ချင်း မျက်နှာပြန်ပြင်သည်။

"ပြောပါဦး အစ်မငယ်။ ညီမက ဘယ်လိုများ ကူညီထောက်ပံ့ရမှာလဲ"

ထိုစကားကို ကြားရသောအခါ မနှင်းမြူ အားတက်ပြီး လိုအင်ကို ဆက်ပြောသည်။

"အထူးပြောရဦးမလား ညီမရယ်။ မောင်ကြီးရွှေဝါကို အချုပ်အနှောင်က လွှတ်ပေးဖို့ပဲ"

"ညီမငယ် တတ်နိုင်တာဆိုရင် ဘာမဆို ဆောင်ကျဉ်းပေးပါ့မယ်။ အခုကိစ္စကတော့ ညီမ တတ်နိုင်မယ် မထင်ပါဘူး။ ဖမ်းတာ လွှတ်တာမျိုးကျတော့ အောက်လူတွေနဲ့ မပြီးပါဘူး။ သခင်ကြီးတွေ မိန့်မြွက်တဲ့အတိုင်း လိုက်နာဆောင်ရွက်ကြရပါတယ်"

ထိုအခါ နန်းရင်က ဝင်ပြောလိုက်ချင်သည်မှာ လျှာယားနေသည်။ စိတ်ကို ပြင်းပြင်း ချုပ်တည်းထားရသည်။ မနှင်းမြူက နန်းခင်၏ ပေါင်တစ်ဖက်ပေါ်တွင် လက်တင်ပြီး...

"အစ်မငယ် ပြောတာကလည်း နန်းခင်တို့ရဲ့ သခင်ကြီးတွေကို ပြောပေးဖို့ပါပဲကွယ်"

"နန်းခင်တို့ရဲ့ သခင်ကြီးတွေ မဟုတ်ပါဘူး။ တိုင်းသူပြည်သားအပေါင်းရဲ့ သခင်ကြီးတွေပါ"

နန်းခင်က ခပ်ဆတ်ဆတ် ပြန်ပြောသည်။ မန်းသံ နန်းဟန်များ ပျောက်သွားသည်။ နန်းရင် ခြေဆောင့်၍ ထွက်သွားသည်။ မနှင်းမြူ ထိုင်ရာမှ ထသည်။ နန်းရင်နောက်သို့ လိုက်သွားမည်ပြုပြီးမှ နန်းခင်ဘက်သို့ ပြန်လှည့်လာပြီး...

"အစ်မငယ်ကို သနားရင် အကူအပံ့ပေးပါ ညီမရယ်။ အစ်မငယ်ကို တကယ့်တကယ်ကို ချစ်ခင်ရိုးမှန်ရင် အစ်မငယ် ပြုံးနိုင်အောင် ဆောင်ကြည်းပါ ညီမရယ်"

ထပ်မံ တောင်းပန်သည်။ နန်းခင်သည် နန်းရင် ထွက်သွားရာသို့ အတန်ကြာ ငေးစိုက်ကြည့်နေသည်။ မနှင်းမြူက သူမ၏ စကားကို ကြားမှာကြားပါလေစဟု အောက်မေ့သည်။ ထပ်၍ ပြောရမည်လား သို့မဟုတ် ပြန်ဆုတ်ရမည်လားဟု ဝေခွဲမရ ရှိနေသည်။ ထိုစဉ်တွင် နန်းခင်က...

"ခက်တယ် အစ်မငယ်၊ သခင်ကြီးတွေနဲ့ ညီမငယ် ကျွမ်းဝင်သင့်သလောက် ကျွမ်းဝင်ပါတယ်။ ညီမငယ်ပြောနိုင်တာတွေလည်း အများကြီး ရှိပါတယ်။ ဒါပေမဲ့ အဒွတ်အရှင် မင်းတရားကြီးကို ပုန်ကန်ခြားနားသူတွေကိုတော့ သူတို့က ဘယ်လိုမှ သနားညှာတာနိုင်မှာ မဟုတ်ဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

မနင်းမြူ မည်သို့ ပြောရမည်ကို မသိ။ နန်းခင် ပြောသောစကားကို နန်းရင် မဆိုထားဘိ၊ ကိုယ့်အပူမီးနှင့်ကိုယ် ဖြစ်နေသော ခုခံတွန်းလှန်ရေးတိုက်ပွဲများတွင် ထက်သန်စွာ မပါဝင်ခဲ့သော သူမလိုလူပင် လက်ခံနိုင်စရာမရှိ။ အထူးသဖြင့် သူပုန်သူကန် အပြောခံရခြင်းကပင် နစ်နာလှသည်။ သူခိုးက လူလူဟစ်ခြင်း ဖြစ်သည်။ ကိုယ့်အပိုင် ကိုယ့်အဆိုင်ထဲသို့ မတရား ဝင်ရောက်လာသူကို ခုခံတွန်းလှန်သူသည် မည်သည့်နည်းနှင့်မျှ သူပုန်မဖြစ်နိုင်။ ဖြစ်ခြင်းဖြစ်လျှင် အစိုးရနှင့် အစိုးရလူသာ ဖြစ်ရမည်။ ယခုတော့ ချဉ်းနင်းဝင်ရောက်လာသူက သူ့ကိုယ်သူ အစိုးရဟု ဆိုနေသည်။ ပို၍ခက်သည်က အတော်များများကလည်း သူခိုးက လူဟစ်သည်ကို လက်ခံလာခြင်း၊ ရှေ့နေရှေ့ရှက် ပြုလာကြခြင်းပင် ဖြစ်သည်။ တစ်မျိုးပြောရလျှင် ပထွေးကို အဖေခေါ်၍ အဖေရင်းကို သူခိုးဟု ဆိုနေခြင်းပင်။

သို့သော် သည်လိုအချိန်မျိုးတွင် သူမက နန်းခင်နှင့် စကားရည်လုလိုခြင်း မရှိ။ အငြင်းပွားလိုခြင်း မရှိ။ ခါးမသန်သည့်အခိုက် မာန်ကိုလျှော့၍ ကိုယ့်အကျိုး ပြီးမြောက်အောင်သာ ဆောင်ရွက်လိုသည်။ ယင်းကြောင့် ထပ်မံ၍ အပျော့ဆွဲသည်။

"အစ်မငယ် သိတာကတော့ ညီမရယ် အခုအခါမှာ အခြေအနေတွေ တစ်မျိုးဖြစ်လာပါပြီကွယ်။ တိုက်ကြခိုက်ကြတာတွေလည်း ဒီဘက်မှာ မကြားရတော့ပါဘူး။ ဟိုတုန်းက ရှေ့ဆောင်ရှေ့ရွက်ပြုပြီး တိုက်ခဲ့တဲ့ ပုဂ္ဂိုလ်အတော်များများဟာလည်း အခုအခါမှာ ကိုယ့်အိမ်မှာကိုယ် နေနေကြပါပြီ။ အမတ်ကြီး ဦးဖိုးစောတို့တောင် မိုးကောင်းမှာ ပြန်ရောက်နေပြီ မဟုတ်လားကွယ်"

"အမတ်ကြီး ပြန်ရောက်နေတာက ရွှေပြည်တော်ဆရာတော် ကြားဝင်ဆောင်ကြဉ်းလို့ ဖြစ်ပါတယ် အစ်မငယ်။ တခြားလူတွေ ပြန်ရောက်နေကြတာကလည်း အေဒွတ်ဘုရင်မင်းမြတ်ကို ပုန်ကန်ခြားနားခြင်း မပြုတော့ပါဘူးလို့ သစ္စာရေသောက်ကြလို့ ဖြစ်ပါတယ်"

"ညီမငယ်ရဲ့ မောင်ကြီးဟာလည်း ဘာမှ လုပ်တော့တာ မဟုတ်ပါဘူးကွယ်။ သူ ဘယ်လို ဖြစ်နေတယ်ဆိုတာကို ဒီက လူတွေအားလုံး သိကြပါတယ်။ အခုဆိုရင် ဘာမှမလုပ်တော့မှာ ပိုပြီး သေချာတာက သူ့ကျန်းမာရေးပဲ ညီမငယ်။ သူ့လို စိတ်ကယောက်ကယက်ဖြစ်နေတဲ့ လူတစ်ယောက်က ဘယ်လို အရေးအခင်းတွေကို ဆောင်ရွက်နိုင်ဦးမှာလည်း ညီမရယ်။ သူ့ကို ရောဂါပျောက်အောင် မနည်းကြီး ကြိုးစားပြီး ကုကြရဦးမယ်။ ပျောက်မှပျောက်ဦးမလားဆိုတာလည်း မပြောနိုင်ဘူး"

နန်းခင် စဉ်းစားချိန်ဆနေဟန် ရှိသည်။ စကားမဆိုဘဲ မျက်ခုံးတွန့်ထားသည်။ သို့ဖြင့် မနင်းမြူ ဆက်၍ ပြောသည်။

"သူ့ကို ဘယ်လိုမှလဲ စစ်ဆေးလို့ ရနိုင်မှာ မဟုတ်ဘူး။ ဘယ်လိုမှလဲ အကျိုးအကြောင်း ပြောလို့ ရနိုင်မှာ မဟုတ်ဘူး။ ဒီလို အချိန်မျိုးမှာ သူ့ကို သစ္စာရေမဟုတ်ဘူး။ ဘာရေတိုက်တိုက်လဲ သောက်မှာပဲ။ အေး မသောက်ဘူးဆိုရင်လည်း ရေရိုးရိုးလည်း သောက်ချင်မှ သောက်မှာပဲ ညီမ။ သူက ဘာမှ သိတော့တာမှ မဟုတ်ဘဲကိုး။ သူ့ကို ချုပ်နှောင်ထားရင်လည်း ပင်ပန်းတာပဲ ရှိမယ်။ သူ့ကို ကွပ်မျက်သုတ်သင်မယ် ဆိုရင်လည်း သေပြီးသား လူတစ်ယောက်ကို ထပ်ပြီး ဓားနဲ့ ခုတ်တာမျိုးပဲ ရှိတော့မပေါ့ ညီမရယ်။ ဒါကို သဘောဝင်အောင် ပြောသင့်ပြောရမယ့် လူတွေကို ညီမက

MMCYBERMEDIA
COMMUNITY FOR ALL

ပြောပြပေးပါကွယ်။ ညီမငယ်ရဲ့ မောင်ကြီးကို အစ်မငယ် ဘယ်လောက်ကြာအောင် စောင့်ခဲ့တယ်ဆိုတာလဲ ညီမ သိပါတယ်။ ဒါပါပဲ ညီမရယ်။ အစ်မငယ် သူ့ကို တတ်အားသမျှ ကုသကြည့်ပရစေ။ ပြုစုစောင့်ရှောက်ပရစေ။ သူ့ဝေဒနာ မပျောက်မကင်းတော့ဘူး ဆိုရင်လည်း အစ်မငယ်ရဲ့ ကံပဲပေါ့။ သူ့ကိုသာ အစ်မငယ် ခေါ်သွားနိုင်အောင် ညီမငယ် စီစဉ်ပေးပါ"

ထိုစဉ်တွင် အိမ်တွင်းသို့ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးတစ်ယောက် ဝင်လာသည်။ နန်းခင်၏ ဖခင် ဦးနွံမွှန် ဖြစ်သည်။ ဦးနွံမွှန်သည် မထုံးရီ ရုတ်တရက် ပျောက်ကွယ်သွားပြီးသည့်နောက်ပိုင်းမှစ၍ နန်းခင်နှင့်အတူ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ဆေးဆရာလိုလို၊ အဂ္ဂိရတ်သမားလိုလို၊ ဖိုးသူတော်လိုလို ဖြစ်နေခဲ့သည်။ သို့သော် အရက်ကိုမူ နေ့စဉ် မှန်မှန်သောက်လျက် ရှိသည်။

ဦးနွံမွှန်သည် မနင်းမြူကို အတန်ကြာ စူးစိုက်နေသည်။ ပါးစပ်မှ အသံမထွက်ဘဲ တရွရွ လှုပ်နေသည်။ ဂါထာမန္တရား စုပ်နေသည့်နယ် ဖြစ်သည်။ မနင်းမြူ မနေတတ်။ နန်းခင်က ဖခင်ကို မကြည့်၊ တည်တည်ပင် နေသည်။ ခဏအကြာတွင် ဦးနွံမွှန် အိမ်ခန်းထဲ ဝင်သွားသည်။

"အဖေ့အတွက်ကလည်း ညီမမှာ တာဝန် လုံးလုံးကြီးပဲ။ မမထုံးရီ မရှိတော့တဲ့နောက်ပိုင်းမှာ သူဟာ ရူးသလို ပေါသလိုကြီးပဲ။ ခက်ပါတယ် အစ်မငယ်။ တစ်ခါတစ်ခါတော့လည်း လူတွေဟာ တစ်မျိုးပဲ။ ညီမလည်း ကိုယ်ချင်းစာပါတယ်။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းကြတဲ့ လူတွေပဲ မဟုတ်လား အစ်မငယ်။ ဒါပေမဲ့ အမေကလည်း တစ်မျိုးပဲ။ ညီမကလည်း တစ်မျိုးပဲ။ ခုနကပဲ အစ်မငယ် တွေ့လိုက်တယ် မဟုတ်လား"

"မောင်ကြီးရွှေဝါကိစ္စကို လုပ်ပါဦးကွယ်။ ညီမကော သူ့ကို တွေ့ပြီးပလား။ သူ့ကို ခေါ်လာတုန်းက ကြည့်လိုက် မြင်လိုက်သေးသလား"

"ညီမ စိတ်မကောင်းလို့ မကြည့်လိုက်ပါဘူး အစ်မငယ်။ မနက်ကလည်း အချုပ်ထဲမယ် သွားတွေ့မယ်လို့ စိတ်ကူးပါသေးတယ်။ ဒါပေမဲ့ စိတ်သာရောက်တယ်။ လူ မရောက်ဖြစ်ပါဘူး"

ဤတွင် မနင်းမြူ အကြံတစ်ခုရ၍...

"ကဲကွယ်၊ ဒါဖြင့် လောလောဆယ် အစ်မငယ်ကို တစ်ခု ကူညီပါ။ မောင်ကြီးကို အစ်မငယ် တွေ့ချင်တယ်"

"သူက တစ်ခါတစ်ခါမှာ အတော်ကြမ်းတယ်လို့ ပြောတယ်။ အစ်မငယ်မှာ အန္တရာယ်များ ရှိနေမလား"

"အစ်မငယ်အတွက်တော့ မပူပါနဲ့ကွယ်။ အစ်မငယ်ကို သူ ဘာမှ လုပ်မှာ မဟုတ်ပါဘူး။ အေး ညီမအတွက် စိတ်မချရဘူး ဆိုရင်တော့ ညီမလိုက်ပြီး မတွေ့ပါနဲ့။ အစ်မငယ်ကိုသာ သူနဲ့ တွေ့နိုင်အောင် စီစဉ်ပေးပါ"

နန်းခင် တွေ၍ စဉ်းစားနေသည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ချပြီးဟန်ဖြင့်...

"ဟုတ်ကြပြီလေ။ အစ်မငယ်ရဲ့ စိတ်ဆန္ဒပြည့်ဝအောင် တွေ့ရျေကြတာပေါ့။ အစ်မငယ် ခဏစောင့်ပါ။ ညီမ အဝတ်လဲလိုက်ပါဦးမယ်"

MMCYBERMEDIA
COMMUNITY FOR ALL

အခန်းတွင်းသို့ နန်းခင် ဝင်သွားသည်။ မနှင်းမြူတစ်ယောက်တည်း ကျန်ရစ်သည်။ ယခုအတိုင်းမူ သူမ၏ မောင်ကြီးကို တွေ့ရတော့မည်။ နောင်တွင်မူ မည်သို့ ဖြစ်ဦးမည် မသိ။

အတွင်းဘက်မှ အသံတိုးတိုးများ ကြားရသည်။ နန်းခင်နှင့် ဦးနွဲ့မွန်တို့ အတိုင်အပင် ပြုနေကြဟန် ရှိသည်။ မနှင်းမြူ ရင်ထိတ်စွာဖြင့် စောင့်ဆိုင်းနေသည်။ ဦးနွဲ့မွန်က ဘာပြောချေဦးမည်နည်း။ နန်းခင် စိတ်ပြောင်းသွားမည်လား။ နန်းရင်က မည်သို့ ကြားဝင်ဦးမည် မသိနိုင်။

နန်းခင် ပြန်ထွက်လာသည်။ ရင်ဖုံးအင်္ကျီအဖြူ ကြယ်တံမြိတ်ချ၊ အချိတ်ထဘီ ရွှေချည်စင်း၊ ဆံပင်ကို တစ်ပတ်လျှိုထုံး၊ ပခုံးတွင် လွှင့်ဝဲကျ၊ ခမ္ဘတီးသူ၏ အသွင်အပြင် မရှိတော့။ မန်းမြို့သူတစ်ဦးပမာ ဖြစ်သည်။

"သွားကြစို့ အစ်မငယ်"

အိမ်ပြင်သို့ရောက်သောအခါ သစ်ရိပ်တစ်ခုတွင် ရပ်နေသော နန်းရင်ကို တွေ့ရသည်။ နန်းရင်က သူတို့ကို မမြင်ဟန် ပြုနေသည်။ မနှင်းမြူကလည်း နန်းရင်အကြောင်းကို သိသည်ဖြစ်၍ မည်သို့မျှ မပြောမဆိုတော့။ နန်းခင်၏ ဘေးမကျတကျမှ အသာလျှောက်သွားသည်။ သူတို့နှစ်ယောက် သုံးလေးလှမ်းမျှ လွန်မှ နန်းရင် နောက်မှ လိုက်လာသည်။

သူတို့နောက်မှ နန်းရင် လိုက်လာမှန်း နန်းခင်သိသော်လည်း မည်သို့မျှ ပြောဆိုကန့်ကွက်ခြင်း မပြုချေ။ အချုပ်တဲနှင့် ဝေးလှသည်မဟုတ်၍ ခဏအကြာမှာပင် ရောက်ရှိသွားကြသည်။ နန်းခင်သည် အချုပ်တဲတွင် တာဝန်ရှိသော အကြီးအကဲနှင့် ခေတ္တမျှ စကားပြောသည်။ ထို့နောက် ထိုအကြီးအကဲ ကိုယ်တိုင် သူတို့ကို ရွှေဝါရှိရာသို့ လိုက်ပို့သည်။

သူတို့ကြားတွင် တန်းစိတ်များ ခြားထားသဖြင့် တစ်ဖက်နှင့် တစ်ဖက် အားရအောင် မတွေ့မမြင်ရ။ ရွှေဝါသည် လူများ ဝင်လာသည်ကို တွေ့သောအခါ တန်းကာအနီးသို့ လျှောက်လာသည်။ တန်းကာနှင့်ကပ်၍ အပြင်သို့ ကြည့်သည်။

မနှင်းမြူကို အရင်ဆုံး တွေ့မြင်သည်။ မနှင်းမြူကလည်း တန်းကာအနီးသို့ တိုးကပ်သည်။ မျက်လုံးချင်းဆိုင်၍ အတန်ကြာ ကြည့်သည်။

"နှင်းမြူလေ၊ နှင်းမြူကို မောင်ကြီး မမှတ်မိတော့ဘူးလား"

အမျိုးသမီးက အားငယ်စွာ မေးသည်။ ရွှေဝါ၏ အေးစက်တည်ငြိမ်မှုကို တွေ့ရသောအခါ စိတ်လျော့သွားဟန် ရှိသည်။

"ကိုယ့်မယားတစ်ယောက်လုံးကိုမှ မမှတ်မိဘူးဆိုရင် ဒီလူ အရူးပေါ့ နှင်းမြူရယ်"

MMCYBERMEDIA
COMMUNITY FOR ALL

သူ့စကားကြောင့် နှင်းမြူ ကြောင်သွားသည်။ သူ့စကားကို အတည်ယူရခက် မယူရအခက် ဖြစ်သည်။

"မောင်ကြီး တကယ် မှတ်မိရဲ့လား"

"ခက်ပါကလား နမယ်ရယ်။ ဒီတစ်သက်မှာ နမယ်ကို မောင်ကြီး ဘယ်လိုလုပ်ပြီး မေ့ပွဲမလဲ။ မောင်ကြီးနဲ့ နမယ် တောင်လေးလုံးမှာ ချစ်ခင်ပျော်ရွှင်ခဲ့ကြတာတွေကို မေ့တယ်ဆိုရင် သေတာနဲ့ ဘာထူးသေးလဲ နမယ်"

သူ့စကားများသည် အကဲလုလု ထွက်ပေါ်လာသည် မဟုတ်သော်လည်း ထိုစကားမျိုးကို ကြားရသည့်အတွက် အမျိုးသမီးမှာ များစွာ အားတက်သည်။ သူ့စိတ်များ ကယောက်ကယက် ဖြစ်နေသည်မှာ မှန်သော်လည်း သူမအပေါ်တွင် မကောင်းသော အမြင်အသိ မရှိပါချေ။ သည်အတိုင်းဆိုလျှင် သူ့ကို သူမ နစ်သိမ့်မည်။ ပြုစုကုသနိုင်မည်။ ပြုပြင်ပြောင်းလဲနိုင်မည်။

မနှင်းမြူဘေးတွင် နန်းရင် ကပ်လာသည်။ နန်းရင်ကို သူ တွေ့သွားသည်။

"နင်လည်း ပါတယ်ကိုး"
"ဟုတ်ကဲ့"
"အစ်မ နေကောင်းလား"
"ဟုတ်ကဲ့"

သူက မှင်သေသေ မောင်းသေသေဖြင့် မေးနေသည်။

"ငါ ဒီမှာရှိတာ ဘယ်သူပြောသလဲ"
"ကိုဦး"
"ဘယ်က ကိုဦးလဲ"
"အစ်ကိုရွှေဝါရဲ့ တူလေ"
"သြ၊ အစ်ကိုရွှေနီရဲ့ သားလား"
"ဟုတ်"
"သြ၊ ဒီကောင်ကလေး အတော်ကြီးပလား။ ဒီကောင်ကလေး ဘယ့်နယ်နေသလဲ။ ငါတို့ အမျိုးအနွယ်ရဲ့ ဂုဏ်သိက္ခာကို ထိန်းနိုင်ပါ့မလား"
"ဟုတ်ကဲ့"

နန်းရင်မှာ ဟုတ်ကဲ့သာ ပြောနိုင်သည်။ သူမ၏ အစ်ကိုသည် နဂိုနေမျိုးမဟုတ်သော်လည်း ကိုဦး၏ ပြောသလောက် ဆိုးရွားခြင်းမရှိဟု အောက်မေ့သည်။ ရူးသည်ပင် ဟုတ်ချင်မှ ဟုတ်မည်။ ခေတ္တခဏမျှ စိတ်ချောက်ချားနေခြင်းသာ ဖြစ်တန်ရာသည်။ ဆေးဝါးအနည်းငယ် မှီဝဲလိုက်လျှင် အကောင်းပကတိ ဖြစ်သွားနိုင်သည်ဟု ယူဆမိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ထိုစဉ်မှာပင် သူမ၏ ထင်မြင်ယူဆချက်များအားလုံး တစ်မုဟုတ်ချင်းအတွင်း ပျက်ပြားသွားရသည်။

ရွှေဝါသည် နောက်နားခပ်ကျကျတွင် မတုန်မလှုပ် ရပ်နေသော နန်းခင်ကို မနှင်းမြူနှင့် နန်းရင်တို့ နှစ်ယောက်ကြားမှ ဖြတ်လျက် တွေ့မြင်သွားသည်။ သူက သူတို့နှစ်ယောက်ကို ချဲပေးကြရန်ဟူသော သဘောဖြင့် လက်နှစ်ဖက်ကို ဘေးသို့ ယက်ခွဲပြသည်။ နန်းရင်နှင့် မနှင်းမြူတို့ ဘေးနှစ်ဖက်သို့ ရှဲပေးလိုက်ကြသည်။

ရွှေဝါ၏မြင်ကွင်းတွင် နန်းခင် ထင်းခနဲ ပေါ်လာသည်။ ထိုအခါ ရွှေဝါသည် တစ်ကိုယ်လုံးကို အားရပါးရ လှုပ်ခါလျက် ဝါးလုံးကွဲ ရယ်မောသည်။ သူ၏ရယ်သံကြောင့် အစောင့်ပုလိပ်များ လန့်သွားသည်။ လက်နက်ပြင်ကြသည်။

နန်းခင် တဆတ်ဆတ် တုန်နေသည်။ အဘယ်သို့ဆိုစေ တကယ့်တကယ်တွင်မူ ဤအစ်ကိုနှင့် ရင်ဆိုင်ရဲခြင်း မရှိချေ။ ငယ်ငယ်ကတည်းက သိမ့်သိမ့်တုန် ကြောက်လာခဲ့ရသူ ဖြစ်ချေသည် မဟုတ်လား။

"သြော် သြော်၊ ဝန်ကတော်ကြီးပါလား"

ရွှေဝါ ငေါ့သည်။ နန်းခင် မျက်နှာ ပျက်သွားသည်။ သို့သော် မည်သို့မျှ ပြန်မပြော။ ပြန်ပြောရဲသည့် သတ္တိလည်း ရှိဟန်မတူချေ။

စာသင်ကြီးသည် နန်းခင်ကို ပြန်ရန် ပြောသည်။ နန်းခင်က ထိုသို့လည်း မလုပ်ချေ။ ရပ်မြဲရပ်နေသည်။

ရွှေဝါက ရှေ့မှ တန်းစိတ်များကို ကိုယ်လုံးဖြင့် ဝုန်းခနဲ တိုက်လိုက်သည်။ အချုပ်တဲတစ်ခုလုံး ခါသွားသည်။ အားလုံး လန့်သွားသည်။ နန်းခင် ဒူးညွတ်၍ လဲပြိုတော့မည့်အသွင် ရှိသည်။ ထိုစဉ်တွင် ရွှေဝါ၏ အသံဩကြီး အက်ကွဲကွဲ ခြောက်ကပ်ကပ် ပေါ်ထွက်လာသည်။

"နင့်ကိုယ်မှာ နင် ဘာတွေ ဝတ်ထားထား၊ နင်ဟာ မြန်မာ မဟုတ်ဘူး။ နင်ဟာ ငါတို့ ခမ္မတီး မဟုတ်ဘူး။ နင် ဇာတ်ပျက်ပြီ။ အမျိုးပျက်ပြီ။ နင် အမျိုးဖျက်။ နင် အမျိုးယုတ်။ နင် သစ္စာဖောက်။ နင့်ကို သတ်ရမယ်။ နင်တို့လိုဟာမျိုးတွေ အားလုံးကို မောင်းထဲ ထည့်ထောင်းပစ်ရမည်။ ဖေး၊ နင်တို့ အားလုံးကို ငါ သတ်မယ်"

တန်းစိတ်ကို ရွှေဝါ ခေါင်းဖြင့် တဒိုင်းဒိုင်း တိုက်သည်။ သွေးဖြာသည်။ သွေးစဉ်သည်။ သွေးနီသည်။ အားလုံး ချောက်ချားရသည်။ ပုလိပ်များ တောင်လွှားမြောက်ပြေး လုပ်ကြသည်။ နန်းရင်ပင်လျှင် တန်းစိတ်မှ ခွာမိသည်။

"မောင်ကြီး၊ မောင်ကြီး သတိထားပါ"

MMCYBERMEDIA
COMMUNITY FOR ALL

မနင်းမြူကာ စိုးရိမ်တကြီး အော်ဟစ်သတိပေးသည်။

ရွှေဝါ ငြိမ်သွားသည်။ မနင်းမြူကို စိုက်ကြည့်သည်။ သို့သော် သူ့အကြည့်သည် မနင်းမြူကို မသိသကဲ့သို့မျိုး။ ထို့နောက် အခြားသူများကို တစ်ယောက်ချင်း လိုက်ကြည့်သည်။ မည်သူ့အပေါ်တွင်မျှ ထူးခြားသည့် စိတ်ဝင်စားမှု မပြ။ တစ်ယောက်တည်း ငေးငိုင်နေသည်။

"ပြန်ကြစို့ အစ်မငယ်"

နန်းခင်က မနင်းမြူကို ပြောသည်။ သူမက ခပ်တိုးတိုးသာ ပြောလိုက်ခြင်း ဖြစ်သော်လည်း တိတ်ဆိတ်ချောက်ချားနေခြင်း ကာလတွင်မို့ မိုးဦးကျတွင် မိုးချုန်းသည်သို့ ရှိသည်။ အားလုံးက သူမကို ကြည့်ကြသည်။ သို့သော် သူမ၏ အဆုံးအဖြတ်စကားသည် မှန်ကန်ကြောင်းကိုကား နန်းရင်ကပင် ဝန်ခံသဘောတူရသည်။ ဤလိုအခြေအနေမျိုးတွင် သူတို့ ပြန်ကြရုံမှတစ်ပါး အခြားလုပ်စရာ မရှိတော့။ သည်မှာ နေ၍ အကျိုးမထူးပြီ။ ဆိုးရွားလာစရာများသာ ဆင့်ကဲ ဖြစ်ပေါ်လာနိုင်သည်။

မနင်းမြူကလည်း ယင်းသို့ပင် သဘောပေါက်ဟန် ရှိသည်။ နန်းခင်၏ အဆိုကို လက်ခံသည့်အနေဖြင့် ရွှေဝါကို နှုတ်ဆက်သည်။

"နင်းမြူ ပြန်တော့မယ် မောင်ကြီး"

သူမ၏ စကားကို သူ ကြားဟန် မရှိ။ သူမကို သူ ကြည့်ခြင်း မပြု။ သူ့ဘာသူ ငေးငိုင်နေသည်။ သည်တော့ အမျိုးသမီး မျက်ရည်ဝိုင်းပြန်သည်။

နန်းခင် ရှေ့မှထွက်သည်။ နန်းရင်က မနင်းမြူကို တွဲခေါ်သည်။ ထိုအခါတွင်မှ ရွှေဝါ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ အိပ်ရာမှ နိုးလာဘိသို့။

"နန်းခင်"

သူ လှမ်းခေါ်သည်။ အားလုံးသော လှုပ်ရှားမှုများ ရပ်သွားသည်။ သေနတ်များကိုင်ထားသော ပုလိပ်များကလည်း ထစ်ခနဲဆို လန့်နေကြသည်။ သူတို့က သူ့ကို အတော်ပင် ကြောက်ရွံ့နေကြဟန် ရှိသည်။ ကြမ်းတမ်းသော အရူးတစ်ယောက်မို့ ကြောက်သည်လား။ သို့မဟုတ် တစ်ချိန်က ထင်ရှားကျော်ကြားလှသော တပ်မှူးကြီးတစ်ဦးဟူသော အရှိန်အဝါကြောင့်လား။

နန်းခင် လည်ပြန် လှည့်ကြည့်သည်။

"လာပါဦး။ ငါ့ညီမကို အစ်ကို ပြောစရာ တစ်ခုရှိလို့"

ရွှေဝါ ပြောသည်။ သူ့အသံမှာ သံမှန် ဖြစ်သည်။ နန်းခင် တွေဝေနေသည်။ သွားရမည်လား၊ မသွားရမည်လား မသိ ဖြစ်နေသည်။ ပုလိပ်များ အားလုံးက သူမကို မသွားနှင့်ဟူသော သဘောဖြင့်

MMCYBERMEDIA
COMMUNITY FOR ALL

ကြည့်သည်။ မနှင်းမြူကလည်း မသိမသာ ခေါင်းယမ်းပြသည်။ မသွားစေချင်သည့် သဘောဖြစ်သည်။ အကယ်၍ ရွှေဝါက နန်းခင်ကို တစ်စုံတစ်ခု ထိခိုက်ဒဏ်ရာရအောင် လုပ်လိုက်လျှင် ကိစ္စများအားလုံး ပြတ်သွားမည် ဖြစ်သည်။ သူ၏ လွတ်မြောက်ရေးလမ်းစ ပိတ်သွားမည် ဖြစ်သည်။ နန်းရင်ကတော့ မည်သည့် အမူအရာမျှ မပြ။ အစ်မဖြစ်သူကို မသိမသာ အကဲခတ်နေသည်။

"နန်းခင်"

ရွှေဝါ နောက်တစ်ကြိမ် ထပ်၍ ခေါ်ပြန်သည်။ ဤတစ်ကြိမ်တွင်မူ သူ၏ အသံတွင် အမိန့်သံ ပါနေသည်။ အားလုံး ငြိမ်နေသည်။ အသက်ရှူသံများကို ကြားနေရသည်။ နန်းခင်က မည်သူ့ကိုမျှ မကြည့်တော့ဘဲ ရွှေဝါရှိရာသို့ ဦးတည်၍ တစ်လှမ်းချင်း လျှောက်သွားသည်။

ထိုအခါတွင် မည်သူကမျှ တားမြစ်ရန် သတိမရတော့။ အချိန်ပိုင်းအတွင်းတွင် မည်သို့သော အခြင်းအရာများ ဖြစ်လာလေမည်နည်းဟု အားလုံးက ထိတ်လန့်စွာ စောင့်မျှော်နေကြသည်။

နန်းခင်သည် တစ်လှမ်းပြီးတစ်လှမ်း ရွှေဝါနှင့် နီးကပ်သွားသည်။ ရွှေဝါကလည်း နောက်ထပ် ဘာမှ မပြောတော့ဘဲ နန်းခင် လျှောက်လာနေသည်ကိုသာ မမိုတ်မသုန် ကြည့်နေသည်။ သူ့လက်များက တန်းကာနှစ်ခုကို တင်းတင်းဆုပ်ထားသည်။ သူ့မျက်လုံးသည် သားကောင်ကို ချောင်းနေသော ကျားကဲ့သို့ ရှိသည်။

မနှင်းမြူက နန်းခင်ထံ ပြေးသွားမည် ပြုသည်။ နန်းရင်က ဆွဲထားသည်။

တန်းကာနှင့် ခြေတစ်လှမ်းကွာ အလိုတွင် နန်းခင် ရပ်လိုက်သည်။ မောင်နှမနှစ်ယောက် တဦးကိုတစ်ဦး အပြန်အလှန် စူးစိုက်နေကြသည်။ ရွှေဝါသည် တန်းကာများအတွင်းမှနေ၍ ရှေ့တစ်လှမ်းကွာတွင် ရှိနေသော နန်းခင်ကို မည်သို့မျှ အန္တရာယ်ဖြစ်အောင် မလုပ်နိုင်မှန်း သိသော်လည်း အားလုံးက ထိတ်လန့်လျက် ရှိသည်။ မကောင်းဆိုးရွားခြင်း တစ်ခုခုတော့ ဖြစ်ပေါ်တော့မည်ဟု မှတ်ယူနေကြသည်။

"အစ်ကိုရွှေဝါ"

နန်းခင်က တိုးတိုးရွတ်သည်။ ထိုအခါတွင် ရွှေဝါ အနည်းငယ် လှုပ်ရှားမှုပြု၍ သက်ပြင်းရှည်ကြီး တစ်ချက်ချသည်။

"ဘာပြောမလို့လဲ"

နန်းခင် မေးသည်။ ရွှေဝါက ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။

ပြီးမှ...

MMCYBERMEDIA
COMMUNITY FOR ALL

"ငါ့ကို ဘိန်းတစ်ပြောင်းလောက် ပေးမလားကော ညီမရယ်"

## အခန်း -၈၇-

အများတကာ ထိတ်လန့်စိုးရွံ့နေသော ချောက်ချားဖွယ် အရေးအခင်းသည် နောက်သုံးရက် အကြာတွင်မှ ဖြစ်ပွားသည်။ ရွှေဝါနှင့် နန်းခင်တို့ ဖြစ်ပွားခြင်း မဟုတ်ချေ။ ရွှေဝါနှင့် သူ့၏ဖခင် ဦးနွဲ့မွန်တို့ ဖြစ်ပွားခြင်း ဖြစ်သည်။

ရွှေဝါ လွတ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ မဖြစ်မနေ လိုက်လံကြိုးပမ်းဆောင်ရွက်နေသူမှာ နန်းခင် မဟုတ်ချေ။ ဦးနွဲ့မွန် ဖြစ်သည်။

နန်းခင်သည် ရွှေဝါတောင်းသော ဘိန်းတစ်ပြောင်းကို ပေးပို့ခြင်း ပြုသော်လည်း သူ့၏ လွတ်မြောက်ရေးအတွက်မူ မည်သို့မျှ အားထုတ်ခြင်း မပြုချေ။ မနင်းမြူကိုပင် ရှောင်ဖယ်ဖယ် စိမ်းတိမ်းတိမ်း လုပ်လာသည်။

ထိုအခါတွင် ဦးနွဲ့မွန် ဝင်လာသည်။ သူ့ကို မည်သူကမျှ တောင်းပန်ပြောဆိုခြင်း မပြုဘဲနှင့် ကြားဝင် ဆောင်ရွက်လာခြင်း ဖြစ်သည်။ မနင်းမြူမှာ မမျှော်လင့်ဘဲ ရရှိသော အကူအပံ့ကြောင့် များစွာမှ အားတက်ရသည်။ လွန်စွာမှ ဝမ်းမြောက်ရသည်။

နန်းရင်ကလည်း ဖခင်၏ အပြုအမူအတွက် အင်မတန်မှ အံ့သြခြင်း ဖြစ်နေသည်။ ဖခင်၏ အပြုအမူကို နားမလည်နိုင် ရှိရသည်။ ဖခင်၏ ရည်ရွယ်ရင်းကို မမှန်းဆတတ် ရှိရသည်။ ထိုသည်ကြောင့်ပင် ဖခင်၏ အပြုအမူများတွင် အပြီးအပိုင် ယုံကြည်စိတ်ချခြင်းလည်း မရှိချေ။ ဖခင်အပေါ်တွင် ထားရှိခဲ့သော သူမ၏ သဘောထားလည်း သိသိသာသာကြီး ပြောင်းမသွားချေ။ ဖခင်က စကားပြောလာသည်ကိုပင် လက်ခံပြောဆိုခြင်း မပြုချေ။ မကြားဟန်ပြု၍ မျက်နှာတစ်ဖက် လွှဲသွားသည်။

ထိုအခါ မနင်းမြူက ကြားမှ အားနာရသည်။ ဦးနွဲ့မွန်ကွယ်ရာတွင် နန်းရင်ကို ပြောရသည်။

"ငါ့ညီမကို အစ်မငယ် တစ်ခုပြောဦးမယ်။ ငါ့ညီမလည်း သိပါတယ်။ မာတာပိတုဂုဏော အနန္တောတဲ့။ မိဘအပေါ်မှာ ကိုယ်က စိမ်းကားရက်စက်ခြင်း မပြုရဘူး။ ကိုယ့်မှာ အပြစ်ကြီးလေးတယ်"

"အစ်မငယ် မသိပါဘူး။ သူ အခုလို လိုက်လုပ်နေတာ ဘာရည်ရွယ်ရိုးရှိတယ် မသိဘူး။ အစ်မငယ်ကတော့ အစ်မငယ်ရဲ့ မောင်ကြီး အချုပ်အနှောင်က လွတ်မှာမို့ ဝမ်းသာနေတာ တစ်ခုပဲ။ သူကတော့ ဘာမျှော်လင့်တယ် မသိဘူး"

"ညီမငယ်တို့ စဉ်းစားတာတွေက တစ်မျိုးဖြစ်နေတယ်။ သူစိမ်းဆန်နေကြတယ်။ ကိုယ့်မိသားစု အရင်းဆိုတာကို မေ့နေကြတယ်။ အစ်မငယ်ရဲ့ မောင်ကြီးဆိုတာ တခြားလူမှ မဟုတ်ဘဲ။ ညီမငယ်တို့ရဲ့ အစ်ကိုအရင်းပဲ။ သူ့ရဲ့ သားအရင်းပဲ။ အဖေတစ်ယောက် သူ့သားကို အချုပ်အနှောင်က လွတ်အောင် လုပ်တာမှာ ဘာရည်ရွယ်ရင်း ရှိရဦးမလဲ ညီမရယ်။ အတွေးမခေါင်စမ်းပါနဲ့"

MMCYBERMEDIA
COMMUNITY FOR ALL

နန်းရင် ခေါင်းခါသည်။

"သူ့အကြောင်း အစ်မငယ် မသိပါဘူး"

ဟုတ်သည်။ နန်းရင်၏စကား မှန်ကန်ကြောင်း မကြာမတင်မီမှာပင် သူမက သိရသည်။ မည်သို့ဆိုစေ သူမ၏မောင်ကြီး လွတ်မြောက်လာသည့်အတွက်မူ သူမမှာ အတိုင်းမသိ ဝမ်းသာရသည်။ ရွှေဝါအတွက် ဒိုင်ခံလုပ်ဆောင်ပေးသူမှာ ဦးနွဲ့မွန်ဖြစ်ကြောင်းကို မည်သူမျှ မငြင်းနိုင်ပါ။ မနင်းမြူတို့ မိုးကောင်းသို့ရောက်ပြီး နောက်သုံးရက်အကြာတွင် ရွှေဝါ လွတ်မြောက်သည်။ ဤမျှအထိ ကြန့်ကြာနေရခြင်းမှာလည်း မိုးကောင်းနယ်ပိုင်ဝန်ထောက် မြစ်ကြီးနားသို့ သွားနေ၍ ဖြစ်သည်။ ပထမတစ်ရက်တွင် ဦးနွဲ့မွန်သည် နယ်ပိုင်ဝန်ထောက် ပြန်အလာကို စောင့်နေသေးသည်။ သို့သော် မြစ်ကြီးနားသို့ လိုက်သွားသည်က ပိုကောင်းမည်ဟု ယူဆသဖြင့် နောက်တစ်နေ့တွင် မြစ်ကြီးနားသို့ ရောက်သွားသည်။ ထိုအခါ မြစ်ကြီးနား အရေးပိုင်နှင့်လည်းကောင်း၊ ခရိုင် ရာဇဝတ်ဝန်ကြီးနှင့်လည်းကောင်း တိုက်ရိုက်တွေ့ဆုံ ပြောကြားခွင့် ရသည်။ ပို၍ ထိရောက်ခြင်း ရှိသည်။ ရွှေဝါသည် တစ်ချိန်က ထင်ရှားသော ခေါင်းဆောင်တစ်ဦး ဖြစ်သော်လည်း နောက်ပိုင်းတွင် အရက်သမား ဘိန်းစားတစ်ယောက်သာဖြစ်၍ လည်းကောင်း၊ ယခုအခါတွင် ရူးသွပ်လျက်ရှိနေပြီ ဖြစ်၍ တစ်ကြောင်း၊ ဗြိတိသျှအစိုးရကို အထူးပင် ကူညီဆောင်ရွက်ခြင်း ပြုခဲ့သော ဦးနွဲ့မွန်၏ အသနားခံချက်ကြောင့် လည်းကောင်း သူ့ကို ချက်ချင်းလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

ဦးနွဲ့မွန်သည် လွှတ်ဝရမ်းကို ယူဆောင်လျက် မိုးကောင်းသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိလာသည်။ မနင်းမြူနှင့် မဆိုင်းမငံ့တွေ့သည်။

"လွှတ်တာတော့ ဟုတ်ပါပြီ။ ငါ့သမီးကြီး သူ့ကို ဘယ်လိုလုပ်ပြီး ခေါ်သွားမလဲ"

ထိုအချက်ကို မနင်းမြူ တွက်ဆထားပြီး ဖြစ်သည်။ ကြိုတင်စီစဉ်ထားပြီးသား ဖြစ်သည်။ ယင်းကား အခြားမဟုတ်။ သူ နှစ်ခြိုက်သော ဘိန်းကို အလျင်မပြတ်ပေး၍ ချော့မော့ခေါ်ဆောင်သွားရန်ပင် ဖြစ်သည်။ ဘိန်း၏ သတ္တိကိုမူ သူမက ဤသုံးရက်အတွင်းတွင် လက်တွေ့ သိရှိပြီး ဖြစ်သည်။

အချုပ်ခန်းတစ်ခုလုံးကို ဝရုန်းသုန်းကားဖြစ်အောင် ဆူညံလျက်ရှိသော ရွှေဝါသည် နန်းခင် ပို့ပေးသော ဘိန်းပြောင်းကို ရှူရသောအခါ အင်မတန်သိမ်မွေ့နူးညံ့သော မင်းသမီးတစ်ပါးနယ် ဖြစ်သွားသည်။ သို့သော် ဘိန်းငွေ့ပြယ်သွားသောအခါတွင်ကား ပို၍ ဆိုးရွားလာသည်။ အစာမစားရသော ကျားတစ်ကောင်ပမာ ဖြစ်သည်။ ပုလိပ်များကို ဆဲရေးရန်စောင်လျက် ရှိနေသည်။ နောက်တစ်နေ့ မနင်းမြူ ရောက်ရှိသွားသောအခါတွင် သူက ပထမဆုံးအချက်အနေနှင့် ဘိန်းတောင်းသည်။ ဘိန်းချေးကလေး စားရစားရဟု ဆိုသည်။ မနင်းမြူက အချုပ်ထဲတွင် တာဝန်ကျနေသူများကို ပြောသည်။ ပထမတွင် သူတို့က ခွင့်မပြုဟု တင်းခံနေသည်။ မနင်းမြူက သူ့ကို ဘိန်းပေးလိုက်လျှင် ယခုကဲ့သို့ ဆူညံနေတော့မည် မဟုတ်ကြောင်းကို ယမန်နေ့ကအဖြစ်နှင့် ဥပမာပြသည်။ ထိုအခါမှ ခွင့်ပြုသည်။ မနင်းမြူ၏ တွက်ဆချက် မှန်သည်။ ဘိန်းရသည်နှင့် တစ်ပြိုင်နက် ရွှေဝါ ငြိမ်သွားသည်။ နောက်အခါများတွင်တော့ မနင်းမြူကပင် ပြောနေစရာ မလိုတော့ပေ။ ရွှေဝါ ဘိန်းလိုချင်သည်ဆိုလျှင် ပုလိပ်များက ဝမ်းသာအယ်လဲ ရှာပေးကြသည်။ သူတို့အဖို့ နားအေးရသောကြောင့် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

သည့်သဘောကိုယူ၍ ရွှေဝါ့ကို ရွာသို့ ခေါ်သွားသောအခါတွင်လည်း ဘိန်းမပြတ်ပေး၍ ခေါ်သွားမည်ဟု မနင်းမြူ ကြံစည်ခြင်း ဖြစ်သည်။

"ဒီအတွက်တော့ ကျွန်မ စီစဉ်ပြီးပါပြီ။ ဟိုကျရင် သူ့ကို ဆေးကုဖို့လည်း ကျွန်မ စဉ်းစားပြီးပါပြီ။ အခု ဒီက ခေါ်အသွားမှာ လမ်းမှာ သူ မဆူညံအောင် သူကြိုက်တဲ့ဘိန်းကို အလျဉ်မပြတ် ပေးသွားမယ်။ ရွာရောက်တဲ့အခါကျတော့ ရွာကျောင်းဆရာတော်နဲ့ ကုမယ်"

"အေး၊ ငါ့သမီးပြောတာ ဟုတ်တယ်။ ရွာကျောင်းဆရာတော်ဟာ အရူးကုတဲ့နေရာမှာတော့ တကယ်တော်တယ်။ သူ့ထက် ကြမ်းတာတွေလည်း ကုနိုင်တယ်။ ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ လူတွေကိုလည်း ကုနိုင်တယ်။ အေးကွယ် ငါ့သမီးဟာ တော်ပါတယ်။ မိန်းမကောင်း မိန်းမမြတ် ပီလှပါတယ်။ ရွာကျောင်းဆရာတော်နဲ့ ကုလိုက်ရင် ရွှေဝါ ပျောက်သွားမှာပါ။ ငါ့သမီးနဲ့ ငါ့သားတို့ အိုအောင်မင်းအောင် ပေါင်းရပါစေလို့ ငါ ဆုတောင်းလိုက်ပါမယ်။ ငါလည်း အသက်ကြီးပြီကွယ်။ ရွာမှာပဲ ပြန်ပြီး အေးအေးဆေးဆေး ဥပုသ်သီတင်း စောင့်ချင်တယ်"

"ကောင်းသားပဲကော"

"ကောင်းသားပဲဆိုရင် ငါ့သမီးက တစ်လှည့် ကူညီပါလား"

"သမီးက ဘယ်လို ကူညီရမှာလဲ"

"သမီးရဲ့ အစ်မကို ပြောပြစမ်းပါကွယ်။ တို့များဟာ ဟိုတုန်းက မှားခဲ့တာတွေကို အခု နောင်တရနေပါပြီလို့။ ရှေ့တစ်လျှောက်မှာ အေးအေးဆေးဆေး ဘုရားသွားအတူ၊ ကျောင်းတက်အတူပဲ နေချင်ပါတယ်လို့"

မနင်းမြူ နှုတ်ဆိတ်နေသည်။ ဤအဘိုးကြီး၏ ရည်ရွယ်ရင်းကို အခုမှ ဘွားခနဲ သိရသည်။ သားဖြစ်သူ လွတ်မြောက်အောင် လိုက်လုပ်ပေးခြင်းသည် သူ ရွာကို ပြန်လာလို၍ ဖြစ်သည်။ ဒေါ်စောရုံနှင့် အတူ ပြန်လည်နေထိုင်လို၍ ဖြစ်သည်။ ထိုအခါ သူမမှာ မျက်လုံးပြူးရသည်။ အကြောင်းမှာ သည်ကိစ္စမှာ တိမ်မယောင်နှင့် နက်သောကြောင့် ဖြစ်သည်။ ဒေါ်စောရုံသည် နန်းရင်တို့ နန်းခင်တို့ထက် စိတ်ပြတ်သူ ဖြစ်သည်။ ထို့အတူ စိတ်မကောင်းခြင်းလည်း ဖြစ်မိသည်။ ဤအသက် ဤအရွယ်ကျမှ မေတ္တာနှင့် ပတ်သက်၍ ဒုက္ခရောက်နေရခြင်းကို ဖြစ်သည်။ အနှစ်နှစ်ဆယ်လုံး ကြိမ်မီးအုံးဖြစ်ခဲ့ရသူမို့ ကိုယ်ချင်းစာသည်။ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ မိမိအနေနှင့် ကြိုးပမ်း အားထုတ်သင့်သည်ဟု မနင်းမြူ ယူဆသည်။ ယင်းကြောင့်...

"ရွာပြန်ရောက်ရင် သမီး ကြိုးစားပါ့မယ်။ အစ်မကို ပြောပါ့မယ်"

"အေးကွယ်၊ သာဓု သာဓု"

သူတို့နှစ်ဦး ပြောဆိုနေကြသည်များတွင် နန်းရင် ဝင်မစွက်။ သို့သော် မကျေမနပ် ရှိနေကြောင်းကိုကား ဦးနွံမွန်ရော မနင်းမြူပါ သိသည်။

ထို့နောက် သူတို့ အချုပ်ထဲသို့ သွားကြသည်။ ထိုတွင် ဦးနွံမွန်နှင့် ရွှေဝါ ပြဿနာ ပေါ်တော့သည်။ ရွှေဝါကလည်း ဘိန်းငွေပြယ်စအချိန် ဖြစ်သည်။

ပုလိပ်များက ရွှေဝါကို အပြင်သို့ ထုတ်သည်။ ရွှေဝါက မနင်းမြူကို မြင်သည်နှင့် တစ်ပြိုင်နက်...

MMCYBERMEDIA
COMMUNITY FOR ALL

"မိန်းမရယ်၊ စောင့်လိုက်ရတာကော။ ကိုယ့်ယောကျ်ားအတွက် ဘိန်းပြောင်းကလေး တစ်ပြောင်းပြီး တစ်ပြောင်း လုပ်ထားမှပ။ ဒါမှ မယားဝတ္တရားငါးပါးနဲ့ ပြည့်စုံတော့မပေါ့ကွယ်"

"ပါပါတယ် မောင်ကြီးရယ်။ နှင်းမြူ မမေ့ပါဘူး"

ယင်းသို့ပြောရင်း အမျိုးသမီးက ဦးနွဲ့မွန်ကို ကြည့်သည်။ မိမိပြောခဲ့သည်မှာ မှန်ကန်သည်ဟူသော သဘောနှင့်။

ထိုအခါမှ ဦးနွဲ့မွန်ကို ရွှေဝါ တွေ့သွားသည်။ သူ့အမူအရာများ ချက်ချင်း ပြောင်းလဲသွားသည်။ ညှိုးငယ်မေးမိုန်နေသော သူ့မျက်နှာသည် ချက်ချင်းပင် နီရဲတောက်ပြောင်လာသည်။ လူသား စားဖူးဖန်များ၍ လူသွေးဆာနေသော ကျားတစ်ကောင်ပမာ ဖြစ်သည်။

ဦးနွဲ့မွန်သည် နန်းခင်လောက် သတ္တိကောင်းသူ မဟုတ်ချေ။ သားဖြစ်သူ၏ အကြည့်ဒဏ်ကို မခံနိုင်ချေ။ အကြောင်းတစ်ခု ရမယ်ရှာ၍ ထိုနေရာမှ ထွက်သွားမည် ပြုသည်။ သို့သော် အချိန်နှောင်းချေပြီ။ ရွှေဝါက သူ့ကို ကျားသစ်တစ်ကောင်၏ ပေါ့ပါးဖျတ်လတ်မှုဖြင့် ခုန်အုပ်လိုက်သည်။

အနီးတွင် ရှိသူအားလုံး ကြောင်အမ်းသွားကြသည်။ ဤမျှ မြန်ဆန်လိမ့်မည်ဟု မည်သူမျှ မမျှော်လင့်ကြ။ ဤမျှအထိ ကြမ်းတမ်းခက်ထန်လိမ့်မည်ဟု မတွက်ကြ။

ရွှေဝါသည် ဦးနွဲ့မွန်၏ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ထို့နောက် သွက်သွက်ခါအောင် လှုပ်ယမ်းရင်း အသံနက်ကြီးဖြင့် မေးသည်။

"မမထုံးရီကော"

ဦးနွဲ့မွန် ဂူးဂူးဝါးဝါးအော်ရင်း ခေါင်းခါသည်။

"မမထုံးရီကော"

သူက အတင်းလှုပ်ယမ်း၍ မေးပြန်သည်။ ဦးနွဲ့မွန် ခေါင်းခါသည်။ သူက လှုပ်ယမ်းပြန်သည်။ မနှင်းမြူက ဝင်၍ တောင်းပန်သည်။

"မောင်ကြီး၊ မောင်ကြီး။ မှားကုန်မယ်"

သို့သော် မနှင်းမြူသည်သာ အပြင်သို့ လွင့်စဉ်ထွက်လာသည်။ မြေပြင်တွင် ပုံရက်သား ကျသည်။ တော်တော်နှင့် မထနိုင်ဘဲ ရှိသည်။ သူမ၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။ နာကျင်၍ပင်လား။ သူမ၏ မောင်ကြီးက အခြားသော အမျိုးသမီးတစ်ယောက်အတွက် ဖောက်ပဖောထန်နေ၍လား။

"မမထုံးရီ ဘယ်မလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

သူ့အသံသည် ကျယ်သည်ထက် ကျယ်လာသည်။ သူ၏ ချုပ်ကိုင်မှုကိုလည်း ပခုံးနှစ်ဖက်မှနေ၍ လည်ပင်းသို့ ပြောင်းလိုက်သည်။ ဦးနွဲ့မွန် အသံမထွက်။ မျက်လုံးများ ပြူးထွက်လာသည်။

သည်အခါတွင် ကြားဝင်သူမှ နန်းရင်။

နန်းရင်သည် သားအဖနှစ်ယောက်ထံသို့ ပြေးကပ်သွားသည်။ ရွှေဝါ၏ တံတောင်ကြောနှစ်ခုကို လက်မဖြင့် ဖိထောက်လိုက်သည်။ ထိုအကြောသည် ကျဉ်ကြော ဖြစ်သည်။ ရွှေဝါ စူးစူးဝါးဝါး ဟစ်အော်၍ ဦးနွဲ့မွန်ကို လွှတ်လိုက်ရသည်။

ဦးနွဲ့မွန် လွတ်သွားသည်နှင့် တစ်ပြိုင်နက် နန်းရင်သည် လက်မဖြင့် ဖိထောက်ထားခြင်းကို လွှတ်လိုက်သည်။ တစ်ပြိုင်တည်းပင် ငုံ့ရှောင်လိုက်သည်။ ယင်းကြောင့်လည်း လျှပ်ပြက်သည့်နယ် ချာခနဲလှည့်ရင်း လက်ပြန်တွက်လိုက်သော ရွှေဝါ၏ ဘယ်လက်ဝါးစောင်းနှင့် လွတ်သွားခြင်း ဖြစ်သည်။

ကြည့်နေသူများ ရင်ဖိုသွားကြသည်။

နန်းရင်သည် တစ်လှမ်းအကွာမှနေ၍ အစ်ကိုဖြစ်သူ၏ အခြေအနေကို ကြည့်နေသည်။ ခြေနှစ်ဖက်ကို သိုင်းကွက်ချထားသည်။ ရွှေဝါက နန်းရင်၏ ခြေထားပုံကို စိုက်ကြည့်နေသည်။ ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် မတိုးမကျယ် ပြောသည်။

"နင်လည်း မခေပါလား နန်းရင်။ ဒါမှ ငါ့ညီမ ပီသတယ်။ အေး သွားကြစို့။ ရွာကျရင် ငါ့ မိန်းမကိုလည်း သိုင်းသင်ပေးရမယ်။ သေနတ်ပစ် သင်ပေးရမယ်။ ကုလားဖြူတွေနဲ့ သစ္စာဖောက်တွေကို အမြစ်ပါမကျန်အောင် သုတ်သင်ပစ်ရမယ်"

## အခန်း -၈၈-

မိုးဖြိုင်ဖြိုင် သွန်းနေသည်။ သူမ တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုနေပြီ ဖြစ်သည်။ သို့သော် နန်းရင်သည် အိမ်ပြန်ရန် စိတ်မကူးချေ။ တောင်စောင်းဂူတစ်ခုအတွင်းသို့ ဝင်ရောက်ခိုအောင်းရန်လည်း စိတ်မကူးချေ။ ရှိရင်းစွဲအတိုင်းပင် ကျောက်တုံးထက်တွင် ထိုင်၍ ကြိုးကြာချောင်းရေစီးသည်ကို ငေးမျှော်နေသည်။

သူမ၏စိတ်တွင် အမှတ်မထင် အတွေးတစ်ခု ထင်လာ၍ ဤသို့ မိုးရေထဲတွင် ထိုင်နေခြင်း ဖြစ်သည်။ ယင်းကား အခြားမဟုတ်။ ငယ်စဉ်ကဆိုလျှင် အင်မတန် မိုးစိုခံချင်သည်။ မိုးရွာပြီဆိုလျှင် မိုးထဲတွင် ရှိလျှင်လည်း တိမ်းရှောင်ခြင်း မပြု။ မိုးရေထဲသို့ ပြေးထွက်သည်။ ခေါင်းကို မိုးစိုစေချင်သည်။ အဝတ်အထည်များ မိုးစိုချပ်ရပ်သည်ကို သဘောကျသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယခု ကြီးလာတော့ သည်သို့ မဟုတ်။ မိုးစိုမှာ ကြောက်သည်။ ခေါင်းကို မိုးစိုလျှင် မနေတတ်။ အဝတ်အထည်တွေ စိုရွှဲနေလည်း အနေကျပ်သည်။ မိုးကာလတွင် အပြင်ထွက်ရလျှင် ခမောက်ဆောင်းသည်။ မိုးကြီးသည်းလာလျှင် အရိပ်ခိုသည်။

ထိုသဘောကို ရုတ်တရက် မကျေနပ်ခြင်း ရှိလာသဖြင့် မိုးရွာထဲတွင် သူမက ယခုကဲ့သို့ ထိုင်နေခြင်း ဖြစ်သည်။ လူတွေ ကြီးလာလျှင် ဘာဖြစ်သနည်း။ ယခု သူမ နားလည်မိသည်ကတော့ ငယ်ငယ်က လုပ်သည်များကို မလုပ်တော့။ အပြောဆင်ခြင်သည်။ အနေဆင်ခြင်သည်။ မလုပ်ရဲ၊ မကိုင်ရဲသည်များကို ရှိလာသည်။

ငယ်စဉ်ကမူ ပြောလိုက်သည်။ လုပ်လိုက်သည်။ နောက်ခါမှ ဖြစ်ချင်ရာဖြစ်။

ယခုကျတော့ ဤသို့ပြုလျှင် မည်သို့ ဖြစ်ချေမည်နည်း၊ မည်သူက မည်သို့ ပြောချေမည်နည်း စသည်ဖြင့် စဉ်းစားသည်။ ကြာတော့ မလုပ်ဖြစ်တော့။ မလုပ်ရဲတော့။ အချို့အလုပ်များမှာ မလုပ်ဖြစ် မလုပ်ရဲ၍ ဘာမှ မဖြစ်။ အချို့အလုပ်ကျတော့ မလုပ်ဖြစ် မလုပ်ရဲခြင်းကြောင့် မိမိတွင် စိတ်ဆင်းရဲခြင်း ကြီးစွာ ဖြစ်ရသည်။ အကြောင်းမှာ ထိုအလုပ်ကို ကိုယ်က အင်မတန် လုပ်ချင်နေသည်။ သူများ ပြောမည်စိုး၍ မလုပ်ခြင်း။

ဆိုကြပါစို့။ မောင်မျိုးနှင့် သူမကိစ္စ။

မောင်မျိုးက သူမအောက် ကိုးနှစ်မျှ ငယ်သည်။ ထို့ထက်ပို၍ ဆိုးသည်က သူမ အပျိုပေါက်အရွယ်က ဤသူငယ်က လုံး၀ ကလေးမျှသာ ဖြစ်သည်။ သူမက လူကြီး၊ သူက ကလေး။

သို့သော် နောင်ဆယ့်ငါးနှစ်မျှ ကြာလာသောအခါ သူမက နဂို အချိုးအစားအတိုင်း သူ့ထက် ကိုးနှစ်မျှ ကြီးမြဲကြီးသော်လည်း လူမှုဆက်သွယ်မှု ပုံသဏ္ဍာန်တွင်တော့ တစ်တန်းတစ်စားတည်းတွင် ရောက်ရှိလာသည်။

သူမက အပျို၊ သူက လူပျို။

ဆိုကြပါစို့၊ ပြီးခဲ့သည့် ငါးနှစ်အချိန်က သူမက အသက်သုံးဆယ်အတွင်းသို့ ဝင်လာပြီ ဖြစ်သော်လည်း သူမကို မြင်တွေ့သူ လူစိမ်းတိုင်းကပင် နှစ်ဆယ်ကျော်မျှသာ တွက်ထင်ကြသည်။ မောင်မျိုးကလည်း အသက်နှစ်ဆယ်ကျော်ရုံမျှသာ ဖြစ်သော်လည်း အလုံးအထည် ကြီးသည်ကတစ်ကြောင်း၊ အနေအထိုင် တည်ကြည်သည်က တစ်ကြောင်းကြောင့် သူမနှင့် အရွယ်တူသူတစ်ဦးဟု မှတ်ထင်ရသည်။

ယင်းကို ထားဦး။

MMCYBERMEDIA
COMMUNITY FOR ALL

ဤလူငယ်သည် သူမ၏ မျက်စိအောက်တွင် ကြီးပြင်းလာရသည်ဖြစ်ငြားလည်း၊ သူမက အမြဲတစေပင် ကလေးငယ်တစ်ယောက်ဟု ထင်မှတ်နေငြားလည်း သူ့ဘက်ကမူ ထိုသတ်မှတ်ချက်များကို အခွင့်အလမ်းရတိုင်း တိုက်ဖျက်ချေမှုန်းတတ်လေသည်။

သူမကို "မမနန်းရင်" ဟု ခေါ်လင့်ကစား သူမက သူ့ကို "သည်ကောင်လေး" ဟု ဆိုခြင်းမျိုးကိုတော့ လုံးဝ နှစ်သက်ခြင်း၊ လက်ခံခြင်း မရှိချေ။ သူ ကလေး မဟုတ်တော့ကြောင်း အမြဲတမ်း ခုခံ ငြင်းဆိုတတ်လေသည်။

နောက်ပိုင်းနှစ်များအတွင်းတွင် သူတို့နှစ်ဦးသည် သွားခြင်းအတူ၊ လာခြင်းအတူ၊ နေထိုင်ခြင်းအတူ စသည်ဖြင့် ရှိကြသည်။ တစ်ဦးကို တစ်ဦး ခင်မင်တွယ်တာမှုသည် ပို၍ နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်က လွှမ်းမိုးမှုများ တစ်စစ ပျောက်လွင့်ပြီး လက်ငင်းဖြစ်ပေါ်မှုများက နေရာယူလာသည်။ ဖြစ်ပေါ်ပြောင်းလဲမှုများကို သူမအနေနှင့် တတ်နိုင်သမျှ ဟန့်တားရန် ကြိုးစားခဲ့သော်လည်း အကျိုးသက်ရောက်ခြင်း မရှိလှချေ။

နောက်ဆုံးတွင် မောင်မျိုးသည် သူမကို စောင်းပါးရိပ်ခြည် ပြောလာတော့သည်။ ထိုအခါတွင် သူမက လက်ငင်း ဖြစ်ပျက်နေသည်များကို မမြင်ဟန် ပြုသည်။ မသိဟန် ပြုသည်။ အများတကာ ပြောမည်စိုး၍ စိတ်ထဲတွင် မဝံ့မရဲဖြစ်၍ အပေဟာင်းတွင် တွယ်ကပ်သည်။ အသစ်ဖြစ်ပေါ်မှုကို ငြင်းဆန်သည်။ မောင်မျိုးအပေါ်တွင် မိမိက တကယ်ချစ်မိပြီလားဟုပင် ရဲရဲမတွေးရဲ။ ထိုအခါတွင် နှစ်ယောက်စလုံး စိတ်ဆင်းရဲရသည်။ မျိုသိပ်ခြင်း၊ ချိုးနှိမ်ခြင်း ပြုကြရသည်။

သည်လိုနှင့်ပင် အခြေအနေအရပ်ရပ်အရ လူချင်း ခွဲခွာကြရသည်။ သူမကိုမူ မိန်းကလေးဖြစ်၍ အင်္ဂလိပ်တို့က အရေးမထားလှသော်လည်း ဘကြီးမုံးနှင့် မောင်မျိုးတို့ နောက်ကိုမူ သဲကြီးမဲကြီး လိုက်နေသည်။ ယင်းကြောင့်ပင် သူတို့သည် ဤအရပ်မှ ခေတ္တ တိမ်းရှောင်သွားကြရန် ဆုံးဖြတ်ရသည်။ လဖိုင်လတို့နှင့် တွေ့ရန်လည်း ဆန္ဒရှိကြ၍ ဖြစ်သည်။ ခမ္မတီးမှ အခြေအနေများကိုလည်း လေ့လာလို၍ ဖြစ်သည်။

ခွဲခွာသည့်အချိန်က နှစ်ယောက်စလုံး မျက်ရည်မဆည်နိုင် ဖြစ်ကြရသည်။ တစ်ညလုံး ငိုကြရသည်။ ထိုညက မျက်ရည်ပူများဖြင့် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားခဲ့ကြရခြင်းကို မည်သူကမျှ မေ့နိုင်မည် မဟုတ်ချေ။

မိုးသည် ပိုမို သည်းထန်လာသည်။ မိုးပေါက်များသည် သူမ၏ အဝတ်အထည်များကို ထွင်းဖောက်၍ အတွင်းဘက်မှ စီးဆင်းသည်။ များမကြာမီတွင် သူမ၏ ကိုယ်တွင်းသို့ပင် စိမ့်ဝင်လိမ့်မည်ဟု ထင်ရသည်။

ယခုဆိုလျှင် မောင်မျိုးတို့ သွားသည်မှာ ငါးနှစ်နှင့် ငါးလမျှ ကြာမြင့်သွားပြီ ဖြစ်သည်။ သူမ အနေနှင့် မေ့ပျောက်ရန် ကြိုးစားလေ သတိရလေ ဖြစ်သည်။ အလုပ်အကိုင် မအားလပ်သည့်အခါများ၊ အခြားသူတစ်ဦးနှင့် စကားပြောနေရသည့် အခါများတွင် သတိမရအား ရှိသည်။ ယင်းသို့ မဟုတ်လျှင်ကား ခွဲခွာရသည့်အချိန်ကာလ ရှည်ကြာလာလေ သတိရခြင်း၊ အောက်မေ့ခြင်း အတိုင်းအတာ ကြီးလာလေ

MMCYBERMEDIA
COMMUNITY FOR ALL

ဖြစ်သည်။ စိုးရိမ်ကြောင့်ကြစိတ်များ လွန်ကဲလာလေ ဖြစ်သည်။ ငါးနှစ်နှင့် ငါးလဟူသည်မှာ ကြာညောင်းလှသည်။ သူမ၏ အသက်သည် ကြီးရင့်သည်ထက် ကြီးလာပြီ။ ကြာလျှင်...

ဤ နောက်ပိုင်းရက်များတွင် ပို၍ ဆိုးသည်။ သူမတွင် စကားပြောဖော် မရှိတော့သောကြောင့် ဖြစ်သည်။ ကိုဦးကလည်း အိမ်တွင် ကပ်သည် မရှိတော့။ မိခင်ကလည်း ပုတီးနှင့်သာ အဖော်ပြုနေသည်။ မနှင်းမြူကလည်း အစ်ကိုရွှေဝါအနီးတွင် မခွဲမခွာ ရှိနေသည်။

ဤတွင် သူမသည် အထီးကျန်လို ဖြစ်နေရသည်။ စိတ်ဝေဒနာ ပိုမို ပြင်းထန်ရတော့သည်။ ပတ်ဝန်းကျင် အဖြစ်များကြောင့် စိတ်လှုပ်ရှားခြင်း ပိုမို အားကောင်းလာသည်။

ယခင်ကမူ သူမသည် မိခင်ကို အင်မတန် စိတ်ဓာတ်ကြံ့ခိုင်သည်ဟု အောက်မေ့သည်။ ယခုမူ ပြောင်းပြန်မြင်လာသည်။ သူမမိခင်သည် အင်မတန် စိတ်ဓာတ်ပျော့ညံ့သည်။ ကိုယ့်စိတ်ထဲတွင် ရှိနေသည်ကို ဖုံးကွယ်ထားသူ ဖြစ်သည်။ စိတ်တွင် ရှိသည့်အတိုင်း အလုပ်ရဲသူ ဖြစ်သည်။ သူမ၏ဖခင် နောက်မိန်းမယူသွားစဉ်က သူမ၏ မိခင်သည် မျက်ရည်တစ်စက် မကျခဲ့။ ဒေါသအမျက် အပြင်မထွက်၊ ညည်းတွားခြင်း မပြုခဲ့။ သည်လိုပဲ နေခဲ့သည်။ သို့သော် သူမ၏ ရင်တွင်း၌ လောင်နေသောမီးသည် အပြင်သို့ မီးညွန့်မထိုးရလေ အထဲတွင် ရှိသည်များကို လောင်စားလေ ဖြစ်သည်။ သည်လိုနှင့် သူမ၏ မိခင်သည် ရုပ်ကျခဲ့သည်။ တုဏှိဘာဝေ ဖြစ်လာသည်။ ပုတီးစိပ်ခြင်းအမှုတွင် ပို၍ အားထုတ်လာသည်။

မိုးကောင်းမှ သူတို့ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် မနှင်းမြူက ဦးနွဲ့မွန် ပြောလိုက်သည့် စကားကို ပြန်လည် ထုတ်ဖော်သည်။ သူမ၏ မိခင်သည် ထိုစကားကို ကြားပါလျက်နှင့် မည်သို့မျှ ပြန်လည် ပြောဆိုခြင်း မပြုချေ။ မည်သို့မျှ အမူအရာ လှုပ်ရှားခြင်း မရှိချေ။ ခပ်မဆိတ် ထိုင်နေသည်။ မလှုပ်မရှား ရှိသည်။ နောက်ဆုံးတွင် မနှင်းမြူသည် လက်လျှော့ပြီ မိခင်၏အပါးမှ ခွာသွားရသည်။ သည့်နောက်ပိုင်းတွင်ကား မိခင်သည် စားရမှန်းမသိ၊ အိပ်ရမှန်းမသိ၊ ပုတီးစိပ်လျက် ရှိသည်။ ခေါ်လျှင်လည်းထူးချင်မှ ထူးသည်။ မေးလျှင်လည်း ပြောချင်မှ ပြောသည်။ သူ့မျက်စိရှေ့တွင် ရှိနေသည်များကိုလည်း မြင်ချင်မှ မြင်တော့သည်ဟု ထင်ရသည်။

ဤကား သေခြင်းတစ်မျိုးပင် ဖြစ်သည်ဟု နန်းရင် မှတ်ယူသည်။ ဤတွင် သူမကိုယ်သူမ ဆန်းစစ်သည်။ သူမကော ကြာလျှင် ထိုသို့ ဖြစ်မလာနိုင်သလော။ ယခုပင် သူမ ဝေဒိုင်လွန်းသည်ဟု လူတွေက ပြောသည်။ မမြင်ကောင်းလား၊ မကြားကောင်းလားဟု အပြစ်တင်ကြသည်။

ထိုအခါတွင် သူမသည် မနှင်းမြူ၏ စကားကို အမှတ်ရလာသည်။

"တစ်ခါတလေမှာ မဟုတ်ဘူးလို့ ပြောတာဟာ ဟုတ်တယ်လို့ အဓိပ္ပာယ် ထွက်နေတယ်"

မနှင်းမြူနှင့် ပတ်သက်၍လည်း သူမ၏ စိတ်တွင် လှုပ်ရှားခြင်းတစ်မျိုး ဖြစ်ရပြန်သည်။

အစကတော့ အမျိုးသမီးကို ပျော့ညံ့သူဟု ထင်ခဲ့သည်။ ကိုယ့်ကို မချစ် မနှစ်သက်တော့သော ယောက်ျားတစ်ယောက်အပေါ်တွင် ဤမျှ ဖြစ်နေရသလားဟု အောက်မေ့ခဲ့သည်။ သူမကဲ့သို့ပင် အားလုံးက

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသို့ သဘောရှိခဲ့ကြသည်။ ဤကား သူမကို လောကက ကဲ့ရဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ဤအမျိုးသမီးသည် အများတကာ ရှုံ့ချသည်ကို မမှုခဲ့။ သူမတွင် ကိုယ်ပိုင်ထင်မြင်ယူဆမှု ရှိသောကြောင့် ဖြစ်သည်။ ယခုလည်း သူမကို ပြောသူများက ပြောကြသည်။ အရှုံးကိုမှ ယောက်ျားလုပ်ရမလားဟု ဆိုကြသည်။ သို့သော် အမျိုးသမီးသည် နောက်ဆုတ်ခြင်း မရှိ။ ကိုယ်လျှောက်သော ခြေရာကြောင်းသည် ကိုယ့်အတွက် လမ်းဖြစ်ရမည်ဟု ယုံကြည်သူ ဖြစ်သည်။ သည်သတ္တိမျိုး သူမသာ မွေးနိုင်လျှင် သူမလည်း ရင်တွင် တငွေ့ငွေ့ တောက်လောင်ခြင်း ခံရမည်မဟုတ်။ တစ်ဖက်သားလည်း ပင်ပန်းဆင်းရဲခြင်း ရှိရတော့မည် မဟုတ်။ သို့သော် လက်တွေ့တွင်မူ လွယ်ကူခြင်းလည်း မရှိလှပေ။ အလိုလိုနေရင်း ရင်ထဲတွင် ဖိုနေသည်။ တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်နေတတ်သည်။

မိုးသည် ပို၍ ပို၍ သည်းထန်လာနေသည်။

## အခန်း -၈၉-

ထိုနေ့က ကြိုးကြာရွာသစ်သို့ ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်သားများ ရောက်ရှိလာကြသည်။ သူတို့သည် ရွာတွင်းသို့ ရမ်းကားခြင်းဖြင့် ဝင်လာကြသည်။ သူတို့ကို ဟောင်သည်ဆိုပြီး ခွေးတွေကို ပစ်ခတ်သည်။ လမ်းရှုပ်သည်ဆိုပြီး ကြက်များ၊ ဝက်များကို ပစ်ကြသည်။ သူတို့အားလုံး မူးနေသည်။ သူတို့သည် ကြိုးကြာရွာသို့ မလာမီ ချောင်းလေးခွတွင် စတည်းချသည်။ ချောင်းလေးခွနှင့် ကြိုးကြာရွာသစ်ကို မိုးကောင်းက တစ်ရွာတည်း သတ်မှတ်သည်။ သူကြီးသည် ချောင်းလေးခွတွင် ရှိသည်။ ကိုလူကြီးနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ ဖြစ်သည်။ ကြိုးကြာရွာဟောင်းကို အင်္ဂလိပ်တပ်များက မီးတင်ရှို့ပြီးသည့် နောက်ပိုင်းတွင် အစုနှစ်စု ကွဲသွားသည်။ အင်္ဂလိပ်ကို လိုလားသူများသည် ချောင်းလေးခွတွင် စုကြသည်။ အင်္ဂလိပ်ကို ဆန့်ကျင်သူများသည် ကြိုးကြာရွာသစ်တွင် စုကြသည်။

သို့ဖြင့် ချောင်းလေးခွနှင့် ကြိုးကြာရွာသစ်သည် ကမ္ဘာ့ရန် ဖြစ်ကြသည်။ ချောင်းလေးခွမှ လူများသည် သခင်အားကိုးဖြင့် ကြိုးကြာရွာမှ လူများကို အခွင့်သာတိုင်း နှိပ်စက်ကြသည်။ ရွာသစ်သားများကလည်း အခြေအနေပေးသည်နှင့် တစ်ပြိုင်နက် ချေမှုန်းတိုက်ခိုက်တတ်ကြသည်။

ယခုနှစ် မိုးတွင်းတွင် ချောင်းလေးခွနှင့် ကြိုးကြာရွာသစ်အကြားတွင် ရှိနေသော ပဋိပက္ခသည် ပိုမို ပြင်းထန်လာသည်။ မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်းများ ရှိသည်။ ရွာနှစ်ရွာစပ်ကြားတွင် လုယူခိုးဝှက်မှုများ ဖြစ်သည်။ ရံခါတွင် အစွန်အစပ်များ၌ ဓားပြတိုက်မှုများ ပေါ်ပေါက်သည်။

ထိုအခါတွင် ချောင်းလေးခွမှ လူများသည် မိုးကောင်းသို့ အတိုင်အကြားပြုသည်။ ထိုမှ ပုလိပ်သားများ လာကြသည်။ ရံခါတွင် မြို့စားရေးကြီးနှင့် ရာဇဝတ်အုပ်တို့ ပါလာသည်။ ရံခါတွင် စာသင်ကြီးများက ကွပ်ကဲအုပ်ချုပ်၍ ဖြစ်သည်။ မည်သူပဲ အုပ်ချုပ်၍ လာစေ၊ သူတို့သည် ကြိုးကြာရွာသစ်ကို ထုံးလိုမွှေပစ်သည်။ အခြားရွာများကိုလည်း ထုံးလို ခြေပစ်သည်။ နယ်တစ်ခုလုံးကို ရေလို နှောက်ပစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဤတွင် အဖြေပေါ်သည်။ ပဋိပက္ခမှုသည် ချောင်းလေးခွနှင့် ကြိုးကြာရွာသစ်တွင်သာ ရှိသည်မဟုတ်။ ချောင်းလေးခွနှင့် အနီးဝန်းကျင်ရွာများတွင်လည်း ရှိသည်။ ချောင်းလေးခွနှင့် ဆင်ကန်၊ ချောင်းလေးခွနှင့် ကညင်မြိုင်၊ ချောင်းလေးခွနှင့် လခတ်ရဒေါ်။

အကြောင်းမူ ချောင်းလေးခွသည် မိုးကောင်းမှ အုပ်စိုးသူများကို ကိုယ်စားပြုသည်။ မိုးကောင်း အာဏာပိုင်များက နယ်ချဲ့၏ အိမ်စောင့်ခွေး။ ကျန်သူများက အအုပ်စိုးခံများ ဖြစ်သည်။ ဤကား ဖိနှိပ်ခြင်းနှင့် တော်လှန်ခြင်း၏ အနိမ့်ဆုံးလက္ခဏာပင် ဖြစ်သည်။ ဖိနှိပ်ခြင်း ပြင်းထန်သည်နှင့်အမျှ တော်လှန်ရေးလှိုင်းတံပိုး ထန်လာမည် ဖြစ်သည်။

ကြိုးကြာရွာသစ်၊ ဆင်ကန်၊ ကညင်မြိုင်နှင့် လခတ်ရဒေါ်တို့တွင် ချောင်းလေးခွနှင့် သို့မဟုတ် မိုးကောင်းနှင့် သို့မဟုတ် အင်္ဂလိပ်များနှင့် အပေါင်းပါသူများ မရှိမဟုတ်။ ရှိချေသည်။ သူတို့က အသားထဲက လောက်များ ဖြစ်ကြသည်။ အမျိုးသား သစ္စာဖောက်များ ဖြစ်ကြသည်။

အင်္ဂလိပ်တို့တွင် လွဲမှားသော အထင်အမြင်များ ရှိခဲ့သည်။ သူတို့က လူအများကြီးကို အဓိကမထားဘဲ လူအနည်းငယ်ကိုသာ အာရုံပြုခဲ့သည်။

သူတို့သည် တန်ခိုးအာဏာကြီးထွားရေး၊ နယ်မြေကျယ်ပြန့်ရေးနှင့် ဉစ္စာစည်းစိမ် ပိုမို ကြွယ်ဝချမ်းသာရေးအတွက် အခြားသော နိုင်ငံများကို ရယူလိုသည့် နည်းတူ မြန်မာပြည်ကိုလည်း ရယူလိုသည်။ မြန်မာပြည်တွင် ကျွန်းရှိသည်။ ရေနံရှိသည်။ အခြားသော ဓာတ်သတ္တုပစ္စည်းများ အမြောက်အမြား ရှိသည်။ သို့ဖြင့် သူတို့သည် ဉာဏ်ဆင်ခြင်း ရန်စခြင်းပြု၍ မြန်မာပြည်ကို သုံးပိုင်းဆစ်၍ သုံးကြိမ်တိုက်ခဲ့သည်။

သူတို့ထင်နေသည်မှာ မြန်မာမင်းကို ရလျှင် နယ်စားပယ်စားများ၊ ဝန်ကြီးဝန်ငယ်များနှင့် စစ်ဗိုလ်ကြီးများကို နှိပ်ကွပ်သင့်သူကို နှိပ်ကွပ်၊ သိမ်းသွင်းသင့်သူကို သိမ်းသွင်းလိုက်လျှင် ကိစ္စအားလုံးပြီးမြောက်သွားလိမ့်မည်ဟု မှတ်ယူသည်။ မကျေမနပ် ကြွင်းကျန်သူရှိလျှင်လည်း အနည်းငယ်မျှလောက်သာ၊ ခေတ္တခဏမျှလောက်သာဟု အောက်မေ့သည်။

ယင်းကြောင့်ပင် သူတို့သည် ကြွယ်ဝသော နိုင်ငံရေးပရိယာယ်၊ စစ်ပရိယာယ်တို့ကို သုံးလျက် နောက်ဆုံးအဆင့်အဖြစ်နှင့် မြန်မာမင်း၏မြို့တော်ကို သိမ်းယူသည်။ မင်းကို ရသည်။ မင်းမိဖုရားကို ရသည်။ မှူးကြီး၊ မတ်ကြီး စစ်ဗိုလ်ကြီးများလည်း အမြောက်အမြား ရသည်။ အချို့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

အချို့ကို ရာထူးရာခံ ပြန်ပေးသည်။

ဤအခါတွင် ပြည်သူအပေါင်းနှင့် တိုင်းရင်းသားလူမျိုးအပေါင်းက သူတို့ကို ခုခံတိုက်ခိုက်ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးဖြစ်၍ အလုပ်သမား၊ လယ်သမား၊ ကုန်သည်ပွဲစားနှင့် မြေရှင်ပဒေသရာဇ်များ တပ်ပေါင်းစု ပြုကြသည်။ စည်းလုံးညီညွတ်မှု ပြုကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အစတွင် သူတို့ ပေါ့ပေါ့ထင်သည်။ မြန်မာမင်းနှင့် မြန်မာမင်း၏ တပ်မတော်ကြီးကို ချေမှုန်းလိုက်နိုင်ပြီဖြစ်၍ စစ်ရေးလေ့ကျင့်မှု မရှိသော၊ လက်နက်အင်အား မကောင်းသော တွန်းလှန်ရေးသမားများကို အလွယ်တကူပင် အချိန်အနည်းငယ်အတွင်းမှာပင် နှိမ်နင်းနိုင်မည်ဟု ယူဆခဲ့သည်။

သို့သော် ခုခံတွန်းလှန်သော အင်အားစုသည် နှိမ်နင်းတိုက်ခိုက်လေ၊ ကြီးထွားကျယ်ပြန့်လာလေ ဖြစ်တော့သည်။ စစ်ပွဲကာလ ရှည်ကြာလာလေ၊ ခုခံတွန်းလှန်သူမှာ စစ်ရေးအတွေ့အကြုံ ကြွယ်ဝလာလေ ဖြစ်သည်။ လူအင်အား ကြီးထွားလာလေ ဖြစ်သည်။ အခြေခံနယ်မြေများ ကျယ်ပြန့်လာလေ ဖြစ်သည်။ ထိုအခါတွင်မှ သူတို့ မျက်လုံးပြူးရသည်။ အမျိုးသားရေးစိတ်ဓာတ်နှင့် လွတ်လပ်မှုကို လိုလားသော စိတ်ဓာတ်သည် မင်းထက် လည်းကောင်း၊ လက်နက်ထက် လည်းကောင်း သာလွန်ကြောင်း သိရှိနားလည်လာသည်။

စစ်ပွဲကြာရှည်သည်နှင့်အမျှ ခုခံတွန်းလှန်မှု အင်အားစုများ ကြီးထွားရှင်သန်လာမည်ကို လည်းကောင်း၊ အရည်အသွေး တောက်ပြောင်လာမည်ကို လည်းကောင်း သဘောပေါက် နားလည်ခြင်း ရှိလာသည်နှင့် တစ်ပြိုင်နက် စစ်ပွဲကို အမြန်ဆုံး ပြီးဆုံးစေရန် နယ်ချဲ့တို့ အားထုတ်သည်။ စစ်ရေးအရ လူအင်အား၊ လက်နက်အင်အား အမြောက်အမြားသုံး၍ နှိမ်နင်းသည်။ ခုခံတွန်းလှန်ရေးသမားတို့၏ အခြေခံဒေသများကို မြေလှန်စနစ်ဖြင့် ချေမှုန်းပစ်သည်။ ရွာများကို မီးရှို့သည်။ စားနပ်ရိက္ခာများကို ဖျက်ဆီးသည်။ နှိပ်စက်ညှဉ်းပန်းခြင်းများကို လူမဆန်စွာ ပြုကြသည်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ နယ်ရှင်ပယ်ရှင်များကို သိမ်းသွင်းသည်။ နဂိုရာထူး နဂိုခံစားခွင့်များအတိုင်း ရှိစေရမည်ဟု အာမခံချက် ပြုသည်။ ဤတွင် စော်ဘွားများ၊ ဒူဝါများ၊ မြို့ဝန်၊ မြို့စာရေးများ၊ ရွာသူကြီးများ၊ ရွာအုပ်များ သူတို့ဘက် ပါလာသည်။ ကုန်သည်ပွဲစားများကိုလည်း သူတို့အတွက် အကျိုးအမြတ်ဖြစ်စေခြင်းဖြင့် သိမ်းသွင်းသည်။ ခုခံတိုက်ခိုက်နေသူများ လက်နက်ချအညံ့ခံလျှင် ငွေပေးမည်၊ မြေပေးမည်၊ အလုပ်ပေးမည်ဟု ချော့မြူသည်။ အညံ့ခံဝင်ရောက်လာသူများကို ပုလိပ်အဖွဲ့တွင်သွင်း၍ ခုခံရေးသမားများ၊ ပြည်သူများကို ပြန်လည် နှိပ်ကွပ်စေသည်။ ရှမ်းနှင့်ဗမာ၊ ရှမ်းနှင့်ကချင်၊ ဗမာနှင့်ကချင် စသည်ဖြင့် တိုင်းရင်းသားလူမျိုးများ အကြားတွင် သွေးခွဲခြင်းများ ပြုလုပ်သည်။ ထို့နောက် ဘာသာရေးကို အသုံးပြုသည်။ ဆရာတော်များကို ဘွဲ့တံဆိပ်နှင့် ဝတ္ထုများ ကပ်သည်။ ဆရာတော်များမှတစ်ဆင့် ခုခံတွန်းလှန်သူများ လက်နက်ချအောင် ပြုလုပ်သည်။ ဘာသာရေးပွဲလမ်းသဘင်များ ကြီးကျယ်ခမ်းနားစွာပြု၍ ပြည်သူများကို တွေဝေယိမ်းယိုင်စေသည်။

ယင်းသို့ဖြင့် စစ်ရေး၊ နိုင်ငံရေး နည်းပရိယာယ်များ ကြွယ်ဝစွာ ကျင့်သုံးကာ ဆယ်နှစ်ကာလမျှ အပြင်းအထန် နှိမ်နင်းလိုက်သောအခါတွင်ကား မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမိတ်နှင့် ကောလင်း၊ ဝန်းသိုတစ်ဝိုက်တွင် ရှိသော အမျိုးသားလွတ်မြောက်ရေး အင်အားစုများသည် တတိတိဖြင့် ပြိုကွဲသွားရတော့သည်။ လေ့ခွက်ချည်းကျန်စေ အလံမလှဲဆိုသူများလည်း အခြေခိုင်သော လူသစ်များ ရှာဖွေရန် လည်းကောင်း၊ အင်အားသစ် စုစည်းရန်အတွက် လည်းကောင်း အချို့က မြောက်ဘက် ကချင်တောင်များပေါ် တက်ကြသည်။ အချို့က အရှေ့ဘက် တရုတ်နယ်စပ်သို့ တပ်ရွှေ့ကြသည်။ ဤတွင် ထင်ရှားကျော်ကြားလှသော မြစ်ကြီးနားတိုက်ပွဲနှင့် ဆဒုံးဆမားတိုက်ပွဲကြီးများ ဖြစ်ပေါ်ရသည်။ တိုင်းရင်းသား လူမျိုးတို့၏ တောင်ပေါ်စစ်ဆင်ရေးနှင့် ချုံခိုတိုက်ခိုက်မှုအစွမ်းကို အထူးပင် တောက်ပြောင်စေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကျူးကျော်နယ်ချဲ့သူများသည် မြေပြန့်ဒေသတွင် အမာခံ တွန်းလှန်ရေးအင်အားစုများ မရှိတော့သောအခါ သူတို့၏ လက်ပါးစေများ၊ နောက်လိုက် ကြေးစားများကို ကောင်းမွန်သေသပ်စွာ အသုံးပြုလျက် အုပ်ချုပ်ရေးအာဏာ ခိုင်မာတည်မြဲရန် ကြိုးစားတော့သည်။

ကျေးရွာမြို့နယ် အကြီးအကဲများ ခန့်အပ်သည်။ အချို့ကမူ ယင်းတို့၏ လူများ ဖြစ်သည်။ အချို့က သူတို့အလိုကျ လူသစ်များ ဖြစ်သည်။ ပြည်သူလူထုထံမှ အခွန်အတုပ်များ ကောက်ယူသည်။ အခွန်နှုန်းများမှာ တပြေးညီတည်း မဟုတ်ချေ။ သူတို့နှင့် ကဏ္ဍကောစမဖြစ်လှသော ရွာများဆိုလျှင် မြန်မာမင်းများ လက်ထက်ကအတိုင်း လယ်လုပ်ကျွဲတစ်ကောင်ဆိုလျှင် စပါးခြောက်တင်း စသည်ဖြင့်ပင် ဖြစ်သည်။ သူတို့ကို ဗီလာဆန့်ကျင်ပြခဲ့သော ရွာများဆိုလျှင် အခွန်နှုန်း မြင့်တက်သည်။ ဒဏ်ငွေများလည်း ပေးဆောင်ကြရသည်။ အစိုးရသတ်မှတ်သည့် နှုန်းထားအပြင် အခွန်ကောက်ခံသူများ၊ နယ်လှည့်အမှုထမ်းများ၏ ညှဉ်းပမ်း လုယူခြင်းများကိုလည်း ခံကြရသည်။

ဤတွင် စီးပွားရေးပြဿနာ ပေါ်လာတော့သည်။ ဆယ်နှစ်ကျော်မျှ တိုက်ပွဲများ အပြင်းအထန် ဖြစ်ခဲ့သဖြင့် နယ်သူနယ်သားတို့၏ စီးပွားရေးအခြေအနေမှာ ဖွတ်ကျောပြာစု ဖြစ်နေသည်။ ကုန်စည်အထွက်နည်းပြီး ကုန်ဈေးနှုန်းများ တက်လာသည်။ ဝင်ငွေလျော့နည်း လုပ်ခများ ကျဆင်းလာသည်။

အထူးသဖြင့် မြို့မကျ တောမကျ နေရာများတွင် အခြေအနေ ပိုမိုဆိုးရွားသည်။ ယခင်က ကျွန်းသစ်အသားတစ်လုံးလျှင် ခြောက်ကျပ်၊ ဝါးဖြူတစ်ရာလျှင် တစ်ကျပ်ခွဲ၊ တင်းဝါး၊ ကျဝါး၊ မျက်ဆန်ကျယ်ဝါးများဆိုလျှင် တစ်ရာလျှင် ငါးမူး၊ ကြိမ်တစ်ရာလျှင် ငါးမူး၊ သက်ငယ်တစ်ရာလျှင် တစ်ကျယ် စသည်မျှသာ ဖြစ်သော်လည်း နောက်ပိုင်းတွင် သက်ငယ်မှတစ်ပါး အခြား ပစ္စည်းဈေး နှစ်ဆမျှ ကြီးမြင့်သွားသည်။ စပါးဈေးလည်း နှစ်ဆ သုံးဆမျှ တက်သွား၍ လယ်ယာလုပ်ကိုင်ခြင်း မပြုသူများအဖို့ အထူးကျပ်တည်းရသည်။ ဆန်တစ်တင်းလျှင် တစ်ကျပ်ခွဲမှ သုံးကျပ်ခွဲ၊ လေးကျပ်ထိ ဖြစ်သွားသည်။ လယ်ယာလုပ်သူများမှာလည်း စပါးဈေး ပိုရသည်နှင့် မကာမိအောင် အခြားဘက်က အဝတ်အထည်ဈေးများ၊ အခြောက်အခြမ်းဈေးများ၊ လယ်လုပ်ကိရိယာဈေးများ တက်လာသည်။ အခွန်အတုပ်နှင့် တရားမဝင်သော ပဏ္ဏာကြေးများကလည်း တက်လာသည်။ အထူးသဖြင့် ကျွဲနွားများ ရှားပါးပြီး၊ ဈေးနှစ်ဆ သုံးဆမျှ ဖြစ်သွားသည်။ ယင်းသို့ဖြစ်ရသည်မှာ တိုက်ပွဲများအတွင်း သေကျေခြင်း၊ သတ်ဖြတ်ခြင်း၊ စားသောက်ကြခြင်းတို့ကြောင့် ဖြစ်သည်။

အင်္ဂလိပ်တပ်များသည် ကျွဲနွားများကို နေ့စဉ် သတ်ဖြတ်စားသောက်နေကြသည်။ စောစောပိုင်းတွင် သူတို့ ဝယ်ကြသည်။ သို့သော် သူတို့ပေးသော ငွေကြေးမှာ နည်းပါးလှသည်။ ပထမပိုင်းတွင် နွားတစ်ကောင်ကို နှစ်ဆယ်အစိတ်ပေးသည်။ နောက်ပိုင်းတွင် လေးငါးဆယ်အထိ ပေးပါသည်။ သို့သော် ရောင်းရန် နွား မရှိတော့ပါ။ မြေပြန့်လယ်ယာများသည် နွားကိုသာ အားထားကြရသည်။ ထိုအခါ ဂေါ်ရာစစ်သား၊ ဂေါ်ရခါးစစ်သားနှင့် ပုလိပ်သားများသည် ထွက်၍ နွားကို ပစ်ကြသည်။ တွေ့ရာနွားကို ပစ်ကြသည်။ နွားရှင်ကို ပေးရန်ဆိုပြီး သူကြီးများထံတွင် နွားတစ်ကောင် သုံးမတ်နှုန်းဖြင့် ငွေချေထားခဲ့လေ့ရှိသည်။ သူတို့ အတင်းအဓမ္မ ယူသည်မဟုတ်၊ တန်ရာတန်ဖိုး ပေးပါသည်ဟူသော သဘောပင် ဖြစ်သည်။ သို့သော် တန်ရာတန်ဖိုးလည်း မဟုတ်ပါချေ။ ကျေကျေနပ်နပ်နှင့် ရောင်းသည်လည်း

MMCYBERMEDIA
COMMUNITY FOR ALL

မဟုတ်ပါချေ။ ထို့ပြင် သူကြီးထံတွင် ထားခဲ့သော ငွေကိုလည်း နွားရှင်က ရသည် မဟုတ်ပါချေ။ သူကြီး ဆိုသည်မှာ ရွာတစ်ရွာ၏ ဘုရင်မင်းတရားကြီး ဖြစ်သည် မဟုတ်ပါလား။

ထိုအခါ တိုင်းသူပြည်သားများ အစားအသောက်ရှားပါး၍ မငြိမ်မသက်မှုများ ဖြစ်လာသည်။ ခိုးကြသည်။ လုကြသည်။ တိုက်ကြသည်။ သတ်ဖြတ်ကြသည်။ အရင်ကလို တစ်ရွာနှင့်တစ်ရွာ တစ်ယောက်တည်း နှစ်ယောက်တည်း မကူးရဲ။ ညအခါတွင် တံခါးဖွင့်၍ မအိပ်ရဲ။ ဝော်မွတ်ခေါင်းပါးခြင်း ရှိလာသောအခါတွင် ပြည်သူလူထုသည် ရန်သူကို ဖွေရှာကြပြန်တော့သည်။

အဓိကရန်သူကို သိမြင်သူလည်း ရှိသည်။ ထိုသို့ မသိမြင်ဘဲ အစွယ်အပွားကလေးများနှင့် ရန်ဖြစ်နေကြသည်များလည်း ရှိသည်။ ကိုယ့်အချင်းချင်း ကတောက်ကဆတ် များကြရသည်လည်း ရှိသည်။ မည်သို့ဆိုစေ တိုင်းပြန်နယ်မြေ အခြေအနေသည် မငြိမ်မသက် ဖြစ်လာပြန်တော့သည်။ ဤတစ်ကြိမ်တွင်ကား ကျူးကျော်မှု ဆန့်ကျင်တွန်းလှန်ရေး အမျိုးသားပုံစံမျှသာမက စီးပွားရေးကို အခြေခံသော လူတန်းစားတိုက်ပွဲ အသွင်လက္ခဏာလည်း ပေါ်လွင်စ ပြုလာတော့သည်။

အကြောင်းမူ ယခုအခါ နယ်ရှင်ပဒေသရာဇ်များနှင့် ကုန်သည်ပွဲစား ကြေးရတက်များသည် နယ်ချဲ့နှင့် ပူးပေါင်းသွားကြပြီ ဖြစ်သည်။ နယ်ချဲ့လက်ဝေခံများ ဖြစ်သွားကြပြီ ဖြစ်သည်။ သူတို့သည် နယ်ချဲ့နှင့် ပူးပေါင်း၍ အလုပ်သမားလယ်သမားများကို ဖိနှိပ်ကြသည်။ တိုင်းတစ်ပါးမှ နယ်ချဲ့တို့ ခေါ်ယူလာသော မျိုးခြားအလုပ်သမားများ တိုးပွားလာသည်နှင့်အမျှ ကိုယ့်အမျိုးသား အလုပ်သမားများအပေါ်တွင် ဖိနှိပ်ခြင်း၊ လုပ်ခလျှော့ခြင်းများ ပြုလာသည်။ ထိုအခါတွင် လုပ်ခလျှော့၍ အလုပ်သမားများအားလုံး စီးပွားရေးကျပ်တည်းမှု ဖြစ်ရသည်။ လုပ်ငန်းရှင်များမှာမူ ကြီးပွားသည်ထက် ကြီးပွားသွားကြသည်။

လယ်ယာဘက်တွင်လည်း ထို့အတူပင် ဖြစ်သည်။ လယ်သမားများသည် တစ်နေ့တခြား ဆင်းရဲနွမ်းပါးလာကြသည်။ ကိုယ့်လယ်ကိုယ် လုပ်နိုင်ရန်ပင် ခဲယဉ်းလာကြသည်။ နွားမရှိ၊ မျိုးမရှိ၊ လယ်လုပ်ကိရိယာ မရှိ။ လယ်ယာအလုပ်သမား ငှားရမ်းရန် အခကြေးငွေ မရှိ။ ထိုအခါတွင် ချမ်းသာသော လယ်သမားများနှင့် ငွေရှင်ကြေးရှင်များက ထိုသူများ၏ လုပ်ငန်းများကို တစ်စတစ်စ ဝါးမျိုသည်။ ငွေချေးသည်။ အတိုးကြီးယူသည်။ စပါးသိမ်းသည်။ ကျွဲနွားသိမ်းသည်။ လယ်သိမ်းသည်။ ထိုသို့ သိမ်းယူသည့်နေရာတွင် တစ်ဖက်မှ ကလန်ကဆန်လုပ်လာလျှင် နယ်ချဲ့သမားထံမှ အကူအညီ တောင်းခံသည်။ အကာအကွယ် ရယူသည်။ ထိုအခါတွင် မြေရှင်လူတန်းစားနှင့် မြေမဲ့လူတန်းစား သိသိသာသာ ခြားနားလာတော့သည်။ ပဋိပက္ခမှု ပြင်းထန်လာတော့သည်။ သို့သော် မြေရှင်ဘက်တွင် အုပ်ချုပ်သူနယ်ချဲ့က ရပ်တည်လျက် ရှိသဖြင့် မြေမဲ့လယ်ယာအလုပ်သမားတို့မှာ ဖိနှိပ်ညှဉ်းပန်းခြင်းကို ခေါင်းငုံ့၍ ခံနေကြရတော့သည်။ သို့သော် တစ်စုံတစ်ခုသော အတိုင်းအတာအထိသာ ဖြစ်ပေလိမ့်မည်။ မခံနိုင်လွန်းကြသောအခါတွင်ကား ကိုယ့်အချင်းချင်း စုစည်းညီညွတ်၍ ခုခံတွန်းလှန်ခြင်း ပြုကြပေလိမ့်မည်။

သည်အချိန် မတိုင်မီကား ဖရိုဖရဲ ပရမ်းပတာများ ရှိပေလိမ့်မည်။ ယင်းကိုပင် စနစ်ကျသော ခုခံတွန်းလှန်မှု၏ အစဟု ဆိုနိုင်ပေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

စောစောကတော့ သူတို့သည် အေးအေးဆေးဆေး လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ တောလုပ်ငန်းများ လုပ်ကိုင်စားသောက်နေကြသူများ ဖြစ်သည်။ သို့သော် ယခုအခါတွင် သူတို့သည် ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ဘဲ ရှိလာသည်။ ပင်ပင်ပန်းပန်း လုပ်ကိုင်ပါလျက်နှင့် စားရမဲ့ သောက်ရမဲ့ ဖြစ်လာသည်။ ထိုအခါတွင် အငတ်မခံနိုင်၊ အသေမခံနိုင်ကြသည်ဖြစ်၍ ဆူပူလှုပ်ရှားမှုများ စတင်လာတော့သည်။

ချောင်းလေးခွနှင့် ကြိုးကြာရွာသစ်ကြားတွင် ရှိသည့် ပဋိပက္ခမှာ ယင်းပဋိပက္ခပင် ဖြစ်သည်။ သာမန်အားဖြင့် ကြည့်လျှင် ပုဂ္ဂိုလ်ရေးအာဃာတများဟု ထင်စရာရှိသည်။ သို့သော် မဟုတ်ချေ။ အဓိကအားဖြင့် အမျိုးသားလွတ်မြောက်ရေးနှင့် လူတန်းစားတိုက်ပွဲတွင် အခြေခံပေသည်။

ချောင်းလေးခွမှ လူများသည် နယ်ချဲ့အုပ်စိုးသူများ၏ ချီးမြှောက်မှုကို ရသည် ကာကွယ်မှုကို ရသည်။ သို့ဖြင့် တစ်စထက်တစ်စ ချမ်းသာကြွယ်ဝလာကြသည်။ ကြိုးကြာရွာသစ်က လူများကျတော့ သူပုန်မျိုး သူပုန်နွယ်များဟု သတ်မှတ်ပြီး အမျိုးမျိုး ညှဉ်းပန်းခြင်း ခံရသည်။ ငွေအား အာဏာအားဖြင့် ဖိနှိပ်ခြင်း ခံရသည်။ ကျွဲနွားများကို သတ်ဖြတ်လုယူသည်။ လယ်မြေများကို သိမ်းသည်။ ဒဏ်ငွေများ၊ လာဘ်လာဘများ မကြာခဏ ပေးကြရသည်။

ယင်းသို့ စီးပွားရေးအခြေခံနှင့် လူ့အခွင့်အရေးများ ခြားနားခြင်းရှိလာလေ၊ ပဋိပက္ခမှု ပြင်းထန်လာလေဖြစ်သည်။ နယ်မြေမငြိမ်မသက်မှုများ တိုးပွားလာလေဖြစ်သည်။

ပြီးခဲ့သည့်လထဲမှာပါင် ချောင်းလေးခွတွင် ဓါးပြတိုက်ခံရခြင်းနှစ်ကြိမ်ရှိသည်။ ရွာနှစ်ရွာစပ်ကြားတွင် လုယက်မှုသုံး ကြိမ်ဖြစ်သည်။ ခိုးမှုများကား မကြာခဏ။ ငါးလည်း အခိုးခံရသည်။ နွားလည်းအခိုးခံရ သည်။ ဥစ္စာငွေကြေးလည်း အခိုးခံရသည်။ ယင်းသို့ အခိုးအဝှက်ခံရလေတိုင်း ကြိုးကြာရွာသစ်သို့ ပုလိပ်များရောက်လာမြဲဖြစ်သည်။ လူများကို ဖမ်းဆီးရိုက်နက် သည်။ ညှဉ်းပမ်းစစ်မေးသည်။ ပြီးမှ အခြားရွာများ ကို မွှေနှောက်သည်။ ကြိုးကြာရွာသစ်နှင့် အခြားရွာများတွင်လည်း ဓါးပြ တိုက်ခံရခြင်းများ၊ အခိုးခံရခြင်းများ ရှိသည်။ ပြဿနာသည် ရှုပ်လာတော့သည်။

လူအများဆင်းရဲငတ်ပြတ်လေ၊ ပြဿနာရှုပ်ထွေးလေဖြစ်သည်။

ယခုလည်း ပြီးခဲ့သည့်အပတ်က ချောင်းလေးခွတွင် သုံးအိမ်ဆက်၍ ဓါးပြတိုက်သွားသဖြင့် ကြိုးကြာရွာသစ်သို့ ပုလိပ်များ ရောက်လာခြင်းဖြစ်သည်။ ပုလိပ်များနှင့် အတူ သူကြီးနှင့် ဆယ်အိမ်ခေါင်းများ ပါလာကြသည်။

တစ်ရွာလုံး ဆူညံသွားသည်။ သူတို့ပြုမူပုံက ဓါးပြဖမ်းလာသည်နှင့်မတူ။ ဓါးပြတိုက်လာသည်နှင့် တူသည်။ လူအများ သည် သူတို့ကို မုန်းတီးစက်ဆုပ်စွာဖြင့် ကြည့်နေကြသည်။

ပုလိပ်အဖွဲ့သည် ဒေါ်စောရုံအိမ်သို့ တန်းတန်းမတ်မတ်သွားကြသည်။ ရွှေဝါကို လို၍ဖြစ်သည်။ ထိုပြဿနာကလည်း အတော်ဆိုးသည်။ ပြဿနာပေါ်တိုင်း ရွှေဝါကိုပဲ သူတို့ရန်ပြုကြသည်။ ကျူးကျော်မှုကို ခုခံတွန်းလှန်ခဲ့သူများကိုပဲ ဒုက္ခပေးကြသည်။ သူတို့က ဤသူများကို သူခိုးဓါးပြစာရင်း သွင်းထားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရာဇဝင်လူဆိုးစာရင်း သွင်းထားသည်။ ရာဇဝတ်မှုတစ်ခု ဖြစ်လေတိုင်း ဤသူများကိုသာ ဖမ်းဆီးစစ်မေးလေသည်။

သူတို့၏ ညှဉ်းပန်းစစ်ဆေးမှုကို မဟုတ်မမှန်ကြောင်း ထုချေနိုင်သည့် နည်းလမ်းမှာ တစ်ခုတည်းသာရှိသည်။ ယင်းကား သူတို့ကျေနပ်အောင် ဒေသ့ဝတ်ပြုခြင်းနှင့် သူတို့လိုဘ ရှိသည့်အတိုင်း လာဘ်ပေးရခြင်းပင် ဖြစ်သည်။ ဒေသ့ဝတ်ပြုခြင်းနှင့် လာဘ်ပေးခြင်းကိစ္စတွင် စားကောင်းသောက်ဖွယ် ကျွေးရခြင်း၊ အရက်သေစာတည်ရခြင်း ရံခါတွင် မိန်းမပေးရခြင်းနှင့် ရွှေငွေဥစ္စာပေးရခြင်းတို့ ဖြစ်ပေသည်။

မနင်းမြူသည်ပင် ရွှေဝါအတွက် ပုလိပ်တို့ကို ဒေသ့ဝတ်ပြုရခြင်း လာဘ်ထိုးရခြင်းများ ပြုခဲ့ရသည်မှာ သုံးကြိမ်သုံးခါမျှ ရှိသွားပေပြီ။ တစ်ကြိမ်လျှင် ဒင်္ဂါးဆယ်ပြားမျှလည်း အသားတင်ပေးရသည်။ ယင်းသို့ ပေးရသည်ကို နန်းရင်နှင့် ကိုဦးတို့က မကျေနပ်။ သို့သော် ပြဿနာပွားရန် အချိန်မဟုတ်သေး၍ အောင့်အည်းသည်းခံကြရသည်။ ဤစနစ်အရ ဤဓလေ့ကို သူတို့ကချည်း ဆန့်ကျင်၍မဖြစ်။ အများသူငါလည်း ပါလာမှဖြစ်မည်။ ယင်းကလည်း လူအားလုံး၏စိတ်တွင် အတော်ကြီး နာကြည်းမုန်းတီးလာဖို့ လိုပေသည်။ ထိုအခါတွင်လည်း သူတို့သည် ဤပုလိပ်တစ်စုကို တိုက်ခိုက်ရုံသာမဟုတ်၊ ဒုတိယအကြိမ် တွန်းလှန် တိုက်ခိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ဤကိစ္စနှင့် ပတ်သက်၍ကျတော့လည်း သူတို့ချည်း မဆုံးဖြတ်ပိုင်။ အခြားသော ရွာများ၊ အခြားသော နယ်များနှင့်လည်း ညှိနှိုင်းကြရဦးမည်ဖြစ်သည်။

ဘကြီးမုံးနှင့် မောင်မျိုးတို့သည် ထိုကိစ္စအလို့ငှာ သွားကြခြင်းဖြစ်သည်။ သူတို့သည် လဖိုင်လနှင့် လဗျာဂမ်တို့မှတဆင့် အခြားသော တောင်ပေါ်ရွာများ၏ အခြေအနေကို စုံစမ်းမည်။ ညှိနှိုင်းတိုင်ပင်မည်။ ထို့နောက် အထက်ခမ္ပတီးကြီးသို့ ခရီးဆက်မည်။ ထိုမှအပြန်တွင် ဆမားသို့ဝင်လိမ့်မည်။ ဆမားသည် အရေးတော်ပုံနယ်မြေကြီးတစ်ရပ် ဖြစ်သည်။ သည့်နောက်တွင် သူတို့သည် ကောလင်း၊ ဝန်းသို၊ မိုးညှင်း၊ ဗန်းမော် စသောနယ်များမှ ဂဒူး၊ ကနန်းများနှင့် အတိုင်အဖောက် ပြုရဦးမည်ဖြစ်သည်။ ဗန်းမော်၊ မြစ်ကြီးနားနှင့် အဆက်အသွယ်ဖြတ်တောက်ထား၍မဖြစ်။ ထိုအခါမှသာလျှင် လွန်ခဲ့သည့် ဆယ်နှစ်ကျော် အနစ် နှစ်ဆယ်က အားမျိုးကိုပြန်လည် ရရှိလိမ့်မည်ဖြစ်သည်။

တစ်ခုပဲရှိသည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့ ပြန်ရောက်ချိန်သင့်ပြီ။ သုံးလေးနှစ်မဟုတ်။ လေးငါးနှစ်မျှရှိပြီ။ ဘယ်ရောက်နေပြီ မသိ။ ဘာလုပ်နေကြသည်မသိ။ လဖိုင်လတို့ထံတွင် ရှိနေသလား။ ခန္တီးလုံမှာပင် သောင်တင်နေသလား။ ဟူးကောင်းဘက်တွင် လှည့်လည်နေသလား၊ ဗန်းမော်၊ မြစ်ကြီးနားမှတစ်ဆင့် ရှမ်းပြည်ဘက်သို့ပင် ရောက်သွားပြီလား သို့မဟုတ် သေကျေပျက်စီးပြီလား သို့မဟုတ် မောင်မျိုး အိမ်ထောင်ရက်သား ကျနေပြီလား။

ကိုဦးနှင့် နန်းရင်က စော်ကားမော်ကားနိုင်လှသော ပုလိပ်များကို တစ်ပွဲတစ်လမ်း စမ်းလိုစိတ် ပြင်းထန်နေသလို ပုလိပ်များကလည်း နန်းရင်၏ အဆီအသွေးကို မျိုလိုစိတ်ဖြင့် သွားရည်တမြားမြား ရှိနေကြသည်။

သူတို့သည် တဏှာလောဘဖုံးရစ်သော မျက်လုံးစုံဖြင့် နန်းရင်၏ အပြည့်အဖြိုး အစွင့်အကားများကို ကြည့်ကြသည်။ အခါတိုင်း သူတို့ဝါးမျိုခဲ့သော ဖားငယ်များပမာ နန်းရင်ကိုလည်း ဝါးမျိုလိုကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

အိမ်တစ်အိမ် လူတစ်ယောက်ကို ဖမ်းပြီဆိုလျှင် ထိုသူ၏မယားကိုသော် လည်းကောင်း၊ နမကိုသော် လည်းကောင်း၊ သမီးကိုသော် လည်းကောင်း သူတို့ရမြဲဖြစ်သည်။ သို့သော် သူတို့သည် နန်းရင်ကိုတော့ ဝါးမျိုရန် မဝံ့မရဲ ရှိနေကြသည်။ နန်းရင်၏သတ္တိနှင့် နန်းရင်၏ တိုက်ရည်ခိုက်ရည်ကို သူတို့ ကြားသိဖူးထားသောကြောင့် ဖြစ်သည်။ နန်းရင်သည် ဝါးမျိုသည်ကို ငြိမ်ခံနေမည့် ဖားသူငယ် မဟုတ်ချေ။ ကြောက်မက်ဖွယ်ရာ ပြန်လည်တိုက်ခိုက်မည့် ကျားပျိုမတစ်ကောင်သာ ဖြစ်ချေသည်။ သို့သော် သူတို့က လုံးဝလက်လျှော့ ထားသည်တော့မဟုတ်ချေ။ အခွင့်ကောင်းရသည်နှင့် တစ်ပြိုင်နက် အဆီအသွေးကို မြိန်ရှက်စွာ စားသုံးကြရန် အကြံအရွယ် ရှိကြသည်။

ယခုလည်း သူတို့လာကြပြန်ချေပြီ။

သူတို့အဖွဲ့တွင် ရာဇဝတ်အုပ်တစ်ဦး၊ ပုလိပ်သားငါးဦး၊ ကြိုးကြာချောင်းလေးခွ သူကြီးနှင့် အပေါင်းပါနှစ်ဦး၊ ပေါင်း ကိုးဦး။

ရာဇဝတ်အုပ်သည် ရှေ့ဆုံးမှ တက်လာသည်။ သူသည် တစ်ချိန်က နာမည်ကြီးဓါးပြတစ်ဦး ဖြစ်သည်။ နောင်တွင် အရေးတော်ပုံတပ်ဘက်သို့ ပေါင်းဝင်သည်။ ရွှေဝါ၏ လက်ထောက် ဗိုလ်ဖြစ်ဖူးသည်။ မိုးကောင်းတိုက်ပွဲအပြီးတွင် ရန်သူထံ အညံ့ခံသည်။ ပုလိပ်သားအဖြစ် အမှုထမ်းသည်။ ကိုလူကြီး၏ ညာလက်ရုံးဖြစ်သည်။ ရပ်ရွာနယ်ပယ်ကို အစွမ်းကုန်နှိပ်စက် ညှဉ်းပန်းသည်။ အင်္ဂလိပ်အစိုးရနှင့် တိုင်းရင်းသားကုန်သည်ပွဲစားများ၊ မြေရှင် ငွေရှင်များ အကျိုးကို အတိုင်းထက်အလွန် သယ်ပိုးသည်။ သည်သို့ဖြင့် သူသည် ရာထူးအဆင့်ဆင့်တက်ခဲ့သည်။ နောက်ဆုံးတွင် ရာဇဝတ်အုပ်မင်းကြီး ဖြစ်လာသည်။ နာမည်ကောင်းလက်မှတ်ရသည်။ ဂုဏ်ထူးဆောင် ခြောက်လုံးပြူးကြီးရသည်။ ထိုအခါတွင် သူက သခင်အားရ ကျွန်ပါးဝပို၍ ဖြစ်လာသည်။ သူ့အမည်က ငကြံကောင်း၊ သို့မဟုတ် ဗိုလ်ကြံကောင်း။

သူ့နောက်တွင်ပါရှိသော ပုလိပ်သား ငါးယောက်အနက် နှစ်ယောက်မှာလည်း အညံ့ခံများ ဖြစ်ကြသည်။ တစ်ယောက်က ချောင်းလေးခွသား။

ရာဇဝတ်အုပ်၏နောက်တွင် ကပ်၍ပါလာသော အရပ်ထောင်ထောင်မောင်းမောင်းနှင့် သူကား ကြိုးကြာ ချောင်းလေးခွ ရွာသူကြီးဖြစ်သူ ကိုဖိုးနှောင်းပင်တည်း။ ကိုဖိုးနှောင်းသည် ကိုလူကြီးနှင့် ညီအစ်ကိုဝမ်းကွဲ တော်သည်။ ကိုလူကြီးလို သတ္တိကြောင်သူတစ်ဦး မဟုတ်ချေ။ သွေးကောင်းသော လူရမ်းကားတစ်ယောက် ဖြစ်သည်။ ရွှေနီနှင့် ကြက်တိုက်ဖက် ဖြစ်သည်။ ဟိုတုန်းကသာ ရွာတွင် ရွှေနီ၊ ရွှေဝါနှင့် အခြားပေါ်ထင်သူများရှိနေ၍ သူ့နာမည်မပေါ်ခြင်း ဖြစ်သည်။ ယခုမူသူသည် အနစ်မရှိသော တောမှာ ကြက်ဆူပင်။

သူတို့လူစု ရောက်သွားသောအချိန်တွင် နန်းရင် အိမ်မှာမရှိချေ။ ကိုဦးလည်း အပြင်ထွက်မည့်ဆဲဆဲ ဖြစ်သည်။ ခွေးဟောင်သံများ၊ သေနတ်သံများ ကြားသဖြင့် ခြံဝတွင် ရပ်စောင့်နေသည်။ သူထင်သည့် အတိုင်းပင် ပုလိပ်များဖြစ်သည်။ သူတို့အိမ်သို့လာခြင်းဖြစ်သည်။

ရာဇဝတ်အုပ်နှင့် သူကြီးတို့ အိမ်ဝင်းအတွင်းသို့ ဝင်မည်ပြုနေသည်ကို သူကမသိဟန်ပြု၍ လမ်းမဖယ်ဘဲ ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဟေ့ ငဦး၊ နင် ဘာလုပ်နေတာလဲ သခင်ကိုယ်တော်ကြီးလာတာ နင်မမြင်ဘူးလား။ အခုချက်ချင်း လမ်းဖယ်ပါ တော့ ကော"

သူကြီးက အာဏာသံပြင်းလိုက်သည်။ ကိုဦးက သူ့စကားကို မကြားဟန်၊ သူတို့ကိုမမြင်ဟန်ဖြင့် လမ်းတစ်ဖက်သို့ ထွက်သွားမည်ပြုသည်။ ထိုအခါ ရာဇဝတ်အုပ်က သူ့လက်မောင်းကို ဖမ်းဆုပ်ထား လိုက်ပြီး...

"ငရွှေဝါ ရှိသလား"

ကိုဦးက သူ့လက်ကို ဆောင့်ရုန်းလိုက်သည်။ ယင်းသို့ ဆောင့်ရုန်းရင်း လက်ဖျားသုံးချောင်းဖြင့် ရာဇဝတ်အုပ်၏ နံစောင်းကို မသိမသာ မထိတထိ ခတ်လိုက်သည်။ ရာဇဝတ်အုပ် မျက်နှာရဲသွားသည်။ ထို့နောက် ကိုဦးသည် သူနှင့် အဖက်မတန်ဟန်ဖြင့် တံတွေးတစ်ချက်ထွေးပြီး အိမ်ဝိုင်းထဲဝင်သွားသည်။ ကျန်လူများလည်း လိုက်ဝင်သွားကြသည်။ သို့သော် ကိုဦးကို မည်သို့မျှမလုပ်ကြ။ ထိုအခါ ကိုဦးသည် မျက်နှာချင်းဆိုင်အိမ်သို့ ကူးသွားသည်။ ထိုမှနေ၍ အခြေအနေကို အကဲခတ်စောင့် ကြည့်သည်။

မနင်းမြူသည် အိမ်ဝန်းတွင်းသို့ ပုလိပ်များ ဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ ကပျာကသီ ဆင်းခဲ့သည်။ ပုလိပ်အဖွဲ့သည် အိမ်ပေါ်သို့မတက်ဘဲ အိမ်ရှေ့မှာပင် ရပ်ကြသည်။ မနင်းမြူဆင်းလာသည်ကို ဝိုင်းကြည့်ကြသည်။ သူတို့၏မျက်လုံးများသည် ပျိုသည် အိုသည်မရွေး။ ကြီးသည် ငယ်သည်မရွေး။ တပ်မက်ခြင်း အပြည့်ဖြင့်ဖြစ်သည်။

မနင်းမြူသည် မြေပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် သူကြီးကိုမေးသည်။

"သူကြီးတို့ ဒီမှာ ထမင်းစားကြမှာလား"

"ဟိတ် ငါတို့ ထမင်းစားရအောင် လာကြတာမဟုတ်ဘူး။ ဓါးပြဖမ်းရအောင်လာကြတာ"

"အားညယ်"

ရာဇဝတ်အုပ်၏ စကားမဆုံးမီမှာပင် မနင်းမြူ ထိတ်လန့်တကြား ရွတ်ဆိုသည်။

"ငရွှေဝါ ရှိသလား"

"ရှိပါတယ်"

"ဘာရှိပါတယ်လဲ။ ရှိပါတယ်ဘုရား။ နင့်ကိုမေးနေတာ ရာဇဝတ်အုပ်မင်း သခင်ကိုယ်တော်ကြီး သိလား"

သူကြီးက ဟောက်သည်။

"အေး အေး၊ ရှိပါတယ်ဘုရား"

"အေး သူ့ကို ဓါးပြတိုက်မှုနဲ့ ဖမ်းရမယ်။ အခုခေါ်ခဲ့"

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်မမောင်ကြီး ခါးပြမဟုတ်ပါဘူး။ ဘယ်တုန်းကမှလဲ ခါးပြမတိုက်ပါဘူး။ အရင်တုန်းကလည်း သခင်ကြီးကို ပြောပြီးပါပြီ"

"အရင်တုန်းက မတိုက်ပေမယ့် အခုတိုက်တယ်။ သုံးအိမ်တောင် ဆက်တိုက်တယ်"

"သူ မပါပါဘူး သခင်ကြီးရယ်၊ သူခါးပြတိုက်ဖို့မပြောနဲ့ အပြင်တောင် မထွက်ပါဘူး။ နေကုန်နေခန်း အိပ်ရာထဲမှာပဲ ရှိပါတယ်ဘုရား"

ရာဇဝတ်အုပ်သည် အိမ်ပေါ်သို့ လှမ်းကြည့်သည်။ မည်သူ့ကိုမျှ မတွေ့မြင်ရသဖြင့်...

"နင့် ယောက်မကော"

"ရှိပါတယ် အေး၊ အေး ရှိပါတယ် ဘုရား"

"ရှိရင်ခေါ်ခဲ့"

"အခုမရှိပါဘူး ဘုရား"

"ဘာ အရူးမယားက အရူးစကားပြောတာလဲ။ အခုရှိတယ် အခုမရှိဘူးနဲ့။ မှန်မှန်ပြောစမ်း။ အခုရှိသလား မရှိဘူးလား"

"မရှိပါဘူး ဘုရား"

"ဘယ်သွားသလဲ"

"ဟင်းရွက်ခူးသွားပါတယ်"

မြောက်ဘက်သို့ မနင်းမြူက လက်ညှိုးထိုးပြသည်။ ရာဇဝတ်အုပ်နှင့် သူကြီးတို့က တစ်ယောက်ကို တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်သည်။ ထို့နောက် ရာဇဝတ်အုပ်ကပြောသည်။

"အေး၊ ဒါဆိုရင် တို့နဲ့ တောထဲမှာ တွေ့မှာပဲ။ တို့ အခုပဲ အဲဒီဘက်ကို သွားမလို့။ ကညင်မြိုင်ကို သွားမလို့။ သူ့ကို တောထဲမှာတွေ့ရင်တော့ တို့တစ်ခါတည်း ဖမ်းသွားရမယ်။ ခါးပြတိုက်တဲ့အထဲမှာ သူလည်းပါတယ်လို့ ပြောတယ်။ မိန်းမတစ်ယောက်ပါတယ်လို့ပြောတယ်"

"အို အို မဖြစ်နိုင်ပါဘူး။ ကျွန်မ ညီမ ပါတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ခါးပြတိုက်တဲ့ညက သူ အိမ်မှာပဲ ရှိပါတယ်"

မနင်းမြူ မျက်ကလဲဆန်ပျာ ပြောသည်။

"ငါ့ မယုံ ငါ့မိန်းမမေးကြည့် ဆိုတာလို နင်ကတော့ ဒီလိုပဲ ပြောမှာပ"

မနင်းမြူ အမောတကော ထပ်ပြောသည်။ နန်းရင်အတွက် စိုးရိမ်ပူပန်လှ၍ ဖြစ်သည်။ နန်းရင် ဟင်းရွက်သွားခူးကြောင်း သူမက ပြောလိုက်မိသည်။ သူတို့ကလည်း ကညင်မြိုင် သွားမည်ဟုဆိုသည်။ တောထဲတွင် တွေ့လျှင် ဖမ်းသွားမည်ဟု ဆိုသည်။ နန်းရင်များ ကျော်မကောင်း ကြားမကောင်းဖြစ်ခဲ့လျှင် ကိုယ်ကျိုးနည်းရချည်။

"နင့်ယောက်မ မပါတာ သေချာသလား"

ရာဇဝတ်အုပ်က မနင်းမြူကိုမေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"သေချာပါတယ် ဘုရား"
"နင့်ယောက်ျားမပါတာ သေချာသလား"
"သေချာပါတယ် ဘုရား"
"ငါမယုံဘူး"
"ငါယုံရမယ်ဆိုရင် ငါ့ကို ဒင်္ဂါးအစိတ်ပေး"

မနင်းမြူ ကျောကော့သွားသည်။

"ကျွန်မတို့မှာ မရှိပါဘူး သခင်ကြီး"
"အေး၊ ဒါဖြင့် ငါမယုံဘူး"
"ကျွန်မတို့ အရင်တစ်ခါက ဒင်္ဂါးဆယ်ပြားပဲ ပေးရပါတယ်"
"အေး၊ အခုဟာက နှစ်ယောက်ပဲ။ အေး ကြာတယ်။ နောက်ထပ်စကားမပြောနဲ့။ ငါတို့ သွားစရာရှိတယ်။ ငါတို့ကို ဒင်္ဂါးအပြားနှစ်ဆယ်ပေး"
"ကျွန်မမှာ မရှိပါဘူး သခင်ကြီး"
"အေး၊ ဒါဖြင့် ငါတို့ကို အဆိုးမဆိုနဲ့။ ဟေ့ ဘိန်းစား ဓါးပြကို အိမ်ပေါ်က ဆွဲချကြစမ်း"

ရာဇဝတ်အုပ်မင်းက သူ့လူများကို အမိန့်ပေးသည်။ သူ့လူများကလည်း စေသည့်ကျွန်၊ ထွန်သည့်နွားပမာ ယခုပင် အိမ်ပေါ်တက်ကြမည့်ပမာ ဖြစ်သည်။ မနင်းမြူမှာ မကြံတတ် မစည်တတ်ဖြင့် အကြံအိုက်သွားသည်။ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ မူးမေ့၍ မလဲစေရန် အနီးရှိအိမ်တိုင်ကို လက်တစ်ဖက်ဖြင့် ထောက်ထားလိုက်ရသည်။

"သမီးရယ် ပေးလိုက်ပါကွယ်။ အမေအလှူကပ်ဖို့ စုထားတဲ့ ဒင်္ဂါးဆယ်ပြား ညောင်ရေအိုးထဲမှာ ရှိပါတယ်"

အိမ်ပေါ်မှ တုန်ချည့်တုန်နဲ့ ဆင်းလာရင်း ဒေါ်စောရုံပြောသည်။

"တယ်၊ ဒီအမယ်ကြီး ကျုပ်တို့ကို ငရဲကြီးအောင်လုပ်တာလား။ ကျုပ်တို့ ဘုရားငွေမလိုချင်ဘူး"

ရာဇဝတ်အုပ်က ခက်ထန်စွာပြောသည်။

"ကဲကွယ်၊ ဒီလိုဆိုတော့လည်း သမီးရယ်။ ကိုဦးလေး မြင်းဝယ်ဖို့ စုထားတဲ့ ဒင်္ဂါးဆယ်ပြားကို ခဏလှည့်ပြီး ပေးလိုက်ပါ။ နောင်မှ အမေတို့ နွားကလေးကိုရောင်းပြီး သူ့ပိုက်ဆံပြန်ဆပ်တာပ"

မနင်းမြူသည် ဒေါ်စောရုံပြောသည့်အတိုင်းပဲ အိမ်ပေါ်သို့တက်ရန် ခြေလှမ်းပြင်သည်။ ထိုစဉ်တွင် ရာဇဝတ်အုပ်မင်းက ဆိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အိမ်း၊ စောစောကတော့ ဒင်္ဂါးပြား မရှိပါဘူးတဲ့။ ခုတော့ ဟိုကထွက်လာ၊ ဒီကထွက်လာ။ ဒင်္ဂါးအပြား သုံးဆယ်တောင် ရှိပါကလား။ ဒါလောက်တောင် ပဇီပဇာများလှတာ ဒင်္ဂါးသုံးဆယ်စလုံး ပေးစမ်း"

မနင်းမြူ ဒေါသဖြစ်သွားသည်။

"စောစောက ရှင်ပြောတော့ နှစ်ဆယ်ဆို။ အခုမှ ဘာလို့ သုံးဆယ်ဖြစ်ရတာလဲ။ ရှင်တို့ဟာက ရလေလိုလေအိုတစ္ဆေ ပါလား"

"အောင်မာ၊ အရှုးမိန်းမက သခင်ကြီးကို ရင့်ရင့်သီးသီးပြောလို့ပါလား။ တယ် ငါ တစ်အိမ်လုံးကို ချုပ်ထားရ"

သူကြီးက ကြိမ်းသည်။

"ပေးလိုက်ပါ သမီးရယ်။ ရှိတာသာ အကုန်ပေးလိုက်ပါ"

ဒေါ်စောရုံက ပြောသည်။ ထိုအခါ မနင်းမြူလည်း ဒေါသကိုပြန်လည် ချုပ်တည်းပြီး အိမ်ပေါ်သို့ တက်သွားသည်။ သူတို့ စစ်စစ်စိစိစုထားသော ဒင်္ဂါးများကို စုယူ၍ဆင်းလာသည်။ ရာဇဝတ်အုပ်မင်းသို့ ပေးသည်။ မင်းဘုရားက သူ့လက်နှင့် မယူချေ။

"သူကြီးမင်း၊ သေသေချာချာ ရေကြည့်စမ်း။ အအ ပါရင် မယူနဲ့"

သူကြီးမင်းသည် မနင်းမြူလက်မှ ဒင်္ဂါးများကိုယူ၍ ပထမ ပြည့် မပြည့်ရေသည်။ ထို့နောက် ငွေစစ် မစစ် တီးခတ် ကြည့်သည်။ မသေချာသော ဒင်္ဂါးကို နှစ်ခါပြန်၍ တီးခတ်ကြည့်သည်။ နောက်ဆုံးတွင်မှ ကျေနပ်မှုရှိသွားဟန်ဖြင့်...

"ပြည့်ပါတယ် သခင်ကြီး။ အားလုံးစစ်ပါတယ် သခင်ကြီး"

ဤတွင် ရာဇဝတ်အုပ်မင်းသည် ခေါင်းတဆတ်ဆတ်ပြုလျက် စဉ်းစားခန်းထုတ်သည်။ ခဏအကြာတွင် အကြံတစ်ခု ရသွားသည့်အနေဖြင့် သူကြီးဘက်သို့လှည့်၍ မေးသည်။

"သူကြီးရေ စောစောကဟာလေး ပါသေးသလား"
"ပါ ပါတယ် ဘုရား"
"ပေးစမ်း"

သူကြီးက သူ့ခါးပုံစထဲမှ အထုပ်တစ်ထုပ်ကို ထုတ်၍ပေးသည်။ စိမ်းရွှေမှုးဝေသော အနံ့ကြောင့် အထဲတွင်ဘာရှိမှန်း မနင်းမြူသိသည်။ ရာဇဝတ်အုပ်မင်းက အထုပ်ကိုအနည်းငယ်ဖြေသည်။ မည်းစေးသောအခဲကို မြင်ရသည်။ ဘိန်း ဖြစ်သည်။

"တို့ကလည်း နင့်ယောက်ျား လက်ဆောင်ပြန်ခဲ့ပါ့မယ်။ ကဲ နင့်ယောက်ျားခေါ်စမ်း"
"သူ အိပ်ရာက မထနိုင်ပါဘူး"

မနင်းမြျူပြောသည်။ အမှန်လည်း အမှန်ဖြစ်သည်။ သူတို့ပေးသော ဘိန်းကို မယူလို၍လည်း ဖြစ်သည်။ သို့သော် သူမ ၏ ရည်မှန်းချက် မအောင်မြင်ပါ။

"ငါပြောတာကို နားထောင်စမ်း။ ခေါ်ဆို အခုခေါ်စမ်း"

သို့ဖြင့် မနင်းမြျူ အိမ်ပေါ်တက်ရသည်။ ရွှေဝါကို ခက်ခဲပင်ပန်းစွာ ဆွဲခေါ်ခဲ့ရသည်။ ယခုအခါ ရွှေဝါသည် ပိန်ချုံးရုံမျှ သာမက နုံးနယ်ပျော့ခွေလျက် ရှိသည်။ ယင်းသို့ဖြစ်ရသည်မှာ ဆရာတော်၏ စီစဉ်ကုသမှုအရ ဖြစ်သည်။ သူ့တွင် ကုစရာ ရောဂါနှစ်မျိုး ရှိသည်ဟု ဆိုသည်။ တစ်မျိုးက ရူးသွပ်ခြင်း၊ တစ်မျိုးက ဘိန်းစွဲခြင်း။ သည်တော့ ဆရာတော်က ရူးသွပ်ခြင်းကို အရင်ကုမည်ဟု ဆိုသည်။ ထိုရောဂါပျောက်မှ ဘိန်းကို မျှဉ်း၍ ဖြတ်ရမည်ဟုဆိုသည်။ ဆရာတော်သည် ရွှေဝါရွာသို့ ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် စတင်ကုသခြင်းပြုသည်။ အမျိုးမျိုး ကြိုးစား၍ ကုသသည်။ သက်သာသွားသည့် သဘော လက္ခဏာများ ရှိသည်။ သို့သော် လုံးဝပျောက်ကင်းသွားခြင်းကား မရှိသေးချေ။ ရွှေဝါသည် စောစောပိုင်းကလို ကြမ်းခြင်း ရမ်းခြင်း မရှိတော့။ သို့သော် သူ၏စိတ်အစဉ်သည် မှန်ကန်ခြင်း မရှိသေးချေ။ စကားကောင်းများ ပြောနေရာမှ ရုတ်တရက် ဖောက်သွားတတ်သည်။ အစပ်အဟပ်မရှိသော စကားများကို ပြောတတ်သည်။ ပြီး တစ်ယောက်တည်းလည်း စကားပြော တတ်သည်။ တစ်ယောက်တည်းလည်း ပြုံးရယ်တတ်သည်။ ယင်းသို့ရောဂါ မကင်းစင်သည်မှာ ဘိန်းကြောင့်ဟု ဆိုပါသည်။ ဘိန်းမှိုင်းမိ၍ ငေးကြောင်ခြင်း၊ စိတ်ထွေခြင်း၊ စိတ်ကူးယဉ်ခြင်းများ ဖြစ်ရသည်ဟုဆိုသည်။ သို့ဖြင့် တဖြည်းဖြည်းချင် မျှဉ်း၍ ဘိန်းဖြတ်စေပါသည်။ ဘိန်းကိုလျှော့လိုက်လျှင် ခင်ပွန်းဖြစ်သူ ပြန်၍ ကြမ်းတမ်းလာချေမည်လားဟု မနင်းမြျူစိုးရိမ်သည်။ သို့သော် ကြမ်းတမ်းလာခြင်း မရှိချေ။ ပျော့ခွေ၍ သွားသည်။ အားပြတ် အားနည်းခြင်း ပိုကဲလာသည်။ ယင်းကို စိုးရိမ်စရာမရှိဟု ဆရာတော်က ဆိုသည်။ တဖြည်းဖြည်း အားပြည့်အောင် ပြန်လုပ်ပေးမည်ဟုဆိုသည်။ ထိုအခါ ဘိန်းလည်းပြတ်မည်။ ရူးသွပ်ခြင်းလည်း ပျောက်မည်၊ လူလည်း ဝလာမည်ဟု ဆိုသည်။ လောလောဆယ်တွင်မူ ရွှေဝါသည် ဘိန်းမှီဝဲရမှု လျော့နည်း သွားသဖြင့် အိပ်ရာပေါ်တွင် ခွေခွေကလေး ရှိနေသည်။ ယခုတွင်သာ ရာဇဝတ်အုပ်က ဖွတ်ပြုသဖြင့် အောက်သို့တွဲခေါ်လာရ ခြင်းဖြစ်သည်။

"သူ့ကိုလွှတ်လိုက်"

ရာဇဝတ်အုပ်က အမိန့်ပေးသည်။ မနင်းမြျူက မလွှတ်မူသေးဘဲ…
"သူ လဲသွားလိမ့်မယ်၊ သူ့ဘာသူ မရပ်နိုင်ပါဘူး ဘုရား"
"လွှတ်ဆို လွှတ်လိုက်"

မနင်းမြျူ မရဲတရဲ စမ်း၍လွှတ်သည်။ ရွှေဝါမရပ်နိုင်။ သို့သော် ပစ်လဲသွားခြင်းမရှိ။ တဖြည်းဖြည်းချင်း ထိုင်ချသည်။ ရာဇဝတ်အုပ်နှင့် သူကြီးရှေ့တွင် ဆောင့်ကြောင့်လေးရှိနေသည်။ ထိုသူနှစ်ဦးကို ကြောင်စီစီကလေး မော့ကြည့်နေသည်။ သူသည် မည်သူ့ကိုမျှ မမြင်ဖူးသလို မည်သည့်အရာကိုမျှ

MMCYBERMEDIA
COMMUNITY FOR ALL

စိတ်မဝင်စားသလိုဖြစ်သည်။

"ငွေ့ဝါ"

ရာဇဝတ်အုပ်မင်း ခေါ်သည်။ သူ မထူး။ နောက်တစ်ခွန်း ထပ်ခေါ်သည်။ အသံကျယ်သည်။ ကိုဦးတို့ ကောင်းစွာကြား ရသည်။ ကိုဦးသည် အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုသုံးသပ်နေသည်။

"ဒါ ဘာလဲ သိလား"

ရာဇဝတ်အုပ်က ဘိန်းထုပ်ကို ပြသည်။ ငွေ့ဝါ ချက်ချင်း လှုပ်ရှားသွားသည်။ သူ ခေါင်းညိတ်သည်။ နှာခေါင်း ရှုံ့ပွရှုံ့ပွ လုပ်နေသည်။

"လိုချင်သလား"

သူ ခေါင်းညိတ်သည်။

"အေး၊ လိုချင်ရင် ရှိခိုး"

ထိုစကားကို ကြားရသောအခါ သူကြီးနှင့် ပုလိပ်သားများမှတစ်ပါး အနီးဝန်းကျင်မှ လူများအားလုံး အံ့အားသင့်သွား ကြသည်။ ဒေါသဖြစ်သွားသည်။ ကိုဦးသည် လူတစ်ယောက်လက်မှ ဓါးကိုဆွဲယူ၍ ပြေးသွားမည်ပြုသည်။ လူနှစ်ယောက် အချိန်မီတားဆီး တောင်းပန်ထားလိုက်ရသည်။ သို့မဟုတ်လျှင် မခန့်မှန်းနိုင်သော ဆိုးရွားမှုများ တသီတသန်းကြီး ဖြစ်ပေါ် လာနိုင်သည်။

"ဘာကြည့်နေတာလဲ။ လိုချင်ရင် ရှိခိုးလေ"

သူကြီးကပြောသည်။ ငွေ့ဝါ တကယ်ရှိခိုးသည်။ ထိုအခါ ရာဇဝတ်အုပ်မင်းနှင့် တကွ သူ့နောက်ပါများ ခွက်ထိုးခွက်လန် ရယ်မောကြသည်။ ထို့နောက် ရာဇဝတ်အုပ်သည် ဘိန်းထုပ်ကြီးကို သူကြီးအားပြန်ပေးသည်။ သူကြီးက ခါးပုံစထဲ ပြန်ထည့်သည်။ ခဏအကြာတွင် သူတို့အားလုံး ထိုနေရာမှ ထွက်ခွာသွားကြသည်။

"ပေး ပေး"

ငွေ့ဝါက ဘိန်းပေးရန် ဟစ်အော် တောင်းဆိုသေးသည်။ သူတို့က လှည့်၍ပင် မကြည့်တော့။ ထိုအချိန် လူတစ်ယောက် ငွေ့ဝါရှိရာသို့ တရကြမ်း ပြေးသွားသည်။ ကိုဦးဖြစ်သည်။ မည်သူကမျှ မည်သို့မျှ မတားဆီးနိုင်မီတွင် ကိုဦးသည် ငွေ့ဝါကိုဆွဲထူပြီး မျက်နှာကို သေသေချာချာ ကြည့်သည်။ ထို့နောက် တွန်းလှဲချလိုက်သည်။ မနင်းမြူနှင့် ဒေါ်စောရုံထိတ်လန့်တကြား အော်ဟစ်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ထွီ၊ အလကားလူကြီး။ ကျုပ်တို့အမျိုးရဲ့ဂုဏ်ကို ဖျက်တဲ့လူကြီး၊ ခင်ဗျားကြီးကို သတ်ရမယ်။ အခုကို သတ်ရမယ်။ ကျုပ်ကိုယ်တိုင် သတ်ရမယ်"

ကိုဦးက ယင်းသို့ကြုံးဝါးပြီးနောက် ခပ်လှမ်းလှမ်းတွင် ရပ်နေသူတစ်ဦးထံမှ ဓါးကိုပြေးယူသည်။ ထိုအခါတွင်မှ ငေးကြောင်နေသူများ သတိရပြီး သူ့ကို ဝိုင်းဆွဲထားရသည်။ ရွှေဝါကို အိမ်ပေါ်ပွေ့တင်သွားကြရသည်။

"ငါ့သမီးလေးနောက်ကို လိုက်ကြပါဦး။ သူတို့တွေနဲ့ တောထဲမှာတွေ့သွားရင် ရင်ကျိုးရချေရဲ့"

ဒေါ်စောရုံအော်ပြောသည်။ ထိုစဉ်မှာပင် သူမအနီးသို့ နန်းရင်ရောက်လာသည်။ နန်းရင်၏ မျက်နှာလည်း ဒေါသဖြင့်ရဲနေသည်။ သူမ၏အသားစများ တဆတ်ဆတ် တုန်နေသည်။ သူမသည် ဒေါသလွန်ကဲနေသဖြင့် ရုတ်တရက် စကားပြောနိုင်ခြင်း မရှိချေ။

ဤမျှအထိ သူမဒေါသဖြစ်နေသည်မှာ ဖြစ်ပျက်သည်များအားလုံးကို မျက်မြင်ဒိဋ္ဌ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ သူမသည် မနင်းမြူပြောသည့်အတိုင်း ဟင်းရွက်ခူးသွားခြင်းအမှန် ဖြစ်သည်။ သို့သော် ရွာဆီမှသေနတ်သံများ ကြားသဖြင့် အမြန်ပြန်ပြေးလာသည်။ အိမ်အနီးသို့ အရောက်တွင် တွေ့မြင်သူအချို့က သူမကို ဆွဲတားခေါ်ဆောင်ထားလိုက်သဖြင့် ပုလိပ်များနှင့် ရန်းရင်းဆန်ခတ်မဖြစ် လိုက်ခြင်းဖြစ်သည်။ သူမသည် အဖြစ်အပျက် အစအဆုံးကို တစ်ဖက်အိမ် ထရံပေါက်မှနေ၍ တွေ့မြင်နေခဲ့ရသည်။

နန်းရင်သည် ပါးစပ်မှ စကားပြောနိုင်ခြင်း မရှိသော်လည်း သူမ၏မျက်လုံးများကမူ ကိုဦး၏အပြုအမူကို ထောက်ခံကြောင်းပြနေသည်။

နန်းရင်နှင့် ကိုဦးကို လူကြီးများက အမျိုးမျိုး နှစ်သိမ့်ဖျောင်းဖျကြရသည်။ သို့သော် သူတို့သည် ရွှေဝါ၏ အရှက်ကင်းမဲ့မှုကိုလည်း မည်သည့်အခါတွင်မျှ မေ့နိုင်မည်မဟုတ်။ ရာဇဝတ်အုပ်နှင့် သူ့နောက်လိုက်များ စော်ကားမော်ကား ပြုသွားကြသည်ကိုလည်း မည်သည့်အခါတွင်မျှ အခဲကျေနိုင်လိမ့်မည် မဟုတ်ချေ။

သူ့အလှည့် ကိုယ့်အလှည့်ဟူသည်မှာ ရှိမြဲတည်း။

ရှမ်းနှင့် ဆင် လယ်ပြင်တွင် တွေ့ကြသေးတာပ။

## အခန်း -၉၀-

သည်နေ့မိုးမရွာ။ မိုး ပြီးပြီ မဟုတ်သော်လည်း မိုးကျဲသွားပြီဖြစ်သည်။ ရွာလျှင် တန်ဆောင်မုန်းလထဲ လောက်တွင်မှ အချီကြီး တစ်ချီနှစ်ချီရွာမည်။ သည့်နောက်တွင်ကား မိုးစက်မိုးပေါက်များ

MMCYBERMEDIA
COMMUNITY FOR ALL

တစ်ဖြစ်လဲသောဆောင်း။

မည်သို့ဆိုစေ သည်နေ့ မိုးမရွာသည်ကား ထူးသည်။ ယမန်နေ့ကအထိ မိုးသည်းထန်စွာ ရွာလျက်ရှိသည်။ သည်သီတင်းကျွတ်တွင် ဥပုသ်သီတင်းစောင့်ရန် ကျောင်းကိုမှ သွားနိုင်ကြပါမည်လားဟု စိုးရိမ်ကြောင့်ကြ နေကြသည်။ သို့သော် ညသန်းခေါင်ကျော်လောက်တွင် မိုးသည် ရုတ်တရက် တိတ်သွားသည်။ ယနေ့နံနက်တွင် ကောင်းကင်ပြင်တစ်ခုလုံး ကြည်လင်တောက်ပနေသည်။ ရံခါတွင် တိမ်အချို့မြင်နေရသော်လည်း ခေတ္တမျှသာ ဖြစ်သည်။ ရွာအနီးမှ လျင်မြန်စွာ ဖြတ်သွားသည်။ အရောင်အဆင်းလည်း မည်းညစ်ခြင်းမရှိလှ။ မီးခိုးရောင်မျှသာဖြစ်သည်။ ထူထဲသိပ်သည်းခြင်းလည်း မရှိ။ ထွင်းဖောက်၍ မြင်နိုင်သည်။ အထုအထည်လည်း ကြီးမားလှသည်မဟုတ်။ ကလေးကစားသော ရွံ့စေးရုပ်များနှယ် ရှည်မျောမျောကလေးများ၊ လုံးဝိုင်းဝိုင်းကလေးများ၊ ခြေကားရားလက်ကားရားများ။

ကလေးများ မြူးပျော်ကြသည်။ လမ်းမတွင် ပြေးလွှားဆော့ကစားကြသည်။ သူတို့အပေါ်သို့ ပူနွေးသောနေခြည် ကျရောက်သည်။ လောကအလုံး ထွန်းတောက်သည်။

လူကြီးများ ဥပုသ်သီတင်းစောင့်ရန် ကျောင်းသို့သွားကြသည်။ လှူဖွယ်ဝတ္ထုများနှင့် ဖြစ်သည်။ ပုတီးကိုယ်စီနှင့် ဖြစ်ကြသည်။ အချို့က ကြိမ်ပုတီး၊ အချို့က ပယင်းပုတီး၊ အချို့က အုန်းပုတီး၊ ပုတီးရောင်များ တောက်ပသည်။

အဝါ၊ အရွှေ၊ အနီ၊ အဖြူ၊ အညို၊ အနက်။

နန်းရင်သည် နံနက်တုံးမခေါက်မီတွင် အိပ်ရာမှထ၍ ဆွမ်းချက်သည်။ လှူဖွယ်ဝတ္ထုနှင့် အချိုအချဉ်ပွဲများ ပြင်ဆင်သည်။ မနင်းမြူလည်း အကူအညီပြုသည်။ သို့သော် သူမကမူ ကျောင်းသို့ လိုက်နိုင်မည် မဟုတ်။ ခင်ပွန်းသည်နှင့်အတူ အိမ်မှာပင် နေရစ်ရမည်ဖြစ်သည်။

သူ့အခြေအနေက သည်လို။

ရာဇဝတ်အုပ်ကြံကောင်းတို့ လူစု လာရောက် နှောင့်ယှက်သွားပြီးနောက် တစ်ပတ်အကြာတွင် ဘိန်းဖြတ်ခြင်းကိစ္စ လုံးဝပြီးသွားသည်။ ရွှေဝါ ဘိန်းပြတ်သည်။ ဆရာတော်ဘုရား၏ ဆေး၊ ဓါတ်စာနှင့် မနင်းမြူ၏ ပြုစုယုယမှုကြောင့် တစ်ပတ်အတွင်းမှာပင် ရွှေဝါ ထူထူထောင်ထောင် ဖြစ်လာသည်။ ထနိုင်သည်။ သွားနိုင်သည်။ အောက်ဆင်းနိုင်သည်။ ထို့နောက်တစ်ပတ်တွင်ကား အားအင်များ ပြည့်လာသည်။ အသားအရေ ပြည့်ဖြိုးလာသည်။ ပြေးမည်ဆိုလျှင် အတန်အသင့် ပြေးနိုင်သည်။ ထမ်းမည် ပိုးမည်ဆိုလျှင် အထိုက်အလျောက် ထမ်းပိုးနိုင်သည်။ တစ်လပြည့်သောအခါတွင်ကား ငယ်စဉ်ကလောက် သန်မာတောင့်တင်းခြင်း မရှိသော်လည်း အရွယ်နှင့်မျှသော ကျန်းမာသန်စွမ်းခြင်းမျိုး ရှိလာသည်။ ရုပ်ဝတ္ထုပိုင်းကို ကြည့်လျှင် ပကတိပိုင်းသို့ ပြန်လည်ရောက်ရှိပြီဟု ဆိုနိုင်သည်။

သို့သော် စိတ်နှင့်ဆိုင်သည်တွင်ကား ချို့ငဲ့ခြင်း ရှိနေပေသေးသည်။ အဓိပ္ပါယ်မှာ စိတ်မနှံ့သောဝေဒနာမှ ကျွတ်လွတ်ခြင်းမရှိသေးဟု ဆိုရမည်။ သို့သော် သူ့ကိုအရူးစစ်စစ်ကြီးဟုလည်း ပြောဖို့ခက်ပေသည်။ သူကအရူးကြမ်း အရူးဆိုးကြီးတစ်ဦး မဟုတ်သည်သာမက ယဉ်ယဉ်လေးနှင့်

ရှုးသူဟုပြောနိုင်ရန်လည်း တစ်ယောက်တည်း စကားပြောနေခြင်းမျိုး၊ တစ်ယောက်တည်း ရယ်ပြုံးနေခြင်းမျိုး မရှိတော့။

သို့သော်သူ၏ စိတ်အာရုံသည် တစ်နေရာတည်းတွင်သာ ရှိနေသည်။ လောကတွင် သူစိတ်ဝင်စားသောအရာဟူ၍ တစ်ခုတည်းသာ ရှိသည်။ ယင်းကား မနှင်းမြူ။

တဖြည်းဖြည်းချင်း မှုန်း၍ လာရမှ ဘိန်းကို လုံးဝဖြတ်လိုက်သော တစ်နေ့တွင် သူသတိလစ်သွားသည်။ နှစ်ရက်တိတိ ပြောနေသည်။ ထိုနှစ်ရက်အတွင်းတွင် သူ့နှုတ်မှ တဖွဖွမြည်တမ်းနေသည်မှာ "မနှင်းမြူ"။

ထိုအခါ မနှင်းမြူသည် အားတက်ခြင်းများစွာ ဖြစ်သည်။ ရွှေဝါ၏ နားအနီးတွင်ကပ်၍ နှစ်သိမ့်စကား ဆိုသည်။ ရွှေဝါသည် သူမ၏အသံကို ကြားဟန်ရှိသည်။ သူမဆိုလိုသည်များကို နားလည်ဟန်ရှိသည်။ ထိုသို့ နားထောင်နေရခြင်းတွင် များစွာမှ နှစ်သက်ဟန်ရှိသည်။ ရံခါတွင် အားယူ၍ မျက်လုံးဖွင့်သည်။ မနှင်းမြူကို တွေ့မြင်သောအခါ သူ့မျက်လုံးအိမ်တွင် မေတ္တာရိပ်ထင်သည်။ မနှင်းမြူသည် ထိုနှစ်ရက်အတွင်းတွင် ရွှေဝါအနီးမှ ခွာသည်ဟူ၍မရှိဘဲ ဆရာတော်ပေးသော ဆေးကို အစက်ချ၍ တိုက်သည်။ ဆန်ပြုတ်ရည်ကျဲကို တိုက်သည်။ ထို့နောက်သူမ၏ ချိုသာသောအသံနှင့် ပူနွေးသော အထိအတွေ့ကို ပေးသည်။

ထိုနှစ်ရက်လွန်မြောက်သော် ရွှေဝါသတိရလာသည်။ မနှင်းမြူ၏ ပြုစုကုသမှုကို ကောင်းစွာခံယူသည်။ ကြိမ်ဖန်များစွာပင် မနှင်းမြူ၏ ဂရုဏာမှုပြည့်ဝသော မျက်နှာကို ကလေးငယ် တစ်ယောက်ပမာ ငေးမော၍ ကြည့်နေသည်။ သူ့အပါးတွင် မနှင်းမြူမရှိလျှင်မနေတတ်သလို။

မနှင်းမြူကို သူခေါ်သည်။ ဆေးဆိုလည်း မနှင်းမြူတိုက်မှသောက်သည်။ အစားအစာဆိုလည်း မနှင်းမြူကျွေးမှပင် စားသည်။ မနှင်းမြူထူမှ ထသည်။ မနှင်းမြူနှင့် တွဲ၍လျှောက်သည်။ မနှင်းမြူနှင့်စကားစမြည်ပြောသည်။ ထွေရာကေရာတော့ မဟုတ်။ မနှင်းမြူ လှသည်။ မနှင်းမြူကို သူချစ်သည်။ မနှင်းမြူနှင့် သူ ဘယ်တော့မှမခွဲဟူသော သဘောကိုဆောင်သည့် စကားများကိုသာ သူပြောသည်။

အခြားအကြောင်းအရာများကို သူအပြောမခံ။ ဘယ်ဘယ်ညာညာ သွားရအောင် ဆိုလည်းမရ။ ဘယ်သူနှင့်မှလည်း တွေ့ဆုံပုံ စကားပြောချင်ပုံ မရ။ အမေနှင့်လည်း မေးထူးခေါ်ပြော။ ညီမငယ်နှင့်လည်း တစ်ခွန်းစ နှစ်ခွန်းစ။ တူဖြစ်သူနှင့် ဆိုလျှင် စကားမပြောသလောက်။ ကိုဦးကလည်း သူနှင့်စကားပြောရန် အားထုတ်ခြင်းမပြုလှ။

သို့ဖြင့် ရွှေဝါ အရှုးပျောက်ပြီဟုလည်း မပြောသာ။ ရှုးနေသေးသည်ဟုလည်း မဆိုနိုင်။ အချို့ကတော့ ပြောသည်။ အခုမှ တကယ်ရှုး၊ မယားတရှုး၊ စောစောကမှ ကျန်းမာရေး အခြေအနေအရ သွေးလေချောက်ချားခြင်းဟု ပြောနိုင်သေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် မနင်းမြူကမူ ယခုအဖြစ်ကို ကျေနပ်နစ်သိမ့်လျက်ရှိသည်။ သူမအနေနှင့်လည်း မိမိ၏အပါးတွင် ရွှေဝါရှိနေလျှင် ကျေနပ်ပြီ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရလျှင် ကျေနပ်လှပြီ။ ရွှေဝါ ရူးသည်ပြောပြော၊ ကောင်းသည်ပြောပြော သူမကို ဂရုစိုက်ဖော်ရလျှင်၊ ချစ်နေဖော်ရလျှင် သေပျော်ပြီ။

ဘယ်သွားရသည် မသွားရသည် အရေးမကြီး။ ဘာလုပ်ရသည် မလုပ်ရသည် အရေးမကြီး။ သို့သော် ဆရာကတော်ကမူ သူ့ဆေးကိုဆက်၍ စားသွားလျှင် ရွှေဝါ ပကတိလူကောင်း ဖြစ်လာမည်ဟု ဆိုသည်။ သို့သော် နေ့ချင်းညချင်းတော့ ပျောက်ချင်မှ ပျောက်မည်။ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည်လည်း ဆေးမှန်မှန်စားသွားရသော် စားသွားရပေမည်။ တစ်ခုပဲ အရေးကြီးသည်။ ဤအတွင်းတွင် သူ့အနေနှင့် စိတ်ထိုခိုက်ခြင်း၊ သွေးလန့်ခြင်းများဖြစ်လျှင်တော့ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် ရွှေဝါဘယ်မှမသွားဘဲ ဘာမှမလုပ်ဘဲနေခြင်းက အများကြီးကောင်းသည်။ သူ့ရောဂါကင်းစင် သွားဖို့ အခွင့်အလမ်းများသည်ဟု အဆိုအမိန့်ရှိလေသည်။

သို့တစေ ဒေါ်စောရုံက သူမ၏သား အခြားဘယ်သို့မှ မသွားလိုကရှိစေ။ ယခုလို အခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန်များသို့ကား သွားသင့်သည်ဟု ဆိုသည်။ သို့ဖြင့် မနင်းမြူသည် ခင်ပွန်းသည်ကို လပြည့်နေ့တွင် ဘုန်းကြီးကျောင်း သွားမည်မလားဟု မေးသေးသည်။ ရွှေဝါ ပြတ်သည်။ မသွား။ သူ ဘယ်မှ မသွား။ ချစ်သူနှင့်ပင် အိမ်မှာပင် တစ်သက်လုံးနေသွားမည်။

ယင်းသို့ဖြင့် ဒေါ်စောရုံနှင့် နန်းရင်တို့သည် နေထွက်တပြူအချိန်တွင် ရွှေဝါနှင့် မနင်းမြူကို အိမ်မှာထားခဲ့ကြပြီး ဘုန်းကြီးကျောင်းသို့ ထွက်ခဲ့ကြသည်။ ကိုဦးကမူ ယမန်နေ့ညကတည်းက ပြန်မရောက်လာ။ အလည်ကြူးနေသည်။ သူ့ကို သူတို့ ဘေးမဲ့ပြုထားရသည်။ သည်သူငယ် တစ်ခါတစ်ခါတွင် ရွှေဝါငယ်ငယ်ကနှင့် တူသည်။ တစ်ခါတစ်ခါ ရွှေနီငယ်ငယ်ကနှင့် တူသည်။ တစ်ခါတစ်ခါတွင်တော့ မည်သူနှင့်မျှ မတူချေ။ သူ့အချိုး သူ့အဆက်က သီးခြား။

ဆရာတော်ဘုရားထံတွင် သီလယူပြီးသောအခါ နန်းရင်က ကျောင်းအရှေ့မြောက်ထောင့်ရှိ တည်ငင်းပင်ကြီးအောက်သို့ တစ်ယောက်တည်း သွားထိုင်သည်။ ထိုမှနေ၍ ကြိုးကြာချောင်း ကိုမြင်ရသည်။ ကြိုးကြာရေ၏ အေးမြကြည်လင်မှု အငွေ့အသက်ကိုရသည်။ ချောင်းကိုလွန်၍ ကြည့်သော် ကြိုးကြာရွာ နေရာဟောင်းကို မြင်ရသည်။ တစ်ချိန်က စည်ပင်ခဲ့သော ရွာဖြစ်သည်။ ယခုအခါ တောပင် ရိုင်းများဖြင့် တောမြေဖြစ်နေပြီ။

နန်းရင်သည် တောမြေပြင်ကိုကြည့်၍ အတိတ်ကို လွမ်းဆွတ်တသခြင်း ရှိလာသည်။ ငယ်စဉ်ကအဖြစ်များကို တစ်ခုပြီး တစ်ခု အမှတ်ရလာသည်။ တစ်ချိန်နှင့်တစ်ချိန်မတူဘဲ ကွဲပြားခြားနားမှုများ ရှိလာကြောင်းကို သတိပြုမိသည်။ အချို့သော ဖြစ်ရပ်များသည် အစဉ်အလာ ဓမ္မတာသာဖြစ်သည်။ အချို့သောဖြစ်ရပ်များကား ထူးဆန်းထွေလာခြင်း ရှိသည်။ ထို့ပြင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးဘူးသော အရေးအခင်းများ ဖြစ်ပေါ်သည်လည်းရှိသည်။ လောကဆိုသည်မှာ ဤသို့ပင် ဖြစ်ချေသည်လားဟု စိတ်မှမေးမိသည်။

ထို့နောက် နန်းရင်၏စိတ်တွင် မောင်မျိုး အမှတ်မထင် ဝင်လာသည်။ ထိုအခါ နန်းရင် ထိတ်လန့်သည်။ သူမတွင် ဥပေါသထသီလနှင့် ဖြစ်သည်။ ယနေ့သည် စိတ်စေတသိက်တို့ကို စင်ကြယ်အောင် ပြုရမည့်နေ့ဖြစ်သည်။ လောကီအညစ်အကြေးများ မတင်ကျန် မစွန်းထင်းစေလို။ သို့ဖြင့် ထိုအတွေးစိတ်မှ ချက်ချင်းဖျောက်သည်။ ထိုနေရာမှ ခွာရန်ထိုင်ရာမှ ထသည်။

ထိုစဉ်တွင် သူမ၏နောက်ဘက်မှ ခြေသံဖွဖွကြားရသည်။ ခြေကျသိမ်မွေ့ညင်သာပုံကိုထောက်သော် မိခင်ဖြစ်ဟန် ရှိမည်။ သို့ဖြင့် လှည့်မကြည့်ဘဲ မသိဟန်ပြုနေသည်က ပိုကောင်းမည်ဟုတွက်သည်။ သို့မဟုတ်ပါက သူမ၏ စိတ်အာရုံများ မတည်မငြိမ်ဖြစ်နေသည်ကို မိခင်သိသွားလိမ့်မည် စိုးထင်သည်။

"ကလေးမရေ၊ ချောင်းဟိုဘက်က တောအုပ်ဟာ ကြိုးကြာရွာဟောင်းဆိုတာလားကွယ့်"

မမျှော်လင့်သော မေးခွန်းကိုကြားလိုက်ရသဖြင့် သူ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ သို့သော် ယင်းအသံသည် မိန်းမသံလည်းဖြစ်သည်။ ကြည်လင်ချိုသာခြင်းလည်း ရှိသည်ဖြစ်၍ ကြောက်လန့်ခြင်းကား မဖြစ်ချေ။ အံ့သြခြင်းသာ ဖြစ်မိသည်။ ချက်ချင်းလှည့်မကြည့်သေးဘဲ အသံရှင်သည် မည်သူဖြစ်မည်နည်းဟု စဉ်းစားသည်။ မေးခွန်းကို ချင့်တွက်သော် လူစိမ်းဖြစ်မည် ထင်ရသည်။ သို့သော် သည်အသံမျိုး သူမကြားဖူးသည်ဟု အောက်မေ့သည်။

ထိုစဉ်တွင် နောက်မှ လျှောက်လာသူသည် သူမ၏ဘေးတွင် တဖြည်းဖြည်း ယှဉ်လာသည်။ လူဝတ်ကြောင်တစ်ဦး မဟုတ်ဘဲ သီလရှင်တစ်ပါးဖြစ်ကြောင်း မျက်စိထောင့်စွန်းတွင် ဝေဝေဝါးဝါး မြင်ရသည်။

သည်တော့ ဆရာတော်ဘုရားထံသို့ အဖူးအမြော်ရောက်လာသော သီလရှင်တစ်ပါးဖြစ်ရမည်ဟု မှတ်ယူသည်။ သူမတို့၏ ဆရာတော်သည် မန်လည်တွင်လည်း စာဝါတက်ဖူးသည်။ မန္တလေးတွင်လည်း ပရိယတ္တိစာမေးပွဲဖြေဖူးသည်။

"ဟုတ်ပါတယ် ဆရာလေး"

နန်းရင်က ယင်းသို့ဖြေရင်း တစ်ဖက်သို့ ကျို့ကျို့ယို့ယို့လှည့်သည်။ သီလရှင်၏ မျက်နှာကို မြင်ရသောအခါ သူမတစ်ကိုယ်လုံး ပျားတစ်အုံလုံး အတုပ်ခံရသည့်ပမာ ထုံကျဉ်သွားသည်။ သည်မျက်နှာကို သူမကကောင်းစွာ မှတ်မိသည်။ မည်သည့်အဝတ်အထည်ကို ဝတ်ဆင်ထားစေ သည်မျက်နှာကို မေ့ပျောက် မှားယွင်းသွားရန် အကြောင်းမရှိ။ ထို့ပြင် စောစောက ကြားရသောအသံကိုလည်း ချက်ချင်းပြန်၍ ကျက်မိလေတော့သည်။

"မမထုံးရီ"

သူမ၏ နှုတ်မှ အလိုလိုပွင့်ထွက်သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မခေမာသီရိပါကွယ်"

သီလရှင်က အနည်းငယ်မျှပြုံး၍ မတိုးမကျယ်သောအသံဖြင့် ပြန်ပြောသည်။ ထို့နောက် နန်းရင်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ခေါင်းကို သုံးလေးခါမျှညိတ်သည်။ နန်းရင်သည် အံ့သြမှုမပြယ်သေး။ မည်သို့ တုံ့ပြန်ပြောဆိုရမည် မသိ။ ထိုအခါ ဒေါ်ခေမာသီရိက တည်ငြိမ်အေးဆေးသော လေသံဟန်ဖြင့်ဆိုသည်။

"နန်းရင်က အရွယ်အများကြီး တင်တာကိုးကွယ်။ နန်းရင်ကို တို့များ နောက်ကနေကြည့်တော့ ကလေးမကလေး တစ်ယောက်လို့ပဲ ထင်မိတယ်"

"မမထုံးရီ"

"မခေမာသီရိ"

"အေး၊ မေ့လို့ကော။ ဆရာလေးကော ရုပ်မပြောင်းပါဘူး။ ရုပ်မကျပါဘူး။ ဆရာလေးအသံကို ကြားကြားချင်း နန်းရင်ကြားဖူးတယ်လို့ အောက်မေ့မိပါတယ်။ ဆရာလေးလည်း ရုပ်ရောအသံရော ဟိုတုန်းကအတိုင်းပါပဲ"

"ဒါပေမဲ့ စိတ်ကတော့ အများကြီးပြောင်းသွားပါပြီ နန်းရင်"

ဒေါ်ခေမာသီရိ၏ ဆိုစကားဟုတ်မှန်ဖွယ် ရှိပါသည်။ သူမ၏ မျက်နှာသည် နဂိုအတိုင်း ဆိုသော်လည်း တည်ငြိမ်ရင့်ကျက်ခြင်း ရှိနေသည်။ သူမ၏ အသံသည် မူလအတိုင်းဆိုသော်လည်း တည်ကြည်လေးနက်ခြင်း ရှိနေသည်။

ယခုပင် သူမစဉ်းစားနေသေးသည်။ အချို့သော ဖြစ်ရပ်များသည် ထူးဆန်းထွေလာခြင်း ရှိလှသည်။ ဤအမျိုးသမီးကြီးသည် အဘယ်ပုံ အဘယ်နည်းဖြင့် ဤသို့ လောကီကိုစွန့်ကာ လောကုတ္တရာဘက်သို့ ရောက်သွားချေသနည်း။

"နန်းရင်က တို့များကို အံ့သြနေသလား၊ မြတ်စွာဘုရားရဲ့ တရားတော်နဲ့ စဉ်းစားတဲ့အခါကျတော့ ဘာမှ အံ့သြစရာ မရှိပါဘူးကွယ်။ အမှောင်တိုက်ထဲမှာ ဝဲလည်နေရတဲ့ လူတစ်ယောက်ဟာ အလင်းရောင်ကို တောင့်တမြဲပါပဲကွယ်"

"ဆရာလေး သီလရှင်ဝတ်တာ ဘယ်လောက်ကြာပြီလဲ"

"မိုးကောင်းမြို့က ထွက်သွားကတည်းက ဆိုပါတော့ကွယ်"

"နန်းရင်တို့ကတော့ မမထုံးရီ၊ အေး ဆရာလေး လိုက်လာခဲ့မယ်ဆိုတာနဲ့ တစောင့်စောင့်ပဲပ။ နောက်ဆုံးကျမှ ဆရာလေးကို မိုးကောင်းက လိုက်ရှာနေကြတယ်ဆိုမှ ဆရာလေးမရှိတော့ဘူး ဆိုတာ သိကြရတယ်။ နန်းရင်တို့တောင် ဟိုဟိုဒီဒီ သတင်း စုံစမ်းကြပါသေးတယ်။ လိုက်ရှာကြပါသေးတယ်"

"တို့များလည်း အမျိုးမျိုး စဉ်းစားပါတယ်။ မှန်တဲ့အတိုင်းပြောရရင် အဲဒီအချိန်မှာ သံယောဇဉ်အမျှင်တွေဟာ သစ်မြစ်လိုပဲ။ အဘက်ဘက်ကို ယှက်သန်းနေတယ်။ နန်းရင်တို့ဆီကို လိုက်လာချင်တယ်။ ဘယ်မှာ မလိုက်ချင်ဘဲ နေပါ့မလားကွယ်။ အဲဒီအချိန်ကလောက် တို့များရဲ့ သားကို ချစ်မိ၊ ခင်မိတာတခါမှ မရှိပါဘူး။ တစ်သက်လုံး ပေါ့ပေါ့ဆဆ ပစ်ထားခဲ့သမျှ အဲဒီတော့မှပဲ စုပုံပြီး မေတ္တာဓါတ်ဖြစ်မိတယ်။ နောက်ပြီးတော့ကွယ် နန်းရင်တို့ပြောတဲ့အတိုင်း မခေါင်ညွယ်တို့ဆီမှာ သွားပြီး

MMCYBERMEDIA
COMMUNITY FOR ALL

အေးအေးဆေးဆေး နေချင်လှပါတယ်။ ဒီကချင်မကို တို့များရဲ့ ညီအစ်မရင်းလို ချစ်ပါတယ်။ နောက်ပြီးတော့တစ်ခါ မိုးကောင်းကိုလည်း သံယောဇဉ်မပြတ်ဘူးကွယ်။ လောကီစည်းစိမ်ဆိုတာ ဆရာတော်ကြီး အမိန့်ရှိသလို သောက်လေသောက်လေ ဝတ်မပြေပကွယ်။ အခြွေအရံ အသင်းအပင်း ဆိုတာမှာ သာယာစရှိရင် သာယာတတ်ကြတာပကွယ်။ ဒါတောင် တို့များရဲ့စည်းစိမ်နဲ့စာရင် နှံ့သာဖြူနဲ့ အီးပါကွယ်။ နောက်ဆုံးမှာတော့ တို့များဟာ ဒီအမြစ်တွေ ယှက်ဖြာနေရာက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဆိုပြီး အောက်ပြည် အောက်ရွာကို ထွက်ပြေးမိတာပဲပ။ သူတော်ကောင်း သူတော်မြတ်တို့ခိုအောင်းတဲ့ စစ်ကိုင်းချောင်ရဲ့ အရိပ်အာဝါသကိုပဲ ခိုလှုံရတာပကွယ်"

နန်းရင်သည် ခဏမျှ စဉ်းစားပြီး...

"ဆရာလေး သီလရှင်ဝတ်တာ ငါးနှစ်ကျော်ပြီပ"

"ဟုတ်တာပကွယ်"

"ဆရာလေး ငါးနှစ်လုံးလုံး ဘယ်မှမသွားဘူးလား"

"ပထမတစ်နှစ်တော့ ဘယ်မှမသွားဘူးပကွယ်။ နောက်နှစ်တွေကျတော့ မန္တလေးဘက်ကို ဘုရားဖူးရင်း ဆွမ်းဆန်ခံရင်း ရောက်ပါတယ်။"

"နန်းရင်တို့ အထက်ဘက်ကိုတော့ မရောက်ဘူးပ"

"ဒါ ပထမဆုံး ရောက်တာပဲပ။ ဆရာတော်ဘုရားကြီးရေးနေတဲ့ မဟာဒေဝကျမ်းကြီး ပြီးသွားပြီဆိုလို့ လာရောက်နာကြားကြတာပ"

"မန်လည်လား"

"အေးပကွယ်"

"အခု မန်လည်ကနေ လာတာလား"

"အေး"

"ဆရာလေး တစ်ဦးတည်းလား"

"အဖော်တစ်ဦးပါတယ်။ ဒေါ်စာရီပါတယ်"

"သူ ဘယ်မှာလဲကော"

"ဒီလိုကွယ့်၊ တို့များဟာ လောကီလူ့ဘောင်ကို စက်ဆုပ်ပြီး လောကုတ္တရာမှုကို အားထုတ်ပြီ ဆိုပေမယ့်လည်း သောတာပန်မဂ်ကို ပေါက်ရောက်သေးတာ မဟုတ်တော့ သံယောဇဉ်ကြိုးက အမျှင်တန်း နေတုန်းပဲကွယ့်။ တို့များဟာ မန်လည်ကနေ ချောင်ကိုပြန်ကြဖို့ ဖြစ်ပေမယ့် ကိုယ့်သားအရင်းကို မြင်ချင်တွေ့ချင်တဲ့စိတ်တွေက ဖိစီးနှိပ်စက်နေတယ်ကွယ်။ ဒီအကြောင်းကို ဆရာတော်ကို လျှောက်ထားတော့ ဆရာတော်က အမိန့်ရှိတယ်။ ထေရ်ကြီးဝါကြီး ဆရာတော်များတောင်မှ မယ်တော်ပြန်ပွဲကို လုပ်ကြသေးတယ်တဲ့။ ကိုယ့်ရင်မှာလွယ်ပြီး ကိုယ့်ဝမ်းအနာခံပြီး မွေးထားတဲ့သားကို တွေ့ချင်မြင်ချင်တယ်ဆိုတာ ဖြစ်သင့်ပါတယ်တဲ့။ နို့ပေမယ့် ကြိမ်ဖန်များစွာ သံယောဇဉ် အမျှင်တန်းနေမယ် ဆိုရင်တော့ သီလရှင်ဘဝကို စွန့်သင့်တယ်တဲ့။ နို့မို့ရင် အပြစ်တွေ ကြီးလေးနေမယ်တဲ့။ ဒါနဲ့ တို့များလည်း ဒီတစ်ခေါက် ဒီတစ်ခါတော့ သားနဲ့တွေ့မယ်ဆိုပြီး ထွက်လာခဲ့တာပဲ။ ဒီတစ်ခေါက်လာပြီးတဲ့ နောက်မှာတော့ တို့များအနေနဲ့ တစ်ခေါက်ထပ်ပြီး ရောက်လာဖို့အကြောင်း မရှိတော့ပါဘူး။ ခရီးကြုံလို့သာ၊ ရောက်လာရင်သာ တွေ့ဖို့ပါပဲ"

နန်းရင် တွေးနေသည်။

"တို့များဟာ သားကို ရွာမှာတွေ့ရမှာပဲဆိုပြီး မိုးကောင်းကို မဝင်ခဲ့ဘူး။ ဝင်လည်း မဝင်ချင်ပါဘူးကွယ်။ ရွာကိုပဲ တန်းတန်း မတ်မတ်လာခဲ့တယ်။ ဒါတောင်မှ အင်မတန် ခက်သားကလားကွယ်။ ကိုယ့်စိတ်ကို အင်မတန်အေးငြိမ်းအောင် ထားတဲ့ကြားကနေ ရွာနားရောက်လေလေ ကိုယ်ပြုခဲ့ဖူးတဲ့ မကောင်းမှုဒုစရိုက်တွေက ကိုယ့်ကို ခြောက်လှန့်လေပဲကွယ်။ ဒါနဲ့ပဲတို့များဟာ ရွာထဲကို ရုတ်တရက် မဝင်ရဲတာနဲ့ ဆရာတော်ဘုရားဆီကို အရင်ဝင်ပြီး ဖူးမြော်ရတယ်။ ဆရာတော်က တို့များကို ရုတ်တရက် မမှတ်မိဘူး။ သက်တော်ကလည်း ထောင့်ပြီကိုးကွယ့်။ တို့များက ပြောပြရတယ်။ နို့ပေမယ့် ဆရာတော်ကတော့ တို့များ သီလရှင်ဖြစ်နေတာကို မအံ့သြဘူးကွယ့်။ တရားတော်အရ ကြည့်မြင်တတ်တာကိုးကွယ်"

နန်းရင်ငေးနေသည်။

"ဆရာတော်ဘုရားက မိန့်တော်မူတယ်။ ဒကာလေးမောင်မျိုးတော့ ရွာမှာမရှိတာ ငါးနှစ်ကျော်သွားပြီတဲ့။ ဒကာမလေး နန်းရင်ကိုတော့ စောစောက သီလယူတာ မြင်လိုက်တယ်ဆိုလို့ တို့များကျောင်းဝင်းထဲကို လျှောက်ခဲ့တာပဲကွယ်။ နို့ပေမယ့် နန်းရင်ကို နောက်ကနေမြင်တဲ့အခါမှာ နန်းရင်လို့မထင်မိဘူး။ ကလေးမလေးတစ်ယောက်လို့ပဲ ထင်မိတယ်။"

"နန်းရင် အသက်သုံးဆယ့်ငါးနှစ် ရှိပါပြီ"

ဒေါ်ခေမာသီရိသည် အနည်းငယ်မျှ စဉ်းစားပြီး...

"အေး၊ ကိုမျိုးက နှစ်ဆယ့်ခြောက်နှစ်လောက်ရှိပြီ"

"ဟုတ်ပါတယ်၊ သူက နန်းရင်ထက် ကိုးနှစ်ငယ်ပါတယ်။"

"အလုံးအထည်ချင်းတော့ အတူတူပါပဲကွယ်"

ဒေါ်ခေမာသီရိ စကားကြောင့် နန်းရင် မျက်နှာရဲသွားသည်။ ဤမည်သော သီလရှင်သည် အဘယ်ကိုရည်စူး၍ သူတို့နှစ်ဦး၏ အသက်အကြောင်းကို ပြောချေသနည်း။ စကားကြုံ၍လား။ တစ်စုံတစ်ခုသော အရိပ်အမြွက်ပြုလို၍လား။

"ဆရာလေး ရွာမှာဘယ်လောက်ကြာကြာနေမလဲ"

"တို့များ လာတာကတော့ ကိုမျိုးနဲ့ တွေ့ချင်လို့ပဲကွယ်။ သူ့အတွက် စိတ်ချစရာဖြစ်ရင်တော့ တို့များ သံယောဇဉ်ကင်းကင်း တရားအားထုတ်နိုင်တာပကွယ်"

"သူ အခု ရွာမှာ မရှိပါဘူး"

"ဒါတော့ တို့များ တွက်ပြီးသားပါကွယ်။ နို့ပေမဲ့ နန်းရင် စီစဉ်ပေးရင်တော့ တွေ့နိုင်လိမ့်မယ် ထင်သကော"

"သူ့အဝေးကြီးကို ရောက်နေပါတယ်"

"မခေါင်ညွှယ်တို့ဆီမှာ ဆိုရင်တော့ လူလျှင်လွှတ်လိုက်ရင် အရက်နှစ်ဆယ် တစ်လလောက်ဆိုရင် သူ ရောက်လာနိုင်ပါတယ်"

"မခေါင်ညွှယ်တို့ဆီမှာ သူမရှိပါဘူး"

နန်းရင်ကို ဒေါ်ခေမာသီရိ စေ့စေ့ကြည့်သည်။

"အင်မတန် ဝေးတဲ့နေရာကို သူရောက်နေပါတယ်။ လူလျှင်လွှတ်ရင် အသွားအပြန်အနည်းဆုံး နှစ်လကြာပါ့မယ်"

"သူ ဒါလောက် အဝေးကြီးသွားနေရတာ သူ့အတွက် အသက်အန္တရာယ်ရှိလို့လားကွယ်"

"အကြောင်းအမျိုးမျိုးပဲပ"

ဒေါ်ခေမာသီရိ ခပ်မဆိတ်ရှိနေသည်။ ကြိုးကြာရွာဟောင်းပြင်ကို ငေးစိုက်ကြည့်နေသည်။ ပြီးမှ...

"အင်းပလေ၊ တို့များ ဒါလောက် အကြာကြီးတော့ မနေနိုင်ပေဘူး။ မတွေ့လည်း မတတ်နိုင်ဘူးပ။ သူလည်း ငယ်တော့တာမှ မဟုတ်ဘဲ။ သူ့ခရီးကို သူသွားမှာပဲ။ အေး၊ တစ်ခုပဲ နန်းရင်ကို မှာခဲ့ချင်ပါတယ်။ သူဟာ နန်းရင်ရဲ့ မျက်စိအောက်မှာ ကြီးပြင်းလာရတဲ့ ကလေးတစ်ယောက်ပါ။ နန်းရင်က သူ့ကို မောင်အငယ် တစ်ယောက်လို စောင့်ရှောက်ပါ။ နန်းရင်ဟာ ကိုမျိုးရဲ့ မိတ်ကောင်းမိတ်စစ် တစ်ယောက်ဆိုတာ တို့များ သိပါတယ်။ သူနဲ့တွေ့တဲ့အခါမှသာ တို့များ လာတဲ့အကြောင်း ပြောပြပါ"

နန်းရင် ခေါင်းညိတ်သည်။ ထို့နောက်မေးသည်။

"ဆရာလေး ကနေ့ပြန်မှာလား"

"အင်းပ။ အခုအတိုင်းဆိုရင်တော့ ကနေ့မွန်းတိမ်းမှာပဲ ပြန်တာကောင်းလိမ့်မယ်။ ကနေ့ည ဆင်ကန်မှာ အိပ်ပြီး မနက်ဖြန်မနက် အစောကြီး ခရီးဆက်နိုင်မယ်"

အနည်းငယ် အားလျော့သည့်လေဖြင့် ဆိုင်းတွတ်တွတ်ပြောသည်။

"ကနေ့တစ်ညတော့ ရွာမှာ အိပ်ပါဦးလား။ နန်းရင်တို့အိမ်မှာ အိပ်ပါလား"

ဒေါ်ခေမာသီရိ အနည်းငယ်တွေသွားသည်။ နောက်မှ ဆုံးဖြတ်ချက်ချမှတ်ဟန်ဖြင့်...

"မဖြစ်ပါဘူးကွယ်။ ကနေ့ပဲ ပြန်တာကောင်းပါတယ်။ ရွာမှာလည်း မနေချင်ပါဘူး။ ဘယ်သူနဲ့မှလည်း မတွေ့ချင်ပါဘူး။ အေး ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆိုပေမယ့် နန်းရင်တို့ အမေနဲ့တော့ တွေ့ချင်ပါတယ်။ တို့များအတွက် သူအများကြီး စိတ်ဆင်းရဲရတာကို တောင်းပန်ချင်ပါတယ်။ အိုကွယ် ဒါလည်း မတွေ့တာဘဲ ကောင်းပါတယ်။ တော်ကြာနေ ဆေးအတွက် လေးနေပါဦးမယ်"

"အစ်ကိုရွှေဝါလည်း ပြန်ရောက်နေပြီ"

နန်းရင်က အကဲစမ်းသည့်အနေဖြင့်ပြောသည်။ ရုတ်တရက်မူ ဒေါ်ခေမာသီရိမျက်နှာ ပျက်သွားသည်။ ပြီးမှ မျက်နှာပြင်သည်။ တည်ငြိမ်အေးဆေးသည့်အသွင်ကို ဆောင်သည်။

"ဘယ်တုန်းက ရောက်သလဲ"

"အခု မိုးဦးကပါပဲ"

"အခု သူ ရွာမှာလား။ ကိုမျိုးလိုပဲ အဝေးကြီးမှာလား"

"ရွာမှာပါပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"မိုးကောင်းကလူတွေနဲ့ အပေးအယူလုပ်ပြီး ရောက်လာတာလား"

အညှံ့ခံခြင်း ဟုတ်မဟုတ်စူးစမ်းခြင်းဖြစ်သည်။ နန်းရင်က အရင်းအမှန်ကို အတိုချုံး၍ ပြောသည်။

"အေး၊ အဲဒီမနင်းမြူဆိုတဲ့ မိန်းမကိုလည်း တို့များ ချီးကျူးပါတယ်ကွယ်။ သူဟာ မိန်းမကောင်း မိန်းမမြတ်တစ်ယောက်ပါပဲ။ သူတို့လင်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ"

ဒေါ်ခေမာသီရိ၏ အသံသည် ဆုပေးနေရင်း တိမ်ဝင်သွားသည်။ သူက ယင်းအချက်ကို ဖုံးကွယ်ရန် ချောင်းတစ်ချက် ဟန့်သည်။

"သူတို့နဲ့ကော တွေ့ဦးမလား"
"ဘယ်သူနဲ့လဲ"
"အစ်ကိုရွှေဝါနဲ့ အစ်မငယ်နင်းမြူ"
"မတွေ့တော့ပါဘူးကွယ်။ တို့များလာတယ်ဆိုတာ ပြောပါတော့။ အိုကွယ် ဘာမှမပြောတာဘဲ ကောင်းပါတယ်။ ကိုမျိုးတစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ ဘာမှမပြောပါနဲ့တော့"

ဒေါ်ခေမာသီရိသည် အားလုံးကုန်ကို စွန့်လွှတ်သည့်အနေဖြင့် အပြီးအပြတ်ပြောသည်။ ထို့နောက် နန်းရင်ကိုမျှ နှုတ်မဆက်တော့ဘဲ ထိုနေရာမှ လှည့်ထွက်သွားသည်။

နန်းရင် ငေးကျန်ရစ်သည်။ ခေါင်းထဲတွင် အချင့်အတွက် မပိုင်ရှိသည်။ မိခင်ဖြစ်သူ၊ အစ်ကိုဖြစ်သူ၊ ယောက်မဖြစ်သူတို့နှင့် မတွေ့ဆုံတော့ဟုဆိုခြင်းမှာ လောကီမှုတွင် ပြီးပြတ်သည်လား။ သို့မဟုတ် ရင်မဆိုင်ရဲသည်လား။

## အခန်း -၉၁-

လဗျာဂမ် ရောက်လာသည်မှာ နန်းရင်အဖို့ ချမ်းစိမ့်စိမ့်တုန်နေခိုက် နေခြည်တောက်တောက် ပွင့်လာခြင်းပင် ဖြစ်သည်။ သူရောက်လာလိမ့်မည်ဟု မည်သူမျှ မမျှော်လင့်။ သူ ရောက်လာသည်မှာ အံ့အားသင့်စရာ။ သူ ရောက်လာသည့်အတွက် ပြဿနာပေါင်းများစွာ ဖြစ်သည်။

လဗျာဂမ်သည် ကိုယ်ရေးကိုယ်တာ အကြောင်းတစ်ခုဖြင့် မြစ်ကြီးနားသို့ ရောက်လာသည်။ ထိုတွင် ရွှေဝါသတင်းကို သူ ကြားရသည်။ ထိုအခါ သူ၏ မူရင်းကိစ္စကို တစ်ပိုင်းတန်းလန်းဖြင့် ဘေးတွင်ဖယ်ထားပြီး ကြိုးကြာရွှာသစ်သို့ မိုးကောင်းမှတစ်ဆင့် အားချင်းအင်ချင်း ရောက်လာသည်။

သူက ရွှေဝါ့အပေါ်တွင် တွယ်တာမှု ကြီးလှသည်။ ရွှေဝါကလည်း သူ့ကို လှိုက်လှဲစွာ ခရီးဦးကြိုသည်။ ထိုအခါ လဗျာဂမ်သည် သူ ကြားရသောသတင်းကို မယုံတော့။ ရွှေဝါတစ်ယောက် စိတ်ဂယောက်ဂယက် ဖြစ်နေသည်ဟု မိုးကောင်းမှာ ပြောကြခြင်းမှာ မလိုတမာမှုသက်သက်ဟု သူ အပိုင်ယူသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါသည် လဗျဂမ်ကို ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်။ ရေးဟောင်းနှောင်းဖြစ်နှင့် သားရေးသမီးရေး ကိစ္စများကို လေးလေးနက်နက် ဖြောင့်ဖြောင့်တန်းတန်း ပြောသည်။ အထစ်အငေါ့ မရှိ။ အမှားအယွင်း အမေ့အလျော့ မရှိ။

"နင် အခု ကလေး ဘယ်နှစ်ယောက် ရှိပလဲ"

ရွှေဝါ မေးသည်။

"သုံးယောက်"

"နင် တစ်ခါ ငါ့ကို ပြောတုန်းကလည်း သုံးယောက်ပါပဲ။ အဲဒီနောက် မမွေးတော့ဘူးလား"

လဗျဂမ် မျက်မှောင်ကြုတ်ပြီး မေးသည်။

"ငါ ဘယ်တုန်းက ပြောသလဲ"

"ငါတို့ တိန်ရာကထောင်းမှာ တပ်စုကြတုန်းက။ အသားဖြူတွေကို တိုက်ဖို့ ပထမဆုံး ပြင်ဆင်ကြတုန်းက"

လဗျဂမ် သတိရသွားဟန်ဖြင့်...

"အေး ဟုတ်တယ်။ ဒါပေမဲ့ နင်သိတဲ့ သုံးယောက်တော့ မဟုတ်တော့ဘူး"

"နင်ပြောတာ ငါ နားမလည်ပါဘူး။ အဲဒီတုန်းက နင်ပြောတာကတော့ ပထမတစ်ခါမှာ တစ်ယောက်မွေးတယ်။ နောက်တစ်ခါမှာ နှစ်ယောက်မွေးတယ်။ သုံးနှစ်မှာ သုံးယောက်ရတယ်"

"အေး နင်မှတ်မိသားပဲ။ ငါ မေ့နေတယ်။ နင်ပြောတာ ဟုတ်တယ်။ အဲဒီတုန်းကလည်း သုံးယောက်ပဲ။ အခုလည်း သုံးယောက်ပဲ။ ပထမဆုံးမွေးတဲ့ ယောကျ်ားကလေး သေသွားတယ်။ နောက်မွေးတာက ယောကျ်ားကလေး နှစ်ယောက်။ နောက်ဆုံးမွေးတာက မိန်းကလေးတစ်ယောက်"

ရွှေဝါ၏ မှတ်ဉာဏ်၊ ရွှေဝါ၏ စကားအစီအစဉ် ကျနမှု၊ ရွှေဝါ၏ ရင်းနှီးစိတ်ရှည်မှုတို့အတွက် မနင်းမြူတို့ များစွာ အံ့သြနေရသည်။ လဗျဂမ်နှင့် တွေ့သဖြင့် သူ၏ရောဂါ လုံးဝ ကင်းစင်သွားချေသလားဟုပင် ထင်မိကြသည်။

"အေး နင့်ကလေးတွေ ကြီးပြီပ"

"အေး၊ ကြီးပြီပ။ ငါ့သားနှစ်ယောက် အခု မြစ်ကြီးနားမှာ ကျောင်းနေတယ်။ အခု ငါ သူတို့ဆီကိုလာရင်း နင့် သတင်းကြားလို့ လာခဲ့တာ"

"နေပါဦး၊ နင့် သားတွေက မြစ်ကြီးနား ဘယ်ကျောင်းမှာ နေသလဲ"

"အသားဖြူ ဘုန်းကြီးကျောင်းမှာ"

"ဟေ"

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါ အထိတ်တလန့် အော်သည်။ အားလုံး မျက်လုံးပြူးသွားကြသည်။ ရွှေဝါ့ထံမှ ထိုအသံမျိုး ကြားရလျှင် အခြေအနေ မလှတော့။ ယင်းကြောင့် မနင်းမြူသည် ရွှေဝါ့အနီးသို့ တိုးကပ်သည်။ သို့သော် ရွှေဝါက ဇနီးကို အမှုမထားဘဲ လဗျဂမ်၏ သားများကိစ္စကို အရေးတကြီးထား၍ မေးနေသည်။

"အေး နင့်သားတွေက ကုလားဖြူဘုန်းကြီးကျောင်းမှာ ဘယ်လိုလုပ်ပြီး ရောက်သွားတာလဲ"
"ဒီလိုပဲကော"
"ဘယ်တုန်းကလဲ"
"ကြာပြီကော။ နောက်နှစ်နှစ်ကြာရင် သူတို့ ကျောင်းကထွက်ပြီး စစ်ထဲဝင်မယ်"
"ဟေ့၊ ဘယ်လိုဖြစ်တာလဲ"

ရွှေဝါ မေးသည်။

"ဟိုမှာ နေလို့မကောင်းဘူး။ လဖိုင်လတို့က ငါ့ကို မကြိုက်ဘူး"
"နင်က ဘာလုပ်လို့လဲ"
"ငါက အင်္ဂလိပ်ဘာသာထဲ ဝင်သွားလို့ အေး"
"နင်က ဘာလို့ အင်္ဂလိပ်ဘာသာထဲ ဝင်ရတာလဲ"
"နင် မသိဘူး ရွှေဝါ။ အင်္ဂလိပ်ဘုရားက သိပ်သနားတတ်တယ်"
"ဘယ်သူ့ကို သနားတာလဲ။ အင်္ဂလိပ်တွေကိုလား။ နင့်ကိုလား"
"လူသားအားလုံးကို သနားတာပဲ။ အထူးသဖြင့်တော့ ငါတို့ကို သနားတာပဲ။ သူပြောတဲ့စကားကို နင့်ကို ငါ ပြောပြမယ်။ သူ့ရဲ့ သွေးချင်းသားချင်းထဲက အောက်အကျဆုံးလူကို ပြုစုတာဟာ သူ့ကို ပြုစုတာပဲတဲ့။ အဓိပ္ပာယ်ကတော့ ဒုက္ခရောက်နေတဲ့လူကို ကူညီတာဟာ သူ့ကို ကူညီတာပဲတဲ့"
"ငါတို့ ဘုရားကလည်း သတ္တဝါအားလုံးကို သနားတာပဲ လဗျဂမ်။ နင် နားလည်မလား မသိဘူး။ ငါ ဘုရားစာ ရွတ်ပြမယ်။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု တဲ့။ အဓိပ္ပာယ်က သတ္တဝါအားလုံး ချမ်းသာသုခ ရှိပါစေတဲ့"
"အေး၊ အဲဒါ ကောင်းတာပ"
"အေး၊ ဒါပေမဲ့ အင်္ဂလိပ်တွေက ငါတို့ကို မသတ်ဘူးလား"
"သူတို့က စစ်သားတွေပဲ"
"ဘာပဲဖြစ်ဖြစ်လေ။ ငါတို့ကကော သူတို့ကို မသတ်ဘူးလား"

လဗျဂမ် မဖြေတတ်။

"အေး၊ ဘုရားတွေက သနားရုံနဲ့ မပြီးဘူး။ ငါတို့လူတွေချင်း သနားကြမှလည်း ဖြစ်မယ်။ ဒါပေမဲ့ လဗျဂမ်၊ ငါ သနားတာကတော့ ငါ့မိန်းမပဲ"

ထို့နောက် သူ ခြောက်ကပ်စွာ ရယ်သည်။

"ဒါပေမဲ့ ငါ့မိန်းမကတော့ ငါ့ကို မသနားဘူး"
"မောင်ကြီး၊ မောင်ကြီး"

MMCYBERMEDIA
COMMUNITY FOR ALL

မနင်းမြူက စိုးရိမ်တကြီး ခေါ်သည်။ ရွှေဝါက အားရပါးရ ရယ်မောသည်။

"သူ မသနားလို့ ငါ့ဖို့ ကလေးတစ်ယောက် မွေးမပေးတာပ"

သူ ရယ်ပြန်သည်။

"အေး၊ ငါ့မှာ ကလေးရှိရင်လည်း အင်္ဂလိပ်ဘုန်းကြီးကျောင်းမှာ မထားဘူး အေး။ ခုနက နင်ပြောတယ်။ နင့်သားတွေ နောက်နှစ်နှစ်ကြာရင် ဘာလုပ်မယ် ဆိုလား"
"စစ်ထဲ ဝင်မယ်"
"ဘယ်စစ်ထဲ ဝင်မှာလဲ"
"ငါ့သားကို အင်္ဂလိပ်စစ်တပ်မှာ စစ်ဗိုလ်ဖြစ်အောင် လုပ်မယ်"
"ဘာလုပ်ဖို့လဲ"
"ဒါတော့ ငါမသိဘူး။ စစ်ဗိုလ်ဖြစ်ရင် ကောင်းတာပဲ"
"အေး၊ ဒါဖြင့် ကောင်းတယ်"

မဆီမဆိုင် သူ ရယ်သည်။ ထိုအခါ လဗျာဂမ် မျက်လုံးပြူးသည်။ သူ ပြောသည့်စကားတွေကို တကယ် မှတ်ယူရမည်လား။ ပါးစပ်ထဲ တွေ့ရာပြောသည်များဟု မှတ်ယူရမည်လား။ သူ မဝေခွဲတတ်တော့။

"ဝေး၊ လဗျာဂမ်။ နင် သိရင် ငါ့ကို ပြောစမ်းပါ။ ငါ့မိန်းမ ကလေးရအောင် ငါ ဘယ်လို လုပ်ရမလဲ"

လဗျာဂမ် ပါးစပ်ကြီး ပြဲနေသည်။ သူ့ချစ်ခင်လှသော မိတ်ဆွေသည် အကယ်ပင် စိတ်ဂယောက်ဂယက် ဖြစ်နေကြောင်း သိရသောအခါတွင် ကြီးစွာသော စိတ်မကောင်းခြင်း ဖြစ်သည်။ စောစောက အတိုက်အခံ ပြောမိခဲ့သည်များအတွက်ပင် နောင်တရမိသည်။ ရွှေဝါ၏ တည်ငြိမ်နေသောစိတ်သည် သူ့မွှေနှောက်မှုကြောင့် လှိုင်းပုတ်ခြင်း ဖြစ်လေသလောဟု ဒွိဟဖြစ်မိသည်။ သို့ဖြင့် သူ ပြန်တော့မည်ဟု ဆိုသည်။ ထိုအခါ ရွှေဝါက မပြန်ရဟု တားသည်။ သူ့အိမ်တွင် ထမင်းစားရမည်ဟု ဆိုသည်။ သူ့အိမ်တွင် အိပ်ရမည်ဟု ဆိုသည်။ သူ့မိန်းမချက်သည်ကို စားရမည်ဟု ဆိုသည်။ ထိုအခါ လဗျာဂမ် မပြန်သာတော့။ ညစာစားရသည်။ ည အိပ်ရသည်။

ညစာစားရင် ရွှေဝါက လဖိုင်လအကြောင်း၊ မခေါင်ညွှယ်အကြောင်း၊ မဂမ်အကြောင်း မေးသည်။ မခေါင်ညွှယ် ကလေးမွေးသည့်အကြောင်း အမူအရာနှင့် အားပါးတရ ပြောသည်။ ထမင်းစားပြီးသည့်အခါ သူနှင့်ရွှေနီ ဆင်ဖမ်းထွက်သည့်အကြောင်း ပြောဦးမည်ဟု ဆိုသည်။ သို့သော် ထမင်းစားပြီးသောအခါတွင် သူသည် လဗျာဂမ်ကို စကားမပြောတော့။ လဗျာဂမ်ရှိသည်ကိုလည်း အမှတ်ရဟန် မတူတော့။ မနင်းမြူကိုခေါ်၍ အိပ်ရာဝင်သွားတော့သည်။

ဤတွင်မှ နန်းရင်သည် မောင်မျိုးအကြောင်း လဗျာဂမ်ကို မေးခွင့်ရသည်။

MMCYBERMEDIA
COMMUNITY FOR ALL

လဗျာဂမ်သည် မောင်မျိုးအကြောင်း ဘာကိုမှ ရေရေရာရာ ပြောနိုင်ခြင်း မရှိချေ။ လွန်ခဲ့သည့် ငါးနှစ်ခန့်က မောင်မျိုးနှင့် ဘကြီးမုံး သူတို့ဒေသကို ဖြတ်၍သွားကြောင်း၊ ခမ္ဘတီးလုံဘက်သို့ သွားကြသည် ဆိုကြောင်းတို့ကိုသာ တစ်ဆင့်စကား ပြောနိုင်သည်။ သူကိုယ်တိုင် တွေ့သည် သိသည်ကို ပြောနိုင်ခြင်း မရှိ။ မောင်မျိုးတို့ကို သူ မတွေ့လိုက်။ ထိုစဉ်က မြစ်ကြီးနား ရောက်နေသည်။ သူ ရွာပြန်ရောက်သောအခါတွင် မောင်မျိုးတို့ မရှိတော့။ သည့်နောက်ပိုင်းတွင် မောင်မျိုးသတင်း သူ ဘာမှ မကြားတော့။ သူက လဖိုင်လနှင့်လည်း အဆက်အသွယ်ရှိတော့သည် မဟုတ်။

"မဂမ်တို့ ရွာနဲ့ မဝေးဘူး မဟုတ်လား"

နန်းရင် မေးသည်။

"တို့နဲ့လား"

လဗျာဂမ်၏ အမေးကို နန်းရင် ခေါင်းညိတ်သည်။

"မဝေးပါဘူးအေး"
"နန်းရင် လိုက်ခဲ့ချင်တယ်"
"ငါနဲ့လား"
"အေး"
"ဘယ်ကိုလဲ"
"မဂမ်တို့ဆီ"
"ဘာလုပ်လဲ"
"ငါ သူတို့ကို အပို့ခိုင်းမယ်"
"ဘယ်ကိုလဲ"
"ခမ္ဘတီးလုံကို"
"အေး၊ ခရီးကြမ်းတယ်အေး။ ခရီးဝေးတယ်အေး"
"ကျုပ် သွားနိုင်တယ်။ ကျုပ် သွားရဲတယ်"
"နင့် အမေက ပြောရင် ငါ ခေါ်သွားမယ်အေး။ ငါတော့ လဖိုင်လတို့ရွာကို မသွားဘူး။ ငါ့ သမီးကို အပို့ခိုင်းမယ်"
"အေး ကောင်းတယ်။ ဘယ်တော့ ပြန်မလဲ"
"မနက် ပြန်မယ်"
"တစ်ခါတည်း ပြန်မှာလား"
"မြစ်ကြီးနား ဝင်ပြီးမှ ပြန်မယ်"
"ဘာပဲဖြစ်ဖြစ် လိုက်မယ်အေး"

နန်းရင် ယတိပြတ် ပြောသည်။

"နင့် အမေကို ပြောဦးအေး"

MMCYBERMEDIA
COMMUNITY FOR ALL

"ပြောမှာပ"

"နင့် အစ်ကိုကိုကော မပြောတော့ဘူးလား"

"သူ့ကို ပြောလို့ ဘာဖြစ်မလဲ။ သူက အခု ဒါပြောပြီး တော်ကြာနေ ဟိုဟာ ပြောတာ။ သူ စိတ်ဝင်စားတာက သူ့မိန်းမပဲ"

"သူ အခုနက ပြောတော့ သူ အင်္ဂလိပ်တွေကို မုန်းတုန်းပဲ"

"သူ စိတ်ကူးတစ်မျိုးပေါက်တုန်း ပြောတာပါ"

"ဒါဖြင့် သူ တကယ် ရူးသလားအေး"

"အေးပ"

"သူ ဘယ်တော့ ပျောက်မလဲ"

"ငါ မသိကော"

"သူ ပျောက်ကော ပျောက်မလားအေး"

"ငါ မသိ"

## အခန်း -၉၂-

အမှန်တော့ နန်းရင်သည် မောင်မျိုးတို့နောက်သို့ ယမန်နှစ်ကတည်းက လိုက်သွားမည် တကဲကဲ ရှိသည်။ ဒေါ်စောရုံနှင့် မနှင်းမြှုတို့က တားမြစ်နှစ်သိမ့်ထား၍ ဖြစ်သည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလ မိုးကောင်းမြို့ကို အတွင်းမှ ဝင်ရောက်၍ လျှပ်တစ်ပြက် သိမ်းယူရန် သူတို့တစ်တွေ သိပ်သည်းကျစ်လစ်စွာ ပြုခဲ့သော စစ်ရေးအကြံအစည်သည် ဒိန်ခန်ဒီးသစ္စာဖောက်မှုကြောင့် ပျက်ပြားသွားရသည်။ မထုံးရီ အချိန်မီ လာရောက်သတင်းပေးသဖြင့်သာ သူတို့တစ်တွေ အတုံးအရုံး မဖြစ်ကြရခြင်း ဖြစ်သည်။

သူတို့သည် စိတ်အားကို မလျှော့ကြသေးဘဲ အကြံအစည် ပြုကြသေးသည်။ သို့သော် ရန်သူက လက်ဦးမှုရရှိသွားပြီ ဖြစ်သဖြင့် စစ်ရေး နိုင်ငံရေး ပရိယာယ်အသွယ်သွယ်ဖြင့် ချေမှုန်းလေတော့သည်။ အချို့ အဖမ်းခံရသည်။ အချို့ သိမ်းသွင်းခံရသည်။

ဘကြီးမုံးနှင့် မောင်မျိုးတို့ကိုလည်း ဦးစီးဦးရွက်ပြုသူများဟု သတင်းရရှိထားသဖြင့် အပြင်းအထန် လိုက်လံ ရှာဖွေကြသည်။ ထိုအခါတွင် သူတို့သည် မိုးကောင်းအနီးတစ်ဝိုက်တွင် လုံခြုံစွာ နေနိုင်ရန် မဖြစ်တော့သဖြင့် တိမ်းရှောင်ရန် စီစဉ်ကြရတော့သည်။

မိုးကောင်းပုလိပ်များသည် နန်းရင်ကိုပင် ဖမ်းသေးသည်။ နန်းရင်သည် လျှို့ဝှက်ကြံစည်မှုကြီး ပျက်ပြားသွားသောအခါ အခြားတစ်ပါးသို့မသွားဘဲ ရွာမှာပင် ကျွန်နေ့မပျက် ပြန်၍ နေသည်။ ယင်းကိုသိ၍ ရာဇဝတ်အုပ် ကြံကောင်းတို့က နန်းရင်ကိုဖမ်း၍ ဆင်ကန်တွင် ခေတ္တစခန်းချနေသော အင်္ဂလိပ်တပ်သို့ ခေါ်သွားသည်။ အင်္ဂလိပ်ဗိုလ်က နန်းရင်ကိုကြည့်ပြီး ဤမျှယဉ်ရွယ်သော မိန်းကလေးတစ်ယောက်ကို သူပုန်ဗိုလ်ကြီးအဖြစ် ဖမ်းဆီးရသည်မှာ ရှက်စရာကောင်းလှသည်ဟု ဆိုပြီး ပြန်လွှတ်လိုက်သည်။ အကယ်၍ ထိုစဉ်က ကြံကောင်းတို့လူစုသည် ကြိုးကြာရွာသစ်နှင့် မဝေးကွာလှသော ဆင်ကန်ရွာသို့

MMCYBERMEDIA
COMMUNITY FOR ALL

ခေါ်သွားရခြင်းမဟုတ်ဘဲ ညအိပ်ညနေခရီးဖြစ်သော မိုးကောင်းသို့ ခေါ်သွားသည်ဆိုလျှင်လည်း နန်းရင်၏ ကံကြမ္မာသည် တစ်မျိုးတစ်မည် ဖြစ်သည်။ လမ်းခရီးမှာပင် ရေတိမ်နစ်သွားနိုင်ပေသည်။ ယခုတော့ ဆင်ကန်နှင့် ကြိုးကြာရွာသစ်ကလည်း ခရီးတစ်ထောက် နှစ်ထောက်သာဖြစ်၍၊ နေ့ခင်းခရီးဖြစ်၍၊ အင်္ဂလိပ်ဗိုလ်သစ်ကလည်း အလယ်ခေတ် သူရဲကောင်းခေတ်ဆန်သော လူကြီးလူကောင်း စိတ်ဓာတ်မျိုးရှိ၍။

သည့်နောက်တွင်ကား နန်းရင် ရွာမှာပင် နေသည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့ကလည်း မလိမ့်တစ်ပတ်နှင့် အနီးအနား ကချင်ရွာတစ်ရွာတွင် နေထိုင်နိုင်ရန် ကြိုးစားကြသေးသည်။ သို့သော် မိုးလေဝသအခြေအနေ မကောင်းသဖြင့် အထက်မြောက်ဖျားသို့ ရှောင်ရှားရန် စီစဉ်ကြရခြင်း ဖြစ်သည်။

အမှန်တော့ သူတို့သည် ကချင်တောင်များပေါ်သို့ ခရီးလှည့်လည်လို၍ လည်းကောင်း၊ လဖိုင်လတို့နှင့် အနှိုင်းအညှိပြုလို၍ လည်းကောင်း၊ ခမ္ဘတီးလုံ အခြေအနေကို ထောက်လှမ်းလို၍ လည်းကောင်း၊ ခရီးရှည် ရက်ရှည် ထွက်ခွာကြရန် စီမံစိုင်းပြင်းကြခြင်း ဖြစ်ပါသည်။ မဖြစ်မနေ တွယ်ကပ်နေမည်ဆိုလျှင်တော့ ရွှေနီ၊ ရွှေဝါတို့ ဆင်ဖမ်းထွက်သော တောနက်ထဲတွင် လှည့်လည် ခိုအောင်း၍ နေနိုင်ကြပါသည်။ သို့သော် ယင်းသို့ တောနက်ထဲတွင် ပုန်းအောင်းနေခြင်းဖြင့် မည်သို့မျှ အကျိုးထူးများ ပွားလာစရာ အကြောင်းမရှိချေ။

သို့ဖြင့် တစ်နေ့တွင် ဘကြီးမုံး၊ မောင်မျိုး၊ နန်းရင်နှင့် အခြား တက်ကြွသူအချို့ တောင်ပေါ်စခန်းတစ်ခုတွင် စုဝေး တိုင်ပင်ကြသည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့က အထက်သို့ တက်ကြမည်။ ကျန်လူများက ကိုယ့်ရွာတွင် ကိုယ်နေ၍ နယ်သူနယ်သားများကို ခုခံတွန်းလှန်လိုစိတ်များ ဖြစ်ပေါ်လာအောင် မပြတ်လှုံ့ဆော်ပေးနေကြရမည်။

အထက်သို့ တက်သူများကလည်း နယ်စုံနိုင်သမျှ စုံအောင် လှည့်လည်ရမည်။ ဒူဝါများ၊ အကြီးဝါများ၊ တောင်အုပ်တောင်ပိုင်များ၊ စော်ဘွားမျိုးနှင့် ဆွေးနွေးညှိနှိုင်းရမည်။ နယ်လူထုကို သိမ်းသွင်းစည်းရုံးရမည်။ အခြေအနေကောင်း ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် တစ်ကြိမ်တည်း ညီညာစည်းလုံးစွာ ထကြွ တိုက်ခိုက်နိုင်ကြရမည် ဖြစ်သည်။

သို့သော် သူတို့သည် ဤအမှုကိစ္စကို နေ့ချင်းညချင်းဖြစ်အောင် လုပ်ချင်မှလည်း လုပ်နိုင်ပေလိမ့်မည်ဟု အတွေ့အကြုံ ရင့်ကျက်လှပြီဖြစ်သော ဘကြီးမုံးက ပြောသည်။ အကြောင်းထူး ကိစ္စထူးများ မရှိဘဲနှင့် ဝုန်းခနဲ တောမီးကြီးလို ထတောက်လာနိုင်မည် မဟုတ်။ စိတ်ရှည်လက်ရှည် ကြံဆောင် အားထုတ်ကြရမည်ဟု ဆိုသည်။

အချို့သော နေရာဒေသများတွင် တစ်နွေတစ်မိုးမျှ နေထိုင်ပြီး သူတို့စိတ်တွင် တွန်းလှန် တိုက်ခိုက်လိုစိတ်များ ရှိလာအောင် တတိတိ သွင်းပေးရမည်ဟု ဆိုသည်။ ထို့ပြင် ဘကြီးမုံး တွက်ချက်မှုတစ်ခု ရှိသည်။ ယင်းက အင်္ဂလိပ်များကို ယခု တစ်လနှစ်လအတွင်း တိုက်နိုင်လျှင်တိုက်၊ မတိုက်နိုင်လျှင် တစ်နှစ် နှစ်နှစ်ကြာမှ တိုက်ရမည်ဟု ဆိုသည်။ ယင်း၏ အဓိပ္ပာယ်မှာ ယခုအချိန်တွင် တိုက်လျှင် သွေးပူနေကြတုန်းဖြစ်၍ အထူး စည်းရုံးလှုံ့ဆော်စရာ မလိုချေ။

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ရန်သူက ပရိယာယ် ကြွယ်ဝလှသဖြင့် သူတို့သည် နေ့ချင်းညချင်း ပြန်တိုက်ရန် အကြံကို စွန့်လွှတ်ကြရသည်။ ရပ်တည်မှု အားပြန်လည် စုစည်းမှုကိုပင် စဉ်းစားကြရသည်။

နောင် တစ်နှစ် နှစ်နှစ်ကြာမှ တိုက်ကြရန်ဟူသော အကြံကား အခြားမဟုတ်။ ရန်သူကို အမေ့ခံ၍ တိုက်ခြင်း ဖြစ်သည်။ တစ်နှစ် နှစ်နှစ်မျှ သူတို့ ငုပ်လျှိုး၍ နေလိုက်လျှင် ရန်သူက အခြေအနေကောင်းသွားပြီ၊ စိုးရိမ်စရာမရှိတော့ဟု ယူဆလာမည်။ အေးလာမည်။ ပေါ့လျော့လာမည်။ ထိုအခါတွင်မှ ရန်သူ၏ အဝိုက်ကို အခွင်းကောင်းယူ၍ အချက်ကို ထိုးရန် ဖြစ်သည်။

သို့ဖြင့် ဘကြီးမုံးတို့ ခရီးစဉ်ကို သူတို့ အကြမ်းဖျင်း စဉ်းစားသည်။ လဖိုင်လတို့နယ်တွင် တစ်မိုးခိုသင့်သည်။ ခမ္ဘတီးလုံတွင် တစ်မိုးခိုသင့်သည်။ အရှေ့ဘက် တရုတ်နယ်စပ်တွင် လည်းကောင်း သို့မဟုတ် အနောက်ဘက် အိန္ဒိယနယ်စပ်တွင် လည်းကောင်း သင့်လျော်ရာ၌ တစ်မိုးခိုသင့်သည်။ အပြန်ခရီးတွင်မှ ခရီးကြုံသလို ဆမားနယ်နှင့် ဗန်းမော်နယ်ဘက်သို့ ဝင်ခဲ့ရမည်ဖြစ်သည်။ ယင်းကြောင့် ဘကြီးမုံးတို့သည် အနည်းဆုံး သုံးနှစ်မျှတော့ မြောက်စွန်းဒေသများတွင် လှည့်လည်နေရမည်ဟု သူတို့ သတ်မှတ်သည်။ ထို့နောက်ပိုင်းတွင်မှ သူတို့ မြေပြန့်သို့ ပြန်ဆင်းလာပြီး အခွင်းအလမ်းသာသည်နှင့် တစ်ပြိုင်နက် မတရားချဉ်းနင်း မင်းလုပ်နေသူကို ပြန်၍ တွန်းလှန်တိုက်ခိုက်ကြရန် ဖြစ်သည်။

သူတို့သည် ထိုနေ့ နံနက်ခင်းကတည်းက အတိုင်အပင်ပြုကြရာ ညဥ့်နက်ချိန်တွင်မှ အဆုံးအဖြတ်ကျသည်။ ထိုအခါ လူစုခွဲကြသည်။ ထိုအခါ မောင်မျိုးနှင့် နန်းရင် တစ်နေရာတွင် သီးသန့် ဆွေးနွေးကြပြန်သည်။

ထိုညကအဖြစ်ကို နန်းရင် မမေ့နိုင်။ ထိုညက သူတို့နှစ်ဦး မထင်မှတ်ဘဲနှင့် တစ်ဦးကိုတစ်ဦး ပွေ့ဖက်မိကြသည်။ မျက်ရည်ပူများ ကျကြသည်။ အတောမသတ်သော စကားများကို ပြောကြသည်။ ကြည်နူးရသည့် အခိုက်လည်း ရှိသည်။ ကြေကွဲရသည့် အကြိမ်လည်း ကြုံရသည်။ အရုဏ်ကျင်းသောအခါ သူတို့ လူချင်း ခွဲကြသည်။

ထိုနေ့မှစ၍ သူတို့နှစ်ဦး ကွဲကွာခဲ့သည်မှာ ယခုဆိုလျှင် ငါးနှစ်နှင့် ဆယ်လမျှ ရှိခဲ့ပြီတည်း။ တစ်နည်းပြောရလျှင် ခြောက်နှစ်နီးပါးမျှ ဖြစ်ပေသည်။

နန်းရင်သည် အချိန်ရှိသမျှ မောင်မျိုးကို သတိရသည်။ တမ်းတသည်။ ပြန်လာမည့်ရက်ကို စောင့်မျှော်သည်။ သုံးနှစ်ဆို၍ သုံးနှစ်ပြည့်အောင် အပန်းတကြီး စောင့်ခဲ့ရသည်။ သို့သော် သုံးနှစ်သာ ပြည့်ခဲ့သည်။ မောင်မျိုးတို့ ရောက်မလာ။ သို့ဖြင့် ဆက်၍ စောင့်ရပြန်သည်။ လေးနှစ်ရှိသွားသည်။ မရောက်လာ။ အဆက်အသွယ်လည်း မရ။ ထိုအခါ သူတို့နောက်သို့ နန်းရင် လိုက်သွားရန် ကြံသည်။ ဒေါ်စောရုံနှင့် မနင်းမြူတို့က ချော့မော့တားဆီးကြသည်။ သည်နှစ် မရောက်လျှင် နောက်နှစ်တော့ သေချာပေါက် ရောက်ပါလိမ့်မည်ဟု နှစ်သိမ့်ကြသည်။ သို့သော် ငါးနှစ်ပြည့်၍ နွေကာလသာ ကုန်သွားသည်။ သူတို့ မရောက်လာ။

ထိုအခါ နန်းရင် အမျိုးမျိုး စိတ်လှုပ်ရှားရသည်။ အမျိုးမျိုး ပူပန်ရသည်။ အမျိုးမျိုး ကြောင့်ကြစိုးရိမ်ရသည်။ ထို့ကြောင့် သည်နှစ် မိုးကုန်လျှင်တော့ဖြင့် လိုက်ဖြစ်အောင် လိုက်သွားမည်ဟု

MMCYBERMEDIA
COMMUNITY FOR ALL

အားခဲထားသည်။ ယခု တစ်ကြိမ်တွင်တော့ မိခင်နှင့် ယောက်မကလည်း တားမြစ်ရန် ခိုင်လုံသော အကြောင်းပြချက် မရှိတော့။ "နောင်နှစ် ဆက်ဆက်လာမှာပေါ့" ဟူသည်ကိုလည်း မည်သူမျှ အာမ မခံနိုင်။ မိခင်နှင့် ယောက်မအတွက် စိတ်မချစရာ ငဲ့ညှာစရာလည်း သည်မျှမလိုတော့။

ယခုအခါ မိခင်သည် တရားနှင့်သာ မွေ့လျော်နေတော့သည်။ အိမ်မှာပင် အနေနည်းသည်။ ကျောင်းမှာ တရားအားထုတ်သည်။ ညအချိန်လောက်သာ အိမ်ပြန်သည်။ ထိုအခါတွင်လည်း အိမ်သားများနှင့် ရောရောထွေးထွေး မလုပ်တော့။ တစ်ယောက်တည်း ပုတီးစိပ်နေသည်။ သူမအနီးသို့ လူလာသည်ကိုပင် မကြိုက်။ သို့ဖြင့် နန်းရင် ရှောင်သာသည်။

ယောက်မအတွက်လည်း အတော်ကြီး စိတ်အေးသွားရပြီ ဖြစ်သည်။ ဟိုစဉ်ကလို မျက်ရည်စက်လက် မဟုတ်။ ငေးငေးငိုင်ငိုင် မဟုတ်။ အထီးတည်း မဟုတ်တော့။ သူမ၏ မောင်ကြီး ပြန်လည် ရောက်ရှိလာပြီ ဖြစ်သည်။

ရွှေဝါ၏ အခြေအနေသည် လုံးဝပျောက်ကင်းပြီဟု မဆိုသာငြား တစ်စထက်တစ်စ ပိုမိုကောင်းမွန်လာနေရခြင်းကား အမှန်ပင် ဖြစ်သည်။ ပြီးခဲ့သည့် လထဲကနှင့် ယခုနှင့် မတူတော့ပြီ ဖြစ်သည်။ ဒေါ်ခေမာသီရိ သို့မဟုတ် မထုံးရီ လာစဉ်ကဆိုလျှင် ရွှေဝါသည် ဘယ်ကိုမှ မသွား။ ဘာမှလဲ မလုပ်။ အိမ်မှာသာ မိန်းမနှင့်အတူ နေသည်။ သည့်နောက်ပိုင်း အချိုး တစ်မျိုး ပြောင်းလာသည်။ ယင်းကား သူ့မိန်းမကို ပို၍ ချစ်လာခြင်းပင် ဖြစ်ပေလိမ့်မည်။ သူ့မိန်းမကို ကူညီလုပ်ကိုင်ပေးခြင်းမှ စသည်။ ထမင်းဟင်း ချက်ပြုတ်ရာတွင် ဦးစွာ ကူညီသည်။ ဟိုဟာကလေး လှီးဖြတ်ခြင်း၊ သည်ဟာကလေး ဆိတ်ဖွဲ့ခြင်း။ ထို့နောက် ထင်းခွေရာသို့ လိုက်သည်။ ရေခပ်ရာသို့ လိုက်သည်။ ဟင်းရွက်ချူးရာသို့ လိုက်သည်။ နောက်ဆုံး စပါးရိတ်သိမ်းရာသို့ လိုက်သည်။

သို့ဖြင့် ရွှေဝါသည် ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သူ့မိန်းမကို ချစ်ခင်သည်ကား အမှန်။ သူ့မိန်းမကို ကူညီလုပ်ကိုင်သည်လည်း အမှန်ပင်။ ဤအတိုင်းဆိုလျှင် များမကြာမီတွင် သူသည် လူကောင်းပကတိ ဖြစ်လာရမည်ဟု မျှော်လင့်ရပေသည်။

သည်တော့ နန်းရင်သည် ယောက်မအတွက် နောက်ဆံတင်းစရာ မလိုတော့။ မိမိပြဿနာကိုသာ အာရုံစိုက်ရန် လိုတော့သည်။ ဒေါ်စောရုံနှင့် မနင်းမြူတို့သည် ခရီးကြမ်းခြင်း၊ ဒေသကြမ်းတမ်းခြင်းတို့ကြောင့် စိတ်ချလှခြင်း မရှိလှသော်လည်း တားမြစ်ပိတ်ပင်ခြင်း မပြုကြတော့။ နန်းရင်နှင့် အဖော်အဖြစ် ကိုဦးကို ထည့်သည်။ ကိုဦးကလည်း ဝမ်းသာအားရ လိုက်ပါသည်။ လဗျာဂမ်ကို အသေအချာ မှာသည်။ လဗျာဂမ်က လဖိုင်လတို့ရှိရာ ခခုသို့ ဘေးမသီ ရန်မခစေဘဲ အရောက်ပို့ပေးမည်ဟု ကတိပြုသည်။ ခခုရောက်လျှင်ကား စိုးရိမ်ဖွယ်ရာ မရှိတော့။ လဖိုင်လနှင့် မဂမ်တို့က နန်းရင်တို့ကို ခမ္ပတီးလုံပြန့်သို့ ရောက်သည်အထိ လိုက်လံပို့ဆောင်ကြမည်မှာ မလွဲမသွေပင်။

ဤနည်းဖြင့် နန်းရင်နှင့် ကိုဦးတို့သည် နောက်တစ်နေ့နံနက်စောစောတွင် လဗျာဂမ်နှင့်အတူ ရွာမှ ထွက်သွားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့သည် မိုးကောင်းမှတစ်ဆင့် မြစ်ကြီးနားသို့ မီးရထားဖြင့် သွားကြသည်။ မြစ်ကြီးနားတွင် လဗျာဂမ်၏ ကိစ္စမပြီး ကျန်ရှိနေသောကြောင့် ဖြစ်သည်။ သူ့သားနှစ်ယောက်၏ ကိစ္စပင် ဖြစ်သည်။ နန်းရင်လည်း၊ ကိုဦးလည်း လဗျာဂမ်နှင့်အတူ ဧရာဝတီမြစ်ကမ်းနဖူးတွင်ရှိသော အင်္ဂလိပ် ဘုန်းကြီးကျောင်းသို့ ရောက်ရှိသွားကြသည်။ သန့်ရှင်းစင်ကြယ်မှုနှင့် စည်းစနစ်ကျနမှုတို့ကို မြင်တွေ့ရသောအခါ အံ့သြကြရသည်။ ထိုကျောင်းတွင် လဗျာဂမ်၏ သားနှစ်ယောက်အပြင် အခြားသော အရွယ်အမျိုးမျိုးသော၊ အနွယ်အမျိုးမျိုးသော ကချင်ကလေးများ အင်္ဂလိပ်ဘုရားရှိခိုးနေကြသောအခါ သူတို့ ပို၍ အံ့သြကြရသည်။ သူတို့၏ရင်တွင် ထိခိုက်နာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားကြရသည်။ သို့သော် နှုတ်မှမူ မည်သို့မျှ ထုတ်ဖော်ပြောဆိုခြင်း မပြုကြ။

မြစ်ကြီးနားတွင် တစ်ရက်မျှ နေပြီးနောက် သူတို့ ဧရာဝတီမြစ်ရိုးအတိုင်း တောင်ပေါ်ခရီး စကြသည်။ မိုးကောင်းမြစ်ကိုသာ မြင်ဖူးသော နန်းရင်သည် ဧရာဝတီကို မြင်ရသောအခါ တစ်မျိုး စိတ်ကြည်နူးသည်။ ဧရာဝတီသည် မိုးကောင်းမြစ်ထက် ပိုမို၍ အပြန့်ကျယ်ခြင်းလည်း ရှိသည်။ အေးမြကြည်လင်ခြင်းလည်း ရှိသည်။ မြစ်အောက်ပြင်တွင် ကျောက်တုံး ကျောက်ခဲများလည်း ပေါများလှသည်။ မြစ်ကြီးနားမြို့အလွန်တွင် မြစ်ထဲတွင် ပြန့်ကျဲနေသော ကျောက်တုံး ကျောက်ဆောင်ကြီးများကို မြင်ရသည်။ ထိုကျောက်ဆောင်ကြီးများပေါ်တွင် တစ်ခုမှတစ်ခုသို့ ခုန်လွှားကျော်ကူးရသည်မှာ တစ်မျိုး ကြည်နူးစရာ ဖြစ်သည်။ မြစ်၏တစ်ဖက် စိမ်းပြာသော တောင်စွယ်ကြီးတစ်ခုသည် ရေပြင်ကျယ်ထဲသို့ တိုးဝင် ငုပ်လျှိုးလျက် ရှိသည်။

နန်းရင်သည် ကြိုးကြာရွာသစ်နှင့် မိုးကောင်းအကြား လူးလာခေါက်တင် ကူးသန်းရခြင်းအပြင်၊ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကျော်က ဗန်းမောက်သို့ အပြင်၊ အခြား ခရီးရှည်သွားဖူးခဲ့ခြင်း မရှိပေ။ ထို့ပြင် မိုးကောင်းဝန်းကျင်တွင်ရှိသော ကချင်တောင်များ၊ ကချင်ရွာများသို့ ခေတ္တခဏမျှ ရောက်ဖူးခဲ့ခြင်း ရှိသော်လည်း၊ ကချင်စကားကို အတန်အသင့် ပြောတတ်သော်လည်း ယခုအကြိမ်မှာကဲ့သို့ ကချင်တောင်များပေါ်သို့ နက်ရှိုင်းစွာ ပေါက်ရောက်ဖူးခြင်းလည်း မရှိပါချေ။ ကချင်အမျိုးအနွယ် မြောက်မြားစွာရှိကြောင်း ကြားဖူးသော်လည်း တစ်ခါမျှ ကိုယ်တွေ့ကြုံဖူးခြင်း မရှိချေ။

ယခုမူ အဝတ်အဆင် အမျိုးမျိုးကို မြင်ရသည်။ စကားအမျိုးမျိုးကို ကြားရသည်။ ဓလေ့အမျိုးမျိုးကို တွေ့ရသည်။ သူမသည် ငယ်စဉ်ကတည်းက တောများ၊ တောင်များ၊ ချောင်းငယ်များအကြားတွင် ကြီးပြင်းခဲ့ရခြင်း ဖြစ်သော်လည်း သူမ မြင်တွေ့နေကျ တောတောင်ချောင်းမြောင်းများနှင့် မတူသည်တို့ များစွာရှိကြောင်း မျက်မြင်ဖြစ်ရသည်။ ထူးဆန်းသောအပင်နှင့် ထူးဆန်းသော သတ္တဝါတို့ကလည်း အနမတဂ္ဂ။

ဆယ်ရက်မြောက်သော ညနေပိုင်းတွင် သူတို့ ဂင်ရှော်ဂါးသို့ ရောက်ရှိသွားကြသည်။ အချိန်လင့်ပြီဖြစ်၍တစ်ကြောင်း၊ လဗျာဂမ်က ရွာတွင် တစ်ညအိပ်ရန် အတင်းအကျပ်ပြောဆိုသဖြင့် တစ်ကြောင်း သူတို့ စခန်းထောက်ကြရသည်။ နောက်တစ်နေ့ မနက်တွင်မှ ခခုခရောက်သို့ ကူးကြရမည် ဖြစ်သည်။

ဤတွင် ရွှေနီနှင့် ရွှေဝါတို့ လှလွန်းလှသည်ဟု အမွမ်းတင်ပြောဆိုကြသော မပရီကို နန်းရင် တွေ့မြင်ရသည်။ သူမ၏ အစ်ကိုများ ပြောမည်ဆိုလျှင်လည်း ပြောလောက်သည်။ မပရီသည် အပျိုဘဝက

MMCYBERMEDIA
COMMUNITY FOR ALL

ဘယ်မျှ လှခဲ့သည် မသိ။ ယခု အသက်လေးဆယ်အနီး ချဉ်းလာချိန်မှာပင် အမျိုးသမီးချင်း အံ့သြငေးမောရသည့် အလှမျိုး ဖြစ်သည်။ သူမ၏အလှသည် ချေမှုန်းနိုင်သော သတ္တိရှိသည်။ အရည်ရွှမ်းသော မျက်လုံး၊ အလျားရှိသော ပါးစပ်၊ အမြင့်ရှိသော နှာတံတို့သည် အစွမ်းကောင်းသော ယောကျ်ားတစ်ယောက်ကို ခြောက်လှန့်နိုင်စွမ်း ရှိသည်။ သူမ၏ ကိုယ်အထက်ပိုင်း ရှေ့မျက်နှာနှင့် ကိုယ်အောက်ပိုင်း၊ နောက်ကျောဘက်တို့သည် ယခုအခါ ပျော့လျော့စပြုပြီ ဖြစ်သော်လည်း ငယ်စဉ်က အဘယ်မျှ ဖွံ့ဖြိုးစွင့်ကားခြင်း ရှိမည်ကို သူမ၏ သမီးကိုကြည့်၍ ချင့်တွက်နိုင်သည်။

မပရီ၏သမီးသည် မပရီထက်ပင် လှသည်ဟု ဆိုသာသည်။ အထူးသဖြင့် သူမ၏အလှသည် တပ်မက်ဖွယ်ရာ သက်သက်မဟုတ်။ ကြည်လင်အေးမြခြင်းနှင့် ပေါင်းဖက်လျက် ရှိသည်။

သို့ဖြင့် နန်းရင်သည် ခရန်ကော့ကို မြင်လျှင်မြင်ချင်း မြတ်နိုးတွယ်တာခြင်း ရှိရသည်။ ခရန်ကော့သည် လှပရုံမျှဆိုလျှင် ဤမျှမဟုတ်။ ယခုတော့ သူမ၏ သတ္တိနှင့် ထက်မြက်မှုကိုလည်း အံ့သြရသည်။ လဗျဂမ်သည် နန်းရင်တို့ကို ခခုခရောက်သို့ လိုက်ပို့ရန် အခက်အခဲဖြစ်နေသည်။ သူကိုယ်တိုင်လည်း မပို့ချင်၊ သူ့သမီးကိုလည်း မလွှတ်ချင်။ သူခိုင်းရမည့် လူယုံ တစ်ယောက်နှစ်ယောက်ကလည်း ခရီးလွန်နေသည်။ ဤတွင် မည်သူ့ကို တာဝန်ပေးရမည်နည်းဟု စဉ်းစားရသည်။ နန်းရင်တို့ကို ရွာနှစ်ရွာ နယ်စပ်အထိ လိုက်ပို့ပြီး ခရီးလမ်းညွှန်ပေးလိုက်မည်လားဟု ကြံဆသည်။

ထိုအခါ ခရန်ကော့က ဖခင်၏ အကြံအဆအားလုံးကို ဆန့်ကျင်သည်။ နန်းရင်တို့ကို မခေါင်ညွှယ်အိမ်သို့ ရောက်သည်အထိ သူမကိုယ်တိုင် လိုက်ပို့မည်ဟု ဆိုသည်။ သမီးနှင့် အဖေ အချီအချ ပြောကြသည်။ လဗိုင်လနှင့် လဗျဂမ်တို့ ဤမျှ ခါးခါးသီးသီး ဖြစ်နေကြရသည့်အတွက် နန်းရင်တို့ မစဉ်းစားတတ်။ တစ်ရွာနှင့်တစ်ရွာ အကူးအလူးမှ မရှိတော့ပြီလားဟု ဦးနှောက်ရှုပ်ရသည်။ လူချင်းတွေ့၍မှ မခေါ်မပြောကြတော့ပြီလားဟု ပုစ္ဆာဖြစ်ရသည်။ ဖခင်ဖြစ်သူက ခရန်ကော့ကို ခခုခရောက်သို့ အဘယ်ကြောင့် မသွားစေလိုကြောင်း၊ သမီးဖြစ်သူက ဖခင်နှင့် ကပြောင်းကပြန်ပြု၍ ခခုခရောက်သို့ ဤမျှသွားချင်နေရကြောင်း နန်းရင်တို့မှာ ပဟေဠိ ဖြစ်ရသည်။

လဗျဂမ်နှင့် ခရမ်ကော့တို့ ပြောသော စကားများတွင် နန်းရင်တို့ နားမလည်နိုင်သော အကြောင်းအချက်များ ပါသည်ထက် ပါလာသည်။ အချို့မှာ အင်္ဂလိပ်နှင့် ပတ်သက်သော နိုင်ငံရေးပြဿနာများ ဖြစ်ပြီး အချို့မှာ ခရန်ကော့နှင့် တိုက်ရိုက်ပတ်သက်သော လူမှုရေးအချက်များ။

နန်းရင်နှင့်ကိုဦးတို့ မည်သို့မျှ ကြားမဝင်တတ်ဘဲ ရှိနေသည်။ နန်းရင်က သူတို့ဘာသာ သွားအံ့ဟု ပြောမည် စိတ်ကူးသည်။ သို့သော် ယင်းသို့ ပြောရမည်ကို အားနာ၍ မပြောဘဲ နေသည်။ နောက်ဆုံးတွင် မပရီက အဆုံးအဖြတ်ပေးသည်။

ခရန်ကော့ လိုက်ပို့စေ။ သို့သော် ချက်ချင်း ပြန်လာခဲ့။

ဤသို့ဖြင့် ခရန်ကော့၊ နန်းရင်နှင့် ကိုဦးတို့သည် နောက်တစ်နေ့ နေ့ခင်းဘက်တွင် ခခုခရောက်သို့ ရောက်ရှိသွားကြသည်။ လမ်းခရီးတွင် နန်းရင်က မေးစမ်းခြင်းများ ပြုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုတွင် ခရန်ကော့နှင့် ဘောင်ယိန်းအကြောင်း သိရသည်။ လဗျဂမ်တို့က ဘောင်ယိန်းကို သဘောမကျချေ။ ယင်းကြောင့် စေ့စပ်ကြောင်းလမ်းခြင်း ပြုလာသောအခါတွင် ကြီးမြင့်သော မင်္ဂလာကြေးကို တောင်းခံသည်။ အကြောင်းမှာ နိုင်ငံရေးတွင် အခြေခံသည်။ လဗျဂမ်တို့ မကြာမတင်မီတွင် မြစ်ကြီးနားသို့ ပြောင်းကြမည်မှာလည်း နိုင်ငံရေးပြဿနာ၊ လူမှုရေးပြဿနာပင် ဖြစ်သည်။ ခရန်ကော့သည် ဤရက်ပိုင်းအတွင်းတွင် အရေးကြီးသော ဆုံးဖြတ်မှုတစ်ခုကို ယတိပြတ် ပြုရမည်။

ထို့နောက် နန်းရှင်က မောင်မျိုးအကြောင်း မေးသည်။ မောင်မျိုးကို ခရန်ကော့ တွေ့မြင်ဖူးလိုက်ခြင်း မရှိချေ။ တစ်ဆင့်ကြားများသာ ရှိသည်။ သူမထံမှ ကြားရသော သတင်းများသည် ခိုင်လုံရေရာခြင်း မရှိပေ။ မခေါင်ညွှယ်နှင့် မဂမ်တိုပအကြောင်းကိုကား ခရန်ကော့ ကောင်းစွာ ပြောနိုင်သည်။

ခရန်ကော့သည် မခေါင်ညွှယ်ကို များစွာမှ လေးစားခြင်း ရှိသည်။ ကချင်အမျိုးသမီးများထဲတွင် မခေါင်ညွှယ်လို သတ္တိကောင်းသော၊ စိတ်ထားကောင်းသော၊ တည်ကြည်ဖြောင့်မတ်သော၊ သနားကြင်နာတတ်သော လူမျိုးတစ်ယောက်မျှ မရှိဟု ဆိုသည်။ ခရန်ကော့ပြောသည်မှာ ပိုလွန်းချင် ပိုလွန်းမည် ဖြစ်သော်လည်း နန်းရှင်တို့ ကိုဦးတို့ အလွယ်တကူ လက်ခံသည်။ ထပ်မံသိရသည်မှာ မခေါင်ညွှယ်သည် ယခုအထိ အိမ်ထောင်မပြု။ တစ်ခုတော့ ရှိသည်။ လဖိုင်လနှင့် အထူးတလည် ရင်းနှီးခင်မင်ခြင်း ရှိသည်။

မဂမ်တစ်ယောက်မှာမူ အိမ်ထောင်ကျ၍ ကလေးပင် ရနေပြီ ဖြစ်သည်။ မဂမ်၏ အိမ်သူမှာ တနိုင်လုပင် ဖြစ်သည်။ သူတို့ ရရှိသောကလေးမှာ ယောကျ်ားကလေးဖြစ်ပြီး အဘွားဖြစ်သူ မခေါင်ညွှယ်က မျက်စိအောက်က အပျောက်မခံ၊ ချစ်လှသည်ဟု ဆိုသည်။

ခရန်ကော့သည် သူမ၏ မိခင်ကို ကတိပြုခဲ့သည့်အတိုင်း မခေါင်ညွှယ်က ခေတ္တမျှအပန်းဖြေရန် ပြောသည်ကိုပင် လက်မခံဘဲ နန်းရှင်တို့ကို မခေါင်ညွှယ်လက်သို့ အပ်ပြီးလျှင် အပ်ပြီးချင်း ပြန်သွားလေတော့သည်။

နန်းရှင်သည် ခရန်ကော့ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။

## အခန်း -၉၃-

လဖိုင်လ၊ မခေါင်ညွှယ်နှင့် မဂမ်တို့ ဇနီးမောင်နှံက နန်းရှင်တို့ကို လှိုက်လှဲစွာ ကြိုဆိုကြသည်။ လိုလေသေးမရှိ ဧည့်ဝတ်ပြုကြသည်။ ထိုအခါ နန်းရှင်တို့ များစွာ အားတက်ရသည်။

နန်းရှင်က ရွှေဝါအကြောင်း၊ မထုံးရီအကြောင်း၊ မိုးကောင်းနယ်အကြောင်းတို့ကို ပြောပြသည်။ လဖိုင်လတို့ကလည်း သူတို့အကြောင်း၊ လဗျဂမ်တို့အကြောင်း၊ ခရစ်ယာန်သာသနာပြုများအကြောင်း၊ နယ်မြေအကြောင်းတို့ကို အကျဉ်းမျှ ပြောပြကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ပြီးမှ မောင်မျိုးတို့အကြောင်း၊ ခမ္ဘတီးလုံခရီးအကြောင်း အကျယ်ပြောကြသည်။

သူတို့ကလည်း မောင်မျိုးတို့အကြောင်း ဘာမှမသိ။ သူတို့ ရွာမှထွက်သွားကတည်းက အဆက်ပြတ်သွားခြင်း ဖြစ်သည်။ ဘာသတင်းမှမရ ဖြစ်သည်။ သုံးမိုးလောက်ကြာမည်ဆို၍ သူတို့လည်း ယမန်တစ်နှစ်ကတည်းက စောင့်မျှော်နေခဲ့ကြခြင်း ဖြစ်သည်။

လဖိုင်လ၏အထင်မှာ သူတို့ တိဗက်သို့ လည်းကောင်း၊ အာသံသို့လည်းကောင်း ရောက်နေတန်ရာ၏။ ဘကြီးမုံးသည် ထိုနယ်များသို့ ရောက်ပေါက်ဖူးသူ ဖြစ်သည်။ မောင်မျိုးကလည်း ရောက်ဖူးချင်သည်ဟု ပြောသည်။ မည်သို့ဆိုစေ သူတို့သည် ယခုလောက်ဆိုလျှင် ပြန်လာသင့်ပြီ ဖြစ်သည်။ နန်းရင်တို့ မလာသည့်တိုင် သူတို့လူစု လိုက်သွားကြရန် စိတ်ကူးရှိပြီးဟု ဆိုသည်။ ယခု နန်းရင်တို့ ရောက်လာသည်မှာ အတော်ပဲဟု ဆိုသည်။

ထို့နောက် သူတို့သည် ခမ္ဘတီးလုံခရီးအတွက် အသေးစိတ် ပြင်ဆင်ကြသည်။ သူတို့မရှိစဉ် ရွာနှင့် နယ်မြေတစ်ခုလုံး၏ လုံခြုံမှုကို စီစဉ်ရသည်။ လမ်းတွင် လိုအပ်သည်များကို ပြင်ဆင်စုဆောင်းရသည်။ လဖိုင်လသည် ယင်းပြင်ဆင်မှုများ အားလုံးကို နှစ်ရက်နှင့်အပြီး စီစဉ်သည်။

သုံးရက်မြောက်နေ့တွင် ခရီးထွက်ကြသည်။ ရွာတွင် မဂမ် ကျန်ရစ်သည်။ လဖိုင်လ၊ ဘောင်ယိန်း၊ နန်းရင်နှင့် ကိုဦး။ ပေါင်းလေးယောက်ပဲ ဖြစ်သည်။

နန်းရင်နှင့်ကိုဦးအဖို့ ပို၍ စိတ်ဝင်စားစရာများ တွေ့ရသည်။ အချို့နေရာတွင် လမ်းကြမ်းသည်။ ချောက်ကမ်းပါးတစ်ခုကို နေ့ဝက်လုံးလုံးမျှ ခက်ခက်ခဲခဲ တက်ကြရသည်။ ရံခါတွင် ရာသီဥတု ဆိုးရွားလှသည်။ နှင်းများပိတ်နေသဖြင့် မနက်ဘက်တွင်လည်း မသွားနိုင်။ ညနေဘက်တွင်လည်း မသွားနိုင်။ နေ့လယ်ခင်းကလေးတွင်သာ သွားနိုင်သည်။ နှင်းအနက်များ ကျသည်သို့ ခြင်ထူပြောရာကိုလည်း တွေ့ရသည်။ ကျွတ်၊ မျှော့နှင့် တောင်ဖြုတ်တို့၏ တိုက်ခိုက်ခြင်းကိုလည်း ခံရသည်။ နှစ်ရက်သုံးရက်မျှ ရွာမတွေ့ဘဲလည်း ရှိသည်။ အမျိုးမျိုးသော သားရဲတိရစ္ဆာန်များနှင့်လည်း ကြုံကြရသည်။ တစ်ကြိမ်တွင် ဆင်ရိုင်းအုပ်ကြီး၏ နင်းခြေခြင်းကို ခံရမည်ကဲ့သို့ ရှိသည်။ တဟ်ခါတွင်မူ ကြံ့ကြီးတစ်ကောင်ကို သူတို့ ဝိုင်းဝန်းပစ်ခတ်ရသည်။ ဝါးနှစ်ပြန်မျှ ရှည်လျားသော မြွေကြီးတစ်ကောင်ကိုလည်း တောင်ခါးပန်းတစ်ခုတွင် မြင်လိုက်ရသည်။

အင်မတန်လှ၍ အင်မတန်မွှေးပျံ့သော သစ်ခွပန်းများတွင်လည်း ယစ်မူးရသည်။ အဆန်းတကြယ်သော ကျောက်ပန်းကျောက်ခက်များတွင်လည်း ရင်သပ်ရှုမောရသည်။

နောက်ဆုံးတွင် သူတို့သည် မြင့်ဝေသီခေါင်သော တောင်ကြီးများကို လွန်၍၊ တောကြီးမျက်မည်းများကို လွန်၍ အပြန့်အပြူးညီသော လွင်ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားသည်။ ယင်းကား ခမ္ဘတီးလုံပြန့်ပေတည်း။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသို့ဖြင့် သူတို့သည် ခရခရောက်မှ ထွက်ခွာခဲ့ပြီး နှစ်ဆယ့်ငါးရက်မြောက်သောနေ့တွင် ကုပ်ခွန်စော်ဘွားကြီး၏ ဌာနီဖြစ်သော ပူတောင်းသို့ ရောက်ရှိသွားကြသည်။

ပူတောင်းသည် စော်ဘွားအခြေစိုက်ရာ ဖြစ်သော်လည်း ကြီးမားလှသည်ကား မဟုတ်ချေ။ ကြိုးကြာရွာဟောင်းနှင့် အညီအမျှလောက်သာ ဖြစ်သည်။ ရွာကြီးနှင့် မလှမ်းမကမ်းတွင် လှပသော ကုန်းမြင့်ပြင်တစ်ခု ရှိသည်။ ယင်းကုန်းမြင့်ပြင်ကို ခရုပတ်ကွေ့ကောက်၍ ချောင်းငယ်တစ်ခု စီးဆင်းသည်။ နမ့်ထုံခ ဖြစ်သည်။ ရွာနှင့် ကုန်းမြင့်ပြင်စပ်ကြားတွင် စေတီတစ်ဆူ ရှိသည်။ ကမ္ဘာဦး စေတီ။

ပူတောင်းတွင် နန်းရင်တို့ စုံစမ်းသည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့ စတည်းချသော အိမ်ကို တွေ့ရှိသည်။ သို့သော် လူကိုမူ မတွေ့ကြ။ ဘကြီးမုံးက ပူတောင်းမှ ခုနစ်တိုင်မျှဝေးသော နောင်ခိုင်သို့ ခရီးသွားနေသည်။ မောင်မျိုးက ရွာမှလူများနှင့် ဆင်ဖမ်းလိုက်သွားသည်။ ဘကြီးမုံးမှာ မနက်ဖြန်တွင် ပြန်လာမည် ဖြစ်သည်။ မောင်မျိုးကိုတော့ အခေါ်လွှတ်ရမည် ဖြစ်သည်။ အလွန်ဆုံး နှစ်ရက်အကြာတွင် ပြန်ရောက်လာမည်။

လောလောဆယ်တွင်မူ သူတို့သည် ထိုအိမ်မှပင် စောင့်နေကြရန် ဖြစ်သည်။ အိမ်ရှင်က ဘကြီးမုံး၏ တပည့်တစ်ဦး ဖြစ်သည်။ ဘကြီးမုံးကို အထူးပင် ရိုသေလေးစားသည်။ အိမ်ရှင်လင်မယားက သူတို့ကို စိတ်အေးချမ်းသာစွာ တည်းခိုကြရန် ပြောသည်။ စားဖွယ်သောက်ဖွယ် အမျိုးမျိုးအပြင်၊ အရက်ကအစ ဘိန်းကအစ ဘာမှ လိုလေသေးမရှိအောင် စီစဉ်သည်။

သို့သော် ထိုနှစ်ရက်သည် နန်းရင်အဖို့ နှစ်နှစ်မျှ ကြာမြင့်သည်ဟု ထင်မိသည်။ သူမအနေနှင့် ဤမျှသော ခရီးရှည်ကြီးကို ရည်ရှည်ရက်များ စွန့်စွန့်စားစား လာခဲ့ပြီးသည့်တိုင် တွေ့ချင်သူကို ဆိုက်ဆိုက်မြိုက်မြိုက် မတွေ့ရသောအခါ အမောဆို့ခြင်းလည်း ဖြစ်သည်။ စိတ်မရှည်ခြင်းလည်း ဖြစ်သည်။ စိတ်ယောက်ယက်ခတ်ခြင်းလည်း ဖြစ်သည်။

မောင်မျိုး ဆင်ဖမ်းသွားခြင်း ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ။ သူ၏ ရည်းစားသနာရှိရာ ရွာသို့ သွားရောက်နေခြင်းလား။ သို့မဟုတ်လျှင် ဤနယ်တစ်ဝိုက်မှာ တကယ်မှ ရှိချေရဲ့လား။ သို့မဟုတ် ဤဘုံလောကအတွင်းမှ ရှိချေသေးရဲ့လား။ သူမကို သူတို့ လှည့်ဖြားနေကြသည်လား။

ထားတော့။ တကယ်ပဲ ဆင်ဖမ်းသွားသည် ဆိုလျှင်လည်း ပူပန်စရာ ဖြစ်သည်။ မောင်မျိုးသည် ရွာတွင်နေစဉ်က ဆင်ဖမ်းလိုက်ဖူးသူ မဟုတ်။ ဆင်ဖမ်း အင်မတန် ကျွမ်းကျင်သည်ဟုဆိုသော သူမ၏ အစ်ကိုများသည်ပင် အခန့်မသင့်သောအခါ သေတွင်းနှုတ်ခမ်းသို့ ရောက်ခဲ့ကြရသည်။ တောဆင်ရိုင်းကို မရသည့်အပြင် အိမ်ဆင်ပင် ဆုံးခဲ့ရသည်။ ထို့ပြင် ဤဘက်မှ ဆင်များသည် ပို၍ ကြီးမားခြင်း ရှိသည်။ လမ်းတွင် တွေ့ခဲ့ရသော ဆင်ခြေရာတစ်ကြောင်းသည် ပိန်းရွက်ကြီးများ ဖြန့်စီခင်ကျင်းထားသည့်နှယ် ဖြစ်သည်။ ထို့ပြင် ဆင်များသည် အမွေးရှည်ကြီးများဖြင့် အလွန်မတန် ကြောက်ဖွယ်ရာကောင်းသည်ဟု ဆိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

မိုးကောင်းပြန့်မှ အမျိုးသမီး ရောက်လာသည်ဆို၍ ရွာထဲမှ မိန်းကလေးများ လာကြသည်။ အချို့ အလွန်လှသည်။ အချို့ အလွန်ရဲတင်းသည်။ အတော်များများသည် မောင်မျိုးနှင့် ရင်းနှီးကြဟန် ရှိသည်။ သူတို့အထဲမှ တစ်ယောက်ယောက်သည် မောင်မျိုး၏ ရည်းစားများ ဖြစ်နေလေမည်လား။

သူတို့ကလည်း သူမကို အစစ်အမေး ထူလှသည်။ မောင်မျိုးနှင့် ဘာတော်သနည်း။ မောင်မျိုး၏ အစ်မလား၊ အရင်းလား၊ တစ်ဝမ်းကွဲလား၊ နှစ်ဝမ်းကွဲလား၊ ယခု ဘာကိစ္စ လိုက်လာသနည်း။ စသည်ဖြင့် အမျိုးစုံ အကြောင်းစုံ။

တစ်ခုတော့ ရှိသည်။ မိန်းကလေးများ အရောက်အလာများခြင်းမှာ ကိုဦးနှင့် ဘောင်ယိန်းတို့ကြောင့်လည်း ဖြစ်နိုင်သည်။ သူတို့သည် လူငယ်များပီပီ နှစ်ရက်အတွင်းမှာပင် အနီးဝန်းကျင်တွင်ရှိသော ခမ္ဘတီးရွာများသို့ လည်းကောင်း၊ လီဆူးရွာများသို့ လည်းကောင်း၊ ရဝမ်ရွာများသို့ လည်းကောင်း ရောက်ရှိသွားကြသည်။

ဘကြီးမုံးမှာ နောင်ခိုင်မှတစ်ဆင့် လီဆူးရွာတစ်ရွာသို့ ခရီးလွန်နေသဖြင့် နောက်နေ့တွင် မရောက်ဘဲ တစ်ရက်ကျော်လွန်မှ မောင်မျိုးနှင့်အတူ ပြန်လည်ရောက်ရှိလာသည်။

ရွာလည်လမ်းအတိုင်း မောင်မျိုး လျှောက်လာသည်ကို မြင်သောအခါ နန်းရင် အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ မောင်မျိုးလည်း ပြေးလာသည်။ သူတို့နှစ်ဦးသည် ဝင်းအပြင်ဘက် စပါးကျီအနီးတွင် ဆုံမိကြသည်။ မထင်မှတ်၊ မရည်ရွယ်ဘဲနှင့် တစ်ဦးကို တစ်ဦး တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည်။

သူတို့ဘေးတွင် လူတွေ ဝိုင်းအုံလာသည်။ သူတို့သည် နှုတ်မှ ဘာမှမပြောဘဲ ပွေ့ဖက်မွှေ့ယမ်းခြင်းသာ ပြုနေသည်။ အတန်ကြာမှ သူတို့ဘေးတွင် လူတွေ ဝိုင်းဝိုင်းလည်နေသည်ကို သတိထားမိသွားကြသည်။ အလန့်တကြား လူချင်း ခွာလိုက်ကြသည်။ လူအုပ်ကို ထိုးဖောက်၍ နန်းရင် ပြေးထွက်သွားသည်။ သစ်လုံးထစ် လှေကားအတိုင်း အိမ်ပေါ် ပြေးတက်သွားသည်။

လူအပေါင်း ရယ်ကြသည်။

မောင်မျိုးလည်း မျက်နှာတစ်ခုလုံး ရဲနေသည်။ ပူနေသည်။ ဘာပြောရမည်မှန်း မသိ။ ဘာလုပ်ရမည်မှန်း မသိ။ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ယင်းအဖြစ်ကိုသိ၍ ကိုဦးက မောင်မျိုးလက်ကိုဆွဲ၍ အိမ်ပေါ် ခေါ်သွားသည်။

## အခန်း -၉၄-

"တို့များလည်း မနစ်ကတည်းက ပြန်လာကြမလို့ပဲကွယ့်။ ဒါပေမဲ့ မောင်မျိုးက ဝေသာလီဘက် သွားချင်တယ် ဆိုတာနဲ့ တစ်နစ်ကုန်သွားတယ်။ တို့ နဂိုက အချိန်းအချက်ရှိတာကလည်း

MMCYBERMEDIA
COMMUNITY FOR ALL

အရေးအကြောင်းရှိရင် လဖိုင်လတို့ဆီက လူလွှတ်လိုက်မယ် ဆိုတာကိုး။ လူမရောက်လာတော့ အခြေအနေ မထူးဘူးလို့ပဲ တို့ ယူဆတာပ”

ဝိုင်းဖွဲ့မိကြသောအခါတွင် ဘကြီးမုံးက စကားဦးပြုသည်။ နန်းရင်သည် မောင်မျိုး၏ မျက်နှာကို ငေးနေမိ၍ ဘကြီးမုံး၏ စကားလုံးများ အားလုံးကို မကြားမိလိုက်။ သဘောလောက်သာ နားလည်လိုက်သည်။ သို့သော် လဖိုင်လ၏အသံ ထွက်ပေါ်လာသောအခါ သူမ၏ အာရုံကို ပြောင်းလိုက်သည်။ မပြောင်း၍လည်း မဖြစ်။ လဖိုင်လသည် သူမ၏နံဘေးမှ ကပ်၍ ကျယ်လောင်စွာ ပြောနေခြင်း ဖြစ်သည်။

“လူမလွှတ်တာကတော့ ဘာမှ အရေးမကောင်းဘူး။ ကျုပ်တို့လည်း ဗန်းမော်သတင်း၊ မြစ်ကြီးနားသတင်းကို နားထောင်နေတာပဲ။ မိုးကောင်းမိုးညှင်းဘက်ကိုလည်း အာရုံစိုက်နေတာပဲ။ ဒါပေမဲ့ အခြေအနေက ကောင်းမလာတဲ့အပြင် ဆိုးသွားတယ်။ အရင်ကလူတွေ တစ်ယောက်ပြီးတစ်ယောက် လျော့ကုန်တယ်။ တချို့လည်း အင်္ဂလိပ်ဆီမှာ အလုပ်လုပ်ကုန်ကြတယ်။ တချို့လည်း အင်္ဂလိပ်လူတွေနဲ့ အလိုက်သင့် အလျားသင့် လုပ်ကုန်ကြတယ်။ သူတို့ကို ကြည့်ရတာ အင်္ဂလိပ်ကို မတိုက်ချင်ကြတော့ဘူးနဲ့ တူတယ်။ သခင်လို့ပဲ မှတ်ကုန်ကြပြီနဲ့ တူတယ်။ ဒါကြောင့် ကျုပ်တို့ လူမလွှတ်တာဘဲ။ ဒါပေမဲ့ ဒီအကြောင်းတွေ ပြောချင်လို့ ဘကြီးမုံးတို့အလာ စောင့်နေတယ်။ ဘကြီးမုံးတို့ကလည်း မလာဘူး။ ဒီနှစ်တော့ ကျုပ်တို့ လိုက်လာမလို့။ နဂိုကလည်း စိတ်ကူးရှိပါတယ်။ အခု သူတို့လိုက်လာတော့ ချက်ချင်း လာခဲ့တာပဲ”

ဤတွင် နန်းရင်က အရင့်အရင် တစ်နှစ်ကတည်းက လိုက်လာရန် ကြံစည်ပုံ၊ ဒေါ်စောရုံနှင့် မနင်းမြူတို့ ဖျောင်းဖျတားဆီး၍ မလိုက်ဖြစ်ရပုံ၊ ထို့နောက် ရွှေဝါ ပြန်ရောက်လာခြင်းနှင့် နယ်မြေအခြေအနေအကြောင်း အကျဉ်း ပြောပြသည်။ သို့သော် နယ်မြေနှင့်ပတ်သက်သည့် အယူအဆတွင် လဖိုင်လနှင့် ကွဲပြားခြင်း ရှိသည်။

“မောင်ကြီးပြောသလို အင်္ဂလိပ်ကို သခင်လို့ အသိအမှတ် ပြုကုန်ကြတာတော့ မဟုတ်ဘူး။ မလွှဲသာလို့ အောင့်အည်းနေကြတာပဲ။ ဘယ်သူ့ကိုမေးမေး ဘယ်သူမှ မကျေနပ်ဘူး။ အေးပ၊ အစားရချောင်လို့ မှိန်းနေတဲ့လူတွေလည်း ရှိမပ။ ဒါပေမဲ့ ဒီလူတွေက အလကားပါ။ သူတို့က ဘယ်မင်းတက်တက် ကျေးကျွန်ခံမယ့် လူတွေပါ။ သူတို့ကတော့ အသားဖြူကိုလည်း သခင် ခေါ်မှာပဲ။ အသားမည်းကိုလည်း သခင်ခေါ်မှာပဲ”

“ငါ့နှမပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ လူတွေက မကျေနပ်ဘူးဆိုရုံနဲ့ မပြီးဘူး။ မကျေနပ်တာကို ပြရမယ်။ ငါတို့ဆီမှာကတော့ ရှင်းတယ်။ ကျေနပ်တဲ့လူက ကျေနပ်တယ်ပဲ။ မကျေနပ်တဲ့လူက မကျေနပ်ဘူးပဲ။ အသားဖြူတွေကလည်း သူတို့ကို ကျေနပ်တဲ့ရွာတွေကိုပဲ သွားတယ်။ မကျေနပ်တဲ့ ရွာတွေကို မသွားဘူး။ သွားရင်လည်း အတိုက်ခံရမှာပဲ။ ငါတို့ဆီကို လာရင်တော့ ငါတို့က အောင့်အည်းမနေဘူး။ တိုက်မှာပဲ”

“ကျုပ်တို့လည်း တိုက်ခဲ့တာပဲ”

ကောက်ကာငင်ကာ ပြောသူမှာ ကိုဦး။ သူက လဖိုင်လကို မကျေနပ်ဟန် ရှိသည်။ လူငယ်စိတ်မို့ စကားကို ထိန်းမနေ။ ယင်းကို သိမြင်၍ ဘကြီးမုံး ကြားဝင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီလိုကွယ့်၊ လဖိုင်လပြောတာလည်း ဟုတ်တယ်။ နန်းရင်ပြောတာလည်း ဟုတ်တယ်။ ကိုဦးပြောတာလည်း ဟုတ်တယ်။ နင်တို့အားလုံးပဲ သိပါတယ်။ တို့ဆီမှာ အင်္ဂလိပ်ကို မြင်ဖူး တိုက်ဖူးတဲ့ နယ်တွေလည်း ရှိတယ်။ မမြင်ဖူးဘူး မတိုက်ဖူးဘူးတဲ့ နယ်တွေလည်း ရှိတယ်။ မြင်ဖူးတိုက်ဖူးတဲ့ နယ်တွေမှာက ပြဿနာ တစ်မျိုးကွယ့်။ အစကတော့ အားလုံးလောက်ကပဲ နယ်ကျူးလာတဲ့လူတွေကို ခုခံတိုက်ခိုက်ကြတာပဲကွယ့်။ ဒါပေမဲ့ အချိန်ကြာလာတော့၊ ရန်သူက လူအား လက်နက်အင်အား ကြီးလွန်းတော့၊ ကိုယ့်ဘက်က အရေးနိမ့်သထက် နိမ့်လွန်းတော့ အချို့လူတွေလည်း ပျော့ကုန်ကြတာပကွယ်။ ဒီအချိန်မှာ ဦးစီးဦးရွက်ပြုတဲ့လူတွေက တခြားကို ရှောင်ကုန်တော့ ကျန်ရစ်တဲ့လူတွေရဲ့စိတ် တွေဝေကုန်ကြတာပေါ့။ မတရားမင်းပြုတဲ့လူကို မကြည်ဖြူပေမယ့် အခုအခံ မပြုကြတော့ဘူး။ တတ်နိုင်သလောက် ခေါင်းကို ငုံ့ထားကြတော့တာပ။ အနေအစားချောင်ရာကို လိုက်တဲ့လူလည်း လိုက်ကုန်ကြတာပ။ ဒါပေမဲ့ ခုခံတွန်းလှန်ဖို့ ကြံနေတဲ့လူတွေလည်း အများကြီး ရှိနေသေးတာပ။ အရေးအကြောင်းပေါ်လာရင် ထွက်လာမယ့်လူတွေလည်း အများကြီး ရှိတာပဲပ။ အရေးကြီးတာက မီးဆိုတာက မှုတ်ပေးမှပဲ တောက်တယ်ကွယ့်။ နောက်ပြီး မှုတ်တယ့်နေရာကလည်း အချိန်အခါ လိုသေးတယ်ကွယ့်။ မီးလုံးလုံးမသေခင်မှာ မှုတ်ကြရမည်ကွယ့်။ မီးသေသွားပြီဆိုရင်တော့ မှုတ်ရုံနဲ့ မရဘူး။ အသစ် ပြန်မွှေးရလိမ့်မယ်။ နို့ပြီး ရှိသေးတယ်ကွယ့်။ မီးအားသိပ်နည်းနေတုန်းမှာ တအားမှုတ်လို့လည်း မရနိုင်ဘူးကွယ့်။ မှုတ်ရင် မှုတ်တဲ့လူသာ လေကုန်မယ်။ အဲဒီအခါမျိုးမှာ လောင်စာထည့်ပေးရတယ်။ နည်းနည်းကလေး အရှိန်ရလာမှ မှုတ်ပေးရမယ်။ အခု တို့ဆီမှာ ဖြစ်နေတဲ့ အခြေအနေကလည်း ဒီအတိုင်းပဲကွယ့်။ ဂုန်းခန် တောမီးကြီးလောင်ပြီးတဲ့နောက်ပိုင်းမှာ ရန်သူက အတင်းငြိမ်းတော့ မီးအားကျသွားတယ်။ ဒါပေမယ့် လုံးလုံးတော့ မသေသေးဘူးကွယ့်။ ငွေ့ငွေ့ကလေး ရှိနေသေးတယ်။ ဒါကို တို့က မှုတ်ပေးရမယ်။ မှုတ်တဲ့နေရာမှာလည်း ခုနက တို့ပြောသလို မတောက်နိုင်တဲ့ဟာကို အတင်းမှုတ်လို့ မဖြစ်ဘူး။ ထင်းပေါက်ကလေး၊ အမှိုက်ကလေးတွေ အသာအုံပေးရမယ်။ ထင်းတုံးကြီးနဲ့ တစ်ခါတည်း သွားဖိလိုက်ရင်တော့ မီးဟာ တောက်မလာဘဲ တစ်ခါတည်း သေသွားလိမ့်မယ်။ အဲဒါဆိုရင် အသစ်ပြန်မွှေးနေကြရလိမ့်မယ်"

"ကျုပ် မီးလုံးလုံး သေသွားမှာစိုးလို့ ပြောတာပါ။ ကျုပ်တို့ဆီမှာတော့ မီးမသေသေးဘူး။ အခုမှုတ်ရင် အခုတောက်တယ်"

လဖိုင်လ ပြောသည်။

"ဒီလိုတော့လည်း မဟုတ်သေးဘူးနော။ မောင်ကြီးတို့ဆီမှာလည်း မီးခိုးအူတဲ့ မီးစတွေက အူကုန်ပြီ။ အချို့ ထင်းစတွေကလည်း ငွေ့ငွေ့ပဲ ရှိတော့တယ်"

"လဗျဂမ်တို့ကို နင် ပြောတာလား"

"အေးပ။ မောင်ကြီးတို့ပဲ ပြောတယ် မဟုတ်လား။ မောင်ကြီးတို့ရွာက တစ်အိမ် နှစ်အိမ်တောင် လဗျဂမ်တို့ရွာကို ပြောင်းသွားပြီဆို"

"သူတို့ရွာကလည်း တို့ဆီကို ပြောင်းလာတာပဲ။ တို့ဆီက လူတွေက အသားဖြူတွေအကြောင်း သိပ်ပြီး မသိကြသေးဘူး။ အသားဖြူဘုန်းကြီးပြောတာကို သူတို့က အဟုတ်မှတ်နေကြတယ်။ ငါတို့က အသားဖြူတွေ မကောင်းဘူး ပြောထားတယ်။ အသားဖြူဘုန်းကြီးက သူတို့အပေါ်မှာ ကောင်းနေတယ်"

"ကျွန်မတို့ဆီမှာလည်း ဒီတိုင်းပ။ အင်္ဂလိပ်တွေ မကောင်းဘူးဆိုတာ ကျွန်မတို့က ပြောနေရတာတောင် မဟုတ်ဘူး။ သူတို့ကိုယ်တိုင် သိတာ။ သူတို့ ပစ္စည်းတွေကို လုသွားတာ၊

MMCYBERMEDIA
COMMUNITY FOR ALL

သူတို့ရွာတွေကို မီးရှို့သွားတာ၊ သူတို့ကို ရိုက်နှက်သတ်ဖြတ်သွားကြတာ။ ဒါပေမဲ့ အဲဒီလိုဖြစ်ခဲ့တာတွေ ဆယ်နှစ် ဆယ့်ငါးနှစ်လောက် ရှိသွားတယ်ဆိုရင်ပဲ လူတွေက မေ့စပြုကုန်ကြတယ်။ ဒီကြားထဲမှာ အင်္ဂလိပ်က ဘုရားပွဲလေး လုပ်ပေးလိုက်ရင် လူတွေရဲ့စိတ်က တစ်မျိုး ဖြစ်ကုန်တယ်။ ဘုန်းကြီးတွေကို ဘွဲ့တွေ၊ ဝတ္ထုပစ္စည်းတွေ ကပ်တယ်ဆိုရင် စိတ်တွေ တစ်မျိုးပြောင်းကုန်တယ်။ အသားမည်းစစ်သားတွေ မကောင်းပေမယ့် အသားဖြူသခင်ကြီးတွေကတော့ သိပ်ကောင်းတယ်လို့ ပြောလာကြတယ်။ ကျုပ်တို့ စော်ဘွားတွေ၊ ဝန်တွေထက်တောင် ကောင်းတယ်လို့ ပြောလာကြတယ်။ ဒါပေမဲ့ အခွန်အတုပ်တွေ ပေးရတဲ့အခါ၊ ပုလိပ်တွေ စစ်သားတွေက ညှဉ်းပန်းတဲ့အခါတွေကျပြန်တော့လည်း သူတို့ရဲ့ မခံချင်စိတ်တွေ၊ ဒေါသတွေ ဖြစ်လာကြပြန်တယ်။ ထိုးမယ်၊ ခုတ်မယ် တကဲကဲ ဖြစ်လာကြတယ်။ ဒီနှစ်ဆိုရင် လူတွေ တော်တော်ခက်ထန်လာကြတယ်။ လွန်ခဲ့တဲ့ တစ်လနှစ်လကများဆိုရင် အခုပဲ တိုက်ကြတော့မလား အောက်မေ့ရတယ်။ ဒါပေမဲ့ အင်္ဂလိပ်တွေက သိပ်ပါးတယ်။ ရွာတွေက ဘုန်းကြီးတွေကို မိုးကောင်းပင့်ပြီး ကထိန်သင်္ကန်း ကပ်တယ်"

"အင်္ဂလိပ်တွေက ကပ်တာလား"

မောင်မျိုး မေးသည်။

"အင်္ဂလိပ်တွေ ကိုယ်တိုင်ကပ်တာတော့ ဘယ်ဟုတ်မလဲ။ သူတို့အောက်က အမှုထမ်းတွေနဲ့ သူတို့ သစ္စာတော်ခံတွေကို လုပ်ခိုင်းတာပေါ့။ နောက်ပြီးတော့ အခု သူတို့က တစ်မျိုး လုပ်လာကြပြန်တယ်။ ဒါကြောင့်လည်း နန်းရင်တို့ ချက်ချင်း လိုက်လာဖြစ်ကြတာပ"

"ဘယ်လို တစ်မျိုး လုပ်လာပြန်လာလဲကွယ့်"

ဘကြီးမုံး မေးသည်။

"အရင်တုန်းက ဒီလိုလေ ဘကြီးမုံးရဲ့။ သူတို့က သူပုန်လို့ ယူဆထားတဲ့လူတွေ ရွာကိုပြန်လာချင်ရင် သူတို့ဆီမှာ အညံ့ခံရတယ် မဟုတ်လား။ နောင်ကို ကောင်းကောင်းမွန်မွန် နေပါ့မယ်လို့ အာမခံရတယ် မဟုတ်လား။ အခု ဘာမှ လုပ်စရာ မလိုတော့ဘူး။ ရွာသားတစ်ယောက်က ရွာကို ပြန်လာချင်ရင် အချိန်မရွေးပြန်လာ။ မိုးကောင်းကို သွားနေစရာ မလိုတော့ဘူး။ ရွာက သူကြီးကို ပြောလိုက်ရင် ပြီးရောတော့။ သူကြီးက သူ့ဘာသာသူ မိုးကောင်းကို အစီရင်ခံမယ်တဲ့။ ရွာကို ပြန်လာတဲ့လူဟာ အင်္ဂလိပ်အစိုးရကို မယုံမကြည် မလေးမစား မပြောရင် မလုပ်ရင် ပြီးရောတဲ့။ ကျန်တာ သူ လုပ်ချင်တာ လုပ်တဲ့။ သူတို့က ဘာမှ မနှောက်ယှက်ဘူးတဲ့။ ဒါကြောင့် အခု ဘကြီးမုံးတို့ကို ခေါ်ရအောင် လာကြတာ"

နန်းရင်က "ဘကြီးမုံးတို့" ဟု သုံးလိုက်သော်လည်း သူမ၏ မျက်လုံးက မောင်မျိုးထံ ရောက်နေသည်။ မောင်မျိုးက မှုန်ကုပ်ကုပ်ဖြင့်...

"အညံ့ခံရမှာလား"

"သူတို့ပြောတာကတော့ အညံ့ခံခိုင်းတာ မဟုတ်ပါဘူးတဲ့။ ရွာမှာ ပြန်ပြီး နေချင်ရင် နေနိုင်တယ်တဲ့။ ဘာမှ အထူးအထွေ လုပ်စရာ မလိုဘူးတဲ့။ ပြန်လာတယ်ဆိုတာ သူကြီးကို ပြောရုံပဲတဲ့။ ရွာကို ပြန်မလာဘဲနဲ့ အခြားနေရာမှာလည်း နေနိုင်ပါတယ်တဲ့။ ကောင်းကောင်းမွန်မွန်နေရင် ပြီးတာပဲတဲ့"

"ကောင်းကောင်းမွန်မွန် နေရင်ဆိုတာ ဘာကို ပြောတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"သူတို့ကို မတိုက်မခိုက်ရဘူးပေါ့ကွယ်"

ဘကြီးမုံး ဝင်ပြောသည်။

"ကျွန်တော်တို့က သူတို့ကို မတိုက်ဘဲမှ မနေနိုင်ဘဲ"
"ဒါကတော့ လွယ်ပါတယ်။ တို့က သူတို့ကို တိုက်မှတော့လည်း သူတို့နဲ့ ဘာပြောနေစရာ လိုသေးသလဲ"
"ဒါဖြင့် ကျွန်တော်တို့ ရွာပြန်ပြီး နေကြမှာလား"
"အေးပ။ ဒီလိုပဲ တို့ နေကြရလိမ့်ဦးမယ်။ အခုနက ငါ စကားပြောတာ ပြတ်သွားတယ်။ အင်္ဂလိပ်ကို မြင်ဖူး၊ တိုက်ဖူးတဲ့နယ်တွေမှာ မီးတောက်တွေ သေပြီး၊ မီးငွေ့ငွေ့ဘဲ ရှိနေသလို အင်္ဂလိပ်ကို မမြင်ဖူးဘူး၊ မတိုက်ဖူးဘူးတဲ့ နယ်တွေကျတော့ မီးတောက်မယ့် အခြေအနေကို မရှိဘူး။ သူတို့ကလည်း အင်္ဂလိပ်တွေ မကောင်းဘူးဆိုတာကို မသိဘူးလေ။ အင်္ဂလိပ်တွေကလည်း ပါးသွားပြီ။ အခု အရင်လို သိပ်မကြမ်းတော့ဘူး။ သူတို့က ကျန်တဲ့နယ်ကလေးတွေကို တဖြည်းဖြည်း သိမ်းသွင်းထားဖို့ ကြံထားတာ။ ချော့ပြီး ယူဖို့ ကြံထားကြတာကိုး။ အဝေးကြီး မကြည့်နဲ့လေ။ အခု တို့ရောက်နေတဲ့ ခမ္မတီးလုံက လူတွေဆိုရင် အင်္ဂလိပ်ကိုတိုက်ဖို့ စိတ်မကူးကြဘူး။ သူတို့က သူတို့ဘာသူတို့ နေနေရရင် ကျေနပ်နေတာပဲ။ မနက်တစ်နပ်၊ ညတစ်နပ် မှန်မှန်စားနေရရင် ကျေနပ်နေတာပဲ။ မြေပြန့်မှာ ဘယ်သူပဲ မင်းလုပ်လုပ် သူတို့အဖို့ ဘာမှ မထူးခြားဘူးကိုး။ ဒါပေမယ့် ဒါကို ငါတို့က ဒေါသဖြစ်ဖို့ မဟုတ်ဘူး။ သူတို့နဲ့ တို့နဲ့ဟာ သွေးချင်းသားချင်းတွေဆိုတာ ပြောကြရမယ်။ ရှမ်းရယ်၊ ကချင်ရယ်၊ ဗမာရယ်လို့ ကွဲနေပေမယ့် ဒီလူတွေအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်လာတဲ့ ညီအစ်ကိုမောင်နှမတွေဆို ပြောပြရမယ်။ တစ်ယောက်ကိုထိရင် တစ်ယောက်က နာတတ်အောင် လုပ်ရမယ်။ အင်္ဂလိပ်တွေရဲ့ မတရားမင်းလုပ်ပုံ၊ သူတို့တွေရဲ့ ပရိယာယ်ဝေ့ဝစ်များပုံတွေကို တဖြည်းဖြည်းချင်း နားလည်အောင် လုပ်ပေးရမယ်။ ဒီတော့ စောစောက ငါပြောသလိုပဲ။ အခုအချိန်က ထင်းတုံးကြီးထည့်ပြီး တအားမှုတ်ရမယ့် အချိန် မဟုတ်ဘူး။ ထင်းပေါက်ကလေးတွေထည့်ပြီး မီးကို ပြန်ပျိုးရမယ့် အချိန်။ ဒါကြောင့် ငါတို့ဟာ အခွင့်သာတုန်း ရွာကိုပြန်ပြီး နေကြရမယ်။ ရွာမှာနေရင်း အခွင့်သာရင်သာသလို လောင်စာ ထည့်ပေးနေရမယ်။ အရှိန် နည်းနည်းကောင်းလာတာနဲ့ တစ်ပြိုင်နက် မီးတောက်ကြီးကို တအားမှုတ်ရမယ်"

ထို့နောက် သူတို့သည် အတန်ကြာ အကြိတ်အနယ် ဆက်လက်ဆွေးနွေးကြသည်။ ဘောင်ယိန်း တစ်ယောက်သာလျှင် နားထောင်သူသက်သက် ဖြစ်သည်။ နန်းရင်နှင့် မောင်မျိုး၊ နန်းရင်နှင့် လဖိုင်လ အချီအချ တစ်ခါနစ်ခါ ပြောကြသည်။ ဘကြီးမုံး ကြားဝင်ရသည်။ လဖိုင်လသည် ပြန့်ကလူတွေ အညံ့ခံကုန်ပြီ၊ အသုံးမကျတော့ဟု ယူဆနေသည်။ ထိုအယူကို နန်းရင် လက်မခံနိုင်။

သို့ဖြင့် သူတို့သည် အဖြေရမည်ရှိလိုက်၊ ဝေ့သွားလိုက်နှင့် ဖြစ်နေသည်။ နောက်ဆုံးတွင် ဘကြီးမုံးကပင် အဆုံးအဖြတ် ပြုရသည်။ အင်္ဂလိပ်တပ်များ လဖိုင်လတို့နယ်ထဲ ဝင်လာလျှင် လဖိုင်လတို့က ခုခံတိုက်ခိုက်ရန်။ ထိုအခါ မြေပြန့်မှလည်း ထကြွရန်။ နောက်တစ်နည်း၊ မြေပြန့်တွင် အင်္ဂလိပ်တို့၏ မတရားပြုမှုကို ခုခံတွန်းလှန်တိုက်ခိုက်နိုင်သည့် အခြေအနေရှိလာလျှင် ရှိလာချင်း တိုက်ခိုက်ရန်။ ထိုအခါ လဖိုင်လတို့က ပြန့်သို့ဆင်းလာပြီး ပူးပေါင်းတိုက်ခိုက်ရန်။ သည်အတွင်းတွင် ရန်သူကို မုန်းတီးဖို့၊ ရန်သူကို လက်စားချေဖို့၊ ရန်သူကို တိုက်ခိုက်ချေမှုန်းဖို့ အမြဲတမ်း လှုံ့ဆော်စည်းရုံးနေကြရန်။ တိုက်ပွဲအတွက် လူသူလက်နက်နှင့် ရိက္ခာပစ္စည်းများ စုဆောင်းထားကြရန်။

ဘကြီးမုံး၏ အဆုံးအဖြတ်ကို လဖိုင်လ၊ မောင်မျိုး၊ နန်းရင်နှင့် ကိုဦးတို့က အနည်းငယ် ဖြည့်စွက် ပြင်ဆင်ပြောဆိုကြပြီးနောက် သဘောတူလိုက်ကြသည်။

ထိုအခါ ခမ္ပတီးလုံမှ သူတို့လူစု ဘယ်နေ့ဘယ်ရက်တွင် ပြန်ကြမည်ဟူသော အပိုင်းပေါ်လာသည်။ သည့်တော့မှ အိမ်ရှင်ဖြစ်သူက ကြားဝင်သည်။

"ရောက်တဲ့ပေါက်တဲ့အခိုက် နေကြပါဦး အေး။ ဖိန်နွဲသန်ဘက်ဆိုရင် ငါတို့ဆီမှာ ဘုံရှင်ပြပွဲ ရှိတယ်။ အဲဒီပွဲပြီးမှ ပြန်ကြပါ အေး"

## အခန်း -၉၅-

မနက်ဖြန်ဆိုလျှင် လဝန်းဝိုင်းဝိုင်း ပြည့်မည်ဖြစ်သည်။ နတ်တော်လသည် ထင်သည်ထက် ပို၍ချမ်းနေသည်။ နှင်းပွင့်များ တဖွားဖွား ကျနေသဖြင့် ညသည် တောက်ပခြင်းမရှိ။ မှိုင်းပြခြင်းသာ ရှိသည်။ နန်းရင်သည် ခိုက်ခိုက်တုန်ခြင်း ကြီးမား၍ ရင်ထက်တွင် လက်နှစ်ဖက် ယှက်တင်မိသည်။ ထိုအခါတွင်မှ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကျော်ကာလက ခဲအိုဖြစ်သူ၏ ချမ်းအေးမှုကို ကိုယ်ချင်းစာ မိသည်။ သူမ၏ခဲအိုသည် အထက်အညာမှဖြစ်သည်။ ပူအိုက်သောဒေသမှ ဖြစ်သည်။ မိုးကောင်းဒေသသို့ ရောက်လာသော အခါ သူ့ခမျာ အအေးဒဏ်တွင် အလူးအလိမ့်ဖြစ်နေခဲ့ရသည်။ သူမတို့ ရေချိုးချိန်တွင် သူက မီးဖိုနားမှမခွါနိုင်သေးဘဲ ရှိခဲ့သည်။ ယခုမူ သူမအနေနှင့် ဝဋ်လည်ရချေပြီ။

သူမကိုယ်သူမ အချမ်းအအေးခံနိုင်လှမည်ဟု အောက်မေ့ခဲ့သော်လည်း ကိုယ့်အရပ်ဒေသထက် ပို၍ချမ်းအေးသောဒေသသို့ ရောက်လာသောအခါတွင်ကား အရှုံးပေးရတော့မည်။ သူမတို့အရပ်တွင် ချမ်းသည်ဆိုသည်က အလကား။ ကလေးကစားသလောက်သာ ရှိသည်။ ဤတွင် ချမ်းသည် အေးသည် ဆိုသည်ကမှ တကယ့်အအေးအချမ်း။ ရေတွင် အတုံးအခဲ ဖြစ်နေသည်။ တောင်များတွင်လည်း နှင်းရေများ ခဲနေသည်။ မနက်မနက် အိပ်ရာမှထကြည့်လျှင် ဖြူဖွေးလှပသော ရေခဲတောင်များကို လခြမ်းသဏ္ဍာန် တွေ့ရှိရသည်။ ထိုရေခဲတောင်များရှိရာသို့ သွားချင်စိတ်ဖြစ်သည်။ မွှေးပျံ့သော ကတိုးကောင်များ ရှိသည်ဆို၍ပင် ဖြစ်သည်။ သို့သော် ကတိုး လှသည် မွှေးသည်က နောက်၊ တစ်ကိုယ်လုံး အေးစက်တောင့်တင်း၍ သေမည်ကအရင်။

သူမက ဤမျှမတင်းနိုင် မခံနိုင်ဖြစ်နေသော်လည်း သူမနှင့်အတူ ဘေးချင်းယှဉ်၍ လျှောက်လာနေသော မောင်မျိုးကမူ အချမ်းအအေးကို မသိသကဲ့သို့ လက်နှစ်ဖက်ကိုကို နောက်တွင် ပစ်ဆက်၍ ခပ်အေးအေးလျှောက် လာနေသည်။ တစ်ခုတော့ ရှိသည်။ သူက သူမနှင့် တစ်ရပ်တစ်နယ်တည်းသား ဖြစ်သော်လည်း ဤဒေသသို့ရောက်နေသည်မှာ ငါးနှစ်မျှရှိပေပြီ၊ အချမ်းအအေး ပြီးနေပြီဟု ထင်ရသည်။ သို့မဟုတ် သူ့စိတ်တွင် အာရုံတစ်ခုခု ဝေဒနာတစ်ခုခု ငြိကပ်နေ သဖြင့် စိမ့်သည်အေးသည်ကို မသိခြင်းလည်း ဖြစ်နိုင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် မအေးဘူးလား"

နန်းရင် မေးသည်။ သူ မဖြေ။ သူ မကြား။ ယင်းသို့ဆိုလျှင် သူ မအေးသည်မှာ မဖြစ်နိုင်။ သူ မသိသည်သာ ဖြစ်နိုင်သည်။

သူ့စိတ်တွင် မည်သည့်အရာတစ်ခု ပူးကပ်နေသနည်း။ မနေ့က သူပြောသည့်အကြောင်းပဲလား။ တစ်နေ့က သူအဆိုပြုသည့် အချက်ပဲလား။ လွန်ခဲ့သည့် ငါးနှစ်ကစတင် ပေါ်ပေါက်ခဲ့သော ပြဿနာပဲလား။ သည်အကြောင်း သည်အဆိုနှင့် သည်ပြဿနာတို့သည် သူနှင့် မကင်းကွာတော့ပြီလား။ သူမနှင့် မလွတ်ကင်းနိုင်တော့ပြီလား။ ဟိုတုန်းက လည်း ဒါပဲ။ အခုလည်း ဒါပဲ။ နောင်လည်း ဒါပဲ။

နန်းရင် တစ်ခုခုမေးမည်ပြုသည်။ မမေးဖြစ်။ မျက်စိထဲတွင် လင်းခနဲ ဖြစ်သွားသောကြောင့်တည်း။ ရွာဦးထပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်ပွဲခင်းပြင်ကို မြင်ရသည်။

ထိုအခါ နန်းရင် ရပ်တန့်ငေးမောမိသည်။ ဘုရားပတ်ပတ်လည်တွင်ရှိသော ပွဲခင်းပြင်၏မြင်ကွင်းသည် လှပခြင်းရှိလှသည်။ နီဝါသောမီးရောင်တို့သည် ဘုရားကုန်းမြေရင်းတွင် စီတန်းလျက်ရှိသည်။

ရွာနှင့် ဘုရားသည် တစ်ခေါ်နစ်ခေါ်မကာ လှမ်းချေသည်။ သို့သော် ယနေ့ညတွင်မူ ဘုရားကုန်းမြေရင်းမှ အသံ သိုးသိုးသဲ့သဲ့များ ရွာဦးထိပ်သို့ရောက်လာသည်။ လေဝေ့လေသင့်၍လည်း ဖြစ်ရာသည်။ အသံအင်အားကြီးမား၍ လည်း ဖြစ်ရာသည်။ လူတွေကလည်း များပြားလှသည် မဟုတ်လား။

ပိုတောင်း၊ ဟိုခို၊ ပန်းလှိုင် အစရှိသော အနီးဝန်းကျင်ရွာများအားလုံးမှ လူများအားလုံးလာကြသည်။ ယနေ့ည ဟင်းချိုသောက်ပြိုင်ပွဲလည်းရှိသည်။ ပွဲလည်းရှိသည်။ ပွဲမှာနာမည်ကြီး။

"မမနန်းရင် သိပြီးပလား"

မောင်မျိုး ရုတ်တရက်မေးသည်။

"အန်းယယ်၊ လန့်လိုက်တာ။ ဘာလဲကော"

နန်းယင် တကယ်ပင်လန့်သွားသည်။ သူမက မနေ့ကသူပြောသော အကြောင်းကိုစဉ်းစားနေ၍ဖြစ်သည်။ ထိုအကြောင်းသည် အသစ်အဆန်းတော့ မဟုတ်ချေ။ သူ့နှုတ်မှ အကြိမ်ကြိမ် ဖွင့်ဟပြီးသည့် အရာဖြစ်သည်။ ယင်းသို့ သူ့အနေနှင့် သည်အကြောင်းအရာကို အထပ်ထပ် ပြောနေရခြင်းမှာလည်း သူမက မပြတ်သား၍။ သူမက ယတိကျခြင်းရှိစေ မည်ဟု စိတ်တွင်အောက်မေ့သော်လည်း ဦးနှောက်တွင်မရှင်း။ လိပ်ပြာတွင် မသန့်ရှင်း။ ထိုအခါ နှုတ်မှာ တထစ်ထစ် တလွဲလွဲ။

"မမနန်းရင်ကလည်း အလကားနေရင် လန့်နေတာပဲ"
"နင်က ပြောတာကိုး"

MMCYBERMEDIA
COMMUNITY FOR ALL

"နင်ပြောတာက လန့်စရာလား"

"ဖြုန်းခနဲ ပြောတာကိုး။ နင်ပြောမယ်မှန်း ငါမှ မသိဘဲ"

"အေး၊ နောက်ကျရင် မမနန်းရင်ကို ဟောဒီလို ခြေတို့လက်တို့ လုပ်ပြီးမှ ပြောမယ်"

မောင်မျိုးက နန်းရင်၏လက်မောင်းကို ရည်မှန်း၍ တို့လိုက်သည်။ သို့သော် နန်းရင်အလှည့်လိုက်နှင့် ကြုံ၍ အမြင့်ပိုင်းဒေသတစ်ခုကို ထိခတ်မိသည်။

နှစ်ယောက်စလုံး မျက်နှာရဲသွားသည်။ ထိုအခါ နန်းရင်တွင် အေးသည် ချမ်းသည်များမရှိတော့။

"နင် ဘာပြောမလို့လဲ"

"မမနန်းရင် ကြားပြီးပလား"

"ကျွန်တော် ဟင်းချိုသောက်ပွဲ ဝင်ပြိုင်မလို့"

နန်းရင် အံ့ဩလျက်။

"နင် နိုင်မှာလား"

"ပြိုင်ရမှာပ"

"နင် ဘယ်လောက်များ သောက်ဖူးလို့လဲ"

"ဒီရောက်ကတည်းက ကျွန်တော် ဒါပဲသောက်နေတာပဲ"

"အေးပ။ နင်က ကျွဲစဉ်းကောဟင်းချိုကလေး သောက်နေရတော့ ငါတို့ကို ဘယ်သတိရတော့မလဲ"

"မမနန်းရင်ကို ဘယ်လောက်သတိရတယ်ဆိုတာ မနေ့ကပြောတယ်မဟုတ်လား။ တစ်နေ့ကလည်း ပြောတယ် မဟုတ်လား။ ကနေ့ကော ထပ်ပြောရဦးမလား"

"မပြောပါနဲ့"

နန်းရင်က စကားပြတ်ပြတ် ဆတ်ဆတ်ပြော၍ စကားဖြတ်သည်။ ပွဲခင်းကိုကြည့်၍ ခြေလှမ်းမြန်မြန် လျှောက်သွားသည်။ ထိုအခါ မောင်မျိုးက နန်းရင်ကိုနောက်မှ ဆွဲထားပြီး...

"မပြိုင်ရဘူးလား"

"နင့်ဘာနင် ပြိုင်ပ"

"ကျွန်တော်က ကျွဲစဉ်းကောဟင်းချိုကို ကြိုက်လည်းကြိုက်လို့ပါ"

"ငါတော့ မကြိုက်"

"ဒါကြောင့်လည်း သူတို့ကပြောတာပဲ။ ကျွန်တော်တို့ မိုးကောင်း ခမ္ပတီးတွေဟာ ခမ္ပတီး မစစ်တော့ဘူးတဲ့။ ဇာတ်ပျက်ကုန်ပြီတဲ့"

"စစ်စစ် မစစ်စစ်၊ ပျက်ပျက် မပျက်ပျက် ငါ မကြိုက်ကော။ ရွာမှာတုန်းကကော ငါဘယ်မှာ သောက်သလဲကော။ နင်ကော အဲဒီတုန်းက မသောက်ပါဘူး။ ကျွဲခေါက်ပင်ပဲ စားတယ်မဟုတ်လားကော"

နန်းရင်က ရန်ဖြစ်သလို ပြောသောအခါ မောင်မျိုး ငြိမ်သွားသည်။ နန်းရင်ပြောသည်ကလည်း အမှန်များ ဖြစ်နေသည်။ နိုင်ငံဆော ဟုခေါ်သော ကျွဲသားစဉ်းကောဟင်းချိုကို ခမ္ပတီးများ အထူးနှစ်သက်လှသည်။ အထူးသဖြင့် အဘိုးကြီး အဘွားကြီးများ၏ အသည်းစွဲဖြစ်သည်။ ကြိုးကြာတွင်

MMCYBERMEDIA COMMUNITY FOR ALL

နေစဉ်ကတည်းကပင် ဤဟင်းချိုကို သူတို့ တစ်နှစ်တစ်ခါလောက်တော့ ပွဲကြီးလမ်းကြီးအဖြစ် သောက်ကြရသည်။ ရံခါတွင် အိမ်များ၌လည်း ချက်ပြုတ်စားသုံးကြသည်။ ကချင်များက မချစ်ဉကို အသက်ရှည်ဆေးသဖွယ် မှတ်ယူသလို ခမ္မတီးများကလည်း နိုခိုင်းဆာကို အားတိုးဆေးသဖွယ် မှတ်ယူကြသည်။

အမှန်တော့ နိုခိုင်းဆာကို သူတို့က အာယုဝဍ္ဍနဆေးဟု မှတ်ယူသည်မှာ ကျွဲသားကြောင့် မဟုတ်ချေ။ ကျွဲသားဟင်းချိုဟု ဆိုသည့်အလျောက် ကျွဲသားအစိမ်းကို တောက်တောက်ညက်ညက်စဉ်း၍ ပြုတ်ကျိုခြင်း ဖြစ်သော်လည်း ယင်းဟင်းချိုတွင် ကျွဲသားအပြင် အခြားသော သစ်မြစ်သစ်ရွက် အမည်ပေါင်းများစွာ ထည့်ကြသည်။ ဆေးဖက်ဝင်သော အမြစ်အရွက်များ ဖြစ်သည်ဟု ဆိုသည်။ အစွမ်းသတ္တိထူးသော ဂမုန်းပေါင်းမြောက်မြားစွာ ပါသည်ဟုဆိုသည်။ သို့ဖြင့် ဤမည်သော နိုခိုင်းဆာသည် သာမန်ဟင်းချိုတစ်မျိုး မဟုတ်ဘဲ အနာရောဂါ ကင်းစေသော၊ အသက်ရှည်စေသော၊ နပျို လန်းဆတ်စေသော မဟာသြသဓဆေးကြီး ဖြစ်သည်ဟု သူတို့ ယုံကြည်ကြခြင်း ဖြစ်သည်။

ဘုရားပွဲများ၊ ရှင်ပြုပွဲများတွင် ဤနိုခိုင်းဆာကို လူကြီးတို့ အစီမံပြုလုပ်ကြသည်။ သို့သော် မိုးကောင်း ဒေသတွင် ဤဟင်းချိုကို ဖော်စပ်ရသည်မှာ ခမ္မတီးကြီးမှာလောက်တော့ မကောင်း။ အမျိုးအမည်မစုံဟု ညည်းတွားကြသည်။ ခမ္မတီးလုံပြန့်တွင် ဆေးဖက်ဝင်သော သစ်ဉသစ်ဖုတို့ ပေါများစုံလင်လှသည်ဟု အဆိုရှိသည်။

ထိုစဉ်အခါက နန်းရင်နှင့် မောင်မျိုးတို့သည် ကျွဲစဉ်းကောဟင်းချိုကို စားသောက်ခြင်းရှိသော်လည်း အထူးတလည် ကြိုက်နှစ်သက်ခြင်းကား မရှိချေ။ နန်းရင်အနေနဲ့ ကျွဲသားစဉ်းကောကြော်ကိုသာ ခံတွင်းတွေ့ခြင်းရှိသည်။ မောင်မျိုးကတော့ ကျွဲသားခေါက်ကင်ကို ပို၍နှစ်ခြိုက်ခြင်း ရှိသည်။ သူက ဝက်သားဆိုလည်း အခေါက်မှ၊ ကြက်သားဆိုလျှင် လည်း အရိုးနှင့်အရေပြင်ကိုမှ ကြိုက်သည်။ အထူးသဖြင့် ကျွဲခေါက်သည် ဝက်သားခေါက်ထပ် ပို၍ထူသည်။ ပို၍ အရသာ ရှိသည်။ ဆိမ့်အီခြင်း မရှိ။ တထုတ်ထုတ် ဝါးရသည်မှာ ကောင်းလှသည်။

ညဦးပိုင်းတွင် ကျွဲသားများကို စဉ်းသူကစဉ်း။ ချက်သူကချက် ပြုလုပ်နေစဉ်တွင် လူသုံးလေးဦးက ကျွဲခေါက်များကို တစ်တောင်ပတ်လည်ခန့်ရှိ အတုံးအပြင်ကြီးများ လှီးဖြတ်၍ မီးကျီးရဲရဲတွင် ကင်ခြင်း၊ ဖုတ်ခြင်းပြုနေသည်မှာ စားချင်စဖွယ်ဖြစ်သည်။ မောင်မျိုးသည် အနီးတွင်သွား၍ ငေးမျှော်နေတတ်သည်။ သူ၏ အမူအကျင့်အတိုင်း မည်သူ့ကိုမျှ ဘာမှမပြော။ ယင်း အခေါက်ပြင်ကြီးကို ကြည့်၍ ကမ္ဘာဦး စီးဖြန်းနေသည့်ပမာ ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ ငေးချင်၍ ငေးမျှော်နေသည်ဟု မထင်ရ။ တစ်စုံတစ်ခုတွင် စိတ်ဝင်စားစွာ စဉ်းစားတွေးခေါ်နေဟန် ရှိသည်။ အကယ်၍ လူကြီးတစ်ယောက်က ကျက်ပြီ၊ မကျက်ပြီ သိလို၍ မြည်းစမ်းကြည့်ခိုက်နှင့် ကြုံ၍ သူ့ကို တစ်တုံးတစ်ဖဲ့ပေးလျှင်လည်း သူ မယူ။ ထိုအခါ သူ့ကို ကျွဲခေါက်ကြိုက်သူဟု မည်သူမျှ မထင်နိုင်။

တစ်ခါက နန်းရင် သူ့ကိုပြောသည်။

"သူများပေးတော့လည်း နင်ယူတာ မဟုတ်ဘဲနဲ့ ဘာလို့ သွားမျှော်နေသလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါ သူက ဒေါသတကြီး ပြန်ပြောတတ်သည်။

"ကျွန်တော်က ကြိုက်သာကြိုက်ပေမယ့် စားချင်လို့ သွားမျှော်နေတာ မဟုတ်ဘူး"
"ဒါဖြင့် ဘာသွားလုပ်တာလဲကော"

သူ့အကဲကို သိလို၍ နန်းရင်မေးသည်။

"ကျွန်တော် အလကား သွားပြီး နေတာမဟုတ်ဘူး။ စဉ်းစားနေတာ။ ကျွန်တော်ကြီးရင် ကျွန်တော့်ဘာသာ ကျွန်တော် တစ်ယောက်တည်း ကျွဲတစ်ကောင်လုံးရဲ့ အခေါက်ကိုစားမယ်"

ယင်းအချက်များကို ပြန်ပြောင်းစဉ်းစားမိသောအခါ နန်းရင် မျက်မှောင်ကုတ်မိသည်။ မောင်မျိုးသည် သူများပေးသော ကျွဲခေါက်ကင်ကိုကား ခံ့မင်စွာ စားတတ်သည်။ နန်းရင်၏ ထမင်းထုပ်ပါရှိလာသည်ကိုလည်း လုယူ တတ်သည်။

"နင် အရမ်းမလုပ်ပါနဲ့။ ငါပေးမှာပါ"
"ကျွန်တော်က မမနန်းရင်ပေးတာကို မလိုချင်ဘူး။ လုပဲ ယူချင်တယ်"

ယခုမူ မောင်မျိုးသည် ကျွဲခေါက်ကင်ထက် ကျွဲစဉ်းကောဟင်းချိုကို မက်မောလျက်ရှိချေပြီ။ သည်ငါးနှစ်အတွင်းတွင် မောင်မျိုး အများကြီး ပြောင်းလဲသွားသည်။ ဟိုတုန်းက မောင်မျိုးစကားနည်းသည်။ ယခု စကားဖောင်သည်။ ယခင်က မိန်းကလေးများနှင့် အတွဲအနေ နည်းသည်။ ယခု အရောအနှော များသည်။

ယင်းသို့ တွေးမိသောအခါ နန်းရင်၏ ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ မကျေနပ်မှုနှင့် ဒေါသများ ရောပြွမ်းသွားသည်။ ယင်းကြောင့် မောင်မျိုးကို တားထားပြီး ပြောသည်။ လမ်းလျှောက်ရင်းပြောလျှင် သူမ ပြောချင်သည် များသည်ကို အကုန်အစင် ပြောနိုင်မည် မဟုတ်ချေ။ ပွဲခင်းပြင်သို့ ရောက်ခါနီးနေပြီဖြစ်သည်။

"နင် အရင်က ဟင်းချို ဒါလောက်မကြိုက်ပါဘူး။ အခေါက်ပဲကြိုက်ပါတယ်"

သူတို့နှစ်ယောက်သည် သစ်ရိပ်တန်းငယ်တစ်ခု၏ အရိပ်တွင် မကွယ်တကွယ် ရှိနေသည်။ သူတို့နှင့် မလှမ်းမကမ်းတွင် အသွားအပြန်ပြုနေကြသူများ ရှိသည်။ သို့သော် သူတို့ကို အမှုထားကြဟန် မတူ။ သူတို့၏ စကားများကို ကြားနိုင်ဟန် မရှိ။

"ဒီလိုပဲပ မမနန်းရင်ရယ်။ အကြိုက်ဆိုတာ ပြောင်းတတ်ကြတာပ။ ဟင်းချိုသောက်ရဖန်များတော့ ဟင်းချိုကို ကြိုက်လာတာပ"
"အေး။ နင်က ဟင်းချိုကိုတင် မကဘူး။ ဒီက ကောင်မလေးတွေကိုပါ ကြိုက်နေပြီ မဟုတ်လား"
"ဒါတော့ မဟုတ်ဘူး မမနန်းရင်"

မောင်မျိုး အရေးတကြီး ပြန်ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘာ မဟုတ်ရမှာလဲ။ ဒီနားက ရွာတွေမှာ နင်မသိတဲ့ကောင်မလေးတွေကို မရှိတော့ဘူး"

"ဒါတော့ ကောင်မလေးတွေတင် မဟုတ်ပါဘူး။ ရွာကလူတွေ အားလုံးလောက်ကို သိတာပါ။ မမနန်းရင် စဉ်းစားကြည့်ပါ။ ကျွန်တော် ရောက်နေတာ ငါးနှစ်ရှိပြီပဲ"

"အေးပ။ နောက် ငါးနှစ်လောက်ဆိုရင် နင် ကလေးငါးယောက်ရတော့မှာပဲ"

"ဒါတော့ မဟုတ်ဘူး မမနန်းရင်"

"ဘာမဟုတ်ရမှာလဲ"

"ကျွန်တော် မေတ္တာရှိနေတာက တစ်ယောက်တည်းပဲ။ ဒီတစ်ယောက်ကလွဲလို့ တခြားဘယ်သူ့ကိုမှလဲ ကျွန်တော် ဇောမကပ်ဘူး။ ဒီတစ်ယောက်တည်းလည်းပဲ..."

"လာ သွားကြစို့။ ဟိုမှာ ပြိုင်ပွဲစဖို့ ခေါ်နေပြီ"

နန်းရင်က သူ့စကားကိုဖြတ်၍ သူ့ကို ဆွဲခေါ်သွားသည်။ သူက မချင့်မရဲဖြင့် ပါသွားသည်။ ပွဲခင်းထဲသို့ သူတို့ရောက်သွားသည်။

ပွဲခင်းကို မီးဖိုငယ်များဖြင့် ဝန်းရံထားသည်။ ယင်း မီးဖိုငယ်များကား ပွဲလာများကို ရောင်းချရန် မုန့်ပြုလုပ်နေသော ဈေးသည်များမဟုတ်။ မနက်ဖြန်နံနက်တွင် ဘုရားတင်ရန် ဘုန်းကြီးကပ်ရန်၊ ရှင်လောင်းများကို ကျွေးရန် မုန့်ဖြူ၊ မုန့်နီများ ပြုလုပ်နေကြခြင်းဖြစ်သည်။ မီးဖိုငယ်များရှေ့တွင် ခမ္ဘတီးအမျိုးသမီးများ ပန်းခက်နေသည်။ ယင်း၏ အတွင်းဘက်တွင်ကား ယောက်ျားကြီးများ ဆူညံစွာ ထမင်းဟင်းများ ချက်နေကြသည်။ ချက်ပြီးသား ထမင်းဟင်းများသည် လောင်းလေ့ကြီးများထဲတွင် အငွေ့တစ်ထောင်းထောင်း အနံ့တသင်းသင်းနှင့် ရှိနေသည်။ လူငယ် လူရွယ်များသည် ချောင်းထဲမှ ရေများကို ဝါးကျည်တောက်ကြီးများဖြင့် ခပ်တင်နေကြသည်။

ဇာတ်ကမည့်နေရာတွင် ဝါးလုံးတန်းများဖြင့် စည်းဝိုင်းထားပြီး စည်များ၊ မောင်းများ စုပုံထားသည်ကို မြင်ရသော်လည်း လူတစ်ဦးတစ်ယောက်မျှ မရှိချေ။ ဇာတ်ထွက်ဖို့အချိန် လိုသေးသည်။ ဟင်းချိုသောက်ပြိုင်ပွဲပြီး၍ လူတွေ အလုပ်ပါးသွားချိန်လောက်မှ စမည်ဖြစ်သည်။ ယခုမှ လူတွေက ချက်ကြပြုတ်ကြရန် ထမင်းထုပ်များ ပြုလုပ်ကြတုန်း။ ဟင်းချိုသောက်ပြိုင်ပွဲကလည်း မစသေး။ တစ်အောင့်တနား ကြာဦးမည်။ ဟင်းချိုရည် မအေးသေးသောကြောင့် ဖြစ်သည်။ ပြိုင်ပွဲဝင်မည့်သူများလည်း မစုံသေးချေ။ နာမည်ကျော်အချို့ မရောက်လာသေး။

သို့ဖြင့် မောင်မျိုးနှင့် နန်ရင်သည် ဘုရားကုန်းပေါ်သို့ တက်သွားကြသည်။ ဘုရားရင်ပြင်သည် မြင့်မားခြင်းလည်း မရှိလှ။ ကျယ်ဝန်းခြင်းလည်း မရှိလှ။ သို့သော် မည်သည့်အခါတွင်မျှ ရေမမြုပ်။ မည်သည့်အခါတွင်မျှ လူမဆုံမရှိဟု ဒေသခံများက ဝင့်ကြွားပြောဆိုလေ့ရှိသည်။

ဘုရားရင်ပြင်စွန်း ပတ်ပတ်လည်တွင် တဲကနားများ ထိုးထားသည်။ တဲကနားများအတွင်းတွင် ရပ်ရွာလူကြီးများ ဝိုင်းဖွဲ့စကားပြောနေကြသည်။ အစီအမံများ ပြုလုပ်နေကြသည်။ စေတီတော်နှင့် တဲကနားများအကြား ကွက်လပ်ပြင်တွင်ကား ယောကျာ်း၊ မိန်းမ၊ ကလေး၊ လူကြီးများ ကွက်လပ်ပြင်နေကြသည်။ သူတို့သည် အေးမြဖြူလွင်သော သဲခင်းပြင်ပေါ်တွင် ကြာရှည်လေးမြင့်စွာ ထိုင်၍

ရတနာသုံးပါးကို အာရုံပြုနေကြသည်။ သူတို့အနီးမှ ဖြတ်သန်းသွားသူများ၊ သူတို့အနီးတွင် ထိုင်ချည်ထချည် ပြုသူများကို နလုံးမသွင်းကြ။

မောင်မျိုးနှင့် နန်းရင်သည် ခေတ္တခဏမှသာ ဘုရားတွင် ဝတ်ပြုပြီးခေါက် တဲကနားတစ်ခုဆီသို့ လျှောက်သွားကြသည်။ ထိုတွင် အခြားလူကြီးများနှင့်အတူ ဘကြီးမုံးနှင့် လဖိုင်လတို့ရှိသည်။

"လာကြဟေ့၊ ထိုင်ကြ"

ရွာခံလူကြီးတစ်ဦးက ဖိတ်ခေါ်သည်။ နေရာထိုင်ခင်း ပေးသည်။ ဝါးကပ်ပြားပေါ်တွင် ထိုင်ရသဖြင့် အအေးဒဏ်မှ နန်းရင် အတန်ငယ် သက်သာသည်။ ဝိုင်းအလယ်မှ မီးဖိုကလည်း အပူငွေ့ကိုပေးသည်။ လူအုပ်ကြီးကလည်း အအေးကို ကာကွယ်သည်။

"ရော့ဟေ့။ ဖတ်ခါးလေး သောက်လိုက်ကြ"

အဘိုးကြီးတစ်ဦးက သူတို့ရှေ့တွင် လက်ဖက်ရည်ကြမ်းကျည်တောက်များကို စိတ်ချပေးသည်။ နန်းရင်သည် အပဓါန်နွေးထွေးခြင်းကို အတန်ငယ်ရပြီ ဖြစ်သော်လည်း ဝမ်းထဲတွင်ကား စိမ့်တိမ့်တိမ့် ရှိနေသေးသဖြင့် ရေနွေးကြမ်းကျည်တောက်ကို မြေမှ နတ်ယူပြီး တစ်ကျိုက်သောက်လိုက်သည်။ ရင်ဝယ်နွေး၍ ပါးစပ်တွင် စေးထန်းသွားသည်။ တစ်ကိုယ်လုံးရှိ အကြောအခြင်များ ဖိမ်းဖိမ်းသိမ်းသိမ်း ဖြစ်သွားသည်။

လက်ဖက်ရွက်များသည် ကြမ်းရှ၍ ပေါ့ဖွယ်ခြင်းရှိသည်။ သို့သော် ဘိန်းဆီ အသုံးများသဖြင့် အခြောက်ခံခြင်း၊ အနံ့သင်းခြင်း စသည် အစပ်အသိပ် ကောင်းသဖြင့် ဤမျှ ထုံသင်းဆိမ့်ဖန်ခြင်း ဖြစ်သည်။

"ဘောင်ယိန်းနဲ့ ကိုဦးကောကွယ့်"

ဘကြီးမုံး မေးသည်။ နန်းရင် ဖြေသည်။

"အစောကြီးကတည်းက ပျောက်သွားကြတာပဲ"
"ကြိုးဖြေပွဲကို သွားကြတယ်နဲ့ တူတာပဲ"

မောင်မျိုး ဖြည့်စွက်သည်။

"အေးပလေ၊ သူတို့က လူငယ်တွေကိုး။ ဘောင်ယိန်းကလည်း ကချင်ကိုး"

ဘကြီးမုံး ရွတ်ဆိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အခုဟာကတော့ ကိုဦးက သွားချင်လို့ ဘောင်ယိန်းက လိုက်ပို့ရတာနဲ့ တူပါတယ်။ ဘောင်ယိန်းကတော့ မြေဝိုင်းဇာတ်ကို ကြည့်ချင်ရှာတာ။ သူတို့ ဇာတ်အမီ ပြန်ချင်လည်း ပြန်လာကြမှာပါ။ ဟိုဘက်ရွာတင်ပါ"

မောင်မျိုးက တစ်ဖက်သို့ လက်ညှိုးညွှန်ပြရင်းပြောသည်။ ကြိုးဖြေပွဲသည် ဤအရပ်ဒေသရှိ ကချင် လူရွယ်တို့၏ ရင်းနှီးပျော်ရွှင်ပွဲတစ်ခု ဖြစ်သည်။ ယခုလို ကောက်နှံများ သိမ်းအပြီး ယခုလို စွတ်စိုမှောက်မိုက်ရက်များ အကုန် တွင် ကျင်းပလေ့ရှိကြသည်။ ရွာအပြင် မြက်ခင်းပြင်များတွင် လုလင်ငယ် လုံမငယ်များ စုဝေးကြသည်။ မိတ်ဖွဲ့ကြသည်။ အချိုအသာနှင့် အထေ့အငေါ့ စကားများပြောကြသည်။ အပြန်အလှန် တေးဖွဲ့ကြသည်။ တေးဆိုကြသည်။ ယင်းသို့ဖြင့် တစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးမှုနှင့် တပ်မက်သာယာမှု ရှိလာသောအခါ လုလင်ငယ်တို့သည် လုံမငယ်တို့၏ ဝတ်ရုံကို ထိန်းချည်ထားသော ကြိုးစကို ဆွဲဖြေရန်ကြိုးစားကြသည်။ ထိုအခါ လုံမငယ်တို့သည် ကြိုးစကို ဆွဲမမီစေရန် ချစ်စဖွယ် ဘယ်ညာယိမ်းနွဲ့ ပြေးလွှားကြသည်။ ယောကျ်ားငယ်တို့က နောက်မှ ပြေးလိုက်သည်။ မိန်းမငယ်တို့ ရှေ့မှ ပြေးသည်။ ကွေ့ပတ် တွန့်ကောက်၍ ပြေးသည်။ သို့သော် မိမိနှစ်လိုသော လူရွယ်ပျိုဖြစ်ပါက တစ်ကွေ့တစ်နေရာတွင် အမိခံသည်။ လူရွယ်က ကြိုးစကို ဆွဲလိုက်သည်။ ဝတ်ရုံပြေလျော ကွာကျသည်။ မိမိ မလိုလား မနှစ်သက်သူ ဖြစ်ပါက လွတ်အောင် ပြေးလွှားရှောင် တိမ်းသည်။ သို့သော် ထိုသို့ဖြစ်ခဲဘိသည်။ ယောကျ်ားကလေးသည် လိုက်ကတည်းက ရာခိုင်နှုန်းပြည့်မျှ သေချာမှ လိုက်ခြင်း ဖြစ်သည်။

ကိုဦးသည် လူငယ်တစ်ဦးပီပီ ယင်းအတွေ့အကြုံကို မြင်ဖူးလိုခြင်း၊ ပတ်သက်လိုခြင်း ရှိလေသည်။ နန်းရင်သာ မရှိပါက မောင်မျိုးသည်လည်း သူတို့နှင့်အတူ လိုက်ပါသွားရာပေသည်။

"ဘေးအန္တရာယ် မရှိဘူးဆိုရင် ပြီးတာပဲကွယ်"

ဘကြီးမုံးက ပြောသည်။ ရွာခံ နယ်ခံများက အန္တရာယ်မရှိကြောင်း ပြောဆိုသည်။ ဤဒေသတွင်ရှိသော ရှမ်းနှင့် ကချင်များသည် မသင့်မတင့်သော အခါများရှိခဲ့သော်လည်း ယခု လောလောလတ်လတ် ကာလတွင်မူ နားလည်သင့်တင့်မှု ရှိကြသည်ဟု ဆိုသည်။ ထို့နောက် သူတို့သည် လူမျိုး တစ်မျိုးတစ်မျိုးစီ၏ ဓလေ့ထုံးတမ်းများအကြောင်း အနည်းငယ် ဆက်လက်ပြောဆိုကြသည်။ အရေးကြီးသည်မှာ တစ်ပါးသူ၏ ဓလေ့ထုံးတမ်းကို နားလည်ဖို့ပင်ဖြစ်သည်။ နားလည်သည့်အလျောက် လိုက်နာစောင့်ရှောက်ဖို့ပင် ဖြစ်သည်။ ယင်းသို့ဆိုလျှင် မည်သည့်ပြဿနာမျှ မပေါ်နိုင်ပေ။ ထိုသို့ မဟုတ်ဘဲ ဓလေ့ထုံးတမ်းအကြောင်း နားလည်ခြင်း မရှိလျှင်၊ သို့မဟုတ် ယင်းဓလေ့ထုံးတမ်းကို စော်ကား မော်ကားပြုလျှင် အလွဲသုံးစားပြုလျှင်ကား ကမ္ဘာရန် ဖြစ်ကြရဖို့သာတည်း။

ထို့နောက် တစ်ရွာနှင့် တစ်ရွာ သို့မဟုတ် တစ်နယ်နှင့် တစ်နယ် မသင့်မမြတ် ဖြစ်ကြရခြင်း၏ အကြောင်းရင်း တစ်ခုကိုလည်း သူတို့ သိမြင်ကြသည်။ ယင်းကား စီးပွားရေးပင် ဖြစ်သည်။ ရာသီဥတုအခြေအနေမကောင်း၍ လယ်ယာစီးပွား ပျက်ကြသောအခါ မတော်လောဘဖြင့် သူတစ်ပါးပစ္စည်းကို အချောင်ဖြစ်စေ၊ အနိုင်အထက်ဖြစ်စေ ရယူရန် ကြိုးပမ်းလာသောအခါ ပဋိပက္ခများ ဖြစ်ပေါ်လာတတ်ကြသည်။ ကျွဲနွား တိရစ္ဆာန်များ ခိုးယူခြင်း၊ ကောက်ပဲသီးနှံများ လုယူ ခြင်းတို့မှ အစပြုပြီး အလုံးအရင်းနှင့် လက်နက်ကြီးငယ်နှင့် တိုက်ခိုက်ကြသည်အထိ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထို့ပြင်ကား သူတို့သည် မသင့်မတင့်ခြင်းမရှိ။ ခိုက်ရန်ဖြစ်ပွားလိုခြင်းလည်း မရှိ။ အကြောင်းမူကား သူတို့သည် ကိုယ့်ရပ်ကိုယ့်မြေတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ငြိမ်းအေးပျော်ရွှင်စွာ နေလိုကြသူများ ဖြစ်သောကြောင့်တည်း။

သူတို့စကားဝိုင်း ပြတ်သွားသည်။ ဟင်းချိုသောက်ပြိုင်ပွဲ စသောကြောင့်ဖြစ်သည်။ ပြိုင်ပွဲပြင်သို့ အသွားတွင် နန်းရင်က မောင်မျိုးကို စသည်။

"ခမ္ပတီးလည်း မဟုတ်ဘဲနဲ့ ခမ္ပတီးတွေထဲ ဝင်ရောဦးမယ်"

မောင်မျိုး၏ မျက်နှာတစ်ခုလုံး ညိုမည်းသွားသည်။ မောင်မျိုး၏ အဘိုးနှင့် အစ်မသည် ခမ္ပတီးများ အကြားတွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေခဲ့ပြီး ခမ္ပတီးများကဲ့သို့ ပြုမူကျင့်ကြံနေထိုင်လျက် ရှိကြသော်လည်း သူတို့၏ မျိုးနွယ် အစစ်အမှန်သည် အောက်ပြည်အောက်ရွာမှ ဗမာများသာဖြစ်သည်။ မောင်မျိုး စိတ်မကောင်းဖြစ်သွားမှန်း သိသဖြင့် နန်းရင် စကားကိုဖြေသည်။

"သူ့အကျင့်ကိုက ဒီလိုပဲ၊ ကချင်တွေထဲရောက်ရင် ကချင်တွေထဲ ဝင်ရောတာပဲ။ ကချင်မနော ဆိုလည်း သူပါတာပဲ။ ခမ္ပတီးကြက်ခွပ်ဆိုလည်း သူပါတာပဲ။ ဗမာတွေထဲရောက်ပြန်တော့လည်း သူ့ကိုယ်သူ တကယ့်ဗမာ အစစ်ကြီး"

သည်တော့မှ မောင်မျိုးစိတ်ပြေပြီး နန်းရင်၏စကားတွင် ရောပါသည်။

"ကျွန်တော်တို့က ဘယ်ရွာကိုရောက်ရောက်၊ ဘယ်လူမျိုးတွေထဲ ရောက်ရောက် သင့်မြတ်အောင် ရောနှောပေါင်းသင်းနိုင်ရမယ်လို့ ဘကြီးမုံးက ပြောထားတယ်မဟုတ်လား။ ပြီးတော့ ကျွန်တော့အမေက ချင်းတွင်းဗမာပေမယ့် ကျွန်တော့်အဖေက ရှမ်းဂဒူးပါ။ ကျွန်တော့မှာ ခမ္ပတီးသွေးတစ်စိတ် ပါပါတယ်။ ပြီးတော့ ကျွန်တော့ကို မွေးခဲ့တာကလည်း ခမ္ပတီးနယ်မှာ။ ကျွန်တော် ကြီးပြင်းလာတာကလည်း ခမ္ပတီးဒေသမှာ။ နောက်ပြီးတော့ ကျွန်တော်နဲ့ အိမ်ထောင်ပြု မှာကလည်း ခမ္ပတီးမလေးတစ်ယောက်"
"ဝေးသကော။ သူ့ကို ဘယ်ခမ္ပတီးမက ယူမလဲ"

မောင်မျိုး ပြန်ပြောမည်ရှိစဉ် သူ့ကို လူတစ်ယောက်က ဆွဲခေါ်သွားသည်။ ဟင်းချိုသောက် ပြိုင်ပွဲဝင် ဆင်နွှဲရန် သူ့အလှည့်ကျရောက်၍ ဖြစ်သည်။

ကျွဲစဉ်းကောဟင်းချိုရည် ဝါပျစ်ပျစ်များကို လောင်းလေ့အပြည့် ထည့်ထားသည်။ အသားကောင်း ကောင်း အသားများများ အမြစ်အရွက်စုံစုံနှင့်မို့ ဟင်းနံ့ထောင်းနေသည်။ အနံ့ပြင်းလှသည်။ အနံ့စူးလှသည်။ မသောက်ဖူးသူများ၊ မကြိုက်နှစ်သက်သူများဆိုလျှင် ကျည်တောက်ငယ်တစ်ခု ကုန်အောင်သောက်နိုင်ဖို့ ခဲယဉ်းသည်။ ညှီစို့စို့နှင့် ပျို့အန်ချင် ဖွယ်ရာဖြစ်သည်။ ကြိုက်နှစ်သက်သူများမူကား ခံ့မင်စွာ သောက်ကြသည်။ သို့သော် များများမူကား မသောက်နိုင်ချေ။ ဟင်း ကောင်းလျှင် တစ်ကျည်တောက် နှစ်ကျည်တောက်နှင့် ဝအီသွားတတ်သည်။ သို့သော် ဤဟင်းရည်ကို များများသောက်နိုင်လျှင် များများ အားရှိသည်ဟု အယူရှိသဖြင့် များများသောက်နိုင်ရန် အားထုတ်ကြသည်။ များများသောက်နိုင်သူသည်

MMCYBERMEDIA
COMMUNITY FOR ALL

အားအရှိဆုံး၊ အသန်စွမ်းဆုံး လူငယ်တစ်ဦးအဖြစ်နှင့် မိန်းမပျိုများလောကတွင် ထင်ရှားကျော်ကြားလေသည်။ ယင်းကြောင့်ပင် ဟင်းရည်သောက်ပြိုင်ပွဲ ကျင်းပကြခြင်း ဖြစ်သည်။ ပွဲကြည့်ပရိသတ်တွင် မိန်းမပျိုကလေးတွေ အများဆုံးဖြစ်သည်။ ကိုယ်နှစ်သက်သော လုလင်ပျိုကို အားပေးကြသည်။

သူတို့သည် မောင်မျိုးကို အထူးတလည် အားပေးကြသည်။ ထိုပြိုင်ပွဲတွင် မောင်မျိုးပင် အနိုင်ရသည်။ မောင်မျိုး၏ ပတ်ပတ်လည်တွင် မိန်းမပျိုများ အလုအယက် ဝိုင်းရံလျက်ရှိသည်။ နန်းရင်မှာ ဝမ်းသာရအခက်၊ ဝမ်းနည်းရအခက် စိတ်ထဲတွင် မတင်မကျ ဖြစ်နေမိသည်ကတော့ အမှန်။ သို့သော် အပြင်သို့ သူမ မလုစ်ဟ။

သို့သော် မောင်မျိုးသည် မိန်းမပျိုကလေးများ ဝန်းရံထားသည်ကို ထွင်းဖောက်၍ သူမထံပါးသို့ ရောက်လာသည်ကို တွေ့ရသောအခါတွင်ကား စိတ်ဝယ်ကြည်နူးခြင်းများစွာ ဖြစ်ရသည်။ သူတို့နှစ်ယောက် ကပွဲပြင်သို့ သွားကြသည်။

ဟင်းချိုသောက်ပြိုင်ပွဲ ပြီးသည်နှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် ကပွဲပြင်မှ စည်သံ၊ မောင်းသံ၊ လင်းကွင်းသံများ ထွက်ပေါ်လာသည်။ လူအုပ်ကြီးသည် ကပွဲပြင်သို့ လိုမ့်ဆင်းသွားသည်။ နေရာကောင်းကို ရယူကြသည်။ ကြားလည်း ကြားရသည်။ မြင်လည်း မြင်ရသည်။

ကပွဲပြင်ကို မြေနိမ့်ကွက်တွင် ပြုလုပ်ထားသဖြင့် ကြည့်သူများအဖို့ အဆင်ပြေခြင်းရှိသည်။ နောက်မှ လူကို ရှေ့မှလူက ပိတ်ကွယ်ထားခြင်းမရှိ။ နောက်ပိုင်းကျလေ ပို၍မြင်ကွင်း ကောင်းလေဖြစ်သည်။ သို့သော် ရှေ့ပိုင်းကျလေ သဲကွဲပီပြင်စွာ ကြားရလေဖြစ်သည်။ မောင်မျိုးတို့သည် အလယ်ပိုင်းလောက်ကိုရွေးသည်။ လဖိုင်လနှင့် ဘကြီးမုံးတို့ကို ရှေ့ပိုင်းတွင် တွေ့ရသည်။ ကိုဦးနှင့် ဘောင်ယိန်းတို့ကို လူအရိပ်အယောင်မျှ မမြင်ရသေးချေ။

"ဘာဇာတ် ကမှာတဲ့လဲ"

နန်းရင် တိုးတိုးမေးသည်။

"ဓမ္မဗုဒ္ဓ"
"တမြန်နှစ်က တို့ဆီမှာ ကသွားတဲ့ ဇာတ်လမ်းလား"
"မသိကော"

နန်းရင် မမေးတော့။ ကပွဲပြင်အလယ်တွင် ပြင်ဆင်မှုပြုနေသည်များကို စူးစိုက်၍ကြည့်နေသည်။ မီးတိုင်ကြီးသုံးတိုင်မှ မီးခိုးတအူအူ မီးတောက်တလူလူ ထွက်နေသည်။ အကူအပံ့အဖြစ်နှင့် လရောင်ဝိုးဝိုးဝါးဝါး။

သူတို့အရပ်တွင် ခမ္မတီးမြေပိုင်းဇာတ်အဖွဲ့ တစ်ဖွဲ့နှစ်ဖွဲ့ရှိသည်။ သို့သော် အောက်အရပ်မှလာသော ဗမာဇာတ်အဖွဲ့များက အဆိုအက၊ အတီးအမှုတ် မြိုင်ဆိုင်သဖြင့် ခမ္မတီးမြေပိုင်းဇာတ်များ မှေးမှိန်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အထူးသဖြင့် ခမ္ဘတီးတို့၏ မြေဝိုင်းဇာတ်အဖွဲ့တွင် အမျိုးသမီးမပါရှိသဖြင့် လူငယ်များ မနှစ်မြို့က်လှ။ အပြောအဟောကို နှစ်မြို့က်သောလူကြီးများသာ အကြည့်များသည်။ လူငယ်များက ဗမာပွဲများကို ကြည့်ကြသည်။ နန်းရင်ပင်လျှင် ခမ္ဘတီးမြေဝိုင်းဇာတ်ကို နှစ်ကြိမ်သာ ကြည့်ဖူးသည်။ တမြန်နှစ်က ဓမ္မဗုဒ္ဓဇာတ်ကို ကြည့်ရသည်။ ပါဝင် ကပြသူများ အပြောအဆို ပိုင်သည်။ သရုပ်ဆောင်မှု ပေါ်လွင်သည်။ ဇာတ်လမ်းကောင်းသည်။ နန်းရင် နှစ်မြို့က်သည်။ အောက်ပြည်က ဇာတ်အဖွဲ့များမှာလို မင်းသမီးအစစ်ကို ထည့်သွင်း ကပြစေလျှင် အဘယ်မျှကောင်းချေမည်နည်းဟု နန်းရင် စိတ်ကူးမိသည်။

သူမကြည့်ခဲ့ဖူးသော ဇာတ်လမ်းနှင့် ယခုကပြမည့် ဇာတ်လမ်း အတူတူ ဟုတ်၊ မဟုတ် ကြည့်ရဦးမည်။ ဟော၊ ပွဲစပြီ။ ဘုရင်ကြီး အမိန့်တော်မြတ် ချမှတ်နေသည်။

မောင်းဆယ်လုံးကို တစ်ပြိုင်တည်း တီးခတ်သံသည် ပြန့်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။ အတင်းအကျက်ကောင်းသော စည်ကြီး၏ မြည်ဟည်းသံသည် အဝေးတွင်ရှိသော ရေခဲတောင်များအထိပင် ရောက်သွားချိမ့်မည်ဟု မှတ်ယူရသည်။ လင်းကွင်းသံသည် ပွဲကြည့်သူအပေါင်း၏ ရင်ကို အေးခနဲ ဟာခနဲ ဖြစ်သွားစေသည်။ ယင်းအသံသုံးမျိုးကို ဆက်၍ကြားလိုက်ရသောအခါ ကြည်နူးခြင်းလည်း ဖြစ်ရသည်။ ကြက်သီးမွေးညင်းလည်း ထရသည်။

နန်းရင်စိတ်ဝင်စားကြည့်သည်။ ဇာတ်လမ်း၏ သဘောမှာ အတူတူပင်ဖြစ်သည်။ သို့သော် ရှေ့နောက် ကွဲပြားသည်များရှိသည်။ အပြောအဆို မတူသည်များရှိသည်။ သရုပ်ဆောင်ပုံများ ခြားနားသည်။

ညဥ့်နက်လာသည်နှင့်အမျှ ဇာတ်လမ်း၊ ဇာတ်ကွက် အချိတ်အဆက်မိလာသည်။ ကြည့်သူများ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်ခြင်း ရှိလာသည်။ ပြုံးရသည်။ မဲ့ရသည်။ ဒေါသဖြစ်ရသည်။
ဇာတ်လမ်းတစ်ဝက်လောက် အကျိုးတွင် မောင်မျိုးက ပြန်ကြရန်ပြောသည်။ သည်တော့မှ မောင်မျိုး ကို နန်းရင်သတိရသည်။

"နင် မကြည့်ဘူးလား"
"အရင်တစ်ခါ ကြည့်ဖူးပြီးသားပဲ"
"မတူတာတွေ ပါတယ်"
"သိပ် မထူးပါဘူး"
"အခုပဲ ပြီးတော့မှာပဲ"
"မမနန်းရင် နေရစ်ခဲ့"

ယင်းသို့ပြောပြီး မောင်မျိုးထသွားသည်။ ပွဲခင်းထဲမှ ထွက်သွားသည်။ နန်းရင် အတန်ကြာငိုင်နေသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ မောင်မျိုးနောက်သို့ လိုက်သွားသည်။ ပွဲကြည့်နေသူများသည် ပွဲတါင် စိတ်ဝင်စား နေကြသဖြင့် သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြသည်ကို အမှုထားကြခြင်း မရှိချေ။

MMCYBERMEDIA
COMMUNITY FOR ALL

ပွဲခင်းအပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် နန်းရင်တစ်ကိုယ်လုံး စိမ့်သွားသည်။ အရိုးအခြင်များ အက်ကွဲမတတ်ဖြစ်သည်။ ပွဲခင်းထဲတွင်ကား လူငွေ့နှင့် နွေးနေခြင်းဖြစ်သည်။ ပွဲတွင် အာရုံငြိတွယ်နေသဖြင့် အအေးဒဏ် လွန်ကဲလာသည်ကို မသိခြင်းဖြစ်သည်။

နန်းရင်သည် ချမ်းခိုက်သည်ကို ကြာရှည်စွာအမှုမထားနိုင်ဘဲ မောင်မျိုးကို ဖွေရှာရသည်။ ရုတ်တရက် မမြင်မတွေ့ရ။ နင်းများပိတ်နေသည်ကိုသာ တွေ့ရသည်။ မောင်မျိုးသည် ရွာဘက်သို့သွားခြင်းသာ ဖြစ်ရမည်ဟု ယူဆပြီး နန်းရင် အပြေးလိုက်သွားသည်။ အတန်ငယ် ပြေးမိသောအခါတွင်မှ ရှေ့အတော်လှမ်းလှမ်းတွင် မောင်မျိုးကို မြင်ရသည်။ ထိုအခါတွင်မှ စိတ်သက်သာရာ ရသွားသည်။ လှုပ်လှုပ်ရှားရှား ပြုလိုက်ရသဖြင့် မောပန်းခြင်း ရှိလာသလို သွေးပူခြင်းလည်း ရှိလာသည်။ မောင်မျိုးသည် ရှေ့မှ ခြေလှမ်းကျဲကြီးဖြင့် သွားနေသဖြင့် ရိုးရိုးလျှောက်ရုံဖြင့် မမီနိုင်ပေ။ သို့ဖြင့် ဆက်လက်၍ ပြေးရပြန်သည်။ သူမ၏စိတ်က ထင်နေခြင်းလားတော့ မသိ။ မောင်မျိုးသည် သူမလိုက်လာမှန်းသိ၍ ပို၍ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားနေသည်ဟု ယူဆသည်။ ထိုအခါ နန်းရင် ဒေါသဖြစ်ရသည်။ အသံကျယ်ကျယ်ဖြင့် ဟစ်အော်သည်။

"မောင်မျိုး၊ မောင်မျိုး"

ရှေ့လူ မရပ်။

"ဟေ့ ခွေးကလေး။ နေဦး။ နေဦး"

ရှေ့လူ မတန့်။

နန်းရင် အမျက်အဟုန်ဖြင့် ပြေးလိုက်သည်။ ဆူးပြောင့်ခလုတ်ကို မကြည့်။ ယင်းကြောင့်ပင် မောင်မျိုးကို အမီမှာပင် မြေစိုင်ခဲတစ်ခုကို တိုက်မိပြီးဟပ်ထိုးလဲသွားသည်။ အရှိန်ဖြင့် မောင်မျိုးကို တိုးမိသည်။

နှစ်ယောက်စလုံး လယ်ကွက်ထဲသို့ ကျသွားသည်။

လုံးလား။ ထွေးလား။ တွယ်လား။ ဖက်လား။

## အခန်း -၉၆-

ယခု အကြိမ်တွင်လည်း နန်းရင်သည် မိုးဖြိုင်ဖြိုင် သွန်းနေသည်တွင် တစ်ကိုယ်လုံး ရွှဲရွှဲစိုသည်အထိ အိမ်ပြန်ရန်လည်း စိတ်မကူး။ တောင်စောင်းဂူတစ်ခုတွင် ခိုအောင်းရန်လည်း အားမထုတ်ဘဲ ရှိရင်းစွဲအတိုင်းပင် ကျောက်တုံးထက်တွင် ထိုင်နေသည်။

ကြိုးကြာချောင်းရေ အရှိန်အဟုန်ပြင်းစွာ စီးနေသည်ကို ငေးမျှော်ကြည့်နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

လွန်ခဲ့သည့် တစ်နှစ်ခန့်ကလည်း သူမသည် သည်ကာလ သည်နေရာ သည်လိုမျိုးမှာပင် တစ်ယောက်တည်း ထိုင်၍ အရေးကြီးသော အကြောင်းအရာတစ်ရပ်နှင့် ပတ်သက်ပြီး စဉ်းစားဆင်ခြင်ခဲ့သည်။ သတ္တိမွေးခဲ့သည်။ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန် အားထုတ်ခဲ့သည်။

သို့သော် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရအံ့ရှိသောအခါတွင်ကား နောက်တွန့်ရပြန်သည်။ ပါးပြင်များ နီရဲ၍ နှလုံးသွေး တဒိတ်ဒိတ် ခုန်ရသည်။

သို့ဖြင့် မပြတ်သားခြင်းနှင့် စိတ်ဆင်းရဲခြင်းများ တငွေ့ငွေ့ လောင်ကျွမ်းရပြန်တော့သည်။ ရှေ့ခရီးအတွက် စဉ်းစားဆင်ခြင်ရပြန်သည်။ အားမွေးရပြန်သည်။ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချရန် ကြိုးပမ်းခြင်း ပြုရပြန်သည်။

ဤတစ်ကြိမ်တွင်တော့ ပြတ်သားမှ။ တိကျမှ။ ဆုံးဖြတ်သည့်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်မှ။ သို့မဟုတ်လျှင်တော့ ဆိုးရွားခြင်းတစ်ခုဖြင့် နိဂုံးချုပ်ရပေတော့မည်။ သေဖွယ်ရာသာ ရှိတော့သည်။

ယခုပင် မကောင်းခြင်း အထုအထည်များ အတော်ကြီးမားနေပြီ ဖြစ်သည်။

မောင်မျိုးသည် ခမ္ဘတီးလုံမှ ပြန်လာကတည်းက အိမ်တွင် ကပ်သည် မရှိတော့။ ဟိုသွားလိုက်၊ ပြန်လာလိုက်။ သည်သွား၊ ပြန်လာလိုက်နှင့် အိမ်တွင် သုံးလေးရက်ပြည့်အောင်မှ နေသည်မရှိတော့။ သူသည် ကိုဦးနှင့်အတူ ကျောက်စိမ်းတွင်းသို့ သွားသည်။ ဆမားသို့ သွားသည်။ လဖိုင်လတို့ထံ သွားသည်။ မြစ်ကြီးနားသို့ သွားသည်။ ယခု နောက်ဆုံးအကြိမ်တွင်ကား ဘကြီးမုံးရှိရာ တောင်လေးလုံးသို့ သွားသည်။ တောင်လေးလုံးသို့သွားသည်မှာ အတော်ကြာသွားပြီ။ ယခုအထိ ပြန်မရောက်လာသေး။ သူသွားစဉ်က သူမကို ဘာမှ ပြောမသွား။ မနင်းမြူကိုသာ အချိန်ကပ်၍ ပြောသွားသည်။ မိုးအမီ ပြန်ကောင်းပြန်လာမည်၊ သို့မဟုတ် အနောက်ချင်းတွင်းနယ်ဘက်သို့ သွားမည်။ သို့မဟုတ် မန္တလေးဘက်သို့ သွားမည်ဟု မရေမရာ ပြောသွားသည်။ ယခုအထိ ပြန်မရောက်သေးသည်ထောက်တော့ သူ တောင်လေးလုံးတွင် ရှိချင်မှ ရှိတော့မည်။ ဘယ်သို့ ရောက်နေပြီနည်း။ ဘာတွေ လုပ်နေပြီနည်း။

သူမ၏ရင်တွင် အမောအနွမ်း လှိုင်းထသည်။

တကယ်တော့ ဤသို့ဖြစ်ရသည်မှာ သူမကြောင့်။ သူမသာလျှင် တရားခံ။

မိုးစက်မိုးပေါက်များသည် သူမ၏ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ကျနေသည်။ သူမ၏ နားတွင် မိုးသံများ ညံနေသည်။ သူမ၏မျက်စိတွင် မိုးပေါက်များ ပိတ်နေသည်။

သို့သော် သူမ၏ စိတ်အာရုံတွင် လွန်ခဲ့သည့် ခြောက်လခန့်က အဖြစ်အပျက်တစ်ခုသည် ပြက်ပြက် ထင်လာသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ခမ္မတီးလုံမှ မပြန်မီ နှစ်ညတွင် ဖြစ်သည်။ သို့မဟုတ် ဓမ္မဗုဒ္ဓ မြေပိုင်းဇာတ် ကြည့်သည့်ညက ဖြစ်သည်။

မိုးသည် တဝေါဝေါ ရွာနေသည်။ ဒေါသခက်ထန်လှသည်။ သူမကို ကိုက်ယူသွားတော့မည်နှယ် ဖြစ်သည်။ နန်းရင်၏ ရင်အစုံ တဆတ်ဆတ် တုန်လာသည်။

သူတို့နှစ်ယောက်စလုံး တလိမ့်ခေါက်ကွေး ကျသွားသည်။ အယောင်ယောင် အမှားမှားဖြင့် ကိုင်လားဆုပ်လား ပြုမိကြသည်။ ဘာတွေ ဘယ်လိုဖြစ်သည် မသိ။ မြေစိုင်ခဲတစ်ခုကို သူမကတိုက်မိ၍ သူတို့နှစ်ယောက် လိမ့်ကျသည်မှာ တစ်ထွာတစ်တောင်သာ မြင့်သော ကန်သင်းရိုးပေါ်မှ လယ်ကွက်ထဲသို့သာ ဖြစ်သည်။

သို့သော် သူမ၏ရင်တွင် ခံစားရသည်မှာ သူတို့နှစ်ယောက်သည် အဆုံးမရှိသော ချောက်ထဲသို့ ကျသွားသည်။ ရင်တငြိမ့်ငြိမ့် အသည်းတအေးအေး ဖြစ်သည်။ ထိတ်လန့်ရသည်လား၊ ကြည်နူးရသည်လား မသိ။ အတုန်အလှုပ် ဖြစ်ရခြင်းကိုသာ သိသည်။

နောက်ဆုံးတွင် သူမသည် အထိတ်တလန့်ဖြင့် သူ့ကို တွန်းပစ်ခဲ့သည်။ မြေနှင့် ခြေနှင့် ထိသည်လား မသိ၊ မထိသည်လား မသိ။ အကြောက်အကန် ပြေးခဲ့သည်။

သည့်နောက်တွင်ကား အိပ်မက်၏ ခြောက်လှန့်ခြင်းကို သူတို့ ခံစားကြရသည်။

နောက်နေ့တွင် သူမ အခန်းမှ မထွက်တော့။ သူနှင့် မျက်နှာခြင်း မဆိုင်တော့။ နောက်တစ်နေ့ သူတို့ ပြန်ခဲ့ကြတော့လည်း သူမက သူ့ကို သတိထား၍ ရှောင်သည်။ အခြားသူများကိုသာ အဖော်ပြုသည်။ သူနှင့် နှစ်ယောက်ချင်း မပူးမိအောင် ကြိုးစားသည်။ သူက စကားပြောရန် ကြိုးစားလာသောအခါတွင်လည်း မကြားဟန်ပြုသည်။ အခြားသူတစ်ဦးနှင့် ဖြတ်ပြောသည်။ သူက တောင်းပန်သောအကြည့်ဖြင့် ကြည့်လာသည်ကိုပင် မျက်လုံးလွှဲသည်။

ယင်းသို့ဖြင့် သူတို့ ရွာသို့ ပြန်ရောက်ခဲ့ရသည်။ ပြန်ရောက်ပြီး နှစ်ရက်သုံးရက်အကြာတွင် သူ ရွာမှ ထွက်သွားသည်။ ဆယ့်ငါးရက်မျှ ကြာသည်။ ထိုအခါကျမှ သူမသည် ထမင်းလုံးတစ္ဆေ အခြောက်ခံရခြင်းမှ တစ်စစ ပြယ်သည်။

သူ ပြန်လာသည်တွင် မေးထူးခေါ်ပြော လုပ်သည်။ ထိုအခါ စိတ်တွင် အနောက်အယှက် ဖြစ်ရတော့သည်။ သူက အပြောတန်း အနေတန်းသွားတော့သည်။ ထို့နောက် ခရီးတစ်ခေါက် ထွက်ပြန်သည်။ သူမနှင့် ပို၍ စိမ်းဝေးသွားသည်။

နောက်ဆုံးတွင် သူမက ဖွင့်အံရတော့သည်။

"နင် ဘယ်လိုဖြစ်နေတာလဲ မောင်မျိုး။ နင် ဘယ်တွေ ဘယ်တွေ သွားနေတာလဲ။ ငါတို့ကို မပြောမဆိုဘဲနဲ့ နင် ဘာတွေ လုပ်နေတာလဲကော"

MMCYBERMEDIA
COMMUNITY FOR ALL

သည်တော့ သူက...
"ကျွန်တော်က တစ်ကောင်ကြွက်ပါ"

ထို့နောက် သူ ခရီးထွက်ပြန်သည်။ ပြန်ရောက်လာတော့လည်း သူမနှင့် တန်းတန်းစိမ်းစိမ်း နေသည်။ သူက စကား မစလာပြန်တော့လည်း သူမက မည်သို့မျှ မပြောတတ်။ အမေးရှိမှ အဖြေရှိရမည်။ ယခုတော့ မေးလာမည့်သူက မမေးတော့။ သူမက အဖြေကောင်းကို ပေးချင်သော်လည်း မည်သို့ ပေးရမည်နည်း။

ယခုဆိုလျှင် သူသည် ပြန်လာခြင်းပင် ရှိမှရှိပါတော့မည်လားဟု အောက်မေ့ရသည်။

သည်အတိုင်းဆိုလျှင် သူတို့နှစ်ယောက်စလုံး၏ ဘဝသည် ပျက်စီးခြင်းနှင့် အဆုံးတိုင်ရတော့မည်။ တစ်စတစ်စနှင့် အစ်ကိုရွှေဝါနှင့် အစ်မငယ် နှင်းမြူတို့ကဲ့သို့ ဖြစ်လာသည်။

သူသည် တောင်လေးလုံးတွင်လည်းကောင်း၊ မန္တလေးတွင်လည်းကောင်း ကိုရွှေဝါကဲ့သို့ အခြား အမျိုးသမီးတစ်ယောက်နှင့် မှောက်မှားအိမ်ထောင်ကျခဲ့လျှင်...

နန်းရင် ရင်ကို ဖိရသည်။ မနှင်းမြူ၏ ဒုက္ခဆင်းရဲခံခဲ့ရခြင်းများကို ရုတ်ခြည်း မြင်ယောင်မိသည်။ ကိုယ်တိုင် ခံစားရဘိသို့ ရှိသွားသည်။

သည်အခြေအတိုင်းဆိုလျှင်တော့ သည်တစ်ကြိမ် သူ ပြန်လာလျှင် သူက အမေးမပြုသည့်တိုင် ကိုယ်က အဖြေပြုရပေလိမ့်မည်။

မိုးသည် ပို၍ ပို၍ သည်းထန်လာနေသည်။

## အခန်း -၉၇-

ထမင်းပွဲသည် အမျိုးအမည်ပေါင်း များပြားလှသည်မဟုတ်သော်လည်း သူ့အရပ်သူ့ကာလနှင့် စာသော် ဖွယ်ဖွယ်ရာရာ ရှိလှသည်ဟု ဆိုနိုင်သည်။ အခေါက်ပါးလွှာသော တောဝက်သား၊ အရွက်အကြောကင်းသော ချေသားခြောက်၊ အသား ဟူ၍ သည်နှစ်ခွက်သာပါသည်။ ကျန်သည်များက အသီးအရွက် အပွင့်တို့ကို လော်ခြင်း၊ ချက်ခြင်း၊ သုပ်ခြင်း၊ အချို၊ အခါး၊ အဆိမ့်၊ အချဉ်၊ အစပ် စုံသည်။ အချို့ကိုမြင်ရုံနှင့်သိသည်။ အချို့ကို စားကြည့်မှ သိသည်။ အချို့ကို သူ မေးကြည့်ရသည်။ သူတို့ကလည်း သူ့အတွက် ကရိကထ ခံလွန်းသည်။ မှိုမျိုးစုံကို ငရုတ်သီးစပ်စပ်နှင့်ချက်သည်။ မျှစ်ချဉ်ခြောက်ကို အရည် သောက်ပြုသည်။ သရက်ရွက်ကို သုပ်သည်။ ကြောင်လျှာပွင့်များကို ပြုတ်သည်။ အမြစ်နများကို မန်ကျည်းသီးစိမ်းနှင့် ထောင်းသည်။ အချို့သည် ရာသီစာများ၊ အချို့သည် မတန်သီး၊ မတန်ပွင့်များ။

MMCYBERMEDIA
COMMUNITY FOR ALL

"အေးကွယ်။ ဟင်းမယ်တွေကလည်း စုံပါရဲ့။ ဟင်းစပ်ကလည်း ကောင်းပါရဲ့။ ကျွေးတဲ့လူတွေကလည်း စေတနာသန့်ပါရဲ့။ ဒါပေမဲ့ တို့များက အသက်ကြီးလာပြီကွယ့်။ တို့ကနန်း၊ ဆိတ်ကနန်းပဲ စားနိုင်တော့တယ်။ ငယ်ငယ်တုန်းကဆိုရင်တော့ လားကွယ်၊ ထမင်းပွဲတစ်ခုလုံး တက်တက်ပြောင်သွားမှာပ"

ယင်းသို့ပြောပြီး သူက လက်ဆေးသည်။ ရေသုတ်သည်။ အိမ်ရှင်များက မကျေနပ်စကားဆိုပြီး ထမင်းပွဲကို သိမ်းသည်။ လက်ဖက်ရည်နှင့် အချိုအချဉ်ပွဲများ ယူလာကြသည်။

"ဟောဒါလေးကို သုံးဆောင်ပါဦး။ မန္တလေးထိုးမုန့်ပါ"

"စားပါတယ် စောမြိုင်ရယ်။ ငါစားနိုင်သလောက်တော့ အကုန်စားပါ့မယ်။ ခက်တာကလည်း ငါ့ဗိုက်က နင်တို့မိန်းမတွေလို အစားစားလိုက်ရင် ကြီးမလာဘူး"

ဘကြီးမုံးက ယင်းသို့အရွှန်းဖောက်သောအခါ သူတို့အားလုံး ရယ်ကြသည်။ ရယ်ကြသည့်အထဲတွင် စောမြိုင်၏ သမီးအကြီး နန်းလုံသည် မျက်နှာရဲနေသည်။ သူမက ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်သည်။

"နင့်သမက်ကော မမြင်ပါလား စောမြိုင်"

"အလုပ်က မပြန်သေးပါဘူး"

စောမြိုင်ဖြေသည်။ နန်းလုံက ဖြည့်စွက်သည့်အနေဖြင့်...

"သူက ညပိုင်းကျတယ် အဘိုးမုံရဲ့"

"အေးအေး၊ တို့လည်း ဘာလိုလိုနဲ့ အသက်ကြီးလှပြီနော၊ စောမြိုင်တို့တောင် မြေးရတော့မယ်"

"ဘကြီးမုံးရဲ့ မြစ်အကြီးတောင် လူပျိုပေါက်ကလေးဖြစ်နေပြီပဲ"

"အေးကွယ်၊ ခက်တာက တစ်ခါတစ်ခါမှာ ကိုယ့်ကိုယ်ကိုယ် လူငယ်တစ်ယောက်လိုပဲ အောက်မေ့နေတယ်၊ လူငယ်တစ်ယောက်လိုပဲ သွားချင်တယ်။ လူငယ်တစ်ယောက်လိုပဲ လုပ်ချင်တယ်။ ဒါပေမဲ့ ဇရာက ထောင်းလာတော့ စိတ်သွားတိုင်း ကိုယ်မပါတော့ဘူး မောင်ထော်အိုင်ရဲ့"

ဘကြီးမုံးသည် တစ်ကိုယ်တည်း ညည်းတွားသလို ပြောနေရာမှ စောမြိုင်၏ခင်ပွန်းသည်ဖြစ်သူ ထော်အိုင်ဘက်သို့ လှည့်ပြောလိုက်သည်။

"ဟုတ် ဟုတ် ဟုတ်ကဲ့"

အမှတ်မထင်မို့ ထော်အိုင် လန့်သွားသည်။ သူက ဘကြီးမုံးပြောသည်တွင် စိတ်မဝင်စား၍ မဟုတ်။ ဘကြီးမုံးကို ကြည့်မြင်ရင်း ဘကြီးမုံးပြောသည်များကို နားထောင်ရင်းဖြင့် သူ့စိတ်များ အခြားသို့ လွင့်ပျံသွား၍ ဖြစ်သည်။ အတိတ်သို့ ရောက်သွား၍ ဖြစ်သည်။ သူ၏စိတ်အာရုံတွင် ရွှေဝါထင်လာသည်။ သူက ရွှေဝါကို လေးစားခင်မင်သည်။ ရွှေဝါက ဘကြီးမုံးကို လေးစားခင်မင်သည်။ ရွှေဝါ ပျက်စီးသည်ကိုကြားရသော် စိတ်မကောင်း။ ရွှေဝါ စိတ်နောက်သည်ကိုသိရသော် စိတ်ထိခိုက်၏။ ထိုမှတစ်ဖန် သူ့စိတ်များသည် လွန်ခဲ့သည့် အနှစ်သုံးဆယ်ကာလသို့ လွင့်မျောသွားပြန်သည်။ ရွှေဝါနှင့် သူတို့လူစု ဝမ်းတွင်းမှ ဆုတ်ခွာလာကြပုံ၊ အင်္ဂလိပ်တပ်စုတစ်စုကို တိုက်ခိုက်ချေမှုန်းလိုက်ကြပုံ၊

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဘိုတစ်ဝိုက်တွင် သူတို့လှည့်လည်တိုက်ခိုက်ပုံ၊ သူ၏ရဲဘက်တစ်ဦးဖြစ်သူ စိမ်ငုံတစ်ယောက် ဖရဲသီးအစားလွန်၍ ဝမ်းသွားသေဆုံးပုံ စသည်တို့တွင် အာရုံနစ်မျောနေစဉ် ဘကြီးမုံး၏အသံကို ရုတ်တရက်ကြားလိုက်ရသဖြင့် သူလန့်သွားခြင်း ဖြစ်သည်။

"ဘကြီးမုံး အခုအသက်ဘယ်လောက်ရှိပလဲ"

ထော်အိုင်က မေးသည်။

"တို့မျှား ၉၇ ခုသားဆိုတော့ အခု ၇၈ နှစ်ပ။ ပြီးခဲ့တဲ့ တန်ခူးလဆန်း ၇ ရက်နေ့က ပြည့်ခဲ့တာပ"

"ဒါဖြင့် ဘကြီးမုံး အခု ၉၇ နှစ်ထဲမှာပဲ"

နန်းလုံက တအံ့တဩမေးသည်။

"အေး"

"၈၀ ပြည့်တော့မှာပ"

နန်းလုံက ဆက်လက်ပြောဆိုသည်။ သည်အခါကျတော့ ဘကြီးမုံးက သူမကို အံ့သြသည့် မျက်လုံးစုံဖြင့် ကြည့်သည်။ သို့သော် နန်းလုံသည် ဘကြီးမုံး၏ အံ့အားသင့်မှုကို သတိမပြုဘဲ မခင်ဘက်သို့ လှည့်ကာ...

"နန်းလုံတို့ အဘိုးထက် ကြီးတာပနော်"

"နင်တို့အဘိုးက တို့မျှားအောက် သုံးနှစ်ငယ်တာပဲ"

"အခု နန်းလုံတို့အဘိုးက အိပ်ရာထဲမှာ လဲနေပြီ။ ဘုန်းကြီးကျောင်းတောင် မသွားနိုင်တော့ဘူး။ ဘကြီးမုံးအခုထက်ထိ တောင်လေးလုံးကနေ အင်းတော်ရောက်အောင် လျှောက်နိုင်သေးတယ်"

ဘကြီးမုံး ပြုံးနေသည်။

"နန်းလုံတို့တောင် ကောင်းကောင်း မလျှောက်နိုင်ဘူး။ မနှစ်က တောင်လေးလုံးသွားတာ ခြေဖဝါးတွေပေါက်ပြီး ရွာကျတော့ သုံးရက်လောက် မထနိုင်ဘူး"

"နင်တို့က ပြန်မှာမြို့မှာ မွေးတာကိုးကွယ့်။ တို့က တောင်ပေါ်မှာ တောမှာ မွေးတာကိုးကွယ့်"

"ဒါတော့ မပြောပါနဲ့ ဘကြီးမုံး။ ဘကြီးမုံးကတော့ သူများနဲ့ မတူပါဘူး။ အသားအရေ နည်းသလောက် အကြောအရိုးတွေ အားကောင်းတယ်နဲ့တူတယ်"

စောမြိုင်က ဝင်ပြောသည်။

"အကြောအရိုးမာတာထက် စိတ်မာဖို့က ပိုပြီးအရေးကြီးတယ်။ ဘကြီးမုံးက စိတ်သိပ်မာတယ်"

ထော်အိုင်က စဉ်းစဉ်းစားစားအမူအရာဖြင့် ဖြည့်စွက်သည်။

"ဒါပေမဲ့ကွယ်၊ ဟောဒီ ၇၅ ခုနှစ်ထဲမှာ တို့များ နည်းနည်းမှ မကျေနပ်ဘူး။ သွားတိုင်းမပေါက်၊ လုပ်တိုင်းမမြောက်ဘူး။ မောတတ်လာတယ်။ မျက်လုံးတွေကလည်း ကြည့်လို့မကောင်းဘူး။ နားလည်းကောင်းကောင်း မကြားရဘူး။ မြင်လည်း မမြင်ဘူး။ ဘွားခနဲတွေ့တော့မှပဲ အမိအရ ခုတ်ရတော့တယ်။ ကံကောင်းလို့ပေါ့ကွယ်။ တစ်ချက်တည်းနဲ့ သန်ကြောကို ခုတ်မိပေလို့ပေါ့။ ခွေးမသားကောင် ဖင်သီသွားတယ်"

ဘကြီးမုံးက စကားပြောနေရင်းပင် မောသည့်အလား ရပ်နား၍ လက်ဖက်ရည်ကို ဖြည်းဖြည်းမှုတ်သောက်သည်။

"အသက်ကြီးလာမှတော့ ဝေးဝေးလံလံတွေ မသွားနဲ့တော့ပေါ့ ဘကြီးမုံးရယ်။ အေးအေးဆေးဆေးပဲ ဥပုသ်သီတင်း စောင့်နေတော့ပေါ့။ ရွာကျောင်းမှာဖြစ်ဖြစ်၊ မန်လည်မှာပဲဖြစ်ဖြစ်ပေါ့"

စောမြိုင်က အကြံပေးသည်။ ဘကြီးမုံး ခေါင်းညိတ်သည်။ ထို့နောက် ခေါင်းခါသည်။

"စောမြိုင်ပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ခက်တာက စောမြိုင်ရယ်၊ တို့များအကြောင်း နင်တို့လည်း သိသားပဲ။ တို့များက တစ်ခုခုကိုလုပ်ရင် ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ပဲကွယ့်။ သေခါမှ သေရောပေါ့ကွယ်။ မသေဘဲနဲ့တော့ အားမလျှော့ချင်ဘူး။ အကြံမလျှော့ချင်ဘူး။ အိုကွယ် နောက်ဆုံးကုန်ကုန်ပြောရရင် နိဗ္ဗာန်ရောက်မယ်ဆိုတောင် ကျွန်ဘဝကနေတော့ မရောက်ချင်ဘူး။ သခင်ဘဝကပဲ ရောက်ချင်တယ်"

ရွှေဘို ထန်းလျက်ဖြူကို မြုံ့စားရင်း ဘကြီးမုံး လေးလေးနက်နက် ပြောသည်။ ထိုအခါ သူတို့အားလုံး ခပ်မဆိတ် ဖြစ်သွား ကြသည်။ အတွေးပြင်ကျယ်တွင် အသီးသီးနစ်မြုပ်ကုန်ကြသည်။ ထော်အိုင်သည် ကိုယ့်လိပ်ပြာကိုယ်မသန့် ဖြစ်မိသည်။ သူ့အကြောင်း သူ စမြုံ့ပြန်သည်။ ရွှေဝါနှင့် သူတို့ လမ်းခွဲခဲ့ကြသည်မှာ ၂၈ နှစ်မျှရှိပေပြီ။ ရွှေဝါက ရှိမ်းမကား ဗိုလ်ရိုင်နှင့် ကျန်ရစ်သည်။သူနှင့် အဖော်သုံးဦးက အထက်အရပ်သို့ ပြန်ခဲ့ကြသည်။ နောက်ပိုင်း အရေးတော်ပုံတိုက်ပွဲများ ပြင်းထန် လာပြန်သောအခါ သူက ဝန်းသိုစော်ဘွားကြီး လက်အောက်တွင်ပါဝင်၍ အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ခဲ့သည်။ ကျိုင်းခွင်တိုက်ပွဲတွင် ဒဏ်ရာပြင်းထန်စွာရသည်။ မသေရုံတမယ် ဖြစ်သည်။ တစ်နှစ်နီးပါးမျှ ဆေးဝါးကုသ မှီဝဲရသည်။ သို့ဖြင့် သူသည် နယ်ခြားသို့ တပ်ရွှေ့ကြရာတွင် ပါဝင်မသွားခြင်းဖြစ်သည်။သူသည် အရေးတော်ပုံတပ်များ ရွှေ့သွားရာ နောက်သို့ လိုက်ပါမသွားတော့သော်လည်း၊ အင်္ဂလိပ်အစိုးရနှာကြည်းမုန်းတီးသောစိတ်ကား ကုန်ဆုံးသွားခြင်း မရှိသဖြင့် အင်္ဂလိပ်တပ်များနှင့်သော် လည်းကောင်း၊ အင်္ဂလိပ်အစိုးရ အမှုထမ်းများနှင့်သော် လည်းကောင်း ပတ်သက်ခြင်းမှ တတ်နိုင် သမျှ ရှောင်ရှားသည်။ သူ့ကို ပုလိပ်ဘက်တွင် အမှုထမ်းရန် ပြောလာသည်ကို ပြတ်သားစွာ ငြင်းပယ်သည်။ မိဘရိုးရာဖြစ်သော လှေထောင်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရင်း စောမြိုင်နှင့် အိမ်ထောင်ကျသည်။

သူနှင့်စောမြိုင် အိမ်ထောင်ကျသည်မှာ လွယ်လွယ်ကူကူ မဟုတ်ချေ။ ထိုစဉ်က သူသည် အင်းတော်သို့ မရောက်သေးချေ။ သူ၏ဇာတိမြေဖြစ်သော ချိုးတောင်မှာပင် ရှိသေးသည်။ သူသည်အလုပ်ကိစ္စဖြင့် ကသာသို့ တစ်လတစ်ခေါက်ဆိုသလို သွားရောက်ရသည်။ သူတည်းခိုသည့်အိမ်နှင့် စောမြိုင်တို့အိမ်သည် ဘေးချင်းကပ်ဖြစ်သည်။ ဤတွင် သူနှင့်စောမြိုင် တွေ့ဆုံချစ်ကြိုက်ကြသည်။ထိုအခါ

MMCYBERMEDIA
COMMUNITY FOR ALL

ပြဿနာများစွာ ဖြစ်သည်။ စောမြိုင်၏ဖခင်နှင့် အစ်မတို့က သူနှင့်စောမြိုင်ကို သဘောမတူချေ။ သူတို့က စောမြိုင်ကို ရာဇဝတ်အုပ်တစ်ယောက်နှင့် ပေးစားရန်ကြံစည်နေကြသည်။ ထိုတွင်မှ သူက စောမြိုင်တို့မိသားစု၏ နောက်ကြောင်းကို သိရသည်။ သူတို့က သူကြည်ညိုလေးစားသော ဘကြီးမုံးတို့ရွာမှဖြစ်သည်။ ဘကြီးမုံးအကြောင်းကို ရွှေဝါထံမှ သူကြားသိထားဖူးသည်။ ဝန်းသိုတိုက်ပွဲများ ပြင်းထန်သောအခါတွင် ဘကြီးမုံးနှင့် သူတွေ့ဆုံခွင့်ရသည်။ ဘကြီးမုံးသည် ဝန်းသိုတပ်မှ မဟုတ်ချေ။ မဇ္ဈိုင်းဖြူဟု ထင်ရှားသောသမန်းမင်းသမီးကလေး၏ တပ်တွင် ဦးစီးဦးရွက်ပြုနေသူဖြစ်သည်။ သူတို့တပ်များသည် အင်္ဂလိပ်ကို ကိုယ့်ဘာကိုယ် သီးခြားတိုက်ကြသည်လည်း ရှိသည်။ တစ်ကြိမ်တွင် သူတို့တပ်များနှင့် မဇ္ဈိုင်းဖြူတို့တပ်များ အတူပူးပေါင်းလျက် အင်္ဂလိပ်တပ်စခန်းတစ်ခုကို ဝင်ရောက်စီးနင်းကြသည်။ ထိုပူးတွဲတပ်များ၏ တပ်မှူးချုပ်မှာ ဘကြီးမုံးပင်ဖြစ်သည်။ သူသည် ယခင်က ဘကြီးမုံး အကြောင်း အကြားသာဖြစ်ခဲ့သည်။ ထိုတိုက်ပွဲများကျမှ မျက်မြင်ဖြစ်ရသည်။ ပို၍ ကြည်ညိုလေးစားရသည်။

စောမြိုင်တို့၏ဖခင်သည် ဘကြီးမုံးနှင့် တစ်ရွာတည်းသား ဖြစ်သော်လည်း ဘကြီးမုံးတို့နှင့် တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွား မဟုတ်ချေ။ ပြဒါးတစ်လမ်း သံတစ်လမ်းများ ဖြစ်ကြသည်။ မြန်မာမင်းများ ရှိစဉ်ကပင် သူတို့သည် ဆန့်ကျင်ဘက်များ ဖြစ်ကြသည်။ တစ်ဦးက နယ်မြေလူထုကို ကိုယ်စားပြုသည်။ ဖိနှိပ်ချုပ်ချယ်ခံများကို ကိုယ်စားပြုသည်။ တစ်ဦးက အုပ်ချုပ် မင်းလုပ်သူများကို ကိုယ်စားပြုသည်။ ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်သည်။ ကျူးကျော်မှုနှင့်ခုခံတွန်းလှန်မှု တိုက်ပွဲများပြင်းထန် လာသောအခါ စောမြိုင်တို့မိသားစုသည် ရွာတွင် မနေရဲတော့ဘဲ အင်္ဂလိပ်အရေးပိုင်ရုံးစိုက်ရာ ကသာသို့ ပြောင်းရွှေ့ နေထိုင်ကြသည်။စောမြိုင်တွင် အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်ရှိသည်။ အစ်ကိုသည် အရေးတော်ပုံ မဖြစ်မီ ကတည်းက မဇ္ဈိုင်းဖြူတို့ ဆုံးမသုတ်သင်မည်ကို ကြောက်ရွံ့သဖြင့် ရွာမှထွက်ပြေးသွားသည်။ ယခုအထိ သူ့သတင်းကို သေသည်၊ ရှင်သည် မကြားရချေ။ စောမြိုင်၏အစ်မ စောကြိုင်မှာမူ ကသာသို့ရောက်ပြီး နှစ်နှစ်အကြာတွင် မြေတိုင်းစာရေး တစ်ယောက်နှင့် အိမ်ထောင်ကျသည်။ စောမြိုင်သည် ဖခင်နှင့် အစ်မတို့၏ ခြိမ်းခြောက်တားမြစ်သည့်ကြားမှ သူ့နောက်ကို ဖွတ်လိုက်ခဲ့သည်။ ချိုးတောင်တွင် သူတို့နေကြစဉ် စောကြိုင် တစ်ခေါက်နှစ်ခေါက် လိုက်လာပြီး ညီမကို ခေါ်သေးသည်။ စောမြိုင် ခေါင်းမာသည်။ နန်းလုံကို မျက်နှာမြင်ပြီးသောအခါတွင်မှ သူတို့ကိုခွဲရန် အကြံကို ဦးခွန်ကျန်နှင့် စောကြိုင်တို့ လက်လျှော့သွားကြခြင်းဖြစ်သည်။

နန်းလုံကို မွေးဖွားပြီး တစ်နှစ်အကြာတွင် အင်းတော်သို့ ပြောင်းရွှေ့အခြစိုက်သည်။ ဦးခွန်ကျန်သည် သမီးကြီးရှိရာ ကသာတွင် တစ်လှည့်၊ သမီးငယ်ရှိရာ အင်းတော်တွင် တစ်လှည့်နေထိုင်ရာမှ လွန်ခဲ့သည့်သုံးနှစ်ကမှ ရပ်ရွာလည်း အေးချမ်းပြီတစ်ကြောင်း၊ အသက်လည်း ကြီးပြီတစ်ကြောင်းဟုဆိုကာ ရွာသို့ပြန်သွားသည်။ သူက သေလျှင်ရွာတွင် သေလိုသည်ဟု ဆိုသည်။ နေ့လား ညလား သေတော့မည်ဖြစ်၍ မနစ်က သူတို့တောင်လေးလုံးသို့ လိုက်သွားကြသည်။ ဦးခွန်ကျန်ကား မသေသေး။ သို့သော် နာတာရှည်သမားကြီးအဖြစ်နှင့် အိပ်ရာပေါ်တွင် လဲနေသည်။ သူ့ကိုကြည့်ရသည်မှာ တကယ့်ဒုက္ခိတကြီးဖြစ်သည်။

ယင်းကြောင့်ပင် နန်းလုံက ဘကြီးမုံး၏ ကျန်းမာသန်စွမ်းမှုကို တအံ့တသြချီးကျူးခြင်း ဖြစ်သည်။ နန်းလုံသည် ဘကြီးမုံး အကြောင်း ကြားဖူးနားဝရှိသော်လည်း လူကိုယ်တိုင် တွေ့မြင်ဖူးသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။ လူကြီးများ၏ အဆိုအရ ဘကြီးမုံးသည် လွန်ခဲ့သည့်

MMCYBERMEDIA
COMMUNITY FOR ALL

အနှစ်အစိတ်ကျော်ကလည်း တရုတ်ပြည်နယ်စပ်သို့ ထွက်ခွာသွားခဲ့သည်ဟု ဆိုသည်။ ထို့နောက် ဆယ်နှစ်လောက်ကြာမှ တောင်လေးလုံးဘက်သို့ တစ်ခေါက်ပြန်လာသည်ဟု ဆိုသည်။ သို့သော် ရှည်ကြာစွာ နေထိုင်ရန် ပြန်ရောက်လာခြင်းလည်း မဟုတ်။ အလည်အပတ် ရောက်လာခြင်းလည်း မဟုတ်။ တိုက်ပွဲကာလက သိုဝှက်ထားသော လက်နက်များကို လာရောက် ဖော်ယူသွားခြင်း ဖြစ်သည်။ ထို့နောက် မိုးကောင်းမြို့ကို စီးနင်းတိုက်ခိုက်ရန် အကြံပျက်ပြားသွားသဖြင့် အထက်ခမ္ဘတီးကြီးသို့ တက်သွားသည်ဟု သိရသည်။ နောက်ခြောက်နှစ် လောက်အကြာတွင် တောင်လေးလုံးသို့ ပြန်ရောက်လာသည်။ သည်အခါတွင်ကား ဘကြီးမုံးသည် ရွာတွင် အခြေပြန်စိုက်သည်။ အရပ်တစ်ပါးသို့ ခရီးသွားလျှင် တစ်လတန်သည်၊ နှစ်လတန်သည်သာ ဖြစ်သည်။ ရွာမှာပင် အရှိများသည်။ သို့သော် ယမန်နှစ်က နန်းလုံတို့ တောင်လေးလုံးသို့ သွားစဉ်ကမူ ဘကြီးမုံးကို မတွေ့ခဲ့ရ။ အနောက်ချင်းတွင်းဘက် သွားနေသည်ဟု သိခဲ့ရသည်။ အင်းတော်သို့ ဘကြီးမုံး ရောက်ရှိလာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။ ဘကြီးမုံးကို နန်းလုံ အဝေးမှ တစ်ကြိမ်နှစ်ကြိမ်သာ မြင်ဖူးသေးသည်။ ယနေ့ညနေကျမှသာ အိမ်တွင် ထမင်းဖိတ်ကျွေးသဖြင့် အနီးကပ် တွေ့မြင်ရသည်။ ဘကြီးမုံးကို စကားပြောရသည်။ ဘကြီးမုံး၏အဆိုအမိန့်တို့ကို ကြားရသည်။ ဘကြီးမုံး၏ စကားလုံးများသည် သူ၏ရုပ်ဝတ္ထု သန်စွမ်းသည်ထက်ပင် ပိုမိုအားကောင်း ပြင်းထန်လှသည်။

"နိဗ္ဗာန်ရောက်မယ်ဆိုတောင် ကျွန်ဘဝကနေတော့ မရောက်ချင်ဘူး။ သခင်ဘဝကပဲ ရောက်ချင်တယ်"

အင်းတော်တွင် သည်အဘိုးကြီး ဘာတွေများ လုပ်ချေဦးမည်နည်းဟု နန်းလုံစဉ်းစားနေသည်။ သည်အဘိုးကြီး၏ သတင်းကတော့ သူရောက်သည့်နေ့မှာပင် အင်းတော်တစ်မြို့လုံးသို့ ပြန့်သွားသည်။ အစိုးရလူများနှင့် ပုလိပ်များ ယောက်ယက်ခတ်သွားသည်။ ဟိုမေး သည်စမ်း ပြုကြသည်။ လူငယ်လူရွယ်များလည်း အဘိုးကြီးကို သွား၍ တွေ့ကြသည်။ သူတို့သိလိုသည်များကို ကြားနာဆည်းပူးကြသည်။ အချို့သော စိုးရိမ်တတ်သူများ ရင်ခုန်ကြသည်။

ဘာများ ဖြစ်ချေဦးမည်နည်း။

"အဘိုးမုံး အခု ဒီကိုလာတာ အလည်လား၊ အပြီးလာတာလား"

နန်းလုံ မေးသည်။ သည်တော့မှ အတွေး၏ပြန့်ကျယ်တွင် နစ်မြုပ်နေသူများ ပြန်လည် လှုပ်ရှားလာကြသည်။ ဘကြီးမုံးကို ဝိုင်းဝန်း စူးစိုက်၍ ကြည့်ကြသည်။ အဘိုးကြီးက အေးဆေးစွာပင်အဖြေပေးသည်။

"ပျော်သလောက်ပကွယ်"
"ကိုပိတုန်းတို့ မလေးရင်တို့ကော လိုက်မလာကြဘူးလား"

စောမြိုင်မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒီနှစ်တော့ သူတို့မလာနိုင်ကြတော့ပါဘူး။ ဟိုမှာကလည်း အလုပ်အကိုင် သိပ်မကောင်းကြဘူး။ ဒီနှစ်သူတို့ ပင်လယ်ဘူးဘက်ဆင်းပြီး ဆားဝယ်ကြတယ်"

"မောင်ချစ်လှတို့ကော စားရေးနေရေး ကောင်းတယ်ထင်ပါရဲ့။ ကျွန်မတို့နဲ့ တစ်မြို့တည်းနေပေမဲ့ တောင်ဖျားမြောက်ဖျားမို့ တစ်ခါတလေမှ တွေ့ကြတယ်။ တွေ့ပြန်တော့လည်း အေးအေးဆေးဆေး စကားမပြောကြရပါဘူး"

"ကောင်းတယ်တော့ မဟုတ်ဘူးပကွယ်။ ဒီလိုပဲ လုပ်ကိုင်စားကြရတာပ။ သူ့မှာက ကလေးတွေကများတော့ သူ့မိန်းမတောင် ဈေးမှာ ဟင်းသီးဟင်းရွက်ကလေးတွေ ရောင်းရတယ်။ သူတို့ခြံထဲက ထွက်တာကလေးတွေပကွယ်"

"သူတို့အားလုံး ကလေးဘယ်နှယောက်လဲ"

"ငါးယောက်၊ ဒီကြားထဲမှာ ဟိုအငယ်ကောင်လေးက အချောင်လာစားနေသေးတယ်"

"ဘကြီးမုံးရဲ့ မြေးအငယ်ကို ပြောတာလား။ သူ့နာမည်က ဘယ်သူ၊ ချစ်ရလား ချစ်မြလား"

"ချစ်မြ"

"သူက ဘာမှမလုပ်ဘူးလား"

"ဒီကောင်က အလကား။ ပေါ်ကြော့ပါကွယ်"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ဘကြီးမုံးရယ်။ အလုပ်မရသေးလို့ ရှိတော့မပ။ မြို့မှာ အလုပ်တစ်ခု ရဖို့ကလည်း လွယ်တာမှ မဟုတ်ပဲ။ ဒါနဲ့ နှင်းမြူတစ်ယောက်ကော ဘကြီးမုံး။ ကြိုးကြာမှာပဲလား။ ကျန်းကျန်းမာမာပဲလား"

"အေးပ၊ အခုတော့ ကျန်းကျန်းမာမာပဲ။ မောင်ရွှေဝါလည်း ပြန်ရောက်လာပြီကိုး"

"သူတို့ အခု ပေါင်းနေကြတယ်နော"

"အေး"

"မောင်ကြီးရွှေဝါက စိတ်နည်းနည်းနောက်နေတယ်ဆို"

"အေး"

"မကုဘူးလား"

"ကုတာပကွယ်။ ကုလို့ အများကြီး သက်သာသွားတာပ။ ပြန်ရောက်ခါစကဆိုရင် အတော်ကြမ်းတယ် ဆိုပဲကွယ့်။ ဘိန်းစွဲတာကလည်း အရမ်းပဲ။ အခုတော့ ဘိန်းလည်း ပြတ်သွားပြီ။ အရက်လည်း ပြတ်သွားပြီ။ စိတ်မနှံ့တာလည်း လုံးလုံးမပျောက်ပေမဲ့ ပျောက်သလောက်ပါပဲကွယ်။ သူ့မိန်းမကိုလည်း သားမှတ်မှတ် မယားမှတ်မှတ်ပဲ။ လုပ်ငန်းကိုင်ငန်းတွေကိုလည်း အကျအန လုပ်တာပဲ။ အေး သူစိတ်ထိခိုက်တဲ့အခါမျိုးဆိုရင်တော့ စကားပြော ဖောက်လာတာပဲ။ ဒါကြောင့်မို့ သူစိတ်ထိခိုက်မယ့်ဟာမျိုးတွေ မပြောကြ မလုပ်ကြရဘူး"

"သူက ဘာကို စိတ်ထိခိုက်သလဲ"

"သူနဲ့ ဒါမှမဟုတ် သူ့ရှေ့မှာ အငြင်းအခုံပြောရင်၊ နောက်ပြီးတော့ သူနဲ့ ဒါမှမဟုတ် သူ့ရှေ့မှာ အတိုက်အခိုက်တွေ ဖြစ်ရင်ပကွယ်။ ဒီလိုမျိုးမဟုတ်ရင်တော့ သူကပကတိ လူကောင်းပဲ"

"ကောင်းပါတယ်။ နှင်းမြူလည်း မောင်ကြီးရွှေဝါကို အတော်ကြီးချစ်ရှာပါတယ်။ မောင်ကြီးရွှေဝါအတွက် အတော်ကြီး ဒုက္ခရောက်ရရှာတယ်။ ဒီအထဲ သူ့မိဘတွေကလည်း ဆုံးသွားတော့သူ့မှာ အားကိုးရာ မရှိဘူးပ"

"ကျွန်တော်တို့လည်း ရေ့နှစ်လောက်ကျရင်တော့ သူတို့ဆီသွားလည်ဦးမယ်။ နောင်ကြီးရွှေဝါဟာ ကျွန်တော်အင်မတန် လေးစားတဲ့ ဗိုလ်မင်းတစ်ယောက်ပဲ။ တစ်ချိန်ကတော့ သူဟာနလုံးရည်၊ လက်ရုံးရည် အင်မတန် ထက်မြက်တာပဲ"

အတန်ကြာ တိတ်ဆိတ်နေကြသည်။ နန်းလုံက လက်ဖက်ရည် ထပ်ဖြည့်သည်။ ဘကြီးမုံး လက်ဖက်စိမြုံ့နေသည်။

"အစ်ကိုရွှေဝါရဲ့ အမေကြီးကော"
"ရှိတယ်"
"ညီမနှစ်ယောက်ကော အိမ်ထောင်ကျကုန်ကြပြီလား။ ရွာလာတုန်းကတော့ ညီမက အရင် အိမ်ထောင်ကျမယ့်ပုံပဲ။ ကန့်ကလျလေးပဲ။ အစ်မကတော့ သမန်းမယ်လို ကျားကျားကြမ်းကြမ်းကြီးပဲ"

ဘကြီးမုံးက ပြုံးရယ်လျက်...
"ဟိုတုန်းကတော့ ဟုတ်မှာပကွယ်။ ဒါပေမဲ့ ရှင်တော်ဂေါတမ ဟောကြားတဲ့အတိုင်း လောကကြီးမှာ ဘယ်အရာမှ မမြဲဘူးကွယ်။ ပြောင်းလဲတဲ့ ပညတ်သဘောရှိတယ်။ နင်တို့ထင်ထားသလို နည်းနည်းမှ မဟုတ်ဘူး။ အားလုံးပြောင်းပြန်ပဲ။ အကြီးက အရင်အိမ်ထောင်ကျတယ်။ အိမ်ထောင်နှစ်ဆက်ရှိတယ်။ အခု နောက်အိမ်ထောင်နဲ့ မိုးကောင်းမှာနေတယ်။ သူ့အိမ်ထောင်က စာရေးကြီးကွယ့်။ အငယ်မက အိမ်ထောင်ကျတာ အခုမှ လေးငါးခြောက်နှစ်လောက်ပဲ ရှိသေးတယ်"
"ဒါဖြင့် သူ့အိမ်ထောင်ကျတော့ ဘယ်ငယ်တော့မလဲ"
"အေးပ၊ လေးဆယ်နားရောက်နေပြီပဲ"
"ဩော် ဩော်"

ထို့နောက် သူတို့ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ အသိအကျွမ်းများအကြောင်း ပြောကြသည်။ လောလောလတ်လတ်အကြောင်းများ ပြောကြသည်။ အတန်ငယ် ညည့်နက်မှ ဘကြီးမုံး ပြန်မည်ပြုသည်။

"ဘကြီးမုံးတစ်ယောက်တည်း ပြန်လို့ ဖြစ်ပါမလား။ လိုက်ပို့ရမလား"
"ငါပြန်နိုင်ပါတယ်။ ဒါလောက်တော့လည်း ငါသွားနိုင်လာနိုင်ပါသေးတယ်။ ငါထင်သလောက် မသွားနိုင်မလုပ်နိုင်တော့တာ"
"ဘကြီးမုံးက ဘယ်ကိုများ သွားချင်လုပ်ချင်သေးလို့လဲ"

နန်းလုံက ဆိုးဆိုးဆတ်ဆတ် မေးလိုက်သည်။ ဘကြီးမုံး ရုတ်တရက် မဖြေသေးဘဲ မေးခွန်းထုတ်သူကို စူးစိုက်၍ ကြည့်နေသည်။ သူ့မျက်လုံးများသည် ကျားပျိုတစ်ကောင်၏ မျက်လုံးများကဲ့သို့ပင် ရှိနေသည်။ နန်းလုံသာမက ထော်အိုင်နှင့် စောမြိုင်တို့ပါ တုန်လှုပ်ခြင်း ရှိနေသည်။ ခဏကြာမှ ဘကြီးမုံး လေသံမှန်မှန်ဖြင့် ပြောသည်။

"စောစောက တစ်ခါပြောခဲ့ပြီကောကွယ်။ နိဗ္ဗာန်ရောက်မယ်ဆိုတောင် ကျွန်ဘဝက မရောက်ချင်ဘူး။ သခင်ဘဝကပဲ ရောက်ချင်တယ်"

## အခန်း -၉၈-

MMCYBERMEDIA
COMMUNITY FOR ALL

ဘကြီးမုံး ရောက်ကတည်းက ချစ်လှတို့အိမ်သည် စည်ကားလျက်ရှိသည်။ ဘကြီးမုံးကို မမြင်ဖူး၍ လာကြည့်သူများလည်း ရှိသည်။ ဘကြီးမုံးပြောပြသော ရှေးဟောင်းနှောင်းဖြစ်များကို ကြားလို၍ လာသူများလည်း ရှိသည်။ အမှန်တော့ ချစ်လှ ကိုယ်တိုင်လည်း အပေါင်းအသင်းဆံ့သူတစ်ဦးဖြစ်သည်။ လူငယ်များက သူ့ကို နောင်ကြီး နောင်ကြီးနှင့် တရိတသေ တလေးစားစား ရှိကြသည်။ သို့သော် ချစ်လှသည် မီးရထားပြာတာ တစ်ဦးမျှသာ။ တစ်ခုပဲ ရှိသည်။ အင်းတော်သို့ သူရောက်လာသည်မှာ ကြာပြီ။ အချို့လူငယ်များ မမွေးမီကတည်းက သူရောက်သည်။ အကြောင်းသိ လူကြီးများကလွဲလျှင် သူ့ကို အင်းတော်သားဟုပင် မှတ်ယူကြသည်။ အင်းတော်သို့ သူရောက်ခဲ့သည်မှာ ၁၈ နှစ်မျှ ကြာချေပြီ။ မီးရထားဌာနတွင် ပြာတာဖြစ်ခဲ့သည်မှာ ဆယ့်ခြောက်နှစ်ပြည့်ချေပြီ။

ဆယ့်ခြောက်နှစ်သားအရွယ်တွင် သူ တောင်လေးလုံးမှ ထွက်ခဲ့သည်။ ဗန်းမော်တွင် တစ်လခန့်နေပြီး အင်းတော်သို့ ဆင်းခဲ့သည်။ အလုပ်အကိုင်အတည်တကျမရှိဘဲ နှစ်နှစ်မျှ ချာချာလည်နေသေးသည်။ နောက်ဆုံးတွင်မှ မီးရထားဌာနတွင် အလုပ်ရသည်။ အလုပ်ရပြီး လပိုင်းမျှအကြာတွင် မီးရထားအလုပ်သမားကြီးတစ်ဦး၏ သမီးဖြစ်သော အေးညိုနှင့် အိမ်ထောင်ကျခဲ့သည်။ အမှန်တော့ အေးညို၏ဖခင်ကြောင့်ပင် သူအလုပ်ရရှိခဲ့ခြင်းဖြစ်သည်။ အေးညို၏ဖခင်သည် ဤမီးရထားလမ်းများကို ဖောက်စဉ်ကတည်းကပင် နေ့စား ယာယီအလုပ်သမား အဖြစ်လည်းကောင်း၊ ပုတ်ပြတ် အလုပ်သမားအဖြစ်လည်းကောင်း၊ လခစား အလုပ်သမားအဖြစ်လည်းကောင်း အဆင့်ဆင့် ပါဝင်လုပ်ကိုင်ခဲ့သူဖြစ်သည်။

အေးညိုသည် အိမ်ထောင်ကျသည့်အချိန်တွင် အသက် ၁၆ နှစ်မျှသာ ရှိသေးသော်လည်း အိမ်ထောင်ထိန်းသိမ်းမှု တတ်ကျွမ်းသည်။ အသုံးအစွဲ ကျစ်လျစ်သည်။ သို့သော် ကလေးသုံးယောက်မျှ ရရှိသောအခါတွင်ကား ရသည့်လခနှင့် ကုန်သည့်စရိတ် မကာမိရှိ၍ တစ်ဖက်တစ်လမ်းမှ ဈေးရောင်းရသည်။ စားသောက်ပင်များကို ကိုယ်တိုင် စိုက်ပျိုး၍ ကိုယ်တိုင်ရောင်းချခြင်းဖြစ်သည်။ သည်သို့ဖြင့် သူတို့အိမ်ထောင်သက် ၁၆ နှစ်မျှ ရှိခဲ့ပြီဖြစ်သည်။ လောလောဆယ် သားငါးယောက် ရှိသည်။ မကြာမီတွင် ကလေးတစ်ယောက် ရချေဦးမည်။ အေးညို၏ကိုယ်ဝန်သည် အတော်ရင့်နေပြီ ဖြစ်သည်။ သို့သော် သူတို့လင်မယားသည် ညည်းတွားခြင်းမရှိ။ လောကဓံကို ကြံ့ကြံ့ခံလျက်ရှိသည်။ အိမ်တွင် လူပိုများ ရှိသည့်အတွက်လည်း ငြူစူခြင်း လုံးဝမရှိကြချေ။ သူတို့အိမ်တွင် ချစ်မြရောက်သည်မှာ နှစ်နှစ်မျှရှိသွားချေပြီ။ ချစ်မြကို ကျွေးထားရသည့်အတွက် အေးညိုမည်သို့မျှ ကန့်ကွက်ပြောဆိုခြင်း မရှိချေ။ ချစ်လှကသာ ရံဖန်ရံခါ မြည်တွန်တောက်တီးခြင်းပြုသည်။ သို့ရာတွင် ကျွေးထားရသည့်အတွက်ကား မဟုတ်ချေ။ ဘာအလုပ်မျှ ရေရေရာရာ မလုပ်ဘဲ ပေါ်ကြော့ နေသည့်အတွက် ဖြစ်သည်။

ချစ်မြသည် ယခုအခါ အသက် ၃၀ ပြည့်ပြီးဖြစ်သော်လည်း အလုပ်ဟူ၍ မည်မည်ရရ လုပ်ဖူးသည်မရှိချေ။ မိန်းမဟူ၍လည်း အတည်တကျ ယူဖူးသည် မရှိချေ။ သို့သော် ဟိုစပ်စပ် သည်စပ်စပ်များ လုပ်ဖူးသည်။ ဟိုအပျိုကြီး၊ သည်မုဆိုးမနှင့် စသည်ဖြင့် မကြာခဏ ရှုပ်ယှက်ဖူးသည်။ သူ အင်းတော်သို့ ရောက်မှပင် အစ်ကိုဖြစ်သူက နှစ်ကြိမ်မျှအလုပ်သွင်းပေးသည်။ မမြဲချေ။ ဇံဒါဗယာများ၍ ထွက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသို့ဖြင့် ချစ်မြသည် အစ်ကို့အိမ်တွင် အခံ့သားစား၍ ရပ်ထဲရွာထဲတွင် ဟိုကြော့ကြော့ သည်ရှုပ်ရှုပ် လုပ်နေသည်။ သူက အခံ့သားမှ တကယ့်အခံ့သားဖြစ်သည်။ ရေခပ်ပေးပါဆိုလျှင်လည်းမရ။ ထင်းခွဲပေးပါဆိုလည်း မရ။ ကလေးကြည့်ပေးပါ ဆိုလျှင်လည်း စိတ်မချရ။ ကြော့ကြော့လုပ်လုပ် လုပ်နေသည့်နေရာတွင်တော့ ပထမတန်းဖြစ်သည်။ သူ့တွင်ရှိသည့် ဝတ်ကောင်းစားလှများကိုသာမက ထသွားလာသွားရှိမှ ဝတ်ရန်ထားသော တိုက်ပုံအင်္ကျီများကိုလည်း ယူ၍ ဝတ်ပစ်သည်။ ရှုပ်သည့်နေရာတွင်လည်း အမျိုးမျိုး အပေါင်အနံ့ အလျော်အစားတွေလည်း ရှိသည်။ အမျိုးသမီးများနှင့် မရှင်းမရှင်း များလည်း ရှိသည်။ လက်တစ်လုံးခြား ပြုမူပြောဆိုသည်များလည်း ရှိသည်။ သည့်ထက် ပို၍ဆိုးသည်ကား မျက်နှာဖြူ ဗိုလ်များနှင့် ရောရောထွေးထွေး ပြုခြင်းပင်ဖြစ်သည်။ မျက်နှာဖြူဗိုလ်များအမဲလိုက်သွားရာတွင် လိုက်ပါသည်။ လမ်းပြသည်။ တောခြောက်ရန် လူရှာပေးသည်။ ဗိုလ်ဖြူများ စားသောက်ရန် ကြက်ဥနှင့် နွားနို့များ ရှာပေးသည်။ မိန်းမပျိုကလေးများကိုပင် ဖြားယောင်းသွေးဆောင်ပေးသည်ဟု ဆိုသည်။

ထိုသတင်းများကို ကြားသောအခါ ချစ်လှက အပြင်းအထန် ပြစ်တင်မောင်းမဲသည်။ သည်တော့လည်း သူက ဘာမျှ ပြန်မပြော။ အငြင်းမပွား။ မခန့်လေးစား မပြု။ ရံခါတွင် နောင်တစ်ကြိမ် မပြုတော့ပါဟုပင် ဝန်ခံတောင်းပန်တတ်သည်။ သို့သော် သူ့စကားသည် ခွေးမြီးကောက်တွင် ကျည်တောက်စွပ်ခြင်းသာ။ သို့သော် ချစ်မြသည် အဘိုးဖြစ်သူကိုတော့ ကြောက်သည်။ မျက်နှာချင်းမဆိုင်ရဲ။ ဘကြီးမုံးရောက်ကတည်းက အိမ်တွင်နေသည်ဟူ၍ မရှိ။ ဘယ်မှာ သွားအိပ်သည် မသိ။ ဘယ်မှာ သွားစားသည်မသိ။ ဘကြီးမုံး မရှိချိန်လောက်တွင်သာ အိမ်သို့ ခဏတစ်ဖြုတ် ပြန်လာတတ်သည်။ ရှိသည်ကို စား၍ တွေ့သည်ကို ဝတ်ကာ ချက်ချင်းပြန်ထွက်သွားတတ်သည်။

"ဒီအစုတ်အနုပ်ကို အိမ်မလာစေနဲ့။ တစ်ခါတည်း မောင်းထုတ်လိုက်။ ဒီလိုသတ္တဝါမျိုးကို ကျွေးထားရတာ အလကား ဆန်ကုန်တာပဲ။ ခွေးကိုကျွေးထားတာကမှ ဟောင်ဖော်ရသေးတယ်။ ကြောင်ကို ကျွေးတာကမှ ကြွက်ခုတ်ဖော်ရသေးတယ်။ ဒီလိုအကောင်မျိုး လူ့ပြည်မှာ ရှိနေတာကတော့ အလကားမြေကြီးလေးတာပဲ"

တစ်နေ့တွင် ဘကြီးမုံးက ဒေါသဖြင့် ပြောသည်။ ထိုအခါကျတော့လည်း ချစ်လှက စိတ်ဖြေစကားဆိုသည်။

"အဲဒီလို အပြတ်ပြောလိုက်ပြန်လဲ ဒီကောင် တစ်ခါတည်း ပျက်စီးသွားမှာ။ မပြန်လမ်းကို ရောက်သွားမှာ။ ဒါကြောင့်မို့ သူ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး မျှဉ်းပြီး ဆုံးမသွားရမှာပ အဘိုးရယ်"

"တခြားဟာတွေကိုတော့ ငါသည်းခံနိုင်ပါတယ်။ ဒါပေမဲ့ မျက်နှာဖြူတွေရဲ့ နောက်တော်ပါး ကျွန်ဖြစ်နေတာကိုတော့ ငါနည်းနည်းမှ သည်းမခံနိုင်ဘူး။ သူ့ဟာက မလွှဲသာလို့ ဆက်ဆံရတာမျိုး၊ မနိုင်လို့ ချီရတာမျိုး မဟုတ်ဘူး။ သူကိုက ဆားဖြူးလျှာရက် လုပ်နေတာ။ ကျွန်မှ တကယ့်ကျွန်အရင်းခေါက်ခေါက်"

အေးညိုကတော့ မြေးအဘိုးနှစ်ယောက်ကြားတွင် မည်သို့မျှ ဝင်မပြောဘဲရှိသည်။ ထို့အတူ ညီအစ်ကိုနှစ်ဦးကြားတွင်လည်း ဘာမျှ ကြားခံခြင်းမပြုချေ။ ချစ်မြ၏ အပြုအမူများကို မနှစ်မြို့က်သော်လည်း စားသရွေ့တော့ ကျွေးနေသည်။ ဝတ်သရွေ့တော့ ကြည့်နေသည်။ သူမဘက်က တာဝန်မပျက်စေရ။ ဘကြီးမုံးနှင့် ပတ်သက်၍တော့ အထူးပြောဖွယ်ရာ မရှိချေ။ လိုလိုလားလား လေးလေးစားစား

MMCYBERMEDIA
COMMUNITY FOR ALL

ကျွေးမွေးဝတ်ပြုသည်။ တစ်သက်လုံးနေသွားလျှင် တစ်သက်လုံး ပြုစုသွားမည်ဖြစ်သည်။ သို့သော် သူတို့အိမ်တွင် သည်အဘိုးကြီး တစ်သက်လုံးနေမည်မဟုတ်သည်ကို သူမလည်းသိသည်။ အားလုံးကလည်း သိပေသည်။ လောကဝတ်ရှိသည်နှင့်အညီ သူမက ဖိတ်မန္တကပြုသည်ကိုပင် ဘကြီးမုံးက သူပြောနေကျစကားဖြင့် အဖြေတုံ့ပြန်သည်။

"အဘိုးမှာ မသေခင် လုပ်စရာတွေ ရှိသေးတယ် ငါ့မြေး။ နိဗ္ဗာန်ရောက်မယ်ဆိုတာတောင် ကျွန်ဘဝနဲ့တော့ မရောက်ချင်ဘူး"

ပြောသည့်အတိုင်းလည်း ကြိုးပမ်းအားထုတ်မှု ပြုနေသည်။ တိုင်းတစ်ပါး လူမျိုးခြားတို့၏ မတရားအုပ်ချုပ်မင်းလုပ်မှုကို တွန်းလှန်ဖြိုဖျက်ရန်အတွက် လူငယ်များကို အမြဲတမ်း လှုံ့ဆော်စည်းရုံးလျက်ရှိသည်။ သူ့ထံသို့ လာရောက်ကြသော လူငယ်များကို ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေရန်အတွက် မြန်မာလူမျိုးတို့၏ ထွန်းပြောင်သော တိုက်ပွဲများ၊ မြန်မာအာဇာနည်များ၏ တောက်ပသော စွမ်းဆောင်ချက်များ၊ စည်းလုံးညီညွတ်မှုရှိစေရန်အတွက် တိုင်းရင်းသားလူမျိုးတို့ အတူတကွ ရန်းကန်တိုက်ခိုက်ခဲ့မှုများ၊ တစ်မြေ တစ်ရေ တစ်နွယ်တည်းမှ ဆင်းသက်ပေါက်ဖွားလာပုံများ၊ တိုက်ရည်ခိုက်ရည်နှင့် စစ်ပရိယာယ်များ ကြွယ်ဝစေရန်အတွက် တိုက်ပွဲအတွေ့အကြုံများကို စိတ်ရှည်လက်ရှည် ပြောပြတတ်သည်။ နယ်ချဲ့မိစ္ဆာများနှင့် တိုင်းရင်းသား သစ္စာဖောက်များကို ခါးခါးသီးသီး နာကြည်းမုန်းတီးမှု ရှိစေရန်အတွက် သူတို့၏ ယုတ်မာရက်စက်မှုများ၊ ဖိနှိပ်ချုပ်ချယ်မှုများ၊ လုယက်သိမ်းယူမှုများ၊ ကပ်ရပ်ညာဝါးပုံများ၊ လိမ်ညာလှည့်ဖြားပုံများ၊ သွေးခွဲသပ်လျှိုမှုများ အစုံစုံ အဖုံဖုံကို လိပ်ပတ်လည်အောင် ရှင်းပြတတ်သည်။ ဘကြီးမုံး၏ ပြောပြချက်များကို လူငယ်လူရွယ်များက လေးလေးစားစား နာယူမှတ်သားကြသည်။ ချစ်လှက စိတ်မထွေး နားမရှင်း မဖြစ်စေရန် လိုသည့်နေရာတွင် ဖြည့်စွက်ထောက်ခံ၍ ပြောဆိုတတ်သည်။ သို့သော် တစ်ညခင်းတွင်တော့ မြေးအဘိုးနှစ်ယောက် အချင့်အယူ မတူ၍ အချီအချ ပြောကြရသည်။

ယင်းကား အောက်ပြည်အောက်ရွာတွင် တစ်စထက်တစ်စ အရှိန်အဟုန် အပြန့်အကျယ် ကြီးမားကောင်းမွန်လာသော အမျိုးဘာသာ သာသနာ စည်ပင်တိုးတက်ရေး လှုပ်ရှားမှုများနှင့် ပတ်သက်၍ ထိုပြဿနာကို အစပြုသည်မှာ ချစ်လှ။ သူသည် များမကြာမီတွင် အလုပ်တာဝန်ဖြင့် စစ်ကိုင်း၊ မန္တလေးသို့ ရောက်ခဲ့ရသည်။ ထိုမှ အခြေအနေများကို သိလာရသည်။ သူက မလွှဲသာ၍ အင်္ဂလိပ်တို့ထံတွင် အလုပ်လုပ်ရသော်လည်း မျိုးချစ်စိတ်ကား မပျက်ချေ။ ဇာတိမာန်ကား မကျိုးမပေါက်ချေ။ သူ့တွင် နိုင်ငံကိုချစ်သည့်စိတ်၊ ဘာသာကို မြတ်နိုးသည့်စိတ်၊ လူမျိုးကို တွယ်တာသည့်စိတ်များ အပြည့်အဝရှိသည်။ သူ့တွင် မဟုတ်မခံသည့်စိတ်ရှိသည်။ တစ်ကြိမ်တွင် သူ့အထက် ကုလားအရာရှိတစ်ဦးက သူ့ကို အနိုင်အထက်ပြုသည်။ ရိုက်မောင်းပုတ်မောင်းပြုသည်။ သူက ဒေါသဖြင့် ပြန်လှန်တိုက်ခိုက်သည်။ ထိုအရာရှိ ခါးကျိုးသွားသည်။ သူတော့ အလုပ်ပြုတ်ပြီဟု အားလုံးထင်ကြသည်။ သို့သော် အဆုံးအဖြတ်ပြုသောအခါ သူနိုင်သည်။ နောက် တစ်ကြိမ်တွင်ကား ဂေါ်ရာစစ်သား နှစ်ယောက်နှင့် ဖြစ်သည်။ ရထားပေါ်တွင် လိုက်ပါလာသော သံဃာတော်နှစ်ပါးကို ယင်းစစ်သားများက သူတို့ကို နေရာဖယ်မပေးရကောင်းလားဆိုပြီး အတင်းဆွဲချသည်။ ထိုစစ်သားနှစ်ယောက်ကို သူက ခြေမြန်လက်မြန် ဆုံးမလိုက်သည်။ ထိုအခါမှ အခြားသူများလည်း ဝိုင်းအုံလာသည်။ ပုလိပ်များလာရောက်၍ ထိန်းရသည်။ ပုလိပ်များနှင့် အရပ်သားများ ပဋိပက္ခဖြစ်ကြမည်ပင် ရှိသည်။ လူကြီးများက တောင်းပန်ရသည်။ ထိုအရေးအခင်းတွင်လည်း ချစ်လှတစ်ယောက်တော့ အလုပ်ပြုတ်ပြီဟု လူတွေက ယူဆသည်။ သို့သော်

သူအလုပ်မပြုတ်ချေ။ အင်္ဂလိပ်များ ဤကိစ္စတွင် အရပ်သားများကို အရေးယူမှုပြုလိုက်လျှင် ဘာသာရေးအုံကြွမှု ဖြစ်လာမည်ကို သိချေသည်။ ယင်းကြောင့် စစ်သားနစ်ဦးကိုသာ တပ်စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူသည်။ ယင်းသို့ အရေးယူ အပြစ်ပေးကြောင်းကိုလည်း အရပ်သားများ သိစေသည်။ ထိုအခါတွင် လူအများက အစိုးရကို လေးစားကြသည်။ ချစ်လှကိုလည်း ချီးကျူးကြသည်။ သို့သော် ချစ်လှသည် မလွှဲသာမရှောင်သာသဖြင့်သာ အင်္ဂလိပ်တပ်သားများ၊ အင်္ဂလိပ်အစိုးရ၏ အရာရှိများနှင့် ပဋိပက္ခ ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းမှတစ်ပါးကား အင်္ဂလိပ်အစိုးရကို လက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်ရန် စိတ်အားထက်သန်လှခြင်း မရှိပေ။ လောလောလတ်လတ် အခြေအနေတွင် ယင်းသို့တိုက်ခိုက်၍လည်း အောင်မြင်မှု ရနိုင်လိမ့်မည်ဟု မယုံကြည်ပေ။ မိမိတို့သာ ပိုမို၍ ပျက်စီးဆုံးပါးသွားစရာ ရှိသည်ဟု ယူဆသည်။ ယင်းသို့ အယူအဆရှိလာသည်မှာ အင်္ဂလိပ်တို့ အသိဉာဏ်ကြွယ်ဝမှုနှင့် လောကဓာတ်ပညာတတ်မြောက်မှုများတွင် အုံသြခြင်း၊ အထင်ကြီးခြင်း ရှိလာ၍ဖြစ်သည်။ အင်္ဂလိပ်တို့သည် မိမိတို့ထက် အဘက်ဘက်တွင်သာလွန်သည်ဟု မှတ်ယူလာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူ၏သဘောထားမှာ အင်္ဂလိပ်တို့ကို တိုက်ခိုက်တွန်းလှန်လိုလျှင် အင်္ဂလိပ်တို့ကဲ့သို့ပင် လောကဓာတ်ပညာများ ပြည့်စုံကြွယ်ဝအောင်လည်း ကြိုးပမ်းအားထုတ်ရမည်ဟု အယူရှိသည်။ သည်အတွင်းတွင် မိမိတို့၏ အမျိုးသားရေး စိတ်ဓာတ်၊ ဘာသာအယူဝါဒရေး စိတ်ဓာတ်များ တက်ကြွလာအောင် ကြိုးပမ်း အားထုတ်ရမည်ဟု ခံယူသည်။ ယင်းကြောင့် သူသည် သားများကို လောကဓာတ်ကျောင်းတွင် ထားသည်။ သူကိုယ်တိုင်လည်း ဗဟုသုတ ရှာမှီးသည်။ ရေနွေးငွေ့စက်ခေါင်း၏ လျှို့ဝှက်ဆန်းကြယ်မှုများကို လေ့လာသင်ကြားသည်။ ရန်ကုန်မှ ရိုက်နှိပ်ဖြန့်ချိသော တစ်ပတ် သုံးကြိမ်ထုတ် သူရိယသတင်းစာကို မှန်မှန်ဖတ်သည်။ သာသနာတော်ကို စောင့်ရှောက်ရန်အတွက် မန္တလေးမြို့တွင် ဖွဲ့စည်းသော ဗုဒ္ဓသာသနာအသင်း၊ မြန်မာ့ ယဉ်ကျေးမှုနှင့် လောကဓာတ်ပညာရပ်များကို ယှဉ်တွဲသင်ကြားရေးအတွက် ယင်းအဖွဲ့မှ ကမကထပြု၍ တည်ထောင်ထားသော ဗုဒ္ဓသာသနနုဂ္ဂဟအထက်တန်းကျောင်း၊ ယင်းအပြင် အနောက်နိုင်ငံများတွင် ဖွဲ့စည်းထားရှိသော ဝိုင်အမ်စီအေခေါ် ခရစ်ယာန် ကလျာဏယုဝအသင်းများနည်းတူ မြန်မာပြည်တွင်လည်း မိမိတို့ အမျိုးသားများ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းများ တည်ထောင်ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့တို့၏ အစည်းအဝေးများအကြောင်း၊ ယင်းအဖွဲ့အစည်းတို့၏ ပြုမူဆောင်ရွက်မှုများတွင် များစွာမှ စိတ်ဝင်စား စိတ်အားထက်သန်လျက် ရှိလေသည်။ ဤအရပ်ဒေသတွင် ဝိုင်အမ်ဘီအေ အသင်းခွဲတစ်ခု တည်ထောင်ရန်ပင် ကြံဆလျက်ရှိသည်။

ယင်းအဖွဲ့ကြီး၏ အမှုဆောင်လူကြီးများကိုလည်း အထူးပင် လေးစားအားကျလျက်ရှိသည်။ သူတို့သည် အင်္ဂလိပ်စာနှင့် ဘီအေ၊ အမ်အေဘွဲ့ကြီးများ ရရှိနေကြသည်။ အစိုးရဘက်တွင် ရာထူးကြီးများ ရရှိနေကြသည်။ ဝတ်လုံတော်ရကြီးများ မင်းတိုင်ပင် အမတ်ကြီးများ ဖြစ်နေကြသည်။ ထိုနေ့ညနေတွင်လည်း ချစ်လှက လူငယ်များကို မကြာမီက ရန်ကုန်မြို့တွင် ကျင်းပပြီးစီးသွားသော ဒုတိယအကြိမ်မြောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း အစည်းအဝေးကြီးအကြောင်းကို အားပါးတရ ပြောပြလျက်ရှိသည်။

"ငါတို့ရဲ့ အမျိုးဘာသာ သာသနာ မပျောက်အောင် ရန်ကုန်က ဘီလပ်ပညာတတ် မြန်မာပညာရှိကြီးတွေက ဘယ်လို ကြိုးပမ်းအားထုတ်နေသလဲဆိုရင် မြန်မာပြည်မှာ ရှိရှိသမျှ စာသင်ကျောင်းတွေ၊ အကျဉ်းထောင်တွေမှာ ဗုဒ္ဓဘာသာတရားတွေ သင်ကြားရအောင် လုပ်နေကြတယ်။

MMCYBERMEDIA
COMMUNITY FOR ALL

နောက်ပြီးတော့ ကဆုန်လပြည့်နေ့ဟာ ဗုဒ္ဓနေ့မဟုတ်လား။ တို့မြန်မာဘုရင်ရှိတုန်းကဆိုရင် ဒီနေ့မှာ ပွဲကြီးလမ်းကြီးတွေ တခြိမ့်ခြိမ့် မဟုတ်လား။ အခုလည်း အင်္ဂလိပ်အစိုးရက ဒီအတိုင်းလုပ်ပေးအောင် ဝိုင်အမ်ဘီအေလူကြီးမင်းတွေက အစိုးရမင်းဆီမှာ တောင်းဆိုနေကြတယ်။ နောက်ပြီးတော့ တစ်ခါ" ချစ်မြ၏စကားပြတ်သွားသည်။ အပြင်သို့သွားနေသော ဘကြီးမုံး ပြန်ရောက်လာသောကြောင့် ဖြစ်သည်။ လူငယ်များက ဘကြီးမုံးကို နေရာဖယ်ပေးကြသည်။

"ထိုင်ကြ၊ ထိုင်ကြ။ အဘိုး ဒီမှာပဲ ထိုင်မယ်။ ဒီနေရာက လေရတယ်"

ဘကြီးမုံးက ကွပ်ပျစ်စွန်းတွင် ခြေတစ်ဖက်ချ၍ ထိုင်ရင်းပြောသည်။

"အဘိုး ဘယ်က ပြန်လာတာလဲ"

ချစ်လှက မေးသည်။

"ဘယ်ကမှ မဟုတ်ပါဘူးကွယ်။ ခြေညောင်း လက်ဆန့်ပါပဲ။ တစ်နေ့လုံး ကိုယ်တွေလက်တွေ ကိုက်တာနဲ့ အိပ်ရာထဲ လှဲနေတာ မပျောက်တဲ့အပြင် ခေါင်းတွေပါ အုံလာတယ်။ ဒါနဲ့ မဖြစ်ချေဘူးဆိုပြီး ရထားလမ်းအတိုင်း လမ်းလျှောက်တာ ဆည်ရွာအထိ ရောက်သွားတယ်"

"ရွာထဲဝင်သေးသလား"

"မဝင်ပါဘူး။ ရွာထိပ်ကပဲ ပြန်လှည့်လာခဲ့တယ်။ နင်တို့ ရောက်နေတာ ကြာပလား"

လူငယ်များဘက်သို့လှည့်၍ ဘကြီးမုံးမေးသည်။ လူငယ်တစ်ယောက်က...

"ဟုတ်ကဲ့၊ တော်တော်စောစောကတည်းကပဲ။ ဆဒ္ဒန်တိုက်ပွဲအကြောင်း ဘကြီးမုံး ဆက်ပြောမယ်ဆိုလို့ ကျွန်တော်တို့လူစုပြီး လာကြတာ။ ဘကြီးမုံးမတွေ့တာနဲ့ နောင်ကြီးချစ်လှနဲ့ပဲ စကားကောင်းနေကြတယ်"

"ဘာတွေများ စကားကောင်းနေကြသလဲ"

"စကားကောင်းဆိုပေမဲ့ ကျွန်တော်တို့က ပြောတာမဟုတ်ပါဘူး။ နောင်ကြီးချစ်လှကချည်း ပြောတာပါ"

"နင်တို့နောင်ကြီးက ဘာတွေပြောသလဲ။ အောက်ပြည်က အသင်းတွေနဲ့ အောက်ပြည်က ဘီလပ်ပညာရှိတွေ အကြောင်းလား"

လူငယ်များ တစ်ယောက်ကို တစ်ယောက်ကြောင်အမ်း၍ ကြည့်နေကြသည်။

"သူတို့ကို ပြီးခဲ့တဲ့ နှစ်ကြိမ်မြောက် အစည်းအဝေးကြီးရဲ့ ဆုံးဖြတ်ချက်တွေကို ပြောပြနေတာပါ"

"ငါ့မြေးကလည်း ဒါတွေကို အဟုတ်ကြီး ထင်နေတာကိုးကွယ်။ အရေးကြီးတာက ကိုယ့်အမေကို မတရားလုယူသွားတဲ့ လူဆိုးတွေရဲ့လက်က ပြန်ရဖို့ပဲကွယ့်။ လူဆိုးတွေရဲ့လက်ထဲမှာ ကိုယ့်အမေ သနပ်ခါးလိမ်းရဖို့၊ ဝတ်ကောင်းစားလှ ဝတ်ရဖို့ဆိုတာက အကောင်း မဟုတ်ဘူးကွယ့်၊ အဆိုးကွယ့်"

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ အဘိုးရယ်။ ကျွန်တော်တို့လည်း ဒီကောင်တွေကို ကိုယ့်ပြည် ကိုယ့်ရွာကနေ တစ်ခါတည်း မောင်းထုတ်ပစ်ချင်တာပ။ မောင်းလည်း ထုတ်ခဲ့ကြတယ် မဟုတ်လား။ ဒါပေမဲ့

MMCYBERMEDIA
COMMUNITY FOR ALL

လက်နက်ချင်း၊ ငွေအင်အားချင်း၊ အကြံဉာဏ်ချင်း မတူတော့ ကျွန်တော်တို့အကြံအစည် အထမမြောက်ဘဲ ကျွန်တော်တို့မှာသာ လုံးပါးပါးခဲ့ရတယ်မဟုတ်လား။ ကျွန်တော်တို့က ဒီကောင်တွေကို မောင်းထုတ်ဖို့ ကြိုးစားနေတဲ့အချိန်မှာ တခြား လူတွေက၊ တိုင်းသူပြည်သား လူအများက သူတို့ကို သခင်လုပ် အသိအမှတ်ပြုလာကြတယ် မဟုတ်လား။ သူတို့ရဲ့ ကျွန်ကောင်းကျွန်ရင်းဖြစ်ဖို့ ကြိုးစား အားထုတ်နေကြတယ် မဟုတ်လား။ အဆိုးဆုံးကတော့ သူတို့ရဲ့ လက်နက်အား၊ အကြံဉာဏ်အားကို ဘယ်လိုမီအောင် လိုက်ရမယ်၊ ဘယ်လိုအတုယူရမယ် ဆိုတာကို မစဉ်းစားဘဲနဲ့ သူတို့ရဲ့ အစားအသောက်၊ သူတို့ရဲ့ အဝတ်အစားနဲ့ သူတို့ရဲ့ ဘာသာဓလေ့တွေကို အတုယူလိုက် မှားလာကြတယ်"

ချစ်လုစကားရပ်၍ သူ့အဘိုးကို အကဲခတ်သည်။ အဘိုးကြီး နားထောင်နေမှန်းသိမှ ဆက်ပြောသည်။

"အဘိုးလည်း မြင်နေတာပဲ။ အခုလူငယ်တွေ ဘာလုပ်လာကြသလဲ၊ ဆံပင်တွေ ဖြတ်ပစ်ကြတယ်။ ဘောင်းဘီတွေဝတ်ပြီး ဖော့ဦးထုပ်တွေ ဆောင်းကြတယ်။ ဘွတ်ဖိနပ်တွေ စီးကြတယ်။ ဒါက အရေးမကြီးလှသေးဘူး ထားဦး၊ ကိုယ့်ဘာသာကို ကိုယ်ပစ်ပယ်လာကြတယ်။ ဘုရား၊ တရားကို ကြည်ညိုရမှန်းမသိဘူး။ လူကြီးသူမတွေကို လေးစားရမှန်း မသိဘူး။ ကုလားဖြူတွေ၊ ကုလားမည်းတွေ ပြောတဲ့ လုပ်တဲ့အတိုင်း လိုက်လုပ်လာကြတယ်။ ဒါတင်မကဘူး။ ကိုယ့်ဘာသာကို စွန့်ပြီး သူတို့ဘာသာထဲတောင် ဝင်ကုန်ကြပြီ။ ဘာသာပြောင်းတဲ့နေရာမှာ ရှမ်းတွေ ဗမာတွေထက် ကချင်တွေက များတယ်။ အရင်တုန်းကဆိုရင် အင်္ဂလိပ်ကို ဆန့်ကျင်ဘက်ပြုတဲ့နေရာမှာ ရှေ့ဆုံးကရှိတယ်။ အခုဆိုရင် ခပ်ဖယ်ဖယ် လုပ်လာကြပြီ။ ခရစ်ယာန်ဘာသာထဲ ဝင်ပြီး အင်္ဂလိပ်ဘုန်းကြီးတွေရဲ့စကား နားထောင်ပြီး ဘုရားသခင်အကြောင်း ပြောလာကြတယ်။ ဂျော့ဘုရင်မင်းမြတ်ဟာ ဘုရားသခင်ရဲ့အလိုတော်အရ မြန်မာပြည်က အောက်ကျနောက်ကျ ဖြစ်နေတဲ့လူတွေကို ကြည့်ရှုစောင့်ရှောက်နေတာ ဖြစ်တယ်လို့ ပြောလာကြတယ်"

ဘကြီးမုံး အံ့သြနေသည်။ သူ့မြေး ဤမျှ စကားပြောတတ်နေသည်ကို မယုံကြည်နိုင် ဖြစ်နေရသည်။ ဤသူငယ် ငယ်ငယ်က စကားနည်းလှသည်။ အေးပလေ၊ မြစ်တွေ၊ ချောင်းတွေ၊ ရေကြောင်းတွေပြောင်းသလို လူတွေကလည်း ပြောင်းနေကြတာပ။ ချစ်လု သူ့စကားကို ဆက်သည်။

"အဘိုး စဉ်းစားကြည့်လေ။ ကိုယ့်အမျိုးကို၊ ကိုယ့်ဘာသာကို၊ ကိုယ့်သာသနာကို အထင်မကြီး မလေးစားဘဲနဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး လွတ်လပ်အောင် ဘယ်လိုလုပ်မလဲ။ အင်္ဂလိပ်တွေရဲ့ အမျိုးဘာသာ သာသနာကို အထင်ကြီးနေရင် ဒီအင်္ဂလိပ်တွေကို ဘယ်သူက ဘယ်တော့ မောင်းထုတ်ဦးတော့မလဲ။ ကြာရင် အမျိုးဘာသာ သာသနာပျောက်ပြီး လုံးဝကျွန်သဘောက် ဖြစ်သွားရမှာပ။ ဒါကြောင့်မို့ အောက်ပြည်အောက်ရွာက ပညာရှိလူကြီးတွေက အမျိုးသားရေး၊ ဘာသာရေး၊ သာသနာရေးတွေကို အားထုတ်လှုံ့ဆော်နေကြတာပ။ ဒီကနေမှတစ်ဆင့်တက်ပြီး ဒီအင်္ဂလိပ်ကောင်တွေကို ကျွန်တော်တို့ မောင်းထုတ်ကြရမှာ။ ဒီလို မောင်းထုတ်နိုင်အောင်လည်း ကျွန်တော်တို့ဟာ လောကဓာတ်ပညာတွေ၊ အုပ်ချုပ်ရေးပညာတွေ၊ ခေတ်ပညာတွေကိုအများကြီး သင်ကြ မှတ်ကြရဦးမယ်"

ချစ်လုသည် စကားပြီးဆုံးသွားပြီဟူသည့် အထိမ်းအမှတ်ဖြင့် လက်ဖက်ရည်ပူပူကို စိမ်ပြေနပြေ သောက်နေသည်။ လူငယ်များက အဘိုးကြီး မည်သို့ပြန်လည်ချေပမည်နည်းဟု စောင့်မျှော်နေကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ဘကြီးမုံးသည် ရုတ်တရက် စကားမပြန်ဘဲ ခေါင်းတဆတ်ဆတ် လုပ်နေသည်။ ချစ်လှ လက်ဖက်ရည်သောက်ပြီးသွားတော့မှ သူပြောသည်။ ဖြည်းဖြည်းနှင့် အေးအေးပင်။

"ငါ့မြေးကြီးက အတော်ကို စကားတတ်ပြီး အတော်ကို ပြောနိုင်နေတာကိုးကွယ့်။ ကောင်းပါတယ် အေး။ ငါ့မြေးပြောတာမှာ ဟုတ်တာမှန်တာတွေ အများကြီးပ။ တို့များကလည်း ဆင်ကန်းတောတိုးတွေ မဟုတ်ပါဘူး။ တို့များဘာဖြစ်လို့ အရေး နိမ့်ရတယ်ဆိုတာကို စဉ်းစားပါတယ်။ နားလည်ပါတယ်။ အင်္ဂလိပ်တွေမှာ အသိဉာဏ်ကြွယ်တယ်၊ လောကဓာတ်ပညာ ရှိတယ်၊ လက်နက်ကောင်းတယ်ဆိုတာ တို့သိပါတယ်။ တို့သွေး တို့သားထဲက လောက်ထွက်တာတွေလည်း အများကြီးပါပဲ။ လူတစ်ပိုင်း မျောက်တစ်ပိုင်းဖြစ်နေတာတွေ တို့မျက်စိထဲမှာ ပိုးဝင်နေသလိုပဲကြည့်လို့ကိုမရဘူး။ အဲဒီလို ဖြစ်ရတာကိုက ဒီကောင်တွေ တို့မြေပေါ်မှာ ရှိနေလို့ပဲကွယ့်။ ဒီကောင်တွေမရှိရင် ဒီအကျင့်တွေ ဒီအဝတ်တွေ ဘယ်မှာ အမှောင့် ပယောဂ ဝင်မလဲကွယ့်။ အရေးကြီးတာက ဒီကောင်တွေ တို့တိုင်းပြည်မှာ မတရား မင်းလုပ်တာပဲကွယ့်"

"ဟုတ်ပါတယ်။ အဘိုးပြောတာကို ကျွန်တော်တို့ မငြင်းပါဘူး။ ကျွန်တော်တို့လူကြီးတွေ အခုလုပ်နေကြတာကလည်း အားမွေးနေကြတာ။ သတ္တိမွေးနေကြတာပါ"

"တို့များကတော့ ဒီလိုမထင်ဘူးဟေ့။ ကိုယ့်အသားကို ဖဲ့စားသွားတဲ့ ကျားဆီမှာ ဟိုအရိုးလေး ပြန်ပေးပါဦး။ ဒီအသားတစ်ကလေး ပြန်အန်ပါဦးလို့ တောင်းနေတာမျိုးပဲ"

"တစ်စချင်း တစ်ဖဲ့ချင်း ပြန်တောင်းရင်းနဲ့ တစ်ခုလုံးပြန်ရရင်ကော အဘိုးရယ်"

ကြောက်မက်ဖွယ်ကောင်းအောင် အဘိုးကြီး ရယ်သည်။

"ကိုယ့်ဆီက သူလိုချင်လို့ သူလုယူထားတဲ့ပစ္စည်းကို မျက်ရည်ခံထိုးပြီး တောင်းလို့ ရပ့ါမလားကွယ်။ သူတို့ဟာ ဒီကျွန်းသစ် တွေ၊ ရေနံတွေ၊ ရွှေတွေ၊ ငွေတွေကို လိုချင်လို့ ယူဇနာ အသိန်းအသောင်း ဝေးတဲ့နေရာကလာပြီး ငွေအကုန်ခံ၊ လူအသေခံ၊ လက်နက်အဆုံးခံပြီး နှစ်ပေါင်းများစွာ အကြိတ်အနယ် တိုက်ယူထားတာကို အလကားပြန်ပေးမတဲ့လား။ ဘုရင်မင်းမြတ်ကို ဘုရားသခင် မ ပါစေလို့ နင်တို့လူကြီးတွေ ဖင်နီတာထွက်အောင် အော်နေရုံနဲ့ သူတို့က ပြန်ပေးမတဲ့လား"

"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်မလဲ အဘိုး"

ချစ်လှက အနည်းငယ် မကျေမနပ်လေသံဖြင့် မေးသည်။

"တို့ တိုက်ရမှာပ။ တခြား ဘာလုပ်ရမလဲ။ သူတို့က တို့ပစ္စည်းကို တိုက်ယူထားတယ်။ ဒါကို တို့က ပြန်တိုက်ယူရမယ်"

"ဘယ်လိုတိုက်ရမလဲကော"

"အေး၊ နင်က နင့်သခင်တွေကို အထင်ကြီးနေတာကိုး။ နင့် သခင်တွေမှာ စစ်တပ်ကြီးတွေရှိတယ်။ လက်နက်ကောင်းတွေ ရှိတယ်။ ငါတို့တိုက်လို့ မနိုင်နိုင်ဘူးလို့ စွဲနေတာကိုး။ ငါတို့ကလည်း ဒါတွေကို မသိ မဟုတ်ဘူး။ သိတယ်။ သိလို့လည်း အခုလိုနေတာပ။ ဘယ်အချိန်မှာ ဘယ်လိုတိုက်ရမလဲဆိုတာ ဆင်ကြံ ကြံနေတာပ။ ဒင်းတို့ တစ်သက်လုံး မိုးမကောင်း နိုင်ပါဘူး။ ကြွေတစ်လှည့် ကြက်တစ်ခုန်ပကွယ်"

ဘကြီးမုံး ဒေါသဖြစ်မှန်းသိ၍ ချစ်လှ မပြောတော့။ ဘကြီးမုံး ဆက်ပြောသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါလည်း သူရိယသတင်းစာ ဖတ်ပါတယ်။ နင်တို့လူကြီးတွေ ဘာတွေလုပ်နေတယ်ဆိုတာ သိပါတယ်။ မင်္ဂလာဆောင်တွေမှာ လက်မဖွဲ့ရဘူးတဲ့။ ဘာဆိုင်သလဲ။ သေရည်သေရက် မသောက်ရဘူးတဲ့။ ဒါ ဘုန်းကြီးတွေ ပြောရမယ့်အလုပ်ပဲ။ ဇာတ်သဘင်တွေမှာ ရုန့်ကြမ်းတဲ့ တေးသီချင်းတွေ မပါရဘူးတဲ့။ ဒါနဲ့ပဲ အင်္ဂလိပ်တွေက သူတို့ပြည်ကို သင်္ဘောစီးပြီး ပြန်သွားကြမှာလား"

"အမျိုးဘာသာ သာသနာကို ချစ်တတ်မှ တိုင်းခြားလူမျိုးခြားက မတရားလုပ်တာကို ပယ်ထုတ်ရမှန်း သိတော့မပ"

ချစ်လှ မရဲတရဲ ပြောသည်။

"အေး၊ နင်တို့ကို ငါ နောက်ဆုံးပြောမယ်။ ဒီကောင်တွေ ရှိနေသမျှ ငါတို့ရဲ့ အမျိုးဘာသာ သာသနာပျက်စီးမှာပဲ။ ဒီကောင်တွေ မရှိအောင်ကလည်း ဒီကောင်တွေကို တောင်းပန်လို့မရဘူး။ တိုက်ထုတ်မှပဲ ရမယ်။ တိုက်ရမယ်။ ဒီကောင်တွေကို တိုက်ရမယ်။ ချက်ကောင်းကို စောင့်နေပြီး မိလောက်တဲ့အချိန်မှာ အသေတိုက်ရမယ်"

ဘကြီးမုံး မာမာပြတ်ပြတ် ပြောသည်။

"ကျွန်တော်တို့လည်း ချက်ကောင်းကို စောင့်နေတုန်းမှာ ကိုယ့်တပ်မပျက်အောင် ထိန်းတာပါ။ ကိုယ့်တပ်အင်အားကောင်း လာအောင် သူတို့ရဲ့ ပညာရပ်တွေကို သင်တာပါ"

"နင်တို့ အယူမမှားကြနဲ့ ချစ်လှ။ ကိုယ့်တပ်အင်အား မကောင်းဘဲ ကျွန်သက်ရှည်တာပဲ ဖြစ်လိမ့်မယ်။ သူတို့ရဲ့ပညာ များများ တတ်တော့ သူတို့ရဲ့ ကျွန်ကြီးကြီးဖြစ်တာပ။ ကျွန်သေးတာနဲ့ ကျွန်ကြီးတာ ဖယားထူးတဲ့နေရာမှာတော့ အတူတူပါပဲ။ နင်တို့လို ပြာတာတွေကလည်း မျက်နှာဖြူကို ဖယားထူးရတာပါပဲ။ နင်တို့ထက်ကြီးတဲ့ မြို့အုပ်ကြီးတွေ ဝန်ထောက်ကြီးတွေကလည်းမျက်နှာဖြူကို ဖယားထူးရတာပါပဲ။ အေး၊ ငါတို့ကတော့ ဘုရင်မင်းမြတ်ကို ဘုရားသခင် မ ပါစေလို့ ဘယ်တော့မှ မဆိုဘူးဟေ့။ တိုက်ရင်း အသေခံသွားမယ်"

မြေငလျင် မဟည်းဘဲ ကမ္ဘာမြေကြီး သိမ့်သိမ့်တုန်သွားသည်။

## အခန်း ၉၉-

ထိုသူ၏ ထူးခြားချက်သည် နှုတ်ခမ်းမွေးပင်ဖြစ်သည်။ အသားအရေမှာ ထူးခြားလှသည် မဟုတ်။ အနည်းငယ်ဝင်းလတ် သော်လည်း ခြုံ၍ ပြောရလျှင် လူညိုချောမျှသာ။ အရပ်အမောင်းအလုံးအဖန်လည်း ကောင်းလှပါသည်။ ယောက်ျားကြီးတစ်ယောက် ပီသသည်။ သို့သော် သည်လိုအရပ်အမောင်း အလုံးအဖန်မျိုး ရှားပါလှသည်ကား မဟုတ်ချေ။ သို့သော် သည်လိုနှုတ်ခမ်းမွေးမျိုးကျတော့ တစ်ရာတစ်ယောက် မဆိုထားဘိ၊ တစ်ထောင်တစ်ယောက်ပင် မရှိချေ။ သူ၏နှုတ်ခမ်းမွေးများသည် သူ၏နားပေါက်အတွင်းသို့ လျှိုသွင်းဝင်လောက်အောင်ပင်ရှည်လျားသည်။ ယင်းနှုတ်ခမ်းမွေး ကြောင့်ပင်

MMCYBERMEDIA
COMMUNITY FOR ALL

သူ၏ရုပ်ရည်သည် ခံ့ညားခြင်းဖြစ်သည်။ သူ့ကို လူတွေက လေးစားခံ့ညားခြင်း ဖြစ်သည်။ နောက်ဆုံးတွင် မင်းဖြစ်နိုင်သည့် လူတစ်ယောက်ဟုပင် ပြောလာကြသည်။

သူကား မောင်ဆေးပုံတည်း။

သို့သော် ဘကြီးမုံးသည် မောင်ဆေးပုံကို မသိချေ။ မြေးဖြစ်သူ၏ မိတ်ဆွေ အပေါင်းအသင်း တစ်ယောက်ဟုသာ မှတ်ထင်သည်။ မြေးဖြစ်သူထံသို့ လာရောက်သည်ဟုသာ တွက်ယူသည်။ ထို့ကြောင့်…

"မောင်ချစ်လှ မရှိဘူးကွယ့်။ သူ့မိန်းမနဲ့ ကလေးအငယ်သုံးယောက်လည်း အခုပဲ ထွက်သွားကြတယ်။ အကြီးနှစ်ကောင်လည်း ဘယ်ထွက်သွားကြတယ် မသိဘူး။ ကိစ္စကြီးရင်တော့လည်း ထိုင်ဦးကွယ်။ အခုပဲ ပြန်လာကြမှာပ"

"အဘိုးက ဘကြီးမုံးဆိုတာလား"

ထိုလူရွယ်က မေးသည်။

"အေးပ"

"ကျွန်တော်လာတာ အဘိုးနဲ့တွေ့ရအောင်ပါ"

ထိုအခါ ဘကြီးမုံးသည် လူရွယ်ကို စူးစိုက်၍ ကြည့်သည်။ ထူးခြားသော နှုတ်ခမ်းမွေးက သူ့ကို ဆွဲဆောင်သည်။ သည်မျက်နှာပေါက်မျိုးကို သူမြင်ဖူးသည်ဟု ထင်သည်။ စဉ်းစား၍မရ။

"ကိုရင်က ဘယ်ကလဲကွယ့်"

"ကျွန်တော်က ဆေးပုံပါ။ ကျွန်တော့်ကိုတော့ ဘကြီးမုံး မြင်ဖူးမှာမဟုတ်ဘူး။ ကျွန်တော်ကတော့ ဘကြီးမုံးကိုမြင်ဖူးပါတယ်။ ဒါပေမဲ့ ဟိုတုန်းကပါ။ အနှစ် အစိတ်လောက်တုန်းကပါ။ အဲဒီတုန်းက ကျွန်တော်က လူပျိုပေါက်ကလေးပဲ ရှိသေးတာပဲ။ ဘကြီးမုံးကလည်း အများကြီး ပျိုသေးတာပဲ။ အခုတော့ အများကြီးအိုသွားပြီ။ ဒါကြောင့်မို့ ကျွန်တော်စောစောက မသေချာလို့ ငေးကြည့်နေတာ"

"အေးအေး"

ဘကြီးမုံးက ထိုသူကိုလည်း မသိ၊ ထိုသူ၏လာရင်းကိစ္စကိုလည်း မသိသဖြင့် စကားအလွန်အကျံ မပြောဘဲ အင်းအဲမျှသာ ပြုသည်။

"ကျွန်တော် အခု ဘကြီးမုံးကို လာခေါ်တာ"

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မျက်လုံးပြူးသွားသည်။ သို့သော် အံ့အားသင့်မှုကို ဖုံးကွယ်ကာ…

"ဘယ်ကိုလဲကွယ့်။ ဘာကိစ္စလဲကွယ်"

"အင်းတော်မှာ ဘကြီးမုံး ရောက်နေတယ် ကြားကတည်းက လာခေါ်မလို့ပဲ။ အင်းတော်ကို မရောက်လည်း တောင်လေးလုံးကို လာခေါ်မှာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"နေပါဦးကွယ့်။ နင့်ဥစ္စာအရင်းမရှိ အဖျားမရှိ။ တို့များ ဘာမှနားမလည်ကော"

ထိုစဉ်တွင် ချစ်လှ အလုပ်မှပြန်ရောက်လာသည်။ မောင်ဆေးပုံကို မြင်သော် ဝမ်းသာအယ်လဲ နှုတ်ဆက်သည်။ သည်တော့မှ ဘကြီးမုံး ရင်တွင် အနည်းငယ် အေးသွားသည်။ လူစိမ်းလူငယ်သည် မယုံကြည်စရာ မဟုတ်။ မြေးဖြစ်သူ အကြောင်းသိ အရာသိ။

"အဘိုး သူ့ကိုမသိဘူးလား"

"အေးပါ။ မသိလို့ တို့များအခု မေးနေတုန်းရှိတယ်"

"သူက နန်းစော်လော်က သူကြီးဦးဖောင်ရဲ့ သမက်လေ"

"အေး၊ တို့က သိမှမသိဘဲကိုး။ ကိုရင်ဖောင်နဲ့ မတွေ့တာဘဲ ကြာလှပြီကော။ တို့များ အရှေ့ဆမားဘက်ကို ထွက်သွားတော့ သူက နန်းမားမှာပဲ။ သူတို့ နန်းစော်လော်ရွာကို တည်တာလည်း တို့များမရှိမှ တည်ကြတာမဟုတ်လား"

"ဟုတ်ပါတယ် ၆၀ ခုနှစ်ကမှ တည်တာပါ"

"အေး၊ တို့များ အရှေ့ဆမားကို သွားတာက ၅၂ ခုနှစ်မှာပဲ။ အေး အေး၊ အခုနင်တို့ရွာ အတော်စည်ကားနေပလား"

"စည်ကားပါတယ်"

"သူကြီးကတော့ ကိုရင်ဖောင်ပဲပ"

"ဟုတ်ကဲ့"

"နင်က ဘယ်သူ"

"ဆေးပုံ"

"အေး၊ မောင်ဆေးပုံကလည်း နန်းမားကပဲလား"

ဤတွင် ချစ်လှက ကြားဝင်၍...

"သူက ဝန်းသိုကပါ အဘိုး။ စော်ဘွားလေးနဲ့ အနွယ်စပ်တယ်"

"အေး၊ ဒါကြောင့်မို့ ဒီမျက်နှာမျိုး ငါမြင်ဖူးတယ်လို့ထင်တာကိုး။ မောင်အောင်မြတ်နဲ့ မျက်နှာချင်းအတော်ဆင်တာပဲ"

"ဒါကြောင့် သူ့ကို မင်းလောင်းလို့တောင် တချို့လူတွေက ပြောနေတယ်"

ချစ်လှက ပြောသည်။ ဤတွင် မောင်ဆေးပုံက ကပျာကယာ လက်ဝါးကာ၍...

"မင်းလောင်းက ကျုပ်မဟုတ်ပါဘူး။ ကျုပ်တို့ဆီမှာ မင်းလောင်းတစ်ယောက် ရောက်နေတယ်"

"ဘယ်သူလဲ"

"မိုးညှင်းကပါ။ ဒါကြောင့် အခု အဘိုးမုံးကို လာခေါ်တာပ"

ဘကြီးမုံး မျက်မှောင်ကြုတ်သည်။

"တို့များက ဘာလုပ်ရမှာလဲ။ မင်းလောင်းကို ဖူးရမှာလား"

"အို မဟုတ်ပါဘူး။ အဘိုးမုံးနဲ့ တိုင်တိုင်ပင်ပင် ပြုချင်ကြလို့ပါ"

"ဘယ်သူကလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ရွာကလူကြီးတွေ အားလုံးကပါပဲ"

ဘကြီးမုံး အတန်ငယ် စဉ်းစားဟန်ပြုပြီး...

"အခုတလော တဘောင်တစ်ခု ပေါ်နေတယ်နဲ့တူတယ်။ ကလေးတွေဆိုနေသံ ကြားမိတယ်။ ဘာကွယ့် မိုးကောင်း မိုးညှင်း ဘာဖြစ်ဆိုလား။ နန်းစော်လော်လည်း ပါတယ်"

ချစ်လှက ဖြေသည်။

"မိုးညှင်း မိုးကောင်း မင်းလောင်းပေါ်၊ နန်းစော်လော်မှာ စစ်"

"အေး၊ တို့ငယ်ငယ်တုန်းကလည်း တဘောင်တွေ ခဏခဏပေါ်ပါတယ်။ မင်းလောင်းတွေ ခဏခဏပေါ်ပါတယ်။ နောက်ဆုံးကျတော့ ဒီမင်းလောင်းတွေဟာ မိဖုရားတွေနဲ့ စည်းစိမ်ခံပြီး ဗျာန်လျှော့သွားကြတာပဲ"

ဘကြီးမုံး ပြောပုံ ရှင်းလင်းပြတ်သားလှသဖြင့် မောင်ဆေးပုံ မျက်နှာပျက်သွားသည်။ အသံ အက်အက်ခါခါဖြင့်...

"ကျွန်တော်ကတော့ မင်းလောင်းမဟုတ်ပါဘူး"

ထိုအခါ သူ့ကို ဘကြီးမုံး စေ့စေ့စပ်စပ်ကြည့်၍...

"မောင်ဆေးပုံရဲ့ အင်္ဂါရုပ်ကို ကြည့်ရတာတော့ တည်ကြည်ခံ့ညားပြီး ယောကျ်ားပီသပါတယ်။ သတ္တိဗျတ္တိလည်း ရှိပုံပါပဲ။ အရေးကြီးတာက သတ္တိရှိပြီး သစ္စာတရားကြီးဖို့ပဲကွယ့်။ သူတစ်ပါးရဲ့ အကျိုးစီးပွားကို ကိုယ့်အကျိုးစီးပွားနဲ့ ထပ်တူ သယ်ပိုးဆောင်ရွက်နိုင်ဖို့ပဲကွယ်။ သူ့ဘာသာသူ ဖြစ်လာတဲ့အခါကျတော့ မင်းမလုပ်ချင်လို့လဲ မနေရပါဘူး။ အလောင်းမင်းတရားကြီးဟာ မင်းမဖြစ်ခင်က မုဆိုးချိုက မောင်အောင်ဇေယျပဲကွယ့်"

ထို့နောက် ဘကြီးမုံးသည် စကားကို ဆက်မပြောဘဲ မောင်ဆေးပုံကို အကဲခတ်နေပြန်သည်။ ဤအဘိုးကြီး၏ စူးစိုက်ကြည့်ရှုမှုကို တည်ငြိမ်စွာ ခံနိုင်ခြင်းမရှိသော မောင်ဆေးပုံသည် ခေါင်းကို ငုံ့ထားသည်။

"အေးလေ၊ တို့များ လိုက်တာပ"

သည်တော့မှ ကိုဆေးပုံ၏မျက်နှာ ဝင်းလက်သွားသည်။ အေးညိုနှင့် ကလေးများ ပြန်ရောက်လာသည်။ စီစီညံညံ ရှိသွားသည်။

"တို့များ ဘယ်လိုသွားကြမလဲ"

"ကနေ့ ရထားနဲ့ပဲ လိုက်သွားကြတာပ"

ယင်းသို့ဖြင့် ဘကြီးမုံးသည် နန်းစော်လော်သို့ ရောက်ရှိသွားသည်။ နန်းစော်လော်သည် တစ်ချိန်က မိုးညှင်းမင်းတရားကြီး တပ်ချရာ အရပ်ဖြစ်၍ အောင်မြေဟု ယူဆကြသည်။ ယင်းကြောင့်လည်း မိုးညှင်းမှာ

MMCYBERMEDIA
COMMUNITY FOR ALL

မောင်သိုက်သည် အောင်မြေနင်းသည်လည်း မည်စေရန်၊ ဥက္ကောဌွေယျဖြစ်နေသော တဘောင်နှင့်လည်း ညီစေရန် ဆရာနီ၊ ဆရာဝဆိုသူ နှစ်ဦးနှင့်အတူ ပြီးခဲ့သည့် တပေါင်းလကုန်ပိုင်းက နန်းတော်လော်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

မိုးညှင်းမောင်သိုက်သည် သာမန်လူသမားတစ်ဦးသာ ဖြစ်သော်လည်း ရက်ပိုင်းအတွင်းမှာပင် မင်းတုန်းမင်းတရားကြီး၏ အနွယ်တော်ဟု ထင်ရှားကျော်ကြားသွားလေသည်။ မိုးညှင်းမောင်သိုက်ဟူသော အမည်မှ မင်းလောင်းမောင်သိုက်ဟူသော အမည်ကို ရရှိလာသည်။ ယင်းသို့ဖြစ်ရသည်မှာ အလုပ်သမားဟုပြောလျှင် ယုံစရာမရှိသော သူ၏ ဖြူဖွေးနူးညံ့သည့် အသား၊ ကုန်းဘောင်ရာဇဝင်တွင် ထင်ရှားကျော်ကြားလှသော မင်းခေါင်နော်ရထာနှင့်ပမာပြုရသော ထောင်မောင်းလှသည့် အရပ်အမောင်း၊ ပန်းပဲမောင်တင့်တယ်နှင့် နှိုင်းအပ်ခြင်းပြုနိုင်သော သန်မာတောင့်တင်းသည့် အလုံးအဖန်၊ မင်းညီမင်းသားနှင့် ပမာတူသော သွယ်လျလျ ခြေချောင်းလက်ချောင်းများ၊ တန်ခိုးကြဒ္ဒိပါဒ်ရှင်နှင့်တူသော စူးရှထက်မြက်သည့် မျက်လုံးစုံ၊ ဖြေ၍ချလိုက်လျှင် မြေတွင် တိုက်မတတ်ရှိသော နက်မှောင်သည့်ဆံပင်၊ ခမ်းနားသိမ်မွေ့သော နေထိုင် စားသောက်ဟန်တို့နှင့် တွေ့မြင်ရသူအပေါင်း ရင်သပ်ရှုမောဖွယ်ရာသော သူ၏ ပဋ္ဌလက်အတတ်တို့ကြောင့် ဖြစ်ပေသည်။ သို့သော် သူသည် ဘကြီးမုံးကို တွေ့သောအခါ ကိန်းကြီးခန်းကြီးမရှိ။ မဟာသွေး မဟာဟန် မပြ။ ဂါရဝတရားဖြင့် ဦးညွှတ်ကြိုဆိုသည်။ ဘကြီးမုံး၏အရှိန်အဝါကို ကြားသိထားဖူး၍လည်း ဖြစ်ရမည်။ ပဋိသန္ဓာရစကား အနည်းငယ်မျှ ပြောဆိုကြပြီးနောက် ဘကြီးမုံးက မိုးညှင်းမောင်သိုက်ကို မျက်လုံးချင်း အတိုက်အဆိုင်ကြည့်၍ မေးသည်။

"မောင်သိုက်က မိုးညှင်းကလား"
"ဟုတ်ပါတယ်"
"အိမ်ထောင်ရှိသလား"
"ရှိပါတယ်"
"အခု ဘယ်မှာလဲ"
"မိုးညှင်းမှာ ရှိပါတယ်"

ဘကြီးမုံးအမေးကို မောင်သိုက်က အေးဆေးစွာ ဖြေသည်။ ဘကြီးမုံးအကြည့်ကို သူက ရဲဝံ့စွာ ပြန်ကြည့်သည်။ တော်ရုံတန်ရုံလူများဆိုလျှင် ဘကြီးမုံး၏ အကြည့်ကို ရင်မဆိုင်ရဲကြ။ မောင်သိုက်နှင့်ကျတော့ ဘကြီးမုံးက အရှုံးပေးရမလိုပင် ဖြစ်သည်။ မောင်သိုက်၏မျက်လုံးတွင် ညှို့ဓာတ်ရှိသည်ဟု အောက်မေ့ရသည်။

"မောင်သိုက်က ရေကသိုဏ်း ကုန်းကသိုဏ်းများ ရှုဖူးသလား"
"ဘယ်အကြောင်းနဲ့ သိလိုတာလဲ အဘိုး"
"မောင်သိုက်ရဲ့မျက်လုံးက အင်မတန်စူးရှတယ်။ ညှို့ယူတယ်။ မျက်လုံးထဲမှာ စပါးကြီးညှို့ပါသလား အောက်မေ့ရတယ်"

မောင်သိုက် သိမ်မွေ့စွာရယ်သည်။

"ကျွန်တော့်မှာ သည့်ထက်ဆန်းကြယ်တဲ့အတတ်တွေ ရှိပါတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

"ပဥ္စလက်အတတ် ကျွမ်းကျင်လှတယ်လို့ တို့များကြားဖူးတယ်"

"ဘကြီးမုံး ကိုယ်တိုင်ကိုယ်ကျသိချင်ရင် ကြည့်ပါ။ ဟောဟိုမှာ ဓာတ်သဘော်တစ်စင်း မိုးပေါ်မှာ စက်ခုတ်တယ်"

လူအားလုံး ရုတ်ချည်း လှည့်ကြည့်သည်။ ဘကြီးမုံးလည်း ကြည့်မိသည်။ အကာယ်ပင် မိုးကောင်းကင်အမြင့်တွင် သဘော်တစ်စင်း သွားနေသည်။ ချက်တစ်ဖြုတ်သော် ဘကြီးမုံး၏စိတ်တွင် သီပေါဘုရင်၏ ရေနန်းယာဉ်သာဟု ထင်မိသည်။ ပြီးမှ မကျေနပ်စိတ်ဖြင့် အသေအချာကြည့်သော် တိမ်တိုက်တစ်တိုက်သာဖြစ်ကြောင်း တွေ့ရသည်။ မောင်သိုက် ပြုံးနေသည်။

"လောကီအတတ်ပညာတွေဟာ အလွန်အံ့ဩဖို့ ကောင်းပါတယ်။ မြန်မာဘုရင်များ လက်ထက်ကလည်း နန်းတွင်းမှာ အလွန်တော်တဲ့ ပဥ္စလက်ဆရာများ ရှိပါတယ်လို့ ကြားဖူးပါတယ်။ တစ်ခုတော့ရှိတယ် မောင်သိုက်။ ပဥ္စလက်အတတ်ဟာ တကယ်မဟုတ်တာကို တစ်ခဏတာမှာ အဟုတ်ထင်စေတဲ့ စိတ်တန်ခိုးတစ်ခုပဲကွယ့်။ စိတ်အားကြီးအောင် ကျင့်ထားတဲ့ လူတစ်ယောက် ကိုယ့်ထက်စိတ်အားငယ်တဲ့လူတွေကို ထင်ယောင်ထင်မှား ဖြစ်စေခြင်းတစ်မျိုးပဲကွယ့်။ ဒါပေမဲ့ အင်္ဂလိပ်တွေရဲ့ လောကဓာတ်ပညာကတော့ တကယ်မဖြစ်နိုင်ဘူးလို့ ထင်တာတွေကို တကယ်ဖြစ်အောင် ကြံစည် အားထုတ်ထားတာကွယ့်"

ဘကြီးမုံး၏စကားကြောင့် မောင်သိုက်အနည်းငယ် မျက်နှာပျက်သွားသည်။ ဒေါသလည်း ဖြစ်သွားသည်။ ယင်းကြောင့် လက်ရုံးကို ဝှန်းခနဲ ဆန့်တန်းလိုက်သည်။ ဟုန်းခနဲ မီးထတောက်သည်။ လူအားလုံး လန့်သွားသည်။ ဘကြီးမုံးကမူ ဣန္ဒြေမပျက် ရှိသည်။ အသံ အတက်အကျမရှိ ပြောသည်။

"ဝေသာလီဘက်က မျက်လှည့်ဆရာတွေဆိုရင် အာခံတွင်းကတောင် မီးဝင်းဝင်း တောက်တယ်ကွယ့်။ ယမ်းစုန်းတစ်မျိုးကို သုံးတယ်လို့ ဆိုတာပဲကွယ်"

မောင်သိုက် မျက်နှာတင်းမာသွားသည်။ အခြားသူတို့၏ မျက်နှာတွင် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်သည်။ ထိုအခါတွင်မှ ဘကြီးမုံးက ဖြေလျော့သောစကားကို ဆိုသည်။

"ဒီအတတ်ပညာတွေဟာ ရင်သပ်ရှုမောဖြစ်ရသလို လေ့ကျင့် သင်ကြားရတဲ့နေရာမှာလည်း အင်မတန် ခက်ခဲတယ်ကွယ့်။ မောင်သိုက်အနေနဲ့ ဒီအတတ်ပညာကို တတ်တာဟာ တို့များရဲ့ အရေးတော်ပုံမှာ အများကြီး ထောက်ပံ့နိုင်ပါတယ်။ လူတွေဆိုတာက အခက်သားကလားကွယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင်တာကွယ့်။ ဒီဥပမိရုပ်နဲ့ ဒီပဥ္စလက်အတတ်ကြောင့် မောင်သိုက်ကိုလူတွေက ကြည်ညို လေးစားကြတာကွယ့်။ မောင်သိုက်ရဲ့စကားကို လိုက်နာနားထောင်ကြတာကွယ့်။ မောင်သိုက်ကသာ လူတွေရဲ့အကျိုးကို သယ်ပိုးဖို့ လိုပါတယ်"

ထိုအခါမှ လူအားလုံး သက်ပြင်းချနိုင်သည်။ မောင်သိုက်၏ အသားအရေများလည်း ပျော့နသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်တော်လည်း တိုင်းသူပြည်သားတွေရဲ့အကျိုးကို သက်စွန့်ဆံဖျား သယ်ပိုးလိုပါတယ်။ ဒီအတွက်လည်း အမြဲတမ်း ကြံစည်အားထုတ်နေပါတယ်။ အခုလည်း ဒီကိစ္စအတွက်ပဲ ဘကြီးမုံးကို ဖိတ်မန္တကပြုရခြင်းပါပဲ"

"အိမ်း၊ ကောင်းပ ကောင်းပ။ ဒါနဲ့ မောင်သိုက်က မိုးညှင်းကဆိုတော့ မောင်ဘိုးသိန်းတို့ကိုတော့ သိမှာပ"

"အမတ်ကြီး ဦးဘိုးသိန်းရဲ့တပ်မှာ ကျွန်တော်ပါခဲ့ပါတယ်။ အင်္ဂလိပ်တွေကို သုံးနှစ်သုံးမိုး တိုက်ခဲ့ပါတယ်။ အရေးတော်ပုံကြီး အကြောင်းမလှဖြစ်ရတဲ့အခါမှ သင့်ရာမှာ သုံးလေးနှစ် ခိုနေခဲ့ရပါတယ်။ ဒီနောက်မှာမှ မိုးညှင်းမှာ ပြန်ပြီး လွှစင်လုပ်ငန်းကို လုပ်ပါတယ်။ ဒီအတောအတွင်းမှာ ကျွန်တော်ဟာ ဒီမိစ္ဆာကောင်တွေကို တိုက်ခိုက်ဖို့အမြဲပဲ ကြံစည်အားထုတ်နေခဲ့ပါတယ်။ ဟောဒီက ဆရာနီတို့၊ ဆရာဝတို့နဲ့ အတိုင်အပင်လုပ်ခဲ့ကြပါတယ်"

"အိမ်း၊ ကောင်းပ ကောင်းပ"

ထိုအချိန်တွင် ဦးဖောင်၏ဇနီး ဒေါ်မင်းဇက ညစာစားသောက်ကြရန် ပြောသည်။ ထမင်းဝိုင်းတွင်မူ သူတို့ ရေးဟောင်း နှောင်းဖြစ်များ ပြောကြသည်။ ဘကြီးမုံးအကြောင်း၊ ဦးဖောင်တို့မိသားစုအကြောင်း၊ မောင်သိုက်အကြောင်းနှင့် အခြားသောအရေးတော်ပုံ တပ်သားဟောင်းများအကြောင်း ပြောဆိုကြသည်။ ထမင်းဝိုင်းပြီးသောအခါတွင် လက်ဖက်ရည်ဝိုင်း ပြန်ဖွဲ့ကြသည်။ ထိုအခါ လူအတော်စုံသည်။ မင်းလောင်းမောင်သိုက်၊ ဆရာနီ၊ ဆရာဝ၊ ဘကြီးမုံး၊ ဦးဖောင်၊ မောင်ဆေးပုံတို့အပြင် နန်းစော်လော်ရွှာကို တည်ထောင်ခဲ့သူများ ဖြစ်ကြသော၊ ရပ်ရွာလူကြီးများဖြစ်သော ဦးရန်တား၊ ဦးရန်အောင်၊ ဦးထွန်းအောင်၊ ဦးကော်ထူး၊ ဦးခေါ်၊ ဦးအုံ့၊ ဦးကြာမိုး၊ ဦးဆောင်း၊ ဦးခါ၊ ဦးစံလာ၊ ဦးမြသိန်းနှင့် အခြားအမည်မသိ လူငယ်သုံးလေးဦးဖြစ်သည်။ အိမ်လုံးပြည့်မျှ ဖြစ်သည်။ ကြမ်းကျိုးမတတ် ဖြစ်သည်။

အပြင်ဘက်တွင် မိုးတစိမ့်စိမ့် ရွာနေသည်။

"သံလမ်းပျောက်တဲ့ကိစ္စ နန်စီးအောင်က လူတွေကို ဖမ်းသွားတယ်ဆို မောင်ဆေးပုံ။ အင်းတော်မှာ မစုံစမ်းခဲ့ဘူးလား"

"နန်စီးအောင်ကလူတွေ မဟုတ်ပါဘူး။ မံစီဘက်ကလူတွေပါ။ ဘကြီးမုံးတို့လည်း သိမှာပ"

မောင်ဆေးပုံက ဦးဖောင်ကို အဖြေပေးရင်း ဘကြီးမုံးကို မေးသည်။

"ကြားမိပါတယ်"

"ရထားမှောက်အောင် သံလမ်းကို ဖျက်ကြတာဆို"

ဦးကြာမိုးက မေးသည်။

"ဟုတ် မထင်ပါဘူး။ ပန်းပဲထုဖို့ ယူကြတာ ဖြစ်ပါလိမ့်မယ်"

"လူတွေကလည်း ကြံကြီးစည်ရာနော်။ ပန်းပဲလုပ်ဖို့များ ဒီသံလမ်းကို ဖြုတ်ယူရသတဲ့လား"

ဒေါ်မင်းဇက စွက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်ဘာနားလည်လို့လဲ။ လူတွေ အခု ဘယ်လောက်ဒုက္ခရောက်နေသလဲ။ နင်သိသလား။ လယ်လုပ်တဲ့လူရော မလုပ်တဲ့လူရော စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြတယ်။ လယ်လုပ်တဲ့ လူတွေ ဘာဖြစ်နေသလဲ သိသလား။ လယ်သမားတွေက ကျွဲတွေ၊ နွားတွေ မရှိဘူး။ တောင်ယာသမားတွေက ဓားတို့ ပေါက်ချွန်းတို့ မရှိဘူး။ လယ်သမားတွေ ယာသမားတွေ အားလုံးမှာ မျိုးမရှိဘူး။ လမ်းစရိတ်မရှိဘူး။ ဒီတော့ ဘာလုပ်မလဲ။ ကြေးရတတ်တွေဆီက ငွေချေးရတယ်။ ဒီတော့ ဘာဖြစ်သလဲ။ စပါးလည်း ပေါ်ရော ငွေချေးတဲ့လူတွေက ယူသွားရော။ တစ်နှစ်လုံး ပင်ပင်ပန်းပန်း လုပ်ရတဲ့ လူတွေက တလင်းပဲ ကျန်ရစ်ခဲ့တယ်"

"ဟုတ်တာပေါ့။ တောက လူတွေက ဒုက္ခရောက်နေကြတယ်"

ဦးစံလှက ညည်းသည်။

"တို့ ရထားလမ်းတစ်လျှောက်က လယ်မလုပ်တဲ့လူတွေကော တစ်နေ့ထက်တစ်နေ့ အူကျုံ့လာနေကြပြီ မဟုတ်လား။ စပါးဈေးကလည်း တို့ငယ်ငယ်ကထက် နှစ်ဆ သုံးဆဖြစ်နေပြီ။ အခြားကုန်တွေလည်း ကြေးမြင့်တာပဲ။ ရတဲ့ကြေးကျတော့ အရင်ကထက် ကျုံ့သွားတယ်။ ကျုပ်အရင်က လယ်သမားလုပ်တာ တစ်နေ့ သုံးမတ်ရတယ်။ အခု ငါးမူးပဲရတယ်"

နောက်ကျောဘက်မှ ထွက်လာသော အသံတစ်သံ ဖြစ်သည်။ မည်သူမှန်း ဘကြီးမုံးမသိ။

"ကြေးလျော့တာတော့ အကုန်လုံးပါပဲ။ ပန်းပဲသမားတွေလည်း သုံးမတ်ကြေးကနေ ငါးမူးကြေး ကျသွားတာပဲ။ ပန်းတိမ်ကော တစ်နေ့ တစ်ကျပ်ခွဲနေ ငါးမတ်ဖြစ်သွားပြီ"

မောင်ဆေးပုံက ပြောသည်။

"ဒီလူတွေ တော်ပါသေးတယ်ကွယ်။ ရထားဘက်မှာ၊ သင်္ဘောဘက်မှာ အလုပ်လုပ်နေတဲ့လူတွေ ဒုက္ခရောက်တာ အလုပ်ကို မရှိတော့ဘူး။ အလုပ်တစ်ခုရအောင် အလုအယက် လုပ်နေကြရတယ်။ ဘယ်မှာ လူနဲ့ အလုပ်နဲ့ စေ့ပါ့မလဲ။ ကုလားမည်းတွေက ဒလပုံကြီး ဖြစ်နေတာပဲ။ ဒီကောင်တွေက အခု လယ်ထဲကိုပါ ဆင်းလာကြပြီနော။ ငါတို့ လယ်ကွက်တွေမှာ သူတို့က ကြံတွေ အာလူးတွေ စိုက်ကုန်ကြပြီ။ ကြာရင် ငါတို့လူတွေအားလုံး ကချင်တောင်ပေါ် ရောက်ကုန်ကြလိမ့်မယ်"

"တောင်ပေါ်မှာလည်း ဆိုးတာပဲ။ သူတို့ဆီမှာလည်း ဆားမစားရလို့ သူတို့အသားတွေ လျှာနဲ့လျက်ကြည့်ရင်တောင် မငန်တော့ဘူး။ ပေါ့ရွတ်ရွတ်ကြီး ဖြစ်နေတယ်။ တို့အသားကမှ ငန်သေးတယ်"

ဦးဖောင်က ယင်းသို့ပြောရင်း သူ့လက်ဖမိုးကို လျှာနှင့်တို့သည်။

"အားညယ်။ မရွံဘူးလားကရို့"

ဒေါ်မင်းဇက နှာခေါင်းရှုံ့၍ ဆိုသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"လူတွေ အားလုံးကတော့ အနေအစား ဆင်းရဲတာလည်း ဆင်းရဲတာမို့၊ တစ်ပါးကျွန်တွေ နှိပ်စက်တာလည်း နှိပ်စက်တာမို့၊ ခွေးကောင်တွေက အခွန်အကောက်တွေ မြင့်တာကလည်း မြင့်တာမို့၊ စိတ်ထဲမှာတော့ မကျေမနပ် ဖြစ်ကြကုန်ပါပြီ။ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ကသာ၊ မြစ်ကြီးနားစတဲ့ မြို့ကြီးတွေမှာလည်း ပွစိပွစိ ဖြစ်နေတာပဲ။ ရထားလမ်း တစ်လျှောက်နဲ့ တောင်ခြေက လူတွေလည်း ချြသံပါနေတာပဲ။ တောင်ပေါ်က လူတွေကလည်း ဓားကြိမ်းကြိမ်းနေတာပဲ။ ထစ်ခနဲဆိုရင်တော့ ဝုန်းခနဲ မီးတောက်ဖို့ပဲ ရှိပါတော့တယ်။ ဒါကြောင့်လည်း ကျုပ်တို့ ဒီမှာလာပြီး အောင်မြေနင်းကြတာပဲ။ ကျုပ်တို့ အရေးတော်ပုံ အောင်မယ့်အကြောင်း တဘောင်ကလည်း တစ်နယ်လုံးကို ပြန့်နေပြီ"

မောင်သိုက်က တည်ကြည်ခံ့ညားသည့် အသံဖြင့် ပြောသည်။

"အိမ်းပ၊ ထစ်ခနဲဆိုရင် ဝုန်းခနဲ ထတောက်ရမှာပါ။ ဒါပေမဲ့ ဝုန်းခနဲ ထတောက်ဖို့၊ ထစ်ခနဲဖြစ်ဖို့ကလည်း အရေးကြီးတယ် နော်။ ထစ်ခနဲဖြစ်ပုံမဟုတ်ရင် ဝုန်းခနဲမတောက်ဘဲ အတုံးအရုံး သေကုန်ကြမယ်"

ဘကြီးမုံးက ခပ်ကျယ်ကျယ်ပြောသည်။ အားလုံးက သူ့ကို ဝိုင်းကြည့်သည်။

"အဘိုးမုံးပြောတာ ကျွန်တော်တို့ နားမလည်ကော"

မောင်ဆေးပုံက ဆိုသည်။

"လူတွေအားလုံး မကျေနပ်တာလည်း ဟုတ်ပြီ။ သူတို့ကို တိုက်တာလည်း ဟုတ်ပြီ။ ဒါပေမဲ့ တို့မှာ လောင်စာအဖြစ်နဲ့ အမာခံတပ်သားတွေ ရှိရမယ်နော်။ လက်နက်ရိက္ခာလည်း ထိုက်သင့်သလောက် ရှိရမယ်နော။ ဒါမှ တို့က သူတို့ကို အလစ်မှာ တိုက်နိုင်မှာ။ သူတို့ကိုတိုက်ပြီး သူတို့ဆီက လက်နက်တွေ ရနိုင်မှာ။ အဲဒီလို တို့လူရင်းက ပြင်းပြင်းထန်ထန် တိုက်မှ တခြားလူတွေ တခြားနယ်တွေကလည်း ထကြွလာကြမှာ။ ဒီတော့ ဘာပဲဖြစ်ဖြစ် တို့မှာ အခြေခံကောင်းကောင်း ကလေးတော့ရှိရမယ်။ မောင်သိုက်တို့မှာ လူသူလက်နက်အင်အား ဘယ်လောက်ရှိသလဲ"

ဘကြီးမုံး၏အမေးစကားကို ကြားရသောအခါ အားလုံး အာစေးမိသွားကြသည်။ တည်ငြိမ်မှုရှိလှသော မောင်သိုက်ပင် ကယောက်ကယက် ဖြစ်သွားသည်။ ဟိုလူကြည့် သည်လူကြည့် ဖြစ်သည်။ ပြီးမှ...

"ဒါကို တိုင်ပင်ချင်လို့ ဘကြီးမုံးကို ခေါ်ပါတယ်"

"မောင်သိုက်တို့မှာ လူသူလက်နက် အင်အားနည်းနည်းမှ မရှိဘူးလား"

"ရှိပါတယ်။ မိုးညှင်းက ရွာတွေကို ကျွန်တော်သိမ်းသွင်းထားပါတယ်။ ဒီမှာလည်း ဦးဖောင်တို့၊ ကိုဆေးပုံတို့ ရှိကြပါတယ်"

"အားညယ်၊ ကိုရင်က သူပုန်လုပ်မလို့လား"

ဒေါ်မင်းဇက မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင်အသာနေစမ်းပါ။ ကျုပ်တို့လည်း အရေးအကြောင်းရှိရင် ထပြမှာပ"

"အိမ်းပ၊ မောင်သိုက်တို့ ဦးဖောင်တို့နဲ့ ပေါင်းမိတာ ကျုပ်တို့မှာ တအားတို့တာပ။ မောင်သိုက်တို့နဲ့ မိုးကောင်းက လူတွေနဲ့ ကျုပ်ဆက်ပေးမယ်။ ကချင်တောင်က လူတွေနဲ့လည်း တွေ့ပေးမယ်။ အားလုံး အတိုင်အပင် ပြုကြတာပ။ ဟိုကလူတွေကတော့ ပွဲစကတည်းက ဓားရေးလှံရေး ပြခဲ့ကြတဲ့ လူတွေပဲ။ အခုလည်း လက်ထဲမှာ ဓားလှံမချတဲ့လူတွေ။ သူတို့လည်း ချက်ကောင်းကို စောင့်နေကြတာပ။ အခုနေဆိုရင် သူတို့လည်း တော်တော်ပြင်ဆင်ပြီးကြရောပ။ ဒီတော့ မိုးကောင်းဘက်ကို ကျုပ်သွားမယ်လေ။ ကျုပ်နဲ့အတူ ဘယ်သူလိုက်မလဲ၊ အားလုံးလိုက်ဖို့ မလိုပါဘူး။ ဒီမှာလည်း လူကျစ်ရစ်ခဲ့ရဦးမယ်"

"ကျွန်တော်တို့ လိုက်ပါ့မယ်"

မောင်သိုက်က သူ့လူနှစ်ယောက်ကို လက်ဖြင့် ဝိုက်ပြရင်း ပြောသည်။

"မောင်ဆေးပုံလည်း လိုက်သွားပ။ ဒီမှာ ကျုပ်ရှိသားပဲ"

ဦးဖောင်က သားမက်ကို တွန်းသည်။

"မဖြစ်ကော"

ဒေါ်မင်းဇက ပြတ်ပြတ်ပြောသည်။

"ဘာပြုလို့လဲ"

"ကျုပ်သမီးတစ်ယောက်တည်း ကျန်မှာပ"

"နင့်အမေကလွှား၊ တစ်ယောက်တည်းကျန်ရစ်တော့ ဘာဖြစ်သလဲ။ အရေးတော်ပုံ အောင်မြင်လို့ ဆေးပုံဝန်ကြီးဖြစ်ရင် နင့်သမီးက ဝန်ကတော်ဖြစ်မှာပ"

"အိမ်းလေ။ ဒါဖြင့်လည်း ပြီးတာပ။ ကျုပ်တို့လည်း ဝန်ကတော်အမေ ဖြစ်ရဦးမှာပ"

အားလုံးရယ်ကြသည်။

"တို့များ ပြောမယ်။ အခု ဘယ်သူမှ မလိုက်နဲ့ဦး။ ကျုပ်တစ်ယောက်တည်း အရင်သွားမယ်။ ဟိုက လူတချို့နဲ့ တွေ့ပြီး ဟိုကအခြေအနေတွေကောင်းမှ လူလွှတ်လိုက်မယ်။ အဲဒီတော့သာ ဒီမှာ စီစဉ်စရာရှိတာတွေ စီစဉ်ပြီး လိုက်ခဲ့ကြ"

"ဘကြီးမုံး ဘယ်တော့သွားမလဲ"

"အမြန်ဆုံး သွားရမှာပ"

"ဘကြီးမုံးကို ကျွန်တော်လက်ဖွဲ့တစ်ခု ပေးလိုက်မယ်။ ကျွန်တော်ကိုယ်တိုင် စီရင်ထားတာ"

မောင်သိုက်က ယခုပင်ပေးမည်ကဲ့သို့ အနီးရှိ လွယ်အိတ်ကို ယူသည်။ ဘကြီးမုံးက လက်ကာ၍...

"နေပါစေ၊ ဒါတွေ ကျုပ်မယုံပါဘူး။ ကျုပ်ယုံတာက ကျုပ်ဓားနဲ့ ကျုပ်သေနတ်ပါ"

MMCYBERMEDIA
COMMUNITY FOR ALL

## အခန်း -၁၀၀-

ဘကြီးမုံး အင်းတော်သို့ ပြန်ရောက်သောအခါ သတင်းထူးတစ်ခု ကြားရသည်။ ယင်းကား အခြားမဟုတ်။ သူ၏ မြေးအငယ်ဖြစ်သော ချစ်မြ အင်္ဂလိပ်စစ်တပ်ထဲ ဝင်သွားခြင်းပင်ဖြစ်သည်။ ထိုသတင်းကို ကြားရသောအခါ ဘကြီးမုံး ယမ်းပုံမီးကျ ဖြစ်သည်။ သူက ဤမြေးငယ်အပေါ်တွင် မျှော်လင့်ချက် ထားရှိသောကြောင့် ဖြစ်သည်။ သူ့တွင် သားတစ်ယောက်သာ ရှိသည်။ ထိုသားအပေါ်တွင် သူကျေနပ်အားရခြင်း မရှိ။ ထိုသားတွင် သူ့သွေးလုံးဝမပါသကဲ့သို့ ဖြစ်သည်။ ကိုပိတုံးသည် အေးစက်လွန်းသည်။ လူမှုရေးရာများတွင် စိတ်ဝင်စားမှုမရှိ။ သူ့ဇနီးသည် ကလေးမီးဖွားပြီး သုံးရက်အကြာတွင် ကွယ်လွန်သွားသဖြင့် သူ့တွင် အိမ်ထောင်သက် တစ်နှစ်သာရှိသည်။ ယင်းနောက်ပိုင်း သူ အိမ်ထောင်သစ်မထူဘဲ ခြေသလုံးအိမ်တိုင်သမားအဖြစ် ခံယူသည်။ ရွာသို့ ရံဖန်သာ ပြန်လာတတ်သည်။ တစ်ခရီးပြီး တစ်ခရီး သွားသည်။ သူမရောက်သည့်အရပ်ဟူ၍ မရှိသလောက် ဖြစ်သည်။ အောက်ပြည်အောက်ရွာဆိုလျှင် ရန်ကုန်ထိ ရောက်ဖူးသည်။ ရှမ်းပြည်ဆိုလျှင်လည်း ညောင်ရွှေတစ်ခွင် ပြုံပြုံစင်သည်။ ချင်းတွင်းမြစ်ရိုး ဧရာဝတီမြစ်ရိုးဆိုလျှင်လည်း ခြေရာချင်းထပ်နေသည်။ ထို့နောက် အာသံနယ်သို့လည်း ရောက်သည်။ တိဗက်သို့လည်း ရောက်သည်။ တရုတ်ပြည် ယူနန်နယ်သို့လည်း ရောက်သည်။

သူသည် စစ်ပွဲပေါင်းများစွာတွင် ပါဝင်ခဲ့သည်။ ဘာသာစကားပေါင်းများစွာကို ပြောဆိုတတ်သည်။ အလုပ်အကိုင်ပေါင်း များစွာကို လုပ်ကိုင်တတ်သည်။ အရပ်ဒေသပေါင်းများစွာသို့ရောက်၍ လူပေါင်းများစွာနှင့် တွေ့ဆုံခဲ့သည်။ သို့သော် သူယုံကြည်သည်မှာ တစ်ခုတည်း။ နယ်မြေကျူးသူများနှင့် မတရားပြုသူများကို တွန်းလှန်တိုက်ခိုက်ရမည်။

ယင်းယုံကြည်မှုအတိုင်း သူ စွဲစွဲမြဲမြဲပြုခဲ့သည်။ ယခု သူ အသက်ကြီးပြီ။ မကြာမီ သေတော့မည်။ သို့သော် သူ့သွေး သူ့သားထဲက သူ့အစဉ်အလာကို ထိန်းမည့်သူ မပေါ်သေး။ သူ့သားသည် မည်သည့်အရေးတော်ပုံတွင်မျှ မပါဝင်။ မည်သည့်အရေးအခင်းတွင်မျှ စိတ်မဝင်စား။ သားကိုဖယ်ထား၊ မြေးနှစ်ယောက်ရှိသည်။ အကြီးက အေးသည်။ ရေမြှုပ်ဟု သူ သတ်မှတ်သည်။ အငယ်ကတော့ မီးခဲ။ အင်မတန်ဆိုးသည့်အကောင် ဖြစ်သည်။ ငယ်ငယ်ကတည်းက သူလိုချင်သည်ကိုမရလျှင် မြေတွင် မယ်ပဋ္ဌာပြုနေသည်။ ကြီးတော့လည်း အင်မတန် တေသည်။ ဒီတစ်ကောင်တော့ ကြီးလာလျှင် တစ်ခုခု ဖြစ်လာနိုင်ကောင်းသည်ဟု သူ မျှော်လင့်သည်။ ရွှေဝါ၏အစ်ကို ရွှေနီလို ဖြစ်လာလျှင်ပင် မနည်း။ ယခုတော့ သူမျှော်လင့်သည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားချေပြီ။ သူက အင်္ဂလိပ်ကို တိုက်ဖို့ လှုံ့လပြုနေသည်။ သူအားထားသော မြေးက အင်္ဂလိပ်ဘက်သို့ ဝင်သွားသည်။ သူတို့ဘက်သို့ ဓားဦးလှည့်ထားသည်။

"တွေ့ကြသေးတာပ။ ဒင်းတို့နဲ့ တို့နဲ့ စစ်ပွဲမှာသာ ရင်ဆိုင်တွေ့ရင် ဒင်းကို ငါကိုယ်တိုင်သတ်မယ်"

အဘိုးအို ကြိမ်းသည်။ ချစ်လှနှင့် လူအများက ဖျောင်းဖျနစ်သိမ့်ရသည်။ အဘိုးအိုသည် မြေးအငယ်အပေါ်တွင် မကျေမချမ်းဖြင့်၊ စိတ်လက်မကြည်မသာဖြင့် မိုးကောင်းသို့ ထွက်သွားသည်။ မိုးကောင်းတွင် တစ်ညအိပ်၍ ဒေသအကြောင်း စနည်းနာသည်။ ကြိုးကြာရွာသစ်တွင် ရွှေဝါနှင့် မနင်းမြူ၊ မောင်မျိုးနှင့် နန်းရင်တို့ရှိကြမှန်း အသေအချာသိသောအခါ လိုက်သွားသည်။ ကြိုးကြာရွာသစ်မှ သူ့ကို လှိုက်လှဲစွာ ကြိုဆိုကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါသည် ဘကြီးမုံးကို တွေ့သော် ဖက်လှဲတကင်းရှိသည်။ ဓမ္မတီးလုံ့မှအပြန် ဝင်လာစဉ်က ခပ်တည်တည်သာ ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင်တော့ ရေပက်မဝင်အောင် စကားပြောသည်။ လွန်လေပြီးသော အကြောင်းချင်းရာများ အားလုံးကို ပြန်ပြောသည်။ တချို့မှန်သည်။ တချို့မှားသည်။ သို့သော် သူ အတော်မှတ်မိသည်။ အထူးသဖြင့် နယ်စပ်က အဖြစ်အပျက်များကို လုံးစေ့ပတ်စေ့လောက် ပြောနိုင်သည်။ သူ့ကြောင့် မဖျိုင်းဖြူတို့ တိုက်ခံရပုံ၊ သူ ပါဝင်တိုက်ခိုက်ပုံ။ ထို့နောက်သူပြောသည်မှာ အဟုတ်ဟု ယူရအခက် မယူရအခက်။ သည်လိုလေ။

"အဲဒီနေ့က ကျွန်တော် တော်တော် စိတ်ထိခိုက်တယ်။ ကျွန်တော် စည်းမစောင့်တာကြောင့်၊ ကျွန်တော် နှုတ်မစောင့်တာကြောင့် သူများတွေ ဒုက္ခရောက်မှာကို နည်းနည်းမှမလိုလားဘူး။ ဒါကြောင့် အဲဒီတိုက်ပွဲမှာ ကျွန်တော်တော်တော်လေး တိုက်လိုက်တယ်။ လူက အားမရှိတာလည်း တစ်ကြောင်း၊ မတိုက်တာ ကြာတာလည်း တစ်ကြောင်းကြောင့် အဲဒီမှာ ကျွန်တော်သွေးပျက်သွားတယ်။ မဖျိုင်းဖြူတို့လက်က ထွက်ပြေးပြီး ဘယ်လိုကနေ ဘယ်လို မိုးကောင်းကို ရောက်သွားတယ်မသိဘူး။ ကျွန်တော့်ကို ဖမ်းမိသွားတယ်။ နင်းမြူနဲ့ နန်းရင်လိုက်လာတယ်။ ကျွန်တော့်အဖေ လိုက်လုပ်ပေးတာနဲ့ ကျွန်တော့်ကို အရူးဆိုပြီး အင်္ဂလိပ်တွေက လွှတ်လိုက်တယ်။ ကျွန်တော်လည်း တကယ်ရူးတာ ထင်ပါတယ်။ ရှာဦး ဆရာတော်က အတော်ကလေး ကုလိုက်ရတယ်ဆိုပဲ။ ကျွန်တော်တော့ မသိဘူး။ အခုတော့ ဘိန်းလည်း ပြတ်သွားပါပြီ။ အရက်လည်း ပြတ်သွားပါပြီ။ အရူးလည်း ပျောက်သွားပါပြီ။ ဒါပေမဲ့ တစ်ခုခက်တာက ဒီလောကကြီး ဘယ်လိုဖြစ်နေတယ် မသိဘူး။ ကျွန်တော်က အရူးပျောက်သွားပေမဲ့ လူတွေ အတော်တော်များများဟာ ယဉ်ယဉ်ကလေးနဲ့ ရူးနေကြတယ်။ သူတို့ရူးတာ သူတို့ဘာသာ သူတို့တော့သိချင်မှ သိမှာပေါ့။ ကျွန်တော်ကတော့ ရူးဖူးလို့ ကောင်းကောင်းသိတယ်။ ဘကြီးမုံး စကားပြောတာတောင် တစ်ခါတစ်ခါမှာ တစ်မျိုးပဲ"

"အေးပ၊ တို့များလည်း ရူးချင် ရူးနေမှာပ"

ဘကြီးမုံး ရယ်သွမ်းသွေး၍ ပြောသည်။ အားလုံး နှစ်ခြိုက်စွာ ရယ်မောကြသည်။ ရွှေဝါလည်း အများနှင့်ရောစ၍ ရယ်သည်။ ထိုအခါ မနင်းမြူတစ်ယောက်သာ မရယ်ဘဲ ရှိသည်။ ပြုံးသလိုလိုမဲ့သလိုလို ဖြစ်နေသည်။ သူမရင်တွင် မချိရှာလေ၍။

မောင်မျိုးနှင့် နန်းရင်တို့က ဘကြီးမုံးကို သူတို့အိမ်တွင် နေစေသည်။ ယခုအခါတွင် မနင်းမြူတို့နှင့် အိမ်ခွဲနေထိုင်လျက် ရှိကြသည်။ သူတို့ အိမ်ထောင်ကျသည်မှာ ခြောက်နှစ်မျှ ရှိချေပြီ။ အောက်ပြည်အောက်ရွာသို့ တစ်နှစ်ကျော်မျှ မောင်မျိုး ခရီးထွက်ပြီး ပြန်အလာတွင် ဖြစ်သည်။ နန်းရင်တွင် ကိုယ်လေးလက်ဝန်ရှိပြီး သုံးမွှာပူးမွေးသေးသည်။ သို့သော် ကလေးများ အဖတ်မတင်။ မိခင်မှု ဘာမှမဖြစ်။ သည်နောက်တွင်ကား ပဋိသန္ဓေ မတည်တော့။ သူတို့လင်မယားသည် အိမ်ထောင်ကျပြီး နှစ်နှစ်ပြည့်သည်အထိ မနင်းမြူတို့နှင့် အတူနေထိုင်သည်။ သည့်နောက်တွင်မှ အိမ်ခွဲခြင်း ဖြစ်သည်။ ဒေါ်စောရုံသည် မည်သည့်အိမ်တွင်မှ တိတိကျကျ မနေတော့။ ဘုန်းကြီးကျောင်းအနီးတွင် သူမအတွက် သီးသန့် ဆောက်လုပ်ပေးထားသည့် တဲငယ်ကလေးတွင်သာ အနေများသည်။ ဥပုသ်ရက်ရှည် စောင့်သည်။ မနင်းမြူနှင့် နန်းရင်တို့က တစ်လှည့်စီ ထမင်းအုပ်ပို့ရသည်။ ကိုဦးမှာမူ ရွာမှ ထွက်သွားသည်မှာ နှစ်နှစ်ရှိပြီး ကျောက်စိမ်းတွင်းမှာဟု သတင်းရသည်။ ရွာသို့ တစ်ခေါက်မျှ ပြန်မလာချေ။ ဤနှစ်များအတွင်းတွင် စိတ်မချမ်းမြေ့ဖွယ်ရာတစ်ခုဖြစ်သည်။ ယင်းကား လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဖြစ်သည်။ ဦးနွဲ့မှန်

ရွာသို့ပြန်လာသည်။ မနင်းမြူက သူမတို့အိမ်တွင် လက်ခံလိုသော်လည်း ဒွေ့ဝါက သဘောမတူ၊ ဒေါ်စောရုံကလည်း နှစ်သက်ဟန်မပြသဖြင့် လက်မခံရချေ။ နန်းရင်ကမူ ယခင်အတိုင်းပင် အပြောအဆို အဆက်အဆံ မပြုချေ။ မောင်မျိုးကမူ ဤကိစ္စတွင်မည်သို့မျှ ဝင်မစွက်။ ဦးနွဲ့မွန်နှင့် ပက်ပင်းကြုံသည့်အခါများတွင်ကား မေးထူးခေါ်ပြောခြင်း ရှိသည်။ ဟက်ဟက်ပက်ပက်တော့ မဟုတ်။ သူတို့အိမ်တွင်းရေးနှင့် ဇနီးဖြစ်သူ၏ မိသားစုအကြောင်းကိုကား ပြောခွင့် မပြုချေ။ ဦးနွဲ့မွန်သည် မည်သည့်အိမ်တွင်မျှမနေဘဲ ကျောင်းတွင်နေသည်။ ကပ္ပိယအဖြစ် ဆရာတော်ကို ဝတ်ပြုသည်။ သူ့မိသားစုနှင့် အဆင်မပြေရှိသောအခါ အခြားရွာသူရွာသားများနှင့်လည်း ရောနှောခြင်း မပြုချေ။ သူ့ဘာသာသူ နေသည်။ ဥပုသ်ရက်ရှည် စောင့်သည်။ ကမ္မဋ္ဌာန်းထိုင်သည်။ မကြာခဏဆိုသလို အဓိဋ္ဌာန်ပြု၍ သိမ်ကျောင်းအတွင်းမှ သုံးရက်နှင့် သုံးညမထွက်ဘဲ နေတတ်သည်။ ရေမှတစ်ပါး မည်သည့်အစာမျှ စားသောက်ခြင်းမပြုချေ။ အဓိဋ္ဌာန်ပြည့်၍ သိမ်မှ ထွက်သောအခါ အသက်တစ်ဝက်လောက် မရှိတော့ချေ။ ဖြော့ဖြော့ကလေးသာ ရှိသည်။ သူများတွဲမှ လျှောက်နိုင်သည်။ သူများခွံ့မှ စားနိုင်သည်။ ထိုအခါမျိုးတွင် မနင်းမြူက လာရောက်ပြုစုသည်။ သို့သော် ဒေါ်စောရုံကမူ ထိုအကြောင်းနှင့် စပ်လျဉ်း၍ အကောင်းအဆိုး ပြောဆိုခြင်း လုံးဝ မပြုချေ။ မည်သူကိုမျှလည်း မမေး။ မလွဲသာ၍ နားမှာ ကြားရလျှင်လည်း စိတ်မဝင်စားဟန် ပြုသည်။ ခင်ပွန်းဟောင်းနှင့်ပတ်သက်၍ ထိခိုက်တုန်လှုပ်ခြင်း လုံးဝမရှိဖြစ်သည်။ ဒေါ်စောရုံ၏ စိတ်နှလုံးသည် အရည်အသွေးကောင်းမွန်လှသော ကျောက်စိမ်းသားကဲ့သို့ မာကျောသည်ဟု ယူဆရသည်။

ထိုအခါ နန်းရင် တုန်လှုပ်ရသည်။ မိခင်နှင့်ပတ်သက်၍ သူမတွင်ရှိသော အယူအဆများ မှားယွင်းပြီဟု ထင်မြင်မိသည်။ သူမ၏ စိတ်တွင် ထင်နေသည်က ဖခင်ဖြစ်သူ နောက်မိန်းမယူသွားသည်တွင် မိခင်ဖြစ်သူ မတုန်မလှုပ် ရှိနေခြင်းမှာ ပကတိသဘောမဟုတ်၊ မျိုသိပ်ခြင်းသာဟု အောက်မေ့သည်။ ယင်းကျိတ်မှိတ်မှုတို့ကြောင့် မိခင်သည် အတွင်းတွင် လှိုက်စားသော ဝေဒနာတစ်ရပ် ရရှိခဲ့သည်။ ယင်းရောဂါ တမြည့်မြည့် ကျွမ်းလာသဖြင့် အပြင်တွင် ဇရာထောင်းလာသည်။ နောက်ပိုင်းတွင် မိခင်သည် မျိုသိပ်ခြင်း မပြုနိုင်တော့။ ကျိတ်မှိတ်အောင့်အည်းမှုကိုအရှုံးသော်လည်း ပေးရမည်၊ ယင်း၏ တိုက်ခိုက်မှုကြောင့် သေသော်လည်း သေရမည်ဟု အောက်မေ့ထားသည်။ သို့သော် မိခင်သည် သူမထင်သည်သို့ တစ်ခုမျှ ဖြစ်မလာ။ အရှုံးပေးခြင်းအလျှော့ပေးခြင်း လုံးဝမပြု။ ခင်ပွန်းသည်ကို ဥပေက္ခာပြုမြဲ ပြုသည်။ ခင်ပွန်းသည်၏ သတင်း မှန်သမျှတွင် မတုန်မလှုပ် ရှိသည်။ အောင့်အည်း ကျိတ်မှိတ်ခြင်းမဟုတ်ဘဲ ပြတ်သားတင်းမာခြင်းသဘောကို ဆောင်သည်ထက် ဆောင်လာသည်။ အောင့်အည်းကျိတ်မှိတ်ခြင်း ဝေဒနာအရ တမြည့်မြည့် လောင်ကျွမ်းသေဆုံးလိမ့်မည်ဟု ယူဆထားသည်မှာလည်း ရုတ်တရက် ဟုတ်မှန်နိုင်စရာ မရှိချေ။ အသက်အရွယ်ထောင့်၍ ရုပ်သဘောအရ ပိန်ချုံးလာခြင်း၊ ငယ်စဉ်ကလောက် အမောအပန်းမခံနိုင်ခြင်းတို့ ရှိလာသော်လည်း သူ့အရွယ်နှင့်သူ မာချာလှသည်။ ရွာဦးရွာဆုံး လျှောက်နိုင်သည်။ အရက်ဆွမ်းကို ကိုယ်တိုင်ချက်နိုင်သည်။ ကျောင်းဝင်းအတွင်း တံမြက်လှည်းခြင်း၊ ပန်းတင်ခြင်းများ ပြုနိုင်သည်။ သို့ဖြင့် ဒေါ်စောရုံ၏ဘဝသည် ဦးနွဲ့မွန် မရှိတော့ငြားလည်း ပြီးပြည့်စုံလျက်ရှိသည်ဟု နန်းရင် ပြောင်းလွဲ ခံယူရပြန်သည်။

သည်တော့လည်း မိခင်၏စိတ်ဓာတ်နှင့် သတ္တိကို အံ့သြရသည်။ ချီးမွမ်းမဆုံး ဖြစ်ရသည်။ ဖခင်နှင့်ပတ်သက်၍ အင်မတန် ပြတ်တောင်းလှသည်ဟု မှတ်ယူထားသော သူမပင်လျှင် ကြာတော့ တုန်နှဲ့ခြင်း ရှိလာရသည်။ ဖခင်သည် တကယ်ပင် နောင်တတရား ရရှိ၍ သူတော်ကောင်းကြီး ဖြစ်လာပြီလောဟု စဉ်းစားမိသည်။ သူမအနေဖြင့် အနန္တောအနန္တဂိုဏ်းဝင် သူတော်စင်ကို ပြစ်မှားခြင်း

MMCYBERMEDIA
COMMUNITY FOR ALL

ပြနေမိပြီလားဟု ထိတ်လန့်မိသည်။ ဖခင်အနေဖြင့် သူ့အပြစ်များကို ချေမှုန်းခြင်း ပြနေရုံသာမက သူမ၏အပြစ်များကို ဆေးကြောခြင်းပြနေပြီလားဟု စိတ်ကူးပေါက်မိသည်။ တစ်နေ့တွင် ဖခင်ထံသွားရောက်၍ တောင်းပန်ကန်တော့ရလျှင် ကောင်းချေမည်လားဟု အတွေးရှိနေသည်။

ဤအတွင်းတွင် ဦးနန္ဒမွန်၏ တရားအားထုတ်ခြင်း အမှုသည် တစ်ဆင့်တစ်ဆင့် မြင့်တက်သွားပြန်လေတော့သည်။ အရင်က အဓိဋ္ဌာန်တစ်ခါပြုလျှင် သုံးရက် သုံးညသာ ဖြစ်သည်။ သို့သော် သူသည် ထိုမျှနှင့် အားမရဘဲ ခုနစ်ရက် ခုနစ်ည တရားပြုရန် အဓိဋ္ဌာန်ချမှတ်လေသည်။ ထိုသတင်းကို သိသော် ဆရာတော်က တားမြစ်သည်။ တရားအားထုတ်သည့် နေရာတွင် မလျော့မတင်း စောင်းကြိုးညင်းသကဲ့သို့သာ ကောင်းသည်ဟု မြွက်ကြားသည်။ သို့သော် ဦးနန္ဒမွန်မှာ အဓိဋ္ဌာန်ပြုပြီးဖြစ်၍ ဆရာတော်မှာ မည်သို့မျှ မတားနိုင်တော့ချေ။ ဦးနန္ဒမွန်သည် သိမ်တံခါးကို ပိတ်၍ တရားဘာဝနာ ပွားခြင်း ပြုသည်။ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းသည်။ သုံးရက်အထိတော့ လူတွေက အမှုမဲ့အမှတ်မဲ့ဖြစ်သည်။ သုံးရက်ကျော်လွန်သော်လူအများက စူးစမ်းခြင်း ပြုလုပ်ကြသည်။ အပေါက်အငယ် အဟအကြားတို့မှနေ၍ အတွင်းသို့ ချောင်းမြောင်းကြည့်ရှုကြသည်။ ဦးနန္ဒမွန်သည် သိမ်အလယ်တည့်တည့်တွင် တင်ပျဉ်ခွေထိုင်လျက်ရှိသည်။ ခါးကို မတ်မတ်ဆန့်ဆန့် ထားသည်။ ခေါင်းကို အနည်းငယ် ငုံ့စိုက်၍ မျက်လွှာကို ချထားသည်။ လက်များကို ဒူးနှစ်ဖက်ပေါ်တွင် မှောက်အုပ်၍ တင်ထားသည်။ သူ့ကိုမည်သည့်အချိန်တွင် ကြည့်ကြည့် ထိုပုံစံအတိုင်း မလှုပ်မယှက် ရှိသည်ကို မြင်ရသည်။ နေ့တွင်လည်း ထိုအတိုင်းဖြစ်သည်။ ညတွင်လည်း ထိုအတိုင်းဖြစ်သည်။ ထိုသတင်း ချက်ချင်းပျံ့သွားသည်။ ကြိုးကြာရွာသူ ရွာသားများသာမက အနီးဝန်းကျင် ရွာများမှပင် လာ၍ကြည့်ကြသည်။ အချို့က သူ တရားပေါက်သွားပြီဟု ပြောသည်။ ဉာဏ်ရသွားပြီဟုဆိုသည်။ များမကြာမီတွင် စျာန်ဝင်၍ ဟိမဝန္တာသို့ ပျံသွားလိမ့်မည်ဟု ထင်ကြေးပေးကြသည်။ တချို့ကမူ ဦးနန္ဒမွန်သည် ယင်းသို့ထိုင်နေရင်းဖြင့် ကြမ်းပြင်မှ တစ်တောင်လောက် မြောက်တက်သွားခြင်း ရှိသည်ဟု ဆိုသည်။ သူ့အသားမှာ ဝါသော၊ ရွှေသော၊ နီပြာသော၊ ညိုမောင်းသော အရောင်များ တောက်လာသည်ဟုလည်း ဆိုကြသည်။ ယင်းသတင်းများ နားလျှံပြည့်သဖြင့် နန်းရင်ပင် သွားရောက်ကြည့်ရှုမိသည်။ ဖခင်၏တည်ငြိမ်ရင့်ကျက်သော အနေအထားကို တွေ့မြင်ရသောအခါ သူမ၏စိတ်တွင် ကြည်ညိုစိတ်များနှင့် နောင်တတရားများ ဖြစ်ပွားမိသည်။ ထိုအကြောင်းကိုမိခင်အား ပြန်ပြောင်းပြောဆိုသောအခါ...

"နင်တို့ပြောတာ ဟုတ်လည်း မဆန်းကော။ ဒေဝဒတ်လည်း ဘုရားအလောင်းပ"

သည်တော့ နန်းရင်သည် မိခင်အပေါ်တွင် မကျေမချမ်း စိတ်တစ်မျိုး ဖြစ်ရပြန်သည်။ သို့သော် မည်မျှပြန်မပြောချေ။ ဖခင်ဖြစ်သူ အဓိဋ္ဌာန်စေ့မည့်ရက်ကိုသာ ထက်သန်စွာ စောင့်မျှော်နေသည်။ ဖခင်ဖြစ်သူ သိမ်တွင်းမှ ထွက်လာသောအခါ မြေတွင် ဆံပင်ဖြန့်ခင်း၍ ပေးမည်ဟု ပိုင်းဖြတ်ထားသည်။ ထို့နောက် သေတစ်ပန်သက်တစ်ဆုံး ဝတ်ကြီးဝတ်ငယ် ပြုသွားမည် ဟု သန္နိဋ္ဌာန်ချသည်။

ယင်းသို့ဖြင့် ဦးနန္ဒမွန် အဓိဋ္ဌာန်ပြုသော ခုနစ်ရက် ပြည့်သွားသည်။ ကျောင်းဝင်းတစ်ခုလုံး လူတွေ ပြည့်နေသည်။ တစ်ရွာလုံးပင် ဖြစ်သည်။ အနီးဝန်းကျင်မှ အဆစ်ပါသေးသည်။ ဒေါ်စောရုံတစ်ယောက်သာ အနီးတွင် ကပ်နေလျက် မရောက်မရှိ ဖြစ်သည်။

သိမ်ဝသို့ရောက်ရန် နန်းရင်သည် မနည်းတိုးဝှေ့သွားရသည်။ အဓိဋ္ဌာန်ပြည့်မြောက်သော မွန်းတည့်တည့်အချိန်တွင် လူအားလုံးက သိမ်တံခါးကို ဦးခိုက်၍ ကြည့်နေကြသည်။ သိမ်တံခါး

MMCYBERMEDIA
COMMUNITY FOR ALL

ပွင့်လာသည်ကို အသက်မှန်မှန်မရှူမိဘဲ စောင့်မျှော်နေကြသည်။ သို့သော် သိမ်တံခါး ပွင့်မလာပေ။ အချိန်အတန်လွန်သည်အထိ ထိုအတိုင်းပင် ရှိသည်။ သည်တော့ လူတွေ ကျွတ်စီ ကျွတ်စီ ဖြစ်လာသည်။ အမျိုးမျိုးသော ထင်မြင်ချက်များ ပေးကြသည်။ နောက်ဆုံးတွင် ဆရာတော်က ရှေ့ဆောင်ရှေ့ရွက်ပြု၍ သိမ်တံခါးကို ဖွင့်သည်။ ဦးနန္ဒမွန်ကို ယခင်ရက်များအတိုင်းပင် တင်ပျဉ်ခွေရက်သား တွေ့မြင်ရသည်။ သူတို့ လှမ်းခေါ်သည်။ မထူးမို့ အနီးသို့ သူတို့ချဉ်းကပ်သွားသည်။ သူမလှုပ်၊ မကြည့်။ သို့ဖြင့် ဦးနန္ဒမွန်၏ ပခုံးကို ဆရာတော်က လက်ဖြင့် ကိုင်လှုပ်လိုက်သည်။

"ဒကာကြီး ဒကာကြီး"

ဆရာတော် လှုပ်ယမ်းမှုကြောင့် ဦးနန္ဒမွန် ရှေ့နောက် ယိမ်းထိုးသည်။ ဆရာတော် လက်ရုပ်သည်။ ထိုအခါ ဦးနန္ဒမွန်၏ ပါးလုပ်ခြောက်ကပ်သော ကိုယ်လုံးသည် ရှေ့ဘက်သို့ ဝုန်းခနဲ ထိုးကျသွားသည်။ အာမေဋိတ်သံများ မိုးသို့ လျှံတက် သွားသည်။ ဦးနန္ဒမွန်ကို လူသုံးလေးဦး ပြေးပွေ့သည်။

သူအသက်မရှိတော့။ သူ့ဘဝခရီးတွင် အကောင်းအဆိုးများ မည်သို့ပင် ရှိခဲ့စေ၊ သူကား သေပန်းပွင့်သူတစ်ဦးဟု ဆိုနိုင်သည်။ သူ့စျာပနတွင်သည် ရွာကပြုလုပ်သော ဘုံစျာပနဖြစ်သည်။ ဘုန်းကြီးပျံကလေးတမျှ စည်ကားသည်။ မိုးကောင်းမှပင် လူအများ လာရောက်ကြသည်။ နန်းခင်တစ်ယောက်သာ မလာမရောက်ရှိသည်။

ဦးနန္ဒမွန်အဖြစ်ကို အစအဆုံးကြားပြီးသောအခါ ဘကြီးမုံး မှတ်ချက်ချသည်။

"အိမ်း၊ လူတစ်ကိုယ် အကြောင်းတစ်မျိုးပကွယ်။ တို့များသေရင်တော့ တောထဲမှာ ကျားစာ လဒစာ ဖြစ်မှာပဲ"

ဘကြီးမုံးသည် နန်းရင်တို့အိမ်တွင် နစ်ညမျှသာ အိပ်သည်။ မောင်မျိုးတို့လင်မယားအပြင် အခြားတက်ကြွသူ လေးငါးဦးတို့နှင့် တိုင်းရေးပြည်ရာများကို ဆွေးနွေးကြသည်။ မောင်မျိုးနှင့် နန်းရင်တို့သည် အိမ်ထောင်သည်များ ဖြစ်သွားကြပြီဖြစ်သည့်တိုင် အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်ရေး စိတ်ဓာတ် ယခင်အတိုင်း အပြည့်အဝရှိနေသည်ကို တွေ့ရသဖြင့် ဘကြီးမုံး ဝမ်းသာသည်။ သုံးရက်မြောက်သောနေ့တွင် ဘကြီးမုံးနှင့်မောင်မျိုးတို့ ကချင်တောင်များသို့ ခရီးဆက်ကြသည်။

ခရုခရောက်သို့ရောက်သောအခါ သူတို့ အားတက်ကြရပြန်သည်။ လဖိုင်လတို့၏ အခြေအနေမှာ ကောင်းမွန်ဆဲပင် ဖြစ်သည်။ လဇျာဂမ်တို့လူစု၏ အားပေးကူညီမှုကြောင့် ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့် အင်္ဂလိပ်အစိုးရ၏ အုပ်စိုးမှုအာဏာစက်ဝန်း ထိုးဖောက်ပြန့်ကျယ်လာခြင်း ရှိသော်လည်း တိုင်းတစ်ပါးလူမျိုးတို့၏ မတရားမင်းလုပ်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများကို ဆန့်ကျင်တွန်းလှန်လိုသည့် အင်အားစုမှာလည်း ဆတက်ထမ်းပိုး တိုးပွားလျက်ရှိသည်။ တစ်စုနှင့်တစ်စု၊ တစ်နယ်နှင့်တစ်နယ် ဆက်သွယ်မိလျက်ရှိသည်။ သူတို့သည် မြေပြန့်ဒေသအခြေအနေနှင့် အင်္ဂလိပ်တို့၏အရိပ်အကဲကို စောင့်ကြည့်နေကြသည်။ ဘကြီးမုံးတို့ထံမှ အောက်ပြန့်ဒေသ အခြေအနေများကို ကြားရသောအခါ လဖိုင်လတို့ များစွာမှ စိတ်ဓာတ်မြင့်ကြွကြသည်။ အစီအစဉ်များ ချက်ချင်းပြုသည်။ ဝါဝိုင်းနယ်သို့ သွားမည်။ ဟူးကောင်းနယ်သို့ သွားမည်။ ဆမားဒူးဝါး ခွန်ဆိုင်းလီထံတွင် ဩဝါဒခံယူမည်။ မြစ်ကြီးနားမြို့ကို စီးနင်း

MMCYBERMEDIA
COMMUNITY FOR ALL

တိုက်ခိုက်ခဲ့သူ ဆင်ရိုင်ဝါ၊ မလွဲပွန်းဂမ်၊ ဝလာဘွန်း၊ အင်ဂန်ဒူးဝါး၊ ထို့နောက် မြောက်မြားစွာသော ဒူးဝါး၊ ဆလန်ဝါ၊ အကြီးဝါများနှင့် ညှိနှိုင်းတိုင်ပင်မည်။

သို့ဖြင့် ဘကြီးမုံးတို့နှင့်အတူ လဖိုင်လ၊ မဂမ်၊ ဘောင်ယိန်းတို့ လိုက်ပါလျက် ခရီးလှည့်လည်ကြရန် အသေးစိတ် စီစဉ်ကြသည်။ လဖိုင်လနှင့် ဘောင်ယိန်းတို့မှာမူ ရွာရေးရွာတာမှ လွဲ၍ အထူးစီစဉ်ဖွယ်ရာ မရှိချေ။ သူတို့က တစ်ကိုယ်ရည် တစ်ကာယသမားများ ဖြစ်ကြသည်။ ခြေသလုံးအိမ်တိုင်များ ဖြစ်ကြသည်။ ဘာမှ တွယ်တာစရာ မရှိ။ ဘာမှ နောက်ဆံ တင်းစရာမရှိ။ သွားဆိုသွား လာဆိုလာပင်။ လဖိုင်လအနေနှင့်ဆိုလျှင် သည်တစ်သက်တွင် အိမ်ထောင်မပြုတော့ဟု ဆုံးဖြတ်ပြီးဖြစ်သည်။ အကြောင်းမူ မခေါင်ညွယ်၏ဆက်ဆံရေးသည် အင်မတန် ရင်းနှီးပွန်းတီးသော မိတ်ဆွေများ အဖြစ်သာ။ မခေါင်ညွယ်က ခေါင်းမာလှသည်။ သူမတွင် အရွယ်ရှိမှန်းသိသည်။ သူမတွင် ထိခိုက်တတ်သော အကြည်ဓာတ် ရှိမှန်းသိသည်။ သူမတွင် လဖိုင်လအပေါ် တိမ်းညွတ်သော မေတ္တာစိတ်ရှိမှန်းသိသည်။ သို့သော် မခေါင်ညွယ်သည် သူမတစ်ယောက်တည်းအတွက် မစဉ်းစား။ ကချင်အမျိုးသမီးများအားလုံးအတွက် စဉ်းစားသည်။ မိမိတို့ အမျိုးသမီးများသည် ယောက်ျားမရှိဘဲနှင့် မရည်တည်နိုင် ဟူသော အဆိုကို လက်မခံနိုင်။ မှီခိုအားထားဖို့တော့ ယောက်ျား မယူ။ ကျေးကျွန်ပြုခံရဖို့တော့ ယောက်ျားမယူ။ မိမိသဘောနှင့် မိမိနှစ်သက်မှုရှိလျှင် ယူချင်ယူမည်။ယူခြင်း မယူခြင်းမှာ မိမိအလုပ်။ အခြားသူများ၏ အလုပ်မဟုတ်။ ဓလေ့ထုံးတမ်း၏ အလုပ်မဟုတ်။ သူမအနေနှင့် အိမ်ထောင်ပြုချင်လည်း ပြုနိုင်သည်။ မပြုဘဲနေချင်လည်း နေနိုင်သည်။ ထိုသဘောကို ပိုမိုပေါ်လွင်စေရန်အတွက် သည်တစ်သက်မှာ သူမ နောက်အိမ်ထောင် မပြုတော့။ လဖိုင်လကို တွယ်တာခင်မင်သည်က တစ်ပိုင်းပေါ့။ တစ်ဖက်ကကြည့်တော့လည်း သူတို့နှစ်ယောက်သည် အဘိုးကြီး အဘွားကြီးများ ဖြစ်နေကြပေပြီ။

ဘောင်ယိန်းတွင်လည်း ပြဿနာ အထူးမရှိချေ။ နောင်ယောတွင်နေစဉ်က သူ့မှာ ဇုန်မြော်နန် ရှိခဲ့သည်။ သို့သော် ကြီးမားသော မင်္ဂလာကြေးစနစ်ကြောင့်၊ ဒူးဝါးတို့ အတန်းအစားခွဲခြားမှုကြောင့် ဇုန်းမြော်နန်သည် ဤလောကမှ အပြီးအပိုင် ထွက်ခွာသွားချေပြီဖြစ်သည်။ ခစခရောက်သို့ ရောက်ပြန်တော့ ခရန်ကော့ မည်သော ကလေးမတစ်ယောက်နှင့် သံယောဇဉ်တွယ်ရပြန်သည်။ ကြည်နူးနှစ်သိမ့်ခြင်းများ ဖြစ်ရသည်။ သို့သော် ဤတွင်လည်း ပြဿနာပေါ်သည်။ ခရန်ကော့၏ဖခင်သည် တစ်ကြိမ်က ပဒေသရာဇ်ဆန့်ကျင်ရေးသမား၊ နယ်ချဲ့ဆန့်ကျင်ရေးသမား ဖြစ်ခဲ့ငြားလည်း ယခုမူ ခရစ်ယာန်ဘုန်းကြီးများနှင့် ပတ်သက်ပြီး ဘက်ပြောင်းသွားပြီဖြစ်သည်။ ပထမတွင် လဗျဂမ်သည် ဝတ်ရုံဖြူဝတ်ထားသော ဘုန်းတော်ကြီးနှင့် ပေါင်း၍ဘုရားသခင်အကြောင်း၊ သနားကြင်နာခြင်းအကြောင်း ပြောသည်။ နောင်သောအခါတွင် ကာကီဝတ် အင်္ဂလိပ်စစ်ဗိုလ်များနှင့် ပေါင်းပြီး ဘုရင်မင်းမြတ်အကြောင်း၊ ဗြိတိသျှအင်ပါယာအကြောင်း ပြောသည်။ ထိုနှစ်ခုမှ ပေါက်ဖွားလာချက်မှာ သူ၏သားများကို မြစ်ကြီးနားမြို့ရှိ အမေရိကန်နှစ်ခြင်း သာသနာပြုကျောင်းတွင် ထားသည်။ ကျောင်းမှထွက်သော် အင်္ဂလိပ်စစ်တပ်သို့ ဝင်စေသည်။ သူကိုယ်တိုင်လည်း ခရစ်ယာန်ဘာသာသို့ဝင်ပြီး မြစ်ကြီးနားသို့ ပြောင်းသည်။ အင်္ဂလိပ်စစ်တပ်တွင် စကားပြန်လုပ်သည်။ သမီးဖြစ်သူကိုလည်း အစိုးရအမှုထမ်းတစ်ဦးနှင့် ထိမ်းမြားရန် အကြံအစည်ရှိသည်။

ခရန်ကော့သည် အစပထမတွင်တော့ အတော်ပြတ်သားသည့်ဟန် ရှိသည်။ မည်သို့ဖြစ်စေ ဘောင်ယိန်းနှင့် ယူမည့်ပုံ ဖြစ်သည်။ တကယ်တမ်းကျတော့ မိဘနှစ်ပါးကို ပြတ်နိုင်ခြင်းမရှိ။ ဘောင်ယိန်းကို တောင်ပေါ်တွင် ချန်ထားခဲ့ကာ မိဘများနှင့်အတူ မြစ်ကြီးနားသို့ လိုက်သွားသည်။ သို့သော် ဘောင်ယိန်းကို

ကတိတစ်ခုပြုခဲ့သည်။ မိဘပေးစားသူကို လည်းကောင်း၊ အခြားယောကျ်ားတစ်ဦးကိုလည်းကောင်း မယူဟုဖြစ်သည်။ ယင်းကတိကိုတော့ ခရန်ကော့ မြဲမြဲအောင် ထိန်းသည်။ ယခုထိ အိမ်ထောင်မပြုသေးဘဲရှိသည်။ သူ့မိဘများကလည်း အတင်းအကြပ် မပြုရဲချေ။ သူတို့သမီး စိတ်ထက်သည်ကို သိကြသည်။ သို့ဖြင့် ခရန်ကော့ အပျိုကြီးဖြစ်နေသည်။ ဘောင်ယိန်းမှာလည်း ယခုအထိ လူပျိုကြီးပင် ဖြစ်သည်။ သူက ဇုန်းမြော်နန်ကိုရော၊ ခရန်ကော့ကိုရော၊ အခြားသော အမျိုးသမီးများ အားလုံးကိုရော မေ့ပျောက် ထားလိုက်ပြီဟု ဆိုသည်။ ရှေ့အဖို့ သူစိတ်ဝင်စားသည်မှာ တောင်ယာလုပ်မည်။ တောလိုက်မည်။ ခေါင်ရည်သောက်မည်။ တေးဆိုမည်။ ကခုန်မည်။ ဆိုးရွားသော ဒူးဝါးစနစ်နှင့် အနိုင့်အထက်ပြုသော တိုင်းတစ်ပါးအုပ်စိုးမှုတို့ကို တွန်းလှန်တိုက်ခိုက်မည်။ ဒါပဲ။ ယင်းကြောင့် သူက ဘကြီးမုံးတို့ ရောက်လာပြီးအင်္ဂလိပ်ကို တိုက်ခိုက်ရန် အကြမ်းအားဖြင့် စီစဉ်တိုင်ပင်သောအခါ ဝမ်းအသာဆုံးလူဖြစ်သည်။ အတက်ကြွဆုံးလူ ဖြစ်နေသည်။ ပြဿနာပေါ်သူမှာ မဂမ်။ မဂမ်မှာ နန်းရင်တို့ ဓမ္မတီးလုံသို့ လိုက်သွားကတည်းက တနိုင်လုနှင့် အိမ်ထောင်ကျနေပြီးဖြစ်သည်။ ကလေးတစ်ယောက် ရရှိပြီး ဖြစ်သည်။ ထို့နောက် ကလေးလေးယောက် ထပ်မံရရှိသည်။ တတိယကလေး ပျက်စီးသွားသဖြင့် လေးယောက်ကျန်ရှိ သည်။ သို့သော် တနိုင်လုမှာ ယခုအခါ မပေါ့မပါးနှင့်ဖြစ်၍ မကြာမီ ငါးယောက်ပြန်ဖြစ်လာမည်။ အကြီးနစ်ယောက်က ယောကျ်ားလေးများဖြစ်သည်။ အငယ်နစ်ယောက်က မိန်းကလေးများဖြစ်သည်။ အကြီးဆုံးက ဆယ်နစ်၊ အငယ်ဆုံးက နစ်နစ်။ မဂမ်သည် မိန်းမနှင့် ကလေးများကို အင်မတန် တွယ်တာသည်။ တနိုင်လုကလည်း မဂမ်ကို မျက်စိအောက်ကပင် အပျောက်မခံချင်။ ညအိပ်ညနေသွားသည်ကိုလည်း မကြိုက်။ ဟိုမိန်းကလေး၊ သည်မိန်းကလေးများနှင့် ရှုပ်ထွေးသည်ကို မကြိုက်။ ယခုကိစ္စတွင်လည်း တနိုင်လုက ကန့်လန့်ခံနေသည်။ စစ်တိုက်ကြမည်ကို သူမက မလိုလား။ မဂမ် ကျဆုံးမည်ကို သူမက စိုးရိမ်နေသည်။ လောလောဆယ် သူတို့ ခရီးထွက်ရာတွင်လည်း မဂမ် မလိုက်ပါစေချင်။ မကြာမီ ကောက်လျှင်များ လည်း ရိပ်သိမ်းတော့မည် မဟုတ်လား။

"ကောက်သိမ်းတာက မဂမ်ရှိဖို့ မလိုပါဘူး။ နင်နဲ့ ငါနဲ့ ရှိရင် ပြီးတာပဲအေး။ အခု သူတို့သွားမှာက ကောက်သိမ်းတာထက် အရေးကြီးတဲ့ ကိစ္စပဲ"

"ကျုပ်က သူသေမှာစိုးလို့ပါ"

"စစ်တိုက်တာက သူ မသေဘူး။ နင်ကြိုးချည်တာကမှ သူသေတာ"

လဖိုင်လက ခပ်ငေါက်ငေါက် ပြောသည်။ ထိုအခါမှ တနိုင်လု ဗလစ်ဗလစ် အလုပ်ရပ်သွားသည်။ မဂမ်ကမူ သူ့မိန်းမက သူ့သိက္ခာချသည်ဟု ဒေါသဖြစ်နေသည်။ ခရီးထွက်ခါနီးတွင် စကားမပြောချေ။ ထိုအခါ တနိုင်လု သည်းထန်စွာ ငိုကြွေး နေသည်။ ကလေးများလည်း တောမသိ တောင်မသိနှင့် ကမ္ဘာပျက်သမျှ ငိုကြွေးကြသည်။

မဂမ် ပြန်စောင်းမကြည့်။ ဇနီးနှင့် သားသမီးများ ငိုသံမကြားရအောင် ရှေ့ဆုံးမှ သုတ်သုတ်နှင်သည်။ ယင်းအဖြစ်ကို တွေ့မြင်ရတော့ နန်းရင်တို့ စိတ်မကောင်း။ ဤသည်မှာ စစ်ထွက်ခြင်းမဟုတ်သေး။ စစ်ထွက်ရန် ပဏာမ ပြင်ဆင်ခြင်း အဆင့်မျှသာ။

MMCYBERMEDIA
COMMUNITY FOR ALL

## အခန်း -၁၀၁-

ဘကြီးမုံးတို့လူစုသည် တောင်အစဉ်စဉ်၊ တောအထပ်ထပ်၊ ချောင်းအဆင့်ဆင့်ကို ဖြတ်ကျော်ကာ ရွာအစုံစုံ၊ လူအစုံစုံနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အပြီးသတ် တိုင်ပင်ဆုံးဖြတ်မှုများ ပြုလုပ်ရန် မိုးညှင်းမောင်သိုက်တို့လူစုကို အခေါ်လွှတ် လိုက်သည်။ သို့သော် သူတို့စေလွှတ်သော လူလျင်နှင့် မိုးညှင်းမောင်သိုက်တို့လူစု လမ်းတွင်လွဲကြသည်။ အကြောင်းမှာ မိုးညှင်းမောင်သိုက်တို့လူစုသည် အခြေအနေအရပ်ရပ်အရ ဘကြီးမုံးတို့ထံမှ အထောက်အစေလွှတ်သည်ကို မစောင့်နိုင်တော့ဘဲ နန်းစော်လော်မှ ရှောင်ခွာခဲ့ကြသည်။ ယင်းသို့ဖြစ်ရသည်ကား ဥရောပတွင် အလျှံညီးညီး တောက်လောင်နေသော စစ်ရိပ်စစ်ငွေ့ကြောင့်ဆိုလည်း ဟုတ်သည်။ အချိန်အခါမဟုတ် မိုးမရွာလေမလာဘဲ မိုးကြိုးပစ်သောကြောင့် ဆိုလည်း ဟုတ်သည်။

မိုးညှင်းမောင်သိုက်တို့သည် တစ်ဖက်မှ ဘကြီးမုံးတို့ထံမှ အထောက်တော်ရောက်လာမည်ကို စောင့်စားနေရင်း အခြားတစ်ဖက်က ဥရောပတွင် စစ်ပြင်နေသော သတင်းများကို မျက်ခြည်မပြတ် လေ့လာနေကြသည်။ သူတို့သည် မီးရထားပေါ်တွင် သူရိယသတင်းစာ ပါလာမည်ကိုသာ စောင့်မျှော်နေကြသည်။ ဩစတေးယျနိုင်ငံ၏ အိမ်ရှေ့စံဖာဒီနန်ကို ဆာရာဂျီဗိုမြို့တွင် ဆစ်လူမျိုးတစ်ဦးက သေနတ်နှင့်ပစ်သတ်လိုက်သော သတင်းကို ကြားရသောအခါ သူတို့အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ၁၉၁၄ ခု၊ ဂျူလိုင်လ (၂၈) ရက်နေ့တွင် ဩစတေးယျက ဆားဗီးယားနိုင်ငံကို စစ်ကြေညာ တိုက်ခိုက်ကြောင်း၊ ရုရှတို့က ဆားဗီးယားဘက်မှ ကူညီကြောင်း၊ ထို့နောက် ပြင်သစ်က ဆားဗီးယားဘက်မှ ကူညီပြီး ဂျာမနီက ဩစတေးယျဘက်မှ ပါဝင်ကြောင်း သတင်းများကို ဆက်တိုက်ကြားရသောအခါ မိုးညှင်းမောင်သိုက် တို့သည် နေမထိ ထိုင်မရ ဖြစ်နေရတော့သည်။ သို့သော် စောစောပိုင်းတွင် အင်္ဂလိပ်က ကြားနေမည်ဟုဆိုနေ၍ သူတို့မှာ အခြေအနေကို ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေရသည်။

ဩဂုတ်လ (၄) ရက်နေ့တွင် ကြားနေမည်ဆိုသော အင်္ဂလိပ်တို့ စစ်ထဲပါဝင်သွားပြီဆိုသည့် သတင်းကို ကြားရသောအခါ တွင်ကား မောင်သိုက်တို့ လက်ခမောင်း ခတ်မိကြသည်။ ဤကား သူတို့အတွက် အခွင့်အရေးဖြစ်သည်။ သူတို့သည် အစောကြီးကတည်းက ဂျာမနီနိုင်ငံ၏ ကြီးမားသော စစ်အင်အားကို အထင်ကြီးထားကြသည်။ အင်္ဂလိပ်နှင့် ဂျာမနီတို့ စောင်နေခဲ့ကြသည်ကိုလည်း သိထားကြသည်။ ယခုမူ အင်္ဂလိပ်နှင့် ဂျာမနီတို့ တိုက်ကြလေပြီ။ သူတို့မျှော်လင့်ထားသည့် အတိုင်းပင် ပွဲဦးထွက်တွင် ဂျာမနီတို့အောင်ပွဲ တစ်ခုပြီးတစ်ခု ဆက်တိုက်ရရှိသည်။ မဟာမိတ်တို့ဘက်မှ အရှုံးကြီးရှုံးပြီး အဆုတ်ကြီးဆုတ်နေရသည်။ ဂျာမနီ၏ စစ်ဆင်မှုနှင့် ဂျာမနီ၏အောင်ပွဲသည် တစ်ကမ္ဘာလုံးက အံ့ဩစရာဖြစ်သည်။ မြန်မာနိုင်ငံရှိ အင်္ဂလိပ်များအားလုံး မျက်လုံးပြူးနေကြသည်။ ဤကား အင်္ဂလိပ်တို့အား တိုက်ခိုက်မောင်းနှင်ရန် ကြံစည်နေသူများအဖို့ အခွင့်ကောင်းပင်ဖြစ်သည်။ မြန်မာပြည်ရှိ အင်္ဂလိပ်တပ်များကို ဥရောပသို့ပို့ကုန်ပြီ ဟူသော သတင်းများ ထွက်လာသည်။ ဥရောပစစ်မြေပြင်တွင် ပါဝင်တိုက်ခိုက်ရန်အတွက် အင်္ဂလိပ်အစိုးရက စစ်သားများ၊ စစ်စရိတ်များ စုဆောင်းလာသည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

ဤသို့သော အခြေအနေများကြောင့် မိုးညှင်းမောင်သိုက်တို့လူစုသည် ဘကြီးမုံးတို့ထံမှ အကြောင်းကြားလာမည်ကို စိတ်မရှည်စွာ စောင့်နေကြသည်။ သူတို့ဆီမှ အထောက်အစေ မလာမီပင်

MMCYBERMEDIA COMMUNITY FOR ALL

လိုက်သွားရန် အကြိမ်ကြိမ်ကြံစည်ကြသည်။ သို့သော် အင်္ဂလိပ်တို့ ယခုထက် ပို၍ မျက်လုံးပြူးဖြစ်ချိန်တွင် မိမိတို့အရေးတော်ပုံကို စရလျှင် ပို၍အောင်မြင်မည်ဟု ယူဆသဖြင့် စစ်သတင်းများကို နားစွင့်ရင်း ဘကြီးမုံးတို့ထံမှ လူလျင်ကို စောင့်ဆိုင်းနေကြသည်။ သို့သော် တစ်နေ့တွင် သူတို့လူစု၏အခြေအနေများ ရုတ်ခြည်းပြောင်းလဲသွားသည်။ ယင်းကား မိုးမရွာ လေမတိုက်ဘဲနှင့် မိုးကြိုးပစ်ခတ်ခြင်းပင် ဖြစ်သည်။

ထိုနေ့က မိုးညှင်းမောင်သိုက်သည် ဦးဆန်း၊ ဒေါ်ငွေတို့အိမ်တွင် နေ့ခင်း တစ်ရေးအိပ်နေသည်။ ထိုအချိန်တွင် ရုတ်တရက် မိုးကြိုးပစ်ချလိုက်ခြင်းဖြစ်သည်။ ကြိုတင်၍ မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း အလျဉ်းမရှိချေ။ မိုးကြိုးပစ်ပြီးသည့် နောက်ပိုင်းတွင် လည်း မိုးရွာခြင်း လေထန်ခြင်း မရှိချေ။ မိုးကြိုးသည် အိမ်ခေါင်တိုင်ကိုဖောက်၍ ဆင်းသွားသည်။ ထုပ်လျောက်အနည်းငယ်ကွဲ၍ ခေါင်တိုင်မဖြစ်စလောက် မီးလောင်ကျွမ်းသည်။ သည့်အပြင်ကား မည်သည့်အပျက်အစီးမျှ၊ မည်သည့်အထိအခိုက်မျှ မရှိ။ ထိုသတင်းသည် ချက်ချင်းပျံ့သွားသည်။ နိမိတ်ဖတ်ကြသည်။ မိုးညှင်းမောင်သိုက် ဧကန်မုချ မင်းဖြစ်တော့မည်ဟု ကောက်ယူကြသည်။ ရွာဦးကျောင်းဆရာတော် ဦးမိတ္တဇကလည်း ထိုအတိုင်းပင် အဟောထွက်သည်။ ယင်းအတိတ်နမိတ်နှင့် ယင်းဟောပြောချက်တို့ မှန်သည် မမှန်သည် အပထား၊ မောင်သိုက်တို့ လူစုအဖို့ မလုံမခြုံဖြစ်လာသည်ကား ဧကန်ပင် ဖြစ်တော့သည်။ အနီးဝန်းကျင်မှ လူများ မောင်သိုက်ကို လာရောက်ဖူးမြော်ကြသည်။ ထိုသတင်းကို ကြားသော် အုပ်ချုပ်ရေးပိုင်းတို့ မျက်လုံးပြူးသည်။ နဂိုကတည်းက ဥရောပစစ်အတွက် စိတ်ချောက်ချားနေကြသူများ ဖြစ်သည်။ ပုလိပ်များ အဖမ်းအဆီးပြုရန် ပြင်ဆင်စိုင်းပြင်းလာကြသည်။ ထိုအခါ မောင်သိုက်တို့လူစုသည် တစ်ခုသော အရုဏ်တက် အချိန်တွင် နန်းစော်လော်မှ ခွာကြရသည်။ သူတို့လူစုတွင် မောင်သိုက်အပြင် ဆရာနီ၊ ဆရာဝနှင့် မောင်ဆေးပုံတို့ ပါကြသည်။ မိုးကောင်းတွင် အရေးတော်ပုံ စတင်သောအခါ နန်းမားတစ်ပိုက်တွင်လည်း ထကြွတိုက်ခိုက်ကြရန်၊ ထိုမှတစ်ဆင့် အောက်ဘက်ဒေသသို့ ပျံ့နှံ့သွားစေရန် ဦးဖောင်တို့က တာဝန်ယူဆောင်ရွက်ရမည်ဟု အတိုင်အဖောက် ပြုထားကြသည်။ ယင်းသို့ဖြင့် ဘကြီးမုံးတို့လွှတ်လိုက်သော လူလျင်နှင့် မိုးညှင်းမောင်သိုက်တို့လူစု လမ်းခုလတ်တွင် လွဲသွားကြခြင်းဖြစ်သည်။ ထိုသို့လွဲသွားရသည့်အတွက် အသည်းထိတ် ရင်ဖိုစရာများ ဖြစ်သေးသည်။

ဘကြီးမုံးလွှတ်လိုက်သော ဆက်သားသည် နန်းမားဘူတာသို့ အရောက်မှာပင် မိုးကြိုးခသည့် အကြောင်းနှင့် မောင်သိုက်တို့ တိမ်းရှောင်သွားပြီဆိုသည့် အကြောင်းတို့ကို ကြားသိသည်။ သို့ဖြင့် သူသည် နန်းစော်လော်သို့ မသွားတော့ဘဲ အဆန်ရထားဖြင့် မိုးကောင်းသို့ ချက်ချင်းပြန်ရန် စီစဉ်သည်။ ထိုတွင် ကသာမှ ရောက်လာသော ရုပ်ဖျက်ထားသော စုံထောက်နှစ်ကောင်နှင့် တိုးရသည်။ အဖြီးအဖြန်း ကောင်းသဖြင့်သာ သံတိုင်များနောက်သို့ မရောက်ခြင်းဖြစ်သည်။ မောင်သိုက်တို့လူစုလည်း ဘေးရန်မကင်းပြီဖြစ်သဖြင့် ရထားကို အသုံးမပြုတော့။ အန္တရာယ်ကင်းမည်ထင်သော တောလမ်း တောင်လမ်းများမှ သွားကြသည်။ ရန်သူများက သတင်းအစအန မခံမိစေရန် ရွာများကို ရှောင်ကွင်းသည်။ သူတို့သည် ဘကြီးမုံးတို့လူစုကို မည်သည့်အရပ်တွင်တွေ့ဆုံဆက်သွယ်ရမည်မှန်းမသိသဖြင့် စိတ်အချရဆုံး ဖြစ်နိုင်သော ကြိုးကြာရွာသစ်သို့ ဦးတိုက်၍ သွားကြသည်။ အကြောင်းမူ ဘကြီးမုံးသည် ကြိုးကြာရွာသစ်သို့ အရင်ဆုံးသွားမည်ဟု သူတို့ကို ပြောသွားသည်။

ကြိုးကြာရွာသစ်အနီးသို့ မောင်သိုက်တို့ ရောက်သွားချိန်တွင် ကြိုးကြာရွာတွင်း၌ မိုးကောင်းမြို့စာရေး ကိုလူကြီးနှင့် ရာဇဝတ်အုပ် ကြံကောင်းတို့အဖွဲ့ ရှိနေသည်။ ဂျာမနီနှင့် ဖြစ်ပွားသော စစ်ကြောင့်လည်းကောင်း၊ စီးပွားရေး ကျပ်တည်း ကျဉ်းမြောင်းသောကြောင့်လည်းကောင်း တိုင်းပြည်

MMCYBERMEDIA
COMMUNITY FOR ALL

လှုပ်လှုပ်ရွရွဖြစ်နေသည့်အတွက် ဆူဆူပူပူလုပ်မည့် သတင်းများကို သိုးသိုးသန့်သန့်ကြားသည့်အတွက် နယ်လှည့်လာကြခြင်းဖြစ်သည်။ သူတို့လူစုသည် ထုံးစံအတိုင်းပင် ရွှေဝါတို့အိမ်ကို ဝင်သည်။ ရွှေဝါတို့လင်မယားကို မတွေ့ရ။ အင်ဥကောက်ရန် နံနက်စောစောကတည်းကပင် အနောက်ဘက် တောကြီးသို့ ထွက်သွားကြသည်ဟု အိမ်နီးနားချင်းများက ပြောသည်။ ဒေါ်စောရုံမှာ အိမ်တွင် မရှိချေ။ ရွာဦးကျောင်းအနီး တရားတဲတွင် ရှိသည်။ သူတို့က ဒေါ်စောရုံကို စိတ်မဝင်စား၊ မောင်မျိုးနှင့် နန်းရင်ကို မေးသည်။ ရွာသားများက မသိပဟု ဘူးခံကြသည်။ သူတို့အဖြေကို ကိုလူကြီးနှင့်အဖွဲ့က မကျေနပ်။ မောင်မျိုးနှင့် နန်းရင်တို့ အိမ်သို့ လွန်ခဲ့သည့်တစ်လနစ်လက ကနန်း အဘိုးကြီး တစ်ယောက် ရောက်လာကြောင်း၊ မောင်မျိုးသည် ထိုအဘိုးကြီးနှင့်အတူ ကချင်တောင်များဘက်သို့ ထွက်သွား ကြောင်း၊ မကြာမတင်မီကလေးကပင် နန်းရင် ရွာမှ ပျောက်သွားကြောင်း ချောင်းလေခွရှိလူများထံမှ သတင်းရရှိသည်။ သို့သော် ကြိုးကြာရွာသစ်မှ လူများကတော့ ကနန်းအဘိုးကြီး လာသည်ကိုလည်း သူတို့မသိ၊ မောင်မျိုးတို့ ဘယ်သွားမှန်း လည်း သူတို့မသိဟု ဖွတ်ပင် ပြောကြသည်။ တစ်ရွာလုံးနှင့် အဓိကရုဏ်းမဖြစ်လိုသေး၍ ကိုလူကြီးတို့ အလျှော့ပေးရသည်။ သူတို့လူစုသည် မတတ်သာသည့်အဆုံးတွင် ရွှေဝါတို့အိမ်တွင် ကြက်သားဟင်းချက်၍ အရက်ပြင်းပြင်းနှင့် ပွဲတော်တည်ရင်း ရွှေဝါတို့ ပြန်အလာကို စောင့်နေကြသည်။ ထိုအချိန်တွင် ရွှေဝါတို့လူစုသည် အနောက်ဘက်တောတွင် အင်ဥကောက် နေသည်မှာ အမှန်ပင်ဖြစ်သည်။ လမ်းမှန် ကမ်းမှန်အတိုင်းဆိုလျှင် သူတို့သည် တောအစပ်ရှိ အင်ပင်များအောက်တွင် အင်ဖက်များကို လှန်လှောကာ အင်ဥများကို ကောက်ယူပြီး ထမင်းအိုးတစ်လုံးတည် နှစ်လုံးတည်အတွင်းတွင် ပြန်ခဲ့ကြဖို့ ပင်ဖြစ်သည်။ သို့သော် ရွှေဝါသည် ထိုတောစပ်သို့ဝင်မိသည်ဆိုလျှင်ပင် စိတ်တစ်မျိုးဖြစ်သွားသည်။ တစ်ချိန်က ဤတောအတွင်း ဆင်ဖမ်းခဲ့သည်များ၊ အမဲလိုက်ခဲ့သည်များကို အမှတ်ရဟန်ရှိသည်။ တောနှင့် မနီးမဝေးတွင်ရှိသော ကျစ်ငယ်တစ်ခုသို့ သွားလိုသည်ဟု ဆိုသည်။ မနင်းမြူ ဖျက်သော်လည်း မရ။ သို့ဖြင့် သူတို့ ထိုကျစ်သို့ ရောက်ရသည်။ ယင်းကျစ်မှာ ငယ်လည်းငယ်၊ လူနှင့်လည်း နီးသဖြင့် တောကောင်များ အလာနည်းသည်။ လာလျှင်လည်း အကောင်ငယ် များသာ ဖြစ်သည်။ သူတို့ရောက်သွားချိန်တွင် ချေငယ်တစ်ကောင် ရေသောက်နေသည်ကို တွေ့ရသည်။ ရွှေဝါတွင် ဒူးလေး မပါ။ ဓားသာပါသည်။ ယင်းကြောင့် ထိုချေကို လွှတ်လိုက်ရသည်။ ယင်းကျစ်အနီးဝယ် သူတို့ အပန်းဖြေနေစဉ်တွင် ရွာမှ လူတစ်ယောက် ရောက်လာသည်။ ကိုလူကြီးတို့လူစု ရောက်နေကြောင်းပြောလာခြင်းဖြစ်သည်။ ရွှေဝါ မသိအောင် အကွယ်တစ်ခုမှလက်ပြခေါ်၍ မနင်းမြူကို ပြောသည်။ ထိုအခါ မနင်းမြူ စဉ်းစားသည်။ ရွှေဝါသည် ထိုသူများကိုတွေ့လျှင် ဒေါသကြီးတတ်သည်။ ရောဂါသည်းလာတတ်သည်။ ထိုသူများနှင့်မတွေ့ရလျှင် အကောင်းဆုံးဖြစ်သည်။ ထိုသူများသည် မည်သည့်နည်းနှင့်မျှ ရွာတွင် အိပ်ချေမည်မဟုတ်။ ချောင်းလေခွသို့ ပြန်အိပ်မည်ဖြစ်သည်။ နောက်တစ်နေ့ဆိုလျှင် မိုးကောင်းသို့ ပြန်လျှင်ပြန် မပြန်လျှင် အင်းဘက်သို့ ခရီးဆက်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကနေ့အဖို့ သူတို့ ရွာမပြန်လျှင် ကောင်းမည်။ မည်သို့ ကြံရမည်နည်း။ မနင်းမြူစဉ်းစားသည်။ ခဏချင်းမှာပင် အဖြေရသည်။လခတ်ရဒေါ်ရွာသို့သွားရောက် လည်ပတ်ဖို့ ပြောလျှင်ကောင်းမည်။ လခတ်ရဒေါ်မှ လဆန်ဂမ်မည်သော အဘိုးကြီးသည် ရွှေဝါကို သားအရင်းကဲ့သို့ ချစ်သည်။ သူတို့လင်မယားကို အလည်လာရန် မကြာခဏပြောသည်။ ရွှေဝါလည်း ထိုအဘိုးကြီးကို လေးစားချစ်ခင်ခြင်း ရှိသည်။ တစ်နေ့တွင် အလည်သွားရမည်ဟုလည်း မကြာခဏ ပြောသည်။ ယင်းကြောင့် လခတ်ရဒေါ်သို့ သွားဖို့ပြောရလျှင် ကောင်းချေမည်ဟု မနင်းမြူ စိတ်ကူးပေါက်မိခြင်း ဖြစ်သည်။

"မောင်ကြီးရေ၊ နင်းမြူတို့ လခတ်ရဒေါ်ကို သွားရအောင်"

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါက စိတ်မဝင်စားဟန်ဖြင့်...
"ဘာလုပ်မလဲကော"
"အဘိုးကြီး လဆန်ဂမ်နဲ့ တွေ့ရအောင်ပ"

လဆန်ဂမ်ဟူသော အမည်ကို ကြားလိုက်ရသောအခါ ရွှေဝါ၏မျက်လုံးများ အရောင်တောက်သွားသည်။

"အေး၊ ဟုတ်တယ်ကော"

သူတို့နှစ်ဦး လခတ်ရဒေါ်ဘက်သို့ သွားရန် ခြေဦးလှည့်လိုက်စဉ်တွင် အနောက်ဘက်ဆီမှ တောလှုပ်သံ ကြားရသည်။ မနင်းမြူက ဘာသံတွေမှန်းမသိ။ ယင်းဖြင့် ထိတ်လန့်တကြား မေးသည်။

"ဆင်ရိုင်းတွေလား မောင်ကြီး"

ရွှေဝါခေါင်းခါသည်။

"ဒါဖြင့် ဘာတွေများလဲနော။ ဆူနေတာပဲ"

မနင်းမြူပြောသည် မှန်၏။ တစ်တောလုံး ဆူနေသည်။ ကျားနှင့် သတ်ပုတ်လုံးထွေးနေသည်လား အောက်မေ့ရသည်။

"လူ"

ရွှေဝါက တစ်ခွန်းတည်းပြောသည်။

"ဘယ်က လူတွေလဲ။ ဘာလုပ်ကြတာလဲ"
"တောရှင်းတာပဲ။ လမ်းပျောက်လို့ တောရှင်းတာပဲ။ တို့အရပ်က လူတွေမဟုတ်ဘူး"

မနင်းမြူထိတ်လန့်သွားသည်။ အသံတိုးတိုးဖြင့်...
"ဘယ်သူတွေလဲ"

ရွှေဝါဖြေဖို့ မလိုတော့၊ ပိတ်နေသော သစ်ခက်များအကြားမှ လူလေးယောက် ထွက်လာသည်။

"တော်တော်မိုက်မဲတဲ့ လူတွေကော။ လမ်းက မလာဘဲ ဘာလို့ တောကို ခုတ်ရသလဲ"

မည်သူမှန်း မည်ဝါမှန်း မသိဘဲနှင့် ရွှေဝါက အပြစ်တင်လိုက်သည်။ ထိုသူလေးဦးသည် သူ့စကားကို ဂရုစိုက်ဟန်မရှိ။ အသက်ကြီးကြီး လူတစ်ယောက်က...

MMCYBERMEDIA
COMMUNITY FOR ALL

"တို့များ လမ်းပျောက်လို့ပ"
"တောကောင်တိုးတဲ့ လမ်းကြောင်းတွေ အများကြီးပ"

ရွှေဝါက သူတို့ကို အထင်သေးဟန်ဖြင့် ဆိုသည်။ ထိုသူလေးဦးသည် ရွှေဝါနှင့် မနင်းမြူကို မျက်လုံးများကျွတ်ထွက်မတတ် စိုက်ကြည့်နေကြသည်။ သူတို့ကိုကြည့်ရသည်မှာ မသင်္ကာစရာများ ဖြစ်သည်။ သူတို့၏ မျက်လုံးများသည် ဆာလောင် မွတ်သိပ်မှုကို ပြနေသည်။

"မောင်ကြီးတို့ ဘယ်ကလဲ၊ ဘယ်ကိုသွားကြမလဲ"

မနင်းမြူမေးသည်။ ရှည်လျားသော နုတ်ခမ်းမွေးရှိသည့် လူရွယ်က…
"အစ်မငယ် မနင်းမြူ မဟုတ်လားကော"
"မောင်ကြီးကို နမငယ် မြင်ဖူးတယ် ထင်ပါတယ်"

မနင်းမြူ မတင်မကျ ပြန်ပြောသည်။

"ကျုပ်က ဝန်းသိုကပါ။ မောင်ဆေးပုံလို့ ခေါ်ပါတယ်။ အစ်မငယ်ကို ဗန်းမောက်မှာ တစ်ခါမြင်ဖူးပါတယ်"
"မောင်ကြီးတို့ အခု ဘယ်ကိုသွားမလို့လဲ"

မနင်းမြူက သူတို့အပေါ် ယုံကြည်မှု မရှိလှသေးသဖြင့် မေးသည်။ သူမ၏အမေးကို မောင်ဆေးပုံ မဖြေနိုင်မီတွင် မောင်သိုက်က ရွှေဝါကို မေးသည်။

"နောင်တော်က ဗိုလ်မှူးရွှေဝါမဟုတ်လား"

ရွှေဝါငေးနေသည်။

"ကျုပ်နာမည် မောင်သိုက်ပါ"
"အမတ်ကြီး ဦးဘိုးသိန်းတပ်မှာ ပါဖူးပါတယ်"
"အခု ကျုပ်တို့ နန်းစော်လော်က လာပါတယ်။ ကျုပ်တို့အကြောင်း ဘကြီးမုံးက မပြောလားကော"
"ဟား ဟား ဟား၊ မိုးကောင်း၊ မိုးညှင်း၊ မင်းလောင်းပေါ်၊ နန်းစော်လော်မှာစစ်။ မောင်သိုက်၊ မောင်သိုက်၊ မင်းလောင်း မောင်သိုက်"

ရွှေဝါက မောင်သိုက်ကို လက်ညှိုးငေါက်ငေါက် ထိုး၍ ပြောသည်။ ရှေ့နှစ်လှမ်းတိုးသွားသည်။ မောင်သိုက်တို့လူစု နောက်တစ်လှမ်းဆုတ်သည်။ မနင်းမြူ ရင်ထိတ်သည်။ ရွှေဝါ ရုတ်တရက် စိတ်ဖောက်ချေပြီလားဟု စိုးရိမ်၍ ဖြစ်သည်။

"မောင်ကြီး၊ မောင်ကြီး၊ မောင်ကြီးရွှေဝါ သူတို့က နင်းမြူတို့ရဲ့ မိတ်ဆွေတွေပါ။ ဘကြီးမုံးရဲ့ လူတွေပါ"

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါမှ ရွှေဝါ၏ အမူအဟန်များ ပျော့ပျောင်းသွားသည်။ မနင်းမြူကို ခေတ္တမျှ ကြည့်ပြီးနောက် ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် သွားထိုင်သည်။ ကောက်ယူလာသော အင်ဥများကို တစ်လုံးချင်း ရေနေသည်။ သူတို့ကို လုံးဝ မေ့လျော့နေဟန် ဖြစ်သည်။ ဒီတော့မှ မနင်းမြူက မောင်သိုက်တို့ကို လေသံဖြင့် မေးသည်။

"မောင်ကြီးတို့ အခု ဘယ်သွားမလဲ"

"ကြိုးကြာရွာသစ်ကို လာတာပဲ၊ ချောင်းလေခွနှင့် ဆင်ကန်က စိတ်မချရဘူးဆိုလို့ ဒီတောဘက်က လှည့်လာတာပ"

"မောင်ကြီးတို့ ကံကောင်းတယ်။ ရွာမှာ အခု ပုလိပ်တွေ ရှိနေတယ်"

လေးယောက်စလုံး မျက်လုံးပြူးသွားကြသည်။ မောင်သိုက်က ထိတ်လန့်မှုကို လျင်မြန်စွာ နှိမ်နင်းပြီး...

"ဘကြီးမုံးတို့ အခု ဘယ်မှာရှိသလဲ၊ သူတို့နဲ့ အမြန်ဆုံးတွေ့ချင်တယ်"

မနင်းမြူ အနည်းငယ် စဉ်းစားသည်။

"သူတို့ အခု ဆမားမှာ ရှိမယ်ထင်တယ်။ အသေအချာတော့ မသိဘူး။ ဆမားကို ရောက်ရင်တော့ သူတို့ရှိရာကို ရောက်နိုင်တယ်"

"ဆမားကို ရောက်အောင် ကျုပ်တို့ ဘယ်လိုသွားရမလဲ"

"မောင်ကြီးတို့ ဒီလိုသွားလို့ မဖြစ်ဘူး။ နေဦး နင်းမြူသိပြီ၊ နင်းမြူတို့လည်း အခုရွာကို မပြန်သေးဘူး။ လခတ်ရဒေါ်ဆိုတဲ့ ကချင်ရွာတစ်ရွာကို သွားမလို့။ အဲဒီရွာက ဘကြီးမုံးလူတွေများတယ်။ မောင်ကြီးတို့ကို သူတို့နဲ့ ဆက်ပေးမယ်။ ဘကြီးမုံးတို့ ရှိတဲ့နေရာကို သူတို့ လိုက်ပို့ပေးလိမ့်မယ်"

"စိတ်ချရရဲ့လား"

"စိတ်ချရပါတယ်"

"သူ့အတွက်ကော"

မောင်သိုက်က ရွှေဝါကို မေးငေါ့ပြ၍ မေးသည်။

"ကိစ္စမရှိကော"

"လခတ်ရဒေါ်ကို ဒီကဝေးသလား။ ကနေ့မနက် ကျုပ်တို့ ဘာမှ မစားရသေးဘူး"

"မဝေးပါဘူး။ ဟိုကျရင် အစားကောင်းကောင်း ရမှာပ၊ ကဲလာ သွားကြစို့"

ထိုစဉ်တွင် ရွှေဝါသည် အင်ဥများကို ရေတွက်နေရာမှ သူတို့ကို လှမ်းပြောသည်။

"သုံးထောင့်ခုနစ်ရာငါးဆယ့်ရှစ်"

MMCYBERMEDIA
COMMUNITY FOR ALL

သို့သော် ရွှေဝါ နောက်ထပ် ဘာမှမပြောတော့။ မောင်သိုက်တို့ လူစုကိုလည်း မသိဖူး၊ မမြင်ဘူးသလိုနေသည်။ သူတို့လင်မယားနှင့်အတူ ခရီးသွားနေသူများဟုပင် အသိအမှတ်ပြုဟန်မရှိ။ ထိုအတွက် မနင်းမြုဝမ်းသာသည်။ မောင်သိုက်တို့လူစုလည်း အနေရ၊ အသွားရ သက်သာချောင်ချိသည်။ လခတ်ရဒေါ်သို့ ရောက်သောအခါ လဆန်ဂမ်က သူတို့ကို ဝမ်းသာအယ်လဲ ဆီးကြိုသည်။ ထိုအခါ ရွှေဝါသည် အဘိုးကြီးကို နာနာဖျစ်ညှစ်၍ နှုတ်ဆက်သည်။ ထို့နောက် ရေတောင်းသောက်သည်။ ပြီးတော့ မောသည်ဆိုပြီး အိပ်ပျော်သွားသည်။ ဤတွင်မှ မနင်းမြုက လဆန်ဂမ်ကို မောင်သိုက်တို့အကြောင်း ပြောပြရသည်။ လဆန်ဂမ်က ချက်ချင်းအစီအစဉ်ပြုသည်။ သူတို့ရွာသို့လည်း မနေ့က ပုလိပ်များ လာသွားသည်ဟုဆိုသည်။ မောင်သိုက်တို့လူစုကို အစားအစာများပေးပြီး ရွာမှ ချက်ချင်းထွက်ခွာစေသည်။ လမ်းပြနှစ်ယောက် ထည့်ပေးလိုက်သည်။ ညနေစောင်းတွင်မှ ရွှေဝါ အိပ်ရာမှ နိုးသည်။ လဆန်ဂမ်ကိုယ်တိုင် သူတို့ကို ကြိုးကြာရွာသစ်အထိ လိုက်ပို့သည်။ ရွှေဝါသည် မောင်သိုက်တို့လူစုအကြောင်း လုံးဝ မေးမြန်းခြင်းမပြုပေ။ သတိမေ့လျော့သွားဟန်ရှိသည်။ လမ်းခရီးတွင် လဆန်ဂမ်နှင့် ဆင်ဖမ်းခြင်း အကြောင်း အလျဉ်မပြတ် ပြောလာသည်။ သူတို့ကို သစ္စာဖောက်သွားသော မောက်ခမ်းဝါအမည်ရှိ ဆင်မကလေးအကြောင်းကို ဖွဲ့ကာနွဲ့ကာ ပြောသည်။ ဒီနှစ်မိုးကုန်လျှင် သူဆင်ဖမ်းထွက်ရဦးမယ်ဟုဆိုသည်။ ထိုအခါမှ မနင်းမြု ရင်ဖိုရသည်။

## အခန်း -၁၀၂-

ဘကြီးမုံး ထင်သည့်အတိုင်းပင် မိုးညှင်းမောင်သိုက်ကို ကချင်များ၊ ရှမ်းများက ကြည်ညိုလေးစားလှသည်။ တားမနိုင်ဆီးမရ ဖြစ်သည်။ ဖယား မထူးပါနှင့်ဆိုလည်း ဖယားထူးကြသည်။ ရှိမခိုးပါနဲ့ဆိုလည်း ရှိခိုးကြသည်။ မိုးညှင်းမင်းတရားကြီး၏ အဆက်အနွယ်တော်ဟု ဆိုကြသည်။ မြန်မာနိုင်ငံတော်သမိုင်းတွင် ရှမ်းတစ်ခေတ် ထွန်းဦးမည်ဟု ပြောသူတွေလည်း ရှိသည်။ ကချင်များကလည်း သူတို့၏ ပေါ်ဆိုင်းအစစ် ဖြစ်သည်ဟု ဆိုကြသည်။

သူ့ကို ယင်းသို့ ကြည်ညိုလေးစားကြသည်မှာလည်း သူ၏ ဥပဓိရုပ်၊ သူ၏နန်းဆန်သော ပြုမူပြောဆိုပုံများ၊ သူ၏ အံ့ဖွယ်သော ပဋ္ဌလက်အတတ်နှင့် သူ၏ကြွယ်ဝသော နှုတ်ပရိယာယ်တို့ကြောင့် ဖြစ်သည်။

"သူတို့ကို ကျွန်တော်တို့လူတွေက ကြည်ညိုလေးစားကြတာ ကောင်းပါတယ်။ ကျွန်တော်တို့ အထူးသိမ်းသွင်း မနေကြရတော့ဘူးပေါ့"

လဖိုင်လက ဘကြီးမုံးကိုပြောသည်။

"အိမ်း၊ ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ တန်ဆေး လွန်ဘေးလို့ အဆိုရှိတယ် မဟုတ်လားကွယ့်။ ပုဂ္ဂိုလ်မင်မှ တရားခင်တယ်ဆိုတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်ကြောင့်

MMCYBERMEDIA
COMMUNITY FOR ALL

ဖြစ်တဲ့အားဟာ ဒီပုဂ္ဂိုလ်မရှိတဲ့အခါမှာ ဝါးအစည်းပြေသလို ဖြစ်တတ်တယ်ကွယ့်။ အရေးကြီးတာက ငါတို့ဟာ ဘာပြုလို့ ဘယ်သူ့ကို တိုက်တယ်ဆိုတာ လက်ဝါးပေါ် ကျောက်တင်ကြည့်သလို သိရမယ်ကွယ့်"

"သူ့ကို ကြည်ညိုလေးစားလို့ ရောက်လာတဲ့လူတွေကို ကျွန်တော်တို့က ပြောရမှာပ"

မောင်မျိုး ဆက်ပြောသည်။

"ဒီလိုပဲ လုပ်ရမှာပ။ တို့များမှာ တစ်ခါတုန်းကလည်း မောင်ရွှေလယ်နှင့် စကားပြောခဲ့ကြရပြီ မဟုတ်လား။ လူတစ်ယောက် ဟာ စစ်ပွဲတစ်ပွဲမှ မဝင်ရခင်မှာ ကိုယ့်ကိုကိုယ် စစ်သူကြီးထင်လာရင်၊ ကိုယ့်ကိုကိုယ် မင်းဇကေရာဇ်လို့ ထင်လာရင်၊ ဘုရင့်ရဲ့အဆောင်အယောင်တွေ မိန်းမူးလာရင် သမုဒ္ဒရာထက် ရေပွက်ပမာဆိုသလို ခဏချင်းမှာ ပျက်စီးရမှာပ။ အဆိုးဆုံးကတော့မိန်းမတွေနဲ့ မရှုပ်မပွေဖို့ပဲကွယ့်"

"ဒါမျိုးက သူ့ဘေးမှာရှိတဲ့လူတွေကလည်း လိုပါတယ်။ ဘေးမှာရှိတဲ့လူတွေက ကပ်ပါးရပ်ပါးလုပ်ပြီး မင်းတရားကြီး၊ မင်းတရားကြီးနဲ့ မြှောက်ရင် ချေးခြောက်တောင် ကောက်စားမှာပဲ"

"အဲဒီ မြှောက်တဲ့လူတွေလည်း မှူးကြီးမတ်ကြီးတွေ ဖြစ်ချင်တာပဲ။ သူတို့လူက ဘုရင်ဖြစ်မှ သူတို့က ဝန်ကြီး ဝန်ငယ်တွေ ဖြစ်မှာကိုး"

နန်းရင်က ဝင်ပြောသည်။

"မောင်သိုက်က ဒီလောက်မဆိုးပါဘူး။ သူ့ဝမ်းထဲမှာ မင်းဖြစ်ချင်တဲ့စိတ် ရှိချင်မှ ရှိမှာပ။ ဒါပေမဲ့ သူက အင်္ဂလိပ်တွေကို တကယ် ခါးခါးသီးသီးမုန်းပြီး တကယ် ပြတ်ပြတ်သက်သတ်တိုက်ချင်တဲ့ လူတစ်ယောက်ပါ။ ခက်သားသလားကွယ်။ လူဆိုတာ သာယာတဲ့စိတ်တော့ ရှိတတ်ကြမြဲပ"

"တို့တစ်တွေ ညှိညှိနှိုင်းနှိုင်း ပြုကြရမှာပ"

ဘကြီးမုံးက အဆုံးအဖြတ်ပြုသည့်အနေဖြင့် ပြောသည်။ မောင်သိုက်တို့လူစု မရှိခိုက်တွင် သူတို့ဝေဖန်စစ်ကြောနေကြခြင်း ဖြစ်သည်။ ဘကြီးမုံး၏ စကားကို သူတို့အားလုံး လက်ခံကြသည်။

လခတ်ရခေါ်မှ လူများ ပို့ပေးချက်အရ မောင်သိုက်တို့ ဘကြီးမုံးတို့ရှိရာ ရောက်လာသည်။ အခြေအနေတစ်ရပ်ကို အကြမ်းထည် သုံးသပ်ပြီးနောက် သူတို့၏အရေးတော်ပုံ စသင့်ပြီဟုယူဆကြသည်။ သို့သော် နီးစပ်ရာ လူတစ်စု၏ သဘောမဖြစ်သင့်။ အင်္ဂလိပ်ကို ဆန့်ကျင်သော လူများအားလုံး ညှိနှိုင်းတိုင်ပင်သင့်သည်ဟု ယူဆသဖြင့် အနီးအဝေး အနိမ့်အမြင့်တွင်ရှိကြကုန်သော နယ်မြေ အကြီးအကဲများ၊ လူထုလူတန်းစား ခေါင်းဆောင်များထံသို့ ဆက်သားများ စေလွှတ်သည်။ ဆမားနယ်တွင် တွေ့ဆုံ၍ အရပ်ရပ် ညှိနှိုင်းတိုင်ပင်မှု ပြုကြရန် ဖြစ်သည်။ ယင်းသို့ ဆက်သားများ သွားနေကြစဉ်အတွင်း၊ ရပ်နီးရပ်ဝေးမှ ခေါင်းဆောင်များ တဖွဲဖွဲရောက်လာနေကြစဉ်အတွင်းတွင် ဘကြီးမုံး၊ လဖိုင်လနှင့် မိုးညှင်းမောင်သိုက်တို့လူစုသည်လူထုကို စည်းရုံးမှုများ၊ ပညာပေးမှုများ၊ စစ်ပညာသင်ကြားမှုများ လက်နက်ရိက္ခာ စုဆောင်းမှုများ ပြုလုပ်ကြသည်။

တောင်ပေါ်သားများသည် ဆမားကြီးကို ကြည်ညိုလှသည်။ ဘကြီးမုံးကို လေးစားလှသည်။ လဖိုင်လကို ချစ်ခင်လှသည်။ သို့သော် မိုးညှင်းမောင်သိုက်ကိုကား အကြည်ညိုဆုံး၊ အလေးစားဆုံးနှင့် အခင်မင်ဆုံးဖြစ်နေသည်။ ယင်းသို့ နယ်မြေ လူထုက မြှောက်စား၊ ပင့်တင်ခြင်း၊

MMCYBERMEDIA
COMMUNITY FOR ALL

ကိုးကွယ်ခြင်းပြုလာသောအခါ မောင်သိုက်တို့လူစုမှာ အနည်းနှင့်အများဆိုသလို သာယာမှုများ ရှိလာကြသည်။ ဘကြီးမုံးနှင့် လဖိုင်လတို့ အလေးတင်းထားမှုကြောင့် ထိန်းသိမ်းဆင်ခြင်မှုများ ရှိသည့်ကြားကပင် မလျော်သောအမှုများ ပျိုးကွက်ပျိုးကြား ပေါ်လာသည်။ အချို့သော ကချင်အဘိုးကြီးများသည် သူတို့၏ သမီးများ၊ မြေးများကို မိဖုရားမြှောက်ရန်ဆိုပြီး ပေးလာကြသည်။ ဆက်သလာကြသည်။ ယင်းအပြင် ကချင်အမျိုးသမီးများ ကိုယ်နှိုက်ကလည်း မောင်သိုက်တို့လူစုကို အပျိုဆောင်များတွင် လိုလိုလားလား လက်ခံကြသည်။ မောင်သိုက်ကလည်း လူခုံချော ဖြစ်သည်။ မောင်ဆေးပုံ၏ နှုတ်ခမ်းမွေးကြီးနှစ်ခုကလည်း အမြင်စိမ်းသူများအဖို့ အထူးနှစ်လိုဖွယ်ရာ ဖြစ်သည်။ ဆရာနီနှင့် ဆရာဝတို့ကလည်း တစ်ဖက်လူကျအောင် အပြောအဟော ကောင်းလှသည်။ သူတို့သည် ကချင်စကားကို ကောင်းစွာ ပြောဆိုနိုင်ကြရုံမျှမက၊ ကချင်ပုံပြင်များ၊ ကချင်စကားထာများ၊ ကချင်သမိုင်းများကိုလည်း လိုအပ်သည့် နေရာတွင် ထည့်သွင်းပြောဆိုတတ်သည်။ သီချင်းဆိုကြစို့ ဆိုတော့လည်း အဆွဲအငင် အတက်အကျ မှန်လို့။ ကကြစို့ ဆိုတော့လည်း အတိမ်းအညွတ်၊ အယိမ်းအနွဲ့ ကိုက်လို့။ ထိုအဖြစ်ကို ကချင်လူငယ်အတော်များများက မကျေနပ်၊ မနှစ်သက်ကြ။ တစ်ကြိမ် နှစ်ကြိမ်တွင် ခိုက်ရန် ဖြစ်ပွားမည် ရှိသည်။ နှစ်ကြိမ် သုံးကြိမ်မျှ ကြွေးထိုင်ခြင်းပြုသည်။ သည်ဘက်က လျော်ရသည်။ ပြေအေးရာ ပြေအေးကြောင်း ပြောရသည်။ ထိုအခါ အပုပ်နံ့ တထောင်းထောင်းမထွက်မီ အချိန်မီ တားဆီးခြင်း ပြုမှ ကောင်းမည်ဟု ဘကြီးမုံးယူဆသည်။ သို့ဖြင့် မောင်သိုက်နှင့် နှစ်ယောက်ချင်းတွေ့သည်။ ပြောအပ်သည် များကို သွယ်ဝိုက်၍တစ်ဖုံ၊ တိုက်ရိုက်တစ်နည်း ပြောသည်။ ဘကြီးမုံး၏စကားကို မောင်သိုက် လက်ခံသည်။ နောက်ပိုင်းတွင် အတိအကျ လိုက်နာသည်များလည်း ရှိသည်။ မသိမသာ ဆက်လက် ချိုးဖောက်သည်များလည်း ရှိသည်။ သို့သော် ပုံပျက်ပန်းပျက်မျိုးကား မဖြစ်တော့။

တော်သလင်း လဝန်းရက်တွင် ကသာခရိုင်၊ ဗန်းမော်ခရိုင်၊ မြစ်ကြီးနားခရိုင်၊ ပူတာအိုခရိုင်နှင့် ဟူးကောင်းဒေသမှ ကချင်၊ မြန်မာ၊ ရှမ်းအကြီးအကဲများ လူထုလူတန်းစားခေါင်းဆောင်များ ဆမားတွင် ဆုံမိကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းက မိမိတို့ ညီအစ်ကိုလူမျိုးများ မှီတင်းနေထိုင်ခဲ့သော စပါးဆန်ရေနှင့် သယံဇာတ ပစ္စည်းများ ပေါကြွယ်ဝသော ပြည်အပေါင်း နယ်အပေါင်းကို စုစည်းထားသော မြန်မာနိုင်ငံကို အမျိုးမျိုးသော လီဆယ်ညစ်ပတ်မှုများ၊ အဖုံဖုံသော ရက်စက်ယုတ်မာမှုများဖြင့် တစ်ရစ်ပြီးတစ်ရစ် တစ်ဆင့်ပြီးတစ်ဆင့် ဝါးမျိုသိမ်းပိုက်ခဲ့သော တိုင်းတစ်ပါးသား နယ်ချဲ့ အင်္ဂလိပ်များကို မြောက်ပိုင်းဒေသမှနေ၍ ဒုတိယအကြိမ် အရှိန်အဟုန်ကြီးစွာဖြင့် တွန်းလှန်တိုက်ထုတ်ကြရန် တစ်ညီ တစ်ညွတ်တည်း အဆုံးအဖြတ်ပြုကြသည်။ သန္နိဋ္ဌာန်ချကြသည်။ သစ္စာဆိုကြသည်။

ထိုသို့ အဆုံးအဖြတ်ချခြင်း မပြုမီတွင် သူတို့သည် အရေးကြီးသော တိုင်းရေးပြည်ရာကိစ္စရပ်ကြီးကို ဆောင်ရွက်ရသည် ဖြစ်သည့်အလျောက်၊ လက်နက်ကိုင် တိုက်ခိုက်ကြရမည်ဖြစ်သည့်အလျောက် ဆမားဒူးဝါး ခွန်ဆိုင်းလီကို အကြီးအမှူးပြု၍ အတိအကျ ဖြစ်ပေါ်နေသော အခြေအနေနှင့် မကြာမီ ကာလအတွင်း ဖြစ်ပွားရန် အလားအလာရှိသော မိမိတို့နယ်မြေ အခြေအနေများ၊ အောက်ပြည်အောက်ရွာမှ အရေးအခင်းများ၊ အနောက်ဘက်ကမ္ဘာတွင် နိုင်ငံအချင်းချင်း ဖြစ်ပွားနေသော စစ်ပွဲအခြေအနေများ၊ အင်္ဂလိပ်နှင့် ဂျာမနီတို့၏ စစ်အင်အား စီးပွားရေးအင်အားတို့ကို ထောက်လှမ်းသိမီကြသလောက် အပြန်ပြန် အလှန်လှန် ဆန်းစစ်ဝေဖန်ကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျုပ်တို့ မကျေနပ်တာကတော့ ဒီအသားဖြူတွေက ကျုပ်တို့ကို တိရစ္ဆာန်တွေလို သဘောထားတာပဲ။ အောက်ပြည် အောက်ရွာကိုတော့ ကျုပ်တို့မသိလို့ ထားဦး၊ ကျုပ်တို့သိတဲ့ တောင်ပေါ်က မြေတွေ ရေတွေနဲ့ လူတွေအကြောင်းကို ပြောရမယ်။ ဒီတောင်ပေါ်မှာ၊ ဒီတောပေါ်မှာ၊ ဒီချောင်းရိုးတွေမှာနေကြတဲ့ လူတွေအားလုံးဟာ ဝတ်တာချင်း နည်းနည်းစီ ကွဲပေမဲ့၊ စားတာချင်း နည်းနည်းစီ ကွဲပေမဲ့၊ ပြောတာချင်း နည်းနည်းစီ ကွဲပေမဲ့ အားလုံးဟာ ညီအစ်ကိုတွေပဲ၊ သမီးယောက္ခမတွေပဲ။ ငါတို့ဟာ ဒီတောင်တန်းတွေပေါ်မှာ လှည့်လည်ပြီး တောင်ယာလုပ်ကြတယ်။ တောလိုက်ကြတယ်။ ကုန် ဖလှယ်ကြတယ်။ ငါတို့အချင်းချင်းသာ အရှုပ်အရှင်းမဖြစ်ရအောင် သူ့နယ် ကိုယ့်နယ် ခွဲထားပေမဲ့ တကယ်တမ်းကျတော့ ဒါဟာ ငါတို့အားလုံးရဲ့ နယ်ပဲ။ ဒါပေမဲ့ အင်္ဂလိပ်တွေက ဒါကို သူတို့နယ်တဲ့။ နောက်ပြီးတော့ သူတို့က ငါတို့ကို ဘာမှ မပြောဘဲနဲ့ ငါတို့နယ်တွေ၊ ငါတို့တောင်တွေ၊ ငါတို့ချောင်းတွေကို တရုတ်တွေနဲ့ ခွဲဝေကြတယ်။ ကုလားမည်းတွေနဲ့ ခွဲဝေကြတယ်။ အခုဆိုရင် ငါတို့ဟာ ဆွေမျိုးသားချင်းတွေ ဖြစ်ရက်နဲ့ သူက အင်္ဂလိပ်ကျွန်၊ သူက တရုတ်ကျွန်ဆိုပြီး ဖြစ်ကုန်ရတယ်။ တကယ်ဆိုရင် တောတောင်ရေမြေတွေကို ဝေခြမ်းသတ်မှတ်တဲ့နေရာမှာ ငါတို့သာ ဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ကိုယ်တိုင် နေထိုင်လုပ်ကိုင် နေကြလို့ပဲ။ ငါတို့အချင်းချင်း ဆွေမျိုးသားချင်း ညီရင်းအစ်ကိုတွေဖြစ်လို့ပဲ။ အခုတော့ သူတို့က ငါတို့ကို တောထဲက တိရစ္ဆာန်တွေလို သဘောထားပြီး ဒီတောင်ကို ကုလားမည်းယူ၊ ဒီချောင်းကို တရုတ်ယူ၊ ဒီတောကို ငါတို့အင်္ဂလိပ်ယူမယ်ဆိုပြီး လုပ်နေကြတယ်။ ကြာရင် ငါတို့ဟာ နေစရာမြေလည်း ရှိတော့မှာ မဟုတ်ဘူး။ သေစရာမြေလည်း ရှိတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ငါတို့အားလုံး စုပြီး ဒင်းတို့ကို ဒင်းတို့ နိုင်ငံရောက်အောင် မောင်းထုတ်ပစ်ရမယ်"

ဆမားကြီးသည် ဒေါသပြင်းထန်လျက်ရှိသဖြင့် မရပ်မနား ရှည်လျားစွာ ပြောသည်။ ပြောပြီးသောအခါတွင်မှ မောပန်း ဟန်ဖြင့် အနီးတွင်ရှိသော သားအကြီး ရှီတန်ကို ဆုပ်ကိုင်အားပြုထားသည်။ ဆမားကြီးသည် အသက်အရွယ် အိုမင်းလှပြီ ဖြစ်သည်။ ဘကြီးမုံးထက်များစွာကြီးသည်။ သို့သော် ဘကြီးမုံးနီးပါးမျှ သန်မာဆဲဖြစ်သည်။စိတ်ဓာတ်ထက်သန်မှုတွင်ကား လူငယ်များနှင့် တန်းတူပင်ဖြစ်သည်။ ဆမားကြီးအပြီးတွင် ဒုတိယပြောသူမှာ ဆင်ရိုင်းဝါဖြစ်သည်။ သူသည်လည်း သံမဏိသက် ရင့်လှပြီဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေး သမားကြီးဖြစ်သည်။ သူ၏အတွေးအမြင်များအထူးသေသပ် စေ့စပ်သည်။ အထူးသဖြင့် သူသည် စစ်ဆင်စစ်တက်ပြုရာတွင် ကျွမ်းကျင်လှသည်။ ယင်းကြောင့်လည်း သူသည် လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်အချိန် တိုက်ပွဲများအထူးပြင်းထန်နေသည့် ကာလက အင်္ဂလိပ်တို့ တပ်စခန်းအခိုင်အမာ ချထားသော မြစ်ကြီးနားမြို့ကို ဝင်ရောက်စီးနင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်သူတို့၏ မြို့ဝန်ရုံး၊ တရားရုံး၊ကြေးနန်းရုံးနှင့် အခြားအဆောက်အအုံများကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ရန်သူအလောင်းများလည်း မြို့လမ်းများပေါ်တွင် ထပ်သွားသည်။ ထိုနေ့က ဧရာဝတီမြစ်ရေ နီမြန်းသည်ဟု ပြောစမှတ်ပြုရသည်။ အထူးသဖြင့် သူ၏စစ်ဆင်နည်းကို ရန်သူများကပင် အံ့ဩချီးမွမ်းရသည်။ ရန်သူများက သူရှိသည့်နေရာသို့ ထိုးစစ်ဆင်သည့်အချိန်တွင် သူကခုခံတိုက်ခိုက်ခြင်းမပြုဘဲ ဆုတ်ခွာပြေးဟန်ပြုကာ၊ တပ်ဖောက်ကာ မြို့တွင်းသို့ အလစ်ဝင်ကာ လျှပ်တစ်ပြက် တိုက်ခိုက်ခြင်း ဖြစ်သည်။ မြို့ကို ထင်သလို စီးနင်းတိုက်ခိုက်ပြီးနောက် တောများ၊ တောင်များတွင် တောင်ဆိတ်များ၊ သားမင်းများနှယ် ပျောက်ကွယ်သွားကြသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကြောင့်လည်း သူ၏ဂုဏ်သတင်းသည် ထင်ရှားကျော်ကြားလှခြင်း ဖြစ်သည်။ သူသည် စစ်တိုက်သည့်နေရာတွင် စေ့စပ်သေချာသလို စကားပြောသည့်နေရာတွင်လည်း လိုရင်းကို ထိမိရောက်ရှိသည်။

"အသားဖြူတွေက အသီးစိမ်းကို ရိုက်မချတော့ဘူး။ အမှည့်ခံပြီးမှ အသာကလေး ခြွေပစ်တယ်။ လက်ဆောင်ချင်း ဖလှယ်တယ်ဆိုပြီး ကျုပ်တို့ဆီက အခွန်ကောက်တယ်။ ကျုပ်တို့ကို အသိအမှတ်ပြုတယ်ဆိုပြီး ကျုပ်တို့ကို ခန့်စာပေးတယ်။ အမှားအယွင်းတွေ လုပ်မိရင် ကျေနပ်အောင် လျော်ကြေးပေးတယ်ဆိုပြီး အမှားအယွင်းတွေ တမင်လုပ်တယ်။ ကျုပ်တို့ ကျွဲနွားတွေကို ပစ်သတ်တယ်။ ပြီးတော့ လျော်ကြေးပေးတယ်။ ကျုပ်တို့မိန်းမတွေကို မယားလုပ်တယ်။ ပြီးတော့ လျော်ကြေးပေးတယ်။ ကြာရင် ကျုပ်တို့မှာ ကျွဲနွားလည်းရှိတော့မှာ မဟုတ်ဘူး။ ကျုပ်တို့ မိန်းမတွေက မွေးတဲ့ကလေး တွေဟာ ကုလားနီကလေးတွေ၊ ကုလားမည်းကလေးတွေ ဖြစ်ကုန်တော့မယ်။ ကြာရင် ကျုပ်တို့လူမျိုးဆိုတာ လုံးဝ မရှိတော့ဘူး။ ဒါမှ နင်တို့ မတိုက်ဘူးဆိုရင် နင်တို့ထက် မိုက်တာ မရှိဘူး"

ထို့နောက် ဘကြီးမုံးက မြန်မာနိုင်ငံမှ အဖိုးတန် ကျွန်းသစ်၊ ရေနံများ၊ ရွှေငွေ ကျောက်သံပတ္တမြားများကို အင်္ဂလိပ်တို့ ယူနေကြပုံ၊ မြန်မာနိုင်ငံသားတို့အပေါ်တွင် အခွန်အတုတ်များ တဖြည်းဖြည်း တိုးမြှင့်ကောက်ခံနေပုံ၊ နိုင်ငံသားအချင်းချင်း ကို သွေးခွဲနေပုံ၊ အမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျက်စီးအောင် ပြုလုပ်နေပုံ၊ အိန္ဒိယမှ ကုလားမည်းများကို သင်္ဘောနှင့် တင်သွင်းနေပုံ၊ တောင်ပေါ်တောင်အောက်ရှိ လူများအားလုံး အနေအစား ကျပ်တည်း လာပုံအကြောင်းများကို ရှည်လျားစွာ ရှင်းပြသည်။ ရန်သူ၏ ချော့ချည် ခြောက်ချည် နည်းပရိယာယ်ကို သိမြင်အောင် အကိုးအကား အထောက်အထားများ ပြသည်။

ဘကြီးမုံးက စကားအဆုံးတွင် မိုးညှင်းမောင်သိုက် ထသည်။ သူကရုတ်တရက် စကားမဆိုသေးဘဲ အားလုံးကို သူ၏ အားကောင်းသော မျက်လုံးဖြင့် ကြည့်သည်။ ပြီးမှ တည်ကြည်သော အမူအရာ၊ အောင်မြင်ခံ့ညားသော အသံဖြင့် ပြောသည်။

သူပြောသည်မှာ အနောက်ဥရောပတွင် ဖြစ်ပွားနေသော စစ်အကြောင်းဖြစ်သည်။ ဂျာမနီတို့ အင်အားကောင်းပုံကို အမွှန်းတင်သည်။ ယခုအခါ ပြင်သစ်နှင့် အင်္ဂလိပ်တို့ အလူးအလဲခံနေရပြီဟု ဆိုသည်။ ဤနေရာတွင် သူက အင်္ဂလိပ် တို့ကိုသာမက ပြင်သစ်ကိုပါ အပြစ်ဖို့ပြောဆိုသည်။ သီပေါဘုရင် နန်းမကျမီက ပြင်သစ်တို့က မြန်မာ၏မိတ်ဆွေ ပီသဟန်ဆောင်ပုံ၊ မြန်မာဘက်မှ ကူညီဟန်ပြုပုံတို့ကို ပြန်ပြောင်းဖော်နေသည်။ သို့သော် ပြင်သစ်သည် မိမိတို့အပေါ်တွင် စိတ်ရင်းစေတနာကောင်းဖြင့် ကူညီလို၍မဟုတ်၊ မိမိတို့နိုင်ငံကို လို၍ မိမိတို့၏ဘဏ္ဍာ ရတနာများကို လို၍သာဖြစ်ကြောင်း ရှင်းပြသည်။ သူဆိုလိုသည့် အဓိပ္ပါယ်မှာ မိမိတို့သည် မည်သည့်တိုင်းတစ်ပါးသားကိုမျှ ယုံကြည်ကိုးစားရန် မထိုက်ကြောင်း၊ ယခုပင်အင်္ဂလိပ်နှင့် ပြင်သစ်တို့ မဟာမိတ်ပြုနေကြကြောင်း ပြောသည်။ မိမိတို့သည် ဂျာမနီကိုလည်း မလိုလားကြောင်း၊ သို့သော် ဂျာမနီက အင်္ဂလိပ်ကို တိုက်ခိုက်ချေမှုန်းနေခြင်းမှာမူ မိမိတို့အတွက် အခွင့်အရေးဖြစ်ကြောင်း၊ ယခုအခါ အင်္ဂလိပ်တို့ စစ်ရှုံးနေကြောင်း၊ အင်္ဂလိပ်စစ်သားများ မြန်မာပြည်သို့ ပို့ဖို့မဆိုထားဘိ မြန်မာပြည်ရှိ အင်္ဂလိပ်စစ်သားများနှင့် ကုလားစစ်သားများကိုပင် အနောက်ဘက် စစ်မြေပြင်သို့ ပို့နေရကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် အင်္ဂလိပ်တပ်များ အနည်းငယ်သာ ရှိတော့ကြောင်း၊ သူတို့တွင် စစ်သားမလုံလောက်၍ မိမိတို့ရှမ်းများ၊ ကချင်များ၊ ဗမာများထဲမှပင် စစ်သားများ

MMCYBERMEDIA
COMMUNITY FOR ALL

စဆောင်းနေရကြောင်း၊ ဒီလိုအချိန်မျိုးတွင် မိမိတို့ တညီတညွတ်တည်း တိုက်လျှင် အင်္ဂလိပ်ကို နိုင်နိုင်ကြောင်းတို့ကို ပြောသည်။ ထို့နောက် သူ့ကိုယ်သူ သိဒ္ဓိတင်ခြင်းများ ပြုလုပ်သည်။ သူ မင်းဖြစ်မည့်အကြောင်း မသိမသာ ထည့်သွင်း ပြောဆိုသွားသည်။

မောင်မျိုးက နောက်ဆုံးစကားရပ်များကို ချေပပြောဆိုမည်ပြုသည်။ ဘကြီးမုံးက တားထားသည်။ ရှေ့လောမကြီးရန် နားချသည်။ အခြားသူများ ပြောကြသည်။ ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များ ရှိသော်လည်း နောက်ဆုံးဆိုလိုရင်းမှာ အင်္ဂလိပ်ကို တိုက်ကြရန်ပင် ဖြစ်သည်။

လဖိုင်လက နောက်ဆုံးလူအဖြစ် ပြောသည်။ အားလုံးက အင်္ဂလိပ်ကို တိုက်ရန် ရည်မှန်းချက် ရှိထားကြပြီ ဖြစ်ကြောင်း၊ သို့ဖြင့် သူတို့အင်္ဂလိပ်ကို တိုက်ကြရတော့မည် ဖြစ်ကြောင်း၊ သို့သော် လက်တွေ့တိုက်သည့်နေရာတွင် များစွာ အရေးကြီးကြောင်း၊ လွန်ခဲ့သည့်ကာလက ရရှိခဲ့သော အတွေ့အကြုံများကို ဆင်ခြင်သင့်ကြောင်း၊ အချင်းချင်း ညီညွတ်ဖို့လိုကြောင်း၊ မိမိတို့သည် ရန်သူကို တိုက်သလို မိမိတို့အထဲတွင်ရှိသော သစ္စာဖောက်များကိုလည်း ချေမှုန်းသုတ်သင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နယ်များသို့ မပြန်ကြမီ အသေးစိတ် အစီအစဉ်များချမှတ်သွားသင့်ကြကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောသွားသည်။

"ကျုပ်တို့ဟာ ဒီတစ်ခါမနိုင်ရင်တော့ ဒင်းတို့ကို တော်တော်နဲ့ လက်နက်ချင်းပြိုင်နိုင်တော့မှာ မဟုတ်ဘူး။ ဒီတော့ ကျုပ်တို့မှာ ရှိသမျှလူ၊ ရှိသမျှ လက်နက်ကို အကုန်သုံးပြီး မီးကုန်ယမ်းကုန်တိုက်ကြရမယ်။ ကျုပ်တို့လက်က ဓားကို ကျုပ်တို့သေမှ ချရမယ်။ ဒီလိုမလုပ်ရင်

အခုကတည်းက နောက်ဆုတ်ကြ"

## အခန်း -၁၀၃-

နေရောင်သည် တောင်ထိပ်နစ်ခုပေါ်တွင် ကျရောက်နေသည်။ အရှေ့ဘက်တောင်ထက် အနောက်ဘက်တောင်က မြင့်သဖြင့် တောင်ထိပ်နစ်ခုစလုံး ရွှေရောင်တောက်နေခြင်းဖြစ်သည်။ သို့သော် တောင်နှစ်ခုအကြား မြေနိမ့်ဝှမ်း တစ်လျှောက်တွင်ကား မှောင်ရိပ်များထိုးနေသည်။ သို့ဖြစ်လင့်ကစား၊ မိုးပွင့်များအကုန် ဆောင်အကြိုနှင်းမှုန်များ မရောက်လာမီစပ်ကြား၊ သီတင်းကျွတ်အကုန် တန်ဆောင်မုန်းအကူး ကာလဖြစ်၍ ရက်စက်သော အေးမြခြင်း မရှိချေ။ သင့်တင့်ရုံမျှသာ ဖြစ်သည်။ ကောင်းကင်တွင် တိမ်တိုက်များ ကင်းစင်နေသဖြင့် တောင်ကြားသည် ညိုမည်းခြင်းလည်း မနက်ရှိုင်း။ မြူအနည်းငယ်ဆိုင်း၍ မှိုင်းပျချင်သည်မှအပ ကြည်လင်လှပခြင်း ရှိသည်။ တောရိုင်းပင်အချို့တွင် အရွက် သစ်များ ညွှန့်ဝေနေသည်။

နန်းရင်သည် တသွင်သွင်စီးနေသော ချောင်းရိုးအလိုက် ဖြည်းလေးစွာ လျှောက်သွားနေသည်။ အနောက်ဘက် တောင်စောင်းတွင်ရှိသော နေရောင်သည် တောင်နာမောင်းအလိုက် တဖြည်းဖြည်းချင်း နိမ့်ဆင်းလာသည်။ နန်းရင်လျှောက်သွားနေရင်းမှာပင် တောင်ခြေစပ်သို့ ရောက်ရှိလာသည်။ ထိုအခါ

MMCYBERMEDIA
COMMUNITY FOR ALL

နန်းရင် အရှေ့ဘက်သို့ ကြည့်သည်။ သူမရောက်ရှိနေရာနှင့် တည့်တည့်တွင်ရှိသော အရှေ့ဘက်တောင်တန်းသည် အနည်းငယ် ချိုင့်ဝှမ်းနေသည်။ နေဝန်းနီနီကို တွေ့ရသည်။ အရောင်များ တလက်လက် လက်နေပြီဖြစ်၍ မျက်စိကျိန်းစပ်သည်။ နေဝန်းကိုယ်နှိုက်ကလည်း မြင့်တက်လာပြီ ဖြစ်၍ တောင်ကြားမြောင်သည် အရောင်တောက်ခြင်း ရှိလာသည်။ ကြက်သီးနွေးမှု ရှိလာသည်။ ချောင်းသည် ရေများဆဲ၊ ရေအားကောင်းဆဲ ဖြစ်သည်။ သို့သော် ရေစပ်နှင့် ရေလယ်တွင် ကျောက်ဆောင်များ ပေါ်စပြုပြီ။ ရေလှိုင်းများ တွန့်သည်တွင် နေခြည်ပြက် တဖျပ်ဖျပ် လက်နေသည်။ နန်းရင်၏ မျက်နှာကို ရောင်ပြန်ရိုက်ခတ်လာသည်။

နန်းရင်တစ်ကိုယ်တည်းပြုံးသည်။ နေရောင်ရိုက်ခတ်မှုကြောင့် အရှေ့မြင်ကွင်း မသဲကွဲ ရှိသည်။ ထို့ကြောင့် နဖူးတွင် ဘယ်လက်ဖဝါး ခုံးမိုး၍ ကြည့်သည်။ လှမ်းလှမ်းတွင် အဝတ်နက်များနှင့် အမျိုးသမီးနှစ်ယောက် ကုန်းကုန်းကွကွ ပြုနေကြသည်ကို တွေ့ရသည်။ ထိုနေရာလောက်တွင် ရေစီးနှေးပုံရသည်။ အမျိုးသမီးတစ်ဦးသည် ဒူးအနက်လောက်တွင် မယိမ်းမယိုင် ရပ်နေသည်။ သို့သော် ချက်ချင်းပင် ရေစီးနှေးရခြင်း၏ အကြောင်းအရင်းကို သိရသည်။ သူတို့နှစ်ဦးနှင့် နန်းရင်၏ အလယ်လောက်တွင် ကျောက်တန်းဆည်တစ်ခုရှိသည်။ ကျောက်တန်းဆည်သည် ချောင်းပြည့်ပြုထားခြင်း မဟုတ်။ လက်ဝဲဘက် ကမ်းစပ်မှနေ၍ ရေလယ်မကျတကျလောက်တွင်ရှိသော ကျောက်ဆောင်ကြီးအထိ တန်းထား ခြင်းဖြစ်သည်။ သို့ဖြင့် ပင်မရေစီးကြောင်းသည် ကျောက်တန်းဆည်အစွန်းကို ကွေ့ပတ် တိုက်ခိုက်၍ ဒေါသတကြီး စီးကျလာနေသည်။ သူ၏ သွားရာလမ်းကို လူတို့က ပိတ်ပင်တားမြစ်ခြင်း ပြုသောကြောင့်ဖြစ်သည်။ ပင်မရေစီးကြောင်းတွင် ပါမသွားသော ရေစွန်ရေဖျားတို့သည် ကျောက်တန်းဆည် အပေါက်အကြားတို့မှနေ၍ စိမ့်ယိုကျ နေသည်။ ကျောက်တန်း ဆည်ကို ရေလုံးရိုက်သောအသံသည် ညအခါတွင် တောင်စောင်းတောကို လေတိုးသည့် အသံမျိုးဖြစ်သည်။ ကြားရသူကို ချောက်ချားစေသည်။ ကျောက်တန်းဆည်ကို မြင်ရသောအခါ နန်းရင်သည် ဓမ္မတီးလုံကို အမှတ်ရသည်။ ထိုအရပ်တွင် ကျောက်တန်းဆည်များ အသုံးများသည်။ နန်းရင်တို့ဘက်တွင်ကား သစ်ထပ်ဆည်များ ဖြစ်သည်။ ဤပြဿနာကလည်း ရှိသည်။ ကျောက်ပေါသောနေရာတွင် ကျောက်များကို ပုံတန်း၍ ဆည်ပြုသည်။ ကျောက်မရှိသောနေရာတွင် သစ်လုံး များကို ထပ်ဆင့်၍ သစ်ထပ်ဆည် ပြုလုပ်ကြသည်။ အချို့သော တံငါသမားများကျတော့ ဝှတ်ရိုက် ဝါးကပ်သည်။ နန်းရင် သည် လျှောက်ရင်းလျှောက်ရင်းနှင့် ကျောက်တန်းဆည်အနီးသို့ ရောက်သွားသည်။ နေရောင်သည် တောင်ကြားနိမ့် အတွင်းသို့ စိုက်ဆင်းလာနေပြီဖြစ်သည်။ ချောင်းရေကိုဖောက်၍ တောင်ခြေသဲပြင်အထိ ဆင်းသွားသည်။ ဆည်၏ အထက်ဘက်တွင် ချောင်းအောက်ပြင်သည် သဲပကတိလောက်ဖြစ်သည်။ ကျောက်တုံးကြီးများမရှိ။ ဆည်ပြုရာတွင် ရွှေ့လိုက်၍ ဖြစ်သည်။ ကျောက်စရစ်များသာ ရှိသည်။ ကချင်အမျိုးသမီးနှစ်ယောက်သည် ရေစပ်တွင် တင့်ငုံ့နှင့် လိုက်ကောက်ခြင်းပြုနေသည်။ ကောက်၍ရသည်များကို သူတို့လက်ထဲမှာပင် ဆုပ်ထားသည်။ ခရုကောက်နေကြခြင်း ဖြစ်မည်ဟု နန်းရင် ထင်သည်။ ပူတောင်းဘက်တွင် နန်းရင် တွေ့ခဲ့ရဖူးသည်။ နမ့်ထုံခကို ဆည်ပိတ်၍ ခရုကောက်ကြသည်။ သို့သော် ထိုအမျိုးသမီးနှစ်ဦး အနီးသို့ ရောက်သောအခါတွင်ကား နန်းရင် အံ့သြရသည်။ ထိုအမျိုးသမီးနှစ်ဦး လိုက်လံ ကောက်ယူနေသည်မှာ ခရုမဟုတ်၊ ရွှေ။

"ယောက်မတို့ ဘာကောက်ကြလဲအေး"

"ရွှေ"

"အေး၊ နင်တို့ချောင်းက ရွှေ ဒါလောက်ပေါသကော"

MMCYBERMEDIA
COMMUNITY FOR ALL

နန်းရင် ရေစပ်သို့ဆင်း၍ အမျိုးသမီးနစ်ဦး၏ လက်ခုပ်ထဲမှ ရွှေဖတ်များကို ကြည့်သည်။ အချို့ရွှေးငယ်ခန့်ရှိ၍ အချို့ လက်သန်းခွံခန့် ရှိသည်။

"အေး ငါတို့ဆီမှာလည်း အရင်က ဒီလိုပဲ ကောက်လို့ရတယ်လို့ ငါတို့ အဘိုးအဘွားတွေ ပြောတယ်။ အခုတော့ ကောက်လို့ မရတော့ဘူး။ ကျင်မှပဲ ရတော့တယ်"

ကချင်အမျိုးသမီးနစ်ဦးသည် နန်းရင်၏ခါးမှ လှပနီမြန်းသော အမြိတ်များကျနေသည့် ခါးပန်းကြိုးကို မျက်တောင်မခတ် စူးစိုက်၍ကြည့်ပြီး...

"ယောက်မက ဖမ္မတီးလုံကလား၊ မိုးကောင်းကလား။ တို့ ဖမ္မတီးလုံမှာတော့ ရွှေတွေ အများကြီးပေါတာပ။ ဒါပေမဲ့ ဒါတွေလည်း နောက်ကျရင် ရှားသွားမှာပဲ။ မြစ်ကြီးနားမှာဆိုရင် အခု ရွှေမရှိတော့ဘူး။ အသားဖြူတွေက စက်ကြီးတွေနဲ့ အကုန်ဖော်ယူလိုက်ပြီ"

အမျိုးသမီးနစ်ဦးသည် နန်းရင်ပြောသည်ကို စိတ်ဝင်စားကြပုံရှိသော်လည်း သူမ၏စကား အနက်ကိုကား ပြည့်စုံစွာ နားလည်ကြဟန် မရှိချေ။ သူမ၏ ခြေရင်းတွင် ဝင်းဝင်းဝါဝါကလေးများမြင်၍ နန်းရင် ငုံ့ကောက်သည်။ သဲများကို ရေပြင်စပ်တွင် ဆေးခါပစ်သည်။ မုန်ညင်းပွင့်နှင့်တူသော ရွှေဖတ်နစ်ခု ရသည်။ ထိုစဉ်တွင် နန်းရင်၏ အမည်ကို ခေါ်သံကြားရသည်။ အမျိုးသမီးသုံးယောက် ခေါင်းထောင်ကြည့်သည်။ အရှေ့ဘက်ကမ်းစပ်တွင် သေနတ်ကိုင်ထားသော အမျိုးသားတစ်ယောက် ပေါ်လာသည်။

"အစ်မငယ် စခန်းကို လာပါဦး"

ထိုသူက လေကိုဆန်၍ လှမ်းအော်သည်။

"ဘာလုပ်မကော"

"လူတစ်ယောက်ရောက်နေတယ်"

"ဘယ်ကလဲ"

"ကျွန်တော်တို့အထဲ ဝင်ချင်လို့တဲ့"

"သူတစ်ယောက်တည်းလား"

"အေး"

"သူ ဘယ်လိုရောက်လာကော"

"ဒီလိုပဲပ။ အရှေ့ဘက်တောင်က ဆင်းလာတာပ"

"နင်တို့က ဘယ့်နယ်မှ မလုပ်ဘူးကော။ ကင်းက သူ့ကို မမြင်ဘူးလားကော"

နန်းရင် မကျေနပ်သဖြင့် လှမ်းအော်သည်။ ထို့နောက် ကောက်ယူရရှိထားသော ရွှေပွင့်ဖတ်နစ်ခုကို နီးရာ ကချင် အမျိုးသမီး၏ လက်ခုပ်တွင်းသို့ ထည့်ခဲ့ပြီး အနောက်ဘက်ကမ်းပေါ်သို့ ပြန်တက်သည်။

"ကင်းက မြင်လို့သူ့ကို စခန်းကို ခေါ်လာတာပ"

MMCYBERMEDIA
COMMUNITY FOR ALL

"သူက တို့စခန်းကို ဘယ်လိုသိသတဲ့လဲ"

"သူက မပြောဘူး။ သူက အစ်မငယ်နဲ့ တွေ့မှ ပြောမယ်တဲ့"

သူတို့နှစ်ယောက်သည် ကမ်းတစ်ဖက်ဆီမှနေ၍ အော်ပြောနေကြသည်။ နန်းရင်သည် ချောင်းကို ဖြတ်ကူးရန်အတွက် နောက်ကြောင်းသို့ ပြန်လျှောက်သည်။ တစ်ဖက်မှလူသည်လည်း နန်းရင်နှင့် တစ်ပြေးညီတည်းလောက် လိုက်လျှောက် သည်။ ဤအမျိုးသမီးနှစ်ယောက်သည် သူတို့ကို ခေတ္တမျှ ငေးကြည့်နေပြီးနောက် သူတို့အလုပ် သူတို့ပြန်လုပ်သည်။ ယခုတလောတရုတ်ပြည်ဘက်မှ ရွှေစိမ်းအဝယ်ကျနေသည်။ သည်ချောင်းတွေ ရှိနေသမျှတော့ သူတို့အဖို့ ရွှေရှိနေ မည်ဖြစ်သည်။ ကောက်၍ မရနိုင်တော့သည့်အခါတွင်လည်း ကျင်နိုင်သည်။ သဲဆယ်ဆုပ်လျှင် ရွှေတစ်ဆုပ်ရှိသည်ဟု လူကြီးများ ဆိုရိုးပြုသည်။

"သူက ငါ့ကို သိသတဲ့လား"

"အစ်မငယ်ကိုလည်း သိတယ်။ နောင်ကြီးမျိုးကိုလည်း သိတယ်တဲ့"

"သူ့နာမည်က ဘယ်သူလဲ။ သူ့ရွာက ဘယ်ရွာလဲ"

"သူ မပြောဘူး"

နန်းရင် ခပ်သွက်သွက်လျှောက်သည်။ လူစိမ်းတစ်ယောက် ရောက်လာသည်ကို မကျေနပ်။ မိမိတို့စခန်းမလုံခြုံရာ ရောက်သည်။ တစ်စုံတစ်ခုဖြစ်ခဲ့လျှင် သူမတွင် တာဝန်ရှိသည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့ မရှိခိုက်ဖြစ်သည်။ ထို့ပြင် ဤစခန်းသည် အတွင်းစခန်းဖြစ်သည်။ လျှို့ဝှက်စခန်းဖြစ်သည်။ ဤစခန်းသို့ လူစိမ်းတစ်ယောက် သည်အတိုင်း ရောက်လာရန် အကြောင်းမရှိ။အပြင်စခန်းမှ တစ်ယောက်ယောက် လိုက်ပို့မှသာ ရောက်ရမည်ဖြစ်သည်။

အပြင်စခန်းတွင် လဖိုင်လတို့ ရှိသည်။ ကင်းအထပ်ထပ်နှင့် ဖြစ်သည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့လည်း နံနက်အစောကြီး ထ၍ အပြင်စခန်းသို့ သွားကြသည်။ အပြင်စခန်းတွင် တပ်သားသစ်များ လက်ခံခြင်း၊ အခြားသော အရေးတော်ပုံစခန်း တို့နှင့် ဆက်သွယ်ခြင်းများ ပြုလုပ်သည်။ ဤအရပ်ဒေသမှ လူများသည် အပြင်စခန်းကိုသာ သိကြသည်။ ယခုတော့ လူစိမ်းတစ်ယောက်သည် အတွင်းစခန်းသို့ ကျူးကျူးကျော်ကျော် ရောက်ရှိလာချေပြီ။ ထို့ပြင် သူမနှင့် မောင်မျိုးကို သိသည်ဟုလည်း ဆိုသည်။ မည်သူဖြစ်ချေမည်နည်း။ အစ်ကိုရွှေဝါများ ဖြစ်ချေမည်လား။ မဟုတ်တန်ရာ။

"ဘယ်အရွယ်လောက်ရှိလဲ"

ကြိမ်တံတားထိပ်သို့ ရောက်သောအခါ နန်းရင်သည် မကူးဖြတ်သေးဘဲ လှမ်းအော်မေးပြန်သည်။

"နောင်ကြီးမျိုးလောက် ရှိပြီ"

ထိုအခါ ကိုဦးများ ဖြစ်ချေမည်လားဟု နန်းရင် တွေးပြန်သည်။ ကိုဦး ရွာမှပျောက်သွားသည်မှာ နှစ်နှစ်မျှ ရှိပြီ။ ထွက်သွားတုန်းကတော့ ကျောက်စိမ်းတွင်းဟု ပြောသည်။ သူသည် ကျောက်စိမ်းလုပ်ငန်းတွင် စိတ်ပါဝင်စားခြင်း ရှိသည်။ ယခင်နှစ်များကလည်း သွားခဲ့သည်။ တစ်နှစ်မျှ

MMCYBERMEDIA
COMMUNITY FOR ALL

ကျောက်အောင်ခဲ့သည် မရှိ။ ယခင်အကြိမ်များကမူ သူသည် ကျောက်စိမ်းကာလတွင်သာ တောမော်ကြောသို့ သွားနေတတ်သည်။ ကျောက်စိမ်းမတူးနိုင်သော မိုးကာလတွင်ကား ရွာသို့ပြန်လာပြီး လယ်ယာလုပ်ငန်းတွင် ကူညီလုပ်ဆောင်တတ်သည်။

ကိုဦးတို့သည် တွင်းကြီးသမားများဖြစ်၍ သုံးလ ရေထုတ်၍ တွင်းစောက်တူးသည်။ သူသည် တန်ဆောင်မုန်း၊ နတ်တော်လလောက်တွင် ရွာမှထွက်သွားပြီး ကဆုန်၊ နယုန်လောက်တွင် ပြန်လာတတ်သည်။ သို့သော် ယခု ပြန်မလာသည်မှာ နှစ်နှစ်ရှိပြီ။ သူ ဘယ်ရောက်နေသည်မသိ။ ယမန်နှစ်ကဆိုလျှင် သူသည် တောမော်ကြောတွင်ပင် မရှိ။ မည်သည့်မော်တွင် ရောက်နေသနည်းဟုပင် မသိရ။ ဖီအင်မော်တွင်လိုလို၊ နန်ရှမော်တွင်လိုလို၊ ဆင်ကလိန်ဓမ္မတီးဘက်သို့ တက်သွားသလိုလိုလည်း သိုးသန့်ကြားရသည်။

"အစ်မငယ် မဖြတ်ရဲဘူးလား"

ရေမြှုပ်တံတားထိပ်တွင် နန်းရင် အတန်ကြာငိုင်နေသဖြင့် တစ်ဖက်မှ လှမ်းအော်သည်။ သည်တော့မှ နန်းရင် အသက်ဝင်သည်။

"ငါဖြတ်ရဲပါတယ်။ငါလာတုန်းက တစ်ခါဖြတ်ခဲ့ပြီပဲ"

ယင်းသို့ပြောပြီး တံတားကို နန်းရင် ကူးဖြတ်စပြုသည်။ ပြောလို့သာ ပြောရသည်။ သည်ကြိမ်တံတားကို ဖြတ်ရသည်မှာ အသည်းယားစရာ။ ဝါးတစ်လုံးလှေကားကို အပြေးတက်ရ၍ ရင်ထိတ်သည်ဆိုခြင်းမှာ ဤရေမြှုပ်ကြိမ်တံတားနှင့်စာလျှင် အလကား၊ ရယ်စရာကြီး။ သူတို့ တံတားလုပ်ပုံက အင်မတန်လွယ်သည်။ ကမ်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်တွင် ပေါက်နေသော လက်မောင်းခန့်ရှိ ကြိမ်ပင်ကြီးနှစ်ပင် သုံးပင်ကို ဆွဲလှဲ၍ ရေလယ်တွင် လွန်းတင်ထားလိုက်ခြင်းဖြစ်သည်။ ယင်းကြိမ်တံတားသည် ပျက်စီးရန် မလွယ်တော့။ အပင်ကလည်း အရှင်ဖြစ်သည်။ ရေထဲမှာလည်း မြုပ်နေသည်။ ကြိမ်လုံးကြီးသည်ထက် ကြီးလာဖို့သာ ရှိသည်။ နယ်စိမ်းလူစိမ်းများအဖို့ဆိုလျှင် ထိုတံတားရှိသည်ကို မသိနိုင်။ လူတွေ ရေထဲတွင် လျှောက်လာသည်ဟုသာ ထင်မည်။ တံတားရှိမှန်း သိသည့်တိုင်လည်း ကူးဖြတ်ရန် မလွယ်။ လက်ကိုင်တန်း မရှိ။ ကြိမ်ပင် သုံးလေးပင် လွန်းတင်ထားသည် ဆိုငြားလည်း ခြေတစ်ဖဝါးစာသာ ဖြက်ရှိသည်။ ရေစီးကြောင့်လည်း တံတားလှုပ်သည်။ လူ၏ဟန်ချက်ကြောင့်လည်း တံတားလှုပ်သည်။ သည်ကြားထဲတွင် ရေညှိတက်၍ ချော်နေသည့် အပိုင်းများ ရှိသေးသည်။ အချို့မရဲသူများ ဝါးတောင်ဝှေးထောက်၍ ဖြတ်ကြသည်။ သို့သော် နန်းရင်သည် မကူးရဲ ဆိုသည်ကိုလည်း မခံချင်။ တောင်ဝှေးဖြင့် ဖြတ်ရသည်ကိုလည်း အပြောမခံချင်သဖြင့် သည်အတိုင်းပင် ဖြတ်သည်။ မရဲတရဲနှင့် ဖြတ်သည်။ ရေထဲတွင် ဘယ်ညာယိမ်းလျက်နှင့် ဖြတ်သည်။ တစ်ချက်မဟန်နိုင်လျှင် တစ်သက်ဆုံးနိုင်သည်။ ဘေးသို့လဲကျသွားပြီး ကျောက်တုံးတစ်ခုနှင့် ရိုက်မိလျှင် ထနိုင်တော့မည် မဟုတ်။ သည်တံတားကို နန်းရင်ဖြတ်သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ် ခြောက်ပြန်ရှိပြီဖြစ်သည်။ သို့သော် ပုံမှန်မဖြစ်သေး။ နေးကွေးသည်။ ရုပ်ပျက်သည်။ တစ်ဖက်ကမ်းသို့ ရောက်မှ သက်ပြင်းချနိုင်သည်။

"နောက်နှစ်လလောက်နေရင်တော့ ကျောက်ဆောင်ပေါ်ပါပြီ။ သည်တံတားက ဖြတ်ဖို့မလိုတော့ပါဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

တစ်ဖက်ကမ်းမှ စောင့်နေသူက ပြောသည်။ နန်းရင်က ထိုသူ၏စကားကို မကြားဟန်ပြုပြီး ရှေ့မှ သွားသည်။ တံတားကို လွန်သည်နှင့်တစ်ပြိုင်နက် ရင်ဝယ်လိုက်ဖိုခြင်း ပြီးဆုံးသွားပြီး စခန်းသို့ အမှတ်မထင် ရောက်လာသူ မည်သူဖြစ်ချေ မည်နည်း ဟူသော သိလိုစိတ်က ရှေ့တန်းတက်လာတော့သည်။ အမှန်တော့ သည်စခန်းကို သူတို့တည်ဆောက်သည်မှာ သုံးရက်မျှသာရှိသေးသည်။ လဖိုင်လ၏ အစီအစဉ်ဖြစ်သည်။ အစက သူတို့အပြင် စခန်းမှာ တစ်စုတစ်ဝေးတည်း နေကြသည်။ ဆမားတွေသူတို့ အတိုင်အပင်ပြုကြပြီးနောက် နယ်မြေခွဲကြသည်။ လူခွဲကြသည်။ တာဝန်ခွဲကြသည်။ အရေးတော်ပုံ စတင်ရမည့်ရက်ပိုင်းနှင့် စတင်ပုံစတင်နည်းတို့ကို သတ်မှတ်ကြသည်။ နယ်မြေနှင့် နယ်မြေတပ်ဖွဲ့များ အသီးသီးခွဲကြရာတွင် မိုးညှင်းမောင်သိုက်တို့လူစုနှင့် မလွဲဘွန်းဂမ်တို့က နယ်မြေတစ်ခု၊ နယ်မြေတပ်ဖွဲ့တစ်ခု။ ဘကြီးမုံးတို့လူစုနှင့် လဖိုင်လတို့က နယ်မြေတစ်ခု၊ နယ်မြေတပ်ဖွဲ့တစ်ခု။ ဆမားဒူးဝါး ခွန်ဆိုင်းလီ၊ အင်ဂန်ဒူးဝါး ဆင်ရိုင်းဝါနှင့် အခြားသူတို့ကလည်း ကိုယ့်နယ်မြေနှင့် ကိုယ့်တပ်ဖွဲ့နှင့်။

ဤနယ်မြေများ အားလုံးနှင့် ဤတပ်ဖွဲ့များအားလုံးကို ဦးစီးဦးရွက်ပြုသူမှာ ဆမားကြီး။

ဘကြီးမုံးနှင့် လဖိုင်လတို့သည် ကြိုးကြာရွာနှင့် ခခရောက်ကို လေးကိုင်းသဏ္ဌာန် လမ်းကြောင်းဖြင့် ဆက်သွယ်သည်။ လေးကြိုးအလယ်တွင် ဆမားရှိနေမည်။ ထိုအတွက် သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းသည် စိတ်ချရသည်။ လေးကိုင်း သဏ္ဌာန် ဆက်သွယ်ရေး လမ်းကြောင်းပေါ်တွင် ဗဟိုစခန်း နှစ်နေရာရွေးသည်။ တစ်ခုကို တနိုင်ခ အရှေ့ဘက် ကမ်းကို ရွေးသည်။ ယင်းမှနေ၍ ခခရောက်ဝန်းကျင်တွင် လှည့်လည်စစ်ဆင်ရန်ဖြစ်သည်။ နောက်စခန်းတစ်ခုကို မိုးကောင်းမြစ်၏ အနောက်ဘက်တွင် ရွေးသည်။ ထိုမှနေ၍ ကြိုးကြာရွာသစ်ဘက်သို့ လှုပ်ရှားရန် ဖြစ်သည်။ ဤသို့ စခန်းနှစ်ခုထားခြင်းဖြင့် သူတို့သည် ရံခါတွင် ဆင်ရိုင်းဝါတို့နှင့်တွဲ၍ မြစ်ကြီးနားဘက်ကို မွှေနိုင်သည်။ ရံခါတွင် ဆမားတို့နှင့်သော် လည်းကောင်း၊ မိုးညှင်းမောင်သိုက်တို့နှင့်သော် လည်းကောင်း ပူးတွဲ၍ မိုးကောင်းဘက်ကို မွှေနိုင်မည်ဖြစ်သည်။

အစဦးတွင် သူတို့သည် တနိုင်ခ စခန်းတွင် လူအနည်းငယ်မျှသာ အစောင့်ထားရှိပြီး မိုးကောင်းမြစ်စခန်းကို ဗဟိုပြုသည်။ အကြောင်းမှာ ခခရောက်ဝန်းကျင်သည် လဗျဂမ်၏ ထိုးဖောက်မှု အနည်းငယ်မှအပ စိတ်ချရသော အခြေခံဒေသ ဖြစ်နေပြီးသောကြောင့် ဖြစ်သည်။ ကြိုးကြာရွာသစ်ဝန်းကျင်တွင်ကား အခြေအနေများ ရှုပ်ထွေးနေသည်။ ရှမ်းနှင့်ကချင်များ ရောထွေးနေ၍ တစ်ကြောင်း၊ အင်္ဂလိပ်တို့၏ ဖောက်ထွင်းစည်းရုံးမှုနှင့် ပြင်းထန်သော နှိပ်ကွပ်မှုတို့ ရှိနေ၍တစ်ကြောင်း မိုးကောင်းစခန်းကို ဦးစားပေး အခြေပြုရသည်။ ထို့ပြင် တိုက်ပွဲများသည် ဤဘက်ပိုင်း အရင်ဖြစ်ပွားမည်ဟုလည်း သူတို့မှန်းဆပြီးဖြစ်သည်။

ဘကြီးမုံးနှင့် လဖိုင်လတို့သည် မိုးကောင်းစခန်းကို အခိုင်အမာ တည်ဆောက်သည်။ ထိုမှနေ၍ ဆက်သွယ်မှုများ၊ စည်းရုံးမှုများ၊ စတင်တိုက်ခိုက်မှုများ ပြုလုပ်သည်။ နယ်ချဲ့ကျူးကျော်သူတို့ကို ဒုတိယအကြိမ် တွန်းလှန်တိုက်ခိုက်သော အရေးတော်ပုံတွင် လိုက်နာရမည့် အခြေခံသေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်များကို ဘကြီးမုံးက ချမှတ်သည်။ ယခင်က တန်ဖိုးကြီးစွာပေး၍ ဝယ်ယူခဲ့ရသော အတွေ့အကြုံများပေါ်တွင် မူတည်၍ ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါတို့ စစ်တိုက်တာက ရှေ့လောကြီးလွန်းတယ်ကွယ့်။ စန္ဒဂုတ်စစ်တိုက်သလို အလယ်ခေါင်ကိုချည်း မဲပြီး တိုက်ကြတယ်။ အရေးဆိုရင် မိုးကောင်းကို သိမ်းချင်တာပဲ။ ကိုယ့်မှာ သိမ်းနိုင်တဲ့အား ရှိ မရှိကို မသိဘူး။ အိမ်း၊ ဟိုတုန်းကဆိုရင်တော့ ဟုတ်တာပ။ လူသုံးလေးဆယ်နဲ့ နန်းတော်ကို စီးပြီး ဘုရင်ကိုသတ်နိုင်ရင် မင်းဖြစ်တာကိုး။ ဒါပေမဲ့ အခုကျတော့ ဒီလိုမဟုတ်ဘူးကွယ့်။ မိုးကောင်းကို ရရုံနဲ့ အင်္ဂလိပ်တွေကို ငါတို့ မနိုင်ဘူး။ ငါတို့နိုင်မှာက သူတို့စစ်တပ်တွေအားလုံးကို ထောင်းလမောင်းကြေအောင် လုပ်ပစ်နိုင်မှ နိုင်မှာ။ ဒီလိုလုပ်နိုင်ဖို့ကလည်း ကိုယ့်မှာ လူအင်အား၊ လက်နက်အင်အား လိုသေးတယ်။ ဒင်းတို့မှာက ဂျာမနီနဲ့ စစ်ဖြစ်နေတယ်ဆိုပေမဲ့ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ လက်နက်ကောင်းတဲ့ စစ်တပ်တွေ ဗမာပြည်ထဲမှာ အများကြီးရှိသေးတယ်။ တပ်ချင်း ဆိုင်တိုက်ရင်တော့ ငါတို့ရှုံးမှာပဲ။ တစ်ခါနှစ်ခါလောက် ခေါင်းချင်းဆိုင်ပြီး ချိုချင်းခွေ့လိုက်ရင် တို့များ ဗုန်းဗုန်းလဲသွားမှာပဲ။"

"ဒီတော့ ငါတို့ ဘာလုပ်ရမလဲ။ အစပိုင်းမှာ ဒင်းတို့နဲ့ လူစုလူဝေးချင်း မတိုက်မိအောင် ရှောင်ရမယ်။ သူတို့က တိုက်လာရင် တို့က ရှောင်ပေးပြီး သူတို့ပြန်သွားမှ တို့က ကြားဖြတ်ပြီး တိုက်ရမယ်။ သူတို့ကို တစ်ယောက်ချင်း နှစ်ယောက်ချင်း အမှည့်ခြွေ ခြွေရမယ်။ တို့ဘက်က အကျအဆုံး နည်းအောင်လုပ်ရမယ်။ အကျအဆုံးနည်းရမယ်ဆိုလို့ သူရဲဘောကြောင်ဖို့ ပြောနေတာ မဟုတ်ဘူးနော။ မိုက်ရူးမရဲဖို့ ပြောတာ။ တို့များလည်း ဒီလိုနဲ့ သူတို့ဆီက လက်နက်တွေ၊ ကျည်တွေရရမယ်။ ငါတို့ရဲ့ လူအင်အား၊ လက်နက်အင်အား ကြီးလာရမယ်။ ဒီတော့မှ ငါတို့ဟာ မိုးကောင်းကို သိမ်းရမယ်။ ဗန်းမော်၊ မြစ်ကြီးနားကို သိမ်းရမယ်။ တစ်နိုင်ငံလုံးကို သိမ်းရမယ်။ တို့များပြောတာ နင်တို့ မရှင်းကော"

"အိမ်း၊ ဒါထက်အရေးကြီးတာ ပြောရဦးမယ်။ တို့များ အရင်ဆုံးလုပ်ရမှာက အင်္ဂလိပ်တပ်တွေကို တိုက်ဖို့ မဟုတ်သေးဘူး။ ပုလိပ်တွေကိုလည်း တိုက်ဖို့ မဟုတ်သေးဘူး။ တို့များ လုပ်ရမှာက ရွာတွေကိုဝင်ပြီး သူကြီးတွေဆီက လက်နက်တွေကို အရင်သိမ်းရမယ်။ နောက်ပြီးတော့ နယ်ထွက်လာတဲ့ တောင်ခေါင်းတွေ၊ တောအုပ်တွေဆီက လက်နက်တွေကို သိမ်းရမယ်။ ပြီးမှ ပုလိပ်တပ်ဖွဲ့ကလေးတွေကို တောကောင်လို ချောင်းပြီး တိုက်ရမယ်။ သူတို့လက်နက်တွေကို ရအောင်ယူရမယ်။ ဒါမှ တို့မှာ လက်နက်အား တော်တော်လေး ကောင်းသွားမယ်။ ဒါနဲ့တစ်ချိန်တည်းမှာ တပ်သားသစ်တွေ စုရမယ်။ သူတို့ကို တိုက်နည်းခိုက်နည်းတွေ သင်ပေးရမယ်။ မိုးတွင်းအတွက် စားနပ်ရိက္ခာတွေ စုဆောင်းသိုလှောင်ထားရမယ်။ ဒီနောက်မှာတော့တို့များကို တိုက်ရအောင်လာတဲ့ ဂေါ်ရာတပ်တွေ၊ ဂေါ်ရခါးတပ်တွေကို မှောင်ထဲကနေ ချောင်ထဲကနေ တိုက်ကြရမယ်"

ဘကြီးမုံး၏ စစ်ရေးလမ်းစဉ်အတိုင်း သူတို့လူစု ရွာများကို စီးကြသည်။ သူကြီးတို့၏ သေနတ်များကို သိမ်းကြသည်။ တချို့သူကြီးများက အသာတကြည် ပေးအပ်သည်။ အချို့သူကြီးများ လက်လွှတ်ထွက်ပြေးသည်။ အချို့သူကြီးများက ခုခံသည်။ ယင်းသို့ သုံးလေးရက်မျှ ဆက်တိုက်ပြု၍ ရွာများကို စီးနင်းတိုက်ခိုက်ခြင်းပြုသောအခါ တစ်နယ်လုံး သိမ့်သိမ့်တုန်သွားသည်။ မိုးကောင်း၊ မိုးညှင်းသာမက ဗန်းမော်၊ မြစ်ကြီးနား၊ ကသာမြို့များအထိ ချောက်ချောက်ချားချား ရှိသွားသည်။ ပထမသော် အင်္ဂလိပ်အစိုးရက ဤသတင်းများကို ဖုံးကွယ်သည်။ မိမိတို့ အစိုးရအား ဆန့်ကျင်တိုက်ခိုက်သည်မဟုတ်၊ ကချင်ဓားပြ၊ ရှမ်းဓားပြများ ထကြွဆူပူခြင်းသာဟု သတင်းလွှင့်သည်။ ပုလိပ်အဖွဲ့က နှိမ်နင်းတိုက်ခိုက်လိုက်လျှင် ခဏချင်းမှုပင်ပြီးငြိမ်းသွားမည်ဟု ဆိုသည်။ ဆိုသည့်အတိုင်းလည်း စစ်တပ်များကို စေလွှတ်ခြင်းမပြု။ ပုလိပ်အဖွဲ့များကိုသာ စေလွှတ်ခြင်းပြုသည်။

ထိုအခါ တွန်းလှန်တိုက်ခိုက်သူများအတွက် အခွင့်ကောင်းဖြစ်ရသည်။ နယ်ကျွံ၍ဝင်လာသော ပုလိပ်အဖွဲ့များကို တိုက်ခိုက် ချေမှုန်းပစ်ကြသည်။ ဘကြီးမုံးတို့ တပ်ဖွဲ့ကပင်လျှင် တနင်္ဂနွေ နှစ်ပတ်အတွင်းတွင် ပုလိပ်အဖွဲ့နှစ်ဖွဲ့ကို ချေမှုန်းသုတ်သင် ပစ်လိုက်နိုင်သည်။ ပုလိပ်အဖွဲ့တစ်ဖွဲ့မှ တိုက်ကင်း ထွက်လာခြင်းဖြစ်သည်။ ကျန်တစ်ဖွဲ့မှာ ကာမိုင်းရှိ အစိုးရအမှုထမ်းများအတွက် လစာငွေ သွားပို့ခြင်း ဖြစ်သည်။ သို့ဖြင့် ဘကြီးမုံးတို့သည် လက်နက်များသာမက ငွေဒင်္ဂါးများပါ အများအပြား ရရှိလိုက်သည်။

ဒုတိယ အရေးတော်ပုံမီးသည် တရှိန်းရှိန်းတောက်လောင်စ ပြုလာပြီတည်း။

ပြည်ချစ်စိတ် မျိုးချစ်စိတ်ရှိသော နယ်သူနယ်သား အမြောက်အမြားသည် နီးစပ်ရာအရေးတော်ပုံ တပ်ဖွဲ့များသို့ ဝင်ရောက် လာကြသည်။ အချို့က ရိက္ခာပစ္စည်းများ ထောက်ပံ့ကြသည်။အချို့က သတင်းပေးယူခြင်း၊ သတင်းပို့ခြင်းအလုပ်များကို လုပ်ဆောင်ပေးကြသည်။

နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့စစ်အသွင် တရိပ်ရိပ် ထင်လာသည်။

သို့သော် ဤနေရာတွင် ဘကြီးမုံးတို့အနေနှင့် သတိထားရသည်တို့ အများအပြားရှိသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အပြည့်အဝနှင့် အရေးတော်ပုံကို ကူညီအားပေးသော မျိုးချစ်အင်အားစုများ ရှိသလို နယ်ချဲ့၏အကျိုးကျေးဇူးကို စောင့်သိ ကာကွယ်သော ပြည်တွင်းသစ္စာဖောက်တို့လည်း အများအပြား ရှိချေသည်။ အရေးတော်ပုံတပ်ဖွဲ့တို့၏ တည်နေရာနှင့် လှုပ်ရှားမှုသတင်းများကို ရန်သူ့ထံ ပို့သည်။ အရေးတော်ပုံတပ်ဖွဲ့တွင်းသို့ သူ့လူကိုယ့်ဘက်သားအဖြစ် ဝင်လာသူများ ရှိသည်။ ယင်းကြောင့် သူတို့သည် တပ်သားသစ်များ ဝင်လာသောအခါ သေချာစွာ စိစစ်ရသည်။ ပထမပိုင်းတွင် သူတို့၏ အခြေအနေကို စောင့်ကာ အကဲခတ်ရသည်။ စိတ်ချရသည့်အဆင့်သို့ မရောက်မချင်း အရေးကြီးသော အကြောင်းခြင်းရာများကို မသိအောင် စည်းတားထားရသည်။ ယင်းအတွက်ပင် သူတို့သည် အတွင်းစခန်းတစ်ခုကို ထပ်မံဆောက်လုပ်ရခြင်းဖြစ်သည်။ အပြင်စခန်းတွင် လူဝင်လူထွက် များလှသည်။ လူဟောင်းလူသစ် ရောထွေးလျက်ရှိသည်။ အရေးကြီးသော ကိစ္စများ တိုင်ပင်ရန်ရှိသောအခါ ဆိတ်ကွယ်ရာမရ ရှိသည်။ အတွင်းလူများသာ သိရှိသော ထိုအတွင်းစခန်းကို တည်ဆောက်ရခြင်း၏ အခြားအကြောင်းတစ်ရပ်မှာ ယင်းစခန်းသည် လျှို့ဝှက်ဌာနတစ်ခုဖြစ်သည်သာမက စခန်းမကြီး၏ နောက်စောင့်ကင်းလည်း ဖြစ်ချေသည်။ ရန်သူများ နောက်ဘက်မှ ကွေ့ပတ်၍ ရှောင်တခင် ရောက်ရှိမလာစေရန် ဖြစ်သည်။ သို့သော် ယခုမူ ဤလျှို့ဝှက်အပ်သော အတွင်းစခန်းသို့ လူစိမ်းတစ်ယောက် မမျှော်လင့်ဘဲ ရောက်ရှိလာချေပြီ။ အမှန်တော့ လူစိမ်းတစ်ယောက်အနေနှင့် ဤအတွင်းစခန်းသို့ ရောက်လာဖို့ မဆိုထားနှင့်၊ စခန်းမကြီးသို့ ရောက်လာရန်ပင် ခဲယဉ်းလှသည်။ အကြောင်းမှာ စခန်းမကြီးကို ကင်းအဖွဲ့ငယ် လခြမ်းသဏ္ဍာန် ဝန်းရံထားသောကြောင့် ဖြစ်သည်။ ထို့ပြင် ဤကင်းများ ဤစခန်းများသို့လာရာ လမ်းတစ်လျှောက်ရှိ ကချင်ရွာများ၊ ရှမ်းရွာများမှာလည်း အရေးတော်ပုံတပ်ဖွဲ့များကို လိုလားသော၊ ကူညီအားပေးနေသော တပ်ဖွဲ့များ ဖြစ်ကြချေသည်။ စခန်းနှင့်နီးလေ၊ နန်းရင်၏ခြေလှမ်းများ မြန်လေ ဖြစ်သည်။ အတွင်းစခန်းသို့ မမျှော်လင့်ဘဲ ရောက်ရှိလာသော လူစိမ်းသည် နန်းရင် ရောက်အလာကို စခန်းအပြင်မှ ထွက်၍ စောင့်နေသည်။ နန်းရင်ကိုမြင်သော် ထိုသူက ပြုံး၍ နှုတ်ဆက်သည်။ သို့သော် ထိုသူကို နန်းရင်မသိချေ။ ထိုသူသည် နှစ်နှစ်ကြာမျှ တိမ်မြုပ်နေသော ကိုဦးမဟုတ်ချေ။ ထို့ကြောင့် မျက်နှာထားတည်တည် လေသံမှန်မှန်ဖြင့်ပင် မေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မောင်အငယ်က ဘယ်သူလဲ၊ ဒီကို ဘာကိစ္စနဲ့ ရောက်လာတာလဲ"
"အစ်မငယ် ကျွန်တော့်ကို မမှတ်မိဘူးလား"

ထိုသူက ထိုသို့ပြောသောအခါ နန်းရင် ဇဝေဇဝါ ဖြစ်ရသည်။ မြင်ဖူးသလိုလည်း ထင်သည်။ မည်သူမည်ဝါဟု အစဖော် ၍မရ။ သူ့ကို နန်းရင် စေ့စေ့ကြည့်သည်။ တုတ်ခိုင်သည်။ ပုပျပ်သည်။ မျက်နှာဝန်းသည်။ နားပြန့်သည်။ မျက်လုံးပြူးသည်။ တစ်ကိုယ်လုံးတွင် ကျောက်ပေါက်မာ သက်သက်ကျဲကျဲ ရှိသည်။ ဤသူကို မြင်ဖူးသိဖူးသည် ဆိုလျှင်လည်း ကာလရှည် ကြာရေ့မည်။

"မြင်ဖူးသလိုပ"

သူမက အနည်းငယ် အားနာဟန်ဖြင့် တိုးသာဆုတ်သာ ပြောသည်။

"ကျွန်တော် ဆောင်းခါးရွာက အောင်မောင်းပါ။ ကျွန်တော့်အဖေက မိုးကောင်း အရေးတော်ပုံတုန်းက ဗိုလ်မှူးရွှေဝါရဲ့ တပ်မှာ ပါဖူးပါတယ်။ ဗိုလ်မှူးရွှေဝါရဲ့ လက်ရင်းလူဖြစ်ပါတယ်။ အဖေ တိုက်ပွဲမှာကျတော့ အဖေရဲ့ဓားကို ဗိုလ်မှူးရွှေဝါကပဲ ကျွန်တော့်အတွက် ယူလာပါတယ်။ အဲဒီတုန်းက ကျွန်တော် ခြောက်နှစ်သားပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အဲဒီတုန်းက အင်မတန် ခံ့ညားတဲ့ ဗိုလ်မှူးရွှေဝါရဲ့ရုပ်ဟာ ကျွန်တော့်မျက်စိထဲမှာ အခုထက်ထိ စွဲနေပါသေးတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် လောက်က၊ မိုးကောင်းကို သိမ်းဖို့ အစ်မငယ်တို့ ကြံစည်အားထုတ်တုန်းက ကျွန်တော်မန္တလေးမှာ ပဋ္ဌင်းတက်နေပါတယ်။ ဒါကြောင့်လည်း အဲဒီတုန်းက ကျွန်တော်မပါလိုက်ရတာဖြစ်ပါတယ်။ ကျွန်တော်အခု ကျွန်တော့်အဖေရဲ့ ဆန္ဒအတိုင်း ကျွန်တော့်အဖေရဲ့ ဓားကို ကိုင်ပြီး လာခဲ့ပါပြီ"

အောင်မောင်းက ကင်းသမားတစ်ယောက်၏လက်တွင် ရှိနေသော သူ့ဓားကို ညွှန်ပြရင်း ပြောသည်။ သည်တော့မှ နန်းရင် မှတ်မိခြင်း ရှိလာသည်။

"တလောတုန်းက မောင်အငယ် ရွာကိုလာတယ် မဟုတ်လား"
"အင်းပ၊ ဗိုလ်မှူးရွှေဝါ ပြန်ရောက်လာတုန်းက ကျွန်တော်တို့ သားအမိ လာတယ်လေ"

သည်တော့မှ နန်းရင် မှတ်မိသည်။ ရွှေဝါပြန်ရောက်လာစက ရွှေဝါအပေါ်တွင် စိတ်ဝင်စားသူများ၊ ရွှေဝါအပေါ်တွင် သံယောဇဉ်ရှိသူများ လာရောက်မေးမြန်းကြသည်။ လာရောက်တွေ့ဆုံကြသည်။ ထိုစဉ်က လာရောက်သူများတွင် နန်းရင် သတိထားမိလိုက်သူ နှစ်ဦး ရှိသည်။ တစ်ဦးက ကချင်ကြီးတစ်ယောက် ဖြစ်သည်။ အမည် မမှတ်မိတော့။ ရွာလည်း မမှတ်မိတော့။ ထိုကချင်ကြီးသည် မိုးကောင်း အရေးတော်ပုံတုန်းက လဖိုင်လတပ်တွင် ပါဝင်ခဲ့ဖူးသူဟုသာ မှတ်မိသည်။ ပထမတော့ ယင်းကချင်ကြီးသည် ရွှေဝါကို လေးလေးစားစား ဆက်ဆံ၍ ယုယုယယ ဖေးမပြုစုသည်။ သို့သော် ရွှေဝါက နောက်ထပ် ဘိန်းတစ်ပြောင်းပေးပါရန် မနင်းမြူကို ရှိခိုးဦးတင်ပြနေသည်ကို မြင်သောအခါ တစ်မုဟုတ်ချင်းပင် ကရုဏာ ဒေါသော ဖြစ်သွားဟန်တူသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"နင် ဒါလောက်တောင်အသုံးမကျ ဖြစ်သွားပြီလား။ နင်သေတာပဲ ကောင်းတယ်အေး" ဆိုပြီး လင်းကင်းဓားနှင့် ခုတ်ပိုင်း မည်ပြု၍ ဝိုင်းဆွဲရသည်။

နောက်တစ်ယောက်ကတော့ မိန်းမရွယ်တစ်ယောက် ဖြစ်သည်။ ယင်းအမျိုးသမီးသည် ကတုန်ကယင် ကပိန်ကချုံး ဖြစ်နေသော ရွှေဝါကို တစိမ့်စိမ့်ကြည့်ရင်း မျက်ရည်စက်များ တလိမ့်လိမ့် စီးဆင်းကျလာသည်။ ထို့နောက် ငိုရှိုက်ရင်း တက်သွားသည်။ လူအများက ဝိုင်းဝန်းနိပ်နယ်ရသည်။ နာနပ်ယူရသည်။ လိပ်ပတ်မလည်ခင်တော့ ယင်းအမျိုးသမီးကို အထင်မှားမိကြသည်။ ရွှေဝါနှင့် မလွတ်ကင်းသူဟု ထင်မှတ်ကြသည်။ နောက်မှ အကြောင်းစုံသိရသည်။ သူမ၏ခင်ပွန်းသည် ရွှေဝါ၏ လက်ရင်းရဲဘော်တစ်ယောက် ဖြစ်သည်။ မိုးကောင်းတိုက်ပွဲတွင် ရွှေဝါ၏လက်ပေါ်တွင် အသက်ပျောက်ခဲ့သည်။ ထိုအမျိုးသမီးကား ဆောင်းခါးရွာမှ မောင်ညို၏ဇနီး သို့မဟုတ် ယခုနန်းရင်၏ရှေ့မှောက်တွင် ရောက်ရှိနေသော အောင်မောင်း၏မိခင်ပင် ဖြစ်သည်။ ထိုစဉ်က အောင်မောင်းလည်း အတူပါသည်။ မိခင်ဖြစ်သူကို သူပင် ချော့မော့နှစ်သိမ့်၍ တွဲခေါ်သွားသည်။ သူတို့သားအမိကို ရွာမှ လူများ လိုက်ပို့သည်။ သို့သော် ထိုအဖြစ်အပျက်သည် ကြာပြီဖြစ်၍ အောင်မောင်းကို နန်းရင်က မြင်မြင်ချင်း မမှတ်မိခြင်း ဖြစ်သည်။

"အင်းပ၊ ကြာပြီကော"

နန်းရင် ခပ်တိုးတိုး ညည်းဆိုသည်။

"ဟုတ်ပါတယ် အစ်မငယ်၊ ဆယ်နှစ်လောက်ရှိသွားပြီပဲ"
"အေး၊ ထိုင်ဦးပ။ စားစရာများ မပေးကော"

နန်းရင်က အောင်မောင်းကို ကွပ်ပျစ်တွင် ထိုင်ရန်ညွှန်ပြရင်း သူ့လူများကို စားသောက်ဖွယ်ရာများ ယူလာဖို့ ပြောသည်။ ချက်ချင်းလိုပင် လက်ဖက်ရည် အငွေ့တထောင်းထောင်းနှင့် မြည်းစားဖွယ်တို့ ရောက်လာသည်။

"အစ်မငယ်စိတ်ထဲမှာ မရှင်းတာ တစ်ခုကိုတော့ မေးရဦးမယ်"

အောင်မောင်းက လက်ဖက်ရည်ပူပူကို မှုတ်သောက်နေရာမှ မော့ကြည့်သည်။

"မောင်အငယ် ဒီကို ဘာကိစ္စလာတာလဲ"
"ပြောပြီးပြီကော။ အဖေ့ရဲ့ ဓားနဲ့ အဖေ့ရဲ့ဆန္ဒအတိုင်း အင်္ဂလိပ်တွေကို တိုက်ဖို့ပဲပ။ အစ်မငယ်တို့ဆီမှာ တပ်စာရင်းဝင် ဖြစ်ဖို့ပဲပ"
"မောင်အငယ် အခု ဘယ်ကလာသလဲ"
"ရွာကပဲ"
"ဆောင်းခါး"

အောင်မောင်း ခေါင်းညိတ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"အစ်မငယ် ဒီမှာရှိတယ်ဆိုတာ မောင်အငယ် ဘယ်လိုသိသလဲ"

"ဒီလိုပဲ သိတာပ"

"ဒီလိုပဲတော့ မသိနိုင်ဘူး မောင်အငယ်။ ဒီစခန်းဟာ လူစိမ်းတွေ ရုတ်တရက် ရောက်လာနိုင်တဲ့ စခန်းမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် ဒီစခန်းဟာ လျှို့ဝှက်စခန်းတစ်ခုပဲ မောင်အငယ်။ အစ်မငယ်တို့ တပ်သားတွေတောင် အကုန်မသိကြဘူး"

ထိုစကားကို ကြားရသောအခါ အောင်မောင်း ပြုံးသည်။

"ဘာကိုပြုံးတာလဲ မောင်အငယ်"

"လျှို့ဝှက်စခန်းဆိုရုံနဲ့ ဘယ်သူမှ ရောက်မလာရတော့ဘူးလား။ အစ်မငယ်တို့က လျှို့ဝှက်တယ်ဆိုရုံနဲ့ တခြားလူတွေ မသိတော့ဘူးလား"

"အဲဒါကို အစ်မငယ် စဉ်းစားနေတာပဲ။ ဒီစခန်းကို မောင်အငယ် ဘယ်လိုလုပ်ပြီး သိသလဲ။ ဘယ်လိုလုပ်ပြီး အရောက်လာ သလဲ။ လမ်းမှာ အစ်မငယ်တို့လူတွေနဲ့ မတွေ့ဘူးလား။ ဒီစခန်းကို မရောက်ခင်မှာ စခန်းမကြီးတစ်ခု ရှိတယ်။ အဲဒီ စခန်းကြီးရဲ့ ပတ်ပတ်လည်မှာ ကင်းငယ်တွေရှိတယ်"

အောင်မောင်း ထပ်၍ ပြုံးသည်။

"ကျွန်တော်တို့ မိုးကောင်းသားတွေဟာ ရာဇဝင်မှာ ဒါထက်အဆအရာအထောင်မက ခက်ခဲတဲ့အလုပ်ကို လုပ်ခဲ့ကြပါတယ်။ အခုဟာက မပြောစလောက်ပါဘူး"

"တိုတိုနဲ့ ရှင်းရှင်းပြောပါ မောင်အငယ်။ မောင်အငယ်ဟာ ရဟန်းလူထွက်ပီပီ စကားတတ်လှတယ်။ မန်လည်မှာ နေခဲ့သလား။ ဒါမှမဟုတ် မန္တလေးမှာ နေခဲ့သလား"

"နှစ်ဌာနစလုံးမှာ နေဖူးပါတယ်"

"အစ်မငယ်တောင်းပန်တာကို ပြောပါ မောင်အငယ်"

"ဆောင်းခါးကနေ ဒီကိုအလာမှာ လမ်းမှာ ဘယ်သူနဲ့မှ မတွေ့ပါဘူး။ မတွေ့တာကတော့ ကျွန်တော် မတွေ့အောင် ရှောင်လို့ပါပဲ။ တခြားလူတွေနဲ့ တွေ့နေရင် အစ်မငယ်ဆီကို ချက်ချင်း မရောက်မှာစိုးလို့ပါပဲ"

"မောင်အငယ်က တော်တာမဟုတ်ရင် အစ်မငယ်တို့ရဲ့ လူတွေက အင်မတန် ညံ့တာဖြစ်လိမ့်မယ်"

အောင်မောင်း ပြုံးနေသည်။ သူ့အပြုံးတွင် ကြွားဝါမှု သက်ဝင်နေသည်။ ယင်းကိုတော့ နန်းရင်မကြိုက်။ နန်းရင် မခံချင်။ တစ်ပြိုင်နက်တည်းမှာပင် သည်လူမျိုးတစ်ယောက်ကိုသူမတို့ရရှိခြင်းသည် ရိုးရိုးလူတစ်ရာ ရရှိသည်နှင့် တူညီကြောင်း စဉ်းစားမိသည်။ သို့သော် စိတ်ထဲတွင် မတင်မကျဖြစ်နေသည်က တစ်ခုရှိသေးသည်။ သူမတို့၏ လျှို့ဝှက်စခန်းကို သူ အဘယ်သို့ သိရှိလေသနည်း။

"အစ်မငယ်တို့စခန်းကို မောင်အငယ် ဘယ်လိုသိတယ်ဆိုတာ မပြောကော"

ထိုအခါ အောင်မောင်းသည် ဘာမပြော ညာမပြောနှင့် သူ၏အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်လိုက်သည်။ လက်ထုတ် လိုက်သောအခါ ခြောက်လုံးပြူးတစ်လက် ပါလာသည်။အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ နန်းရင်ပင် နောက်သို့ ယို့သွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဒါ ဘယ်သူ့သေနတ်လဲဆိုတာ ကြည့်စမ်းပါ"

အောင်မောင်းက ခြောက်လုံးပြူးကို ပြောင်းဘက်မှကိုင်၍ နန်းရင်ကို လှမ်းပေးသည်။ နန်းရင်ဆတ်ခနဲ ဆွဲယူသည်။ ထို့နောက် အစေ့အစပ်ကြည့်သည်။ ဒင်တွင် ဒေါင်းရုပ်တစ်ခု မသဲမကွဲရှိသည်ကို တွေ့ရသည်။

"ဗိုလ်ဒေါင်းညိုရဲ့ သေနတ်ပဲ။ မောင်အငယ် ဘယ်လိုရသလဲ"

"ပြောမယ်ဆိုရင်တော့ အရှည်ကြီးပ။ ဒါပေမဲ့ တိုတိုပဲပြောပါ့မယ်။ ကျွန်တော် ဒီကိုမလာခင် ကာမိုင်းကို ရောက်တယ်။ ကာမိုင်းကိုရောက်ရတာကလည်း အစ်မငယ်တို့ဆီကို ဘယ်လိုသွားရမလဲဆိုတာ ထောက်လှမ်းဖို့ပဲ။ ကျွန်တော် ထင်နေတာ နှစ်ခုရှိတယ်။ အစ်မငယ်တို့ဟာ ဆမားမှာ ရှိရင်ရှိရမယ်။ ဆမားမှာမရှိရင် ဒိန်ရွာလေးမှာ ရှိရမယ်လို့။ ဒါပေမဲ့လည်း တကယ်တမ်းကျတော့ ကျွန်တော်တွက်တာ မှားတာပဲ။ အစ်မငယ်တို့ရဲ့စခန်းဟာ တကယ်လုံခြုံပါတယ်"

အောင်မောင်းက စကားကိုဆက်မပြောဘဲ နန်းရင်တို့ကို အကဲခတ်နေသည်။ မည်သူကမျှ ဝေဖန်ခြင်းမပြုသဖြင့် သူ ဆက်ပြောသည်။

"အိမ်းပ၊ ကျွန်တော်လည်း ဗိုလ်ဒေါင်းညိုနဲ့သာမတွေ့ရင် အစ်မငယ်တို့ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သိမလဲကော"

"ဗိုလ်ဒေါင်းညိုနဲ့ ဘယ်လိုတွေ့သလဲ"

"အစ်မငယ်ကို ကန်တော့ပါတယ်။ ကျွန်တော်တို့ လောပန်းမကလေး အရက်ဆိုင်မှာ တွေ့ကြပါတယ်။ ကျွန်တော်တို့ အရက်သောက်ရင်း မိတ်ဆွေဖြစ်သွားတယ်။ ကျွန်တော့်ကိုဘယ်သူလဲလို့ သူမေးတယ်။ ကျွန်တော်က ကသာပုလိပ်အဖွဲ့ကလို့ ဖြေလိုက်တယ်။ သူက ကျွန်တော်ဘာတာဝန်နဲ့ လာတာလဲလို့ ဆက်မေးတယ်။ ကျွန်တော်က အစ်မငယ်တို့စခန်းကို စုံစမ်းရအောင် လာတာလို့ ပြောလိုက်တယ်။ ဒီတော့ သူက လက်ခုပ်လက်ဝါးတီးပြီး ရယ်တယ်။ ကျွန်တော် နောက်ကျသွားပြီတဲ့။ အစ်မငယ်တို့စခန်းကို သူ စုံစမ်းခဲ့ပြီတဲ့။ အစ်မငယ်တို့မှာ စခန်းဘယ်နခု ရှိတယ်ဆိုတာ၊ လူအား လက်နက်အား ဘယ်လောက်ရှိတယ်ဆိုတာ သူသိခဲ့ပြီတဲ့။ သူ အခု မိုးကောင်းကိုသွားပြီး အထက်ကို အစီရင်ခံမလို့တဲ့"

နန်းရင် တောက်ခေါက်သည်။

"ကျွန်တော် တဖြည်းဖြည်းနဲ့ အစ်အောက်တော့ သူသိတာတွေ အားလုံးပြောပြတယ်။ သူနဲ့ သူ့လူတစ်ယောက်ဟာ အစောကြီးကတည်းက အစ်မငယ်တို့ အထဲမှာ ဝင်နေခဲ့တယ်တဲ့။ ဟောဒီခြောက်လုံးပြူးဟာ ကာမိုင်းကို ငွေပို့သွားတဲ့ ပုလိပ်အဖွဲ့ကို တိုက်တုန်းက သူရခဲ့တာတဲ့။ သူ့ကို အစ်မငယ်တို့ သိပ်ယုံတယ်တဲ့"

"သူ့လူတစ်ယောက် ရှိသေးတယ်၊ ဟုတ်လား"

နန်းရင် အထိတ်တလန့်မေးသည်။ အောင်မောင်း ခေါင်းညိတ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်သူလဲ"

နန်းရင် ကသောကမျော မေးသည်။ ဝန်းကျင်ရှိလူများကို မယုံသင်္ကာကြည့်သည်။ အကြည့်ခံရသူများလည်း အနေကျပ် ကြပုန် ရှိသည်။

"မစိုးရိမ်ပါနဲ့ အစ်မငယ်။ အဲဒီလူက ဒီမှာမရှိပါဘူး။ စခန်းမကြီးမှာပါ။ သူဘယ်မှ မပြေးနိုင်ပါဘူး။ ခဏနေရင် စခန်းမကြီးကို ကျွန်တော်နဲ့ အစ်မငယ် သွားကြတာပ"

"အခု ဗိုလ်ဒေါင်းညို ဘယ်မှာလဲ"

"ဘယ်သူပြောနိုင်မလဲကော"

"မောင်အငယ် သူ့ကို ဘယ်လိုလုပ်လိုက်သလဲ"

"သူ့ကို ဘယ်လိုမှ မလုပ်ပါဘူး။ သူသောက်တဲ့အရက်ထဲ ဆေးမှုန့်ကလေး နည်းနည်း ထည့်လိုက်တာပါပဲ"

"အဆိပ်လား"

အောင်မောင်း ပြုံး၍...

"ဒီနည်းကို လောပန်းတွေဆီက ရတာပဲ"

"မောင်အငယ် အခု ကာမိုင်းက လာခဲ့တာပ"

"အိမ်းပ၊ တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးဘူး"

"တို့များ ကင်းတွေကတော့ အိပ်နေကြသလားပဲ"

"သူတို့မအိပ်ပါဘူး။ သူတို့မီးလှုံနေတာကို ကျွန်တော် တွေ့ခဲ့ပါတယ်"

"မောင်အငယ်ဟာ လူတော်ပဲပ"

"ချီးမွမ်းတာလဲ မစောနဲ့၊ ကဲ့ရဲ့တာလည်း မစောနဲ့တဲ့။ အခုပဲ အစ်မငယ်တို့ လူတစ်ယောက်ကို ချီးမွမ်းတာ စောလို့ ကံကောင်းလို့ ဒုက္ခမရောက်ရတယ်ကော"

"အေး၊ ဗိုလ်ဒေါင်းညိုကို အင်္ဂလိပ်လူလို့ အစ်မငယ်တို့ လုံးလုံးမထင်ဘူး"

"သူ့အကြောင်းကို သိရင် အစ်မငယ်တို့ ပိုပြီးအံ့သြမယ်"

"ပြောစမ်းပါ"

"သူ့နာမည်ရင်းက ကြာလှ၊ ဘုရင့်တပ်မတော် တပ်သားတစ်ယောက်ပ။ အရေးတော်ပုံ တပ်ထဲမှာလည်း ပါခဲ့တယ်။ ဖုံကန်ဒူးဝါးရဲ့ လက်ရုံးတစ်ယောက်ပ။ အစ်မငယ်ရဲ့အကြီးတွေနဲ့လည်း သိတယ်"

"အန်းညယ်"

"ဗိုလ်မှူးရွှေနီနဲ့တောင် ဗန်းမော်မှာသိတယ်။ ဗိုလ်မှူးရွှေဝါနဲ့တော့ အောက်ပြည်ကတည်းက သိကြတယ်။ သူတို့က တစ်တပ်ထဲ။ မန္တလေးကို အင်္ဂလိပ်တွေ ရသွားတော့ ဗိုလ်မှူးရွှေဝါရယ်၊ သူရယ်၊ တခြားလူ ငါးယောက်ရယ် အတူတူ ပြန်ခဲ့ကြတယ်တဲ့။ ရွှေဘိုမှာ သူတို့ အင်္ဂလိပ်တွေကို အတူတူတိုက်ခဲ့ကြသေးတယ်တဲ့။ အဲဒီမှာ သူတို့လူခုနစ်ယောက် ထဲက နှစ်ယောက်သေသွားတယ်တဲ့။ လေးယောက်က အထက်ကို ပြန်ခဲ့ကြတယ်တဲ့။ ဗိုလ်မှူးရွှေဝါက ရှိမ်းမကားမှာ ကျန်ရစ်ခဲ့တယ်တဲ့"

"သူ့နာမည်အရင်းက ဘယ်သူလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ကြာလှ"

"အန်းညယ်၊ ကြားဖူးတာပ။ အစ်ကိုရွှေဝါ ခဏခဏပြောတာပဲ"

"ကဲ စခန်းမကြီးကို သွားရအောင် အစ်မငယ်။ ကျွန်တော်ရောက်နေတာကို တစ်နည်းနည်းနဲ့ ကြားသွားရင် ဟိုသစ္စာဖောက်ကောင် ထွက်ပြေးသွားလိမ့်မယ်"

"အေးလေ၊ ဟုတ်တယ်။ အဲဒီကောင်က ဘယ်သူလဲ။ ဒီကောင်ကိုတော့ ငါကိုယ်တိုင် သတ်မယ်။ ဓားနဲ့ နုပ်နုပ်စဉ်းပြီး သတ်မယ်"

"အစ်မငယ်က ဒေါချည်းပဲကိုး။ ဒါနဲ့ နောင်ကြီး၊ ကျုပ်ဓားကို ပြန်ပေးပါဦး"

အောင်မောင်းက ကင်းသမားထံတွင် သူ့ဓားကို တောင်းခံသည်။ ကင်းသမားက နန်းရင်ကို ကြည့်သည်။ နန်းရင်က ပေးလိုက်ရန် အချက်ပြသည်။ ဤတွင် အောင်မောင်းက နန်းရင်ဘက်သို့ လှည့်ကာ...

"သေနတ်ကိုကော ပြန်မပေးဘူးလား"

နန်းရင်က ချက်ချင်းပင် ဗိုလ်ဒေါင်းညို(ခေါ်) ကြာလှ၏သေနတ်ကို အောင်မောင်းအား ပေးလိုက်သည်။ တစ်ပြိုင်နက်တည်း တွင် သူ့လူတွေကို ပြောသည်။

"နင်တို့လုပ်ပုံက သေစရာရှိရင် အားလုံးသေကုန်ပြီ။ လူစိမ်းတစ်ယောက်ဆီက ဓားကိုတော့ သိမ်းတယ်။ သေနတ်ကိုတော့ မသိမ်းကြဘူး။ သူက မိတ်ဆွေမဟုတ်ဘဲ ရန်သူသာဆိုစောစောက တို့များ သေပြီမဟုတ်လား"

"ကျွန်တော်တို့က သူ့ကိုယ်မှာ ပြောင်းတိုသေနတ်ပါမယ် မထင်လို့ပါ"

ကင်းသမားက ဆင်ခြေကန်သည်။

"စစ်တိုက်တဲ့နေရာမှာ မထင်တာဆိုလို့ ဘာမှမရှိရဘူး။ အားလုံးထင်ရမယ်။ နားလည်လား။ ရန်သူကတော့ အမျိုးမျိုးကြံမှာပဲ။ အမျိုးမျိုး အယုံသွင်းမှာပဲ။ အမျိုးမျိုး လုပ်မှာပဲ"

## အခန်း -၁၀၄-

နန်းရင်၏စကား မှန်ကန်ကြောင်းကို နောက်တစ်ပတ်အကြာတွင် အောင်မောင်းကပင် သက်သေပြသည်။ အောင်မောင်းနှင့် ပတ်သက်ပြီး လူတော်တော်များများ မျက်စိလည်နားရှုပ်သွားရသည်။ အောင်မောင်းလုပ်ပုံကလည်း လူတွေ ရုတ်တရက် နားမလည်နိုင်စရာပင်။ အဖြစ်က သည်လို။

ရာဇဝတ်အုပ် ကြံကောင်းနှင့် အဖွဲ့သည် ကညင်မြိုင်တွင် ရောက်ရှိနေကြသည်။ သူတို့က တစ်ရွာဝင် တစ်ရွာထွက် သူပုန်ရှာသည်။ မတွေ့။ သူပုန်တွေ ပြေးပြီဆိုသောသတင်းရွာသားများထံမှ ကြားရသည်။ နောက်ဆုံး ကညင်မြိုင် ရောက်လာသည်။ သည်ရွာမှာလည်း တစ်ချိန်ကဆိုရင် ကြိုးကြာကဲ့သို့ အရေးတော်ပုံစခန်းဖြစ်သည်။ ရွာ၏ ဦးစီးဦးဆောင်ဖြစ်သော ပန်းရန်ဆရာကြီး မရှိတော့သောအခါ ရွာလေးစိတ်ကွဲသည်။ အချင်းချင်း ပြိုင်နေကြသည်။ အချင်းချင်း ခိုက်ရန်ဖြစ်နေကြသည်။ ယခုအကြိမ် ခုခံတွန်းလှန်မှုပြုသည်တွင် ကညင်မြိုင်ရွာမှ လူငယ်သုံးဦးသာ ထွက်သည်။ ကြံကောင်းတို့လူစု သည်

ထုံးစံအတိုင်းပင် အရေးတော်ပုံတွင်ပါသွားသော လူငယ်တို့၏အိမ်များသို့ သွားကြသည်။ ခြိမ်းခြောက်သည်။ လာဘ်ညှစ်သည်။ ထိုမှရသည်တို့ဖြင့် အရှေ့သူကြီးအိမ်တွင် သောက်စားမူးယစ်နေကြသည်။ ရွာတွင် လေးစုကွဲနေသည့် အလျောက် သူကြီးလေးယောက် ရှိနေသည်။ အင်္ဂလိပ်က ခန့်သည်မဟုတ်။ သူတို့ဘာသာ သူတို့ ခန့်ထားခြင်းဖြစ်သည်။ အစိုးရဘက်မှ လူများသည် ယင်းသူကြီးလေးယောက်စလုံးကို ညာဝါးပေါင်းသင်းသည်။ အထက်သို့ သံတော်ဦးတင်ပေးမည်ဟု လိုင်းကြသည်။ ယခုလည်း ကြံကောင်းက အရှေ့သူကြီးကို ဖြီးနေသည်။

"သခင်ကြီးကို ကျုပ်သံတော်ဦး တင်ပေးမယ်။ အရှေ့သူကြီးကို အထူးအာဏာရသူကြီး ဖြစ်စေရမယ်။ ဂုဏ်ထူးဆောင် ခြောက်လုံးပြူး ရရမယ်။ သူကြီးကသာ သူပုန်ခေါင်းဆယ်လုံးသာ ဖြတ်ပေးပါ"

"ဟာ ကျုပ်တို့နယ်မှာ သူပုန်မရှိပါဘူး"

"ဘာမရှိပါဘူးလဲ။ သုံးယောက်ရှိတယ်"

"အခု သူတို့ ဒီမှာမရှိပါဘူး။ ဟိုကချင်တောင်တွေပေါ် ရောက်ကုန်ပါပြီ။ သခင်ကြီးတို့ လာတယ်ဆိုရင် သူတို့ဒီမှာ ဘယ် နေရဲမလဲ"

"ဟား ဟား ဟား ကြံကောင်းကို ဘယ်ငမိုက်သားက ရင်ဆိုင်ရဲမှာလဲ။ ဒီမှာ သူကြီး၊ သူပုန်ခေါင်းဆယ်လုံးမရရင် ကျုပ်တို့ကို အရက်ဆယ်လုံး ရှာပေး"

"ရပါတယ် သခင်ကြီး၊ အရက်ကတော့ ဆယ်လုံးမဟုတ်ဘူး။ အလုံးတစ်ရာလည်း ရပါတယ်"

အရှေ့သူကြီး ပျာပျာသလဲ ပြောသည်။ ထိုစဉ်တွင် အနောက်သူကြီးထံမှ လူတစ်ယောက် ရောက်လာသည်။ ထမင်းစားကြွဖို့ အချိန်တန်ကြောင်း ပြောလာခြင်းဖြစ်သည်။ အရှေ့သူကြီးက ဝေါက်လွှတ်သည်။

"ဟေ့ လူမိုက်တွေ၊ သွားကြ။ သခင်ကြီးတို့ဖို့ ဒီမှာ အားလုံးစီစဉ်ထားတယ်"

သူပြော၍ မဆုံးမီမှာပင် မြောက်သူကြီးကိုယ်တိုင် ရောက်လာသည်။ ထမင်းသုံးဆောင်ဖို့ ပင့်ဖိတ်လာခြင်း ဖြစ်သည်။ အရှေ့သူကြီး စားမာန်ခုတ်ပြန်သည်။ သူ့စကားမဆုံးမီမှာပင် လူတစ်ယောက် ထပ်မံရောက်ရှိလာပြန်သည်။

"ဘာလဲဟေ့၊ မင်းက တောင်သူကြီးရဲ့ လူလား။ ထမင်းစားဖို့ လာခေါ်တာပဲလား"

ရာဇဝတ်အုပ်မင်းက မေးသည်။ ထိုလူက ပထမ ငေးကြောင်နေသည်။ ပြီးမှ...

"မဟုတ်ပါဘူး ဖယား။ ကျွန်တော်မျိုးက တောလိုက်မှုဆိုးပါ"

ထိုလူက လက်အုပ်ချီ၍ပြောသည်။

"တယ်၊ အရေးထဲမှာ အရာထင်။ နင့်ကို ငါဘာလုပ်ရမလဲ"

"ကျွန်တော်မျိုးရဲ့သေနတ်ကို သူတို့ယူထားလိုက်ကြပါတယ် ဖယား"

"ဘယ်သူကလဲကွ။ သေသေချာချာ နားရှင်းအောင် လျှောက်ပါကွ"

MMCYBERMEDIA
COMMUNITY FOR ALL

အရှေ့သူကြီး အာဇာဝင်ပြသည်။

"သူပုန်တွေပါ ဖယား"

သူတို့အားလုံး မျက်လုံးပြူးသွားသည်။

"ဘယ်က သူပုန်တွေလဲ"

ကြံကောင်းမေးသည်။

"တောထဲက သူပုန်တွေပါ ဖယား"
"နင့်အမေလင် ဘယ်တောထဲမှာလဲ။ ဘယ်သူတွေလဲ"

တောလိုက်မုဆိုးသည် ကြောက်ရွံ့ထိတ်လန့်သွားဟန်ဖြင့်...
"ကျွန်တော်မျိုးမသိပါ ဖယား"
"နင့်အမေကလွှား ဘာမသိလဲ။ အဲဒီသူပုန်တွေ အခု ဘယ်မှာလဲ"
"ထုံးအိုင်တောမှာပါ ဖယား"
"ထုံးအိုင်တောဆို နီးနီးလေးပဲ။ ဒီငမိုက်သားတွေ တယ် မခန့်လေးစားနိုင်တာပဲ။ ငါ့ကို ဒင်းတို့က အလေနတောများ အောက်မေ့နေကြသလား မသိဘူး။ ကြံကောင်းဟေ့ ကြံကောင်း"

ကြံကောင်း ကြုံးဝါးသည်။ ကြံကောင်း အတော်မူးနေပြီဖြစ်သည်။ ဤတွင် မြောက်သူကြီးက ဝင်၍ ပင့်သည်။

"သခင်ကြီးရှိနေမှန်း သူတို့ မသိလို့ပါ။ ဒင်းတို့သိရင် ဖနောင့်နဲ့တင်ပါး တစ်သားတည်းပါ"
"ထုံးအိုင်တောက ဘယ်နားမှာလဲ"
"အနောက်ဘက်ခြမ်း အရှေ့ဘက်စွန်းမှာပါ"
"နင့်အမေကလွှား အလယ်မှာလို့ ပြောစမ်းပါ"
"မှန်ပါ အလယ်မှာပါ ဖယား"
"အလယ် ဘယ်နားမှာလဲ"
"အလယ်ရဲ့ အလယ်မှာပါဖယား"
"အေး အေး လာ။ ငါတို့ အခု သွားကြမယ်။ ငါ့လူများ လူသားစားရမယ်ဟေ့။ သူကြီးမင်းများလည်း အောင်ပွဲခံရအောင် လိုက်ခဲ့ကြ"

သူက ယင်းသို့ပြောသောအခါ သူကြီးနှစ်ယောက်နှင့် သူကြီး၏ကိုယ်စားလှယ်တို့သည် တစ်ယောက်ကို တစ်ယောက်ကြည့်ကြသည်။ သူတို့မျက်နှာများ သွေးဖြူနေကြသည်။ သူတို့သည် တကယ့်တကယ်ကျတော့ အရေးတော်ပုံတပ်သားများကို ဒူးတုန်အောင် ကြောက်ကြသည်။ မိုးကောင်းမှ

MMCYBERMEDIA
COMMUNITY FOR ALL

တပ်များ လာသောအခါတွင်သာ လက်မထောင်ကြသည်။ မိုးကောင်းမှ တပ်များ မရှိတော့သည့်အခါတွင် ပြောင်ပြောင်ထင်းထင်း မနေရဲကြ။ ညအခါတွင် ပုန်းရှောင်၍ အိပ်ကြရသည်။

"လာလေ သွားကြမယ်။ သူကြီးမင်းတို့ ဘာဝေးနေတာလဲ"

စာသင်ကြီးတစ်ဦးက ခေါ်သည်။ ကြံကောင်း၏ လူအားလုံးသည် အရှိန်ရနေကြသဖြင့် သူပုန်သားစားတော့မည်ဟု မြူးကြွ နေကြသည်။

"သူပုန်အင်အား ဘယ်လောက်ရှိတယ်ဆိုတာ စူးစမ်းသင့်ပါသေးတယ် ဖယား"

အရှေ့သူကြီးက လျှောက်တင်သည်။ ရာဇဝတ်အုပ်သည် မေးကိုပွတ်၍ စဉ်းစားနေသည်။ ပြီးမှခေါင်းတဆတ်ဆတ်ညိတ်ကာ...

"အိမ်း၊ သူကြီးပြောတာ ဟုတ်တယ်။ ဟေ့ တောသား၊ သူပုန် ဘယ်နှယောက်လဲ"

"လေးယောက်နဲ့ တစ်ယောက်ပါဖယား"

"နင့်အမေကလွှား နင့်ဟာက ဘာလဲ။ လေးယောက်လား၊ တစ်ယောက်လား"

"လေးယောက်က ယောကျ်ားပါ ဖယား"

"အိမ်း၊ တစ်ယောက်က မိန်းမလား"

ကြံကောင်းက ခက်ထန်စွာ မေးသည်။

"မှန်ပါတယ် ဖယား"

"နန်းရင်တို့အဖွဲ့နဲ့တူတယ် ဖယား။ သူတို့ဆိုရင် သတိထားရမယ် ဖယား"

မြောက်သူကြီးက စုံဆယ်ဖြာဖြင့် လျှောက်ထားသည်။

"နင့်အမေကလွှား သူကြီးခါးမှာ ဝတ်ထားတာ ထဘီလား၊ ကျုပ်တို့မှာ လူကောင်း ဆယ်ယောက်ပါတယ်။ သေနတ်ကောင်း ဆယ်လက်ပါတယ်။ သူကြီးတို့နဲ့ပေါင်းရင် လူနှစ်ဆယ်လောက် ရှိတယ်။ ဒါလောက်များတဲ့ လူတွေက ဒီလူငါးယောက်ကို ကြောက်ရမှာလား။ ဒီမိန်းမကို ကြောက်ရမှာလား။ ကျုပ်တစ်ယောက်လုံး ရှိပါတယ်။ ဒါလောက်စွာတဲ့မိန်းမကို ကျုပ်ကနေ့ အစွမ်းပြလိုက်မယ်။ သိလား။ ဟေ့ မုဆိုး၊ ဒင်းတို့ ငါးယောက် ဘာလုပ်နေကြသလဲ"

"ထမင်းချက်စားနေကြပါတယ် ဖယား"

"အိမ်း၊ ကောင်းတယ်။ အခုဆိုရင် ဒီကျွန်ကောင်တွေ ဗိုက်လေးပြီး အိပ်နေကြလိမ့်မယ်။ ကျုပ်တို့ အလွယ်ကလေးနိုင်မယ်။ ကြက်ကလေး ဖမ်းသလို ဖမ်းယူနိုင်မယ် မဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး"

သူကြီးနှစ်ယောက် ပြိုင်တူ လျှောက်တင်သည်။

"အိမ်း ဟုတ်ရင် သွားကြမယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ထို့နောက် ကြံကောင်းတို့လူစုသည် တောလိုက်မုဆိုးဦးဆောင်သည့်အတိုင်း သေနတ်များကို အသင့် ချိန်တွယ်လျက် ထုံးအိုင်တောသို့ သွားကြသည်။ ကညင်မြိုင်နှင့် ထုံးအိုင်တောသည် ထင်သလောက် မနီးချေ။ ထို့ပြင် ကြံကောင်း တွက်ချက်သလို ကညင်မြိုင်မှ လူဆယ်ယောက် ပါမလာချေ။ သူကြီးလေးယောက်နှင့် လူပိုနှစ်ယောက်သာပါရှိသည်။ သို့ဖြင့် သူတို့လူစုသည် လမ်းပြဖြစ်သူ အပါအဝင်နှင့်မှ ပေါင်း ဆယ့်ခုနစ်ယောက်ဖြစ်သည်။ ကညင်မြိုင်မှ လူများသည် နောက်မှ ခပ်ခွာခွာလိုက်ကြသည်။ ယင်းကြောင့် ရာဇဝတ်အုပ် ကြိမ်းသည်။

"ဟေ့ လူကြောက်တွေ၊ မြန်မြန်လျှောက်ပါ။ သူပုန်ခေါင်းတော့ မဖြတ်ရဲဘူး။ နာမည်ကောင်း လက်မှတ်တော့ လိုချင်တယ်"

တကယ်တွင်တော့ သူ့လူတစ်ဝက်လောက်မှာလည်း တွန့်ဆုတ်ဆုတ်နှင့် ဖြစ်ကြသည်။ သူတို့သည် သူပုန်ဆိုသည့်အသံကို ကြားလိုက်ကတည်းက အမူးတစ်ဝက်လောက် ပြေသွားသည်။ နန်းရင်ဟူသော အမည်ကို ကြားလိုက်ရသောအခါတွင်ကား စောစောက သောက်ထားသောအရက်များ ခေါင်းထဲမှ ပျောက်သွားသည်။ သူတို့ကြောက်မည်ဆိုကလည်း ကြောက်ပေမည်။ မိန်းမခေါင်းဆောင်သော သူပုန်များက ဝါးစားပစ်ခဲ့သော သူတို့အပေါင်းအသင်းများ မနည်းချေပြီ မဟုတ်လား။ သို့သော် ကြံကောင်းကမူ ခြေအသွက်ကြီး သွက်နေသည်။ စိတ်အကြွကြီး ကြွနေသည်။ သူ့တွက်ကိန်းနှင့်သူတော့ အဟုတ်ကြီး။ နန်းရင်တို့လူစုကို သူခေါင်းဖြတ်လိုက်နိုင်လျှင် သူ တိုက်ပိုင်ကြီး ဖြစ်ချေမည်မှာ မလွဲတော့။ သူ့ကို ရာဇဝတ်ဝန်သခင်ကြီးက ယင်းသို့ အမိန့်အမြွက် ပြုထားသည် မဟုတ်လား။

ထုံးအိုင်တောတွင်းသို့ အတန်ငယ်ဝင်မိသောအခါ ရှေ့မှ လမ်းပြလုပ်သူ ရုတ်တရက် ရပ်လိုက်သည်။

"ဟေ့ ဘာလဲကွ။ ငမိုက်သားတွေ အိပ်ပျော်နေတာတွေ့ပလား"

"မတွေ့သေးပါဘူး ဖယား"

"မတွေ့သေးဘဲနဲ့ နင့်အမေကလွှားကြောင့် ရပ်ရတာလား"

"သခင်ကြီးတို့ သွားကြပါတော့၊ ကျွန်တော်မျိုး မလိုက်တော့ဘူး"

မုဆိုးလူရွယ်က ပြောသည်။

"ဟေ့ ဘာလို့လဲကွ"

"ကျွန်တော်မျိုး ကြောက်တယ်"

"နင့်အမေကလွှား ကြောက်ရမှာလား။ ငါတို့ ပါတယ်"

"ကျွန်တော်မျိုး မလိုက်ဝံ့ပါဘူး ဖယား။ သခင်ကြီးတို့ ဒီကနေ တည့်တည့်ကြီး လျှောက်သွားပါ။ ခြတောင်ပို့ကြီး တွေ့ လိမ့်မယ်။ ခြတောင်ပို့ကြီး ဟိုဘက်ကနေ ကြည့်လိုက်ရင် အောက်ဘက်ချိုင့်ထဲမှာ သူတို့ကို တွေ့ရပါလိမ့်မယ်။ သူတို့မှာ သခင်ကြီးတို့လိုပဲ လက်နက်ကောင်းတွေ ပါတယ်။ ကျွန်တော်မျိုးသေနတ် ဆုံးပါစေတော့။ ကျွန်တော်မျိုး မလိုက်တော့ ပါဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

မုဆိုးက ငိုမဲ့မဲ့နှင့်ပြောသည်။ သူ့ကိုကြည့်ရသည်မှာ ရှေ့ခြေတစ်လုမ်းတိုးလျှင်ပင် သေတော့မည့်မျက်နှာမျိုး ဖြစ်သည်။ ကြံကောင်း အကြံထုတ်နေသည်။ ခဏကြာသော် စျေးစကားပြောသည်။

"လိုက်ခဲ့ပါကွာ။ သူတို့ကိုမိရင် မင်းသေနတ်တင် မဟုတ်ဘူး။ မင်းကြိုက်တဲ့ သေနတ်တစ်လက်လည်း ထပ်ပေးဦးမယ်ကွာ။ ဆုငွေလည်း ပေးဦးမယ်။ နာမည်ကောင်းလက်မှတ်လည်း ပေးဦးမယ်။ အို အလုပ်လိုချင်ရင်လည်း ရမယ်ကွာ။ မင်းကို ဂျော့ဘုရင်မင်းမြတ်ကြီး ကိုယ်တိုင်က သူရဲကောင်းပြုလိမ့်မယ်"

"ကျွန်တော်မျိုးကြီး ဘာမှ မလိုချင်တော့ပါဘူး။ အသက်သာ မသေပါရစေနဲ့။ သူတို့နဲ့ ဒီတစ်ခါတွေ့ရင် ကျွန်တော်မျိုးရဲ့ အူကို သူတို့ နတ်ပစ်မယ်လို့ ပြောပါတယ်"

"နင့်အမေကလွှား ကြောက်သား၊ သွားစမ်းဟယ်"

ကြံကောင်းသည် စိတ်မရှည်တော့ဟန်ဖြင့် မုဆိုးကို ခြေဖြင့် ကန်ကျောက်၍ ရှေ့သို့ရောက်စေသည်။

"ရှေ့ကကောင်းကောင်းသွား၊ နောက်ကို လှည့်ကြည့်ရင် ငါသေနတ်နဲ့ အပစ်ပဲ"

သို့ဖြင့် မုဆိုးသည် ရှေ့မှ တုန်တုန်ရင်ရင်ဖြင့် သွားနေပြန်တော့သည်။ ခဏကြာသော် နောက်သို့တော့ လှည့်မကြည့်။ အသံသာ ထွက်လာသည်။

"ကျွန်တော်မျိုးကြီးသေနတ်က ကျွန်တော်မျိုးကြီး အဘိုးလက်ထက်ကတည်းက သေနတ်ပါ။ ဒီနယ်မှာ ဒါလောက်ကောင်းတဲ့သေနတ် မရှိပါဘူး။ ကျွန်တော်မျိုးကြီး သိပ်နမြောလို့ သခင်ကြီးတို့ကို လာတိုင်တာပါ"

"အေးလကွာ၊ တော်ကြာနေဆိုရင် နင့်သေနတ်ပြန်ရတော့မှာပဲ"

"သေနတ်မရချင် နေပါစေတော့ သခင်ကြီး။ ကျွန်တော်မျိုးမသေချင်သေးပါဘူး။ ကျွန်တော်မျိုးအသက် ငယ်ငယ်ကလေး ရှိပါသေးတယ်"

"နင့်အမေကလွှား သေရမှာလား။ တိတ်စမ်း၊ ဒီလိုသတ္တိနဲ့များ နင်မုဆိုးလုပ်ရသေးလား"

ကြံကောင်း စိတ်မရှည်တော့။

"ကျွန်တော်မျိုး ကျားတွေ ဆင်တွေကို မကြောက်ပါဘူး။ ဒါပေမဲ့ အဲဒီသူပုန်မကိုတော့ ကြောက်တယ်"

"တိတ်"

ကြံကောင်း၏အော်သံ တစ်တောလုံး ဟိန်းသွားသည်။ မုဆိုးလူငယ်လည်း ပါးစပ်မဟရဲတော့။ တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ရှေ့မှ သွားနေသည်။ သေတွင်းထဲသို့ ဆင်းနေသူတစ်ဦးကဲ့သို့ ဖြစ်သည်။ သူကယင်းသို့ပြော၍ ယင်းသို့ အမူအရာပျက်နေသော အခါ ကညင်မြိုင်သူကြီးများသာမက၊

MMCYBERMEDIA
COMMUNITY FOR ALL

ကြံကောင်း၏နောက်တော်များ အားလုံးလောက်ပါ ဒူးတုန်နေကြတော့သည်။ သူတို့သည် နီးရာဓားဖြစ်သော ကြံကောင်းကို ကြောက်သဖြင့်သာ နောက်သို့ လှည့်မပြေးကြခြင်းဖြစ်သည်။

ယင်းသို့ဖြင့် သူတို့သည် ခြတောင်ပို့ကြီးအနီးသို့ ရောက်သွားသည်။ မုဆိုး၏ခြေလှမ်း ပို၍နှေးသွားသည်။ ခြေကျ ပို၍ဖွရွသည်။ သူတို့အားလုံး တိတ်နေသည်။ သူတို့၏ဘေးနှစ်ဖက်တွင်ရှိသော တောတန်းသည်လည်း တိတ်နေသည်။ ဤတစ်ဝိုက်တွင် သက်ရှိဟူ၍ လုံးဝမရှိသကဲ့သို့။ ကြံကောင်းပင်လျှင် အသက်ရှူထိန်းထားသည်။

မုဆိုးသည် ခြတောင်ပို့၏ သည်ဘက်ထိပ်တွင် ရပ်လိုက်သည်။ ကြောက်ရွံ့သောမျက်နှာဖြင့် နောက်သို့ လှည့်ကြည့်သည်။ ကြံကောင်းကို ရှေ့မှသွားရန် လက်ရိပ်ပြသည်။ သို့သော် ကြံကောင်းက သူ့နောက်မှ လူတစ်ယောက်ကို ခေါ်သည်။ သူက မူးနေသည်မှန်သော်လည်း အတွေ့အကြုံများသူဖြစ်သည်။ တိုက်ရည်ခိုက်ရည် ရှိသူဖြစ်သည်။ ခြတောင်ပို့၏ တစ်ဖက်တွင် ဘာရှိမှန်း အသေအချာမသိဘဲနှင့် သူကိုယ်တိုင်လည်း မသွားနိုင်။ သူတို့အားလုံးလည်း မသွားနိုင်။ ကုန်ကုန်ပြောရလျှင် မုဆိုးကိုလည်း တစ်ယောက်တည်း မလွှတ်နိုင်။ သည်ခေတ်က ယုံရသည်မဟုတ်။ မုဆိုးသည် သူတို့ကို မျှားခေါ်သူ ဖြစ်နိုင်သည်။ ခြတောင်ပို့၏ တစ်ဖက်တွင် သူတို့၏ အသက်များကို ဆွတ်ယူမည့်လူများ လက်နက်အသင့်၊ တိုက်ခိုက်ရန် အသင့်နှင့် ရှိနေနိုင်သည်။ သို့ဖြင့် သူ့လူကို ခြတောင်ပို့တစ်ဖက်သို့ သွားကြည့်ရန် မျက်ရိပ်ပြသည်။ ထိုသူသည် ကြောက်ရွံ့ခြင်းရှိနေသော်လည်း ကြံကောင်း၏အမိန့်ကို မလွန်ဆန်ရဲသဖြင့် ခြတောင်ပို့ကို ပတ်၍သွားသော လမ်းကျဉ်း ကလေးအတိုင်း သတိကြီးစွာဖြင့် လျှောက်သွားသည်။

ခြတောင်ပို့၏ တစ်ဖက်တွင် ထိုသူပျောက်ကွယ်သွားသည်။ ဘာသံမျှ မကြားရ။ တော်တော်နှင့်လည်း ပေါ်မလာ။ သည်ဘက်တွင် ကျန်ရစ်သူများ မလှုပ်ရဲ။ မဟာရဲ။ ကြံကောင်းက မုဆိုးကို မျက်ခြည်မပြတ်ရှိသည်။ မုဆိုးမှာမူ ဆီးစေ့ခန့် မျက်နှာနှင့်ဖြစ်သည်။ ခဏအကြာတွင် ကင်းထောက်သူ ပြန်လာသည်။ ထိုသူ၏ မျက်နှာဝင်းထိန်နေသည်။ သူ့အသံလည်း ကျယ်လောင်ရွှင်ပျသည်။

"သူပုန်တွေ မရှိဘူး။ ဒီငမိုက်သားလိမ်တာ"
"ရှိ ရှိပါတယ်"

မုဆိုးက တုန်ယင်စွာ ပြောသည်။ ကြံကောင်းသည် မုဆိုးကို တွန်းဖယ်လျက် ခြတောင်ပို့တစ်ဖက်သို့ ကိုယ်တိုင် သွားကြည့်သည်။ လူသူ အရိပ်အယောင်မတွေ့ရ။ ယင်းကြောင့် ဒေါသဖြင့် ပြန်လာသည်။

"ဟေ့ လူမိုက်၊ ဘယ်မလဲ နင့်ပထွေးနဲ့ မိထွေးတော်"
"ရှိ ရှိပါတယ်"
"နင့်အမေကလွှား ရှိပါတယ်။ ငါကိုယ်တိုင် မျက်စိနဲ့ကြည့်တာပဲ"

ကြံကောင်းက ခြောက်လုံးပြူးကို ခါးတွင် ပြန်ထိုးထားလိုက်ရင်း ပြောသည်။ အခြားသူများလည်း သက်သာဖြစ်သွားသည်။ ဤတွင်...
"ကျုပ်မညာပါဘူး။ ဒီမှာ မတွေ့ဘူးလား သူပုန်"

MMCYBERMEDIA
COMMUNITY FOR ALL

မုဆိုးလူရွယ်၏အသံပင်ဖြစ်သည်။ သို့သော် တုန်သောအသံ မဟုတ်တော့။ မာကျောသော အသံဖြစ်သည်။ သူ့မျက်နှာတွင် သွေးများရဲနေသည်။ ဒေါသများ လှိုင်းထနေသည်။ ကြံကောင်းနှင့်တကွ နောက်ပါများအားလုံး သူ့ကို ဧကြောင်၍ ကြည့်နေသည်။ ထိုသူက မခန့်လေးစားအမူအရာဖြင့် ရင်ကော့နေသည်။ သူ့အပြုံးသည် မခံချင်စရာ ကောင်းလှသည်။ ပထမဆုံး သတိဝင်လာသူမှာ ကြံကောင်းဖြစ်သည်။ ကြံကောင်းက သူ့ခါးတွင် ရှိသော ခြောက်လုံးပြူးကို ယူမည်ပြုသည်။

"ဒီလိုမျိုး မလုပ်နဲ့လေ၊ ရင်ဝကို ကျည်ဖောက်သွားမယ်"

မုဆိုးက ဟန့်လိုက်သည်။ သူ့လက်ထဲတွင် အနောက်နိုင်ငံမှဖြစ်သော ခြောက်လုံးပြူးက တလက်လက်ရှိနေသည်။ ကြံကောင်း အလှုပ်လိုက်မှာပင် သူက အလျင်ဦးအောင် သူ၏အကျီအတွင်းဘက်သို့ လက်နှိုက်လိုက်ပြီး ယင်းသေနတ်ကို ထုတ်ယူလိုက်ခြင်းဖြစ်သည်။ ထိုစဉ်မှာပင် သူတို့တစ်တွေ၏ ဘေးနစ်ဖက် ခင်တန်းအတွင်းမှ သေနတ်ကိုင်များ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။ နန်းရင်က ရှေ့ဆုံးမှ ဖြစ်သည်။ သူမ၏အသံသည် ချိုသာ ဝင့်ကြွားခြင်း ရှိသည်။

"အောင်မောင်းကိုတော့ တို့များ တကယ်အားကိုးလောက်ပါတယ်ကွယ်။ ရာဇဝတ်အုပ်ကြီး ဦးကြံကောင်းလည်း သူပုန်ကြီး အောင်မောင်းနဲ့တွေ့မှပဲ စခန်းသိမ်းရတော့မကော"

နန်းရင်၏စကားအဆုံးတွင် သေနတ်သံတစ်ချက် မြည်ဟည်းသွားသည်။ အောင်မောင်း၏ လက်ဝဲရင်အုံတွင် သွေးများ ရဲသွားသည်။ အောင်မောင်း ယိမ်းယိုင်ပုံလဲသည်။ နန်းရင်ကိုလူများ အားလုံး လှည့်အကြည့်တွင် ကြံကောင်းက သူ့ခါးမှ သေနတ်ကို လျှင်မြန်စွာ ထုတ်ယူ၍ ပစ်လိုက်ခြင်းဖြစ်သည်။ လူအားလုံး၊ တောအားလုံး၊ တောင်အားလုံး ယောက်ယက်ခတ်သွားသည်။ သို့သော် ကြံကောင်း နောက်တစ်ချက် မပစ်နိုင်မီမှာပင် နန်းရင်၏ လက်မှ ရိုင်ဖယ်သည် ကေသရာဇာ ခြသေ့်မင်းကဲ့သို့ လည်ဆံခါ၍ ဟိန်းဟောက်ခြင်းပြုလုပ်သည်။ အောင်မောင်း၏ ခြေရင်းတွင် ကြံကောင်းလဲကျသွားသည်။ ပုလိပ်များနှင့် သစ္စာဖောက်များသည် ခုခံရန်နှင့်ပြေးလွှားရန် ကြိုးစားလာကြသေးသည်။ သို့သော် အားလုံးနောက်ကျကြချေပြီ။ သူတို့အားလုံးသည် အောင်မောင်း၏အသက်ဖိုးကို စုပေါင်းပေးလျော်ခြင်း ပြုကြရမည်တည်း။

## အခန်း -၁၀၅-

လွန်ခဲ့သည့် အနစ်သုံးဆယ်ကျော်က ဤနယ်မြေတစ်လွှားတွင် မကောင်းသတင်း ကျော်ကြားခြင်းရှိလှသော ပဒေသရာဇ် လက်ပါးစေကြီး ဗိုလ်ဖလကဲ့သို့ပင် ယခုခေတ်ဗိုလ်ဖလနှင့် ထပ်တူထပ်မျှလောက်ပင် ယုတ်မာဆိုးရွားခြင်းရှိသော နယ်ချဲ့ အိမ်စောင့်ခွေးကြီး ကြံကောင်း ကျဆုံးသွားသည့် သတင်းသည် ရုတ်ချည်းပင် ပြန့်ကားသွားလေသည်။ အရေးတော်ပုံ တပ်သားများသည် ကြံကောင်း၏အသည်းကိုပင် ကင်၍စားကြသည်ဟု လူအပေါင်းက မြိန်ရည်ရှက်ရည် ပြောဆိုကြသည်။ ထိုသတင်းမှန် မမှန်ကားမသိ။ အင်္ဂလိပ်တပ်များသည် ကြံကောင်းတို့လူစု၏ အလောင်းများကို မရရှိလိုက်သည်ကား အမှန်ပင် ဖြစ်သည်။ နန်းရင်တို့သည် လက်နက်များအားလုံးကိုယူ၍

MMCYBERMEDIA
COMMUNITY FOR ALL

သစ္စာဖောက်များအားလုံးကို မီးပုံတိုက်သွားကြသည်။ နောက်ပိုင်းတွင်လည်း သည်လိုအောင်ပွဲများ ဆင့်ကဲဖြစ်ပွားသည်။ အရေးတော်ပုံနယ်မြေ ပြန့်ကျယ်လာသည်။ အရေးတော်ပုံအင်အား တိုးပွားလာသည်။ လူအားရော လက်နက်အားရော ဖြစ်သည်။ ပြည်သူလူထုတွင် ခုခံတွန်းလှန် လိုစိတ်များ ရင့်သန်ကြီးထွားလာကြသည်။ တွန်းလှန်ရေးတပ်များတွင် ဝင်ရောက်လာကြသည်။ ကူညီလာကြသည်။ ထိုအခါတွင် အင်္ဂလိပ်တို့ မျက်လုံးပြူးရတော့သည်။ ပထမတော့ သူတို့သည် ဤအရေးတော်ပုံကို သာမန် အသေးအမွှား တစ်ရပ်ဟု ယူဆနေသည်။ သူခိုးဓားပြများလောက်သာ သဘောထားသည်။ ပုလိပ်အဖွဲ့လောက်နှင့် နှိမ်နင်းလိုက်လျှင် ကိစ္စပြတ်သွားနိုင်သည်ဟုယူဆသည်။ သို့သော် လက်တွေ့ဖြစ်ရပ်များမှာ သူတို့၏ အတွက်အယူနှင့် ပြောင်းပြန်ဖြစ်သည်။ အရေးတော်ပုံအင်အားစုများ ပြိုကွဲမသွားဘဲ နှိမ်နင်းရန်သွားသော ပုလိပ်တပ်ဖွဲ့များသည်သာ ကြေပျက်သွားရလေသည်။

သည်တော့မှ သူတို့ မျက်လုံးပြူးရုံမျှမက လျှာပါထွက်ရသည်။ ဤအရေးအခင်းသည် သာမန်ထကြွ တိုက်ခိုက်ခြင်းမျိုး မဟုတ်။ မိဖုရားများနှင့် ပျော်ပါးလို၍ မင်းလောင်းရောဂါထခြင်းမျိုးလည်း မဟုတ်။ မိမိတို့၏ စိုးမိုးအုပ်ချုပ်ခြင်းကို မကျေနပ်သူများက စနစ်တကျ စည်းရုံး၍ အခြေတကျ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း လက်ခံကြရတော့သည်။ ဤတွင် သူတို့ဘက်မှ တန်ပြန်မှုရမည့် နည်းလမ်းနှင့် ပုံစံကို အရေးတကြီး ဆုံးဖြတ်သတ်မှတ်ရသည်။ အခြေအနေအရပ်ရပ်နှင့် ဆက်စပ်တွက်ချက်ရသည်။ ဥရောပစစ်တွင် သူတို့ အရှုံးကြီးရှုံးနေသည်။ ဆုတ်ကြီးရင်း ဆုတ်နေကြရသည်။ သေပြီးရင်း သေကြရသည်။ ဂျာမနီ၏ဩဇာအာဏာ တက်လာသည်နှင့်အမျှ သူတို့၏သိက္ခာ ဆုံးပါးကျဆုံးရလေတော့သည်။

အထူးသဖြင့် သူတို့၏ လက်အောက်ခံနိုင်ငံများက သူတို့၏ အထက်စီးရှိနေမှုကို အထင်သေးလာကြသည်။ သူတို့တွင် လူအင်အား လက်နက်အင်အား ရွှေငွေအင်အား မပြည့်စုံဟု မှတ်ယူလာကြသည်။ ယင်းသို့ မှတ်ယူမည်ဆိုကလည်း ယူစရာပင်ဖြစ်ရသည်။ သူတို့က ယခုမှ ကမန်းကတန်း တပ်သားစုဆောင်းကြရသည်။ လက်နက်များ ထုတ်လုပ်ကြရသည်။ စစ်ရန်ပုံငွေများ ကောက်ခံကြရသည်။ ယင်းအလုပ်များကို သူတို့၏အမိနိုင်ငံတွင်သာမက သူတို့၏ လက်အောက်နိုင်ငံများ တွင်ပါ မရှက်မကြောက် ပြုလုပ်နေကြရသည်။ ဗယ်လဂျီနိုင်ငံရှိ အီးပရားတိုက်ပွဲတွင် တပ်လုံးပြုတ်ခဲ့ရသောအဖြစ်ကို သူတို့ မည်သို့ပြန်၍ အဖတ်ဆည်ရမည်မသိ ဖြစ်နေသည်။ တပ်အင်အား တစ်သန်းမှ နှစ်သန်းသို့ ရောက်အောင် ဖုတ်ပူမီးတိုက် ပြုရသည်။ သို့သော် နောက်တိုးတပ်များသည် အရေအတွက်သာဖြစ်သည်။ အရည်အချင်းမရှိချေ။ တိုက်ခိုက်မှုမကျွမ်းကျင် ကြချေ။ ဂျာမနီတို့နှင့် ယှဉ်နိုင်သောအဆင့် မရှိချေ။ လက်နက်ခဲယမ်းမီးကျောက်လည် ဟိုကကောက် သည်ကကောက်။ စစ်စရိတ်လည်း မှုးစု ပဲစု။ သူတို့၏ အခြေအနေမှာ ကမ္ဘာ့အလယ်တွင် ပုံပျက်ပန်းပျက်။ အခြေပျက် အနေပျက်။ ဤသည်ကို လက်အောက်ခံနိုင်ငံများက မသိမဟုတ်။ မြန်မာနိုင်ငံက မသိမဟုတ်။ သိ၍လည်း သူတို့ကို လိုလား ထောက်ခံသူများက စစ်သား စုဆောင်းပေးခြင်း၊ စစ်စရိတ် ထောက်ပံ့ခြင်းများ ပြုလုပ်နေသည့်အချိန်တွင် မြန်မာပြည် မြောက်ပိုင်းမှ တိုင်းရင်းသား လူမျိုးများက သူတို့ကို စနစ်တကျနှင့် အသေအချာ တိုက်ခိုက်လာကြခြင်း ဖြစ်သည်။ ဤအရေးကို ပေါ့ပေါ့ပစ်ထားလျှင် ပြသာဒ် မီးလောင်သွားလိမ့်မည်။ ဤမီးတောက် မြန်မာပြည်တစ်ပြည်လုံးသို့ မကူးပြန့်မီတွင် အချိန်မီ ငြိမ်းသတ်မှ ဖြစ်မည်ဟု သူတို့ဆုံးဖြတ်သည်။ ကူးစက်ပျံ့နှံ့နိုင်သည့် အခြေအနေကလည်း ရှိနေသည်။ လူအများစုက သူတို့၏ စစ်တပ်များနှင့် စစ်လက်နက်များကို ကြောက်၍သာ ငုံ့ခံနေကြခြင်းဖြစ်သည်။ ဝမ်းတွင်းကမူ နေသေးသပ ချုံထဲက ဖြစ်ကြသည်။ ယခုလို သူတို့အခြေပျက်အနေပျက် ရှိလာသောအခါတွင် ဤသူများ သည် ခေါင်းထောင်၍ လာကြသည်။ ထို့ပြင် လူတွေ၏ စီးပွားရေးအခြေအနေမှာလည်း ဆိုးသည်ထက်

MMCYBERMEDIA
COMMUNITY FOR ALL

ဆိုးရွားနေသည်။ ယခင် ဆိုးရွားမှုတွင် စစ်ကြောင့် ဖြစ်ပေါ်လာသော ဆိုးရွားမှု ထပ်ဆင့်လိုက်သောအခါ လူအများမှာ သည်းမခံနိုင်၊ မအောင့်အည်းနိုင် ရှိလာကြသည်။ သည်လိုအခြေအနေမျိုးတွင် သည်လူစုက အချိန်အခါကိုကိုက်၍ ထကြွ တွန်းလှန်ကြခြင်းဖြစ်သည်။ သူတို့ကသာ ဤသူများကို သူပုန်ဟု ဆိုသည်။ ဤသူများအထဲတွင် သူပုန်ဆိုသော စကားလုံးကို လက်မခံသူ အများအပြားရှိနေသည်။ အကြောင်းကမူ ဤသူများထဲမှ လူတစ်စုသည် သူတို့ကို မည်သည့်အချိန်ကမျှ အစိုးရဟု အသိအမှတ်မပြုသောကြောင့် ဖြစ်သည်။ မည်သို့ဆိုစေ၊ ဤသူများသည် ဤတစ်ကြိမ်တွင် မိမိတို့ကို အလဲထိုးရန် နိုင်ငံရေး စစ်ရေးအရ အတော်ကြီး ပြင်ဆင်ထားကြသည်ကို တွေ့ရသည်။ ဤသူတို့အထဲတွင် စစ်ရေး နိုင်ငံရေးအတွေ့အကြုံ ရင့်ကျက်သူများ ပါရှိနေသောကြောင့် ဖြစ်သည်။ ၎င်းတို့အချင်းချင်း စုစည်းမိနေကြသောကြောင့် ဖြစ်သည်။ ဤအခြေအနေကို နိုင်အောင် မထိန်းနိုင်ပါက သူတို့သည် ဂျာမနီကိုမရှုံးခင် ဤသူများကို အရင် အရှုံးပေးရပေလိမ့်မည်။ ဂျာမနီတပ်များကလည်း ပါရစ်တွင် နာတာလူးပွဲတော်ကျင်းပမည်ဟု ကြုံးဝါးနေကြသည်။

ယခုပင် ဤသူတို့အင်အားသည် သိသိသာသာ ကြီးထွားလာပြီဖြစ်သည်။ နယ်မြေပုလိပ်များ လက်တွင်ရှိသော လက်နက်များ အားလုံးသည် ၎င်းတို့၏လက်နက်များ ဖြစ်ကုန်ကြလေပြီ။ ဤသူတို့ကို ပုလိပ်တွေနှင့် လွှတ်ထားရုံနှင့် မရနိုင်တော့။ ဤသူတို့တွင် မျိုးချစ်စိတ်ရှိသည်။ ဤသူတို့တွင် စစ်အတွေ့အကြုံရှိသည်။ ဤသူတို့တွင် ကောင်းမွန်သော ပထဝီဝင် အနေအထားရှိသည်။ သို့ဖြင့် အရေးတော်ပုံဒေသများသို့ စစ်ပုလိပ်များ ပို့သည်။ အမြဲတမ်းတပ်များ ပို့သည်။ အလုံးအရင်းနှင့် ဖြစ်သည်။ အပြင်းအထန် မွှေနှောက်တိုက်ခိုက်လေသည်။ ရက်ရက်စက်စက် ဒဏ်ခတ်လေသည်။ သူတို့ကို မကူညီသော ရွာများကို မီးတိုက်စေသည်။ လုယက်စေသည်။ သတ်ဖြတ်စေသည်။ သူတို့ကို ကူညီသူများအား သူကောင်း ပြုသည်။ ဆုငွေပေးသည်။ အလုပ်ခန့်သည်။ ထို့အပြင် ကချင်နှင့် ရှမ်း၊ ရှမ်းနှင့် ဗမာ၊ ဗမာနှင့် ကချင်လူမျိုးချင်း မသင့်အောင် သွေးထိုးပေးသည်။ တစ်ရွာနှင့်တစ်ရွာ၊ တစ်နယ်နှင့်တစ်နယ် အချင်းများအောင် မြှောက်ပင့်ပေးသည်။ သူတို့အချင်းချင်း စိတ်ဝမ်းကွဲအောင် ပဉ္စမံတပ်သားများစေလွှတ်၍ ဆောင်ရွက်စီမံသည်။ သူတို့တပ်များနှင့် သူတို့လူများကို လိုအပ်သည်များ အကုန်ပေးသည်။ ငွေလိုချင် ငွေ၊ အရက်လိုချင် အရက်၊ မိန်းမလိုချင် မိန်းမ။ အင်္ဂလိပ်တပ်များသည် ရွာများကို မွှေနှောက်သည်။ ဤရွာမှ သူပုန် ဘယ်နယောက်ထွက်သနည်း၊ ထိုရွာမှ သူပုန်ဘယ်နယောက် ထွက်သနည်းဟုလည်းဟောက်သည်။ ထိုသူပုန်များ ပြန်လာအောင် ရွာကဆောင်ရွက်ပေးရမည်ဟု ခြိမ်းခြောက်သည်။ မခေါ်ပေးနိုင်လျှင် ဒဏ်တပ်သည်။ အမျိုးမျိုးသော ယုတ်မာရက်စက်မှုများ ပြုသည်။ သူပုန်တို့၏ မိသားစုများ၊ ဆွေမျိုးနီးစပ်များကို ဖမ်းဆီးနှိပ်စက်သည်။ အကယ်၍ သူတို့ပြောသည့်အတိုင်း လုပ်ပေးလျှင် ဆုလာဘ်အမြောက်အမြား ပေးသည်။ ကချင်ရွာများဖြစ်လျှင် ဆားအလုံးအလောက်ဝေသည်။ ထို့ပြင် ခရစ်ယာန်ဘုန်းကြီး၊ ဗုဒ္ဓဘာသာဘုန်းကြီးများကို စေလွှတ်၍ သူပုန်များကို လက်နက်ချစေသည်။ ယင်းလုပ်ငန်းစဉ်အရ တစ်နေ့တွင် ကြိုးကြာရွာသစ်သို့ အင်္ဂလိပ်စစ်တပ်ရောက်လာသည်။ ယင်းတပ်တွင် ကိုလူကြီး ပါလာသည်။ သူနှင့် ညီအစ်ကိုတော်စပ်သူ ကြိုးကြာချောင်းလေးခွသူကြီး ဖိုးနှောင်းကား မရှိပြီ။ အရေးတော်ပုံတပ်သားများ လက်ချက်ကြောင့် လင်းတစာဖြစ်သွားပြီတည်း။ နောက်ထပ်ခန့်သော သူကြီးမှာလည်း ရွာတွင် မနေရဲ၊ မိုးကောင်းမှာ နေသည်။ ထို့အတူပင် ရွာပေါင်းများစွာတွင် သူကြီးများ မရှိကြတော့ချေ။ တချို့သေကြ၍ အချို့မိုးကောင်းတွင် ရောက်နေသည်။ ကြိုးကြာရွာသူကြီးသစ်သည် ယခုတပ်ထွက်သည်တွင် လိုက်ပါမလာချေ။ မလိုက်ပါရဲ၍ နေမကောင်းဟန်ဆောင်ကာ မိုးကောင်းတွင် နေရစ်သည်။ ဤတစ်ပွဲတွင် အင်္ဂလိပ်အစိုးရ၏ အမှုတော်ကို ရွပ်ရွပ်ချွံချွံနှင့် အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်လျှင် ကိုလူကြီးသည် မြို့အုပ်ကြီးဖြစ်မှာ မလွဲပေ။ သူမသည်လည်း မင်းကတော်ကြီး

MMCYBERMEDIA
COMMUNITY FOR ALL

ဖြစ်ရတော့မှာ မလွဲဟု နန်းခင် တွက်ဆထားသည်။ ယင်းကြောင့် ကိုလူကြီးကို အပါထည့်လိုက်ခြင်း ဖြစ်သည်။ ကိုလူကြီး ကလည်း အရင် ကိုလူကြီးမဟုတ်တော့။ အာဏာ၏အရသာကို ခံတွင်းတွေ့နေပြီဖြစ်သော ကိုလူကြီးဖြစ်သည်။ ထို့ပြင် သူသည် မယားဖြစ်သူ၏ အလိုဆန္ဒကိုလည်း အမိန့်တစ်ရပ်ပမာ လိုက်နာဆောင်ရွက်သူတစ်ဦး မဟုတ်ပါလား။

ကြိုးကြာရွာသစ်ကို ရောက်လာသော တပ်သည် ထုံးစံအတိုင်းပင် တစ်ရွာလုံးကို မွှေနှောက်သည်။ အရေးတော်ပုံတွင် ပါဝင်သွားသူများ၏ မိသားစုနှင့် ရင်းချာသော အမျိုးအဆွေများကို စာရင်းကောက်သည်။ အမှန်တော့ အထူးတလည် စာရင်းကောက်နေရသည် မဟုတ်။ ဘယ်သူ ဘာဆိုသည်ကို မြို့စာရေးမင်း ကိုလူကြီးက အတွင်းသိ၊ အစင်းသိ။ အလောင်းစည်သူက လက်ညှိုးညွှန်ရာ ရေဖြစ်သည်ဟုဆိုသည်။ ယင်းက ဒဏ္ဍာရီ။ ကိုလူကြီးက လက်ညှိုးညွှန်ရာ သွေးဖြစ်သည်။ ယင်းကလက်တွေ့။ သူလက်ညှိုးထိုးသည့်အထဲတွင် သူ့ယောက်ဖ ရွှေဝါလည်း ပါရှိသည်။ ထိုအခါ ရပ်ရွာလူကြီးများနှင့် တကွ မနင်းမြူနှင့် ဒေါ်စောရုံတို့ကပါ သူ့ကို ဝိုင်းတောင်းပန်ကြသည်။

"ဒီကိစ္စမှာ သူမပါဘူးဆိုတာ မောင်ကြီးတို့အသိပါ။ သူ့ကို မဖမ်းပါနဲ့ကော မောင်ကြီးရယ်"

မနင်းမြူက ရှိုက်းဦးတင် ပြောဆိုသည်။

"မောင်လူကြီးရယ် ဘာပဲဖြစ်ဖြစ် နင်ဟာ ငါ့သမက်ပါ။ ဒီတစ်ခါတော့ နင်ဟာ ငါ့ကို ယောက္ခမလို၊ အမိလို သဘောထားပြီး ငါစိတ်ချမ်းသာအောင် လုပ်ပေးပါ။ ဒီတစ်ခါပဲနင်လုပ်ပါ။ နင့်ယောက်ဖဟာ စိတ်ရောဂါဖြစ်နေတယ်ဆိုတာ နင်လည်း အသိပါ။ ကြိုးကြာရွာတစ်ရွာလုံး၊ မိုးကောင်းတစ်မြို့လုံးလည်း အသိပါ။ သူဟာ တိုင်းရေးပြည်မှုတွေမှာ ဘာမှ အာရုံမစိုက်ပါဘူး။ ဘာမှလည်း မလုပ်ပါဘူး"

ဒေါ်စောရုံက အောက်မကျို့စဖူး အောက်ကျို့၍ သားအတွက် မျက်ရည်စက်လက် တောင်းပန်သည်။ ဤတစ်ကြိမ်သာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရတော့လျှင် သူမ၏သားငယ်သည် စိတ်ဝေဒနာ ဆိုးရွားဖောက်ပြန်လာပြီး သေဖွယ်သာ ရှိတော့မည်ဟု မှတ်ယူသဖြင့် သူမ၏စိတ်မာန်ကို လျှော့ချခြင်း ဖြစ်ဟန်ရှိပါသည်။ သူမ၏အဖြစ်ကို မြင်တွေ့ရသောအခါ လူအများ အံ့သြခြင်းဖြစ်ရသလို ရင်ထုမနာလည်း ဖြစ်ကြရသည်။ ဤအဘွားကြီးသည် တစ်ဖက်သားကို တောင်းပန်ခဲသည်။ အထူးသဖြင့် သမီးကြီးကို တောင်းပန်ပြောဆိုဖို့မဆိုထားနှင့် စကားပင် ပြောတော့သည်မဟုတ်ချေ။ ယခုမှ မာန်ချသည်။

သည်အခါတွင် ကိုလူကြီးသည် ဒေါ်စောရုံကို စေ့စေ့ကြည့်သည်။ ဤအဘွားကြီးသည် အပေါ်ယံကြောမျှသော စကားများကို ပြောဆိုနေချေသည်လား။ သို့မဟုတ် သူမ၏သားဖြစ်သူအတွက် မိမိထံတွင် တကယ်ပင် အောက်ကျို့ နောက်ကျို့ပြုနေသည်လားဟု အကဲခတ်သည်။ အဘွားကြီးက အကယ်ပင် ခယဝပ်တွားခြင်းပြုနေသည်ကို တွေ့မြင်ရသောအခါ သူ့မျက်လုံးများတွင် ဝမ်းသာကျေနပ်သော အရောင်များ တောက်လက်နေသည်။ သူ့ကိုယ်တွင် ကြီးမြတ်ခြင်းများ၊ အောင်မြင်ခြင်းများဖြင့် ပြည့်စုံလာသည်ဟု မှတ်ယူလာဟန်ရှိသည်။ သူရပ်နေပုံကို ဥပမာယူပါ။ ယခင်ရွာတွင် ရှိစဉ်ကလို ကျို့ကျို့ယို့ယို့ တွန့်တွန့်ဆုတ်ဆုတ်မျိုးမဟုတ်။ မတ်မတ်ခံ့ခံ့ ရပ်သည်။ ရင်ကော့သည်။ ခေါင်းမော့သည်။ လက်နှစ်ဖက်ကို ရင်တွင် ဟန်ပါပါပိုက်သည်။ သူ့ကိုယ်သူ ဝန်ရှင်တော်မင်းကြီးပမာ ဖြစ်သည်။ သူ့ကို တစ်ချိန်က "လူကြီး၊ လူကြီး" ဟုနှိမ့်ချခေါ်ဝေါ်ခဲ့သူများ ယခုအခါ သူ့ရှေ့တွင် ပြားပြားဝပ်နေသည်ကို သူက

MMCYBERMEDIA
COMMUNITY FOR ALL

အကျေနပ်ကြီး ကျေနပ်နေသည်။ သွေးများ ကြွသည်ထက် ကြွလာနေသည်။ သူ့နှုတ်ခမ်းတွင် မထေမဲ့မြင်သော အပြုံးတရေးရေးပေါ်လာသည်။ ထို့နောက် အသံသြသြစူးစူးကြီး ထွက်ပေါ်လာသည်။ တမင်ပြုလုပ်သော အသံဖြစ်သည်။

"ကျုပ်ဟာ ခင်ဗျားကြီးရဲ့သမက်မဟုတ်ဘူး။ ကျုပ်မိန်းမဟာလည်း ခင်ဗျားကြီးရဲ့သမီး မဟုတ်ဘူး။ ကျုပ်တို့မှာ သူပုန်မျိုး မရှိဘူး။ ကျုပ်မှာ အဂတိလိုက်စားတာ မရှိဘူး။ ပြည်ကြီးရှင် ဂျော့ဘုရင်မင်းမြတ်ကို ပုန်စားသူတွေအားလုံးကို အရေးယူ နှိပ်ကွပ်ရမှာပဲ။ ခင်ဗျားကြီးရဲ့သားဟာ ပုန်စားရဲတယ်ဆိုရင် သေရဲဖို့ပဲ"

ကိုလူကြီး၏စကားကို ကြားရသောအခါ ဒေါ်စောရုံစိတ်တွင် ဒေါသ ထောင်းခနဲဖြစ်သွားသည်။ သို့သော် မျိုသိပ်၍...

"မောင်လူကြီးရယ် စဉ်းစားပါကွယ်။ မာန်မာနတက်တယ်ဆိုတာ မကောင်းပါဘူး။ မောင်လူကြီးဟာ ကြိုးကြာရွာသားပါ။ သည်လူတွေအားလုံးနဲ့ ရပ်ဆွေရပ်မျိုးတွေပါ။ တခြားမှာ ဘာတွေပဲလုပ်လုပ် ဒီရွာမှာတော့ မလုပ်သင့်ပါဘူး"

"တော်၊ တော်။ ခင်ဗျားကြီး တော်။ ခင်ဗျားကြီးကိုပါ ဖမ်းရမယ်။ ခင်ဗျားကြီးလည်း သူပုန်ပဲ။ ခင်ဗျားကြီးသားသမီးတွေ အားလုံးဟာ သူပုန်ပဲ။ ခင်ဗျားသမီး နန်းရင် အခု ဘယ်မှာလဲ"

ကိုလူကြီးက အသံကျယ်သထက်ကျယ်အောင် ဟစ်အော်သည်။ သို့သော် သူ့အသံမှာ မပီသဖြင့် ကွဲအက်အက် ထွက်လာသည်။ စကားလုံးများ မကွဲပြားဘဲ ဝိုးဝါးသည်။ ကိုလူကြီး၏ အမူအရာကို ကြည့်၍ ရွာသားများ အားလုံး အံ့သြနေကြသည်။ ဒေါသဖြစ်နေကြသည်။ ကိုလူကြီးအကြောင်းကို သူတို့သိသည်။ သည်သတ္တဝါသည် နည်းနည်းမျှ သတ္တိရှိသူမဟုတ်။ နားတောင်းရောင်ကြောင့် ပါးပြောင်နေခြင်းသာ ဖြစ်သည်။ သူနှင့်အတူ ဂေါ်ရာစစ်သားတွေ ရှိနေ၍သာ ဤသို့မောက်မာနေခြင်း ဖြစ်သည်။ ဤရာထူး ဤအခြေအနေသို့ ရောက်လာသည်မှာလည်း သူ့အစွမ်းအစမဟုတ်။ နန်းခင်နောက်မှ ဇက်ချုပ်နေ၍ဖြစ်သည်။ ယခုမူ သူက တကယ့်သူရဲကောင်းကြီးပမာ ဟိန်းဟောက်နေသည်။ သို့သော် သူ၏ဟိန်းဟောက်မှုက ခြသေ့်ယောင်ဆောင်သော မြေခွေး၏အသံမျိုးသာ။

"မောင်ကြီးရယ် သူ့ကို မဖမ်းပါနဲ့။ ညီမငယ် နန်းခင်ရဲ့မျက်နှာကို ထောက်ပြီး သူ့ကို မဖမ်းပါနဲ့။ သူစိတ်ရောဂါရှင် တစ်ယောက်ဆိုပြီး မောင်ကြီးတို့ပဲ မိုးကောင်းက ပြန်လွှတ်လိုက်ကြပြီးပြီ မဟုတ်လား"

မနင်းမြူက ကိုလူကြီး၏အပါးတွင်ထိုင်၍၊ ကိုလူကြီး၏ခြေကိုဖက်၍ တောင်းပန်သည်။

"တယ် စကားပြောရတာ လေကုန်တာပဲ။ ဒီမိန်းမ ဖယ်စမ်း"

သူက မနင်းမြူကို ခြေဖြင့် ခတ်လိုက်သည်။ မနင်းမြူ လဲကျသွားသည်။ ဒေါ်စောရုံ အထိတ်တလန့် ဖြစ်၍ မနင်းမြူကို သွားပွေ့သည်။ ထိုအခါတွင်မှ ဂေါ်ရာစစ်သားများ လက်တွင် ငြိမ်သက်စွာရှိနေသော ရှော့ဂါ လှုပ်ရှားသည်။ လူနှစ်ယောက် ချုပ်ထားသည်မှ ဆတ်ခနဲ ရုန်း၍ ကိုလူကြီးကို ဝုန်းခနဲ ခုန်အုပ်သည်။ အငိုက်တွင်မို့ ဂေါ်ရာစစ်သားများလည်း မတတ်နိုင်။ ကိုလူကြီးလည်း မရှောင်နိုင်။ ရှော့ဂါ၏ မွှေ့ယမ်းကိုင်ပေါက်ခြင်းကို ခံလိုက်ရသည်။ အဖြစ်အပျက်မှာ မြန်ဆန်လှသည်။ လူအများအားလုံး ဟယ်ခနဲ

MMCYBERMEDIA
COMMUNITY FOR ALL

ဖြစ်သွားကြသည်။ သို့သော် မြေတွင်လဲနေသော ကိုလူကြီးအား ရွှေဝါက ထပ်မံ တိုက်ရန်ပြုသည်။ သို့သော် မအောင်မြင်တော့။ သူ့ကို ဂေါ်ရာစစ်သားများက ဝိုင်းချုပ်ထားလိုက်ပြီ ဖြစ်သည်။

ကိုလူကြီးသည် လဲရာမှ တော်တော်နှင့် မထနိုင်။ အရိုးအဆစ်များ ကွဲသွားသလား အောက်မေ့ရသည်။ ဂေါ်ရာတပ်သား တစ်ဦးက ထူပေးရသည်။ ကိုလူကြီးမျက်နှာ ရဲနေသည်။ ဒေါသကြောင့်လည်း ဖြစ်နိုင်သည်။ အရှက်ရ၍လည်း ဖြစ်နိုင်သည်။ ရွှေဝါသည် ဂေါ်ရာစစ်သားများလက်မှ လွတ်မြောက်နိုင်ရန် အတင်းရုန်းနေသည်။ ပါးစပ်မှလည်း ကြမ်းတမ်းစွာ ဆဲရေး တိုင်းထွာလျက်ရှိသည်။ ကိုလူကြီးကိုလည်း ဆဲသည်။ ဂေါ်ရာစစ်သားများကိုလည်း တိုင်းထွာသည်။ အင်္ဂလိပ်အစိုးရကို ငါနှင့် ကိုင်တုတ်သည်။ ဂေါ်ရာစစ်သားများက သူ့ကို အတင်းချုပ်သည်။ အကြမ်းပတမ်း ဆွဲငင်တွန်းပုတ်သည်။ မညှာမတာ ရိုက်နှက်သည်။ ရွှေဝါက ပို၍ကြမ်းသည်။ ရွှေဝါ၏ကိုယ်တွင် သွေးများ ချင်းချင်းရဲနေသည်။ ရွှေဝါကိုကြည့်ရသည်မှာ အရူးကြမ်းကြီးတစ်ယောက် ဖြစ်နေသည်။

လူအများ မျက်စိမှိတ်ထားကြသည်။ မတရားမှုကို သူတို့ မမြင်ချင်။ ရွှေဝါအပေါ်တွင် သူတို့ ခင်မင်လှသည်။ အရင်က သူတို့ ရွှေဝါကို လေးစားသည်။ နောက်ပိုင်းတွင် သူတို့ ရွှေဝါကို သနားသည်။ ရွှေဝါသည် စိတ်မမှန်သော်လည်း သူ့အိမ် သူ့အိုးနှင့် ကောင်းမွန်စွာနေသည်။ ရွာနှင့် သင့်မြတ်စွာ ပေါင်းသည်။ ရွှေဝါသည် တစ်ကြိမ်က အဆိပ်အတောက် ပြင်းထန်သော မြွေဟောက်တစ်ကောင် ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိပ်အတောက်ကင်းသောရေမြွေတစ်ကောင်သာ ဖြစ်၍လာသည်။ မည်သူနှင့်မျှ အချင်းမများ။ စကားလည်း များများမပြော။ ယခု သူ့ကို လာရောက်ဖမ်းဆီးစကပင် သူသည် လိမ္မာယဉ်ကျေးလှသော ခွေးကလေး ကြောင်ကလေးတစ်ကောင်ပမာ ဂေါ်ရာစစ်သားများလက်တွင် ငြိမ်သက်စွာ နေခဲ့သည်။ ခုခံပြောဆိုခြင်း မရှိ။ ခုခံရုန်းကန်ခြင်းမရှိ။ သူ၏မိခင်နှင့် သူ၏ဇနီးတို့က ကိုလူကြီးကို တောင်းပန်တိုးလျှိုး နေကြသည်ကိုလည်း သူနှင့် ဘာမျှမသက်ဆိုင်သလို ငေးကြောင်၍ ကြည့်နေသည်။ နောက်ဆုံးမနင်းမြူကို ကိုလူကြီး ခြေဖြင့် ခတ်တော့မှ သူ့စိတ်များ ရုတ်တရက်ခက်ထန်ပေါက်ကွဲသွားခြင်းဖြစ်သည်။ သို့မဟုတ် အရူးဖောက်သွားခြင်း ဖြစ်သည်။ နုရာမှ ကြမ်းသွားခြင်းဖြစ်သည်။

ယခုမူ သူသည် တကယ့်အရူးဆိုးကြီး တစ်ယောက်။ သတိလက်လွတ်။ ဝရုန်းသုန်းကား။ ဝိုင်းဝန်း ရိုက်နှက်ထားကြသည်မှာလည်း သွေးချင်းချင်းရဲ။ ယင်းကိုမြင်သောအခါ ဒေါ်စောရုံနှင့် မနင်းမြူတို့သည် ရွှေဝါရှိရာသို့ အတင်းပြေးသွားကြသည်။ သူတို့ကို စစ်သားများက ကန်ကျောက် တွန်းထုတ်ပစ်သည်။ ရွာသားများက သူတို့ကို ဆွဲထားရသည်။ ချော့မော့နှစ်သိမ့်ရသည်။ ဖေးမပြုစုရသည်။ သို့သော် ရွာသားများကိုယ်တိုင် အံတကြိတ်ကြိတ်နှင့် ရှိနေကြရသည်။

ကိုလူကြီးသည် ရွှေဝါရှိရာသို့ ဒယိမ်းဒယိုင်နှင့် လျှောက်သွားပြီး စစ်သားများက ချုပ်ကိုင်ထားသဖြင့်လည်းကောင်း၊ ဒဏ်ရာဒဏ်ချက်များ ပြင်းပြင်းထန်ထန် ခံထားရသဖြင့်လည်းကောင်း၊ လှုပ်ရှားရုန်းကန်ရလွန်း၍ အားအင်ကုန်ခန်း နေပြီဖြစ်၍ လည်းကောင်း ငြိမ်သက်ဇက်ကျိုးနေသော ရွှေဝါ၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်နေသည်။ ဒေါ်စောရုံ အတင်းပြေးဝင်သွားသည်။ ဂေါ်ရာစစ်သားတစ်ဦးက ချွန်မြဖွေးလက်သော လှံစွပ်ဖြင့် ဆီးခံသည်။ လူအားလုံး ထိတ်လန့်တကြား အော်လိုက်ကြသည်။ လှံစွပ်ကို ဆွဲနှုတ်လိုက်သောအခါ ဒေါ်စောရုံ ပုံကျသွားသည်။ မနင်းမြူ မေ့မြောသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းကို မြင်တွေ့သည်၌ ရှိသမျှအင်အားကို ဖျစ်ညှစ်၍ ရွှေဝါ ရုန်းကန်တိုက်ခိုက်သေးသည်။ သို့သော် ဂေါ်ရာစစ်သားများက သူ့ကို ကျွဲတစ်ကောင် နွားတစ်ကောင်ပမာ အတင်းဆွဲခေါ်သွားကြတော့သည်။

## အခန်း -၁၀၆-

ထိုအခိုက်တွင် မခေါင်ညွှယ်သည် လဖိုင်လတို့၏ တနိုင်ခစခန်းသို့ ရောက်ရှိလာသည်။ ကိစ္စက မဂမ်နှင့် ပတ်သက်၍ ပြောစရာစကားများရှိ၍ ဖြစ်သည်။ ခုခံတွန်းလှန်ရေးစစ်တွင် မဂမ် ရှေ့တန်းမှ ပါဝင်နေသည်ကို မခေါင်ညွှယ် သဘောတူသည်။ သတ္တိပြောင်စွာ တိုက်ခိုက်သည်ကို နှစ်သက်ဂုဏ်ယူသည်။ သို့သော် အတင့်ရဲလွန်းသည်ကိုတော့ သဘောမကျ။ ယခုတလော ကြားရသော သတင်းများအရဆိုလျှင် မဂမ်သည် တိုက်ပွဲများတွင် ရမ်းလွန်းသည်ဟု ဆိုသည်။ ရန်သူက စက်သေနတ်ဖြင့် ပစ်ခတ်နေသည့်အကြားသို့ တစ်ယောက်တည်း အတင်းပြေးတက်သွားသည်ဟု ဆိုသည်။ ရန်သူ၏ ကင်းစခန်းတစ်ခုကို တစ်ယောက်တည်း ဝင်စီးသည်ဟု ဆိုသည်။ အကြောင်းမသင့်၍ မသေမပျောက်ခြင်း ဖြစ်သည်။ တိုက်ပွဲတွင် အနိုင်ရှိသလို အရှုံးရှိနိုင်ကြောင်း၊ ရန်သူများဘက်တွင် အကျဆုံးရှိသလို မိမိတို့ဘက်တွင်လည်း အကျအဆုံး ရှိနိုင်ကြောင်းမခေါင်ညွှယ် သိပါသည်။ ထိုမျှမက သူမ၏သားသည် တိုက်ပွဲတွင် ကျဆုံးသွားနိုင်ကြောင်းကိုလည်း ကြိုတင် တွက်ဆထားပြီး ဖြစ်ပါသည်။ သို့သော် မကျဆုံးသင့်ဘဲနှင့် မကျဆုံးစေချင်ပါ။ မိုက်ရူးရဲပြုသည့် အမူမျိုးကို မလိုလားပါ။ ယင်းကြောင့် မဂမ်ကို သတိပေးစကားပြောကြားရန် တနိုင်ခစခန်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သူရသတ္တိ ရှိသလို အမြော်အမြင်နှင့် ပြည့်စုံဖို့လည်း လိုကြောင်း ပြောကြားရန်ဖြစ်သည်။

သို့သော် မခေါင်ညွှယ်သည် တနိုင်ခစခန်းသို့ရောက်ရှိသောအခါတွင်ကား မဂမ်နှင့် ပတ်သက်၍ ဆုံးမစကားမပြောကြားရဘဲ လဖိုင်လနှင့် ပတ်သက်ပြီး စိုးရိမ်စကား၊ တားမြစ်စကား ပြောကြားနေရတော့သည်။ အကြောင်းကမူ ကိစ္စတစ်ခုကို အမြဲတမ်း စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် ပြုလုပ်လေ့ရှိသော လဖိုင်လသည် ယခုတစ်ကြိမ်တွင်မူ အန္တရာယ်ကြီးမားလှသော အမှားတစ်ခုကို အများက ဝိုင်းဝန်းကန့်ကွက်နေသည့်အကြားမှ ဇွတ်ပြုလုပ်မည် ရှိနေသည်။ မဂမ်နှင့် ဘောင်ယိန်းတို့ကလည်း တားသည်။ မရ။ တပ်သားများ အားလုံးကလည်း ဖျက်ကြသည်။ မပျက်။ တစ်ခုတော့ရှိသည်။ သူ့အပေါ်တွင် ဩဇာညောင်းသော၊ သူလေးစားသော ဘကြီးမုံးသည် သူ့အနီးတွင် မရှိဘဲဖြစ်နေသည်။ ဘကြီးမုံး ပြောလျှင်တော့ သူနားဝင်နိုင်စရာ ရှိသည်ဟု လူတွေက ထင်နေသည်။ သို့သော် ကိစ္စက လတ်တလော ဆုံးဖြတ်ပြုမူရမည် ဖြစ်သည်။ ဘကြီးမုံးက ဤမှ အလှမ်းကွာသော မိုးကောင်းစခန်းတွင် ရောက်ရှိနေသည်။ ရုတ်တရက် သွားရောက် တိုင်ပင် ရန်လည်း မဖြစ်နိုင် ရှိနေသည်။ ဤစခန်းနှစ်ခု၏ ဆက်သွယ်ရေးလမ်းကြောင်းကို ရန်သူများက တင်းတင်းကျပ်ကျပ် ဖြတ်တောက်ထားသည်။

ယခင်ကဆိုလျှင် ဘကြီးမုံးနှင့် လဖိုင်လတို့ လူစုအားလုံးသည် အခြေခံစခန်းနှစ်ခုရှိသည့်အနက် တစ်ခုခုတွင်သာ စု၍ နေတတ်ကြသည်။ ကျန်တစ်ခုတွင် အစောင့်လောက်သာ ချထားတတ်သည်။ သို့ရာတွင် နောက်ပိုင်း၌ကား တစ်စုတစ်ဝေး တည်း နေခြင်းသည် စစ်ရေးအရ အန္တရာယ်မကင်း ရှိလာသည်။ ရန်သူများက အလုံးအရင်းနှင့် အတင်းမွှေနှောက် တိုက်ခိုက်လာသောအခါတွင် အရေးတော်ပုံတပ်သားများ စုစည်းနေခြင်းသည် ရန်သူကို တိုက်ကွင်းပေးသကဲ့သို့ ဖြစ်နေသည်။ သူတို့၏အခြေအနေက ရန်သူကို တပ်ချင်းဆိုင်၍ တိုက်နိုင်သည်မဟုတ်ပေ။ မလွှဲသာမှသာ ခုခံတိုက်ခိုက် ကြရမည် ဖြစ်သည်။ ဖြစ်နိုင်လျှင်မူ ရှောင်ရှားသည်။ ပြီးမှ လမ်းဖြတ်တိုက်ပွဲများ၊ လျှပ်တစ်ပြက်တိုက်ပွဲများ ဆင်ကြသည်။ ထို့ကြောင့် ရန်သူ့တပ်များအလာတွင် ရှောင်တိမ်းရန် အကောင်းဆုံးနည်းမှာ သူတို့တပ်များ ဖြန့်ထားလိုက်ခြင်းပင် ဖြစ်သည်။ ဟိုတစ်စု သည်တစ်စု ပျောက်သွားခြင်းပင်ဖြစ်သည်။ ဒေသတစ်ခုထဲတွင် လူအင်အားများနေလျှင် တပ်ဖြန့်၍ မလွယ်ချေ။ ထို့ကြောင့် သူတို့သည် ဗဟိုတပ်နှစ်ခု ခွဲလိုက်သည်။ ဘကြီးမုံးနှင့် မောင်မျိုးတို့က မိုးကောင်းစခန်းကို အခြေပြုသည်။ ထိုမှ တပ်ဖွဲ့ငယ်များ အဆင့်ဆင့်ပွားသည်။ လဖိုင်လနှင့် မဂမ်တို့က တနိုင်ခစခန်းကို ဗဟိုပြုသည်။ ထိုမှ အခြေခံဒေသများ စိတ်ဖြာသည်။ တစ်ခုနှင့်တစ်ခု အဆက်အသွယ်မပြတ်ရန် လည်းကောင်း၊ ဗဟိုနှင့် အောက်ခြေ အဆက်အသွယ်မပြတ်ရန် လည်းကောင်း အစီအစဉ်များ ပြုလုပ်ထားသည်။ သို့သော် ရန်သူ့တပ်များက အလုံးအရင်းနှင့် အပြင်းအထန် မွှေနှောက်တိုက်ခိုက်လာသောအခါတွင်ကား သူတို့၏ အဆက်အသွယ်အားလုံး ပြတ်တောက်ကုန်သလောက် ရှိချေသည်။ အထူးသဖြင့် ဗဟိုစခန်းနှစ်ခု အဆက်အသွယ်ပြု၍ မဖြစ်နိုင်သလောက် ရှိသွားသည်။ ယင်းသို့ဖြစ်ရသည်မှာ ဤနယ်မြေကို တိုက်ခိုက်ရန် တာဝန်ကျသော အင်္ဂလိပ်တပ်ခွဲမှ တပ်ခွဲမှူးသည် သစ္စာဖောက်အချို့၏ သတင်းပေးချက်အရ ဗဟိုစခန်းနှစ်ခု ရှိကြောင်း သိသွားသည်။ ယင်းကြောင့် သူက ဗဟိုစခန်းနှစ်ခု၏ အဆက်အသွယ်ကို တင်းတင်းကျပ်ကျပ် ဖြတ်တောက်လိုက်သည်။ ဘကြီးမုံးနှင့် လဖိုင်လတို့၏ မူလစီမံကိန်းအရဆိုလျှင် သူတို့၏ လေးကိုင်းသဏ္ဌာန် ဆက်သွယ်ရေးလမ်းကြောင်းသည် အင်မတန် လုံခြုံသည်။ သို့သော် အင်္ဂလိပ်တို့သည် ဗဟိုစခန်းများကို နှိမ်နင်းဖြိုဖျက်ရေး သေနင်္ဗျူဟာအရ ခုခံတွန်းလှန်ရေးသမားတို့၏ ဗဟိုချုပ်ဖြစ်သော ဆမားနယ်ကို အရင်အဦးဆုံးနှင့် အပြင်းထန်ဆုံး တိုက်ခိုက်ချေမှုန်းပစ်လိုက်လေသည်။ ဆမားတွင် သူတို့၏ ရှေ့တန်းဌာနချုပ် ပြုလုပ်သည်။

ဆမားဒေသပေါက်သွားသည်နှင့် တစ်ပြိုင်နက် ဘကြီးမုံးနှင့် လဖိုင်လတို့၏ ဆက်သွယ်ရေး လမ်းကြောင်းသည် ရန်သူတို့၏ စစ်မြားဦး ဖြစ်သွားတော့သည်။ ရန်သူတပ်ခွဲမှူး၏ အကြံအစည်မှာ ဤလမ်းကြောင်းကို ဖြတ်တောက်ပြီးသည့်နောက်မှ ဗဟိုစခန်းတစ်ခုစီကို ခွဲခြားတိုက်ခိုက်ရန်ဖြစ်သည်။ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်သည့်နေရာတွင် နည်းနှစ်နည်း ကျင့်သုံးသည်။ တစ်နည်းမှာ လမ်းကြောင်းပေါ်တွင် ကင်းစခန်းနှစ်ခု အခိုင်အမာချထားသည်။ ထိုမှ တိုက်ကင်းများ ထွက်သည်။ ထို့ပြင် အရေးတော်ပုံတပ်သားများကို ကူညီသော ရွာများကို ဖျက်ပစ်သည်။ ရွာမှလူများကို သိမ်းသွင်းစည်းရုံးသည်။ သူတို့ကို ထောက်ခံအားပေးသော ရွာများအား လမ်းခင်းပေးနိုင်လောက်အောင် ဆားများဝေသည်။ လုပသော လက်ဆောင်ပစ္စည်းများ ပေးဝေသည်။

ယင်းသို့ ရန်သူ၏ အားစိုက်ဖြတ်တောက်မှုကြောင့် ဗဟိုစခန်းနှစ်ခု အဆက်အသွယ် ပြတ်နေသည်မှာ ဆယ့်ငါးရက်မျှ ရှိချေပြီ။ ထို့အတူ မိုးညှင်းမောင်သိုက်တို့အစုနှင့် လည်းကောင်း၊ အခြားအစုများနှင့် လည်းကောင်း အဆက်အသွယ် ကောင်းကောင်းမရသည်မှာလည်း တစ်လနီးပါးမျှ

MMCYBERMEDIA
COMMUNITY FOR ALL

ရှိချေပြီဖြစ်သည်။ အချို့အစုများသည် ပိုမိုမြင့်မားသောနှင့် ပိုမို မြောက်ပိုင်းကျသော ဒေသများသို့ ဆုတ်ခွာသွားကြရပြီဖြစ်သည်။ လဖိုင်လတို့လည်း ခုခုရောက်သို့ ဆုတ်ခွာကြရန် အကြံအရွယ်ရှိသည်။ သို့သော် ဘကြီးမုံးတို့လူစု ပြတ်ကျန်ရစ်မည် စိုးရိမ်သဖြင့် တပ်မရွှေ့သေးဘဲရှိကြသည်။ ဘကြီးမုံးတို့အတွက် သူတို့ အထူးပူပန်လျက်ရှိသည်။ ဘကြီးမုံးတို့ထံမှ လွန်ခဲ့သည့် ဆယ့်ငါးရက်ခန့်က နောက်ဆုံးရောက်ရှိလာသော ဆက်သား၏ သတင်းပို့ချက်အရဆိုလျှင် ရန်သူတို့သည် ဘကြီးမုံးတို့၏ ဗဟိုစခန်းကို ဆမားဘက်မှလာသော စစ်ကြောင်းတစ်ခုနှင့်၊ ကန်စီးဘက်မှလှည့်လာသော စစ်ကြောင်းတစ်ခုတို့က နှစ်ဖက်ညှပ်၍ တိုက်ခိုက်နေကြောင်း၊ ဘကြီးမုံးတို့က ယင်းနယ်မြေအတွင်းမှာပင် လှည့်ဖယ်ရှောင်ရှားရင်း ခံစစ်ရှင်အဖြစ် တိုက်ခိုက်နေကြောင်းတို့ကို သိရသည်။

လဖိုင်လတို့သည် ဘကြီးမုံးတို့ထံတွင် စစ်ကူသွားချင်သည်။ မသွားနိုင်။ ရန်သူက ဆက်သွယ်ရေးလမ်းကြောင်းကို အခိုင်အမာ ပိတ်ဆို့ထားသည်။ ထို့ပြင် သူတို့စခန်းကိုလည်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်ရန် ကြိုးစားအားထုတ်လာကြကြောင်း တွေ့ရသည်။ ဆမားဘက်မှ စစ်ကြောင်းတစ်ခုသည် သူတို့ဘက်သို့ မြားဦးပြုသည်။ ရှေ့ကင်းများက အပြင်းအထန် ခုခံတိုက်ခိုက်၍ ရှေ့မတိုးနိုင်ရှိသည်။ သို့သော် ထပ်မံ၍ အားဖြည့်လာကြဦးမည် ဖြစ်သည်။ နောက်တစ်ကြောင်းက ရောဝတီမြစ်ရိုးအတိုင်း မြစ်ကြီးနားမှ တိုက်ခိုက်ဆန်တက်လာသော စစ်ကြောင်းဖြစ်သည်။ ယင်းစစ်ကြောင်းကိုလည်း ဆင်ရိုင်းဝါတို့၏ တပ်အချို့က အပြင်းအထန် တားဆီးထားကြသည်။ သို့သော် ပေါက်ထွက်လာလျှင် လဖိုင်လတို့သည် ကဏန်းလက်မ အညှပ်ခံရပြီဖြစ်သည်။ မြစ်ကြီးနားဘက်မှလာသော တပ်တွင် လဗျာဂမ်ပါလာကြောင်း၊ အစောကြီး ကတည်းက သတင်းရထားသည်။ ယင်းကြောင့်ပင် လဖိုင်လတို့သည် ခုခုရောက်သို့ ဆုတ်ခွာကြရန် ကြံစည်ကြ ရခြင်းဖြစ်သည်။ ဘကြီးမုံးတို့အတွက် စိတ်မဖြောင့်သဖြင့် မဆုတ်ခွာသေးဘဲ စောင့်ဆိုင်းနေခြင်းဖြစ်သည်။ သို့သော် လဖိုင်လတို့သည် လွန်ခဲ့သည့် ခုနစ်ရက်ခန့်က ဘကြီးမုံးတို့ထံသို့ ဆက်သားတစ်ယောက် လွှတ်လိုက်သည်။ ရန်သူတို့၏ ထိုးစစ် ပြင်းထန်လာပြီဖြစ်သဖြင့်အခြားအင်အားစုများလည်း အထက်ပိုင်းသို့ ဆုတ်ခွာကုန်ကြပြီဖြစ်သဖြင့် ဘကြီးမုံးတို့ အနေဖြင့် မိုးကောင်းစခန်းကို လက်လွှတ်၍ ရန်သူတပ်ကို ထိုးဖောက်ကာ မိမိတို့စခန်းသို့လာရောက် ပူးပေါင်းသင့်ပြီ ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အခြေအနေကြည့်ပြီး ခုခုရောက်သို့ ဆုတ်ကြရန်သင့်ကြောင်း သတင်းပို့လိုက်သည်။ လမ်းမှန်ကမ်းမှန်အရဆိုလျှင် ယင်းဆက်သားသည် ပြန်ရောက်သင့်ပြီဖြစ်သည်။ သို့သော် မရောက်လာသေးချေ။ လဖိုင်လတို့ အမျိုးမျိုး စိုးရိမ်ကြောင့်ကြ ကြရသည်။ ဆက်သားသည် ဘကြီးမုံးတို့ထံ မရောက်မီမှာပင် ရန်သူ၏လက်သို့ ရောက်သွားချေပြီလား၊ သို့မဟုတ် ဘကြီးမုံးတို့စခန်းမှ အပြန်တွင် ရန်သူတပ်က မိသွားချေပြီလား၊ မိမိတို့၏အကြံအစည် များကို ရန်သူတို့ သိသွားချေပြီလားဟု အနည်းနည်းတွေးတော ပူပန်နေကြရသည်။ နောက်ဆုံးတွင် လဖိုင်လသည် ဆက်သားတစ်ယောက်ထပ်မံစေလွှတ်ရန် ကြံစည်သည်။ သို့သော် ထပ်မံစေလွှတ်ရန် စီစဉ်ထားသည့်နံနက်မှာပင် ပြဿနာကြီးတစ်ခု တက်လာသည်။ ယင်းပြဿနာကို ဘကြီးမုံးနှင့် တိုင်ပင်နိုးနှောသင့်သည် မှန်၏။ သို့သော် အချိန်မရှိချေ။ လတ်တလော ဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ သည်ပြဿနာ ဖြေရှင်းပြီးမှပင် ဆက်သားလွှတ်ရန် လဖိုင်လ ဆုံးဖြတ်သည်။ သည်ဘက်တွင် ဖြစ်နေသော နောက်ဆုံးအခြေအနေများကို ဘကြီးမုံးတို့ သိနိုင်ရန်ဖြစ်သည်။ သို့သော် ရုတ်ချည်းပေါ်လာသော ပြဿနာကို ဖြေရှင်းသည့်နေရာတွင် လဖိုင်လ၏အဆုံးအဖြတ်ကို မဂမ်နှင့် အခြားသူများ အားလုံးလောက်က သဘောမတူ ရှိကြသည်။ ဝိုင်းဝန်းကန့်ကွက်ကြသည်။ လဖိုင်လ ခေါင်းမာနေသည်။ မည်သူ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သူက ဆုံးဖြတ်ပြီးသည့်အတိုင်း မလွဲမသွေ လုပ်တော့မည်ဟု ဆိုနေသည်။ ယခုချက်ချင်းပင် ပြုလုပ်တော့မည် ရှိနေသည်။

ထိုအခိုက်တွင် မခေါင်ညွှယ်သည် လဖိုင်လတို့၏ တနိုင်ခစခန်းသို့ ရောက်ရှိလာသည်။ ထိုအခါတွင် လူအားလုံးက မခေါင်ညွှယ်ကို အပူကပ်ကြသည်။ လဖိုင်လကို မခေါင်ညွှယ်ပြောလျှင် ရနိုင်သည်ဟု သူတို့ယူဆကြသည်။ သို့ဖြင့် မခေါင်ညွှယ်သည် လာရင်းကိစ္စကို ဘေးဖယ်ထားပြီး ခရီးရောက်မဆိုက်ပင် လဖိုင်လနှင့် စကားစစ်ထိုးရသည်။ စိုးရိမ်စကားပြောရသည်။ တားမြစ်စကား ဆိုရသည်။ သို့သော် လဖိုင်လ ခေါင်းမာမြဲ။

သူတို့ ဤမျှ အကျောက်အကန် ပြုနေရသော ပြဿနာက အခြားမဟုတ်။ လဗျဂမ်။

မခေါင်ညွှယ်ရောက်လာမည့် မနက်ဘက် နေမထွက်မီအချိန်တွင် လဖိုင်လတို့ ဗဟိုစခန်းသို့ လဗျဂမ်ထံမှ စေတမန်တစ်ဦး ရောက်လာသည်။ ဤစခန်းမကြီးသို့ ရောက်အောင် သူက သူတစ်ယောက်တည်း လာနိုင်ခြင်းကား မဟုတ်ချေ။ ယမန်နေ့ညနေက တလုံအနီးရှိ အပြင်စခန်းတစ်ခုသို့ ယင်းစေတမန် ရောက်လာသည်။ လဗျဂမ်ထံမှ အရေးကြီးသော စကားပါ၍ လဖိုင်လထံသို့ ပို့ပေးရန်ပြောသည်။ ကင်းစခန်းမှ လူများက မည်သည့်အမှာစကားဖြစ်ကြောင်း မေးသည်။ ထိုသူက လဖိုင်လကိုသာ ပြောရန်ဖြစ်ကြောင်း ဆိုသည်။ ဤတွင် ကင်းသမားများ စဉ်းစားသည်။ ဗဟိုစခန်းလုံခြုံမှုအတွက် ဖြစ်သည်။ မည်သို့ပြုလုပ်ရမည်နည်းဟု ကြံဆသည်။ နောက်ဆုံးတွင် နည်းလမ်းကောင်းတစ်ခု ရသွားသည်။ ယင်းကား တမန်ကို လူမှန်းမသိအောင် အရက်မူးတိုက်ပြီး စခန်းသို့ ခေါ်သွားရန်ဖြစ်သည်။

သို့ဖြင့် သူတို့သည် တမန်ကို အရက်ပြင်းပြင်းတိုက်သည်။ များများတိုက်သည်။ နေရာတွင် ပုံလဲသည်အထိ ဖြစ်သည်။ ထိုအခါတွင်မှ ပစ်ခတ်၍ရရှိလာသော အမဲတစ်ကောင်ပမာ ဝါးလုံးဖြင့် လျှိုထမ်းသွားကြသည်။ တမန်ဖြစ်သူ လမ်းတွင် အမူးနည်းနည်း ပြေလာပုံရတိုင်း ပါးစပ်ထဲသို့ အရက်လောင်းထည့်သည်။ ထို့ပြင် သူတို့သည် လဖိုင်လ၏ သွန်သင်ထားချက်အရ သူတို့ပတ်ဝန်းကျင်တွင် ရန်သူများ ပါမလာစေရန် ဂရုပြုရသည်။ သူတို့စီစဉ်ထားသည့်အတိုင်း အားလုံး ဖြစ်သည်။ တစ်ခုပဲ ရှိသည်။ ယင်းကား အလုပ်ပိုတစ်ခု လုပ်ရခြင်းပင်ဖြစ်သည်။ အမှန်တော့ အလုပ်ပိုဟု မဆိုသာချေ။ သွားရင်းဟန်လွှဲနှင့် လူမှုရေးတာဝန်တစ်ခုကို ထမ်းဆောင်လိုက်ရသည်ဖြစ်၏။ သည်လိုထမ်းဆောင်ခြင်းကပင် သူတို့တစ်တွေ တပ်စွဲနေသော တွန်းလှန်စစ်၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ သူတို့က ရန်သူကို တိုက်ရုံသာမက လူထုကိုလည်း ကူညီရသည်။ ရန်သူကိုတိုက်ခြင်း၏ အဓိကရည်ရွယ်ချက်ကပင် လူထုကို ကူညီခြင်းဖြစ်သည်။

လဗျဂမ်၏တမန်ကို ထမ်းခေါ်၍အလာ တစ်တောင်ကျော် နှစ်တောင်လောက် ခရီးပေါက်သောအခါတွင် အနိဋ္ဌာရုံရှုခင်း တစ်ခုကို တွေ့ရသည်။ အရွယ် ရင့်ရော်ခြင်း၊ ပိန်လျခြင်းရှိသော သားသည်မိခင်တစ်ဦးသည် ကလေးငယ်သုံးဦးနှင့်အတူ နင်းပွင့်တိုက်ထဲတွင် တရွေ့ရွေ့သွားလျက်ရှိသည်။ အမျိုးသမီးသည် ခြေတစ်ဖက်ဆာနေသည်။ထော့နင်း လျှောက်သည်။ ကျောတွင် ပလိုင်းရှိသည်။ ပလိုင်းထဲတွင် သုံးနှစ်အရွယ်ခန့် ကလေးတစ်ဦး ရှိသည်။ ငါးနှစ်အရွယ် မိန်းကလေးတစ်ဦးကို ရင်ဝယ်ပိုက်သည်။သူမနောက်တွင် ခုနစ်နှစ်အရွယ်ခန့် ယောကျ်ားလေးတစ်ဦး ဒရွတ်တိုက်၍ လိုက်ပါနေသည်။ သူတို့ အားလုံး မျက်လုံးဟောက်ပက် နေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ကင်းအဖွဲ့များက စုံစမ်းလိုက်သောအခါ ဤမိသားစုသည် မလိခဘက်ကမ်းမှ လာခြင်းဖြစ်သည်။ သူတို့ရွာကို အင်္ဂလိပ်တပ်များ ချေဖျက်သွားသည်။ ရွာလုံးကျွတ်မျှ သေကုန်သည်။ သူမ၏ယောကျ်ား အရှင်လတ်လတ် မီးတိုက်ခံရသည်။ ယောကျ်ား၏ဆွေမျိုးများလည်း အားလုံးလောက် မရှိကြတော့သည်ဖြစ်၍ သူမသည် ယခုအခါ ကြွင်းကျန်သော ကလေးသုံးယောက်ကိုခေါ်၍ ကန်စီးနယ်ရှိ မိဘများထံသို့ သွားမည်ဖြစ်သည်။ သူမ၏ အငယ်ဆုံးသော နို့စို့ကလေးကိုလည်း ရန်သူတို့က မြေတွင်လိုမ့်ခတ်ကစားကြသည်ဟု ဆိုသည်။ သူမ၏ယောကျ်ားသည် ဟောင်းပါးသို့ ကျောက်စိမ်းတူးရန် လာရင်း သူတို့ တွေ့ဆုံလက်ထပ်ခြင်း ဖြစ်သည်။ သို့ဖြင့် သူမသည် ယောကျ်ား၏နောက်သို့ ဝေးလံသောအရပ်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

ဤသတင်းကို ကြားရသောအခါ တော်လှန်ရေးသမားများ နာကြည်းစွာ ဒေါသဖြစ်ရသည်။ အမျိုးသမီး၏ ဘဝကို ကရုဏာသက်ကြရသည်။ ကန်စီးနယ်သို့ရောက်ရန် တောင်ပေါင်းများစွာ လိုသေးသည်။ ချောင်းပေါင်းများစွာ ဖြတ်ရဦးမည်။ တောပေါင်းများစွာ တိုးရဦးမည်။ သူတို့၏ ဗဟိုစခန်းကို လွန်သွားရမည်။ သို့ဖြင့် ကင်းအဖွဲ့သည် လဇ္ဇုဂမ်၏ တမန်ကို သာမက၊ ကလေးသုံးယောက်ကိုပါ ထမ်းခဲ့ကြရသည်။ စခန်းသို့ရောက်ခါနီးတွင် အမျိုးသမီးကိုပင် ထမ်းခေါ်ကြရသည်။ ဗဟိုစခန်းသို့ရောက်သောအခါ ဤမိသားစုအတွက် အားလုံး ရင်ထုမနာ ဖြစ်ရသည်။ စားသောက်ဖွယ်များပေးကမ်းသည်။ စခန်းတွင် တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် နားရန် ပြောကြသည်။ သို့သော် အနားမယူဘဲ ခရီးဆက်မည်ဆိုသဖြင့် သူတို့သည် အနောက်ဘက် အစွန်ဆုံးစခန်းအထိ လိုက်ပို့လိုက်ကြသည်။ တမန်ယောကျ်ားမှာမူ ကင်းသမားတို့က တစ်လမ်းလုံး အရက်များ တရစပ်တိုက်လာကြသဖြင့် ဗဟိုစခန်းသို့ ရောက်သောအခါ လူမှန်းမသိ သူမှန်းမသိ ရှိနေသည်။ သတိရအောင် မနည်းကြီး လုပ်ရသည်။ ရေလောင်းရသည်။ ဆေးမြစ်များထောင်း၍ ပါးစပ်ထဲသို့ ထည့်ရသည်။ သတိရသောအခါမှာပင် ကြောင်တောင်တောင် ဖြစ်နေသည်။ သူ ဘယ်အရပ်သို့ရောက်နေသည်ကို သိဖို့မဆိုထားနှင့် သူဘယ်သူတွေကြား ဘာကိစ္စနှင့် ရောက်နေမှန်းပင် မသိသလို ရှိနေရသည်။ သူ့စိတ်များ ကြည်လင်ရှင်းလင်းအောင် သူတို့က အချိန်ပေးကြရသည်။

သူတို့၏ဗဟိုစခန်းကို ရန်သူ မသိနိုင်သည်ကား သေချာသည်။ ယင်းတမန်သည် ဤဒေသသား မဟုတ်ဘဲ အောက်ကချင်တစ်ဦး ဖြစ်သဖြင့် တောများ တောင်များမြင်ရုံနှင့်လည်း သူဘယ်အရပ်သို့ ရောက်နေမှန်း မသိချေ။ ယင်းကြောင့်ပင် ဗဟိုစခန်းတစ်ခုလုံးက ကင်းသမားများ၏ စိတ်ကူးကောင်းမှုကိုလည်း ချီးကျူးထောမနာပြုကြသည်။ သို့သော် လဖိုင်လကမူ သူတို့ ဤမျှအစိုးရိမ်လွန်ကဲရမလားဟု တဖျစ်တောက်တောက် ရှိနေသည်။ သူက လဇ္ဇုဂမ်ပါးလိုက်သော သတင်းကို သိချင်လှပြီဖြစ်၍တည်း။ အမူးပြယ်စပြုနေသည်ကို လှုပ်၍ ဘာကိစ္စနှင့် လဇ္ဇုဂမ် လွှတ်ကြောင်း အတင်းမေးနေသည်။ ထိုသူသည် အတော်ကြီးကြာမှပင် စဉ်းစား၍ သတင်းစကားကိုတစ်လုံးချင်း ပါးသည်။ လဇ္ဇုဂမ်၏ နှုတ်ဖြင့် ပါးအပ်သော သဝဏ်မှာ အရေးကြီးသော ကိစ္စတစ်ရပ်ကို ညီရင်းအစ်ကို ပမာ တိုင်ပင်ဆွေးနွေးလို၍ လဖိုင်လနှင့် နှစ်ယောက်ချင်း တွေ့လိုကြောင်း၊ တလုံရွာတွင် သူတစ်ယောက်တည်း ရှိနေကြောင်း၊ တလုံ၏အနီးဝန်းကျင်တွင် အင်္ဂလိပ်တပ်များ မရှိကြောင်း၊ လဖိုင်လ၏အသက်အန္တရာယ် လုံခြုံမှုကို တာဝန်ယူကြောင်း၊ ထိုမျှနှင့်မျှ စိတ်မချရသေးလျှင် လဖိုင်လသည် ရွာတွင်းသို့တစ်ယောက်တည်း ဝင်လာရမည်ဖြစ်သော်လည်း တလုံရွာ၏ပတ်လည်တွင် တပ်များကို ကင်းချထားနိုင်ကြောင်း၊ သို့သော် လဖိုင်လအသက်အန္တရာယ်ကို သူကတာဝန်ယူသလို၊ သူ၏ဘေးဥပါဒ် မှန်သမျှကိုလည်း လဖိုင်လက တာဝန်ယူရမည်ဖြစ်ကြောင်း၊ အကယ်၍ တွေ့မည်ဆိုက အမြန်ဆုံး တွေ့စေလိုကြောင်းပင် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ထိုအခါ လဖိုင်လသည် လူအများနှင့် ဝေးရာသို့ ထွက်သွားသည်။ သစ်ငုတ်တစ်ခုပေါ်တွင် တစ်ယောက်တည်း ထိုင်၍ အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် ယနေ့ပင် တလုံသို့ သွားရောက်မည်ဖြစ်ကြောင်း သူ့လူများကို ပြောသည်။ ဤတွင် မဂမ်နှင့် ဘောင်ယိန်းတို့ကခေါင်းဆောင်၍ လူအားလုံးလောက်ကပင် သူ၏အဆုံးအဖြတ်ကို ဆန့်ကျင်ကန့်ကွက်ကြသည်။

သူတို့က ပထမအချက် လဗျဂမ်ကို မယုံ။ ဒုတိယအချက် အင်္ဂလိပ်တို့ကို မယုံ။ ပရိယာယ်ဝေစုစ်များလှသည်။ ယခုကိစ္စသည် အကောက်ကြံခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်။ လဖိုင်လက ချေပသည်။ သူတို့ကဲ့သို့ပင် လဗျဂမ်နှင့် အင်္ဂလိပ်များကို သူမယုံကြည်။ သို့သော် လဗျဂမ်က ပြောမည်ကို သူသိလိုသည်။ လဗျဂမ်က နှစ်ယောက်ချင်းချိန်းသည်ကို သူ သွားမတွေ့လျှင် သူသွေးကြောင်ရာရောက်မည်။ ထို့ပြင် ရန်သူတို့က အကောက်ဉာဏ်မပြုနိုင်အောင် မိမိတို့က စီစဉ်နိုင်သည်။ တစ်၊ တလုံအနီးတွင်ရန်သူတပ်များ ရှိမရှိ ယခုပင် ကင်းထောက်လွှတ်မည်။ ထိုမှုမက တခြားနယ်မှာ ရောက်ရှိနေသော မိမိတို့လူမျိုးများ ရှိမရှိပင် သတိပြုရမည်။ သူတို့က အင်္ဂလိပ်တပ်များကိုမသုံးဘဲ ဖန်းမော်၊ မြစ်ကြီးနားတွင် ရှိသော ကချင်ပုလိပ်တပ်များကို သုံးနိုင်သည်။ နှစ်၊ သူတို့နှစ်ဦး ဆွေးနွေးနေစဉ်တွင် တလုံပတ်လည်၌ တပ်များ ချထားမည်။ သုံး၊ သူသည် ရန်သူတစ်ယောက်ကိုလည်းကောင်း၊ ဆယ်ယောက်ကိုလည်းကောင်း၊ တစ်ရာကိုလည်းကောင်း တိုက်ရန် မကြောက်။

ထိုအခိုက်တွင် မခေါင်ညွှယ်သည် လဖိုင်လတို့ တနိုင်ခစခန်းသို့ ရောက်ရှိလာသည်။ ဖြစ်ပျက်နေသော အခြေအနေကို သိသည်နှင့် တစ်ပြိုင်နက်၊ အများက တိုက်တွန်းသည်နှင့် တစ်ပြိုင်နက် အမျိုးသမီးက လဖိုင်လကို စခန်းနှင့်ဝေးရာသို့ ခေါ်သွားပြီး နှစ်ယောက်ချင်း ပြောသည်။

"နင် အသက်မငယ်တော့ဘူး အေး"
"ဒါ ဘာပြုသလဲ"

လဖိုင်လက ခပ်ပြတ်ပြတ် ပြန်ပြောသည်။ မခေါင်ညွှယ်၏ဆိုလိုရင်းကို ကောင်းစွာ သဘောမပေါက်၍လည်း ဖြစ်သည်။

"နင် စစ်ပွဲတွေလည်း အများကြီး တိုက်ခဲ့ပြီ"
"နင် ဘာပြောချင်သလဲ"
"အင်္ဂလိပ်တွေအကြောင်း နင် သိပါတယ်"
"အေး၊ ငါသိတယ်"
"လဗျဂမ်အကြောင်း နင်သိပါတယ်"
"အေး၊ ငါသိတယ်"
"သူတို့ ကောက်ကျစ်တယ်"
"အေး၊ ငါသိတယ်"
"နင်အခုသွားရင် နင်သေသွားနိုင်တယ်"

လဖိုင်လသည် မခေါင်ညွှယ်ကို အတန်ကြာ မျက်မှောင်ကုပ်၍ ကြည့်နေသည်။ အမျိုးသမီး၏မျက်နှာတွင် တစ်စုံတစ်ခုသော အရိပ်လက္ခဏာကို ရှာဖွေနေခြင်းဖြစ်သည်။ ထိုအခါ အမျိုးသမီး မနေတတ် ရှိလာသည်။

"နင် မကြည့်ပါနဲ့၊ နင် စကားပြောပါ"
"ငါသေမှာကို နင်စိုးရိမ်လို့လား"
"ဘယ်သူပဲဖြစ်ဖြစ် မသေသင့်ဘဲ မသေရဘူးအေး"
"ငါသေမှာကို နင်မစိုးရိမ်ဘူးပေါ့"

မခေါင်ညွှယ် ရုတ်ချည်းမဖြေ။ အဝေးသို့ငေးနေသည်။ ပြီးမှ လဖိုင်လကို မကြည့်ဘဲ ပြောသည်။

"နင်မေးရင် ငါပြောမယ်။ ငါမသေခင်မှာ နင်မသေစေချင်ဘူး။ နင့်ကို ငါကြည့်နေချင်တယ်။ ငါသေပြီးမှပဲ နင်သေစေချင် တယ်။ ဒါကြောင့် နင်မသွားပါနဲ့လို့ ငါပြောတယ်"

လဖိုင်လ သက်ပြင်းချသည်။ ထိုင်ရာမှ ထသည်။

"စစ်တိုက်တယ်ဆိုတာ သေရမှာပဲ။ ငါမသေရင် ရန်သူ သေရမယ်။ ရန်သူမသေရင် ငါသေရမယ်"
"နင်တို့ကို စစ်မတိုက်ရဘူးလို့ ငါမပြောဘူး အေး။ မဂမ်ကိုလည်း ငါမပြောဘူးအေး။ ဒါပေမဲ့ အခုဟာက လဇျာဂမ် အကောက်ကြံတယ်"
"လဇျာဂမ်နဲ့ ငါ နှစ်ယောက်ချင်း မတွေ့ရဲဘူးဆိုရင် ငါအလကားပဲ အေး။ သူအကောက်ကြံကြံ အဖြောင့်ကြံကြံ ငါတွေ့ရဲရမယ်။ သူ့မှာ ဉာဏ်ရှိရင် ငါ့မှာ ဉာဏ်ရှိရမယ်။ သူ့မှာ သတ္တိရှိရင် ငါ့မှာ သတ္တိရှိရမယ်။ သူတွေ့ရဲရင် ငါတွေ့ရဲရမယ်။ သူနဲ့ နှစ်ယောက်ချင်း တွေ့ဖို့သာဆိုရင်တော့ တလုံကိုတင်မဟုတ်ဘူး မြစ်ကြီးနားလည်း ငါသွားမှာပဲ"

သည်စဉ်တွင် လဖိုင်လလွှတ်ထားသော ကင်းလျှင်များ ပြန်ရောက်လာသည်။ တလုံပတ်ဝန်းကျင်တွင် အင်္ဂလိပ်တပ်များ မရှိ။ အနီးဝန်းကျင်ရွာများတွင်လည်း ဧည့်စိမ်းများမရှိ။ တောတောင်များတွင် လူတိုးရာ လမ်းကြောင်းများ မတွေ့။ သို့ဖြင့် မွန်းလွဲပိုင်းအချိန်မှာပင် လဖိုင်လတို့ ထွက်ခွာရန် ပြင်ဆင်ကြသည်။ သူတို့ ခရီးပြင်းနှင်လျှင် ညဦးပိုင်းတွင် တလုံသို့ ရောက်မည်။ လဖိုင်လ၏အကြံမှာ လဇျာဂမ်နှင့် ညဘက်တွင် တွေ့ရန်ဖြစ်သည်။ သို့မှသာ ရန်သူက အကောက်ကြံ၍ လိုက်လာလျှင် ညအမှောင်တွင်ဖြစ်၍ မိမိတို့က တစ်ပန်းသာမည်။ တိုးသာ ရှောင်သာ ပြုနိုင်မည်။ လဇျာဂမ်နှင့် တိုတိုတုတ်တုတ် ပြောပြီး ညသန်းခေါင်တွင် ပြန်လည်ထွက်ခွာလာမည်။ ဇဟိုစခန်းကို နေထွက်လျှင် ပြန်ရောက်မည်။ သူနှင့် လဇျာဂမ်တွေ့ဆုံနေစဉ်တွင် တလုံပတ်ပတ်လည်တွင် မဂမ်နှင့်ဘောင်ယိန်းတို့ ကွပ်ကဲသော တပ်များက ဝန်းရံ စောင့်ကြပ်နေရမည်။ တလုံနှင့် တနိုင်ခစခန်းကို သူတို့ နားနားနေနေလျှောက်လျှင် တစ်နေ့ခရီး ဖြစ်သည်။ ပြင်းပြင်းနှင်လျှင် နေ့ဝက်။ သို့သော် အင်္ဂလိပ်တပ်များအဖို့ဆိုလျှင် သုံးရက်မျှ အသေအလဲ။ သည်ဌာနနှစ်ခုကြားတွင်ရှိသော တောင်များကို ဖြတ်ကျော်ရန်မှာ အတော်မလွယ်သည့်အလုပ်ဖြစ်သည်။ တက်လည်း မတ်မတ် ဆင်းလည်း စောက်စောက်။ သူတို့သည် လဇျာဂမ်၏လူကို အလာတုန်းကကဲ့သို့ပင် အရက်တိုက်၍ ခေါ်သွားသည်။ တလုံဝန်းကျင်တွင် တပ်အင်အားလိုသဖြင့် စခန်းတွင် လူအနည်းငယ်သာ ထားခဲ့သည်။ ဒဏ်ရာရသူများနှင့်

MMCYBERMEDIA
COMMUNITY FOR ALL

နာမကျန်းသူများအပြင် ကင်းတာဝန် ထမ်းဆောင်ရန် လူကောင်းသုံးယောက်သာ ထားခဲ့သည်။ စခန်းမကြီး၏တောင်ဘက်တွင် ကင်းငယ်နှစ်ခုရှိ၍ ကာမိုင်းနှင့် ဆမားဘက်မှ အင်္ဂလိပ်တပ်များ ရုတ်တရက် ရောက်မလာနိုင်ပေ။ ရာသီဥတုအခြေအနေမှာလည်း နှင်းပိတ်ပိတ်ဖုံးနေသည်။

မခေါင်ညွှယ်သည် လဖိုင်လကို မည်သို့မျှ တားမရသောအခါ သူမလည်း အတူလိုက်ပါမည်ဟု ဆိုသည်။ လဗျာဂမ်က လဖိုင်လ တစ်ယောက်တည်း လာရမည်ဆိုခြင်းမှာ တပ်သားတစ်ယောက် ယောကျ်ားတစ်ယောက်ကိုသာ ဆိုလိုခြင်း ဖြစ်သည်။ မိန်းမတစ်ယောက်ကို မဆိုချေ။ ထို့အပြင် သူမသည် တလုံတွင်ရှိသော အသိအိမ်တစ်အိမ်သို့ အလည်အပတ် သွားခြင်းမျိုးလည်း ပြုနိုင်သည်။ သို့သော် လဖိုင်လက ခွင့်မပြုချေ။ အကြောင်းက သူနှင့်အတူ လူတစ်ယောက်မဆိုဘိနှင့်၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မပါစေလိုသောကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းမှာ မခေါင်ညွှယ်ကို ဗဟိုစခန်းတွင် နေရစ်စေချင်သည်။ ဒဏ်ရာရသူများနှင့် နေမကောင်းသူများကို ပြုစုစေချင်သည်။ သူတို့အတွက် ခေါင်ရည်ကောင်းကောင်း ဖောက်ပေးစေချင်သည်။ သို့ဖြင့် မခေါင်ညွှယ်နေရစ်ရသည်။ ချောက်ကြီးအတွင်းသို့ လဖိုင်လတို့ ဝင်ရောက်ပျောက်ကွယ် သွားသည်ကို အမျိုးသမီး ရင်လှိုက်ငေးမောရတော့သည်။

မှန်းဆထားသည့်အတိုင်းပင် သူတို့သည် တလုံဝန်းကျင်သို့ နေဝင်ဖျိုးဖျတွင် ရောက်ရှိကြသည်။ နယ်မြေ အခြေအနေကို ထပ်မံထောက်လှမ်းသည်။ တပ်များကို စနစ်တကျဖြန့်ချသည်။ ထို့နောက် တလုံရွာတွင်းသို့ လဖိုင်လတစ်ယောက်တည်း ဝင်သွားသည်။

တည်ငြိမ်ရဲရင့်သော အမူအရာဖြင့် ရွာတွင်းသို့ တစ်ယောက်တည်း ဝင်ရောက်လာသော လဖိုင်လကို တစ်ရွာလုံး ထွက်ကြည့်ကြသည်။ သူတို့သည် လဖိုင်လကို လေးစားချစ်ခင်ခြင်းလည်းရှိသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း ရှိသည်။ လဖိုင်လ၏အမည်သည် ဤတော ဤတောင်များတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် ကျော်ကြား ထင်ရှားလာခဲ့သည်မဟုတ်လား။

လဖိုင်လနှင့် လဗျာဂမ်တို့သည် တလုံရွာအကြီးအကဲ၏အိမ်တွင် တွေ့ဆုံကြသည်။ အကြီးအကဲက သူတို့ကို စားကောင်း သောက်ဖွယ်များနှင့် ဧည့်ဝတ်ပြုသည်။ လဖိုင်လသည် ယဉ်ကျေးမှုထုံးတမ်းအရ အိမ်ရှင်နှင့် အာလာပ သလ္လာပစကား အနည်းငယ် ပြောကြားပြီးနောက် လဗျာဂမ်နှင့် ထိပ်တိုက်ပြုတော့သည်။

"နင်ပြောချင်တာ ဘာလဲအေး"

လဖိုင်လ၏ ရုတ်တရက် မေးမြန်းခြင်းကိုခံလိုက်ရသောအခါ လဗျာဂမ် တုန်သွားသည်။ သူသည် လဖိုင်လနှင့် တကယ်တမ်း ယှဉ်ရသောအခါ တုန်နေသည်။ မရွံ့မရဲရှိနေသည်။

"ဖြည်းဖြည်းပေါ့။ နင် နေကောင်းလား"
"ငါတို့ စစ်တိုက်နေတာ။ ငါတို့မှာ အချိန်မရှိဘူး။ နင်ပြောချင်တာ မြန်မြန်ပြော။ ငါတို့ ညသန်းခေါင်မတိုင်ခင် ဒီက ပြန်မယ်။ ငါ့လူတွေက နင်နဲ့ နင့်သခင်တွေကို လုံးလုံးမယုံဘူး"
"ငါတို့ အချင်းချင်း မယုံကြဘူးဆိုတာ ဝမ်းနည်းစရာပဲ အေး"

"မတတ်နိုင်ဘူး"
"ငါတို့ ရွာတွေ ပျက်ကုန်ပြီ။ ငါတို့လူတွေ သေကုန်ပြီ"

လဗျဂမ် အားတင်း၍ ပြောသည်။

"နင်တို့ သခင်တွေ လုပ်တာပဲ"
"နင်တို့ကလည်း သူတို့ကို တိုက်တာကိုး"
"ငါတို့နယ်ကို သူတို့ လာတာကိုး။ ငါတို့ကို သူတို့ မတရား မင်းပြုတာကိုး"
"ဒီလိုသာ သူတို့ကလည်း တိုက်၊ နင်တို့ကလည်း တိုက်ဆိုရင် ငါတို့ရွာတွေလည်း အားလုံးပျောက်၊ ငါတို့လူတွေလည်း အားလုံးသေကုန်လိမ့်မယ်"
"မတတ်နိုင်ဘူး"
"တစ်ဖက်နဲ့ တစ်ဖက် မတိုက်ဘူးဆိုရင် ဘယ်သူမှ မသေတော့ဘူး။ ဘာမှ မပျက်တော့ဘူး။ ဘုရားသခင် အလိုတော်အရ အားလုံးချမ်းသာသုခ ရှိကြမယ်။ တိုင်းပြည်ကြီး သာယာဝပြောလိမ့်မယ်"
"နင်တို့သခင်တွေကတော့ ရှိနေမှာ မဟုတ်လား"
"သူတို့က တစ်ပြည်လုံးကို အုပ်စိုးထားပြီပဲ"
"ဒါကို ငါတို့က တိုက်နေတာပဲ"
"နင်တို့ တိုက်လို့ မနိုင်နိုင်ဘူး။ သူတို့မှာ လူတွေ အများကြီးရှိတယ်။ လက်နက်တွေ အများကြီးရှိတယ်။ ရွှေတွေ ငွေတွေ အများကြီးရှိတယ်။ သူတို့ ဘုရင်မင်းမြတ်ကအင်မတန် ဘုန်းတန်ခိုးကြီးတယ်။ ဘုရားသခင်က ဘုရင်မင်းမြတ်ကို စောင့်ရှောက်တယ်"
"ဒါတွေ ငါတို့ နားမလည်ဘူး။ ငါတို့နယ်ထဲကို မတရားဝင်လာတဲ့လူကို ငါတို့ တိုက်ထုတ်မှာပဲ"
"နင်တို့ ထင်သလို ဂျာမနီက စစ်နိုင်မှာ မဟုတ်ဘူး။ ပထမသာ သူက အကောက်ကြံလို့ စစ်နိုင်သလိုရှိတာ။ အခု သူရှေ့မတိုးနိုင်တော့ဘူး။ မကြာခင် သူ နောက်ပြန်ဆုတ်ရမယ်။ သူ စစ်ရှုံးတော့မယ်။ အခု တိုက်နိုင်နေတာက အင်္ဂလိပ်ဘက်က နိုင်ငံ နှစ်ဆယ်ကျော်တယ်။ ဂျာမနီဘက်က လေးနိုင်ငံပဲ ရှိတယ်။ မကြာခင်မှာ ဂျာမနီလည်း ရှုံးမှာပဲ။ နင်တို့လည်း ရှုံးမှာပဲ"
"ငါတို့ကတော့ တိုက်မှာပဲ။ မနိုင်မချင်း တိုက်မှာပဲ"
"နင်တို့ ဘယ်တော့မှ မနိုင်ပါဘူး"
"နင် ဘာပြောတာလဲ"

လဖိုင်လက ဓားနှင့်တွက်မည်ပြုသည်။ အိမ်ရှင်တားရသည်။ လဖိုင်လ စိတ်ကို ချုပ်တည်းသည်။ လဗျဂမ် ကြောက်ရွံ့သွားပုံရသည်။ သို့သော် သူ၏အတွင်းစိတ်ကို ဖုံးကွယ်သည်။ လေပြေနှင့် ပြောသည်။

"ငါနဲ့ နင်နဲ့က ညီအစ်ကိုပါ"

လဖိုင်လ ပြန်မပြော။

"နင်မကောင်းဖြစ်မှာကို ငါမကြည့်ချင်ဘူး။ နင်အကောင်းဖြစ်တာကို ငါကြည့်ချင်တယ်"
"နင်ပြောစရာ ကုန်ပလား။ နင်အခုလာတာ ငါတို့ကို အရှုံးပေးခိုင်းတာ မဟုတ်လား"

MMCYBERMEDIA
COMMUNITY FOR ALL

လဖိုင်လက ပြတ်ပြတ်မေးသည်။

"နင့်ကို အရေးပိုင်သခင်ကြီးက တွေ့ချင်တယ်တဲ့"
"အရှုံးပေးခိုင်းမှာပဲ မဟုတ်လား"
"သူက နင့်ကို သူကောင်းမြှောက်ချင်တယ်"

လဖိုင်လ ရယ်သည်။

"သူက နင့်ကို တိုက်ပိုင်ကြီး ခန့်မယ်တဲ့"
"ငါပြန်မယ်။ ဒါနင်နဲ့ ငါနဲ့ နောက်ဆုံးစကားပြောတာပဲ။ နောက်တစ်ခါတွေ့ရင် ငါတို့ချင်း စကားပြောစရာ မလိုတော့ဘူး။ ဓားချင်းခုတ်ဖို့ သေနတ်ချင်းပစ်ဖို့ပဲ။ ငါပြန်ပြီ။ ငါတို့ ဘာမှ ပြောစရာ မရှိတော့ဘူး"

လဖိုင်လ၏အသံသည် မာကျောလှသည်။ ပြတ်တောင်းလှသည်။ ထို့နောက် လဖိုင်လသည် အိမ်ရှင်ကို နှုတ်ဆက်စကား ပြောကြားပြီးနောက် အလာတုန်းကကဲ့သို့ပင် တည်ငြိမ်ရဲရင့်သော အမူအရာဖြင့် ရွာမှ တစ်ယောက်တည်း ထွက်သွားသည်။ တစ်ရွာလုံး ထွက်ကြည့်ကြသည်။ နင်းပွင့်များအကြားတွင် လဖိုင်လ ပျောက်ကွယ်သွားသည် အထိပင်ဖြစ်သည်။သူတို့သည် ညတွင်းချင်းပင် ဗဟိုစခန်းသို့ ပြန်ကြသည်။ ရန်သူများ လိုက်မလာစေရန် ကင်းများကို ပိုမိုထူထပ်စွာ ချထားခဲ့သည်။ အစစအရာရာ သတိချပ်ကြရန် မှာကြားခဲ့သည်။ အကွပ်အကဲအဖြစ် မဂမ်ကို ထားခဲ့သည်။ နောက်တစ်နေ့တွင်မှ မခေါင်ညွယ်ကို မဂမ်ရှိရာ စခန်းသို့ လွှတ်မည်ဟု လဖိုင်လက ပြောသည်။ မဂမ်က ပေးအပ်သည့်တာဝန်ကို ကျေကျေနပ်နပ် လက်ခံသည်။ အရုဏ်တက်ချိန်လောက်တွင် လဖိုင်လတို့သည် ဗဟိုစခန်းအနီးသို့ ရောက်ရှိသွားသည်။ ဗဟိုစခန်း၏ အရှေ့ဘက်တွင် ကင်းငယ်တစ်ခုရှိသည်။ ကျွန်ရစ်သူ တပ်သားသုံးဦးအနက် နှစ်ဦးသည် ယင်းကင်းစခန်းတွင် ရှိနေကြမည် ဖြစ်သည်။ တစ်ဦးသာလျှင် ဗဟိုစခန်းမကြီးတွင် မခေါင်ညွယ်နှင့်အတူ လူမမာများကို ပြုစုစောင့်ရှောက်နေရမည်ဖြစ်သည်။ တောင်ဘက်စခန်းနှစ်ခုမှကား သူတို့ဘာသာသူတို့ ရှိနေကြမည်ဖြစ်သည်။ အကြောင်းထူးရှိမှသာလျှင် ဗဟိုစခန်းနှင့် အဆက်အသွယ်ပြုလုပ်ကြမည်။ သူတို့၏တာဝန်မှာ ဗဟိုစခန်းမကြီးကို ရန်သူများနှင့် လူစိမ်းများ ရုတ်တရက် ရောက်ရှိမလာအောင် ကာကွယ်စောင့်ရှောက်ကြဖို့ ဖြစ်သည်။

လဖိုင်လတို့သည် အရှေ့ဘက်ကင်းငယ်နှင့် မလှမ်းမကမ်းတွင် ရပ်ကြသည်။ ရုတ်တရက် ရှေ့ကိုမတိုးဘဲ အခြေအနေကို အကဲခတ်ကြသည်။ လဖိုင်လ၏စိတ်တွင် မသိုးမသန့်ဖြစ်နေသည်။ သူတို့ ရောက်ရှိလာသည်ကို ကင်းမှ သိရမည်ဖြစ်သည်။ သိလျှင် အချက်ပေးရမည်။ ချေငယ်ကလေးများ နို့ဆာဟန်၊ နို့တောင်းသံနှင့်တူအောင် ဖက်ရွက်မှုတ်ရမည်ဖြစ်သည်။ ထိုအခါ ကိုယ့်လူဖြစ်လျှင် ကျားသံဖြင့် တုံ့ပြန်ရမည်ဖြစ်သည်။ ဤကား ဖက်ရွက်မှုတ်၍ ချေများကို မျှားခေါ်သည့်အခါတွင် ကျားရဲများ ရောက်လာတတ်ခြင်းသဘောကို ယူ၍ အချိန်းအချက် ထားခြင်းဖြစ်သည်။ သို့သော် သူတို့ဘက်မှ တောတိုးသံ နှစ်ခါမျှ ပေးသည့်တိုင် ကင်းမှ မည်သည့်အသံမျှ ထွက်ပေါ်မလာချေ။ ကင်းသမားများ အိပ်ပျော်နေသလား၊ အမူးလွန် နေသလား၊ သို့မဟုတ် ဘေးအန္တရာယ် တစ်ခုခု ကျရောက်နေသလားဟု အတပ်မသိနိုင်သဖြင့် လဖိုင်လသည် ခြေသံလုံသူ တစ်ဦးကို စနည်းနာရန် လွှတ်လိုက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

ခဏအကြာတွင် စနည်းနာသူ ပြန်လာသည်။ ကင်းတွင်လူနှစ်ယောက် ရှိသည်။ သူတို့သည် အိပ်ပျော်နေခြင်းလည်း မဟုတ်။ အမူးလွန်နေခြင်းလည်း မဟုတ်။ တမင်ငြိမ်သက်နေခြင်းဖြစ်သည်။ မသိမသာ လှုပ်ရှားကြသည်များကို သူမြင်ရသည်။ ပုံပန်းသဏ္ဍာန်ကို အတိအကျ မမြင်မတွေ့ရသော်လည်း သူတို့လူများ ဟုတ်ဟန်မတူကြောင်း ပြောသည်။ လဖိုင်လစိတ် တွင် သံသယနှင့် ဒေါသများ တစ်ပြိုင်နက်တည်း ဝင်လာသည်။ လဖျဂမ်သည် တလုံတွင် မိမိတို့ကို မည်သို့မျှ မပြုလိုက်သော်လည်း မိမိတို့မရှိစဉ်တွင် ဗဟိုစခန်းကို အလစ်ဝင်၍ စီးချေပြီဟု တွက်လိုက်သည်။ ဗဟိုစခန်းကို သူတို့မည်သို့ သိနိုင်သည်ကိုကား သူ မမှန်းတတ်။ သူတို့အထဲတွင် သစ္စာဖောက်တစ်ယောက် ရှိနေချေပြီလား။ တောင်ဘက်ကင်းငယ် နှစ်ခုနှင့် ဗဟိုစခန်းမကြီး၏ အခြေအနေ မည်သို့ရှိချေပြီနည်း။ မခေါင်ညွှယ် ကံကြမ္မာ မည်သို့ဖန်နေချေပြီနည်း။ သူ့ရင်တွင် သံသယနှင့် ဒေါသအပြင်စိုးရိမ်စိတ်ပါ ရောဝင်လာသည်။ ဒဏ်ရာရသူနှင့် ဖျားနေသူများကော။

နောက်တစ်ခု သူ စဉ်းစားပြန်သည်။ ကင်းစခန်းတွင် ရှိနေသူနှစ်ဦးသည် ရန်သူဖြစ်ငြားအံ့ သူတို့သည် မိမိတို့ရောက်နေမှန်းကို သိလျှင် သူတို့နှစ်ဦးတည်းသာဆိုလျှင် အခုလိုငြိမ်၍ စောင့်နေမည်မဟုတ်။ သူတို့နှစ်ဦးတည်းနှင့် မိမိတို့ကို တိုက်ခိုက်မည်မဟုတ်။ သူတို့နှစ်ဦး၏နောက်တွင် ရန်သူများ အထုအထည်နှင့် ရှိနေရမည်။ ကင်းစခန်းနှင့် ဗဟိုစခန်းကြားတွင် တောင်တန်းငယ်တစ်ခုရှိသည်။ ရန်သူများသည် ယင်းတောင်တန်းငယ်တွင် ပုန်းအောင်နေပြီး ကင်းစခန်းအနီးသို့ မိမိတို့ရောက်လာချိန်မှ အလုံးအရင်းနှင့် တိုက်ကြမည့်ဟန်ရှိသည်။ တောင်ကုန်းငယ်သည် ပစောက်သဏ္ဍာန်ရှိ၍ မိမိတို့သည် ရန်သူ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို တစ်မုဟုတ်ချင်းမှာပင် ခံရမည်။ သို့သော် ဤသည်များအားလုံးမှာ သူ၏တွေးဆချက်များသာဖြစ်သည်။ ဟုတ်၏ မဟုတ်၏ အသေအချာ မပြောနိုင်။ အတိအကျ သိအောင် သူကြံဆောင်ဖို့ လိုသည်။ အရုဏ်တက်ပြီဖြစ်သော်လည်း တော်တော်နှင့် နှင်းကွဲဦးမည် မဟုတ်ချေ။ ကိုယ်ဖျောက်၍ သွားလာနိုင်ခွင့် အချိန်တော်တော်များများ ရှိသေးသည်။ ထို့ပြင် ရန်သူတို့သည် မိမိတို့ ရှေ့မတိုးဘဲနှင့် ထွက်လာပြီး တိုက်ရဲမည်မဟုတ်။ မိမိတို့ ရှိနေသည့်နေရာမှာလည်း ခံစစ်အတွက် နေရာကောင်းဖြစ်သည်။ အချိုင့်အဝှမ်းနှင့် အမြင့်အမောက် ပေါသော ကုန်းမြင့်ကြောတစ်ခု ဖြစ်သည်။ ရန်သူများ တက်လာလျှင် မိမိတို့က အသာစီးရသည်။ လဖိုင်လ အကြံတစ်ခုရသည်။ ယင်းကား ကင်းစခန်းနှင့် နောက်ဘက်တွင်ရှိသော တောင်တန်းငယ်ကို မြောက်ဘက်လှမ်းလှမ်းမှ ကွေ့ပတ်၍ ဗဟိုစခန်းမကြီးသို့ သွားရောက်ကင်းထောက်ရန် ဖြစ်သည်။ ချက်ချင်းပင် ထိုအကြံကို အကောင်အထည် ဖော်သည်။ တပ်ကို နေရာယူစေသည်။ ဘောင်ယိန်းကို ထားရစ်သည်။ လူတစ်ယောက်ခေါ်၍ သူကိုယ်တိုင် အထောက်အလှမ်းထွက်သည်။ အကြောင်းမှာ ယခုအခြေအနေသည် အရေးကြီးလှသည်။ တစ်ချက်မှားလျှင် တပ်လုံးပြုတ်နိုင်သည်။ ကင်းထောက်သူ နှစ်ဦးသည် တိုးတိတ်ခြင်းလည်း ရှိစေသည်။ မြန်ဆန်ခြင်းလည်း ရှိစေသည်။ ကျားချောင်းသည်သို့ ချောင်းနေကြသော ရန်သူများ မသိအောင် ဗဟိုစခန်းအနီးသို့ လျှင်မြန်စွာ ရောက်ရှိသွားစေရန် ဖြစ်သည်။ သို့သော် သူတို့သည် အခြေအနေ အရပ်ရပ်ကို သိရန် ဗဟိုစခန်းအနီးသို့ ရောက်ရန် မလိုတော့ချေ။ ပစောက်သဏ္ဍာန် တောင်တန်းငယ်ထိပ်မှာပင် အကြောင်းစုံ သိရသည်။

သူတို့သည် သတိကြီးစွာထား၍ သွားနေသည့်ကြားကပင် မြေတွင်လဲနေသော လူတစ်ယောက်ကို ဝင်၍ တိုက်မိသည်။ ထိုသူကား ဗဟိုစခန်းတွင်တာဝန်ကျသူဖြစ်သည်။ ပထမတော့ ထိုသူ သေပြီဟု သူတို့အောက်မေ့သည်။ ထိုသူ၏ကိုယ်တွင် သွေးများ စေးထန်းနေသည်။ ထိုသူ၏ခြေလက်များ

MMCYBERMEDIA
COMMUNITY FOR ALL

အေးနေသည်။ ထိုသူငြိမ်နေသည်။ သို့သော် ထိုသူ၏ ရင်ဘတ်ကို လဖိုင်လ လက်ဝါးဖြင့် အုပ်ကြည့်သောအခါ အသက်ရှိသေးကြောင်းတွေ့ရသည်။

"ဟဲဇာဒီး၊ ဟဲဇာဒီး"

လဖိုင်လ ခပ်တိုးတိုး ခေါ်သည်။ လဲနေသူ၏ ခေါင်းကို ထူမသည်။ ထိုသူ မသေသေးသည် အမှန်ဖြစ်၏။

ဟဲဇာဒီးသည် ဒဏ်ရာပြင်းထန်စွာ ရှိနေသော်လည်း စကားယဲ့ယဲ့ ပြောနိုင်သေးသည်။ သူသည် ထွက်လုဆဲဆဲဖြစ်သော အသက်ကို အောင့်နိုင်သမျှအောင့်ထားပြီး ပိုးလောက်လန်းတစ်ကောင်ကဲ့သို့ ခက်ခဲပင်ပန်းစွာ တွား၍ တွား၍ သွားနေခြင်း ဖြစ်သည်။ သူ၏အကြံအစည်မှာလည်း ပစောက်တောင်တန်းငယ်နှင့် အရှေ့ကင်းကို ကွေ့ပတ်၍ လဖိုင်လတို့ကို ဆီးကြို သတိပေးနိုင်ရန်ဖြစ်သည်။ ဤတောင်တန်းငယ်ထိပ်သို့အရောက်တွင် လူနှစ်ယောက်၏ခြေသံကို ကြားသဖြင့်၊ ရန်သူ မိတ်ဆွေ မခွဲခြားနိုင်သဖြင့် သေဟန်ပြုနေခြင်း ဖြစ်ပေသည်။ သူ့အနီးတွင် ရောက်ရှိနေသူများသည် လဖိုင်လနှင့် မိတ်ဆွေတစ်ဦးဖြစ်မှန်းသိသောအခါတွင် လဖိုင်လတို့ မရှိစဉ်တွင် ဖြစ်ပျက်သည်များကို နား၍နား၍ ပြောသည်။ အားယူ အားတင်း၍ ပြောသည်။ သူ့အသံသည် ရံဖန်ရံခါတွင် ပျောက်မလောက် တိမ်ဝင်သွားသဖြင့် လဖိုင်လတို့ မနည်း အားစိုက် နားထောင်ရသည်။ ရံခါတွင် စကားလုံးမပီသမကွဲပြားသဖြင့် ထပ်မေးရသည်။

ကြားသိရသည်တို့မှာ ရင်နင့်ဖွယ်ရာနှင့် မခံချည့်ဖွယ်ရာကောင်းလှသည်။ သူတို့၏ ဗဟိုစခန်းကို စီးနင်းထားသူများမှာ အင်္ဂလိပ်တပ်များ မဟုတ်ဘဲ ဂေါ့ယွန်ဒူးဝါး ဇော်တူး ဦးစီးသော မိမိတို့ ကချင်အမျိုးသားချင်းပင် ဖြစ်သည်။ မိမိတို့ ဗဟိုစခန်းကို ဂေါ်ရခါးတပ်သားများ၊ ဂေါ်ရာတပ်သားများနှင့် ပန်ချာပီတပ်သားများ အလွယ်တကူ ရောက်လာရန် မလွယ်ချေ။ သို့ဖြင့် အင်္ဂလိပ်တို့သည် အကြံတစ်ခု ပြုသည်။ လဇျဂမ်တို့ ဇော်တူးတို့နှင့် အတိုင်အပင်ပြုသည်။ ဤတွင် လဇျဂမ်က လဖိုင်လကို တလုံခေါ်၍ လက်နက်ချရန် ပြောသည်။ တပ်အင်အားအများစု တလုံဘက်သို့ ရောက်နေစဉ်တွင် ဇော်တူးဦးစီးသော ကချင်အမျိုးသားပုလိပ်များသည် အရပ်ဝတ်အရပ်စားများဖြင့် ဗဟိုစခန်းကို အလစ်တွင် တိတ်တဆိတ် ဝင်ရောက်စီးနင်းကြခြင်း ဖြစ်သည်။ တောင်ဘက်တွင်ရှိသော ကင်းနှစ်ခု၊ အနောက်ဘက်တွင်ရှိသော ကင်းတစ်ခုနှင့် အရှေ့ဘက်တွင်ရှိသော ကင်းတစ်ခု၊ ပေါင်း လေးခုစလုံးကို သူတို့လူခွဲ၍ တစ်ပြိုင်တည်း စီးနင်းတိုက်ခိုက်ကြသည်။ ကင်းသမားများသည် ရဲရင့်စွာ ပြန်လှန်တိုက်ခိုက်ကြသည်။ အလောင်းချင်းထပ်ကြသည်။ သို့သော် ရန်သူကလက်ဦးမှု လည်းရှိ၊ အင်အားသာခြင်းလည်း ရှိသဖြင့် သူတို့၏ဝိညာဉ်များနှင့်အတူ ကင်းစခန်းများကို ပေးအပ်လိုက်ကြရသည်။

ကင်းစခန်းများကို တိုက်ခိုက်သည်နှင့်တစ်ချိန်တည်းမှာပင် ဗဟိုစခန်းမကြီးကို ဇော်တူးကိုယ်တိုင် ဦးစီးကွပ်ကဲ၍ တိုက်ခိုက် သိမ်းပိုက်ခြင်း ပြုသည်။ ဗဟိုစခန်းမကြီးတွင် သန်သန်မာမာဟူ၍ ဟဲဇာဒီးနှင့် မခေါင်ညွယ်တို့ နှစ်ယောက်သာ ရှိသည်။ ကျန်လူများမှာ ဒဏ်ရာရသူ သုံး၊ ဖျားနာသူ နှစ်။ သို့သော် ရန်သူများက မိမိတို့ကို တိုက်ခိုက်ပြီဟု သိသောအခါ ဒဏ်ရာရသူနှင့် နာမကျန်းသူများသည် မဖြစ်ဖြစ်သည့်နည်း ဖြင့်၊ မရှိ ရှိသည့်အားဖြင့် ရန်သူကို ခုခံတိုက်ခိုက်ကြသည်။ ဟဲဇာဒီးနှင့် မခေါင်ညွယ်ကို အကူအညီပေးကြသည်။ ဟဲဇာဒီး၏ အပြောအရဆိုရင် မခေါင်ညွယ်သည် အံ့ဩဖွယ်

MMCYBERMEDIA
COMMUNITY FOR ALL

ကောင်းလောက်အောင်ပင် ခုခံတိုက်ခိုက်ခြင်းပြုသည်။ သူမ၏လက်ချက်ဖြင့် ရန်သူနှစ်ယောက်ကျ၍ သုံးယောက် ဒဏ်ရာရသည်။ နောက်ဆုံးတွင် ရန်သူများက သူမကို အတင်းလုံးပူး၍ ဖမ်းသဖြင့် အရှင်မိသွားကြသည်။ နာမကျန်းသူများနှင့် ဒဏ်ရာရသူများလည်း သစ္စာဖောက်များနှင့် အလောင်းချင်း ထပ်သွားကြတော့ သည်။ ယင်းသို့ တိုက်ပွဲများ ရှုပ်ယှက်ခတ်နေသည့်ကြားမှပင် ဟဲဇာဒီးသည် သစ္စာဖောက်တစ်ဦး၏ လည်ပင်းတွင်ဓားတင်၍ ရန်သူ၏အခြေအနေများကို စုံစမ်းမေးမြန်းနိုင်ခဲ့သည်။ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မြစ်ကြီးနားရှိ ကချင်ပုလိပ်များနှင့် သူ၏လူရင်းများကို စုစည်းလာသဖြင့် ဒူးဝါး ဇော်တူးတွင် အင်အား ငါးဆယ်ခန့် ရှိသည်။ များမကြာမီတွင် ကာမိုင်းနှင့် ဆမားဘက်မှ အင်္ဂလိပ်တပ်များ ထပ်မံရောက်ရှိလာမည် ဖြစ်သည်။ ဗဟိုစခန်းကို ဇော်တူးတို့ သိရှိသွားပုံမှာ သူတို့အဖို့ ရင်ထုမနာဖြစ်စရာတည်း။ ဇော်တူး၏ပေါက်ရောက်သော အထောက်အထားကား အခြားမဟုတ်။ သူတို့ကိုယ်တိုင် ထမ်းပိုးခေါ်ဆောင်ခဲ့ပြီး စားကောင်းသောက်ဖွယ်များ ကျွေးကာ အပြင်ကင်းစခန်းအထိ လိုက်လံပို့ဆောင်လိုက်ရသော ကလေးသုံးယောက်မိခင် ကချင်အမျိုးသမီးပင် ဖြစ်တော့၏။

ဟဲဇာဒီးသည် ပထမသော် သေသည်အထိ ခုခံတိုက်ခိုက်မည် ပိုင်းဖြတ်သည်။ သူကိုယ်တိုင်တွင်လည်း ဒဏ်ရာများ ပြည့်နှက်နေပြီ ဖြစ်သည်။ သို့သော် လဖိုင်လတို့ကို သတိပေးရန် ပိုမိုအရေးကြီးကြောင်း စဉ်းစားမိသဖြင့် ဝန်းရံထားသော ရန်သူများကို ဖောက်ထွက်ခဲ့ခြင်းဖြစ်သည်။ ဤနေရာမှ လဖိုင်လတို့ အလျင်အမြန် မဆုတ်ခွာနိုင်လျှင် ဇော်တူးတို့နှင့် စစ်ကူရောက်လာသော အင်္ဂလိပ်တပ်တို့၏ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် တပ်လုံး ပြုတ်ရမည်ဖြစ်သည်။ ဟဲဇာဒီးသည် လဖိုင်လတို့ကို ဤနေရာမှ အမြန်ဆုံးဆုတ်ခွာကြရန် နောက်ဆုံး သတိပေးပြီးနောက် အောင့်အည်းထားသော အသက်ကို ထုတ်လွှတ်လိုက်လေတော့သည်။

သို့သော် လဖိုင်လသည် ဆုတ်ဖို့ စိတ်မကူး။ မခေါင်ညွယ်သည် ရန်သူ၏လက်တွင် ရောက်ရှိနေသည် မဟုတ်လား။ လဖိုင်လသည် လဗျာဂမ်ကို မုန်းတီးသကဲ့သို့ ဂွေါယွန်ဒူးဝါး ဇော်တူးကိုလည်း ခါးခါးသီးသီး မုန်းတီးလေသည်။ ဇော်တူးသည် ပဝေသဏီကတည်းကပင် ဂွမ်လောင်အစုကို ဆန့်ကျင်ခဲ့သည်။ နယ်သူနယ်သားများကို နိပ်စက်ညှဉ်းပန်းခဲ့သည်။ အင်္ဂလိပ်များနှင့် လုံးဝပူးပေါင်းပြီး အရေးတော်ပုံတပ်များကို ကိုယ်ဖိရင်ဖိ ဆန့်ကျင်နှိမ်နင်းခဲ့သည်။ လဗျာဂမ်နှင့် ဇော်တူးတို့ သည် ယခင်က တစ်ဖက်စီဖြစ်သော်လည်း ယခုမူ သခင်တစ်ဦးတည်း၏ လက်ရင်းကျွန်များ ဖြစ်နေကြချေပြီ။ လဗျာဂမ်နှင့် ဇော်တူးတို့၏ တိုက်ခိုက်ချေမှုန်းမှုကြောင့် မိမိတို့စခန်း ပျက်ပြုန်းရခြင်းကိုလည်းကောင်း၊ မိမိ၏လူ အမြောက်အမြား ကျဆုံးရခြင်းကိုလည်းကောင်း၊ လဖိုင်လ နည်းနည်းမှ မကျေနပ်နိုင်ရှိသည်။ ယင်းအပြင် ရန်သူလက်တွင် မခေါင်ညွယ် အသက်ရှင်လျက် ရှိနေမှန်းသိလျက်နှင့် တပ်ဆုတ်သွားရန် မည်သည့်နည်းနှင့်မျှ စဉ်းစား၍ မရနိုင်ပါချေ။ သူက မဂမ်ကိုလည်း ကတိပြုခဲ့သည် မဟုတ်လား။ ၎င်းရှိရာသို့ ၎င်းမိခင်ကို လွှတ်လိုက်မည်ဟူ၍။

သို့ဖြင့် လဖိုင်လသည် ရန်သူကို တိုက်ရန် ဆုံးဖြတ်သည်။ သို့သော် သူတို့ဘက်မှ အင်အားခြောက်ဆယ်ကျော်မျှ ရှိသည့်အနက် ယခု နှစ်ဆယ်ကျော် ကျသွားပြီ။ ကျန်သည့် လေးဆယ်အနက်မှာ နှစ်ဆယ်လည်း မဂမ်နှင့်အတူ တလုံတွင် ရှိနေသည်။ သူ၏လက်တွင် တပ်သားနှစ်ဆယ်သာ ရှိသည်။ မဂမ်တို့ကို အခေါ်လွှတ်လိုက်လျှင် အသွားအပြန် တစ်နေ့မျှ ကြာမည်။ ညနေမိုးချုပ်မှ ရောက်လာမည်။ သူတို့တပ်မှ လူနှစ်ဆယ် စစ်ကူရသည့်အချိန်တွင် ဇော်တူးတို့ဘက်မှ အင်္ဂလိပ် တပ်သား အနည်းဆုံး လေးဆယ်မျှ စစ်ကူရနိုင်သည်။ သို့ဖြစ်၍ သူသည် စစ်ကူစောင့်၍ကား

MMCYBERMEDIA
COMMUNITY FOR ALL

မဖြစ်နိုင်။ သူ၏တပ်တွင် ယခုရှိသည့်အင်အားနှင့်လည်း ဇော်တူးတို့ကို အနိုင်တိုက်နိုင်ဖို့ မလွယ်။ ဇော်တူးတွင် လူအင်အား ငါးဆယ်ခန့် ပါရှိလာရာ စောစောက တိုက်ပွဲများတွင်ဆယ်ယောက်ခန့်ကျသည် ထားဦး၊ သူတို့ထက် နှစ်ဆမျှ ဖြစ်နေသေးသည်။ ထို့ပြင် ၎င်းတို့တွင် နေရာကောင်း ရထားသည်။ လက်နက်ကောင်းများ ရှိသည်။ စစ်ရေး စနစ်တကျ လေ့ကျင့်ထားသည်။ ဇော်တူးမှာလည်း အတိုက်အခိုက် နိုင်နင်းသူတစ်ဦးဖြစ်သည်။

ယင်းကြောင့် လဖိုင်လသည် ဇော်တူးတို့ကို အလစ်တွင် လျှပ်တစ်ပြက် တိုက်ခိုက်ပြီးနောက် မခေါင်ညွှယ်ကို ကယ်တင်ကာ ချက်ချင်းပြန်ဆုတ်ရန် ဆုံးဖြတ်သည်။ တိုက်ရန် လမ်းကြောင်းမှာ ယခုအတိုင်းပင် မြောက်ဘက်မှ ဖောက်ဝင်ရမည်။ ရန်သူတို့သည် ဗဟိုစခန်း၏ အရှေ့ဘက် အနောက်ဘက်နှင့်တောင်ဘက်တွင် ရှိနေကြသည်။ မြင့်မားသောတောင်တန်းကို ဖြတ်ကျော်၍ ခုခုရောက်နယ်သို့ ဝင်ရမည်။

ထိုသို့ ပိုင်းဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် လဖိုင်လသည် သူနှင့်အတူပါလာသူကို ဘောင်ယိန်းတို့ထံ ပြန်လွှတ်လိုက်သည်။ ဘောင်ယိန်းတို့သည် မြောက်ဘက်မှ တိတ်တဆိတ် ဝင်ရောက်ပြီး တောင်ကုန်းငယ်နှင့် ဗဟိုစခန်းကြားသို့ ဝင်ရမည်။ လူတချို့က တောင်ကုန်းငယ်ဘက်မှ လူများ ဗဟိုစခန်းဘက်သို့ ရောက်မလာနိုင်ရန် တားထားရမည်။ ကျန်ရှိသူများက ဗဟိုစခန်းကို တရကြမ်းစီးနင်းပြီး မခေါင်ညွှယ်ကို ကယ်တင်ရမည်။ ဤတိုက်ပွဲတွင် မိမိတို့ဘက်မှ အကျအဆုံး နည်းနိုင်သမျှ နည်းစေရမည်ဟု ဆက်သားကို မှာလိုက်သည်။ ဆတ်သားသည် အမြန်ဆုံးထွက်ခွာသွားသည်။

လဖိုင်လသည် ဘောင်ယိန်းတို့ ရောက်အလာကို ထိုနေရာမှ စောင့်မနေတော့ဘဲ သတိကြီးစွာဖြင့် ဗဟိုစခန်းအနီးသို့ ချဉ်းကပ်သွားသည်။ ဗဟိုစခန်းကို ကျုံးပတ်ထားသည်။ သစ်တပ် ဝိုင်းထားသည်။ ကြောင့်များကိုမနင်းမိအောင် သတိထားပြီး ကျုံးကိုဖြတ်သည်။ သစ်တပ်မှာမူ စောစောက တိုက်ပွဲကြောင့် အချို့နေရာများတွင် ကျိုးပေါက်လျက်ရှိသည်။ သို့ဖြင့် လဖိုင်လသည် သစ်တပ်တွင်းသို့ တံခါးပေါက်များမှ မဝင်ရောက်ဘဲ အကျိုးအပေါက်တစ်ခုမှနေ၍ တိတ်တဆိတ် ဝင်ရောက်ခဲ့သည်။ သစ်တပ်၏အလယ်တွင် သူ၏တဲရှိသည်။ ဇော်တူးသည်လည်းကောင်း၊မခေါင်ညွှယ်သည်လည်းကောင်း သူ၏တဲမှာပင် ရှိနေရမည်ဟု သူ တွက်သည်။ သူ၏တဲကို အနောက်ဘက်မှ အသာကပ်သည်။ တဲအတွင်းသို့ ချောင်းကြည့်သည်။ သူတွက်ဆထားသည့်အတိုင်းပင် မီးဖိုတစ်ခုဘေး၌ ဇော်တူးနှင့် မခေါင်ညွှယ်ကို တွေ့ရသည်။ မခေါင်ညွှယ်ကို လက်ပြန်ကြိုး တုပ်ထားရုံမျှမက ဘေးနှစ်ဘက်မှ လူနှစ်ယောက် စောင့်ကြပ်နေသည်။ လဖိုင်လ ပြုံးမိသည်။ မိန်းမ တစ်ယောက်ကိုပင် သူတို့ ဤမျှ ကြောက်ကြသည်လား။

"နင့်ယောကျ်ားကို အညံ့ခံအောင် နင်ပြောမလား"

ဇော်တူးက ခေါင်ရည်ကို မော့ရင်း မေးသည်။

"မပြောဘူး"
"လဖိုင်လက နင့်ယောကျ်ားလား"
"မသိဘူး"
"နင် ငါ့မိန်းမ လုပ်မလား"

"မလုပ်ဘူး"

မခေါင်ညွှယ်၏အသံ ကျယ်လောင်လှသည်။ လဖိုင်လသည် ယခု ချက်ချင်းပင် တဲပေါ်သို့တက်၍ ဇော်တူးကို ဓားဖြင့် ပိုင်းဖြတ်လိုက်ချင်သည်။ သို့သော် တဲအနီးတွင်လည်းကောင်း၊ သစ်တပ်အတွင်း၌ လည်းကောင်း ဇော်တူး၏လူများ ဆယ့်လေးငါးယောက် ရှိနေသည်ကို တွေ့မြင်နေရသဖြင့် စိတ်ကို အသာချုပ်တည်းထားရသည်။ ဘောင်ယိန်းတို့ ရောက်အလာကို စောင့်ဆိုင်းနေရသည်။

"နင်သေမှာ မကြောက်ဘူးလား"
"မကြောက်ဘူး"

မခေါင်ညွှယ်၏အသံသည် တစ်ခွန်းပြော တစ်ခါကျယ် ဖြစ်သည်။ ဇော်တူးသည် မခေါင်ညွှယ်၏ မျက်နှာကို ပက်လိုက်သည်။ အမျိုးသမီးက တံတွေးထွေးသည်။ ဇော်တူး ထိုင်ရာမှ ထ၍ မခေါင်ညွှယ်ထံ လျှောက်သွားသည်။

"နင်ငါ့မိန်းမ ဖြစ်ရမယ်"

ထိုစဉ်တွင် သစ်တပ်အရှေ့ဘက်မှ သေနတ်သံများ ဆူညံစွာ ပေါ်ထွက်လာသည်။ ဘောင်ယိန်းတို့လူစု ရောက်လာပြီဖြစ်သည်။ ဘောင်ယိန်းတို့ကပင် အရှေ့ဘက်သို့ တစ်စု၊ အနောက်ဘက်သို့ တစ်စု နှစ်စုခွဲ၍ စတင်တိုက်ခိုက်ခြင်းဖြစ်သည်။ တဲအတွင်းရှိ ရန်သူများနှင့် သစ်တပ်အတွင်းရှိ ရန်သူများ အရှေ့ဘက်သို့ ပြေးထွက်သွားကြသည်။ ဇော်တူးလည်း တဲရှေ့စင်္ကြံမှနေ၍ အပြင်သို့ လှမ်းမျှော်ကြည့်သည်။ လဖိုင်လသည် ပထမတွင် သေနတ်ကို အသုံးပြုမည် စိတ်ကူးသည်။ သို့သော် ထိုအကြံကို စွန့်လွှတ်လိုက်သည်။ သူက ဇော်တူးကို တိတ်တဆိတ် နောက်မှနေ၍ သေနတ်ဖြင့် မပစ်ချင်။ အသေအချာ ပြောဆိုပြီးမှ ဓားနှင့် ပိုင်းချင်သည်။ သို့ဖြင့် လဖိုင်လသည် သေနတ်ကို ပစ်ချလိုက်ပြီး ဓားကို ထုတ်သည်။ တဲအကာပြုထားသော တောင်ထန်းလက်များကို ဓားဖြင့် တွက်လိုက်သည်။ ထန်းလက် နှစ်ခုပြုတ်ကျသွားသည်။ လဖိုင်လ ခုန်တက်လိုက်သည်။ နောက်ဘက်မှ အသံကြားသဖြင့် ဇော်တူး လှည့်ကြည့်သည်။ လဖိုင်လကိုမြင်သော် ပထမ ကြောင်အမ်းနေသည်။သူ့ထံသို့ လဖိုင်လပြေးလာသည်ကို မြင်တော့မှ ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်သည်။ လဖိုင်လသည် လက်မှဓားကို လှံပြု၍ ပစ်လိုက်သည်။ ဇော်တူး၏လက်မောင်းကို လင်းကင်းဓားအသွား ရှပ်သွားသည်။ ခြောက်လုံးပြူး အောက်သို့ စိုက်သွားသည်။ အသံ မြည်ဟိန်းသည်။ လဖိုင်လ၏ ရှေ့တစ်လံလောက်ရှိ ကြမ်းကိုဖောက်သွားသည်။ ဇော်တူး နောက်တစ်ချက် မပစ်နိုင်မီမှာပင် ဇော်တူး၏လက်မှ သေနတ်ကို လဖိုင်လ ခြေဖြင့် ခတ်ပစ်လိုက်သည်။ ဇော်တူးက လဖိုင်လကို အတင်းဝင်ပူးသည်။ လဖိုင်လ ခါလိုက်သည်။ ဇော်တူး ကြမ်းပြင်ပေါ်သို့ ဘေးစောင်းလဲကျသည်။

ဇော်တူးပြန်ထမည်ပြုသောအခါ လဖိုင်လသည် ဓားကို လျင်မြန်စွာ ကောက်ယူ၍ ဇော်တူး၏ ဇက်ကို ပိုင်းဖြတ်ရန် ရွယ်မိုးထားပြီး ဖြစ်နေသည်။ ဇော်တူး အလိုလို ပြန်လဲကျသွားသည်။

"သစ္စာဖောက်တွေအတွက် ဟောဒါဟာ နောက်ဆုံးဆုပဲ အေး"

MMCYBERMEDIA
COMMUNITY FOR ALL

ယင်းသို့ ကြုံးဝါးရင် လဖိုင်လသည် ဓားကို အားကုန် ပိုင်းချလိုက်သည်။ တိုတောင်းသော ဝက်အော်သံမျိုး ပေါ်ထွက်သည်။ ထို့နောက်တွင် လဖိုင်လသည် မခေါင်ညွှယ်တွင် ချည်ထားသော ကြိုးများကို ဖြေသည်။ ထို့နောက် မခေါင်ညွှယ်ကို အတင်းဆွဲခေါ်၍ တဲပေါ်မှ ဆင်းသည်။ နှစ်ယောက်စလုံး လိမ့်ကျသည်။ မခေါင်ညွှယ် မလျှောက်နိုင် မပြေးနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြင့် လဖိုင်လသည် မခေါင်ညွှယ်ကို ပခုံးတွင်ထမ်းလျက် မြောက်ဘက်သို့ ပြေးသည်။ သူဝင်သည့်အပေါက်မှ ထွက်သည်။ ကျုံးကို သတိထား၍ ဖြတ်သည်။ တောင်တန်းငယ်နှင့် ဗဟိုစခန်း ရှေ့မျက်နှာကြားတွင်ကား သေနတ်သံများ ဆူညံနေသည်။ အော်သံ ဟစ်သံများ ကမ္ဘာမီးလောင်သကဲ့သို့ ရှိသည်။ ကျုံးကိုဖြတ်ကူးမိသောအခါ လဖိုင်လသည် သူ့တပ်ကို ဆုတ်ခွာရန် အော်ဟစ် အမိန့်ပေးသည်။ ထိုစဉ်တွင် သူ့ကျော ပူနွေးသွားသည်။ ထို့နောက် သူဘာမှ မသိတော့။ သူ မျက်လုံးကို ဖွင့်ကြည့်သောအခါ မခေါင်ညွှယ်၏ မျက်နှာကို ခပ်ဝါးဝါးမြင်ရသည်။ သူမျက်လုံးများ ပြန်မှိတ်သည်။ သူဘာဖြစ်မှန်း မသိ၍ဖြစ်သည်။ မျက်လုံးမှိတ်ထားရင်း စဉ်းစားသည်။ တိုက်ပွဲကို သတိရသည်။ သူမျက်လုံး ပြန်ဖွင့်သည်။ ယခုအခါ မခေါင်ညွှယ်၏မျက်နှာကို အတော်ကလေး ကြည်လင်ဝင်းပသည်။ သူ့ကို စိုးရိမ်စိတ်၊ ကြင်နာယုယ စိတ်တို့ဖြင့် ငုံ့ကြည့်နေသည်။ ထိုအခါတွင်မှ သူသည် မခေါင်ညွှယ်၏ ရင်ခွင်ထဲတွင် ရှိနေကြောင်းကို သိရသည်။ ဘေးနှစ်ဖက်သို့ အနည်းငယ် စောင်းငဲ့ကြည့်သည်။ သူ့လူများ၏ စိုးရိမ်ကြောင့်ကြသော မျက်နှာများကို တွေ့ရသည်။ သူတို့တွင်လည်း သွေးများ ဒဏ်ရာများနှင့် ဖြစ်သည်။ ဘောင်ယိန်းကို တွေ့ရသည်။ ဘောင်ယိန်း၏မျက်နှာတွင်လည်း သွေးများ ဖုံးလွှမ်းနေသည်။

"တိုက်ပွဲပြီးသွားပလား"

သူမေးသည်။ သူ့အသံ တိုးသည်။ သူတို့ ခေါင်းညိတ်သည်။

"နင် စကားမပြောနဲ့ဦး"

မခေါင်ညွှယ်က တိုးညင်းစွာ ဆိုသည်။

"ငါတို့ အခုဘယ်ရောက်နေသလဲ"
"ရပုံဘွန်"
"ငါတို့ ဆုတ်ခဲ့တယ်"
"အေး"
"ရန်သူလိုက်လာသလား"
"မလိုက်ရဲပါဘူး။ အခုဆိုရင် ကာမိုင်းကိုတောင် ပြန်ပြေးကြရော့မယ်။ အင်္ဂလိပ်က ဆုတ်ဖို့ ပြောလို့သာ။ မဟုတ်ရင် ဒီကောင်တွေ အခုလောက်ဆိုရင် မျိုးပြုတ်ပြီ။ အခုတောင် အနည်းဆုံး ဆယ်ကောင်လောက် ပြုတ်သွားတယ်"

ဘောင်ယိန်းက အားမာန်ဖြင့် ပြောသည်။

"ငါတို့ဘက်က ဘယ်နယောက်ကျသလဲ"
"တစ်ယောက်မှ မကျဘူး"

MMCYBERMEDIA
COMMUNITY FOR ALL

"အေး ကောင်းတယ်"

မခေါင်ညွှယ်က လဖိုင်လ၏ နဖူးမှ ချွေးစေးနှင့် သွေးစေးများကို သုတ်ပစ်သည်။

"နင် ဘာမှ မဖြစ်ပါဘူးနော်"

မခေါင်ညွှယ်ကို မော့ကြည့်၍ လဖိုင်လ မေးသည်။

"ငါ ဘာမှ မဖြစ်ပါဘူး။ နင် စကားမပြောနဲ့။ နင်မောမယ်"
"ငါ့ကျောကို မှန်သလား။ ငါ့ကျော ပူသွားတာပဲ သိတယ်"

မခေါင်ညွှယ် ခေါင်းညိတ်သည်။ ဘောင်ယိန်းဘက်သို့ လှည့်၍ လဖိုင်လ တစ်လုံးချင်းပြောသည်။

"နင်တို့ ဒီကနေ ခခရောက်ကို ဆုတ်ကြ။ မဂမ်ကိုလည်း အကြောင်းကြား။ ဘကြီးမုံးကိုလည်း အကြောင်းကြား။ ခခရောက်ကနေ အားစုပြီး ပြန်တိုက်ကြ"
"နောက်မှ ပြောပါအေး။ နင်လည်း ခခရောက်ကို ရောက်မှာပဲ"

မခေါင်ညွှယ် ချိုသာစကား ဆိုသည်။ လဖိုင်လ ခေါင်းခါသည်။

"ခခရောက်ကို ငါမရောက်တော့ဘူး။ ငါ့ရဲ့သချိုင်းဟာ ရပုံဘွန်ပဲ"
"နင် မသေဘူး။ နင့်ဒဏ်ရာ မကြီးဘူး"
"ငါ သိပါတယ်။ ငါ သေရမယ်။ နင့်ရင်ခွင်ထဲမှာ သေရတာပဲ ငါပျော်တယ်"

သူအားယူ၍ ပြုံးသည်။ သူ့မျက်ခွံများ တစ်စစ လေးလံ၍ မှိတ်သွားသည်။ မခေါင်ညွှယ်၏ရင်တွင် ကြည်နူးခြင်းနှင့် ကြေကွဲခြင်း တစ်ပြိုင်တည်း ဖြစ်ပေါ်သည်။

## အခန်း -၁၀၇-

ဆားပြတ်သောအခါ သူတို့အားလုံး ဒုက္ခတွေ့ကြရသည်။ ဆန်မရရှိသည်တွင် အာလူးကို သူတို့စားကြသည်။ ဆီမရရှိသည် တွင် မဦးကို သူတို့သုံးကြသည်။ ဆားမရရှိသောအခါတွင်ကား သူတို့တွင် အစားထိုးစရာ ဘာမျှမရှိ။ သို့ဖြင့် သူတို့ ဆား ရှာပုံတော် ထွက်ကြရသည်။ နစ်ယောက် တစ်စုပြု၍ အစုငယ် သုံးစုကို ဆားရှာလွှတ်လိုက်သည်။ သူတို့ရောက်ရှိနေရာ အရပ်သည် ခေါင်လှသည်။ ရေမြေတောတောင် ကြမ်းလှသည်။ အနီးဆုံးရွာနှင့်ပင် တစ်နေ့ခရီးသွားရသည်။ ယင်းရွာများတွင် လည်း ဆားမရှိချေ။ သို့သော် မြေညီမှလာသော ဆားကုန်သည်များ ရှိတတ်သည်။ ယင်းဆားကုန်သည်များကို ရှာဖွေရန်ဖြစ်သည်။ နစ်ရက်တန်သည် သုံးရက်တန်သည် လှည့်လည်ရှာဖွေလို့မှဆားမရလျှင်မူ သူတို့သည် စွန့်စားခြင်း

MMCYBERMEDIA
COMMUNITY FOR ALL

အမှုတစ်ခု ပြုကြရမည်။ မိုးကောင်းသို့ဆင်း၍ ဆားဝယ်ရမည်။ ထိုအလုပ်သည် အန္တရာယ်များလှသည်။ တောင်ပေါ်မှ ဆင်း၍ ဆားဝယ်လာသူများကို မိုးကောင်းပုလိပ်တို့က အထူးကြပ်မတ် စစ်ဆေးခြင်း ပြုနေသည်။ ဒူးဝါး၊ ဆလန်ဝါတို့၏ ထောက်ခံချက်မပါဘဲ ဆားဝယ်လာသူများကို သူပုန်ဟု သတ်မှတ်ကာ ဖမ်းဆီးနေကြသည်။

ဆားရှာဖွေရေးအစု သုံးစုအနက် တစ်စုသည် ဒုတိယမြောက်နေ့တွင် တရုတ်ဆားကုန်သည်တို့နှင့် တောင်ကြားလမ်းတစ်ခုတွင် တွေ့သည်။ သူတို့က ငွေပေး၍ ဝယ်သည်။ တရုတ်က မရောင်း။ ဘိန်းနှင့်မှ လဲမည်ဟု ဆိုနေသည်။ ထိုအခါ ဆားရှာပုံတော်တွင် အခက်ကြုံနေရသည်။ အထက်လူကြီးများက မှာလိုက်သည်မှာ ဆားကို ရအောင်ရှာရမည်။ သို့သော် လုယူခြင်း မပြုရ။ ကာယကံရှင် ကျေနပ်အောင် ဆောင်ရွက်ရမည်ဟု ဖြစ်သည်။ ဆားကုန်သည်တရုတ်ကြီးသည် ခေါင်းမာလှသည်။ ဘိန်းနှင့် ဖလှယ်ခြင်းမှလွဲ၍ အခြား ဘာနှင့်မျှ မရောင်းနိုင် ပြတ်ပြတ်ပင် ပြောနေသည်။ သူတို့တွင် ဘိန်းမရှိ။ သို့သော် ဆားတွေကို မြင်နေရလျက် မရမရှိ ဖြစ်နေသည်ကို နည်းနည်းမှ မကျေနပ်။ လုယက်ခြင်းသာ ပြုလိုသည်။ သို့သော် လူကြီးများ၏ အမိန့်ကို မလွန်ဆန်ရဲပေ။ နောက်ဆုံးတွင် သူတို့သည် ဤကိစ္စကို လူကြီးများထံ ဆောင်ကြဉ်းသွားရန် ဆုံးဖြတ်သည်။ ဆားကုန်သည် တရုတ်ကြီးကို သူတို့စခန်းသို့ ခြိမ်းခြောက်ခေါ်ဆောင်သွားသည်။ ဆားကုန်သည်ကြီး ပါလာသည်ဆို၍ စခန်းရှိလူများ အားလုံး ဝိုင်းလာကြသည်။ ထိုအထဲတွင် ဘကြီးမုံးနှင့် နန်းရင်တို့လည်း ပါရှိသည်။

"နင်တို့ သူ့ကို ဘာပြုလို့ ခေါ်လာရတာလဲ။ နင်တို့ နားမလည်ဘူးလား"

နန်းရင်က လျှို့ဝှက်ခိုအောင်းရာသို့ လူစိမ်းတစ်ဦး ရောက်ရှိလာသဖြင့် သူ့လူများကို အပြစ်တင်သည်။

"လောပန်းကြီးက သူ့ဆားတွေကို မရောင်းဘူးလို့ ပြောနေတယ်။ ဘိန်းနဲ့မှ လဲမယ်လို့ ပြောနေတယ်။ ကျွန်တော်တို့မှာ ဘိန်းမရှိဘူး။ ဆားတွေကိုလည်း အလွတ်မခံနိုင်တော့တာနဲ့ သူ့ကိုခေါ်လာတာပဲ"

တစ်ယောက်ကပြောသည်။ ထိုစဉ်တွင် လောပန်းကြီးသည် ဘကြီးမုံးကို တစ်လှည့်၊ နန်းရင်ကို တစ်လှည့် ကြည့်၍ ပြုံးနေသည်။ ဘကြီးမုံးနှင့် နန်းရင်တို့ကလည်း လောပန်းကြီးကို မြင်ဖူးသည်ဟု ထင်နေသည်။

"နင်တို့ သူပုန်တွေ မဟုတ်လား"

တရုတ်ကြီးက ညောင်နာနာအသံဖြင့် မေးသည်။ မောင်မျိုးသည် ဓားကို နတ်၍...
"နင်ဘာစကားပြောတာလဲ။ သေသွားမယ်"

ဘကြီးမုံးနှင့် နန်းရင်သည် ထိုအသံကိုလည်း ကြားဖူးသည်ဟုထင်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ငါက နင်တို့ သူပုန်တွေမှန်း မသိလို့ပါ။ အစောကြီးကတည်းက နင်တို့ဟာ သူပုန်တွေလို့ ပြောရင် ငါ့ဆားတွေကို အလကားပေးတာပေါ့"

သူတို့ အတင်းအကျပ်ခေါ်ဆောင်လာသူ နှစ်ဦးအား ခပ်ပြုံးပြုံးကြည့်၍ တရုတ်ကြီးက ပြောသည်။ ထိုအခါ သူတို့အားလုံး ကြောင်စီစီဖြစ်ကြရသည်။

"နင်ဘယ်သူလဲ။ မှန်မှန်ပြောစမ်း။ နင့်ကို ငါမြင်ဖူးတယ်။ နင် ဆဒုံးကလား"

ဘကြီးမုံးက မေးသည်။ တရုတ်ကြီးက မဖြေ။ ပြုံးနေသည်။

"ကျွန်မလည်း သူ့ကို မြင်ဖူးတယ်လို့ အောက်မေ့တယ် ဘကြီးမုံး"

နန်းရင်က ပြောသည်။ တရုတ်ကြီးသည် မေးသိုင်းကြိုးကိုဖြုတ်၍ ခေါင်းတွင်ဆောင်းထားသော မြက်ခမောက်ကြီးကို ချွတ်လိုက်သည်။ လူအားလုံး ဟယ်ခနဲ ဖြစ်သွားသည်။ ခေါင်းတွင် ဆံပင်အရှည်ကို ဖိသိပ်၍ ထုံးထားသည်။

"နင်၊ နင် မဗျိုင်းဖြူ"

ဘကြီးမုံးက တအံ့တသြ ဆိုသည်။

"ဘကြီးမုံးက အသက်ကြီးပေမယ့် အခုထက်ထိ မှတ်ဉာဏ်ကောင်းတုန်းပ။ ဘကြီးမုံးတို့နဲ့ ကျွန်မတို့ ကွဲသွားကြတာ အနှစ် နှစ်ဆယ် ရှိသွားပြီ"
"ကျွန်မကို မှတ်မိရဲ့လား အစ်မငယ်"

နန်းရင် မေးသည်။

"မှတ်မိတာပ။ လွန်ခဲ့တဲ့အနှစ်သုံးဆယ်က ညီမငယ်ကို အစ်မငယ် တစ်ခါသာတွေ့ဖူးပေမဲ့ ကောင်းကောင်းမှတ်မိတာပ။ ညီမငယ်ရဲ့ မျက်လုံးနဲ့ မျက်ခုံးက မောင်ကြီးရွှေဝါနဲ့ တစ်ထေရာတည်းပ"

မဗျိုင်းဖြူက နန်းရင်၏ပခုံးကို ဖက်ညှစ်၍ ပြောသည်။ ထိုအခါ နန်းရင်ကလည်း ပြန်၍ တင်းတင်းဖက်ထားသည်။ ဤအမျိုးသမီးကြီးကို သူမသည် ငယ်စဉ်ကတည်းက လေးစားကြည်ညိုခဲ့သည် မဟုတ်ပါလား။

"နေပါဦး မဗျိုင်းဖြူ၊ နင်ဘယ်လိုဖြစ်ပြီး လောပန်းကြီးဖြစ်လာရတာလဲ"

နယ်စပ်မှ ပြန်လာစဉ်ကမူ မဗျိုင်းဖြူတွင် ရည်ရွယ်ချက် အပြည့်အစုံနှင့် ဖြစ်သည်။ မိမိ၏နယ်မြေတွင် အခြေပြန်တည်၍၊ အားသစ်အင်သစ် တည်ဆောက်၍ နယ်မြေကျူးကျော်သူများကို ထပ်မံတိုက်ခိုက်ရန်ဖြစ်သည်။ သို့သော် လက်တွေ့တွင်ကား ခဲယဉ်းကြောင်း တွေ့ရသည်။ တန်ချိုကူးတို့နှင့်

MMCYBERMEDIA
COMMUNITY FOR ALL

တိုက်ခိုက်ကာ ကောက်ရ ကျဆုံးသွားပြီး ရွှေဝါ ထွက်ပြေးသွားသဖြင့် သူမပါနှင့်မှ လူကိုးယောက်သာရှိတော့သည်။ ယင်းကိုးယောက်အနက် နှစ်ယောက်မှာ ဒဏ်ရာပြင်းထန်သူများ ဖြစ်ကြသည်။ တစ်ယောက်သည် လမ်းတွင် ဒဏ်ရာရင့်ပြီး ဆုံးပါးသွားသည်။ ထို့နောက် ပုလိပ်များနှင့် တိုက်ပွဲတစ်ကြိမ်ဖြစ်၍ နှစ်ယောက် ဆုံးသည်။ သို့ဖြင့် တောင်လေးလုံးအနောက်ဘက်သို့ ရောက်သောအခါတွင် ခြောက်ယောက်သာ ရှိတော့သည်။ မဖျိုင်းဖြူသည် ယခင် အခြေခံနယ်မြေများတွင် တစ်နှစ်ခန့် လှည့်လည်၍ စည်းရုံးခြင်းပြုလုပ်သော်လည်း ထိရောက်မှု မရှိလှပေ။ နောက်ဆုံးတွင် ရှိရင်းလူများပင် ထိုင်ကုန်ကြသဖြင့် သူမနှင့် မဖျင်းညိုတို့နှစ်ယောက်သာ ကျန်ရှိတော့သည်။ သို့ဖြင့် သူတို့လည်း မုံရွာတွင် သွားရောက်၍ ဇာတ်မြှုပ်နေထိုင်ကြသည်။ သို့သော် သူတို့တွင် မျိုးချစ်စိတ်နှင့် တွန်းလှန်တိုက်ခိုက်လိုစိတ်ကား မကုန်ချေ။ အခွင့်အခါကိုသာ စောင့်လင့်နေကြသည်။

ယခုနှစ် မိုးအကုန်ပိုင်းတွင် မိုးကောင်းဒေသ၌ တွန်းလှန်တိုက်ခြင်းများ ပြုကြပြန်ပြီဆိုသောအခါ သူတို့နှစ်ယောက် ချက်ချင်းပင် လာရောက်လိုကြသည်။ သို့သော် မဖျိုင်းညို မကျန်းမမာရှိနေသဖြင့် ရုတ်တရက် မလာရောက်နိုင် ရှိသည်။ နောက်ဆုံးတွင် မဖျိုင်းညိုသည် ရောဂါမသက်သာဘဲ ကွယ်လွန်အနိစ္စ ရောက်သွားသည်။ ထိုအခါ မဖျိုင်းဖြူသည် အသုဘကိစ္စများဆောင်ရွက်ပြီးနောက် တွန်းလှန်တိုက်ခိုက်ရာ နယ်မြေသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ စစ်ကိုင်းဘက်မှ လှည့်၍မိုးကောင်းသို့ မီးရထားဖြင့် တောက်လျှောက်လာခဲ့သည်။ အခြားသော အမျိုးသမီးကုန်သည်များကို အဖော်ပြု၍ မြေလတ်ကုန်းများ ယူဆောင်လာသည်။ ပွဲရုံတစ်ခုတွင် တည်းခို၍ မြို့စနည်းနာသည်။ တိုက်ပွဲများအကြောင်း စုံစမ်းသည်။ ရွှေဝါ အဖမ်းခံရကြောင်း သိရသည်။ နန်းခင် စိတ်ပြောင်းနေကြောင်း သိရသည်။ ကြိုးကြာရွာသစ်တွင် မနင်းမြူရှိကြောင်း သိရသည်။ သို့ဖြင့် မနင်းမြူထံ သွားမည် စိတ်ကူးသည်။ ယင်းစဉ်မှာပင် အကြောင်းအားလျော်စွာ ဘကြီးမုံးတို့လူစု ဤတောင်တန်းများပေါ်တွင် ရှိနိုင်ကြောင်း ပုလိပ်မယားတစ်ယောက်ထံမှ သတင်းကြားရသည်။ ဤဘက်တွင် ဆားအခက်အခဲရှိနေကြောင်း သိရသည်။ သို့ဖြင့် ယင်းပုလိပ်မယားကိုပင် ကပ်ကာ ဆားများ ဝယ်ယူသည်။ ထို့နောက် တရုတ်ဟန်ဆောင်ကာ ယခုကဲ့သို့ ဆားရောင်းထွက်ခဲ့ခြင်းပင်ဖြစ်သည်။ ရှမ်းရွာကချင်ရွာများကို ကွေ့ရှောင်ကာ တောခေါင်ခေါင် တောင်မြင့်မြင့်များပေါ်သို့ တက်ခဲ့သည်။

"ဟောဒီ မောင်ငယ်နှစ်ယောက်ကို တွေ့ကတည်းက ဘကြီးမုံးတို့လူတွေ ဖြစ်မှာပဲလို့ ထင်ပါတယ်။ ဒါနဲ့ တမင် သူတို့စိတ်ကို ဆွပြီး ဒီစခန်းကို ရောက်အောင်ကြံရတာပဲ"

ထိုသူနှစ်ဦးက မဖျိုင်းဖြူကို တောင်းပန်သည်။ သူတို့သည် မဖျိုင်းဖြူကို တွေ့ဖူးမြင်ဖူးခြင်း မရှိသော်လည်း သူမ၏အကြောင်းကိုကား အနည်းနှင့်အများဆိုသလိုကြားဖူးထားကြသူများ ဖြစ်သည်။ လေးစားကြည်ညိုရင်း ရှိထားကြသူများဖြစ်သည်။ မဖျိုင်းဖြူက ဖွေမယူသည့်အပြင် သူတို့ကို ကျေးဇူးတင်ကြောင်း ပြောသည်။

"အိမ်း၊ တို့အဖို့တော့ စိုင်ကော်လို့ ချုံပေါ်ရောက်တာပဲပ။ တို့လိုချင်တဲ့ ဆားကို ရရုံတင်မကဘူး။ လူတစ်ယောက်ပါ အဆစ်ရလာတယ်။ ဒီလူတစ်ယောက်က ပုဂံခေတ်က အပြောနဲ့ပြောရရင် လူတစ်သိန်းနဲ့ ညီတဲ့ လူတစ်ယောက်နော"

မဖျိုင်းဖြူ၏ ပါးပြင် ရဲသွားသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ဘကြီးမုံးတို့ရဲ့ အခြေအနေကကော ဘယ်လိုဖြစ်နေသလဲ။ အောက်ပြည်မှာတော့ မင်းလောင်းမောင်သိုက်၊ မင်းလောင်း မောင်သိုက်နဲ့ နာမည်သိပ်ကြီးတာပ။ သူအခု ဘယ်မှာလဲ"

"အိမ်း၊ တို့များနဲ့ မိန်းကလေး ကံသီလို့ ကနေ့တွေ့ရတာကွယ့်။ စောစောက အကြံတိုင်းဆိုရင် ကနေ့မနက်ပဲ မိုးညှင်းမောင်သိုက်တို့စခန်းကို တို့များ သွားမလို့။ တို့အခြေအနေလည်း ပြောမယ်ဆိုရင် အများကြီးပဲ။ ကောင်းတာလည်း ရှိသပ။ မကောင်းတာလည်း ရှိသပ"

တနိုင်ခစခန်းနှင့် မိုးကောင်းစခန်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်၍ ရန်သူတို့က ဗဟိုစခန်းနှစ်ခုကို တစ်ပြိုင်တည်းတိုက်လာသောအခါ မိုးကောင်းစခန်းရှိ ဘကြီးမုံးတို့အဖို့ သေနင်္ဂဗျူဟာဆုံးဖြတ်ချက်ချမှတ်ရန် ရှိလာသည်။ ဗဟိုစခန်းထားရှိပြီး ထိုမှ ဆင့်ပွားတိုက်ခိုက်ခြင်း ပြုနေသည်ကို ရန်သူတို့က ချေမှုန်းပစ်ရန် အားထုတ်သည်။ ဤတွင် သူတို့ ဆုံးဖြတ်ရသည်။ ဗဟိုစခန်းကို အသေခံ၍ ကာကွယ်မည်လား။ သို့မဟုတ် ဗဟိုစခန်းကို နေရာရွှေ့ပြောင်းမည်လား။ ဗဟိုစခန်းကို အသေခံ၍ ကာကွယ်ရန်ကား မလိုအပ်ဟု သူတို့ နားလည်သည်။ စခန်းတစ်ခုသည် တိုက်ပွဲ၏ အဓိကမဟုတ်။ ယင်းသို့ဆိုလျှင် ဗဟိုစခန်းကို အဘယ်အရပ်သို့ ရွှေ့မည်နည်း။ရှိရင်းအရပ်မှ မြောက်တည့်တည့်သို့ဆုတ်ခွာသွားမည်လော။ မိုင်းခွမ်းကို အခြေပြုမည်လော။ သို့မဟုတ် အရှေ့ဘက်သို့ကူး၍ လဖိုင်လတို့နှင့် ပေါင်းမည်လော။ ထိုမှတစ်ဆင့် အရှေ့ မြောက်ဘက် အရပ်သို့ ဆုတ်ခွာ၍ ဗဟိုစခန်းမကြီး ပြုမည်လော။ တွန်းလှန်ရေးအင်အားစုများအားလုံး ထိုအရပ်တွင် ပေါင်းရမည်လော။

ပထဝီဝင်အနေအထားအရနှင့် နိုင်ငံရေးနောက်ခံတို့အရ မြောက်စူးစူးသို့ ဆုတ်ခွာရန် မသင့်ချေ။ လွန်ခဲ့သည့် အနှစ် သုံးဆယ်ခန့်က ချင်းတွင်းမြစ်ဖျားတွင် ဖြစ်ပွားသော တွန်းလှန်ရေးအင်အားစုများ လျင်မြန်စွာ ပြိုကွဲသွားရခြင်းတွင် အကြောင်းတစ်ရပ် ရှိသည်။ ယင်းကား ရန်သူအဖို့ လမ်းပန်းဆက်သွယ်ရေးနှင့် စစ်ကူရရေး အခြေအနေများ ကောင်းမွန်သောကြောင့် ဖြစ်သည်။ သူတို့သည် ချင်းတွင်းကြောင်းကို အသုံးပြုရုံသာမက အာသံဘက်မှ စစ်ကူများရယူသည်။ အိန္ဒိယသည် မြန်မာပြည်ကို တိုက်ခိုက်ရန် အင်္ဂလိပ်တို့၏ ဗဟိုချက်မ မဟုတ်ပါလား။

ဘကြီးမုံးတို့သည် အိန္ဒိယနယ်စပ်ဘက်သို့ မရောက်မိဖို့ လိုသည်။ ရောက်သွားလျှင် ထွက်ပေါက်မရှိ။ ပိတ်မိနိုင်သည်။ အိန္ဒိယနယ်စပ်တွင်ရှိသော တိုင်းရင်းသားလူမျိုးတချို့က အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်လျက် ရှိသည်ဟု ကြားရသော်လည်း ၎င်းတို့နှင့် အဆက်အသွယ် မပြုနိုင်မီတွင် သူတို့ ပျက်ပြုန်းသွားနိုင်သည်။ ယင်းကား သူတို့၏ လူမှုပုံသဏ္ဌာန်နှင့် ထိုဒေသရှိ သူတို့၏ လူမှုပုံသဏ္ဌာန် ခြားနားသောကြောင့်ဖြစ်သည်။ သူတို့ကိုယ်ကို ကုလားများ ဖြစ်အောင် ရုပ်ဖျက်နိုင်ဖို့ မလွယ်။ ထိုဒေသမှ စကားများကို သူတို့မတတ်ကျွမ်း။ အရှေ့မြောက်အရပ်ဆိုလျှင်ကား သူတို့ကိုယ်သူတို့ အမျိုးမျိုး ဖန်တီးနိုင်သည်။ ကချင်ဖြစ်နိုင်သည်။ ရှမ်းဖြစ်နိုင်သည်။ တရုတ်ဖြစ်နိုင်သည်။ သို့ဖြင့် မိုင်းခွမ်းဘက်သို့လည်းကောင်း၊ ခမ္ဘတီး ကလေးဘက်သို့လည်းကောင်း ဆုတ်ခွာရန် အကြံကို စွန့်လွှတ်လိုက်ကြသည်။ ထိုစဉ်တွင် လဖိုင်လထံမှ ဆက်သားရောက်လာသည်။ ရန်သူတပ်ကို ထိုးဖောက်၍ ၎င်းတို့နှင့် လာရောက်ပူးပေါင်းရန် ဖြစ်သည်။ ယင်းအကြံကို မောင်မျိုးတို့ သဘောတူသည်။ သို့သော် ဘကြီးမုံးက ငြင်းပယ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"တို့များဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက ကိုယ့်နယ်ကိုယ် လက်လွှတ်ခဲ့ကြလို့ တစ်ချိန်အမှားကြီး မှားခဲ့ကြပြီ။ မျောက်သစ်ကိုင်းလွတ် ဖြစ်ခဲ့ရတယ်။ အခုအင်အားဟာ လဖိုင်လတို့ တည်ဆောက်ထားလို့ ဒါလောက်ရှိနေတာ ဟုတ်လား။ ဒီတစ်ခါတော့ တို့များဟာ ကိုယ့်နယ်ကို ကိုယ်သေမှပဲ စွန့်ကြမယ်။ နင်တို့နားထောင်ကြစမ်း။ အခု ရန်သူက ငါတို့ကို တောင်ဘက်ကနေ တိုက်လာတယ်။ ငါတို့မခံနိုင်ရင် မြောက်ဘက်ကို ဆုတ်ရမယ်ဆိုတာ ကလေးကအစ တွက်မယ်။ ငါက ဒါကို ဗီလာပြုချင်တယ်"

သူ့လူများကို ကြည့်သည်။ အားလုံးစိတ်ဝင်စားစွာ နားထောင်နေသည်။

"တို့ မြောက်ကိုလည်း မဆုတ်ဘူး။ အရှေ့ကိုလည်း မဖောက်ဘူး။ တောင်ဘက်ကို လျှိုထွက်မယ်။ တို့တပ်ကို ဖျက်ပြီး တစ်ယောက်ချင်း နှစ်ယောက်ချင်း တောင်ဘက်ကို ဆင်းမယ်။ တစ်နေရာမှာ ပြန်စုမယ်။ ဒီတစ်ခါ တို့ဟာ ရန်သူရဲ့ နောက်ကိုရောက်နေပြီး ရန်သူ မထင်တဲ့နေရာကို တိုက်နိုင်မယ်"

ဘကြီးမုံး၏ စစ်ပရိယာယ်ကို အားလုံးက သဘောတူညီကြသည်။ ထိုအကြောင်းကိုလည်း လဖိုင်လထံ ၎င်း၏ဆက်သား နှင့်ပင် အကြောင်းပြန်လိုက်သည်။ သို့သော် ဘကြီးမုံး၏အကြံအစည်ကို လဖိုင်လ သိမသွားရတော့ပေ။ ဆက်သားသည် ရန်သူတပ်များကို ရှောင်တိမ်း၍ သွားလာရသဖြင့် အချိန်နောက်ကျခြင်း ရှိသည်။ တစ်နေရာတွင် နှစ်ရက်မျှ ပုန်းအိပ် နေရသည်။ တနိုင်ခစခန်းသို့ ရောက်ပြန်သောအခါ ရန်သူများ စီးထားသည်ကို တွေ့ရ၍ ရပုံဘွန်ဘက်သို့ လိုက်ရပြန်သည်။ သူတို့လူများကို သူမီသောအခါ လဖိုင်လ မရှိပြီ။ ဘကြီးမုံးတို့သတင်းကို သိသောအခါ ဘောင်ယိန်းသည် လဖိုင်လ မှာကြားသည့်အတိုင်း ခခုခရောက်သို့ဆုတ်ရန် မရည်ရွယ်တော့။ မဂမ်ရှိရာသို့ ပြန်ဆင်းသည်။ မဂမ်နှင့်တိုင်ပင်ပြီး ထိုဒေသမှာပင် လှည့်လည်လှုပ်ရှားသည်။ ဘကြီးမုံးတို့ကို ရန်သူ မမဲနိုင်ရန် ဖြစ်သည်။ ဘကြီးမုံးတို့နှင့် ဆက်သွယ်မိရန်လည်း မပြတ်ကြိုးစားသည်။ ဘကြီးမုံးတို့သည် အစီအစဉ်အတိုင်း ကိုယ်ဖျောက်၍ တောင်အရပ်သို့ ဆင်းသည်။ စုရပ်တွင် ဆုံကြသည်။ သတ်မှတ်ထားသည့်နယ် ကျော်လွန်သည့်တိုင် စုရပ်သို့ ရောက်မလာသူမှာ နှစ်ဦးသာ ရှိသည်။ ထိုသူနှစ်ဦး၏ ကံကြမ္မာကိုကား အထူးတွေးတောနေစရာမလိုတော့ချေ။

ရန်သူနောက်ဘက်တွင် ရန်သူမသိအောင် စုမိပြီးသည်နှင့်တစ်ပြိုင်နက် သူတို့သည် ရန်သူနောက်ပိုင်းစခန်းများသို့ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ကြသည်။ ရန်သူများ မျက်လုံးပြူးသည်။ ရန်သူ အကျနာသည်။ ရန်သူမျက်စိလည် သွားသည်။ နန်းမား မိုးညှင်းဘက်မှ လူများ ဆင်းလာကြသည်လား၊ သို့မဟုတ် ချင်းတွင်းဘက်မှ ကူးလာကြသည်လားဟု မတွေးတတ် ဖြစ်သွားကြသည်။ ဆန့်ကျင်သူများဘက်တွင် အားသစ်တိုးချေပြီလား။ သို့မဟုတ် တွန်းလှန်ရေးနယ် အပြန့် ကျယ်ချေပြီလားဟု ခေါင်းခြောက်သွားကြသည်။ တိုက်ပွဲငယ် လေးငါးခုမျှ ဆက်တိုက်ရှုံးနိမ့်ပြီးမှပင် မြောက်ဘက်မှ ရန်သူများ မြေလျှိုးပြီး ၎င်းတို့၏အနောက်သို့ ရောက်လာကြောင်းသိသည်။ ထိုအခါတွင် မြောက်ဘက်မှတပ်များ တောင်ဘက်သို့ မြားဦးပြန်လှည့်သည်။ ထိုအခါ သူတို့၏ နောက်ပိုင်းကိုဘောင်ယိန်းတို့ လာတိုက်ကြပြန်သည်။ ထိုအခါ မြစ်ကြီးနား အရေးပိုင်နှင့် ဗန်းမော်အရေးပိုင်တို့သည် စစ်ကိုင်းတိုင်းမင်းကြီးထံ အစီရင်ခံသည်။ တိုင်းမင်းကြီးကလည်း ရန်ကုန်မြို့ရှိ ဒုတိယဘုရင်ခံ ဆာဟာဗေးအဒမ်ဆင်ထံ အစီရင်ခံသည်။ ဒုတိယဘုရင်ခံက အိန္ဒိယဘုရင်ခံချုပ်ထံ

MMCYBERMEDIA
COMMUNITY FOR ALL

အစီရင်ခံသည်။ အိန္ဒိယဘုရင်ခံချုပ်က ဘိလပ်သို့ အစီရင်ခံသည်။ သည်တွင် အထက်မှ တစ်ဆင့်တစ်ဆင့် အမိန့်ပြန်ကျလာသည်မှာ သူပုန်များကို မီးကုန်ယမ်းကုန် တိုက်၍ အမြန်ဆုံးချေမှုန်း။

ယင်းသို့ဖြင့် မြစ်ကြီးနားခရိုင်အတွင်းသို့ အင်္ဂလိပ်တပ်များ ထပ်မံရောက်ရှိလာပြန်သည်။ စစ်ကိုင်းတိုင်းအတွင်းရှိ တပ်များ အားလုံးလောက်ပင် ဖြစ်သည်။ တိုက်ပွဲများ ပို၍ ပြင်းထန်သည်။ အင်္ဂလိပ်များပို၍ ရက်စက်ကြမ်းကြုတ်သည်။ ရွာများ၊ လယ်ကွင်းများ ပြာအတိဖြစ်ရသည်။ လူများ၊ ကျွဲနွားများ လင်းတစာဖြစ်ရသည်။

ဘကြီးမုံးတို့ စစ်ပန်းသည်။ အထိအခိုက်များလာသည်။ အဖျားအနာကြီးသည်။ ရိက္ခာပြတ်လပ်သည်။ မှီအောင်းစရာ ရွာများမရှိ။ ရှောင်တိမ်းရန် နယ်ကျဉ်းလာသည်။ သူတို့သည် ခေါင်သည်ထက် ခေါင်သော၊ မြင့်သည်ထက် မြင့်သော တောများတောင်များသို့ ခိုကပ်ကြရသည်။ ထိုတွင် အနားယူကြရသည်။ ဒဏ်ရာရသူ၊ နာမကျန်းသူများကို ကုသကြရသည်။ အားပြန်လည်ပြည့်သောအခါ အောက်သို့ဆင်း၍ တိုက်ကြပြန်သည်။ သို့သော် နားလိုက်တိုက်လိုက်ဖြစ်၍ ယခင်လောက် တိုက်ပွဲများ မစိပ်တော့။ အင်္ဂလိပ်တပ်များကလည်း ခေါင်သော၊ မြင့်သော နေရာများသို့ကား အရမ်းလိုက်မလာရဲချေ။ သူတို့က အနိမ့်ပိုင်းကိုသာ စီးထားသည်။ စားနပ်ရိက္ခာများ ဖြတ်တောက်သည်။ တောင်ယာခင်းများကို ဖျက်ဆီးပစ်သည်။ ရွာများကို ပြာချပစ်သည်။ တွန်းလှန်ရေးသမားများသည် တောင်ယာဆန်ကို မရကြသောအခါ အူလိုင်ကို စားကြရသည်။ အူလိုင်ကို မင်းဘောပင်မှ ရသည်။ အကယ်တော့ သစ်ပင်၏ အလယ်အူကြောင်းနကို စားကြရခြင်းဖြစ်သည်။ မျှစ်များကို မီးဖုတ်စားကြရသည်။ ဆီအလို့ငှာ မဒီးကို သုံးရသည်။ ယင်းမှာ သိန်းဂေါ်ဆီကို အခဲပြုထားခြင်းဖြစ်၍ အယူရ၊ အသိမ်းရ လွယ်ကူသည်။ သုံးလိုသောအခါတွင်မှ လှော်၍၊ စိတ်၍ သုံးရန်ဖြစ်သည်။ ကျောက်ငါးကြင်းများကို ရရှိသောအခါတွင်ကား သူတို့အဖို့ နတ်သုဒ္ဓါပင် ဖြစ်သည်။ ချေငယ် စိုင်ဆတ် အသားများကား ညှီလှပြီ။ ဝါးဆန်များရလျှင်မူ မီးမြှိုက်၍စားကြသည်။ သူတို့ အစားအသောက် အနေအထိုင် ကျပ်တည်းသည့်အတွက် စိတ်အင်အားလျော့ဆင်းသူ မရှိဟုတော့မဟုတ်။ အချို့ထွက်ပြေးသည်။ အချို့ ရန်သူထံတွင် အရှုံးခံသည်။ သို့သော် အများစုမူကား ကျပ်တည်းဆင်းရဲခြင်းရှိလေ ရန်သူကို နာကြည်းလေဖြစ်သည်။ အောင်ပွဲရသည်အထိ တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချလေသည်။ သူတို့တွင်တစ်ခုပဲ အခက်ကြုံရသည်။ တောင်ပေါ်တွင် ဆားပြဿနာမှာ မဖြေရှင်းနိုင်သော အရာတစ်ခုဖြစ်သည်။ အစားထိုးစရာမရှိ။ ဆားမပါလျှင်လည်း ဘာတစ်ခုမျှ စား၍ အရသာမရှိ။ ဆားရှားသည့်ကပ်မှာ လူတွေသာမဟုတ်။ တိရစ္ဆာန်တွေတွင်လည်း ခိုက်သည်။ တိရစ္ဆာန်များသည် ဆားငန်မြေများကို လိုက်လံရှာဖွေ၍ အလုအယက် လျက်ကြသည်။ ကျစ်များတွင် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်သတ်ဖြတ်သည်အထိဖြစ်သည်။ ဘကြီးမုံးတို့လူစုဆိုလျှင် တောင်ပေါ်တွင် အပေါ့ပင် ရဲရဲမစွန့်ရဲ။ နတ်ကြီး၍မဟုတ်၊ အပေါ့စွန့်သံကြားလျှင် နွားနောက်များ ပြေးလာသည်။ ကျင်ငယ်ရေကို သောက်ကြသည်။ ကျင်ငယ်ရေ စိုစွတ်သော မြေကို လျက်ကြသည်။ ကျင်ငယ်ရေတွင် ဆားဓာတ်ပါရှိ၍ မဟုတ်လား။ ဤတွင် ဘကြီးမုံးက ရယ်စရာ စကားပြောသည်။

"တို့လည်း ကျင်ငယ်ရေကို ဆားချက်ကြမှနဲ့တူတယ်"

ယခုမူ သူတို့သည် ဆားအတွက် မပူရတော့။ မဖျိုင်းဖြူက တောင်းနစ်တောင်းအပြည့် ထမ်းလာသည်။ ခွက်နစ်ဆယ် ဖြစ်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကျွန်မလည်း ဘကြီးမုံးတို့ဘက်ကို ဘယ်လိုသွားရပါ့မလဲလို့ စဉ်းစားတယ်။ တရုတ်ကုန်သည်တွေက အခုလိုပဲ တောင်ပေါ်မှာ ဆားနဲ့ ဘိန်းနဲ့လိုက်လဲတယ်ဆိုတာ သတိရတာနဲ့ ဘကြီးမုံးတို့လည်း ဆားရအောင်၊ ကျွန်မလည်း တရုတ်ကုန်သည်ယောင်ဆောင်ရင်း အင်္ဂလိပ်တွေရန်က ကင်းအောင်ဆိုပြီး လောပန်းကြီး လုပ်ရတော့တာပဲ။ ဆဒုံးဘက်မှာ ဆယ့်ငါးနှစ်လောက် နေလာခဲ့တော့ လူလည်း တရုတ်သံပေါက်နေပြီ မဟုတ်လား။ တရုတ်စကားလည်း အရည်ကျိုသောက်ထားလို့ ဗိုက်ထဲမှာ ပြည့်နေပြီ"

မဖျိုင်းဖြူက ရယ်မော၍ ပြောသည်။

"အစ်မငယ်က တကယ်ပဲ အကြံကောင်းတယ်ကော။ ဒီအဝတ်တွေ ဘယ်က ရသလဲ"

နန်းရင်က ချီးကျူးရင်း မေးသည်။

"မိုးကောင်းမှာ ဝယ်တာပ။ ငါ့ညီမ အိမ်ထောင်ကျပြီဆို"

နန်းရင်၏ပါးပြင် ပူနွေးသွားသည်။ ပြီးမှ မောင်မျိုးနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် သူတို့ စားကြသောက်ကြရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။

"ဘကြီးမုံးကတော့ အခုထက်ထိ သန်တုန်းမြန်တုန်းပဲ။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကလည်း ဒီလိုပဲ"

မဖျိုင်းဖြူက ဘကြီးမုံးကိုကြည့်ရင်းပြောသည်။

"အိုတော့ အိုပြီကွယ့်။ အရင်ကလောက် အမောမခံနိုင်တော့ဘူး။ အကြမ်းမခံနိုင်တော့ဘူး။ သင်္ခါရတရားဆိုတာ ဘယ်သူလွန်ဆန်နိုင်မလဲကွယ်။ တို့များကိုသာ ပြောတယ်။ မိန်းကလေးကလည်း အရွယ်အတော်တင်တာပဲ။ မိန်းကလေးကော ဒီလိုပဲ နေသွားတော့မှာလား။ အိမ်ထောင်ရက်သား မပြုတော့ဘူးလား"

မဖျိုင်းဖြူ၏ မျက်နှာ ညိုသွားသည်။

"ကျွန်မ အရွယ်လွန်ပါပြီ ဘကြီးမုံး"
"အေးပကွယ်။ လောကကြီးမှာ ချစ်တိုင်းလည်း မညား၊ ညားတိုင်းလည်းမချစ်တဲ့။ အေးပလေ၊ ဒါတွေထားပါတော့။ လူတွေမှာ ကိုယ့်အမှုလေးတွေနဲ့ကိုယ် ရှိနေကြတာပ။လူတစ်ကိုယ် တစ်မျိုးပ"

ထို့နောက်တွင်ကား အတန်ကြာ တိတ်ဆိတ်နေကြသည်။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ မည်သူက မည်သည့်စကား ပြောရမှန်းမသိ ရှိနေသည်။

"ကျွန်တော်အကြံရပြီ"

MMCYBERMEDIA
COMMUNITY FOR ALL

ထိုစကားကို ရုတ်တရက်ဆိုသူမှာ မောင်မျိုး ဖြစ်သည်။ သူ့ကို လူတွေ ဝိုင်းကြည့်ကြသည်။

"ဘယ်လိုစိတ်ကူးများ ပေါက်မြောက်လို့လဲကွယ့်"

ဘကြီးမုံးက မေးသည်။

"မိုးညှင်းမောင်သိုက်တို့ဆီကို ကျွန်တော်တို့ သွားရင် အစ်မငယ်လို လောပန်းယောင်ဆောင်ပြီး သွားကြရင် မကောင်းကော"

"အေး၊ ကောင်းသပ။ နင့်အကြံ ကောင်းသပ"

ဘကြီးမုံးက ဝမ်းသာအားရ ဆိုသည်။ သို့သော် မောင်မျိုးက ချက်ချင်းပင် အားပျော့သံသို့ ပြောင်းသွားသည်။

"ဒါပေမဲ့ အဝတ်က တစ်စုံပဲရှိတယ်"

"တစ်ယောက်ပဲ သွားပ"

နန်းရင်က ပြောသည်။

"ဟုတ်ပြီ။ ကျွန်တော်တစ်ယောက်တည်း သွားမယ်။ ဘာတွေပြောရမယ်ဆိုတာသာ မှာလိုက်"

ဘကြီးမုံး ခေါင်းခါသည်။

"မောင်မျိုးသွားလို့ မဖြစ်ပါဘူး။ မောင်သိုက်ကို တို့များပြောမှ ကောင်းမှာပါ။ သူက မင်းလောင်း မဟုတ်လား။ သူက တို့များနဲ့ ဆမားကြီးကလွဲရင် ဘယ်သူ့စကားမှ နားထောင်ချင်တာ မဟုတ်ဘူး"

"ဒါဖြင့်လည်း စောစောကအတိုင်းပဲ နှစ်ယောက်ပဲ သွားကြမယ်။ ဒီအတိုင်းပဲ သွားကြမယ်"

မောင်မျိုး ပြောသည်။ သူက ဘကြီးမုံးကို တစ်ယောက်တည်း မလွှတ်ချင်။ ထို့ပြင် သူလိုက်ချင်သည်။

"မောင်မျိုး မလိုက်ပါနဲ့။ ဒီမှာ နေရစ်ခဲ့ပါ။ ရန်သူတွေ ရောက်ချင်ရောက်လာမယ်။ နန်းရင်နဲ့ မဖျိုင်းဖြူရှိပေမဲ့ မောင်မျိုးလည်း ရှိနေမှ ကောင်းမယ်။ အရေးဆိုရင် လူစုခွဲရမယ် မဟုတ်လား။ တို့များအတွက် မစိုးရိမ်ပါနဲ့။ ဒီခရီးက တို့များ သွားနေကျပါ။ တို့များ မောရင် နားပြီးသွားမှာပ။ အချိန်နည်းနည်းပိုကြာရုံပဲ ရှိတော့မပ။ ကြာတာက လွဲရင် ဘာမှ မစိုးရိမ်စရာ မရှိဘူး။ တို့များကို တကယ့်လောပန်းကြီးပဲ အောက်မေ့မှာပဲ။ နောက်တစ်ခုက မောင်မျိုးသွားလို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ မောင်မျိုးကတရုတ်လို ဝတ်လို့ရပေမယ့် တရုတ်လို ပြောတတ်တာမှ မဟုတ်ဘဲ"

ဤတွင်မှ ပြဿနာ ပြတ်သွားသည်။ ထိုညတွင် အခြေအနေအရပ်ရပ်ကို သူတို့ ထပ်မံညှိနှိုင်းကြသည်။ နောက်တစ်နေ့နံနက် အစောကြီးတွင် ဘကြီးမုံး တစ်ယောက်တည်း လောပန်းကြီးအဖြစ်နှင့်

MMCYBERMEDIA
COMMUNITY FOR ALL

ခရီးထွက်သွားသည်။ ဆားများကိုကား အကုန်လောက် ထားခဲ့သည်။ တောင်းကပ်လောက်သာ ချန်ထားသည်။ ဆားများရောင်းချပြီး၍ မိုးကောင်းသို့ ပြောင်းမည့်ဟန် ဖြစ်သည်။ သင်္ဘောကာန်လုပ်သရုပ်တူရန် စခန်းတွင်ရှိသော ဘိန်းအချို့ကို ယူသွားသည်။ ထိုဘိန်းများကို သူတို့ ရန်သူများထံမှ ရရှိထားခြင်းပင်ဖြစ်သည်။ အင်္ဂလိပ်တို့သည် တောင်ပေါ်ရွာများတွင် ဘိန်းများကို တမင်ဝေငှနေသည်။ လူတွေ၏ စိတ်ဓာတ်ကို ပျော့ညံ့ကုန်စေရန် ဖြစ်သည်။

ဘကြီးမုံးတို့စခန်းနှင့် မောင်သိုက်တို့စခန်းသည် ဝေးလှသည်မဟုတ်။ ခြေမှန်လျှောက်လျှင် နှစ်ရက်ခရီးသာဖြစ်သည်။ ပြင်းပြင်းလျှောက်လျှင် တစ်နေ့ခွဲနှင့် ရောက်နိုင်သည်။ သို့သော် ဘကြီးမုံးသည် နားနားနေနေဖြင့် သုံးရက်သွားရန် ဆုံးဖြတ်သည်။ မောင်သိုက်တို့စခန်းတွင် တစ်ညသာအိပ်မည်။ ထို့ကြောင့် သီတင်းတစ်ပတ်အကြာတွင် ကိုယ့်စခန်းသို့ ပြန်ရောက်ရမည်ဖြစ်သည်။ သို့သော် ဘကြီးမုံးသည် တစ်ပတ်အကြာတွင်လည်း ကိုယ့်စခန်းသို့ ပြန်မရောက်ချေ။ သုံးရက်အကြာတွင်လည်း မောင်သိုက်တို့စခန်းသို့ မရောက်ချေ။စခန်းမှ ထွက်သွားပြီး နှစ်ရက်မြောက်နေ့တွင် အစိုးရအဖွဲ့တစ်ဖွဲ့နှင့် ပက်ပင်းတိုးမိသောကြောင့် ဖြစ်သည်။ ဘကြီးမုံးသည် တရုတ်ကုန်သည်ဟန်ဆောင်ထားသည်ဖြစ်၍ ခက်ခဲကြမ်းတမ်းသော လမ်းများကို အသုံးမပြုဘဲ လူအများသွားသော လမ်းရိုးမှပင် သွားသည်။ အစိုးရ လူများနှင့်တွေ့လျှင်လည်း တိမ်းရှောင်ခြင်း မပြုချေ။ သူတို့က မေးလျှင် ကျေနပ်အောင် အဖြေပေးသည်။ သူ့အပေါ်တွင် လုံးဝသံသယမရှိကြ။ နှစ်ရက်မြောက်နေ့တွင် တွေ့ရှိသော အစိုးရအဖွဲ့ကလည်း သူ့အပေါ်တွင်သံသယ မရှိချေ။ သူ့ကို ဆားရောင်းလာသော လောပန်းကြီးတစ်ယောက်ဟုပင် အမှန်တကယ် မှတ်ယူသည်။ ယင်းကြောင့်ပင် ဒုက္ခတွေ့ရခြင်း ဖြစ်သည်။ ယင်းအစိုးရအဖွဲ့တွင် ကုလားဖြူတစ်ဦး၊ သူ၏တပည့်များဖြစ်သော ကုလားမည်းနှစ်ဦး၊ သူတို့ကို စောင့်ရှောက် ရန် လိုက်ပါသော ပုလိပ်သား သုံးဦး၊ စကားပြန်တစ်ဦးနှင့် ကူလီသုံးဦး၊ ပေါင်းဆယ်ဦး ပါသည်။ ထိုအဖွဲ့သည် စစ်အဖွဲ့ မဟုတ်ချေ။ မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေလေ့လာမည့် အဖွဲ့ဖြစ်သည်။ သူတို့ရှေ့မှ အလားတူ အဖွဲ့တစ်ဖွဲ့ သွားနှင့်ပြီးဖြစ်သည်။ သူတို့အဖွဲ့နောက်ကျနေသည်မှာ ကူလီငါးဦးပါရှိသည့်အနက် နှစ်ဦးမှာ နေမကောင်းဖြစ်ပြီး လမ်းတွင် ကျန်ရစ်သဖြင့် ငါးယောက်စာ တနင့်တပိုးသယ်ရမည့်ပစ္စည်းများကို သုံးယောက်မျှ သယ်ပိုးရသောကြောင့် ဖြစ်သည်။ သူတို့ပစ္စည်းများကို လူသုံးယောက် မည်သည့်နည်းနှင့်မျှ မသယ်နိုင်ကြောင်း သိသောအခါ အချို့ပစ္စည်းများကို သူတို့ကိုယ်တိုင် ခွဲဝေ၍ ထမ်းကြရသည်။ သို့ဖြင့် ခရီးဖင့် နေးနေခြင်းဖြစ်သည်။ သူတို့နောက်မှ စစ်အဖွဲ့တစ်ဖွဲ့ပါလာသည်ဖြစ်၍ ထိုအဖွဲ့ကိုစောင့်ရင်း သူတို့ ခပ်ဆိုင်းဆိုင်းသွားနေကြစဉ်တွင် ဘကြီးမုံးကို တွေ့ရှိသွားကြခြင်းဖြစ်သည်။

အင်္ဂလိပ်ကြီးသည် ကြန့်ကြာခြင်းကို လုံးဝနှစ်သက်သူ မဟုတ်ချေ။ ရှေ့အဖွဲ့ကို အမီလိုက်လိုသည်။ သို့ဖြင့် ဘကြီးမုံးကို တွေ့သောအခါ ကူလီအဖြစ် ငှားသည်။ ဘကြီးမုံးက မိုးကောင်းပြန်ရန် အရေးကြီးကြောင်း ပြောသော်လည်း မရချေ။ သို့ဖြင့် လေးလံသော သိပ္ပံပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တောင်း နောက်တောင်းအပြည့်အသိပ် ထည့်ပြီး သူတို့နောက်မှ လိုက်ပါရတော့သည်။

ဘကြီးမုံးသည် တောင်းအလွတ်နှင့်ပင် အားတင်း၍ နားနားနေနေ လျှောက်နေရသူဖြစ်သည်။ ယခုလို တနင့်တပိုးနှင့် ခရီးပြင်းလျှောက်ရသောအခါ ပင်ပန်းဒဏ်ကို မခံနိုင်ရှိသည်။ နေ့ဝက်မျှ သွားမိသောအခါတွင် ချောက်ငယ်တစ်ခုအတွင်းသို့ တောင်းရောလူရော ထိုးကျသည်။ ထိုအခါတွင် လူစိတ်မရှိသူများသည် သူ့ကို ပြုစုကုသခြင်းအလျှင်းမပြုဘဲ သူတို့ပစ္စည်းကိုသာ ကောက်ယူ၍

MMCYBERMEDIA
COMMUNITY FOR ALL

ခရီးဆက်ကြသည်။ သူ့ကို ချောက်အတွင်း၌ ဤအတိုင်း ထားခဲ့သည်။ ဘကြီးမုံးသည် ထိုနေရာတွင် အတန်ကြာလဲနေသည်။ အားယူ၍ ထသော်လည်း မရချေ။ တောင်စောင်းကို ကုတ်ခြစ် တွယ်ဖက်၍ တက်သည်။ တစ်ဝက် လောက်ရောက်သောအခါ ပြန်လိမ့်ကျသည်။ ထိုသို့ နှစ်ခါမျှ ကျသောအခါ အပေါ်သို့တက်ရန် မကြိုးစားရဲတော့။ သူ့အသားများ တုန်လာသည်။ သူ့အဆစ်များ နာကျင်ကိုက်ခဲလာသည်။ သူ့ရင်မောလိုက်သည်။ သူ့မျက်လုံးပြာဝေသည်။ သူ့ပါးစပ် စေးခြောက်သည်။ ကြည့်၍ ထင်းထင်းမမြင်ချေ။ နားထောင်၍ ပီပီ မကြားချင်။ အသက်ရှူ၍ ကောင်းကောင်းမရချင်တော့။ အဆိုးဆုံးက သူရေသောက်ချင်သည်။ သူ့ရင်များ ပူသည်ထက်ပူလာသည်။ သူရောက်ရှိ နေရာသည် တောင်ဆင်ခြေလျှောတစ်ခု၏ သုံးချိုးတစ်ချိုးလောက်တွင် ဖြစ်သည်။ အောက်ဘက်တွင် ချောင်းတစ်ခု ရှိကြောင်းသိရသည်။ ထိုသို့ရောက်နိုင်လျှင် သူရေသောက်ရမည်။ ထိုအခါ သူ့တွင် အားအင်များ ပြန်၍ ပြည့်ဖြိုးလာမည်။ အရေးကြီးသည်က တောင်ခြေသို့ ရောက်ဖို့ပင်။အောက်သို့ဆင်းရသည်မှာ အထက်သို့တက်ရသည်လောက်တော့ မခဲယဉ်းနိုင်ဟု သူအောက်မေ့သည်။ သို့သော် လက်တွေ့ပြုမူသောအခါတွင် ပိုမို၍ခက်ခဲကြောင်း၊ ပင်ပန်းကြောင်း သူတွေ့ရသည်။ သူက အသာအယာ လျှောဆင်းသည် ဖြစ်သော်လည်း ခြေလက်များ မမြဲ၍ အောက်သို့ ဒလိမ့်ကောက်ကွေး ကျသွားသည်သာ များသည်။ ကျောက်တုံးတစ်တုံး သို့မဟုတ် သစ်ပင်တစ်ပင်နှင့် တိုက်မိမှသာ လိမ့်ကျခြင်း ရပ်တန့်သည်။ ထိုအခါတွင် သူက တမေ့တမောကြီး နားရသည်။ လွင့်စဉ်လုတဲတဲဖြစ်သောအသက်ကို မနည်းပင် ပြန်လည်လုယူသည်။ ယင်းသို့ဖြင့် တစ်ထစ်ချင်း လိမ့်ကျသွားရာ နောက်ဆုံးတွင် တောင်ခြေသို့ ရောက်သွားသည်။ သို့သော်တောင်ခြေနှင့် ချောင်းရေစပ်သည် တစ်မျှော်တစ်ခေါ်မျှ ဝေးချေသေးသည်။ ဤနှစ်ခု၏ စပ်ကြားသည် ပြန့်အပြင်ဖြစ်သည်။ လိမ့်ချ၍ မရတော့။ သူ့အနေနှင့် လမ်းလျှောက်နိုင်စွမ်းလည်း လုံးဝ မရှိတော့။ ထရပ်ခြင်း၊ ထထိုင်ခြင်းပင် မပြုနိုင်တော့။

သို့သော်သူအားမလျှော့။ တစ်ပတ်ချင်း လိမ့်သွားသည်။ ခရီးထိုက်သလောက် ပေါက်သည်။ သို့သော် ခေါင်းမူးခြင်း ရင်ဖိုခြင်းကား သည်းမခံနိုင်လောက်အောင်ဖြစ်သည်။ သို့ဖြင့် သူသည် ဝမ်းလျားထိုး၍ သွားသည်။ လက်မောင်းဖြင့် ကုတ်ယူသည်။ ခြေဖျားဖြင့် တွန်းကန်သည်။ တတိတိတော့ ရွေ့သည်။ သို့ရာတွင် ရေအစပ်နှင့်ကား လိုချေသေးသည်။ ရေပြင်ကို သူ ဝါးဝါးမြင်ရသည်။ ရေမှ ရောင်ပြန်ဟပ်သော နေရောင်ကို သူရသည်။ သူ အနည်းငယ်မျှ ကြိုးပမ်းအားထုတ် နိုင်လျှင် ချောင်းသို့ ရောက်ပေမည်။ သို့တစေလည်း သူ့တွင် လှုပ်ရှားနိုင်စွမ်း မရှိတော့။ သူ့ခြေထောက်ကို လှုပ်သည်။ မရ။ သူ့လက်ကို လှုပ်သည်။ မရ။

သည်အတိုင်းဆိုလျှင်တော့ ရေရှိရာသို့ သူ မရောက်နိုင်တော့။ သူရှိရာသို့ ရေများ ရောက်လာမှသာ ဖြစ်တော့မည်ဟု သူ အောက်မေ့မိသည်။ သူ့ထံသို့ ရေများရောက်လာပါစေဟုလည်း ဆန္ဒပြုမိသည်။ အံ့သြဖွယ်ရာ ကောင်းသည်ကား သူဆန္ဒပြုသည့်အတိုင်း ရေများသည် သူရှိရာသို့ လိမ့်တက်လာကြသည်။ သူက ပြေးလာသော ရေများကို ကြည့်သည်။ ရေထုသည် သူ့ထံသို့ အရှိန်အဟုန်ကြီးစွာဖြင့် ပြေးလာသည်။ သူ့အနီးသို့ရောက်လေ ရေ၏အထုအထည်သည် ကြီးမားလေဖြစ်သည်။ သူ့မျက်စိထဲတွင် တောင်ကုန်းငယ်မျှရှိသော ရေလုံးကြီးများ ဒေါမာန်ဖြင့် လိမ့်တက်လာသည်တို့ကို တွေ့ရသည်။ ယင်းရေလှိုင်းကြီးများထဲတွင် မည်းမည်းသဏ္ဌာန်တစ်ခု ပါလာသည်ကို သူမြင်ရသည်။ ပထမတော့ ရေသတ္တဝါဟု ထင်သည်။ နီးကပ်လာသောအခါ လူတစ်ယောက်ဖြစ်မှန်း၊ ငယ်ရွယ်လှပသော အမျိုးသမီးတစ်ယောက် ဖြစ်မှန်း သိရသည်။ လွန်ခဲ့သည့် အနှစ်ခြောက်ဆယ်ခန့်က သူနှင့်ခွဲခွာသွားခဲ့သော ဇနီးသည် စာဖြူညုပါတကား။ စာဖြူညုသည် သူ့အတွက် သားတစ်ယောက် မွေးဖွားပေးခဲ့ပြီးနောက် ခုနစ်ရက်

MMCYBERMEDIA
COMMUNITY FOR ALL

မြောက်သောနေ့တွင် ကွယ်လွန် သွားခဲ့ပြီးဖြစ်သည်။ ယခု အဘယ့်ကြောင့် သူ့ထံသို့ လှိုင်းလုံးများနှင့်အတူ ရောက်ရှိလာချေသနည်း။ သူဝမ်းသာသည်။ ယခုကဲ့သို့ နယ်မြေကျူးကျော်သူများနှင့် မတရားမင်းပြုသူများကို စွမ်းစွမ်းတမံ တိုက်ခိုက်နေရသည့်အချိန်တွင် အချိန်ကြာမြင့်စွာ ကွဲကွာနေသော သူ့ဇနီးသည်သည် သူ့ထံသို့ ပြန်လည်ရောက်ရှိလာနေသည်။ သူတို့နှစ်ဦး အတူတွဲဖက်၍ တိုက်ပွဲဝင်ကြမည်။ သူတို့နောက်တွင် မောင်မျိုးတို့၊ မဂမ်တို့ ရှိသည်။ သူတို့သည် မည်သူ့ကိုမှုရမည်နည်း။ ဘကြီးမုံးသည် လှိုင်းလုံးနှင့်အတူ လိုက်ပါလာသောဇနီးသည် မစာဖြူဥကို လက်ဆန့်တန်း ကြိုဆိုသည်။ စာဖြူဥသည် သူ့ရင်ခွင်တွင်သို့ ပြေးဝင်လာသည်။ သူ့ကို တင်းကျပ်စွာ ဖက်ထားသည်။ လှိုင်းလုံးကြီးများသည် သူတို့နှစ်ဦးအပေါ်တွင် ဒေါမာန်ဖြင့် ဖြတ်သန်းသွားနေကြသည်။ ဘကြီးမုံးတွင် ရေဆာခြင်း ရေငတ်ခြင်းမရှိတော့။ အလုံးစုံသော ဒုက္ခဝေဒနာများ မရှိတော့။ တစ်နည်းအားဖြင့် ကင်းငြိမ်းချေပြီတည်း။

## အခန်း -၁၀၈-

မင်းလောင်းမောင်သိုက်တို့ကို အင်္ဂလိပ်တို့ ဖမ်းဆီးရမိသည့်နေ့မှာပင် ရွှေဝါ အချုပ်ကျနေရာမှ လွတ်မြောက်သည်။ သို့သော် ဤအဖြစ်အပျက်နှစ်ခုသည် တိုက်ဆိုင်မှုသာဖြစ်သည်။ တစ်ခုနှင့်တစ်ခု မည်သို့မျှ သက်ဆိုင်ခြင်းမရှိချေ။

မင်းလောင်းမောင်သိုက်တို့ အဖမ်းခံရသည်မှာ ရင်နာစရာကောင်းလှသည်။ အတွင်းလူများကြောင့် ဖြစ်သည်။ သူတို့သည် အရေးတော်ပုံစတင်သည်နှင့် တစ်ပြိုင်နက် နန်းမား၊ နန်းစော်လော်မှ လူများကို စောင့်မျှော်ခဲ့သည်။ အစီအစဉ်ရှိသည့်အတိုင်း ဆိုလျှင် ဦးဖောင်တို့သည် နန်းမားတစ်ဝိုက်တွင် လှုပ်ရှားတိုက်ခိုက်မှု ပြုနိုင်လျှင် ပြုရမည်။ ယင်းသို့မပြုနိုင်လျှင် ရသမျှ လူသူလက်နက်များကို စုစည်း၍ မိုးကောင်းနယ်ဘက်သို့ လာရောက်ပူးပေါင်းကြရမည် ဖြစ်သည်။ သို့သော် သူတို့သည် နန်းမား၊ နန်းစော်လော်ဘက်တွင် တိုက်ပွဲများဖြစ်သည်ဟုလည်း မကြားရ။ ဦးဖောင်တို့လူစု ရောက်လာသည်ကိုလည်း တော်တော်နှင့်မတွေ့ရ။ ထိုလူစုရောက်လာပြန်တော့လည်း သူတို့ကို ကောင်းကျိုးပြုဖို့မဟုတ်။ ဆိုးကျိုးပေးဖို့သာ ဖြစ်နေသည်။ ချောက်ထဲသို့ တွန်းချခြင်းသာ ဖြစ်သည်။

ဦးဖောင်တို့လူစု ဆမားသို့ ရောက်ရှိလာခြင်းကပင် အင်္ဂလိပ်အစိုးရ၏ အစီအစဉ်အရ ဖြစ်သည်။ ဆမားတွင် သူတို့ဖမ်းဆီး ရမိ ထားသော ရှမ်းလေးဦးသည် မောင်သိုက်တို့လူစု ဟုတ်မဟုတ်ကို ကြည့်ရှုသက်သေခံပေးရန် ဖြစ်သည်။ ဦးဖောင်နှင့် အတူ ဦးအုံ၊ ဦးကြာမိုးနှင့် ဦးခါတို့ လိုက်ပါလာသည်။ အင်္ဂလိပ်တို့သည် မင်းလောင်းမောင်သိုက်၊ မောင်ဆေးပုံ၊ ဆရာနီ၊ ဆရာဝတို့၏ လက်ဖဝါးများကို ဖောက်၍ ကြိုးသီထားသည်။ ဤလေးဦးကို ကရောင်းရွာသားများက ဖမ်းဆီး၍ သူတို့ လက်သို့ အပ်ခြင်းဖြစ်သည်။

ဦးဖောင်တို့သည် လက်ဖဝါးတွင် ကြိုးသီခြင်းခံနေကြရသော မင်းလောင်းမောင်သိုက်တို့ကို မြင်ရသောအခါ ရင်ထဲတွင် ဆို့နင့်သွားကြသည်။ သို့သော် ယခုမှတော့မတတ်နိုင်တော့။ ဟုတ်မှန်ကြောင်း အစစ်ခံကြရသည်။ ယင်းသို့ ဦးဖောင် ပြုမူရခြင်းတွင် အကြောင်းရှိသည်။ မောင်သိုက်တို့လူစု မိုးကောင်းဘက်တွင် တွန်းလှန်တိုက်ခိုက်နေစဉ်အတွင်း နန်းစော်လော်တွင် အရေးကြီးသော ပြောင်းလဲမှုများ ဖြစ်ပေါ်သည်။ တွန်းလှန်တိုက်ခိုက်မှုတွင် ဦးဖောင်၏ သမက် မောင်ဆေးပုံ ပါရှိခြင်းအတွက်လည်းကောင်း၊ မင်းလောင်းမောင်သိုက်သည် သူတို့ကို ပုန်ကန်တိုက်ခိုက်ရန်အတွက်

နန်းစော်လော်ရွာတွင် ကြံစည်မှုများ ပြုလုပ်သွားသည့်အတွက်လည်းကောင်း ဦးဖောင်ကို ဒဏ်ခတ်သည့်အနေဖြင့် နန်းစော်လော်ပိုင် တောင်ဖီလာရွာနှင့် နန့်မကောက်အင်း တစ်ဖက်တွင်ရှိသော လယ်မြေများကို ကချင်တောင်အုပ် ဦးလနန်၏အစ်ကို ဦးမဂမ်အား ခွဲဝေပေးလိုက်ရာမှ အစ ပဋိပက္ခများ ဖြစ်ပွားပြီး ဦးဖောင်သည် သူကြီးရာထူးမှ ပြုတ်သည်။

ထိုအခါ ဦးဖောင်သည် သူ၏သူကြီးရာထူး ပြန်လည်ရရှိရေးအတွက် မောင်သိုက်တို့၏ လှုပ်ရှားမှုများကို လိုက်လံ ထောက်လှမ်း၍ အင်္ဂလိပ်အစိုးရထံ သတင်းပေးသည်။ အင်္ဂလိပ်အစိုးရကို အဘက်ဘက်မှ ကူညီအားပေးသည်။ နောက်ဆုံး မောင်သိုက်တို့ကို ဖမ်းမိထားပြီဆိုသောအခါတွင် ဆမားအထိ သွားရောက်ကြည့်ရှုပြီး ဟုတ်မှန်ကြောင်း သက်သေခံသည်။ ယင်းအတွက် ဦးဖောင်သည် သူကြီးအရာ ပြန်ရသည်။ ဆုတော်ငွေ ငါးရာရသည်။ သေနတ်ဒင်တွင် ငွေတံဆိပ်ကပ် ထားသော နှစ်လုံးပြူးတစ်လက် ရသည်။ အမှုထမ်းကောင်းလက်မှတ်ရသည်။ ထောင်ဒဏ်တစ်လနှင့် ဒဏ်ငွေငါးဆယ် အထိ တပ်ရိုက်နိုင်သော အထူးအာဏာများ ရသည်။ နန်းမားဗိုလ်တဲတွင် ၃၂ တိုက်နယ်သော သူကြီးများရှေ့တွင် အငြိမ့်ပွဲခံ၍ အင်္ဂလိပ်တို့၏ ဂုဏ်ပြုခြင်းခံရသည်။ သို့သော် သူ၏သမက် မောင်ဆေးပုံ အပါအဝင် မိုးညှင်းမောင်သိုက်တို့ကား မန္တလေးထောင်တွင် လည်ပင်း ကြိုးကွင်းစွပ်၍ ကွပ်မျက်ခြင်းခံကြရသည်။

မောင်သိုက်တို့ကို မိုးကောင်းမှ တစ်ဆင့် မန္တလေးသို့ ခေါ်အသွားတွင် နန်းမားတစ်မြို့လုံးသည် ဘူတာသို့ဆင်း၍ ကြည့်ရှုကြသည်။ နှုတ်ဆက်ကြသည်။ အားပေးကြသည်။ မောင်ဆေးပုံ၏ဇနီးနှင့် ကလေးများသည် တက်မတတ် ငိုကြွေးကြသည်။ သို့တစေတည်း အဖမ်းခံရသူများသည် အပြုံးမပျက်ကြပါချေ။ မိုးညှင်းမောင်သိုက်ဆိုလျှင် သူ့အား ကြိုဆိုသူများကို ဤသို့ ပြောဆိုသွားသည်။

"ဒီဘဝ မအောင်ရင် နောက်ဘဝမှာ အောင်ရမှာပ"

ရွှေဝါအချုပ်ကျနေရာမှ လွတ်မြောက်ခြင်းသည် သွေးသောက် မောင်ကံလှနှင့် ဆိုင်သည်။ သွေးသောက်မောင်ကံလှသည် ယခုအခါ မြစ်ကြီးနားမြို့သည် အထွေထွေ ကန်ထရိုက်တာကြီးဦးကံလှ ဖြစ်နေသည်။ ကံလှနှင့် ရွှေဝါတို့သည် ရှိန်းမကားမြို့အနီးတွင် ခွဲခွာကြပြီးနောက် အနှစ်သုံးဆယ်မျှ ကြာသည်အထိ တစ်ကြိမ်တစ်ခါမျှ ပြန်လည်တွေ့ဆုံခြင်း မရှိချေ။ ကံလှသည်နောက်ပိုင်း အရေးတော်ပုံများတွင် မပါဝင်တော့ဘဲ ရှိသည်။ ထိုမျှသာမက ဆယ့်ငါးနှစ်လုံးလုံး မန်လည်တွင် ရဟန်းဝတ်နေခဲ့သည်။ ထို့နောက်တွင်မူ ရဟန်းဘောင်မှ ထွက်ပြီး မန်လည်မှမခင်အုံအမည်ရှိ ရှမ်းမြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကျပြီး တစ်နှစ်မျှ ဟိုရောက်ရောက်သည်ရောက်ရောက် ရှိခဲ့သည်။ အလုပ်အကိုင် အတည်တကျ မရှိဘဲ မြေစမ်း၍ ခရမ်းပျိုးခြင်းများ ပြုနေခဲ့သည်။ နောက်ဆုံးတွင်မှ မြစ်ကြီးနားသို့ ရောက်ရှိပြီး အထွေထွေ ကန်ထရိုက်လုပ်ငန်းကို စတင်ခဲ့သည်။ တစ်စစနှင့် လုပ်ငန်းအခြေအနေကျပြီး စီးပွားတက်ခဲ့သည်။ မြို့မျက်နှာဖုံး လူကြီးတစ်ဦးဖြစ်ခဲ့သည်။ ဘာသာရေးလုပ်ငန်းများနှင့် အမျိုးသားရေးလုပ်ငန်းများတွင် ရှေ့ဆောင်ရှေ့ရွက် ပြုနိုင်သူ ဖြစ်လာသည်။

ဤနှစ်များအတွင်းတွင် သူသည် ရွှေဝါကို လုံးဝသတိမေ့ခဲ့သည်တော့ မဟုတ်။ ကြိမ်ဖန်များစွာပင် သတိရခဲ့သည်။ သူ၏ခင်မင်လေးစားသော တပ်မှူးတစ်ယောက်ဖြစ်ခြင်းကြောင့်ပင်။ နှစ်ကြိမ် သုံးကြိမ်မက

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါကို တွေ့ရန် အားထုတ်ခဲ့သည်။ တစ်ကြိမ်က ရွှေဝါတို့ မိုးကောင်းတစ်ဝိုက်တွင် အင်္ဂလိပ်တို့ကို သဲသဲမဲမဲ တိုက်နေကြစဉ်ကဖြစ်သည်။ သူသည် ရဟန်းဝတ်နှင့် မိုးကောင်းသို့ ခေတ္တရောက်လာသည်။ မြို့နှင့် မလှမ်းမကမ်း စခန်းတစ်ခုတွင် ရွှေဝါရှိသည်ကြား၍ သွားတွေ့မည် စိတ်ကူးသည်။ သို့သော် အထမမြောက်။ ရွှေဝါတို့စခန်းပြောင်းသွားပြီဟု ထပ်မံ သိရှိရသောကြောင့် ဖြစ်သည်။ သည့်နောက်တွင်ကား သူသည် ရွှေဝါနှင့်မတွေ့သော်လည်း ရွှေဝါ၏သတင်းများကိုကား ကြားနေရသည်။ ရွှေဝါတို့နယ်စပ်သို့ တပ်ရွှေ့သွားကြသည်။ နယ်စပ်တွင် ရွှေဝါပျက်စီးနေကြောင်း ကြားမိသည်။ ရဟန်းဘောင်မှ ထွက်ပြီး အိမ်ထောင်ကျစက အလုပ်အကိုင် အတည်တကျမရှိသဖြင့် ရွှေဝါတို့ရှိရာ ဆဒ်ုံးဘက်သို့ သွား၍ ဘိန်းကုန်ကူးမည်ဟု စိတ်ကူးသေးသည်။ ဇနီးဖြစ်သူက ဖျက်၍ ပျက်ရသည်။ နောက်တစ်ကြိမ်ကား ရွှေဝါကို မိုးကောင်းသို့ ဖမ်းလာသည်။ ရွှေဝါရူးနေသည်ဆိုသော သတင်းကို ကြားစဉ်က ဖြစ်သည်။ ရွှေဝါလွတ်မြောက်ရေးအတွက် မြစ်ကြီးနားသို့ ရွှေဝါ၏ဖခင် လာသွားသည်ဟု ကြားသည်နှင့် တစ်ပြိုင်နက် မိုးကောင်းသို့ သူလိုက်သွားသည်။ သို့သော် နောက်ကျချေပြီ။ ရွှေဝါကို ကြိုးကြာရွာသစ်သို့ ခေါ်သွားကြပြီဖြစ်သည်။ ယင်းနောက်တွင်ကား ရွှေဝါ၏သတင်းကောင်းများကို သူကြားရ၍ ရင်ပေါ့သည်။ ရွှေဝါ အရက်ပြတ်သွားပြီ။ ရွှေဝါ ဘိန်းပြတ်သွားပြီ။ ရွှေဝါရူးသွပ်ခြင်း လုံးဝမပျောက်သော်လည်း အမျိုးသမီးတစ်ယောက်ကို ကောင်းမွန်စွာ ပေါင်းသင်နေသည်။ ယင်းအမျိုးသမီးသည် သူ၏အလျင်အဦး ရည်းစား ဖြစ်သည်ဟု စသည်ဖြင့်။

ရွှေဝါတွင် ရည်စားတစ်ဦးရှိကြောင်း ယင်းရည်းစားဦးကို သူအင်မတန် ချစ်ခင်ကြောင်းတို့ကို ကံလှသည် ရွှေဝါနှင့် ခင်ခင်လေး မားယွင်းကြသော ညကပင် သိခဲ့ရသည်။ ယခုအခါ ရွှေဝါသည် ယင်းရည်းစားဦးနှင့်ကောင်းမွန်စွာ ပေါင်းသင်းနေပြီဖြစ်၍ သူ့တွင်များစွာ ဝမ်းသာရသည်။ သစ္စာတရား ကြီးမားလှသော ထိုအမျိုးသမီးကိုလည်း တွေ့မြင်လိုလှသည်။ တစ်နေ့တွင် ထိုလင်မယားကို တကူးတကန့် သွားရောက်တွေ့ဆုံမည်ဟု စိတ်ကူးရှိခဲ့သည်။ ထိုအကြောင်းကို သူ့ဇနီးအားလည်း ပြောထားသည်။

သူ့ဇနီးကလည်း ရွှေဝါအကြောင်းကို ကြားဖူးထားသည်ရှိ၍ တစ်ကြောင်း၊ သစ္စာတရား ကြီးမားလှသော အမျိုးသမီးကို တွေ့မြင်လိုလှသည်ဖြစ်၍ တစ်ကြောင်း အတူလိုက်ပါမည်ဟု ကတိပေးထားသည်။ သို့ဖြင့် သူတို့လင်မယားသည် တစ်နှစ်တွင်အင်းတော်ကြီးဘုရားပွဲသို့သွားရင်း ကြိုးကြာရွာသစ်သို့ ခရီးဆက်မည်ဟု အကြံပြုထားသည်။ သို့သော် သူတို့သည် ယင်းဘုရားပွဲမှ ကမန်းကတန်း ပြန်လှည့်လာခဲ့ကြရသည်။ ကံလှအပြင်းဖျားသောကြောင့်တည်း။ သည့်နောက်တွင်ကား ကံလှသည် အလုပ်များသည်ကတစ်ကြောင်း၊ ရပ်ရေးရွာမှုများ ရှိသည်ကတစ်ကြောင်းတို့ကြောင့် ကြိုးကြာရွာသစ်သို့ သွားရန် မကြံစည်နိုင်ဘဲရှိသည်။ ထို့ပြင် မိုးကောင်းနှင့်လည်း အဆက်ပြတ်နေသဖြင့် ရွှေဝါကို ဒုတိယအကြိမ်ဖမ်းကြောင်းကို မသိရှိသည်။ ရွှေဝါတို့လင်မယား ကောင်းမွန်ချမ်းသာစွာပင် ရှိနေလိမ့်မည်ဟု မှတ်ထင်သည်။ ယခုဖြစ်ပွားနေသော အရေးတော်ပုံတွင် ရွှေဝါသော်လည်းကောင်း၊ ရွှေဝါ၏ မိသားစုထဲမှ တစ်ဦးဦးသော်လည်းကောင်း ပါဝင်ပတ်သက်နေလိမ့်မည်ဟု သူလုံးဝမယူဆ။ အကြောင်းမူရွှေဝါ၏အစ်ကို သေဆုံးသွားပြီကို သူသိသည်။ ရွှေဝါ၏နမတစ်ယောက် မိုးကောင်းတွင် အစိုးရဘက်မှ လူတစ်ယောက်နှင့် အိမ်ထောင်ကျနေကြောင်း သူသိသည်။ ရွှေဝါတွင် ညီမအငယ်တစ်ယောက် ရှိသေးမှန်းသိသော်လည်း ယင်းညီမငယ်သည် ဤအရေးတော်ပုံတွင် ပါဝင်နိုင်ကောင်းမည်ဟု သူလုံးဝ မထင်မိ။ ယင်းသို့ရှိစဉ် တစ်နေ့တွင် ရွှေဝါတစ်ယောက် ဒုတိယအကြိမ် အဖမ်းခံနေရကြောင်း သူကြားရသည်။ ထိုမျှမက ရွှေဝါသည် အချုပ်တွင်း၌ အပြင်းအထန် ရိုက်နက်ညှင်းပန်းခြင်းခံရသဖြင့် သေလုမြောပါးဖြစ်နေကြောင်းကို ပုလိပ်ဘက်နှင့် နီးစပ်သော

MMCYBERMEDIA
COMMUNITY FOR ALL

လူတစ်ယောက်ထံမှ သိရသည်။ ထိုအခါ ကံလှသည် သူ့ဇနီးနှင့်တိုင်ပင်ပြီး မိုးကောင်းသို့ ချက်ချင်းလိုက်သွားသည်။ ရွှေဝါ၏ အခြေအနေကို စုံစမ်းသည်။ အကြောင်းမဲ့ သက်သက် ဖမ်းထားကြောင်းသိရသည်။ သို့ဖြင့် သူတို့လင်မယားသည် ကြိုးကြာရွာသစ်သို့ လိုက်သွားပြီး မနင်းမြူနှင့် တွေ့သည်။ မနင်းမြူနှင့်အတူ ကိုဦးရှိနေသည်။ ကိုဦးသည် တစ်ယောက်တည်း လွှင့်ချင်ရာသို့ လွင့်နေရာမှ သူ့ဦးလေးကို ဖမ်းသွားကြောင်း၊ သူ့အဘွားသေဆုံးကြောင်း၊ သူ့အဒေါ်နှင့် မောင်မျိုးတို့ အရေးတော်ပုံတွင် ပါဝင်သွားကြောင်း၊ မနင်းမြူတစ်ယောက်တည်း ခိုကိုးရာမဲ့ဖြစ်နေကြောင်း သတင်းများကို ကြားရသောအခါ ရွာသို့ပြန်လာပြီး မနင်းမြူနှင့်အတူ နေထိုင်သည်။ မနင်းမြူကို စောင့်ရှောက်သည်။ လယ်ယာလုပ်ငန်းများကို ဦးစီးသည်။ ကံလှတို့လင်မယားသည် မနင်းမြူနှင့် ကိုဦးတို့ကို မိုးကောင်းသို့ခေါ်ခဲ့ပြီး ရွှေဝါ၏လွတ်မြောက်ရေးကို ဆက်လက် ဆောင်ရွက်သည်။ ကံလှဆောင်ရွက်ပုံမှာ တစ်ချိန်က ဦးနွဲ့မွန်ဆောင်ရွက်ပုံနှင့် ခြားနားသည်။ ဦးနွဲ့မွန်က အထက်လူကြီးများနှင့် အလွမ်းသင့်၍ သူတို့အကျိုးကို သယ်ပိုးခဲ့ဖူးသည်ရှိ၍ အခွင့်အရေးတောင်းခံခြင်းဖြစ်သည်။ ကံလှကတော့ ထိုသို့မဟုတ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို လိုက်တွေ့ဆုံပြီး တံစိုးလက်ဆောင်များ ပေးပြီး ရွှေဝါကို လွတ်မြောက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။

ရွှေဝါသည် သူ အချုပ်မှလွတ်သည်ကို သူ့ဘာသာသူပင် သိဟန်မရှိချေ။ ရူးသွပ်ခြင်း ရင့်ကြမ်းနေသောကြောင့် မဟုတ်။ ညှင်းပန်းနှိပ်စက်ထားသော ဒဏ်ရာဒဏ်ချက်များကြောင့် သတိမရ တစ်ချက် ရတစ်ချက် ဖြစ်နေသောကြောင့် ဖြစ်သည်။ ကံလှသည် ရွှေဝါကို မိုးကောင်းရှိ သူ့အသိ အိမ်တစ်အိမ်တွင် ထား၍ ဆေးကောင်းဝါးကောင်းများဖြင့် ကုသသည်။ တစ်ပတ်အတွင်းမှာပင် နေကောင်းခြင်း ရှိလာသည်။ နာလန်ထ အခြေဖြစ်လာသည်။ ထိုအခါတွင် ရွှေဝါ၏အဖြစ်ကို လူအများအံ့သြရသည်။ ရွှေဝါတွင် ရူးသွပ်ခြင်းဝေဒနာ လုံးဝမရှိတော့။ သူ့စိတ်အစဉ်များ လုံးဝမှန်ကန်သွားပြီဖြစ်သည်။ သူသည် စိတ်ထိခိုက်ခြင်းဖြစ်၍ စိတ်ဖောက်ပြန်ခဲ့ရသလို စိတ်ထိခိုက်ခြင်းရှိ၍ စိတ်ပြန်ကောင်းခဲ့ရပေသည်။ သည်တော့ မနင်းမြူ ဝမ်းသာသည်။ အားလုံးဝမ်းသာသည်။ ကံလှတို့လင်မယားကို သူတို့ ကျေးဇူးတင်ကြသည်။

ကံလှတို့ လင်မယားသည် ရွှေဝါတို့၏ ရှေ့ရေးကိုပါ စီစဉ်ကြသည်။ ရွှေဝါတို့သည် ကြိုးကြာရွာသစ်တွင် ပြန်၍ မနေသင့်တော့ဟု ယူဆသည်။ တစ်ကြောင်းမှာ ရင်းချာသော မိသားစုများ မရှိတော့။ နောက်တစ်ကြောင်းမှာ မြို့နှင့်အလှမ်းဝေး သော ရွာတစ်ရွာဖြစ်သဖြင့် ရွှေဝါသည် ထစ်ခနဲဆိုလျှင် အစိုးရလူများ၏ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းတို့ကို ခံရနိုင်သည်။ ထိုအဆိုကို မနင်းမြူနှင့် ကိုဦးတို့က လုံးဝသဘောတူကြသည်။ ရွှေဝါကတော့ ရွာကို သံယောဇဉ်ရှိဟန် တူသည်။ ပထမတွင် ဆင်ခြေဆင်လက်များ ပေးနေသေးသည်။ နောက်ပိုင်းတွင် အများက ဝိုင်း၍ ပြောတော့မှ သူက လျှော့ပေးသည်။

ကံလှတို့က ရွှေဝါတို့နေဖို့ မြစ်ကြီးနားတွင် မြေတစ်ဝိုင်းနှင့် အိမ်တစ်လုံး ဖန်တီးပေးသည်။ ယင်းအပြင် စားဝတ်နေရေးအတွက် လောလောဆယ် မြစ်ကြီးနားဈေးထဲတွင် မနင်းမြူအတွက် ဈေးဆိုင်တစ်ဆိုင် ဖွင့်လှစ်ပေးထားသည်။ နောင်အခါ၊ ရွှေဝါ နေကောင်းသောအခါ ကံလှနှင့် တွဲဖက်၍ အလုပ်လုပ်လိုကလည်း လုပ်နိုင်သည်။ ထိုသို့မဟုတ်ကလည်း ကြိုက်ရာ လုပ်နိုင်သည်။ ကိုဦးကိုမူ ကံလှ၏ အလုပ်တွင် ကူညီလုပ်ကိုင်စေသည်။ ကံလှတို့လင်မယားသည် သားသမီး မရှိသည်ဖြစ်၍ ကိုဦးကို သားအရင်းပမာ ချစ်ခင်နေကြသည်။ ကိုဦးကလည်း သူတို့လင်မယားကို အတုံ့အပြန် ခင်မင်ခြင်း

MMCYBERMEDIA
COMMUNITY FOR ALL

ရှိလေသည်။ သို့ဖြင့် ရွှေဝါလွတ်မြောက်ပြီး ဆယ်ရက်အကြာတွင် သူတို့မိသားစုသုံးယောက်သည် မြစ်ကြီးနားသို့ အပြီးအပိုင် ပြောင်းရွှေ့ သွားကြသည်။ ဘူတာသို့ လူအများ လိုက်လံပို့ဆောင်ကြသည်။ ထိုအထဲတွင် ကိုလူကြီးနှင့် နန်းခင်တို့၏ သားအကြီး စောပညာလည်း ပါရှိသည်။ ထို့အတွက် ရွှေဝါတို့မိသားစုမှာ ဝမ်းသာဝမ်းနည်း ဖြစ်ရသည်။ စောပညာသည် အသက် ဆယ့်နှစ်နှစ်မျှသာ ရှိသေးသည်။ သူသည် ရထားထွက်ခွာနီး အချိန်တွင်မှ ရောက်ရှိလာခြင်းဖြစ်သည်။

စောပညာသည် လူအုပ်ကြီးကို အတင်းတိုးခွေ၍ ရွှေဝါနှင့် မနင်းမြူအနီးသို့ရောက်အောင် ချဉ်းကပ်လာသည်။ ရွှေဝါက စောပညာကို မသိချေ။ မနင်းမြူက ပြောပြရသည်။ စောပညာ မည်သည့်အကြောင်းကိစ္စနှင့် လာမှန်းမသိ၍ ကိုဦးက တားဆီးမည်ပြုသည်။ ရွှေဝါက ကိုဦးကို လက်ကာပြသည်။ စောပညာသည် ပါးစပ်မှ ဘာမျှ မပြောသေးဘဲ ရွှေဝါနှင့် မနင်းမြူကိုထိုင်၍ ကန်တော့သည်။ ရွှေဝါတို့သာမက တွေ့မြင်ရသူအားလုံး ကြောင်အမ်း၍နေသည်။

"ကျွန်တော့်ကို ဦးကြီးရဲ့တူအရင်းလို့ မှတ်ပါ။ တစ်နေ့ကျရင် ကျွန်တော်ဟာ ဦးကြီးရွှေဝါတို့ ဦးကြီးရွှေနီတို့လို အင်္ဂလိပ်ကို တိုက်ပွဲမယ်"

ရွှေဝါမည်သို့မျှ မပြောနိုင်၊ ငိုင်နေသည်။ စောပညာ၏ပခုံးကိုသာ ညင်သာစွာ ကိုင်ထားသည်။ သူ့မျက်လုံးအိမ်တွင် မျက်ရည်များ စို့လာသည်။ ထိုစဉ်တွင် စောပညာကို လူတစ်ယောက်က ကြမ်းတမ်းစွာ ဆွဲခေါ်သည်။ ထိုသူကား နန်းခင်တည်း။ နန်းခင်၏ကိုယ်လုံးသည် ဒေါသဖြင့် တဆတ်ဆတ်တုန်နေသည်။ ယင်းအခိုက်မှာပင် ရွှေဝါတို့ကို သယ်ဆောင်သွားသော မီးရထားကြီးသည် မြောက်အရပ်သို့ ဦးတည်၍

တရွေ့ရွေ့ ထွက်ခွာသွားပေတော့သည်။

## အခန်း -၁၀၉-

ထိုနေ့မှာပင် သူတို့အိမ်သစ်တက်သည်။ ထို့နေ့မှာပင် ဧည့်သည် ရောက်သည်။ ထိုဧည့်သည်သည် မမျှော်လင့်သောသူ။ ထိုဧည့်သည်သည် ကြာမြင့်စွာကွဲကွာနေသူ။ ရုတ်တရက် သူ့ကို ရွှေဝါမမှတ်မိ။ ပုပုတိုတို၊ မျက်နှာလုံးလုံး။ သိပြီ။ ဖိုးဗျော့။ တောင်လေးလုံးက သူတို့အရင် တစ်နှစ်စော၍ ဆဒ်မှ ပြန်သွားသူ။

"ကျုပ်ကို မသိဘူးလား"
"သိပါတယ်"

ထိုစဉ်တွင် မနင်းမြူအိမ်ထဲမှ ထွက်လာသည်။ သူမကမူ တစ်ရပ်တည်းချင်းဖြစ်၍ ချက်ချင်းမှတ်မိသည်။

"အားညယ် မောင်ကြီး ဖိုးဗျော့။ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"နင်တို့အိမ်ကို ရှာလိုက်ရတာ။ ဒီနားမှာ ဘယ်သူမှမေးလို့မရဘူး။ ဂေါ်ရခါးတွေက ဗမာစကား၊ ရှမ်းစကား မတတ်ဘူးနဲ့ တူပါတယ်။ လက်ချည်းခါကြတယ်။ ကချင်လိုမေးလည်း မရကော"

သူက ခပ်ညည်းညည်း ဆိုသည်။ သူ့ပါးစပ်မှ အရက်နံ့များ ထောင်းခနဲထွက်သည်။

"နင်တို့စကားကို သူတို့နားမလည်တာ မဟုတ်ကော။ တို့ကို သူတို့မသိတာပ။ တို့က ကနေ့မှ ဒီအိမ်ကိုပြောင်းတာ"

ရွှေဝါက အရက်နံ့ကို လက်ဖြင့် ခါပစ်ရင်း ပြောသည်။ ယင်းကို ဖိုးဗျော့ သတိထားမိသည်။

"နောင်ကြီးရွှေဝါ အခုအရက်မသောက်တော့ဘူးဆို"
"အေး"
"ကျုပ်သောက်လာတာ စိတ်မဆိုးနဲ့နော"
"မောင်ကြီးဖိုးဗျော့ တစ်ကိုယ်လုံး ကစော်နံ့ပေါက်နေပြီ"
"နင်မသိပါဘူး။ ငါ့အကြောင်းနဲ့ငါပါ။ နင်တို့အိမ်မှာ ငါနေရမလား"
"နေပ"
"ငါ အကြာကြီးမနေပါဘူး။ ငါက ဗမာတစ်ပြည်လုံး လျှောက်သွားနေတာပါ"
"ဘာလုပ်လဲ"
"ငါ့အကြောင်းနဲ့ ငါပ"
"နင်အခု ဘယ်ကလာသလဲ"

ရွှေဝါမေးသည်။

"ဗန်းမော်က"
"ဘာနဲ့လဲ"
"မြစ်ကြောင်းက"
"ဒီကနေ မောင်ကြီးဖိုးဗျော့ ဘယ်ကိုသွားမလဲ"
"စိတ်ကူးပေါက်ရာပ"
"ဘယ်တော့သွားမှာလဲ"
"နင်တို့အိမ်မှာ ငါ ကြာကြာမနေပါဘူး"
"မောင်ကြီးကို မနေရဘူးလို့ ဘယ်သူပြောလဲကော။ ကြိုက်သလောက်နေပ။ တစ်သက်လုံးနေပ။ ဒါပေမဲ့ အရက်သောက်တာတော့ နင်းမြူမကြိုက်ဘူး"
"နင်တို့အိမ်မှာ ငါ မသောက်ပါဘူး"

သူပြောသည် မှန်၏။ ရွှေဝါတို့အိမ်တွင် သူ အရက်မသောက်။ အပြင်မှာ သောက်သည်။ ယင်းကိုလည်း သူတို့ မသိစေရသလောက် ဖြစ်သည်။ အကြောင်းမှာ မနက်အစောကြီး သူ အိမ်မှထွက်သွားသည်။ မိုးကြီးချုပ်မှ ပြန်လာသည်။ မနက်စာလည်း လာမစား။ ညစာလည်း လာမစား။ ရုံဖန်တွင် အိမ်ရှင်များ အိပ်နေလျှင် အိမ်အပြင်ခွေးကတက်တွင် အိပ်နေတတ်သည်။ ရုံဖန်တွင်

MMCYBERMEDIA
COMMUNITY FOR ALL

အိမ်သို့ပြန်မလာတတ်။ သို့ဖြင့် သူတို့အိမ်တွင် ဧည့်သည်ရှိသည် မရှိသည်ဟုပင် အပြောရကျပ်ကျပ်။ ယင်းကြောင့် သီတာပူရခြံနှင့် အိမ်သည် အမည်နှင့်လိုက်လျောအောင် အေးချမ်းငြိမ်သက်ခြင်း ရှိလှပေသည်။ နေ့ခင်းဘက်တွင်ဆိုလျှင် အိမ်တွင် ရွှေဝါတစ်ယောက်တည်း ရှိသည်။ မနင်းမြူက ဈေးထွက်သည်။ ကိုဦးက အလုပ်သွားသည်။ သူက ကံလှ၏ ကိုယ်စားလှယ်ဆိုလည်း ဟုတ်သည်။ ကူလီခေါင်းဆိုလည်း ဟုတ်သည်။ အလုပ်သမားများကို လိုက်လံပြီး ကြီးကြပ်ရခြင်းဖြစ်သည်။ ကံလှတို့ကတော့ သူတို့သားက သူတို့စီးပွားတွင် ဝင်ရောက်လုပ်ကိုင်နေခြင်းဟု ပြောသည်။ ကိုဦးသည်လည်း အလုပ်မိုးချုပ်သောနေ့များတွင် သီတာပူရသို့ ပြန်မလာတတ်။ ကံလှတို့အိမ်မှာပင် စားအိပ်သည်။ ကံလှတို့အိမ်က ရှမ်းစုတွင် ဖြစ်သည်။ မြို့တောင်ဖျားတွင် ဖြစ်သည်။ ရွှေဝါအိမ်က စီတာပူတွင်ဖြစ်သည်။ မြို့မြောက်ဖျားတွင် ဖြစ်သည်။ အလယ်တွင် အစိုးရအဆောက်အအုံများနှင့် ဈေးဆိုင်ကန္တားများ ခြားနေသည်။ ညအခါဆို လျှင် အသွားအလာပြတ်သည်။ မှောင်သည်။ ကံလှတို့က ရွှေဝါတို့ကို သူတို့ပတ်ဝန်းကျင်မှာပင် နေစေချင်သည်။ နီလည်း နီးချင်၍ ဖြစ်သည်။ ရှမ်းစုဆိုသည်မှာ ရှမ်းများ၊ ဗမာများ စုဝေးနေထိုင်ရာ အရပ်လည်း ဖြစ်သည်။ သို့သော် ရွှေဝါက ရှမ်းစုတွင်လည်း မနေလို။ မြို့လယ်ဈေးနှင့်နီးရာ မင်းရပ်မှာလည်း မနေလို။ အောက်ပြည်အောက်ရွာမှ ရောက်လာသော ဗမာများစုဝေးနေထိုင်သော မြို့သစ်မှာလည်း မနေလို။ နီပေါများချည်းလောက်သာ နေထိုင်သော စီပူတာတွင်မှ နေလိုသည်။

သူ့အကြောင်းပြချက်နှင့် သူတော့လည်း ဟုတ်သည်။ စီတာပူသည် နီပေါ၏အခေါ်ဖြစ်သည်။ ပါဠိဖြင့်ပြန်လျှင် သီတာပူရ ဖြစ်သည်။ မြန်မာလိုအဓိပ္ပါယ်ကောက်လျှင် 'အေးမြရိပ်ငြိမ်' ဟု ရသည်။ သူက ယင်းအမည်ကို နှစ်သက်သည်သာမက၊ ယင်းနေရာဌာနကိုလည်း များစွာ နှစ်သက်ခြင်းဖြစ်သည်။ သီတာပူရမှကြည့်လျှင် ရောဝတီမြစ်ကို ဦးတိုက်လျက်ရှိသော မိုင်းနားတောင်စွန်းကို မြင်ရသည်။ စိမ်းညို့ပြာခြင်း ရှိသည်။ သီတာပူရမှနေ၍ မြစ်အထက်သို့ နှစ်တိုင်ခရီးမျှ ဆန်လျှောက်သော် ရေစပ်နှင့် ရေလယ်တွင် လှပစွာ ဖြစ်ပေါ်နေသော ကျောက်တုံးကျောက်ဆောင်များကို တွေ့ရသည်။ ယင်းကိုလည်း သူက ခုံမင်လှသည်။ သို့ဖြင့် ကံလှသည် စီတာပူတွင် မြေကောင်းကောင်း နေရာကောင်းကောင်း ရှာရသည်။ ထို့နောက် သစ်ကောင်း ဝါးကောင်းတို့ဖြင့် ကျယ်ဝန်းသော အိမ်တစ်ဆောင် ဆောက်သည်။ ပရိဘောဂအစ၊ ဝင်းခတ်သည်ကအစ၊ ခြံဝန်းအတွင်း သစ်ပင်ကြီးငယ်များ စိုက်သည်ကအစ ကိုယ်တိုင်ကြပ်မတ် လုပ်ကိုင်ပေးသည်။ ယင်းကြောင့် တစ်လကြာမှ သီတာပူရခြံနှင့် အိမ်ပြီးစီးခြင်းသို့ရောက်သည်။

ထိုအိမ်မပြီးခင်က ရွှေဝါတို့သည် ကံလှအိမ်မှာပင် နေကြသည်။ ကံလှတို့အိမ်သည် အလျားအနံ ကောင်းသော အခန်းကျယ်ကြီးများ ရှိ၍၊ လင်မယားနှစ်ယောက်တည်းသာရှိ၍ သူတို့သုံးယောက် နေသည်ဆိုက ချောင်ချောင်ချိချိကြီး နေသွားနိုင်သည်။ သို့သော် ကိုယ့်မိသားစုနှင့်ကိုယ် လွတ်လွတ်လပ်လပ် နေနိုင်စေရန်အတွက် သီတာပူရအိမ်ကို ကံလှက ငွေကုန် ကြေးကျခံ၍ ဆောက်လုပ်ပေးခြင်း ဖြစ်သည်။

တန်ခူးလဆန်း တစ်ရက်နေ့တွင် ဘုန်းကြီးသုံးပါးကို ဆွမ်းကပ်၍ ကံလှ၏အသိမိတ်ဆွေများကို ထမင်းဖိတ်ကျွေးကာ ရွှေဝါတို့ အိမ်သစ်တက်သည်။ ထိုနေ့မှာပင် ဈေးဦးပေါက်ဧည့်သည်အဖြစ်နှင့် ဖိုးဗျော့ ရောက်ရှိလာခြင်း ဖြစ်သည်။ သို့သော် ဖိုးဗျော့သည် ဧည့်သည်ဟုသာ အမည်ခံထားသော်လည်း အိမ်တွင် နေသည်မရှိ။ အိမ်ရှင်များနှင့်လည်းတစ်နေ့လုံးနေ၍မှ တစ်ခါမျက်နှာချင်းဆိုင်၍ စကားပြောသည်မရှိ။

ယင်းကြောင့် ရွှေဝါနှင့် မနှင်းမြူတို့သည် ဖိုးဗျော့ကို မေ့၍ပင် နေကြသည်။ သူတို့အိမ်တွင် လူပိုတစ်ယောက်မရှိသကဲ့သို့ပင် မှတ်ထင်နေကြသည်။

ယင်းလင့်ကစား တစ်နေ့တွင် ဖိုးဗျော့နှင့်စပ်လျဉ်းပြီး ပြင်းထန်သော သတိပေးစကားတစ်ခုကို ကြားရသည်။ ပြောသူမှာ ကံလှဖြစ်သည်။ ပြဿနာက ကိုဦးနှင့် ပတ်သက်နေသည်။ သူတို့မျက်စိတွင် ကလေးတစ်ယောက်ဟု ထင်မှတ်နေသော်လည်း တကယ်တော့ ကိုဦးသည် အသက်အရွယ် ငယ်တော့သည်မဟုတ်ပါ။ မကြာမီ လအနည်းငယ်အတွင်းတွင် အသက် သုံးဆယ်ပြည့်တော့မည်ဖြစ်သည်။ ကိုဦးသည် မကြာမကြာတွင် သူ့ဖခင်ကဲ့သို့ပင် သူထင်ရာကို စွတ်၍လုပ်သည့် အကျင့်၊ သူသွားချင်ရာကို မပြောမဆို သွားနေတတ်သည့်ညဉ် ရှိသော်လည်း အသောက်အစားကင်းသည်။ ကျောက်စိမ်းတွင်းတွင် ကာလကြာမြင့်စွာ ကျင်လည်ခဲ့လင့်ကစား အလောင်းအစား မပြုတတ်။ နယ်စုံအရပ်စုံကို ရွက်ကုန်လှွင့်ခဲ့သူတစ်ဦး ဖြစ်သော်လည်း မိန်းမမှုများနှင့်ပတ်သက်ပြီး တစ်ခါမျှ ရှုပ်ယှက်သည်ကို မကြားစဖူး။သူ့ကို ကြည့်ရသည်မှာသည်တစ်သက် တွင် မိန်းမမယူတော့မည့်ပုံမျိုး ဖြစ်သည်။ မည်သည့်မိန်ကလေးအပေါ်တွင်မှ စိတ်ဝင်စားမှုမပြု။ တစ်ခါကအသက်ကြီးသော အမျိုးသမီးတစ်ဦးနှင့် သူ့ကိုယိုးစွပ်ကြသည်။ သူရှက်လှချည်ရဲ့ဟုဆိုသည်။ သူက ထိုအမျိုးသမီးကို အစ်မသဖွယ်၊ အမိ သဖွယ် ကူညီလုပ်ကိုင်ပေးခြင်းဟု ဆိုသည်။ သည်လိုပင် ငယ်ရွယ်သော မိန်းကလေးများကိုလည်း သူက ကူညီစရာရှိလျှင် ကူညီသည်။ ပြောစရာရှိလျှင် ပြောသည်။ သို့သော် သူ့တွင်ထူးဆန်းသော ခံစားမှုများဖြစ်ပေါ်လာဟန် မရှိချေ။

သို့သော် ဤသို့သော ကိုဦးသည် မြစ်ကြီးနားသို့ရောက်၍ ဆယ်ရက်မျှ မပြည့်မီတွင် မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ပြဿနာပေါ်သည်။ ထိုအမျိုးသမီး၏အမည်မှာ မြစိမ်းကြည်ဖြစ်သည်။ အမည်နှင့် လိုက်အောင် အသားအရေ စိုပြည် ကြည်လင်သည်။ အကြောများ စိမ်းလန်း ယှက်သွယ်သည်။ ယင်းအမျိုးသမီး၏ အလှအပနှင့် စရိုက်သဘာဝကို ပြောစရာ မရှိချေ။ နှစ်လိုဖွယ်ရာအတိ ဖြစ်သည်။ သို့သော် ထိုကလေးမ၏ မိဘများကိုကား ကံလှတို့က ပြဿနာပြုသည်။ မြစိမ်းကြည်၏ဖခင် ဦးနောက်စိမ်းသည် ကံလှကဲ့သို့ပင် ကန်ထရိုက်တာတစ်ဦးဖြစ်သည်။ ကံလှနှင့်အပြိုင် ဖြစ်သည်။ ကံလှ၏အကျိုးပျက်စီးကြောင်းကို အမြဲကြံစည်အားထုတ်နေသူ ဖြစ်သည်။ တစ်နည်းဆိုသော် ကံလှနှင့် ဦးနောက်စိမ်းတို့သည် ရန်ဘက်များဖြစ်ကြသည်။ ကိုဦးအနေနှင့် သည်မိန်းကလေးကိုမှ သွား၍ ငြိစွန်းရသည်ကို သူတို့က တဖျစ်တောက်တောက် ရှိနေသည်။ ကိုဦးနှင့် မြစိမ်းကြည် ယဉ်ပါးသွားကြမည်ကို ကံလှတို့ကသာ မလိုလားသည်မဟုတ်။ ဦးနောက်စိမ်းကလည်း တူးတူးခါးခါး ကြားဝင်သည်။ လူငယ်နှစ်ယောက် အဆက်အသွယ်ပြုသည်ကိုတွေ့လျှင် နှစ်ယောက်စလုံးကို သတ်ပစ်မည်ဟု လူသိရှင်ကြား ကြေညာထားသည်။

ထိုအခါတွင် မနှင်းမြူက စိုးရိမ်ကြောင့်ကြစိတ်ဖြင့် တူဖြစ်သူကို ကင်းကင်းရှင်းရှင်းရှိရန် ပြောသည်။ ရွှေဝါကတော့ ဤကိစ္စတွင် မည်သို့မျှ မပါဝင်။ ဤကိစ္စသည် ကာယကံရှင် လူငယ်များနှင့်သာ သက်ဆိုင်သည်။ ကောင်းကျိုးဆိုးကျိုးကို သူတို့ကသာ ဖန်တီးမည်၊ သူတို့ကသာ ခံစားလိမ့်မည်ဟု ဆိုသည်။

ရွှေဝါစိတ်ဝင်စားသည်က လူငယ်နှစ်ဦး၏ပြဿနာကို မဟုတ်။ ဦးနောက်စိမ်းကိုဖြစ်သည်။ ဦးနောက်စိမ်း၏အသံကို သူကြားဖူးသည်ဟု ထင်သည်။ သို့သော် သည်ရုပ်မျိုးကိုကား သူမမြင်ဖူး။ ထိုအကြောင်းကို မနှင်းမြူအား ပြောသောအခါ မနှင်းမြူက လူတူမရှား၊ အမည်တူ မရှားသလို

MMCYBERMEDIA
COMMUNITY FOR ALL

အသံတုလည်း မရှားကြောင်း ပြောသည်။ သို့သော် ထိုအသံမျိုးကို သူမလည်း ကြားဖူးသည် ထင်ကြောင်းကား ဝန်ခံသည်။ မည်သို့ဆိုစေ ဦးနောက်စိမ်းကို သူတို့ကသာမဟုတ် မြစ်ကြီးနား တစ်မြို့လုံးက စိတ်ဝင်စားခြင်းရှိကြသည်။ ယင်းကား ဦးနောက်စိမ်းသည် သည်အရပ်သား မဟုတ်သောကြောင့် ဖြစ်သည်။ ဦးနောက်စိမ်း၏အကြောင်းကို ဦးနောက်စိမ်းပြောပြသလောက်သာ သူတို့သိရသည်။

ဦးနောက်စိမ်းသည် လွန်ခဲ့သည့် ငါးနှစ်ခန့်ကမှ မြစ်ကြီးနားသို့ ဗန်းမော်မှ ပြောင်းလာခြင်းဖြစ်သည်။ သို့သော် ဦးနောက်စိမ်း သည် ဗန်းမော်သား မဟုတ်ချေ။ ဗန်းမော်သို့ မရောက်ခင်က ရန်ကုန်တွင် နေခဲ့ကြောင်း သူတို့ တစ်စွန်းတစ်စ သိကြသည်။ ဤတွင် ဦးနောက်စိမ်းသည် ရန်ကုန်သားမဟုတ်ကြောင်း၊ ဦးနောက်စိမ်း၏ ပြောစကားများအရပင် သူတို့သိရသည်။ ဦးနောက်စိမ်းသည် ရှမ်းအမျိုးသားတစ်ဦး ဖြစ်သည်။ အင်္ဂလိပ်များကို အထက်မြန်မာပြည် တစ်ဝန်းလုံးက ခုခံတွန်းလှန်ကြစဉ်က သူ ရှမ်းပြည်တွင်ရှိသည်ဟု ဆိုသည်။ သူကိုယ်တိုင် အင်္ဂလိပ်ကို ငါးနှစ်ငါးမိုးမျှ ပြင်းပြင်းထန်ထန် တိုက်ခဲ့သည် ဟုဆိုသည်။ ယင်း၏သက်သေအဖြစ် သူ့ကိုယ်တွင်ရှိသော အမာရွတ်များ၊ ရုပ်ဆင်းအင်္ဂါပျက်နေသည်များကို ပြသည်။ သူ့တစ်ကိုယ်လုံးတွင် ဓားခုတ်ရာများ၊ လှံထိုးရာများ၊ သေနတ်ကျည်ဆံပင်ထိမှန်ရာများက ပွစိတက်နေသည်။ မျက်လုံးတစ်ဖက် ပျက်နေသည်။ ပါးတစ်ဖက် နိမ့်နေသည်။ သူငယ်စဉ်က အင်မတန်ချောသည်ဟု ကြွားဝါပြောဆိုတတ်သည်။ ယခုမူ အင်မတန် အကျည်းတန်သူ ဖြစ်သည်။

ဦးနောက်စိမ်းသည် ငွေကြေးပြည့်စုံသူတစ်ဦး ဖြစ်သော်လည်း ရပ်ရေးရွာမှုများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း မရှိ။ မြို့ခံလူများနှင့်လည်း ဟက်ဟက်ပက်ပက် ပေါင်းသင်းခြင်း မပြု။ သူ့ဘာသူ တသီးတခြား နေသည်။ သူ့အိမ်သားများကိုပင် အိမ်ထဲမှာပင် နေစေသည်။ သူ့မိန်းမသည် သူ့ထက် ဆယ်နှစ်မျှမက ငယ်သည်။ အလွန်တရာချောမောခြင်းလည်း ရှိသည်။ ယင်းကြောင့်လည်း မြစိမ်းကြည်သည် မြစ်ကြီးနားတွင် အလှပဆုံးသော အမျိုးသမီးကလေးများ စာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။

ရွှေဝါကမူ ဦးနောက်စိမ်းအပေါ်တွင် စိတ်ဝင်စားသည်မှအပ မည်သို့မျှ အာဃာတ မရှိသော်လည်း ဦးနောက်စိမ်းကမူ ရွှေဝါနှင့် မနင်းမြူတို့အပေါ်တွင် မကောင်းသော စိတ်များပွားများလှသည်။ လမ်းတွင်တွေ့လျှင် မျက်နှာထား တည်တည်ထားသည်။ ရွှေဝါ၏ မကောင်းသတင်းများကို ပြောကြားတတ်သည်။ တစ်ခုတော့ရှိသည်။ ဦးနောက်စိမ်းသည် ကံလှကို ဆန့်ကျင်ရင်း ကံလှတို့၏ မိတ်ဖက်ဖြစ်သော ရွှေဝါတို့ကို ဆန့်ကျင်ခြင်း ဖြစ်နိုင်သည်။

ဤကား လူကြီးများ ပြဿနာဖြစ်သည်။ လူငယ်များ ပြဿနာကား ရှင်းရှင်းလေးပင် ဖြစ်သည်။ တစ်နေ့တွင် မြစိမ်းကြည်သည် မိခင်နှင့်အတူ ဈေးသို့ပါလာသည်။ သမီးနှင့်အမေ ဝမ်းတို့ဟူးစားကြသည်။ ဝမ်းတို့ဟူးစားနေရင်း ဆိုင်တစ်ဆိုင်တွင် အထုပ်တစ်ထုပ် မေ့ကျန်ရစ်ခဲ့သည်ကို သတိရ၍ မြစိမ်းကြည်၏မိခင် ကမန်းကတန်း ထသွားသည်။ ထိုအချိန်တွင် မြစိမ်းကြည်ရှိရာဆိုင်သို့ ကိုဦး ရောက်လာသည်။ ဆိုင်တွင် လူကျပ်နေသည်။ ထိုင်ရန် နေရာမရှိ။ ကိုဦးက အမှတ်မထင် မြစိမ်းကြည်၏မိခင် ဒေါ်နန်းစိန်ထသွားသောနေရာတွင် ဝင်ထိုင်သည်။ မြစိမ်းကြည်နှင့် ပူးပူးကပ်ကပ် ဖြစ်သွားသည်။ အမျိုးသမီးက ထိတ်လန့်တကြား ကြည့်သည်။ သို့သော် ကိုဦးသည် မြစိမ်းကြည်ကို

MMCYBERMEDIA
COMMUNITY FOR ALL

အထူးတလည် အမှုထားခြင်း မပြုဘဲ ဆာလောင်မွတ်သိပ်ခြင်းကို အမြန်ဆုံး ဖြေရှင်းရန် လောပန်းမကြီးထံတွင် ဆန်တို့ဟူး မှာလျက်ရှိသည်။

"လောပန်းမကြီး၊ မြန်မြန်လုပ်စမ်းပါ။ ဆာလှပြီ။ အခါတိုင်းလိုပဲနော"

သူက အခြားသူများ၏အသံကို လွှမ်းမိုးရန် ကျယ်ကျယ်လောင်လောင်ပြောသည်။ ဤဆိုင်တွင် သူစားနေကျဖြစ်ဟန် ရှိသည်။ တရုတ်မကြီးသည် သူ့ကို တစ်ချက်ကြည့်ပြီး ခေါင်းညိတ်သည်။ ထို့နောက် အခြားသူများထက် အရင် သူ့အတွက် ပြင်ပေးသည်။ တရုတ်မကြီးလုပ်သည်ကို မြစိမ်းကြည် မျက်လုံးဝိုင်း၍ ကြည့်နေသည်။ ဆန်တို့ဟူးဖြူဖြူက တစ်ဆ၊ ပဲငါးပိ ညိုညိုက တစ်ဆ၊ ကချင် ငရုတ်သီးနီနီက တစ်ဆ၊ ချဉ်ရည် ဝါဝါက တစ်ဆ စသည်ဖြင့် လေးမျိုး လေးဆရောစပ်ပြီး ကိုဦးကို ပေးသည်။ ကိုဦးက ကမန်းကတန်း လှမ်းယူ၍ တူဖြင့် ခပ်နာနာမွှေသည်။ ပြီးနောက် နှုတ်ခမ်းနှင့် ပန်းကန်လုံး တေ့ပြီး ဆိမ့်ငန်ချဉ်စပ်များကို ပါးစပ်အတွင်းသို့ တူဖြင့် ဒလကြမ်း လျက်သွင်းနေသည်။ သူ့ဘေးမှ လူရွယ်စားသောက်နေသည်ကို ကြည့်၍ မြစိမ်းကြည်ကျောစိမ့်သည်။ အားညယ် ချဉ်လိုက်၊ စပ်လိုက်၊ ငန်လိုက်မယ့်ဖြစ်ခြင်း။ ကိုဦးအကြောင်းကို သိဟန်တူသော တရုတ်မကြီးသည် ကိုဦးစား၍ မပြီးမီမှာပင် နောက်တစ်ပန်းကန် ထပ်ပေးသည်။ ကိုဦးစားသည်။ နောက်တစ်ဖန် ထပ်ပေးသည်။ ကိုဦးစားသည်။ ယင်းသို့ဖြင့် ကွမ်းတစ်ယာညက် အတွင်းမှာပင် ငါးပန်းကန်ကုန်သွားသည်။ ထိုအခါတွင်မှ ကိုဦးသည် တရုတ်မကြီးကို ပိုက်ဆံပေးပြီး ဆိုင်မှ ထွက်သွားရန် ထသည်။ ယင်းသို့ အထတွင် သူ့ကို စူးစိုက်ကြည့်နေသော မြစိမ်းကြည်ကို မြင်သွားသည်။ အဘယ့်ကြောင့်မှန်းမသိ၊ သူ့ကိုယ်လုံးသည် သိမ့်ခနဲ တုန်သွားသည်။ ထိုသို့ တုန်သွားသည်ကို မြစိမ်းကြည် သတိပြုမိသည်။ အမျိုးသမီးလည်း နေရာမှ အလိုလို ထမိသည်။ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ဖြစ်နေသည်။ တစ်ဦးကိုတစ်ဦး စူးစိုက်၍ ကြည့်နေကြသည်။ ထိုစဉ်တွင် ဒေါ်နန်းစိန်ရောက်လာပြီး မြစိမ်းကြည်ကို ခေါ်သွားသည်။ အမျိုးသမီးကြီးသည် လူငယ်နှစ်ဦး၏အဖြစ်ကို သတိပြုမိဟန် မရှိချေ။ အတန်ငယ် လျှောက်မိသော် မြစိမ်းကြည် ပြန်စောင်းလှည့်ကြည့်သည်။ လူရွယ်သည် စောစောကအတိုင်းပင် သူမကို စိုက်ကြည့်နေကြောင်း တွေ့ရသည်။ ထိုအခါတွင် တစ်ကိုယ်လုံး သိမ့်ခနဲတုန်သွားရသူမှာ သူမ။ ယင်းကား သူတို့နှစ်ဦး၏အစတည်း။ သည်အစကို သူတို့နှစ်ဦးသာသိသည်။ အခြားမည်သူမျှ မသိချေ။ သို့သော် နောက်သုံးရက်အကြာတွင်ကား သူတို့နှစ်ဦး၏ သတင်းသည် တစ်မြို့လုံးသို့ တောမီးပမာ ပြန့်သွားသည်။

လူငယ်နှစ်ဦးသည် တို့ဟူးဆိုင်တွင် တွေ့ရှိပြီး နောက်တစ်ကြိမ် ထပ်မံတွေ့ရှိကြခြင်း မရှိတော့။ မြစိမ်းကြည်အပြင်သို့ မထွက်တော့သောကြောင့် ဖြစ်သည်။ ကိုဦးသည် နံနက်တိုင်း တို့ဟူးဆိုင်မှ သွားစောင့်သည်။ အမျိုးသမီး မရောက်လာချေ။ အနံ့ရှာသည်။ အမျိုးသမီးကို မတွေ့။ တစ်မြို့လုံး မွှေနှောက်သည်။ အမျိုးသမီးကို မမြင်။ သူမကျေနပ်။ မည်သူ့ထံမှလည်း မေးလို့မရ။ တို့ဟူးသည်မကြီးကလည်း ထိုနေ့က သူနှင့်တွေ့လိုက်သော မိန်းကလေးကို သတိပြုမိလိုက်ခြင်းမရှိ။ အခြားသူများကလည်း သူ၏စကားထာကို ဖော်နိုင်ခြင်းမရှိ။ 'တို့ဟူးဆိုင်တွင် တွေ့လိုက်သော ခပ်လှလှ မိန်းကလေးသည် မည်သူနည်း' ဟူသော စကားထာကို အဘယ်သူက အဘယ်သို့ ဖြေဆိုနိုင်အံ့နည်း။

ဤသို့ဖြင့် သုံးရက်မြောက်သောနေ့တွင် ကိုဦးသည် အလုပ်ကိစ္စတစ်ခုနှင့် မြို့အနောက်ဘက်ရှိ ရမ်ပူရွာသို့ ရောက်သွားသည်။ ဂေါ်ရခါး အလုပ်သမားတစ်ယောက်ကို သွားရှာခြင်းဖြစ်သည်။ ဤတွင် မြစိမ်းကြည်ကို ပြတင်းမြင့်တစ်ခုတွင် အမှတ်မထင် သူမြင်သည်။ သူက ပြုံး၍နှုတ်ဆက်သည်။

MMCYBERMEDIA
COMMUNITY FOR ALL

အမျိုးသမီးက ပြုံးတုံ့ပြန်သည်။ ဤသည်ကို ခြံဝန်းအတွင်းရှိ ပန်းပင်များကို ရေလောင်းနေသော ဦးနောက်စိမ်း တွေ့ရှိသွားသည်။ သူက ချက်ချင်းပင် ယမ်းပုံမီးကျ ဖြစ်သည်။ သူက သူ့သမီးနှင့် အတုံ့အပြန် ပြုံးနေသူသည် ကံလှ၏အိမ်တွင် နေသူဖြစ်မှန်း သိသည်။ ရွှေဝါနှင့်မနင်းမြူတို့၏ တူဖြစ်မှန်းသိသည်။ ထိုအခါ သူက ဘာမပြော ညာမပြောနှင့် အိမ်ပေါ်သို့ ပြေးတက်သွားသည်။ ဖခင်၏အပြုအမူကို တွေ့မြင်သောအခါ မြစိမ်းကြည်၏မျက်နှာတွင် စိုးရိမ်မှုများ ရုတ်ချည်းပေါ်လာသည်။ ကိုဦးကို ဤနေရာမှ မြန်မြန် ထွက်ခွာသွားရန် လက်ပြသည်။ သို့သော် ကိုဦးသည် အဓိပ္ပါယ်ကို ဆက်စပ်တွေးယူနိုင်ခြင်း မရှိသဖြင့် ထိုနေရာမှာပင် ငေးကြောင်၍ ရပ်နေသည်။ ဦးနောက်စိမ်း အိမ်ပေါ်မှ ပြေးဆင်းသည်။ သူ့လက်ထဲတွင် နှစ်လုံးပြူးသေနတ်ကြီး ပါလာသည်။ သူက တံခါးမကြီးကို ဖွင့်၍ ဝင်းရှေ့တွင် ရပ်သည်။ ကိုဦးကို သေနတ်ဖြင့် ချိန်ထားသည်။ ဒေါ်နန်းစိန်နှင့် မြစိမ်းကြည်တို့ အိမ်ပေါ်မှ ပြေးဆင်းလာကြပြီး ဦးနောက်စိမ်းကို တစ်ဖက်တစ်ချက်ဆီမှ ဆွဲသည်။ ကိုဦးကို သိရှိသော ဂေါ်ရခါးအလုပ်သမား သုံးလေးဦး လှမ်းလှမ်းမှ အတင်းပြေးလာသည်။ ကိုဦးရှေ့တွင် ကွယ်ကာ၍ ရပ်ကြသည်။ သူတို့ခါးတွင် ချိတ်ထားသော ဓားကောက်များကို နတ်ကြသည်။ သို့သော် ကိုဦးသည် ယခုအထိ အခြေအနေကို ဘာမျှ မသိသေး။ ဘာပြော၍ ဘာလုပ်ရမှန်းမသိ ရှိနေသည်။

"မင်းတို့ကောင်ကို အခုခေါ်သွား။ ခေါ်မသွားရင် ငါအခု သေနတ်နဲ့ ပစ်မယ်"

ဦးနောက်စိမ်းက ကိုဦး၏ရှေ့တွင် ရပ်နေသော ဂေါ်ရခါးများကို လှမ်းပြောသည်။

"ဘာလို့ပစ်ရမှာလဲ။ သူ လမ်းမမှာ နေတာပဲ"

စိတ်ဆတ်ဟန်ရှိသော ဂေါ်ရခါးလူငယ်တစ်ဦးက ခက်ထန်ထန် ပြန်ပြောသည်။ ထိုအခါ ဦးနောက်စိမ်းသည် 'လမ်းမမှာ' ဟူသောစကားကိုလည်း နားဝင်သွားဟန် ရှိသည်။ သူနေရသည်မှာ ဂေါ်ရခါးရပ်ကွက်ထဲတွင် ဖြစ်ပြီး ဂေါ်ရခါးများနှင့် အချင်းမများသင့်ဟုလည်း သဘောပေါက်သွားဟန် ရှိသည်။ သူ့အား ဆွဲထားသူနှစ်ဦးကို တွန်းဖယ်၍ အိမ်ထဲ ဝင်သွားသည်။ အမျိုးသမီးနှစ်ဦးလည်း ထက်ကြပ်လိုက်ဝင်သည်။ ဦးနောက်စိမ်းသည် ဝင်းတံခါးကို ဆောင့်ပိတ်သည်။ ကြေးသော့ခလောက်ကြီးကို သော့ခတ်သည်။

ကြိုးချည်ထားသော အင်းခွေးကြီးနှစ်ကောင်ကို ဖြေလွှတ်သည်။ ခွေးဟောင်သံများ ညံသွားသည်။ ကိုဦးတို့အနီးသို့ အခြားဂေါ်ရခါးများ ထပ်မံရောက်ရှိလာသည်။

"ငါ့အိမ်ထဲကို ဝင်ရဲတဲ့ကောင် ဝင်ကြည့်စမ်း။ အကုန်လုံးကို သတ်ပစ်မယ်"

သူက ခွေးဟောင်သံများအကြားမှ ကိုဦးတို့ဘက်သို့ လှမ်းအော်ပြောသည်။ ထို့နောက် သူ့သမီးဘက်သို့လှည့်၍...

"နင် သတိထား၊ နောက်ကို နင်ဒီကောင်နဲ့ အဆက်အသွယ်လုပ်ရင် နင်တို့နှစ်ယောက်စလုံးကို သတ်ပစ်မယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ထို့နောက် ဦးနောက်စိမ်းသည် အိမ်ပေါ်တက်သွားသည်။ ဒေါ်နန်းစိန်လည်း မြစိမ်းကြည်ကို ဆွဲခေါ်၍ အိမ်ပေါ် တက်သွားသည်။ အိမ်ထဲသို့ဝင်ခါနီးတွင် မြစိမ်းကြည်သည် ကိုဦးကို တစ်ချက် လှည့်ကြည့်သည်။ သူမ၏မျက်နှာမှာလည်း ညှိုးငယ်နွမ်းလျနေသည်။ ထိုအခါတွင် ဂေါ်ရခါး အလုပ်သမားများကလည်း ကိုဦးကို ဖျောင်းဖျ နှစ်သိမ့်ကြသည်။ အိမ်အရောက် လိုက်ပို့ပေးကြသည်။ ကံလှတို့ကို ဖြစ်ပျက်သမျှ ပြန်ပြောကြသည်။ ထိုအခါတွင် ကံလှက တစ်စခန်း ထသည်။ ဦးနောက်စိမ်းကို ယခုပင် သွားသတ်မည်ဟုဆို၍ သူ့ကို ဆွဲထားကြရပြန်သည်။ ကံလှ မဆိုစဖူး မပြောစဖူး ကိုဦးကို ပြောဆိုကြိမ်းမောင်းသည်။

ထိုသတင်းသည် နေ့ချင်းပင် မြို့တွင်းသို့ ပြန့်သွားသည်။ တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားသည်။ ကိုဦးလည်း ယခုမှပင် ဇာတ်ရည်လည်တော့သည်။ သူက မြစ်ကြီးနားသို့ ရောက်ကတည်းက ဦးနောက်စိမ်း၏အမည်ကို ကြားဖူးခဲ့သည်။ ဦးနောက်စိမ်းသည် သူ၏မွေးစားမိဘများနှင့် ရန်ဘက်ဖြစ်ကြောင်းလည်း သိသည်။ သို့သော် ဦးနောက်စိမ်းကို မြင်ဖူးခဲ့ခြင်း မရှိချေ။ ထိုအချိန်က ဦးနောက်စိမ်းသည် မန္တလေးသို့ သွားနေခိုက်ဖြစ်၍ ဖြစ်သည်။ ထို့အတူ ဆိုင်တွင် သူနှင့် မြစိမ်းကြည်တို့ တွေ့ရှိပြီး နောက်တစ်နေ့တွင်မှ ဦးနောက်စိမ်း မြစ်ကြီးနားသို့ ပြန်ရောက်လာခြင်းဖြစ်သည်။ ဖခင်မရှိခိုက်တွင်သာ သူမသည် အပြင်သို့ ထွက်ရသည်။ ဖခင်ရှိစဉ်တွင် သူ့မိခင်သည် သမီးကို အပြင်သို့ မခေါ်ရဲ။ ယင်းကြောင့်ပင် မြစိမ်းကြည် ဈေးသို့ မရောက်လာခြင်းဖြစ်သည်။ ထို့ပြင် သူသည် ရမ်ပူဘက်သို့ တစ်ခေါက် နှစ်ခေါက်ရောက်ဖူးသော်လည်း ထိုအိမ်သည် ဦးနောက်စိမ်းအိမ်ဖြစ်ကြောင်း မည်သူကမျှ ပြောမထားခဲ့ပါချေ။ ယင်းကြောင့် သူ့မှာ ဦးနောက်စိမ်း၏ စော်ကားခြင်းကို ဘုမသိ ဘမသိနှင့် ခံလိုက်ရခြင်းဖြစ်သည်။ ထို့အတွက် သူက နည်းနည်းမှ မကျေနပ်ရှိသည်။ သူ့မျက်နှာတွင် ဒေါမာန်ခက်ထန်သော ဦးနောက်စိမ်း၏မျက်နှာကြီးကို မြင်နေမိသလို၊ သနားစဖွယ်သော မြစိမ်းကြည်၏ မျက်နှာကလေးကိုလည်း အမြဲအစဉ် မြင်ယောင်နေမိသည်။

သို့သော် သူတို့နှစ်ဦး၏အဖြစ်သည် ဤမျှနှင့်ပင် ပြီးရမည်ကဲ့သို့ ရှိသည်။ သူတို့သည် နှစ်ကြိမ်မျှသာ တွေ့မြင်ဖူးပြီး စကားတစ်ခွန်းမျှပြောဆိုဖူးခြင်း မရှိဘဲနှင့် အဆက်အသွယ်ပြတ်ရတော့မည့်ပုံဖြစ်သည်။ သူတို့ကိုယ်သူတို့လည်း မည်သို့ မှတ်ယူကြရမည်မသိ။ တစ်ယောက်ကိုတစ်ယောက် မေတ္တာရည်ငံခြင်း ရှိနေကြသည်လား၊ စွဲလမ်းတမ်းတခြင်း ရှိနေကြသည်လား အတပ်မပြောပိုင်။ မည်သည့်အခါတွင်မျှလည်း ပြောနိုင်တော့မည်မဟုတ်။ သူတို့နှစ်ဦး ထပ်မံတွေ့ဆုံရန် အကြောင်းမရှိတော့သလောက် ဖြစ်သည်။ ဦးနောက်စိမ်းသည် သူ့သမီးကို ဝင်းထဲမှ ဝင်းပြင်သို့ ထွက်ခွင့်မပေး။ အမှန်တော့ ခြံဝင်းထဲသို့ပင် ကြာကြာ မဆင်းစေရ၊ ခဏခဏ မဆင်းစေရ၊ အိမ်ပေါ်မှာသာ အနေများစေသည်။ သူလည်း အထူးအရေးကြီးသော ကိစ္စများ မရှိလျှင် အပြင်မထွက်တော့။ သူ့လုပ်ငန်းကို သူ့လူယုံများနှင့်သာ လွှဲထားသည်။ ထို့ပြင် သူ့ခြံဝင်းအကာကို ပို၍ ခိုင်မာတောင့်တင်းအောင် ပြုလုပ်သည်။ အင်းခွေးနှစ်ကောင်မှ လေးကောင်သို့ တိုးမြှင့်သည်။ ထောင့်လေးထောင့်တွင် မြေဖုတ်ဘီလူးစောင့်သည်သို့ စောင့်စေသည်။ ညအခါများတွင် သူကိုယ်တိုင်နှစ်လုံးပြူးသေနတ် တစ်လက်နှင့် ကင်းလှည့်နေတတ်သည်။ ကံလှတို့ဘက်ကလည်း တစ်မျိုး။ ကံလှက ကိုဦးကို သတိပေးသည်။ ဤမိန်းကလေးနှင့် နောက်တစ်ကြိမ် အဆက်အသွယ် ပြုလုပ်ကြောင်းကြားသိရလျှင် သူနှင့် သေခန်းရှင်ခန်းပြတ် ဟုဆိုသည်။ ရွှေဝါကမူ သတိနှင့် သွားလာပြုမူရန်သာ ပြောသည်။ သူက လူငယ်များ၏ တက်ကြွထက်သန်သော စိတ်ဓာတ်ကို မချိုးနှိမ်သင့်ဟု ကံလှကို ပြောသည်။ ကိုဦးကို အတိအကျ ချုပ်ချယ်သူနှစ်ဦးမှာ ကံလှ၏ဇနီး မခင်အုံနှင့် မနင်းမြူတို့ ဖြစ်ကြသည်။ သူတို့ကမူ ကိုဦးကို ဦးနောက်စိမ်းသမီးနှင့် သဘောမတူ၍လည်း

တစ်ကြောင်းဖြစ်သည်။ ကိုဦးအတွက် စိုးရိမ်မကင်းရှိ၍လည်း တစ်ကြောင်းဖြစ်သည်။ သို့အတွက် ကိုဦး၏အသွားအလာ အနေအထိုင်များကို ချုပ်ချယ်ကြသည်။ ညမိုးချုပ်လျှင် ကိုဦးအပြင်မထွက်ရ။ အကြောင်းရှိ၍ထွက်လျှင် တစ်ယောက်တည်း မသွားရ။ အင်မတန် အရေးကြီးသော အကြောင်းကိစ္စ မရှိဘဲနှင့် ရမ်ပူဘက်သို့ မသွားရ။ သွားလျှင်လည်း အဖော်ပါရသည်။ ယင်းသို့ဖြင့် ကိုဦးမှာလည်း အကျယ်ချုပ် ကျနေရတော့သည်။

ပထမပိုင်းတွင် ကိုဦးသည် လူကြီးများ၏ တားမြစ်ပိတ်ပင်ချက်ကို မသိအောင် လွန်ကျူးဖောက်ဖျက်လျက် ရမ်ပူဘက်သို့ သွားသည်။ မြစိမ်းကြည်တို့အိမ်ကိုအဝေးမှ လှမ်းမျှော်သည်။ နိုင်ခံ့သော ခြံဝင်းနှင့် ပိတ်ထားသော ပြတင်းပေါက်များကိုသာ တွေ့ရသည်။ မြစိမ်းကြည်၏ အရိပ်အယောင်ကိုသော်မျှ မမြင်ရ။ ခြံဝင်းအတွင်းသို့ ဝင်နိုင်ဖို့ရာကလည်း မဖြစ်နိုင်သလောက် ဖြစ်သည်။ တစ်ကြိမ်က ညအမှောင်ကို ခို၍ ခြံနှင့်အတော်နီးနီးသို့ သူကပ်သွားသည်။ ခွေးဟောင်သံများ ဆူညံသွားသည်။ နစ်လုံးပြူးသေနတ် မောင်းချိုးသံ ကြားရသည်။ သို့ဖြင့် သူ တပ်ခေါက်ခဲ့ရသည်။ နောင်ကာလ အတန်ကြာ သောအခါမှ အခြေအနေများ ငြိမ်သက်အေးဆေးသောအခါတွင်မှ တစ်မျိုးတစ်ဖုံ ကြံမည်ဟု အောက်မေ့ထားလိုက်သည်။ ထိုအခါတွင် ကိုဦးနှင့် မြစိမ်းကြည်ကိစ္စ တစ်စစနှင့် ပြည်ဖုံးကား ကျချေပြီဟု လူကြီးများ မှတ်ယူစပြုလာသည်။ စိတ်အေးစပြုလာသည်။ မေ့လျော့စ ပြုလာသည်။ ဤအချိန်တွင်မှ ဤကိစ္စအတွင်းသို့ ဖိုးဗျော့ ဝင်ရောက်လာလေသည်။ ဖိုးဗျော့သည် အရက်ဆိုင်တကာ ဘိန်းဆိုင်တကာ လှည့်လည်သောက်စားရင်းနှင့် ကိုဦးနှင့်မြစိမ်းကြည်တို့ အကြောင်းကို သိသွားသည်။ ဦးနောက်စိမ်းနှင့် ကံလှအပြိုင်ဖြစ်ကြောင်း သိသွားသည်။ ဦးနောက်စိမ်း၏ နောက်ကြောင်းကိုလည်း မြို့ခံလူများ သိထားသလောက် သူသိရှိသွားသည်။ထိုအခါတွင် သူက ကိုဦးဘက်မှ ရဲရင့်စွာ ရပ်တည်သည်။ ကိုဦးနှင့် မြစိမ်းကြည် တွေ့နိုင်အောင် သူဖန်တီးမည်ဟု ကြုံးဝါးသည်။ ကိုဦးကိုလည်း ထိုအတိုင်းကတိပေးသည်။

သည်တော့ ကိုဦး အားတက်သည်။ စစ်ကူရချေပြီ မဟုတ်လား။ ဖိုးဗျော့သည် ယခုအခါ အရက်သမား ဘိန်းသမား တစ်ယောက်၊ လူပေတစ်ယောက် ဖြစ်သော်လည်း ရွှေဝါနှင့် မနင်းမြူတို့၏ ပြောစကားအရဆိုလျှင် သူသည် တစ်ချိန်က အင်မတန်ရဲရင့်သူ ဖြစ်သည်။ အင်္ဂလိပ်တို့ကို နစ်ပေါင်းများစွာ တွန်းလှန်တိုက်ခိုက်ခဲ့သူဖြစ်သည်။ သူ့တွင် ကြံရည်ဖန်ရည် ရှိသည်။ သူက တစ်ခုခုကို လုပ်မည်ဆိုလျှင် မဖြစ်မနေ လုပ်တတ်သူဖြစ်သည်။ ယင်းကြောင့် သူက ဖိုးဗျော့ကို အားကိုးသည်။ ဖိုးဗျော့နှင့် ရင်းနီးပွင့်လင်းစွာ တိုင်ပင်နီးနောသည်။ ဖိုးဗျော့ သညာပေးသည့်အတိုင်း တစ်သဝေမတိမ်း လိုက်လံ လုပ်ဆောင်သည်။ သို့ဖြင့်နောက်ပိုင်းတွင် သူတို့နှစ်ဦး တပူးတွဲတွဲ တွေ့ရသည်။ သူတို့နှစ်ယောက် ရမ်ပူရွာထဲတွင် ဟိုအိမ်ဝင် သည်အိမ်ထွက် လုပ်နေသည်ကို တွေ့ကြရသည်။ ညဘက်များတွင် ဖိုးဗျော့နှင့် ကိုဦးကို မြစိမ်းကြည်တို့ အိမ်အနီးတွင် ရစ်ဝဲနေကြောင်း မြင်ကြရသည်။

ထိုသတင်းကို ကံလှကြားသိသောအခါ ဒေါသူပုန်ထသည်။ ဖိုးဗျော့အကြောင်း ရွှေဝါကို တိုင်တန်းသည်။ ဖိုးဗျော့ကို အိမ်တွင် လက်ခံမထားရန် ပြောသည်။ ကိုဦးကို ပြင်းပြင်းထန်ထန် ကွပ်ညှပ်ဖို့ ပြောသည်။

"တို့လူ မောင်ကံလှလည်း အသက်ငါးဆယ်ပဲ ရှိသေးတယ်။ ပြောပုံဆိုပုံ တကယ့်အဘိုးကြီး တစ်ယောက် ကျနေတာပဲ။ လူငယ်တွေ အကြောင်း ဘာမှ မသိတော့တဲ့အတိုင်း၊ မမှတ်မိတော့တဲ့

MMCYBERMEDIA
COMMUNITY FOR ALL

အတိုင်းပါကလား။ တို့များလည်း ငယ်ရာက ကြီးလာတာ မဟုတ်လား။ တို့များ ကြီးတာလည်း ဘာမှ မကြာသေးပါဘူး။လူငယ်တွေရဲ့ သဘောကို သိနိုင်ပါသေးတယ်။ လူငယ်တွေဆိုတာ သူတို့မှန်တယ် ထင်ရာကို လုပ်လည်းလုပ်ရဲတယ်။ လုပ်လည်း လုပ်ကြတယ်။ ကိုဦးဟာ လူငယ် တစ်ယောက်ပဲကွယ့်။ သူ့လမ်းကို သူ လျှောက်ပါစေလား"

"ဒါဖြင့် နောင်ကြီးက ကိုဦးကို ဘာမှ မပြောတော့ဘူးလား။ သေသေကြေကြေ ပစ်ထားတော့မှာလား"

"ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ။ ပြောသင့်သလောက်တော့ ပြောရမှာပ။ တို့များလည်း ပြောထားပါတယ်။ ဘာပဲလုပ်လုပ် သတိနဲ့ သွားလာ လုပ်ကိုင်ဖို့ တို့များ မကြာမကြာ သတိပေးထားပါတယ်"

"နောင်ကြီးရွှေဝါက တယ်ခက်တာပဲ။ လူငယ်တွေကို အားပေးအားမြှောက်လုပ်နေတာပဲ။ ကျွန်တော်က နောင်ကြီးရဲ့တူ ဒုက္ခရောက်မှာစိုးလို့ ပြောနေတာပါ။ ဒီသတ္တဝါကြီးက အင်မတန် မိုက်တဲ့ကောင်။ သူက အခွင့်သာရင်သာသလို လုပ်လိုက် မှာ"

"အေးပါကွယ်။ ကိုဦးကို တို့များ ထပ်ပြီးပြောဦးမယ်"

ရွှေဝါက ကံလှ အင်မတန် ဒေါ်ထနေသည်ကို သိ၍ အနည်းငယ် နှစ်သိမ့်စကား ပြောသည်။ ဤတွင် ကံလှက ဖိုးဗျော့ အကြောင်း ပြောပြန်သည်။

"ဘာပဲဖြစ်ဖြစ် နောင်ကြီးရွှေဝါတို့ ဟို ကစော်သမား ဘိန်းသမားကိုတော့ အိမ်မှာ မထားသင့်ပါဘူး"

"အဲဒါကလည်း အခက်ကြီးပ။ သူက တို့အိမ်မှာ နေတယ်သာဆိုပေမဲ့ တို့လည်း သူ့ကို တစ်နေ့လုံးနေလို့ တစ်ခါတွေ့တာ မဟုတ်ဘူး။ အခုတလော သူ အိမ်မပြန်တာ သုံးလေးရက် ရှိနေပြီ"

"သူ ဘယ်အိမ်ပြန်မလဲ၊ ကိုဦးနဲ့ ညဘက်ညဘက် ရမ်းပူ သွားနေကြတာပဲ"

"ဟုတ်သားပ မောင်ကြီးရယ်။ ကိုဦးကို မပြောတောင် မောင်ကြီးဖိုးဗျော့ကိုတော့ ပြောသင့်တယ်။ သူက ဘယ်ကလာပြီး ဒီမှာ ဘာလုပ်လို့ လုပ်နေမှန်းလဲ နှင်းမြူတို့ သိတာမဟုတ်ဘူး။ တော်ကြာနေ သူ့ကြောင့် ကိုဦး ကြားချောင်ခံနေရပါဦးမယ်"

မနှင်းမြူက စိုးရိမ်စကား ဝင်ပြောသည်။

"အေးပါကွယ်။ ဒီလိုဆိုတော့လည်း ဖိုးဗျော့ကို တို့မှာ လိုက်ရှာပြီး အကျိုးအကြောင်း ပြောပါဦးမယ်"

ရွှေဝါသည် ပြောပြောဆိုဆို အိမ်မှ ထွက်မည်ပြုသည်။

"မောင်ကြီးက သူ့ကို ဘယ်မှာ သွားရှာမှာလဲ"

"အရက်ဆိုင်၊ ဘိန်းဆိုင် တစ်ဆိုင်ဆိုင်မှာ ဒီကောင်ရှိမှာပ"

ရွှေဝါ အိမ်ပေါ်မှ ဆင်းသွားသည်။ ကံလှနှင့် မနှင်းမြူတို့သည် ကိုဦးကို မည်သို့ ဆုံးမ ကွပ်ညှပ်ရမည်ကို ဆက်လက်ဆွေးနွေး နေသည်။ ရွှေဝါသည် အရက်ဆိုင်၊ ဘိန်းဆိုင် တစ်ဆိုင်ဆိုင်တွင် ဖိုးဗျော့ကို သွားရှာမည်ဟု ပြောဆိုပြီး အိမ်မှထွက်သွားသော်လည်း သူ တကယ်သွားသည်ကား အရက်ဆိုင် ဘိန်းဆိုင်များရှိရာ မြို့ထဲဘက်သို့ မဟုတ်ချေ။ လူသူကင်းရှင်းရာ မြစ်အထက်ဘက် ရေမြုပ်ကျောက်ဆောင်များရှိရာသို့သာ ဖြစ်ချေသည်။

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါသည် ရေမြုပ်ကျောက်ဆောင်တန်း တစ်ခုပေါ်တွင် ထိုင်၍ ပြာလဲ့ကြည်လင်သော ရေပြင်ကို ငေးစိုက်၍ ကြည့်နေသည်။ သူ့အာရုံတွင် ကံလုနှင့် ဦးနောက်စိမ်းလည်းမရှိတော့။ ဖိုးဗျော့နှင့် ကိုဦးလည်း မရှိတော့။ ရောဝတီမြစ်ရေနှင့် ထပ်တူမျှသော အေးမြငြိမ်းချမ်းမှုသာ ရှိနေပေတော့သည်။

## အခန်း -၁၁၀-

ရွှေဝါ၏ ငြိမ်းချမ်းအေးမြမှုသည် နောက်တစ်နေ့မနက်တွင် လုံးဝပျက်ပြယ်ပျောက်ဆုံးသွားလေတော့သည်။ ကိုဦးနှင့် ပတ်သက်သော တုန်လှုပ်ချောက်ချားဖွယ်ရာ သတင်းကို ကြားရသည့်အတွက် ဖြစ်သည်။ ထိုအခါ သူတို့အားလုံး ရင်ထုမနာ ဖြစ်ကြရသည်။ အမျက်ဒေါသဖြစ်ကြရသည်။ မြစ်ကြီးနားသို့ ရောက်ကတည်းက အေးချမ်းငြိမ်သက်မှုကို မြတ်နိုးခုံမင်လျက် ရှိသော ရွှေဝါသည်ပင် ကိုဦး အသတ်ခံရပြီဟူသော သတင်းကို ကြားရသောအခါ မျက်မှောင် ညိုကုပ်သွားသည်။ ထို့နောက် သူ၏အသားများ တဆတ်ဆတ်တုန်လာသည်။

ကိုဦးအလောင်းကို ဆေးရုံတွင် သူတို့ သွားရောက်ကြည့်ရှုကြသည်။ ကိုဦးသည် ဦးနောက်စိမ်း ကြိမ်းမောင်းနေသည့်ကဲ့သို့ နှစ်လုံးပြူးသေနတ်ဖြင့် အပစ်ခံရခြင်း မဟုတ်ချေ။ ချွန်မြသော ငှက်ကြီးတောင်ဓားဖြင့် ရင်ညွန့်ကို ထိုးဖောက်ခြင်း ခံရသဖြင့် ပွဲချင်းပြီး သေဆုံးခြင်းဖြစ်သည်။ ပုလိပ်ဘက်သို့ ဦးနောက်စိမ်းတိုင်တန်းချက်အရဆိုလျှင် ကိုဦးသည် ယမန်နေ့ ညသန်းခေါင်ကျော်အချိန်က သူ့အိမ်အတွင်းသို့ တိတ်တဆိတ် ချင်းနင်းဝင်ရောက်ပြီး သူ့အိမ်ရှိ အဖိုးတန်ရတနာများကို ခိုးယူရန် ကြံစည်သည်။ ကိုဦးသည် ဤသို့ပြုမူရန် အစောကြီးကတည်းကပင် ကြိုတင်ပြင်ဆင်ထားခဲ့သည်။ သူ့ခြံဝင်းနှင့် အိမ်အနေအထားကို ထောက်လှမ်းစုံစမ်းထားခဲ့သည်။ သူ့အိမ်တွင်ရှိသော ဂေါ်ရခါးဒရဝမ်ကြီးကို တံစိုးလက်ဆောင်ထိုးကာ အင်းခွေးကြီးလေးကောင်ကို အဆိပ်ခပ်၍ သတ်ခဲ့သည်။ အိမ်သားများမနိုးအောင် ညစာထဲတွင် အိပ်ဆေးခတ်ခဲ့သည်။ နှစ်လုံးပြူးယမ်းတောင့်များကို ဝှက်ထားခဲ့သည်။

သို့သော် ဦးနောက်စိမ်းသည် ညစာထမင်းကို အနည်းငယ်မျှသာ စားသည်ဖြစ်၍ အိပ်ဆေး အစောကြီးပြယ်သည်။ သူ့နားထဲတွင် ဆူညံသောအသံ တစ်ခုကြား၍အိပ်ရာမှ လန့်နိုးသည်။ အိမ်ပေါ်တွင် သူခိုးရောက်နေကြောင်း သိရသည်။ သူခိုးက အိမ်ရှေ့ခန်းရှိ သောက်ရေအိုးစင်ကို တိုက်၍ သောက်ရေအိုး ကျကွဲခြင်းဖြစ်သည်။ သို့ဖြင့် သူသည် သူခိုးကို နှစ်လုံးပြူးသေနတ်ဖြင့် ပစ်သည်။ ယမ်းတောင့်မထွက်။ အထဲတွင် ယမ်းတောင့်မရှိ။ သူ့ခေါင်းရင်းတွင် ချိတ်ထားသော ယမ်းတောင့်လွယ်အိတ်ကို ကြည့်သည်။ ယင်းလွယ်အိတ်ကိုလည်း မတွေ့တော့။ သို့ဖြင့် ဦးနောက်စိမ်းသည် သူ၏ ဆောင်ဓားဖြင့် သူခိုးရှိရာသို့ တည့်တည့်မတ်မတ်ချိန်၍ လှံသဖွယ်ပစ်လိုက်ခြင်းဖြစ်သည်။ ဓားသည် သူခိုး၏ရင်ညွန့်တွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားသဖြင့် သူခိုးမှာ ပွဲချင်းပြီး သေသည်။ ထိုအခါတွင်မှ အိမ်သားများ နိုးကြသည်။ သူတို့အိမ်မှ အဖိုးတန်ရတနာများကို ခိုးရန်ကြံစည်သူမှာ ကိုဦးဖြစ်ကြောင်း တွေ့ကြရသည်။ မိုးလင်းလင်းချင်း ဂတ်တဲသို့ အကြောင်း ကြားသည်။ ပုလိပ်များ လာရောက်စစ်ဆေးသည်။ ကိုဦး၏အလောင်းကို ဆေးရုံသို့ပို့သည်။ ကိုဦး၏အိတ်ထဲတွင် ရောက်ရှိ နေသော ရတနာထုပ်၊ ကိုဦး၏ခါးတွင် ပါရှိသော

MMCYBERMEDIA
COMMUNITY FOR ALL

ခြောက်လုံးပြူးသေနတ်နှင့် ဦးနောက်စိမ်း၏ ဆောင်ဓားတို့ကို သက်သေခံ ပစ္စည်းများအဖြစ် သိမ်းဆည်းယူခဲ့ကြလေသည်။

အချက်အလက်အချို့ကို ပြင်လိုက်လျှင် ဦးနောက်စိမ်းပြောသည်များ အားလုံးလောက် မှန်ကန်နိုင်ကြောင်း ရွှေဝါတို့ လက်ခံကြသည်။ ကိုဦးသည် အဖိုးတန်ရတနာများကို ခိုးယူရန် ဦးနောက်စိမ်း အိမ်တွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည် ဆိုခြင်းမှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကိုဦး ခိုးယူမည့် အဖိုးတန်ရတနာများဆိုသည်မှာ ယခုဂတ်တဲတွင် သက်သေခံအဖြစ် ရောက်ရှိနေသော အထုပ်ငယ်ကား မဟုတ်။ ဦးနောက်စိမ်း၏သမီး မြစိမ်းကြည်သာ ဖြစ်ချေသည်။ ဤသို့ပြုမူရန် အစောကြီးကတည်းက ကြိုတင်ပြင်ဆင်ခဲ့ခြင်း ဆိုသည်ကိုလည်း ငြင်းစရာ မဟုတ်ချေ။ သူတို့ သိပြီးဖြစ်သည်။ ဤအစီအစဉ်များအားလုံးသည် ဖိုးဖျော့၏အစီအစဉ်များပင် ဖြစ်လေသည်။ သို့သော် သူတို့စဉ်းစား၍ မရနိုင်သည် တစ်ခုရှိနေသည်။ ဖိုးဖျော့ ယခု အဘယ်သို့ ရောက်နေသနည်း။ အဘယ်တွင် ပျောက်နေသနည်း။ ဦးနောက်စိမ်းသည် ဖိုးဖျော့အကြောင်းကို တစ်ခွန်းတစ်ပါဒမျှ ထည့်သွင်းပြောဆိုခြင်း မပြုချေ။

သူ့အိမ်တွင်ရှိသော ဒရဝမ်ကြီးကို တံစိုးလက်ဆောင်ပေး၍ အင်းစွေးကြီးလေးကောင်ကို အဆိပ်ခတ် သတ်ခဲ့သည်။ အိမ်သားများ မနိုးအောင် ညဘက်တွင် အိပ်ဆေးခပ်ခဲ့သည်။ နစ်လုံးပြူးယမ်းတောင့်များကို ဝှက်ထားခဲ့သည် ဆိုခြင်းတွင်တော့ တစ်ဝက်လောက်သာ မှန်နိုင်ပေသည်။ ဤကိစ္စများကို ဒရဝမ်ကြီးတစ်ဦးတည်းက လုပ်ဆောင်နိုင်သည် မဟုတ်ပေ။ မြစိမ်းကြည် ကိုယ်တိုင် ပါရမည်။ သို့သော် တံစိုးလက်ဆောင်ကိုရယူပြီး၊ သို့မဟုတ် မြစိမ်းကြည်ကို သနားသဖြင့် မြစိမ်းကြည်နှင့် ကိုဦးတို့ကြားတွင် အဆက်အသွယ်ပြုပေးသူကား ဒရဝမ်ကြီးပင် ဖြစ်ရပေမည်။ သူညစာ အစားနည်းသဖြင့် အိပ်ဆေး အစောကြီးပြယ်သည်ဆိုခြင်းနှင့် အိမ်ရှေ့ရှိသောက်ရေအိုးကို ကိုဦးသော် လည်းကောင်း၊ မြစိမ်းကြည်ကသော် လည်းကောင်း တိုက်ချသဖြင့် ဦးနောက်စိမ်း လန့်နိုးသည်ဆိုခြင်းတို့ကား မဖြစ်နိုင်စရာ မရှိချေ။ အမှန်တွေပင် ဖြစ်သည်။ သေနတ်ကျည် မထွက်၍ ဓားဖြင့် ပစ်သည်ဆိုခြင်းမှာလည်း ဟုတ်ပေမည်။ သို့သော် ထိုသို့ ပစ်စွမ်းနိုင်သည်ကို ရွှေဝါ အံ့ဩနေသည်။ ဓားကို လှံပြု၍ ပစ်ခတ်နိုင်သူများသည် တိုက်ရေးခိုက်ရေး အင်မတန် ကျွမ်းကျင်သူများသာ ဖြစ်တတ်သည်။ ဤလူကြီးသည် တစ်ချိန်က မည်သို့သော တိုက်ခိုက်မှုများတွင် သို့တည်းမဟုတ် အင်္ဂလိပ်ဘက်မှနေ၍ အရေးတော် ပုံတပ်သားများကို နှိမ်နင်းခဲ့သူလား။ ယင်းသို့ မဟုတ်လျှင် ကြမ်းတမ်းရက်စက်လှသော ဓားပြကြီးတစ်ယောက်ပေလား။ နောက်ဆုံးထွက်ချက်တစ်ခုကိုမူ ရွှေဝါသာမက အားလုံးကပင် မကျေနပ်ကြချေ။ ယင်းကား ကိုဦး၏အိတ်ထဲတွင် ရတနာထုပ်နှင့် ကိုဦးခါးတွင် ခြောက်လုံးပြူးတစ်လက် ရှိနေသည် ဆိုခြင်းပင်။ ရတနာထုပ်ကတော့ ထားတော့။ ကိုဦးကို သူခိုးဟု စွပ်စွဲရန် ကိုဦး သေပြီးသည့်နောက်တွင်မှ ဦးနောက်စိမ်းက တမင်ထည့်ထားခြင်း ဖြစ်ပေမည်။ ဤသည်ကို ငြင်းနေ၍တော့ အကြောင်းမဟုတ်တော့။ သူ့ပိုင်နက်ထဲတွင် အချိန်မတော် ရောက်ရှိနေမှတော့ သူပြောတိုင်း ဖြစ်ရပေ တော့မည်။ သို့သော် ခါးတွင်ပါရှိသည်ဆိုသောခြောက်လုံးပြူးနှင့် ပတ်သက်၍မူ သူတို့စိတ်တွင် မတင်မကျ ဖြစ်ချေမည်နည်း။ ယင်းကိုလည်း ဦးနောက်စိမ်းက အကွက်ဆင်သည့်အနေဖြင့် ထည့်ထားခြင်းပေလား။ သို့မဟုတ် ကိုဦးတွင် အကယ်ပင် သေနတ်ပါသွားချေသည်လား။ ယင်းသို့ဆိုလျှင် ထိုသေနတ်သည် မည်သူ၏သေနတ် ဖြစ်ချေမည်နည်း။ ထိုသေနတ်ကို ကိုဦး ဘယ်က ရချေသနည်း။ သူ့တွင် သေနတ်ပုန်း မရှိကြောင်း သူတို့သိသည်။ ထိုအချက်ကို သူတို့မကျေနပ်သဖြင့် ဂတ်တဲသို့ လိုက်သွားကြသည်။ ကံလှသည် သြဇာတိက္ကမရှိသော မြို့မျက်နှာဖုံးလူကြီးတစ်ဦးဖြစ်သဖြင့် ရုံးများ၊ ဂတ်များသို့

MMCYBERMEDIA
COMMUNITY FOR ALL

ဝင်ထွက်နိုင်သည်။ ယင်းဌာနတွင် ဦးနောက်စိမ်း၏ လူများရှိသလို သူ့လူများလည်း ရှိသည်။ သူတို့ကို ဌာနပိုင်လူကြီး ကိုယ်တိုင်က ကြိုဆို၍ ဦးနောက်စိမ်းအိမ်မှ သိမ်းယူလာသော သက်သေခံပစ္စည်းများကို ပြသည်။ ရတနာထုပ်ကိုမူ သာမန်ကာလျှံကာမျှ ကြည့်သည်။ ဦးနောက်စိမ်း၏ ကြွယ်ဝမှုကိုတော့ သိရသည်။ သို့သော် ထိုသည်တို့ပင် သူ၏ ကြွယ်ဝချမ်းသာမှုများ အကုန်မဟုတ်နိုင်ပေ။ အချို့တစ်ဝက်သာ ဖြစ်ပေမည်။ ကိုဦး၏ခါးမှ ရသည်ဆိုသော ခြောက်လုံးပြူး သေနတ်နှင့် ဦးနောက်စိမ်း၏ဆောင်ဓားကို သူတို့ သေချာစွာကြည့်ကြသည်။ ထိုစဉ်တွင် သူတို့အကြားသို့ ဖိုးဖျော့ ရောက်လာသည်။ သူ့မျက်နှာကို ကြည့်ရခြင်းအားဖြင့် သူသည် အဖြစ်အပျက်များအားလုံးကို ကြားပြီးဟန်ရှိသည်။ သူ့ကို မည်သူကမျှ ဘာမျှမပြော။ သူကလည်း မည်သူ့ကိုမျှ မပြောဘဲ ခြောက်လုံးပြူးနှင့် ဆောင်ဓားကို တွေ၍ ကြည့်နေသည်။

ခြောက်လုံးပြူးသည် ဖိုးဖျော့၏သေနတ်ဖြစ်မှန်း ရွှေဝါသိသည်။ ဖိုးဖျော့တွင် သေနတ်ပါလာမှန်း သိ၍ သူက လုံခြုံရာတွင် ဝှက်ထားဖို့ သတိပေးခဲ့သည်။ ဆောင်ဓားကိုလည်း သူ့အိတ်ထဲတွင် မြင်ဖူးသည်ဟု ထင်သည်။ ဓားအိမ်တွင် ပန်းပွား နှစ်ခုနှင့် ကြိုးနီတပ်ထားသည်။ ဓားအရိုးသည် ဖြူဖွေးလုပသော ဘော်ငွေရိုးဖြစ်သည်။ သူတို့သည် ခြောက်လုံးပြူးနှင့် ဆောင်ဓားကို အတန်ကြာမျှ ကြည့်ရှုလေ့လာကြပြီးနောက် ဂတ်တဲမှ ပြန်ခဲ့ကြသည်။

ဂတ်တဲမှ ပြန်ကြမည်အပြုတွင် ဖိုးဖျော့ကို သူတို့ သတိရ၍ ကြည့်သည်။ ဖိုးဖျော့ မရှိတော့။ ဘယ်အချိန်က ပျောက်သွား သည် မသိ။ သူ့ကို အပြစ်ပြောကြမည်စိုး၍ ခြောက်လုံးပြူးနှင့် ဆောင်ဓားကို သူတို့စိတ်ဝင်စားနေစဉ် သူ အမှတ်တမဲ့ လစ်ထွက်သွားခြင်း ဖြစ်ပေမည်။ ကိုဦး၏ အသုဘကိစ္စကို တိုင်ပင်ကြရန် ရှိသဖြင့်သူတို့အားလုံး ရှမ်းစုအိမ်သို့ ပြန်ကြသည်။ ရှမ်းစုအိမ်သို့ရောက်သောအခါ ကံလှသည် ဖိုးဖျော့နှင့် ဦးနောက်စိမ်းတို့ကို ကျိန်ဆဲခြင်းပြုသည်။

"ခွေးမသား ကစော်သမား ဘိန်းသမား၊ ကလေးကို မြှောက်ပေးပြီး သူကတော့ ဘယ်မှာ သွားသေနေတယ်မသိဘူး။ ဒင်းကို အရင်သတ်ရမယ်။ ပြီးတော့မှ ဟိုခွေးမသားကြီးကို သတ်ရမယ်"

ကိုဦးသေဆုံးရသည့်အတွက် ရွှေဝါတို့လူစု ကြိတ်မနိုင် ခဲမရဖြစ်နေသည့်အချိန်တွင် ဦးနောက်စိမ်းသည် အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။ ကြက်ပေါင်ကြော်ကို ကိုက်လိုက်၊ ဘီလပ်အရက်ကို သောက်လိုက်နှင့် တစ်ယောက်တည်း အောင်ပွဲခံနေသည်။ ဒေါ်နန်းစိန်သည် အိမ်ဦးခန်းတွင် ပုတီးစိတ်နေသည်။ ယမန်နေ့ညက ဤအိမ်တွင် လူတစ်ယောက် သေဆုံးသွားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၍တစ်ကြောင်း၊ ထိုသေဆုံးသွားရသူသည် ချစ်လှစွာသော သမီးငယ်နှင့် ပတ်သက်နေသည်ကြောင့်တစ်ကြောင်း၊ ယခုအခါတွင် သမီးငယ်သည် အိမ်ခန်းထဲတွင် တစ်ယောက်တည်း ကျိတ်၍ ငိုရှိုက်နေသည်ကို သိ၍ တစ်ကြောင်းတို့ကြောင့် စိတ်ချောက်ချားခြင်းနှင့် စိတ်ထိခိုက်ခြင်းကြီးစွာ ဖြစ်နေသည်။ စိတ်အာရုံများ ငြိမ်သက်စေရန် ပုတီးကို ကြိုးပမ်းအားထုတ် စိပ်နေခြင်း ဖြစ်ပေသည်။ ကြက်ရိုးကို အားပါးတရ ဝါးကိုက်သံ၊ ပုတီးလုံးများ တစ်လုံးပေါ်တစ်လုံး ဆင်းကျသံ၊ ချုပ်တည်း အောင့်အည်းထားသော ငိုရှိုက်သံမျှင်းမျှင်းမှတစ်ပါး တစ်အိမ်လုံး တစ်ဝင်းလုံး တိတ်ဆိတ်နေသည်။ ဤအိမ်တွင် ဤဝင်းအတွင်းတွင် သူတို့သုံးဦးမှအပ မည်သူမျှလည်း မရှိတော့ချေ။ အင်းခွေးကြီးလေးကောင်လည်း သေဆုံးသွားကြပြီဖြစ်သည်။ ဂေါ်ရခါးဒရဝမ်ကြီးကိုလည်း ယနေ့ပင် အလုပ်မှ ထုတ်ပစ် လိုက်ပြီဖြစ်သည်။ ထိုစဉ်တွင် သူတို့အိမ်ရှေ့မှခွေးဟောင်သံ ကြားရသည်။ အိမ်ပေါ်ရှိ လူသုံးဦးစလုံး ထိတ်လန့်သွားသည်။ သူ၏အင်းခွေးကြီးတစ်ကောင် ပြန်၍ အသက်ရှင်လာသလားဟု

MMCYBERMEDIA
COMMUNITY FOR ALL

ဦးနောက်စိမ်း မှတ်ထင်သည်။ သို့သော် ခွေးဟောင်သံ သည် အင်းခွေးကြီးတစ်ကောင်ကဲ့သို့ အောင်အောင်မြင်မြင် မြည်မြည်ဟိန်းဟိန်း မဟုတ်ချေ။ ညောင်နာနာသာ ဖြစ်သည်။ သည်တော့မှ သူတို့အိမ်အနီးတွင် အကြွင်းအကျန်များကို ကောက်စား မှီကပ်နေသော ခွေးဝဲစားကလေးမှန်း သိသည်။

"တောက် ဒီခွေးဝဲစားကလေး၊ ဒင်းအမေလင်ကို မြင်လို့ ဟောင်နေသလား"

ဦးနောက်စိမ်းက အရက်ဖန်ခွက်ကိုမော့ရင်း အလိုက်ကန်းဆိုး မသိတတ်သော ခွေးဝဲစားကလေးကို ကျိန်ဆဲလိုက်သည်။ သို့သော် ညောင်နာနာ အသံသည် ပျောက်မသွားဘဲ ပို၍ ဆူညံလာသည်။ မကြာမီတွင် လူတစ်ယောက်က ကန်ကျောက် လိုက်သဖြင့် ခွေးဝဲစားကလေး တဂိန်ဂိန်အော်၍ ပြေးသွားသည်ကို သူတို့ကြားရသည်။ ဤတွင်မှ ဦးနောက်စိမ်း ထိုင်ရာမှ ထသည်။ သူ့ခြံဝင်းဝတွင် လူတစ်ယောက် ရပ်နေသည်ကို လရောင်ဝိုးဝါးတွင်မြင်ရသည်။

"ဟေ့ ဘယ်သူလဲ"

ဦးနောက်စိမ်းက ခက်ထန်စွာ မေးလိုက်သည်။

"ကျွန်တော်ပါ"

အောက်ဘက်မှ မတိုးမကျယ် ပြန်ဖြေသည်။

"ဘယ်က ကျွန်တော်လဲ"
"ဂတ်တဲကပါ၊ တိုက်ပိုင်ကြီးက လွှတ်လိုက်လို့ပါ"

ထိုအခါတွင်မှ ဦးနောက်စိမ်းသည် စင်္ကြံသို့ထွက်၍ ခြံတံခါးရှေ့တွင် ရပ်နေသူကို အသေအချာကြည့်သည်။ ဒေါ်နန်းစိန်လည်း ဦးနောက်စိမ်းအနီးသို့ ရောက်လာသည်။ စူးစမ်းသော မျက်လုံးစုံဖြင့် ကြည့်သည်။ လဆန်းကိုးရက်ဖြစ်၍ လရောင်အား အတော်ကောင်းသည်။ ခြံတံခါးရှေ့တွင် ရှိသူကို ကွဲပြားစွာ မြင်ရသည်။ ယူနီဖောင်းဝတ်ထားသော ပုလိပ်သား တစ်ဦးဖြစ်သည်။ သူ့လက်တွင် ဗထက်ချိုင့်သေနတ်တစ်လက် ကိုင်ဆောင်ထားသည်။ ဤတွင် ဦးနောက်စိမ်းက လေသံပြောင်း၍ မေးသည်။

"အချိန်မတော်ကြီး ဘာကိစ္စရှိလို့လဲကွယ့်"
"တိုက်ပိုင်ကြီးက အရေးကြီးတဲ့စကားတစ်ခွန်း အပြောခိုင်းလိုက်လို့ပါ။ ကျွန်တော်တို့လည်း ဦးမင်းက အလိုရှိရင် ဒီအိမ်မှာ စောင့်ပေးဖို့ မှာလိုက်ပါတယ်"

ဤတွင်မှ မနက်ကတိုက်ပိုင်ကြီး ပြောသွားသောစကားကို သူ အမှတ်ရသည်။ သူက သူ့အတွက် နောက်ထပ် အန္တရာယ် မရှိအောင် စောင့်ရှောက်ကာကွယ်ပေးဖို့ ပြောသည်။ သူ့တွင် အင်းခွေးများလည်း မရှိတော့ပြီ။ ဒရဝမ်ကိုလည်း မယုံကြည် ရတော့သဖြင့် အလုပ်မှ ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ပြောလိုက်သည်။ ဤတွင် တိုက်ပိုင်ကြီးက ညဘက်တွင် ပုလိပ်သား တစ်ယောက် လွှတ်ပေးမည့်အကြောင်း

ပြောသွားသည်။

ဦးနောက်စိမ်းသည် သော့တွဲကို ယူ၍ အိမ်ပေါ်မှ ဆင်းသည်။ ဝင်းသော့ကို ဖွင့်၍ ပုလိပ်သားကို ဝင်စေသည်။ ထို့နောက် ဝင်းသော့ကို ပြန်ခတ်ပြီး ပုလိပ်သားကို အိမ်ပေါ် ခေါ်ခဲ့သည်။

"ဦးမင်းရဲ့ သမီးကော"

အိမ်ပေါ်သို့ရောက်သောအခါ ပုလိပ်သားက မေးသည်။

"အိမ်ခန်းထဲမှာ ရှိပါတယ်"

"သူ့ကိုပါ ခေါ်ပါ။ တိုက်ပိုင်ကြီးပြောလိုက်တဲ့စကားက အင်မတန် အရေးကြီးပါတယ်။ သူပါ တစ်ခါတည်းနားထောင် လိုက်ရင် ကောင်းပါတယ်ခင်ဗျား"

ပုလိပ်သားက ရိုသေစွာ ပြောသည်။ ဦးနောက်စိမ်းက ဒေါ်နန်းစိန်ကို ကြည့်သည်။ မြစိမ်းကြည်ကို ဒေါ်နန်းစိန် သွားခေါ် သည်။ မြစိမ်းကြည်သည် ငိုထားသဖြင့်မျက်လုံးများ မို့ပြီး ရဲနေသည်။ ဆံပင်များ ဖရိုဖရဲ ဖြစ်နေသည်။ သူမက ပုလိပ်သား လာသည်ကို သိသော်လည်း အပြင်သို့ မထွက်လို၍ တမင်မထွက်ဘဲ နေခဲ့ခြင်းဖြစ်သည်။ ယခုမိခင်လာခေါ်မှ အဝတ်အစား များကို အနည်းငယ် ပြုပြင်ဝတ်ဆင်ပြီး လိုက်ပါလာခြင်းဖြစ်သည်။ မိသားစုသုံးဦး အိမ်ရှေ့ခန်းတွင် စုမိသောအခါ ပုလိပ်သားက ၎င်းတို့ကို သေနတ်ဖြင့် ချိန်၍ ခက်ထန်စွာ ပြောသည်။

"ထိုင်၊ အားလုံးထိုင်"

ဦးနောက်စိမ်းတို့သည် ပုလိပ်သား၏ အပြုအမူကို နားမလည်သည့်ဟန်ဖြင့် ငေးကြောင်ကြည့်နေသည်။

"ထိုင်လေ၊ ဘာငေးနေတာလဲ။ ပစ်လိုက်ရမလား"

"ဘယ်လိုဖြစ်တာလဲ မောင်ရင်ရယ်။ ဦးတို့မှာ ဘာအပြစ်ရှိလို့လဲ။ မနေ့ညကိစ္စကလည်း ကိုယ့်အိမ်ထဲဝင်လာတဲ့သူခိုးကို ဖမ်းတာပဲ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပဲ"

ပုလိပ်သားက ကြောက်မက်ဖွယ်ရာ ရယ်လိုက်သည်။

"ကုလားဖြူတွေရဲ့ ဥပဒေစကားတွေကို ပြောမနေပါနဲ့ ခံပန်းရယ်။ ငါတို့ အခု ပြောရမှာက ကြွေးဟောင်းမြီဟောင်း ကိစ္စပါ"

ခံပန်းအမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဦးနောက်စိမ်း၏မျက်နှာတွင် သွေးဆုတ်သွားသည်။ ဒေါ်နန်းစိန်နှင့် မြစိမ်းကြည်တို့ကမူ မည်သို့မျှ နားမလည်သည့်အမူအရာများနှင့် ရှိသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"ကဲ ထိုင်ဆိုတာ ထိုင်ကြစမ်း။ မထိုင်ရင် ကျုပ်ပစ်လိုက်လိမ့်မယ်။ ခုခံမယ် မကြံနဲ့နော်။ ကျုပ်လက်က အလွန်မြန်တယ်"

ပုလိပ်သားက တကယ်ပစ်မည့်ဟန်ပြုသဖြင့် သူတို့သုံးဦး ကြောက်ရွံ့တုန်လှုပ်စွာ ထိုင်ကြသည်။ ဤတွင်မှ ပုလိပ်သားက သူ့ခေါင်းတွင် ခပ်စိုက်စိုက်ဆောင်းထားသော ဦးထုပ်ကို ချွတ်လိုက်သည်။

"အားညယ်၊ နင် နင် နင်၊ ဖိုးဗျော့"

ဦးနောက်စိမ်းခေါ် ခုံပန်းက လက်ညှိုး ကတုန်ကယင် ထိုး၍ပြောသည်။

"အေး ငါ ဖိုးဗျော့ပဲ။ ဒီလိုတော့လည်း နင် မှတ်မိသားပဲ"

"နင် နင် နင်၊ အခု ဘယ်လိုရောက်လာတာလဲ"

"ဟား ဟား ဟား၊ တိုက်ပိုင်ကြီးက တကယ်ပဲ နင့်အတွက် ပုလိပ်သားတစ်ယောက် လွှတ်လိုက်တာပဲ။ ဒါပေမဲ့ နင်ရော အဲဒီပုလိပ်သားရော ကံဆိုးချင်တော့ နင့်အိမ်ထဲကို ဘယ်လိုလုပ်ပြီး ဝင်ရမလဲ အကြံထုတ်နေတဲ့ ငါ့ရှေ့မှာ အဲဒီ ပုလိပ်သားက မှောက်ရက်သား လာလဲတာပဲ။ ဒါ သူ့အဝတ်တွေနဲ့ သူ့သေနတ်ပ။ နင့်အိမ်ထဲကို ငါ လွယ်လွယ်နဲ့ ရောက်ရတာပ"

"နင် နင် နင် ငါ့ကို သတ်မလို့လား"

ခုံပန်းက ထိတ်လန့်စွာ မေးသည်။

"နင့်ကို မသတ်လို့ ဘာလုပ်ရမလဲ။ နင့်ကို သတ်မလို့ နင့်ကို ငါလိုက်ရှာနေတာ ဆယ်နှစ်ကျော်သွားပြီ။ နယ်တကာ နံ့နေပြီ။ အခုမှပဲ မထင်ဘဲနဲ့တွေ့ရတော့တယ်"

'မထင်ဘဲနဲ့' ဆိုသောစကားကို ကြားလိုက်ရသောအခါ ခုံပန်းသည် အတွေးတစ်ခုဝင်သွားပြီး…

"ငါခုံပန်းဆိုတာ နင်ဘယ့်နယ်လုပ်သိသလဲ"

"နေ့လယ်က ဂတ်တဲမှာ နင့်ဓားကို မြင်ရလို့ သိတာပ"

ထိုအခါ ခုံပန်းက သူ့သမီးဘက်သို့လှည့်၍…

"ငါ့ကို သတ်တာ ဟောဒီ ခွေးမကလေးပဲ။ မနေ့ညကသာ ငါ့သေနတ် မီးကူးရင် ဒီဓားကို ဘယ်သူမှတွေ့မှာ မဟုတ်ဘူး။ ငါ့ကို ရွှေဝါနဲ့ နင်းမြူတို့တွေ့နေကြတာ ကြာပြီ။ ဖိုးဗျော့လည်း တစ်နေ့က ငါ့ကို မြင်လိုက်တယ်။ ဘယ်သူမှ မမှတ်မိဘူး"

"အင်း ဒါတော့ ဟုတ်သားပ။ ငါ နင့်ကို လုံးလုံး မမှတ်မိဘူး။ နင့်ရုပ်က လုံးလုံးပျောက်နေတာပဲ။ နင့်ဓားကိုသာ မတွေ့ရင် နင့်ကို ခုံပန်းမှန်း ငါလုံးလုံးမသိဘူး။ ဘယ်တော့မှလဲ သိမှာမဟုတ်ဘူး။ နင့်သတင်းကို ဘယ်မှာမှ စုံစမ်းလို့မရဘူး"

"အေး နင်စုံစမ်းလို့ ဘယ်ရမလဲ။ ငါက နာမည်အမျိုးမျိုး ပြောင်းပြီး အရပ်အမျိုးမျိုး ပြောင်းနေတာပဲ။ ငါ့ကို တောင်လေးလုံးက ခုံပန်းဆိုတာ ငါ့မိန်းမနဲ့ ငါ့သမီးတောင် မသိဘူး။ ငါ့ကို သိန္နီက နောက်စိမ်းအဖြစ်နဲ့ပဲ သိကြတယ်"

MMCYBERMEDIA
COMMUNITY FOR ALL

ဤတွင် ခုံပန်းသည် လေသံကိုလျှော့လျက်…

"ငါလည်း ဟိုတုန်းက မိုက်ခဲ့တာတွေ ကျူးလွန်ခဲ့တာတွေကို နောင်တရလို့ ငါ့ဇာတ်ကို လုံးဝမြှုပ်ခဲ့တာပဲ"

ဤတွင် ဖိုးဖျော့ကို သူကြည့်သည်။ ဖိုးဖျော့ ငြိမ်နေသည်။ သူ့စကားကို နားဝင်သည်အထင်ရှိ၍ ဆက်ပြီး လေချိုသွေးသည်။

"ငါတောင်းပန်တယ် ဖိုးဖျော့ရယ်။ ငါ ဟိုတုန်းက ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပါ။ ငါအခုကောင်းရောင်းကောင်းဝယ် လုပ်စားနေပါတယ်။ငါ့ကို မသနားတောင် ငါ့မယားနဲ့ ငါ့သမီးကို သနားပါ။ နင်ကျေနပ်သလို ငါတောင်းပန်ပါ့မယ်။ နင် ရွှေလိုချင်ရင် ရွှေပေးပါ့မယ်။ ငွေလိုချင် ငွေပေးပါ့မယ်"

ဖိုးဖျော့ ကြောက်မက်ဖွယ် ရယ်သည်။

"နင့်စကားကို ငါယုံရမှာလား။ မနေ့ကပဲ လူတစ်ယောက်ကို နင် သတ်ခဲ့ပြီမဟုတ်လား"

"ဒါကတော့"

"တော် ဒီမယ် ခုံပန်း၊ နင့်ကို ငါဒီတစ်သက် မကျေဘူး။ ငါ့နမကို နင်မတရားပြုထားတာ ငါ့တစ်သက်မှာ မမေ့ဘူး။ အင်ကြင်းတောမှာ တိုက်ပွဲဖြစ်ကြကတည်းက နင့်ကို ငါအသေသတ်မလို့။ ဗိုလ်ယက္ခနဲ့ ဘကြီးမုံးတို့ တားထားလို့။ အဲဒီကတည်းက နင့်ကို သတ်လိုက်ရင် အားလုံး ကိစ္စပြတ်သွားမယ်။ ဟိုကောင်ကလေးလည်း မနေ့က သေဖို့မလိုတော့ဘူး။ ဒီမိန်းမလည်း မုဆိုးမဖြစ်ဖို့ မလိုတော့ဘူး။ ဒီကောင်မလေးလည်း အဖမဲ့သမီးဖြစ်ဖို့ မလိုတော့ဘူး"

ထိုစဉ်တွင် ခုံပန်းသည် ဖိုးဖျော့ကို အလစ်ဝင်အုပ်ရန် ကြိုးစားလိုက်သည်။ ဖိုးဖျော့ နောက်တစ်လှမ်းဆုတ်ပြီး သေနတ်မောင်းကို ဖြုတ်လိုက်သည်။ မြစ်ကြီးနားတစ်မြို့လုံး သိမ့်သိမ့်တုန်သွားသည် အောက်မေ့ရသည်။ ချက်ကောင်းကို ထိမှန်သဖြင့် ခုံပန်းပွဲချင်းပြီး သေသည်။ ဖိုးဖျော့က သေချာသည်ထက်သေချာရန် သွေးအိုင်ထဲတွင်လဲနေသော ခုံပန်းကို နောက်နှစ်ချက် ထပ်ပစ်သည်။ ထို့နောက်တွင်မှ အမျိုးသမီးနှစ်ယောက်ဘက်သို့ သေနတ်လှည့်ချိန်သည်။

အမျိုးသမီးနှစ်ယောက်သည် ပြေးရကောင်းမှန်း၊ လှုပ်ရှားရကောင်းမှန်းလည်း မသိ။ ဖိုးဖျော့ကို ရန်တွေ့ရကောင်းမှန်း၊ သို့မဟုတ် တောင်းပန်ရကောင်းမှန်း မသိ။ မိုးကြိုးစက်ကွင်း အမိခံသူများပမာ စကားမပြောနိုင်ဘဲ၊ မလှုပ်မရှားနိုင်ဘဲ ကျောက်ရုပ်ကြီးများ ဖြစ်နေကြသည်။ ဖိုးဖျော့သည် သွေးပျက်နေသော အမျိုးသမီးနှစ်ဦးကို အတန်ကြာမျှ စူးစိုက် ကြည့်နေသည်။ ပြီးမှ တစ်လုံးချင်း ပြတ်သားစွာ ပြောသည်။

"ခုံပန်းက အပြစ်မဲ့တဲ့လူတွေကို နှိပ်စက်ညှင်းပန်းခဲ့ပေမဲ့ ကျုပ်ကတော့ အပြစ်မဲ့တဲ့လူတွေကို မသတ်ရက်ပါဘူး"

ထို့နောက် ဖိုးဖျော့သည် သော့တွဲကိုယူ၍ အိမ်ပေါ်မှ ဆင်းသွားသည်။ ထိုအခါတွင်မှ အမျိုးသမီးနှစ်ဦးသည် သည်းထန်စွာ အော်ဟစ်ငိုကြွေးကြသည်။ သေနတ်သံကြားသဖြင့် အနီးဝန်းကျင်မှ

MMCYBERMEDIA
COMMUNITY FOR ALL

ဂေါ်ရခါးများ တစ်ယောက်ကို တစ်ယောက် အသံပေး၍ ထွက်လာကြသည်။ ဖိုးဖျော့သည် ဂေါ်ရခါးများ ရောက်မလာမီမှာပင် ထိုနေရာမှ ကြက်ပျောက် ငှက်ပမာ ပျောက်ကွယ်သွားလေတော့သည်။

## အခန်း -၁၁၁-

ဦးနောက်စိမ်းခေါ် ခုံပန်းကို ဖိုးဖျော့က သေနတ်ဖြင့် သုံးချက်တိတိပစ်၍ သတ်သွားသော သတင်းကို ထိုည မိုးမလင်းမီ မှာပင် ရွှေဝါတို့ သိကြရသည်။ ခုံပန်းကို သတ်ဖြတ်သွားသူမှာ ဖိုးဖျော့ဖြစ်ကြောင်း၊ ဖိုးဖျော့သည် ရွှေဝါတို့အိမ်တွင် နေထိုင်လျက်ရှိကြောင်းတို့ကို သိသည်နှင့်တစ်ပြိုင်နက် ရာဇဝတ်အုပ်တစ်ဦး ခေါင်းဆောင်သော ပုလိပ်သားများသည် နံနက် ဝေလီဝေလင်းအချိန်တွင် သီတာပူရခြံကို ဝိုင်းကြပ်ထားသည်။ ထို့နောက် ဖိုးဖျော့ကို ရှာဖွေကြသည်။ မတွေ့သောအခါ မေးမြန်းသည်။ ရွှေဝါက အမှန်အတိုင်းပင် ပြောသည်။ ဖိုးဖျော့သည် သူ့အိမ်တွင် တည်းသည်ဟုသာ အမည်ရှိကြောင်း အမှန်တော့ အရက်ဆိုင်၊ ဘိန်းဆိုင်များတွင်သာ လှည့်လည်လျက်ရှိကြောင်း၊ ယမန်နေ့နေ့ခင်းက ဂတ်တဲတွင် သူ့ကို ချက်တစ်ဖြုတ် မြင်လိုက်ရသည်မှအပ မတွေ့မမြင်သည်မှာ သုံးရက်ရှိပြီဖြစ်ကြောင်း ပြောလိုက်သည်။ ပုလိပ်တို့သည် ထုံးစံအတိုင်း ရွှေဝါကို အစ်အောက်ညှင်းပန်းခြင်း ပြုလိုကြသေးသည်။ သို့သော် ညအချိန်မတော်တွင် သေနတ်သံ သုံးချက်ထွက်ပေါ်လာရသည့် အကြောင်းကို ကြားရလျှင်ကြားချင်း၊ ပုလိပ်အဖွဲ့တစ်ဖွဲ့ ရွှေဝါတို့အိမ်သို့ သွားကြောင်းကို သိလျှင်သိချင်း ကံလှသည် သီတာပူရသို့ အလျှင်အမြန် လိုက်သွားသည်။ သူအရောက်စောသဖြင့်သာ ရွှေဝါတို့သည် ပုလိပ်တို့၏ ရမယ်ရှာ နောက်ယှက်မှုမှ ကင်းလွတ်သွားရသည်။

ထိုနေ့ မွန်းတည့်ချိန်တွင် ကိုဦး၏ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို မြို့အနောက်ဘက် သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ကြသည်။ အသုဘတရားနာရန်လိုက်ပါသူတို့ ပေါများလှသည်။ ကံလှတွင် မိတ်သင်္ဂဟများ၍လည်း ဖြစ်သည်။ ကိုဦးနှင့် မြစိမ်းကြည်တို့၏အဖြစ်ကို စိတ်ပါဝင်စား ကြင်နာသနားကြ၍လည်း ဖြစ်သည်။

သည်ရက်များသည် မြစ်ကြီးနားမြို့၏ လှုပ်ရှားသောနေ့ရက်များဟု ဆိုနိုင်သည်။ တန်ခူးလဆန်း ၈ ရက်၊ တနင်္လာညတွင် ကိုဦးအသတ်ခံရသည်။ နောက်တစ်နေ့ဖြစ်သော အင်္ဂါနေ့ညတွင် ဦးနောက်စိမ်း အသတ်ခံရပြန်သည်။ ဗုဒ္ဓဟူးနေ့ မွန်းတည့်တွင် ကိုဦး၏ အသုဘချသည်။ ထိုညနေဘက်မှာပင် ပြဿနာအသစ်တစ်ခု ပေါ်သည်။ ယင်းကား လူတစ်ယောက် ထပ်မံသေဆုံးခြင်းတော့ မဟုတ်။ ကချင်အမျိုးသမီးကလေးတစ်ယောက် ရုတ်တရက် ပျောက်ဆုံးသွားခြင်း ဖြစ်သည်။ ယင်းပျောက်ဆုံးမှုသည် ရွှေဝါတို့နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိသော်လည်း သွယ်ဝိုက်၍ကား ပတ်သက်နေသည်။ အကြောင်းမှုထိုအမျိုးသမီးသည် ကိုဦး၏ အသုဘကို လိုက်လံပို့ဆောင်ပြီးနောက် အိမ်သို့ ပြန်မရောက်ဘဲ လမ်းတွင် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ထိုအမျိုးသမီးကား လဇုဂမ်၏ သမီး ခရန်ကော့တည်း။ လဇုဂမ်သည် ဘာသာရေးယုံကြည်ချက်နှင့် နိုင်ငံရေးခံယူချက်များ

ပြောင်းလဲသွားသော်လည်း ရွှေဝါကိုကား ပုဂ္ဂိုလ်ရေးအရ အထူးခင်မင်လေးစားလျက်ပင်ရှိသည်။ မြစ်ကြီးနားသို့ ရွှေဝါရောက်လာပြီးဟု ကြားလျှင် ကြားချင်း လာတွေ့သည်။ လဗျာဂမ်နှင့် ကံလှမူကား မျက်နှာချင်းတန်းမိရုံသာရှိသည်။ လဗျာဂမ်က ရွှေဝါကို သူ့အိမ်တွင် လာရောက်နေထိုင်လိုက နေထိုင်နိုင်ကြောင်း ဖိတ်ကြားသည်။ လဗျာဂမ်၏ဇနီး မပရီကလည်း ထို့အတူပင် ဖြစ်သည်။ သို့သော် ရွှေဝါက ယဉ်ကျေးသိမ်မွေ့စွာပင် ငြင်းပယ်သည်။ သည့်နောက်ပိုင်းတွင်လည်း ရွှေဝါထံသို့ လဗျာဂမ်တို့ သုံးလေးကြိမ်မျှ လာရောက်လည်ပတ်သည်။ ရွှေဝါတို့ အိမ်သစ်တက်သည့်နေ့ကလည်း လာရောက်ကြသည်။ ကိုဦး အသတ်ခံရသည်ဆိုတော့လည်း လာ၍မေးသည်။ အသုဘချသည့် နေ့တွင်လည်း မိသားစုအကုန် လိုက်ပို့သည်။ မိသားစုအကုန်ဆိုသည်မှာ လဗျာဂမ်၊ မပရီနှင့် ခရန်ကော့တို့ သုံးယောက်ဖြစ်သည်။ လဗျာဂမ်တို့တွင် ခရန်ကော့အထက် သားသုံးယောက်ရှိသည်။ သားအကြီးမှာ ငယ်စဉ်ကပင် သေဆုံးသွားသည်။ သားငယ်နှစ်ယောက်မှာ အမြွှာပူးဖြစ်သည်။ ယင်းအမြွှာညီနောင်သည် မြစ်ကြီးနားမြို့ အမေရိကန် နှစ်ခြင်းသာသနာပြုကျောင်းတွင် ပညာသင်ကြားပြီးနောက် အင်္ဂလိပ်တပ်ထဲသို့ ဝင်ရောက်အမှုထမ်းကြသည်။ ယခုအခါ အဆိုပါသူတို့သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်တွင် ရောက်ရှိ နေကြသည်။

ခရန်ကော့သည် မြစ်ကြီးနားသို့ရောက်မှ ရွှေဝါနှင့် မနင်းမြူတို့ကို တွေ့မြင်ဖူးခြင်းရှိသော်လည်း သူတို့အကြောင်းများကို တောင်ပေါ်နေစဉ်ကတည်းကပင် မခေါင်ညွှယ်နှင့်မဂမ်တို့ထံမှ ကြားသိခဲ့ဖူးပြီး ဖြစ်သည်။ ကိုဦးကိုကား လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က တောင်ပေါ်တွင်တစ်ကြိမ် တွေ့မြင်လိုက်ဖူးသည်။ ကိုဦးတို့ ဓမ္မတီးလုံသို့ အသွားတွင်ဖြစ်သည်။ နန်းရင်နှင့် ကိုဦးတို့ကို ဂင်ရော်ဂါးမှ ခခုရောက်သို့ ရောက်အောင် သူမကိုယ်တိုင် လိုက်ပို့ခဲ့ရသည်။ ရွှေဝါ၏ ညီမငယ် နန်းရင်ကို သူမသည် သူမသည် ထိုစဉ်ကပင် အစ်မတစ်ယောက်သဖွယ် ချစ်ခင်လေးစားလိုက်မိသည်။

ခရန်ကော့သည် ရွှေဝါနှင့် မနင်းမြူတို့ကို လူချင်းတွေ့ရသောအခါ အထူးပင် လေးစားကြည်ညိုခြင်း ရှိသည်။ ချစ်ခင်တွယ်တာခြင်း ဖြစ်သည်။ သူမ၏မိဘများနှင့်အတူလည်း လိုက်ပါလာတတ်သည်။ တစ်ယောက်တည်းလည်း လာရောက်လည်ပတ်တတ်သည်။ ရွှေဝါတို့ထံ ခရန်ကော့ သွားရောက်ခြင်းကို လဗျာဂမ်နှင့် မပရီတို့က တစ်ကြိမ်တစ်ခါမျှ ကန့်ကွက်တားမြစ်ဖူးခြင်း မရှိပါချေ။ အချိန်ကြာမြင့်စွာ အိမ်မှ ပျောက်ကွယ်နေတတ်သည့်အခါမျိုးတွင်သာ သူတို့၏ သမီးကို ရွှေဝါတို့ထံတွင် လာရောက် ရှာဖွေတတ်သည်။ တွေ့သည့်အခါ ပြင်းပြင်းထန်ထန် ဆူပူခြင်း မပြုချေ။ သူတို့ကို အသိပေးပြီးမှ သွားသင့်သည်ဟုလောက်သာ ဆုံးမစကားပြောသည်။ သည်တော့လည်း ခရန်ကော့က ဆင်ခြေကန်သည်။ အညောင်းပြေ လမ်းလျှောက်ထွက်ရင်းနှင့် ရွှေဝါတို့ထံ ဝင်မိခြင်းဖြစ်သည်ဟု။

ယင်းအစဉ်အလာများ ရှိခဲ့ဖူး၍လည်း လဗျာဂမ်နှင့် မပရီတို့သည် ညနေစောင်းသည့်အချိန်အထိ အိမ်သို့ ခရန်ကော့ ပြန်ရောက်လာခြင်းမရှိသောအခါ ရွှေဝါတို့အိမ်တွင် လာမေးသည်။ ရွှေဝါက ခရန်ကော့ သူတို့နှင့်လိုက်ပါမလာကြောင်း ပြောသည်။ သုသာန်ကုန်းက ကချင်အဘိုးကြီးတစ်ဦးနှင့် စကားပြောနေသည်ကို တွေ့မြင်လိုက်ကြောင်း မနင်းမြူက ပြောသည်။ ထိုအခါတွင် လဗျာဂမ်တို့ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ထိုအဘိုးကြီး၏ ပုံသဏ္ဌာန်ကို မေးသည်။ မနင်းမြူက သတိထားမိသလောက် ပြန်ပြောပြသည်။ ထိုအခါ ထိုအဘိုးကြီးရှိရာသို့ ချက်ချင်းလိုက်သွားပြီး စူးစမ်းကြသည်။ ထိုအခါ အဘိုးကြီးသည် ခရန်ကော့အား သူပြောခဲ့သည်များကို အမှန်အတိုင်း ပြန်ပြောသည်။ လဖိုင်လနှင့် လဗျာဂမ်တို့ တလုံတွင် တွေ့ကြသည့်အကြောင်း၊ တလုံမှအပြန်တွင် လဖိုင်လတို့စခန်းကို ဇော်တူးတို့က

MMCYBERMEDIA
COMMUNITY FOR ALL

အကောက်ကြံ၍ သိမ်းပိုက်ထားသည့် အကြောင်း၊ ဇော်တူးလက်တွင် ရောက်ရှိနေသော မခေါင်ညွှယ်ကို စွန့်စားကယ်ဆယ်ရင်း လဖိုင်လ ကျဆုံးသွားရသည့် အကြောင်း။

လဗျဂမ်သည် သူနှင့်လဖိုင်လ တွေ့သည့်အကြောင်း၊ သူနှင့်ဇော်တူးတို့၏ ပူးပေါင်းအားထုတ်မှုကြောင့် လဖိုင်လ ကျဆုံးရသည့်အကြောင်းတို့ကို မပရီအား တိုးတိုးတိတ်တိတ် ပြောခဲ့သော်လည်း ခရန်ကော့ကိုကား အသိမပေးခဲ့ချေ။ လဖိုင်လ၊ မခေါင်ညွှယ်၊ မဂမ်နှင့် ဘောင်ယိန်းတို့အပေါ်တွင် ခရန်ကော့ သံယောဇဉ်ကြီးလှသည်ကို သိ၍ဖြစ်သည်။ သူ့ပယောဂကြောင့် လဖိုင်လ ကျသွားသည်ကို သိလျှင် ခရန်ကော့သည် သူတို့ကို စိတ်ဆိုးမည် အမှန်ဖြစ်သည်။ တောင်ပေါ်သို့ ထွက်ပြေးသွားနိုင်သည်။ ယင်းကြောင့် သူတို့က လဖိုင်လသတင်းကို ခရန်ကော့ မသိအောင် ပိတ်ထားခဲ့သည်။ တောင်ပေါ်က ဆင်းလာသူတိုင်းကို ဆီးကြို၍ ခရန်ကော့ကို လဖိုင်လအကြောင်း မပြောရန် မေတ္တာရပ်ခံခဲ့ကြသည်။ သို့သော် တလောက ရောက်ရှိသော မဂျာကိုကား ဇုံဒါဘယာ ထွေပြားနေ၍ မေတ္တာရပ်ခံဖို့ မေ့လျော့နေခဲ့ကြသည်။ သတိတစ်ခါလစ်လျှင် လစ်သည့်အလျောက်ပင် ခရန်ကော့သည် လဖိုင်လ ကျဆုံးခြင်းကို သိသွားပေပြီ။ ဤကိစ္စတွင် သူမ၏ဖခင် ပါဝင်ကြောင်း၊ အကောက်ကြံကြောင်း သိရှိသွားပေပြီ။ သိသည်နှင့်တစ်ပြိုင်နက်ပင် အိမ်မှ ပျောက်သွားချေတော့သည်။ လဗျဂမ်တို့သည် ရင်းနှီးသူများနှင့် ပုလိပ်အဖွဲ့များကို အကူအညီတောင်း၍ မြစ်ကြီးနားတစ်မြို့လုံးကို ပိုက်စိပ်တိုက်ရှာသည်။ သို့သော် မိုးသာချုပ်သွားသည်။ ခရန်ကော့၏ အစအနကိုကား မတွေ့ရတော့ချေ။ သို့သော် သူတို့ အားမလျော့သေးချေ။ ခရန်ကော့ ဝေးဝေးမရောက်နိုင်သေးဟု တွက်ဆသည်။ ခရန်ကော့သည် ဤညအဖို့ မြို့အနီးတစ်ဝိုက်မှာပင် ခိုအောင်းနေပြီး နံနက်မိုးသောက်ချိန်တွင်မှ ခရီးစထွက်လိမ့်မည်ဟု ယူဆသည်။ ထို့အပြင် ယမန်နေ့ညက ဦးနောက်စိမ်းကို သတ်ဖြတ်ထွက်ပြေးသော ဖိုးဗျော့သည်လည်း မြို့နှင့် ဝေးရာသို့ ရောက်နိုင်ဦးမည်မဟုတ်။ မြို့ဝန်းကျင်မှာပင် တဝဲလည်လည် ရှိနေရဦးမည်ဟု ထင်မြင်သည်။ အကြောင်းမူ သူတို့သည် အရေးကြီးသော အသွားရ လွယ်ကူသော လမ်းကြောင်းများအားလုံးကို အချိန်မီ သိထားသောကြောင့် ဖြစ်သည်။

လဗျဂမ်၏တောင်းပန်ချက်အရ စစ်တပ်မှလည်း ခရန်ကော့ကို ကူညီရှာဖွေပေးလျက်ရှိသည်။ ခရန်ကော့ကို ရှာဖွေရင်း ဖိုးဗျော့ကိုလည်း အနံ့ခံလျက် ရှိသည်။ သို့ဖြင့် မြို့တွင်းမြို့ပြင်တွင် စစ်ဖိနပ်သံများ ညံနေသည်။ ရွှေဝါနှင့် မနင်းမြူတို့သည် ညဉ့်နက်သည်အထိ ဖိုးဗျော့နှင့် ခရန်ကော့အကြောင်း၊ ထိုမှ ဆက်လက်၍ တောင်လေးလုံးမှ လူများအကြောင်း၊ ကြိုးကြာရွာသစ်မှ လူများအကြောင်း၊ တောင်ပေါ်တွင် ရောက်ရှိနေကြသူတို့အကြောင်း၊ ဥရောပတွင် ဖြစ်နေသည့်စစ်ကြီး အကြောင်း၊ မြန်မာပြည်တွင် ဖြစ်ပေါ်နေသော တွန်းလှန်တိုက်ခိုက်မှုများအကြောင်းတို့ကို မီးခိုးမဆုံး မိုးမဆုံး ပြောနေကြ သည်။ သန်းခေါင်ကြက်တွန်မှပင် သူတို့ အိပ်ရာဝင်ကြသည်။ အိပ်ရာဝင်၍ ခဏမျှအကြာတွင်အပြင်ဘက်မှ မနင်းမြူ၏ အမည်ကို ခပ်တိုးတိုးခေါ်သံ၊ အိမ်ရှေ့တံခါးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွ ထုသံ ကြားရသည်။ နှစ်ယောက်သား အိပ်ရာမှ ပြိုင်တူ ထကြသည်။

"ဖိုးဗျော့ထင်တယ်"

ရွှေဝါက ထင်မြင်ချက်ပေးသည်။

MMCYBERMEDIA
COMMUNITY FOR ALL

"မဟုတ်ကော၊ ခရန်ကော့ပ"

မနင်းမြူက တစ်မျိုးမှန်းဆသည်။ အပြင်ဘက်မှ ခေါ်သံ ပို၍ ကျယ်လောင်လာသည်။ သို့သော် ယောကျ်ားသံလား မိန်းမသံလား မထင်ရှား။ 'အစ်မငယ် နင်းမြူ' လား၊ 'ညီမငယ် နင်းမြူ' လား မသဲကွဲ။ ခရန်ကော့သည် သူမ၏မိဘများ ခေါ်သည့်အတိုင်းပင် 'အစ်မငယ် နင်းမြူ' ဟုပင်ခေါ်သည်။ ဖိုးဖျော့က 'ညီမငယ် နင်းမြူ' ဟု ခေါ်သည်။ တံခါးကို လက်သီးဆုပ်ဖြင့် ထုသံ ပို၍ ပြင်းထန်လာသည်။ သို့သော် အလွန်အမင်းကြီးလည်း မဟုတ်။ ခပ်အုပ်အုပ် ခပ်ထိန်းထိန်းသာ ဖြစ်သည်။ ဝန်းကျင်မှ ကြားမည်စိုး၍ ဖြစ်သည်။ ယင်းသို့ဆိုလျှင် ထိုသူသည် မည်သည့်နည်းနှင့်မျှ ရန်သူမဟုတ်နိုင်။ မိတ်ဆွေသာ ဖြစ်ရမည်။

"လာ တံခါး မြန်မြန်သွားဖွင့်ရအောင်။ တော်ကြာနေ ဘေးခြံတွေက ကြားကုန်လိမ့်မယ်"

ရွှေဝါက ပြောပြောဆိုဆို ရှေ့မှ သုတ်သုတ်ဆင်းသွားသည်။ နင်းမြူက နောက်မှ အမီလိုက်လေသည်။ အိမ်ရှေ့သို့ရောက်သောအခါ ရွှေဝါသည် တံခါးကို ရုတ်တရက် မဖွင့်သေးဘဲ အသံတိုးတိုးဖြင့် မေးသည်။

"ဘယ်သူလဲ"
"ကျွန်တော်ပါ"

ထိုအသံမျိုးကို ကောင်းစွာကြားဖူးသည်။ သို့သော် မည်သူဟု ရုတ်တရက် မခွဲခြားနိုင်ဘဲ ရှိသည်။ မနင်းမြူက အပြင်ဘက်မှ လူ၏အသံကို မှတ်မိဟန်ဖြင့် တံခါးကို ဖွင့်သည်။

"ဘယ်သူလဲ"

ရွှေဝါက မနင်းမြူ၏နားအနီးသို့ ကပ်၍ မေးသည်။ သို့သော် မနင်းမြူ ဖြေစရာမလိုတော့။ တံခါးပွင့်ဟသွားသည်နှင့် တစ်ပြိုင်နက် အပြင်မှလူသည် အိမ်အတွင်းသို့လျှင်မြန်သွက်လက်စွာ တိုးဝင်လာသည်။ ထို့နောက် တံခါးကို သူကပင် ချက်ချင်းပြန်ပိတ်လိုက်သည်။ မနင်းမြူသည် ထိုသူ၏အသံကို ကောင်းစွာ မှတ်မိခြင်းရှိသော်လည်း ထိုသူကို လူကိုယ်တိုင် မြင်ရသောအခါတွင်ကား မိမိအသံ အကျက်အမှတ် မှားလေပြီလားဟု အောက်မေ့မိသည်။ တံခါးကို အဆောတလျင် ပြန်ပိတ်သူအား ငေးစိုက်၍ ကြည့်နေသည်။ ထို့အတူ ရွှေဝါကလည်း မျက်တောင်မခတ် ရှိနေသည်။ တံခါးပိတ်နေသူမှာ ကချင်အမျိုးသားတစ်ဦးဖြစ်သည်။ သူ့ကိုယ်တွင်ကချင်အဆင်တန်ဆာ အပြည့်အစုံနှင့် ဖြစ်သည်။ ခေါင်းပေါင်းပါသည်။ လင်းကင်းဓားပါသည်။ တံခါးပိတ်ပြီးသောအခါ ထိုသူက ရွှေဝါတို့ဘက်သို့ လှည့်၍ ပြုံးသည်။ ယခုမှ အလုံးကျသွားသည့်ပမာ သက်ပြင်းချသည်။ ပြီးမှ မနင်းမြူကို ပြောသည်။

"ဆာလိုက်တာ အစ်မငယ်ရယ်။ ဘာများ စားစရာရှိသလဲ။ ကနေ့ တစ်နေ့လုံး ဘာမှ မစားရသေးဘူး"
"မောင်မျိုး"

မနင်းမြူက သူမ၏စိတ်တွင် သံသယစိတ် ရှိနေသေးသဖြင့် 'မောင်မျိုး' ဟူသောအမည်ကို တစ်ယောက်တည်း ထွက်ဆိုကြည့်သည့်အနေမျိုးဖြင့် ထွက်ဆိုသည်။ ဤတွင်မှ မောင်မျိုးသည် သူ့ကို သူတို့ကောင်းစွာ မမှတ်မိကြောင်း၊ သို့မဟုတ် တအံ့တသြရှိနေကြကြောင်း ရိပ်စားမိ၍ ခေါင်းပေါင်းတစ်ဖက်ကို ဖြုတ်လိုက်ပြီး…

"ကျွန်တော် တကယ်ပဲ ကချင်နဲ့တူသလား"

"တူသကော၊ အားကြီး တူသကော"

မနင်းမြူက ယင်းသို့ပြောပြီး စားသောက်ဖွယ်ယူရန် အတွင်းဘက်သို့ ဝင်သွားသည်။ ရွှေဝါက မောင်မျိုးကိုထိုင်ရန်နေရာ ပြပြီး စိုးရိမ်သည့်လေသံဖြင့် ပြောသည်။

"နင်အခု ဘယ်ကလာသလဲ။ ဘယ်ကိုသွားပြီး ဘာလုပ်မလို့လဲ။ မြို့ထဲမှာ ဘာတွေဖြစ်နေသလဲ နင်သိသလား။ မြို့ထဲမှာ ပုလိပ်တွေ စစ်သားတွေ ခြေရာချင်း ထပ်နေတယ်"

"ဘာတွေဖြစ်နေမှန်းတော့ မသိဘူး။ ပုလိပ်တွေ စစ်သားတွေ ခြေရှုပ်နေတာတော့ သိတယ်။ ဒါကြောင့်ကျွန်တော် တစ်နေ့လုံး မြို့ထဲ မဝင်နိုင်ဘဲ မြို့ပြင်မှာ ပုန်းနေရတယ်။အခုမှ ဒီဘက်ကို ကူးနိုင်တယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့တော့ ပုလိပ်တွေ စစ်သားတွေ ကြားမှာ အခုလို တထိတ်ထိတ် တလန့်လန့် သွားရလာရတာ ရိုးနေပါပြီ"

မနင်းမြူပြန်ထွက်လာသည်။ လက်ထဲတွင် ကောက်ညှင်းကျည်တောက်နှင့် စိုင်သားခြောက်ဖုတ်များ ပါလာသည်။ မောင်မျိုးသည် ကောက်ညှင်းကျည်တောက်ကို လှမ်းယူရင်း ရွှေဝါကို မေးသည်။

"မြို့ထဲမှာ ဘာတွေဖြစ်နေလို့လဲ"

ရွှေဝါက ကိုဦးနှင့် မြစိမ်းကြည်အကြောင်း၊ ကိုဦးအသတ်ခံရသည့်အကြောင်း၊ သူတို့အိမ်တွင် ဖိုးဗျော့ရောက်လာသည့် အကြောင်း၊ မြစိမ်းကြည်၏ဖခင် ဦးနောက်စိမ်းမှာ မနင်းမြူတို့ရွာမှ ခံပန်းဆိုသူဖြစ်ကြောင်း၊ ယမန်နေ့ညက ခံပန်းကို ဖိုးဗျော့က သတ်ပစ်ကြောင်း၊ ဖိုးဗျော့၏နမကို တစ်ချိန်က ခံပန်းက စော်ကားခဲ့ကြောင်း၊ ကိုဦး၏ အသုဘ ယနေ့ချကြောင်း၊ အသုဘမှအပြန်တွင် ခရန်ကော့ ပျောက်သွားကြောင်း၊ ဇော်တူးနှင့် လဗျက်မ်တို့၏ ကောက်ကျစ်စဉ်းလဲမှုကြောင့် လဖိုင်လ ကျဆုံးကြောင်းကို ခရန်ကော့ ယနေ့မှ သိကြောင်း၊ ခရန်ကော့ တောင်ပေါ်တက်သွားပြီထင်ကြောင်း၊ ပုလိပ်ဘက်နှင့် စစ်ဘက်က ခရန်ကော့နှင့် ဖိုးဗျော့ကို တောနင်း၍ ရှာနေကြကြောင်းတို့ကို အကျဉ်းချုံး၍ ပြောပြသည်။ မောင်မျိုးက ကောက်ညှင်းကျည်တောက်နှင့် အသားခြောက်ဖုတ်ကို မပြတ်ဝါးစားရင်း ရွှေဝါပြောသည်ကို အမေးအမြန်းမရှိ နားထောင်နေသည်။ ရွှေဝါပြောပြီးသွားတော့မှ…

"အင်း၊ ကိုဦးသေရတာ ရက်စရာကောင်းလိုက်တာ။ အင်္ဂလိပ်ကို တိုက်လို့ သေရတာမဟုတ်ဘဲ မိန်းမခိုးလို့သေရတယ်ဆိုတာ အမျိုးဂုဏ် ပျက်လှတယ်"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ မောင်မျိုးရယ်။ နင်တို့မရှိတဲ့နောက်ပိုင်းမှာ၊ အစ်မသေပြီးတဲ့နောက်ပိုင်းမှာ၊ မောင်ကြီးကို ဒင်းတို့ ဖမ်းသွားတဲ့နောက်ပိုင်းမှာ ကြိုးကြာမှာ အစ်မငယ်တစ်ယောက်တည်း မျက်စိသူငယ်ဖြစ်နေရတယ်။ အဲဒီအချိန်မှာ ကိုဦးရောက်လာလို့သာ အစ်မငယ်မှာ အားကိုးရာရှိရတယ်။ သူလည်း အစ်မငယ်ကို ငဲ့ပြီး နင်တို့ဆီ မလိုက်တာပဲ"

MMCYBERMEDIA
COMMUNITY FOR ALL

"ဘယ်ဟုတ်မလဲ။ အဲဒီအချိန်မှာ အစ်မငယ်ကိုပါ ကျွန်တော်တို့ဆီကို ခေါ်ခဲ့ရမယ်။ ဒါမှမဟုတ်ရင် နောင်ကြီးရွှေဝါ လွတ်ပြီးတဲ့နောက်ပိုင်းမှာ သူကျွန်တော်တို့ဆီကို လိုက်လာရမယ်"

မောင်မျိုးပြောပုံ ပြတ်တောင်းလှသည်။ ဤတွင် ရွှေဝါက...

"ဒီလိုဆိုရင် တို့များက ထောင်ကလွတ်လွတ်ချင်း နင်တို့ဆီကို လိုက်လာဖို့ မကောင်းလား"

မောင်မျိုးအနည်းငယ် စဉ်းစားဟန်ပြုပြီး...

"ကျွန်တော်တို့က နောင်ကြီးရွှေဝါကိုတော့ ခွင့်လွှတ်ထားပါတယ်။ နောင်ကြီးရွှေဝါက နေမကောင်းဘူးမဟုတ်လား"

"တို့များ အခု နေကောင်းသွားပြီ"

"ကျွန်တော်တို့ ကြားပါတယ်"

"ဒါပေမဲ့ နင်တို့ဆီကို တို့များ ရောက်လာလိမ့်မယ်လို့တော့ နင်တို့ ဘယ်သူမှ မထင်ထားကြဘူး မဟုတ်လား"

မောင်မျိုး ငြိမ်နေသည်။

"ငါ အခု နေကောင်းပြီ။ ငါအခု အင်္ဂလိပ်တွေကို တိုက်မယ်ဆိုရင် တိုက်နိုင်ပြီ။ ဒါပေမဲ့ ဘယ်လိုမျိုး တိုက်ရမယ်ဆိုတာတော့ စဉ်းစားရမယ်။ တို့များဟာ ဒင်းတို့ကို မနိုင်မချင်းတော့ တိုက်ရမှာပဲ။ ဒါပေမဲ့ တစ်ခါတိုက်ရင်း တစ်ခါရှုံးရင်းဆိုရင်တော့ တို့လူမျိုး လုံးလုံး ပျောက်သွားလိမ့်မယ်။ တိုက်တိုင်းနိုင်ရမယ် မဟုတ်ပေမဲ့ တိုက်တိုင်းရှုံးရင်တော့ မကောင်းဘူး"

ထိုအခါ မောင်မျိုးက...

"ကျွန်တော်တို့လည်း ဒါကို လေးလေးနက်နက် စဉ်းစားကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က တိုက်လက်စဖြစ်နေတော့ ဆက်ပြီးတိုက်ရမှာပဲ။ လောလောဆယ်ဆယ်မှာ တိုက်နိုင်တဲ့အားမရှိရင် တစ်နေရာမှာ သွားပြီး အားမွေးရမှာပဲ။ လောလောဆယ်ဆယ်တော့ နောင်ကြီးရွှေဝါ ဒီမှာပဲ နေပါ။ ကျွန်တော်တို့ဆီက အခြေအနေတွေကလည်း တော်တော်ဆိုးနေတယ်။ ကျွန်တော်တို့တောင် အခု အင်မိုင်ခဘက်ကို ဆုတ်ကြရတော့မယ်"

"အေး၊ နင်တို့ရဲ့ နောက်ဆုံးအခြေအနေကို ပြောစမ်းပါဦး။ လဖိုင်လ ကျတာတော့ ငါသိပြီးပြီ။ မိုးညှင်းမောင်သိုက်တို့ကို မိသွားပြီး ကြိုးပေးလိုက်တာလည်း ငါသိပြီးပြီ"

"ကျွန်တော်တို့ဆီကို အစ်မငယ် မဗျိုင်းဖြူရောက်လာတာ သိသလား"

"မသိဘူး။ မဗျိုင်းဖြူ အခု နင်တို့ဆီမှာလား။ ဒီလိုဆိုရင် တို့များဟာ ထဘီဝတ်ထားဖို့ပဲ ကောင်းတာပ"

"အို မောင်ကြီးက အခုထက်ထိ အားကောင်းကောင်း ပြည့်သေးတာမှ မဟုတ်သေးဘဲ"

"ဒါပေမဲ့ အသက်ရှစ်ဆယ်လောက်ရှိတဲ့ ဘကြီးမုံးတောင် တောင်ပေါ်မှာ ရှိနေတာပဲ"

"ဘကြီးမုံးဆုံးတာ နောင်ကြီးရွှေဝါတို့ မသိသေးဘူးလား"

"ဘာပြောတယ်၊ ဘကြီးမုံး ဆုံးပြီလား"

"ဘယ်တုန်းကဆုံးတာလဲ၊ ဘယ်လိုဆုံးတာလဲ"

MMCYBERMEDIA
COMMUNITY FOR ALL

ရွှေဝါနှင့် မနင်းမြူတို့ အလုအယက်မေးမြန်းကြသည်။ ဘကြီးမုံး ကျဆုံးသွားပြီဆိုသောသတင်းကို ကြားရသောအခါ သူတို့သည် စိတ်ကို မည်သို့မျှ ထိန်းသိမ်းနိုင်စွမ်း မရှိကြတော့ချေ။ ချောက်ချားထိတ်လန့်ခြင်း ကြီးစွာ ဖြစ်သွားကြသည်။ ဤအတိုင်းပင် ဖြစ်ရမည်။ သူတို့အားလုံး ဘကြီးမုံးကို အလွန့်အလွန်မှ ချစ်ခင်လေးစားကြသည်။ ရိုသေကိုင်းရှိုင်းကြသည်။ ဘကြီးမုံးသည် သူတို့အဖို့ မြင့်မိုရ်တောင်ကြီးပင် ဖြစ်သည်။

မောင်မျိုးတို့လည်း ဘကြီးမုံး ကျဆုံးပြီကို သိရသောအခါ၊ တပ်အပ်မြင်တွေ့ရသောအခါ တုန်လှုပ်ချောက်ချားခြင်း ဝေဒနာကို ပြင်းပြစွာ ခံစားကြရသည်။ မဗျိုင်းဖြူရောက်လာသည့်အတွက် မောင်မျိုးတို့မှာ အင်မတန် အားတက်ကြသည်။ ဘကြီးမုံးပြောသလိုပင် ဤတစ်ယောက်သည် လူတစ်သိန်းနှင့် ညီမျှသည်။ အကြောင်းမှာ ဤအမျိုးသမီးသည် လက်နက်ကိုင်တိုက်ပွဲများကို လွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်ကတည်းက ဆင်နွှဲခဲ့သောကြောင့် ဖြစ်သည်။ အတွေ့အကြုံများ ရင့်ကျက်နေပြီ ဖြစ်သည်။ သူတို့လူစုတွင် အတွေ့အကြုံကြီးသူဟူ၍ ဘကြီးမုံးနှင့် လဖိုင်လနှစ်ဦးသာ ရှိသည်။ ယခုမူ လဖိုင်လ မရှိပြီ။ ဘကြီးမုံးတစ်ဦးတည်းသာ သူတို့အားထား တိုင်ပင်နေကြရသည်။ သို့သော် ဘကြီးမုံးသည် အသက်ကြီးလှပြီ။ တိုက်ပွဲများကို ထိထိရောက်ရောက် ဦးစီးတိုက်ခိုက်နိုင်ခြင်း မရှိတော့။ အကြံအား ဉာဏ်အားသာ ပေးနိုင်တော့သည်။ သူတို့က ဘကြီးမုံးကို ရန်သူနှင့် ဝေးရာအရပ်တွင်ထားလိုကြပြီ။ ယခု မဗျိုင်းဖြူရောက်လာပြီဖြစ်၍ သူတို့တွင် ဆန္ဒရှိသည့်အတိုင်း မိုးညှင်းမောင်သိုက်တို့ထံမှ ဘကြီးမုံးဤတစ်ခေါက် ပြန်ရောက်လာလျှင် သူ့ကို လုံခြုံရာ စခန်းတစ်ခုတွင် နေစေမည်။ အခြေအနေများကို သူတို့က သတင်းပို့ပေး၍ အကြံဉာဏ်နှင့် အဆုံးအဖြတ်ကိုသာ တောင်းခံမည်။

ယင်းသို့အားလုံး သဘောတူ ဆုံးဖြတ်ထားကြသည်။ သို့သော် ဘကြီးမုံးသည် ရောက်လာရမည့်ရက်တွင် ပြန်ရောက် လာခြင်းမရှိချေ။ သူတို့ တစ်ရက်စောင့်သည်။ ရောက်မလာ။ နောက်တစ်ရက် ထပ်စောင့်သည်။ ရောက်မလာ။ ထိုအခါ သူတို့အားလုံး စိုးရိမ်ပူပန်စိတ်ရှိပြီး ဘကြီးမုံးနောက်သို့ မောင်မျိုးနှင့် လူနှစ်ယောက် လိုက်သည်။

မောင်မျိုးတို့သည် ဘကြီးမုံးသွားသည့် လမ်းကြောင်းအတိုင်း လိုက်သည်။ အချို့နေရာတွင် ဘကြီးမုံးခြေရာ လက်ရာများကို တွေ့ရသည်။ အထမ်းချသည့်နေရာတွင် ဆားမှုန်များ ကျစ်ရစ်ခြင်း၊ သစ်ပင်တွေ ဓားဖြင့် ထစ်မှတ်ထားခြင်းများ ဖြစ်သည်။ တစ်နေရာအရောက်တွင် သူတို့ မျက်လုံးပြူးရသည်။ လမ်းကြောင်းဘေးတွင် ဘကြီးမုံးနှင့် ပါသွားသော ပစ္စည်းအချို့နှင့် အင်္ဂလိပ်တပ်ဖွဲ့များသုံးသော ပစ္စည်းအချို့ စွန့်ပစ်ထားသည်ကို တွေ့ရသည်။ သစ်ပင်တွင် ဘကြီးမုံးသည် သူ အမှန်သွားရမည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဤတွင် ဘကြီးမုံးကို အင်္ဂလိပ်တပ်က အနိုင်အထက် ခေါ်ဆောင်သွားပြီဖြစ်ကြောင်း မောင်မျိုးတို့ တွက်မိသည်။

သို့ဖြင့် သတိကြီးစွာနှင့် ခြေရာကောက်၍ လိုက်ကြသည်။ တောင်စောင်းတစ်နေရာတွင် ဘကြီးမုံး ဆောင်းသွားသော တရုတ်မြက်ခမောက်ကြီးကို တွေ့ရသည်။ အောက်ဘက်သို့ လိမ့်ကျသွားသည့်အရာနှင့် လူဆင်းသည့်လမ်းကြောင်းများ ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရသည်။ အောက်သို့ ဆင်းကြည့်သောအခါ အဖြစ်မှန်ကို သူတို့ နားလည်သည်။ ဘကြီးမုံးကို ကူလီအဖြစ် ခေါ်ဆောင်သွားခြင်း ဖြစ်ပေမည်။ ဤနေရာတွင် ဘကြီးမုံး လိမ့်ကျသည်။ ဘကြီးမုံးကို ထားခဲ့ပြီး သူတို့ပစ္စည်း များကို

ပြန်လည်သယ်ယူသွားကြသည်။ အရေးမကြီးသော ပစ္စည်းအချို့ကို ချန်ထားခဲ့သည်။ ဘကြီးမုံး၏ ထမ်းဆိုင်းလည်း ရှိနေသည်။ ဘကြီးမုံး၏အလောင်းကို အလွယ်တကူပင် ရှာဖွေတွေ့ရှိကြသည်။ အောက်ဘက်သို့ လျှောသွားသော လမ်းကြောင်းအတိုင်း ဆင်းလိုက်သွားကြရာတွင် ဘကြီးမုံးကို ချောင်းရေစပ်နှင့် တစ်လံကွာလောက်တွင် မှောက်လျက်သား သေဆုံးနေသည်ကို တွေ့ရသည်။ ဘကြီးမုံးသည် ရေသောက်ရန် ကြိုးစားရင်းနှင့် ရေဆီသို့ မရောက်ဘဲ ရောက်လုဆဲဆဲတွင် အမောဖောက်ပြီး အသက်ထွက်သွားခြင်းပင်တည်း။

ဘကြီးမုံးမရှိတော့သောအခါ မောင်မျိုးတို့သည် အနာဂတ်တိုက်ပွဲ လမ်းကြောင်းနှင့် ပတ်သက်ပြီး အရေးတကြီး ဆွေးနွေး တိုင်ပင်ကြရသည်။ ဤတွင် သူတို့သည် မိုးညှင်းမောင်သိုက်နှင့်လည်းကောင်း၊ မဂမ်တို့နှင့်လည်းကောင်း အဆက်အသွယ်ရဖို့ အထူးလိုအပ်ကြောင်း သဘောတူကြသည်။ ယင်းကြောင့် ပထမဆုံး မောင်သိုက်တို့ စခန်းသို့ မောင်မျိုးနှင့် နန်းရင် သွားသည်။ သို့သော် နောက်ကျချေပြီ။ မောင်သိုက်တို့ကို အင်္ဂလိပ်တို့ ဖမ်းမိသွားပြီဖြစ်ကြောင်းကို ဆမားအနီးရှိ ရွာတစ်ရွာမှ ကြားသိရသည်။ သို့ဖြင့် သူတို့သည် မဂမ်တို့နှင့် အဆက်အသွယ်ရရန် ကြိုးစားပြန်သည်။ မလွယ်ချေ။ အင်္ဂလိပ်တပ်များသည် မောင်သိုက်တို့ကို ရရှိပြီးသည့်နောက်တွင် ကျန်ရှိနေသော အစုများကို အလုံးအရင်းနှင့် ဖိ၍ တိုက်လာသောကြောင့် ဖြစ်သည်။ ဤမိုးမကျမီတွင် တွန်းလှန်သူများကို အပြတ်ရှင်းရန် အင်္ဂလိပ်တို့က ကြံထားပုံရသည်။

မောင်မျိုးတို့သည် ပုလိပ်အဖွဲ့များ၊ အင်္ဂလိပ်တပ်များနှင့် တရစပ် တိုက်ကြရသည်။ အင်္ဂလိပ်တို့က တိုက်လာ၍ ခုခံ တိုက်ခိုက်ရသည်လည်း ရှိသည်။ သူတို့က စီးနင်းတိုက်ခိုက်သည်လည်း ရှိသည်။ တပ်ရွှေ့ကြရင်း ပက်ပင်းတိုးမိ၍ မမျှော်လင့်ဘဲ တိုက်ကြရခြင်းလည်း ရှိသည်။ ယင်းတိုက်ပွဲများတွင် မဖျိုးဖြူ အကွပ်အညှပ်ကောင်းသဖြင့် အောင်ပွဲ ရခဲ့သည်ချည်းသာ ဖြစ်သည်။ ရန်သူငါးယောက်ကျလျှင် သူတို့ဘက်မှ တစ်ယောက်သာကျသည်။ သို့သော် ကြာရှည်ကျတော့ သူတို့သည် ယင်း ငါးချိုးတစ်ချိုး အခြေအနေကိုပင် ခံနိုင်ရည်စွမ်း မရှိတော့ချေ။ တစ်လအတွင်းတွင် သူတို့ အင်အားတစ်ဝက်နီးပါးခန့် လျော့သွားသည်။ ဤအချိုးအတိုင်းသာဆိုလျှင် နောက်တစ်လအတွင်း သူတို့အားလုံး ပြုတ်ပြုတ်ပြုန်းဖို့သာ ရှိတော့သည်။ ရန်သူအဖို့ကား သူတို့ဆယ်ဆ ဆုံးပါးသွား၍လည်း အကြောင်းမဟုတ်သေးချေ။

ဤစဉ်တွင် သူတို့ရှိရာ မမျှော်လင့်ဘဲနှင့် မဂမ်ရောက်လာသည်။ မဂမ်နှင့် ဘောင်ယိန်းတို့လည်း သူတို့လိုပင် ရန်သူ၏ အပြင်းအထန် မွှေနှောက်တိုက်ခိုက်ခြင်းကို အဆက်မပြတ် ခံနေကြရသည်။ မျက်လုံးအိမ်တွင် ယမ်းခိုးများဝေလျက် ရှိကြသည်ဟု ဆိုသည်။ သူတို့ကလည်း မောင်မျိုးတို့နှင့် အဆက်အသွယ်ရရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းခဲ့သည်။ ဆက်သားများ လွှတ်ခဲ့သည်။ မအောင်မြင်ချေ။ ယခုတစ်ကြိမ်တွင်မူ မဂမ်ကိုယ်တိုင် လူနှစ်ယောက်ကိုခေါ်၍ ထွက်ခဲ့သည်။ လမ်းတွင် လူနှစ်ယောက် ကျကျန်ရစ်သည်။ သူလည်း အကြောင်းသင့်လွန်း၍သာ မောင်မျိုးတို့ထံ ရောက်ရှိလာခြင်း ဖြစ်သည်။ ဤတွင် သူတို့သည် ပြန်လည်သုံးသပ်ခြင်း၊ စစ်ကြောဝေဖန်ခြင်းနှင့် သတ်မှတ်ဆုံးဖြတ်ခြင်းများ ပြုကြသည်။ သူတို့သည် နယ်မြေ မလွှတ်ရေးမူကို ဆုပ်ကိုင်ထားခဲ့ကြသော်လည်း ယခုမူ ယင်းမူကို လွှတ်ရတော့မည်ဖြစ်သည်။ နယ်မြေကို ဖက်တွယ်ထားလျှင် သူတို့အားလုံး ပြုတ်ပြုတ်ပြုန်းသွားပေမည်။ စစ်တိုက်ရာတွင် နယ်မြေသည် အဓိက မဟုတ်ကြောင်းကို သူတို့သိလာကြသည်။ စစ်တိုက်ရာတွင် မူတစ်ခုကို လေ့နံ့ဓားထစ် ပြုထား၍ မရကြောင်းကို သူတို့ သိလာသည်။ မူတစ်ခုသည် ဤတစ်ချိန်တွင် မှန်သော်လည်း နောင်တစ်ချိန်တွင် မှားနေမည်။ သို့သော် နောင်တစ်ချိန်တွင်

MMCYBERMEDIA
COMMUNITY FOR ALL

ပြန်လည်မှန်ကန်နေတတ်သည်။ အရေးအကြီးဆုံး၊ လတ်တလောဖြစ်ပေါ်နေချက်များနှင့် အညီ ပြုမူလုပ်ဆောင်တတ်ဖို့ပင် ဖြစ်သည်။ ယင်းသို့မဟုတ်လျှင် သူတို့ ပျက်သုဉ်းရမည် ဖြစ်သည်။

ယခု သူတို့အခြေအနေမှန်ကို မှန်ကန်စွာ ပြန်လည်သုံးသပ်သောအခါ သူတို့၏ ဒုတိယအကြိမ် တွန်းလှန်တိုက်ခိုက်မှု အရေးတော်ပုံကြီးသည် သုံးလအတွင်းတွင် ပြိုဆင်းသွားချေပြီဖြစ်သည်။ တပ်အင်အား ထက်ဝက်ကျော်လျော့ပါးသွားပြီး အရေးကြီးသော ခေါင်းဆောင်များ ကျသူ ကျ၊ မိသူ မိကုန်ကြပြီ။ ယင်းသို့ဖြစ်ရသည်မှာ အရေးတော်ပုံသည် တစ်ပြည်လုံးသို့ ပြန့်ကျယ်သွားနိုင်သည့် အခြေမရှိဘဲ မိမိတို့ လေးငါးနယ်အတွင်းတွင်သာ ထီးတည်းကြီး ရှိနေသဖြင့် ရန်သူ၏ အလုံးအရင်းနှင့် တိုက်ခိုက်ဖြိုခွင်းခြင်းကို ခံရသောကြောင့် ဖြစ်သည်။ ဤအရေးတော်ပုံတစ်ခု အောင်မြင်ရန် အတွက် တစ်ပြည်လုံး အတိုင်းအတာနှင့် ပြန့်ကျယ်ဖို့ လိုကြောင်းသူတို့ သိမြင်သည်။ ယင်းသို့ ပြန့်ကျယ်ရန်မှာလည်း တစ်ပြည်လုံးက အင်္ဂလိပ်ကို ခါးခါးသီးသီး နာကြည်းပြီး တစ်ပြိုင်တည်း၊ တစ်ချိန်တည်းထတိုက်ကြမှ ဖြစ်ပေမည်။ ယင်းသို့ဖြစ်ရန်မှာ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ဖို့ လိုလေသည်။ ရှမ်း၊ ကချင်များက တွန်းလှန် တိုက်ခိုက်နေစဉ်တွင် ဗမာများကငြိမ်နေ၍ မဖြစ်ချေ။ ဗမာများ ထကြွနေစဉ်တွင် ရှမ်း၊ ကချင်များက ငြိမ်နေ၍လည်း မဖြစ်ချေ။ ယင်းသို့ တက်ညီလက်ညီရှိရန် သူတို့အချိန်ယူ၍ အားယူ၍ လုပ်ဆောင်ကြရပေမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် အတွက် သူတို့သည် ရန်သူအသာစီးရထားသော နယ်မြေကို လက်လွှတ်၍ မိမိတို့အဖို့ အနေအထား အကွက်အကွင်း ကောင်းသော အခြေခံဒေသသစ်တစ်ခု ရှာရပေမည်။ ခြေကုပ်စခန်းတစ်ခုတည်ဆောက်ကြရပေမည်။ သို့ဖြင့် သူတို့အားလုံး သည် အရှေ့မြောက်ပိုင်းဒေသသို့ ဆုတ်ခွာကြရန် သဘောတူကြသည်။ ယင်းသို့ ဆုတ်ခွာရန်အတွက် မိုးကောင်း မြောက်ဘက် ရွှေတောင်ကြီးတွင် တပ်စုကြရန် ဆုံးဖြတ်သည်။

ယင်းဆုံးဖြတ်ချက်ကျသည်နှင့် တစ်ပြိုင်နက် မဂမ်ပြန်သွားသည်။ မောင်မျိုးတို့က လူနစ်ယောက် ထည့်ပေးလိုက်သည်။ ထို့နောက် မောင်မျိုးတို့လည်း ရန်သူကိုတိုက်ရင်း၊ ရှောင်ရင်းနှင့် ရွှေတောင်ကြီးသို့ ဦးတည်ကြသည်။ ယင်းသို့ ရွှေတောင်ကြီးသို့ ဦးတည်ချီတက်ရင်းနှင့် မြေညီပိုင်းက အခြေအနေများကို သိရှိရန်အတွက် မိုးကောင်းသို့ အထောက်တော်တစ်ယောက် လွှတ်လိုက်သည်။ အကြောင်းအားလျော်စွာ ထိုအထောက်တော်သည် သူတို့ထံသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာသည်။ ထိုအခါ မြေညီမှ သတင်းများကို သူတို့ သိရသည်။ မောင်သိုက်ကို ကြိုးပေးလိုက်ပြီဖြစ်ကြောင်း၊ ရွှေဝါလွတ်သည့်အကြောင်း၊ စိတ်ဝေဒနာကောင်းမွန်သွားသည့်အကြောင်း၊ မြစ်ကြီးနားသို့ ပြောင်းရွှေ့နေထိုင်သည့်အကြောင်း၊ အခြားစစ်ဆင်ရေးနှင့် ပတ်သက်သော သတင်းအကြောင်းများ။

မောင်မျိုးတို့သည် ရွှေတောင်ကြီးစခန်းသို့ သတ်မှတ်ထားသည့် ရက်အောက် ခုနစ်ရက်မျှ နောက်ကျပြီးမှ ရောက်ရှိ သွားသည်။ သို့နှင့်တိုင် မဂမ်နှင့် ဘောင်ယိန်းတပ်များ ရောက်နှင့်နေခြင်း မရှိသည်ကို တွေ့ရသည်။ သို့ဖြင့် သူတို့သည် စိုးရိမ်ကြောင့်ကြစိတ်ဖြင့် အနောက်မြောက်ဘက်မှနေ၍ ရောက်ရှိလာသည့် ညီနောင်တပ်ဖွဲ့များကို စောင့်ဆိုင်း နေကြရသည်။ ဤအတွင်းတွင် သူတို့သည် ရွှေတောင်ကြီးစခန်း၏ လုံခြုံရေးကို လုပ်ဆောင်နေကြရသည်။ ခံတပ်များ တည်ဆောက်ခြင်း၊ ကတုတ်ကျင်းများ တူးခြင်း၊ ပြောင့်များ ထောင်ခြင်း၊ ကင်းပုန်းများချခြင်း၊ ကင်းတို ကင်းရှည်များ လွှတ်ခြင်း စသည်တို့။

ဤအစီအစဉ်များအားလုံးသည် မဗျိုင်းဖြူ၏ အစီအစဉ်များ ဖြစ်သည်။ မဗျိုင်းဖြူသည် အင်မတန်

စေ့စပ်သေချာသည်။ မဂမ်တို့ကို စောင့်ဆိုင်းနေစဉ်အတွင်း ရန်သူများရောက်ရှိလာလျှင် ခုခံနိုင်ရန်ဖြစ်သည်။ သို့မဟုတ် အခြေအနေ မသင့်၍ ဤစခန်းတွင် တစ်မိုးခိုရမည်ဆိုလျှင်လည်း ခိုနိုင်ရန်ဖြစ်သည်။ လိုရမည်ရရိက္ခာများစုဆောင်းထားသည်။ ကင်းရုံစခန်းများ ဆောက်လုပ်ထားသည်။ သို့သော် တစ်နေ့တွင် မဗျိုင်းဖြူသည် ကင်းရုံစခန်းများကို အဖော်တစ်ယောက်နှင့်အတူ လှည့်လည်စစ်ဆေးနေရင်းနှင့် ရန်သူလက်သို့ ကျရောက်သွားလေသည်။ ယင်းရန်သူတို့သည် အင်အားများပြားလှသည် လည်း မဟုတ်ချေ။ ဤစခန်းတွင် သူတို့ရှိမှန်းသိ၍ ကင်းထောက်ရန်၊ အလစ်တွင် တိုက်ခိုက်ရန် ရောက်လာကြခြင်းလည်း မဟုတ်ချေ။ အနောက်မြောက်ဘက်ဒေသတွင် မဂမ်တို့နှင့် တိုက်ခိုက်ရင်း တပ်ကွဲသွားပြီးဤဘက်သို့ မျက်စိလည် လမ်းမှားကာ ရောက်ရှိလာခြင်းသာဖြစ်သည်။ မဗျိုင်းဖြူတို့နှင့် ရန်သူများသည် တောင်ထွတ်တစ်ခုတွင် မမျှော်လင့်ပဲ ပြုန်းစားကြီး ပက်ပင်းတိုးမိကြခြင်းဖြစ်သည်။ အနီးကပ်တိုက်ပွဲဖြစ်၍ မဗျိုင်းဖြူတို့က ဓားကို သုံးရသည်။ ရန်သူတို့က လှံစွပ်ကို သုံးသည်။ နောက်ဆုံးတွင် ဒဏ်ရာရရှိသွားသော မဗျိုင်းဖြူကို ရန်သူတို့ လက်ရဖမ်းမိသွားသည်။ ဤတွင် မဗျိုင်းဖြူ၏အဖော်သည် ကိုယ်လွတ်ရုန်း၍ မောင်မျိုးတို့ထံ အရောက်ပြန်ခဲ့သည်။ အချိန်မီ သတင်းပေးပို့ခြင်း ပြုသည်။ မောင်မျိုးတို့လည်း ချက်ချင်းပင် ရန်သူ့နောက်သို့ လိုက်သည်။ မီသည်။ တိုက်ပွဲဖြစ်သည်။ ရန်သူကို အောင်မြင်သည်။ မဗျိုင်းဖြူကို ပြန်ရသည်။ သို့သော် မဗျိုင်းဖြူတွင် အသက်ငွေ့ငွေ့သာ ရှိတော့သည်။ မဗျိုင်းဖြူသည် မောင်မျိုးနှင့် နန်းရင်ကို သူမ၏အနီးသို့ ကပ်စေ၍ သူမ၏ ခါးတွင် ချည်ထားသော ခမ္ဘတီး ခါးစည်းကြိုးကို ဖြုတ်စေသည်။ ထို့နောက် ထိုခါးစည်းကြိုးကို ရွှေဝါနှင့် မနင်းမြူထံ ပို့ပေးရန် ပြောသည်။ အမှာစကား အနည်းငယ် ပြောကြားပြီးနောက် သံမဏိ သက်ရင့်လုပြီဖြစ်သော တွန်းလှန်တိုက်ခိုက်ရေး အမျိုးသမီး သူရဲကောင်းကြီးသည် မမျှော်လင့်သော တိုက်ပွဲငယ်တစ်ခုတွင် အမှတ်မထင် ကျဆုံးသွားရလေသည်။

နောက်သုံးရက်အကြာတွင် မဂမ်နှင့် ဘောင်ယိန်းတို့ ရောက်ရှိလာကြသည်။ သူတို့တွင် လူအင်အား သုံးပုံတစ်ပုံခန့်သာ ကျန်ရှိတော့သည်။ သို့ဖြင့် သူတို့သည် အရှေ့မြောက်ဘက်ဒေသသို့ အမြန်ဆုံး ဆုတ်ခွာကြရန် စီစဉ်ကြရသည်။ တပ်များ အားလုံးတို့ တစ်ပေါင်းတည်း တစ်စုတည်းပြုပြီး မဂမ်၊ ဘောင်ယိန်းနှင့် နန်းရင်တို့က ကွပ်ကဲဆုတ်ခွာ သွားကြမည် ဖြစ်သည်။ မောင်မျိုးကမူ မဗျိုင်းဖြူဆန္ဒကို ဖြည့်စွမ်းသည့်အနေဖြင့် သူမ၏ခါးစည်းကြိုးကို ရွှေဝါတို့ထံပို့ရန် မြစ်ကြီးနားသို့ တစ်ယောက်တည်း သွားမည်ဖြစ်သည်။ ထို့နောက်တွင်မှ မဂမ်တို့နောက်သို့ လိုက်ပါသွားမည်ဖြစ်သည်။ နန်းရင်က မောင်မျိုးနှင့်အတူ လိုက်ပါလိုသော်လည်း မောင်မျိုးက လက်မခံချေ။ နန်းရင်တွင်လည်း ဒဏ်ရာအနည်းငယ် ရရှိလျက် ရှိသည်။ မဗျိုင်းဖြူကို ကယ်တင်ရန် တိုက်ခိုက်စဉ်က ရှေ့လောကြီးခဲ့၍ ရန်သူ၏လှံစွပ်ဒဏ်ကို ရှပ်၍ ခံလိုက်ရခြင်းဖြစ်သည်။ ယင်းဒဏ်ရာသည် မကြီးမားလှသော်လည်း ဂရုစိုက်ကုသခြင်းမပြုနိုင်လျှင် အဆိပ်တက်လာပြီး အခြေအနေ ဆိုးရွားသွား နိုင်သည်။ ရန်သူတို့၏ အခြေခံစခန်းဖြစ်သော မြစ်ကြီးနားသို့ ဒဏ်ရာကြီးနှင့် လိုက်ပါလာရန်မှာ လုံးဝဖြစ်နိုင်သည့်ကိစ္စ မဟုတ်ချေ။ သို့ဖြင့် နန်းရင်မှာ မောင်မျိုးနှင့်အတူ မလိုက်ပါရဘဲ မဂမ်တို့နှင့်အတူ ဆုတ်ခွာသွားရသည်။

မဂမ်နှင့်ဘောင်ယိန်းက သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက် မောင်မျိုးနှင့်အတူ လိုက်ပါသွားမည်ဟု ဆိုသည်။ သို့မဟုတ် မောင်မျိုးနှင့်အတူ အဖော်တစ်ယောက် ခေါ်သွားသင့်သည်ဟု ဆိုသည်။ ဤတွင် မောင်မျိုးက ရန်သူတို့၏ အခြေခံစခန်းအတွင်းသို့ တိတ်တဆိတ် ဖောက်ဝင်ရမည့်ကိစ္စတွင်တစ်ယောက်တည်း သွားခြင်းက အကောင်းဆုံး ဖြစ်သည်ဟုဆိုပြီး မည်သူ့ကိုမျှ အဖော်မခေါ်ဘဲ တစ်ယောက်တည်းထွက်ခဲ့သည်။ သို့သော် မြစ်ကြီးနားမြို့အစပ် ရောက်သည်အထိ

MMCYBERMEDIA
COMMUNITY FOR ALL

မောင်မျိုးနှင့်အတူ လိုက်ပါရန် ကချင်တပ်သားတစ်ဦးကို မဂမ်က ဖွတ်ထည့်လိုက်သည်။ ယင်းတပ်သားသည် မြစ်ကြီးနားမြို့အတွင်းသို့ မဝင်ဘဲ မြို့ပြင်မှ မောင်မျိုးပြန်အလာကို စောင့်နေရမည်ဖြစ်သည်။ ထို့နောက်တွင်မူ သူတို့နှစ်ဦးအတူ အရှေ့မြောက်အရပ်သို့ မလိခမြစ်ကြောင်းအတိုင်း ဆန်တက်လာကြမည်ဖြစ်သည်။

မောင်မျိုးနှင့် ကချင်တပ်သားတို့သည် ယနေ့နံနက်ပိုင်းကတည်းက မြစ်ကြီးနားမြို့ အစွန်သို့ ရောက်ရှိနေကြသော်လည်း ပုလိပ်များ၊ စစ်သားများ အသွားအလာထူထပ်နေ၍ တစ်နေ့လုံး ပုန်းအောင်းနေကြရသည်။ ယခု ညဦးနက်ပိုင်းတွင်မှ မြို့တွင်းသို့ မောင်မျိုး ဝင်ရောက်လာနိုင်လေသည်။ ပုလိပ်များ၊ စစ်သားများကို လမ်းတစ်လျှောက်တွင် အကြိမ်ပေါင်းများစွာ တိမ်းရှောင်ခဲ့ရသည်။

မောင်မျိုးသည် သူ၏အင်္ကျီအတွင်းဘက်သို့ လက်နှိုက်လိုက်သည်။ လက်ကို ပြန်နှုတ်လိုက်သောအခါ နီရဲသော ခါးစည်းကြိုးပါရှိလာသည်။ မဗျိုင်းဖြူ၏ ခါးစည်းကြိုးဖြစ်သည်။ မောင်မျိုးက ယင်းခါးစည်းကြိုးကို ရွှေဝါလက်သို့ လှမ်းပေးလိုက်သည်။

"မောင်ကြီးရွှေဝါနဲ့ ညီမငယ် မနှင်းမြူတို့က သူ့ကို ခမ္ဘတီးအမျိုးသမီးတစ်ယောက်လို့ပဲ တစ်သက်လုံးမှတ်ယူ သွားကြပါတယ်"

ခါးစည်းကြိုးကို ကိုင်၍ ရွှေဝါ ငိုင်နေသည်။ ခါးစည်းကြိုးအနီသည် သွေးများ စွန်းထင်းနေသဖြင့် ပို၍ နီနေသည်။ ရွှေဝါမျက်နှာသည် တဖြည်းဖြည်း တင်းမာခက်ထန်လာနေသည်။ မနှင်းမြူကမူ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ တမြည့်မြည့် ရှိုက်ငိုနေသည်။

ထိုစဉ်တွင် သီတာပူရ ခြံဝင်းသို့ ချဉ်းကပ်လာနေသော ကြမ်းတမ်းခက်တရော်သည့် စစ်ဖိနပ်သံများကို သူတို့ ရုတ်ချည်း ကြားလိုက်ကြရသည်။

နတ်နွယ်

MMCYBERMEDIA
COMMUNITY FOR ALL

# သူတို့အမြင် သူတို့ဝေဖန်ရေး

'မြန်မာပြည်မြောက်ပိုင်း' သည် ဝတ္ထုဖြစ်သည်။ သမိုင်းမဟုတ်၊ အတ္ထုပ္ပတ္တိမဟုတ်။

*နတ်နွယ် (၁၈၊၇၊၆၆)*

ဝတ္ထုရှည်လိုက္ခက်အတွက် လူငယ်စာရေးဆရာများ ကြိုးပမ်းလျက်ရှိနေကြသည်ကို တွေ့ရသည်။ 'မြန်မာပြည်မြောက်ပိုင်း' ကိုဖတ်လိုက်ရသောအခါ ဝတ္ထုရှည်ကြီးတစ်ပုဒ် အောင်မြင်ရေးအတွက် အချိန်ယူ ကြိုးစားပြင်ဆင်၍ ရေးသောဝတ္ထုဖြစ်ကြောင်း တွေ့ကြရမည်။

*ကြီးမောင် (ကြေးမုံသတင်းစာ) (၁၊၈၊၆၆)*

အခန်း ၁ အဆုံးစာပိုဒ်၊ အခန်း ၂ အဆုံးစာပိုဒ်၊ အခန်း ၄၉ အဆုံး၊ အခန်း ၅၃ အဲဒီမှာ စာရေးဆရာက ဆုံးဖြတ်ပေးထားပုံ။ ကျွန်တော်အကြိုက်ဆုံးကတော့ အခန်း ၃၄ အဆုံးပဲ။

*မင်းကျော် (၂၊၈၊၆၆)*

ကိုနတ်နွယ်ရဲ့ 'မြန်မာပြည်မြောက်ပိုင်း' စာအုပ်ကို ကျွန်တော်အင်မတန်ကြိုက်ပါတယ်။ အများကြီး ချီးကျူးပါတယ်။

*တင်ဇ (ရှမ်းပြည်) (၁၉၊၉၊၆၆)*

စာရေးဆရာသည် မိမိဖော်ပြလိုသည်ကို တိုက်ရိုက်မပြောဘဲ ဇာတ်ဆောင်တစ်ဦးကို လှုပ်ရှားစေကာ စာဖတ်ပရိသတ်ကြားရုံသာမက မြင်လာအောင် ပြုရသည်။ ဇာတ်ဆောင်တို့ လှုပ်ရှားသည်ဆိုရာ၌ စာရေးဆရာ လှုပ်ချင်သလို လှုပ်ရှား၍ မဖြစ်။ လူတွေလှုပ်ရှားသလို လှုပ်ရှားရပေမည်။ စာရေးဆရာနတ်နွယ်သည် ထိုသဘောကို 'မြန်မာပြည်မြောက်ပိုင်း' ၌ စမ်းသပ်ဖော်ထုတ်လေသည်။

*နွယ်သစ် (၇၊၁၊၆၈)*

MMCYBERMEDIA
COMMUNITY FOR ALL

'မြန်မာပြည်မြောက်ပိုင်း' ကို ဂန္ထဝင်ဝတ္ထုလို့ စာပေပညာရှင်အများစုက သတ်မှတ်ကြပါတယ်။ ဂန္ထဝင်ဝတ္ထုဆိုတာ ဘယ်လိုအင်္ဂါရပ်တွေနဲ့ ညီရမယ်လို့ ဆရာ ယူဆပါသလဲ။

*ဝင်းငြိမ်း (ပေဖူးလွှာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၃)*

ကျွန်တော်စွဲလမ်းခဲ့ရသော ဝတ္ထုရှည်များတွင် 'မြန်မာပြည်မြောက်ပိုင်း' ကို ထိပ်ဆုံးနေရာက ထားချင်သည်။

*ဆရာချိန် (ပဲခူး) (နွယ်နီမဂ္ဂဇင်း၊ အမှတ် ၁၂၊ ဒီဇင်ဘာ၊ ၁၉၉၉)*

'မြန်မာပြည်မြောက်ပိုင်း' တွင် စာရေးဆရာ နတ်နွယ်က သမိုင်းဖြစ်စဉ်များနှင့် ဝတ္ထုရေးအတတ်ပညာတို့ ပေါင်းစပ်ကာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ဂန္ထဝင်ဝတ္ထုရှည်ကြီးအဖြစ် လက်စွမ်းပြထားပါသည်။

*ထင်အောင်ကျော် (စာအုပ်လောက၊ စက်တင်ဘာ၊ ၂၀၀၂)*

"...နယ်ချဲ့သမားရဲ့ ကန္တာရ မဟာတံတိုင်းဖြစ်တဲ့ မြောက်ပိုင်းမြန်မာပြည်မှာ..."

*မောင်နှင်းခိုင် (ရန်နံ့သစ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၀၃)*

'မြန်မာပြည်မြောက်ပိုင်း' တွင် နတ်နွယ်၏ လုံးပမ်းအားထုတ်မှု ကြီးမားပုံနှင့် ပင်ပန်းခဲ့ရပုံတို့ကို ဖတ်ကြည့်သည့်အခါ တွေ့နိုင်သည်။

*မင်းအိမ်စည် (မြူးတီးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၄)*